www.dhammaransi.com

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး ပြုစုတော်မူသော

# လယ်တီဒီပနီပေါင်းချုပ်

## (တတိယတွဲ)

(၁) ပဋိစ္စသမုပ္ပါဒ်ဒီပနီ
(၂) အာဟာရဒီပနီ
(၃) သီလဝိနိစ္ဆယ
(၄) ပါရမီဒီပနီ
(၅) နိဗ္ဗာနဒီပနီ
(၆) နိဗ္ဗာနဝိသဇ္ဇန
(၇) ကမ္မဋ္ဌာနဒီပနီ
တို့ပါဝင်သည်။

ရတနာ့ဝါဒီပိဋကတ်စာပေအတွက်
ပင်နီစာအုပ်တိုက်မှ စီစဉ်ထုတ်ဝေသည်။

www.dhammaransi.com

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
ပြုစုတော်မူသော

# လယ်တီဒီပနီပေါင်းချုပ်

## တတိယတွဲ

(၁) ပဋိစ္စသမုပ္ပါဒ်ဒီပနီ
(၂) အာဟာရဒီပနီ
(၃) သီလဝိနိစ္ဆယ
(၄) ပါရမီဒီပနီ
(၅) ကမ္မဋ္ဌာနဒီပနီ
(၆) နိဗ္ဗာနဒီပနီ
(၇) နိဗ္ဗာနဝိသဇ္ဇနာ တို့ပါဝင်သည်။

**လယ်တီစာပေထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ခွင့်ပြုချက်အရ လယ်တီဝိသောဓကမူ အဖြစ် ရိုက်နှိပ်သည်။**

ရတနာ့ဝါဒီပိဋကတ်စာပေအတွက်

**ပင်နီစာအုပ်တိုက်**
တိုက်မှုစီစဉ်ထုတ်ဝေသည်။

အမှတ် ..........
ရက်စွဲ ..........

www.dhammaransi.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ဘာသာရေးဆိုင်ရာ | – | |
| စာမူခွင့်ပြုချက် | – | (၁၇/၉၆) (၂) |
| မျက်နှာဖုံးခွင့်ပြုချက် | – | (၅၂/၉၆) (၃) |
| အုပ်ရေ | – | ၁၀၀၀ |
| အကြိမ် | – | ဒုတိယအကြိမ် |
| ထုတ်ဝေသည့်လ | – | ၁၉၉၆–ခု၊ မေလ၊ |
| ထုတ်ဝေသူ | – | ဦးမြသန်း (၀၁၀၅၀)<br>အိုင်းအဝိုင်းစာပေ၊<br>အမှတ် ၃၅၊ ဖွဲ့စုံရပ်၊<br>ကမ္ဘာအေး၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ | – | ဒေါ်မြရီ (၀၁၄၁၃)<br>ကျော်ဝင်းဆွေပုံနှိပ်တိုက်<br>၁၃(အေ)၊ ၉၈–လမ်း၊<br>ကန်တော်ကလေး၊ ရန်ကုန်။ |
| မျက်နှာဖုံးပန်းချီ | – | တင်ဝင်းအောင် |



သုတေသနစာကြည့်တိုက်
အမှတ် ၂၇...
ရက်စွဲ ...

www.dhammaransi.com

# စီစဉ်သူ၏ အမှာစာ

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရား၏ ကျမ်းများကို စုစည်းထားသော **ဒီပနီပေါင်းချုပ်တတိယတွဲသည်** ကျွန်ုပ်တို့ **"ပင်နီစာအုပ်တိုက်"** မှ ဘာသာရေးစာစဉ် အမှတ် (၁) အဖြစ် ထွက်ပေါ်လာပြီဖြစ်ပါသည်။ ဤကျမ်းစာအုပ်နှင့် ပတ်သက်၍ အထူးအထွေ ညွှန်းဆိုပြရန် လိုအပ်မည်မထင်ပါ။ စီစဉ်သူပါမွှားတစ်ယောက် အနေနှင့်လည်း **"တစ်မိုးအောက်တစ်ပါး"** ဟု ဆိုရမလောက် စာပေ အရာ၌ ထူးချွန်ပြောင်မြောက်တော်မူသည့် **ပိဋကတ္တယပါရဂူ၊ စာပေ** ပါရဂူ ဖြစ်တော်မူသော ကျေးဇူးတော်ရှင် ကမ္ဘာကျော် ဆရာတော် ဘုရားကြီး၏ကျမ်းစာများကို ဂုဏ်ရည်ပြဖွင့်ဆို အကဲဖြတ်ပြရန်မှာ မကြံအပ်၊ မကြံစည်ကောင်းသောအရာသာ ဖြစ်ပါသည်ဟု မြင်ပါသည်။

သို့သော် ဤစာအုပ်ဖြစ်ပေါ်လာရခြင်း၏ အကြောင်းအရင်းကိုမူ အနည်းငယ်မျှ တင်ပြလိုပါသည်။ ပင်နီစာအုပ်တိုက်သည် ခေတ်အဆက်ဆက်က ရဟန်းရှင်လူ ပြည်သူအများ အလေးထား ဖတ်ရှုခဲ့ရပြီး ယခုအခါ တိမ်မြုပ်ပျောက်ကွယ်လုမတတ် ရှားပါးနေပြီ ဖြစ်သော ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ စာကောင်း ပေမွန်များကို ထုတ်ဝေချင်သောဆန္ဒ အာသီသပြင်းပြခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ၎င်းဆန္ဒသည် ဘဘဦးမြင့်ဆွေ **(မြန်မာပြည်စာအုပ်တိုက်)**နှင့် အကြောင်းအားလျော်စွာ တွေ့ဆုံသည့် အခါတွင် စတင်ရပ်လုံးပေါ်လာခဲ့ပါသည်။ မှန်ပါသည်၊ ဘဘ၏ လမ်းညွှန်မှုဖြင့် -

www.dhammaransi.com

ပထမအစီအစဉ် - ဒီပနီပေါင်းချုပ် (ဒုတိယတွဲ) နှင့်
ဒုတိယအစီအစဉ် - ဒီပနီပေါင်းချုပ် (တတိယတွဲ)

တို့ကို ရဟန်းရှင်လူ စာဖတ်သူများ၏ လက်ဝယ်သို့ ရောက်အောင် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ဤကဲ့သို့ စီစဉ်ဆောင်ရွက်ရာတွင် မုံရွာမြို့ မဟာလယ်တီ နာယကဆရာတော်များ၏ ခွင့်ပြုချက်ဖြင့် လယ်တီဝိသောဓကအဖွဲ့မှ စီစစ်ထုတ်ဝေခဲ့သော ဝိသောဓကမူများနှင့် ညှိနှိုင်းတိုက်ဆိုင်ထားပါသည်။ တစ်စုံတစ်ရာ ချွတ်ချော်မှားယွင်းမှု ရှိခဲ့ပါက စီစဉ်သူ၏ အမှားအယွင်းသာဖြစ်ကြောင်း ဝန်ခံလိုပါသည်။ ဆက်လက်၍လည်း ဆရာတော်ဘုရားကြီး၏ ကျမ်းစာများကို စဉ်ဆက်မပြတ် စုစည်းတင်ဆက်သွားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

စာပေဖြင့် နိုင်ငံတော်နှင့် လူမျိုး၊ ဘာသာ၊ သာသနာ၏ အကျိုးကို ဆထက်တိုး သယ်ပိုးနိုင်ရပါစေသော်ဝ်။ ။

www.dhammaransi.com

# ဒီပနီပေါင်းချုပ်တတိယတွဲတွင် ပါဝင်သောဒီပနီများ၏ အညွှန်း

## ပဋိစ္စသမုပ္ပါဒ်ဒီပနီ

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားသည် အိန္ဒိယပြည် မဟာဗောဓိသို့ အဖူး အမြော်ကြွရန် မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသော ရထားတွဲပေါ်တွင် စီးနင်းလိုက် ပါလာစဉ် ပဋိစ္စသမုပ္ပါဒ် ပျို့လင်္ကာ (၁၃)ပုဒ်ကို စီရင်ရေးသားတော်မူခဲ့ပါသည်။

၎င်းလင်္ကာများသည် လူသာမန်များအဖို့ အလွယ်တကူမသိရှိနိုင်သဖြင့် လွယ်ကူစွာ သိမှတ်နားလည်စေလိုသော စေတနာဖြင့် နှစ်နှစ်ခြိုက်ခြိုက် သဘာဝဆိုက်အောင် နိုက်နိုက် ချွတ်ချွတ် စကားလွတ်မရှိစေရဘဲ၊ ဥပမာ– ဥပမေယျတို့ဖြင့် တင့်တယ်စွာ တန်ဆာဆင် အပ်သော **ပဋိစ္စသမုပ္ပါဒ်ဒီပနီ**အမည်ရှိ ဤကျမ်းစာကို ရေးသားတော်မူခဲ့ပါသည်။

## အာဟာရဒီပနီ

ကျေးဇူးရှင်ဆရာတော်ဘုရားသည် ၁၂၆၃–ခု၊ အလုံမြို့၏တစ်ဖက်ကမ်း သလ္လာဝတီ မြစ်ကမ်းခြေ ရွှေတောင်ဦးတောင်ထိပ်တွင် အရညဝါသီအဖြစ် သီတင်း သုံးနေတော်မူစဉ် အလုံ၊ မုံရွာနှင့် အမြို့မြို့မှ လာရောက်ဆည်းကပ်ကြသော ဥပုသ်သည် ဥပါသကာ ဥပါသိကာမ ယောဂီအပေါင်းတို့အား အာဟာရများကို ဗုဒ္ဓရှင်တော်မြတ် ဘုရား၏ တရားတော်နှင့်အညီ ဆင်ခြင်၍ စားသောက်ကြရန် နိဒါနဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ အစရှိသော သုတ္တန်ဒေသနာ အဖြာဖြာတို့ဖြင့် တန်ဆာဆင်ကာ ဟော ကြားတော်မူရာမှ ဖြစ်ပေါ်လာသော ကျမ်းစာဖြစ်ပါသည်။

## သီလဝိနိစ္ဆယ

ငါးပါးသီလ၊ ဆယ်ပါးသီလ၊ ရှစ်ပါးသီလတို့ကို နိစ္စသီလ၊ အနိစ္စသီလအားဖြင့် ဝေဖန်ဆုံးဖြတ်ပြထားသော ကျမ်းစာဖြစ်သည်။

## ပါရမီဒီပနီ

ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် သုဒဿနဝရဓမ္မ သာမိ မဟာဓမ္မရာဇာဓိရာဇဂုရုဟု ဘွဲ့တံဆိပ်ရှိတော်မူသော စံကျောင်းဆရာတော် ဘုရား ကြီးသည် သာမန်ပုဂ္ဂိုလ်များ ဆုံးဖြတ်ရန်ခဲယဉ်းလှသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့၏ ပါရမီနှင့်စပ်လျဉ်းသော အချက်ပေါင်း ပုစ္ဆာ (၂၀)ကို မာဂဓဘာသာဖြင့် စီရင်တော် မူ၍ ပညာနက်နဲသော ပိဋကတ်သုံးပုံကို တတ်ကျွမ်းနှံ့စပ်သော ပညာရှိများ ဖြေဆိုရန် ထုတ်ဖော်ရေးသားတော်မူခဲ့သည်။

www.dhammaransi.com

ထိုအခါ မုံရွာမြို့ လယ်တီဆရာတော်ဘုရားသည် (၁၄)ဝါရ ပထမစာချအဖြစ်နှင့် စံကျောင်းဆရာတော်ကြီးအထံပါးဝယ် မှီဝဲဆည်းကပ်လျက် သုံးဖြာသော ပိဋကတ်တော်တို့ကို သင်မှတ်ပို့ချတော်မူဆဲဖြစ်ရာ ၎င်းပုစ္ဆာ (၂၀)သည် "ငါ့ကိုစွဲ၍ ဖြစ်ပေါ်လာပြီဘကား"ဟု မှတ်ယူ၍ ပါဠိအဋ္ဌကထာ ဋီကာဂန္ထ န္တရတို့၌လာသော အထောက်အထားတို့ကို ကိုးကား၍ ၎င်းပုစ္ဆာများ၏အဖြေကို စီရင်တော်မူခဲ့ပါသည်။

ဤဝီသတိပုစ္ဆာ အဖြေကျမ်းသည်ပင် ပါရမီနှင့်စပ်သော အကြောင်းအရာတို့ကို ထင်လင်းသေချာစွာ ပြဆိုထားသောကြောင့် **'ပါရမီဒီပနီ'** ဟု ဒီပနီစာရင်းဝင် ကျမ်းစာ ဖြစ်လာပါသည်။

## ကမ္မဋ္ဌာနဒီပနီ

ရန်ကုန်မြို့၊ ပုဇွန်တောင်၊ တောင်လုံးပျံရပ်နေ ဓာတ်ဆရာကြီး ဆရာမြို့သည် ရံဖန်ရံခါ မိမိနာခံမှတ်သားရသော တရားဓမ္မတို့ကို မိမိကဲ့သို့ ပညာရှိ သူတော်ကောင်းအများတို့လည်း ကြားနာသိမှတ်နိုင်စေရန် စာအုပ်ရေးသားချီးမြှင့်ပေးစေလိုပါကြောင်း လျှောက်ထားတောင်းပန်သည်ဖြစ်၍ ဒုလ္လဘတရားငါးပါး၊ ခန္ဓာငါးပါး၏ ဥပမာအကျယ်၊ အတွင်း အာယတနငါးပါး၊ အပြင် အာယတနငါးပါးတို့၏ ဥပမာအကျယ် စသည်ဖြင့် တန်ဆာဆင်လျက် အခြားပြုစုပြီးသော စာအုပ်များတွင် မပါရှိသေးသောတရားဓမ္မများ၊ အချက်အလက်များကို ထည့်သွင်းကာ ရေးသားထားသော ကျမ်းစာဖြစ်ပါသည်။

## နိဗ္ဗာနဒီပနီ

နိဗ္ဗာန်စကားနှင့် ဆက်သွယ်လျက် လောက၌ဖြစ်ပေါ်ကွဲပြားနေသော ဝိဝါဒ၊ ယုံမှားဖွယ်ရာဖြစ်သည့် သံသယ၊ မရှင်းမလင်းသော အချက်အလက်တို့ကို သိသာထင်ရှားဉာဏ်အမြင်ပွားစေရန် ရည်သန်တောင့်တလျက် ဆရာတော်၏ ဒါယကာအရင်း ပုသိမ်မြို့အင်စပက်တော် မောင်ကျော်စံနှင့် ဒါယကာ အပေါင်းအစုတို့က အဖန်ဖန်ခသြောင်းလျှောက်ထားတောင်းပန်ခြင်းကို ပြုကြသဖြင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့မှ အနုမာန မှန်းဆ၍ ရအပ်သိအပ်သော သဘောယုတ္တိကို ထင်စွာပြလျက် နိဗ္ဗာနဒီပနီကို စီရင်တော်မူခဲ့ပါသည်။

**ပါဝင်သောအခန်းများမှာ** – သင်္ခေပကဏ္ဍ၊ ဝိတ္ထာရကဏ္ဍ၊ နာနာဂန္ထ နာနာဝါဒ ဝိသောဓနကဏ္ဍ

- သင်္ခေပကဏ္ဍမှာ ပါဠိ၊ ပါဠိသား အကိုးအကားမပါစေဘဲ သင်္ဂြိုဟ်ကျမ်းမှာလာရှိသည့်အတိုင်း မြန်မာသက်သက်နှင့် ကွက်ကွက်ကွင်းကွင်း ရှင်းလင်းစွာ သိသာထင်ရှားရုံမျှ ပြဆိုထားသည်။

www.dhammaransi.com

- ဝိတ္ထာရကဏ္ဍမှာ ပါဠိတော်ရင်းသက်သက်ကို အနက်အဓိပ္ပာယ်နှင့်တကွ အကျယ်ပြဆိုထားသည်။
- တတိယကဏ္ဍမှာ ကျမ်းဂန်ဝါဒ အထူးထူး၊ ယခုနောက်ဖြစ် အာစရိယဝါဒ အထူးထူးတို့ကို ပြဆိုရှင်းလင်းထားသည်။

## နိဗ္ဗာနဝိသဇ္ဇနာကျမ်း

သာသနာတော်သုံးပါးတွင် ပိုင်းခြားထင်လင်း လိုရင်းအချက်ဖြစ်သော ဝိမုတ္တိရသ မွန်မြတ်လှသည့် နိဗ္ဗာန်တရားကို ထင်ရှားသေချာ ယထာဘူတ သဘာဝထိမိအောင် သိရှိရန်အလို့ငှာ ကျမ်းဂန်များစွာကို အလေးပြုကြည့်ရှုလေ့ရှိသော ဝန်ထောက်မင်း ဦးရွှေစံအောင်သည် ကြံဆောင်နည်းနာ၊ အဖြာဖြာဖြင့်၊ ယထာသတ္တိဝေဖန်၍ သိအပ်သော မိမိ၏အယူအဆကို ကျေးဇူးတော်ရှင် မုံရွာမြို့လယ်တီဆရာတော်ဘုရားကြီးထံ မှန်မမှန် ဝိနိစ္ဆယ အဆုံးအဖြတ်ချပေးတော်မူပါရန် လျှောက်ထားသဖြင့် ရေးသားချီးမြှင့်တော်မူခဲ့သော ကျမ်းစာဖြစ်ပါသည်။

www.dhammaransi.com

# လယ်တီဒီပနီကျမ်းစာ ပုံနှိပ်ထုတ်ဝေမှု ခွင့်ပြုချက်

ရက်စွဲ ၁၃၅၉ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်

၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်

ရန်ကုန် မြို့ ပန်းဆိုးတန်းစာပေတိုက် ~~အသင်း/အဖွဲ့/~~ ဌာန မှ ဦး/ဒေါ် ဝင်းမျိုးသူရ အမျိုးသားမှတ်ပုံတင်အမှတ် ............ ထုတ်ဝေခွင့်အမှတ် ............ အား စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ကိုးသေစွာ လိုက်နာ၍ တိကျမှန်ကန်စွာ ပုံနှိပ်ထုတ်ဝေပါမည်ဟု ဝန်ခံ ကတိပြု လျှောက်ထားချက် အရ –

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ – လယ်တီဒီပနီပေါင်းချုပ်ဒုတိယတွဲနှင့်တတိယတွဲ စာအုပ်ကို ၅၀၀ အကြိမ် ပုံနှိပ်ထုတ်ဝေနိုင်ရန် ခွင့်ပြုလိုက်သည်။

**မှတ်ချက်** ။ ။ပုံနှိပ်ထုတ်ဝေလိုသည့် အကြိမ်တိုင်း ခွင့်ပြုချက်ကို ထပ်မံလျှောက်ထား တောင်းခံရမည်။

| **ထုတ်ဝေမည့်သူ** | | **ခွင့်ပြုသူ** |
|---|---|---|
| လက်မှတ် | | |
| အမည် | ဦးဝင်းမျိုးသူရ | ဘဒ္ဒန္တကေလာသ |
| တာဝန် | | နဝမ ပဓာန နာယကဆရာတော် |
| စာပေတိုက်/ဌာန | ပန်းဆိုးတန်းစာပေတိုက် | မဟာလယ်တီတိုက်၊ မုံရွာမြို့ |
| လိပ်စာအပြည့်အစုံ | အမှတ် ၈၂/၁၆၃ (B) ပထမထပ်၊ ၃၃-လမ်း၊ ရန်ကုန်မြို့ | |

www.dhammaransi.com

# ဒီပနီပေါင်းချုပ် တတိယတွဲ

## မာတိကာ


| *အကြောင်းအရာ* | *စာမျက်နှာ* |
|---|---|
| **၁–ပဋိစ္စသမုပ္ပါဒ်ဒီပနီ** | ၁ မှ ၂၀၂ |
| ၁။ **ပဋိစ္စသမုပ္ပါဒ် အချက်အရာဒိဋ္ဌိများ** | ၁ |
| နိယတမိစ္ဆာဒိဋ္ဌိ ၃-ပါး | ၂ |
| မိစ္ဆာဒိဋ္ဌိ ၆၂-ပါး | ၂ |
| သက္ကာယဒိဋ္ဌိ-၂၀ | ၃ |
| သုတ္တန်ပါဠိတော်လာ ဒိဋ္ဌိ ၃-ပါး | ၁၃ |
| သက္ကာယဒိဋ္ဌိသည် ခပ်သိမ်းသောဒိဋ္ဌိတို့၏ အမြစ်မူလဖြစ်ပုံ | ၁၆ |
| ၂။ **ပဋိစ္စသမုပ္ပါဒ် ပါဠိ၊ အနက်** | ၂၁ |
| ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသပါဠိတော် | ၂၁ |
| ပါဋိစ္စသမုပ္ပါဒ် နိဒ္ဒေသပါဠိတော် | ၂၁ |
| ခန္ဓာကိုယ်နှင့် ဓမ္မစေတီကျောင်းဥပမာ | ၂၅ |
| ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသပါဠိတော်အနက် | ၂၆ |
| ပဋိစ္စသမုပ္ပါဒ် နိဒ္ဒေသပါဠိတော်အနက် | ၂၇ |
| ၃။ **ပဋိစ္စသမုပ္ပါဒ် ပျို့လက်ာများ** | ၃၆ |
| ပဋိညာဉ် | ၃၆ |
| အကျဉ်းချုပ် ၁၃-ပုဒ် | ၃၆ |
| ၄။ **ပဋိစ္စသမုပ္ပါဒ် ပျို့လက်ာအဖြေ** | ၄၇ |
| နိဒါန်းနှင့် ပဋိညာဉ် | ၄၇ |
| ပျို့လက်ာအဖြေများ | ၄၇ - ၁၆၀ |
| ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ပါဠိတော်နှင့် အနက်၊ အဓိပ္ပာယ် | ၁၆၁ - ၂၀၀ |
| နိဂုံး | ၂၀၁ |
| ၂ – **အာဟာရဒီပနီ** | ၂၀၃ မှ ၃၀၇ |
| ၁။ **အာဟာရအတွက် ဒုက္ခစက်** | ၂၀၃ |
| ပရိညာ ၃-ပါး | ၂၀၄ |
| ၂။ **ကဗဠီကာရ၌ ဉာတပရိညာ** | ၂၁၀ |
| ကဗဠီကာရ၌ တီရဏပရိညာ | ၂၁၂ |
| ကဗဠီကာရ၌ ပဟာနပရိညာ | ၂၂၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| | လောကုတ္တရာ ပထမပရိညာ | ၂၃၀ |
| | လောကုတ္တရာ ဒုတိယပရိညာ | ၂၃၂ |
| | လောကုတ္တရာ တတိယပရိညာ | ၂၃၂ |
| ၃။ | နာမ်အာဟာရ ၃ - ပါး | ၂၃၆ |
| | အာဟာရ ၃ - ပါးအထူး | ၂၃၆ |
| | အာဟာရ ၃ - ပါးနှင့်ဥပမာ | ၂၃၈ |
| ၄။ | ဝိညာဏာဟာရ၌ ဉာတပရိညာ | ၂၃၉ |
| | သဘာဝဉာတကို ပြဆိုခြင်း | ၂၄၀ |
| | ဝိညာဏာဟာရ၌ တီရဏပရိညာ | ၂၄၆ |
| | ဥဒယဗ္ဗယဖမ်းနည်း | ၂၄၈ |
| | ဝိညာဏာဟာရ၌ ပဟာနပရိညာ | ၂၇၉ |
| ၅။ | ဖဿာဟာရ၌ ပရိညာ | ၂၈၁ |
| ၆။ | မနောသဉ္စေတနာဟာရ၌ ပရိညာ | ၂၈၃ |
| ၇။ | နာမ်သက်၊ ရုပ်သက်စစ်တမ်း | ၂၈၆ |
| ၈။ | ရူပက္ခန္ဓာကမ္မဋ္ဌာန်း၌ သမ္မသနဉာဏ်အစီအရင် | ၂၉၄ |
| | ဥဒယဗ္ဗယဉာဏ်အစီအရင် | ၂၉၈ |
| ၉။ | ရူပက္ခန္ဓာကမ္မဋ္ဌာန်းအစီအရင် | ၃၀၃ |
| ၁၀။ | ခန္ဓာငါးပါးတို့၏ ဥပမာ | ၃၀၄ |
| ၁၁။ | သမထနှင့် ဝိပဿနာ | ၃၀၆ |
| ၁၂။ | ဩဝါဒခန်း | ၃၀၈ |
| | နိဂုံး | ၃၁၆ |
| | **၃ – သီလဝိနိစ္ဆယ** | **၃၁၉ မှ ၃၃၉** |
| ၁။ | ငါးပါးသီလ၏ နိစ္စ၊ အနိစ္စစစ်တမ်း | ၃၁၉ |
| ၂။ | ဆယ်ပါးသီလ၏ နိစ္စ၊ အနိစ္စစစ်တမ်း | ၃၂၁ |
| ၃။ | ရှစ်ပါးသီလ၏ နိစ္စ၊ အနိစ္စစစ်တမ်း | ၃၂၁ |
| ၄။ | ကဲ့ရဲ့ဖွယ်အဖြစ်၌တည်ကြောင်း | ၃၂၂ |
| | **၄ – ပါရမီဒီပနီ** | **၃၄၁ မှ ၅၂၁** |
| | နိဒါန်း | ၃၄၁ |
| ၁။ | ပုဗ္ဗကရဏ္ဍာရမ္ဘပါဌ် - အနက် | ၃၄၃ |
| ၂။ | ဝီသတိ(ပါရမီ)ပုစ္ဆာပါဌ် - အနက် | ၃၄၄ |
| ၃။ | ဝီသတိ(ပါရမီ)ပုစ္ဆာအဖြေ များ | ၃၆၀ - ၅၂၁ |

www.dhammaransi.com


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၅ - ကမ္မဋ္ဌာနဒီပနီ | ၅၂၅ မှ ၆၇၅ |
| အဘိဓာယ်ပကတိနှင့် ပဋိညာဉ် | ၅၂၅ |
| ၁။ ဒုလ္လဘအက္ခရာတံဆိပ်ကြီး | ၅၂၅ |
| ၂။ မနုဿတ္တဒုလ္လဘကို ပြဆိုခြင်းနှင့် နခသိခသုတ္တန် | ၅၂၆ |
| ၃။ သုဂတိ ဒုဂ္ဂတိနှစ်ရပ် | ၅၂၈ |
| ၄။ ကာဏကစ္ဆပေါပမသုတ္တန် | ၅၃၀ |
| ၅။ အဘိဓမ္မာဉာဏဝိဘင်း အဋ္ဌကထာအရပြဆိုပုံ | ၅၃၃ |
| ၆။ ဒိဋ္ဌိကိုစွန့်ခွာရန် | ၅၃၄ |
| ၇။ ဉာဏ်ဆီမီးရှာရန် | ၅၃၅ |
| ၈။ ရေဦချအပ်သည့်ကျောက်ကြီးဥပမာ | ၅၃၇ |
| ၉။ လူ့ပြည်လူ့ရွာ ဘဝပဒေသာ | ၅၃၇ |
| ၁၀။ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘကိုပြခြင်း | ၅၄၂ |
| ၁၁။ ဘုရားသာသနာနှင့် လူ့အဖြစ် | ၅၄၇ |
| ၁၂။ ခန္ဓာ ၅ - ပါးကိုပြဆိုခြင်း | ၅၅၀ |
| ၁၃။ ဝေါဟာရမြေ | ၅၅၂ |
| ၁၄။ အလွန်နူးညံ့သော မုဒုပရမတ် | ၅၅၇ |
| ၁၅။ ဓာတ်မျက်လုံးမရှိသူ၏အပြစ် | ၅၅၉ |
| ၁၆။ ဝါယောဓာတ်၏ လှည့်ပတ်ပုံ | ၅၆၁ |
| ၁၇။ မဟာဘုတ်လေးပါး မြွေအလား | ၅၆၆ |
| ၁၈။ လေးပါးသောဓာတုဘာဝနာပြီးမှု | ၅၇၂ |
| ၁၉။ ဝေဒနာက္ခန္ဓာစသည်ကို ပြဆိုခြင်း | ၅၇၇ |
| ၂၀။ သညာက္ခန္ဓာကိုပြဆိုခြင်း | ၅၉၃ |
| ၂၁။ သင်္ခါရက္ခန္ဓာကိုပြဆိုခြင်း | ၅၉၈ |
| ၂၂။ ဝိညာဏက္ခန္ဓာကိုပြဆိုခြင်း | ၆၀၈ |
| ၂၃။ အတွင်းအာယတနခြောက်ပါး | ၆၁၄ |
| ၂၄။ အပြင်အာယတနခြောက်ပါး | ၆၂၂ |
| ၂၅။ ဓာတ် ၁၈-ပါးကိုပြဆိုခြင်း | ၆၂၅ |
| ၂၆။ တဏှာသင်္ခယသုတ္တန် | ၆၂၈ |
| ၂၇။ ဓာတ်တို့၏ဆန်းကြယ်ပုံ | ၆၃၉ |
| ၂၈။ ရုပ်ဓာတ် နာမ်ဓာတ် နှစ်ရပ် | ၆၄၅ |
| ၂၉။ ဓာတ်ကမ္မဋ္ဌာန်းရှုရန် | ၆၄၇ |
| ၃၀။ ဝိပဿနာအားထုတ်ရခြင်း၏အကျိုး | ၆၅၇ |
| ၃၁။ လောဘမှု၏ဥပမာ | ၆၅၉ |

www.dhammaransi.com

| *အကြောင်းအရာ* | *စာမျက်နှာ* |
|---|---|


| | |
|---|---|
| ၃၂။ မီးခြစ်နှင့် မီးခြစ်ဆံ ဥပမာ | ၆၅၉ |
| ၃၃။ ကံ ၃ - လီ၏ အဓိပ္ပာယ် | ၆၆၀ |
| ၃၄။ မိန်းမ၏အဆင်းဓာတ် လက်နက်စူးဝင်ပုံ | ၆၆၁ |
| ၃၅။ ကံ ၃ - ပါးတို့၏ ဗီဇမူလကိုဖြတ်ရန် | ၆၆၂ |
| ၃၆။ လက္ခဏာရေးသုံးပါးစသည်ကို ပြဆိုခြင်း | ၆၆၆ |
| ၃၇။ ဝိပဿနာ ၃ - ပါး၌ အချက်ကျ၊ မကျ | ၆၆၈ |
| ၃၈။ ကိလေသာ၏ နိုင်ငံကြီးသုံးရပ် | ၆၆၉ |
| ၃၉။ နိမိတ္တမြို့ကြီး၌ အုပ်စိုးသောမာနကိုပယ်ရန် | ၆၇၀ |
| ၄၀။ အတ္တဇီဝဒိဋ္ဌိကိုပယ်ရန် | ၆၇၃ |
| ၄၁။ နိုင်ငံကြီးသုံးချက်ဖြိုဖျက်ရန် | ၆၇၄ |
| နိဂုံး | ၆၇၅ |
| **၆ – နိဗ္ဗာနဒီပနီ** | ၆၇၇ မှ ၈၃၃ |
| အဘိယာစကနှင့် ပဋိညာဉ် | ၆၇၇ |
| ၁။ **သင်္ခေပကဏ္ဍ** | ၆၇၈ |
| သုံးပုဒ်ထွက် အနက်၊ အဓိပ္ပာယ် | ၆၇၈ |
| သဉပါဒိသေသ၊ အနုပါဒိသေသနိဗ္ဗာန် | ၆၈၁ |
| သုညတ၊ အနိမိတ္တ၊ အပ္ပဏိဟိတနိဗ္ဗာန် | ၆၉၁ |
| နိဗ္ဗာန်နှင့်စပ်၍ အမေးသုံးထွေ၊ အဖြေသုံးချက် | ၆၉၃ |
| ၂။ **ဝိတ္ထာရကဏ္ဍ** | ၇၀၂ |
| နိဗ္ဗာန်အပြား ၇ - ပါး | ၇၀၂ |
| နိဿရဏနိဗ္ဗာန်သို့ ဆိုက်ရောက်ပုံ | ၇၃၅ |
| နိဗ္ဗာန်၏ချမ်းသာပုံ | ၇၅၄ |
| ပရမသုခသဘော | ၇၆၂ |
| ၃။ **နာနာဂန္ထ နာနာဝါဒဝိသောဓနကဏ္ဍ** | ၇၇၇ |
| ဣတိဝုတ်ပါဠိတော်အရ နာနာဝါဒပြဆိုပုံ | ၇၇၇ |
| ကိလေသာချုပ်ငြိမ်းမှုသာ ပဓာနဖြစ်ပုံ | ၇၈၁ |
| ခန္ဓာချုပ်ငြိမ်းမှုမှာ အပဓာနဖြစ်ပုံ | ၇၈၃ |
| 'ဒွေမာ' စသော ပါဠိတော်အရ စိစစ်ပုံ | ၇၈၉ |
| ဥဒါန်းပါဠိတော်အရ နာနာဝါဒပြဆိုပုံ | ၇၉၄ |
| ကထာဝတ္ထုပါဠိတော်အရ နာနာဝါဒပြဆိုပုံ | ၈၀၆ |
| အချို့ကျမ်းအလိုထုတ်ဆိုရှင်းလင်းချက် | ၈၁၁ |
| **၇ – နိဗ္ဗာနဝိသဇ္ဇနာကျမ်း** | |
| ဦးရွှေဇံအောင်ကမေးလျှောက်၍ လယ်တီဆရာတော်ဘုရားကြီး၏ ဖြေဆိုချက်များ | ၈၃၅ မှ ၈၅၃ |

www.dhammaransi.com

# ပဋ္ဌာန်းပါဠိ ... 

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ပဋိစ္စသမုပ္ပါဒ် အချက်အရာ ဒိဋ္ဌိများ

**အနာနှင့်ဆေး သင့်အောင်ပေး**

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၏ အချက်ကို ရှေးဦးစွာ ပြဆိုပေအံ့။ ဆေးနည်းကို များစွာသိသော်လည်း အနာ၏ လက္ခဏာကို မသိခဲ့လျှင် အကျိုးမထွန်းကားလှ၊ အနာ၏ လက္ခဏာကိုသိမှ သူ့ အနာနှင့် သူ့ ဆေး နေရာကျပေး၍ အကျိုးထွန်းကားရာသကဲ့သို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာဟူသော အမြိုက်ဆေးကြီး၏ အချက်အရာ ကိလေသာဟူသော အနာဝိသေသ ကို သိအပ်၏၊ ကိလေသာဟူသော အနာဝိသေသဆိုသည်ကား အကျဉ်းအားဖြင့်-

(၁) ဒိဋ္ဌိ,
(၂) ဝိစိကိစ္ဆာ- ၂ - ပါးတည်း။

အကျယ်အားဖြင့် ဒိဋ္ဌိသည် နိယတမိစ္ဆာဒိဋ္ဌိကြီး ၃-ပါး, မိစ္ဆာဒိဋ္ဌိ ၆၂-ပါး, သက္ကာယဒိဋ္ဌိ ၂၀၊ ဤမှတစ်ပါး လောက၌ ရှိရှိသမျှသော ဒိဋ္ဌိစု၊ ဤအလုံးစုံသော ဒိဋ္ဌိမျိုးတို့ သည် ပဋိစ္စသမုပ္ပါဒ် ဒေသနာ၏ အချက်အရာ အနာမျိုးတို့ပေတည်း။

www.dhammaransi.com



ဝိစိကိစ္ဆာသည်လည်း အဘိဓမ္မာ၌ လာသော ဝိစိကိစ္ဆာ ၈-ပါး, သုတ္တန်တို. မှာ လာသော ဝိစိကိစ္ဆာ ၁၆-ပါး၊ ဤဝိစိကိစ္ဆာစု ယုံမှားမှုတို့သည် ပဋိစ္စသမုပ္ပါဒ် ဒေသနာ၏ အချက်အရာ အနာမျိုးစုပေတည်း။

ပဋိစ္စသမုပ္ပါဒ်တရားကို သိသော ဉာဏ်သည် ထို ဒိဋ္ဌိ, ဝိစိကိစ္ဆာ အနာမျိုးတို့ကို ပယ်ဖျောက်နိုင်၏။

**နိယတမိစ္ဆာဒိဋ္ဌိ ၃-ပါး** နိယတ မိစ္ဆာဒိဋ္ဌိကြီး ၃-ပါးဆိုသည်ကား - နတ္ထိကဒိဋ္ဌိ, အဟေတုက ဒိဋ္ဌိ, အကိရိယဒိဋ္ဌိ ဤသုံးပါးတည်း၊ နတ္ထိကဒိဋ္ဌိ ဆိုသည်ကား- သတ္တဝါတို့ကို ကောင်းကျိုး, မကောင်းကျိုးကို ပေးတတ်သော ကုသိုလ်ကံ, အကုသိုလ်ကံ ဟူ၍ မရှိဟု ယူခြင်းသည် နတ္ထိကဒိဋ္ဌိ မည်၏၊ အဟေတုက ဒိဋ္ဌိဆိုသည်ကား - သတ္တဝါတို့မှာ ရှေးအကြောင်း ဟူ၍ မရှိဟု ယူခြင်းသည် အဟေတုကဒိဋ္ဌိ မည်၏၊ အကိရိယဒိဋ္ဌိ ဆိုသည်ကား - ကောင်းမှုကို ပြုသော်လည်း ကောင်းမှုဟူ၍ မဖြစ် - မကောင်းမှုကို ပြုသော်လည်း မကောင်းမှုဟူ၍ မဖြစ်ဟု ယူခြင်းသည် အကိရိယဒိဋ္ဌိ မည်၏၊ ကံနှင့် ကံ၏ အကျိုးကို လုံးလုံးပယ်သော် ဒိဋ္ဌိကြီး ၃-ပါးတည်း။

ဤဒိဋ္ဌိကြီး ၃-ပါးကို သန်သန်ယူသော သူသည် သေသည်၏ အခြားမဲ့၌ ငရဲသို့သာ အမြဲကျ၏၊ ဤဒိဋ္ဌိကို မစွန့်သမျှ ကာလပတ်လုံး ငရဲ၌သာ ဘဝအဆက်ဆက် ဖြစ်၏၊ ကမ္ဘာပျက်၍မှ မလွတ်ရ၊ ကံ, ကံ၏ အကျိုးကိုယုံကြည်သော လူမျိုးတို့မှာ ဤဒိဋ္ဌိကြီး ၃-မျိုး မရှိကြ။

ကံ, ကံ၏ အကျိုးကို ယုံကြည်မှု မည်သည် ပဋိစ္စသမုပ္ပါဒ်ကို သိသော ဉာဏ်၌ တစ်စိတ်အားဖြင့် ပါဝင်၏။

**၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ** ၆၂ - ပါးသော မိစ္ဆာဒိဋ္ဌိမျိုးတို့သည်လည်း လူသာမန်တို့၌ဖြစ်သော ဒိဋ္ဌိမျိုး မဟုတ်ကုန်၊ အပါယ်ပဋိသန္ဓေကိုပေးနိုင်သော ဒိဋ္ဌိမျိုးလည်း မဟုတ်ကုန်၊ ထိုအယူကို မစွန့်သမျှ သံသရာ မှ မလွတ်နိုင်ရုံသာ ရှိ၏၊ သဿတဒိဋ္ဌိ ၄၄-ပါး, ဥစ္ဆေဒဒိဋ္ဌိ ၁၈-ပါး၊ ၂- စုပေါင်း ၆၂-ပါးဖြစ်၏။

ပဋိစ္စသမုပ္ပါဒ်ကို သိမှ ထိုဒိဋ္ဌိမျိုးကို လွန်နိုင်သည်၊ ပဋိစ္စသမုပ္ပါဒ်ကို မသိလျှင် ဒိဋ္ဌိတို့၏ အတွင်းမှာ နေရသည်။

www.dhammaransi.com



**သက္ကာယဒိဋ္ဌိ –၂၀** သက္ကာယဒိဋ္ဌိ ၂၀ဆိုသည်ကား - အန္ဓပုထုဇဉ် လူမြင်တိုင်းမှာ ရှိကြသော ဒိဋ္ဌိ ၂၀-ပေတည်း၊ ရူပက္ခန္ဓာ၌ စွဲလမ်းသော ဒိဋ္ဌိ ၄-ပါး, ဝေဒနာက္ခန္ဓာ ၄-ပါး, သညာက္ခန္ဓာ၌ ၄-ပါး, သင်္ခါရက္ခန္ဓာ၌ ၄-ပါး၊ ဝိညာဏက္ခန္ဓာ၌ ၄-ပါး၊ ပေါင်း ၄-ပါး ၅-လီ ၂၀ ဖြစ်၏။

(က) (၁) ရူပံ အတ္တတော သမနုပဿတိ၊ (၂) ရူပဝန္တံ ဝါ အတ္တာနံ၊ (၃) အတ္တနိ ဝါ ရူပံ၊ (၄) ရူပသ္မိံ ဝါ အတ္တာနံ။

(ခ) (၁) ဝေဒနံ အတ္တတော သမနုပဿတိ၊ (၂) ဝေဒနာဝန္တံ ဝါ အတ္တာနံ၊ (၃) အတ္တနိ ဝါ ဝေဒနံ၊ (၄) ဝေဒနာယ ဝါ အတ္တာနံ။

(ဂ) (၁) သညံ အတ္တတော သမနုပဿတိ၊ (၂) သညာဝန္တံဝါ အတ္တာနံ၊ (၃) အတ္တနိဝါ သညံ၊ (၄) သညာယ ဝါ အတ္တာနံ။

(ဃ) (၁) သင်္ခါရေ အတ္တတော သမနုပဿတိ၊ (၂) သင်္ခါရဝန္တံ ဝါ အတ္တာနံ၊ (၃) အတ္တနိ ဝါ သင်္ခါရေ၊ (၄) သင်္ခါရေသု ဝါ အတ္တာနံ။

(င) (၁) ဝိညာဏံ အတ္တတော သမနုပဿတိ၊ (၂) ဝိညာဏဝန္တံ ဝါ အတ္တာနံ၊ (၃) အတ္တနိ ဝါ ဝိညာဏံ၊ (၄) ဝိညာဏသ္မိံ ဝါ အတ္တာနံ။

**ဓမ္မဂ်သဏီပါဠိတော်**

(၁) ရူပံ၊ ရုပ်ကို။ အတ္တတော၊ ကိုယ်ဟူ၍။ သမနုပဿတိ၊ စွဲမြဲထင်မြင်၏၊ (၂) အတ္တနံ ဝါ၊ ကိုယ်ကိုမူလည်း။ ရူပဝန္တံ၊ ရုပ် ရှိ၏ ဟူ၍။ သမနုပဿတိ၊ စွဲမြဲထင်မြင်၏။ (၃) အတ္တနိ ဝါ၊ ကိုယ်၌မူလည်း။ ရူပံ၊ ရုပ်ကို။ သမနုပဿတိ၊ စွဲမြဲထင်မြင် ၏။ (၄) ရူပသ္မိံ ဝါ၊ ရုပ်၌မူလည်း။ အတ္တာနံ၊ ကိုယ်ကို။ သမနုပဿတိ၊ စွဲမြဲထင်မြင်၏။

(နောက် ခန္ဓာ ၄-ပါးတို့. မှာလည်း ဤနည်းအတိုင်း အနက်ဆိုလေ။)

**ရုပ် ၂၈–ပါး** ပထဝီ, အာပေါ, တေဇော, ဝါယော မဟာဘုတ် ၄-ပါး။ စက္ခု,
**သရုပ်** သောတ, ဃာန, ဇိဝှာ, ကာယ, ဟဒယ ဝတ္ထုရုပ် ၆-ပါး။ ။

www.dhammaransi.com



ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ ဂေါစရရုပ် ၅-ပါး။ ။ ဣတ္ထိဘာဝ, ပုရိသဘာဝ ဘာဝရုပ် ၂-ပါး။ ။ အသက် ဟူသော ဇီဝိတရုပ်-- ၁။ ။ ဩဇာ ဟူသော အာဟာရရုပ် ၁။ ။ အာကာသ ဟူသော ပရိစ္ဆေဒရုပ် ၁။ ။ ကိုယ်အင်္ဂါလှုပ်ရှားခြင်း အမူအရာဟူသော ကာယဝိညတ်, အသံအင်္ဂါလှုပ်ရှားခြင်း အမူအရာ ဟူသော ဝစီဝိညတ် ၂-ပါး။ ။ ပေါ့ပါးခြင်း အမူအရာ ဟူသော လဟုတာရုပ်, နူးညံ့ခြင်း အမူအရာ ဟူသော မုဒုတာရုပ်, ရုပ်တို့၏ အမှု၌ လျော်ကန်ခြင်း ဟူသော ကမ္မညတာရုပ်၊ ဤကား ဝိကာရရုပ် ၃-ပါး။ ။ ရုပ်တို့၌ ဖြစ်ပွားခြင်း ဟူသော ဥပစယရုပ်, အစဉ် တည်ခြင်း ဟူသော သန္တတိရုပ်, အိုမင်းရင့်ဆွေးခြင်း ဟူသော ဇရတာရုပ်, ပျက်ဆုံးကွယ်ပခြင်း ဟူသော အနိစ္စတာရုပ်၊ ဤကား လက္ခဏာရုပ် ၄-ပါး။

( ဤပြခဲ့ပြီးသော ရုပ်စုတွင် ဖောဋ္ဌဗ္ဗ ဆိုသည်ကား - ပထဝီ, တေဇော, ဝါယော ဟူသော မဟာဘုတ် ၃-ပါးကိုပင် ခေါ်သည်၊ ထို့ကြောင့် ဖောဋ္ဌဗ္ဗအတွက်နှင့် ရုပ် အရေအတွက် မတိုးရ၊ ရုပ် ၂၈-ခု ဖြစ်၏။ )

**ရုပ်ခ္ခ သက္ကာယ ဒိဋ္ဌိ – ၁၁၂** အနမတဂ္ဂ သံသရာ ကမ္ဘာ အဆက်ဆက်, စကြဝဠာ အနန္တ, သတ္တဝါ အနန္တ, မြေကြီး မြင်းမိုရ်, သတ္တရဘန်, သမုဒ္ဒရာ, နေ, လ, နက္ခတ်တာရာ, နတ်ပြည် ၆-ထပ်, အကနိဋ္ဌတိုင်အောင်သော ပြဟ္မာ စသော အလုံးစုံကို အကုန် သတ္တုချသော် ရုပ်ဖို့ အားဖြင့် ၂၈-ခုသော ဓာတ်သား အမှန်ရှေ၏။

ရုပ်၌ သက္ကာယဒိဋ္ဌိ ၄-ပါးကို ဟောတော်မူသောကြောင့် ရုပ်၂၈-ခုကို တည်၍ သက္ကာယဒိဋ္ဌိ ၄-ပါးနှင့် မြောက်ပွားသည် ရှိသော် ရုပ်၌ သက္ကာယဒိဋ္ဌိပေါင်း ၁၁၂-ပါး ဖြစ်၏။

**ဝေဒနာခ္ခ သက္ကာယ ဒိဋ္ဌိ – ၇၂** ဝေဒနာက္ခန္ဓာ၌ စက္ခုသမ္ဖဿဇာ ဝေဒနာ, သောတ သမ္ဖဿဇာ ဝေဒနာ, ဃာနသမ္ဖဿဇာ ဝေဒနာ, ဇိဝှာ သမ္ဖဿဇာ ဝေဒနာ, ကာယသမ္ဖဿဇာ ဝေဒနာ, မနောသမ္ဖဿဇာဝေဒနာဟူ၍ ဝေဒနာ အပြား ၆-ပါး၊ ၎င်း ၆-ပါးကို သုခ, ဒုက္ခ, ဥပေက္ခာ ၃-ပါးနှင့် မြောက်ပွားသည်ရှိသော် ဝေဒနာ ၁၈-ပါးဖြစ်၏။

www.dhammaransi.com



၎င်းဝေဒနာ ၁၈-ပါးကို သက္ကာယဒိဋ္ဌိ ၄-ပါးနှင့် မြှောက်ပွားသည်ရှိသော် ဝေဒနာက္ခန္ဓာ၌ သက္ကယဒိဋ္ဌိပေါင်း ၇၂-ပါး ဖြစ်၏။

**သညာ၌ သက္ကာယ ဒိဋ္ဌိ – ၂၄** သညာက္ခန္ဓာ၌ ရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ, ရသသညာ, ဖောဋ္ဌဗ္ဗသညာ, ဓမ္မသညာ - ဟူ၍ အာရုံ၏ အပြားအားဖြင့် သညာ ၆-ပါး ဖြစ်၏။

၎င်းသညာ ၆-ပါးကို သက္ကာယဒိဋ္ဌိ ၄-ပါးနှင့် မြှောက်ပွားသည်ရှိသော် သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိပေါင်း ၂၄-ပါး ဖြစ်သည်။

**သင်္ခါရ၌ သက္ကာယ ဒိဋ္ဌိ – ၂၄** သင်္ခါရက္ခန္ဓာ၌ အဘိဓမ္မာနည်းအားဖြင့် သင်္ခါရက္ခာ အပြား ၅၀ရှိသည်တွင် စေတနာ တစ်ခုကို ပဓာနပြု၍ ဆိုသည်ရှိသော် ရူပသဉ္စေတနာ, သဒ္ဒ-သဉ္စေတနာ, ဂန္ဓသဉ္စေတနာ, ရသ သဉ္စေတနာ, ဖောဋ္ဌဗ္ဗ သဉ္စေတနာ, ဓမ္မသဉ္စေတနာဟူ၍ အာရုံ အပြားအားဖြင့် သင်္ခါရ ၆-ပါး ဖြစ်၏။

၎င်းသင်္ခါရ ၆-ပါးကို သက္ကာယဒိဋ္ဌိ လေးပါးနှင့် မြှောက်ပွားသည်ရှိသော် သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိပေါင်း ၂၄-ပါး ဖြစ်၏။

**ဝိညာဏ်၌ သက္ကာယ ဒိဋ္ဌိ – ၂၄** ဝိညာဏက္ခန္ဓာ၌ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ် ဟူ၍ ဒွါရ၏ အပြားအားဖြင့် ဝိညာဏ် ၆-ပါး ဖြစ်၏။

၎င်းဝိညာဉ် ၆-ပါးကို သက္ကာယဒိဋ္ဌိ လေးပါးနှင့် မြှောက်ပွားသည်ရှိသော် ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ၂၄-ပါး ဖြစ်၏။

**ပုထုဇဉ်သတ္တဝါ မှန်သမျှနှင့် သက္ကာယဒိဋ္ဌိ** ဤသို့လျှင် ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ၁၀၂-ပါး, ဝေဒနာက္ခန္ဓာ၌ ၇၂-ပါး, သညာက္ခန္ဓာ၌ ၂၄-ပါး, သင်္ခါရက္ခန္ဓာ ၂၄-ပါး, ဝိညာဏက္ခန္ဓာ ၂၄-ပါး ငါးရပ်လုံးကို ပေါင်းသည်ရှိသော် တစ်ယောက် တစ်ယောက်သောသူမှာ သက္ကာယဒိဋ္ဌိ ပေါင်း ၂၅၆ပါး ဖြစ်၏။

www.dhammaransi.com



ဤ ၂၅၆-ပါးသော သက္ကာယဒိဋ္ဌိသည် လူ, နတ်, ဗြဟ္မာ ပုထုဇဉ် သတ္တဝါမှာ ဖြစ်လေရာရာ အမြဲပါ၏။

**သက္ကာယ စနက်ကြောင့် အပါယ်နယ် ကျယ်ဝန်းခြင်း** ငရဲကြီး ၈-ထပ် ဆိုသည်လည်း ဤသက္ကာယဒိဋ္ဌိ၏ အပွားအစီး ပင်တည်း၊ ဥဿဒငရဲပေါင်း ၁၂၈-ထပ်ဆိုသည်၊ ဤသက္ကာယဒိဋ္ဌိ၏အပွားအစီးပင်တည်း၊ အသူရကာယ်ဆိုသည်လည်း ဤသက္ကာယ ဒိဋ္ဌိ၏ အပွားအစီးပင်၊ ပြိတ္တာအမျိုးမျိုး, တိရစ္ဆာန်အမျိုးမျိုး ဆိုသည်လည်း ဤသက္ကာယဒိဋ္ဌိ၏ အပွားအစီးပင်၊ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိဆိုသည်လည်း ဤသက္ကာယဒိဋ္ဌိ၏ အပွားအစီးပင်၊ သုံးပါးသော နိယတမိစ္ဆာ ဒိဋ္ဌိကြီးဆိုသည်လည်း ဤသက္ကာယဒိဋ္ဌိ၏ အပွားအစီးပင်၊ ဒုစရိုက်ဆယ်ပါး ဆိုသည်လည်း ဤသက္ကာယဒိဋ္ဌိ၏ အပွားအစီးပင်။

ဤ ၂၅၆-ပါးသော သက္ကာယဒိဋ္ဌိကို မပယ်နိုင်သေးသော ပုထုဇဉ် သတ္တဝါတို့သည် လူ့ပြည်မှာ သူဌေး, သူကြွယ်, ပဒေသရာဇ်, ဧကရာဇ်, စကြာမန္ဒာတ် စည်းစိမ်ကို ရရှိခံစား၍ နေကုန်သော်လည်း ရင်ထဲ, နှလုံးထဲမှာ ၂၅၆-ပါးသော သက္ကာယဒိဋ္ဌိ ငရဲမီး ဝင်းဝင်းတောက် ထိန်ထိန်ညီး အပြီးပါရှိ၍ နေကုန်၏၊ ယခုနေ့ သေလျှင် နက်ဖြန် အဝီစိမီးစာဖြစ်နိုင်ကုန်၏။

နတ်ပြည် ခြောက်ထပ်မှာ နတ်မင်း, သိကြားမင်း စည်းစိမ်ကို ရရှိခံစား၍ နေကုန်သော်လည်း ရင်ထဲ, နှလုံးထဲမှာ ၂၅၆-ပါးသော သက္ကာယဒိဋ္ဌိ ငရဲမီး ဝင်းဝင်း တောက် ထိန်ထိန်ညီး အပြီးပါရှိ၍ နေကုန်၏၊ ယခုနေ့စုတေလျှင် နက်ဖြန် အဝီစိ မီးစာ ဖြစ်နိုင်ကုန်၏။

သုဒ္ဓါဝါသမှ တစ်ပါးသော ရူပ, အရူပ ဗြဟ္မာဘုံမှာ ဗြဟ္မာမင်း စည်းစိမ်ကို ရရှိခံစား ၍ နေကုန်သော်လည်း ရင်ထဲ, နှလုံးထဲမှာ ၂၅၆-ပါးသော သက္ကာယဒိဋ္ဌိ ငရဲမီး ဝင်းဝင်းတောက် ထိန်ထိန်ညီး အပြီးပါရှိ၍ နေကုန်၏၊ ယခုနေ့ စုတေလျှင် နက်ဖြန် အဝီစီမီးစာ ဖြစ်နိုင်ကုန်၏။

**သက္ကာယဒိဋ္ဌိ ငရဲမီး ပါရှိ၍နေပုံ** ရင်ထဲ, နှလုံးထဲမှာ ၂၅၇-ပါးသော သက္ကာယဒိဋ္ဌိ ငရဲမီး ဝင်းဝင်းတောက် ထိန်ထိန်ညီး အပြီးပါရှိ၍ နေပုံများကို ထင်ရှားအောင် ပြဆိုဦးအံ့။

www.dhammaransi.com



**ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ငရဲမီးတောက်ပုံ** ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိပေါင်း ၁၁၂-ပါးရှိသည်တွင် ပထဝီမှာ လေးပါး, အာပေါမှာ လေးပါး, တေဇောမှာ လေးပါး, ဝါယောမှာ လေးပါး, စက္ခုမှာ လေးပါး, သောတမှာ လေးပါး စသည်ဖြင့် ရုပ် ၂၈-ပါး အကုန်ဝေဖန်၍ သိအပ်၏။

ပထဝီမှာ သက္ကာယဒိဋ္ဌိ ငရဲမီး လေးချက် တောက်ပုံကို ရှေးဦးစွာ ပြဆိုပေအံ့၊ ပထဝီဆိုသည်ကား မြေဓာတ်တည်း၊ ဓာတ်မြေတည်း၊ ပရမတ်မြေတည်း၊ မိမိတို့ ၏ ကိုယ်ခန္ဓာ ခက်မာသည်ဟူ၍လည်းကောင်း နူးညံ့သည်ဟူ၍လည်းကောင်း အများ သိကြသော သဘော အခြင်းအရာမျိုးသည် ကိုယ်နှင့်အပြည့် ရှိကြ၏၊ ထိုအခြင်းအရာမျိုး သည် ပထဝီမည်၏၊ မြေဓာတ်မည်၏၊ ဓာတ်မြေမည်၏၊ ပရမတ်မြေ မည်၏၊ ထို ဓာတ်မြေကိုပင် ရံခါ ငါပြု၍ စွဲလမ်းပြောဆို၏၊ ရံခါ ငါ့မှာ ခက်မာမှု, နူးညံ့မှု မှိသည်ကိုပြု ၍ စွဲလမ်းပြောဆို၏၊ ရံခါ ခက်မာမှု, နူးညံ့မှု၌ မှီသည်ကိုပြု၍ စွဲလမ်းပြောဆို၏၊ ရံခါ ခက်မာမှု, နူးညံ့မှု၌ ငါမှီသည်ကိုပြု၍ စွဲလမ်းပြောဆို၏။ ။ ထိုလေးချက်တွင်-

- ခက်မာမှု, နူးညံ့မှုကို ငါပြု၍ စွဲလမ်းပြောဆိုသောအခါ ပထဝီ၌ (၁) 'ရူပံ အတ္တတောသမနုပဿတိ' ဟူသော သက္ကာယဒိဋ္ဌိ ငရဲမီးတောက်မှု ဖြစ်၏။
- ငါ့မှာ ခက်မာမှု, နူးညံ့မှု ရှိသည်ကိုပြု၍ စွဲလမ်းပြောဆိုသောအခါ ပထဝီ၌ - (၂) 'ရူပဝန္တံ ဝါ အတ္တာနံ သမနုဿတိ' ဟူသော သက္ကာယဒိဋ္ဌိ ငရဲမီးတောက်မှု ဖြစ်၏။
- ငါ၌ ခက်မာမှု, နူးညံ့မှု ရှိသည်ကိုပြု၍ စွဲလမ်းပြောဆိုသောအခါ ပထဝီ၌ - (၃) 'အတ္တနိ ဝါ ရူပံ သမနုပဿတိ' ဟူသော သက္ကာယဒိဋ္ဌိ ငရဲမီးတောက်မှု ဖြစ်၏။
- ရံခါ ခက်မာမှု, နူးညံ့မှု၌ ငါမှီသည်ကိုပြု၍ စွဲလမ်းပြောဆိုသောအခါ ပထဝီ၌ - (၄) 'ရူပသ္မိံ ဝါ အတ္တာနံ သမနုပဿတိ' ဟူသော သက္ကာယဒိဋ္ဌိ ငရဲမီးတောက်မှု ဖြစ်၏။

ပထမ စွဲလမ်းချက်မှာ ခက်မာမှု နူးညံ့မှုကိုပင် ငါပြု၍ စွဲလမ်းသည်၊ ငါနှင့် ခက်မာမှု နူးညံ့မှုကို တစ်ခုတည်း ယူသည်၊ နောက် ၃-အချက်မှာ ငါတစ်ခြား, ခက်မာမှု,

www.dhammaransi.com



နှုးညံ့မှု တစ်ခြားထား၍ စွဲလမ်းသည်၊ (၁) ငါ သီလ ရှိသည် (၂) ငါ၌ သီလ **တည်**သည်၊ (၃) သီလ၌ ငါတည်သည် ဟူသော စကား ၃-ရပ်ကဲ့သို့တည်း။ ။ (၁) ငါသည် ရွှေ, ငွေ, ဥစ္စာ ရှိသည်ဖြစ်၏၊ (၂) ငါ၌ ရွှေ, ငွေ ဥစ္စာ တည်၏၊ (၃) ရွှေ, ငွေ, ဥစ္စာ၌ ငါမှီ၏ ဟူသော စကား၃-ရပ်ကဲ့သို့ ရှင်းတည်း။ ။ ငါသည်ပင် ရွှေ, ငွေတည်ဟု ငါနှင့် ရွှေ, ငွေ, တစ်ခုတည်းယူသော ပထမအချက်ကား ရွှေ, ငွေ၌ မရ၊ ငါနှင့် တခြားစီထား၍ ယူသော နောက်အချက်သည်သာ အပ ဥစ္စာစု၌ ရ၏။

သီလ ဥပမာ၌ကား ၄-ချက်ပင် ရ၏။ ။ ငါသည် သူ့ အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်၏ဟု စွဲလမ်း ထင်မြင်ပြောဆိုမှုကား ငါနှင့်သီလကို တစ်ခုတည်းယူသော သက္ကာယဒိဋ္ဌိတည်း၊ ငါသည် သီလရှိသောသူတည်း၊ ငါ၌ သီလတည်၏၊ သီလ၌ ငါတည်၏ဟု ထင်မြင်ပြောဆိုမှုကား ငါနှင့် သီလကို တစ်ခြားစီထား၍ ပြောဆိုမှုတည်း၊ အခွဲအခြမ်း ခက်ခဲသောအရာဖြစ်၍ ဥပမာနှင့် ပြလိုက်သည်။

အကြမ်းအားဖြင့် ပြဆိုသော် မိမိကိုယ်မှာ ကေသာ, လောမာ, နခါ, ဒန္တာ စသည်ဖြင့် ပထဝီကောဋ္ဌာသ ၂၀-ရှိသည်တွင် ဆံပင်သည်ပင်လျှင် ငါ- အရေသည် ပင်လျှင် **ငါ-အသား အ**ရိုးသည်ပင်လျှင် ငါ ဟု ထင်မြင်စွဲလမ်း ပြောဆိုမှုကား ပထမ သက္ကာယဒိဋ္ဌိ **တည်း**။ ။ သူများကဲ့သို့ ငါ့မှာလည်း ဆံပင်ရှိသည် စသည်ဖြင့် ထင်မြင်စွဲလမ်းပြောဆို မှုကား ဒုတိယ သက္ကာယဒိဋ္ဌိတည်း။ ။ ငါ၌ ဆံပင်တည်သည် စသည်ဖြင့် ပြောဆိုမှုကား တတိယသက္ကာယဒိဋ္ဌိတည်း။ ။ အရိုး၌ ငါတည်သည်၊ အသား၌ ငါတည်သည် စသည်ဖြင့် ထင်မြင်ပြောဆိုမှုကား စတုတ္ထ သက္ကာယ ဒိဋ္ဌိတည်း။

လောက၌ မိမိကိုယ်ခန္ဓာနှင့် စပ်ယှဉ်၍ ငါဟူသော စိတ်သဘောနှင့် ပြောဆိုကြသော စကားစု အလုံးစုံသည် ထို၄-ချက်မှ အလွတ်မရှိပြီ၊ လိုရင်း မာနမှုကား ထိုခက်မာမှု, နှုးညံ့မှုဟူသော ဓာတ်မြေသဘောအခြင်းအရာကို ငါပြု၍ ငါဟု ထင်မြင်၍ ငါဟုစွဲလမ်း၍ ပြောဆိုမှုဟူသော ပထမအချက်သာ လိုရင်းတည်း။

ထို့ကြောင့် နောက်နောက်သော တရားတို့မှာ ပထမအချက်ကို ဆိုပေအံ့။ ဖွဲ့စည်းမှုကို စွဲ၍ ငါ ဟု ဆိုသောအခါ အာပေါ၌ ဖြစ်သော ဒိဋ္ဌိတည်း၊ ငါပူသည်, ငါနွေးသည်, ငါအေးသည်, ငါချမ်းသည်ဟု ဆိုသောအခါ တေဇော၌ စွဲသော ဒိဋ္ဌိတည်း၊

www.dhammaransi.com



ငါလှုပ်ရှားသည်ဟု ဆိုသောအခါ ဝါယောဉ် စွဲသောဒိဋ္ဌိတည်း၊ ငါကြည့်သည် ငါမြင်သည်ဟု ဆိုသောအခါ စက္ခုဉ်စွဲသောဒိဋ္ဌိတည်း၊ ငါကြားသည်ဟု ဆိုသောအခါ သောတဉ်စွဲသောဒိဋ္ဌိတည်း၊ ငါနံသည်ဟု ဆိုသောအခါ ဃာနဉ်စွဲသော ဒိဋ္ဌိတည်း၊ အချို, အချဉ်, အရသာကို ငါသိသည်ဟု ဆိုသောအခါ ဇိဝှာဉ်စွဲသော ဒိဋ္ဌိတည်း၊ ကိုယ်ဉ်တွေ့ထိ အမှုကို ငါသိသည်ဟု ဆိုသောအခါ ကာယဉ် စွဲသော ဒိဋ္ဌိတည်း၊ အဆင်းကို ငါပြု၍ ဆိုသောအခါ ရူပဉ်စွဲသော ဒိဋ္ဌိတည်း၊ အသံကို ငါပြု၍ ဆိုသောအခါ သဒ္ဒဉ် စွဲသော ဒိဋ္ဌိတည်း၊ အနံ့အရသာတို့ ဉ်လည်း ထိုနည်းအတူ၊ ဖောဋ္ဌဗ္ဗမှာ ပထဝီ, တေဇော, ဝါယော ၃-ခုတို့ အတိုင်းဆိုလေ၊ မိမိကိုယ်ကို ငါ့ ယောကျ်ားဟု ဆိုသောအခါ ပုမ္ဘာဝရုပ်ဉ် စွဲသော ဒိဋ္ဌိတည်း၊ ငါ မိန်းမဟုဆုံသောအခါ ဣတ္ထိဘာဝရုပ်ဉ် စွဲသော ဒိဋ္ဌိတည်း၊ ကြွင်းသော ရုပ်တို့မှာလည်း ဤနည်းတူဆိုလေ၊ ငါကြီးရင့်ပြီ, ငါကြီးရင့် လတ္တံ့ , ငါအိုပြီ, ငါအိုလတ္တံ့ ဟု ဆိုသောအခါအနိစ္စတာရုပ်ဉ် စွဲသော ဒိဋ္ဌိတည်း။

ဤသို့လျှင် အနိဋ္ဌဖြစ်သော ဇရာရုပ်, မရဏရုပ်တို့ မှာပင် သက္ကာယဒိဋ္ဌိ ငရဲမီးတောက်ချေသေး၏၊ ကြွင်းသော ရုပ်တို့မှာ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ မိမိကိုယ် ဆိုမှသာ သက္ကာယဒိဋ္ဌိဖြစ်သည် မဟုတ်၊ ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားဟူသော ထင်မြင်စွဲလမ်းချက်နှင့် မည်သူ မြင်သည်, မည်သူ ကြားသည် စသည်ဖြင့် ဆိုရာဉ်လည်း သူတစ်ပါးတို့၏ ရုပ် ၂၈-ခုတို့မှာ စွဲသော မိမိ၏ သက္ကာယ ဒိဋ္ဌိပင်တည်း၊ ခက်မာမှု, ပူမှု, အေးမှုစသည်ဖြင့် အစိတ်အစိတ် မခွဲခြမ်းမူ၍ တစ်ကိုယ်လုံးကို တစ်ခုတည်းပြု၍ ငါ ငါဟု စွဲသော ဒိဋ္ဌိ-တစ်ပါးကို မည်သူ မည်ဝါဟု စွဲသော ဒိဋ္ဌိ-ပုဂ္ဂိုလ် သတ္တဝါဟု စွဲသော ဒိဋ္ဌိလည်း သက္ကာယဒိဋ္ဌိချည်းပင်။

### ရူပက္ခန္ဓာဉ် သက္ကာယဒိဋ္ဌိ ငရဲမီး ဝင်းဝင်းတောက် ထိန်ထိန်ညီး ဖြစ်ပုံ ပြီး၏။

**ဝေဒနာက္ခန္ဓာဉ် သက္ကာယဒိဋ္ဌိ ငရဲမီးတောက်ပုံ** ဝေဒနာက္ခန္ဓာဉ် ၇၂-ပါးသော သက္ကာယဒိဋ္ဌိတို့တွင် စက္ခု သမ္ဖဿဇာဝေဒနာ သုံးပါးဉ် ငရဲမီးတောက်ပုံကိုဆိုအံ့- မျက်စိဖြင့် ထိုထိုဝတ္ထုကိုမြင်၍ စိတ်သာသာ ယာယာရှိသည်ကို စွဲ၍ ငါကြည့်၍ ကောင်းသည်ဟု စိတ်ဖြစ်သောအခါ စက္ခုသမ္ဖဿဇာ သုခဝေဒနာဉ် ဖြစ်သော ဒိဋ္ဌိတည်း၊ ငါကြည့်၍ မကောင်းဟု စိတ်ဖြစ်သောအခါ စက္ခုသမ္ဖဿဇာ

www.dhammaransi.com



ဒုက္ခဝေဒနာ၌ ဖြစ်သော ဣန္ဒြေတည်း၊ ကောင်းသည်ဟူ၍လည်း အထူးမဖြစ်- မကောင်းဟုလည်း အထူးမဖြစ်၊ ငါ မြင်သည်ဟု သာမညစိတ်ဖြစ်သောအခါ စက္ခု သမ္ဖဿဇာ ဥပေက္ခာ ဝေဒနာ၌ ဖြစ်သော ဣန္ဒြေတည်း။

ထို့အတူ ထိုထိုအသံကို ကြားရာ၌လည်းကောင်း, ထိုထိုအနံ့ကို နံရာ၌လည်းကောင်း, ထိုထိုအချို အချဉ်စသော အရသာကို သုံးဆောင်ရာ၌လည်းကောင်း, ကိုယ်အင်္ဂါတွေ့ မှု ထိမှုတို့ ၌လည်းကောင်း, စိတ်နှင့် ကြံစည်မှုတို့ ၌လည်းကောင်း, ကောင်းသည်ဟူ၍တစ်ချက်, မကောင်းသည်ဟူ၍တစ်ချက်, သာမည လျစ်လျူစိတ်မျိုး တစ်ချက်၊ ဤသုံးချက်မှာ ဣန္ဒြေသုံးမျိုးစီဆိုလေ၊ ငါ ချမ်းသာသည်, ငါ ကောင်းသည်, ငါ အရသာရှိသည်ဟု စိတ်ဖြစ်သောအခါ သုခဝေဒနာ၌ဖြစ်သော ဣန္ဒြေတည်း၊ ငါ ကျင်သည်, ငါ နာသည်, ငါ နှလုံးမသာသည်, ငါ စိတ်မကောင်းသည်ဟု ဖြစ်သောအခါ ဒုက္ခဝေဒနာ၌ ဖြစ်သော ဣန္ဒြေတည်း။

ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ငရဲမီးတောက်၍
နေကြပုံ အမြွက် ပြီး၏။

**သညာက္ခန္ဓာ၌** သညာက္ခန္ဓာ၌ ၂၄-ပါးသော သက္ကာယဒိဋ္ဌိတို့တွင် ရူပသညာ၌ **သက္ကာယဒိဋ္ဌိ** သက္ကာယဒိဋ္ဌိ ငရဲမီးတောက်ပုံကို ဆိုပေအံ့။ ။ အမိဝမ်းမှ **ငရဲမီးတောက်ပုံ** ဖွားရာ၌ ဤကား အမိ, ဤကား အဖ, ဤကား အရှေ့ , ဤကား အနောက် စသည်ဖြင့် သိတတ်, မှတ်တတ်သော တရားကို သညာက္ခန္ဓာ ဆိုသည်၊ ထိုထို ဝတ္ထုကို မြင်ရာ၌ ဤသူကို ငါသိ၏, ဤအမှုကို ငါသိ၏ဟု စိတ်ဖြစ်သည်ကား ရူပသညာ၌ဖြစ်သော ဒိဋ္ဌိတည်း၊ ကြွင်းသော အာရုံငါးပါးတို့ကို သိရာ၌လည်း ဤနည်းအတူ ဆိုလေ။

သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ငရဲမီးတောက်ပုံ ပြီး၏။

**သင်္ခါရက္ခန္ဓာ၌** သင်္ခါရက္ခန္ဓာ၌ ၂၄-ပါးသော သက္ကာယဒိဋ္ဌိတို့တွင် ရူပ **သက္ကာယဒိဋ္ဌိ** သဉ္စေတနာ၌ သက္ကာယဒိဋ္ဌိ ငရဲမီးတောက်ပုံကို ဆိုပေအံ့။ ။ **ငရဲမီးတောက်ပုံ** ထိုထို သူကို လည်းကောင်း, ထိုထို ဝတ္ထုကိုလည်းကောင်း, ထိုထို အမှုကိုလည်းကောင်း မျက်စိဖြင့် ကြည့်ရှု၍ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါ, စိတ်အင်္ဂါဖြင့် ဗျာပါရပြုရာ၌ ငါသွားသည်, ငါပြုသည်, ငါပြင်သည် အစရှိသည်ဖြင့် ဖြစ်သောအခါ

www.dhammaransi.com



ရူပသဥ္စေတနာ၌ ဖြစ်သော ဒိဋ္ဌိတည်း၊ ကြွင်းသော အာရုံ ငါးပါးတို့ ၏ အတွက်နှင့် ဗျာပါရစိုက်ရာ၌ လည်း ဤနည်းတူဆိုလေ။

စေတနာမှ ကြွင်းသော သင်္ခါရက္ခန္ဓာ တရားတို့ ၌လည်း ထွေထွေလာလာ ငါကြံသည် တစ်ရစ်ပတ်ပတ် ငါကြံသည်ဟု ဖြစ်သည်ကား ဝိတက်, ဝိစာရတို့၌ ဖြစ်သော ဒိဋ္ဌိတည်း၊ ထိုထိုအမှုကို ငါ အားထုတ်သည်ဟု ဖြစ်သည်ကား ဝီရိယ၌ **ဖြစ်**သော ဒိဋ္ဌိတည်း၊ ငါ နှစ်သက်သည်ဟု ဖြစ်သည်ကား ပီတိ၌ဖြစ်သော ဒိဋ္ဌိတည်း၊ **ဘယ်ဟာ**ကို ငါ လိုချင်သည်, ငါ ရချင်သည်, ငါ ပြုချင်သည်, ငါ သွားချင်သည်, ငါ **ရောက်**ချင်သည်, ငါ ပြောချင်သည်, ငါ ဆိုချင်သည်, ငါ ကြည့်ချင်သည်ဟု **ဖြစ်**သည်ကား ဆန္ဒ၌ စွဲသော ဒိဋ္ဌိတည်း။

တရားတော်နှင့် စပ်၍ ဘယ်တရားကို ငါ မသိ, ငါ မမြင်, ငါ မထင်သည်ဟု ဖြစ်သည်ကား မောဟ၌ စွဲသော ဒိဋ္ဌိတည်း၊ မကောင်းမှုနှင့်တွေ့လျှင် ငါမရှက်တတ်, ငါ မကြောက်တတ်ဟု ဖြစ်သည်ကား အဟိရိက, အနောတ္တပ္ပတို့ ၌ စွဲသော ဒိဋ္ဌိတည်း၊ သား မယား, ပစ္စည်းဥစ္စာတို့၌ ဘယ်ဟာကို ငါ လိုချင်သည်, ငါ ခံစားချင်သည်, ငါ ခင်သည်, ငါမင်သည်, ငါ ချစ်ခင်စုံမက်သည်, ငါ သာယာတွယ်တာသည်ဟု ဖြစ်သည်ကား သောတ၌ စွဲသော ဒိဋ္ဌိတည်း၊ ငါ စိတ်ဆိုးသည်, ငါ စိတ်ပျက်သည်, ငါ မုန်းသည်, ငါ မြင်ပြင်းသည်ဟု ဖြစ်သည်ကား ဒေါသ၌ စွဲသော ဒိဋ္ဌိတည်း၊ ငါ အညံ့မခံနိုင်, ငါ မလျှော့နိုင်, ငါ မနှိမ့်ချနိုင်ဟု ဖြစ်သည်ကား မာန၌ စွဲသော ဒိဋ္ဌိတည်း၊ ငါ အယူမှား သည်ဟု ဖြစ်သည်ကား ဒိဋ္ဌိ၌ စွဲသော ဒိဋ္ဌိတည်း၊ ငါငြူစူသည်, ငါ ဝန်တိုသည်, ငါနှမြောသည်ဟု ဖြစ်သည်ကား ဣဿာမစ္ဆေရတို့၌ စွဲသော ဒိဋ္ဌိတည်း၊ မိမိပြုခဲ့ဖူးသော မကောင်းမှု ဒုစရိုက်အတွက်နှင့် ငါ စိတ်ပူသည်, ငါ နှလုံးပူသည်, ငါ မအေးနိုင် ရှိသည်ဟု ဖြစ်သည်ကား ကုက္ကုစ္စ၌ စွဲသော ဒိဋ္ဌိတည်း။

တရားဓမ္မနှင့် စပ်လျှင် ငါ ငြီးငွေ့တတ်သည်, ငါ ပျင်းရိတတ်သည်ဟု ဖြစ်သည်ကား ထိန, မိဒ္ဓ၌ စွဲသော ဒိဋ္ဌိတည်း၊ ရတနာသုံးပါးဂုဏ် စသည်တို့ ၌ ငါ မယုံကြည်နိုင်, ငါ ယုံမှားသည်, ငါ နှစ်လုံးနှစ်ခွရှိသည်, ငါ ဒွိဟရှိသည်ဟု ဖြစ်သည်ကား ဝိစိကိစ္ဆာ၌ စွဲသော ဒိဋ္ဌိတည်း၊ ဘုရားဂုဏ်စသော ကောင်းသောအာရုံ၌ ငါ ကြည်ညို သည်, ငါ ကြည်ဖြူသည်, ငါ နှလုံးကြည်သည်ဟု ဖြစ်သည်ကား သဒ္ဓါ၌ စွဲသော ဒိဋ္ဌိတည်း၊ ကောင်းသောအမှုတို့ ၌ ငါ မမေ့တတ်, ငါ အမှတ်ရသည်ဟု ဖြစ်သည်ကား သတိ၌ စွဲသော ဒိဋ္ဌိတည်း၊ မကောင်းသော အမှု၌ ငါ ရှက်တတ်သည်,

www.dhammaransi.com



ငါ ကြောက်တတ်သည်ဟု ဖြစ်သည်ကား ဟိရီ ဩတ္တပ္ပ၌ စွဲသော ဒိဋ္ဌိတည်း၊ ငါ ဥပုသ်သီတင်းစောင့်ထိန်းသည်၊ သူ့ အသက်ကို သတ်ခြင်းမှ ငါ ကြဉ်ရှောင်သည်ဟု ဖြစ်သည်ကား သီလကုသိုလ်၌ စွဲသော ဒိဋ္ဌိတည်း၊ အဒိန္နဒါန်မှ ငါ ကြဉ်ရှောင်သည် စသည်တို့ ၌လည်း ထိုနည်းတူသိလေ။

( ဤတွင် ဓွေ့ ကား သဗ္ဗိရက္ခန္ဓာတရားတို့၌ အသီးသီး ဒိဋ္ဌိမီးတောက်၍ နေပုံကို ပြဆိုချက် ပြီး၏။ )

**ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ရေမီးတောက်ပုံ** ဝိညာဏက္ခန္ဓာ၌ ၂၄-ပါးသော သက္ကာယဒိဋ္ဌိတို့တွင် အဘယ် သူကို အဘယ် ဝတ္ထုကို ငါ မြင်သည်, ငါ ကြည့်သည်, ငါ ရှုသည်ဟု ဖြစ်သည်ကား စက္ခုဝိညာဏ်၌ စွဲသော ဒိဋ္ဌိတည်း၊ ငါ ကြားသည်, ငါ နာသည်, ငါ နားထောင်သည်ဟု ဖြစ်သည်ကား သောတဝိညာဏ်၌ စွဲသော ဒိဋ္ဌိတည်း၊ ငါ နံသည်, ငါ မွှေးသည်ဟု ဖြစ်သည်ကား ဃာနဝိညာဏ်၌ စွဲသော ဒိဋ္ဌိတည်း၊ အချို အချဉ် အရသာကို ငါ သိသည်ဟု ဖြစ်သည်ကား ဇိဝှာဝိညာဏ်၌ စွဲသော ဒိဋ္ဌိတည်း၊ အပူ, အချမ်း, အကြမ်း, အနုတို့ ကို တွေ့ ထိ၍ ငါ သိသည်ဟု ဖြစ်သည်ကား ကာယဝိညာဏ်၌ စွဲသော ဒိဋ္ဌိတည်း၊ မနောနှလုံးနှင့် ငါ ကြံသည်, ငါ တွေ့ သည်, ငါ သိသည်ဟု ဖြစ်သည်ကား မနောဝိညာဏ်၌ စွဲသော ဒိဋ္ဌိတည်း။

( ဤကား ဝိညာဏ် ၆-ပါး၌ သက္ကာယဒိဋ္ဌိ မီးတောက်ပုံကို ပြဆိုချက်တည်း။ )

**ခန္ဓာငါးပါးလုံး၌ ရေမီးတောက်ပုံ** အပေါင်းအားဖြင့် ခန္ဓာငါးပါးလုံးကို ခြုံ၍ ငါ ဟူ၍ လည်းကောင်း, ငါ သွားသည်, ငါ လာသည်, ငါ ပြုသည်, ငါ ပြောသည်, ငါ ဆိုသည် အစရှိသည်ဖြင့်လည်းကောင်း အပေါင်းကို ခြုံ၍ စွဲလမ်း ပြောဆိုသမျှသည်လည်း ဒိဋ္ဌိချည်းပင်တည်း၊ ပုဂ္ဂိုလ် အဟုတ် ရှိ၏, သတ္တဝါ အဟုတ် ရှိ၏, လူ အဟုတ် ရှိ၏, နတ် အဟုတ် ရှိ၏, မိန်း အဟုတ် ရှိ၏, ယောကျ်ား အဟုတ် ရှိ၏, ငါ အဟုတ် ရှိ၏, သူတစ်ပါး အဟုတ် ရှိ၏ဟု မှတ်ထင်ခြင်း အရင်းခံ

www.dhammaransi.com



ရှိကြကုန်သော ပုထုဇဉ် သတ္တဝါတို့သည် ငါဟူသောစကား, ကိုယ်ဟူသော စကားကို တစ်လောကလုံး တအုန်းအုန်း ပြောလည်း ပြောကြကုန်၏။ ပြောတိုင်း ပြောတိုင်းလည်း စိတ်အထင်ပါကုန်၏၊ သက္ကာယဒိဋ္ဌိကို ပယ်ပြီးသော အရိယာတို့သည်ကား အပြောမှာ အများနည်းကပင် ပြောကြကုန်၏၊ စိတ်အထင် မူကား မရှိပြီ၊ ငါ ဟူ၍ ပြောကြကုန် လည်း စိတ်မှာ တကယ် ငါ ဟုတ်သည်ဟု မထင်ကြကုန်ပြီ၊ ပြဆိုခဲ့ပြီးသော သက္ကာယဒိဋ္ဌိအချက်စုမှာ ဒိဋ္ဌိနှင့် စွဲလမ်း ထင်မြင် သည်လည်း ရှိသည်၊ သညာနှင့် စွဲလမ်းထင်မြင်သည်လည်း ရှိသည်၊ စိတ်ဝိညာဏ်နှင့် စွဲလမ်းထင်မြင် သည်လည်း ရှိသည်။

ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နှင့် စွဲလမ်း ထင်မြင်သောအခါ၌ ဒိဋ္ဌိနှင့် စွဲလမ်း ထင်မြင်သည်၊ ထိုစိတ်မှ တစ်ပါးသော အကုသိုလ်စိတ်, မဟာကုသိုလ်စိတ်တို့နှင့် စွဲလမ်းထင်မြင်သော အခါ၌မူကား သညာ, ဝိညာဏ်တို့နှင့် စွဲလမ်းထင်မြင်သည်၊ ဤပြဆိုခဲ့ပြီးသော သက္ကာယဒိဋ္ဌိတို့ကို မပယ်နိုင်သမျှ ကာလပတ်လုံး လူဖြစ်သော်လည်း အပါယ်လေးပါး တံခါးဟင်းလင်း - နတ်, သိကြားဖြစ်သော်လည်း အပါယ်လေးပါး တံခါးဟင်းလင်း - ဗြဟ္မာဖြစ်သော်လည်း အပါယ်လေးပါး တံခါးဟင်းလင်းသာ နေကြ၏၊ စိတ်နှလုံးထဲမှ ငရဲမီးထုပ်ပေါင်း ၂၅၆-ပါးကို ရင်ခွင် ပိုက်လျက် နေကြ၏၊ စိတ်နှလုံးထဲမှာ ငရဲကြီး ၈-ထပ် ဖြစ်လေရာရာ အပြီးပါ၍ နေကြ၏၊ ကုသိုလ်ကံ အခွင့်ရ၍ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝကို ရကြသော်လည်း ရင်ထဲမှာ ငရဲမီးထက်ကြပ်ပါ၍ နေသောကြောင့် စိတ်နှလုံးအေးရန် အခွင့်မရှိ။

( ဤကား ဓမ္မသင်္ဂဏီပါဠိတော်မှာ လာသော သက္ကာယဒိဋ္ဌိ ၂၀- ကို မိမိတို့ကိုယ်ဝယ် အတပ်ဒိဋ္ဌ သိမြင်ကြရန် အမြွက်မျှ ဆိုလိုက်သော စကားရပ်တည်း။ )

**သုတ္တန်ပါဠိတော်လာ** ယခုအခါ အဘိဓမ္မာဝိဘင်း ပါဠိတော်၌လည်းကောင်း, **ဒိဋ္ဌိ ၃-ပါး** သုတ္တန်ပါဠိတော်၌ လည်းကောင်း ဟောတော်မူသော ဒိဋ္ဌိ ၃-ပါးကို ပြဆိုပေအံ့။

တတ္ထကတမာနိ တီဏိ တိတ္ထာယတနာနိ-

၁။ ဣဓေကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ ဧဝံဝါဒီ ဟောတိဧဝံဒိဋ္ဌိ၊ ယံ ကိဉ္စာယံ

www.dhammaransi.com



ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗံ တံ ပုဗ္ဗေကတဟေတူတိ။

၂။ က္လဓပနေကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ ဧဝံဝါဒီ ဟောတိဧဝံဒိဋ္ဌိ၊ ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗံ တံ ဣဿရနိမ္မာနဟေတူတိ။

၃။ က္လဓပနေကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ ဧဝံဝါဒီ ဟောတိဧဝံဒိဋ္ဌိ၊ ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗံ တံ အဟေတု အပစ္စယာတိ။ [၁]

ဤ ပါဠိတော်၌ - ( ၁ - သဗ္ဗံ တံ ပုဗ္ဗေကတဟေတု။ ။ ၂ - သဗ္ဗံ တံ ဣဿရနိမ္မာနဟေတု။ ။ ၃ - သဗ္ဗံ တံ အဟေတု အပစ္စယာ။ ဤအဖွားသုံးခွန်းသာ ကွဲလွဲသည်။ )

တတ္ထ၊ ထိုစကား၌။ တီဏိ၊ သုံးပါးကုန်သော။ တိတ္ထာယတနာနိ၊ တိတ္ထိဖြစ်ကြောင်း တို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်း ဟူမူကား-

(၁) က္လဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့ သော။ သမဏော ဝါ။ ရဟန်းသည် လည်းကောင်း။ ဗြာဟ္မဏော ဝါ၊ ပုဏ္ဏားသည်လည်းကောင်း။ ဧဝံဝါဒီ၊ ဤသို့ ဟောလေ့ရှိသည်။ ဧဝံဒိဋ္ဌိ၊ ဤသို့ ယူလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အယံ ပုရိသ ပုဂ္ဂလော၊ ဤသို့ ပုဂ္ဂိုလ် သတ္တဝါ အပေါင်းသည်။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ ယံ သုခံ ဝါ၊ အကြင် ချမ်းသာကိုလည်းကောင်း။ ယံ ဒုက္ခံ ဝါ၊ အကြင်ဆင်းရဲကို လည်းကောင်း။ ယံ အဒုက္ခမသုခံ ဝါ၊ အကြင် ဥပေက္ခာဝေဒနာကိုလည်းကောင်း။ ပဋိသံဝေဒေတိ၊ ခံစား၏။ တံ သဗ္ဗံ၊ ထိုခံစားသမျှသော အမှုသည်။ ပုဗ္ဗေကတဟေတု၊ ရှေးရှေးဘဝတို့ ၌ ပြုခဲ့ဖူးသော ကုသိုလ်ကံ အကုသိုလ်ကံကြောင့်သာတည်း။

(၂) တံ သဗ္ဗံ၊ ထိုခံစားသမျှသော အမှုသည်။ ဣဿရနိမ္မာန ဟေတု၊ လောကကို အစိုးရသော ထာဝရဘုရား ဖန်ဆင်းခြင်းကြောင့်သာတည်း။

---

၁။ ဝိဘင်္ဂ-ပါ၊ ၃၈၂၊ တိကင်္ုတ္တရ-ပါ၊ ၁၇၄၌လည်း ပါဠိအနည်းငယ်ကွဲပြီး အဓိပ္ပာယ်တူ ပါရှိ၏။

www.dhammaransi.com



(၃) တံ သဗ္ဗံ၊ ထိုခံစားရသမျှသော အမှုသည်၊ အဟေတု၊ အကြောင်းရင်းဟူ၍လည်း မရှိ။ အစွယာ၊ အကူအပံ့ အကြောင်းဟူ၍လည်း မရှိ။

ပထမဒိဋ္ဌိကား - လောက၌ သတ္တဝါတို့ တွေ့ကြုံခံစားကြသော ချမ်းသာ ဆင်းရဲ ဟူဟူသမျှသည် ရှေးကံဟောင်းကြောင့်သာတည်း - ဟူလိုသည်။

ဒုတိယဒိဋ္ဌိကား - ထာဝရဘုရား ဖန်ဆင်းသောကြောင့် - ဟူလိုသည်။

တတိယဒိဋ္ဌိကား - အကြောင်းမရှိ အခွင့်သင့်ရာ ကြုံတွေ့ခံစားကြရသည် - ဟူလိုသည်။

ပထမဒိဋ္ဌိကား - နိဂဏ္ဌတက္ကဒွန်းတို့၏ အယူတည်း။

ဒုတိယဒိဋ္ဌိကား - ယခုကာလ ပသီလူမျိုး, ခရစ်ယာန် ဘာသာဝင်လူမျိုးတို့၏ အယူတည်း။

တတိယဒိဋ္ဌိကား - အဟေတုက ဒိဋ္ဌိတည်း။

ပထမဒိဋ္ဌိသည် ကံအယူသန်လှသော ငါတို့ မြန်မာလူမျိုးတို. မှာလည်း ရှိ၏၊ ဟိန္ဒူလူမျိုးတို့မှာ နဖူးစာရှိရာ ဆင်းရဲ ချမ်းသာ ခံစားရသည်ဟု ယူကုန်၏၊ ထိုမှတစ်ပါး အမျိုးမျိုးသော မိစ္ဆာဒိဋ္ဌိတို့သည် ရှိကြကုန်သေး၏။

www.dhammaransi.com



# သက္ကာယဒိဋ္ဌိသည် ခပ်သိမ်းသော ဒိဋ္ဌိတို့၏ အမြစ်မူလဖြစ်ပုံ

**အမြစ်မူလ သက္ကာယသာ** သက္ကာယဒိဋ္ဌိ ၂၀-သည် ခပ်သိမ်းသော ဒိဋ္ဌိတို့၏ မူလ အမြစ်တည်း၊ လောက၌ အလုံးစုံသော မြက်, သစ်ပင် ဟူသမျှသည် မျိုးစေ့မှ ပေါက်ဖွားဖြစ်ထွန်းကြကုန်၏၊ မျိုးစေ့သည် မြက်, သစ်ပင်တို့ မူလဗီဇ ဖြစ်ခဲ့၏၊ မျိုးစေ့ရှိခဲ့လျှင် ဘယ်နေရာမှာ မြက်, သစ်ပင်မပေါက်ဟု မဆိုသာ၊ မျိုးစေ့မရှိမျိုးပြတ်သွားလျှင် မြက်, သစ်ပင် အပေါက်ငြိမ်း၏၊ မျိုးမပြတ်လျှင် အပေါက် မငြိမ်း၊ ဤအတူ စိတ်နှလုံးထဲမှာ သက္ကာယဒိဋ္ဌိ အပြီးပါနေသမျှ ကာလပတ်လုံး ကမ္ဘာ ပျက်၍မှ ငရဲက မလွတ်ရသော ဒိဋ္ဌိကြီးကို ယူကြသော လူမျိုး, နတ်မျိုးမှာ ဖြစ်ခဲ့လျှင် ထိုဒိဋ္ဌိကိုပင် ယူလတ္တံ့၊ ၆၂-ပါးသော ဒိဋ္ဌိတွင် တစ်ပါးပါးသော ဒိဋ္ဌိကိုပင် ယူသော လူမျိုး, နတ်မျိုးမှာ ဖြစ်ခဲ့လျှင် ထိုဒိဋ္ဌိ၌ပင် ယူလတ္တံ့။

စိတ်နှလုံးထဲမှာ သက္ကာယဒိဋ္ဌိ အပြီးပါရှိ၍ နေသမျှ ကာလပတ်လုံး ပဉ္စာနန္တရိယကံကြီးငါးပါးလည်း အပြီးပါရှိ၍ နေတော့သည်၊ ဒုစရိုက်ဆယ်ပါး အပြီးပါရှိ၍ နေလေတော့သည်၊ ဘယ်မကောင်းမှုမျိုး ဘယ်အမှိုက်အမဲမျိုး ဘယ်အမိုက်အမှားမျိုး ငါ၌ မဖြစ်လတ္တံ့ဟု တစ်စုံတစ်ခုမျှမရှိ၊ လူ့ပြည်မှာ လူဖြစ်သော်လည်း ရင်ထဲမှာ အပါယ်လေးဘုံ အပြီးပါ၏၊ နတ်ပြည် ၆-ထပ်မှာ နတ်မင်းကြီး သိကြားမင်းကြီး ဖြစ်သော်လည်း ရင်ထဲမှာ အပါယ်လေးဘုံ အပြီးပါ၏၊ ဗြဟ္မာ့ပြည်မှာ ဗြဟ္မာမင်းကြီး ဖြစ်ရသော်လည်း ရင်ထဲမှာ အပါယ်လေးဘုံ အပြီးပါ၏။

ထောင်ဒဏ် အမှု အပြစ်သင့်ကြသော လူနှစ်ယောက် ရှိသတတ်၊ တစ်ယောက်သောသူမှာ ထောင်သို့ ကျလေ၏၊ တစ်ယောက်သောသူမှာ ထောင်ကျနေ့ ရက် မပေးသေး၊ ထောင်သို့ ကျလေသောသူမှာ ထောင်မှလွတ်ခွင့်သို့ တစ်ရက်ထက် တစ်ရက် နီး၍သွား၏၊ ထောင်သို့ မကျသေးသော သူမှာ ထောင်ကျခွင့်သို့ တစ်ရက် ထက် တစ်ရက် နီး၍သွား၏၊ ဤအတူ အပါယ်သို့ ကျရောက်၍နေကြသော သူတို့မှာ အပါယ်မှ လွတ်ခွင့်သို့ တစ်နေ့ထက်တစ်နေ့ နီး၍သွားကုန်၏၊ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်၌ နေကြကုန်သော ပုထုဇဉ်တို့မှာ အပါယ်ကျခွင့်သို့ တစ်နေ့ထက်တစ်နေ့

www.dhammaransi.com



နီး၍သွားကုန်၏၊ ထို့ကြောင့် ဧတေသ အာနန္ဒ ဓမ္မဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝ မယံ ပဇာ တန္တာကုလကဇာတာ ဂုဠာဂုဏ္ဌိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိ ဝတ္တတိ" ဟူ၍ ဟောတော်မူသည်။

**အနက်။** ။ အာနန္ဒ၊ အာနန္ဒာ။ ဧတေသ ဓမ္မဿ၊ ဤပဋိစ္စသမုပ္ပါဒ်တရားကို။ အနနုဗောဓာ၊ မသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ အသိဉာဏ် မပေါက်ခြင်းကြောင့်။ ဧဝံ ဤသို့။ အယံ ပဇာ၊ ဤပုထုဇဉ် သတ္တဝါ အပေါင်းတို့သည်။ တန္တာကုလကဇာတာ၊ မသင်နိုင်သော ရက်ကန်းထွေး အူပေါက်ကဲ့သို့ ထွေးရှုပ်၍ နေကုန်၏။ မုဉ္ဇပဗ္ဗဇဘူတာ၊ ဖြူဆံမြက်တော, ပြိန်းမြက်တောကဲ့သို့ ထူထပ်, ရှုပ်ထွေး၍ နေကြကုန်၏။ ဂုဠာဂုဏ္ဌိကဇာတာ၊ စာပေါင်းသိုက်ကဲ့သို့ ထွေးယှဉ်၍ နေကြကုန်၏။ အပါယံ၊ ချမ်းသာကင်းရာ ဖြစ်သော။ ဒုဂ္ဂတိံ၊ မကောင်းသဖြင့် လားရာဖြစ်သော။ ဝိနိပါတံ၊ အလိုဆန္ဒကင်း၍ကျရာ ဖြစ်သော၊ သံသာရံ၊ သံသရာကို။ နာတိဝတ္တတိ၊ မလွတ်နိုင်။

( ဒေသနာတော်အနက် )

**တန္တာကုလကဇာတာ** "တန္တာကုလကဇာတာ" ဟူသော ပုဒ်၏ အဓိပ္ပာယ်ကား - တစ်ယောက် တစ်ယောက်သော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ နှလုံးထဲမှာ ၂၅၆-ပါးသော သက္ကာယဒိဋ္ဌိနှင့်တကွ ပြဆိုပြီးသော အပြစ်ဒေါသမျိုးတွေ အသင်္ချေရှုပ်ထွေး၍ နေကြသည်ကို ဆိုလိုသည်၊ မုဉ္ဇပဗ္ဗဇဘူတာပုဒ်, ဂုဠာဂုဏ္ဌိကဇာတာ-ပုဒ်၏ အဓိပ္ပာယ်ကို လည်း ထိုနည်းအတိုင်း သိလေ။

**ဝိနိပါတံ သံသာရံ** "ဝိနိပါတံ သံသာရံ" ပုဒ်၏ အဓိပ္ပာယ်ကား - ထိုသို့ နှလုံးအတွင်းရှုပ်ထွေး၍ နေကြကုန်သော လူ, နတ်, ဗြဟ္မာ ပုထုဇဉ်သတ္တဝါတို့သည် ဘယ်ဘုံက စုတေလျှင် ဘယ်ဘုံသို့ ငါသွားမည်ဟု မှန်းတမ်း၍ သွားနိုင်ကြကုန်သည် မဟုတ်၊ စုတေသည့်နောက် ရောက်လိုရာရောက် ကျလိုရာကျ ကမ္မသကာ ကံချရာဟု ပေါက်လွှတ်ဓမ္မတာ ထားရကြကုန်၏။

တပေါင်း, တန်ခူး အခါ လေမုန်တိုင်း တိုက်၍ ကြွေကျကုန်သော သစ်ရွက်တို့သည် အညာက လွတ်လျှင် ကျစရာ နေရာကို ရွေးချယ်၍ ဘယ်နေရာမှာ ငါကျမည်ဟု မှန်းတမ်း၍ ကျနိုင်ကြကုန်သည် မဟုတ်၊ ရောက်မိရောက်ရာရောက်၍ ကျမိကျရာ ကျလေကုန်သကဲ့သို့ ထို့အတူ သက္ကာယဒိဋ္ဌိ တန်းလန်းရှိကြကုန်သော သူတို့သည်

www.dhammaransi.com



အထက်ဆုံးဖြစ်သော ဘဝဂ်ဘုံက ပင်သော်လည်း နေ့စေ့၍ စုတေသောအခါ ရောက်ချင်ရာရောက်, ပေါက်လွှတ်ကြကုန်သည်သာတည်း။

တပေါင်း, တန်ခူးအခါ လေပွေတိုက်၍ အထက် ကောင်းကင်သို့ ရောက်ကြကုန်သော သစ်ရွက်ခြောက်, မြက်ခြောက်, အမှိုက်သရိုက်တို့သည် သင့်တင့်ရာနေရာကို ရွေးချယ်၍ ဘယ်နေရာမှာ ငါတို့ကျမည်ဟု မှန်းတမ်း၍ ကျနိုင်ကြသည်မဟုတ်၊ ရောက်မိရောက်ရာ ရောက်၍ ကျမိကျရာ ကျကြလေကုန်သကဲ့သို့ လည်းကောင်း၊ မိုးဦးကျ, နွေဦးပေါက်သောအခါ အညာတော တောင်တို့မှ မြစ်ကြောင်း, ရေကြောင်းမှာ မျော၍ လာကုန်သော အမှိုက်သရိုက်တို့သည် ဘယ်သောင်မှာ တင်မည်, ဘယ်ကမ်းမှာ တင်မည်ဟု မှန်းတမ်း၍ တင်နိုင် ဆိုက်နိုင် ကြကုန်သည်မဟုတ်၊ ရောက်မိရောက်ရာ ရောက်ကြကုန်လေသကဲ့သို့ လည်းကောင်း၊ ထို့အတူ သက္ကာယဒိဋ္ဌိ တန်းလန်းရှိ ကြကုန်သော လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့သည် တစ်ဘဝမှ တစ်ဘဝသို့ စုတေကြသောအခါ ရောက်မိရောက်ရာ ရောက်၍ ကျမိကျရာ ကျကြလေကုန်သည်သာတည်း။

ဤသို့လျှင် သက္ကာယဒိဋ္ဌိ ၂၅၆-ပါးတည်းဟူသော လေပြင်းမုန်တိုင်း လှိုင်းကြမ်း, ရေကြမ်းမှာ မျောပါ၍ နေကြကုန်သော ပုထုဇဉ် သတ္တဝါတို့၏ တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းလဲမှု - ကျချင်ရာကျ ရောက်ချင်ရာရောက် ပေါက်လွှတ်လျှောက်လျား နေကြမှုကို 'ဝိနိပါတံ သံသာရံ' ဟူ၍ ဆိုသတည်း။

**အတောင်မျက်စိ စုံသည့်ငှက်သို့**

ရင်တွင်း, နှလုံးတွင်းမှာ သက္ကာယဒိဋ္ဌိမီး ငြိမ်းကုန်ပြီးသော ဝိသ ဒါ, အနာဂါမ်ပိဏ်ဲ အစရှိသော သူတို့မှာမူကား တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့ကြသောအခါ မိမိတို့ စိတ်ကြိုက်ရှိရာ ကောင်းမြတ်ရာ ဘုံဘဝတို့ကို ရွေးချယ်၍ ပြောင်းရွှေ့ကြရကုန်၏၊ စိတ်ကပင် အထူး ကြံ့ရွယ်မှုမရှိ ကြသော်လည်း ယုတ်ညံ့သော ဘုံဘဝသို့သာ ကျရောက်ခြင်း မရှိကြရကုန်ပြီ၊ ကောင်းမြတ်ရာ ဘုံဘဝသို့သာ ရောက်ကြရကုန်၏၊ ဥပမာဆိုသည် ရှိသော်ကား- မျက်စိအား - အတောင်အားဖြင့် ပြည့်စုံကြကုန်သော ကျေးငှက်တို့သည် မိမိတို့ အလိုရှိရာ စိတ်ပျော်မွေ့ရာ သစ်ပင်တစ်ခုမှ သစ်ပင်တစ်ခုသို့ ဥယျာဉ်တစ်ခုမှ ဥယျာဉ်တစ်ခုသို့ တောတစ်ခုမှ တောတစ်ခုသို့ ကောင်းကင် ခရီးဖြင့်သာ ပျော်ပျော်ပါးပါး သွားလာ ပြောင်းရွှေ့ကြကုန်သကဲ့သို့တည်း။

www.dhammaransi.com



ရင်တွင်း နှလုံးတွင်းမှာ သက္ကာယဒိဋ္ဌိမီး ငြိမ်းသဖြင့်လည်း အလုံးစုံသော ဒိဋ္ဌိမီး - အလုံးစုံသော ဒုစရိုက်တို့သည် ငြိမ်းကြလေကုန်၏၊ ရင်ထဲ - နှလုံးထဲမှာ အမြဲပါရှိ၍ နေကုန်သော အပါယ်လေးဘုံတို့သည် အကုန်ကွယ်ပျောက်ကြလေကုန်၏။

အပါယ်လေးဘုံတို့သည်သာ ကွယ်ပျောက်ကုန်သည် မဟုတ်ကုန်သေး၊ ထိုသက္ကာယဒိဋ္ဌိမီး ငြိမ်းကုန်ပြီးသော သူတို့သည် လူဖြစ်သော်လည်း စည်းစိမ်ဥစ္စာ, အလိမ္မာဉာဏ် - ဂုဏ်သိန် ကြီးမြတ်သော အမျိုး၌သာ ဖြစ်ကြရကုန်၏၊ ယုတ်ညံ့သော အမျိုး၌ ဖြစ်ခြင်းမရှိကြကုန်ပြီ၊ နတ်ဖြစ်ရာ၌လည်း ထို့အတူပင်၊ အလိမ္မာမှုမှာလည်း တစ်ဘဝထက် - တစ်ဘဝ အလိမ္မာ တိုးတက်၍သာ သွားကြကုန်၏၊ မလိမ္မာသော အဖြစ်သို့ မရောက်ကြကုန်ပြီ။

**သက္ကာယဒိဋ္ဌိ ရှိကြသော သတ္တဝါတို့မှာမူကား–**

- ယခုနေ့ နတ်မင်းကြီး, သိကြားမင်းကြီး, နက်ဖြန်ခါ ခွေး, ဝက်, ခြ, ပရွက်, သန်း, ကြမ်းပိုး၊
- ယခုနေ့ သီလဝန္တကြီး၊ နက်ဖြန်ခါ ဓားပြ, သူခိုး, မုဆိုး, တံငါ၊
- ယခုနေ့ ဈာန်အဘိညာဉ်ရ သမာဓိရင့်ကြီး၊ နက်ဖြန်ခါ ပွဲသဘင်အလယ်မှာ လူပျက်ကြီး၊
- ယခုနေ့ ကျမ်းတက်, ဂန်တတ် ပညာရှိကြီး၊ နက်ဖြန်ခါ အရူးအသွပ်ဥမ္မတ္တက လူအ လူနှမ်းကြီး -

ဖြစ်နိုင်သော သဘောရှိကြကုန်၏၊ ဤသို့လျှင် သက္ကာယဒိဋ္ဌိ ရှိကြကုန်သော သူတို့၏ အပြစ်ဒေါသ အနန္တကိုလည်းကောင်း, သက္ကာယဒိဋ္ဌိမီးငြိမ်းကုန်ကြပြီးသော သူတို့၏ အကျိုးအာနိသံသ အနန္တကိုလည်းကောင်း ကောင်းစွာသိကြသဖြင့် သက္ကာယဒိဋ္ဌိ တည်းဟူသော ပါပမိတ္တကြီး၏ ကြောက်ဖွယ်-လန့်ဖွယ်-ရွံ့ဖွယ် စက်ဆုပ်ဖွယ်သော သဘောသည် အလွန်ထင်ရှားကြကုန်ရာ၏။

ရင်တွင်း, နှလုံးတွင်းမှာ ငါ-ငါဟူသော သက္ကာယဒိဋ္ဌိမီး တထိန်ထိန် တညီးညီး တောက်ထ၍ နေကြသော မိမိတို့ ကိုယ်အဖြစ်၏ ပြဆိုခဲ့ပြီးသော လေမုန်တိုင်းမှာ

www.dhammaransi.com



လွင့်၍ပါသော မြက်မိုက်, သစ်ရွက်မှိုက် - မြစ်ရေအလျဉ်မှာ မျော၍ပါလာသော မြက်မှိုက်, သစ်ရွက်မှိုက်တို့၏ အလားကဲ့သို့ သံသရာအလား, ဘဝအလား ကြောက်ပါး လိလိရှိ၍ နေကြသော သဘောသည်လည်း ထင်ရှားကြကုန်ရာ၏။

ဘုရားသာသနာနှင့် ကြုံကြိုက်သော ဘဝ၌သာလျှင် ငါ ငါဟူ၍ စွဲလမ်းမှုကို သက္ကာယဒိဋ္ဌိမှု - ငရဲမီးတောက်မှုဟု သိနိုင်သည်၊ ဘုရားသာသနာပသို့ ရောက်၍ သွားလျှင် မဟာကမ္ဘာ အသင်္ချေပင် ကြာသော်လည်း သက္ကာယဒိဋ္ဌိဟူ၍ သိပေါက် သိလမ်းမရှိ၊ မှောင်အတိ ဖုံးလွှမ်းလေတော့သည်၊ ဤသည်ကား-

- ပဋိစ္စသမုပ္ပါဒ်ကို သိသောဉာဏ်သည် ဆေးကြီးမည်၏။

- ထိုဆေးကြီး၏ အချက်အရာ အနာဆိုး, ရောဂါဆိုးကား ဒိဋ္ဌိတရားတည်း-

ဟု 'သူ့အနာနှင့် သူ့ဆေး'နေရာကျအောင် အနာလက္ခဏာကို ပြဆိုသောအခန်းတည်း။

ဝိစိကိစ္ဆာ ရှစ်ပါး, တစ်ဆယ့်ခြောက်ပါးတို့သည်လည်း အနာဆိုး, ရောဂါဆိုး တို့ပင်တည်း၊ သို့သော်လည်း ထိုဝိစိကိစ္ဆာတရားတို့သည် သက္ကာယဒိဋ္ဌိ၏ အစီးအပွား တို့သာတည်း၊ သက္ကာယဒိဋ္ဌိရှိလျှင် ရှိကုန်တော့သည်၊ သက္ကာယဒိဋ္ဌိ ကွာလျှင် ကွာကုန် တော့သည်၊ သက္ကာယဒိဋ္ဌိငြိမ်းလျှင် ငြိမ်းကုန်တော့သည်၊ ထို့ကြောင့် ဝိစိကိစ္ဆာကို အကျယ်မဆိုပြီ။ ။ ပြီး၏။

**ပဋိစ္စသမုပ္ပါဒ် အချက်အရာ ဒိဋ္ဌိများ ပြီး၏။**

www.dhammaransi.com

# ပဋိစ္စသမုပ္ပါဒ် ပါဠိ-အနက်

## ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသ ပါဠိတော်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

[ ပဋိစ္စသမုပ္ပါဒ် အကျဉ်းဥဒ္ဒေသ၊ အဘိဓမ္မာ ဝိဘင်းပါဠိတော်]

## ပဋိစ္စသမုပ္ပါဒ် နိဒ္ဒေသ ပါဠိတော်

### ၁။ တတ္ထ ကတမာ အဝိဇ္ဇာ

ဒုက္ခေ အညာဏံ ဒုက္ခသမုဒယေ အညာဏံ ဒုက္ခနိရောဓေ အညာဏံ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ၊ အယံ ဝုစ္စတိ အဝိဇ္ဇာ။

### ၂။ တတ္ထ ကတမေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ

ပုညာဘိသင်္ခါရော အပုညာဘိသင်္ခါရော အာနေဉ္ဇာဘိသင်္ခါရော ကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရော။ ။ တတ္ထကတမော ပုညာဘိသင်္ခါရော၊ ကုသလာစေတနာ ကာမာဝစရာရူပဝါစရာ ဒါနမယာ သီလမယာ ဘာဝနာမယာ အယံ ဝုစ္စတိ ပုညာဘိသင်္ခါရော။ ။ တတ္ထ ကတမော အပုညာဘိသင်္ခါရော၊ အကုသလာ

. ၂၇၁၁၁

www.dhammaransi.com



စေတနာ ကာမာဝစရာ အယံ ဝုစ္စတိ အပုညာဘိသင်္ခါရော။ ။ တတ္ထကတမော အာနေဉ္စာဘိသင်္ခါရော၊ ကုသလာ စေတနာ အရူပါဝစရာ၊ အယံ ဝုစ္စတိ အာနေဉ္စာဘိသင်္ခါရော။ ။ တတ္ထ ကတမော ကာယသင်္ခါရော၊ ကာယသဉ္စေတနာ ကာယသင်္ခါရော။ ဝစီသဉ္စေတနာ ဝစီသင်္ခါရော၊ မနောသဉ္စေတနာ စိတ္တသင်္ခါရော၊ ဣမေ ဝုစ္စန္တိ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။

## ၃။ တတ္ထ ကတမံ သင်္ခါရပစ္စယာ ဝိညာဏံ

စက္ခုဝိညာဏံ သောတဝိညာဏံ ဃာနဝိညာဏံ ဇိဝှါဝိညာဏံ ကာယဝိညာဏံ မနောဝိညာဏံ၊ ဣဒံဝုစ္စတိ သင်္ခါရပစ္စယာ ဝိညာဏံ။

## ၄။ တတ္ထ ကတမံ ဝိညာဏပစ္စယာ နာမရူပံ

အတ္ထိနာမံ အတ္ထိရူပံ၊ တတ္ထ ကတမံ နာမံ၊ ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော၊ ဣဒံ ဝုစ္စတိနာမံ။ တတ္ထ ကတမံ ရူပံ၊ စတ္တာရော မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ၊ ဣဒံ ဝုစ္စတိ ရူပံ၊ ဣတိ ဣဒဉ္စ နာမံဣဒဉ္စ ရူပံ၊ ဝုစ္စတိ ဝိညာဏပစ္စယာ နာမရူပံ။

## ၅။ တတ္ထ ကတမံ နာမရူပပစ္စယာ သဠာယတနံ

စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံ မနာယတနံ၊ ဣဒံ ဝုစ္စတိနာမရူပပစ္စယာ သဠာယတနံ။

## ၆။ တတ္ထ ကတမော သဠာယတနပစ္စယာ ဖဿော

စက္ခု သမ္ဖဿော သောတသမ္ဖဿော ဃာနသမ္ဖဿော ဇိဝှါသမ္ဖဿော ကာယသမ္ဖဿော မနောသမ္ဖဿော၊ အယံ ဝုစ္စတိ သဠာယတနပစ္စယာ ဖဿော။

## ၇။ တတ္ထ ကတမော ဖဿပစ္စယာ ဝေဒနာ

စက္ခုသမ္ဖဿဇာ ဝေဒနာ သောတသမ္ဖဿဇာ ဝေဒနာ ဃာနသမ္ဖဿဇာ ဝေဒနာ ဇိဝှါသမ္ဖဿဇာဝေဒနာ ကာယသမ္ဖဿဇာ ဝေဒနာ မနောသမ္ဖဿဇာ ဝေဒနာ၊ အယံ ဝုစ္စတိ ဖဿပစ္စယာ ဝေဒနာ။

www.dhammaransi.com



## ၈။ တတ္ထ ကတမာ ဝေဒနာ ပစ္စယာ တဏှာ

ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာ၊ အယံ ဝုစ္စတိ ဝေဒနာပစ္စယာ တဏှာ။

## ၉။ တတ္ထ ကတမံ တဏှာပစ္စယာ ဥပါဒါနံ

ကာမုပါဒါနံ ဒိဋ္ဌုပါဒါနံ သီလဗ္ဗတုပါဒါနံ အတ္တဝါဒုပါဒါနံ၊ ဣဒံ ဝုစ္စတိ တဏှာပစ္စယာ ဥပါဒါနံ။

## ၁၀။ တတ္ထ ကတမော ဥပါဒါနပစ္စယာ ဘဝေါ

ဘဝေါ ဒုဝိဓေနအတ္ထိ ကမ္မဘဝေါ အတ္ထိ ဥပပတ္တိဘဝေါ။ တတ္ထ ကတမာ ကမ္မဘဝေါ၊ ပုညာဘိသင်္ခါရော အပုညာဘိသင်္ခါရော အနေဉ္ဇာဘိသင်္ခါရော၊ အယံ ဝုစ္စတိ ကမ္မဘဝေါ။ သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ ကမ္မဘဝေါ။ ။ တတ္ထ ကတမော ဥပပတ္တိဘဝေါ၊ ကာမဘဝေါ ရူပဘဝေါ အရူပဘဝေါသညာဘဝေါအသညာဘဝေါ နေဝသညာနာသညာဘဝေါ ဧကဝေါကာရဘဝေါ စတုဝေါကာရဘဝေါ ပဉ္စဝေါကာရ ဘဝေါ၊ အယံ ဝုစ္စတိ ဥပပတ္တိဘဝေါ။ ဣတိအယဉ္စ ကမ္မဘဝေါ အယဉ္စ ဥပပတ္တိဘဝေါ၊ အယံ ဝုစ္စတိ ဥပါဒါနပစ္စယာဘဝေါ။

## ၁၁။ တတ္ထ ကတမာ ဘဝပစ္စယာ ဇာတိ။

ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ နိဗ္ဗတ္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဘဝပစ္စယာဇာတိ။

## ၁၂။ တတ္ထ ကတမံ ဇာတိပစ္စယာ ဇရာမရဏံ

အတ္ထိ ဇရာ အတ္ထိ မရဏံ၊ တတ္ထ ကတမာ ဇရာ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဇရာ။ ။ တတ္ထ ကတမံ မရဏံ၊ ယာ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိ စဝနတာ ဘေဒေါအန္တရဓာနံ မစ္စု မရဏံ ကာလကိရိယာ ခန္ဓာနံ ဘေဒေါ ကဠေဝရဿ နိက္ခေပေါ ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ ဣဒံ ဝုစ္စတိ မရဏံ၊ ဣတိအယဉ္စ ဇရာဣဒဉ္စ မရဏံ၊ ဣဒံ ဝုစ္စတိ ဇာတိပစ္စယာ ဇရာ မရဏံ။

www.dhammaransi.com



## ၁၃။ တတ္ထ ကတမော သောကော

ဉာတိဗျသနေန ဝါ ဖုဋ္ဌဿ ဘောဂဗျသနေန ဝါ ဖုဋ္ဌဿ ရောဂဗျသနေန ဝါ ဖုဋ္ဌဿ သီလဗျသနေန ဝါ ဖုဋ္ဌဿ ဒိဋ္ဌိဗျသနေန ဝါ ဖုဋ္ဌဿ အညာတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ သောကော သောစနာ သောစိတတ္တံ အန္တောသောကော အန္တောပရိသောကော စေတသော ပရိဇ္ဈာယနာ ဒေါမနဿံ သောကသလ္လံ၊ အယံ ဝုစ္စတိ သောကော။

## ၁၄။ တတ္ထ ကတမော ပရိဒေဝါ

ဉာတိဗျသနေနဝါ ဖုဋ္ဌဿ ဘောဂဗျသနေန ဝါ ဖုဋ္ဌဿ သီလဗျသနေန ဝါ ဖုဋ္ဌဿ ဒိဋ္ဌိဗျသနေန ဝါ ဖုဋ္ဌဿ အညတရညတရေန ဗျသနေန သမန္နာ ဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာဒေဝေါ ပရိဒေဝေါ အာဒေဝနာ ပရိ ဒေဝနာ အာဒေဝိတတ္တံ ပရိဒေ့ဝိတတ္တံ ဝါစာ ပလာပေါ ဝိပ္ပလာပေါ လာလပ္ပေါ လာလပ္ပနာ လာလပိတတ္တံ၊ အယံ ဝုစ္စတိ ပရိဒေဝေါ။

## ၁၅။ တတ္ထ ကတမံ ဒုက္ခံ

ယံ ကာယိကံ အသာတံ ကာယိကံ ဒုက္ခံ ကာယသမ္ဖဿဇံ အသာတံ ဒုက္ခံ ဝေဒယိတံ ကာယသမ္ဖဿဇာ အသာတာဒုက္ခာ ဝေဒနာ၊ ဣဒံ ဝုစ္စတိ ဒုက္ခံ။

## ၁၆။ တတ္ထ ကတမံ ဒေါမနဿံ

ယံ စေတသိကံ အသာတံ စေတသိကံ ဒုက္ခံ စေတော သမ္ဖဿဇံ အသာတံ ဒုက္ခံ ဝေဒယိတံ စေတော သမ္ဖဿဇာ အသာတာ ဒုက္ခာ ဝေဒနာ၊ ဣဒံ ဝုစ္စတိ ဒေါမနဿံ။

## ၁၇။ တတ္ထ ကတမော ဥပါယာသော

ဉာတိဗျသနေန ဝါ ဖုဋ္ဌဿ ဘောဂဗျသနေန ဝါ ဖုဋ္ဌဿ ရောဂဗျသနေန ဝါ ဖုဋ္ဌဿ သီလဗျသနေန ဝါ ဖုဋ္ဌဿ ဒိဋ္ဌိဗျသနေန ဝါ ဖုဋ္ဌဿ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတ်ရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာယာသော ဥပါယာသော အာယာသိတတ္တံ ဥပါယာသိတတ္တံ အယံ ဝုစ္စတိ ဥပါယာသော။ ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ၊ ဧဝမေတဿ

www.dhammaransi.com



ကေဝလဿ ဒုက္ခက္ခန္ဓဿ အင်္ဂတိ ဟောတိ၊ သမာ ဂမော ဟောတိ၊ သမောဓာနံ ဟောတိ၊ ပါတု ဘာဝေါဟောတိ၊ တေန ဝုစ္စတိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ။[၁]

[ ပဋိသမုပ္ပါဒ် အကျယ်နိဒ္ဒေသ အဘိဓမ္မာ ဝိဘင်းပါဠိတော် ]

**ခန္ဓာကိုယ်နှင့် ဓမ္မစေတီကျောင်းဥပမာ**

ဓာတုစေတီ, ဓမ္မစေတီ, ပရိဘောဂစေတီ, ဥဒ္ဒိဿစေတီ ဟူ၍ စေတီ လေးပါးရှိသည်တွင် ဓမ္မစေတီကို ကိုးကွယ်လိုသော သူသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာ ပါဠိတော်ကြီးများကို ရွှေပြား ငွေပြားမှာ, ရေး၍ ကိုးကွယ်ရသည်ဟု ကျမ်းဂန်တို့မှာ လာသည် တစ်ရပ်၊ ဓမ္မာနုဿတိ တည်ရှိသော သူ၏ ခန္ဓာကိုယ်သည် စေတီကျောင်းနှင့် အလားတူသည်၊ လူ, နတ်တို့ ပူဇော်ထိုက်သည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ လာသည် တစ်ရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သည် ငါဘုရား ကိုယ်တော်စား ဘုရားအရာ၌ တည်သည်ဟု ဟောတော်မူသည် တစ်ရပ်၊ ဤသို့ လာသောအရာများကို ထောက်၍ ဤပဋိစ္စသမုပ္ပါဒ် ဒေသနာအကျဉ်း, အကျယ်ပါဠိတော်ကြီးများကို အရကျက်၍ အသက်ထက်ဆုံး အမြဲဆောင်ရွက်သော သူသည် ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ ဓမ္မစေတီကျောင်းတော်နှင့် တူ၏၊ လူ, နတ်တို့ ရှိခိုးပူဇော်ခြင်းကို ခံထိုက်၏ဟု သိအပ်သည်။

---

၁။ အဘိဓမ္မာ ဝိဘင်-ပါ၊ ၃၄၂။

www.dhammaransi.com



# ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသ ပါဠိတော်အနက်

အဝိဇ္ဇာပစ္စယာ၊ အဟုတ်အမှန်ကို မသိမမြင် မထင်မလင်းမှု ဟူသော အကြောင်းတရား ထင်ရှား ရှိနေခြင်းကြောင့်။ သင်္ခါရာ၊ ပစ္စုပ္ပန်အမှု, သံသရာအမှုတို့ကို ပြုစုပျိုးထောင် ခြင်းဟူသော သင်္ခါရမှုတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွားကုန်၏။ သင်္ခါရပစ္စယာ၊ ပစ္စုပ္ပန်အမှု, သံသရာအမှုတို့ကို ပြုစုပျိုးထောင်ခြင်းဟူသော သင်္ခါရတရား ထင်ရှား ရှိနေခြင်းကြောင့်။ ဝိညာဏံ၊ ဘဝသစ်၌ ဝိညာဏ်သစ် ဖြစ်ပေါ်မှုသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။ ဝိညာဏပစ္စယာ၊ ဝိညာဏ်သစ် ဖြစ်ပေါ်မှုကြောင့်။ နာမရူပံ၊ နာမ်အစု, ရုပ်အစုသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။ နာမရူပပစ္စယာ၊ နာမ်အစု, ရုပ်အစု ဖြစ်ပွားမှုကြောင့်။ သဠာယတနံ၊ ဒွါရ ၆ မည် အကြည် ၆-ပါး သဠာယတန တရားစုသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။ သဠာယတန ပစ္စယာ၊ ဒွါရ ၆-မည်, အကြည် ၆-ပါး ထင်ရှား ရှိခြင်းကြောင့်။ ဖဿော၊ အာရုံကို တွေ့မှုဟူသော ဖဿ ၆-ပါးသည်။ သမ္ဘဝတိ၊ ဖြစ်သွား၏။ ဖဿပစ္စယာ၊ ဖဿ ၆-ပါး ထင်ရှား ရှိနေခြင်းကြောင့်။ ဝေဒနာ၊ အာရုံကို ခံစားမှုဟူသော ဝေဒနာ ၆-ပါးသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။ ဝေဒနာပစ္စယာ၊ ဝေဒနာ ၆-ပါး ထင်ရှားရှိနေခြင်းကြောင့်။ တဏှာ၊ ဝတ္ထုအာရုံ ကာမဂုဏ်ကို ခင်မင်တွယ်တာ သာယာကပ်ငြိသော တဏှာခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။ တဏှာပစ္စယာ၊ တဏှာ ခြောက်ပါး ထင်ရှားရှိနေခြင်းကြောင့်။ ဥပါဒါနံ၊ မလွတ်နိုင်, မခွာနိုင် ပိုင်ပိုင်စေးချွဲ တွယ်တာမြဲသော ဥပါဒါန်တရားသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်တရား ထင်ရှားရှိနေမှုကြောင့်။ ဘဝေါ၊ လောက အစီးအပွား, သံသရာ အစီးအပွားဟူသော ကံတရား ဝိပါက် တရားစုသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။ ဘဝပစ္စယာ၊ ပစ္စုပ္ပန်စီးပွားမှု, သံသရာစီးပွားမှု ထင်ရှားရှိနေခြင်းကြောင့်။ ဇာတိ၊ အဖန်ဖန် ပဋိသန္ဓေနေမှု ထင်ရှားရှိနေခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။ ဇာတိပစ္စယာ၊ ပဋိသန္ဓေနေမှု ထင်ရှားရှိနေခြင်းကြောင့်။ ဇရာမရဏံ၊ အဖန်ဖန် အိုမင်းရင့်ဆွေးမှု, သေဆုံးမှုသည် လည်းကောင်း။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ စိုးရိမ်ပူဆွေးမှု, ငိုကြွေးမြည်တမ်းမှု, ပင်ပန်းဆင်းရဲ နှလုံးမသာယာမှု, သက်ကြီး ရှိုက်ငင် ပင်ပန်းမှုတို့သည် လည်းကောင်း။ သမ္ဘဝန္တိ၊ ဖြစ်ပွားကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ သုခမဖက် သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဒုက္ခ အစု၏။ သမုဒယော၊ ဖြစ်ပွားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ် အကျဉ်းဥဒ္ဒေသ ပါဠိတော်အနက် ပြီး၏။

www.dhammaransi.com



## ပဋိစ္စသမုပ္ပါဒ် နိဒ္ဒေသ ပါဠိတော် အနက်

၁။ တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ အဝိဇ္ဇာ၊ အဝိဇ္ဇာဆိုသည်ကား။ ကတမာ၊ အဘယ်နည်း။ ဒုက္ခေ၊ ဒုက္ခသစ္စာတရား၌။ အညာဏံ၊ မသိခြင်း အမှုလည်း တစ်ပါး။ ဒုက္ခသမုဒယေ၊ ဒုက္ခပွားများကြောင်းဖြစ်သော အမြစ်မူလတရား၌။ အညာဏံ၊ မသိခြင်း အမှုလည်း တစ်ပါး။ ဒုက္ခ နိရောဓေ၊ ဒုက္ခ၏ ကုန်ဆုံးချုပ်ငြိမ်းရာ တရား၌။ အညာဏံ၊ မသိခြင်းအမှုလည်း တစ်ပါး။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဒုက္ခ ကုန်ဆုံး ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းဖြစ်သော အကျင့်တရား၌။ အညာဏံ၊ မသိခြင်း အမှုလည်း တစ်ပါး။ အယံ၊ ဤမသိခြင်း လေးပါးကို။ အဝိဇ္ဇာ၊ အဝိဇ္ဇာ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၂။ တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာ ဟူသော အကြောင်းကြောင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့ဟူသည်။ ကတမေ၊ အဘယ် သည်တို့နည်း ဟူမူကား။ ပုညာဘိသင်္ခါရော၊ ပုညာဘိသင်္ခါရလည်း တစ်ပါး။ အပုညာဘိသင်္ခါရော၊ အပုညာဘိသင်္ခါရလည်း တစ်ပါး။ အာနေဉ္ဇာဘိသင်္ခါရော၊ အာနေဉ္ဇာဘိသင်္ခါရလည်း တစ်ပါး။ (ဤသုံးပါး တစ်ရပ်။) ။ ကာယသင်္ခါရော၊ ကာယသင်္ခါရလည်း တစ်ပါး။ ဝစီသင်္ခါရော၊ ဝစီသင်္ခါရလည်း တစ်ပါး။ စိတ္တသင်္ခါရော၊ စိတ္တသင်္ခါရလည်း တစ်ပါး။ (ဤသုံးပါး တစ်ရပ်)။ ။ တတ္ထ၊ ထိုနှစ်ရပ်တို့တွင်။ ကတမော၊ အဘယ်တရားသည်။ ပုညာဘိသင်္ခါရော၊ ပုညာဘိသင်္ခါရ မည်သနည်း။ ကာမာဝစရာ၊ ကာမာဝစရ ဖြစ်သော။ ဒါနမယာ၊ ဒါနဖြင့် ပြီးသော။ သီလမယာ၊ သီလဖြင့်ပြီးသော။ ဘာဝနာမယာ၊ ဘာဝနာဖြင့်ပြီးသော။ ကုသလာ စေတနာ၊ ကုသိုလ်စေတနာသည် လည်းကောင်း။ ရူပါဝစရာ၊ ရူပါဝစရ ဖြစ်သော။ ဘာဝနာမယာ၊ ဘာဝနာဖြင့် ပြီးသော။ သီလမယာ၊ သီလဖြင့်ပြီးသော ဘာဝနာမယာ၊ ဘာဝနာဖြင့်ပြီးသော။ ကုသလာ စေတနာ၊ ကုသိုလ် စေတနာသည် လည်းကောင်း။ အယံ၊ ဤတရားစုကို။ ပုညာဘိသင်္ခါရော၊ ပုညာ ဘိသင်္ခါရ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ တတ္ထ၊ ထို ပဌမ သုံးရပ်တွင်။ အပုညာ ဘိသင်္ခါရော၊ အပုညာဘိသင်္ခါရ ဟူသည်။ ကတမော၊ အဘယ်တရားနည်း။ ကာမာဝစရာ၊ ကာမာဝစရ ဖြစ်သော။ အကုသလာ စေတနာ၊ အကုသိုလ်စေတနာတည်း။ အယံ၊ ဤအကုသိုလ်စေတနာကို။ အပုညာ ဘိသင်္ခါရော၊ အပုညာဘိသင်္ခါရ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ တတ္ထ၊ ထို ပဌမ သုံးရပ်တွင်။ အာနေဉ္ဇာဘိသင်္ခါရော၊ အာနေဉ္ဇာဘိသင်္ခါရ ဟူသည်။ ကတမော၊ အဘယ်နည်း။ အရူပါဝစရော၊ အရူပါဝစ ဖြစ်သော။ ကုသလာ စေတနာ၊ ကုသိုလ် စေတနာတည်း။ အယံ၊ ဤကုသိုလ်စေတနာ ကို။ အာနေဉ္ဇာ ဘိသင်္ခါရော၊

www.dhammaransi.com



အာနေဉ္ဇာဘိသင်္ခါရ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တတ္ထ၊ ထိုဒုတိယ သုံးရပ်တွင်။ ကာယသင်္ခါရော၊ ကာယသင်္ခါရ ဟူသည်။ ကတမော၊ အဘယ်တရားနည်း။ ကာယသဉ္စေတနာ၊ ကာယဒုစရိုက်, ကာယသုစရိုက် စေတနာစု သည်။ ကာယသင်္ခါရော၊ ကာယသင်္ခါရ မည်၏။ ဝစီသဉ္စေတနာ၊ ဝစီဒုစရိုက်, ဝစီသုစရိုက် စေတနာ စုသည်။ ဝစီသင်္ခါရော၊ ဝစီသင်္ခါရ မည်၏။ မနောသဉ္စေတနာ၊ မနောဒုစရိုက်, မနောသုစရိုက် စေတနာစုသည်။ စိတ္တသင်္ခါရော၊ စိတ္တသင်္ခါရ မည်၏။ ဣမေ၊ ဤတရားတို့ကို။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

၃။ တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသော အကြောင်းကြောင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ ဝိညာဏံ၊ ဝိညာဏ် ဟူသည်။ ကတမံ၊ အဘယ်တရားနည်း။ စက္ခုဝိညာဏံ၊ မျက်စိ၌ ဖြစ်သော စက္ခုဝိညာဏ် လည်းကောင်း။ သောတဝိညာဏံ၊ နား၌ ဖြစ်သော သောတဝိညာဏ် လည်းကောင်း။ ဃာနဝိညာဏံ၊ နှာခေါင်း၌ ဖြစ်သော ဃာနဝိညာဏ် လည်းကောင်း။ ဇိဝှာဝိညာဏံ၊ လျှာ၌ ဖြစ်သော ဇိဝှာဝိညာဏ် လည်းကောင်း။ ကာယဝိညာဏံ၊ ကိုယ်တွင်း, ပြင် တစ်ခုလုံး အနှံ့ဖြစ်သော ကာယဝိညာဏ် လည်းကောင်း။ မနောဝိညာဏံ၊ နှလုံးအိမ်တွင်း၌ ဖြစ်သော မနောဝိညာဏ် လည်းကောင်း။ ဣဒံ၊ ဤဝိညာဏ် ခြောက်ပါးကို။ သင်္ခါရပစ္စယာ ဝိညာဏံ၊ သင်္ခါရကြောင့်ဖြစ်သော ဝိညာဏ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၄။ တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ ဝိညာဏပစ္စယာ၊ ဝိညာဏ် ဟူသော အကြောင်း ကြောင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ နာမရူပံ၊ နာမ်, ရုပ် ဟူသည်။ ကတမံ၊ အဘယ်တရားနည်း။ နာမံ၊ နာမ်သည်လည်း။ အတ္ထိ၊ ရှိ၏။ ရူပံ ရုပ်သည်လည်း။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုနာမ်, ရုပ်နှစ်ပါး တို့တွင်။ နာမံ၊ နာမ်ဟူသည်။ ကတမံ၊ အဘယ်တရားနည်း။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာလည်းကောင်း။ သညာက္ခန္ဓော၊ သညာက္ခန္ဓာလည်းကောင်း။ သင်္ခါရက္ခန္ဓလည်းကောင်း။ သညာက္ခန္ဓော၊ သညာက္ခန္ဓာလည်းကောင်း။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာလည်းကောင်း။ ဣဒံ၊ ဤတရားစုကို။ နာမံ၊ နာမ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တတ္ထ၊ ထိုနာမ်, ရုပ်နှစ်ပါးတို့တွင်။ ရူပံ၊ ရုပ်ဟူသည်။ ကတမံ၊ အဘယ်နည်း။ စတ္တာရော၊ ၄-ပါးကုန်သော။ မဟာဘူတာစ၊ မြေ, ရေ, လေ, မီး-ဟူသော ဘုတ်ကြီး ၄-ပါးတို့လည်းကောင်း။ စတုန္နံ၊ ၄-ပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ၊ စွဲမှီ၍။ ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ အရံရုပ်သေး ၂၄-ခု လည်းကောင်း။ ဣဒံ၊ ဤရုပ်အစုကို။ ရူပံ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

www.dhammaransi.com



ဣတိ၊ ဤသို့။ ဣဒဥ္စနာမံ၊ ဤနာမ်စု လည်းကောင်း။ ဣဒဥ္စ ရူပံ၊ ဤရုပ်စု လည်းကောင်း။ ဣဒံ၊ ဤတရားနှစ်ပါးကို။ ဝိညာဏပစ္စယာ နာမရူပံ၊ ဝိညာဏ်ကြောင့် ဖြစ်သော နာမ်ရုပ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၅။ တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ နာမရူပ ပစ္စယာ၊ နာမ်, ရုပ်ဟူသော အကြောင်းကြောင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ သဠာယတနံ၊ တည်ရာ ခြောက်ပါး, တံခါးခြောက်ခု ဟူသည်။ ကတမံ၊ အဘယ်နည်း။ စက္ခာယတနံ၊ စက္ခုဟူသော အကြည်ဓာတ်မှန် တံခါးလည်း တစ်ပါး။ သောတာ ယတနံ၊ သောတဟူသော အကြည်ဓာတ်မှန် တံခါးလည်း တစ်ပါး။ ဃာနာယတနံ၊ ဃာနဟူသော အကြည်ဓာတ်မှန် တံခါးလည်း တစ်ပါး။ ဇိဝှာယတနံ၊ ဇိဝှာဟူသော အကြည်ဓာတ်မှန် တံခါးလည်း တစ်ပါး။ ကာယာယတနံ၊ ကာယဟူသော အကြည်ဓာတ်မှန် တံခါးလည်း တစ်ပါး။ မနာယတနံ၊ မနောဟူသော အကြည်ဓာတ်မှန် တံခါးလည်း တစ်ပါး။ ဣဒံ၊ ဤတရားစုကို။ နာမရူပပစ္စယာ သဠာယတနံ၊ နာမ်, ရုပ်ကြောင့်ဖြစ်သော ဓာတ်မှန် အကြည် တည်ရာခြောက်ပါး, တံခါးခြောက်ခု ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၆။ တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ သဠာယတနပစ္စယာ၊ သဠာယတန ဟူသော အကြောင်းကြောင့်။ ဥပ္ပန္နော၊ ဖြစ်သော။ ဖဿော၊ အာရုံကို တွေ့ထိမှုဟူသော ဖဿသည်။ ကတမော၊ အဘယ်နည်း။ စက္ခုသမ္ဖဿော၊ စက္ခုအကြည်မှာ ဆိုက်တိုက် လာသော ရူပါရုံကို တွေ့ထိမှု ဟူသော စက္ခုသမ္ဖဿလည်း တစ်ပါး။ သောတ သမ္ဖဿော၊ သောတအကြည်မှာ ဆိုက်တိုက်လာသော သဒ္ဒါရုံကို တွေ့ထိမှုဟူသော သောတသမ္ဖဿလည်း တစ်ပါး။ ဃာနသမ္ဖဿော၊ ဃာနအကြည်မှာ ဆိုက်တိုက် လာသော ဂန္ဓာရုံကို တွေ့ထိမှုဟူသော ဃာနသမ္ဖဿလည်း တစ်ပါး။ ဇိဝှာသမ္ဖဿော၊ ဇိဝှာအကြည်မှာ ဆိုက်တိုက်လာသော ရသာရုံကို တွေ့ထိမှုဟူသော ဇိဝှာသမ္ဖဿ လည်း တစ်ပါး။ ကာယသမ္ဖဿော၊ တစ်ကိုယ်လုံးရှိ ကာယအကြည်မှာ တွေ့ထိ လာသော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိမှုဟူသော ကာယသမ္ဖဿလည်း တစ်ပါး။ မနော သမ္ဖဿော၊ စိတ်နှလုံးဟူသော မနောအကြည်မှာ ထင်ပေါ်လာသော ဓမ္မာရုံကို တွေ့ ထိမှုဟူသော မနောသမ္ဖဿလည်း တစ်ပါး။ အယံ၊ ဤတရားစုကို။ သဠာယတနပစ္စယာ ဖဿော၊ သဠာယတနကြောင့် ဖြစ်သော ဖဿ ခြောက်ပါး ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၇။ တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်း ကြောင့်။ ဥပ္ပန္နာ၊ ဖြစ်သော။ ဝေဒနာ၊ ခံစား, စံစားခြင်း ဝေဒနာဟူသည်။ ကတမာ၊ အဘယ်တရားနည်း ဟူမူကား။ စက္ခုသမ္ဖဿဇာ၊ စက္ခုအတွေ့ကြောင့် ဖြစ်သော။

www.dhammaransi.com



ဝေဒနာ၊ ခံစား, စံစားမှုလည်း တစ်ပါး။ သောတသမ္ဘဿဇာ၊ သောတအတွေ့ကြောင့် ဖြစ်သော။ ဝေဒနာ ခံစား, စံစားမှုလည်း တစ်ပါး။ ဃာနသမ္ဘဿဇာ၊ ဃာနအတွေ့ ကြောင့် ဖြစ်သော။ ဝေဒနာ၊ ခံစား, စံစားမှုလည်း တစ်ပါး။ ဇိဝှာသမ္ဘဿဇာ၊ ဇိဝှာအတွေ့ကြောင့် ဖြစ်သော။ ဝေဒနာ၊ ခံစား, စံစားမှုလည်း တစ်ပါး။ ကာယ-သမ္ဘဿဇာ၊ ကိုယ်အတွေ့ကြောင့် ဖြစ်သော။ ဝေဒနာ၊ ခံစား, စံစားမှုလည်း တစ်ပါး။ မနောသမ္ဘဿဇာ၊ မနောအတွေ့ကြောင့် ဖြစ်သော။ ဝေဒနာ၊ ခံစား, စံစားမှုလည်း တစ်ပါး။ အယံ၊ ဤတရားစုကို။ ဖဿပစ္စယာ ဝေဒနာ၊ ဖဿကြောင့်ဖြစ်သော ဝေဒနာ ခြောက်ပါးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၈။ တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ ဝေဒနာပစ္စယာ၊ ဝေဒနာ ဟူသော အကြောင်းကြောင့်၊ ဥပ္ပန္နာ၊ ဖြစ်သော။ တဏှာ၊ တဏှာ ဟူသည်။ ကတမာ၊ အဘယ် တရားနည်း ဟူမူကား။ ရူပတဏှာ၊ အဆင်း၌ သာယာသော ရူပတဏှာလည်း တစ်ပါး။ သဒ္ဒတဏှာ၊ အသံ၌ သာယာသော သဒ္ဒတဏှာလည်း တစ်ပါး။ ဂန္ဓတဏှာ၊ အနံ့၌ သာယာသော ဂန္ဓတဏှာလည်း တစ်ပါး။ ရသတဏှာ၊ အရသာ၌ သာယာသော ရသတဏှာလည်း တစ်ပါး။ ဖောဋ္ဌဗ္ဗတဏှာ၊ ကိုယ်အတွေ့၌ သာယာသော ဖောဋ္ဌဗ္ဗ တဏှာလည်း တစ်ပါး။ ဓမ္မတဏှာ၊ စက္ခု, သောတ စသော ဓမ္မာရုံ၌ သာယာသော ဓမ္မတဏှာလည်း တစ်ပါး။ အယံ၊ ဤတရားစုကို။ ဝေဒနာပစ္စယာ တဏှာ၊ ဝေဒနာ ကြောင့် ဖြစ်သော တဏှာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၉။ တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ တဏှာ ပစ္စယာ၊ တဏှာဟူသော အကြောင်း ကြောင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ ဥပါဒါနံ၊ အစွဲပြင်းထန် ဥပါဒါန် ဟူသည်။ ကတမံ၊ အဘယ်နည်း ဟူမူကား။ ကာမုပါဒါနံ၊ ကာမဂုဏ်၌ စွဲလမ်းမှုဟူသော ကာမုပါဒါန်လည်း တစ်ပါး။ ဒိဋ္ဌုပါဒါနံ၊ ဒိဋ္ဌိအယူ၌ စွဲလမ်းသော ဒိဋ္ဌုပါဒါန်လည်း တစ်ပါး။ သီလဗ္ဗတုပါဒါနံ၊ နွား, ခွေး, စသည်တို့၏ အလေ့အကျင့်၌ အထွတ်အမြတ် ထင်မှတ် စွဲလမ်းမှုဟူသော သီလဗ္ဗတုပါဒါန်လည်း တစ်ပါး။ အတ္တဝါဒုပါဒါနံ၊ ခန္ဓာ ငါးပါးသည် ငါတည်း ကိုယ်တည်းဟု ပြောဆို စွဲလမ်းမှုဟူသော သက္ကာယဒိဋ္ဌိ ခေါ်သော အတ္တဝါဒုပါဒါန်လည်း တစ်ပါး။ ဣဒံ၊ ဤတရားစုကို။ တဏှာပစ္စယာဥပါဒါနံ၊ တဏှာကြောင့် ဖြစ်သော ဥပါဒါန် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၀။ တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ ဥပါဒါန ပစ္စယာ၊ ဥပါဒါန်ဟူသော အကြောင်းကြောင့်။ ဥပ္ပန္နော၊ ဖြစ်သော။ ဘဝေါ၊ အစီးအပွား ဟူသည်။ ကတမော၊ အဘယ်နည်း ဟူမူကား။ ဘဝေါ၊ အစီးအပွားသည်။ ဒုဝိဓေနဒုဝိဓေယာ၊

www.dhammaransi.com



နှစ်ပါးအပြားရှိ၏။ ကမ္မဘဝေါ ကောင်းမှုကံ, မကောင်းမှုကံဟူသော အစီးအပွား သည်လည်း။ အတ္ထိ၊ ရှိ၏။ ဥပပတ္တိဘဝေါ၊ ဘဝသစ်သို့ ကပ်ရခြင်း တည်းဟူသော အစီးအပွား သည်လည်း။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုဘဝ နှစ်ပါးတို့တွင်။ ကမ္မဘဝေါ၊ ကံ အစီးအပွား ဟူသည်။ ကတမော၊ အဘယ်နည်း။ ပုညာဘိသင်္ခါရော၊ ကုသိုလ် ကောင်းမှုကို ပြုစု အားထုတ်ခြင်းလည်း တစ်ပါး၊ အပုညာဘိသင်္ခါရော၊ အကုသိုလ် မကောင်းမှုကို ပြုစု အားထုတ်ခြင်းလည်း၊တစ်ပါး။ အာနေဉ္ဇာဘိသင်္ခါရော၊ အာနေဉ္ဇ ခေါ်သော အရူပ စျာန်တရားကို ပြုစုအားထုတ်ခြင်းလည်း တစ်ပါး။ အယံ၊ ဤတရား သုံးပါးကို။ ကမ္မဘဝေါ၊ ကံ အစီးအပွားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သဗ္ဗံပိ၊ အလုံးစုံ လည်းဖြစ်သော။ ဘဝဂါမိကမ္မံ၊ ဘဝတစ်ပါးသို့ ပို့ဆောင်တတ်သော ကောင်းမှု, မကောင်းမှု, ဟူသမျှ သည်။ ကမ္မဘဝေါ၊ ကံ အစီးအပွားချည်းသာတည်း။ တတ္ထ၊ ထိုဘဝနှစ်ပါးတို့တွင်။ ဥပပတ္တိဘဝေါ၊ ဘဝသစ်သို့ ကပ်ရခြင်း အစီးအပွားဟူသည်။ ကတမော၊ အဘယ် နည်း။ ကာမဘဝေါ၊ ကာမဘဝလည်း တစ်ပါး။ ရူပဘဝေါ၊ ရူပဘဝလည်း တစ်ပါး။ အရူပဘဝေါ၊ အရူပဘဝလည်း တစ်ပါး (ဤလည်း ဥပပတ္တိ ဘဝသုံးပါးတစ်ရပ်။)

သညာဘဝေါ၊ စိတ်သညာရှိသော သညာဘဝလည်း တစ်ပါး။ အသညာဘဝေါ၊ စိတ်သညာမရှိသော အသညာဘဝလည်း တစ်ပါး။ နေဝသညာ နာသညာဘဝေါ၊ စိတ်သညာရှိသည်လည်း မဟုတ်, မရှိသည်လည်း မဟုတ်သော နေဝသညာ နာသညာ ဘဝလည်း တစ်ပါး။ ( ဤလည်း ဥပပတ္တိဘဝသုံးပါးတစ်ရပ် )။

ဧကဝေါကာရဘဝေါ၊ ရုပ်ခန္ဓာ တစ်ခုသာ ရှိသော ဧကဝေါကာရ ဘဝလည်း တစ်ပါး။ စတုဝေါကာရဘဝေါ နာမ်ခန္ဓာ ၄-ခုသာရှိသော စတုဝေါကာရဘဝလည်း တစ်ပါး။ ပဉ္စဝေါကာရဘဝေါ၊ ရုပ်, နာမ် ခန္ဓာ ငါးခုရှိသော ပဉ္စဝေါကာရဘဝလည်း တစ်ပါး။ ( ဤလည်း ဥပပတ္တိဘဝ သုံးပါးတစ်ရပ်၊ ပေါင်း ဥပပတ္တိ ၉-ပါး။ )

အယံ၊ ဤ ၉-ပါးကို။ ဥပပတ္တိဘဝေါ၊ ဥပပတ္တိဘဝ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ အယဉ္စ ကမ္မဘဝေါ။ ဤကံ အစီးအပွားသည် လည်းကောင်း။ အယဉ္စ, ဥပပတ္တိဘဝေါ၊ ဤဘဝသစ်သို့ ကပ်ရခြင်း အစီးအပွားသည်လည်းကောင်း။ အယံ၊ ဤဘဝနှစ်ပါးကို။ ဥပါဒါနပစ္စယာ ဘဝေါ ဥပါဒါန်ကြောင့်ဖြစ်သော ဘဝဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

www.dhammaransi.com



၁၁။ တတ္ထ ထိုဥဒ္ဒေသပါဠိ၌။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်။ ဥပန္နာ၊ ဖြစ်သော။ ဇာတိ၊ ဇာတိမည်သည်။ ကတမာ၊ အဘယ်တရားနည်း။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမှိ တမှိ သတ္တနိကာယေ၊ ထိုထိုသတ္တဝါမျိုး အပေါင်း၌။ ယာဇာတိ၊ အကြင်ဖြစ်ပေါ် ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယာသဉ္ဇာတိ၊ အကြင်ဓာတ်စု ဓာတ်ခဲအားဖြင့် ဖြစ်ပေါ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယာဩက္ကန္တိ၊ အကြင်အမိဝမ်း၌ ဝင်ရောက်ခြင်းသည်။ အတ္ထိ၊ ရှိ၏၊ ယာနိဗ္ဗတ္တိ၊ အကြင်အသစ်ဖြစ်ခြင်းသည်။ အတ္ထိ ရှိ၏။ ခန္ဓာနံ၊ ရုပ်အစု, နာမ်အစုတို့၏။ ယော ပါတုဘာဝေါ၊ အကြင်ဖြစ်ပေါ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အာယတနာနံ၊ စက္ခုစသော အာယတနတို့ကို။ ယော ပဋိလာဘော၊ အကြင် အသစ်တစ်ဖန် ရပြန်ခြင်းသည်။ အတ္ထိ၊ ရှိ၏၊ အယံ ဤသို့ဖြစ်ရခြင်းကို။ ဘဝပစ္စယာ ဇာတိ၊ ဘဝကြောင့်ဖြစ်သော ဇာတိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၂။ တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ ဇာတိပစ္စယာ၊ တစ်ဖန် အသစ်ဖြစ်ပေါ်ခြင်းဟူသော ဇာတိကြောင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ ဇရာ မရဏံ၊ ဇရာ မရဏ ဟူသည်။ ကတမံ၊ အဘယ်နည်း။ ဇရာ၊ ဇရာသည်လည်း။ အတ္ထိ၊ ရှိ၏။ မရဏံ၊ မရဏသည်လည်း။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ဇရာ၊ ဇရာ ဟူသည်။ ကတမာ၊ အဘယ်နည်းဟူမူကား။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမှိ တမှိ သတ္တာနိကာယေ၊ ထိုထိုသတ္တဝါမျိုးအပေါင်း၌။ ယာဇရော၊ အကြင် အိုမင်းရင့်ရော်ခြင်းသည်။ ယာ ဇိရဏတာ၊ အကြင် ဟောင်းနွမ်း မှည့်ရွမ်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယံ ခဏ္ဍိစ္စံ၊ အကြင် သွားကျိုးခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယံ ပါလိစ္စံ၊ အကြင် ဆံဖြူခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယာ ဝလိတ္တစတာ၊ အကြင် အရေတွန့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အာယုနော၊ အသက်၏။ ယာ သံဟာနိ၊ အကြင် ဆုတ်ယုတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣန္ဒြိယာနံ၊ စက္ခု အစရှိသော ဣန္ဒြေတို့၏။ ယော ပရိပါကော၊ အကြင် ရင့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ ဤအမှုကို။ ဇရာ၊ ဇရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ မရဏံ၊ မရဏဟူသည်။ ကတမံ၊ အဘယ်နည်း။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမှာ တမှာ သတ္တနိကာယာ၊ ထိုထိုသတ္တဝါမျိုး အပေါင်းမှ။ ယာ စုတိ၊ အကြင် စုတေခြင်းသည်။ ယာ စဝနတာ၊ အကြင် ရွေ့ပြောင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယော ဘေဒေါ၊ အကြင် ပျက်စီးခြင်းသည်။ ယံ အန္တရဓာနံ၊ အကြင် ကွယ်လွန်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယံ မစ္စု၊ အကြင် သေခြင်းသည်။ ယံ မရဏံ၊ အကြင် အသက်ကို စွန့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယာ ကာလံကိရိယာ၊

www.dhammaransi.com



အကြင် သေမှုသည်။ အတ္ထိ၊ ရှိ၏။ ခန္ဓာနံ၊ ခန္ဓာတစ်ပါး, လေးပါး, ငါးပါးတို့၏။ ယော ဘေဒေါ၊ အကြင် ပျက်ဆုံးခြင်းသည်။ ကဠေဝရဿ၊ **အသေကောင်ကို။ ယော** နိက္ခေပေါ၊ အကြင် ပစ်ချခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဇီဝိတိန္ဒြိယဿ၊ **ဇီဝိတိန္ဒြေ အစဉ်၏။** ယော ဥပစ္ဆေဒေါ၊ အကြင် ပြတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤ**အမှုကို။ မရဏံ၊** မရဏဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ အယဉ္စ ဇရာ၊ ဤ ဇရာလည်းကောင်း။ ဣဒဉ္စ မရဏံ၊ ဤမရဏလည်းကောင်း။ ဣဒံ၊ ဤတရားနှစ်ပါးကို။ ဇာတိပစ္စယာ ဇရာမရဏံ၊ ဤဇာတိကြောင့်ဖြစ်သော ဇရာ မရဏဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၃။ တတ္ထ၊ ထို ဥဒ္ဒေသပါဠိ၌။ သောကော၊ သောက ဟူသည်။ ကတမော၊ အဘယ်တရားနည်း။ ဉာတိဗျသနေန၊ သား, သမီး စသော ဆွေမျိုးတို့၏ ပျက်စီးမှုနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏ လည်းကောင်း။ ဘောဂဗျသနေန၊ စည်းစိမ် ဥစ္စာတို့၏ ပျက်စီးမှုနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ ရောဂဗျသနေန၊ ချမ်းသာမှုကို ဖျက်ဆီး**တတ်သော** ရောဂါဆိုး, အနာဆိုးနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ **သီလဗျသနေန၊** ကိုယ်ကျင့်သီလ ပျက်စီးမှုနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ ဒိဋ္ဌိဗျသနေန၊ အယူပျက်စီးမှုနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ အညတရညတရေန ဗျသနေန၊ ဆိုခဲ့ပြီးသည်မှ ကြွင်းသော အမှတ်မရှိ တစ်ပါးပါးသော ပျက်စီးမှုနှင့်။ သမန္နာဂတဿ ဝါ၊ ပြည့်စုံသော သူ၏လည်းကောင်း။ အညတရည တရေန ဒုက္ခဓမ္မေန၊ အမှတ်မရှိ တစ်ပါးပါးသော ဒုက္ခဓမ္မနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ သောကော၊ စိုးရိမ်မှုသည်။ သောစနာ၊ ပူပန်မှုသည်။ သောစိတတ္တံ၊ စိတ်ပူပန်သည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ အန္တောသောကော၊ အတွင်း၌ စိုးရိမ်မှုသည်။ အန္တောပရိသောကော၊ အတွင်း၌ ထွေထွေလာလာ ပူပန်မှုသည်။ အတ္ထိ၊ ရှိ၏။ စေတသော၊ စိတ်၏။ ပရိဇ္ဈာယနာ၊ ပူလောင်မှုသည်။ ဒေါမနဿံ၊ နှလုံးမသာယာမှုသည်။ သောကသလ္လံ၊ သောက ငြောင့်စူးမှုသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအမှုကို။ သောကော၊ သောကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၄။ တတ္ထ၊ ထို ဥဒ္ဒေသပါဠိ၌။ ပရိဒေဝေါ၊ ပရိဒေဝ ဟူသည်။ ကတမော၊ အဘယ်တရားနည်း။ ဉာတိဗျသနေန၊ သား, သမီး စသော ဆွေမျိုးတို့၏ ပျက်စီးမှုနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏ လည်းကောင်း။ ဘောဂဗျသနေန၊ စည်းစိမ် ဥစ္စာတို့၏ ပျက်စီးမှုနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ ရောဂဗျသနေန၊ ချမ်းသာမှုကို ဖျက်ဆီးတတ်သော ရောဂါဆိုး, အနာဆိုးနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော

www.dhammaransi.com



သူ၏လည်းကောင်း။ သီလဗျသနေန၊ ကိုယ်ကျင့်သီလ ပျက်စီးမှုနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ ဒိဋ္ဌိဗျသနေန၊ အယူပျက်စီးမှုနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ အညတရညတရေန ဗျသနေန၊ ဆိုခဲ့ပြီးသည်မှ ကြွင်းသော အမှတ်မရှိ တစ်ပါးပါးသော ပျက်စီးမှုနှင့်။ သမန္နာ-ဂတဿ ဝါ၊ ပြည့်စုံသော သူ၏လည်းကောင်း။ အညတရည တရေန ဒုက္ခဓမ္မေန၊ အမှတ်မရှိ တစ်ပါးပါးသော ဒုက္ခဓမ္မနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ အာဒေဝေါ၊ ရည်သန်၍ ငိုကြွေးခြင်းသည်။ ပရိဒေဝေါ၊ ပြောကြား၍ ငိုကြွေးခြင်းသည်။ အတ္ထိ၊ ရှိ၏။ အာဒေဝနာ၊ ရည်သန်၍ ငိုကြွေးမှုသည်။ ပရိဒေဝနာ၊ ပြောကြား၍ ငိုကြွေးမှုသည်။ အတ္ထိ၊ ရှိ၏။ အာဒေဝိတတ္တံ၊ ရည်သန်၍ ငိုကြွေးတတ်သည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဝါစာပလာပေါ၊ စကားထွေလာ မြည်တမ်းခြင်းသည်။ ဝိပ္ပလာပေါ၊ အထူးထူး အထွေထွေ မြည်တမ်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ လာလပ္ပေါ၊ အဖန်ဖန် မြည်တမ်းခြင်းသည်။ လာလပ္ပနာ၊ အဖန်ဖန် မြည်တမ်းမှုသည်။ လာလပ္ပိတတ္တံ၊ အဖန်ဖန် မြည်တမ်းသူ၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအမှုကို။ ပရိဒေဝေါ၊ ပရိဒေဝဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၅။ တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ ဒုက္ခံ၊ ဒုက္ခဟူသည်။ ကတမံ၊ အဘယ်နည်း။ ကာယိကံ၊ ကိုယ်၏အင်္ဂါ၌ မှီသော။ ယံ အသာတံ၊ အကြင်မသက်သာမှုသည်။ ကာယယံ၊ ကိုယ်အင်္ဂါ၌ မှီသော။ ယံ၊ ဒုက္ခံ၊ အကြင် ဆင်းရဲမှုသည်။ ကာယသမ္ဖဿဇံ ကိုယ်အင်္ဂါ၌ တွေ့၍ ဖြစ်သော။ အသာတံ၊ မသက်သာသော။ ဒုက္ခံ၊ ဆင်းရဲသော။ ယံ ဝေဒယိတံ၊ အကြင် ခံစားမှုသည်။ အတ္ထိ၊ ရှိ၏။ ကာယသမ္ဖဿဇာ၊ ကိုယ်အင်္ဂါ၌ တွေ့၍ဖြစ်သော။ အသာတာ၊ မသက်သာသော။ ဒုက္ခာ၊ ဆင်းရဲသော။ ယာ ဝေဒနာ၊ အကြင် ခံစားမှုသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤအမှုကို။ ဒုက္ခံ၊ ဒုက္ခ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၆။ တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ ဒေါမနဿံ၊ ဒေါမနဿ ဟူသည်။ ကတမံ၊ အဘယ်နည်းဟူမူကား။ စေတသိကံ၊ စိတ်၌ မှီသော။ ယံ အသာတံ၊ အကြင် မသက်သာမှုသည်။ စေတသိကံ၊ စိတ်၌ မှီသော။ ယံ ဒုက္ခံ၊ အကြင် ဆင်းရဲသည်။ အတ္ထိ၊ ရှိ၏။ စေတော သမ္ဖဿဇံ၊ စိတ်နှလုံး၌ တွေ့၍ ဖြစ်သော။ အသာတံ၊ မသက်သာသော။ ဒုက္ခံ၊ ဆင်းရဲသော။ ယံ ဝေဒယိတံ၊ အကြင် ခံစားမှုသည်။ စေတောသမ္ဖဿဇာ၊ စိတ်နှလုံး၌ တွေ့၍ ဖြစ်သော။ အသာတာ၊ မသက်သာသော။ ဒုက္ခာ၊ ဆင်းရဲသော။ ယာဝေဒနာ၊ အကြင် ခံစားမှုသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤအမှုကို။ ဒေါမနဿံ၊ ဒေါမနဿ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

www.dhammaransi.com



၁၇။ တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ ဥပါယာသော၊ မရှုနိုင်, မဆည်နိုင်, အရှိုက်အငင်, ပင်ပန်းခြင်းသည်။ ကတမော၊ အဘယ်နည်း ဟူမူကား။ ဉာတိဗျသနေန၊ သား, သမီး စသော ဆွေမျိုးတို့၏ ပျက်စီးမှုနှင့်။ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ ဘောဂဗျသနေန၊ စည်းစိမ် ဥစ္စာတို့၏ ပျက်စီးမှုနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ ရောဂဗျသနေန၊ ချမ်းသာမှုကို ဖျက်ဆီးတတ်သော ရောဂါဆိုး, အနာဆိုးနှင့်။ ဖုဿဋ္ဌ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ သီလဗျသနေန၊ ကိုယ်ကျင့်သီလ ပျက်စီးမှုနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ ဒိဋ္ဌိဗျသနေန၊ အယူပျက်စီးမှုနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ အညတရညတရေန ဗျသနေန၊ ဆိုခဲ့ပြီးသည်မှ ကြွင်းသော အမှတ်မရှိ တစ်ပါးပါးသော ပျက်စီးမှုနှင့်။ သမန္နာဂတဿ ဝါ၊ ပြည့်စုံသော သူ၏လည်းကောင်း။ အညတရညတရေန ဒုက္ခဓမ္မေန၊ အမှတ်မရှိ တစ်ပါးပါးသော ဒုက္ခဓမ္မနှင့်။ ဖုဋ္ဌဿ ဝါ၊ တွေ့သော သူ၏လည်းကောင်း။ အာယာသော၊ အလွန်ပင်ပန်းခြင်းသည်။ ဥပါယာသော၊ ပြင်းစွာ ပင်ပန်းခြင်းသည်။ အတ္ထိ ရှိ၏။ အာယာသိတတ္တံ့ဿ အလွန်ပင်ပန်းသည်၏ အဖြစ်သည်။ ဥပါယာသိတတ္တံဿ၊ ပြင်းစွာ ပင်ပန်းသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအမှုကို။ ဥပါယာသော၊ ဥပါယာသ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ၊ ဟူသည်ကား။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ သက်သက်သော။ ဧတဿဒုက္ခက္ခန္ဓဿ၊ ထိုဒုက္ခအစု၏။ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သမာဂမော၊ ပေါင်းဆုံမိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သမောဓာနံ၊ ပေါင်းမိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ပါတုဘာဝေါ၊ ထင်ရှား ဖြစ်ပေါ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ - ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ပဋိစ္စသမုပ္ပါဒ် ပါဠိတော် အနက် ပြီး၏။

www.dhammaransi.com

# ပဋိစ္စသမုပ္ပါဒ် ပျို့လင်္ကာများ

ယခုအခါ ထိုဥဒ္ဒေသ, နိဒ္ဒေသ အကျဉ်း အကျယ်အားဖြင့် ပါဠိအနက်ကို အစုံ ထုတ်ပြခဲ့ပြီးသော ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို အကျဉ်းချုံး၍ သီကုံးဖွဲ့ဆို အပ်သော 'ပဋိစ္စသမုပ္ပါဒ် ပျို့လင်္ကာကို' ဖြေဆိုပေအံ့။

ယခုအခါ ထုတ်ပြဖြေဆို အကျယ်ရေးသား လတ္တံ့သော သံဝဏ္ဏနာ စကား၏ မှီရာ အကျဉ်းသင်္ခေပ သံဝဏ္ဏေတဗ္ဗဖြစ်သော ၁၂၅၇ - ခုနှစ်၊ တပို့တွဲလအတွင်း မဟာဗောဓိသို့ ဖူးမြော်သွားရာ မန္တလေးမြို့မှ ရန်ကုန်သို့ အထွက် မီးရထားထက်တွင် ငါတို့ ရေးသား စီရင်အပ်သော ပဋိစ္စသမုပ္ပါဒ် ပျို့လင်္ကာချုပ် ၁၃-ပုဒ်ကို ရှေးဦးစွာ ထုတ်ပြပေအံ့သတည်း။

## အကျဉ်းချုပ် ၁၃-ပုဒ်

### အဝိဇ္ဇာပစ္စယာ သင်္ခါရာ

၁။ ဗောဓိ ရတနာ ယာဉ်စကြာဖြင့်၊
သစ္စာ လေးရပ်၊ လေးကျွန်းပတ်သား၊
နတ်ဝိသုဒ္ဓိ၊ တုမရှိအား၊
တြိ ဒွါရ ရှိဦးခလျက်၊
ဘဝ သုံးပါး၊ ဟုန်းဟုန်း သွားသည်၊
ရထား သံသရာ ယာဉ် စကြာ၏၊
ခြင်းရာ ထုပ္ပတ်၊ သမုပ္ပါဒ်ကို၊
အတပ် သိရန်၊ နိဒါန်း ပြန်ပိမ့် . . .
အမှန် လေးချက်၊ သဘောနက်ကို၊
ဖုံးဝှက် ကွယ်ကာ၊ အဝိဇ္ဇာ - ဟု၊
မဟာတမ၊ မှောင်ကြီး ကျလျက်။
ဘဝမြုံသိုက်၊ ရှိန်ရှိန် အိုက်သား၊

www.dhammaransi.com



အမှိုက် မီးစာ၊ ဤခန္ဓာကို၊
တွယ်တာသမှု၊ အကြောင်းပြု၍၊
အကုသလ၊ ဓမ္မ ညစ်ဆိုး၊ အပြစ်မျိုးကို၊
ကြိုးကြိုး ပန်းပန်း၊ နေ့စဉ်ထမ်းသည်၊
ပါယ်လမ်း ဗီဇ၊ အပုည နှင့်။-
ဘဝ နောင်ခါ၊ သံသရာဝယ်၊
လူ့ရွာ, နတ်ငြိမ်း၊ စည်းစိမ်သွမ်းကို၊
ချမ်းသာ အတိ၊ အထင် ငြိလျက်၊
ဂတိ နောင်ကို၊ ကောင်းစေလို၍၊
ကုသိုလ် အရိုး၊ အမျိုးမျိုးကို၊
ကြိုးကြိုး စားစား၊ ပြုတုံငြားက၊ ဆယ်ပါး ပုည။-
အာနေဉ္ဇ - ဟု ဘဝနိုးရင်း ပွားတုံ လျှင်းသည်-
ဝဋ်ခင်း, ဝဋ်နွယ် - ရှည်သတည်း။

## သင်္ခါရပစ္စယာ ဝိညာဏံ

၂။ ဝဋ်ခင်း, ဝဋ်နွယ်၊ ရှည်ကြောင်းရွယ်သား၊
ဆယ်ဖြာ ပုည၊ အပုည နှင့်၊
ဘဝနိုးရင်း ပွားတုံလျှင်းသော်။-
လေးသင်း ပါယ်ရွာ၊ အဖြာဖြာလျှင်၊
ပြဟ္မာ, လူ, နတ် ဘုံ သုံးရပ်၌၊
စာတ် ပဓာန၊ ပြဋ္ဌာန်းလှသား၊
ဒွါရ သခင်၊ ခြောက် ဝိညာဉ်ဟု၊
အရှင် စာတ်မင်း ပေါ်တုံလျှင်း၍၊
ကိုယ်တွင်း, ကိုယ်ပြင်၊ ထွက်, ဝင် တံခါး၊ အင်ခြောက်ပါး၌၊
အများ ရုပ် နာမ်၊ အတန်တန်လျှင်၊
ဝန်းရံ ဖြိုးဖြိုး၊ အမျိုးမျိုးကို၊
အုပ်စိုး ဆောင်ရွက်၊ လျှမ်းလျှမ်း တက်လျှင်၊
ထက်မြက် တေဇာ၊ သူ့ရှိန်ဝါကြောင့်၊

www.dhammaransi.com



ငါငါ, သူသူ၊ လူပဲ, နတ်ပဲ၊ အထင် လွဲလျက်၊
ငရဲ အပါယ်၊ အသွယ်သွယ်လျှင်၊
ဝဋ်နွယ် ရှည်လျား၊ တမားမားသည်-
ခြောက်ပါး ဝိညာဉ် - စွမ်းရည်တည်း။

## ဝိညာဏပစ္စယာ နာမရူပံ

၃။ ခြောက်ပါး ဝိညာဉ်၊ စွမ်းရည် အင်ကြောင့်၊
မီးတွင် ရှိန်ဝါ၊ ထက်ကြပ်ပါသို့၊
မကွာ တူကွ ဖြစ်ပေါ်ကြသား၊
ဖဿ, ဝေဒနာ၊ စေတနာ နှင့်၊
သညာ, ဝိတက်၊ ရောင်စုံ ယှက်သည်၊
အမျက်ကြောင်ဝယ်၊ ကြိုးစုံ ခြယ်သို့၊
အသွယ် အသွယ်၊ အနွယ် နွယ်လျှင်၊
ဆန်းကြယ်စွာလှ၊ နာမ် ကာယနှင့်။-
ဘူတ - ဟူပေ၊ မြေ, ရေ, လေ, မီး၊
ဓာတ်ကြီး လေးတန်၊ အမာခံလျက်၊
အရံ ရုပ်သေး၊ နှစ်ဆယ့်လေးတည့်၊
ပေါင်းထွေး မျှညီ၊ အဋ္ဌဝီသ၊ ရုပ် ကာယ ဟု။ -
နာမ ရူပ၊ ဓမ္မ အပြား၊ ဤနှစ်ပါးလည်း။
ထင်ရှား စုံစွာ၊ ပေါ်တုံလာ၍၊
နာနာကာယ၊ အနန္တလျှင်၊
ရူပ ရုပ်ဟန်၊ သဏ္ဌာန် အမူ၊ ဇာတ် မတူသည်၊
လူ အရပ်ရပ်၊ နတ် အထွေထွေ၊
ရေမျိုး, ကုန်းမျိုး၊ ကောင်း ဆိုး ယုတ်ညံ့၊
အကန့်ကန့်လျှင်၊
ခြားသန့် ပေါ်ယယ်၊ သောသော ကြွယ်သည် -
နှစ်သွယ် နာမ်, ရုပ် - စွမ်းရည်တည်း။

www.dhammaransi.com



## နာမရူပပစ္စယာ သဠာယတနံ

၄။ ထင်ရှား စေ့စုံ အပုံပုံလျှင်၊
တည်တုံ နာမ် ရုပ်၊ ကိုယ်သမုတ်သား၊
အထုပ် အထည် ကြီး, ငယ် ကာယ၊ ပေါ်ပြန်ကလည်း။ -
ဒွါရ တွင်မည်၊ ဖိတ်ဖိတ် လည်သည်၊
အကြည် ခြောက်မျိုး၊ ကိုယ်လုံး ဖြိုးလျက်၊
အရိုး စီစဉ်။ -
အမြင် - စက္ခု။ ။ ကြားမှု - သောက။
ဃာန - အနံ။ ။ လျက်ရန် - ဇိဝှာ။
ကာယ - တွေ့ထိ။ ။ အသိ - မနော။ -
မရောမယှက်၊ တလက်လက်လျှင်၊
အမျက် စိန်ရည်၊ လဲ့လဲ့ကြည်သို့။ -
ခြောက်မည် အာရုံ၊ အလုံးစုံလည်း၊
ပုံသဏ္ဌာန် ရိပ် နိမိတ် အသွင် အကုန် ထင်၍၊
ဤရှင်, ဤလူ၊ ဤမူ နေ, လ၊
ရူပ သဏ္ဌာန်၊ အသံ အမျိုး၊
အခိုး လှိုင်ပျံ့၊ ရနံ့ ထိုထို၊
အချို, အချဉ်၊ ဤလျှင် အပူ ဤမူ အအေး၊
အတွေး အသိ၊ ပြည့်စုံဘိ၍၊
ငါ၏ ဤကိုယ် ငါမင်းပျို ဟု
အဆို အထင် အမြင် မှောက်မှား စိတ်နေ ကြွားသို့၊
တံခါး ခြောက်သင်း၊ ကိုယ်လုံး လင်းသည် -
ခြောက်သင်း ဓာတ်မှန် - စွမ်းရည်တည်း။

## သဠာယတနပစ္စယာ ဖဿော

၅။ ဓာတ်မှန် အကြည်၊ ခြောက်မျိုးတည်က၊
ခြောက်မည် အာရုံ အလုံးစုံလည်း၊
ပုံသဏ္ဌာန် ရိပ်၊ နိမိတ် အသွင် ကိုယ်လုံး ထင်လျက်

www.dhammaransi.com



ဝိညာဉ် ခြောက်ဆင့်၊ ဖွားဖွား ပွင့်က။
နှိုင်းသင့် တူမျှ ပမာ ပြမူ၊
သိကြား စက်ရှိန်၊ လက်လက် ထိန်သား၊
ဝရဇိန်သွား၊ ရှပ်ရှပ် ဝါးသို့၊
ခြောက်ပါး ဖဿ၊ ဖြန်းဖြန်း ထ၍၊
ရသ ခြောက်မည်၊ အာရုံရည်ကို၊
ကြိတ်နည်သောအား၊ တွေ့ထိပြားက၊
ဤကား ဣဋ္ဌ၊ အနိဋ္ဌ နှင့်၊
ဤမျှ မကောင်း ဤမျှ ကောင်း - ဟု၊
အကြောင်း သွေးဆော်၊ အရေးပေါ်လျက်၊
ခြောက်ဖော် အာရုံ၊ ရသ ဂုဏ်တို့၊
အကုန် ပေါ်ထွက်၊ ရွှန်းရွှန်း **တက်၍၊**
မက်ဖွယ်, မုန်းဖွယ် အနှုန်းခြယ်**သည်** -
ခြောက်သွယ် ဖဿ - စွမ်းရည်တည်း။

## ဖဿပစ္စယာ ဝေဒနာ

၆။ ဖဿ ခြောက်မည်၊ သူ့စွမ်းရည်ဖြင့်၊
**ကြိတ်နည်**သောအား၊ စက်ရှိန် ဝါးက၊
**ခြောက်ပါး** အာရုံ၊ မြေ့မြေ့ တုန်လျက်၊
**ခြောက်စုံ** ရသ၊ အနိဋ္ဌနှင့် ဣဋ္ဌဟူသည်၊
အရည် ဒီးဒီး ယိုထွက် စီးသော်။ -
ဓာတ်ကြီး ခြောက်ဖြာ၊ ဝေဒနာဟု၊
ထွေလာ အထူး၊ ထွက်ပေါ် မြူး၍၊
ခြောက်ဦး ရွှန်းစည်၊ အာရုံရည်ကို၊
မည်မည် ရရ၊ ခံစံကြမှ၊
သုခ သုခာ၊ ဒုက္ခ, မသာနှင့်၊
ထွေလာ များတောင်း၊ ကောင်း, မကောင်းလည်း၊
ထောင်းထောင်း ငေါ်ငေါ်၊ သိထင်ပေါ်၍၊

www.dhammaransi.com



ကောင်းသော် စိတ်ဝမ်း ဖိတ်ဖိတ်လျှမ်းလျှင်
ရွှန်းလန်း နှလုံး၊ စွင့်စွင့် ပြုံး၏။ -
မုန်းဖွယ် တွေ့က၊ ခြောက်သွေ့ နွမ်းညှိုး၊
နှလုံး ဆိုး၍ အခိုး လူလူ၊
ပွက်ပွက် ဆူမျှ၊ ပူပူပင်ပင်၊
မရွှင်မလန်း စိတ် ကုန်ခန်း၏။ -
ချမ်းသာ သုခ၊ တစ်ခုမျှ၌၊
လောက အထု၊ အကုန် စု၏၊
ပုပု ရွရွ၊ မြင်သမျှလည်း၊
သုခဖို့ချည်း၊ လုံ့လ သည်း၏။ -
အရည်း သူမြတ် ပရမတ်ကို၊
ချန်လှပ် ထား၍၊ အများ လောက၊ ရှိသမျှကို၊
ဒုက္ခ ပွားမှု များစွာပြုသည် -
သုခ ဝေဒနာ - စွမ်းရည်တည်း။

## ဝေဒနာပစ္စယာ တဏှာ

၇။ သုခဝေဒနာ၊ စွမ်းရည် ဖြာသည်၊
ရသ မြိန်ရွှမ်း အစိမ့်မွှန်းသော်၊
သွန်းသွန်း ဆူကြွ၊ ထိုသုခ၌
ပိယ ဟူသား၊ အချစ်ပွား၍၊
ခြောက်ပါး ဝေဒနာ၊ မြိန်ရှက်စွာကို၊
လွယ်ကာ မနှေး၊ လိုတိုင်း ပေးသည်၊
သူဌေး ရတနာ၊ ပမာ အလား၊
ကြင် မယားနှင့် ဝတ်စားရွှေငွေ၊
လယ်မြေ လုပ်ခင်း၊ ထမင်း ဘောဇဉ်၊
သဘင် ပွဲလမ်း အခန်းခန်းတည့်၊
ပန်းမျိုးနံ့သာ၊ အဖြာဖြာလျှင်၊
ရူပါရမ္မဏာ၊ စသည် အပုံ ပဥ္စာရုံနှင့်။

www.dhammaransi.com



ခြောက်စုံ ဖဿ၊ စက္ခု စသား၊
ဒွါရ ခြောက်မည်၊ အကြည် အလင်း၊
ကိုယ်တွင်း ဓာတ်နု၊ အစုစုလျှင်၊
ဗဟုဘေဒါ၊ များပြားစွာသည်၊ ဓမ္မာရမ္မဏ။
ကာမ ဝတ္ထု၊ အစု အပုံ၊
ခြောက် အာရုံ၌၊ ခုံ တမင်မင်၊
ခင် တများများ၊ နေ့စဉ် ပွား၍၊
တရား အချက်၊ သဘောနက်ကို၊
အိပ်မက်တွင်မျှ၊ မမြင်ကြဘဲ၊
ကာမ ထောင်တွင်း၊ ခန္ဓာ ကင်းသည်
ခြောက်သင်း တဏှာ - စွမ်းရည်တည်း။

## တဏှာပစ္စယာ ဥပါဒါန

၈။ တဏှာ ခြောက်မည်၊ အရင်းတည်လျက်၊
အရှည် များလျား၊ အစဉ်ပွားက။
လေးပါး အမှန်၊ ဥပါဒါန်လည်း၊
ခန္ဓာကာယ၊ အဇ္ဈတ္တနှင့်၊
ကာမ အာရုံ၊ အလုံးစုံ၌၊
အကုန် နှီးရင်း၊ အစွဲ ပြင်း၏။
အသင်း ပွားများ၊ သားမယားက၊
စသည် ဖြာဖြာ၊ မဆုံးရာသား၊
ကာမ ဝတ္ထု၊ စွဲလမ်းပြုသည်၊ ကာမုပါဒါန်။
တဖန်ထို့ပြင်၊ မိစ္ဆာညာဉ်ဖြင့်၊
အမြင် ယွင်းဖောက်၊ အယူမှောက်သည်၊
ခြောက်ဆယ့်နှစ်ပါး၊ ပြားသည် ဒိဋ္ဌိ။
တစ်စိထိုမှ၊ ဂေါသီလကို၊
ဝင့်မှ ထုတ်တတ် စွဲထင်မှတ်သည်၊
သီလဗ္ဗတုပါဒါန်။

www.dhammaransi.com



ခန္ဓာငါးပါး တရားအစု၊
ဓာတ်အနုကို၊ ကိုယ်- ဟု စွဲကပ်၊
အမြဲမှတ်သည်၊ အတ္တဝါဒုပါဒါန်။ -
အထန် အပြင်း၊ အစွဲတင်း၍၊
ဝဋ်ခင်း, ဝဋ်နယ်၊ ဝဋ် ပင်လယ်မှ၊
လွတ်ဖွယ် မအား၊ တမားမားသည် -
လေးပါး ဥပါဒါန် - စွမ်းရည်တည်း။

## ဥပါဒါနပစ္စယာ ဘဝေါ

၉။ စွမ်းရည် ပြင်းထန်၊ ဥပါဒါန်ဖြင့်၊
ခန္ဓာ ဓမ္မ၊ ကိုယ်ကာယ၌၊
အတ္တ အစွဲ၊ မြဲကြီး မြဲ၍။ -
ရဲရဲ ရက်ရက်၊ ကိုယ့်အတွက်ကြောင့်၊
သက်သတ်, ခိုးမှု၊ စသည် ပြုလျက်၊
အကုသလ၊ ဓမ္မ ဆယ်တန်၊ အပြစ် လျှံ၏။ -
တစ်ဖန် နောက်နှောင်း၊ ငါလျှင် ကောင်းစိမ့်၊
အကြောင်းရည်ရော်၊ အရှည် မျှော်လျှက်၊
သူတော်ဓလေ့၊ ရသေ့, ရဟန်း၊
လှူဒါန်းဝေငှ၊ ပဥ္စင်္ဂနှင့်၊
အဋ္ဌ အင်္ဂ၊ ဒသင်္ဂလည်း၊
လေးလီ ဗြဟ္မ၊ ဝိဟာရစျာန်၊
ဆယ်တန် ကသိုဏ်း၊ အလှိုင်း များစွာ၊
ဘာဝနာ - ဟု၊ ဆယ်ဖြာ ပုည၊ ကုသလကို၊
လုံ့လကြိုးစား၊ ကောင်းမှု ပွား၏။ -
နှစ်ပါးကုသိုလ်၊ အကုသိုလ် - ဟု၊
ထိုထို ဘဝ၊ ဖြစ်သမျှ၌၊
ဇီဇ ပြည့်ဖြိုး၊ အမျိုးမျိုးကြောင့်၊
အကျိုးတရား၊ အရှည်ပွားသည် -
နှစ်ပါးဘဝ - စွမ်းရည်တည်း။

www.dhammaransi.com



## ဘဝပစ္စယာ ဇာတိ

၁၀။ ဘဝ စွမ်းရည်၊ ကံ နှစ်ထွေကြောင့်၊
သဗ္ဗေသတ္တာ၊ သတ္တဝါတို့၊
ဖြစ်ရာ ဘဝ၊ ဆုံးပြန်ကလည်း၊
ဧက, စတု၊ ငါးခု ခန္ဓာ၊
ကံချရာ၌၊ ဓမ္မတာစစ်၊
သစ် တလဲလဲ၊ အနဲနဲလျှင်၊
ဖြစ်မြဲ ဇာတိ၊ သန္ဓေငြိ၍၊
တြိ ဘုံပြင်၊ နယ်တခွင်၌၊
အစဉ် ပြည့်ပွား၊ အစားစားလျှင်၊
မားမား မတ်မတ်၊ ဇာတိ အမျိုးမျိုး၊
တန်ခိုး ထင်, တိမ်၊ ဂုဏ်သိန် နိမ်, မြင့်၊
အကျင့်ဆိုး, ကောင်း၊ အပေါင်းများစွာ၊ သတ္တဝါ - ဟု၊
နာနာကာယ၊ ဖြစ်ပြန်ကြသည် -
လေးဝ ဇာတိ - စွမ်းရည်တည်း။

## ဇာတိပစ္စယာ ဇရာမရဏံ

၁၁။ သန္ဓေဇာတိ၊ တစ်ဖန် ငြိ၍၊
တြိ ဘုံသူ အဆူဆူလျှင်၊
လူလူ, နတ်နတ်၊ အရပ်ရပ်တည့်၊
မတ်မတ် မားမား၊ ဖြစ်ပြန်ငြားသော်။ -
သုံးပါး အရွယ်၊ စ, လယ်, အဆုံး၊ ရှိမြဲထုံးဖြင့်၊
အနှုန်း စဉ်စီ၊ သန္ဓေ ချီက၊
နာရီ စဉ်သင့်၊ အဆင့်ဆင့်လျှင်၊
ရင့်မြဲ, ရော်မြဲ၊ တသဲသဲတည့်၊
မစဲ နေ့,ည၊ တရွရွလျှင်၊
ခဏ သန္တတိ၊ အဂ္ဂိ ဇရာ၊

www.dhammaransi.com



နှစ်ဖြာ လောင်မီး၊ အရှိန် ညီး၍၊
အကြီး, အငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊
အသွား တွင်တွင်၊ မစဲ နှင်၏။ -
လေးအင် သေမှု၊ တစ်ခုခုလည်း၊
ဗဟု အန္တရာယ်၊ အသွယ်သွယ်နှင့်၊
နှီးနွယ် ရုံးစည်း၊ တစ်လုံးတည်းလျှင်၊
ကြီးကြီး, ငယ်ငယ်၊ အရွယ်မထောက်၊ အချိန်ရောက်က၊
ချုပ်ပျောက် ခန္ဓာ၊ မငြင်းသာသည် -
ဇရာ, မရဏ - စွမ်းရည်တည်း။

## သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ

၁၂။ သန္ဓေ ဇာတိ၊ ခန္ဓာရှိက၊
ဉာတိ, ဘောဂ၊ စသည် သင်းပင်း၊ ကွေကွင်းခြင်းနှင့်၊
မကင်း စသာ၊ ကြုံကြိုက်လာသော်၊
ပူဆာ သောက၊ယူတ ငိုကြွေး၊
သက်မွေး ဝန်ထမ်း၊ ပူချမ်း, ဒုက္ခ၊
အနိဋ္ဌကြောင့်၊ စိတ်က မကြည်၊
မဆည် ငင်ရှိုက်၊ အလှိုက်အလှဲ၊
ဆင်းရဲ ငါးပါး၊ အကျဉ်းအားတည့်၊
ကျယ်ပွား အနန္တ၊ တွေ့ကြုံရသည်
မူလ ဇာတိ - အနှုန်းတည်း။

## ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ
## သမုဒယောဟောတိ

၁၃။ ဝဋ် သံသရာ၊ ရှည်မင်းစွာ၌၊
သူ, ငါကစ၊ ဖြစ်သမျှကား၊
သတ္တ မဟုတ်၊ ဓာတ်မှန်ထုတ်သော်၊

www.dhammaransi.com



နာမ်, ရုပ် နှစ်သင်း၊ အမြင် လင်းလော့
အရင်း အဝိဇ္ဇာ ထိုမှ ဖြာ၍
ဇရာ မရဏ အဆုံးကျသည်၊
ဓမ္မ အပြား၊ ဆယ့်နှစ်ပါးကို၊
ဤကား လူပင်၊ ဤလျှင် နတ်ပဲ၊
အထင် လွဲလျက်၊ တဝဲ လည်လည်၊ ဝဋ်နွယ် စည်၏၊
ရှည်လေသမျှ အနန္တကား၊
သုခ - ဟူသည် မြူမျှ မကွက်၊ အဆက်ဆက်လျှင်
သက်သက် ဒုက္ခ၊ ဓာတ်မှန်ရသည် -
ဘဝ ဤကိုယ် - ဖြစ်ထုံးတည်း။

ပဋိစ္စသမုပ္ပါဒ် ပျို့လင်္ကာ အကျဉ်းချုပ် ၁၃ - ပုဒ် ပြီး၏။

www.dhammaransi.com



# ပဋိစ္စသမုပ္ပါဒ် ပျို့လင်္ကာအဖြေ

သဂြိုဟ်ဖြာ အဘိဓမ္မာကို မလေ့လာနိုင်ကြသော မိန်းမ, ယောကျ်ား အများရှင်, လူတို့အား ဖတ်လွယ် ရွတ်လွယ်, ဆောင်ရွက်လွယ်စေခြင်းငှာ သက္ကရာဇ် ၁၂၅၇-ခုနှစ်အတွင်း မဟာဗောဓိနှင့် တကွ ဗာရာဏသီစသော မဇ္ဈိမတိုင်းကြီး ပြည်ကြီးများသို့ အသွားတွင် မန္တလေးမြို့မှ ရန်ကုန်ထွက် စာပို့ရထားပေါ်တွင် စီရင် ရေးသားသော 'ပဋိစ္စသမုပ္ပါဒ် ပျို့လင်္ကာ' အကျဉ်းချုပ် ၁၃-ပုဒ်။ ။ ရန်ကုန်မြို့သို့ ဆိုက်ရောက်လျှင် လင်္ကာပြီးစီး၏။ ။ ရန်ကုန်မြို့မှ ပင်လယ်ကူး သင်္ဘောသို့ တက်စီး၍ ဘင်္ဂလားမြို့သို့ ကူးရာ လေးည ငါးရက်ပတ်လုံး ကမ်းမမြင်သော ပင်လယ်ပြင်မှာ ရေးသားသော-ရှင်းလင်္ကာအဖြေတစ်ရပ်။ ။ဘင်္ဂလားမြို့မှ မဟာဗောဓိနှင့် တကွ ဗာရာဏသီစသော တိုင်းကြီး ပြည်ကြီးများကို လှည့်လည်ရာ လမ်းစဉ် တစ်လျှောက်မှာ ရေးသားသော ရှင်းလင်္ကာ အဖြေတစ်ရပ်။ ။ ဤလင်္ကာနှင့်တကွ အဖြေနှစ်ရပ်သည် ယခု ပျံ့နှံ့လျက်ရှိသတည်း။

ရှေးအခါ ပင်လယ်အပြင်၌ ရေးသားသော အဖြေ-မဇ္ဈိမတိုက်တွင် လမ်းစဉ် တစ်လျှောက်၌ ရေးသားသော အဖြေများသည် ကျဉ်းစနိုးသည်ဖြစ်၍ ယခုအခါ ထိုအဖြေဟောင်းမှာ ထပ်မံဖြည့်စွက်၍ အကျဉ်းတစ်ချက်, အကျယ်တစ်ချက်, အနက်အဓိပ္ပာယ်ကို ဖော်ပြပြီးလျှင် ယခု ဘဝ၌ဖြစ်သော်လည်းကောင်း၊ နောက်ဘဝ၌ ဖြစ်သော်လည်းကောင်း သက္ကာယဒိဋ္ဌိ အစရှိသော ဒိဋ္ဌိလေကြမ်း, ဒိဋ္ဌိရေကြမ်း, ဒိဋ္ဌိရောဂါ, ဒိဋ္ဌိနာတို့၏ ကင်းကွာပျောက်ငြိမ်းရာသော 'ပဋိစ္စသမုပ္ပါဒ်-လင်္ကာအဖြေစကား' ကို ရေးသားပေအံ့သတည်း။

## အဝိဇ္ဇာပစ္စယာ သင်္ခါရာ

## ပထမပျို့လင်္ကာ အဖြေ

ဗောဓိရတနာ၊ ယာဉ်စကြာဖြင့်၊ သစ္စာလေးရပ်၊ လေးကျွန်းပတ်သား၊ နတ်ဝိသုဒ္ဓိ၊ တုမရှိအား၊ တြိဒွါရ၊ ရှေးဦးခလျက်-

www.dhammaransi.com



**ဟူသော** လင်္ကာဝါကျ၌ 'ဗောဓိရတနာ ယာဉ်စကြာ' ဆိုသည်ကား- "ဗောဓိ ဝုစ္စတိ **စတူသု မဂ္ဂေသု** ဉာဏံ"[၁] ဟူသော စူဠနိဒ္ဒေသပါဠိတော်နှင့်အညီ မြတ်စွာဘုရား၏ မဂ်ဉာ**ဏ်လေးပါးကို** ဆိုသည်၊ အမြတ်ဆုံးအားဖြင့် အရဟတ္တမဂ်ဉာဏ်တော်ကြီးကို ဗောဓိရတ**နာ ယာဉ်စ**ကြာဆိုသည်။ ။ 'သစ္စာလေးရပ်' ဆိုသည်ကား- "စတ္တာရိ သစ္စာနိ ဒုက္ခသစ္စံ သမုဒယသစ္စံ နိရောဓသစ္စံ မဂ္ဂသစ္စံ"[၁] ဟူသော - ပါဠိနှင့်အညီ ဒုက္ခသစ္စာ, သမုဒယသစ္စ, နိရောဓသစ္စာ, မဂ္ဂသစ္စာ - ဤသစ္စာလေးပါးကို သစ္စာလေးရပ် ဆိုသည်။ ။ ကမ္ဘာဦးအခါ၌ မဟာ သုဒဿန မင်းကြီး အစရှိသော လောကသမ္မုတိနတ် ဖြစ်ကြကုန်သော စကြာမင်းကြီးတို့သည် ဝေဠုရိယ ကြောင်မျက်ရွဲရတနာ စကြာယာဉ်ကြီးဖြင့် ဤဇမ္ဗူဒီပါ တောင်ကျွန်းမှသည် အရှေ့ပြုဗ္ဗဝိဒေဟကျွန်းသို့ - ၎င်းမှသည် အနောက် အပရဂေါယာကျွန်းသို့ - ၎င်းမှသည် မြောက်ဥတ္တရကုရုကျွန်းသို့ - ၎င်းမှသည် ဤဇမ္ဗူဒီပါတောင်ကျွန်းသို့ - မဟာသမုဒ္ဒရာအပြင် ကောင်းကင်ခရီးဖြင့် ၁၂-ယူဇနာမျှသော ပရိသတ်နှင့်တကွ လှည့်လည် သိမ်းကျုံးကုန်၍ အရံကျွန်းငယ် နှစ်ထောင်တို့နှင့်တကွ လေးကျွန်းလုံးဝယ် အတုမရှိသော လောကသမ္မုတိ စကြာမင်း**ကြီးအဖြ**စ်သို့ ရောက်ကြဘိကုန်သကဲ့သို့ ထို့ အတူ သမ္မာသမ္ဗောဓိ အမည်ရှိသော **အရဟတ္တ**မဂ် ဉာဏ်တော်ကြီး တည်းဟူသော လောကုတ္တရာ ရတနာ ယာဉ်စကြာဖြင့် **သစ္စာလေးပါး** တည်းဟူသော လေးကျွန်းလုံးကို ပဋိဝေဓကိစ္စတည်းဟူသော လှည့်လည်ခြင်းဖြင့် လှည့်လည်သိမ်းကျုံးတော်မူ၍ လူ, နတ်, ဗြဟ္မာ, သတ္တဝါ အပေါင်း၌ အတုမရှိသော ဝိသုဒ္ဓိနတ်မင်း တရားစကြာမင်းကြီး ဖြစ်တော်မူ**သော မြတ်စွာ**ဘုရားအား သုံးပါးသော ဒွါရအားဖြင့် ရှိခိုးပြီး၍-ဟူလိုသည်၊ ဗောဓိပင်သို့ **အသွားတွင် မီး**ရထား ယာဉ်စကြာပေါ်မှာ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် ယာဉ်ရထားကို **ဖွဲ့ဆိုသောအရာ**နှင့် လျော်စွာ 'ဗောဓိရတနာ ယာဉ်စကြာ'ဟု ချီ ပေသတည်း။

> ဘဝသုံးပါး၊ ဟုန်းဟုန်း **သွား**သည်၊ ရထား သံသရာ၊ ယာဉ်စကြာ၏၊ ခြင်းရာ ထုပ္ပတ်၊ သမုပ္ပါဒ်ကို၊ အတပ်သိရန်၊ နိဒါန်းပြန်ပိမ့်။

ဟူသော လင်္ကာဝါကျ၌ ကာမဘဝ, ရူပဘဝ, အရူပဘဝကို ဘဝသုံးပါးဆိုသည်။ ။ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ ရပ်တန့်ခြင်း မရှိမူ၍ အလွန်လျင်မြန်သော

---

* ၁။ စူဠနိဒ္ဒေသ-ပါ၊ နှာ-၂၃၁။
* ၁။ သစ္စယမက-ပါ၊ နှာ-၂၀၅။

www.dhammaransi.com



အဟုန်းအားဖြင့် တသွားတည်း သွား၍ နေသည်ကို 'ဟုန်းဟုန်းသွား' ဆိုသည်။ ။ အဘယ်မျှလောက် လျင်မြန်သနည်း ဟူမူကား-

အစ္ဆရာ သင်္ဃာတက္ခဏေ အနေကကောဋိ သတ သဟဿ သင်္ခါ ဝေဒနာ ဥပ္ပဇ္ဇန္တိ။[၁]

**အဋ္ဌကထာ**

အစ္ဆရာ သင်္ဃာတက္ခဏေ၊ လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက် တစ်ခဏ၌။ အနေကကောဋိ သတဟဿ သင်္ခါ၊ အကုဋေ တစ်သိန်း အရေအတွက် မကကုန်သော။ ဝေဒနာ၊ ဝေဒနာတို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဖြစ်နိုင်ကုန်၏။

လက်ဖျစ် တတွက် ခဏအတွင်း၌ ဝေဒနာအကြိမ်ပေါင်း ကုဋေ တစ်သိန်း မက ဖြစ်နိုင်ပျက်နိုင်၏ ဟူလိုသည်။

နိဒါနသံယုတ် ပါဠိတော်၌လည်း နေဝိမာန်သည် မြန်မာ တစ်နာရီလျှင် ယူဇနာငါးသောင်း သွား၏၊ နေကိုပြိုင်လို၍ ပြေးသွားသော နတ်သားတို့သည် နေထက် မြန်ကုန်၏၊ သတ္တဝါတို့၏ အာယုသင်္ခါရ အပြောင်းအရွှေ့တို့သည် ထိုနတ်သား တို့ထက် မြန်ကုန်၏ဟု ဟောတော်မူသည်၏

တတော ဒီယတရံ အာယုသင်္ခါရာ ခီယန္တိ။[၂]

**ပါဠိတော်**

တတော၊ ထို့ထက်။ ဒီယတရံ၊ လျင်မြန်စွာ။ အာယုသင်္ခါရာ၊ အာယု သင်္ခါရတို့သည်။ ခီယန္တိ၊ ကုန်ကုန်၏။

ဤအရာများကို ထောက်မျှော်၍ ဘဝသုံးပါးတွင် အကျုံးဝင်သော သင်္ခါရ ဓမ္မတို့၏ ဖြစ်မှု ပျက်မှု ပြောင်းကာ လဲကာ အနမတဂ္ဂ သံသရာကာလ၌ ဤမျှလောက် မြန်အောင် မရပ်မနား တသွားတည်း သွားသည်ကို သိမှတ်ရာ သတည်း။

ကာယတိ-ဂစ္ဆတိ၊ သွားတတ်၏။ ဣတိ၊ ထို့ကြောင့်။ ယာဉ်၊ ယာဉ် မည်၏*။ ။ စရတိ - ပဝတ္တတိ၊ လည်တတ်၏။ ဣတိ၊ ထို့ကြောင့်။ စကြာ၊ စကြာ မည်၏။ **

---

၁။ သမ္မောဟ ဝိနောဒနီ-၄၊ နှာ-၃၁။( အဋ္ဌကထာပါဌ်ကိုချုံ့၍သာဓကပြထားသည်။)
၂။ နိဒါနဝဂ္ဂ သံယုတ္တ-ပါ၊ နှာ-၄၅၆။
* ယာယတိ ဂစ္ဆတီတိ ယာနံ (ဝါ) ယာဉ်။
** စရတိ ပဝတ္တတီတိ စကြာ။

www.dhammaransi.com



'ခြင်းရာထုပ္ပတ်' ဆိုသည်ကား - ဖြစ်ပုံ အခြင်းအရာ အတ္တုပ္ပတ္တိ ဆိုလိုသည်။

'အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာ တမ၊ မှောင်ကြီးကျလျက်-

ဟူသော လင်္ကာဝါကျ၌ 'အမှန်လေးချက်၊ သဘောနက်' ဆိုသည်ကား- အလွန်နက်နဲသော သဘောရှိသော သစ္စာလေးပါးတရားကို ဆိုလိုသည်။

ပါဠိတော်

စတ္တာရိမာနိ ဘိက္ခဝေ အရိယသစ္စာနိ၊ ကတမာနိ စတ္တာရိ၊ ဒုက္ခံ အရိယသစ္စံ ဒုက္ခသမုဒယံ အရိယသစ္စံ ဒုက္ခနိရောဓံ အရိယသစ္စံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ။[၁]

ပါဠိတော်

**ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိ**ရောဓသစ္စာ, မဂ္ဂသစ္စာ, ဤကား သစ္စာ လေး**ပါးတည်း။**

(၁) မြေ, ရေ, မီး လေ၊ လေးထွေ ဘုတ်စု၊ စက္ခု, သောတ၊ ဃာန, ဇိဝှါ၊ ကာယ, မနော၊ ဝဏ္ဏော, သဒ္ဒ၊ ဂန္ဓ, ရသာ၊ ဖောဋ္ဌဗ္ဗာနှင့် ဓမ္မာ အပြား၊ ဤတရားကို ဒုက္ခဆို။

(၂) လိုလို ချင်ချင်၊ ခင်မင်စုံမက်၊ ငဲ့ကွက် တွယ်တာ၊ သာယာသမှု၊ တဏှာစုကား၊ သမုဒယ။

(၃) ဒု, သ, နှစ်တန်၊ ချုပ်ရာမှန်သည်၊ နိဗ္ဗာန် မည်ရှိ၊ မြတ်**ခေါင်ထိကို**၊ နိရောဓမှတ်။

(၄) တစ်ရပ်ထို့ပြင်၊ ဖြူစင်လှဘိ၊ ဒိဋ္ဌိ, သင်္ကပ္ပ၊ ဝါစာ, ကမ္မန္တ၊ **အာဇီဝနှင့်**၊ ဝါယာမ, သတိ၊ သမာဓိဟု၊ ရှိသည့် အပြား၊ အင်္ဂါရှစ်ပါးကို၊ **မဂ္ဂဆို။**

---

၁။ မဟာဝဂ္ဂသံယုတ္တ-ပါ၊ နှာ-၃၇၂။ ဆ၄။

www.dhammaransi.com



'ဒုႆ နှစ်တန်၊ ချုပ်ရာမှန်' ဆိုသည်ကား - ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ ဤသစ္စာ နှစ်တန် ချုပ်ရာမှန်သော နိဗ္ဗာန်ကိုဆိုသည်။

( ဤကား သစ္စာလေးတန် အမှန်လေးချက် သရုပ်တည်း။ )

ထို သစ္စာလေးတန် အမှန်လေးချက်၏ သဘောလက္ခဏာသည် အလွန်နက်နဲ၏။ သိနိုင်ခဲ၏၊ မြင်နိုင်ခဲ၏။ ထိုသို့ နက်နဲသော သဘောလေးချက်ကို အဝိဇ္ဇာသည် ဖုံးဝှက်ကွယ်ကာ စိတ်သန္တာန်မှာ အဝိဇ္ဇာ မှောင်ကြီးကျ၍ နေ၏၊ လောက၌ အင်္ဂါလေးပါးနှင့် ပြည့်စုံသော အမိုက်မှောင်သည် ရှိ၏။

(၁) လဆုတ် ၁၄-ရက်နေ့ ကြိမ်ခြင်း အင်္ဂါ တစ်ပါး။

(၂) သန်းခေါင် အခါ ကြိမ်ခြင်း အင်္ဂါ တစ်ပါး။

(၃) ကြီးစွာသော တောအုပ်ကြီးအတွင်း ကြိမ်ခြင်း အင်္ဂါ တစ်ပါး။

(၄) ကြီးစွာသော မိုးတိမ်ဖုံးလွှမ်းခြင်း အင်္ဂါ တစ်ပါး။

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော အမိုက်မှောင်ကို လောက၌ 'မဟာတမ မှောင်ကြီးကျသည်' ဟု ဆိုရသည်။

ထိုမှောင်သည် ပကတိသော မီးရောင်ဖြင့် ပယ်ရှားနိုင်၏၊ မီးပင်မရှိသော်လည်း တစ်ညဉ့်မျှသာ မိုက်နိုင်သည်၊ နေထွက်၍ လာလျှင် အကုန်ပျောက်လေ၏၊ အဝိဇ္ဇာမှောင်မှာ အရိယ မဂ်ဉာဏ်ကို မရောက်သမျှ အနမတဂ္ဂ သံသရာမှာ တစ်ကြိမ်တစ်ခါမျှ အလင်းရဖူးသည် မရှိကြ၊ ပုထုဇဉ် သတ္တဝါတို့၏ စိတ်သန္တာန်မှာ အနမတဂ္ဂ သံသရာနှင့် အမျှ မှောင်ကြီး အတိ, ကျနေ၏၊ သည်ကို ရည်၍ 'အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျလျက်' ဟု ဆိုပေသည်။

ဒုက္ခသစ္စာအရာ၌ ကျသော မှောင်ကြီးတစ်ပါး, သမုဒယသစ္စာအရာ၌ ကျသော မှောင်ကြီးတစ်ပါး, နိရောဓသစ္စာအရာ၌ကျသောမှောင်ကြီးတစ်ပါး, မဂ္ဂသစ္စာအရာ၌ ကျသော မှောင်ကြီးတစ်ပါးအားဖြင့် အဝိဇ္ဇာဟူသော မဟာတမ မှောင်ကြီးလေးပါးရှိသည်၊ သည်ကိုရည်၍ နိဒ္ဒေသပါဠိတော်မြတ်၌-

www.dhammaransi.com



တတ္ထ ကတမာ အဝိဇ္ဇာ၊ ဒုက္ခေအညာဏံ ဒုက္ခသမုဒယေ အညာဏံ ဒုက္ခနိရောဓေ အညာဏံ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ၊ အယံ ဝုစ္စတိ အဝိဇ္ဇာ[၁] ဟူ၍ ဟောတော်မူပေသည်။

ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍၊ အကုသလ၊ ဓမ္မညစ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ် ထမ်းသည်၊ ပါယ်လမ်းဗီဇ၊ အပုညနှင့်၊ ဘဝ နှောင်ခါ၊ သံသရာဝယ်၊ လူ့ရွာ, နတ်ငြိမ်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာ အတိ၊ အထင်ငြိလျက်၊ ဂတိနောင်ကို၊ ကောင်းစေလိုဟု၊ ကုသိုလ် အရိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုးစားစား၊ ပြုတုံငြားက၊ ဆယ်ပါး ပုည၊ အာနေဥ္စ-ဟု၊ ဘဝနှီးရင်း၊ ပွားတုံလျှင်းသည်။ ဝဋ်ခင်း ဝဋ်နွယ်-ရှည်သတည်း။

ဟူသော လင်္ကာဝါကျ၌ ပုထုဇဉ်တို့၏ စိတ်သန္တာန်မှာ အဝိဇ္ဇာ မှောင်ဓာတ်ကြီး ဖုံးလွှမ်း၍ နေသောကြောင့် လူ့ခန္ဓာ, လူ့စည်းစိမ်, နတ်ခန္ဓာ, နတ်စည်းစိမ်တို့၏ မီးတစ်ဆယ့်တစ်မျိုး မစဲ အမြဲလောင်မြိုက် ရှိန်ရှိန်အိုက်၍နေသည်ကို မသိနိုင်, မမြင်နိုင်၊ ထိုသို့ မသိနိုင်, မမြင်နိုင်ကြသောကြောင့် 'ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာ ခင်မင်သော' တဏှာတရား, ဥပါဒါန်တရား နေ့စဉ်ပွား၏၊ ထိုအဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ တိုက်တွန်းခြင်းကြောင့် ယခုဘဝ ဤပစ္စုပ္ပန်ခန္ဓာ အကျိုးငှာ မုဆိုး, တံငါ စသည် လုပ်၍ ဒုစရိုက် ဆယ်ပါး နေ့စဉ်ပွား၏။

( ဤကား အဝိဇ္ဇာအမိုက် တိုက်တွန်းမှုကြောင့် အပုညာဘိ သင်္ခါရတရား ဖြစ်ပွားပုံတည်း။ )

ဒုစရိုက် ဆယ်ပါးကို အပုညာဘိ သင်္ခါရ ဆိုသည်။

(၁) သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ-၃။

(၂) မုသားဆိုပြော၊ ကုန်းချော ရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေးခြောက်ခြိမ်း၊ အပြိန်းစကား၊ နေ့စဉ်ပွား၊ လေးပါး-ဝစီကံ-၄။

(၃) သူ့ စည်းစိမ်ကို၊ ငါပိုင်လိုမှု၊ သူ့သက်ဇီဝေ၊ သေစေချင်ဟူ၊ အယူမှောက်မှား၊ နေ့စဉ်ပွား၊ သုံးပါး မနောကံ-၃။

---

၁။ အဘိဓမ္မာဝိဘင်-ပါ။ နှာ-၁၄၂။

www.dhammaransi.com



ဤကား ဒုစရိုက် ဆယ်ပါးတည်း၊ အပါယ်စခန်း အပါယ်လမ်းတည်း၊ အပါယ် ဗီဇတည်း။

သူတော်ကောင်းတရား မရှိသော အရပ်ဒေသ မိဘမျိုးရိုးမှာ ဖြစ်ရသော သူတို့အား စိတ်သန္တာန်၌ အဝိဇ္ဇာမှောင်သည် မိုးတိမ်တောင်ကြီး တက်သကဲ့သို့ နေ့စဉ် ပွားများ၏၊ ထိုမှောင်ခာတ်ကြီး လွှမ်းဆော် တိုက်တွန်းတိုင်း မကောင်းမှု၌ စိတ်ညွှတ်ရ၏၊ သေရည်သေရက်ကို သောက်၍ မူးယစ်သော သူတို့အား သေရည်သေရက် အခိုး, အကင်း, လွှမ်းဆော်တိုင်း မကောင်းမှု၌ စိတ်ညွှတ်သကဲ့သို့တည်း။

ဤ သေရည်သေရက်သောက် ဥပမာ၌ ဤသူမှာ သေရည်သေရက် မဝင်မီ ဤစိတ်မျိုး မရှိ၊ သေရည်သေရက် ဝင်မှ ဤစိတ်မျိုးပေါ်လာသည်၊ ဤစိတ်မျိုးကား သေရည်သေရက်ကြောင့် ဖြစ်သော စိတ်တည်း-ဟု အများသိကြရာ၌ ထိုသူတခြား, သေရည်သေရက် တခြား ခွဲ၍ သိကြသကဲ့သို့ အဝိဇ္ဇာကြောင့် မကောင်းမှုဖြစ်ပွားရာ၌လည်း ထိုသူ တခြား, အဝိဇ္ဇာ တခြား ခွဲ၍ သိအပ်၏။

- တစ်ခုတည်းပြု၍ သိသည်ကား သက္ကာယဒိဋ္ဌိတည်း။
- ခွဲ၍ သိသည်ကား သမ္မာဒိဋ္ဌိမဂ္ဂင်တည်း။
- စုန်း, နတ်, တစ္ဆေ ပူး၍ ထွေထွေလာလာ ပြောရာ ပြုရာ၌ ဤစကား ဤအမှုကား ပယောဂကြောင့် ဖြစ်သော စကားတည်း- အမှုတည်းဟု ထိုသူ တခြား, ပယောဂ တခြား ခွဲ၍ သိကြသကဲ့သို့ ထိုသူ တခြား, အဝိဇ္ဇာ တခြား ခွဲ၍ သိအပ်၏၊ တစ်ခုတည်း သိမှုကား သက္ကာယ ဒိဋ္ဌတည်း၊ ခွဲ၍ သိမှုကား သမ္မာဒိဋ္ဌိ မဂ္ဂင်တည်း။ ။ ဤ အစီရင်သည် နောက် အကျယ်ပြခန်းမှာမှ ထင်ရှား သိလာလတ္တံ့။

( ဤကား အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရတရား ဖြစ်ပွားပုံတည်း။ )

ဘဝ နောင်ခါ၊ သံသရာဝယ်၊ လူ့ရွာ, နတ်ငြမ်း၊ စည်းစိမ်သွမ်းကို၊
ချမ်းသာအတိ၊ အထင်ငြိ၍၊ ဂတိနောင်ကို၊ ကောင်းစေလိုဟု၊ ကုသိုလ် အရိုး၊
အမျိုးမျိုးကို၊ ကြိုးကြိုးစားစား၊ ပြုတုံငြားက၊ ဆယ်ပါးပုညာ၊ အာနေဉ္ဇဟု-

ဟူသော လင်္ကာဝါကျ၌ နောင် ရလတ္တံ့သော လူ့ဘဝ-လူ့ခန္ဓာ-လူ့စည်းစိမ်၊ နတ်ဘဝ-နတ်ခန္ဓာ-နတ်စည်းစိမ်များသည် ဇရာမီး-မရဏမီးတည်း၊ မလောင်နိုင်သော ဇရာမီး,

www.dhammaransi.com



မရဏာမီး, မဝါးနိုင်, မစားနိုင်, မစွဲနိုင်သော အနှစ်အမာမျိုး မဟုတ်၊ စင်စစ်အားဖြင့် ပဋိသန္ဓေ တည်နေသည်မှ စ၍ ဇရာမီး, မရဏာမီး အပြီးလောင်ကာ ထက်ကြပ်မကွာ အမြဲပါ၍နေသော မှို့လောင်စာမျိုး, အကာမျိုး, အသွမ်းမျိုး, အသည်း အသွန်မျိုးတည်း၊ ထိုဘုံဘဝသို့ ရောက်၍ အတော်နေမိလျှင်ပင် အိုမှု, သေမှု, အပါယ်ကျမှု ဆိုက်တိုက်လာ လတ္တံ့၊ ထိုသို့သော စည်းစိမ်သွမ်းကိုပင် အဝိဇ္ဇာလှဲ့ဆော် တိုက်တွန်းမှုကြောင့် ချမ်းသာအတိ ထင်ရ၏၊ ထိုသို့သော စည်းစိမ်ကို ရခြင်းငှာ, ရောက်ခြင်းငှာ, အဝိဇ္ဇာ လှုံ့ဆော်တိုက်တွန်းမှုကြောင့် အစဉ်အလာ သူတကာသို့ ပြုမြဲသော ဆယ်ပါးသော သုစရိုက်တရား၊ ဒါန, သီလ, ဘာဝနာ စသော ဆယ်ပါးသော ပုညကြိယာဝတ္ထုတရား, အရှုပစျာန်ဟု ဆိုအပ်သော လေးပါးသော အာနေဉ္ဇ ကုသိုလ်တရားတို့ကို ကြိုးကြိုး စားစား အားထုတ်ကြကုန်၏။

(၁) သက်သတ် ခိုးမှု၊ ကာမေသု၊ ရှောင်မှု သုံးတန် ကာယကံ-၃။

(၂) မုသား ဆိုပြော၊ ကုန်းချော ရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေးခြောက်ခြိမ်း၊ အပြိန်းစကား၊ ဤလေးပါး၊ ရှောင်ငြား ဝစီကံ-၄။

(၃) သူ့စည်းစိမ်ကို၊ တည်စေလိုမှု၊ သူ့သက်-ဇီဝေ၊ ရှည်စေချင်ဟူ၊ အယူဖြောင့်ငြား၊ ဤလေးပါး မှတ်သား မနောကံ-၃။

## သုစရိုက် ဆယ်ပါး

ပေးလှူဒါန၊ သီလ သီတင်း၊ ပွားခြင်း ဘာဝနာ၊ အပစာယန၊ တုပ်ကွ ရိုသေ၊ ဝေယျာဝစ္စ၊ သူများ မှုဆောင်၊ ထိုနောင် တစ်ရပ်၊ ပတ္တိဒါန၊ ကိုယ့်ပုညကို၊ ဝေငကြည်စွာ၊ ပတ္တာနုမောဒန၊ သူများ ကုသိုလ်၊ အဖို့ကိုလျှင်၊ နှစ်လို ကြည်ဖြူ၊ အမှုယူ၏၊ သူဟောတရား၊ နာငြား သဝန၊ တတ်သမျှကို၊ ဟောက ဒေသနာ၊ ဖြောင့်စွာ အယူ၊ ပြုတုံမူကား၊ ဒိဋ္ဌိဇုကမ္မ၊ ဤဆယ်ဝ - ပုညကြိယာ။

## ပုညာကြိယာ ဆယ်ပါး

အာနေဉ္ဇခေါ်သော အရူပကုသိုလ် လေးပါးသည် ဤဆယ်ပါးတွင် ဘာဝနာ၌ ပါဝင်လေ၏။ ။ သူတော်ကောင်းတရားရှိသော အရပ်ဒေသ မိဘမျိုးရိုး၌ ဖြစ်ကြ၍ နောက်နောက်ဘဝ၌ အပါယဒုက္ခမျှကိုသာ မြင်နိုင်ထင်နိုင်၍ ဝဋ္ဋဒုက္ခ, ကိလေသဒုက္ခ ကို မထင် မမြင်ကြကုန်သော သူတို့အား စိတ်သန္တာန်၌ အဝိဇ္ဇာအမှောင်သည်

www.dhammaransi.com



နှင်းတိမ်တိုက် နှင်းတိမ်လွှာ တက်သကဲ့သို့ နေ့စဉ် ပွားများ၏။

နောင်ဘဝကို သာယာ**သော တဏှာ, ဥပါဒါန်**တို့နှင့် တကွ အဝိဇ္ဇာ **မှောင်** လှုံ့ဆော် တိုက်တွန်း ဒါန သီလ **စသော ကုသိုလ်**ကောင်းမှုတို့၌ စိတ်ညွတ်**ရ၏၊** အဝိဇ္ဇာမှောင်နှင့် ဖက်ပြိုင်၍ စိတ်ညွတ်မှုမည်သည်ကား လူ့ချမ်းသာ, နတ်ချမ်းသာကို မလွတ်နိုင်၊ နိဗ္ဗာန်ထက် လူ့ချမ်းသာ, နတ်ချမ်းသာ ဘက်သို့ အားကြီး၏၊ ဘင်းဆေး, ဘိန်းဆေးကို မျိုသောသူတို့အား စိတ်သန္တာန်၌ ဘင်းခိုး, ဘိန်းခိုး, လှုံ့ဆော် တိုက်တွန်းတိုင်း မယဉ်မကျေး စကားပြောဆိုမှု၌ စိတ်၌ညွတ်သကဲ့သို့တည်း။

ဤ ဘင်း ဘိန်း မျိုသော ဥပမာ၌ **ဤသူ**မှာ ဘင်း ဘိန်း မမျိုမီ ဤစိတ်မျိုး မရှိ၊ ဘင်း ဘိန်း **မျိုမိမှ ဤစိတ်မျိုး ဖြစ်လာသည်၊** ဤစိတ်ကား ဘင်း ဘိန်း အခိုး , အကင်းကြောင့် **ဖြစ်သော စိတ်တည်းဟု သူ**အများ သိကြရာ၌ ထိုသူ တခြား - ဘင်း ဘိန်း တခြား **ဟူ၍ သိကြသကဲ့သို့ အဝိဇ္ဇာ**ကြောင့် လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာသို့ **ရှေးရှုသော ကုသိုလ်**ကောင်းမှု ဖြစ်ပွားရာ၌လည်း ထိုသူ တခြား, အဝိဇ္ဇာ တခြား **ခွဲ၍ သိအပ်၏၊** တစ်ခုတည်း ပြု၍ သိမှုကား သက္ကာယဒိဋ္ဌိတည်း၊ ခွဲ၍ သိမှုကား သမ္မာဒိဋ္ဌိမဂ္ဂင်တည်း။

[ ဤအခြင်းအရာသည် နောက် အကျယ်ပြမှာ ထင်ရှားလာလတ္တံ့၊ **ဤကား အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ, အာနေဥ္စာဘိသင်္ခါရ** တရား နှစ်ပါး ဖြစ်ပွားပုံတည်း။ ]

ပြဆိုခဲ့ပြီးသော သင်္ခါရတရား သုံးပါးတို့တွင် အပုညာဘိသင်္ခါရသည်လည်း ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရဟူ၍ သုံးပါးရှိပြန်၏၊ ကာယဒုစရိုက် သုံးပါးကို ကာယသင်္ခါရဟု ဆိုသည်၊ ဝစီဒုစရိုက် လေးပါးကို ဝစီသင်္ခါရဟု ဆိုသည်၊ မနောဒုစရိုက် သုံးပါးကို စိတ္တသင်္ခါရဟု ဆိုသည်။ ။ ပုညာဘိသင်္ခါရသည်လည်း ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရဟူ၍ သုံးပါးရှိ၏၊ ကာယသုစရိုက် သုံးပါး, ဝစီသုစရိုက် လေးပါး, မနော-သုစရိုက် သုံးပါးကို အစဉ်အတိုင်း ယူလေ။ ။ အာနေဥ္စာဘိသင်္ခါရမှုကား စိတ္တသင်္ခါရ သက်သက်သာတည်း၊ သည်ကို ရည်၍ နိဒ္ဒေသ* ပါဠိတော်မြတ်၌-

---

* 'နိဒ္ဒေသပါဠိတော် ဟူသည် ပဋိစ္စသမုပ္ပါဒ်ကို အကျယ်ပြရာ၌ ပါဠိတော်တည်း။

www.dhammaransi.com



တတ္ထ ကတမေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ပုညာဘိသင်္ခါရော အပုညာဘိသင်္ခါရော အာနေဉ္ဇာဘိသင်္ခါရော ကာယသင်္ခါရော ဝစီ-သင်္ခါရော စိတ္တသင်္ခါရော-[၁]

အစရှိသည်ဖြင့် ဟောတော်မူသည်။

( ပထမပျို့လင်္ကာ အဖြေ ပြီး၏။ )

## သင်္ခါရပစ္စယာ ဝိညာဏံ

## ဒုတိယ ပျို့လင်္ကာ အဖြေ

ဝင့်ခင်း, ဝင့်နွယ်၊ ရှည်ကြောင်း ရွယ်သား၊ ဆယ်ဖြာ ပုည၊ အပုညနှင့်၊ ဘဝနှီးရင်း၊ ပွားတုံလျှင်းသော်၊ လေးသင်း ပါယ်ရွာ၊ အဖြာဖြာလျှင်၊ ဖြပ်ဟွာ, လူ, နတ်၊ ဘုံသုံးရပ်၌၊ ဓာတ် ပဓာန၊ ပြဋ္ဌာန်းလှသား၊ ဒွါရ သခင်၊ ခြောက်ဝိညာဉ်ဟု၊ အရှင်ဓာတ်မင်း၊ ပေါ်တုံလျှင်း၍-

ဟူသော လင်္ကာဝါကျ၌ ယခုဘဝ၌ မရဏကာလ စုတိကျသည့်တိုင်အောင် စိတ်သန္တာန်ဝယ် အဝိဇ္ဇာနှင့် ဘဝတဏှာ အုပ်စိုးလျက် ပါရှိသော သတ္တဝါတို့အား စုတိ၏ နောက်၌ ရှေးရှေးဘဝ, ဤဘဝ ပြုခဲ့သော အပုညာဘိသင်္ခါရကြောင့် အပါယ်လေးဘုံ၌ ပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်လေ၏၊ ရှေးရှေးဘဝ, ယခုဘဝ ပြုခဲ့သော ကာမပုညာဘိသင်္ခါရကြောင့် လူ့ဘုံ, နတ်ပြည် ၆-ထပ် နတ်ဘုံ၌ ပဋိသန္ဓေ ဝိညာဏ် ဖြစ်ပေါ်လေ၏၊ ယခုဘဝ ပြုခဲ့သော ရူပါဝစရ ပုညာဘိ သင်္ခါရကြောင့် ရူပဗြဟ္မာ

၁။ အဘိဓမ္မာ ဝိဘင်-ပါ၊ နှာ-၁၄၂။

www.dhammaransi.com



၁၅-ဘုံ၌ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်လေ၏၊ ယခုဘဝ ပြုခဲ့သော အာနေဉ္စာဘိသင်္ခါရကြောင့် အရူပ ၄-ဘုံ၌ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ် လေ၏၊ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ် ပြီးနောက် အသက်ထက်ဆုံး ဖြစ်ရေအလျဉ် ကဲ့သို့ ဝိညာဏ် ၆-ပါး အစဉ်ပွား၍ သွားလေ၏၊ အနမတဂ္ဂ သံသရာ ကမ္ဘာအနန္တ, စကြဝဠာအနန္တ, သတ္တဝါအနန္တကို ဉာဏ်ဖြင့် သတ္တုချ၍ ယူသော် ဝိညာဏ်-၁၊ စေတသိက် ၅၂၊ ရုပ်-၂၈၊ ပေါင်း-၈၁၊ ဤမျှသာ ဓာတ်သားသတ္တု ရ၏။

ထို ၈၁-တို့တွင် တော, တောင်, ရေ, မြေ, စသော ဗဟိဒ္ဓ ဓာတ်စုမှာ တေဇော ခေါ်သော မီးဓာတ်သည် ပဓာနဓာတ်တည်း၊ ပြဋ္ဌာန်းသော ဓာတ်တည်း၊ အရှင်ဓာတ်, သခင်ဓာတ်တည်း၊ ဓာတ်မင်းတည်း၊ အလုံးစုံသော စကြဝဠာ ကမ္ဘာ, မြေ, ရေ, မြင်းမိုရ်, သတ္တရဘန်, သီတာ သမုဒ္ဒရာ, တော, တောင် စသော ကမ္ဘာ့ အဆောက်အအုံတို့ကို မီးဓာတ်သည် ဖန်ဆင်းတည်ထောင်၏၊ ပျက်ချိန်ကျပြန်လျှင် မီးဓာတ်သည်ပင်လျှင် အကုန်ပျက်ဆုံးစေ၏၊ ကမ္ဘာကို ရေဖျက်၏ ဟူသည်မှာလည်း သီတ ဓာတ်မီး အမှုပေတည်း၊ ကမ္ဘာကို လေဖျက်၏ ဟူသည်မှာလည်း တစ်မျိုးသော ဥဏှဓာတ်မီး အမှုပေတည်း၊ ဥတု ၃-ပါး, ရတု ၆-ပါး ဟူသည့်လည်း ဓာတ်မီး၏ အမည်သာတည်း၊ ၁၂-လ ၁၂-ရာသီဆိုသည်လည်း ဓာတ်မီး၏ အမည်သာတည်း၊ မိုးရွာမှု, လေလာမှု, သစ်ပင် ချုံနွယ်, မြက်, ကောက်ပဲ, စပါးတို့ ပေါက်မှု, ပွားမှု, ပွင့်မှု, သီးမှု အလုံးစုံသည် ဓာတ်မီး ဖန်ဆင်းမှုချည်းသာတည်း၊ တိမ်တိုက်, တိမ်လွှာ, နေဗိမာန်, လဗိမာန်, နက္ခတ်တာရာ, ကြယ်တာရာ စသည်တို့သည်လည်း ဓာတ်မီး ဖန်ဆင်း၍ ဖြစ်ကြရကုန်၏၊ ထို့ကြောင့် အလုံးစုံသော ဗဟိဒ္ဓလောကသည် ဓာတ်မီး၏ သား, မြေး ချည်းသာတည်း၊ ဓာတ်မီး ဖန်ဆင်းသမျှ ဖြစ်ကြရကုန်သည်၊

သတ္တဝါ ခေါ်သော အဇ္ဈတ္တ သန္တာန်စုတွင်လည်း ရုပ်သန္တာန်မှာ ဓာတ်မီး အစိုးရ၏၊ နာမ်သန္တာန်မှာမူကား ဤဝိညာဏ်သည် ပဓာန ဓာတ်ပေတည်း၊ ပြဋ္ဌာန်းသော ဓာတ်တည်း၊ အကြီးအကဲ, အအုပ်အချုပ်ပေတည်း၊ ဖဿ, ဝေဒနာ, ဝိတက်, ဝိစာရ, လောဘ, ဒေါသ, သဒ္ဓါ, ပညာ အစရှိသော စေတသိက်နာမ်တို့သည် ဝိညာဏ်ကို မှီ၍ ဝိညာဏ်မှ ဖြစ်ပွားကြကုန်၏။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။[၁]

ဓမ္မပဒပါဠိတော်

---

၁။ ဓမ္မပဒပါဠိ၊ နှာ-၁၃၊ ဆဋ္ဌ။

www.dhammaransi.com



ဓမ္မာ၊ နာမ်တရားတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏ်လျှင် ပြဋ္ဌာန်းခြင်း ရှိကြကုန်၏။ မနောသေဋ္ဌာ၊ ဝိညာဏ်လျှင် အကြီးအကဲ အအုပ်အချုပ် ရှိကြကုန်၏။ မနောမယာ၊ ဝိညာဏ်ဖန်ဆင်းရာ ဖြစ်ကြကုန်၏။

စက္ခုဝိညာဏ်သည် စက္ခုဒွါရ၌ ဖြစ်ကြသော နာမ်တရားတို့၏ အကြီးအကဲတည်း၊ သောတဝိညာဏ်သည် သောတဒွါရ၌ ဖြစ်ကြသော နာမ်တရားတို့၏ အကြီးအကဲတည်း၊ ဃာနဝိညာဏ်သည် ဃာနဒွါရ၌ ဖြစ်ကြသော နာမ်တရားတို့၏ အကြီးအကဲတည်း၊ ဇိဝှါဝိညာဏ်သည် ဇိဝှါဒွါရ၌ ဖြစ်ကြသော နာမ်တရားတို့၏ အကြီးအကဲတည်း၊ **ကာယဝိညာဏ်**သည် ကာယဒွါရ၌ ဖြစ်ကြသော နာမ်တရားတို့၏ အကြီး**အကဲတည်း၊ မနောဝိညာဏ်**သည် ဟဒယဝတ္ထု၌ ဖြစ်ကြကုန်သော နာမ်တရားတို့၏ **အကြီးအကဲတည်း။ ထို့ကြောင့်** 'ကိံသု အဓိပတိ ရာဇာ'[၂] ဟူ၍ ဧရကပတ္တ နဂါးမင်း မေးရာတွင် **'ဆဒွါရာဓိပ**တိ ရာဇာ'[၃] ဟူ၍ ဖြေတော်မူသည်။

မနော၊ စိတ်ဝိညာဏ်သည်။ ဆဒွါရာဓိပတိ၊ ခြောက်ဒွါရ၏ အကြီးအကဲ ဖြစ်သော။ ရာဇာ၊ အစိုးရမင်းတည်း။

တစ်နည်းကား - သတ္တဝါ တစ်ကောင်လုံး တစ်ကိုယ်လုံးမှာပင် ဝိညာဏ်ဟူသော စိတ်သည် အစိုးရ၏၊ အချုပ်အချာ ဖြစ်၏။

စိတ္တေန နိယျတိ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ။[၄]

ပါဠိတော်

လောကော၊ လူကို။ စိတ္တေန၊ စိတ်သည်။ နိယျတိ၊ ဆောင်အပ်၏။ လောကော၊ သတ္တဝါကို။ စိတ္တေန၊ စိတ်သည်။ ပရိကဿတိ၊ မိမိအလိုသို့သာအတင်းဆွဲဆောင်အပ်၏။ သဗ္ဗေဝ၊ အလုံးစုံသော **သတ္တဝါတို့သည်**သာလျှင်။ စိတ္တဿ၊ စိတ်ဟုဆိုအပ်သော။ ဧကဓမ္မဿ၊ **တစ်စုံတစ်ခုသောတရား၏**။ ဝသံ၊ အလိုသို့။ အန္ဝဂူ၊ အစဉ်တစိုက် လိုက်ကြ**ရကုန်၏။**

သတ္တဝါ**တို့၏ သန္တာန်မှာ** ဓာတ်မီးအစိုးရပုံနှင့် စိတ်ဝိညာဏ် အစိုးရပုံ အထူးကား - **ပဋိသန္ဓေ တည်**နေသည်မှ စ၍ အမျိုးဇာတိ အားလျော်စွာ တစ်နေ့

---

၂-၃။ ဓမ္မပဒ-ဌ၊ ၃-၁၅၀။
၄။ သဂါထာဝဂ္ဂသံယုတ္တ-ပါ၊ နှာ-၁၆ ဆဋ္ဌ။

www.dhammaransi.com



တစ်ခြား ကြီးထွားမှု, ရင့်ရော်အိုမင်းမှုတို့၌လည်းကောင်း၊ ဆယ်နှစ်တမ်း, အနှစ်နှစ်ဆယ်တမ်း, သုံးဆယ်တမ်း, လေးဆယ်တမ်း, ငါးဆယ်တမ်း, တစ်ရာတမ်း, တစ်ထောင်တမ်း အစရှိသော အသက်တမ်းကို ပြုလုပ်မှုတို့၌လည်းကောင်း ဓာတ်မီးအစိုးရ၏၊ ဓာတ်မီး၏ အလုပ်သာတည်း၊ ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့၌ စိတ်အစိုးရ၏၊ စိတ်အလိုရှိရာ ခန္ဓာငါးပါးတို့သည် ပါကြရကုန်၏၊ ရေသတ္တဝါ, ကုန်းသတ္တဝါ, လူပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် ဆူဆူတက် အုန်းအုန်းကျွက် လျှမ်းလျှမ်းတက်ဖြစ်၍ နေကြသည်လည်း စိတ်၏ အမှုတည်း၊ စိတ်ကို ငါ ငါဟု မြင်၍ နေကြကုန်၏၊ စိတ်၏အလိုကို ငါ၏အလိုဟု မြင်၍ နေကြကုန်၏၊ အလွန်သန်သော သက္ကာယဒိဋ္ဌိကြီး ပေတည်း၊ စိတ်ကို အသီးအခြား ဓာတ်တစ်ပါးဟု မသိကြကုန်မှု၍ စိတ်ကိုပင် ငါ - ဟူ၍လည်းကောင်း၊ စိတ်ကိုပင် မည်သူမည်ဝါ ဟူ၍လည်းကောင်း၊ စိတ်ကိုပင် လူဟူ၍ - နွား, ကျွဲ, ဆင်, မြင်း, ခွေး, ဝက်, ကြက်, ငှက် ဟူ၍ - စိတ်ကိုပင် လူဟူ၍ - နတ်ဟူ၍ - သိကြား, ဗြဟ္မာ ဟူ၍ - သူဌေး, သူကြွယ်, မင်း, ဆင်းရဲသား ဟူ၍ သက္ကာယဒိဋ္ဌိ အမျိုးမျိုးနှင့် စွဲလမ်း ထင်မြင်၍ နေကြကုန်၏၊ ထိုသို့ နေကြသည့် အတွက် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးပါး ဝဋ်နွယ် ရှည်လျား၍ နေကြကုန်၏၊ သည်ကို ရည်၍-

> ကိုယ်တွင်း ကိုယ်ပြင်၊ ထွက် - ဝင် တံခါး၊ အင်ခြောက်ပါး၌၊ အများရုပ် နာမ်၊ အတန်တန်လျှင်၊ ဝန်းရံဖြိုးဖြိုး၊ အမျိုးမျိုးကို၊ အုပ်စိုး ဆောင်ရွက်၊ လျှမ်းလျှမ်းတက်သား၊ ထက်မြင်တေဇာ၊ သူ့ရှိန်ဝါကြောင့်၊ ငါငါ - သူသူ၊ လူပဲ, နတ်ပဲ၊ အထင် လွဲလျက်၊ ငရဲအပါယ်၊ အသွယ်သွယ်တည့်၊ ဝဋ်နွယ် ရှည်လျား၊ တမားမားသည်။ ။ ခြောက်ပါး ဝိညာဏ် - စွမ်းရည်တည်း။

ဟူ၍ ဆိုပေသည်။

အဘိဓမ္မာဝိဘင်း နိဒ္ဒေသ ပါဠိတော်၌လည်း-

> တတ္ထ ကတမံ သင်္ခါရပစ္စယာ ဝိညာဏံ၊ စက္ခု ဝိညာဏံ သောတဝိညာဏံ ဃာနဝိညာဏံ ဇိဝှာဝိညာဏံ ကာယဝိညာဏံ မနောဝိညာဏံ၊ ဣဒံ ဝုစ္စတိ သင်္ခါရပစ္စယာ ဝိညာဏံ။[၁]

ဟူ၍ ဟောတော်မူသည်။

**ဒုတိယ ပျို့လက်ာ အဖြေ ပြီး၏။**

---

၁။ အဘိဓမ္မာ ဝိဘင်-ပါ၊ နှာ-၁၄၂။

www.dhammaransi.com

## ဝိညာဏပစ္စယာ နာမရူပ

# တတိယ ပဋိစ္စလက်ာ အဖြေ

ခြောက်ပါးဝိညာဉ်၊ စွမ်းရည် အင်ကြောင့်၊ မီးတွင် ရှိန်ဝါ၊ ထက်ကြပ်ပါသို့၊ မကွာ တူကွ၊ ဖြစ်ပေါ်ကြသား၊ ဖဿ, ဝေဒနာ၊ စေတနာနှင့်၊ သညာ, ဝိတက်၊ ရောင်စုံယှက်သည့်၊ အမျက်ကြောင်ဝယ်၊ ကြိုးစုံခြယ်သို့၊ အသွယ်အသွယ်၊ အနွယ်နွယ်လျှင်၊ ဆန်းကြယ်စွာလှ၊ နာမ်ကာယနှင့်-

ဟူသော လင်္ကာဝါကျ၌ ဝိညာဏ် ဟူသော ပဓာနဓာတ်ကြီး ဖြစ်ပေါ်လျှင် ဝိညာဏ်နှင့်အတူတကွ အသွယ်သွယ် အနွယ်နွယ် အလွန်ဆန်းကြယ်စွာသော နာမကာယလည်း ဖြစ်ပေါ်ပေ၏၊ နာမကာယ ဆိုသည်ကား - ဖဿ, ဝေဒနာ, စေတနာ, သညာ, ဝိတက်, ဝိစာရ အစရှိသော စေတသိက် တရားစုကို နာမကာယ - နာမ်တရားအပေါင်း ဆိုသတည်း။ ။ ဥပမာကား - 'မီးတွင်ရှိန်ဝါ ထက်ကြပ်ပါ' သကဲ့သို့လည်းကောင်း၊ 'ရောင်စုံယှက်သည့် အမျက်ကြောင်ဝယ် ကြိုးရောင်စုံခြယ်' သကဲ့သို့လည်းကောင်း တည်း။ ။ မီးတွင်ရှိန်ဝါထက်ကြပ်ပါပုံကား - ညဥ့်မှောင်မိုက်၍ တိုက်ခန်းအတွင်းမှာ မီးထွန်းသောအခါ မီးတောက်သည်နှင့် တစ်ပြိုက်နက် တိုက်ခန်းလုံးအပြည့် မီးရောင်အလင်းတို့သည် ဖြစ်ပေါ်ကုန်၏၊ မီးတောက်၏ အနီးပတ်လည်၌ ပူသော အရှိန်သည်လည်း ဖြစ်ပေါ်ကုန်၏၊ ထိုရောင်ရှိန် နှစ်မျိုးတို့၏ ဖြစ်ပေါ်မှုသည် မီးတောက်သည်နှင့် တစ်ပြိုင်နက် ကျ၏။

- ပဓာန ဖြစ်သော မီးတောက်နှင့် ဝိညာဏ် တူ၏။
- အရှိန်အရောင်တို့နှင့် ဖဿ, ဝေဒနာ အစရှိသော နာမကာယစု တူ၏။
- ဤဥပမာဖြင့် ဝိညာဏ်နှင့် နာမ်ကာယစုသည် ဖြစ်အတူ, ပျက်အတူ ဟူသော အဓိပ္ပာယ်ကို ပြသည်။

'ရောင်စုံယှက်သည့် အမျက်ကြောင်ဝယ် ကြိုးစုံခြယ်' ပုံကား-ဝိစုရဇာတ် ပုဏ္ဏကဘီလူး ယူဆောင်ခဲ့သော ကြောင်မျက်ရွဲ ကျောက်မှာ အနီ, အဝါ စသော

www.dhammaransi.com



ကြိုးပေါင်းအရာမက ခြယ်လှယ်လျက် ပါရှိ၏။

- ထိုအမျက် ကြောင်မျက်ရွဲကျောက် ရတနာကြီးနှင့် ဝိညာဏဓာတ်ကြီး တူ၏။
- ထို ကြောင်မျက်ရွဲ ရတနာကြီး၏ အတွင်း တစ်ခွင်လုံး အပြည့် အရောင်နီ အမျိုးမျိုး, အရောင်ဝါ အမျိုးမျိုး စသော ကြိုးစုံနှင့် ဝိညာဏ်၏ အတွင်းမှာ အမျိုးမျိုး ပါရှိသော ဖဿ, ဝေဒနာ စသော နာမကာယစု တူ၏။

ဤဉပမာဖြင့် ဖဿ, ဝေဒနာ စသော နာမကာယ ဓမ္မအစု-ဟူသည် ဝိညာဏ်၏ အရည်အရောင်စုပင်တည်း - ဟု ပြပေသည်။

ဘူတ ဟူပေ၊ မြေ, ရေ, လေ, မီး၊ ဓာတ်ကြီးလေးတန်၊ အမာခံလျက်၊
အရံ ရုပ်သေး၊ နှစ်ဆယ့်လေးတည့်၊ ပေါင်းထွေးမျှညီ၊ အဋ္ဌဝီသ၊ ရုပ်ကာယဟု-

ဟူသော လင်္ကာဝါကျ၌ ထိုဝိညာဏ်ဟူသော ပဓာနဓာတ်ကြီး ဖြစ်ပေါ်သည်ရှိသော် ပြဆိုခဲ့ပြီးသော နာမကာယသည်သာ တကွ ဖြစ်ပေါ်သည်မဟုတ်၊ မဟာဘုတ် ၄-ပါး, ဥပါဒါန်ရုပ် ၂၄-ပါး ပေါင်း ၂၈-ပါး သော ရူပကာယ ဓမ္မခုသည်လည်း ထိုဝိညာဏ်နှင့်တကွ ဖြစ်ပေါ်ရလေသည်။ ။ ရုပ် ၂၈-တွင် အာချို့သော ရုပ်ကား ပဝတ္တိကာလသို့ ရောက်မှပေါ်သည်၊ ထိုရုပ် ၂၈-ခုတွင် အမာခံ-အထည်ခံ ရုပ်ကား မြေ, ရေ, လေ, မီး ဟူသော ဓာတ်ကြီးလေးပါးပေတည်း၊ ကြွင်းသော ၂၄-ခုကား· ထိုဓာတ်ကြီး လေးပါးမှာ မှီတွယ်ပါရသော ရုပ်သေး ရုပ်ငယ်စုသာတည်း။

( နာမကာယနှင့် ရူပကာယ နှစ်ပါးတို့၏ အကျယ်ကို နောက်မှ ဆိုလတ္တံ့. )

ထိုနာမကာယ, ရူပကာယ နှစ်ပါးတွင် အရူပလေးဘုံ၌ကား-ဝိညာဏ်နှင့် အတူတကွ နာမကာယ ဖြစ်ပေါ်သည်၊ ရူပကာယ မပေါ်ပြီ။ ။ အသညသတ်ဘုံ၌ကား ပုညာဘိသင်္ခါရဟု ဆိုအပ်သော ပဥ္စမဈာန် ကုသိုလ်စေတနာကြောင့် ရူပကာယ သက်သက်သာ ပေါ်သည်၊ ဝိညာဏ်, နာမကာယ နှစ်ပါး မပေါ်ပြီ။ ။ ကြွင်းသော ပဥ္စဝေါကာရ ၂၆-ဘုံတို့၌ကား ဝိညာဏ် ဖြစ်ပေါ်လျှင် ဝိညာဏ်နှင့်တကွ နာမကာယ ရူပကာယ နှစ်ပါး တစ်ပြိုင်နက်ဖြစ်ပေါ်ပေ၏၊ ထိုသို့ ဖြစ်ပေါ်ရာ၌လည်း ရူပကာယ ဖြစ်ပေါ်ကြပုံ အမျိုးမျိုးရှိ၏။

www.dhammaransi.com



(၁) ဥပပါတ် ပဋိသန္ဓေ တစ်မျိုး,

(၂) သံသေဒဇ ပဋိသန္ဓေ တစ်မျိုး,

(၃) အဏ္ဍဇ ပဋိသန္ဓေ တစ်မျိုး,

(၄) ဇလာဗုဇ ပဋိသန္ဓေ တစ်မျိုး။

(၁) ပဋိသန္ဓေ ဝိညာဏ်ပေါ်သည်နှင့် တစ်ပြိုင်နက် လုံးရပ်သဏ္ဍာန် ပြည့်စုံပြီး ကြီးမားစွာသော ရူပကာယခန္ဓာသည် ဝိညာဏ်၏ အာနုဘော်ကြောင့် ဝိညာဏ်၏ တည်နေရာ ဗိမာန်အနေနှင့် ဖြစ်ပေါ်သည်ကား ဥပပါတ် ပဋိသန္ဓေတည်း။ ။ ဤဥပပါတ် ပဋိသန္ဓေကား အထက် နတ်ပြည်, ဗြဟ္မာ့ပြည်, အောက်ငရဲပြည်တို့၌ ရ၏၊ ထိုသို့ ပဋိသန္ဓေအခါ ကြီးမားစွာသော ရူပကာယခန္ဓာ ဖြစ်ပေါ်ပြီးနောက် ပဝတ္တိအခါ၌လည်း နှစ်လများစွာ ဝိညာဏ်အစဉ် တည်နေသမျှ ကာလပတ်လုံး ဝိညာဏ်၏ အာနုဘော်ကြောင့် ကာလမြင့်ရှည် အစဉ် တည်လေ၏၊ ဝိညာဉ်အစဉ် ချုပ်ဆုံးသောအခါ မီးတောက်ကြီးသေသကဲ့သို့ ဝိညာဏ်နှင့် အတူတကွ ချုပ်ဆုံး ကွယ်ပျောက်လေ၏၊ ဘယ်နတ် ကွယ်ပျောက်၍ သွားပြီ၊ ဘယ်ဗြဟ္မာ ကွယ်ပျောက်၍ သွားပြီဟု ဆိုရ၏။

(၂) ဥပပါတ် ပုဂ္ဂိုလ်ကဲ့သို့ အပြီးအစီး ကြီးကြီးမားမား မဖြစ်မူ၍ စက္ခု, သောတ စသော အင်္ဂါ စုံလင်ကာမျှနှင့် ကြာတိုက်, သစ်ခေါင်း၌ထဲ, ရေထဲ, သားပုပ်, ငါးပုပ်, အပုပ် စသည်တို့၌ ပဋိသန္ဓေ ဝိညာဏ်နှင့်တကွ ဖြစ်ပေါ်သော ရူပကာယသည် သံသေဒဇ ပဋိသန္ဓေ မည်၏။ ။ ဤသံသေဒဇ ပဋိသန္ဓေကား အစ၌ သတ္တဝါ ကောင်မှန်း သိသာရုံပေါ်ပေါက်၍ နောက်မှ သတ္တဝါ မျိုးအားလျော်စွာ တစ်နေ့ တခြား ကြီးပွားသည်၊ ဘုမ္မစိုးနတ်, လူ, တိရစ္ဆာန်တို့မှာ ထိုပဋိသန္ဓေကို ရ၏၊ ပဒုမ ဒေဝီ မိဖုရားကြီး၏ သား ငါးရာတို့တွင် မဟာ ပဒုမ မင်းသားကြီးကား ဂဗ္ဘသေယျက ပဋိသေန္ဓတည်း၊ ကြွင်းသော လေးရာ ကိုးကျိပ် ကိုးယောက်သော မင်းသားတို့ကား သံသေဒဇ ပဋိသန္ဓေတည်း။ ။ ဘုရားလက်ထက်တော်မှာ ပေါက္ခရသာတိ ပုဏ္ဏားကြီး သည် ပဒုမဒေဝီ မိဖုရားကဲ့သို့ ကြာတိုက် သံသေဒဇတည်း။ ။ စိဥ္စမာနနှင့် အမ္ဗပါလိကာ ပြည့်တန်ဆာမတို့သည်ကား သစ်ခေါင်းသံသေ-ဒဇတည်း။

(၃) ကြက်, ငှက် စသော အဥ၌ ဖြစ်သော ပဋိသန္ဓေသည် အဏ္ဍဇ-ပဋိသန္ဓေမည်၏။

www.dhammaransi.com



(၄) လူ, နွား, ကျွဲ, ဆင်, မြင်း စသော သားအိမ်၌ ဖြစ်သော ပဋိသန္ဓေ သည် ဇလာဗုဇ မည်၏။

ဤပဋိသန္ဓေ နှစ်ပါးကား အစ၌ ပကတိ **မျက်စိဖြင့်** မမြင်ကောင်းအောင် သေးနုပ်လှသော ကလလရေကြည် တည်ပြီးမှ တစ်**နေ့တခြား ကြီးပွားရ၏**၊ တစ်ဖန် ကြီးပွားပြီးမှ စက္ခု, သောတ, ဃာန ဇိဝှာတို့ ဖြစ်ပေါ်ကုန်၏၊ လူတို့မှာ သတ္တဟပေါင်း ၁၁၊ ရက်ပေါင်း ၇၇-ရက် ရှိမှ စက္ခု, သောတ, ဃာန, ဇိဝှာတို့ ဖြစ်ပေါ်ကုန်၏၊ ထိုသို့ ဖြစ်ပေါ်ပြီးနောက် တစ်နေ့တခြား ကြီးပွားရင့်သန်၍ အမိဝမ်းမှ ဖွားမြင်၏၊ ဖွားပြီးနောက် အမျိုးဇာတိ အားလျော်စွာ ဓာတ်ဆီ ဓာတ်မီးတို့၏ အစွမ်းဖြင့် တစ်နေ့ တခြား ကြီးပွားလေ၍ ဝိညာဏ်အစဉ် မချုပ်သေးသမျှ **ကာလပတ်လုံး** ရူပကာယ သဏ္ဌာန် တည်လေ၏၊ ဝိညာဏ်ချုပ်သောအခါ သတ္တဝါ **အင်္ဂါဆိုထိုက်**သော အတွင်း ဓာတ်နု ရုပ်အစုတို့သည် ဝိညာဏ်နှင့် အတူတကွ ချုပ်ကွယ်**လေကုန်၏**၊ ဓာတ်မီး၏ အစီးအပွားဖြစ်သော အထည်ဒြပ်ကြမ်းကြီးသည်သာ အလောင်းကောင်, အသေ ကောင်ဖြစ်၍ ကျန်လေသည်။

( ဤကား ဝိညာဏ်ဟူသော ပဓာနဓာတ်မင်းကို တွယ်တာ၍ လူ လောကနှင့် အပြည့် လူ့ရူပကာယတွေ ဖြစ်နေကြပုံ, နတ်လောကနှင့် အပြည့် နတ်ရူပကာယတွေ, ဗြဟ္မာလောကနှင့် အပြည့် ဗြဟ္မာ့ရူပကာယတွေ, အပါယ်လောကနှင့် အပြည့် အပါယ်ရူပကာယတွေ, ရေနှင့်အပြည့် ရေမျိုး သတ္တဝါ ရူပကာယတွေ, ကုန်းနှင့်အပြည့် **ကုန်းမျိုးသတ္တ**ဝါ ရူပကာယတွေ ဖြစ်၍ နေကြပုံတည်း။ )

ကမ္မံ ခေတ္တံ၊ ဝိညာဏံ ဗီဇံ၊ တဏှာ သိနေဟော။ [၁]

**တိကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်**

ကမ္မံ၊ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိ-သင်္ခါရ-ဟု ဆိုအပ်သော ရှေးကံဟောင်းသည်။ ခေတ္တံ၊ လယ်မြေနှင့် **တူ၏**။ ဝိညာဏံ၊ ဝိညာဏ်သည်။ ဗီဇံ၊ မျိုးစေ့နှင့် တူ၏။ တဏှာ၊ ဘဝ တဏှာသည်။

---

၁။ အင်္ဂုတ္တရပါဠိ-တိကနိပါတ၊ နှာ-၂၂၄။ ( ဆ၅ )။

www.dhammaransi.com



သိနေဟော၊ ရေ, ဥတုနှင့် တူ၏။ ဝါ၊ မျိုးစေ့၏ အတွင်း၌ပါရှိသော အဆီ, အစေးနှင့် တူ၏။

အဓိပ္ပါယ်ကား-ရှေးဦးစွာ ကန်သင်း, ကန်ပေါင်နှင့်တကွ တည်ထောင်၍ ထားသော လယ်ကွက်, လယ်ကွင်း မြေအရပ်သည် ရှိ၏၊ မိုးဦးကျ၍ မိုးရေတို့နှင့်တကွ ထွန်ယက် ရောနှော၍ ညက်ညောစွာ တည်နေသော ထိုလယ်မြေမှာ အနှစ်, အဆံ, အဆီ, အစေးနှင့်ပြည့်စုံသော စပါး မျိုးစေ့ကို ပစ်ချသည်ရှိသော် ထိုမျိုးစေ့တို့မှ စပါးပင်တို့သည် ပေါက်ရောက်ကုန်၏။

- လယ်ကွက်, လယ်ကွင်း မြေနှင့် သင်္ခါရခေါ်သော စေတနာ ကံ ဟောင်းသည် တူ၏။
- စပါးမျိုးစေ့နှင့် ပဋိသန္ဓေ ဝိညာဏ်သည် တူ၏။
- မိုးရေ, ဥတုနှင့် ဘဝတဏှာသည် တူ၏။

ဤကား ရှေးဦး အစ ပဋိသန္ဓေကာလ၌ လူရုပ် ခန္ဓာ, နတ်ရုပ်ခန္ဓာ, ဗြဟ္မာရုပ် ခန္ဓာ, နွား-ကျွဲ-ဆင်-မြင်း-ခွေး-ဝက်-ကြက်-ငှက် စသော အပါယ်ရုပ်ခန္ဓာတို့အစစွာ ဖြစ်ပေါ်ပေါက်ပွားမှုမှာ ဥပမာတည်း၊ ညောင်ပင်ကြီး ဖြစ်ရာ၌ အစစွာ ညောင်စေ့မှ ဖြစ်၏၊ ဖြစ်ပြီးနောက် ညောင်စေ့ ပုပ်ဆွေး, ပျက်ကွယ်၍ သွားသော်လည်း ညောင်စေ့ထူထောင်ပေးခဲ့သောအညောက်, အပင် သဲလွန်စသည် ရှိ၏၊ ထိုသဲလွန်စ သည် ဗဟိဒ္ဓမှ မြေဥတု, ရေဥတု, လေဥတုတို့၏ ချီးမြှောက်ထောက်ပံ့မှုနှင့်တစ်ခဏချင်း ကြီးပွား၍ အလံတစ်ရာ, အလံနှစ်ရာရှိသော ညောင်ပင်ကြီးအဖြစ်သို့ ရောက်လေ၏။

- ညောင်မျိုးစေ့ငယ်နှင့်၊ ပဋိသန္ဓေ ဝိညာဏ်သည် တူ၏။
- ညောင်ပင်နှင့် ယခု ရှိကြသော ရူပကာယ ခန္ဓာသည် တူ၏။
- မြေဥတု, ရေဥတု, လေဥတုနှင့် (၁) ယခု ပဝတ္တိဝိညာဏ်၊ (၂) အာဟာရ ခေါ်သော ဓာတ်ဆီ၊ (၃) ဥတုခေါ်သော ဓာတ်မီး တူကြ၏။

ဤကား ကြီးပွားတည်နေရာ ဥပမာတည်း။ ။ ခပ်သိမ်းသောသစ်ပင်တို့၏ ပေါက်မှု, ကြီးပွားမှု, တည်နေမှုတို့လည်း တူပါ၏။

www.dhammaransi.com



အိပ်ခြင်း, ရပ်ခြင်း, ပြေးခြင်း, လွှားခြင်း, သွားခြင်း, လာခြင်း, နေ့ရှိသမျှ ထိုထို ကိုယ်အမူ, နှုတ်အမူတို့ကို ပြုခြင်း, မျက်တောင်ခတ်ခြင်း စသော ကိုယ်အင်္ဂါ ကြီးငယ်တို့ကို လှုပ်ရှားခြင်းတို့၌ကား ရုပ်သေးပမာ, စက်ရုပ်ပမာတို့ကို ပြဆိုရာ၏။

- သူသူ, ငါငါ ရူပကာယ ခန္ဓာကိုယ်ကြီးသည် ရုပ်သေးရုပ်နှင့် တူ၏။

- ရူပကာယ ခန္ဓာကိုယ်အတွင်းမှာ ရှိသော ၆၀-မျှသော ဆိုင်းကြောကြီး-များစွာသော အကြောငယ်တို့သည် ထိုအရုပ်မှာ တပ်ထားသော ကြိုးကြီး ကြိုးငယ်တို့နှင့် တူကုန်၏။

- အလိုရှိရာ ကြိုးကို ဆွဲငင်၍ အရုပ်ကို ထ, စေ က, စေသော ရုပ်သေး ကြိုးဆွဲဆရာနှင့် နှလုံးအိမ်တွင်းမှာ ရှိသော ဝိညာဏ်သည် တူ၏။

- ဤရုပ်ခန္ဓာ ကြီး, ငယ်သည် စက်ကြိုးယန္တရားဆင်၍ ထားသော စက်ရုပ်ကြီးငယ်နှင့် တူ၏။

- အကြောကြီး အကြောငယ်တို့သည် စက်ကြိုးကြီး, စက်ကြိုးငယ်နှင့် တူကုန်၏။

- နှလုံးအိမ်တွင်းမှာ ရှိသော ဝိညာဏ်သည် စက်နင်းသော စက်ဆရာနှင့် တူ၏။

- ငှက်တို့၏ ရုပ်ခန္ဓာ, နတ် ဗြဟ္မာ စသည်တို့၏ ရုပ်ခန္ဓာသည် ကောင်းကင်ပျံ စက်ရုပ်နှင့် တူ၏-ဆိုလေ။

ရုပ်သေးရုပ် လှုပ်ရှား သွားလာသည်ကိုလည်းကောင်း၊ စက်ရုပ်လှုပ်ရှား သွားလာသည်ကိုလည်းကောင်း မြင်ကြသောအခါ ကြိုးဆွဲသူ, စက်နင်းသူ တခြား, အရုပ် တခြား, အရုပ်ကား လှုပ်နိုင်သော အစွမ်းမရှိ၊ အသေသာဖြစ်၏၊ ကြိုးဆွဲသူ စက်နင်းသူ ဆွဲရာ, နင်းရာ လှုပ်ရှားရသည်ဟု အတပ်သိကြသကဲ့သို့ ဝိညာဏ်တခြား, ရုပ်ခန္ဓာ အင်္ဂါ ကြီး, ငယ်တခြား၊ ရုပ်ခန္ဓာ ကြီး, ငယ်ကား - လှုပ်ရှားနိုင်သော အစွမ်းမရှိ၊ အသေကောင် သက်သက်သာတည်း၊ ဝိညာဏ်ပြုပြင်ရာ လှုပ်ရှားရသည်ဟု

www.dhammaransi.com



ဓာတ်ခွဲ၍ မြင်ကြရမည်၊ သိညာဏ်ဓာတ် အစွမ်း လျှမ်းလျှမ်းတောက် တက်မှု, ဆန်းကြယ်မှုကို သိရမည်။

( ဤကား ဝိညာဏ်မှ ရုပ်ကာယ ဖြစ်ပွားမှု - ဝိညာဏ်ကို မှီတွယ်၍ ရုပ်ကာယ တည်နေမှု, ဝိညာဏ်ကြိုးဆွဲရာ ရုပ်ကာယလှုပ်ရှားမှုတို့ကို ပြဆိုသော အခန်းတည်း။ )

ဝိညာဏ်မှ နာမ်ကာယဖြစ်ပေါ်မှု-ဝိညာဏ်ကို မှီတွယ်၍ နာမ် ကာယ တည်နေမှု - ဝိညာဏ်ကြိုးဆွဲရာ နာမ်ကာယလှုပ်ရှားမှုတို့ကို ပြဆိုပေအံ့။ ။ ဝိညာဏ်နှင့် နာမ်ကာယ၏ အထူးကို ရေးဦးစွာ သိရာ၏၊ ပန်းချီ ရေးရန် ဆေးစပ်မှု၌ စင်ကြယ်စွာသော ရေကြည်ကို စုတ်ခွက်၌ ထည့်၍ ဆုန်း, ဟင်္သပြဒါး, ဆေးဒါန်း, မြေဖြူ[၁] မဲနယ် စသော အဆင်းဓာတ် ဆေးမျိုးတို့ကို ရေ၌ ထည့်၍ ရေနှင့် ရောမိကြသောအခါ အလိုရှိရာ ပန်းပင်, ပန်းခက်, ပန်းရွက်, ပန်းပွင့်, ပန်းခိုင်, ဆင်ရုပ်, မြင်းရုပ်, လူရုပ် စသည်တို့ကို ကားပေါ်င်အထည်မှာ ရေးကြကုန်၏။

ထိုသို့ရေးရာ၌ ကားပေါ်င်အထည်၌ အတွင်း အပြင် ပျံ့နှံ့မှု, ကပ်စေး ကိုက်တွယ်မှုကား ရေ၏ အမှုပေတည်း၊ အထူးထူး အထွေထွေ အဆင်းသဏ္ဌာန် ရုပ်သဏ္ဌာန် ထင်ပေါ်မှုကား အဆင်းဓာတ်တို့၏ အမှုပေတည်း၊ ထိုအဆင်း ဓာတ်တို့သည် ရေကို မှီရကုန်၏၊ ရေသို့ အစဉ်လိုက်ကြကုန်၏၊ ရေဆောင်ရာ ပါကုန်၏၊ ရေနှင့်ကင်း၍ ကားထည်ကားပျံ့နှံ့ကပ်ငြိ တွယ်ကိုက်ခြင်းငှာ မတတ်စွမ်းကြကုန်၊ ရေသည်လည်း ထိုဓာတ်ဆေးတို့နှင့် ကင်း၍ ကောင်းသောအဆင်း, မကောင်းသော အဆင်း အထွေအထူးကို ထင်စေခြင်းငှာ မတတ်စွမ်းလေ။

ကြည့်ရှုဖွယ်, နှစ်သက်ဖွယ်ကောင်းသော အဆင်းသဏ္ဌာန်, အရုပ် အရည်တို့ကိုလည်း ဓာတ်ဆေးတို့သည်သာ ထင်အောင် ပြုနိုင်ကုန်၏၊ မကောင်းသော ကြောက်ဖွယ်, လန့်ဖွယ်, စက်ဆုပ်ဖွယ်သော အဆင်းတို့ကိုလည်း ဆေးတို့ကသာ ထင်အောင်ပြုနိုင်ကုန်၏။

---

၁။ ရှေးအခါ ပန်းချီရေးရာ၌ သုံးသော ဆုန်းခေါ် ဆေးမှုန့်တစ်မျိုး။

www.dhammaransi.com



- ကြည်လင်စွာသော ရေပကတိနှင့် ဝိညာဏ်သည် တူ၏။
- ဆုန်း, ဟင်္သပြဒါးစသော ဆေးတို့နှင့် စေတသိက် နာမ်တရားစုသည် တူ၏။
- ကားပေါင်၌ ကြက်သော အထည်နှင့် အာရုံ ခြောက်ပါးသည် တူ၏။
- အာရုံ ခြောက်ပါးကို ရှာမှု, ယူမှု ရမှုသည်ကား ဝိညာဏ်၏ ကိစ္စတည်း။
- ဝိညာဏ် ရှာ၍, ယူ၍ ရသောအခါ တွေ့ထိမှု, ခံစားမှု,ကောင်းအောင် ပြုမှု, မကောင်းအောင်ပြုမှု စသည်ကား စေတသိက်တို့၏ ကိစ္စတည်း။

တစ်နည်းကား- အမျိုးမျိုးသော ဟင်းရည်, အမျိုးမျိုးသော အဖျော်ရည် ပြုလုပ်ရာ၌ ဝိညာဏ်သည် ရေနှင့် တူ၏၊ စေတသိက်တို့သည် အချို-အချဉ် စသော ရသရှိကြကုန်သော သကြား-သကာ-သံပရာ-ရှောက် စသည်တို့နှင့် တူကုန်၏၊ လျှာပေါ်သို့ ရောက်၍ လျှာတစ်ခုလုံး နှံ့မှု, ပျံ့မှုကား ရေ၏ ကိစ္စတည်း၊ အချို, အချဉ် စသော ကောင်းသော ရသတို့ကို လျှာ၌ဖြစ်စေမှုကား သကြား-သကာ-ရှောက်-သံပရာ စသည်တို့၏ ကိစ္စတည်း၊ ထို့အတူ အာရုံသို့ရောက်မှု, အာရုံကို ယူမှု, ပျံ့နှံ့မှုကား စိတ်၏ ကိစ္စတည်း၊ ထိုအာရုံ၌ တွေ့ထိမှု စသည်ကား - စေတသိက်တို့၏ ကိစ္စတည်း။

တစ်နည်းကား- တစ်ခုသော တောကြီး၌မိစဉ်တလျှောက်[၁] ကျင်လည် ကျက်စားလာခဲ့သဖြင့် တောကျွမ်းကျင်သောသူတစ်ယောက်သည် ရှိ၏၊ ထိုတော အတွင်း၌ ဆေးပင်, ဝါးပင်, ခတ်မျိုး, ရွှေ, ငွေ, ကျောက်သံ, ပတ္တမြားစသည်ကို ယူလို ရလိုသော သူတို့သည်လည်း ထို တောကျွမ်းသူကို လမ်းညွှန် လမ်းပြ ရှေ့ဆောင် ရှေ့သွား ပြုကြကုန်၏၊ ထိုတောအတွင်း၌ မကောင်းသောအမှုကို ပြုလိုကုန်သော သူတို့သည်လည်း ထိုသူကို လမ်းညွှန်လမ်းပြ ရှေ့ဆောင် ရှေ့သွား ပြုကြရကုန်၏၊ တောကျွမ်းသူနှင့် ဝိညာဏ်သည် တူ၏၊ ထိုထိုသူတို့နှင့် စေတသိက်စုသည် တူ၏။

တစ်နည်းကား- တစ်ခုသော မြို့ကြီး ရွာကြီးအလယ်၌နေသော သူခိုး လက်ခံကြီး ဥပမာ, ခွေးတို့ကို များစွာမွေး၍ ခွေးတို့နှင့် သား သမင်တို့ကိုလိုက်၍

---

၁။ မိဘ အမျိုး အရိုးကပင် တော၌ကျင်လည်သူ။

www.dhammaransi.com



အသက်မွေးသော မုဆိုး ဥပမာတို့နှင့်လည်း ပြရာ၏၊ သူခိုးလက်ခံကြီးသည် မိမိကား အချောင်းအမြောင်း အခိုး အဝှက် မစွမ်း၊ ထိုရွာ ထိုမြို့အတွင်း၌ အလုံးစုံကို သိနိုင်၏၊ သူလမ်းချရာ - သူ ညွှန်ပြရာ အဝေးနေသူတို့က ထိုမြို့ ထိုရွာအတွင်းမှာ ခိုးကြ- တိုက်ကြရ၏၊ သူခိုး-ဓားပြ လက်ခံကြီးနှင့် ဝိညာဏ်သည် တူ၏၊ အဝေးရောက် သူခိုး ဓားပြတို့နှင့် လောဘ, ဒေါသ, ဣဿာ, မစ္ဆေရ အစရှိသော စေတသိက် ခန္ဓာစု တူ၏၊ ခွေးမုဆိုးကြီးသည် သား - သမင် ရှိရာနေရာကို သိ၍ ရှာ၍ သား, သမင်ကို မြင်သောအခါ ခွေးတို့ကို ညွှန်ပြ၏၊ မိမိမူကား သား, သမင်ကိုရအောင် မလိုက်နိုင်၊ ခွေးမုဆိုးနှင့် ဝိညာဏ်သည် တူ၏၊ ခွေးတို့နှင့် စေတသိက် နာမ်စုသည် တူ၏။

တစ်နည်းကား- ရွာကြီး-မြို့ကြီးအလယ်၌ နေ၍ များစွာသော အစိမ်းသရဲ, တစ္ဆေ, မြေဖုတ်, နတ်ဆိုး, နတ်ဝါးတို့ကို မွေး၍ လူအများကို ပယောဂ အမျိုးမျိုးတို့နှင့် တိုက်၍ အသက်မွေးသော ဆေးကြမ်း မှော်ကြမ်း ဆရာကြီး ဥပမာဖြင့်လည်း ပြရာ၏၊ ဆရာကြီးနှင့် ဝိညာဏ်သည် တူ၏၊ ပယောဂတို့နှင့် လောဘ, ဒေါသ အစရှိသော စေတသိက် ခန္ဓာစုသည် တူ၏။

လောက၌ သင့်လျော်ရာ ဥပမာတို့ကို ရှာကြံလေဦး၊ ဤဥပမာတို့ဖြင့် ဝိညာဏ်သည် စေတသိက်နာမ်စု၏ မူလ မ,တည် ရှေ့ဆောင် ရှေ့သွား အကြီးအကဲ ဖြစ်သည်ကို ပြသည်။

တစ်နည်းကား- ဝိညာဏ်သည် အမိနှင့် တူ၏၊ စေတသိက် ခန္ဓာတို့သည် ထိုအမိမှ ပေါက်ဖွားသော သားကောင်း, သားဆိုးတို့နှင့် တူကုန်၏၊ ဤဥပမာဖြင့် စေတသိက်တို့မည်သည် စိတ်မှ ပေါက်ဖွားကြကုန်သည်ကို ပြသည်။

ဤမျှသော ဥပမာ, ဥပမေယျတို့ဖြင့် ဝိညာဏ်နှင့် နာမကာယဖြစ်သော စေတသိက်တို့၏ အထူးထင်ရှား ရှိလှပြီ၊ လောက၌ ကိုယ်, နှုတ်, နှလုံးအမူအကျင့် ကောင်းသော သူ-မြတ်သောသူ-မကောင်းသော သူ-ယုတ်သောသူ ဟူ၍ ရှိနေကြသည် ကား သဒ္ဓါ, ပညာ အစရှိသော လောဘ, ဒေါသ အစရှိသော စေတသိက် နာမ်ခန္ဓာတို့၏ အမှုပေတည်း၊ ဝိညာဏ်ကြောင့် နာမကာယ ၁၊ ရူပကာယ ၁၊ နာမ- ရူပ ဓမ္မနှစ်ပါး ဖြစ်ပွားပုံကို ပြဆိုချက် ပြီး၏၊ သည်ကို ရည်၍-

နာမ ရူပ၊ ဓမ္မအပြား၊ ဤနှစ်ပါးလည်း၊ ထင်ရှားစုံစွာ၊ ပေါ်တုံလာ၍၊
နာနာကာယ၊ အနန္တလျှင်၊ ရူပ ရုပ်ဟန်၊ သဏ္ဌာန်အမူ၊ ဇာတ်မတူသည်၊

www.dhammaransi.com



လူအရပ်ရပ်၊ နတ် အထွေထွေ၊ ရေမျိုး ကုန်းမျိုး၊ ကောင်း ဆိုး ယုတ်ညံ့၊ အကန့်ကန့်လျှင်၊ ခြားသန့် ပေါ်ယယ်၊ သောသောကြွယ်သည်။ ။ နှစ်သွယ် နာမ်ရုပ် စွမ်းရည်တည်း-

ဟူ၍ ဆိုပေသည်။ ။ ဝိဘင်း ပါဠိတော်ကြီး၌လည်း-

'တတ္ထ ကတမံ ဝိညာဏပစ္စယာ နာမရူပံ၊ အတ္ထိနာမံ၊ အတ္ထိရူပံ' [၁] အစရှိသည်ဖြင့် ဟောတော်မူပေသည်။

တတိယ ပျို့လင်္ကာ အဖြေ ပြီး၏။

နာမရူပပစ္စယာ သဠာယတနံ

## စတုတ္ထပျို့လင်္ကာ အဖြေ

ထင်ရှား စေ့စုံ၊ အပုံပုံလျှင်၊ တည်တုံ နာမ် ရုပ်၊ ကိုယ် သမုတ်သား၊ အထုပ် အထည်၊ ကြီး ငယ် ကာယ၊ ပေါ်ပြန်ကလည်း။ ။ ဒွါရ တွင်မည်၊ ဖိတ်ဖိတ်လည်လည်၊ အကြည် ခြောက်မျိုး၊ ကိုယ်လုံးဖြိုးလျက်-

ဟူသော လင်္ကာဝါကျ၌ ဝိညာဏ်ကြောင့် ဖြစ်ပေါ်ကြသော ရူပကာယ, နာမကာယ နှစ်ပါးတွင် ရူပကာယ၏ အာနုဘော်ကြောင့် စက္ခုအကြည်, သောတ အကြည်, ဃာနအကြည်, ဇိဝှာ အကြည်, ကာယအကြည် ဤရုပ်အကြည် ၅-ပါးတို့သည် ဖြစ်ပေါ်ကုန်၏၊ နာမကာယ၏ အာနုဘော်ကြောင့် မနောဟူသော စိတ်အကြည်, ဝိညာဏ် အကြည်သည် ဖြစ်ပွား၏။

ရူပကာယကြောင့် ရုပ်အကြည် ၅-ပါး ဖြစ်ပွားရာ၌ ဥပမာကား ထန်းသီး, အုန်းသီးတို့မှာ အတော်ကြီးကြာလျှင် အစေ့အိမ် အဆံအိမ် ပေါ်ပေါက်၍ လာ၏၊

---

၁။ အဘိဓမ္မာဝိဘင်-ပါ၊ ၁၄၂။

www.dhammaransi.com



သရက်. ပိန္နဲ စသော ခပ်သိမ်းသော အသီးတို့မှာလည်း အစေ့အိမ်, အဆံအိမ် ပေါ်ချိန်ကျလျှင် ပေါ်ကြကုန်၏၊ အစေ့ အဆံ ထည့်ချိန်ကျလျှင် ထည့်ကြကုန်၏အစေ့ အဆံ တည်ချိန်ကျလျှင် တည်ကြကုန်၏။

ထို့အတူ အဏ္ဍဇသတ္တဝါ, ဇလာဗုဇ သတ္တဝါဟု ဆိုအပ်သော ဂဗ္ဘသေယျက. သတ္တဝါတို့မှာ ပဋိသန္ဓေ တည်နေပြီးနောက် ပဝတ္တိကာလ၌ စက္ခု, သောတ, ဃာန, ဇိဝှာဟူသော ရုပ်ကြည် ၄-ပါး ဖြစ်ချိန် ပေါ်ချိန်ကျသောအခါ မျက်စိအိမ်, နားအိမ်, နှာခေါင်းအိမ်, လျှာအိမ်တို့နှင့်တကွ ပသာဒ ဓာတ်အကြည်တို့သည် ဖြစ်ပေါ်၍လာကုန်၏၊ အဆံထည့်၍ လာကုန်၏၊ ကာယအကြည်သည်မူကား- ပဋိသန္ဓေဝိညာဏ်နှင့် အတူတကွ တည်၍ လာ၏၊ ဥပပါတ်ပုဂ္ဂိုလ်, သံသေဒဇ ပုဂ္ဂိုလ်တို့၌ကား ရုပ်ကြည် ၅-ပါးတို့သည် ပဋိသန္ဓေ ဝိညာဏ်နှင့် တကွ ဖြစ်ပေါ်၍ လာကုန်၏၊ ဗြဟ္မာတို့၌ကား ဃာနဓာတ်အိမ်, ဇိဝှာဓာတ်အိမ်, ကာယဓာတ်အိမ်တို့မှာ အိမ်သက်သက်သာ ရှိကြကုန်၏၊ ပသာဒဓာတ် မရှိကြကုန်၏။

( ဤကား ရုပ်ကြည် ၎ါးပါး ဖြစ်ပေါ်ပုံ ဥပမာတည်း။ )

ဖဿ, ဝေဒနာ, သညာ, စေတနာ အစရှိသော နာမကာယ, ဝိတက်, ဝိစာရ, ဝီရိယ, ပီတိ, ဆန္ဒ ဟူသော နာမကာယ, လောဘ, ဒေါသ, မောဟ အစရှိသော နာမကာယ၊ သဒ္ဓါ, သတိ, ပညာ, ဒါန, သီလ အစရှိသော နာမကာယတို့ကြောင့် မနောအကြည် ဟူသော မနာယတနသည် ဖြစ်၏၊ မနောအကြည် မနာယတန ဆိုသည်လည်း ပဓာနဓာတ်မင်းဟု ဆိုအပ်သော ဝိညာဏ်ကိုပင် ဆိုသတည်း၊ ထိုသို့ဖြစ်ခဲ့သော် ဝိညာဏ်ကား- အမိနှင့် တူသည်၊ နာမ်စုကား- သားဆိုး, သားကောင်းတို့နှင့် တူသည်ဟု ရှေး၌ ဆိုပြီးဖြစ်၍ သား, သမီးတို့မှ အမိဖြစ်ပြန်သည်၊ သား, သမီးတို့မှ အမိ ပေါက်ဖွားပြန်သည်ဟု ဆိုရာမရောက်ပြီလောဟု မေးရန်ရှိ၏၊ သစ်စေ့မှ သစ်ပင် ဖြစ်၏၊ သစ်ပင်မှ သစ်စေ့ ဖြစ်၏၊ ဤသို့ ဖြစ်ရာ၌ ရှေးသစ်စေ့ကား တခြားတည်း၊ နောက်သစ်စေ့ကား တခြားတည်း။

ဤအတူ နာမ်တရား ၅၂-ပါး ရှိသည်တွင် ဝိတက်, ဝိစာရ လွန်ကဲသော အခါလည်း ရှိသည်၊ ဝီရိယ လွန်ကဲသောအခါလည်း ရှိသည်၊ ပီတိ လွန်ကဲသောအခါလည်း ရှိသည်၊ ဆန္ဒ လွန်ကဲသော အခါ, နွားငတ်ရေချ လောဘ လွန်ကဲသော အခါ. ယမ်းပုံမီးကျ ဒေါသလွန်ကဲသော အခါလည်း ရှိသည်၊ ဤသို့ အစရှိသည်ဖြင့် အသီးသီး လွန်ကဲမိ, လွန်ကဲရာ, လွန်ကဲစွာ ဖြစ်ကြသော အလှည့်အလည် ရှိကြကုန်၏၊ ထိုသို့

www.dhammaransi.com



ရှိရာ၌ ဝိတက် လွန်ကဲသောအခါ ဝိတက် လှုံ့ဆော်တိုင်း စိတ်ဝိညာဏ်သည် ရှေ့ဆောင် ရှေ့သွား လမ်းညွှန် လမ်းပြ အနေနှင့် ဖြစ်ပေါ်၍ ပါရတော့သည်၊ ပင်လယ်ခရီးသို့ သင်္ဘောကြီးငယ်နှင့် သွားရာမှာ ရေကြောင်းပြပါမှ သွားနိုင်ကြသကဲ့သို့ အာရုံသို့ သွားကြသော နာမ်တရားတို့သည်လည်း စိတ်ဝိညာဏ် လမ်းညွှန် လမ်းပြ, ရှေ့ဆောင် ရှေ့သွား ပါရှိမှ အာရုံကို ရနိုင်ကြကုန်သတည်း၊ တိုင်းရှင် ပြည့်ရှင် ဘုရင်မင်းပင် ဖြစ်သော်လည်း ပင်လယ်ခရီးမှာ ရေကြောင်းပြပဲ့သူကြီး မပါက အလိုရှိရာ မြို့ရွာ, ဆိပ်ကမ်းသို့ မရောက်နိုင်လေ။

ရေကြောင်းပြပဲ့သူကြီးသည် မိမိ သွားလိုသော ဆန္ဒမရှိသော်လည်း ရေကြောင်းပြ မပါလျှင် မဖြစ်နိုင်သော အရာဖြစ်၍ လှေ, သင်္ဘောနှင့် ပင်လယ်ခရီးကို ဘယ်သူပင် သွားလိုသော်လည်း ရေကြောင်းပြ ပါရတော့သည်သာ ဖြစ်၏၊ ပဲ့သူကြီး ပါရတော့သည်သာ ဖြစ်၏၊ ဤဥပမာဖြင့် ဝိတက်, ဝိစာရ, လောဘ, ဒေါသအစရှိသော နာမ်ခန္ဓာတို့၏ လှုံ့ဆော်ချက်နှင့် စိတ်ဝိညာဏ်သည် တဖွားဖွား ဖြစ်ပေါ်ရသော အခါ နာမ်တရားတို့ကြောင့် မနာယတန ဖြစ်ပေါ်သည် မည်၏ဟု ဆိုလိုသည်၊ ထင်ရှားရာကို ပဓာနပြု၍ ပြဆိုသော ဥပမာတည်း။

တစ်နည်းအားဖြင့် မီးနှင့် လေကို ဥပမာပြုရာ၏၊ မီးကြောင့် လေ ဖြစ်သည်၊ လေကြောင့် မီးပွားသည်၊ မီးနှင့် ဝိညာဏ်-လေနှင့် နာမ်ခန္ဓာ၊ တစ်နည်း- မြေ-ရေ-မီး-လေ ဟူသော ဓာတ်လေးပါးတို့သည် အချင်းချင်း မကင်းအပ်, မကင်းရာ ဖြစ်ကြ၏၊ တစ်ပါး ဖြစ်ပေါ်လျှင် တစ်ပါး ဖြစ်၍ ပါရတော့သည်၊ ဤအတူ ဝိညာဏ် ဖြစ်ပေါ်လျှင်လည်း အခွင့်အားလျော်စွာ အချို့ အချို့သော နာမ်စု ပါရတော့သည်၊ နာမ်တရားစု ဖြစ်ပေါ်လျှင်လည်း ဝိညာဏ် အမြဲပါရတော့သည်။

**( ဤကား နာမ်ကြောင့် မနာယတန ခေါ်သော ဝိညာဏ်ဖြစ်ရပုံတည်း။ )**

နာမကာယကြောင့်သာ မနာယတန ခေါ်သော ဝိညာဏ် ဖြစ်ရသည် မဟုတ်၊ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဟဒယဝတ္ထု ဟူသော ဝတ္ထု ၆-ဖြာ ရူပကာယ ကြောင့်လည်း ဝိညာဏ် ဖြစ်ပေါ်ရ၏၊ စက္ခုဝတ္ထုရုပ်ရှိသောကြောင့် စက္ခုဝိညာဏ် ဖြစ်ပေါ်ရ၏။ သောတဝတ္ထုရုပ်ရှိခြင်းကြောင့် သောတဝိညာဏ် ဖြစ်ပေါ်ရ၏၊ ဃာနဝတ္ထုရုပ် ရှိခြင်းကြောင့် ဃာနဝိညာဏ် ဖြစ်ပေါ်ရ၏၊ ဇိဝှာ ဝတ္ထုရုပ် ရှိခြင်း

www.dhammaransi.com



ကြောင့် ဇိဝှာ ဝိညာဏ် ဖြစ်ပေါ်ရ၏၊ ကာယဝတ္ထုရုပ် ရှိခြင်းကြောင့် ကာယ ဝိညာဏ် ဖြစ်ပေါ်ရ၏၊ ဟဒယဝတ္ထုရုပ် ရှိခြင်းကြောင့် ကြွင်းသော ပဉ္စဝေါကာရ ဝိညာဏ် ဟူသမျှ ဖြစ်ပေါ်ရ၏၊ ဥပမာကား-ထိန်ပင်ရှိ၍ ထိန်ပင်နတ် ရှိလာသကဲ့သို့ လည်းကောင်း၊ ကြို့ပင်ရှိ၍ ကြို့ပင်နတ် ရှိလာသကဲ့သို့လည်းကောင်း၊ ကျွန်းပင်ရှိ၍ ကျွန်းပင်နတ် ရှိလာသကဲ့သို့လည်းကောင်း၊ ရှားပင် ရှိ၍ ရှားမှို ပေါက်လာသကဲ့သို့ လည်းကောင်း၊ ထနောင်းပင် ရှိ၍ ထနောင်းမှို ပေါက်လာသကဲ့သို့လည်းကောင်းတည်း။

ထိုအကြည် ခြောက်ပါးသည် ဤကိုယ်ခန္ဓာ၌ ဒွါရခြောက်ပါး မည်၏၊ အရည်-အရောင် ကဲ့သို့ ရွှန်းရွှန်းစက်စက် ရှိ၏၊ ဖိတ်ဖိတ်လည်သော အကြည် ဓာတ်မျိုး ဖြစ်၏၊ ဒွါရ ဆိုသော်လည်း အပေါက် ဟင်းလင်းရှိသော အာကာသ တံခါးမျိုး ဖြစ်၍ ဆိုသည်မဟုတ်၊ ဖန်တံခါး မှန်တံခါးများကဲ့သို့ ဖိတ်ဖိတ်လည်သော အကြည် တံခါးမျိုး သာတည်း၊ စက္ခုအကြည်ကား မျက်လုံးအိမ်မှာ ပေါ်၏၊ သောတ အကြည်ကား နားတွင်း မှာ ပေါ်၏၊ ဃာန အကြည်ကား နှာခေါင်းတွင်းမှာ ပေါ်၏၊ ဇိဝှာ အကြည်ကား လျှာအပြင်မှာ ပေါ်၏၊ ကာယ အကြည်ကား တစ်ကိုယ်လုံးမှာ အတွင်း, အပြင် အနှံ့အပြား ပေါ်၏၊ မနော အကြည်ကား နှလုံးအိမ်တွင်းမှာ ပေါ်၏၊ ရှေ့အကြည် ၅-ပါးကား ရုပ်အကြည် ပေတည်း၊ မနော အကြည်ကား ဝိညာဏ်ဟု ဆိုအပ်သော နာမ်အကြည်ပေတည်း၊ လျှမ်းလျှမ်းတောက်သော အကြည်ပေတည်း၊ နေဝန်းသဏ္ဌာန် အထည်ဝတ္ထု ဟူသမျှသည် စက္ခုအကြည်, မနောအကြည် ဤအကြည် နှစ်ချက်၌ တစ်ပြိုက်နက် အရိပ်အသွင် ထင်ပြ ဆိုက်တိုက်ရသည်။

ထိုသို့ ထင်ပြ ဆိုက်တိုက်လာသောအခါ ဤကား နေဝန်းတည်း၊ ဤကား လဝန်းတည်း၊ ဤကား လူတည်း၊ ဤကား နွား, ကျွဲ စသည်တည်း၊ ဤကား မြေ, ရေ, တော, တောင် စသည်တည်း၊ ဤသို့ စသည်ဖြင့် မြင်ကြ သိကြရသည်။

မိုးသံ, လေသံ, စည်သံ, စောင်းသံ, လူသံ, နွားသံ, စကားသံ စသော အသံမျိုး ဟူသမျှသည် သောတအကြည်, မနောအကြည် ဤအကြည်နှစ်ချက်မှာ ပုံသဏ္ဌာန် အရိပ်အသွင် ထင်ပြဆိုက်တိုက်ရသည်၊ စံပယ် စံကား အစရှိသော မွှေးသော အနံ့မျိုး, ပုပ်သော နံသော အနံ့မျိုး ဟူသမျှသည် ဃာနအကြည်, မနော အကြည် နှစ်ဌာနမှာ အရိပ်အသွင် ထင်ပြဆိုက်တိုက် ရသည်၊ အချို, အချဉ် စသော အရသာမျိုး ဟူသမျှသည် ဇိဝှာအကြည်, မနောအကြည် ဤ နှစ်ဌာနမှာ ထင်ပြ ဆိုက်တိုက်ရသည် အပူ, အချမ်း, အကြမ်း, အနု ဟူသော ဖောဋ္ဌဗ္ဗာရုံဟူသမျှသည်

www.dhammaransi.com



ကာယအကြည်, မနောအကြည် ဤနှစ်ဌာနမှာ ထင်ပြဆိုက်တိုက်ရသည်၊ ကြွင်းသမျှသော စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မနော ကုသိုလ်, အကုသိုလ် စသော ဓမ္မာရုံနှင့် တကွ အထက်က ပြဆိုခဲ့ပြီးသော အဆင်းသဏ္ဍာန် အစရှိသော အာရုံငါးပါး ဟု ဆိုအပ်သော ခြောက်ပါးသော အာရုံတို့သည် မနောအကြည်မှာထင်ပေါ်လာရကုန်သည်၊ သည်ကိုရည်၍-

> အရိုး စီစဉ်၊ အမြင် စက္ခု၊ ကြားမှု=သောတ။ ။ ဃာန=အနံ့။ ။ လျက်ရန်=ဇိဝှာ။ ။ ကာယ=တွေ့ထိ။ ။ အသိ=မနော။ ။ မရော မယှက်၊ တလက်လက်လျှင်၊ အမျက် စိမ်ရည်၊ လဲ့လဲ့ကြည်သို့၊ ခြောက်မည် အာရုံ၊ အလုံးစုံသည်၊ ပုံသဏ္ဍာန်ရိပ်၊ နိမိတ် အသွင်၊ အကုန်ထင်၍၊ ဤရှင်, ဤလူ၊ ဤမူ နေ, လ၊ ရူပသဏ္ဍာန်၊ အသံ အမျိုး၊ အခိုးလှိုင်းပျံ့၊ ရနံ့ ထိုထို၊ အချို အချဉ်၊ ဤလျှင် အပူ၊ ဤမူ အအေး၊ အတွေး, အသိ၊ ပြည့်စုံဘိ၍-

ဟု ဆိုပေသည်၊ ထိုသို့ မြင်မှု, ကြားမှု, နံမှု လျက်မှု, တွေ့ထိမှု, သိမှု, ကြံဖန်မှု နေ့ညဉ့်မစဲ, ခဏမစဲ တလင်းလင်း ဖြစ်၍ နေကြပါ၏၊ ထိုသို့ နေကြခြင်းကြောင့်-

၁။ ငါကြည့်သည်-ငါရှုသည်-ငါမြင်သည်ဟု စက္ခုဓာတ်မှာ တည်ထောင်၍ နေသော သက္ကာယဒိဋ္ဌိ ငရဲအိုးကြီး တစ်လုံး။

၂။ ငါကြားသည်ဟု သောတဓာတ်မှာ တည်ထောင်၍ နေသော သက္ကာယဒိဋ္ဌိ ငရဲအိုးကြီး တစ်လုံး။

၃။ ငါ နံသည်ဟု ဃာနဓာတ်မှာ တည်ထောင်၍ နေသော သက္ကာယဒိဋ္ဌိ ငရဲအိုးကြီး တစ်လုံး။

၄။ အချို, အချဉ် အရသာကို ငါသိသည်-ငါ လျက်သည်ဟု ဇိဝှာဓာတ်မှာ တည်ထောင်၍ နေသော သက္ကာယဒိဋ္ဌိ ငရဲအိုးကြီး တစ်လုံး။

၅။ ဘယ်နေရာမဆို တစ်ကိုယ်လုံးမှာ တွေ့ထိလာလျှင် ငါသိသည်ဟု ကာယဓာတ်မှာ တည်ထောင်၍နေသော သက္ကာယဒိဋ္ဌိ ငရဲအိုးကြီး တစ်လုံး။

၆။ ငါကြံသည်-ငါသိသည်ဟု မနောမှာ တည်ထောင်၍ နေသော သက္ကာယဒိဋ္ဌိ ငရဲအိုးကြီး တစ်လုံး။

www.dhammaransi.com



ဤခြောက်လုံးသော သက္ကာယဒိဋ္ဌိ ငရဲအိုးကြီးမှာ လောဘ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆေရ စသော ငရဲ မီးတောက် မီးလျှံတို့သည် တဟုန်းဟုန်း ထ၍ တောက်လောင်၍ နေကြကုန်၏၊ သည်ကို ရည်၍-

အတွေးအသိ၊ ပြည့်စုံဘိ၍၊ ငါ၏ ဤကိုယ်၊ ငါ မင်းပျိုဟု၊ အဆို အထင်၊ အမြင် မှောက်မှား၊ စိတ်နေကြားဖို့၊ တံခါး ခြောက်သင်း၊ ကိုယ်လုံးလင်းသည်။ ခြောက်သင်း အာယတန - စွမ်းရည်တည်း။

ဟူ၍ ဆိုပေသည်။ ။ ပါဠိတော်၌လည်း -

တတ္ထ ကတမံ နာမရူပပစ္စယာ သဠာယတနံ၊ စက္ခာယတနံ သောတာယတနံ-[၁]

အစရှိသည်ဖြင့် ဟောတော်မူပေသည်။

**စတုတ္ထပျို့လင်္ကာ အဖြေ ပြီး၏။**

**သဠာယတနပစ္စယာ ဖဿော**

## ပဉ္စမ ပျို့လင်္ကာ အဖြေ

ဓာတ်မှန် အကြည်၊ ခြောက်မျိုးတည်က၊ ခြောက်မည် အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဍာန်ရိပ်၊ နိမိတ် အသွင်၊ ကိုယ်လုံး ထင်လျက်၊ ဝိညာဉ် ခြောက်ဆင့်၊ ဖွားဖွားပွင့်က၊ နှိုင်းသင့်တူမျှ၊ ပမာပြမူ၊ သိကြား စက်ရှိန်၊ လက်လက်ထိန်သား၊ ဝရဇိန်သွား၊ ရှပ်ရှပ်ဝါးသို့၊ ခြောက်ပါး ဖဿ၊ ဖြန်းဖြန်းထ၍-

ဟူသော လင်္ကာဝါကျ၌ အာယတနဒွါရ ခေါ်သော အကြည်ဓာတ် ၆-မျိုး ပြည့်၍ နေသော ဤခန္ဓာကိုယ်ကောင်ကြီးသည် ဝိဇ္ဇာမယပညာဖြင့် စီရင်၍ ထားသော

[၁] အဘိဓမ္မာဝိဘင်း - ပါ၊ ၁၄၃။

www.dhammaransi.com



ဓာတ်ရုပ်ကြီးနှင့် တူ၏၊ အဘယ်သို့ စီရင်သနည်း ဟူမူ အလွန် ထက်လှစွာသော စိန်, ဆေးဒါန်း, ပြဒါး စသော ဓာတ်တို့ကို ဝိဇ္ဇာမယပညာဖြင့် အင်္ဂါ ကြီး, ငယ်နှင့်တကွ သတ္တဝါကောင် သဏ္ဌာန်ပြုလုပ်၍ မျက်စိမှာ မီးမှန် ဓာတ်တစ်ခု ထား၏၊ ထိုမှန်ကို ဖွင့်၍ ထားသည်ရှိသော် ထိုမှန် မျက်နှာစာမှာ အဝေး, အနီး ရှိကြသော သက်ရှိ သက်မဲ့ ဝတ္ထုတို့၏ အရိပ်အသွင်တို့သည် ထိုမှန်ထဲမှာ ထင်ကုန်၏၊ ထင်တိုင်း ထင်တိုင်း လည်း ထိုမှန်အပြင်မှာ မီးတောက်၏၊ ပိတ်လိုက်ပြန်လျှင် ထင်သမျှသော အရိပ်အသွင် တို့သည် ကွယ်ပျောက်ကုန်၏၊ မှန်အပြင်မှာ တောက်သော မီးတောက်လည်း ကွယ်ပျောက်လေ၏၊ ဖွင့်ပြန်၍ အရိပ်အသွင်သို့ ထင်ပြန်လျှင် မီးတောက်ပြန်၏၊ ပြန်ပိတ်လျှင် အရိပ်အသွင်တို့ ကွယ်ပြန်၍ မီးတောက် သေပျောက်ကွယ်ဆုံးပြန်သည်။

ဤဥပမာ၌ ဓာတ်မှန် အပြင် အရိပ်အသွင်တို့၏ ထင်မှုဒဏ်ချက်ကြောင့် မီးတောက်သည်၊ ထင်မှု ကွယ်ပျောက်လျှင် မီးတောက် သေလေ၏၊ ဓာတ်မှန်အပြင်နှင့် စက္ခုအကြည် တူ၏၊ ဗဟိဒ္ဓက တည်ကြသော ဝတ္ထုနှင့် အဆင်းသဏ္ဌာန်ဟူသော ရူပါရုံတို့သည် တူကြကုန်၏၊ ထိုဝတ္ထု၏ ဓာတ်မှန်အပြင်၌ အရိပ်အသွင် ထင်မှု့ ခိုက်မှု့ တိုက်မှု့, ပြင်မှု - ရူပါရုံတို့၏ စက္ခုအကြည်မှာ အရိပ်အသွင် ထင်မှု, ခိုက်တိုက် ထိပါးမှု တူကြကုန်၏၊ မီးတောက်သည်နှင့် စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်မှု တူကြကုန်၏၊ ထင်သော အရိပ်အသွင်တို့ ကွယ်ပျောက်လျှင် မီးတောက် သေပျောက်သည်နှင့် ထင်မှု့ ထိခိုက်မှု မရှိလျှင် စက္ခုဝိညာဏ်စိတ် ချုပ်ကွယ်မှု တူကြကုန်၏၊ ဥပမာဆိုသော်လည်း လုံးလုံး ထပ်တူကျ၍ နေ၏။

သောတအကြည်-၁၊ သဒ္ဒါရုံ-၁၊ သောတဝိညာဏ်-၁၊ ဓာတ်သက် ၃-။ ။ ဃာနအကြည်-၁၊ ဂန္ဓာရုံ-၁၊ ဃာနဝိညာဏ်-၁၊ ဓာတ်ဘက်- ၃-ခု။ ။ ဇိဝှာအကြည်-၁၊ ရသာရုံ-၁၊ ဇိဝှာဝိညာဏ်-၁၊ ဓာတ်ဘက် ၃-ခု။ ။ ကာယအကြည်-၁၊ ဖောဋ္ဌဗ္ဗာရုံ-၁၊ ကာယဝိညာဏ်-၁၊ ဓာတ်ဘက် ၃-ခု။ ။ ဘဝင် ခေါ်သော့ မနောအကြည်ကြီး-၁၊ အာရုံ ၆-ပါးတွင် တစ်ပါးပါး-၁၊ မနောဝိညာဏ်-၁၊ ဓာတ်ဘက် ၃-ခု။ ။ ဤနောက် ငါးရပ်တို့ကိုလည်း စက္ခုအကြည်၌ကဲ့သို့ ဓာတ်ရုပ်ကြီး ဥပမာ အသီးသီး ထုတ်၍ သိလေ။

တစ်နည်းလည်း-အကြည် ၆-ပါးသည် မီးပွတ်ခုံနှင့် တူ၏၊ အာရုံ ၆-ပါးသည် မီးပွတ်တံနှင့် တူ၏၊ မီးပွတ်ခုံနှင့် မီးပွတ်တံ၌ ပွတ်သည်နှင့် အကြည် ၆-ပါး၊ အာရုံ ၆-ပါး ထင်မှု, ခိုက်မှု တူ၏၊ ပွတ်၍ ဖြစ်ပေါ်လာသော မီးနှင့် ဝိညာဏ် ၆-ပါး တူ၏၊

www.dhammaransi.com



စောင်းကြိုးနှင့် အကြည် ၆-ပါး တူ၏၊ တီးသော စောင်းသံနှင့် အာရုံ ၆-ပါးတို့၏တီး၍ ဖြစ်ပေါ်လာသော စောင်းသံ အမျိုးမျိုးနှင့် ဝိညာဏ် ၆-ပါး တူ၏။ ။ တစ်နည်း- စည်မျက်နှာ အပြင်နှင့် အကြည် ၆-ပါး တူ၏၊ စည်တီးသော တံနှင့် အာရုံ ၆-ပါး တူ၏၊ တီးမှုနှင့် ထိခိုက်မှု တူ၏၊ တီး၍ဖြစ်သော အသံနှင့် ထိခိုက်၍ ဖြစ်သော ဝိညာဏ် ၆-ပါး တူ၏၊ ကောင်းကင်၌ တိမ်တိုက် ချင်းချင်း ခွပ်မှုနှင့် အကြည်ဓာတ် အာရုံဓာတ် နှစ်ပါးတို့ ထိခိုက်မှု တူ၏၊ တိမ်တိုက်ချင်းချင်း ခွပ်သည့်အခါ တလက်လက် တဝင်းဝင်း ဖြစ်ပေါ်သော လျှပ်ရောင် ဥပါလုံးတို့နှင့် ဝိညာဏ် ၆-ပါး တူ၏။

ဤဥပမာတို့ဖြင့် စိတ် ဝိညာဏ် ၆-ပါး မည်သည် သတ္တဝါတို့၏ ကိုယ်သဏ္ဌာန်မှာ အမြဲ တည်၍ နေကြသော တရားစု မဟုတ်ကုန်၊ အာရုံ ခိုက်မှု, ထင်မှု ဒဏ်ချက် ကြောင့် အလှည့်အလည်အားဖြင့် ကိုယ်တွင်းမှာ ဖြစ်ချည်, ပျောက်ချည် နေကြသော အာရုံ ဓာတ်တို့သာတည်းဟူသော အဓိပ္ပာယ်ကို ပြသတည်း၊ ထိုဝိညာဏ် ၆-ပါးတို့တွင် နှလုံးတွင်း ဟဒယ ဝတ္ထုမှာ ဖြစ်ပေါ်သော ဇောဝိညာဏ်စုသည် အလွန် အမှုန်အဝါ ကြီးလှစွာ၏၊ သတ္တဝါတို့သည် ထိုဇောဝိညာဉ် အစဉ်ဖြင့် ခပ်သိမ်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုကို ပြုကြ ပြီးစေကြရကုန်၏။

( ဤကား အကြည် ၆-ပါး၊ အာရုံ ၆-ပါး ထင်ခြင်းကြောင့် ကိုယ်သဏ္ဌာန်မှာ ဝိညာဏ် ၆-ပါး တဖွားဖွား ပေါ်ပုံ တဖွားဖွား ပွင့်ပုံတည်း။ )

စက္ခုအကြည်မှာ လူရိပ် စသည် ထင်သည်, ထိခိုက်သည်နှင့် တစ်ပြိုင်နက် စက္ခုဝိညာဏ်လည်း ဖြစ်ပေါ်၏၊ စက္ခုသမ္ဖဿလည်း ဖြစ်ပေါ်၏၊ ထို့အတူ သောတ အကြည်, သဒ္ဒါရုံ, သောတဝိညာဏ် သုံးပါး ပေါင်းဆုံမိသည်နှင့် တစ်ပြိုင်နက် သောတသမ္ဖဿ ဖြစ်ပေါ်၏၊ ဃာနအကြည်, ဂန္ဓာရုံ, ဃာနဝိညာဏ်သုံးပါး ပေါင်းဆုံမိ သည်နှင့် တစ်ပြိုင်နက် ဃာနသမ္ဖဿ ဖြစ်ပေါ်၏၊ ဇိဝှာအကြည်, ရသာရုံ, ဇိဝှာ ဝိညာဏ် သုံးပါး ပေါင်းဆုံမိသည်နှင့် တစ်ပြိုင်နက် ဇိဝှာသမ္ဖဿ ဖြစ်ပေါ်၏၊ ကာယ အကြည်, ဖောဋ္ဌဗ္ဗာရုံ, ကာယဝိညာဏ် သုံးပါး ပေါင်းဆုံမိသည်နှင့် တစ်ပြိုင်နက် ကာယသမ္ဖဿ ဖြစ်ပေါ်၏၊ ဘဝင်မနော, အာရုံ ၆-ပါးတွင် တစ်ပါးပါး, မနော ဝိညာဏ် သုံးပါးပေါင်းဆုံမိသည်နှင့် တစ်ပြိုင်နက် မနောသမ္ဖဿ ဖြစ်ပေါ်၏၊ စက္ခု သမ္ဖဿ ဆိုသည်ကား မျက်စိအတွေ့တည်း၊ မျက်စိအတွေ့ ဆိုသည်ကား မျက်စိတွင် ထင်ပြထိခိုက်လာသော အဆင်းသဏ္ဌာန်၏ ကောင်း-မကောင်းသော ရသကို ကြိတ် နယ်၍ ယူခြင်းတည်း၊ အာရုံ၏ ရသကို ညှစ်ညှပ် ကြိတ်နယ်၍ ထုတ်ခြင်းတည်း။

အဆင်း၌ လှပတင့်တယ် နှစ်သက်ဖွယ်သော ဂုဏ်ကို ကောင်းသော ရသ ဆိုသည်၊ မလှမပ မတင့်တယ် နှစ်သက်ဖွယ် မရှိသည်ကို မကောင်းသော ရသ ဆိုသည်၊ လှပ တင့်တယ်သော ရသလည်း အလှထက် အလှ အဆင့်ဆင့် များ၏၊ လူ့ပြည်၌ ရှိသော အလှမျိုးတို့ထက် စတုမဟာရာဇ်, နတ်တို့၏ အလှမျိုးသည် အဆ အသိန်း အသန်းမက သာလွန်၏၊ စတုမဟာရာဇ်နတ်တို့၏ အလှမျိုးထက် တာဝတိံသာနတ်တို့၏ အလှမျိုးတို့သည် အသိန်း အသန်းမက သာလွန်၏၊ အထက်ထက် နတ်တို့ကိုလည်း ဤနည်းအတိုင်း သိလေ။ ။ စက္ခုအကြည်သည် မိမိမှာ ထင်လာသော အဆင်းကို လက်ခံရုံမျှသာ စွမ်းနိုင်သည်၊ ထိုအဆင်းကို အာရုံမပြုနိုင်၊ စက္ခုဝိညာဏ်သည် ထိုအဆင်းကို အာရုံပြုရုံမျှသာ ပြုနိုင်သည်၊ ကောင်းသော ရသ-မကောင်းသော ရသကို ထင်ရှား၍လာအောင် ကြိတ်နှိပ်ခြင်းကို မပြုတတ်၊ ဖဿ ဓာတ်သည်သာလျှင် အာရုံ ကောင်းလျှင် ကောင်းသလောက်-မကောင်းလျှင် မကောင်းသလောက် ဣဋ္ဌရသ အနိဋ္ဌရသကို အကုန် ထွက်ပေါ် ထင်ရှား၍လာအောင် ကြိတ်နှိပ်ဖိညှပ်၍ ထုတ်နိုင်သည်။

ဥပမာကား- နှမ်းတို့ကိုလည်းကောင်း၊ မြေပဲဆံတို့ကိုလည်းကောင်း ဆီကြိတ်ရာ၌ ကြိတ်ဆုံနှင့် စက္ခုအကြည်သည် တူ၏၊ နှမ်းဆံ, မြေပဲဆံတို့နှင့် အဆင်းတူသော ရူပါရုံတို့သည် တူ၏၊ ကြိတ်ဆုံတွင်းသို့ ထည့်လောင်း၍ပေးသော ယောကျ်ားနှင့် ဝိညာဏ်သည် အတန်ငယ် တူ၏၊ ဆီထွက်အောင် ဖိနှိပ်ကြိတ်ဝါးသော ကျည်ပွေ့နှင့် စက္ခုသမ္ဖဿသည် တူလှ၏၊ နှမ်း, မြေပဲဆီတို့နှင့် ဣဋ္ဌရသ, အနိဋ္ဌရသသည် တူ၏၊ ထိုဖဿ၏ ဖိနှိပ်ကြိတ်ဝါးမှုသည် တောင်အထု, သစ်ပင်အထုကို ပစ်ခွင်းဖြိုခွဲလိုက်သော ဝရဇိန်လက်နက် မိုးကြိုးစက်သွားသည် တောင်သစ်ပင်တို့ကို မှုန့်မှုန့်ညက်ညက် ကြိတ်ဝါး၍ သွားဘိသကဲ့သို့ အာရုံကို မြေ့မြေ့ပါအောင် ဖိနှိပ်ကြိတ်နယ်၍ အာရုံ၏ ရသကို ထုတ်ဖော်မှု ပေတည်း။ ။ နောက်နောက်သော အာရုံငါးပါး, ဖဿငါးပါးတို့၌လည်း ဤစက္ခုသမ္ဖဿနည်းတူ ဥပမာနှင့် တကွ သိလေ။

ဤ မျက်စိအတွေ့, နားအတွေ့ အစရှိသော ဖဿမှု မည်သည် ခံစား, စံစားသော အရာတို့၌လည်းကောင်း၊ တဏှာဖြင့် သာယာသော အရာတို့၌လည်းကောင်း၊ ရှာမှု, စက်ဆုပ်မှု, ကြောက်မှု, လန့်မှု, ထိတ်မှုတို့၌လည်းကောင်း ဖဿသည် အချုပ်အချာ ပဓာန ဖြစ်၏။

www.dhammaransi.com



- ဖဿ သန့်လျှင် ဝေဒနာ သန့်၏၊ တဏှာ သန့်၏။
- ဖဿ ပျော့လျှင် ဝေဒနာ ပျော့၏၊ တဏှာ ပျော့၏။

ထို့ကြောင့် အဆင်းသဏ္ဌာန် လှပသော ဝတ္ထုကို ကြည့်ရှုကြသောအခါ ဝေး၍ နေခဲ့သော်လည်းကောင်း၊ ဒလင်းအရောင် နည်းပါး၍ နေခဲ့သော်လည်းကောင်း ဖဿ ပျော့၍နေ၏၊ သုခဝေဒနာ တဏှာရာဂဇော အလိုင်းကြီးမလာ၊ ထိုအခါ ဖဿကို အားမရရှိ၍ အာရုံရှိရာသို့ သွားရ၏၊ နီးသည်ထက် နီးအောင် ချဉ်းရ၏၊ သူ့ထက်ငါ ရှေ့ကျအောင် တိုးကြ ယူကြ၏၊ မှောင် စသည် ရှိလျှင် အလင်းကို ပေးကြရ၏၊ ထိုအခါမှ အခိုက်သန့်သော စက္ခုသမ္ဖဿကို ရ၍ သုခဝေဒနာ တဏှာရာဂဇော အလှိုင်းကြီးလာ၏။

- ယောက်ျားတို့ မျက်စိ အတွေ့တွင်လည်း မိန်းမတို့၏ အဆင်းသဏ္ဌာန်နှင့် စပ်သော စက္ခုအတွေ့သည် အထန်ဆုံး, အသန်ဆုံး ဖြစ်၏။
- စက္ခုအတွေ့မှ လျှောက်၍ မနောအတွေ့၌ ခိုက်လေ၏။
- ရှင်လန်းရုံမျှတွင် မရပ်မူ၍ ပူပန်သော ရာဂဇော လှိုင်းကြီးလာ၏။

ထို့ကြောင့် အင်္ဂုတ္တိုရ် ပါဠိတော်၌-

နာဟံ ဘိက္ခဝေ အညံ ဧကရူပံပိ သမနုပဿာမိ၊ ယံ ဧဝံ ပုရိသစိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ဣတ္ထိ ရူပံ၊ ဣတ္ထိရူပံ ဘိက္ခဝေ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ။

ဟူ၍ ဟောတော်မူပေပြီ။

'မိန်းမတို့၏ အဆင်းသဏ္ဌာန်ကဲ့သို့ ယောက်ျားတို့၏ စိတ်ကို သိမ်းကျုံး၍ယူနိုင်သော အဆင်းသဏ္ဌာန် မည်သည်ကို လောက၌ တစ်စုံတစ်ခုသော အဆင်းကိုမျှ ငါဘုရား မြင်တော်မမူ' - ဟူလိုသည်။ ။ ဟရိတစ ရှင်ရသေ့-ဓမ္မဓဇ ရှင်ရသေ့ အစရှိသော ဈာန်သမာပတ်နှင့် နေသော အလောင်းတော်ကြီးများသည်ပင်လျှင် မိဖုရား၏ အင်္ဂါအဆင်းကို မြင်ရရာ စက္ခုသမ္ဖဿခိုက်ချက်နှင့် ကောင်းကင်မှ မြားမှန်၍ ကျလာသော ရွှေဟင်္သာကဲ့သို့ ဈာန်သမာပတ် ကွယ်ပ၍ ခဏချင်း ကောင်းကင်မှ ကျလေ၏။

---

၁။ ဧကင်္ဂုတ္တရပါဠိ၊ နှာ-၁၊ ဆ၄။

www.dhammaransi.com



မိန်းမတို့၏ စက္ခု အတွေ့တွင်လည်း အရွယ် အဆင်း အလွန်ကောင်းသော ယောကျ်ားတို့၏ အဆင်း သဏ္ဌာန်နှင့် စပ်သော စက္ခု အတွေ့သည် အထန်ဆုံး, အသန်ဆုံး ဖြစ်၏၊ စက္ခု အတွေ့မှ လျှောက်၍ မနောအတွေ့၌ ခိုက်လေ၏၊ ရှင်လန်းရုံ မျှတွင် မရပ်မူ၍ ပူပန် လှုပ်ရှားသော ရာဂဇောသည် အလှိုင်းကြီးတက်၍ လာ၏၊ ထို့ကြောင့် အင်္ဂုတ္တိုရ် ပါဠိတော်၌ -

> နာဟံ ဘိက္ခဝေ အညံ ဧကရူပံပိ သမနုပဿာမိ၊ ယံ ဧဝံ ကုတ္တိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ပုရိသရူပံ၊ ပုရိသရူပံ ဘိက္ခဝေ ကုတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ။[၁]

ဟူ၍ ဟောတော်မူ၏။

အချိန် အရွယ်နှင့် ပြည့်စုံသော မိန်းမသည် ကိုယ်တွင်း ဝတ္ထု သန့်စင်၍ နေသောအခါ အလွန်လှပစွာသော ယောကျ်ား၏ အဆင်းအင်္ဂါကို အလိုရှိတိုင်း ကြည့်ခွင့်ရသဖြင့် စက္ခုသမ္ဖဿ အလှိုင်းကြီး ဖြစ်ခဲ့သော် စက္ခုအတွေ့နှင့် ပဋိသန္ဓေ ကိုယ်ဝန် ရနိုင်၏။ ။ သီဟိုဠ်ကျွန်းတွင် ရဟန်း မိန်းမငယ် တစ်ယောက်သည် အလွန်လှပစွာ ထုလုပ်၍ ထားသော ယောကျ်ားရုပ်ကို ရှု၍ နေလေရာ စက္ခုသမ္ဖဿ, မနောသမ္ဖဿ သတ်သဖြင့် မတ်တတ် သေဆုံးဖူး၏၊ မျက်စိအတွေ့ခေါ်သော စက္ခု သမ္ဖဿဓာတ်သည် ဤမျှလောက် အခွင့်ကြီး၏။

စက္ခုသမ္ဖဿ ပြီး၏။

သောတအတွေ့, ဃာနအတွေ့, ဇိဝှါအတွေ့, ကာယအတွေ့တို့၌ ဤစက္ခု အတွေ့မှာ ကဲ့သို့ မိန်းမ, ယောကျ်ား အပြန်အလှန် ဟောတော်မူသော အင်္ဂုတ္တိုရ် ပါဠိတော် အစုံအစုံနှင့် တကွ ထိုဖဿတို့၏ အခွင့်ကြီးကျယ်ပုံကို အသီးသီး ဝေဖန်၍ ဆိုလေ။ ။ အထူးမှာကား- ကုရန္ဒတီ နဂါးပျိုမ၏ သီချင်းသံကို ကြားရ၍ ပုဏ္ဏက ဘီလူးမှာ ဖြစ်သော သောတအတွေ့သည် တစ်ကိုယ်လုံး ပျံ့နှံ့ပြီးလျှင် ရိုးတွင်းခြင်ဆီကို ဆိုက်သည်ဟု လာ၏။ ။ သီဟိုဠ်မှာ ကြာအိုင်တစ်ခု၌ ကြာပန်းချိုး၍ နေရာက မာတုဂါမငယ် ဆိုလိုက်သော သီချင်းသံကို ကြားရ၍ ကောင်းကင်ပျံ သာမဏေမှာ ဖြစ်သော သောတအတွေ့သည် သေနတ်လက်နက်ဖြင့် ပစ်ချသကဲ့သို့ ဈာန်ကျိုး၍ မြေသို့ ကျလေ၏။

---

၁။ ဧကင်္ဂုတ္တရပါဠိ၊ နှာ-၂၊ ဆဋ္ဌ။

www.dhammaransi.com



ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ပေါ်တွင် နေသော သူဌေးသမီးပျို တစ်ယောက်သည် အနီးအပါးရှိ ဘုံပြာသာဒ်ပေါ်မှာ စောင်းတီး၍ သီချင်းဆိုသော ယောကျ်ား၏ အသံကို ကြားရ၍ သောတအတွေ့ ဖမ်းသဖြင့် လမ်းထင်၍ ကောင်းကင်သို့ ဆင်းလေရာ မြေသို့ကျ၍ သေဆုံးဖူး၏။ ။ ကိုယ်တွင်း၌ ကိလိဋ္ဌာတတ် လှုံ့ဆော်ပွားများခိုက် ကြုံကြိုက်သောအခါ ကြက်မတို့သည် ကြက်ဖ၏ တွန်သံကို ကြား၍ သောတအတွေ့နှင့် ပဋိသန္ဓေ ရနိုင်ကုန်၏၊ နွားမတို့သည် နွားလားဥသဘ၏ တွန်သံကို ကြား၍ သောတအတွေ့နှင့် ပဋိသန္ဓေ ရနိုင်ကြကုန်၏။

( ဃာနအတွေ့, ဇိဝှါအတွေ့တို့မှာလည်း ထိုနည်းတူ သိလေ။ )

ကာယအတွေ့၌ ဟိမဝန္တာမှာ နေသော ဣသိသိင်္ဂ ရသေ့ငယ်သည် သီလတန်ခိုး, ဈာန်သမာပတ် တန်ခိုးနှင့် နေလေရာ သိကြားစည်းစိမ်ကို ယူအံ့စိုး၍ သိကြားမင်းက အလမ္ဗုသာနတ်သမီးခေါ်၍ ရသေ့ငယ်၏သီလကို ဖျက်ဆီးချေရမည်ဟု စေလွှတ်လေ၏၊ နတ်သမီးလာ၍ သင်ခန်းကျောင်း အပြင်မှ နတ်အသွင်နှင့် မိန်းမရိပ် ပြ၏၊ ကျောင်းတွင်းမှ ရသေ့ငယ် မြင်လေရာ ရှေးဦးစွာ စက္ခုအတွေ့ပြည့်၏၊ မိန်းမဟူ၍ကား မသိဖူးလေ၊ ကျောင်းတံခါးသို့ ထွက်၍ ကြည့်၏၊ နတ်သမီးက အတန်ငယ် ဆုတ်ယောင်ပြု၍ မျှား၏၊ တံခါးအပြင်သို့ အတန်ငယ် ထွက်၍ လာ၏၊ နတ်သမီးလည်း နောက်သို့ ဆုတ်ယောင်မူ၍ မျှား၏၊ စက္ခုအတွေ့သည် အားရှိလတ်သော် နတ်သမီးကို လိုက်၍ တားလေ၏၊ နတ်သမီးလည်း ဆုတ်ယောင်မူ၍ ရသေ့ငယ် အပြေးလှမ်း၍ ဖမ်းသောအခါ ရသေ့ငယ်ကို နတ်အတွေ့နှင့် ပွေ့ပိုက်၍ သီလပျက်ခြင်းသို့ ရောက်စေ၏။

ထိုခဏ၌ပင်လျှင် သိကြားမင်းလာ၍ ထိုနေရာမှာ အကာအရံ ဖန်ဆင်း၍ ပေးလေ၏၊ ရသေ့ငယ်သည် နတ်၏ ကာယဖောဋ္ဌဗ္ဗ အတွေ့ ဖမ်းသဖြင့် သုံးနှစ်တိုင်တိုင် သတိမရဘဲ နတ်သမီးအတွေ့နှင့် နေရလေ၏၊ သုံးနှစ် တိုင်၍ နတ်သမီးလွှတ်သောအခါမှ သတိရ၍ ကြည့်ရှုရာ သင်္ခမ်း ကျောင်းမှာ တောချုံ ပိတ်ပေါင်း ဖုံးလွှမ်း၍နေသည်ကို မြင်မှ သုံးနှစ်ကြာရှိသည်ကို သိရလေ၏၊ သုံးနှစ်ပတ်လုံး နတ်သမီး၏ ဖောဋ္ဌဗ္ဗ အတွေ့နှင့် အာဟာရကိစ္စလည်း ပြီးစီးလေ၏၊ နတ်သမီးလည်း ရသေ့ငယ်ကို လွှတ်၍ မိမိကိုယ်ကို ကွယ်ပြီးလျှင် ရသေ့ငယ်၏ အမူအရာကို ကြည့်၍

www.dhammaransi.com



နေလေ၏၊ ရသေ့ငယ်လည်း မိမိ၌ သီလ, သိက္ခာ, ဈာန် သမာပတ် အကုန် ပျက်စီးသည်ကို သိ၍ ငိုကြွေးလေ၏။

ထိုအခါ နတ်သမီးသည် ကိုယ်ထင်ပြ၍ 'အရှင်ရသေ့ - ကျွန်တော် မပြုလို၍ ပြုရသည် မဟုတ်ပါ၊ သိကြားမင်း၏ အမိန့်အာဏာနှင့် ပြုရပါသည်၊ ကျွန်တော်မကို သည်းခံတော်မူပါ၊ အရှင်လည်း အားထုတ်မြဲ အားထုတ် တော်မူပါ၊ သီလ, သိက္ခာ, ဈာန်သမာပတ်ကို ရမြဲ ရပါလိမ့်မည်' ဟု ကန်တော့၍ နတ်ပြည်သို့ ပြန်လေ၏၊ သိကြားလည်း အားရတော်မူ၍ 'သင်အလိုရှိရာ အခွင့်ကို တောင်းလော့' ဟု ဆိုပေ၏၊ 'တခြားအခွင့်ကို အလိုမရှိပါ၊ နောင် ရသေ့သူတော်ကောင်း, ရဟန်း သူတော်ကောင်းများကို ဖျက်စီးမှုမှ လွတ်ပါရစေ' ဟု အခွင့်တောင်းလေ၏၊ လူ့ပြည်မှာ တစ်နှစ်နှင့် ရှစ်လသည် တာဝတိံသနတ်ပြည်မှာ တစ်နာရီဖြစ်ရကား သုံးနှစ်သည် တာဝတိံသာနတ်တို့မှာ နှစ်နာရီမျှ မရှိတန်၊ ထို့ကြောင့် တာဝတိံသာ အလေ့နှင့် ရသေ့ငယ်ကို ပြုစုသည့် အတွက်ကြောင့် သုံးနှစ်တိုင် ကြာလေသည်။

မိန်းမတို့မှာ ဒုကူလရသေ့သည် ပါရိကရသေ့မ၏ ချက်ကို ခြေမဖြင့် သုံးသပ်ရာ ပါရိကာရသေ့မ ကိုယ်ဝန်ရရှိ၍ သာမ သတို့သားကို ဖွားမြင်လေ၏။ ။ မာတင်္ဂရသေ့သည် ဒိဋ္ဌမင်္ဂလိကာ သူဌေးပျို့မ၏ ချက်ကို ခြေမဖြင့် သုံးသပ်ရာ ဒိဋ္ဌမင်္ဂလိကာ သူဌေးပျို့မ ကိုယ်ဝန်ရရှိ၍ မဏ္ဍဗျ သတို့သားကို ဖွားမြင်လေ၏။ ။ ဤသို့လျှင် မိန်းမတို့မှာ ကိလိဋ္ဌဓာတ် ပွားစီးသန်မြန်၍ နေသည့်အခါ တစ်စုံတစ်ရာ ကိုယ်အင်္ဂါ၌ ယောကျ်ားတို့၏ သုံးသပ်မှု ကာယသမ္ဖဿကို ရလျှင် ပဋိသန္ဓေ ရနိုင်ကြကုန်၏။

( ဤကား ကာယသမ္ဖဿ ဟူသော ကိုယ်အတွေ့၏ အခွင့်အလမ်း ကြီးမားပုံတည်း။ )

မနောသမ္ဖဿခေါ်သော ဘဝင်ခိုက်မှု, နှလုံးခိုက်မှုမှာလည်း တပ်နှစ်သက်ဖွယ် ရှိလှသော တစ်စုံတစ်ယောက်သော သူကို အခါခါ မြင်ရ၍သော်လည်းကောင်း၊ ထိုသူနှင့် စကားရောယှက်ခြင်း, ကိုယ်အင်္ဂါ၏ ရောယှက်ခြင်းသို့ ရောက်ဖူး၍သော်လည်းကောင်း၊ နောက် စိတ်ဝိတက် ပွားများတတ်သော ညဥ့်မှောင် တိုက်ခန်း စသည်တို့၌ တစ်ယောက်တည်း, တစ်ကိုယ်တည်း နေရသောအခါ ထိုအာရုံကို အကုန် သစ်လင်း၍ ပြသော စိတ်ဝိညာဏ်တို့သည် ပေါ်၍ လာကုန်၏၊ မနောသမ္ဖဿတို့သည် ထိုအာရုံနှင့် တွေ့ကြုံရောယှက်တုန်း အခါ၌ကဲ့သို့ စက္ခုအတွေ့, သောတ

www.dhammaransi.com



အတွေ့ ယာနအတွေ့၊ ဇိဝှါအတွေ့၊ ကာယအတွေ့ အမျိုးမျိုးတို့ကို တစ်ဖန် မနော အတွေ့ဖြင့် တွေ့ဆုံ ပိုက်ကျုံး၍ အမျိုးမျိုးသော ရုပ်ဓာတ်၊ နာမ်ဓာတ်တို့ကို လှုံ့ဆော် ထကြွစေကုန်၏။

( ဤကား-ဣဋ္ဌဖြစ်သော ဖဿ ခြောက်ပါးတို့၏ အခိုက်အတွေ့ ကြီးကျယ်ပုံတည်း။ )

အနိဋ္ဌအရာ၌ အလွန်ရွံ့ဖွယ်၊ စက်ဆုပ်ဖွယ်သော အာရုံကို မြင်ရသောအခါ စက္ခုအတွေ့မှ နှလုံးအတွေ့သို့ ခိုက်၍ ပျို့ခြင်း၊ အန်ခြင်း - ကြောက်ဖွယ်၊ လန့်ဖွယ်၊ ထိတ်ဖွယ်သော အာရုံကို မြင်ရ၍ စက္ခုအတွေ့မှ နှလုံးအတွေ့သို့ ခိုက်၍ အလန့်အထိတ် ဖြစ်ခြင်း - လန့်၍၊ ထိတ်၍ သေဆုံးခြင်းသည် စက္ခုအတွေ့ ခိုက်မှုပေတည်း၊ ကြောက်မက်ဖွယ်သော အသံကို ကြားရ၍ လန့်ခြင်း၊ ထိတ်ခြင်း - ခြင်္သေ့သံကို ကြား၍ တောသားအပေါင်းတို့ သေဆုံးခြင်း စသည်သည် သောတအတွေ့ ခိုက်မှု ပေတည်း၊ ကြွင်းသော ယာနအတွေ့၊ ဇိဝှါအတွေ့၊ ကာယအတွေ့၊ မနောအတွေ့တို့၌ လည်း ဤနည်းတူ သိလေ။

( ဤကား အနိဋ္ဌဖြစ်သော ဖဿခြောက်ပါးတို့၏ အခိုက်အတွေ့ ကြီးကျယ်ပုံတည်း။ )

လောက၌ အဆင်းသဏ္ဌာန်မှာလည်း ကြည့်ရှု၍ ကောင်းသည်၊ မကောင်း သည်ဟု မျက်စိမှာ နှစ်ထွေဖြစ်ကြရသည်ကား စက္ခုသမ္ဖဿ၏ အစွမ်းပေတည်း၊ အဆင်းသဏ္ဌာန်ကို မြင်ရ၍ ချစ်ခင်စုံမက်ဖွယ်၊ မုန်းဖွယ်၊ မြင်ပြင်းဖွယ်ဟု မျက်စိမှာ နှစ်ထွေဖြစ်ကြရသည်လည်း စက္ခုသမ္ဖဿ၏ အစွမ်းပေတည်း။ ။ သောတ စသည်တို့ ၌လည်း ဤနည်းတူ သိလေ၊ သည်ကို ရည်၍-

ခြောက်ပါး ဖဿ၊ ဖြန်းဖြန်းထ၍၊ ရသ ခြောက်မည်၊ အာရုံရည်ကို၊ ကြိတ်နည် သောအား၊ တွေ့ထိငြားက၊ ဤကား ဣဋ္ဌ၊ အနိဋ္ဌနှင့်၊ ဤမျှ မကောင်း၊ ဤမျှ ကောင်းဟု၊ အကြောင်းသွေးဆော်၊ အရေးပေါ်လျက်၊ ခြောက်ဖော် အာရုံ၊ ရသဂုဏ်တို့၊ အကုန် ပေါ်ထွက်၊ ရွှန်းရွှန်းတက်၍၊ မက်ဖွယ်-မုန်းဖွယ်၊ အနှုန်းခြယ်သည်။ ။ ခြောက်သွယ် ဖဿ-စွမ်းရည်တည်း။

www.dhammaransi.com



ဟူ၍ ဆိုပေသည်။ ။ ပါဠိတော်၌လည်း-

တတ္ထ ကတမော သဠာယတနပစ္စယာ ဖဿော၊ စက္ခုသမ္ဖဿော သောတ သမ္ဖဿော-

အစရှိသည်ဖြင့် ဟောတော်မူပေသည်။

ပဉ္စမ ပျို့လင်္ကာ အဖြေ ပြီး၏။

ဖဿပစ္စယာ ဝေဒနာ

## ဆဋ္ဌပျို့လင်္ကာ အဖြေ

ဖဿ ခြောက်မည်၊ သူ့စွမ်းရည်ဖြင့်၊ ကြိတ်နည်သောအား၊ စက်ရှိန် ဝါးက၊ ခြောက်ပါးအာရုံ၊ မြေ့မြေ့တုန်လျက်၊ ခြောက်စုံရသ၊ အနိဋ္ဌနှင့်၊ ဣဋ္ဌ ဟူသည်၊ အရည် ဒီးဒီး၊ ယိုထွက်စီးသော်။ ။ ခြောက်ကြိုးခြောက်ဖြာ၊ ဝေဒနာဟု၊ ထွေကာအထူး၊ ထွက်ပေါ် မြူး၍ -

ဟူသော လင်္ကာဝါကျ၌ မျက်စိနှင့် အဆင်းသဏ္ဍာန်ကို မြင်ကြသောအခါ စက္ခုဝိညာဏ် အလိုကား အဆင်းမှန်း သဏ္ဍာန်မှန်း သိရုံမျှသာတည်း၊ ဖြူလျှင် ဖြူမှန်း, နီလျှင်နီမှန်း သိရုံမျှသာတည်း၊ ကောင်းမကောင်း ဟူသော ဣဋ္ဌရသ, အနိဋ္ဌရသကို ထင်ရှား ပေါ်ထွက်အောင် ဝိညာဏ်မစွမ်းနိုင်၊ ကောင်း-မကောင်းဟူသော ဣဋ္ဌရသ, အနိဋ္ဌရသ ကို 'အရည်ဒီးဒီး ယိုထွက်စီး' သကဲ့သို့ ထင်ရှား ပေါ်ထွက်အောင် အာရုံကို ဖိညှပ် ကြိတ်နယ်မှုကား စက္ခုသမ္ဖဿ၏ အမှုပေတည်း၊ ထိုသို့ ဖိနှိပ်ကြိတ်နယ်မှုကြောင့် အာရုံမှ ကောင်းသောရသ ပေါ်လာသောအခါ ထိုရသတဏှာကို သာယာ၍ငြင်လန်း သဖြင့် ခံစား စံစားသော သုခ သောမဿ ဝေဒယိတ ခြောက်ကြိုးတို့သည် တဖွားဖွား ဖြစ်ပေါ်၍ ခံစားကုန်၏၊ မကောင်းသောရသ ပေါ်လာသောအခါ ထိုရသကို မသာ မယာ ဆင်းရဲပန်ပန်း ညိုးနွမ်းစွာ ခံစားသော ဒုက္ခ ဒေရမနဿ ဝေဒယိတ ခြောက်ကြိုး တို့သည် တဖွားဖွား ဖြစ်ပေါ်၍ ခံစားကုန်၏။

၁။ အဘိဓမ္မာဝိဘင်္ဂ-ပါ၊ ၁၄၃။

www.dhammaransi.com



အကုသိုလ် ဥပေက္ခာနှင့် အကုသလဝိပါက် ဥပေက္ခာတို့ကို ဒုက္ခမှာသွင်းလေ၊ ကုသိုလ် ကိရိယာ ဥပေက္ခာနှင့် ကုသလဝိပါက် ဥပေက္ခာတို့ကို သုခမှာ သွင်းလေ၊ ဤဝေဒနာဟူသော ဝေဒယိတ ဓာတ်ကြီးကား-သုံးဆယ့်တစ်ဘုံ၌ အလွန်ကျော်ကြား ထင်ရှားသော ဓာတ်ကြီးပေတည်း၊ အဘယ်သို့ ထင်ရှားသနည်းဟူမူ လောက၌ 'ချမ်းသာ-သုခ' ဟူသောစကား - 'ဆင်းရဲ-ဒုက္ခ' ဟူသော စကားသည် အလွန်ထင်ရှား ၏၊ ထို 'သုခ, ဒုက္ခ' ဟူသော စကား- 'ချမ်းသာ, ဆင်းရဲ' ဟူသော စကားသည် ဤဝေဒယိတ ဓာတ်ကြီးကိုဆိုသော စကားပေတည်း၊ လူချမ်းသာဆိုသည်လည်း နတ်ဝေဒယိတ ဓာတ်ကြီးကို ဆိုသည်၊ လူ့ဝေဒနိယဓာတ်ကြီးကိုဆိုသည်၊ နတ်ချမ်းသာ ဆိုသည်လည်း ဗြဟ္မာ့ချမ်းသာ ဆိုသည်လည်း ဗြဟ္မာ့ဝေဒယိတ ဓာတ်ကြီးကို ဆိုသည်၊ ငရဲဒုက္ခဆိုသည်လည်း ငရဲဝေဒယိတ ဓာတ်ကြီးကိုဆိုသည်၊ တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်တို့ကိုလည်း ဤနည်းတူဆိုလေ။

သုခ သောမနဿ ဝေဒယိတ ဓာတ်ကြီးနှင့် အနေရများသော သူတို့ကို လူ့ချမ်းသာ ခေါ်သည်၊ ဒုက္ခဒေါမနဿ ဝေဒယိတ ဓာတ်ကြီးနှင့် အနေရများသော သူကို လူ့ဆင်းရဲ ခေါ်သည်၊ သုခဝေဒယိတ ဓာတ်ကြီးတွင်လည်း လူဆင်းရဲသားတို့၏ ဝေဒယိတ ဓာတ်မျိုးတို့ထက် သူဌေး, သူကြွယ်၏ ဝေဒယိတဓာတ်သည် အဆများစွာ သာလွန် ကောင်းမြတ်၏၊ ထိုထက် ပဒေသရာဇ်မင်းတို့၏ ဝေဒယိတဓာတ်, ထိုထက် ဧကရာဇ်မင်း, ထိုထက် စကြာမန္ဒတ်မင်း, ထိုထက် ဘုမ္မစိုးနတ်, ထိုထက် စာတုမဟာ ရာဇ်နတ်, ထိုထက် တာဝတိံသာနတ် စသည်ဖြင့် အဆင့်ဆင့် ဆိုလေ။ ။ ဒုက္ခဝေဒယိတ ဓာတ်မျိုးမှာလည်း လူ၏ဒုက္ခထက် တိရစ္ဆာန်တို့၏ ဒုက္ခ စသည်ဖြင့် မဟာ အဝီစိ ဒုက္ခတိုင်အောင် အဆင့်ဆင့် ဆင်းရဲနက်နဲ၍ သွားပုံကိုသိလေ။

ထိုဝေဒယိတဓာတ်သည် စက္ခုအတွေ့မှ ဖြစ်ပေါ်သော စက္ခု သမ္ဖဿဇာ ဝေဒယိတဓာတ်, သောတအတွေ့မှ ဖြစ်ပေါ်သော သောတသမ္ဖဿဇာ ဝေဒယိတ ဓာတ်, ဃာနအတွေ့မှ ဖြစ်ပေါ်သော ဃာနသမ္ဖဿဇာ ဝေဒယိတဓာတ်, ဇိဝှာအတွေ့ မှ ဖြစ်ပေါ်သော ဇိဝှာသမ္ဖဿဇာ ဝေဒယိတဓာတ်, ကာယအတွေ့မှ ဖြစ်ပေါ်သော ကာယသမ္ဖဿဇာ ဝေဒယိတဓာတ်, မနော နှလုံးအတွေ့မှ ဖြစ်ပေါ်သော မနော သမ္ဖဿဇာ ဝေဒယိတဓာတ်ဟူ၍ ၆-ပါး အပြားရှိ၏၊ စက္ခုသမ္ဖဿဇာ ဝေဒယိတဓာတ် သည်လည်း သုခ, ဒုက္ခ, ဥပေက္ခာဟူ၍ ၃-ပါး အပြားရှိ၏၊ အဆင်းသဏ္ဍာန်ကို မြင်၍ စက္ခုအတွေ့နှင့် ကြုံကြိုက်ရာ မျက်နှာရုပ် ရွှင်ရွှင်လန်းလန်းပြမှုကား ထိုသူမှ

www.dhammaransi.com



သုခ ဝေဒယိတစာတ် ဖြစ်ပေါ်၍နေသည်ကို သိရ၏၊ သုခဝေဒယိတစာတ်သည်လည်း သဒ္ဓါ၊ မေတ္တာနှင့် ယှဉ်ဖက်၍ ပေါ်သော သုခဝေဒယိတစာတ်၊ တဏှာ ရာဂနှင့် ယှဉ်ဖက်၍ ပေါ်သော သုခဝေဒယိတစာတ်ဟူ၍ အမျိုးမျိုး ရှိ၏။

တံငါ အလုပ်တို့သည် နက်စွာသော ရေ၏ အတွင်းမှ ငါးပွက်၍ အထက်မှာ ရေအမူအရာကို မြင်လျှင် ဘယ်ငါးမျိုးပဲဟု အတတ်သိနိုင်ကြကုန်သကဲ့သို့ ပြုံးရယ် ပြုံးရိပ်ကို မြင်လျှင် ကိုယ်တွင်းမှာ ဘယ်ဝေဒယိတစာတ်မျိုး ပေါ်ခိုက် ဖြစ်သည်ဟု သိနိုင်ရာ၏။ ။ သီဟိုဠ်မှာ ဣတ္ထိပျို့မ အများ နေရာဆွမ်းခံလာသော ရဟန်းပျို တစ်ပါးက မာတုဂါမတစ်ယောက်ကို ကြည့်၍ ပြုံး၍သွား၏၊ ကြွင်းသော မာတုဂါမတို့က 'ဤကိုယ်တော် ညည်းကို ကြည့်၍ ပြုံးသွားသည်' ဟု ပြက်ရယ်ပြုကြကုန်၏၊ 'ကိုယ်တော် သည် ငါ့ကို ကြည့်၍ ပြုံးသည်မှန်၏၊ သို့သော်လည်း တခြား စိတ်မျိုးနှင့် ပြုံးသည်မဟုတ်၊ သူ့နှမငယ်နှင့် တူ၍ နှမငယ်၏ အနေမျိုးချွင့် ပြုံးသည်' ဟု ဆိုပေ၏၊ ထိုသူငယ်မသည် ပြဆိုခဲ့ပြီးသော တံငါတို့နည်းတူ မျက်နှာမှာ တက်လာသော ရုပ်ရည်၊ ရုပ်သွေးကို မျက်စိနှင့် မြင်၍ အတွင်းစာတ်ကို အတပ်ဆိုနိုင်သောသူပင်တည်း။ ။ အဆင်း သဏ္ဌာန်ကို ကြည့်၍ စက္ခုအတွေ့နှင့် ကြုံကြိုက်ရာ မျက်နှာရုပ် ညှိုးနွမ်း ခြောက်သွေ့မှု ပြမှုကား ထိုသူမှာ ဒုက္ခဝေဒယိတစာတ် ဖြစ်ပေါ်၍ နေသည်ကို သိရာ၏၊ သူငယ် တို့သည်ပင်လည်းကောင်း၊ အချို့သော တိရစ္ဆာန်တို့သည်ပင်လည်းကောင်း မျက်နှာရိပ် မျက်နှာကဲကို မြင်လျှင် ထိုသူ၏ အတွင်းမှာ မသာယာသောအဖြစ်၊ သာယာသော အဖြစ်ကို သိနိုင်ကြကုန်၏။

ဤစက္ခု သမ္ဗဿဇာ ဝေဒနာ အတူ အသံ အမျိုးမျိုးကို ကြားရာ၌ သောတ အတွေ့မှ ဖြစ်ပေါ်သော သုခ၊ ဒုက္ခ ဝေဒယိတစာတ် နှစ်မျိုး- အနံ့အမျိုးမျိုးကို နံရာ၌ ဃာနအတွေ့မှ ဖြစ်ပေါ်သော သုခ၊ ဒုက္ခဝေဒယိတ စာတ်နှစ်မျိုး- အချို၊ အချဉ်စသော အရသာအမျိုးမျိုးကို သုံးဆောင်ရာ၌ လျှာအတွေ့မှ ဖြစ်ပေါ်သော သုခ၊ ဒုက္ခ ဝေဒယိတစာတ် နှစ်မျိုး- ဖောဋ္ဌဗ္ဗာရုံကို ခံစားရာ၌ အတွင်း အပ ကာယ အတွေ့မှ ဖြစ်ပေါ်သော သုခ၊ ဒုက္ခဝေဒယိတစာတ် နှစ်မျိုး တွေ့ဆဲ၊ တွေ့ပြီး၊ တွေ့လတ္တံ့သော ဣဋ္ဌ၊ အနိဋ္ဌအာရုံကို အာရုံပြု၍ စိတ်နှလုံး အတွေ့မှ ဖြစ်ပေါ်သော သုခ၊ ဒုက္ခ ဝေဒယိတစာတ် နှစ်မျိုးတို့၌လည်း စက္ခု ဝေဒယိတမှာကဲ့သို့ အသီးသီး ဝေဖန်၍ သိလေ၊ လက်ာ အဓိပ္ပာယ်နှင့်တကွ ဤဝေဒယိတစာတ်ကြီး ၆-ပါး၏ သူသူ၊ ငါငါ သတ္တဝါ ခပ်သိမ်းတို့၏ သန္တာန်၌ အလှည့်အလည်အားဖြင့် နာရီမခြားတဖွားဖွား

www.dhammaransi.com



ဖြစ်၍ နေမှုသည် အလွန်ထင်ရှား၏၊ သည်ကို ရည်၍-

> ဓာတ်ကြီးခြောက်ဖြာ၊ ဝေဒနာဟု၊ ထွေလာအထူး၊ ထွက်ပေါ်မြူး၍၊ ခြောက်ဦးရှွန်းစည်၊ အာရုံရည်ကို၊ မည်မည်ရရ၊ ခံစံကြမှ၊ သုဘ သုဘာ၊ သာ မသာနှင့်၊ ထွေလာများထောင်း၊ ကောင်း မကောင်းလည်း၊ ထောင်း ထောင်း ဝေါဝေါ၊ သိထင်ပေါ်၍၊ ကောင်းသော် စိတ်ဝမ်း၊ ဖိတ်ဖိတ် လျှမ်းလျှင်၊ ရွှင်လန်း နှလုံး၊ စွင့်စွင့်ပြုံး၏၊ မုန်းဖွယ် တွေ့က၊ ခြောက်သွေ့ နွမ်းညှိုး၊ နှလုံးဆိုး၍၊ အခိုး လူလူ၊ ပွက်ပွက်ဆူမျှ၊ ပူပူ ပင်ပင်၊ မရွှင်မလန်း၊ စိတ်ကုန်ခန်း၏-

ဟူ၍ ဆိုပေသည်။

> ချမ်းသာ သုခ၊ တစ်ခုမျှ၌၊ လောကအထု၊ အကုန်စု၏၊ ပုပု ရွရွ၊ မြင်သမျှလည်း၊ သုခဖို့ချည်း၊ လှုံ့လသည်း၏-

ဟူသော နောက်စကား၌ 'ချမ်းသာ သုခ၊ တစ်ခုမျှ၌၊ လောကအထု၊ အကုန်စု၏' ဆိုသည်ကား ခပ်သိမ်းသော သတ္တဝါတို့သည် ချမ်းသာကိုသာ အလိုရှိကြကုန်၏၊ ချမ်းသာကိုသာ တစ်ရာတည်း ရှာကြကုန်၏၊ ချမ်းသာကို အလိုမရှိသော သတ္တဝါဟူ၍ မရှိ၊ အယုတ်အားဖြင့် ခြ, ပိုး, ရွ တို့ပင် ဖြစ်သော်လည်း ချမ်းသာကိုသာ အလိုရှိကြကုန်၏၊ ချမ်းသာကိုသာ ရှာကြကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အလိုဆန္ဒကိစ္စ အမှုသည် ချမ်းသာ သုခတစ်ခု၌ ဆုံမိကြ၏၊ စုမိကြ၏ ဆိုလိုသည်။

'ပုပုရွရွ၊ မြင်သမျှလည်း၊ သုခဖို့ချည်း၊ လှုံ့လသည်၏' ဆိုသည်ကား- ရေသတ္တဝါ, ကုန်းသတ္တဝါ, ကောင်းကင်သတ္တဝါ, ခပ်သိမ်းတို့သည် နေ့နေ့ ညည တရုန်းရုန်း တရွရွ တကြွကြွ လှုပ်ရှားကြ-အားထုတ်ကြ-ကြောင့်ကြစိုက်ကြ-အသည်းအသန် အပင်ပန်းခံကြသမျှသည်လည်း ချမ်းသာသုခဖို့သာတည်း။ ။ အယုတ်သဖြင့် မိမိ ကိုယ်ကို သေစေလို၍ အဆိပ်ဆေးကို မျိုသောသူ, ကြိုးဆွဲချသောသူ, ရေထဲသို့ ခုန်ချ သော သူ, လက်နက်ဖြင့် သတ်သေသူတို့သည်လည်း 'သေမှ အေးမည်-သေမှချမ်းသာ မည်' ဟု ချမ်းသာကို လို၍ ပြုမူပင်တည်း။ ။ ဤစကားနှစ်ရပ်ဖြင့် ဤဝေဒယိတ ဓာတ်ကြီးသည် ခပ်သိမ်းသော လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ ကိုးကွယ်ရာ, လဲလျောင်းရာ ဖြစ်၏၊ အကြီးအကဲ အချုပ်အခြာ ဖြစ်၏ဟု ဆိုလိုသည်။

www.dhammaransi.com



အရည်း သူမြတ်၊ ပရမတ်ကို၊ ချန်လှပ် ထား၍၊ အများလောက၊ ရှိသမျှ
ကို၊ ဒုက္ခပွားမှု၊ များစွာပြုသည်။ ။ သုခဝေဒနာ-စွမ်းရည်တည်း။

ဟူရာ၌ ပရမတ္ထ အရိယာ ဖြစ်ပြီးသော သူတို့ကို ချန်လှပ်၍ ခပ်သိမ်းသော ပုထုဇဉ် သတ္တဝါတို့ကို အနမတဂ္ဂ သံသရာနှင့်အမျှ ဒုက္ခပွားအောင် ပြု၍နေသည်ကား တခြားတရားမဟုတ်၊ ဤသုခ ဝေဒယိတ ဓာတ်ကြီး၏ အတတ်ပေတည်း။

အဘယ်သို့ ဒုက္ခပွားအောင် ပြုသနည်း ဟူမူကား ဤသုခဝေဒယိတ ဓာတ်သည် ၆-ဒွါရတို့၌ ဣဋ္ဌ ဖဿ ထင်လင်းရှိခိုက်၌သာ အဇ္ဈတ္တသန္တာန်တွင် ဖြစ်ပေါ်၍ နေနိုင်၏၊ ဣဋ္ဌဖဿ ချုပ်ကွယ်လျှင် ချုပ်ကွယ်လေ၏၊ ဣဋ္ဌဖဿသည်လည်း ကောင်းသောဣဋ္ဌာရုံနှင့် ပူးပေါင်း ထွေးယှက် ဆက်ဆံရောနှောမှုထင်လင်းရှိခိုက်၌သာ ၆-ဒွါရမှာ ဖြစ်ပေါ်နေနိုင်၏၊ ဣဋ္ဌာရုံနှင့် ထွေးလုံးရောယှက်မှု ကင်းကွာပြန်လျှင် ကင်းကွာဆဲခဏမှာ ချုပ်ပျောက်လေ၏၊ ဣဋ္ဌာရုံ ဟူသည်လည်း အနိစ္စ တရားဖြစ်၏၊ မကြာမီ မကြာမီ ဖောက်ပြန်ဆုတ်ယုတ် ကုန်ဆုံးသော တရားစုဖြစ်၏။

ဣဋ္ဌာရုံ ကုန်ပြန်လျှင် ဖဿကုန်ပြန်၏၊ ဖဿကုန်ပြန်လျှင် သုခဝေဒနာ ကုန်ပြန်၏၊ သုခဝေဒနာကို လိုပြန်လျှင် ဣဋ္ဌာရုံကို ရှာရပြန်၏၊ အနမတဂ္ဂသံသရာမှာ သုခဝေဒနာကို ခင်တွယ်သည့်အတွက် ဣဋ္ဌာရုံ ရှာမှုနှင့် တပန်းတည်းပန်း၍နေကြ၏။ ။ ဥပမာကား-နွေအခါ ကိုယ်အင်္ဂါ, အေးမြသော သုခဝေဒယိတ ဓာတ်ကို အလွန် အလိုရှိကြ၏၊ ထိုသုခဝေဒယိတ ဓာတ်သည်လည်း ကိုယ်သန္တာန်မှာ သုခသမ္ဖဿဓာတ် ဖြစ်ပေါ်သောအခါမှ ဖြစ်ပေါ်နိုင်သည်။ ။ သုခသမ္ဖဿဓာတ်သည်လည်း ဗဟိဒ္ဓက အေးမြသော လေ ကိုယ်၌ ထိခိုက်လုံးထွေး၍ နေဆဲအခါမှ ကိုယ့်သန္တာန်မှာ ဖြစ်နိုင်သည်၊ ကိုယ်မှာ ထိခိုက်လာသော လေအေး, ရေအေးဟူသော ဣဋ္ဌာရုံသည်လည်း ကိုယ်သန္တာန်မှာ အမြဲတည်နေနိုင်သော နိစ္စတရားမဟုတ်၊ ကိုယ်သန္တာန်၌ ထိကာမတ္တနှင့် ခဏချင်း ခဏချင်း ကုန်ဆုံးကွယ်ပျောက်သော အနိစ္စတရားသာ ဖြစ်၏။

ထို့ကြောင့် အသစ်အသစ်သော လေ, အသစ်အသစ်သော ရေ ထပ်မနားထိ၍ နေမှ သုခသမ္ဖဿ ထပ်မနားဖြစ်ပေါ်၍ သုခဝေဒနာ အစဉ် ဖြစ်ပွားနေနိုင်၏၊ ထိခိုက်သော လေ, ရေ ပြတ်စဲ ပျောက်ဆုံး ပြန်လျှင် သုခသမ္ဖဿ သုခဝေဒနာ နှစ်ပါးပျောက်ဆုံးပြန်၏၊ ထိုသုခဝေဒနာ ခေါ်သော ဝေဒယိတဓာတ်ကြီးသည်လည်း သုခသမ္ဖဿ ဓာတ်ပေါ်ရှိမှ ပေါ်နိုင်သော ပဋိစ္စသမုပ္ပါဒ်မျိုးဖြစ်၏၊ ထိုသုခသမ္ဖဿ

www.dhammaransi.com



စာတ်သည်လည်း အားမြသော လေ, အားမြသောရေ ထိပါးမှု ထင်လင်း ရှိမှ ပေါ်နိုင်သော ပဋိစ္စသမုပ္ပါဒ်မျိုးမည်၏၊ ထိုလေ, ထိုရေစသည်လည်း ယပ်လေ ခတ်ပေးသူ, ရေကိုခပ်ဆောင်သူ ရှိမှ ရှိနိုင်သော ပဋိစ္စသမုပ္ပါဒ်မျိုးဖြစ်၏။

ဤသို့ ပဋိစ္စသမုပ္ပါဒ်မျိုးချည်း ဖြစ်ကြ၍ ယပ်လေနှင့် စပ်သော သုခဝေဒယိတ စာတ်ကို ခင်မင်ငြိတွယ်သော သူမှာ ယပ်လေခပ်မှုနှင့် စပ်သော ဒုက္ခသည် အပြီး စွပ်လျက်နေ၏၊ ရေနှင့် စပ်သော သုခဝေဒယိတ စာတ်ကို ခင်မင်ငြိတွယ်သော သူမှာ ရေမှုနှင့် စပ်သော ဒုက္ခသည် အပြီးစွပ်လျက် ရှိ၏။

- တစ်ထောင့်ငါးရာ ကိလေသာတို့ဖြင့်လည်းကောင်း, ရာဂဂ္ဂိ, ဒေါသဂ္ဂိ အစရှိသော တစ်ဆယ့်တစ်ပါးသော မီးတို့ဖြင့်လည်းကောင်း, အလွန် အိုက်ပူ၍ နေသော အနမတဂ္ဂ သံသရာကြီးသည် နွေရာသီကြီးနှင့် တူ၏။
- သုခသမ္ဘာ ၆-ပါး - သုခဝေဒယိတစာတ် ၆-ပါးသည်. နွေအခါ လေ, ရေနှင့် စပ်၍ဖြစ်သော သုခ သမ္ဘာ, သုခ ဝေဒနာနှင့် တူ၏။
- ဘုံဗိမာန် စည်းစိမ် ဥစ္စာ, သား မယား စသော လူချမ်းသာ အဆောက်အအုံ, နတ်ချမ်းသာ အဆောက်အအုံ, ဣန္ဒာရုံ စုသည် နွေအခါ၌ ယပ်လေ အဆောက်အအုံ, ရေ အဆောက်အအုံ စုနှင့် တူ၏။

ယံခုရှိကြသော လူ, နတ်, ဗြဟ္မာ, ပုထုဇဉ် သတ္တဝါတို့သည် ထိုသုခဝေဒနာ ကို ခင်တွယ်ကြကုန်၏၊ ထိုသုခ ဝေဒနာသည် ခင်တွယ်သော သူတို့ကို အမြဲ ဆင်းရဲ ဒုက္ခပွားများအောင် ပြု၏၊ အဘယ်သို့ပြုသနည်းဟူမူ မီးပူဇော်သော ပုဏ္ဏား ဥပမာဖြင့် ပြဆိုပေအံ့။ ။ ပုဏ္ဏားလူမျိုး၌ မိစ္ဆာ အယူကြီး တစ်ခုသည် ရှိ၏၊ သူငယ်ယောကျ်ား ဖွားမြင်သောအခါ ဖွားဖက်မီးယူ၍ မသေရအောင် မိဘတို့က မွေးမြူ၍ ထားကြရ၏၊ 'ထိုဖွားဖက်မီးကို မသေရအောင် တစ်သက်လုံးလုပ်ကျွေး ပူဇော်နိုင်လျှင် သေသည်၏ အခြားမဲ့၌ ဗြဟ္မာ့ပြည်သို့ သွားရ၏' ဟု မိစ္ဆာအယူရှိသတည်း၊ ထိုသူငယ် ၁၆-နှစ် အရွယ်ရောက်သောအခါ 'သား မယားယူ၍ လူလုပ်မည်လော-မီးပူဇော်၍ ဗြဟ္မာပြည် သို့ သွားမည်လော' ဟု မေး၍ မီးပူဇော်မည်ဆိုလျှင် မီး ကိရိယာစုနှင့် တကွ မီးကို အပ်၍ ရသေ့ပရိဗိုဇ်အသွင်နှင့် မီးကိုလုပ်ကျွေး စေ၏၊ အနှစ်သာရရှိသော ထင်း, သစ်သား ပေါများရာ၌ နေ၍ လုပ်ကျွေးစေ၏၊ ထောပတ်, ဆီဦး စသော မီးကြိုက်

www.dhammaransi.com



သော အကောင်းအမွန်အရသာဟူသမျှကို မီးကိုကျွေး၏၊ အကောင်းအမွန်ကျွေးရလျှင် အကျိုးအထူးကြီးသည်ဟု အယူရှိ၏။ ။ မီးသည် ပဋိစ္စသမုပ္ပါဒ်မျိုး ပေတည်း။

အဘယ်သို့ ပဋိစ္စသမုပ္ပါဒ် ဖြစ်သနည်းဟူမူ မီးစာထင်းရှိပါမှ မီးစာ ထင်းကို စွဲ၍ ဖြစ်ပေါ်နိုင်သည်၊ တည်နေနိုင်သည်၊ မီးစာ ထင်း လျော့ပါးလျှင် လျော့ပါး၏၊ မီးစာထင်း ကုန်လျှင် ကုန်၏၊ မီးစာနှင့် ကင်း၍ မျက်တောင် တစ်ခတ်မျှ မတည်နိုင်၊ ဤကား မီး၏ ပဋိစ္စသမုပ္ပါဒ် သဘောတည်း။ ။ မီးစာထင်း မည်သည်လည်း မီးထဲသို့လျှင် ခဏမစဲ တရဲရဲ ကုန်ခန်း ကုန်ဆုံးခြင်း အနိစ္စသဘော အလွန်မြန်၏၊ တစ်နေ့တစ်နေ့ အဖို့တွင် ထင်းများစွာ ကုန်၏၊ ထို့ကြောင့် ထိုမီးကို အကောင်းထင်သော မိစ္ဆာအယူကို မစွန့်သမျှ ကာလပတ်လုံး ထိုပုဂ္ဂိုလ်ကို မီးစာ ထင်းမှု ဒုက္ခနှင့် အမြဲ နှိပ်စက်၏၊ မိုးအတွက်, လေအတွက် ထင်းပျက်ရန်, မီးသေရန် အမှုနှင့် အမြဲ နှိပ်စက်၏၊ ထမ်းဆောင် သယ်ပိုးမှုနှင့် အမြဲ နှိပ်စက်၏၊ ပူခါ အိုက်ခါ၌ ပူမှု, အိုက်မှုနှင့် အမြဲ နှိပ်စက်၏၊ ကိုယ်လွတ် လက်လွတ် မသွားသာ, မနေသာ ကျဉ်းမြောင်း ကျပ်တည်းမှုနှင့် အမြဲ နှိပ်စက်၏။ ။ စုတေပြန်လျှင်လည်း ထိုဒိဋ္ဌိအတွက် အပါယ်သို့ သွားရသည် များ၏။

တစ်ယောက် တစ်ယောက်သော ပုထုဇဉ် သတ္တဝါတို့၏ ခန္ဓာကိုယ်၌ စက္ခုအကြည်နှင့်တကွ မျက်လုံးအိမ်နှစ်ခုသည် မီးအိုးကင်းကြီး နှစ်ခုနှင့် တူ၏၊ သောတအကြည်နှင့်တကွ နားအိမ်နှစ်ခုသည် မီးအိုးကင်းကြီး နှစ်ခုနှင့် တူ၏၊ ဃာနအကြည်နှင့်တကွ နှာခေါင်းအိမ်နှစ်ခုသည် မီးအိုးကင်းကြီး နှစ်ခုနှင့် တူ၏၊ ဇိဝှာအကြည်နှင့်တကွ လျှာတစ်ခုလုံးသည် မီးအိုးကင်းကြီး တစ်ခုနှင့် တူ၏၊ ကာယအကြည်နှင့်တကွ ကိုယ်အင်္ဂါအားလုံးသည် မီးအိုးကင်းကြီး တစ်ခုနှင့် တူ၏၊ မနောအကြည်နှင့်တကွ ဟဒယနှလုံးအိမ် တစ်ခုလုံးသည် မီးအိုးကင်းကြီး တစ်ခုနှင့် တူ၏၊ ဖဿ ၆-ပါးသည် မီးမှုတ်သော ပြောင်း ၆-ခု - မီးပြင်သော ယောက်မ ၆-ခုနှင့် တူ၏၊ သုခဝေဒယိတစာတ် ၆-ပါးသည် မီးတောက် ၆-မျိုးနှင့် တူ၏။

လူ့လောက, နတ်လောကတို့၌ ရှိသမျှသော ဘုံဗိမာန်, ရွှေ, ငွေ, ရတနာ, လယ်, ယာ, မိုး, မြေ, လှည်း, ဆင်, မြင်း, သင်းပင်ခြွေရံ, ဝတ်စားတန်ဆာ အစရှိသော အလုံးစုံတို့ကို ၆-ပုံ, ၆-စု ပြုသည်ရှိသော် တစ်ခုသည် စက္ခုမီးတောက်ဖို့ရန် ရသော ထင်းပုံထင်းစု ဖြစ်၏၊ အကြွင်းငါးခုလည်း အကြွင်း မီးတောက် ငါးခုနှင့် ဝေဖန်လေ။ ။ ထိုပုဂ္ဂိုလ်တို့မှာ မီးတစ်မျိုးကိုသာ မွေးမြူရ၏၊ ဤသတ္တဝါတို့မှာ မီးတောက်

www.dhammaransi.com



၆-မျိုး မီးအိုးကင်း ကြီး, ငယ် ၆-ခုကို မွေးမြူကြရ၏၊ ထိုမီး၏ အနိစ္စမှု, ပဋိစ္စသမုပ္ပါဒ်မှုထက် ဝေဒနာမီးတောက် ၆-ပါး၏ အနိစ္စမှု, ပဋိစ္စသမုပ္ပါဒ် အမှုသည်အလွန်ကြီးကျယ်လှ၏။ ။ ယခုမျက်မြင်လောက ရေသတ္တဝါ ကုန်းသတ္တဝါတို့ နေ့နေ့ ညည, အုန်းအုန်းတက် ကျွက်ကျွက်ဆူ သွား, လာ, ရပ်, ထိုင်, လုပ်ကိုင်ရှာဖွေမှု ကြီးကျယ်ပုံကို မြင်ကြလျှင် မီးတောက် ၆-ပါးအတွက် မီးစာ ထင်းမှုအလုပ် ဘယ်မျှ ကြီးကျယ်ကျပ်တည်းသည်ဟု မြင်နိုင်ရာ၏၊ မိမိတို့ ကျင်လည်၍ လာခဲ့သော အနမတဂ္ဂသံသရာဘဝ အဆက်ဆက်ကို ဤနည်းအတိုင်း မြင်နိုင်ရာ၏၊ သည်ကို ရည်၍-

အများ လောက၊ ရှိသမျှကို၊ ဒုက္ခပွားမှု၊ များစွာပြုသည်။ ။ သုခ
ဝေဒနာ-စွမ်းရည်တည်း-

ဟု ဆိုပေသည်။ ။ မီးပူဇော်သော ပုဏ္ဏားသည် ထိုမီးကို သာယာသော မိစ္ဆာအယူကို မစွန့်သမျှ ကာလပတ်လုံး သွားလေရာ, နေလေရာ မီးနှင့် စပ်သာ ဒုက္ခစက်ကွင်းကြီး အပြီး ထက်ကြပ် စွပ်လျက် ပါလေဘိသကဲ့သို့ ပုထုဇဉ် သတ္တဝါတို့မှာလည်း ထိုဝေဒနာကို ငါ-ဟု စွဲလမ်းသော သက္ကာယဒိဋ္ဌိကို မစွန့်သမျှ အနမတဂ္ဂ သံသရာ ကာလပတ်လုံး ရောက်လေရာရာ ဘဝ၌ ဒုက္ခစက်ကွင်းကြီး အပြီးစွပ်လျက် ပါ၍နေ၏၊အဘယ် ဒုက္ခများနည်းဟူမူ-

၁။ တစ်ခု တစ်ခုသော ဖြစ်ရာဘဝ၌ ထိုဝေဒနာ မီးတောက် ၆-ပါးနှင့် အသက်တမ်းစေ့, နေရအောင် အာရုံ, ဝတ္ထု မီးစာ ဆင်းရဲဒုက္ခ၊

၂။ နောက်ဘဝမှာ ထင်း, မီးစာ ပြည့်စုံစွာ ရခြင်းငှာ ရှေးရှေး ဘဝက တင်ကူး၍ ပြုကြရသော ဒါနမှု ဒုက္ခကြီး၊

၃။ သီလမှု ဒုက္ခကြီး၊

၄။ ကသိုဏ်း ဗြဟ္မဝိဟာရ ဘာဝနာ ဒုက္ခကြီး၊

ဤဒုက္ခမှုတို့သည် ဖြစ်လေရာရာ စွပ်လျက် ပါကုန်၏၊ ထိုဒါနမှု ဒုက္ခ, သီလမှု ဒုက္ခ, ဘာဝနာမှု ဒုက္ခစုကို မပြုပြန်လျှင် သုခ ၆-ပါးမှ လွတ်၍ အပါယ်ဘဝ ဒုက္ခကြီး ၆-ပါးသို့ မျောရလေ၏၊ ထိုပုဏ္ဏားသည် ထိုမိစ္ဆာအယူကို စွန့်၍ ထိုမီး လက်လွတ်သော အခါမှ မီးစာထင်းမှု ဒုက္ခငြိမ်းလေ၏၊ ထို့အတူ ဝေဒနာမီးတောက် ၆-ပါး၌ စွဲလမ်း တွယ်တာသော တဏှာ, ဒိဋ္ဌိကို စွန့်နိုင်သောအခါမှ သံသရာဒုက္ခ စက်ကွင်းကြီး

www.dhammaransi.com



ကျွတ်လွတ်၏၊ ဤသို့သော ပြန်ဘက် အနက် အဓိပ္ပာယ်ကိုလည်း ထိုလင်္ကာဝါကျဖြင့် ပြပေ၏။

ဆဋ္ဌပျို့လင်္ကာ အပြေ ပြီး၏။

## ဝေဒနာ ပစ္စယာ တဏှာ

# သတ္တမပျို့လင်္ကာ အပြေ

သုခဝေဒနာ၊ စွမ်းရည်ဖြာ၍၊ ရသာမြိန်ရွှမ်း၊ အစိမ့်မွှန်းသော်၊
သွန်းသွန်းဆူကြွ၊ ထိုသုခ၌၊ ပိယ ဟူသား၊ အချစ်ပွား၍-

ဟူသော လင်္ကာဝါကျ၌ အဆင်းသဏ္ဌာန်ကို မြင်သောအခါ စက္ခု အတွေ့ခေါ်သော စက္ခုသမ္ဖဿ၏ အာနုဘော်ကြောင့် ထိုအာရုံမှာ ရှုချင်ဖွယ်ကောင်းသော ဣဋ္ဌရသသည် ပေါ်ထွက်၍ လာ၏၊ ထိုအခါ ထိုအာရုံမှာပေါ်သော ဣဋ္ဌရသကို 'ကောင်းစွ-ကောင်းစွ-လှပတင့်တယ်စွ' ဟု ခံစား စံစားသော စက္ခုသမ္ဖဿဇာ သုခဝေဒနာသည် စိတ်သန္တာန်မှာ 'ရသာမြိန်ရွှမ်း၊ အစိမ့်မွှန်းလျက်၊ သွန်းသွန်းဆူကြွ' ဖြစ်ပေါ်၍ လာ၏၊ ခြောက်သွေ့သော ထမင်းကို ထောပတ်ရည် ဆမ်းလိုက်ဘိသကဲ့သို့ စိတ်သန္တာန် ရွှမ်းရွှမ်းစို၍ လာ၏၊ ညှိုးနွမ်းသော ပဒုမ္မာကြာကို အေးမြစွာသော သီတာရေချမ်း ဆွတ်လောင်းလိုက်သဖြင့် ရှင်လန်းဖွံ့ဖြိုး၍ လာသကဲ့သို့ စိတ်သန္တာန်ဖွံ့ဖြိုး၍ လာ၏၊ မျက်နှာ ရုပ်ရွှမ်း၍ စို၍ အသွေးအရည် တက်၍ လာ၏။ ။ ထိုကဲ့သို့ စက္ခုအပြင် စိတ်အစဉ်မှာ ရွှမ်းရွှမ်းစို တက်၍လာသော ထိုသုခဝေဒနာသည် စက္ခုအရသာ မည်၏၊ စက္ခုမြိန်ရှက်မှု မည်၏၊ စက္ခု ဆိမ့်အိမ်မှု မည်၏။

ထိုအခါ စက္ခုအရသာ, မျက်စိအရသာကို အဆိမ့်ခံလိုသော တဏှာရာဂ ဓာတ်ကြီးသည် တဖွားဖွား ပေါ်၍လာ၏၊ စိတ်အစေးပေါက်၍ လာ၏၊ မျက်စိအရသာ ကို အစိမ့်ခံလိုသည့် အတွက်နှင့် မျက်စိအရသာကို ဖန်ဆင်းတည်ထောင်၍ ပေးသော လှပသော အဆင်းသဏ္ဌာန်မှာလည်း ထိုတဏှာ ဖွဲ့စည်းတွယ်ကပ်လေ၏၊ လှပသော

www.dhammaransi.com



အဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော ထို၀တ္ထု ကိုယ်အထည်မှာလည်း ဖွဲ့စည်း တွယ်ကပ်၏၊ မလွတ်ချင် မခွာချင်သော စိတ်အမှု တိုး၍သာ လုံးထွေး သိမ်းပိုက်ချင်သော စိတ်အမှုကို ဖွဲ့စည်းတွယ်ကပ်ဟု ဆိုသည်။ ။ 'မျက်စိအရသာဟု ဆိုအပ်သော သုခဝေဒနာကို တွယ်တာသည့်အတွက်နှင့် ထိုအဆင်းသဏ္ဌာန်ကိုလည်းကောင်း၊ အဆင်းသဏ္ဌာန် ရှိသော ဝတ္ထုအထည်ကိုယ်ကိုလည်းကောင်း တွယ်တာပြန်သည်' ဟူသော စကား၌

ဥပမာကား-

သတ္တဝါတို့သည် အသက်ခန္ဓာကို အလွန်တွယ်တာ ကြကုန်၏၊ အသက်ခန္ဓာကို တွယ်တာသည့် အတွက်ကြောင့် အသက်ကို တည်ထောင်၍ ပေးနိုင်သော ထမင်းအစာကို တွယ်တာကြကုန်၏၊ ထမင်းကို တွယ်တာသည့်အတွက် ဆန်ကို တွယ်တာ၏၊ ဆန်ကို တွယ်တာသည့်အတွက် စပါးကို တွယ်တာ၏၊ စပါးကို တွယ်တာသည့်အတွက် နွား, ကျွဲ, လယ်, ယာ, မိုးမြေကို တွယ်တာ၏၊ ထိုအလုံးစုံကို တွယ်တာသည့်အတွက် ကြေးငွေကို တွယ်တာ၏၊ ဤသို့လျှင် တဏှာရာဂ မည်သည် ဝတ္ထုတစ်ခုကို တွယ်တာမိလျှင် ထိုတွယ်တာသော ဝတ္ထုတစ်ခုနှင့် စပ်လျဉ်းသမျှ အရာမက အထောင်မက-အဆင့်ဆင့် တွယ်တာမှု ပြန့်ပွား၍ သွားတော့သည်။ ။ ထို့အတူ စက္ခုသမ္ဖဿဇာဝေဒနာဟု ဆိုအပ်သော မျက်စိအရသာတစ်ခုကို တွယ်တာ ချစ်ကြိုက်မှုရှိသည့်အတွက် ကောင်းသော အဆင်းသဏ္ဌာန်ကိုလည်းကောင်း၊ ထိုအဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော သက်ရှိ, သက်မဲ့အထည်ဝတ္ထုကိုလည်းကောင်း၊ ထိုအထည်ဝတ္ထုနှင့် စပ်လျဉ်းသမျှတို့ကိုလည်းကောင်း တွယ်တာချစ်ကြိုက်မှု အဆင့်ဆင့် ပွား၍ သွားတော့သည်။

ဤစကား၌ မျက်စိအတွေ့ခေါ်သော စက္ခုသမ္ဖဿတရားသည်လည်း ဓမ္မ မည်၏၊ မျက်စိအရသာခေါ်သော စက္ခုသမ္ဖဿဇာဝေဒနာ တရားသည်လည်း ဓမ္မမည်၏၊ ထိုအရသာကို အစိမ့်ခံလိုသော တဏှာတရားသည်လည်း ဓမ္မ မည်၏၊ ထိုသုံးပါး၌ ချစ်ကြိုက် တွယ်တာသော တဏှာသည် ဓမ္မတဏှာ မည်၏၊ အဆင်းသဏ္ဌာန်၌ ချစ်ကြိုက်တွယ်တာသော တဏှာသည်သာလျှင် ရူပတဏှာ မည်၏။ ။ အထက် စကားစု၌ကား-ရူပတဏှာ၏ ရှေ့သွားနောက်လိုက်ဖြစ်သော တဏှာစုကို ရူပတဏှာနှင့် တစ်လုံးတည်း ပြု၍ ဆိုခဲ့ပေသည်။ ။ မုန်ညင်းစေ့ခန့် ပမာဏရှိသော မီးပွားသည် ယမ်းပုံ, အမှိုက်ပုံ၌ကျလျှင် ခဏချင်း ယမ်းပုံ အမှိုက်ပုံ အကုန် အနှံ့ပွားများနိုင်၏၊ ထို့အတူ ကျင်လည်နေကျ လောဘဝတ္ထုနှင့် စပ်လျဉ်းရာ အဆင်းကို မြင်ရုံမျှနှင့်လည်း ထိုဝတ္ထုတစ်ခုလုံး လောဘကွက် နှံ့ပွားအောင် ခဏချင်းပွားနိုင်၏၊ အသံကို

www.dhammaransi.com



ကြားရုံမျှနှင့်လည်း ပွားနိုင်၏၊ ဝတ်စား တန်ဆာ, နေထိုင်ရာကို မြင်ရုံမျှနှင့်လည်း ပွားနိုင်၏၊ တစ်စွန်းတစ်စကို ထိရုံမျှလည်း ပွားနိုင်၏၊ ထိုသို့ပွားရာတွင် အဆင်းကို ရှေ့တည်၍ ပွားသမျှကို ရူပတဏှာဟု သွင်း၍ ပြောဆိုထိုက်၏၊ အသံစသည်ကို ရှေ့တည်ပြု၍ ပွားသမျှကို သဒ္ဒတဏှာ စသည်ဟု သွင်း၍ ပြောဆိုထိုက်၏။

( ဤကား စက္ခုသမ္ဖဿဇာ ဝေဒနာကြောင့် တဏှာဖြစ်ပုံ အမြွက်တည်း။ )

အသံကို ကြား၍ သောတအတွေ့ကြောင့် ဖြစ်ပေါ်သော နားအရသာ, နားမြိန်ရှက်မှု, နားဆိမ့်အိမ့်မှုသည် သောတသမ္ဖဿဇာ ဝေဒနာ မည်၏၊ နားအရသာနှင့်တကွ သဒ္ဒါရုံ၌လည်းကောင်း၊ သဒ္ဒါရုံကို ပြည့်စုံစေနိုင်သော အဆောက်အအုံမျိုးတို့၌လည်းကောင်း ချစ်ကြိုက် ခင်မင်သော တဏှာသည် သဒ္ဒတဏှာ မည်၏။ ။ အနံ့ကို နံ၍ ဃာနအတွေ့ကြောင့် ဖြစ်ပေါ်သော နှာခေါင်းအရသာ, နှာခေါင်းမြိန်ရှက်မှု, နှာခေါင်းဆိမ့်အိမ့်မှုသည် ဃာနသမ္ဖဿဇာ ဝေဒနာမည်၏၊ နှာခေါင်းအရသာနှင့်တကွ ဂန္ဓာရုံ၌လည်းကောင်း, ဂန္ဓာရုံကို ပြည့်စုံစေနိုင်သော အဆောက်အအုံမျိုးတို့၌လည်းကောင်း ချစ်ကြိုက်ခင်မင်သော တဏှာသည် ဂန္ဓတဏှာ မည်၏။ ။ အချို, အချဉ် အစရှိသော ရသာရုံကို သုံးဆောင်ရ၍ ဇိဝှါအတွေ့ကြောင့် ဖြစ်ပေါ်သော လျှာအရသာ, လျှာမြိန်ရှက်မှု, လျှာဆိမ့်အိမ့်မှုသည် ဇိဝှါသမ္ဖဿဇာ ဝေဒနာမည်၏၊ လျှာအရသာနှင့်တကွ ရသာရုံ၌လည်းကောင်း၊ ရသာရုံကို ပြည့်စုံစေနိုင်သော အဆောက်အအုံမျိုးတို့၌လည်းကောင်း ချစ်ကြိုက်ခင်မင်သော တဏှာသည် ရသတဏှာ မည်၏။

နူးညံ့သော ဖောဋ္ဌဗ္ဗဝတ္ထုတို့နှင့် ပေါင်းဖက်၍ ကိုယ်အင်္ဂါအတွေ့ကြောင့် ဖြစ်ပေါ်သော ကာယအင်္ဂါအရသာသည် ကာယသမ္ဖဿဇာဝေဒနာမည်၏၊ ထိုကာယအရသာနှင့်တကွ ဖောဋ္ဌဗ္ဗဝတ္ထုတို့၌လည်းကောင်း၊ ဖောဋ္ဌဗ္ဗဝတ္ထုကို ပြည့်စုံစေနိုင်သော ယရာဝါသ အဆောက်အအုံတို့၌လည်းကောင်း ချစ်ကြိုက်ခင်မင်သော တဏှာသည် ဖောဋ္ဌဗ္ဗ တဏှာမည်၏။ ။ ပြဆိုခဲ့ပြီးသော အာရုံငါးပါးတို့မှ ကြွင်းသော မိမိသန္တာန်, သူတစ်ပါး သန္တာန်တို့၌ စက္ခုပြည့်စုံမှု, သောတပြည့်စုံမှု, ဃာနပြည့်စုံမှု, ဇိဝှါပြည့်စုံမှု, ကာယပြည့်စုံမှု, သဒ္ဓါဂုဏ်, သီလဂုဏ်, သုတဂုဏ်, ပညာဂုဏ်, ဉစ္စာဂုဏ်, ခေဂုဏ်, ဣဿာ-မစ္ဆရိယဂုဏ်, ဗလဂုဏ်, မာနဂုဏ်, သူရဂုဏ် အစရှိသော ကောင်းသော

www.dhammaransi.com



ဓမ္မ, မကောင်းသော ဓမ္မတို့သည် အသီးသီးရှိကြကုန်၏၊ တစ်ခုခုသော ဓမ္မကို အာရုံပြု၍ စိတ်အတွေ့, နှလုံးအတွေ့ကြောင့် ဖြစ်ပေါ်သော စိတ်အရသာ မနောအရသာ - စိတ်မြိန်ရှက်မှု, မနောမြိန်ရှက်မှု, စိတ်ဆိမ့်အိမ့်မှု, မနောဆိမ့်အိမ့်မှုသည် မနော- သမ္ဘဿဇာ ဝေဒနာမည်၏၊ ထိုစိတ်အရသာနှင့်တကွ ကောင်းသော ဓမ္မ, မကောင်း သော ဓမ္မတို့၌လည်းကောင်း၊ ထိုဓမ္မတို့ကို ပြည့်စုံစေနိုင်သော လောကဓမ္မအဆောက် အအုံတို့၌လည်းကောင်း ချစ်ကြိုက်ခင်တွယ်သော တဏှာသည် ဓမ္မတဏှာမည်၏။ ။ ဤအရာ၌ ဓမ္မဆိုသည်ကား ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဟူသော အာရုံငါးပါးကို ချန်လှပ်၍ ကြွင်းသမျှအလုံးစုံသည် ဓမ္မာရုံ မည်၏၊ ထို့ကြောင့် လောဘ ပွားများသော အမှုကို ပြုပြီးနောက် ထိုလောဘအမှုကိုပင် ပြုပုံ, မှုပုံ အရာနှင့် တကွ အမှတ်ရတိုင်း သာယာသော နောက်တဏှာသည် ရှေးဖြစ်သော လောဘ ဓမ္မလျှင် အာရုံရှိသော ဓမ္မတဏှာမည်၏။

ထို့အတူ ဒေါသမှုကို စိတ်တိုင်းကျ ပြုရ၍ ပြုပုံအမှုအရာနှင့်တကွ ပြောကာ, ဆိုကာ, ရယ်ကာ, ပြုံးကာ, ထိုဒေါသကို သာယာသော တဏှာသည် ဓမ္မတဏှာ မည်၏၊ ထို့အတူ မာနမှု, ဒိဋ္ဌိမှု, သဒ္ဓါမှု, ပညာမှု, ဒါနမှု, သီလမှု, ဘာဝနာမှု, ပါဏာတိပါတမှု, အဒိန္နာဒါနမှု, ကာမေသု မိစ္ဆာစာရမှု စသည်ဖြင့် အကျယ်ဆိုလေ၊ ဓမ္မ တဏှာနယ် အလွန် ကျယ်ဝန်း များပြား၏။

( ကြွင်းကျန်သော အဓိပ္ပါယ် အကျယ်ကိုလည်း ဥပမာနှင့်တကွ စက္ခုဒွါရ ရူပတဏှာတို့၌ ပြဆိုခဲ့ပြီးသော နည်းအတိုင်း နောက်ဒွါရငါးပါး တဏှာငါးပါး တို့၌ သိလေ။ )

ဤလူ့လောက, နတ်လောကတို့၌ ရှိရှိသမျှသော ဘုံဗိမာန်, ပဒေသာ, ဥယျာဉ်, ဆင်, မြင်း, ရထား, ကျွဲ, နွား, လယ်, ယာ, ရတနာ, ရွှေ, ငွေ, ရေ, မြေပတ်ကုံး အသုံးမျိုး အဆောင်မျိုးတို့ကိုလည်းကောင်း၊ နတ်သမီး-နတ်သား, ယောကျ်ား-မိန်းမ, ဟူသမျှကိုလည်းကောင်း အာရုံအားဖြင့် ခြောက်စုပြုသည်ရှိသော် ရူပတဏှာဖို့ တစ်စု, သဒ္ဒတဏှာဖို့ တစ်စု, ဂန္ဓတဏှာဖို့ တစ်စု, ရသတဏှာဖို့ တစ်စု, ဖောဋ္ဌဗ္ဗတဏှာဖို့ တစ်စု, ဓမ္မတဏှာဖို့ တစ်စု တို့အားဖြင့် ခြောက်ပုံ ခြောက်စုရ ၏။ ။ မီးပူဇော်သော ပုဏ္ဏား ဥပမာ၌ ရရသမျှသော ထောပတ်, ဆီ, ပျား, ထင်း, သစ်သားတို့သည် မီးဖို့ချည်း ဖြစ်ကုန်သကဲ့သို့ တဏှာဖို့ချည်း ဖြစ်ကြကုန်၏။ ။

www.dhammaransi.com



ထိုပုဏ္ဏားကို မီးကိုလုပ်ကျွေးမွေးမြူ ပူဇော်သောသူ-ဟု ဆိုသကဲ့သို့ ဥစ္စာခနေ ဘောဂ သမ္ပတ္တိအတွက်နှင့် နေ့နေ့ ညည တရှရှ အားထုတ်ကြသော သတ္တဝါတို့လည်း တဏှာ လုပ်ကျွေးမွေးမြူသော သူတို့ဟူ၍ ဆိုသင့် ဆိုထိုက်ကုန်၏၊ သည်ကို ရည်၍-

ထိုသုခ၌၊ ပိယဟူသား၊ အချစ်ပွား၍၊ ခြောက်ပါးဝေဒနာ၊ မြိန်ရှက်စွာကို၊ လွယ်ကာ မနှေး၊ လိုတိုင်းပေးသည့်၊ သူဌေးရတနာ၊ ပမာ အလား၊ ကြင်မယား နှင့်၊ ဝတ်စားရွှေ, ငွေ၊ လယ်မြေ လုပ်ခင်း၊ ထမင်းဘောဇဉ်၊ သဘင်ပွဲလမ်း၊ အဆန်းဆန်းတည့်၊ ပန်းမျိုးနံ့သာ၊ အဖြာဖြာလျှင်၊ ရူပါရမ္မဏ၊ စသည်အပုံ၊ ပဥ္စာရုံနှင့်။ ။ ခြောက်စုံဖဿ၊ စက္ခုစသား၊ ဒွါရခြောက်မည်၊ အကြည် အလင်း၊ ကိုယ်တွင်းဓာတ်နု၊ အစုစုလျှင်၊ဗဟုဘေဒါ၊ များပြား စွာသည်၊ ဓမ္မာ ရမ္မဏ။ ။ ကာမဝတ္ထု၊ အစုအပုံ၊ ခြောက်အာရုံ၌၊ ခုံတမင်မင်၊ ခင်တ များများ၊ နေ့စဉ်ပွား၍-

ဟု ဆိုပေသည်၊ 'သူဌေးရတနာ၊ ပမာအလား' ဟူသော စကား၌ မန္ဓာတ် စကြာမင်းကြီး တို့မှာ အလိုရှိတိုင်း အသုံးခံ သူဌေးရနာကြီးရှိမြဲတည်း။ ။ 'ခြောက်ပါးဝေဒနာ၊ မြိန်ရှက်စွာကို၊ လွယ်ကာမနှေး၊ လိုတိုင်းပေးနိုင်သော ကြင်မယားနှင့် ဝတ်စား ရွှေ ငွေ စသည်သည် ထိုသူဌေးရတနာကြီးနှင့်အလား တူ၏၊ ထိုအသုံးခံ သူဌေးကြီးရတနာ ကဲ့သို့ မိမိသန္တာန်၌ မျက်စိ အရသာ-နားအရသာ အစရှိသော ခြောက်ပါး ဝေဒနာကို လွယ်ကာ မနှေး လိုတိုင်းပေးသည့် အတွက်ကြောင့် ကြင်မယားနှင့် ဝတ်စားတန်ဆာ ရတနာ ရွှေ ငွေ အစရှိသော ကာမဝတ္ထုအစုအပုံ ခြောက်အာရုံ၌ ခုံတမင်မင် ခင်တများများ တဏှာပွား၍ နေကြကုန်၏-ဟူလိုသည်။

ဤလင်္ကာပုဒ်၌ 'ခြောက်စုံဖဿ၊ စက္ခု စသား၊ ဒွါရ ခြောက်မည်၊ အကြည် အလင်း' စသည်တို့ကား ဓမ္မာရုံတို့ ပေတည်း။ ။ 'ခုံတမင်မင်၊ ခင်တများများ၊ နေ့စဉ်ပွား၍၊ တရားအချက်၊ သဘောနက်ကို၊ အိပ်မက်တွင်မျှ၊ မမြင်ကြပဲ၊ ကာမ ထောင်တွင်း၊ ခန္ဓာကင်းသည်၊ ခြောက်သင်းတဏှာ စွမ်းရည်တည်း' ဟူသော နောက် စကားသည်ကား-အနမတဂ္ဂ ဘဝတို့၌ ဖြစ်၍ လာခဲ့ကြသော အမှုသွားကို ဆိုသော စကားတည်း။ ။ 'တရားအချက်၊ သဘောနက်ကို' ဟူသည်ကား အဝိဇ္ဇာအရာ၌ ပြဆိုခဲ့သော သစ္စာလေးပါး တရားအချက် သဘောနက်ကို ဆိုသတည်း။ ။ ဤဖဿ ခြောက်ပါး, ဝေဒနာခြောက်ပါး, တဏှာခြောက်ပါးအရာနှင့် လျော်စွာဆိုမှုကား ဖဿ သည်လည်း တရားနက်တစ်ခု, ဝေဒနာသည်လည်း တရားနက်တစ်ခု, တဏှာ သည်လည်း တရားနက်တစ်ခု။ ။ ဖဿသည် အဘယ်သို့ နက်နဲသနည်း ဟူမူ-

www.dhammaransi.com



စက္ခုအတွေ့သည် ဓာတ်တစ်မျိုးတည်း၊ အဆင်းသဏ္ဌာန်နှင့် စက္ခုအကြည် တွေ့ဆိုင် ဆုံဆည်း၍ နေခိုက်၌သာ တဖွားဖွားဖြစ်ပေါ်၍ နေ၏၊ အဆုံအဆည်း ပျက်လျှင် ချုပ်ပျက် ကွယ်ပျောက်လေ၏ဟူ၍ ဖဿကို ဓာတ်အသီးတစ်ခု အာဂန္တု အနေနှင့် ထင်မြင်နိုင်ရန် အလွန်နက်နဲ၏။

မိမိ သန္တာန်၌ ဤအခါကား စက္ခုအတွေ့ရှိ၏ - ဤအခါကား စက္ခုအတွေ့ မရှိဟု သိကြ၏၊ ဖဿဓာတ်ပေါ်မှု, ဖဿဓာတ် ချုပ်ကွယ်ပျက်ဆုံးမှုဟု မသိကြ။ ။ ထို့အတူ စက္ခုအရသာ ဆိုသည်ကား ဓာတ်တစ်မျိုးတည်း၊ ထိုဖဿရှိဆဲအခါ၌သာ တဖွားဖွားဖြစ်ပေါ်၍ နေ၏၊ ထိုဖဿ ချုပ်ပျောက်လျှင် ချုပ်ပျောက်၏ ဟူ၍ ဝေဒနာကို ဓာတ်အသီးတစ်ခု အာဂန္တုအနေနှင့် ထင်မြင်နိုင်ရန် အလွန်နက်နဲ၏။ ။ စက္ခုအရသာ ရှိခိုက်-မရှိခိုက်ကိုကား သိကြ၏၊ ဝေဒနာဓာတ်ပေါ်မှု, ဝေဒနာဓာတ် ချုပ်ဆုံးမှုဟူ၍ မသိကြ၊ ရူပတဏှာကိုလည်း ထိုနည်းတူသိလေ။

ဖြစ်ပေါ်မှု, ချုပ်ပျောက်မှု၌ ဥပမာကား လူသည် မှန်ကြည့်ရာ၌ စက္ခုအကြည်သည် မှန်အပြင်နှင့် အလားတူ၏၊ အဆင်းသဏ္ဌာန်စုသည် မျက်နှာနှင့်အလား တူ၏၊ ဖဿ, ဝေဒနာ, တဏှာ ဓာတ်စုသည် မှန်အပြင်မှာ ပေါ်သော မျက်နှာရိပ်နှင့်တူ၏၊ မှန်နှင့် မျက်နှာတွေ့ဆိုင်ဆဲ ခဏ၌သာ မျက်နှာရိပ်ပေါ်ရှိ၏၊ မျက်နှာလွှဲလျှင် ထိုအရိပ် ပျောက်ဆုံး၏၊ အရိပ်ကို မြင်လိုပြန်လျှင် တစ်ဖန် ကြည့်ရပြန်၏၊ မျက်နှာ လွှဲလျှင် ချုပ်ပျောက်မြဲ ချုပ်ပျောက်ပြန်ကုန်၏၊ အရိပ်သည် ဓာတ်တစ်မျိုးတည်း၊ မှန်အပြင်နှင့် မျက်နှာအပြင် တွေ့ဆိုင်မှုတန်းလန်းရှိနေမှ ထိုတွေ့ဆိုင်မှုကို စွဲ၍ဖြစ်ပေါ် တည်ရှိနိုင်သည် တွေ့ဆိုင်မှုပျက်ပြန်၍ စွဲစရာမရှိပြန်လျှင် အရိပ်ပျောက်ပျက်ရပြန်၏၊ ဤကား ခပ်သိမ်းသော ပဋိစ္စသမုပ္ပါဒ်တရားမျိုးတို့၏ ပဋိစ္စသမုပ္ပါဒ်သဘောတည်း၊ ဤစက္ခု၏ ဆိုင်ရာ ဖဿ, ဝေဒနာ တဏှာသုံးပါးသည်လည်း ပဋိစ္စသမုပ္ပါဒ်မျိုးချည်းသာတည်း။

အထက်က ပြဆိုခဲ့ပြီးသော ယပ်လေ ဥပမာ-ရေဥပမာ တို့ဖြင့်လည်း ကိုယ်၌ ဖြစ်ပေါ်သော ဖဿ, ဝေဒနာ, တဏှာတို့၏ ပဋိစ္စသမုပ္ပါဒ်သဘောသည် ထင်ရှား၏ ယပ်လေ ပေး၍ နေဆဲအခါ၌ ကောင်းသော ကိုယ်အတွေ့-ချမ်းသာသောကိုယ်အရသာ ပေါ်ရှိ၍ နေသည်လည်း ထင်ရှား၏၊ ယပ်လေ ပြတ်လပ်ပြန်လျှင် ထိုအတွေ့-ထို အရသာ ချုပ်ပျောက်ပြန်သည်လည်း ထင်ရှား၏၊ ပူအိုက်သော မကောင်းသော ကိုယ် အတွေ့-မချမ်းသာသော ကိုယ်အရသာဓာတ်တစ်မျိုး ကိုယ်၌ ပေါ်ပြန်သည်လည်း ထင်ရှား၏၊ ကိုယ်တိုင် တွေ့ကြသော ဒိဋ္ဌမှုပေတည်း၊ ထိုသို့သိကြ ထင်ရှားကြသော်လည်း

www.dhammaransi.com



ထိုအတွေ့-ထိုအရသာကို ဓာတ်အသီး-ပရမတ္ထဓမ္မအသီးဟု မသိကြ၊ မမြင်ကြ၊ ငါ တွေ့သည် - ငါချမ်းသာသည် - ငါကောင်းသည်ဟု ငါနှင့် တစ်ခုတည်း ပြု၍ မြင်ကြ ထင်ကြ စွဲလမ်း၍ နေကြ၏။

ပုဂ္ဂိုလ် မဟုတ်-သတ္တဝါ မဟုတ်- ငါ မဟုတ်-သူ မဟုတ်၊ ဓာတ်အသီး-ပရမတ္ထဓမ္မအသီး အနေနှင့် ခြားနား ထင်ရှားစွာ မြင်နိုင်, ထင်နိုင်မှု ဖြစ်မှု ပျက်မှု အာဂန္တုကိစ္စ ပဋိစ္စသမုပ္ပါဒ်သဘောကို ထင်နိုင်မြင်နိုင်မည်၊ ငါ-နှင့် တစ်ခုတည်းပြု၍, ငါပြု၍ ထင်နေသမျှ ကာလပတ်လုံး ပဋိစ္စသမုပ္ပါဒ်သဘော မထင်နိုင်-မမြင်နိုင်၊ 'ငါ' ဆိုသည်ကား တစ်ဘဝလုံး တစ်သက်လုံးမှ 'တစ်ငါ' သာတည်း၊ တစ်ဘဝ၌ မသေမီအတွင်း အသစ် အသစ် ဖြစ်ပေါ်နေသည်ဟူ၍ မယူကြ၊ ချုပ်သည် ပျက်သည်-ကွယ်ပျောက်သည်ဟူ၍ မယူကြ၊ ထိုကိုယ်သန္တာန်မှာ ကောင်းသော အတွေ့ - မကောင်းသော အတွေ့-ကောင်းသောကိုယ်အရသာ, မကောင်းသောကိုယ်အရသာတို့ကိုမူကား ကိုယ်၌ ပေါ်ရှိ၍ နေသည်ကိုလည်း သိကြ၏၊ ချုပ်ကွယ် ပျောက်ပျက်၍ မရှိပြန်သည်ကိုလည်း သိကြ၏၊ ငါကို သိမှု တစ်လမ်း, ထိုဓာတ်တို့ကို သိမှု တစ်လမ်းမနေလော။

အကယ်၍ ကောင်းသောအတွေ့, ကောင်းသော အရသာတို့သည် ငါဖြစ်ကုန်ငြားအံ့၊ ဘဝ မဆုံးမချင်း 'ငါ' အမြဲ တည်သကဲ့သို့ ထိုအတွေ့, ထိုအရသာတို့လည်း တည်ကြရကုန်မည်၊ အကယ်၍ ငါသည် ထိုအတွေ့, ထိုအရသာတို့နှင့် တစ်ခုတည်း ဖြစ်ငြားအံ့၊ ထိုအတွေ့ထိုအရသာတို့ကို ယခုကိုယ်မှာ ဖြစ်ပေါ်ရှိနေပြန်ပြီ၊ ယခု ပျောက်ကွယ် ချုပ်ဆုံး၍ ကုန်ပြန်ပြီဟု သိကြသောအခါ ငါ-ဖြစ်ပေါ် ရှိနေပြန်ပြီ၊ ယခု ငါ-ပျောက်ကွယ် ချုပ်ဆုံး၍ ငါမရှိပြန်ပြီဟု တည်ခုတည်း- တစ်ခုတည်း သိကြကုန်ရာသည်၊ 'ငါ' ကို တစ်ဘဝ အတွင်းမှာ ဘယ်အခါမှ ပျောက်ကွယ် ချုပ်ဆုံးသည်ဟူ၍ မယူကြ၊ ထိုအမှုတို့ကိုကား ကိုယ်သန္တာန်မှာ ဖြစ်သည့် အခါ-မဖြစ်သည့်အခါ-ရှိသည့်အခါ-မရှိသည့်အခါဟု သိကြ ယူကြကုန်၏၊ ဤအချက် ကို ထင်ရှားအောင် ဆိုဦးအံ့ - မှန်အပြင်မှာ ပေါ်သော မျက်နှာရိပ်သည် မှန်သား လည်း မဟုတ်၊ မျက်နှာလည်း မဟုတ်၊ အာဂန္တု သက်သက်တည်း၊ မှန်သားနှင့် မျက်နှာ ဆိုင်မိမှုကို စွဲ၍ ဖြစ်ပေါ်သော ပဋိစ္စသမုပ္ပါဒ်မျိုးတည်း၊ ထို့ကြောင့် မှန်သားနှင့် မျက်နှာ ဆိုင်မိမှုဟူသော စွဲရာ ပျက်ခဲ့လျှင် ကွယ်ပျောက်လေ၏။

ရေထဲမှာ ထင်နေသော နေဝန်းသဏ္ဌာန်, လဝန်း သဏ္ဌာန်, လူရိပ် သဏ္ဌာန် စသော အရိပ်သဏ္ဌာန်စု-နေရောင်, မီးရောင်ကြောင့်ဖြစ်သော သစ်ပင်ရိပ်, လူရိပ်

www.dhammaransi.com



သဏ္ဌာန်စုတို့လည်း ထို့နည်းအတူ အာဂန္တု ဓာတ် ပဋိစ္စသမုပ္ပါဒ်မျိုးတို့တည်း၊ ထိုသတ္တဝါတို့၏ သန္တာန်၌ လောဘသည် ဓာတ် အာဂန္တုတည်း၊ လူတို့၏ ကိုယ်သန္တာန်မှာ ပိုးမျိုးရစ်ဆယ်တို့သည် ကိုယ်နှင့် အပြည့် ရှိကုန်၏၊ ထိုပိုးတို့သည် ကိုယ်တွင်းသန္တာန်မှာ ဖြစ်ခွင့် ဆိုက်သောအခါ ဖြစ်ပေါ်၍-ပျောက်ဆုံးခွင့် ဆိုက်သောအခါ ပျောက်ဆုံး၍ နေကြကုန်သော အာဂန္တုတို့သာတည်း၊ ကိုယ်အင်္ဂါအတွင်းမှာ ဖြစ်စေ-အပမှာဖြစ်စေ ပုပ်ရိသော အနာအို အနာမင်း ရှိခဲ့သော်ႇသံသေဒဇပိုးတို့သည် ဖြစ်လာကုန်၏၊ ထိုပိုးတို့လည်း အာဂန္တုတို့သာတည်း၊ ထိုအတူ ဤလောဘဓာတ်သည်လည်း စိတ်အစဉ်မှာ ဖြစ်ပေါ်ခွင့် ဆိုက်သောအခါ ဖြစ်ပေါ်၍-ပျောက်ကွယ်ခွင့် ဆိုက်သောအခါ ပျောက်ကွယ် ပျက်ဆုံး၍ နေသော ဓာတ်အာဂန္တုသာတည်း၊ ပုဂ္ဂိုလ် မဟုတ်-သတ္တဝါ မဟုတ်-ငါ မဟုတ်-သူ မဟုတ်-မိန်းမ မဟုတ်-ယောကျ်ား မဟုတ်-ဘယ်သူမှ မဟုတ်။

ထိုလောဘဓာတ် အာဂန္တုကို မိမိ သန္တာန်မှာ ဖြစ်ပေါ်လာစေလိုလျှင် လောဘဖြစ်နေကျ အာရုံသို့ စိတ်ကို ရှေးရှုတေ့ဆိုင်၍ပေး၊ သူနာ၏ကိုယ်မှာ သရဲ ပူးဝင်၍ လာသကဲ့သို့ စိတ်အစဉ်မှာ ခဏချင်း လောဘ ပူးဝင်၍ လာ၏၊ မှန်အပြင်မှာ အရိပ်ဓာတ် ပေါ်၍လာသကဲ့သို့ ခဏချင်း လောဘအာဂန္တုဓာတ် ဖြစ်ပေါ်၍လာ၏၊ ပူးဝင်ဖြစ်ပေါ် ထကြွ ပွားများ၍နေသော ထိုလောဘဓာတ်ကို ကွာစေလိုသော် အသုဘကို နှလုံးသွင်း-ခဏချင်း လောဘ အာဂန္တုဓာတ် ကွာလေ၏၊ ဆေးကောင်း ဝါးကောင်းနှင့် လုပ်လျှင် သူနာမှာ သရဲ ထွက်ခွာလေ သကဲ့သို့တည်း၊ သရဲထွက်ခွာ၍ သွားသည်မှာ လောဘအာဂန္တုဓာတ်မှာ မှန်၌ မျက်နှာရိပ် ပျောက်ဆုံးသကဲ့သို့ ပျောက်ကွယ်သေဆုံး၍ သွားသည်ကို အခွါဆိုသည်၊ လောဘ ဖြစ်ပေါ်သည်ကိုလည်း ဖြစ်ပေါ်မှန်း သိကြ၏၊ လောဘ ကင်းကွာသည်ကိုလည်း ကင်းကွာမှန်း သိကြ၏၊ အာဂန္တုက သဘာဝဓာတ် အသီးဟု ခြားနား၍ကား မသိကြ၊ ပဋိစ္စသမုပ္ပါဒ် ဓာတ်အသီးဟူ၍ကား မသိကြ၊ ထိုသို့ မသိကြသည့်အတွက်ကြောင့် သက္ကာယဒိဋ္ဌိနှင့်အပ အာဂန္တုကို ငါ ပြု၍ စွဲလမ်းကြ၏။

ငါ မဟုတ်၊ ပြဆိုခဲ့ပြီးသော ပိုးသတ္တဝါတို့နှင့် မှန်အပြင်မှာ မျက်နှာရိပ်တို့ကဲ့သို့ အာဂန္တုဓာတ် သက်သက်သာတည်း၊ ပဋိစ္စသမုပ္ပါဒ်မျိုး သက်သက်သာတည်း၊ ထင်နိုင်ခဲစွ, မြင်နိုင်ခဲစွ, သက္ကာယဒိဋ္ဌိကို တွန်းလှန်နိုင်ခဲစွ၊ မောဟအဝိဇ္ဇာ မှောင်ဇရောကို ခွာနိုင်ခဲစွ။ ။ ထို့အတူ ဒေါသဓာတ်သည်လည်း အာဂန္တုဓာတ်သာတည်း၊ ပဋိစ္စ-သမုပ္ပါဒ်မျိုးသာတည်း၊ ပုဂ္ဂိုလ်မဟုတ် သတ္တဝါ မဟုတ်, ငါ မဟုတ်, ဘယ်သူမှ မဟုတ်၊ မိမိ သန္တာန်, သူတစ်ပါး သန္တာန်တို့၌ ဒေါသဖြစ်လျှင်လည်း ဖြစ်သည်ဟု သိကြ၏၊

www.dhammaransi.com



ချုပ်ငြိမ်းလျှင်လည်း ချုပ်ငြိမ်းပြီဟု သိကြ၏၊ ပုဂ္ဂိုလ် မဟုတ်၊ သတ္တဝါ မဟုတ်ဟု ထင်ဖွယ်, မြင်ဖွယ် ကောင်းလှ၏၊ ပုဂ္ဂိုလ် သတ္တဝါမှာ မသေမီအတွင်း ထိုကဲ့သို့ ဖြစ်မှု ချုပ်မှုမရှိ၊ ကြွင်းသော နာမ်ဓာတ်ပေါင်း ၅၁-တို့၌လည်း ပြဆိုခဲ့ပြီးသော ဥပမာစုနှင့် တကွ ဓာတ်အသီးသီး ဖြစ်ကြပုံ - အာဂန္တု သက်သက် ဖြစ်ကြပုံ, ပဋိစ္စသမုပ္ပါဒ်မျိုး ဖြစ်ကြပုံကို ဝေဖန်၍ သိရာ၏။

ရုပ်ဓာတ်မျိုးတွင် - သီတမီးဓာတ်, ဥဏှမီးဓာတ် နှစ်ပါးတို့၏ ဓာတ် အသီးသီး ဖြစ်ပုံ - အာဂန္တုဖြစ်ပုံ - ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံကို အနည်းငယ်မျှ ပြဆိုအံ့၊ မိမိကိုယ်တွင်း ကိုယ်ပမှာ အခါအခွင့် အားလျော်စွာ ချမ်းမှု, အေးမှုဖြစ်၍ လာသည်ကို လည်း သိကြ၏၊ အချမ်း, အအေးချုပ်ပျောက်၍ သွားသည်ကိုလည်း သိကြ၏၊ ပူမှု, နွေးမှု ဖြစ်၍လာသည်ကိုလည်း သိကြ၏၊ အပူ အနွေး ချုပ်ပျောက်သွားသည်ကိုလည်း သိကြ၏၊ ဤသို့ အခိုက်အလှည့်အားဖြင့် ချမ်းမှု, အေးမှု, ပူမှု, နွေးမှုတို့၏ ဖြစ်ပေါ် တည်ရှိမှု - ချုပ်ပျောက်သေဆုံးမှုကို မြင်ကြသဖြင့် သီတဟူသည် ဓာတ်အသီးအခြား တည်း၊ ဥဏှဟူသည် ဓာတ်အသီးအခြားတည်း၊ ပုဂ္ဂိုလ်မဟုတ် သတ္တဝါမဟုတ်-ငါ မဟုတ်-သူ မဟုတ်-ဓာတ်အာဂန္တုစု သာတည်း၊ တစ်နေ့, တစ်ရက် အတွင်းမှာပင် အခါတစ်ရာမက ကိုယ်တွင်းမှ ဖြစ်ပေါ်၍ အခါတစ်ရာမက ပျောက်ကွယ် သေဆုံး၏။

ကိုယ်တွင်းသန္တာန်၌ ပူ၍, အိုက်၍ နေသည်ရှိသော်ယပ်လေခံလျှင်, ရေချိုး လျှင် အပူ အအိုက် ခဏချင်း ပျောက်၏ဟု သိကြ၏၊ 'ပျောက်' ဆိုသည်ကား ဓာတ်၏ သေဆုံးခြင်းဟူသော ခဏိကမရဏဓာတ် တစ်ခုပေတည်း၊ အနိစ္စဟူသော ဓာတ်တစ်ခု ပေတည်း၊ ထို့ကြောင့် အပူအအိုက် ပျောက်မှုမည်သည်ကား ကိုယ်တွင်း၌ ဥဏှတေဇော ၏ ချုပ်ပျက်မှု, သေဆုံးမှု-အနိစ္စရောက်မှုကို ဆိုသည်ဟု သိကြ၏၊ အထက်က ပြဆိုခဲ့ပြီး သော လောဘ ပျောက်ကွယ်မှု၊ ဒေါသ ပျောက်ကွယ်မှုတို့၌လည်း မရဏဓမ္မ-အနိစ္စဓမ္မ တို့ကို ပျောက်ကွယ်မှု ဆိုသည်၊ 'သေမင်း-သေမင်း' ဟု ဆိုကြသည်လည်း ထိုသို့သော ပျောက်ကွယ် ချုပ်ဆုံးမှုတို့ကို ဆိုသည်၊ စက္ခုအတွေ့ ပျောက်ကွယ်မှု, စက္ခုအရသာ ပျောက်ကွယ်မှု စသည်တို့၌လည်း ဤနည်းအတူ သိလေ၊ ယပ်လေခံလျှင်-ရေချိုးလျှင် ကိုယ်တွင်းမှာ ခဏချင်း အေးချမ်းမှု ပေါ်၏ဟု သိကြ၏၊ 'ပေါ်' ဆိုသည်ကား ဓာတ်တို့၏ ပေါက်ဖွားခြင်းဟူသော ခဏိကဇာတိဓာတ် တစ်ခုပေတည်း၊ ဇာတိ, ဇရာ, မရဏ သုံးပါးတွင် ဇာတိပေတည်း၊ လောက၌ ဖြစ်သည်, ပေါ်သည်ဟူ၍ ဆိုကြသမျှကို ဇာတိဓမ္မချည်းမှတ်။

www.dhammaransi.com



ယပ်လေခပ်မှု မရှိပြန်လျှင် ကိုယ်သန္တာန်မှာ ထိုအေးချမ်းမှုဟူသော သီတ ဓာတ်စု ချုပ်ပျောက်ပြန်ကုန်၏၊ မရဏဓမ္မသို့ ရောက်ကြပြန်ကုန်၏၊ အနိစ္စဓမ္မသို့ ရောက်ကြပြန်ကုန်၏၊ ပူအိုက်မှုဟူသော ဥဏှဓာတ်တို့ ဖြစ်ပေါ်ပြန်ကုန်၏၊ ဤသို့လျှင် တစ်နာရီမျှကာလ အတွင်းမှာပင် ကိုယ်သန္တာန်အတွင်းမှာ အရာ အထောင် မကသော ဇာတိမှု, အရာ အထောင် မကသော မရဏမှု, အနိစ္စမှုတို့ကို တွေ့ကြုံ ထင်ရှား သိရှိ၍ နေကြကုန်၏၊ ထိုသို့ တွေ့ကြုံသိရှိ၍ နေကြပါကုန်လျက် မောဟ အဝိဇ္ဇာ ဖုံးလွှမ်းချက်ကြောင့် ကိုယ်တွင်းမှာ ပူမှု, အိုက်မှုကို ဓာတ်အသီးဟု မသိကြ၊ ချမ်းမှု, အေးမှုကို ဓာတ်အသီးဟု မသိကြ၊ ထိုဓာတ်တို့၏ ဖြစ်ပေါ်မှုကို ဇာတိဓမ္မ အသီးဟု မသိကြ၊ ထိုဓာတ်တို့၏ ကိုယ်တွင်းသန္တာန်ဝယ် ပျောက်ကွယ်မှုကို မရဏဓမ္မကြီးတစ်မျိုး, အနိစ္စဓမ္မကြီး တစ်မျိုးဟု မသိကြလေကုန်။

မသိကြသည့်အတွက်ကြောင့် ငါ ပူသည်၊ ငါ အိုက်သည်၊ ငါ အေးသည်၊ ငါ ချမ်းသည်ဟု သက္ကာယဒိဋ္ဌိ ငရဲမီး ပွား၍သာ နေကြကုန်သည်၊ ကြွင်းသော ရုပ်ဓာတ် တို့၌လည်း ဓာတ်အသီးသီး ဖြစ်ကြပုံ-အာဂန္တု သက်သက် ဖြစ်ကြပုံ-စွဲရာရှိမှ ဖြစ်ပေါ် ၍-စွဲရာ ပျောက်ပျက်လျှင် ပျောက်ပျက်သော ပဋိစ္စသမုပ္ပါဒ်မျိုးချည်း ဖြစ်ကြပုံကို သိကြလေကုန်၊ ဤသို့လျှင် ကိုယ်သန္တာန်၌ အတွေ့ဟူသော ဖဿ ၆၊ အရသာဟူသော ဝေဒနာ ၆၊ သာယာ ခင်တွယ်မှုဟူသော တဏှာ ၆-ပါးတို့၏ သက်သက်သော အာဂန္တု ဓာတ်အဖြစ် ပဋိစ္စသမုပ္ပါဒ် ခဏချင်းဖြစ်ပေါ်မှုဟူသော ဇာတိဓမ္မ, ခဏချင်း ပျောက်ကွယ်မှုဟူသော မရဏဓမ္မ, အနိစ္စဓမ္မတို့၏ သိနိုင်-မြင်နိုင်-ထင်နိုင်ရန် နက်နဲမှု-ခက်ခဲမှုတို့ကို ရည်၍-

> တရား အချက်၊ သဘောနက်ကို၊ အိပ်မက်တွင်မျှ၊ မမြင်ကြဘဲ၊ ကာမ
> ထောင်တွင်း၊ ခန္ဓာ ကင်းသည်။ ။ ခြောက်သင်း တဏှာစွမ်းရည်တည်း-

ဟူ၍ ဆိုပေသည်၊ ဤစကား၌ 'ကာမထောင်' ဆိုသည်ကား တဏှာ ၆-ပါးသည်လည်း ကာမထောင် မည်၏၊ မိမိတို့၏ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့နှင့်တကွ လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်တို့၌ ရှိရှိသမျှသော တဏှာ၏ အဆောက်အအုံဖြစ်သော ဘုံဗိမာန်, ပဒေသာ, လယ်, ယာ, ဥယျာဉ်, ဆင်, မြင်း, ကျွဲ, နွား, ရထား, လှည်း, လှေ, ရွှေ, ငွေ, ရတနာ, ဥစ္စာစပါး, သား, မယား အစရှိသော ဝတ္ထုစုသည်လည်း ကာမထောင် မည်၏၊ အနမတဂ္ဂသံသရာဘဝအဆက်ဆက်တို့၌ တဏှာ၏ အကြိုက်သို့ လိုက်ပါ၍

www.dhammaransi.com



တဏှာ၏ အစီးအပွားကို အားထုတ်၍ - တဏှာမှ တန်းလန်းနှင့်သာ သေဆုံး၍ လာကြသည်ကို 'ကာမထောင်တွင်း ခန္ဓာကင်းသည်' ဟူ၍ ဆိုပေသည်။

သတ္တမပျို့လင်္ကာ အဖြေ ပြီး၏။

## တဏှာပစ္စယာ ဥပါဒါန်

## အဋ္ဌမပျို့လင်္ကာ အဖြေ

တဏှာခြောက်မည်၊ အရင်းတည်လျက်၊ အရှည်များလျား၊ အစဉ်ပွားက၊ လေးပါးအမှန်၊ ဥပါဒါန်လည်း၊ ခန္ဓာကာယ၊ အဇ္ဈတ္တနှင့်၊ ကာမအာရုံ၊ အလုံးစုံ၌၊ အကုန်နှီးရင်း၊ အစွဲပြင်း၏-

ဟူသော လင်္ကာဝါကျ၌ ဥပါဒါန် ၄-ပါးဆိုသည်ကား ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒု ပါဒါန် - ဤ ၄-ပါးသည် ဥပါဒါန်၄-ပါး မည်၏၊ ထို ၄-ပါး တို့တွင် ကာမုပါဒါန် ဆိုသည်ကား သတ္တမပိုဒ်၌ ပြဆိုခဲ့ပြီးသော တဏှာ ၆-ပါးသည် ပင်လျှင် 'ဖွတ်ကြီးလျှင်-မိကျောင်း' 'တစ္ဆေကြီးလျှင်-သရဲ' 'မြွေကြီးလျှင်-နဂါး' ဆိုဘိ သကဲ့သို့ အစွဲအလမ်း အားကြီးသော တဏှာသည် ကာမုပါဒါန် မည်၏၊ သည်ကို ရည်၍-

အသင်းပွားများ၊ သား မယားက၊ စသည်ဖြာဖြာ၊ မဆုံးရာသား၊ ကာမ ဝတ္ထု၊ စွဲလမ်းပြုသည်၊ ကာမုပါဒါန်-

ဟူ၍ ဆိုပေ၏၊ ထို ကာမုပါဒါန်သည်လည်း ရူပါရုံ အဆောက်အအုံစုမှာ စွဲလမ်းသော ရူပကာမုပါဒါန်, သဒ္ဒါရုံ အဆောက်အအုံစုမှာ စွဲလမ်းသော သဒ္ဒ ကာမုပါဒါန် စသည်ဖြင့် ၆-ပါး အပြား ရှိ၏။ ။ ဒိဋ္ဌုပါဒါန်ဆိုသည်ကား ၃-ပါးသော နိယတမိစ္ဆာ ဒိဋ္ဌိကြီး, ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ အစရှိသော အစွဲအလမ်း အလွန်ပြင်းသော မိစ္ဆာဒိဋ္ဌိ ကိုပင် ဆိုသတည်း၊ သည်ကို ရည်၍-

www.dhammaransi.com



တစ်ဖန် ထို့ပြင်၊ မိစ္ဆာညာဉ်ဖြင့်၊ အမြင်ယွင်းဖောက်၊ အယူမှောက်သည်၊
ခြောက်ဆယ့်နှစ်ပါး၊ ပြားသည် ဒိဋ္ဌိ-

ဟူ၍ ဆိုပေသည်၊ ဒိဋ္ဌိကြီး ၃-ပါးသည် ၆၂-ပါးတို့တွင် ဥစ္ဆေဒဒိဋ္ဌိမျိုး၌ ပါဝင်သောကြောင့် ၆၂-ပါးဟူ၍သာ ဆိုသည်။ ။ သီလဗ္ဗတု ပါဒါန်ဆိုသည်ကား ဘုရားလက်ထက်တော်၌ ဂေါဝတိက တက္ကတွန်း, ကုက္ကုရဝတိက တက္ကတွန်းတို့ကဲ့သို့ နွားတို့၏ အလေ့အကျင့်, ခွေးတို့၏ အလေ့အကျင့်ကို ဝဋ်ဒုက္ခမှ ကျွတ်လွတ်စေတတ်သော အလေ့အကျင့်ဟု စွဲလမ်းမှုသည် သီလဗ္ဗတုပါဒါန်မည်၏၊ ဂေါဝတိက တက္ကတွန်းတို့၏ အယူကား ရှေးရှေးဘဝတို့က ပြုခဲ့သမျှသော မကောင်းမှု ကံဟောင်းစုသည် ယခုဘဝ၌ နွားများကဲ့သို့ အနှမ်းအပါးခံ၍ တစ်ဘဝလုံး ပြုခဲ့လျှင် နေ့စဉ် နေ့တိုင်း မကောင်းကျိုးကို ပေးကြသဖြင့် ယခုဘဝ၌ပင် ရှေးမကောင်းမှုကံဟောင်းစု ကုန်ခြင်း, ဆုံးခြင်းသို့ ရောက်၏။

ယခုဘဝ မကောင်းမှု အသစ်လည်းမဖြစ်၊ ဤသို့ ဖြစ်ခဲ့သော မကောင်းမှုဟောင်း, မကောင်းမှုသစ် အကုန်မျိုးပြတ်လေ၏၊ မကောင်းမှု အကုသိုလ် အကုန်မျိုးပြတ်လျှင် နောင်အစဉ် ထာဝရ အမြဲ ချမ်းသာသော သုခကိုရ၏-ဟု ယူသော ဒိဋ္ဌိသည် ဂေါဝတိက ဒိဋ္ဌိမည်၏၊ ထိုအယူကို ယူ၍ ကျင့်သော သူသည် နွားသွားသကဲ့သို့ သွား၏၊ နွားအိပ်သကဲ့သို့ အိပ်၏၊ ထမင်း အစာ ပေးလျှင်လည်း နွားစားသကဲ့သို့ စား၏၊ နွားမှ စနစ်ယူ၍ အလုံးစုံကို ပြု၏၊ ပေါ့ပေါ့ယူ၍ ပေါ့ပေါ့ကျင့်လျှင် သေသည်၏ အခြားမဲ့၌ နွားဖြစ်တတ်၏၊ တင်းတင်းယူ၍ တင်းတင်းကျင့်လျှင် သေသည်၏အခြားမဲ့၌ ငရဲကျ၏။ ။ ကုက္ကုရဝတိက တက္ကတွန်းတို့၏ အယူကား ခွေးတို့နှင့် တူစွာ သွားလာနေထိုင်စားသောက်မှုတည်း၊ ဤအကျင့်လည်း ပေါ့ပေါ့ကျင့်လျှင် ခွေးဖြစ်ဖို့-တင်းတင်းကျင့်လျှင် ငရဲကျဖို့သာတည်း ထိုခွေးအကျင့်ကို ကျင့်သော ဇမ္ဗူက တက္ကတွန်းကြီးကား အသူရကာယ် ဖြစ်လေ၏၊ ဤကား သီလဗ္ဗတုပါဒါန်တည်း၊ သည်ကို ရည်၍-

တစ်စိထိုမှ၊ ဂေါသီလကို၊ ဝဋ်မှ ထုတ်တတ်၊ စွဲထင်မှတ်သည်၊ သီလဗ္ဗ-
တုပါဒါန်-

ဟူ၍ ဆိုပေသည်။ ။ အတ္တဝါဒုပါဒါန်ဆိုသည်ကား- 'ငါ-ငါ-ငါ-ငါ-ဟူ၍ ပြောကြ, ဆိုကြ, စွဲလမ်း ကြသော သက္ကာယဒိဋ္ဌိ ပင်တည်း၊ ဤသတ္တဝါဒုပါဒါန် အပြားသည်ကား ပြဆိုခဲ့ပြီးသော သက္ကာယဒိဋ္ဌိ ၂၅၆-ပါးပင်တည်း။

ထို ၄-ပါးသော ဥပါဒါန်တို့တွင် ဘုရားသာသနာ ထွန်းရာ လူမျိုးတို့၌ ကာမုပါဒါန်, အတ္တဝါဒုပါဒါန် ၂-ပါးသာ ရှိ၏၊ အလယ် ဥပါဒါန် ၂-ပါးမရှိ၊ ဘုရားသာသနာ

www.dhammaransi.com



မရှိသော လူမျိုးတို့၌လည်း သီလဗ္ဗတုပါဒါန်မှာ ဂေါသီလ, ဂေါဝတကို ယူ၍ ကျင့်သော သူတို့၌သာ ရှိ၏၊ ဒိဋ္ဌုပါဒါန်မှာလည်း ယေရှုခရစ်ဘုန်းကြီး, ဘရင်ဂျီဘုန်းကြီး, ပသီ ဘုန်းကြီး ခေါ်သော သာသနာပြုဆရာကြီးတို့၌လည်းကောင်း၊ ထိုဆရာကြီးတို့ဟော တိုင်း သန့်သန့်ယူကြသော ထိုထိုလူမျိုးတို့၌လည်းကောင်း များစွာ ထွန်းကားလျက်ရှိ၏။

ငါတို့ မြန်မာလူမျိုးတို့၌ကား ကာမုပါဒါန်နှင့် အတ္တဝါဒုပါဒါန် နှစ်ပါးသာ ရှိကြ၏၊ ထိုနှစ်ပါးတို့တွင် ကာမုပါဒါန်ဖြစ်ပုံ အကျယ်ကို သတ္တမပိုဒ်တွင် တဏှာ ခြောက်ပါး အကျယ်အတိုင်း ချဲ့၍ သိအပ်၏၊ မိုးဦးကျအခါ၌ မြေပေါ်မှာ ပေါက်သော သစ်ပင်ငယ်နှင့် တဏှာခေါ်သော လောဘသည်တူ၏၊ ထိုသစ်ပင်ငယ်သည် ထိုနှစ် အတွင်း မြေ၌ အမြစ်တွယ်နည်းပါးသေး၍ ရွှေ့လွယ်, ပြောင်းလွယ်သေး၏၊ ဤအတူ ထိုထိုတဏှာ၏ အာရုံ ဝတ္ထုတို့၌ ရှေးဦးစွာ ခင်စ, မင်စ, သာယာ စုံမက်စ ဖြစ်သော လောဘသည် တဏှာ မည်၏၊ ရွှေ့လွယ်, ပြောင်းလွယ်, ဖြေလွယ်, ဖျောက်လွယ် ရှိသေး၏၊ ထိုသစ်ပင်သည် နှစ်, လ ရှည်ကြာ ထိုနေရာမှာ ကြီးပွားသောအခါ အမြစ် ကြီးငယ် စည်ကား၍ ရွှေ့ခြင်း, ပြောင်းခြင်းငှာ မလွယ်ပြီ။

ထို့အတူ ထိုထိုတဏှာ၏ အာရုံ, ဝတ္ထုတို့၌ အခါခါ ဖြစ်ပွား၍ ရွှေ့ပြောင်း စွန့်ပယ်ခြင်းငှာ ခဲယဉ်းစွာသော လောဘသည် ကာမုပါဒါန် မည်၏၊ ဤကာမုပါဒါန် သည်လည်း သာယာဖွယ်နှင့် တွေ့ကြုံခဲ့လျှင် သာယာခြင်းငှာ အပြီးပါရှိ၍ နေသော တဏှာ ရှိခြင်းကြောင့်လည်းကောင်း၊ ရှေးဦးစွာ စတင်၍ ခင်မင် သာယာသော တဏှာ အမှုကြောင့်လည်းကောင်း ဖြစ်၏။ ။ 'ငါ - ငါ - ငါ - ငါ -' ဟူ၍ ပြောဆို စွဲလမ်းသော သက္ကာယဒိဋ္ဌိဟူသော အတ္တဝါဒုပါဒါန်သည်လည်း သာယာသော တဏှာ ရှိခြင်းကြောင့် ဖြစ်ရ၏၊ အရှင် မရှိသော တစ်စုံတစ်ခုသော ဝတ္ထုပစ္စည်းကို တွေ့မြင်ကြသောအခါ ထိုဝတ္ထု၌ သာယာမှု ရှိမှသာ ငါ့ဟာ ဖြစ်အောင် သိမ်းပိုက်သည်၊ သာယာမှုမရှိလျှင် မသိမ်းပိုက်၊ ထို့အတူ မိမိရုပ်ခန္ဓာတွင် ခက်မာမှု, နူးညံ့မှုဟူသော မြေဓာတ်ကို ငါပြု၍ ရှုမှု, သိမ်းပိုက်မှုဟူသော အတ္တဝါဒုပါဒါန် ဒိဋ္ဌိသည်လည်း ထိုမြေဓာတ်ကို သာယာမှုဟူသော တဏှာ ရှေ့သွား ရှိသည်သာလျှင်တည်း။

မြေဓာတ်၏ ပုဂ္ဂိုလ် မဟုတ်ကြောင်း၊ သတ္တဝါမဟုတ်ကြောင်း သက်သေကား- မြေဓာတ်မည်သည် ရုပ်ရှိသော သတ္တဝါ၏ သဏ္ဌာန်မှာလည်း အမာခံ ဓာတ်ကြီး ပေတည်း၊ မြေဓာတ် ဓာတ်ကြီး မရှိခဲ့လျှင် လရောင်, ကြယ်ရောင် စသော သိမ်မွေ့ သော ရုပ်စုသော်မှလည်း မဖြစ်နိုင်၊ ထိုလရောင်, ကြယ်ရောင် စသည်မှာလည်း ခက်မာမှုဟူသော မြေဓာတ်သည် ဓာတ်ကြီး ဖြစ်၏၊ ခက်မာမှုဆိုသည်ကား ပရမတ်

www.dhammaransi.com



သဘော အနုခက်မာမှုကို ဆိုသည်၊ အစိုင်အခဲရှိသော အကြမ်းကြီးကို ဆိုသည်မဟုတ်၊ လရောင်, ကြယ်ရောင်တို့၌ ရောတည်ဖြစ်သော မြေကား အလွန်သိမ်မွေ့နူးညံ့သော ခက်မာမှု ဖြစ်ခဲ့၍ လက်နှင့် စမ်းသပ်၍ တွေ့ကောင်း. သိကောင်းသော မြေမဟုတ်၊ လူတို့၏ ကိုယ်ဝယ် ရောတည် ဖြစ်သော ပရမတ် မြေဓာတ်မူကား စမ်းသပ်၍ ထင်ရှား စွာသိနိုင်သော မြေဓာတ်ပေတည်း။

'စမ်းသပ်၍ သိသာထင်ရှား၏' ဆိုသော်လည်း မာမှု သက်သက်ကို ဉာဏ်နှင့် ကွက်ခြား၍ ယူတတ်မှ ပရမတ်မြေကို မိသည်၊ ကွက်ခြား၍ မသိတတ်လျှင် ခေါင်းမာ သည်-ခြေမာသည်-အရိုးမာသည်-အရည်မာသည်- စသည်ဖြင့် သက္ကာယဒိဋ္ဌိ ဘက်သို့ သာ စိတ်အထင် ပါ၍ သွားတတ်သည်၊ ခေါင်းကို စမ်းသပ်၍ မာမှုကို တွေ့ထိသိမြင် သောအခါ ခေါင်းဟူ၍ စင်စစ်အားဖြင့် ရှိသည် မဟုတ်၊ ဤမာမှုသည်သာ ဧကန် ရှိသည်၊ ဤမာမှုသည်လည်း ခေါင်းမဟုတ်၊ မြေမျိုး ဇာတိသာတည်း၊ ဤသို့ ဉာဏ်နှင့် ကွက်ခြား၍ သိတတ်မှ ပရမတ်မြေအမှန်ကို သိသည်၊ ကွက်ခြား၍ မသိတတ်လျှင် မာမှုသည် ခေါင်းဖြစ်၍ နေတတ်သည်။

**( ဤကား သက္ကာယဒိဋ္ဌိ၏ လက်တွင်းမှ မြေဓာတ်ကို ထုတ်နုတ် ကွက်ခြား၍ သိမြင်သောသမာဓိဉာဏ် အချက်ပေတည်း။ )**

ဤသို့ ကွက်ခြား၍ သိနိုင် မြင်နိုင်သော သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်သည်သာလျှင် သက္ကာယဒိဋ္ဌိကို မှုတ်လွင့်နိုင်သည်၊ ခန္ဓာကိုယ် တစ်ခုလုံးမှာ ဤနည်းတူ မြင်လေ၊ တစ်ကိုယ်လုံး၌ မာမှု မြေဓာတ်သက်သက်ကို ကွက်ခြား၍ မြင်နိုင်မှသာလျှင် မြေဓာတ် ဟူသော မာမှု အနည်းနည်းတို့၏ ခဏမစဲ ဖြစ်ပေါ်မှုဟူသော ဇာတိဓမ္မတို့ကို လည်းကောင်း၊ မြေဓာတ်ဟူသော မာမှုအနည်းနည်းတို့၏ ခဏမစဲ ချုပ်ပျက် သေဆုံးမှု ဟူသော မရဏ ဓမ္မ, အနိစ္စဓမ္မတို့ကိုလည်းကောင်း မြင်နိုင်, ထင်နိုင်မည်၊ သို့မဟုတ်မူ၍ မာမှုနှင့် ဦးခေါင်းကို တစ်ခုတည်း ထင်မြင်၍ နေခဲ့လျှင် ပဋိသန္ဓေ အခါက ဖြစ်ခဲ့သော ဦးခေါင်းသည် အနှစ်ရှစ်ဆယ်, ကိုးဆယ် ရှိ၍ သေမှ ပျက်ဆုံးသည်ကို မြင်နိုင်တော့ သည်၊ သေမှ ပျက်ဆုံးသော မရဏဓမ္မ, အနိစ္စဓမ္မကိုမူကား တရုတ်, ကုလား, ချင်း, ကချင်တို့လည်း သိကြ, မြင်ကြကုန်သည်သာတည်း၊ ထိုသို့သိသော အမှု-မြင်သော အမှုကို ဉာဏ် မဆိုရ၊ ဝိပဿနာ ဉာဏ်မဟုတ်၊ မိမိကိုယ်သန္တာန်၌ ခဏမစဲ တဖြုန်းဖြုန်း ဆိုက်ရောက်၍နေသော မြေဓာတ်၏ မရဏဓမ္မ, အနိစ္စဓမ္မတို့ကို ရှုတတ်. မြင်တတ်မှသာ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်အစစ် ဖြစ်သတည်း၊ ပညာရှိသော သူတို့

www.dhammaransi.com



မြင်ဖွယ် သိဖွယ် ရိပ်မိဖွယ် ကောင်းလှ၏၊ ပညာနည်းသော သူတို့ကား ကျွဲပါးစောင်းတီးသာ ဖြစ်ကုန်လတ္တံ့။

မိမိကိုယ်သန္တာန်၌ ခဏမစဲ တဖြုန်းဖြုန်း ဆိုက်ရောက်၍နေသော မြေဓာတ်၏ မရဏဓမ္မ-အနိစ္စဓမ္မကို အမြွက်မျှ ပြဆိုပေအံ့ - လရောင်, ကြယ်ရောင်မှာပင် မြေဓာတ် ဧရာတည် ဖြစ်သကဲ့သို့ ပူမှု, အေးမှုဟူသော မီးဓာတ် နှစ်မျိုးမှာလည်း မြေဓာတ် ဧရာတည်ပင် ဖြစ်၏၊ ထို့ကြောင့် မိမိကိုယ်တွင်း၌ ရှေး၌ ပြဆိုခဲ့ပြီးသော အတိုင်း ပူမှု, အေးမှု, ချမ်းမှုတို့၏ အလှိုင်းတကြီး ဖြစ်ပေါ်မှု, ချုပ်ကွယ် ပျောက်ငြိမ်းမှုတို့၌လည်းထို သီတ, ဥဏှဓာတ်တို့နှင့် အတူတကွ ဖြစ်မှု, ချုပ်မှု ပါရှိကြောင်းသိရ၏၊ သွားခြင်းအမှုကို ပြုသောအခါ၌ တစ်ကိုယ်လုံး လှုပ်ရှားမှု ထင်ရှား၏၊ တစ်လှမ်းတစ်လှမ်းမှာ ကြွမှုတစ်ချက်, မြေသို့ ခြေချမှုတစ်ချက် ရှိ၏၊ ခြေချတိုင်း ချတိုင်း ငယ်ထိပ်သို့ပေါက်အောင် တစ်ကိုယ်လုံး ထိတ်ခနဲ ထိတ်ခနဲ အထက်သို့ ဆောင့်၏၊ ထိုအခါ တစ်ကိုယ်လုံး၌ရှိသော မာမှုအခြင်းအရာ-မာပုံ အခြင်းအရာတို့၏ အသစ်အသစ်ဖြစ်ပေါ်မှု - အဟောင်း အဟောင်း ချုပ်ကွယ်မှုသည် ထင်ရှား၏။

လှုပ်ရှားမှန်းသိသော ထင်ရှား ရှိသမျှသည် အသစ်, အဟောင်း ပြောင်းလဲမှုပေတည်း၊ အခြင်းအရာ ပြောင်းလဲမှုပေတည်း၊ ရုပ်သစ်, ရုပ်ဟောင်း ပြောင်းလဲမှုပေတည်း၊ မာမှုအမျိုးမျိုး ပြောင်းလဲမှုပေတည်း၊ ပြောင်းလဲမှု အလွန် မြန်လှ၏၊ မျက်တောင် တစ်ခတ်ခန့် အတွင်းမှာပင် တစ်ကိုယ်လုံးကျွတ်လှုပ်ရှား၏၊ တစ်ကိုယ်လုံးကျွတ် အသစ် အဟောင်း ပြောင်းလဲ၏၊ အသစ် အသစ်စု ဖြစ်ပေါ်မှုကို ဇာတိဓမ္မ ဆိုသည်၊ အဟောင်းအကောင်းစု ကွယ်ပျက်မှုကို မရဏဓမ္မ, အနိစ္စဓမ္မ ဆိုသည်၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ ဤနည်းချည်းမှတ်၊ ဤအချက်လည်း ပညာရှိသောသူတို့ ရိပ်မိဖွယ်ကောင်းလှ၏၊ ပညာနည်းသော သူတို့မှာ ကျွဲပါးစောင်းတီးသာ ဖြစ်ကုန်ရာ၏။

ဦးခေါင်း, ဦးနှောက်ခေါ်သော မာမှု မြေဓာတ်စုကို ဉာဏ်နှင့် ကွက်ခြား၍ မြင်တတ်မှ အသစ်, အဟောင်း ပြောင်းလဲမှုကို မြင်နိုင်သည်၊ ခဏမစဲရှိနေသော ဇာတိဓမ္မ, မရဏဓမ္မ, အနိစ္စဓမ္မကို မြင်နိုင်သည်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်နိုင်သည်၊ မာမှုသက်သက် ကွက်ခြား၍ မမြင်ဘဲ ဦးခေါင်း, သဏ္ဌာန်, ဦးနှောက်ခဲ သဏ္ဌာန်တို့ကိုသာ မြင်၍ နေခဲ့လျှင် ဦးခေါင်း ဦးနှောက်ခဲမည်သည် မသေမီအကြားမှာ ဦးခေါင်းသစ်, ဦးခေါင်းဟောင်းပြောင်းသည် လဲသည်ဟူ၍ မရှိ၊ ဦးနှောက်သစ်-ဦးနှောက်ဟောင်း ပြောင်းသည် လဲသည်ဟူ၍ မရှိ၊ မသေမီအကြား မရဏဓမ္မဟူ၍ မရှိဟု ထင်မြင်၍

www.dhammaransi.com



နေလိမ့်မည်၊ သက္ကာယဒိဋ္ဌိတည်း၊ သဏ္ဌာန်ဆိုသည်ကား ပညတ်တည်း၊ အဟုတ်ရှိသော ဓာတ်မျိုး, ဓမ္မမျိုးမဟုတ်၊ စိတ်ထဲတွင် အထင်ကြီး ထင်၍နေသော အထည်ကြီးတည်း။

သဏ္ဌာန်ကား တခြား-မာမှုကား တခြား၊ သဏ္ဌာန်ကား တခြား-အာပေါ ဟူသော ဖွဲ့စေးမှုကား တခြား၊ သဏ္ဌာန်ကား တခြား-ပူမှုကား တခြား၊ သဏ္ဌာန်ကား တခြား-အေးမှုကား တခြား၊ သဏ္ဌာန်ကား တခြား ဝါယောဟူသော ပူရှိမှု တောင့်တင်းမှုကား တခြား၊ သဏ္ဌာန်ကား-တခြား စက္ခုကား တခြား၊ သဏ္ဌာန်ကား တခြား-အဆင်းဓာတ် အရောင်ဓာတ်ကား တခြား၊ သဏ္ဌာန်ကား တစ်သက်လုံး အသစ်, အဟောင်း ပြောင်းလဲသည် မရှိ၊ သေပြီးသည်နောက် အလောင်းကောင်ဖြစ်သည် တိုင်အောင် ရှိ၏၊ မာမှုစသော အဟုတ်ရှိသော ဓာတ်တို့ကား ခြေတစ်လှမ်း အတွင်းမှာပင် အမျိုးမျိုးပြောင်းလဲ၏၊ အမျိုးမျိုးဖြစ်ပေါ်၏၊ အမျိုးမျိုးချုပ်ပျက်သေဆုံး၏၊ သဏ္ဌာန်ကား သက္ကာယဒိဋ္ဌိ နိုင်ငံတည်း၊ ဓာတ်တို့ကား သမ္မာဒိဋ္ဌိ နိုင်ငံတည်း။

ထို့ကြောင့် မိမိတို့၏ ကိုယ်ခန္ဓာမှာ ဓာတ်အမှုတို့ကို မမြင်ကြကုန်၍ ဦးခေါင်းသဏ္ဌာန်, မျက်စိသဏ္ဌာန်, နားရွက်သဏ္ဌာန်, နှာခေါင်းသဏ္ဌာန်, ဆံပင်သဏ္ဌာန်, အမွေးသဏ္ဌာန် အစရှိကုန်သော သဏ္ဌာန်တို့ကိုသာ မြင်၍နေကြကုန်မှုကား သက္ကာယဒိဋ္ဌိတို့ ချည်းသာတည်း၊ မိမိတို့ ခန္ဓာကိုယ်မှာ ခဏမစဲ တသဲသဲ ဆိုက်ရောက်၍နေသော ဇာတိဓမ္မကိုလည်း မမြင်နိုင်ကြကုန်လတ္တံ့၊ ဇရာဓမ္မကိုလည်း မမြင်နိုင်ကြကုန်လတ္တံ့၊ မရဏဓမ္မကိုလည်း မမြင်နိုင်ကြကုန်လတ္တံ့၊ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဟူ၍ တစ်သက်လုံးမှာ တစ်ခါမျှ မတွေ့နိုင်ကြကုန်လတ္တံ့။

( ဤကား ၂၅၆-ပါးသော သက္ကာယဒိဋ္ဌိ အတ္တဝါဒုပါဒါန်တို့တွင် မာမှုဟူသော ပထဝီဓာတ်မျိုးမှာ အတ္တဝါဒုပါဒါန် တည်ထောင်၍နေပုံကို အမြွက်မျှ ပြဆိုလိုက်သော အခန်းတည်း၊ ကြွင်းသော ၂၇-ခုသော ရုပ်ဓာတ်၊ ၅၃-ခုသော နာမ်ဓာတ်တို့ကိုလည်း အသီးသီး အတ္တဝါဒုပါဒါန် တည်ထောင်၍နေပုံကို သက္ကာယဒိဋ္ဌိ အခန်း၌ ပြဆိုခဲ့ပြီးသောအတိုင်း သိလေ။ )

အထန်အပြင်း၊ အယူတင်း၍၊ ဝင့်ခင်း ဝင့်နွယ်၊ ဝင့်ပင်လယ်မှ၊
လွတ်ဖွယ်မအား၊ တမားမားသည်။ ။ လေးပါးဥပါဒါန်-စွမ်းရည်တည်း-

ဟူသော လင်္ကာဝါကျ၌ 'လွတ်ဖွယ်မအား' ဆိုသည်ကား လွတ်ခွင့်မရ၊ လွတ်ခွင့်မပေါ် ဆိုသည်။ ။ 'အထန်အပြင်း၊ အယူတင်း၍' ဟူရာ၌ လောဘဟူသော ကာမုပါဒါန် အယူတင်းမှု-သက္ကာယဒိဋ္ဌိဟူသော အတ္တဝါဒုပါဒါန် အယူတင်းမှု နှစ်ပါးရှိ၏၊ အလွန်

www.dhammaransi.com



ခိုင်မာလှသော ကြိုး၏အဖျား၌ သားတစ်နှင့်တကွ ငါးမျှားချိတ်ကို ဖွဲ့၍ ထိုကြိုးကို အင်းကြီး အလယ်မှာ စိုက်ထားသော တိုင်မှာ ဖွဲ့၍ထားရာ၌ သားတစ်ကို မျိုမိ၍ ဝမ်းထဲ၌ အသည်းအူမှာ ငါးမျှားချိတ်မိ၍ နေသော ငါးသည် ထိုတိုင်၏ အနီးအပါးမှာ သွားကာ လာကာ အမှတ်မဲ့နေလျှင် ငြိမှန်း, မိမှန်း အလွန်ကြီး တင်းမှန်း ကျပ်မှန်း မသိသာလှသေး၊ ထိုတိုင်မှ ခွာ၍ ဝေးရာသို့ သွားမည်ဟု ရုန်းသောအခါမှ တင်းကျပ်မှန်း သိလေ၏၊ တံငါ၏ လက်တွင်း၌သာ သေဆုံးရလေ၏၊ ထိုအတူ ဤလူအပေါင်းတို့သည်လည်း မိမိတို့ ပိုင်ထိုက်သော သက်ရှိ သက်မဲ့ ပစ္စည်း ဝတ္ထုတို့၏ အလယ်၌ လုပ်ကိုင် စောင့်ရှောက်နေစဉ်အခါ ထိုပစ္စည်း ဝတ္ထုတို့၌ တွယ်တာသော တဏှာသည် အလွန်တင်းကျပ်၏ဟု မသိသာလှသေး၊ ဘုရားတရားတော်ကို ကြားနာ၍ သားမယားကို စွန့်၍ထွက်ရသော် - ပစ္စည်းဝတ္ထုကဲ့သို့ စွန့်၍ထွက်ရသော်ဟု အကြံပြုသောအခါ အကြံပြုကာမျှနှင့်ပင် စိတ်နှလုံးမှာ တင်းကျပ်၍လာ၏။

'ငါ ထွက်သွားသော် ငါ့မယား, ငါ့ပစ္စည်း, ငါ့ဝတ္ထုစု ဘယ်လိုဖြစ်မည်ဟု' အပိတ်အဆို့တွေ အလွန်တင်းကျပ်၍လာ၏၊ နှစ်, လ ရွှေ့ပြောင်းရပြန်၏ နှစ်, လ ဆိုက်ပြန်၍ ထွက်မည်ကြံပြန်လျှင်လည်း တင်းကျပ်မြဲ တင်းကျပ်ပြန်၏၊ ကာမုပါဒါန် ကြိုးတန်းလန်းနှင့်ပင် သေကြရ၏၊ ထိုကဲ့သို့ အကြံပြုသည်မှာကား တစ်ဘဝထက် တစ်ဘဝ ရင့်သန်၍ သွားတတ်၏၊ ထွက်လိုသော သဒ္ဓါ, ဆန္ဒ တစ်ဘဝထက် တစ်ဘဝ အားသန်၍ သွားတတ်၏၊ သဒ္ဓါ, ဆန္ဒ အားကောင်းလှသောအခါ ထွက်မြောက်နိုင်လတ္တံ့၊ ဘုရားတရားတော်ကို ကြားနာရလျက်နှင့်မှ နိက္ခမဆန္ဒ မဖြစ်လာသော သူတို့အား ထိုဥပါဒါန်မှ ထွက်နိုင်ရန် မျိုးစ မြင်စပင် မရှိလေသေး၊ ရန်သူမျိုး ငါးပါးကြောင့်လည်းကောင်း၊ ရောဂါဆိုး အနာဆိုး စသည်တို့ကြောင့်လည်းကောင်း၊ ထိုဝတ္ထုတို့ ပျက်စီးခြင်းသို့ရောက်ခဲ့သော်လည်းကောင်း၊ ပျက်စီးမှုနှင့် စိုးရိမ်ခွင့်ဆိုက်ခဲ့သော်လည်းကောင်း ကာမုပါဒါန် သန်လျှင် သန်လျောက်, ပျော့လျှင် ပျော့လျောက် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ တရားတို့သည် ဖြစ်ကုန်၏၊ ထိုတရားတို့ကား ဥပါဒါန်၏ အခိုးအကင်းတို့တည်း။

## ကာမုပါဒါန်အမြွက် ပြီး၏။

*****

လူကောင် ပမာဏရှိသော မီးခြစ်ခဲကြီးသည် ရှိသတတ်၊ ပကတိအခါ၌ ဖက်ပိုက်၍ပင်နေသော်လည်း အေးမြ၏ ကော်ဖတ်ဖြင့် တိုက်ခဲ့သည်ရှိသော် ဘယ်နေရာမှာပင် တိုက်သော်လည်း မီးတောက်သည်သာ ဖြစ်၏၊ မီးမတောက်သော နေရာ

www.dhammaransi.com



ဟူ၍ မရှိ၊ မီးတောက်၍ ထိုမီးခြစ်ခဲကြီးနှင့်တကွ အနီးအပါးစပ်လျဉ်းသမျှ - အိမ်ရာ ကျောင်းကန် ရှိသမျှကို ခဏချင်း လောင်နိုင်၏၊ ထို့အတူ 'ငါ-ငါ' ဟူသော သက္ကာယဒိဋ္ဌိ သည်လည်း သူတစ်ပါးတို့ အထိအပါး မရှိမူ၍ မိမိအလိုအလျောက် ချမ်းကြည်စွာ နေသောအခါ၌ မထင်ရှားသေး၊ သူတစ်ပါးတို့က မိမိကိုယ်ကို ကာယကံ, ဝစီကံဖြင့် အနာတရထိပါးလာသောအခါ တစ်ကိုယ်လုံးမှာ ဘယ်နေရာကိုပင် ထိသော်လည်း ထိသမျှ နေရာတိုင်းက 'မီးတောက်၏' ငါ့ကိုပြုရသလား' ဟု ငါထွက်၍လာ၏၊ တစ်ယောက်သော သူ၏ ဦးခေါင်းမှာ ဆံပင်သည် နှစ်ကုဋေလေးသန်း ရှိသည်ဟူ၏၊ မွေးညင်းသည် ကိုးသောင်း ကိုးထောင် ရှိသည် ဟူ၏၊ စော်ကားရမ်းကားမှုနှင့် ထိခဲ့လျှင် ဆံပင်တိုင်း, မွေးညင်းတိုင်းမှ 'ငါမီး' တောက်၏၊ 'ငါ့ကို စော်ကားသည်' ဟု ဖြစ်၏၊ ကြီးမားသော ကိုယ်အင်္ဂါတို့မှာ ထိခဲ့မူ ဆိုဖွယ်မရှိ။

( ဤကား သက္ကာယဒိဋ္ဌိဟု ဆိုအပ်သော အတ္တဝါဒုပါဒါန် အယူအဖွဲ့ ပြင်းထန်ပုံ အမြွက်တည်း။ )

ထိုဥပါဒါန် နှစ်ပါးတွင် ကာမုပါဒါန်ကို သာသနာပ ဈာန်ရ ရသေ့များပင် ခွာနိုင်သေး၏၊ အတ္တဝါဒုပါဒါန်ကိုမူကား သာသနာပ၌ သရဘင် ရသေ့, အစရှိသော သဗ္ဗညုဘုရားအလောင်းတော်ကြီးများမှသော်လည်း မခွာနိုင်၊ ပစ္စေကဗုဒ္ဓါတို့သည် ကာမုပါဒါန်ကို မိမိတို့၌ အကြွင်းမဲ့ ပယ်ကြကုန်၏၊ သူတစ်ပါးတို့အား ကာမုပါဒါန် အပြစ်ကို ထင်ရှားအောင် ဟောနိုင်ကုန်၏၊ အတ္တဝါဒုပါဒါန်ကိုမူကား မိမိတို့သာ အကြွင်းမဲ့ ပယ်နိုင်ကြကုန်၏၊ သူတစ်ပါးကို မဟောနိုင်ကြကုန်။

ထို့ကြောင့် သာသနာပအခါ၌ မဟာကမ္ဘာ အသင်္ချေပင် ကြာသော်လည်း အတ္တဝါဒုပါဒါန်ကို ကုစားသောဆေးဟူ၍ မရှိ၊ သဗ္ဗညုမြတ်စွာဘုရား ပွင့်တော်မူသော အခါ သာသနာတော်မြတ်အတွင်း၌သာလျှင် အတ္တဝါဒုပါဒါန်ကို ငရဲမီးကြီးမှန်း သိကြရသည်၊ ပျောက်ငြိမ်းရာသော ဆေးလည်း အရာ, အထောင်မက ပေါ်များသည်၊ အဘိဓမ္မာ ခုနစ်ကျမ်းသည် အတ္တဝါဒုပါဒါန် ငရဲမီးကြီးကို သတ်ရန် ဆေးပေတည်း၊ သုတ္တန်တို့၌ ခန္ဓာဒေသနာ, အာယတနဒေသနာ, ဓာတုဒေသနာစုသည် အတ္တဝါ-ဒုပါဒါန် ငရဲမီးကို သတ်ရန် ဆေးစုပေတည်း၊ လိုရင်းကား-

ရေ, မြေ, လေ, မီး၊ ဓာတ်ကြီး လေးခု၊ စက္ခု, သောတ၊ ဃာန, ဇိဝှာ၊ ကာယ, မန၊ ဆ အကြည်ဓာတ်၊ ဖဿ ဝေဒနာ၊ စေတနာနှင့်၊ သညာ

www.dhammaransi.com



တကွ၊ ဤဓာတ်မျှကို၊ လှလှ ကိုယ်တွင်၊ ကွင်းကွင်း မြင်က၊ ညာဉ် သဏ္ဍာယ၊
သေကိန်းကျသည်။ ။ ဆေးမျှော်သိဒ္ဓိ- အကျော်တည်း။

ဤဆေးနိဒါန်းကို ကျေကျေ ကျက်၍ ထိုတစ်ဆယ့်လေးပါးသော ဓာတ်ရင်း ဓမ္မရင်းတို့ကို မိမိ ကိုယ်ခန္ဓာအတွင်း-သူတစ်ပါး ကိုယ်ခန္ဓာအတွင်း၌ ကွင်းကွင်း ကွက်ကွက် ပျက်မှု, ဖြစ်မှု ပဋိစ္စသမုပ္ပါဒ်နှင့်တကွ လှလှပိုင်ပိုင် မြင်စွမ်းနိုင်အောင် နိုင်လုံသော သဒ္ဓါ, ဆန္ဒ, ဝီရိယဖြင့် နေ့ညမခြား အားထုတ်ရာသတည်း။

**အဋ္ဌမပျို့လင်္ကာ အဖြေ ပြီး၏။**

ဥပါဒါနပစ္စယာ ဘဝေါ

## နဝမပျို့လင်္ကာ အဖြေ

စွမ်းရည် ပြင်းထန်၊ ဥပါဒါန်ဖြင့်၊ ခန္ဓာဓမ္မ၊ ကိုယ်ကာယ၌၊ အတ္တ အစွဲ၊
မြဲကြီး မြဲ၍။ ။ ရဲရဲ ရက်ရက်၊ ကိုယ်အတွက်ကြောင့်၊ သက်သတ်, ခိုးမှု၊
စသည်ပြုလျက်၊ အကုသလ၊ ဓမ္မ ဆယ်တန်၊ အပြစ်လျှံ၏။ ။ တစ်ဖန်
နောက်နှောင်း၊ ငါလျှင် ကောင်းစိမ့်၊ အကြောင်းရည်ရော်၊ အရှည် မျှော်လျက်၊
သူတော်ဓလေ့၊ ရသေ့, ရဟန်း၊ လှူဒါန်းဝေငှ၊ ပဥ္စင်္ဂနှင့်၊ အဋ္ဌအင်္ဂ၊
ဒသင်္ဂတည့်၊ လေးလီပြဟ္မ၊ ဝိဟာရဈာန်၊ ဆယ်တန် ကသိုဏ်း၊ အလှိုင်းများစွာ၊
ဘာဝနာဟု၊ ဆယ်ဖြာ ပုည၊ ကုသလကို၊ လုံ့လကြိုးစား၊ ကောင်းမှုပွား၏-

ဟူသော လင်္ကာဝါကျ၌ ဒုစရိုက်ဆယ်ပါးသည် အကုသိုလ် ကမ္မဘဝမည်၏၊ ထိုဆယ်ပါး တွင် ပါဏာတိပါတမှုသည်-

(၁) ကာမုပါဒါန်အတွက်ကြောင့်ဖြစ်သော ပါဏာတိပါတမှု၊

(၂) အတ္တဝါဒုပါဒါန်အတွက်ကြောင့်ဖြစ်သော ပါဏာတိပါတမှု

www.dhammaransi.com



ဟူ၍ နှစ်မျိုးရှိ၏၊ မိမိ၏ သက်ရှိ, သက်မဲ့ စည်းစိမ်ဥစ္စာကို ယူသည့်အတွက်ကြောင့်လည်းကောင်း၊ ဖျက်ဆီးသည့်အတွက်ကြောင့်လည်းကောင်း၊ သူတစ်ပါးတို့၏ သက်မဲ့ စည်းစိမ်ကို ရလိုယူလိုသည့် အတွက်ကြောင့်လည်းကောင်း၊ မုဆိုးမှု, တံငါမှု စသည်ကို ပြု၍ သားမယား စည်းစိမ်ကို မွေးမြူလိုသည့်အတွက်ကြောင့်လည်းကောင်း သူ့အသက်ကို သတ်ကြသောအမှုသည် ကာမုပါဒါန်အတွက်နှင့် သတ်မှုပေတည်း၊ **မိမိကိုယ်ကို** ထိပါးသည်ကို, စော်ကားသည်ကို, ပြိုင်ဆိုင်သည်ကို မခံလို၍ သတ်မှုသည် **အတ္တဝါဒု**-ပါဒါန်အတွက်နှင့် သတ်မှုပေတည်း။ ။ သူ့ဥစ္စာကို ခိုးဝှက်, လုယက် တိုက်ခိုက်ခြင်း အဒိန္နာဒါန်မှု အစရှိသော ဒုစရိုက် ကိုးပါးတို့၌လည်း ဤနည်းတူသိလေ။

အထူးကား - ကာမေသုနစ္ဆာစာရနှင့်အဘိဇ္ဈာတို့မှာ ကာမုပါဒါန်ကြောင့် - မိစ္ဆာဒိဋ္ဌိမှာ အတ္တဝါဒုပါဒါန်နှင့် ဒိဋ္ဌုပါဒါန်တို့ကြောင့်ဖြစ်သည်ဟု အထူးဆိုသင့်၏။ ဤသို့လျှင်ကိုယ်တွင်း စွဲလမ်းပြင်းထန်ဥပါဒါန်ရှိမှသာလျှင် ဒုစရိုက်ကို ပြုကြကုန်၏။ ။ ယခုဘဝ၌ ကာမဝတ္ထု တို့၌ တွယ်တာသော ကာမုပါဒါန်ရှိနေကုန်သော သူတို့အား နောင်ဘဝအဆက်ဆက် တို့ကို လှမ်းမျှော်၍ တွယ်တာတောင့်တသော ကာမုပါဒါန် တရားသည် ထင်ရှားရှိနေ၏။ ယခုဘဝ၌ မည်သည့် အလှူကို လှူကြလျှင်ဘယ်မျှ လောက် ကြီးကျယ်စွာသော လူ့ စည်းစိမ်ကိုရနိုင်သည်, နတ်စည်းစိမ်ကို ရနိုင်သည်ဟူ၍ လောကီချမ်းသာနှင့် စပ်သော ဒါနကုသိုလ်အကျိုးကို ကြားနာကြရသောအခါ ကာမုပါဒါန် လှုံ့ဆော်မှုကြောင့် ထိုအလှူ ကို လှူဒါန်းလိုသော သဒ္ဓါ, ဆန္ဒ ကပ်ကြကုန်၏၊ လှူဒါန်းကြကုန်၏၊ ငါးပါးသီလအကျိုး, ရှစ်ပါးသီလအကျိုး, ဆယ်ပါးသီလအကျိုးကို ကြားနာရ၍ ကာမုပါဒါန် လှုံ့ဆော်မှု ကြောင့် သီလ သီတင်း စောင့်ထိန်းကြရာ၌လည်း ထို့အတူပင်တည်း။

**( ဤကား ကာမုပါဒါန်ကြောင့် ကာမာဝစရ ဒါနကုသိုလ်မှု, သီလ ကုသိုလ်မှု, ဥပေါသထကုသိုလ်မှုဟု ဆိုအပ်သော ကုသလကမ္မဘဝ ဖြစ်ပုံ တည်း။ )**

ဒါန, သီလကုသိုလ်ပြုပြီးမှ နောက်နောက်ဘဝ၌ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ဉာဏ်ပညာဘန်ကြီးခြင်း-ဟူသော ကောင်းကျိုးတရား ငါးပါးနှင့် ပြည့်စုံသော လူအဖြစ်ကို ရသည်၊ နတ်အဖြစ်ကိုရသည်ဟု ကြားနာကြရသောအခါ အတ္တဝါဒုပါဒါန်လှုံ့ဆော်မှုကြောင့် ထိုကဲ့သို့သော အကျိုးကို ရခြင်းငှာ ဒါနကုသိုလ်, သီလကုသိုလ်ကို ပြုကြရကုန်၏။ ။ ဗြဟ္မဝိဟာရဘာဝနာ,

www.dhammaransi.com



ကသိုဏ်းဘာဝနာများကို ပွားများကြလျှင် ကာမာဝစရ ကုသိုလ်အနေမျှ ပွားများနိုင်ကြမူ လူ့ပြည်, နတ်ရပ် မြတ်သောဌာန၌ မည်သို့ထူးမြတ်သော လူအဖြစ် နတ်အဖြစ်ကို ရသည်ဟူ၍လည်းကောင်း၊ ရူပရစရ ဈာန်ထိအောင် ပွားနိုင်ကြမူ ကမ္ဘာများစွာ အသက်ရှည်သော ရူပဗြဟ္မာအဖြစ်ကို ရသည်ဟူ၍လည်းကောင်း၊ အရူပါဝစရ ဈာန်ထိအောင် ပွားများနိုင်ကြမူ အလွန် ကမ္ဘာများစွာ အသက်ရှည်သော အရူပါဝစရ ဗြဟ္မာအဖြစ်ကို ရသည်ဟူ၍လည်းကောင်း ကြားနာရသောအခါ အတ္တဝါဒုပါဒါန် လှုံ့ဆော်မှုကြောင့် ထိုအဖြစ်တို့ကို ရကြလို၍ ထိုဘာဝနာ တရားတို့ကို အားထုတ်ကြကုန်၏၊ ရသေ့ပြုကြကုန်၏၊ ရဟန်းပြုကြကုန်၏။

( ဤကား အတ္တဝါဒုပါဒါန်ကြောင့် ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်ကမ္မဘဝတရား ဖြစ်ပွားပုံတည်း။ )

စိတ်နှလုံး၌ ကာမုပါဒါန် ဓာတ်ခံရှိကုန်သော သူတို့အား လောကီစည်းစိမ်ဟုဆိုအပ်ကုန်သော ဘောဂသမ္ပတ္တိ ကာမဂုဏ် အဆောက်အအုံတို့ကို ရွှမ်းရွှမ်းစို ကြားနာကြရကုန်သည်ရှိသော် အနာရှိသော သူတို့အား ဆေးကြီးပြင်းစွာ နံသောအခါ အနာကင်း ချက်ချင်းထသကဲ့သို့လည်းကောင်း၊ နတ်ရှူးနာရှိသော သူတို့အား ဗုံသံ, ပတ်သံ, ဆိုင်းသံ ဝိုင်းသံ ကြားသည်ရှိသော် ခဏချင်း စိတ်ကြွ၍ ထသကဲ့သို့လည်းကောင်း ခဏချင်း ကာမုပါဒါန်လှုံ့ဆော် ထကြွလာ၏၊ မျက်နှာရွှင်ပြုံး နှလုံးစိုရွှမ်း၍ လာ၏။ ။ နှလုံး၌ 'ငါ-ငါ' ဟူသော သညာ, စိတ္တ, သက္ကာယဒိဋ္ဌိ ဓာတ်ဆိုးဓာတ်ဝါးရှိကုန်သော သူတို့အား အသက်ရှည်ခြင်း, အဆင်းလှခြင်း အစရှိသော ဘဝသမ္ပတ္တိ စကားကို ကြားရသည်ရှိသော် ဘဝတဏှာနှင့် တကွသော သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသတရားတို့သည် ခဏချင်း လှုံ့ဆော်ထကြွ၍ လာကုန်၏။

- ဘောဂ သမ္ပတ္တိသည် ကာမုပါဒါန်၏ အစာ အာဟာရပေတည်း။
- ဘဝ သမ္ပတ္တိသည် အတ္တဝါဒုပါဒါန်၏ အစာ အာဟာရပေတည်း။

မီးမည်သည် ရေနံဆီ အစရှိသော ဆီမီးစာနှင့် တွေ့လျှင် ခဏချင်း တောက်၍ ထသကဲ့သို့ ဘောဂသမ္ပတ္တိ အသံကို ရွှဲရွှဲစိုကြားရလျှင် ကာမုပါဒါန် မီးတောက်၍ ထ၏၊ ဘဝသမ္ပတ္တိ အသံကိုကြားရလျှင် ရွှဲရွှဲစို အတ္တဝါဒုပါဒါန် မီးတောက်၍ ထ၏။ နှစ်ရှည်လများ ဆည်းပူးစောင့်ထိန်း၍လာခဲ့သော တစ်ရာ, တစ်ထောင်, တစ်သောင်း, တစ်သိန်း စသော ရွှေ, ငွေ, ရတနာဥစ္စာ, ပစ္စည်းတို့ကိုပင် အကုန်အစင် လှူဒါန်းလို

www.dhammaransi.com



သော စိတ်ဖြစ်၍ လာ၏၊ သီလ, သီတင်း စောင့်ထိန်းလိုသော စိတ်ဖြစ်၍ လာ၏၊ အထွတ်အမြတ်ဖြစ်သော ဘဝသမ္ပတ္တိကို ရခြင်းအကျိုးငှာရသေ့ ရဟန်းပြုလိုသော စိတ်ဖြစ်လာ၏။ ။ စိတ်ဖြစ်သည့်အတိုင်းလည်း အသက်ထက်ဆုံး တတ်စွမ်းသမျှ အားထုတ်ကြကုန်၏၊ သည်ကို ရည်၍-

> တစ်ဖန် နောက်နှောင်း၊ ငါလျှင် ကောင်းစိမ့်၊ အကြောင်း ရည်ရော်၊ အရှည်မျှော်လျက်၊ သူတော်ဝလေ့၊ ရသေ့ရဟန်း၊ လှူဒါန်းဝေငါ၊ ပဥ္စင်နှင့်၊ အင္ဂအင်္ဂါ၊ ဒသင်္ဂါတည့်၊ လေးလီပြဟ္မ၊ ဝိဟာရစျာန်၊ ဆယ်တန်ကသိုဏ်း၊ အလှိုင်းများစွာ၊ ဘာဝနာဟု၊ ဆယ်ဖြာ ပုည၊ ကုသလကို၊ လုံ့လကြိုးစား၊ ကောင်းမှုပွား၏-

ဟူ၍ ဆိုပေသည်။ ။ ကမ္မဘဝဟူသော စကား၌ ဘဝဆိုသည်ကား ဖြစ်သည်, ပွားသည် ဆိုလိုသတည်း၊ ကုသိုလ်ဖြစ်သည်, အကုသိုလ်ဖြစ်သည်, ကုသိုလ်ပွားသည်, အကုသိုလ်ပွားသည် - ဟူလိုသတည်း။

လောက၌ ခပ်သိမ်းသော သတ္တဝါတို့အား ကိုယ်အင်္ဂါ လှုပ်ရှား၍ ပြုသမျှသော ကာယကံမှု - နှုတ်အင်္ဂါ လှုပ်ရှား၍ ပြောသမျှ ဆိုသမျှသော စကားမှု-စိတ်ထဲတွင် ကြံစည်သမျှသော စိတ်အမှုတို့သည် ကုသိုလ်သော်လည်း ဖြစ်ရမည်၊ အကုသိုလ်သော်လည်း ဖြစ်ရမည်၊ ကောင်းသော နှလုံးသွင်း ဖြစ်အံ့ - ကုသိုလ်ဖြစ်၏၊ မကောင်းသော နှလုံးသွင်းဖြစ်အံ့ - အကုသိုလ်ဖြစ်၏၊ ဤသို့သော ကုသိုလ်ဖြစ်မှု, အကုသိုလ်ဖြစ်မှုကို ဘဝဆိုသည်။ ။ ထိုဘဝဟု ဆိုအပ်သော ကုသိုလ်ဖြစ်မှု, အကုသိုလ်ဖြစ်မှုသည်လည်း နောင် ပဋိသန္ဓေအကျိုးကို ပေးနိုင်လောက်အောင် အစေ့, အဆန် အောင်မာသော အမှုလည်း ရှိသည်၊ မအောင်မာသော အမှုလည်း ရှိသည်၊ အကုသိုလ်အရာ၌ ပါဏာတိပါတ အစရှိသော အကုသလကမ္မ ပထ ဆယ်ပါးသည် အောင်မာသော အကုသိုလ်မှုတည်း။ ။ ကုသိုလ်အရာ၌ ကုသလကမ္မပထ ဆယ်ပါးသည် အောင်မာသော ကုသိုလ်မှုတည်း။

- ဤ "ဥပါဒါနပစ္စယာ ဘဝေါ" ဟူသော ပုဒ်၌ကား အောင်မြင်သည် ဖြစ်စေ, မအောင်မြင်သည်ဖြစ်စေ၊ ကုသိုလ်, အကုသိုလ်မှု အလုံးစုံ ကိုပင် လိုအပ်၏။ ။ အလုံးစုံသည်ပင် ဥပါဒါန်ကို အစွဲပြု၍ ဥပါဒါန်ရှိနေသည့်အတွက်ကြောင့် ဖြစ်ရ၏။

www.dhammaransi.com



"ဘဝပစ္စယာ ဇာတိ" ဟူသော နောက်ပုဒ်၌ကား ကမ္မပထမြောက်သော ကုသိုလ်မှု, အကုသိုလ်မှုကိုသာ လိုအပ်၏။

မြေပြင်၌ မြက် သစ်ပင်တို့သည် ရှေးရှေးနှစ်၌ ဖြစ်ပွားပြီးသော မြက် သစ်ပင်တို့၌ အသီး အစေ့တို့သည် ဖြစ်ထွန်းကုန်၍ ထို အသီးအစေ့တို့မှ နောက်နောက် မြက် သစ်ပင်တို့သည် အစဉ်အဆက် တစ်ကမ္ဘာလုံး ဖြစ်ပွား၍ နေကြကုန်သကဲ့သို့ တစ်ယောက် တစ်ယောက်သော သတ္တဝါတို့၏ ခန္ဓာအစဉ် ဘဝအစဉ်တို့သည်လည်း ရှေးရှေးဘဝတို့၌ အသီး အစေ့နှင့်တူသော ကုသိုလ်မှု, အကုသိုလ်မှု၊ ကုသိုလ်တရား, အကုသိုလ်တရားတို့သည် တစ်ဘဝလုံး ဖြစ်ထွန်း ပွားများကုန်၍ ထိုကုသိုလ်မျိုးစေ့, အကုသိုလ်မျိုးစေ့တို့မှ နောက်နောက်ဘဝ နောက်နောက်ခန္ဓာတို့သည် အနမတဂ္ဂ သံသရာ ဘဝအဆက်ဆက် ဖြစ်ပွားနေကြကုန်၏၊ သည်ကို ရည်၍-

နှစ်ပါးကုသိုလ်၊ အကုသိုလ်ဟု၊ ထိုထိုဘဝ၊ ဖြစ်သမျှ၌၊ ဗီဇပြည့်ဖြိုး၊ အမျိုးမျိုးကြောင့်၊ အကျိုးတရား၊ အရှည်ပွားသည်။ ။ နှစ်ပါးဘဝ-စွမ်းရည်တည်း-

ဟူ၍ ဆိုပေသည်၊ ထို ကုသိုလ်ဖြစ်မှု, အကုသိုလ်ဖြစ်မှုဟူသော ဘဝနှစ်ပါးတွင် အကုသိုလ်ဖြစ်မှု၌ သူ့အသက်ကို ဖျက်ဆီးလိုသော စိတ်, စေတနာမည်သည် ကိုယ်သန္တာန်မှာ အမြဲရှိနေသော ပုဂ္ဂိုလ်မျိုး, သတ္တဝါမျိုး မဟုတ်၊ ကာမုပါဒါန် အရေးအခွင့်, အတ္တဝါဒုပါဒါန် အရေးအခွင့် ကြုံကြိုက်၍ ထိုအခွင့်လှံ့ဆော်၍ ပေးမှ ပူးဝင်ကပ်ရောက်လာသော အာဂန္တုဓာတ် ပဋိစ္စသမုပ္ပါဒ် မျိုးသာတည်း၊ ထိုအခွင့်လှံ့ဆော်မှု ချုပ်ငြိမ်းပြန်လျှင် ထိုပါဏာတိပါတ စိတ်စေတနာ အာဂန္တုဓာတ်သည် နှလုံးထဲ၌ မီးတောက်သေပျောက်သကဲ့သို့ ဓာတ်၏ သေခြင်း, ဓာတ်၏ ပျက်ခြင်းဖြင့် သေပျက် ချုပ်ပျောက်လေ၏၊ စိတ်ကောင်း, စေတနာကောင်း ဖြစ်ပေါ်၍ လာပြန်၏။ ။ အဒိန္နာဒါန စေတနာ, ကာမေသုမိစ္ဆာစာရ စေတနာ, မုသာဝါဒ စေတနာ, ပိသုဏာဝါစာ စေတနာ, ဖရုသဝါစာ စေတနာ, သမ္ဖပ္ပလာပ စေတနာ, အဘိဇ္ဈာ, လောဘ, ဗျာပါဒ, ဒေါသ, မိစ္ဆာဒိဋ္ဌိတို့သည်လည်း ထို့အတူ သူ့အခွင့်နှင့် သူ့ ကိုယ်သန္တာန်မှာ ကပ်ရောက်လာကြကုန်သော အာဂန္တုဓာတ် ပဋိစ္စသမုပ္ပါဒ်မျိုးတို့ ချည်းတည်း။

ပကတိလူမှာ တစ္ဆေပူးဝင်၍ နေသောအခါ တစ္ဆေအလိုရှိရာ ထိုလူပြုကျင့်, ပြောဆို, ကြံစည်ရသည်၊ တစ္ဆေခွာထွက်မှ ပကတိ လူစိတ် ဝင်ခွင့်ရသည်၊ အစိမ်းသူရဲ

www.dhammaransi.com



ပူးဝင်သောအခါ အစိမ်းသူရဲ အလိုရှိရာ ထိုလူပြုကျင့်, ပြောဆို ကြံစည်ရသည်၊ အစိမ်းသူရဲခွာထွက်မှ ပကတိ လူစိတ်ပေါ်ခွင့်ရှိသည်၊ ဤဥပမာ အတူမှတ်။ ။ ဒါနစိတ်, ဒါနစေတနာ-သီလစိတ်, သီလစေတနာ-ဘာဝနာစိတ်, ဘာဝနာ စေတနာ တို့လည်း ထိုနည်းတူ အာဂန္တုကဓာတ် ပဋိစ္စသမုပ္ပါဒ်မျိုးတို့ချည်းသာတည်း၊ သူ့အခွင့်နှင့်သူ ဆိုက်တိုက်ရာ ဆိုက်တိုက်ရာ ကိုယ်သန္တာန်မှာ ဖြစ်ပေါ်လာကြသော် အာဂန္တုကဓာတ် ပဋိစ္စသမုပ္ပါဒ်မျိုးတို့သာတည်း။

**နဝမပျို့လင်္ကာအဖြေ ပြီး၏။**

### ဘဝ ပစ္စယာ ဇာတိ

## ဒသမပျို့လင်္ကာ အဖြေ

ဘဝ စွန်းရေ ကံ နှစ်ထွေကြောင့်၊ သဗ္ဗေသတ္တာ၊ သတ္တဝါတို့ ဖြစ်ရာ
ဘဝ၊ ဆုံပြန်ကလည်း၊ ဧက, စတု၊ ငါးခုခန္ဓာ၊ ကံချရာ၌၊ ဓမ္မတာစစ်၊
သစ်တလဲလဲ၊ အနည်းနည်းလျှင်၊ ဖြစ်မြဲဇာတိ-

ဟူသော လင်္ကာဝါကျ၌ အသညသတ်ပုဂ္ဂိုလ်မှာ ရုပ်ခန္ဓာ တစ်ပါးသာ ရှိသည်၊ အရူပ ပုဂ္ဂိုလ်မှာ နာမ်ခန္ဓာ လေးပါးသာ ရှိသည်၊ ကြွင်းသော ပုဂ္ဂိုလ်တို့မှာ ခန္ဓာငါးပါး ရှိကုန်သည်၊ သည်ကို ရည်၍-

'ဧက, စတု၊ ငါးခု ခန္ဓာ' ဆိုသည်၊ ဤဇာတိအရာ၌ ဆိုခွင့်, ဆိုရန် ရှိသမျှကို တတိယပိုဒ် အဖြေမှာ ပဋိသန္ဓေ လေးမျိုးနှင့်တကွ ပြဆိုခဲ့ပြီ။

ဆိုဖွယ်အထူးကား - ဤလင်္ကာမှာ ရှေးဘဝ၌ပြုခဲ့သော ကံတည်းဟူသော အကြောင်းကြောင့် နောက်နောက်ဘဝမှာ အစစ္စာဖြစ်ပေါ်သော ဘဝသစ်ဇာတိကိုသာ

www.dhammaransi.com



ပြဆိုပေသည်၊ ဇာတိသည်မူကား-

(၁) ဘဝသစ် ဇာတိ တစ်ပါး,

(၂) သန္တတိ ဇာတိ တစ်ပါး,

(၃) ခဏိက ဇာတိ တစ်ပါး -

ဟူ၍ ဇာတိတရား သုံးပါးရှိ၏။ ။ ထိုသုံးပါးတို့တွင် ဖြစ်ရာ ဘုံဘဝမှ စုတေပြီးနောက် ထိုထိုဘုံဘဝ၌ အစစွာ ဖြစ်ပေါ်မှုကို ဘဝသစ်ဇာတိ ဆိုသည်၊ ထိုဇာတိကား ထင်ရှားပြီ။

သန္တတိဇာတိ ဆိုသည်ကား တစ်ဘဝ အတွင်းမှာ တစ်နှစ်အတွင်း, တစ်လ အတွင်း, တစ်ရက်အတွင်း, တစ်နာရီအတွင်း, တစ်ထိုင်အတွင်းမှာ ကိုယ်ခန္ဓာ၌ အထူးထူး အထွေထွေဖြစ်ပေါ်မှုသည် သန္တတိဇာတိ မည်၏၊ ထိုင်၍နေရာမှ ထိုင်စမှာ အညောင်းအညာ မရှိသေး၊ အပူအပင် မရှိသေး၊ အတော်ကြာလျှင် ညောင်းရုပ်, ညာရုပ်, ပူရုပ်, ပင်ရုပ် ဖြစ်ပေါ်၍ လာ၏၊ ဘယ်နေရာက ညောင်း၍ လာသည်၊ ဘယ်နေရာက ပူ၍လာသည်ဟု အများသိကြ၏၊ ရုပ်သစ်, နာမ်သစ် ဖြစ်ပေါ်မှု ဇာတိဓမ္မဟူ၍ကား မသိကြ။

ငါ ညောင်းလာသည်, ငါ ပူလာသည်, ငါ ခြေညောင်း၍ လာသည်, ငါ ခြေပူ၍လာသည်ဟု သက္ကာယဒိဋ္ဌိအတိုင်းသာ သိကြ၏၊ ဥဏှုဓာတ်မီးလွန်သော ရုပ်ကလာပ်မျိုးကို ညောင်းရုပ်, ညာရုပ်, ပူရုပ်, ပင်ရုပ် ဆိုသည်၊ ဥဏှုဓာတ်မီး အားကြီး၍ သေဓာတ် လွန်၍လာသောအခါ ထုံမှု, ကျင်မှု, ထုံရုပ်, ကျင်ရုပ် ပေါ်၍ လာသည်၊ ထိုအခါ ခြေဟူသော ပညတ်သဏ္ဌာန်ကို ဉာဏ်နှင့် ဖယ်ရှား၍ ပူမှု, အေးမှု ဟူသော တေဇောဓာတ်မီး သက်သက်ကို ကွက်ခြား၍ ဉာဏ်နှင့် ကြည့်လျှင် တိမ်တောင်, တိမ်တိုက် တက်သကဲ့သို့ အပူဓာတ်မီး ဖြစ်ပေါ်ပွားများ၍လာသည်ကို မြင်လတ္တံ့၊ အပူဓာတ်မီးဖြစ်ပေါ်ရာဌာန၌ အအေးဓာတ်မီး ပျောက်ကွယ်၍ ကုန်သည် ကိုလည်း မြင်လတ္တံ့၊ မကြာမီ အေးချမ်းသော ခြေတစ်ခုလုံး ကုန်ဆုံး၏၊ ပူပန်, ညောင်းညာသော ခြေဖြစ်၍ နေ၏၊ ရုပ်သစ်, ရုပ်ဟောင်း လဲပြောင်းမှု ကိုယ်တွေ့ဒိဋ္ဌ ဖြစ်ကြ၏။

ထိုနောက် တစ်စတစ်စ ထုံရုပ် ဖြစ်ပေါ်၍လာသည်လည်း ထင်ရှား၏၊

www.dhammaransi.com



ထိုနောက် တစ်စတစ်စ ကျင်ရုပ်ဖြစ်၍ ပေါ်လာသည်လည်း ထင်ရှား၏၊ ဤသို့ မပျောက်ငြိမ်းမီအတွင်း ညောင်းမှု, ညာမှု, ထုံမှု, ကျင်မှုတစ်စဉ် တစ်ဆက်တည်းဖြစ်၍ တစ်ခါညောင်း, တစ်သုတ်ညောင်း, တစ်ကြိမ်ညောင်းဟု မှတ်ယူကြသော ဇာတိဓမ္မသည် သန္တတိ ဇာတိ မည်၏။ ။ ဤနည်းအတူ ရပ်ခြင်း, သွားခြင်းတို့၌လည်း အညောင်းအညာဖြစ်၍ လာမှု, အညောင်းအညာ ပြေပျောက်မှု, အဖျားတက်မှု, အဖျားကျမှု, အနာရောဂါ ဖြစ်သော အလှည့်, အနာရောဂါ ပျောက်သောအလှည့်, ကိုယ်အင်္ဂါ ပူသောအလှည့်, အေးသော အလှည့်, အိုက်သော အလှည့်, ချမ်းသော အလှည့်, အားရှိသော အလှည့်, အားလျော့သော အလှည့်, ဆာလောင်သော အလှည့်, ဝလင်သော အလှည့်, လှုပ်ရှားသော အလှည့်, မလှုပ်ရှားသော အလှည့်, အိပ်သော အလှည့်, ထိုင်သော အလှည့်, ရပ်သော အလှည့်, သွားသော အလှည့်, ကွေးသော အလှည့်, ဆန့်သော အလှည့် အစရှိသည်ဖြင့် တစ်ကိုယ်လုံး၌လည်းကောင်း၊ ထိုထို ကိုယ်အင်္ဂါ၌လည်းကောင်း ရုပ်အမျိုးမျိုး ပြောင်းလဲ၍ဖြစ်ကြသော အမှုတို့သည် တစ်နေ့နေ့မှာပင် အမျိုးနှစ်ရာမက ဖြစ်ကြကုန်၏၊ ထိုသို့ဖြစ်ကြရာ၌ တစ်လှည့် တစ်လှည့်သော ရုပ်သစ် ဖြစ်မှု, တစ်မျိုး တစ်မျိုးသော ရုပ်သစ် ဖြစ်မှုသည် တစ်ခု တစ်ခုသော သန္တတိဇာတိ မည်၏။

ရှေး၌ သွားခြင်း အမှု၌ ခြေတစ်လှမ်း တစ်လှမ်းမှာ တစ်ကိုယ်လုံးအကျွတ် ရုပ်တစ်မျိုး တစ်မျိုး ပြောင်းလဲမှုကို ပြဆိုခဲ့ပြီ၊ ထိုနည်းအတိုင်း ကြည့်တတ်မှ မြင်နိုင်မည်၊ မကြည့်တတ်လျှင် သေသည့်တိုင်အောင် အသစ် အဟောင်း ပြောင်းလဲခြင်း မရှိသော သက္ကာန်ရိပ်ကြီး ခုခံ၍ နေလိမ့်မည်၊ ထိုသက္ကာန်ရိပ်ကြီးကား သက္ကာယဒိဋ္ဌိ၏ နိုင်ငံကြီး ပေတည်း၊ အနမတဂ္ဂ သံသရာမှာ သက္ကာယဒိဋ္ဌိ နိုင်ငံသက္ကာန်ရိပ်ကြီးကို ပယ်ခွင်း၍ အတွင်းဓာတ်နုကို ရှုနိုင်သောဉာဏ် တစ်ရံတစ်ဆစ်မျှ မဖြစ်ခဲ့ကြ၍ ယနေ့ထက်တိုင် ယောင်တီးယောင်တ နေကြရသည်၊ ဤသန္တတိ ဇာတိဓမ္မ၌ လိုရင်း အကျဉ်းချုပ် စကားမှုကား လောက၌ ကိုယ်ခန္ဓာမှာ ဘယ်လိုဖြစ်သည်, ဘယ်ဟာဖြစ်သည်, ပေါ်သည်, ပေါက်သည်, ပွားသည်ဟူ၍ ကိုယ်တွေ့ဒိဋ္ဌ ပြောဆိုကြသော အမှုစုသည် ဇာတိချည်းမှတ်။

ယခု ငါ့မှာ ဘယ်လို အကြံဖြစ်သည်, ဘယ်လိုစိတ်ဖြစ်သည်, လိုချင်စိတ် ဖြစ်သည်, မလိုချင်စိတ်ဖြစ်သည်, ပြုချင်စိတ်ဖြစ်သည်, မပြုချင် စိတ်ဖြစ်သည် အစရှိသည်ဖြင့် ဖြစ်ထုံးနှင့် သုံးကြသမျှသည် ဇာတိစကားချည်းတည်း၊ ထို့အတူ ငါ့မှာ လောဘဖြစ်သည်, ဒေါသဖြစ်သည် အစရှိသော စကား, စိတ်ထဲမှာ ဘယ်လို

www.dhammaransi.com



အကြံပေါ်လာသည်. ဘယ်လို အကြံပေါက်လာသည်, ကိုယ်ခန္ဓာမှာ ဘယ်အနာဖြစ်လာသည်, ဘယ်လိုဖြစ်လာသည်, ဘယ်လိုပေါက်လာသည်, ဘယ်အနာပေါက်လာသည် အစရှိသော အချက်တို့ကို ဆိုလိုသည်။

ခဏိကဇာတိဆိုသည်ကား ကိုယ်ခန္ဓာ တစ်ခုလုံး၌ ဓာတ်မီးသည် အမွန်ဖြစ်၏၊ ကိုယ်ခန္ဓာ ဟူသမျှသည် ဓာတ်ခဲကြီး, ဓာတ်မီး တုံးကြီးပေတည်း၊ တစ်ကိုယ်လုံးမှာ အေးမှု, နွေးမှု, ပူမှုမှ လွတ်သော အကွက်ဟူ၍ အဏုမြူမျှ မရှိ၊ မီးမည်သည် တရှိန်ရှိန် တရွရွ ထမြဲ ဓမ္မတာပေတည်း။

တစ်ကိုယ်လုံးဝယ် ဧရာတည်ဖြစ်သော မြေဓာတ်သည် မီး၏ မှီတွယ်ရာဓာတ်မီးစာဖြစ်၏၊ ခပ်သိမ်းသော ရုပ်ဟူသမျှသည်မာမှုဟူသော မြေဓာတ်၌ မှီကြရ၏၊ မြေဓာတ်ပျက်ဆုံးလျှင် ပျက်ဆုံးကြရ၏၊ မီးမည်သည် မှီရာကိုအမြဲစား၏၊ အမြဲလည်းပေါက်ပွား၏၊ မီးကို စေ့စေ့ကြည့်၍ နေလျှင် လှုပ်လှုပ်ရွရွ မြင်ရ၏၊ လှုပ်လှုပ်ရွရွမြင်ကြသမျှသည် အသစ်အသစ် ပေါက်ပွားမှု, အဟောင်းအဟောင်း ကုန်ဆုံးမှုပေတည်း၊ ထို့ကြောင့် ပကတိ မီးကို စေ့စေ့စိစိ ကြည့်၍နေလျှင် လှုပ်လှုပ် လှုပ်လှုပ် ရွရွ ရွရွ မြင်သမျှ ခဏိက ဇာတိနှင့် ခဏိက မရဏမှု ချည်းမှတ်၊ ထို့အတူ မီးခဲကြီးအတိဖြစ်သော ဤကိုယ်ခန္ဓာမှာလည်း မျက်တောင် တစ်ခတ် လျှပ်တစ်ပြတ် မစဲ တသဲသဲ တရွရွ ဓာတ်မီးစားမှု, ဓာတ်မီးပွားမှု, ရုပ်ပွားမှုကို သိလေ၊ ထို့ကြောင့် ဓမ္မပဒပါဠိတော်၌-

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။

ဧဝံ လောကမဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

ဟူ၍ ဟောတော်မူသည်။

ပုဗ္ဗုဠကံ၊ ရေပွက်ကို။ ပဿေ ယထာ၊ ရှုသကဲ့သို့လည်းကောင်း။ မရီစိကံ၊ တံလှပ်ကို။ ပဿေ ယထာ၊ ရှုသကဲ့သို့လည်းကောင်း။ ဧဝံ၊ ဤအတူ။ လောကံ၊ မိမိခန္ဓာကိုယ်, သူတစ်ပါး ခန္ဓာကိုယ်တည်းဟူသော လောကကို။ အဝေက္ခန္တံ၊ စေ့စေ့ငုငု ရှုမြင်၍နေသော သူကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်။

မိုးပြင်းထည့်၍ ကျိုချက်သဖြင့် ပွက်ပွက်ဆူ၍နေသော အိုးတွင်းမှာ ရေပွက်ငယ်တွေကို စေ့စေ့စိစိ ကြည့်၍နေသော သူသည် အပေါ်မစဲ အပျက်မစဲ တသဲသဲ တရွရွနေသော ရေပွက်ငယ်တွေကို မျက်မှောက် ထင်ထင်မြင်ရှိသကဲ့သို့ မိမိကိုယ်ခန္ဓာ, သူတစ်ပါး ကိုယ်ခန္ဓာ၌ အပေါ်မစဲ. အပျက်မစဲ တသဲသဲ တရွရွနေမှုကို ဝိပဿနာ

www.dhammaransi.com



ပညာ မျက်စိဖြင့် မျက်မှောက်ထင်ထင် ရှုမြင်ပွားများသော မိန်းမ-ယောကျ်ားကို သေမင်းသည် မမြင်နိုင်ဟူလို။

( 'ယထာ' ပုဗ္ဗုဠကံပဿေဟူသော ပုဒ်၏ အဓိပ္ပာယ်။ )

နွေလအခါ၌ ကျယ်လှစွာသော ရေမရှိသော အင်းပြင်ကြီးများ၌ တံလှပ်ခိုး မည်သည် ထ၏၊ အောက်ရေခိုး တက်သည်ကို အထက်က နေရောင်ကြောက်သောအခါ လျှပ်လျှပ် လျှပ်လျှပ် မြင်ရသော ဝတ္ထုကို တံလှပ်ဆိုသည်၊ မြေမှပေါ်ထွက်၍ ကောင်းကင်သို့ တလျှပ်လျှပ် ထင်မြင်အောင် တက်သည်၊ တံလျှပ်ခိုးစုသည် မြေသို့ပြန်၍ ဝင်သည်မရှိ၊ ကောင်းကင်၌သာ ကွယ်ပျောက်ကြလေ၏၊ ဤ ကိုယ်ခန္ဓာအတွင်းမှ တလျှပ်လျှပ်ပေါ်၍နေသော စိတ်အကြံအစည်, ဝိတက်အကြံအစည်, လောဘ, ဒေါသ အစရှိသော နာမ်တရားတို့ကိုလည်း ထိုတံလှပ်နှင့် တူစွာ ရှုရမည်၊ ထိုတံလှပ်မှုနှင့် တူစွာ ထင်မြင်အောင် ရှု၍နေသော သူကို သေမင်းသည် မမြင်နိုင် ဟူလိုသည်။

( 'ယထာ ပဿေ မရီစိကံ' ပုဒ်၏ အဓိပ္ပာယ် )

'သေမင်းမမြင်နိုင်' ဟူသော စကား၌ သက္ကာယဒိဋ္ဌိ နိုင်ငံသည် သေမင်း နိုင်ငံ မည်၏၊ သေမင်းသည် ပေါရိသာဒမင်းနှင့် တူ၏၊ သက္ကာယဒိဋ္ဌိသည် ပေါရိသာဒ မင်း၏ အလုပ်ကျွေးဖြစ်သော ရသက အမည်ရှိသော စားတော်ကဲနှင့် တူ၏၊ ပြဆိုခဲ့ပြီး သော သက်သက်သော ဓာတ်သဘော, အာဂန္တု သဘော, ပဋိစ္စသမုပ္ပါဒ် သဘောတို့ကို မသိမမြင်ကြကုန်မူ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, ဦးခေါင်း, ခြေ, လက်, မျက်ခွက်, မျက်နှာ, နှုတ်လျှာ, ခံတွင်း, မွေးညင်း, ဆံပင်, အင်္ဂါကြီး, ငယ်, ဘယ်သူ, ဘယ်ဝါ ဟူ၍သာ သိမြင် ထင်စွဲ၍ နေကြကုန်သော သူတို့သည် သေမင်း၏ မျက်မှောက်၌ စားအောက်လည်ခံ ဖြစ်ကုန်သော သူတို့ ပေတည်း၊ အဘယ် ကြောင့်နည်းဟူမူ သေမင်းနိုင်ငံမှ လွတ်နိုင်ရန် အခွင့်အလမ်း မရှိကြသည်၏ အဖြစ် ကြောင့်တည်း။

ပြဆိုခဲ့ပြီးသော ဓာတ်သဘော စသည်ကို ဉာဏ်မျက်စိဖြင့် ဒိဋ္ဌ ရှုမြင်၍နေကြ ကုန်သော သူတို့သည်မူကား သက္ကာယဒိဋ္ဌိ၏ ဦးခေါင်းကို ဖောက်ခွဲ၍ နေသောသူ သေမင်း၏ မျက်လုံးကို ဖောက်ခွဲ၍ နေသောသူ မည်ကုန်၏၊ အဘယ်ကြောင့်နည်းဟူမူ ထိုသို့သော ရှုမြင်မှုသည်သာလျှင် သေမင်း၏ နိုင်ငံ-သေမင်း၏ စားအောက်မှ ထွက်ပေါက်, ထွက်လမ်းကြီးဖြစ်ပေသောကြောင့်တည်း၊ ဥပမာကား - လောက၌

www.dhammaransi.com



ဘီလူး ဘသက်ကို နိုင်သော ဆေးဝါးပညာလည်း မရှိ - မြင်နိုင်သော ဆေးဝါးပညာလည်း မရှိသော သူတို့သည် ဘီလူး ဘသက်တို့၏ အနိုင်ကျင့်မှုကိုသာ ခံကြရကုန်၏၊ ဘီလူး, ဘသက်တို့ကို မြင်နိုင်သော ဒိဗ္ဗစက္ခုဆေး, အသေ သတ်နိုင်သော ဝိဇ္ဇာမယ ဆေးရှိသော သူတို့ကား ဘီလူး, ဘသက်တို့၏ နိုင်ငံကို လွန်နိုင်ကုန်၏၊ ဘီလူးသက်တို့၏ အနိုင်ကျင့်မှုကို မခံကြရကုန်ပြီ၊ မိမိတို့ကသာ ဘီလူး, ဘသက်တို့ကို နှိပ်စက်ကြကုန်၏၊ သတ်နိုင်ကြကုန်၏။

ထိုသူတို့ကို ဘီလူး, ဘသက်တို့က အထူးထူး အထွေထွေ ဖန်ဆင်း၍ မပြနိုင်ကြကုန်ပြီ၊ မလှည့်ပတ်နိုင်ကြကုန်ပြီ၊ မိမိတို့ကိုယ်ကို မကွယ်နိုင်ကြကုန်ပြီ၊ ထိုသူတို့ ၏ ကိုယ်ကို မပူးနိုင်, မကပ်နိုင်ကြကုန်ပြီ၊ ထိုစကား၌ 'သေမင်း' ဆိုသည်ကား ခန္ဓာ ကိုယ်နှင့် အပြည့် အမြဲပါရှိ၍နေသော ရှေး၌ပြဆိုခဲ့ပြီးသော မရဏ ဓမ္မ, အနိစ္စဓမ္မ သည် 'သေမင်း' မည်၏၊ မရဏ သဘော, အနိစ္စသဘောရှိသော ရုပ်ခန္ဓာ, နာမ်ခန္ဓာ, ရုပ်ဓာတ်, နာမ်ဓာတ် စသည်လည်း 'သေမင်း' မည်၏၊ ထို ၂-ပါးသော သေမင်းတို့သည် ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် မရှိကုန်သော အန္ဓပုထုဇဉ်တို့အား ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျာ်း, မိန်းမ စသည်ဖြင့် အထူးထူး အထွေထွေ ဖန်ဆင်း၍ ပြနိုင်ကုန် ၏၊ လှည့်ပတ်နိုင်ကုန်၏၊ မိမိတို့၏ ဇာတ်သဘာဝကို မမြင်နိုင်အောင် ကွယ်နိုင်ကုန်၏၊ မိမိတို့ကိုပင် 'ငါ, ငါ' ဟု ဆိုရအောင် ပူးကပ်နိုင်၏။

အန္ဓပုထုဇဉ်တို့သည် အနမတဂ္ဂ သံသရာ၌ ထိုသေမင်းတို့ကိုပင် 'ငါ, ငါ' ပြု၍ ယခုထက်တိုင် လာကြကုန်၏၊ ရုပ်ခန္ဓာ, နာမ်ခန္ဓာ ဓာတ်သဘာဝတို့ကို ပြဆိုခဲ့ပြီးသော ရေပွက်အတူ, တံလှပ်အတူ ထင်မြင်နိုင်ကြကုန်သော သူတို့ကိုမူကား ထိုသေမင်း နှစ်ပါးတို့သည် အထူးထူး အထွေထွေ ဖန်ဆင်း၍လည်း မပြနိုင်ကြကုန်ပြီ၊ မလှည့်ပတ်နိုင်ကြကုန်ပြီ၊ မကွယ်နိုင်ကြကုန်ပြီ၊ 'ငါ-ငါ' ဟု ထင်မှတ်အောင် မပူးကပ်နိုင်ကြကုန်ပြီ၊ ဤသို့သော အဓိပ္ပာယ်ဖြင့် "ဧဝံ လောက မဝေက္ခန္တံ၊ မစ္စုရာဇ န ပဿတိ" ဟူ၍ ဟောတော်မူသည်။

( ဤကား ခဏိကဇာတိ၏ အချက်ကို ပြဆိုသော စကားတည်း၊ ဤ ခဏိကဇာတိကို ရည်၍ ပါဠိတော်မှာ- "ခန္ဓာနံ ပါတုဘာဝေါ၊ အာယတနသ ပဋိလာဘော" ဟူ၍ ဟောတော်မူသည်၊ ဤလက်ာပိုဒ်မှ ကြွင်းကျန်သော နောက်စကားစု ထင်ရှားပြီ။ )

ဒသမပျို့လင်္ကာအဖြေ ပြီး၏။

## ဇာတိပစ္စယာ ဇရာမရဏံ

# ကောဒသမပျိုလင်္ကာ အဖြေ

သန္ဓေဇာတိ၊ တစ်ဖန်ငြိ၍၊ တြိဘုံသူ၊ လူလူ့ နတ်နတ်၊ မတ်မတ် မားမား၊ ဖြစ်ပြန်ငြားသော်၊ သုံးပါးအရွယ်၊ စ. လယ်. အဆုံး၊ ရှိမြဲထုံးဖြင့်၊ အနှုန်းစဉ်စီ၊ သန္ဓေချီက၊ နာရီစဉ်သင့်၊ အဆင့်ဆင့်လျှင်၊ ရင့်မြဲ့ ရော်မြဲ၊ တသဲသဲတည့်၊ မစဲ နေ့့ ည၊ တရွရွလျှင်၊ ခဏ သန္တတိ၊ အဂ္ဂိ ဇရာ၊ နှစ်ဖြာ လောင်မီး၊ အရှိန်ညီး၍၊ အကြီး. အငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊ အသွား တွင်တွင်၊ မစဲနိုင်၏-

ဟူသော လင်္ကာဝါကျ၌ အဓိပ္ပာယ်ကား ၃၁-ဘုံတွင် တစ်ခုခုသော ဘုံ, တစ်ခုခုသော ဘဝ၌ ဇာတ် ရုပ်သေးပြရာ၌ သူ့အခန်းဆိုင်ရာ သူ့ဝတ်စား တန်ဆာ ဆင်ယင်၍ ဇာတ်ထွက်သကဲ့သို့ သတ္တဝါတို့မှာလည်း စုတိကျ၍ ဘဝဇာတ်သိမ်းပြန်လျှင် မိမိတို့ ကံ, ချထားရာ ထိုဘဝမှာ တစ်ဘဝ တစ်ဇာတ် ထွက်ရပြန်၏၊ ပဋိသန္ဓေ ကိစ္စနှင့် ဘဝအသစ် ဖြစ်ပေါ်ရပြန်၏၊ ဖြစ်ပေါ်ပြန်လျှင်လည်း ဇာတ် နှင်မှု၌ အစိုးရသော ဇရာတရား. ဇာတ်သိမ်းမှု၌ အစိုးရသော မရဏတရား အပြီးပါရှိပြန်၏။

**ဇရာ အကြောင်းတရား** ပါရှိပုံ ဥပမာကား-ဘယ်နေရာမှာမဆို မြက် သစ်ပင်ပေါက် ရောက်လာသည် ရှိသော် မြက် သစ်ပင် ခေါ်သော ရုပ်တရားစုသည် ရင့်ခြင်းအမှုဟူသော ဇရာမီး မဝင်နိုင်, မကပ်နိုင်အောင် ခိုင်လုံသော အနှစ်သာရ မရှိ၊ နံနက်၌ ပေါက်သော မြင် သစ်ပင်သည် ညနေတိုင်လျှင် တစ်မျိုး ရင့်၏၊ ညနေ၌ ပေါက်သော မြင် သစ်ပင်သည် နံနက်တိုင်လျှင် တစ်မျိုး ရင့်၏၊ ပေါက်စ၌ နုထွတ်သော ရုပ်သားအတိုင်း အခိုင်အမြဲ တည်၍ မနေနိုင်၊ ဤ မြက် သစ်ပင်တို့၌ ရင့်မှု တစ်လမ်း, တစ်ခဏထက် တစ်ခဏ ကြီးပွားသန်မာ၍ လာမှုကား တစ်လမ်းပေတည်း။

မြေဥတု, လေဥတု, ရေဥတု အများတို့ ဝိုင်းအုံညီညာ၍ ထောက်ပံ့မှုကြောင့် တစ်ခဏထက် တစ်ခဏ ရုပ်သား တိုးပွား၏၊ တစ်ခဏထက် တစ်ခဏ ရုပ်ကလာပ် ပြည့်ဖြိုး၏၊ ဤတိုးပွားမှု ပြည့်ဖြိုးမှုတို့ကြောင့် တစ်ခဏထက် တစ်ခဏ ကြီးပွား

www.dhammaransi.com



သန်မာ၍ သွားသတည်း၊ ရင့်မှုကြောင့် ကြီးပွားသန်မာ၍ သွားသည် မဟုတ်၊ ထိုသို့ ကြီးပွားသန်မာ၍ သွားရာ၌လည်း အဆုံးစွန် ပျက်စီးကွယ်ပျောက်ရန် အခွင့်သို့ တစ်ခဏထက် တစ်ခဏ နီး၍ သွားမှုသည် ပုံသေပါရှိသည်သာ ဖြစ်၏။ ။ တစ်ခဏ တစ်ခဏ နီး၍သွားမှုဆိုသည်ကား တစ်ခဏထက် တစ်ခဏ ရင့်မှုတည်း၊ ရော်မှုတည်း၊မှည့်ကျက်မှုတည်း၊ ထိုရင့်မှု မရှိခဲ့သည်ဖြစ်ငြားအံ့ - ပျက်ဆုံးမှုသို့ တစ်ခဏထက် တစ်ခဏ နီးမှုမည်သည် မရှိရာ၊ နီးမှုမရှိကလည်း ပျက်ဆုံးခြင်းသို့ ရောက်ခွင့် မရှိရာ၊ ကြီးရင့်သောအခါ အလွန်မာသည်မှာလည်း တေဇောမီး၏ အစွမ်းတည်း၊ ထိုမာစဉ် အခါ၌လည်း တစ်ခဏထက် တစ်ခဏ ရင့်မှု, ဆွေးမှု ပုံသေ ပါရှိသည်သာတည်း။

တစ်ကမ္ဘာလုံး အသက်ရှည်သော ဇမ္ဗူ့သပြေပင်ကြီးမှာပင် တစ်ခဏထက် တစ်ခဏ ရင့်မှုရှိသည်သာ ဖြစ်၏၊ အနှစ်အဆီ အားကြီးသော အပင်မျိုး, လုံးပတ်သဏ္ဌာန်ကြီး၍ အသားပြည့်လျက် အချင်းချင်း အထောက်အပံ့အားကြီးသော အပင်မျိုးတို့မှာ ဇရာအမှု မထင်ရှားတည့်နိုင်၊ အနှစ်အဆီနည်းပါးသော အပင်မျိုး, အနှစ်အဆီမရှိ အကာအတိဖြစ်သော အပင်မျိုးတို့မှာ ဇရာအမှု မြန်မြန် ထင်ရှားလွယ်၏၊ မဟာပထဝီမြေကြီး, မြင်းမိုရ်တောင်ကြီးများမှာပင် ထိုဇရာမှုရှိသည်သာ ဖြစ်၏၊ ကမ္ဘာပျက်ချိန်ကျသောအခါ ဆွေးမြည့် သွေ့ယောင်းကြသည်သာ ဖြစ်၏၊ ထို့အတူ လူ, နတ်, ဗြဟ္မာ, ရုပ်ခန္ဓာ, နာမ်ခန္ဓာစုသည်လည်း ဇရာမီး မဝင်နိုင်အောင်, မကပ်နိုင်အောင် ခိုင်လုံသော အနှစ်သာရ မရှိ၊ ပဋိသန္ဓေကိစ္စ, ဇာတိကိစ္စနှင့် ဖြစ်ပေါ်သော ခဏမှ စ၍ ဇရာမီး ဝင်ရောက်စွဲခဲ့လျက် အမြဲလောင်ကာ ပါရှိ၍ နေ၏၊ အဆုံးတိုင် ပျက်ဆုံးသော အခွင့်သို့ကျအောင် တစ်ခဏမစဲ, တစ်နာရီမစဲ အမြဲတွင်တွင် သုတ်သုတ်နှင်၍ နေ၏။

ဇရာမီး၏ အချက်ကို ထင်ရှားအောင် ဆိုဦးအံ့-လူတို့၌ အသက်တမ်းရှည်ချည်, တိုချည်, တက်ချည်, ဆုတ်ချည် ဖြစ်မှုသည် ဇရာ၏အမှုပေတည်း၊ ကမ္ဘာဦးအခါ၌ လူတို့၏ ကိုယ်ခန္ဓာသည် အနှစ်အဆီ အလွန်ပြည့်၏၊ ပဋိသန္ဓေ နေပြီးသည်မှစ၍ ဇရာမီးသည် အနှစ်အဆီ အလွန်ပြည့်၏၊ ပဋိသန္ဓေ နေပြီးသည်မှစ၍ ဇရာမီးသည် အနှစ်သင်္ချေ လောင်ရ၏၊ နှစ်ပေါင်းအသင်္ချေ လောင်မှ ကျွမ်း၏၊ ထို့ကြောင့် ထိုအခါ အသက် အသင်္ချေတမ်း ဖြစ်၏၊ ထို့နောက် တစ်စတစ်စ ပြဟ္မစိုရ်တရား ဆုတ်ယုတ်၍ လာ၏၊ ကိုယ်ခန္ဓာမှာ အဆီအနှစ် တစ်စတစ်စ ခြောက်သွေ့ခေါင်းပါး၍ လာ၏၊ ဇရာမီးသည် လူတို့ခန္ဓာကိုယ် အနှစ် တစ်သိန်းနှင့် ကျွမ်းအောင် လောင်သောအခါ

www.dhammaransi.com



တစ်သိန်းတမ်း ဖြစ်၏၊ အနှစ် ကိုးသောင်းနှင့် ကျွမ်းအောင် လောင်သောအခါ ကိုးသောင်းတမ်း ဖြစ်၏၊ အစဉ်အတိုင်း ဆုတ်ခဲ့၍ ယခုအခါ အနှစ်တစ်ရာ, အနှစ်ကိုးဆယ်, အနှစ်ရှစ်ဆယ်နှင့် ကျွမ်းအောင် လောင်၏၊ ဆယ်နှစ်တမ်းသို့ ကျသောအခါ လူတို့ခန္ဓာသည် အနှစ်အဆီ မရှိပြီ၊ ကောက်ရိုးကို ညက်စွာ ထောင်း၍ လုပ်သော အရုပ်ကဲ့သို့ ဩဇာနှစ်ဆီ ခေါင်းပါးခြောက်သွေ့၏၊ ထိုအခါ ဇရာသည် ဆယ်နှစ်နှင့် ကျွမ်းအောင် လောင်၏။

တစ်ဖန် ပြဟ္မစိုရ်တရား ကပ်ပြန်, ပေါ်ပြန်, တိုးတက်ပြန်သောအခါ ကိုယ်ခန္ဓာမှ ဩဇာဆီအစဉ်အတိုင်း တိုးတက်ပြန်သဖြင့် အသက် နှစ်ဆယ်တမ်း, လေးဆယ်တမ်း စသည် တက်ပြန်၍ အသင်္ချေတမ်းသို့ ဆိုက်ပြန်၏၊ ဇရာမီး၏ အဖော်သဟဲကား ဇိရဏတေဇော ခေါ်သော ဓာတ်မီးတည်း၊ ထို့ကြောင့် တေဇောဓာတ် အခန်းသို့ကျလျှင် အသက်တမ်းကို တေဇော ဓာတ်မီး ပြုပြင်သည်ဟူ၍လည်း ဆိုရ၏။ ။ သန်း, ကြမ်းပိုး, ခြ, ပိုးရွ, ခွေး, ဝက်, ကြက်, ငှက်, နွား, ကျွဲ, ဆင်, မြင်း, အစရှိသည်တို့၌ လည်း အသီးသီး အသက်တမ်း ကိုယ်စီ ရှိကြသည်မှာ ဇရာမီးစာ အမှုပင်တည်း၊ စာတုမဟာရာဇ် နတ်ပြည်မှာ သူတို့နှစ်နှင့်နှစ်ငါးရာအသက်တမ်း၊ တာဝတိံသာ နတ်ပြည်မှာ သူတို့နှစ်နှင့် အနှစ်တစ်ထောင် အသက်တမ်း ဤသို့ စသည်ဖြင့် နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ အသီးသီး အသက်တမ်း ဖြစ်မှုသည်လည်း ဇရာမီး၏ အမှုပင်တည်း။

အသက်တမ်းမရှိသော ဘုမ္မစိုးနတ်မျိုး, ငရဲ, ပြိတ္တာ, အသူရကာယ်တို့မှာလည်း အားရှိ အားမဲ့ အထူးထူး အထွေထွေ အလွန်များလှသော ကံ၏ အစွမ်း အလွန် ပြဋ္ဌာန်းနိုင်သော ဘုံစုဖြစ်၍ အသက်တမ်းဟူ၍ မရှိကြပြီ။ ။ ကံအားလျော်စွာ ကိုယ့်ဇရာမီးနှင့်ကိုယ် လောင်ကြ, ကျွမ်းကြရတော့သည်၊ ကောက်ပဲ စပါး, မြက်, ဝါး, ချုံနွယ် သစ်ပင်တို့ကား အရပ်ဒေသ ဗီဇမျိုးရိုး အားလျော်စွာ အသက်တမ်း အသီးသီး ရှိကြ၏၊ ဇရာမီး၏ အမှုချည်းတည်း။ ။ တစ်လောကလုံး၌ ဇရာမီး၏ အမှုသည် ဤမျှလောက် ကြီးကျယ်၏။

လူတို့၌ အစ သုံးဆယ့် သုံးနှစ်နှင့် လေးလသည် ပဌမအရွယ် မည်၏၊ အလယ် သုံးဆယ့်သုံးနှစ်နှင့် လေးလသည် ဒုတိယအရွယ် မည်၏၊ နောက်သုံးဆယ့် သုံးနှစ်နှင့် လေးလသည် တတိယအရွယ် မည်၏၊ ထို အပိုင်းအခြားဖြစ်မှုသည်လည်း ဇရာမီး၏ အမှုပင်တည်း၊ တစ်ခု တစ်ခုသော အရွယ်ကို သုံးဆယ့်သုံးနှစ် လေးလနှင့် ကျွမ်းအောင်လောင်၏၊ မန္ဒဒသက, ခိဍ္ဍာဒသက စသည်ဖြင့် ဆယ်နှစ်စီ ပြု၍ အရွယ်

www.dhammaransi.com



ဆယ်ပါး ရှိ၏၊ တစ်ခု တစ်ခုသော အစွယ်ကို ဆယ်နှစ်နှင့် ကျွမ်းအောင်လောင်၏၊ အစွယ် ဆိုသည်ကား ထိုထို အစွယ်တွင်းမှာ တစ်မျိုး တစ်မျိုးစီ ဖြစ်ပွားကြသော နာမ်တရား, ရုပ်တရားစု ကိုပင် အစွယ်ဟူ၍ ဆိုအပ်၏။ ။ ထို့အတူ တစ်နှစ် တစ်နှစ် ကူးပြောင်း၍သွားမှု၊ တစ်ဥတု, တစ်ဥတုကူးပြောင်း၍သွားမှု တစ်လ, တစ်လ ကူးပြောင်း၍သွားမှု၊ တစ်ပက္ခ, တစ်ပက္ခ ကူးပြောင်း၍ သွားမှု၊ တစ်ရက်, တစ်ရက် ကူးပြောင်း၍ သွားမှု၊ တစ်ပဟိုရ်, တစ်ပဟိုရ် ကူးပြောင်း၍ သွားမှု၊ တစ်နာရီ, တစ်နာရီ ကူးပြောင်း၍ သွားမှုသည်လည်း ဇရာမီး၏ အမှုပေတည်း။

တစ်နှစ်, တစ်နှစ် ကူးပြောင်းမှုဆိုရာ၌ ဤခန္ဓာကိုယ်၏ တစ်နှစ်, တစ်နှစ်လျှင် တစ်မျိုး တစ်မျိုး ရင့်ကျက်၍ သွားသည်ကို ဆိုသည်၊ ဥတုကူးပြောင်းမှု စသည်တို့၌လည်း ဤနည်းအတူ၊ ဤအလုံးစုံသည်လည်း တစ်ခဏထက် တစ်ခဏ ရင့်မှု ဖြစ်ပွား၍သွားသော ရင့်မှု စုပေတည်း၊ ကာလကြာမြင့်မှ ထင်ရှားသတည်း။ ။ လမ်းမရှိဖူးသေးသော မြေပြင် မြက်တောကို လမ်းပြု၍ သွားလာရာ၌ ခြေတစ်ချက် တစ်ချက်နင်းမှု ဒဏ်ရာ ဒဏ်ချက်သည် ရုတ်တရက် မပေါ်တည့်သေး၊ မထင်ရှား တည့်သေး၊ အခေါက်အခါ များမှန်းမသိများသောအခါ လမ်းရာ ကြောင်းကြောင်း ပေါ်၍ လာ၏၊ ထင်၍ လာ၏၊ ဤဥပမာကဲ့သို့မှတ်။ ။ ဤတစ်ခဏထက် တစ်ခဏ ရင့်မှု ဒဏ်ချက်သည် လူသတ္တဝါ, ရုပ် နာမ် ခန္ဓာကိုယ် မဆိုထားဘိဦး၊ ကာလကြာမြင့် လျှင် မဟာပထဝီမြေကြီး, မြင်းမိုရ်တောင်, စကြဝဠာတောင်တို့နှင့်တကွ အလုံးစုံသော လောက ဓာတ်ကိုပင် လောင်ကျွမ်းစေလျက် ကမ္ဘာပျက်ရသေး၏။

အနမတဂ္ဂ သံသရာ ကာလမှာ ပျက်ဆုံးကွယ်ပခဲ့သော စကြဝဠာ မဟာပထဝီ, မြင်းမိုရ် ပေါင်း, ကမ္ဘာပေါင်း အနန္တရှိခဲ့ပြီ၊ ထိုမျှလောက် ကြီးကျယ်သော ဇရာမီးကိုပင် သက္ကာယဒိဋ္ဌိ ဖုံးလွှမ်းသော ပုထုဇဉ်သတ္တဝါတို့သည် မိမိကိုယ်သဏ္ဌာန်မှာ ဇရာဓာတ်, ဇရာဓမ္မကို ဓာတ် တစ်ပါး, ဓမ္မတစ်ပါး အဖြစ်ဖြင့် ကွက်ခြား၍ မမြင်နိုင်ကြကုန်၍ ငါ ဘယ်အစွယ် ရောက်ပြီ၊ ငါ-ကြီးပြီ၊ ငါ-အိုပြီဟု ‘ငါ’ ပြု၍ မြင်ကြကုန်၏။

**ဇရာသုံးပါး**

ထိုဇရာသည်-

(၁) ဝယောဝုဍ္ဎိဇရာ,

(၂) သန္တတိဇရာ,

(၃) ခဏိကဇရာ- ဟူ၍ သုံးပါးအပြား ရှိ၏။

www.dhammaransi.com



(၁) အိုမင်းသော အရွယ်သို့ ရောက်၍ ဆံဖြူခြင်း. သွားကျိုးခြင်း. အရေတွန့်ခြင်း အစရှိသည်ဖြင့် ထင်ရှားသော ဇရာသည် ဝယောဝုဒ္ဓိဇရာ မည်၏။

(၂) သန္တတိဇရာ ဆိုသည်ကား - သန္တတိ ဇာတိ၌ ပြဆိုခဲ့ပြီးသောအတိုင်း အခါအားလျော်စွာ, အခွင့်အားလျော်စွာ ကိုယ်ခန္ဓာ၌ တစ်မျိုးစီ တစ်မျိုးစီ ဖြစ်ပေါ်ကြကုန်သော ရုပ်တရား, နာမ်တရားတို့၏ ဆုတ်ယုတ်ကျလျောခြင်း အမှုပေတည်း၊ ဖျားသောသူမှာ အဖျား တက်သည်ကား သန္တတိဇာတိတည်း၊ အဖျား ယခုတက်ပြီး၍ ကျပြီဟု ဆိုရသည်ကား သန္တတိဇရာတည်း၊ အဖျား အေးပြီဟု ဆိုရသည်ကား သန္တတိမရဏတည်း၊ သန္တပ္ပနတေဇော တောက်၍ ထသည်ကို အဖျားတက်သည် ဆိုသည်၊ ထိုတေဇော အတက်ရပ်၍ ဆုတ်ကျသည်ကို အဖျားကျသည် ဆိုသည်၊ ထိုတေဇော၏ ခဏိကမရဏအားဖြင့် သေဆုံးခြင်းကို အဖျား အေးသည်ဆိုသည်။

ဝမ်း၌ ထမင်းအစာ မရှိသဖြင့် တစ်ကိုယ်လုံး အားခွန်ဗလ လျော့ပါး၍ နေ၏၊ ထမင်း စားလိုက်သောအခါ တစ်လုတ်ထက် တစ်လုတ် ကိုယ်အား စိတ်အား တောင့်တင်း၍ လာ၏။ ။ ဤ၌ အားခွန်ဗလ လျော့ပါးမှု မည်သည်ကား ကိုယ်တွင်း သန္တာန်၌ ထမင်းအစာ အပြည့်ရှိစဉ်အခါ ထမင်းအစာ ထောက်ပံ့မှုနှင့် ဖြစ်ပွား၍ နေကုန်သော ရုပ်သစ်, ဓာတ်သစ်, ကလာပ်သစ်တို့သည် ဦးခေါင်းမှာ အပြည့် ရင်မှာ အပြည့်, ဝမ်းမှာ အပြည့်, ခြေမှာ အပြည့်, လက်မှာ အပြည့် ရှိနေကုန်၏၊ အစာအိမ်မှာ အစာသစ် လျော့ပါး၍ သွားလျှင် ထိုရုပ်သစ်, ဓာတ်သစ်, ကလာပ်သစ်တို့သည် ဆီးနှင်းပေါက် ကျေပျောက်သကဲ့သို့ ဦးခေါင်းတွင်းမှလည်း ကျေပျောက်ကြကုန်၏၊ ရင်တွင်းမှာ, ဝမ်းတွင်းမှာ, ခြေမှာ, လက်မှာ အသီးသီး ကျေပျောက်ကြကုန်၏၊ ကိုယ်တွင်း, ဦးခေါင်းတွင်းမှာ ရုပ်ကလာပ်တို့သည် ကျဲရဲသာ ရှိကုန်၏၊ ထိုအခါ အားခွန်ဗလ လျော့ပါးမှုဖြစ်၏၊ ထိုအခါ သတ္တဝါတို့သည် ငါခွန်အားဗလ လျော့ပါးသည်ဟု သိကြ၏၊ ဤသူ ခွန်အားဗလ လျော့ပါးသည်ဟု သိကြ ၏၊ ကိုယ်တွင်း ဦးခေါင်းတွင်း၌ ရုပ်ကလာပ်တွေ ချုပ်ပျောက်၍ ကုန်သည်ဟု မသိ ကြကုန်။ ။ ဤသို့သော အားခွန်ဗလလျော့နည်းမှုသည်လည်းရှေ့အဖို့ တောင့်တင်းသည်မှ ဆုတ်ယုတ်လျော့ကျမှုဖြစ်၍ သန္တတိဇရာ မည်၏၊ တောင့်တင်းမှုကို အကျွမ်းလောင်၍ ပစ်သော ဇရာမီး အမှုပင်တည်း။

တစ်ဖန် အစာ ထမင်းကို စားမျိုသောအခါ တစ်လုတ်ထက် တစ်လုတ် တစ်ကိုယ်လုံး တောင့်တင်း ရှင်လန်း၍ လာ၏။ ။ ဤ၌ အစာ ထမင်းလုတ်ကို

www.dhammaransi.com



မျိုး၍ အစာသစ်အိမ်၌ တည်သည်နှင့် တစ်ပြိုင်နက် ဝမ်းတွင်းမှာ နှင်းပေါက် နှင်းပွားတွေ ဖြစ်ပေါ်သကဲ့သို့ ရုပ်သစ်, ကလာပ်သစ်တွေ ဖြစ်ပေါ်ကုန်၏၊ ရင်တွင်း. ဦးခေါင်းတွင်းမှာ ဖြစ်ပေါ်ကုန်၏၊ စား၍ ထမင်းဝလျှင် မစားမီက ချုပ်ပျောက်သော ရုပ်ကလာပ်တို့၏ နေရာမှာ အကုန်ပြည့်ဖြိုးအောင် ရုပ်သစ်, ကလာပ်သစ် တည်ထောင်မိပြန် ကုန်၏၊ ထိုအခါ ပကတိအတိုင်း ကိုယ်အား စိတ်အား တက်ပွား တောင့်တင်း ရွှင်လန်းမြဲ ရွှင်လန်းပြန်၏၊ ထိုထမင်း အစားအစာ မလည်မချင်း ထိုရုပ်တို့သည် မဆုတ်မလျော့ ပွားများ၍ နေကုန်၏၊ ဤသို့ နေသည်ကို သန္တတိဇာတိ ဆိုသတည်း။ တစ်ဖန် ထမင်းအစာလည်၍ ကျပြန်လျှင် ကိုယ်တွင်းသန္တာန် တစ်ခွင်လုံးမှ ထိုရုပ်တို့သည် အစဉ်အတိုင်း ချုပ်ပျက် ဆုတ်ယုတ်ကြပြန် ကုန်၏၊ အားခွန်ဗလ လျော့ပါးပြန်၏၊ သန္တတိဇရာ မှုတည်း။

ဒီချောင်းထဲမှာ ဒီရေတက်သော အမှု, ဒီရေ အီသော အမှုသည် သန္တတိဇာတိ မျိုးတည်း၊ ဒီရေ ကျလျော့၍ လျော့ပါးမှုသည် သန္တတိဇရာ မျိုးတည်း၊ ဒီချောင်းထဲမှာ ဒီရေ ကုန်ပျောက်မှုသည် သန္တတိမရဏ မျိုးတည်း၊ ဤကိုယ်ခန္ဓာကြီးသည် ဒီချောင်းနှင့် တူ၏၊ အမိဝမ်းမှ ဖွားမြင်သော နေ့မှ စ၍ သေဆုံးသောနေ့တိုင်အောင် နေ့စဉ်အတိုင်း ရက်စဉ်အတိုင်း ထမင်း အစာမှုနှင့် စပ်၍ ကိုယ်တွင်း သန္တာန်မှာ ရုပ်နု, ဓာတ်နု, ကလာပ်နုတို့၏ တိုးချည် တက်ချည်, ဆုတ်ချည်, ကျချည် နေမှုသည် ဒီချောင်းထဲမှာ နေ့တိုင်းနေ့တိုင်း ဒီရေ တက်ချည် ကျချည် နေသည်နှင့် အလွန်တူ၏။ ။ တိုးမှု တက်မှုသည် သန္တတိ ဇာတိဓမ္မပေတည်း၊ ဆုတ်မှု ကျမှုသည် သန္တတိ ဇရာဓမ္မပေတည်း၊ ယခု တစ်ဘဝလုံး အပေါက်မြင်အောင်ကြည့်၊ ဒီရေတိုး၍ အီ၍ နေသောအခါ ငါး, မိကျောင်း စသော ရေသတ္တဝါတို့သည် အလွန်ရွှင်လန်းမြူးထူးကာ ပါရှိကြကုန်သကဲ့သို့ အစာအိမ်၌ ထမင်းပြည့်၍ တစ်ကိုယ်လုံး ရုပ်သစ်, ဓာတ်သစ်, ကလာပ်သစ်တွေ တိုး၍ တက်၍ တည်၍နေသောအခါ ထိုရုပ်တို့ကို ဖောင်စီး၍ ဖြစ်ပေါ်ကြကုန်သော စိတ်, စေတသိက်, နာမ်တရားတို့သည် ရွှင်လန်းမြူးထူးကာ ဖြစ်ပေါ်ကြကုန်၏၊ ဒီရေ ကျလျော့၍ သွားသောအခါ ထိုရေသတ္တဝါတို့သည် ပါကြလေကုန်သကဲ့သို့ အစာအိမ်မှာ အစာထမင်း လျော့ပါး၍ ထိုရုပ်တို့ ချုပ်ပျောက်ကြပြန်သောအခါ စိတ်, စေတသိက် တို့သည် ချုပ်ပျောက်ရာသို့ အကုန်ပါကြလေကုန်၏။

( ဤကား ရုပ်နှင့် အတူ တွဲဖက်၍ ဖြစ်ကြကုန်သော နာမ်တရားတို့၏ သန္တတိဇာတိ, သန္တတိဇရာ, သန္တတိမရဏ ဖြစ်ပုံတည်း၊ ဤကား တစ်နေ့ တစ်နေ့လျှင် နှစ်ကြိမ် နှစ်ကြိမ် မျိုးအပ်သော အာဟာရမှုနှင့် စပ်၍ ဤ

www.dhammaransi.com



ကိုယ်တွင်းမှာ နေ့ညမစဲ သန္တတိဇာတိ, သန္တတိဇရာ, သန္တတိမရဏတတို့၏ ဖြစ်ပုံတည်း။ )

ထိုင်မှု, ထမှု, သွားမှု, လာမှု, ကွေးမှု, ဆန့်မှု စသည်နှင့် စပ်၍လည်းကောင်း၊ ပူမှု, အေးမှု, အိုက်မှု, ချမ်းမှုစသည်နှင့် စပ်၍လည်းကောင်း၊ ထိုထို သုခ, ဒုက္ခဖြစ်မှုနှင့် စပ်၍လည်းကောင်း၊ သန္တတိဇာတိ, သန္တတိဇရာတို့ကို သိကြကုန်ရာ၏။ ။ ထိုင်မှု၌ ထိုင်စအခါ၌ သာယာ ရွှင်လန်းသော ရုပ်တို့သည် ညှိုးနွမ်းဆုတ်ယုတ်ကုန်ရာ၏။ ။ ပူပန်, ညောင်းညာသော ရုပ်တို့သည် တထောင်းထောင်း ပေါ်ပေါက်ပွားများ၍ လာကုန်၏။ ။ ဤ၌ ထိုင်စမှာ သာယာရွှင်လန်းသော ရုပ်တို့၏ ပေါ်မှု, ပွားများမှုသည် သန္တတိ ဇာတိတည်း၊ တစ်ဖန် ပူပန် ညောင်းညာမှု ဖြစ်ပေါ်လာသောအခါ ထိုသာယာသော ရုပ်တို့၏ ဆုတ်ယုတ်မှုသည် သန္တတိဇရာတည်း။ ။ ပူပန်ညောင်းညာသော ရုပ်တို့၏ ဖြစ်ပေါ်မှုသည် သန္တတိဇာတိတည်း။ ။ ဤသို့ စသည်ဖြင့် ဆိုလေ။

နာမ်တရားတို့၌လည်း ဒေါသတရား ဖြစ်ပွား၍နေသည်ကား ဒေါသ၏ သန္တတိဇာတိတည်း၊ ပွားများမှု ယုတ်လျော့၍ သွားသည်ကား ဒေါသ၏ သန္တတိဇရာတည်း၊ ပျောက်ငြိမ်း၍သွားသည်ကား - ဒေါသ၏သန္တတိ မရဏတည်း၊ လောဘမှု, မာနမှု, ဣဿာမှု, မစ္ဆရိယမှုတို့၌လည်းကောင်း၊ သဒ္ဓါမှု, ပညာမှုတို့၌လည်းကောင်း- ဤနည်းတူဆိုလေ။

ဤကား သန္တတိဇရာကို အမြွက်မျှ ဆိုလိုက်သော အခန်းတည်း။

(၃) ခဏိကဇရာ ကိုကား - ခဏိကဇာတိကို ပြဆိုခဲ့သော မီးကို စေ့စေ့စိစိ ကြည့်ရှုသော စကားဖြင့်ပင် ပြရာ၏၊ မီးတောက်ကို ဖြစ်စေ၊ ရဲရဲငြိစွဲ၍နေသော မီးခဲကို ဖြစ်စေ စေ့စေ့ကြည့်၊ လှုပ်လှုပ် လှုပ်လှုပ် ရွရွ ရွရွနေသည်ကို မြင်၏၊ လှုပ်မှု ရွမှုမည်သည် အတက်နှင့် အကျ - အတိုးနှင့် အဆုတ် - အပေါ်နှင့် အငုပ် - အဖြစ်နှင့် အပျက် - ပြောင်းလဲချက်, ပြောင်းလဲမှုပေတည်း၊ အကျ, အဆုတ်, အငုပ်, အပျက်ကား - ခဏိကဇရာမှု, ခဏိက မရဏမှု ပေတည်း၊ ရွရွပေါ်၍ ထသမျှသော အတက်, အတိုး အပေါ်ဖြစ်မှုကား ခဏိကဇာတိမှု ပေတည်း၊ ပြဆိုခဲ့ပြီးသော ဓမ္မပဒ ဂါထာအရ ရေပွက်၏ ဖြစ်ပေါ်မှု, ပျက်မှု - တံလျှပ်၏ ဖြစ်ပေါ်မှု ကွယ်ပျောက်မှုတို့နှင့် လည်း ပြဆိုရာ၏။

www.dhammaransi.com



သန္တတိဇာတိရှိမှ သန္တတိဇရာ သန္တတိမရဏ ရှိနိုင်သည်၊ သန္တတိ ဇာတိရှိခဲ့လျှင် သန္တတိဇရာ ကေန္တ ရှိတော့သည်၊ သန္တတိမရဏ ကေန္တရှိတော့သည်၊ သန္တတိဇာတိကို ခြားခြားနားနား မြင်နိုင်မှ သန္တတိဇရာ သန္တတိမရဏတို့ကိုလည်း ခြားခြားနားနား မြင်နိုင်သည်၊ ခဏိကဇာတိရှိမှ ခဏိကဇရာ ခဏိက မရဏ ရှိနိုင်သည်၊ ခဏိကဇာတိ ရှိလျှင် ခဏိကဇရာ ခဏိကရဏ ကေန္တ ရှိတော့သည်။ ။ ဖြစ်ပေါ်သော တရားမည်သည် ကောင်းသော တရားပင်ဖြစ်စေ မကောင်းသောတရားပင်ဖြစ်စေဆုတ်ယုတ်လျော့ပါးမှုသို့ မရောက်ဘဲ အမြဲတည်နေသည်ဟူ၍မရှိ၊ မြန်မြန်ဆုတ်ယုတ်မှု, ဖြည်းဖြည်းဆုတ်ယုတ်မှု အလျင် အနှေးသာ ရှိကြသည်၊ ထို့အတူ ပျက်ဆုံးခြင်းသို့ မရောက်ဘဲ အမြဲ တည်နေသည်ဟူ၍ မရှိ၊ အလျင် အနှေးသာ ရှိကြသည်၊ ပျက်ဆုံးမှုဟူသမျှသည်လည်း ဆုတ်ယုတ်ခြင်း ရှေးရှိမြဲ ကေန်တည်း၊ ဆုတ်ယုတ်ခြင်းဟူသမျှသည်လည်း ဖြစ်ပေါ်ခြင်း ရှေးရှိမြဲ ကေန်တည်း။

( ဤကား ဇရာ၏ အကြောင်းအရာတည်း။ )

## မရဏသုံးပါး

မရဏသည်လည်း -

(၁) ဘဝဆုံး မရဏ,

(၂) သန္တတိ မရဏ,

(၃) ခဏိက မရဏ - ဟူ၍ သုံးပါး အပြားရှိ၏။

(၁) အာယုက္ခယ = အသက်တမ်း ကုန်၍ သေခြင်း တစ်ပါး၊ ကမ္မက္ခယ = ကံအစွမ်းကုန်၍ သေခြင်းတစ်ပါး၊ ဥဘယက္ခယ - အသက်တမ်းလည်းကုန်, ကံအစွမ်းလည်း ကုန် နှစ်ပါး ဆုံ၍ သေခြင်းတစ်ပါး၊ ဥပစ္ဆေဒက = အကုသိုလ်ကံတစ်ပါး အတင်းဖြတ်၍ သေခြင်းတစ်ပါး၊ ဤ ၄-ပါးသော သေခြင်းသည် ဘဝဆုံးမရဏမည်၏။

(၂) သန္တတိမရဏသည် နာမ်သန္တတိမရဏ, ရုပ်သန္တတိ မရဏဟူ၍ နှစ်ပါး ရှိ၏။ ။ နာမ်သန္တတိ မရဏဆိုသည်ကား-ဆိုက်တိုက်သော အခွင့်အားလျော်စွာ ဖြစ်ပေါ်လာကုန်သော နာမ်စိတ်တို့၏ ကွယ်ပျောက် ပျက်ဆုံးခြင်းတည်း၊ ထိုနာမ်

www.dhammaransi.com



သန္တတိမရဏာသည် မျက်စိ၌ အမြင်, ဓာတ်စု၏ သေဆုံးခြင်း, နား၌ အကြားဓာတ်စု၏ သေဆုံးခြင်း, နှာခေါင်း၌ အနံ့ဓာတ်စု၏ သေဆုံးခြင်း, လျှာ၌ အရသာကို သိသော ဓာတ်စု၏ သေဆုံးခြင်း, တစ်ကိုယ်လုံး၌ အတွေ့အထိကို သိသော ဓာတ်စု၏ သေဆုံးခြင်း, နှလုံးအိမ်တွင်း၌ အကြံအဖန် ဓာတ်စု၏ သေဆုံးခြင်းဟူ၍ ခြောက်ပါးအပြား ရှိ၏။ ။ ဖဿခြောက်ပါး၏သေခြင်း, ဝေဒနာ ခြောက်ပါး၏ သေခြင်း, သညာ ခြောက်ပါး၏ သေခြင်း, စေတနာခြောက်ပါး၏ သေခြင်း, ဝိတက်ခြောက်ပါး၏ သေခြင်း, ဝိစာရခြောက်ပါး၏ သေခြင်း, ဝီရိယ၏ သေခြင်း, ပီတိ၏ သေခြင်း, ဆန္ဒ၏ သေခြင်း, လောဘ၏ သေခြင်း, ဒေါသ၏ သေခြင်း, မောဟ၏ သေခြင်း, မာန၏ သေခြင်း, ဒိဋ္ဌိ၏ သေခြင်း, ကုက္ကုစ္စ၏ သေခြင်း, မစ္ဆရိယ၏ သေခြင်း, သဒ္ဓါ၏ သေခြင်း, သတိ၏ သေခြင်း, ဟိရီဩတ္တပ္ပ၏ သေခြင်း, အလောဘ၏ သေခြင်း, အဒေါသ၏ သေခြင်း, အမောဟ ခေါ်သော ပညာ၏ သေခြင်း, ကရုဏာ၏ သေခြင်း, မုဒိတာ၏ သေခြင်း, ဒါနကုသိုလ်စိတ်၏ သေခြင်း, သီလ ကုသိုလ်စိတ်၏ သေခြင်း, ဘာဝနာကုသိုလ်စိတ်၏ သေခြင်း, ကာယကံ၏ သေခြင်း, ဝစီကံ၏ သေခြင်း, မနောကံ၏ သေခြင်း အစရှိသဖြင့် နာမ်၏ သေခြင်းသည် များသော အပြားရှိ၏။

'သေခြင်း'ဆိုသည်ကား - မီးပြင်းထိုး၍ တစ်စုံတစ်ခုကို ကျိုချက်သောအခါ ရေပွက်တို့သည် မီး၏ အဟုန်ကြောင့် ဆူဆူတက်၍ ထကုန်၏၊ မီးကို ငြိမ်း၍ထားသော အခါ ထိုရေပွက်တို့သည် ကွယ်ပျက်ပျောက်ဆုံး၍ ကုန်၏၊ ရေပကတိအတိုင်းရှိ၏၊ တစ်ဖန် မီးထိုးပြန်လျှင် ဆူပွက်မြဲ ဆူပွက် ပြန်၏၊ မီးငြိမ်းပြန်လျှင် အပွက်အကုန် သေမြဲသေပြန်၏၊ မီးတောက်ပြန်လျှင် ပွက်မြဲ ပွက်ပြန်၏၊ မီးမရှိ ပြန်လျှင်အပွက် သေမြဲသေပြန်၏၊ ဤဥပမာ၌ အပွက်သေသည် ဟူသကဲ့သို့ ထိုထိုဓာတ်၏ သေခြင်း တည်း။ ။ လောဘအာရုံ၌ ကြုံတွေ့သောအခါ နှလုံးထဲမှာ လောဘဓာတ် ပွက်ပွက်ဆူ ဖြစ်ပေါ်၍ လာ၏၊ ထိုအာရုံနှင့် လွဲပြန်လျှင် ထိုလောဘဓာတ် သေပြန်၏၊ အကုန်လုံး ကွယ်ပျက် ပျောက်ဆုံးပြန်၏၊ တစ်ဖန် ထိုအာရုံနှင့် တွေ့ဆုံပြန်လျှင် လောဘဓာတ် ပွက်ပွက်ဆူ ဖြစ်ပေါ်ပြန်၏၊ အာရုံနှင့် လွဲပြန်လျှင် သေပျောက်မြဲ သေပျောက်ပြန်၏၊ ဤသို့ ဓာတ်သေသည်ကို 'မရဏ' ဟု ဆိုသတည်း။

မျက်စိနှင့် ထိုထို အဆင်းသဏ္ဌာန် တွေ့ထိ၍ နေဆဲအခါ၌ စက္ခုအကြည်ပေါ်မှာ စက္ခုဝိညာဏ်နှင့်တကွ နာမ်အမြင် ဓာတ်စု ပွက်ပွက်ဆူ ဖြစ်ပေါ်၍ နေ၏၊ ဤကား နာမ်၏ သန္တတိ ဇာတိ ဓမ္မတည်း။ ။ ထိုအဆင်းသဏ္ဌာန်နှင့် မျက်နှာ လွဲပြန်လျှင် ဝိညာဏ်နှင့် တကွ ထိုနာမ် ဓာတ်စု အကုန်သေ၏၊ ပျောက်ပျက်

www.dhammaransi.com



ကွယ်ဆုံး၏၊ ဤကား- နာမ်၏သန္တတိမရဏာ ခေမ္မကြီးတည်း၊ ရေကို ကျိုချက်ရာ၌ ရေနှင့်စက္ခုအကြည်သည် တူ၏၊ မီးတောက်နှင့် ထိုထို အဆင်းသဏ္ဌာန်စုသည် တူ၏၊ မီးတောက်၏ အဟုန် ကြောင့် ရေပြင်မှာ ရေပွက်ငယ်တွေ ဆူဆူတက် ပွက်ပေါ်သည်နှင့် ထိုထို အဆင်း သဏ္ဌာန် အရိပ်ခိုက်မှု, ထင်မှုကြောင့် စက္ခုအကြည်ပေါ်မှာ စက္ခုဝိညာဏ်စသော နာမ်ဓာတ်စု ဆူဆူတ်ဖြစ်ပေါ်မှု တူ၏၊ မီးငြိမ်းလျှင် ရေပွက်ငယ်တွေ အကုန်ပျောက်ဆုံး သည်နှင့် ထိုထိုအဆင်းသဏ္ဌာန် အရိပ်စုခိုက်မှု, ထင်မှု မရှိပြန်လျှင် စက္ခုဝိညာဏ်နှင့် တကွသော ထိုနာမ်စု သေဆုံးကွယ်ပျောက်မှုသည် တူ၏။

**မှန်ရိပ်ဥပမာ** ရှေ့၌ ပြဆိုခဲ့ပြီးသော မှန်ရိပ် ဥပမာနှင့်လည်း ပြဆိုရာ၌ မှန်မျက်နှာ ထိုထို ဝတ္ထု တိုက်ဆိုင်မိသောအခါ၌ မှန်အပြင်မှာ **အရိပ်ပေါ်၏၊** မျက်နှာလွှဲပြန်လျှင် ထိုအရိပ် ကွယ်ပျောက်၏၊ တစ်ဖန် တိုက်ဆိုင်ပြန်လျှင် **အရိပ်ပေါ်မြဲ** ပေါ်ပြန်၏၊ မျက်နှာလွှဲပြန်လျှင် အရိပ်ပျောက်မြဲ ပျောက်ပြန်၏၊ မှန်အပြင်နှင့် စက္ခုအကြည် တူ၏၊ အရိပ်နှင့် စက္ခုအကြည်မှာ ဖြစ်ပေါ်ကြသော နာမ်ဓာတ်စု တူ၏၊ ဖြစ်ပေါ်မှုကား နာမ်ဓာတ်စု၏ ဇာတိခေမ္မတည်း၊ ချုပ်ပျောက်မှုကား နာမ်ဓာတ်စု၏ မရဏာခေမ္မကြီး ပေတည်း။ ။ ရေအကြည် စသည်တို့၌ ပေါ်သော အရိပ်တို့နှင့်လည်း တူပါ၏၊ နေရောင်, မီးရောင်တို့၌ ပေါ်သော လူရိပ်, သစ်ရိပ်တို့နှင့်လည်း တူပါ၏၊ သစ်ပင်ရိပ် မှာ သစ်ပင်နှင့် အဆင်းသဏ္ဌာန် တူ၏၊ မြေအပြင်နှင့် စက္ခုအကြည် တူ၏၊ နေနှင့် ရှေးကံဟောင်း တူ၏၊ အရိပ်နှင့် စက္ခုအကြည်မှာ ပေါ်သော နာမ်ဓာတ်စု တူ၏။

**မှန်ဘီလူးကြီး ဥပမာ** အန္ဓပုထုဇဉ် သတ္တဝါတို့သည် ရေ, မြေ, တော, တောင်, အိမ်ရာ, ကျောင်း, ကန်, နွား, ကျွဲ, ဆင်, မြင်း, လူ, ရှင်, ယောကျ်ား, မိန်းမ, ဦးခေါင်း, ခြေ, လက် အစရှိသော ထိုထို အဆင်းသဏ္ဌာန်ကို မြင်ကြသောအခါ သက္ကာယဒိဋ္ဌိအတိုင်း ဘယ်ဟာကို ငါမြင်သည်-ငါကြည့်သည်-ငါရှုသည်ဟုဖြစ်ကြကုန်၏၊ အမြင် နာမ် ဓာတ်စု ဖြစ်ပေါ်မှုဟူ၍ မသိကြကုန်၊ ထိုဓာတ်စု၏ မြင်မှု, ကြည့်မှု, ရှုမှုဟူ၍ မသိကြ ကုန်၊ တစ်ဖန် ကွယ်၍သွားပြန်လျှင် ငါ မမြင်ပြန်ပြီဟု သိကြကုန်၏၊ ထိုနာမ်ဓာတ်စုတို့၏ သေဆုံးမှု, ပျောက်ကွယ်မှု, အနိစ္စရောက်ကြသော အမှုဟု မသိကြကုန်၏။ ။ အနာအတို, အနာဟောင်းကြီး ရှိရာ၌ ပကတိ မျက်စိနှင့် မမြင်ကောင်း၊ မှန်ဘီလူးကြီး တပ်၍ ကြည့်မှ မြင်ကောင်း

www.dhammaransi.com



သော သံသေဒဇ ပိုးငယ်တို့သည် အနာနှင့် အပြည့် ကျရောက်ဖြစ်ပေါ်လာရာ၌ ထိုပိုးတို့၏ ကိုက်မှု, စားမှုကြောင့် အနာသည် ယားယံ၍ လာ၏၊ အရည်စက်လည်း ယိုထွက်၍ လာ၏။

အနာရှင်မူကား မှန်ဘီလူး မရှိသည်ဖြစ်၍ ပိုးငယ်တွေကိုပင် ကိုယ်သွေး, ကိုယ်သား မှတ်၏၊ ပိုးကိုက်၍ ယားယံသည်ကိုပင် အနာပျောက်လို၍ ယားယံသည်ဟု ဝမ်းမြောက် ဝမ်းသာရှိ၏၊ ပိုးတို့ကြောင့်ဖြစ်သော အရည် အစက်ယိုထွက်သည်ကိုလည်း အနာပျောက်လို၍ မန်းရည် ယိုသည်ဟု ဝမ်းမြောက်၏၊ ထိုအကြောင်းကို သိသော ဆေးသမား ဆရာက ထိုသူ၏ မျက်စိ၌ မှန်ဘီလူးကြီး တပ်၍ ပြသောအခါ၌ အနာထဲမှာ နဂါးတွေ က, နေသကဲ့သို့ လောက်လက် ဆူကြွ တရွရွနေကြသော ပိုးငယ်တွေကို မြင်လေ၏၊ ထိုအခါမှ ကြက်သီးကြီး ထ၏၊ ကြောက်လှ၏၊ ယခုပင် အတွင်းသို့ အခေါင်းပေါက်အောင် စား၍ ပစ်ကြလိမ့်မည် ထင်၏၊ မအိပ်ဝံ့ မနေဝံ့ အနာရိပ် ပိုးရိပ်ကိုသာ တစ်ကြည့်တည်းကြည့်၏၊ ဆေးဆရာကို တွယ်တာ၏၊ သုတ်လိမ်းရန် ပေးသော ဆေးကို နည်းလှသည် ထင်၏၊ နှစ်ကြိမ် သုံးကြိမ် သုတ်လိမ်းရန် ပေးသော ဆေးကို တစ်ကြိမ်တည်း အကုန်လိမ်း၏၊ ဆေးဆရာက ဣရိယာပထ မျှတရန် အိပ်ပါဟု ဆိုသော် မအိပ်နိုင် မအိပ်ဝံ့ ရှိ၏၊ အနာကိုကြည့်၍ ဆေးသုတ်လိမ်းမှု၌သာ မနေမနား အားထုတ်၏။

## ဥပမာ ဥပမေယျ စပ်ဟပ်ပြချက်

၁။ အန္ဓပုထုဇဉ် အဖြစ်နှင့် နေသော သတ္တဝါစုသည် အနာသည် ရောဂါသည်ကြီးနှင့် တူ၏။

၂။ အနမတဂ္ဂ သံသရာ၌ အစဉ် ဖြစ်၍လာခဲ့သော မျက်လုံးနှစ်ခုသည် အနာဟောင်းကြီးနှင့် တူ၏။

၃။ ထိုသို့ အဆင်းသဏ္ဌာန်နှင့် တွေ့ကြုံမိတိုင်း စက္ခုအကြည်မှာ ဖြစ်ပေါ်လာသော စက္ခုဝိညာဏ် အမှုးရှိသော နာမ်ဓာတ်စုသည် ထိုအနာဟောင်းကြီးမှာ ဖြစ်ပေါ်လာသော အလွန်သိမ်မွေ့စွာသော သံသေဒဇ ပိုးငယ်နှင့် တူ၏။

၄။ ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်မျက်စိ မရှိဖူးသေးသည်ဖြစ်၍ ထိုနာမ်ဓာတ်စုကို ဓာတ်အသီးအခြား, ဓမ္မ အသီးအခြား, အာဂန္တုတရားစု,

www.dhammaransi.com



ပဋိစ္စသမုပ္ပါဒ်တရားစုဟူ၍ သက်သက် မသိမမြင်သည့်အတွက် ထိုဓာတ်တို့ကို ငါပြု၍ ငါမြင်သည်ဟု ဖြစ်၍ နေကြသော အန္ဓပုထုဇဉ် စု၏ အမှုသည် အာဂန္တုက သံသေဒဇ ပိုး, ကောင်တွေကို ကိုယ်သွေး, ကိုယ်သားဟု ဖြစ်သော အနာသည်နှင့် တူ၏။

၅။ ထိုစက္ခုမှာ ဖြစ်ပေါ်ကြသော နာမ်တရားစုတွင်လည်း စက္ခုအတွေ့ဟု ဆိုအပ်သော စက္ခုသမ္ဖဿမှုသည် ထိုအနာဟောင်း၌ ကျသော ပိုးတို့၏ ကိုက်မှုနှင့် တူ၏။

၆။ ထိုစက္ခုမှာ အတွေ့ကြောင့် ဖြစ်လာသော စက္ခုအရသာ-ဟု ဆိုအပ်သော စက္ခုသမ္ဖဿဇာ ဝေဒနာမှုသည် ထိုအနာဟောင်းမှာ ပိုးတို့၏ ကိုက်မှုကြောင့် ဖြစ်သော ယားယံမှုနှင့် တူ၏။

၇။ စက္ခုအရသာကြောင့် ဖြစ်ပေါ်လာသော ရူပတဏှာသည် ထိုအနာ ဟောင်းမှာ ပိုးလောက်တို့၏ စားမှုကြောင့် ဖြစ်လာသော သွေးပုပ် ရည်, ပြည်ပုပ်ရည်နှင့် တူ၏။

၈။ ကောင်းသော အာရုံကို မြင်ရ၍ တက်ကြွမှု ဝမ်းမြောက်မှု တဏှာဖြင့် ခံစား စံစားရ၍ တက်ကြွမှု ဝမ်းမြောင်မှုသည် အနာကြီးယားယံ၍ ဝမ်းမြောက်မှု အရည်ယို၍ ဝမ်းမြောက်မှု တူ၏။

၉။ မြတ်စွာဘုရားသည် အနာကု ဆေးသမား ဆရာကြီးနှင့် တူ၏။

၁၀။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ အစရှိသော ဤပဋိစ္စသမုပ္ပါဒ် ဒေသနာ အတိုင်း ကိုယ်ခန္ဓာ၌ ကောင်းစွာ သိမြင်သော ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိသည် ဆေးဆရာကြီး၏ အလွန်လင်းလှစွာသော မှန် ဘီလူးကြီးနှင့် တူ၏။

၁၁။ ဤဒေသနာအရ အဇ္ဈတ္တဓာတ်တို့၏ အသီးသီးသော သဘောအစု ဖြစ်မှု ပျက်မှု ပဋိစ္စသမုပ္ပါဒ်မှု အာဂန္တုအချက်ကို ကောင်းစွာ အောင်မြင်သောအခါ အန္ဓပုထုဇဉ်အဖြစ်မှ ကျွတ်လွတ်၍ ပညာ မျက်စိ အမြင်ရှိသော ကလျာဏပုထုဇဉ် စူဠ-သောတာပန် အဖြစ်သို့

www.dhammaransi.com



ရောက်သော သူသည် မှန်ဘီလူး လက်ကိုင်ရ၍ သံသေဒဇပိုးငယ်တွေကို အကောင်အထည်နှင့်တကွ နဂါးတွေ က, သကဲ့သို့ တရွရွ နေသည်ကို မြင်ရသည်နှင့် တူ၏။

၁၂။ မိမိကိုယ်ခန္ဓာ တစ်ခုလုံး၏ ဖြစ်ချည်, ပျက်ချည် အတည်မကျ အာဂန္တုဓမ္မ ပဋိစ္စသမုပ္ပါဒ် သဘောကိုမြင်သောအခါ ငါ-ငါ-ဟူ၍ စွဲလမ်းသော သက္ကာယဒိဋ္ဌိကလည်း မကျေ၊ ကျန်တည့်သေးရှိနေသည်နှင့် သေမှုကိုလည်း အစိုးမရ၊ ယခု ထွက်သက်မှာ သက္ကာယဒိဋ္ဌိ တန်းလန်းနှင့် သေခဲ့လျှင် နောက် ဝင်သက် အခန်းမှာ အပါယ်ဘဝသို့ လည်းကောင်း၊ သာသနာမရှိရာ ဘဝသို့လည်းကောင်း ကျရောက်၍ သွားမည့် အရေးကို တွေးမိတိုင်း အကြောက်ပွားသဖြင့် တစ်ပါးသော ကိစ္စနှင့် မေ့မေ့လျော့လျော့ မနေဝံ့မူ၍ ဝိပဿနာ သမ္မာဒိဋ္ဌိကိုသာ မနေမနား ကြိုးစားအားထုတ်သော သူသည် ထိုအနာမှ ကျရောက်သော ပိုးတို့အတွက် ကြက်သီးလည်း ထ, ကြောက်ရွံ့လှ၍ ဆေးအမှုကိုသာ မနေမနား အားထုတ်သည်နှင့် တူ၏။

ဤဥပမာဖြင့်ကား အနာရှိ၍ ကျလာသော သံသေဒဇ ပိုးငယ်စုကဲ့သို့ အဆင်းသဏ္ဌာန်နှင့် စက္ခုအကြည်ဝယ် ပြိုင်တွေ့ဆုံမိသောအခါမှ အမြင်ဓာတ်စု အာဂန္တုတို့ စက္ခုအကြည်ပေါ်မှာ တဖွားဖွား ဖြစ်ပေါ်လာကြကုန်သည်၊ မျက်စိထဲမှာ အမြဲရှိနေကြသော ဓာတ်စုမဟုတ်ဟူသော အဓိပ္ပာယ်ကို ပြလိုရင်းတည်း၊ တစ်နာရီအတွင်း, တစ်ထိုင် အတွင်းမှာပင် ထိုကဲ့သို့ အာဂန္တုက ပဋိစ္စသမုပ္ပါဒ် ဓာတ်သီး ဓာတ်ခြား အနေနှင့် မြင်နိုင်ပါမှ မျက်စိအကြည်ပေါ်မှာ အခါခါ ဖြစ်ပေါ်မှု, အခါခါသေမှု, အခါခါ ဓာတ်သချိုင်း ကျမှုကဲ့သို့ မြင်နိုင်မည်၊ မရဏကို ပြဆိုသော အရာဖြစ်၍ ဓာတ်သချိုင်း ကျမှုကို သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိပေါက်အောင် ပြဆိုရင်းပင်တည်း။

နာမ်တရားတို့မည်သည် ရုပ်တရားတို့ကဲ့သို့ သဏ္ဌာန်ရှိကြကုန်သည် မဟုတ်၊ ထို့ကြောင့် မျက်စိမှ နာမ်ဓာတ်ဖြစ်ပေါ်မှု, နာမ်ဓာတ် သေမှု ဓာတ်သချိုင်းကျမှုကို ဉာဏ်ဖြင့် ရှာကြသော သူသည် သဏ္ဌာန်အနေနှင့် ရှာကြံ၍ မရအပ်၊ မြင်မှုနှင့် ရှာကြံမှု ရအပ်သည်၊ မြင်မှုသည်ပင် ထိုဓာတ်စု အမှန်ဖြစ်သည်၊ မြင်မှု ပျောက်ကွယ်ချုပ်သည်ပင်လျှင် ဓာတ်သေမှု, ဓာတ်သချိုင်းကျမှု အမှန်ဖြစ်သည်၊ ဘယ်ဟာကို ယခု ငါမြင်၏ဟု သိကြ၏၊ ဘယ်ဟာကို ယခု ငါမမြင်ပြီဟု သိကြ၏၊ စိတ်ထဲမှာ ယခု

www.dhammaransi.com



ငါ၌ ဒေါသဖြစ်၍ နေ၏-ဟု သိကြ၏၊ ယခု ဒေါသပြေငြိမ်းပြီ-ဟု သိကြ၏၊ ထိုထက်ပင် မြင်မှု ဖြစ်ချက်, မြင်မှု ပျက်ချက် ထင်ရှား၏၊ စိတ်အစဉ်ကို လက်ကိုင်ပြု၍ ကြည့်ရမည်။

စိတ်အစဉ် မည်သည်ကား - မြေကို မြင်၍ သိပုံတစ်မျိုး - ရေကိုမြင်၍ သိပုံ တစ်မျိုး တောကိုမြင်၍ သိပုံတစ်မျိုး တောင်ကိုမြင်၍ သိပုံတစ်မျိုး ဤသို့ အစရှိသည် ဖြင့် မြင်သော အထည် ဝတ္ထုကွဲလျှင် သိပုံအမျိုးမျိုး ကွဲပြားသည်၊ သိမှု အခြင်းအရာ သည်ပင်လျှင် စိတ်တရား ကိုယ်ရင်းဖြစ်သည်၊ မြေကိုမြင်၍ သိသည်မှ ရေကို မြင်ပြန်၍ ရေကိုသိသောအခါ မြေကိုသိမှုမရှိပြီ၊ ချုပ်ကွယ်ပြီ၊ ဤသို့ အစရှိသည်ဖြင့် ဓာတ်သေပုံ, ဓာတ်သချိုင်းကျပုံကို သိလေ၊ မြေကိုလည်း သည်စိတ်နှင့်ပင် မြင်သည်, သိသည်၊ ရေကိုလည်း သည်စိတ်နှင့်ပင် မြင်သည်, သိသည်ဟု ထင်စွဲရင်း ရှိကြသည်၊ ထိုသို့ကား မဟုတ် - မြေကို မြင်ပုံ, သိပုံ ကွယ်ပျောက်ပြီးမှ ရေကိုမြင်ပုံ, သိပုံတစ်မျိုးဖြစ်သည်၊ သိပုံကား ခြားပါ၏၊ စိတ်ကား တခြားမဟုတ်ပါ ဆိုငြားအံ့၊ သိပုံနှင့်စိတ် တခြားစီလော, တစ်ခုတည်းလော-မေး၊ တခြားစီဆိုပါလျှင် သိပုံကား ဘယ်ဓာတ်နည်းဟု မေး-စိတ်မှတစ်ပါး သိပုံမရှိ၊ သိပုံမှတစ်ပါး စိတ်မရှိ၊ သိပုံကွယ်ပျောက်မှုသည်ပင်လျှင် စိတ်ကွယ်ပျောက်မှုတည်း။

ဥပမာကား - အလွန်ကောင်းသော ယမ်းကို အဖြူ, အနီ, အဝါ စသည်ဖြင့် အဆင်းအမျိုးမျိုး ဆိုး၍ မုန်ညင်းစေ့ခန့် အလုံးငယ်တွေပြု၍ အစေ့ချင်းထိစပ်အောင် စီစဉ်၍ ထားပြီးလျှင် အစအလုံးမှာ မီးပေး၊ အစဉ်အတိုင်း မီးတောက်ဖြူ, မီးတောက် နီ စသည် တစ်ဆက်တည်း တောက်၍ သွားလိမ့်မည်၊ ထိုသို့သွားရာ၌ အဖြူတောက် ကုန်မှု, အနီတောက်ကုန်မှု စသည် ခြားနားစွာ မြင်လိမ့်မည်၊ ထိုအတူ အမိဝမ်းက ဖွားမြင်သည်မှ စ၍ ယနေ့ထက်တိုင် မြင်မှု အမျိုးမျိုး, ကြားမှု အမျိုးမျိုး စသည် တစ်စဉ်တည်း ဆက်လက်၍ လာခဲ့သော စိတ်အစဉ်၌ ရှေးရှေးမြင်မှု, ကြားမှု စသည် အစဉ်အတိုင်း ကုန်၍, ကုန်၍ ပျောက်ကွယ် ပျက်ဆုံး၍ လာခဲ့သည်ကို သိလေ။

**( ဤကား စက္ခုအကြည်မှာ အဆင်းသဏ္ဍာန်ဟူသော ရူပါရုံနှင့် ဆုံမိတိုင်း ဆုံမိတိုင်း အသစ်, အသစ် ဖြစ်ပေါ်၍ ခုတင် ခုပျက်ဆုံး သေပျောက်ကြကုန်သော အမြင် နာမ်ဓာတ်တို့၏ သန္တတိမရဏကို ပြဆိုသော အခန်းတည်း။ )**

ဤနည်းတူ အသံကြားတိုင်းကြားတိုင်း သောတ အကြည်ပေါ်မှာ ဖြစ်ပေါ် လာကြကုန်သော သောတဝိညာဉ် အမှုးရှိသော အသံကြား နာမ်ဓာတ်တို့မှာလည်း ကြား၍ နေဆဲအခါ သန္တတိဇာတိ ဖြစ်မှု-အသံတိတ်၍ မကြားဘူးဟု ဖြစ်သောအခါ

www.dhammaransi.com



သန္တတိမရဏ ဆိုက်မှုကို သိအပ်၏။ ။ အနာဟောင်းကြီး ဥပမာ၌လည်း သောတအကြည်သည် အနာနှင့် တူ၏၊ ဗဟိဒ္ဓမှ အသံအမျိုးမျိုး ခိုက်ဆဲ, တိုက်ဆဲအခါ၌ သောတအကြည်ပေါ်မှာ ပွက်ပွက်ဆူ ဖြစ်ပေါ်ကြသော အသံကြားနာမ်ဓာတ်တို့သည် အနာ၌ ဖြစ်ပေါ်ကြသော သံသေဒဇပိုးငယ်တို့နှင့် တူသည်၊ ဤသို့ စသည်ဖြင့် သိလေ။ ။ သံတို့မည်သည် အထည် ဝတ္ထုရှိသော ဓာတ်မျိုး မဟုတ်သောကြောင့် ဖြစ်ပေါ်မှု, ချုပ်ပျောက်မှု အလွန်ထင်ရှား၏၊ ဗဟိဒ္ဓ၌ အသံချုပ်ပျောက်သည်နှင့် တစ်ပြိုင်နက် နားထဲမှာ ကြားမှု ချုပ်ပျောက်၏။ ။ ကြားမှုဆိုသည်ကား သောတဝိညာဏ် အမှုးရှိသော ဖဿဝေဒနာ အစရှိသော နာမ်ဓာတ် စုပင်တည်း၊ ကြားသည်ဟူ၍ကား သိကြ၏၊ ဓာတ်အသီးအခြား ပေါ်မှုဟူ၍ကား မသိကြသောကြောင့် ငါကြားသည်, ဘယ်သူကြားသည်ဟု သက္ကာယဒိဋ္ဌိဖြစ်၍ နေကြ၏။ ။ မှန်ရိပ်, နေရိပ် ဥပမာ - ယမ်းမီး ဥပမာစုကိုလည်း အမြင် ဓာတ်စုမှာကဲ့သို့ သိလေ။

**အသံကြား နာမ်ဓာတ်စု၏ ဇာတိမှု, ဇရာမှု, မရဏမှု ပြီး၏။**

နှာခေါင်းမှာ အနံ့နံတိုင်း နံတိုင်း ဃာန အကြည်ပေါ်မှာ အနံ့ယူ၊ နာမ်ဓာတ်စု ဖြစ်ပေါ်မှု, သေဆုံးမှု, လျှာပေါ်သို့ အချိုအချဉ်အစရှိသော ကောင်း, မကောင်းသော အရသာတို့ကို သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဇိဝှာအကြည်ပေါ်မှာ အရသာယူ၊ နာမ်ဓာတ်စု၏ ဖြစ်ပေါ်မှု, သေဆုံးမှုတို့၌လည်း ဥပမာစုနှင့်တကွ စက္ခုမှာ ဆိုခဲ့ပြီးသောအတိုင်း သိလေ။ ။ ဤ၌လည်း နံသည်, မွှေးသည်ဟု သိကြ၏၊ ဓာတ်ပေါ်မှု ဓာတ်သေမှုဟု မသိကြ၊ သက္ကာယဒိဋ္ဌိသာဖြစ်၍ နေကြ၏၊ လျှာ၌ ရောက်သော အရသာတို့ကိုလည်း ချိုသည် ချဉ်သည်ကို သိကြ၏၊ ချိုမှု, ချဉ်မှု ပျောက်ပြယ်ကွယ်ဆုံးသည်ကိုလည်း သိကြ၏၊ ဓာတ်ပေါ်မှုဟု မသိကြ၊ ကာယအကြည်မည်သည် အတွင်းအပြင် တစ်ကိုယ်လုံးအပြည့် ရှိ၏၊ မြေဓာတ်, မီးဓာတ်, လေဓာတ်ဟူသော ဖောဋ္ဌဗ္ဗဓာတ် ၃-ပါးသည်လည်း တစ်ကိုယ်လုံးမှာရှိသော ဖောဋ္ဌဗ္ဗ ၃-ပါး၊ သူတစ်ပါးတို့၏ ကိုယ်အင်္ဂါကြီးငယ် အဝတ်ပုဆိုး အခင်း အရုံစသော ဗဟိဒ္ဓမှာရှိသော ဖောဋ္ဌဗ္ဗ ၃-ပါး သွား, လာ ထကြွ၍ ဦးခေါင်းတွင်း, ဦးနှောက်တွင်း, ရင်တွင်း, ဝမ်းတွင်း, အဆုတ်တွင်း, အသည်းတွင်း လှုပ်ရှားမှန်း သိမှု-ခါးတွင်း, ပေါင်တွင်း, ခြေတွင်း လှုပ်ရှားမှန်း သိမှုတို့၌ လှုပ်ကြွသော အတွင်းဝါယော ထိခိုက်မှုကြောင့် ထိခိုက်သမျှ နေရာ၌ ကာယဝိညာဏ် အမှုးရှိသော နာမ်ဓာတ်စုသည် ပွက်ပွက်ဆူ ဖြစ်ပေါ်၏၊

www.dhammaransi.com



ထိုနာမ်ဓာတ်စုပေါ်ရာတိုင်း၌ လှုပ်တိုင်း လှုပ်တိုင်း သိ၏၊ အလှုပ် ပျောက်တိုင်း ပျောက်တိုင်း သိ၏။

မိုးဦးကျအခါ၌ တိမ်တိုက်တွင်းမှာ တဝင်းဝင်း တလက်လက် လျှပ်စစ်ပြက်သကဲ့သို့ တစ်ကိုယ်လုံးအတွင်း၌ တဝင်းဝင်း တလက်လက် နာမ်ဓာတ်တွေပေါ်မှု, နာမ်ဓာတ်တွေ သေမှုကို သိရာ၏၊ ထို့အတူ ကိုယ်တွင်း, ဦးခေါင်းတွင်း, ရင်တွင်း, ဝမ်းတွင်း, ခါးတွင်း, ပေါင်တွင်း ခြေသလုံး, ခြေဖဝါးတွင်းတို့၌ ပူလျှင် ပူမှန်း သိမှု, နွေးလျှင် နွေးမှန်း သိမှု, အေးလျှင် အေးမှန်း သိမှု, ညောင်းမှန်း သိမှု, ညာမှန်း သိမှု, နာမှန်း သိမှု, ကျင်မှန်း သိမှု, စသည်တို့၌လည်း ကာယနာမ်ဓာတ်စု ဖြစ်ပေါ်မှု, သေဆုံးမှု, ဓာတ်သချိုင်းကျမှုကို သိလေ။ ။ ဗဟိဒ္ဓမှ အဝတ်အာရုံစသည်နှင့် ထိခိုက်ရာ၌လည်းကောင်း၊ သူတစ်ပါး၏ ကိုယ်အင်္ဂါနှင့် မိမိကိုယ်အင်္ဂါ ထိပါးရာ၌လည်းကောင်း၊ ရေပူ ရေအေး, လေပူ လေအေး **ထိပါးရာ၌လည်းကောင်း**၊ မီးရှိန် မီးပူ ထိပါးရာ၌လည်းကောင်း၊ နေပူရှိန်ထိပါး**ရာ၌လည်းကောင်း**၊ ဆောင်းအေးရှိန် ထိပါးရာ၌လည်းကောင်း၊ တုံးတိုင် ခလုတ် ဆူးငြောင့် **စသည်တို့နှင့်** ခိုက်မိ တိုက်မိရာ စူးရှရာ နာရာ ကျင်ရာတို့၌လည်းကောင်း ကာယနာမ်**ဓာတ်တို့၏** ဖြစ်ပေါ်မှု, ပျက်ကွယ်မှုကို သိလေ။ ။ နာမ်ဓာတ်တို့၏ ပေါ်မှု, ပျက်မှုကို မသိကြကုန်သော အန္ဓပုထုဇဉ်တို့မှာ ငါပူသည်, ငါအိုက်သည်, ငါအေးသည်, ငါချမ်းသည်, ငါနာသည်, ငါကျင်သည် ဤသို့ စသည်ဖြင့် သက္ကာယဒိဋ္ဌိချည်းပင် ဖြစ်လေ၏။

**( ဤကား - ပသာဒရုပ် အကြည်မှာ ပေါ်ကြကုန်သော အာဂန္တုက ပဋိစ္စသမုပ္ပါဒ် နာမ်ဓာတ်တို့၏ မပြတ်မစဲ ဖြစ်ပေါ်မှု, မပြတ်မစဲ သေဆုံးကွယ်ပျောက်မှုကို အမြွက်မျှ ဆိုလိုက်သော အခန်းတည်း။ )**

နှလုံးအိမ် အတွင်း၌ ဟဒယဝတ္ထုခေါ်သော ရုပ်တစ်ခုသည် တည်ရှိ၏၊ စမ်းရေအိုင် စမ်းရေတွင်း, စိမ့်ရေအိုင် စိမ့်ရေတွင်း, စမ်းရေပွက်တို့မှ တစိမ့်စိမ့် တသွင်သွင် စမ်းရေအလျဉ် စမ်းရေပွက် ပေါ်ထွက်၍ နေဘိသကဲ့သို့ ထိုဟဒယရုပ်မှ ဘဝင်ဟုဆိုအပ်သော မနောအကြည်သည် မပြတ်မစဲ အမြဲအစဉ် ပေါ်ထွက်၍ နေ၏၊ အာရုံခြောက်ပါးတွင် တစ်ပါးပါးထိခိုက်လာသောအခါ အာဝဇ္ဇန်းတိစ္စ, ဇောကိစ္စတို့ဖြင့် ကာယကံမှု, ဝစီကံမှု, မနောကံမှု အနေနှင့် လျှမ်းလျှမ်းတက် ထကြွ၏၊ အာရုံစဲပြန်လျှင် ဂျမြဲကျပြန်၏။ ။ ဥပမာကား အညာ ရှမ်းပြည် ရေပေါ်မီးဆိုသော အရပ်မှာ မီးတွင်းရှိ၏၊ အစဉ်ယာဝရ တငွေ့ငွေ့ မီးထွက်၍နေ၏၊ သစ်ကိုင်း စသည်

www.dhammaransi.com



တို့ကို ချိုး၍ ထိုမီးထဲသို့ ထည့်လိုက်လျှင် ကြီးစွာသော မီးတောက်ဖြစ်၍ ထိုသစ်ကိုင်းကို လောင်ပြီးလျှင် ပကတိတိုင်း ဖြစ်ပြန်၏၊ ထို့အတူ အာရုံအသစ်ထင်မှုရှိလျှင် ထိုဘဝင် မနေသာသည် မသေရုံမျှ ခန္ဓာကို စောင့်ရှောက်မှုနှင့် တလစ်လစ် တဖွေးဖွေး အစဉ် မပြတ် ဖြစ်၍နေ၏။

အာရုံ ခြောက်ပါးတွင် တစ်ပါးပါး ထင်လာသည်ရှိသော် အာရုံအားကြီး အားငယ်တို့ လိုက်၍ အာဝဇ္ဇန်း ကိစ္စ, ဇောကိစ္စတို့နှင့် တဟုန်တည်း ထလေ၏၊ အာရုံစဲပြန်လျှင် ကျမြဲ ကျပြန်လေ၏၊ ညဥ့်အခါ၌ အိပ်ပျော်နေသောအခါ ဘဝင်ကိစ္စမျှ နှင့် မသေရုံ အစဉ်မပြတ် ဖြစ်၍ နေ၏၊ အိပ်ရာက နိုးသည်မှစ၍ တစ်နေ့ပတ်လုံး အထလည်းမစဲ, အကျလည်း မစဲ ခုတင် ခုထ ခုတင် ခုကျ ဖြစ်နေ၏၊ ထမှုမှာလည်း လောဘ ပူးဝင်၍ လောဘနှင့် တကွ ထသောအခါ ထိုသူသည် လောဘအကြံကို ကြံ၏၊ ထို့ထက် အားကြီးစွာထသောအခါ လောဘစကားတွေ ထွက်၍ ပေါ်၏၊ ထို့ထက် အားကြီးသောအခါ ကိုယ်အင်္ဂါတို့ကို ချီကြွလှုပ်ရှား၍ လောဘအာရုံရှိရာသို့ သွားလာ လုပ်ကိုင်ခြင်း အမှုကိုပြု၏၊ ဒေါသပူးဝင်မှု, မာနပူးဝင်မှု, သဒ္ဓါပူးဝင်မှု, ပညာပူးဝင်မှု စသည်တို့မှာလည်း ပူးဝင်လာသော အာဂန္တုဓာတ် အားလျော်စွာ ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့သည် တစ်နေ့ပတ်လုံး အိပ်ရာ၌ အိပ်၍ မပျော်သမျှ ကာလပတ်လုံး တလှုပ်လှုပ် နေကုန်၏။

ကာယကံမှုတို့တွင် မျက်တောင် ခတ်မှုသည် အလွန်လျင်မြန်၏၊ ထိုမျက်တောင် တစ်ချက် တစ်ချက်သည် ဇောတစ်သုတ် တစ်သုတ်ထ၍ မှတ်မှု ပေတည်း၊ ဇောအဟုန် မည်သည် ဘယ်မျှလောက် လျင်မြန်သည်ဟု သိရန် အချက်တည်း။ ။ ခြေတစ်လှမ်း တစ်လှမ်းလျှင် ဇောအသုတ်ပေါင်း တစ်ရာမက ထ၍ မှတ်မှု ပြီးစီးသည်၊ ဇောတစ်သုတ် တစ်သုတ်ဆိုသည်မှာလည်း တစ်ကြိမ်ထသော ဇောတစ်ခါ သေသည်ကို တစ်သုတ် ခေါ်သည်၊ ဇောအသုတ် တစ်ရာရှိလျှင် သေဘေးတစ်ရာ သင့်၏၊ ဇောသချိုင်း တစ်ရာကျ၏၊ သေမင်း၏ လက်သို့ အခါတစ်ရာပါ၏၊ ဥပမာကား - မီးရထား အလျင် အမြန် ခုတ်၍သွားရာ နားထောင်နေကြလျှင် ဓာတ်အိုးမှ အခိုးလေမှုတ်သည်ကို ဟုတ်ဟုတ်သံ မစဲအောင်ကြားကြ၏၊ ရှေ့အချက်, နောက်အချက်လည်း ခြားနား၏၊ ပျောက်ကွယ် ပျက်ဆုံးမှုဟူသော မရဏဓမ္မအချက်ကို အစွဲပြု၍ တစ်ချက် တစ်ချက် ဟုသာ ထင်ရှားခြားနားလေသတည်း၊ ဟုတ်ဟုတ်သံဖြင့် တစ်ကြိမ်-တစ်ကြိမ်, တစ်သုတ် တစ်သုတ် မှုတ်သော အခိုးလေသည်လည်း ဓာတ်အိုးသို့ ပြန်၍ ဝင်တော့ သည်

www.dhammaransi.com



မဟုတ်၊ တစ်သုတ် တစ်သုတ် အသံမစဲမှုသည် ထိုအခိုးလေ၏ သေမှု, ကွယ်ဆုံးမှုသာတည်း။

ဆက်၍ ဆက်၍ မှတ်ချက် မစဲသောကြောင့် ရထားလည်း တစ်နေ့လုံး အသွားမပျက်၊ ရပ်တန့် နားနေရုံမျှသာ အသွားပျက်သည်။ ။ ရထားတွဲပေါင်း တစ်ရာပင်ရှိသော်လည်း တစ်ဆက်တည်း ဖွဲ့စည်းထားလျက် ရှိသောကြောင့် အခိုးလေမှုတ်သည့်အတွက် စက်အင်္ဂါတစ်ခု လှုပ်ခဲ့လျှင် အကုန်လုံး လှုပ်ရှား၍ သွားတော့သည်၊ ထိုနည်းအတူ ဤခန္ဓာကိုယ်မှလည်း ဟဒယနှလုံးအိမ်သည် မီးအိုးမည်၏၊ တစ်ကိုယ်လုံးရှိ အင်္ဂါကြီးငယ်စုသည် ထိုဟဒယဓာတ်အိုးမှ ထွက်သောအကြောကြီးငယ်စုံနှင့် အဆင့်ဆင့် ဆက်လက်ဖွဲ့ယှက်၍ တည်ကြ၏၊ ထို့ကြောင့် ဟဒယဓာတ်အိုးမှ ဇောမှုတ်၍ အလိုရှိရာ အင်္ဂါကို လှုပ်ရှားနိုင်သည်၊ **ဇောအား သန်လျှင်** သန်သည့်အလျောက် လှုပ်မှု, ရှားမှု, သွားမှု, လာမှု, ကြွမှု, **ထမှု, မြင်နိုင်, သန်**နိုင်သည်၊ ဇောတို့၏ အလွန်မြန်လှသည့်အတွက်ကြောင့် ရှေ့**အသုတ်, နောက်အသုတ်**ခြားနားမှု မထင်ရှားသော်လည်း မျက်တောင်ခတ်မှု မြန်ပုံကို မြင်ကြသဖြင့် ဇောတစ်သုတ် မြန်ချက်ကို သိအပ်၏။ ။ တစ်သုတ်တစ်သုတ်လျှင် မရဏဘေး တစ်ချက်တစ်ချက်ထိသည်ကိုလည်း သိအပ်၏၊ ဘဝင်အစဉ်မှာမူကား ပြန်ဆိုခဲ့ပြီးသော ယမ်းမီး ဥပမာအတိုင်း သိလေ။

**( ဤကား မနောအကြည်မှာ ပေါ်ကြသော နာမ်ဓာတ်စု၏ သန္တတိမရဏကို ပြဆိုသော အခန်းတည်း။ )**

ရုပ်၏ သန္တတိမရဏကိုမူကား ရုပ်၏ သန္တတိဇာတိ-ရုပ်၏ သန္တတိဇရာတို့ကို ပြဆိုသောအခန်းမှာ ပါဝင်လေ၏၊ ပါဝင်ပုံကား-ရှေး၌ ပြဆိုခဲ့သော သွားခြင်းအမှု၌ ခြေတစ်လှမ်း ခြေတစ်လှမ်း အချတွင် ခြေဖဝါးမှ ငယ်ထိပ်ပေါက်အောင် ထိတ်ခနဲ ထိတ်ခနဲ ရုပ်ကြွမှု, ရုပ်ထမှု ထင်ရှားရာ၌ မချမိ တစ်ကိုယ်လုံးသည် အောက်သို့ တွဲ၍ နေ၏၊ ခြေချသည်နှင့် တစ်ပြိုင်နက် အထက်သို့ ရိုက်သော ဝါယောဟုန် ဖြစ်ပေါ်၏၊ အထက်သို့ ရိုက်မှန်းသိကြ၏၊ ထိတ်ခနဲ ဖြစ်သွားမှန်း သိကြ၏၊ ထိုဝါယော မပေါ်မီရှိသော ရုပ်ကိုယ်ကြီးသည် ထိုဝါယော ပေါ်သည်နှင့် တစ်ပြိုင်နက် မီးတောက်ကြီး သေပျောက်သကဲ့သို့ သေပျောက်လေ၏၊ အနိစ္စရောက်လေ၏၊ သေမင်းနိုင်ငံသို့ ပါလေ၏၊ မြင်နိုင်ခဲစွ၊ တိဟိတ် ဉာဏ်မျိုးမှ မြင်နိုင်ရာသည်။

အထက်သို့တစ်ပြိုင်နက် **ရိုက်ချက်ကား** အသစ်ဖြစ်ပေါ်သော ဝါယော၏ ဇာတိမှုတည်း။ ။ ယမ်းပုံကြီးသို့ **မီးကျ၍ မီးတောက်**ထသကဲ့သို့ မြန်၏၊ထိုတစ်ကိုယ်လုံး အကုန် အထက်သို့ ရိုက်မှု. ခဏချင်း ရပ်၍ ပျောက်၍ သွားပြန်မှုလည်း ထင်ရှားသိကြ၏၊ ထို ထိတ်ကနဲ ထင်လိုက်မှု ပျောက်ကွယ်ချက်ကိုလည်း သိကြ၏၊ ရိုက်သော ဝါယော မီးတောက်ကြီး သေမှုပေတည်း၊ ဝါယောဓာတ်ချုပ်မှု-အနိစ္စရောက်မှုတည်း၊ ထိုဝါယော တွေ ချုပ်သည်နှင့် တစ်ပြိုင်နက် တစ်ချက်တည်း မြေဓာတ် လေဓာတ် လွန်ကဲသော ရုပ်စု. ရုပ်ခဲ ဖြစ်မြဲ ဖြစ်၏။ ။ တစ်ဖန် ခြေချပြန်လျှင် မီးတောက်ကြီး ရုတ်တရက် သေသကဲ့သို့ ထိုရုပ်ခဲစု သေပျောက် ပြန်၏။ ။ ဤခြေလှမ်းချက်၌ ဓာတ်သစ် ဖြစ်ပေါ်မှု. ဓာတ်သစ် သေမှု. ရုပ်သေမှု. ခဏမစဲ ကိုယ်လုံးကျွတ် ရုပ်သစ် ရုပ်ဟောင်း ပြောင်းလဲမှုကို ဉာဏ်မျက်စိ ပေါက်အောင် မြင်နိုင်လျှင်ပင် တိဟိတ်ဉာဏ် မှန်ပေ၍ အရာတိုင်းမှာ မြင်နိုင်ကြလတ္တံ့။

အလွန်သိမ်မွေ့စွ၊ အချက်ရှာတတ်မှ မြင်ကြမည်၊ ထိုမှတစ်ပါး မိမိကိုယ်မှာ ထိုထိုနေရာ၌ ပူ၍ လာသည်ကိုလည်း သိကြ၏၊ အပူပျောက်သည်ကိုလည်း သိကြ၏၊ အေးသည်ကိုလည်း သိကြ၏၊ အအေးပျောက်**သည်ကိုလည်း** သိကြ၏၊ ညောင်းညာ၍ လာသည်ကိုလည်း သိကြ၏၊ ပျောက်သည်ကို**လည်း သိကြ၏**၊ ဤသို့ အစရှိသည်ဖြင့် ရုပ်မရဏ. ဓာတ်မရဏ. ရုပ်သေမှု. ဓာတ်**သေမှု. ရုပ်**အနိစ္စ. ရုပ်သချိုင်း ကျမှု. ဓာတ်သချိုင်းကျမှုတို့ကို သိကြလေကုန်။

**သန္တတိ မရဏ ပြီး၏။**

www.dhammaransi.com



(၃) ခဏိက မရဏသည်လည်း နာမ်ဓာတ်၏ ခဏိကမရဏ, ရုပ်ဓာတ်၏ ခဏိကမရဏဟူ၍ နှစ်ပါး အပြားရှိ၏ နာမ်ဓာတ်၏ မရဏသည်လည်း (၁) စက္ခုဝိညာဏ်အမျိုးရှိသော အမြင်နာမ်စု၏ မရဏ၊ (၂) သောတဝိညာဏ်အမျိုးရှိသော အကြားနာမ်စု၏ မရဏ၊ (၃) ဃာန ဝိညာဏ် အမျိုးရှိသော အနံ့ခံနာမ်စု၏ မရဏ (၄) ဇိဝှါဝိညာဏ် အမျိုးရှိသော အရသာခံ နာမ်စု၏ မရဏ၊ (၅) ကာယဝိညာဏ် အမျိုးရှိသော အထိ အသိ နာမ်စု၏ မရဏ၊ (၆) မနောဝိညာဏ် အမျိုးရှိသော အကြံအဖန် နာမ်စု၏ မရဏဟူ၍ ခြောက်ဂိုဏ်းရှိ၏။ ။ ဖဿ၏ မရဏ, ဝေဒနာ၏ မရဏ, လောဘ၏ မရဏ, ဒေါသ၏ မရဏ, သဒ္ဓါ၏ မရဏ, ပညာ၏ မရဏ စသည်ဖြင့် များစွာရှိ၏။ ။ သန္တိမရဏကို ပြဆိုသော အခန်း၌ ဇောတစ်သုတ်ထ၍ ကျပျောက်မှုကို မရဏ တစ်ခုဟု ဆိုခဲ့သည်ကား သန္တတိမရဏတည်း။

ခဏိက မရဏမှာမူကား ထိုဇောတစ်သုတ် အတွင်း၌ပင်လျှင် ပထမဇော၏ သေမှုတခြား, ဒုတိယဇော၏ သေမှုတခြား, တတိယဇော၏ သေမှုတခြား စသည်ဖြင့် မရဏတရား များပြားလေ၏။ ။ အနှစ် အဆီပြည့်သော သစ်စေးနှစ်ကို မီးရဲရဲခွဲ လောက်၍ နေသည်ကို စေ့စေ့ကြည့်လျှင် မီး ရှဲရှဲ ရှဲရှဲနေသည်ကို မြင်လတ္တံ့၊ ရှဲရှဲ ရှဲရှဲ ဖြစ်မှုမည်သည်ကား ပျက်မှုနှင့် ဖြစ်ပေါ်မှုထွေးယှက်ချက်ပေတည်း၊ ဤဥပမာလည်း ရှေး၌ ပြဆိုခဲ့ပြီ၊ မုန်ညင်းစေ့ ပမာဏရှိသော ယမ်းမီး ဥပမာလည်း ပြဆိုခဲ့ပြီ။ ။ ပဋိသန္ဓေတည်နေသည်မှ စ၍ တစ်ဘဝလုံး စက္ခုစသော အကြည်ဒွါရ ခြောက်ဌာနတွင် အလှည့် အလည် အားဖြင့် ခဏမစဲ တလစ်လစ် တလက်လက် အတွင်ဖြစ်, အတွင် ပျက် မျက်တောင်တစ်ခတ်ခန့် ကာလမှာ နာမ်၏ မရဏ အကြိမ်ပေါင်း တစ်ထောင် မက လျှင်မြန်လှ၏။

လျှင်မြန်ပုံကို ယုတ္တိနှင့် ဆိုပေအံ့။ ။ ဝိညာဏ်နှင့်အတူတကွ ဖြစ်ပေါ် ကြသော နာမ်အစု နာမ်အခဲ မည်သည် ခန္ဓာကိုယ်မှာ နှစ်ခုပြိုင်၍ ဖြစ်ရိုး မရှိ၊ စက္ခုမှာ ဖြစ်ကြခိုက် စက္ခုမှာသာ ရှိ၏၊ တစ်ကိုယ်လုံးမှာ မရှိ၊ သောတမှာ ဖြစ်ကြခိုက် သောတမှာသာ ရှိ၏၊ တစ်ကိုယ်လုံးမှာ မရှိ၊ ဃာနမှာ ဖြစ်ကြခိုက် ဃာနမှာသာ ရှိ၏၊ တစ်ကိုယ်လုံး မရှိ၊ ဇိဝှာမှာ ဖြစ်ကြခိုက် ဇိဝှာမှာသာ ရှိ၏၊ တစ်ကိုယ်လုံးမှာ မရှိ၊ ဟဒယဝတ္ထုမှာ ဖြစ်ကြခိုက် ဟဒယဝတ္ထုမှာသာ ရှိ၏၊ တစ်ကိုယ်လုံးမှာ မရှိ၊ ကာယမှာလည်း ခြေဖဝါးမှာ ဖြစ်ကြခိုက် ခြေဖဝါးမှာသာ ရှိ၏၊ တစ်ကိုယ်လုံးမှာ မရှိ၊ လက်ညှိုးလက်ဖျားမှာ ဖြစ်ကြခိုက် လက်ညှိုးလက်ဖျားမှာသာ ရှိ၏၊ တစ်ကိုယ်လုံးမှာ

www.dhammaransi.com



မရှိ။ ။ ဤနည်းအတိုင်း တစ်ကိုယ်လုံး နှံ့အောင်သိလေ။ ထိုသို့ ဖြစ်သော်လည်း အတုမရှိ မြန်လှသည့်အတွက်ကြောင့် မြင်မှု, ကြားမှု, နံမှု, လျက်မှု, ပူမှု, ချမ်းမှု, ကြံဖန်မှုတို့သည် တပြိုင်နက် ပြိုင်၍ ဖြစ်နိုင်သည်ဟု ထင်ရကုန်၏။

ဥပမာကား မြန်မှုတွင် ဒဲ့ကိတ်ရဖြစ်သော ဘုရားအတောင်းတော် ဇဝန ဟသ်ာမင်းကြီးသည် မိတ်မဆွဖြစ်သော ဗာရာဏာသီမင်းကြီးထံ လာရာ အစွမ်းကို ပြခြင်းငှာ ဗာရာဏာသီပြည့်ပေါ်မှာ ဝဲလေ၏၊ ဗာရာဏာသီပြည်ပေါ်မှာ ကြည့်လေရာရာ ဟသ်ာချည်း ဖြစ်နေ၏၊ ဤအတူ အေးစွာသော ရေကိုချိုးလောင်းရာ တစ်ကိုယ်လုံး အေးမှုကို တစ်ပြိုင်နက် ဘည်း သိ၍ နေသကဲ့သို့ ထင်ရ၏၊ မြင်မှု, ကြားမှု ကြံဖန်မှု တစ်ပြိုင်နက်ဖြစ်နိုင်သကဲ့သို့ ထင်ရ၏။ ။ ထိုသို့ ပြိုင်၍နှစ်ဌာနမျှ ဖြစ်သည်ဟု မရှိ၊ အာရုံထိခိုက်မှု အားရှိရာ-မနသိကာရ အားကြီးရာတို့၌ အစဉ်အားဖြင့်သာ ပေါ်၍ သွား၏။ ။ ခြေဖျား၌ အာရုံထိခိုက်မှု အားကြီးခဲ့လျှင် ခြေဖျားမှာ ဖြစ်ပေါ်၏၊ လက်ဖျားမှာ အာရုံထိခိုက်မှုအားကြီးလျှင် လက်ဖျားမှာ ဖြစ်ပေါ်၏၊ တစ်ကိုယ်လုံးမှာ ဤနည်းတူ သိလေ။ ။ အတွင်း အပြင် တစ်ကိုယ်လုံးမှာ အပ်ဖျားနှင့် ထိုး၍စမ်း၊ နာကောင်းသမျှ နေရာစုသည် စိတ်ပေါ် ထွက်နိုင်သော နေရာချည်းတည်း။

'တစ်ကိုယ်လုံးမှာ ဖြစ်နိုင်၏ - နှံ့၏' ဟူသော်လည်း နှလုံးအိမ်ထဲမှာ စမ်းရေ စိမ့်ရေကဲ့သို့ အမြဲဖြစ်၍နေသည်၊ အခြားတစ်ပါးသော နေရာဌာနမှာ ဖြစ်ပေါ်ခိုက် ၌သာ နှလုံးအိမ်မှာ စိတ်ပြတ်သည်။ ။ အာရုံထိခိုက်ရာဌာနမှာ စိတ်ဖြစ်ပေါ်သည် ဟူသော စကား၌ ခြေသန်း ဖျားကို ထိခိုက်လျှင် ထိမှုဒဏ်ချက်ကြောင့် ထိသောနေရာ မှာ မီးပွင့်သကဲ့သို့ ဖြစ်ပေါ်၍ ထိုနေရာမှာပင် မီးပွင့်ငယ် သေပျောက်သကဲ့သို့ ပျောက်ဆုံး၏။ ။ ထိုနေရာမှာ ပေါ်မည်ရှိလျှင် နှလုံးအိမ်မှာ ချုပ်ကွယ်၏။ ။ မချုပ်ကွယ်မသေမဆုံးဘဲနှင့် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့သည်ဟူ၍ကား မရှိ၊ ဓမ္မတာသည်သာတည်း၊ ထို့ကြောင့် ပြင်ပ အပေါ်ရေနှင့်တကွ ဦးနှောက်တွင်း, အဆုပ်တွင်း, အသည်းတွင်း စသော အတွင်းအပ ကစ်ကိုယ်လုံးမှာ တစ်နေ့အတွင်း, တစ်ရက်အတွင်း စိတ်နှင့်တကွသော နာမ်ဓာတ်စုဖြစ်မှု ပျက်မှု လွတ်ကင်းရာ နေရာကို ရှာသော် အဏုမြူမျှ မရလတ္တံ့၊ တစ်နေ့အတွက် တစ်ကိုယ်လုံးမှာ အဏုမြူမျှ မလပ်ဘဲ အထပ်ထပ် အကုဋေမက စိတ်သင်္ချိုင်းကျမှု, ဖဿသင်္ချိုင်းကျမှု, ဝေဒနာသင်္ချိုင်း ကျမှုကို သိအပ်သတည်း။

ဤကား - နာမ်၏ ခဏိကမရဏာကို ပြဆိုသော အခန်းတည်း။

www.dhammaransi.com



ရုပ်တရားတို့၏ ခဏိကမရဏာ၌လည်း ခက်မာမှု, နူးညံ့မှုဟူသော မြေဓာတ်၏ မရဏာဖွဲ့စည်းတွယ်ကပ်မှုဟူသော ရေဓာတ်၏မရဏာ, ပူမှု အေးမှု ချမ်းမှုဟူသော မီးဓာတ်၏ မရဏာ, လှုပ်ရှားမှု, ကြွရွမှု, တောင့်တင်းမှုဟူသော လေဓာတ်၏ မရဏာ, ထိုဓာတ်ကြီးလေးပါး၌ မှီသော စက္ခုအကြည်၏ မရဏာ, သောတအကြည်၏ မရဏာ စသည်ဖြင့် များသော အပြားရှိ၏၊ ခဏိကဇာတိ ခဏိကဇရာတို့၌ ပြခဲ့ပြီးသော နည်းကိုမှီ၍ ဤခဏိကမရဏာကိုလည်း သိလေ။ ။ ပုဂ္ဂိုလ်, သတ္တဝါအင်္ဂါကြီးငယ်အစ ရှိသော သဏ္ဌာန်မျိုးကို ပယ်ဖျောက်၍ ကိုယ်တွင်းမှာ သက်သက်သော မာမှု နူးညံ့မှု, သက်သက်သော ပူမှု အေးမှု အစရှိသော ဓာတ်သဘော, မရမတ်သဘောကို မိမိရရ မြင်နိုင်မှ ထိုဓာတ်တို့၏ ခဏိကမရဏာကို မြင်နိုင်ရာသည်၊ ခဏိကဇာတိ, ခဏိက မရဏာကို မြင်နိုင်ရန် အခွင့်သည် အလွန် ခဲယဉ်း၏။

သန္တတိ ဇာတိ, သန္တတိ ဇရာ, သန္တတိ မရဏာတို့ကို မြင်နိုင်လျှင်ပင် ဝိပဿနာ သမ္မာဒိဋ္ဌိ ကောင်းကောင်း ဖြစ်တော့သည်၊ တာရှည်လေးမြင့် စွဲစွဲ မြဲမြဲ ပွားများနိုင်လျှင် သက္ကာယဒိဋ္ဌိ ငရဲမီးကို သတ်ငြိမ်းစေနိုင်တော့သည်။

လေငြိမ်ရာ အရပ်၌ ထွန်း၍ထားသော မီးတောက် မီးလျှံကို စေ့စေ့ ကြည့်၍ နေလျှင် လူလူ လူလူ နေသည်ကို မြင်ရ၏၊ လူလူတက်မှုဟူသမျှသည် ခဏိက ဇာတိတည်း၊ အသစ်သစ် ဖြစ်ပေါ်မှုတည်း၊ ထို အသစ် အသစ် ဖြစ်ပေါ်မှုဟူသမျှသည် အဟောင်းပျက်မှုကို အစားစိုက်မှု ချည်းတည်း၊ အဟောင်းပျက်မှုစုကား ပျောက်ကွယ်မှု ဖြစ်၍ မျက်စိမမြင်ရာသို့ မြုပ်လေ၏၊ အသစ်ဖြစ်မှုကား မျက်စိမြင်ရာသို့ ပေါ်၍လာ၏၊ ပျက်မှုသည် ဉာဏ်မျက်စိ၏ အရာတည်း။

မီးတောက်မီးလျှံ၌ ဇရာတည်ဖြစ်သော မြေဓာတ်သည် အလွန်အားနည်း၏၊ ထိုမြေဓာတ်ကို မှီတွယ်၍ တောက်သော မီးဓာတ်သည် အလွန်ထက်သန်၏၊ မှီရာ မြေဓာတ် ခဏချင်း ခဏချင်း ကုန်အောင် လောင်၏၊ စား၏၊ မြေဓာတ်၏ ခဏ ခဏ ကုန်မှုကို ဉာဏ်နှင့်ကြည့်မှ ခဏ ခဏ မီးပျက်မှု ထင်ရှား၏။ ။ သတ္တဝါတို့၏ ကိုယ်ခန္ဓာသည်လည်း ဓာတ်မီးခဲကြီးအတိ ဖြစ်၏၊ ဓာတ်မီးတုံးကြီးအတိ ဖြစ်၏၊ မီး ဟူသမျှသည် တလူလူနေသည်ချည်း၊ ကိုယ်ခန္ဓာကြီးသည် ထိုမီးတောက် မီးလျှံ အလားပင်တည်း။ ။ ဘယ်နေရာကိုမဆို လက်နှင့် စိစိစမ်း၍ ဉာဏ်နှင့် စေ့စေ့ကြည့်မှ အေးလျှင်လည်း အေးရှိန် တလူလူတွေ့၏၊ ပူလျှင်လည်း ပူရှိန် တလူလူတွေ့၏၊ တလူလူ

www.dhammaransi.com



နေသမျှ ဖြစ်မှု ပျက်မှုချည်း၊ 'ယထာပုဗ္ဗငြက ပသေ' ဟူသော ပုဒ်မှာပြခဲ့သော ရေပွက်ဥပမာအတိုင်း ထင်မြင်အောင် ကြည့်လေ။

ကောဒသမပျို့လင်္ကာ အဖြေ ပြီး၏။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု

ပါယာသာ သမ္ဘဝန္တိ။

## ဒွါဒသမပျို့လင်္ကာ အဖြေ

သန္ဓေဇာတိ၊ ခန္ဓာရှိက၊ ဉာတိဘောဂ၊ စသည်သင်းပင်း၊ ကွေကွင်း ခြင်းနှင့်၊ မကင်းစသာ၊ ကြုံကြိုက်လာသော်၊ ပူဆာ သောက၊ ယူတ ငိုကြွေး၊ သက်မွေးဝန်ထမ်း၊ ပူ-ချမ်းဒုက္ခ၊ အနိဋ္ဌကြောင့်၊ စိတ်ကမကြည်၊ မဆည် ငင်ရှိုက်၊ အလှိုက် အလှဲ၊ ဆင်းရဲငါးပါး၊ အကျဉ်းအားတည့်၊ ကျယ်ပွား အနန္တ၊ တွေ့ကြုံရသည်။ ။ မူလဇာတိ-အနှုန်းတည်း။

ဟူသော လင်္ကာပိုဒ်၌ ဇာတိရှိသည့်အတွက်ကြောင့် သောက ဖြစ်ရသည်-ပရိဒေဝဖြစ် ရသည် - ဒုက္ခဖြစ်ရသည် - ဒေါမနဿဖြစ်ရသည် - ဉပါယာသဖြစ်ရသည်ဟု ဆိုလို သည်။ ။ ငရဲဇာတိ ရှိခြင်းကြောင့် ငရဲ၌ရှိသော ဆင်းရဲငါးပါးဖြစ်ရသည်၊ ပြိတ္တာ ဇာတိ ရှိခြင်းကြောင့် ပြိတ္တာဘုံ၌ဖြစ်သော ဆင်းရဲငါးပါးဖြစ်ရသည်၊ အသူရကာယ်ဇာတိ ရှိခြင်းကြောင့် အသူရကာယ်ဘုံ၌ဖြစ်သော ဆင်းရဲငါးပါးဖြစ်ရသည်၊ တိရစ္ဆာန်ဇာတိ ရှိခြင်းကြောင့် တိရစ္ဆာန်ဘုံ၌ ဆင်းရဲငါးပါး တွေ့ရသည်။ ။ ငရဲဇာတိ ရှိခြင်းကြောင့် အဘယ်သို့ ဆင်းရဲငါးပါး တွေ့ရသနည်းဟူမူကား - ငရဲဘဝမည်သည် ကျရောက်သော အခါမှ စ၍ နှစ်ပေါင်း တစ်သိန်း ကာလပတ်လုံး -တစ်သန်း ကာလပတ်လုံး, တစ်ကုဋေ ကာလပတ်လုံး မီးငရဲမှာဖြစ်မူ မီးလောင်ခံ၍ နေရတော့သည်၊ ဓားငရဲ, လှံငရဲမှာဖြစ်မူ ဓားခုတ် လှံထိုးခံ၍ နေရတော့သည်၊ မလွတ်သမျှသည် မျက်တောင် တစ်ခတ်မျှ သက်သာကွယ်မရပြီ၊ မမြင်ဝံ့ မရှုဝံ့ ထွန့်ထွန့်လူး, ဖြတ်ဖြတ်လူး ဆင်းရဲပင်ပန်းသော ဒုက္ခငါးပါးတို့သည် ခဏာစဉ်အတိုင်း ပွားများကုန်၏။

www.dhammaransi.com



ဤသို့ ဝေဒနာရှိသည့်အတွက် ဝေဒနာ၌ ဆင်းရဲငါးပါး အစဉ်ပွား၏၊ ထိုဝေဒနာ သည်လည်း သက္ကာယဒိဋ္ဌိ ရှိနေကုန်သော သူတို့အား စိတ်နှလုံးထဲမှာ အမြဲမကွာ ထက်ကြပ်ပါရှိနေ၏။ ။ အဘယ်သို့ ပါရှိနေသနည်းဟူမူကား သံသရာဘဝ၌ ကျင်လည်၍လာခဲ့ကြသော သတ္တဝါတို့၏အဖြစ်သည် မိစ္ဆာဒိဋ္ဌိဘဝနှင့် ဒုစရိုက်ဘဝ သည်သာ များပြား၏၊ တစ်နေ့တစ်နေ့မှာဖြစ်သော **အကုသိုလ်သည်** အပါယ်၌ ဘဝ တစ်ရာ, ဘဝတစ်ထောင်ကျလောက် ဖြစ်နိုင်၏၊ **ထို့ကြောင့်** ယခုရှိကြသော မြင်မြင် သမျှ သတ္တဝါစုတို့သည် တစ်ယောက် **တစ်ယောက်**သော

သတ္တဝါ၏ စိတ်နှလုံးထဲမှာအပါယ်ကျရန် အပရာပရိယ အကုသိုလ်ကံပေါင်း အကုဋေမကပါရှိလျက်နေကြကုန်၏၊ နတ်ပြည်ခြောက်ထပ်နတ်မှာလည်းပါရှိလျက်ပင်၊ သုဒ္ဓါဝါသမှ တစ်ပါးသော ရူပ, အရူပ ပုထုဇဉ်ဗြဟ္မာ မှာလည်း ပါရှိလျက်ပင်၊ သက္ကာယဒိဋ္ဌိသည် ထိုကံတို့၏ ပင်မကြီးဖြစ်၏၊ ထိုကံစုသည် ပင်မကြီးမှာ ပေါက်ရောက်ကြသော အကိုင်း အခက်စု ဖြစ်၏။

ဥပမာကား - သက္ကာယဒိဋ္ဌိသည် မီးတောက်ကြီးနှင့် တူ၏၊ ထို**ကံစုသည်** မီးတောက်ကြီးမှ ထွက်သော မီးရောင်တွေနှင့် တူ၏။ ။ မီးတောက်**ပင်မကြီး** အားကောင်းခဲ့လျှင် ထိုမီးရောင်တွေလည်း အားကောင်း၏၊ မီးတောက်**ကြီး မှိန်လျှင်** **မီး**ရောင်တွေလည်း မှိန်၏၊ မီးတောက်ကြီး မသေသမျှသည် ထို**မီးရောင်တွေကို** သေအောင် ပြုခြင်းငှာ အခွင့်မရှိ၊ မီးတောက်ကြီး သေလျှင်လည်း **မီးရောင်တွေ** အကုန်ကွယ်ပျောက်၏။ ။ စက္ခုကို ငါဟူ၍ ထင်မြင်မှု, စက္ခုအပေါ်မှာ **ဖြစ်ပေါ်လာ**သော နာမ်ဓာတ်စု မြင်မှုကို ငါမြင်သည်ဟု ထင်မြင်မှုရှိနေသမျှကာလပ**တ်လုံး ထို** ထင်မြင်မှုထဲမှာ အပါယ်မျိုးစေ့ဖြစ်သော အကုဋေမကသော အပရာပရိယ အကုသိုလ်ကံပေါင်း တစ်လုံးတစ်စုတည်း တုပ်နှောင်လျက် ပါရှိ၏၊ ထိုကံစု တုပ်နှောင် လျက် ပါရှိလျှင်လည်း ဝေဒနာပေါင်း အကုဋေမက တုပ်နှောင်လျက် ပါတော့သည်၊ မီးခြစ်ထုပ်ပါလျှင် မီးပါသည် ဆိုရသကဲ့သို့တည်း။

ထို့ကြောင့် ပုထုဇဉ်အဖြစ်နှင့် နေသောသူသည် လူဖြစ်သော်လည်း လူအေး မဟုတ်၊ လူပူ လူလောင်သာတည်း၊ နတ်ပြည်ခြောက်ထပ်မှာ နတ်ဖြစ်သော်လည်း နတ်အေး မဟုတ်၊ နတ်ပူ နတ်လောင်သာတည်း၊ ဗြဟ္မာဖြစ်သော်လည်း ဗြဟ္မာအေး မဟုတ်၊ ဗြဟ္မာပူ ဗြဟ္မာလောင်သာတည်း။ ။ အဘယ့်ကြောင့်နည်းဟူမူ ရင်ထဲ

www.dhammaransi.com



နှလုံးထဲ၌ ငရဲမီးထုပ်ပေါင်း အကုဋေမက ပါရှိလျက်နေသောကြောင့်တည်း။ ။ ဤနည်းအတိုင်း ပြိတ္တာဇာတိနှင့်ပြိတ္တာဘုံမှာ ဖြစ်သောဆင်းရဲတရားငါးပါး အသူရကာယ်ဇာတိနှင့် အသူရကာယ်ဘုံမှာဖြစ်သော ဆင်းရဲတရား ငါးပါး, တိရစ္ဆာန်ဇာတိနှင့် တိရစ္ဆာန်ဘုံမှာဖြစ်သော ဆင်းရဲတရား ငါးပါး, လူ့ဇာတိနှင့် လူ့ဘုံမှာရှိသော ဆင်းရဲတရား ငါးပါးတို့ကိုလည်း သိလေ။ ။ အထက်ဖြစ်သော နတ်ဇာတိ-ဗြဟ္မာ့ဇာတိအတွက် ထိုအထက်ဘုံစုမှာ ဖြစ်ခိုက် ဆင်းရဲတရားငါးပါး သက်သာခွင့် ရှိ၏။

ဒွါဒသမပဂ္ဂိုလ်လက်ာ အဖြေ ပြီး၏။

ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ

သမုဒယော ဟောတိ။

## တေရသမပဂ္ဂိုလ်လက်ာ အဖြေ

ဝဋ်သံသရာ၊ ရှည်မင်းစွာ၌၊ သူ ငါ ကစ၊ ဖြစ်သမျှကား၊ သတ္တ မဟုတ်၊ ဓာတ်မှန်ထုတ်သော်၊ နာမ်ရုပ်နှစ်သင်း၊ အမြင်လင်းလော့၊ အရင်းဝိဇ္ဇာ၊ ထိုမှဖြာ၍၊ ဇရာ မရဏ၊ အဆုံးကျသည်၊ ဓမ္မအပြား၊ ဆယ့်နှစ်ပါးကို၊ ဤကားလူပင်၊ ဤလျှင် နတ်ပဲ၊ အထင်လွဲလျက်၊ တဝဲလည်လည်၊ ဝဋ်နွယ်စည်၏၊ ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည်၊ မြူမျှမကွက်၊ အဆက်ဆက်လျှင်၊ သက်သက်ဒုက္ခ၊ ဓာတ်မှန်ရသည်။ ။ ဘဝ ဤကိုယ်-ဖြစ်ထုံးတည်း။

ဟူသော လက်ာပုဒ်၌ အနမတဂ္ဂ ရှည်မင်းလှစွာသော သံသရာဘဝ **အဆက်ဆက်တို့၌** ဖြစ်လာခဲ့ကြသော ယခု ငုတ်တုတ်ရှိကြသော ဣတ္ထိ ပုရိသ, ခန္ဓာ စသည်သည် **စင်စစ်** အားဖြင့် ပုဂ္ဂိုလ်မဟုတ်, သတ္တဝါမဟုတ်, ငါမဟုတ်, သူမဟုတ်, မိန်းမ မဟုတ်, ယောက်ျားမဟုတ်၊ ယထာဘူတ ဉာဏ်ဖြင့် ဓာတ်သဘာဝ အဟုတ်အမှန်ကို သတ္တု ထုတ်ယူသည်ရှိသော် နာမ်တရား, ရုပ်တရား နှစ်ပါးသာ အမှန်ဖြစ်၏။ ။ ထုတ်ယူပုံကား - မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးခုတွင် ခက်မာမှု, နူးညံ့မှုဟူသော မြေဓာတ်သည် ပုဂ္ဂိုလ်လော, သတ္တဝါလောဟု စစ်တမ်းထုတ်ရာ၏၊ ထိုအမှုသည် ပုဂ္ဂိုလ်ဟုတ်၏၊ သတ္တဝါ ဟုတ်၏ဆိုခဲ့သော် - တစ်ယောက်သော သူ၏ ကိုယ်မှာ ကေသာ, လောမာ စသည်ဖြင့် မြေအစုပေါင်း နှစ်ဆယ်ရှိ၏၊ ထိုနှစ်ဆယ်တွင် ဆံပင်သည်

www.dhammaransi.com



မွေးညင်း မဟုတ်၊ မွေးညင်းသည် ဆံပင်မဟုတ်၊ ဆံပင်ကား တခြား မွေးညင်းကား တခြား၊ ဤနည်းအတူ ခြေသည်း, လက်သည်း, သွား စသည်တို့လည်း တခြားစီသာ ဖြစ်ကုန်၏။

ဤကိုယ်မှာ မြေဓာတ် အစုနှစ်ဆယ် ရှိသည်ဖြစ်၍ ဤကိုယ်မှာ ပုဂ္ဂိုလ် နှစ်ဆယ် ရှိရာ၏။ ။ ထိုနှစ်ဆယ်တွင်လည်း ဆံပင်သည် တစ်ယောက်သော လူ၏ ဦးခေါင်းမှာ နှစ်ကုဋေ ငါးသန်း အရေအတွက်ရှိသည်ဖြစ်၍ ခေါင်းမှာပင် ပုဂ္ဂိုလ်ပေါင်း နှစ်ကုဋေ ငါးသန်း ရှိရာ၏၊ ထို့အတူ မွေးညင်းပေါင်း ကိုးသောင်း ကိုးထောင်အတွက် ပုဂ္ဂိုလ်ပေါင်း ကိုးသောင်း ကိုးထောင် ရှိရာ၏၊ ဤသို့ စသည်ဖြင့် စစ်တမ်းထုတ်ရာ၏။ ထို အားလုံးကို ခြုံ၍ ပုဂ္ဂိုလ် သတ္တဝါတစ်ယောက်သာဖြစ်ပါသည်ဆိုခဲ့သော် - ထိုအသီးသီး တခြားစီ တစ်မျိုးစီတွေကို တစ်ခုတည်းပါ, တစ်မျိုးတည်းပါဆိုလျှင် တစ်ခုတည်း ဖြစ်နိုင်မည်လော၊ တစ်ခုတည်း မဖြစ်နိုင် သည်ကား မျက်မြင်ဒိဋ္ဌတည်း။

ထို့ကြောင့် အားလုံးကို ခြုံ၍ ပုဂ္ဂိုလ် သတ္တဝါ တစ်ယောက်သာ ဖြစ်သည် ဟူသော စကားသည် စိတ်ထင်နှင့် ပါးစပ်ပြောသာ ရှိတော့သည်။ ။ ဤနည်းတူ ကြွင်းသော ကောဋ္ဌာသတို့ကိုလည်း စစ်တမ်းထုတ်လေ။ ။ ဤသို့ ကောဋ္ဌာသတို့နှင့် စစ်တမ်းထုတ်မှုသည် ပရမတ် အစစ်မဟုတ်သေး၊ လောက၌ မသိသည်, မိုက်မဲသည် ဟူသော စကားအတူတူ၊ မိုက်မဲသည်ကား ပုဂ္ဂိုလ်လော၊ သတ္တဝါလော-မေး။ ။ မိုက်သည်ကား သတ္တဝါဟုတ်၏၊ သတ္တဝါပင် မိုက်သည် ဆိုငြားအံ့၊ ထိုသတ္တဝါမှာ ရုပ်လည်း ရှိသည်၊ နာမ်လည်း ရှိသည်၊ ရုပ်တွင်လည်း ဆံပင်, မွေးညင်း စသည့် ပထဝီဓာတ် နှစ်ဆယ်, အာပေါဓာတ် တစ်ဆယ့်နှစ်ပါး, တေဇောဓာတ်လေးပါး, ဝါယောဓာတ်ခြောက်ပါး၊ ပေါင်း ကောဋ္ဌာသ လေးဆယ့်နှစ်ပါး ရှိသည်၊ ထိုလေးဆယ့် နှစ်ပါးတွင် ဆံပင်သည် မိုက်တတ်သလော၊ မွေးညင်းသည် မိုက်တတ်သလော စသည်ဖြင့် မေး။ ။ စိတ်စေတနာရှိသော တရားစု မဟုတ်သောကြောင့် ထိုလေးဆယ့် နှစ်ပါးသော ရုပ်ကောဋ္ဌာသအစုသည် မမိုက်တတ်၊ စိတ်သည်သာ မိုက်သည်ဟု ဖြေရာ၏။

စိတ်သည် သတ္တဝါလော-မေး။ ။ 'ရုပ်, စိတ် အားလုံးကို ခြုံ၍ သတ္တဝါ တစ်ယောက် ခေါ်သည်' ဟု ဖြေရာ၏။ ။ စိတ်နှင့် ရုပ်သည်တစ်ခုတည်း မဟုတ်၊ တခြားစီဟုသာ သိသာထင်ရှားသောကြောင့် တခြားစီကို သတ္တဝါတစ်ယောက်တည်း ဟု ခေါ်ခြင်းသည် စိတ်ထင်နှင့် ပါးစပ်ခေါ်သာ ရှိတော့သည်။ ။တစ်နည်းကား- ဤကိုယ်ခန္ဓာမှာဟဒယရုပ်ဝတ္ထုကို ချန်လှပ်၍ ကြွင်းကျန်သမျှသော တစ်ကိုယ်လုံးသည် အာရုံ ထိခိုက်လာလျှင် စိတ်မပေါ်သော နေရာဟူ၍ အကျုမြူမျှ မရှိ၊ အာရုံထိလျှင်

www.dhammaransi.com



ထိသည့်နေရာတိုင်းက စိတ်ထွက်၏၊ စိတ်ပေါ်၏၊ ကျောရေတစ်ပြင်လုံးမှာ ထိလျှင် ကျောရေတစ်ပြင်လုံးမှာ လျှပ်စစ်ပြက်သကဲ့သို့ စိတ်ထွက်ပေါ်၏၊ လျှပ်စစ် ကွယ်ပျောက်သကဲ့သို့ ပျောက်ကွယ်၏၊ စိတ်ပေါ်သော နေရာမှာ ပူသည် အေးသည်ဟု သိရ၏၊ ထိသည် ခိုက်သည်ဟု သိရ၏၊ တစ်ကိုယ်လုံးမှာ ဤနည်းတူ။ ။ ဤသို့ ထိုထို ကိုယ်အင်္ဂါမှာ စိတ်ပေါ်သော အခိုက်ကိုလည်း သိရာ၏။ ။ စိတ်ကွယ်ပျောက်ချုပ်ဆုံး၍ သွားသည်ကိုလည်း သိရာ၏။ ။ ထိုထို ကိုယ်အင်္ဂါမှာ ဖြစ်ပေါ်သော စိတ်ပျောက်ဆုံးမှ ဟဒယဝတ္ထု၌ ပေါ်၏။

ဤသို့ စိတ်မည်သည် တစ်ခဏ အတွင်းမှာပင် ဦးခေါင်းမှာ တဖွားဖွား ပေါ်တဲ့ ၏၊ ဦးခေါင်းမှာ ချုပ်ပျောက်ကုန်ဆုံး၍ ခြေဖဝါး အပြင်မှာ တဖွားဖွား ပေါ်ပြန်၏၊ ထိုမှာ ချုပ်ပျောက်ကုန်ဆုံး၍ လက်ဖဝါး အပြင်မှာ တဖွားဖွား ပေါ်ပြန်၏၊ ထိုမှာ ချုပ်ပျောက်ကုန်ဆုံးလျက် ကျောပြင်မှာ ပေါ်ပြန်၏၊ ထိုမှာ ချုပ်ပျောက်လျက် အသည်းတွင်းမှာ, အဆုတ်တွင်းမှာ, ညာဘက် လက်ဖဝါး လက်ဖျားမှာ၊ ထိုမှာ ပျောက်ဆုံး၍ ဘယ်ဘက်လက် ဖဝါးမှာ အစရှိသည်ဖြင့် သိလောက်အောင် အာရုံထိရာ တိုင်းမှာ တဖွားဖွား ပေါ်ချည်, ချုပ်ပျောက်ချည် နေရသော တရားဖြစ်၍ တစ်ခဏ အတွင်းမှာပင် အပိုင်းပိုင်း ပြတ်၍, အခါခါ သေဆုံး၍, အခါခါ သချိုင်းကျ၍နေသော တရားပေတည်း။ ။ ဤသို့နေမှုကို အလွန်ထင်မြင်ဖွယ် ကောင်းလှ၏။ ။ ဤသို့ နေမှုကို မသိသည့်အတွက်ကြောင့် မိမိစိတ်ကို နိစ္စ-ဟု သက္ကာယဒိဋ္ဌိ ဖြစ်၏။ ။ ကျောပြင်မှာ စိတ်တဖွားဖွား ပေါ်ခိုက်ဖြစ်၍ ကျောမှာ ပူသည်ဟု သိပါသည်ကို ကျောပြင်ဖြစ်၍နေသော အသားရုပ်ကိုပင်လျှင် ပူမှန်းသိတတ်သည်ဟု ထင်၍ နေ၏၊ ထိုရုပ်ကိုပင်လျှင် သတ္တဝါဟု ထင်နေ၏။

စိတ်ပေါ်မှု, စိတ်ပျောက်မှုကို ထင်မြင်နိုင်လျှင် ရုပ်မှာ စွဲလမ်းသော သက္ကာယဒိဋ္ဌိလည်း ကင်းရှင်းနိုင်၏၊ တစ်ကိုယ်လုံးမှာ တစ်ခဏအတွင်း အနှံ့ပေါ်၍, အနှံ့ကုန်ဆုံး၍ နေသည်ကို ထင်မြင်နိုင်ပါလျှင် စိတ်မှာ စွဲလမ်းသော သက္ကာယဒိဋ္ဌိ လည်း ကင်းရှင်းနိုင်ရာ၏။ ။ မသိသည်, မမြင်သည်, မထင်သည်, မိုက်မဲသည် ဟူသော အမှုသည် အဝိဇ္ဇာဓာတ်၏ အမှုပေတည်း။ အဝိဇ္ဇာသည် စိတ်မှာ အမြဲကိန်းဝပ်၏၊ စိတ်ချုပ်လျှင် ချုပ်၏၊ စိတ်ပေါ်လျှင် ပေါ်၏၊ အဝိဇ္ဇာသည် ပုဂ္ဂိုလ် မဟုတ်, သတ္တဝါ မဟုတ်, ငါ မဟုတ်, သူ မဟုတ်, လူ မဟုတ်, နတ် မဟုတ်, မိန်းမ မဟုတ်, ယောကျ်ား မဟုတ်၊ စိတ်၌ အညစ်အကြေးဖြစ်သော အာဂန္တုကဓာတ် ပဋိစ္စသမုပ္ပါဒ် တရားသာလျှင်တည်း၊ ထို့ကြောင့် မိုက်မဲသောသူကို မြင်လျှင် ငါမိုက်သည်-သူမိုက်သည်-မည်သူ မိုက်သည်ဟု

www.dhammaransi.com



ဆိုမှုသည် အဝိဇ္ဇာကို ငါ ဟု, သူ ဟု, မည်သူဟု စွဲလမ်းသော သက္ကာယဒိဋ္ဌိပေတည်း၊ မိုက်သောသူကို မြင်လျှင် ထိုသူစိတ်မှာ ပူးကပ်၍ပေါ်သော အဝိဇ္ဇာဓာတ်ကိုမြင်နိုင်၊ ထင်နိုင်မှုကား သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် ပေတည်း။ ။ ငါ မိုက်သည်-သူမိုက်သည်ဟု မြင်သည်ကား အပါယ်လမ်း တည်း၊ အဝိဇ္ဇာဓာတ်ကို မြင်သည်ကား နိဗ္ဗာန လမ်းတည်း။

ဥပမာကား - ရူး၍နေသောသူကို မြင်ကြရာ၌ လူအများတို့အား မည်သူသည် ရူး၍ နေရှာသည်ဟူ၍သာ သိကြ၏၊ ကိုယ်တွင်းမှာ ဘယ်ဓာတ်ပျက်၍ ရူးရှာသည်ဟု ဓာတ်ရင်းကိုပေါက်အောင် မမြင်နိုင်, မသိနိုင်ကြ၊ ထိုသူတို့၏ သိမှုသည် အရူးနာ ပျောက်ငြိမ်းရန် လမ်းမဟုတ်၊ ပြင်ပကိုသာ မြင်၏၊ အရူးအမှုသည် အမှန်ကိုမြင်နိုင်သော ဉာဏ်မျက်စိကား ပိတ်ပိတ်ကန်းဖြစ်၏၊ ပယောဂရူး ဖြစ်ပြန်လျှင်လည်း ထိုသူမှာ ကပ်၍နေသော ပယောဂကောင်ကြီး ဆိုးဆိုးဝါးဝါးကိုပင် မမြင်နိုင်ကြ၊ ပညာမျက်စိ ရှိသော ဆရာသည်ကား ထိုသူရူးကို မြင်လျှင် အမှုသည်ကို ရှာ၏၊ သွေးအမှုသည်လော၊ လေအမှုသည်လော၊ သည်းခြေအမှုသည်လော၊ ပယောဂအမှုသည်လောဟု ကြည့်၏၊ အမှုသည်ရင်း အမှန်ကိုမြင်၏၊ ထိုဆရာ၏ မြင်ခြင်းသည်သာလျှင် အရူးနာ ပျောက်ငြိမ်း ရန် လမ်းဖြစ်၏။

ထို့အတူ မိုက်မဲမှုမှာလည်း သူ မိုက်သည်-ငါမိုက်သည်ဟု သိသည်ကား မိုက်မှု အဝိဇ္ဇာပေါ်မှာ သက္ကာယဒိဋ္ဌိ ဆင့်ပြန်၏၊ သွေးရူး, သည်းခြေရူးပေါ်မှာ ပယောဂ အမျိုးမျိုး ကပ်ပြန်သည်နှင့် တူ၏၊ မိုက်သောသူဟူ၍ မရှိ၊ ငါဟူ၍ မရှိ၊ ဝိဇ္ဇာဓာတ် ဖြစ်သည်၊ အဝိဇ္ဇာဓာတ် ပူးကပ်လို့ ဆော်ထကြွ သောင်းကျန်မှုဖြစ်သည်ဟု သိမှအမှန် ကျသည်။ ။ ယခုဘဝ၌ တစ်ခဏဖြစ်သော ရောဂါဥပဒ်မျိုးမှာပင် အမှုသည်ရင်းကို သိမှ ဆေးရှိသည်၊ အမှုသည်ရင်းကို မသိက ဆေးမရှိ၊ မိုက်မှုဟူသော သံသရာရောဂါ ဥပဒ်မှာ ဆိုဖွယ်မရှိ၊ အနမတဂ္ဂ သံသရာ၌ အမှုသည်ရင်းကို မသိမှု၍ သူမိုက်သည်-ငါမိုက်သည်နှင့်သာ လာခဲ့ကြ၍ ယနေ့ထက်တိုင် ဆေးမတွေ့၊ အမိုက်နာ မပျောက်ကြရ သည်၊ ခန္ဓာကိုယ်တွင်း၌ မိုက်မဲမှုဟူသော အာဂန္တုအမှုသည် ပဋိစ္စသမုပ္ပါဒ် အဝိဇ္ဇာ ဓာတ်ကို အတတ်သိမြင်သော သမ္မာဒိဋ္ဌိဉာဏ် တစ်ခုသည်သာ အဝိဇ္ဇာနှင့် သက္ကာယ-ဒိဋ္ဌိတို့ကို ပျောက်ငြိမ်းစေနိုင်သော ဆေးဖြစ်သည်၊ ဤသမ္မာဒိဋ္ဌိဉာဏ်မှတစ်ပါး အဝိဇ္ဇာ, သက္ကာယဒိဋ္ဌိတို့ကို ပျောက်ငြိမ်းစေနိုက်သော ဆေးမရှိပြီ။

( ဤကား ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးတို့တွင် ခေါင်းတည်သော အဝိဇ္ဇာကို ဓာတ်မှန်ထုတ်၍ သိပုံနည်း အမြွက်တည်း။ )

www.dhammaransi.com



သင်္ခါရဟုဆိုအပ်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၌လည်း ဘယ်အမှုကို သူပြုသည်၊ ငါပြုသည်၊ သူပြောဆိုသည်၊ ငါပြောဆိုသည်၊ သူကြံစည်သည်၊ ငါကြံစည်သည် အစရှိသည်ဖြင့် ထင်မြင်၍နေသော သက္ကာယဒိဋ္ဌိကို ဖယ်ရှား၍ အမှုသည်ရင်း အတွင်းဓာတ်စု အာဂန္တုတို့ကို အတတ်သိမြင်အောင် တရားအားထုတ်ရာ၏။ ။ ကြွင်းသော ဝိညာဏ် အစရှိသော နောက်နောက်သော အင်္ဂါတို့၌လည်း အသီးသီး ဓာတ်ရင်း၊ ဓာတ်မှန်ကိုမြင်အောင် ပြုရာ၏၊ ရှေးရှေးပုဒ်တို့၏ အဖြေတို့မှာလည်း ဓာတ်ထုတ်နည်း၊ ဓာတ်ဖော်နည်းတို့ကို အထွေထွေ အရာရာ ဥပမာ၊ ဥပမေယျ တို့နှင့်တကွ ပြဆိုခဲ့လှပြီဖြစ်၍ ဤနေရာ၌ ဓာတ်မှန်ထုတ်နည်းကို အကျယ်မဆိုပြီ။

ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည်၊ မြူမျှ မဖက်၊ အဆက်ဆက်လျှင်၊
သက်သက် ဒုက္ခ၊ ဓာတ်မှန်ရသည်-

ဟူသောစကား၌၊ သုခဟူသည် မြူမျှ မဖက်၊ ဟု ဆို၏၊ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာသည် သုခ မဟုတ်ပါလော၊ ယခု မျက်မြင် ဒိဋ္ဌ လူ့ဘဝမှာလည်း ဓနဥစ္စာ ကြွယ်ဝစွာနှင့် ချမ်းသာစွာ ကုံလုံ၍နေကြသော သူ၊ ဣဿရိယဉာဏ်နှင့် ပြည့်စုံစိုးမိုး၍ နေကြသော သူများသည် ချမ်းသာ သုခမဟုတ်ပါလော မေးရန်ရှိသည်။ ။ အဖြေကား - အသက် အသချေ်ရှည်ကြာသောအခါ လေးကျွန်းလုံးကို အစိုးရသော စကြာမန္ဓာတ်မင်း ချမ်းသာသည် လူ့ချမ်းသာတွင် တမ်းကုန်၏။

ထိုစကြာမန္ဓာတ်မင်း ချမ်းသာသည်ပင်လျှင် သုခဟူသည် မြူမျှမဖက် သက်သက် ဒုက္ခသာဖြစ်၏၊ အဘယ်သို့ ဖြစ်သနည်းဟူမူ - ထိုစကြာမန္ဓာတ်မင်း သဏ္ဍာန် ခန္ဓာကိုယ်ကြီးမှာ ဇရာမီး၊ မရဏမီး အမြဲလောင်စွဲလျက် နေ၏၊ စိတ်နှလုံးထဲမှာလည်း သက္ကာယဒိဋ္ဌိ ငရဲမီး တောက်လောင်လျက် နေ၏။ ။ ဇရာမီး၊ မရဏမီး၊ အမြဲတောက်လောင်စွဲ၍ ပါနေသည့်အတွက် ထိုစကြာမင်း ခန္ဓာကြီးသည် အနိစ္စ မရဏဟု ဆိုအပ်သော သေမင်းကြီး၏ ဓားအောက်လည်ခံ ဖြစ်၍နေ၏၊ သေဘေးမှုကြီး တန်းလန်းနှင့် သေမင်း၏ ဓားအောက်လည်ခံ ဖြစ်၍နေသော သူကို လူ့ချမ်းသာဟု ဆိုခွင့်မရှိ။

ဥပမာကား - တစ်ခုသော နေရာ၌ သိကြားမင်း၏ ဝေဇယန္တာ ပြာသာဒ်ကြီးနှင့် တူသော ကြီးစွာသော နန်းပြာသာဒ်ကြီးကို ဖန်ဆင်း၍ ထိုပြာသာဒ်တွင် သိကြားမင်း စည်းစိမ်နှင့် တူစွာသော စည်းစိမ်ချမ်းသာတွေကို အလိုရှိတိုင်း ခံစား

www.dhammaransi.com



စံစားရန် အပြီးထား၏။ ။ တစ်ဖန်ထိုပြာသာဒ်တွင်းမှာ လူတို့မျက်စိနှင့် မမြင်ရသော အလွန် ထက်လှစွာသော ဓား, သန်လျက်တို့ကို အထက်က မိုးလျက် ပြာသာဒ်နှင့် အပြည့်ထား၏၊ ထိုစည်းစိမ်ကို မင်၍ ပြာသာဒ်မှာရှိသော ထိုစည်းစိမ်ကို ခံစား စံစား သော သူတို့သည်ကား ထိုဓား, သန်လျက်တို့၏ အစာ ဖြစ်ကြကုန်၏၊ ယနေ့ ဖြစ်မည်. နက်ဖြန်ဖြစ်မည်, သည်လဖြစ်မည်, ဟို-လဖြစ်မည်, သည်-နှစ်ဖြစ်မည်, ဟို-နှစ် ဖြစ်မည်ကိုကား မသိကြ ရကုန်၊ ဦးခေါင်း၌ ဓား, သန်လျက် မကျမီအတွင်း သိကြား ကဲ့သို့ ခံစား စံစား၍ နေကြကုန်၏၊ ထိုသူတို့ကို လူချမ်းသာတွေ ဆိုသင့်မည်လော။ ထိုသူတို့၏ အဖြစ်ကို တောင့်တထိုက်ပါမည်လော။ ။ ဓားဘေးကြီးတန်းလန်းနှင့် ဓားအောက်မှာ ဓားစာ အနေနှင့် နေကြသော သူတို့သည် လူချမ်းသာ မဟုတ်၊ လူဒုက္ခိတတို့သာတည်း။ ။ ထိုသူတို့ရရှိခံစားသော စည်းစိမ်သည်လည်း ဓားဘေးမိအောင် ထောင်၍ထားသော စည်းစိမ်သာတည်း၊ ငါးမျှားချိတ်နှင့် ဖက်တွဲ၍ထားသော သားတစ်နှင့် အတူတူတည်း။ ။ ထို့ကြောင့် ထိုစည်းစိမ်ကိုလည်း သုခ မဆိုရ၊ ဒုက္ခ ၏ အသင်းအပင်းသာတည်း။ ။ လာလာသမျှ လူအပေါင်းကို ဓားဘေးသင့်အောင်, ဓားစာဖြစ်အောင် ထောင်မျှားသော စည်းစိမ်သာ တည်း၊ ဤဥပမာအတိုင်း စကြာမန္ဓာတ်မင်း အဖြစ်ကိုလည်း သိလေ။

ယခုအခါရရှိကြသော လူ့စည်းစိမ်, နတ်စည်းစိမ် စုသည်လည်း ထိုပြာသာဒ်မှာ ရှိသော စည်းစိမ်နှင့် တူ၏။ ။ အနမတဂ္ဂ သံသရာ၌ ရှိနေကြသော လူ့ဘဝ လူ့စည်းစိမ်, နတ်ဘဝ နတ်စည်းစိမ်, ဗြဟ္မာ့ဘဝ ဗြဟ္မာ့စည်းစိမ် ဟူသမျှသည်လည်း အနမတဂ္ဂ သံသရာမှာ ထာဝရထောင်မျှား၍ထားသော ထိုပြာသာဒ်ကြီးနှင့် တူ ၏။ ။ အနမတဂ္ဂ သံသရာမှာ ဂင်္ဂါသဲလုံးမျှမက ပွင့်တော်မူကြကုန်သော ဘုရားတို့၏ သာသနာနှင့် အခါခါ တွေ့ကြုံကြပါလျက် ထိုစည်းစိမ်သုံးပါး ထောင်မျှားရာသို့သာ လိုက်ပါ၍ နေကြကုန်သည့်အတွက်ကြောင့် ယနေ့ထက်တိုင် သေဘေးတန်းလန်း - အပါယ်ဘေးတန်းလန်း - အဝီစိငရဲဘေး တန်းလန်းတွေနှင့် နေကြရကုန်၏။

### မီး တစ်ဆယ့်တစ်ပါး

| | |
|---|---|
| (၁) ရာဂမီး၊ | (၂) ဒေါသမီး၊ |
| (၃) မောဟမီး၊ | (၄) ဇာတိမီး၊ |
| (၅) ဇရာမီး၊ | (၆) မရဏမီး၊ |

www.dhammaransi.com



(၇) သောကမီး၊ (၈) ပရိဒေဝမီး၊

(၉) ဒုက္ခမီး၊ (၁၀) ဒေါမနဿမီး၊

(၁၁) ဥပါယာသမီး။ ဟူ၍ မီး တစ်ဆယ့်တစ်ပါး ရှိ၏။

(၁) ရာဂမီး

ရာဂမီးသည်ကား - အလောဘတရားကိုလည်းကောင်း - အလောဘနှင့် စပ်သော ချမ်းသာသုခကိုလည်းကောင်း ပြောင်စင်အောင် လောင်နိုင်၏အလောဘ ဆိုသည့်ကား - စကြာမင်း၏ ပတ္တမြားရတနာနှင့် တူသော အလွန်စင်ကြယ် သန့်ရှင်းသော စေတ်တစ်ပါးပေတည်း၊ ပတ္တမြားရတနာ မည်သည် မစင်တွင်း, တင်တွင်းမှာ ချ၍. နှစ်၍ ထားသော်လည်း အငွေ့အသက်မျှ လိမ်းကပ်ခြင်း မရှိ၊ ရွံ့တွင်း, ညွန်တွင်းမှာ ချ၍, နှစ်၍ ထားသော်လည်း အငွေ့အသက်မျှ လိမ်းကပ်ခြင်း မရှိ၊ ထို့အတူ ထိုအလောဘစေတ်သည်လည်း လူ့စည်းစိမ်တွင်း, နတ်စည်းစိမ်တွင်း, ဗြဟ္မာ့စည်းစိမ်တွင်းတို့မှာ ကြုံကြိုက်၍နေသော်လည်း ထိုစည်းစိမ်တို့နှင့် အငွေ့ အသက်မျှ လိမ်းကပ်ခြင်း မရှိ။ ။ ဥပုသ် သီတင်း သုံးမှု, ရသေ့, ရဟန်း လုပ်မှုသည် အလောဘဥယျာဉ်ကို ပြုစုပျိုးထောင်မှုပေတည်း၊ ထိုအလောဘ ဥယျာဉ်သည် အစဉ် အတိုင်း ကြီးပွားစည်ကား၍ သွားရမှုကား မဂ်. ဖိုလ်, နိဗ္ဗာန်တည်းဟူသော အသီး အပွင့်ကို ဆောင်ပေ၏။

ယခုရှိကြသော လူတ္တဝါစုတို့မှာမူကား အနမတဂ္ဂ သံသရာကာလ၌ ပြုစု ပျိုးထောင်ခဲ့သမျှသော အလောဘဥယျာဉ်စုသည် ပွင့်အောင်, သီးအောင် မကြီးပွား ရဘဲ ရာဂမီး လောင်၍ လောင်၍ချည်း ပြောင်စင်ဆုံးပါး၍ လာခဲ့ကြ၏။ ။ ယခုနေ့ ဥပုသ်သီတင်းနှင့် အလောဘဥယျာဉ် ပျိုးသမားလုပ်၏၊ နက်ဖြန်ခါ လောဘ အာရုံသို့ ဝင်၍ ထိုဥယျာဉ်ကို မီးရှို့၏။ ။ ယခုဘဝ ရသေ့ ရဟန်းအဖြစ်နှင့် အလောဘ ဥယျာဉ်မျိုး လုပ်၍ နေ၏၊ နောက်ဘဝ လူ့စည်းစိမ်, နတ်စည်းစိမ်ထဲမှာ နစ်၍ ထို ဥယျာဉ်ကို မီးရှို့၏၊ ယခုဘဝ၌ ရသေ့ ရဟန်းပြု၍ ယခုဘဝတွင် လူဖြစ်၍နေသော သူတို့မှာ ဆိုဖွယ်မရှိ၊ ရသေ့ ရဟန်းဖြစ်ပါလျက် လောဘ အလိုသို့ လိုက်၍ အလူးလူး အလဲလဲနေသော သူတို့မှာလည်း ဆိုဖွယ်ရာမရှိ၊ ဤသို့လျှင် အနမတဂ္ဂ သံသရာ၌ ပြုစုခဲ့သမျှသောအလောဘဥယျာဉ်စု၏ ပွင့်ခွင့် သီးခွင့်သို့ မရောက်ဘဲ ရာဂမီးလောင် သဖြင့် တစ်ပြောင်တည်း ပြောင်၍ လာခဲ့ကြပုံတည်း။

www.dhammaransi.com



အလောဘနှင့် စပ်သော ချမ်းသာ သုခဆိုသည်ကား - အလောဘဥယျာဉ် ပင်စည် ခက်ကိုင်း စည်ကားပါမူကား ပြိတ္တာဘေး, အသူရကာယ်ဘေးတို့မှလည်းကောင်း လူ၌ အသက်မွေးမှု ဆင်းရဲ ငြိုငြင်သော ဘေးတို့မှလည်းကောင်း လွတ်ငြိမ်းချမ်းသာ၏၊ ထိုထက် အလောဘ ဥယျာဉ်စည်ကားပါမှ အသက်တိုသော လူ့ဘဝ, နတ်ဘဝ, ကာမဘုံဒုက္ခမှ လွတ်ငြိမ်း ချမ်းသာ၏၊ ထိုထက် အလောဘဥယျာဉ် စည်ကားပါမူကား ရူပရာဂဘေး, အရူပ ရာဂဘေးတို့မှ လွတ်ငြိမ်းချမ်းသာ၏။ ။ အနမတဂ္ဂ သံသရာ၌ ပြုစုခဲ့သမျှသော အလောဘဥယျာဉ်စုသည် ရာဂမီးနှင့်ချည်း ပျက်စီးဆုံးပါး၍ လာခဲ့ကြသည့်အတွက် ယနေ့ထက်တိုင် ပြိတ္တာဘေးတန်းလန်း အသူရကာယ်ဘေး တန်းလန်း ရှိနေကြရ၏၊ ယခုဘဝ၌လည်းကောင်း - နောက်ဘဝ၌လည်းကောင်း အသက်မွေးမှု ဒုက္ခနှင့် ကြောင့်ကြမကင်း ရှိနေကြ၏။ ။ ဤကဲ့သို့ သံသရာသာ ရှည်၍ တွက်ခြေမရ ခြောက်ဒွါရမှာ ရာဂမီး တဟုန်းဟုန်းတောက်၍ နေကြသော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝစုသည် သုခဟူ၍ မြူမျှမဖက် သက်သက် ဒုက္ခ မဟုတ်လော။

(၂) ဒေါသမီး

ဒေါသမီးသည်ကား - အဒေါသတရားကိုလည်းကောင်း - အဒေါသနှင့် စပ်သော ချမ်းသာသုခကိုလည်းကောင်း ပြောင်စင်အောင် လောင်နိုင်၏၊ အဒေါသ ဆိုသည်ကား - နတ်, သိကြားတို့၏ အသုံးအဆောင်ဖြစ်သော အလွန်အေးချမ်းသော ဂေါသီတ စန္ဒကူးနံ့သာတုံးနှင့်တူသော အလွန်အေးချမ်းသော အဒေါသစိတ် တစ်ပါး ပေတည်း။ ။ ထိုကဲ့သို့သော စန္ဒကူးနံ့သာတုံးမည်သည် ပွက်ပွက်ဆူသော ရေပူ, ဆီပူမှာ ချ၍, နှစ်၍ ထားသည်ရှိသော် ထိုရေပူ ဆီပူသည် သီတာ ရေကဲ့သို့ ခဏချင်း အေးချမ်းရ၏။ ။ ထို့အတူ အဒေါသတရားမည်သည် ရန်သူတို့၏ အလယ်မှာ နေသော်လည်း ရန်စိတ်, ရန်ပေါက် ပြေပျောက် ငြိမ်းချမ်း၍ ကုန်ကြရ၏၊ ဥပုသ်သီတင်း သုံးမှု - ရသေ့ ရဟန်းပြုလုပ်မှုများသည် ထိုအဒေါသဥယျာဉ်ကို ပြုစုပျိုးထောင်မှု ပေတည်း၊ ထိုအဒေါသဥယျာဉ်သည် အစဉ်အတိုင်းကြီးပွားစည်ကား၍ သွားရမူကား မဂ်, ဖိုလ်, နိဗ္ဗာန်တည်းဟူသော အသီးအပွင့်ကို ဆောင်ပေ၏။

ယခုရှိနေကြသော သတ္တဝါတို့မှာမူကား အနမတဂ္ဂ သံသရာ ကာလ၌ ပြုစု ပျိုးထောင်ခဲ့သမျှသော အဒေါသဥယျာဉ်စုသည် ပွင့်ပေါင်း, သီးပေါင်း မကြီးပွားရဘဲ ဒေါသမီးလောင်၍ လောင်၍ချည်း ပြောင်စင်ကာ လာခဲ့ကြရ၏၊ ယခုပင် သဗ္ဗေသတ္တာ

www.dhammaransi.com



အဝေရာ ဟောန္တု - ယခုပင် သူတစ်ပါးကို ငြူစူစောင်းမြောင်း မကောင်းမြစ်တင် နှလုံးချဉ်ပေါက် ဝေါက်လိုပေါက် ငမ်းလိုငမ်း အကြမ်းအရွဲ့ ကပ်ဖွဲ့၊ ကပ်ကိုး အခိုး ထောင်းထောင်းလာ၏။ ။ ရသေ့ ရဟန်းပြု၍ ယခုဘဝ ဗြဟ္မစိုရ်တရားစုကို ပွားများ၍ အခြားမဲ့ဘဝမှာ ဗြဟ္မာမင်းကြီး ဖြစ်ပြီးသည်မှ နောက်ဘဝမှာ ဓားပြ၊ သူခိုး၊ မုဆိုး၊ တံငါ။ ။ ဤသို့လျှင် အနမတဂ္ဂ သံသရာ၌ ပြုစုပျိုးထောင်ခဲ့သမျှသော အဒေါသဉယျာဉ်၏ ဒေါသမီးနှင့်ချည်း ပျက်စီးဆုံးပါး၍ လာခဲ့ကြသည်ကို သိအပ်၏။

အဒေါသနှင့် စပ်သော ချမ်းသာသုခဆိုသည်ကား - အဒေါသဉယျာဉ် ကြီးပွား စည်ကားသော သူတို့အား ငရဲဘေးမှ လွတ်ငြိမ်း၏၊ လူ၌လည်း အနာရောဂါ ဘေး၊ ရန်သူဘေးတို့မှ လွတ်ငြိမ်း၏၊ အသက်တိုသော ကာမဘုံမှသော်လည်း လွတ်ငြိမ်း၏၊ အနမတဂ္ဂ သံသရာ၌ ပြုစုခဲ့သမျှသော အဒေါသဉယျာဉ်စုသည် ဒေါသမီးနှင့်ချည်း ပျက်စီးဆုံးပါးခဲ့သည့်အတွက်ကြောင့် ယနေ့ထက်တိုင် ငရဲဘေး တန်းလန်း-ရောဂါ ဘေး၊ အနာဘေး တန်းလန်း-ရန်သူဘေး တန်းလန်း ရှိနေကြ၏။ ။ ဤကဲ့သို့ သံသရာသာရှည်၍ တွက်ခြေမလှ ခြောက်ဒွါရမှာ ဒေါသမီး တစ်ဟုန်းဟုန်း တောက်လောင်၍ နေကြရသော လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝစုသည် သုခဟူ၍ မြူမျှဖက် သက်သက် ဒုက္ခမဟုတ်လော။

ဒေါသမီး ပြီး၏။

## (၃) မောဟမီး

မောဟမီးသည်ကား - အမောဟတရားကိုလည်းကောင်း-အမောဟနှင့် စပ်သော ချမ်းသာသုခကိုလည်းကောင်း ပြောင်စင်အောင် လောင်နိုင်၏။ ။ အမောဟတရားဆိုသည်ကား - အသိ အလိမ္မာ ဉာဏ်ပညာတည်း၊ အရပ်ရှစ်မျက်နှာ၌ တစ်ယူဇနာအတွင်း နေ့ ညဉ့် မခြား တထိန်ထိန် ထွန်းလင်း၍နေသော စကြာမင်း၏ ပတ္တမြားရတနာနှင့် တူလှစွာသော အသိ အလိမ္မာ ဉာဏ်ပညာ ဓာတ်တစ်ပါးပေ တည်း။ ။ လောကီပညာမျိုးကို တတ်သိ လိမ္မာအောင် သင်ကြား အားထုတ်ကြသော အမှု-တရားဓမ္မတို့ကို နာခံမှတ်သား သင်ကြား အားထုတ်ကြသော အမှုစုသည် အမောဟဉယျာဉ်ကို ပြုစုပျိုးထောင်မှုပေတည်း။ ။ ထိုအမောဟဉယျာဉ်သည် အစဉ်အတိုင်း ကြီးပွားစည်ကား၍ သွားပါမူကား သာဝကဗောဓိဉာဏ်၊ ပစ္စေက ဗောဓိဉာဏ်၊ သဗ္ဗညု ဗောဓိဉာဏ်တို့နှင့် နိဗ္ဗာန်တည်းဟူသော အပွင့်၊ အသီး အကြီး အကျယ်တို့ကို ဆောင်နိုင်၏။

www.dhammaransi.com



ယခုရှိကြသော သတ္တဝါတို့မှာမူကား-အနမတဂ္ဂ သံသရာကာလ၌ ပြုစု ပျိုးထောင်ခဲ့ကြသမျှသော အမောဟပညာ အလိမ္မာ ဉယျာဉ်တို့သည် အပင်, အညှောက် ပေါက်ကာ, ပေါ်ကာ၌ အမိုက်မီး လောင်မှုနှင့်ချည်း ပြောင်စင်၍ လာခဲ့ကြ၏။ ။ မိုက်မှုမှာ ခဏတစ်ထောင်, တစ်ရာ၊ အလိမ္မာမှုမှာ တစ်ခဏ၊ ယခုဘဝ၌ လောက အလိမ္မာ, ဓမ္မအလိမ္မာ, စာပေပိဋကတ်ကျမ်းတတ်အကျော် ဆရာတော်, သမားတော်၊ နောက်နောက် ဘဝ၌ ဗာလ, မူဠှ, ဥမ္မတ္တက, သုနခ, သန်း, ကြမ်းပိုး။ ။ ဤသို့လျှင် အနမတဂ္ဂ သံသရာ၌ ပြုစုခဲ့သမျှသော အမောဟဉာဏ် ပညာအလိမ္မာ ဉယျာဉ်၏ အမိုက်ဗာလ မောဟမီး လောင်၍ချည်း ပြောင်စင်ကာ လာခဲ့ကြပုံကို သိအပ်၏။ ။ အမောဟနှင့် စပ်သော ချမ်းသာသုခဆိုသည်ကား အမောဟဉာဏ်ပညာ အလိမ္မာ ဉယျာဉ် ကြီးပွား စည်ကားသော သူတို့အား တိရစ္ဆာန် ဘဝ ဒုက္ခမှ လွတ်ငြိမ်း၏၊ လူ၌လည်း ဘုန်းကျက်သရေ မရှိသော အရိုင်းအစိုင်း အမိုက်အမဲ ဖြစ်ရခြင်း ဒုက္ခမှ လွတ်ငြိမ်း၏၊ သာဝကဗောဓိဉာဏ်, ပစ္စေကဗောဓိဉာဏ်, သဗ္ဗညု ဗောဓိဉာဏ်ကို ရနိုင်၏။

ယခုရှိကြသော ပုထုဇဉ် သတ္တဝါတို့မှာမူကား အနမတဂ္ဂ သံသရာကာလ၌ ပြုစု၍ ထားခဲ့ကြသော အလိမ္မာ ဉယျာဉ်သည် အပင်, အညှောက် ပေါက်ကာ မတ္တ၌ အမှိုက်မီး လောင်၍ချည်း လာခဲ့သည့်အတွက် ယခုထက်တိုင် ခွေး, ဝက်, ကြက်, ငှက် ဖြစ်မှု တန်းလန်း ရှိနေကြ၏၊ ယခု ဘုရားသာသနာနှင့် ကြုံကြိုက်ကြပါကုန်လျက် အလိမ္မာ ပညာ အထုံ မွဲကြလှကုန်သောကြောင့် ဘုရားသွားရာ နိဗ္ဗာန်ကို ကျောပေး၍ အပါယ်လေးတန် သံသရာ လမ်းခရီးသို့သာ လိုက်ပါ စုန်မျော၍ နေကြကုန်၏။ ။ ဤကဲ့သို့ သံသရာသာရှည်၍ တွက်ခြေမလှ ခြောက်ဒွါရမှာ **မောဟမီး** တစ်ဟုန်းဟုန်း တောက်လောင်၍ နေကြသော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ ဘဝစုသည် သုခဟူ၍ မြူမျှမဖက် သက်သက် ဒုက္ခ မဟုတ်လော။

**မောဟမီး ပြီး၏။**

## (၄) ဇာတိမီး

**ဇာတိမီးဆိုသည်ကား**-သက္ကာယဒိဋ္ဌိ တန်းလန်းရှိကြကုန်သော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့မှာဖြစ်ရာ ဘဝမှ စုတေကြသောအခါ ဘယ်ဘုံသို့သွားမည် ဘယ်ဘုံမှာ ဖြစ်မည်ဟု ဖြစ်နိုင်ကြကုန်သည် မဟုတ်၊ တပေါင်း, တန်ခူး လေရူးတိုက်ရာ

www.dhammaransi.com



ကြွေ၍ ပါကုန်သော သစ်ရွက်ခြောက်တို့ကဲ့သို့ ပေါက်လွတ် လျောက်လျား တစ်လမ်းတခြား လွင့်စင် ဖြစ်ချင်တိုင်း ဖြစ်ကြကုန်၏။ ။ ယခုနေ့တွင် လေးကျွန်း ဘုရင် စကြာရှင်-နက်ဖြန် အဝီစိ၊ ယခုနေ့မှာ သိကြား, ဗြဟ္မာ, နတ်ဒေဝါ- နက်ဖြန်ခါ တွင် ခွေး, ဝက်, ကြက်, ငှက်။ ။ ဤသို့သော ဇာတိမှု တန်းလန်း ရှိနေကြကုန်သော သူတို့အား အကြီးအကျယ် ပူဖွယ်ဒုက္ခ အမြဲထာဝရ ကပ်ရောက်၍ နေ၏၊ ရှေးရှေး ဘဝတို့၌ ပြုခဲ့ဖူးသော မကောင်းမှု ခုစရိုက် ဟောင်းတွေအတွက် အကြီးအကျယ် ပူဖွယ်ကြီး တစ်ဌာန ယခုဘဝတွင် ငယ်စဉ်အခါ၌ မိုက်မှားခဲ့သော မကောင်းမှု ဒုစရိုက်အတွက် အကြီးအကျယ် ပူဖွယ်ကြီး တစ်ဌာန - နောက်နောက် ဘဝတို့၌ မိုက်ခွင့် တန်းလန်းတွေ ရှိနေသည့်အတွက် အကြီးအကျယ် ပူဖွယ်ကြီး တစ်ဌာန။

( ဤသည်ကား - ဘဝသစ် ဇာတိမီး၏ အကြီးအကျယ် ပူလောင်၍ နေကြပုံတည်း။ )

မသိကြ၍ စိတ်ကပင် မပူကြသော်လည်း အမှုကိုယ်မှာအပူချည်း စင်စစ်သာ တည်း။ ။ ဤကဲ့သို့သော အပူမှုကြီး တန်းလန်းရှိနေသော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝစုသည် သုခဟူသည် မြူမျှမဖက် သက်သက် ဒုက္ခကြီးဖြစ်သတည်း။ ။ ယခု မျက်မြင် ဒိဋ္ဌမှာလည်း အမျိုးမျိုးသော ကိုယ်တွင်းရောဂါ, ကိုယ်တွင်းအနာ, ကိုယ်တွင်းဥပဒ် ဖြစ်ပေါ်လာသော သန္တတိ ဇာတိမီး။ ။ ရာသီဥတုသို့ လိုက်၍ ပူမှု, အိုက်မှု, ချမ်းမှု, အေးမှုတို့၏ ဖြစ်ပေါ်ခြင်း သန္တတိ ဇာတိမီး။ ။ ဣရိယာပုတ်သို့ လိုက်၍ ညောင်းမှု, ညာမှု, ထုံမှု, ကျင်မှု စသည် ဖြစ်ပေါ်လာသော သန္တတိ ဇာတိ မီး။ ။ အဖျားရောဂါ, အနာရောဂါ, ကျောက်, ဝက်သက်ရောဂါ, ကာလရောဂါ, ကာလနာတို့၏ သူတစ်ပါးတို့၌ ဖြစ်သည်ကို မြင်၍, ကြား၍, မိမိအိမ်မှာ ဖြစ်လာမည်ကို လည်းကောင်း - မိမိကိုယ်မှာ ဖြစ်လာမည်ကိုလည်းကောင်း ကြောက်ကြရသော သန္တတိ ဇာတိမီး၊ ဤသို့ အစရှိသဖြင့် လောက၌ လူအများ ကြောက်လန့်ကြရသော ဖြစ်မှုစု သည် ဇာတိမီး အမှုချည်းသာတည်း။ ။ အမိဝမ်းတွင်း၌ နေရသော ဇာတိမီးကား ထင်ရှားပြီ။

နာမ်တရားတို့၏ ဇာတိမီး၌ ရာဂ၏ဖြစ်ပေါ်မှု, ဖြစ်ပွားမှု၊ ဒေါသ၏ ဖြစ်ပေါ်မှု, ဖြစ်ပွားမှု၊ မောဟ၏ ဖြစ်ပေါ်မှု, ဖြစ်ပွားမှု၊ ဣဿာ၏ ဖြစ်ပေါ်မှု, ဖြစ်ပွားမှု၊ မစ္ဆရိယ၏ ဖြစ်ပေါ်မှု, ဖြစ်ပွားမှု၊ ကုက္ကုစ္စ၏ ဖြစ်ပေါ်မှု, ဖြစ်ပွားမှု၊ ကာယဒုစရိုက်၏ ဖြစ်ပေါ်မှု, ဖြစ်ပွားမှု၊ ဝစီဒုစရိုက်၏ ဖြစ်ပေါ်မှု, ဖြစ်ပွားမှု၊

www.dhammaransi.com



မနောဒုစရိုက်၏ ဖြစ်ပေါ်မှု. ဖြစ်ပွားမှု စသည်ဖြင့် 'ဖြစ်' လုံးနှင့် ပြောဆိုသမျှသည် ဇာတိမီး တောက်မှုချည်းမှတ်။ ။ ထို ရာဂ စသည်တို့၏ ဖြစ်ပေါ်မှု, ဖြစ်ပွားမှု စသည်ကို ပူလောင်မှုဟူ၍ မသိကြသော်လည်း အမှုကိုယ်မှာ အပူမှုချည်း စင်စစ်သာတည်း။ ။ ရာဂ၏ အလိုသို့ လိုက်၍ သားမယား ယူ၏၊ သား မယားနှင့် နေသည့်အတွက် သားမယား မွေးမှု, မင်းရေးစိုးမှု. ရပ်ရွာမှု စသည် မီးဝိုင်း၍ နေ၏၊ ထိုမီးအလုံးစုံသည်လည်း ရာဂ၏ ဇာတိမီးမှ ဖြစ်ပွား၏၊ ဒေါသ၏ ဇာတိမီးမှ ဖြစ်ပွားမှုတို့ကိုလည်း သိလေ။

ဇာတိမီး ပြီး၏။

## (၅-၆) ဇရာမီး, မရဏမီး နှစ်ရပ်

ဇရာမီး. မရဏမီးတို့မှာ ဇရာ မရဏ အခန်း၌ ပြဆိုခဲ့ပြီ၊ အနမတဂ္ဂ သံသရာ၌ ကမ္ဘာပေါင်းလည်း အနန္တ, ဘဝပေါင်းလည်း အနန္တ ရှိခဲ့ကြပြီ၊ ယခုဘဝကိုလွှတ်၍ ရှေး၌ ကွယ်လွန်လေပြီးသော ဘဝပေါင်း အနမတဂ္ဂ အနန္တရှိခဲ့ပြီ၊ ဤသို့ဘဝပေါင်း အနမတဂ္ဂ အနန္တဟူ၍ များပြားမှုသည် ဇရာ, မရဏအတွက် သက်သက်သာ တည်း။ ။ အကယ်၍ ဇရာ, မရဏဟူ၍ မရှိခဲ့သည်ဖြစ်အံ့၊ အနမတဂ္ဂ သံသရာတစ်ခု လုံးသည် တစ်ကမ္ဘာတည်းဖြစ်၍ အမြဲတည်ရာ၏၊ သတ္တဝါတို့လည်း တစ်ဘဝတည်းသာ ဖြစ်၍ အမြဲ တည်ကုန်ရာ၏။ ။ ဇရာ. မရဏအတွက်ကြောင့် ကမ္ဘာအနန္တ, ဘဝအနန္တ ဖြစ်ကြရသည်၊ ဤကမ္ဘာကို ချန်လှပ်၍ လွန်လေပြီးသော ကမ္ဘာ အနန္တစု အဏုမြူမျှ ရှာကြံမရ ကွယ်ပျောက်လေသည်လည်း ဇရာ, မရဏမီး အမှုသာတည်း၊ ဤဘဝကို ချန်လှပ်၍ လွန်လေပြီးသော ဘဝအနန္တစု အဏုမြူမျှ ရှာကြံမရ ကွယ်ပျောက်လေသည်လည်း ဇရာ, မရဏမီး အမှုသာတည်း။

နောက်နောက် လာလတ္တံ့သော ကမ္ဘာအနန္တ-ဘဝအနန္တတို့သည်လည်း အဏုမြူမျှ ရှာကြံမရအောင် ကွယ်ပျောက်ကုန်လတ္တံ့။ ။ ဇရာ, မရဏမီး၏ အစွမ်းသည် ကြီးကျယ်စွ၊ အနမတဂ္ဂ သံသရာ၌ပြုခဲ့သော ဒါန ကုသိုလ်ပေါင်းလည်း အနန္တရှိခဲ့ပြီ၊ ထိုဒါန ကုသိုလ်ကြောင့် ရရှိခဲ့သော လူ့ဘဝပေါင်းလည်း အနန္တရှိခဲ့ပြီ၊ နတ်ဘဝပေါင်းလည်း အနန္တရှိခဲ့ပြီ၊ ထိုအနန္တစုလည်း ယခု အဏုမြူမျှ မရှိ၊ ကုန်ဆုံး လေပြီ။ ။ ထိုကဲ့သို့ ကုန်ဆုံးလေသော အမှုမျိုးကို အကောင်းအမြတ်ထင်မှတ်၍ လိုက်စား အားထုတ်ကြကုန်သော သူတို့အား ဒါနပြုမှုဟူသော သံသရာဒုက္ခသည် ဘယ်အခါမှာ အပြီးတိုင် ရောက်လိမ့်မည်ဟု အဆုံးမရှိ၊ မဆုံးနိုင်, မပြီးနိုင်, မငြိမ်းနိုင် သော အနန္တ ဒုက္ခမှုချည်းသာတည်း။

www.dhammaransi.com



ထို့အတူ ငါးပါးသီလမှုသည်လည်း အနန္တဒုက္ခမှုချည်းသာတည်း၊ ရှစ်ပါးသီလမှု သည်လည်း အနန္တဒုက္ခမှုချည်းသာတည်း၊ ဆယ်ပါးသီလမှုသည်လည်း အနန္တဒုက္ခမှု ချည်းသာတည်း၊ ရသေ့ပြုမှု, ရဟန်းပြုမှုသည်လည်း အနန္တဒုက္ခမှုချည်းသာတည်း၊ ဈာန်သမာပတ်ကို ပွားများအားထုတ်မှုသည်လည်း အနန္တဒုက္ခမှုချည်းသာတည်း။ ။ ဇရာ. မရဏမီးကို ကာလအရှည် မသေ. မပျောက် တောက်လောင်၍ နေနိုင်ပါစေ ခြင်းငှာ မီးစာ. ထင်း. အမှိုက်တို့ကို စုဆောင်း ဆည်းပူး အားစိုက်ကြသော အနန္တဒုက္ခမှု ချည်းတို့သာတည်း။ ။ လူ့ချမ်းသာကို ခံစား စံစားမှု. နတ်ချမ်းသာကို ခံစား စံစားမှုတို့သည်လည်း ရာဂမီးကို အစားပေးမှုတို့သာတည်း။ ။ အသက်မွေးမှု, ဝတ်မှု. စားမှုတို့သည် ဇရာမီးစာ. မရဏမီးစာဖြစ်သော ခန္ဓာကိုယ်ကြီးကို ထိန်းကျောင်း မွေးမြူမှုသာတည်း။

ဥပမာဆိုသည် ရှိသော်ကား - တစ်ယောက်သော သူသည် ယခုနေ့မှ သုံးလ တိုင်တိုင်ရောက်လျှင် ကြိုးဒဏ်ပေးစေ အမိန့်ချ၍ ထောင်မှာ နေရလေ၏၊ ထိုသူမှာ, အိမ့်တလိမ် ဇော်ဂနီနတ်စွဲကပ်လျက် ရှိ၏၊ ညအခါတိုင်ရောက်လျှင် မစင်တွင်းသို့ ချဉ်းကပ်၍ မစင်ကိုစားရ၏၊ နေ့အခါ၌ ထောင်မှူး၏ဥယျာဉ်၌ မြေတူးခြင်း, မြေသယ် ခြင်း. သစ်ပင်ကို ရေလောင်းခြင်း အစရှိသော ထောင်မှူး၏ ခိုင်းစေမှုကို အပင်အပန်း လုပ်ရ၏၊ မလုပ်နေလျှင် ထွေထွေရာရာ မှုပေါက် ရှာကြံ၍ ပြင်းထန်စွာရိုက်နှက် ၏။ ။ ဤအမှုသည်မှာ လူကပင် အိပ်၍နေသော်လည်း အမှုကမအိပ်ပြီ၊ အသက်က မအိပ်ရပြီ၊ မျက်တောင်တစ်ခတ် မရပ်မနား သေချိန်သို့ ဆိုက်အောင် တစ်ဟုန်တည်း ပြေး၏၊ အနမတဂ္ဂ သံသရာမှာပင် အသက်မည်သည် မျက်တောင်တစ်ခတ်မျှ ရပ်နား သည်ဟူ၍ မရှိ၊ အသက်၏ အလားအားဖြင့် ထိုသူသည် စက်တိုင်သို့ တက်ရန် ပြေးသွား ၍ နေရသောသူတည်း။ ။ ထိုသို့ စက်တိုင်သို့တက်ရန် မရပ်မနားပြေးသွား၍ နေရသောသူဖြစ်ပါလျက် စက်တိုင်သို့မရောက်မီအကြား မိမိ၌ပါရှိနေသော စုန်း ပယောဂ ပူးကပ်လာလျှင် လူစိတ်ပျောက်၏၊ မစင်ကို နတ်သြဇာ ထင်၏၊ မစင် တွင်းသို့ ချဉ်းကပ်၍ စား၏၊ နေ့အခါတိုင် ရောက်ပြန်လျှင် ထောင်မှူး၏အမှုကို ထမ်းရပြန်၏။

- ယခုရှိကြသော ပုထုဇဉ် သတ္တဝါစုတို့သည် ထိုအမှုသည်နှင့် တူ၏။
- အရွယ်သုံးပါးသည် ထောင်သုံးလနှင့် တူ၏။
- လူ့ကာမဂုဏ်. နတ် ကာမဂုဏ်သည် မစင်ဘင်စုနှင့် တူ၏။
- ရာဂသည် စုန်းပယောဂနှင့် တူ၏။

www.dhammaransi.com



- အဝိဇ္ဇာသည် ထောင်မျှးနှင့် တူ၏။
- သံသရာသည် ထောင်ကြီးနှင့် တူ၏။
- အသက်မွေးမှု, မင်းရေးစိုးမှု, ရပ်ရေးရွာမှု, အိပ်ရေးအိမ်မှုစုသည် ထောင်မှူး၏ စီးပွားမှုနှင့် တူ၏။
- ဘဝကိုရည်သန်၍ ပြုကြသော ဒါနမှု, သီလမှု, ဘာဝနာမှုစုသည်လည်း ရာဂ၏အစီးအပွား၊ အဝိဇ္ဇာ၏ အစီးအပွား၊ ဇရာ, မရဏ၏ အစီးအပွားချည်းသာတည်း။

ဤသို့လျှင် အနမတဂ္ဂသံသရာ၌ အဝိဇ္ဇာမီး, ရာဂမီး, ဇရာမီး, မရဏမီးတို့၏ အစီးအပွားနှင့်သာ နေ့ကုန်၍, ရက်ကုန်၍, လကုန်၍, ဘဝကုန်၍, ကမ္ဘာအနန္တကုန်၍ နေကြရသော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝစုသည် သုခမဖက် သက်သက် ဒုက္ခချည်းသာတည်း။

**ဇရာမီး-မရဏမီး ပြီး၏။**

**သန္တတိမရဏ ပြီး၏။**

## (၇) သောကမီး

**သောကမီးဆိုသည်ကား**-သား, သမီး, ညီအစ်ကို, နှမ အစ်မ အစရှိသော ဆွေမျိုးတို့၏ ပြည့်စုံခြင်းကို အစွဲပြု၍ လူတို့၌ ရွှင်လန်း ချမ်းသာမှုမည်သည် ရှိကြ၏၊ ထိုရွှင်လန်းချမ်းသာမှုကို ပြောင်စင်အောင် လောင်နိုင်သော သောကမီးတစ်မျိုး။ ။ ဥစ္စာဓနတို့နှင့် ပြည့်စုံခြင်းကို အစွဲပြု၍ လူတို့၌ ရွှင်လန်းချမ်းသာမှုမည်သည် ရှိကြ၏၊ ထိုရွှင်လန်း ချမ်းသာမှုကို ပြောင်စင်အောင် လောင်နိုင်သော သောကမီးတစ်မျိုး။ ။ အနာရောဂါ ကင်းရှင်းမှုကို အစွဲပြု၍ လူတို့၌ ရွှင်လန်းချမ်းသာမှုမည်သည် ရှိကြ၏၊ ထိုရွှင်လန်းချမ်းသာမှုကို ပြောင်စင်အောင် လောင်နိုင်သော သောကမီးတစ်မျိုး။ ။ အကျင့်သီလ ကောင်းမှုကိုအစွဲပြု၍ လူတို့၌ ရွှင်လန်းချမ်းသာမှုမည်သည် ရှိကြ၏၊ ထိုရွှင်လန်းချမ်းသာမှုကို ပြောင်စင်အောင် လောင်နိုင်သော သောကမီးတစ်မျိုး။ ။ သမ္မာအယူ ဖြူစင် ကောင်းမြတ်လှ၍ လူတို့၌ ရွှင်လန်းချမ်းသာမှုမည်သည် ရှိကြ၏၊ ထိုရွှင်လန်းချမ်းသာမှုကို ပြောင်စင်အောင် လောင်နိုင်သော သောကမီးတစ်မျိုး။ ။ ထိုမှတစ်ပါး အမျိုးမျိုးသော ရွှင်လန်းချမ်းသာမှုတို့သည် ရှိကြကုန်၏၊ ထိုရွှင်လန်းချမ်းသာမှုတို့ကို ပြောင်စင်အောင် လောင်နိုင်သော သောကမီးတစ်မျိုး-ဟူ၍ သောကမီး ငါးပါးရှိ၏။

www.dhammaransi.com



ဉာတိဝိပတ္တိကား - ကမ္ဘာမီးတည်း။ ။ ဉာတိသမ္ပတ္တိကား ထင်းမီးစာတည်း။ ။ ဉာတိဝိပတ္တိသောကသည် ကမ္ဘာမီးတည်း။ ။ ဉာတိသမ္ပတ္တိကို အစွဲပြု၍ ရွှင်လန်းချမ်းသာမှုသည် ထင်းမီးစာတည်း။ ။ ဉာတိဝိပတ္တိသောကသည် ထိုရွှင်လန်းချမ်းသာမှုတို့၏ ဦးခေါင်းကျရာ သချိုင်းတည်း။ ။ အနမတဂ္ဂ သံသရာ၌ သားကောင်း, သမီးကောင်း, ဆွေကောင်း, မျိုးကောင်းတို့နှင့် ပြည့်စုံခြင်းတည်းဟူသော ဉာတိသမ္ပတ္တိအနန္တတို့သည် ဉာတိဝိပတ္တိ သချိုင်းမှာချည်း ဦးခေါင်းချကြရကုန်၏၊ ဉာတိဝိပတ္တိမီးလောင်၍ ပြောင်စင်ကုန်၏၊ နောက်မီး လေးမျိုးတို့၌လည်း ဓနဘောဂ သမ္ပတ္တိ၏ ဦးခေါင်းချရာ သချိုင်းကား - ဘောဂဝိပတ္တိတည်း။ ။ အနာရောဂါကင်းရှင်းခြင်းတည်းဟူသော အာရောဂျသမ္ပတ္တိ၏ ဦးခေါင်းချရာ သချိုင်းကား - ရောဂဝိပတ္တိတည်း။ ။ သီလသမ္ပတ္တိ၏ ဦးခေါင်းချရာ သချိုင်းကား - သီလဝိပတ္တိတည်း။ ။ လောကီသမ္မာဒိဋ္ဌိ၏ ဦးခေါင်းချရာ သချိုင်းကား - ဒိဋ္ဌိဝိပတ္တိတည်း။ ။ ထိုထိုပြည့်စုံမှု, ရွှင်လန်းမှုတို့၏ ဦးခေါင်းချရာ သချိုင်းကား ထိုထို ဝိပတ္တိ ဒုက္ခတည်း။

ထို့ကြောင့် သားကောင်း, သမီးကောင်း, ဆွေကောင်း, မျိုးကောင်းဟူသော ဉာတိသမ္ပတ္တိဂုဏ်နှင့် ပြည့်စုံသော သူတို့သည် -ဉာတိဝိပတ္တိမီးကို ဦးခေါင်း၌ ရွက်ချီ၍ နေရသော သူတို့ မည်ကုန်၏၊ ဓနဘောဂ သမ္ပတ္တိဂုဏ်နှင့် ပြည့်စုံသော သူတို့သည် ဘောဂဝိပတ္တိ မီးကို ဦးခေါင်း၌ ရွက်ချီ၍ နေရသော သူတို့ မည်ကုန်၏၊ အာရောဂျ သမ္ပတ္တိဂုဏ်နှင့် ပြည့်စုံသော သူတို့သည် အာရောဂျ ဝိပတ္တိမီးကို ဦးခေါင်း၌ ရွက်ချီ၍ နေရသော သူတို့မည်ကုန်၏။ ။ လောကီသီလ သမ္ပတ္တိဂုဏ်-သီလဝိပတ္တိမီး၊ လောကီ သမ္မာဒိဋ္ဌိ သမ္ပတ္တိဂုဏ်-ဒိဋ္ဌိဝိပတ္တိမီး၊ နာနာဝတ္ထု ဂုဏ သမ္ပတ္တိဂုဏ်-နာနာဝတ္ထုဂုဏဝိပတ္တိ မီးတို့၌လည်း ထို့အတူ သိလေ။ ။ ဤသို့လျှင် ဦးခေါင်းပေါ်၌ ဝိပတ္တိ သောကမီး အသီးသီးနှင့် နေကြသော လူ့ဘဝ, နတ်ဘဝစုသည် သုခမဖက် သက်သက် ဒုက္ခသာတည်း။

**သောကမီး ပြီး၏။**

၈-၉-၁၀-၁၁။ ကြွင်းမီး ၄-ပါး

ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီးတို့၌လည်း သောကမီး အတိုင်း အကျယ်ချဲ့၍ သိလေ၊ မြင်လေ။ ။ လိုရင်း အချုပ်မှာ အနမတဂ္ဂ သံသရာ ကာလ၌ ရယ်ရွှင်မှု ဟူသမျှတို့သည် ပရိဒေဝ သချိုင်းမှာ ဦးခေါင်းချရကုန်၏။ ။

www.dhammaransi.com



ကာယိယ သုခ ဟူသမျှတို့သည် ကာယိက ဒုက္ခသချိုင်းမှာ ဦးခေါင်းချရကုန်၏။ ။ ဝမ်းမြောက်ခြင်း၊ ဝမ်းသာခြင်းဟူသော သောမနဿ ဟူသမျှတို့သည် ဒေါမနဿ သချိုင်းမှာ ဦးခေါင်းချရကုန်၏။ ။ အလွန်နှစ်သက်ခြင်းဟူသော ပီတိတို့သည် ဥပါယာသ သချိုင်းမှာ ဦးခေါင်းချရကုန်၏။

ထို့အတူ အနမတဂ္ဂ သံသရာ၌ အလောဘ ပြဋ္ဌာန်းသော ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာ ဈာန်သမာပတ် ကုသိုလ်တို့သည် တဏှာရာဂ သချိုင်းမှာ ဦးခေါင်းချရကုန်၏။ ။ အဒေါသပြဋ္ဌာန်းသော ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာ ဈာန်သမာပတ် ကုသိုလ်တို့သည် ဒေါသ သချိုင်းမှာ ဦးခေါင်းချရကုန်၏။ ။ အမောဟ ပြဋ္ဌာန်းသော ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာ ဈာန်သမာပတ် ကုသိုလ်တို့သည် အဝိဇ္ဇာမောဟ သချိုင်းမှာ ဦးခေါင်းချရကုန်၏။

ထိုထိုဘုံဘဝတို့၌ အရွယ်၏ ကောင်းခြင်းဟူသော ဝယသမ္ပတ္တိဂုဏ်တို့သည် ဝယောဟာနိဟူသော ဇရာသချိုင်းမှာ ဦးခေါင်းချရကုန်၏။ ။ အဆင်းအရောင် ရုပ်ရည်သဏ္ဌာန်၏ ကောင်းခြင်းဟူသော ဝဏ္ဏသမ္ပတ္တိဂုဏ်တို့သည် ဝဏ္ဏဟာနိဟူသော ဇရာသချိုင်းမှာ ဦးခေါင်းချရကုန်၏။ ။ အားခွန်ဗလနှင့် ပြည့်စုံခြင်းတည်းဟူသော ဗလသမ္ပတ္တိဂုဏ်တို့သည် ဗလာဟာနိဟူသော ဇရာသချိုင်းမှာ ဦးခေါင်းချရကုန်၏။ ။ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ လူ့အသက်, နတ်အသက်, ဗြဟ္မာ့အသက် ဟူသမျှတို့သည် မရဏ သချိုင်းမှာ ဦးခေါင်းချရကုန်၏။

သက္ကာယဒိဋ္ဌိ တန်းလန်းရှိနေကြကုန်သော လူ လူ, ရှင် ရှင်, နတ်, သိကြား, ဗြဟ္မာတို့၏ ပျော်မှု, ရွှင်မှုတို့သည် ပုထုဇဉ် သဘာဝ ပရမ်းပတာ ကျမြဲဖြစ်သော ဘဝသစ်ဇာတိ သချိုင်းမှာ ဦးခေါင်းချရကုန်၏။ ။ ပရမ်းပတာ ကျမြဲဖြစ်သော ဘဝသစ်ဇာတိအလားကို မြော်မြင်မိသည် ရှိသော် ပျော်မှု, ရွှင်မှု ကွယ်ပျောက်၍ ကြောက်မှု, ထိတ်လန့်မှုမှာ တည်လေ၏ ဟူလိုသည်။ ။ ထိုမှတစ်ပါး အလောဘ ဇာတိသည် ရာဂဇာတိ သချိုင်းမှာ ဦးခေါင်းချရ၏၊ ဤသို့ စသည်ဖြင့် သိလေဦး။

ဤသို့လျှင် တစ်ဆယ့်တစ်ပါးသော မီးတို့၏ မပြတ်မစဲ အမြဲတောက်လောင်၍ နေရာ မီးစာ ထင်းမှိုက်စုဖြစ်၍ နေကြသည့်အတွက် အနမတဂ္ဂ သံသရာကာလ၌ ပြုပြုသမျှသော ဒါန, သီလ, ဘာဝနာ ကုသိုလ်စု၊ ထိုကုသိုလ်စုကြောင့် ရခဲ့သမျှသော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝစုသည် ယခု အဏုမြူမျှ စမ်းထားရှာဖွေမရ ကွယ်ပ

www.dhammaransi.com



ပျောက်ဆုံးကုန်ခဲ့ပြီ။ ။ ယခုမျက်မြင် ဒိဋ္ဌ ရှိနေကြသော လူ့ဘဝ - လူ့ခန္ဓာ, နတ်ဘဝ - နတ်ခန္ဓာ, ဗြဟ္မာ့ဘဝ - ဗြဟ္မာ့ခန္ဓာစု၊ နောင်အနမတဂ္ဂ သံသရာမှာ လာလာသမျှသော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝအစုလည်း အဏုမြူမျှ စမ်းထားရှာဖွေ မရအောင် ကွယ်ပ ပျောက်ဆုံးဖို့ချည်း ဖြစ်၏။ ။ အနမတဂ္ဂ သံသရာနှင့် ထောက်မျှော်သည်ရှိသော် ယခုဘဝသည် မျက်တောင်တစ်ခတ် လျှပ်တပြက်စာမျှကဲ့သို့ ရှိ၏၊ ဇရာမီး အလွန်အားကြီးလာ၏၊ အထန်အပြင်း အတင်းဖိစီး၍ လောင်၏၊ အနှစ် ရှစ်ဆယ်, ကိုးဆယ်မျှနှင့် ပြာကျအောင် လောင်၏၊ နတ်ဘဝ, ဗြဟ္မာ့ဘဝတို့လည်း အနမတဂ္ဂ သံသရာနှင့် ထောက်စာသော် မျက်တောင်တစ်ခတ် လျှပ်တပြက်စာမျှကဲ့သို့ ရှိကြကုန်၏၊ ဇရာမီးသည်လည်း ထိုထိုအသက်တမ်းအတိုင်း ပြာကျအောင် လောင်၏။ ။ ဤသို့သော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝအစုသည် သုခမဖက် သက်သက် ဒုက္ခစုသာတည်း၊ သည်ကိုရည်၍-

သုခဟူသည်၊ မြူမျှမဖက်၊ အဆက်ဆက်လျှင်၊ သက်သက်ဒုက္ခ၊ ဓာတ်မှန်ရသည်။ ။ ဘဝဤကိုယ်-ဖြစ်ထုံးတည်း- ဟူ၍ ဆိုပေသည်။

တေရသမပျို့လင်္ကာ အဖြေ ပြီး၏။

ပဋိစ္စသမုပ္ပါဒ် ၁၃-ပိုဒ် ပျို့လင်္ကာ၏ အဖြေ ဤတွင် ပြီး၏။

www.dhammaransi.com

# ပဋိလောမ ပဋိစ္စသမုပ္ပါဒ်

## ပါဠိတော်နှင့် အနက်အဓိပ္ပာယ်

ယခုအခါ "အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရနိရောဓော" အစရှိသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ပါဠိတော်နှင့် အနက်အဓိပ္ပာယ် ပြဆိုပေအံ့-

အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရ နိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပ နိရောဓော၊ နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာ နိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ၊ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ဥဒါန်းပါဠိတော်

www.dhammaransi.com



အဝိဇ္ဇာယတွေဝ၊ အဝိဇ္ဇာ၏သာလျှင်။ အသေသဝိရာဂနိရောဓာ၊ ဝိရာဂမည်သော ဝိဇ္ဇာဉာဏ်ဖြင့် အကြွင်းကျန်မရှိ ချုပ်ငြိမ်းခြင်းကြောင့်။ သင်္ခါရနိရောဓော၊ အကုသိုလ်ကံ ကုသိုလ်ကံဟု ဆိုအပ်သော သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သင်္ခါရနိရောဓာ၊ အကုသိုလ်ကံ, ကုသိုလ်ကံဟူသော သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ သင်္ခါရနိရောဓာ၊ အကုသိုလ်ကံ, ကုသိုလ်ကံဟူသော သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်၊ ဝိညာဏနိရောဓော၊ ဘဝသစ် ဝိညာဏ်၏ အပေါ်အလျဉ်း ချုပ်ငြိမ်းခြင်း သည်။ ဟောတိ၊ ဖြစ်၏။ ဝိညာဏနိရောဓာ၊ ဝိညာဏ်၏ ချုပ်ငြိမ်းခြင်းကြောင့်။ နာမရူပနိရောဓော၊ နာမ်, ရုပ်၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ နာမ ရူပနိရောဓာ၊ နာမ်, ရုပ်၏ ချုပ်ငြိမ်းခြင်းကြောင့်။ သဠာယတနနိရောဓော၊ သဠာ- ယတန၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သဠာယတနနိရောဓာ၊ သဠာယတန ၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဖဿနိရောဓော၊ ဖဿ ၆-ပါး၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဖဿနိရောဓာ၊ ဖဿ ၆-ပါး၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဝေဒနာ နိရောဓော၊ ဝေဒနာ ၆-ပါး၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝေဒနာနိရောဓာ၊ ဝေဒနာ ၆-ပါး၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ ဥပါဒါန် ၄-ပါး၏ ချုပ်ငြိမ်း ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါနနိရောဓာ၊ ဥပါဒါန် ၄-ပါး၏ ချုပ်ငြိမ်းခြင်း ကြောင့်။ ဘဝနိရောဓော၊ ကမ္မဘဝ, ဥပပတ္တိ ဘဝတို့၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိရောဓာ၊ ဘဝ နှစ်ပါး၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဇာတိနိရောဓော၊ ဇာတိ၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိနိရောဓာ၊ ဇာတိ၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဇရာမရဏံ၊ အိုခြင်း, သေခြင်းသည်လည်းကောင်း။ သောက ပရိဒေဝ ဒုက္ခဒေါမနဿု ပါယာသာ၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာခြင်း၊ သက်ကြီးရှိက်ငင် ပင်ပန်းခြင်းတို့သည်လည်းကောင်း။ နိရုဇ္ဈန္တိ၊ ချုပ်ငြိမ်းကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ အလုံးစုံသော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထို ဆင်းရဲအစု၏။ နိရောဓော၊ ချုပ်ငြိမ်းခြင်း သည်။ ဟောတိ၊ ဖြစ်၏။

ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ပါဠိတော်နှင့် အနက် ပြီး၏။

# ပဋိလောမ ပဋိစ္စသမုပ္ပါဒ် အဓိပ္ပာယ်

**အဝိဇ္ဇာ ကင်းပြတ်၍ ဝိဇ္ဇာ အလင်း ခေတ်ဖြစ်ပုံ**

ဤဒေသနာတော်၌ အဝိဇ္ဇာ အကြွင်းမဲ့ချုပ်ငြိမ်းမှု တစ်ခုသည်သာ လိုရင်း တည်း၊ သင်္ခါရ၏ ချုပ်ငြိမ်းမှု, ဝိညာဏ်၏ ချုပ်ငြိမ်းမှု အစရှိသော ချုပ်ငြိမ်းမှုစုသည် အဝိဇ္ဇာ ချုပ်ငြိမ်းမှုမှာ တစ်လုံးတည်း ပါလေ၏။ ။ အနုလောမ ပဋိစ္စသမုပ္ပါဒ်ကား ဖြစ်ပေါ်မှုဖြစ်၍ တရားလည်း အသီးသီးရ၏၊ ဖြစ်ပေါ်မှုလည်း အသီးသီးရ၏။ ။ ဤပဋိလောမ ပဋိစ္စသမုပ္ပါဒ်၌ကား ဖြစ်ပေါ်မှု မဟုတ်၊ ချုပ်ငြိမ်းမှု, ရုပ်သိမ်းမှု ဖြစ်လေ သောကြောင့် တရားလည်း အသီးသီး မပေါ်ပြီ၊ ချုပ်မှုလည်း အသီးသီး မဟုတ်ပြီ။

ဥပမာကား-ညောင်မျိုးစေ့ ရှိ၍ ညောင်မျိုးစေ့မှ ညောင်ညှောက်ဖြစ်သည်၊ ညောင်ညှောက်မှ ညောင်ပင် ဖြစ်သည်၊ ညောင်ပင်မှ ညောင်ကိုင်း ဖြစ်သည်၊ ညောင်ကိုင်းမှ ညောင်ခက် ဖြစ်သည်၊ ညောင်ခက်မှ ညောင်သီး ဖြစ်သည်၊ ညောင်သီးမှ ညောင်စေ့ ဖြစ်သည်၊ ညောင်စေ့မှ ညောင်ညှောက် ဖြစ်သည် အစရှိသဖြင့် မဆုံးနိုင်အောင် သွား၏၊ ထိုသို့သွားရာ၌ ဖြစ်ပေါ်ပေါက်ပွားသွားမှုဖြစ်သောကြောင့် အစေ့တခြား, အညှောက်တခြား, အပင်တခြား, ကိုင်းတခြား စသည်ဖြင့် အသီးသီး ရသည်။ ။ ညောင်စေ့ ကွယ်ဆုံး၍ ညောင်ညှောက် ကွယ်ဆုံးသည်၊ ညောင်ညှောက် ကွယ်ဆုံး၍ ညောင်ပင် ကွယ်ဆုံးသည် အစရှိသည်ဖြင့် ဤကဲ့သို့ အစဉ်အဆက်နှင့် ဆိုကား ဆိုရ၏၊ ဆိုသော်လည်း အမှုမှန်မှာ မျိုးစေ့ ကွယ်ဆုံးလျှင် အညှောက်ပင် ပေါက်ခွင့် မရှိပြီ၊ အပင်စသည်မှာ ဝေးစွ၊ မျိုးစေ့ ကွယ်ဆုံးသည်ဟူသော စကားမှာလည်း ညှောက်မပေါက်မီ, မြေသို့ မရောက်မီ မီးမှာ အကျွမ်းဖုတ်၍ ကွယ်ဆုံးသည်ကို ဆိုလိုရင်းတည်း၊ ဤဥပမာအတိုင်း သိလေ။

ဤပဋိလောမ ဒေသနာ၌ အဝိဇ္ဇာ ချုပ်ငြိမ်းမှုဆိုသည်ကား - နိဗ္ဗာန်ပင် တည်း။ ။ ထို အဝိဇ္ဇာ ချုပ်ငြိမ်းစေနိုင်သော တရားကား - ဝိဇ္ဇာတည်း၊ ထို ဝိဇ္ဇာ သည်-

> 'ဒုက္ခေ ဉာဏံ ဒုက္ခသမုဒယေ ဉာဏံ ဒုက္ခနိရောဓေ ဉာဏံ ဒုက္ခ နိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ၊'[၁]

---

၁။ ပဋိသမ္ဘိဒါမဂ္ဂပါဠိ၊ နှာ-၁၁၄၊ ဆဋ္ဌ။

www.dhammaransi.com



ဟူသော် ပါဠိတော်နှင့် အညီ လေးပါးရှိ၏၊ ဒုက္ခသစ္စာကို ဖွင့်ပြသော ဝိဇ္ဇာတစ်ပါး, သမုဒယသစ္စာကို ဖွင့်ပြသော ဝိဇ္ဇာတစ်ပါး, နိရောဓသစ္စာကို ဖွင့်ပြသော ဝိဇ္ဇာတစ်ပါး, မဂ္ဂသစ္စာကို ဖွင့်ပြသော ဝိဇ္ဇာတစ်ပါး၊ ညောင်ပင်ဥပမာ၌ ညောင်ပင်အစဉ်အဆက်ကို မျိုးပြတ်စေလိုသည်ရှိသော် ညောင်စေ့ကို ဖျက်ဆီးမှု အလုပ်တစ်ခုသာ ရှိ၏၊ ညောင်စေ့ကို မီးမှာ အကျွမ်းဖုတ်၍ ပစ်ခဲ့လျှင် ထိုအစေ့မှ အဆက်ဆက် ဖြစ်ပွား၍ သွားလတ္တံ့သော အရာစုသည် အစေ့ပျက်ရာတွင် တစ်ချက်တည်း တစ်လုံးတည်း ပါကြလေကုန် ၏။

ထို့အတူ အနုလောမ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တည်းဟူသော သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်လိုသော သူမှာလည်း အဝိဇ္ဇာဓာတ်ကို သတ်မှု အလုပ်တစ်ခုသာ ရှိ၏၊ အဝိဇ္ဇာ ဓာတ်တစ်လုံးသေလျှင် အနမတဂ္ဂ သံသရာစက်ရဟတ် ပြတ်လေတော့သည်။

အဝိဇ္ဇာဓာတ်ကိုလည်း ဝိဇ္ဇာဓာတ်မှ သတ်နိုင်သည်၊ ဒါနမှုလည်း မသတ်နိုင်၊ သီလမှုလည်း မသတ်နိုင်။ ။ ဝိဇ္ဇာဘာဝနာမှု တစ်ခုသည်သာ အဝိဇ္ဇာကို သတ်နိုင်သည်၊ ဒါန, သီလ, တစ်ပါးတခြားသော ဘာဝနာမှုသည်ကား ထိုဝိဇ္ဇာ ဘာဝနာ၏ အခြေခံတို့သာတည်း။ ။ လက်ာပထမပိုဒ် အဖြေမှာ ပြဆိုခဲ့သော အဝိဇ္ဇာလေးပါးတွင် ဒုက္ခသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာမှောင်တိုက် အမိုက်အမဲကို ဒုက္ခသစ္စာ၌ အလင်းဖွင့်ပြသော ဝိဇ္ဇာဆီမီးရောင်, ဝိဇ္ဇာနေရောင်မှ ပယ်ဖျက်နိုင်သည်၊ နောက် သစ္စာသုံးပါး၌ ဖုံးလွှမ်းသော အဝိဇ္ဇာမှောင် ဓာတ်သုံးပါးနှင့် ဝိဇ္ဇာအရောင်ဓာတ်သုံးပါးတို့၌လည်း ဤနည်းတူသိလေ။

ထိုလေးပါးစုံသော အဝိဇ္ဇာမှောင်ဓာတ်, ဝိဇ္ဇာအရောင်ဓာတ်တို့တွင်လည်း ဒုက္ခသစ္စာမှာ ဖုံးလွှမ်းသော မှောင်ဓာတ်ကို သတ်မှုတစ်ခုသာ လိုရင်းတည်း၊ ထိုမှောင်ဓာတ်ကို သတ်လိုက်လျှင် ကြွင်းသော မှောင်ဓာတ်သုံးပါးလဲ ပါလေတော့သည်၊ ဒုက္ခသစ္စာမှာ ဖုံးလွှမ်းသော မှောင်ဓာတ်ကို သတ်မှုဆိုသည်ကား-ဒုက္ခသစ္စာတရားတို့၌ ဝိဇ္ဇာဉာဏ်ပေါ်အောင် အားထုတ်မှုတည်း၊ ထိုဝိဇ္ဇာဉာဏ်သည် အနိစ္စဝိဇ္ဇာ, ဒုက္ခဝိဇ္ဇာ, အနတ္တဝိဇ္ဇာဟူ၍ လက္ခဏာဝိဇ္ဇာသုံးပါး၊ လောကုတ္တရာ မဂ်ဉာဏ် ဝိဇ္ဇာလေးပါး၊ အဝိဇ္ဇာတို့၏ အစီအရင်နည်းလမ်းမှုကိုကား 'လက္ခဏာဒီပနီ' 'ဝိဇ္ဇာမဂ္ဂဒီပနီ' ခေါ်သော စာအုပ်များမှာ ကြည့်၍ ယူလေ။ ။ သစ္စာလေးပါး၏အနက်, အဓိပ္ပာယ်အကျယ်ကိုလည်း သဂြိုဟ်ကျမ်း၏အဖွင့် ငါတို့စီရင်သော 'ပရမတ္ထဒီပနီ' အမည်ရှိသော 'သင်္ဂြိုဟ်ဋီကာသစ်ကျမ်း' သမုစ္စည်းပိုင်း အဖွင့်မှာ ယူလေ။ ။ နိဗ္ဗာန်၏ အဓိပ္ပာယ်အကျယ်ကိုလည်းကောင်း 'သင်္ဂြိုဟ်ဋီကာသစ်ကျမ်း' ၌လည်းကောင်း - ငါတို့စီရင်သော

www.dhammaransi.com



**'နိဗ္ဗာနဒီပနီ'** စာအုပ်၌ လည်းကောင်း ယူလေ။ ။ ဤစာအုပ်၌ကား သစ္စာလေးပါး အဓိပ္ပာယ်, လက္ခဏာရေးသုံးပါး အဓိပ္ပာယ်, နိဗ္ဗာန် အဓိပ္ပာယ်များကို အကျဉ်း သင်္ခေပမျှ ပြဆိုပေအံ့၊ သစ္စာလေးပါးဆိုသည်ကား အမှန်လေးချက် ဆိုလိုသည်၊ ဒုက္ခ အမှန်ကို သိရမည်၊ သုခအမှန်ကို သိရမည်၊ ထိုလေးပါးတွင် ခပ်သိမ်းသော သတ္တဝါတို့ သည် သုခကိုသာ အလိုရှိကြကုန်၏၊ ထို့ကြောင့် သုခမှန်ကို ရှေးဦးစွာ စစ်တမ်းထုတ်၍ ပြဆိုအံ့။

**မဖောက်မပြန် အမှန်သစ္စာ** သစ္စာ သဒ္ဒါသည် အမှန်ကို ဟော၏၊ အမှန်ဆိုသည်ကား အဘယ် အခါမျှ ဖောက်ပြန်ခြင်း မရှိ-ရွေ့လျားခြင်း မရှိ၊ ပျက်ပြားခြင်း မရှိ၊ ကုန်ဆုံးခြင်း မရှိသော သုခကို သုခမှန် ဆိုသည်။ ။ တစ်ခါထူထောင်၍ ရပြန်ရင်း-ဖောက်ပြန်ပျက်ပြုန်း ကုန်ဆုံးပြန်ရင်း ဖြစ်၍နေသော သုခမျိုးသည်မူကား သုခမှန် သုခဖြောင့် မဟုတ်၊ သုခကောက် သုခလိမ်သာလျှင်တည်း။ ။ အဘယ်ကြောင့်နည်းဆိုသော်-အခါခါ တန်တန် ပြုစုပျိုးထောင်မှု ဒုက္ခအနန္တတို့ကို ပေးတတ်သော သုခဆိုး, သုခညစ် ဖြစ်လေ သောကြောင့်တည်း။ ။ ဇရာမီး, မရဏမီးတို့မှ မလွတ်သော သုခဟူသမျှသည် ဖောက်ပြန်ပျက်ဆုံးမှု ဇကန်ရှိနေသောကြောင့် ခဏခေတ္တ ငှားရမ်း၍ရသော ဝတ္ထုနှင့် တူ၏၊ ထိုဝတ္ထုကို သူ့ဥစ္စာရှင် ပြန်ယူ၍ သွားသည်ရှိသော် မိမိမှာ ကိုယ်အချည်းစည်း ကျန်ရှိ၏၊ ထိုဝတ္ထုသည် ထိုသူမှာ သုခမဟုတ်၊ တစ်ဒင် သုခမျှသာတည်း၊ သုခကောက်, သုခလိမ်, သုခဆိုး, သုခညစ်သာတည်း။

မျက်လှည့်ပညာဖြင့် ပြုလုပ်၍ပေးသော ရွှေတုံး, ရွှေခဲနှင့်လည်း တူ၏၊ မျက်လှည့်အတတ် မပြယ်မီအတွင်း ရွှေအနေနှင့် ဝမ်းမြောက်လိုက်ရ၏၊ မျက်လှည့် အတတ် ပြယ်သောအခါ မြေစိုင်ခဲဖြစ်လေ၏။ ။ ဇရာ, မရဏတို့၏ မီးစာဖြစ်သော သုခမျိုးသည် သိကြားမင်း သုခမျိုးပင်ဖြစ်သော်လည်း ထိုမျက်လှည့် ရွှေလိမ်တို့ရသော သုခနှင့် တူ၏၊ ယခုနေ့ သိကြား-နက်ဖြန်ခါ ဖား, ငါး၊ ယခုနေ့ နတ်မင်း-နက်ဖြန်ခါ နွား, မြင်း၊ ယခုနေ့ ဗြဟ္မာ-နက်ဖြန်ခါ မုဆိုး, တံငါ၊ ဤသို့ ဇရာ, မရဏတို့၏ မီးစာဖြစ် သော သုခမျိုး၏ ငှားရမ်းသော သုခ, မျက်လှည့်အတတ်နှင့် ရသော သုခနှင့် တူပုံကို သိအပ်၏။ ။ ထိုဇရာ, မရဏနှင့် ယှဉ်သော သုခမျိုးသည် ရှေး၌ပြခဲ့သော ပြာသာဒ် လိမ်ကြီး ဥပမာကဲ့သို့ သတ္တဝါတို့ကို သံသရာဝဋ်မှ မလွတ်ရအောင် - အပါယ်ဘေးမှ မလွတ်ရအောင် ထောင်မျှား တုပ်ချည်၍ထားသော သုခလိမ်, သုခဆိုး, သုခညစ်သာဖြစ်၏။

www.dhammaransi.com



အနမတဂ္ဂ သံသရာမှာ သိကြားမင်းကြီး ဖြစ်ခဲ့ကြသည်ကား-တစ်ယောက် တစ်ယောက်မှာပင် အနန္တရှိကြတော့သည်၊ မျက်လှည့် ရွှေသည် မြေကြီးခဲဖြစ်သကဲ့သို့ ယခုဘဝ ဖြစ်၍ နေကြ၏။ ။ ဤသို့ မမြဲသော သုခ-အခါခါ အဖန်ဖန် ထူထောင်မှု ဆုံးခန်းမရှိသော သုခမျိုးကို သုခသစ္စာ မဆိုအပ်။ ။ ဇရာ, မရဏာမီးတို့မှ လွတ်ကင်းသော သုခကိုသာ သုခမှန်ဆိုအပ်၏၊ ထိုကဲ့သို့သော သုခတည်မှုကား တစ်ကြိမ် အပန်းခံ၍ ထူထောင်မိသည့်နောက် အစဉ်ထာဝရ မြဲ၍သွားတော့သည်၊ သိကြားသုခ, ဗြဟ္မာသုခများကဲ့သို့ အခါခါထူထောင်မှု ဒုက္ခမလာပြီ။ ။ မမြဲသည့်အတွက် အခါခါ ထူထောင်မှု ဒုက္ခကို ပေးတတ်သော သုခမျိုးဟူသမျှသည် သင်္ခါရဒုက္ခမျိုး အမှန်ဖြစ်၏၊ ဝိပရိဏာမဒုက္ခမျိုး အမှန်ဖြစ်၏။ ။ ဤသို့သော သုခမှန်, ဒုက္ခမှန်ကို သိအပ်၏။ ။ သုခလမ်းမှန်, ဒုက္ခလမ်းမှန် စစ်နည်းကား ယခုလောက၌ လူ-လူ, ရှင်-ရှင်, မြင်မြင်သမျှ ပုပုရွရွ နေ့နေ့, ညည ပြုလုပ်၍နေကြသော အမှုခပ်သိမ်းကို ဉာဏ်နှင့် စစ်၍ ကြည့်။ ။ ဇရာ, မရဏာမီးတို့မှ လွတ်လမ်းအဖြောင့် ဟုတ်၏လော, မဟုတ်၏လော-ဟု စစ်၍ ကြည့်။

ဇရာ, မရဏာမီးတို့မှ လွတ်လမ်း အဖြောင့်ဟုတ်သော အလုပ်မှန် မည်သည်ကား ဝိဇ္ဇာဉာဏ်ကို တစ်နေ့တခြား တိုးပွားအောင် ထူထောင်၍ အဝိဇ္ဇာမှောင်ကို တစ်နေ့တခြား ရှားပါး ဆုတ်ယုတ် အကုန်ချုပ်အောင် အားထုတ်မှုသည်သာလျှင် လမ်းဖြောင့် အလုပ်မည်၏၊ ထိုသို့သော အလုပ်ကို လုပ်သော သူသည်သာလျှင် သုပ္ပဋိပန္န, ဥဇုပ္ပဋိပန္န, ဉာယပ္ပဋိပန္န, သာမိစိပ္ပဋိပန္န အရာရောက်၏။ ။ ထိုအလုပ်၏ အခြေအနေကား အားခွန်ဗလ မလျော့ရအောင် ခန္ဓာကိုယ်ကို မွေးမြူမှု, သီလ စင်ကြယ်မှု, အပိုအမို ပလိဗောဓ ကင်းရှင်းမှုစုပေတည်း။ ။ ထိုကဲ့သို့ ဥဇုပ္ပဋိပန္န အလုက်လက်ရှိနှင့် အားထုတ်နေထိုင်သော သူတို့အား အဝိဇ္ဇာမှောင်သည် တစ်နေ့ တခြား, တစ်လတခြား, တစ်နှစ်တခြား ပါးရှားဆုတ်ယုတ်၍ ယခုဘဝ၌သော် လည်းကောင်း, နောက်ဘဝ နတ်ဘုံသို့ ရောက်သောအခါ၌သော်လည်းကောင်း အဝိဇ္ဇာ မှောင် ဓာတ်သည် ချုပ်ငြိမ်းလတ္တံ့ဟု ဟောတော်မူသော ဒေသနာရှိသည်။

တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပလဝန္တိ၊ ဒန္ဓော ဘိက္ခဝေသတုပ္ပါ
ဒေါ အထ ခေါ သော သတ္တော ခိပ္ပယေဝ ဝိသေသဂါမီ ဟောတိ။[၁]

အင်္ဂုတ္တိုရ်ပါဠိတော်

၁။ အင်္ဂုတ္တရပါဠိ၊ စတုက္ကနိပါတ၊ နှာ-၅၀၅၊ (ဆ၄)
အနည်းငယ်ပါဠိကွဲသည်။

www.dhammaransi.com



တဿ၊ ထိုပုဂ္ဂိုလ်အား။ တတ္ထ၊ ထိုနတ်ဘဝ၌။ သုခိနော၊ ကြောင့်ကြဖွယ် ခပ်သိမ်း လွတ်ငြိမ်းချမ်းသာသည်ဖြစ်၍။ ဓမ္မပဒါနိ၊ လူ့ဘဝက လေ့ကျက်၍ထား ကုန်သော တရားစုတို့သည်။ ပလဝန္တိ၊ တစ်ဖွားဖွား ပေါ်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တဿ၊ ချမ်းသာသော နတ်ဘဝသို့ ရောက်သော ထိုသူအား။ သတုပ္ပါဒေါ၊ တရားကို အမှတ်ရသော သတိဖြစ်ခြင်းသည်။ ဒန္ဓော၊ နှေးသေး၏။ အထ ခေါ၊ စင်စစ်သော်ကား။ သော-သတ္တော၊ ထိုနတ်ဘဝသို့ ရောက်လေသော သတ္တဝါသည်။ ခိပ္ပံယေဝ၊ လျင်မြန်စွာ လျှင်။ ဝိသေသဂါမီ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ပြန့်ဖြူး တရားထူးကို ရဖို့ ရောက်ဖို့ ရှိသည်။ ဟောတိ၊ ဖြစ်၏။

**အသိနှင့်ထောက်** 'ဒန္ဓော ဘိက္ခဝေ သတုပ္ပဒေါ' ဆိုသည်ကား အသိဉာဏ် လျင်မြန် **သတိနောက်** ခွင့်နှင့် ထောက်စာသော် သတိဖြစ်မှုက နှေးရာသေး၏၊ ရှေးလူဖြစ်စဉ်, ရဟန်းဖြစ်စဉ်က လေ့ကျက်ခဲ့သော တရားစုကို အမှတ်ရသည်နှင့် တစ်ပြိုင်နက် အဝိဇ္ဇာကိုသတ်သော ဝိဇ္ဇာဓာတ်ပေါ်နိုင်၏ ဟူလိုသော်။ ။ ဤဒေသနာတော်ဖြင့် ယခုဘဝ၌ လူ့အဖြစ်, ရဟန်းအဖြစ်ကို ရ၍ အဝိဇ္ဇာကို သတ်ခြင်း၌ အားထုတ်သော ပုဂ္ဂိုလ်တို့သည် အကြောင်းမစုံလင်၍ ယခုဘဝ၌ မသတ်နိုင်ကြကုန်သည်ရှိသော် နတ်ပြည်သို့ရောက် ကြသောအခါ ဉာဏ်ပညာ ရဲရဲတောက်ကြကုန်သဖြင့် အလွယ်တကူ အလျင်အမြန် သတ်နိုင်ကြလတ္တံ့ဟု ပြတော်မူသည်။ ။ အဝိဇ္ဇာမှောင်ဓာတ် ချုပ်ငြိမ်းလျှင်လည်း 'အဝိဇ္ဇာယ တွေ၀ အသေသ ဝိရာဂနိရောဓာ သင်္ခါရ နိရောဓော' အစရှိသော ဒေသနာတော်အတိုင်း သံသရာဘဝ ဝဋ္ဋဒုက္ခမှ ကျွတ်လမ်း, လွတ်လမ်း ဖြောင့်တန်း တော့သည်။ ။ ဤကား ဇရာ, မရဏမီးတို့မှ လွတ်လမ်း အဖြောင့်ကို ပြဆိုချက်သာ တည်း။

အဝိဇ္ဇာအမှောင်ကို တစ်နေ့တခြား, တစ်လတခြား, တစ်နှစ်တခြား, ပါးရှား ချုပ်ငြိမ်းအောင် အားထုတ်သော အလုပ်ကို ချန်လှပ်၍ ထိုအလုပ်မှ တစ်ပါးသော ခပ်သိမ်းသော ကာယကံအလုပ်, ဝစီကံအလုပ်, မနောကံအလုပ်စုသည် ဇရာ, မရဏ မီးတို့မှ လွတ်လမ်း, ကျွတ်လမ်း မဟုတ်ကုန်၊ အဝိဇ္ဇာ အစီးအပွား - ဇရာ, မရဏမီးတို့၏ အစီးအပွား အားကြီးသော အလုပ်တို့သာတည်း။ ။ အဝိဇ္ဇာ အစီးအပွား အားကြီး သဖြင့်လည်း 'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ' အစရှိသော အနုလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မြတ်အတိုင်း ဇရာမီး, မရဏမီး ပွားစီးလမ်း ဖြစ်ချေ၏၊ ဒုက္ခလမ်းမှန် ဖြစ်ချေ၏။

( ဤကား ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် နှစ်ရပ်အရနှင့် သုခလမ်းမှန် နှင့် ဒုက္ခလမ်းမှန်ကို ပြဆိုသော စကားရပ်စုတည်း။ )

www.dhammaransi.com



သုခအမှန်ဖြစ်သော နိဗ္ဗာန် နိရောဓ သစ္စာမည်၏၊ အဝိဇ္ဇာ၏ ကျွတ်လမ်း လွတ်လမ်း အဖြောင့်ဖြစ်သော ဝိပဿနာဝိဇ္ဇာမှ မဂ္ဂင် ရှစ်ပါးတရားစုသည် မဂ္ဂသစ္စာ မည်၏၊ မိမိတို့၏ သန္တာန်မှာရှိသော အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်-ရုပ် အစရှိသော ပဋိစ္စသမုပ္ပါဒ်တရားစုသည် ဒုက္ခသစ္စာ မည်၏၊ အဝိဇ္ဇာ၏ ကျွတ်လမ်း လွတ်လမ်း ဖြစ်သော အလုပ်ကို မလုပ်နိုင် မလုပ်ဖြစ်အောင် တားမြစ်ဖွဲ့နှောင်၍နေသော တဏှာ သည် ဒုက္ခလမ်းမှန်ဖြစ်သော သမုဒယသစ္စာမည်၏။ ။ ဤတဏှာကို ပယ်နိုင်လျှင် သုခလမ်းမှန် အလုပ်ကို ကောင်းကောင်း လုပ်နိုင်မည်ဖြစ်၏၊ အဝိဇ္ဇာဟူသော သံသရာ ဝဋ်မြစ် ကျွတ်ခွင့်သို့ဆိုက်၏၊ ခပ်သိမ်းသော ဒုက္ခမှ လွတ်၏။ ။ ဤတဏှာကို မပယ်နိုင်လျှင် သုခလမ်းမှန်အလုပ်ကို မလုပ်နိုင်ကြ၊ အဝိဇ္ဇာဟူသော သံသရာဝဋ်မြစ် စည်ကားရန် အခွင့်၌ တည်ကြ၏၊ ခပ်သိမ်းသော ဒုက္ခစွပ်လျက် နေကြ၏၊ ထို့ကြောင့် တဏှာသည်သာလျှင် ခပ်သိမ်းသော ဒုက္ခတို့သို့ရောက်ကြောင်း, တွေ့ကြောင်း ဒုက္ခ လမ်းမှန်ကြီးပင် ဖြစ်၏ဟု သိအပ်၏။

အနမတဂ္ဂ သံသရာ၌ သဗ္ဗညု ဘုရားသာသနာ ကြုံခဲ့လှကြပြီ၊ အဝိဇ္ဇာ ကျွတ်လမ်း, လွတ်လမ်း အလုပ်နှင့်လည်း တွေ့ကြုံကြလှပြီ၊ တွေ့ကြုံတိုင်း, တွေ့ကြုံတိုင်း ထိုအလုပ်ကို မလုပ်ဖြစ်အောင် တားမြစ်ချည်နှောင်သမားကြီးကား တဏှာပင် တည်း။ ။ ယခုအခါ၌လည်း မဟာကမ္ဘာ အသင်္ချေကြာသော်လည်း တစ်ခါတစ်ရံမျှ ကြုံကြိုက်ခဲလှစွာသော သဗ္ဗညုတသာသနာကြုံကြိုက်ကြပါကုန်လျက် အဝိဇ္ဇာ ကျွတ်လမ်း, လွတ်လမ်း ဒေသနာတော်တွေကို တွေ့ကြုံကြပါလျက် တဏှာ တားမြစ် ချည်နှောင်ချက်နှင့် ကြောင်တောင် ငုတ်တုတ် မြုပ်မြဲမြုပ်၊ မျောမြဲမျော ဖြစ်နေ ကြကုန်၏၊ ဤသို့သောအကြောင်းကြောင့် တဏှာသည်သာလျှင် ဒုက္ခပွား ကြောင်း စင်စစ်ဖြစ်သည်ဟု သိအပ်၏။

ထိုသစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာ အရကား - (၁) အဝိဇ္ဇာ၊ (၂) သင်္ခါရ, (၃) ဝိညာဏ်, (၄) နာမ်-ရုပ်, (၅) သဠာယတန၊ (၆) ဖဿ, (၇) ဝေဒနာ, (၈) တဏှာ, (၉) ဥပါဒါန်, (၁၀) ဘဝ, (၁၁) ဇာတိ, (၁၂) ဇရာ-မရဏ၊ ဤပဋိစ္စသမုပ္ပါဒ် အင်္ဂါတစ်ဆယ့်နှစ်ပါးတို့တွင် တဏှာကို ချန်လှပ်၍ ကြွင်းအင်္ဂါ ၁၁-ပါးသည် ဒုက္ခသစ္စာ မည်၏။ ။ အဝိဇ္ဇာ မှောင်ဓာတ်ကြီးသည် ထို၁၁-ပါးကို အသီးသီး ဖုံးလွှမ်းပိတ်ဆို့၍ နေ၏၊ ဝိဇ္ဇာ အလင်းဓာတ်ကြီးသည် ထို၁၁-ပါး၌ ဖုံးလွှမ်းပိတ်ဆို့၍နေသော အဝိဇ္ဇာ မှောင်ဓာတ်ကြီးကို မှုတ်လွှင့်ဖယ်ရှား၍ အလင်းဖွင့်နိုင်၏။ ။ အဘယ်သို့ ဖုံးလွှမ်း

www.dhammaransi.com



သနည်း- အဘယ်သို့ အလင်းဖွင့်ပြသနည်း ဟူမူကား-ပကတိ ကြည်လင်လှစွာသော ရေမှာ မည်းညစ်လှစွာသော ရွှံ့ပုပ် ရွှံ့နှစ်ကို ထည့်၍ ရွှံ့ရေဖြစ်အောင် မွှေ၍ထားသည် ရှိသော် ကောင်းကင်၌ရှိသော နေဝန်း, လဝန်းတို့၏ နေဝန်းအသွင်, လဝန်းအသွင် တို့သည် ထိုရေ၌ မထင်နိုင်ကုန်။ ။ ရွှံ့နှစ်တို့သည် နေဝန်း, လ-ဝန်းတို့ကို မိမိရှိရာ ရေ၌ အရိပ်မထင်အောင် ဖုံးလွှမ်းပိတ်ဆို့ကုန်၏။ ။ စိတ်နှင့် ပကတိရေကြည် တူ၏၊ ရွှံ့နှစ်နှင့် အဝိဇ္ဇာတူ၏၊ နေဝန်း, လဝန်းနှင့် ဒုက္ခသစ္စာတရားစု တူ၏။ ။ စကြာမင်း၏ ပတ္တမြား ရတနာကို ထိုရေ၌ ထည့်လိုက်သည်ရှိသော် ထိုရွှံ့နှစ်တို့သည် အကုန်အောက်သို့ စုလေ၏၊ ရေသည် မြရည်ကဲ့သို့ လျှမ်းလျှမ်းတောက် ကြည်၍လာ၏၊ ကောင်းကင်မှ နေဝန်း. လဝန်းတို့သည် ထိုရေ၌ အရိပ်အသွင် ဝင်းဝင်းတောက် ထင်ကုန်၏၊ စကြာမင်း၏ ပတ္တမြားနှင့် ဝိဇ္ဇာဉာဏ်တူ၏။ ။ အကြွင်းမှာ ရှေးဥပမာ အတိုင်း။

လူ့အမှု. လူ့အရေးအရာ, လူ့ကာမဂုဏ်တို့သည် အဝိဇ္ဇာဟူသော ရွှံ့ပုပ်. ရွှံ့ညွန်ကို အလွန်ပွားစီးစေနိုင်၏၊ စိတ်သည် အလွန် မည်းညစ် မှုန်မှေး၍ နေ၏။ ။ ကောင်းကင်ပြင်မှာ ကြယ်တွေကဲ့သို့ မိမိတို့၏ ကိုယ်ခန္ဓာမှာ အာဂန္တုဓာတ်တွေ ပေါ်ချည်. ပျောက်ချည် အလှည့်အလည် တည်ထောင်ပေါက်ပွား၍ နေကြကုန်သော အသီးသီးသော ပရမတ္ထ သဘာဝ ဝတ္ထုတွေကို အသီးသီး ခွဲခြမ်း၍ မမြင်နိုင်, မသိနိုင်။ ။ လောက၌ မိုက်မဲမှုသည် အလွန်ထင်ရှားသော အမှုကြီးတည်း၊ သူ့အသက် သတ်မှုနှင့် ထင်ရှား၏၊ သူ့ဥစ္စာခိုးမှုနှင့် ထင်ရှား၏၊ ကြွင်းသော ဒုစရိုက်မှုတို့နှင့်လည်း အသီးအသီး ထင်ရှား၏၊ သူမိုက်မဲသည်ဟု ပြောဆို၍ နေကြ၏၊ အမိုက်အမှုသည် ရင်းဖြစ်သော အဝိဇ္ဇာ အာဂန္တုဓာတ်ရင်းကိုမူကား ကွက်ခြား၍ မမြင်တတ်ကြ၊ မသိ တတ်ကြ၊ ရှေး၌ ပြဆိုခဲ့ပြီးသော အနာဟောင်းကြီးမှာ ကျရောက်ဖြစ်ပေါ်လာသော သံသေဒဇ ပိုးငယ်တို့ကို ပါဒရက်မျက်စိနှင့် အနာရှင် ကြည့်၍ မမြင်သကဲ့သို့တည်း။

**အာဂန္တုက, အာဝါသိက, အဝိဇ္ဇာ ၂ မျိုး**

သတ္တဝါတို့၏ စိတ်အစဉ်မည်သည် အနမတဂ္ဂ သံသရာ၌အဝိဇ္ဇာမှောင် ဓာတ်ပုပ်, ဓာတ်ညစ်နှင့် ထွေးလုံးရောယှက်၍နေသည် များလှသောကြောင့် စိတ်ညစ်, စိတ်မှေး, စိတ်ကန်း ဖြစ်၍နေ၏၊ ဒါန, သီလ, ဘာဝနာစိတ်မှာပင် ညစ်မှု, မှေးမှု, ပါရှိ၍နေ၏၊ အဝိဇ္ဇာသည်မူကား အကုသိုလ်စိတ်ဖြစ်သောအခါမှ ဖြစ်ပေါ်၏၊ ကုသိုလ်စိတ်, အဗျာကတစိတ် ဖြစ်သောအခါ ချုပ်ကွာ၍ နေ၏။ ။ ချုပ်ကွာ၍ နေသည့်အတွက်

www.dhammaransi.com



အဝိဇ္ဇာပင်မပါသော်လည်း ထိုကုသိုလ်စိတ်, အဗျာကတစိတ်များမှာ အဝိဇ္ဇာ၏ဒဏ်ရာ ဒဏ်ချက်ဖြစ်သောမှုန်မှေးမှု, ကန်းမှု, ကန်းနာကား အမြဲပါရှိ၍ နေ၏။ ။ ထိုမှုန်မှု, မှေးမှု, ကန်းမှု, ကန်းနာဟုဆိုအပ်သော ဒဏ်နာကိုလည်း အဝိဇ္ဇာဟူ၍ပင် တင်စား၍ ဆိုအပ်၏၊ ဤသို့လျှင် အဝိဇ္ဇာသည် စိတ်အစဉ်မှာ မိုက်စိတ်ဝင်မှ ပေါ်လာသော အာဂန္တု အဝိဇ္ဇာတစ်မျိုး - ကောင်းသောကုသိုလ်စိတ် အစဉ်မှာပင် မှုန်နာ, မှေးနာ, ကန်းနာ ဒဏ်ရာဒဏ်ချက်အနေနှင့် အမြဲအစွဲပါရှိ၍ နေသော အဝိဇ္ဇာတစ်မျိုးဟူ၍ နှစ်မျိုးရှိ၏၊ ကျောက်ကြီးပေါက်သောသူမှာ ကျောက် ရောဂါ ပျောက်ငြိမ်းပြီးနောက် ကျောက်ပေါက်မာ တစ်သက်လုံးပါ၍ နေသကဲ့သို့တည်း။

ကိုယ်ခန္ဓာ၌ ဓာတ်သဘာဝတို့ကို ကြည့်မှု, ရှုမှု, ကြံဖန်မှုသည်ကား ဝိဇ္ဇာမှု တည်း၊ ဤဝိဇ္ဇာမှုမှတစ်ပါး ထိုအဝိဇ္ဇာဒဏ်နာကို ပျောက်စေနိုင်သော ဆေးမရှိ။ ။ ထိုဒဏ်နာ မပျောက်သမျှ ကာလပတ်လုံး အန္ဓပုထုဇဉ်ခေါ်သော ပုထုဇဉ်ကန်း ဘဝမှ မလွတ်၊ လောဘဓာတ်-လောဘဒဏ်နာ, ဒေါသဓာတ်-ဒေါသဒဏ်နာ စသည်တို့၌ လည်း ဤနည်းတူ သိလေ။ ။ ဒဏ်နာဆိုသည်လည်း မျိုးစေ့ပင်တည်း၊ အဝိဇ္ဇာဒဏ်နာ သည် အဝိဇ္ဇာမျိုးစေ့ပင်တည်း၊ ထိုဒဏ်နာမျိုးစေ့မှ အဝိဇ္ဇာပင်-အဝိဇ္ဇာတော, မောဟပင်-မောဟတော ပေါက်ပွားစည်ကား၍ နေကြ၏၊ အပေါက်အပွားများ လေလေ-ဒဏ်နာကန်းချက် နက်လေလေ၊ ဒဏ်နာကန်းချက် နက်လေလေ-အဝိဇ္ဇာ တော, အမိုက်တော စည်ကားလေလေ ဖြစ်၍နေကြ၏။ ။ လောဘဒဏ်နာ စသည်မှာလည်း သူမျိုးစေ့နှင့် သူတော-သိလေ၊ အလွန်နက်နဲသော အချက်တည်း၊ သဘောစူးအောင် ကြံကြလေ။

ဤအရာ၌ ဒဏ်နာကို တစ်မျိုးသိရမည်၊ အကုသိုလ်မှု, အမိုက်မှုဝင်စားသော အခါမှ ဖြစ်ပေါ်လာသော အာဂန္တုအဝိဇ္ဇာကို တစ်မျိုးသိရမည်၊ ထိုအဝိဇ္ဇာ အာဂန္တု ဓာတ် ကပ်ဝင်ဖြစ်ပွားလာသောအခါ သူ့အသက်ကို သတ်ခြင်း အစရှိသော အမိုက်မှု တို့ကို ပြုရ၏၊ အမိုက်စကား ထွက်ရ၏၊ အမိုက်စိတ် ဝင်စား၏၊ ထိုအဝိဇ္ဇာ အာဂန္တုဓာတ် ချုပ်ကွယ်ပျောက်ငြိမ်းပြန်လျှင် အမိုက်မှုကင်းပြန်၏၊ အာဂန္တုဓာတ်ရင်းကို ဉာဏ်နှင့် မြင်အောင် ကြည့်၊ သူမိုက်သည်, ငါမိုက်သည်, မည်သူမိုက်သည်, မည်ဝါမိုက်သည်ဟု မဟုတ်သော-မရှိသော ပုဂ္ဂိုလ်, သတ္တဝါကိုသာ မြင်၍ မနေစေနှင့်၊ အာဂန္တုဓာတ်ရင်းကို ကွက်ကွက်ခြားခြား မြင်နိုင်ပါလျှင် ဓမ္မဝတ္ထာန ဝိဇ္ဇာဉာဏ်တစ်ခု ရ၏။

၎င်းနောက် ထိုအာဂန္တုအဝိဇ္ဇာကို စိတ်သန္တာန်မှာ ဖြစ်ပေါ်အောင် လောကမှာ ဘယ်အကြောင်း-ဘယ်အခွင့်များက ဖန်ဆင်း၍ ပေးနိုင်သလဲ၊ ဘယ်လိုအကြောင်းမျိုး,

www.dhammaransi.com



ဘယ်လိုအခွင့်မျိုးနှင့် ပေါင်းဖော်မိသော စိတ်သန္တာန်မှာ ထိုအာဂန္တုအဝိဇ္ဇာ ဖြစ်ပေါ် လာသလဲ ဘယ်လိုအခွင့်. ဘယ်လိုအကြောင်းများနှင့် ပေါင်းဖော်မိသော် ထိုအဝိဇ္ဇာ အာဂန္တုဓာတ် ကွယ်ပျောက် ချုပ်ကင်းတတ်သလဲဟု ဖြစ်ကြောင်းကို မြင်အောင်ကြည့်။

**အပေါင်းကြောင့် ဂုဏ်တက် ဂုဏ်ပျက်သလို**

လောကမှာ ဘယ်လိုဟာနှင့်ပေါင်းဆုံလျှင်မိုက်တတ်သည် ဘယ်လိုဟာနှင့် ပေါင်းဆုံမိလျှင် မိုက်စိတ် ပျောက်တတ်သည်ဟု ထင်ရှားပါ၏၊ ဥပမာကား-နေပူသို့ ထွက်၍ သွားလိုက်လျှင် တစ်ကိုယ်လုံးမှာဝိညာဏ်ပူတွေ-ဖဿပူတွေ-ဝေဒနာပူတွေ ချက်ချင်းပေါ်၍ ပူလေခြင်း ဖြစ်ရ၏။ ။ အရိပ်ထဲသို့ ဝင်လိုက်လျှင် ထိုဝိညာဏ်ပူတွေ-ဖဿပူတွေ-ဝေဒနာပူတွေ ကွယ်ပျောက်၍ တစ်ကိုယ်လုံးမှာ ဝိညာဏ်အေးတွေ-ဖဿအေးတွေ-ဝေဒနာအေးတွေ-ပေါ်ပေါက်၍ အေးပေပြီ ဖြစ်ရ၏၊ ဝိညာဏ်ပူ-ဖဿပူ-ဝေဒနာပူစုကား နေပူ၏ သားမြေးစုတည်း၊ ငါဟူ၍ မမှတ်လင့်၊ နေပူကြောင့်ဖြစ်ပေါ် လာမှု အထင်အရှားဖြစ်သည်၊ ရေရှိရာမှ ငါးစသော ရေသတ္တဝါ ဖြစ်ပေါ်မြဲတည်း၊ ဤခန္ဓာကိုယ်မှာ ရေနှင့် အလားတူသော ကာယအကြည်ဓာတ် လက်ခံရရှိ၍ ရေ သတ္တဝါမျိုးနှင့် တူသော ဝိညာဏ်အာဂန္တု. ဖဿအာဂန္တု, ဝေဒနာ အာဂန္တုစု ဖြစ်ပေါ် လာသည်။

အနာရှိရာမှာ ပိုးကျလာသည်နှင့်လည်း တူပါ၏၊ အရိပ်ဥတုနှင့် တွေ့၍ အေးသော ဝိညာဏ်, ဖဿ, ဝေဒနာစု ဖြစ်ပေါ်လာရာ၌လည်း ထို့အတူတည်း။ ။ ထင်လည်း ထင်ရှား၏၊ နက်လည်း နက်နဲလှ၏။ ။ အနာဥပမာ၌ ပိုးမည်သည် အသည်းမှာ အနာရှိလျှင် အသည်းတွင်းမှာ ကျ၏၊ အဆုတ်မှာ အနာရှိလျှင် အဆုတ်မှာ ကျ၏၊ ကိုယ်မှာ ပိုးမျိုး ရှစ်ဆယ်ရှိကြ၏၊ တစ်ကိုယ်လုံးမှာ အကျိ အခွဲ ရှိရာ၌ မိမိတို့ ကံချရာ သံသေဒဇ ဖြစ်ပေါ်ပေါက်ဖွား၍ နေကြ၏၊ ထိုအနာပိုး-ကိုယ့်ပိုးတို့ကို ငါဆို လျှင် ဟုတ်မည်လော၊ ထိုမှတစ်ပါး နွေရာသီဆိုက်လျှင် တစ်ကိုယ်လုံးမှာ နွေ, ဓာတ်မီး ပေါ်လာရ၏၊ မိုးရာသီဆိုက်လျှင် တစ်ကိုယ်လုံးမှာ မိုးဓာတ်မီး ပေါ်လာရ၏၊ ကိုယ်ခန္ဓာ မှာ ပေါ်သော်လည်း ပြုလုပ်သူ ဆိုင်ရာကို လိုက်သည်ရှိသော် နေဗိမာန်ဖြစ်သော နွေဥတု၏ သား, မြေးသာ အမှန်ဖြစ်၏၊ မိုး, ဆောင်းရာသီမှာလည်း ထိုနည်းတူ၊ 'ငါ' ဆိုသည်ကား တစ်သက်လုံးမှာမှ 'တစ်, ငါ' သာတည်း၊ 'နှစ်, ငါ' မရှိ။

နေပူ, နေရိပ်သို့ လိုက်၍-ဥတုသုံးပါးသို့ လိုက်၍ ဖြစ်ပေါ်ကြ, ပျောက်ကွယ် ကြသော ဝိညာဏ်, ဖဿ, ဝေဒနာ ဓာတ်မီးတို့ကား အပိုင်း အပိုင်း ပြတ်ခြား၏၊

www.dhammaransi.com



အသီး အသီး ထင်ရှား၏၊ အပိုင်း အပိုင်း ပြတ်ခြားမှုကို မြင်အောင်ကြည့်၊ ငါ မဟုတ်ကြောင်း ထင်ရှားလတ္တံ့၊ ဤဥပမာများအတိုင်း တစ်နေ့ တစ်နေ့တွင် မိုက်ခွင့်မိုက်ကြောင်းနှင့် ဆယ်ခါပေါင်းဆုံ၍ ဆယ်ကြိမ်မိုက်ရာ၌ ထိုသူ၏ စိတ်အစဉ်မှာ အလယ် အလယ်၌ ကုသိုလ်စိတ်ကောင်း ခြားလျက် အဝိဇ္ဇာ အာဂန္တုဓာတ် အကြိမ်ပေါင်း ဆယ်ခါပေါ်၍ ဆယ်ခါပျောက်ဆုံး၏၊ အပိုင်း အပိုင်း ပြတ်၏၊ ပေါင်းဆုံမိသော အခွင့်အကြောင်း တို့ကြောင့် မျက်နှာနှင့် မှန်ဆုံမိရာ၌ မှန်မှာ အရိပ်ပေါ်သကဲ့သို့ ထိုသူ၏ စိတ်အစဉ်မှာ အဝိဇ္ဇာအာဂန္တုဓာတ်ပေါ်၍-မျက်နှာနှင့်လွဲခဲ့လျှင် မှန်ထဲမှာ အရိပ်ကွယ်ပျောက်သကဲ့သို့ ထိုအာဂန္တုဓာတ် ကွယ်ပျောက်လေ၏၊ မှန်ထဲမှာ ဖြစ်ပေါ်သော်လည်း ထိုအရိပ်ကို မှန်သားဟူ၍ မဆိုအပ်၊ မျက်နှာရိပ်ဟူ၍သာ ဆိုအပ်၏။

သား, သမီး မည်သည် အမိ. အဖ နှစ်ပါး စပ်၍ ဖြစ်၏၊ ထို့ကြောင့် အမိဝမ်းမှာ ဖြစ်သော်လည်း မိဘနှစ်ပါး၏ သားဟူ၍ ဆိုရသကဲ့သို့ ထိုမိုက်သော ပုဂ္ဂိုလ်၏ စိတ်အစဉ် အပက အကြောင်းနှစ်ပါး ပေါင်း၍ ဖြစ်သောကြောင့် ထိုအဝိဇ္ဇာသည် မိုက်သော ပုဂ္ဂိုလ်၏ ငါလည်း ဟုတ်ပါ၏ ဆိုငြားအံ့၊ ငါဟုတ်၏ ယူခဲ့သော် ထိုအဝိဇ္ဇာသည် ဆယ်ခါ ဖြစ်ပေါ်၍ ဆယ်ခါ ပျောက်ဆုံးသည်၊ ထိုသတ္တဝါ ထိုငါလည်း ထိုတစ်နေ့မှာ ဆယ်ခါ ဖြစ်ပေါ်၍ ဆယ်ခါပျောက်ဆုံးသည်ဟု ယူနိုင်ပါ၏လောဟု မေး။ ။ အဝိဇ္ဇာလည်း ပျောက်ဆုံးသည် မဟုတ်ပါ၊ ထိုသူ့စိတ်မှာ ပြေငြိမ်း၍သာ နေပါသည် ဆိုငြားအံ့။ ။ ပြေငြိမ်းမှုနှင့် ပျောက်ဆုံးမှု ထူးကြသလော-မေး။ ။ ပြေငြိမ်းမှု ဆိုသည်ကား ကုသိုလ်စိတ် ဖြစ်ပေါ်၍ လာသည်ကို ပြေငြိမ်းမှု ဆိုရသည်၊ ဖြစ်ပေါ်သော အဝိဇ္ဇာ အမိုက်ဓာတ်နှင့် ကုသိုလ်စိတ်မည်သည် မီးနှင့် ရေ မရောနိုင်သကဲ့သို့ မရော နိုင်ကြ။

ပျောက်ငြိမ်းမှုဆိုသည်ကား - မီးထဲ၌ကျသော ဆီးနှင်းပေါက် ပျောက်ကွယ်သကဲ့သို့ ပျောက်ကွယ်မှုပေတည်း၊ ဤသို့ ဖြစ်ပေါ်သော အဝိဇ္ဇာကို သတ္တဝါမဟုတ်, ငါမဟုတ်, သူ့ဆိုင်ရာအကြောင်းကို စွဲ၍ ဖြစ်ပေါ်သော အာဂန္တုဓာတ် သက်သက်သာတည်း-ဟု မြင်နိုင်သော ဉာဏ်သည် ပစ္စယပရိဂ္ဂဟ ဝိဇ္ဇာဉာဏ် မည်၏၊ ပဋိစ္စ-သမုပ္ပါဒ် ဝိဇ္ဇာဉာဏ်လည်း မည်၏။ ။ ၎င်းနောက် ထိုအဝိဇ္ဇာ၏ ဖြစ်ပေါ်ချည်, ကွယ်ပျောက်ချည် နေသော အာဂန္တုသဘော, ဥဒယဗ္ဗယသဘောကို ကောင်းကောင်းကြီး ထင်မြင်အောင် စွဲစွဲမြဲမြဲ ရှုရာ၏။ ။ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောကို ကောင်းကောင်းကြီး ထင်မြင်အောင် ရှုရာ၏၊ အနိစ္စသဘောကို ထင်မြင်နိုင်ပါလျှင် ဒုက္ခသဘော, အနတ္တသဘောလည်း ထင်မြင်တော့သည်။

www.dhammaransi.com



## ရေမြှုပ်စိုင်ကြီးဖောင်စီးပမာ

ဥပမာကား - ကမ်းလည်း မမြင်သော, အလွန်ဘေးကြီး အန္တရာယ်ကြီးလည်းထူးပြော များပြားလှသော မဟာသမုဒ္ဒရာ အလယ်မှာ ရေမြှုပ်စိုင်ကြီးကို ဖောင်စီး၍ နေရသော ယောက်ျားသည် ရေမြှုပ်စိုင်ကြီး၏ မခိုင်မမြဲသော အနိစ္စအခြင်းအရာကို မြင်လေရာ၏၊ အမြှုပ်ထကြွ၍ နေသော သမုဒ္ဒရာလေ, သမုဒ္ဒရာလှိုင်း, ရက်ရှိုက်သ်ခေါ်သော ရေဘီလူး, ငါးမန်း, ငါးဆင် အစရှိသော သမုဒ္ဒရာ ဘေးအနန္တတို့ကိုလည်း မြင်လေရာ၏၊ ကမ်းမမြင်သော သမုဒ္ဒရာ အလယ်၌ ရေမြှုပ်စိုင်ကြီးနှင့် လှိုင်းစီး၍ နေသော ထိုယောကျ်ားသည် ကြောက်ရွံ့မှု, ထိန်လန့်မှု အတွက်ကြောင့် အသက်တစ်ခါမျှ ဖြောင့်မတ်စွာ ရှုနိုင်တော့မည်မဟုတ်၊ အခါခပ်သိမ်း ဘဝင်မှာ ဖိုလှိုက် ဆို့မြို့လျက် ပင့်သက်သာ ရှုနိုင်တော့မည်။ ။ အဘယ်ကြောင့်နည်းဟူမူ သမုဒ္ဒရာကြီး၏ ကြောက်မက်ဖွယ် အနန္တတွေကို မြင်လေလေ ခုချက်ချင်း စွန့်ပယ်၍ သောင်ကြီး, သင်္ဘောကြီးပေါ်သို့ ရောက်ချင်စိတ် အမြဲတည်၏၊ ရေမြှုပ်စိုင်၏ အနိစ္စသဘောကို မြင်တိုင်း မြင်တိုင်း ရေမြှုပ်စိုင် မခိုင်မှုကြောင့် များစွာ သော ဒုက္ခအခွင့်, ကြီးစွာသော ဒုက္ခအခွင့်တွေကို မြင်ရလတ္တံ့။

အနည်းငယ်သော လေ, အနည်းငယ်သော ရေဂယက်ကို မြင်လျှင်ပင် ကြောက်ရမှု, ထိတ်ရမှု, ပူရမှု. ပင်ရမှုဒုက္ခဖြစ်ရသည်လည်း ရေမြှုပ်စိုင် မခိုင်သည့် အတွက်ဟု သိနိုင်လတ္တံ့၊ ကြီးစွာသော လေ, ကြီးစွာသော ရေလှိုင်းမှာ ဆိုဖွယ်မရှိ၊ ထိုစကား မှန်၏၊ အကယ်၍ ထိုယောကျ်ားသည် သိကြားမင်း ဖန်ဆင်းသော မဟာပစ္စရိတ် ဖောင်ကြီးပေါ်မှာ စီး၍နေရသည်ဖြစ်ခဲ့အံ့၊ ထိုကြောက်မက်ဖွယ် အနန္တတွေသည် ကြောက်မက်ဖွယ် မဟုတ်၊ ကြည့်ချင်ဖွယ်, ရှုချင်ဖွယ်, ပျော်ချင်ဖွယ် အနန္တတွေသာ ဖြစ်လတ္တံ့။ ။ အဘယ်ကြောင့်နည်းဟူမူ ထိုအနန္တတွေကြောင့် ဖောက်ပြန်ပျက်ပြားမှု ဘေးမထိနိုင်အောင် ခိုင်မြဲသော ဖောင်ကြီးဖြစ်ပေသောကြောင့်တည်း၊ ထိုရေမြှုပ်စိုင်ကြီးနှင့်အတူ ဤကိုယ်ခန္ဓာသည်လည်း သန်း, ကြမ်းပိုး, ခြင်, မှက်, ပုရွက်, ပိုးလောင်း စသော အလွန်သေးငယ်လှသော သတ္တဝါတို့၏ ကိုက်မှု, နာမှု, ထိပါးမှုနှင့်ပင် ဖောက်ပြန် ပျက်ပြား၏။

သန်းကိုက်လျှင် ကိုက်သော နေရာမှာ ဣဋ္ဌဖြစ်သော ဓာတ်ကြီးလေးပါး ချုပ်၏၊ သေဆုံး၏၊ အနိဋ္ဌဖြစ်သော ဓာတ်ကြီးလေးပါးဖြစ်ပေါ်၏၊ အနိဋ္ဌဖြစ်သော ကာယဝိညာဏ်, ကာယသမ္ဖဿ, ကာယသမ္ဖဿဇာ ဝေဒနာတို့ ဖြစ်ပေါ်ကုန်၏၊

www.dhammaransi.com



မခံသာသော ဒုက္ခဖြစ်၏၊ ကိုယ်ခန္ဓာအလုံးမှာ သန်းငယ်ကလေး၏ ကိုက်မှုနှင့်ပင် ပကတိအတိုင်းမနေ အနိစ္စရောက်သော နေရာချည်းတည်း၊ ဒုက္ခဖြစ်သော နေရာချည်းတည်း၊ ထို့ကြောင့် သန်းကိုပင် ကြောက်ရ၏၊ ဤသို့ သန်းကိုက်သော နေရာမှာ သန်းပယောဂကြောင့် ဣဋ္ဌဖြစ်သော ခန္ဓာငါးပါး ပျက်ဆုံးမှု အနိဋ္ဌ ဒုက္ခဖြစ်သော ခန္ဓာငါးပါးဖြစ်ပေါ်မှုကို မြင်သဖြင့် ထိုထက်ကြီးသော ကြမ်းပိုး, ခြင်, မှက်, ပုရွက်ပိုးလောင်းတို့၏ ကိုက်မှု, ထိပါးမှုတို့ကြောင့် ကိုက်သောနေရာ, ထိပါးသောနေရာတို့၌ ဣဋ္ဌ ခန္ဓာငါးပါး ချုပ်ဆုံးမှု-အနိဋ္ဌ ခန္ဓာငါးပါး ဖြစ်ပေါ်မှု-ကြောက်ရမှု-ဒုက္ခဖြစ်မှုတို့ကား ထင်ရှားပြီ၊ ထိုထက် ကြီးမားသော သက်ရှိသက်မဲ့ အန္တရာယ်တို့၏ ကိုက်မှု ခဲမှု ထိပါးတိုက်ခိုက်မှုတို့မှာ ဆိုဖွယ်မရှိပြီ။

အနည်းငယ် လေပူတိုက်လျှင် တိုက်သော နေရာမှာ ဣဋ္ဌခန္ဓာငါးပါး ပျက်ဆုံး၏၊ အနိဋ္ဌ ခန္ဓာငါးပါး ဖြစ်ပေါ်၏၊ တာရှည် လေတိုက်ခဲ့လျှင် တစ်ကိုယ်လုံး ပြောင်းလဲ၍ သွား၏၊ တစ်ကိုယ်လုံး ပူစီး ပူဆာ မခံသာသော ခန္ဓာငါးပါးချည်း ဖြစ်၍ကုန်၏၊ ကိုယ်တွေ့ဒိဋ္ဌမှုချည်း ဖြစ်ကြ၍ ထင်လည်း ထင်ရှား၏၊ နက်လည်း နက်နဲ-ခက်လည်း ခက်ခဲလှ၏။ ။ ဤလေသလပ်ရုံမျှနှင့်ပင် တစ်စတစ်စ ဓာတ်မီးထ၍ လာသဖြင့် တစ်ကိုယ်လုံး ရုပ်ပြောင်းမှု, ဓာတ်ပြောင်းမှု, ခန္ဓာပြောင်းမှု, နေမကောင်းထိုင်မသာ ဖြစ်၍လာမှုစုသည် ကိုယ်တွေ့ အမှုချည်းတည်း၊ ဤသို့ ဣဋ္ဌဖြစ်သော ဤခန္ဓာကိုယ်ကြီးသည် လေသလပ်ရုံမျှနှင့်ပင် ပျက်စီးခြင်း အနိစ္စသဘောရှိသည့်အတွက် ကြောင့် လေကိုလည်း ကြောက်ရ၏။ ။ စိန်တုံး ပတ္တမြားတုံးကြီးကဲ့သို့ ခိုင်မြဲခဲ့သည် ဖြစ်ငြားအံ့၊ ထိုထိုကြောက်ရသော ဘေးအန္တရာယ်စုသည် ဘေးအန္တာရာယ်ကြောက်ဖွယ် စုမဟုတ်၊ ခံစံ၍ ကောင်းသော ချမ်းသာဖွယ်ကြီး ဖြစ်၍ကုန်လတ္တံ့။

ကမ်းမမြင်သော မဟာသမုဒ္ဒရာကြီးနှင့် ဤလောက သံသရာကြီးတူ၏။ ။ သမုဒ္ဒရာမှာရှိသော ဘေးအန္တရာယ် အနန္တစုနှင့် ဤလောကမှာ ရှိသော ဘေးအန္တရာယ်စု တူ၏။ ။ ရေမြှုပ်ခဲကြီးနှင့် ဤလူ, နတ်, ဗြဟ္မာ ခန္ဓာကိုယ်ကြီး တူ၏။ ။ သမုဒ္ဒရာကြီး အလယ်မှာ ရေမြှုပ်ခဲဖောင်ကြီးစီး၍ နေသော ယောကျာ်းနှင့် အနိစ္စဖြစ်သော ရုပ်ခန္ဓာ, နာမ်ခန္ဓာတွေကို ဦးခေါင်းအင်္ဂါလုပ်၍-ကိုယ်အင်္ဂါလုပ်၍-ခြေလက်အင်္ဂါလုပ်၍-နားအင်္ဂါ, မျက်စိအင်္ဂါလုပ်၍-ဦးနှောက်လုပ်၍-အသည်းခဲ အဆုတ်ခဲ နှလုံးခဲလုပ်၍-ငါလုပ်နေကြသော သတ္တဝါစု တူ၏။ ။ ဤမျှသော စကားရပ်တို့ဖြင့် အနိစ္စကြောင့် ဒုက္ခဖြစ်ပုံ-အနတ္တဖြစ်ပုံကို အရိပ်အမြွက်မျှ ပြလိုက်သည်၊ ထိုထက် သိသာထင်ရှားသော အကျယ်လိုမူကား-သဗ္ဗြိဟ်ကျမ်းအဖွင့် ‘ပရမတ္ထ-ဒီပနီဋီကာ

www.dhammaransi.com



သစ်ကျမ်း' - 'လက္ခဏာဒီပနီ' စာအုပ် - 'ဝိဇ္ဇာမဂ္ဂဒီပနီ' စာအုပ်- 'သတ္တဋ္ဌာနကောသလ္လ ဒီပနီ' စာအုပ်များမှာ ယူကြလေ။

ဤအရာ၌ကား-လောက၌ မိုက်မဲမှုခေါ်ကြသော အဝိဇ္ဇာဓာတ်ရင်းကို ရေမြှုပ်ခဲငယ်-ရေပွက်ခဲငယ်-နှင်းပေါက်ငယ်များနှင့် အလားတူပြု၍ အနိစ္စ, ဒုက္ခ, အနတ္တ အခြင်းအရာကို မြင်လေ။ ။ ထိုမြင်သော ဝိပဿနာဉာဏ်ကို အနိစ္စဝိဇ္ဇာ, ဒုက္ခဝိဇ္ဇာ, အနတ္တဝိဇ္ဇာ ဆိုသတည်း၊ နာမ်တရားအများရှိသည်တွင် တစ်ခုခုသော နာမ်တရားကို ဓာတ်ပေါက်အောင် မြင်နိုင်လျှင် ကြွင်းသော နာမ်တရားတို့ကိုလည်း ဓာတ်ပေါက်အောင် မြင်နိုင်တော့သည်၊ အဝိဇ္ဇာဟူသော မိုက်မဲမှုတစ်ခုကို ဓာတ်ပေါက်လျှင် ထိုအဝိဇ္ဇာနှင့် ဖြစ်အတူ ပျက်အတူ-အကုသိုလ် ဟူသမျှကို ဓာတ်ပေါက်အောင် မြင်နိုင်တော့သည်။ ။ အကုသိုလ်စုကို မြင်နိုင်လျှင်လည်း ကုသိုလ်စုကို မြင်နိုင်လတ္တံ့။ ။ တစ်ခုပေါက်လျှင် တစ်စတစ်စ အကုန်ပေါက်မြဲ။ ။ ရုပ်တရားစုမှာလည်း ပထဝီခေါ်သော ခက်မာမှု မြေဓာတ်တစ်ခုကို ဓာတ်ပေါက်အောင် မြင်နိုင်လျှင် ကြွင်းသော ရုပ်စုကိုလည်း မြင်နိုင်လတ္တံ့။

ထို့ကြောင့် နာမ်ဓာတ်တို့တွင်လည်း တစ်ခုခုသော နာမ်ဓာတ်ကို ဓာတ်ပေါက်အောင် အားထုတ်ရာ၏၊ ရုပ်ဓာတ်စုတွင်လည်း တစ်ခုခုသော ရုပ်ဓာတ်ကို ဓာတ်ပေါက်အောင် အားထုတ်ရာ၏၊ တစ်ခုခုက ပေါက်လျှင် တစ်စတစ်စ အကုန်ပေါက်လတ္တံ့။ ။ အနမတဂ္ဂသံသရာမှာ ဝိဇ္ဇာဓာတ် ပေါက်လမ်းသို့ မလိုက်မူ၍ အဝိဇ္ဇာပွားလမ်းများသို့သာ တစ်ပွပ်တည်း လိုက်မှား၍ ယနေ့ထက်တိုင် အကန်းဘဝ အန္ဓပုထုဇဉ် ငရဲမျိုး - ပြိတ္တာမျိုး - ခွေး, ဝက်, ကြက်, ငှက်, တိရစ္ဆာန်မျိုးဖြစ်၍ နေကြရလေတော့သတည်း။

> ဒု ဋ္ဌသစ္စာဖြစ်သော ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါ ၁၁-ပါးတွင် အဝိဇ္ဇာဟူသော ပထမအင်္ဂါ ဒုက္ခသစ္စာ၌ ဖုံးဝှက် ကွယ်ကာ၍ နေသော အဝိဇ္ဇာဒဏ်နာဒဏ်ချက်မျှကို သတ်နည်း - ဝိဇ္ဇာဉာဏ် အလင်းဖွင့်နည်းများကို ရိပ်မိရုံမျှ အမြွက်ပြခန်း ပြီး၏။

သင်္ခါရ, ဝိညာဏ် စသော နောက်နောက်သော ဒုက္ခသစ္စာ အင်္ဂါဆယ်ပါးတို့၌လည်း အဝိဇ္ဇာအင်္ဂါမှာ အကျယ်ပြဆိုခဲ့ပြီးသော အစီအစဉ်အတိုင်း အသီးအသီး အကျယ်ချဲ့၍ သိလေ၊ အကျဉ်းမျှဆိုတော့အံ့။

www.dhammaransi.com

# သင်္ခါရမှု

သင်္ခါရဆိုသည်ကား - လောက၌ ကောင်းမှု, မကောင်းမှုကို ဆိုသည်၊ အလိမ္မာမှု, မလိမ္မာမှုကို ဆိုသည်။ ။ ဓာတ်မှန် ဓာတ်ရင်းကား- ကုသိုလ် စေတနာနှင့် အကုသိုလ် စေတနာပေတည်း။ ။ ထိုတွင် ကုသိုလ်စေတနာ သည် ဒါနကိစ္စနှင့် ဖြစ်ပေါ်သော အလှည့်-ဘာဝနာကိစ္စနှင့် ဖြစ်ပေါ်သော အလှည့်-ထိုထို ကောင်းကျင့်, ကောင်းကြံ ကိစ္စမျိုးတို့နှင့် ဖြစ်ပေါ်သော အလှည့်ဟူ၍ အများရှိ ၏။ ဒါနဖြစ်ရန် အခွင့်စုံညီသောအခါ ဒါနကိစ္စနှင့် တဖွားဖွား ဖြစ်ပေါ်၏၊ ဒါန အခွင့်ပြီးပြန်လျှင် အကုန်ချုပ်ပျောက် သေဆုံး၍စေတနာ သင်္ခါရတစ်မျိုး ပေါ်၍ သွားပြန်၏၊ အာဂန္တုမှု ပဋိစ္စသမုပ္ပါဒ် ဓာတ်သဘာဝမျှကို အခဲအခဲ, အပိုင်းအပိုင်းပြတ်ခြားအောင်ကြည့်၊ မည်သူလှူဒါန်းသည် ပေးကမ်းသည်၊ ငါလှူဒါန်းသည်-ပေးကမ်း သည်ဟု မဟုတ်မမှန် အပေါ်ယံ ပြင်ပ သက္ကာယဒိဋ္ဌိနယ်တွင် မြင်၍ မနေနှင့်၊ စေတနာ အာဂန္တုသည်သာ ဒါနအမှုသည် အမှန်ဖြစ်သတည်း။ ။ ထိုတရား သည်လည်း မျက်နှာနှင့် ဆုံမိသောအခါ မှန်အပြင်မှာ မျက်နှာရိပ် ဖြစ်ပေါ်သကဲ့သို့ ဒါနဖြစ်ရန် အကြောင်း အခွင့်စုနှင့် ဆုံမိသောအခါ မနောအကြည်မှာ ဖြစ်ပေါ်သော အာဂန္တုဓာတ် အမှုသာတည်း၊ ချုပ်ကွယ် ပျောက်ဆုံးပုံကိုလည်း သိလေ။

အနိစ္စ ဒုက္ခ အနတ္တမှုကိုလည်း ရေမြှုပ်ဖောင် ဥပမာအတိုင်း သိလေ၊ သီလ ကုသိုလ်, ဥပေါသထကုသိုလ်, ရသေ့ပြုမှု, ရဟန်းပြုမှု ကုသိုလ်ဝိဇ္ဇာ ဘာဝနာ အဆောက်အအုံမှတစ်ပါး ဝဋ္ဋနိဿိတဖြစ်သော ကသိုဏ်းဘာဝနာ, ဗြဟ္မဝိဟာရ ဘာဝနာ-ရူပဈာန် အရူပဈာန်ကုသိုလ်စုကိုလည်း ထိုဒါနကုသိုလ် သင်္ခါရအတိုင်း သိလေ။ ။ အကုသိုလ် စေတနာသည်လည်း ပါဏာတိပါတကိစ္စနှင့် ဖြစ်ပေါ်သော အလှည့် - အဒိန္နာဒါန် ကိစ္စနှင့် ဖြစ်ပေါ်သော အလှည့် စသည်ဖြင့် မကောင်းကျင့်, မကောင်းကြံ ကိစ္စမျိုးတို့နှင့် ဖြစ်ပေါ်မှု အလှန်များပြား၏၊ အင်္ဂုလိမာလ်ဝိဇ္ဇာမိုက်ခွင့်မှာ ပြဆိုခဲ့ပြီး သောအတိုင်း အကျယ်သိလေ၊ အဝိဇ္ဇာကား တိုက်တွန်းသော ဓာတ်တည်း၊ စေတနာ ကား အားထုတ်သော ဓာတ်တည်း။ ။ အစိုးရမင်းတို့၏ သူခိုး, ဓားပြသတ်ရာ၌ အဝိဇ္ဇာသည် အာဏာပေး အစိုးရမင်းတို့နှင့် တူ၏၊ စေတနာသည် လက်သည် ထောင်မှူးနှင့် တူ၏၊ ဤသို့ ခပ်သိမ်းသော အကုသိုလ်တို့၌ အဝိဇ္ဇာနှင့် စေတနာ သင်္ခါရခွဲလေ။

www.dhammaransi.com



ဝိတက်, ဝိစာရ, ဝီရိယ စသော တရားစု-ဒေါသ, မာန, ဒိဋ္ဌိ အစရှိသော တရားစု-သဒ္ဓါ, ပညာ အစရှိသော တရားစုတို့သည်ကား-စေတနာ၌ ပါဝင်ကြလေကုန်၏၊ ဤစေတနာဟူသော အာဂန္တုက သင်္ခါရစာတ်အမှုသည် လောက၌ အရေးအခွင့် အလွန်ကြီးကျယ်လှပေ၏။ ။ အပါယ်လေးဘုံ, လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့နှင့် ပြုလုပ်ပြောဆို ကြံဖန် ရှင်မြူး မြည်တမ်းမှု ခပ်သိမ်းသည် စေတနာသင်္ခါရအမှု ချည်းတည်း။ ။ မည်သူ ဘယ်ဟာကို လုပ်သည်၊ မည်သူ ဘယ်ဟာကို ပြောဆိုသည်၊ မည်သူ ဘယ်အကြံကို ကြံစည်သည်၊ မည်သူ အလှူပေးသည်၊ မည်သူ ဥပုသ်စောင့်သည်၊ မည်သူ ကြက်သတ်သည်၊ မည်သူ ဝက်သတ်သည်၊ မည်သူ သွားသည်၊ မည်သူ လာသည် အစရှိသည်ဖြင့် စေတနာ သင်္ခါရ၌ စွဲလမ်းချက် သက္ကာယဒိဋ္ဌိပေါင်း အနန္တများလှ၏၊ အဝိဇ္ဇာအချက် အနန္တများလှ၏၊ ကာယကံမှု, ဝစီကံမှု, မနောကံမှုဆိုလျှင် ထိုအနန္တ အကုန်ပါဝင်၏။

စေတနာကို အာဂန္တုစာတ် ပဋိစ္စသမုပ္ပါဒ် အနေနှင့် တစ်ချက်ချက်က စာတ်ကွဲအောင် မြင်နိုင်ပါလျှင် အလုံးစုံကိုပင် မြင်နိုင်လတ္တံ့။ ။ ဤသင်္ခါရအင်္ဂါသည် ပုဂ္ဂိုလ်, သတ္တဝါဟု ထင်မြင်သော အဝိဇ္ဇာမှောင်ကြီး အလွန်ထုထည်ကြီးလှသော အင်္ဂါပေတည်း။ ။ အာဂန္တုစာတ် ထင်မြင်ရန် အမှု-ဒါနကို ဒုက္ခထင်မြင်ရန်အမှု-သီလကို ဒုက္ခထင်မြင်ရန်အမှု-ဘာဝနာကို ဒုက္ခထင်မြင်ရန်အမှုသည် အလွန်ခက်ခဲလှ၏၊ ဒါန, သီလ, ဘာဝနာ အစရှိသော ကုသိုလ်တို့၏ ဒုက္ခအချက်ကို ဇရာ, မရဏတို့မှ လွတ်လမ်း အဖြောင့် ဟုတ်-မဟုတ်၊ အဝိဇ္ဇာကို တစ်နေ့ တခြား, တစ်လ တခြား, တစ်နှစ် တခြား ပါးရှား ကုန်ခန်းစေနိုင်သော လမ်းအဖြောင့် ဟုတ်-မဟုတ်ကို ခွဲခြမ်း၍ ရှေး၌လည်း ပြခဲ့ပြီ။

ဥပမာဖြင့် ပြဆိုဦးအံ့ - လောက၌ တောင်သူ လက်ယာ လုပ်မှုကို အပင်ပန်းခံ၍ လုပ်ကြသည်ကား အလိုမရှိအပ်သော ဒုက္ခမှ လွတ်ငြိမ်းခြင်းငှာ-အလိုရှိအပ်သော သုခကို ရရှိခြင်းငှာ လုပ်မှုပေတည်း၊ အလိုမရှိအပ်သော ဒုက္ခဆိုသည်ကား-စပါး, ဆန်, ပစ္စည်းဥစ္စာမရှိလျှင် တွေ့ကြုံရလတ္တံ့သော ဒုက္ခစုတည်း၊ အလိုရှိအပ်သော သုခဆိုသည်ကား စပါး, ဆန်, ပစ္စည်းဥစ္စာနှင့် ပြည့်စုံသည့်အတွက် ရလတ္တံ့သော သုခစုတည်း။ ။ စပါး, ဆန် မည်သည် အနိစ္စ ဓမ္မ ဖြစ်ချေသောကြောင့် တစ်မိုးခါလုံး အပင်ပန်းခံ၍ လုပ်နိုင်မှ တစ်နှစ်စာမျှ အခွင့်ရ၏၊ အလိုမရှိသော ဒုက္ခမှ တစ်နှစ်စာမျှ လွတ်ငြိမ်းခွင့်ရ၏၊ အလိုရှိအပ်သော သုခကို တစ်နှစ်စာမျှ ရစေနိုင်၏၊ နောက်နှစ်တိုင်လျှင် လုပ်မြဲ လုပ်ရပြန်၏၊ ဤနည်းအတိုင်း သေသည့်တိုင်အောင် လုပ်ရလေ၏၊

www.dhammaransi.com



နောက်ဘဝ တောင်သူမျိုး ဖြစ်ပြန်လျှင် နောက်ဘဝ၌လည်း နှစ်စဉ်အတိုင်း သေသည့်တိုင်အောင်ပင် လုပ်ရလတ္တံ့၊ နောက်ကိုလည်း ထိုအလုပ်နှင့်သာ သွားရမည်ဆိုလျှင် ဘဝအသချေ်၊ ကမ္ဘာအသချေ်၊ အနမတဂ္ဂ သံသရာနှင့် တစ်ခုသွားသော်လည်း တောင်သူအလုပ် ဒုက္ခဆုံးလမ်း စခန်းမရှိ။

အဘယ်ကြောင့်နည်းဟူမူ-ထိုတောင်သူ အလုပ်မှဖြစ်သော စပါး ဆန်သည် နိစ္စ ဝတ္ထုမျိုး မဟုတ်။ တစ်နှစ်အတွင်းမှာ သုံးဆောင်မှုနှင့် နှစ်စဉ်အတိုင်း လျော့ပါး ကုန်ဆုံး၍နေသော အနိစ္စဝတ္ထုမျိုး ဖြစ်လေသောကြောင့်တည်း။ ။ လွန်ခဲ့ပြီးသော အနမတဂ္ဂ သံသရာ၌လည်း ထိုတောင်သူအလုပ်ကို လုပ်ခဲ့ရသည်၊ အနမတဂ္ဂရှိပြီ၊ ယခုလည်း လုပ်ရလျက် ရှိ၏၊ နောင်လည်း ထိုအလုပ်ကို လုပ်၍သွားလျှင် ဘဝပေါင်း မည်မျှ-ကမ္ဘာပေါင်း မည်မျှကြာရှိသည့်ကာလ နိစ္စစပါးမျိုး ဖြစ်လာလတ္တံ့၊ ဘဝများစွာ ကမ္ဘာအဆက်ဆက် ပင်စင်စား၍ နေရလတ္တံ့ဟု မရှိ၊ တစ်ဘဝတွင် တစ်ခါလုပ်လျှင် ဆယ်နှစ်, ကိုးနှစ်မျှ နေခွင့်မရ၊ တောင်သူအလုပ်ကို နှစ်ပေါင်းမည်မျှ၊ ဘဝပေါင်းမည်မျှ၊ ကမ္ဘာပေါင်းမည်မျှ စွဲမြဲ၍လုပ်နိုင်လျှင် ထိုအလုပ်မှ နိစ္စ စခန်း ပေါ်လာ၏၊ တောင်သူအလုပ် ဒုက္ခမှ အပြီးလွတ်ငြိမ်း ထာဝရ အငြိမ်းစားနေသော စခန်းသို့ ဆိုက်၏ဟု သက်သက်မရှိ။

အနမတဂ္ဂ သံသရာမှာ တစ်နပ်စာအလုပ် သက်သက်သာ ဖြစ်၏။ ထို့ကြောင့် တစ်နှစ်အဖို့ စပါးသိန်း, သန်းပင် ရသော်လည်း အနိစ္စဝတ္ထုမျိုးကိုသာ အကျိုးပေးသော အလုပ်ဖြစ်၍ဒုက္ခအလုပ်ကြီး သက်သက်သာတည်း၊ လောကအလုပ် ဟူသမျှကို ဤနည်းချည်းမြင်လေ။ ။ ပြဆိုခဲ့ပြီးသော ဒါနအလုပ်, သီလအလုပ်, ဘာဝနာအလုပ်, ဈာန်သမာပတ် အလုပ်စုသည်လည်း ထိုတောင်သူအလုပ်နှင့် ထပ်တူလူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝ တည်းဟူသော အနိစ္စ ဝတ္ထုမျိုးကို အကျိုးပေးသော အလုပ်စုဖြစ်၍ ထိုအလှူပေးမှု သံသရာဒုက္ခမှ လွတ်ငြိမ်းရန် စခန်းကွာလှမ်း၏။ သီလစောင့်ထိန်းမှု သံသရာဒုက္ခ- ဥပုသ်စောင့်ထိန်းမှု သံသရာဒုက္ခ - ဘာဝနာပွားများမှု သံသရာဒုက္ခမှ လွတ်ငြိမ်းရန် စခန်းကွာလှမ်း၏။ ဤစကား၌ သီလဘာဝနာ ဆိုသော်လည်းယခု ဘဝတွင် သာသနာတော် ထင်ရှားရှိသည့် အတွင်း တစ်နေ့တခြား, တစ်လတခြား, တစ်နှစ်တခြား အဝိဇ္ဇာကို ပယ်ရှားရန်- ဝိဇ္ဇာဉာဏ်ပွားများရန် အလုပ်၏ အခြေအနေ ဖြစ်သော သီလဘာဝနာမှုတို့ကို ချန်လှပ်၍ယူ၊ ဒါနမှာလည်း အားထုတ်ဆဲဖြစ်သော ဘာဝနာအလုပ်၏ အခြံအရံစာဂါနုဿတိ ဘာဝနာအကျိုးငှာ ပေးလှူသော ဒါနမှုများကို ချန်၍ယူ။

www.dhammaransi.com



တစ်နည်း-တစ်ဘဝတွင် ကွက်၍ ဥပမာကို ဆိုအံ့- တစ်နေ့ အပင်ပန်းခံ၍ လုပ်လျှင် တစ်ရက်စာမျှ စားသောက် သုံးစွဲလောက်အောင်ရသော အလုပ် တစ်ခု၊ တစ်နေ့ လွန်စွာပင်ပန်းခံ၍ လုပ်လျှင် တစ်နှစ်စာမျှရသော အလုပ်တစ်ခု၊ ထို့ထက် တစ်နေ့ လွန်စွာ အပင်ပန်းခံ၍ လုပ်လျှင် သုံးနှစ်စာမျှ စားသောက် သုံးစွဲ လောက်အောင် ရသော အလုပ်တစ်ခု၊ ထို့ထက် တစ်နေ့ လွန်စွာ အပင်ပန်းခံ၍ လုပ်လျှင် ရွှေတစ်သိန်းရ၏။ တစ်ဘဝလုံး ထိုအလုပ်မှ တစ်သက်လုံး လွတ်ငြိမ်း၍ သူဌေးကြီးဖြစ်သော အလုပ်တစ်ခု၊ ထိုအလုပ်သုံးခုတွင် တစ်ရက်စာမျှရသော အလုပ်သည် နေ့စဉ်အလုပ်ခွင်က မလွတ်ရသော ဒုက္ခကြီးမည်၏။ သုံးနှစ်စာရသော အလုပ်သည် သုံးနှစ်တိုင် ပြန်လျှင် အလုပ်ခွင်သို့ဝင်ပြန်ရသော ဒုက္ခအလုပ်ပင်ဖြစ်၏။ တတိယအလုပ်သည်သာလျှင် တစ်နေ့ အပင်ပန်းခံ၍ လုပ်လိုက်လျှင် ထိုကဲ့သို့သော အလုပ် ဒုက္ခမျိုးမှ တစ်သက်လုံး ကျွတ်လွတ်၍သွားသော အလုပ်မျိုး ဖြစ်ပေသည်။ ထိုနေ့မှာ ဘယ်လိုပင်ပန်းသော်လည်း ချမ်းသာလုပ်ကြီး မည်၏။ လူ့ဘဝ, နတ်ဘဝဟူသော အနိစ္စဝဋ္ဋမျိုးကို အကျိုးပေးသော ဒါနမှု, သီလမှု,ဘာဝနာမှု သည် တစ်ရက်စာ, တစ်နှစ်စာရသော အလုပ်နှင့်တူ၏။ ဗြဟ္မာ့ဘဝကို ပေးသောဘာဝနာမှုသည် သုံးနှစ်စာရသော အလုပ်နှင့်တူ၏။ တစ်နေ့တခြား ဝိဇ္ဇာတရား ပါးရှား ချုပ်ငြိမ်းရန် လုပ်သော ဘာဝနာမှုသည် နောင်ထိုအလုပ်မျိုးကို လွတ်ငြိမ်းစေနိုင်သော အမှုဖြစ်ပေ၍ တတိယ အလုပ်နှင့်တူ၏။

**လိုရင်းအဓိပ္ပာယ်** ဒါနမှု, သီလမှု,ဘာဝနာမှု,ရသေ့လုပ်မှု,ရဟန်းလုပ်မှု ဟူသမျှသည် ဒုက္ခမှုချည်းဖြစ်၏။ ။သို့ရာတွင် တစ်နေ့,တစ်လ, တစ်နှစ်, တစ်ဘဝ တစ်ခါ အပင်ပန်းခံ၍ လုပ်လျှင် ထိုအလုပ်မျိုး ကွင်းလုံးကျွတ်၍ ကျ၏။ တစ်ခါ လုပ်မှုနှင့် ငြိမ်း၏။ ဤသို့ လုပ်သောအမှုသည်ကား ကစ်ဘဝသာ ပင်ပန်း၍ နောင်ဘဝ အနန္တထိုအလုပ်ဒုက္ခမှုလည်းကောင်း-တစ်ပါးသောဒုက္ခမှု လည်းကောင်း ကျွတ်လွတ်၍ သွား၏။ ဤသို့ ကုသိုလ်မှုစသည်ကား ချမ်းသာသော ဘဝအနန္တနှင့် ထောက်စာ သည်ရှိသော် ဆင်းရဲသော တစ်ဘဝသည် သုခကြီး ဖြစ်လေ၏။ ။ဤမျှသော စကားရပ်တို့ဖြင့် အနမတဂ္ဂသံသရာ၌ ပြုသမျှသော တစ်နပ်စာဒါန, တစ်နပ်စာသီလ, တစ်နပ်စာ ဘာဝနာမှုစု၏ အတိဒုက္ခမှု စင်စစ်ဖြစ်ကြောင်းကို ပြဆိုသတည်း။ ။ ယခုဘဝပြုကြသော ဒါနမှု, သီလမှု, ဘာဝနာမှု-ရှေးရှေးဘဝက ပြုခဲ့ကြပြီးသော ဒါနမှု, သီလမှု, ဘာဝနာမှု-နောက်နောက်

www.dhammaransi.com



ဘဝမှာပြုကြလတ္တံ့သော ဒါနမှု, သီလမှု, ဘာဝနာမှု တို့ကိုလည်း အဝိဇ္ဇာ အစီးအပွား, ဇရာ,မရဏ အစီးအပွား မျိုး ဖြစ်ခဲ့သည်ရှိသော် ဒုက္ခစင်စစ်သာမှတ်ရာ၏။

ဤအလုံးစုံကိုလည်း အခုဘဝ၌ပင် တစ်နေ့တခြား အဝိဇ္ဇာပါးရှားရန် ဘာဝနာမှု မနသိကာရမှုကို ပြုခြင်း- အားထုတ်ခြင်းငှာ စွမ်းနိုင်လောက်သော အသိဉာဏ်ပညာ အခံရှိကြသော သူတို့၏ အကျိုးငှာ ပြဆိုပေသည်။ ထိုသို့သော အသိဉာဏ် အခံမဲ့သော သူတို့မှာမူကား- ယခုဘဝမှာ ဒါနကို အရင်းပြု၍ သီလကို အရင်းပြု၍ လူချမ်းသာ, နတ်ချမ်းသာ အဆက်ဆက်တို့မှ ဆက်လက်၍လည်းကောင်း- သံသရာဘဝနောက်နောက် ဘုရားသာသနာကြုံကြိုက်ရာမှာ အဝိဇ္ဇာဓာတ် ကင်းပြတ်ရန် အခွင့်ကို မျှော်လင့်တောင့်တ ၍လည်းကောင်း၊ ဝိဝဋ္ဋ နိဿိတ် မြောက်လောက်သော ဒါနမှု, သီလမှု-တတ်အားသမျှသော ဘာဝနာမှု များကို ကြိုးစားအားထုတ် ကြကုန်ရာသည်။

**(ဤကား-အင်္ဂါ ၁၂-ပါးတို့တွင် သင်္ခါရအင်္ဂါ ဒုက္ခသစ္စာသဘောကို ပြဆိုသော အခန်းတည်း။)**

ကြွင်းသော အင်္ဂါတို့မှာလည်း ထိုထိုအင်္ဂါ၏ လက်ာပိုဒ်၌ အဖြေတို့မှာ ထင်ရှားစွာ ပြဆိုခဲ့ပြီ။ ။ ဤသို့လျှင် လောက၌ ပုဂ္ဂိုလ်, သတ္တဝါဟု ထင်မြင်၍ နေကြသော ဒြပ်သဏ္ဍာန် ကိုလည်းကောင်း-ထိုဒြပ်သဏ္ဍာန်တို့၏ကောင်း - မကောင်း သော အပြုအမူ, အကြံအဖန်, အမှု ခပ်သိမ်း တို့ကိုလည်းကောင်း ဝိဇ္ဇာဉာဏ်ဖြင့် အမှန်ပြု၍ သတ္တုချသည် ရှိသော် ဝိဇ္ဇာ စသော ဓာတ်မှန်, ဓာတ်နု, ဓာတ်စစ်, ဓာတ်သား ၁၂ ပါးသာရ၏၊ ဓာတ်သား ၁၂-ပါးကို ပိုင်ပိုင် မြင်သည် ရှိသော် လူ, နတ်, ဗြဟ္မာ, သတ္တဝါ ပုဂ္ဂိုလ်ဟူ၍ ဓာတ်သဘာဝအားဖြင့် မရှိကြောင်း ထင်ရှားရာ၏။

**သတ္တဝါမရှိ ဓာတ်သာရှိခြင်း**

မြေဓာတ်သည် အသီးအခြား ဓာတ်သဘာဝဖြင့် ထင်ရှားရှိ၏၊ ရေဓာတ်သည် အသီးအခြား ဓာတ်သဘာဝ အားဖြင့် ထင်ရှားရှိ၏၊ မီးဓာတ်သည် အသီးအခြား ဓာတ်သဘာဝ အားဖြင့် ထင်ရှားရှိ၏၊ လေဓာတ်သည် အသီးအခြား ဓာတ်သဘာဝ အားဖြင့် ထင်ရှားရှိ၏၊ စိတ်ဟူသော ဝိညာဏ်ဓာတ်လည်း အသီးအခြား ဓာတ် သဘာသအားဖြင့် ထင်ရှားရှိ၏၊ ဤသို့ အစရှိသည်ဖြင့် ပရမတ္ထဓမ္မတို့မှာ ဓာတ်သဘာဝ အာဖြင့် အသီးအခြား ရှိကြကုန်၏၊ ပုဂ္ဂိုလ်ဓာတ် ဟူ၍ကား အသီးအခြားမရှိ၊ သတ္တဝါဓာတ် ဟူ၍ မရှိ၊ လူဓာတ် ဟူ၍မရှိ၊ နတ်ဓာတ်ဟူ၍မရှိ၊ ဗြဟ္မာဓာတ် ဟူ၍မရှိ၊ မိန်းမဓာတ်

www.dhammaransi.com



ဟူ၍ မရှိ၊ ယောကျ်ားခာတ် ဟူ၍ မရှိ၊ ငါခာတ်ဟူ၍ မရှိ၊ သူ ခာတ်ဟူ၍ မရှိ။ ။ မိုက်မဲသော အဝိဇ္ဇာခာတ် သာရှိသည်၊ မိုက်မဲသော ပုဂ္ဂိုလ်ခာတ် သတ္တဝါခာတ် ဟူ၍ မရှိ၊ မိုက်မဲသော လူ ခာတ် နတ်ခာတ် ဟူ၍လည်းမရှိ။

လူမှာလည်း မည်သူမည်ဝါဟူ၍ နာမ အသီးသီး မှည့်ခေါ်ကြ ကုန်၏၊ တိဿဟူ၍ ခေါ်ကြကုန်၏၊ တိဿခာတ်ဟူ၍မရှိ၊ ဖုဿဟူ၍ခေါ်ကြကုန်၏၊ ဖုဿခာတ်ဟူ၍မရှိ၊ ဦးခေါင်းဟူ၍ ခေါ်ကြကုန်၏၊ ဦးခေါင်းခာတ်ဟူ၍ မရှိ၊ ဆံပင်ဟူ၍ခေါ်ကြကုန်၏၊ ဆံပင်ခာတ်ဟူ၍ မရှိ ဤသို့စသည်ဖြင့် နှံ့အောင် သွားလေ။ခာတ်မျှသာလျှင် ဧကန်ရှိမှန်၏၊ ခာတ်မဟုတ်သမျှဧကန်မရှိမဟုတ်၊ စိတ် ဝိညာဏ် လှည့်ပတ်မှုကြောင့် မရှိသည်ကို အရှိ ထင်၍ နေကြ၏၊ မဟုတ်သည်ကို အဟုတ်ထင်၍ နေကြရ၏၊ အဝိဇ္ဇာ ဖုံးလွှမ်းမှုကြောင့်အဟုတ် ရှိသော ခာတ်မျိုးစုကို မသိကြ, မမြင်ကြ။ အထည် သဏ္ဌာန်ဖြစ်နေမှု, ကြီးမှု, တိုးမှု, ဆုတ်မှု, လှုပ်မှု, ရှားမှု, အေးမှု, ပူမှု, အစရှိသော ခပ်သိမ်းသော အမှု ဟူသမျှသည် ခာတ်တို့၏အမှု ချည်းသာတည်း၊ သူ့ခာတ်နှင့် သူ့အမှုသာတည်း၊ ပုဂ္ဂိုလ်အမှုဟူ၍ တစ်ခုမျှ မရှိ၊ သတ္တဝါအမှုဟူ၍ တစ်ခုမျှမရှိ။ ။ အလွန်သိထိုက်လှသော အချက်မျိုးဖြစ်၍ အထပ်ထပ် ဆိုလိုက်သည်။

ခာတ်အမျိုးမျိုး အခြားခြားကို ခြားခြားနားနား မမြင်နိုင်သည် ရှိသော် ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏ ဟူသော အထင်အမြင်သည် မပျောက်၊ ထိုအထင် အမြင်မပျောက်သည်ရှိသော် ပဋိစ္စသမုပ္ပါဒ် စကားကို ပြောဟော၍ နေသော်လည်း ထိုသူမှာ ပဋိစ္စသမုပ္ပါဒ်ကို မြင်သော ဉာဏ်မကပ်။ ။ အလီလီအလာလာ အမျိုးမျိုး ရှိနေကြသော ခာတ်အနုပ်အဖွဲ့တွေကို ခွဲခွဲခြမ်းခြမ်း မြင်နိုင်မှ ပဋိစ္စသမုပ္ပါဒ်ဉာဏ် ကပ်သတည်း။

**(ဤကား ဤဒေသနာတော်ဖြင့် ပုဂ္ဂိုလ် သတ္တဝါဟူ၍ မရှိကြောင်း အနမတဂ္ဂ သံသရာစကြဝဠာ အနန္တ, ကမ္ဘာအနန္တမှာ အဝိဇ္ဇာခာတ်, သင်္ခါရ ခာတ်, ဝိညာဏ်ခာတ်, နာမ်ခာတ်, ရုပ်ခာတ်, သဠာယတနခာတ် အစရှိ သော ၁၂ - မျိုးသော ခာတ်စုသည်သာလျှင် သံသရာ ဖြစ်၍, လူ့ခန္ဓာဖြစ်၍, နတ်ခန္ဓာဖြစ်၍, ဗြဟ္မာခန္ဓာ ဖြစ်၍ နေကြောင်းကိုမြတ်စွာဘုရား ပြတော်မူ သည်ဟု ပြဆိုချက် ပေတည်း။)**

ထိုသို့ ပြတော်မူသဖြင့် ဤသို့သော အမှုသွားကို သိရာ၏။ ။ မိမိရှေ့၌ မရှိမသေ မတော်မလျော် ပြုသည်ကို မြင်ရ၍ ဒေါသ ဖြစ်သောအခါ ဤသို့

www.dhammaransi.com



ဆင်ခြင်အပ်၏၊ ငါ၌ဤဒေါသသည် ဘာကြောင့် ဖြစ်သလဲ၊ အမှုသည် ဘယ်သူလဲ - ဟု ဆင်ခြင်ရာ၏၊ ဒေါသဓာတ်ကား အင်္ဂါ ၁၂- ပါးတွင် သင်္ခါရအင်္ဂါ အပါ အဝင်ပေတည်း။ ။ အဝိဇ္ဇာပစ္စယာသင်္ခါရာဟူ၍ ဟောတော်မူချေသည်၊ ငါ၌ရှိသောအဝိဇ္ဇာကြောင့် ဖြစ်သည် အမှန်၊ အဝိဇ္ဇာသည် ငါ၌ ဒေါသဖြစ်အောင်ပြုသောအမှုသည် အမှန်ဖြစ်၏ဟု မြင်ရာ၏၊ မည်သူကြောင့် ငါ၌ ဒေါသဖြစ်ရသည်ဟု မသွားလင့်၊ အမှုသည် အစွဲမမှားစေလင့်။ ။ ဥပမာကား - အနာရှိ၏၊ ဈေ့ဘ်နှံ၏၊ အနာမန်းထ၍ ဖျား၏။ ။ ဤအဖျား ဖြစ်ရသည်မှာ အမှုသည်မှန်ကား မှိမိ၏ အနာသည်သာ အမှုသည်မှန်တည်း၊ အနာကိုသာ ငြိုးရမည်၊ ဈေ့ဘ်လုပ်သောသူသည် အမှုသည် ရင်းမဟုတ်၊ ဈေ့ဘ်လုပ်သောသူကို မငြိုးသင့်။

ဈေ့ဘ်လုပ်သော သူကို ငြိုးမှုသည် အနာပျောက် ငြိမ်းလမ်း မဟုတ်၊ ရန်ပွားဖို့သာ ဖြစ်၏၊ အနာကို ငြိုးမှုသည်သာလျှင် အနာပျောက်ငြိမ်း လမ်းအမှန်ပင် ဖြစ်၏၊ အနာကို ငြိုးလျှင် အနာပျောက်စေ တတ်သော ဆေးဝါးကို မဲ၍ စားလတ္တံ့၊ အနာမရှိခဲ့သော် ဈေ့ဘ်နှံသော်လည်း ကိစ္စမရှိ။ ထိုကြောင့်လည်း ဈေ့ဘ်သည် အမှုသည်ရင်းမဟုတ်ဟု သိအပ်၏၊ အနာရှိခဲ့မူဈေ့ဘ်မနှံသော်လည်း အနာအတွက် ဒုက္ခအထွေထွေ ဖြစ်ရန် ထိုသူငြိမ်းသည်မဟုတ်၊ ထို့ကြောင့်လည်း ဈေ့ဘ်သည် အမှုသည် ရင်းမဟုတ်၊ အမှုသည် မှန်မဟုတ်၊ ဤဥပမာကို အရာတိုင်းမှာ အနှံ့သိလေ။ ။ ဤဥပမာအတိုင်း ငါ၌ ရှိသော အဝိဇ္ဇာ အနာကြောင့် ငါ၌ ဒေါသသင်္ခါရ အဖျားတက်၍ လာသည်ဟု အမှုသည်မှန်ကို သိရာ၏၊ မနှစ်မြို့သော အသံစကားကို ကြား၍ ဒေါသဖြစ်ရာ- အနံ့ကိုနံ၍ ဒေါသဖြစ်ရာ-အရသာကို စား၍ ဒေါသ ဖြစ်ရာ- ကိုယ်အင်္ဂါကိုထိ၍ ဒေါသဖြစ်ရာ-စိတ်မှာ ကြံဖန်မိ၍ ဒေါသဖြစ်ရာ တို့၌လည်း ထိုနည်းတူသိလေ။ ။ မနှစ်မြို့ဖွယ်ကို မြင်ရ၍ နှလုံးမသာ ဒေါမနဿ ဝေဒနာ ဖြစ်ရာ၌ မနှစ်မြို့ဖွယ် ပြု၍ပြသော သူကို အမှုသည် မစွဲလင့်၊ ဖဿ-ပစ္စယာ ဝေဒနာဟူ၍ ဟောတော်မူသည်၊ မိမိ၌ရှိသော ဖဿသည်သာလျှင် အမှုသည်ရင်း အမှန်ဖြစ်သတည်း။

အသံစကားကို ကြားရ၍ - အနံ့ကိုနံ၍ - အရသာကိုစား၍ - စိတ်ထဲမှာ ထိုထိုအခွင့် ကြံဖန်၍ နှလုံးမသာ ဒေါမနဿ ဝေဒနာ ဖြစ်ရာ တို့၌လည်းကောင်း- ကိုယ်တွင်း ကိုယ်ပ သန္တာန်မှာရှိသော ဒုက္ခဝေဒနာအမျိုးမျိုးဖြစ်ရာတို့၌ လည်းကောင်း- မိမိသန္တာန်မှာ ရှိသော ဖဿ ကိုသာ ငြိုးမှ အမှန်ကျသည်၊ ကြွင်းသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါတို့၌လည်း ဤနည်းအတိုင်းသိလေ။ ။ ဤကား ပုဂ္ဂိုလ်, သတ္တဝါ တို့ကို

www.dhammaransi.com



ထုတ်ဖော်မဟောမူ၍ အဝိဇ္ဇာပစ္စယာ သင်္ခါရာ အစရှိသည်ဖြင့် အဝိဇ္ဇာ စသော ခေတ်သက်သက် - ဓမ္မ သက်သက်ကိုသာ ထုတ်ဖော်၍ ဟောတော်မူသော ဒေသနာတော်မြတ်၏ အဓိပ္ပာယ်လိုရင်း အကျဉ်းချုပ် စကားတည်း။

(ဤတွင်ရှေ့ကား- ဒုက္ခသစ္စာဖြစ်သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါတစ်ဆယ့် တစ်ပါးတို့ကို ဖုံးဝှက် ကွယ်ကာ၍ နေသော အဝိဇ္ဇာမှောင်ခေတ်ကို သတ်၍ ဒုက္ခသစ္စာ၌ ဝိဇ္ဇာဉာဏ်ကိုဖွင့်နည်းကို အကျဉ်းမျှ ပြဆိုလိုက်သော အခန်း တည်း။)

ဒုက္ခသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာ တစ်နေ့တခြား ပါးရှားသည်ရှိသော် သမုဒယသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာ - နိရောဓသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာ - မဂ္ဂသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာ၊ ဤအဝိဇ္ဇာ သုံးပါးလည်းတစ်နေ့တခြား ပါးရှား၍ သွားတော့သည်၊ ဤအဝိဇ္ဇာ သုံးပါးအတွက် အလုပ်တခြား မရှိပြီ။

ဥပမာဆိုအံ့ - ယောကျ်ား တစ်ယောက်သည် အလွန် အဆင်းသဏ္ဌာန် ကောင်းသော - အလွန် အကျင့် ဆိုးဝါးသော မယားတစ်ယောက်ကို ယူလေ၏၊ အလွန်စုံမက်၏၊ မယားကား လင်ကို ကျွန်ကဲ့သို့ ခိုင်းစေ၏၊ ပစ္စည်းဥစ္စာကို များစွာ ဖြုန်းတီး၏၊ သယောက်လင်မြောင် အများထား၏ ထိုယောကျ်ားကို သတ်လိုသော အကြံ အမြဲတည်၏၊ ထိုသူသည် ထိုကဲ့သို့သော အကျင့်ဆိုးဝါးမှုကို အနည်းငယ်မျှ မရိပ်မိ၊ အဆင်းသဏ္ဌာန်အတွက် ဖုံးလွှမ်းမှု အလွန်ကြီး၍ နေ၏၊ ရိပ်မိသူ, သိသူတို့က ပြောသော်လည်း အယုံမရှိ၊ မယား၏ စကားကိုသာ ယူ၏၊ ပစ္စည်းဥစ္စာ ရှာဖွေလုပ်ကိုင်မှု အလွန် ပင်ပန်း၍ နေ၏၊ မယားက မူကား - ပစ္စည်းဥစ္စာ ရှာဖွေရာမှာ ထိုသူလဲ၍ သေစေလို၏။ ။ ကာလကြာမြင့်လတ်သော် သိသူ, မြင်သူတို့က ဒိဋ္ဌသက်သေနှင့် တကွ ပြ၍ ပြောသောအခါမှ မယား၏ အကျင့်ကို တစ်စတစ်စ သိ၍ လာ၏၊ ထိုအခါမှ စ၍ အထူး နှလုံးထားလတ်သော် ဆယ်စုတွင် တစ်စုခန့် သိ၍ လာ၏။

နှစ်စုခန့်, သုံးစုခန့်, လေးစုခန့်, ထက်ဝက်ခန့်, ခြောက်စုခန့်, ခုနစ်စုခန့်, ရှစ်စုခန့်, ကိုးစုခန့်, ဆယ်စုခန့် အကုန်သိ၍လာ၏ မိမိအသက်ကိုပင် ကြောင့်ကြ၍ လာ၏၊ အကျင့်ကို သိမှုနှင့် အချစ်ပြယ်မှုကား - တစ်ပြိုင်တည်းပါလာ၏။ ။ ဤမယားသည် ငါ၏ ဒုက္ခတည်း၊ ဤမယားမှ ကျွတ်လွတ်မှုသည် ငါ၏ သုခတည်း ဟု သိသော ဉာဏ်နှစ်ပါးလည်း တစ်ပြိုင်တည်း ပါ၍လာ၏။ ။

www.dhammaransi.com



ဤမယားကိုစုံမက် ချစ်ခင်မှုကား ဒုက္ခလမ်းတည်း၊ အပြစ်မြင်မှု, စိတ်ကုန်မှုကား သုခလမ်းတည်းဟု သိသောဉာဏ်လည်း အပြီးပါလာ၏။ ။ အနမတဂ္ဂ သံသရာ မိမိ၏ ခန္ဓာ ဖြစ်၍ လာသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါဖြစ်သော နာမ်-ရုပ် တရားနှစ်ပါးသည် ထိုမယားနှင့် တူ၏၊ သဗ္ဗညုဘုရား၏ ဒေသနာကို ကြားနာရ၍ ထိုအင်္ဂါတို့တွင် တစ်ခုခုသော အင်္ဂါ၌ အာဂန္တုဓာတ်သဘော - ပဋိစ္စသမုပ္ပါဒ်သဘော- အနိစ္စ, ဒုက္ခ, အနတ္တ သဘော ထင်မြင်မှုသည် ထိုမယား၌ အပြစ်တင်မှုနှင့် တူ၏။

ထိုထင်မြင်မှုကား သမ္မာဒိဋ္ဌိမဂ္ဂင်တည်း၊ ဤ ထင်မြင်မှုသည်သာလျှင် ဝဋ်ဒုက္ခမှ လွတ်လမ်းတည်းဟု သိသော ဉာဏ်လည်း ပေါ်၏။ ။ ထိုအင်္ဂါတို့၌ ဖုံးလွှမ်းသော အဝိဇ္ဇာတစ်စတစ်စ ပြယ်လေ၏။ ။ ထိုအင်္ဂါတို့၌ ငါဟုစွဲလမ်းသော တဏှာသည်လည်း တစ်စတစ်စ ကွာ၍ ကျ၏။ ။ ထို ငါ ငါဟု စွဲလမ်းမှုသည် ဧကန္တ ဒုက္ခလမ်းတည်းဟု သိသော အဝိဇ္ဇာ ဉာဏ်လည်း ပေါ်လာ၏၊ သမုဒယသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာပြယ်မှုတည်း။ ။ ဤငါငါဟုထင်မြင်သော အဝိဇ္ဇာ- ငါ - ငါ ဟု ခင်မင်တွယ်တာသော တဏှာတစ်စတစ်စပြယ်မှု သည် နိရောဓသစ္စာ အဖို့တည်း၊ ဤပြယ်မှုသည်သာ ဒုက္ခလွတ်မှုတည်းဟု သိသော ဉာဏ်လည်းပေါ်၍လာ၏၊ နိရောဓသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာပြယ်မှုတည်း။

ထိုနာမ်, ရုပ် တရားတို့၌ ထင်မြင်သော သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်သည်သာလျှင် ထိုအဝိဇ္ဇာ စသော ဝဋ်ဒုက္ခတို့မှ လွတ်လမ်းအမှန် ဖြစ်၏ဟု သိသောဉာဏ်လည်း ပေါ်လာ၏၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းသော အဝိဇ္ဇာ ပြယ်ပျောက်မှုတည်း။ ။ လိုရင်း အဓိပ္ပါယ်ကား- အဝိဇ္ဇာကို ဓာတ်ပေါက်အောင် မြင်သော ဉာဏ်, ပဋိစ္စသမုပ္ပါဒမွေဟု မြင်သောဉာဏ် ဖြစ်ပေါ်လျက် အဝိဇ္ဇာကို ငါ - ငါဟု ထင်မြင်သော အဝိဇ္ဇာနှင့် ငါ - ငါ စွဲလမ်းသော သက္ကာယဒိဋ္ဌိ ပြယ်လေ၏၊ ထိုအဝိဇ္ဇာကို အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုမြင်သောဉာဏ်ဖြစ်သောအခါ ထိုအဝိဇ္ဇာ ကို ခင်တွယ်သိမ်းပိုက်သော တဏှာ ပြယ်လေ၏၊ ထိုပြယ်မှုစုသည် နိရောဓသစ္စာ အဖို့ ဖြစ်၏၊ မြင်သောဉာဏ်သည် မဂ္ဂ- သစ္စာ အဖို့ ဖြစ်၏ ဟူလိုသည်။ ။သင်္ခါရဝိညာဏ်၏ စသည်တို့၌လည်းတစ်ပါးပါးကို ဓာတ်ပေါက်အောင် မြင်ရာ၌ သစ္စာလေးချက်, လေးချက်စီ ပြီးစီးမှုကို သိလေ။

(ဤတွင် ရွေ့ကား - ဒုက္ခသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာမှောင်ဓာတ်ကို သတ်လိုက်လျှင် နောက်သစ္စာသုံးရပ်၌ ဖုံးလွှမ်းသော အဝိဇ္ဇာသုံးရပ် ကိုလည်း သတ်ခြင်းကိစ္စ ပြီးစီးကြောင်းကို ပြဆိုသောအခန်းတည်း။)

www.dhammaransi.com



**နိဗ္ဗာနစေတ်** ယခုအခါ 'အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော' အစရှိသော ဒေသနာတော်၏ အရသည် နိဗ္ဗာန် တစ်ခုတည်းသာဖြစ်သည် ဟူ၍ ဆိုခဲ့သော စကားကို ဆက်၍ပြဆိုဦးအံ့။ ။ အနာဂါမ် ပုဂ္ဂိုလ်ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်လို တစ်မျိုး - ထန်းရည်သမား. အရက်သမား,ဘိန်းစားသမားတို့၏ စိတ်လို တစ်မျိုး။ ။ လူနှင့်မနီးသော မည်သည့် တောကြီး, တောင်ကြီးအရပ်သည် အလွန် ဆိတ်ငြိမ်လှ၏။ အရိပ်,ရေ ချမ်းသာလှ၏ ဟူသော စကားကို ပြောဆို ကြားသိရ သည် ရှိသော် အနာဂါမ်ပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်မှာ အလွန်သာယာ၏။ ယခုပင် သွားလို, ရောက်လို၏။ ရောက်ပြန်လျှင် အလွန်မွေ့လျော်၏။ ထိုအရပ်မှ မခွာလိုဖြစ်၏။ ။ထိုစကားကို ထန်းရည်သမား, အရက်သမား, ဘိန်းစားသမားတို့ ကြားသည်ရှိသော်ချမ်းသာ မဟုတ်သည်ကို ချမ်းသာလုပ်၍ ပြောဘိ၏။ လူနှင့်မနီး တောမြိုင်ကြီးမှာ ဆိတ်ငြိမ်ရာ၌ ဘယ်ဟာ အကောင်းရှိသလဲ၊ ကြောက်ဖွယ်, ထိတ်ဖွယ် ပါတကားဟု မောင်းမဲ ကြလေရာ၏။

ထိုမှတစ်ပါး မည်သည့်မြို့, မည်သည့်ရွာ. မည်သည့်နေရာမှာနေ့-ညမစဲ ပွဲကြီး,လမ်းကြီး,ဝတ်ဖွယ်,စားဖွယ်, ခံစား စံစားဖွယ် အလွန်ပေါများလှ၏ဟူသောစကား ကိုပြောရာ အနာဂါမ်,ရဟန္တာတို့ ကြားသိရသည် ရှိသော် ကြောက်ဖွယ်,ထိတ်ဖွယ်, ငြီးငွေ့ဖွယ် ဟူ၍သာ ထင်၏။ ။ ထန်းရည်,အရက်, ဘိန်းသမားတို့ကြားသည် ရှိသော် ယခုပင် ရောက်တဲ့ချင်သည်ဟု စိတ်ဖြစ်လတ္တံ့၊ အဘယ်ကြောင့် ဤကဲ့သို့ ကွဲလွဲကြသနည်းဟူမူ- အတွင်းဓာတ်ခံသို့ လိုက်၍ ကွဲလွဲကြသည်။ ။ အနာဂါမ်, ရဟန္တာတို့၏ စိတ်မှာ နေက္ခမ္မဓာတ် အုပ်စိုးလျက်ရှိသည်၊ နေက္ခမ္မဓာတ်၏သဘောကား လောဘအာရုံကို အလွန်စက်ဆုပ်၏။ ထိုသူတို့သည် ချမ်းသာဟူသော စကားကို ကြားလျှင် နေက္ခမ္မဓာတ်နှင့် နားထောင်ကြကုန်၏။ လောဘအာရုံပါ ၍လာလျှင် ထိုချမ်းသာစကားကို မကြားနိုင်အောင် ရှိကြကုန်၏။ လောဘအာရုံနှင့် ဝေးကွာသော စကားကို ကြားရမှ နားမှာ ချမ်းသာကို တွေ့ကြကုန်၏။ ။ သေသောက် ကြူးတို့ စိတ်မှာတဏှာလောဘ အုပ်စိုး၏။ တဏှာ၏သဘောကား ဆိတ်ငြိမ်မှုကို အလွန် စက်ဆုပ်၏။ အလွန်ငြီးငွေ့၏။

ထိုသေသောက်ကြူးတို့၏ အလယ်မှာချမ်းသာဟူသော စကားကို တဏှာ နှင့်နားထောင်ကြ၏။ လောဘအာရုံ ရှမ်းရှမ်းစိုပါမှ နား,နှလုံးမှာ တွေ့ကြကုန်၏။ ဆိတ်ငြိမ်မှုကို ချမ်းသာဆို၍ ပြောခဲ့လျှင်နားကြောနင့်ကြကုန်၏။ ။ နိဗ္ဗာန်မည်သည်

www.dhammaransi.com



အတုမရှိ ဆိတ်ငြိမ်လှသော သုညတတရားကြီးပေတည်း၊ ထို့ကြောင့် နိဗ္ဗာန်စကားကို ကြားနာကြကုန်သော သူတို့မည်သည် နေကဗ္ဗမ္ဗတတ်နားနှင့်သာ နာအပ်၏။ တဏှာ ခတ်နားနှင့် မနာအပ်။ ။ ထို့အကူ အကြင်သူတို့သည် ပုဂ္ဂိုလ်,သတ္တဝါ ဟူသည် ကေန် ရှိ၏ဟု ယုံကြည်၏။ မရှိဆိုသည်ကို မယုံကြည်၊ ထိုသူတို့လည်း နိဗ္ဗာန် စကားကိုကြားနာ၍ မနှစ်ခြိုက်မြိုက်။ ။လူသာမန်, နတ်သာမန်တို့ကို မဆိုထားဘိဦး၊ ဗကအမည်ရှိသော ဗြဟ္မာမင်းကြီးသည် မြတ်စွာဘုရားဟောတော်မူသော နိဗ္ဗာန်စကား ကို ကြားရသောအခါ-

" တုစ္ဆကဉ္စေ,ဝအဟောသိ၊ရိတ္တကဉ္စေဝ အဟောသိ၊ နိရတ္တ-ကဉ္စေဝ အဟောသိ" [၁]

ဟုလျှောက်ဆိုလေ၏။

> တဝ၊ အရှင်ဂေါတမ၏။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ တုစ္ဆကဉ္စေဝ၊ ဘာမဟုတ်ပြီ။ အချည်းနှီးသည်သာလျှင်။ အဟောသိ၊ ဖြစ်၏။ရိတ္တကဉ္စေဝ၊ တစ်စုံတစ်ရာ ရှာကြံမရ အဘာဝသည်သာလျှင်။ အဟောသိ၊ ဖြစ်၏။နိရတ္တကဉ္စေဝ၊ ကောင်းကျိုးသုခ မြူမျှမရှိ နိရတ္တကသည်သာလျှင်။ အဟောသိ၊ ဖြစ်၏။

ဟုလျှောက်ဆိုလေ၏။ ဤသို့ဟောသူလည်း မြတ်စွာဘုရားကြီး,နာခံသူလည်း ဗြဟ္မာ မင်းကြီး-ထိုသို့ ဖြစ်ပါလျက်ပုဂ္ဂိုလ်,သတ္တဝါ ကေန်ရှိ၏ဟု အယူရှိသည့်အတွက် နိဗ္ဗာန်ကို တစ္ဆ,အဘာဝ-အချည်းနှီးအထင်ကပ်၍ မြတ်စွာဘုရားကိုပင် ခုခံ လျှောက် ထားလေ၏။ ။ ယခုကာလ သူလိုငါလို ဆရာသာမန်ပုထုဇဉ်တို့ ဟောပြောမှု၌ ဆိုဖွယ်မရှိပြီ။ ။ အလွန်ဘုန်းတန်ခိုးကြီးလှသော ဗြဟ္မာမင်းကြီးဉာဏ်မှာပင် အချည်းနှီး, အဘာဝ,ဘာမှ မဟုတ်ဟု ထင်ရ၏။ ယခုကာလ ကိလေသာကျွန် လူသာမန်တို့ ဉာဏ်မှာမူကား ဆိုဖွယ်မရှိပြီ။ ။ အချို့ ဆရာတို့ကား ဟောရိုး, ပြောရိုးနိဗ္ဗာန်ကို ဗကဗြဟ္မာကြီးကဲ့သို့ တုစ္ဆ, အဘာဝထင်၍ လက်သစ်နိဗ္ဗာန် ကြံဖန်၍ ဟောကြကုန်၏။ လူအချို့ တို့သည်လည်း ဟုတ်နိုးနိုးထင်ကြရကုန်၏။

---

၁။ မူလပဏ္ဏာသ-ပါ ၄၀၅။ တန္တိသယပါဠိ။
(အမှာ) ထိုမူလ ပဏ္ဏာသပါဠိကို မှီ၍ အဓိပ္ပာယ်ကျ စကားကို ပါဠိဝါကျပြု၍ သာဓက ပြထားသည်။

www.dhammaransi.com



ငါတို့ကား. . .

အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာသင်္ခါရ နိရောဓော (လ) ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿနိရောဓော ဟောတိ'

ဟူသော ဒေသနာတော်ရင်းအတိုင်း မကိုင်းမထောင့် အဖြောင့်အားဖြင့် ရေးသား ပြောဆိုပေအံ့။

အနမတဂ္ဂသံသရာ၌ ဓာတ်သဘာဝအားဖြင့် ပုဂ္ဂိုလ်, သတ္တဝါ,ဗြဟ္မာ,နတ် , လူ,ငါ, သူတစ်ပါး,ယောက်ျား, မိန်းမဟူ၍ အဏုမြူမျှ မရှိကြ၊ အဝိဇ္ဇာ,သင်္ခါရ အစရှိသော ဓာတ်သဘာဝ ဓမ္မ အစုအခဲတွေ သက်သက်သာ ဖြစ်၏။ နိဗ္ဗာန်သည်လည်း ဓာတ်သဘာဝဓမ္မဒဲစစ်တစ်ပါးဖြစ်၏။ အဝိဇ္ဇာ အစရှိသော သဘာဝဓာတ်မျိုးတည်း၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိကိုရှုပါ။

တဖွားဖွား ဖြစ်ပေါ်ပေါက်ပွားနေသော ဒုက္ခက္ခန္ဓဓာတ်မျိုးတို့၏ ချုပ်ဆုံးမှု, အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု ဆိုလိုသည်။ 'အဝိဇ္ဇာ ပစ္စယာသင်္ခါရာ' အစရှိသော အနုလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကား- အဝိဇ္ဇာ အစရှိသော သံသရာ အဆက်ဆက် လည်မှုကို ပြဆိုသော ဒေသနာတည်း။ ။ ' အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာ' အစရှိသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကား အဝိဇ္ဇာ အစရှိသော သံသရာ စက်ပြတ်မှု, ချုပ်ဆုံးမှုကို ပြဆိုသော ဒေသနာတည်း။

မေး။ ဤသို့သံသရာလည်မှု, ပြတ်မှု နှစ်လမ်းသည် ရှိသည်၊ မပြတ်လျှင်, လည်၏၊ မလည်လျှင် ပြတ်၏။ အလည်ကို ကြိုက်သလော၊ အပြတ်ကို ကြိုက်သလော။

ဖြေ။ အလည်ကိုလည်း မကြိုက်၊ ပြတ်ရုံမျှကိုလည်း မကြိုက်၊ ပြတ်ပြီး၍မလည်ဘဲ စိတ်နှင့် ကိုယ်နှင့် အမြဲချမ်းသာ၍ နေရသည်ကို ကြိုက်ပါသည် ဆိုငြားအံ့၊ စိတ်ဆို သည်ကား ဝိဉာဏ်တည်း၊ ကိုယ်ဆိုသည်ကား နာမ်,ရုပ်တည်း၊ လည်ဓာတ်မျိုး အမှန်ဖြစ်၏။မလည်လိုသော်လည်း မနေရ၊ လည်ရမည် ဧကန်တည်း။

---

၁။ ဥဒါနပါဠိ၊ နှာ - ၇၉၊ ဆဋ္ဌ။

www.dhammaransi.com



မေး။ ထိုသို့ဖြစ်ခဲ့သော် စိတ်မရှိဘဲ, ကိုယ်မရှိဘဲ အမြဲချမ်းသာ သုခကို ခံစား စံစားနေလိုသည် ဆိုငြားအံ့၊ စိတ်မရှိလျှင် ခံစားပေါက်, စံစားပေါက် မရှိပြီ၊ ခံစားမှု, စံစားမှုဆိုသည်ကား- သုခသောမနဿ ဝေဒနာသာတည်း၊ ထို့ကြောင့် ခံစားမှု စံစားမှု ရှိပြန်လျှင် ဝေဒနာရှိပြန်၏။ လည်မှုဇကန် ဖြစ်ပြန်၏။ အဘယ့်ကြောင့် ပြတ်ရုံမျှ ကို မကြိုက်ပါသနည်း။

ဖြေ။ ပြတ်ရုံမျှဖြစ်ခဲ့လျှင် တုစ္ဆ,အဘာဝဖြစ်၍နေ၏။ ထို့ကြောင့် မကြိုက်ပါသည် ဆိုပေရာ၏။ ဗကဗြဟ္မာကြီး၏အယူမျိုးတည်း။

မေး။ သုညတနိဗ္ဗာန်ဟု ကြားဖူး၏လော။

ဖြေ။ သုည်-သုညတံ(အနက်အတူ) သုညံဆိတ်၏။သုညတံဆိတ်၏၊ သုညဓမ္မဖြစ်၍ တုစ္ဆဟုထင်ရသည်၊ အဘာဝဟု ထင်ရသည်၊ တုစ္ဆ, အဘာဝကို မကြိုက်လျှင် သုညတ ကိုလည်း မကြိုက်လတ္တံ့၊တဖွားဖွား ဖြစ်ပေါ်၍အကောင် အထည် ထင်မြင်ရ သော သမုဒယမျိုးကိုသာ ကြိုက်လတ္တံ့၊ တုစ္ဆနှင့် သုညတနှစ်ပါး အထူးကား-သမုဒယဓမ္မမျိုးတို့၏ ဆိတ်ကင်းမှုကိုသုညတ ဆိုသည်၊ နိဗ္ဗာန်၏ဂုဏ်ပုဒ် ကြီး တစ်ခုပေတည်း၊ တစ်စုံတစ်ခုသော အမွန်အမြတ်ဟူ၍ မရှိ သည် ကို တုစ္ဆဆိုသည်၊ ထိုသံသရာ စက်ပြတ်မှု, ချုပ်မှုသည်ကား မွန်မြတ်သော ဂုဏ်ကျေးဇူး အနန္တရှိ၏၊ တုစ္ဆမဟုတ်၊ အဝိဇ္ဇာစသော သမုဒယ ဓမ္မမျိုးတို့မှ ဆိတ်ကင်းသောကြောင့် သုညတဟုတ်၏။ မွန်မြတ်သော ဂုဏ်ကျေးဇူးအနန္တရှိပုံကို နောက်မှ ပြဆိုအံ့။

အဘာဝကားမရှိမှုတည်း၊ ဘာဝကား - ရှိမှုတည်း၊ အဘာဝသည်လည်း အမှု မျှပင် လုံးလုံးမရှိသော ပညတ်သက်သက် ဖြစ်သော အဘာဝလည်း ရှိသည်၊ စိတ်တရား သည် နိစ္စတည်းဟု သဿတဒိဋ္ဌိတို့ယူ၏။ ထိုနိစ္စသည် သက်သက်မရှိသော အဘာဝ မျိုးတည်း၊ စိတ်မှာမြဲမှုဟူ၍ အနမတဂ္ဂသံသရာ၌ ရှိဖူးသည်မဟုတ်၊ အရူပဘုံပုဂ္ဂိုလ် သည် နာမ်တရားအတွက် ဘာဝမည်၏။ ရုပ်တရားအတွက် အဘာဝမည်၏။ အသညသတ် ပုဂ္ဂိုလ်သည် ရုပ်တရားအတွက် ဘာဝမည်၏။ အသညသတ်ပုဂ္ဂိုလ်သည် ရုပ်တရားအတွက် ဘာဝမည်၏။ နာမ်တရားအတွက် အဘာဝမည်၏။ ဤသို့သော အဘာဝမျိုးလည်း ရှိသည်။ ။ 'အဝိဇ္ဇာနိရောဓာ သင်္ခါရ နိရောဓော' အစရှိသည်၌ အဝိဇ္ဇာချုပ်မှုကား ဇကန္တရှိသည်သာ ဖြစ်၏။ သင်္ခါရတို့၏ ချုပ်မှုလည်း ဇကန္တရှိသည် သာဖြစ်၏။ လောဘ၏ ချုပ်မှု, ဒေါသ၏ ချုပ်မှုစသည်သိလေ။

www.dhammaransi.com



ထိုချုပ်မှုကား ဘာဝကေန် မှန်၏။ အဘာဝမဟုတ်၊ ထိုချုပ်မှု မရှိခဲ့သော် အဝိဇ္ဇာကို ချုပ်အောင် ဘယ်လိုပင် ဝိဇ္ဇာဉာဏ်ကို ပွားသော်လည်း အဝိဇ္ဇာချုပ်သည်ဟု မရှိရာ၊ ထိုသို့ မရှိသည် မဟုတ်၊ ဝိဇ္ဇာဉာဏ် ပွားများအားထုတ်၍ ထမြောက် အောင်မြင်သောအခါ အဝိဇ္ဇာသည် ဧကန္တချုပ်၏။ ထို့ကြောင့် အဝိဇ္ဇာနိရောဓ အရ အဝိဇ္ဇာချုပ်မှုသည် ဧကန္တရှိသော ဘာဝမှုပင်ဟု သိအပ်၏။ ။ အရူပပုဂ္ဂိုလ်သည် နာမ်ရှိသည့် အတွက်ဘာဝမှန်၏။ ရုပ်မရှိသည့် အတွက် အဘာဝဆိုရ၏။ ထို့အတူ ထိုအဝိဇ္ဇာချုပ်မှုမှာလည်း ချုပ်မှု ဧကန္တရှိသည့် အတွက် ဘာဝမှန်၏။ အဝိဇ္ဇာမရှိသည့် အတွက် အဘာဝမှန်၏။ အဘာဝဖြစ်၍ မကြိုက်ပါသည်ဟူသော စကား၌ကား ထိုသံသရာ စက်ပြတ်မှု, ချုပ်ငြိမ်းမှုမှာ တစ်စုံတစ်ခုသော ဝတ္ထု အထည်မျိုးမရှိသည့် အတွက်နှင့် အဘာဝဆိုသတည်း။

ချုပ်မှုရှိသည်ကားအမှန်ဖြစ်၏။ ချုပ်မှု အမှန်ရှိသည့် အတွက်ကြောင့် အနမတဂ္ဂသံသရာ၌ ဘုရားဟူ၍ ရှိကြ၏။ ပစ္စေကဗုဒ္ဓါဟူ၍ ရှိကြသည်။ ရဟန္တာဟူ၍ ရှိကြသည်။ ထိုအဝိဇ္ဇာချုပ်မှုသည် ဧကန်ရှိသော ဘာဝမှုမဟုတ်၊ ဒိဋ္ဌိအယူမှာ စိတ်မြဲမှုကဲ့သို့ ဝေါဟာရမတ္တသာ ဖြစ်ခဲ့အံ့၊ ပါရမီတို့ကို ဘယ်မျှလောက်ဖြည့်၍ ဘယ်လိုပင် ကျင့်သော်လည်း အဝိဇ္ဇာမချုပ်သည်သာဖြစ်၍ ဘုရားဟူ၍ မရှိရာ၊ ပစ္စေကဗုဒ္ဓါဟူ၍ မရှိရာ၊ ရဟန္တာဟူ၍မရှိရာ၊ အရိယာဟူ၍ မရှိရာ၊ ချုပ်မှုရှိကြောင်း ထင်ရှားပြီ၊ ဘာဝဖြစ်ကြောင်းထင်ရှားပြီ၊ ဝေါဟာရမတ္တ မဟုတ်၊ ပရမတ္ထသဘာဝဓာတ် တစ်ပါးဖြစ်ကြောင်းထင်ရှားပြီ၊ ချုပ်မှုဆိုသည်ကား 'ဧဝမေတဿကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ' ဟူသော ဒေသနာတော်မြတ်နှင့် အညီ ဒုက္ခတုံး, ဒုက္ခမီးတို့၏ သဘာဝပင်တည်း။

**ဘာဝချုပ်ငြိမ်းမှု ကိုးကွယ်ရာဌာန**

ယခုအခါ ထိုအဘာဝဟု ဆိုအပ်သော ချုပ်ငြိမ်းမှု၏ အကြီးအကျယ် ကိုးကွယ်ရာ ဌာနကြီး ဖြစ်ကြောင်းကို ပြဆိုပေအံ့။ ။ သတ္တဝါတို့၏ သန္တာန်မှာ အဝိဇ္ဇာအမျိုးရှိသော တစ်ထောင့် ငါးရာသောကိလေသာဓမ္မအကုသိုလ် အထုတို့သည် အသီးသီးရှိကြကုန်၏။ ချုပ်မှုမည်သည် ဓာတ်သဘာဝ ပရမတ္ထဓမ္မမျိုး မဟုတ်၊ ဝေါဟာရ မတ္တ စကားမျှသာရှိသည် ဖြစ်ခဲ့အံ့၊ သတ္တဝါအပေါင်းတို့အား ဘယ်လိုပင် အကျင့်ကောင်းသော်လည်း မိမိသန္တာန်ကိလေသာဓမ္မတို့၏ ချုပ်မှုဟူ၍ ကိုယ်သန္တာန်မှာ မျက်တောင်တစ်ခတ်မျှ မရှိသည်သာ ဖြစ်ရာ၏။ မြစ်ရေ အလျဉ်ကဲ့သို့ အစဉ်

www.dhammaransi.com



ထာဝရဖြစ်၍သာ နေရာ၏။ ကုသိုလ်စိတ်ဖြစ်ခွင့်ဟူ၍ မျက်တောင်တစ်ခတ်မျှ မရှိရာ၊ ထိုသို့ ဖြစ်ခဲ့သော် လူဟူ၍၊ နတ်ဟူ၍၊ ဗြဟ္မာဟူ၍ တစ်စုံတစ်ယောက်မျှ မရှိရာ၊ အပါယ်ဘုံသားချည်း ဖြစ်ရာ၏။ ဘုရား,ပစ္စေကဗုဒ္ဓါ, အရိယာဖြစ်ရန် အခွင့် ဝေးလှလေရာ၏။

ဤသို့ကား မဟုတ်၊ ကိလေသာချုပ်မှုဟူသည် ဧကန္တရှိသော သဘောတရားဖြစ်ပေသောကြောင့် တစ်ဒင်္ဂချုပ်မှုကို ခိုကိုး၍ လူဖြစ်ပေါက်, နတ်ဖြစ်ပေါက်ကို လုပ်ကြံကြရသည်။ ဝိက္ခမ္ဘန ချုပ်မှုကို ခိုကိုး၍ ဗြဟ္မာ ဖြစ်ပေါက်ကို လုပ်ကြံ ကြရသည်။ ။ ထိုတဒင်္ဂချုပ်မှု, ဝိက္ခမ္ဘနချုပ်မှုကို ခိုကိုး၍ အရိယာသာဝကဖြစ်ပေါက်, ပစ္စေကဗုဒ္ဓါဖြစ်ပေါက်, သဗ္ဗညုတဘုရားဖြစ်ပေါက်ကို လုပ်ကြံကြရသည်။ ။ထိုသို့သောချုပ်မှု ပရမတ္ထအားဖြင့် ထင်ရှားရှိပေသည့် အတွက်ကြောင့် လောက၌ လူဟူ၍ ရှိကြသည်။ နတ်ဟူ၍ ရှိကြသည်။ ဗြဟ္မာဟူ၍ရှိကြသည်။ ဘုရားပစ္စေက ဗုဒ္ဓါ အရိယာဟူ၍ ရှိကြလေသည်။ ။ဤစကားရပ်များဖြင့် တစ်ထောင့်ငါးရာ ကိလေသာ အပြည့်နှင့် နေကြသော သတ္တဝါတို့မှာ ကိလေသာချုပ်မှုသည် အကြီး အကျယ် ကိုးကွယ်ရာကြီး ဖြစ်ကြောင်းကို ပြဆိုသော စကားတည်း၊ ထို့အတူ လောက၌ မျက်စိရောဂါ မည်သည် ရှိ၏။ မျက်စိရောဂါ ချုပ်မှုလည်း ရှိ၏။ မျက်စိရောဂါ ဖြစ်နေသော သူမှာ မျက်စိရောဂါ ချုပ်မှုသည် ကိုးကွယ်ရာကြီးဖြစ်၏။

ဆေးဝါးကုစားမှုဆိုသည်မှာ အနာချုပ်ငြိမ်းမှု ဟူ၍ အမှန်အားဖြင့် ထင်ရှား ရှိနေသောကြောင့်သာ အသုံးကျသည်၊ အနာချုပ်ငြိမ်းမှု ဟူ၍ မရှိက အသုံးမကျသည်သာ ဖြစ်၏။ ။ဆေးဝါးမကုစားဘဲနှင့် အနာချုပ် ပျောက်မှုကိုရလျှင် ဆေးဝါးကုစားဖွယ် မရှိ၊ ထို့ကြောင့် မျက်စိနာ ဖြစ်သောသူမှာ မျက်စိနာ ချုပ်ငြိမ်းမှုသည်သာ ကိုးကွယ်ရာအစစ်ဖြစ်သတည်း။ ။ ဤနည်းအတိုင်း လောက၌ကိုးဆယ့်ခြောက်ပါးသော အနာပျောက်ငြိမ်းမှု အစရှိသည်ဖြင့် သိလေ။ ။ဤမျှသော အရိပ်အမြွက် ပြဆိုချက်ဖြင့် တစ်လောကလုံး၌ တစ်ယောက်ယောက်သော သတ္တဝါမှာတစ်ထောင့်ငါးရာမျှ သော ကိလေသာဘေး ကိုးဆယ့်ခြောက်ပါးသော အနာရောဂါ ဘေးအစ ရှိသည်တို့နှင့် တကွ ကျင်လည်၍ နေကြရသော အရာမှာ ချုပ်ငြိမ်းမှု အသီးသီး ရှိကြပေ၍သာ ကိုးကွယ်ရာရှိကြတော့သည်၊ ချုပ်ငြိမ်းမှု ဟူ၍ မရှိက ကိုးကွယ်ရာ ရခွင့် မရှိပြီ ဟူသော အနက်ကို သိကြရသဖြင့် ထိုသို့သော နိရောဓမှု, အဘာဝမှုတို့မှာ အလွန်မွန်မြတ်သော ဂုဏ်ကျက်သရေ အနန္တရှိကြောင်းများသည် ထင်ရှားသင့်လေပြီ။

www.dhammaransi.com

# နိရောဓ – အဘာဝမှုကြီး

ယခုအခါ အသင်္ခတဖြစ်သော နိရောဓမှုကြီး, အဘာဝမှုကြီးကို ကွက်ခြား၍ ပြဆိုပေအံ့။ ။ အမြင့်ယူဇနာ တစ်ရာခန့်ရှိသောသံစက်ဘီးကြီး တစ်ခု ရှိသတတ်၊ အောက်၌ ရဲရဲတောက်-လျှမ်းလျှမ်းတောက်သော သံပူရေတို့ဖြင့်ပြည့်သော သမုဒ္ဒရာသည် ရှိ၏။ စက်ဘီးကြီးသည် ထိုသမုဒ္ဒရာထဲ၌ ယူဇနာငါးဆယ်မြုပ်၏။ အနှစ်နှစ်ရာမှ တစ်ပတ် တစ်ပတ်ရရုံအမြလည်၍ နေ၏။ ထိုစက်ဘီးမှာ ကြိုးကိုယ်စီနှင့် ချည်ဖွဲ့ကာ စီး၍ ပါ၍ နေကြကုန်သော သတ္တဝါတို့လည်း အနန္တများပြား၏။ ဘီးလည်ရာသံပူရေထဲသို့ မြုပ်သောအလှည့်ပေါ်သောအလှည့် အစဉ်အတိုင်း ပါကြရ၏။မြုပ်လှည့်ကျသော သူတို့မှာ အနှစ်တစ်ရာတိုင်မှ ပေါ်ကြကုန်၏။ ပေါ်လှည့်ကျသော သူတို့မှာ အနှစ်တစ်ရာတိုင်လျှင် မြုပ်လှည့်ဆိုက်ကြကုန်၏၊ ပေါ်လှည့်ကျသော သူတို့မှာ အလွန်ပျော်မွေ့စွာ ခံစားစံစားကြရ၏။ မြုပ်လှည့်ကျသော သူတို့မှာ သံပူရေလောင်စွဲ၍ မီးခဲ မီးတောက်အထိ ဖြစ်၍ နေကြကုန်၏။

ဤ' အဝိဇ္ဇာပစ္စယာ သင်္ခါရာ' အစရှိသည်ဖြင့် ဟောတော်မူအပ်သော သံသရာ စက်ကြီးသည်လည်း ထိုစက်ဘီးကြီးနှင့်တူလှ၏။ ။ သုဂတိဘုံစုသည် သံစက်မှာ အထက်ယူဇနာ ငါးဆယ်အဖို့နှင့် တူလှ၏။ ။ အပါယ်လေးဘုံစုသည် အောက်ယူဇနာ ငါးဆယ်အဖို့နှင့်တူလှ၏။ ။ အပါယ်လေးဘုံစုသည် အောက်ယူဇနာ ငါးဆယ်အဖို့နှင့်တူ၏။ ။ ပုထုဇဉ်သတ္တဝါတို့သည် ထိုစက်မှာ ပါရှိသော သတ္တဝါစုနှင့် တူ၏။ ။ အဝိဇ္ဇာတဏှာနှင့် တကွသော ' ငါ-ငါ-ငါ-ငါ' ဟုထင်မြင်စွဲလမ်းသော သက္ကာယဒိဋ္ဌိကြီးသည် ထိုသူတို့မှာ ဖွဲ့ချည်၍ နေသော ကြိုးလွန်နှင့်တူ၏။ ။ ထိုစက်ကြီးမှာ ပေါ်လှည့်ကျသော သူတို့မှာ တစ်နေ့ထက်တစ်နေ့ မြုတ်ခွင့်သို့ နီး၍ သွား၏။ မြုတ်လှည့်ကျသော သူတို့မှာ တစ်နေ့ထက်တစ်နေ့ ပေါ်ခွင့်သို့ နီး၍ သွား၏။ ထို့အတူ သံသရာ စက်မှာလည်း လူ့ပြည်, နတ်ပြည်,ဗြဟ္မာ့ပြည်မှာ အလှည့်ကျကုန် သောပုထုဇဉ်သတ္တဝါ , ဗြဟ္မာ,နတ်,လူတို့မှာ အပါယ်ကျခန်းသို့ တစ်နေ့ထက်တစ်နေ့ နီး၍ သွား၏။

ယခုဘဝသူတော်ကောင်း တရားအားကြီးလှ၍ ' ဘဝတစ်ရာ, ဘဝ တစ်ထောင်ပင် သုဂတိဘုံမှာ ဆက်လက်ကာ နေရခွင့် ရှိသော်လည်း အပါယ်ကျ လှည့်သို့နီးမှု ရှိသည်သာလျှင်တည်း၊ အဘယ်ကြောင့်နည်း ဟူမူရင်ထဲမှာ သက္ကာယဒိ ပါရှိလျက်နေသဖြင့်အပါယ်တံခါးဟင်းလင်းနှင့် အပါယ်စာရင်းမပျက် ချေသောကြောင့်

www.dhammaransi.com



တည်း။ ။ ထို့အတူ အပါယ်သို့ ကျ၍ ဘဝတစ်ရာ, ဘဝတစ်ထောင်, ဘဝတစ်သောင်း အပါယ်ဘုံမှာချည်း ဆက်လက်ကာ နေရခွင့်ရှိသော်လည်း သုဂတိသို့လားခွင့်နီးမှု ရှိနေသည်သာတည်း။ ။ အဘယ်ကြောင့်နည်း ဟူမူ- ကုသိုလ်အခွင့်လည်း ရှိပြန်သောကြောင့်တည်း။ ။ သို့သော်လည်း သုဂတိဘုံမှာ ဘဝများစွာ ဆက်လက်သူကား အလွန် နည်းပါးလှ၏။ တစ်ထောင်,တစ်သောင်းမှာတစ်ယောက်ကျမရှိလို၊ အပါယ်သို့ တစ်ခါကျမိလျှင် ငရဲအမျိုးမျိုး,ပြိတ္တာအမျိုးမျိုး, တိရစ္ဆာန်အမျိုးမျိုး ဘဝတွေ ဆက်လက်၍ နေသူသာ များလှချေ၏။

အဘယ်ကြောင့်နည်းဟူမူဘဝများစွာ ကမ္ဘာအဆက်ဆက်၌ အမိုက်မိုက်, အမှားမှား ဒုစရိုက်တရားနှင့် လာခဲ့သော ဘဝတို့သာ များကြသဖြင့် တစ်ယောက်ယောက်မှာ အပါယ်ကျရန် အပရာပရိယ ကံပေါင်းအသင်္ချေ, အနန္တပါရှိလျက် နေကြ၏။ ။ ထို့ကြောင့် အနည်းငယ်သော အဘိဇ္ဈာမှု, ဗျာပါဒမှု အစရှိသည်နှင့် အပါယ်သို့ ကျလေရာ ထိုကံကုန်သော်လည်း မလွတ်ရဘဲ အပရာပရိယ ကံဟောင်းတွေ ဆက်လက်၍ နေသည့် အတွက် ကမ္ဘာပျက်မှပင် လွတ်ကြလတ္တံ့သော သတ္တဝါ ပေါင်း အသင်္ချေယျ အနန္တရှိသည်ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာတွင် လာသည်။

## ခ၊ ပုရွက်တို့နှင့် နှိုင်းစာက မပြောပနိုင်

သုဂတိဘုံသို့ ရောက်မှုမည်သည် သေကာနီးအခါ၌ ကုသိုလ်စိတ်ဝင်စား၍ သေမှ ရောက်နိုင်သည်ဟု ဟောတော်မူသည်။ ။ အပါယ်ဘုံသားတို့အား ကုသိုလ်စိတ် ဝင်စားနိုင်ရန် အခွင့် ဘယ်မျှလောက် နည်းပါးသည်ဟု ဆင်ခြင်ပါကုန်၊ ထို့ကြောင့် အပါယ်သို့တစ်ခါကျရောက်၍ သွားခဲ့လျှင် သုဂတိသို့ပြန်လာရန် အခွင့်သည် အလွန် ခဲယဉ်း လှလေသတည်း။ ။ယခုအခါ ဇမ္ဗူဒီပါတစ်ကျွန်းလုံး၌ရှိသော သူတို့ကို အကုန်ရေတွက်သော်လည်း တစ်ခုသော တောအရပ်မှာ ရှိသော ခြသတ္တဝါတစ်မျိုး လောက်မျှရှိမည်မဟုတ်၊ ဤစကြဝဠာရှိ နတ်ပြည်ခြောက်ထပ် နတ်တို့ကို အကုန်ရေတွက်သော်လည်း တစ်ခုသော တောင်မှာ ရှိသော ခြသတ္တဝါတစ်မျိုးလောက်မျှ ရှိမည်မဟုတ်။ ဤစကြဝဠာပေါ်ရှိ ပြဟ္မာဘုံနှစ်ဆယ်မှာ ပြဟ္မာတို့ကို အကုန်ရေတွက်သော်လည်း တစ်ခုသော တောမှာရှိသော ပုရွက်ဆိတ် သတ္တဝါမျိုးလောက်မျှ ရှိမည် မဟုတ်၊ ခြပုရွက်ဆိတ်တို့မှ တစ်ပါးအမျိုးအားဖြင့်ပင် ကုန်းသတ္တဝါ အနန္တရှိသေး၏။

www.dhammaransi.com



ရေသတ္တဝါမှာ ဆိုဖွယ်မရှိ။ ။ လူ့ပြည်,နတ်ပြည်ခြောက်ထပ် ဗြဟ္မာနှစ်ဆယ်ကို အကုန်စုသော်လည်း မြန်မာနိုင်ငံရှိ ပုရွက်ဆိတ်သတ္တဝါတစ်မျိုးကိုပင် မီမည်မဟုတ်။ ဤသို့ သုဂတိဘုံသတ္တဝါနှင့် ဒုဂ္ဂတိဘုံ သတ္တဝါတို့ အနည်းအများ ကွာလှမ်းကြပုံကို ဆရမ်း၍သိရ၏။ ။ မြတ်စွာဘုရားကား လက်သည်းတော်ပေါ်မှာ မြေမှုန့်ကို တင်ပြ၍ ငါ၏ချစ်သား ရဟန်းတို့၊ မဟာပထဝီမြေကြီးနှင့်ဤငါ၏ လက်သည်းပေါ်မှာ တင်ထားသော မြေမှုန့်သည် အဘယ်ကများသနည်းဟု မေးတော်မူ၍ သေသမျှ သတ္တဝါစုတွင် သုဂတိသို့ ရောက်သော သတ္တဝါကားလက်သည်းပေါ်မှာ ရှိသော မြေမှုန့်ကဲ့သို့အလွန်နည်းပါးလှ၏။ ဒုဂ္ဂတိသို့ရောက်သော သတ္တဝါကားမဟာပထဝီ မြေကြီးရှိ မြေမှုန့်အလားကဲ့သို့ အလွန်များလှ၏ဟုဟောတော်မူသည်ကို ထောက် သဖြင့်လည်း လူနတ်ဗြဟ္မာဟူသော သုဂတိ ၂၇ - ဘုံရှိ သတ္တဝါတို့ထက်အပါယ်လေး ဘုံရှိ သတ္တဝါတို့က အဆအသင်္ချေ, အဆဆယ်သင်္ချေ အဆသင်္ချေ တစ်ရာ, သင်္ချေ တစ်ထောင်, သင်္ချေ တစ်သောင်း, တစ်သိန်းမက များပြားကြောင်းကို သိသင့်၏။ ဤသို့သိရသဖြင့်လည်း အလောင်းတော်ကြီးများမှတစ်ပါးပကတိသော ပုထုဇဉ် သတ္တဝါတို့၏ ဘဝအလားသည် အပါယ်ဘုံမှ ဘဝတစ်ရာ တစ်ထောင်မှ လူ့ဘုံမှာ တစ်ဘဝ အပါယ်ဘုံမှာ ဘဝတစ်သောင်း တစ်သိန်းမှ နတ်ဘုံမှာ တစ်ဘဝရနိုင်သော သတ္တဝါပင် အလွန်နည်းလှရန် ရှိသည်။ ။ ဤကားအပါယ်သို့ တစ်ခါတစ်ခေါက် ကျရောက်၍များ သွားခဲ့လျှင် သုဂတိဘဝသို့ ပြန်ရောက်ရန် စခန်းအလွန်ဝေးလှပုံကို ပြဆိုသောယုတ္တိစုတည်း။ ။ ငရဲကြီး ရှစ်ထပ်နှင့်တကွ အနန္တငရဲတွေ အခန်း, အနန္တပြိတ္တာတွေအခန်း, အသုရကာယ်တွေ အခန်းကို ကျမ်းဂန်တို့မှ ,များစွာလာ၏။ ကျယ်အံ့စိုး၍ မရေးလိုက်ပြီ။ ။ ငရဲဘုံ, ပြိတ္တာဘုံ,အသုရကာယ်ဘုံတို့၌ ဒုက္ခကြီးကျယ်ပုံ ကိုသဗ္ဗညုတဉာဏ်နှင့် ကြည့်၍ တစ်သက်ပန်လုံး ဟောသော်လည်း ဆုံးနိုင်ရန် မရှိ ဟူ၍ မြတ်စွာဘုရားဟောတော်မူ၏။ ။ ဤသို့လျှင် သူသူငါငါ ပုထုဇဉ် သတ္တဝါ တို့သည် ဤကမ္ဘာတွင်းမှာပင် လူ့ဘဝ,နတ်ဘဝ အနည်းငယ်နှင့် အပါယ်ဘဝသာ အသင်္ချေယျ အနန္တများပြား၍ နေကြပုံ ကမ္ဘာတိုင်း ကမ္ဘာတိုင်းမှာ လည်း ဤနည်း ချည်းဖြစ်၍ နေကြပုံကို သိကြကုန်ရာ၏။

## အဝိဇ္ဇာချုပ်မှုသာ – ပူနှီးအောင်းကိုးကွယ်ရာ

ဖုံးလွှမ်းခြင်းတရား နည်းပါးသဖြင့် ထို့ကဲ့သို့သော သံသရာ ဘေးကြီး အနန္တကို သိမြင်ကြောက်လန့်ကုန်သော ပညာရှိ သူမြတ်တို့သည် ထိုဘေးကြီးအနန္တမှ

www.dhammaransi.com



လွတ်ကင်းရန် အခွင့်ကို ရှာကြကုန်သည်ရှိသော် မိမိတို့ သန္တာန်မှာ ရှိသော အဝိဇ္ဇာချုပ်မှု မှတစ်ပါး လွတ်ကင်းခွင့်မရှိဟု သိကြလေကုန်၏။ ။ အကယ်၍ အဝိဇ္ဇာချုပ်မှုမည်သည် အဟုတ်ရှိသော ဓာတ်သဘာဝမျိုးမဟုတ်၊ ပါးစပ်ပြောရုံဝေါဟာရပညတ်မျိုး ဖြစ်ခဲ့အံ့။ ။ အဝိဇ္ဇာကိုချုပ်အောင်အားထုတ်သော်လည်း အဟုတ်ချုပ်မှု မရှိလေရာ။ ထိုသို့ အဟုတ်ချုပ်မှု မရှိခဲ့သည်ရှိသော် ထိုသံသရာဘေးကြီး အနန္တမှ လွတ်ခွင့်ဟူ၍ မရှိပြီ။ ။ အဝိဇ္ဇာကို အဆုံးတိုင်ချုပ်အောင် အားထုတ်ခဲ့လျှင် အဝိဇ္ဇာချုပ်မှု ဧကန်ရှိပေ၍သာလျှင် ထိုဘေးကြီးမှ လွတ်ခွင့်ရနိုင်ကြကုန်သတည်း၊ ထို့ကြောင့် အဝိဇ္ဇာချုပ်မှုတစ်ခုသည်သာလျှင် အနမတဂ္ဂသံသရာ၌ ပညာရှိ အနန္တတို့၏ ကိုးကွယ်ရာကြီး အမှန် ဖြစ်၏။ ။ ထိုသံသရာဘေးကြီး အနန္တကို ကြောက်လှ၍ ကိုးကွယ်ရာကို ရှာသော် ထိုအဝိဇ္ဇာချုပ်မှု တစ်ခုသာရှိ၏။ ထိုသံသရာဘေးကြီး အနန္တမှ လွတ်ကင်းခြင်းမှာ ပုန်းအောင်းရာကိုရှာသော် ထိုအဝိဇ္ဇာချုပ်မှု တစ်ခုသာ ပုန်းအောင်းရာရှိ၏။ ။ ငရဲဘေးစသည်နှင့် စပ်လျဉ်း၍ စိုးရိမ်ကြောင့်ကြ ကင်းရှင်းစွာ လဲလျောင်းရာကို ရှာသော် ထိုအဝိဇ္ဇာချုပ်မှုတစ်ခုသာ လဲလျောင်းရာရှိ၏။ ။ လူ့ချမ်းသာ၌ လေးကျွန်းလုံးကို အစိုးရသော စကြာမန္ဓာတ်မင်း စည်းစိမ်ချမ်းသာသည် အလွန်ဆုံး ဖြစ်၏။ ထိုစကြာမန္ဓာတ်မင်းချမ်းသာသည် အနိစ္စဓမ္မဖြစ်၍ အဆုံးမှာ ငရဲဘေး အနန္တ ဆက်လျက်ရှိ၏၊ ပြိတ္တာဘေး အနန္တ ဆက်လျက်ရှိ၏၊ အသုရကာယ် ဘေး အနန္တ ဆက်လျက်ရှိ၏၊ တိရစ္ဆာန်ဘေး အနန္တဆက်လျက်ရှိ၏။ ။ဝိဇ္ဇာ ချုပ်မှုသည် ငရဲဘေး အနန္တကို အကုန်ငြိမ်းစေနိုင်၏၊ ပြိတ္တာဘေး အနန္တကို အကုန် ငြိမ်းစေနိုင်၏၊ အသုရကာယ်ဘေး အနန္တကို အကုန်ငြိမ်းအေးစေနိုင်၏၊ တိရစ္ဆာန်ဘေး အနန္တကို အကုန်ငြိမ်းအေးစေနိုင်၏။ ။ ထို့ကြောင့် အဝိဇ္ဇာချုပ်ငြိမ်းမှု သုခသည် စကြာမန္ဓာတ် သုခထက် အဆအသင်္ချေ လွန်မြတ်၏။ ။ ထို့အတူ နတ်ပြည်ခြောက်ထပ် နတ်မင်း သိကြားမင်းစည်းစိမ် ချမ်းသာသည်လည်း အဆုံးမှာ ငရဲဘေး အနန္တဆက်လျက်ရှိ၏။ ပြိတ္တာဘေး အနန္တ ဆက်လျက်ရှိ၏၊ အသုရကာယ်ဘေး အနန္တ ဆက်လျက်ရှိ၏၊ တိရစ္ဆာန်ဘေး အနန္တဆက်လျက်ရှိ၏။ ။ အဝိဇ္ဇာချုပ်မှုသည် ထိုအနန္တ ဘေးတွေကို အကုန်ငြိမ်းစေ၏၊ ထို့ကြောင့် အဝိဇ္ဇာချုပ်မှု သုခသည် နတ်ပြည် ခြောက်ထပ် နတ်မင်း သိကြားမင်း သုခထက် အဆအသင်္ချေ လွန်မြတ်၏။ ။ စကြဝဠာတစ်ထောင်ကို ကိုယ်ရောင်ဖြင့် ထွန်းလင်းစေနိုင်သော ဗြဟ္မာမင်းချမ်းသာ, စကြဝဠာတစ်သောင်းကို ကိုယ်ရောင်ဖြင့်ထွန်းလင်းစေနိုင်သော ဗြဟ္မာမင်းချမ်းသာ, စကြဝဠာတစ်သိန်းကို ကိုယ်ရောင်ဖြင့် ထွန်းလင်းစေနိုင်သော ဗြဟ္မာမင်းချမ်းသာတို့ သည်လည်း အဆုံးမှာ ငရဲ, ပြိတ္တာ, အသုရကာယ်, တိရစ္ဆာန်ဘေး အနန္တတွေ ဆက်လက် ရှိကုန်၏။ ။

www.dhammaransi.com



ထို့ကြောင့် ပြဟ္မာ့သုခတို့ထက် အဝိဇ္ဇာချုပ်မှု သုခသည် အဆအသချေ လွန်မြတ်၏။ ။ စကြာမန္ဓာတ်မင်း သုခ, နတ်မင်း သိကြားမင်း သုခသည် ကာလပရိစ္ဆေဒရှိ၏၊ နှစ်ကာလ ပရိစ္ဆေဒစေ့သည့်အခါ ခန္ဓာနှင့် တကွ ပျက်ဆုံး၍ ခွေး, ဝက်, ကြက်, ငှက်, သန်း, ကြမ်းပိုး စသည် ဖြစ်ရပြန်၏။ ။ အဝိဇ္ဇာချုပ်မှုသည်လည်း ချုပ်သော အခါမှ စ၍နိစ္စဖြစ်၍ တည်၏။ ။ အနမတဂ္ဂပင် ကြာသော်လည်း ပျက်သည်ဟူ၍ မရှိပြီ၊ ချုပ်မှု ကွယ်ပျောက် ပျက်ဆုံး၍ အဝိဇ္ဇာ တစ်ဖန်ပေါ်လာပြန်သည်၊ သံသရာ ဝဋ္ဋဒုက္ခမှ ပေါ်၍လာပြန်သည်ဟု မရှိပြီ၊ ခွေး, ဝက်, ကြက်, ငှက်, သန်း, ကြမ်းပိုး စသည် ဖြစ်ရပြန်သည်ဟူ၍ မရှိပြီ၊ ငရဲ, ပြိတ္တာ, အသုရကာယ်သို့ ရောက်ရပြန်သည် ဟူ၍ မရှိပြီ၊ ဤသို့ စကြာမန္ဓာတ်မင်း သုခသည် အနိစ္စဘေး အုပ်စိုးလျက်ရှိသော ကြောင့် အမြဲလျှင် အနိစ္စလက်နက်နှင့် ပျက်ပြုန်းဆုံးပါးရသော ဒုက္ခမျိုးဖြစ်၏၊ အဝိဇ္ဇာချုပ်မှုသည်ကား ထိုအနိစ္စဘေးကိုသတ်နိုင်သော သုခမျိုး အစစ်ဖြစ်၏။ ။ နတ်မင်း သိကြားမင်း ပြဟ္မာမင်းချမ်းသာတို့ကိုလည်း ထို့အတူဆိုလေ။ ။ စကြာမန္ဓာတ်မင်းချမ်းသာ ဆိုရာမှာလည်း ရှေး၌ ပြဆိုခဲ့ပြီးသော သေသောက်ကြူး ဥပမာကဲ့သို့ ထိုချမ်းသာကို သာယာတတ်သော တဏှာရာဂ ဓာတ်ခံရှိသော သူတို့မှာ ချမ်းသာသုခထင်မှတ်ကြရသည်၊ အနာဂါမ်ရဟန္တာပုဂ္ဂိုလ် ဥပမာကဲ့သို့ နေက္ခမ္မဓာတ်ခံ ရှိသောသူတို့မှာ ရွံ့ဖွယ်, စက်ဆုတ်ဖွယ်, ကြောက်ဖွယ်, လန့်ဖွယ်သာဖြစ်၏။ ။ ခွေးသေပုပ်သည် အပုပ်ကြိုက် ဓာတ်ခံရှိသော လင်းတတို့မှာ အလွန်နှစ်သက်ဖွယ်သော သုခကြီးဖြစ်၏၊ စင်ကြယ်သော, ဓာတ်ခံရှိသော ရွှေဟင်္သာတို့မှာ အလွန်စက်ဆုပ် ဖွယ်ကြီးဖြစ်၏။ ။ လူကောင်ပုပ် သုသာန်သည် အပုပ်ကြိုက်ဓာတ်ခံရှိသော ခွေး, ကျီး, လင်းတတို့မှာ အလွန်နှစ်သက်ဖွယ် ပျော်ရွှင်ဖွယ်ကြီးဖြစ်၏၊ စင်ကြယ်သော ဓာတ်ခံ ရှိသောသူတို့မှာ အလွန်စက်ဆုပ်ဖွယ် ကြီးဖြစ်၏၊ ဤဥပမာနှင့်လည်းတူပါ၏။ စကြာမန္ဓာတ်မင်းစည်းစိမ်ချမ်းသာ မည်သည် အဝိဇ္ဇာ, တဏှာ, သက္ကာယဒိဋ္ဌိ အစရှိ သော တစ်ထောင့်ငါးရာ ကိလေသာမီးတို့၏ ပွားစီးတောက်လောင်ရာ မီးစာ ထင်း အမှိုက်တို့သာဖြစ်ကုန်၏။ ။ အဝိဇ္ဇာချုပ်မှုသည် ခပ်သိမ်းသော ကိလေသာမီးတို့ကို သတ်နိုင်၏၊ ငြိမ်းစေနိုင်၏။ ။ စကြာန္ဓာတ်မင်း စည်းစိမ်မည်သည် တဏှာ တည်းဟူသော အတော်ရောဂါကို လွန်စွာ ပွားစီးစေတတ်၏။ ။ အဝိဇ္ဇာချုပ်မှုသည် တဏှာ တည်းဟူသော အတော်နာ, အတော်ရောဂါကို အပြီး ပျောက်စေနိုင်၏။

www.dhammaransi.com

# အတော်ကြီးတွေမို့

ယခုရှိကြသောသတ္တဝါတို့သည် အနမတဂ္ဂ သံသရာမှာ တဏှာတည်းဟူသော အငတ်နာကြီး, အငတ်ရောဂါကြီး စွဲကပ်၍ လာကြသည့် အတွက်ကြောင့် ယခု ဘုရားသာသနာနှင့် တွေ့ကြုံကြသောအခါမှာပင် ကာမဂုဏ်ဟူသော ငတ်စာ မွတ်စာကို မလွန်နိုင် ရှိနေကြကုန်သည်။ ။ ထိုအနာကြီး၏ အမြစ်များကား အဝိဇ္ဇာတည်း၊ ထို့ကြောင့် အဝိဇ္ဇာချုပ်မှုသည် ထိုအငတ်နာကြီးကို ပျောက်ငြိမ်းစေနိုင် လေသတည်း။ ။ နတ်, သိကြား, ဗြဟ္မာ့ချမ်းသာတို့၌လည်း ထိုနည်းတူဆိုလေ။ ။ဤမျှသော စကားရပ် တို့ဖြင့် "အဝိဇ္ဇာယတွေဝအသေသ ဝိရာဂနိရောဓာ သင်္ခါရ နိရောဓော၊ လ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓောဟောတိ" ဟူသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မြတ်အလာ အဝိဇ္ဇာနိရောဓ ဟူသော နိရောဓတရား၏ အလွန်ထင်ရှားသော ပရမတ္ထဓမ္မကြီး အသီးအခြားဖြစ်ကြောင်း အတုမရှိ လွန်မြတ်သော ဧကန္တသုခ, ပရမသုခကြီးဖြစ်ကြောင်း ချီးမွမ်းဖွယ် အနန္တ, အံ့ဩဖွယ် အနန္တ မွန်မြတ်လှသော ဂုဏ်ကျက်သရေတို့နှင့် ပြည့်စုံကြောင်း သံသရာဘေးကို မြင်နိုင်ကြကုန်သော ပညာရှိ သူတော်ကောင်းတို့၏ ကိုးကွယ်ရာကြီး, ပုန်းအောင်းရာ ကြီး, လဲလျောင်းရာကြီး စင်စစ်ဖြစ်ကြောင်းကို ပြဆိုသော အခန်းတည်း။ ။ ဂုဏ်ကျက်သရေ ဆိုသည်မှာလည်း သေသောက်ကြူး ဥပမာကဲ့သို့တဏှာဓာတ်ခံရှိသော သူတို့မှာ တဏှာအကြိုက်ဖြစ်သော ဂုဏ်ကျက်သရေမျိုးတို့ကိုသာ ဂုဏ်ကျက်သရေ ဟု ထင်မြင်နိုင်ကုန်သည်။ ။ တဏှာအကြိုက်ဖြစ်သော ဂုဏ်ကျက်သရေ တို့မည်သည် အိပ်မက်တွင်းမှာ မြင်သော ရွှေဘုံ, ရွှေနန်း, ရွှေပြာသာဒ်, ရွှေတောင် ကြီးတွေ နှုနာနှင့်တူ၏၊ အိပ်မက်စိတ်ရှိတုန်းအခါ၌ ပျော်မြူးလိုက်ရ၏၊ အိပ်မက်စိတ် ချုပ်ကွယ်လျှင် ကွယ်ပျောက်၍ ကုန်၏၊ ထို့အတူ ဂုဏ်ကျက်သရေတို့သည်လည်း မရဏမီးနှင့် မဆုံမီသာ ကြည်လင်စွာ ချီးမွမ်းပြောပကြရကုန်၏။ ။ ဘုန်းကြီးပွဲမှာ အကြီးအကျယ် လုပ်ဆောင်ခင်းကျင်းကြသော လောင်တိုက်တလားရထား ပြာသာဒ် တို့နှင့်လည်း တူကုန်၏၊ မီးမရှို့မီ မီးစာတွေကို ကြည်ညိုအံ့ဩ ပြောဆို ချီးမွမ်းကြရ ကုန်၏။ ။ သံသရာဘေးကြီးကို မြင်နိုင်သောသူတို့မှာမူကား ကိလေသာ အညစ် အကြေးတို့မှ ကျွတ်လွတ်မှု ဟုတ်၏လော, ကျွတ်လမ်း, လွတ်လမ်း ဟုတ်၏လော, ဇရာ မရဏမီးတို့မှ ကျွတ်မှု လွတ်မှု ဟုတ်၏လော, ကျွတ်လမ်း လွတ်လမ်း ဟုတ်၏ လောဟု ရှုမြော်ကြကုန်၍ ထိုအညစ်အကြေးထိုမီးတို့မှ ကျွတ်မှု လွတ်မှု ကျွတ်လမ်း လွတ်လမ်းဟုတ်မှန်မှသာလျှင် ဂုဏ်ကျက်သရေဟု ထင်မြင်ကြကုန်၏။ ။

www.dhammaransi.com



ထင်ရှားအောင်ဆိုဦးအံ့။ ။ စကြာမန္တာတ်မင်းကြီးကို မြင်ရာ၌ တဏှာသမားတို့သည် အကြီးအကျယ် ချီးမွမ်းဖွယ်ကိုသာ မြင်ကြကုန်၏၊ ထိုကဲ့သို့ ဖြစ်ရာလိုကြကုန်၏။ ။ ပညာသမားတို့သည် ကိလေသာ မီးတောက် မီးလျှံတွေကို လည်းကောင်း ဇရာမရဏ မီးတောက် မီးလျှံတွေကိုလည်းကောင်း၊ အပါယ်မီးနှင့် တစ်စပ်တည်းဆက်၍နေသည်ကို လည်းကောင်း မြင်ကြကုန်၏၊ နတ်စည်းစိမ်း, ဗြဟ္မာ့ စည်းစိမ်တို့၌လည်း ထိုနည်းတူ သိလေ။ ။ တဏှာသမားတို့သည် "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ၏ အရဖြစ်သော ဒုက္ခပွားမှုဟု ဆိုအပ်သော သမုဒယနယ်၌သာ ချီးမွမ်းဖွယ်ကို ထင်မြင်နိုင်ကုန်၏။ ။ ပညာသမားတို့သည်ကား "ဧဝမေတဿ, ကေဝလဿ, ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ" ၏ အရဖြစ်သော ဒုက္ခချုပ်မှုဟုဆို အပ်သော နိရောဓနယ်၌သာ ချီးမွမ်းဖွယ်ကို ထင်မြင်ကုန်၏။ ။ အဘယ်သို့ ထင်မြင်ကြကုန်သနည်းဟူမူ ရှေး၌ ပြဆိုခဲ့ပြီးသော အတိုင်း တစ်ယောက်တစ်ယောက် သော သတ္တဝါမှာ ကိလေသာ တစ်ထောင့်ငါးရာရှိ၏၊ ထိုတစ်ထောင့်ငါးရာတွင် တစ်ခုတစ်ခုသော ကိလေသာသည်ပင်လျှင် ထိုသတ္တဝါကို ကမ္ဘာအဆက်ဆက်၌ အပါယ်လေးပါးမှ သုဂတိဘဝသို့ မပေါ်လာရအောင် အပါယ်လေးဘုံမှာ တမြုပ်တည်း မြုပ်၍နေအောင် တတ်နိုင်၏။ ။ တစ်ယောက် တစ်ယောက်သော သတ္တဝါတို့မှာ ထိုသို့ အသီးသီးတတ်နိုင်ကြသော ကိလေသာပေါင်း တစ်ထောင့်ငါးရာရှိ ကြ၏။ ။ တစ်ခု တစ်ခုသော ကိလေသာ အတွက်နှင့်ပင် အပါယ်ကတက်ရခွင့် မရှိ၊ တစ်ထောင့် ငါးရာအတွက်နှင့်မူကား အပါယ်မှာမိမိနှင့်မလောက်၊ ကိုယ်စားလှယ် ကိုယ်ပွား တစ်ထောင့်လေးရာ ကိုးကျိပ်ကိုးယောက်ထား၍ခံမှ အတော်ကျမည်ကဲ့သို့ ရှိနေ၏၊ ထိုသို့လည်း ကိုယ်စားလှယ်ကိုမှ မထားနိုင်၍ တစ်ထောင့်ငါးရာဝန်ကို အလှည့်ကျ ဘဝစဉ်ထား၍ တစ်ယောက်အားနှင့် ခံရခွင့်ရှိကြ၏၊ ကမ္ဘာအဆက်ဆက် အပါယ်မှ တက်ရခွင့်မရှိချေ။ ။ ထိုသို့ဖြစ်ပါလျက် လူ့ပြည်နတ်ပြည် လူ့ချမ်းသာ နတ်ချမ်းသာဟု ရှိပြန်ရသည်ကား တစ်ဒင် နိရောဓ၏ ကျေးဇူးပေတည်း၊ ဗြဟ္မာပြည် နှစ်ဆယ်ဟု ရှိပြန်ရသည်ကား ဝိက္ခမ္ဘန နိရောဓ၏ ကျေးဇူးပေတည်း။ ။ တစ်ဒင် နိရောဓဟု ဆိုအပ်သော ကိလေသာချုပ်မှု ရှိပေသောကြောင့် ဒါနပြုခွင့်ရပေသည်၊ သီလ သီတင်းဆောင်တည်ခွင့် ရပေသည်၊ ဝိက္ခမ္ဘန နိရောဓဟုဆိုအပ်သော ကိလေသာချုပ်မှု ရှိပေသောကြောင့် ဗြဟ္မာ ဖြစ်ရန် ဘာဝနာတရားပွားခွင့်ရပေသည်။

ဘုရားပါရမီ, ပစ္စေက ဗုဒ္ဓါပါရမီ, သာဝက ပါရမီဖြစ်ခွင့်ရပေသည်။ ။ သမုစ္ဆေဒနိရောဓ ဟုဆိုအပ်သော ကိလေသာချုပ်မှု ရှိပေသောကြောင့် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ ဖြစ်ခွင့် ရပေသည်။ ။ ထိုအလုံးစုံသော လူ့ချမ်းသာ,

www.dhammaransi.com



နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ, ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝက ဖြစ်ကြမှု စုသည် ကိလေသာ ချုပ်ပေါက်က ထွက်၍ ဖြစ်ကြရလေသည်။ ။ နိရောဓ ဟူသော ချုပ်ဓာတ်မရှိ၊ သမုဒယ ဟူသော ဖြစ်ပွားဓာတ်သာ ရှိခဲ့ငြားအံ့၊ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝက အဖြစ်မှာ ဝေးလေစွ၊ လူဟူ၍, နတ်ဟူ၍ ဗြဟ္မာဟူ၍ တစ်စုံ တစ်ယောက်မျှ ပေါ်ပေါက်ခွင့် ရရန်မရှိပြီ။ ။ ဤစကားရပ်တို့ဖြင့် လူ့ပြည်, နတ်ပြည်မှာ ရှိသမျှသော ဂုဏ်ကျက်သရေစုသည် တဒင်္ဂ နိရောဓ၏ ဂုဏ်ကျက်သရေ စုပေတည်း၊ ဗြဟ္မာ့ပြည်မှာ ရှိသမျှသောဂုဏ်ကျက်သရေစုသည် ဝိက္ခမ္ဘန နိရောဓ၏ ဂုဏ်ကျက်သရေ စုပေတည်း အလောင်းအလျာတို့၏ ဂုဏ်ကျက်သရေစုသည် ထိုနိရောဓ နှစ်ပါး၏ ဂုဏ်ကျက်သရေ စုပေတည်း၊ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာတို့၏ ဂုဏ်ကျက်သရေစုသည် သမုစ္ဆေဒ နိရောဓ၏ ဂုဏ်ကျက်သရေစုပေတည်း၊ အသင်္ခတနိရောဓကြီး၏ ဂုဏ်ကျက်သရေမှာမူကား ယခုအခါ ဥပင် နိဗ္ဗာန်သာ ချမ်းသာသည်၊ နိဗ္ဗာန်သာ မြတ်သည် အစရှိသော စကားတို့ဖြင့် လည်းကောင်း၊ နိဗ္ဗာန်ကို ရရပါလို၏, ရောက်ရပါလို၏, မျက်မှောက်ပြုရပါလို၏ အစရှိသော ဆုတောင်းပတ္ထနာ ပြုခြင်း တို့ဖြင့်လည်းကောင်း၊ လူ့ပြည်မှာ တအုံးအုံး, နတ်ပြည်မှာ တအုံးအုံး, ဗြဟ္မာ့ပြည်မှာ တအုံးအုံး နေကြသည်ကား ထင်ရှားပါ၏ ဟူသော အဓိပ္ပာယ်ကို ပြဆိုပေသည်။ ။ နိရောဓ ဓာတ်မျိုး၏ ဂုဏ်ကျေးဇူးကို ဤသို့သိမြင်ရာ၏။ ။ ညောင်ပင်ကြီးတွေကို မြင်က ညောင်စေ့ငယ်၏ ကြီးကျယ်မှုကို သိသကဲ့သို့တည်း။ ။ "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဟူ၍ ဟောတော်မူသော အနမတဂ္ဂ ကြီးကျယ်လှသော သမုဒယဓာတ်ကြီးကို "ဧဝမေတဿ၊ လ၊ နိရောဓော ဟောတိ" ဟူ၍ ဟောတော်မူသော နိရောဓ ဓာတ်ကြီးတစ်ခုသည်သာ ငယ်နိုင်ဖြစ်၏။ ။ အမှိုက်ကို မီးသည်သာ ငယ်နိုင်၏။ ။ အမှိုက်ပုံ တောင်လောက်ပင် ကြီးသော်လည်း မီးတစ်ပွင့်ကျက ခဏမကြာပြာပုံ ဖြစ်ရ၏၊ ဤဥပမာအတူ သမုဒယ ဓာတ်ကြီးမှာ နိရောဓ ဓာတ်သည်သာ ငယ်နိုင် စင်စစ် ဖြစ်သတည်း။ ။ ထို့ကြောင့် မြတ်စွာ ဘုရားသည်-

> သမုဒယော သမုဒယောတိ ခေါ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု
> ဓမ္မေသု ဉာဏံ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

> နိရောဓော နိရောဓောတိ ခေါ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု
> ဓမ္မေသု ဉာဏံ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဟူ၍ ကျူးရင့်တော်မူသည်။

www.dhammaransi.com



ဘိက္ခဝေ၊ ရဟန်းတို့။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု၊ မကြားအပ်ဖူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရားတို့၌။ သမုဒယော သမုဒယောတိ၊ သမုဒယ သမုဒယ ဟူ၍။ ဉာဏံ၊ သိသောဉာဏ်သည်။ မေ၊ ငါဘုရားအား၊ ဥဒပါဒိ၊ ထင်ရှားပေါ်လာ၏၊ ဝိဇ္ဇာ၊ လင်းသော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားပေါ်လာ၏၊ အာလောကော၊ ပညာ ဟူသော အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားပေါ်လာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု၊ မကြားအပ်ဖူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါးတရားတို့၌။ နိရောဓော နိရောဓောတိ၊ နိရောဓ နိရောဓဟူ၍။ ဉာဏံ၊ သိသောဉာဏ်သည်။ မေ၊ ငါဘုရားအား။ ဥဒပါဒိ၊ ထင်ရှားပေါ်လာ၏။ ဝိဇ္ဇာ၊ လင်းသောဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားပေါ်လာ၏။ အာလောကော၊ ပညာဟူသော အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားပေါ်လာ၏။

အနမတဂ္ဂသံသရာ၌ လူသတ္တဝါ, နတ်သတ္တဝါ, ဗြဟ္မာသတ္တဝါ ကမ္ဘာအဆက်ဆက် ဖြစ်မှုကို မြင်သဖြင့် တဒင်္ဂနိရောဓ ဝိက္ခမ္ဘန နိရောဓ ဓာတ်ကြီးကျယ်မှုကို သိလေ။ ။ အနမတဂ္ဂ သံသရာ၌ ဘုရားအနန္တ, ပစ္စေကဗုဒ္ဓါ အနန္တ, အရိယာသာဝက အနန္တတို့ ဖြစ်ကြသည်ကို မြင်သဖြင့် သမုစ္ဆေဒနိရောဓ, နိဿရဏ နိရောဓ ဓာတ်ကြီးကျယ်မှုကို သိလေ။ ။ အမှိုက်နှင့် မီးဥပမာကဲ့သို့ သမုဒယဓာတ်ကို နိရောဓဓာတ်သည် ငယ်နိုင်ဖြစ်ခဲ့အံ့၊ သတ္တဝါတို့သည် သံသရာဝဋ်မှ ကျွတ်ခွင့်လွတ်ခွင့် အလွန်လွယ်ကုန်ရာပါ၏၊ အဘယ်ကြောင့် မကျွတ်နိုင်ကြဘဲ အနမတဂ္ဂ ရှည်ကြာအောင် သံသရာ၌ မျောပါ၍ နေကြကုန်သနည်း ဆိုငြားအံ့။ ။ ဤသို့သော ဥပမာဖြင့် ဖြေဆိုရာ၏။

## နူနာစွဲသူဥပမာ

တစ်ကိုယ်လုံးနူနာစွဲနေသော လူတစ်ယောက်သည် ရှိ၏။ ။ နူနာကို ထစေတတ်သော အစားစာ ညှော်သင်း အပြုအမူများကို ကောင်းစွာရှောင်ကြဉ်၍ တစ်နေ့ တစ်နေ့လျှင် တစ်ရွေးသား တစ်ရွေးသား နေ့မှန်သုံးလစားလျှင်အကုန် ပျောက်၍ မိမွေးတိုင်း ဘမွေးတိုင်း ဖြစ်စေနိုင်သော ဓာတ်ဆေးလည်းရှိ၏။ ။ ထိုဆေးကား အနူဓာတ်ခံ ရှိသောသူ၏လျှာမှာ အနူဓာတ်နှင့် မသင့်သည့်အတွက် ခါး၏။ ။ ထိုသူမူကားခါးသည်ဟုဆေးကိုလည်း နေ့မှန်မစား၊ ရှောင်အပ်သည်ကိုလည်း ငါးရက်, ဆယ်ရက်ပြည့်အောင်မျှ မရှောင်။ ။ အသက်ထက်ဆုံး အနူဘဝမှ မလွတ်လေ။ ။ ဆေးအစွမ်း ကောင်းလှသည့်အတွက် ဆေးစားသော

www.dhammaransi.com



နေ့ရက်မှာ သက်သာခွင့် ရ၏၊ ဆေးအတွက် သက်သာခွင့်ရပြန်လျှင် ဆေးကိုပစ်ထား၍ မသင့်သောအစား၊ မသင့်သော အပြုအမူကို လိုက်စားပြန်၏၊ အနူဘဝနှင့်ပင်နေရလေ၏။ ။ ဤ၌ ဆေးကို ဆိုဖွယ်မရှိ၊ ရက်ပေါင်း ကိုးဆယ်, ရွေးပေါင်း ကိုးဆယ်နှင့် တစ်ကိုယ်လုံး ပွက်ပွက်ဆူ အနူတုံး အနူခဲကြီးကို မြူမျှမကျန်ပျောက်ငြိမ်းစေနိုင်သော အစွမ်းသည် ချီးမွမ်းဖွယ်သာ ရှိ၏။ ။ ထိုသူကိုသာ ဆိုဖွယ်ရှိသတည်း။ ။ အနမတဂ္ဂ သံသရာမှာ သတ္တဝါတို့၏ စိတ်သည် ရာဂနူနာအမြဲစွဲ၍ လာကြ၏။ စိတ်နူကြီးစင်စစ်တည်း။ ။ လူဖြစ်ရုံ, နတ်ဖြစ်ရုံ, ဗြဟ္မာဖြစ်ရုံ နိရောဓဆေးကို တစ်ခါတစ်ရံမျှသာ မှီဝဲကြကုန်၏၊ သမုစ္ဆေဒဆိုက်အောင်မမှီဝဲကြ။ ။ နူနာ ငန်းထမှုကြောင့် အပါယ်ဒုက္ခနှင့် နေရစဉ် အခါတို့၌လည်း ဆေးကို အမှတ်မရနိုင်။

လူ, နတ်, ဗြဟ္မာ ဖြစ်စဉ်အခါတို့၌လည်း ဆေးခွင့်က နည်းပါး၍ စိတ်နူပွားများရန် အခွင့်ကိုသာ လိုက်စားကြကုန်၏။ ။ ထို့ကြောင့် အနမဂ္ဂသံသရာကာလသာ ရှည်ကြာ၍ စိတ်နူနာ မပျောက်ဘဲ ရွဲရွဲစို ပွက်ပွက်ဆူငန်းမန်းတွေ တလူလူနှင့်သာ နေကြရကုန်သတည်း။ ။ နိရောဓဓာတ်ဆေးကို ဆိုဖွယ်မရှိ၊ အနမဂ္ဂကာလကြာမြင့်၍လာခဲ့သော နူနာကို အစားစာအပြုအမူရှောင်ဖွယ် ရှားဖွယ်ကို စင်ကြယ်စွာရှောင်ရှား၍ ဘာဝနာတရားဖြင့်နိရောဓဆေးမြတ်ကို နေ့မပြတ် ရက်မခြားစွဲမြဲ၍စားနိုင်ပါမူကား- ယခုဘဝ, ယခုဘုရားသာသနာမှာပင် စိတ်နူနာ ပျောက်ငြိမ်းခွင့် ရှိပါ၏။ ။ ယခုပြုလုပ်၍နေကြသည်မှာကား ဒါန, သီလ, ဘာဝနာ အတုအပ တဒင်္ဂနိရောဓကိုမျှ အတုအပသာ ပြုကြကုန်သည်။ ။ စိတ်နူနာတိုးပွားရန် သမုဒယကိစ္စနှင့်သာ နေ့ကုန်ရက်မျော တသောသော နေကြကုန် သည်။ ။ ဤကားနိရောဓ ဓာတ်သည် ပရမတ္ထအားဖြင့်ထင်ရှားရှိကြောင်း, နိရောဓဓာတ် ပရမတ္ထအားဖြင့် ထင်ရှားရှိပေသည့် အတွက်ကြောင့် သမုဒယ ဓာတ်ကို သတ်ဖြတ်၍ သံသရာစက်မှ ထွက်ပေါက် ပေါ်နိုင်ကြောင်းကို ယုတ္တိ အရပ်ရပ်နှင့် အထပ်ထပ် ပြဆိုသော အခန်းတည်း၊ အထပ်ထပ်ပြဆိုသည်မှာလည်း နိရောဓ ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ်တရားမဟုတ်၊ တုစ္ဆအဘာဝမျှသာတည်းဟု ဗကဗြဟ္မာမင်းကြီးကဲ့သို့ ထင်မြင်မှတ်ယူပြောဆိုသူများလှ၍ ထင်ရှားအောင် ဆိုလိုက်ပါသတည်း။ ။

ဤတွင်ရွေ့ကား-
"အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရနိရောဓော၊
လ၊ ဧဝမေတဿ
ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရုရာဓော ဟောတိ"
ဟူသော ဒေသနာမြတ်အရ
ပဋိလောမ ပဋိစ္စသမုပ္ပါဒ် နိရောဓဓာတ်ကြီးကို ပြဆိုခန်း
ပြီး၏။

www.dhammaransi.com



# နိဂုံး

ဧတ္တာဝတာစ-

နဂရေ ဒီပရင်္ဂမှို ဂါမေ စိုင်ပြင်တိနာမကေ။
အဋ္ဌသုညဒွ ယေကမှို သာကေ ဇာတေန ယာ မယာ။
မုံရွာ ဂါမေ အရည‌မှို လယ်တီတိပိဿုတာလယေ။
ဝသတာ မဟတော ဘိက္ခု ဂဏဿ ဟိတကာရိနာ။
အဋ္ဌဘိနာ နရဇိနာ၊ ကာရိတေ ဒီဃစက်မေ။
ကျိုက်ထိုနဂရဝါသီဟိ၊ ဓမ္မကာမေဟိ ဝိညုဘိ။
ပုနပ္ပုနံ ယာထိတေန၊ ပါဠိယတ္ထသုဒဿိနာ။
ပဋိစ္စသမုပ္ပါဒဿ၊ သင်္ခတာ အတ္ထဒီပနာ။
သုနိဋ္ဌိတာ အယံကထာ၊ နိဋ္ဌယာ နိရုပဒ္ဒဝါ။
တိဆဒွယေကသာကမှို၊ ဝေသာခေ ဇုဏှတေရသေ။
တထေဝ က္ကမလောကမှို၊ ဇနာ သဗ္ဗေပိ နိဋ္ဌယာ။
က္ကမမတ္ထံ သီယံ ဥ တွာ၊ ဟောန္တု ဝိဝဋ္ဋဘာဂိနောတိ။

စ၊ နိဂုံးခါးပတ် အဆုံးသတ် စကားကို ဆိုပေအံ့။ ။ ဧတ္တာဝတာ၊ ဤမျှအတိုင်း အရှည်ရှိသော စကားအရပ်ရပ်ဖြင့်။ ဒီပရင်္ဂမှို၊ ဒီပဲရင်း အမည်ရှိသော၊ နဂရေ၊ မြို့ကြီး၌။ စိုင်ပြင်တိ နာမကေ၊ စိုင်ပြင် အမည်ရှိသော။ ဂါမေ၊ ရွာကြီး၌။ အဋ္ဌသုညဒွယေကမှို၊ ၁၂၀၈ - ခုမျှသော။ သာကေ၊ ကောဇာသက္ကရာဇ်၌။ ဇာတေန၊ ဖွားမြင်ထသော။ မုံရွာဂါမေ၊ မုံရွာမြို့၌။ အရညမှို၊ ကုလလေးတာ ပြန်ငါးရာလျှင် အကွာထောက်သန်း ငှက်မင်းနန်းဟု ရိပ်စမ်းကြည်လင် တောရပ်ခွင်၌။ လယ်တီတိဝိဿုတာလယေ၊ လယ်တီတောရ အမည်ဖြင့် ရွှင်စည်ပျံ့သင်း ပင်လယ်ချဉ်းအောင် သတင်းဆူလှိုက်တောကျောင်းတိုက်၌။ ။ နရဇိနာ၊ နိမိတ်ဇမ္ဗူ အတိတ်ယူသော် ဗိုလ်လူအထု အုပ်နယ်စုဝယ် သူ့ဘုန်းတန်ခိုး အမျိုးမျိုးဖြင့် စိုးမိုးပိုင်နိုင် စွမ်းရည်လှိုင်သောကြောင့် မောင်လူနိုင် အမည်ရှိထသော။ အဋ္ဌဘိနာ၊ ရဟန်းပဥ္စင်း, ရေတွင်း, ရေကန်, စကြံစရပ်, ပိဋကတ်သုံးပုံ အလုံးစုံကို အကုန် ပြုစုကိုးကွယ်မှုဖြင့် ဗဟုပညာ

www.dhammaransi.com



ဂုဏ်ဝါက္ကဒ္ဓိ ဖိတ်ဖိတ်ငြိသော ပိဋကတ်တကာ အဠဘက် သူရဲကောင်း ငွေဓားရမင်းသည်။ ကာရိတေ၊ ဦးတည် ကြပ်မတ် ဆောက်လုပ်အပ်သော။ ဒီယစက်မေ၊ ကျွန်းမြတ်ဒီပ သီဟဠဝယ် စေတိယခေါ် တောင်အမော်၌ ထေရ်ကျော်မဟိန် ထိန်တဘုန်းဝေ သုံးပစေဟု ဒေဝါနံပိယ ဒီပသေဌ်မင်း ဆောက်လှူနှင်းသည့် စကြံအလား အလျားအတောင် ခြောက်ဆယ် စားစားကယ်သည့် ရှည်သွယ် ပြန့်ညောင်း စင်္ကြံကျောင်း၌။ ဝသတာ၊ နေ့ဝါ, ညဝါ ပို့ချကာလျှင် က္ကရိယာပထ မျှတမှီတင်း သီတင်းသုံးနေထသော။ မဟာတော ဘိက္ခုဂဏာဿ၊ များစွာသော ရဟန်းအပေါင်း၏။ ဟိတကာရိနာ၊ ပရိယတ်, ပဋိပတ် အမြတ်နှစ်စု စီးပွားမှုကို ပြုစုအားထုတ်ကာ နေလေ့ရှိသော။ မယာ၊ လယ်တီတောကျောင်းဆရာ ငါသည်။ ဓမ္မကာမေဟိ၊ ပဋိစ္စသမုပ္ပါဒ် အမြတ်တရား သဘောသွားကို ခြားနားရှင်းလင်း ကွင်းကွင်းကွက်ကွက် အချက်ကျကျ သိလိုကြကုန်သော။ ကျိုက်ထိုနဂရဝါသီဟိ၊ ကျိုက်ထိုမြို့ဝယ် လူတို့အလိုက် ကျင့်စရိုက်ဖြင့် အမြိုက်နိဗ္ဗူ ဆိတ်အငူကို စိတ်တူသွင်းငဲ့ အသက်မဲ့လျက် တကယ့်ဆန္ဒ အကြံလှသဖြင့် ဓမ္မဆော်ကြွေ့ သူတော်ဓလေ့နှင့် ပျော်မွေ့စွာ နေလေ့ရှိကြကုန်သော။ ဝိညူဟိ၊ လူပညာရှိ အပေါင်းတို့သည်။ ပုနပ္ပုနံ၊ အဖန်ဖန်အခါခါ။ ယာစိတေန၊ စာလွှာထည့်လတ် တောင်းပန်အပ်သည် ဖြစ်၍။ ပါဠိယတ္ထ ယုဒ္ဒသိနာ၊ ပဋိစ္စသမုပ္ပါဒ် ပါဠိတော်များ၏ အတ္ထအချက်အနက်သဘောကို ကောင်းစွာ မြင်လေ့ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပဋိစ္စသမုပ္ပါဒဿ၊ ပဋိစ္စသမုပ္ပါဒ် ပါဠိတော်မြတ်၏။ အတ္ထဒီပနာ၊ အနက်သဘောကို ပြဆိုရာ ပြဆိုကြောင်းဖြစ်သော။ ယာကထာ၊ အကြင်စကားကို။ သခ်တာ၊ ကောင်းစွာ ပြုပြင်အပ်ပြီ။ ။ အယံကထာ၊ ဤစကားသည်။ တိဆဒ္ဒယေကသာကမှိ၊ သက္ကရာဇ် ၁၂၆၃ - ခု၌။ ဝေသာခေ၊ ကဆုန်လ၌။ ဇုဏှာတေရသေ၊ လဆန်း ၁၃ ရက်၌။ နိဗ္ဗာယာ၊ ဘေးမရှိသည်ဖြစ်၍။ နိရုပဒ္ဒဝါ၊ ဥပဒ္ဒဝေါ မရှိသည်ဖြစ်၍။ သုနိဋ္ဌိတာ၊ ကောင်းစွာပြီးပြီ။ ။ တထေဝ၊ ထို့အတူသာလျှင်။ ဣဓလောကမှိ၊ ဤလောက၌၊ သဗ္ဗေပိ၊ အားလုံးစုံလည်း ဖြစ်ကုန်သော။ ဇနာ၊ သတ္တဝါအပေါင်းတို့သည်။ နိဗ္ဗာယာ၊ ဘေးဘယာခပ်သိမ်းမှ ကင်းငြိမ်း ကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ဣမံအတ္ထံ၊ ဤပဋိစ္စသမုပ္ပါဒ် သဘောကို။ သီဃံ၊ လျင်မြန်စွာ။ ဉတွာ၊ သိကြကုန်၍။ ဝိဝဋ္ဋဘာဂိနော၊ သံသရာဝဋ်မှ ကျွတ်လွတ်ခြင်းအဖို့ ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဣတိ၊ ဤတွင်ပြီး၏။

### ပဋိစ္စသမုပ္ပါဒဒီပနီကျမ်း ပြီး၏

www.dhammaransi.com

# အာဟာရဒီပနီ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## ၁ - အာဟာရ အတွက် ဒုက္ခစက်

ကဗဠီကာရေ ဘိက္ခဝေ အာဟာရေ ပရိညာတေ ပဉ္စကာမ-
ဂုဏိကော ရာဂေါ ပရိညာတော ဟောတိ၊ ပဉ္စကာမဂုဏိကေရာဂေ
ပရိညာတေ အရိယသာဝကဿ နတ္ထိ တံ သံယောဇနံ၊ ယေနသံယောဇနေန
သညုတ္တော အရိယသာဝကော ပုန ဣမံ လောကံ အာဂစ္ဆေယျ။

(နိဒါနဝဂ္ဂသံယုတ် ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ကဗဠီကာရေ အာဟာရေ၊ စားဖွယ်သောက်ဖွယ် ခဲဖွယ် လျက်ဖွယ်ဟု ဆိုအပ်သော လေးမျိုးသော ကဗဠီကာရ အာဟာရကို။ ပရိညာတေ၊ ထိုးထွင်း၍ သိမှုဉာဏ် အခွင့်အဆုံးတိုင် ပြီးစီးပိုင်နိုင်သည်ရှိသော်။ ပဉ္စကာမဂုဏိကော၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ ဟူ၍ ငါးပါး အပြားရှိသော ကာမဂုဏ်၌

www.dhammaransi.com



တွယ်တာသော။ ရာဂေါ၊ ကာမရာဂကို။ ပရိညာတော၊ ပယ်ဖြတ်မှုအပြီးတိုင် ပိုင်နိုင်တော့သည်။ ဟောတိ၊ ဖြစ်၏။ ပဉ္စကာမဂုဏိကော၊ ကာမဂုဏ်ငါးပါး၌ တွယ်တာသော။ ရာဂေ၊ ကာမရာဂကို။ ပရိညာတေ၊ အပြီးတိုင် ပိုင်နိုင်သည်ရှိသော်။ ယေနသံယောဇနေန အကြင် ကာမရာဂ သံယောဇဉ်ဖြင့်။ သညုတ္တော၊ ကာမဂုဏ် ငါးပါး၌ တထွေးလုံးလုံး ယှဉ်စပ် ဖက်တွဲ၍ နေသော။ အရိယသာဝကော၊ ငါဘုရားတပည့်သားသည်။ ပုန၊ တစ်ဖန်။ ဣမံလောကံ၊ ဤကာမ တစ်ဆယ့်တစ်ဘုံသို့။ အာဂစ္ဆေယျ၊ ပဋိသန္ဓေ နေသော အားဖြင့် ပြန်လာရာ၏။ အရိယသာဝကဿ၊ ကာမဂုဏ် ငါးပါး၌ တွယ်တာသော ရာဂကို ပယ်ဖြတ်မှု၌ အပြီးတိုင် ပိုင်ပြီးသော ငါဘုရားတပည့်သားအား။ တံသံယောဇနံ၊ ထိုကာမဘုံ၌ တစ်ဖန် ပဋိသန္ဓေနေရန် သံယောဇဉ်တရားသည်။ နတ္ထိ၊ မရှိပြီ။

ကဗဠီကာရ အာဟာရ၌ ဉာဏ်အခွင့် အပြီးတိုင် ပိုင်သည်ရှိသော်ကာမရာဂ ၌လည်း ဉာဏ်အခွင့်အပြီးတိုင် ပိုင်လေတော့သည်။ ကာမရာဂ၌ အပြီးတိုင် ပိုင်သည်ရှိသော် ကာမတစ်ဆယ့်တစ်ဘုံ၌ ပဋိသန္ဓေ[၁] တစ်ဖန် နေဖွယ်ကိစ္စမရှိပြီ၊ ဗြဟ္မာ့ပြည်သို့ သွားဖို့သာ ရှိတော့သည်ဟု ဆိုလိုသတည်း၊ ကဗဠီကာရ အာဟာရ[၂] အပြီးတိုင် ပိုင်နိုင်မှု ဆိုသည်ကား ဉာတပရိညာ, တီရဏပရိညာ, ပဟာန ပရိညာဟုဆိုအပ်သော ပရိညာ သုံးပါး အစဉ်အတိုင်း အသီးသီး အခွင့်ကုန်ပြီးစီး၍ သွားသဖြင့် ကဗဠီကာရ အာဟာရ၌ သာယာ တွယ်တာသော တဏှာချုပ်ကွယ် ကုန်ဆုံး၍ ကဗဠီကာရ အာဟာရနှင့် စပ်သော ဒုက္ခအပေါင်းမှ အချင်းခပ်သိမ်း လွတ်ငြိမ်းခန်းသို့ ဆိုက်ရောက်သည်ကို အပြီးတိုင် ပိုင်နိုင်မှုဆိုသတည်း။

## ပ ရိ ညာ သုံး ပါး

ပရိညာသုံးပါးတွင်(၁) ဉာတပရိညာဆိုသည်ကား သိမှုအခွင့် အပြီးတိုင် ပိုင်နိုင်သည်ကို ဆိုသတည်း။

(၂) တီရဏပရိညာဆိုသည်ကား အနိစ္စဟု ပိုင်းခြားမှု ဒုက္ခဟု ပိုင်းခြားမှု အနတ္တဟု ပိုင်းခြားမှု အပြီးတိုင် အခွင့်တုံးသည်ကို ဆိုသတည်း။

---

၁။ ပဋိသန္ဓေ = ပဋိသန္ဓိ။(ပါဠိ) ဘဝနှစ်ရပ်စပ်မှု။

၂။ ကဗဠီကာရအာဟာရ = အလုပ်အကျွေးပြုအပ်သော အစားအစာ။

www.dhammaransi.com



(၃) ပဟာနပရိညာဆိုသည်ကား ကဗဠီကာရ အာဟာရ၌ သာယာသော တဏှာကို အမြစ်အရင်းနှင့်တကွ အကြွင်းအကျန်မရှိ ပယ်ဖြတ်မှု အပြီးတိုင် ပိုင်နိုင်သည်ကို ဆိုသတည်း။

ဤကဗဠီကာရ အာဟာရ၌ ထိုပရိညာ ၃ - ပါးတို့ကို အမြွက်မျှ ပြဆိုပေအံ့။

**အာဟာရံ ဇာနာတိ၊ အာဟာရသမုဒယံ ဇာနာတိ၊ အာဟာရ နိရောဓံ ဇာနာတိ၊ အာဟာရနိရောဓဂါမိနိပဋိပဒံ ဇာနာတိ။**

**ဤကား ဉာတပရိညာ အခွင့် ၄ - ပါးတည်း။**

အာဟာရံ၊ အာဟာရဒုက္ခကို။ ဇာနာတိ၊ ပိုင်ပိုင်သိ၏။ အာဟာရ သမုဒယံ၊ အာဟာရဒုက္ခ ဘဝအစဉ် ကမ္ဘာအစဉ် မြစ်ရေယဉ်ကဲ့သို့ အစဉ်ဖြစ်ပွားရန် အကြောင်းရင်း တရားကို။ ဇာနာတိ၊ သိ၏။ အာဟာရနိရောဓံ၊ အာဟာရဒုက္ခ၏။ အပြီးတိုင် ချုပ်ငြိမ်းမှုတရား ထင်ရှားရှိသည်ကို။ ဇာနာတိ၊ သိ၏။ အာဟာရ နိရောဓဂါမိနိပဋိပဒံ၊ အာဟာရဒုက္ခ ချုပ်ငြိမ်းမှုသို့ဆိုက်ရောက်စေနိုင်သော ပဋိပတ်[၁] နည်းလမ်းကို။ ဇာနာတိ၊ သိ၏။

လက္ခဏာရေး မတင်မီ ရှေးအဖို့၌ သိမြင်ခွင့်ရသော ဉာတပရိညာ အခွင့် ၄-ပါးတည်း။ ထို ၄ - ပါးတွင်-

## ပထမ ဒုက္ခစက်

အာဟာရဒုက္ခကို သိခြင်းဆိုသည်ကား ကဗဠီကာရာဟာရ၌ ရှာမှီးမှုဒုက္ခ ကြီးကျယ်ပုံကို သိအပ်၏၊ သတ္တဝါတို့၌ အသက်မွေးမှု ဒုက္ခ ကြီးကျယ်ပုံကို သိရမည် ဆိုလိုသည်၊ မြေပေါ်ရှိ သတ္တဝါ ရေသတ္တဝါ ကျီးငှက်စသော ကောင်းကင်ရှိ သတ္တဝါတို့မှာ အိပ်သောအခါကို ချန်လှပ်၍ အာဟာရကိစ္စနှင့် အသက်ရှည်သမျှ နေ့နေ့ညည ကြောင့်ကြစိုက်ကြ အားထုတ်ကြသော အခွင့်တွေကို သိမြင်ကြသဖြင့် အသက်မွေးမှု ဒုက္ခ ကြီးကျယ်ပုံ ကြပ်တည်းပုံကို သိနိုင်ကြကုန်ရာ၏။

**ဤကား - ကဗဠီကာရအာဟာရ၌ ရှေးဦးစွာ သိအပ်သော ဒုက္ခစက်တည်း။**

---

၁။ ပဋိပတ် = ပဋိပတ္တိ(ပါဠိ)ကျင့်ဝတ်။

www.dhammaransi.com



## ဒုတိယ ဒုက္ခစက်

လူတို့၌ အသက်မွေးမှု အတွက်နှင့် ပစ္စည်းဥစ္စာ ရှာခန်းမှာ တွေ့ကြုံကြရသော ဘေးဥပဒ်[၁] အနန္တ[၂] ရှိ၏၊ ဇမ္ဗူဒီပါ[၃] မြေအပြင်မှာ တစ်နေ့တစ်နေ့လျှင် အစာအာဟာရ ရှာမှု ပစ္စည်းဥစ္စာရှာမှု အခွင့်မှာ ဘေးတွေ့၍ သေဆုံးကြရသော ကုန်း သတ္တဝါသည် အသင်္ချေယျ[၄] အနန္တ များပြားရာ၏၊ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးသွယ် မဟာသမုဒ္ဒရာ စသော ရေသတ္တဝါတို့မှာ ဆိုဖွယ်ရာမရှိပြီ။

ဤသည်ကား ကဗလီကာရအာဟာရ၌ နှစ်ကြိမ်မြောက် သိအပ်သော ဒုတိယ ဒုက္ခစက်တည်း။

* * *

## တတိယဒုက္ခစက်

အသက်မွေးရန် ပစ္စည်းဥစ္စာ အစာ အာဟာရကို လိုချင်တောင့်တမှုနှင့် မပြတ်မစဲ အမြဲဖြစ်ပွားကြသောလောဘမီး, ဒေါသမီး, မောဟမီး ပစ္စည်း ဥစ္စာ အစာ အာဟာရ ကို ရလေအောင် ရှာဖွေအားထုတ်မှုနှင့် ဖြစ်ပွားကြသော လောဘမီး, ဒေါသမီး, မောဟမီး ရှာကြံ လုပ်ဆောင်ပါလျက် အခွင့် မပေးအရေးမလှ၍ ဖြစ်ပွားကြသော ၎င်းမီး ၃-ပါး၊ အခွင့်ပေး၍ရသဖြင့် စောင့်ရှောက်မှု ထိန်းသိမ်းမှု စသည်တို့နှင့် ဖြစ်ပွားကြသော၎င်းမီး ၃- ပါး။

ဤကား ကဗလီကာရ အာဟာရ၌ သုံးကြိမ်မြောက် သိအပ်သော တတိယ ကိလေသ ဒုက္ခစက်တည်း

* * *

---

၁။ ဥပဒ် - ဥပဒ္ဒဝ (ပါဠိ) ဘေးရန်။

၂။ အနန္တ (ပါဠိ) အဆုံးပိုင်းအခြား မရှိသော အရာ။

၃။ ဇမ္ဗူဒီပါ - ဇမ္ဗူဒီပ (ပါဠိ) ဇမ္ဗူ သပြေပင်ဖြင့် မှတ်အပ်သော လက်ျာတောင်ကျွန်း။

၄။ အသင်္ချေယျ (ပါဠိ) မရေမတွက်နိုင်သော သင်္ချာ။

www.dhammaransi.com



## စတုတ္ထ ဒုစ္စရိုက် ဒုက္ခစက်

အသက်မွေးမှုကဲ့သို့ ကြီးကျယ်သော ဒုစ္စရိုက်[၁] နယ်ကြီးမည်သည် လောကၥ် တစ်စုံတစ်ခုမျှမရှိ၊ ပါဏာတိပါတ ဒုစ္စရိုက်သည်လည်း အသက်မွေးမှုမှာ အကြီးကျယ်ဆုံး တည်း။ ရေသတ္တဝါ ကုန်းသတ္တဝါ ကောင်းကင် သတ္တဝါ တို့၌ သူ့အသက်ကို မစားသော သတ္တဝါမျိုးသည် အလွန်နည်းပါးလှ၏၊ သတ္တဝါမျိုး တစ်ကုဋေမှာ တစ်မျိုးကျ မရှိလေရာ၊ အဒိန္နာဒါန် ဒုစ္စရိုက်စသည်တို့မှာလည်း ဤနည်းတူ ထိုက်သည်အားလျော်စွာ သိလေ။

ဤကား ကဗဠီကာရ အာဟာရ၌ လေးကြိမ်မြောက်
သိအပ်သော စတုတ္ထ ဒုစ္စရိုက်စက်တည်း။

* * *

## ပဉ္စမ ဝိပါက ဒုက္ခစက်

ထိုဒုစ္စရိုက်စက်ကြီးသည် အာဟာရအမှုနှင့် မိမိအတွင်းသို့ ပါဝင်သမျှသော မြေပေါ်ရှိ သတ္တဝါ ရေနေသတ္တဝါ ကောင်းကင်နေ သတ္တဝါတို့ကို နေ့စဉ်အတိုင်း အပါယ်ငရဲသို့ အတွင် ပစ်ချလေ၏။ အပါယ် ၄ - ဘုံ[၂] ၌ ရှိသမျှသော သတ္တဝါတို့အဖို့ အသိန်း အသန်း အကုဋေ ပုံစုသော်လည်း တစ်ပါးသော အခွင့်နှင့် အပါယ်သို့ ကျရောက်သော သတ္တဝါမျိုးသည် တစ်ပုံတစ်စု စာမျှမရှိလေရာ၊ အာဟာရမှု အသက်မွေးမှုနှင့် ကျရောက်သော သတ္တဝါ တို့သည်သာ အများကြီး များလေကုန်ရာ၏။ ထို့ကြောင့် စကြဝဠာ[၃] အနန္တ၊ ကမ္ဘာအနန္တမှာပင် အပါယ် ၄ - ဘုံ ရှိနေရသည်ကား အာဟာရမှုအသက်မွေးမှု ဒုစ္စရိုက်စက်ကြီး၏ အတတ်ပေတည်းဟု ဆိုသင့်၏။

ဤကား ကဗဠီကာရ အာဟာရ၌ ငါးကြိမ်မြောက် သိအပ်သော
ပဉ္စမ ဝိပါက စက်ကြီးတည်း။
ဤတွင် ရွှေ့ကား
ခံတွင်းသို့ မရောက်မီ ရှေးအဖို့၌ဖြစ်သော ကဗဠီကာရ အာဟာရ
ဒုက္ခစက်ကြီး ငါးရပ်ကို ပြသော အခန်းတည်း။

---

၁။ ဒုစ္စရိုက် - ဒုစ္စရိတ (ပါဠိ) မကောင်းသောအကျင့်။
၂။ အပါယ် ၄ ဘုံ - ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်။
၃။ စကြဝဠာ - လေးကျွန်းတစ်မြင့်မိုရ်ကို ခေါ်သည်။

www.dhammaransi.com



## ပထမဒုက္ခစက်

(၁) စားပြီး မျိုပြီးသောအခါ၌ ကျင်ကြီးကျင်ငယ်မှုဒုက္ခ မျက်ရည်, မျက်ချေး, နှပ်, တံတွေး, ချွဲကန်း သလိပ်စသော စက်ဆုပ်ဖွယ်သော အစုတို့ကို စမ်းပွက်ရေယာဉ် ကဲ့သို့ အစဉ်အမြဲ ပွားစီးမှုဒုက္ခ၊ မျိုပြီး၍ ဝမ်းတွင်းသို့ရောက်ပြီးသောအခါ၌ တစ်ကိုယ် လုံးကို ပျံ့နှံ့သဖြင့် အတွင်းသန္တာန်တစ်ကိုယ်လုံးအညီအပုပ် အနံ့အစော်ချည်း ဖြစ်၍ ကုန်ရသောဒုက္ခ။

ဤကား မျိုပြီးသော ကဗဠီကာရ အာဟာရ၌ ရှေးဦးစွာ သိအပ်သော ပထမ ဒုက္ခစက်ကြီးတည်း။

* * *

## ဒုတိယဒုက္ခစက်

(၂) အာဟာရ၏ အစွမ်းကြောင့် ဖြစ်ပွားသော အနာမျိုး ရောဂါမျိုးဒုက္ခ၊ အနာရောဂါအတွက် မျက်စိအင်္ဂါ ပျက်စီးရသောဒုက္ခ၊ နားအင်္ဂါပျက်စီးရသောဒုက္ခ၊ နှာအမျိုးမျိုး ဖြစ်ပွားသောဒုက္ခ၊ ပန်းနာအမျိုးမျိုးဖြစ်ပွားသော ဒုက္ခ၊ ကျောက်ဆိုးရောဂါ အမျိုးမျိုး ဖြစ်ပွားသော ဒုက္ခ၊ ထိုထိုရောဂါနှင့် သေဆုံးကြရသော ဒုက္ခ။

ဤကား မျိုပြီးသော ကဗဠီကာရအာဟာရ၌ နှစ်ကြိမ်မြောက် သိအပ်သော ဘေးဥပဒ် ဒုက္ခစက်ကြီးတည်း။

* * *

## တတိယဒုက္ခစက်

(၃) ဝမ်း၌ အစာအာဟာရ မရှိသော သူတို့အား လောဘ စသော တစ်ထောင့် ငါးရာ ကိလေသာမီးတို့သည် ထက်သန်စွာ ထကြွတောက်ပွားခြင်းငှာ မတတ်နိုင် ကြကုန်၊ ဝမ်း၌ အစာအာဟာရ တောင့်တင်းသော အခါမှ ထက်သန်စွာ ထကြွ တောက်ပွား နိုင်ကြကုန်၏။ နတ်ပြည် ၆ ထပ် နတ်မင်း သိကြားမင်းတို့ပင် ဖြစ်သော် လည်း ဝမ်း၌ အစာအာဟာရ မရှိကြလျှင် နတ်မိဖုရားတို့နှင့် ခံစားမှု စံစားမှု ပျော်ပါးမှု ရွှင်မြူးမှုတို့ကို ပြုလိုသော လောဘ မရှိနိုင်ကြကုန်၊ ဝမ်း၌ အစာအာဟာရ ရှိသည်နှင့် တစ်ပြိုင်နက် တစ်ထောင့်ငါးရာ ကိလေသာမီးတို့သည်

www.dhammaransi.com



ထက်သန်စွာ တောက်ပွား နိုင်ကုန်၏။ လောဘ ကိလေသာမှု ဒေါသ ကိလေသာမှု မောဟ ကိလေသာမှု စသည်တို့ကို စိတ်ဖြင့် ကြံစည်နိုင်ကြကုန်၏၊ နှုတ်ဖြင့် ပြောဆိုနိုင်ကြကုန်၏၊ ကိုယ်ဖြင့် ပြုကျင့် လိုက်စားနိုင်ကြကုန်၏။

ဤကား မျိုးပြီးသော ကဗဠီကာရအာဟာရ၌ သုံးကြိမ်မြောက် သိအပ်သော ကိလေသာပွားများမှု ဒုက္ခစက်ကြီးတည်း။

* * *

## စတုတ္ထ ဒုစ္စရိတ ဒုက္ခစက်

(၄) စစ်ကိုက်ခြင်း တံငါ မုဆိုး သူခိုး ဓားပြ အမှုတို့ကို ပြုလုပ်ခြင်း တိရစ္ဆာန်သတ္တဝါမျိုးဖြစ်၍ သူတစ်ပါးကို ကိုက်ခဲညှဉ်းပန်းခြင်း အစရှိသော လောက၌ ထင်ကြမြင်ကြသမျှသော ဒုစ္စရိုက် ဆယ်ပါး၌ ပွားများခြင်း ဒုစ္စရိတဒုက္ခ။

ဤကား မျိုးပြီးသော အစာအာဟာရ၌ လေးကြိမ်မြောက် သိအပ်သော ဒုစ္စရိတ ဒုက္ခစက်ကြီးတည်း။

* * *

## ပဉ္စမဝိပါက ဒုက္ခစက်

(၅) ထိုဒုစ္စရိတ စက်ကြီးမှ အပါယ်လေးဘုံသို့ အကုန်လဲကြ ကျရောက်ကြလေသော ဒုက္ခမှာ ရှေးနည်းအတိုင်း သိလေ။

ဤကား မျိုးပြီးသော အစာအာဟာရ၌ ငါးကြိမ်မြောက်သိအပ်သော ဝိပါက ဒုက္ခစက်ကြီးတည်း။

ဤတွင်ရွေ့ကား
မျိုးပြီးသော အစာအာဟာရ အတွက် ဖြစ်ပွားကြသော
ဒုက္ခစက်ကြီး ငါးရပ်ကို ပြဆိုခန်းပြီး၏။

* * *

www.dhammaransi.com



## ၂- ကဗဠီကာရ၌ ဉာတပရိညာ

ရှေးအဖို့၌ ဒုက္ခစက်ကြီးငါးပါး၊ နောက်အဖို့၌ ဒုက္ခစက်ကြီးငါးပါးဟူ၍ ကဗဠီကာရ အာဟာရ၌ ဒုက္ခစက်ကြီးဆယ်ပါးဖြစ်၏။ ။ ဤသည်ကား ကဗဠီကာရ အာဟာရ၌ အကြမ်းအားဖြင့် ပြလိုက်သော ဉာတပရိညာ အချက်တည်း။

### ပထမ ဉာတပရိညာ

အနုစိတ်ဖွယ် အလွန်များသေး၏၊ ဤဉာတပရိညာ အခွင့်တို့၌ အသိဉာဏ် ပိုင်နိုင်သဖြင့် ထိုအခွင့်တို့ကို ဖုံးလွှမ်းကွယ်ကာ၍ နေသော အဝိဇ္ဇာမောဟ ကင်းကွာသောအခါ "အာဟာရံဇာနာတိ" ဟူသော ပထမ ဉာတပရိညာ အခွင့်ပြည့်စုံ၏။

### ဒုတိယ ဉာတပရိညာ

"အာဟာရ သမုဒယံ ဇာနာတိ" ဟူသော ဒုတိယ ဉာတပရိညာ၌ ကဗဠီကာရ အာဟာရ၌ သာယာသော တဏှာသည် အာဟာရဒုက္ခပွားများကြောင်း အာဟာရ သမုဒယမည်၏။ ။ ထိုတဏှာ ရှိနေသမျှ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်တို့၌ ပြဆိုခဲ့ပြီးသော ကဗဠီကာရ အာဟာရ ဒုက္ခစက်ကြီး ဆယ်ပါးသည် အပြီးစွပ်လျက်လိုက်၏၊ ထမင်းအစာ စားသောက်ကြသောအခါ၌ အာဒီနဝဉာဏ်[၁] မပါဘဲ သာယာနှစ်သက်သော စိတ်ဖြင့် တစ်လုတ်တစ်လုတ်သော ထမင်းကို မျိုမိသည်ရှိသော် ပြဆိုခဲ့ပြီးသော ဒုက္ခစက်ကြီး ဆယ်ပါးကို ဘဝအဆက်ဆက် မျိုးဗီဇမပြတ်စေခြင်းငှာ ဝမ်းတွင်းသို့ မျို၍မျို၍ ထားသည်မည်၏။

ဤကား 'အာဟာရသမုဒယံ ဇာနာတိ" ဟူသော
ဒုတိယ ဉာတပရိညာ အချက်တည်း။

* * *

---

၁။ အာဒီနဝဉာဏ် - အပြစ်ဟု ရှုလေ့ရှိသောဉာဏ်။

www.dhammaransi.com



## တတိယ ဉာတပရိညာ

"အာဟာရနိရောဓံ ဇာနာတိ" ဟူသော တတိယ ဉာတပရိညာ၌ ထိုကဗဠီကာရ အာဟာရ ဒုက္ခစက်ကြီးဆယ်ပါးသည် ခပ်သိမ်းသော သတ္တဝါ တို့၌ပင်လျှင် အနမတဂ္ဂ သံသရာ[၁] မှာ အစဉ်ထာဝရ အမြဲ လိုက်ပါ၍သာ နေမြဲဓမ္မတာမဟုတ်၊ အပြီးတိုင် ကွယ်ပျောက်ချုပ်ငြိမ်းအောင် ပြုလုပ်နိုင်ပါလျှင် အပြီးတိုင် ကွယ်ပျောက် ချုပ်ငြိမ်းခွင့်လည်း ကေန္တရှိ၏ဟု သိခြင်းသည် "အာဟာရနိရောဓံ ဇာနာတိ " မည်၏။

ကဗဠီကာရ အာဟာရ၌ သာယာသောတဏှာ အပြီးတိုင် ချုပ်ငြိမ်းလျှင် ထိုဒုက္ခစက်ကြီး ဆယ်ပါးသည် အပြီးတိုင် ချုပ်ငြိမ်း၏ဟု သိသည်ဟူလို။

"အာဟာရနိရောဓံဇာနာတိ" ဟူသော
တတိယ ဉာတပရိညာ ပြီး၏။

* * *

## စတုတ္ထ ဉာတပရိညာ

"အာဟာရ နိရောဓဂါမိနိပဋိပဒံ ဇာနာတိ" ဟူသော စတုတ္ထ ဉာတ ပရိညာ၌ မဂ္ဂင်ရှစ်ပါးကို ပွားများသည်ရှိသော် အာဟာရ ဒုက္ခနိရောဓ အခွင့်သို့ ကေန်ဆိုက်၏ ရောက်၏ဟု သိသည်ဟူလို။

"အာဟာရနိရောဓဂါမိနိပဋိပဒံ ဇာနာတိ" ဟူသော
စတုတ္ထ ဉာတပရိညာ ပြီး၏။

ဤတွင် ဉာတပရိညာခန်း ပြီး၏။

* * *

---

၁။ အနမတဂ္ဂသံသရာ - အဆုံး အပိုင်းအခြား မရှိသောရုပ်, နာမ်, ခန္ဓာ တို့၏ ဖြစ်စဉ်။

www.dhammaransi.com



## ၃ - ကဗလိကာရ၌ တီရဏပရိညာ

တီရဏပရိညာ၌ အနိစ္စပရိညာ၊ ဒုက္ခပရိညာ၊ အနတ္တပရိညာ ဟူ၍ တီရဏ ပရိညာ အပြားသုံးပြား ရှိ၏။

### အနိစ္စပရိညာ

အနိစ္စပရိညာ ဆိုသည်ကား - သတ္တဝါတို့၏ ခန္ဓာကိုယ်သည် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာဟူ၍ နှစ်ပါးရှိ၏၊ ရုပ်ကိုယ် နာမ်ကိုယ်ဟူ၍ နှစ်ကိုယ်ရှိ၏ဟူလိုသည်၊ ရုပ်ကောင် နာမ်ကောင်ဟူ၍ နှစ်ကောင်ရှိ၏ ဟူ၍သော် လည်းဆို၊ မြေဓာတ်, ရေဓာတ်, မီးဓာတ်၊ လေဓာတ်- စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ အစ ရှိသော ရုပ်စု ရုပ်ပေါင်း ရုပ်တုံး ရုပ်ခဲစုသည် ရုပ်ခန္ဓာ ရုပ်ကိုယ် ရုပ်ကောင်မည်၏၊ စိတ်စေတနာ အစရှိသော နာမ်စု နာမ်ပေါင်း နာမ်တုံး နာမ်ခဲစုသည် နာမ်ခန္ဓာ နာမ်ကိုယ် နာမ်ကောင် မည်၏၊ ဤသို့ တစ်ယောက် တစ် ယောက်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ရုပ်ကောင် နာမ်ကောင်ဟူ၍ နှစ်ကောင်ရှိနေသည်တွင် ရုပ်ကောင်သည် လည်း တစ်နာရီအတွင်း မှာပင် ခုတင်ခု ခဏမစဲ သေဆုံး၍နေသော အနိစ္စမှုကြီး၊ နာမ်ကောင်၏လည်း ခုတင်ခု ခဏမစဲ သေဆုံး၍နေသော အနိစ္စမှုကြီး၊ ၎င်းနှစ်ပါးကို မျက်စိနှင့် မြင်သကဲ့သို့ ဒိဋ္ဌပစ္စက္ခ ရှုမြင်မှု ပိုင်နိုင်သည်ကို အနိစ္စပရိညာဆိုသည်။

* * *

### ဒုက္ခပရိညာ

အနိစ္စဘေးထိ၍, မရဏဘေးထိ၍, ဘေးဘေးထိ၍ ခုတင် ခုသေ၍ သေ၍နေရသော ရုပ်ကောင်, နာမ်ကောင် နှစ်ပါး၏ သုခမျိုးမဟုတ်၊ ဒုက္ခမျိုး စင်စစ်ဖြစ်မှုကို အလင်းထင်မြင် ဆုံးဖြတ်ပိုင်နိုင်သည်ကို ဒုက္ခ ပရိညာဆိုသည်။

* * *

### အနတ္တပရိညာ

လောက၌ ထင်မြင်ယူမှတ် အတတ်စွဲမြဲ၍ နေကြသော ပုဂ္ဂိုလ် သတ္တဝါ ငါ၊ သူတစ်ပါးယောက်ျား မိန်းမဟူသည်မှာ တစ်ဘဝလုံးမှာမှ တစ်ယောက်တစ် ယောက်သာတည်း၊ တစ်နာရီအတွင်းမှာပင် ငါ အခါခါ သေသည်၊ အခါခါ ပဋိသန္ဓေ

www.dhammaransi.com



နေသည်ဟူ၍ အယူမရှိကြ။ ။ ထိုပုဂ္ဂိုလ်သတ္တဝါ ငါ သူတစ်ပါး ယောက်ျား မိန်းမ၏ အထည်ခံ, အမာခံကား အတ္တတည်း၊ ထိုအတ္တ၏ အထည်ခံ, အမာခံမှာကား ဇီဝတည်း၊ ပုဂ္ဂိုလ်သတ္တ ဝါသည် တစ်ခုတစ်ခုသော ဘဝမှာ အသက်တမ်းရှည်သမျှ တစ်ဘဝလုံးမှာ တစ်ယောက်တစ်ယောက်သာ ဖြစ်ခဲ့၍ ထိုအထည်ခံ, အမာခံဖြစ်သော အတ္တဇီဝသည်လည်း တစ်ဘဝလုံးမှာမှ တစ်ခုသာ အမှန်ဖြစ်၏ဟု မှတ် ထင်စွဲ၍ နေကြ၏၊ ယခုလူတို့ အသက်တစ်ရာတမ်းမှာ အနှစ်တစ်ရာနေရသော သူလည်း ရှိ၏၊ အနှစ် တစ်ရာနေရသော သူသည် အနှစ် တစ်ရာအတွင်းမှာ အခါခါ သေမှု၊ အခါခါ ပဋိသန္ဓေနေမှု ဟူ၍မရှိ၊ အစ၌ အမိဝမ်းမှာ တစ်ခါ, ပဋိသန္ဓေနေခဲ့ပြီးလျှင် အနှစ်တစ်ရာပြည့်၍ စုတိကမ္မဇရုပ် ချုပ်ဆုံးမှ ဝါစ်ခါသာ သေသည် ဟု ထင်မြင်၍ နေကြ၏၊ အနှစ်ကိုးဆယ်နေ၍ သေသောသူ, ရှစ်ဆယ်နေ၍သေသောသူ စသည်တို့မှာလည်း ထိုနည်းတူ သိလေ။

ဇီဝမှာလည်း အနှစ်တစ်ရာတမ်း၌ အနှစ်တစ်ရာနေရသောသူသည် အနှစ်တစ်ရာ အသက်ရှည်၏၊ အနှစ်တစ်ရာလုံးမှာမှ တစ်သက်သာဖြစ်၏၊ ဇီဝတစ်ခုသာ ဖြစ်၏၊ အနှစ်တစ်ရာအတွင်း၌ ထိုသူမှာ အခါခါ အသက်ပျက်ဆုံးသည်ဟူ၍ မရှိ၊ သေဆုံးသည်ဟူ၍ မရှိဟု ထင်မြင်စွဲလမ်း၍ နေကြကုန်၏၊ စတုမဟာရာဇ် နတ်ပြည်မှာ အနှစ်ငါးရာ သက်တမ်းရှိ၏၊ ထိုသို့ရှိသည့်အလိုက် ထိုနတ်ပြည်မှာ ဖြစ်လေသော သူ၏ အသက် သည် အနှစ်ငါးရာပတ်လုံး မချုပ်မစဲ ခိုင်မြဲတည်နေ၏၊ အနှစ်ငါးရာလုံးမှာမှ တစ်သက်သာဖြစ်၏၊ အသက်တစ် ခုသာဖြစ်၏၊ ဇီဝတစ်ခုသာ ဖြစ်၏၊တစ်ယောက်သော နတ်မှာ ငါးရာအတွင်းတွင် အခါခါအသက် သေဆုံးသည်ဟူ၍ မရှိ၊ အခါခါဇီဝ ပျက်ဆုံးသည်ဟူ၍မရှိဟု ထင်မြင်မှတ်စွဲ၍ နေကြကုန်၏၊ တာဝတိံသာ စသော အထက်နတ် ပြည် ဗြဟ္မာ့ပြည် အသက်တမ်းတို့၌လည်း ထိုနည်းအတူသိလေ။

* * *

**ဥစ္ဆေဒဒိဋ္ဌိ, သဿတဒိဋ္ဌိ** သက္ကာယဒိဋ္ဌိအယူ၌ ပုဂ္ဂိုလ်သတ္တဝါတစ်ရပ်၊ ယောက်ျား မိန်းမတစ်ရပ်၊ ငါ သူတစ်ပါးတစ်ရပ်၊ အတ္တ တစ်ရပ်၊ ဇီဝတစ်ရပ် ဤငါးရပ်တို့၏ အထူးအပြား ဥစ္ဆေဒဒိဋ္ဌိ, သဿတဒိဋ္ဌိ နှစ်ပါးတို့၏ အထူးအပြားကို ပြဆိုဦးအံ့။

အသက်ဇီဝရှိသူကို ပုဂ္ဂိုလ်သတ္တဝါဟု ထင်မှတ်စွဲလမ်းသည်၊ ထိုပုဂ္ဂိုလ်သတ္တဝါမှ လူအထွေထွေ, နတ် အထွေထွေ, ဗြဟ္မာအထွေထွေ, ဆင်, မြင်း, ကျွဲ, နွား စသည်

www.dhammaransi.com



အထွေထွေ, အမိအဖ စသည် အထွေထွေ များ ပြားသည်။

ယောကျ်ားမိန်းမဆိုသည်ကား ထိုထိုပုဂ္ဂိုလ်သတ္တဝါအပြားမှာ လိင်သဏ္ဌာန် အားဖြင့် ပြားပြန်သည်။

အတ္တဆိုသည်ကား နူးညံ့လှစွာသော ရွှံ့မြေကို လူရုပ်, နတ်ရုပ် စသည် ပြုလုပ်ရာ၌ ပထဝီမျိုးဖြစ်သော ရွှံ့မြေသည် အထည်ခံ, အမာခံ ဖြစ်သကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါမှာ ပမာနအင်္ဂါ အမာခံဝတ္ထုရှိသည်ဟု ထင်မှတ် ၍ ထိုပမာနအင်္ဂါ အမာခံဝတ္ထု တစ်မျိုးကို အတ္တဟူ၍ စွဲလမ်းသတည်း၊ အထွေထွေ ကြံဖန်သိမြင်ခြင်း၊ အထွေထွေ ပြောဆိုငိုရယ် မြည်တွန်ခြင်း၊ ကိုယ်အင်္ဂါ လှုပ်ရှားသွားလာခြင်း စသည်တို့သည် ထိုအတ္တ၏ အမှုတို့တည်းဟု မှတ်ယူသည်၊ ထိုအတ္တသည် ပုဂ္ဂိုလ်သတ္တဝါမှာပင် အတွင်းဝင်၏၊ ပုဂ္ဂိုလ်သတ္တဝါမှ အသီးအခြားမဟုတ်။

ဇီဝဆိုသည်ကား ထိုအတ္တ၏ အမာခံတည်း၊ ဇီဝနှင့်ပြည့်စုံသည့်အတွက်ကြောင့် အတ္တသည် ကာလ မြင့်ရှည် တည်နေနိုင်သည်ဟု ထင်မြင်စွဲလမ်းသည်။

မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်သတ္တဝါ၊ မည်သည့်ယောကျ်ား၊ မည့်သည့်မိန်းမ၊ ဤကား ငါတည်း၊ ဤ ကား မည်သူမည်ဝါတည်းဟု ထင်မြင်ပြောဆိုရာ၌ ပုဂ္ဂိုလ်သတ္တဝါ အတ္တတို့ကို ပမာနအာရုံပြု၍ ပြောဆိုကုန် သည်။

ဤသူသည် အသက် ဆယ်နှစ် ရှိပြီ၊ ဆယ့်ငါးနှစ် ရှိပြီ၊ ဤသူကား အရှင်တည်း၊ ဤသူကား အသေ တည်းဟု ပြောဆိုကြရာ၌ ဇီဝကို ပမာနပြု၍ ပြောဆိုကြကုန်သည်။

နာမ်တရား, ရုပ်တရား နှစ်ပါးလုံးကိုပင် အတ္တဇီဝဟုယူသော ဒိဋ္ဌိတစ်မျိုး၊ နာမ်တရားကိုသာ အတ္တ ဇီဝဟုယူသော ဒိဋ္ဌိတစ်မျိုး၊ နာမ် ရုပ်တရား နှစ်ပါးမှ အလွတ် အသီးအခြားဟုယူသော ဒိဋ္ဌိတစ်မျိုး၊ နာမ်ရုပ် တရားကို အတ္တဇီဝဟုယူရာ၌ အတ္တဇီဝသည် တစ်သက်လုံး တစ်ဘဝလုံး အခိုင်အမြဲ တစ်ခုတည်းအဖြစ်နှင့် တည်နေသကဲ့သို့ ရုပ်နာမ်သည်လည်း တစ်သက်လုံး တစ်ဘဝလုံး အခိုင်အမြဲ တစ်ခုတည်းအဖြစ်နှင့် တည် နေသည်၊ ဘဝဆုံး၍ ကမ္မဇရုပ် ချုပ်ပျက်ရာတွင်မှ ရုပ်နာမ် အတ္တဇီဝ ပျက်ဆုံးသည်ဟု ယူသည်ကား ဥစ္ဆေဒဒိဋ္ဌိ တည်း။

ရုပ်ကား အတ္တဇီဝမဟုတ်၊ နာမ်သည်သာ အတ္တဇီဝဖြစ်သည်၊ စုတိကမ္မဇရုပ် ချုပ်ပျက်၍ သေဆုံးရာ ၌ ရုပ်သည်သာ ချုပ်ဆုံးသည်၊ အတ္တဇီဝဟု ဆိုအပ်သော

www.dhammaransi.com



နာမ်သည်ကား ချုပ်သည်ဟူ၍ မရှိ၊ ရုပ်ခန္ဓာတစ်ခု ချုပ်ဆုံးလျှင် ဘဝတစ်ပါးသို့ ပြောင်းကူး၍ ရုပ်ခန္ဓာအသစ်တစ်ခုတည်ထောင်၍ နေပြန်သည်ဟု ယူသည်ကား သဿတဒိဋ္ဌိတည်း။

အတ္တဇီဝသည် ရုပ်ခန္ဓာ၊ နမ်ခန္ဓာမှ အလွတ် အသီးအခြား တည်းဟု ယူရာ၌လည်း တစ်ဘဝမှာ တစ်ခါတစ်ခါ ရုပ်ခန္ဓာ နာမ်ခန္ဓာ ပျက်ဆုံးရာမှာ အတ္တဇီဝလည်း တစ်ဘဝလျှင် တစ်ခါတစ်ခါ ပျက်ဆုံးသည်ဟု ယူ သည်ကား ဥစ္ဆေဒဒိဋ္ဌိ တည်း။

ရုပ်ခန္ဓာ, နာမ်ခန္ဓာသည်သာ တစ်ဘဝတွင် တစ်ခါတစ်ခါ ပျက်ဆုံးသည်၊ ရုပ်ခန္ဓာ, နာမ်ခန္ဓာမှ အလွတ် တခြား တစ်ပါးဖြစ်သော အတ္တဇီဝမူကား ပျက်ဆုံးသည်ဟူ၍မရှိဟု ယူသည်ကား သဿတဒိဋ္ဌိတည်း။

ဥစ္ဆေဒဒိဋ္ဌိကား တစ်ဘဝလျှင် တစ်ခါတစ်ခါ အတ္တဇီဝ ချုပ်ပြတ်သည်၊ နောက်နောက်ဘဝမှာ အတ္တ သစ်, ဇီဝသစ် တည်ထောင်၍ သံသရာမှာ ကျင်လည် သည်ဟု ယူ၏။

* * *

## နတ္ထိက, အဟေတုက, အကြိယဒိဋ္ဌိ

နတ္ထိက, အဟေတုက, အကြိယဒိဋ္ဌိကြီးများ မူကား ပုဂ္ဂိုလ် သတ္တဝါ အတ္တဇီဝ မည်သည် တစ်ဘဝသာ ရှိသည်၊ ရှေ့ဘဝမှ ပြောင်း၍လာသည်ဟူ၍လည်း မရှိ၊ နောက်ဘဝသို့ ပြောင်းသည်ဟူ၍လည်း မရှိ၊ ပစ္စုပ္ပန် ဘဝသာ ရှိကြသည်၊ ပစ္စုပ္ပန်ဘဝ ချုပ်ဆုံးလျှင် အပြီးတိုင် ချုပ်ဆုံးလေတော့သည်၊ မကောင်းမှုကိုပြုသော်လည်း နောင်ဘဝ၌ ဒုက္ခအကျိုးကို ခံရသည်ဟူ၍ မရှိ၊ ကုသိုလ်ကောင်းမှုကို ပြုသော်လည်း နောင်ဘဝ၌ သုခအကျိုး ကို စံရသည်ဟူ၍ မရှိဟု ယူသည်။

**ဤကား ဥစ္ဆေဒဒိဋ္ဌိသာမညနှင့်**
**မိစ္ဆာဒိဋ္ဌိကြီး သုံးပါး၏အထူးတည်း။**

* * *

www.dhammaransi.com



မိမိသန္တာန်၌ တစ်နာရီမျှကာလ အတွင်းမှာပင် ရုပ်ကောင်, ရုပ်ခန္ဓာ အခါခါ ချုပ်ပျက် သေဆုံး၍နေ မှု၊ နာမ်ကောင်, နာမ်ခန္ဓာ အခါခါ ချုပ်ပျက် သေဆုံး၍နေမှု၊ ရုပ်ခန္ဓာ, နာမ်ခန္ဓာ ခုတင်ခု အသစ် အသစ်ဖြစ် ပေါ်၍နေမှု၊ အသစ်အသစ်ဖြစ်ပေါ်ပြီး နောက်လည်း ခုတင်ခု ချုပ်ပျက်သေဆုံး၍နေမှုကို အနိစ္စပရိညာဖြင့် ထင်လင်းစွာ မြင်နိုင်သော ဝိပဿနာ ယောဂီပုဂ္ဂိုလ်မှာမူကား တစ်သက်အတွင်း တစ်ဘဝတွင်းမှာ အခါခါ ချုပ်ပျက် သေဆုံးခြင်းဟူ၍မရှိ၊ တစ်ဘဝဆုံးမှ တစ်ခါသာ သေသည်ဟု ထင်မြင်၍နေကြသော ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝဟူ၍ ကေန္တ မရှိဟူသော ဉာဏ်အမြင်သည် ထင်ရှားပေါ်လာသည်။

ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝမှာ တစ်ဘဝဆုံးမှ တစ်ခါသာ သေသည်ဟု ထင်မြင်စွဲလမ်းကြသည်၊ ငါ၏ ရုပ်ခန္ဓာ, နာမ်ခန္ဓာမှာ တစ်နာရီအတွင်း ခုတင်ခု သေဆုံး၍နေသည်၊ ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝမှာ အမိဝမ်း၌ ပဋိသန္ဓေ တည်နေမှုဖြင့် တစ်ဘဝတွင် တစ်ခါသာ အသစ်ဖြစ်ပေါ် တည်ထောင်မှုရှိသည်ဟု ထင်မြင်စွဲလှမ်းကြသည်၊ ရုပ်ခန္ဓာ,. နာမ်ခန္ဓာမှာ တစ်နာရီအတွင်းမှာပင် အခါခါ အသစ်အသစ် ဖြစ်ပေါ်တည်ထောင်သည်ကို ပစ္စက္ခဒိဋ္ဌိရှုမြင်ရသည်၊ ထို့ကြောင့် ရုပ်ခန္ဓာ, နာမ်ခန္ဓာ သည် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ အတ္တမဟုတ်၊ ဇီဝမဟုတ်၊ သူမဟုတ်၊ လူမဟုတ်၊ နတ်မဟုတ်၊ အနတ္တသာဖြစ်သည်၊ ပုဂ္ဂိုလ်ဟူ၍မရှိ၊ သတ္တဝါဟူ၍မရှိ၊ အတ္တ ဟူ၍မရှိ၊ ဇီဝဟူ၍မရှိ၊ မိစ္ဆာစိတ္တ၊ မိစ္ဆာဒိဋ္ဌိတို့၏ အစွမ်းဖြင့် ထင်မိထင်ရာ, မြင်မိမြင်ရာ ပြောဆို ထင်မှတ်၍ နေကြသော ဝေါဟာရပညတ်မျှသာ ဖြစ်သည်ဟု ဝိပဿနာယောဂီ ပုဂ္ဂိုလ်အား စင်ကြယ်စွာထင်မြင်မှုသည် အနတ္တပရိညာ မည်၏။

**ဤကား**
**တီရဏပရိညာသုံးပါး၏ အထူးကို**
**ပြဆိုချက်တည်း။**

* * *

## အနိစ္စပရိညာ

ထိုသုံးပါးတွင် ဤကဗလီကာရ အာဟာရ ကမ္မဋ္ဌာန်းအရာ၌ အနိစ္စပရိညာ အချက်ကို အမြွက်မျှ ပြဆိုဦးအံ့။

www.dhammaransi.com



ဤအရာတွင် ဉာတပရိညာအချက်နှင့် စပ်ယှက်ရန် အခွင့်ရှိပြန်သောကြောင့် ရှေး၌ ပြဆိုခဲ့ပြီးသော ဉာတပရိညာ အစီအရင်မှ ကြွင်းကျန်သော အနုစိတ် ဉာတပရိညာအချက်ကို ဆိုလိုက်ဦးအံ့။

အာဟာရဆိုသည်ကား မိမိ၏ဆိုင်ရာ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို လွန်စွာရှက်ဆောင်နိုင်သော စွမ်းအား ဗလ ကြီးကျယ်လှသော တရားကို အာဟာရဆိုသတည်း၊ ထိုအာဟာရသည် ရုပ်အာဟာရတစ်ပါး၊ နာမ်အာ ဟာရ သုံးပါးဟူ၍ လေးပါးရှိ၏၊ နာမ်အာဟာရ သုံးပါးမှာ နောက်၌လာလတ္တံ့။

* * *

**ရုပ်အာဟာရ** ရုပ်အာဟာရ ဆိုသည်ကား - ဩဇာရုပ်ကို ဆိုသတည်း၊ ရုပ်အနှစ်, ရုပ်အဆီ ဟူ၍လည်းကောင်း၊ ဓာတ်အနှစ် ဓာတ်အဆီ ဟူ၍ လည်းကောင်း ဆိုအပ်၏၊ ထိုဩဇာဓာတ်အဆီသည် အဇ္ဈတ္တဩဇာ ဗဟိဒ္ဓဩဇာ ဟူ၍ နှစ်ပါးရှိ၏၊ ပဋိသန္ဓေ စိတ်ဥပါဒ်သည်မှစ၍ အဇ္ဈတ္တရုပ်သန္တာန်မှ အစဉ်ပါလာခဲ့သော ဩဇာစုသည် အဇ္ဈတ္တ ဩဇာမည်၏၊ ကလလရေကြည် တည်သော သတ္တာဟမှ နောက် သတ္တာဟ နှစ်သတ္တာဟ အလွန် တွင် အမိမျိုသော အစာမှ စိမ့်လာ၍ သူငယ်ရုပ်မှာ ပျံ့နှံ့သည့် အခါမှစ၍ အသက်ဂက်ဆုံးအပမှ မျိုအပ်သော ထမင်း, ဘောဇဉ် စသည်၌ ပါရှိသော ဩဇာစုသည် ဗဟိဒ္ဓဩဇာ မည်၏။

တစ်သတ္တာဟ နှစ်သတ္တာဟ အလွန်မှစ၍ အဘယ့်ကြောင့် ဗဟိဒ္ဓဩဇာ မပြတ်မစဲ အမြဲထောက်ပံ့ ရလေသနည်းဟူမူ ဗဟိဒ္ဓဩဇာ ကူညီထောက်ပံ့မှု မရှိခဲ့လျှင် အားနည်းစွာသော အဇ္ဈတ္တဓာတ်ဆီစုကို အားကြီး စွာသော အဇ္ဈတ္တဓာတ်မီး လောင်သဖြင့် အလျင်အမြန် ခန္ဓာကာယ ခြောက်ခန်းပျက်ဆုံးရာသောကြောင့်တည်း။

ချဲ့ဦးအံ့၊ ကောင်းစွာ ကျစ်အပ်သော မီးစာ ဂွမ်းတောင့်ငယ်ကို နှမ်းဆီမှာစိမ်၍ မီးခွက်ငယ်နှင့် မီး ထွန်းရာ၌ မီးခွက်ငယ်မှာ နှမ်းဆီ အပိုမထည့်မူ၍ မီးစာတွင်းမှာရှိသော ဆီအတိုင်းနှင့် မီးထွန်းခဲ့သည်ရှိသော် နှမ်းဆီအားထက် မီးအားက ကြီးသဖြင့် ခဏချင်း ဆီရော မီးစာရော အကုန်လောင်ကျွမ်း၍ ခဏချင်း ဆီ လည်းကုန် မီးစာလည်းကုန် မီးလည်းသေလတ္တံ့၊ မီးစာ၏အတွင်း၌ရှိသော နှမ်းဆီဖြင့် မီးခွက်တွင်းမှာ ဆီအပြည့် ထည့်၍ ထားမှ ဆီအားနှင့်မီးအား မျှတကြသဖြင့် မီးစာမကုန်တည့်မူ၍ မီးလည်း

www.dhammaransi.com



အရှည်တည်နိုင်လေသကဲ့ သို့ ထိုအတူ ဗဟိဒ္ဓဓာတ်ဆီ မျိုမှု သွင်းမှု ထောက်ပံ့မှု မရှိခဲ့သည်ရှိသော် တစ်ကိုယ်လုံး၌ ကိုယ်ခန္ဓာနှင့် အပြည့် ရှိနေသော အဇ္ဈတ္တဓာတ်မီးစုသည် ကိုယ်ခန္ဓာဖြစ်သော အတွင်းအဇ္ဈတ္တဓာတ်စုနှင့်တကွ တစ်ကိုယ်လုံး ရှိနေသော အဇ္ဈတ္တဓာတ်ဆီသြဇာတို့ကို ခဏချင်းလောင်၍ ကျွမ်းကြေကုန်ဆုံးစေလတ္တံ့၊ ပြဆိုခဲ့ပြီးသော မီးခွက်ငယ် ဥပမာနှင့် အလွန်တူလှ၏။

လောက၌ မီးတို့သဘောမည်သည် မိမိ၏တည်ရာ စွဲရာ ဝတ္ထုမှာရှိသော အဆီကိုအမြဲစား၏၊ လောင်၏၊ အဆီကို နှိုက်၍ နှိုက်၍ လိုက်သွား သဖြင့် အဆီ၏တည်ရာ ထင်း သစ်သား စသည်ကိုလည်း လောင် လေတော့သည်၊ ကိုယ်ခန္ဓာနှင့် အပြည့်ရှိနေသော တေဇောဓာတ် ပရမတ်မီးသည်လည်း ထို့အတူပင် သဟဇာတ ဓာတ်ဆီနှင့် တကွ ပထဝီမီးစာကို အတွင်းလောင်ကျွမ်းကုန်ဆုံးစေမြဲ ဓမ္မတာပင်တည်း၊ ထို့ကြောင့် ခပ်သိမ်းသော ရုပ်ကလာပ်တို့သည် စိတ္တက္ခဏ တစ်ဆယ့် ခုနစ်ချက်ထက် အသက်မရှည် နိုင်ကြကုန် မူ၍ မျက်တောင်တစ်ခပ် လျှပ်တစ်ပြက်ခန့် ကာလအတွင်း မှာပင် အကြိမ် တစ်ထောင်မက ပျက်ဆုံးကြကုန်မြဲ ဓမ္မတာ ဖြစ်လေကုန် သတည်း၊ ထို့ကြောင့် ညဉ့်အမှောင်မိုက်သောအခါ ဆီမီးထွန်းရာ၌ မီးတောက်နှင့်မီးစာ နာရီ အရှည်တည်နေ ပါစေခြင်းငှာ ရှေးဦးစွာ မီးခွက်မှာ ဆီအပြည့်ထည့်၍ မီးထွန်းပြီးလျှင် ဆီကုန်လုပြန်ရင်း ပြန်ထည့်ရင်း အမှု ကို ပြုရလေ သကဲ့သို့ တစ်နေ့တစ်နေ့လျှင် ထမင်းအစာ နှစ်ခါနှစ်ခါ မျို၍ ဗဟိဒ္ဓသြဇာကို မပြတ်မစဲ အမြဲ ထည့်လောင်းရလေ သတည်း။

တစ်ကိုယ်လုံးမှာ အပြည့်ရှိနေသော အဇ္ဈတ္တဓာတ်မီး၏ အချက်ကို မြင်ပါလျှင် လူ နတ် ခန္ဓာနှင့် တကွ ရုပ်ခန္ဓာဟူသမျှမှာပင် အမြဲလျှင် တစ်ရှိန်းရှိန်း တကြွကြွ တရွရွနေသည်ကို မြင်နိုင်လတ္တံ့၊ တရှိန်းရှိန်း တကြွကြွ တရွရွ ဟူသော စကား၌ ခပ်သိမ်းသော မီးတို့၏သဘောသည် ဖြစ်ပေါ်ပြီးသောအခါ မှီရာ မီးစာဝတ္ထု ကို အတင်းဖမ်း၍ စားမြဲတည်၊ အစာကိုလှလှစားမိသောအခါ ထကြွ လှုပ်ရှားမြဲတည်း၊ လှလှစားမိသည်နှင့် တစ်ပြိုင်နက် အစာလည်း ကျွမ်းကုန်၍ သွား၏၊ မီးလည်း သေဆုံးလေ၏၊ ထကြွလှုပ်ရှားဆိုသည်ကား ရုပ် သစ် ကလာပ်သစ် ပေါက်ဖွားမှု ပေတည်း၊ မီးပွားသည်ဟု ခေါ်ကြ၏၊ ထိုသို့ သား, မြေး, မြစ် အစရှိသော ရုပ် သစ် ကလာပ်သစ် အဆင့်ဆင့်ပွားမှုနှင့် ကလာပ်ဟောင်း ချုပ်ကွယ်မှု အတိုး အဆုတ် ဆက်စပ်၍ မြင်ရသည် ကို တရှိန်းရှိန်း တကြွကြွ တရွရွ ထင်မြင်ကြကုန်သတည်း၊

www.dhammaransi.com



တစ်ခုသော ပရမတ္ထဓမ္မမည်သည် ဆံချည်ကို အစိတ် တစ်ရာ စိတ်၍ တစ်စိတ်စာမျှ လှုပ်သည် ကြွသည် ရွသည်ဟူ၍ မရှိ။

ဤကား
ဗဟိဒ္ဓ ဓာတ်ဆီဩဇာ အာဟာရကို
တစ်နေ့တစ်နေ့လျှင် နှစ်ခါနှစ်ခါ အမြဲမျိုရမှုမှာ သိမြင်ရာသော
ယုတ္တိ အချက်တည်း။

* * *

တစ်နေ့ တစ်နေ့လျှင် ဗဟိဒ္ဓအာဟာရ နှစ်ခါနှစ်ခါ သွပ်သွင်းရသည်ကို မြင်ကြသဖြင့် ဤကိုယ်ခန္ဓာ ရူပကာယကြီးလည်း တစ်နေ့တစ်နေ့လျှင် နှစ်ခါနှစ်ခါ အသစ် အဟောင်းပြောင်းလဲရသည်၊ တစ်နေ့တစ်နေ့ လျှင် နှစ်ခါနှစ်ခါ အကုန်သေဆုံး၍ နှစ်ခါနှစ်ခါ အသစ် ဖြစ်ပေါ် ရသည်ဟု သိအပ်၏။

အဘယ်သို့ဆိုလျှင် ဤကိုယ်ခန္ဓာ တစ်ကောင်လုံး တစ်နေ့တစ်နေ့လျှင် နှစ်ခါနှစ်ခါ အသစ် အဟောင်း အကုန်ပြောင်းလဲသနည်း ဟူမူ နံနက်အခါ အစားမစားမီ ရှေးအဖို့ဝယ် တစ်ကိုယ်လုံးသည် ညှိုးနွမ်းသော ရုပ်ကလာပ် အစုအခဲကြီးဖြစ်၏၊ ထမင်းအစာကို မျိုလိုက်သောအခါ ဝမ်းတွင်းသို့ ထမင်းတစ်လုတ်စာ ရောက် သည်မှစ၍ ရှင်လန်းသော ရုပ်သစ်ကလာပ်သစ်တို့သည် တဖွားဖွား ဖြစ်ပေါ်၍လာကုန်၏၊ ဝမ်း၌ အစာပြည့်သော အခါ တစ်ကိုယ်လုံးမှာရှိသော ညှိုးနွမ်းသော ရုပ်ဟောင်း ကလာပ်ဟောင်းတို့သည် အဏုမြူမျှမကျန် အကုန် ချုပ်ကွယ်ကုန်၏၊ တစ်ကိုယ်လုံးလည်း ရှင်လန်းသော ရုပ်သစ် ကလာပ်သစ် အစုအခဲ သက်သက်သာဖြစ်၏၊ ရေနှင့် ကင်းကွာသဖြင့် ညှိုးနွမ်း၍နေသော ပဒုမာကြာပန်းကို အေးမြစွာသော ရေ၌ ချထားသည်ရှိသော် မကြာမီ ရှင်လန်း၍ လာသကဲ့သို့တည်း၊ ဤကြာပန်း၌ ရုပ်သစ် ရုပ်ဟောင်း ပြောင်းလဲပုံကား ရေသို့ ရောက်သည်မှ စ၍ အေးမြရှင်လန်းသော ရုပ်သစ် ကလာပ်သစ်တို့သည် တရွရွ ဖြစ်ပေါ်လာကုန်၏၊ အသစ်အသစ် ဖြစ်ပေါ် သော နေရာမှာ ရုပ်ဟောင်း ကလာပ်ဟောင်းတို့ အစဉ်အတိုင်း တဖြုတ်ဖြုတ် ချုပ်ကွယ်ကုန်၏၊ ဉာဏ်မျက်စိ နှင့် ကြည့်တတ်ပါမှ မြင်နိုင်သည်၊ ပကတိမျက်စိနှင့် မမြင်နိုင်၊ ပကတိ မျက်မြင်အလိုမှာ ညှိုးနွမ်းသော ကြာပန်း သည် တစတစ ရှင်လန်း၍လာပြီ၊ ဤမျှကိုသာ သိနိုင်သည်၊ ပရမတ် ဖြစ်သော ရုပ်ကလာပ်တို့သည် သီတ ဥတု လဲလှယ်မှုကြောင့်

www.dhammaransi.com



ရုပ်သစ်ရုပ်ဟောင်း ရွှရွှ ရွှရွှ ပြောင်းလဲမှုမည်သည် ဉာဏ်နှင့်သာ သိမြင်နိုင်သော အရာပေတည်း။

ထိုစကားမှန်၏၊ ဤကဲ့သို့ ရုပ်စဉ် ကလာပ်စဉ် အကုန်ပြတ်၍ မသွားဘဲ အသစ် အဟောင်း ပြောင်း လဲမှုမျိုး၌ ရုပ်ကလာပ် တို့၏ တဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက်မှု၊ တရွှရွှ အသစ်အသစ်ဖြစ်ပေါ်မှုသည် အလွန် သိမ်မွေ့၏၊ ပကတိ မျက်စိအရာ မဟုတ်၊ ဉာဏ်မျက်စိအရာသာတည်း၊ အဘယ်သို့လျှင် ဉာဏ်မျက်စိနှင့် မြင် နိုင်သနည်းဟူမူ သီတရုပ်တစ်မျိုး၊ ဥဏှရုပ်တစ်မျိုး၊ သီတရုပ်သည် ဥဏှရုပ်မဟုတ်၊ ဥဏှရုပ်သည် သီတရုပ် မဟုတ်၊ အချင်းချင်း ဆန့်ကျင်ဘက် ရန်သူဖြစ်ကြ၏၊ ကြာပန်း တစ်ခုလုံးသည် ရေအေးသို့မရောက်မီ ကာလ၌ ဥဏှရုပ်စု ဥဏှရုပ်ခဲသာတည်း၊ ရေသို့ကျသည်နှင့် တပြိုင်နက် အကုန်လုံး ရုပ်ပြောင်း၏၊ ဥဏှရုပ်စု တပြိုင်နက် ချုပ်ကွယ်၏၊ သီတရုပ်စု တပြိုင်နက် ဖြစ်ပေါ်ကုန်၏၊ ညဉ့်အမှောင်တွင်းမှာ မီးထွန်းလိုက်သောအခါ၌ မီးတောက် သည်နှင့် တပြိုင်နက် တိုက်ခန်း တစ်ခုလုံးမှာရှိသော မှောင်ရုပ်မှောင်ကလာပ်တို့ ပျောက်ကွယ်ကုန်၏၊ အလင်း ရုပ် အလင်း ကလာပ်တို့ တစ်ပြိုင်နက် ဖြစ်ပေါ်ကုန်၏၊ ဤဥပမာ ကဲ့သို့တည်း။

မှောင်ရုပ် မှောင်ကလာပ်စု မှာလည်း ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ အကုန်ပါရှိ၏၊ အလင်း ကလာပ်စုမှာလည်း ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ အကုန်ပါရှိ၏၊ ပထဝီ ခေါ်သော ပရမတ်မြေသည် အဘယ်မျှလောက် သိမ်မွေ့သည်ဟု နှိုင်းချိန်ချက် တည်း၊ အာပေါခေါ်သော ပရမတ်ရေ၊ တေဇောခေါ်သော ပရမတ်မီး၊ ဝါယောခေါ်သော ပရမတ်လေ စသည် တို့မှာ ဆိုဖွယ်မရှိပြီ၊ ဤသို့ အလွန် သိမ်မွေ့လှသည့်အတွက်ကြောင့် အချုပ်အပျက်လည်း အလွန် မြန်လှလေသတည်း။

ထိုကြာပန်း၌ ရေထဲသို့ရောက်လျှင်ပင် အပူ ပျောက်ငြိမ်းပြီဟုလူတိုင်းသိကြ၏၊ အပူပျောက်ငြိမ်းမှု ဆိုသည်ကား အပူရုပ်ကလာပ်စု အကုန် ချုပ်ကွယ်မှုပင်တည်းဟု မသိကြ၊ ထိုကြာပန်း၌ ရေသို့ရောက်သည်နှင့် တစ်ပြိုင်နက် ကြာပန်းပူမဟုတ်၊ ကြာပန်းအေး ဖြစ်ပြီဟု သိကြ၏၊ အအေးရုပ် ကလာပ်စု တစ်ပြိုင်နက် ဖြစ်ပေါ် မှုဟု မသိကြ၊ သီတရုပ်တစ်မျိုး၊ ဥဏှရုပ်တစ်မျိုး၊ အချင်းချင်းဆက်စပ်ခြင်းငှာ မတတ် ကောင်းသော ရုပ်ချင်း ဖြစ်ကြသည်ကို သိမြင်ကြသဖြင့် ကြာပန်းအေး ဖြစ်သောအခါ ကြာပန်းပူမရှိပြီ၊ ကြာပန်းပူချုပ်ကွယ်ပြီ ဟု သိနိုင်လေသတည်း၊ သီတရုပ် ဥဏှရုပ် နှစ်မျိုးသည် အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်ကြသကဲ့သို့ ညှိုးနွမ်းသော ရုပ်အမှု၊

www.dhammaransi.com



တစ်နေ့လျှင် နှစ်ခါ နှစ်ခါ အဟောင်းသေဆုံးမှု အသစ်အသစ် ဖြစ်ပေါ် ပြောင်းလဲမှုကို သိအပ် မြင်အပ်သတည်း။

ရေပွက်ကြီးတွေမှာ ထင်သော လူရိပ်သည် ရေပွက်ကြီး ချုပ်ပျောက်လျှင် ချုပ်ပျောက်လေသကဲ့သို့ ရုပ်ဟောင်းစုမှာ မှီ၍ ဖြစ်ပေါ်သော စိတ်တရား၊ ဝေဒနာ, သညာ, စေတနာ, မနသိကာရတရား၊ ဝိတက်, ဝိစာရ, ဝီရိယတရား၊ လောဘ, ဒေါသ, မောဟ, စသော တရား၊ သဒ္ဓါ, ပညာ, သတိ, သမာဓိတရား၊ ဒါန, သီလ, ဘာဝနာတရား စသည်တို့ သည် ထိုရုပ်ဟောင်းတို့ ချုပ်ကွယ်သေဆုံးရာမှာ အတူတကွ ချုပ်ကွယ် သေဆုံးကြလေ ကုန်တော့သည်။

**ဤကား**

**တစ်နေ့ တစ်နေ့မှာ နာမ်ကောင်ကြီး နှစ်ခါ နှစ်ခါ**

**သေဆုံးရပုံတည်း။**

ဤသို့ ကဗဠီကာရ အာဟာရကို အမှီပြု၍ တစ်ယောက်တစ်ယောက်သော သတ္တဝါ၏ ရုပ်ခန္ဓာ နာမ်ခန္ဓာ ရုပ်ကောင် နာမ်ကောင် တစ်နေ့ တစ်နေ့လျှင် နှစ်ခါ နှစ်ခါ နေ့စဉ်နေ့တိုင်း သေဆုံး၍ နေပုံကို သိအပ်၏၊ ဤစကားသည်လည်း အကြမ်း မျှသာတည်း၊ တစ်နာရီမှာပင် ထိုခန္ဓာ နှစ်ကောင်လုံး အခါခါ သေဆုံးမှု၊ မျက်တောင် တစ်ခတ်မှာပင် အခါခါ သေဆုံးမှုများကိုကား ငါတို့စီရင်သော "လက္ခဏာဒီပနီ" "ဝိဇ္ဇာ မဂ္ဂဒီပနီ" များမှာ ကြည့်ရှု၍ ယူကြလေ။

**ဤကား**

**အနိစ္စပရိညာ အစီအရင်တည်း။**

**ဒုက္ခပရိညာ** ဒုက္ခပရိညာ၌ မရဏဒုက္ခကို ရှေး၌ အကျဉ်းမျှ ပြဆိုခဲ့ပြီ၊ ဤ၌ ဒုက္ခစက်ကြီး ဆယ်ရပ်နှင့် စပ်၍ ပြဆိုဦးအံ့။

www.dhammaransi.com



ရှင်လန်းသော ရုပ်အမှု ဧင်းနှစ်မျိုးတို့သည်လည်း ဆန့်ကျင်ဘက်ဖြစ်ကြ၏၊ ကြာပန်း၌ ရေသို့ ရောက် ၍ ရှင်ရုပ်လန်းရုပ် ဖြစ်ပေါ်သောအခါ ထိုရုပ်ပေါ်ရာဌာနမှာ ညှိုးရုပ်နွမ်းရုပ် ချုပ်ကွယ်လေ၏၊ မြင်အောင် ကြည့်ပါ။

ရုပ်ချုပ်မှုကို ကြည့်ရှုသောအခါ အလွန်သိမ်မွေ့ သေးဖွဲလှစွာသော ရေပွက်ငယ်တွေ ဖြုတ်ဖြုတ်ဖြုတ်ဖြုတ် ချုပ်ပျက်မှုကို မြင်ရသကဲ့သို့ မြင်အောင်ကြည့်ရှုရမည်၊ ဤခန္ဓာ အတ္တဘောမှာလည်း အစာအာဟာရကို မျိုလိုက်၍ တစ်ကိုယ်လုံးမှာ ရှင်လန်းသော ရုပ်သစ် ကလာပ်သစ်တွေ ရွရွ ရွရွ ဖြစ်ပေါ်တိုးပွားမှုတို့ကို ကြည့်ရှုသောအခါ ရေပွက်ငယ်တွေ တစ်ကိုယ်လုံးမှာ တဖွားဖွား ဖြစ်ပေါ် တိုးပွား၍နေသကဲ့သို့ ထင်မြင်အောင် ကြည့်ရမည်၊ အသစ်အသစ်ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်းသော နေရာဌာနမှာ ညှိုးနွမ်းသော ရုပ်ကလာပ်အဟောင်းတွေ တစ်ကိုယ်လုံးမှာ ရေပွက်ငယ်တွေ ဖြုတ်ဖြုတ်ဖြုတ်ဖြုတ် ချုပ်ကွယ်သည်ကို မြင်သကဲ့သို့ ထင်မြင်အောင် ရှုရမည်။

ဝမ်း၌ ထမင်းအစာ မရှိသောအခါ သတ္တဝါတို့သည် ဘယ်လို နွမ်းနယ်ခြင်း ကိုယ်အား စိတ်အား လျော့ပါးခြင်း ဖြစ်ကြကုန်သည်ဟု ကိုယ်တွေ့မျက်မြင်ဖြစ်ကြသည်၊ အစာအာဟာရကို မျို၍ ဝမ်း၌ အစာအာဟာရ ပြည့်သောအခါ သတ္တဝါတို့သည် ဘယ်လို ခဏချင်း တစ်ကိုယ်လုံး ရှင်လန်းတောင့်တင်း၍ လာကြကုန်သည်ဟု ကိုယ်တွေ့ မျက်မြင် ဖြစ်ကြသည်၊ ထိုသို့ နွမ်းနယ်မှု၊ ရှင်လန်းမှု၊ ဧင်းနှစ်ပါး ခြားနားချက်ကို မြင်ကြ သဖြင့် နွမ်းနယ်သော ရုပ်တုံး၊ ရုပ်ခဲ၊ ရုပ်ကောင်ကြီးကား တခြားတည်း၊ ရှင်လန်း တောင့်တင်းသော ရုပ်တုံး၊ ရုပ်ခဲ၊ ရုပ်ကောင်ကြီးကား တခြားတည်းဟု အတွင်း၌ ပြောင်းပုံ လဲပုံကို ဉာဏ်နိုင်နင်းအောင် အားထုတ်၍ ကြည့်လေ။

ဝမ်း၌ အစာအာဟာရပြည့်၍ တစ်ကိုယ်လုံး ဖြစ်ပွားတိုးတက်ပြီးသော ရုပ်ကောင်ကြီးသည် နေမွန်းတည့် အခါတိုင် ရောက်ရုံမျှသာ ရှင်လန်းတောင့်တင်းစွာ တည်ကုန်၏၊ မွန်းလွဲသောအခါမှ စ၍ တစ်ခဏ တခြားနွမ်းရုပ် နယ်ရုပ်တွေ ဖြစ်ပွား၍ လာ၏၊ ညစာစား၍ ဝမ်း၌ အစာပြည့်၍ ရှင်လန်းသော ရုပ်သစ်၊ ကလာပ်သစ် ဖြစ်ပွားတိုးတက်၍ လာသောအခါ ထိုနွမ်းရုပ် နယ်ရုပ်တွေ အကုန်ချုပ်ကွယ်၍ကုန်၏၊ နံနက်စာ စားပြီးအခါက ဖြစ်ပေါ်သော ကိုယ်ကောင်ကြီးသည် ညစာစားလျှင် ပျောက်ပျက်သေဆုံးကုန်၏၊ ညစာစားပြီး အခါက ဖြစ်ပေါ်သော ကိုယ်ကောင်ကြီးသည် နံနက်စာ စားလျှင် ပျောက်ပျက်သေဆုံးကုန်၏၊ ဤသို့ ဗဟိဒ္ဓဓာတ်ဆီ ဩဇာအာဟာရကို တစ်နေ့ တစ်နေ့လျှင် နှစ်ခါ နှစ်ခါ သွင်းကြရသည်ကို မြင်သဖြင့် ဤရုပ်ကောင်ကြီးသည် တစ်နေ့

www.dhammaransi.com



ကာမဘုံသားတို့၏ အသက်ဝိညာဏ်ခန္ဓာသည် အဇ္ဈတ္တသြဇာမှာ မှီတွယ်ရသည်၊ အဇ္ဈတ္တသြဇာသည်လည်း ဗဟိဒ္ဓသြဇာမှာ မှီတွယ်ရသည်၊ ဗဟိဒ္ဓသြဇာသည် ဆန်စပါး ပြောင်း ပဲ အစရှိသော မြေဖြစ်, ရေဖြစ်, တောဖြစ်, တောင်ဖြစ် သစ်ပင် ချုံ မြက် သူ့အသက် သူ့ခန္ဓာ စသည်မှာ မှီတွယ်ရသည်၊ အကြင်မျှလောက်သော ဘဝ သံ သရာ ကာလပတ်လုံး ကာမမျိုးဖြစ်သော အသက်ခန္ဓာ နာမ်ရုပ်တို့မှ မကျွတ်မလွတ်နိုင် သေး၊ ထိုမျှလောက်သော ဘဝ သံသရာ ကာလပတ်လုံး အဇ္ဈတ္တသြဇာ၊ ဗဟိဒ္ဓသြဇာ အာဟာရ နှစ်ပါးမှ မကျွတ် မလွတ်နိုင်၊ အာဟာရနှစ်ပါးမှ မကျွတ် မလွတ်သေးသမျှ ကာလပတ်လုံး ပြဆိုခဲ့ပြီးသော ဒုက္ခစက်ကြီးဆယ်ပါးမှ မကျွတ် မလွတ်နိုင်၊ ဒုက္ခစက်ကြီး ဆယ်ပါးသည် အာဟာရနှစ်ပါးမှ ထွက်သော စက်ကြီးစုပေတည်း၊ ကာမမျိုးဖြစ်သော အသက်ဝိညာဏ် ခန္ဓာ နာမ်ရုပ်နှင့် တကွသော အာဟာရ နှစ်ပါးသည် ကာမဘုံသား ဖြစ်သော သတ္တဝါကို စက်ကြီးဆယ်ပါးနှင့် အမြဲဖိနှိပ် ကြိတ်နယ်နင်းဝါး၏၊ သင်ဝုန်းစက် ငရဲသားနှင့် တူ၏၊ ထို့ကြောင့် ထိုခန္ဓာ ထိုအာဟာရနှစ်ပါးသည် အလွန်ကြောက်မက် ဖွယ် ကောင်းလှသောကြောင့် "ဘယဋ္ဌေနဒုက္ခံ" ဟူသည်နှင့် အညီ ဒုက္ခစက် စင်စစ် ဖြစ်၏။

ဤကား
စက်ကြီးဆယ်ရပ်နှင့် စပ်၍ ထင်မြင်အပ်သော
ကဗလီကာရ အာဟာရ ဒုက္ခတည်း။
ဒုက္ခပရိညာ အမြွက်ပြီး၏။

**အနတ္တပရိညာ** အနတ္တပရိညာသည် အနိစ္စမှုနှင့် စပ်၍ ရှုအပ်သော အနတ္တပရိညာ၊ ဒုက္ခမှုနှင့် စပ်၍ ရှုအပ်သော အနတ္တပရိညာ၊ အလိုသို့ မလိုက်ခြင်းနှင့် စပ်၍ ရှုအပ်သော အနတ္တပရိညာ ဟူ၍ သုံးပါးရှိ၏၊ ထိုသုံးပါးတွင် အနိစ္စမှုနှင့် စပ်၍ ရှုအပ်သော ပရိညာ ကို ရှေး၌ ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝ မရှိပုံနှင့်တကွ ပြဆိုခဲ့ပြီ။

ဒုက္ခမှုနှင့် စပ်၍ ရှုအပ်သော အနတ္တပရိညာဆိုသည်ကား ခပ်သိမ်းသော သတ္တဝါတို့၏ ဓမ္မတာသဘောသည် ချမ်းသာသုခကိုသာ အလိုရှိ၏၊ ဆင်းရဲဒုက္ခကို ကြောက်လန့် စက်ဆုပ်၏၊ အဇ္ဈတ္တ ဗဟိဒ္ဓ အာဟာရနှစ်ပါးသည် ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝ ဖြစ် ခဲ့အံ့၊ ပုဂ္ဂိုလ်၏ အလိုဆန္ဒနှင့် တစ်လုံးတစ်စည်း တစ်ထပ်တည်း တစ်လမ်းတည်း လိုက် ရာ၏၊

www.dhammaransi.com



အာဟာရအတွက် ပုဂ္ဂိုလ်အလိုရှိအပ်သော ချမ်းသာ သုခတစ်လမ်းသာ ရှိရာ ၏၊ အာဟာရ အတွက် ဒုက္ခလမ်းမထွက်ရာ၊ ပုဂ္ဂိုလ်သည် အဖျားအနာ ရောဂါဒုက္ခကို အလိုမရှိရကား အာဟာရသည်လည်း အဖျားအနာ ရောဂါဒုက္ခကို မပြုရာဟူလိုသည်၊ ထိုသို့ကား မဟုတ်၊ စင်စစ်မူကား အဖျားအနာ ရောဂါဒုက္ခကို အလိုမရှိသော သတ္တဝါကို အဖျားအနာ ရောဂါဒုက္ခ မဖြစ်အောင် ပြု၍ နှိပ်စက်၏၊ ပုဂ္ဂိုလ်က အဖျားအနာ ရောဂါပျောက်ငြိမ်းခြင်းကို အလိုရှိ၏၊ အာဟာရက အဖျားအနာ ရောဂါကို တစ်နေ့တခြား တိုးပွားအောင်ပြု၏၊ အဖျားအနာ ရောဂါဒုက္ခကို ပွားများစေ၍ အသေသတ်၏၊ မျက်စိကို ကန်းစေ၏၊ နားကို ကန်းစေ၏၊ နူနာကြီးကို ဖြစ်စေ၏၊ ပန်းနာကြီးကို ဖြစ်စေ၏၊ ကျောက်ဆိုးနာကြီးကို ဖြစ်စေ၏၊ ကာလရောဂါ အော့နာ ဝမ်းကျကို ဖြစ်စေ၍ အသေသတ်၏၊ ထို့ကြောင့် အဇ္ဈတ္တ ဩဇာအာဟာရ ရုပ်သည် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါ မဟုတ်၊ အတ္တမဟုတ်၊ အနတ္တသာ ဟုတ်၏ဟု သိအပ်၏၊ အဇ္ဈတ္တ ဩဇာအာဟာရ တရားသည် ပုဂ္ဂိုလ်အလို တစ်လမ်း, အာဟာရပြုလုပ်မှုတစ်လမ်း, နေကြ၍ အတ္တ မဟုတ် ဟု သိအပ်သည်ရှိသော် ထိုအဇ္ဈတ္တဩဇာမှာ မှီတွယ်၍ အဇ္ဈတ္တဩဇာ ပြုပြင်၍ ဖြစ် ရသော ကာမသတ္တဝါ၏ ခန္ဓာငါးပါး ရုပ်နာမ် တရားစုသည် အဘယ်မှာ ဒုက္ခမှုကို မပြုဘဲ ရှိနိုင်တော့အံ့နည်းဟု သိအပ်၏။

**ဤကား**

**ဒုက္ခဖြစ်အောင် ပြုမှုနှင့်စပ်၍ ရှုအပ်သော**

**အနတ္တ အစီအရင် အမြွက်တည်း။**

အလိုသို့ မလိုက်မှုနှင့် စပ်၍ ရှုအပ်သော အနတ္တ အခြင်းအရာဆိုသည်ကား ထိုဒုက္ခကို ဖြစ်စေမှုနှင့်လည်း ထင်ရှား၏၊ ပုဂ္ဂိုလ်၏ အလိုသို့ လိုက်ပါမူကား ပုဂ္ဂိုလ် အသက်ရှည်တိုင်း အဇ္ဈတ္တအာဟာရသည် အသက်ရှည်ရာ၏၊ ပုဂ္ဂိုလ်သည် အသက်ရှည် ခြင်းကိုသာ အလိုရှိ၏၊ သေဆုံးခြင်း ပျက်စီးကုန်ခမ်းခြင်းကို အလိုမရှိ၊ ပုဂ္ဂိုလ်၏ အလို သို့ လိုက်ပါ၍ အခါခါ မပျက် မဆုံး မကုန် မခမ်းဘဲ ပုဂ္ဂိုလ် အသက်ရှည်တိုင်း ရှည် ခဲ့သော် ဗဟိဒ္ဓရဟာရ သွင်းဖွယ် ဖြည့်လောင်းဖွယ် ကိစ္စမရှိလေရကား အသက်မွေးမှု ၄ဒုက္ခစက်ကြီး အစရှိသော ဒုက္ခစက်ကြီးစုသည် အချင်းခပ်သိမ်း ရှိဖွယ်မရှိပြီ၊ ထိုသို့ကား မဟုတ်၊ ပုဂ္ဂိုလ်၏ အလိုသို့ မလိုက်မူ၍ တစ်နေ့တစ်နေ့မှာပင်အခါခါ ကုန်ခမ်းပျက်ဆုံး၏၊

www.dhammaransi.com



၄ဒုက္ခစက်ကြီး အစရှိသော ဒုက္ခစက်ကြီးစုသည် အချင်းခပ်သိမ်း ရှိဖွယ်မရှိပြီ၊ ထိုသို့ကား မဟုတ်၊ ပုဂ္ဂိုလ်၏ အလိုသို့ မလိုက်မူ၍ တစ်နေ့တစ်နေ့မှာပင်အခါခါ ကုန်ခမ်းပျက်ဆုံး၏၊ ထိုထိုပျက်ဆုံးမှုကြောင့် တစ်နေ့လျှင် နှစ်ခါ နှစ်ခါ ဗဟိဒ္ဓရဟာရ ဓာတ်ဆီမျိုသွင်း၏၊ အသစ် အသစ်သော အဇ္ဈတ္တာဟာရကို ထူထောင်မှု၊ အသစ် အသစ် သော အသက် ခန္ဓာကို ထူထောင်မှု၊ အာဟာရ အလျဉ်ဆက်မှု၊ အသက် အလျဉ်ဆက် မှု၊ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ အလျဉ်ဆက်မှု အသက်သစ်မွေးမြူမှုကို နေ့စဉ်မစဲ အမြဲပြုကြ ရသည်ဖြစ်၍ သင်ခုန်းစက်ကြီးနှင့်တူသော ဆယ်ပါးသော ဒုက္ခစက်ကြီးအပြီး ပါရှိ၍ နေလေသည်၊ ဤသို့ အစရှိသည်ဖြင့်အလိုသို့ မလိုက်မှုနှင့် စပ်သော အနတ္တ သဘော ကို ရှုမြင်ရာသည်။

ဤကား
အလိုသို့ မလိုက်မှုနှင့် စပ်၍ ရှုအပ်သော
အနတ္တ သဘောတည်း။
အနတ္တပရိညာ အမြွက်ပြီး၏။

**တီရဏာပရိညာ နှင့် ဉာဏ်သုံးပါး**

ဤကိုယ်သန္တာန၌ ရုပ်ခန္ဓာ နာမ်ခန္ဓာနှင့်တကွ အဇ္ဈတ္တာဟာရ ဗဟိဒ္ဓရဟာရ နှစ်ပါးတို့၏ တစ်နေ့တစ်ရက် အဖို့မှာပင် အခါခါ သေဆုံးပြောင်းလဲ၍နေသော အနိစ္စမှုကို ဖုံးလွှမ်း၍နေသော အနိစ္စ သမ္မောဟတရား၊ ပြဆိုခဲ့ပြီးသော ဒုက္ခမှု အနတ္တမှုတို့ကို ဖုံးလွှမ်း၍နေသော ဒုက္ခသမ္မောဟတရား၊ အနတ္တသမ္မောဟတရား ကွာရှင်း၍ ဤကိုယ် ခန္ဓာနှင့်တကွ ကဗဠီကာရအာဟာရ နှစ်ပါး၏ အနိစ္စ ဒုက္ခ အနတ္တသဘောကို ထင်လင်းစွာ မြင်နိုင်သောအခါ တီရဏ ပရိညာ ၃-ပါး အခွင့်ကုန်လေ၏၊ သဗ္ဗြုဟ် ကမ္မဋ္ဌာန်း ပိုင်းမှာလာသော ဝိပဿနာဉာဏ်ဆယ်ပါးတွင် သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဤဉာဏ်သုံးပါးသည် တီရဏ ပရိညာ မည်၏။ ထိုဉာဏ်သုံးပါးတွင် သမ္မသနဉာဏ် ဆိုသည်ကား ရုပ်တရား နာမ်တရားတို့ မည်သည် မျက်တောင်တစ် ခတ် လျှပ်တစ်ပြက်မျှအသက် ရှည်၍ တည်နေနိုင်သော တရားမျိုးမဟုတ်ကုန်၊ မျက်တောင်တစ်ခတ်လျှပ်တစ်ပြတ် အတွင်းမှာပင် အခါများစွာ သေဆုံး ချုပ်ပျက်ရသော အနိစ္စမျိုး ဒုက္ခမျိုး အနတ္တမျိုးတို့သည် ဧကန်စင်စစ် ဖြစ်ကြ ကုန်သည်ဟု ဉာဏ်အမြင်ပေါ်အောင် အားထုတ် အပ်သော ဝိပဿနာဉာဏ်သည် သမ္မသနဉာဏ်မည်၏။

www.dhammaransi.com



မျက်စိဖြင့် မြင်သကဲ့သို့ ဉာဏ်အမြင်ပေါက်မှ ဝိပဿနာဉာဏ်ဖြစ်သည်၊ အဘိ ဓမ္မာ ကျမ်းဂန်တတ်၍ ဓမ္မသဘာဝတို့ကို နေရာကျ သိနိုင်သော သဘောယုတ္တိ ဉာဏ်မျိုးသည် ဝိပဿနာဉာဏ်မဟုတ်၊ သုတမယဉာဏ်သာတည်း၊ ဝိပဿနာဉာဏ်ကား စိန္တာမယ ဉာဏ်တည်း၊ ယခုကာလ၌ကား သုတမယဉာဏ်အနေနှင့် ထင်မှုမြင်မှု နှလုံးသွင်းမှုကိုပင် ဝိပဿနာဉာဏ်ဟု ထင်မှတ်၍ နေကြသူများ၏၊ ဆေးသောက်လို၍ မီးခြစ်ရာ၌ ခြစ်မိသောနေရာမှ မုန်ညင်းစေ့မျှ မီးတောက်ဖြစ်ပေါ်သည်မှစ၍ တိုးပွား၍လာသည်ကိုလည်းကောင်း၊ အတိုးအပွားရပ်ပြီးနောက် ဆုတ်ယုတ်၍သွားသည်ကို လည်းကောင်း၊ အဆုံးသတ် သေပျောက်၍ သွားသည်ကိုလည်းကောင်း မျက်စိဖြင့် ပစ္စက္ခဒိဋ္ဌ မြင်ကြသကဲ့သို့ ကိုယ်ခန္ဓာတွင်း၌ ရုပ်တရား နာမ်တရားတို့၏ ထိုထိုအခိုက် အတန့်အားလျော်စွာ သန္တတိအစဉ်အားဖြင့် ခုတင်ခု တဖွားဖွား ဖြစ်ပေါ်တိုးပွားမှုကိုလည်းကောင်း၊ အတိုးအပွာရပ်ပြီးနောက် ဆုတ်ယုတ်၍ သွားသည်ကိုလည်းကောင်း၊ အဆုံးမှာ အကုန်ကွယ်ပျောက်၍ သွားသည်ကိုလည်းကောင်း၊ ဒိဋ္ဌပစ္စက္ခအားဖြင့် အသိဉာဏ်တွင် အမြင်ပေါက်အောင် အားထုတ်မှုသည် ဥဒယဗ္ဗဉာဏ်မည်၏။

ကွယ်ပျောက်မှုကိုသာ အထူးကွက်ခြား၍ ပစ္စက္ခဒိဋ္ဌ အမြင်ပေါက်အောင် ရှုမှုသည် ဘင်္ဂဉာဏ်မည်၏။

**တီရဏပရိညာ ပြီး၏။**

## ၄ - ကဗလီကာရ၌ ပဟာနပရိညာ

ပဟာနပရိညာကို ပြဆိုအံ့။ ။ ရှေးရှေးသော ဘုရားသာသနာတို့၌ ကြုံကြိုက်၍ ပရမတ္ထခန္ဓာ ဝိပဿနာ အချက်များကို ထိထိမိမိ ထင်မြင်အောင် အားထုတ်ခဲ့ကြဖူးကုန်သော ပုဂ္ဂိုလ်တို့ သန္တာန်မှာ ရှိနေကုန်သော ကိလေသာတို့သည် အမြစ်တွေကို ပိုးကိုက်၍ သေလုသေချင်ပင် ဖြစ်နေကြသော်လည်း မြေဥတု ရေဥတု ကောင်းသည့်အတွက် တစ်ပါးသော သစ်ပင်တို့ကဲ့သို့ပင် စိမ်းရှည်ကြီးပွား စည်ကား၍ နေကြကုန်သကဲ့သို့ အာရုံဓမ္မ အားကောင်းသည့်အတွက် တစ်ပါးသော ပုဂ္ဂိုလ်တို့သန္တာန်မှာ ကိလေသာတို့ကဲ့သို့ပင် ကြီးပွား စည်ကား၍ နေကုန်၏၊ ထိုကဲ့သို့သော သစ်ပင်တို့သည် လေဟုန် ရေဟုန် ထိခိုက်လာသောအခါ အနည်းငယ် ထိမှုခိုက်မှုနှင့်ပင်

www.dhammaransi.com



လဲပြိုပျက်ဆုံးကြ ကုန်သကဲ့သို့ ထိုပုဂ္ဂိုလ်တို့မှာ သက္ကာယဒိဋ္ဌိ အစရှိသော ကိလေသာတို့သည်ကား ဉာတပရိညာ, တီရဏပရိညာနှင့်ပင် အမြစ်နှင့်တကွ ချုပ်ဆုံး၍ သွားကြကုန်၏၊ ပဟာန ပရိညာကိစ္စလည်း အပြီးတိုင်လေ၏၊ ပဟာနပရိညာအတွက် တမင်အားထုတ်ဖွယ် မရှိ ပြီ၊ တစ်သုတ်တစ်ပုဒ် တစ်ဂါထာကို ဟောတော်မူရာ ဒေသနာအဆုံး၌ မဂ်ဖိုလ်ကို ရ နိုင်ကြသော သူတို့ပေတည်း။

ရှေးရှေးသော ဘုရားသာသနာ၌ ဒါနမှု သီလမှု ပရိယတ္တိ ဗဟုသုတမှုများကိုသာ အားထုတ်၍ ဝိပဿနာအချက်ကို ထိထိမိမိ ဖြစ်မြောက်အောင် အားမထုတ်ခဲ့ဘဲ အတုအပ ယောင်ယမ်း မြည်တမ်း ရွတ်ဖတ်သရဇ္ဈာယ်ရုံမျှဖြစ်သော အနိစ္စ, ဒုက္ခ, အနတ္တနှင့် ပြီး၍ လာခဲ့ကြသော ပုဂ္ဂိုလ်တို့မှာ ကိလေသာတို့သည် အမြစ်အခြေ ခိုင်မြဲကုန်၏၊ ဉာတပရိညာ, တီရဏပရိညာ အလွန်မှာ နံ့နဲ့ရုံမျှသာ ရှိကြသေးသည်၊ ပဟာနပရိညာကိစ္စကို ရက်လများစွာ အားထုတ်နိုင်မှ အမြစ်အခြေနှင့်တကွ ကျွတ်လွတ် ချုပ်ငြိမ်းကုန်သည်၊ ဤကဲ့သို့သော ပုဂ္ဂိုလ်တို့သည်ကား ဉာတကိစ္စ တီရဏကိစ္စ ပြီးစီးသည့်နောက် ပဟာနပရိညာကိစ္စကို တခမ်းတနား ရက်များစွာ လများစွာ နှစ်များစွာ အားထုတ်ကြကုန်၏။

ပဟာနပရိညာကိစ္စ ဆိုသည်ကား ဝိပဿနာအရာ၌ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဤဉာဏ်ခုနစ်ပါး ဆိုသတည်း၊ မဂ်ဉာဏ်လေးပါးသည် ပဟာနပရိညာအထွတ်အထိပ်တည်း။

ဝိပဿနာဉာဏ် ခုနစ်ပါးတို့တွင် ဘယဉာဏ် ဆိုသည်ကား ဤကဗဠီကာရအာဟာရ ကမ္မဋ္ဌာန်းအရာ၌ ကာမဘုံသားတို့၏ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့နှင့်တကွ ထိုရုပ်ခန္ဓာ နာမ်ခန္ဓာတို့၏ တွယ်တာရာ အဇ္ဈတ္တာဟာရ ဗဟိဒ္ဓါဟာရနှစ်ပါးတို့ကို ကြောက်မက် ဖွယ်သော ဘေးဥပဒ် အနေအားဖြင့် ရှုမြင်သော ဉာဏ်ပေတည်း၊ ဤခန္ဓာ ဤအာ ဟာရတို့ကို မိမိကိုယ်မိမိ ဥစ္စာပြုလုပ်၍ သံသရာမှာ ကျင်လည်ရမည့် အခွင့်နှင့်တကွ ယခုဘဝတွင် မိမိကိုယ်မိမိဥစ္စာ ပြုလုပ်၍ နေမှုကို ကြောက်မက်ဖွယ်ကြီးအတိ ထင်မြင် သောဉာဏ် ဆိုလိုပေသည်၊ ဘယဉာဏ်ဆိုသည်လည်း ဒုက္ခပရိညာပင်တည်း၊ ကာမဘုံ သားမျိုးဖြစ်သော ဤကိုယ်ခန္ဓာ၌လည်းကောင်း၊ ဤကိုယ်ခန္ဓာ၏ မှီတွယ်ရာဖြစ်သော အာဟာရနှစ်ပါး၌လည်းကောင်း၊ သာယာတွယ်ငြိသော နိကန္တိတဏှာသည်အလွန်ခိုင်မြဲ ၏၊ တဏှာနှင့် ဒုက္ခသည်လည်း ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်တည်း၊ ထို့ကြောင့်ထိုနိကန္တိ ကိုခန်းခြောက်စေခြင်းငှာ

www.dhammaransi.com



ဒုက္ခစက်ကြီးဆယ်ပါးနှင့်တကွမြင်ထိုက်သမျှသောအာဟာရ ဒုက္ခ ဘေးဘယတို့ကို ရှုမြင်သော ဒုက္ခပရိညာကိုပင်လျှင် ဘယဉာဏ်ဆို သတည်း။

ကြီးစွာသော ဘေးဘယကို မြင်ပြီးနောက် ကာမခန္ဓာနှင့် အာဟာရနှစ်ပါးတို့မှ မလွတ်သမျှ ကာလပတ်လုံး ဒုက္ခစက်ကြီး ဆယ်ပါးတို့မှ လွတ်နိုင်ရန် အခွင့်ဟူ၍ အဏုမြူမျှ ကိုးကွယ်ရာ အပေါက်အလမ်းမရှိသည်ကို မြင်မှုသည် အာဒီဝနဉာဏ်မည်၏၊ နတ်ပြည်ခြောက်ထပ်မှာ နတ်မင်း သိကြားမင်းဖြစ်၍ နေခိုက်ပင် ကျသော်လည်း အာဟာရ နှစ်မျိုးထွက်သော ကိလေသဒုက္ခစက်ကြီးသည် စွပ်မိလျက်ပင်နေ၏၊ ကိလေသဒုက္ခစက်မိလျက် နေပြန်လျှင် နောက်နောက်ဘဝတို့၌ ကြွင်းသော ဒုက္ခစက်ကြီး ကိုးပါးလည်း စွပ်မိလျက်ပင် ရှိနေလေသတည်း။

အာဒီဝနဉာဏ် ထက်သန်သောအခါ ကာမခန္ဓာနှင့် အာဟာရနှစ်ပါးတို့၌ ငြိတွယ်သော နိကန္တိတဏှာသည် ခန်းခြောက်၏၊ ယခုဘဝ မိမိကိုယ်ခန္ဓာပြု၍ နေရသော ကာမခန္ဓာနှင့် အာဟာရနှစ်ပါးတို့၏ စိတ်အပျက်ကြီးပျက်၏၊ စိတ်ကုန်ခန်း၏၊ ငြီးငွေ့၏၊ ထိုသို့ ငြီးငွေ့သောဉာဏ်ကို နိဗ္ဗိဒါဉာဏ်ဆိုသတည်း၊ ဤနိဗ္ဗိဒါဉာဏ်သို့ ရောက်သောအခါမှ ထိုပုဂ္ဂိုလ်ကို ဗလဝ ဝိပဿနာ ယောဂီပုဂ္ဂိုလ် ဆိုရသည်။ ရှေ့ဉာဏ်စု အခိုက်၌ကား တရုဏ ဝိပဿနာ ယောဂီပုဂ္ဂိုလ်သာ ဆိုရသည်။ ဝိပဿနာနု, ဝိပဿနာရင့် ဆိုလိုသည်။

ဤနိဗ္ဗိဒါဉာဏ် ဖြစ်လာသောအခါ၌မူကား မိမိ ကိုယ်ခန္ဓာကို သာယာသဖြင့် ပြုပြင်မှု ကဗဠီကာရ အာဟာရ၌ သာယာမှု နည်းပါး၍သွားကုန်၏၊ အဘယ်အခါမှ သာယာရွှင်လန်းသော စိတ်မရှိ၊ အခါခပ်သိမ်း ညှိုးနွမ်းသောစိတ်သည် တည်၏၊ လူ့ပြည် နတ်ပြည်မှာ သာယာဖွယ်ဟူ၍ ရှာကြံမရ ရှိ၏၊ ထိုအခါ လူ့ခန္ဓာ နတ်ခန္ဓာတို့နှင့် အာဟာရ နှစ်ပါးတို့မှ အလျင်အမြန် ကျွတ်ပြီးလွတ်ပြီး ဖြစ်လိုသော စိတ်သည် အမြဲတည်၏၊ ဤသို့ ကျွတ်လို လွတ်လိုသော ဆန္ဒနှင့်တကွ ဖြစ်သော ဉာဏ်ကို မုစ္စိတုကမျတာဉာဏ် ဆိုသတည်း၊ ကျွတ်မှု လွတ်မှု ဆိုသည်ကား ထိုခန္ဓာ ထိုအာဟာရတို့၌ တွယ် ငြိသော နိကန္တိတဏှာ ကျွတ်လွတ်လျှင် သေသည်မှ နောက်ဘဝ၌ ထိုခန္ဓာ ထို အာဟာရတို့မှ ကျွတ်လွတ်မှုကို ဆိုသတည်း၊ ထို့ကြောင့် ခိုင်မြဲစွာသောကြိုးနှင့် လည်ပင်း ၌ အကြပ်အတည်း ချည်နှောင်ထားသော ခွေးသေပုပ်ကြီး ရှိနေသည်ကို ထိုပုဂ္ဂိုလ် သည်လည်း ထိုကြိုးကိုဖြတ်ခြင်းငှာ လွန်စွာအလိုရှိသကဲ့သို့ ယခု မိမိကိုယ်ခန္ဓာနှင့် အာဟာရနှစ်ပါးတို့၌ ငြိတွယ်၍နေသော နိကန္တိတဏှာ၏ ကုန်ခန်းပြတ်ကင်းခြင်းကို အလွန် အလိုရှိသော ဆန္ဒနှင့် ယှဉ်သောဉာဏ် ဆိုလိုသည်။

www.dhammaransi.com



ခွေးပုပ်ကြီးနှင့် ဤကိုယ်ခန္ဓာတူစေ၊ ကြပ်တည်းစွာ ချည်နှောင်ထားသော ကြိုးနှင့် ယခုရှိနေသော ခန္ဓနိကန္တိ အာဟာရ နိကန္တိ တဏှာတူစေ။

ဤအာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ် သုံးပါးသည်လည်း ဒုက္ခ ပရိညာ မျိုးပင်တည်း၊ ဤဉာဏ်ကို ရောက်သော ပုဂ္ဂိုလ်သည် မိမိ၏ ရူပကာယ ခန္ဓာကြီး နှင့်တကွ အဆင်းအသံ အစရှိသော ဗာဟိရရုပ်တို့၌လည်း စက်ဆုပ်လှသည့် အတွက် သာယာ ရွှင်လန်းသဖြင့် ကိုယ်အင်္ဂါတို့၏ ကြွရွလှုပ်ရှားခြင်းမရှိ၊ ရွှင်ကြွသော စကားမျိုး ကို ပြောဆိုခြင်းမရှိပြီ၊ မိမိနာမ်ခန္ဓာတို့၌ စက်ဆုပ်သည့်အတွက် စက္ခုဝိဉာဉ် စိတ်ကိုဖြစ်စေ၍ ဘယ်ဟာကို ကြည့်လို မြင်လိုသည်ဟုမရှိ၊ သောတ ဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှာဝိညာဏ်စိတ်၊ ကာယဝိညာဏ်စိတ်တို့၌လည်း ထို့အတူ မနောဝိညာဏ်လည်း ငြိမ်သက်၏၊ ဘုရားအာရုံ တရားအာရုံမှတပါး ဤလောက အတွင်း၌ ဘယ်ဟာတစ်ခုကို အာရုံပြုလိုသောစိတ်မရှိ၊ ဤစိတ်တို့မှ ကျွတ်လွတ် လိုသော ဆန္ဒ ဗျာပါရနှင့်သာ နေတော့သည်၊ ထိုသို့ ဤကာမဘဝမျိုး, ကာမခန္ဓာမျိုးတို့မှ ကျွတ်လွတ်လိုလှသောအခါ မြန်မြန်ကြီး ကျွတ်ပြီး လွတ်ပြီး ဖြစ်တည့်ရန် "ရူပက္ခန္ဓေ အနိစ္စတော၊ ဒုက္ခတော၊ ရောဂတော၊ သလ္လတော၊ အဃတော၊ အာဗာဓတော" အစရှိ သည်ဖြင့် ပဋိသမ္ဘိဒါမဂ်တွင် လာသော ဘာဝနာ လေးဆယ်တို့နှင့် ဉာဏ်ကုန်လွှတ်၍ ဆင်ခြင်သောဉာဏ်သည် ပဋိသင်္ခါဉာဏ် မည်၏။

ဉာဏ်ကုန်လွှတ်၍ ရှုသဖြင့် မိမိကိုယ်ခန္ဓာ၌ တွယ်ငြိသော နိကန္တိတဏှာ၊ အာ ဟာရ ဝတ္ထုတို့၌ သာယာသော နိကန္တိတဏှာ၊ ဤလောကအတွင်းမှာ ရှိကြသော ကာမ ဝတ္ထုတို့၌သာယာသော တဏှာ ဝိညာဏ်ခြောက်ပါးနှင့် တကွသော စိတ်စေတနာ နာမ် ခန္ဓာတို့၌ သာယာသော နိကန္တိတဏှာ၊ အရှင်းကွာလေ၍ ဤကာမဘဝ အာဟာရဒုက္ခ တို့မှ ကျွတ်လွတ်တော့မည် ဧကန်ဟု သန္နိဋ္ဌာန် ချနိုင်သောအခါမှာ ရှေးအဖို့ ဘယဉာဏ် အာဒီနဝဉာဏ်တို့ဖြစ်သောအခါမှစ၍ ပြင်းထန်စွာဖြစ်၍လာသော ကြောက်မှု, ထိတ် လန့်မှုတို့သည် ပြေငြိမ်းကုန်၏၊ သက်သာရာ ရလေ၏၊ ထိုအာဟာရ ဒုက္ခတို့အတွက် နှင့် စိတ်ပူမှု ငြိမ်းလေ၏၊ ထိုအခါ ထိုအာဟာရတို့၌ ကြောက်ခြင်း, ထိတ်လန့်ခြင်းမရှိ ပကတိ လျစ်လျူသဘောနှင့်တကွ ရှုသော ဝိပဿနာဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ် မည်၏။

အနုလောမဉာဏ်ဆိုသည်ကား - မဂ်၏ အနီး၌ဖြစ်သော ပရိကံ ဥပစာ အနု လုံတို့ကို ဆိုသတည်း။

**ဝိပဿနာ ပဟာနပရိညာ အစီအရင် ပြီး၏။**

www.dhammaransi.com



**လောကုတ္တရာ ပထမ ပရိညာ**

မဂ်ဉာဏ်လေးပါးသည် လောကုတ္တရာ ပရိညာမည်၏၊ ထိုလေးပါးတွင် သော တာပတ္တိမဂ်သို့ ရောက်သောအခါ နိစ္စသညာ, နိစ္စဒိဋ္ဌိ, အတ္တသညာ, အတ္တဒိဋ္ဌိနှင့် ယှဉ်သော ကာမဘဝနိကန္တိတဏှာ အာဟာရနိကန္တိတဏှာဟု ဆိုအပ်သော သမုဒယသစ္စာ တဏှာ တစ်စိတ်သည် အမြစ်နှင့်တကွ ကျွတ်လွတ်ချုပ်ငြိမ်းလေ၏၊ ထိုအခါမှစ၍ ထို ပုဂ္ဂိုလ်သန္တာန်မှာ ခန္ဓာတို့၌လည်းကောင်း, အာဟာရတို့၌လည်းကောင်း, နိစ္စအတ္တ အနေနှင့် မှတ်ထင်သော သညာစွဲယူသော ဒိဋ္ဌိဟူ၍ ဖြစ်ပေါ်ခြင်း မရှိပြီ၊ သုခဒိဋ္ဌိလည်း မရှိပြီ။ ။ သုခသညာမူကား ကျန်ရှိ၏၊ ထိုဒိဋ္ဌိစု အကုန်ချုပ်ငြိမ်းသည့်အတွက် ထိုပုဂ္ဂိုလ်သန္တာန်မှာ အပါယ်မြစ် အပါယ်ကြော အကုန်ပြတ်လေ၏၊ အတိတ်ကာလတို့မှ ပါရှိ၍နေသော ဒုစ္စရိုက်ကံစု၊ နောက်နောက်ကာလတို့၌ ပြုလတ္တံ့သော ဒုစ္စရိုက်ကံစု အကုန်ပျောက်ဆုံးလေကုန်၏၊ ထိုပုဂ္ဂိုလ်၌ နောင်သံသရာ၌ ကျင်လည်ရသေးသော်လည်း ရုန့် ရင်းသော ကိလေသာ ဒုက္ခစက်၊ ခပ်သိမ်းသော ဒုစ္စရိုက်၊ ခပ်သိမ်းသော အပါယဒုက္ခ စက်တို့သည် အကုန်ကွယ်ဆုံးကုန်ပြီ။

လူ့ဘဝတို့မှာ ဖြစ်၍သွားသော်လည်း ယုတ်ညံ့သော လူ့ဘဝ ဆင်းရဲနွမ်းပါးသော လူ့ဘဝတို့မှာ ဖြစ်ခြင်းမရှိပြီ၊ သေဋ္ဌေး သူတော်ကောင်း၊ သူကြွယ် သူတော်ကောင်း၊ မင်းစိုးရာဇာ သူတော်ကောင်းဘဝတို့၌သာ ဖြစ်လေတော့သည်၊ နတ်ပြည်မှာဖြစ်သော် လည်း ယုတ်ညံ့သော ဘုန်းတန်ခိုးအရှိန်သေးသိမ်သော မိစ္ဆာနတ်မျိုးမှာ ဖြစ်ခြင်းမရှိပြီ၊ ဘုန်းတန်ခိုး အရှိန်အဝါ ကြီးမြတ်စွာသော သမ္မာဒိဋ္ဌိနတ်မျိုးတို့၌သာ ဖြစ်ရတော့သည်၊ ကျန်ရှိသေးသော သုခသညာအတွက် ကာမတဏှာလည်း ရှိမြဲတိုင်းပင် ရှိနေ၏၊ လူ့ကာမဂုဏ်, နတ်ကာမဂုဏ်တို့ကို သာယာခံစားမှုတို့မှာ ပကတိ ပုထုဇ္ဇဉ်ပုဂ္ဂိုလ်တို့နှင့် မထူးလှသေး၊ ဝိသာခါ ဒါယိကာမသည် အသက်ခုနစ်နှစ်ရွယ်က သောတာပန်ဖြစ်၏၊ ပွဲလမ်းသဘင်ရှိသောအခါ ဝတ်ဆင်သော ကိုးကုဋေထိုက်တန်သော မဟာလတာတန်ဆာနှင့်တကွ ပစ္စည်းဥစ္စာ, ရတနာ, ရွှေ, ငွေ တို့ကို သာယာသိမ်းဆည်းမှု၊ သားတစ်ကျိပ်, သမီးတစ်ကျိပ် ရှိသည့်တိုင်အောင် ကာမဂုဏ်ကို ခံစားမှုတို့သည် ပကတိ ပုထုဇ္ဇဉ်တို့နှင့် မထူးလှသေး၊ ယခုလည်း နိမ္မာနရတိ နတ်ပြည်မှာ သုနိမ္မိတနတ်မင်းကြီး၏ နတ်မိဖုရားကြီး ဖြစ်၍ ကြီးကျယ်လှစွာသော နတ်ကာမဂုဏ်ကို ခံစံလျက်ပင်ရှိ၏။

www.dhammaransi.com



သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတည်းဟူသော အပါယ်မြစ် အပါယ်ကြော ပုထုဇဉ်မြစ် ပုထုဇဉ်ကြော ပြတ်ပြီးဖြစ်၍ ထိုသို့ပင် ခံစားမှု စံစားမှုရှိသေးသော်လည်း အပါယ်နှင့် တကွ ယုတ်ညံ့သော လူ့ဘဝ, ယုတ်ညံ့သော နတ်ဘဝတို့၌ ဖြစ်ရခြင်း မရှိပြီ၊ တစ်ဘဝ ထက် တစ်ဘဝ ကြီးမြတ်၍ တစ်ဘဝထက် တစ်ဘဝ အလိမ္မာ ကြီးပွား၍သာ သွားတော့ သည်။

စောဒနာတက်ဖွယ်ရှိ၏၊ သောတာပတ္တိမဂ်သို့ မရောက်မီ ရှေးအဖို့၌ဖြစ်သော ဘယဉာဏ်၊ အာဒီဝနဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်တို့ကို ရောက်သော အခါ၌ ကာမဘုံသားတို့၏ ခန္ဓာနှင့်တကွ အာဟာရနှစ်ပါး ကာမဂုဏ်တရားတို့ကို အလွန် ကြီး ကြောက်လန့် စက်ဆုပ်အောင် အားထုတ်ရသည်၊ သောတာပတ္တိမဂ်သို့ ရောက် ပြီးသောအခါ ထိုခန္ဓာ , ထိုအာဟာရ, ထိုကာမဂုဏ်တို့ကို အလွန်ပင် သာယာ ခံစား ပြန်သည်ဟူသော စကားသည် မညီ မညွတ် သကဲ့သို့ ရှိပါသည်ဟု စောဒနာတက်ရန် ရှိ၏။ ။ အဖြေကား။ ။ လူတစ်ယောက်မှာ ကောင်းမွန်သော အမဲသား, ဝက်သား, ကြက်သား, ငါးသားတို့ကို စားမိလျှင် ထွန့်ထွန့်လူး, ဖြတ်ဖြတ်လူး ခံရအောင် မျက်စိ အင်္ဂါ, နားအင်္ဂါ စသည်သော်လည်း ပျက်စီးအောင် သေသော်လည်းသေဆုံးအောင် ထကြွသော ရောဂါဆိုး အနာမိုး ရှိ၏၊ ထိုရောဂါကို ပျောက်ငြိမ်းအောင် ဆေးဝါးကုစား အားထုတ်သောအခါ၌ ထိုကောင်းမွန်သော အသားမျိုးကို အလွန်ကြောက်ရ၏၊ ကြောက်လန့်သောစိတ်ကို ကောင်းစွာဖြစ်စေ၍ လွတ်ကင်းစွာရှောင်ကြဉ်ပြီးလျှင် ဓာတ် စာဆေးဝါးကို သုံးစားသဖြင့် ထိုရောဂါဆိုးသည် အမြစ် အခြေနှင့်တကွ ကျွတ်လွတ် ပျောက်ငြိမ်းလေ၏၊ ထိုအသားမျိုးကို စားသော်လည်း ဥပဒ်မရှိပြီ၊ ထိုအခါ၌ အလိုရှိ တိုင်း စားလေတော့သည်။

အနာဆိုး, ရောဂါဆိုးနှင့် ငါငါဟူ၍ ငါ၏ကိုယ်ဟူ၍ စွဲလမ်းသော သက္ကာယဒိဋ္ဌိ အပါယ်မြစ် အပါယ်ကြောကြီး တူ၏၊ ကောင်းမွန်သော သား ငါး အရသာမျိုးတို့နှင့် လူ့ခန္ဓာ, နတ်ခန္ဓာ, လူ့အာဟာရ, နတ်အာဟာရ, လူ့ကာမဂုဏ်, နတ်ကာမဂုဏ် တူ ၏၊ အလွန်ဆင်းရဲ ဒုက္ခဖြစ်ရအောင် အင်္ဂါခြေလက် ပျက်လေအောင် အသက်ခန္ဓာ သေဆုံးလေအောင်, ရောဂါတိုးပွားမှုနှင့် မဟာအဝီစိ ငရဲကြီးတိုင်အောင် သွားသော ဒုက္ခစက်ကြီး ဆယ်ပါးတူ၏၊ အမြစ်နှင့်တကွ ရောဂါ ကျွတ်လွတ်သောအခါနှင့် သက္ကာ ယဒိဋ္ဌိဟူသော အပါယ်မြစ်ကြီးနှင့်တကွ ဒုက္ခစက်ကြီးဆယ်ပါး ပျောက်ငြိမ်းမှုတူ၏၊ ထို ရောဂါ ပျောက်ငြိမ်းပြီးသောအခါမှာ ထိုကောင်းမွန်သော သားငါးအရသာတို့ကို အလို ရှိတိုင်း စားသည်နှင့် သက္ကာယဒိဋ္ဌိ ပျောက်ငြိမ်းပြီးသောအခါ လူ့ခန္ဓာ, နတ်ခန္ဓာ, လူ့

www.dhammaransi.com



အာဟာရ, နတ်အာဟာရ, လူ့ကာမဂုဏ်, နတ်ကာမဂုဏ်တို့ကို သာယာ ခံစားမှုတူ၏။ ။ ဤ ဥပမာအတိုင်းမှတ်လေ။

## လောကုတ္တရာ ပထမပရိညာ ပြီး၏။

## လောကုတ္တရာ ဒုတိယ ပရိညာ

သကဒါဂါမိမဂ်သည် ဒုတိယပရိညာမည်၏၊ သောတာပန် ပုဂ္ဂိုလ်၏ သန္တာန်၌ ကျန်ရှိသေးသော ကိလေသာတို့တွင် ခက်ထန်ရုန့်ရင်းသော ကိလေသာတို့ကို သကဒါဂါမိမဂ်သည် ပယ်၏၊ သကဒါဂါမိ ပုဂ္ဂိုလ်သည် သောတာပန် ပုဂ္ဂိုလ်ထက် ကိလေသာအရာ၌ နည်းပါးရုံမျှသာ ရှိသေးသည်၊ လောဘ, ဒေါသ မောဟ မကင်းသေး၊ ကာမခန္ဓာကို သာယာခြင်း အာဟာရကို သာယာခြင်း မကင်းသေးသည်သာ ဖြစ်၏။

## လောကုတ္တရာ ပရိညာအမြွက်ပြီး၏။

**လောကုတ္တရာ တတိယပရိညာ**

အနာဂါမိမဂ်သည် လောကုတ္တရာ တတိယပရိညာ မည်၏၊ ဤတတိယ ပရိ ညာသို့ဆိုက်မှ ကာမဘုံသားဖြစ်သော ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့၌ သာယာတွယ်တာ သော တဏှာ ထိုခန္ဓာနှစ်ပါးတို့၏ အသက်သဖွယ် ဖြစ်သော အဇ္ဈတ္တာဟာရ, ဗဟိဒ္ဓါ ဟာရ နှစ်ပါးတို့၏ သာယာသော တဏှာတို့သည် အနုသယဟူသော အမြစ်နှင့်တကွ ချုပ်ပျောက်ကုန်ဆုံးကုန်၏၊ ထိုခန္ဓတဏှာ, အာဟာရတဏှာတို့ ချုပ်ပျောက်ကုန်ဆုံးသည်ရှိသော် ယခုဘဝ သေသည်မှ နောက်၌ ကာမခန္ဓာဟူ၍ မပေါ်လာပြီ၊ ကာမသံသရာ အပြီးတိုင်ပြတ်လေ၏၊ ကဗဠီကာရ အာဟာရဒုက္ခ အပြီးတိုင် ကင်းငြိမ်းလေ၏၊ ယခုဘဝ သေသည်မှ နောက်၌ ဗြဟ္မာ့ပြည် သို့သာ သွားခွင့်ရှိတော့သည်၊ ဤကာ မဘုံသို့ တစ်ဖန် ပြန်လာခွင့်မရှိပြီ၊ ထိုတဏှာတို့ ချုပ်ငြိမ်း၍ ကုန်သည့်အတွက် ဒေါ သ ဒေါမနဿတို့လည်း အပြီးတိုင် ချုပ်ငြိမ်းလေ ကုန်၏၊ ဤအနာဂါမိမဂ်ကို ရသော အခါမှစ၍ ဤဘဝ, နောက်ဘဝ အဆက်ဆက် တို့၌ အမျက်ထွက်ရခြင်း၊ စိတ်ပူပန် ခြင်း၊ နှလုံးမသာမယာရှိခြင်း ဟူ၍ မြူမျှမသန်း လာပြီ၊ ဤဘဝနှင့်တကွ နောက်ဘဝ အဆက်ဆက် တို့၌ မိမိစိတ်သန္တာန်သည် အေးမြစွာသော ပဒုမ ကြာအိုင်ကြီးကဲ့သို့ အစဉ် ထာဝရ အေးမြချမ်းကြည် တည်လေတော့သည်၊ ဗြဟ္မာ့ခန္ဓာ, ဗြဟ္မာ့ဘဝ, ဗြဟ္မာ့ဘုန်းတန်ခိုး, ဗြဟ္မာ့ကျက်သရေ, ဗြဟ္မာ့စည်းစိမ်တို့ကို သာယာသော ရူပတဏှာ,

www.dhammaransi.com



အရှုပတဏှာ နှစ်ပါးသည်မူကား ထိုပုဂ္ဂိုလ်သန္တာန်မှာ ကျန်ရှိသေး၏၊ ဤသို့လျှင် ကဗလီကာရ အာဟာရ နှစ်ပါးတို့၌ သာယာတွယ်တာသော တဏှာသည် ဤ အနာဂါမိမဂ်တွင် အပြီးတိုင်ချုပ်ငြိမ်းလေ၏၊ ပဟာနပရိညာ အထွတ်အထိပ်သို့ ရောက်၏၊ ကဗလီကာရ အာဟာရ ကမ္မဋ္ဌာန်းအလုပ်သည် ဤအနာဂါမိမဂ်သို့ ရောက်မှ အခွင့်ဆုံး၏၊ ခွင်လုံး ပိုင်၏။

ကာမခန္ဓာ ကာမဘဝမျိုးပြတ်မှ ကဗလီကာရ အာဟာရဒုက္ခ မျိုးပြတ်သည်၊ ကာမခန္ဓာ ကာမဘဝမျိုး မပြတ်သေးသည်ရှိသော် နေ့ဝသညာ, နာသညာယတန ဗြဟ္မာ့ဘုံမှာ ဗြဟ္မာဖြစ်၍ နေသော်လည်း ကဗလီကာရ အာဟာရ ဒုက္ခစက်ကြီးဆယ်ပါး အတွင်းသို့ ဝင်ရလတ္တံ့ ပုံသေတည်း၊ ပဉ္စကာမဂုဏ်က ရာဂမျိုးပြတ်မှ ကာမခန္ဓာ ကာမဘဝ မျိုးပြတ်လေသည်၊ ပဉ္စကာမဂုဏ်က ရာဂမှ ကာမခန္ဓာ ထွက်သည်၊ ကာမခန္ဓာမှ ကဗလီကာရ အာဟာရ ဒုက္ခစက်ကြီး ၁၀-ပါးထွက်သည်၊ ကဗလီကာရအာဟာရ ဒုက္ခကို အဟုတ် ကြောက်လန့်နိုင်လျှင် ကာမခန္ဓာ ကာမဘဝကို အဟုတ် ကြောက်လန့်နိုင်၏၊ ကာမခန္ဓာ ကာမဘဝကို အဟုတ် ကြောက်လန့်နိုင်လျှင် ပဉ္စကာမဂုဏ်ကရာဂကို အဟုတ်ကြောက်လန့်နိုင်၏၊ ပယ်နိုင်၏၊ ထိုရာဂကို ပယ်နိုင်လျှင် ကာမခန္ဓာ ကာမဘဝမျိုးပြတ်၏၊ ထိုပုဂ္ဂိုလ်သည် ကာမဘုံမှာ ကာမသတ္တဝါ ဖြစ်ခွင့် လွတ်ငြိမ်းလေ၏၊ ဤသို့သော အမှုသွားကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် -

> ကဗလီကာရေ ဘိက္ခဝေ အာဟာရေ ပရိညာတေ
> ပဉ္စကာမဂုဏိကရာဂေါ ပရိညာတော ဟောတိ၊
> ပဉ္စကာမဂုဏိကရာဂေ ပရိညာတေ အရိယ
> သာဝကဿ နတ္ထိ တံ သံယောဇနံ၊ ယေန သံယောဇနေန
> သံယုတ္တော အရိယသာဝကော ပုန ဣမံ လောကံ
> အာဂစ္ဆေယျ။

ဟူ၍ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ ဟောတော်မူပေသည်။

ကန္တာရခရီးခဲမှာ သားငယ်ကိုသတ်၍ သားငယ်၏ အသားကို စားကြသော မိဘနှစ်ဦးတို့ကို ဤကဗလီကာရ အာဟာရ၌ ဥပမာ ပြတော်မူသည်မှာလည်း ပရိညာကိစ္စ အလုံးစုံ အခွင့်ကုန်ပြီးသော အနာဂါမ် ပုဂ္ဂိုလ်အဖြစ်နှင့် တိုက်ဆိုင်၍ ပြတော်မူသော ဥပမာ ပေတည်း၊ ထိုဥပမာ အတိုင်းလည်း ကျတော့သည်၊ အနာဂါမ် အဖြစ်

www.dhammaransi.com



သို့လည်းရောက်တော့သည်၊ အနာဂါမ်အဖြစ်သို့ရောက်မှပင် ထိုဥပမာအတိုင်းကျလေသည်၊ ထိုဥပမာအတိုင်းကျမှပင်အနာဂါမ်အဖြစ်သို့ ရောက်၍ ပရိညာကိစ္စ အခွင့်ကုန်လေသည်၊ သောတာပန် ပုဂ္ဂိုလ် သကဒါဂါမ် ပုဂ္ဂိုလ်တို့၏ စိတ်သည် မိမိတို့သန္တာန်မှာ ကျန်ရှိနေသေးသော သုခသညာမှ ဖြစ်သော အာဟာရ နိကန္တိတဏှာ ရှိနေသေးသည် ဖြစ်၍ ထို ဥပမာ အတိုင်း အစဉ် ထာဝရ မကျနိုင်သေး၊ အာဟာရ၌သာယာမှု မကင်းသေး၊ ပုထုဇဉ်မှာ ဆိုဖွယ်မရှိ။

ဥပမာ ဆိုသည်ကား နှစ်ယောက်သော သမီးခင်ပွန်း တို့သည် အနည်းငယ်သော ရိက္ခာနှင့် ချစ်လှစွာသော သားငယ်ကို ချီပိုက်၍ အဝွန့်ရှည်စွာသော ကန္တာရခရီးခဲသို့ သွားကြကုန်ရာ၏၊ လမ်းခရီးအလယ်၌ ရိက္ခာ ကုန်နေကြ၏၊ ရှေ့သို့လည်းမရောက်နိုင်၊ နောက်သို့လည်း မပြန်နိုင်၊ အခက်ကြီးတွေ့၍ နေကြ၏၊ ထိုအခါ သူငယ်၏ အဘ ဖြစ်သူအား အကြံဖြစ်၏၊ သည်လိုသာနေကြလျှင် ငါတို့သုံးယောက် သေကြဖို့သာ ရှိတော့သည် သူငယ်ကိုသတ်၍ သူငယ်၏အသားကို ရိက္ခာလုပ်၍ သွားရမှုကား သူငယ်မှာ သေဆုံး၏၊ ငါတို့နှစ်ယောက် အသက်ချမ်းသာ၍ လိုရာစခန်းသို့ရောက်နိုင်၏ဟု ကြံမိ၍ သူငယ်၏ အမိကို တိုင်ပင်၏၊ အမိလည်း မကြံသာလှ၍ စိတ်တူရလေ၏၊ ထိုအခါ တစ်စုံတစ်ခုသော ပရိယာယ် ပယောဂဖြင့် သေအောင်ပြုကြရကုန်၏၊ သေသောအခါမှာ သူငယ်၏ ကိုယ်ခန္ဓာကို ထက်စွာသော ဓားဖြင့်ခုတ်စဉ်း လှီးဖြတ်၍ အသားတုံး အသားညှင်း ပြုလုပ်ပြီးလျှင် တစ်နေ့နှစ်ခါ အစာအာဟာရ ပြု၍ သွားကြသဖြင့် အလိုရှိရာ ချမ်းသာရာမြို့ရွာသို့ ရောက်ကြလေကုန်၏။

ဤဥပမာ၌ ချစ်လှစွာသော သားကိုသတ်၍ အာဟာရ ပြုလုပ်မည်ကြံစည်သောအခါလည်း မသက်မသာ မလွဲသာလှ၍ ကြံရသည်၊ ထို အတူ သေကြောင်းပယောဂကို ရှာကြံသောအခါ, ပယောဂမှုကို ပြုရသောအခါ, သေသည်ကို မြင်ရသောအခါ, ထက်စွာသော ဓားဖြင့် ခုတ်စဉ်း၍ အသားညှင်း အသားတုံး ပြုလုပ်သောအခါ၊ တစ်နေ့လျှင် နှစ်ခါ နှစ်ခါ စားမည် ကြံစည်သောအခါ, စားရမည်ဟု ကြည့်မြင်ယူငင်သောအခါ, ခံတွင်းသို့ ခွန့်ရသောအခါ, ဝါးရသောအခါ, မျိုရသောအခါတို့၌လည်း မသက်မသာ မလွဲသာစိတ်နှင့်သာ ပြုကြရကုန်သည်၊ ဤ ဥပမာ အတူကဗဠီကာရ အာဟာရမှုကို ရှာမှီး ခံယူမှု စားသောက်မှုကို ပြုကြသောအခါတို့၌သာယာခြင်းကို မဖြစ်စေမူ၍ မသက်မသာ မလွဲသာမှုကြီးဖြစ်၍ ပြုရသည်ဟု ဆင်ခြင်၍ ပြုကြရမည်ဟူလိုသတည်း၊ အသက်မွေးမှုကို ပြုလုပ်အားထုတ်ကြသော လူတို့မှာလည်း ဤဥပမာကို ဆင်ခြင်ဖို့ ကောင်းလှ၏၊ ဤ ဥပမာအတိုင်း စိတ် အတည်ကျ

www.dhammaransi.com



မှုမှာ မူကား အနာဂါမိမဂ်သို့ ရောက်၍ ကဗဠီကာရ အာဟာရ ပရိညာ အပြီးတိုင် ထမြောက်မှ ကျနိုင်သည်။

ပရိညာသုံးပါးတွင်လည်း အလယ်ဖြစ်သော တီရဏပရိညာသည် နေရာကျ အလိုဆုံးတည်း၊ တီရဏ ပရိညာသုံးပါးတွင်လည်း အနိစ္စပရိညာ နေရာကျလိုလှ၏၊ ပရိညာ ဆိုသည်ကား ပိုင်နိုင်မှုတည်း၊ ပိုင်နိုင်မှုမည်သည် အရင်းအမြစ် အစစ်အမှန် ကို ထိမှ မိမှ တွေ့မှ ဖြစ်နိုင်သည်၊ အတုအယောင် အဖျားအနားမျှကို ပရိညာမဆို ရ၊ အဘိဓမ္မာ၌ အစေ့အစပ် တတ်သိ လိမ္မာ၍ သုတမယ ဉာဏ်ဖြင့် သဘော သကန် ကို မြော်ဆ၍ သုတမယ ယုတ္တိ၌ အနိစ္စအခြင်းအရာကို ဆင်ခြင်မှု ဟော ပြောမှု ကျမ်းစာ ဘုတ်အုပ် ရေးသားမှုများသည်လည်း သုတမယဉာဏ် အမှုသာတည်း၊ တီရဏပရိညာမှု မဟုတ်၊ ဒိဋ္ဌပစ္စက္ခ ဝိပဿနာ စိန္တာမယ ဉာဏ်မျိုးမဟုတ်၊ ထိုသုတ မယဉာဏ် အမှုကို ပရိညာသုံးပါး၌ ထည့်သွင်းသည် ရှိသော် ဉာတပရိညာ၌ ဝင်လေ ရာ၏။

ဓမ္မကထိက ပုဂ္ဂိုလ်တို့၏ ပြောဟောမှုသည် ဒေသနာမှု အနု သာသနီမှု ဟူ ၍ နှစ်ပါးရှိ၏၊ "ရူပံ အနိစ္စံ၊ ဝေဒနာအနိစ္စာ" စသည်ဖြင့် ဓမ္မဒေသနာတော်ရှိတိုင်း ပြောဟောသည်ကား ဒေသနာမှုတည်း၊ ရူပံ အနိစ္စံ ပုဒ်၏အရကို ရုပ်၌ အနိစ္စပရိ ညာ ပေါ်၍လာအောင် ပြောဟောမှုကား အနုသာသနီမှုတည်း၊ ဒေသနာမှုမှာ တစ် ကြိမ် တစ်ခါပင် ပြောဟောသော်လည်း မှတ်သားမိလျှင် ပြီးတော့သည်၊ အနုသာသ နီမှုမှာ နာခံသော သူ၏ ဉာဏ်ထဲမှာ အနိစ္စပရိညာစခန်း မပေါ်သမျှ ကာလပတ်လုံး ရုပ်အနိစ္စံကိုပင် ဒိဋ္ဌယုတ္တိ, ပစ္စက္ခယုတ္တိများစွာနှင့် နေ့ရက်များစွာ အခါခါ အထပ် ထပ် ပြောဟော ရသည်၊ ပရိညာစခန်း ဆိုသည်ကား သွား၍ နေသော သူ၏ ခြေတစ် လှမ်း နှစ်လှမ်း အတွင်းမှာပင် မိမိ ရူပကာယ ခန္ဓာကိုယ်ကြီး၏ တစ်ကိုယ်လုံး တစ်ကောင်လုံး အခါခါ ပျောက်ဆုံး ချုပ်ကွယ်မှုကို ဉာဏ်၌ ဒိဋ္ဌပစ္စက္ခအားဖြင့် မြင် မှု ထင်လင်းမှုကို အနိစ္စပရိညာ ဆိုသတည်း၊ ကြွင်းသော ဣရိယာပုတ် တို့မှာလည်း ထိုနည်းတူမှတ်၊ ဤသို့ နာခံသော သူ၏ ဉာဏ်၌ မျက်စိနှင့် မြင်ရသကဲ့သို့ ထင်မြင် ရန် အချက် ကွက်ကွက်ကွင်းကွင်း ပေါ်လာမှ အနုသာသနီ အခွင့်ကုန်လေသတည်း၊ အနုသာသနီ စကားမျိုး မည်သည် ရူပံ အနိစ္စံ တစ်ပုဒ်မှာပင် ဆယ်အင်္ဂါမက များ ပြားရာ၏၊ ထို့ကြောင့် ကျမ်းဂန်တို့၌ ဒေသနာ စကားမျှကိုသာ ထားနိုင်သည်၊ အနု သာသနီ စကားမျိုးကို မထားနိုင်၊ ဝိသုဒ္ဓိမဂ်မှာ ရူပသတ္တက အစီအရင် နာမသတ္တက

www.dhammaransi.com



အစီအရင်တို့ဖြင့် အနုသာသနီခန်းကို ပြဆိုသော်လည်း ဆရာနေရာကျ လက်ထပ်ပြ၍ ဆုံးမမည့်သူ ရှိဦးမှ နေရာကျနိုင်သည်၊ ယခုအခါ၌ မူကား နေရာ ကျကျ လက်ထပ်ပြမည့်သူကို တွေ့မြင်ခြင်းငှာ ခဲယဉ်းလှ၏။

**ကဗဠီကာရ အာဟာရ ကမ္မဋ္ဌာန်း**

**အစီအရင် ပြီး၏။**

* * *

## ၅ - နာမ်အာဟာရ သုံးပါး

ယခုအခါ နာမ်အာဟာရ သုံးပါးတို့ကို ပြဆိုပေအံ့၊ နာမ် အာဟာရ သုံးပါးတို့မှာ ဝိညာဏ်သည်သာ ပဓာန ဖြစ်၏၊ သို့သော်လည်း အလွန်ထင်ရှားသည့်အတွက် ရုပ်အာဟာရကို ရှေးဦးစွာ ဟောပြီးနောက် ရုပ်အာရုံ၌ တွေ့ထိမှု ထင်ရှားသည် ဖြစ်၍ ဖဿကို ဟောတော်မူ၏၊ ဖဿမှ ဆက်လက်သော အကျိုးတရားဖြစ်၍ ဖဿ၏ အခြားမဲ့၌ စေတနာ အာဟာရကို ဟောတော်မူ၏၊ ထို့ကြောင့် ထိုသုံးပါးတို့ ၏ အကြား၌ ဝိညာဏာဟာရကို ဟောခွင့်မရလေရကား နောက်ဆုံးထား၍ ဟော တော်မူသည်။

ကိစ္စ ပြဋ္ဌာန်းမှု ပဓာနပြု၍ စီစဉ်လိုမူကား ဝိညာဏာ ဟာရ၊ ဖဿာဟာရ၊ မနောသဉ္စေတနာဟာရ ဟူ၍ စီစဉ်ရာ၏၊ ဤစာအုပ်၌မူကား ကိစ္စ ပြဋ္ဌာန်းမှုကို ပဓာန ပြု၍ ဝိညာဏာ ဟာရကို ရှေ့ထား၍ ပြဆိုပေအံ့။

ထိုသုံးပါးတို့၏ အစဉ်ကား အာရုံကို သိခြင်း အမှုသည် ဝိညာဏ်ဖြစ်၏။

အာရုံ၌ပါရှိသော ဣဋ္ဌရသ အနိဋ္ဌရသကို အရ, အမိယူခြင်း အမှုသည် ဖဿ မည်၏။

ဣဋ္ဌရသ အနိဋ္ဌရသတွက်နှင့် သမ္ပယုတ်တရားတို့ကို မနေမနား စေ့ဆော်ခြင်း အမှုသည် စေတနာ မည်၏။

**အာဟာရ သုံးပါးအထူး** သတ္တဝါ၏ သန္တာန်၌ ဖဿကား မရှိ၊ စိတ်ဝိညာဏ် သက်သက်သာ ရှိသည် ဖြစ်ငြားအံ့ အဝီစိငရဲမှာဖြစ်၍ ငရဲမီး လောင်၍ နေသော်လည်း ပူသည်ကို သိရုံမျှ သာ ရှိလေရာ၏၊ မခံသာခြင်း ဆင်းရဲဒုက္ခ ဖြစ်ခြင်းဟူ၍ အဏုမြူမျှ မရှိလေရာ၊ ဖဿရှိနေသည့်အတွက်ကြောင့်မခံသာခြင်း, ဆင်းရဲဒုက္ခဖြစ်ခြင်းရှိရလေသည်၊ ဖဿသာရှိ၍ စိတ်မရှိခဲ့ငြားအံ့၊ အဝီစိ ငရဲမီး ပူသည်ကိုမျှ သိခြင်းမရှိပြီ၊ သစ်တုံးနှင့် အတူတူသာ ဖြစ်၍ နေလေရာ၏၊ စိတ်နှင့်

www.dhammaransi.com



ဖဿသာရှိ၍ စေတနာမရှိငြားအံ့၊ ကိုယ် ၌ မခံသာခြင်း အပြင်းအထန်ဖြစ်၍ နေငြားသော်လည်း ပူလေခြင်း ပူလေခြင်း ဟူ၍ မနောကံ လှုပ်ရှားမှု၊ ဝစီကံ လှုပ်ရှားမှု၊ ကာယကံ လှုပ်ရှားမှုဟူ၍ မရှိလေရာ၊ စေတနာရှိနေသည့်အတွက် ထိုလှုပ်ရှားခြင်း သုံးပါးဖြစ်ရလေသတည်း။

**ဤကား**
**ဒုက္ခအဖို့မှာ**
**အာဟာရ သုံးပါး အထူးတည်း။**

ဤနည်းကိုမှီ၍ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာ ဟူသော သုခ အဖို့မှာလည်း အာဟာရ သုံးပါးအချက်ကို နေရာကျသိလေ။

**ဖဿအခွင့် ကြီးကျယ်ပုံ** ဤမျှသော စကားရပ်ဖြင့် လောကမှာ ချမ်းသာသုခဟူသမျှ သည်လည်း ဖဿမှုဖြစ်၏၊ ဆင်းရဲဒုက္ခဟူသမျှသည်လည်း ဖဿမှုဖြစ်၏၊ လောက၌ ဖဿမရှိ ခဲ့လျှင် ချမ်းသာသုခဟူ၍လည်း မရှိ၊ ဆင်းရဲဒုက္ခဟူ၍လည်း မရှိဟု သိအပ်၏၊ ချမ်းသာသုခဟူ၍ မရှိခဲ့လျှင် ချမ်းသာသုခ ဟူ၍လည်းမရှိ၊ ဆင်းရဲ ဒုက္ခဟူ၍လည်းမရှိဟု သိအပ်၏၊ ချမ်းသာသုခဟူ၍မရှိခဲ့လျှင် လောဘတဏှာဟူ၍ မရှိရာပြီ၊ ဆင်းရဲဒုက္ခဟူ၍ မရှိခဲ့လျှင် ဒေါသအမျက် ဟူ၍ မရှိရာပြီ၊ လောဘ ဒေါသမရှိခဲ့လျှင်လည်း မောဟ အစရှိသော တစ်ထောင့် ငါးရာ ကိလေသာဟူ၍ မရှိရာပြီ။

**ဤကား**
**ဖဿအခွင့် ကြီးကျယ်ပုံကို**
**ပြဆိုသော အချက်တည်း။**

**စေတနာအခွင့် ကြီးကျယ်ပုံ** စိတ်နှင့်တကွ သမ္ပယုတ်တရားတို့ကို ရပ်တည်မရ၊ ထိုထိုအာရုံသို့ တပြေး တည်း ပြေး၍ နေရအောင် တဆော်တည်းဆော် တဆွတည်းဆွ၍နေသော တရား ကား စေတနာတည်း၊ စိတ်ရပ်တည်မရ တရွရွ တကြွကြွ နေကြသည်ကို မြင်အောင် ကြည့်ပါ၊ လောဘ အာရုံနှင့် ကြုံလျှင် လောဘကို အတွင်ဆော်၍ထုတ်၏၊ လောဘ အာရုံရှိရာသို့ အတွင်နှင်၍ သွား၏၊ အာရုံကို ခံစားမှု၌ အတွင်တိုက်တွန်း၏၊ ဒေါ သအာရုံ မောဟအာရုံ စသည်တို့မှာလည်း ဤနည်းချည်း။

www.dhammaransi.com



ပကတိပုထုဇ္ဇဉ်တို့မှာ သဒ္ဓါမှု ပညာမှု ဒါနမှု သီလမှု ဘာဝနာမှုတို့၌မူကား စေတနာ အလွန်ပြော့၏၊ နုံ့နုံ့နွေးနွေးသာ ဆော်၏၊ အတွင်မဆော်၊ နုံ့နုံ့နွေးနွေးသာတွင်၏၊ အတွင်မနှင်၊ နုံ့နုံ့နွေးနွေးသာ တိုက်တွန်း၏၊ အတွင် မတိုက်တွန်း၊ အပါယ်ဘေး၊ သံသရာဘေးကို ဆင်ခြင်ခြင်း၊ ကုသိုလ်အကျိုးကို မြော်မြင်ခြင်း စသော ပယောဂ အကူအပံ့ အလွန်များရ၏၊ အဘယ့်ကြောင့်နည်းဟူမူ စိတ်မည်သည် မကောင်းမှု၌သာ ပျော်မွေ့၏၊ လောက၌ သူ အလွန်ရောက်ချင်ရာသို့ ဆော်ရ နှင်ရသည်ရှိသော် မြန်မြန်ကြီး ဆော်နိုင် နှင်နိုင်၏၊ သူမရောက်ချင်ရာသို့ ဆော်ရ နှင်ရသည်ရှိသော် မြန်အောင် မဆော်နိုင် မနှင်နိုင်၊ ဤအတူမှတ်။

သင်္ခါရက္ခန္ဓာတရား ငါးဆယ်ရှိသည်တွင် စေတနာနှင့် အကြွင်းလေးဆယ့်ကိုးခုတို့၏ အခြင်းအရာကို ဥပမာဆိုအံ့၊ ဆိပ်ကမ်းကြီးတစ်ခု၌ ဝန်တင်သော သမ္ဗာန်ကြီး အစင်း လေးဆယ့်ကိုးခု ရှိရာ၏၊ စက်သင်္ဘောကြီးကား တစ်ခုသာရှိ၏၊ ဝန်နှင့်တကွ ထိုသမ္ဗာန်ကြီးတွေကို ထိုထိုမြို့ရွာ ဆိပ်ကမ်းသို့ ရောက်လေအောင် စက်သင်္ဘောဖြင့် တွဲ၍ ပို့ရ၏၊ ဆိပ်ကမ်းရှိ လူတို့က ဤသို့ဆိုကြကုန်ရာ၏၊ သင်္ဘောကြီးသည် မည်သည့် သမ္ဗာန်ကြီးကိုတွဲ၍ မြစ်ပြင်သို့ထွက်ပြီ၊ မည်သည့်မြို့ရွာ ဆိပ်ကမ်းသို့ ရောက်အောင်ခုတ်လိမ့်မည် ဟု ဆိုကြကုန်ရာ၏၊ ဤဥပမာအတူ စေတနာသည် ရံခါ လောဘကို တွဲ၍ နှလုံးအပြင်မှာထွက်၏၊ လောဘအာရုံရရာသို့ လောဘကိုတွဲ၍ အတွင်နှင်၏၊ ရံဖန် ဒေါသကို တွဲ၍ နှလုံးအပြင်သို့ထွက်၏၊ ဒေါသအာရုံ ရှိရာသို့ ဒေါသကိုတွဲ၍ အတွင်နှင်၏၊ ဤနည်းတူ ကြွင်းသော သင်္ခါရက္ခန္ဓာ လေးဆယ့်ခုနစ်ခုတို့၌လည်း သိလေ၊ ဤသို့သော စေ့ဆော်မှုသည် တစ်ဘဝ တစ်ဘဝတွင် သတ္တဝါ ဓမ္မတာသေဆုံးရာမှာပင် ရပ်တန့် သည်ဟူ၍မရှိပြီ၊ စုတိ ကမ္မဇရုပ်ချုပ်သည့်နောက် ဘဝသစ် ဖြစ်ပေါ်အောင် တစ်သွန်တည်း တစ်ဆက်တည်း အတွင်နှင်လေဘော့သည်၊ ကိလေသာကုန်၍ ပရိနိဗ္ဗာန်စံမှ ရပ်တန့် ကွယ်ဆုံးလေတော့သည်။

ဤကား စေတနာအခွင့် ကြီးကျယ်ပုံတည်း။

**အာဟာရသုံးပါးနှင့်** မီးခြစ်ကို အတွင်ရအောင် ရှာသော သူတစ်ယောက်၊

**ဥပမာ** ရသမျှသော မီးခြစ် ကို မီးတောက်အောင် အတွင် ခြစ်၍ ပေးသော သူတစ်ယောက်၊ တောက်ပြီးသော မီးကိုယူ၍ အိမ်တကာကို အတွင် မီးတိုက်သောသူ တစ်ယောက်၊ အာဟာရ သုံးပါး နှင့် အစဉ်အတိုင်း စပ်လေ၊

www.dhammaransi.com



မီးခြစ်ထုပ်နှင့် အာရုံခြောက်ပါး တူ၏၊ မီးတောက်နှင့် အာရုံ၏ အနိဋ္ဌရသ တူ၏။

ကြံချောင်းကို အတွင်ရအောင် ရှာသော သူ တစ်ယောက်၊ ရသမျှ ကြံချောင်းကို ကြံရည်အတွင် ညှစ်သော သူ တစ်ယောက်၊ ထွက်သမျှ ကြံရည်ကို လူအပေါင်းတို့အား အတွင် တိုက်ကျွေးသော သူ တစ်ယောက်၊ ကြံချောင်းနှင့် အာရုံခြောက်ပါး၊ ကြံရည်နှင့် အာရုံ၏ ဣဋ္ဌရသတူစေ။

တစ်ယောက်သော သတ္တဝါ၏ သန္တာန်မှာ ရူပကာယ, နာမကာယဟူ၍ နှစ်ကာယရှိ၏၊ နှစ်ကိုယ်ရှိ၏၊ နှစ်ကောင်ရှိ၏ သော်လည်းဆို၊ ဝိညာဏ်ခြောက်ပါးသည် နာမကာယ၏ တံခါးပေါက် ခြောက်ပါးတည်း၊ အာရုံခြောက်ပါးတို့သည် ဝိညာဏ်ခြောက်ပါး တံခါးပေါက်ဟင်းလင်းမှ နာမကာယအတွင်းသို့ ဝင်ကြ ပေါက်ရောက်ကြကုန်၏၊ ဖဿခြောက်ပါးတို့သည်ကား ဝိညာဏ်ခြောက်ပါး တံခါးပေါက်အတွင်းသို့ ရောက်လာသမျှသောအာရုံခြောက်ပါးတို့ကိုအတင်းအကြပ်ဆုပ်ကိုင်၍ဣဋ္ဌာရုံမျိုးဖြစ်ခဲ့လျှင် ရှိသမျှ ဣဋ္ဌရသ ပေါ်ထွက်အောင် ကြိတ်နယ်၍ ထုတ်၏၊ အနိဋ္ဌာရုံမျိုး ဖြစ်ခဲ့လျှင် ရှိသမျှ အနိဋ္ဌရသ ပေါ်ထွက်အောင် ကြိတ်နယ်၍ ထုတ် ၏၊ စေတနာခြောက်ပါးသည် ပေါ်ထွက်သမျှသော ဣဋ္ဌရသ အနိဋ္ဌရသတို့ကို ယူကြ ရကြ သုံးဆောင်ကြ ခံကြ စံကြရန် နာမကာယ တစ်ရွာလုံး တစ်မြို့လုံးကို အတွင်ဆော် ၍ထုတ်၏၊ အာရုံအားလျော်စွာ ဆိုင်ရာ ဆိုင်ရာ တစ်စုံတစ်ခုသော နာမ်တရားမှ မထွက်ဘဲ မနေရ၊ အပြေးအမြန် ထကြ ထွက်ကြရ၏၊ ဝိညာဏ်ဖဿတို့လည်း ပါကြ ရကုန် သေးသည်သာတည်း၊ တရား၏ သဘောအချက်ကို နေရာကျ မြင်နိုင်ပါလျှင် ဥပမာ အလွန်ပေါများတော့သည်။

ဤကား ဉာတပရိညာအရာ နာမ်အာဟာရသုံးပါးတို့၏ အခြင်းအရာ အထူးကို အရိပ်အမြွက်မျှ ပြဆိုလိုက်သော အခန်းတည်း။

## ၆ - ဝိညာဏာဟာရ၌ ဉာတပရိညာ

### ယခုအခါ ဝိညာဏာဟာရကို ပြဆိုအံ့။

ဝိညာဏေ ဘိက္ခဝေ အာဟာရေ ပရိညာတေ နာမရူပံ ပရိညာတံ ဟောတိ၊ နာမ ရူပေ ပရိညာတေ အရိယသာ ဝကဿနတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိဝဒါမိ။

( နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် )

www.dhammaransi.com



ဘိက္ခဝေ၊ ရဟန်းတို့။ ဝိညာဏေ အာဟာရေ၊ ဝိညာဏာဟာရကို။ ပရိညာတေ၊ အပြီးတိုင် ပိုင်နိုင်သည်ရှိသော်။ နာမရူပံ၊ နာမ်ရုပ်နှစ်ပါးသည်။ ပရိညာတံ၊ အလိုလိုအပြီးတိုင် ပိုင်နိုင်မှု ပြီးစီးတော့သည်။ ဟောတိ၊ ဖြစ်၏၊ နာမရူပေ၊ နာမ်ရုပ်သည်။ ပရိညာတေ၊ အလိုလို ပိုင်နိုင်သည်ရှိသော်။ အရိယသာဝကဿ၊ ငါဘုရား တပည့်သားအား။ ဥတ္တရိ၊ ထိုထက်အလွန်။ ကိဉ္စိ၊ တစ်စုံတစ်ခုမျှ။ ကရဏီယံ၊ ဗြဟ္မစရိယမှု၌ ပြုဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောတော်မူ၏။

( ပါဠိတော်အနက် )

ဝိညာဏာဟာရ၌ ဉာဏ်ကိစ္စ အပြီးတိုင် ပိုင်နိုင်သည်ရှိသော် ဖဿဝေဒနာ, သညာ, စေတနာ အစရှိသော စေတသိက်တရား တည်းဟူသော နာမ်တို့၌လည်းကောင်း၊ မဟာဘုတ် ဥပါဒါရုပ်တည်းဟူသော ရုပ်၌လည်းကောင်း၊ အထူးအားထုတ်ဖွယ်ကိစ္စမရှိ၊ အလိုလို ကျွဲကူးရေပါအားဖြင့် ပိုင်နိုင်တော့သည်၊ နာမ်ရုပ်၌ ပိုင်နိုင်သည်ရှိသော် ဗြဟ္မစရိယဝါသ ကိစ္စအပြီးတိုင်လေ၏၊ ယခုဘဝ၌လည်း ဘယ်သီလ လိုသေးသည်၊ ဘယ်သမာဓိ လိုသေးသည်၊ ဘယ်ပညာ လိုသေးသည်ဟု ကြောင့်ကြ ပြုဖွယ်မရှိပြီ၊ သံသရာ၌ သီလမှု, သမာဓိမှု, ပညာမှု, ရသေ့လုပ်မှု, ရဟန်းလုပ်မှုသည် ကြီးကျယ်စွာသော ဒုက္ခမှုကြီးဖြစ်၏၊ အနမတဂ္ဂ သံသရာ၌ အခါပေါင်း အနန္တ ထိုဒုက္ခမှုကို ပြုခဲ့လေပြီ၊ အပြီးမတိုင် တစ်ပိုင်းကြောင်ချည်းဖြစ်ခဲ့၍ အပါယ်ငရဲသို့ တလဲလဲ ပြန်ကျသည်သာ ဖြစ်၏၊ ဝိညာဏာဟာရကို ပိုင်နိုင်သောအခါ၌ကား ထိုဗြဟ္မစရိယ ဝါသမှုကြီး အပြီးတိုင်လေ၏၊ နောက်၌ ဗြဟ္မစရိယ ဝါသဒုက္ခစက်ကြီးမှ အပြီးတိုင် လွတ်ငြိမ်းလေ၏၊ နောင်သီလဖြည့်ကျင့်မှုနှင့် စပ်သောဒုက္ခ, သမာဓိဖြည့်ကျင့်မှုနှင့် စပ်သောဒုက္ခ, ပညာဖြည့်ကျင့်မှုနှင့်စပ်သောဒုက္ခ, ရသေ့ပြုလုပ်မှု ရဟန်းပြုလုပ်မှုနှင့် စပ်သောဒုက္ခ ဟူ၍ မရှိပြီ ဆိုလိုသည်။

## သဘာဝဉာတကို ပြဆိုခန်း

ဉာတပရိညာ၌၊ အာဟာရံ၊ ဝိညာဏာဟာရဒုက္ခကို။ ဇာနတိ၊ သိ၏၊ အာဟာရသမုဒယံ၊ ဝိညာဏာဟာရဒုက္ခ၏ ဘဝအဆက်ဆက်ပွားစီး၍နေရန် အကြောင်းရင်း တရားကို။ ဇာနာတိ၊ သိ၍။ အာဟာရနိရောဓံ၊ ဝိညာဏာဟာရဒုက္ခ၏ချုပ်ငြိမ်းမှု ဧကန္တရှိကြောင်းကို။ ဇာနာတိ၊ သိ၏။ အာဟာရ

www.dhammaransi.com



နိရောဓဂါမိနိပဋိပဒံ၊ ဝိညာဏာဟာရ ဒုက္ခ ချုပ်ငြိမ်းမှုသို့ ဆိုက်ရောက်ရန်နည်းလမ်းကို။ ဇာနာတိ၊ သိ၏။

ဉာတပရိညာ အခိုက်၌ သိထိုက်သော အခွင့်နှင့် လျော်စွာဆိုလိုက်သော အနက်တည်း။ ။ ထိုစကားမှန်၏။

အာဟာရနိရောဓ ဟူသည်ကား အသခ်တ မဟာနိဗ္ဗာန်ကြီးတည်း၊ ထိုနိဗ္ဗာန်ကြီး ဧကန္တရှိကြောင်းကို ဉာတပရိညာ အခန်းက အနုမာနဗုဒ္ဓိဖြင့် ယုံကြည်စွာသိမှသာလျှင် တီရဏပရိညာမှု ပဟာန ပရိညာမှုဟု ဆိုအပ်သော အာဟာရနိရောဓဂါမိနိပဋိပဒါကို ကြိုးပမ်းစွာ အားထုတ်မှု ဖြစ်နိုင်လေသတည်း။ ။ မဂ်ကိစ္စနှင့် လျော် စွာ ဆိုလိုမှုကား အဓိပ္ပာယ် တစ်မျိုးသွား၏။

ဝိညာဏာဟာရ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ် ဟူ၍ ခြောက်ပါးရှိ၏၊ ထိုသို့ ရူပါရုံနှင့် ဆုံမိသောအခါ မျက်စိမှာဖြစ်ပေါ်လာသော ဝိညာဏ်သည် စက္ခုဝိညာဏ် မည်၏၊ ထိုထို သဒ္ဒါရုံနှင့် ဆုံမိသောအခါ နားတွင်းမှာ ဖြစ်ပေါ်လာသော ဝိညာဏ်သည် သောတဝိညာဏ်မည်၏၊ ထိုထိုဂန္ဓာရုံနှင့် ဆုံမိသောအခါ နှာခေါင်းတွင်းမှာ ဖြစ်ပေါ်လာသော ဝိညာဏ်သည် ဃာနဝိညာဏ်မည်၏၊ ထိုထိုရသာရုံနှင့် တွေ့ကြုံသောအခါ လျှာပေါ်မှာဖြစ်ပေါ်လာသော ဝိညာဏ်သည် ဇိဝှါဝိညာဏ်မည်၏၊ ထိုထိုဖောဋ္ဌဗ္ဗာရုံနှင့် ဆုံမိသောအခါ တစ်ကိုယ်လုံးမှာ ထိုထိုနေရာ၌ ဖြစ်ပေါ်လာသော ဝိညာဏ်သည် ကာယဝိညာဏ် မည်၏၊ သဒ္ဓါ, သီလ, သုတ, စာဂ အစရှိသော လောဘ, ဒေါသ, မောဟ အစရှိသော ကောင်း, မကောင်းသော ထိုထိုဓမ္မာရုံနှင့် ဆုံမိသောအခါ ဟဒယဝတ္ထုမှာ ဖြစ်ပေါ်လာသော တစ်မျိုးမျိုးသော ဝိညာဏ်သည် မနောဝိညာဏ်မည်၏၊ မျက်စိဖြင့် ထိုထို အဆင်းသဏ္ဌာန်ကို မြင်သောအခါ ငါမြင်သည်ဟု မှတ်ထင်စွဲလမ်း ကြသည်ကား စက္ခုဝိညာဏ်ကို စွဲလမ်းသော ဒိဋ္ဌိတည်း၊ ဉာဏ်ဖြင့် ထိုမြင်မှုကို ခဏတစ်ခု အသီးအခြား ဖြစ်သည်ဟု ပိုင်နိုင်စွာသိရာ၏၊ နားဖြင့် ထိုထိုအသံကို ကြားသောအခါ နှာခေါင်းဖြင့် ထိုထိုအနံ့ကို နံသောအခါ လျှာဖြင့် ထိုထိုအရသာကို ခံစံသောအခါ၊ ကိုယ်အင်္ဂါအစိတ်ဖြင့် ထိုထိုပူမှု, အေးမှု, အနု, အကြမ်းကို ထိမှန်းသိသောအခါ တို့၌လည်း ထိုနည်းတူသိလေ၊ မနောသက်သက်ဖြင့် ထိုထိုအာရုံ ဝတ္ထုအမှု အခွင့်ကို ထွေထွေလာလာ ကြံဖန်သောအခါ၊ သိသောအခါ၊ ငါကြံဖန်သည် ငါသိသည်ဟု မှတ်ထင်စွဲလမ်းမှုကား သက္ကာယဒိဋ္ဌိတည်း၊ ဉာဏ်ဖြင့် ထိုကြံဖန်မှု, သိမှုတို့ကို ခဏမှုဖြစ်သည်ဟု ပိုင်နိုင်စွာ သိရာ၏။

www.dhammaransi.com



သိပုံကား ရူပကာယကြီးသည် အနာပုပ်ကြီးနှင့်တူ၏၊ ဝိညာဏ် ခြောက်ပါးသည် အနာပုပ်ကြီးမှာ ထိုထိုနေရာ၌ကျ၍ တရွရွနေကြသော သံသေဒဇ ပိုးငယ်တွေနှင့်တူ၏၊ ဝိညာဏ်မည်သည် နာမ်တရားဖြစ်၍ အထည်ဝတ္ထု မရကောင်းသော်လည်း မျက်စိ အစရှိသော ရုပ်အပြင်မှ အသီးအခြား တစ်ပါးသော အခြင်းအရာဖြင့် ဉာဏ်မျက်စိတွင် ထင်သာမြင်သာရှိအောင် မှန်းခြေထား၍ ပိုင်းခြားရမည်။

စက္ခု, သောတ အစရှိသော ရုပ်စုကို အလွန်ကြည်လှစွာသော ရေပွက်ကလေးတွေ အနေထား၍ ဝိညာဏ်ခြောက်ပါးကို ထိုရေပွက်ကြည်ကလေးတွေမှာ ပေါ်ရှိ၍နေသော အရိပ်ကလေးတွေကဲ့သို့ မှန်းခြေထား၍ ပိုင်းခြားရမည်၊ နောင်ဆင်ခြင် ရှုမြင်ဖန်များ၍ ဉာဏ် သိမ်မွေ့၍ လာသောအခါ နာမ်အခြင်းအရာအတိုင်းပင် ထင်မြင်နိုင်လတ္တံ့၊ ထိုသို့ပင် မထင်နိုင်မူ၍ အရိပ်အခြင်းအရာ၊ ရေပွက်ငယ် အခြင်းအရာ၊ နှင်းပေါက်ငယ် အခြင်းအရာမျိုး အနေပင် ထင်မြင်သော်လည်း ကိစ္စမရှိ၊ မြင်မှု, ကြားမှု, နံမှု, လျက်မှု, တွေ့ထိမှု, သိမှု, ကြံဖန်မှုတို့ကို အသိဉာဏ်မှာ ငုံမိ, ခြုံမိ, သိမ်းပိုက်မိလျှင် ပြီးတော့သည်၊ မှန်းခြေထား၍ ကြည့်ရှုသော ဝတ္ထုက တခြားနေ၍ မြင်မှုမှာ ငါမြင်သည်ဟူသော သက္ကာယဒိဋ္ဌိ၏ လက်ထဲက မလွတ်ဘဲ နေခဲ့လျှင်မူကား ဓမ္မဝဝတ္ထာနဉာဏ် နေရာမကျသေး၊ ငါမြင်သည်ဟူသော ထင်မြင်မြဲတိုင်းသော သက္ကာယဒိဋ္ဌိ ၏ လက်မှလွတ်၍ ဉာဏ်၏လက်တွင်းမှာ ဆုတ်မိ, ကိုင်မိ, ငုံမိ, ခြုံမိ, သိမ်းပိုက်မိလျှင် ပြီးတော့သည်။

> ထို့ကြောင့် မြတ်စွာဘုရားသည် ရူပက္ခန္ဓာကို ရေမြှုပ်ကဲ့သို့ ရှုရမည်၊ ဝေဒနာက္ခန္ဓာကို ရေပွက်ကဲ့သို့ သညာက္ခန္ဓာကို တံလျှပ်ကဲ့သို့ ရှုရမည်ဟု ရုန့်ရင်းစွာသော ဝတ္ထုတို့ဖြင့် ဥပမာကို ပြတော်မူလေသည်။

ထိုဥပမာတို့မှာလည်း အနှစ်မရှိမှုတူပုံကို ပြတော်မူလိုရင်း ဖြစ်ပါသည်။ သဏ္ဌာန် အခြင်းအရာတူပုံကို ပြတော်မူလိုရင်း မဟုတ်၊ အကယ်၍ သဏ္ဌာန် အခြင်းအရာတူပုံကို ပြတော်မူလိုရင်းပါ ဆိုခဲ့သော် သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့်တူသည်ဟု ပြတော်မူရာ၌ ဖဿသည် ငှက်ပျောတုံးသဏ္ဌာန်နှင့် တူသည်၊ စေတနာသည် ငှက်ပျောတုံးသဏ္ဌာန်နှင့် တူသည်ဟု ရှုရမည်၊ ဟောတော်မူရာ ရောက်ပါလိမ့်မည် ဆိုငြားအံ့၊ ထိုဥပမာမှာ ဖဿ စသည်သည် ငှက်ပျောတုံးသဏ္ဌာန်ကဲ့သို့ ကြီးသောသဏ္ဌာန် ရှိသည်ဟူသော အနက်သည် ရောက်နိုင်သော အနက်ပင်မဟုတ်၊ ထိုကဲ့သို့ ကြီးသောသဏ္ဌာန် ရှိသော တရားမျိုးမဟုတ်မှုသည်ကား လူအများ၌ ထင်ရှား

www.dhammaransi.com



ပြီး ဖြစ်သတည်း။ ။ လိုရင်းမှာ မျက်တောင်တစ်ခတ်အတွင်း စသည်၌ အလျင် အမြန်ဖြစ်နိုင် ချုပ်နိုင်သော အခြင်းအရာကို ထင်မြင်နိုင်သည်သာ ပမာဏတည်း။

ထို့ကြောင့် "ဝိဇ္ဇုပ္ပါဒါဝ အာကာသေ ဥပ္ပဇ္ဇန္တိ ဝယန္တိ" ဟု မဟာနိဒ္ဒေသပါဠိ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌ လျှပ်၏ဖြစ်ခြင်း ပျက်ခြင်း မြန်သကဲ့သို့ ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်း မြန်သည်ကို ထင်မြင်စေရမည်ဟု ဥပမာ ပြုတော်မူသည်။

အနိစ္စ, ဒုက္ခ, အနတ္တ ရှုမှုမည်သည် နိစ္စသညာ, သုခသညာ, အတ္တသညာ, သတ္တပုဂ္ဂလဇီဝသညာတို့ကို ဖျက်စီးမှုပေတည်း၊ လျှပ်ကဲ့သို့ ဖြစ်မှု, ပျက်မှု မြန်သည်ကို ထင်မြင်နိုင်လျှင်ပင် ခိုကိုးရာမဟုတ်သော အနိစ္စအဖြစ်, ဒုက္ခအဖြစ်, အနတ္တအဖြစ်, သတ္တပုဂ္ဂလ ဇီဝမဟုတ်သောအဖြစ် ထင်ရှားလှလေပြီ၊ ထိုအဖြစ်ကို ထင်ရှားလျှင် ဝိပဿနာပရိညာကိစ္စ ပြီးစီးနိုင်တော့သည် ဖြစ်၍ လျှပ်ရောင် ဥပမာပြတော်မူကြပေသည်၊ နာမ် ရုပ်တရား တို့၏ ဖြစ်မှု ပျက်မှုမှာမူကား လျှပ်တစ်ပြက်အတွင်းမှာ အကြိမ်တစ်ရာ, တစ်ထောင်မက ဖြစ်နိုင် ပျက်နိုင်သည်၊ ထိုသို့သော ခဏိက အချက်ဖြစ်ပျက်မှုတို့သည်မူကား သတ္တဝါတို့၏ ဉာဏ်အမြင်မှာ ပိုင်းခြား၍ ထင်မြင်နိုင်သော အရာစု မဟုတ်ကုန်ပြီ၊ မထင်မြင်နိုင်သော အရာကို ဝိပဿနာ၏အချက် အကွက်ပြု၍ ရှုသည်ရှိသော် အနှစ်တစ်ရာ, အနှစ်တစ်ထောင်ပင်ရှုသော်လည်း ဝိပဿနာဉာဏဒဿန အဏုမြူမျှ ဖြစ်ခွင့်မရှိ၊ သမ္မောဟဒုက္ခသာ ဖြစ်ခွင့်ရှိသည်၊ အဘယ်ကြောင့်နည်းဟူမူ နာမ်တရားတို့မှာ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက် လက်ဖျစ်တစ်တွတ်ခန့် ကာလအတွင်းမှာ ကုဋေအသိန်းမက ဖြစ်မှု, ပျက်မှု, မြန်သည်ဟု ကျမ်းဂန်တို့မှာ လာသည်၊ ပကတိ လူတို့မှာ မျက်တောင်တစ်ခတ်ဆိုလျှင်ပင် အလွန်မြန်လှပေပြီ၊ ကျမ်းဂန် အဆိုအတိုင်း ကျနလေအောင် မျက်တောင်တစ်ခတ်မှာ အချက်ပေါင်း ကုဋေတစ်သိန်း ထင်မြင်နိုင်အောင် ရှုမည်ဟု ကြံစည်ခြင်းငှာပင် မထိုက်လေသောကြောင့်တည်း။

> ထို့ကြောင့် ဆိုခဲ့ပြီးသောအတိုင်း ခိုကိုးရာမရှိအောင် ဖြစ်မှု ပျက်မှု မြန်သည်ကို ထင်မြင်နိုင်သည်သာ ပမာဏဟု မှချကို ယုံကြည်ရမည်။

ထိုသဗ္ဗညုတ ဉာဏ်တော်အရာနှင့် အဘိဓမ္မာ ကျမ်းဂန်တို့၌ ပြဆိုထားသော အရာ အချက်များကို နားယောင်၍ စက္ခုဒွါရ တစ်ဝီထိအတွင်းမှာ ဖြစ်မှု, ချုပ်မှုများကို လက္ခဏာရေးတင်သည်ဟု ပြောဆိုကြသော အရာများသည် ယောင်ယမ်းကာ

www.dhammaransi.com



မျှသော အမှုသာဖြစ်၏၊ ဝိပဿနာ ဉာဏဒဿနအစစ်ဖြစ်နိုင်ရန် အခွင့် အလွန် ဝေးလှ၏ဟု မှတ်လေ။

ဤတွင်ရွေ့ကား
သဘာဝဉာဏကို ပြဆိုသော စကားရပ်တည်း။

### ပထမဒုက္ခစက်

ဝိညာဏာဟာရ ဒုက္ခဆိုသည်ကား ကဗဠီကာရ အာဟာရ ဒုက္ခစက်ကြီး ဆယ်ပါးသည်လည်း ဝိညာဏာဟာရ ဒုက္ခ၌ အတွင်းဝင်သည်သာတည်း။

ကဗဠီကာရ အာဟာရ အမှုမည်သည် အသက်မွေးမှု သက်သက်သာတည်း၊ တစ်ခုသော ဘဝအတွင်း၌ မသေမီအကြားတွင် က္လရိယာပုတ် လေးပါး၌ အားပြည့်, အင်ပြည့် မျှတ ရှက်ဆောင်၍ သွားနိုင်ရုံသော အမှုစုသာတည်း၊ လောဘနိုင်ငံသို့ လိုက်၍ အပိုအမို ပစ္စည်းဥစ္စာဖြစ်ထွန်းရန် သေဋ္ဌေးသူကြွယ်ဖြစ်ရန်၊ မင်းစိုးရာဇာဖြစ်ရန်၊ စက္ခုအာရုံကိုလိုက်စား၍ မြူးထူးပျော်ပါးခံစား စံစားရန်၊ သောတအာရုံ, ဃာန အာရုံ, ဇိဝှါအာရုံ, ကာယအာရုံ, မနောအာရုံကို လိုက်စား၍ မြူးထူး ပျော်ပါး ခံစား စံစားရန် နောက်ဘဝတို့ ဒါနကုသိုလ်ပြုလုပ်ရန် အခွင့်များနှင့် လောကီစီးပွားကို အားထုတ်လုပ်ဆောင် ရှာကြံဆည်းပူးခြင်း အစရှိသော ဗျာပါရ ဒုက္ခမှုစုသည် ဝိညာဏာဟာရပေါက်မှ ထွက်သော ဗာလုသုက္က ဒုက္ခစုသာတည်း။

ဤဝိညာဏာဟာရ အရာမှာ ဖဿာဟာရ မနောသဉ္စေတနာဟာရ တို့ကို လည်း အတွင်းဝင်ပြု၍ သိရမည်။

ဤကား
ဗာလုသုက္က ဗျာပါရဒုက္ခ ပထမစက်ကြီးတည်း။

### ဒုတိယဒုက္ခစက်

ဗာလုသုက္က ဟူသောစကား၌။ ။ဗာလာနံ ဥဿုက္ကော ဗာလုဿုက္ကော ဟု ဝိဂြိုဟ်ပြု။ ။ ဗာလာနံ၊ သစ္စာလေးပါး တရားကို မသိကြကုန်သေးသော သူတို့၏။ ဥဿုက္ကော၊ ကြောင့်ကြ ဗျာပါရစိုက်မှုတည်း။ ။ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ ဗာလုဿုက္ကော၊ ဗာလုဿုက္ကမည်၏။

www.dhammaransi.com



ဤသို့ စည်းစိမ်ဥစ္စာ ချမ်းသာစီးပွားတို့ လိုက်စားမှု၊ လောဘအာရုံ ကာမဂုဏ် စီးပွားကို လိုက်စားမှုတို့၏ အတွင်း၌မှာ များစွာသော အဇ္ဈတ္တ အန္တရာယ် ဗာဟိရ အန္တရာယ် တို့သည် ရှိနေကုန်၏။

**ဤကား**
**ဝိညာဏာဟာရပေါက်မှ ထွက်သော**
**ဒုတိယ ဒုက္ခစက်ကြီးတည်း။**

ထိုပထမစက်, ဒုတိယစက်တို့အတွင်းမှာ ပါဝင်သော တစ်ထောင့်ငါးရာ ကိလေသာမီး ပွားများမှု အပျော်အပါးလိုက်စားခြင်းနှင့် စပ်သော တစ်ထောင့်ငါးရာ ကိလေသာမီး ပွားများမှုတို့သည် ဝိညာဏာဟာရပေါက်မှ ထွက်သော ဒုက္ခစက်ကြီး တည်း။

ထိုစက်တို့၏ အတွင်းတွင် ပါဝင်သော ပါဏာတိပါတ အစရှိသော ဒုစ္စရိုက် တရား ပွားမှုသည်ကား ဝိညာဏာဟာရပေါက်မှ ထွက်သော စတုတ္ထ ဒုက္ခစက်ကြီး တည်း။

ထိုစက်တို့မှ မဟာအဝီစိသို့ ကျအောင်သွားသော ပဉ္စမ ဒုက္ခစက်ကြီးနှင့် ဆက်မိလေတော့သည်။

နတ်ပြည်ခြောက်ထပ်တို့၌မူကား တစ်နာရီမစဲ အမြဲ ဖြစ်ပွား၍ နေကြသော ကိလေသာစက်ကြီးသည် အလွန်ကြီးကျယ်လှ၏၊ ထိုကိလေသဒုက္ခစက်ကြီးသည် အပါယိက ဒုက္ခစက်ကြီးနှင့် ဆက်လေ၏။

ဗြဟ္မာ့ပြည်၌လည်း ရူပရာဂမီး တောက်မှု၊ အရူပ ရာဂမီး တောက်မှု၊ မာန မီး တောက်မှု၊ အလွန်ထက်သန်သော သက္ကာယဒိဋ္ဌိမီး၊ သဿတဒိဋ္ဌိမီး၊ ဥစ္ဆေဒဒိဋ္ဌိမီး ပွားများမှုစုသည် ဝိညာဏာဟာရ ပေါက်မှ ထွက်သော ကိလေသဒုက္ခစက်ကြီး ပင် တည်း၊ ထိုကိလေသ ဒုက္ခစက်ကြီးသည် အပါယိက ဒုက္ခစက်ကြီးနှင့် ဆက်မိလေ၏။

**ဤကား**
**အာဟာရ် ဇာနာတိအရ ဝိညာဏာဟာရ၌ ရှေးဦးစွာ**
**သိအပ်သော ဉာတပရိညာ ဒုက္ခသစ္စာ အစီအရင် အမြွက်တည်း။**

* * *

# ၇ - ဝိညာဏာဟာရ၌ တီရဏပရိညာ

## အနိစ္စပရိညာ အစဖော်နည်း

တီရဏပရိညာသည် အနိစ္စပရိညာ, ဒုက္ခပရိညာ, အနတ္တပရိညာဟူ၍ ၃ - ပါး။ ။ အနိစ္စပရိညာ အစီရင်ကား ဝိညာဏ်ခြောက်ပါးတွင် ကာယဝိညာဏ်သည် တစ်ကိုယ်လုံးမှာ အနှံ့ဖြစ်ပေါ်သည် ဖြစ်၍လည်းကောင်း၊ သုခဝေဒနာ ဒုက္ခဝေဒနာဟု ဆိုအပ်သော ထင်ရှားသော ဝေဒနာတို့နှင့် ယှဉ်သည်ဖြစ်၍ လည်းကောင်း၊ ရှေးဦးစွာ ပရိညာ အကွက်ဖော်ရန် အလွန်သင့်မြတ်၏၊ ကာယဝိညာဏ်ဒွေး တွင်မှလည်း ဒုက္ခသဟဂုတ် ကာယဝိညာဏ်သည်သာ ထင်ရှား၏၊ ထို့ကြောင့် ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ ပရိညာအချက်ကို ရှေးဦးစွာ ပြဆိုအံ့။ ။ ကျောကုန်းအပြင် အစရှိသော တစ်ခုခုသော ကိုယ်အင်္ဂါအစိတ်မှာ တစ်စုံတစ်ခုသော အုတ်ကျောက် လှံတန် အပြင်း အထန် ထိခိုက်ရာ အလွန်နာကျင်သော ဒုက္ခဝေဒနာ ဖြစ်လေ၏၊ ထိခိုက်သော ဒဏ် ပြယ်ပျောက်သောအခါ ထိုဒုက္ခဝေဒနာ ပျောက်ငြိမ်းလေ၏။ ။ ဝေဒနာကို ပဓာနပြု၍ ဆိုသည်၊ နာမက္ခန္ဓာလေးပါးလုံး ဖြစ်အတူ ပျက်အတူ ပါရှိသည်ပင်၊ အာဟာ သုံးပါးလည်း တစ်လုံးတည်း ပါရှိ၏။

နာမက္ခန္ဓာ လေးပါးမည်သည် တစ်ခုခုသော နေရာမှာ ဖြစ်ပေါ်၍နေလျှင် ကြွင်းသော တစ်ကိုယ်လုံးမှာ နာမက္ခန္ဓာ မရှိ၊ ရူပက္ခန္ဓာ သက်သက်သာ ရှိမြဲဓမ္မတာ တည်း၊ ထို့ကြောင့် ထိုထိခိုက်ရာ၌ ဖြစ်ပေါ်ခိုက် ထိုနေရာမှ တစ်ပါး တစ်ကိုယ်လုံး မှာ ရူပက္ခန္ဓာသာ ရှိ၏၊ နာမက္ခန္ဓာ မရှိ၊ အဖြစ်အပျက် အလွန်မြန်လှသည့်အတွက် ကြောင့် စက္ခု, သောတ, ဟဒယဝတ္ထုတို့နှင့် တကွပြိုင်၍ပင် ရှိနေသကဲ့သို့ ထင်ရ၏၊ ထိခိုက်၍ အနာအကျင်ဖြစ်၍ နေဆဲမှာ မျက်စိကလည်း မြင်လျက်ပင် ဖြစ်၏၊ စကား ပြောဆိုသံ အစရှိသော အသံတစ်ပါးကို နားကလည်း ကြားလျက်ပင်ဖြစ်၏၊ နှလုံးက လည်း သိလျက်ပင် ဖြစ်၏၊ မျက်တောင်တစ်ခတ်မျှ ကာလအတွင်း ကုဋေတစ်သိန်းမက ဖြစ်နိုင် ပျက်နိုင်သည် ဟူသော စကားကိုထောက်၍ အပြောင်းအလဲ အဖြစ်အပျက် မြန်မှုမှာ မကြံအပ် မကြံစည်ရာပေတည်း။

ထိုခိုက်ရာဌာန၌ နာမက္ခန္ဓာလေးပါး ခွဲပုံကား - ထိခိုက်မှန်းသိမှုကား ဝိညာဏ်တည်း၊ နာကျင်မှုကား ဝေဒနာတည်း၊ ထိခိုက်ချက်ကို အမှတ်သညာ ပြုမှု ကား သညာက္ခန္ဓာတည်း၊ ဤသို့ ပါရှိသည့် အတွက်ကြောင့် အနာပျောက်ပြီးသည့် နောက် ပြန်၍ အောက်မေ့ပြန်လျှင် အောက်မေ့တိုင်း အောက်မေ့တိုင်း စိတ်ထဲမှာ

www.dhammaransi.com



ထိခိုက်မှု ပေါ်နိုင်လေသည်။ ။ ဝေဒနာပေါ်ရှိသဖြင့် ဖဿပါရှိကြောင်း ထင်ရှား၏၊ နာမှု တစ္ဆစ္ဆ တထောင်းထောင်းထ၍ နေသည်ကား စေတနာအမှုပေတည်း၊ ဖဿနှင့် စေတနာကား သင်္ခါရက္ခန္ဓာတည်း၊ ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရတို့လည်း သင်္ခါရက္ခန္ဓာတရားစုပင်တည်း၊ နာမက္ခန္ဓာလေးပါးဖြစ်၏၊ ထိုနေရာ၌ရှိသော ရုပ်စုကား ရူပက္ခန္ဓာတည်း၊ ခန္ဓာငါးပါး ဖြစ်၏၊ မထိခိုက်မီ ရှေးအဖို့၌ ထိုနေရာမှာ ရူပက္ခန္ဓာ တစ်ခုသာရှိ၏၊ အနာပျောက်၍ သွားသောအခါ၌လည်း ထိုနေရာမှာ ရူပက္ခန္ဓာတစ်ခု သာ ကျန်ရှိ၏။ ။ ဤကဲ့သို့ အနာအကျင် ဖြစ်ရာ၌ ဝေဒနာက္ခန္ဓာသည် အထင်ရှား ဆုံး ဖြစ်၏။

ထို့ကြောင့် နာသည်ဟူသော ဝေဒနာ အမည်တစ်ခုကိုသာ ပြောဆို၏၊ ထိမှန်း သိကာမတ္တ အချက်စုမှာမူကား ဝိညာဏက္ခန္ဓာသာ ထင်ရှား၏။

ဤနေရာ၌ ဝေဒနာက္ခန္ဓာကို ပဓာနပြု၍ ဝေဒနာပုပ္ဖူဥပမာ ဟူသော ဒေသနာတော်မြတ်နှင့် အညီ ထိုနာမှုကို မီးဟုန်ဖြင့် ဆူဆူတက်၍ နေသော ရေပွက်ငယ်တွေနှင့် တူစွာ ဉာဏ်မှမြင်အောင်ရှု၊ သဘာဝအတိုင်း သရုပ်ပေါ်အောင် ထင်မြင်နိုင်လျှင် သာ၍ကောင်း၏၊ သရုပ်ပေါ်အောင် မိမိရရ မထင်လျှင် နေရာမကျ၊ ငါနာသည် ဟူသော သက္ကာယဒိဋ္ဌိလက်မှ မလွတ်ဘဲ နေလိမ့်မည်။

ဝိပဿနာရှုမှုမည်သည် ဉာဏဒဿနမှု သန္ဒိဋ္ဌိကမှု ဖြစ်သည်၊ ထို့ကြောင့် စက္ခုဝိညာဏ်ကို ရှုလျှင် မျက်စိနှင့် မြင်သကဲ့သို့ ပညာမျက်စိမှာ အထင်အမြင်ရ အောင် ရှုရမည်၊ အထင်အမြင် နေရာကျ, မကျ စက္ခုဝိညာဏ်ကို မိ, မမိကိုလည်း ထိုရှုဆဲ မြင်ဆဲအခါ၌ ငါမြင်သည် ဟူသော အထင် ပျက်၏လော၊ မပျက်လောဟု ဆင်ခြင်၊ ရှုဆဲ အခါမှာမှ ထိုအထင် မပျက်လျှင် စက္ခုဝိညာဏ်ကို လုံလုံမမိသေးဟု သိအပ်၏၊ စက္ခုဝိညာဏ်ကို လုံလုံမမိခဲ့လျှင် လက္ခဏာရေးသို့ ကျလျှင်လည်း လုံလုံမိ အောင် မထင်နိုင်၊ သဘာဝမွေ့ကို မိမှ ထိုသဘာဝ၏ဖြစ်မှု ပျက်မှုကို ရှုသောအခါ ဉာဏ်ထဲမှာ အားရစွာ ထင်နိုင်သည်။ ။ ဝိညာဏ်ကဲ့သို့ ငါမြင်သည် ငါကြားသည် အစရှိသည်ဖြင့် သဘာဝ ထင်ရှား၍ တဏှာ, မာန, ဒိဋ္ဌိ အစွဲအလမ်း ကြီးလှသော တရားတို့၌ သဘာဝမွေ့ကိုပင် ဉာဏ်မျက်စိတွင် ကောင်းကောင်းမြင်မှ တော်သည်၊ မထင်ရှားသော တရားတို့၌ ကိစ္စမရှိလှ။ ။ ဤထိုခိုက်၍ နာမှုမှာ ဝေဒနာထင်ရှား၍ ငါနာသည်ဟု စွဲလမ်းသည်၊ ဝိညာဏ်မထင်ရှား၍ ငါသိသည်ဟု မစွဲလမ်း၊ ဝိညာဏာ ဟာရ ကမ္မဋ္ဌာန်းအလုပ်ကို လုပ်သောသူဖြစ်ခဲ့မူ ဝေဒနာကို အမှတ်ပြု၍ ဝိညာဏ်ကို

www.dhammaransi.com



မိအောင်ဖမ်း၊ ဝေဒနာကိုပင် ဝိညာဏ်ဟု ရှုသော်လည်း ကိစ္စမရှိ၊ ဖြစ်အတူ ပျက်အတူ တရားစုမှာ ထင်ရှားရာ တစ်ခုခုကို မိလျှင် ပြီးတော့သည်။

ဤကား
ဓမ္မသဘာဝကို မိအောင်ဖမ်းမှု
သိရာသော အချက်တည်း။

## ဥဒယဗ္ဗယ ဖမ်းနည်း

ဥဒယဗ္ဗယ ဖမ်းနည်းကား ထိခိုက်ရာဌာန တစ်ပြင်လုံး၌ တဖွားဖွား ဖြစ်ပေါ်၍နေသော နာမှုဟူသော နာမက္ခန္ဓာလေးပါးသည် မထိခိုက်မီ ရှေးအဖို့၌ ဘယ်မှာမှ ရှိ၍နေနှင့်သော ခန္ဓာလေးပါးမဟုတ်၊ ထိုထိခိုက်မှု ဒဏ်ချက်ကြောင့် မိုးပေါ် ကျသကဲ့သို့ ယခုဖြစ်၍လာသော တရားစုတည်း၊ အနာပျောက်ပြီဟု သိသောအခါ၌ အနာပျောက်မှု ဆိုသည်ကား ထိုခန္ဓာလေးပါးတို့၏ ချုပ်ကွယ်မှုတည်း ကုန်ခမ်းမှုတည်း၊ ဘယ်ကိုမျှ ပြောင်းရွှေ့၍သွားသည်မဟုတ်၊ ဤဖြစ်မှု ပျက်မှု အရာ၌ အလွန်တွေဝေသူများလှ၏၊ စိတ်ဆိုသည်ကား ကိုယ်တွင်းမှာ ထာဝရ အမြဲတည်ရှိ၍ နေ၏၊ ထိုတည်ရှိ၍ နေရာမှ ထိခိုက်ရာဌာနမှာ ပေါ်၍လာ၏၊ ထိခိုက်မှု ပျောက်ငြိမ်းပြန်လျှင် နေရာတစ် ပါးသို့ ပြောင်း၍ပေါ်ပြန်၏ဟု ထင်၍ နေသူ များလှ၏၊ နိစ္စအတ္တစွဲလမ်းချက် အလွန် အားကြီးလှ၏။ ။ ဤကဲ့သို့ အနာအကျင်နှင့် ထင်ရှားရာ တကွက်ကွက်မှာ ယခု မှ ဖြစ်ပေါ်လာသော အာဂန္တုတရားစု အဖြစ်ကိုလည်းကောင်း၊ အနာပျောက်သည် ဟု ဆိုရသောအခါ ဘယ်ကိုမှ သွားသည်မဟုတ်၊ ထိုနေရာတွင်ပင် အပြီးပျောက်ကွယ် သေဆုံး၍ သွားသည်၏အဖြစ်ကို လည်းကောင်း၊ ဇဝိုးဇဝါး ယုံမှားသံသယမရှိ၊ အသိ ဉာဏ်တွင် လင်းလင်းချင်းချင်း ထင်နိုင်မြင်နိုင် ထိုးထွင်းနိုင်အောင် ပြောဟော ပြသရမည်။ ။ ဤနေရာ တစ်ကွက်က ဉာဏ်မျက်စိပေါက်၍သွားလျှင် နောက်နောက် ဌာနတို့၌ လွယ်၍သွားလတ္တံ့။ ။ ဤအရာ လွယ်ပါ၏ဟု မထင်လင့်၊ ဉာဏ်စွမ်းရှိလျှင် လွယ်၏၊ ဉာဏ်စွမ်းနုံ့နဲ့သူမှာ မလွယ်။ ။ ဤကဲ့သို့ ထင်ရှားလှသော ဒုက္ခဝေဒနာမှာ လွယ်ပြန်သော်လည်း သုခဝေဒနာမှာ အမြင်ခက်၍ နေတတ်သည်၊ သုခဝေဒနာမှာပင် လွယ်ပြန်သော်လည်း စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှာဝိညာဏ် အစရှိသော ဥပေက္ခာဝေဒနာနှင့် ယှဉ်သော ဝိညာဏ်တို့ မှာ ခက်၍နေတတ်သည်။ ထို့ကြောင့် -

www.dhammaransi.com



"အဒုက္ခ မသုခါဝေဒနာ ဉာဏသုခါ၊ အညာဏဒုက္ခာ"

ဟူ၍ မဟာဝေဒလ္လသုတ်မှာ ဟောတော်မူသည်။

အဒုက္ခ မသုခါဝေဒနာ၊ ဥပေက္ခာ ဝေဒနာသည်။ ဉာဏသုခါ၊ သိလျှင်ချမ်းသာ၏။ အညာဏဒုက္ခာ၊ မသိတည့်နိုင် မထင်တည့်နိုင် မမြင်တည့်နိုင်လျှင် ဆင်းရဲ၏။

အဋ္ဌကထာတို့၌လည်း ဥပေက္ခာ ဝေဒနာသည် ရှုမြင်ခြင်းငှာ ခဲယဉ်း၏၊ မိဂပဒဝဠဉ္ဇန နည်းအားဖြင့် ရှေ့အဖို့ နောက်အဖို့၌ ဖြစ်ပေါ်သော သုခဒုက္ခဝေဒနာတို့ကို ထောက်မြော်၍ အလယ်ခဏတို့မှာ ဥပေက္ခာဝေဒနာ ဖြစ်သည်ကို သိရမည်ဟု ဆို၏။ ။ ငါးပါးသော ပဉ္စဝိညာဏ်တို့တွင် စက္ခုဝိညာဏ်သည် အလွန် သိမ်မွေ့သော ဥပေက္ခာဝေဒနာနှင့် ယှဉ်သည်ဖြစ်၍ မိနိုင်ခဲလှ၏၊ အဖြစ်လည်း မစဲ ကိစ္စလည်း တွင်ကျယ်လှသည် ဖြစ်၍ ငါမြင်သည်ဟူသော သက္ကာယဒိဋ္ဌိ အစွဲအလမ်း အလွန်ခိုင်မြဲလှ၏၊ ကျား, ခြင်္သေ့ တို့၏ ပါးစပ်မှာရှိသော သားကောင်တို့ကဲ့သို့ သက္ကာယဒိဋ္ဌိ၏ လက်မှ စက္ခုဝိညာဏ်ကို ဉာဏ်အရလုခြင်းငှာ ခဲယဉ်းလှ၏၊ ရေပွက်ငယ်၌ ပေါ်ရှိသော အရိပ်၏ ပျက်မှု, ဖြစ်မှုကို ရေပွက်ငယ် ပျက်မှု ဖြစ်မှုနှင့် ဘက်တွဲ၍ ပြသကဲ့သို့ ခဲယဉ်းလှသော ဝိညာဏ်၏ဖြစ်မှုပျက်မှုကို ဝတ္ထုရုပ်နှင့်ဘက်တွဲ၍ယူမှ လွယ်နိုင်သည်၊ ဝတ္ထုရုပ်၏ဖြစ်မှု ပျက်မှုကို ကောင်းကောင်းမြင်နိုင်မှ လည်း ဘက်တွဲနိုင်သည်၊ ငါမြင်သည်ဟု ဖြစ်မှုသည်လည်း စက္ခုဒွါရဝီထိနှင့် တကွ မနောဒွါရဝီထိများစွာ ကျပြီးမှ ငါမြင်သည်ဟု သိသော ဝီထိပေါ်လာသည်၊ စက္ခု ဝိညာဏ်နှင့်တကွ ထိုအာရုံ၌ ဖြစ်ကြသော စိတ်ဝီထိအများကို တစ်ခုတည်းဖြစ်၍ ငါမြင်သည်ဟု ထင်မှတ်စွဲလမ်းသည်။

ဝိပဿနာမှုမည်သည် ထိုအစွဲအလမ်းကို ပယ်ဖျောက်မှုတည်း၊ ထို့ကြောင့် စိတ်ဝီထိ တစ်ထောင်, တစ်သောင်းကိုပင် စက္ခုဝိညာဏ် တစ်ခုတည်းပြု၍ ငါမြင် တစ်ခုတည်းဖြစ်၍ ရှုမိလျက်ငြားသော်လည်း ငါမြင်သည်ဟူသော စွဲလမ်းချက် တကယ် ပြယ်ပျောက်လျှင် ပြီးတော့သည်၊ အရာတိုင်းမှာ ဤနည်းကိုသိလေ၊ အဘိဓမ္မာ အရာ၌ သဘော ယုတ္တိနှင့် တကွ ဝီထိလက်ရိုးများကို အလွန်ရေလည်လှသည်ဖြစ်၍ အတီတဘဝင်, ဘဝင်္ဂလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း စသည်တို့၏ ဥပါဒ်၊ ဌီ-ဘင် ခဏိက အစဉ်ဖြစ်ပုံ ချုပ်ပုံကို များစွာသော သဘောယုတ္တိတို့နှင့် တကွ အသက်ထက် ဆုံးချပို့ ဟောပြော၍ နေငြားသော်လည်း၊ ထိုပုဂ္ဂိုလ်၏ မြင်မှုသည် ဖြစ်ထိုက်သော

www.dhammaransi.com



သဘာဝယုတ္တိကို မြင်မှုသာ ဖြစ်သည်၊ ဝိပဿနာ အမြင်မျိုးပင် မဟုတ်၊ ဝိပဿနာ အမြင်မျိုးနှင့် အလွန်ပင် ဝေးကွာ၏၊ သို့ပါလျက် ထိုကဲ့သို့သော ခဏိက ဓမ္မအစီအစဉ် အဖြစ်အပျက်တို့ကို နေရာကျသိတတ်မှ ဝိပဿနာမှု နေရာကျနိုင်မည်ဟု ထင်မှတ် ပြောဆိုကြသော အရာများသည် နေရာကျ အချက်မသိကြီး မသိလှ၍ ထင်မှတ်ပြောဆို ကြသော အရာသာဖြစ်သည်။

ဥပမာကား အဘိဓမ္မာ ကျမ်းတတ် ဆရာသည် မန္တလေးမြို့ ရန်ကုန်မြို့များ မှာ အလွန် ကြီးကျယ်လှစွာသော ဘယဆေးသည် ကြီးနှင့်တူ၏၊ ထိုဘယဆေးသည် ကြီးသည် ဘယ်ဆေးမျိုးမှ မရှိဟု မဆိုရအောင် တစ်သောင်းဖိုး နှစ်သောင်းဖိုး တစ် သိန်းဖိုး နှစ်သိန်းဖိုး ဝယ်ယူ၍ ကိုးခန်းတိုက် ရှစ်ခန်းတိုက် စသည် တိုက်ဆိုင်ကြီး စွာနှင့် အပြည့် စမ်းတိုင်း တွေ့အောင် စီစဉ်ဆိုင်ခင်း၍ ထားပေ၏၊ အလိုရှိ၍ ဝယ်သူ လာလျှင် လိုရာဆေးမျိုးကို တစ်ထောင်ဖိုး တစ်သောင်းဖိုး ခဏခြင်းပေးနိုင်၏၊ သူနာကို ကုစားသော ဆေးသမားပညာမျိုးကိုမူကား မကျွမ်းကျင်၊ မိမိကိုယ်မှာ ရောဂါတစ်ခု စွဲ၍နေ၏၊ ထိုရောဂါကို တစ်ပါးတည်းနှင့် ပျောက်ငြိမ်းစေနိုင်သော ဆေးမျိုးသည် မိမိဆိုင်မှာ တစ်ရာမကရှိ၏၊ သမားပညာကို အနည်းငယ်မျှ မကျွမ်းကျင်သည့်အတွက် တစ်သက်လုံး ထိုရောဂါမပျောက်၊ ဖဿတစ်ခုကိုဖြစ်စေ၊ ဝေဒနာတစ်ခုကိုဖြစ်စေ၊ စေတနာတစ်ခုကို ဖြစ်စေ၊ ဝိညာဏ်တစ်ခုကိုဖြစ်စေ၊ ဝိပဿနာ ပရိညာ အချက်နှင့် သိမြင်ပေါက်ရောက်သော သူသည် အစွမ်းကောင်းဆေးမြစ် တစ်ခုနှင့် အရာမကသော သူနာတို့ကို ရောဂါပျောက်ငြိမ်းအောင် ကုစားနိုင်သော ဆေးသမားဆရာနှင့် တူ၏၊

> ဝိပဿီ အစရှိသော ခြောက်ဆူသော ဘုရားတို့လက်ထက်၌လည်း ပိဋကတ် သုံးပုံဆောင် ငါတို့ဘုရား လက်ထက်၌လည်း ပိဋကတ်သုံးပုံဆောင်ကြီး သုံး ပုံတတ်ကြီးဖြစ်၍ ဇေတဝန် ကျောင်းတော်မှာ အကျော်အမော်ကြီး လုပ်၍ နေသော ပေါဋ္ဌိလမထေရ်ကြီးသည် ဝိပဿနာမှုကို အားထုတ် လိုသောအခါ ဝိပဿနာမှု ပေါက်ရောက်ပြီးသော တောကျောင်းနေ ရှင်လူငယ်ကလေးအ ထံမှာ လက်အုပ်ချီ၍ ကမ္မဋ္ဌာန်း သင်ယူရသည်ဟု ဓမ္မပဒ အဋ္ဌကထာမှာ လာသော တုစ္ဆပေါဋ္ဌိလ မထေရ် ဝတ္ထုကို ထောက်မြော်လေ။

ဝိပဿနာမျိုးကို မသိသော အဘိဓမ္မာကျမ်းတတ် ဆရာသည် ဆေးဒန်းအစ ရှိသော ဓာတ်မျိုးတို့ကို တစ်သိန်းဖိုး နှစ်သိန်းဖိုး တိုက်ဆိုင် တည်ခင်း၍ နေသော တရုတ် ကုန်သည်ကြီးနှင့် တူ၏။ ။ ဖဿာဟာရ စသည်တို့တွင် တစ်ခုခု၌ ဝိပဿနာ ပရိညာအချက် မိပြီးသောသူသည် ဆေးဒန်း စသော ဓာတ်မျိုးနှင့် ရွှေဖြစ် ငွေဖြစ်

www.dhammaransi.com



ပေါက်ရောက်ပြီးသော ဟိန္ဒူ ဇော်ဂီ ကုလား ဘုန်းကြီးနှင့်တူ၏၊ သို့သော် လည်း အဘိဓမ္မာ ကျမ်းတတ်ဆရာများ တတ်သိလိမ္မာ၍ ဆောင်ရွက်ပေးသောကြောင့် အဘိဓမ္မာ ပိဋကတ်တော်ကြီးများ ယနေ့ထက်တိုင် တည်ရှိနေပေသည်၊ အဘိဓမ္မာ ကျမ်းတတ် ဆရာတို့၏ ကျေးဇူးသည် သာသနာအစဉ်၌ အလွန် ကြီးကျယ်လှပေ၏။

ဤကား

ပညာရှိတို့ သတိပညာဖြစ်ရန် မှာထားလိုက်သော စကားရပ်တည်း။

ပြဆိုခဲ့ပြီးသော ထိခိုက်နာကျင်မှု၌ နာမက္ခန္ဓာ လေးပါးတို့၏ ယခုမှ အသစ် ဖြစ်ပေါ်မှုဟူသော ဥပါဒ်စွန်းကို ထင်လင်းစွာ မြင်ခြင်း၏ အကျိုးကား ပဋိသန္ဓေမှ စ၍ နာမ်တရားတို့ မည်သည် အစဉ်တည်ကာပါရှိ၍နေသည်ဟု ထင်မှတ်သော နိစ္စသညာ ပျောက်ကင်း၏၊ ယခုတွင်မှ ဖြစ်ပေါ်သော ဥပါဒ်ဇာတိစွန်းကို ထင်လင်းဒိဋ္ဌ တွေ့မြင်သဖြင့် ရှေးအဖို့ကရှိနေနှင့်သောတရားမဟုတ်ဟု မြင်နိုင် သောကြောင့် ထိုသညာပျောက်လေသတည်း။

ယခုပင် ပျောက်ကွယ် ကုန်ဆုံး၍ သွားသည်ကို ထင်လင်းစွာ မြင်ခြင်း၏ အကျိုးကား ဤယခုရှိနေသော စိတ်နှင့်ပင် ရှေ့သို့လည်း သွားရလိမ့်မည်ဟု ထင်မှတ် နေသော နိစ္စသညာ ပျောက်ကင်း၏၊ ယခုပင် ဤနာမက္ခန္ဓာ လေးပါး အနိစ္စမရဏ သို့ ရောက်လျက် ကွယ်ဆုံး၍ သွားသော ဘင်စွန်းကို ထင်လင်းဒိဋ္ဌ တွေ့မြင်ရသဖြင့် မျက်တောင်တစ်ခတ်မျှ အမြဲတည်ကာ လိုက်ပါ၍ နေနိုင်သော တရားမျိုး မဟုတ်ဟု မြင်နိုင် ဆုံးဖြတ်နိုင်သောကြောင့် ထိုသညာ ပျောက်လေသတည်း။

မျက်တောင်တစ်ခတ်မျှ အမြဲတည်ကာ လိုက်ပါ၍ မနေနိုင်ဟူရာ ယခုဖော် ပြသော ဒုက္ခဝေဒနာ အချက်မှာ ဆူဆူတတ် နာကျင်မှုကို စေ့စေ့ရှုဆင်ခြင်ပါလျှင် ရွရွရွရွ ခဏမစဲ တသဲသဲနေသည်ကို ကိုယ်တွေ့ဒိဋ္ဌ သိမြင်ရဖြင့် တအောင့်တခရာ အနာမပျောက်သေးမီ အတွင်းမှာပင် နာရာဌာန တစ်ပြင်လုံးမှာ အသိန်း အသန်း မက ဖြစ်မှု ချုပ်မှုတွေ ရှိနေသည်ကိုလည်း မြင်တတ်သမျှလည်းမြင် ရိပ်မိတတ်သမျှ လည်း ရိပ်မိ၏၊ ထို့ကြောင့် မျက်တောင်တစ်ခတ်မျှ နိစ္စဖြစ်၍ တည်နေနိုင်သော တရားစုမဟုတ်သည်ကို အတတ်ပင် ဆုံးဖြတ်၍ သိနိုင်လေသတည်း။

ဤဒုက္ခဝေဒနာအချက် ဥပါဒ်စွန်း ဘင်စွန်း နှစ်ချက်ကို ကိုယ်တွေ့ ဉာဏ် မြင် အထင်အလင်း ထိုးထွင်း၍ သိရသဖြင့် ဤကိုယ်ခန္ဓာ တစ်ခုလုံးမှာ ရှေးရှေးက

www.dhammaransi.com



ဖြစ်ဖူးခဲ့သမျှသော စိတ်စေတနာ နာမက္ခန္ဓာတို့သည်လည်း အာရုံထိခိုက်လာ ထိခိုက်လာမှ ထိုထိခိုက်ရာ အကွက်တွင် ဘွားခနဲ ဘွားခနဲ ဖြစ်ပေါ်လာသော အဂန္တု တရားစု တို့သာ စင်စစ်တည်း၊ ထိခိုက်ဒဏ်ပြေပျောက်သွားပြန်လျှင်လည်း ထိုနေရာမှာပင် အကုန်လုံး သေဆုံး ကွယ်ပျောက်၍ သွားသော အနိစ္စတရားတို့သာ စင်စစ်တည်းဟု အစုအစု အပိုင်းအပိုင်း ဉာဏ်ထဲတွင် ထင်မြင်၍ နေလတ္တံ့၊ ယခုအခါမှ နောက်ခဏ နောက်ရက် နောက်လ နောက်နှစ်တို့မှာလည်း အာရုံထိခိုက်လာ ထိခိုက်လာမှ ထိုထိခိုက်သောနေရာတွင် အသစ်အသစ် ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ လာကြကုန်လတ္တံ့၊ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်းလည်း ထိုထိုနေရာမှာပင် ပျောက်ဆုံးကြ ပျောက်ဆုံးကြကုန်လတ္တံ့ဟု အစုအစု အပိုင်းပိုင်းဉာဏ်ထဲတွင်ထင်မြင်၍နေလတ္တံ့၊ဤဘဝတစ်ခုလုံး ထင်မြင်၍ နေလျှင်လည်း ရှေးရှေးဘဝ နောက်နောက် ဘဝ တို့မှာ သည်အတိုင်းပင် မြင်၍ နေလတ္တံ့၊ သုံးဆယ့်တစ်ဘုံရှိ သတ္တဝါ အနန္တ စကြ ဝဠာအနန္တမှာလည်း သည့်အတိုင်း ထင်မြင်၍ နေလတ္တံ့။

> ဤကား တစ်ခုသော ကိုယ်အင်္ဂါအစိတ်မှာ ဒုက္ခသဟဂုတ် ကာယဝိညာဏ် အစဉ်တစ်ခုကို အကွက်ပေါ်အောင် ဖော်၍ အနိစ္စပရိညာ ထင်လင်းစွာ တည်ထောင်ပုံ အစီအရင်ကို အနုသာသနီနည်းအားဖြင့် ပြသသွန်သင်ချက်တည်း။

တစ်ကွက်တစ်နေရာနှင့်မှ မလင်းသေး မစွဲသေးလျှင် ဒုက္ခ သဟဂုတ် ကာယဝိညာဏ်ကို တစ်ကိုယ်လုံး အနှံ့ဖော်၍ ပြရသည်၊ ပြနည်းကား တစ်ကွက်နှင့် တစ်ကွက် ခပ်ကွာကွာနေရာမှာ ဖော်ရမည်၊ လက်ျာခြေဖဝါး၌ အနာအကျင်ထိပါးခဲ့သော်ဟု ကိန်းဖော်၍ ပြဆိုခဲ့ပြီးသောအတိုင်း သဘာဝကို မြင်နိုင်အောင် ဥပါဒ်စွန်း ဘင်စွန်းကို မြင်နိုင်အောင် ပြလေ။

ထို့နောက် လက်ဝဲခြေဖဝါးမှာ၊ ထိုနောက် လက်ျာလက်ဖဝါးမှာ၊ ထိုနောက် လက်ဝဲ လက်ဖဝါးမှာ စသည်ဖြင့် ဖော်လေ။

ဦးနှောက်တွင်းမှာ ကိုက်၍လာမှု ပူ၍လာမှု ရင်တွင်းမှာ ပူ၍လာမှု အပူပျောက်မှု အဆုပ်တွင်းမှာ ပူ၍လာမှု အပူပျောက်မှု စသည်ဖြင့်ဖော်လေ။

ထိုထို ကိုယ်အင်္ဂါ အစိတ်အကွက်မှာ ယား၍လာမှု အယားပျောက်မှု ထုံ၍လာမှု ကျင်၍လာမှု နာ၍လာမှု ကိုက်၍လာမှု ခဲ၍လာမှု စသည်ဖြင့် ဖော်လေ၊

www.dhammaransi.com



တစ်ကိုယ်လုံး အနှံ့အပြား ဖော်၍ ပြနိုင်လေလေ နာခံသောသူမှာ ဉာဏ် အမြင် သန့်ရှင်းလေလေ ဉာဏ်အမြင် ရှလေလေဖြစ်သတည်း။ ။ ဤဒုက္ခသဟ ဂုတ်ကာယ ဝိညာဏ်တစ်ခုကို တစ်ကိုယ်လုံးမှာ ဖြစ်မှုချုပ်မှု အကွက်အကွက် အပိုင်း ပိုင်းတွေ ထင်မြင်၍ကုန်လျှင် ကြွင်းသော ဝိညာဏ် ခြောက်ပါးတို့နှင့်တကွ စေတသိက် ဟူသမျှတို့သည်လည်း ဤနည်းချည်းဆိုသည့်အနေနှင့် ထင်ပြီးတွေ မြင်ပြီးတွေ သကဲ့သို့ ဖြစ်၍ကုန်လေ၏၊ ငါမြင်သည် ငါကြားသည် ငါသိသည် ငါနာသည် အစရှိသော ဒိဋ္ဌိစုသည် အကုန်ပျောက်ကင်း၍ ကုန်တော့မှာလောက် ထင်ရ၏။

**အနိစ္စပရိညာ အစဖော်လည်း ပြီး၏။**

ဒုက္ခဝေဒနာနှင့် အစ ဖော်ပြီးနောက် သုခ ဝေဒနာကို ဖော်ရာ၏။

သုခသည် နိဒုက္ခသုခ, ဝေဒနာသုခ ဟူ၍ နှစ်မျိုးရှိ၏၊ ထိုတွင် ရူပကာယ နာမကာယ၌ ဒုက္ခဝေဒနာကင်းရှင်း၍ နေကာမျှသည် နိဒုက္ခသုခမည်၏၊ ဆင်းရဲဒုက္ခကင်းရှင်း၍ နေသည်ကိုပင် ချမ်းသာဆိုရသည်၊ သုခဝေဒနာ အလွန်ထင်ရှားသည် မဟုတ်၊ ထိမှန်း သိရုံမျှသော ဝိညာဏ်ကိစ္စသာ ထင်ရှားသည်၊ ကောင်းလေစွ ကောင်းလေစွ ဟု ဆိုရလောက်သော သုခကို ရှေးဦးစွာ ဖော်ရမည်၊ ပူအိုက် လှတုန်းအခါ အေးမြစွာသော ရေချိုးမှု ယပ်လေခံမှု လေပြေလေညှင်းခံမှု၊ ချမ်းအေးလှ၍ ဒုက္ခဖြစ်နေသောအခါ မီးလှုံမှု နေစာလှုံမှု နူးညံ့သော လက်ဖြင့် သာယာစွာ ဆုပ်နယ်မှု စသည်တည်း၊ ထိုအမှုတို့ဖြင့် ဖော်ရာ၌လည်း ဉာဏ်နိုင်ရုံကွက်၍ ကွက်၍ဖော်ရမည်။

ဖော်ပုံကား ပူအိုက်လှ၍ အေးမြသော ရေကို ကျောကုန်း အပြင်မှာ လောင်းချိုးရာ၌ လက်ဝါးရာ တစ်ခုစာမျှတွင် ကွက်၍ပြရာ၏၊ ဤနေရာမှာ ပွက်ပွက်ဆူ၍ နေသော ပူအိုက်မှု ဒုက္ခဝေဒနာတွေ ကွယ်ပျောက်မှု အလွန်ချမ်းသာလှသော သုခဝေဒနာတွေ ဆူဆူတက်ဖြစ်ပေါ်မှုကို ပြရာ၏၊ ခဏမကြာမီ လောင်းချိုးသော ရေခန်းခြောက်၍ သွားပြန်လျှင် သုခဝေဒနာတွေ တဖြည်းဖြည်း ချုပ်ကွယ်မှု ဒုက္ခ ဝေဒနာတွေ တစ်ဖန် ပွက်ပွက်ဆူ ဖြစ်ပေါ်၍ လာမှုကို ပြရမည်၊ ဝေဒနာ ဓာတ်သား ကိုလည်း လှုလှုမိအောင် ဖမ်းစေရမည်၊ တဖွားဖွား ဖြစ်ပေါ်မှုဟူသော ဥဒယ အစွန်း ချုပ်ကွယ်ပျက်ဆုံးမှု ဟူသော ဝယအစွန်း ဤအစွန်းနှစ်ပါးကို လည်း ထင်ရှားစွာ ပစ္စက္ခဒိဋ္ဌ မြင်စေရမည်၊ ထိုမှ ကြွင်းကျန်သော အနုသာသန ဆုံး မပုံ အစီအရင်မှာ ပထမခန်းအတိုင်းသိလေ။

တစ်ကွက် လှုလှုမိသည့်နောက် တစ်ကိုယ်လုံးဖြန့်နည်း၊ တစ်ဘဝလုံး ဖြန့် နည်း၊

www.dhammaransi.com



တစ်သံသရာလုံး ဖြန့်နည်း၊ သတ္တဝါအများမှာ ဖြန့်နည်း များကိုလည်း ရှေး နည်းအတိုင်း သိလေ။

ထင်ရှားသော သုခဝေဒနာ၏ အခြင်းအရာကို ထင်မြင်ပြီးမှ နူးညံ့သော အဝတ်အရုံထိရာ၊ အခင်း အနှီး သိရာ၊ သစ်ပင်ရိပ် ကျောင်းတိုက်ခန်းရိပ်ထိရာ စသည်တို့၌ တစ်ကိုယ်လုံးမှာ တစ်ပြိုင်နက်ကဲ့သို့ ဖြစ်ပေါ်၍နေသော သုခဝေဒနာတွေကိုလည်း ဖြစ်နိုင်လတ္တံ့၊ ဉာဏ်နိုင်ရုံ ကွက်၍ ကွက်၍ ကြည့်မှုသည် ပြက်ပြက်ကွက်ကွက် မြင်သာသည်။

**သုခသဟဂုတ် ကာယဝိညာဏ်၌ ဥဒယဗ္ဗယ အနိစ္စပရိညာ အစီအရင်ပြီး၏။**

ဇိဝှါဝိညာဏ်သည် ဥပေက္ခာ ဝေဒနာနှင့် ယှဉ်သည်ဖြစ်၍ ဝေဒနာကိစ္စ မထင်ရှား၊ ချိုသည် ဆိမ့်သည် ခါးသည် စပ်သည် အစရှိသည်ဖြင့် နောက်စိတ်အစဉ်မှာမှ ပေါ်လာသော ဣဋ္ဌ အနိဋ္ဌ ခြားနားစွာ သိသော ဇောဝီထိစုကို အတွင်းဝင် ပြု၍ ပြရမည်၊ ဝိညာဏ်ကိစ္စကား အလွန်ထင်ရှား၏၊ အချိုသည်ဟု အသိ ထင်ရှား၏၊ ခါးသည်ဟုအသိထင်ရှား၏၊ ထိုအသိစုချုပ်ကွယ်မှုလည်း ထင်ရှား၏၊ ကောင်းသည် မကောင်းသည်ဟု ပိုင်းခြားသော အမှုမှာ နောက်စိတ်တွေလာမှ ထင်ရှားသည်၊ အလုံးစုံကို ဇိဝှါဝိညာဏ် ခံစားမှု ဇိဝှါဝိညာဏ်နှင့် ယှဉ်သော ဝေဒနာ မှု ပြု၍ ပြောသော်လည်း သင့်မြတ်တော့သည်၊ နာမက္ခန္ဓာတို့၏ ဥဒယအစွန်း ဝယအစွန်းကို ထင် ထင်ရှားရှား အာရုံပြုနိုင်သည်သာ ပမာဏတည်း၊ ကြွင်းကျန်သော အနုသာသနအစီ အရင်မှာ ကာယဝိညာဏ်ဒွေမှာ ပြဆိုခဲ့သော နည်းအတိုင်း သိလေ။

သကြား သကာ စသည့် သံပုရာရည်, ရှောက်ရည် စသည် ဟင်းကျွေး ဟင်းလျာ စားဖွယ် ခဲဖွယ် သောက်ဖွယ် လျက်ဖွယ် တစ်ခုခုမှာပင် လျှာပေါ်သို့ အခါခါ ရောက်ရာ၌ အခါခါဖြစ်မှု ပျက်မှုကို ထင်ရှားအောင် ရှုလေ။

**ဇိဝှါဝိညာဏ်ပြီး၏။**

ဃာနဝိညာဏ်ဒွေမှာလည်း ကောင်းသော အနံ့ အခါခါ ထိခိုက်ရာ အခါ ခါ တဖွားဖွားဖြစ်ပေါ်မှု အခါခါ ချုပ်ပျောက်မှု မကောင်းသော အနံ့အခါခါ ထိခိုက်လာရာ၌ အခါခါ တဖွားဖွား ဖြစ်ပေါ်မှု အခါခါ ချုပ်ကွယ်မှု များကို ထင်အောင် မြင်စေရသည်၊ ကောင်းသောအနံ့မှာလည်း ထို့အတူသိလေ။ ။ သောတဝိညာဏ်မှာလည်း အသံအခါခါ ဖြစ်ပေါ်မှု အခါခါ ချုပ်ပျောက်မှုကို ထင်ရှားစွာ မြင်စေရမည်၊

www.dhammaransi.com



သောတ ဝိညာဏ်သို့ကျလျှင်ပင် အလွန်သိမ်မွေ့လှပြီ၊ သက္ကာယဒိဋ္ဌိ အလွန်ခိုင်မြဲလှပြီ၊ ငါကြားသည်ဟူသော ငရဲမီးကို သတ်ရန် အခွင့်အလွန် ခဲယဉ်းပြီ။ ။ ဝိညာဏ်ဓာတ်သားနှင့်တကွ ဥဒယစွန်း ဝယစွန်းကို ဘယ်နည်းနှင့်မဆို မြင်သာသည့်နည်း နှင့်အတပ်မြင်မှ သတ်နိုင်မည်၊ ကာယ ဝိညာဏ်ဒွေ၌ ငါခံ၍ ကောင်းသည်၊ ငါအခံခက်သည်၊ ငါပူသည် ငါအိုက်သည်၊ ငါယားသည်၊ ငါ နာသည်၊ ငါထုံသည်၊ ငါကျင်သည် အစရှိသည်ဖြင့် ငရဲမီး များလှ သော်လည်း ဝေဒနာကိစ္စ ကြွရှထင်ရှားသည့်အတွက် အသတ် လွယ်သေး၏။ ။ ဇိဝှါဝိညာဏ်မှာ ငါချိုသည်၊ ငါချဉ်သည်၊ ငါကောင်းသည်၊ ငါမကောင်းသည် စသော ငရဲမီးစု၊ ဃာနဝိညာဏ်မှာ ငါနံသည် ငါမွှေးသည် စသော ငရဲမီးစု အသတ်လွယ်၏။ ။ သောတဝိညာဏ်သို့ ကျလျှင်ပင် ငါကြားသည် ဟူသော ငရဲမီးသည် အသတ် ခဲယဉ်းပြီ။ ။ စက္ခု ဝိညာဏ်သို့ ရောက်လျှင် ငါမြင်သည်၊ ငါကြည့်သည်၊ ငါရှုသည် ဟူသော ငရဲမီးသည် အလွန်တောက်လှ ထက်သန်နိုင်မြဲလှ၏၊ သွန်သင်ပြသသော အနုသာသနီ ဆရာ အပြလိမ်မာလှမှ ပြက်ပြက်ကွက်ကွက် ပိုင်းပိုင်းခြားခြား ထင်နိုင် မြင်နိုင်မည်၊ ထိုသို့ ထင်မှလည်း ဉာဏ် လက်နက်သည် ငရဲ မီးကို ထိမည်။

အဘိဓမ္မာ ကျမ်းတတ် ဆရာတို့က သဗ္ဗညုတ ဉာဏ်တော် အရာ၌ သဘာဝယုတ္တိကို ဆ၍ ထွေလာဖန်တီး ပြောဟောသည်များကို ဝိပဿနာအမြင်မျိုး မဟုတ် ဟု ပြဆိုခဲ့ပြီ၊ ငါမြင်သည်ဟု စွဲလမ်းမှုကို ငရဲမီး ဆိုရာ၌ သက္ကာယဒိဋ္ဌိကို ပယ်နိုင်လျှင် အပါယ်တံခါးပိတ်၏၊ အပါယ်တံခါးမျိုး ပြတ်၏၊ အပါယ်မြစ် ပြတ်၏၊ အပါယ်ကြော ပြတ်၏ ဟူသော ဒေသနာတော် စကားသည် သက်သေတည်း။

သက္ကာယဒိဋ္ဌိချုပ်ခဲ့လျှင် အတိတ်က ပြု၍ ထားခဲ့သော မကောင်းမှုကံ အနန္တသည် အကုန်လုံး တစ်ချက်တည်း ကွယ်ပျောက်၏၊ နောက် အနာဂတ်၌ ဖြစ်လတ္တံ့သော ဒုစရိုက် အကုသိုလ်ကံ အနန္တစုလည်း အကုန်လုံး တစ်ချက်တည်း ကွယ်ပျောက်၏၊ အပါယ်တံခါး အပြီးပိတ်၏ဟု သိရသဖြင့် လောက၌ ဒုစ္စရိုက်ကံ ဟူသမျှသည် သက္ကာယဒိဋ္ဌိ၏ အစီးအပွားတည်း၊ ငရဲမီးသည် သက္ကာယဒိဋ္ဌိ၏ အစီးအပွားတည်းဟု သိအပ်လေရကား ငါ ငါ ဟု စွဲလမ်းသော သက္ကာယဒိဋ္ဌိကို ငရဲမီး ဆိုသင့်လှလေသတည်း။

မြင်သည်ကို စွဲလမ်းမှုမှာ တဏှာ, မာန, ဒိဋ္ဌိ သုံးပါးရှိ၏၊ ထို သုံးပါးတွင် ငါမြင်သည်ဟု စွဲလမ်းမှုလည်း မာန၏ ဝိသေသ အချက်တည်း၊ တဏှာဒိဋ္ဌိနှစ်ပါး လည်း

www.dhammaransi.com



ဆိုင်ပါ၏၊ ငါဟူသည် တစ်ဘဝတွင် တစ် ငါသာ ဟု ဖြစ်ရင်းတည်း၊ စက္ခုဝိညာဏ်ဟူသော မြင်မှုကို အာရုံပြု၍ ငါမြင်သည်ဟု စွဲလမ်းချက်မှာ တစ်ဘဝလုံးမှ စက္ခုဝိညာဏ်တစ်ခုတည်းဟု စွဲလမ်းမှုတည်း၊ စက္ခု ဝိညာဏ်ကို တစ်ဘဝလုံးမြဲသော နိစ္စဟူ၍ စွဲလမ်းမှုတည်း။

ငါ၏ မြင်ချက်သည် ကောင်း၏ဟု စွဲလမ်းမှုကား တဏှာ၏ ဝိသေသအချက်တည်း။ မြင်မှုသည်ငါ၏အတ္တတည်းဟု စွဲလမ်းမှုကား ဒိဋ္ဌိ၏ ဝိသေသ အချက်တည်း၊ ရှေး၌ သတ္တပုဂ္ဂလ အတ္တဇီဝ ပရမတ္ထ ဓမ္မခွဲခန်းမှာ သေချာစွာ ပြဆိုခဲ့ပြီ။

ပဉ္စဝိညာဏ် ပြီး၏။

ဟဒယဝတ္ထု မနောဝိညာဏ် ပေါက်မှ ထွက်တောက်သော ငရဲမီး အသိုက်အအုံသည်ကား အလွန် ကြီးကျယ်လှ၏၊ မီးသတ်ဆရာ အစွမ်းကောင်းလိုလှ၏။

သတ်ပုံအစီအရင်ကို ပြဆိုအံ့၊ မနောဝိညာဏ် မည်သည် နေ့နေ့ညည ခဏမစဲ နှလုံးထဲမှာ တစ်ရှိန်တည်း, တစ်ဆက်တည်း, တစ်ခုတည်းဖြစ်၍ အမြဲတည်နေသည်ဟု စွဲလမ်း၍နေကြ၏၊ ငါသိသည် ငါကြံသည်၊ ငါတွေးသည်၊ ငါဆသည် အစရှိသည်ဖြင့် ငရဲမီးတောက် မီးလျှံမစဲ ထ၍နေ၏၊ ထိုမနော ဝိညာဏ်စု၏ ဖြစ်ပေါ်ရာဌာနကား နှလုံးအိမ်တည်း၊ ထိုနှလုံးအိမ်တွင်းမှာလည်း သွေးသည် တစ်လက်ဖက်ခွဲခန့်ရှိ၏၊ အောက်၌တည်ရှိသော ပါစက ဝမ်းမီး တစ်ကိုယ်လုံးတွင် ထက်ဝန်းကျင်မှာ တည်ရှိသော ဥသ္မာခေါ်သော ကိုယ်စောင့်ဓာတ်မီးတို့ကြောင့် ထိုနှလုံးသွေးသည် စမ်းရေပွက်မှာ စမ်းပွက်ရေကဲ့သို့ အခါခပ်သိမ်း ဆူဆူတက်ပွက်၍နေသော အခြင်းအရာရှိ၏၊ မနောဝိညာဏ်၏မှီရာ ဟဒယဝတ္ထုရုပ်သည် ထိုသွေးမှာ အသိန်း, အသန်းမက တည်ရှိ၏၊ ထိုဟဒယဝတ္ထုရုပ်စုလည်း နှလုံးသွေးမှာ လှိုင်းစီး၍ တည်နေ၏၊ မနောဝိညာဏ် ဟူသမျှသည် ထိုဟဒယဝတ္ထုရုပ်ပေါ်မှာ တဖွားဖွား ဖြစ်ပေါ်၏၊ ပြိုးပြိုးပြက် ရိုးရိုးရက် တစ်လက်လက် တစ်လင်းလင်းနေ၏။

> "ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ" ဟူ၍ လည်းကောင်း၊ "ပဏ္ဍရံ စိတ္တံ" ဟူ၍ လည်းကောင်း ဟောတော်မူ၏။
>
> ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံစိတ္တံ၊ ဤစိတ်ဝိညာဏ် မည်သည်။ ပဘဿရံ၊ ပြိုးပြိုးပြက် ရိုးရိုးရက် တစ်လက်လက် တစ်လင်းလင်းရှိ၏။ ။

www.dhammaransi.com



စိတ္တံ၊ စိတ်ဝိညာဏ်သည်။ ပဏ္ဍရံ၊ ဆွတ်ဆွတ်ဖြူ၏။

မျက်မြင်မျိုးမဟုတ်၊ ဉာဏ်မြင်မျိုးပေတည်း၊ မျက်မြင်မျိုး အသွင်မှန်း၍ ဉာဏ်မျက်စိနှင့် ကြည့်သော်လည်း ကိစ္စမရှိ၊ "ဝိဇ္ဇုပ္ပါဒါဝ အာကာသေ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ" ဟူသည်နှင့် အညီ လျှပ်၏ ဖြစ်ခြင်း, ပျက်ခြင်း မြန်ပုံကဲ့သို့ ထင်မြင်၍ ဥဒယစွန်း , ဝယစွန်း ဤအစွန်းနှစ်ခုကို ဉာဏ်၌ ထိထိမိမိ အားရပါးရ မြင်နိုင်မှုသည်သာ ပမာဏ တည်း။ ။ တသိမ့်သိမ့် တအိမ့်အိမ့် ကဲ့သို့နေသော ထိုနှလုံးသွေးမှာလည်း ဖြစ်ပေါ် ရာဌာနအများ အကွက်ဖော်၍ကြည့်၊ အလယ်၌ ပေါ်သောအခါလည်း ရှိသည်၊ ရှေ့ဘက် အစွန်အနား၌ ပေါ်သောအခါ၌လည်း ရှိသည်၊ **နောက်အဖို့အစွန်းအနား၌** ပေါ်သောအခါ လည်း ရှိသည်၊ လက်ျာဘက် အစွန်အနား၌ ပေါ်သောအခါလည်း ရှိသည်၊ လက်ဝဲ ဘက် အစွန်အနား၌ ပေါ်သောအခါ၌လည်း ရှိသည်၊ ဤသို့စသည်ဖြင့် ဖြစ်ပေါ်ရာ ဌာန အကွက်သည် အရာမကများ၏၊ ပေါ်ရာ ပေါ်ရာ ဌာနမှာ ချုပ်ပျောက်မြဲ ဓမ္မ တာတည်း၊ နှလုံးတွင်းခန့် ပမာဏရှိသော **မျက်လုံးသားအပြင်** အစရှိသော ထိုထို ကိုယ်အင်္ဂါအကွက်မှာ မြမြထက်သော **အပ်ဖျားနှင့် တစ်ချက် တစ်**နေရာ ထိုး၍သွား လျှင် နာမှုဟူသော နာမက္ခန္ဓာအစုသည် **ထိုထိုအချက်မှာ အသီး**သီးဖြစ်ပေါ်၍ ဖြစ်ပေါ်ရာဌာနမှာ အသီးအသီး ကွယ်ပျောက်၍သွားသည်ကို ထင်ရှား သိနိုင် မြင် နိုင်သကဲ့သို့ သူ့အကွက်နှင့် သူ အသီးသီးဖြစ်မှု, ပျက်မှု ထိထိမိမိ မြင်နိုင်စေ။

ဥပမာကား တစ်ခုသော ပုလင်းငယ်အတွင်းမှာ တစ်လက်ဖက်၏ ထက်ဝက်ခန့် ပမာဏရှိသော ချင်းချင်းနီသော မှန်ကဲ့သို့ ကြည်လင်လှစွာသော ထိုထိုဝတ္ထုကို အလွန်မြန်မြန်ကြီး ကုန်ပျောက်အောင် စားနိုင်သော ဆေးရည်သည် ရှိရာ၏၊ အလွန်နူးညံ့လှစွာသော, အလွန်လည်း သိမ်မွေ့ သေးငယ်လှစွာသော, ဆွတ်ဆွတ်ဖြူသော အပြေးအသွားလည်း အလွန်မြန်ထက်သော သံသေဒဇ ပိုးငယ်မျိုး တစ်မျိုးသည် ထိုဆေးရည်ထဲမှာ ထိုထိုနေရာ၌ခုတင်ခု ခဏမစဲ ဖြစ်ပေါ်၏။ ထိုထိုပေါ်သော နေရာမှာပင် အပြေးအမြန် လောက်လက်၍ ဆေးရည်၏စား ချက်ဖြင့် မျက်တော်တစ်ခတ် အတွင်းမှာလျင်မြန်စွာ ကုန်ပျောက် ကွယ်ဆုံး၍ ကွယ်ဆုံး၍သွားသည်ကို မျက်စိမှာ ထင်ရှားစွာ မြင်ရာ၏၊ ဤဥပမာနှင့် အလွန်တူစွာ မြင်စေရမည်။

စိတ်၏ အဖြစ်အပျက် အပြောင်းအလဲ မြန်လှမှုကြောင့်လည်း နှလုံးသွေး တစ်ခုလုံးမှာ ဘယ်နေရာမဆို ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်းမှာပင် ရှရှ ရှရှ

www.dhammaransi.com



အနေနှင့် မြင်လတ္တံ့၊ ငါသိသည်ဟူ၍, ငါကြံသည်ဟူ၍ ခဏမစဲ အမြဲထင်မြင်၍ နေကြသော စိတ်အကြံ အသိစုနှင့် ထိုရွရွ ရွရွ ထင်မြင်ရသော အချက်စုသည် တစ်ခုတည်း, တစ်ချက်တည်း ထင်မြင်၍သွားမှ နေရာကျသည်၊ နှလုံးသွေးထဲမှာ ရွရွ ရွရွ ခုတင်ခု ဖြစ်ပေါ်မှု, ပျောက်ပျက်ကွယ်ဆုံးမှုကိုပင် ထင်မြင်ပါသော်လည်း ကြံမှု, သိမှုတွေက တခြားနေလျှင် နေရာမကျ၊ ငါကြံသည်၊ ငါသိသည် ဟူသော ငရဲမီးကိုမထိ၊ ရှုမှု, ထင်မှု, မြင်မှုထဲမှာ ထိုငရဲမီးမပါလေဘဲ လွတ်၍မနေစေနှင့်၊ ရှုသောဉာဏ်, ထင်သောဉာဏ်, မြင်သောဉာဏ်စုကိုလည်း တစ်လှည့်တစ်လှည့် ပါလေအောင် ချုပ်၍ကြည့်ရမည်။

"ဖေဏူပမံ ကာယမိမံ ဝိဒိတွာ၊ မရီစိဓမ္မံ အဘိသမ္ဗုဓာနော"။

( ဓမ္မပဒ ပါဠိတော် )

ဤပါဠိတော် ရုပ်ခန္ဓာကို ရေမြှုပ်စိုင်, ရေမြှုပ်ခဲကဲ့သို့ နာမ်ခန္ဓာစု တံလျှပ်မျှင်တွေ, တံလျှပ်ရောင်တွေကဲ့သို့ ထင်မြင်နိုင်ပါလျှင် သေမင်း မမြင်နိုင်သော နိဗ္ဗာန်သို့ရောက်၏ဟု ဟောတော်မူရာ၌လည်း အနှစ်သာရ မရှိမှုသဏ္ဌာန်အသွင် ထင်မြင်မှုနှစ်ချက်စီရသော ဥပမာစုပင် မှတ်ရမည်။

တံလျှပ်ဆိုသည်ကား မိုးဦး နွေလအခါ၌ ရေမရှိဘဲ ခြောက်သွေ့၍ နေသော အင်းပြင်ကြီးများမှာ မွန်းတည့် မွန်းတိမ်း နေပူအားကောင်းတုန်းအခါတွင် မလှမ်းမကမ်းကနေ၍ အင်းပြင်ကြီးကို ကြည့်မျှော်သောအခါ အင်းအပြင်မှာ လျှမ်းလျှမ်းလျှမ်းလျှမ်းထ၍ နေသည်ကို မြင်ရ၏၊ နွေအခါ ရေငတ်လှ၍ ရေရှာကြသော ငါးရာတစ်ထောင် စသော တောသမင်တို့သည် ထိုတံလျှပ်တွေကို မြင်ကြလျှင် ရေတွေထင်၍ သောက်ချင် အားကြီး ပြေးကြ၏၊ အင်းအပြင်သို့ ဆင်းမိကြလျှင် ထိုနေရာမှာ ကွယ်ပျောက်၍ အင်းအလယ်မှာ မြင်ရပြန်သည်၊ အင်းလယ်သို့ရောက်ပြန်လျှင် ထိုနေရာမှာ ပျောက် ၍ ဟိုဘက်အင်းကမ်းနားမှာ ထင်ရ၏၊ ထိုနေရာသို့ရောက်ပြန်လျှင် ပျောက်ပြန်လေ၏၊ အင်းလယ်မှာမြင်ပြန်၏၊ ပြေး၍ရောက်လျှင် ပျောက်ပြန်လေ၏၊ ရှေးတူရူ ကမ်းနားမှာထင်ရပြန်၏၊ ပြေး၍ရောက်လျှင် ပျောက်ပြန်၏၊ တစ်ဖန် အင်းလယ်မှာ ထင်ရ၏၊ ပြေးရင်းနှင့်ပင် မောပန်း၍ အင်းအပြင်မှာပင် သေဆုံးကြရကုန်၏။

ဤ၌ တံလျှပ်ဆိုသည်ကား အင်းအပြင် မြေထဲမှ မိုးရွာဖို့တက်သော ရေအခိုးစုပေတည်း၊ အပေါ်တည့်တည့်က ကျသော နေရောင်ခြည်စုသည် ထိုအခိုးတို့မှာ

www.dhammaransi.com



ကြောက်လေ၍ ရေခိုး နေရောင်နှစ်ခုစပ်ကို တံလျှပ်ခေါ်သတည်း၊ အလွန်နီးကပ်သော နေရောင်ကြည့်လျှင် မမြင်ရ၊ ပျောက်ကွယ်၍နေကုန်သကဲ့သို့ ထင်ရ၏၊ နေရောင် နှင့် ပဏာရသော နေရာက ကြည့်မှ မြင်ရသည်၊ ကိုယ်တွင်းမှ ခဏမစဲ အာရုံရှိရာ သို့ ရှေးရှုဖြစ်ပေါ်၍ နေသော နာမ်ခန္ဓာစုကို တံလျှပ်မျှင်, တံလျှပ်ရောင်တွေနှင့် အတူ ထင်မြင်စေရမည် ဆိုလိုသည်၊ အဖြစ်အချုပ်ကို ပိုင်းခြားနိုင်သည်သာ ပမာဏ တည်း၊ အနိစ္စ ပရိညာဆိုသည်ကား အဖြစ်အချုပ်ကို အမိဖမ်းမှုပေတည်း။

ပြဆိုခဲ့ပြီးသောအတိုင်း ဝိညာဏ်ခြောက်ပါးတို့၏ တရားကိုယ်တွေ့နှင့်တကွ ဖြစ်မှုပျက်မှုကို ထင်မြင်သောအခါ အာရုံခြောက်ပါးနှင့်စပ်၍ ထိုဝိညာဏ်ခြောက်ပါး တို့၏ ပဋိစ္စသမုပ္ပါဒအမှုကို ကြည့်ရှုရာ၏၊ ဤအနိစ္စ ပရိညာမှုက ပဋိစ္စသမုပ္ပါဒ အခြင်း အရာနှင့်စပ်၍ အနိစ္စအချက်ကို ထင်မြင်ရင်း ရှိမှသာလျှင် အနတ္တပရိညာမှု လွယ် နိုင်သည်။

> "စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" ဟူသော ပါဠိတော်၌ စက္ခုနှင့်စပ်၍ ပဋိစ္စသမုပ္ပါဒ ဖြစ်ပုံကို ရူပက္ခန္ဓာ အခန်းသို့ ရောက်မှ ဆိုပေအံ့။

> ရူပေစ၊ ထိုထို ရူပါရုံတို့ကိုလည်း။ ပဋိစ္စ၊ အစွဲပြု၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ အသစ်အသစ်ဖြစ်ပေါ်၏။

ထိုထို ရူပါရုံကိုဆိုသည်ကား အဘိဓမ္မာ ဝေါဟာရမျိုးတည်း၊ ရူပါရုံ၏မှီရာ အဋ္ဌကလာပ် ဒြပ်ဝတ္ထုနှင့်တကွ ကိုင်၍ပြမှ သာ၍ ထင်ရှားသည်၊ လူ၏ အဆင်း နွား၏ အဆင်း တုံး၏အဆင်း တိုင်၏အဆင်းဟု ပြောဆိုသည်ကား အဘိဓမ္မာ ဝေါဟာရမျိုးတည်း။ ။ လူကို မြင်သည်၊ နွားကို မြင်သည်၊ တုံးကို မြင်သည်၊ တိုင် ကိုမြင်သည်ဟု ပြောဆို ကြသော ဝေါဟာရမျိုးမှုကား၊ မျိုကြ စားကြသော ထမင်း ခဲဖွယ် ဘောဇဉ်စုကို ကဗဠီကာရ အာဟာရ ပြောဆိုကြ သကဲ့သို့ သဝတ္ထုက ကထာ မျိုးတည်း။

အဘိဓမ္မာ ပါဠိတော်များမှာလည်း သဝတ္ထုက ကထာမျိုး ပရမတ္ထ ကထာ မျိုး နှစ်မျိုးပင် လာ၏၊ မျိုကြ စားကြသော ဘောဇဉ်ခဲဖွယ် ဝတ္ထုဒြပ်တို့ကို ကဗဠီကာ ရ အာဟာရဟု ခေါ်ဝေါ်မှုကား ဒြပ် ဝတ္ထုနှင့်တကွ ကိုင်၍ပြသော ဝေါဟာရကထာ မျိုးတည်း "ဩဒနော ကုမ္မာသော သတ္တု မစ္ဆော မံသံ" အစရှိသည်ဖြင့် ဓမ္မသင်္ဂဏီ ပါဠိတော် များမှာပင် ထိုဝေါဟာရလာရှိပါ၏။ ။ မျိုအပ်သော ထမင်းမှာ အဋ္ဌကလာပ်

www.dhammaransi.com



ရုပ်ရှစ်ခုရှိ၏၊ ထိုရှစ်ခု အတွင်းမှာ ဩဇာဟူသော အာဟာရရုပ် ပါရှိ၏၊ ထိုရုပ်ကို အသီးအခြား ထုတ်၍ ကဗဠီကာရ ဝေါဟာရ ခေါ်သည်ကား နိပ္ပတ္ထိတ ပရမတ္ထ ဝေါဟာရတည်း။

ထိုနှစ်ပါးတွင် ထင်ရှားစေခြင်းငှာ ဤအရာ၌ သဝတ္ထုက ဝေါဟာရကို ပြဆိုပေအံ့။ ။ ရူပေ၊ ထိုထိုရူပါရုံတို့ကို အစွဲပြု၍ စက္ခု ဝိညာဏ် စိတ်အသစ်ဖြစ်ပေါ်မှုဆိုသည်ကား၊ နံနက်အခါ၌ အိပ်ရာကထသည်မှစ၍ ညဥ့်အခါ အိပ်ရာသို့ဝင်သည့်တိုင်အောင် တစ်နေ့လုံး၌ ပဌမ ဘယ်ဟာကိုမြင်သည်၊ ဒုတိယ ဘယ်ဟာကိုမြင်သည် အစရှိသည်ဖြင့် အစဉ်ရှိသည်သာ ဖြစ်၏၊ ထိုသို့ စီစဉ်၍မှုကား ပြောခြင်းငှာ မတတ်နိုင်အောင် အချက်များလျက်ရှိ၏၊ ပဌမ လူကိုမြင်သည်၊ ဒုတိယ နွားကို အစရှိသည်ဖြင့် လည်းကောင်း၊ လူကိုမြင်ရာ၌လည်း ကျောကုန်းကို ပဌမမြင် သည်၊ ၎င်းနောက်ဦးခေါင်းကို ဒုတိယမြင်သည် အစရှိသည်ဖြင့်လည်းကောင်း၊ အစဉ်အတိုင်းမြင်၍ သွားရသော များပြားလှစွာသော အဆင်းသဏ္ဌာန် အထည် ဝတ္ထုမျိုးတွေကို ရည်၍ ရူပေ၊ ထိုထို ရူပါရုံတို့ကိုဟု ဆိုသတည်း၊ ထိုထို ဝတ္ထု ဒြပ်ကို မြင်ရာ၌ သူ့ဝတ္ထုဒြပ်နှင့် သူ့စက္ခုဝိညာဏ် အသစ် အသစ် ဖြစ်၍ မြင်သည်ဟူလိုသ တည်း။

ထင်ရှားရုံ ချဲ့ဦးအံ့။ ။ တုံးနှင့်မျက်နှာ တယ်မိကြသည်နှင့် တစ်ပြိုင်နက်တုံးရိပ်သည် စက္ခုပသာဒရုပ်မှာထင်၏၊ ထိုတုံးရိပ်ထင်မှုသည် မရမတ္ထသဘာဝ အရာ၌ စက္ခုပသာဒရုပ်မှာ မိုးကြိုးကျ သကဲ့သို့ အဟုန်နှင့် တဝှေ့ခိုက်တိုက်၍ ပသာဒရုပ်ကြည်တွင် တုံးရိပ်ဖြစ်ပေါ်မှု ဖြစ်သတည်း၊ ထိုသို့ ပသာဒရုပ်မှာ တုံးရိပ်ခိုက်တိုက် မှုဒဏ်ချက်ကြောင့် ထိုအရိပ်ထိခိုက်ပေါ်ရှိ၍နေရာမှာ တုံးကိုမြင်သော စက္ခုဝိညာဏ်ဖြစ်ပေါ်လေသတည်း၊ မီးခတ်မှာ ကျောက်ထိခိုက်ရာ၌ ထိခိုက်မှုဒဏ်ကြောင့် မီးပွင့်တွေတဖွားဖွား ပေါ်ဘိသကဲ့သို့တည်း၊ မျက်တောင်ခတ်လျှင် ခတ်တိုင်း ခတ်တိုင်းထိုတုံးရိပ်ကွယ်ပျောက်၏၊ တုံးရိပ်ကွယ်ပျောက်တိုင်း ကွယ်ပျောက်တိုင်းသူ့တုံးရိပ်နှင့်သူ့ စက္ခုဝိညာဏ် အပြီးချုပ်ပျောက်ရာပါလေ၏၊ တခြားတစ်ပါးကို မျက်နှာလွှဲရာ၌ဆိုဖွယ်မရှိ၊ မျက်တောင်ကို ကြွချီပြန်လျှင် ကြွချီတိုင်း ကြွချီတိုင်း တုံးရိပ်အသစ်အသစ်ခိုက်ပေါ်မှု၊ စက္ခုဝိညာဏ် အသစ်အသစ်ဖြစ်ပေါ်မှုကိုလည်း သိလေ။

တုံးကိုလွှတ်၍ တိုင်ကို မြင်သောအခါ၌လည်း ဤနည်းအတိုင်းပင်၊ တိုင်ကိုလွှတ်၍ တစ်စုံတစ်ခုကို မြင်ပြန်ရာ၌လည်း ဤနည်းအတိုင်းပင်။ ။

www.dhammaransi.com



ထို့ကြောင့်

တိုထို ဝတ္ထု ဒြပ်ကို မြင်ရာ၌ သူ့ဝတ္ထု ဒြပ်နှင့် သူ့ စက္ခုဝိညာဏ် အသစ် အသစ် ဖြစ်ပေါ်မှုကို သိအပ်သတည်း။

တုံးရိပ် တိုင်ရိပ်စသည် ခိုက်မှု တိုက်မှု ဒဏ်ရာရှိမှသာ ထိုဝိညာဏ် ဖြစ်ပေါ်နိုင်လေရကား၊ ရူပေ၊ ထိုထို ရူပါရုံ တို့ကို။ ပဋိစ္စ၊ အစွဲပြု၍။ ဥပ္ပဇ္ဇတိ၊ အသစ်အသစ်ဖြစ်ပေါ်၏ ဟူရာ၌အစွဲပြု ဟူသော အချက်ပေါ်လေသတည်း။

ထိုသို့ ထိုထိုတုံးတိုင်စသော ရူပါရုံဝတ္ထု ဒြပ်တို့၏ ထိခိုက်မှုနှင့်သာ ဖြစ်ပေါ်ရလေသောကြောင့် တုံးကို ကြည့်မြင်သောအခါ မျက်စိမှာ ဖြစ်ပေါ်သော စက္ခုဝိညာဏ်သည် တုံးကလုပ်ပေးသော စက္ခုဝိညာဏ်ပေတည်း၊ တုံးကလုပ်၍ ဖန်ဆင်းပေးသော စက္ခုဝိညာဏ်နှင့် တုံးကိုမြင်ရသည်၊ တိုင်က လုပ်၍ပေးသော စက္ခုဝိညာဏ်နှင့် တိုင်ကိုမြင်ရသည်၊ အစရှိသည်ဖြင့် အကုန်သိလေ။

ဥပမာကား အသက် တစ်သိန်းတမ်းမှာ တစ်နှစ်တစ်နှစ်လျှင် လင်တစ်ယောက်ယောက် သေ၍ နှစ်စဉ်နှစ်တိုင်း လင် အသစ်အသစ် တစ်ယောက်တစ်ယောက် ယူရ၍ အနှစ်ငါးသောင်းကာလပတ်လုံး သားပေါင်း ငါးသောင်း ဖွားမြင်ရာ၏၊ ထိုသားစုကား အဖအသီးသီးတည်း၊ သားတို့ကို ကွဲပြားအောင် ပြောလိုလျှင် အမိနှင့်ပြော၍ မကွဲပြားနိုင်၊ အဖနှင့် ပြောမှ ဤသူကား မည်သူ၏သားတည်း၊ ဤသူကား မည်သူ၏သားတည်းဟု ကွဲပြားရာ၏၊ စက္ခုပသာဒရုပ်သည် ထို အမိ မိန်းမနှင့်တူ၏၊ တုံးတိုင် စသော ရူပါရုံ ဝတ္ထုဒြပ်တို့သည် အဖ ငါးသောင်းနှင့် တူ၏၊ အသစ်အသစ်ဖြစ်၍သွားသော စက္ခုဝိညာဏ် စသည်သည် သားငါးသောင်းနှင့် တူ၏။

တုံးတိုင် စသည်ကို အစဉ်အတိုင်း အိပ်ရာဝင်သည့်တိုင်အောင် တစ်နေ့လုံး၌ မြင်၍ သွားသော ထိုပုဂ္ဂိုလ်သည် တုံး၏ သားဖြစ်သော စက္ခုဝိညာဏ်နှင့် တုံးကိုမြင်သည်၊ တိုင်၏ သားဖြစ်သော စက္ခုဝိညာဏ်နှင့် တိုင်ကိုမြင်သည် အစရှိသည်ဖြင့် ဆိုထိုက်လေသတည်း။

ဥပမာ တစ်နည်းကား ဝဲယာနှစ်ဖက်၌ လူ့တစ်ရပ်ခန့် အမြင့်ရှိသော သစ်ပင်ပေါင်းတစ်ထောင် စီတန်းလျက်ရှိသော လမ်းတစ်ခုမှာ ဖန်တုံးကြီး တစ်ခုကို ပင့်မြှောက်ယူဆောင်၍ အပြေးသွားရာ၌ ထိုထိုသစ်ပင် ဥပစာသို့ ရောက်လေရာ ဖန်တုံးကြီးမှာ အရိပ် အသီးအသီး ပေါ်လေရာ၏၊ ဖန်တုံးကြီးနှင့် စက္ခုပသာဒ၊ ထိုထို သစ်ပင်နှင့် ထိုထိုရူပါရုံ ဝတ္ထုဒြပ်၊ ထိုထိုသစ်ပင် ရိပ်နှင့် ထိုထို စက္ခုဝိညာဏ်တူ၏၊ ဖြစ်ပေါ်မှု. ကွယ်ပျောက်မှုလည်း အသီးအသီး တူကြ၏။

www.dhammaransi.com



ထိုထို အသံမျိုးနှင့် သောတဝိညာဏ်၊ ထိုထို အနံ့မျိုးတို့နှင့် ဃာနဝိညာဏ်၊ ခံတွင်းမှာရောက်လာသော ထိုထို ရသာရုံ ဝတ္ထုဒြပ်မျိုးတို့နှင့် ဇိဝှါဝိညာဏ်၊ ကိုယ်အင်္ဂါ အတွင်းအပမှာ ထိခိုက်လာသော ထိုထို ဖောဋ္ဌဗ္ဗာရုံ ဝတ္ထုမျိုးတို့နှင့် ကာယဝိညာဏ်၊ ဤဝိညာဏ်တို့၌လည်း စက္ခုဝိညာဏ်အတိုင်း သိလေသည်။

မနောဝိညာဏ်မှာမူကား အာရုံမျိုး အလွန် အထွေအပြား များလှ၏၊ ကုသိုလ်စိတ်မျိုး၊ အကုသိုလ် စိတ်မျိုး၊ စက္ခုဝိညာဏ် အစရှိသော အဗျာကတစိတ်မျိုး၊ ထိုစိတ်မျိုးတို့မှာ ယှဉ်သော လောဘတရား, ဒေါသတရား, မောဟတရား အစရှိသော ကုသိုလ်တရားစု၊ သဒ္ဓါ, ပညာ, သတိ အစရှိသော ကုသိုလ် အဗျာကတဓမ္မစု၊ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ, ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒ ဟူသော ဓမ္မစု၊ ဒုစ္စရိုက်ဆယ်ပါး, သုစရိုက်ဆယ်ပါး အစရှိသော ဓမ္မစု၊ အာပေါဓာတ်စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ၊ ဟဒယဝတ္ထု၊ ဇီဝိတ, အာဟာရ, ဇာတိ, ဇရာ, မရဏ အစရှိသော ဓမ္မစု၊ ဤအလုံးစုံသည် ဓမ္မာရုံမည်၏၊ ရူပါရုံ၊ သဒ္ဒါရုံ အစရှိသော ပဥ္စာရုံ တို့သည်လည်း မနောဝိညာဏ်နှင့် ဆိုင်ကြကုန်၏၊ မနောဝိညာဏ်၏ အာရုံမှာ အာရုံ ခြောက်ပါးလုံးပင် ရ၏၊ ထိုအာရုံခြောက်ပါးသည် အမိဝမ်းမှ ဖွားမြင်သည်ကစ၍ ယခုနေ့, ယခုနာရီတိုင်အောင် အတိတ် နှစ်, လ, နေ့, ရက်တို့၌ တစ်သက်လုံး ခဏ မစဲ တွေ့ကြုံခဲ့ဖူးသမျှသော အာရုံခြောက်ပါး၊ ယခုနာရီမှ နောက်ခဏ နောက်ကာ လတို့မှာ ယခုနာရီက မြော်မြင်၍ သိနှင့်ရသော အာရုံခြောက်ပါး၊ နောက်နောက်ဘဝတို့ကို လှမ်း၍ ယခုကမျှော်ရသော အာရုံခြောက်ပါး၊ နောက်နောက်ဘဝတို့ကို လှမ်း၍ ယခုကမျှော်ရသောအရုံခြောက်ပါး ကျမ်းဂန်အဆို ထိုထို လူပြောရှင်ပြောနှင့် သိရသော ခပ်သိမ်းသော အာရုံခြောက်ပါးစု၊ ဤအလုံးစုံ သည် မနောဝိညာဏ်၏ အာရုံစုချည်းတည်း။

မစဲဖြစ်၍နေသော စိတ်အကြံအစည်စုတွင် အိပ်ပျော်စဉ် ဘဝင်ကိစ္စနှင့် ခဏမစဲ ဖြစ်၍နေသော မနောဝိညာဏ်စုမှာ ကံနိမိတ်, ဂတိနိမိတ်ဟူသော အာရုံ စုကို အာရုံပြုသည်၊ အိပ်ရာက နိုး၍လာသည်မှစ၍ အိပ်ရာဝင်၍ အိပ်ပျော်သည့် တိုင်အောင် ပြဆိုခဲ့ပြီးသော အာရုံစုတွင် အကြောင်းအခွင့် ဆိုက်တိုက်ရာ တစ်ခုခု သော အာရုံ စ၍ ထင်မြင်သည်မှ ခဏစဉ်အတိုင်း ပြဆိုခဲ့ပြီးသော အာရုံတို့သည် ဆိုက်တိုက်သော အခွင့်အားလျော်စွာ နှလုံးတွင်းရှိ မနောဝိညာဏ်မှာ အစဉ်အတိုင်း သူတလဲ ငါတလဲ မစဲအောင် ထင်လေတော့သည်။ ။ ဤဝီထိ မနောဝိညာဏ်စု မှာလည်း ပြဆိုခဲ့ပြီးသော အာရုံစုတွင် အကြောင်းအခွင့် ဆိုက်တိုက်ရာ တစ်ခုတစ်

www.dhammaransi.com



ခုသော အာရုံသည် ဘဝင်၌ ခိုက်တိုက်လှုံ့ဆော်ပေးပြီးမှ ထိုလှုံ့ဆော်သော တစ်ခု ခုသော အာရုံကို အာရုံပြု၍ သိမှု ကြံဖန်မှုဟူသော မနောဝိညာဏ် တစ်ခုခုနှလုံး ထဲမှာ ဖြစ်ပေါ်လေသည်။

တွေ့ကြုံ ဆိုက်တိုက်သော အကြောင်းမျိုး, အခွင့်မျိုးလည်း ဘယ်ခဏမှာ မှမလပ်၊ ဝိုင်းလျက်, အုံလျက် တရုန်းရုန်း တွေ့ကြုံ ဆိုက်တိုက်မှု မစဲပြီ၊ ဆိုက်တိုက် သော အခွင့်နှင့် စပ်လျဉ်းသော တစ်မျိုး တစ်မျိုးသော အာရုံလည်း ဘဝင်မှာ ထင်မှု, ခိုက်မှု, လှုံ့ဆော်မှု မစဲပြီ၊ ထိုထိုအာရုံ လှုံ့ဆော်တိုင်း လှုံ့ဆော်တိုင်း ဟဒယဝတ္ထုအ တွင်းမှာ ဖြစ်ပေါ်ကာ ဖြစ်ပေါ်ကာ နေရသော အမှု တစ်သုတ်တစ်သုတ် ချုပ်ပျောက် ကာ ချုပ်ပျောက်ကာ နေရသော အမှုလည်း မစဲပြီ။

မစဲပြီ ဆိုသည်ကား သူသူငါငါ သတ္တဝါတို့၏ အထင်အမြင်အတိုင်း ဆိုသည်၊ မုချအားဖြင့်မူကား စိတ်စေတသိက် နာမက္ခန္ဓာလေးပါးတို့မည်သည် စက္ခုမှာဖြစ်ပေါ် ခိုက် စက္ခုမှာသာ ရှိကြကုန်သည်၊ ကြွင်းသော တစ်ကိုယ်လုံးမှာ မရှိကြကုန်၊ သောတမှာ ဖြစ်ပေါ်ခိုက် သောတမှာသာ ရှိကြကုန်သည်၊ ဃာနမှာ ဖြစ်ပေါ်ခိုက် ဃာနမှာသာ ရှိကြကုန်သည်၊ ဇိဝှါမှာ ဖြစ်ပေါ်ခိုက် ဇိဝှါမှာသာ ရှိကြကုန်သည်၊ ကိုယ်အင်္ဂါ တစ်ခု ခုမှာ ဖြစ်ပေါ်ခိုက် ထိုနေရာမှာသာ ရှိကြကုန်သည်၊ နှလုံးတွင်းမှာ ဖြစ်ပေါ်ခိုက် နှ လုံးတွင်းမှာသာ ရှိကြကုန်သည်၊ ထိုမှကြွင်းသော တစ်ကိုယ်လုံးမှာ မရှိကြကုန်၊ မျက်တောင်တစ်ခတ် အတွင်းမှာပင် အခါပေါင်း ကုဋေတစ်သိန်းမျှ တိုင်အောင် အဖြစ်အပျက် မြန်လှသည့်အတွက်ကြောင့် တစ်ကိုယ်လုံးမှာပင် ပြိုင်လျက် ဖြစ်နေ သကဲ့သို့ ထင်ရသည်၊ မျက်စိနှင့် ဘယ်ဟာကို ငါမြင်သည်ဟု ထင်၍ နေဆဲမှာပင် စက္ခုဝိညာဏ်အစဉ်၏ အကြားအကြားမှာ ဟဒယဝတ္ထု၌ မနောဝိညာဏ်ပေါင်း မစဲ အောင်ပင် ကြားချပ်နိုင်သည်၊ သောတဝိညာဏ် စသည်တို့လည်း သူတို့ အာရုံခိုက် မှု မရှိလျှင် မစဲအောင်ပင် ကြားချပ်နိုင်သည်၊ ထို့ကြောင့် မျက်စိနှင့် ကြည့်ရှုဆဲ, မြင် ဆဲမှာပင် နှလုံးကလည်း ကြံ၏ သိ၏ နားကလည်း အသံတစ်ခုခုကို ကြား၏၊ စသည် ဖြင့် သတ္တဝါတို့၏ စိတ်မှာ ထင်ကြရသည်၊ ကြွင်းသော ဝိညာဏ်တို့ ဖြစ်မှုမှာလည်း ဤနည်းတူသိလေ။

မနောဝိညာဏ်စုမှာလည်း ကိုယ်အမှုအရာကို ပြုပြင်သော ဝိညာဏ်စုဖြစ် ၍နေစဉ် နှုတ်အမှုအရာကို ပြုပြင်သော ဝိညာဏ်မျိုး မဖြစ်နိုင်၊ နှုတ်အမှုအရာကို ပြုပြင်သော စိတ်စုဖြစ်၍ နေစဉ် ကိုယ်အမှုအရာကို ပြုပြင်သော စိတ်မရှိနိုင်၊ သို့ သော်လည်း အလဲအလှယ် မြန်လှသည့် အတွက်ကြောင့် သွားဆဲမှာပင် စကားပြော

www.dhammaransi.com



နိုင်၏၊ စကားပြောဆဲမှာပင် ကိုယ်အင်္ဂါလှုပ်ရှား နိုင်၏၊ ထိုထို အဆင်းကို မြင်နိုင်၏၊ ထိုထို အသံကို ကြားနိုင်၏၊ ဤသို့ ဖြစ်မှုကား မြန်လှသည့်အတွက်ကြောင့် တစ်မျိုး တစ်မျိုး အစဉ်၏ အကြားအကြားမှာ အမျိုးမျိုး ကြားချပ်မှုပေတည်း။ ။ ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်မှာမူကား ဤသို့ဖြစ်၍ နေကြရာမှ အလုံးစုံ ခြုံမိ ငုံမိလောက်သော အချက်ကို ရှာ၍ ဝိညာဏ်ဝီထိဝါရပေါင်း တစ်သိန်း, တစ်သန်း, တစ်ကုဋေမကကို ပင် တစ်ဝိညာဏ်တည်း တစ်ချက်တည်း ပြု၍ ဥဒယမှု, ဝယမှုကို ရှုရသည်၊ ဖြစ်ခြင်း၊ ပျက်ခြင်းကို ရှုသော ဉာဏ်မှာ အကုန်ပါစေနိုင်သည်သာ ပမာဏတည်း၊ ငါမြင်သည် ငါကြားသည်, ငါနံသည်, ငါအရသာကိုသိသည်၊ ကိုယ်အင်္ဂါမှာ ထိသည်ကို ငါသိသည်, ငါ ထွေထွေလာလာ ကြံဖန်သည်ဟု ဖြစ်သော ငရဲမီးခြောက်မျိုး၊ ငါပြောသည်, ငါဆို သည် ကိုယ်အင်္ဂါကို လှုပ်ရှားသည်, ငါသွားသည်, ငါလာသည် စသည်ဖြင့် ဖြစ်သော ငရဲမီးမျိုး အကုန်ကွယ်ပျောက်စေနိုင်သည်သာ ပမာဏတည်း။ ။ ကိုယ်တွင်းမှာ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယ ဟူသော ခြောက်ဌာနက ထိထိမိမိ ဆုပ်ကိုင်၍ ဖြစ်မှု, ပျက်မှုကို ကောင်းစွာ ထင်မြင်နိုင်လျှင် ထိုအလုံးစုံသော အထွေ အလာတို့သည် အတွင်းဝင် ပါလေကုန်တော့သည်။

ဤတွင်
**ရွှေကားဝိညာဏ် ခြောက်ပါး၌ အနိစ္စပရိညာ**
**အစီအရင် အပြွက်ပြီး၏။**

* * *

**ဒုက္ခပရိညာ** ဒုက္ခပရိညာကိုပြဆိုပေအံ့။ ။ ရှေးဉာတပရိညာ အခန်း၌ ပြဆိုခဲ့ပြီးသော **ဒုက္ခစက်ကြီး** တစ်ဆယ့်ငါးပါးသည်လည်း ဝိညာဏ် ခြောက်ပါး၏ ဒုက္ခလက္ခဏာပင် တည်း၊ ဝိညာဏ်ခြောက်ပါးမှ ထွက်သော ဒုက္ခစက်ကြီး တစ်ဆယ့်ငါးပါးကို မြင်သ ဖြင့် ဝိညာဏ်ခြောက်ပါး၏ ကြောက်မက်ဖွယ်ကြီး၏ အဖြစ်ကို မြင်ခြင်းသည် "ဒုက္ခံ ဘယဋ္ဌေန" ဟူသည်နှင့်အညီ စက်ကြီး တစ်ဆယ့်ငါးပါးသည် ဝိညာဏ်ခြောက်ပါး၏ ဒုက္ခလက္ခဏာရေး အစစ်အမှန် ဖြစ်လေသတည်း။

ယခုအခါ "ယဒနိစ္စံ တံ ဒုက္ခံ" ဟူ၍ လည်းကောင်း၊ "အနိစ္စေဒုက္ခသညာ" ဟူ၍ လည်းကောင်း ဟောတော်မူသည်နှင့်အညီ အနိစ္စတရားမျိုး ဖြစ်သည့်အတွက်

www.dhammaransi.com



သိအပ်သော ဒုက္ခမျိုးကို ဥပမာနှင့်တကွ ပြဆိုဦးအံ့။

ထန်း အုန်း စသော သစ်သီးတို့သည် အညှာပြုတ်လျှင် မြေသို့ ပရမ်းပတာ ကြွေကျမှု အမြဲရှိနေကြသကဲ့သို့ သံသရာ၌ ကျင်လည်၍ နေကြကုန်သော ပုထုဇ္ဇဉ် သတ္တဝါတို့သည် လူ့ပြည်မှာ ဖြစ်ရကုန်သော်လည်း အမြဲမနေကြရကုန်၊ ဇီဝိတိန္ဒြေ အညှာကြွေ၍ သေမြဲဓမ္မတာ ဖြစ်ကြကုန်၏၊ သေပြန်လျှင်လည်း ဘယ်ဘုံ, ဘယ်ဘဝသို့ ငါသွားမည်ဟု သွားနိုင်ကြကုန်သည် မဟုတ်၊ ပေါက်လွှတ်ဓမ္မတာ ကျချင်ရာရာ ပရမ်းပတာကျကြကုန်၏၊ ဤသို့သေသည့်နောက်၌ ပေါက်လွှတ်ဓမ္မတာ ကျချင်ရာရာ ပရမ်းပတာ ကျရခြင်းဘေးကြီးသည် အလွန် ကြောက်မက်ဖွယ်ကောင်းလှသော သံသာရ ဘယကြီးမည်၏၊ ဤ ဝိနာပါတန သံသရာဘေးကြီးအတွက် လူ့ပြည်မှ စုတေလျှင် အပါယ်လေးပါးသို့ကျရသော ဘဝသာများ၏၊ လူ့ပြည်မှစုတေ၍လူ့ပြည်, နတ်ပြည်သို့ ရောက်ရသော ဘဝမူကား ဘဝတစ်ထောင်, ဘဝ တစ် သောင်းတွင် တစ်ဘဝမျှ ကြုံရခဲလှ၏။ ။ ဤဘေးကြီးသည် အနိစ္စမျိုးဖြစ်သော ဝိညာဏ်မှ ထွက်သော ဘေးကြီး စင်စစ်တည်း၊ အကြင်မျှလောက်သော ကာလပတ်လုံး ဤဝိညာဏ်ကို ငါ၏ကိုယ်ဟု သာယာ သိမ်းပိုက်ခြင်းရှိနေ၏၊ ထိုမျှလောက်သော ကာလပတ်လုံး ထိုဘေးကြီးသည် ထိုသူမှာ အပြီးစွပ်လျက်ရှိနေ၏၊ ထို့ကြောင့် အနိစ္စမျိုး ဖြစ်သည့်အတွက် အလွန်ကြောက်မက်ဖွယ်ကြီး ဖြစ်ရလေကား ဤဝိညာဏ်သည် ဘယ ဋ္ဌေန ဒုက္ခကြီး စင်စစ်ဖြစ်သတည်း၊ နတ်ပြည်မှာ ဖြစ်ရသော်လည်း ဗြဟ္မာပြည်မှာ ဖြစ်ရသော်လည်း ထိုနည်းတူဆိုလေ။

တစ်ခု တစ်ခုသော ဘဝ၌ အနိစ္စကြောင့် ဒုက္ခကြီးကျယ်ပုံကို ဥပမာနှင့် တကွပြအံ့။ ။ **ဤဝိညာဏ်သည်** သူသတ်ယောကျ်ားကြီးနှင့် တူ၏၊ အနိစ္စတာသည် မြမြထက်သော ဓားသန်လျက်နှင့်တူ၏၊ သတ္တဝါသည် ရာဇဝတ်ကောင်နှင့် တူ၏။ ။ ဝိညာဏ်တည်းဟူသော သူသတ်ယောကျ်ားကြီးသည် အနိစ္စတာ တည်းဟူသော ဓားသန်လျက်နှင့် ရာဇဝတ်ကောင် တည်းဟူသော သတ္တဝါကို ပဋိသန္ဓေတည်နေ သည်မှစ၍ ခဏမစဲ ဓားရာချင်း စပ်အောင် အရာပေး၏၊ ကိုယ်တွင်းမှာ ဆေးဝါး ဓာတ်စာ အခံမရှိလျှင် ထိုသတ္တဝါသေဖို့ ဓားချက်ချည်းတည်း၊ ကိုယ်တွင်းမှာ ဆေးဝါး ဓာတ်စာ အခံအပြီး ရှိ၍နေလျှင် ခုတ်တိုင်းခုတ်တိုင်း ပြတ်သော ဓားရာ ဓားချက် စုသည် ခဏခြင်း ခဏခြင်း အသားနုတက်၍ အစဉ်အဆက် အသက်မသေ ထိုသူနေရ၏၊ ဆေးဝါးဓာတ်စာ ရှာမှု, ဖွေမှု, မှီဝဲမှု, ဒုက္ခကြီးမှုကား ထိုသတ္တဝါကို

www.dhammaransi.com



အကြပ်အတည်း အမြဲနှိပ်စက်၍နေ၏၊ ကာမဘုံမှာ အသက်မွေးမှု ကဗဠီကာရ အာဟာရမှီဝဲမှုသည် ထိုသူမှာ ဆေးဝါးခတ်စာမှုနှင့် တူ၏။ ။

ဤစကားရပ်ဖြင့် ရေသတ္တဝါ, မြေပေါ်ရှိ သတ္တဝါ, ကောင်းကင်ရှိ သတ္တဝါတို့၌ ကြီးကျယ်ကျပ်တည်း အမြဲနှိပ်စက်၍နေသော အသက်မွေးမှု အစာအာဟာရမှုကြီးသည် ဝိညာဏ်၏ အနိစ္စမှုမှ ဖြစ်ပွားသော ဒုက္ခမှုကြီးအမှန်ဖြစ်သည်ကို ပြသော စကားရပ်တည်း။

ရှေးက ပြဆိုခဲ့ပြီးသော အနိစ္စကို မိမိကြီးမြင်မှ ယခုပြဆိုသော ဝိညာဏ်၏ ဒုက္ခလက္ခဏာကို ကောင်းစွာ သိမြင်နိုင်မည်၊ အနိစ္စကို မိမိကြီးမမြင်က အနိစ္စသည် အားပေးအားမြှောက်ရှိ၍ နေသည့်အတွက် ကြောက်မက်ဖွယ်သော ဒုက္ခလက္ခဏာကို ပြဆိုသော်လည်း မိမိကိုယ်တွင်းရှိ ဝိညာဏ်ကို ကြောက်မက်ဖွယ်သော ဒုက္ခဓမ္မဟု မထင်နိုင်။

တစ်နည်းသော်ကား ထိုသူသတ် ယောက်ျားကြီးမှာ ထိုသတ္တဝါ၌ ဓားရာတစ်ချက်တစ်ချက်တွင် အသက်သေဆုံးအောင် ဝိုင်းညီကြကုန်သော ရှာပယောဂ, တောပယောဂ တပည့်လက်သားတို့မှာလည်း များစွာရှိကုန်သတတ်။ ။ ဆေးဝါးခတ်စာ အခံကောင်းလှသေး၍ ထိုထိုဓားချက်တွင် အသက်မသေ ရှိပြန်ချေလည်း ထိုသတ္တဝါကို ထွေထွေလာလာ ဗျာပါရဒုက္ခ များပြားရန် အငိုတိုက်ရန်, အရယ်တိုက်ရန်, အရှုးတိုက်ရန်, အနှမ်းတိုက်ရန်, အရှက်ခွဲရန်, အကျိုးနည်းရန် ဝိုင်းအုံကြကုန်သော နတ်ရဲ, စုန်းရဲ, သရဲသဘက် တပည့်လက်သားတို့လည်း များစွာရှိကုန်၏၊ ဤစကား၌ ဝိညာဏ်သည် သူသတ် ယောက်ျားကြီးတည်း၊ ကိုယ်တွင်းရောဂါမျိုး ၉၆ ပါး သည် ရှာပယောဂတည်း၊ မီးဘေး, ရေဘေး, ခိုးသူဓားပြဘေး, မြွေဘေး, ကင်းဘေး, ဆင်ဘေး, ကျားဘေး အစရှိသော တောပယောဂတည်း၊ ထိုရှာတွင်း, ရှာပ ပယော ဂတို့သည်ပင်လျှင် ထွေထွေလာလာဗျာပါ ဒုက္ခများအောင် ပြုသမားတို့တည်း၊ သော က, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့နှင့်တကွ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ အစရှိကုန်သော တစ်ထောင့်ငါးရာ ကိလေသာတို့သည်ကား အငိုတိုက် အရယ်တိုက် အရှုးတိုက် အနှမ်းတိုက် အရှက်တကွဲ အကျိုးနည်းအောင် တိုက်ကြကုန် သော သူတို့တည်း။ ။ ဤစကားရပ်ဖြင့် မိမိကိုယ်၌ရှိသော ဝိညာဏ်အနိစ္စကြောင့် ဝိညာဏ် ဒုက္ခ ကြီးကျယ်လှပုံကို ပြဆိုအပ်သတည်း။

ဒုက္ခ ဒုက္ခ, သင်္ခါရ ဒုက္ခ, ဝိပရိဏာမ ဒုက္ခ တို့ဖြင့် ဝိညာဏ်၏ ဒုက္ခလက္ခဏာကို ပြဆိုရာ၏၊ နောက်နောက်ဘဝတို့၌ သုဂတိဝိညာဏ်ကို ရနိုင်ရန် ရှေးရှေးဘဝတို့

www.dhammaransi.com



က တင်ကူး၍ ဒုက္ခစိုက်ပျိုး ပြုနှင့်ကြရသော ဒါနမှု၊ သီလမှု၊ ဘာဝနာမှု တို့သည်ကား ထိုသုဂတိဝိညာဏ်၏ သင်္ခါရ ဒုက္ခမှုတို့တည်း၊ ထို့အတူ ဖြစ်ရာသုဂတိ ဘဝတို့၌ အသက်မွေးမှု အစရှိသည်လည်း ဝိညာဏ်၏ သင်္ခါရဒုက္ခမှုတည်း၊ ဝိညာဏ်သည် အနိစ္စမျိုးဖြစ်ခဲ့၍ ပြုစုပျိုးထောင်ပြန်ရင်း ပျက်ဆုံးပြန်ရင်း ဖြစ်လေရကား သံသရာလည်း အနမတဂ္ဂဝိညာဏ်လည်း အနမတဂ္ဂ သင်္ခါရဒုက္ခလည်း အနမတဂ္ဂ ဖြစ်၍နေ၏။

ဒါန၊ သီလ အစရှိသော သင်္ခါရဒုက္ခနှစ်မျိုးကို အပန်းခံ၍ အားထုတ်ကြကုန်သော ပုဂ္ဂိုလ်တို့ကား နှစ်မျိုးရှိကြ၏၊ ထိုသင်္ခါရ ဒုက္ခ ထမြောက်လျှင် ထိုသင်္ခါရ ဒုက္ခမျိုးနှင့် တကွ ဒုက္ခ ခပ်သိမ်းတို့မှ အပြီး ငြိမ်း၍သွားအောင် အားထုတ်ကြသူ တစ်မျိုး၊ ငြိမ်းမှုစခန်း ဟူ၍ မရှိဘဲ ဖြစ်ကတတ်ဆန်းအားထုတ်ကြသူ တစ်မျိုး၊ ဝိညာဏ်၏ ချုပ်ငြိမ်းခြင်းသို့ ရောက်အောင် အားထုတ်ကြသော သူတို့ကား ပထမ ပုဂ္ဂိုလ်တို့ ပေတည်း။

ထိုပုဂ္ဂိုလ်တို့ကား ဒါနပြုမှု ဒုက္ခကြီးမှလည်း လွတ်ငြိမ်းကြလေကုန်၏၊ သီလ ဒုက္ခကြီး ဘာဝနာဒုက္ခကြီးတို့မှလည်း လွတ်ငြိမ်းကြလေကုန်၏၊ အပါယဒုက္ခ စသည်တို့မှလည်း လွတ်ငြိမ်းကြလေကုန်၏၊ အဘယ့်ကြောင့်နည်းဟူမူ အနိစ္စမျိုးဖြစ်သော ဝိညာဏ်၏ လက်မှ ကျွတ်လွတ်နိုင်ကြပေကုန်သောကြောင့်တည်း။ ။ (ဝါ) ဝိညာဏ်ကို စွန့်လွှတ်နိုင်ကြပေကုန်သောကြောင့်တည်း။ ။ ဝိညာဏ်၏ လက်မှ မလွတ်နိုင်ကြကုန်ငြားအံ့၊ တခြားတစ်ပါးသော ဒုက္ခမျိုးကို မဆိုထားဘိဦး၊ အနမတဂ္ဂသံသရာ၌ ဒါနပြုမှု ဒုက္ခ၊ သီလစောင့်ထိန်းမှု ဒုက္ခ၊ ဘာဝနာပွားများမှု ဒုက္ခ၊ ရသေ့ပြုမှု ဒုက္ခ၊ ရဟန်းပြုမှု ဒုက္ခ ဤဒုက္ခကြီးတွေ နှိပ်စက်ညှဉ်းပန်းမှုနှင့်ပင် ငြိမ်းချမ်းရန် အခွင့်မရှိပြီ။ ဒုတိယပုဂ္ဂိုလ်တို့ကား အသစ်အသစ်သော ဝိညာဏ်ကို အစဉ်ထူထောင်၍သွားရန် အားထုတ်ကြသော ဗာလ ပုဂ္ဂိုလ်တို့တည်း၊ အကျိုးအပြစ် ထင်ရှား၏။

ဆိုလိုရင်းအဓိပ္ပာယ်ကား ကုသိုလ်မှုမည်သည် လျှုဖွယ်ဝတ္ထုကို စုဆောင်းရခြင်း စသည်ဖြင့် ဆင်းရဲခံနိုင်မှ ဖြစ်သော အမှုသာတည်း၊ သို့သော်လည်း အလိုရှိရာ အမျိုးမျိုးကို ဆောင်နိုင်သော အမှုမျိုးဖြစ်ပေသည် တစ်ကြောင်း ကုသိုလ်မှုကို အားမထုတ်လျှင် အပါယ်ဒုက္ခ၌ မြုပ်၍သွားမည်ကို ကြောက်ရသည် တစ်ကြောင်း သို့အကြောင်းကြောင့် ဆင်းရဲခံ၍ အားထုတ်ကြရ၏။

> "မာရောတိခေါ ဘိက္ခဝေ ပဥ္စန္နေတံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ" ဟူ၍လည်းကောင်း၊ "ဝဓကော ပစ္စတ္ထိကောတိ ခေါ ဘိက္ခဝေ ပဥ္စန္နေတံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ"

www.dhammaransi.com



ဟူ၍လည်းကောင်း၊ ဟောတော်မူသည်နှင့်အညီ လူသတ်ယောက်ျား ဥပမာ၌ ပြဆိုခဲ့ပြီးသော အတိုင်း ဝိညာဏ်သည် အနိစ္စာ ဓားကို မိမိ၌ အမြဲစွဲကိုင်လျှက်အတွင် သတ်သော သူသတ် ယောက်ျားကြီး စင်စစ်ဖြစ်၏၊ လူ့ဝိညာဏ်သည် လူကိုတွင်တွင် သတ်၍ အပါယ်သို့ တွင်တွင် ပစ်ချ၏၊ နတ်ဝိညာဏ်သည် နတ်ကို တွင်တွင် သတ်၍ အပါယ်သို့ ပစ်ချ၏၊ ဗြဟ္မာ့ဝိညာဏ်သည် ဗြဟ္မာကို တွင်တွင် သတ်၍ အပါယ်သို့ ပစ်ချ၏၊ ဗာလပုထုဇ္ဇဉ်တို့သည် အပါယ်ကို ကြောက်လှ၍ ဒါန, သီလ, ဘာဝနာကို အားထုတ်ကြသည်ရှိသော လူ့ဝိညာဏ် လူ့ဘဝ၊ နတ်ဝိညာဏ် နတ်ဘဝ၊ ဗြဟ္မာ့ဝိညာဏ် ဗြဟ္မာ့ဘဝကို မိမိကိုယ် ပြုလုပ်ရန် အားထား၍ ကြိုးကြိုးစားစား အားထုတ်ကြကုန်၏၊ အားထားရာ ဝိညာဏ်ကို ရသည့်အတွက် အပါယ်ငရဲသို့ တလဲလဲ ပြန်၍ ပြန်၍ ကျကာကျကာ နေကြကုန်၏၊ ဝိညာဏ်ကို မလွတ်သမျှသည် ဘဝဂ်ကပင်သော်လည်း အပါယ်သို့ လားကြရာကုန်၏၊ အပါယ်ကျမှုလည်း ဆုံးကမ်းမရှိ၊ ကုသိုလ်မှု သင်္ခါရဒုက္ခလည်း ဆုံးကမ်းမရှိလေ။ ။ သောတာပန်အဖြစ်သို့ ရောက်၍ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသဖြင့် ဝိညာဏ်ကို လွတ်နိုင်သောအခါမှ အပါယ်ကျဒုက္ခ ငြိမ်း၏၊ ကုသိုလ်မှု သင်္ခါရဒုက္ခလည်း အပန်းကြီးလောက်အောင် မရှိပြီ။

ဤကား
ဝိညာဏ်၏ သင်္ခါရဒုက္ခကြီးကျယ်ပုံကို အမြွက်မျှဆိုလိုက်သော
အချက်တည်း။

* * *

## ဝိပရိဏာမဒုက္ခ

ဝိပရိဏာမ ဒုက္ခကိုကား သူသတ်ယောက်ျား ဥပမာ နှစ်ချက် ဝိနိပါတနသံသာရ ဘယအချက်များနှင့်ပင် ထင်ရှားသိသာလှပြီ၊ အနိစ္စမှထွက်သော ဒုက္ခဟူသမျှသည် ဝိပရိဏာမ ဒုက္ခချည်းတည်း။ ။ အနမတဂ္ဂ သင်္ခါရ ဒုက္ခကြီးကျယ်၍ နေရသည်မှာလည်း ဝိပရိဏာမအတွက်ပင်တည်း၊ လောက၌ မြို့ဖွဲ့၍, ရွာဖွဲ့၍, အသင်းဖွဲ့၍ အိမ်ရာ ဝင်းခြံ အရံ အကာဖွဲ့၍ နေကြရသော အမှုသည်လည်း ဝိပရိဏာမသဘော ရှိနေသည့် အတွက်ပင်တည်း၊ ရေဘေးကို ကြောက်ရမှု, မီးဘေးကို ကြောက်ရမှု, ကိုယ်တွင်း ကိုယ်ပဘေးကို ကြောက်ရမှု အလုံးစုံသည်လည်း ဝိပရိဏာမသဘော

www.dhammaransi.com



ရှိနေသည့်အတွက်ပင်တည်း၊ ဝိညာဏ်သည် ဝိပရိဏာမသဘော မရှိခဲ့သည်ဖြစ်အံ့၊ လောက၌ ကြောက်ဖွယ်, လန့်ဖွယ်, ထိတ်ဖွယ်, ရွံ့ဖွယ်, စိုးရိမ်ဖွယ်, ကြောင့်ကြဖွယ်, ပူပန်ဖွယ် ဟူ၍ တစ်စုံတစ်ခုမျှ မရှိရာပြီ။

**ဝိပရိဏာမ ဒုက္ခ ပြီး၏။**

### ဒုက္ခဒုက္ခ

ဒုက္ခဒုက္ခမှာ အပါယ ဒုက္ခနှင့်တကွ သင်္ခါရဒုက္ခ ဝိပရိဏာမ ဒုက္ခတို့၏ အတွင်းမှာပါဝင်လေတော့သည်။

**ဒုက္ခဒုက္ခပြီး၏။**

ဤမှတစ်ပါး သစ္စဝိဘင်းမှာ ဟောတော်မူသော ဇာတိဒုက္ခ စသည်တို့နှင့် တကွ စူဠဒုက္ခက္ခန္ဓသုတ်, မဟာ ဒုက္ခက္ခန္ဓသုတ်, မဟာနိဒ္ဒေသတွင် ဇရာသုတ်၏ နိဒ္ဒေသတို့မှာ လာရှိသော ဒုက္ခမျိုးဟူသမျှသည်လည်း ဝိညာဏ်၏ ဒုက္ခချည်း ပင်တည်း။ ။ တေဘူမက ဒုက္ခဟူသမျှသည် ဤဝိညာဏ်၏ ဒုက္ခလက္ခဏာ ချည်းတည်း။ ။ ထို့ကြောင့် ဒုက္ခပရိညာမှုသည် အလွန် ကြီးကျယ်၏၊ ရဟန္တာ အဖြစ်သို့ ရောက်မှ အပိုင်ကြီး ပိုင်နိုင်၏၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့ကား တစ်စိတ်တစ်ဒေသမျှသာ ပိုင်နိုင်ကြကုန်သည်။

**ဤတွင် ရွေ့ကား ဝိညာဏ်၏ ဒုက္ခပရိညာ**
**အစီအရင်ပြီး၏။**

**အနတ္တပရိညာ** အနတ္တပရိညာ၌ အနတ္တသည် အနိစ္စနှင့် စပ်၍ သိအပ်သော အနတ္တဒုက္ခနှင့် စပ်၍ သိအပ်သော အနတ္တ, ပုဂ္ဂိုလ်၏ အလိုသို့ မလိုက်၊ အကြောင်းတရား ဆိုက်တိုက် ရာ ဖြစ်ခြင်းနှင့် စပ်၍ သိအပ်သော အနတ္တ

www.dhammaransi.com



ဟူ၍ သုံးပါးရှိ၏၊ ထိုသုံးပါးတွင် အနိစ္စ နှင့် စပ်၍ သိအပ်သော အနတ္တမှာ အနိစ္စကို ကောင်းစွာ ထင်မြင်မှ ထင်မြင်နိုင်သည်။ ဒုက္ခနှင့် စပ်၍ သိအပ်သော အနတ္တမှာလည်း ဒုက္ခကို ကောင်းစွာမြင် ထင်မြင်နိုင်သည်၊ ထိုနှစ်ပါးကို ကောင်းစွာ ထင်မြင်နိုင်ပါလျှင် အလိုသို့ မလိုက်မှုနှင့် စပ်၍ သိအပ်သော အနတ္တလည်း ပြီးစီးပါ၏။

အနတ္တ၊ ကိုယ်မဟုတ်၊ အနတ္တ၊ အစိုးမရ။ အနတ္တ၊ အလိုသို့မလိုက်။ ။ ကိုယ်မဟုတ် ဆိုသည်ကား ပုဂ္ဂိုလ်၏ အထည်ခံ အမာခံ အနှစ်သာရမဟုတ်၊ သတ္တဝါ၏ အထည်ခံ အမာခံ အနှစ်သာရမဟုတ်၊ ငါ၏ အထည်ခံ အမာခံ အနှစ်သာရမဟုတ် ဆိုလိုသည်။ ။ အနိစ္စကို ကောင်းစွာ မြင်သည်ရှိသော် အနှစ်သာရ မဟုတ်သည်ကို မြင်၏။

အဘယ်သို့ မြင်သနည်းဟူမူ အန္ဓပုထုဇ္ဇဉ်တို့အား ငါမြင်သည်ဟု ထင်မြင်စွဲမြဲရာ၌ ငါကား တစ်သက်လုံးမှာမှ တစ်ငါသာ ထင်ရင်းဖြစ်၍ နိစ္စတည်း၊ ထိုငါကို မြင်ဟူသော စက္ခုဝိညာဏ်နှင့် တစ်ခုတည်းပြု၍ ငါမြင်သည်ဟု ယူလေရကား စက္ခုဝိညာဏ်ကို ငါကဲ့သို့ နိစ္စထင်မှုတည်း၊ စက္ခုဝိညာဏ်ကို ထိုမြင်သော ငါ၏ အနှစ်သာရ ထင်မှုတည်း၊ စက္ခုဝိညာဏ်၏ ခုတင်ခု ဖြစ်ပေါ်မှု ပျက်ကွက်မှုကို မြင်သည်ရှိသော် ငါတစ်လမ်း စက္ခုဝိညာဏ် တစ်လမ်းမြင်၏၊ စက္ခုဝိညာဏ် နိစ္စသာရ မဟုတ်ကြောင်းကို မြင်၏ ကြွင်းသော ဝိညာဏ်တို့၌လည်း ဤနည်းတူသိလေ။

**နိစ္စသာရပြီး၏**

## ဓုဝသာရ

မြင်မှုသည် တစ်သက်လုံး ခိုင်မြဲ၏၊ ပျက်နိုင်သောအမှု မဟုတ်ဟု ထင်သည်ကား ဓုဝသာရတည်း၊ ခုတင်ခု ဖြစ်မှု ပျက်မှုကို ကောင်းစွာ မြင်သည်ရှိသော် ဓုဝသာရ မဟုတ်ကြောင်းကို မြင်၏၊ ကြွင်းသော ဝိညာဏ်တို့၌လည်း ဤနည်းတူသိလေ။

**ဓုဝသာရပြီး၏။**

www.dhammaransi.com



## သုခသာရ

မြင်မှုသည် ကောင်းသော အမှုတည်း၊ တင့်တယ်သော အမှုတည်း၊ လျောက်ပတ်ဖွယ်ရာသော အထွတ်အမြတ် မင်္ဂလာမှုကြီးတစ်ခုတည်း၊ အားကိုးအားထားပြုထိုက်သော အမှုတည်း၊ ကျေးဇူး ဥပကာရ များပြားလှသော အမှုတည်း၊ မျက်စိမြင်ပေ၍ လူချင်း တူနိုင်သည်၊ နေကို မြင်နိုင်သည်၊ လကို မြင်နိုင်သည်၊ အရှေ့ဟူ၍ သိနိုင်သည်၊ အနောက်ဟူ၍ သိနိုင်သည်၊ အဖြူဟု သိနိုင်သည်၊ အနီဟု သိနိုင်သည်၊ သွားလမ်း လာလမ်း လုပ်လမ်း ကိုင်လမ်း အလုံးစုံကို ပြုနိုင်သည် အစရှိသဖြင့် လောက၌ မျက်စိမမြင်သော သူကန်းတို့နှင့် နှိုင်းစာ၍ သာလွန်သော အခွင့်စု ကောင်းမြတ်သည်ဟု ထင်မြင် စွဲလမ်းမှုကား သုခသာရ ထင်မြင်မှုတည်း။

ချက်မှု ပြုတ်မှု အလင်းအရောင်မှု စသည်ဖြင့် မီးနှင့် မကင်းနိုင်သော ဒုက္ခ-မ-တည်ကြီး၍ နေသောသူမှာ မီးသည် အသုံးကျလှ၏၊ ကျေးဇူး ဥပကာရ များလှ၏၊ ကောင်းမြတ်လှ၏၊ ထိုကဲ့သို့သော ဒုက္ခ-မ-တည်ကြီး မရှိသောသူမှာ မီးသည် အသုံးမကျ အကျိုးမဲ့ကြီးဖြစ်၏။

မီးနှင့်မကင်းနိုင်သော သူမှာလည်း မီး၏ အခွင့်ကြီးတွေ ရှိနေသည့်အတွက် မီးသည် အသုံးတွင်ကျယ်လှပေ၏၊ ကျေးဇူး ဥပကာရ များလှပေ၏ဟု သာယာခြင်း ဖြစ်ရသည်၊ မီးသည် လောင်တတ်သော သဘောရှိ၏၊ ငါ့ကိုလည်းမရှောင်၊ ဒုက္ခကြီးစွာ ဖြစ်အောင် လောင်တတ်၏၊ သေအောင် လောင်တတ်၏၊ ငါ့သားမယားကိုလည်း မရှောင် လောင်တတ်၏၊ ငါ့အိမ် ငါ့ယာ ငါ့ဥစ္စာ ငါ့ပစ္စည်းကိုလည်း ဖြည်းဖြည်းပြောင် လောင် တတ်၏ဟု သိလျက်နှင့်ပင် မီးမရှိလျှင် မဖြစ်နိုင်သော ဒုက္ခ-မ-တည်ကြီး ရှိနေသည့် အတွက်ကြောင့် ဖြစ်ရသော သာယာခြင်းတည်း။ ။ ဤအတူ ဤကိုယ်ခန္ဓာ ဒုက္ခ-မ-တည်ကြီးရှိ၍ နေသည့်အတွက် စက္ခုဝိညာဏ် အခွင့်တွေ အလွန်ကြီးကျယ် များပြား ၍နေ၏၊ ထိုအခွင့်စု၌ စက္ခုဝိညာဏ်သည် တွင်ကျယ်လှ၏၊ ကျေးဇူးဥပကာရ ကြီးကျယ် များပြားလှ၏ဟု သာယာခြင်း ကြီးစွာဖြစ်၍ နေရ၏၊ စက္ခုဝိညာဏ် ရှိနေသည့်အတွက် ကြောင့် စက္ခုပေါက်မှ တောက်၍နေသော ကိလေသာမီး အနန္တ, စက္ခုဝိညာဏ် မြင်မှုရှိလေသည့် အတွက်ကြောင့် ဖြစ်ပွားနိုင်သော ပါဏာတိပါတ အစရှိသော ဒု စရိုက်မှု အနန္တ, စက္ခုဝိညာဏ် မြင်မှုကို ငါမြင်သည်ဟု စွဲလမ်းမှုကြောင့် အနမတဂ္ဂ ဝဋ္ဋဒုက္ခမှ မကျွတ်နိုင် မလွတ်နိုင်ဘဲ ယနေ့ထက်တိုင် ဝဋ္ဋဒုက္ခဘေးကြီး တန်းလန်း အပါယဒုက္ခ ဘေးကြီးတန်းလန်း အဝီစိ ဒုက္ခဘေးကြီးတန်းလန်း ရှိနေ

www.dhammaransi.com



သောအမှု၊ စက္ခုဝိညာဏ် ရှေး၌ပြဆိုခဲ့ပြီးသော သူသတ် ယောက်ျားကြီးတစ်ပါး စင်စစ်ဖြစ်၍ နေသောအမှု စသည်တို့ကိုမူကား အန္ဓပုထုဇ္ဇဉ်တို့ မမြင်နိုင်ကြသည့် အတွက်ကြောင့် စက္ခုဝိညာဏ် အမြင်မှုကို မင်္ဂလာကြီးတစ်ခု အကြီးအကျယ် ထင်မြင်စွဲလမ်း၍ နေ ကြလေသတည်း။ ။ ဤနည်းအတူ ခန္ဓာငါးပါး ဒုက္ခ-မ-တည် ကြီးရှိ၍ နေသော သူတို့မှာ နားကြားမှုကို မင်္ဂလာကြီး ထင်မြင်ရသည်။ လ။ စိတ်ကြံမှု သိမှုကို မင်္ဂလာ ကြီး ထင်ရသည်၊ ဒါနမှုကို မင်္ဂလာကြီးထင်ရသည်၊ သီလမှုကို မင်္ဂလာကြီးထင်ရသည်၊ ဘာဝနာမှုကို မင်္ဂလာကြီး ထင်ရသည်၊ စက္ခုဝိညာဏ်၌ ပြဆိုခဲ့ ပြီးသော အပြစ်ဒေါသ အနန္တတို့ကို မမြင်နိုင်ကြကုန်သည်၊ ဤကား သုခသာရ ရှင်း လင်းချက်တည်း။ ။ ဤသုခသာရ ထင်မြင်စွဲလမ်းမှုသည် အလွန်ကြီးကျယ်လှ၏။

ဝိညာဏ်ခြောက်ပါး၌ ပြဆိုလိုက်သောနည်းကို အစဉ်မှီးသဖြင့် အလုံးစုံ သော သတိ ပညာ သဒ္ဓါ စေတနာ စသော နာမ်တရားစုကို အကောင်းထင်မှု ပထဝီ အာ ပေါ် အစရှိသော ရုပ်တရားစုကို အကောင်းထင်မှု ဦးခေါင်း ခြေ လက် မျက်စိ နား နှာ ကိုယ်အင်္ဂါစုကို အကောင်းထင်မှု လောဘတဏှာ သံသရာမီးစကြီး ရှိနေသည့်အ တွက်ကြောင့် သားမယား အိမ်ယာ ရတနာရွှေငွေ **ခြွေရံသင်းပင်း** လူမင်းစည်းစိမ် နတ်မင်းစည်းစိမ် ဗြဟ္မာမင်း စည်းစိမ်တို့၌ **အကောင်းအမြတ်** ထင်မှုတို့၌လည်း နေရာ ကျ သိမြင်ကြလေကုန်။

အတ္တသာရမှာ ရှေး၌ ပြဆိုခဲ့ပြီ။ ။ **အနတ္တ၊ ကိုယ်မဟုတ်ဟူရာ၌** ဝိညာဏ် ခြောက်ပါးသည် နိစ္စသာရလည်းမဟုတ်၊ ဓုဝသာရလည်းမဟုတ်၊ သုခသာရလည်း မဟုတ်၊ အတ္တသာရလည်းမဟုတ်၊ နိစ္စအရာ၌လည်း အမာခံ အထည်ကိုယ်မဟုတ်၊ ဓုဝအရာ၌လည်း အမာခံ အထည်ကိုယ်မဟုတ်၊ သုခအရာ၌လည်း အမာခံ အထည် ကိုယ်မဟုတ်၊ အတ္တအရာ ဇီဝအရာတို့၌လည်း အမာခံ အထည်ကိုယ်မဟုတ် ဟူသော အနက်ကို ပြဆိုချက်တည်း။

အနတ္တ အစိုးမရဟူရာ၌ အဘယ့်ကြောင့် အစိုးမရသနည်း၊ ကြည့်လိုလျှင် ကြည့်နိုင်သည်၊ မြင်လိုလျှင် မြင်နိုင်သည်၊ သွားလေရာ နေလေရာ ပါနိုင်သည် မဟုတ် လော ဟူပြားအံ့။

သူသတ် ယောက်ျားကြီး ဥပမာ၌ ကိုယ်တွင်းမှာ ဆေးဝါးဓာတ်စာ အခံရှိ နေခဲ့လျှင် ခဏစဉ်အတိုင်း အသားနုတက်၍ အသက်မသေနေရ၏ဟူသော စကား နှင့် သွားလေရာ နေလေရာ ပါနိုင်သည်ဟူသော အချက်ကို သိရမည်၊ ဥပမာ၌

www.dhammaransi.com



အသားနုတက်မှုသည် ထိုသူ အစိုးရချက်ရှိ၍ တက်သည်မဟုတ်၊ ထိုသူ့ အာဏာ အရှိန် အဝါကို ကြောက်ရွံ့ခဲ့ပြား၍ တက်သည်မဟုတ်၊ ဆေးဝါးဓာတ်စာမှုသည် အသားနု ၏ အစီးအပွားတည်း၊ အသားနု၏ အစီးအပွားကို ပြုစု ရှက်ဆောင်မှု၌ ထိုသူက ရှေးဦးစွာ သူ, ကျွန်ခံနှင့်ရ၏၊ ယမန်နေ့က သူ့ကျွန်ခံ၍ ထားနှင့်မှ ယခုနေ့ အသား နု ပေါ်လာသည်။

သင်သည် တစ်သက်လုံး ကျွန်ခံနိုင်သည်ဖြစ်အံ့၊ သင့်သန္တာန်မှာ ငါအစဉ် မပြတ် ဖြစ်၍နေမည်ဟု ဆိုဘိသကဲ့သို့ အစာအာဟာရ တည်ထောင်မှု သင်္ခါရ ဒုက္ခ နှင့် ထာဝရ သူ့ကျွန်ခံ၍နေနိုင်မှ တက်လာသော အသားနုပေတည်း၊ ထိုသူက အစိုး ရမဟုတ်၊ သူ့ကို သာယာသည့်အတွက် သူ့ ကျွန်ခံမှု သက်သက်သာတည်း။

မီးရောင်စုသည် မီးတောက်နှင့် ဖြစ်အတူ ပျက်အတူ ဖြစ်လေသကဲ့သို့ ဝိ ညာဏ်မှာ ဖြစ်ရသော ထိုနာမ်စုသည် ဝိညာဏ်နှင့် ဖြစ်အတူ ပျက်အတူ ဖြစ်ကြရ ကုန်ရကား ဝိညာဏ်၌ အနိစ္စ ထင်နိုင်လျှင် ထိုနာမ်စုမှာ အနိစ္စထင်နိုင်ပြီး ဖြစ်လေ လေတော့သည်၊ ဝိညာဏ်၌ ဒုက္ခ အနတ္တထင်နိုင်လျှင် ထိုနာမ်စုမှာလည်း ဒုက္ခ အနတ္တ ထင်နိုင်ပြီး ဖြစ်လေတော့သည်၊ ပဟာနပရိညာ မှာလည်း ထိုအတူပင်။

ဤကား နာမ်၌ ပရိညာကိစ္စ
အလိုလို ပြီးစီး၍ သွားပုံတည်း။

အဘိဓမ္မာ မတတ်ရှာကုန်သော သူတို့သည်ကား ဝိညာဏ်နှင့် နာမ်မပြား မကွဲ တစ်ခုတည်းသိ၍ နေကြကုန်၏၊ လောဘဆိုသော်လည်း စိတ်ပင်တည်း၊ ဒေါသ ဆိုသော်လည်း စိတ်ပင်တည်းဟု ထင်မှတ်၍ နေကြကုန်၏၊ ထိုအထင်သည် ဝိပဿ နာ အခန်းမှာ နေရာကျသည်သာ ဖြစ်၏၊ ထိုသူတို့ကို ဝိပဿနာ ကမ္မဋ္ဌာန်း သွန်သင် ပြသသော ဆရာသည် စိတ်တစ်လုံးနှင့် ပြီးစီးအောင် ပြသရမည်၊ နာမ်တရားကို တခြားအသံမပေးနှင့်။

လောဘ, ဒေါသ, မောဟ စသည်ဖြင့် သူကြားဖူးသော နာမ်များကို ကွက် ခြား၍ မေးမြန်းခဲ့လျှင် သဘာဝကို နေရာကျပြောပြ၍ စိတ်ဝိညာဏ်နှင့် ပေါင်း၍ ပေးလေ။

နာမ်ပရိညာ ပြီး၏။

www.dhammaransi.com



**ရုပ်ပရိညာ** ရုပ်ပရိညာ၌ ဝိညာဏ်ကို ရုပ်တရားနှင့် ခြားနားစွာ မြင်နိုင်အောင် ပြခန်းမှာ ခြားနားစွာ ထင်နိုင်မြင်နိုင်သည်ရှိသော် ထို အမြင်နှင့်ပင် ရုပ်၌ အနတ္တပရိညာ ဆိုက်၍သွားရာ၏၊ ငှက်ပျောတုံး လက်ပံတုံးကဲ့သို့ အသုံးမကျ နိဿတ္တ နိဇ္ဇီဝ အနတ္တ ဟု ထင်မြင်၍ လာရာ၏၊ ရူပက္ခန္ဓာကြီးသည် စက်ရုပ်ကြီး ရုပ်သေး ရုပ်ကြီးနှင့် တူ ၏၊ ဝိညာဏ်သည် အတွင်း၌ စက်နင်းသူ အရုပ်ကြိုးဆွဲသူနှင့် တူ၏ဟု ထင်မြင်ရာ ၏၊ ဒုက္ခ ပရိညာမှာ ဝိညာဏ်၏ ဒုက္ခလက္ခဏာကို ပြောတိုင်း ပြောတိုင်း ရုပ်၏ဒုက္ခ လက္ခဏာ အပြီးပါတော့သည်၊ အနိစ္စမှာ မူကား အနု အစိတ်ကြီးမလိုလှပြီ၊ ငှက်ပျောတုံး လက်ပံတုံး စက်ရုပ် ရုပ်သေး အနေ ထင်မြင်ပြီး ဖြစ်လေသောကြောင့်လည်း ကောင်း၊ တစ်ဘဝလျှင် တစ်ခါ တစ်ခါ သေဆုံးမှုကို ထင်မြင်ပြီး ဖြစ်လေသော ကြောင့်လည်းကောင်း၊ အိုမှု နာမှု သေမှုဟူသော ခပ်ကြမ်းကြမ်း အနိစ္စနှင့်ပင် ပြီး နိုင်ရာတော့သည်။

ဤကားရုပ်၌ ပရိညာကိစ္စ အလိုလိုပြီးစီး

နိုင်ရာသော အခွင့်ကို ပြဆိုချက်တည်း။

ထိုသို့ ပြီးစီးလေသော ပုဂ္ဂိုလ်အား ပြီးစီးသော ခဏမှ စ၍ ပြဟ္မစရိယကိစ္စ အပြီးတိုင်လေ၏။ ။ ရှေးရှေးသော အနမတဂ္ဂဘဝတို့၌ ပြဟ္မစရိယအမှုကို ဘဝ အသင်္ချေမက အကြိမ်ကြိမ် အဖန်ဖန် အားထုတ်ခဲ့သော်လည်း ဝိညာဏ်၌ အတ္တစွဲ လမ်းမှု တန်းလန်းရှိနေသည့်အတွက် ဝိညာဏ်၌ တပ်စွန်းသော တဏှာကို အပြီး တိုင် ပယ်သတ်မှု ပယ်ဖြတ်မှုဟူသော ပရိညာ လမ်းကို မလိုက်၊ လူ့ဝိညာဏ် နတ် ဝိညာဏ် ပြဟ္မာ့ဝိညာဏ်ကို အစဉ်ရ၍ နေရအောင် အားထုတ်မှုတွေချည်း ဖြစ်ခဲ့ ၍ တစ်ပိုင်းကြောင့် ပြဟ္မစရိယ၊ တဒင်ပြဟ္မစရိယ၊ ပြဟ္မစရိယလိမ်၊ ပြဟ္မစရိယ-ကောက်၊ ပြဟ္မစရိယ အမှောက်အမှားတွေအတွက် အပန်းကြီး ပန်းခဲ့ရုံသာရှိ၍ ယခုတိုင် အဝီစိ ငရဲနှလုံးထဲမှာ လျှမ်းလျှမ်းတောက်လျက် ရှိနေသဖြင့် ပြဟ္မစရိယ ဒုက္ခမှုကြီး မပြီးတန်းလန်း နှုတ်ခမ်းမသတ် အနာဂတ်မှာလည်း သတ်ခွင့်မရှိ၊ ပက တိ အတိုင်းပင် ရှိနေကြကုန်သည်၊ ထိုတဒင် ပြဟ္မစရိယတွေကို လမ်းလိမ် လမ်းကောက် ဆိုရာ၌ ဉပမာကား အနက်အကျယ် တစ်ယူဇနာရှိသော ရှားမီးကျီးတွင်းကြီးသည် ရှိသတတ်၊

www.dhammaransi.com



တွင်းထဲသို့ ကျရောက်မှ ရှားမီးတွင်းမှန်း သိကြရ၏၊ ထိုတွင်း မှ တက်မိလျှင် လိုက်သွားရန် လမ်းငယ်တွေအများရှိ၏၊ အချို့ လမ်းစုကား ငါးရာ တွင်းခန့် သွားပြီးလျှင် မီးကျီးတွင်း သို့ချည်း လှည့်၍ဆင်း၏၊ အချို့လမ်းကား တစ် တိုင်ခန့် နှစ်တိုင်ခန့် သုံးတိုင်ခန့် သွားပြီးလျှင် မီးကျီးတွင်းသို့လှည့်၍ ဆင်း၏၊ မီး ကျီးတွင်းသို့ မလှည့်မူ၍ ဝေးရာအရပ်ရှိ မြို့ကြီးရွာကြီးသို့ သွားသော မထင်မရှား သော လမ်းဖြောင့်ကြီးတစ်ခုရှိ၏၊ မီးကျီးတွင်း၌ ကျ၍ ဒုက္ခ ကြီးစွာခံရပြီးလျှင် အချို့ အချို့ ကမ်းသို့တက်ရောက်ကြ၏၊ ကမ်းပေါ်သို့ ရောက်ကြသောအခါ ထိုမီးကျီးတွင်း နှင့် ဝေးလေအောင် ပြေးပါ သော်လည်း သွားသူများ၏ ထင်ရှားရာ မီးကျီးတွင်းသို့ လှည့်၍ဆင်းသော လမ်းလိမ် လမ်းကောက် လမ်းမှားတွေကိုသာ လိုက် မိကြကုန်၍ မီးကျီးတွင်းသို့ ကျမြဲ တလဲလဲကျ၍ နေကြကုန်၏၊ လမ်းဖြောင့်ကြီးကိုကား သွားသူ နည်းပါး မထင်ရှား၍ မလိုက်ကြ၊ ဤဥပမာအတိုင်းမှတ်။

မိမိသန္တာန်တွင် အစဉ်ဖြစ်ပွား၍ နေသော ဝိညာဏ် ခြောက်ပါးကို တဏှာ နှင့်တကွ နောက်တစ်ဖန် မပေါ်လာရအောင် ဉာဏ ဒဿန ဓားသန်လျက်နှင့် တစ်ချက်တည်း ပိုင်ပိုင် ဖြတ်စွမ်းနိုင်သော အရဟတ္တမဂ် ပရိညာသို့ ရောက် သည်ရှိသော် အဝိစိငရဲနှင့် တကွ ဝဋ္ဋ ဒုက္ခခပ်သိမ်း အကုန်လုံး ပြတ်ငြိမ်းသဖြင့် ဗြဟ္မစရိယဒုက္ခ နောင်ပြုဖွယ် ကိစ္စလည်း မြူခြမ်းမျှမရှိပြီ၊ ဤသို့သော အချက်ကို ပြတော်မူခြင်းငှာ -

> ဝိညာဏေ ဘိက္ခဝေ အာဟာရေ ပရိညာတေ နာမရူပံ ပရိညာတံ ဟောတိ၊ နာမရူပေ ပရိညာတေ အရိယ သာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူပေသည်။

ပရိညာ ကိစ္စပြီးစီးပုံ ဥပမာ၌ ပုန်ကန် ပုန်စားမှုနှင့် မင်းပြစ် မင်းဒဏ် သင့်သောသူကို တစ်နေ့ တစ်ရက်တွင် နံနက်၌ လှံချက်တစ်ရာ မွန်းတည့်၌ လှံချက် တစ်ရာ ညချမ်း၌ လှံချက်တစ်ရာ အထိုးခံရသော ဥပမာ ပေတည်း။ ။ ဤကိုယ် ခန္ဓာ၌ နာမကာယ ရူပကာယဟူ၍ နှစ်ကာယရှိသည်တွင် နာမကာယ၏ တံခါးဝကား ဝိညာဏ်ခြောက်ပါးတည်း။

အာရုံခြောက်ပါးသည် ဝိညာဏ်ခြောက်ပါး တံခါးပေါက်မှ နာမကာယသို့ ပင်ကြရ ကုန်၏၊ တစ်ရွာလုံး တစ်မြို့လုံးကို တိုက်လို ခိုက်လို သတ်လို ဖြတ်လို မီး

www.dhammaransi.com



တိုက်လိုသော သူပုန် ဓားပြတို့သည် ဟင်းလင်းပွင့်ရာ ရွာတံခါးပေါက် မြို့တံခါးပေါက်တို့မှ ရွာတွင်း မြို့တွင်းသို့ အတင်းဝင်ကြကုန် သကဲ့သို့တည်း။ ။ ထို့ကြောင့် မြတ်စွာဘုရားသည်။ ။"ဂါမဃာတကာ စောရာတိခေါ ဘိက္ခဝေ ဆန္နေတံ ဓာဟိရာယတနာနံ အဓိဝစနံ" ဟူ၍ ဟောတော်မူပေသည်၊ အာရုံခြောက်ပါးသည် မြို့ရွာကိုတိုက်ခိုက် ဖျက်ဆီးသော သူပုန် ဓားပြတွေမည်၏ ဆိုလိုသည်။

တစ်ကိုယ်လုံးမှာ ဘယ်နေရာမဆို အာရုံဆိုက်ရာ ဆိုက်ရာ၌ ဝိညာဏ်စိတ်ကွင်းကနဲ ကွင်းကနဲ ပေါ်၍နေသည်ကို တံခါးဝတွေဆိုသည်၊ မှန်တံခါးမျိုးကဲ့သို့အကြည်အလင် တံခါးမျိုးတည်း၊ ဟင်းလင်းပေါက် တံခါးမျိုးမဟုတ်၊ အာရုံကို သိမှုပင်တည်း၊ ဆိုက်လာသမျှသော အာရုံစုသည် ဝိညာဏ်သိမှုနှင့် ပေါင်းမိလျှင် ဖဿဝေဒနာ အစရှိသော နာမကာယသို့ ပေါက်ရောက်လေတော့သည်၊ ပေါက်ရောက်လျှင် သူပုန်ဓားပြ ဝင်၍ တိုက်သောရွာကဲ့သို့လည်းကောင်း၊ ကျားတွေဝင်သော ရွာကဲ့သို့လည်းကောင်း၊ ချင်းတွင်းမြစ်ညာမှာ ချင်းရိုင်းဓားပြ ဝင်သော ရွာကဲ့သို့လည်းကောင်း၊ လောဘ, ဒေါသ အစရှိသော နာမ ကာယ အပေါင်း ထောင်းထောင်းဆူကြွဖြစ်ပေါ်ကြလေကုန်တော့သည်၊ သတ္တဝါတို့၏ ထွေထွေလာလာ ကြံခြင်း စည်ခြင်းပြောခြင်း ဆိုခြင်း ငိုခြင်း ရယ်ခြင်း ဟစ်ကြွေးခြင်း သီချင်း ကဗျာ အဲ အန် ကျူးရင့်ခြင်းခိုက်ရန်ဖြစ်ပွား စကား ငြင်းခုန်ခြင်း အစရှိသည်တို့သည် လည်း ကောင်း၊ အင်္ဂါကြီးငယ်လှုပ်ရှားသွားလာခြင်း အစရှိသည်တို့သည် လည်းကောင်း၊ ထိုနာမ်တရားတို့၏ထောင်းထောင်းဆူကြွမှုတို့သာတည်း။

ဟောတော်မူရင်း ဥပမာ၌ကား ဝိညာဏ် အချက် သက်သက်ကို ပြတော်မူလို၍ လှံချက်မျှကိုသာ ဟောတော်မူသည်၊ ရာဇဝတ်ကောင်နှင့် ပုဂ္ဂိုလ်သတ္တဝါတူသည်၊ တစ်နေ့ တစ်နေ့လျှင် အချက်သုံးရာ သုံးရာ ထိုးသော လှံစုနှင့် အာရုံခြောက်ပါးတူသည်၊ လှံစူးဝင်ရာ အပေါက်ဝစုနှင့် တစ်ကိုယ်လုံးမှာ ဝိညာဏ်ခြောက်ပါးဖြစ်ပေါ်မှုတူသည်၊ လှံသွား ထိသမျှ အတွင်းသားစုနှင့် နာမကာယ တူသည်၊ (ဝါ) အလွန်နာလှ ပြင်းထန်လှအောင် ထကြွ ဖြစ်ပွားသော ဒုက္ခ ဝေဒနာစုနှင့် တူသည်၊ ဤဥပမာဖြင့် ဝိညာဏ်၏ အလွန်ပြင်းပြသော ဒုက္ခ လက္ခဏာ ပရိညာ အခွင့်ကြီးဖြစ်ကြောင်းကို ပြတော်မူသည်၊ ဒုက္ခပရိညာ အခန်း၌ အနည်းနည်း ပြခဲ့သော ဒုက္ခအခြင်းအရာအလုံးစုံသည် ကိုယ်၌ဆိုက်ရောက် ညှဉ်းပန်းသောအခါ ဤဝိညာဏ်ပေါက်ကချည်းဝင်၍ ညှဉ်းပန်းကြကုန်သည်။

www.dhammaransi.com



တစ်နည်းမူကား ဤ ဥပမာသည်လည်း အရဟတ္တမဂ်သို့ ရောက်၍ ဝိညာဏ်၌ ဒုက္ခပရိညာကိစ္စ အလုံးစုံ ချောမောပြီးသော အခွင့်နှင့် တိုက်ဆိုင်၍ ဟောသော ဥပမာပင်တည်း၊ ထိုလှံချက်တို့ကို ခံရသော ရာဇဝတ်ကောင်သည် လှံထိုးသော အာဏာသားတို့၌လည်းကောင်း၊ လှံတို့၌ လည်းကောင်း၊ လှံချက်မိမိ ကိုယ်သို့ရောက်၍ ပေါက်မှု စူးမှုတို့၌လည်းကောင်း၊ သာယာခြင်းဟူ၍ အဏုမြူမျှမရှိ၊ ကြောက်ခြင်း သည်းထန်စွာ အမြဲတည်နေသကဲ့သို့ အာရုံခြောက်ပါး၏ မှီရာ ဝတ္ထုစု၌ လည်းကောင်း၊ အာရုံခြောက်ပါးတို့၌ လည်းကောင်း၊ မိမိသန္တာန်မှာ အာရုံခြောက်ပါးလျှင် အာရုံ ရှိသော ဝိညာဏ်ခြောက်ပါးဖြစ်ပေါ်မှုတို့၌ လည်းကောင်း၊ တဏှာဖြင့် သာယာခြင်း ဟူ၍ အဏုမြူမျှမရှိ၊ ဉာဏ်၏ ကြောက်ခြင်းဖြင့် ကြောက်ခြင်း သည်းထန်စွာ အမြဲ အစွဲ တည်နေသော အဖြစ်သို့ ဆိုက်အောင် အားထုတ်မှု ပရိညာကိစ္စ အပြီးတိုင် လေသည်ဟု ပရိညာကိစ္စ အပြီးတိုင်မှုကို စံပြုရန် ပြတော်မူသော ဥပမာ ပေတည်း၊ ထိုဥပမာအတိုင်း ပြီးစီးလျှင် ရဟန္တာဖြစ်လေတော့သည်၊ ရဟန္တာဖြစ်လျှင်လည်း ဉာဏ်၏ကြောက်ခြင်းဖြင့် ဝိညာဏ်ခြောက်ပါး၌ ကြောက်ခြင်း သည်းထန်သော ဘယဉာဏ်, အာဒီဝနဉာဏ်, နိဗ္ဗိဒါဉာဏ် အစွဲအမြဲ တည်လေတော့သည်၊ ထို့ကြောင့် မဟုတ်လော မိမိသန္တာန်၌ ရှိနေသော ဝိညာဏ် ခြောက်ပါး၏ ခုနစ်ရက်စသည်ဖြင့် ချုပ်ငြိမ်း၍နေသော နိရောဓ သမာပတ် ဒိဋ္ဌဓမ္မနိဗ္ဗာန် ဆိုပေသတည်း၊ မိမိသန္တာန် ၌ အာရုံခြောက်ပါး လှုံ့ဆော်တိုင်း လှုံ့ဆော်တိုင်း ဝိညာဏ်ခြောက်ပါးနှင့်တကွ နာမက္ခန္ဓာ လေးပါးတို့ ခြောက်ဒွါရ၌ တကြွကြွ တရွရွ ဖြစ်ပေါ်၍နေသည်ကို သည်း မခံလိုလှ၍ ဝင်စားရသော သမာပတ် ပေတည်း၊ ထိုသမာပတ်ကို နိဗ္ဗာန်ဟူ၍ ဆိုသ ဖြင့် ထို ဝိညာဏ်ခြောက်ပါးဖြစ်၍ နေမှုသည် ရဟန္တာ ပုဂ္ဂိုလ်တို့မှာ ကြီးစွာသော ဒုက္ခဘေးကြီး ဖြစ်၍ နေကြောင်းကို သိသာလှလေသတည်း၊ ဝိညာဏ်ခြောက်ပါးနှင့် တကွ ရှိရှိသမျှသော တေဘူမက ဓမ္မတို့ကို ဤဥပမာနှင့် ယှဉ်၍ အကုန်မြင်အောင် ကြည့်လေ။ ။ ထွန်မှု ရက်မှု လုပ်ဆောင်မှုနှင့် တင်ကူး၍ စပါးကျွန်ခံနိုင်မှ စပါးကို ရနိုင်သည်၊ ချက်ပြုတ်မှုနှင့် တင်ကူး၍ ထမင်းကျွန် ခံနိုင်မှ ထမင်းပေါ်လာသည်၊ ဤနည်းချည်း မှတ်လေ။

လောက၌ ကျေးကျွန်ဟူရာမှာလည်း အရှင်သခင်ဆိုသောသူက ရှေးဦးစွာ ကြွေးမြီဥစ္စာ ချေးမှု, ပေးမှုနှင့် သူ့ကျွန် ခံခဲ့ရသည်၊ အိမ်၌နေပြန်လျှင် ကျွေးမှု, မွေး မှု, ဝတ်ဆင်မှုနှင့် သူ့ကျွန်ခံနိုင်မှ နေရသည်၊ မင်းစိုးရာဇာတို့ အစိုးရမှုမှာ အသက် ခန္ဓာကို ပိုင်သော အရှင်သခင်ဟုဆိုကြရာ၌ ထိုသူ့အသက်ကို မအို မသေ အမြဲနေ

www.dhammaransi.com



ရအောင် ထိုသူ့ခန္ဓာကို သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခ မဖြစ်ရအောင် အစိုးရသည် မဟုတ်၊ ထိုမင်းသည် မိမိအသက်, မိမိခန္ဓာကိုယ်ကိုမျှ ထိုကဲ့သို့ အစိုးရသည်မဟုတ်၊ အင်အားချင်း မတန်၍ နှိပ်စက်လိုလျှင် နှိပ်စက်နိုင်သည့်အတွက် ပါကောင်းသမျှ အလိုပါမှုအနည်းငယ် ရှိ၍နေသည်ကို အစိုးရဆိုသတည်း။

စိတ်နှင့် ကြံလိုရာရာ ကြံနိုင်မှု၊ နှုတ်ဖြင့် ပြောဆိုလိုရာ ပြောဆိုနိုင်မှု၊ ကိုယ်အင်္ဂါ လှုပ်ရှားလိုရာရာ လှုပ်ရှားမှု၊ သွားလိုရာရာ သွားနိုင်မှု၊ လာလိုရာရာ လာနိုင်မှုတို့ ကိုစွဲ၍ မိမိကိုယ်ကို မိမိ အစိုးရသည်ထင်၍ နေကြရာ၌လည်း အသားနုတက်မှု ဥပမာကဲ့သို့ မိမိကိုယ်ခန္ဓာကို အစာဟာရ ကျွေးမွေးမှု စသော သင်္ခါရဒုက္ခ အမျိုးမျိုးတို့ နှင့် တင်ကူး၍ တင်ကူး၍ သူ့ကျွန်ခံမှု အမြဲတည်ရှိနေသည်ကို သိလေ၊ ရှေးရှေးနေ့က ကျွေးမှု, မွေးမှု, ပြုစုပျိုးထောင်မှုတို့နှင့် သူ့ကျွန်ခံခဲ့၍ နောက်နောက်နေ့မှ ကြံမှု, သိမှု ပေါ်လာသည်၊ ပြောမှု, ဆိုမှု ပေါ်လာသည်၊ ကိုယ်အင်္ဂါ လှုပ်ရှားသွားလာမှု ပေါ်လာသည်ဟု သိရမည် ဆိုလိုသည်၊ ကြံမှု, သိမှု, ပြောဆိုမှု, ကိုယ်အင်္ဂါလှုပ်ရှားမှု, သွားမှု, လာမှု ဆိုသည်မှာလည်း မြစ်ရေအလျဉ်ကဲ့သို့ ဝိညာဏ် စသော ပရမတ္ထဓမ္မတို့၏ တရွရွ တရှိန်းရှိန်း ဓာတ်အသားနုတက်ပွားမှုတို့သာတည်း။

ဤတွင်

ရှေ့ကား ပုဂ္ဂိုလ်သတ္တဝါ၏ အလိုသို့မလိုက်မှု အကြောင်းတရားနှင့် စပ်၍သာ ဖြစ်မှုကိုမြင်သဖြင့် သိအပ်သော အနတ္တ အမွှက်တည်း။

အနိစ္စပရိညာ၌ ပြဆိုခဲ့ပြီးသော ပဋိစ္စသမုပ္ပါဒ် အခြင်းအရာစုသည်လည်း အကြောင်းတရားနှင့် စပ်၍သာ ဖြစ်နိုင်မှု ထင်ရှားလှသော အခြင်းအရာစုပင်တည်း၊ ထိုမှတစ်ပါး ပဌာန်းဒေသနာတော် အရနှင့် အနတ္တအချက်ကို ပြဆိုရန် အလွန်ကြီးကျယ်လှ၏၊ သဗ္ဗညုတဉာဏ်တော် အရာသာ ဖြစ်သည်၊ ဝိပဿနာ ယောဂီပုဂ္ဂိုလ်မှာ အကုန် လိုရင်းမဟုတ်၊ တစ်စိတ် တစ်ဒေသနှင့် အနတ္တထင်လျှင် ပြီးတော့သည်။ ။ရှေး အနိစ္စပရိညာ၌ ပဋိစ္စသမုပ္ပါဒ အချက်ကို အာရမ္မဏပစ္စည်း တစ်ခုနှင့် ပြဆိုခဲ့သည်၊ ထိုအတိုင်း ပိုင်းပိုင်းခြားခြား ထင်မြင်နိုင်လျှင် ပြီးတော့သည်။

အနတ္တပရိညာ အမွှက်ပြီး၏။

* * *

www.dhammaransi.com



အနိစ္စ, ဒုက္ခ, အနတ္တ ပရိညာသုံးပါးတွင် အနိစ္စပရိညာ ပိုင်ပိုင်နိုင်နိုင်လိုလှ၏၊ အနိစ္စပရိညာ ပိုင်နိုင်မှ နောက်နောက် ပရိညာပိုင်နိုင်မည်။

**တီရဏပရိညာ သုံးပါး အစီအရင် ပြီး၏။**

* * *

## ၈ - ဝိညာဏာဟာရ၌ ပဟာနပရိညာ

ဘယဉာဏ် အာဒီဝနဉာဏ် အစရှိသော လောကီ လောကုတ္တရာ ပဟာန ပရိညာ အစီအရင်မှာ အနာဂါမိမဂ်တိုင်အောင် ကဗဠီကာရ အာဟာရကမ္မဋ္ဌာန်းမှာ ပြဆိုခဲ့ပြီးသော နည်းအတိုင်း သိလေ။

ဤဝိညာဏာဟာရ ကမ္မဋ္ဌာန်းအလုပ်သည်ကား အရဟတ္တမဂ်တိုင်အောင် ပေါက်၏၊ အရဟတ္တမဂ်သို့ကျ၍ ရဟန္တာအဖြစ်သို့ ရောက်မှ ဝိညာဏ်၌ သာယာ တွယ်တာခြင်း ပြတ်ကင်းသော ပဟာနပရိညာ အခွင့်တုံးသည်၊ သောတာပန်, သက ဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့မှာ ဝိညာဏ်ခြောက်ပါးတို့၌ အခွင့်မတုံး, အဆုံးမတိုင် သေး၊ စိတ်ဝိညာဏ်ကို သုခအနေနှင့် သာယာသော တဏှာ တန်းလန်းနှင့်ပင်ရှိ ကြသေးသည်၊ ဘယဉာဏ် အာဒီဝနဉာဏ်များကို အားထုတ်ခွင့်မတုံးသေး၊ ဘယဉာဏ် အာဒီနဝဉာဏ် တို့နှင့် ရှု၍နေဆဲ အခါ၌လျှင် ဝိညာဏ်၌ ဒုက္ခကြီးစွာ ထင်မြင် နိုင်သည်၊ မရှုသောအခါ၌ သုခသညာ ကပ်မြဲကပ်ပြန်သည်၊ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာ ထင်မြဲထင်ပြန်သည်၊ အနာဂါမ် ပုဂ္ဂိုလ် ကား ဗြဟ္မာ့ချမ်းသာ အထင်သာ ရှိတော့သည်။ လူ့ချမ်းသာ, နတ်ချမ်းသာ အထင် မရှိပြီ။ ဝိပဿနာတရားကို အားထုတ်သေ ပုထုဇ္ဇဉ် ပုဂ္ဂိုလ်တို့မှာ ဆိုဖွယ်ရာ မရှိပြီ၊ ထိုပုဂ္ဂိုလ်မှာလည်း ဝိပဿနာထင်မြင်နိုင်သည် ဆိုငြားသော်လည်း အနိစ္စပရိညာနှင့် အနတ္တပရိညာ ဤနှစ်ပါးသာ စွဲမြဲစွာ ထင်နိုင်သည်၊ ဒုက္ခပရိညာသည်မူကား အားထုတ်၍ ရှုဆဲအခါ၌သာ ကောင်းစွာထင်နိုင်သည်၊ မရှုပြန်လျှင် သုခသညာ ကပ်မြဲ ကပ်ပြန်သည်၊ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာ ထင်မြဲ ထင်ပြန် သည်၊ ဒုက္ခပရိညာဖြစ်သော ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ်တို့ကို လွန်စွာ အားထုတ်၍ ရှုနေစဉ်တွင် အဆင့်ဆင့် ဉာဏ်ပွင့်လင်း၍ ပွင့်လင်း၍ သွားသဖြင့် သဿတ္တဒိဋ္ဌိပြတ်လောက်အောင် လင်း၍သွားသော အချက်တွင် သောတာပတ္တိမဂ်သို့ ဆိုက်လေ၍ ဖိုလ် ပစ္စဝေက္ခဏာ ပေါ်အောင် ဉာဏ်အချက် သွားလေ၏၊ ပစ္စဝေက္ခ ဏာမှ ထ၍ ပကတိနေပြန်လျှင် သုခသညာ ကပ်မြဲကပ်ပြန်၏၊ လူဖြစ်ခဲ့လျှင် ဥစ္စာ စီးပွား သားမယား အာရုံနှင့် မွေ့လျော်မြဲ

www.dhammaransi.com



မွေ့လျော်၍ နေနိုင်ပြန်၏၊ အချို့သော သူတို့ကား ထိုသို့မသိရှာကြသည့်အတွက်ကြောင့် ဝိပဿနာထင်သူမှန်လျှင် လူထဲ ရှင်ထဲမှာ ရှင်ကြည်စွာ မနေနိုင်ရာပြီ၊ ဥစ္စာစီးပွား သားမယား အလယ်မှာ မနေနိုင် ရာပြီ၊ ရွှင်သော မျက်နှာ ရွှင်သော စကား ကြွရွသော ကိုယ်အမူအရာ မရှိရာပြီဟု ထင်ကြကုန်၏။

အဆိပ်ပင်ကြီး နှစ်ခုသည် ရှိရာ၏၊ တစ်ပင်မှာ ရေသောက်မြစ် အကုန်ပြတ်ပြီးတည်း၊ တစ်ပင်မှာ ပကတိအနေအတိုင်းပင်၊ ရှေ့အပင်မှာ ရေသောက်မြစ်ကြီးပြတ်ပြီးဖြစ်သော်လည်း မြေထဲမှာ မြစ်သေး မြစ်မွှား ကျန်ရှိသေးသည် တစ်ကြောင်း၊ မြေပေါ်ရှိ တစ်ပင်လုံးမှာရှိနေသော အစေးတို့ ခြောက်ခန်းပြီ မကုန်သေးတည့်သေးသည် တစ်ကြောင်း၊ သို့ အကြောင်းကြောင့် ပကတိအပင်နှင့် နေပုံ မထူးကြသေး စိုစိုပြည်ပြည် ရွှင်ရွှင်လန်းလန်း အတိုင်းပင် ရှိနေသေးသည်၊ အစေး အားကြီးသော အပင်မျိုးဖြစ်၍ တဖြည်းဖြည်းသာ စိုပြည် ရွှင်လန်းမှု ယုတ်သိမ်း၍သွားသည်၊ ပကတိအပင်မှာမူကား အစဉ်အဆက် ပွားစီး၍ ထိုအရပ်တွင် အဆိပ်ပင်တောကြီး ဖြစ်အောင် သွားလမ်းသာ ရှိနေ၏၊ မျက်မြင်မှာ ရွှင်ပုံချင်း တူကြသော်လည်း ဝိပဿနာ ထင်မြင်သော ပုထုဇ္ဇဉ်ပုဂ္ဂိုလ် သောတာပန်ပုဂ္ဂိုလ်တို့၏ ရွှင်မှုနှင့် ပကတိ အန္ဓဗာလပုထုဇ္ဇဉ်ပုဂ္ဂိုလ်တို့၏ ရွှင်မှုနှစ်ပါး အထူးတည်း၊ မသိတတ်လျှင် အပြစ်ကြီးစွာ ဖြစ်တတ်သော အချက်ဖြစ်၍ ဤဥပမာနှင့်တကွ ပြဆိုလိုက်သည်။

**ဝိညာဏာဟာရ၌ ပဟာနပရိညာ**
**အမြွက်ပြီး၏။**

ဝိညာဏာဟာရ၌ ပရိညာသုံးပါး အဆုံးတိုင် ပြီးပိုင်လျှင် နာမ်ရုပ်တို့၌လည်း အဆုံးတိုင် ပြီးပိုင်လေတော့သည်၊ ဝိညာဏ်, နာမ်, ရုပ်သုံးပါး၌ ပရိညာသုံးပါးလည်း အဆုံးတိုင်ပြီးပိုင်လျှင် မဂ္ဂဖြဟ္မစရိယကိစ္စ သာသနဖြဟ္မစရိယကိစ္စ အလုံးစုံ အခွင့်တုံးလေ၏၊ ဤသို့သော အချက်ကို ပြတော်မူခြင်းငှာ-

> ဝိညာဏေဘိက္ခဝေ အာဟာရေ ပရိညာတေ နာမရူပံ ပရိညာတံ ဟောတိ၊ နာမရူပေ ပရိညာတေ အရိယသာဝကဿနတ္ထိ ကိဉ္စိဥတ္တရိ ကရဏီယန္တိ ဝဒါမိ။

ဟောတော်မူသည်။

**ဤတွင်ရွေ့ကား ဝိညာဏာဟာရ ကမ္မဋ္ဌာန်း**
**အစီအရင်ပြီး၏။**

www.dhammaransi.com



## ၉ - ဖဿာဟာရ၌ ပရိညာ

ယခုအခါ ဖဿကမ္မဋ္ဌာန်း **အစီအရင်**ကို ပြဆိုပေအံ့။ ။ ဤဖဿာဟာ ရ၌ ဉာတပရိညာအမှုမှာ ရှေး၌ နာမ်အာဟာရသုံးပါးခွဲခန်းမှာ ပါရှိလေပြီ။ ။ "အာဟာရံ ဇာနာတိ" ၏ အရ ဒုက္ခသစ္စာ ပိုင်းခြားမှုမှာလည်း ဝိညာဏာဟာရ ဒုက္ခ၌ ပြခဲ့ပြီးသော ဒုက္ခစက်ကြီး တစ်ဆယ့်ငါးပါး အတိုင်းပြလေ၊ ဝိညာဏ်နှင့် ဖဿ သည် ဖြစ်အတူ ပျက်အတူ အမြဲမကွာ ယှဉ်ဖက်၍ ဖြစ်ကြ၏၊ ကိစ္စအလိုအားဖြင့်သာ ရှေ့နောက်ကွဲသို့ ပြု၍ ပြောရသည်၊ ဝိညာဏ်သည် ဟင်းလင်းဖွင့်ထားသော မြို့တံ ခါးပေါက်ကြီးနှင့်တူ၏၊ ဖဿသည် ထိုတံခါးပေါက်ဝ၌ နေ၍ အနီးအဝေးမှ တံခါး ပေါက်အတွင်းသို့ ရောက်လာသမျှသော သူတို့ကို အဆိုးအကောင်း ထင်ရှားပေါ်အောင် အတင်းအကြပ် စစ်ကြောသော တံခါးစောင့်နှင့်တူ၏၊ ဤသို့ စသည်ဖြင့် ဥပမာဆောင် ဖွယ် ပေါ်များ၏၊ ထင်ရှားရာဌာနအားဖြင့်မူကား ကောင်းသည် မကောင်းသည်ဟု မထင်ရှားမူ၍ မြင်ကာမတ္တ၊ ကြားကာမတ္တ၊ နံကာမတ္တ၊ လျှာမှာ **သိကာမတ္တ**၊ ကိုယ် မှာ သိကာမတ္တ၊ စိတ်နှလုံးမှာ ထင်မြင်ကာ မတ္တသာ ရှိသော **အချက်**မျိုးမှာ ဝိညာဏ် ကိစ္စ ထင်ရှား၏၊ ဖဿကိစ္စ မထင်ရှား၊ ဤကဲ့သို့သော အာရုံသာ အလွန်များသည်၊ ကြည့်၍ ကောင်းသည်ဟူ၍ လည်းကောင်း၊ ကြည့်၍မကောင်းဘူးဟူ၍ လည်းကောင်း၊ ဤသို့ စသည်ဖြင့် ကောင်း မကောင်း ထင်ရှားရာ၌ ဖဿထင်ရှား၏၊ မြန်မာဝေါ ဟာရ၌ ဖဿကို မျက်စိအတွေ့, နားအတွေ့ စသည် ခေါ်၏။

### ဉာတပရိညာ အမွှက်ပြီး၏။

* * *

တီရဏပရိညာ သုံးပါးလည်း ဝိညာဏ်နှင့် တူပြီ၊ ဝိညာဏ် ခြောက်ပါးဆို ရာ၌ ဖဿခြောက်ပါး ဆိုရုံမျှသာ ထူးတော့သည်။ ။ ပဟာနပရိညာလည်း ဝိညာဏ်နှင့် တူပြီ၊ ဤဖဿဟာရကမ္မဋ္ဌာန်းလည်းအရဟတ္တဖိုလ်တိုင်အောင်ပေါက်၏၊ ဖဿ၏ ဒုက္ခပရိညာမှုသည် အရဟတ္တမဂ်သို့ ကျမှ အပြီး တိုင်၏၊ ဝိညာဏ်အတိုင်းပင် ဖဿဟာရ၌ ပရိညာကိစ္စ အပြီးတိုင်လျှင် ဝေဒနာသုံး ပါး၌လည်း အပြီးတိုင်တော့သည် ဟူရာ၌ ဖဿ၌ အနိစ္စပိုင်လျှင် ဝေဒနာသုံးပါး၌ လည်း ပိုင်တော့သည်၊ ဖဿ၌ ဒုက္ခအနတ္တပိုင်လျှင် ဝေဒနာသုံးပါး၌လည်း ပိုင်တော့ သည်၊ ပဟာနပရိညာမှာလည်း

www.dhammaransi.com



ထို့အတူတည်း။ ။ အကြောင်းမူကား ဖဿနှင့် ဝေဒနာသည် ကိစ္စ အခြင်္ဂအရာချင်း အလွန်နီးကြ၏၊ သုခသမ္ဖဿနှင့် သုခဝေဒနာ သည် သဘောတစ်လုံးတည်းကဲ့သို့ ထင်ရ၏။ ။ ချမ်းသာသော အတွေ့ဟု ဆိုအပ် သော သုခသမ္ဖဿ၌ ဒုက္ခပရိညာ ပိုင်နိုင်ခဲ့လျှင် ချမ်းသာမှုဟု ဆိုအပ်သော သုခဝေ ဒနာ၌လည်း ပိုင်နိုင်တော့မည် ဧကန်ဖြစ်၏၊ ထို့ကြောင့် နောက်ပရိညာ ကိစ္စ တစ်လုံးတည်း ဖြစ်ကြလေသတည်း။ ဝေဒနာမည်သည် သတ္တဝါတို့မှာ အချုပ်အချာ ဖြစ်၏၊ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာ ဆိုသည်ကား သုခဝေဒနာကို ဆိုသတည်း၊ အပါယဒုက္ခ လူတို့၌ အများသိကြသော ဒုက္ခဆိုသည်ကား ဒုက္ခဝေဒ နာကို ဆိုသတည်း၊ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝကို တောင့်တတွယ်တာ သာယာမှုဖြစ်၍နေကြသည်လည်း ထိုဘဝတို့၌ ရှိသော သုခဝေဒနာကို တောင့်တတွယ်တာ သာယာရင်းပေတည်း၊ ထိုဘဝတို့၌ ဖြစ်သော သုခကိုပင် ဒုက္ခဟု ပိုင်ပိုင်ထင်မြင်နိုင်သည်ရှိ သော် ထိုဘဝတို့၌ဖြစ်သော ရုပ်ခန္ဓာ နာမ်ခန္ဓာတို့သည် အသုံးမကျ နိရတ္ထ ဖြစ်၍ ကုန်တော့သည်၊ တွယ်တာရန် အခွင့်မရှိပြီ၊ ဒုက္ခပရိညာ အလိုလို ပြီးစီးလေတော့သည်၊ ထို့ကြောင့် -

> ဖဿေ ဘိက္ခဝေ အာဟာရေ ပရိညာ တေ တိဿော ဝေဒနာ ပရိညာတာ ဟောန္တိ၊ တီသု ဝေဒနာသု ပရိညာ တာသု အရိယသာဝကဿ နတ္ထိကိဉ္စိ ဥတ္တရိကရဏီယန္တိ ဝဒါမိ။

ဟူ၍ ဟောတော်မူပေသတည်း။

ပညာရှိသုံးဖါး အဆုံးတိုင်ပြီးစီးပုံကို စံပြုရန် ဥပမာကား အရေမရှိသော နွားမ ဥပမာတည်း၊ ထိုနွားမသည် တစ်ကိုယ်လုံး အရေမရှိ နီနီချင်းချင်း အသား ကောင်ကြီး ဖြစ်၍နေသည့်အတွက် ဟင်းလင်းအပြင်မှာ နေပြန်လျှင်လည်း ခွေး, ကျီး လင်းတ, ယင်မ, ယင်ငယ် တရုန်းရုန်း ကိုက်ကြ, ဆွဲကြ, ထိုးကြ, ဆိတ်ကြ ဒုက္ခ ပင်လယ်ဝေကြီး ဖြစ်ရလေ၏၊ တောချုံရှိရာသို့ ဝင်ပြန်ပါလျှင်လည်း သစ်ကိုင်း, သစ် ခက်, သစ်ရွက်, ဆူးငြောင့်ထိပါးမှုနှင့် ဒုက္ခပင်လယ်ဝေကြီး ဖြစ်ရလေ၏၊ ဤကား ဥပမာတည်း၊ နွားမနှင့် သတ္တဝါခန္ဓာကြီးတူ၏၊ အရေမရှိ ဟင်းလင်းကြီးနေသည် နှင့် ဝိညာဏာဟာရ တူ၏၊ ဝိညာဏ်မည်သည် အလွန်ကြည်လှစွာသော ဒွါရတရား ဖြစ်သောကြောင့် ဟင်းလင်းကြီးနှင့် တူလေသည်၊ အသာအယာထိကာ မတ္တပင် ဖြစ် သော်လည်း ဆတ်ဆတ်တုန် နာကျင်ရန် ပြင်းထန်သော ဒဏ်မှုကြီး ဖြစ်၍သွားရသော အသားစုနှင့် ဖဿအဟာရ တူသည်၊ ပြင်ပ၌ ထိခိုက်သော သက်ရှိ, သက်မဲ့, ဝတ္ထု နှင့် အာရုံခြောက်ပါး တူသည်။

www.dhammaransi.com



သူသူငါငါ သတ္တဝါတို့၏ ကိုယ်ခန္ဓာမှာလည်း နေပူ, လေပူ, မီးပူ, မှက်, ခြင်, သန်း, ကြမ်းပိုး အစရှိသော ဒုက္ခဖြစ်လောက်သော အာရုံထိခိုက်လာလျှင် ဘယ်နေရာမှာမှ ဖဿနှင့်တကွ ဒုက္ခဝေဒနာ မပေါ်သည်မရှိ၊ ခြင်တရုန်းရုန်း, ယင် တရုန်းရုန်း, မှက်တရုန်းရုန်း, ဖြုတ်တရုန်းရုန်း, သန်း, ကြမ်းပိုး, ပိုး ပုရွက် တရုန်း ရုန်း နေပူ, လေပူ စသည် တရုန်းရုန်း ဒုက္ခမစဲသည်သာ ဖြစ်၏၊ သို့သော်လည်း ပရိညာ ထမြောက်မှုစံပြုသော ဥပမာဖြစ်၍ လူ့ရွာ, နတ်ရွာ, ဗြဟ္မာ့ရွာတို့၌ရှိသော သုခသမ္ဖဿ သုခဝေဒနာတို့နှင့် တကွ ဖဿဟူသမျှ, ဝေဒနာဟူသမျှတို့၌ ဒုက္ခပရိ ညာ အပြီးတိုင် ပိုင်နိုင်သော ရဟန္တာတို့၌သာ ဆိုက်တိုက်လိုရင်း ဥပမာပေတည်း။

ဖဿာဟာရ ကမ္မဋ္ဌာန်းပြီး၏။

* * *

## ၁၀ - မနောသဉ္စေတနာဟာရ၌ ပရိညာ

မနောသဉ္စေတနာဟာရ၌လည်း ဉာတပရိညာအစီအရင်မှာ နာမ်အာဟာရ သုံးပါးခွဲခန်း၌ ဆိုခဲ့ပြီးသော သဘာဝပရိညာနှင့်တကွ ဝိညာဏာဟာရ၌ ပြခဲ့ပြီးသော ဒုက္ခစက်ကြီး တစ်ဆယ့်ငါးပါးတည်း။ ။ တီရဏပရိညာ ပဟာနပရိညာ တို့မှာလည်း ဝိညာဏာဟာရအတိုင်းပင်။ ။ ဝိညာဏ်ခြောက်ပါးဆိုရာမှာ ရူပေသဉ္စေတနာ အစရှိသော စေတနာ ခြောက်ပါးကို ပြဆိုလေ။

စေတနာဟာရ၌ ပရိညာသုံးပါး ပိုင်နိုင်လျှင် တဏှာသုံးပွါးလည်း ပိုင်တော့ သည် ဟူရာ၌ တဏှာသုံးပါး ဆိုသည်ကား ကာမတဏှာ, ရူပတဏှာ, အရူပတဏှာ ဤသုံးပါးတည်း။

ဘုံးသုံးပါးကို ပစ်ချမှုစေတနာနှင့် တဏှာ တွဲဖက်၍ နေပုံကို ပြဆိုဦးအံ့။

နာမ်အာဟာရ သုံးပါးခွဲခန်း၌ သံချွန်တပ်သော နှင်တံဖြင့် ရထား၌ကအပ် သော မြင်းတို့ကို အတွင်ထိုး၍ အပြေးနှင်ရသော ရထားဦးစီး ဥပမာကဲ့သို့ စေတ နာသည် တစ်ဘဝ တစ်ဘဝမှာ တစ်ခါ တစ်ခါ သတ္တဝါသေ၍ မရပ်မနား ခဏမခြား ဘဝတစ်ပါး ဆက်လက်မိအောင် နာမ်ခန္ဓာ လေးပါးတို့ကို အတွင် စိုင်းနှင်သည်ဟူ ရာ၌ သမုဒယ သစ္စတဏှာ အဖော်သဟဲရှိမှ ဘဝတစ်ပါး ဆက်နိုင်သည်၊ တဏှာ

www.dhammaransi.com



အဖော်သဟဲမရှိက မဆက်နိုင်၊ ဥပမာကား မြစ်တစ်ဖက်ကမ်းသို့ ရောက်စေခြင်းငှာ ပကတိသော မြေမှုန့်တွေကို အမြောက်ထဲသို့ထည့်၍ ယမ်းအား မီးအားနှင့် ပစ်သော်လည်း တစ်ဖက်ကမ်းသို့ မရောက်နိုင်၊ အမြောက်က ထွက်ကာ မျှမှာ ဖရိုဖရဲ ကြဲ၍ ပျောက်ပျက်ရာ၏၊ အဘယ့်ကြောင့်နည်းဟူမူ အစေးအတွဲမရှိသော ပကတိမြေမှုန့်ကိုပင် အင်္ဂတေကဲ့သို့ ဖြစ်လေအောင် အစေးအဖွဲ့နှင့် ထောင်းထုကြိတ်နယ်၍ ခိုင်မြဲစွာသော အမြောက်ဆန်ပြုလုပ်၍ပြီးမှ အမြောက်မှထည့်၍ ထိုအတူ ပစ်သည်ရှိသော် မြစ်တစ်ဖက်သို့ ရောက်ရုံမျှမက ဆိုက်တိုက်ရာဝတ္ထုကို ပြိုကွဲအောင် မှန်လေရာ၏။ ။ အဘယ့်ကြောင့်နည်း၊ အစေး အဖွဲ့ကောင်းလေလှသော ကြောင့်တည်း၊ ဤဥပမာအတိုင်း မှတ်လေ၊ ရဟန္တာတို့၏ စေတနာသည် အစေးအဖွဲ့ မရှိသော ပကတိ မြေမှုန့်နှင့် တူ၏၊ ကာယကံ, ဝစီကံ, မနောကံ လှုပ်ရှားတိုင်း လှုပ်ရှားတိုင်း စေ့ဆော်ခြင်း စေတနာမှုရှိပါသော်လည်း တဏှာ အစေးအဖွဲ့မရှိသည့် အတွက် တစ်ခုတစ်ခုသော ဇောဝီထိ အဆုံး အဆုံးတွင် အငွေ့အသက်မျှ မကျန်၊ ကမ္မသမင်္ဂီတာ အဖြစ်သို့ မရောက်ဘဲ ပျောက်ပျက်ကွယ်ဆုံးလေ၏၊ ပုထုဇ္ဇဉ်သေက္ခတို့၏ စေတနာ သည်မူကား အစေးအဖွဲ့နှင့်တကွ ပြုပြင်အပ်သော အမြောက်ဆန် မြေလုံးနှင့်တူ၏၊ ကံ ၃-ပါး လှုပ်ရှားတိုင်း လှုပ်ရှားတိုင်းဖြစ်သော စေတနာသည် တဏှာ အစေးအဖွဲ့ ရှိနေသည့်အတွက် တစ်စုံတစ်ခုသော ဇောဝီထိ ချုပ်ဆုံးသော်လည်း နောက်ဆက် လက်၍သွားသော စိတ်သန္တာန်ကို အထူးပြုမှု မျိုးစေ့ ဗီဇမြုပ်နှံမှုဟု ဆိုအပ်သော ကမ္မသမင်္ဂီတာ အဖြစ်သို့ရောက်အောင် ချီးမြှောက်မှုကို ပြု၍ ချုပ်ပေ၏။ ငါ့ကိုယ် ငါ့စိတ် ငါ့စေတနာဟူ၍ သာယာသိမ်းပိုက်မှုသည် ခတ်သဘာဝအားဖြင့် စေဖွဲ့သော တဏှာပင်တည်း၊ ဤကား သတ္တဝါကို ဘဝတစ်ပါးသို့ ပစ်ချမှုမှာ စေတ နာနှင့် တဏှာ ဖက်တွဲကြပုံတည်း။ ။ ထို့ကြောင့် ဘဝတစ်ပါးသို့ ပစ်ချတတ်သည့် အတွက်နှင့် စေတနာ၌ ကြီးစွာသော ဒုက္ခအိုးကြီး, ဒုက္ခမျိုးကြီး ထင်မြင်နိုင်ခဲ့သည်ရှိ သော် တဏှာ ၃-ပါးကိုလည်း ထင်မြင်နိုင်တော့သည်။ သူတို့နှစ်ပါးကြောင့် ဖြစ်ပေါ် ရသော ဘဝရုပ်နာမ်တို့မှာ ဆိုဖွယ်မရှိပြီ။

ထို့ကြောင့် -

> မနောသဉ္စေတနာယ ဘိက္ခဝေ အာဟာရေ ပရိညာတေ တိဿော တဏှာ ပရိညာတာ ဟောန္တိ၊ တီသု တဏှာသု ပရိညာတာသု အရိယသာဝက ဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။

ဟူ၍ ဟောတော်မူပေသည်။

www.dhammaransi.com



ပရိညာပုံစံ ဥပမာကား လူအများတို့ သွားလာရာ လမ်းခရီးဆုံကြီးတစ်ခု၏ နံပါး၌ နက်လှ ကျယ်လှစွာသော ရှားမီးကျီးတွင်းကြီး ၂ - ခု သည်ရှိသတတ်၊ အား ခွန်ဗလ ကြီးလှသော ယောကျာ်း ၂ ယောက်သည်လည်း ထိုတွင်းကြီးအနီး၌ နေ၍ လာလာသမျှသော လူအပေါင်းတို့ကို အမိဖမ်းဆီး ဆွဲငင်၍ ထိုမီးကျီးတွင်း ၂ - ခု ထဲသို့ ပစ်ချသတတ်။ ( ဤကား ဥပမာတည်း )

ဒုက္ခ ဝေဒနာအိုးကြီးဖြစ်သော ဒုဂ္ဂတိဘုံ၊ ကိလေသာမီး တဟုန်းဟုန်း တောက် လောင်၍ နေကြရာဖြစ်သော သုဂတိဘုံ ၂ - ပါးသည် မီးကျီးတွင်းကြီး ၂ - ခုနှင့် တူသည်၊ ကုသိုလ် အကုသိုလ် စေတနာ ၂ - ပါးသည် ယောကျာ်း အားကောင်း ၂ - ယောက်နှင့်တူသည်၊ ပြဆိုခဲ့ပြီးသောအတိုင်း ဘဝတစ်ပါး ဆက်လက်မိအောင် နာမ် တရားတို့ကို အတွင်စိုင်းနှင်မှုသည် မီးကျီးတွင်းကြီး ၂ - ခုသို့ ပစ်ချမှုနှင့် တူသည်၊ လာလာသမျှ လူအပေါင်းတို့ကို ဖမ်းမှု, မိမှု, ဆွဲငင်မှု ဆိုရာ၌ မိမိသန္တာန်၌ ရွရွ ရွရွ ခဏမစဲ ဖြစ်၍နေသော စိတ်စေတနာကို တဏှာ မာန ဒိဋ္ဌိဖြင့် ငါဟူ၍ လည်းကောင်း၊ ငါ၏စိတ်, ငါ၏အကြံ, ငါ၏စေတနာ, ငါ၏ဒါန, ငါ၏သီလ, ငါ၏ကောင်းမှု, ငါ၏ ကုသိုလ်ဟူ၍လည်းကောင်း သာယာတွယ်တာမှုတို့ကို ဆိုသတည်း။ ။ ထိုသို့ သာ ယာတွယ်တာသော သူသည် မီးကျီးတွင်းသို့ ပစ်ချသော ယောကျာ်းကို သွား၍ ကိုင် ဖက်သော ခရီးသည် ဗာလကဲ့သို့ ထိုဒါန, ထိုသီလ, ထိုကောင်းမှု, ထိုကုသိုလ် စေတ နာတို့ကို ဖက်တွယ်သော သူတည်း၊ ထိုသို့ ဖက်တွယ်သော သူကို ဖက်တွယ်မြဲတိုင်း မရဏာသန္ဓတိုင်အောင် အတင်းဆွဲငင်လေ၍ သေသည်၏ အခြားမဲ့ ဘဝတစ်ပါးသို့ ပစ်ချလေ၏၊ အတင်းဆွဲငင်မှု ဆိုသည်ကား ထိုစိတ်စေတနာကို ငါဟူ၍ ငါ၏ကောင်း မှု ကုသိုလ်ဟူ၍ ငါ၏ကိုယ်ဟူ၍ စွဲလမ်းမှုရှိနေသည့်အတွက် ထိုကောင်းမှု ကုသိုလ် တို့၌ တွယ်တာသော တဏှာမာနဒိဋ္ဌိတို့ကို မပယ်သတ် ဖြတ်တောက်ရန် မဂ္ဂင်ရှစ်ပါး ကို အားမထုတ်မူ၍ ရလောကအရေး လောကအရာတို့၌ စိတ်နောက်ကိုယ်ပါ လိုက်စား နေမှု ဝိပဿနာ ဘာဝနာ မနသိကာရမှ တစ်ပါး လောကမှ ပသာဒကောင်းရာ ဗာဟိရကုသိုလ်မျိုးတို့ကို ကြိုးကြိုးစားစား အားထုတ်မှုတို့ကို ပြု၍ နေကြကုန်သော သူတို့သည် အတင်းဆွဲငင်ရာ ပါကြလေကုန်သော သူတို့တည်း၊ ထိုသို့သောအမှုတို့၌ လိုက်စား၍ နေချင်သော မိမိစိတ်စေတနာ ဗလဖွာတွေကို နာနာနှိပ်ကွပ် အတင်း သတ်၍ ဝိပဿနာမဂ်ပညာများကို ကောင်းစွာစွဲမြဲ အရခဲ၍ နေသောသူသည်မူကား ထိုစေတနာ ဆွဲငင်ရာသို့ မပါ မလိုက်သောသူပေတည်း။

ဤတွင်

ဈွေ့ကား မနောသဉ္စေတနာဟာရ ကမ္မဋ္ဌာန်း

အစီအရင် ပြီး၏။

www.dhammaransi.com



ဤသို့လျှင် ဆေးတစ်မြစ်တည်းနှင့်ပင် ခပ်သိမ်းသော အနာရောဂါကို အပြီးတိုင် ပျောက်ငြိမ်းစေနိုင်သော မြစ်ချင်းပြီး ဆေးထူးဆေးမြတ်ကဲ့သို့ တရားကိုယ် တစ်ပါးတည်းနှင့်ပင် ဒုက္ခခပ်သိမ်း တို့ကို အပြီးတိုင် ပျောက်ငြိမ်း စေနိုင်သော အာဟာရ ၄ - ပါး ကမ္မဋ္ဌာန်း အစီအရင်သည် ဤတွင်ပြီး၏။

* * *

## ၁၁ - နာမ်သက် ရုပ်သက် စစ်တမ်း

ယခုအခါ ခန္ဓာငါးပါး ကမ္မဋ္ဌာန်းကို အမြွက်မျှ ဆိုဦးအံ့။ ။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဤကား ခန္ဓာငါးပါးတည်း၊ ထိုငါးပါးတွင် ဝိညာဏ်ဆိုသည် ကား ဝိညာဏာဟာရပင်တည်း၊ သင်္ခါရဆိုသည်ကား ပဓာနအားဖြင့် မနောသဥ္စေ တနာဟာရပင်တည်း၊ ထို့ကြောင့် ဝိညာဏက္ခန္ဓာ သင်္ခါရက္ခန္ဓာ ၂ - ပါးတို့၌ အထူးဆို ဖွယ်ကိစ္စမရှိ။

ရုပ်သည် ကဗဠီကာရ အာဟာရနှင့် လွန်စွာ စပ်၏၊ ကဗဠီကာရ အာဟာ ရ အစီအရင်၌ အတွင်းဝင်နိုင်၏။ ။ ဝေဒနာသညာသည် ဖဿနှင့် လွန်စွာ စပ်၏၊ ဖဿာဟာရ အစီအရင်၌ အတွင်းဝင်နိုင်၏၊ "သလ္လသုတ်ပါဠိတော်" "တဏှာ သင်္ခါရသုတ် ပါဠိတော်" စသည်တို့၌ ဝေဒနာတစ်ခုနှင့် ကမ္မဋ္ဌာန်းကိစ္စ အပြီးတိုင် လာ၏၊ ဝေဒနာပရိဂ္ဂဟသုတ်၌ ဒီဃနခပရိဗိုဇ်သည် ဝေဒနာတစ်ခုနှင့် မဂ်ဖိုလ်ရ လေ၏၊ ဝေဒနာသည် ဉာဏ်နှင့် သိမ်းဆည်းခြင်းငှာ လွယ်လှ၏၊ ဝိညာဏ်ဖဿတို့ ကို သိမ်းဆည်းခန်း၌ပင် ဝေဒနာဖက်တွဲ၍ ပြခဲ့ရသည်၊ ထို့ကြောင့် ယခုကာလများ ၌ ဝိပဿနာ မနသိကာရကို လေ့ကျက်စွဲမြဲလိုသော သူတို့အား ဝေဒနာတစ်ခုကို ကမ္မဋ္ဌာန်းပြု၍ စွဲမြဲခြင်းငှာ သင့်မြတ်လှ၏၊ ကမ္မဋ္ဌာန်း အစီအရင်မှာ ဝိညာဏ်၌ ပြခဲ့ပြီးသော နည်းလမ်းနှင့်ပင် ပြီးပါ၏။

သညာဆိုသည်ကား အာရုံကို မှတ်ခြင်း အမှုတည်း၊ အမိဝမ်းက ဖွားမြင် သည်မှစ၍ ဤကား အမိ, ဤကား အဖ အစရှိသည်ဖြင့် တွေ့ကြုံသမျှ အထည် ဝတ္ထု စသည်တို့ကို တွေ့ကြုံတိုင်း တွေ့ကြုံတိုင်း မှတ်မှုတည်း၊ ထိုသို့ မှတ်ခဲ့မှုကြောင့် ယခု ပြန်၍ အောင့်မေ့လိုက်လျှင် စိတ်ထဲကျင် ပေါ်လာကုန်၏။ ။ စိတ်ဆိုသည်ကား မှတ်မှုမဟုတ်၊ သိမှုသာတည်း၊ ရှေးရှုမိသော အာရုံကို သိမှု ထင်မြင်အောင် ပြုမှုသာ

www.dhammaransi.com



တည်း၊ စိတ်အလိုအားဖြင့် တွေ့ဖူးသော အာရုံကို ပြန်၍ အောင့်မေ့သော်လည်း ပေါ်လာခွင့်မရှိ၊ ယခု သိပြီး သိပြီးတွေ ဖြစ်၍နေသမျှသည် ရှေးသညာ ကျေးဇူးတည်း။

သညာမရှိလျှင် မိမိနာမည်ကိုပင် မှတ်မိနိုင်ဖွယ်မရှိ။ ။ စိတ်သည် ရှေးရှုမိတိုင်းသော အာရုံကို ပြပေ၏၊ စိတ်ပြတိုင်း ပြတိုင်းကို သညာက မှတ်၏။ ။ စိတ်မမီနိုင်သော သဘောအချက်စုကို ပြနိုင်သည်ကား ပညာပဲတည်း၊ ပညာပြတိုင်း ပြတိုင်းကိုလည်း သညာကမှတ်၏၊ ပညာလည်း မှတ်သမားမဟုတ်၊ သိသမားသာတည်း၊ စိတ်သည် မျက်လှည့်သည်နှင့်တူ၏၊ မဟုတ်သည်ကို အဟုတ်ကြီးလုပ်၍ ပြတတ်၏၊ မရှိသည်ကို အရှိကြီးလုပ်၍ ပြတတ်၏၊ သညာသည် စိတ်ပြတိုင်းကို အဟုတ်မှတ်၏၊ ပညာကား အမှန်အဟုတ်ကိုသာ ပြ၏၊ သညာသည် ပညာပြတိုင်းကိုလည်း မှတ်၏၊ သို့သော်လည်း စိတ်သည်သာ အစဉ်ထာဝရ အတူအမြဲနေ၏၊ ပညာကား တစ်ခါတစ်ရံသာ တွေ့သာဖြစ်၏၊ ထို့ကြောင့် စိတ်နှင့် ပညာ တစ်ဖက်တစ်လမ်း အငြင်းအခုန်ဖြစ်ကြသည်ရှိသော် စိတ်ဘက်ကသာ အခိုင်အလုံ သက်သေကြီးလုပ်၏၊ လုပ်ပုံကား ပညာက ဤကိုယ်ခန္ဓာကို အနိစ္စဆို၏၊ စိတ်က နိစ္စဆို၏၊ အငြင်းအခုန် ဖြစ်ကြ၏၊ သညာက နိစ္စသာ အမှန်ဖြစ်ကြောင်း အစဉ်ထာဝရ လက်ရှိလက်မကွာ မှတ်သားချက်တွေကို တင်ပြ၍ နိစ္စဘက်က သက်သေခံ၏၊ ထို့ကြောင့် ဉာဏ်နှင့် အနိစ္စ အနိစ္စဟု ရှုဆင်ခြင်ရာ စိတ်သညာတို့က အနိစ္စကို ခုခံငြင်းပယ်၍ နိစ္စကို အတည်ပြုမြဲပြုကြကုန်၏၊ သောတာပတ္တိမဂ်သို့ ဆိုက်မှ နိစ္စဘက်က လုံးလုံးရှုံး၍ အနိစ္စ အတည်ဖြစ်ရ၏၊ သုခ ဒုက္ခ ငြင်းခုန်မှုမှာ အရဟတ္တမဂ်သို့ ဆိုက်မှ ပညာက လုံးလုံးနိုင်၏၊ ဒုက္ခအတည် ဖြစ်လေ၏၊ အတ္တ အနတ္တ ငြင်းခုန်မှုမှာ သောတာပတ္တိ မဂ်တွင် အနတ္တအတည်ဖြစ်လေ၏၊ ဥပမာကား ဘီလူးမသည် စားခြင်းငှာ နတ်သမီး ယောင်ဆောင်၍ ပြ၏၊ စိတ်သည် ဆောင်ပြတိုင်း မြင်၏၊ သညာသည် မြင်တိုင်းမှတ်၏၊ ဖဿသည် မှတ်တိုင်း မျက်စိမှာတွေ့၏၊ ဝေဒနာသည် တွေ့တိုင်း လှလေခြင်းဟု ဝမ်းမြောက်၏၊ စေတနာသည် လောဘကို ဆော်၍ထ၏၊ လောဘသည် အလွန် ချစ်ကြိုက်၏၊ ထိုသတ္တဝါ ဘီလူးစာ ဖြစ်လေ၏၊ ပညာရှိသူ တစ်ယောက်ကို ထိုအတူ ပြပြန်၏၊ စိတ်သည် နတ်သမီးအသွင် မြင်၏၊ ပညာသည် အရိပ်မထွက်မှု စသည်ကို ဆင်ခြင်၍ ဘီလူးမတည်းဟု သိ၏၊ ဖဿသည် ဘီလူးမအနေနှင့် တွေ့၏၊ ဝေဒနာ သည် တွေ့တိုင်း မကောင်းစွဟု နှလုံး မသက်သာကြီးဖြစ်၏၊ စေတနာသည် အလွတ်ထွက်ရန် ဉာဏ်ဝီရိယကို ဆော်၍ထ၏၊ ဉာဏ်ဝီရိယ အစွမ်းဖြင့် ထိုသူချမ်း သာစွာ လွတ်လေ၏၊ ဤသို့ သညာ ဝိညာဏ် ပညာ သုံးပါးတို့၏ အစွမ်းကို သိရာ ၏၊ စိတ်သညာတို့သည် ပညာနံ့သော သူတို့သန္တာန်မှာ ပညာယောင်ဆောင်၍ နေတတ် ကုန်၏၊ ထိုသူတို့သည်

www.dhammaransi.com



သညာသိ စိတ်သိကိုပင် ပညာသိ ထင်ရကုန်၏၊ စိတ်သညာ အလိမ်မိကြကုန်၏၊ မိစ္ဆာဒိဋ္ဌိလမ်းတည်း။ ။ သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသ ဤကား မိစ္ဆာ အနု အလတ် အရင့် သုံးပါးတည်း၊ သညာကား မိစ္ဆာ အနုတည်း၊ စိတ်ကား မိစ္ဆာအလတ်တည်း၊ ဒိဋ္ဌိကား မိစ္ဆာအရင့်တည်း၊ အနုမှ အလတ် ဖြစ်၏၊ အလတ်မှ အရင့်ဖြစ်၏၊ စိတ်သညာ အလိမ် မမိကြရအောင် သတိ ကြီးကြီး ထားကြလေ။

သညာသဘောကို ပြဆိုချက် ပြီး၏။

* * *

ကြွင်းသော ပရိညာ သုံးပါး အစီအရင်မှာ ဝိညာဏ် ဖဿတို့နှင့် မထူးပြီ။

ဤဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူသော နာမ်ခန္ဓာလေးပါးတို့မှာလည်း တစ်ပါးတစ်ပါးနှင့်ပင် အရဟတ္တမဂ်သို့ ဆိုက်နိုင်သည်ချည်း မှတ်လေ၊ ရူပက္ခန္ဓာနှင့်မူကား အနာဂါမိ မဂ်သို့သာ ဆိုက်နိုင်သည်၊ အနာဂါမိ မဂ် သို့ ဆိုက်လျှင်လည်း အရဟတ္တမဂ်သို့ ကူးရန် မျက်စိပေါက်ပြီ လမ်းပေါက်ပြီဖြစ်၍ မခဲယဉ်းလှပြီ၊ ယခုဘဝပင် မရသော်လည်း ဗြဟ္မာ့ပြည်မှာ ဧကန္တ ရတော့မည်၊ ဧကန် ရလတ္တံ့မျိုးကိုမူကား ရပြီးထဲမှာပင် စာရင်းသွင်းရိုး ရှိပါ၏၊ ထို့ကြောင့် ယခုအခါ သံသရာဘေးကို မြင်ကြ ကုန်သော သူတော်ကောင်းတို့သည် ခန္ဓာငါးပါးတွင် မိမိစိတ်သဘောတွေ့ရာ တစ်ပါးပါးသော ခန္ဓာကိုလက်စွဲ ကမ္မဋ္ဌာန်း ပြုလုပ်၍ အားထုတ်ကြကုန်ရာတည့်။

ထိုငါးပါးတွင် နာမက္ခန္ဓာ လေးပါးတို့မှာ ပြဆိုခဲ့ပြီးသော နာမ်အာဟာရ တို့၌ ပါဝင်ကြကုန်ပြီးဖြစ်၍ ကမ္မဋ္ဌာန်းအစီအရင် ပြဆိုခွင့် မရှိကြကုန်ပြီ။

ရူပက္ခန္ဓာ ကဗဠီကာရ အာဟာရ၌ ပါဝင်ခဲ့သော်လည်း မထင်ရှား လှသေးသည်ဖြစ်၍ ဤအရာ၌သိသာ ထင်ရှားရုံမျှ ပြဆိုဦးအံ့။ ။ ရုပ်ကမ္မဋ္ဌာန်းကို အားထုတ်သောသူသည် ဉာဏ်ထက်သောသူ ဉာဏ်နုံ့သောသူ ဟူ၍ နှစ်သူရှိ၏၊ ဉာဏ်ထက်သောသူမှာ ရုပ်ဟူ၍ တစ်လုံးတည်းနှင့် ပြီးနိုင်၏၊ ဉာဏ်နုံ့သောသူမှာ သုတ္တန်ဒေသနာ၌ ဝေဖန်သောနည်းအတိုင်း ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော ဓာတ်ကြီး လေးပါးနှင့် ကြွင်းသမျှ ရုပ်သေး, ရုပ်ငယ်စုကို ဥပါဒါရုပ်ဟူ၍ ငါးလုံးစေ့အောင်

www.dhammaransi.com



သင်ကြား မှတ်သားရာ၏၊ မြန်မာဘာသာအားဖြင့် ရေ, မြေ, မီး, လေဟူ၍ ဓာတ်ကြီး လေးပါးလုံး ရုပ်သေးစုတစ်လုံး ဤသို့မှတ်ရာ၏။

တစ်လုံးတည်း အစီအရင်၌ သမ္မသနညာဏ် ဥဒယဗ္ဗညာဏ် နှစ်ပါးတွင် သမ္မသနညာဏ် အစီအရင်ကို ရှေးဦးစွာ ဆုံးမရာ၌ မီးဓာတ်ကို အမွန်ပြု၍ ဆုံးမမှု သည် မြင်လွယ်လှ၏။ ။ ရဲရဲညီးသော ရှားမီးကျီးခဲမှာ မီးသဘောကို ထင်မြင် အောင် ပြုရာ၏၊ မီးသဘောဆိုသည်ကား တေဇော ဆိုသည်နှင့်အညီ တရှိန်ရှိန် တရွရွ ထမြဲ ကြွမြဲ ပွားစီးမြဲ ဓမ္မတာတည်း၊ ထိုသို့ တရှိန်ရှိန် တရွရွ ထမှု ကြွမှု ပွားစီးမှုကြောင့် ပင်လျှင် တေဇောခေါ်ရသည်။ ဥတုလည်းခေါ်ရသည်၊ တရှိန်ရှိန်တရွရွထမှု ကြွမှု ပွားစီးမှုလည်း မျက်မြင်ပင်တည်း။ ။ တရှိန်ရှိန် တရွရွ ထမှု ကြွမှု ဆိုသည်ကား မီးပွားပင်မှုတည်း၊ မီးပွားမှု ဆိုသည်ကား အမိမှသည် သားသမီးပွား၏၊ ထိုသားသမီး မှလည်း သားသမီးတစ်ဆင့် ပွားပြန်၏၊ ဤသို့ အဆင့်ဆင့် ပေါက်ပွားမှုကို မီးပွားသည် ဆိုသတည်း။ ။ ဤသို့ ပွား၍ နေသည်ကို တရှိန်ရှိန် တရွရွ ထကြွမှု ဆိုသတည်း။

အဟောင်း အဟောင်း တစ်သုတ် တစ်သုတ် ချုပ်ကွယ်မှုနှင့် အသစ် အသစ်စု တသုတ်တသုတ် ဘွားခနဲ ဘွားခနဲ ဖြစ်ပေါ်မှု အကူးအယှက်အတွက် ရွရွ ရွရွ ထမှု ကြွမှု ဖြစ်၍နေသည်၊ အနီးအနားသို့ ချဉ်းကပ်၍ စေ့စေ့ ကြည့်ခဲ့မူ ရွမှု ထကြွမှု မြန်ပုံကို သိသာလှ၏၊ ရွမှု ထကြွမှု ပွားစီးမှု မြန်ပုံကို မြင်လေလေ ချုပ်ကွယ် ပျောက်ဆုံးမှု မြန်ချက်ကို သိသာလေလေတည်း၊ မီးတောက်ရွမှုမှာလည်း ဤနည်း တူ၊ မြစ်ရေအယဉ် စီးသွားရာ၌ ရွမှု ပွားမှု လှုပ်ရှားမှုမှာလည်း ဤနည်းတူသိလေ။

တစ်ခုတစ်ခုသော ပရမတ္ထ သဘောတရား မည်သည် မျက်စိမြင်လောက် အောင် ရွသည်ကြွသည် လှုပ်ရှားသည်ဟူ၍မရှိ၊ တသုတ် တသုတ် အသစ် အသစ် ဖြစ်ပေါ်ပေါက်ပွားမှု အတွက်နှင့် လှုပ်ရှားခြင်းသာတည်း။ ။ ဤအရာ၌ စိတ်သိ ညာဏ်သိ နှစ်ပါး ရှင်းလင်း၍ ပြဆိုရာ၏၊ ဥပမာတစ်ခုကို ပြဆိုဦးအံ့၊ ညဥ့်အမှောင် တွင်းမှာ မီးအိမ်ထွန်း၍ ခရီးသွားလာရာ၌ လမ်းမြေအစဉ်မှာ မီးရောင် အကွင်းကြီး သည် စိတ်သိမှာ ချုပ်ကွယ်ခြင်းမရှိဘဲ ထိုသူသွားရာ အစဉ်လိုက် နေသည်ဟု သိ၏၊ ထင်၏၊ မြင်၏၊ ညာဏ်သိမှာ ရောက်ရာ ရောက်ရာ၌ အစဉ်တစိုက် အသစ်အသစ် ဖြစ်ပေါ်မှုခြင်း စပ်၍ ဆက်၍ သွားခြင်းသည်သာ ဖြစ်သည်၊ ဖြစ်ရာဖြစ်ရာ ဌာနမှာ မချုပ် မပျက်ဘဲ ရွေ့ရှား၍ သွားနိုင်သော တရားစုမဟုတ်၊ နောက်မှ မှောင်ကြီး အစဉ်လိုက်၍ နေသည်ဟု ထင်မြင်ရာ၌လည်း အစဉ်တစိုက် အဟောင်းအဟောင်း

www.dhammaransi.com



ချုပ်ပျက်ရာ ချုပ်ပျက်ရာ ဌာန၌လည်း အစဉ်တစိုက် မှောင်ခါတ်စု အသစ် အသစ် ဖြစ်ပေါ်မှုချင်း စပ်၍ သွားမှုသာ ဖြစ်သည်ဟုသိ၏။

တစ်နည်း ဥပမာကား စာပို့ မီးရထား စက်ကုန်လွှတ်၍ သွားရာ၌ မျက်မြင် ဥပမာတွင် ရှိသော တောတောင် သစ်ပင် မြေပြင် လယ်ယာတို့ကို စိတ်မြင်မှာ ချာ ချာ ချာချာလည်၍ ပြေးနေကြသည်ဟု မြင်၏၊ ဉာဏ်မြင်မှာ ဆင်ခြင်ခြင်းရှိသော ကြောင့် မီးရထားကသာ ပြေးနေသည်၊ တောတောင် စသည်က ရွေ့ကြသည် မဟုတ် ဟု မြင်၏၊ ဤသို့ အရာတိုင်း အရာတိုင်းမှာပင် စိတ်မြင်ကား မြင်တိုင်း မဟုတ်မမှန် သည်သာ များ၏၊ ဉာဏ်မြင်သည်သာ မြင်တိုင်း ဟုတ်မှန်၏ဟု သိရာ၏၊ တကယ်ဟုတ် တကယ်မှန်ကို ရွေးချယ်ရာ အခန်းမျိုး၌ စိတ်မြင်စိတ်ထင် ဟူသမျှကို မဟုတ်မမှန် ဘက်မှာ လုံးလုံးထားလေ၊ အာရုံသို့ ရှေးရှုလိုက်လျှင် စိတ်မြင်စိတ်ထင် ပွဲဦးထွက်၍ လာမြဲ ထိုပွဲဦးထွက်၍လာသော စိတ်မြင်စိတ်ထင်ကို ပယ်ဖျောက်နိုင်ပါလျှင် အဟုတ် အမှန် ပေါ်နိုင်သေး၏၊ မပယ်ဖျောက်နိုင်လျှင် အဟုတ်အမှန် မပေါ်ပြီ။

အဝေးမှ နေ၍ တောင်ကြီးကို ကြည့်ရာ၌ ညိုညို မဲမဲ တစ်ခုတည်း တစ်လုံး တည်း အနေကြီး မြင်သည်ကား စိတ်မြင်တည်း၊ အဝေးမှနေ၍ပင် ဉာဏ်ဖြင့် ထိုတောင် ပေါ်သို့ ရောက်၍ ကြည့်သည်ရှိသော် ညိုညိုမဲမဲလည်း မတွေ့ပြီ၊ တစ်ခုတည်း တစ်လုံးတည်းလည်းမဟုတ်၊ သိန်း သန်း အသင်္ချေ မကသော ကျောက်အမျိုးမျိုး သစ်ပင်အမျိုးမျိုး သစ်ကိုင်း သစ်ခက် သစ်ရွက် အမျိုးမျိုး တွေကိုသာ တွေ့မြင်၏။ တစ်ဖန် တောင်ပေါ်သို့ ရောက်၍ သွားသည်ရှိသော် ကျောက်အမျိုးမျိုး သစ်ပင် ချုံနွယ် သစ်ကိုင်း သစ်ခက် သစ်ရွက် အမျိုးမျိုးတွေကိုမြင်၏၊ စိတ်မြင်တည်း၊ ထိုစိတ်မြင်ကို ဉာဏ်ဖြင့် ဖျောက်ဖျက်၍ တကယ်ရှိ တကယ်ဟုတ်ကို ရှာပြန်သော် အဋ္ဌကလာပ် ရုပ်တွေကိုသာ တွေ့တော့သည်၊ ကျောက်လုံး ကျောက်ခဲ သစ်ပင် ချုံနွယ် သစ်ကိုင်း သစ်ခက် သစ်ရွက် သစ်ညွှန့်တွေ ပျောက်၍ ကုန်ပြန်၏။ ။ ပန်းချီဆရာ သည် တောင်သဏ္ဌာန်ကို ရေးလိုသော် အဝေးက နေ၍ ကြည့်မှရေးတတ်မည်၊ ရေးကွက်မြင်သည်၊ တောင်ပေါ်သို့ တက်၍ ကြည့်၍ ရေးမည်ဆိုလျှင် တောင်ရုပ်ရေးခွင့် မမြင်ပြီ၊ မရေးတတ်ပြီ၊ တစ်ဖန် သစ်ပင် သဏ္ဌာန်ရေးလိုသော် စိတ်မြင် အတိုင်း ဖမ်း၍ ရေးမှ ရေးကွက်ပေါ်သည်၊ ဉာဏ်မြင်အတိုင်း ရေးမည်ဆိုသော် အဏုမြူခန့် မျှ ရေးကွက်မပေါ်ပြီ၊ အဘယ်ကြောင့်နည်း ဟူမူ တကယ်ရှိ တကယ်ဟုတ် အကယ် မှန်ဖြစ်သော ပထဝီ အာပေါ အစရှိသော ပရမတ္ထဓမ္မမည်သည် အဏုမြူမျှ အထည် ဝတ္ထု ဒြပ်သဏ္ဌာန်ရှိကြသည် မဟုတ်လေသောကြောင့်တည်း။ ။ ထိုအဟုတ်ရှိ

www.dhammaransi.com



အမှန်ရှိ ကေန်ရှိဖြစ်သော ရုပ်တရား နာမ်တရားတို့၏ ဖြစ်မှု ပျက်မှုကား တစ်မျိုး၊ စိတ်မြင်ဖြစ်မှုကား တစ်မျိုး။ ။ နာမ် တရားကား ဥပါဒ်ခဏ, ဋ္ဌီခဏ, ဘင်ခဏ ဟူ၍ သုံးခဏ အသက်ရှည်မြဲ ဓမ္မတာတည်း၊ ထိုသုံးခဏသည်လည်း မျက်တောင် တစ်ခတ် လျှပ်တစ်ပြက် ခဏအားဖြင့် အစိတ်တစ်ထောင် စိတ်သော်လည်း တစ်စိတ် စာမျှ ရှည်ကြာမှုမရှိ။ ။ နာမ်တရားတို့၏ ထိုသုံးခဏ သုံးခုရှည်သော အသက်သည် တကယ်ရှိ၊ တကယ်ဟုတ်၊ တကယ်မှန်၏၊ တကယ်ရှိ တကယ်ဟုတ်သော အသက်မည် သည် သူ့ခဏ, သူ့အချိန် မစေ့စုံသမျှကို ချုပ်သည် ပျက်သည် သေသည် ဆုံးသည် ဟူ၍မရှိ၊ သူ့ခဏ, သူ့အချိန် စေ့စုံ၍ ချုပ်ချိန်ကျလျှင်လည်း မချုပ်သည်ဟူ၍မရှိ၊ မပျက်သည်ဟူ၍ မရှိ၊ မသေမဆုံးသည်ဟူ၍ မရှိ၊ ဤကား အဟုတ်ရှိ၊ အမှန်ရှိ၊ ကေန် ရှိဖြစ်သော အသက်၏ လက္ခဏာတည်း။ ။ နာမ်တရားတို့မှာ ခဏသုံးခုမျှသာ အဟုတ်သက် အမှန်သက် ရှိလေသောကြောင့် ဥပါဒ် ပေါ်ရှိပြီးသော နာမ်တရား တို့ကို ဥပါဒ်ခဏတွင် ချုပ်ပျက်လေအောင် ဋ္ဌီခဏသို့ မရောက်လေအောင် သဗ္ဗညု ဘုရား, သိကြား, ပြဟ္မာ တို့မှသော်လည်း မတတ်နိုင်ကောင်း၊ ဋ္ဌီခဏသို့ ရောက်ပြန် လျှင် ချုပ်ခြင်း ပျက်ခြင်း သေပျောက်ကွယ်ဆုံးခြင်း ဟူသော ဘင်ခဏသို့ မရောက် လေအောင် သဗ္ဗညုဘုရား, သိကြား, ပြဟ္မာ တို့မှသော်လည်း မတတ်နိုင်ကောင်း၊ ဘင်ခဏသို့ရောက်လျှင် ကေန် မုချ ချုပ်မြဲ ပျက်မြဲ ဓမ္မတာသာ ဖြစ်၏၊ ဖြစ်ပေါ် သော ပထဝီ အာပေါ တေဇော အစရှိသော ရုပ်တရားတို့သည်ကား နာမ်တရားတို့ ၏ ဆယ့်ခုနစ်စာ အသက်ရှည်ကုန်၏၊ ရုပ်တစ်သက်ကို နာမ်ဆယ်ခုနစ်သက်လိုက်ရ ၏၊ ရုပ် တစ်သုတ် တစ်သုတ်ကို နာမ် ဆယ့်ခုနစ်သုတ် ရ၏၊ ရုပ်တို့၏ အဟုတ်ရှိ သော အသက်မှန်သည် နာမ်သက် ဆယ့်ခုနစ် ပြန်ရှိ၏၊ ထိုနာမ်သက် ဆယ့်ခုနစ်ပြန် စာရှိသော ရုပ်သက်သည် အဟုတ်ရှိမျိုး အမှန်ရှိမျိုး ကေန်စင်စစ် ဖြစ်ပေသောကြောင့် ဖြစ်ပေါ်ပြီးသော တစ်ခုသော ရုပ်ကလာပ်ကို ထိုတစ်ဆယ့်ခြောက်ချက် အလွန် တစ်ဆယ့်ခုနစ်ချက် ရုပ်သက်မစေ့မစုံမီအတွင်းမှာ သဗ္ဗညုဘုရား, သိကြား, ပြဟ္မာ တို့မှသော်လည်း ချုပ်အောင် ပျက်အောင် မတတ်နိုင်ကောင်း၊ တစ်ဆယ့်ခြောက် ချက် အလွန် တစ်ဆယ့်ခုနစ်ချက်စေ့၍ ချုပ်ပျက်ချိန် သေချိန်ရောက်ပြန်လျှင်လည်း မချုပ်ရ မပျက်ရလေအောင် သဗ္ဗညုဘုရားတို့မှ သော်လည်း မတတ်နိုင်ကောင်း။

**ဤကား ၃၁ - ဘုံမှာ သက်ရှိ သက်မဲ့ အလုံးစုံတို့၌ ဉာဏ်ဖြင့်သိအပ်သော အဟုတ်ရှိ အမှန်ရှိ ကေန်ရှိဖြစ်သော အသက်၏ အပိုင်းအခြားတည်း။**

www.dhammaransi.com



စိတ်မြင်မှာမူကား သတ္တဝါတို့၏ အသက်သည် တစ်ဘဝလုံး ရှည်၏၊ တစ်ဘဝ အဆုံး အဆုံးတွင် သေသောအခါမှ ချုပ်၏၊ ပျက်၏၊ မသေမီအတွင်းမှာ ချုပ်သည် ပျက်သည် သေသည် ဆုံးသည် ဟူ၍ မရှိဟု မြင်သတည်း။ ။ ထိုစိတ်မြင်သော အသက်သည် အကယ်၍ ကေန်ရှိ ဖြစ်ခဲ့ငြားအံ့၊ အသက် တစ်ရာတမ်းမှာ လူသတ္တဝါတို့သည် အနှစ်တစ်ရာစီချည်း အမြဲတည်နိုင်ရာ၏၊ အနှစ်တစ်ရာ အသက် အတိုင်းအရှည် မစေ့စုံမီ အတွင်းမှာ မိုးကြိုးနှင့်ပင်ပစ်သော်လည်းကောင်း၊ မီးနှင့်ပင် တိုက်သော်လည်းကောင်း၊ ဓားလက်နက်နှင့်ပင် ခုတ်စဉ်းသော်လည်းကောင်း၊ လူတို့၏ ကိုယ်ခန္ဓာသည် ပျက်သည်ဟူ၍ မရှိရာ၊ ရှိန်းအန်သိဒ္ဓိ ပြီးစီး၍နေရာ၏၊ ထိုသို့ကား မနေ၊ သေခွင့်ဆိုက်လျှင် ပဌမအရွယ် ဒုတိယအရွယ် တတိယအရွယ် ဘယ်နာရီမှာ မဆိုသေ၏၊ ထို့ကြောင့် ထိုစိတ်မြင်သော အသက်သည် အဟုတ် ရှိသော အသက်မဟုတ်၊ အမှန်ရှိသော အသက်မဟုတ်ဟု သိသာလှ၏။ ။ မဟုတ်သည်ကို အဟုတ်ကြီး၊ မရှိသည်ကို အရှိကြီး မြင်တတ်သော စိတ်တရား၏လည်း အမှောက်အမှား မိစ္ဆာတရားဖြစ်ကြောင်းသည် ထင်ရှားလှ၏။

ချုပ်မှု သေမှုကို စစ်၍ ပြအံ့။ ။ သတ္တဝါတို့၏ ခန္ဓာကိုယ်၌ နာမ်သေမှု ရုပ်သေမှု ဟူသော သေမှု နှစ်ပါးလည်း ပဋိသန္ဓေ နေသည်မှ စ၍ တစ်ဘဝလုံးမှာ မျက်တောင်တစ်ခတ်မျှ လစ်လပ်သော အခွင့်မရှိပြီ၊ ရှေး၌ ပြဆိုခဲ့ပြီးသော နာမ်သက် ရုပ်သစ် အပိုင်းအခြားအတိုင်း ခဏမစဲ အစဉ်ဖြစ်၍နေ၏၊ ဝိညာဏာဟာရ၌ ပြခဲ့ပြီးသော ပဋိသန္ဓေတည်နေသည်မှစ၍ ဓားရာ ဓားချက်ချင်း စပ်အောင် အမြဲခုတ်နေသော သူသတ် ယောက်ျား ဥပမာကို ဤနေရာမှာလည်း သိလေ။

ထိုဥပမာ၌ ကိုယ်တွင်းမှာ ဓာတ်စာဆေးဝါး အခံ အမြဲရှိ၍ နေအောင် အစဉ်အားထုတ်၍ သွားနိုင်ပါလျှင် သေခွင့်ဆိုက်သော ဓားချက်တိုင်းမှာပင် အသားနုတက်၍ တက်၍ နေသဖြင့် အသက်ရှည်ကြာစွာ နေပြန်ရ၏ ဟူသော ဥပမာကဲ့ သို့ နာမ်သေမှု ရုပ်သေမှု ခဏမစဲ အစဉ်မြဲ၍ နေငြားသော်လည်း အသစ်အသစ် ဖြစ်ပေါ်မှုလည်း ခဏမစဲ အစဉ်မြဲ၍ နေလျက် ရှိပြန်၏၊ အနှစ်တစ်ရာ ဆိုက်အောင်ပင် သေဆုံးမှုလည်း ခဏမစဲ အသစ်ဖြစ်ပေါ် ဆက်လက်မှုလည်း ခဏမစဲ နှစ်ကြောင်းနှစ်သွယ် ယှဉ်တွဲ၍ လာခဲ့ကြသည်အတွက်ကြောင့် အနှစ်တစ်ရာသို့ ဆိုက်လာ၏။ ။ အဟောင်း အဟောင်း သေဆုံးချုပ်ပျောက်မှု အသစ်အသစ် ဖြစ်ပေါ်မှု နှစ်ကြောင်းနှစ်သွယ် ယှဉ်ပြိုင်၍ လာကြသည်တွင် အကြင်ချုပ်ဆုံးမှု ဓားချက်မှာ

www.dhammaransi.com



ဆက်လက်ဖြစ်ပေါ်မှု မလိုက်နိုင် မလာနိုင်ရှိ၏၊ ထိုအားချက်တွင် ထိုခန္ဓာ အစဉ် ပြတ်ဆုံးလေ၏၊ သတ္တဝါတို့၏ စိတ်သည်ကား ဤခန္ဓာအစဉ် ပြတ်ဆုံးသော သေမှု တစ်ခုကိုသာ မြင်၏၊ အသစ်အသစ် ဖြစ်ပေါ် ဆက်လက်မှု သန္တတိ ပညတ် ဖုံးလွှမ်း ကွယ်ကာ၍ နေသောကြောင့် ပဋိသန္ဓေတည်နေသည်မှစ၍ တစ်ဘဝလုံး မျက်တောင် တစ်ခတ်မျှ မလပ်မစဲ အမြဲ ဆိုက်၍ဆိုက်၍ လာခဲ့သော သေမှု အနိစ္စ ရောက်မှု ရုပ် သချိုင်း ကျမှု နာမ် သချိုင်းကျမှု တို့ကိုမူကား ပိတ်ပိတ်သားမမြင်၊ အကန်းလုံးလုံး ဖြစ်လေ၏၊ မမြင်သည့်အတွက်ကြောင့် ထိုသေမှု ချုပ်မှုတို့ကို မဟုတ်ဘူး မသေဘူးဟု ပယ်ချ၍ တစ်ဘဝလုံးမှ တစ်သက် ဟူသော အမြင်၊ တစ်သက်မှာ တစ်ခါသေမြဲဟူ သော အမြင်သည် ဖြစ်၏၊ ထိုအမြင်အတိုင်း သညာကလည်း မြဲမြဲကြီးမှတ်၏၊ ဒိဋ္ဌိ ကလည်း မြဲမြဲကြီး စွဲလမ်း၏။ ။ ဤအမြင်သည် သဗ္ဗညု မြတ်စွာဘုရားတို့ ချွတ် ၍မှ မကျွတ်နိုင်အောင် ခိုင်မြဲကြီးကျယ်လှ၏၊ ယခုအခါ သံသရာ၌ ငုတ်တုတ်ရှိ၍ နေကြကုန်သော ပုထုဇ္ဇဉ် သတ္တဝါတို့သည်ကား မိမိတို့၏ အမြင် အလိမ်ကြီးလှလှမိ ၍ နေကြကုန်၏။

အသက်မည်သည် အဟုတ်အမှန်အားဖြင့် နာမ်သက်ရုပ်သက်သာ ရှိကြောင်း သတ္တဇီဝဟု ထင်မှတ်ကြသော သတ္တဝါသက် မရှိကြောင်း၊ သေခြင်းဟူသည်လည်း အဟုတ်အမှန်အားဖြင့် နာမ်၏ သေခြင်း၊ ရုပ်၏ သေခြင်းသည်သာ ရှိကြောင်း၊ သတ္တဇီဝ၏ သေခြင်းဟူ၍ အသီးအခြား မရှိကြောင်းကို စစ်၍ပြပြီးအံ့။

နာမ်သက် ခဏသုံးခု ပမာဏရှိသည်ဟူရာ၌ တတိယခဏမူကား ချုပ်ခဏ, သေခဏ သာတည်း။ ။ သို့သော်လည်း နမ်၏ နောက်ဆုံးအစွန်းပါရှိလျက်နေ သောကြောင့် နာမ်သည် ခဏ ၃ - ခုစာ အသက်ရှည်၏ တည်နေ၏ဟု ဆိုရသည်။ ထိုခဏ ၃ - ခုစာ တည်နိုင်သော နာမ်သက် အဟုတ်ရှိမရှိကို ယုတ္တိစမ်းလို သော် ဖြစ်ပေါ်သော နာမက္ခန္ဓာလေးပါးကို ဥပါဒ် ခဏတွင် မိုးကြိုးနှင့်ခွင်း၍စမ်း၊ ဌီခဏတွင် မိုးကြိုးခွင်း၍စမ်း၊ ထို အသက်တကယ်ရှိ မဟုတ်ခဲ့လျှင် ဥပါဒ်မှုမှာပင် ထိုနာမ်စု ပျက်ဆုံးလိမ့်မည်၊ တတိယခဏသို့ မဆိုက်လာနိုင်လတ္တံ့၊ ထိုအသက်အမှန်ရှိခဲ့လျှင် ထိုခဏတို့၌ မိုးကြိုးနှင့် ခွင်းသော်လည်း ထိုနာမ်စုသည် ဖြုံဖြုံမှုမရှိလတ္တံ့၊ တတိယ ခဏသို့ဏကေန္တရောက်လာလတ္တံ့၊ ရောက်လာသည်သာဖြစ်၏၊ ထို့ကြောင့် ထိုနာမ်သက် အဟုတ်အမှန် ရှိသည်ကို သိအပ်၏။ ။ ရုပ်မှာလည်း နာမ်သက် ၁၇- ပြန်စာအတွင်း၌ မိုးကြိုးနှင့် ခွင်းသော်လည်း ဖြို ဖြုံမှုမရှိ နောက်ဆုံး ခဏသို့ ဆိုက်အောင် အသက်ရှည်၍ တည်နေမြဲတည်နေလတ္တံ့၊ ထိုသို့ တည်နေနိုင်သော နာမ်သက်, ရုပ်သက်

www.dhammaransi.com



အမှန်ရှိလေသောကြောင့် သူတို့ အသက်တမ်း မစေ့မီ အတွင်းမှာ မိုးကြိုးနှင့် ခွင်းသော်လည်း ကြောက်ခြင်း, လန့် ခြင်း, စိုးရိမ်ခြင်း ဖြစ်ခွင့်မရှိလေ။

**ဤကား တကယ်ရှိသော အသက်မှန်၏ သဘောလက္ခဏာတည်း။**
**နာမ်သက် ရုပ်သက် အမှန်ရှိကြောင်း စစ်တမ်းပြီး၏။**

## ၁၂ - ရူပက္ခန္ဓာ ကမ္မဋ္ဌာန်း၌ သမ္မသနဉာဏ် အစီအရင်

အသီးအသီး နောက်ဆုံး ခဏ၏ အနန္တရ ရှေ့ခဏ၌ ရောက်ဆိုက်၍ နေသော နာမ်ရုပ် ဘင်ခဏသို့ မရောက်စေခြင်းငှာ သဗ္ဗညုဘုရား သိကြား ဗြဟ္မာ တို့သည် တန်ခိုးအာနုဘော် နတ်ဆေး, နတ်ဝါးတို့နှင့် အားထုတ်ကြကုန်သော်လည်း ဘင်ခဏသို့ မရောက်ဘဲ ဌီခဏတွင် တည်နေအောင် မတတ်နိုင်ကုန်လတ္တံ့၊ အားထုတ် ကြဆဲမှာပင် ဘင်ခဏသို့ရောက်၍ ချုပ်ပျောက် သေဆုံးကြကုန်လတ္တံ့၊ ဤကား နာမ် ၏သေခြင်း, ရုပ်၏သေခြင်း အမှန်ရှိကြောင်းကို ပြဆိုသော ယုတ္တိတည်း။

သတ္တဇီဝဟု ဆိုအပ်သော သတ္တဝါ အသက်ဟူ၍ အဏုမြူမျှ လောကသုံး ပါး၌ မရှိ၊ အသက်ဆိုသည်ကား ရုပ်သက်, နာမ်သက်တို့မှာ ပြဆိုခဲ့ပြီးသော လက္ခဏာ အတိုင်း သူ့အပိုင်းအခြားသို့ မရောက်မီ အတွင်း၌ မိမိအပေါ်သို့ ပြင်းထန်စွာ မိုး ကြိုးပင်ကျသော်လည်း ကိစ္စမရှိသော လှုပ်ရှား ဖောက်ပြန်ခြင်းမရှိ၊ ပကတိအနေဖြင့် တည်နေနိုင်သော သဘော အထူးသည် အသက်မည်သတည်း။ ။ ရုပ်သက် နာမ်သက်မှတစ်ပါး တစ်ဘဝလျှင် တစ်သက်ဟူ၍လည်းကောင်း၊ မည်သူ အသက် ဆယ်နှစ်ရှည်၏၊ အနှစ် ၂၀ ရှည်၏၊ ၃၀ - ၄၀ - ၅၀ - ၆၀ - ၇၀ - ၈၀ - ၉၀- တစ်ရာ ရှည်၏၊ စတုမဟာရာဇ်ဘုံမှာ နတ်သက် အနှစ်ငါးရာ ရှည်သည်၊ တာဝတိံသာ ဘုံမှာ နတ်သက် အနှစ်တစ်ထောင်ရှည်သည် အစရှိသည်ဖြင့် ခေါ်ဝေါ်ပြောဆို ထင်မှတ်စွဲလမ်းကြသော သတ္တဇီဝ အသက်သည် အကယ်၍ အသီးအခြား ရှိခဲ့ငြား အံ့၊ ထိုထို အပိုင်းအခြား အတွင်းမှာ အာဟာရပြတ်ကင်းမှု၊ မိုးကြိုးကျခြင်း အစရှိ သော ဘေးကြီး ထိမှုပင် ရှိငြားသော်လည်း အသက်ခန္ဓာ လှုပ်ရှား ဖောက်ပြန်ခြင်း မရှိ၊ ပကတိအနေနှင့်သာ တည်နေရာသည်၊ ထို အပိုင်းအခြား အတွင်းမှာ တစ်စုံ တစ်ခုသော အဇ္ဈတ္တ ဗဟိဒ္ဓ ဘေးရန်အတွက်နှင့် ကြောက်လန့်ဖွယ်မရှိ၊ စိုးရိမ်ဖွယ်

www.dhammaransi.com



မရှိ၊ အေးချမ်းစွာ နေနိုင်ရာသည်၊ ထိုကိုယ်ကား တည်လည်း မတည်နိုင်၊ အာဟာရ ပြတ်မှု ဘေးကြီး ကြီးစွာထိမှုကို မခံနိုင်သည့် အတွက်ကြောင့်လည်း အာဟာရပြတ်မှုကို ကြောက်လန့်ရ စိုးရိမ်ကြောင့်ကြရခြင်း၊ ထိုထို အဇ္ဈတ္တဘေး, ဗဟိဒ္ဓဘေး ထိမည်ကို ကြောက်လန့်ရ, စိုးရိမ်ကြောင့်ကြရခြင်း ဒုက္ခတို့သည် ဘယ်အခါမှမစဲ အမြဲရှိ၍ နေကြကုန်၏။

ဆယ်နှစ် စသည်ကိုပင် မဆိုထားနှင့်ဦး၊ အာဟာရပြတ်မှု ထိုထို ဘေးကြီး ထိမှုတို့သည် ထိခိုက် ဆိုက်ရောက်လာငြားသော်လည်း တစ်နှစ်အတွင်းမှာ ကိစ္စမရှိဟု တစ်နှစ်တာမျှ အားကိုးရသော အသက်ဟူ၍ မရှိ၊ ထို့အတူ တစ်ဥတု စိတ်ချရသော အသက်ဟူ၍မရှိ၊ တစ်လစိတ်ချရသော အသက်ဟူ၍မရှိ၊ တစ်ရက်လုံးလုံး စိတ်ချရသော အသက်ဟူ၍မရှိ၊ တစ်နာရီမျှ စိတ်ချရသော အသက်ဟူ၍မရှိ၊ ငါ၏ ခန္ဓာ၌ ဘယ်ဘေးကြီးပင် ထိလာသော်လည်း မျက်တောင်တစ်ခတ်အတွင်းမှာ ကျင်နာခြင်း, ဖောက်ပြန်ခြင်းအတွက် ကြောက်လန့်ဖွယ်, စိုးရိမ်ဖွယ်မရှိဟု မျက်တောင် တစ်ခတ်မျှ အားကိုးရသော အသက်ဟူ၍မရှိ၊ မျက်တောင်တစ်ခတ်ကို ဆယ်စိတ် စိတ်၍ အစိတ်တစ်ရာ စိတ်၍ ကြည့်သော်လည်း အားကိုးဖွယ် အသက်မရှိသည်ကို အနှစ်သာရမရှိသည်ကို သိနိုင် ထင်နိုင်ရာပြီ၊ ရုပ်သက်, နာမ်သက်သာအမှန်ရှိ၏၊ ရုပ်သက်, နာမ်သက် ဟူသည် မျက် တောင် တစ်ခတ်ကို တစ်ထောင်မက စိတ်သော်လည်း တစ်စိတ်စာမျှ မရှိ၊ အလွန် တိုလှ၏၊

ဤကား စိတ်မြင် စိတ်ထင်နှင့် ခေါ်ဝေါ် ပြောဆို ထင်မှတ် စွဲလမ်း၍နေကြသော ဇီဝ အသက်ဟူ၍ အဟုတ်မရှိ အမှန်မရှိကြောင်းကို ပြဆိုချက်တည်း။

ရုပ်သေမှု, နာမ်သေမှုမှ တစ်ပါး ပုဂ္ဂိုလ်သေမှု, သတ္တဝါသေမှု ဟူ၍ အသီးအခြားမရှိကြောင်းကား ထင်ရှားသိသာလောက်ပြီ၊ ရှေး၌ ပြဆိုခဲ့ပြီးသော သူသတ်ယောက်ျား ဓားချက် ဥပမာအတိုင်း သိလေ။ ။ ဤသည်ကား အလွန် ကြီးကျယ်မှောက်မှားသော စိတ်မြင်မှုနှင့် အလွန်ကြီးကျယ်မှန်ကန်လှသော ဉာဏ်မြင်မှု နှစ်ပါးတို့၏ အထူးကို ပြဆိုသော အချက်တည်း။ ။ ဤစိတ်မြင် စိတ်ထင်မှုသည် အနိစ္စကို အချက်ရှာကြံသော ပုဂ္ဂိုလ် အနိစ္စမနသိကာရကို အားထုတ်သော ပုဂ္ဂိုလ်တို့မှာ အလွန ကြီးကျယ်စွာသော ဓမ္မန္တရာယ်ကြီးပေတည်း၊ ထို့ကြောင့် အတန်ငယ် အကျယ်ချဲ့၍ အထပ်ထပ် အခါခါ ပြဆိုလိုက်ပေသည်။

www.dhammaransi.com



ရှေးဦးစွာပြခဲ့သော ရှားမီးခဲမှ စိတ်မြင်, ဉာဏ်မြင် နှစ်ပါးခွဲနည်းကို ပြဆိုအံ့၊ ထိုရှားမီးခဲမှာ စွဲသည်မှစ၍ အကုန်လုံး မီးသေဆုံးသည့်တိုင်အောင် မီးသက်ရှည်၏ဟု ထင်မြင်သည်ကား စိတ်မြင်တည်း၊ ထမှု, ကြွမှု, ရှူမှု, တိုးမှု, ဆုတ်မှု, ငုတ်မှု, ပေါ်မှု, ပျောက်ကွယ်မှု, မျက်မြင် အစိတ်တွေကို ထောက်၍လည်းကောင်း၊ ရေနှင့်လောင်းလျှင် ဘယ်ခဏမှာမဆို သေဆုံးရန် အခွင့်ကို ထောက်မျှော်၍လည်းကောင်း ထိုမျှလောက် ရှည်နိုင်သော မီးသက်မရှိဟု မြင်သည်ကား ဉာဏ်မြင်တည်း။

တဖန် ရှရှ ရှရှ တစ်သုတ် တစ်သုတ် ထကြွသည်ကို မျက်စိနှင့် မြင်ရာ၌ တစ်သုတ်ထတွင် အစ, အလယ်, အဆုံးတိုင် တစ်မီးတည်းသာ တည်းဟု ထင်မြင်သည်ကား စိတ်ထင် စိတ်မြင်တည်း။

တစ်သုတ်ထ ဆိုသည်ကား မျက်တောင်တစ်ခတ် အနည်းမြင်ရာ၏၊ ထိုမီးသည် အကယ်၍ မျက်တောင်တစ်ခတ် ရှည်ကြာအောင် တည်နေနိုင်သော မီးသက်ရှိခဲ့သည်ဖြစ်အံ့၊ ရေများစွာနှင့် လောင်းသော်လည်း မျက်တောင်တစ်ခတ်အတွင်းမှာပင် သေဆုံးနိုင်ရာသော အခွင့်မထင်လေရာ၊ ဉာဏ်နှင့် ဆင်ခြင်သည်ရှိသော် မျက်တောင်တစ်ခတ်အတွင်းမှာ ရေဘေးထိသည်ကို ခုခံ၍ တည်နေနိုင်ရာသော အသက်ဇီဝ အနှစ်သာရကို မတွေ့လေရကား မျက်တောင်တစ်ခတ်အတွင်းမှာ အခါခါ သေဆုံးနိုင်ရာသော အခွင့်ကိုသာ မြင်သည်ကား ဉာဏ်မြင်တည်း။

ဉာဏ်မြင်ဆိုသော်လည်း သဘောယုတ္တိကို မြော်၍ အတပ်မုချ အမှန်ဆသော အနုမာနဉာဏ် အမြင်ပေတည်း၊ ဤဝိပဿနာ အရာ၌မူကား မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှထက် အသက်မရှည်မှုကို ထင်မြင်နိုင်လျှင်ပင် ပြီးစီးရာပါ၏၊ ထိုမျှလောက် အသက်တိုသည်ကို ကောင်းစွာ မြင်နိုင်လျှင်ပင် ခိုကိုးစရာ မရှိကြောင်း သတ္တ, ဇီဝ, အတ္တ မဟုတ်ကြောင်း ထင်ရှားလှလေပြီ၊ ဝိပဿနာ ဉာဏဒဿနမှု မည်သည် ရှေးဦးစွာ နိစ္စသညာ, နိစ္စစိတ္တ, နိစ္စဒိဋ္ဌိ, အတ္တသညာ, အတ္တစိတ္တ, အတ္တဒိ ဋ္ဌိ တို့ကို တွန်းလှန် ပယ်ဖျက်မှုတည်း၊ အနမတဂ္ဂ သံသရာ၌ အစဉ်ထာဝရ အမြဲအစွဲ တည်ထောင်၍ လာခဲ့သော ထိုသညာ စိတ္တဒိဋ္ဌိတို့သည် အနုမာန အမှန်ဆသော သဘာဝယုတ္တိဉာဏ် အမြင်များကိုမူကား ဖြုံဖြုံမျှ မရှိကြသေးကုန်၊ အလျှင်ထန်စွာ စီးသွားသော ရေမှာ ရေးသားလိုက်သော အရေးအကြောင်းကို ထိုရေအလျှင်သည် ခဏခြင်းဖုံးလွှမ်း လေသကဲ့သို့ ထိုသညာ စိတ္တ ဒိဋ္ဌိတို့သည် ထိုဉာဏ်မြင်ချက်ကို ခဏခြင်း ဖုံးလွှမ်းနိုင်ကြကုန်၏၊ မျက်စိဖြင့် မြင်သကဲ့သို့သော ဒိဋ္ဌပစ္စက္ခ ဉာဏ်အမြင်သည်သာလျှင် ထိုမိစ္ဆာ ဘိနိဝေသ တရားတို့ကို လှုပ်ရှားစေခြင်းငှာ အခြေအနေပျက်...

www.dhammaransi.com



စေခြင်းငှာ၊ ရုတ်တရက် မဖုံးလွှမ်းနိုင်စေခြင်းငှာ တတ်စွမ်းနိုင်သည်၊ ငရဲကို ကြောက်စေခြင်းငှာ ငရဲဒုက္ခကို ပြောသော်လည်း ပြောဆဲ ဟောဆဲ ခဏမှာမှ အနိုင်သာ ကြောက်စိတ် ဖြစ်ကြသည်၊ သီဟိုဠ်မှ စန္ဒဂုတ္တမထေရ် ကဲ့သို့လည်း ကောင်း၊ သံကိစ္စရသေ့ သရဘင် ရသေ့တို့ကဲ့သို့ လည်းကောင်း၊ တန်ခိုးဖြင့် မြေကြီး ကို ခွဲ၍ ငရဲကြီးရှစ်ထပ်ကို ဒိဋ္ဌပစ္စက္ခ မြင်နိုင်ကြအောင် ဖော်ပြ၍ ဟောမူကား ယခု အခါလည်း လွန်စွာ ကြောက်လန့်၍ မမေ့နိုင်အောင် ရှိကြလတ္တံ့၊ ဤဥပမာကဲ့သို့မှတ်။

သတ္တဝါတို့၏ စိတ်မှာလည်း မျက်တောင်တစ်ခတ်ဆိုလျှင်ပင် မြန်လှပြီ၊ ထို ထက် အသေးစိတ် ရှုရမည်ဆိုလျှင် ပိုင်းပိုင်းခြားခြား ထင်မြင်နိုင်တော့မည် မဟုတ် ပြီ၊ ပိုင်းပိုင်းခြားခြား မထင်မမြင်နိုင်ကလည်း ဝိပဿနာ ဉာဏဒဿနမျိုးမဟုတ်၊ ပြဆိုခဲ့ပြီးသော အနုမာန ဉာဏဒဿနမျိုးသာ ဖြစ်ရာ၏၊ ဤလည်း တစ်ကြောင်း၊ ဝိပဿနာ ဉာဏဒဿန အလုပ်မည်သည် ပြဆိုခဲ့ပြီးသော သညာ စိတ္တ ဒိဋ္ဌိ တို့ အမြင်ကို ဖျက်ဆီးမှုတည်း၊ ထိုအမြင်ကို ဖျက်ဆီးမှုတွင်းလည်း အတ္တဟုမြင်သော သညာ စိတ္တ ဒိဋ္ဌိတို့ကို ဖြိုဖျက်မှုကို ရှေးဦးစွာ အလိုရှိအပ်၏၊ အနိစ္စဉာဏ် ဒုက္ခဉာဏ် တို့မှာလည်း အနတ္တကို ပိုင်းပိုင်းခြားခြား ထင်မြင် ဆုံးဖြတ်နိုင်လောက်အောင် သိကြလျှင် ပြီးသေးတော့သည်၊ အနတ္တပြီးလျှင် အနိစ္စပြီးတော့သည်၊ ဒုက္ခမှာမူကား အရဟတ္တမဂ်သို့ ရောက်မှ ပြီးနိုင်သည်၊ ထိုအတ္တ သညာ စိတ္တ ဒိဋ္ဌိတို့သည်လည်း မျက်တောင် တစ်ခတ်ထက် မြန်ရာကို လိုက်၍ စွဲလမ်းနိုင်ကြကုန်မည် မဟုတ်ကုန်၊ ဤသို့စွဲလမ်းရာ နယ်ကုန်လျှင်ပင် သူတို့ခိုနိုင်ကပ်နိုင်ကြတော့မည်မဟုတ် ဤလည်း တစ်ကြောင်း၊ သို့အကြောင်းများကြောင့် အနိစ္စပရိညာကိစ္စနှင့် ဖြစ်မှုချုပ်မှုကို ရှုစဉ်အခါ၌ ကောင်းကောင်း မြင်သာထင်သာသော မျက်တောင်တစ်ခတ် လျှပ်တစ်ပြက် အစရှိသော သန္တတိ အနိစ္စကိုသာ ထင်လင်းအောင် အကွက်အချက်ပြ၍ ဆုံးမသွန်သင်ရာ သတည်း။

**ဤကား ပုံစံပြုရန် ထုတ်ပြလိုက်သော ရှားမီးခဲရှိ**
**မီးဥပမာ စစ်တမ်းတည်း။**

မိမိ၏ ရူပကာယ ခန္ဓာကြီးသည် အပ်သွားရာမျှ အဏုမြူမျှ မလပ်ရအောင် ကိုယ်ခန္ဓာကြီးနှင့် အပြည့်အနှက် ရှိနေသော ပရမတ္ထမီးစုသည်လည်း ထိုရှားမီးခဲရှိ မီးနှင့်အတူ တထပ်တည်းပင် ဖြစ်၍လည်းကောင်း၊ ဤခန္ဓာကိုယ်ကြီးသည်လည်း ဓာတ် မီး၏ အစီးအပွားကြီး ဖြစ်ချေ၍လည်းကောင်း၊ ရှားမီးခဲရှိ မီးသည်လည်း ခဏမစဲ

www.dhammaransi.com



တကြွတည်းကြွ၊ တရွတည်းရွ၍ နေဘိသကဲ့သို့ မိမိကိုယ်ခန္ဓာရှိ မီးသည်လည်း ခဏမစဲ တကြွတည်းကြွ၊ တရွတည်းရွ၍သာ နေသည်ဟု ထင်မြင်နိုင်လတ္တံ့၊ ထိုသို့သော တစ်ကိုယ်လုံး တစ်ကောင်လုံး ခဏမစဲ အမြဲကြွရွ၍နေမှုကို ထင်မြင်နိုင်ပါလျှင် ရှေးက ပြဆိုခဲ့ပြီးသော ယုတ္တိအမျိုးမျိုးအတိုင်း တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ မျက်တောင်တစ်ခတ် အသက်ရှည်၍ မချုပ်မပျက်ဘဲ ခိုင်မြဲစွာ တည်နေနိုင်သော ရုပ်တရားဟူ၍ အဏုမြူမျှ မရှိကြောင်းကို ကောင်းစွာ ဉာဏ်မှာ ဆုံးဖြတ်နိုင်လတ္တံ့၊ ဆုံးဖြတ်ရုံသာ ဆုံးဖြတ်နိုင်သေးသည်၊ ဖြစ်မှု ချုပ်မှုတို့ကို ခြားခြားနားနား မမြင်နိုင်သေး။ ။ ရေပွက်ငယ်စုမှာ ထင်မြင်ရသော လူရိပ် မျက်နှာငယ်စုသည် ထိုထိုမှိုရာ ရေပွက်ငယ်စု ပျက်ဆုံးခဲ့လျှင် တည်ရာမရ ဧကန္တပျက်ဆုံးကြရန် အခွင့်ကို ကောင်းစွာ မြင်နိုင် သကဲ့သို့ ဤကိုယ်ခန္ဓာမှာ ရှိရှိသမျှသော နာမ်ခန္ဓာစုသည်လည်း ထိုထိုရုပ်ခန္ဓာ ပျက်ဆုံးရာ အထွေး အထွေး ပျက်ဆုံးကာပါလေ၏ဟူသော ဉာဏ်ဆုံးဖြတ်ချက်ကိုလည်း ရလတ္တံ့။ မိမိကိုယ်ခန္ဓာတစ်ခု ထင်မြင်နိုင်ပါသော် သတ္တဝါ အနန္တ ရုပ်ခန္ဓာ ဟူသမျှ ပြီးလေတော့သည်၊ မြင်းမိုရ်စကြဝဠာ မဟာပထဝီ အစရှိသော တေဇောဓာတ် မီး၏ အစီးအပွားဟူသမျှလည်း ပြီးလေတော့သည်။

ဤသည်ကား အနိစ္စလက္ခဏာကို သန္တတိ ဖုံးလွှမ်းသည်၊ သန္တတိကို ခွာ၍ရှုမှ အနိစ္စလက္ခဏာ ထင်နိုင်သည်ဟူသော အဋ္ဌကထာများအတိုင်း တေဇောကို အရင်းတည်၍ သန္တတိဖြစ်ပုံနှင့်တကွ သမ္မသနဉာဏ် အစီရင်တည်း။ ။ သန္တတိ ခွာနည်း ဖြတ်နည်းသည် အလွန်ပင် များပြား၏၊ ကမ္မဋ္ဌာန်းကို သွန်သင်ပြသသော ဓမ္မကထိက ဆရာ၏ ဉာဏ်စွမ်းပဋိဘာန်သည်သာ ပမာဏ ဖြစ်ချေသည်၊ ဤစာအုပ်မှာ တေဇောကို မူတည်၍ ပြသည်မှာ ဥပလက္ခဏနည်းမျှသာတည်း။

**ရူပက္ခန္ဓာ ကမ္မဋ္ဌာန်း၌ သမ္မသနဉာဏ်**
**အစီအရင်ပြီး၏။**

* * *

## ၁၃ - ဥဒယဗ္ဗဉာဏ်အစီအရင်

ယခုအခါ ရူပက္ခန္ဓာ၌ ဥဒယဗ္ဗဉာဏ် အစီအရင်ကို အမြွက်မျှပြဆိုအံ့။ ။ သမ္မသနဉာဏ်ဆိုသည်ကား ရုပ်တရား နာမ်တရားတို့၏ မျက်တောင်တစ်ခတ်

www.dhammaransi.com



လျှပ်တစ်ပြက်မျှ အသက်ရှည်၍ တည်နေနိုင်သော တရားမျိုး မဟုတ်ကြောင်းကို အဖန်ဖန် သုံးသပ်၍ ဆုံးဖြတ်နိုင်သော ဉာဏ်တည်း၊ ကိုယ်ခန္ဓာ၌ ခဏမစဲ အလုံးအခဲ တသဲသဲ ဖြစ်ပေါ်မှု ချုပ်ကွယ်မှုတို့ကို ပိုင်းပိုင်းခြားခြား ထင်မြင်နိုင်သောဉာဏ် မဟုတ်သေး၊ ယခုပြဆိုလတ္တံ့သော။ ။ ရှေးဖြစ်သော သမ္မသနဉာဏ် အချက်က ကောင်းစွာ နိုင်နင်း ရှင်းလင်းဖြတ်တောက်ခဲ့မှသာလျှင် ဥဒယဗ္ဗယဉာဏ် ကောင်းကောင်းဖြစ် နိုင်သည်၊ ဥဒယဗ္ဗယဉာဏ် မပိုင်မနိုင် ရှိနေခဲ့လျှင် သမ္မသနဉာဏ်အချက်က ချီ၍ချီ၍ ရှင်းလင်းရလိမ့်မည်။

ဥဒယဗ္ဗယဉာဏ် ပုံစံပြရန် ဥပမာကို ရှေးဦးစွာဆိုပေအံ့။ ။ ချိန်ဝန်ငါးပိဿာ ပမာဏ သပိတ်လုံးခန့်ရှိသော အလွန်သိမ်မွေ့လှစွာသော နုံးမြေဖြင့်ပြီးသော ခြောက်သွေ့ပြီးသော နုံးမြေခဲကြီးတစ်ခုကို စံပြုရာ၏။ ။ ထိုနုံးမြေခဲကို ဆေးကြိတ် ကျောက်လုံးဖြင့် အနှံ့အပြား လှုပ်ရှားရုံမျှ ထိပ်လယ်တည့်တည့်က ထုနှက်ရာ၏။ ။ ထိုသို့ ထုနှက်လိုက်သည်ရှိသော် ထုနှက်သည်နှင့် တပြိုင်နက် တစ်ချက်တည်း နုံးခဲကြီးတစ်ခုလုံး နုံးမြေမှုန့်တို့သည် တစ်မှုန့်မကျန် အတန်ငယ်စီ လှုပ်ကြွရွေ့ရှား ကြသည်ကို စိတ်ထဲတွင် အတပ်မြင်နိုင်၏။

ဤ၌ စိတ်မြင် ဉာဏ်မြင် . နှစ်ပါးခွဲနည်းကား - ထုနှက်သည်နှင့် တစ်ပြိုင်နက် တစ်ချက်တည်း တစ်ခဲလုံး နုံးမြေနုတွေ အခြေပျက် အနေပျက် လှုပ်ရှားရွေ့လျား၍ သွားသည်ကိုကား လူတိုင်းပင် မြင်နိုင်ကြ၏၊ တစ်ခဲလုံး အခြေပျက်၏လော၊ အနေပျက်၏လောဟု မေးသည်ရှိသော် အခြေပျက်ပါ၏ အနေပျက်ပါ၏ဟု ပြော ကြပေလတ္တံ့၊ အဘယ်သို့ အခြေပျက်သနည်း၊ အနေပျက်သနည်းဟုမေးသည်ရှိသော် တစ်ခဲလုံး လှုပ်ရှား၍သွားသည်၊ နုံးမြေမှုန့်အားလုံး အတန်ငယ် ရွေ့လျား၍သွားသည်ဟု ပြောကြလတ္တံ့။ ဤကား စိတ်မြင်အတိုင်း ပြောမှုတည်း၊ ဤစိတ်မြင်မှုမှာ အဘယ်သို့ အခြေပျက်သနည်း အနေပျက်သနည်းဟု အပျက်ကို မေးပါသည်ကို အပျက်ကို မြင်ပါလျက် ဖြစ်မှုသန္တတိ ဖုံးလွှမ်းသည့်အတွက် အပျက်သရုပ်ကို မမြင်သောကြောင့် ဖြစ်မှုကိုပင် အပျက်ပြု၍မြင်လေသတည်း။ ။ လှုပ်ရှားမှု ရွေ့လျားမှုကား အသစ် ဖြစ်ပေါ်မှု ထင်ရှားသော အဖို့တည်း၊ ထိုဖြစ်ပေါ်မှု အဖို့ကို အပျက် သရုပ်ပြု၍ ပြောဆိုခြင်းတည်း။ ။ ဉာဏ်အမြင်မှုကား ထုနှက်လိုက်သည်နှင့် တပြိုင်နက် တစ်ချက်တည်း ပျက်မှု တစ်လမ်း ဖြစ်ပေါ်မှုတစ်လမ်း နှစ်လမ်း မြင်၍ သွားသတည်း။ အနေပျက်မှု အခြေပျက်မှု ဟူရာမှာလည်း အနေအခြေဆိုသည်ကား မထုမီ မနှက်မီ ရှေးအဖို့က ရှိနေသော နုံးမြေမှုန့် ရုပ်ကလာပ်စုပေတည်း၊ ထိုနုံးမြေ မှုန့်

www.dhammaransi.com



ရုပ်ကလာပ်စု၏ တစ်ခုမကျန် အကုန်ချုပ်ပျက် ကွယ်ပျောက်၍ သွားသည်ကို အခြေပျက် အနေပျက် ဆိုသတည်း။ ။ လှုပ်ရှားမှု ရွေ့လျားမှုသည်မှုကား ပျက်မှု မဟုတ်၊ တစ်မျိုး အသစ်ဖြစ်ပေါ်မှုသာတည်း။ ။ ထိုနှစ်လမ်းတွင် ချုပ်ပျောက် ကွယ်ပျက်လမ်းသို့ သွားလေသည်လည်း ချိန်ဝန်ငါးပိဿာပင်၊ ယခု ထုနှက်ရာတွင်မှ အသစ် ဖြစ်ပေါ်ကြသော နုံးမြေမှုန့် ရုပ်ကလာပ်စုသည် ချိန်ဝန် ငါးပိဿာပင် ရှိလတ္တံ့၊ ဤကား ဉာဏ်မြင်တည်း။

ထိုနှစ်လမ်းတွင် အသစ်ပေါ်ရှိနေသော ရုပ်ကလာပ်တို့၏ အသစ်ဖြစ်ပေါ် မှု ဥပါဒ်ကို မြင်သည်ကား ဥဒယကို မြင်သော ဉာဏ်တည်း။ ။ ရုပ်ကလာပ် အဟောင်း ငါးပိဿာလုံး၏ တစ်ပြိုင်နက် တစ်ချက်တည်းကဲ့သို့ အကုန်အစင် ပျက်ဆုံး ကွယ်ပျောက်မှုကို မြင်သည်ကား ဝယဉာဏ်တည်း။ ။ အကုန်လုံး လှုပ်ရှား ရွေ့လျား ပြီးလျှင် ငြိမ် မငြိမ်၊ ဝပ်မြဲ ဝပ်၍ နေပြန်၏၊ ဤ၌လည်း လှုပ်ရုပ် ငါးပိဿာတို့၏ အကုန်အစင် ကွက်ပျက်မှု ငြိမ်ရုပ်ဝပ်ရုပ် ငါးပိဿာတို့၏ ယခုအသစ် ဖြစ်ပေါ်မှု နှစ်လမ်းတည်း။

စိတ်မြင်မှာ ထိုသို့ လမ်းမခွဲနိုင်သည်ကား အသစ်ဖြစ်ပေါ် ရွေ့လျားသော သန္တတိပညတ်သည် ချုပ်ကွယ်မှုအားလုံးကို ဖုံးလွှမ်း၏၊ ရုပ်ဟောင်းချုပ်ကွယ်ရာ၌ ချုပ်ကွယ်မှု မပေါ်ရအောင် တစ်ပြိုင်နက် တစ်ချက်တည်းအစား ထူထောင်မိအောင် ဖြစ်ပေါ်သော အမှုကို ဖုံးလွှမ်းသည်ဟု ဆိုသည်၊ ထိုစကားသည် မှန်၏၊ အကုန်ချုပ် ကွယ်ပြီးနောက် အတန်ငယ်ကြာမှ ဖြစ်ပေါ်မှုကား ချုပ်ကွယ်မှုလည်း အသီးအခြား ထင်ရှား သိသာလေရာ၏၊ ချုပ်ကွယ်၍သွားသော နုံးမြေမှုန့် ရုပ်ကလာပ်စုသည် ချိန်ဝန် ငါးပိဿာ အကုန်အစင်ပင်တည်း ဟူ၍လည်း ထင်ရှားသိသာလေရာ၏။ ။ ဤ၌ စိတ်အမြင်မှာ ပျက်သည်ဟူ၍ကား မြင်၏၊ ဤပျက်မှုသည် ဘင်ရုပ် ဟူသော မရဏရုပ် ဟူသော အနိစ္စတာရုပ် ဟူသော ပရမတ္ထမွေကြီး တစ်ပါးပင်တည်း ဟူ ၍လည်းကောင်း၊ ဘင်ရုပ် မရဏရုပ် အနိစ္စတာရုပ် မည်သည်ကား မိမိမှီရာ တည် ရာ သင်္ခါရဓမ္မတို့၏။ ။ အနိစ္စမျိုး စင်စစ်မှန်ကြောင်းကို သိရာသိကြောင်း ဆုံးဖြတ်ရာ ဆုံးဖြတ်ကြောင်း ဖြစ်၍ လက္ခဏာရုပ် ခေါ်သတည်း၊ မှီရာ သင်္ခါရဓမ္မ မရှိရာဌာန ၌ ရထိုက်သော တရားမဟုတ်၊ ထို့ကြောင့် ထိုအခြေပျက်ပါ၏၊ အနေပျက်ပါ၏ ဟူ သော စကား၏ အနက်ဖြစ်သော ပျက်မှုကြီး၏ နုံးခဲတစ်ခုလုံး အနှံ့အပြား ထင်၍ သွားသည်ကို မြင်လိုက်ရသဖြင့် ထိုအမှုကြီး၏ မှီရာကို ဉာဏ်ဖြင့် ရှာကြံသည်ရှိသော် မထုမနှက်မီက ရှိနေသော ချိန်ဝန်ငါးပိဿာခန့်ရှိသော နုံးမြေမှုန့် ရုပ်ကလာပ်စုပေ တည်း ဟု သိနိုင်လေသတည်း။ ။

www.dhammaransi.com



ဤမျှလောက်ကြီးမားသော အထည်ဒြပ်သည် ဤမျှလောက် လျှင်မြန်စွာ တစ်ပြိုင်နက် တစ်ချက်တည်း ကွယ်ပျောက်နိုင်ပါမည် လောဟု ဝိစိကိစ္ဆာသံသယ ပေါ်ပေါက် နှောင့်ယှက်၍ လာသည်ရှိသော် ရှေးသမ္မာသန ဉာဏ်တွင် သိမြင်ဆုံးဖြတ် ခဲ့ပြီးသော အနိစ္စအခြင်းအရာနှင့် ကောင်းစွာ ရှင်းလင်း၍ ဝိစိကိစ္ဆာကို ပယ်ရှားရမည်။ ။ သိမြင် ဆုံးဖြတ်ခဲ့ပြီးသော အနိစ္စ အခြင်းအရာဆို သည်ကား ရုပ်တရားတို့၏ မျက်တောင် တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်ရှည်၍ တည်နေနိုင်ခြင်းဟု သိမြင်ဆုံးဖြတ်မှုတည်း။ ဤ၌ ထုနှက်မှု တစ်ချက်တည်း လှုပ်ရှား၍ အခြေအနေပျက်၍ သွားမှုသည်လည်း မျက်တောင် တစ်ခတ် လျှပ်တစ် ပြက်မျှပင် ရှိရာသည်။ ။ ထိုသို့ တစ်ပြိုင်နက် တစ်ချက်တည်း လှုပ်ရှား၍ သွား အောင် စွမ်းနိုင်သော ပယောဂနှင့် ကြုံခဲ့မှုကား မြင်းမိုရ်တောင်ကြီး တစ်ခုလုံးသည် ပင်လျှင် ဤနုံးခဲအတူ ကွယ်ပျောက်နိုင်သည်သာ ဖြစ်ရာသတည်း၊ ကြီးသည် ငယ်သည် ပမာဏမဟုတ်၊ ပယောဂမှုသည်သာ ပမာဏ တည်း။ ။ မြတ်စွာဘုရားတို့၏ ဘုန်းတန်ခိုးတော်ကြောင့် ပဋိသန္ဓေ ယူတော် မူသောအခါ စသည်တို့၌ စကြဝဠာ ပေါင်း တစ်သောင်းတိုင်အောင် မဟာပထဝီ ပဲ့တင်ဟီး၍ အောက်ခြေသို့ အဆိုက် တုန်လှုပ်ရာ၌ ထိုနည်းတူ မြင်လေ ပျောက်ကွယ် လေသော ရုပ်ကလာပ်စုကို ပျောက် ကွယ်မှု ဘင်ကြီးနှင့်တကွ ခြားခြားနားနား ထင်မြင်နိုင်မှုသာလျှင် လှုပ်ရှားရွေ့လျား သည်ဟု ထင်မြင်ရသော ရုပ်ကလာပ်တို့ကို ဥပါဒ်ဇာတိနှင့်တကွ ပိုင်းပိုင်းခြားခြား ထင်မြင်နိုင်မည်၊ စိတ်အမြင်မှာ ဤကဲ့သို့ ပိုင်းခြားနိုင်သော အမြင်မျိုး မဟုတ်လေ သောကြောင့် ဖြစ်ရုပ် ပျက်ရုပ် မပြားမကွဲ နေလေရာ ဖြစ်ရုပ်ကား ပေါ်ပေါက်ထင် ရှား၍ လာသော အဖို့တည်း၊ ပျက်ရုပ်ကား ကွယ်ပျောက်၍ သွားသော အဖို့တည်း၊ ထို့ကြောင့် ကွယ်ပျောက်သော ရုပ်စုကိုမသိပြီ။ ။ ဤအရာ၌ အနုသာသက ဓမ္မကထိကဆရာ အစွမ်း ကောင်းလို လှ၏။ ။ ထိုနုံးခဲအတွင်းမှာ ထုနှက်မှုဒဏ်ကို ခုခံ၍ မချုပ်မပျက်ဘဲ တည်နေနိုင်သော ရုပ် တစ်စုံတစ်ခုမျှ မရှိသည်ကို အသိဉာဏ် ထင် ရှားအောင် ပြောပြရန် အခွင့်အလွန်ပင် များပြား၏။

(ဤကား ဥဒယဗ္ဗယဉာဏ် ပုံစံ ထုတ်ပြချက်တည်း၊ ပုံစံဆိုသော်လည်း အလွတ်ဇာတိရ ဆောင်ပြသော ပုံစံမျိုးမဟုတ်၊ ထင်ရှားလှသော ဥဒယဗ္ဗယ မှုကို ထုတ်ပြခြင်းသာတည်း။)

ပုံစံနှင့် တူစွာ ကိုယ်ခန္ဓာ၌လည်း ထင်ရှားရာအချက်ကို ပြဆိုအံ့။ ။ ရှေး ဦးစွာ ကိုယ်အင်္ဂါမှာ ဉာဏ်နိုင်လောက်ရုံ ကွက်ခြား၍ ရှုရာ၏၊ ဦးခေါင်းမှာ

www.dhammaransi.com



တစ်ခုသောနေရာ၌ လက်ဆုပ် စသည်ဖြင့် အနံ့အပြား လှုပ်ရှားအောင် ထိပါးတိုက်ခိုက်သောနေရာ၌ ဦးခေါင်းတစ်လုံး လှုပ်ရှားမှုသည် ပြဆိုခဲ့ပြီးသော ပုံစံဥပမာအတိုင်းပင် ထိပါး၍ အကုန် အနံ့အပြား ရုပ်တရားတို့ လှုပ်ရှားထကြွရာ၌ ရုပ်ဟောင်းချုပ်ကွယ်မှု ရုပ်သစ်ဖြစ်ပေါ်ပြောင်းလဲမှု နှစ်ပါးတစ်ပြိုင်နက်ပင် ပုံစံပြရင်း ဥပမာ ကားတစ်ထည်လုံးပျက်ကွယ်မှု အလွန်မြန်သည်ကို သိတည့်တိုင်အောင်ပြသော ဥပမာ တည်း၊ ထိုကဲ့သို့ အလွန်မြန်မှုကို မထင်နိုင်ရှိခဲ့လျှင် ကဗလီကာရ အာဟာရ၌ ပြဆိုခဲ့သော ရုပ်သစ်ရုပ်ဟောင်းပြောင်းလဲမှု တစ်ခုသော ဣရိယာပုတ်၌ ကိုယ်အင်္ဂါ အနေအထားကြာ၍ ညောင်းညာထုံကျင် ပူပင်အောင့်အည်း ဖြစ်ရာ၌ ရုပ်သစ်ရုပ်ဟောင်း ပြောင်းလဲမှု စသည်တို့၌ကား ပြောင်းလဲလေရာ ထိုထိုအင်္ဂါ၌ တိမ်တောင် တိမ်ညွန့်တက် ၍ လာသကဲ့သို့ ဝိသဘာဂ ရုပ်သစ် ရုပ်စု တဖြည်းဖြည်း ဖြစ်ပေါ် တိုးပွား၍လာသော ဥဒယအဖို့ ရုပ်သစ်ပေါ်ရာ ပြန့်ပွား၍ သွားရာဌာနကို၌ ရုပ်ဟောင်းစု ချုပ်ကွယ်၍သွားသော ဝယမှု စသည်တို့ကို ဥဒယအဖို့ ဝယအဖို့ ခြားနားအောင် ရှုလေ တစ်ကိုယ်လုံး လှုပ်ရှားသော ဣရိယာပုတ်ပြောင်းလဲရာ၌ သွားသောအခါ ခြေချတိုင်း ခြေချတိုင်း ခြေဖဝါးအပြင်မှ ဦးခေါင်းငယ် ထိပ်သို့ကျအောင် တစ်ကိုယ်လုံး ရုပ်သစ်ကလာပ်သစ်တို့ ဖြစ်ပေါ် ထကြွလှုပ်ရှားမှုများကား ကိုယ်ဟောင်း ကိုယ်သစ်ပြောင်းလဲချက် အလွန်မြန်လှ၏။ ။ ထိုကဲ့သို့ မြန်လှသောအရာ၌ မြန်သလောက်ဉာဏ်မလိုက်နိုင်တဲ့ ရှိလျှင် နိုင်ရုံကွက်၍ သော်လည်းရှု။ ။ ပြောင်းလဲမှု ဟုတ်ကြောင်း မှန်ကြောင်း မြန်ကြောင်းကို အသိဉာဏ်နှင့် ဆုံးဖြတ်၍ ထားပြီးလျှင် ရှု သောအခါ မြင်သာရုံ မြင်နိုင်ရုံ တဖြည်းဖြည်း အနေနှင့် ကြံဖန်၍သော်လည်းရှု အလွန်ရှုဖွယ် ကျယ်ဝန်းများပြားလှ၏။

လိုရင်း အဓိပ္ပာယ်ကား အကြင်ကိုယ်အင်္ဂါ အစိတ်၌ တစ်စုံတစ်ခုသော အေးမှု ပူမှု လှုပ်မှု ရှားမှု စသည်ဖြင့် ထင်ရှား သိသာသော ဝိသဘာဂ ရုပ်သစ် ဝိသဒိသ ရုပ်သစ် ဝိကာရ ရုပ်သစ် အခြင်းအရာ ဖြစ်ပေါ်ပွားများ၍ လာသည်ကို သိမြင်ထင်ရှား၏၊ ထိုအင်္ဂါ အစိတ်၌ ရုပ်ဟောင်းချုပ်ကွယ်မှု ကေန်ရှိသည်သာဖြစ်၏၊ မှန်ညင်းစေ့ခန့် ရုပ်သစ်ဖြစ်ပေါ်မှု ထင်မြင်လျှင် ထိုဖြစ်ပေါ်မှုနှင့် တစ်ပြိုင်နက် တစ်ချက်တည်း ထိုနေရာမှာ မုန်ညင်းစေ့လောက် ရုပ်ဟောင်းချုပ်ကွယ်ပြီတည်း၊ နှမ်းစေ့လောက် မုယောစပါးလောက် ရွှေးငယ်လောက် ရွှေးကြီးလောက် အစရှိသည်ဖြင့် သိလေ၊ တစ်ကိုယ်လုံးကျွတ် ရုပ်သစ်ဖြစ်ပေါ်ရိပ် ထင်မြင်လျှင် တစ်ပြိုင်နက်တစ်ကိုယ်လုံးကျွတ် ရုပ်ဟောင်း ချုပ်ကွယ်၏။ ။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမဟူသော

www.dhammaransi.com



မိစ္ဆာသညာ၊ ငါ့ဦးခေါင်း, ငါ့မျက်နှာ, ငါ့ မျက်လုံး, ငါ့ နား, ငါ့ နှာခေါင်း, ငါ့ ခံတွင်း, ငါ့လည်ပင်း, ငါ့ ရင်, ငါ့ ဝမ်း, ငါ့ ကျောကုန်း,ငါ့လက်, ငါ့ခြေ အစရှိသည်ဖြင့် သဏ္ဌာန်ဒြပ် ပညတ်ကြီးငယ် အထည် ဝတ္ထု တို့ကိုစွဲ၍ သာယာ တွယ်တာသော တဏှာမာနဒိဋ္ဌိတို့ကို ဖြိုဖျက် ချိုးဖဲ့ ဖျောက်လွှင့် ပယ်ရှင်းသော ဉာဏ်ဖြစ်ခဲ့၍ ဝိပဿနာ ဉာဏ်နှင့် - ရှုကြည့်သော အခါ သဏ္ဌာန ပညတ် သမူဟပညတ် သန္တတိပညတ်တို့ အကုန်ကွယ်ပျောက်၍ ငါ့ ဦးခေါင်းစသည် စွဲလမ်းရန် ရှာကြံမရ ရှိသည်တိုင်အောင် အားထုတ်ရလိမ့်မည်၊ ဝရဇိန်လက်နက် မိုးကြိုးစက်ဖြင့် ဖြိုဖျက် ပစ်ခွင်းသကဲ့သို့ အနမတဂ္ဂ သံသရာမကွာ အမြဲနှလုံးထဲမှာ အစဉ်ပါ၍နေသော သက္ကာယဒိဋ္ဌိ အငိစိ ငရဲအိုးကြီးကို မှုန့်မှုန့် ညက်ညက် လွင့်ပျောက်ပျက်အောင် ဖြိုဖျက်ပစ်ခွင်းသော ဉာဏ်ပေတည်း။

ဥဒယဗ္ဗယဉာဏ် အစီအရင် အမြွက်ပြီး၏။

* * *

## ၁၄ - ရူပက္ခန္ဓာ ကမ္မဋ္ဌာန်း အစီအရင်

အသစ် အသစ် ဖြစ်ပေါ်မှုဟူသော ဥဒယ၊ အဟောင်း အဟောင်း ချုပ်ကွယ်မှု ဟူသော ဝယ၊ ဤနှစ်ပါးတို့တွင် ဖြစ်ပေါ်မှုကား ထင်ရှားလွယ်၏၊ ချုပ်ကွယ်မှုကား အလွန်ထင်မြင် တည့်နိုင်ခဲ၏၊ အနိစ္စ လက္ခဏာမှာ ချုပ်ကွယ်မှု သည်သာ လိုရင်း ပဓာနဖြစ်၏၊ ထို့ကြောင့် ဥဒယမှုကို လွှတ်ထား၍ အထင်အမြင် အားနည်းနေသေး သော ဝယမှုကိုသာ ကွက်ခြား၍ အထူးအားထုတ်ပြန်သော ဉာဏ်သည် ဘင်္ဂဉာဏ် မည်၏၊ ဤမှကြွင်းသော ပရိညာ အစီအရင် တို့ကို ကဗလီကာရ အာဟာရ ကမ္မဋ္ဌာန်း မှာ ပြဆိုခဲ့ပြီးသော အတိုင်းသိလေ။ ။ ပညာ နုံ့သော ပုဂ္ဂိုလ်ဖြစ်ခဲ့၍ ရုပ်သာ မည တစ်ခုတည်းနှင့် ဉာဏ်အမြင် မပေါ်နိုင် ရှိခဲ့လျှင် ရှေး၌ ဆိုခဲ့ပြီးသော အတိုင်း ခန္ဓဝဂ္ဂသုတ္တန်မှာ ဝေဖန်တော်မူသော နည်းအားဖြင့် ရုပ်တရားကို ငါးပုံ ငါးစု ပြု၍ ဉာတပရိညာမှု တစ်ခန်း ထုတ်ရမည်။ ။ ပရမတ်မြေ၊ ပရမတ်ရေ၊ ပရမတ်မီး၊ ပရမတ်လေတို့ကို သဘော လက္ခဏာ ထင်ထင်ရှားရှား ကွဲပြားအောင် အားထုတ် ရမည်၊ စက္ခုသောတ စသည်တို့ကိုမူကား အပေါင်းအားဖြင့် ဥပါဒါရုပ်စု ဟူ၍သာ ခြားနား၍ ထားရမည်။ ။ ဤဝိပဿနာ အရာ၌ ကိုယ်ခန္ဓာမှာ အနိစ္စ အနေနှင့် အကြွင်းအကျန်မရှိပဲ ဖြစ်မှု ပျက်မှုကို မြင်နိုင်သည်သာ ပဓာနတည်း၊ သဗ္ဗေ သင်္ခါရာ

www.dhammaransi.com



အနိစ္စာနှင့်ပင် ထိုအမှုတို့ကို ကိုယ်လုံးကျွတ်ခြံ၍ မြင်နိုင်ပါလျှင် သင်္ခါရ တစ်လုံးနှင့်ပင် ပြီးစီးပါ၏၊ အာဟာရ လေးပါးမှာ ဟောတော် မူသော တရား တစ်လုံး တစ်လုံးနှင့်ပင် ပြီးစီးနိုင်ပါ၏၊ ဝေဒနာ တစ်လုံးနှင့်သော်လည်းကောင်း၊ သညာ တစ်လုံးနှင့်သော်လည်းကောင်း ပြီးစီးနိုင်ပါ၏။ ။ ရုပ်နာမ် နှစ်လုံးနှင့်သော်လည်းကောင်း ပြီးစီးနိုင်၏၊ ဤမန္ဒပုဂ္ဂိုလ်မှာလည်း ဖြစ်မှု ပျက်မှု ရှုခန်းသို့ရောက်ရာ မဟာဘုတ်လေးပါးတို့၏ ဖြစ်မှု ပျက်မှုကို ထင်မြင်နိုင်လျှင် ဥပါဒါရုပ်စု အပြီးပါ၍ သွားလတ္တံ့၊ ဥပါဒါရုပ်စုတို့ တခြားရှုဖွယ် ကိစ္စမရှိပြီ၊ စိတ်နှင့် စေတသိက်တို့မှာ ကဲ့သို့တည်း။ ။ မဟာဘုတ်လေးပါးတို့ကို မူကား တစ်လုံးတည်း ဉာဏ်မနိုင်၍ တစ်ခုတစ်ခု အတွက် ဖြစ်မှု ပျက်မှု ခုခံ၍ နေပုံရလျှင် အသီးအသီးခွဲ၍ရှုလေ၊ ပထဝီခုခံ၍ နေတတ် သည်။ ပထဝီကို ကွက်ခြား၍ အထူးအားထုတ်လေ၊ ဓာတ်လေးပါး မထူးမခြားသကဲ့ သို့ ဖြစ်မှု ပျက်မှု လုံးနိုင်သောအခါ ခွဲဖွယ် ကိစ္စမရှိပြီ၊ ရုပ်တစ်လုံးတည်းမှာ ကဲ့သို့ တစ်လုံး တစ်ချက်တည်း ပေါင်း၍ရှုလေ၊ အကြွင်း ရှေးနည်းအတိုင်းပင်။

**ရူပက္ခန္ဓာ ကမ္မဋ္ဌာန်း အစီအရင် အမြွက်ပြီး၏။**

* * *

## ၁၅ - ခန္ဓာငါးပါးတို့၏ ဥပမာများ

"ဖေဏပိဏ္ဍူပမံ ရူပံ" စသည်ဖြင့် လာသော ခန္ဓာငါးပါး ဥပမာတို့၌ ရူပက္ခန္ဓာ ရေမြှုပ်နှင့် တူပုံမှာ သမ္မသနဉာဏ် အစီအရင်၌ ပြဆိုခဲ့ပြီးသော အတိုင်းထင်ရှားနိုင်ပါလျှင် အနှစ်သာရမရှိမှုနှင့် ရေမြှုပ်အသွင် ထင်မြင်နိုင်တော့သည်။ ။ ဝေဒနာ ရေပွက်အသွင် သညာတံလျှပ် အသွင် ထင်မြင်ရန် အချက်စုမှာ ရှေး၌ပြဆိုခဲ့ပြီ။ ။ သင်္ခါရက္ခန္ဓာကို ငှက်ပျောတုံးအသွင် ထင်မြင်အောင် ရှုရမည် ဟူသော ဒေသနာတော်၌ကား စေတနာတစ်ခုကိုသာ ပဓာနပြု၍ ဆိုလိုလျှင် စေတနာသည် ကာယကံမှု ဝစီကံမှု မနောကံမှု ဟူ၍ သုံးပါး၊ ပါဏာတိပါတမှု စသော ဒုစရိုက်မှုဆယ်ပါး၊ ပါဏာတိပါတဝေရာမဏီအစရှိသော သုစရိုက်မှု ဆယ်ပါး၊ ဒါန, သီလ, ဘာဝနာ အစရှိသော ပုည ကိရိယာမှု ဆယ်ပါး ဤသို့ ခွဲခြမ်းရာ၏။ ။ ပါဏာတိပါတမှု တစ်ခုမှာပင် များစွာသော ကိရိယာ အခြံအရံရှိ၏၊ တစ်ပါးသော သတ္တဝါကို သတ်ခြင်းငှာ ကြံမှု စည်မှု စိတ်အင်္ဂါ အမူအရာ အထူးထူး အပြားပြား ပြောမှု ဆိုမှု၊ နှုတ်အင်္ဂါအမူအယာအထူးထူးအပြားပြား သွားမှု လာမှု စသည် ကိုယ်အင်္ဂါ အမူအရာ

www.dhammaransi.com



အထူးထူး အပြားပြား များစွာရှိ၏၊ ပါဏာတိပါတ သင်္ခါရ အမှုအရာ အထူးထူး အပြားပြား တို့ကို အသီးအသီး ခွဲခြမ်း ၍ နိစ္စသာရ, ဓုဝသာရ, သုခသာရ, အတ္တသာရ တည်းဟူသော သာရလေးပါးကို ရှာကြံ ၍ကြည့်သည်ရှိသော် စိတ်အမှုအရာ အစုထည်းမှာလည်း ရှာကြံ၍ မရ၊ နှုတ်အမှု အရာ အစုထည်းမှာလည်း ရှာကြံ၍ မရ၊ ကိုယ်အမှုအရာအစုထည်းမှာလည်း ရှာ ကြံ၍မရ၊ တစ်ခုသော ပါဏာတိပါတမှု အမှုအရာစု ကုန်၍သာ သွားတော့သည်၊ သာရလေးပါး မထွက်လာပြီ၊ သာရလေးပါး ဆိုသည်ကား ထို ပါဏာတိပါတ အမှု တစ်ခုအတွက်နှင့်ဖြစ်သော စိတ်အမှုအရာစုမှာ နိစ္စသာရကိုလည်း မရအပ်၊ ကြံစည် ၍နေဆဲအခါ ကိုယ်ခန္ဓာ၌ အနည်းငယ်သော အာရုံတစ်ပါးထိခိုက်လာလျှင်ပင် ထိုအကြံအစည် ခဏာခြင်းချုပ်ကွယ်၍ ထိုအာရုံသို့ စိတ် စေတနာ ပြောင်းရွှေ့လေ၏၊ အားကြီးစွာသော အာရုံ ထိခိုက်လာရာ၌ ဆိုဖွယ်မရှိ၊ အောက် ပြဆိုခဲ့ပြီးသော သာရလေးပါး အဓိပ္ပာယ်ကို အစဉ်မှီး၍ ကြွင်းသော သာရကိုလည်း သိလေ။ ။ ဒါန ကုသိုလ်မှု တစ်ခုမှာလည်း ထိုအတူ ကိုယ်အင်္ဂါ အမှုအရာ နှုတ်အင်္ဂါ အမှုအရာ စိတ်အင်္ဂါ အမှုအရာ များပြားသည်သာဖြစ်၏၊ ပါဏာတိပါတ နည်းတူ ဆိုလေ၊ ကြွင်း သော ကုသိုလ်မှု အကုသိုလ်မှုတို့မှာလည်း ဤနည်းတူ သိလေ။ ။ ဤသို့လျှင် လောက၌ နေ့နေ့ ညည တရွရွ တကြွကြွ နေကြသော ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရမှုစုသည် အလွန်ကြီးကျယ် များပြား၏၊ တစ်ခုတစ်ခုသော အမှုကိစ္စသင်္ခါရမှာပင် ပယောဂကိရိယာ အပြားပြား များပြား၏၊ ထိုသို့ တစ်လောကလုံး အုံးအုံး ဆူကြွ ကြီးကျယ်လှငြားသော်လည်း အနှစ်သာရဟူ၍ တစ်စုံတစ်ခုမျှ မရှိရကား အထပ်ထပ် အလွှာလွှာ သဏ္ဍာန်သာ ကြီးမား၍ အနှစ်သာရ ရှာကြံ၍ မရသော ငှက်ပျောတုံးတွေနှင့် တူလှလေသတည်း၊ ထို့ကြောင့် "သင်္ခါရာ ကဒလူပမာ" ဟူ၍ ဟောတော်မူသည်။ ။ ဝိညာဏက္ခန္ဓာသည် မျက်လှည့်နှင့် တူသည်ဟူရာ၌ မျက်လှည့်သည်နှင့် တူသည်၊ မျက်လှည့်သည် ပြုအပ်သော မာယာမှုနှင့် တူသည် ဟူ၍ နှစ်ထွေရ၏၊ စိတ်မြင် ဉာဏ်မြင် နှစ်ပါးခွဲခန်း၌ စိတ်မြင် မှောက်မှား လှည့်စား လှည့်ပတ် ပြုပုံကို ပြဆိုခဲ့ပြီးသည့် အတိုင်း မျက်လှည့်သည်နှင့်တူကြောင်း၊ သတ္တဝါမဟုတ်သော ခန္ဓာ ငါးပါးကို ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝ ဣတ္ထိ ပုရိသ အစရှိသည်ဖြင့် အရိယာ ပုဂ္ဂိုလ် များကို ချန်လှပ်၍ လောကဓာတ်အားလုံးကို အမှောက်အမှား တိုက်၍နေသော တေဘူမက အဓမ္မ မျက်လှည့်သည်ကြီးဖြစ်ကြောင်းကို သိလေ။ ။ မျက်လှည့်မှုနှင့် တူသည် ဟူရာ၌ ရွှေမဟုတ်သော မြေစိုင်ခဲကို ရွှေခဲကြီး ပြုလုပ်ပြရာ၌ မြင်သမျှ လူအပေါင်းက ရွှေခဲကြီး ထင်ကြရသော မြေစိုင်ခဲ ကြီးနှင့်တူ၏ဟု ဆိုလိုသည်၊ အဘယ်ကဲ့သို့ တူသနည်း

www.dhammaransi.com



ဟူမှုကား ထိုမြေစိုင်ခဲကို ရသောသူသည် ရွှေဟုထင်မြင် သည်၊ အလွန်လျှင် ဝမ်းမြောက်ခြင်းဖြစ်၏၊ သူဌေးစိတ် သူကြွယ်စိတ် ကပ်၏၊ ပြိုင် လိုသော မာန်တက်၏၊ ထိုသို့ ဖြစ်သော်လည်း ရွှေကားမဟုတ်၊ ထင်ရုံ ထင်ရသော အရာဖြစ်၍ ရွှေကိစ္စ၌ အနည်းငယ်မျှ အသုံးမကျ၊ လက်ထဲမှာပင် ရွှေအထင် ကွယ်ပျောက်လေ၏၊ မြေစိုင်ခဲ အဖတ်တင်လေ၏၊ ထို့အတူ မိမိ၏ ဝိညာဏ်ကို သတ္တဝါတို့သည် အလွန် ကောင်းမြတ်သော နိစ္စသာရ စသည် ထင်ကြရကုန်၏၊ ဝိညာဏ်သည်ကား သာရလေးပါးတွင် တစ်စုံတစ်ခုသော သာရမျိုးမဟုတ်၊ သာရကိစ္စ၌ အနည်းငယ်မျှ အသုံးမကျ၊ နိစ္စဟု စွဲလမ်းဆဲမှာပင် မစဲအောင် ချုပ်ပျက်၏၊ သုခဟု စွဲလမ်းဆဲမှာပင် ဆင်းရဲဒုက္ခ အမျိုးအမျိုးကို ဖြစ်စေ၏၊ ဓုဝဟု စွဲလမ်းဆဲမှာပင် ဖောက်လွဲဖောက်ပြန် ဖြစ်၏၊ အတ္တဟု စွဲလမ်းဆဲမှာပင် အလိုမပါ ဖြစ်ချင်ရာရာ ဖြစ်၍သွား၏။

ခန္ဓာငါးပါးတို့၏ ဥပမာတို့ကို ပြဆိုသည်ကား ပြီး၏။

* * *

## ၁၆ - သမထနှင့် ဝိပဿနာ

အာဟာရ ကမ္မဋ္ဌာန်းလေးပါး၊ ခန္ဓကမ္မဋ္ဌာန်း ငါးပါး၊ ဤခန္ဓကမ္မဋ္ဌာန်း ငါးပါးတွင် သင်္ခါရက္ခန္ဓာသည် မနောသဉ္စေတနာဟာရပင်တည်း၊ ဝိညာဏက္ခန္ဓာသည် ဝိညာဏာဟာရပင်တည်း။ ။ ဤဝိပဿနာကမ္မဋ္ဌာန်း အရာမည်သည် အလွန် နက်နဲ သိမ်မွေ့လှ၏၊ ဟောပြော ပြသ ဆုံးမ သွန်သင်သော ဆရာ နေရာကျလိုလှ၏၊ သိသင့်သောအရာ၌ နေရာကျသိနိုင်အောင် ပြောဟောမှု ထင်မြင်အောင် အားထုတ်ရမည့်အရာ၌ နေရာကျ ထင်ကွက်, မြင်ကွက်ပေါ်အောင် ပြသမှုသည်ကား ဆရာ့တာဝန်တည်း၊ ထင်ကွက်, မြင်ကွက်ပေါ်ရုံမျှနှင့် ကမ္မဋ္ဌာန်းကိစ္စ ခရီးရောက်နိုင်တည့်သေးသည်မဟုတ်၊ ထင်မြင်အောင်အားထုတ်ရန်အချက်ကို ဆရာသွန်သင်ပြသ၍ လှုလှုကြီး ရိပ်မိသောအခါ အထင်အမြင် နေ့စဉ် တိုးပွားစေရန် ရဟန်းဖြစ်ခဲ့အံ့၊ ဆိတ်ငြိမ်ရာ တောတောင်အရပ်သို့ဝင်၍ ထက်သန်သော ဝီရိယဖြင့် လရှည် နှစ်များအားထုတ်မှု လူဖြစ်ခဲ့အံ့၊ အိမ်၌ အိမ်စီးပွားနှင့်ပင် ဖက်တွဲ၍ လရှည် နှစ်များ စွဲမြဲမှုသည်ကား တပည့်၏ တာဝန်တည်း၊ အာနာပါန အစရှိသော သမထ ကမ္မဋ္ဌာန်းမျိုးသည်ကား ပြောဟောမှု အလွန်လွယ်၏၊ နိမိတ်အထင်ရအောင် အားထုတ်မှု အလွန်ခဲယဉ်း၏၊ အိမ်၌နေ၍ စီးပွားနှင့်ဖက်တွဲခြင်းငှာမရ၊ ဆိတ်ငြိမ်ရာသို့

www.dhammaransi.com



ထွက်၍ အပြင်းအထန် အားထုတ်နိုင်မှ နိမိတ်ကို ရနိုင်၏၊ ဝိပဿနာ ကမ္မဋ္ဌာန်းသည် မူကား ဉာဏ်အလုပ်ဖြစ်၍ လယ်လုပ်ရင်းလည်း ဖြစ်နိုင်၏၊ ယာလုပ်ရင်းလည်း ဖြစ်နိုင်၏၊ လှေသွားရင်း လှည်းသွားရင်း ဝန်ထမ်းရင်း, ရောင်းရင်း, ဝယ်ရင်း အစရှိသည်ဖြင့် အိမ့်အလုပ်, အိမ်စီးပွားနှင့် ဖက်တွဲနိုင်သတည်း၊ ဘုရား လက်ထက်တော်၌ သမထ ကမ္မဋ္ဌာန်းကို ပေါက်ရောက်အောင် လုပ်နိုင်သောသူသည် အလွန်နည်းလှ၏၊ အိမ်၌နေ၍ အိမ့်စီးပွားနှင့် ဖက်တွဲ၍ စွဲမြဲကြသူ အလွန်များ၏၊ ထိုစကားမှန်၏၊ သမထကမ္မဋ္ဌာန်း ပေါက်ရောက်သူ လူ၌ အလွန်နည်းလှ၏၊ ရဟန်းတို့၌ သာများ၏၊ ဝိပဿနာ ကမ္မဋ္ဌာန်း ပေါက်ရောက်၍ သောတာပန် အရိယာဖြစ်ကြသူကား လူ၌ အလွန်များလှ၏၊ လူသောတာပန် တစ်ထောင်ကို ရဟန်းသောတာပန် တစ်ယောက်ကျ ထား၍ ရေတွက်သော်လည်း ရဟန်းဘက်ကသာ ကုန်လေရာ၏၊ လူဘက်က မကုန်လေရာ၊ ဤမျှလောက်ပင် များရိပ်ထင်၏၊ အဘယ်ကြောင့်နည်း၊ လောက၌ ရှိရင်းကပင် ရဟန်း အလွန်နည်း၏၊ လူကမူ မဖွမတိုက်နှင့် အပြည့်ရှိ၏၊ လူသောတာပန်လည်း ပြည့်မတတ်ပင် များလှ၏၊ ထိုသို့ များလှခြင်းသည်ကား အိမ့်စီးပွားနှင့် ဝိပဿနာ တွဲချင်တိုင်း တွဲသာလှလေသောကြောင့်တည်း၊ အယုတ်အားဖြင့် အစေခံ အိမ်ကျွန်မ အခစား ကူလီပင် ဖြစ်သော်လည်း သံဝေသတိ ကောင်းကောင်းရှိပါလျှင် ဝိပဿနာ ဖက်တွဲနိုင်တော့သည်သာတည်း၊ လူသောတာပန်နှင့် နတ်သောတာပန် နှိုင်းယှဉ်ခဲ့မူကား မနှိုင်းယှဉ်သာပေ၊ နတ်သောတာပန် တစ်သိန်း, တစ်သန်းကို လူသောတာပန် တစ်ယောက် ထားသော်လည်း လူကသာ ကုန်ရာ၏၊ နတ်က မကုန်နိုင်ရာ၊ ဓမ္မစကြာ တရားဦး ဒေသနာတွင် လူငါးယောက်သာ အကျွတ်ပါ၏၊ ဗြဟ္မာ တစ်ဆယ့်ရှစ်ကုဋေ ကျွတ်၏၊ နတ်အသင်္ချေ ကျွတ်၏၊ ဤနည်းမျိုးချည်းသာ များ၏၊ ထို့ကြောင့် လောက၌ ဘုရားပွင့်မှု မည်သည် နတ် ဗြဟ္မာတို့၏ ကျွတ်ပွဲကြီးပေတည်း၊ လူသည် အမြည်း အလျောက်မျှသာ ပါနိုင်လေသည်၊ ဤမျှသော စကားစုဖြင့် ဝိပဿနာမှု မည်သည် လူတို့လည်း စွဲမြဲခြင်းငှာ အလွန်ကောင်းလှကြောင်းကို ပြလိုရင်း စကားတည်း။

ဤတွင် ရွှေကား မုံရွာမြို့ လယ်တီတောရဆရာ ငါသည် သက္ကရာဇ် ၁၂၆၃ - ခုနှစ်အတွင်း အလုံမြို့မ၏ တစ်ဖက် သလ္လာဝတီ မြစ်ကမ်း ရွှေတောင်ဦး တောင်ထိပ်မှာ တောဝါကပ်ဆို နေထိုင်စဉ် ဝါတွင်းအခါ မုံရွာမြို့, အလုံမြို့တို့မှ လာရောက်ဆည်းကပ်ကြကုန်သော ဥပုသ်သည် ဥပါသကာ အပေါင်းတို့အား အသက်ထက်ဆုံးစွဲမြဲကြရန် နိဒါနဝဂ္ဂသံယုတ်, ခန္ဓဝဂ္ဂသံယုတ် သုတ္တန်ဒေသနာတော်တို့၌ လာသော အာဟာရ ကမ္မဋ္ဌာန်း လေးပါး ခန္ဓကမ္မဋ္ဌာန်း ငါးပါးတို့ကို ပရိညာသုံးပါး အစီအရင်နှင့်တကွ ဝါတွင်းသုံးလ

www.dhammaransi.com



ပတ်လုံး သွန်သင် ဆုံးမအပ်သော ကမ္မဋ္ဌာနဝိဓိ စကားအစဉ်ကို ပညာရှိ အပေါင်းတို့၏ အကျိုးငှာ စာအုပ်တင်ထား ရေးသာ စီရင်အပ်သော အာဟာရဒီပနီ ဤစာကျမ်းသစ်သည် ၎င်းနှစ် တန်ဆောင်မုန်းလဆန်း ၁၁-ရက်နေ့တွင် အောင်မြင်စွာပြီးစီးလေသတည်း။

* * *

## ၁၇ - ဩဝါဒခန်း

ယခုအခါ ဥပါသကာ အပေါင်းတို့အား သတိသံဝေဂတရား ဖြစ်ပွားစေရန် ရံဖန် ရံဖန် ပြောဟောအပ်သော ကာဏကစ္ဆပေါပမသုတ္တန် ဒေသနာတော်၏ အနက် အဓိပ္ပာယ်ကို ပြဆိုဦးအံ့။

သတ္တဝါအပေါင်းတို့အား အပါယဒုက္ခဟု ဆိုအပ်သော အပါယ်ဆင်းရဲ၏ နက်နဲပုံကို ပြတော်မူလိုက်သည်ဖြစ်၍ ဥပရိပဏ္ဏာသပါဠိတော် ဗာလပဏ္ဍိတသုတ် ၌-

"သေယျထာပိ ဘိက္ခဝေ ပုရိသော ဧကစ္ဆိဂ္ဂလံ ယုဂံ မဟာသမုဒ္ဒေ ပက္ခိပေယျ"

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ သံသရာဘေး၊ လာမည့်ဘေးကို၊ မျှော်တွေးသမှု၊ အငြှရှုလေ့ ရှိကြပေကုန်သော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ သေယျထာပိ၊ နှိုင်းချင့်စရာ၊ ဥပမာဆိုသည် ရှိသော်ကား။ ပုရိသော၊ တစ်ဦးယောက်ျားသည်။ ဧကစ္ဆိဂ္ဂလံ၊ အပေါက်တစ်ခုသာရှိသော။ ယုဂံ၊ ရထားထမ်းပိုးတစ်ခုကို။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာအလယ်၌။ ပက္ခိပေယျ၊ ထည့်ပစ်ချထားလေရာ၏၊ တမေန် - တံဇန် - ထိုထမ်းပိုးကို။ ပုရတ္ထိမောဝါတော၊ အရှေ့အရပ်မှလာသော လေသည်။ ပစ္ဆိမေန၊ အနောက်အရပ်သို့။ သံဟရေယျ၊ ပြောင်းရွှေ့မျောပါး၊ ဆောင်သွားလေရာ၏။ ပစ္ဆိမောဝါတော၊ အနောက်အရပ်မှ လာသောလေသည်၊ ပုရတ္ထိမေန၊ အရှေ့အရပ်သို့။ သံဟရေယျ၊ ပြောင်းရွှေ့မျောပါး၊ ဆောင်သွားလေရာ၏။ ဥတ္တရောဝါတော၊ မြောက်အရပ်မှလာသောလေသည် ဒက္ခိဏေန၊ တောင်အရပ်သို့၊ သံဟရေယျ၊ ပြောင်းရွှေ့ မျောပါး၊ ဆောင်သွားလေရာ၏။ ဒက္ခိဏောဝါတော၊ တောင်အရပ်မှလာသော လေသည်။ ဥတ္တရေန၊ မြောက်အရပ်သို့။ သံဟရေယျ၊ ပြောင်းရွှေ့ မျောပါ ဆောင်သွားလေရာ။ တတ္ထ၊ ထိုမဟာသမုဒ္ဒရာအတွင်း၌။ ကာဏော၊ မျက်စိနှစ်ဖက်

www.dhammaransi.com



အစုံပျက်သော။ ကစ္ဆပေါ၊ လိပ်ငယ်တစ်ကောင်သည်။ အတ္ထိ၊ ရှိလေ ရာ၏။ သော၊ ထို မျက်စိနှစ်ဖက် အစုံပျက်သော လိပ်ငယ်သည်။ ဝဿသတဿ၊ အနှစ်တစ်ရာကိုသော် လည်းကောင်း။ ဝဿသဟဿဿ၊ အနှစ်တစ်ရာကိုသော် လည်းကောင်း။ ဝဿသဟဿဿ၊ အနှစ်တစ်ထောင်ကိုသော်လည်းကောင်း။ အစ္စယေန၊ လွန်သော အခါမှ။ သကိံ၊ တစ်ကြိမ်၊ ဥမ္မုဇ္ဇေယျ၊ ဦးခေါင်းပြူကာ ပေါ်လေရာ၏။ ။ ဘိက္ခဝေ၊ ရဟန်းတို့၊ တံ ၊ ထိုပြဆိုလတ္တံ့သော အကြောင်းအရာကို။ ကိံမညထ၊ အဘယ်သို့ သင်တို့ ထင်မြင်ကြကုန်မည်နည်း။ ကာဏော၊ မျက်စိနှစ်ဖက် အစုံပျက်သော။ သောကစ္ဆပေါ၊ ထိုလိပ်ငယ်သည်။ ဧကစ္ဆိဂ္ဂလေ၊ အပေါက်တစ်ခုသာရှိသော။ အမုကသ္မိံယုဂေ၊ ပြဆိုခဲ့ပြီး သော ထမ်းပိုးပေါက်၌။ ဂီဝံ၊ လည်ပင်းကို။ ပဝေသေယျအပိနု၊ သွင်းမိနိုင်မည်လော။ ဣတိ၊ ဤသို့၊ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ဧတံ၊ ဤထမ်းပိုးပေါက် လိပ်လည်ပင်း သွင်းမိ, စွပ်မိရန် အရေးသည်။ နောဟိ၊ ဖြစ်နိုင်ခွင့် မရှိပါ။ ဘန္တေ၊ မြတ်စွာဘုရား။ ဒီဃဿ၊ အသင်္ချေ အသင်္ချေ နှစ်ရေတွက်ဆ ရှည်ကြာလှသော။ အဒ္ဓုနော၊ ကာလကို။ အစ္စယေန လွန်သောအခါ၌။ ကဒါစိ၊ တရံတစ်ခါ။ ဧတံ၊ ဤထမ်းပိုးပေါက် လိပ်လည်ပင်းသွင်းမိ စွပ်မိရန် အရေးသည်။ ယဒိဘဝေယျ၊ ဖြစ်သော် ဖြစ်ရာပါသေး၏၊ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ထားကြပေကုန်၏။ ။ ဘိက္ခဝေ၊ ရဟန်းတို့၊ ကာဏော၊ မျက်စိနှစ်ဖက် အစုံပျက်သော။ သောကစ္ဆပေါ၊ ထို လိပ်ငယ်တစ်ကောင်သည်။ ဧကစ္ဆိဂ္ဂလေ၊ အပေါက်တစ်ခုသာ ရှိသော။ ယုဂေ ရထားထမ်းပိုးတစ်ခု၌။ ဂီဝံ၊ လည်ပင်းကို။ ပဝေသေယျ၊ သွင်းမိ စွပ်မိရာသော အခွင့်သည်။ ခိပ္ပတရံခေါ၊ အလွန်ခဲယဉ်းသည်ဟု မမည်စဖွယ် အလွန်လွယ်လှသေး၏။ သကိံ၊ တစ်ကြိမ်တစ်ခါ။ ဝိနိပါတေန၊ အပါယ်သို့ ကျရောက်လေသော။ ဗာလေန၊ သူမိုက်၏။ မနုဿတ္တံ၊ လူ့ဘုံ, လူ့ဘဝသို့ တစ်ဖန် ပြန်လာရန် အခွင့်သည်။ တတော၊ ထိုလိပ်ကန်း ဥပမာထက်။ ဒုလ္လဘတရံ၊ ကြုံခဲ ကြိုက်ခဲရနိုင်ခဲလှ၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ။ တံ၊ ထိုသို့ ရနိုင်ခဲမှုသည်။ ကိဿဟေတု၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတ္ထ၊ ဤအပါယ်ဘုံ၌။ ဓမ္မစရိယာ၊ သူတော်ကောင်းတရားကို ကျင့်မှုမည်သည်။ နဟိအတ္ထိ၊ မရှိတော့သည်သာလျှင်တည်း။ သမစရိယာ ညီညွတ်ငြိမ်သက်သော သုစရိုက်တရားဆယ်ပါးကို ကျင့်မှုမည်သည်။ နဟိအတ္ထိ မရှိတော့သာလျှင်တည်း၊ ကုသလကိရိယာ၊ ကုသိုလ် ကမ္မပထ တရား ဆယ်ပါးကို ပြုရန် အခွင့်သည်။ နဟိအတ္ထိ၊ မရှိတော့သည်သာလျှင်တည်း။ ပုညကိရိယာ၊ ဒါန သီလ စသော ပုညကြိယာ ဝတ္ထုဆယ်ပါးကို အားထုတ်မှုသည်။ နဟိအတ္ထိ၊ မရှိတော့သည်သာလျှင်တည်း။ ။ ဘိက္ခဝေ၊ ရဟန်း

www.dhammaransi.com



တို့။ ဧတ္တ၊ ဤအပါယ်ဘုံ၌။ အညမည ယာတိကာ၊ နိုင်ရာ နိုင်ရာ အချင်းချင်း ညှဉ်းဆဲမှု သည်သာလျှင်။ ဝတ္တတိ၊ အမြဲ ဖြစ်ပွားချေ၏။ ဒုဗ္ဗလယာတိကာ၊ အားရှိ အားမဲ့ နှိပ်စက်ညှဉ်းပန်းခြင်း အနိုင်သည်သာလျှင်၊ ဝတ္တတိ၊ အမြဲဖြစ်ပွားချေ၏၊ တသ္မာ၊ ထို့ကြောင့်။ သကိံ၊ တစ်ကြိမ်။ ဝိနိပါတေန၊ အပါယ်သို့ ကျလေသော။ ဗာလေန၊သူမိုက်၏၊ မနုဿတ္တံ၊ လူ့ဘုံ, လူ့ဘဝသို့ ပြန်လာရန် အခွင့်သည်။ တတော။ ထိုလိပ်ကန်း ဥပမာ ထက်ပင်လျှင်။ ဒုလ္လဘတရံ၊ အလွန် ရခဲလှ၏ဟူ၍။ အဟံ၊ ငါဘုရားသည်၊ ဝဒါမိ၊ ဟောတော်မူပေသတည်း။

ဤဒေသနာတော်မြတ် ပါဠ်ဝယ် အဓိပ္ပာယ်သော်ကား။ ။ ကျွန်းကြီး ၄-ကျွန်း, ကျွန်းငယ် ၂၀၀၀ တို့ကို အပြင်အဖို့မှ ပတ်ဝိုက်လျက် တစ်ဆက်တည်း. တစ်ပြင်တည်း တည်ရှိသော မဟာသမုဒ္ဒရာကြီးသည် အောက်သို့ အနက်အားဖြင့်လည်း ယူဇနာပေါင်း ရှစ်သောင်းနှစ်ထောင်ရှိ၏။ အတွင်းအပြင် အနံအားဖြင့်လည်း ယူဇနာပေါင်း ရှစ်သောင်းနှစ်ထောင်ရှိ၏။ ပတ်လည်အဝန်းအလျားအားဖြင့်လည်း ယူဇနာ ပေါင်း သုံးသန်း ခြောက်သိန်း တစ်သောင်း နှစ်ထောင့် တစ်ရာ့ ငါးဆယ်ရှိ၏၊ ဇမ္ဗူဒီပါကျွန်း၏ တောင်ဘက် မျက်နှာ သမုဒ္ဒရာ အလယ်၌ တစ်ခုသော အပေါက်ရှိသော ရထားထမ်းပိုးတစ်ခုကို ချထားရာ၏၊ ယင်းထမ်းပိုးသည် အရပ်လေးမျက်နှာ လွင့်ပါး မျောပါး၍ နေလေရာ၏။ ။ ဥတ္တရ ကုရုအမည်ရှိသော မြောက်ကျွန်း၏ မြောက်ဘက်မျက်နှာ သမုဒ္ဒရာ၏ အလယ်၌ မျက်စိနှစ်ဖက် အစုံပျက်သော လိပ်ငယ် တစ်ခုသည် ရှိရာ၏၊ ယင်းလိပ်ငယ်သည်လည်း သမုဒ္ဒရာအတွင်း၌သာ ရောက်မိရောက်ရာ အရပ် ၄-မျက်နှာ သွား၍နေရာ၏၊ အနှစ်တစ်ရာ, အနှစ်တစ်ထောင်ကို လွန်သောအခါမှ ရေပေါ်အပြင်သို့ တစ်ကြိမ်တစ်ခါ ပေါ်လာရာ၏၊ ချစ်သား ရဟန်းတို့ ဤလိပ်ငယ်နှင့် ဤထမ်းပိုးသည် ရောက်မိရောက်ရာ သွားလာမျောပါး၍ နေကြလေရာ တစ်ရံတစ်ခါ၌ ကြုံကြိုက် တွေ့ဆုံမိသဖြင့် ထမ်းပိုးပေါက်သို့ လိပ်၏ဦးခေါင်း လည်ပင်းသွင်းမိရာသော အခွင့်သည် ကြုံကြိုက်နိုင်ပါမည်လောဟု မေးတော်မူ၏။ ။ ဘုန်းတော် အလွန်ကြီးလှသော မြတ်စွာဘုရား၊ ထိုသို့ ကြုံကြိုက်နိုင်ရာသော အခွင့်သည် မရှိပါ၊ သို့ရာတွင် ထိုလိပ်ငယ်, ထိုထမ်းပိုးတို့သည် ဝိဝဋ္ဋဌာယီ တစ်ကမ္ဘာ ပတ်လုံး မပျက်မဆုံး တည်ကြပါမူကား အသင်္ချေ အသင်္ချေ အနှစ်များစွာ ကြာမြင့်သောအခါ တစ်ကြိမ် တစ်ဖန် ကြုံကြိုက်သော် ကြုံကြိုက်ရာ ပါသေးသည်ဘုရားဟု လျှောက်ထားကြပေကုန်၏၊ ချစ်သား ရဟန်းတို့ ဤလိပ်ငယ်နှင့် ထမ်းပိုးတို့ တိုးမိ. တိုက်မိ. စွပ်မိရာသော အခွင့်သည် ခဲယဉ်းလှသည်ဟု မဆိုလောက်ချေသေး၊ ဤလူ့ပြည်မှ စုတေ သေလွန်၍ အပါယ်ဘုံသို့ တစ်ကြိမ်တစ်ခါ ကျရောက်သောသူသည်

www.dhammaransi.com



ဤလူ့ပြည်သို့ တစ်ဖန် ပြန်လာနိုင်ရာ အခွင့်သည်မူကား ထို့ထက် အဆ ရာထောင်မက ခဲယဉ်းလှ၏ဟူ၍ ငါဘုရား ဟောကြားတော်မူ၏၊ အဘယ်ကြောင့် အဆ ရာထောင်မက ခဲယဉ်းလှလေသနည်း ဟူမူကား လူ့ပြည်သို့ တစ်ဖန်ပြန်လာရန် အခွင့်မည်သည် မရဏာသန္န အခါ၌ ဒါနကုသိုလ်ကို စော၍ သေလွန်သောသူ, သီလကုသိုလ်ကို စော၍ သေလွန်သောသူ, ဘာဝနာ ကုသိုလ်ကို စော၍ သေလွန်သောသူတို့သည်သာလျှင် လူ့ပြည်သို့ တစ်ဖန် ပြန်လာနိုင်ကုန်သည်၊ အကုသိုလ် စော၍ သေလွန်သောသူ ဟူသမျှတို့သည် အပါယ်သို့သာ ကျရောက်ရကုန်သည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဘုံ အပါယ်ဘဝတို့မည်သည် ပါရမီရင့်သန်ပြီးသော အလောင်းတော်ကြီးများကို ချန်လှပ်၍ ဒါနမှန်းသိကြသည်လည်း မဟုတ်ကုန်၊ သီလမှန်း သိကြသည်လည်း မဟုတ်ကုန်၊ ဘာဝနာမှန်း သိကြသည်လည်းမဟုတ်ကုန်၊ တိရစ္ဆာန်ဘုံ၌ ဖြစ်ကြကုန်သော သူတို့သည် အသက်ထက်ဆုံး နိုင်ရာ နိုင်ရာ အားရှိအားမဲ့ နှိပ်စက် သတ်ညှစ်၍ စားသောက်ကြကုန်သော တိရစ္ဆာန်မျိုးတို့မှာလည်း ဒေါသစိတ် အမြဲတည်လျက် နေ့ရက်ကုန်ကြလေကုန်၏၊ ထိုမှတစ်ပါး တိရစ္ဆာန်မျိုးတို့မှာလည်း လောဘစိတ်, မောဟစိတ် အမြဲတည်လျက် နေ့ရက် ကုန်ကြလေကုန်၏။

ပြိတ္တာဘုံ, အသုရကာယ်ဘုံတို့၌ ဖြစ်ကြကုန်သော သူတို့သည် ငတ်မွတ်ခြင်း, ဆာလောင်ခြင်း, ပူပန်ခြင်း, ကျင်နာခြင်း အမျိုးမျိုးသော ဒုက္ခဘေး, ဒုက္ခဒဏ်တို့ကို တရံမစဲ အမြဲခံစားကြရကုန်သည်ဖြစ်၍ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ စိတ်တို့သည် အမြဲတည်ကုန်လျက် နေ့ရက်, နှစ်, လ ကုန်ကြရကုန်၏၊ ငရဲ ဘုံ၌ ဖြစ်ကြကုန်သော သူတို့သည်လည်း ထို့အတူ အနှစ်တစ်သိန်း, တစ်သန်း စသော ကာလပတ်လုံး ထွက်သက်တစ်ရှူ, ဝင်သက်တစ်ရှိုက်မျှ ချမ်းသာသုခကို မရကြကုန်မူ၍ မမြင်ဝံ့, မရှုဝံ့ ထွန့်ထွန့်လူး, ဖြတ်ဖြတ်လူး အထူးထူး အထွေထွေသော သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ စိတ်တို့သည် အမြဲတည်ရှိကုန်လျက် နေ့ရက်, လ, နှစ် ကုန်ကြရလေကုန်၏။ ။ တစ်ခုတစ်ခုသော ဘဝ၌ အသက်ရှည်သမျှ ကာလပတ်လုံး မကောင်းသော စိတ်တို့သည်သာလျှင် မြစ်ရေအလျဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်ပွား၍ နေကြကုန်သော ထို အပါယ်ဘုံသားတို့အား လူ့ဘုံ, လူ့ဘဝသို့ တစ်ဖန် ပြန်နိုင်ရန် ကောင်းသော နှလုံးနှင့် သေဆုံးရသည်ဟူ၍ မရှိနိုင်ကြလေကုန်၊ တစ်ဘဝထက်တစ်ဘဝ ကုသိုလ်ကောင်းမှုနှင့် ဝေးကွာ၍ ဝေးကွာ၍ တစ်ဘဝထက်တစ်ဘဝ မကောင်းမှု အကုသိုလ် ဝန်လေး၍ ဝန်လေး၍ သွားကြလေကုန်တော့သည်၊ အသင်္ချေ အသင်္ချေ မရေတွက်နိုင်သော ငရဲမျိုးတို့တွင် မြစ်ရေအလျဉ်သည် နိမ့်ရာအရပ်သို့

www.dhammaransi.com



အမြစ်းဆင်းသကဲ့သို့ နက်သည်ထက်နက်သော ငရဲမျိုးတစ်ခွင်သို့ သာ အစဉ်အတိုင်း တစ်ဘဝထက် ငါစ်ဘဝ မြုပ်၍ မြုပ်၍ နစ်၍ နစ်၍သာ သွားကြလေကုန်တော့သည်။ ထို့အတူ အသချေ အသချေ မရေတွက်နိုင်သော ပြိတ္တာ မျိုး, မရေတွက်နိုင်သော အသုရကာယ်မျိုး, မရေတွက်နိုင်သော တိရစ္ဆာန်မျိုးတို့၌ လည်း တစ်ကြိမ်ကျမိလျှင် တစ်ဘဝထက် တစ်ဘဝ မြုပ်၍ မြုပ်၍ နစ်၍ နစ်၍သာ သွားကြလေကုန်တော့သည်။

ထို့ကြောင့် ဤလူ့ပြည်မှ အပါယ်သို့ တစ်ကြိမ် ကျလေသောသူ၏ လူ့ပြည် သို့ တစ်ဖန် ပြန်လာရာ၌ အခွင့်သည် ပြဆိုခဲ့ပြီးသော လိပ်ကန်းဥပမာထက်ပင် အဆရာထောင်မက ခဲယဉ်းလှချေသည် ဟူ၍ ထိုဒေနာတော်မြတ် ပါဠ်ဝယ် အဓိပ္ပာယ် လာချေသည်။ ။ ဤသို့ လာသော ဒေသနာတော်မြတ်ကို အဆင့်ဆင့် နှလုံးသွင်း မိကြကုန်သော တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့သည် အလွန်ရခဲ လှစွာသော မနုဿတ္တဒုလ္လဘ, ဗုဒ္ဓုပ္ပါဒဒုလ္လဘကို ရကြကုန်ပြီးမှ တစ်ဖန် အပါယ် သို့ ကျရောက်ကြကြောင်း မကောင်းသော ကာယကံမှု မကောင်းသော ဝစီကံမှု မကောင်းသော မနောကံမှုများကို ဝေးသည်ထက်ဝေးလေအောင် ကြဉ်ရှောင်ပယ်ခွာ ၍ ယခုဘဝ စုတေမနေ သေလွန်ကြသောအခါ စတုမဟာရာဇ် တာဝတိံသာ အစရှိ သော နတ်ရွာသုဂတိ ဘဝများသို့ လားရာလားကြောင်း ကောင်းမြတ်သော ကာယကံမှု၊ ဝစီကံမှု ကောင်းမြတ်သော မနောကံမှု တို့ကိုသာ ခိုင်မြဲစွာ စိတ်ထားနှင့် ပွားများ ကြကုန်ရာသည်။ ။ ယခုအခါဝယ် နတ် ရွာသုဂတိ ဘဝများသို့ လားကြရာ၌ အခွင့်ရောက်ကြရန် အခွင့်သင့်မြတ်သည့် အကြောင်းကို ကောင်းစွာ ပြဆိုဦးအံ့။ ။ မြတ်စွာဘုရား လက်ထက်တော်၌ သော တာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ အရိယာ ပုဂ္ဂိုလ် အဖြစ်သို့ရောက်၍ အကျွတ် ရကြကုန်သော အသချေ အသချေ မရေမတွက်သာ များလှစွာကုန်သော သာဝတ္ထိ ပြည်သူ ရာဇဂြိုဟ် ပြည်သူ အစရှိကုန်သော တိုင်းကြီးသော၌ မဇ္ဈိမတိုက်သား ဘုရား သားတော် သမီးတော် အပေါင်းတို့တွင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံလွန်သောသူ တို့သည် အနည်းငယ်မျှသာ ရှိကြကုန်သည်။ ။သောတာပန်ဖြစ်၍ သကဒါဂါမ်ဖြစ် ၍ နတ်ပြည်သို့သွားသော သူတို့သည်မူကား ယခုအခါ စတုမဟာရာဇ် နတ်ပြည်မှာ အပြည့်ရှိကြကုန်သည်၊ တာဝတိံသာဘုံမှာ အပြည့်ရှိကြကုန်သည်၊ ယာမာဘုံမှာ အပြည့် ရှိကြကုန်သည်၊ တုသိတာဘုံမှာ အပြည့်ရှိကြကုန်သည်၊ နိမ္မာနရတိဘုံမှာ အပြည့်ရှိကြကုန်သည်၊ ပရနိမ္မိတ ဝသဝတ္တိဘုံမှာ အပြည့်ရှိကြကုန်သည်၊ ထိုအတူ ဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးနောက် မဇ္ဈိမ သာသနာ အနှစ် သုံးရာခန့်အတွင်းမှာ အကျွတ် ရကြကုန်သော

www.dhammaransi.com



အသင်္ချေ အသင်္ချေ မရေတွက် သာ များလှစွာကုန်သော ရာဇဂြိုဟ်ပြည်သူ ဝေသာလီပြည်သူ ပါတလိပုတ်ပြည်သူ အစရှိကုန်သော မဇ္ဈိမတိုက်သား ဘုရားသားတော် သမီးတော် အပေါင်းတို့သည် လည်းကောင်း၊ သီဟိုဠ် သာသနာ အနှစ်ခုနှစ်ရာခန့်အတွင်းမှာ အကျွတ်ရကြကုန် သော အသင်္ချေ အသင်္ချေ မရေတွက်သာ များလှစွာကုန်သော သီဟိုဠ် ကျွန်းသူ လူရှင် အများ ဘုရားသားတော် သမီးတော် အပေါင်းတို့သည်လည်းကောင်း၊ ယခုအခါ စတုမဟာရာဇ် အစရှိသော နတ်ပြည်ခြောက်ထပ် နတ်ရွာသုဂတိဘုံမှာ အပြည့်ရှိ ကြကုန်သည်၊ သာသနာတော် ငါးထောင်အတွင်း၌ သာသနာတော်ကို ကြည်ညိုလေး မြတ်၍ နတ်ရွာ သုဂတိဘဝသို့ ရောက်လာကြကုန်သော ရဟန်းရှင်လူ သူတော် ကောင်း အပေါင်းတို့ကို မြှော်လင့်စောင့်စား၍ နေနှင့်ကြပေကုန်၏။ ။ သာသနာ တော်တွင်းမှ စုတေ၍ နတ်ပြည်သို့ ရောက်ကြလေကုန်သောသူအပေါင်း တို့သည် ရောက်ရာနတ်ပြည်၌ ရှိကြကုန်သော သာဝတ္ထိပြည်သူ ရာဇဂြိုဟ်ပြည်သူ အစရှိကုန်သော မဇ္ဈိမတိုင်းသူ ရှင်လူအများ ဘုရားသားတော် သမီးတော် သောတာပန် သကဒါဂါမ် အရိယာသူမြတ် နတ်သူတော်ကောင်း အပေါင်း တို့နှင့် ဇာတ်ပေါင်း ကြရကုန်လတ္တံ့။ ။ ထိုအခါ သက်တော်ထင်ရှား ရှိသော မြတ် စွာဘုရား၏ ဘုန်းတန်ခိုးတော် ကျက်သရေတော်တို့ကို အသက်ထက်ဆုံး ကိုယ်တွေ့ မျက်မြင် ကြည်ညိုလေးမြတ် ဆည်းကပ်ကိုးကွယ်၍ လာကြကုန်သော ထိုအရိယာ သူမြတ် နတ် သူတော်ကောင်းတို့၏ တအုံးအုံး တည်ည် တစ်ရံမဆိတ် ပြောဆိုကြ သော ဘုရား ဂုဏ်ကျေးဇူးတော် တရားဂုဏ်ကျေးဇူးတော် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် အစရှိသော အရိယာ သံဃာတော်မြတ်တို့၏ ဂုဏ်ကျေးဇူးတော်များကို ကြားနာ ကြရကုန်သဖြင့် သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားကို ကိုယ်တိုင် တွေ့ မြင်ကြရ ကုန်ဘိသကဲ့သို့ တရားတော်ကို ကိုယ်တိုင် တွေ့မြင်ကြရကုန်ဘိသကဲ့သို့ ဖြစ်ကြရ ကုန်လတ္တံ့၊ ထိုအခါ ဤလူ့ရွာ ဤဘဝက သီလသိက္ခာ ပညာ ဗဟုသုတနှင့် ပြည့်စုံကြပေ ကုန်သော ရှင်လူအပေါင်း သူတော်ကောင်းတို့သည် တစ်လ တစ်လ လျှင် ရှစ်ကြိမ် ရှစ်ကြိမ် သုဓမ္မာဇရပ် နတ်သဘင် အစည်းအဝေးမှာ ဓမ္မကထိက ဗြဟ္မာမင်း ဓမ္မကထိက နတ်မင်း သိကြားမင်းတို့သည် အစဉ် ထာဝရ ဟောပြောကြသော ဓမ္မ ကထာ ဒေသနာတရားကို ကြားနာကြရကုန်သဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ထုတ်ချောက် လင်းလင်းပေါက်လျက် အောက်သို့တစ်ဖန် နောက်မပြန်သော ဘုံစဉ် စံအရိယာ သောတာပန် သကဒါဂါမ် အနာဂါမ် အဖြစ်သို့ ရောက်ကြရကုန်လတ္တံ့၊ ယခုဘုရား

www.dhammaransi.com



သာသနာမှာပင် ကျွတ်တမ်း ဝင်ပြီးသော ဘုံစဉ်စံ အရိယာ ဝိသာခါ အနာထပိဏ်တို့ အသင်းသို့ တစ်လုံးတည်း၊ ပါဝင်ကြရကုန် လတ္တံ့၊ ထိုကြောင့် ပဥ္စနိ ပါတ် အင်္ဂုတ္တိုရ် ပါဠိတော်မြတ်၌-

တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပလဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊
အထခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ ဟောတိ။

ဟူ၍ ဟောတော်မူသည်၊

ဘိက္ခဝေ၊ ရဟန်းတို့။ တဿ၊ ထိုဤလူ့ပြည်မှ စုတေ၍ နတ်ပြည်မှာ ဖြစ်ရလေသော သီလသိက္ခာ ပညာဗဟုသုတနှင့် ပြည့်စုံသောသူအား။ တတ္ထ၊ ထိုရောက်လေရာရာ နတ်ရွာတို့၌။ သုခိနော၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာနှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍။ ဓမ္မပဒါနိ၊ လူတို့နတ်ရွာက လေ့လာမှတ်သား သင်ကြားပို့ချ ကြားနာခဲ့ရကုန်သော ဓမ္မအစုတို့သည်။ ပလဝန္တိ၊ အိပ်ပျော်ယောက်ျား နိုးသောလားသို့ ဘွားဘွားပေါ်ကြလေကုန်၏၊ ဘိက္ခဝေ၊ ရဟန်းတို့။ သတုပ္ပါဒေါ၊ သတိရမှုသည်။ ဒန္ဓော၊ နှေးသော် နှေးရာသေး၏။ အထခေါ၊ စင်စစ်သော်ကား။ သောသတ္တော၊ ထိုသတ္တဝါသည်။ ခိပ္ပမေဝ၊ လျင်မြန်စွာသာလျှင်။ ဝိသေသဘာဂီ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ပြန့်ပြူး တရားထူးကို တူးနိုင်ယူနိုင် ပေါက်ရောက်နိုင်သော အဖို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤဒေသနာတော်မြတ် ပါဠ်ဝယ် အဓိပ္ပာယ်သော်ကား ယခုအခါ သာသနာတော်တွင်းရှိ သီလသိက္ခာ ပညာ ဗဟုသုတနှင့် ပြည့်စုံကြသသူ ရှင်လူအပေါင်းတို့သည် ဤလူ့ပြည်မှ စုတေမနေ သေလွန်သည်၏ အခြားမဲ့မှာ နတ်ရွာ သုဂတိဘုံ၌ ဖြစ်ကြကုန်သည်ရှိသော် လူ့ပြည်က ပို့ချသင်ကြား မှတ်သားလေ့လာ ကြားနာ ဆောင်ရွက်ခဲ့ဖူးကြကုန်သော ဝိနည်း သုတ္တန် အဘိဓမ္မာ ဂါထာ စုဏ္ဏိယ ဒေသနာဓမ္မတို့သည် အိပ်ပျော်ယောက်ျား နိုးသောလားသို့ ဘွားဘွားပေါ်လာကုန်၏၊ ထိုအခါ ဤလူ့ဘဝက လေ့ကျက်ခဲ့ဘူးသော ထိုတရားတို့ကို မိမိအလိုလို ဆင်ခြင်သုံးသပ်၍သော်လည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ထုတ်ချောက် ပေါက်ရောက်ကြလေကုန်၏၊ အဖော်အပေါင်း နတ်ကောင်းနတ်မြတ် အရိယာ သမ္မာဒေဝတို့ ဆုံးမတိုက်တွန်း ပြဩန်းပြောဟောသော တရားစကားကို ကြားနာ၍သော်လည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ထုတ်ချောက် ပေါက်ရောက်ကြလေကုန်၏၊ တစ်လ ရှစ်ခါ သုဓမ္မာဇရပ် နတ်သဘင် အစည်း အဝေးမှာ ဓမ္မကထိက ပြဟ္မာမင်း ဓမ္မကထိက နတ်မင်း သိကြားမင်းတို့ ဟောကြား သော သုတ္တန်တရားကို ကြားနာရ၍သော်လည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ထုတ် ချောက် ပေါက်ရောက်ကြလေကုန်၏၊ လူ့ပြည် လူ့ရွာ၌မူကား

www.dhammaransi.com



အနှစ်ငါးထောင်မျှ သာမဂ်တံခါး ဖိုလ်တံခါး နိဗ္ဗာန်တံခါး ဟင်းလင်းပွင့်လျက်ရှိချေ၏၊ သာသနာ သက္ကရာဇ် အနှစ်ငါးထောင် လွန်သောအခါ လူတို့ရွာ၌ မဂ်တံခါး ဖိုလ်တံခါး နိဗ္ဗာန် တံခါး ပိတ်၏၊ နတ်ပြည်ခြောက်ထပ် နတ်တို့ရွာ၌မူကား နှစ်ပေါင်းတွက်ရေ ကုဋေမက ဘုရား သာသနာ အရိယာခေတ် တည်ထွန်းလျက် မဂ်တံခါး ဖိုလ်တံခါး နိဗ္ဗာန် တံခါး ပွင့်လျက်ရှိလေ၏၊ ဗြဟ္မာ့ပြည်၌မူကား နှစ်ပေါင်း တွက်ရေ အသင်္ချေမက ဘုရားသာသနာ အရိယာခေတ် တည်ထွန်းလျက် မဂ်တံခါး ဖိုလ်တံခါး နိဗ္ဗာန်တံခါး ပွင့်လျက်ပင်ရှိလေ၏၊ ယခု ဘုရား သာသနာဝယ် လူအဖြစ်နှင့် ကျွတ်တမ်း မဝင် နိုင်သော သူတို့သည် နတ်ပြည်သို့ ရောက်ကြသည်ရှိသော် နတ်အဖြစ်နှင့် ကျွတ်တမ်း ဝင်နိုင်ကုန်၏၊ နတ်အဖြစ်နှင့် ကျွတ်တမ်းမဝင်နိုင်သော သူတို့သည် ဗြဟ္မာ့ ပြည်သို့ ရောက်ကြကုန်သည်ရှိသော် နတ်အဖြစ်နှင့် ကျွတ်တမ်းဝင်နိုင်ကုန်၏ဟူ၍ ဒေသနာ တော်မြတ် ပါဠိ၌ဝယ် အဓိပ္ပာယ်လာချေသည်၊ ဤသို့ လာသော အပါယ်ဒုဂ္ဂတိလမ်း၏ နက်နဲသော အခြင်းအရာ နတ်ရွာသုဂတိ လမ်း၏ နက်နဲသော အခြင်းအရာ နတ်ရွာသုဂတိလမ်း၏ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော အခြင်းအရာ ဒေသနာနှစ်ပါးကို ကြားနာကြရကုန်သော တရားနာ ပရိသတ်အပေါင်း သူတော်ကောင်း တို့သည် အပါယ်သို့ တစ်ကြိမ်ကျက တစ်ဘဝထက် တစ်ဘဝ ဒါနနှင့်ကွာဝေး သီလနှင့်ကွာဝေး ဘာဝနာနှင့်ကွာဝေး ပြီးလျှင် အကုသိုလ် မကောင်းမှု ဒုစ္စရိုက် အညစ်အကြေး တစ်ဘဝထက်တစ်ဘဝ ဝန်လေး၍ နက်သည် ထက် နက်သော ငရဲဘဝပေါင်း အသင်္ချေ တိရစ္ဆာန် ဘဝပေါင်း အသင်္ချေ ပြိတ္တာ ဘဝပေါင်း အသင်္ချေ အသုရကာယ် ဘဝပေါင်း အသင်္ချေ အဆင့်ဆင့် အသုတ်သုတ် မြုပ်သည်ထက် မြုပ်လေ၍ လူ့ပြည်နှင့် ဝေးသည်ထက်ဝေးသဖြင့် မေတ္တေယျ သုံး လူ့မင်း ဖြစ်ပွင့်သည့် အခင်းကို သတင်းမျှ မကြားရသော အပါယ်ဘေး နက်နဲသည့် အရေးကို မြော်တွေးကာ ထောက်ဆ အကြောက်ကြီး ကြောက်ကြ၍ နောက်ဘဝအခါ ၌ နတ်ရွာသို့ ရွှေ့ပြောင်း အရိယာ နတ်ကောင်းတို့နှင့် ဇာတ်ပေါင်း၍ တစ်ဖန် ပြည် နိဗ္ဗာန်အမှူး နတ်ရွာက ကူးကြရအောင် ထူးမြတ်သည့်အခါဝယ် အာဇီဝဋ္ဌမက ကျင့် သိက္ခာသီလနှင့် သုံးဝသော သရဏဂုံ ဘာဝနာသုံးစုံကို စိတ်အာရုံဖွဲ့ တွယ်လျက် သုံးဆယ်နှင့် ခုနစ်ပါး ဗောဓိပက္ခိယတရားများကို နှုတ်ဖျားမှာ တတွတ်တွတ် တစ် သက်လုံး အံရွတ်၍ ဝဋ္ဋဒုက္ခ သံသရာက တစ်ခါတည်း ထပြီးလျှင် အမတဆိတ်ငြိမ် ဝိသုဒ္ဓိစံအိမ်သို့ တစ်ရှိန်တည်း ထုတ်ချောက် နတ်ရွာက ရောက်ကြရအောင် လုံလောက် စွာ တရားများကို ပွားများအားထုတ်ကြကုန်ရာသည်။

**သြဝါဒအခန်း ပြီး၏။**

* * *

www.dhammaransi.com

# နိဂုံး

ဧတာ ဝ ဇတ္တာ ဝတာစ -

နဒီသဝန္တိသောမ္မောဟိ၊ ပရိက္ခိတ္တော သမန္တတော။
ကူဋ္ဌဗာဟကန္ဒရေဟိ၊ ဒုမဂစ္ဆဒိဇာလယော။ ။

ထူပဂုဟာ သောပါဏေဟိ၊ သောဘိတော ယေသ ပဗ္ဗတော။
နာတိဒူရေ ပရိက္ခိတ္တော၊ ဂါမေဟိ စ သမန္တတော။
ဝသတာ တတ္ထ ရစိတာ၊ ဧသာ အာဟာရဒီပနီ။ ။

စ၊ ဆက်ဦးအံ့။ ဇတ္တာဝတာ၊ ဤမျှသော စကားရပ် အလုံးစုံဖြင့်။ ယေသ ယော ဧသပဗ္ဗတော၊ အကြင် ရွှေတောင်ဦးအမည်ရှိသော တောင်ကို။ နဒီသဝန္တိ သောမ္မောဟိစ၊ မြောက်ဘက်တောင်ခြေ၌ ဦးခိုက်၍ အရှေ့ဘက်တောင်ခြေကို ပိတ်ဝိုက်ပြီးလျှင် တောင်မျက်နှာအရပ်သို့ စီးသွားသော သလ္လာဝတီမြစ်ကြီး၊ ဦးခိုက်ရာ ဌာနမှ ထွက်၍ မြောက်ဘက် တောင်ခြေတစ်လျှောက် စီးသွားသော ရေယဉ်ချောင်း၊ ထိုချောင်း၏ သက်ဝင်ရာဖြစ်သော သယ်ဇာတ အင်းကြီး၊ ဤအလုံးစုံတို့သည်။ သမန္တတော၊ အရှေ့ အနောက် မြောက်ဘက်တခွင် ထက်ပန်းကျင်မှ။ ပရိက္ခိတ္တော၊ ဝန်းရံအပ်၏၊ ကူဋ္ဌဗာဟကန္ဒရေ ဟိ၊ တောင်ထွတ် တောင်ငူ တောင်ပူဇာ အမျိုးမျိုး တောင်စွယ် တောင်စောင်း တောင်လက်မောင်း အမျိုးမျိုး, နှစ်ခု နှစ်ခုသော တောင်စွယ်တို့အကြား အကြား၌ အလွန်နက်လှစွာသော သမ်ဘင် ချုံနွယ်ကိုဖြင့် ချယ်လှယ် ယှက်မှေးလျက် အေးချမ်းသာယာစွာသော မှိုရိုးချပ်မြောင် ဘောင်ချောက် တောင်ကြား အပေါင်းတို့သည်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ပရိက္ခိတ္တော၊ ဝန်းရံအပ်၏၊ ဒုမဂစ္ဆဒိဇာလယော၊ ဥတုသုံးပါးအားလျော်သော အရွက် အပွင့် အသီးကို ဆောင်ကြကုန်သော သစ်ပင် ချုံနွယ်အပေါင်း, ထိုသစ်ပင်ချုံနွယ်တို့၌ စံပယ်ကွန့်မြူးကာ နေကြကုန်သော ကျေးငှက်အပေါင်းတို့၏ နေရာလည်းဖြစ်၏။ ။ ထူပဂုဟာသောပါဏေဟိ၊ နှစ်စဉ်အမြဲ ပွဲရအကျော် ရွှေတောင်ဦး အမည်ရှိသော စေတီတော်ကြီးနှင့်တကွ ထိုထိုတောင်ထွတ် တောင်ငူ၌ တည်ရှိသော စေတီ ပုထိုး အမျိုးမျိုး, ရဟန်းသူတော် ရသေ့သူတော် လူသူတော်တို့ နေပျော်ကိန်းအောင်းရာ အစဉ်ထာဝရ ရှိနေသော ကျောက်ဂူ ကျောက်လိုဏ် အမျိုးမျိုး, တောင်ထိပ် စေတီတော်ကြီးမှ လေးမျက်နှာ ဖြာဆင်းသော အုတ်စောင်းတန်း ကျောက်စောင်းတန်း အမျိုးမျိုးတို့ဖြင့်။ သောဘိတော၊ အလွန် တင့်တယ်လှ၏။ ။ နာတိဒူရေ၊ ငါးရာ

www.dhammaransi.com



တွင်းခရီး သုံးမတ်ခရီးထက် ပိုမို၍ မဝေးလှသော အရပ်၌။ ဌိတေဟိ၊ တည်ရှိကြကုန်သော။ ဂါမေဟိစ၊ အကြီး, အငယ် အသွယ်သွယ်သော ဂေါစရဂါမ် ဆွမ်းခံရွာတို့သည်လည်း။ သမန္တတော၊ တောင်နှင့် အနောက် မြောက်ဘက်တခွင် ထက်ဝန်းကျင်မှ။ ပရိက္ခိတော၊ ဝန်းရံအပ်၏။ ။ (သဘော်ာဆိပ်, မီးရထားဆိပ် ဖြစ်သော အလုံမြို့မအစရှိသော အရှေ့ဘက်ကမ်းစဉ် တစ်လျှောက် မြို့ရွာများသည် မျက်စိဥပစာ မကွာခရီး အလွန်ပင်နီးသော်လည်း သလ္လာဝတီမြစ် ခြားစီးလျက် ရှိနေသောကြောင့် အရှေ့မျက်နှာ မြို့ရွာ ဂေါစရဂါမ်များကို မဆိုလိုက်သည်။)။ ။ တတ္ထ၊ ထိုရွှေတောင်ဦးတောင်ထိပ် ဝါဆိုကျောင်း၌။ ဝသတာ၊ နေ့ခါ ကျောက်ဂူ ညဥ့်မှူ စကြံ လေးတန်ယာပထ မျှတမှီတင်း သီတင်းသုံးနေသော မုံရွာမြို့ လယ်တီဆရာ ငါသည်။ ဧသာအာဟာရ ဒီပနီ၊ အာဟာရဒီပနီ ဤကျမ်းသစ်ကို။ ရစိတာ၊ ၆၃-ခု တန်ဆောင်မုန်း လဆန်း ၁၁-ရက်နေ့တွင် စီရင်ပြီးပြတ် အဆုံးသတ်သတည်း။

www.dhammaransi.com

# သီလဝိနိစ္ဆယ

## နမော တဿ ဘဂဝတော အရဟတော

## သမ္မာသမ္ဗုဒ္ဓဿ

## ငါးပါးသီလ၏ နိစ္စ-အနိစ္စ စစ်တမ်း

နမတ္ထု ဗုဒ္ဓဿ။ ။ နိစ္စသီလ အနိစ္စသီလ နှစ်ပါးတို့၏ အထူးအပြားကို ဖြေဆိုဆုံးဖြတ်ချက်။

ဂဟဋ္ဌာသီလံနာမ ဥပါသက ဥပါသိကာနံ နိစ္စသီလ ဝသေန ပဉ္စသိက္ခာပဒါနိ၊ သတိဝါ ဥဿာဟေဒသ၊ ဥပေါသထင်္ဂ ဝသေနအဋ္ဌ၊ ဣဒံ ဂဟေဋ္ဌ သီလံ နာမ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဤပါဠိ၌ နိစ္စသီလဝသေနပုဒ်ကို ဒသ၌ လိုက်စေ။ ။ ဥပေါသထင်္ဂဝသေနပုဒ်ကား - နိစ္စသီလာသေန ပုဒ်ကို နစ်စေ၏။ ။ သိက္ခာဝဒါနိပုဒ်ကို ဒသပုဒ် အဋ္ဌ ပုဒ်တို့၌ လိုက်စေ။

www.dhammaransi.com



ဂဟဋ္ဌသီလံနာမ၊ ဂဟဋ္ဌသီလ မည်သည်ကား။ ဥပါသက ဥပါသိကာနံ၊ ဥပါသကာ ဥပါသိကာတို့၏။ နိစ္စသီလဝသေန၊ နိစ္စသီလ၏ အစွမ်းဖြင့်။ ပဉ္စဝါ သိက္ခာပဒါနိ၊ ငါးပါးသော သိက္ခာပုဒ်တို့သည် လည်းကောင်း။ ဥဿာဟေ၊ စွမ်းနိုင်သည်။ သတိ၊ ရှိသော်။ နိစ္စသီလဝသေန၊ နိစ္စသီလ၏ အစွမ်းဖြင့်။ ဒသဝါ သိက္ခာပဒါနိ၊ ဆယ်ပါးသော သိက္ခာပုဒ်တို့သည်လည်းကောင်း။ ဥပေါသထင်္ဂဝသေန၊ ဥပုသ်အင်္ဂါ၏ အစွမ်းဖြင့်။ အဋ္ဌ၊ ရှစ်ပါးသော သိက္ခာပုဒ်တို့သည်လည်းကောင်း။ ဣဒံ၊ ဤသုံးမျိုးသည်၊ ဂဟေဋ္ဌသီလံနာမ၊ ဂဟေဋ္ဌသီလ မည်၏။ ။ (ဤသို့ အပြည့်အစုံ အနက်ပေး)

နိစ္စသီလသည် ငါးပါးတစ်ရပ် ဆယ်ပါးတစ်ရပ် ဤသို့ နှစ်ရပ်ထွက်သောကြောင့် ဂဟဋ္ဌဖြစ်သူ လူပုဂ္ဂိုလ်သည်လည်း ငါးပါးနိစ္စနှင့် ထိုက်တန်သော ဂဟဋ္ဌ လူတစ်မျိုး ဆယ်ပါးနိစ္စနှင့်ထိုက်တန်သော ဂဟဋ္ဌ လူတစ်မျိုး ဟူ၍ ဂဟဋ္ဌဖြစ်သူ လူနှစ်မျိုးကိုလည်း သိအပ်၏။ ။ ငါးပါး နိစ္စနှင့် ထိုက်တန်သူ လူတစ်မျိုးဆိုသည်ကား အဝတ်ဖြူ အဝတ်ကြောင် အစရှိသော ပကတိ လူဝတ်ကိုက ဝတ်သော လူမျိုးတည်း။ ။ ဆယ်ပါးနိစ္စနှင့် ထိုက်တန်သူ လူတစ်မျိုးဆိုသည်ကား ပကတိ လူဝတ်မျိုးကို ပယ်စွန့်၍ ညောင်ခေါက်အစရှိသော ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်သော ပဗ္ဗဇိတအသွင် တစ်စိတ်၌ တည်သော လူမျိုးတည်း။

ဥပေါသထင်္ဂဝသေန ပုဒ်ဖြင့် နိစ္စသီလဝသေန ပုဒ်ကို နစ်စေသောကြောင့် ရှစ်ပါးမူကား အနိစ္စဟု သိအပ်၏၊ ငါးပါး ဆယ်ပါးတို့ကား နိစ္စ၊ ရှစ်ပါးကား အနိစ္စ၊ ဤသို့ နိစ္စ - အနိစ္စ နှစ်မျိုးဖြစ်၏၊ ဂဟဋ္ဌဖြစ်သူ လူနှစ်မျိုးတို့တွင် ပကတိ လူဝတ်နှင့် နေကြသော လူသာမညတို့၌ ငါးပါးသည် နိစ္စဖြစ်၏၊ ရှစ်ပါးသည် အနိစ္စ ဖြစ်၏၊ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်သော လူဝိသေသတို့၌မူကား ဆယ်ပါးသည် နိစ္စဖြစ်၏၊ ရှစ်ပါးသည် နိစ္စဆယ်ပါးအတွင်းဝင်လေ၏။ ။ ရှစ်ပါး ဆယ်ပါးဆိုရာတို့၌လည်း နိစ္စငါးပါးသည် အတွင်းဝင်လျက်ရှိသောကြောင့် နိစ္စငါးပါးမှ ကြွင်းကုန်သော အင်္ဂါတို့ အတွက်နှင့်သာ ရှစ်ပါး ဆယ်ပါးကို အသီးဆိုရလေသည်၊ ကာမေသုမိစ္ဆာစာရ အင်္ဂါနှင့် ပြည့်စုံသော ဗြဟ္မစရိယ မှုသည် နိစ္စငါးပါး၌ အတွင်းဝင်ပြီးဖြစ်၏၊ ထို့ကြောင့် ရှစ်ပါး ဆယ်ပါးတို့၏ သဘောကို ပြဆိုရာ အချက်တို့၌ ကာမေသုမိစ္ဆာစာရ အင်္ဂါ မှ လွတ်သော အဗြဟ္မစရိယမှုကို သိလေ။

ငါးပါးသည် သဘာဝအားဖြင့် နိစ္စမျိုးသာ ဖြစ်၏၊ ပုဂ္ဂလဇ္ဈာသယအားဖြင့် မူကား အနိစ္စလည်းဖြစ်၏၊ သဘာဝအားဖြင့် အဘယ်သို့ နိစ္စမျိုးသာ ဖြစ်သနည်း ဟူမူကား သူ့အသက်ကို သတ်ခြင်း အစရှိသော ငါးပါးသောအမှုသည် ဘယ်အခါ

www.dhammaransi.com



မှာမှ ပြုထိုက်သော အမှုမျိုး မဟုတ်လေရကား ထိုငါးပါးတို့မှ ကြဉ်ရှောင်ခြင်းအမှုသည် သဘာဝအားဖြင့် ခပ်သိမ်းသော သတ္တဝါတို့အား ခပ်သိမ်းသောအခါ၌ အစဉ်ထာဝရ မြဲထိုက်သော သဘောရှိ၏၊ ဤကား ငါးပါးသည် သဘာဝအားဖြင့် နိစ္စမျိုးဖြစ်ပုံတည်း၊ ထိုငါးပါးသည် အဘယ်သို့ ပုဂ္ဂလဇ္ဈာသယ အားဖြင့် အနိစ္စဖြစ်သနည်းဟူမူကား ထို ငါးပါးကို အမြဲ မစောင့်ထိန်းနိုင်သော သူသည် ရံဖန်ရံခါ ခံယူ၍ စောင့်ထိန်းလိုလျှင် စောင့်ထိန်းရ၏၊ ဤကား ထိုငါးပါးသည် ပုဂ္ဂလဇ္ဈာသယ အားဖြင့် အနိစ္စ ဖြစ်ပုံတည်း။ ။ ထိုနှစ်ပါးတွင် ပုဂ္ဂလ**ဇ္ဈာသယ**သည်ကား ပမာနမဟုတ် သဘာဝသည်သာ ပမာန ဖြစ်လေသောကြောင့် **အဋ္ဌကထာ**တို့၌ သဘာဝကို ပမာနပြုသော အားဖြင့် ငါးပါးသီလကို နိစ္စအဖို့၌သာ ပြဆိုကြပေကုန်သည်။

**ငါးပါးသီလ၏ နိစ္စ - အနိစ္စ စစ်တမ်းပြီး၏။**

* * *

## ဆယ်ပါးသီလ၏ နိစ္စ - အနိစ္စ စစ်တမ်း

ဆယ်ပါးသည်လည်း သဘာဝအားဖြင့် နိစ္စမျိုးသာဖြစ်၏၊ ပုဂ္ဂလဇ္ဈာသယ အားဖြင့် မူကား အနိစ္စလည်းဖြစ်၏၊ နိစ္စလည်း ဖြစ်၏။

ဆယ်ပါးသည် သဘာဝအားဖြင့် အဘယ်သို့ နိစ္စမျိုးသာဖြစ်သနည်းဟူမူ ကား ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်သော ဂဟဋ္ဌဖြစ်သူ လူဝိသေသ တို့အား ဇာတရူပ ရဇတ ပဋိဂ္ဂဟဏတိုင်အောင်သော ဆယ်ပါးသော အမှုတို့သည် အဘယ် အခါမှာမှ ပြုခြင်းငှာ မထိုက်သော အမှုတို့ပေတည်း၊ ပြုခဲ့လျှင် အဝတ်အသွင်နှင့် မတန်သောကြောင့်၊ ပညာရှိသူ နတ် လူအပေါင်းတို့ ကဲ့ရဲ့ဖွယ်သော ညှိုးနွမ်းခြင်း, ညစ်နွမ်းခြင်း အပြစ်သို့ ရောက်လေကုန်၏၊ ထို့ကြောင့် ထိုဆယ်ပါးသည် ထိုသူအား ထိုအဝတ အသွင်နှင့် တည်နေသမျှ ကာလပတ်လုံး အစဉ်ထာဝရ မြဲထိုက်သော သဘောရှိ၏၊ ဤကား ဆယ်ပါး၏ သဘာဝအားဖြင့် နိစ္စမျိုးသာ ဖြစ်ပုံတည်း။ ။ ပုဂ္ဂလဇ္ဈာသယ အားဖြင့် အဘယ်သို့လျှင် နိစ္စ အနိစ္စ ဖြစ်သင့်လေသနည်းဟူမူကား ပကတိ လူသာမန်တို့အား ထိုဆယ်ပါးသည် သဘာဝနိစ္စ ဖြစ်ခြင်းငှာမထိုက်၊ အဘယ်ကြောင့်နည်းဟူမူ အပြဟ္မ စရိယမှု ဝိကာလဘောဇနအစ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏ အဆုံးရှိသော အမှုတို့သည် ပကတိ လူသာမန်တို့မှာ အဝတ်အသွင်နှင့် မထိုက်တန်သော

www.dhammaransi.com



အမှုမျိုးမဟုတ်ကုန်၊ ထိုက်တန်သော အမှုမျိုးသာ ဖြစ်ကုန်၏၊ လူ့ချမ်းသာ နတ်ချမ်းသာ လူ့စည်းစိမ် နတ်စည်းစိမ် အရိုးအစဉ်တို့သာ ဖြစ်ကုန်၏၊ ထိုအမှုတို့မှ မကြဉ်ရှောင်သည့်အတွက်နှင့် လူသာမန်တို့ အလယ်၌ ဂုဏ်ကျက်သရေ ညှိုးနွမ်းဖွယ် မရှိလေသောကြောင့် လူသာမန်တို့မှာ ပြုခဲ့လျှင် အပြစ်ရှိသည်ဟူသော သာဝဇ္ဇဓမ္မမျိုး မဟုတ်လေရကား ထိုဆယ်ပါးသည် အစဉ်ထာဝရ အမြဲ စောင့်ထိန်း ရမည် ဟူသော နိစ္စသဘောမျိုး မဟုတ်လေသတည်း။ ။ ပုဂ္ဂလဇ္ဈာသယအားဖြင့် မူကား ထိုလူသာမန်တို့သည် ဆယ်ပါးသီလကို နေ့ရက် အပိုင်းအခြားနှင့် အနိစ္စ အနေအားဖြင့် ခံယူစောင့်ထိန်းလိုလျှင် စောင့်ထိန်းရ၏၊ အဇ္ဇတဂ္ဂေ ပါဏုပေတံ နိစ္စ အနေအားဖြင့် ခံယူ၍ စောင့်ထိန်းလိုလျှင် စောင့်ထိန်းရ၏၊ ကုသိုလ်တရား ပွားများ ၏၊ ဤကား ဆယ်ပါးသီလသည် ပုဂ္ဂလဇ္ဈာသယ အားဖြင့် နိစ္စ အနိစ္စဖြစ်ပုံတည်း။ ထိုနှစ်ပါးတွင် ပုဂ္ဂလဇ္ဈာသယသည် ပဓာနမဟုတ်၊ သဘာဝသည်သာ ပဓာန ဖြစ်လေ သောကြောင့် အဋ္ဌကထာတို့၌ သဘာဝကိုသာ ပဓာနပြုသောအားဖြင့် ဆယ်ပါးသီ လကို နိစ္စအဖို့၌သာ ပြဆိုတော်မူကြပေကုန်သည်။

**ဆယ်ပါးသီလ၏ နိစ္စ - အနိစ္စ စစ်တမ်းပြီး၏။**

## ရှစ်ပါးသီလ၏ နိစ္စ - အနိစ္စ စစ်တမ်း

ရှစ်ပါးသီလသည် သဘာဝအားဖြင့် အနိစ္စမျိုးသာဖြစ်၏၊ ပုဂ္ဂလဇ္ဈာသယ အားဖြင့်မူကား နိစ္စ အနိစ္စ နှစ်ပါးပင် ဖြစ်သင့်၏။ ။ ဤရှစ်ပါးသည် လူဝိသေသ တို့မှာ နိစ္စဆယ်ပါး၌ အတွင်းဝင်ပြီး ဖြစ်လေသောကြောင့် လူဝိသေသတို့အတွက် အသီးဆိုခွင့်မရှိပြီ၊ လူသာမန်တို့မှာ သဘာဝနိစ္စမျိုး မဟုတ်ကြောင်းကို ဆယ်ပါး၌ ပြဆိုခဲ့ပြီးသောအတိုင်း မှတ်လေ။ ။ ထိုသို့ ရှစ်ပါးသည်လည်း လူသာမန်တို့မှာ လွန်ကျူးခဲ့လျှင် အပြစ်ရှိသည် ဟူသော သာဝဇ္ဇဓမ္မမျိုး မဟုတ်လေသောကြောင့် အစဉ်ထာဝရ စောင့်ထိန်းရမည်ဟူသော နိစ္စသဘောမျိုး မဟုတ်လေရကား တတ်စွမ်းနိုင်သမျှ တစ်လလျှင် လေးသီတင်း ရှစ်သီတင်း အစရှိသည်ဖြင့် စောင့်ထိန်း အပ်သော အနိစ္စသဘောမျိုးသာ ဖြစ်သည်ဟု သိအပ်၏၊ မစောင့်ထိန်းသော နေ့ရက် နာရီအတွက်နှင့် လူသာမန်အဖြစ်မှာ ညစ်နွမ်းမှု မရှိသောကြောင့် အနိစ္စသီလမျိုး ဆိုရသည်ဟူလို၊ ထိုစကားမှန်၏၊ လူသာမန်တို့မှာ ဥပုသ်ရက်မဟုတ်သော နေ့၌

www.dhammaransi.com



နေ့လွဲညစာ စားသောက်သည့် အတွက်ကြောင့် ထိုသူကို လူညစ်ဟူ၍ မဆိုအပ်ပေ၊ ထို့အတူ မိမိပိုင်ဝတ္ထု၌ အပြဟ္မစရိယ အမှုကိုပြုခြင်း၊ နစ္စ ဂီတ စသည်တို့ကို သာယာခြင်း၊ မြင့်သောနေရာ၌ နေခြင်း၊ ရွှေ ငွေကို သာယာခြင်း တို့ကြောင့် ထိုသူကို လူညစ်ဟူ၍ မဆိုအပ်ပေ။ ။ ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်သော လူဝိသေသသည် ထိုဝိကာလဘောဇန စ သော အမှုကို ပြုခဲ့မူကား ထိုသူကို လူသူတော်ညစ်ဟု ဆိုအပ်၏။ ။ ဤသို့သော ယုတ္တိကြောင့် ထိုရှစ်ပါးသည် လူသာမန်တို့မှာ သဘာဝအားဖြင့် အနိစ္စမျိုးသာ ဖြစ်လေသည်ဟု သိအပ်လေသတည်း၊ ဤကား လူသာမန်တို့မှာ ထိုရှစ်ပါးသည် သဘာဝအားဖြင့် အနိစ္စမျိုးသာ ဖြစ်ပုံတည်း။ ။ ထိုရှစ်ပါးသည် လူသာမန်တို့မှာ ပုဂ္ဂလဇ္ဈာသယ အားဖြင့် အဘယ်သို့ နိစ္စ အနိစ္စ နှစ်ပါး ဖြစ်သင့်လေသနည်းဟူသော အမေးမှာလည်း ထိုလူသာမန်တို့မှာ ဆယ်ပါးသီလ၏ နိစ္စ အနိစ္စ နှစ်ပါးဖြစ်သင့်ပုံမှာ ပြဆိုခဲ့ပြီးသော အတိုင်းပြဆိုလေ။ ။ ဤကား ရှစ်ပါးသည် လူသာမန်တို့မှာ ပုဂ္ဂလဇ္ဈာသယ အားဖြင့် နိစ္စ အနိစ္စ နှစ်ပါး ဖြစ်သင့်ပုံတည်း။ ။ ထိုနှစ်ပါးတွင် ပုဂ္ဂလဇ္ဈာသယကား ပမာဏ မဟုတ်၊ သဘာဝသည်သာ ပမာဏ ဖြစ်လေသောကြောင့် အဋ္ဌကထာတို့၌ သဘာဝကိုသာ ပမာဏပြုသော အားဖြင့် ရှစ်ပါးသီလကို အနိစ္စအဖို့၌ ပြဆိုတော် မူကြပေကုန်သည်။

**ရှစ်ပါးသီလ၏ နိစ္စ - အနိစ္စ စစ်တမ်းပြီး၏။**

**ကဲ့ရဲ့ဖွယ် အပြစ်၌ တည်ကြောင်း**

သဘာဝ နိစ္စမျိုး၌ကား သိက္ခာပုဒ်ကို ခံယူဆောက်တည်ခြင်း မရှိဘဲနှင့်ပင် လွန်ကျူးခဲ့လျှင် ညစ်နွမ်းသော အဖို့၌ တည်၏။ ။ သဘာဝ အနိစ္စမျိုး၌ကား သိက္ခာပုဒ်ကို မခံယူခဲ့သည်ရှိသော် ပြုကျင့်သော်လည်း ညစ်နွမ်းသည်မဆိုရ၊ သိက္ခာပုဒ်ကို ခံယူလျက်နှင့် ပြုကျင့်မှသာ ညစ်နွမ်းသည် ဆိုရ၏။ ။ အဝတ်ဖြူသည် လူသာမန်တို့၏ အဝတ်မျိုး စင်စစ် ဖြစ်ခဲ့၍ သဘာဝနိစ္စဆယ်ပါးနှင့် မထိုက်တန်ကြောင်း၊ တမင်ခံယူ၍ စောင့်ထိန်းသော ပုဂ္ဂလဇ္ဈာသယဆယ်ပါးနှင့် ထိုက်တန်ကြောင်း ဖန်ရည်ဆိုးသော အဝတ်သည် သာလျှင် မြင့်မြတ်သော အရာမျိုးဖြစ်၍ သဘာဝနိစ္စဆယ်ပါးနှင့် ထိုက်တန်ကြောင်း၊ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်လျက်နှင့်

www.dhammaransi.com



ဆယ်ပါးကို လုံခြုံစွာ မထိန်းခဲ့လျှင် အသွင်နှင့်မတန်သည့် အတွက် ကဲ့ရဲ့ဖွယ်သော သာဝဇ္ဇ အဖြစ်၌ တည်ကြောင်းကို ပြဆိုဦးအံ့။ ။ အဝတ်ဖြူသည် ကာမဂုဏ်ကို ခံစားသူ လူတို့၏ အသုံးအဆောင် ဖြစ်ကြောင်းသည် ဝိနည်းတော်တလျှောက်မှာ ထင်ရှားပါ၏၊ မျက်မြင်အားဖြင့်လည်း အနောက်နိုင်ငံသား ဟိန္ဒူလူမျိုးများမှာ ထင်ရှား၏။

နောင်သာသနာ၌ ဖြစ်ပေါ်လာလတ္တံ့သော ပါပဘိက္ခုတို့၏ အခြင်းအရာကို ဟောတော်မူရာ ဖုဿထေရဂါထာ ပါဠိတော်၌ ဤသို့လာ၏။

အဇေဂုစ္ဆံ ဝိမုတ္တေဟိ၊ သိရတ္တံ အရဟဒ္ဓဇံ။

ဇိဂုစ္ဆိဿန္တိ ကာသာဝံ၊ ဩဒါတေသု သမုစ္ဆိတာ။

ဩဒါတေသု၊ အဝတ်ဖြူတို့၌။ သမုစ္ဆိတာ၊ မက်မောကြကုန်သော ပါပရဟန်းတို့သည်။ ဝိမုတ္တေဟိ၊ ကိလေသာဝဋ်မှ ကျွတဖလွတ်ကုန်ကြပြီးသော သူတော်ကောင်းတို့သည်။ အဇေဂုစ္ဆံ၊ မစက်ဆုပ်အပ်သော။ သုရတ္တံ၊ ကောင်းစွာနီမြန်းသော။အဇေဟဒ္ဓဇံ၊ ရဟန္တာတို့၏ တံခွန်ဖြစ်သော။ ကာသာဝံ၊ ဖန်ရည်ဆိုး သင်္ကန်းမျိုးကို ။ ဇိဂုစ္ဆိဿန္တိ၊ စက်ဆုပ်ကြကုန်လတ္တံ့။

နောင်အခါ အဝတ်ဖြူတို့၌ မက်မောကြကုန်သော ပါပရဟန်းတို့သည် ကိလေသာဝဋ်မှ ကျွတ်လွတ်ပြီးသော အရိယာ သူတော်ကောင်းတို့ မစက်မဆုပ်အပ်သော ကောင်းစွာ နီမြန်းသော ရဟန္တာတို့၏ တံခွန်ဖြစ်သော ဖန်ရည်ဆိုးသင်္ကန်းမျိုးကို စက်ဆုပ်ကြကုန်လတ္တံ့။

(ပါဠိလျှောက်အဓိပ္ပာယ်)

မိလက္ခု ရဇနံ ရတ္တံ၊ ဂရဟန္တာ သကံဓဇံ။

တိတ္ထိယာနံ ဓဇံ ကေစိ၊ ဓာရယန္တျဝဒါတကံ။

မိလက္ခု ရဇနံ ရတ္တံ။ ညောင်ခေါက်ဆိုးရည်ဖြင့် တပ်အပ် ဆိုးအပ်သော။ သကံဓဇံ၊ မိမိတို့အနွယ်၏ ဆိုင်ရာ တံခွန်ဖြစ်သော သင်္ကန်းကို။ ဂရဟန္တာ၊ ကဲ့ရဲ့ကြကုန်လျက်။ ကေစိ၊ အချို့ကုန်သော ပါပရဟန်းတို့သည်။ တိတ္ထိယာနံ၊ တိတ္ထိတို့၏။ ဓဇံ၊ တံခွန်ဖြစ်သော။ အဝဒါတကံ၊ အဝတ်ဖြူကို။ ဓာရယန္တိ၊ ဆောင်ကြကုန်လတ္တံ့။

www.dhammaransi.com



နောင်သောအခါ၌ ညောင်ကြွတ်ခေါက်ဖြင့် ဆိုးအပ်သော မိမိတို့အနွယ်၏ ဆိုင်ရာ တံခွန်ဖြစ်သော အဝတ်ဖြူကို အချို့ ဆောင်ကြကုန်လတ္တံ့။ (ပါဠိလျှောက်။ ဤဒေသနာ ဂါထာ၌ ညောင်ခေါက်ဆိုးသင်္ကန်းသည် ရဟန္တာတို့၏ တံခွန်၊ အဝတ်ဖြူသည် တိတ္ထိတို့၏ တံခွန်ဟု လာ၏။)

အနိက္ကသာဝေါ ကာသာဝံ၊ ယောဝတ္ထံ ပရိဓဿတိ။

အပေတော ဒမသစ္စေန၊ န သော ကာသာဝ မရဟတိ။

ယော၊ အကြင်သူသည်။ အနိက္ကသာဝေါ၊ ကိလေသာတည်းဟူသော ဖန်ရည် အပြည့်ရှိလျက်။ ဒမသစ္စေန၊ ဣန္ဒြေခြောက်ပါးကို ဆုံးမခြင်း။ ဒမ၊ မှန်သောစကား ကိုသာ ပြောဆိုခြင်း။ သစ္စာတရားမှ၊ အပေတော၊ ကင်းသည်ဖြစ်လျက်။ ကာသာဝံ ဝတ္ထံ၊ ညောင်ခေါက် စသည် ဖန်ရည်တပ်စွန်း လွန်နီမြန်းသော သင်္ကန်းကို။ ပရိဓဿ တိ၊ ဝတ်ရုံခြားအံ့။ သော၊ ထိုသူသည်။ ကာသာဝံ၊ သင်္ကန်းကို။ န အရဟတိ၊ မထိုက် တန်လေ။

အကြင်သူသည် ကိုယ်တွင်း၌ ကိလေသာတည်းဟူသော ဖန်ရည်အပြည့်ရှိ လျက် ဣန္ဒြေခြောက်ပါးကို ဆုံးမခြင်း၊ မှန်သောစကားကိုသာ ပြောဆိုခြင်း တည်းဟူ သော ရဟန်းတရားတို့မှ ကင်းသည်ဖြစ်လျက် ညောင်ခေါက်စသည် ဖန်ရည်တပ်စွန်း၊ လွန်နီမြန်းသော သင်္ကန်းကို ဝတ်ရုံခြားအံ့၊ ထိုသူသည် ထိုသင်္ကန်းကို ဝတ်ခြင်းငှာ မထိုက်။ (ပါဠိလျှောက်)

ဤဒေသနာ ဂါထာဖြင့် အပြဟ္မစရိယမှု၊ ဝိကာလဘောဇနမှု အစရှိသော ရုန့်ရင်းသော ကိလေသာဖန်ရည် ရှိနေသောသူသည် ညောင်ခေါက်ဆိုးကို ဝတ်သောသူ သည် ထိုအမှုကြမ်းတို့ကို ပြုခြင်းငှာမထိုက် ဟူသော အနက်ကို ပြဆိုတော်မူသည်။

ယောစ ဝန္တကသာဝဿ၊ သီလေသု သုသမာဟိတော။

ဥပေတော ဒမသစ္စေန၊ သဝေ ကာသာဝံ မရဟတိ။

ယောစ၊ အကြင်သူသည်ကား။ ဝန္တကသာဝေါ၊ ထွေးအန်စွန့်ပယ်အပ်ပြီးသော ကိလေသာတည်းဟူသော ဖန်ရည်ရှိသည်။ အဿ၊ ဖြစ်ရာ၏။ သီလေသု၊ စတုပါရိ သုဒ္ဓိ သီလတို့၌။ သုသမာဟိတော၊ ကောင်းစွာ တည်ကြည်စောင့်ရှောက်၏။ ဒမသစ္စေ

www.dhammaransi.com



န၊ ဣန္ဒြေ ၆ - ပါးကို ဆုံးမခြင်း။ ဒမ၊ မှန်သောစကားကိုသာ ပြောဆိုခြင်း သစ္စာတရားနှင့်။ ဥပေတော၊ ပြည့်စုံ၏။ သသော၊ ထိုသူသည်။ ကာသာဝံ၊ သင်္ကန်းကို။ ဝေ၊ စင်စစ်။ အရဟတိ၊ ထိုက်တန်၏။

အကြင်သူသည်ကား ကိုယ်တွင်း၌ ထွေးအန် စွန့်ပယ်ပြီးသော အပြဟွစရိယ မှု ဟူသော ကိလေသာဖန်ရည်ရှိ၏၊ ဣန္ဒြိယသံဝရသီလ၊ ဝစီသစ္စာတရားနှင့် ပြည့်စုံ၏၊ ထိုသူသည်သာ ညောင်ခေါက်ဆိုးကို ဝတ်ခြင်းငှာ ထိုက်၏။ (ပါဠ်လျှောက်)

ဤဂါထာ သီလေသု၌ ဆယ့်ပါးသီလ အစရှိသော နိစ္စသီလကြီးတွေကို ယူလေ။ ။ ဖန်ရည်ခေါ်ရသော ကိလေသာမျိုးကား မေထုနသေဝန ဝိကာလဘောဇန စသော ရုန့်ရင်းသော ကိလေသာမျိုးတို့ကို ဖန်ရည်ဆိုသတည်း၊ ထို့ကြောင့် ငါးပါးနိစ္စ တည်ရုံမျှသည် ညောင်ခေါက်ဆိုးနှင့် မထိုက်တန်သေး။ ။ ရှစ်ပါးနိစ္စ တည်ရုံမျှသည်လည်း ညောင်ခေါက်ဆိုးနှင့် မထိုက်တန်သေး၊ ယုတ်စွအဆုံး သဘာဝ နိစ္စ ဆယ်ပါးတည်မှသာ ညောင်ခေါက်ဆိုးနှင့် ထိုက်တန်သည်ဟု သိအပ်၏။ ။ ညောင်ခေါက်ဆိုး အဝတ်နီကို ဝတ်သောသူသည် ဆယ်ပါးသော သီလကို ဘယ်အခါမှ လွန်ကြူးခြင်းငှာမထိုက်၊ ဆယ်ပါးတွင် တစ်ပါးပါးကို လွန်ကျူးခဲ့သော် ဤဒေသနာတော်အတိုင်း ကဲ့ရဲ့ဖွယ်သော အပြစ်စွန်းငြိ၍ သာဝဇ္ဇအဖို့၌ တည်၏ဟူသော အနက်ကိုလည်း သိအပ်၏။

ဝိပန္နသီလော ဒုမ္မေဓော၊ ပါကဋော ကာမကာရိယော။

ဝိဗ္ဘန္တစိတ္တော နိဿုက္ကော၊ နသော ကသာဝ မရဟတိ။

ယော၊ အကြင်သူသည်။ ဝိပန္နသီလော၊ ပျက်စီးသော နိစ္စသီလ ရှိ၏၊ ဒုမ္မေဓော၊ ပညာနည်းပါး၏။ ပါကဋော၊ ထင်ရှားပေါ်လွင်သော ဣန္ဒြေရှိ၏။ ကာမကာရိယော၊ စိတ်အလိုရှိတိုင်း စိတ်နောက်ကိုယ်ပါ ပြုကျင့်တတ်၏၊ ဝိဗ္ဘန္တစိတ္တော၊ မရပ်မတည် လည်သော စိတ်နှလုံးရှိ၏၊ နိဿုက္ကော၊ ဖြူစင်သော ဟိရိဩတ္တပ္ပတရားတို့ မှ ကင်းလွတ်ဝေးကွာ၏၊ သော၊ ထိုသူသည်။ ကာသာဝံ၊ သင်္ကန်းကို။ နအရဟတိ၊ မထိုက်မတန်လေ။

အကြင်သူသည် ပျက်စီးသော နိစ္စသီလ ရှိ၏၊ ပညာမဲ့၏၊ ပေါ်လွင်သော ဣန္ဒြေရှိ၏၊ စိတ်အလိုရှိတိုင်း စိတ်နောက် ကိုယ်ပါ ပြုကျင့်တတ်၏၊ မရပ်မတည်

www.dhammaransi.com



လည်သောစိတ် ရှိ၏။ ဖြူစင်သော ဟိရိဩတ္တပ္ပ တရားတို့မှ ကင်းလွတ်၏၊ ထိုသူသည် ညောင်ခေါက်ဆိုးနှင့် မထိုက်။ (ပါဠ်လျှောက်။)

လိုရင်းမှာ ဆယ်ပါးသီလ အမြဲတည်လျှင်ပင် ထိုအပြစ်တို့မှ ကင်းလွတ်၍ ညောင်ခေါက်ဆိုးနှင့် ထိုက်တန်ပြီမှတ်၊ ထို့ကြောင့် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ရုံသော သာမဏေများမှာ ဆယ်ပါးသီလကို အရင်းခံထားရလေသတည်း။ ။ သက်နိုး ဝတ်မိလျှင်ပင် ဆယ်ပါးသီလ ခံယူမှုကိစ္စပြီးပြီ၊ သာမဏေအစစ်ကြီး မဟုတ်သေး၍ သာမဏေသီလဟု ဝိသေသမဆိုရသေး၊ သရဏဂုံ ခံယူမှု ပြည့်စုံမှ သာမဏေ အစစ်ကြီးဖြစ်၍ သာမဏေသီလ ဆိုရသည်။ ထို့ကြောင့်ပင်လျှင် ဝိနည်း ကျမ်းဂန်တို့၌ သာမဏေသီလသည် သရဏဂုံဖြင့် ပြီးစီးသည်ဟု ဆိုကြကုန်သည်။

ယောစ သီလေန သမ္ပန္နော၊ ဝီတရာဂေါ သမာဟိတော။

ဩဒါတမနသင်္ကပ္ပေါ၊ သဝေနာ သာဝ မရဟတိ။

ယောစ၊ အကြင်သူသည်ကား။ သီလေန၊ နိစ္စသီလနှင့်။ သမ္ပန္နော၊ ပြည့်စုံ၏။ ဝီတရာဂေါ၊ ရုန့်ရင်း ကြမ်းတမ်းသော ရာဂမှ ကင်း၏။ သမာဟိတော၊ တည်ကြည်သော စိတ်နှလုံးရှိ၏။ ဩဒါတမနသင်္ကပ္ပေါ၊ ဖြူစင်သော စိတ်အကြံရှိ၏။ သ-သော-ထိုသူသည်။ ကာသာဝံ၊ သင်္ကန်းကို။ ဝေ၊ စင်စစ်။ အရဟတိ၊ ထိုက်တန်၏။

အကြင်သူသည် နိစ္စသီလနှင့် ပြည့်စုံ၏၊ ရုန့်ရင်းကြမ်းတမ်းသော ရာဂမှ ကင်း၏၊ တည်ကြည်သော စိတ်ရှိ၏၊ ဖြူစင်သော စိတ်အကြံရှိ၏၊ ထိုသူသည်သာလျှင် ညောင်ခေါက်ဆိုးကို ဝတ်ခြင်းငှာ ထိုက်၏။ (ပါဠ်လျှောက်)။ ။ ယုတ်စွအဆုံး ဆယ်ပါးသီလ နိစ္စတည်လျှင် ဤဂါထာ၌လာသော ဂုဏ်နှင့် ယှဉ်ပေပြီဟုမှတ်။

ဥဒ္ဓတော ဥန္နဠော ဗာလော၊ သီလံ ယဿ နဝိဇ္ဇတိ။

ဩဒါတကံ အရဟတိ၊ ကာသာဝံ ကိံ ကရိဿတိ။

ယော၊ အကြင်သူသည်။ ဥဒ္ဓတော၊ တုန်လှုပ်ပျံ့လွင့်သော စိတ်နှလုံးရှိ၏၊ ဥန္နဠော၊ အထက်သို့မြင့်တက်သော ကျူပင်ကျူရိုးကဲ့သို့ အနှစ်သာရမရှိဘဲ အချည်းနှီး မောက်မော် ဝါကြွားသော စိတ်နှလုံးရှိ၏။ ဗာလော၊ မိုက်မဲ၏၊ ယဿ၊ အကြင်သူအား။ သီလံ၊ ဆယ်ပါးသီလမျှ။ နဝိဇ္ဇတိ၊ မရှိ။ သော၊ ထိုသူသည်။ ဩဒါတကံ၊ အဝတ်ဖြူ အဝတ်ကြောင်ကိုသာ။ အရဟတိ၊ ထိုက်တန်၏။ ကာသာဝံ၊ သင်္ကန်းကို၊ ကိံ ကရိဿတိ၊ အဘယ်ပြုအံ့နည်း။

www.dhammaransi.com



အကြင်သူအား ယုတ်စွအဆုံး ဆယ်ပါးသီမျှ နိစ္စသီလဟူ၍မရှိ၊ ပျံ့လွင့်သော စိတ်ရှိ၏၊ ကျူပင် ကျူရိုးကဲ့သို့ အနှစ်သာရမရှိဘဲ အချည်းနှီး မောက်မော်သော စိတ်နှလုံးရှိ၏၊ မိုက်မဲ၏၊ ထိုသူသည် အဝတ်ဖြူကိုသာ ဝတ်ခြင်းငှာ ထိုက်၏၊ ထိုသူအား ညောင်ခေါက်ဆိုးဖြင့် အဘယ်ပြုလတ္တံ့နည်း။ (ပါဠိလျှောက်။)

ဤဂါထာဖြင့် အဝတ်ဖြူသည် အရာယုတ်နိမ့်ကြောင်း ညောင်ခေါက်ဆိုး အဝတ်နီသည် အရာကြီးမြတ်ကြောင်း ထင်ရှားလှ၏။ ။ ညောင်ခေါက်ဆိုးကို သာ ထုတ်ဖော်၍ ဆိုခဲ့သည်မှာ ဒုတိယ**ဂါထာ** ပါဠိတော်မှာ "မိလက္ခု ရဇနံရတ္တံ" ဟူ၍ တိုက်ရိုက်လာရှိသောကြောင့် ဆို**ပေသည်**၊ ညောင်ခေါက်ဆိုးမှ တစ်ပါး ဖလံခေါက်ဆိုး ပိန္နဲဆိုး စသည်တို့၌လည်း အတူတူမှတ်လေ။ ။ ဤဒေသနာတော်၌ကား သာသနာ ထမ်း ရဟန်းသာမဏေတို့ကို ပြဆိုရင်းပေတည်း။ ။ ဇာတ်နိပါတ် ဓမ္မပဒ စသည် တို့၌လည်း ဤနည်းတူလာ၏၊ ထိုသို့ လာသော အရာဌာနတို့၌မူကား ဆယ်ပါးသီလ နိစ္စတည်ရှိသော သူခပ်သိမ်းတို့နှင့်ပင် ဆက်ဆံ၏။ ။ ဤအရာ၌ ဆိုလိုရင်း အဓိပ္ပာယ်မှာမူကား အဝတ်ဖြူသည် ယုတ်နိမ့်သောအရာဖြစ်၍ ပကတိလူ ဂဟဋ္ဌတို့ ၏ အသုံးအဆောင်သာ ဖြစ်၏၊ ထိုအဝတ်ဖြူကို ဝတ်သောသူတို့သည် သဘာဝနိစ္စ ငါးပါးမျှကိုသာ ရထိုက်ကုန်၏၊ သဘာဝနိစ္စဆယ်ပါးကိုမူကား မရထိုက်၊ ပုဂ္ဂလဇ္ဈာသ ယ ဆယ်ပါးကိုသာ ရထိုက်၏။ ။ ညောင်ခေါက်ဆိုးသည် မြင့်မြတ်သော အရာဖြစ် ၍ ပဗ္ဗဇိတအဖို့၌တည်သော ပုဂ္ဂိုလ်သူမြတ်တို့နှင့်သာ ထိုက်တန်၏၊ ထိုညောင်ခေါက် ဆိုး အဝတ်နီမျိုးကို ဝတ်သောသူတို့သည်သာလျှင် သာမဏေတို့နှင့် အလားတူ သဘာဝနိစ္စဆယ်ပါးကို ရထိုက်ကုန်၏၊ ထိုအဝတ်မျိုးကို ဝတ်မိလျှင် ဆယ်ပါးသီလ ခံယူဆောက်တည်မှုကိစ္စ အလိုလိုပြီးစီးလေ၏၊ တမင် ခံယူဆောက်တည်ဖွယ်ကိစ္စ မရှိပြီ၊ သို့သော်လည်း ခံယူဆောက်တည်မှုသည် အလေးဂရု အထူးပြုမိခြင်း အကျိုး သိက္ခာပုဒ်အစဉ်တို့၌ ကြေလယ်ခြင်း အကျိုးရှိပါ၏၊ ယခုကာလ သာမဏေများ သီလခံကြသကဲ့သို့တည်း၊ ဤသို့သော အဓိပ္ပာယ်ကို ပြဆို ဆုံးဖြတ်လိုရင်းတည်း။

ယခုအခါ အဝတ်ဖြူ အဝတ်ကြောင် အစရှိသော ပကတိ လူတို့၏ အဝတ်မျိုး ကို ပယ်စွန့်၍ ဖန်ရည်သောက်သော ညောင်ခေါက်ဆိုး အဝတ်စသော ပဗ္ဗဇိတ အဝတ်မျိုးကို ဝတ်ကြကုန်သည်ဖြစ်၍ သမဏဗြဟ္မဏ အဖြစ်၌ တည်ကြကုန်သော သူတို့အား အဝတ်အသွင်ကို ယူသည်နှင့်တစ်ပြိုင်နက် ခံယူမှုကိစ္စ ပြီးလျက် အမြဲတည် ရှိသော ဆယ်ပါးသီလကို တစ်ပါးပါး ကျူးလွန်ခဲ့သည်ရှိသော် ဧကန် စင်စစ် ညစ်နွမ်း

www.dhammaransi.com



မှုအဖြစ် သာဝဇ္ဇသဘောသို့ ရောက်ကြောင်းကို ပြဆိုလတ္တံ့သော ပါဠိတော်ဖြင့် သိအပ်၏။

စတ္တာရောမေ ဘိက္ခဝေ စန္ဒိမသူရိယာနံ ဥပက္ကိလေသာ၊ ယေဟိ ဥပက္ကိလေ သဟိ ဥပတ္တိလိဋ္ဌာ စန္ဒိမသူရိယာ နတပန္တိ နဘာသန္တိ နဝိရောစန္တိ။

အစရှိသည်ဖြင့် ဥပမာနှင့်တကွ အကျယ်လာ၏။

လိုရင်း အဓိပ္ပာယ်မျှကို ပြဆိုပေအံ့၊ ၁ - **ဆီးနှင်း**၊ ၂ - မြူခိုး၊ ၃ - မိုးတိမ်၊ ၄ - ရာဟု၊ ဤ ၄ - ခုတို့သည် လ၊ နေတို့ကို **ညစ်နွမ်းစေတတ်ကုန်၏**၊ ထို့အတူ မေထုန်မှု သေရည်မှု ရွှေငွေခံမှု မိစ္ဆာဇီဝမှု ဤလေးခုတို့သည် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ကြကုန်သဖြင့် သမဏပြဟ္မဏ အဖြစ်၌တည်သော ပုဂ္ဂိုလ်သူမြတ်တို့ကို ညစ်နွမ်းစေတတ်ကုန်၏ ဟူ၍ ဟောတော်မူသည်။ ။ ဤပါဠိတော်၌ သေရည်သောက်မှုဖြင့် နိစ္စငါးပါးကြီးကို သိမ်းကျုံး၍ သိလေ၊ မေထုန်မှု ရွှေ ငွေခံမှုဖြင့် ကြွင်းသော အပြဟ္မ**စရိယနှင့်**တကွ ဝိကာလဘောဇန စသော အင်္ဂါစုကို သိမ်းကျုံး၍ သိလေ။ မိစ္ဆာ**ဇီဝ**ဖြင့် လူတို့အား ဆေးဝါးဓာတ်စာပေးခြင်း စသည်ကို ပြု၍ ရသော လာဘ်သပ်ပ**ကာနှင့်** အသက်မွေးမှုကို ယူလေ။ ။ ဤပါဠိတော်ကြီးကို ထောက်၍လည်း ဖန်ရည်သောက်သော ညောင်ခေါက်ဆိုးကို ဝတ်ရုံ၍ သမဏပြဟ္မဏ အဖြစ် တစ်စိတ်၌ တည်ကုန်သော လူဂဟဋ္ဌတို့အား ရွှေငွေကို ခံမှု သာယာမှု စသည်တို့သည် ဧကန္တ ညစ်နွမ်းခြင်းကို ပြုတတ်ကုန်၏၊ သာဝဇ္ဇအဖို့သို့ ရောက်စေတတ်ကုန်၏ ဟု သိအပ်လေသတည်း။ ။ ထိုညောင်ခေါက်ဆိုးကို ဝတ်သည်ဖြစ်၍ သမဏပြဟ္မဏ အဖြစ်၌ တည်သော သူကိုမြင်လျှင် ဂဟဋ္ဌဟူ၍ ဆိုရပြန်သည်မှာ ဘိက္ခု ဘိက္ခုနီသိက္ခမာန် သာမဏေရ သာမဏေရီ ဟူသော သီတင်းသုံးဖော် ငါးဦးတို့၌မပါသောကြောင့် ဂဟဋ္ဌဟူ၍ပင် ဆိုရလျက် ရှိပြန်သည်ဟု မှတ်၊ ထိုမှတစ်ပါး **သံယုတ်ပါဠိတော်၌** -

ယဿခေါ ဂါမဏိ ဇာတရူပ ရဇတံ ကပ္ပတိ၊ ပဉ္စပိ တဿကာမဂု ဏာ ကပ္ပန္တိ၊ ယဿ **ပဉ္စကာမဂုဏာ** ကပ္ပန္တိ၊ **ဧကန္တေန**ခေါဂါမဏိ ဓာရေယျာသိ အသမဏဓမ္မော အသကျပုတ္တိယဓမ္မောတိ။

ဟူ၍ ဟောတော်မူ၏။

ဂါမဏိ၊ မဏိစူဠက အမည်ရှိသော ရွာသူကြီး။ ယဿ၊ အကြင်သူအား။ ဇာတရူပ ရဇတံ၊ ရွှေငွေသည်။ ကပ္ပတိ၊ အပ်၏။ တဿ၊ ထိုသူအား။ ပဉ္စပိ ကာမဂုဏာ၊ ကာမဂုဏ်ငါးပါးတို့သည်လည်း။ ကပ္ပန္တိ၊ အပ်ကုန်၏။ ယဿ၊ အကြင်သူအား။ ပဉ္စကာ

www.dhammaransi.com



မဂ္ဂဏာ၊ ကာမဂုဏ်ငါးပါးတို့သည်။ ကပ္ပန္တိ၊ အပ်ကုန်၏။ တဿ၊ ထိုသူ၏။ သော၊ ထိုအပ်မှုသည်။ အသမဏမေ့ော၊ ရဟန်းပုဏ္ဏားတို့၏ အကျင့်မျိုးမဟုတ်။ အသကျပုတ္တိယမေ့ော၊ သာကီဝင်မင်းသား ငါဘုရား တပည့်သားတို့၏ အကျင့်မျိုးမဟုတ်။ ဣတိ၊ ဤသို့။ ဝါမဏ်၊ မဏိစူဠက အမည်ရှိသော ရွာသူကြီး။ တွံ၊ သင်သည်။ ဧကန္တေနခေါ၊ စင်စစ်အားဖြင့်သာလျှင်။ ဓာရေယျာသိ၊ မှတ်လေလော့။

ဤပါဠိတော်ကို ထောက်သဖြင့်လည်း ညောင်ခေါက်ဆိုး အဝတ်ကို ဝတ်၍ ပဗ္ဗဇိတသမဏေအဖြစ်သို့ ကပ်ကုန်သော သူတို့အား ခံယူခြင်းကို မပြုဘဲနှင့်ပင် ဆယ်ပါးသီလသည် သဘာဝနိစ္စ ရထိုက်ကြောင်းကို သိအပ်၏။ ။ ဤလောက၌ ဆယ်ပါးသီလကို ပြောဟော ဆုံးဖြတ်ကြကုန်သော ဆရာတို့သည်ကား ပြဆိုခဲ့ပြီးသော သဘာဝနိစ္စ အနိစ္စတစ်မျိုး ပုဂ္ဂလဇ္ဈာသယ နိစ္စ အနိစ္စတစ်မျိုး၊ ဤနှစ်မျိုးရှိသည်ကို သတိမမူကြကုန်သောကြောင့် ထုတ်ပြခဲ့ပြီးသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၏သဘောကို စင်ကြယ်ချောမောအောင် မပြောနိုင်ကြကုန်။ ။ မိမိတို့ဉာဏ်တွင် ထင်မိထင်ရာကိုသာ သန်သန်ပြောဆို ရေးသားဆုံးဖြတ်ကြသဖြင့် ဝါဒဝိနိစ္ဆယ ချင်းချင်း ဆန့်ကျင်ဘက်ဖြစ်၍ နေကြလေကုန်သည်။ ။ မေးရန်ရှိ သည်ကား။ ။ "နိစ္စသီလဝသေန ပဉ္စသိက္ခာပဒါနိ၊ သတိဝါ ဥဿာဟေဒသ၊ ဥပေါ သထင်္ဂဝသေန အဋ္ဌ"။ ။ ဟူသော အဋ္ဌကထာ စကားသည် သဘာဝနိစ္စ အနိစ္စ တစ်မျိုးကိုသာ ပြဆိုသည် မဟုတ်လော။ ထိုစကားဖြင့် ပုဂ္ဂလဇ္ဈာသယနိစ္စ အနိစ္စ တစ်မျိုးကို အဘယ်သို့ သိနိုင်ပါသနည်းဟု မေးရန်ရှိ၏၊ ဤ အဋ္ဌကထာ စကား၌ ငါးပါးကို နိစ္စသီလဟု ဆို၏၊ နိစ္စမတတ်နိုင်သောသူသည် ငါးပါးကို ရံဖန်ရံခါ စောင့်ထိန်းလိုသော် မစောင့်ရ မစောင့်အပ် ဆိုမည်လော၊ မုဆိုး တံငါပြုလုပ်၍ နေသောသူသည် ရံဖန်ရံခါ ပါဏာတိပါတာ ဝေရမဏီ သီလကို ခံယူ၍ စောင့်ထိန်း လိုသော် မစောင့်ရ မစောင့်အပ် ဆိုမည်လော၊ စောင့်အပ်သည်သာ ဧကန်ဖြစ်၏၊ ထိုသို့ဖြစ်ပါလျက် အဋ္ဌကထာ၌ ငါးပါးကို နိစ္စဟု ဆို၏၊ ထိုကြောင့် အဋ္ဌကထာဆို သော နိစ္စကား သဘာဝနိစ္စတည်းဟု သိအပ်၏။ ။ သဘာဝနိစ္စကို ဆိုသဖြင့် သဘာဝနိစ္စကိုသာ ပယ်တော်မူလိုရင်းတည်း၊ ပုဂ္ဂလဇ္ဈာသယ အနိစ္စကို ပယ်လိုရင်း မဟုတ်၊ ထိုပုဂ္ဂလဇ္ဈာသယ အနိစ္စကိုမူကား ခွင့်ပြုတော်မူသည်ဟု သိအပ်၏။

ဤနည်းအတူ ဆယ်ပါးကို နိစ္စဆိုရာ၌လည်း သဘာဝနိစ္စကိုသာ ဆိုလိုရင်း တည်း၊ သဘာဝနိစ္စကို ဆိုသဖြင့် သဘာဝနိစ္စကိုသာ ပယ်တော်မူလိုရင်းတည်း၊ ပုဂ္ဂလဇ္ဈာသ ယ နိစ္စ အနိစ္စကို ပယ်လိုရင်းမဟုတ်၊ ထိုပုဂ္ဂလဇ္ဈာသယ နိစ္စအနိစ္စကို မူကား ခွင့်ပြု တော်မူသည်ဟု သိအပ်၏။ ။ အဋ္ဌကထာ၌ ရှစ်ပါးကို နိစ္စဟု ဆို၏၊

www.dhammaransi.com



ရှစ်ပါးကို ယနေ့မှ စ၍ ပါဏာပေတံခံယူ၍ စောင့်လိုလျှင် မစောင့်ရ ဆိုမည်လော၊ စောင့်ရ သည်သာ ဧကန်ဖြစ်၏၊ ထိုသို့ ဖြစ်ပါလျက် အနိစ္စဟု ဆို၏၊ ထို့ကြောင့် အဋ္ဌကထာ ဆိုသော အနိစ္စကား သဘာဝအနိစ္စတည်းဟု သိအပ်၏၊ သဘာဝအနိစ္စကို ဆိုသဖြင့် သဘာဝအနိစ္စကို ပယ်တော်မူလိုရင်းတည်း၊ ပုဂ္ဂလဇ္ဈာသယနိစ္စကို ပယ်လိုရင်းမဟုတ်၊ ထိုပုဂ္ဂလဇ္ဈာသယ နိစ္စ အနိစ္စကိုမူကား ခွင့်ပြုတော်မူသည်ဟု သိအပ်၏။ ။ ငါးပါး၊ ဆယ်ပါးတို့၌ သဘာဝအနိစ္စကို မရအပ်၊ ရှစ်ပါး၌ သဘာဝနိစ္စကို အသီး မရအပ်၊ ငါးပါး၌ ပုဂ္ဂလဇ္ဈာသယ နိစ္စကို အသီးမရအပ်။ ။ အချို့ဆရာတို့ကား ဤအဋ္ဌကထာ ၌ ပယ်လိုရင်းအနက် ပယ်လိုရင်းမှ အလွတ်ဖြစ်၍ ခွင့်ပြုသော အနက်ကို ဝေဖန် ခွဲခြမ်း၍ မယူကြကုန်မူ၍ ဆယ်ပါးကို နိစ္စဆိုသောကြောင့် နိစ္စ စောင့်နိုင်သူမှ ဆယ် ပါးကို စောင့်အပ်သည် သီတင်းနေ့တွင် ကွက်၍ ဆယ်ပါးကို မစောင့်အပ်ဟု သန်သန် ယူကြကုန်၏။ ။ ထိုသို့ဖြစ်ခဲ့သော် ငါးပါးကိုလည်း နိစ္စဆိုသောကြောင့် တစ်သက်လုံး အမြဲစောင့်နိုင်သူမှ ငါးပါးကို စောင့်အပ်သည်၊ ရံဖန်ရံခါမျှ စောင့်လိုသော် မစောင့် အပ်ဟု ယူရလိမ့်မည်။ ။ အချို့သောဆရာတို့သည် ဤအဋ္ဌကထာ၌ ၈ - ပါးကို အနိစ္စဆိုသောကြောင့် ရှစ်ပါးကို ဥပုသ်နေ့၌သာလျှင် စောင့်အပ်သည် ဥပုသ်နေ့ မဟုတ်သော နေ့ရက်တို့၌ မစောင့်အပ်ဟု ယူကြကုန်၏၊ ထိုသို့ဖြစ်ခဲ့သော် ငါးပါးကို နိစ္စဆိုသောကြောင့် ငါးပါးကို နိစ္စစောင့်နိုင်သူမှ စောင့်ရလိမ့်မည်၊ တစ်ရက်၊ တစ်လ၊ တစ်နှစ် စသော အဖို့အားဖြင့်သာ စောင့်လိုသော် မစောင့်ရဟု ယူရလိမ့်မည်၊ ထိုသို့ ယူခြင်းငှာ မသင့်လေ၊ ထိုသို့ မသင့်လေသောကြောင့် ထိုဆရာတို့ အယူခံ အဋ္ဌကထာ မှ ထွက်သော အနက်မှန် အဓိပ္ပာယ်မှန် မဟုတ်။

အဋ္ဌကထာ၌ မူကား ပုဂ္ဂလဇ္ဈာသယ နိစ္စ အနိစ္စမှုတို့မှာ လောကအားဖြင့် ထင်ရှားရှိလှလေပြီဖြစ်၍ ထုတ်ဖော်၍ မဆိုလေဘဲ ပုဂ္ဂိုလ်တို့၏ သဘာဝနှင့် သီလ တို့၏ သဘာဝကို ပဓာနပြုသောအားဖြင့် သဘာဝနိစ္စ အနိစ္စတို့သာ ပြဆိုတော် မူသတည်း၊ သတိဝါ ဥဿာဟေဒသ ဟူသော အဋ္ဌကထာပါဠ်၌ ဥဿာဟေ ဆိုသည် ကား ပကတိလူဝတ်ကိုစွန့်၍ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်၍ သမဏာပြဟ္မဏဟု ဆိုအပ်သော ပဗ္ဗဇိတ အဖြစ်သို့ ကပ်သဖြင့် သဘာဝနိစ္စ ဆယ်ပါးတည်လောက်အောင် စွမ်းနိုင်သည်ကို ဆိုလိုရင်းတည်း။ ။ အဝတ်ဖြူ အဝတ်ကြောင် ဝတ်ခြင်းဟူသော ပကတိ လူအသွင်၌ တည်ကြကုန်သော သူတို့အားမူကား ဆယ်ပါးသီလကို ခံယူပြီး သောအခါ၌ ရွှေငွေရတနာ အနာမာသဝတ္ထုတို့ကို မိမိကိုယ်တိုင် ခံယူပြီး သူတစ်ပါး ကို ခံယူစေခြင်း ကိုယ်နှုတ်ဖြင့် ဆောင်ယူဖိတ်ကြားသည်ကို စိတ်ဖြင့် သာယာ သိမ်း ပိုက်ခြင်းဟူသော ခံမှုသုံးမျိုးတို့မှ လွတ်ကင်းအောင် ရှောင်ကြဉ်ခြင်းငှာ စွမ်းနိုင်သည်

www.dhammaransi.com



ကို ဥဿာဟော ဆိုသည်ဟုမှတ်။ ။ ရှေ့အဖို့က မိမိပိုင် ဥစ္စာအဖြစ်ဖြင့် ရှိနေသော ရွှေငွေကို မိမိဥစ္စာ အဖြစ်မှ လွတ်အောင် အာလယ ပြတ်ကင်းနိုင်သည်ကို ဥဿာဟော ဆိုလိုရင်းမဟုတ်၊ သိက္ခာပုဒ်ရင်းမှာပင် ဇာတရူပ ရဇတပဋိဂ္ဂဟဏာ ဟု ခံမှုသုံးမျိုးကိုသာ ပယ်ရင်းဖြစ်သတည်း။ ။ ရွှေငွေရတနာနှင့် စပ်၍ ဝိနည်းတော်၌ ပယ်တော်မူသော အမှုငါးပါး ရှိ၏၊ ဥဂ္ဂဟတစ်ပါး ဥဂ္ဂဟာပန တစ်ပါး ဥပနိက္ခိတ္တ သာဒိယန တစ်ပါး၊ ဥဗ္ဗိစာရဏ တစ်ပါး၊ အာမသန တစ်ပါး၊ ၁ - ထိုတွင် အရှင်မရှိသော ရွှေ ငွေ ရတနာကို တွေ့မြင်၍ ကိုယ်တိုင် ကိုင်ယူခြင်းသည်လည်းကောင်း၊ လာရောက်ကပ်လှူသည်ကို ကိုယ်တိုင်ခံယူခြင်းသည် လည်းကောင်း ဥဂ္ဂဟမည်၏။ ၂ - အရှင်မရှိသော ရွှေ ငွေ ရတနာကို တွေ့မြင်၍ မိမိဖို့ရာ သူတစ်ပါးကို အလှူခိုင်းခြင်းသည်လည်းကောင်း၊ မိမိဖို့ရာ သူတစ်ပါးကို အလှူခိုင်းခြင်းသည်လည်းကောင်း ဥဂ္ဂဟာပန မည်၏။ ။ ၃ - ဒါယကာသည် ရွှေ ငွေ ရတနာကို ဆောင်ယူခဲ့၍ ရဟန်း၏ ရှေ့ ၌ ချထားပြီးလျှင် ဤရွှေငွေကို အလိုရှိရာ သုံးတော်မူပါ ဟူ၍လည်းကောင်း၊ သင်္ကန်းဖိုးပါ၊ ဖိနပ်ဖိုးပါ၊ ရထားခပါ၊ သင်္ဘောခပါ ဟူ၍ လည်းကောင်း၊ ဆို၍လှူသည်ကို ကိုယ်နှုတ်ဖြင့်မပယ်ဘဲ စိတ်ဖြင့် သာယာခံယူခြင်းသည် လည်းကောင်း၊ ဒါယကာ သည် မိမိအိမ်၌ သော်လည်းကောင်း၊ တစ်ပါးသော နေရာဌာန၌သော် လည်းကောင်း ရှိ၍နေသော ရွှေ ငွေကို ကိုယ်တော် အလိုရှိလျှင် ထိုရွှေ ငွေကို ယူပါသုံးပါဟူ၍ လှူသည် ကို ကိုယ်နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့် သာယာခံယူခြင်းသည်လည်းကောင်း၊ ဥပနိက္ခိ တ္တသာဒိယနမည်၏။ ။ ၄ - ကပ္ပိယနည်းလမ်းနှင့် ရှိနေသော ရွှေ ငွေကို ဤရွှေ ငွေဖြင့် ဘယ်ဟာကို ဝယ်ချေလော့၊ ဘယ်မျှလောက် ပေးလိုက်လော့၊ သေတ္တာထဲမှာ ထားလိုက်လော့၊ ထုတ်လိုက်လော့၊ ယူလိုက်လော့၊ ပေးလိုက်လော့ အစရှိသည်ဖြင့် စီရင်ခြင်းသည် ဥဗ္ဗိစာရဏ မည်၏။ ။ ၅ - သူတစ်ပါး ဥစ္စာဖြစ်သော ရွှေ ငွေ ရတနာကိုပင် သာယာသောစိတ်နှင့်တကွ ကိုယ်အင်္ဂါဖြင့် ထိပါး သုံးသပ်ခြင်းသည် အာမသန မည်၏။ ။ ရဟန်း သာမဏေတို့မှာ ရွှေ ငွေ ရတနာနှင့်စပ်၍ ဤငါးပါးသော အမှုတို့ကို လွတ်ကင်းစေအပ်ကုန်၏။ ။ လူဖြစ်စဉ်အခါက ရှိနေ သော ရွှေ ငွေ ရတနာ၊ ကပ္ပိယနည်းလမ်းဖြင့် ရဟန်းဖြစ်မှ ရရှိ၍နေသော ရွှေ ငွေ ရတနာတို့ကိုမူကား ထိုငါးပါးသော အချက်မှ လွတ်ကင်းစေ၍ ကပ္ပိယဒါယကာနှင့် နေရာကျပြုပြီးလျှင် အသက်ထက်ဆုံး စိတ်ဖြင့် သာယာ၍ ထိုရွှေ ငွေမှဖြစ်သော ကပ္ပိယဘဏ္ဍာကို သုံးဆောင်၍ နေငြားသော်လည်း ဝိနည်းတော်နှင့် အပြစ်ဆိုခွင့်မရှိပြီ။

www.dhammaransi.com



ဆယ်ပါးသီလကို စောင့်ထိန်းသူ လူတို့မှာလည်း ထိုငါးပါးသော အမှုတို့ကို လွတ်ကင်းစေလျှင် ပြီးတော့သည်။ ။ နဂိုက ရှိ၍နေသော ရွှေ ငွေ ရတနာကို စိတ်သက်သက်နှင့် အာရုံပြုကာ သာယာခြင်းရှိသော်လည်း အပြစ်မရှိ၊ သိက္ခာပုဒ် မပျက်။ ။ အချို့သူတို့ကား ဤသို့သော ဝိနည်းအစီအရင် ထင်ရှားရှိနေသည်ကို နှလုံးမထားကြကုန်မူ၍။ ။ "နတွေဝါဟံ ဘိက္ခဝေ ကေနစိ ပရိယာယေန ဇာတရူ ပ ရဇတံ သာဒိတဗ္ဗံ ပရိယေသိတဗ္ဗန္တိ ဝဒါမိ" ဟူသော သာမည ပါဠိတော်နှင့်ပင် သိက္ခာပုဒ်တော်ကို အတင်းအကြပ် ဆုံးဖြတ်ကြကုန်၏။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ ကေနစိပရိယာယေန၊ တစ်စုံတစ်ခုသော ပရိယာယ်ဖြင့်။ ဇာတရူပ ရဇတံ၊ ရွှေ ငွေကို။ သာဒိတဗ္ဗန္တိ၊ သာယာအပ်သေး၏ ဟူ၍။ ပရိယေသိတဗ္ဗန္တိ၊ ရှာမှီးအပ်သေး၏ ဟူ၍။ နတွေဝ ဝဒါမိ၊ ငါဘုရား ဟောတော်မမူ။ ။ သာဒိတဗ္ဗ ဆိုသည်ကား ပြဆိုခဲ့ပြီးသော ဥဂ္ဂဟ၊ ဥဂ္ဂဟာပန၊ ဥပနိက္ခိတ္တသာဒိယနမှု တို့ကို ဆိုသတည်း။ ။ ကေနစိပရိယာယေန ဆိုသည်ကား အမိဖို့ရာ ခံယူသည်၊ အဖဖို့ရာခံယူသည်၊ ဆရာသမားဖို့ရာ ခံယူသည် အစရှိသော ပရိယာယ်မျိုးတို့နှင့်ပင် ဥဂ္ဂဟ၊ ဥဂ္ဂဟာပန၊ ဥပနိက္ခိတ္တသာဒိယနမှုကို မပြုအပ် ဆိုလိုသည်၊ ဘုရားတည်ရန် တို့၊ ဘုရားပြင်ရန်တို့၊ ထီးတော်တင်ရန်တို့၊ ဆွမ်းတော်ကြီးတင်ရန်တို့ အစရှိသော ပရိယာယ်မျိုးတို့သည်လည်း မအပ်သော ပရိယာယ်မျိုးတို့ ချည်းပင်တည်း။ ။ ဥဂ္ဂဟ စသော အချက်ငါးပါးတို့မှ လွတ်ကင်း၍ဖြစ်သော ပရိယာယ်မျိုးတို့ကို မူကား အဋ္ဌကထာတို့၌ အပ်ကြောင်းကို အမျိုးမျိုး ပြဆိုလျက် ရှိလေပြီ။

'ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပဋ္ဌာန်းအဋ္ဌကထာ' အစရှိသော အရှင်မဟာ ဗုဒ္ဓ ဃောသ စီရင်သော အဋ္ဌကထာ ကျမ်းဂန်တို့၌ လူတို့၏ ဆယ်ပါးသီလသည် နိစ္စသီလ အရာနှင့်ချည်း လာရှိ၏၊ အရှင်မဟာ ဓမ္မပါလ စီရင်သော ဣတိဝုတ် အဋ္ဌကထာ သံယုတ်ဋီကာကျမ်းတို့၌မူကား ငါးပါးသီလသည် နိစ္စသီလမည်၏၊ ဆယ်ပါးသီလသည် နိယမသီလမည်၏ဟု လာရှိ၏။

နိစ္စသီလနှင့် နိယမသီလ နှစ်ပါးတို့၏ အထူးကိုမူကား။

ယံ ဒေဟ သာဓနာ ပေက္ခံ၊ နိစ္စံ ကမ္မမယံ ယမော။

အာဂန္တု သဓနံ ကမ္မံ၊ မနိစ္စံ နိယမော ဘဝေ။ ။

ဟု အဘိဓာန်၌ဆို၏။ ။ ယံကမ္မံ၊ အကြင်ပြုဖွယ်ရာမှုသည်။ နိစ္စံ၊ အမြဲ။ ဒေဟသာဓနာပေက္ခံ၊ ကိုယ်ခန္ဓာပြီးစီး ဆုံးခန်းတိုင်အောင် ငဲ့ခြင်းရှိ၏။ အယံ၊ ဤ

www.dhammaransi.com



ပြဟ္မစရိယမှုသည်။ ယမော၊ ယမမည်၏။ ယံကမ္မံ၊ အကြင်ပြဟ္မစရိယမှုသည်။ အာဂန္တုသာဓနံ၊ တစ်ပက္ခတစ်လ စသည် အခိုက်အတန့်အားဖြင့် ပြီးစေခြင်းငှာ ရှိ၏။ အနိစ္စံ၊ အမြဲမဟုတ်။ အယံ၊ ဤအပြဟ္မစရိယမှုသည်။ နိယမော၊ အလိုရှိရာ ပက္ခလနှစ် အဖို့အားဖြင့် တတ်အားသမျှ ပိုင်းခြားသတ်မှတ်၍ ကျင့်အပ်သော နိယမ မည်သည်။ ဘဝေ၊ ဖြစ်၏။

နိစ္စ အနိစ္စ နှစ်မျိုး၊ ယမ နိယမနှစ်မျိုး။ ။ နိစ္စနှင့် ယမတူ၏။ အနိစ္စနှင့် နိယမ တူ၏။ ။ ဆယ်ပါးသီလကို နိယမသီလဟု ပြဆိုသော အရှင်ဓမ္မပါလ အလို သော် လူတို့ ငါးပါးသီလသည်သာ နိစ္စသီလဖြစ်၏၊ ဆယ်ပါးသီလသည်ကား အနိစ္စ သီလမျိုးသာဖြစ်၏။ ။ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်သည်ဖြစ်၍ သမဏပြဟ္မဏ အရာ၌ တည်ပြီးသောသူကို ပဗ္ဗဇိတအရာ၌ ထား၍ အဝတ်ဖြူ အဝတ်ကြောင် ဝတ်သူ လူဂဟဋ္ဌ သက်သက်တို့၏ ဆယ်ပါးကို ဆိုလိုသည့်အတွက်ကြောင့် ဆယ်ပါးသီလကို အနိစ္စမျိုး နိယမမျိုးဟု ဖွင့်ဆိုတော်မူပေသည်။ ။ ထိုသို့ ဖွင့်ဆိုတော်မူသော အရှင် ဓမ္မပါလ ကျမ်းဂန်စုကိုထောက်၍ ပုဂ္ဂလဇ္ဈာသယအားဖြင့် ဆယ်ပါးသီလသည် လူသာ မန်တို့၏ နိစ္စ အနိစ္စနှစ်ပါးရ၏ဟု ပြဆိုခဲ့ပြီးသော စကားသည် အလွန်သင့်မြတ် လှ လေသကည်း။

ဤ၌လည်း အနိစ္စနိယမမှာ "အာဂန္တု သာဓနံ ကမ္မံ အနိစ္စံ" ဟု ဆိုသော ကြောင့် နိယမဖြစ်သော ဆယ်ပါးမှာ နိစ္စမရသင့်၊ ဆယ်ပါးကို တစ်ခါတည်း ပါဏု ပေတံ ခံယူ၍ မစောင့်သင့်ဟု မယူအပ်၊ ထိုသို့ ယူခဲ့သော် ယမဖြစ်သော ငါးပါးမှာလည်း "ယံဒေဟ သာဓနော ပေက္ခံ နိစ္စံ" ဟုဆိုသောကြောင့် ရက်လပိုင်းခြား၍ ထိန်းလို သော် မထိန်းရဟု ဆိုရလိမ့်မည်။ ။ လောက၌ အာစာရကုလပုတ္တ ဖြစ်ကြပေကုန် သော ဂဟဋ္ဌဖြစ်သူ လူတို့၏ အရိုးအစဉ်ကို ပဓာနဖြစ်သော အားဖြင့် ငါးပါးသည် နိစ္စယမ၊ ဆယ်ပါးသည် အနိစ္စနိယမဟု ပြဆိုပေသည်။ ။ ရှေး၌ ပြဆိုခဲ့ပြီးသော အတိုင်း အနိစ္စဟု ပြဆိုခဲ့ပြီးသော ဥပေါသထသီလသည် နိစ္စလည်း ပုံသေရအပ်သကဲ့ သို့ အာဂန္တုသာဓန ဖြစ်သော အနိစ္စ နိယမသည်လည်း စွမ်းနိုင်သည်ရှိသော် နိစ္စယမ လည်း ပုံသေဖြစ်သင့်၏ဟု သိလေ။

ဆယ်ပါးသီလကို စောင့်ထိန်းကြသူ လူဂဟဋ္ဌ ဝတ္ထုသက်သေ အရပ်ရပ်လာ ရှိသည်တွင် ရှင်အာနန္ဒာအလောင်း သုမနမင်းသား ဝတ္ထု၊ သီဟိုဠ်ကျွန်း အနုလာဒေဝီ မိဖုရားဝတ္ထုတို့မှာ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်မှုလာရှိ၏၊ ဥရုဝေဠကဿပ

www.dhammaransi.com



ညီနောင်အလောင်းဝတ္ထု၊ စသည်တို့၌ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်သည် ဟူ၍ မလာ၊ လာသောအရာ ဝိသေသကို ထောက်၍ မလာသောအရာ သာမညတို့၌လည်း နေယျတ္ထအားဖြင့် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ကြသည်ချည်းဟု သိရ၏။ ။ တနည်း မလာသော အရာတို့၌ ပကတိလူဝတ်နှင့်ပင် ပုဂ္ဂလဇ္ဈာသယအားဖြင့် ခံယူ၍ ရသော ဆယ်ပါးကို သိလေ။ ။ လာသော အရာတို့၌လည်း "ဒသသီလာနိ သာဒိယိတွာ" ဟု ဆိုပြန်၏၊ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်မိလျှင်ပင် ခံယူ ဆောက်တည်မှု ပြီးစီးပြီးဖြစ်သော်လည်း ခံယူသည့်အတွက် အကျိုးများစွာရှိလျက် ဖြစ်ပြန်သောကြောင့် ခံယူကြသည်ဟု ယူလေ။ ။ အိုးထိန်းသည် ယဋိကာရ ဝတ္ထု၌လည်း ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်သည်ဟုမလာ အမိအို အဖအိုတို့ကို လုပ်ကျွေးမှု မြတ်စွာဘုရားကို လုပ်ကျွေးမှုတို့အတွက် အိုးလုပ်၍ ပစ္စည်းဥစ္စာ ရှာဖွေမှုဟူသော ဂိဟိကမ္မနှင့် မကင်းနိုင်သောကြောင့် ဖန်ရည်ဆိုးသော သင်္ကန်းအဝတ်မျိုးကို မဝတ်လေသည် ဖြစ်ရာ၏။ ။ ဆယ်ပါးသီလ မြဲကြောင်းကိုမူကား ဤသို့ လာ၏။

> ယဋိကာရောခေါ မဟာရာဇ ကုမ္ဘကာရော ဧကဘတ္တိကော ဗြဟ္မစာရီ သီလဝါ ကလျာဏဓမ္မော နိက္ခိတ္တ မဏိသုဝဏ္ဏော အပေတ ဇာတရူပ ရဇတော။ ။ (ယဋိကာရသုတ် ပါဠိတော်)

မဟာရာဇ၊ ကိုကိုမင်းကြီး။ ယဋိကာရော၊ ယဋိကာရ အမည်ရှိသော။ ကုမ္ဘကာရော၊ အိုးထိန်းသည် သည်။ ဧကဘတ္တိကော၊ နံနက်တစ်နပ် တစ်ထပ် ထမင်းသာစားခြင်းအလေ့ရှိ၏။ ဗြဟ္မစာရီ၊ မေထုနဓမ္မ အဗြဟ္မစရိယမှ ကြဉ်ရှောင်လေ့ရှိ၏။ သီလဝါ၊ သီလနှင့် ပြည့်စုံ၏။ ကလျာဏဓမ္မော၊ ကောင်းသောအကျင့်ရှိ၏။ နိက္ခိတ္တ မဏိ သုဝဏ္ဏော၊ ပယ်ပစ်အပ်ပြီးသော ပတ္တမြား ရွှေ ငွေ ရှိ၏။ အပေတ ဇာတရူပ ရဇတော၊ ကင်းရှင်းသော ရွှေ ငွေ ရတနာ ရှိ၏။

ဤပါဠိတော်၌ ဧကဘတ္တိကော ဟူသော ပါဌ်ဖြင့် ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပုဒ် အမြဲတည်ကြောင်းကို ပြတော်မူသည်၊ ဗြဟ္မစာရီ ဟူသောပါဌ်ဖြင့် အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပုဒ် အမြဲတည်ကြောင်းကို ပြတော်မူသည်၊ သီလဝါ ဟူသော ပါဌ်ဖြင့် နိစ္စသီလငါးပါးနှင့်တကွ ကာယသုစရိုက် သုံးပါး ဝစီသုစ ရိုက် လေးပါး အာဇီဝဋ္ဌမကသီလ ရှစ်ပါး အမြဲတည်ကြောင်း ပြတော်မူသည်၊ ကလျာ ဏဓမ္မော ဟူသော ပါဌ်ဖြင့် မနောသုစရိုက် သုံးပါးနှင့်တကွ ဣန္ဒြိယသံဝရ ၆ - ပါး ဗြဟ္မဝိဟာရ

www.dhammaransi.com



တရား လေးပါး စသော ဂုဏ်ကျေးဇူးရှင်နှင့် ပြည့်စုံကြောင်းကို ပြတော် မူသည်၊ နိက္ခိတ္တမဏိသုဝဏ္ဏော အပေတ ဇာတရူပ ရဇတော ဟူသော ပါဠ်တို့ဖြင့် ဇာတရူပ ရဇတ သိက္ခာပုဒ်တော် အမြဲတည်ကြောင်းကို ပြတော်မူသည်။ ။ အလုံး စုံသော ပါဠိတို့ဖြင့် နိစ္စဂီတသိက္ခာပုဒ် မာလာဂန္ဓ သိက္ခာပုဒ် ဥစ္စာသယန မဟာသ ယန သိက္ခာပုဒ် တို့သည် အမြဲတည်ကြောင်းကို ပြီးစီးစေတော်မူသည်။ ။ ဤသို့ ပြီးစီးစေတော်မူသဖြင့် လူတို့၏ ဂဟဋ္ဌဒသသီလ ဆိုသည်ကား သာမဏေတို့၏ ဒသသီလနှင့် တစ်ထပ်ထည်းပင် ဖြစ်သည်ဟူသော အနက်သည် ပြီး၏။

ထို့ကြောင့် မဟာဋီကာ၌ "ဒသာတိ သာမဏေရေဟိ ရက္ခိတဗ္ဗသီလမာဟ၊ ယင္ခိကာရာဒီနံ ဝိယ"။ ။ ဟု မိန့်ဆိုတော်မူသည်။

သာမဏေတို့၏ ဒသသီလ သရုပ်သည်ကား ဝိနည်းတော်၌လည်း တိုက်ရိုက်လာ၊ သာမဏေ ပြုလုပ်ဘူးကြသူ လူအပေါင်းတို့အားလည်း သိကြရင်း ဖြစ်သည်နှင့် အလွန်ထင်ရှား၏၊ ထို့ကြောင့် ဂဟဋ္ဌဒသသီလ၏ သရုပ်ကို အကျယ် ထုတ်ဖော်၍ မပြဘဲ အကျဉ်းမျှနှင့် အကျယ်သရုပ်ကို သိလွယ်ရန် သာမဏေတို့၏ ဒသသီလနှင့် ကပ်၍ မဟာဋီကာ ရှင်းပြတော်မူပေသည်။ ။ အချို့သော ဆရာတို့ကား ဤမဟာဋီကာရှင် ဖွင့်ပြသော ဒသသီလကို ပယ်၍ သတိဝါဥဿာဟေဒသ၌ သုစရိုက်ဆယ်ပါးကို ဂဟေဋ္ဌနိစ္စဒသသီလဟု ယူကြကုန်၏၊ မိမိသို့ ဆည်းကပ်သူ တပည့် တကာကိုလည်း -

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အာဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ ပိသုဏာဝါစာယ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဖရုသဝါစာယ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ သမ္ဖပ္ပလာပါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ အဘိဇ္ဈာယ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉။ ဗျာပါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၀ မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

www.dhammaransi.com



ဟု ခံယူဆောက်တည်စေကြကုန်၏။ ။ သုစရိုက်ဆယ်ပါးတွင် နောက်ဖြစ်သော မနော သုစရိုက် သုံးပါးသည် သီလ ကုသိုလ်မျိုးပင် မဟုတ်၊ ဝေရမဏီ တရားမျိုးပင် မဟုတ်၊ ဝိရတိသီလတရားမျိုးပင် မဟုတ်၊ အနဘိဇ္ဈာဆိုသည်ကား အလောဘ တရားတည်း၊ အဗျာပါဒဆိုသည်ကား အဒေါသတရားတည်း၊ ဗျာပါဒ ဆိုသည်ကား အဒေါသတရားတည်း။သမ္မာဒိဋ္ဌိ ဆိုသည်ကားအမောဟတရားတည်း၊ မိမိ အဇ္ဈတ္တသန္တာန်၌ ပွားများ စေတတ်သော မနောသံဝရ တရားမျိုးသာ ဖြစ်သည်၊ ဝေရမဏီဆို၍ ဆောက်တည်ရသော ကာယသံဝရ ဝါစာသံဝရတရားမျိုးမရှိ၊ ကုသိုလ်ရသော အမှုပင်ဖြစ်၏၊ သို့သော်လည်း သာသနာ၌အစဉ်ထာဝရလာခဲ့သော ဂဟဋ္ဌဒသသီလ တိမ်မြုပ်ရန် ရှိသော အပြစ်၊ ဝေရမဏီသီလမျိုးမဟုတ်သော မနောသုစရိုက် သုံးပါးကို သီလဆို၍ ဝေရမဏီသဒ္ဒါနှင့် ခံယူကြသည့် အတွက် ဓမ္မတန္တိဓမ္မပဝေဏီတို့၌ မကျွမ်းကျင်ရှာလေ ဟု ပညာရှိ ပုဂ္ဂိုလ်တို့ ပြောဆိုရန် အပြစ်ရှိ သတည်း။

ထို့ကြောင့် ဤသတိဝါဥဿာဟေဒသ၌ ယဋီကာရသုတ် ပါဠိတော်အရနှင့် ဖွင့်ပြတော် မူသော မဟာဋီကာ အတိုင်းသာ အမှန်ဟူ၍မှတ်။

သာမဏေတို့ စောင့်ထိန်းရသော ဒသသီလကို မဟာဋီကာ ဖွင့်ဆိုတိုင်း ယူခဲ့သော် ဆယ်ပါးသီလကို စောင့်ထိန်းသူ ဟူသမျှတို့သည် ယဋီကာရကဲ့သို့ချည်း ကျင့်နိုင်ကြမှ နေရာကျမည်ဟု မရောက်လောဟူမူ သဘာဝနိစ္စ၊ ပုဂ္ဂလဇ္ဈာသယ နိစ္စ အနိစ္စ၊ သဟဋ္ဌသာမန်၊ ဂဟဋ္ဌ သိသေသတို့နှင့် ဝေဖန်၍ ဖြေဆိုလေ။ ။ ယဋီကာရကို ထုတ်ပြတော်မူသည်မှာ ရှေ့၌ ပြဆိုခဲ့ပြီးသောအတိုင်း ပါဠိတော်ကြီးတိုက်ရိုက်နှင့် ဂဟဋ္ဌသီလထင်ရှားလှ၍ ပြတော်မူပေသည်။ ။ယဋီကာရ ဆိုသည်မှာ အနာဂါမ် အရိယာကြီးဖြစ်ပေ၍ ဆယ်ပါးသီလတွင်မက မိမိ ကိုယ်တိုင် ရောင်းခြင်း ဝယ်ခြင်း စပါးစိမ်းကို ခံယူခြင်း အစရှိသော ရုန့်ရင်းသော ယရာဝါသကိစ္စအမှုမျိုးတို့ကို အလုံးစုံ အကုန်ပယ်သော သူဖြစ်သည်။ ။ယင်းယဋီကာရနှင့် အလုံးစုံတူနိုင်မှ ဆယ်ပါးသီလကို စောင့်ထိန်းရမည်ဟု ပြဆိုလိုရင်း မဟုတ်။

ထို့ကြောင့် ယင်းမဟာဋီကာရှင်သည်ပင်လျှင် မိမိစီရင်သော "ဣတိဝုတ် အဋ္ဌကထာ, သံယုတ်ဋီကာ" တို့၌ ဆယ်ပါး သီလကို အနိစ္စ သီလ နိယိသီလဟု ဖွင့်ပြတော်မူပေသတည်း။

ဒသသီလကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ နိစ္စသီလဟု ပြဆိုသည်ကား သီလ မခံဘဲနှင့်ပင် မစောင့်ချင်သော်လည်းမနေရ၊ မစောင့်ခဲ့လျှင် အသွင်အပြင်နှင့် မတန်

www.dhammaransi.com



ကျင့်ကြံဘိသည်ဟု ကဲ့ရဲ့မှု ညစ်နွမ်းမှု အပြစ်ဒဏ်ဧကန္တခံရသော သဘာဝ နိစ္စကို ရည်၍ ပြဆိုလေသည်၊ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်သောသမဏေ ပြဟ္မဏာပဗ္ဗဇိတဂိုဏ်းဝင် သူတော်စင် ဂဟဋ္ဌတို့၏ ဒသသီလမျိုးပေတည်း။ ။ "ဣတိဝုတ်အဋ္ဌကထာ, သံယုတ်ဋီကာ" တို့၌ အနိစ္စ သီလ နိယမသီလဟု ပြဆိုသည်မှာ သီလမခံဘဲ အပြဟ္မစရိယမှု, ဝိကာလဘောဇန, နစ္စ ဂီတ စသော အမှုတို့ကို ပြုကျင့် ခံစားသော်လည်း အသွင် အပြင်နှင့် မတန်ဟု **ကဲ့ရဲ့ရန်အပြစ်** မရှိသော အဋ္ဌကထာမှာလည်း ဤပုဂ္ဂလဇ္ဈာသယနိစ္စကိုပြဆိုရင်းဖြစ်သည်၊ **ဝိသုဒ္ဓိမဂ်** အဋ္ဌကထာမှာလည်း ဤပုဂ္ဂလဇ္ဈာသယ နိစ္စကို ပယ်သည်မဟုတ်၊ ခွင့်ပြုရာပင်**ကျ၏** ထို့ကြောင့် ကျမ်းဂန် ချင်းချင်း ဆန့်ကျင်ခြင်း မရှိကြ၊ လောက၌လည်း ဒသ**သီလကို** စောင့်ထိန်း ကြရန် အခွင့်အလမ်း အမျိုးမျိုး ရှိသည်ကို သိကြရ၏။ ။ ထို့ကြောင့် နိစ္စဆိုသည့် အလို အစောင့်အထိန်း ခက်သည်ဟု အကြံပြုကာ မဟာ**ဋီကာကြီး**ကို မပယ်သင့်ပေ။

" သီလမယန္တိနိစ္စသီလ ဥပေါသတ နိယမာ ဒိဝသေန ပဉ္စအဋ္ဌ ဒသဓာ သီလာနိသမာဒိယန္တဿ"

(ဣတိဝုတ် အဋ္ဌကထာ)

နိစ္စဝသေန ပဉ္စဟိ နိယမဝသေန ဒသဟိပိသဒ္ဒေန ကတိပဟေဟိ၊ ဥပေါသထ သီလဝသေန အဋ္ဌဟိပိတိ ဒဿေတိ။

( သဏ္ဍသံယုတ်ဋီကာ)

လူတို့၌ငါးပါးသည် နိစ္စ၊ ဆယ်ပါးသည် နိယမဟု ဆိုသော ကျမ်းစု။ ။ နိယမ ဟူသည် အနိစ္စတည်း။ "အာဂန္တုသာဝနံ ကမ္မံ၊ အနိစ္စံ နိယမော ဘဝေ"။ (အဘိဓာန်) အနိစ္စ ဆိုသော်လည်း ဥပေါသထသီလ ကဲ့သို့ တစ်နေ့ တစ်ရက်မျှ အနိစ္စမျိုး မဟုတ်၊ တစ်ပက္ခ, တစ်လ, တစ်နှစ် စသည် ရက်ရှည် စောင့်ထိန်းသော အနိစ္စမျိုး ပေတည်း။ ။ ဥပေသထသီလနှင့် ကွဲစေခြင်းငှာသာ ဤသို့ ဆိုမှု ဖြစ်သည်၊ ဆယ်ပါး သီလကို တစ်နေ့တစ်ရက်မျှ စောင့်ထိန်း၍ မရဟု မဆိုသာ၊ ရွှေ ငွေ အနာမာသကို ဥဂ္ဂဟစသော အကပ္ပိယမှု ငါးချက်တို့ဖြင့် ထိုနေ့ ထိုရက်တွင် ဆက်ဆံခြင်း မရှိလျှင် ပြီးတော့သည်။ ။ ဝိသုဒ္ဓိမဂ်ပါဠိ၌ ဒသအရမှာ သုစရိုက် ဆယ်ပါးကို ယူခဲ့လျှင် သုစရိုက် ဆယ်ပါးမည်သည် ငါးပါးသီလနှင့် ထပ်တူ သဘာဝနိစ္စမျိုး ဧကန်စင်စစ် ဖြစ်လေသောကြောင့် ဒသသီလသည် အနိစ္စ နိဒမဟုဖွင့်ကြသော ကျမ်းဂန်စုနှင့်လည်း ဆန့်ကျင်၏။ ။ အမည်သညာ မထင်ရှားသော အညတရဆရာ စီရင်သည့် ခုဒ္ဒကပါဌ

www.dhammaransi.com



အဋ္ဌကထာ၌ကား။ ။ "ဒသမံ သာမဏေရာနမေဝ ဝိသေသဘူတံ" ။ ။ ဟုအဆိုရှိ၏။ ဒသမံ၊ ဇာတရူပ သိက္ခာပုဒ်သည် ဂဟဋ္ဌ ဖြစ်သူ လူတို့နှင့် မဆိုင်၊ သာမဏေတို့နှင့်သာ ဆိုင်၏ ဟူလိုသည်။ ။လူတို့မည်သည် ယင်းသိက္ခာပုဒ်ကို စောင့်နိုင်ခဲသောကြောင့် ဆိုသည်ဟု ထိုစကားကို ဥပါသကာလင်္ကာရကျမ်း၌ ပြပေ၏။ ။ ဝိနည်းဋီကာ ဆရာကြီးတို့ကား ထိုစကားကို ပယ်ကြကုန်၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အဟာဋီကာကြီး တို့ကို အတည်ပြုကြလေကုန်၏။ ။ ယဋီကာရ အိုးထိန်းသည် ဂဟဋ္ဌဖြစ်သူ လူ၏ ကျင့်စဉ်၌ "နိက္ခိတ္တမဏိသုဝဏ္ဏော၊ အပေတဇာတရူပရဇတော" ဟု ဇာတရူပသိက္ခာ ပုဒ်ကို ပါဠိတော်ကြီးမှာ တိုက်ရိုက်လာသောကြောင့် မဟာဋီကာကြီး ဖွင့်တိုင်းကိုသာ ယုံကြည်အပ်၏။

လယ်တီဆရာ ငါသည် ရေးသားစီရင်အပ်သော

သီလဝိနိစ္ဆယကျမ်း

ပြီး၏

* * *

www.dhammaransi.com

# နိဒါန်း

မဟာမန္တပ ဂိရိန္ဒ၏ ဌာနလက်ယာ သေဌ်မြေချာတွင် ရတနာပုဥ္ဇနန်းသော သဝဏ္ဏကို မဆွလက်မွန် သိုက်ညွန့်ဗျာဒိတ် ထုံးအတိတ်ဖြင့် ဘိသိက်ဖေယျ တည်ပြီးမှလျှင် ပဥ္စမသင်္ဂါယနာ ပွဲကြီးစွာကို ယင်ကာ ကျင်းပတော်မူသော မင်းတရားကြီးလက်ထက် နေစက်ဖလ်နန်း ပုဏ္ဏိန်စန်း ကဲ့သို့ဂုဏ်ပန်းထွန်းတင့် ပွင့်ကြီး ပွင့်တော်မူသဖြင့် ပြိုင်သူတုကျွန်း အဝှန်းရှင်လူအများသူတို့၏ အားထားမှီခိုကြရာ မဟာနေရ မြေထုတမျှ ကြီးကျယ် နက်နဲလှသော သီလသမာဓိ ပညာတို့ဖြင့် လွှန်စွာကျော်စော ထင်ရှားတော်မူသော သုဒဿန ဝရ ဓမ္မသာမိ မဟာဓမ္မရာဇဂုရု ဟူသော တံဆိပ် နာမံ ရှိတော်မူသော စံကျောင်း ဆရာတော်ဘုရားကြီးသည် များစွာသော သူတို့၏ စိတ်သန္တာန်၌ အမှန်မုချ တတ်ရာကျ ဆုံးဖြတ်ချက်ချနိုင်ရန် ခဲယဉ်းလှသော ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့၏ ပါရမီနှင့် စပ်သော အချက်ပေါင်း ပုစ္ဆာ ၂၀ ကို မာဂဓဘာသာဖြင့် စီရင်တော်မူ၍ ပညာထက်မြက် နဲနက်သော ဉာဏ်သုံးတန်သော ပိဋကတ်တည်းဟူသော တောတောင် အတွင်းဝယ် ရဲတင်းသော ခြင်္သေ့ပမာ ရှိကုန်သော ပုဂ္ဂိုလ်သူမြတ် အပေါင်းတို့သာ ဖြေဆိုကြရန် ထုတ်ဖော် ရေးသားတော်မူ၏။

ထိုအခါ ယခုမုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးသည် ၁၄ ဝါရ ပထမစာတော်ချ အဖြစ်နှင့် စံကျောင်းဆရာတော်ဘုရားကြီး၏ တိုက်တာ၌ ယင်းဆရာတော်ဘုရားကြီးကို အမှီတကဲ ပြုပြီးခါ သုံးဖြာသော ပိဋကတ်ကို သင်မှတ်ချပို့ တော်မူဆဲ ဖြစ်ရကား "ဆိုခဲ့ပြီးသော ပုစ္ဆာ ၂၀ သည် ငါ့ကို စွဲ၍ ဖြစ်ပေါ်လာပြီတကား" ဟုများစွာ အားတက်ပြီးခါ ကျေးဇူးရှင် စံကျောင်း ဆရာတော်ဘုရားကြီး၏ ဂုဏ်တော် ကျေးဇူးတော်ကို ပူဇော်ရန် အမှတ်ကို ရှေ့ထား၍ အရပ်ရပ် သော ပါဠိအဋ္ဌကထာ ဋီကာဂန္ထရ တို့၌ လာသော အထောက်အထား အားကိုးယုတ္တိတို့ဖြင့် ၎င်း ဝီသတိပုစ္ဆာကျမ်း၏ အဖြေကို ရေးသား စီရင်တော်မူသတည်း။

ဤ ဝီသတိပုစ္ဆာ အဖြေကျမ်းသည် ပါရမီနှင့်စပ်သော အချက်စုကို ထင်လင်း သေချာစွာ ဖြစ်ရာဖြစ်သောကြောင့် ပါရမီ ဒီပနီ မည်၏

ဤပါရမီဒီပနီ ကျမ်းသည် အလွန်နက်နဲ ထက်မြက်သော ပုဂ္ဂိုလ်မြတ်တို့ကို စွဲ၍ ဖြစ်ပေါ်လာသည် ဖြစ်ရကား နက်နဲ ထူးမြတ်သော အနက် အဓိပ္ပါယ်တို့ကို ဆန်းကျယ်စွာ ဖော်ပြလိမ့်မည် ဖြစ်ပေသတည်း။

www.dhammaransi.com

# ယါရမိဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ပု စ္ဆ က ဂ န္ထာ ရ မ္ဘ

ပဥှဗျာကရဏာဒ္ဓေကံ၊ ဗုဒ္ဓံ ပဏာမျ ပုစ္ဆိဿံ။
ပဥှာဗျာကရဏာဒ္ဓေကံ၊ တံ တံ ဗောဓိသုသံယုတ္တံ။
(ဝတ္တဂါထာ)

### ဂန္ထာရမ္ဘဂါထာအနက်

အဟံ၊ ငါသည်။ ပဥှာဗျာကရဏာဒ္ဓေကံ၊ မေးခြင်း၊ ဖြေခြင်းအမှု၌ အတုမရှိ လိမ္မာတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ ပဏာမာမိ၊ ရှိခိုးပါ၏။ ပဏာမျ၊ ရှိခိုးပြီး၍။ တံတံဗောဓိသုသံယုတ္တံ၊ ထိုထိုသို့သော သမ္မာသမ္ဗောဓိ ပစ္စေကဗောဓိ သာဝကဗောဓိ အပေါင်းနှင့် ကောင်းစွာ စပ်ယှဉ်သော။ ပဥှာဗျာကရဏာဒ္ဓေကံ၊ မေးခြင်း ဖြေခြင်း အမှု၌ လိမ္မာ ကျွမ်းကျင် သိမြင် တတ်မြောက်ကြောင်း ဖြစ်သော အမေးပုစ္ဆာ ပြဿနာကို၊ ပုစ္ဆိဿံ၊ မေးပေအံ့။ ဝါ၊ သိခြင်းငှာ တောင့်တပေအံ့။

ပုစ္ဆကဂန္ထာရမ္ဘပါဠိ အနက်ပြီး၏။

www.dhammaransi.com



# ဝိသတိပုစ္ဆာပါဠိအနက်

## ၁။ ပထမပုစ္ဆာပါဠိ

ယော လောကိယလောကုတ္တရသုခါနိ ပတ္တေတွာ ဒါနာဒိပါရမိယော ပူရေတိ၊ သော လောကိယသုခမေဝ ဝါ လဘေယျ ကိံ၊ လောကုတ္တရသုခမေဝ ဝါ ဥဒါဟု တဒုတယသုခံမိ။ ကိံဝါနေဝ တဒုဘယသုခံ?။

## ၁။ ပထမပုစ္ဆာအနက်

ယော၊ အကြင်သူသည်။ လောကိယ လောကုတ္တရ သုခနိ၊ လောကီ လောကုတ္တရာ ချမ်းသာ နှစ်ပါးတို့ကို။ ပတ္တေတွာ၊ တောင့်တ၍။ ဒါနဒိပါရမိယော၊ ဒါန အစရှိသော ပါရမီတို့ကို။ ပူရေတိ၊ ဖြည့်၏။ ပူရေတိ၊ ဖြည့်၏။ သော၊ ထိုသူသည်။ လောကိယသုခမေဝဝါ၊ ဘဝ သမ္ပတ္တိ ဘောဂ သမ္ပတ္တိ ဟု ဆိုအပ်သော လောကီချမ်းသာ လျှင်လည်း။ လဘေယျကိံ၊ ရရာ သလော။ လောကုတ္တရာ သုမေဝဝါ၊ မဂ်ဖိုလ်နိဗ္ဗာန် တည်း ဟူသော လောကုတ္တရာ ချမ်းသာကိုသာလျှင်လည်း။ လဘေယျကိံ၊ ရရောသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ တဒုဘယသုခံမိ၊ ထိုနှစ်ပါးစုံသော ချမ်းသာကိုပင် လျှင်လည်း။ လဘေယျကိံ၊ ရရာသလော။ တဒုဘယသုခံ၊ ထိုနှစ်ပါးစုံသော ချမ်းသာကိုပင်။ နေဝဝါလဘေယျကိံ၊ မရဘဲရှိရာသလော။

ပထမပုစ္ဆာပဌ် အနက်ပြီး၏။

## ၂။ ဒုတိယပုစ္ဆာပါဠိ

ယောဝါပန လောကိယူသုခမေဝ ပတ္တေတွာ ဒါနဒိပါရမိယော ပူရေတိ။ သော လောကိယသုခမေဝ လဘေယျ ကိံ အထလောကုတ္တရသုခံပိ?။

## ၂။ ဒုတိယပုစ္ဆာအနက်

ဝါပန၊ ထိုမှတစ်ပါး။ ယော၊ အကြင်သူသည်။ လောကိယသုခမေဝ သက်သက် သော လောကီချမ်းသာကိုသာလျှင်။ ပတ္တေတွာ၊ တောင့်တ၍။ ဒါနာဒိပါရမိယော၊ ဒါန အစရှိသော ပါရမီတို့ကို ပူရေတိ၊ ဖြည့်၏။ သော၊ ထိုသူသည်၊ လောကိယသုခမေဝ၊ လောကီချမ်းသာကိုသာလျှင်။ လဘေယျကိံ၊ ရရာသလော။ အထ၊ ထိုသို့မဟုတ်၊ လောကုတ္တရသုခံပိ၊ လောကုတ္တရာချမ်းသာကိုလည်း။ လဘေယျကိံ၊ ရရာသေးသလော။

ဒုတိယပုစ္ဆာပါဠိ အနက်ပြီး၏။

www.dhammaransi.com



## ၃။ တတိယပုစ္ဆာပါဠိ

ယောဝါပန လောကုတ္တရသုခမေဝ ပတ္ထေတွာ ဒါနဒိပါရမိယော ပူရေတိ။ သော လောကုတ္တရသုခမေဝလဘေယျကိံ၊ အထလောကိယသုခံပိ?။

## ၃။ တတိယပုစ္ဆာ အနက်

ဝါပန၊ ထိုမှတစ်ပါး။ ယော၊ အကြင်သူသည်။ လောကုတ္တရာသုခမေဝ၊ လောကုတ္တရာ ချမ်းသာကိုသာလျှင်။ ပတ္ထေတွာ၊ တောင့်တ၍။ ဒါနဒိပါရမိယော၊ ဒါန အစရှိသောပါရမီတို့ကို။ ပူရေတိ၊ ဖြည့်၏။ သော၊ ထိုသူသည်။ လောကုတ္တရာ သုခမေဝ၊ လောကုတ္တရာချမ်းသာကိုသာလျှင်။ လဘေယျကိံ၊ ရရာသလော၊ အထ၊ ထိုသို့မဟုတ်။ လောကိယသုခံပိ၊ လောကီ စည်းစိမ်ချမ်းသာကိုလည်း။ လဘေယျကိံ၊ ရရာသေးသလေ။

**တတိယပုစ္ဆာပါဠိ အနက်ပြီး၏။**

## ၄။ စတုတ္ထပုစ္ဆာပါဠိ

ယေ စ သမ္မာသမ္ဗုဒ္ဓါ ကပ္ပသတသဟဿမိကာနိ စတ္တာရိ ဝါအသင်္ချေယျနိ အဋ္ဌ ဝါအသင်္ချေယျာနိ သောဠသ ဝါ အသင်္ချေယျ ဒါနာဒိပါရမိယော ပူရေတွာ သမ္မာသမ္ဗောဓိံ ပါပုဏန္တိ၊ ယေစ ပစ္စေကဗုဒ္ဓါ ကပ္ပသတသဟဿမိကာနိ ဒွေအသင်္ချေယျာနိ ဒါနာဒိ ပါရမိယော ပူရေတွာ ပစ္စကဗောဓိံ ပါပုဏန္တိ၊ ယေ စ မဟာသာဝကာကပ္ပသတသဟဿနိ ဒါနာဒိပါရမိယော ပူရေတွာ မဟာသာဝကဗောဓိံ ပါပုဏန္တိ၊ ယေ စ ပကတိသာဝကာ ကပ္ပသတံဝါ ကပ္ပသဟဿံဝါ ဒါနာဒိပါရမိယော ပူရေတွာ ပကတိသာဝကဗောဓိံပါပုဏန္တိ၊ တေသံ တံတံကာလပိရစ္ဆေဒါ တံတံဗ္ဗောဓိတဗောဓိပတ္ထနတော ပဋ္ဌာယ ဂဏနုပဂါကိံ၊ ဥဒါဟု လဒ္ဓဗျာကရဏတော?။

## ၄။ စတုတ္ထပုစ္ဆာအနက်

ယေ သမ္မာသမ္ဗုဒ္ဓါစ၊ အကြင် သဗ္ဗညုမြတ်စွာဘုရား တို့သည်လည်း။ ကပ္ပသတသဟဿမိကာနိ၊ ကမ္ဘာတစ်သိန်း အလွန်ရှိကုန်သော။ စတ္တာရိ အသင်္ချေယျာနိဝါ၊ လေးအသင်္ချေတို့ပတ်လုံး လည်းကောင်း။ အဋ္ဌအသင်္ချေယျာနိဝါ၊ ရှစ်အသင်္ချေတို့ပတ်လုံး လည်းကောင်း။ သောဠသအသင်္ချေယျနိဝါ၊ တစ်ဆယ့်ခြောက် အသင်္ချေတို့ပတ်လုံး လည်းကောင်း။ ဒါနာဒိပါရမိယော၊ ဒါန အစရှိသော ပါရမီတို့ကို။

www.dhammaransi.com



ပူရေတွာ၊ ဖြည့်တော်မူကြကုန်၍။ သမ္မာသမ္ဗောဓိ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့။ ပါပုဏန္တိ၊ သည်လည်း။ ကပ္ပသတသဟဿမိကာနိ၊ ကမ္ဘာတစ်သိန်း အလွန်ရှိကုန်သော။ ဒွေအသင်္ချေယျာနိ၊ နှစ်အသင်္ချေတို့ပတ်လုံး။ ဒါနာဒိပါရမိယော၊ ဒါနအစရှိသော ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်ကုန်၍။ ပစ္စေကဗောဓိ၊ ပစ္စေကဗောဓိဉာဏ်သို့။ ပါပုဏန္တိ၊ ရောက်ကြကုန်၏။ ယေအဂ္ဂသာ ဝကာစ၊ အကြင်အဂ္ဂသာဝကတို့သည်လည်း။ ကပ္ပသတသဟဿမိကံ၊ ကမ္ဘာတစ်သိန်း အလွန်ရှိသော။ ဧကံ အသင်္ချေယျံ၊ တစ်သင်္ချေပတ်လုံး။ ဒါနာဒိပါရမိယော၊ ဒါနအစရှိသော ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်ကုန်၍။ အဂ္ဂသာဝကဗောဓိ၊ အဂ္ဂသာဝက ဗောဓိသို့။ ပါပုဏန္တိ၊ ရောက်ကြကုန်၏။ ယေမဟာသာသာဝကာစ၊ အကြင်မဟာ သာဝကတို့သည်လည်း။ ကပ္ပသတ သဟဿာနိ၊ ကမ္ဘာတစ်သိန်းတို့ပတ်လုံး။ ဒါနာဒိပါရမိယော၊ ဒါနအစရှိသောပါရမီတို့ကို။ ပူရေတွာ။ ဖြည့်ကုန်၍။ မဟာသာဝကဗောဓိ၊ မဟာသာဝက ဗောဓိသို့။ ပါပုဏန္တိ၊ ရောက်ကြကုန်၏။ ယေပကတိသာဝကာစ၊ အကြင် ပကတိသာဝကတို့သည်လည်း။ ကပ္ပသတံဝါ၊ ကမ္ဘာတစ်ရာပတ်လုံး လည်းကောင်း။ ဒါနာဒိပါရမိယော၊ ဒါနာဒိပါရမိယော၊ ဒါနအစရှိသော ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်ကုန်၍။ ပကတိသာဝက ဗောဓိ၊ ပကတိသာဝကဗောဓိသို့။ ပါပုဏန္တိ၊ ရောက်ကြကုန်၏။ တေသံ၊ ထိုသဗ္ဗညု ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက ငါးဦးတို့၏။ တံတံကာလပရိစ္ဆေဒါ၊ ကမ္ဘာတစ်သိန်း အလွန်ရှိသော လေးအသင်္ချေ, ရှစ်အသင်္ချေ, တစ်ဆယ့်ခြောက်အသင်္ချေတစ်ရပ်, နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတစ်ရပ်, တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတစ်ရပ် ကမ္ဘာတစ်သိန်းတစ်ရပ်, ကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင်တစ်ရပ် ဤငါးရပ်သော ထိုထို ကာလအပိုင်းအခြားတို့သည်။ တံတံဣစ္ဆိ ပတ္ထနတော၊ ထိုထို အလိုရှိအပ်သော ဗောဓိကို ဆုတောင်းသောအခါမှ။ ပဋ္ဌာယ၊ စ၍။ ဂဏနုပဂါကိ၊ အရေအတွက်လောက် ကုန်သလော။ ဥဒါဟု၊ သို့ကားမဟုတ်။ လဒ္ဓဗျာကရဏတော၊ ဗျာဒိတ်ရသောအခါမှ။ ပဋ္ဌာယ။ စ၍။ ဂဏနုပဂါကိ၊ အရေအတွက်လောက် ကုန်သလော။ ဥဒါဟု၊ သို့ကားမဟုတ်။ လဒ္ဓဗျာကရဏတော၊ ဗျာဒိတ်ရသောအခါမှ။ ပဋ္ဌာယ။ စ၍ ဂဏနုပဂါကိ၊ အရေအတွက်လောက် ကုန်သလော။

**စတုတ္ထပုစ္ဆာပါဌ် အနက်ပြီး၏။**

www.dhammaransi.com



## ၅။ ပဥ္စမပုစ္ဆာပါဠိ

တံတံဗောဓိနိဿာ လဒ္ဓဗျာကရဏာဝ ပါရမိယော ပူရေတွာ ဗုဒ္ဓေယျုကိံ အထန ပတ္တေယျုံ?။

## ၅။ ပဥ္စမပုစ္ဆာအနက်

တံတံဗောဓိနိဿာ၊ ထိုဗောဓိငါးပါးတို့တွင် တစ်ပါးပါး၌ ညွတ်ကုန်သော အလောင်းအလျာတို့သည်။ လဒ္ဓဗျာကရဏာဝ၊ ရအပ်ပြီးသော ဗျာဒိတ်ရှိကုန်သော်သာ လျှင်။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်ကုန်၍။ ဗုဒ္ဓေယျုကိံ၊ ပွင့်ကုန် ကျွတ်ကုန်ရာသလော။ အထ၊ ထိုသို့မဟုတ်၊ အလဒ္ဓဗျာကရဏာပိ၊ ဗျာဒိတ် မရကုန်ဘဲလည်း။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ။ ဖြည့်ကုန်၍၊ ဗုဒ္ဓေယျုကိံ၊ ပွင့်ကုန်ရာသလော။

ပဥ္စမပုစ္ဆာပါဠိအနက် ပြီး၏။

## ၆။ ဆဋ္ဌမပုစ္ဆာပါဠိ

တေ စ လဒ္ဓဗျာကရဏာ အညဒါ အညံ အညံ ဗောဓိ ပတ္တေယျုကိံ၊ အထန ပတ္တေယျုံ?။

## ၆။ ဆဋ္ဌမပုစ္ဆာအနက်

တေစ၊ ထိုရအပ်သော ဗျာဒိတ်ရှိကုန်သော အလောင်းတော်တို့သည်လည်း။ လဒ္ဓဗျာကရဏာ၊ လဒ္ဓဗျာဒိတ် ရကုန်ပြီးသည် ရှိသော်။ အညဒါ၊ တစ်ပါးသောအခါ၌၊ အညံ အညံ၊ ဗျာဒိတ် ခံရင်းဗောဓိမှတစ်ပါးသော။ ဗောဓိံ၊ ဗောဓိကို။ ပတ္တေယျုကိံ၊ တောင့်တကုန်ရာသေးသလော။ အထ၊ ထိုသို့မဟုတ်။ နပတ္တေယျုကိံ၊ မတောင့်တ ကုန်ရာပြီလော။

ဆဋ္ဌမပုစ္ဆာပါဠိအနက် ပြီး၏။

www.dhammaransi.com



## ၇။ သတ္တမပုစ္ဆာပါဠိ

ယော တံတံဗောဓိံ အနိယမေတွာ မဂ္ဂဖလနိဗ္ဗာနမေဝ ပတ္ထေတွာ ဒါနာဒိပါရမိယော ပူရေတိ၊ သော ကတမာယဗောဓိယာ ဗုဇ္ဈတုကာမော ဟောတိ။ သော သာဝကဗောဓိယာ ဗုဇ္ဈေယျကိံ။ သစေ ပစ္စေက ဗောဓိပါရမိပုဏ္ဏကာလေ ဗုဇ္ဈိတုကာမောဟောတိ၊ သော ပစ္စေက ဗောဓိယာ ဗုဇ္ဈေယျကိံ သစေ သမ္မာ သမ္ဗောဓိပါရမိပုဏ္ဏကာလေ ဗုဇ္ဈိတုကာမော ဟောတိ၊ သော သမ္မာသမ္ဗောဓိယာ ဗုဇ္ဈေယျကိံ?။

## ၇။ သတ္တမပုစ္ဆာအနက်

ယော၊ အကြင်သူသည်၊ တံတံဗောဓိံ၊ ထိုထို ဗောဓိကို။ အနိယမေတွာ၊ မရည်မမှတ်မူ၍၊ မဂ္ဂဖလနိဗ္ဗာနမေဝ၊ မဂ်ဖိုလ်နိဗ္ဗာန်သက်သက်ကိုသာလျှင်။ ပတ္ထေတွာ တောင့်တ၍။ ဒါနာဒိပါရမိယော၊ ဒါနစသော ပါရမီတို့ကို။ ပူရေတိ၊ ဖြည့်၏။ သော၊ ထိုသူသည်။ ကတမာယဗောဓိယာ၊ အဘယ်ဗောဓိဖြင့်။ ဗုဇ္ဈေယျ၊ သိရာအံ့နည်း။ သာဝကဗောဓိပါရမိ ပုဏ္ဏကာလေ၊ သာဝကဗောဓိ၏ အဆောက်အဦ ဖြစ်သော ပါရမီ သမ္ဘာရတို့၏ ပြည့်စုံရာကာလ၌ ဗုဇ္ဈိတုကာမော၊ သိခြင်း ကျွတ်ခြင်းငှာအလိုဆန္ဒရှိသည်၊ သစေဟောတိ၊ အကယ်၍ ဖြစ်အံ့။ သော၊ ထိုသူသည်။ သာဝက ဗောဓိယာ၊ သာဝကဗောဓိဖြင့်၊ ဗုဇ္ဈေယျကိံ၊ သိရာကျွတ်ရာ အံ့လော။ ပစ္စေက ဗောဓိဖြင့်။ ဗုဇ္ဈေယျကိံ၊ သိရာ ကျွတ်ရာ အံ့လော။ သမ္မာ သမ္ဗောဓိ ပါရမိ ပုဏ္ဏကာလေ၊ သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ်သော ပါရမီ သမ္ဘာရတို့၏ ပြည့်စုံရာကာလ၌။ ဗုဇ္ဈိတုကာမော၊ သိခြင်းပွင့်ခြင်းငှာ အလိုရှိသည်။ သစေဟောတိ၊ အကယ်၍ ဖြစ်အံ့။ သော၊ ထိုသူသည်။ သမ္မာသမ္ဗောဓိ ယာ၊ သမ္မာ သမ္ဗောဓိဖြင့် ဗုဇ္ဈေယျကိံ၊ သိရာပွင့်ရာသလော။

**သတ္တမပုစ္ဆာပါဠိအနက် ပြီး၏။**

## ၈။ အဋ္ဌမပုစ္ဆာပါဠိ

ယော သာဝကဗောဓိံ ပတ္ထေတွာ ဒါနာဒိပါရမိယော ပူရေတိ၊ သော သာဝကပါရမီနံ ပုဏ္ဏာပုဏ္ဏာကာလေ အညံ ဗောဓိံ ပတ္ထေယျ ကိံ၊ နော ဝါ ပတ္ထေယျ၊ သော လဘေယျကိံ၊ နောဝါ လဘေယျ၊ ယဒိ လဘေယျ၊ သော အပရိပုဏ္ဏပါရမိယောဝပူရေတွာ ဘဘေယျ ကိံ၊ အထ ကိံ နဝါနဝါ ပါရမိယော ပူရေတွာ လဘေယျ?။

www.dhammaransi.com



## ၈။ အဋ္ဌမပုစ္ဆာအနက်

ယော၊ အကြင်သူသည်။ သာဝက ဗောဓိ၊ သာဝက ဗောဓိကို။ ပတ္ထေတွာ၊ တောင့်တ၍။ ဒါနာဒိပါရမိယော၊ ဒါနစသော ပါရမီတို့ကို။ ပူရေတိ၊ ဖြည့်၏။ သော၊ ထိုသူသည်။ သာဝက ပါရမိနံ၊ သာဝကပါရမီတို့၏။ ပုဏ္ဏာပုဏ္ဏကာလေ၊ ပြည့်ပြီးသော အခါ မပြည့်သေးမီ အခါများ၌။ အညံ၊ တစ်ပါးသော။ ဗောဓိ၊ ဗောဓိကို။ ပတ္ထေယျကိံ၊ တောင့်တရာသေးသလော။ နောဝပတ္ထေယျကိံ၊ မတောင့်တရာသလော။ ယဒိပတ္ထေယျ၊ အကယ်၍ တောင့်တခဲ့အံ့။ သော၊ ထိုသူသည်၊ လဘေယျကိံ၊ ရရာသလော။ နောဝလဘေယျကိံ၊ မရရာသလော။ ယဒိလဘေယျ၊ အယ်၍ ရပြန်သည် ဖြစ်ခဲ့အံ့၊ သော၊ ထိုသူသည်။ အပရိပုဏ္ဏပါရမိယောဝ၊ အပြည့်အစုံမဟုတ်သော အချို့အဝက်သော ပါရမိတို့ကိုသာလျှင်။ ပူရေတွာ၊ ဖြည့်၍။ လဘေယျကိံ၊ ရရာသလော။ အထ၊ ထိုသို့ မဟုတ်။ နဝါနဝါ ပါရမိယော၊ အသစ်အသစ်သော ပါရမိတို့ကို။ ပူရေတွာ၊ ဖြည့်၍ လဘေယျကိံ၊ ရရာသလော။

**အဋ္ဌမပုစ္ဆာပါဠိအနက် ပြီး၏**

## ၉။ နဝမပုစ္ဆာပါဠိ

သော ပစ္စေကဗောဓိ ပတ္ထေတွာ ဒါနာဒိပါရမိယော ပူရေတိ၊ သော၊ ပစ္စေကဗောဓိပါရမိနံ ပုဏ္ဏာပုဏ္ဏကာလေ အညံ ဗောဓိပတ္ထေယျ ကိံ၊ နောဝ လဘေယျ၊ ယဒိ ပတ္ထေယျ သော လဘေယျ ကိံ၊ နော ဝ လဘေယျ၊ ယဒိလဘေယျသော အပရိပုဏ္ဏပါရမိယောဝ ပူရေတွာ လဘေယျကိံ၊ အထ နဝါနဝါ ပါရမိယော ပူရေတွာ လဘေယျ?။

## ၉။ နဝမပုစ္ဆာအနက်

ယော၊ အကြင်သူသည်။ ပစ္စေကဗောဓိ၊ ပစ္စေကဗောဓိကို။ ပတ္ထေတွာ တောင့်တ၍။ ဒါနာဒိပါရမိယော၊ ဒါနစသော ပါရမီတို့ကို။ ပူရေတိ၊ ဖြည့်၏။ သော၊ ထိုသူသည်။ ပစ္စေကဗောဓိပါရမိနံ၊ ပစ္စေကဗောဓိပါရမီတို့၏။ ပုဏ္ဏာပုဏ္ဏကာလေ၊ ပြည့်ပြီးသော အခါ မပြည့်သေးမီ အခါများ၌။ အညံ၊ တစ်ပါးသော။ ဗောဓိ၊ ဗောဓိကို။ ပတ္ထေယျကိံ၊ တောင့်တရာသေးသလော။ နောဝပတ္ထေယျကိံ၊ မတောင့်တရာသလော။ ယဒိပတ္ထေယျ၊ အကယ်၍ တောင့်တခဲ့အံ့။ သော၊ ထိုသူသည်၊ လဘေယျကိံ၊

www.dhammaransi.com



ရရာသလော။ နောဝါလဘေယျကိ၊ မရရာသလော။ ယဒိလဘေယျ၊ အကယ်၍ ရငြားအံ့။ သော၊ ထိုသူသည်။ အပရိပုဏ္ဏပါရမိယော၀၊ အဟောင်းထက်ဝယ် ဖြည့်စွက်သောင်းရုံ မပြည့်စုံသော ပါရမီတို့ကိုသာလျှင်။ ပူရေတွာ၊ ဖြည့်၍။ လဘေယျကိ၊ ရရာသလော။ အထ၊ ထိုသို့ မဟုတ်။ နဝါနဝါ ပါရမိယော၊ အဟောင်းကိုပစ်မငဲ့လစ်ဘဲ အသစ်အသစ်ဖြစ်သော ပါရမီတို့ကိုသာလျှင်။ ပူရေတွာ၊ ဖြည့်၍ လဘေယျကိ၊ ရရာသလော။

## နဝမပုစ္ဆာပါဠိအနက် ပြီး၏။

## ၁၀။ ဒသမပုစ္ဆာပါဠိ

ယော သမ္မာသမ္ဗောဓိံ ပတ္ထေတွာ ဒါနာဒိပါရမိယော ပူရေတိ၊ သော၊ သမ္မာသမ္ဗောဓိပါရမီနံ ပုဏ္ဏာပုဏ္ဏကာလေ အညံ ဗောဓိံပတ္ထေယျ ကိံ၊ နောဝါ လဘေယျ၊ ယဒိ ပတ္ထေယျ သော လဘေယျ ကိံ၊ နော ဝါ လဘေယျ၊ ယဒိလဘေယျသော အပရိပုဏ္ဏပါရမိယော၀ ပူရေတွာ လဘေယျကိံ၊ အထ နဝါနဝါ ပါရမိယော ပူရေတွာ လဘေယျ?။

## ၁၀။ ဒသမပုစ္ဆာအနက်

ယော၊ အကြင်သူသည်။ သမ္မာသမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်ကို။ ပတ္ထေတွာ တောင့်တ၍။ ဒါနာဒိပါရမိယော၊ ဒါနစသော ပါရမီတို့ကို။ ပူရေတိ၊ ဖြည့်၏။ သော၊ ထိုသူသည်။ သမ္မာသမ္ဗောဓိပါရမီနံ၊ သမ္မာသမ္ဗောဓိပါရမီတို့၏။ ပုဏ္ဏာပုဏ္ဏကာလေ၊ ပြည့်ပြီးသော အခါ မပြည့်သေးမီ အခါများ၌။ အညံ၊ တစ်ပါးသော။ ဗောဓိံ၊ အောက်အောက်သော ဗောဓိများကို။ ပတ္ထေယျကိံ၊ တောင့်တရာသေးသလော။ နောဝါပတ္ထေယျကိံ၊ မတောင့်တရာသလော။ ယဒိပတ္ထေယျ၊ အကယ်၍ တောင့်တငြားအံ့။ သော၊ ထိုသူသည်၊ လဘေယျကိ၊ ရရာသလော။ နောဝါလဘေယျကိ၊ မရရာသလော။ ယဒိလဘေယျ၊ အကယ်၍ ရငြားအံ့။ သော၊ ထိုသူသည်။ အပရိပုဏ္ဏပါရမိယော၀၊ သဗ္ဗညုဉာဏ်ကို တောင့်တ၍ ဖြည့်အပ်ပြီးသော ပါရမီဟောင်းတွင်လောင်းစွပ်ဖြည့်ရုံ မပြည့်စုံသော ပါရမီ တို့ကိုသာလျှင်။ ပူရေတွာ၊ ဖြည့်၍။ လဘေယျကိ၊ ရရာသလော။ အထ၊ ထိုသို့ မဟုတ်။ နဝါနဝါ ပါရမိယော၊ သဗ္ဗညုတဉာဏ်ကို တောင့်တ၍ ဖြည့်အပ်ပြီးသော ပါရမီများကို နောက်ထပ်တောင်း

www.dhammaransi.com



အပ်သော ဗောဓိ၏ အခြေမဖြစ် လုံးလုံးပစ်၍ အသစ်အသစ်သော ပါရမီတို့ကို သာလျှင်။ ပူရေတွာ၊ ဖြည့်၍ လဘေယျကိံ၊ ရရာသလော။

ဒသမပုစ္ဆာပင့်အနက်ပြီး၏

### ၁၁။ ကောဒသမပုစ္ဆာပါဠိ

ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝကာပိ သမ္မာသမ္ဗုဒ္ဓါဝိယ ပရိပုဏ္ဏာ တိံသပါရမိယော ပူရေတွာဝ ဗုဇ္ဈေယျုံ ကိံ။ အထ အပရိပုဏ္ဏာ ကေစ္စာ ပရမိယောဝ ပူရေတွာ ဗုဇ္ဈေယျုံ?။

### ၁၁။ ကောဒသမပုစ္ဆာအနက်

ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝကာပိ၊ ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝက တို့သည်လည်း။ သမ္မာသမ္ဗုဒ္ဓါဝိယ၊ သဗ္ဗညု ဘုရားတို့ကဲ့သို့။ ပရိပုဏ္ဏာ၊ အပြည့်အစုံ ဖြစ်ကုန်သော၊ တိံသပါရမိယော၊ သုံးပါးဆယ်သော ပါရမီတို့ကို။ ပူရေတွာဝ၊ ဖြည့်ကုန်၍ သာလျှင်။။ ဗုဇ္ဈေယျုံကိံ၊ ပွင့်ကုန်ရာသလော။ အထ၊ ထိုသို့ မဟုတ်၊ အပရိပုဏ္ဏာ၊ မပြည့်မစုံကုန်သော ကေစ္စာ၊ အချို့ကုန်သော။ ပါရမိယောဝ၊ ပါရမီတို့ကိုသာလျှင်။ ပူရေတွာ၊ ဖြည့်ကုန်၍၊ ဗုဇ္ဈေယျုံကိံ၊ ပွင့်ကုန်ရာ သလော။

ကောဒသမပုစ္ဆာပါဠိအနက် ပြီး၏

### ၁၂။ ဒွါဒသမပုစ္ဆာပါဠိ

ပကတိသာဝက သဗ္ဗန္တိ မပရိစ္ဆေဒေန ကိတ္တကံ ကာလံ ပါရမိယော ပူရေတွာဝ ဗုဇ္ဈေယျုံ၊ ယထာ ဝုတ္တကာလပရိစ္ဆေဒမေဝပါရမိယော ပူရေတွာ ဗုဇ္ဈေယျုံ ကိံ?။

### ၁၂။ ဒွါဒသမပုစ္ဆာအနက်

ပကတိသာဝကာ၊ ပကတိသာဝကတို့သည်။ သဗ္ဗန္တိမပရိစ္ဆေဒေန၊ အလုံးစုံတို့ အောက် အယုတ်ဆုံးဖြစ်သော အပိုင်းအခြားအားဖြင့်၊ ကိတ္တကံ၊ အဘယ်မျှ လောက်သော ကာလံ၊ ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာဝ၊

www.dhammaransi.com



ဖြည့်ကုန်၍သာလျှင်၊ ဗုဇ္ဈေယျ၊ ကျွတ်ကုန်ရာသနည်း။ ယထာဝုတ္တကာလ ပရိစ္ဆေမေဝ၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော ကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင်ဟူသော ပကတိသာဝကတို့၏ ပါရမီ ရင့်ရာကာလ အပိုင်းအခြားရှိသော ကာလပတ်လုံး သာလျှင်။ ပါရမီရင့်ရာကာလ အပိုင်းအခြားရှိသော ကာလပတ်လုံးသာလျှင်။ ပါရမိယော ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်ကုန်၍။ ဗုဇ္ဈေယျုံကိံ၊ ကျွတ်ကုန်ရာသလော။

ဒွါဒသမပုစ္ဆာပါဠ်အနက် ပြီး၏။

## ၁၃။ တေရသမပုစ္ဆာပါဠ်

ပူရိတပါရမိတာ သာဝကာ ဗဟုမှိ ဗုဒ္ဓသုညကပ္ပေ ဥပ္ပန္နာ သယမေဝ ဗုဇ္ဈေယျုံကိံ။ ဥဒါဟုတံတပ္ပံ အတက္ကမိတွာ ဗုဒ္ဓုပ္ပါဒကပ္ပံ အာဂမယမာနာ ဗုဒ္ဓုပ္ပါဒကပ္ပံ အာဂမယမာနာ ဗုဇ္ဈေယျုံ?။

## ၁၃။ တေရသမပုစ္ဆာအနက်

ပူရိတပါရမိကာ၊ ပါရမီဖြည့်ကုန်ပြီးသော။ သာဝကာ၊ အဂ္ဂသာဝက မဟာသာဝကသာဝက ပကတိသာဝက တို့သည်။ ဗဟုမှိ၊ များစွာသော။ ဗုဒ္ဓသုညကပ္ပေ၊ ဘုရားတို့မှ ဆိတ်သောကမ္ဘာ၌။ ဥပ္ပန္နာ၊ ဖြစ်ကြကုန်သည်ရှိသော်။ သယမေဝ၊ မိမိတို့ အလိုအလျောက်ပင်လျှင်။ ဗုဇ္ဈေယျုံကိံ၊ ကျွတ်ကုန်ရာသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ တံကပ္ပံ၊ ထိုသုညကမ္ဘာကို။ အတိက္ကမိတွာ၊ လွန်ကုန်၍။ ဗုဒ္ဓုပ္ပါဒကပ္ပံ၊ ဘုရားပွင့်ရာ ကမ္ဘာကို။ အာဂမယမာန၊ ငံ့လင့်ကုန်လျင်။ ဗုဇ္ဈေယျုံကိံ၊ ကျွတ်ကုန်ရာသလော။

တေရသမပုစ္ဆာပါဠ်အနက်ပြီး၏။

## ၁၄။ စုဒ္ဒသမပုစ္ဆာပါဠ်

ဗုဒ္ဓပစ္စေကဗုဒ္ဓ သာဝကာ သမာနဂ် သမ္ဗန္ဓာဝ ဗျာကရဏံ လာဘေယျုံ ကိံ။ ဥဒါဟု ဝိသဒိသဂ်သမ္ဗန္ဓာဝ ဗျာကရဏံ လဘေယျ?။

www.dhammaransi.com



## ၁၄။ စုဒ္ဒသမပုစ္ဆာအနက်

ဗုဒ္ဓစ္စေကဗုဒ္ဓသာဝကာ၊ ဘုရား ပစ္စေကဗုဒ္ဓါသာဝကတို့သည်။ သာမာနင် သမ္ဘန္ဒာဝ၊ တူမျှသော ဗျာဒိတ်ရကြောင်း အင်္ဂါနှင့် ပြည့်စုံကြကုန်သည်ဖြစ်၍ သာလျှင်။ ဗျာကရဏံ၊ ဗျာဒိတ်ကို။ လဘေယျုံကိ၊ ရကုန်ရာသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဝိသဒိသင်္ဂသမ္ဘန္ဒာဝ၊ မမျှတူသော အင်္ဂါရှိကုန်၍ သာလျှင်။ ဗျာကရဏံ၊ ဗျာဒိတ်ကို။ လဘေယျုံကိ၊ ရကုန်ရာသလော။

### စုဒ္ဒသမပုစ္ဆာပါဠိအနက်ပြီး၏။

## ၁၅။ ပန္နရသမပုစ္ဆာပါဠိ

ဗုဒ္ဓါ ဧဝ ဗျာကရဏံ ကိတ္တယံ သုကိ၊ အထ ပစ္စေက ဗုဒ္ဓ ဗုဒ္ဓ သာဝကာပိ?။

## ၁၅။ ပန္နရသမပုစ္ဆာအနက်

ဗုဒ္ဓါဧဝ၊ သဗ္ဗညုမြတ်စွာဘုရားတို့သာလျှင်။ ဗျာကရဏံ၊ ဗျာဒိတ်ကို။ ကိတ္တယံ သုကိ၊ ကြားကြကုန်သလော၊ အထ၊ ထိုသို့မဟုတ်။ ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝကာပိ၊ ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝကတို့သည်လည်း။ ကိတ္တယံ သုကိ၊ ကြားကြကုန်သလော။

### ပန္နရသမပုစ္ဆာပါဠိအနက်ပြီး၏။

## ၁၆။ သောဠသမပုစ္ဆာပါဠိ

ဗုဒ္ဓသာဝကာ ဝိယ ဒေဝမနုဿပြဟ္မာနောပိ ယထာ ဝုတ္တကာလ ပရိစ္ဆေဒမေဝ ပါရမိယော ပူရေတွာ ဗုဇ္ဈေယျုံ ကိ၊ အထတထူနာ ပါရမိယော ပူရေတွာ ဗုဇ္ဈေယျုံ?။

## ၁၆။ သောဠသမပုစ္ဆာအနက်

ဗုဒ္ဓ သာဝကာဝိယ၊ ထေရ ထေရီ သာမဏေရီ သိက္ခမာန်ဟု ဆိုအပ်သော ဗုဒ္ဓသာဝကတို့ကဲ့သို့။ ဒေဝမနုဿ ပြဟ္မာနောပိ၊ နတ်လူပြဟ္မာတို့သည်လည်း။

www.dhammaransi.com



ယထာဝုတ္တကာလ ပရိစ္ဆေဒမော၊ ဆိုအပ်ပြီးသော ကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင် စသော သာဝကတို့၏ ကာလအပိုင်းအခြား ပတ်လုံးသာလျှင်။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်ကုန်၍၊ ဗုဇ္ဈေယျုံကိံ၊ ကျွတ်ကုန်ရာသဘော။ အထ၊ ထိုသို့မဟုတ်။ တထူနာ၊ ထိုအောက်အယုတ်ဖြစ်ကုန်သော၊ ဝါ၊ တထူနာတထူနေန၊ ထိုအောက်ယုတ်သော ကာလအပိုင်းအခြားအားဖြင့်။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်ကုန်၍။ ဗုဇ္ဈေယျုံကိံ၊ ကျွတ်ကုန်ရာသလော။

**သောဠသမပုစ္ဆာပါဠိအနက်ပြီး၏။**

### ၁၇။ သတ္တရသမပုစ္ဆာပါဠိ

ဣမသ္မိံ ယေဝစက္ကဝါဠေ ဗုဒ္ဓပစ္စေကာ ဗုဒ္ဓ ဗုဒ္ဓသာဝကာ ဥပ္ပဇ္ဇေကိံပိ စက္ကဝါဠေ?။

### ၁၇။ သတ္တရသမပုစ္ဆာအနက်

ဣမသ္မိံ ယေဝ စက္ကဝါဠေ၊ ဤစကြာဝဠာသာလျှင်။ ဗုဒ္ဓ ပစ္စေကဗုဒ္ဓသာဝကာ၊ ဘုရား ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝက တို့သည်။ ဥပ္ပဇ္ဇေယျုံကိံ၊ ဖြစ်ကုန်ရာသလော။ အထ၊ ထိုသို့မဟုတ်။ အညသ္မိံ ပိစက္ကဝါဠေ၊ တစ်ပါးသော စကြာဝဠာများ၌လည်း။ ဥပ္ပဇ္ဇေယျုံကိံ၊ ဖြစ်ကုန်ရာသလော။

**သတ္တရသမပုစ္ဆာပါဠိအနက်ပြီး၏။**

### ၁၈။ အဋ္ဌာရသမပုစ္ဆာပါဠိ

**တေစက္ကမသ္မိံ ယေဝ** စက္ကဝါဠေ ဇာယမာနာ ပါရမိယော ပူရေသုံ ကိံ။ အထ အညသ္မိံပိ **စက္ကဝါဠေ?။**

### ၁၈။ အဋ္ဌာရသမပုစ္ဆာအနက်

တေစ၊ ထို ဘုရားပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝကတို့သည်လည်း။ ဣမသ္မိံ ယေဝစက္ကဝါဠေ၊ ဤစကြာဝဠာ၌သာလျှင်။ ဇာယမာနာ၊ ဖြစ်ကြကုန်၍။ ပါရမိယော။ ပါရမီတို့ကို။ ပူရေသုံကိံ၊ ဖြည့်ကြကုန်သလော။ အထ၊ ထိုသို့မဟုတ်။ အညသ္မိံ

www.dhammaransi.com



ပိစက္ကဝါဠေ၊ တစ်ပါးသော စကြဝဠာများ၌လည်း။ ဇာယမာနာ၊ ဖြစ်ကြကုန်၍။ ပါရမိယော။

**အဋ္ဌာရသမပုစ္ဆာအနက်ပြီး၏။**

### ၁၉။ ဧကူနဝီသတိပုစ္ဆာပါဠိ

တေစ ဣမသ္မိံပိ စက္ကဝါဠေပိ ဇမ္ဗုဒီပေယေဝ ဇာယမာနာ ပါရမိယော ပူရေသုံ ကိံ။ ဥဒါဟု သေသဒီပေသုပိ?။

### ၁၉။ ဧကူနဝီသတိပုစ္ဆာအနက်

တေ၊ ထိုဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့သည်။ ဣမသ္မိံ စက္ကဝါဠေပိ၊ ဤစကြဝဠာတွင်း၌လည်း။ ဇမ္ဗုဒီပေဝ၊ ဇမ္ဗုဒိပ်ကျွန်း၌သာလျှင်။ ဇာယမာနာ၊ ဖြစ်ကြကုန်၍။ ပါရမိယော၊ ပါရမီတို့ကို၊ ပူရေသုံကိံ၊ ဖြည့်ကြကုန်သလော၊ ဥဒါဟု၊ ထိုသို့မဟုတ်။ သေသဒီပေသုပိ၊ အရံကျွန်းငယ်ငါးရာစီနှင့် တကွသော အရှေ့ ပုဗ္ဗဝိဒေဟကျွန်း, မြောက် ဥတ္တရကုရုကျွန်း, အနောက် အပရဂေါယာနကျွန်း, ဤဇမ္ဗုဒိပ်ကျွန်း၏ အရံဖြစ်သော သီလင်္ဂကျွန်း နာဂကျွန်းစသော ငါးရာသော ကျွန်းငယ်တို့၌လည်း။ ဇာယမာနာဖြစ်ကြကုန်၍။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေသုံကိံ၊ ဖြည့်ကြကုန်သလော။

**ဧကူနဝီသတိပုစ္ဆာပါဠိအနက် ပြီး၏**

### ၂၀။ ဝီသတိပုစ္ဆာပါဠိ

တေ ဣမသ္မိံ ယေဝ ဇမ္ဗုဒီပေ မဇ္ဈိမဒေသေ ယေဝ ဇာယမာနာနာ ပါရမိယော ပူရေသုံ ကိံ။ အထ ပစ္စန္တဒေသေပိ?။

### ၂၀။ ဝီသတိပုစ္ဆာအနက်

တေ၊ ထိုဘုရား ပစ္စေကဗုဒ္ဓါသာဝကတို့သည်။ ဣမသ္မိံယေဝဇမ္ဗုဒီပေ၊ ဤဇမ္ဗုဒိပ်တွင်း၌လည်း။ မဇ္ဈိမဒေသေယေဝ၊ မဇ္ဈိမဒေသအရပ်၌သာလျှင်။ ဇာယမာနာ၊

www.dhammaransi.com



ဖြစ်ကြကုန်၍။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေသုံကိ၊ ဖြည့်ကြကုန်သလော။ အထ၊ ထိုသို့မဟုတ်။ ပစ္စန္တဒေသေပိ၊ ပစ္စန္တရာဇ်အရပ်၌လည်း၊ ဇာယမာနာ၊ ဖြစ်ကြကုန်၍၏။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေသုံကိ၊ ဖြည့်ကြကုန်သလော။

ဝိသတိပုစ္ဆာပါဠ်အနက်ပြီး၏

## ပဏ္ဍိတဓမ္မတာဝါကျပါဌ်

မယံ စောဒကာနာမ ကေဒေသပေက္ခကာ။ နော သကလပေက္ခကာ။ သစေ သကလပေက္ခကာ ဘဝေယျာမ။ သော ပုစ္ဆာ နသိယာ။ ဘဝတိစ၊ ဧတာယပုစ္ဆာယ ဒိဋ္ဌာယ တံဝိဿဇ္ဇနံ ဥဒ္ဓရိတဗ္ဗံ။ ကသ္မာ၊ ပုစ္ဆာဝိဿဇ္ဇနာနံ အညမညံ အဝိနာ ဘာဝီဘာဝတော။

" ယတ္ထ ယတ္ထ ပဒေ သ္မေ၀၊
ဒိဋ္ဌေ ဝိဿဇ္ဇနေ သတိ။
တတ္ထ တတ္ထုဒ္ဓရိတဗ္ဗာ၊
ပုစ္ဆာ ဘာဝ ဝိဘာဝိနာ" တိ

ဧတိဿာဂါထာယ ကေပဿဒဿန နယဘာဝတော စ။ တသ္မာ သာသနဓဇူပမာ ဇမ္ဗု ဒီပဓဇူပမာ ပဏ္ဍိတာ သစေ တုမှေ နိတတ္ထေ ပါဠိအဋ္ဌကထာ ဋီကာယော အာဟရိတွာ နော ကခံ ဝိနောဒေတုံသက္ကောထ။ အနညဝိသယံ တုမှာ ကညေ၀ ဝိသယံ ဧတံဝီသတိပုစ္ဆံဝိဿဇ္ဇေထ။ နော စေ ဝုတ္တနယေန ဝနောဒေတုံ သက္ကောထ။ ခါဏုကာဝိယ စ ဣန္ဒခီလာဝိယ စ အစလာပဗ္ဗာယန္တာ ပတက္ခန္တာတုဏှီဘူတာ ဟောထ။ ကသ္မာဟိ တုဏှီဘူတာ၊ တုမှာဒိသေဟိ အတိဿယပညဝါ တံဝိဿဇ္ဇန သမတ္ထော သီဟနာဒေသု ကေသရသီဟော ဝိယ ပရိယတ္တိယံ အတိဝိသာရဒေါ ဗဟုဿုတ ကိတ္တိသဒ္ဒေါ ပုရိသဝိသေသော၀ ဝိတဇ္ဇဗျာကဏာဝိဿဇ္ဇနေန ဝိဿဇ္ဇိဿတိ။

www.dhammaransi.com



## ပဏ္ဍိတဓမ္မတာ ဝါကျအနက်

မယံစောဒကာနာမ၊ စောဒကဆရာ ငါတို့မည်သည်ကား။ ဧကဒေသ ပေက္ခကာ၊ တစ်ဖက်တစ်စိတ်ကိုသာ မျှော်ကုန်ကြည့်ကုန်၏။ နောသကလ ပေက္ခကာ၊ အလုံးစုံကို အကုန်မမျှော်ကုန်မကြည့်ကုန်။ သကလပေက္ခကာ၊ အလုံးစုံကို အကုန်မျှော်ကုန်ကြည့်ကုန်သည်။ သစေဘဝယျာမ အကယ်၍ ဖြစ်ကုန်ငြားအံ့။ ဧသာပုစ္ဆာ၊ ဤပုစ္ဆာ အစဉ်သည်။ နသိယာ၊ မဖြစ်ရာ။ ဧသာပုစ္ဆာ၊ ဤပုစ္ဆာအစဉ်သည်။ ဘဝတိစ၊ ဖြစ်လည်းဖြစ်ပြန်ခဲ့၏။ ဧတာယ ပုစ္ဆာယ၊ ဤပုစ္ဆာအစဉ်ကို။ ဒိဋ္ဌာယ၊ တွေ့မြင်အပ်သည်ရှိသော်။ ဟံဝိဿဇ္ဇနံ၊ ထိုပုစ္ဆာအစဉ်၏ အဖြေကို။ ဥဒ္ဓရိတဗ္ဗံ၊ ဧကန်စင်စစ် ထုတ်ခြင်းငှာ ထိုက်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူ။ ပုစ္ဆာဝိဿဇ္ဇနာနံ၊ အမေးအဖြေတို့၏။ အညမည်၊ တစ်ပါးနှင့်တစ်ပါး၊ အဝိနာဘာဝီ ဘာဝတောစ၊ မကင်းအပ်မကင်းရာဖြစ်ခြင်း အလေ့အလာ ဓမ္မတာသဘော ရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း။

ယတ္ထ ယတ္ထ ပဒေသေ့ဝ၊ ဒိဋ္ဌေ ဝိဿဇ္ဇနေ သတိ။

တတ္ထ တတ္ထုဒ္ဓရိတဗ္ဗာ၊ ပုစ္ဆာ တာဝ ဝိဘာဝိနာတိ။

ယတ္ထ ယတ္ထ ပဒေသေ့ဝ၊ ဒိဋ္ဌေ ဝိဿဇ္ဇနေ သတိ။ တတ္ထတတ္ထုဒ္ဓရိတဗ္ဗာ၊ ပုစ္ဆာ တာဝ ဝိဘာဝိနာတိ ဟူသော။ ဧတိဿာဂါထာယ၊ ဤ သဒ္ဒသာရတ္ထဇာလိနီ စသည်၌လာသော ဂါထာ၏၊ ဧကပဿဒဿနနယဘာဝတောစ၊ "ယတ္ထယတ္ထ ပဒေသေ့ဝ၊ ဒိဋ္ဌာတုပုစ္ဆာနာယဒိ၊ တတ္ထ တတ္ထုဒ္ဓရိတဗ္ဗာ ဝိဿဇ္ဇ နာဝိဘာဝိနာ" ဟူသော ပဋိယောဂီ တစ်ဖက်ကို ပြသောနည်း ဥပဒေသဂါထာ၏ အဖြစ်ကြောင့် လည်းကောင်း တည်း။ တသ္မာ၊ ထိုသို့ ဤပုစ္ဆာ အစဉ်၏ လက်ရှိတွေ့မြင် ထင်ရှားရှိသည်၏ အဖြစ်, ပုစ္ဆာမြင်သော် စွမ်းအင်ရှိလျောက် နှိုင်းထောက်ကြံဆောင် မရှောင်မကွင်း မငြင်းမဖင့် ဖြေဆိုသင့်သည်၏ အဖြစ်ကြောင့်။ သာသနဓဇူပမာ၊ သာသနာတော်တွင်းဝယ် မှန်ကင်းမွန် တံခွန်သဖွယ်လည်း ဖြစ်ပေကုန်ထသော။ ဇမ္ဗုဒီပဓဇူပမာ၊ ဇမ္ဗုဒီပါ ကျွန်းလက်ယာထက် ရတနာရောင်လျှံ နှိုင်းမစံသည့် အောင်လံကြီးသဖွယ်လည်း ဖြစ်ပေကုန်ထသော။ ပဏ္ဍိတာ၊ ပညာရှိ သူခမိန်တို့။ တုမှေ၊ သင်ပညာရှိ သူခမိန် တို့သည်။ နိတတ္ထေ၊ တိုက်ရိုက်သိအပ်သော အနက်ရှိကုန်သော၊ ပါဠိအဋ္ဌကထာ ဋီကာယော၊ ပါဠိအဋ္ဌကထာဋီကာ ကျမ်းဂန်တို့ကို။ အာဟရိတွာ၊ ဆောင်ယူထုတ်ပြ ကုန်၍။ နော၊ ရဟန်းရှင်လူအများသူတို့နှင့် တကွသော ငါစောဒကတို့၏။ ကင်္ခါ၊ သို့လား သို့လား ယုံမှားတွေးတော သဘောမကျ သံသယကို။ ဝိနောဒေတုံ၊ ဖြေဖျောက် ပယ်တွင် သုတ်သင်ရှင်းလင်းခြင်းငှာ။ သစေသက္ကောထ၊ အကယ်စင်စစ် ဖြစ်ဖြစ်

www.dhammaransi.com



မြောက်မြောက် ပြောစလောက်အောင် စွမ်းဆောင်နိုင်ပေနိုင်ပေကုန်သည် ဖြစ်အံ့။ အနညဝိသယံ၊ အမှတ်မထင် မြင်မြင်ဝါးဝါး အုတ်ကြား မြက်ပေါက် ရောက်တတ်ရာရာ လူဝါလူကြွားတို့နှင့် မရာထသော။ တုမှာကညေဝ၊ သင်ပညာရှိ ကဝိသုခမိန်တို့၏ သာလျှင်။ ဝိသယံ၊ အရာဖြစ်ထသော။ ဇော်ဝီသတိ ပုစ္ဆံ၊ ဤနှစ်ဆယ် အရေအတွက် ရှိသော အမေးပုစ္ဆာ ပြဿနာကို။ ဝိဿဇ္ဇေထ၊ ဖြေဆိုကြပါကုန်။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသော တိုက်ရိုက်လာသော ပါဠိအဋ္ဌကထာဋီကာ ကျမ်းဂန်ကို ဆောင်ပြသော နည်းအားဖြင့်။ ဝိနောဒေတုံ၊ သံသယကို ပယ်ဖျောက်ခြင်းငှာ၊ နောစေသက္ကေထ၊ အကယ်စင်စစ် ဖြစ်ဖြစ် မြောက်မြောက် ပြောစလောက်အောင် မစွမ်းဆောင်နိုင်ကြကုန် သည်ဖြစ်အံ့။ ခါဏုကာဝိယစ၊ လူအများတို့ သွားလာကူးသန်း လမ်းဆုံ, လမ်းမ, လမ်းလေးခွဝယ် နှစ်လရှည်လျား ပေါ်ရှိပြားသည့် စကားမဆို ရှားငုတ်တိုတို့ကဲ့သို့ လည်းကောင်း။ ဣန္ဒခီလာဝိယစ၊ အမြောက် ဖုံးစိန် ပစ်လွှတ်ချိန်လည်း မနိုင်ရွေ့ ကင်းလွတ်လေ၍မသွေ့မလှုပ် မဖယ်ငုတ်တုတ် မလှုပ်မတုန် တံခါးခုံတို့ကဲ့သို့ လည်းကောင်း။ အစလာ၊ တို့သူငါနှယ် ပညာသေးနုတ်ရာ မဟုတ်ဟု လျှာနုတ်မသုန် ရေလုပ်ငုံသို့ တုန်လှုပ်ခြင်း မရှိကြကုန်သည် လည်းကောင်း။ ပဗ္ဗာယန္တာ၊ မကြံတတ်နိုင် ငေးမေ့မှိုင်ကြကုန်သည် လည်းကောင်း။ ပတက္ကန္တာ၊ အမေးပုစ္ဆာ ဤနေရာ၌ ဖြေဌာမရဲ ခဲထုပ်ဆွဲသို့ တွဲလွဲတောင်းလောင်း ဦးခေါင်းမြေစိုက် ငိုက်ဆိုက်ကြုံ့ကြုံ့ ငုံ့ဝပ်လည်လျှိုး ကျိုးသော ပခုံးရှိကြကုန်သည် လည်းကောင်း။ တုဏှီဘူတာ၊ နှုတ်လျှာမဲ့ပြားစကားမလှဲ့ ခွန်းတုန့်မပြန် အသံဆိတ်တုံ နေကြကုန်သည် လည်းကောင်း။ ဟောထ၊ ဖြစ်ကြလေကုန်။ ဟိကသ္မာ၊ အဘယ်ကြောင့်။ တုဏှီဘူတာ၊ ဆိတ်ဆိတ်နေကြကုန်သည်။ ဟောထ ဖြစ်ကြကုန်သနည်း။ တမှာဒိသေဟိ၊ ပညာချို့တဲ့ သင်တို့ကဲ့သို့ သဘောရှိကုန်သော သူတို့ထက်။ အတိဿပညဝါ၊ လွန်ကဲသော ပညာရှိပေထသော။ တံဝိဿဇ္ဇန သမတ္ထော၊ ထိုပုစ္ဆာကို ဖြေဆိုခြင်းအမှုတို့၌ စွမ်းနိုင်ပေထသော။ သီဟနာဒေသု၊ မြတ်သော အသံကို ကျူးရင့်ခြင်းအမှုတို့၌၊ ဝါ၊ ဝန်းကျင်နှံ့စပ် ပဲ့တင်ထပ်အောင် သံမြတ်လွှင့်ဖွင့် ကျူးရင့် ဟစ်ကြွေးရာ ဖြစ်သော တောသုံးတောင်တို့၌။ ကေသရသီဟော၊ ပဏ္ဍု တဏ ကေသရနှင့် နရဟူသည် လေးမည် နွယ်ရိုးခြင်္သေ့မျိုးတွင် တန်ခိုးကြီးစွာ ကေသရာဟု အာဏာပြင်းရှိန် မိဂိန္ဒြသားမျှာ့သေဌ်နင်း ခြင်္သေ့မင်းသည်။ အတိဝိသာရဒေါဝိယ၊ မကြောက်မရွံ့ လွန်ရဲဝံ့သို့။ ပရိယတ္တိယံ၊ နိကာယ်ငါးဖြာ အင်္ဂါကိုးစုံ သုံးပုံပိဋကတ် ပရိယတ်၌။ အတိဝိသာရဒေါ၊ မကြောက်မရွံ့ လွန်ရဲဝံ့ပေထသော။ ဗဟုဿုတကိတ္တိ ပညာရှင်ဟု ထင်ပေါ်ကျော်စောသော သတင်းသံလည်း ရှိပေထသော။ ပုရိဝိသေ သောဝ၊ ယောက်ျားထူးမြတ် ကျမ်းတတ် ဆရာသည်သာလျှင်။ ဝိဘဇ္ဇဗျာ ကရဏ ဝိဿဇ္ဇနေန၊ ခွဲဝေစိတ်ဖြာ ဖြေသင့်ရာ၌ စိတ်ဖြာ ခွဲဝေ ဖြေဆို ရာသော

www.dhammaransi.com



နည်းဖြင့်။ **ဝိဿဇ္ဇိဿတိ၊** ဖြေပေလတ္တံ့။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်တို့သည်။ တု**ဏှီဘူတာ၊ ဆိတ်ဆိတ်**နေကြကုန်သည်။ ဟောထ၊ ဖြစ်ကြလေကုန်။

**ပဏ္ဍိတဓမ္မတာဝါကျအနက်ပြီး၏။**

**စံကျောင်း ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော**
**ဝိသတိပုစ္ဆာပါဠိနှင့်**
**လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော**
**ဝိသတိပုစ္ဆာနိဿယ ပြီး၏။**

www.dhammaransi.com

# ဝိသတိပုဏ္ဏာအဖြေ

## ဝိဿဇ္ဇနကဂန္ထာရမ္ဘ

သုဗုဒ္ဓဗောဓိသမ္ဘာရော၊ ဗောဓေသိ ဗောဓိမုတ္တမံ။
ဗောဓနယျံ သုဗုဒ္ဓေန၊ ဗုဒ္ဓေါ သော ဒေတု မေ ဇယံ။
ယာ ကတာ ဝီသတိပုစ္ဆာ၊ ထေရေန ထိရစေတသာ။
တဿာတ္ထံ ကထယိဿာမိ၊ သံပုဏ္ဏံ သဝိဿဇ္ဇနန္တိ။

သုဗုဒ္ဓဗောဓိသမ္ဘာရော၊ ကောင်းစွာ ပွားစေအပ်ပြီးသော ပါရမီစာဂစရိယ တည်းဟူသော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်၏ အဆောက်အဦးရှိတော်မူသော။ ယောဗုဒ္ဓေါ၊ အကြင် မြတ်စွာဘုရားသည်။ သုဗုဒ္ဓေန၊ ကောင်းစွာ သိတော်မူအပ်ပြီးသော သဗ္ဗညုတဉာဏ် ဒေသနာဉာဏ်တော်ဖြင့်။ ဝါ။ ကောင်းစွာ ပွားစေတော်မူအပ်ပြီးသော တရားဒေသနာတော်ဖြင့်။ ဗောဓနယျံ၊ သစ္စာလေးဆင့် ပွင့်ထိုက်သသူ နတ်လူဗြဟ္မာ ဝေနေယျာကို။ ဥတ္တမံ၊ လွန်ကဲထူးမြတ်သော။ ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်ကို။ ဗောဓေသိ၊ သိစေတော်မူပြီ။ သောဗုဒ္ဓေါ၊ ထိုမြတ်စွာဘုရားသည်။ မေ၊ အကျွန်ုပ်အား။ ဇယံ၊ ရန်မာရ် အောင်ကြောင်း ကောင်းမြတ်သော မင်္ဂလာကို။ ဒေတု၊ ပေးသနားတော်မူစေသတည်း။

ထိစေတသာ၊ ယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခန့်ခိုင်မြဲမြံသော သီလ သမာဓိ ပညာဂုဏ်ရှိတော်မူပေသော။ ထေရေန၊ ငါတို့ကျေးဇူးရှင် အရှင်သုဒဿနဝရ ဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံ ရှိတော်မူသော စံကျောင်းဆရာတော် ထေရ် မြတ်သည်။ ယာဝီသတိပုစ္ဆာ၊ အကြင်ဝီသတိပုစ္ဆာကျမ်းကို။ ကတာ၊ စီရင်တော်မူ အပ်ပြီ။ တဿာ၊ ထိုဝီသတိပုစ္ဆာကျမ်း၏။ သဝိဿဇ္ဇနံ၊ အဖြေနှင့် တကွသော၊ အတ္ထံ၊ အနက်မြန်မာမှီရာ နိဿယကို။ သံပုဏ္ဏံ၊ ပြည့်စုံစွာ။ ကထယိဿာမိ၊ ဆိုပေအံ့၊ ဣတိ၊ ဤတွင် ပဏာမ ပဋိညာဉ်စကား ပြီး၏။

ဝိဇ္ဇနကဂန္ထာရ မ္ဘပါဌ်အနက် ပြီး၏။

www.dhammaransi.com



## ပုစ္ဆာကဂန္ထာရမ္ဘအဖွင့်

ဤဝိသတိပုစ္ဆာကျမ်းကို စီရင်တော် မူလိုသော ဆရာမြတ်သည် ကျမ်း၏ အစ၌ လွန်ကဲထူးမြတ်သော မင်္ဂလာဟု သမုတ်အပ်သော ရတနာသုံးပါးအပေါင်းအား ရှိခိုးခြင်း တည်းဟူသော ပဏာမကို ပြုသဖြင့် အလိုရှိအပ်တောင့်တအပ် ရည်မှတ်အပ်သော အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်းစသော လောကီ လောကုတ္တရာ ချမ်းသာစီးပွား အပေါင်းတို့ကို ရွတ်ဆောင်ပေတတ်သော ကုသိုလ်အစု ကောင်းမှုအယဉ် မင်္ဂလာတရားတို့ကို ပွားများစေခြင်း တည်းဟူသော ပုဗ္ဗကိစ္စ ပဋိညာတဗ္ဗ ပဋိညာဉ်တို့ကို အလျင်ရှေးဦး ပြုတော်မူလိုသည် ဖြစ်၍ ရှေးဦးစွာသော ဂါထာဝါကျကို မိန့်တော်မူအပ်သတည်း။

**အနက်ကား။** ။ အဟံ၊ ငါသည်။ ပဥှာဗျာကရဏာရွှေက်၊ မေးခြင်း ဖြေခြင်း အမှု၌ အတုမရှိ လိမ်မာတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပဏာမာမိ၊ ရှိခိုးပါ၏။ ပဏာမ၊ ရှိခိုးပြီး၍၊ တံတံဗောမိသုသံယုတ္တံ၊ ထိုထိုသို့သော သမ္ဗာသမ္ဗောဓိ ပစ္စေကဗောဓိ သာဝကဗောဓိအပေါင်းနှင့် ကောင်းစွာ စပ်ယှဉ်သော။ ပဥှာဗျာကရဏာရွှေက်၊ မေးခြင်း ဖြေခြင်းအမှု၌ လိမ်မာကျွမ်းကျင် သိမြင်တတ်မြောက် ကြောင်း ဖြစ်သော အမေးပုစ္ဆာ ပြဿနာကို။ ပုစ္ဆိဿံ၊ မေးပေအံ့။ ဝါ။ သိခြင်းငှာ တောင့်တပေအံ့။

ဤဂါထာ၌. . .

၁။ အဒိဋ္ဌဇောတနာပုစ္ဆာ,
၂။ ဒိဋ္ဌသံသန္ဒနာပုစ္ဆာ,
၃။ ဝိမတိစ္ဆေဒနာပုစ္ဆာ,
၄။ အနုမတိပုစ္ဆာ,
၅။ ကထေတုကမျတာ ပုစ္ဆာ,

( ဟူ၍ သုတ္တန် အဋ္ဌကထာနည်းအားဖြင့် ပဥှာငါးပါး။)

၁။ ပုရေပဥှာ,
၂။ ပစ္ဆာပဥှာ,
၃။ ပရိပုဏ္ဏပဥှာ,
၄။ မောဃပဥှာ,

( ဟူ၍ အဘိဓမ္မာယခိုက် အဋ္ဌကထာနည်းအားဖြင့် လေးပါး။)

၁။ ဧကံသဗျာကရဏီယပဥှာ,
၂။ ဝိဘဇ္ဇဗျာရကဏီယပဥှာ,

www.dhammaransi.com



၃။ ပဋိပုစ္ဆာ ဗျာကရဏီယပဉှာ,

၄။ ပဌနီယပဉှာ,

(ဟူ၍ အဘိဓမ္မာယမိုက် အဋ္ဌကထာနည်းအားဖြင့် လေးပါး။)

၁။ ဧကံသဗျာကရဏီယပဉှာ,

၂။ ဝိဘဇ္ဇဗျာရကဏီယပဉှာ,

၃။ ပဋိပုစ္ဆာ ဗျာကရဏီယပဉှာ,

၄။ ပဌနီယပဉှာ,

(ဟူ၍ စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်နည်းအားဖြင့် လေးပါး။)

၁။ ပါဠိဂတိဝိဿဇ္ဇနာ,

၂။ ပဋိဝစနဝိဿဇ္ဇနာ,

၃။ သရူပဒဿနဝိဿဇ္ဇနာ,

၄။ ပဋိက္ခေပဝိဿဇ္ဇန,

၅။ ပဋိသေဓဝိဿဇ္ဇန,

(ဟူ၍ယမိုက်အဋ္ဌကထာနည်းအားဖြင့် ဝိဿဇ္ဇနာဗျာကရဏငါးပါး။)

၁။ ဧကံသဗျာကရဏ,

၂။ ဝိဘဇ္ဇဗျာကရဏ,

၃။ ပဋိပုစ္ဆာဗျာကရဏ,

၄။ ပဌနဗျာကရဏ,

(ဟူ၍ သုတ္တန်အဋ္ဌကထာနည်းအားဖြင့် ဗျာကရဏလေးပါး၊ ဤမျှသော အပြားသည် ပါဠိအဋ္ဌကထာတို့၌ ထင်ရှားစွာလာသည်။)

**သာမည သဒ္ဒါကျမ်းနည်းအားဖြင့်ကား**

၁။ အန္တောနီတနည်း,

၂။ နိက္ခန္တနည်း,

၃။ ပဒုဒ္ဓါရနည်း,

၄။ ပဒပဝေသနနည်း

www.dhammaransi.com



၅။ အာဘောဂနည်း,

၆။ အာကာရနည်း,

(ဟူ၍ မိဿကနည်း ခြောက်ပါး။)

၁။ အယုတ္တ,

၂။ အာဘောဂ,

၃။ ဗျတိရေက,

၄။ အန္ဒယ,

( ဟူ၍ စောဒနာနည်း လေးပါး။)

၁။ ယုတ္တ,

၂။ အာဘောဂ,

၃။ ဗျတိရေက,

၄။ အန္ဒယ,

(ဟူ၍ ပရိဟာရနည်းလေးပါး။ ဤသို့ စသည်ဖြင့် များစွာပင်လာသည်။ အကျယ်မှာ ထိုထိုကျမ်းမှာယူလေ။)

မေး။ ။ အဘယ်ကြောင့် ဘုရားကိုသာ ရှိခိုးအပ်သနည်း။

ဖြေ။ ။ ဓမ္မသံဃ ပမာဏကိုပင် မပြုသော်လည်း ဗုဒ္ဓပဏာမသည် လိုအပ်သော အန္တရာယ်ကင်းခြင်း ကျမ်းပြီးခြင်း အကျိုးကို ပြီးစေနိုင်တော့သည်၊ ထို့ကြောင့် ဘုရားကိုသာ ရှိခိုးအပ်သတည်း။

## ထို့ကြောင့်ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်၌

ဂန္ထရမ္ဘေ ရတနတ္တယပဏာမံ ယထာရဘိတဋ္ဌာယ အနန္တရယေန ပရိယသန္တ ပါပနတ္ထံ။ ဇဝံနိဋ္ဌာနံပိစ ဗုဒ္ဓေ ကတပဏာမေနေဝ ဟေဿတီတိ တန္နိဋ္ဌာဿတိ မတိဗဟုမာနာ ပစိတိပသာဒ ဗဟုလတ္တာ ဗုဒ္ဓဿေဝ နမော ကတော။

ဟု မိန့်အပ်၏။

ထိုသို့ ဗုဒ္ဓပဏာမကိုသာ ပြုတော်မူသဖြင့်လည်း ခေတ္တသမ္ပဒါဂုဏ်နှင့် စင်စစ်ပြည့်စုံသော ရတနာသုံးပါးတို့တွင် တစ်ပါးပါး၌ ပြုအပ်သောပဏာမ

www.dhammaransi.com



သည်ပင်လျှင် မိမိသည် အဇ္ဈာသ သမ္ဗဒ္ဓါဂုဏ်နှင့် ပြည့်စုံသသူ ဖြစ်ပေမူကား လိုတိုင်းသောအကျိုးကို ပြီးစီးစေနိုင်သည်ဖြစ်၍ မဟဖ္ဖလ မဟာနိသံသမဟာနုဘာဝ ၏အဖြစ်ကိုလည်းကောင်း၊ မိမိ၏လည်း အဇ္ဈာသယသမ္ဗဒ္ဓါဂုဏ်နှင့် စင်စစ်ပြည့်စုံသည်၏ အဖြစ်ကိုလည်းကောင်း ပြတော်မူသည်။ ။ တစ်စင်းတည်းသော မြားဖြင့်ပင် သိန်းသန်းမက လာသမျှသော ရန်သူကို တားမြစ်ခြင်းငှာ စွမ်းနိုင်၏ဟု မိမိ၏ အားအစွမ်းကို ကေန်ယုံကြည်သော လေးသမားသည် ရန်သူသို့တားမြစ်ခြင်းငှာ များစွာသော မြားကို ဆောင်သဖြင့် အဘယ်အကျိုးရှိအံ့နည်း။

တစ်နည်းကား။ ။ ရတနာသုံးပါးဂုဏ်၏ ဘုရားဂုဏ်နှင့် ပဏာမိတဗ္ဗ၏ အဖြစ်ဖြင့်တူသော လက္ခဏာရှိသည်၏ အဖြစ်ကြောင့် ဘုရား၌ ပြုအပ်သောပဏာမ သည်ပင် တရားသံဃာတို့၌လည်း ပြုအပ်သည် မည်ပါ၏။ ထို့ကြောင့်တရားသံဃာ တို့ကို တိုက်ရိုက်ထုတ်ဖော်၍ ပဏာမကို မပြုလေသည်။

ထို့ကြောင့် ယင်းယဏ္ဍိပုဒ်၌ပင်

> ရတနတ္တယဿဝါ တထာဂတ ဂုဏေန ဧကတ္တတ္တာ ဗုဒ္ဓ ကတပ ဏာမော အဝသေသ ဒွယဿာပိ ကတောဝါတိ တံဒွယဿ သရူပတော ပဏာမံ နကရောတိ။

'ဟူ၍ မိန့်အပ်၏။

ကဏ္ဍကက္ကလသုတ် အဋ္ဌကထာ၌လည်း

> တီသုပိရတနေသု ယတ္ထကတ္ထစိ စိတ္တိကာရေ ကတေ သဗ္ဗတ္ထ ကတောယေဝဟာတိ။

ဟု မိန့်အပ်၏။

တစ်နည်းကား။ ။ "ပဓာနေ ဂဟိတေ အပ္ပဓာနံပိ ဂဟိတမေဝ ဟောတိ" ဟူသော စကားနှင့်အညီ ပဓာနဖြစ်သော ဘုရားကိုယူသဖြင့် အပဓာနဖြစ်ဘော တရားသံဃာတို့ကို ယူခြင်း ကိစ္စပြီးသင့်တော့သည်။ ။ "သဒ္ဒဟာတိတထာဂတဿ ဗောဓိ" ၌ကဲ့သို့မှတ်။

ထို့ကြောင့် အင်္ဂုတ္တရ အဋ္ဌကထာ၌

> ဒေသနာသီသမေဝ စေတံ ဣမိနာ အင်္ဂေန တီသုပိ ရတနေသုသဒ္ဓါအဓိပ္ပေတာ။ ယဿဟိ ဗုဒ္ဓါဒီသု ပသာဒေါ ဗလဝါ။ တဿ မဓာန ဝီရိယံ ဣဇ္ဈတိ။

ဟု မိန့်အပ်၏။

www.dhammaransi.com



**တစ်နည်းကား။** ။ ဗုဒ္ဓသဒ္ဒါဖြင့်ပင် ဘုရားတည်းဟူသော သဗ္ဗညုဗုဒ္ဓကို လည်းကောင်း,

ဗာဟိတွာ ပါပကေ ဓမ္မေ၊
ယေ စရန္တိ သဒါသတာ။
ခီဏသံယောဇနာ ဗုဒ္ဓါ၊
တေဝေ လောကသ္မိံ ဗြာဟ္မဏာ။

ဟူသော ဥဒါန်းပါဠိကဲ့သို့ သာဝက ဗုဒ္ဓကိုလည်းကောင်း ယူအပ်၏။

ဗုဒ္ဓါတိ စတုသစ္စသမ္ဗောဓေန ဗုဒ္ဓါ၊ တေစ ပန သာဝကဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ သမ္မာသမ္ဗုဒ္ဓါတိ တိဝိဓာ၊ တေသု ဣဓ သာဝကဗုဒ္ဓါ အဓိပ္ပေတာ။

ပရမတ္ထ ဒီပနီမည်သော ဥဒါန်းအဋ္ဌကထာ

ဘုရားသံဃာတို့ကို ယူသဖြင့် ထိုဘုရားသံဃာတို့၏ ဓမ္မကာယ ဓမ္မသရီရဟု ဆိုအပ်သော တရားကိုလည်း ယူခြင်းကိစ္စပြီးတော့သည်။

ဗုဒ္ဓရတန သံဃရတနူပဋ္ဌာနေနေဝ ဓမ္မရတနူပဋ္ဌာနသိဒ္ဓိ။

ဟု မိန့်အပ်၏။

**ဗုဒ္ဓပဏာမကိုသာပြုရာ၌ ဖြေရန်နည်းဥပဒေသ ပြီး၏။**

ပဏာမျှဟူသော ပါဌ်၌ ပဏာမကိရိယာ မည်သည်ကား ဝန္ဒနာကြိယာ ပင်တည်း။ ထိုဝန္ဒနာ ကိရိယာသည်လည်း "တိဿော ဣမာ ဘိက္ခဝေ ဝန္ဒနာ ကာယေန ဝါစာယ မနသာ" ဟူသော တိကအင်္ဂုတ္တိုရ် ပါဠိတော်နှင့်အညီ ကရိုဏ်း ဖြစ်သော ဒွါရ၏ အပြားအားဖြင့်-

၁။ ကာယဝန္ဒနာ,

၂။ ဝါစာဝန္ဒနာ,

၃။ မနောဝန္ဒနာ,

ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်-

**၁။ ကာယဝန္ဒနာသည်လည်း**

၁။ ပဉ္စပတိဋ္ဌိတဝန္ဒနာ,

၂။ အဉ္ဇလိကမ္မဝန္ဒနာ,

ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်-

www.dhammaransi.com



ပုဆစ်ဒူးနှစ်ခု လက် ၂- ခု, နဖူး ၁- ခု ဤငါးခုသော အင်္ဂါတို့ကို တည်ရာမြေကြမ်းပြင် စသည်၌ တည်စေ၍ ဝန္ဒနေယျ ပုဂ္ဂိုလ်၏ ခြေသို့ ရှေ့ရှုညွတ်ပျပ်ဝပ်သောအားဖြင့် ရှိခိုးခြင်းတည်း။ ထို့ကြောင့် "အဘိဝါဒေတွာတိ ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ" ဟူသော မငိုသမ္ဘိဒါမဂ် အဋ္ဌကထာအဖွင့်ဂဏ္ဌိပုဒ်၌ "ပဉ္စပတိဋ္ဌိတေနာတိ ဒွိဇာဏုဒွိဟတ္ထ နလာဋ္ဌေဟိ ပတိဋ္ဌိတံကတွာ" ဟု မိန့်ပြီ။ မြေ၌ ဟူသော တည်ရာ အာဓာရ မပါပါဟူပြားအံ့။

အန္တေဂါမေ ဝါ တိအာဒီသု ယတ္ထ ပဉ္စအင်္ဂါနိဘူမိယံ ပတိဋ္ဌာန-
ပေတွာ ဝန္ဒိတုံ န သက္ကော ဟောတိ၊ တတ္ထ ဋ္ဌိတာယဇဝ ကာယံ ပုရ-
တော နာမေတွာ ဝန္ဒာမိ အယျေတိ အဉ္စလိံ ပဂ္ဂယှ ဂန္တုံပိဝဋ္ဋတိ"

ဟူသော တိက္ခုနောဝါဒကဝဂ်အဖွင့် သာရတ္ထဒီပနီ ဋီကာဖြင့် တည်ရာအာဓာရကို မုချတိုက်ရိုက် သိအပ်သတည်း။

ဝိနယာလင်္ကာရ ဋီကာ၌ကား "နဝကတရေနုပါလိ ဘိက္ခုနာ ဝုတရဿ ဘိက္ခုနော ပါဒေ ဝန္ဒန္တေန ပဉ္စမေ့ အဖ္ဖုတ္တံ့ သမုဋ္ဌာပေတွာ ပါဒါ ဝန္ဒိတဗ္ဗာ" အစချီ၍ လာသော ပရိဝါပါဠိကိုမှီ၍ လက်ဝဲတစ်ဖက်ပခုံးထက်၌ ကိုယ်ဝတ်စံပယ်တင်ခြင်း လက်အုပ်ချီခြင်း, ဝန္ဒနေယျ ပုဂ္ဂိုလ်၏ ခြေကိုဆုပ်နယ်ခြင်း, ချစ်ခင်မြတ်နိုးခြင်း, ရိုသေလေးမြတ်ခြင်း ဟူသော ငါးပါးကို ရှိခိုးခြင်း၏ အင်္ဂါငါးပါးဟု ဝေဖန်၍ ဆို၏။

[ထိုဋီကာ စကားသည်လည်း အရာအားလျော်စွာ သင့်ပေ၏]

သီလက္ခန်ဋီကာသစ်၌ကား ခြေအင်္ဂါ, ပုဆစ်ဒူး အင်္ဂါ, တတောင်ဆစ်အင်္ဂါ, လက်အင်္ဂါ, ဦးခေါင်းအင်္ဂါ ဟူသော အင်္ဂါ ငါးပါးကို အညီအညွတ်ပြု၍ ရှေးရှုညွတ်သည်ကို ပဉ္စပတိဋ္ဌိတ ဟူ၏၊ ခက်မ ငါးဖြားကို အင်္ဂါငါးပါးယူရိုးယူစဉ်နှင့် ညီအံ့သို့ မထင်ပေ။ ထို့ကြောင့် ရှေး၌ ဆိုခဲ့ပြီးသော နည်းသည် သာလျှင် သာဓာရဏ ဖြစ်သောနည်းဟု မှတ်အပ်၏။

## အဉ္စလိကမ္မဝန္ဒနာဟူသည်ကား

"အဉ္စလိကမ္မံနာမ ကရပုဋ သမာယောဂေါ" ဟူသည်နှင့် အညီ ဝန္ဒနေယျ ပုဂ္ဂိုလ်သို့ ရှေ့ရှုပြု၍ ဦးထိပ်၌ လက်အုပ်ကို တင်ခြင်းတည်း။ ။ ထို့ကြောင့် ထေရဂါထာ အဋ္ဌကထာ၌-

ဝိန္ဒိသံ ဗဟုကံ ဇနန္တိ ပုထုမဟာဇနံ ဒိဋ္ဌကာလေ ဝန္ဒိံ၊ သိရသိ အဉ္စလိ
ကရောန္တော ပဏာမိံ။

ဟူ၍ ဖွင့်လေသည်။

www.dhammaransi.com



ပဥ္စပတိဋ္ဌိတ ဝန္ဒနာကားရှေ့, အဥ္ဇလိကမ္မဝန္ဒနာ ကားနောက်၊ ဤသို့ ရှိခိုးရိုး အဥ်ကိုမှတ်။ ။ ထို့ကြောင့် ထေရီဂါထာပါဠိ၌-

နိဟစ္စ ဇာဏုံ ဝန္ဒိတွာ၊ သမ္မုခါ အဥ္ဇလိံ အဟံ။

ဟူ၍ အစဉ်လာသည်။

နိဟစ္စ ဇာဏုံ ဝန္ဒိတွာတိ **ဇာဏုဒွယံ ပထဝိယံ နိဟန္တွာ**ပတိ ဋ္ဌာပေတွာပဥ္စပတိဋ္ဌိတေန သမ္မုခါအဥ္ဇလိံ **အဟန္တိ သတ္ထု သမ္မုခ** ဒသန ခသမောဓာန သမုဇ္ဇလ အဥ္ဇလိံ အကာသိ။

အဋ္ဌကထာ

### ကရပုဋသမာယောဂ၏အရ လက်အုပ်ဟူသည်ကား

"ဒသနခ သမုဇ္ဇလ ဇလဇ မာလာဝိကလ **ကမလ** မကုဋသဒိသံ အဥ္ဇလိံ သိရသိ ကတွာ"

ဟူသော နိဒါန်းအဖွင့်"

"ဒသနခသမောဓာနသမုဇ္ဇလဝိကလကမလမ ကုဋ္ဌာ ာမံ အဥ္ဇလိံ သိရသိကတွာဝိန္ဒိတွာ" ဟူသော-

၁။ မင်္ဂလ ဗုဒ္ဓဝင် အဖွင့် ဗုဒ္ဓဝင် အဋ္ဌကထာကို ထောက်၍ ပြည့်စုံသော ပဒုမာကြာငုံဖူးနှင့် တူစွာ ပြုအပ်သော လက်ခုပ်ကို ယူအပ်၏။ ။ ဤကို ရည်၍ **ကိုးခန်း၌** " ထိုရောကာလ, ထိုခဏာ၌ , ထိုမျှရံဝန်း, ထိုရဟန်းတို့ ရှိပန်းဖြူးဖြူး, ကြာငုံဖူးသို့, **ရှိဦးပလ္လင်**, ပူဇော်တင်လျက်, ဟုစပ်လေ သည်။ လက်ဝါးပြင်ကို မြေ၌ ထောင်၍ ပဥ္စပတိဋ္ဌိတ ထမြောက်အောင်ရှိခိုးရာ၌ကား ဤလက်အုပ်ကို မလိုအပ်။ အဝန္ဒိယ သိက္ခာပုဒ်များ၌ကား ပဥ္စပတိဋ္ဌိတ ဝန္ဒနာကိုသာ လိုအပ်၏။

၂။ **ဝါစာဝန္ဒနာ** ဟူသည်ကား ရတနာသုံးပါး၏ ဂုဏ်ကို ပြတတ်သော ဂါထာဗန္ဓစုဏ္ဏိယဝါကျတို့ကို မဂဓဘာသာ မြန်မာဘာသာ စသည်ဖြင့်ဉာဏ်စွမ်း ပဋိတာဝန်အားလျော်စွာ ဖွဲ့ဆိုစီကုံး ရေးသားရွတ်ဖတ် နှုတ်မြွက်ချီးမွမ်း ထောမနာခြင်း တည်း။

၃။ **မနောဝန္ဒနာ** ဟူသည်ကား စိတ်ဖြင့်သာ ရတနာသုံးပါးတို့၏ ဂုဏ်ကို အောက်မေ့ ကြည်ညိုသော အားဖြင့် နှလုံးသွင်းခြင်းတည်း။ ။ ဖွဲ့စီ ရေးသားခြင်း

www.dhammaransi.com



များကို ဝစီဒွါရကိစ္စကို ကာယဒွါရဖြင့် ပြီးစေသော အရာဖြစ်၍ ဝါစာဝန္ဒနာဟူ၍ ကျမ်းဂန်များ၌ ဆိုသည်ဟု မှတ်ပါ။

"အဘိဝါဒနံ ထောမနဥ္စ ဝန္ဒနဥ္စ ပသံသနံ။

နမဿနဥ္စ ပူဇဥ္စ၊ သဗ္ဗံ အရဟာသိ တုဝံ"။

ဟူသော ဗုဒ္ဓဝင်ပါဠိ၌ကား အဘိဝါဒန ကိရိယာ, ထောမနကိရိယာ န္ဒနကိရိယာ, နမဿန ကိရိယာ, လေးပါး ကွဲပြားလျက်လာ၏။

ဗုဒ္ဓဝင်အဋ္ဌကထာ၌လည်း

"အဘိဝါဒနန္တိ အညေဟိ အတ္တနော အဘိဝါဒာကာရံ၊ ထောမနန္တိ ပရမ္မုခတော ထုတိ၊ ဝန္ဒနန္တိ ပဏာမနံ၊ ပသံသနန္တိ သမ္မုခတော ပသံသနံ၊ နမဿနန္တိ အဥ္ဇလိ ကရဏံ၊ မနသာ နမဿနံ ဝါ၊ ပူဇန္တိ မာလာဂန္ဓာဒီဟိ ပူဇနဥ္စ"။

ဟူ၍ဖွင့်၏။ ။ ထိုလေးပါးစုကိုပင် ဤအရာ၌ ပဏာမကိရိယာ အဖြစ်ဖြင့် ယူအပ်၏။

ပုဒ္ဓိသံ၌နောက် အနက်ကား "ပုဒ္ဓာမီတိ ဉာတုံဣစ္ဆာမိ၊ ပဥ္စံ ကရော မီတိ အတ္တော" ဟူ၍ ပရမတ္ထဒီပနီ မည်သော ဝိမာနဝတ္ထု အဋ္ဌကထာ၌ ဖွင့်သည်နှင့် အညီတည်း။

**ပုစ္ဆကဂန္ထာရမ္ဘ အဖွင့် ပြီး၏။**

www.dhammaransi.com

# ၁။ ပထမပုစ္ဆာအဖြေ

ယခုအခါ ပြီးပြီးသော ပုဗ္ဗကိစ္စနှင့် ယှဉ်သဖြင့် ပဋိညာဉ်အားလျော်စွာ ပဋိညာတဗ္ဗဖြစ်သော ပုစ္ဆာအစဉ်ကို “ယောလောကိယ လောကုတ္တရ သုခနိ” စသည်ဖြင့် အားထုတ်တော်မူသတည်း။

### ၁။ ပထမ ပုစ္ဆာကို

လောကီ လောကုတ္တရာ ချမ်းသာနှစ်ပါးစုံကိုပင် တောင့်တရည်သန်၍ ပြုအပ်သော ဤကုသိုလ်ကံသည် အဟောသိကံ အဖြစ်သို့ မရောက်မူကား လောကီ လောကုတ္တရာ ချမ်းသာ နှစ်ပါးကိုပင် ပေးနိုင်၏။ အဟောသိကံ အဖြစ်သို့ ရောက်မူကား လောကုတ္တရာ ချမ်းသာကိုသာ ပေးနိုင်၏ဟုဖြေ။

ထိုစကားမှန်၏၊ လောကီအကျိုးကိုပေးရာ၌သာ အဟောသိကံကို ဆိုအပ်၏၊ လောကုတ္တရာ အကျိုး၌ကား အပေါသိကံ မည်သည် မရှိသင့်ပြီ။ ။ လောကုတ္တရာ ချမ်းသာကို ပေး၏ ဟူသည်မှာလည်း လောကုတ္တရာ တရားသည် ဒါန စသည်၏ အစွမ်းဖြင့် ဖြစ်သော လောကီကုသိုလ်ကံ၏ မုချဖလအကျိုးမဟုတ်၊ အာနိသံက အကျိုးမျှသာတည်း။ ။အာနိသံသအကျိုးဟူသည်လည်း မဂ်ဖိုလ် နိဗ္ဗာန်ဟူသော ဝိဝဋ္ဋကို တောင့်တရည်သန်၍ ပြုအပ်သော ကုသိုလ်သည် ပုဂ္ဂိုလ်သန္တာန်၌ တစ်ကြိမ် တစ်ခါမျှပင် ဖြစ်လေငြားသော်လည်း တစ်ကြိမ်ကျသော မိုးကြိုးသည် မြဲမြံ စည်ကား ကြီးပွားသန်စွမ်းလှသော သစ်ပင်ကို တရွေ့ တရွေ့ တစ်နေ့တခြား ခေါင်းပါး ခြောက်ထပ် စေနိုင်ဘိသကဲ့သို့ ကြီးမား ထူထပ်လှစွာသော ကိလေသာအထုကို ခေါင်းပါး ချောက်ချား အားနည်းသည်ကို ပြုသောအားဖြင့် မဂ်ဖိုလ်၏ ဥပနိဿယ ဖြစ်သတည်း။ ဤသို့ ဥပနဿယ ဖြစ်သော အရာသည်ပင်လျှင် အာနိသံယ အကျိုးမည်၏။

www.dhammaransi.com



ထိုကြောင့် မူလပဏ္ဏာသ အဋ္ဌကထာ အာကင်္ခေယျသုတ်အဖွင့်၌

"မဟန္တံ ဝါ လောကိယသုခံ ဖလန္တီတိ မဟပ္ဖလာ၊ မဟတော လောကုတ္တရသုခဿစ ပစ္စယာ ဟောန္တီတိ မဟာနိသံသာ၊ သီလဒိဂုဏယုတ္တဿဟိ ကဋ္ဌစ္ဆုဘိက္ခာပိ ပဉ္စရတန မတ္တာယ ဘူမိယာ ပဏ္ဏသာလာပိ ကတွာ ဒိန္နာအနေကာနိ ကပ္ပသဟဿနိ ဒုဂ္ဂတိဝိနိပါတတော ရက္ခတိ၊ ပရိယောသာနေစ အမတာယ နိဗ္ဗာနဓာတုယာ ပစ္စယော ဟောတိ"။

ဟူ၍ မိန့်အပ်၏။

"ဝါ၊ ဖလသဒ္ဒါ အာနိသံသသဒ္ဒါတို့၏ အနက်တူသော နည်းမှ တစ်ပါး မတူသော နည်းကိုဆိုအံ့။ မဟန္တံ၊ ကြီးစွာသော။ လောကိယသုခံ၊ လောကီချမ်းသာကို။ ဖလန္တိ၊ သီးတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မဟပ္ဖလာ၊ မဟပ္ဖလမ်ကုန်၏။ မဟတော၊ မြတ်သော။ လောကုတ္တရသုခဿစ၊ လောကုတ္တရာ ချမ်းသာ၏လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မဟာနိသံသာ၊ မဟာနိသံသမည်ကုန်၏။ ဟိ၊ ထိုစကားမှန်၏။ သီလာဒိဂုဏယုတ္တဿ၊ သီလဝသော ဂုဏ်နှင့် ယှဉ်သော ပုဂ္ဂိုလ်၏။ ကဋ္ဌစ္ဆုဘိက္ခာပိ၊ တစ်ဇွန်းမျှ လောက်သော ဆွမ်းသည် လည်းကောင်း။ ပဉ္စရတန မတ္တာယ၊ ငါးတောင်အတိုင်းအရှည်ရှိသော။ ဘူမိယာ၊ မြေ၌။ ကတွာ၊ ဆောက်လုပ်၍။ ဒိန္နာ၊ လှူအပ်သော။ ပဏ္ဏသာလာပိ၊ သစ်ရွက် မြက် သက်ငယ်မိုးသော ကျောင်းသည် လည်းကောင်း။ အနေကာနိ၊ များစွာကုန်သော။ ကပ္ပသဟဿနိ အထောင်မကသော ကမ္ဘာတို့ပတ်လုံး။ ဒုဂ္ဂတိဝိနိပါတတော၊ ဒုဂ္ဂတိဘဝသို့ ဖရိုဖရဲပျက်စီး၍ကျခြင်းမှ။ ရက္ခတိ၊ စောင့်နိုင်၏။ ပရိယောသာနေစ၊ အဆုံးဘဝ၌လည်း။ အမတာယ နိဗ္ဗာန ဓာတုယာ၊ အမတဓာတ် မြတ်သော နိဗ္ဗာန်တရား၏။ ပစ္စယော၊ အထောက်အပံ့ ဖြစ်သော ဥပနိဿယ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။"

(ဤအဋ္ဌကထာကို ထောက်၍ လောကုတ္တရာ အကျိုးဟူသည် မုချဖလအကျိုး မဟုတ်၊ အာနိသံသ အကျိုးမျှသာတည်းဟု သိအပ်၏။)

ချမ်းသာ နှစ်ပါးကိုပင် တောင့်တ၍ ပြုသော ကုသိုလ်သည် ချမ်းသာနှစ်ပါးကို ပင်ပေးနိုင်ကြောင်းကို အဘယ်ကို ထောက်၍ သိအပ်သနည်းဟူမူ။ ။ အလောင်းတော် ဘူရိဒတ်နဂါးမင်း, စမ္ပေယျ နဂါးမင်း, သင်္ခပါလနဂါးမင်းတို့၏ ဝတ္ထုများကိုထောက်၍ သိအပ်၏။

www.dhammaransi.com



ထို့ကြောင့် မဟာနိပါတ် ဘူရိဒတ်ဇာတ်၌

"တံ ဝိမာနံ အဘိရုယှာယ၊ အမရာနံ သုခေသိနံ။

ဥပေါသထံ ဥပဝသန္တော၊ သေမိ ဝမ္မိကမတ္ထကေ"

ဟူ၍ ဟောတော်မူပြီ။

စရိယပိဋကပါဠိတော်ဘူရိဒတ္တစရိယ၌လည်း

"တတ္ထပဿိတွာဟံ၊ ဒေဝေ၊ ဧကန္တသုခသမပ္ပိတေ။

တံ သဂ္ဂ ဂမနတ္ထာယ၊ သီလဗ္ဗတံ သမာဒိယိံ"

ဟူ၍ ဟောတော်မူပြီ။

အဟံ၊ ငါသည်။ သုခေသိနံ၊ နတ်ချမ်းသာဖြင့် အခါခပ်သိမ်းနှစ်သက်မြတ်နိုး ခြင်းရှိကုန်သော။ အမရာနံ၊ တာဝတိံသာနတ်တို့၏။ တိဝိမာနံ၊ ထိုဝေဇယန္တာ ပြာသာဒ် စသော ဘုံဗိမာန်များကို။ အဘိရုယှာယ၊ တောင့်တ၍။ ဥပေါသထံ၊ ဥပုသ်ကို။ ဥပဝေသန္တော၊ ကျင့်သုံးလျက်။ ဝမ္မိက မတ္ထကေ၊ တောင်ပို့ ထိပ်၌။ သေမိ၊ ကိန်းဝပ်သောထွေ မှီတည်းနေ၏။

(အဘိရုယှာယာတိ ပတ္ထေတွာ။ ။ ဇာတ်အဋ္ဌကထာ)

"အဟံ၊ ငါသည်။ တတ္ထ၊ ထိုတာဝတိံသာနတ်တို့ရွာ၌။ ဧကန္တသုခသမပ္ပိတေ၊ စင်စစ်ချမ်းသာခြင်းနှင့် ပြည့်စုံသော။ ဒေဝ တာဝတိံသာနတ်တို့ကို။ ပဿိတွာ၊ မြင်၍။ တံသဂ္ဂ၊ ထိုတာဝတိံသာနတ်ရွာသို့။ ဂမနတ္ထာယ၊ သွားရခြင်းအကျိုးငှာ။ သီလဗ္ဗတံ၊ သီလအကျင့်ကို။ သမာဒိယိံ၊ ဆောက်တည်ပြီ"

မဟေယျဇာတ်၌လည်း-

"န ပုတ္တဟေတု န ဓနဿ ဟေတု၊
အာယုဿ နော စာပိ ဇနိန္ဒ ဟေတု။
မနုဿလောကံ အဘိပတ္ထယာနော၊
တသ္မာ ပရက္ကမ္မ တပေါ ကရောမိ"။

ဟူ၍ ဟောတော်မူသည်။

www.dhammaransi.com



## ၁။ ပထမပုစ္ဆာအဖြေ

"ဇနိန္ဒ၊ မင်းကြီး။ ပုတ္တဟေတု၊ သားသမီးဟူသော အကြောင်းကြောင့်။ အဟံ၊ ငါသည်။ တပေါ၊ ဥပုသ်ဆောက်တည်ခြင်း လုံ့လကို၊ နကရောမိ၊ ပြုသည်မဟုတ်။ ဓနဿဟေတု၊ ဥစ္စာဟူသော အကြောင်းကြောင့်။ နကရောမိ၊ ပြုသည်မဟုတ်။ အာယုဿဟေတုစာပိ အသက်ဟူသော အကြောင်းကြောင့်လည်း။ နောကရောမိ၊ ပြုသည်မဟုတ်၊ မနုဿလောကံ၊ လူ့ဘုံကို။ အဘိပတ္ထယာနော၊ အလွန်တောင့်တ၏။ တသ္မာ၊ ထို့ကြောင့်။ ပရက္ကမ္မ၊ လွန်စွာအားထုတ်၍ တပေါ၊ ဥပုသ်ဆောက်တည်ခြင်းလုံ့လကို။ ကရောမိ၊ ပြုပေ၏"

(သမ္ဘ်ပါလဇာတ်၌လည်း ထို့အတူပင်လာ၏။)

ဤဝတ္ထုနိပါတ်များကို ထောက်၍ ချမ်းသာနှစ်ပါးစုံကို တောင့်တ၍ ပြုသောမိဿကကုသိုလ်သည် မဂ်ဖိုလ်နိဗ္ဗာန်ကို ပေးနိုင်သော ပါရမီမြောက်သော ကုသိုလ်ပင်ဟု မှတ်အပ်၏။

ဤထုတ်ပြအပ်ပြီးသော ပါဠိများ၌ လောကုတ္တရာချမ်းသာကို တောင့်တသော အရိပ်အရောင်မထင်ပါ ဟူငြားအံ့။ ။ ဝိဝဋ္ဋဖြစ်သော နိဗ္ဗာန်မဂ်ဖိုလ်ကို တောင့်တ၍ ပြုအပ်သော ကုသိုလ်သည်သာလျှင် ပါရမီ ဟူသော ဝေါဟာရကို ရသင့်သည်ဖြစ်၍ လည်းကောင်း၊ ထိုနဂါးမင်းတို့သည် ကျင့်သုံးအပ်သော ဥပုသ်၏ ပရမတ္ထပါရမီ၏အဖြစ်ကို စရိယပိဋကပါဠိတော်, ၎င်းအဖွင့် ပရမတ္ထဒီပနီ အဋ္ဌကထာ, အဋ္ဌသာလိနီ, ပါဌဇာတ်အဋ္ဌကထာ, မဓုရတ္ထဝိလာသိနီ မည်သော ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဝိသုဒ္ဓဇနဝိလာသိနီ မည်သော အပဒါန်အဋ္ဌကထာ, ဇာကတ္တကီစသော ကျမ်းတို့၌ လာခြင်းကြောင့် လည်းကောင်း။

### စမ္ပေယျဇာတ်, သမ္ဘ်ပါလဇာတ်များ၌

"အဟဉ္စ လဒ္ဓါန မနုဿယောနိံ၊
ကာဟာမိဇာတိမရဏဿ အန္တံ"။

ဟူ၍ လာခြင်းကြောင့် လည်းကောင်း။

### ဘူရိဒတ္တစရိယ အဋ္ဌကထာ၌

"ဗောဓိပရိပါစနံ ဟောန္တံ ကမ္မသ္မိံ ဒေဝလောကေ ဥပ္ပတ္တိ ကာရဏံ ဘဝိဿတီတိ စိန္တေတွာ နာဂဘဝနံ ဂန္တာ မာတာပိတရော အာဟ၊ အမ္မတာတာ အဟံ ဥပေါသထကမ္မံ ကရိဿာမီတိ"။

www.dhammaransi.com



ဟူ၍ လာခြင်းကြောင့် လည်းကောင်း, ထိုနဂါးမင်းတို့သည် စင်စစ် လောကုတ္တရာချမ်းသာသုခကိုလည်း ငဲ့ကွက်ရည်ညွှန်း တောင့်တတော်မူကြရင်း ဖြစ်သည်ကို သိအပ်၏။

" အဟဥ္စ၊ ငါသည်လည်း။ မနုဿယောနိံ၊ လူ့ဘဝကို။ လဒ္ဓါန၊ ရ၍။ ဝါ။ ရသည်ရှိသော်။ ဇာတိမရဏာဿ၊ ပဋိသန္ဓေနေရခြင်းသေရခြင်း၏။ အန္တံ၊ အဆုံးကို။ ကာဟာမိ၊ ပြုရလတ္တံ့"။

(ပါဠိတော်အနက်)

သီလံ၊ ငါစောင့်အပ် လတ္တံ့သော သီလသည်။ ဗောဓိပရိပါစနံ၊ သဗ္ဗညုတဉာဏ် တည်းဟူသော ဗောဓိကို ရင့်စေတတ်သည်။ ဟောန္တု၊ ဖြစ်လျက်။ ဣမသ္မိံဒေဝလောကေ၊ ဤတာဝတိံသာနတ်ရွာ၌။ ဥပပတ္တိကာရဏာ၊ နတ်ဖြစ်ရခြင်း၏ အကြောင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံတော်မူ၍။ နာဂဘဝနံ၊ ဘောဂဝတီနဂါးပြည်သို့။ ဂန္တွာ၊ သွား၍။ မာတာပိတရော၊ မယ်တော်, ခမည်းတော်တို့ကို။ အမ္မတာတာ၊ မယ်တော်, ခမည်းတော်တို့။ အဟံ ငါသည်။ ဥပေါသထကမ္မံ၊ ဥပုသ်သုံး ခြင်းအမှုကို။ ကရိဿမိ၊ ပြုပါအံ့။ ဣတိ၊ ဤသို့။ အာဟ၊ ဆိုလေ၏"။

(အဋ္ဌကထာအနက်)

ဘူရိဒတ် နဂါးမင်းသည် တောင့်တသော အတိုင်းသေသည့် အခြားမဲ့၌ နတ်ပြည်၌ ဖြစ်ကြောင်းကို ဘူရိဒတ္တစရိယ အဋ္ဌကထာ၌ လာသည်။

**ပထမပုစ္ဆာအဖြေပြီး၏။**

# ၂။ ဒုတိယပုစ္ဆာအဖြေ

ဒုတိယပုစ္ဆာ၌-

"ပါရမိယောတိ ပါရံ နိဗ္ဗာနံ အယန္တိ ဂစ္ဆန္တိ ဧတာဟီတိ ပါရမိယော။
နိဗ္ဗာနသာဓကာ ဟိ ဒါနစေတနာဒယော ဓမ္မာ ပါရမီတိ ဝုစ္စန္တိ။"

ဟူသော ဇိနာလင်္ကာရဋီကာနှင့် အညီ သက်သက်သော လောကီစည်းစိမ်ကိုသာ တောင့်တ၍ ပြုအပ်သော ဒါနစသော ကုသိုလ်သည် စင်စစ်အားဖြင့် ပါရမီ မမည် ထိုသို့ မမည်ငြားသော်လည်း ဒေသနာသောတ၌ ကျသဖြင့် "ဒါနာဒိပါရမိယော" ဟူ၍ မိန့်ဆိုလေသည်။

တစ်နည်းကား- ဒါနစသော ကုသိုလ်ဟူသည် ပဏ္ဍိတပညတ္တိ သပ္ပုရိသ ပညတ္တိ ဖြစ်၍ လောကီစည်းစိမ်သက်သက်ကိုပင် တောင့်တ၍ ဖြစ်စေအပ်ငြား သော်လည်း "ပရမာနံ ပဏ္ဍိတာနံ ကမ္မံ ပါရမီ" ဟူသော ပရိယာယ်ကြောင့် ပါရမီဟူ၍ ဖွင့်ဆိုထိုက်၏။

လောကီ စည်းစိမ်ကိုသာ တောင့်တ၍ ပြုအပ်သော ကုသိုလ်သည် မဂ်, ဖိုလ်၏ ဥပနိဿယ မဖြစ်။ စင်စစ်ကား ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိဟု ဆိုအပ်သော လောကီစည်းစိမ်ကိုသာ ရွက်ဆောင်နိုင်၏။ ထို့ကြောင့် မနောရထပူရဏီ မည်သော အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ, သာရတ္ထပကာသနီ မည်သော သံယုတ္တနိကာယ် အဋ္ဌကထာများ၌-

အပ္ပမတ္တကံ တိဏမုဋ္ဌိမတ္တ ဒါန ကုသလံ ဝါ ဟောတု မဟန္တံ ဝေလာ မကဒါနံ ဝါ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋနိဿိတဝသေန ဓိဋ္ဌာထပိတံ ဟောတိ။ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နော ဝိဝဋ္ဋံ။ ဣဒံ မေ ဒါနံ

www.dhammaransi.com



အာသဝက္ခယဝဟံ ဟောတူတိ ဇေ၀ပန ဝိဝဋ္ဋ ပတ္တေဗ္ဗေန ဝိဝဋ္ဋဝသေန သမ္မာထပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ"။

ဟူ၍ မိန့်အပ်၏။

အပ္ပမတ္တကံ၊ အနည်းငယ်မျှသော။ တိဏာမုဋ္ဌိမတ္တဒါန ကုသလံဝါ၊ မြက်တစ်ဆုပ်မျှကို လှူသော ကုသိုလ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တံ၊ ကြီးကျယ်များပြားမြတ်သော။ ဝေလာမကဒါနံဝါ၊ အလောင်းတော်ဝေလာမက ပုဏ္ဏားရှင်၏ အလှူနှင့်တူသော အလှူသည်မူလည်း၊ ဟောတု၊ ဖြစ်စေ။ ဝဋ္ဋသမ္ပတ္တိံ၊ ဝဋ်၏ ပြည့်စုံခြင်းကို။ ဝါ၊ ဝဋ်ဒုက္ခ၌ အကျုံးဝင်သော စည်းစိမ်ချမ်းသာကို။ ပတ္တေတွာ၊ တောင့်တ၍၊ ဝဋ္ဋနိဿိတဝသေန၊ ဝဋ်ကိုမှီသည်၏ အစွမ်းဖြင့်၊ မိဉ္စာ၊ အယုတ်အားဖြင့်။ ထပိတံ၊ ထားအပ် ဖြစ်စေအပ်သည်။ သစေဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဝဋ္ဋသမ္ပတ္တိကို သာလျှင်။ အာဟရိတုံ၊ ဆောင်ခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာ ဖြစ်သော နိဗ္ဗာန်ကို။ အာဟရိတုံ၊ ဆောင်ခြင်းငှာ။ နေဝသက္ကောတိ၊ မတတ်နိုင်။ မေ၊ ငါ၏။ ဣဒံဒါနံ၊ ဤအလှူကုသိုလ်သည်။ အာသဝက္ခယဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာ နိဗ္ဗာန်ကို ဆောင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဣတိဇေဝ၊ ဤသို့၊ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာ ဖြစ်သော နိဗ္ဗာန်ကို။ ပတ္တေန္တေန၊ တောင့်တသဖြင့်။ ဝိဝဋ္ဋဝသေန၊ ဝိဝဋ်၏ အစွမ်းဖြင့်။ သမ္မာ၊ ကောင်းစွာ။ ထပိတံပန၊ ထားအပ် ဖြစ်စေအပ်သော ကုသိုလ်သည်ကား။ အရဟတ္တမ္ပိ၊ အရဟတ္တဖိုလ်ကိုလည်းကောင်း။ ပစ္စေက ဗောဓိဉာဏမ္ပိ၊ ပစ္စေက ဗောဓိဉာဏ်ကို လည်းကောင်း၊ သဗ္ဗညုတဉာဏမ္ပိ၊ သဗ္ဗညုတဉာဏ်ကို လည်းကောင်း။ ဒါတုံ၊ ပေးခြင်းငှာ၊ သက္ကောတိယေဝ၊ စွမ်းနိုင်သည်သာလျှင်တည်း။

(အဋ္ဌကထာအနက်)

ဒုတိယပုစ္ဆာအဖြေ ပြီး၏။

www.dhammaransi.com

# ၃။ တတိယပုစ္ဆာအဖြေ

လောကုတ္တရာ ချမ်းသာ သက်သက်ကိုသာ တောင့်တ၍ ပြုအပ်သော ကုသိုလ်သည် ကုသိုလ်တရားတို့၏ ခေါင်းပါးညစ်နွမ်း အစွမ်းယုတ်လျော့ခြင်းကို ပြုတတ်သော အဝိဇ္ဇာတဏှာ စသော ရန်သူတို့မှ ကင်းဝေးသည်ဖြစ်၍ ဖြူစင်ထက်သန် လှစွာသော သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ တို့နှင့် ယှဉ်သဖြင့် ဥက္ကဋ္ဌတမအဖြစ်သို့ ရောက်လေရကား သံသရာဝဋ်ကို ပြုပြင်စီရင်တတ်သော ကိလေသာသံယောဇဉ် တရားတို့၏ အားအစွမ်းတို့ကို ချိုးဖျက်နင်းနယ်လျက် သံသရာဘဝကို တိုစေသော အားဖြင့် မဂ်ဖိုလ်၏ ဥပနိဿယလည်း ဧကန်စင်စစ် ဖြစ်၏။ မဂ်ဖိုလ်ကို မရမီကာလ ဘဝများစွာ၌လည်း မွန်မြတ်ပြန့်ပြောသော ဘဝသမ္ပတ္တိဘောဂသမ္ပတ္တိကို ရွက်ဆောင် တတ်၏

(ဤ၌လည်း ဘဝသမ္ပတ္တိ တည်းဟူသော အကျိုးတရားသည် သာလျှင် ထိုကုသိုလ်၏ မုချဖလ အကျိုးရင်း မည်၏။ မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော အကျိုးမှာမူကား အာနိသံသဖလ အကျိုးမျှသာတည်း။

ထို့ကြောင့် ပပဉ္စသူဒနီမည်သော မဇ္ဈိမနိကာယ် အဋ္ဌကထာစမ္ပဒါယာဒသုတ် အဖွင့်, ပရမတ္ထဒီပနီမည်သော ခုဒ္ဒကနိကာယ် ဣတိဝုတ်အဋ္ဌကထာစမ္ပဒါယာဒသုတ် အဖွင့်များ၌-

"ယံ ပနိဒံ ဝိဝဋ္ဋူပနိဿိတံ ကုသလံ။ သေယျထိဒံ ဣဓေကစ္စော ဝိဝဋ္ဋံ ပတ္ထေန္တော ဒါနံ ဒေတိ။ သီလံ သမာဒိယတိ။ ဥပေါသထ ကမ္မံ ကရောတိ။ ဂန္ဓမာလဒီဟိ ဝတ္ထုပူဇံ ကရောတိ။ ဓမ္မံ သုဏာတိ။ ဒေသေတိ။ ဈာနသမာပတ္တိယော နိဗ္ဗတ္တေတိ။ ဧဝံကရောန္တော အနုပုဗ္ဗေ နိပ္ပရိယာယဓမ္မံ အမတံ နိဗ္ဗာနံ ပဋိလဘတိ။ အယံ ပရိယာယဓမ္မော"။

ဟူ၍ မိန့်အပ်ပြီ။

www.dhammaransi.com



" ပန၊ မုချဓမ္မမှ တစ်ပါး ဥပစာရဓမ္မကို ဆိုအံ့။ ဝိဝဋ္ဋူပနိဿိတံ၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကို မှီသော။ ယံကုသလံ၊ အကြင်ကုသိုလ်သည်။ အတ္ထိ ရှိ၏။ ဣဒံ၊ ဤဝိဝဋ္ဋူပနိဿိတ ကုသိုလ်ဟူသည်။ သေယျထာ၊ အဘယ်နည်း။ ဣဓ၊ ဤလောက၌။ ဧကစ္စော အချို့သောသူသည်။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာ ဖြစ်သော နိဗ္ဗာန်ကို။ ပတ္ထေန္တော၊ တောင့်တလျက်။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ သီလံ၊ ငါးပါးသီလ, ဆယ်ပါးသီလ ပါတိမောက္ခသံဝရသီလကို။ သမာဒိယတိ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ အင်္ဂါ ရှစ်ပါးရှိသော ဥပုသ်အမှုကို။ ကရောတိ၊ ပြု၏။ ဂန္ဓမာလာဒီဟိ၊ နံ့သာပန်းစသည်တို့ဖြင့်။ ဝတ္ထုပူဇံ၊ ရတနာသုံးပါးအား ပူဇော်ခြင်းကို။ ကရောတိ၊ ပြု၏။ ဓမ္မံ၊ တရားကျမ်းဂန်ကို။ သုဏာတိ၊ နာခံသင်ကြား၏။ ဒေသေတိ၊ သူတစ်ပါးအား ဟောပြောပို့ချ၏။ ဈာနသမာပတ္တိယော၊ ဈာန်သမာပတ်တို့ကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ ဧဝံ၊ ဤသို့။ ကရောန္တော ပြုသော ပုဂ္ဂိုလ်သည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ နိပ္ပရိယာယဓမ္မံ၊ မုချတရား ဟူသော။ အမတံနိဗ္ဗာနံ၊ အမြိုက်နိဗ္ဗာန်ကို။ ပဋိလဘတိ၊ ရ၏။ အယံ၊ ဤတရားသည်။ ပရိယာယဓမ္မော၊ ပရိယာယ် ဓမ္မမည်၏"။

(အဋ္ဌကထာအနက်။)

ဤအဋ္ဌကထာ ဝါကျ၌ အနုပုဗ္ဗေန ဟူသော ပါဌ်ဖြင့် လူ့ချမ်းသာနတ်ချမ်းသာ များကို အလျှင်ရှေးဦး ခံစားစံစားပြီးမှ နိဗ္ဗာန်ကိုရသည်ဟု သမ္ပတ္တိက္ကမကို ပြသည်။ မဂ်အစဉ်ဖိုလ်အစဉ်မျှကိုသာ ပြသည်မဟုတ်။ ။ ထိုအကြောင်းကိုလည်း-

"ဝိဝဋ္ဋဝသေန ဥပ္ပန္နစိတ္တမေဝ စိတ္တံ။ တဥ္ဟိ မနုဿသုခတော ဒိဗ္ဗသုခံ ဒိဗ္ဗသုခတော ဈာနသုခံ ဈာနသုခံ ဈာနသုခတော ဝိပဿနာသုခံ ဝိပဿနာသုခတော မဂ္ဂသုခံ မဂ္ဂသုခတော ဖလသုခံ ဖလသုခတော နိဗ္ဗာနသုခံ အဓိဝဟတိ အာဟရတီတိ အဓိဝါဟနံ နာမဟောတိ"။

ဟူသော ဧကင်္ဂုတ္တရအဋ္ဌကထာဖြင့် တိုက်ရိုက်သိအပ်၏။

"ဝိဝဋ္ဋဝသေန၊ ဝိဝဋ္ဋ၏အစွမ်းဖြင့်။ ဥပ္ပန္နစိတ္တမေဝ၊ ဖြစ်သော စိတ်သည် သာလျှင်။ စိတ္တံ၊ ဤအရာ၌ လိုအပ်သော စိတ်မည်၏။ ဟိသစ္စံ၊ ထိုစကားမှန်၏။ တံ၊ ထိုဝိဝဋ္ဋ၏ အစွမ်းဖြင့် ဖြစ်သော စိတ်သည်။ မနုဿသုခတော၊ လူ့ချမ်းသာမှ။ ဒိဗ္ဗသုခံ၊ နတ်ချမ်းသာကို။ ဒိဗ္ဗသုခတော၊ နတ်ချမ်းသာမှ။ ဈာနသုခံ ဈာန်ချမ်းသာကို။ ဈာန သုခတော၊ ဈာန်ချမ်းသာမှ။ ဝိပဿနာသုခံ၊ ဝိပဿနာချမ်းသာကို။ ဝိပဿနာ သုခတော၊ ဝိပဿနာချမ်းသာမှ။ မဂ္ဂသုခံ၊ မဂ်ချမ်းသာကို။ မဂ္ဂသုခတော၊ မဂ်ချမ်းသာမှ၊ ဖလသုခံ၊ ဖိုလ်ချမ်းသာကို။ ဖလသုခတော၊ ဖိုလ်ချမ်းသာမှ၊ နိဗ္ဗာနသုခံ၊ နိဗ္ဗာန်ချမ်းသာကို

www.dhammaransi.com



အဓိဝဟတိအာဟရတိ၊ လွှန်စွာဆောင်တတ်၏။ ကြတိတသ္မာ၊ ထို့ကြောင့်။ အဓိဝါဟန်နာမ၊ အဓိဝါဟနစိတ်မည်သည်။ ဟောတိ၊ ဖြစ်၏"။

(အဋ္ဌကထာအနက်)

အချို့ဆရာတို့ကား ဝိပါ့ကိုတောင့်တ၍ ပြုအပ်သော ကုသိုလ်သည် ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ ကုန်ခမ်းခြင်းကို ပြုတတ်သော ကမ္မက္ခယကရ ကုသိုလ်ဖြစ်၍ ဝဋ္ဋသမ္ပတ္တိကို မရွက်ဆောင်တတ်။ ဝိဝဋ္ဋကိုသာ ရွက်ဆောင်တတ်၏ဟု မှတ်ယူ ပြောဆိုကြကုန်သတတ်။ ။ ကမ္မက္ခယကရ မည်သည်ကို ဝိဝဋ္ဋကိုတောင့်တ၍ ပြုအပ်သော လောကီကုသိုလ်များကို မယူအပ်။ မဂ်စေတနာ်, မဂ်ဉာဏ်များကိုသာယူ အပ်၏။ ။ ထို့ကြောင့် ကုက္ကုရဝတိကသုတ် အဋ္ဌကထာ၌ " အကဏှံ အသုက္ကန္တိ ကမ္မက္ခယကရံ စတုမဂ္ဂစေတနာကမ္မံ အဓိပ္ပေတံ" ဟူ၍ လည်းကောင်း, စတုက္ကအင်္ဂုတ္တရ အဋ္ဌကထာ၌ "အကဏှံ အသုက္ကန္တိ ကမ္မက္ခယကရံ မဂ္ဂပ္ပေတံ" ဟူ၍ လည်းကောင်း မိန့်အပ်၏။

(အနက်လွယ်ပြီ။)

ထို့ကြောင့် ထိုဆရာတို့ စကားကို မယူမူ၍ ထုတ်ပြအပ်ခဲ့ပြီးသော အဋ္ဌကထာ များကို ထောက်သဖြင့်လည်းကောင်း,

> ပရိတ္တာရမ္မဏတ္တိကေ အပ္ပမာဏာရမ္မဏာစေတနာတိ သေက္ခာနံ ဂေါတြဘုစေတနာ။ ပစ္စဝေက္ခဏာ စေတနာတိပိ ဝတ္တုံ ပဋ္ဋတိ။ ဝိပါကာနံ ပရိတ္တာ ရမ္မဏာနန္တိ ပဋိသန္ဓိယံ ကမ္မံ အာရမ္မဏံကတွာ, ပဝတ္တေ စက္ခုဝိညာဏာဒိသေန ရူပါဒိအာရမ္မဏံ အာရမ္မဏံ ကတွာ, တဒါရမ္မဏဝသေန ဇဝနေန ဂဟိတပရိတ္တာ ရမ္မဏဥ္စ အာရမ္မဏံ ကတွာ ဥပန္နာနံ။ ယေ ပန ဂေါတြဘု စိတ္တေန နတ္ထိ ပဋိသန္ဓိတိ ဝဒန္တိ။ တေ ကြမိနာ သုတ္တေန ပဋိသေဓေတဗ္ဗာ။

ဟူသော ပဋ္ဌာန်းအဋ္ဌကထာ,

> အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတီတိ သင်္ခါရုပေက္ခာ သမ္မယုတ္တကမ္မဿ ဗလဝတ္တာ တေနေဝ သုဂတိပဋိသန္ဓိယာ ဒိယျမာနာယ အဘိနန္ဒန သင်္ခါတော လောဘ ကိလေသော အနာဂတေကာမာဝစရ သုဂတိပဋိသန္ဓိယာ ပစ္စယော ဟောတိ။ ယသ္မာ၊ ကိလေသသဟာယံ ကမ္မံ ဝိပါကံ ဇနေတိ။ တသ္မာ ကမ္မံ ဇနကပစ္စယောစောတိ။ ကိလေသာ ဥပတ္ထမ္ဘက ပစ္စယာ။ သေက္ခဿ ပနဥတ္တရိပဋိဝေဓာယောတိ၊ သကဒါဂါမိ မဂ္ဂါဒိဝသေန

www.dhammaransi.com



သစ္စပ္ပဋိဝေဓေသော။ အာယတိံ ပဋိသန္ဓိယာ ပစ္စယောဟောတီတိ သေက္ခေသု သောတာပန္နသကဒါဂါမီနံ အနုမိဂတစျာနာနံ သင်္ခါရုပေက္ခာ ကမ္မေန ဒိယျမာနာယ ကာမာဝစရသုဂတိပဋိသန္ဓိယာ အဘိနန္ဒနကိလေသော ပစ္စယော ဟောတိ။ စျာနလာဘီနံ ပန သောတာပန္နသကဒါဂါမီနံ အနာဂါမိဿစ ပြဟ္မလောကေယေဝ ပဋိသန္ဓိဒါနတော ပစ္စယော နဟောတိ။ အနုလောမဂေါတြဘူဟိစ ဒိယျမာနာယ ပဋိသန္ဓိယာ အယမေဝ ကိလေသော ပစ္စယေ ဟောတီတိ ဝေဒိတဗ္ဗော။

ဟူသော သဒ္ဓမ္မပ္ပကာသနီ မည်သော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာများကို ထောက်သဖြင့် လည်းကောင်း, သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ်နှင့်ယှဉ်သောကံ, ဂေါတြဘူဉာဏ်, ဝေါဒါန်ဉာဏ်နှင့် ယှဉ်သောကံ, ပစ္စဝေက္ခဏာဉာဏ်နှင့် ယှဉ်သောကံ တို့သည်ပင် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးကို ပေးကြောင်းများကို တိုက်ရိုက် သိအပ်သဖြင့် ဝိဝဋ္ဋ၏အစွမ်းဖြင့် ဖြစ်သော ဒါနကုသိုလ် စသည်တို့မှာမူကား ဆိုရန်မရှိ ဧကန်စင်စစ် ဝဋ္ဋသမ္ပတ္တိကို ပေးနိုင်တော့သည်သာဟု မှတ်အပ်၏။

ပရိတ္တာရမ္မဏတ္တိကေ၊ ပရိတ္တာရမ္မဏ တိက်၌။ အပ္ပမာဏာ ရမ္မဏာ စေတနာတိ၊ အပ္ပမာဏာရမ္မဏာစေတနာဟူသည်ကား။ သေက္ခာနံ၊ အောက်ဇလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့၏။ ဂေါတြဘု စေတနာ၊ ဂေါတြဘူဉာဏ်နှင့် ယှဉ်သော စေတနာတည်း။ ပစ္စဝေက္ခဏာစေတနာ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေဏော ဉာဏ်နှင့် ယှဉ်သော စေတနာတည်း။ ဣတိပိ၊ ဤသို့လည်း၊ ဝတ္တုံ၊ ဆိုခြင်းငှာ။ ဝဋ္ဋတိ၊ သင့်သေး၏။ ဝိပါကာနံပရိတ္တာရမ္မဏာနန္တိ၊ ဝိပါကာနံ ပရိတ္တာရမ္မဏာနံ ဟူသည်ကား။ ပဋိသန္ဓိယံ၊ ကာမသုဂတိ ပဋိသန္ဓေအခါ၌၊ ကမ္မံ၊ ဂေါတြဘူဉာဏ်, ဝေါဒါန်ဉာဏ် ပစ္စဝေက္ခဏာ ဉာဏ်နှင့် ယှဉ်သော ကံကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ဥပ္ပန္နာနဥ္စ၊ ဖြစ်ကုန်သော မဟာဝိပါက် ဉာဏ သမ္ပယုတ် တိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ တို့အား လည်းကောင်း။ ပဝတ္တေ၊ ပဝတ္တိကာလ၌။ စက္ခုဝိညာဏာဒိဝသေန၊ စက္ခုဝိညာဏ် အစရှိသော ကုသလဝိပါက် ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်းသန္တီရဏ တို့၏ အစွမ်းဖြင့်။ ရူပါဒိ အာရမ္မဏံ၊ ရူပါရုံစသော ငါးပါးသော အာရုံကို အာရမ္မဏံကတွာ၊ အာရုံပြု၍။ ဥပ္ပန္နာနဥ္စ၊ ဖြစ်ကုန်သော ကုသလဝိပါက် ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်းသန္တီရဏနာမက္ခန္ဓာတို့အား လည်းကောင်း။ တဒါရမ္မဏဝသေန၊ တဒါရုံကိစ္စဖြင့်။ ဇဝနေန၊ ကာမဇောသည်။ ဝဟိတပရိတ္တာမ္မဏံ၊ ယူအပ်ပြီးသော ကာမအာရုံခြောက်ပါးကို။ အာရမ္မဏံကကွာ၊ အာရုံပြု၍၊ ဥပ္ပန္နနဥ္စ၊ ဖြစ်ကုန်သော ကုသလဝိပါက် တဒါရုံခြောက်ခု နာမက္ခန္ဓာတို့အား လည်းကောင်း။ ကမ္မပစ္စယေန၊ နာနာက္ခဏိကကမ္မပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြု တတ်သည်။ ဟောတိ၊ ဖြစ်၏။ ယေပန၊ အကြင်ဆရာတို့သည်ကား။ ဂေါတြဘုစိတ္တေန၊

www.dhammaransi.com



ဂေါတြဘူစိတ်ဖြင့်။ ပဋိသန္ဓိပဋိ၊ သန္ဓေသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ တေ၊ ထိုဆရာတို့ကို၊ ဣမိနာသုတ္တေန၊ ဤပဋ္ဌာန်းပါဠိတော်ဖြင့်။ ပဋိသေဓေတဗ္ဗာ၊ တားမြစ်အပ်ကုန်၏။ ။

(ပဋ္ဌာန်း အဋ္ဌကထာ ပါဠိတော်။)

အာယတိံ ကဋိသန္ဓိယာ ပစ္စယောတီတိ၊ အာယတိံ၊ အာယတိံ ပဋိသန္ဓိယာ ကပစ္စယော ဟောတိ စူသည်ကား။ သဂီရုပေက္ခာသမ္ပယုတ္တကမ္မဿ။ သဂီရုပေက္ခာ ဉာဏ်နှင့် ယှဉ်သော ကံ၏။ ဗလဝတ္တာ၊ အားကြီးသည်၏ အဖြစ်ကြောင့်။ တေနေဝ၊ ထိုသဂီရုပေက္ခာဉာဏ်နှင့် ယှဉ်သော ကံသည်သာလျှင်။ သုဂတိပဋိသန္ဓိယာ၊ ကာမသုဂတိ၊ ပဋိသန္ဓေကို။ ဒိယျမာနာယ၊ ပေးအပ်သည်ရှိသော်။ အဘိနန္ဒနသဂီတော၊ ဝိပဿနာနိကန္တိ ဟုဆိုအပ်သော။ လောဘကိလေသော၊ လောကကိလေသာသည်။ အနာဂတေ၊ နောင်အခါ၌၊ ကာမာဝစရသုဂတိပဋိသန္ဓိယာ ကာမာဝစရသုဂတိပဋိသန္ဓေ၏။ ပစ္စယောအကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ယသ္မာ၊ အကြင်ကြောင့်။ ကိလေသသဟာယံ၊ ကိလေသာလျှင် အဖော်သဟဲ ရှိသော။ ကမ္မံ၊ ကံသည်။ ဝိပါကံ၊ အကျိုးကို။ ဇနေတိ၊ ဖြစ်စေနိုင်၏။ တသ္မာ၊ ထို့ကြောင့်။ ကမ္မံ၊ ကံသည်။ ဝါပကံ၊ အကျိုးကို။ ဇနေတိ၊ ဖြစ်စေနိုင်၏။ တသ္မာ၊ ထို့ကြောင့်။ ကမ္မံ၊ သဂီရုပေက္ခာဉာဏ်နှင့် ယှဉ်သော ကံသည်။ ဇနကပစ္စယော၊ ဖြစ်စေတတ်သော အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ကိလေသာ၊ ကိလေသာတို့သည်၊ ဥပတ္ထမ္ဘကပစ္စယာ၊ အထောက်အပံ့ဖြစ်သော အကြောင်းတို့သည်။ ဟောန္တိဖြစ်ကုန်၏။ သေက္ခဿ၊ သေက္ခပုဂ္ဂိုလ်၏။ ဝါရေပန၊ ဝါရ၌ကား၊(ထည့်သည်)ဥတ္တရိ ပဋိဝေဓဿာတိ၊ ဥတ္တရိပဋိဝေဓဿ ဟူသည်ကား။ သကဒါဂါမိမဂ္ဂါဒိဝသေန၊ သကဒါဂါမိမဂ် စသည်တို့၏ အစွမ်းဖြင့်။ သစ္စပ္ပဋိဝေဓဿ၊ သစ္စကို ထိုးထွင်း၍ သိခြင်း၏။ အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတီတိ အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတိဟူသည်ကား။ သေက္ခေသု၊ သေက္ခသုပုဂ္ဂိုလ်တို့တွင်။ အနမိဂတစျာနာနံ၊ စျာန်မရကုန်သော။ သောတာပန္န သကဒါဂါမီနံ၊ သောတာပတ္တိ ဖလဋ္ဌာန် သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၏။ သဂီရုပကေယာ ကမ္မေန၊ သဂီရုပေက္ခာ ဉာဏ်နှင့် ယှဉ်သော ကံသည် ဒိယျမာနာယ၊ ပေးအပ်သော။ ကာမာဝစရ သုဂတိပဋိသန္ဓိယာ၊ ကာမာဝစရသုဂတိ၊ ပဋိသန္ဓေအား။ အတိနန္ဒန ကိလေသော၊ ဝိပဿနာနိကန္တိ ကိလေသာသည်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ မန၊ ထိုမှတစ်ပါး။ စျာနလာဘီနံ၊ စျာန်ရဖြစ်ကုန်သော။ သောတာပန္န သကဒါဂါမီနဥ္စ၊ သောတပတ္တိဖလဋ္ဌာန် သကဒါဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား လည်းကောင်း။ ဖြဟ္မာ လောကေယေဝ၊ ဗြဟ္မာ့ဘုံ၌သာလျှင်။ ပဋိသန္ဓိဒါနတော၊ ပဋိသန္ဓေကြောင့်။ ပစ္စယော၊

www.dhammaransi.com



အထောက်အပံ့ဖြစ်သော အကြောင်းသည်။ နဟောတိ၊ မဖြစ်။ စ၊ ဆက်၍ဆိုအံ့။ အနုလောမ ဂေါတြဘူဟိ၊ အနုလောမဉာဏ် ဂေါတြဘူဉာဏ်တို့သည်။ ဒိယျမာနာယ၊ ပေးအပ်သော။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေ နာမက္ခန္ဓအား။ အယမေဝ ကိလေသော၊ ဤဝိပဿနာနိကန္တိဟု ဆိုအပ်သော ကိလေသာသည်ပင်လျှင်။ ပစ္စယော၊ အထောက်အပံ့ဖြစ်သောအကြောင့်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

(ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာအနက်။)

တတိယပုစ္ဆာ အဖြေပြီး၏။

www.dhammaransi.com

# လဒ္ဓဂုဏသမ္ဘဝပုစ္ဆာအဖြေ

ဆိုအပ်ပြီးသော ပုစ္ဆာသုံးပါး၌ ရသင့်ရထိုက်သောအဖြေကို မြင်သည် ရှိသော် တစ်စုံတစ်ခုသော လောကီ လောကုတ္တရာချမ်းသာကို မတောင့်တမူ၍ အမှတ်မဲ့ ပြုအပ်သော ဒါနစသော ကုသိုလ်သည်လည်း ဘဝသမ္ပတ္တိဘောဂသမ္ပတ္တိတည်း ဟူသော လောကီချမ်းသာကိုကား ဧကန် စင်စစ်ပေးနိုင်တော့သည်ဟု သိအပ်လေသောကြောင့် ဤအမှတ်မဲ့ပြုအပ်သော ကုသိုလ်ကို အသီးပုစ္ဆာ ထုတ်တော်မမူသည်။

ထုတ်လိုမူကား. . .

ယောဝါပန လောကိယ လောကုတ္တရသုခေသု ကိဉ္စိပိ အပတ္ထေတွာ ဒါနာဒိပါရမိယော ပူရေတိ ကိံ သော လောကိယသုခမေဝ ဝါ လောကုတ္တရသုခမေဝ ဝါ လဘေယျ၊ ဥဒါဟု တဒုဘယသုခံပိ ဘလေယျ၊ နောဝါ လဘေယျ တဒုဘယသုခံ။

ဟူ၍ ထုတ်အပ်၏။

ဝါပန၊ ထိုမှတစ်ပါး။ ယော၊ အကြင်သူသည်။ လောကိယ လောကုတ္တရသုခေသု၊ လောကီချမ်းသာ လောကုတ္တရာ ချမ်းသာနှစ်ပါးတို့တွင်။ ကိဉ္စိပိ၊ တစ်စုံတစ်ခုသော ချမ်းသာကိုမျှလည်း။ အပတ္ထေတွာ၊ မတောင့်တမူ၍။ ဒါနာဒိပါရမိယော၊ ဒါနအစရှိသော ပါရမီတို့ကို။ ပူရေတိ ဖြည့်၏။ သော၊ ထိုသူသည်။ လောကိယသုခမေဝ ဝါ၊ လောကီချမ်းသာကိုသာလျှင်လည်း။ လဘေယျကိံ၊ ရရာသလော။ လောကုတ္တရသုခမေဝ ဝါ၊ လောကုတ္တရာချမ်းသာကိုသာလျှင်လည်း။ လဘေယျကိံ၊ ရရာသလော ဥဒါဟု ထိုသို့မဟုတ်။ တဒုတယသုခံပိ၊ ထိုနှစ်ပါးသော ချမ်းသာကိုပင်တည်း။ လဘေယျကိံ၊ ရရာသလော။ တဒုဘယသုခံဝါ၊ ထိုနှစ်ပါးသော ချမ်းသာကို ပင်လည်း။ နောလဘေယျကိံ၊ မရရာသလော။

(ဤကား* လဒ္ဓဂုဏသမ္ဘဝ ပုစ္ဆာ ပါဠိအနက်)

---

* လဒ္ဓ - ရသင့်ရထိုက်သော၊ ဂုဏ ဂုဏ်ကျေးဇူး၊ သမ္ဘဝ-ဖြစ်ခြင်း (ဆိုပြီးပုစ္ဆာတို့၏ အဖြေတို့၌ ရသင့်ရထိုက်သော ဂုဏ်ကျေးဇူးကြောင့် ဖြစ်ပေါ် လာသင့်သော အမေးပုစ္ဆာဟူလို)

www.dhammaransi.com



## လဒ္ဓဂုဏာသမ္ဗဝ ပုစ္ဆာ အဖြေကား . . .

ထိုကဲ့သို့ အမှတ်မဲ့ပြုအပ်သော ဒါနအစရှိသော ကုသိုလ်သည်။ လောကီချမ်းသာကို ပေးနိုင်သည် လောကုတ္တရာ ချမ်းသာကို မပေးနိုင်ဟူပေ။ ထို့ကြောင့် **စက္ကဝတ္တိသုတ် အဋ္ဌကထာ၌-**

> မာတာပိတူနံ ပုတ္တ ဓိတာသု သိနေဟဝသေန မုဒုစိတ္တံ ပုတ္တဓိတာနံ မာတာပိတူသု သိနေဝသေန မုဒုစိတ္တဉ္စ ဝဋ္ဋဂါမိကုသလံ နာမ။ တဿပရိယောသာနံ မနုဿလောကေ စက္ကဝတ္တိနော သိရီဝိဘဝပ္ပဋ္ဋိလာဘော။

ဟူ၍ မိန့်အပ်၏

မာတာပိတူနံ၊ အမိအဖတို့၏။ ပုတ္တဓိတာသု၊ သားသမီးတို့၌။ သိနေဟဝသေန၊ ချစ်ခြင်း၏ အစွမ်းဖြင့်။ မုဒုစိတ္တဉ္စ၊ နူးညံ့သော စိတ်သည်လည်းကောင်း။ ပုတ္တဓိတာနံ၊ သားသမီးတို့၏။ မာတာပိတူသု၊ အမိအဖတို့၌။ သိနေဟဝသေန၊ ချစ်ခြင်း၏ အစွမ်းအားဖြင့်။ မုဒုစိတ္တဉ္စ၊ နူးညံ့သော စိတ်သည်လည်းကောင်း။ ဝဋ္ဋဂါမိကုသလံနာမ၊ ဝဋ္ဋဂါမိကုသိုလ်မည်၏။ တဿ၊ ထိုကုသိုလ်၏။ ပရိယောသာနံ၊ အစွမ်းသတ္တိလွန်သော အဆုံးကား။ အနဿလောကေ၊ လူ့ဘုံ၌။ စက္ကဝဝတ္တိနော၊ စကြာမင်း၏။ သိရီဝိဘဝပ္ပဋ္ဋိလာဘော၊ ဘုန်း ကြက်သရေ စည်းစိမ်ချမ်းသာကို ရခြင်းတည်း။

(အဋ္ဌကထာအနက်။)

မိဘ သားသမီးတို့၏ အချင်းချင်း၌ဖြစ်သော မေတ္တာစိတ် မည်သည် တစ်စုံတစ်ခုသော ချမ်းသာကို တောင့်တ၍ ဖြစ်စေအပ်သော စိတ်မဟုတ်။ ထိုသို့မဟုတ်ဘဲလျက် စကြာမင်း၏ စည်းစိမ်ကိုပင်သော်လည်း ပေးစွမ်းနိုင်လေသည်။ ။အဋ္ဌကထာစကားသည်လည်း အညံ့ဆုံးဖြစ်သော ကုသိုလ်၏ သတ္တိကို ပြသောစကားသာတည်း။ ထို့ကြောင့် တစ်စုံတစ်ခုသော ချမ်းသာကို မတောင့်တမူ၍ ပြုအပ်သော ကုသိုလ်သည် အစွမ်းသတ္တိ အားလျော်စွာ လူ့စည်းစိမ်, နတ်စည်းစိမ်ဟု ဆိုအပ်သော လောကီချမ်းသာမျှကိုကား စင်စစ်ပေးနိုင်တော့သည်သာဟု မှတ်အပ်၏။ "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ" ဟူသော တောင်းပန်ခြင်း,"ဥလ္လုမ္ပ မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ" ဟူသော တောင်းပန်ခြင်းကို အရင်းပြု၍ ရအပ်သော ပဗ္ဗဇိတဘာဝ၌ တည်ကုန်သော သာမဏေရဟန်းတို့၏ မိမိအကျိုးငှာသော်လည်းကောင်း, သူတစ်ပါးတို့၏ အကျိုးငှာသော် လည်းကောင်း, ဝတ်အကျင်းကို အရင်းမူ၍ ပြုအပ်သော ထီးလုပ်ခြင်း, ဖိနပ်လုပ်ခြင်း, သပိတ်ဖုတ်ခြင်း, သင်္ကန်းဖြတ်ခြင်း, ချုပ်ခြင်း,

www.dhammaransi.com



ဆိုးခြင်း, ကျောင်းကန် ဆောက်လုပ်ခြင်း စသော နဝကမ္မ ကိစ္စကြီးငယ်နှင့် စပ်လျဉ်းသောအမှုများကိုကား မဂ်ဖိုလ်ကို အထူးမတောင့်တဘဲ အမှတ်မဲ့ပင် ဖြစ်စေအပ်ပြားသော်လည်း အာဂမသုဒ္ဓိ၏ အစွမ်းကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို တောင့်တ၍ ပြုအပ်သော ဝိဝဋ္ဋ နိဿိတကုသိုလ်၌ပင် သွင်းအပ်၏။

ထို့ကြောင့် ပဏ္ဏာသအဋ္ဌကထာ ဋ္ဌကတိဝုတ်အဋ္ဌကထာများ. . .

တတ္ထ ဇနနာ ဗဟုစိတ္တာ။ ဒဗ္ဗဇာတိကောဝေဟိ ကောစိ ဘိက္ခုဆတ္တံ ကာတုံ ဇာနာတိ။ ကောစိ စီဝရာဒီနံ အညတရ။ တဿ ဤဒိသာနိ ကမ္မာနိ ဝတ္တသီသေ ဌတွာ ကရောန္တဿ သာ ဇနနာ မဂ္ဂဖလာနံပဒဋ္ဌာနံ န ဟောတီတိ န ဝတ္တဗ္ဗာ။ ယော ပန သာသနေ ပဗ္ဗဇိတွာ ဝေဇ္ဇကမ္မာဒီနိ ကာတုံ ဇာနာတိ။ တဿေဝံဇာနတော အာသဝါ ဝဍ္ဎန္တိယေဝ။

ဟူ၍မိန့်အပ်ပြီ။

ရင်း၏အဖွင့်ဋီကာ၌လည်း

ဝတ္တ သီသေ ဌတွာတိ ဝတ္တံ ဥတ္တမင်္ဂ ဓုရံဝါ ကတွာ။ ယောဟိ ပရိသုဒ္ဓါဇီဝေါ ကာတုံ အဇာနန္တာနံ သဗြဟ္မစာရီနံ အတ္တနောဝါ ဝါတာတပါဒိပဋိဗာဟတတ္ထံ ဆတ္တာဒိနိ ကရောတိ။ သောဝတ္တသီသေ ဌတွာ ကရောတိ နာမ။ ပဒဋ္ဌာနံ န ဟောတီတိနဝတ္တဗ္ဗံ နာထကရဏဓမ္မဘာဝေန ဥပနိဿယ ဘာဝတော။ ဝုတ္တဉှိ ယာနိ တာနိ သဗြဟ္မာရီနံ ဥစ္စာဝစာနိ ကိစ္စကရဏီယာနိ။ တတ္ထ ဒက္ခော ဟောတီတိ အာဒိ။

ဟူ၍မိန့်အပ်ပြီ။

ဝတ္တ၊ ထိုစကားရပ်၌။ ဇနနာ၊ သိခြင်းတတ်ခြင်းမည်သည်။ ဗဟုဝိဓာများသော အပြားရှိ၏။ ဟိ၊ ထိုစကားကိုချဲ့အံ့။ ဒဗ္ဗဇာတိကောဝေ၊ အမှုခပ်သိမ်း၌ လိမ္မာကျွမ်းကျင်သည်သာလျှင်ဖြစ်သော။ ကောစိဘိက္ခု၊ အချို့သော ရဟန်းသည်။ ဆတ္တံ၊ ထီးကို။ ကာတုံ၊ ပြုလုပ်ခြင်းငှာ။ ဇာနာတိ၊ တတ်၏။ ကောစိ၊ အချို့သော ရဟန်းသည်။ စီဝရာဒီနံ၊ သင်္ကန်း စသော ပရိက္ခရာ အသုံးအဆောင်မျိုးတို့တွင်။ အညတရံ၊ တစ်ပါးပါးကို။ ကာတုံ၊ ပြုလုပ်ခြင်းငှာ။ ဇာနာတိ၊ တတ်၏။ ဤဒိသာနိ၊ ဤသို့သဘောရှိ ကုန်သော၊ ကမ္မာနိ၊ အမှုခပ်သိမ်းတို့ကို။ ဝတ္တသီသေ၊ ဘုရားပညတ်အပ်သော ဝတ်အကျင့်တည်း ဟူသော ဦးခေါင်းအဦး၌။ ဌတွာ၊ တည်၍။ ကရောန္တဿ၊ တိုင်းထွာကြံဖန် စီမံထုံးမိတ် ပြုလုပ်တတ်သော။ တဿ၊ ထိုရဟန်း၏။ သာဇာနနာ၊ ထိုအတတ်ကို။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏။ ပဒဋ္ဌာနံ၊ နီးစွာသောအကြောင်းသည်။ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။

www.dhammaransi.com



နဝတ္တဗ္ဗာ၊ မဆိုသင့်ပေ။ ယောပန၊ အကြင်ရဟန်း သည်ကား။ သာသနေ၊ သာသနာတော်တွင်း၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြုပြီး၍။ ဝေဇ္ဇကမ္မာဒီနိ၊ ဆေးကုခြင်းအမှုစသော ကုလဒူသနအမှု အနေသန အမှုတို့ကို။ ကာတုံ၊ ပြုလုပ်ခြင်းငှာ။ ဇာနာတိ၊ ဖွယ်ဖွယ်ရာရာတတ်၏။ အသဝ်၊ အာသဝေါတရားတို့သည်။ ဝဍ္ဎန္တိ ယေဝ တိုးပွားကုန်သည်သာလျှင်တည်း။

(အဋ္ဌကထာအနက်။)

ဝတ္တသီသေဋ္ဌတွာတိ၊ သတ္တသီသေဋ္ဌတွာ ဟူသည်ကား၊ ဝတ္တံ၊ အကျင့်ဝတ်ကို။ ဥတ္တမင်္ဂ၊ မြတ်သောအင်္ဂါကို။ ဝါ၊ တနည်းကား။ ခုရံ၊ အဦးကို။ ကတွာ၊ ပြု၍။ ဟိ ထိုစကားသင့်၏။ ပရိသုဒ္ဓါဇီဝေါ၊ စင်ကြယ်သော အသက်မွေးခြင်းရှိသော။ ယော၊ အကြင်ရဟန်းသည်။ ကာတုံ၊ ပြုလုပ်စီရင်ခြင်းငှာ။ အဇာန္တာနံ၊ မသိမတတ်ကုန်သော။ သဗြဟ္မစာရီနံဝါ၊ သီတင်းသုံးဖော်တို့၏လည်းကောင်း။ အတ္တနောဝါ၊ မိမိ၏လည်းကောင်း၊ ဝါတာတပါဒိ ပဋိဗာဟနတ္တံ၊ လေနေပူ စသည်တို့ကို တားမြစ်ခြင်းအကျိုးငှာ။ ဆတ္တာဒီနိ၊ ထီးစသည်တို့ကို။ ကရောတိ ပြုပေ၏။ သော၊ ထိုရဟန်းသည်။ ဝတ္တိသီသေ၊ အကျင့်ဝတ်တည်း ဟူသော အဦး၌။ ဌတွာ၊ တည်၍။ ကရောတိနာမ၊ ပြုသည်မည်ပေ၏။ နာထကရဏ ဓမ္မဘာဝေန၊ မိမိ၏လည်းကောင်း သူတစ်ပါးတို့၏လည်းကောင်း ကိုးကွယ်အားကိုးရာကို ပြုတတ်သော နာထကရဏဓမ္မ၏ အဖြစ်ဖြင့်။ ဥပနိဿယဘာဝတော၊ မင်္ဂဖိုလ်၏ ဥပနိဿယ ဖြစ်ပေသည်၏ အဖြစ်ကြောင့်။ ပဒဋ္ဌာနံ၊ မင်္ဂဖိုလ်၏ နီးစွာသော အကြောင်းသည်။ နဟောတိ၊ မဖြစ်၊ ဣတိ၊ ဤသို့။ နဝတ္တဗ္ဗံ၊ မဆိုသင့်ပေ။ ဟိသစ္စံ မှန်၏။ ယာနိတာနိသဗြဟ္မစာရိနံ ဥစ္စာဝစာနိကိစ္စကရဏီ ယာနိ တတ္ထ ဒက္ခော ဟောတီတိအာဒိ၊ ယာနိတာနိသဗြဟ္မစာရိနံ ဥစ္စာဝစာနိ ကိစ္စကရဏီ ယာနိ တတ္ထဒက္ခောဟောတိ ဤသို့အစရှိသော စကားကို၊ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

ဋီကာအနက်။

၁။ တစ်စုံတစ်ခုကို မတောင့်တဘဲ အမှတ်မဲ့ ဖြစ်စေအပ်သောကုသိုလ်တစ်ရပ်၊

၂။ လောကီ သက်သက်ကို တောင့်တ၍ ပြုအပ်သောကုသိုလ်တစ်ရပ်၊

၃။ လောကီ လောကုတ္တရာ ချမ်းသာနှစ်ပါးကို တောင့်တ၍ပြုအပ်သော ကုသိုလ်တစ်ရပ်၊

www.dhammaransi.com



၄။ လောကုတ္တရာ ချမ်းသာသက်သက်ကို တောင့်တ၍ ပြုအပ်သော ကုသိုလ် တစ်ရပ်၊

ဤလေးရပ်တို့တွင် တတ်နိုင်ပါလျှင် စတုတ္ထကုသိုလ်ကိုသာ ပြုအပ်သည်။

စတုတ္ထကို မတတ်နိုင်လျှင် တတိယ, တတိယကို မတတ်နိုင်ပါလျှင် ဒုတိယ ဒုတိယကို မတတ်နိုင်လျှင်သာ ပထမကို ပြုသင့်သည်။

လူ့ချမ်းသာ နတ်ချမ်းသာကိုပင် တောင့်ငြားသော်လည်း စမွေယျနဂါးမင်း သင်္ခပါလ နဂါးမင်းတို့ကဲ့သို့ ဒါန သီလစသော ဝိဝဋ္ဋကုသိုလ်တရားတို့ကို ပျံ့ပျံ့ပြူးပြူး ဆည်းပူး ဖြည့်ကျင့်လိုခြင်း တည်းဟူသော အကြောင်းကြောင့်သာလျှင် ထိုကုသိုလ်တရား တို့၏ ဖြစ်ပွားပြန့်ပြောရောအကြောင်းကို တောင့်တသောအားဖြင့် ဘဝအထူး အရပ် ဒေသအထူးအမျိုးအနွယ်အထူးများကို စွဲလမ်းတောင့်တ၍ ဖြစ်စေအပ်သော ကုသိုလ် သည်သင့်တင့်လျှောက်ပတ် ချီးမွမ်းအပ်သော ကုသိုလ်ပင်ဟု မှတ်အပ်၏။

ထို့ကြောင့်ပဏ္ဏာသ အဋ္ဌကထာ သင်္ခါ ရူပပတ္တိသုတ် အဖွင့်၌

ယဿ သဒ္ဓါသီလ သုတ စာဂ ပညာသင်္ခါတာ ပဉ္စဓမ္မာ အတ္ထိ။ နပတ္ထနာ။ တဿ ဂတိ အနိဗဒ္ဓါ။ ယဿ ပတ္ထနာ အတ္ထိ။ နပဉ္စဓမ္မာ။ တဿပိ ဂတိ အနိဗဒ္ဓါဝ။ ယေသံ ဥဘယံပိ အတ္ထိ၊ တေသံဂတိ နိဗဒ္ဓါ။ ယထာဟိ အာကာသေ ခိတ္တဒဏ္ဍော အဂ္ဂေနဝါ ဗုန္ဒနဝါ နိပတိဿတီတိ နိယမော နတ္ထိ။ ဧဝံ သတ္တာနံ ပဋိသန္ဓိဂ္ဂဟဏံ အနိယတံ။ တသ္မာ ကုသလကမ္မံ ကတွာ ဧကသ္မိံ ဌာနေ ပတ္ထေနံ ကာတုံ ဝဋ္ဋတိ။

ဟူ၍မိန့်အပ်ပြီ။

ယဿ၊ အကြင်သူအား။ သဒ္ဓါသီလ သုတ စာဂ ပညာ သင်္ခါတာ၊ သဒ္ဓါ သီလ သုတ စာဂ ပညာဟု ဆိုအပ်ကုန်သော။ ပဉ္စဓမ္မာ၊ ငါးပါးသော တရား တို့သည်။ အတ္ထိ၊ ရှိကုန်၏။ ပတ္ထနာ၊ ဘဝဝိသေသကို တောင့်တခြင်းသည်။ နအတ္ထိ၊ မရှိ။ တဿ၊ ထိုသူ၏။ ဂတိ၊ လားရာဂတိသည်။ အနိဗဒ္ဓါ၊ မမြဲ။ ယဿ။ အကြင်သူအား။ ပတ္ထနာ၊ ဘဝဝိသေသကို တောင့်တခြင်းသည်၊ အတ္ထိ။ ရှိ၏။ ပဉ္စဓမ္မာ၊ ငါးပါးသော ကိုယ်ကျင့် တရားတို့သည်။ နအတ္ထိ၊ မရှိကုန်။ တဿပိ၊ ထိုသူ၏လည်း။ ဂတိ၊ လားရာဂတိသည်။ အနိဗဒ္ဓါဝ၊ မမြဲတော့သည်သာလျှင်တည်း။ ယေသံ၊ အကြင်သူတို့အား။ ဥဘယံပိ၊ နှစ်ပါးစုံသည်လည်း။ အတ္ထိ၊ ရှိ၏။ တေသံ၊ ထိုသူတို့၏။ ဂတိ၊ လားရာဂတိသည်။ နိဗဒ္ဓါ၊ မြဲ၏။ ဟိသစ္စံ၊ မှန်၏၊ အာကာသေ၊ ကောင်းကင်၌။ ခိတ္တဒဏ္ဍော၊ ပစ်လိုက်သော လှံတံသည်။ အဂ္ဂေနဝါ။ အဖျားဖြင့်လည်းကောင်း။ ခန္ဓေနဝါ၊ အလယ်ပိုင်းဖြင့်

www.dhammaransi.com



လည်းကောင်း၊ ဗုဒ္ဓေနဝါ၊ အရင်းပိုင်းဖြင့် လည်းကောင်း။ နိပတိပဿတိ ကျလတ္တံ့။ ဣတိနိယမော၊ ဤသို့သော မှတ်သားခြင်းသည်။ နတ္ထိယထော၊ မရှိသကဲ့သို့။ ဧဝံကထာ၊ ထိုအတူ။ သတ္တာနံ၊ သတ္တဝါတို့၏။ ပဋိသန္ဓိဂ္ဂဟဏံ၊ ပဋိသန္ဓေယူခြင်းသည်။ အနိယတံ၊ အမြဲမရှိ။ တသ္မာ၊ ထိုကြောင့်။ ကုသလကမ္မံ၊ ကုသိုလ်ကံကို။ ကတွာ၊ ပြုပြီးသည်ရှိသော်။ ဝါ၊ ပြုလတ္တံ့ သည်ရှိသော်။ ဧကသ္မိံဌာနေ၊ တစ်စုံတစ်ခုသော ဘုံအရပ် ဌာနဝိသေသ၌။ ပတ္တနံ၊ တောင့်တခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ သင့်မြတ်လှသေး၏။

အဋ္ဌကထာ အနက်

ထို့သို့ဖြစ်ချေသော် လောကုတ္တရာ ချမ်းသာသက်သက်ကိုသာ တောင့်တ၍ ပြုသောသူသည် ဘဝပတ္ထနာ မရှိခြင်းကြောင့် ဂတိမမြဲလေရကား ကောင်းကင်၌ ပစ်လိုက်သော လှံတံအတူပင် အမှတ်မထင် ဖြစ်ချင်တတ်တိုင်းဖြစ်ရတော့မည်လော ဟူငြားအံ့။

> ပုဗ္ဗေ စ ကတပုညတာတိ ပုဗ္ဗေဥပစိတကုသလတာ။ ဣဒမေဝ စေတ္ထ ပမာဏံ။ ယေန ဟိ ဉာဏသမ္ပယုတ္တစိတ္တေန ကုသလကမ္မံ ကတံ ဟောတိ။ တဒေဝ ကုသလံ တံ ပုရိသံ ပတိရူပဒေသေဉပနေတိ။ သပ္ပုရိသေ ဘဇာပေတိ။ သောဧဝ ပုဂ္ဂလော အက္တာနံ သမ္မာ ထပေတီတိ။

ဟူသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ,

> ဉာဏ သမ္ပယုတ္တစိတ္တေန ပန ကတကုသလကမ္မံ တံ သတ္တံ ပတိရူပဒေသေ ဉပနေတိ။ သပ္ပုရိသံ ဘဇာပေတိ။ သောဧဝ ပုဂ္ဂလော အတ္တာနံ သမ္မာ ထပေတိ။

ဟူသော ဓာတုသံယုတ် အဋ္ဌကထာ များနှင့်အညီ လောကုတ္တရာချမ်းသာ သုခကိုသာ တောင့်တ၍ ပြုအပ်သော ကုသိုလ်သည် ကုသိုလ်တကာ တို့ထက် လွန်ကဲ ထူးမြတ်သော ဉက္ကဋ္ဌတမ ကုသိုလ်ထူးဖြစ်ပေ၍ ထိုကုသိုလ်သည်ပင် မိမိအလိုလို အလိုက်သိသဖြင့် သင့်တင့် လျှောက်ပတ်သော ဘဝဌာန အမျိုးအနွယ်သို့ ရောက်အောင် နေရာချပေလတ္တံ့။ ထိုကြောင့် အမှတ်မထင် ဖြစ်ချင်တတ်တိုင်း ဖြစ်လေတော့ မည်ဟူ၍ အလွန် အကြောင့်ကြအပ်။ ။ ထိုသို့ ဖြစ်ချေသော် တစ်စုံ တစ်ခုသော ဌာနကို တောင့်တခြင်းငှာ သင့်မြတ်သည်ဟူ၍ ဆိုသော အဋ္ဌကထာ စကားများသည် အကျိုးမရှိဖြစ်ရတော့မည်လောဟူမူ။ ။ဉက္ကဋ္ဌတမ ကုသိုလ်ရင်းပင် ဖြစ်ငြားသော်လည်း ဇနဝသဘနတ်သား, ကာလိဂေါတမည်သော သာကီဝင် ဉပါသိကာမသည်ကိုးကွယ်သော ရဟန်းနှစ်ပါးတို့ စုတေ၍ဖြစ်သော ဂန္ဓဗ္ဗနတ်သားတို့ ကဲ့သို့ ရှေး၌ ဘဝများစွာ နေခဲ့ဘူးသည်ကို စွဲ၍ဖြစ်သော နိကန္တိများကို တားမြစ်

www.dhammaransi.com



ဖျောက်ဖျက်လျက် ထိုထက် သင့်တင့်လျောက်ပတ်သော အရပ်ဒေသများကို တောင့်တခြင်း၌ လည်းကောင်း ဤကဲ့သို့ သဘောရှိသော တစ်ပါးသော အရာများ၌ လည်းကောင်း အကျိုးရှိရာသည်ပင်။

ပုဗ္ဗေစ ကတပုညတာတိ၊ ပုဗ္ဗေစကတပုညတာ ဟူသည်ကား။ ပုဗ္ဗေရှေးရှေးသော ဘဝများ၌။ ပစိတကုသလတာ၊ ဆည်းပူးအပ်ပြီးသော ကုသိုလ်ရှိသည်၏ အဖြစ်တည်း။ စ၊ ဆက်၍ ဆိုအံ့။ ဧတ္ထ၊ ဤသမ္ဗတ္တိစက်လေးပါးတို့တွင်။ ဣမေဝ၊ ဤပုဗ္ဗေစ ကတပုတာ စူသော စက်သည်သာလျှင်။ ပမာဏံ၊ ပမာဏတည်း။ ဟိ၊ ထိုစကားမှန်၏။ ယေန၊ အကြင်သူသည်၊ ဉာဏသမ္ပယုတ္တစိတ္တေန၊ ဉာဏသမ္ပယုတ် စိတ်ဖြင့်။ ကုသလကမ္မံ၊ ကုသိုလ်ကံကို၊ ကတံ၊ ပြုအပ်သည်။ ဟောတိ ဖြစ်၏။ တဒေဝ ကုသလံ၊ ထိုကိုသိုလ်သည်ပင်လျှင်။ တံပုရိသံ ထိုယောကျ်ားကို။ ပတိရူပဒေသေ၊ သမ္ပတ္တိစက်လေးပါးနှင့် ပြည့်စုံသော အရပ်၌။ ဥပနေတိ ဆောင်ပို့တတ်၏။ သပ္ပုရိသေ၊ သူတော်ကောင်းတို့သို့။ ဘဇာပေတိ ဆည်းကပ်စေ၏။ သောဧဝပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်ပင်လျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ သမ္မာထပေတိ၊ ကောင်းစွာ ထားပေ၏။ ဣတိ၊ ဤသို့မှတ်အပ်၏။

(ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာအနက်)

ဉာဏ သမ္ပယုတ္တ စိတ္တေန၊ ဉာဏသမ္ပယုတ် စိတ်ဖြင့်။ ကထကုသလကမ္မံ၊ ပြုအပ်ပြီးသော ကုသိုလ်ကံသည်။ တံသတ္တံ၊ ထိုသတ္တဝါကို။ ပတိရူပဒေသေ၊ သမ္ပတ္တိစက်လေးပါးနှင့် ပြည့်စုံသော အရပ်၌။ ဥပနေတိ၊ ဆောင်ပို့တတ်၏။ သပ္ပုရိသံ၊ သူတော်ကောင်းသို့။ ဘဇာပေတိ၊ ဆည်းကပ်စေ၏။ သောဧဝပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်ပင်လျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ သမ္မာထပေတိ၊ ကောင်းစွာထားပေ၏။

သံယုတ် အဋ္ဌကထာအနက်

**လဒ္ဓဂုဏသမ္ပဝတ္တိသာအဖြေပြီး၏။**

www.dhammaransi.com

# ၄။ စတုတ္ထပုစ္ဆာအဖြေ

**စတုတ္ထပုစ္ဆာ၏ဆိုလိုရင်းမှာ**

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း စသော ကာလ အပိုင်းအခြားကို ဆုတောင်းရာ ကာလမှစ၍ ရေတွက် အပ်သသော။ သို့တည်းမဟုတ် ဗျာဒိတ်ခံရာ ကာလမှစ၍ ရေတွက် အပ်သလော ဟူလိုသည်။ ။ ဤပုစ္ဆာ၌ ဗောဓိသဒ္ဒါငါးချက်တွင် ပထမဗောဓိသဒ္ဒါဖြင့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်နှစ်ပါးကို ယူအပ်၏။

"သမ္မာသမ္ဗောဓိန္တိ အရဟတ္တမဂ္ဂဉာဏဉ္စေဝ သဗ္ဗညုတဉာဏဉ္စ"

(ပရမတ္ထဇောတိကာမည်သော သုတ္တနိပါတ်အဋ္ဌကထာ။)

စရိယပိဋက အဋ္ဌကထာ၌ကား သဗ္ဗညုတဉာဏ်ကိုတနည်း, နှစ်ပါးစုံကိုပင် တစ်နည်းယူ၏၊ မဓုတ္ထဝိလာသိနီမည်သော ဗုဒ္ဓဝင် အဋ္ဌကထာ၌ကား သဗ္ဗသုတဉာဏ ကို သာယူ၏။

နောက်ဖြစ်သော ဗောဓိသဒ္ဒါ လေးချက်ကား "ဗောဓိဝုစ္စတိ စတူသု မဂ္ဂေသု ဉာဏံ" ဟူသော နိဒ္ဒေသပါဠိတော်နှင့်အညီ မဂ်ဉာဏ်လေးပါးကိုသာ ယူအပ်၏၊ သဗ္ဗညုတဉာဏ်ကို မယူအပ်။ ။ ငါးချက်လုံး၌ပင် "ပတွာန ဗောဓိအမတံ အသင်္ခတံ" ဟူသော ပါဠိ၌ကဲ့သို့ နိဗ္ဗာန်ကိုလည်း ယူလိုလျှင် ယူသင့်၏။

**ထိုစတုတ္ထပုစ္ဆာအဖြေကား**

သဗ္ဗညုဘုရားတို့၏ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ရှစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်း တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းဟူသော ကာလအပိုင်းအခြား,

www.dhammaransi.com



ပစ္စေကဗုဒ္ဓါတို့၏ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဟူသော ကာလအပိုင်းအခြား၊ အဂ္ဂသာဝကတို့၏ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဟူသော ကာလအပိုင်းအခြား၊ မဟာသာဝက တို့၏ ကမ္ဘာတစ်သိန်း ဟူသောကာလအပိုင်းအခြားများကို အစဆုံးနိယတ ဗျာဒိတ်ရသော ကမ္ဘာမှစ၍သာပိုင်းခြားအပ်၏။ နိယတ ဗျာဒိတ်မရမီ အစဦးစွာ ပါရမီဖြည့်ရာဆုတောင်းရာ ကာလမှ စ၍လည်း မပိုင်းခြားအပ်၊ အနိယတ ဗျာဒိတ်ရရာ ကာလမှ စ၍လည်း မပိုင်းခြားအပ်၊ ဒုတိယ တတိယ စသည်ဖြင့် နောက်နောက်သော ဘုရားတို့ထံ ထပ်မံ၍ ခံအပ်သော နိယတဗျာဒိတ် ရရာ ကာလမှစ၍လည်း မပိုင်းခြားအပ်၊ ဒုတိယ တတိယ စသည်ဖြင့် နောက်နောက်သော ဘုရားတို့ထံ ထပ်မံ၍ ခံအပ်သော နိယတဗျာဒိတ်ရရာမှစ၍ လည်း မပိုင်းခြားအပ်။ ပကတိ သာဝကတို့၏ ကမ္ဘာတစ်ထောင် ဟူသောကာလ အပိုင်းအခြားကိုကားကတိ သာဝက တို့၏ ဗျာဒိတ်ရခြင်း အမြဲနိယမ မရှိသောကြောင့် ဝိဝဋ္ဋကုသိုလ်တရား ပွားများရာ ကာလမှစ၍သာ ပိုင်းခြားအပ်၏။ ။သဗ္ဗညုဘုရား သုံးပါးတို့တွင် ပညာဓိကဘုရား၏ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ သဒ္ဓါဓိကဘုရား၏ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ဝီရိယာဓိက ဘုရား၏ တစ်ဆယ့်ခြောက် သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဟူသော ကာလအထူးကို ရှေးဦးအစ နိယတ ဗျာဒိတ်ရရာကာလမှ စ၍ ပိုင်းခြားသင့်ကြောင်းကို-

> တယော ပေတေ ဝိနာ ကာလဘေဒေန ကတာဘိနီဟာရာ, ဗုဒ္ဓါနံ သန္တိကေ လဒ္ဓဗျာကရဏာစ အနုက္ကမေန ပါရမိယော ပရိပူရေန္တာ ယထာက္ကမံ ယထာဝုတ္တကာလဘေဒေန ကာလေန သမ္မာသမ္ဗောဓိံ ပါပုဏန္တိ။

ဟူသော စရိယာပိဋက အဋ္ဌကထာကို ထောက်၍ သိအပ်၏။

တယောပိ၊ သုံးဦးလည်းဖြစ်ကုန်သော။ ဧတေ၊ ထိုပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက ဘုရားလောင်းတို့သည်။ ကာလဘေဒေန၊ ကာလ အထူးအပြားနှင့်။ ဝိနာ၊ ကင်း၍။ ကထာဘိနီဟာရာစ၊ ပြုအပ်ပြီးသော ဆုတောင်းခြင်း ရှိကုန်သည် လည်းကောင်း။ ဗုဒ္ဓါနံ၊ သဗ္ဗညုဘုရားတို့၏။ သန္တိကေ၊ အထံ၌လဒ္ဓဗျာကရဏာစ၊ ရအပ်ပြီးသော ဗျာဒိတ်ရှိကုန်သည် လည်းကောင်း။ ဟုတ္វာ ဖြစ်ကုန်၍။ အနုက္កမေန၊ အစဉ်အားဖြင့်။ ပါရမိယော၊ ပါရမီတို့ကို။ ပရိပူရေန္တော၊ ဖြည့်ကုန်လျက်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ယထာဝုတ္တကာလဘေဒေန၊ အကြင် အကြင် ဆိုအပ်ခဲ့ပြီးသော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း တစ်ဆယ့်ခြောက် သင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအထူးအပြားရှိသော။ ကာလေန၊ ကာလအားဖြင့်။ သမ္မာ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်သို့။ ပါပုဏန္တိ၊ ရောက်တော်မူကြကုန်၏။

(အဋ္ဌကထာ အနက်။)

www.dhammaransi.com



## ၄။ စတုတ္ထပုစ္ဆာအဖြေ

ဤသဗ္ဗညုဘုရားအလောင်းသုံးပါးတို့သည် နိယတဗျာဒိတ် မခံမီ ရှေးအဖို့၌ တစ်ပါးနှင့် တစ်ပါး ကာလအတိုအရှည်အထူးအပြား မရှိကုန်မူ၍ ဗျာဒိတ် ခံကြကုန်သည်။ ဗျာဒိတ်ခံရပြီးနောက်မှ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းစသော ဆိုအပ်ခဲ့ပြီးသောကာလအထူးအပြားနှင့် ယှဉ်၍ ပွင့်တော်မူကြကုန်သည် ဟူလို။ ။ သဗ္ဗညု ဘုရားလောင်းတို့၌ ပညာဓိကသဒ္ဓါဓိက ဝီရိယဓိက ဟူသော ပုဂ္ဂိုလ်အပြား သုံးပါး, ထိုသုံးပါးအား လျော်စွာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဟူသော ပါရမီ ရင့်ရာကာလ အပြားသုံးပါး, ဤသို့ပုဂ္ဂိုလ်အပြားသုံးပါး ကာလအပြားသုံးပါးကိုရအပ် သကဲ့သို့ ထိုအတူ ပစ္စေကဗုဒ္ဓါတို့၌လည်း ပညာဓိက သဒ္ဓါဓိက ဝီရိယ ဓိကဟူသော ပုဂ္ဂိုလ်အပြားသုံးပါး အားလျော်စွာ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း, နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းစသည်, နှစ်သင်္ချေနှင့် ကမ္ဘာကုဋေစသည် ဟူသော ပါရမီရင့်ရာကာလ အပြားသုံးပါး ဤသို့ ပုဂ္ဂိုလ်အပြားသုံးပါး ကာလအပြားသုံးပါးကို ရအပ်သည်။

### ထို့ကြောင့် သုတ္တနိပါတ် အဋ္ဌကထာ ထေရဂါထာ အဋ္ဌကထာ များ၌

> တေတံ ဟိ သတိပိ ပညာဓိကဘာဝေ ဒွေ အသင်္ချေယျာနိ ကပ္ပသတသဟဿဉ္စ ဗောဓိသမ္ဘာရသမ္ဘာရဏံ ဣစ္ဆိတဗ္ဗံ၊ န တတော ဩရံ၊ သဒ္ဓါဓိက ဝီရိယာဓိကာပိ ဝုတ္တ ပရိစ္ဆေဒတော ပရံ ကတိပယေ ဧဝ ကပ္ပေ အတက္ကမိတွာ သမ္ဘောဓိံ အဘိသမ္ဘုဏန္တိ၊ တတိယံ အသင်္ချေယျန္တိ။

ဟူ၍ မိန့်အပ်၏။

ဟိသစ္စံ၊ မှန်၏။ တေသံ၊ ထိုပစ္စေကဗုဒ္ဓါလောင်းတို့အား။ ပညာဓိကဘာဝေ၊ ပညာဓိကပစ္စေက ဗုဒ္ဓါလောင်း၏ အဖြစ်သည်။ သတိပိ၊ ရှိငြားသော်လည်း။ ဒွေအသင်္ချေယျာနိစ၊ နှစ်အသင်္ချေတို့ပတ်လုံး လည်းကောင်း။ ဗောဓိသမ္ဘာရ ကပ္ပသတ သဟဿဉ္စ၊ ကမ္ဘာတစ်သိန်းပတ်လုံး လည်းကောင်း။ ဗောဓိသမ္ဘာရသမ္ဘရဏံ၊ ဗောဓိသမ္ဘာရတရားတို့ကို ဆည်းပူးခြင်းကို။ ဣစ္ဆိတဗ္ဗံ လိုအပ်၏။ တတော၊ ထိုအောက်။ ဩရံ၊ ယုတ်သောကာလကို။ နဣစ္ဆိတဗ္ဗံ၊ မလိုအပ်။ သဒ္ဓါဓိကဝီရိယာဓိကာပိ၊ သဒ္ဓါဓိက ပစ္စေကပစ္စေကဗုဒ္ဓါလောင်း ဝီရိယာဓိကပစ္စေကဗုဒ္ဓါ လောင်းပင် ဖြစ်ကုန်ငြား သော်လည်း။ ဝုတ္တပရိစ္ဆေဒတော၊ ဆိုအပ်ပြီးသော နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအပိုင်းအခြားထက်။ ပရံ၊ အလွန်။ ကတိပယေဧဝကပ္ပေ၊ နှစ်ကမ္ဘာ သုံးကမ္ဘာ ကမ္ဘာ နှစ်ဆယ် နှစ်ရာ သုံးရာ နှစ်သန်း သုံးသန်း စသည်တို့ကို။ အတိက္ကမိတွာ၊ လွန်ကုန်၍။

www.dhammaransi.com



သမ္ဗောဓိ၊ ပစ္စေကဗောဓိဉာဏ်ကို။ အဘိသမ္ဗုဇ္ဈန္တိ၊ သိတော်မူကြကုန်၏။ တတိယံ အသင်္ချေယျံ၊ သုံးခုမြောက်သော အသင်္ချေကို။ အတိက္ကမိတွာ၊ လွန်ကုန်၍။ သမ္ဗောဓိ၊ ပစ္စေကဗောဓိဉာဏ်ကို။ နအဘိသမ္ဗုဇ္ဈန္တိ၊ သိတော်မမူကြကုန်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

(အဋ္ဌကထာအနက်)

ဤအဋ္ဌကထာဝါကျ၌ "န တတိယံအသင်္ချေယျံ" ဟူသော ဗျာတိရိတ် စကားကို ထောက်၍ တတိယ အသင်္ချေသို့ မရောက်သမျှ ကာလပတ်လုံး "ကတိပယေ ဧဝ ကပ္ပေ" ၏ အရချည်းမှတ်လေ။

**သဒ္ဓါဓိက ဝီရိယဓိကနှစ်ပါးတို့၏ ကာလ အထူးအပြားမှာ သင့်လျော်အောင် မှန်းထား၍ ခွဲဝေလေ။**

ဘုရားပစ္စေက ဗုဒ္ဓါတို့၌ ပုဂ္ဂိုလ်သုံးပါးကာလသုံးပါးကို ရအပ်သကဲ့သို့ အဂ္ဂသာဝကတို့၌လည်း ပညာဓိက သဒ္ဓါဓိက ဝီရိယာဓိကဟူ၍ ပုဂ္ဂိုလ်အပြားသုံးပါး, တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းမှ စ၍ နှစ်သင်္ချေ မပြည့်မီ အတွင်း သုံးပုံသုံးစု ပြု၍ ယူသင့်သော ကာလအပြားသုံးပါး, ထိုအတူမဟာသာဝက တို့၌လည်း ပုဂ္ဂိုလ် အပြားသုံးပါး ကမ္ဘာတစ်သိန်းမှ စ၍ ဒုတိယ ကမ္ဘာတစ်သိန်း မပြည့်မီအတွင်း သုံးပုံသုံးစု ပြု၍ ယူသင့်သော ကာလအပြား သုံးပါးကို ရအပ်ရသင့်သည်။ ။ ထိုသို့ ရသင့်သော ပစ္စေကဗုဒ္ဓါသုံးပါး, အဂ္ဂသာဝကသုံးပါး, မဟာသာဝက သုံးပါးတို့၏ ဆိုအပ်ခဲ့ပြီးသော ကာလအပိုင်းအခြားများ၏ ဗျာဒိတ် ရပြီးသော ကာလမှစ၍ ပိုင်းခြား သင့်ကြောင်းကို-

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဝိဂတာသဝဒဿနံ။

အဓိကာရော စ ဆန္ဒတာ၊ ဧတေ အဘိနီဟာရကာရဏာတိ-

ဣမေ ပဉ္စဓမ္မေ သမောဓာနေတွာ ကတာဘိနီဟာရာနံ ပစ္စေက ဗောဓိသတ္တာနံ, အဓိကာရော ဆန္ဒတာတိ ဒွယင်္ဂသမ နာဂတာယ ပတ္ထနာယ ဝသေန ကတပဏိဓာနာနံ သာဝကဗောဓိသတ္တာနဉ္စ, တတ္ထ တတ္ထ ဝုတ္တကာလပရိစ္ဆေဒံ အသမ္ပတွာအန္တရာဧဝ ပစ္စေကဗောဓိယာ ယထာ ဝုတ္တသာဝကဗောဓိယာ စ အဓိဂမော နတ္ထိ။ ကသ္မာ ဉာဏဿ အပရိပစ္စနတော၀။

ဟူသော ထေရဂါထာ အဋ္ဌကထာများကို ထောက်၍ တိုက်ရိုက်သိအပ်၏။

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဝိဂတာသဝဒဿနံ၊ အဓိကာရောစ ဆန္ဒတာ၊

www.dhammaransi.com



ဇာတေအဘိနီဟာရ ကာရဏာတိ၊ မနုဿတ္တံ၊ ဝိဂတာသဝဒဿနံ၊ အဓိကာရောစ ဆန္ဒတာ၊ ဇာတေအဘိနီဟာရကာရဏာဟူ၍။ ဝုတ္တေ၊ ဆိုအပ်ကုန်ပြီးသော။ ဣမေပဉ္စ ဓမ္မေ ဤငါးပါးသောတရားတို့ကို။ သမောဓာနေတွာ၊ ပေါင်း၍။ ကတာဘိနီဟာရာနံ၊ ပြုအပ်ပြီးသော နိယတဗျာဒိတ် ခံခြင်းရှိကုန်သော။ ပစ္စေကဗောဓိသတ္တာနဥ္စ ပစ္စေကဗုဒ္ဓါလောင်းတို့အားလည်းကောင်း။ အဓိကာရောဆန္ဒတာတိ၊ အဓိကာရော ဆန္ဒတာ ဟူ၍။ ဒွယင်္ဂသမနာဂတာယ၊ ဆိုအပ်ပြီးသော နှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော။ ပတ္ထနာယ၊ ဆုတောင်းခြင်း။ ဝသေန၊ အစွမ်းဖြင့်။ ကတပဏိဓာနာနံ၊ ပြုအပ်ပြီးသော ဆုတောင်းခြင်း ရှိကုန်သော။ သာဝကဗောဓိသတ္တာနဥ္စ၊ သာဝက လောင်း တို့အား လည်းကောင်း။ တတ္ထတတ္ထ၊ ထိုထို အရာ၌။ ဝုတ္တကာလပရိစ္ဆေဒံ၊ ဆိုခဲ့ပြီးသော ကာလ အပိုင်းအခြားသို့၊ အသမ္ပတွာ၊ မရောက်မူ၍။ အန္တရာဝ၊ အကြား၌သာလျှင်။ ပစ္စေက ဗောဓိယာစ၊ ပစ္စေက ဗောဓိကိုလည်းကောင်း။ ယထာဝုတ္တသာဝက ဗောဓိယာစ၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော အဂ္ဂသာဝကဗောဓိ မဟာသာဝကဗောဓိကိုလည်းကောင်း။ အဓိဂမော၊ ရခြင်းသည်။ နတ္ထိ၊ မရှိ။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူ။ ဉာဏဿ၊ ဉာဏ်၏။ အပရိပစ္စနတော၀၊ မရင့်ခြင်းကြောင့် ပင်လျှင်တည်း။

(အဋ္ဌကထာ အနက်)

ဤစတုတ္ထပုစ္ဆာ စကားရပ်ဖြင့် နိယတဗျာဒိတ် အမြဲရစကောင်း ကုန်သော သဗ္ဗညုဘုရား ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝက ဤလေးဦးတို့သည် နိယတ ဗျာဒိတ်ကို ခံယူလိုသည်ရှိသော် နိယတဗျာဒိတ်ကို မခံယူမီရှေးရှေးသော ဘုရားတို့ အထံက အားကြီးစွာသော ပါရမီသမ္ဘာရတရားတို့ကို ဆည်းပူးဖြည့်ကျင့်၍ ရင့်မာ ပြည့်ဖြိုးသော ဥပနိဿယရှိကုန် ကြမှသာနိယတဗျာဒိတ်ကို ခံယူကြကုန်သည်ဟူသော အနက်ကိုလည်း ပြတော်မူသည်။ ။ထိုသို့ပြသည်ရှိသော် သဗ္ဗညုဘုရားတို့မှာ နိယတ ဗျာဒိတ်ကို မခံယူမီ အဘယ်မျှလောက်သောကာလပတ်လုံး နိယတ ဗျာဒိတ်ကို ခံရခြင်း အကျိုးငှာ ပါရမီတရားတို့ကို ဖြည့်ကျင့်အပ်ကုန်သနည်းဟု အမေး ထွက်ရန်ရှိ၏။

**အဖြေကား သမန္တဘဒ္ဒိကာ မည်သော အနာဂတဝင် အဋ္ဌကထာကျမ်း၌-**

ဓမ္မတာ ဧသာ ဗောဓိသတ္တာနံ အဘိနီဟာရတော ပုဗ္ဗေဝ တိဿော
သမ္ပတ္တိယော ဝုတ္တ ပရိစ္ဆေဒကာလံ ပူရေတွာ ကပ္ပသတသဟဿပါရမိပူရဏံ။

ဟူ၍လာသည်။

www.dhammaransi.com



အဓိပ္ပာယ်ကား ဟိရီသမ္ပတ္တိကို ဘဝငါးရာ, ဩတ္တပ္ပသမ္ပတ္တိကို ဘဝတစ်ထောင်, အာဂမသမ္ပတ္တိကို ဘဝငါးထောင် ဤသို့ ဘဝပေါင်းခြောက်ထောင် ငါးရာ ပတ်လုံး သမ္ပတ္တိသုံးပါးကို ဖြည့်ကျင့်ပြီးနောက် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီ တရားတို့ကို ဖြည့်ကျင့်ရ ကုန်၏။ ထိုသို့ ဘဝခြောက်ထောင်ငါးရာ အလွန်ရှိသော ကမ္ဘာတစ်သိန်း ဖြည့်ပြီးမှ နိယတဗျာဒိတ် ရကုန်မြဲ ဓမ္မတာ ဟူလိုသည်။

**ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်၌လည်း ဤသို့သော အနက်ကို ရည်တော်မူ၍**

"အယံပိ ဘဂဝါ အတိဉဋ္ဌာရဖ္သာသယတာယ ပုဗ္ဗေ၀ တံ သမ္ဘာရ ဟိရောတ္တပ္ပါဂမသမ္ပတ္တိပူရဏေန အဋ္ဌဂုဏသမောဓာနတာယ သမဒ္ဓါဘိနီဟာရော"။

ဟူ၍မိန့်သည်။

ထို့ကြောင့် ဤအနာဂတဝင် အဋ္ဌကထာပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ် ဆရာတို့၏ အလိုအားဖြင့် အလုံးစုံသော သဗ္ဗညုဘုရားလောင်းတို့အား ဗျာဒိတ်မခံမီ ရှေးအဖို့၌ ဘဝပေါင်း ခြောက်ထောင် ငါးရာနှင့် ကမ္ဘာတစ်သိန်း ကာလ ပတ်လုံး ဖြည့်ကျင့်ရခြင်း သည် ဓမ္မတာပေဟု မှတ်အပ်၏။ ဤသည် လည်းတစ်ရပ်။

**သောတတ္တကီကျမ်း ယွမ်းပဏ္ဏာသကျမ်း တထာတုပ္ပတ္တိကျမ်း စသော ဂန္ထန္တရကျမ်းများ၌ကား-**

စိန္တိတံ သတ္တသင်္ချေယျံ၊ နဝသင်္ချေယျဝါစကံ။

ကာယဝါစာ စတုချာတံ၊ ဗုဒ္ဓတ္တံ ပရိပူရိတံ။

စသည်ဖြင့် အကျယ်လာသည်။

သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ အဟံ၊ ငါ ဘုရားသည်။ သတ္တသင်္ချေယျံ၊ မဟာကပ်ပေါင်း ခုနစ်သင်္ချေ ပတ်လုံး။ စိန္တိတံ၊ ဘုရားဆုကိုတောင်းအံ့ကြံ၍ ပါရမီကို ဖြည့်၏။ နဝသင်္ချေယျံ၊ မဟာကပ် အပေါင်းကိုးသင်္ချေ ကာလပတ်လုံး။ ဝါစကံ၊ ဘုရားဖြစ်ရလို၏ဟုနှုတ်ဖြင့်တောင်း၍ ပါရမီကို ဖြည့်၏။ စတုချာတံ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး။ ကာယဝါစာ၊ ကိုယ်နှုတ်နှလုံး သုံးပါးဖြင့် ပါရမီကို ဖြည့်၍ ဆုတောင်း၏။ ဧတ္တကံ၊ ဤမျှလောက်သော ကာလပတ်လုံး။ ပါရမိယော၊ ပါရမီ တို့ကို၊ ပူရေတွာ၊ ဖြည့်၍၊ ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်ကို။ ပရိပူရိတံ၊ ပြည့်စေအပ်ပြီ။

www.dhammaransi.com



## အဓိပ္ပာယ်ကား ငါတို့ ဘုရားလောင်းသည်

၁။ ဖြဟ္မ ဒေဝ စသော ငါးထောင်သော သဗ္ဗညုဘုရားရှင်တို့၏ ပွင့်ရာ ဖြစ်သော နန္ဒသင်္ချေ။

၂။ ကိုးထောင်သော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော သုနန္ဒသင်္ချေ။

၃။ တစ်သောင်းသော ဘုရားရှင် တို့၏ ပွင့်ရာဖြစ်သော ပထဝီသင်္ချေ။

၄။ တစ်သောင်း တစ်ထောင်သော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော မဏ္ဍသင်္ချေ။

၅။ နှစ်သောင်းသော ဘုရားရှင် တို့၏ ပွင့်ရာ ဖြစ်သော ဓရဏီသင်္ချေ။

၆။ သုံးသောင်းသော ဘုရားရှင် တို့၏ ပွင့်ရာဖြစ်သော သာဂရ သင်္ချေ။

၇။ လေးသောင်းသော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော ပုဏ္ဍရီကသင်္ချေ။

ဤသို့ တစ်သိန်း နှစ်သောင်း ငါးထောင်သော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော ခုနစ်သင်္ချေ ကာလပတ်လုံး စိတ်ဖြင့်သာ ဆုတောင်း၍ ပါရမီဖြည့်တော်မူသည်။ ထို့နောက်-

၁။ ပေါရာဏ သကျမုနိ အစရှိသော ငါးထောင်သော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော သဗ္ဗဘဒ္ဒသင်္ချေ,

၂။ ခြောက်သောင်းသော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော သဗ္ဗလုလ္လ သင်္ချေ,

၃။ ခုနစ်သောင်းသော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော သဗ္ဗရတနာ သင်္ချေ,

၄။ ရှစ်သောင်းသော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော ဉသဘက္ခန္ဓ သင်္ချေ,

၅။ ကိုးသောင်းသော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော မာနိဘဒ္ဒ သင်္ချေ,

၆။ နှစ်သောင်းသော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော ပဒုမ သင်္ချေ,

၇။ တစ်သောင်းသော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော ဉသဘ သင်္ချေ,

၈။ ငါးထောင်သော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော ခန္ဓုတ္တမ သင်္ချေ,

၉။ ကိုးထောင်သော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော သဗ္ဗပါလ သင်္ချေ,

ဤသို့ သုံးသိန်း လေးသောင်း နှစ်ထောင် ကုန်သော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော ကိုးသင်္ချေ ကာလပတ်လုံး နှုတ်ဖြင့်သာ ဆုတောင်း၍ ပါရမီဖြည့်တော်မူသည်။ ။ ဤသို့လျှင် ငါတို့ဘုရားလောင်းသည် နိယတဗျာဒိတ်မရမီ ရှေးအဖို့၌ တစ်ဆယ့်ခြောက် သင်္ချေ ကာလပတ်လုံး ပါရမီဖြည့်တော်မူရသည် ဟူလိုသည်။ ။

www.dhammaransi.com



ငါတို့ဘုရားလောင်းကိုမှတ်၍ ဆိုသော်လည်း အလုံးစုံသော ဘုရားလောင်းတို့မှာပင် ထိုအတူ ယူသင့်ပြန်လေသောကြောင့် ထိုကျမ်းတို့၏ အလိုအားဖြင့် အလုံးစုံသော သဗ္ဗညုဘုရားလောင်းတို့အား ဗျာဒိတ်မခံမီရှေးအဖို့၌ စိတ်ဖြင့်သာ ဆုတောင်း၍ ခုနစ်သင်္ချေနှုတ်ဖြင့်သာ ဆုတောင်း၍ ကိုးသင်္ချေ အားဖြင့် တဆယ့်ခြောက်သင်္ချေ ကာလပတ်လုံး ဖြည့်ကျင့်ရခြင်းသည် ဓမ္မတာပေဟု မှတ်အပ်၏၊ ဤသည်လည်း တစ်ရပ်။

## မဟာမင်္ဂလသံယုတ်ဋီကာ ကျမ်း၌ကား

စတ္တာရိ အဋ္ဌ သောဠသဝါ အသင်္ချေယျာနီတိ ဣဒံ မဟာဗောဓိသတ္တာနံ သန္တာနေ ဗောဓိပရိပါက ဓမ္မာနံ တိက္ခမဇ္ဈိမ မုဒုဘာဝသိဒ္ဓကာလဝိသေသဒဿနံ၊ နစ ခေါ မဟာဘိနီဟာရတော ပဋ္ဌာယာတိ ဝဒန္တိ။

ဟူ၍ အာစရိယဝါဒကိုပြလျက်လာသည်။

## အာစရိယဝါဒ၏အဓိပ္ပါယ်ကား

ကမ္ဘာ တစ်သိန်း အလွန်ရှိသော လေးသင်္ချေ ရှစ်သင်္ချေ တစ်ဆယ့်ခြောက် သင်္ချေဟူသော ကာလအထူးအပြားသည် ဗျာဒိတ်ခံပြီးသည်နောက်မှ ပညာဓိက သဒ္ဓါဓိက ဝီရိယဓိက ဘုရားလောင်းတို့၏ ပါရမီရင့်ရာ ကာလကို ဝေဖန်၍ ထားအပ်သော ကာလအထူးအပြား မဟုတ်၊ ဧကန်စင်စစ်အားဖြင့်ကား ခပ်သိမ်းသော ဘုရားလောင်းတို့သည်ပင် ရှေးဦးစွာ မုဒုပုဂ္ဂိုလ်၏ အဖြစ်ဖြင့် တဆယ့်ခြောက်သင်္ချေ၊ မဇ္ဈိမပုဂ္ဂိုလ်တို့၏ အဖြစ်ဖြင့် ရှစ်သင်္ချေ၊ တိက္ခ ပုဂ္ဂိုလ်တို့၏ အဖြစ်ဖြင့် လေးသင်္ချေ ကာလပတ်လုံးပါရမီဖြည့်ပြီးမှ ပွင့်ကြကုန်မြဲ ဓမ္မတာဖြစ်သည်၊ ထို့ကြောင့် ကမ္ဘာ တစ်သိန်း အလွန်ရှိသော လေးသင်္ချေ ဟူသော ကာလ၊ ရှစ်သင်္ချေ ဟူသော ကာလ၊ တဆယ့်ခြောက်သင်္ချေဟူသော ကာလသည် တစ်ဆူသော ဘုရားလောင်း၏ပါရမီတရား တို့၏ တိက္ခဘာဝ မဇ္ဈိမတာဝ မုဒုတာဝ၏ ပြီးရာကာလ အထူးအပြားသာ ဖြစ်သည် ဟူလို၏။ ။ ထိုဆရာတို့၏ အလိုအားဖြင့် ဘုရားဟူက နှစ်ဆယ့်ရှစ်သင်္ချေချည်း ပါရမီဖြည့်ကြမြဲ၊ ထိုနှစ်ဆယ့် ရှစ်သင်္ချေတွင် တိက္ခပုဂ္ဂိုလ်အဖြစ်သို့ ရောက်မှသာ နိယတ ဗျာဒိတ်ကို ရသင့်လေ ရကား နိယတ ဗျာဒိတ်မခံမီ ရှေးအဖို့၌ မုဒုပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ဖြည့်ရာ တစ်ဆယ့်ခြောက်သင်္ချေ၊ မဇ္ဈိ ပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ဖြည့်ရာ ရှစ်သင်္ချေ၊ ဤနှစ်ဆယ့်လေးသင်္ချေကာလပတ်လုံး ဖြည့်ကျင့်ရခြင်းသည် ဓမ္မတာပေဟုမှတ်အပ်၏။ ဤသည်လည်း တစ်ရပ်။

www.dhammaransi.com



ဥဒုမ္ဗရိကပုပ္ဖံ၀၊ စန္ဒမှိ သသကံ ယထာ။
ဝါယသာနံ ယထာခီရံ၊ ဒုလ္လဘံ လောကနာယကံ။

ဟူသောထေရအပဒါန်ပါဠိတော် ဇက္ကူနပညာသဝဂ် ဒုတိယ အပဒါန်လာ ဂါထာအဖွင့် အပဒါန် အဋ္ဌကထာ၌-

"စတုအသင်္ချေယျ သောဠသအသင်္ချေယျ အဋ္ဌာရသအသင်္ချေယျ ကပ္ပသတသဟဿံ ပါရမိယော ပူရေတွာ ဗုဒ္ဓဘာဝတော ဒုလ္လဘံ လောကနာယကန္တိ သမ္ဗန္ဓော"။

ဟူ၍ လေးသင်္ချေ တစ်ဆယ့်ခြောက်သင်္ချေ တစ်ဆယ့်ရှစ်သင်္ချေ ဟူသော ကာလ အထူးအပြားကို ဆိုပြန်သည်။ ။ထိုဆိုသော ကာလအထူးအပြားကို ယခင်မဟာဝဂ္ဂသံယုတ်ဋီကာလာ အာစရိယဝါဒနှင့် ယှဉ်ဘက်၍ ယူသော်ဘုရားဟူက သုံးဆယ့်ရှစ်သင်္ချေသင်္ချေစီချည်း ပါရမီဖြည့်ကြမြဲ။ ထိုသုံးဆယ့်ရှစ်သင်္ချေတွင် တိက္ခပုဂ္ဂိုလ်၏ အဖြစ်သို့ ရောက်မှသာ နိယတ ဗျာဒိတ်ကို ရသင့်လေရကား နိယတဗျာဒိတ်မခံမီ ရှေးအဖို့၌ မုဒုပုဂ္ဂိုလ်၏ အဖြစ်ဖြင့်ဖြည့်ရာတစ်ဆယ့်ရှစ်သင်္ချေ၊ မဇ္ဈိမပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ဖြည့်ရာ တစ်ဆယ့်ခြောက်သင်္ချေ၊ ဤသို့သုံးဆယ့်လေးသင်္ချေ ကာလပတ်လုံး ဖြည့်ကျင့်ရခြင်းသည်ဓမ္မတာပေဟု မှတ်အပ်၏။ ။ ယူရိုး ယူစဉ်အားဖြင့် ယှဉ်သော် လေးသင်္ချေနှင့် ပညာဓိက၊ တစ်ခြောက်သင်္ချေနှင့် သဒ္ဓါဓိက၊ တစ်ဆယ့်ရှစ်သင်္ချေနှင့် ဝီရိယာဓိက ယှဉ်လေ။ ။ အနာဂတဝင် အဋ္ဌကထာ၌ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသော အရိမေတ္တေယျ ဘုရားကို သဒ္ဓါဓိကဘုရားဟု ဆိုသည့်စကားနှင့်ဤအပါဒါန် အဋ္ဌကထာ စကားညီသကဲ့သို့ ရှိ၏။ ဤသည်လည်းတစ်ရပ်။

## အပဒါန်ပါဠိတော် ဗုဒ္ဓအပဒါန်၌

အတံပိ ပုဗ္ဗဗုဒ္ဓေသု၊ သမ္ဗောဓိမဘိပတ္ထယိံ။
မနသာယေဝ ဟုတွာန၊ ဓမ္မရာဇာ အသင်္ချိယာ။

ဟူ၍ ဟောတော်မူ၏။

အနန္တ၊ အာနန္ဒ။ အဟံပိ၊ ငါဘုရားသည်လည်း။ ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ (ထည့်)။ ဟုတွာန၊ ဖြစ်၍။ ပုဗ္ဗဗုဒ္ဓေသု၊ ရှေးရှေးသော နောင်တော်ဘုရားတို့၌။ မနသာယေဝ၊ ကိုယ်နှုတ် မဘက် စိတ်သက်သက်ဖြင့်သာလျှင်။ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်ကို။ အဘိပတ္ထယိံ၊ တောင်းဖူးပြီ။ ဓမ္မရာဇာ၊ စိတ်သက်သက်သာ

www.dhammaransi.com



ဆုတောင်းရာ ဖြစ်ကုန်သော သဗ္ဗညုဘုရားတို့သည်ကား။ အသင်္ချေ၊ ရေတွက်ခြင်းငှာ မတတ်ကောင်းကုန်။

(ပါဠိတော် အနက်)

အဋ္ဌကထာ အဖွင့်မရှိ။ ။ဤပါဠိတော်ကို ထောက်သော် စိတ်ဖြင့် ဆုတောင်းရာ ဘုရားပေါင်းသည် အသင်္ချေရှိသည် ဟူရကား ထိုဘုရားအသင်္ချေနှင့် သင့်လျော်အောင် ကမ္ဘာကို ပိုင်းခြားမှန်းထားရမှု အလွန်ပင်များပြားဖွယ်ရှိ၏။ ထိုစကားမှန်၏၊ သောတတ္တကီ စသော ဂန္ထန္တရကျမ်းများ၌ ပြအပ်သော သင်္ချေ နှစ်ဆယ်အတွင်းတွင် ဘုရားပေါင်းကားဖြပ္ပဒေဝ ဘုရားမှစ၍ ကဿပ ဘုရားတိုင် ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ်ခြောက်ဆူသာရှိသည်၊ သင်္ချေနှစ်ဆယ်ကို ဆယ်ပြန်ပင်သော်လည်း ဘုရားအသင်္ချေ ရမည်ခဲလှ၏။ ။ထို့ကြောင့် နိယတဗျာဒိတ် မခံမီ ရှေးအဖို့၌ ပါရမီဖြည့်ရာ ကာလအပိုင်းအခြားကို အသင်္ချေ မည်မျှဟု ပိုင်းခြားငှာ မတတ်ကောင်းဟု မှတ်အပ်၏။

အဆမတန် များလွန်းလှသည် ဟူပြောအံ့။ ။ယသောဓရာ ထေရီ အလောင်းသည် ဖြပ္ပဒေဝဘုရား ပေါရာဏဂေါတမ ဘုရားများကို အမည်နာမ ထုတ်ဖော်၍ ကုဋေနှစ်သိန်း တစ်သောင်းနှစ်ထောင် တစ်ရာ့ခုနစ်ဆယ့်ကိုးဆူမျှသော သဗ္ဗညု ဘုရားတို့ထံ ငါတို့ဘုရား၏ မြောက်သားတော်ဖြစ်၍ မင်္ဂဖိုလ်ကိုယူခြင်းငှာ ပါရမီဖြည့်ပြီးမှ ဒီပင်္ကရာ ဘုရားလက်ထက်၌ သုမိတ္တာမည်သော ပုဏ္ဏားသမီးပျိုဖြစ်၍ ဗျာဒိတ်ပွဲသို့ လာရာတွင် အလောင်းတော် သုမေဓာ၏ တင့်တယ်ခြင်းကိုမြင်လျှင် ဒီပင်္ကရာ မြတ်စွာဘုရားပူဇော်ရန် ယူခဲ့သော ကြာလက်ရှစ်စုံမှ ငါးစုံသော ကြာလက်ကို အလောင်းတော်အား ပူဇော်၍ ကြွင်းသော ကြာလက်သုံးစုံကို ဒီပင်္ကရာ မြတ်စွာ ဘုရားအား ပူဇော်ပြီးလျှင် အလောင်းတော် သုမေဓာ၏ အလုပ်အကျွေး ဗျာဒိတ်ကို ခံယူရကြောင်း, ထို့အတူ သုမိတ္တာသို့ အတုလိုက်၍ တစ်သောင်းသော သမီးပျိုတို့ သည်လည်း အလုပ်အကျွေး ဆုကိုခံယူ၍ သာကီဝင် မင်းသမီးဖြစ်လာကြောင်း, ယသောဓရာထေရီအတူ တစ်သောင်းရှစ်ထောင်သော သာကီနွယ်ဝင် ထေရီတို့ သည်လည်း ဖြပ္ပဒေဝဘုရား ပေါရာဏဂေါတမဘုရားတို့ကို အရင်းပြု၍ ဆိုအပ်ခဲ့ပြီး သော ဘုရားတို့ထံ ငါတို့ဘုရား၏ ခြေရင်း အလုပ်အကျွေးဖြစ်၍ မင်္ဂဖိုလ်ကို ယူလို ကြောင်းနှင့် ဆုတောင်း ပတ္ထနာပြု၍ ပါရမီဖြည့်ပြီးမှ ဒီပင်္ကရာဘုရား လက်ထက်တော်တွင် ပုဏ္ဏား သမီးပျိုဖြစ်၍ ဗျာဒိတ်ပွဲသို့ လာရာ အထူးထူးသော ပန်းတို့ဖြင့် ပူဇော်၍ သုမိတ္တာအတူ ဗျာဒိတ်ခံပြီးလျှင် အဆုံးဘဝ၌ သာကီဝင်မျိုး အလုပ်အကျွေးဖြစ်၍ မင်္ဂဖိုလ်ရကြောင်းကို ထေရီအပဒါန်ပါဠိ၌ လာသည်။

ထို့ကြောင့် ဘုရား၏ အလုပ်အကျွေးဖြစ်ကုန်သော ယသောဓရာ ထေရီမှူး ရှိသော ထေရီ, တစ်သောင်းရှစ်ထောင်သော ထေရီတို့သည်ပင် ကုဋေနှစ်သိန်း

www.dhammaransi.com



တစ်သောင်းနှစ်ထောင် တစ်ရာခုနစ်ဆယ့်ကိုးဆူမျှသော သဗ္ဗညုဘုရားတို့ကို ပါရမီဖြည့်စဉ် ဖူးမြင် လျှုဒါန်းရကြောင်းကို လာလျက်ရှိသောကြောင့် 'ဓမ္မရာဇာ အသင်္ချေယျာ' ဟူသော စကားကိုများ၊လွန်းလှသည်ဟု မကြံအပ်။ ။ဤဆိုအပ်ခဲ့ပြီးသော ပါဠိ၌လည်း "မနသာယေဝဟုတ္ပာန" ဟူ၍ ပါလျက်ရှိသောကြောင့် 'ဓမ္မရာဇာအသင်္ချေယျာ' ဟူသော စကားသည် ကိုယ်နှုတ်မဖက် စိတ်သက်သက်ဖြင့်သာ ဆုတောင်း၍ ပါရမီဖြည့်စဉ်အခါ ၌ ဖူးမြင် တွေ့ကြုံခဲ့ရသော ဘုရားပေါင်း အရေအတွက်မျှ သာရှိသည်၊ နှုတ်ဖြင့် ဆုတောင်းရာ ဘုရားပေါင်း, ကိုယ်နှုတ်တို့ဖြင့် ဆုတောင်းရာ ဘုရားပေါင်း မပါလေသေး။

(စိတ်ဖြင့်သာ ဆုတောင်းခြင်း, နှုတ်ဖြင့် ဆုတောင်းခြင်း, ကိုယ်နှုတ်တို့ဖြင့် ဆုတောင်းခြင်း, အစဉ် ထင်ရှားရှိသည်ကိုလည်း နောက်၌ပေါ်လတ္တံ့။)

ယသောဓရာထေရီ ပါရမီဖြည့်စဉ် တွေ့ကြုံ ဖူးမြင်လှူဒါန်းရာ အလှူခံဘုရား အရေအတွက် ပစ္စေကဗုဒ္ဓါ အရေအတွက် သင်္ချာများသည် ထေရီအပဒါန်ပါဠိ၌ပင် တစ်စောင်နှင့်တစ်စောင် မညီမညွတ်ရှိကြသည်။ ။ ရဟန္တာအရေအတွက်မှာ အသင်္ချေ အရေအတွက်ညီကြ၏။

မဟာသင်္ဂဏကျမ်း၌ကား

ဒီဏာသဝါအသင်္ချေယျာ၊
ပစ္စေကာ စတုသဋ္ဌိ ကောဋိယော။
သမ္မာ သမ္ဗုဒ္ဓါ ဒွိလက္ခံ၊
ဆ နဟုတဥ္စ တိသတံ။
အသီတိ သတ္တ ကောဋိယော။

ဟူ၍ လာ၏။ ။ ရဟန္တာပေါင်းအသင်္ချေ, ပစ္စေကဗုဒ္ဓါပေါင်း ခြောက်ဆယ့်လေးကုဋေ, ဘုရားပေါင်း ဗုဒ္ဓနှစ်သိန်း ခြောက်သောင်း သုံးရာရှစ်ဆယ့် ခုနစ်ကုဋေ ဟူလိုသည်။ ။ဤသည်လည်း တစ်ရပ်။

ဤသို့လျှင် ဗျာဒိတ်မခံမီ ရှေးအဖို့၌ ပါရမီဖြည့်ရာ ကာလအပိုင်းအခြားကို မေးရာ-

၁။ အနာဂတဝင် အဋ္ဌကထာ ပဋိသမ္ဘိဒါမဂ်ပဏ္ဍိပုဒ် ဆရာတို့အလိုဖြင့် ဘဝပေါင်း ခြောက်ထောင်ငါးရာနှင့် ကမ္ဘာတစ်သိန်းတစ်ရပ်,

၂။ သောတတ္တကီ စသော ကျမ်းတို့ အလိုအားဖြင့် ကမ္ဘာပေါင်း တစ်ဆယ့်ခြောက်သင်္ချေတစ်ရပ်,

www.dhammaransi.com



၃။ မဟာဝဂ္ဂသံယုတ် ဋီကာလာ အာစရိယ ဝါဒအလိုအားဖြင့် ကမ္ဘာပေါင်း နှစ်ဆယ့်လေးသင်္ချေတစ်ရပ်,

၄။ အပဒါန် အဋ္ဌကထာနှင့်တွဲဖက်၍ ယူအပ်သော ၎င်းအာစရိယ ဝါဒအလိုအားဖြင့် ကမ္ဘာပေါင်း သုံးဆယ့်လေးအသင်္ချေ တစ်ရပ်,

၅။ အပဒါန် ပါဠိတော်အရ အားဖြင့် ဝိုင်းခြားခြင်းငှာပင် မတတ်ကောင်း အောင် များရာသည်တစ်ရပ်,

ဤသို့ ငါးထွေ ငါးရပ် ထူးပြား ကွဲလွဲ ရှိကြသည်တွင် ပဌမဖြစ်သော ပါဠိတော် အရသည်သာလျှင် ဗလဝတရ ဖြစ်သည်ဟု မှတ်အပ်၏။ ။စုံစမ်းကြပါရန်။

(ပစ္စကဗုဒ္ဓါ သာဝကတို့မှာ ဗျာဒိတ်မရမီ ရှေးအဖို့၌ ပါရမီဖြည့်ရာ ကာလ အပိုင်းအခြားကို အဆို ကျမ်းဂန် တိုက်ရိုက်မလာ။)

ယုတ္တိအားဖြင့် ထောက်ထားချင့်ချိန်ရန်ကား "တဒါဒီပင်္ကရော ဗုဒ္ဓါ၊ သုမေဓံ ဗျာကရိ ဇိနော အစရှိသည်ဖြင့် ဓမ္မရုစိထေရအပဒါန်၌ ဓမ္မရုစိထေရ်သည် ဒီပင်္ကရာ ဗျာဒိတ် ကြားသည်ကို မြင်၍ အရှင်သုမေဓာအား ချီးမွမ်းထောမနာခြင်း ကုသိုလ်ကို အရင်းပြု၍ ယခု ငါတို့ဘုရားလက်ထက်မဂ်ဖိုလ်ရ၍ ဓမ္မရုစိထေရ်ဟု ထင်ရှားစွာ ဖြစ်ကြောင်းကို လာသည်။ ။ နိသေဏီဒါယကထေရ အပဒါန်၌ ဤနိသေဏိ ဒါယကထေရ်သည် ဤကမ္ဘာမှ ပြန်၍ရေသော် သုံးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက် ပွင့်သော ကောဏ္ဍညဘုရား အား လှေကားလှူသော ကုသိုလ်ကို အရင်းပြု၍ ငါတို့ ဘုရားလက်ထက်မဂ်ဖိုလ် ရကြောင်းကို လာသည်။ ။ ဤသို့သော အရာများကို ထောက်၍ ပကတိသာဝက ဖြစ်ကုန်သော ထိုထေရ်တို့ စဉ်လျက် လေးသင်္ချေ, သုံးသင်္ချေ ထက်က ပါရမီအခြေပြု၍ လာကြကုန်ချေသေး၏၊ မဟာသာဝက အဂ္ဂသာဝက ပစ္စေကဗုဒ္ဓတို့မှာမူကား ဆိုရန် မရှိ၊ ထို့ထက် အလွန် ရှေးသော ကာလကသာ လာကုန်ရာသည်ဟု ယူဖွယ်ရှိသည်။ ယသောဝရာ အမျိုးရှိသော နှစ်သောင်းရှစ်ထောင်သော ထေရီတို့မှာမူကား "တုယှတ္ထာယ မဟာမုနေ" ဟူ၍ ထိုထေရီတို့ အဆိုစကား၌ ပါခြင်းကြောင့် ထိုထေရီ တို့သည် ငါတို့ မြတ်စွာဘုရားအလောင်း၏ အလုပ်ကျွေးဖြစ်ခြင်း၌ မြဲစွာ ဖွဲ့အပ်ကုန်သော ပတ္ထနာ ရှိကြကုန်သည်ဖြစ်၍ ပါရမီရင့်၍ ကျွတ်ခွင့်တိုင်ကုန်ငြား သော်လည်း ငါတို့ဘုရားကို ငံ့လင့် စောင့်ဆိုင်းကာ နေရကုန် သည်ဟု တွေးဆဖွယ်ရှိ၏။

**စတုတ္ထပုစ္ဆာအဖြေ ပြီး၏**

www.dhammaransi.com

# ၅။ ပဥ္စမပုစ္ဆာအဖြေ

၁။ ဘုရားတို့မှာ ဗျာဒိတ်ရကြောင်း အင်္ဂါရှစ်ပါး

၂။ ပစ္စေက ဗုဒ္ဓါတို့မှာ ဗျာဒိတ်ရကြောင်း အင်္ဂါငါးပါး,

၃။ အဂ္ဂသာဝက မဟာသာဝက မယ်တော် ခမည်းတော် သားတော် အလုပ်ကျွေး ရဟန်းများမှာ ဗျာဒိတ်ရကြောင်း အင်္ဂါနှစ်ပါး,

ဤသို့ အင်္ဂါနိယမ၏ သာမတ္ထိယအားဖြင့် လည်းကောင်း, ပါရမီရင့်ရာ ကာလနိယမ၏ သာမတ္ထိယအားဖြင့်လည်းကောင်း ဘုရား ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝကတို့သည် ဗျာဒိတ်မရဘဲ အကျွတ်တရားကို ယူရိုး မရှိ ကုန်ဟု သိအပ်၏၊ ပကတိသာဝကတို့မှာကား အဓိမုတ္တက စသော ထေရ်များကဲ့သို့ အချို့ ဗျာဒိတ်ရ သည်လည်း ရှိကုန်၏၊ ဂိရိမာနန္ဒ စသော ထေရ်များ ကဲ့သို့ အချို့ ဗျာဒိတ်မရသည်လည်း ရှိကုန်၏ဟု မှတ်အပ်၏၊ ပကတိသာဝက အပါအဝင်ဖြစ်ကုန်လျက် ဗျာဒိတ်ရကုန်သည် ကား အများပင်ရှိကုန်သည်၊ အကျယ်မှာ ထေရအပဒါန် ထေရီအပဒါန်များ၌ ယူလေ။

**ပဥ္စမပုစ္ဆာအဖြေပြီး၏**

www.dhammaransi.com

# ၆။ ဆဋ္ဌမပုစ္ဆာအဖြေ

ပစ္စယလေးပါး, ဟေတုလေးပါး, ဗလလေးပါး, လိင်္ဂသုံးပါး တည်းဟူသော အဆောက်အဦတို့ဖြင့် ရအပ်သော ဗျာဒိတ်ရှိကုန်သော သဗ္ဗညုဘုရားလောင်းတို့သည် တစ်ပါးသော ဗောဓိများကို အိပ်မက်မှာမှ ယူလိုသော စိတ်မဖြစ်ကုန်ဟု မှတ်အပ်၏။

ထို့ကြောင့် စရိယပိဋက အဋ္ဌကထာ၌-

ယဿစ ဥပ္ပတ္တိယာ သဟေဝ မဟာပုရိသော မဟာဗောဓိယာနံ ပဋိပတ္တိံ ဩက္ကန္တော နာမ ဟောတိ။ နိယတဘာဝသမဓိဂမနတော။ တတော အနိဝတ္တနသဘာဝတ္တာ ဗောဓိသတ္တောတိ သမညံ ပဋိလဘတိ။

ဟူ၍ မိန့်အပ်ပြီ။

ယဿစ၊ အကြင်မြတ်သော ဆုတောင်းခြင်းဟု ဆိုအပ်သော မဟာဘိနီဟာရ ၏လည်း။ ဥပ္ပတ္တိယာ၊ ဖြစ်သည်နှင့်။ သဟေဝ၊ တစ်ပြိုင်နက်သာလျှင်။ မဟာပုရိသော၊ ယောက်ျားမြတ်သည်။ မဟာဗောဓိယာနံ၊ သဗ္ဗညု ဘုရားလောင်းတို့၏။ ပဋိပတ္တိံ၊ အကျင့်သို့။ ဩက္ကန္တောနာမ၊ သက်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ၊ နိယတသဘာဝ သမဓိဂမနတော၊ မချွတ်မလွဲ မြဲသော သဘောကို ရခြင်းကြောင့်တည်း။ တတော၊ ထို မဟာဗောဓိအကျင့်မှ။ အနိဝတ္တန သဘာဝတ္တာ၊ မဆုတ်နစ်ခြင်း သဘောရှိသည်၏ အဖြစ်ကြောင့်ပင်။ ဗောဓိသတ္တောတိ သမညံ၊ ဗောဓိသတ္တဟူသောအမည်ကို။ ပဋိလဘတိ၊ ရတော်မူ၏။

အဋ္ဌကထာအနက်။

ဤအဋ္ဌကထာဖြင့် တစ်ပါးသော ဗောဓိကို ယူလိုသော်လည်း မရကောင်းသည်ကိုသာ သိအပ်သည်၊ ယူလိုသော စိတ်မျှ မဖြစ်ဟူသော အနက်ကို မသိအပ်သေးဟူပြောအံ့။

www.dhammaransi.com



> ဗောဓိသတ္တာ ဟိ ဗုဒ္ဓါနံ သမ္မုခေ ပဗ္ဗဇန္တိ၊ ပဗ္ဗဇိတွာ စ ပန ဣတရသတ္တာ ဝိယ ပတိတသိင်္ဂါ န ဟောန္တိ၊ စတုပါရိသုဒ္ဓိသီလေသု ပန ပတိဋ္ဌာယ တေပိဋကံ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိတွာ တေရသဓုတင်္ဂါနိ သမာဒါယ အရညံ ပဝိသိတွာ ဂတပစ္စာဂတဝတ္တံ ပူရယမာနာ သမဏဓမ္မံ ကရောန္တာ ဝိပဿနံ ဝဍ္ဎေတွာ ယာဝအနုလောမညာဏံ အာဟစ္စ တိဋ္ဌန္တိ၊ မဂ္ဂဖလတ္ထံ ဝါယာမံ ကရောန္တိ။

ဟူသော ယဋိကာရသုတ် အဋ္ဌကထာများကို ထောက်၍ တစ်ပါးသော ဗောဓိများကို ယူလိုသောစိတ်မျှ မဖြစ်ဟု ယုံကြည်အပ်၏။

ဟိသစ္စံ၊ မှန်၏။ ဗောဓိသတ္တာ၊ ဘုရားလောင်းတို့သည်၊ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ သမ္မုခေ၊ မျက်မှောက်တော်၌။ ပဗ္ဗဇန္တိ၊ ရှင်ရဟန်းပြုကြကုန်၏။ ပဗ္ဗဇိတွာ စ ပန၊ ရှင်ရဟန်းပြုကုန်ပြီးသည်ရှိသော်ကား။ ဣတရသတ္တာဝိယ၊ တစ်ပါးသော သတ္တဝါတို့ကဲ့သို့။ ပတိတသိင်္ဂါ၊ ချအပ်သော လုံ့လဝီရိယဥဿာဟ တည်းဟူသော ဦးချိုရှိကြကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ပန၊ စင်စစ်သော်ကား။ စတုပါရိသုဒ္ဓိသီလေသု၊ စတုပါရိသုဒ္ဓိသီလတို့၌။ ပတိဋ္ဌာယ၊ တည်ကုန်၍။ တေပိဋကံ၊ ပိဋကတ်သုံးပုံဟု ဆိုအပ်သော။ ဗုဒ္ဓဝစနံ၊ ဘုရားပါဠိတော်ကို။ ဥဂ္ဂဏှိတွာ၊ သင်ကြားကုန်၍။ တေရသဓုတင်္ဂါနိ၊ တစ်ဆယ့်သုံးပါးသော ဓုတင်တို့ကို။ သမာဒါယ၊ ဆောက်တည်ကုန်၍။ အရညံ၊ တောကျောင်းသို့။ ပဝိသိတွာ၊ ဝင်ကြကုန်၍။ ဂတပစ္စာဂတဝတ္တံ၊ ဂတ ပစ္စာဂတ ကျင့်ဝတ်ကို။ ပူရယမာနာ၊ ဖြည့်ကျင့်ကုန်လျက်။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောန္တာ၊ ပြုကုန်လျက်။ ဝိပဿနံ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို။ ဝဍ္ဎေတွာ၊ ပွားကုန်၍။ ယာဝအနုလောမညာဏံ၊ သစ္စာနုလောမညာဏ် တိုင်အောင်။ အာဟစ္စ၊ ဆိုက်၍။ တိဋ္ဌန္တိ၊ ရပ်တန့်ကြကုန်၏။ မဂ္ဂဖလတ္ထံ၊ မဂ်ဖိုလ် အကျိုးငှာ။ ဝါယာမံ၊ လုံ့လကို။ နကရောန္တိ၊ မပြုကြကုန်။

ပဏ္ဏာသ အဋ္ဌကထာ ပုဂ္ဂလပညတ် အဋ္ဌကထာများ၌ကား-

> တတော ပုရိမပုရိမေသု ပန ဘဝေသု သဗ္ဗညုဗောဓိသတ္တာ ဗုဒ္ဓသာသနေ ပဗ္ဗဇိတွာ တီဏိပိဋကာနိ ဥဂ္ဂဟေတွာ ဂတပစ္စာဂတဝတ္တံ အာရုယှကမ္မဋ္ဌာနံ အနုလောမဂေါတြဘုံ အာဟစ္စ ထပေန္တိ။

ဟူ၍လာသည်။

တတော၊ ထိုပစ္ဆိမဘဝမှ။ ပုရိမပုရိမေသု၊ ရှေးရှေး ဖြစ်ကုန်သော။ ဘဝေသု၊ ဘဝတို့၌။ သဗ္ဗညုဗောဓိသတ္တာ၊ သဗ္ဗညုဘုရားလောင်းတို့သည်။ ဗုဒ္ဓသာသနေ၊

www.dhammaransi.com



ဘုရားသာသနာများ၌။ တိဏ်ပိဋကာနိ၊ ပိဋကတ်သုံးပုံတို့ကို။ ဥဂ္ဂဟေတွာ၊ သင်၍။ ဂတပစ္စာဂတဝတ္တံ၊ ဂတပစ္စာဂတဝတ်သို့။ အာရုယှ၊ တက်၍။ ကမ္မဋ္ဌာနံ ကမ္မဋ္ဌာန်းကို။ အနုလောမဂေါတြဘုံ၊ အနုလောမဉာဏ်ဂေါတြဘူဉာဏ်သို့။ အာဟစ္စ၊ ဆိုက်၍။ ထပေန္တိ၊ တန့်ရပ်စေကြကုန်၏။

(အဋ္ဌကထာအနက်)

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ကား-

အနုလောမဂေါတြဘုသမီပံ။

ဟူ၍ပင်လာ၏။

သုံးပါးစုံ၌ပင် အနုလောမဉာဏ် အနီးအပါး ဂေါတြဘူဉာဏ် အနီးအပါးဖြစ်သော သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်ရောက်သည်ကိုယူလေ။

ထို့ကြောင့် ဇိနာလင်္ကာရဋီကာ၌-

ဥဒယဗ္ဗယာနုပဿနာဉာဏံ ဘင်္ဂါနုပဿနာဉာဏံ ကာယာနုပဿနာ ဉာဏံ အာဒီနဝါနုပဿနာဉာဏံ နိဗ္ဗိဒါနုပဿနာဉာဏံ မုစ္စိတုကမျတာဉာဏံ ပဋိသင်္ခါနုပဿနာဉာဏံ သင်္ခါရုပေက္ခာဉာဏန္တိ ဣမာနိ အဋ္ဌဉာဏာနိ ပါပုဏိ၊ တာနိ ပန အဋ္ဌဉာဏာနိ တေန ပုဗ္ဗဗုဒ္ဓါနံ သန္တိကေ ပဗ္ဗဇိတွာ ပိဋကတ္တယံ ဥဂ္ဂဟေတွာ ဝိပဿနာမဂ္ဂံ ဩဂါဟေတွာ ပဋိလဒ္ဓါနိ ဘာဝိတာနိ ကုဋိယဗ္ဘန္တရေ ဇလမာနပဒီပံ ဝိယ ဌိတာနိ အဟောသုံ၊ တသ္မာ ခိပ္ပမေဝ အာဂတာနိ နဝမံ သစ္စာနုလောမိက မေဝ အပဋိလဒ္ဓပုဗ္ဗံ ဌိတံ။

ဟု မိန့်အပ်ပြီ။

ဥဒယဗ္ဗယာနုပဿနာဉာဏံ၊ ဥဒယဗ္ဗယာ နုပဿနာဉာဏ် လည်းကောင်း။ ဘင်္ဂါနုပဿနာဉာဏံ၊ ဘင်္ဂါနုပဿနာဉာဏ်လည်းကောင်း။ ဘယာနုပဿနာဉာဏံ၊ ဘယာနုပဿနာဉာဏ် လည်းကောင်း။ အာဒီနာ ဝါနုပဿနာဉာဏံ၊ အာဒီနာဝါနုပဿနာဉာဏ် လည်းကောင်း။ နိဗ္ဗိဒါနုပဿနာဉာဏံ၊ နိဗ္ဗိဒါနုပဿနာဉာဏ် လည်းကောင်း။ မုစ္စိတုကမျတာဉာဏံ၊ မုစ္စိတုကမျတာဉာဏ် လည်းကောင်း။ ပဋိသင်္ခါနုပဿနာဉာဏံ၊ ပဋိသင်္ခါနုပဿနာဉာဏ် လည်းကောင်း။ သင်္ခါရုပေက္ခာဉာဏံ၊ သင်္ခါရုပေက္ခာဉာဏ်လည်းကောင်း။ ဣတိဣမာနိအဋ္ဌ ဉာဏာနိ၊ ဤရှစ်ပါးသော ဉာဏ်တို့သို့။ ပါပုဏိ၊ ရောက်ဖူးလေပြီ။ တာနိပနအဋ္ဌဉာဏာနိ၊ ထိုရှစ်ပါးသောဉာဏ်

www.dhammaransi.com



တို့သည်။ တေန၊ ထိုဘုရားအလောင်းတော်သည်။ ပုဗ္ဗဗုဒ္ဓါနံ၊ ရှေးရှေးသော မြတ်စွာဘုရားတို့၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇိတွာ၊ ရှင်ရဟန်းပြုတော်မူ၍။ ပိဋကတ္တယံ၊ ပိဋကတ်သုံးပုံကို။ ဥဂ္ဂဟေတွာ၊ သင်ကြား၍။ ဝိပဿနာမဂ္ဂံ၊ ဝိပဿနာအစဉ်တည်းဟူသော ခရီးသို့။ ဩဂါဟေတွာ၊ သက်ဝင်၍။ ပဋိလဒ္ဓါနိ၊ ရအပ်ဖူးကုန်သည်။ ဘာဝိတာနိ၊ ပွားစေအပ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ကုဋိယဗ္ဘန္တရေ၊ ကျောင်းခန်းတွင်း၌။ ဇလမာနပဒီပံဝိယ၊ ညှိထွန်း၍ထားအပ်သော ဆီမီးတိုင်ကဲ့သို့။ ဌိတာနိ၊ တည်ကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ အာဂတာနိ၊ ဖြစ်လာကုန်၏။ နဝမံ၊ ကိုးခုမြောက်သော။ သစ္စာ နုလောမိကမေဝ၊ သစ္စာနုလောမိကဉာဏ်တစ်ခုသည်သာလျှင်။ အပ္ပဋိလဒ္ဓပုဗ္ဗံ၊ မရစဘူးသည်။ ဟုတွာ၊ ဖြစ်၍။ ဌိတံ၊ တည်၏။

(ဋီကာဆိုင်းနက်)

ပဋိသမ္ဘိဒါမဂ်၌လည်း-

> အနုလောမ ဂေါတြဘုသမီပဋ္ဌိ အနုလောမဂေါတြဘူနံ သမီပေ အာသန္နေ ပဝတ္တံ သင်္ခါရုပေက္ခံ၊ တဉ္စ န သဗ္ဗန္တိမ ဇဝနဝါရပရိယာ ပန္နံ၊ တမ္ပတ္တဿ အနဝတ္တနတော တေန မန္ဒ တိက္ခ တိက္ခတရ ဝသေန ပဝတ္တံ မုစ္စိတုကမျတာဒိ ဉာဏတ္တယံ ဝုတ္တံ ဟောတိ၊ မန္ဒပညောဟိ တေသု ပထမံ ပတွာ နိဝတ္တတိ တိက္ခပညော ဒုတိယံ, တိက္ခတရပညော တတိယံ ပတွာတိ။

ဟူ၍ မိန့်အပ်၏။

အနုလောမဂေါတြဘုသမီပဋ္ဌိ၊ အနုလောမဂေါတြဘုသမီပံဟူသည်ကား။ အနုလောမဂေါတြဘူနံ၊ အနုလောမဉာဏ် ဂေါတြဘူဉာဏ်တို့၏။ သမီပေအာသန္နေ၊ အနီးအပါး၌။ ပဝတ္တံ၊ ဖြစ်သော။ သင်္ခါရုပေက္ခံ၊ သင်္ခါရုပေက္ခာဉာဏ်သို့။ တဉ္စ၊ ထိုသင်္ခါရုပေက္ခာ ဉာဏ်သည်လည်း။ သဗ္ဗန္တိမဇဝန ဝါရပရိယာပန္နံ အလုံးစုံတို့၏ အဆုံးစွန်ဖြစ်သော ဇောဝါရ၌ အကျုံးဝင်သော သင်္ခါရုပေက္ခာဉာဏ်သည်။ န၊ မဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ တမ္ပတ္တဿ၊ ထိုအဆုံးစွန်သော ဇောဝါရ၌ အကျုံးဝင်သော သင်္ခါရုပေက္ခာဉာဏ်သို့ရောက်သောသူ၏။ အနိဝတ္တနတော၊ ဆုတ်နစ်ခြင်းမရှိသည်၏ အဖြစ်ကြောင့်တည်း။ တသ္မာ၊ ထို့ကြောင့်။ တေန၊ ထိုအဋ္ဌကထာပါဠိဖြင့်၊ မန္ဒတိက္ခတိက္ခတရဝသေန၊ မန္ဒပုဂ္ဂိုလ်, တိက္ခပုဂ္ဂိုလ်, တိက္ခတရ ပုဂ္ဂိုလ်၏ အစွမ်းဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ မုစ္စိတုကမျတာဒိဉာဏတ္တယံ၊ မုစ္စိတုကမျတာ စသော ဉာဏ်သုံးပါးအပေါင်းကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ထိုစကားမှန်၏။ မန္ဒပညော၊ မန္ဒပညာပုဂ္ဂိုလ်သည်။ တေသု၊ ထိုသုံးပါးသော ဉာဏ်တို့တွင်။ ပထမံ၊

www.dhammaransi.com



ရှေးဦးစွာသော မုစ္စိတုကမျှတာဉာဏ်သို့။ ပတ္တာ၊ ရောက်၍။ နိဝတ္တတိ၊ ဆုတ်နစ်၏။ တိက္ခပညော၊ တိက္ခာပညာပုဂ္ဂိုလ်သည်။ ဒုတိယံ၊ နှစ်ခုမြောက်သော ပဋိသင်္ခါဉာဏ်သို့။ ပတ္တာ၊ ရောက်၍။ နိဝတ္တတိ၊ ဆုတ်နစ်၏။ တိက္ခတရပညော၊ တိက္ခာတရပညာ ပုဂ္ဂိုလ်သည်။ တတိယံ၊ သုံးခုမြောက်သော သင်္ခါရုပေက္ခာ ဉာဏ်သို့။ ပတ္တာ ရောက်၍။ နိဝတ္တတိ၊ ဆုတ်နစ်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ဤဂဏ္ဌိပုဒ်စကား၌ ဘုရားလောင်းတို့ကို တိက္ခတရပုဂ္ဂိုလ်၌ သွင်းလေ။ ။ ဤသို့ မဂ်ဖိုလ်ကို ရအောင် အားမထုတ်ကြောင်းကို ဆိုသော စကားများကို ထောက်၍ ဆိုအပ်ခဲ့ပြီးသော အဓိပ္ပာယ်ကို ယုံကြည်အပ်၏။

(ဤကား သဗ္ဗညုဘုရားလောင်းတို့၏ ဗျာဒိတ်ခံပြီးသည်မှ နောက်၌ တစ်ပါးသော ဗောဓိကို တောင်းခြင်း မရှိကြောင်းကို ထောက်ထားသော စကားရပ်တည်း။)

သုညမပ္ပဏိဟိဉ္စ တထာ နိမိတ္တံ၊
အာသေဝယိတ္ဝာ ဇိနသာသနမှိ။

ယေ သာဝကတ္တံ န ဝဇန္တိ ဓီရာ၊
ဘဝန္တိ ပစ္စေကဗုဒ္ဓါ သယမ္ဘူ။

ဟူသော ပစ္စေကဗုဒ္ဓ အပဒါန်ပါဠိ၏ သမတ္ထိယအားဖြင့် ပစ္စေကဗုဒ္ဓါ လောင်းများမှာ တစ်ပါးသော ဗောဓိကို ယူလိုသော စိတ်ဖြစ်သင့်သေးသည်ဟု သိသင့်၏။

သုညဉ္စ၊ သုညတဝိပဿနာကိုလည်းကောင်း။ အပ္ပဏိဟိဉ္စ၊ အပ္ပဏိဟိတ ဝိပဿနာကို လည်းကောင်း။ တထာ၊ ထိုမှတစ်ပါး။ အနိမိတ္တဉ္စ၊ အနိမိတ္တဝိပဿနာကို လည်းကောင်း။ ဇိနသာသနမှိ၊ မြတ်စွာဘုရားတို့၏ သာသနာတော်တွင်း၌။ အာသေဝယိတ္ဝာ၊ အားထုတ်ပါကုန်လျက်။ ယေဓီရာ၊ အကြင်ပညာရှိတို့သည်။ သာဝကတ္တံ၊ သာဝကဗောဓိသို့။ နဝဇန္တိ၊ မရောက်နိုင်ကုန်။ တေ၊ ထိုပညာရှိတို့သည်။ သယမ္ဘူ၊ ကိုယ်တိုင် သစ္စာလေးပါးကို သိကုန်သော။ ပစ္စေကဗုဒ္ဓါ ပစ္စေကဗုဒ္ဓါတို့သည်။ ဘဝန္တိ၊ ဖြစ်ကြလေကုန်၏။

မြတ်စွာဘုရားတို့၏ သာသနာတွင်း၌ ထိုဘဝ မဂ်ဖိုလ်ကိုရအောင်ဝိပဿနာ သုံးပါးကို အားထုတ် ပါကုန်လျက် အကြောင်း မစုံလင်တတ်သေး၍ ထိုဘုရား သာသနာတွင်း၌ မဂ်ဖိုလ်ကို မရလိုက်ကြကုန်သေးသော သူတို့သည် နောင်သာသနာပ အခါ၌ ပစ္စေကဗုဒ္ဓါ၏ အဖြစ်ဖြင့် ကျွတ်ကြလေကုန်သည်ဟူလိုသည်။ ဤပါဠိဖြင့်

www.dhammaransi.com



ပစ္စေကဗုဒ္ဓါလောင်းတို့သည် သာသနာတွင်း၌ ကြုံကြိုက်သောအခါ မဂ်ဖိုလ်ကို ယူလိုသောစိတ်ဖြင့် အားထုတ်ကြ ကုန်သေး၏ဟု သိသင့်သည်။ ။ တစ်ပါးသော ဗောဓိကို ယူလိုသောစိတ် ဖြစ်ကုန်ငြားသော်လည်း နိယတဗျာဒိတ်၏ အာနုဘော် ကြောင့် မရစကောင်းပြီ။ ။နိယျတဗျာဒိတ်ရှိသော အဂ္ဂသာဝက မဟာသာဝက နှစ်ရပ်တွင် မဟာသာဝကအပါအဝင်ဖြစ်သော အရှင်ဒဗ္ဗ အလောင်း အရှင်ကုမာရ ကဿပအလောင်း အရှင်ဗာဟိယ အလောင်း အရှင်သဘိယ အလောင်း ပက္ကုသာတိမင်း အလောင်းများသည် ကဿပ ဘုရားသာသနာကွယ်ခါနီးတွင် ပကတိ သာဝက၏ အဖြစ်ဖြင့် မဂ်ဖိုလ်ရအောင် အားထုတ်ကြကြောင်းကိုဆိုသော-

**ဧကမန္တေ သမဏဓမ္မံ ကတွာ ဒုက္ခဿန္တံ ကရိဿာမာတိ နိဿေဏိံ**
**ဗန္ဓိတွာ ဥစ္စံ ပဗ္ဗတသိခရံ အာရုဟိတွာ။ လ။ သမဏဓမ္မံ အာရဘိံ သု။**

ဟူသော ထေရဂါထာ အဋ္ဌကထာများကို ထောက်၍ ဗျာဒိတ်ရပြီးသော သာဝကတို့သည်လည်း တစ်ပါးသော ဗောဓိများကို ရလိုသောစိတ် ဖြစ်ကြကုန်သေး သည်ဟု သိအပ်၏။

**ဗျာဒိတ်ရပြီးဖြစ်ပေမူ ယူလိုသော်လည်း မရကောင်းပေ။**

**ဆဋ္ဌမပုစ္ဆာ အဖြေ ပြီး၏**

www.dhammaransi.com

# ၇။ သတ္တမပုစ္ဆာအဖြေ

ဗျာဒိတ်ပေးရခြင်း၏ အကြောင်းအင်္ဂါရှစ်ပါး ငါးပါး နှစ်ပါး၏ ထင်ရှားရှိခြင်းကြောင့် သဗ္ဗညုဘုရား ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝက ဤလေးဦးတို့မှာ ဧကန်စင်စစ် ဗျာဒိတ်ခံရမြဲ ဓမ္မတာဟု သိအပ်၏။ ။ ထိုဗျာဒိတ်အင်္ဂါ သုံးရပ်၌လည်း "ဆန္ဒတာ" ဟူသော အင်္ဂါ၏ ထင်ရှားပါလျက်ရှိပြန်ရကား သမ္မာသမ္ဗောဓိဆုကို တောင့်တခြင်းရှိသော သူအားသာ သမ္မာသမ္ဗောဓိ ဗျာဒိတ်ကိုရထိုက်သည်။ ။ ပစ္စေက ဗောဓိဆုကို တောင့်တခြင်းရှိသောသူအားသာ ပစ္စေကဗောဓိ ဗျာဒိတ်ကို ရထိုက်သည်၊ အဂ္ဂသာဝက ဗောဓိဆုကို တောင့်တခြင်းရှိသော သူအားသာ အဂ္ဂသာဝက ဗျာဒိတ်ကို ရထိုက်သည်၊ မဟာသာဝကဗောဓိ ဆုကို တောင့်တခြင်း ရှိသော သူအားသာ မဟာသာဝက ဗောဓိဗျာဒိတ်ကို ရထိုက်သည်ဟု သိအပ်၏။ ။ ထိုသို့ ထိုထိုဗောဓိ ဝိသေသကို တောင့်တခြင်းနှင့်တကွ အင်္ဂါစုံလင်၍ ထိုထို ဗျာဒိတ်ကို ရပြန်သော် ဗျာဒိတ်ရပြီးနောက် ထိုထိုဗောဓိ ဝိသေသအားလျော်စွာ ကမ္ဘာတစ်သိန်း အလွန်ရှိသော လေးသင်္ချေ၊ ရှစ်သင်္ချေ၊ တစ်ဆယ့်ခြောက်သင်္ချေဟူသော ကာလနိယမ၊ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းဟူသော ကာလနိယာမ၊ တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းဟူသော ကာလနိယာမ၊ ကမ္ဘာတစ်သိန်းဟူသော ကာလနိယမကို မယုတ်မလျော့စေမူ၍ ပါရမီဖြည့်ပြီးမှ ထိုထိုဗောဓိကို ရအပ်သတည်း။ ထို့ကြောင့် ဝိဝဋ္ဋကုသိုလ် တည်းဟူသော ပါရမီမျိုးစေ့ကို စိုက်ပျိုးထူထောင်စဘဝမှ စ၍ အဆုံးဖြစ်သောပစ္ဆိမ ဘဝတိုင်အောင် တစ်စုံတစ်ခုသော ဗောဓိဝိသေသကို တောင့်တခြင်းမှ ကင်း၍လာသောသူသည် "ဆန္ဒတာ" ဟူသော အင်္ဂါ၏ ချို့တဲ့ခြင်းကြောင့် ဗျာဒိတ်ဝိသေသကို ရခြင်းငှာ မထိုက်၊ ဗျာဒိတ် ဝိသေသကို မရဘဲလည်း ဗောဓိဝိသေသဖြင့် ပွင့်ခြင်း ကျွတ်ခြင်းငှာ မထိုက်လေသောကြောင့် ကမ္ဘာသင်္ချေအရာပင်ကြာသော်လည်း ပကတိသာဝက၏ အဖြစ်ဖြင့်သာ ကျွတ်သင့်သည်ဟု မှတ်အပ်၏။

ပဗ္ဗဇိတ မဟုတ်သော လူနတ်ပြိတ္တာတို့ကိုလည်း ပကတိသာဝက၌ပင် ပါစေသည်။

www.dhammaransi.com



ကိစ္ဆာပိ ဒုဗ္ဗလာ ယုတ္တိ၊ နိတတ္တာဂမ ဝဇ္ဇိတာ။

သန္တ ဘူတဂုံ ပတ္ထဒ္ဓါ၊ ပါဠိဝ နိစ္စလာ သိယာ။

နိတတ္တာဂမဝဇ္ဇိတာ၊ တိုက်ရိုက်သိအပ်သော အနက်ရှိသော ပဠိ အဋ္ဌကထာ ဋီကာ တည်းဟူသော အာဂုမ် ဉာပကသာဓကမှ ကင်းသော။ ယုတ္တိ၊ ချင့်ချိန်ဆန၍ ဆိုအပ်သော သဘာဝယုတ္တိသည်။ ကိစ္ဆာပိဒုဗ္ဗလာ၊ အကယ်စင်စစ်အားနည်းပေ၏ရှင့်။ တထာပိ၊ ထိုသို့ပင် အားနည်းပါသော်လည်း။ သန္တဘူတဂုံပတ္ထဒ္ဓါ၊ ထင်ရှားရှိသော မဖောက် မပြန် ဟုတ်မှန်သော အကြောင်းတစ်ပါးဖြင့် ထောက်ပံ့ခိုင်မြဲစေအပ်သော သဘာဝယုတ္တိ ဖြစ်ပေမူ။ ပါဠိဝ၊ ဗုဒ္ဓဘာသိတ ပါဠိနှင့် အတူပင်။ နိစ္စလာ မလှုပ်ရှား နိုင်မြဲကြံခိုင်သည်။ သိယာ၊ ဖြစ်သင့်၏။

(အရာတိုင်းမှာ သုံးရန်)

ထိုသို့ ဖြစ်ချေသော် ကာလ ကြာမြင့်ပါလျက် အဘယ်ကြောင့် ဗောဓိ ဝိသေသဖြင့် ကျွတ်လိုသော် မကျွတ်ထိုက် သနည်း၊ ဗောဓိသမ္ဘာရ ဖြစ်သော ပါရမီ အဆောက်အဦတို့ အထုအထယ် ကြီးကျယ်ပြည့်ဖြိုး သည်သာ ပမာဏ ဖြစ်ကောင်း လေရကား ကာလကြာမြင့်လှ၍ ပါရမီ အထုအထယ် ကြီးကျယ် ပြည့်ဖြိုးသည့်အခါ၌ အလိုရှိရာ ဗောဓိဝိသေသဖြင့်ပင်-ထိုဘဝ၌ ကျွတ်သင့် ကောင်းသည် မဟုတ်ပါလောဟု မေးရန်ရှိသည်။ ။ ဗောဓိဝိသေသကို တစ်ရံတစ်ခါမျှ မတောင့်တမူ၍ မင်ဖိုလ်စသော ဗောဓိ ဝိသေသတို့၏ ဂုဏကျေးဇူးများကို မသိမကြားဘူးသည်ဖြစ်၍ လည်းကောင်း, သိပါသော်လည်း မိမိတို့ သန္တာန်၌ သက္ကာယဒိဋ္ဌိဝါသနာအထုံးအားကြီးသဖြင့် ထိုဗောဓိ ဝိသေသတို့ အားလျော်သော အသက်ခန္ဓာ မျက်စိ ဦးခေါင်း သားမယား တိုင်းပြည်နိုင်ငံ ဥစ္စာ ရတနာကို စွန့်ခြင်းစသော ပါရမီစာဂစရိယတည်းဟူသော ဒုက္ကရကိစ္စတို့ကို ပြုခြင်း၌ မရဲဝံ့ သတ္တည့်လျက် ကြောက်လန့်ဆုတ်နစ်ခြင်း ရှိသည်ဖြစ်၍လည်းကောင်း, လွန်ပြီးသော သံသရာ လမ်းတာခရီးကို ထောက်စာချင့်စားသော် တစ်နေ့တစ်ရက် တစ်နံနက် တစ်နာရီခန့်မျှသာ ထင်မှတ် ရေတွက်သင့်သော ကမ္ဘာတစ်သိန်း, တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း, နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း, လေးသင်္ချေ, ရှစ်သင်္ချေ, တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှ ကာလကို ဒုက္ခအမွန် အလွန် ရှည်လျား သည်ဟု မှတ်ထင် ကြောက်ရွံ့ခြင်းရှိသည်ဖြစ်၍လည်းကောင်း ထိုထိုဗောဓိ အထူးကို စိတ်မကူးဝံ့ ကြောက်ရွံ့ဆုတ်နစ် ဖြစ်ကတတ်ဆန်း အစွမ်း ယုတ်ညံ့သော ပုဂ္ဂိုလ်တို့၏ အလေ့အကျက် အတွက်အတာ အမူအရာသာတည်း။

ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော ပါရမီ မျိုးစေ့သည် ယုတ်ညံ့ သော သတိပညာ သဒ္ဓါ ဆန္ဒ ဝီရိယနှင့် ယှဉ်သည်ဖြစ်၍ ကမ္ဘာသင်္ချေအရာမကပင်

www.dhammaransi.com



ကြာသော်လည်း ပါရမီ အထုအထယ်ကြီးကျယ် ပြည့်ဖြိုးခြင်းသို့ မရောက်နိုင်လေဟု မှတ်အပ်၏။ ။အလွန်သေးဖွဲ လှစွာသောဆီးနှင်းမိုးသည် တစ်နှစ်ပတ်လုံးပင် ရွာသော်လည်း သမုဒ္ဒရာ ဂင်္ဂါမြစ် မုန်းထုံးအိုင် ဆည်မြောင်း ချောင်းကန် လိုဏ်တွင်းတို့ကို ပြည့်ဖြိုး စေခြင်းငှာ မတတ်ကောင်းသကဲ့သို့လည်းကောင်း, သမန်း မြေဇာစသော မြက်မျိုးသည် အနှစ်တစ်ထောင်ပင် ကြာသော်လည်း အလံတစ်ရာ အလံတစ်ထောင်မျှသော ကောင်းကင် တိုင်အောင်မြင့်သဖြင့် သည်တိုင် ထုတ် လျှောက် ပြူစလောက်အောင်မကြီးပွား နိုင်သကဲ့သို့လည်းကောင်း မှတ်အပ်၏။ ။ ဗောဓိဝိသေသကို တစ်ဖန် တဖြောင့်တည်း တောင့်တသော ပုဂ္ဂိုလ်တို့၏ သဘောသည်ကား သဗ္ဗညုဘုရားစသည်တို့၏ အံ့ဘွယ်သဲဖြစ်သော အာနုဘော် ဂုဏ်ကျေးဇူးတို့ကို တွေ့မြင်ကြားသိ မြတ်နိုးယုံကြည်ခြင်း, ထိုဗောဓိတို့အားလျော်သော ဒုက္ကရစရိယာကို ပြုခြင်း၌ မြက်တစ်ပင်ခန့်မျှ မရေတွက်ဘဲ သည်းခံနိုင်ခြင်း, ဆိုအပ်ခဲ့ပြီးသော သံသရာ ကာလကို တစ်ခဏမျှသာ မှတ်ထင် ရေတွက်ခြင်း စသော အားဖြင့် မဟာဗျာသယ ဒဠှသမာဒါန ဖြစ်သတည်း။

(ဤအကြောင်းကို ပရမတ္ထဒီပနီမည်သော စရိယပိဋကအဋ္ဌကထာ ကျမ်းများကို ထောက်ထား၍ ဆိုအပ်၏။ ။ ကျယ်အံ့စိုး၍ အဋ္ဌကထာ ပါဠိများကို မပြလိုက်ပြီ။)

ထိုသို့ သဘောရှိသော သတိဗလနှင့် ပြည့်စုံပေသော ပုဂ္ဂိုလ်တို့၏ အဘိနီဟာရသည်ကား သည်းထန်စွာရွာသော ကမ္ဘာပြုမိုးကြီးသည် တစ်ခဏခြင်းနှင့်ပင် ကုဋေတစ်သိန်းသော စကြဝဠာအပြင်ဝယ် ရေပြင်အတိ ပြည့်စေဘိသကဲ့သို့လည်းကောင်း, တစ်ခဏခြင်း ပေါက်ရောက်သော ကဏ္ဍသရက်ပင်ဘုရားတို့ပွင့်ရာ မဟာဗောဓိပင် တို့သည် ကောင်းကင် အစိတ်ကို ပြည့်၍ တည်ဘိသကဲ့သို့သည်းကောင်း, ဆိုအပ်ခဲ့ပြီးသော ကာလအပိုင်းအခြားကိုများစွာ မလွန်စေမူ၍ ထိုထိုဗောဓိ ဝိသေသတို့ကို ရွက်ဆောင်လေသည်။ ။ ထို့ကြောင့် ထိုအထက်ဖြစ်သော ဗောဓိ ဝိသေသကို မတောင့်တစုံ ကုန်သော သူတို့သည် အရင်လို၍ အရောက်နှေးသည် ဟူသကဲ့သို့ မရှိစေရအောင် ဗောဓိဝိသေသဖြင့် အတင့်အတယ် အဖွယ်အရာကို စိတ်မကူးလိုဘဲ တိုတိုနှင့် ရှန်းသဖြင့် အဆုံးသတ်လွယ်ခြင်းငှာ ကြုံကြိုက်ဆဲဖြစ်သော မြတ်စွာဘုရား၏ သာသနာတွင်း၌ပင် အလျင်ဆောစွာ အားထုတ်ကုန်ရာသတည်း။

## ထို့ကြောင့် ပုဂ္ဂလပညတ် အဋ္ဌကထာ၌

ကတမော ပနေသ ပုဂ္ဂလောတိ၊ ဩသဋ္ဌ ဝီရိယပုဂ္ဂလော။ သော ဟိ ကိံ မေ ဣမသ္မိံ ဗုဒ္ဓကာလေ ပရိနိဗ္ဗာနေန အနာဂတေ မေတ္တေယျ

www.dhammaransi.com



သမ္မာသမ္ဗုဒ္ဓကာလေ ပရိနိဗ္ဗာယိဉာမီတိ ဝိသုဒ္ဓသီလော ပဋိပတ္တိံ န ပူရေတိ၊ သော ပိ ကိမတ္ထံ အာယသ္မာ ပမတ္တော ဝိဟရတိ၊ ပုထုဇ္ဇနဿ ဂတိနာမ အနိဗဒ္ဓါ။ အာယသ္မာ ဟိမေတ္တေယျသမ္မာသမ္ဗုဒ္ဓဿ သမ္မုခီဘာဝံ လဘေယျာသိ။ နလဘေယျာသိ။ အရဟတ္တတ္ထာယ ဝိပဿနံ ဘာဝေဟီတိ ဩဝဒိတဗ္ဗော။

ဟူ၍ မိန့်အပ်ပြီ။

ဧသပုဂ္ဂလော၊ ဤဆဋ္ဌပုဂ္ဂိုလ်သည်။ ကတမောပန၊ အဘယ်ပုဂ္ဂိုလ်နည်း၊ ဣတိ၊ ဤကားအမေးတည်း။ ဩသဋ္ဌဝီရိယပုဂ္ဂလော၊ ဝိပဿနာ၌ စွန့်လွှတ်အပ်သော ဝီရိယရှိသော သီလဝန္တပုဂ္ဂိုလ်တည်း။ ဟိသစ္စံ၊ မှန်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဣမသ္မိံ ဗုဒ္ဓကာလေ၊ ဤ ငါတို့ အရှင်ဂေါတမ မြတ်စွာဘုရားသာသနာ၌။ ပရိနိဗ္ဗာနေန၊ ပရိနိဗ္ဗာန်ကို ယူသဖြင့်။ မေ၊ ငါအား။ ကိံ၊ အဘယ်မူစအပ်နည်း။ အနာဂတေ၊ နောင်အခါ၌။ မေတ္တာယျသမ္မာသမ္ဗုဒ္ဓကာလေ၊ မေတ္တယျမြတ်စွာဘုရား လက်ထက်မှာမူ။ ပရိနိဗ္ဗာယိဿာမိ၊ နိဗ္ဗာန်ယူတော့အံ့။ ဣတိ၊ ဤသို့သောအကြံဖြင့်။ ဝိသုဒ္ဓသီလောပိ၊ သီလဝိသုဒ္ဓိရှိပြီးသော ပုဂ္ဂိုလ်ဖြစ်လျက်ပင်။ ပဋိပတ္တိံ၊ ဝိပဿနာတည်းဟူသော ပဋိပတ်ကို။ နပူရေတိ၊ မဖြည့်ဘဲနေသည်ဖြစ်အံ့။ သောပိ၊ ထိုပုဂ္ဂိုလ်ကိုလည်း။ ကိမတ္ထံ၊ အဘယ်အကျိုးငှာ။ အာယသ္မာ၊ အရှင်သည်။ ပမတ္တော၊ မေ့မေ့လျော့လျော့။ ဝိဟရတိ၊ နေဘိသနည်း။ ပုထုဇ္ဇနဿ၊ ပုထုဇဉ်၏။ ဂတိနာမ၊ လားရာဘဝမည်သည်။ အနိဗဒ္ဓါ၊ မမြဲလေ။ ဟိသစ္စံ၊ မှန်၏။ အာယသ္မာ၊ အရှင်သည်။ မေတ္တေယျ သမ္မာသမ္ဗုဒ္ဓဿ၊ မေတ္တယျဘုရား၏။ သမ္မုခဘာဝံ၊ မျက်မှောက်အဖြစ်ကို။ လဘေယျာသိ၊ ဧကန် ရလိမ့်မည်လော။ ဝါ ရသော် လည်းရရာ၏။ ဝါ၊ ရလိမ့်မည်လည်းမသိ။ နလဘေယျာသိ၊ မရဘဲသော်ချော်လေရာ၏။ ဝါ၊ မရဘဲသော် ချော်ခဲ့မည်လည်း မသိ။ တသ္မာ၊ ထို့ကြောင့်။ (ထည့်) အရ ဟတ္တတ္ထာယ၊ ဤသာသနာတွင်း၌ပင် အရဟတ္တမဂ်ကို ရခြင်းအကျိုးငှာ။ ဝိပဿနံ၊ ဝိပဿနာကို။ ဘာဝေဟိ၊ ပွားသာပွားပါလော။ ဣတိ၊ ဤသို့။ ဩဝဒိတဗ္ဗော၊ ဆုံးမ တိုက်တွန်းအပ်၏။

(အဋ္ဌကထာအနက်)

ဤအဋ္ဌကထာလည်း ဗောဓိဝိသေသ တည်းဟူသော အတင့်အတယ်ဖွယ်ဖွယ် ရာရာကို မကြံလိုသော အတူတူဖြစ်မူ ကိစ္စကုန်လွယ်သည်သာ ကောင်းသည်၊

www.dhammaransi.com



မေတ္တေယျဘုရားမှ ချော်လျှင် မြော်မြင် တင်စားစရာ လမ်းတာစခန်းဝေးလှ၏၊ ဟူသော အဓိပ္ပာယ်ဖြင့် ဆုံးမည်ဟု ယူရန်ရှိသည်၊ ဗောဓိဝိသေသကို တောင့်တ၍ တည်သော ပုဂ္ဂိုလ်များကို ယူလိုရင်းဟုတ်မည် မထင်ပေ။

သတ္တမပုစ္ဆာအဖြေ ပြီး၏။

www.dhammaransi.com

# ၈။ အဋ္ဌမပုစ္ဆာအဖြေ

ဤပုစ္ဆာ၌

" ဥဏှကာလေက မိစ္ဆန္တိ" ဟူသောဝါကျ၌-

၁။ ဥဏှကာလေ ပူသောကာလ၌။ ကာံ၊ အဘယ်ဝတ္ထုကို။ ဣစ္ဆန္တိ၊ တောင့်တကြကုန်သနည်း။

၂။ ဥဏှကာလေ၊ ပူသောကာလ၌။ ကာံ၊ ရေကို။ ဣစ္ဆန္တိ၊ တောင့်တကြကုန်၏။

ဤသို့ ဝဇိရတ္ထသင်္ဂဟကျမ်း၌ လာသော မေးသော ပါဒသည်ပင်လျှင် အဖြေရသော ပဥ္စပါဒေါတ္တရ နည်းအားဖြင့် ဤပုစ္ဆာ ဝါကျ၌ပင် သာဝကဗောဓိကို တောင်းရင်းရှိသော သူသည် တစ်ပါးသော ဗောဓိကို ပြောင်းရွှေ့၍ တောင်းသင့်သေး၏၊ တောင်းလျှင်လည်း ရကောင်းသေး၏ ဟူသော အဖြေကိုလည်း ပြီးစေတော်မူသည်၊ ရသော်သာဝကဗောဓိကို ဖြည့်ခဲ့ပြီးသော ပါရမီဟောင်းတွင် လောင်းစွက်ရုံမျှသာ ဖြစ်သော မပြည့်မစုံသော ပါရမီကိုသာ ဖြည့်၍ရမည်လော၊ သာဝကဗောဓိတို့ ဖြည့်ခဲ့ပြီးသော ပါရမီ ဟောင်းသည် ဗောဓိတစ်ပါး၏ အခြေပါဒ ဥပနိဿယမျှ မဖြစ်သည်ဖြစ်၍ ဗောဓိတစ်ပါးအကျိုးငှာ အသစ် အသစ်သော ပါရမီတို့ကို ပြောင်းသလောဟူသောအမေးကိုသာဖြေရန်ရှိ၏။ ။ဗောဓိတစ်ပါးကို ပြောင်းရွှေ့၍ တောင်းသင့်သေး၏ ဟူသောအဖြေ၌ ရှေးဦးစွာ ပကတိ သာဝကဗောဓိကို တောင်းရင်းဖြစ်သော သူသည် နောက်၌ မဟာသာဝက ဗောဓိ, အဂ္ဂသာဝကဗောဓိ, ပစ္စေကဗ္ဗောဓိ, သမ္မာသမ္ဗောဓိ ဟူသော အထက်လေးပါးတို့တွင် အလိုရှိရာ တစ်ပါးပါးကို ပြောင်းရွှေ့၍ တောင်းသင့်သေး၏၊ မဟာသာဝကဗောဓိကို တောင်းရင်းဖြစ်သော သူသည် နောက်၌ အဂ္ဂသာဝကဗောဓိ, ပစ္စေကဗောဓိ, သမ္မာသမ္ဗောဓိ သုံးပါးတို့တွင် တစ်ပါးပါးကို တောင်းသင့်သေး၏၊ အဂ္ဂသာဝကဗောဓိကို တောင်းရင်းဖြစ်သောသူသည် နောက်၌ ပစ္စေကဗောဓိ, သမ္မာသမ္ဗောဓိ နှစ်ပါးတွင် တစ်ပါးပါးကို တောင်းသင့်သေး၏ ဟူလိုသည်။

(အောက်အောက် သာဝကဗောဓိကိုသော်လည်း ထည့်၍ယှဉ်လေ။)

www.dhammaransi.com



ဤအရာ၌ တစ်ပါးသော ဗောဓိကို တောင်းသင့်သေး၏ ဟူသော်လည်း အန္တရာလတို့၏ တောင်းခြင်းကို မလိုအပ် အန္တရာလတို့မည်သည်ကား ပကတိ သာဝက ဗောဓိသည်ပင် အလွယ်တကူ ယူလွယ် ရလွယ် ရှိကြောင်းကို ကြားသည်ရှိသော် ပကတိသာဝကဗောဓိကကို တစ်ဖန် မဟာသာဝကဗောဓိ ကောင်းကြောင်းကို ကြားပြန်လျှင် မဟာသာဝကဗောဓိကို အဂ္ဂသာဝကဗောဓိကောင်းကြောင်းကို ကြားလျှစ် အဂ္ဂသာဝကဗောဓိကို, ပစ္စေကဗောဓိကောင်းကြောင်းကို ကြားလျှင် ပစ္စေကဗောဓိကို, သမ္မာသဗောဓိ သုံးပါးတွင် တစ်ပါးပါးကို တောင်းဝံ့မှ ယောက်ျားပြီး သည်ဟု ကြားပြန်လျှင် သမ္မာသမ္ဗောဓိကို, ထိုတွင်လည်း ပညာဓိကသာ အသာဆုံးဟု ကြားပြန်လျှင် ပညာဓိကဗောဓိကို, ဤသို့တစ်ဘဝတွင်, တစ်နှစ်တွင်, တစ်လတွင် တစ်ရက် တွင်ပင် အထွေထွေပြောင်းရွှေ့ကြကုန်၏၊ ထိုစကားမှန်၏၊ မြတ်စွာဘုရား နတ်ပြည်မှ သက်ဿနဂိုရ်ပြည် အဆင်း၌-

“ တံ ဒိဝသံ ဘဂဝန္တံ ဒိသွာ ဗုဒ္ဓဘာဝါယ ပိဟံ အနုပ္ပါဒေတွာ ဌိတ သတ္တော နာမ နတ္ထိ”

ဟူ၍ ဝသုဒ္ဓိမဂ် အဋ္ဌကထာ စသည်တို့၌ လာခြင်းကြောင့် ထိုအခါ အလုံးစုံ သော စကြဝဠာ တစ်သောင်းနေ နတ်, လူ, ဗြဟ္မာတို့သည် တစ်ယောက်မကျန် ဘုရားအဖြစ်ကို တောင့်တကြကုန်၏ဟု သိအပ်သည်။ ။ထိုသို့ တောင့်တကြသော သူတို့တွင်လည်း ငါးရာတစ်ကျိပ်သာ ဘုရားဖြစ်လတ္တံ့ဟု ဟောတော်မူကြောင်းကို သောတတ္တကီကျမ်း၌ လာသည်။

(ဤသို့သော ပြောင်းရွှေ့ခြင်းကို ပမာဏ မပြုအပ်။ ။ဗျာဒိတ် ရပြီးသော သာဝကတို့ကိုလည်း ဤအရာ၌ မလိုအပ်။)

ဤဗောဓိငါးပါးတို့၏ ဂုဏ်းကျေးဇူးအထူးအပြား ရင့်ရာကာလ အထူးအပြား နှင့် စပ်ယှဉ်သော အကြောင်းအရာ ဝေါဟာရ စကားများသည် ဘုရားပွင့်ရာ သာသနာအတွင်း၌သာ ထင်ရှားရှိရာသည်။ သာသနာပ၌ကား-

မဟာပရိသလက္ခဏာတ္တိ မဟာပုရိသာနံ ဗုဒ္ဓါဒိနံ လက္ခဏာဒီပကံ ဒွါဒသ သဟဿဂန္ထပ္ပမာဏာ သတ္တံ။ ယတ္ထ သောဠသ သဟဿ ဂါထာ ပရိမာဏာ ဗုဒ္ဓ မန္တနာမ အဟောသုံ။ ယေသံ ဝသေန ဣမိနာလက္ခဏေန သမနာဂတာ ဗုဒ္ဓါနာမ ဟောန္တိ။ ဣမိနာ ပစ္စေကဗုဒ္ဓါနာမ ဟောန္တိ။ ဣမိနာ ဒွေအဂ္ဂသာဝကာ။ အသီတိ မဟာသာဝကာ။ ဗုဒ္ဓမာတာ၊ ဗုဒ္ဓပိတာ၊ အဂ္ဂုပဋ္ဌာယိကာ၊ ရာဇာ စက္ကဝတ္တိ တိ အယံ ဝိသေသော ဉာယတိ။ ။ ကေ၍လည်းကောင်း။

www.dhammaransi.com



မန္တေသူတိ ဗေဒေသု။ တထာဂတော ကိရ ပဗ္ဗဇိဿတီတိ ပဋိက စ္စေဝ သုဒ္ဓါဝါသ ဒေဝါ ဗေဒေသု အက္ခရာနိ ပက္ခိပိတွာ ဗုဒ္ဓမန္တာနာမဧတေတိ ဗြာဟ္မဏဝေသေန **ဗေဒေ**ဝါ**စေန္တိ။ တဒ**နုသာရေန မဟေသက္ခာ တထာဂတံ ဇာနိဿန္တီတိ။ တေန **ပုဗ္ဗေ ဗေဒေသု** မဟာပုရိသလက္ခဏာနိ **အာဂစ္ဆန္တိ**။ ပရိနိဗ္ဗုတေ ပန တထာ**ဂတေ အနု**က္ကမေန အန္တရဓာယန္တိ။ တေ**န** **ဧတရဟိ** နတ္ထိ။ ။ ဟူ၍လည်း**ကောင်း**။

ဖြဟ္မာသုတ် အဋ္ဌကထာ **အင်္ဂုတ္တိုရ်** အဋ္ဌကထာများ၌ လာသောကြောင့် ဘုရားမပွင့်မီ အနှစ်တစ်ထောင်ခန့် **ကာလ၌** ဗုဒ္ဓ ကောလဟာလဖြစ်သည်မှ နောက်၌ ထို မဟာပုရိသလက္ခဏာ ကျမ်းများကို ပေါက္ခရသတိ ပုဏ္ဏား ဖြဟ္မာယုပုဏ္ဏားစသော သူတို့ကဲ့သို့ နိုင်နင်း၍ လေ့လာကုန်သော သူတို့သည် တစ်စိတ်တစ်ဒေသမျှ သိနိုင်ကြကုန်ရာ၏။

မဟာပုရိသလက္ခဏန္တိ၊ မဟာပုရိသလက္ခဏာ ကျမ်းမည်ကား။ **မဟာပုရိသာနံ**၊ ယောကျ်ားမြတ် ဖြစ်ကုန်သော။ ဗုဒ္ဓါဒီနံ၊ ဘုရားအစရှိသော သူတို့**၏**။ **လက္ခဏဒီပကံ**၊ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ် **တစ်ရာ့ရှစ်**ကွက်သော စက်လက္ခဏာ စသော လက္ခဏာတို့ကို ပြသော။ ဒွါဒသသဟဿ ဂ**န္ထပေါင်း** တစ်သောင်းနှစ်ထောင် အတိုင်း အရှည်ရှိသော။ သတ္ထံ၊ လောကီ ဗေဒင် **ကျမ်း**တည်း။ ယတ္ထ၊ အကြင်မဟာပုရိသ လက္ခဏာကျမ်း၌။ သောဠသ သဟဿဂါထာ ပရိမာဏာ၊ ဂါထာပေါင်း တစ်သောင်း ခြောက်ထောင် အတိုင်းအရှည် ရှိကုန်သော။ ဗုဒ္ဓမန္တာနာမ၊ **ဗုဒ္ဓမန္တာန်** မည်သည်တို့သည်။ အဟေသုံ ရှိသည်ဖြစ်ကုန် ၏။ ယေသံ၊ အကြင်ဗု**ဒ္ဓမန္တာန်** မည်သော ဂါထာ ဝါကျတို့**၏**။ ဝသေန၊ အစွမ်းဖြင့်။ ဣမိနာလ**က္ခဏေန**၊ ဤလက္ခဏာများနှင့်။ သာမနဂတော၊ ပြည့်စုံသော သူတို့သည်။ ဗုဒ္ဓါနာမ၊ ဘုရားမည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣမိနာလ**က္ခဏေန**၊ ဤလက္ခဏာများနှင့်။ သမနာဂတာ ပြည့်စုံသောသူတို့သည်။ ဒွေ**အဂ္ဂသာဝကာ**၊ နှစ်ဦးသော အဂ္ဂသာဝက တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ **ဣမိနာလက္ခ**ဏေန၊ ဤလက္ခဏာများနှင့်။ သာမနာ ဂတာ၊ ပြည့်စုံသောသူတို့သည်။ **အသီတိ**မဟာဝကာ၊ ရှစ်ကျိပ်သော မဟာသာဝက တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်**၏**။ ဣမိနာလက္ခဏေန၊ ဤလက္ခဏာများနှင့် သာမနာ ဂတော၊ ပြည့်စုံသောသူသည်။ ဗုဒ္ဓမာတာ၊ ဘုရားမယ်တော်သည်။ ဟောတိ၊ ဖြစ်၏။ ဣမိနာလက္ခဏေန၊ ဤလက္ခဏာများနှင့်။ သာမနာဂတော၊ ပြည့်စုံသောသူသည်။ ဗုဒ္ဓပိတာ၊ ဘုရားခမည်းတော်သည်။ ဟောတိ၊ ဖြစ်၏။ ဣမိနာလက္ခဏေန၊ ဤလက္ခဏာ များနှင့်။ သမနာဂတာ၊ ပြည့်စုံသောသူသည်၊ အဂ္ဂုပဋ္ဌာယိကာ၊ မြတ်သောခြေရင်း အလုပ်အကျွေးဖြစ်သော မြောက်သားတော်သည်။

www.dhammaransi.com



ဟောတိ၊ ဖြစ်၏။ ဣမိနာ လက္ခဏေန၊ ဤလက္ခဏာများနှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ ရာဇာစက္က ဝတ္တိ၊ စကြာမင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိအယံဝိသေသော၊ ဤသို့သော အထူးကို။ ဉာယတိ၊ သိအပ်၏။

မန္တေသူတိ၊ မန္တေသုဟူသည်ကား၊ ဗေဒသု၊ ဗေဒင်ကျမ်းတို့၌။ တထာဂတော၊ ဘုရားသည်။ ပဗ္ဗဇိဿတိ၊ တောထွက်လတ္တံ့။ ဣတိ၊ ဤသို့ ဆို ထိုက်သော အခါ၌။ ပဋိပစ္စေဝ၊ စောစောစီးစီးကသာလျှင်။ သုဒ္ဓါဝါသဒေဝါ သုဒ္ဓါဝါသ ဗြဟ္မာတို့သည်။ ဗေဒေသု၊ ဗေဒင်ကျမ်းတို့၌။ အက္ခရာနိ၊ ဤအပိုင်းတို့သည်။ ဗုဒ္ဓမန္တာနာမ၊ ဗုဒ္ဓဗေဒင်ပိုင်းတို့တည်း။ ဣတိ၊ ဤသို့ ပြောကြား၍။ ဗြာဟ္မဏဝေသေန၊ ပုဏ္ဏားအသွင် အယောင်ဖြင့်။ ဝေဒေ၊ ဗေဒင်ကျမ်းတို့ကို။ တဒုသာရေန၊ ထိုဗုဒ္ဓဗေဒင်ကို အစဉ်လျှောက်သဖြင့်။ မဟေသက္ခာ၊ ဘုန်းတန်ခိုး အာနုဘော်ရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ တထာဂတံ၊ ဘုရားကို၊ ဇာနိဿန္တိ၊ သိကြပေကုန်လတ္တံ့။ ဣတိ၊ ဤသို့သောအကြံဖြင့်။ ဝါစေန္တိကိရ၊ ပို့ချလာကြကုန်သေတတ်။ တေန၊ ထို့ကြောင့်။ ပုဗ္ဗေ၊ ဘုရား ပရိနိဗ္ဗာန် မစံမီ ရှေးအခါများ၌။ ဗေဒေသု၊ ဗေဒင်ကျမ်းတို့၌။ မဟာပုရိသလက္ခဏာနိ၊ ဘုရားစသော ရှစ်ဦးသော ပုဂ္ဂိုလ်တို့၏ လက္ခဏာတို့သည်။ အာဂစ္ဆန္တိ၊ လာကုန်၏။ တထာဂတေ၊ ဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်စံသည် ရှိသော်။ အနုက္ကမေန၊ အစဉ်အားဖြင့်။ အန္တရဓာယန္တိ၊ ကွယ်ပရန်၏။ တေ၊ ထို့ကြောင့်။ ဧတရဟိ၊ ယခု ငါတို့လက်ထက်၌။ နတ္ထိ၊ မဟာပုရိသလက္ခဏာကျမ်းမရှိပြီ။

(အဋ္ဌကထာအနက်)

ထို့ကြောင့် သာသနာပအခါ၌ ထိုမဟာ ပုရိသလက္ခဏာကျမ်းပေါ်၌ ထင်ရှားရှိဆဲ အခါ၌သာ ထိုကျမ်းကို လေ့လာကုန်သော ပညာရှိတို့သည်သာလျှင် ဘုရားပစ္စေကဗုဒ္ဓါ သာဝကတို့၏ ဂုဏ်ထူးဝိသေသကို တစ်စိတ်တစ်ဒေသအားဖြင့် သိကြကုန်၏။ တစ်ပါးသော သူသည် မသိကြကုန်ဟုသိအပ်၏။ ။ထို့ကြောင့် သာသနာပအခါ၌ သဗ္ဗညုဘုရားလောင်းကို ထား၍ ပစ္စေကဗုဒ္ဓါ သာဝကလောင်းတို့သည် ဒါနသီလ စသော ကုသိုလ်ကောင်းမှုကို ပြုကြကုန်သည်ရှိသော် ပစ္စေကဗောဓိကို ရလို၏။ အဂ္ဂသာဝက ဗောဓိကို, မဟာသာဝကဗောဓိကို, ပကတိသာဝကဗောဓိကို ရလို၏ဟု ဝိသေသထုတ်ဖော်၍ တောင်းခြင်းငှာ မဖြစ်သင့်ကုန်ရာ။ ဇာတိဇရာ မရဏာဝဋ္ဋ ဒုက္ခတို့မှ လွတ်ခြင်းမျှကိုသာ တောင်းနိုင်ကုန်ရာသည်။

ထို့ကြောင့် သာသနာပ၌လည်း ထိုသာဝက ဗောဓိလောင်းတို့သည် ပစ္စေက ဗောဓိကို ချန်ထား၍ တစ်ပါးသော ဗောဓိများသို့ ပြောင်းရွှေ့ခြင်းမဖြစ်သင့်၊ သာသနာ တွင်း၌ ကြုံကြိုက်သောအခါက ဝိဝဋ္ဋဝါသနာအထုံပါခဲ့သောသူသည် သာသနာပအခါ ပစ္စေကဗုဒ္ဓါများကို တွေ့မြင်လျှင် စွမ်းအားအလျှောက် အမိကာရကိုပြု၍ အရှင်ကဲ့သို့

www.dhammaransi.com



ဖြစ်၍ အရှင်သိသောတရားကို သိလိုပါ၏ဟု ဆုတောင်းပတ္ထနာပြုဖူး၍ ထိုကုသိုလ် ပတ္ထနာတို့သည် နှိုးဆော် တိုက်တွန်းသဖြင့် နောက်နောင် ဘဝများစွာကမ္ဘာအဆက်ဆက် တို့၌ ပစ္စေကဗုဒ္ဓါများကို တွေ့မြင် ရသောအခါ၌ သော်လည်းကောင်း, သာသနာတွင်း၌ ကြုံကြိုက်လာသောအခါ၌ လည်းကောင်း, ပစ္စေကဗောဓိကဗောဓိဖြင့် အကျွတ်ယူ ရာသည်။ ။ ထိုအတူ သာသ**နာတွင်း၌** ကြုံကြိုက်၍ ပညာဇောဒဂ်ရ လက်ျာရံ၏ တင့်တယ်ခြင်းကို မြင်သသူ, တန်**ခိုးဇော**ဒဂ်ရသော မဟာသာဝက၏ တင့်တယ်ခြင်းကို မြင်သသူ စသည်တို့သည်လည်း လွန်ကဲသော အဓိကာရကိုပြု၍ ဤအရှင်ကဲ့သို့ဖြစ်၍ ဤအရှင်သိသောတရားကို သိလိုပါ၏ဟု ဆုတောင်းပတ္ထနာ ပြည့်စုံစွာ တစ်ကြိမ် ပြုဖူးလျှင် နောက်နောင်ကို ဝိသေသဖော်၍ မပြုသော်လည်း ပြည့်စုံရာသည်။ ။ ဤကဲ့သို့ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ အထံ၌ ကိုယ်တိုင်ကိုယ်ကြပ် ဖူးတွေ့ရ၍ အလွန်အားကြီးစွာသော အဓိကာရကိုပြု၍ ဆုတောင်းပတ္ထနာ များစွာ ရှိဘူးသော ဗျာဒိတ်မရဘူးသေးသော သူတို့ကိုသာ ဤပုစ္ဆာ၌ လိုအပ်သတည်း။

(ဆိုအပ်ပြီးသော အခြင်းအရာအား**ဖြင့် အဓိကာရ**ကိုပြု၍ သာသနာတွင်း၌ ပင် နိဗ္ဗာန်မဂ်ဖိုလ် သက်သက်ကိုသာ **တောင်းခဲ့ဘူးသော သူကို**လည်း ပကတိ သာဝက ဗောဓိ၌ သွင်းအပ်၏။)

သာဝကဗောဓိကို တောင်း၍ လာသောသူသည် တစ်ပါးသော ဗောဓိကို တောင်းသင့်သော အကြော**င်းကိုကား** သဗ္ဗညု ဘုရားလောင်းတို့သည် ဗျာဒိတ်ရပြီးသော နောက်မှသာ မဆုတ်မ**နစ်ဖြင်းသ**လော မြဲသောသဘောရှိကုန်သည်ဖြစ်၍ စင်စစ် အားဖြင့် ဗောဓိသတ္တ ဟူ**သော** အမည်ကို ရကုန်သည်ဟူသော စရိယပိဋက အဋ္ဌကထာ စကား,

ဧဝံပိ ဗောဓိသတ္တာနံ၊ သမ္ဘာရံပိ ကတံ ဗဟုံ။

အလဒ္ဓ ဗျာကရဏံယာဝ၊ နိယတံ န ဘဝိဿတိ။

ဟူသော သောတတ္တကီကျမ်း စကားများကို ထောက်သဖြင့် ဗျာဒိတ်မရသေး သည်ရှိသော် သဗ္ဗညု ဘုရားလောင်းတို့ပင်သော်လည်း မမြဲလေကုန်သေး၏။ ပစ္စေက ဗုဒ္ဓါလောင်း သာဝကလောင်းများမှာကား ဆိုရန်မရှိပြီ။ ဧကန်စင်စစ် မမြဲနိုင်သေး သည်သာဟု သိအပ်၏။ ။ ထိုသို့ မမြဲဟူသော စကားဖြင့်ပင် ဗောဓိတစ်ပါးကို တောင်းသော် ရကောင်းသေးသည်၏ အဖြစ်သည်လည်း ဧကန်စင်စစ် ပြီးလေ တော့သည်။

**ဧဝံပိ၊ ဤပဒုမာ ကြာပန်းအတူပင်။** ဗောဓိသတ္တာနံ၊ ဘုရားလောင်းတို့အား**။ ဗဟုံ များစွာ။ သမ္ဘာရံ၊** အဆောက်အအုံကို။ ကတံပိ၊ ပြုအပ်ငြားသော်လည်း**။** ယာဝ၊

www.dhammaransi.com



အကြင်မျှလောက်။ ဗျာကရဏံ၊ ဗျာဒိတ်ကို။ အလဒ္ဓ၊ မရသေး။ တာဝ၊ ထိုမျှလောက်။ နိယတံ။ မြဲသည်။ န ဘဝိဿတိ။ မဖြစ်လတ္တံ့သေး။

(ဂါထာအနက်)

ထိုသို့ ရသင့်သေးသည်ရှိသော် ဗောဓိတစ်ပါး၏ အကျိုးငှာ ဖြည့်၍ ထားအပ်ပြီးသော ပါရမီများသည် ဗောဓိတစ်ပါး၏ ဥပနိဿယ ဖြစ်နိုင်မည် မဖြစ်နိုင်မည် ဟူသော အဓိပ္ပာယ်ဖြင့် မပြည့်မစုံသော ပါရမီတို့ကို ဖြည့်၍ ဗောဓိတစ်ပါးကို ရရာသဘော။ အသစ်အသစ် ဖြစ်သော ပါရမီတို့ကို ဖြည့်၍ ရရာသလော၊ ဟူသော အမေး၌ သီလက္ခန်ဋီကာဟောင်းဆရာ အရှင်ဓမ္မပါလထေရ်၏ အလိုအားဖြင့် ဗောဓိတစ်ပါးဖို့ ရည်ညွှန်းကန့်ကွက်၍ ပြုအပ်သော ကုသိုလ်တရားသည် ပတ္ထနာတရား သီးခြား ကန့်ကွက်ပြီးဖြစ်၍ တစ်ပါးသော ဗောဓိ၏ ဥပနိဿယ မဖြစ်ကောင်းပေဟု ဖြေအပ်၏။ ယင်းဋီကာ၌ပင်လာသော အရေဆရာတို့၏ အလိုအားဖြင့်ကား ဝိဝဋ္ဋ၏ အဆောက်အဦအဖြစ်ဖြင့် အတူတူပင် ဖြစ်လေသောကြောင့် ဗောဓိတစ်ပါးဖို့ ဖြည့်အပ်သော ကုသိုလ်သည် ဗောဓိတစ်ပါး၏ ဥပဿယ ဖြစ်သင့်တော့သည်သာဟု ဖြေအပ်၏။ ။ ထိုကြောင့် အဇာတသတ်မင်းသည် အကယ်၍ ပိတုဃာတက ကံကို မပြုမိသည်ဖြစ်အံ့။ ဤသာမညဖလသုတ်ကို ကြားနာသည်၏ အဆုံး၌ အောက်မဂ် အောက်ဖိုလ်ကို ရလေရာ၏။ ယခုမူကား ပိတုဃာတကကံကြောင့် မဂ်ဖိုလ်ကိုမရ။ နောင်အခါ၌သာ ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ ဟူသော စကားစပ်၌-

တ္တောဟ၊ ယဒိ ရညော မဟ္တရာယာဘာဝေ တသ္မိံ ယေဝအာသနေ ဓမ္မစက္ခု ဥပ္ပဇ္ဇိဿတိ၊ ကထံ အနာဂတေ ပစ္စေကဗုဒ္ဓါဟုတွာ ပရိနိဗ္ဗာယိဿတိ။ အထ ပစ္စေက ဗုဒ္ဓေါ ဟုတွာ ပရိနိဗ္ဗာယိဿတိ။ ကထံ တဒါ ဓမ္မစက္ခု ဥပ္ပဇ္ဇိဿတိ။ နနု ဣမေ သာဝကဗောဓိ ဥပနိဿယာ ဘိန္နနိဿယာတိ။ နာယံ ဝိရောဓော။ ဣတော ပရတော ဧဿ ပစ္စေကဗောဓိ သမ္ဘာရာနံ သမ္ဘရဏီယတော။ သာဝကဗောဓိယာ ဗုဇ္ဈနကသတ္တာ ပိ ဟိ အသတိ တဿ သမဝါယေ ကာလန္တရေ ပစ္စေကဗောဓိယာ၊ ဗုဇ္ဈိဿန္တိ၊ ကတာဘိနီဟာရ သမ္ဘဝတော၊ အပရေ ပန ဘဏန္တိ၊ ပစ္စေကဗောဓိယာ ယေဝါ ယံ ကတာ ဘိနီဟာရော။ ကတာဘိနီဟာရာပိ ဟိ တတ္ထ နိယတံ အပတ္တာ တဿ ဉာဏဿ ပါရိပါကံ အနုပဂတ္တာ သတ္တာ၊ သမ္ဗုဒ္ဓဘာဝေ သာဝကဗောဓိ ပါပုဏိဿန္တိတိ ဘဂဝါ သဝေယံ ဘိက္ခုဝေ ရာဇာတိ အာဒိ မာဟ။ မဟာဗောဓိသတ္တာနံ ဧဝ စ အာနန္တရိယ ပရိမုတ္တိ၊ န ဣတရ ဗောဓိသတ္တာနံ တထာ ဟိ ပစ္စေကဗောဓိယံ နိယတော သမာနောဒေဝဒတ္တော စိရကာလသမ္ဘူ တေန လောကနာထေ အာဃာတေန ဂရုတရာနိ အာနန္တရိယာနိ ပသဝိ

www.dhammaransi.com



**တသ္မာ ကမ္မန္တရာယေနာယ** မိဒါနိ အသမဝေတ ဒသ္သနာဘိသမယေ ရာဇာ **ပစ္စေကဗောဓိနိယာမေန** အနာဂတေ ပစ္စေဗုဒ္ဓေါ ဟုတွာ ပရိနိဗ္ဗာယိဿတီတိ ဒဠှဗ္ဗံ။

ဟူ၍ သာမညဖလသုတ် ဋီကာ၌မိန့်အပ်၏။

ဧတ္ထ၊ ဤအရာ၌။ စောဒကော၊ စောဒကပုဂ္ဂိုလ်သည်။ အာဟ၊ ဆို၏ ကိံအာ၏၊ အဘယ်သို့ဆိုသနည်း။ ရညော၊ အဇာတသတ်မင်းအား ကမ္မရာယာဘာဝေ၊ ပိတုဃာတက ကံတည်းဟူသော ကမ္မန္တရာယ်၏ မရှိခြင်းသည်။ သတိ၊ ဖြစ်ခဲ့သော်။ တသ္မိံယေဝအာသနေ ထိုသာမည ဖလ သုတ်ကို နာသောနေရာ၌ ပင်လျှင်။ ဓမ္မစက္ခု၊ သောတာပတ္တိမဂ်ဉာဏ်သည်။ ယဒိဥပ္ပဇ္ဇိဿတိ၊ အကယ်၍ ဖြစ်လတ္တံ့သည် မှန်၏။ အနာဂတေ၊ နောင်ကာလ၌။ ပစ္စေကဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓါသည်။ ဟုတွာ၊ ဖြစ်၍။ ကထံပရိနိဗ္ဗာယိဿတိ၊ အဘယ်ကြောင့် ပရိနိဗ္ဗာယိဿတိ၊ အကယ်၍ ပရိနိဗ္ဗာန်စံလတ္တံ့သည် မှန်၏။ တဒါ၊ ထိုဘဝ ထိုနေရာ၌။ ဓမ္မစက္ခု၊ သောတာပတ္တိမဂ်ဉာဏ်သည်။ ကထံဥပ္ပဇ္ဇိဿတိ၊ အဘယ်ကြောင့် ဖြစ်ထိုက်လတ္တံ့နည်း၊ ဣမေသာဝကဗောဓိ ပစ္စေကဗောဓိ ဥပနိဿယ တို့သည်။ ဘိန္နနိဿယနနု၊ အချင်းချင်းမတူ ထူးခြား ကွဲပြားသော ဥနိဿယတို့ပေမဟုတ်ကုန်လော။ ဣတိ၊ ဤသို့။ အာဟ၊ စောဒကပုဂ္ဂိုလ်ကဆို၏။ အယံ၊ ဤကမ္မန္တရာယ် မရှိပါမူ ဤနေရာ၌ပင် သောတပန်ဖြစ်ပေရာ၏, ကမ္မန္တရာယ် ရှိလျက်နေသောကြောင့်ကား နောင်အခါမှသာ ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ဟူသော သဘော နှစ်ပါးသည်။ နဝိရောဓော၊ အချင်းချင်းဆန့်ကျင်သော သဘောမဟုတ်။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ ဣတော၊ ဤအဇာတသတ်မင်းဘဝမှ။ ပရတော၀၊ နောင်၌သာလျှင်။ အဿ၊ ထိုမင်းသည်။ ပစ္စေကဗောဓိသမ္ဘာရာနံ၊ ပစ္စေကဗောဓိ သမ္ဘာရတို့ကို။ သမ္ဘရဏီယတော၊ ဆည်းပူးအပ်လတ္တံ့သည်၏ အဖြစ်ကြောင့်တည်း။ ဟိ၊ တိုစကား သင့်၏။ သာဝကဗောဓိယာ၊ သာဝကဗောဓိဖြင့်။ ဗုဇ္ဈနကသတ္တပိ၊ ကျွတ်ထိုက် ပြီးသော သတ္တဝါတို့သည်လည်း။ တဿာ၊ ထိုသာဝကဗောဓိ၏။ သမဝါယေ၊ အကြောင်း တစ်ပါး၏ ညီညွတ်ခြင်းသည်။ အသတိ၊ မရှိခဲ့သော်။ ကာလန္တရေ၊ သာသနာပအခါ၌။ ပစ္စေကဗောဓိယာ၊ ကပစ္စေကဗောဓိဖြင့်။ ဗုဇ္ဈိဿန္တိ၊ ပွင့်ကြကုန်လတ္တံ့။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ ကတာဘိနီဟာရ သမ္ဘဝတော၊ ပြုအပ်ပြီးသော အိနိဟာရ ရှိစေသည်၏ အဖြစ်ကြောင့်တည်း။ အပရေပန၊ တစ်ပါးသော ဆရာတို့သည်ကား။ ဘဏန္တိ၊ ဆိုကြကုန်၏။ ကိံဘဏန္တိ၊ အဘယ်သို့ ဆိုကြကုန်သနည်း။ အယံ၊ ဤအဇာတသက်မင်းသည်။ ပစ္စေက ဗောဓိယာယေ၀၊ ပစ္စေကဗောဓိ အကျိုးငှာ သာလျှင်။ ကတာဘိနီဟာရော၊ ပြုပြီးသော ဆုတောင်းခြင်း ရှိ၏။ ဟိ၊ ထိုစကားမှန်၏။ ကတာဘိနီဟာရာပိ၊ ပြုအပ်ပြီးသော ဆုတောင်းခြင်း ရှိကုန်သော ပစ္စေက ဗောဓိလောင်း

www.dhammaransi.com



တို့သည်လည်း။ တတ္ထ၊ ထိုပစ္စေကဗောဓိရှ၌။ နိယတံ၊ နိယတသဘောသို့။ အပတ္တာ၊ မရောက်ကုန်သေးသည်ရှိသော် တဿဉာဏဿ၊ ထိုပစ္စေကဗောဓိဉာဏ်၏။ ပရိပါကံ၊ ရင့်ခြင်းသို့။ အနုပဂတတ္တာ၊ မရောက်သေးသည်၏ အဖြစ်ကြောင့်။ သတ္တု၊ မြတ်စွာဘုရား၏။ သမ္မုခိဘာဝေ၊ မျက်မှောက်၌။ သာဝကဗောဓိံ၊ သာဝကဗောဓိသို့။ ပါပုဏိဿန္တိ၊ ရောက်ကုန်ရာလတ္တံ့။ ဣတိ၊ ထိုကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သစာယံဘက္ခုဝေရာဇာတိအာဒိံ၊ သစာယံဘိက္ခဝေရာဇာဉ်သို့ အစရှိသော ဒေသနာတော်ကို။ အာဟ ဟောတော်မူသတည်း။ စ ဆက်၍ ဆိုအံ့။ မဟာဗောဓိသတ္တာနံ ဧဝ၊ နိယတဗျာ ဒိတ်ရကုန်ပြီးသော ဘုရားလောင်းတို့အားသာလျှင်။ အာနန္တရိယပရိမုတ္တိ၊ အာနန္တရိယကံမှ လွတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတရဗောဓိသတ္တာနံ၊ တစ်ပါးသော ပစ္စေကဗောဓိလောင်းသာဝက ဗောဓိလောင်းတို့အား။ အာနန္တရိယပရိမုတ္တိ၊ အာနန္တရိယကံမှ လွတ်ခြင်းသည်။ နဟောတိ မဖြစ်သေး။ တထာတံဝစနံ၊ ထိုစကားသည်။ ဟိသစ္စံ၊ မှန်၏။ ပစ္စေကဗောဓိယံ၊ ပစ္စေကဗောဓိ၌။ နိယတော၊ မြဲပြီးသည်။ ဝါ၊ နိယတ ဗျာဒိတ် ခံပြီးသည်။ သမာနော၊ ဖြစ်ပေလျက်။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ စိရကာလသမ္ဘူတေန၊ ရှည်မြင့်လှစွာ ငါးကမ္ဘာပတ်လုံး ဖြစ်ခဲ့ပြီးသော။ လောကနာထေ၊ မြတ်စွာဘုရား၌။ အာဃာတေနိ၊ သံဃဘေဒကံ လောဟိတုပ္ပါဒကံ တို့ကို။ ပသဝိ၊ ဖြစ်စေလေပြီ။ တသ္မာ၊ ထိုကြောင့်။ ကမ္မန္တရာယေန၊ ကမ္မန္တရာယ်ကြောင့်။ ဣဒါနိ၊ ဤအဇာတသတ်မင်းဘဝ၌။ အသမဝေတ ဒဿနာဘိသမယေ၊ မရမသိ အပ်သော သောတာပတ္တိမဂ်တည်းဟူသော အဘိသမယ ရှိသော။ အယံရာဇာ။ ဤအဇာတသတ်မင်းသည်။ ဝါ၊ ပစ္စေကဗောဓိနိယာမေန၊ ပစ္စေကဗောဓိတည်းဟူသော သမ္ပတ္တနိယာမမဂ်ဖြင့်။ ဝါ၊ ပစ္စေကဗောဓိ၌ မချွတ်မလွဲမြဲ သဖြင့်။ အနာဂတေ နောင်ကာလ၌။ ပစ္စေကဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓါသည်။ ဟုတွာ၊ ဖြစ်၍။ ပရိနိဗ္ဗာယိဿတိ။ ပရိနိဗ္ဗာန်ပြုလတ္တံ့။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဣတိ၊ ဤသို့။ ဘဏန္တိ၊ ဆိုကြကုန်၏။

(ဋီကာအနက်)

ဤမင်းသည် ရှေးရှေးသောဘဝတို့၌ ပကတိ သာဝက ပါရမီကိုဖြည့်၍ လာသော သူဖြစ်၍သာ ဤနေရာ၌ပင် မဂ်ဖိုလ်ကိုရရာ၏ဟု ဘုရားဟောတော်မူသည်။ ပစ္စေကဗောဓိ ပါရမီကို ဖြည့်၍ လာသောသူ ဖြစ်မူကား ထိုပါရမီသည် ကမ္ဘာသချေ်ပင် ရင့်ပြီး ဖြစ်ငြားသော်လည်း သာဝကဗောဓိကို မပေးနိုင်ရာ။ ရှေး၌ဖြည့်ခဲ့ပြီးသော ပကတိသာဝက ပါရမီများသည်လည်း ထိုမင်းသန္တာန်၌ ပိတု ဃာတကကံတည်း ဟူသော အန္တရာယိက ဓမ္မနှင့်ယှဉ်ခြင်းကြောင့် ထိုဘဝ၌ သာဝကဗောဓိကို မပေးနိုင်။ ပစ္စေကဗောဓိ၏ အလွန်ဝေးသော ဥပနိဿယယောဠ်မျှသာ ဖြစ်ရာ၏ ထိုကြောင့်

www.dhammaransi.com



ဤမင်းသည် ဤဘဝမှစ၍ ပစ္စေကဗောဓိပါရမီသို့ အသစ်ပြောင်းရွှေ့၍ ပါရမီ အားရှိသော အခါ၌ နိယတဗျာဒိတ်ခံ၍ နိယတဗျာဒိတ်ရပြီးနောက်၌ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီဖြည့်၍ ပစ္စေကဗောဓိကို ယူလတ္တံ့။ ရှေး၌ပစ္စေကဗောဓိ ဆုကို တောင်းရင်း မရှိဘူးသေးသောကြောင့်လည်းကောင်း, နိယတဗျာဒိတ်ရရာ အင်္ဂါငါးပါးတို့တွင် "အဓိကာရော စ ဆန္ဒတာ" ဟူသော အင်္ဂါနှစ်ပါး၏ ထိုအခါ၌ ရှိရိပ် မထင်သေးသောကြောင့်လည်းကောင်း, ထိုအခါ၌ပင် နိယတ ဗျာဒိတ်ကို ရသည်ဟု ဆိုခွင့်မရှိသေး။

(ဋီကာဆရာအလို)

အပရေဆရာတို့၏ အလိုကား ဤမင်းသည် ရှေးရှေးသောဘဝကပင် ပစ္စေကဗောဓိကိုသာ ဆုတောင်း၍ လာသောသူပေတည်း။ ပစ္စေကဗောဓိပါရမီ များသည် သာဝကဗောဓိ၏လည်း ဥပနိဿယ ဖြစ်သင့်လေရကား ပါရမီအားမကြီးလွန်း သေးသောအခါ၌ သာဝကဗောဓိဖြင့် ကျွတ်လိုလျှင်ကျွတ်သင့်၏။ အားကြီးပြီးသော အခါ၌ကား ကျွတ်လိုသည် မရှိဟူလိုသည်။ ။ ထိုနှစ်ပါးသော ဝါဒတို့တွင် ဗျာဒိတ်မခံမီ ရှေးအဖို့၌ သက်သက်သော သမ္မာသမ္ဗောဓိ ဆုကိုသာ တောင်း၍လာသော ငါတို့ ဘုရားအလောင်းသည် သုမေဓာအဖြစ်၌ ငါအလိုရှိသည် ရှိသော် ယနေ့ပင် မဂ်ဖိုလ် ရအံ့ဟုကြုံးဝါးသော စကား ထင်ရှားရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, ဘုရားလောင်းတို့၏ အရာမဟုတ်ရာ၌ကြုံးဝါးခြင်းကို မပြုရာသောကြောင့် လည်းကောင်း, ကြုံးဝါးတိုင်းရသည်ရှိသော် အဋ္ဌကထာ၌ လာသော အတိုင်းသံဃနော ရဟန်း၏ အဖြစ်ဖြင့် သာဝကဗောဓိကိုသာ ရရာ သောကြောင့်လည်းကောင်း, ဤအကြောင်းများကို ထောက်သော် အပရေဆရာ တို့ဝါဒသည်သာ သင့်မည်ကဲ့သို့ ထင်ပေသည်။ ။ ပညာရှင်တို့ ဆင်ခြင်းပါကုန်။

**အဋ္ဌမပုစ္ဆာအဖြေပြီး၏။**

www.dhammaransi.com

# ၉။ နဝမပုစ္ဆာအဖြေ

နဝမပုစ္ဆာ၌လည်း ပဥ္စပါဒေါတ္တရ နည်းအားဖြင့် ပစ္စေကဗောဓိကို တောင်း၍ လာသော ဗျာဒိတ် မရသေးသော သူသည် တစ်ပါးသော ဗောဓိကို တောင်းသင့်သေး၏။ တောင်းလျှင်လည်း ရကောင်းသေး၏ ဟူသော အဖြေကိုလည်း ပြတော်မူ၏။ ။ ပစ္စေကဗောဓိကို ရည်မှတ်တောင့်တ၍ ပြုအပ်သော ကုသိုလ်သည် သမ္မာသမ္ဗောဓိ၏ ဥပနိဿယ ဖြစ်ကောင်းမည်မဖြစ်ကောင်းမည် ဟူသော အရာမှာ ရှေးအဋ္ဌမပုစ္ဆာ၌ ဖြေခဲ့ပြီးသောနည်းကို အစဉ်မှီးသဖြင့် သိလောက်ပြီ။

ဤငါတို့ဘုရား၏သာသနာ၌

၁။ ဒေဝဒတ်,

၂။ အဇာတသတ်မင်း,

၃။ သုမနပန်းသည်,

၄။ လယ်စောင့်ယောက်ျား,

၅။ ဝေဒိဿကတောင်နေ ခင်ပုပ်ငှက်,

၆။ ဘုရားအား ဦးစောက်ပန်း လှူသောယောက်ျား

ဟူ၍ ပစ္စေကဗုဒ္ဓါလောင်း ခြောက်ဦး ကျမ်းဂန်များ၌ တိုက်ရိုက် လာသည်။

ထိုခြောက်ဦးတို့တွင်

၁။ ဒေဝဒတ်သည် ဤကမ္ဘာမှ နောက်ကမ္ဘာတစ်သိန်းမြောက်၌ အဋ္ဌိဿရ မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ဟု မိလိန္ဒပဥှာ ဓမ္မပဒ အဋ္ဌကထာများ၌ လာသည်။

www.dhammaransi.com



၂။ အဇာတသတ်မင်းမှာ ဝိဇိတာဝီ မည်သော ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ဟု သာမညဖလသုတ် အဋ္ဌကထာ၌ လာသည်။ ကာလအပိုင်းအခြား မလာ။

၃။ သုမန ပန်းသည်သည် ဤကမ္ဘာမှ နောက် ကမ္ဘာတစ်သိန်းမြောက်၌ သုမနိဿရ မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ဟု သုတ္တနိပါတ် အဋ္ဌကထာ များ၌သာသည်။

၄။ လယ်စောင့် ယောကျ်ားသည် ရတနာကုဋ္ဌမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ ဟုထေရဂါထာပါဠိ၌ပင် လာသည်။ ကာလအားဖြင့်ကား ဤကမ္ဘာတွင်းပင် အရိပ်ထင်၏။ တိုက်ရိုက်မလာ။

၅။ ခင်ပုပ်ငှက်သည် ဤကမ္ဘာမှ နောက်ကမ္ဘာတစ်သိန်းမြောက်၌ သောမနဿမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ဟု သုတ္တနိပါတ် အဋ္ဌကထာ စသည်၌ လာသည်။

၆။ ဦးစောက်ပန်း လှူသော ယောကျ်ားသည် ဝဋံသက မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ဟု နေတ္တိပါဠိတော်များ၌ တွေ့မြင်သည်။ ဤကမ္ဘာတွင်းပင် အရိပ်ထင်၏။ တိုက်ရိုက်မလာ။

ငါးဆယ့်ငါးနှစ်ပတ်လုံး ခိုးသူသတ်ခြင်း အမှုဖြင့် အသက်မွေး၍ သေခါနီး၌ အရှင်သာရိပုတ္တရာအား ဆွမ်းလှူ၍ နတ်ပြည်သို့ သွားရသော သူသတ်ယောကျ်ားသည် ထိုဆွမ်းလှူသောကံကြောင့် နောင်အခါ ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ဟု သဟဿဝတ္ထုကျမ်း၌ လာ၏။ ထိုသူသတ် ယောကျ်ား၏ အကြောင်းကိုဆိုသော အင်္ဂုတ္တိုရ် ဋ္ဌကထာ ဓမ္မဝိဘင်္ဂခန်း အင်္ဂုတ္တိုရ်ဋီကာများ၌ကား နတ်ပြည်၌ ဖြစ်ကြောင်းကိုသာ ဆိုသည်။ ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့သည်ကို အဆိုမပါ။

မဟာမာယာဝတ္ထုကျမ်း၌ကား

"သောပိ ဗောမိသတ္တံ့ တောမေတွာ တေနေဝ ပသာဒေနေ အနာဂတေ ပစ္စေကဗုဒ္ဓါ ဘဝိဿတိ"

ဟူ၍ မာရ်မင်းသည်လည်း ပစ္စေကဗုဒ္ဓါပင် ဖြစ်လတ္တံ့ဟုလာ၏။ ။ သောတတ္တကီ စသော ကျမ်းများ၌ လာသော ဘုရားလောင်းပေါင်း အနုငါးရာ ရင့်မာတစ်ကျိပ် တို့တွင် ရင့်မာတစ်ကျိပ်၏ အကြောင်းအတ္တုပ္ပတ္တိကို ဆိုသော စုဏ္ဏိယ အနာဂတဝင်ကျမ်း၌ ငါတို့ ဘုရားလက်ထက်၌-

www.dhammaransi.com



၁။ အဇာတသတ်မင်း၏ သားဖြစ်သော အဇိတထေရ်သည် ရှေးအခါ၌ သခ်မည်သော စကြာမင်းဖြစ်၍ သိရိမန္တ ဘုရားအထံ၌ ဗျာဒိတ်ရ၍ ဤကမ္ဘာတွင်း၌ပင် မေတ္တေယျ ဘုရားဖြစ်လတ္တံ့။ အသက်တော် ရှစ်သောင်း, အရပ်တော်ရှစ်ဆယ့်, ရှစ်တောင်, ကံကော်ပင်ဗောဓိ။

၂။ ငါတို့ဘုရား လက်ထက်၌ ရာမမင်းသည် နာရဒလုလင်ဖြစ်၍ ကဿပဘုရားအထံ၌ ဗျာဒိတ်ရ၍ ဤကမ္ဘာမှ နောက်မဏ္ဍကမ္ဘာ၌ ရာမဘုရား ဖြစ်လတ္တံ့။ အသက်တော် ကိုးသောင်း, အရပ်တော် အတောင်ရှစ်ဆယ်, စန္ဒကူးပင်ဗောဓိ။

၃။ ပသေနဒီ ကောသလမင်းသည် သုဒ္ဓလုလင်ဖြစ်၍ ကောဏာဂုမ် ဘုရားအထံ၌ ဗျာဒိတ်ရ၍ ၎င်းမဏ္ဍကမ္ဘာ၌ပင် ဓမ္မရာဇာဘုရား ဖြစ်လတ္တံ့။ အသက်တော် ငါးသောင်း, အံရပ်တော် အတောင် ကိုးဆယ်, ကံ့ကော်ပင်ဗောဓိ။

၄။ အဘိဘူ နတ်မင်းသည် ဗောဓိ အမတ်ဖြစ်၍ ကဿပဘုရား လက်ထက်၌ ဗျာဒိတ်ရ၍သာရ ကမ္ဘာ၌ ဓမ္မသာမိဘုရား ဖြစ်လတ္တံ့၊ အသက်တော် တစ်သိန်း, အရပ်တော် အတောင်ရှစ်ဆယ်, အင်ကြင်းပင် ဗောဓိ။

၅။ ဒီယသောဏိ မည်သော ရာဟု အသုရိန်သည် သီရိရတနာမင်း ဖြစ်၍ ကဿပဘုရားလက်ထက်၌ ဗျာဒိတ်ရ၍ မဏ္ဍကမ္ဘာ၌ နာရဒဘုရားဖြစ်လတ္တံ့၊ အသက်တော်တစ်သောင်း, အရပ်တော် အတောင်တစ်ရာ့နှစ်ဆယ်, စန္ဒကူးပင် ဗောဓိ။

၆။ စင်္ကီပုဏ္ဏားသည် မာဃလုလင်ဖြစ်၍ ကကုသန် ဘုရား လက်ထက်၌ ဗျာဒိတ်ရ၍ ၎င်းမဏ္ဍကမ္ဘာ၌ ရသိမုနိ ဘုရား ဖြစ်လတ္တံ့၊ အသက်တော် ငါးထောင်, အရပ်တော် အထောင်ခြောက်ဆယ်, လက်ပံပပင်ဗောဓိ။

၇။ သုဘ ပုဏ္ဏားသည် ဆဒ္ဒန်ဆင်မင်းဖြစ်၍ ကောဏာဂုမ် ဘုရား လက်ထက်၌ ဗျာဒိတ်ရ၍ မဏ္ဍကမ္ဘာ၌ ဒေဝါတိဒေဝ ဘုရား ဖြစ်လတ္တံ့၊ အသက်တော် ရှစ်သောင်း, အရပ်တော်အတောင် ရှစ်ဆယ်, စကားပင် ဗောဓိ။

၈။ တောဒေယျ ပုဏ္ဏားသည် နန္ဒလုလင်ဖြစ်၍ ပစ္စေကဗုဒ္ဓါဘုရား အထံ၌ ဗျာဒိတ်ရ၍ ၎င်းမဏ္ဍကမ္ဘာ၌ပင် နရသီဟဘုရားဖြစ်လတ္တံ့၊

www.dhammaransi.com



အသက်တော် ရှစ်သောင်း, အရပ်တော်အတောင်ခြောက်ဆယ်, သခွတ်ပင် ဗောဓိ။

၉။ ခေပါလ မည်သော နာဋ္ဌာဂီရိဆင်သည် ခမ္ဗသေနမင်းသားဖြစ်၍ ကောဏာဂုမ်ဘုရား လက်ထက်၌ ဗျာဒိတ်ရ၍ မဏ္ဍကမ္ဘာ၌ တိဿ ဘုရားဖြစ်လတ္တံ့၊ အသက်တော် ရှစ်သောင်း, အရပ်တော် အတောင်ရှစ်ဆယ်, ပဉ္စောင်ပင် ဗောဓိ။

၁၀။ ပလလည်း ဆင်မင်းသည် မဟာပနာဒ စကြာမင်း ဖြစ်၍ ကကုသန် ဘုရားလက်ထက်၌ ဗျာဒိတ်ရ၍ ၎င်းမဏ္ဍကမ္ဘာ၌ပင် သုမင်္ဂလ ဘုရားဖြစ်လတ္တံ့၊ အသက်တော် တစ်သိန်း, အရပ်တော် အတောင်ရှစ်ဆယ်, ကံ့ကောပင် ဗောဓိ။

ဤသို့ အစဉ်အတိုင်း ပွင့်လတ္တံ့သော ဘုရားလောင်းတစ်ကျိပ်လာသည်တွင် အဘိဘူနတ်မင်းသည်ကို မာရ်နတ်မင်းကိုပင်ယူကြကုန်၏။

အဘိဘူနတ်, ခေါ်ပညတ်, မှတ်ကြလေကွယ့်, အလောင်းတဲ့။
မာရ်နတ်မင်းကောင်း, ဆုပန်တောင်း, အလောင်း ပေတဲ့
မှတ်လေကွယ့်။

ဟူ၍လည်း အဘိဘူနတ် မာရ်တို့ကို အသီးအခြားစပ်ဆိုကြကုန်၏။ ။ ထိုသို့ယူကြ စပ်ဆိုကြကုန်သော်လည်း ၎င်းအနာဂတဝင်ကျမ်း သောတတ္တကီ စသော ကျမ်းများ၌ အဘိဘူသဒ္ဒါဖြင့် အဘိဘူ အမည်ရှိသော နတ်မင်းဝိသေသကိုသာ ယူသင့်လေသောကြောင့် လည်းကောင်း, မာရ်နတ်မင်း၏ အသီးအခြား တစ်ပါး၏ အဖြစ်ဖြင့် မပါလာသောကြောင့် လည်းကောင်း, မာရ်နတ်မင်းသည် မဟာမာယာဝတ္ထု ကျမ်း၌လာတိုင်းပစ္စေကဗုဒ္ဓါလောင်းသာ ဖြစ်သင့်ရာသတည်း။

ဒသုတ္တရာ ပဉ္စသတာ၊ ဗောဓိသတ္တာ သမူဟတော။

ဒသ အနုက္ကမာယေဝ၊ ပဥ္စသထာန နုက္ကမာ။

ဟူ၍ အစဉ်အတိုင်း ပွင့်လတ္တံ့သော ဘုရားလောင်းတစ်ကျိပ်, အစဉ်မရှိသော ဘုရားလောင်း ငါးရာလာသည်။

(ထိုတွင် ငါးရာတို့၏ အမည်နာမပွင့်ရာ ကမ္ဘာ စသည်များကို ကျမ်းဂန်မလာ)

www.dhammaransi.com



အဇာတသတ်မင်း၏ သားဖြစ်သော အဇိတထေရ်၏ အကြောင်းကို ဂါထာအနာဂတဝင် ပါဠိတော်၏ အဖွင့်ဖြစ်သော သမန္တဘဒ္ဒိကာ မည်သော အနာဂတဝင် အဋ္ဌကထာကျမ်းမှာ အကျယ်လာသည်။

**နဝမပုစ္ဆာအဖြေပြီး၏။**

www.dhammaransi.com

# ၁၀။ ဒသမပုစ္ဆာအဖြေ

ဤပုစ္ဆာ၌လည်း ပဥ္စပါဒေါတ္တရ နည်းအားဖြင့် တစ်ပါးသော ဗောဓိများကိုလည်း တောင်းရာသေး၏။ တောင်းလျှင်လည်း ရရာသေး၏ ဟူသောအဖြေကိုလည်း ပြတော်မူ၏။ ။" ပဥ္စပါဒေါဇဝ၊ မေးသောပုစ္ဆာ ပါဒသည်ပင်လျှင်။ ဥတ္တရော၊ အဖြေ ဝိဿဇ္ဇနာ ဖြစ်လာသည်တည်း။ ပဥ္စပါဒေါတ္တရော၊ မေးသောပုစ္ဆာပါဒသည်ပင် အဖြေဝိဿဇ္ဇနာ ဖြစ်လာသည်။" ။ နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်း ပစ္စေကဗုဒ္ဓါလောင်း အဂ္ဂသာဝက လောင်းတို့သည် နိယတဗျာဒိတ်၏ အစွမ်းကြောင့် တစ်ပါးသော ဗောဓိကို ရခြင်းငှာ မထိုက်ကုန်ရကား ဤပုစ္ဆာ၌လည်း ဗျာဒိတ် ရပြီးကို မလိုအပ်၊ ကြောင်းကို "ယဒိလဘေယျ" **စသည်**ဖြင့် တက်၍ လာသောနောက်စကားကို ထောက်၍ပင် သိအပ်၏။ "ပုဏ္ဏာ ပုဏ္ဏကာလေ" ဟူသော စကား၌လည်း ဗျာဒိတ် ရခြင်း၏ အခြေပါဒဥပနိဿယ ဖြစ်သော သမ္ဘာသမ္ဘာရ သမ္ဘာရတို့၏ ပြည့်စုံရာ ကာလကို ပုဏ္ဏကာလ, မပြည့်စုံသေးသော ကာလကို အပုဏ္ဏကာလဟု ယူအပ်၏။

ထိုစကားမှန်၏။ သဗ္ဗညုတဘုရားလောင်းတို့၏ နိယတဗျာဒိတ်ကိုရခြင်း၏ မှီရာမူလ ပဏ္ဍာနဟု ဆိုအပ်သော မဟာဘိနီဟာရ မည်သည် အထူးအထယ်ကြီးကျယ် ပြည့်ဖြိုးသော သမ္ဘာသမ္ဘာဓိ အဆောက်အဦရှိပြီးသော ယောကျ်ားမြတ်တို့ အားသာ ဖြစ်၏။ အားနည်းသော သမ္ဘာ သမ္ဘောဓိအဆောက်အဦ ရှိသော နုသေးစွာသော သူအားမဖြစ်၊ ပစ္စေကဗောဓိအဆောက်အဦ သာဝကဗောဓိ အဆောက်အဦ ရှိဘူးသော ပုဂ္ဂိုလ်တို့အားလည်းမဖြစ်၊ တစ်စုံတစ်ခုသော ဗောဓိအဆောက်အဦမျှ မရှိဘူးသေးသော သူအား ဆိုဘွယ်မရှိ။ ။နိယတဗျာဒိတ်မရမီ ရှေးအဖို့ကပင်ပစ္စေက ဗုဒ္ဓါလောင်း သာဝကလောင်းတို့နှင့် မဆက်ဆံသော အလွန်အားကြီးသော သမ္ဘာသမ္ဘောဓိ အဆောက်အဦနှင့် ပြည့်စုံသော ယောကျ်ားမြတ်အားသာ မဟာဘိနီ ဟာရကို ထိုက်ကြောင်းကိုကား အဘိနီဟာရ အင်္ဂါရှစ်ပါးတို့တွင် ဟေတုအင်္ဂါ အဓိကာရ အင်္ဂါ ဆန္ဒတာအင်္ဂါ၏ အဖွင့်ဖြစ်သော အဋ္ဌကထာများကို ထောက်၍ သိအပ်၏။

www.dhammaransi.com



ဟေတူ တိ အရဟတ္တဿ ဥပနိဿယ သမ္ပတ္တိ။ ယောဟိ တသ္မိံ အတ္တဘာဝေ ဝါယမန္တော အရဟတ္တံ ပါပုဏိတုံ သမတ္ထော တဿ သမိဇ္ဈတိ။ နေ၀ ဣတရဿ။

(သုတ္တနိပါတ် အဋ္ဌကထာ)

ပုရိသဿပိ တသ္မိံ အတ္တဘာဝေ အရဟတ္တုပ္ပတ္တိယာ ဟေတု သမ္ပန္နဿေဝ ပတ္ထနာ သမိဇ္ဈတိ၊ နော ဣတရဿ။

(ပါဠိဇာတ် အဋ္ဌကထာ, ထိုအတူလာသော ဗုဒ္ဓဝင် အဋ္ဌကထာ, အပဒါန် အဋ္ဌကထာ, ဇာတတ္ထကီ နိဒါန်း)

ဟေတူတိ တိဟေတုကပဋိသန္ဓိကတာ။
(မူလဋီကာ)

ဤအလုံးစုံသော စကားရပ်ဖြင့် ထိုဘဝ၌ အရဟတ္တမဂ်ကို ယူလိုလျှင် ရလောက်အောင် ပါရမီ သမ္ဘာရတည်းဟူသော ဟေတုအင်္ဂါနှင့် ပြည့်စုံမှသာ မဟာဘိနီဟာရကို ထိုက်သည် ဟူလိုသည်။ ဤမျှဖြင့် ပစ္စေကဗုဒ္ဓါသာဝကလောင်းတို့ထက် အလွန်မလွန်ကဲလွန်းသေး၊ အဂ္ဂသာဝက အရှင်သာရိပုတ္တရာအလောင်းဖြစ်သော သရဒရသေ့, မဟာသာဝက အရှင်သုဘူတိအလောင်းဖြစ်သော နန္ဒရသေ့တို့ အားလည်း ဗျာဒိတ်ခံသော အခါ၌အလိုရှိလျှင် ထိုဘဝ၌ပင် အရဟတ္တမဂ်ကိုရမည် အရိပ်ထင်သေးသည်တကား ဟူပြောအံ့၊ ဆိုအပ်ပြီးသော ဟေတုအင်္ဂါ၏အရ ဥပနိဿယ၏ ပစ္စေကဗုဒ္ဓါသာဝကတို့နှင့် မဆက်ဆံဘဲ လွန်ကဲသည်၏ အဖြစ်ကို-

ဇဝံ သမ္ပန္နုပနိဿယဿ ပန ဣမာနိ ဥပနိဿယသမ္ပတ္တိယာ လိင်္ဂါနိ ဘဝန္တိ။ ယေဟိ သမနာဂတဿ သာဝကဗောဓိသတ္တေဟိ ပစ္စေက ဗောဓိသတ္တေဟိ စ မဟာဝိသေသော မဟန္တံ နာနာကာရဏံပညာယတိ ဣန္ဒြိယတော ပဋိပတ္တိတော ကောသလ္လတော စ၊ ဥပနိဿယ သမ္ပတ္တိယာ ဣမာနိ လိင်္ဂါနိ ဘဝန္တိ၊ ဣဓ ဥပ နိဿယ သမ္ပန္နော မဟာပုရိသော ယထာဝိသဒိန္ဒြိယော ဟောတိ ဝိသဒဉာဏော န တထာ ဣတရေ။ ပရဟိတာယ ပဋိပန္နော ဟောတိ၊ န အတ္တ ဟိတာယ၊ တာ ဟိသော ယထာ ဗဟုဇန ဟိတာယ ဗဟုဇန သုခါယ လောကာနုကမ္ပါယ အတ္ထာယ ဟိတာယ သုခါယ ဒေဝ မနုဿာနံ ပဋိပဇ္ဇတိ၊ န ဣတရေ။ တတ္ထ စ ကောသလ္လံ အာဝဟတိ ဌာနုပ္ပတ္တိ ပဋိဘာနေန ဌာနာ ဌာန ကုသလတာယ စ။

ဟူသောစရိယ ပဋိက အဋ္ဌကထာကို ထောက်သဖြင့် သိအပ်၏။

www.dhammaransi.com



ဧဝံ ဤသို့။ သမ္ပန္နုပနိဿယဿ၊ ဥပနိဿယနှင့် ပြည့်စုံသော။ အဿပန၊ ထိုနိယတ ဗျာဒိတ်ရခါနီးသော ဘုရားလောင်းအား။ ယေဟိ၊ အကြင် မှတ်ကြောင်း လက္ခဏာ တို့နှင့်။ သမနာဂတဿ၊ ပြည့်စုံသော ယောက်ျားမြတ်၏။ သာဝကဗောဓိ သတ္တေဟိစ၊ သာဝကဗောဓိလောင်းတို့ထက်လည်းကောင်း။ ပစ္စေကဗောဓိသတ္တေဟိစ၊ ပစ္စေကဗောဓိလောင်းတို့ထက် လည်းကောင်း။ ပစ္စေကဗောဓိ လောင်းတို့ ထက်လည်း ကောင်း ဣန္ဒြိယတောစ၊ ဣန္ဒြေအားဖြင့် လည်းကောင်း။ ပဋိပတ္တိတောစ၊ အကျင့်အားဖြင့် လည်းကောင်း။ ကောသလ္လတောစ ဉာဏ်အားဖြင့်လည်းကောင်း။ မဟာဝိသေသော၊ လွန်ကဲသော အထူးသည်။ ပညာယတိ၊ ထင်ရှား၏။ ဥပနိဿယ သမ္ပတ္တိယာ၊ ဥပနိဿယနှင့် ပြည့်စုံခြင်း၏ ဣမာနိလိင်္ဂါနိ၊ ဤမှတ်ကြောင်း လက္ခဏာ တို့သည်။ ဘဝန္တိ၊ ထင်ရှားကုန်၏။ ဣဓ၊ ဤလောကဓာတ်၌။ ဥပနိဿယသမ္ပန္နော၊ ဥပနိဿနှင့်ပြည့်စုံသော။ မဟာပုရိသော၊ ယောက်ျားမြတ်သည်။ ဝိသဒိန္ဒြိယော၊ သန့်ရှင်းသော ဣန္ဒြေရှိတော်မူသည်။ ဝိသဒဉာဏော၊ သန့်ရှင်းသောဉာဏ် ရှိတော် မူသည်။ ဟောတိယထာ၊ ဖြစ်၏သို့။ တထာ၊ ထို့အတူ။ ဣတရေ၊ တစ်ပါးသောပစ္စေက ဗောဓိလောင်း သာဝကဗောဓိလောင်းတို့သည်။ ဝိသဒိန္ဒြိယာ၊ သန့်ရှင်းသောဣန္ဒြေ ရှိကြကုန်သည်။ ဝိသဒဉာဏာ၊ သန့်ရှင်းသောဉာဏ်ရှိကြကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်၊ ပရဟိတာယ၊ တစ်ပါးသောသတ္တဝါတို့၏ အကျိုးစီးပွားငှာ။ ပဋိပန္နော၊ ကျင့်တော်မူသည်။ ဟောတိ၊ ဖြစ်၏။ အတ္တဟိတာယ၊ မိမိအကျိုးစီးပွားငှာ။ ပဋိပန္နော၊ ကျင့်တော်မူသည်။ နဟောတိ၊ မဖြစ်။ တထာတံဝစနံ၊ ထိုစကားသည်။ ဟိသစ္စံ၊ မှန်၏။ သော၊ ထိုယောက်ျား မြတ်သည်။ ဗဟုဇနဟိတာယ၊ များစွာသော သတ္တဝါတို့၏ ချမ်းသာခြင်းငှာ။ လောကာနုကမ္ပါယ၊ လူအပေါင်းကို သနားမြင့်ခြင်းငှာ။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ အတ္ထာယ၊ မင်္ဂတည်းဟူသော အကျိုးငှာ။ ဟိတာယ၊ ဖိုလ်တည်းဟူသော အကျိုးငှာ။ သုခါယ၊ အနုပါဒိ ပရိနိဗ္ဗာန်ချမ်းသာအကျိုးငှာ၊ ပဋိပဇ္ဇတိယတထာ၊ ကျင့်တော်မူ၏သို့ တထာ၊ ထို့အတူ။ဣတရေ၊ 'ပစ္စေကဗောဓိလောင်း သာဝကဗောဓိ လောင်းတို့သည်။ ဗဟုဇနဟိတာယ၊ များစွာသော သတ္တဝါတို့၏ အကျိုးစီးပွားငှာ။ ဗဟုဇနသုခါယ များစွာသောသတ္တဝါတို့၏ ချမ်းသာခြင်းငှာ။ လောကာနုကမ္ပာယ၊ လူ, အပေါင်းကို သနားမြင့်ခြင်းငှာ။ ဝေဒမနုဿနံ၊ နတ်လူတို့၏။ အတ္ထာယ၊ မင်္ဂတည်းဟူသော အကျိုးငှာ၊ ဟိတာယ၊ ဖိုလ်တည်းဟူသော အကျိုးငှာ။ သုခါယ၊ အနုပါဒိ ပရိနိဗ္ဗာန်ချမ်းသာ အကျိုးငှာ။ နပဋိပဇ္ဇန္တိ၊ မကျင့်ကြကုန်။ တတ္ထစ၊ ထို သူတစ်ပါးတို့၏ အကျိုးကို ကျင့်ခြင်း၌လည်း။ ဌာနုပ္ပတ္တိပဋိဘာနေနစ၊ တစ်ခဏ ခြင်းဖြစ်၍ ဟုတ်တိုင်းမှန်တိုင်း ထင်နိုင်ခြင်းဖြင့်လည်းကောင်း။ ဌာနဌာန ကုသလတာယစ၊ အကြောင်း ဟုတ်သည်

www.dhammaransi.com



မဟုတ်သည်၌ လိမ္မာသည်၏ အဖြစ်ဖြင့် လည်းကောင်း။ ကောသလ္လံ၊ ဉာဏ်**သည်**။ အာဝဟတိ၊ ရွက်ဆောင်၏။

(အဋ္ဌကထာအနက်။)

ပါဠိဇာတ်အဋ္ဌကထာစသည်၌-

ဂုဏသမ္ပန္နေနာ ပိ ယေန **အတ္တနော** ဇီဝိတံ ဗုဒ္ဓါနံ ပရိစတ္တံ ဟောတိ၊ တဿကမ္မိနာ အဓိကာရေန **အဓိကာရ** သမ္ပန္နဿေဝ သမိဇ္ဈတိ၊ နဣတရဿ၊ အဓိကာရ သမ္ပန္နဿာပိ ယဿ ဗုဒ္ဓကရဓမ္မာနံ အတ္ထာယ မဟန္တော ဆန္ဒော မဟန္တော ဥဿဟောစ ဝါယာမောစ ပရိယေဋ္ဌိစ တဿေဝ သမဇ္ဈတိ။ **နဣတရဿ** တတြိဒံ ဆန္ဒမဟန္တတာယ ဩပမ္မံ၊ သစေ ဟိ ဧဝမဿ။ ယော **သကလံ စက္ကဝါဠ**ဂဗ္ဘံ ဧကောဒကီဘူတံ အတ္တနော ဗာဟု ဗလေန ဥတ္တရိတွာ ပါရံ **ဂန္တုံ သမတ္ထော**။ သော ဗုဒ္ဓတ္တံ ပါပုဏာတိ၊ ယော ဝါ ပနသကလ စက္ကဝါဠ ဂဗ္ဘံ ဝေဠုဂုမ္ဗ **သဉ္ဆန္နံ** ဗျူဟေတွာ မဒ္ဒိတွာ ပဒသာဂစ္ဆန္တော ပါရံ ဂန္တုံ သမတ္ထော။ သော ဗုဒ္ဓတ္တံ ပါပုဏာတိ။ ယောဝါပန သကလ စက္ကဝါဠ ဂဗ္ဘံ သတ္တိယာ အာကောဋေတွာ နိရန္တရံသတ္တိ ဖလ သမာကိဏ္ဏံ ပဒသာ အက္ကမ မာနော ပါရံ ဂန္တုံ သမတ္ထော။ သော ဗုဒ္ဓတ္တံ ပါပုဏာတိ။ ယောဝါ ပန သကလ စက္ကဝါဠဂဗ္ဘံ ဝီတစ္စိ ဘင်္ဂါရ တရိတံ ပါဒေဟိ မဒ္ဒမာနော ပါရံ ဂန္တုံသမတ္ထော။ သော ဗုဒ္ဓတ္တံ ပါပုဏာတိ။ ယော ဧတေသု ဧကမ္ပိ ပိအတ္တနော ဒုက္ကရံ နမညတိ။ အဟံ ဧတံ ပိ တရိတွာဝါ ဂန္တွာဝါပါရံ ဂမိဿမီတိ ဧတံ မဟန္တေန ဆန္ဒေနစ ဥဿာဟေနစ ဝါယာမေနစ ပရိယေဋ္ဌိယာစ သမန္နာဂတော ဟောတိ။ တဿ ပတ္ထနာ သမိဇ္ဈတိ။ န ဣတရဿ။

ဂုဏသမ္ပန္နေနာပိ၊ ဈာန်အဘိညာဏ် သမာပတ်ဂုဏ်နှင့် ပြည့်စုံလျှင်းမူလည်း။ ယေန၊ အကြင်သူသည်။ အတ္တနော၊ မိမိ၏။ ဇီဝိတံ၊ အသက်ကို။ ဗုဒ္ဓါနံ၊ ဘုရားတို့အား။ ပရိစတ္တံ၊ စွန့်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ကမ္မိနာအဓိကာရေန၊ ဤသို့သော အလွန်အမင်း ပြုခြင်းဖြင့်။ အဓိကာရသမ္ပန္နဿေဝ၊ အဓိကာရနှင့်ပြည့်စုံသည်သာလျှင် ဖြစ်သော။ တဿ၊ ထိုသူအား။ သမိဇ္ဈတိ၊ ဆုတောင်းပြည့်စုံပါ၏။ ဣတရဿ၊ တစ်ပါးသော သူအား။ နသမိဇ္ဈတိ၊ မပြည့်စုံ။ အဓိကာရသမ္ပန္နဿာပိ၊ အဓိကာရနှင့် ပြည့်စုံလျှင်မူလည်း။ ယဿ၊ အကြင်သူအား။ ဗုဒ္ဓကရ-မ္မာနံ၊ ဘုရားဖြစ်အောင် ပြုတတ်ကုန်သော ပါရမီတရားတို့၏။ အတ္ထာယ၊ အကျိုးငှာ။ မဟန္တော၊ ကြီးမြတ်သော။ ဆန္ဒောစ၊ ဆန္ဒသည်လည်းကောင်း။ မဟန္တော၊ ကြီးမြတ်သော။ ဥဿဟောစ၊ အားထုတ်ခြင်းသည်လည်းကောင်း။ ဝါယာမောစ၊ လုံ့လပြုခြင်းသည်လည်းကောင်း။ ပရိယေဋ္ဌိစ၊

www.dhammaransi.com



ရှာမှီး တောင့်တခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တသောဝ၊ ထိုသူအားသာ။ သမိဇ္ဈတိ၊ ပြည့်စုံ၏။ ဣတရဿ၊ တစ်ပါးသူအား။ နသမိဇ္ဈတိ၊ မပြည့်စုံ။ တတြ၊ ထိုစကား၌။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ဆန္ဒမဟန္တတာယ၊ ဆန္ဒအားကြီးသည်၏ အဖြစ်၌။ ဩပမ္မံ၊ နှိုင်းယှဉ်စရာ ဥပမာတည်း။ ဟိ၊ ထိုစကားကို ချဲ့၍ဆိုအံ့။ ယော၊ အကြင်သူသည်။ သကလ စက္ကဝါဠဂဗ္ဘံ၊ အလျား အနံအားဖြင့် ယူဇနာ တစ်သန်း နှစ်သိန်း သုံးထောင့်လေးရာငါးဆယ် ကျယ်ဝန်းသော စကြဝဠာတိုက် အလုံးကို။ ဧကောဒကီဘူတံ၊ တစ်စပ်တည်းသော ရေအပြင်ဖြစ်၍ ဖြစ်သည်ကို။ အတ္တနော၊ မိမိ၏။ ဗာဟုဗလေန၊ လက်ရုံးအားဖြင့်။ ဥတ္တရိတွာ၊ ကူး၍။ ပါရံ၊ စကြဝဠာတစ်ဘက် ကမ်းသို့။ ဂန္တုံ၊ သွားခြင်းငှာ။ သမတ္ထော၊ တတ်စွမ်းနိုင်၏။ သော၊ ထိုသူသည်။ ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။ ဝါပန၊ တစ်ပုံကား။ ယော၊ အကြင်သူသည်။ သကလစက္က ဝါဠဂဗ္ဘံ၊ အလျား အနံအားဖြင့် ယူဇနာ တစ်သန်း နှစ်သိန်း သုံးထောင့်လေးရာ ငါးဆယ် ကျယ်ဝန်းသော စကြဝဠာတိုက် အလုံးကို။ ဝေဠုဂုမ္ဗသဉ္ဆန္နံ၊ ဝါးချုံအတိဖုံးလွှမ်းသည်ကို။ ဗျူဟေတွာ၊ ယက်ငင်ပယ်ထွင်၍။ မဒ္ဒိတွာ၊ နင်းနယ်၍။ ပွသာ၊ ခြေလျင်အားဖြင့်။ ဂစ္ဆန္တော၊ သွားလျက်။ ပါရံ၊ စကြဝဠာတစ်ဘက်ကမ်းသို့။ ဂန္တုံ၊ သွားခြင်းငှာ။ သမတ္ထော၊ တတ်နိုင်စွမ်း၏။ သော၊ ထိုသူသည်။ ဗုဒ္ဓတ္တံ၊ ဘုရား အဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။ ဝါပန၊ တစ်ပုံကား။ ယော၊ အကြင်သူသည်။ သတ္တိယာ၊ လှံဖြင့်။ အာကောဋေတွာ၊ နှက်စိုက်၍။ နိရန္တရံ၊ အခြားမလပ်။ သတ္တိဖလသမာကိဏ္ဏံ၊ လှံသွား အတိပြွမ်းသော။ သကလစက္ကဝါဠဂဗ္ဘံ၊ အလျား အနံ အားဖြင့် ယူဇနာ တစ်သန်း နှစ်သိန်း သုံးထောင့် လေးရာ ငါးဆယ် ကျယ်ဝန်းသော စကြဝဠာတိုက် အလုံးကို။ ပဒသာ၊ ခြေလျင်အားဖြင့်။ အက္ကမမာနော၊ နင်းလျက်။ ပါရံ၊ စကြဝဠာတိုက်တစ်ဖက် ကမ်းသို့။ ဂန္တုံ၊ သွားခြင်းငှာ။ သမတ္ထော၊ တတ်နိုင်စွမ်း၏။ သော၊ ထိုသူသည်။ ဗုဒ္ဓတ္တံ၊ ဘုရား အဖြစ်သို့ပါပုဏာတိ၊ ရောက်၏။ ဝါပန၊ တစ်ပုံကား။ ယော၊ အကြင်သူသည်။ ဝိတစ္စိတင်္ဂါရတရိတံ၊ မီးတောက်မှ ကင်းသော မီးကျီး တို့ဖြင့်ပြည့်သော။ သကလစက္ကဝါဠဂဗ္ဘံ၊ အလျား အနံအားဖြင့် ယူဇနာ တစ်သန်း နှစ်သိန်း သုံးထောင့် လေးရာ ငါးဆယ် ကျယ်ဝန်းသော စကြဝဠာတိုက်အလုံးကို။ ပါဒေဟိ၊ ခြေတို့ဖြင့်။ မဒ္ဒမာနော၊ နင်းလျက်။ ပါရံ၊ စကြဝဠာတစ်ဖက်ကမ်းသို့။ ဂန္တုံ၊ သွားခြင်းငှာ။ သမတ္ထော၊ တတ်နိုင်စွမ်း၏။ သော၊ ထိုသူသည်။ ဗုဒ္ဓတ္တံ၊ ဘုရား အဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။ ဣတိဧဝံ၊ ဤသို့ သော သဘော တံတွာ ဓမ္မတာသည်။ သစေအဿ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ဖြစ်ခဲ့သော်။ ယော၊ အကြင်သူသည်။ ဧတေသု၊ ဤလေးပါးတို့တွင်။ ဧကသ္မိံပိ၊ တစ်ခုခုမျှ၌ပင်။ အတ္တနော၊ မိမိအား။ ဒုက္ကရံ၊ ခဲယဉ်းသည်ဟူ၍။ နမညတိ၊ အကြံမဖြစ်။ အဟံ၊ ငါသည်။ ဧတံပိ၊ ဤရေပြည့်သော စကြဝဠာ စသည်ကိုလည်း။ တရိတွာဝ၊ ကူး၍လည်းကောင်း။ ဂန္တွာဝ၊ သွား၍

www.dhammaransi.com



လည်းကောင်း။ ပါရံ၊ စကြဝဠာတစ်ဖက်ကမ်းသို့။ ဂမိဿာမိ၊ သွား တော့အံ့။ ဣတိဇဝံ၊ ဤသို့။ မဟန္တေန၊ ကြီးမြတ်သော။ ဆန္ဒေနစ၊ ဆန္ဒနှင့်လည်း ကောင်း။ ဥဿာဟေနစ၊ အားထုတ်ခြင်းနှင့် လည်းကောင်း။ ဝါယာမေနစ၊ လုံ့လနှင့် လည်းကောင်း။ ပရိယေဋ္ဌိယာစ၊ ရှာမှီးတောင့်တခြင်းဖြင့် လည်းကောင်း။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုသူအား။ ပတ္ထနာ၊ ဆုတောင်းခြင်းသည်။ သမိဇ္ဈတိ၊ ပြည့်စုံ၏။ ဣတရဿ၊ တစ်ပါးသော သူအား။ နသမိဇ္ဈတိ၊ မပြည့်စုံ။

( အဋ္ဌကထာအနက် )

ဤသို့ အစရှိသည်ဖြင့် လာသော အဋ္ဌကထာများကို **ထောက်၍** နိယတဗျာဒိတ်မရမီ ရှေးအဖို့ကပင် ပစ္စေကဗောဓိလောင်း သာဝကဗော**ဓိလောင်း**တို့နှင့် မဆက်ဆံသော အလွန်အားကြီးသော သမ္မာသမ္ဗောဓိ အဆောက်အဦးတို့နှင့် ပြည့်စုံပြီးသော ယောက်ျားမြတ်အားသာလျှင် မူလပဏိဓာန ဟု ဆိုအပ်သော မဟာဘိနီဟာရကို ထိုက်ကြောင်းကို သိအပ်သတည်း။ ။ ထို့ကြောင့် ဗျာဒိတ်မခံမီ ရှေးအဖို့၌လည်း မဟာဘိနီဟာရ အကြောင်းဖြစ်သော ပါရမီပြည့်စုံရာ ကာလ မပြည့်စုံသေးရာကာလ နှစ်ပါးရသင့်ကြောင်းကို သိအပ်၏။

**တစ်နည်းကား**

"ယံဝါ တံဝါ ပရံပရာ၊ စေ့လ္လကော ပန စေလ္လတိ။ သော ဟိ သဗ္ဗံ န ပဿတိ"။

ဟူသော ရှေးဆရာတို့စကားနှင့်အညီ စောဒက ပုဂ္ဂိုလ်တို့၏ သံသယသည် ဖြစ်သင့်သောအရာ မဖြစ်သင့်သေးသော အရာ ရွေးချယ်ခြင်းမှ ကင်း၍လည်း ဖြစ်ရာသေး၏။ ထိုသို့ ဖြစ်ရာသော သံသယကိုမှီ၍ အမှတ်မထင် စောဒနာ တတ်သော စောဒကတို့၏ အလိုအားဖြင့် ဤပုစ္ဆာများကို ထုတ်တော်မူအပ်လေရကား နိယတ ဗျာဒိတ်ရပြီးသော ဗောဓိလောင်းတို့ကိုလည်း ဤပုစ္ဆာများ၌ ယူအပ်ကုန်၏။

( ထို့ကြောင့် ဤကျမ်းအဆုံး၌ "မယံ စောဒကောနာမ ကေဝ္လသပေက္ခာ န သကလပေက္ခာ" စသည်ဖြင့် မိန့်အပ်လတ္တံ့။ )

**၁၀။ ထိုဒသမပုစ္ဆာအဖြေကား -**

နိယတဗျာဒိတ်ရပြီးသော သမ္မာသမ္ဗောဓိလောင်းတို့၏ ဗောဓိတစ်ပါး များကို အိပ်မက်မှာမှ တောင့်တခြင်း မဖြစ်သင့်ကြောင်းကို အောက်၌ ဆိုအပ်ပြီ။

www.dhammaransi.com



မဟာ ဘိနိဟာရတော ပဋ္ဌာယ ဟိ မဟာသတ္တာ နိယတာတိ ဝုစ္စန္တိ။ ယထာဟ၊ ဧဝံ သဗ္ဗင်္ဂသမ္ပန္နော၊ ဗောဓိယာ နိယတာ နရာတိဓုဝံ ဗုဒ္ဓါ ဘဝိဿတိ တိ စ။

ဟူသော ကထာဝတ္ထု အနုဋီကာများကိုလည်း ထောက်လေ။

ဗျာဒိတ်မခံမီ ရှေးအဖို့၌ကား နိယတအဖြစ်ကို အဆို ကျမ်းဂန်မရှိ။ အနိယတအဖြစ်ကိုသာ အဆိုကျမ်းဂန် တိုက်ရိုက်ရှိသောကြောင့် တစ်ပါးသော ဗောဓိကို တောင်းသင့်သေး၏၊ တောင်းလျှင်လည်း ရသင့်သေး၏ဟု မှတ်အပ်၏။

ထို့ကြောင့် သောတ္တကီစသော ဂန္ထန္တကျမ်းများ၌

ဧဝံ ပိ ဗောဓိသတ္တာနံ၊ သမ္မာရပိ ကတံ ဗဟုံ။

အလဒ္ဓ ဗျာကရဏံ ယာဝ၊ နိယတံ န ဘဝိဿတိ။

ဒေဝတ္တော ယထာ အညေ၊ သမ္ဘာရာပိ ယထာဗဟု။

ပစ္ဆာ အကုသလုဿန္နာ၊ ပရိဟာယန္တိ ဗောဓိယာ။

ဟူ၍လာသည်။ ရှေးဂါထာအနက်ဆိုပြီး။

ဒေဝဒတ္တောယထာ၊ ဒေဝဒတ်ကဲ့သို့။ အညေ၊ တစ်ပါးကုန်သော ဗောဓိလောင်းတို့ သည်။ ယထာဗဟုသမ္ဘာရာပိ၊ အကြင် အကြင်များသော ပါရမီ သမ္ဘာရရှိပြီး ဖြစ်ကုန်သော်ငြားသော်လည်း။ ပစ္ဆာ၊ နောက်ကာလ၌။ အကုသလုဿန္နာ၊ အကုသိုလ်များ ကုန်ပြန်သည်ရှိသော်။ ဗောဓိယာ၊ တောင်းရင်းဖြစ်သော ဗောဓိမှ။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကြကုန်သေး၏။

( နောက်ဂါထာအနက် )

ဤဂါထာ၌ ဘုရားအလောင်းကို ပဓာနပြု၍ ပစ္စေကဗုဒ္ဓါလောင်း သာ-ဝက လောင်းတို့သည်လည်း ပါလေကုန်၏၊ ထို့ကြောင့် ဗျာဒိတ်မရသေးမီ ရှေးအဖို့ ၌ဖြစ်မူ သမ္မာသမ္ဗောဓိလောင်းသည် သမ္မာသမ္ဗောဓိလောင်း၏ အဖြစ်မှ လျောကျ ၍ အောက် ဗောဓိလေးပါးတွင် တစ်ပါးပါး၌ တည်၍ ကျွတ်ရသည်လည်းရှိ၏။ ပါပမိတ္တ သံသဂ္ဂ စသော အကြောင်းကြောင့် ဘဝများစွာ ကမ္ဘာအဆက်ဆက် ဆက်ကာဆက်ကာ အကုသိုလ်အထုံရသဖြင့် တောင်းခဲ့ဖူးသော သမ္မာသမ္ဗောဓိ မျိုးစေ့သည် မအောင်မမာ နိုင်ဘဲ ဆွေးမြည့်တိမ်မြုပ် ဆုတ်ယုတ် ကွယ်ပျောက်သဖြင့် အန္တဗာလသံသာရ သစ်ငုတ်အဖြစ်သို့ ရောက်၍ နေသည်လည်းရှိ၏၊ ပစ္စေကဗောဓိလောင်း ပကတိ သာဝကဗောဓိလောင်းများ၌လည်း ထိုနည်းတူယှဉ်လေ၊ ဤသို့သော အဓိပ္ပာယ်ကို "ပရိဟာယန္တိ" ဟူသော ပါဌ်ဖြင့် ပြတော်မူသည်ဟု မှတ်အပ်၏။

www.dhammaransi.com



( ဤဂါထာ၌ "သမ္ဘာရာပိယထာဗဟု" ဟူသောပုဒ်၌ "တိဝဂ္ဂေါ ယဿ သင်္ဂဟော " ဟူသော ပုဒ်ကို နည်းမှီ၍ သဒ္ဒနယကို ကြံလေ။ "သမ္ဘာရာပိ ကတာဗဟု" ဟူသော ပါဌ်အချို့ရှိ၏။ သင့်အောင်ပေးလေ။ )

"ဒေဝဒတ္တောယထာ" ဟူငြားသော်လည်း အကုသိုလ်အားကြီးသည်၏ အဖြစ်မျှကိုသာ ဥပမာပြတော်မူသည်၊ ပစ္စေကဗောဓိလောင်း ဖြစ်ပေသော အရှင်ဒေဝဒတ်သည် ပစ္စေကဗောဓိမှ မဆုတ်မယုတ်မူ၍ ဤကမ္ဘာမှ နောက်ကမ္ဘာတစ်သိန်း မြောက်၌ ပွင့်ပေလတ္တံ့။ ။ သမ္မာသမ္ဗောဓိလောင်းသည် သမ္မာသမ္ဗောဓိမှ ဆုတ်‘ယုတ် သေး၏၊ ဟူငြားသော်လည်း မဟာဘိနိဟာရ၏ ဥပနိဿယ မပြည့်စုံမီ နုလှသေးသောအခါ၌သာ ဆုတ်ယုတ်သော် ဆုတ်ယုတ်ရာသည်။ မဟာဘိနီကာရ၏ ဥပနိဿယပြည့်စုံပြီးသောအခါ၌ကား ဆုတ်ယုတ်ဖွယ် မရှိဟု ထင်ပေသည်၊ ဆင်ခြင်ပါကုန်။ သမ္မာသမ္ဗောဓိ အကျိုးငှာ ရည်ညွှန်းတောင့်တ၍ ဖြည့်အပ်ပြီးသော ပါရမီရှိသော အလောင်းအလျာသည် နောက်၌ ပစ္စေကဗောဓိ အစရှိသော ဗောဓိလေးပါးတွင် တစ်ပါးပါးသို့ ပြောင်း၍ ဆုတောင်းပြန်သော် နောက်တောင်းသော ဗောဓိ၏ အဆောက်အဦ ဖြစ်သင့် မဖြစ်သင့်များကို သီလက္ခန် ဋီကာဆရာ၏ ဝါဒ အပရေဆရာတို့၏ ဝါဒများကို ပြ၍ ရှေး၌ဆိုအပ်ပြီ။

## ဆိုရန် အကြွင်း စိုးစဉ်းအထူးကား

သောတတ္တကီ စသော ဂန္ထန္တရ ကျမ်းနည်းအားဖြင့် ဘုရားလောင်းတို့ မည်သည် ဗျာဒိတ်မခံမီ တင်ဆယ့်ခြောက်သင်္ချေ မပြည့်မီကာလသည် အနိတယ ကာလပင် ဖြစ်သင့်၏ဟု မှတ်လင့်။ ။ တစ်ပါးသော ဗောဓိတို့ ရည်သန်တောင့်တ၍ ဖြည့်အပ်ပြီးသော ပါရမီသည် တစ်ပါးသော ဗောဓိ၏ ဥပနိဿယ ဖြစ်သင့်၏ ဟူသော အပရေဆရာတို့၏ အလိုအားဖြင့် ဘုရားဆုကိုတောင်းကာ ပါရမီဖြည့် လာခဲ့သော သူသည် ကမ္ဘာတစ်ထောင် စသည်တိုင် ရောက်သောအခါ ဘုရားသာသနာနှင့် ကြုံကြိုက်၍ ပကတိသာဝက အဖြစ်ဖြင့် ကျွတ်လိုသော် ကျွတ်၏၊ ကမ္ဘာတစ်သိန်း စသည်တိုင် ရောက်သောအခါ ထို့အတူ ကြုံကြိုက်၍ အဂ္ဂသာဝက အဖြစ်ဖြင့် ကျွတ်လိုသော် ကျွတ်၏၊ ထိုသို့ ကျွတ်ခဲ့ ပွင့်ခဲ့သော် ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝက တို့သည်လည်း နိယတဗျာဒိတ် မရကုန်မူ၍လည်း ဖြစ်နိုင်ကုန်၏ ဟူသော သဘောသည် ရောက်၏၊ ထိုသို့ဖြစ်ခဲ့သော် ထိုပုဂ္ဂိုလ်တို့၌ ဗျာဒိတ်ရခြင်း၏ အင်္ဂါကိုထားခြင်း ဗျာဒိတ်ရပြီးနောက် ပါရမီဖြည့်ရာ ကာလကို ပိုင်းခြားထားခြင်း များသည် ဧကန္တနိယမ မဟုတ်၊ အနိယမသာ ဟူသော သဘောသည် ရောက်၏၊ ထိုသို့လည်း ဗျာဒိတ်အင်္ဂါကာလ အပိုင်းအခြားများသည် အနိယမ မဖြစ်သင့်၊

www.dhammaransi.com



ဗျာဒိတ်မရကုန်ဘဲလည်း မဖြစ်သင့်ကုန်၊ ထိုသို့ ဖြစ်ခဲ့သည်ရှိသော် ဗျာဒိတ်ခံပြီးနောက် မိမိတို့၏ ဗောဓိအားလျော်စွာ ကာလ အပိုင်းအခြားကို မယုတ်မလျော့စေဘဲ ပါရမီတရားတို့ကို ဖြည့်ကျင့်ကုန်၍သာ ကျွတ်ကြကုန် ပွင့်ကြကုန်ရာသည်၊ ထိုသို့ ဖြစ်သည်ရှိသော် ဗောဓိတစ်ပါးဖို့ ဖြည့်အပ်သော ပါရမီသည် ဗောဓိတစ်ပါး၏ ဥပနိဿယ ဖြစ်၏ ဟူသော အပရေ ဆရာတို့စကားသည် အဘယ်သို့ သင့်နိုင်ပါအံ့နည်းဟု ဆိုရန်ရှိလေသည်။

## ဉာဏ်သက်ရာ အသင့်ကိုဆိုပေအံ့

ထိုဘုရားလောင်းသည် ကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင် စသည်တိုင် ရောက်သည့်အခါ၌လည်းကောင်း ကမ္ဘာတစ်သိန်း စသည်တိုင် ရောက်သည့်အခါ၌လည်းကောင်း တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း စသည်တိုင် ရောက်သည့်အခါ၌လည်းကောင်း၊ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း စသည်တိုင် ရောက်သည့်အခါ၌လည်းကောင်း ကျွတ်လိုလျှင် ကျွတ်၏ဟူသော သဘောသည် "နိယတံ န ဘဝိဿတိ" ဟူသောစကား "ပရိဟာယန္တိ ဗောဓိယာ" ဟူသော စကားများကို ထောက်၍ သိအပ်သော သဘောတည်း။ ။ ဗျာဒိတ်ခံသော ဘဝ၌ကား "ဣစ္ဆာမာနောအဟံ အဇ္ဇ ကိလေသေဃာတယာမဟံ" ဟူသော ဗုဒ္ဓဝင်ပါဠိတော်၏ အဖွင့်ဖြစ်သော ထုတ်အပ်ပြီးသော အဋ္ဌကထာစကားရပ်များကို ထောက်သဖြင့် လည်းကောင်း

> တေသု ယော ဥဂ္ဃဋိတညူ။ သော သမ္မာသမ္ဗုဒ္ဓဿ သမ္မုခါစာတုပ္ပဒိကံ ဂါထံ သုဏန္တော ဂါထာယ တတိယ ပဒေ အပရိယောသိတေ ဧဝဆဟိ အဘိညာဟိ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ အဓိဂန္တုံ သမတ္ထူပနိဿ ယော ဟောတိ။ သစေ သာဝကဗောဓိယံ အဓိမုတ္တော သိယာ။ ဒုတိယော ဘဂဝတော သမ္မုခါ စာတုပ္ပဒိကံ ဂါထံ သုဏန္တော အပရိယောသိတေဧဝ စတုတ္ထပဒေ ဆဟိ အဘိညာဟိ အရဟတ္တံ အဓိဂန္တုံ သမတ္ထူ ပနိဿယော ဟောတိ။ ယဒိ သာဝကဗောဓိယံ အဓိမုတ္တော သိယာ ဣတရော ပန ဘဂဝတော သမ္မုခါ စာတုပ္ပဒိယံ ဂါထံ သုတွာ ပရိယောသိတာယ ဂါထာယ ဆဟိ အဘိညာဟိ အရဟတ္တံ ပတ္တုံ သမတ္ထူပနိဿယော ဟောတိ။ အထသာဝက ဗောဓိယံ အဓိမုတ္တော သိယာ။

ဟူသော စရိယပိဋကာ အဋ္ဌကထာ သီလက္ခန္ဓဋီကာများကို ထောက်သဖြင့် လည်းကောင်း သာဝက၏အဖြစ်ဖြင့် မဂ်ဖိုလ်ကို ယူလိုလျှင် ရသင့်၏ ဟူသော သဘောကို သိအပ်၏။

( သုတ္တနိပါတ် အဋ္ဌကထာ၌ကား "စာတုပ္ပဒိယံ ဂါထံ သုတွာ တဿာ အတ္ထံ ဝိတဇ္ဇိတွာ ပရိယောဘိသေ" ဟု ပါ၍ရှိ၏။ )

www.dhammaransi.com



တေသု၊ ထိုသုံးဦးသော ဘုရားလောင်းတို့တွင်။ ယော၊ အကြင် ဘုရားလောင်းသည်။ ဥဂ္ဃဋိတညူ၊ ဥဂ္ဃဋိတညူမည်၏။ သော၊ ထိုဘုရားလောင်းသည်။ သမ္မာသမ္ဗုဒ္ဓဿ၊ ဗျာဒိတ်ပေးသော ဘုရား၏။ သမ္မုခါ၊ မျက်မှောက်၌။ စာတုပ္ပဒိကံ၊ လေးပါဒရှိသော။ ဂါထံ၊ ဂါထာကို။ သုဏန္တော၊ နာရသည်ဖြစ်၍။ သာဝကဗောဓိယံ၊ သာဝကဗောဓိ၌။ အဘိမုတ္တော၊ ညွတ်သည်။ သစေသိယာ၊ အကယ်၍ ဖြစ်အံ့။ ဂါထာယ၊ ဂါထာ၏၊ တတိယပဒေ၊ တတိယပုဒ်သည်။ အပရိယောသိတေ ဧဝ၊ မဆုံးမီပင်လျှင်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါ ၄-ပါး နှင့် တကွဖြစ်ကုန်သော။ ဆဟိ အဘိညာဟိ၊ ၆-ပါးသော အဘိညာဏ်တို့ဖြင့်။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ အဓိဂန္တုံ၊ ရခြင်းငှာ။ သမတ္ထော၊ ပနိဿယော၊ စွမ်းနိုင်သော ဥပနိဿယ ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒုတိယော၊ ဓုတိယဖြစ်သော ဝိပဉ္စိတညူ ဘုရားလောင်းသည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်၌။ စာတုပ္ပဒိကံ၊ လေးပါဒရှိသော။ ဂါထံ၊ ဂါထာကို။ သုဏန္တော၊ နာရသည်ဖြစ်၍။ သာဝက ဗောဓိယံ၊ သာဝကဗောဓိ၌။ အဘိမုတ္တော၊ ညွတ်သည်။ ယဒိသိယာ၊ အကယ်၍ဖြစ်အံ့။ စတုတ္ထပဒေ၊ စတုတ္ထပဒသည်။ အပရိယောသိတေ ဧဝ၊ မဆုံးမီပင်လျှင်။ သဟပဋိ သမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါ ၄-ပါးနှင့် တကွ ဖြစ်ကုန်သော။ ဆဟိ အဘိညာဟိ၊ ၆-ပါးသော အဘိညာဏ်တို့ဖြင့်။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ အဓိဂန္တုံ၊ ရခြင်းငှာ။ သမတ္ထောပနိဿယော၊ စွမ်းနိုင်သော ဥပနိဿယရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတရောပန၊ တတိယဖြစ်သော နေယျ ဘုရားလောင်းသည်ကား။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်၌။ စာတုပ္ပဒိကံ၊ လေးပါဒရှိသော။ ဂါထံ၊ ဂါထာကို။ သုတွာ၊ ကြားရ၍။ သာဝကဗောဓိယံ၊ သာဝကဗောဓိ၌။ အဘိမုတ္တော၊ ညွတ်သည်။ အထသိယာ၊ အကယ်၍ဖြစ်အံ့။ ဂါထာယ၊ တစ်ဂါထာလုံးသည်။ ပရိယောသိတာယ၊ ဆုံးပြီးသော်။ သဟပဋိ သမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ ဖြစ်ကုန်သော။ ဆဟိအဘိညာဟိ၊ ၆-ပါးသော အဘိညာဏ် တို့ဖြင့်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့၊ ရောက်ခြင်းငှာ။ သမတ္ထောပနိဿယော၊ စွမ်းနိုင် သော ဥပနိဿယ ရှိသည်။ ဟောတိ၊ ဖြစ်၏။

( ဋီကာအဋ္ဌကထာအနက် )

ဤအဋ္ဌကထာဋီကာပါဠ်၌ နောက်နှစ်ဝါကျမှာ သဟသမ္ဘိဒါဟိ ဟူသော ဝိသေသနပုဒ် မပါ၊ ရှေးဝါကျမှ လိုက်၍ယူသည်၊ အထူးကို ပြလို၍ မပါစေသည်ဟု မမှတ်အပ်။

**အမေး။** ။ ထိုသို့ မဂ်ဖိုလ်ကိုယူလိုလျှင် ရသင့်သော် အဘယ်ဗောဓိပမာဏ၌ တည်၍ ရသင့်အံ့နည်း။

www.dhammaransi.com



**အဖြေ**။ ။ "ယဒိ သာဝကဗောဓိယံ အဓိမုတ္တော သိယာ" ဟူသောကြောင့် ပစ္စေကဗောဓိ ပမာဏ၌တည်၍ ရသင့်သည်ဟု ဆိုခွင့်မရှိပြီ ဟူ၍လည်းကောင်း

ကိံမေ အညာတဝေသေန၊ ဓမ္မံ သစ္ဆိကတေနိဓ။ ဟူသော ပါဠိတော် -

"သစာဟံ ဣစ္ဆေယျံ၊ သဗ္ဗကိလေသေ ဈာပေတွာ သံဃ နဝကောဟုတွာ ရမ္မံ နဂရံ ပဝိသေယျံ၊ အဟံ အညာတက ဝေသေန ပန ကိလေသေ ဈာပေတွာ နိဗ္ဗာန ပတ္တိယာ ကိစ္စံ နတ္ထိ"။

ဟူ၍ အဋ္ဌကထာများ၌ လာသောကြောင့် အဂ္ဂသာဝက ဗောဓိ ပမာဏ မဟာသာဝက ဗောဓိပမာဏ၌ တည်၍ ရသင့်သည် ဟူ၍လည်းကောင်း မဆိုအပ်၊ သံဃနာဝက အညာတကဖြစ်သော ပကတိသာဝက ဗောဓိ ပမာဏ၌ တည်၍သာ ရသင့်သည်ဟု မှတ်ထင်ဖွယ်ရှိ၏။ ။ ထိုသို့ မှတ်ထင်ခြင်းငှာ မထိုက်၊ အဘယ်ကြောင့်နည်းဟူမူ၊ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီကာလရှိသော ပစ္စေကဗောဓိထက်ပင် တစ်ဆယ့်ခြောက်သင်္ချေ ကာလပတ်လုံး ပါရမီဖြည့်ခဲ့ပြီးသော ဘုရားလောင်း၏ ဗောဓိသည် ထိုဘဝ၌ပင် အနန္တအပ္ပမေယျ တိုင် လွန်ကဲ မြင့်မြတ်သင့်လေသော ကြောင့်တည်း၊ အဂ္ဂသာဝက မဟာသာဝကတို့၏ ဗောဓိများနှင့်ကား နှိုင်းယှဉ်ရန်မရှိ။

ထို့ကြောင့် ပကိဏ္ဏကနိပါတ်မောရဇာတ် အဋ္ဌကထာ၌

"ပစ္စေကဗုဒ္ဓတော ဟိ သဗ္ဗညုဗောဓိ သတ္တာနညေဝ ဥပါယပရိဂ္ဂဟေ ဉာဏံ မဟန္တတရံ ဟောတိ"။

ဟု မိန့်ပြီ။

"ယဒိ သာဝကဗောဓိယံ အဓိမုတ္တော သိယာ" ဟူသော စကားကိုကား ဘုရားဟောသော ဂါထာကို ကြားနာ၍ရသော ဗောဓိဖြစ်လေသောကြောင့် သာဝကဗောဓိ ဟူ၍ ဆိုခြင်းငှာ ထိုက်သည်၏ အဖြစ်မျှကိုသာ ရည်၍ဆိုသည်၊ ပကတိဖြစ်သော အဂ္ဂသာဝကဗောဓိ မဟာသာဝကဗောဓိ ပကတိသာဝကဗောဓိများကို ရည်၍ မဆိုဟု ယူအပ်၏၊ "သံဃနဝကော ဟုတွာ" ဟူသော စကားကိုကား ထိုအခါ သီတင်းသိက္ခာအားဖြင့် ငယ်သည်ကိုသာ ရည်၍ ဆိုသည်၊ ဂုဏ်အားဖြင့် ငယ်သည်ကို ရည်၍ မဆို။

"အညာတဝေသေန" ဟူသော စကားကိုလည်း

"အညာတ ဝေသေနာတိ သဒေဝကံ လောကံ ဥန္နာဒေန္တော ဗုဒ္ဓေါ အဟုတွာ ကေဝလံ ဗုဒ္ဓါနံ သာဝက ဘာဝူပဂမန ဝသေန အညာတရူပေန"။

ဟူသော မဟာပဒါနသုတ် ဋီကာဖွင့်သည်နှင့်အညီ ထိုအခါ ဒီပင်္ကရာ

www.dhammaransi.com



မြတ်စွာဘုရားကိုထား၍ တစ်ပါးသော ပစ္စေကဗုဒ္ဓါသာဝကတို့နှင့် မဆက်ဆံသော အားဗလရှိပြီးသော ယောက်ျားမြတ်ဖြစ်ပေလျက် ဒီပင်္ကရာ ဘုရားတည်းဟူသော သူတစ်ပါး၏ လက်အောက် တပည့်အဖြစ်ဖြင့် ပေါင်မြှောင်၍ ကျွတ်ရခြင်းသည် အလုံးစုံသော ကြယ်အပေါင်းတို့၏ မင်းဖြစ်သော လဝန်းဗိမာန်သည် နေဗိမာန်၏ အနီးအပါးသို့ ရောက်သောအခါ အညာတက အသွင် မထင်မရှားဘိသကဲ့သို့ ထို့အတူ အလုံးစုံသော ဂုဏ်အပေါင်းတို့ဖြင့် ပြည့်စုံပြီးသော ဒီပင်္ကရာ ဘုရားကိုထောက်သော် အညာတကပင် မည်၏၊ ဤသို့သော အနက်ကို ရည်၍ ဆိုအပ်သတည်း။

ထို့ကြောင့် . . .

ကိံ မေ ဧကေန၊ ပုရိသေန ထာမ -ဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သံတာရေဿံ သဒေဝကံ။

ဟူ၍ ကြံုးပတော်မူသတည်း။

ထာမ္ဗဿိနာ၊ အားစွမ်း သတ္တိ ဗျတ္တိ ဗလကို မြင်ပြီးသော။ ပုရိသေန၊ ယောက်ျားမြတ်သည်။ သတာ၊ ဖြစ်ပါလျက်။ ဧကေန၊ တစ်ယောက်အထည်းတည်း။ တိဏ္ဏေန၊ ကူးမြောက်သဖြင့်။ မေ၊ ငါ့အား။ ကိံ၊ အဘယ်မူ စအံ့နည်း။ သဗ္ဗညုတံ၊ ဘုရားအဖြစ်သို့။ ပါပုဏိတွာ၊ ရောက်၍သာလျှင်။ သဒ္ဒေဝကံ၊ နတ်နှင့်တကွသော လူအပေါင်းကို။ သံတာရေဿံ၊ ထုတ်ဆယ်ကယ်တင့်အံ့။

( ဂါထာအနက် )
( ဤဂါထာ၌ သဒ္ဒနယကို မဏိဒီပကျမ်းမှယူ )

ဤသို့လျှင် ဆိုခဲ့အပ်ပြီးသော ကျမ်းဂန်များကိုထောက်၍ ဘုရားဆုကို တောင်း၍လာခဲ့သော ဘုရားလောင်းသည် ပကတိသာဝကတို့၏ ပါရမီကာလဟု ဆိုအပ်သော ကမ္ဘာတစ်သိန်းရာ ကမ္ဘာတစ်ထောင်သို့ ရောက်သည်မှစ၍ နိယတဗျာဒိတ်ခံရာ ဘဝတိုင်အောင် တစ်ဆယ့်ခြောက်သင်္ချေ ကာလအတွင်း ပကတိသာဝကဗောဓိ စသော ဗောဓိလေးပါးတွင် ကာလအားလျော်စွာ လိုရာဗောဓိကို ရသင့်ကြောင်း သိအပ်၏၊ ထိုသို့ သိအပ်သော်လည်း ရှေးဦးစွာ သမ္မာသမ္ဗောဓိဆုကို တောင်းသော အခါမှစ၍ ပစ္စေကဗောဓိ၏ ပြည့်စုံရာ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းခန့်ကာလ အတွင်း၌သာ တစ်ပါးသော ဗောဓိကို ပြောင်းရွှေ့၍လည်း တောင်းသေး၏၊ တောင်းတိုင်းလည်း အကြောင်းညီညာလျှင် ရသေး၏။ ။ ပစ္စေကဗုဒ္ဓါဖြစ်လောက် သော ထိုကာလကို လွန်ခဲ့၍ သုံးသင်္ချေ လေးသင်္ချေ စသည်တိုင်ရောက်သော အခါ၌ကား ကာလအားကို ထောက်သော် သမ္မာသမ္ဗောဓိ ပါရမီ အဆောက် အဦ

www.dhammaransi.com



အားကြီးသင့်ပြီဖြစ်၍ တစ်ပါးသော ဗောဓိများကို တောင့်တခြင်း တောင့်တတိုင်း ရခြင်းမည်သည် မရှိသင့်ပြီ၊ အလုံးစုံသော သဗ္ဗညု ဘုရားလောင်းတို့အား နိယတဗျာဒိတ်ခံသောအခါ၌ သာဝကဗောဓိဖြင့် ကျွတ်လိုလျှင် ကျွတ်နိုင်လောက် သေ အဆောက်အဦ ရှိရမြဲဓမ္မတာ ဖြစ်ငြားသော်လည်း နိယတဗျာဒိတ်ရကြောင်း အင်္ဂါမြောက် လောက်သော ပမာဏကိုသာ ပြလိုရင်းဖြစ်သည်။

( စင်စစ်အားဖြင့် ယူလို ရလိုသော ဆန္ဒဝိတက်မျှပင် ဖြစ်တော့မည့်အခါ မဟုတ်။ )

ကမ္ဘာနှစ်သင်္ချေ သုံးသင်္ချေခန့်အတွင်း၌ကား ပညာနှင့်စပ်သော ဇာတက်, တန်ခိုးနှင့်စပ်သော ဇာတက် အစရှိသော သာဝကတို့၏ အရာ၌ ပဋ္ဌာနာ ဆုတောင်း နှင့်ကင်း၍ ဘုရားဆုကိုသာ တောင်းရင်းရှိသောကြောင့် ရာထူး ရာခံ ဌာနန္တရ ဝိသေသနှင့် ယှဉ်သော အဂ္ဂသာဝကစစ် မဟာသာဝကစစ်ပင် မဖြစ်ရသော်လည်း ဖြည့်အပ်ခဲ့ပြီးသော ပါရမီကာလအားလျော်စွာ ပကတိသာဝကဗောဓိ၌သော် လည်းကောင်း မဟာသာဝကဗောဓိ၌သော် လည်းကောင်း အဂ္ဂသာဝကဗောဓိ၌သော် လည်း တည်၍ ကျွတ်သင့်၏၊ ပစ္စေကဗောဓိ ပါရမီ လောက်သောအခါ အလိုရှိလျှင် ပစ္စေကဗုဒ္ဓါ ဖြစ်၍ပင် ကျွတ်သင့်၏၊ ပစ္စေကဗောဓိဆု သာဝကဗောဓိဆု များကို တောင်းကာတောင်းကာ ပါရမီအသစ်ဖြည့်ခြင်း ဗျာဒိတ်ခံခြင်း ကိစ္စများကို ဤကဲ့ သို့သော ပုဂ္ဂိုလ်များ၌ မလိုအပ်ပြီဟု ယူရန်တစ်ချက်။

မဟာသာဝကဗောဓိ အဂ္ဂသာဝကဗောဓိ ပစ္စေကဗောဓိ တို့တွင် တစ်ပါးပါး ဖြင့် ကျွတ်လိုပြန်သော် ဖြည့်အပ်ခဲ့ပြီးသော သမ္မာသမ္ဗောဓိ ပါရမီများသည် မဟာသာဝ ကဗျာဒိတ် အဂ္ဂသာဝကဗျာဒိတ် ပစ္စေကဗောဓိဗျာဒိတ်ကို ရလွယ်ခြင်း၏ အခြေပါဒ ဥပနိဿယမျှ ဖြစ်၍သာတည်း၊ သည်ကိုရည်၍ အပရေဆရာတို့ ထိုစကားကို ဆိုအပ်၏၊ ထို့ကြောင့် ဗျာဒိတ်ခံခြင်း ဗျာဒိတ်ရပြီးနောက် ဗောဓိအားလျော်စွာ ပါရမီကာလကို ပြည့်စေရခြင်းများကိုကား ဧကန်စင်စစ် အလိုရှိအပ်၏ဟု ယူရန် တစ်ချက်။

ရှေး၌ အားကြီးစွာ ဖြည့်သော ဝိဝဋ္ဋနိဿိတ ကုသိုလ် ရှိပြီးသောသူဖြစ်ပေ၍ ဗျာဒိတ်ခံခြင်းပင် ရှိငြားသော်လည်း ဗျာဒိတ်ခံပြီးနောက် တစ်ပါးသော ပစ္စေကဗုဒ္ဓါ သာဝကအလောင်းတို့၌ကဲ့သို့ ပါရမီကာလကို နိယမ မပြုသင့်ပြီ၊ နိယတဗျာဒိတ် ရပြီးနောက် ကမ္ဘာတစ်ရာနှင့်လည်း မဟာသာဝက ဖြစ်နိုင်၏၊ ကမ္ဘာတစ်သိန်းနှင့် လည်း အဂ္ဂသာဝက ဖြစ်နိုင်၏၊ တစ်သင်္ချေနှင့်လည်း ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်၏ဟု ယူရန်တစ်ချက်။

ပစ္စေကဗုဒ္ဓါတို့၌ အင်္ဂါငါးပါး သာဝကတို့၌ အင်္ဂါနှစ်ပါး ဟူရာ၌ ထိုအင်္ဂါ တို့သည် "အဘိနီဟာရ ကာရဏာ" ဟူသောကြောင့် အဘိနီဟာရဟု ဆိုအပ်သော

www.dhammaransi.com



ဆုတောင်းပြည့်စုံခြင်း၏ အင်္ဂါသာ ဖြစ်ကုန်သည်၊ ဗျာဒိတ်ရခြင်း၏ အင်္ဂါရင်းမူလ မဟုတ်တတ်ကုန်၊ ထို့ကြောင့် သာဝကတို့၏ အင်္ဂါ၌ ဗျာဒိတ်ပေးပုဂ္ဂိုလ်ကို မယူမူ၍ "အဓိကာရောစ ဆန္ဒတာ" ဟု အင်္ဂါနှစ်ပါးကိုသာ ယူသတည်း၊ ပစ္စေကဗုဒ္ဓါ တို့၏ အင်္ဂါ၌လည်း " ဝိဂတာသဝဒဿနံ" ဟူ၍ ပါ၏၊ ထိုပါဌ်ဖြင့် ဘုရားပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝက ပကတိသာဝက ဖြစ်သော ရဟန္တာတို့တွင် တစ်ပါးပါး အထံ၌ပင် ရသင့်ကြောင်းကို သိအပ်ရကား အညံ့ဆုံးဖြစ်သော ပကတိသာဝက ရဟန္တာအထံ၌ အဓိကာရကိုပြု၍ ဆုတောင်းသော ပစ္စေကဗုဒ္ဓါလောင်းအား ထို ပကတိသာဝကဖြစ်သော ပုဂ္ဂိုလ်သည် နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် မျှော်၍ အဘယ်မှာ နိယတဗျာဒိတ် ပေးနိုင်အံ့နည်း၊ ထို့ကြောင့် ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝက တို့အား ဗျာဒိတ်ရမြဲ ဓမ္မတာဟူသော နိယမကိုဆိုခြင်းငှာ မတတ်ကောင်း၊ ဤသို့လည်း ကြံရန်တစ်ချက်။

ဤသို့ အပရေဝါဒ၌ ဗျာဒိတ်ခံရခြင်း မခံရခြင်း ခံရပြီးနောက် အပိုင်းအခြား အတိုင်း ပြည့်ရခြင်း မပြည့်ရခြင်းများကို အထူးထူး အထွေထွေပင် တွေးဆဖွယ်ရှိ ချေသည်။ ထောက်ထား ကိုးကားရန် ကျမ်းဂန်တိုက်ရိုက် မရှိ၍ တင်းတင်းမာမာ နေရာတကျ မဆိုသာလေ။ ။ ဤကား သောတတ္ထကီ စသော ဂန္ထန္တကျမ်းများ၌ လာသော စိတ်ဖြင့်သာ ဆုတောင်းသည့် ခုနစ်သင်္ချေ နှုတ်ဖြင့်သာဆုတောင်းသည့် ကိုးသင်္ချေအားဖြင့် နိယတဗျာဒိတ်မရမီ တစ်ဆယ့်ခြောက်သင်္ချေ ဟူသော စကားကို ထုတ်၍ အပရေဆရာတို့၏ ဝါဒနှင့် တွဲယှဉ်၍ ဆိုအပ်သော စကားရပ်တည်း။

( ကြွင်းသော အနာဂတဝင် အဋ္ဌကထာဝါဒစသည်တို့ကိုလည်း အသီးအသီး ထုတ်၍ ထိုက်သည့်အားလျော်စွာ ယှဉ်လေ။ )

အချို့သော သူတို့ကား စိတ်ဖြင့်သာ ဆုတောင်းသည့် ခုနစ်သင်္ချေ နှုတ်ဖြင့်သာ ဆုတောင်းသည့် ကိုးသင်္ချေ ဟူသော သောတတ္ထကီ ကျမ်းလာ စကားသည် သင်္ဂါယနာဝင် ကျမ်းများ၌ မလာမရှိ၊ ထို သင်္ဂါယနာဝင် ကျမ်းများကို မှီ၍ စီရင် အပ်သော အဋ္ဌကထာ ဋီကာကျမ်းများ၌လည်း မထင်၊ သင်္ဂါယနာဝင်ပင် မဟုတ်ငြား သော်လည်းသင်္ဂါယနာမဝင်ပင်အချို့သော ဘုရားစကားလည်း ထင်ရှားရှိပြန်သောကြောင့် ထိုနှင့်အတူ သင်္ဂါယနာမဝင်သော ဘုရားစကားတော်ပင် ဖြစ်ခဲ့သော် လည်းကောင်း၊ မိလိန္ဒပဉှာ ကျမ်းများကဲ့သို့ ဘုရားဟော မဟုတ်သော်လည်း ဘုရားဟောနှင့်အတူ အလေးအမြတ် ပြုအပ်သော ကျမ်းစကား ဖြစ်ခဲ့သော် လည်းကောင်း၊ အဋ္ဌကထာဆရာ ဋီကာဆရာ တို့သည် ထိုကျမ်းစကားကို ဆိုင်ရာ ဆိုင်ရာ အလျဉ်းသင့်ရာ တစ်စွန်းတစ်စယူ၍ ဆိုကြကုန်ရာသည်၊ ထိုကဲ့သို့လည်း အဆိုမရှိကြ၊ ထို့ကြောင့် ထိုကျမ်းစကားကို အမြတ်တနိုး မယုံကြည်အပ်ဟု ဆိုကြကုန်သတတ်။

www.dhammaransi.com



သင်္ဂါယနာ အပါအဝင်ဖြစ်သော ပိဋကတ်သုံးပုံ ပါဠိတော်များ၌လည်းကောင်း အရှင်မဟာဗုဒ္ဓဃောသဆရာ စီရင်သော ဒီဃနိကာယ် သုံးကျမ်း၏အဖွင့်ဖြစ်သော သုမင်္ဂလ ဝိလာသိနီ အဋ္ဌကထာ မဇ္ဈိမနိကာယ် သုံးကျမ်း၏ အဖွင့်ဖြစ်သော ပဉ္စ သူဒနီ အဋ္ဌကထာ သံယုတ္တနိကာယ် ငါးကျမ်း၏ အဖွင့်ဖြစ်သော သာရတ္ထ ပကာသနီ အဋ္ဌကထာ အင်္ဂုတ္တရနိကာယ် တစ်ဆယ့်တစ်ကျမ်း၏ အဖွင့်ဖြစ်သော မနောရထပူရဏီ အဋ္ဌကထာ ခုဒ္ဒကနိကာယ် အဝင် ဝိနည်း ငါးကျမ်း၏ အဖွင့်ဖြစ်သော သမန္တပါသာဒိက အဋ္ဌကထာ အဘိဓမ္မာ ခုနစ်ကျမ်း၏အဖွင့်ဖြစ်သော အဋ္ဌသာလိနီ အဋ္ဌကထာ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ပဉ္စပ္ပကရဏ အဋ္ဌကထာ သုတ္တနိပါတ်၏ အဖွင့် ဖြစ်သော ပရမတ္ထဇောတိကာ အဋ္ဌကထာ ဓမ္မပဒ အဋ္ဌကထာ ပါဠိဇာတ် အဋ္ဌကထာ အရှင်ဗုဒ္ဓဒတ်ဆရာ စီရင်သော ဗုဒ္ဓဝင် ပါဠိတော်၏ အဖွင့်ဖြစ်သော မဓုရတ္ထဝိလာသိနီ အဋ္ဌကထာ အရှင်မဟာဘိဓာနဆရာ စီရင်သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်၏ အဖွင့် ဖြစ်သော သဒ္ဓမ္မပ္ပကာသနီ အဋ္ဌကထာ, အရှင်ဥပသေနဆရာ စီရင်သော စူဠနိဒ္ဒေသ မဟာနိဒ္ဒေသ နှစ်ကျမ်း အဖွင့်ဖြစ်သော သဒ္ဓမ္မပ္ပဇ္ဇောတိကာ အဋ္ဌကထာ အညတရဆရာ စီရင်သော ထေရအပဒါန် ပါဠိတော်၏ အဖွင့်ဖြစ်သော ဝိသုဒ္ဓဇန ဝိလာသိနီ အဋ္ဌကထာ အညတရဆရာစီရင်သော ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌပါဠိ တော်၏အဖွင့် ဖြစ်သော ပရမတ္ထဇောတိကာ အဋ္ဌကထာ ဤခုဒ္ဒကပါဌ အဋ္ဌကထာ၏ ကျမ်းပြီးနိဂုံးတွင် အချို့စာ၌ အရှင်မဟာဗုဒ္ဓဃောသ ဆရာ၏ နိဂုမ်း၊ အချို့စာ၌ အရှင်ဓမ္မပါလဆရာ၏ နိဂုမ်း နှစ်ထွေရှိ၏၊ ရေးပုံ သားပုံ စကား အဆို စာနေ စာသွား အခြင်းအရာ အလုံးစုံမျိုးကို ထောက်သော် ထိုဆရာနှစ်ပါးတို့၏ အခြင်းအရာ စင်စစ်မဟုတ်ဟု သိသာသည်၊ ဤမျှသော အဋ္ဌကထာကျမ်း ထိုကျမ်းတို့၏ အဖွင့်ဖြစ်သော ဋီကာကျမ်းတို့၌ အရိပ်အမြွက်မျှမထင်၊ အရှင်ဓမ္မပါလဆရာစီရင်သော ခုဒ္ဒကနိကာယ်ရှစ်ကျမ်း၏ အဖွင့်ဖြစ်သော ပရမတ္ထဒီပနီ အမည်ရှိသော ဥဒါန်း အဋ္ဌကထာ ဣတိဝုတ် အဋ္ဌကထာ ဝိမာနဝတ္ထု အဋ္ဌကထာ ပေတဝတ္ထု အဋ္ဌကထာ ထေရဂါထာ အဋ္ဌကထာ ထေရီဂါထာ အဋ္ဌကထာ စရိယာပိဋက အဋ္ဌကထာ နေတ္တိ အဋ္ဌကထာ ဤရှစ်ကျမ်းတွင် စရိယာပိဋက အဋ္ဌကထာကျမ်း၌ ခပ်သိမ်းသော သဗ္ဗညု ဘုရားအလောင်းတို့၏ နိယတဗျာဒိတ်ရခြင်း၏ အကြောင်းဖြစ်သော မဟာဘိနီဟာရ၏ ဥပနိဿယသမ္ပတ္တိအရကို ပြရာအခန်း၌ -

တတြာယံ မဟာပုရိသဿ ဥပနိဿယ သမ္ပဒါ ဧကန္တေ နေဝဿ ယထာ အဇ္ဈာသယော သမ္ဗောဓိ နိန္နော ဟောတိ။ သမ္ဗောဓိ ပေါဏော သမ္ဗောဓိ ပဗ္ဘာရော။ ယထာ သတ္တာနံ ဟိတစရိယာ။ ယတောစနေန ပုရိမဗုဒ္ဓါနံ သန္တိကေ သမ္မာသမ္ဗောဓိယာ ပဏိဓာနံ ကတံ ဟောတိ။ မနသာ ဝါစာယစ၊

www.dhammaransi.com



အဟံပိဒါနိ သောသမ္မာသမ္ဗုဒ္ဓေါ ဟုတွာ သမ္ဗုဒေဝ သတ္တာနံ ဟိတသုခံ နိပ္ဖါဒေယျန္တိ။

ဟူ၍ လာ၏။

### ပါရမီ, ဥပပါရမီ, ပရမတ္ထပါရမီ သုံးပါးတို့၏ အထူးကို ပြရာအခန်း၌လည်း

စိတ္တ ပဏိဓိတော ယာဝ ဝစီပဏိဓိ၊ တာဝ ပဝတ္တာ သမ္ဘာရာ ပါရမိယော။ ဝစီပဏိဓိတော ယာဝ ကာယပဏိဓိ။ တာဝ ပဝတ္တာ ဥပပါရမိယော။ ကာယပဏိဓိတော ပဘုတိ ပရမတ္ထပါရမိယော တိ အပရေ။

ဟူ၍လာ၏။

( သီလက္ခန္ဓဋီကာ၌လည်း ဤအတိုင်းပင်လာသည်။ )

တတြ၊ ထိုစကား၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ မဟာပုရိသဿ၊ ယောကျ်ားမြတ်၏။ ဥပနိဿယသမ္ပဒါ၊ ဥပနိဿယ၏ပြည့်စုံခြင်းတည်း။ အဿ၊ ထိုယောကျ်ားမြတ်အား။ ဧကန္တေနေဝ၊ စင်စစ်အားဖြင့်သာလျှင်။ သမ္ဘောဓိနိန္နော၊ သမ္ဘောဓိ၌ညွတ်သော။ သမ္ဘောဓိပေါဏော၊ သမ္ဘောဓိ၌ကိုင်းသော။ သမ္ဘောဓိပဗ္ဘာရော၊ သမ္ဘောဓိ၌ရှိုင်းသော။ အဇ္ဈာသယော၊ လွန်ကဲသော အလိုရှိသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထိုအတူ။ အဿ။ ထိုယောကျ်ားမြတ်အား။ ဧကန္တေနေဝ၊ စင်စစ်အားဖြင့်သာလျှင်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဟိတစရိယာ၊ အစီးအပွား၌ ကျင့်ခြင်း လေ့ကျက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ယတောစ၊ အကြင် သတ္တဝါတို့၏ အစီးအပွား၌ လေ့ကျက်ခြင်းကြောင့်ပင်လျှင်။ အနေန၊ ဤယောကျ်ားမြတ်သည်။ ပုရိမဗုဒ္ဓါနံ၊ ပဋ္ဌမဒီပင်္ကရာ မြတ်စွာဘုရားမှ ရှေးရှေး၌ ပွင့်တော်မူကုန်သော ဖြဟ္မဒေဝ အစ ရှိကုန်သော မြတ်စွာဘုရားတို့၏။ သန္တိကေ၊ အထံတော်၌။ အဟံပိ၊ ငါသည် လည်း။ ဧဝိသော၊ ဤမြတ်စွာဘုရား ကဲ့သို့သော။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဟုတွာ၊ ဖြစ်၍။ သမ္ဗုဒေဝ၊ မဖောက်မပြန်သာလျှင်။ သတ္တာနံ၊ သတ္တဝါတို့၏၊ ဟိတ သုခံ၊ စီးပွားချမ်းသာကို။ နိပ္ဖါဒေယျံ၊ ပြီးစေနိုင်ရလို၏။ ဣတိ၊ ဤသို့။ မနသာစ၊ သက်သက်သော စိတ်ဖြင့်လည်းကောင်း။ ဝါစာယစ၊ နှုတ်ဖြင့်လည်းကောင်း။ သမ္မာသမ္ဘောဓိယာ၊ သမ္မာသမ္ဘောဓိ၌။ ပဏိဓာနံ၊ ဆုတောင်းခြင်းကို။ ကတံ၊ ပြုအပ် ပြီးသည်။ ဟောတိ၊ ဖြစ်၏။

စိတ္တပဏိဓိတော၊ ကိုယ်နှုတ်မဘက် စိတ်သက်သက်ဖြင့် ဆုတောင်းတော်မူ

www.dhammaransi.com



သည်မှ။ ပဋ္ဌာယ၊ စ၍။ ယာဝ၊ အကြင်မျှလောက်သော ကာလအပိုင်းအခြားဖြင့်။ ဝစီပဏိဓိ၊ နှုတ်ဖြင့်မြွက်၍ ဆုတောင်းခြင်းသည်။ ဟောတိ၊ ဖြစ်လာ၏။ တာဝ၊ ထိုမျှလောက်သော ကာလအပိုင်းအခြားဖြင့်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ သမ္ဘာရာ၊ ဒါန စသော ဆယ်ပါးသော ဗောဓိသမ္ဘာရတို့သည်။ ပါရမိတော၊ ပါရမီ မည်ကုန်၏။ ဝစီပဏိဓိတော၊ နှုတ်ဖြင့် စ၍ ဆုတောင်းတော်မူသည်မှ။ ပဋ္ဌာယ၊ စ၍။ ယာဝ၊ အကြင်မျှလောက်သော ကာလအပိုင်းအခြားဖြင့်။ ကာယပဏိဓိ၊ ကိုယ်ဖြင့် ဆုတောင်းခြင်းသည်။ ဟောတိ၊ ဖြစ်လာ၏။ တာဝ၊ ထိုမျှလောက်သော ကာလအပိုင်းအခြားဖြင့်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ သမ္ဘာရာ၊ ဒါန စသော ဆယ်ပါးသော ဗောဓိသမ္ဘာရတို့ သည်။ ဥပပါရမိယော၊ ဥပပါရမီ မည်ကုန်၏။ ကာယပဏိဓိတော၊ ကိုယ်ဖြင့်ဆုတောင်းတော်မူသည်မှ။ ပဘုတိ၊ စ၍။ ပဝတ္တာ၊ ဖြစ်ကုန်သော။ သမ္ဘာရာ၊ ဒါန စသော ဆယ်ပါးသော ဗောဓိသမ္ဘာရတို့သည်။ ပရမတ္ထပါရမိယော၊ ပရမတ္ထပါရမီ မည်ကုန်၏။ ဣတိ၊ ဤသို့။ အပရေ၊ တစ်ပါးသော ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

( အဋ္ဌကထာအနက် )

### အပဒါန်ပါဠိတော်၌ကား

အဟံ ပိ ပုဗ္ဗဗုဒ္ဓေသု၊ သမ္ဗောဓိ မတိပတ္ထယိံ။
မနသာယေဝ ဟုတ္ဝာန၊ ဓမ္မရာဇာ အသင်္ချာ။

ဟူ၍ မနသာ-လာသည်။ ဝါစာယ-မလာ။

### မဏိသာရမဥ္စူသာကျမ်း၌လည်း

ယံ ယံ ဘဂဝတာ တိဏ္ဏော တာရေယျန္တိ အာဒိနာ မနော ဝစီ ကာယ ပဏိဓာန ဝသေန ဣစ္ဆိတံ အတ္တဟိတံ ပရဟိတံ ဝါ၊ တဿ ပဏိဓာနာ နုရူပမေဝ နိပ္ဖါဒနေ။

ဟူ၍ အစဉ်အားဖြင့် မနောပဏိဓာန ဝစီပဏိဓာန ကာယပဏိဓာန သုံးပါးပင် လာသည်။

ဤသို့ လာသော ပါဠိအဋ္ဌကထာ ဋီကာများကို ထောက်သော် ရှေးဦးစွာ စိတ်သက်သက်ဖြင့်သာ ဆုတောင်းခြင်း ဟူသော စိတ္တပဏိဓာန သည့်နောက် နှုတ်ဖြင့်သာ ဆုတောင်းခြင်း ဟူသော ဝစီပဏိဓာန သည့်နောက် ကိုယ်ဖြင့် ဆုတောင်းခြင်း ဟူသော ပဏိဓာန ဟူ၍ အစဉ်အားဖြင့် ဖြစ်သော ပဏိဓာန သုံးပါး ထင်ရှားရှိသည်၏ အဖြစ်ကို ယူသင့် မှတ်သင့်သည်။ ။ ထိုသို့ ရှေ့နောက် အစဉ်အားဖြင့် ဖြစ်သော ပဏိဓာန သုံးပါး ထင်ရှားရှိသည်၏ အဖြစ်ကို ယူသင့်သည်ရှိသော် တတိယဖြစ်သော

www.dhammaransi.com



ကာယပဏ်ိဓာနနှဲ့ လေးသနေ့ ရှစ်သနေ့ တစ်ဆယ့် ခြောက် သနေ့နှင့် ကမ္ဘာတစ်သိန်း ဟူသော ကာလနိယမ ကာလပရိစ္ဆေဒသည် ထင်ရှားရှိသကဲ့သို့ ရှေးဖြစ်သော စိတ္တပဏိဓာန ဝစီပဏိဓာန နှစ်ပါးတို့၌လည်း အသီး အသီး ကာလနိယမ ကာလပရိစ္ဆေဒ ထင်ရှားရှိသင့်သည်။ ရှိသင့်ပါလျက် ဤပါဠိ အဋ္ဌကထာဋီကာ ကျမ်းဂန်တို့၌ ကာလနိယမ ကာလပရိစ္ဆေဒကို မဆိုခဲ့၊ ဤသို့ ရှိသင့်ပါလျက် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့၌ အဆိုလည်းမရှိ အဖြစ်လည်း မရှိခဲ့သော် အဆိုရှိရာ ကျမ်းတစ်ပါးကို ရှာသင့်သည်။ ရှာ၍ တွေ့လျှင် တွေ့ရာကျမ်းဂန်၏ အခြေအနေကို ထောက်၍ ဆိုတိုင်း သန္နိဋ္ဌာန်ကျ ယုံကြည်ရသည်လည်း ရှိပေသည်၊ မယုံကြည်နိုင်ခဲ့သော်လည်း ထိုကျမ်း စကားကို တားမြစ်ပိတ်ပင် ပြစ်တင်ကဲ့ရဲ့ခြင်းကို ထင်စွာ မပြုမူ၍ လျစ်လျူ ရှုကာသာ နေရမြဲ ဖြစ်သည်။ ။ ဤသည်လည်း တစ်ကြောင်းတည်း။

ဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာရှစ်ကျမ်း, ဒီဃနိကာယ် သုံးကျမ်းဋီကာ, မဇ္ဈိမနိကာယ် သုံးကျမ်း, ဋီကာ, သံယုတ္တနိကာယ် ငါးကျမ်း ဋီကာ, အင်္ဂုတ္တရနိကာယ် ဧကက နိပါတ်တစ်ကျမ်းဋီကာ, ခုဒ္ဒက နိကာယ်အဝင် အဘိဓမ္မာ ခုနစ်ကျမ်းဋီကာ, နေတ္တိကျမ်းဋီကာ, ဝိသုဒ္ဓိမဂ် ကျမ်းဋီကာ, သစ္စသင်္ခေပအဋ္ဌကထာကျမ်း, ဤသို့ အဋ္ဌကထာကျမ်းပေါင်း ကိုးကျမ်း, ဋီကာကျမ်းပေါင်း နှစ်ဆယ့်တစ်ကျမ်းကို ပြု၍ ယူဇနာ တစ်ထောင် အတိုင်းအရှည်ကြီးသော အာနန္ဒာငါးသည်သာလျှင် သမုဒ္ဒရာရေကို ချောက်ချားစေ၍ မြူးထူးနိုင်ဘိသကဲ့သို့ ပိဋကတ်သုံးပုံကိုမွှေနှောက် ချောက်ချား စေနိုင်သော အလွန်ကြီးမြတ်သော ပညာရှင်ဖြစ်တော်မူပေသော မဖောက်မပြန် ဟုတ်မှန်သော သကသမယ, ဖောက်ပြန်ချွတ်ယွင်းသော သမယန္တရအစဉ်၌ သက်ဝင်ချဉ်းနင်း ရှင်းလင်း သုတ်သင် ခုတ်ထွင် ရွေးချယ်ခြင်းငှာ စွမ်းနိုင်သော အရှင်ဓမ္မပါလဆရာ, မဏိသာရ မဉ္ဇူသာကျမ်း, မဏိဒီပကျမ်း, အနုဋီကာ မဟာနိဿယကျမ်း, ဇာတကဝိသောဓနီကျမ်း, ဂန္ဓာဘရဏကျမ်းများကို စီရင်တော်မူသော အရှဖ်အရိယာဝံသဆရာ, ဤဆရာမြတ်တို့မှ သော်လည်း စိတ်ဖြင့်ဆုတောင်းခြင်း, နှုတ်ဖြင့်ဆုတောင်းခြင်း ကိုယ်ဖြင့် ဆုတောင်းခြင်းဟူသော အခိုက်အတန့် သုံးပါးကို မတားမြစ် မူ၍ ကျမ်းဂန်၌ ထည့်သွင်း မိန့်ဆိုတော် မူကြကုန်သေး၏ ဤသည်လည်း တစ်ကြောင်း။

(ဤစကား၌ ပါဠဇာတ်ဋီကာကို အရှင်ဓမ္မပါလဆရာ စီရင်သည် ဟူကြကုန်၏။ ရေးပုံသားပုံ စာနေစာသွား အခြင်းအရာ အလုံးစုံမျိုးကို ထောက်သော် ထိုဆရာ၏ အခြင်းအရာစင်စစ် မဟုတ်ရာ သိသာသည်။ ထို့ကြောင့် မထည့်လိုက် ပေသည်။

ဤသို့သောအကြောင်းများကို ထောက်သော် ထိုဂန္ထန္တရ ကျမ်းစကားများကို

www.dhammaransi.com



လွတ်လွတ်ကြီး ပယ်လိုက်ခြင်းငှာလည်း မတတ်ကောင်းအောင် ရှိချေသည်။

စိတ္တပဏ်ဓာန, ဝစီပဏိဓာန, ကာယပဏိဓာန သုံးပါးကိုသာယူ၍ ထိုသုံးပါး တို့တွင် စိတ္တပဏိဓာန၏ ကာလပရိစ္ဆေဒ ဝစီပဏိဓာန၏ ကာလ ပရိစ္ဆေဒများကို စရိယပိဋက အဋ္ဌကထာ စသည်တို့၌ မယူမဆိုခြင်း၏ အကြောင်းကို ရှာအပ်၏၊ ရှာသော် အပဒါန်ပါဠိများနှင့် မညီသောကြောင့် မယူသည်ဟု ဆိုရန်တစ်ချက်။

**မညီပုံကား - ဗုဒ္ဓအပဒါန်၌-**

မနောသာယေဝ ဟုတွာန၊ ဓမ္မရာဇာ အသင်္ခယာ။

ဟူ၍ လာသောကြောင့် စိတ်ဖြင့်သာ ဆုတောင်းရာ ဘုရားပေါင်းကား အသင်္ချေ ဟူ၍ သိအပ်သည်။ ။ သောတတ္ထကီ စသော ကျမ်းများ၌ကား စိတ်ဖြင့်သာ ဆုတောင်းရာ ခုနစ်သင်္ချေ တွင်း၌ ဘုရားပေါင်းကားတစ်သိန်း နှစ်သောင်း, ငါးထောင် ဟူ၍လာသည်။ ။ ပါဠိတော် လာတိုင်း ဘုရားအသင်္ချေနှင့်မျှလောက် အောင် ကာလကို မှန်းထားသော် ခုနစ်သင်္ချေမျှမက တန်ရာ။ ။ ယသောဓရာထေရီ အပဒါန်၌လည်း ဖြဟ္မဒေဝဘုရား ပေါရာဏ ဂေါတမ ဘုရားတို့ကို အမည်ထုတ်ဖော်၍ ဘုရားပေါင်း ကုဋေ နှစ်သိန်း, တစ်သောင်း, နှစ်ထောင်, တစ်ရာခုနစ်ဆယ့်ကိုးဆူ မျှသောဘုရားတို့ထံ၌ ငါတို့ဘုရား၏ အလုပ်အကျွေး ဖြစ်ခြင်းငှာ ထေရီဆုတောင်း ခဲ့ကြောင်းကိုလာသည်။ လာသည့်အလိုနှင့် နှိုင်းချိန်သော် ထိုကျမ်းများ၌ လာသော ဖြဟ္မာဒေဝဘုရားမှ စ၍ ဘုရားအရေအတွက်များနှင့် ငါတို့ ဘုရားလောင်းကို အစွဲပြု၍ ထေရီဆုတောင်းရာ ဘုရားပေါင်းများသည် အလွန်ကွာလှမ်းခဲ့၏၊ ငါတို့ဘုရားလောင်း သည် အလောင်းအလျာမဖြစ်မီ ထေရီအလောင်းကစတင်၍ ဆုတောင်းနှင့်သည်ဟု ယူရမည်လည်း မခက်တောင်း ဤကား မညီပုံတည်း။

**တစ်နည်း** - အပဒါန်ပါဠိ၌ကား ဘုရားဆုကို ရည်၍ ဝိဝဋ္ဋကုသိုလ်ပျိုးစ ကာလမှစ၍ ယူတော်မူသည်၊ သောတတ္ထကီ စသော ကျမ်းများ၌ကား မဆုတ်မနစ် တစ်သံတည်း စိတ်ဖြင့်ဆုတောင်းရာမှစ၍ ယူလေသည်။ ထိုကြောင့် စိတ်ဖြင့် ခုနစ် သင်္ချေ ဟူသော စကားသည် တစ်စိတ်မျှကိုသာ ယူ၍ဆိုသော စကားဖြစ်သောကြောင့် ကျမ်းဆရာတို့ မယူလေသည်ဟု ဆိုရန်တစ်ချက်။

(ဤသို့ အထွေထွေပင် ဆိုရန်ရှိချေသည်။)

**သောတ တဏီကျမ်း၏ နိဂုံး၌ကား-**

ကမ္မဋ္ဌ ပကရဏံ နာမ၊ ဓမ္မရာဇေန ဒေသိတံ။

www.dhammaransi.com



သောတတ္တကီ တိ နာမန္တိ၊ ဝေဒိတဗ္ဗံ ဟိ ဝိညုနာ။

ဟူ၍ ဤကျမ်း၌လာသော ဂါထာစုကို ဘုရားဟောဟူ၍ပင် ဆိုချေသည်။

ဂရူဟိ ဒိန္န နာမေန၊ ဗုဒ္ဓဃောသောတိ ဝိဿုတော။

ကတော ထေရေန တေနာယံ၊ နိဒါန ဗုဒ္ဓ ဂေါစရော။

ဟူ၍ အတ္ထုပ္ပတ္တိအကျယ်ကို ဗုဒ္ဓဃောသထေရ်ဖွင့်၍ ဝေဖန်ကြောင်းကို လာသည်၊ ဤလည်း ဗုဒ္ဓဃောသထေရ် တစ်ဦးဖြစ်ရာသည်။

(ဤကား ဗျာဒိတ်မခံမီ တစ်ဆယ့်ခြောက်သင်္ချေဟူသော သောတတ္တကီ ကျမ်းစကားကို အမှီပြု၍ဆိုအပ်သော စကားရပ်စုတည်း။)

ဗျာဒိတ်မခံမီ ဘဝပေါင်း တစ်ထောင့်ခြောက်ရာ အလွန်ရှိသော ကမ္ဘာ တစ်သိန်း ဟူသောနည်း, နှစ်ဆယ့်လေးသင်္ချေ ဟူသောနည်း, သုံးဆယ့်လေးသင်္ချေ ဟူသောနည်း, အပရိမာဏ နည်းများကိုလည်း အသီးသီး ထုတ်၍ ဖြစ်သင့်သည် အားလျော်စွာ ယှဉ်လေ။ ။ဤသဗ္ဗညု ဘုရားလောင်းသည် အောက်အောက်သော ဗောဓိကို ပြောင်းရွှေ့၍ တောင်းရာ၌ကဲ့သို့ ထို့အတူ ပစ္စေက ဗောဓိလောင်း, အဂ္ဂသာဝက ဗောဓိလောင်း, မဟာသာဝက ဗောဓိလောင်းတို့၏လည်း အောက်အောက် သော ဗောဓိကို ပြောင်းရွှေ့၍ ဆု, တောင်းသင့်ကြောင်း၊ တောင်းတိုင်းလည်း ရသင့် သေးကြောင်းများကိုလည်း အနုအရင့် ရွေးချယ်၍ ဝေဖန်အပ်၏။ ။ အရှင်သာရိပုတ္တရာ အလောင်းသည် ရှေးအဖို့၌ ဘုရားဆုကို တောင်းသည်ဟု အချို့ သသူတို့ မှတ်ယူကြကုန်။ ။ သာရိပုတ္တရာထေရဂါထာပါဠိတော်, ၎င်းအဖွင့် ပရမတ္ထဒီပနီ အဋ္ဌကထာ, သာရိပုတ္တရာအပဒါန် ပါဠိတော်, ၎င်းအဖွင့် ဝိသုဒ္ဓဇန ဝိလာသိနီ အဋ္ဌကထာ, ဧကင်္ဂုတ္တရ ဧတဒဂ္ဂဝဂ် ပါဠိတော်, ၎င်းအဖွင့် မနောရထပူရဏီ အဋ္ဌကထာ, ၎င်းအဖွင့် ဋီကာ, ထိုမှတစ်ပါး ဤအရှင် သာရိပုတ္တရာထေရ်၏ ဝတ္ထုကို စပ်လျဉ်းရာ ထုတ်ဆောင်ကြသော ထိုထို အဋ္ဌကထာ ဋီကာကျမ်းကြီး, ငယ်တို့၌ ဘုရားဆုကို တောင်းရင်းရှိသည်ဟူသော အခြင်းအရာ အရိပ်အမြွက်မျှမထင်။

ချင့်ချိန်ရကား-

အရှင်သာရိပုတ္တရာ၏အလောင်းသရဒလုလင်၏ တောထွက်ခါနီး၌ အကြံ အစည် ဖြစ်ပုံကိုပြရာ အဋ္ဌကထာများ၌ကား။

က္ကမေသံ သတ္တာနံ မရဏံ နာမ ဧကန္တိကံ၊ တသ္မာ မယာ ဧကံ

www.dhammaransi.com



ပဗ္ဗဇ္ဇံ ဥပဂန္တွ မောက္ခမဂ္ဂေါ ဂဝေသိတဗ္ဗော။

ဟူ၍လာသည်။

က္ကမေသံသတ္တာနံ၊ ဤသတ္တဝါတို့အား။ မရဏံနာမ၊ သေရခြင်းမည်သည်။ ဧကန္တိကံ၊ စင်စစ်မြဲသော အဖို့ရှိ၏။ တသ္မာ၊ ထို့ကြောင့်။ မယာ၊ ငါသည်။ ဧကံ၊ တစ်ခုသော။ ပဗ္ဗဇ္ဇံ၊ ပဗ္ဗဇ္ဇသို့။ ဥပဂန္တွာ၊ ကပ်၍။ မောက္ခမဂ္ဂေါ၊ လွတ်ကြောင်းတရားကို။ ဂဝေသိတဗ္ဗော၊ ရှာသင့်၏။

ဤသို့သော အကြံသည် ပစ္စေကဗောဓိလောင်း သာဝကဗောဓိလောင်း တို့၏ အကြံသာတည်း၊ သမ္မာသမ္ဗောဓိလောင်းတို့၏ အကြံမဟုတ်၊ ထို့ကြောင့် ဗျာဒိတ်မခံမီ ရှေးအဖို့၌ သမ္မာသမ္ဗောဓိလောင်း ဟုတ်ဖွယ်မရှိ၊ ပစ္စေကဗောဓိလောင်း သာဝက ဗောဓိလောင်း သုံးပါး ဤ ၄-ပါး တွင်သာ တစ်ပါးပါး ဖြစ်ရာ၏ ဤသို့ ချင့်ချိန် ရန်ရှိသည်။

သီလက္ခန် ဋီကာဆရာမြတ်၏ အလိုတော်အားဖြင့်ကား ထိုအရှင်သာရိပုတ္တရာ အလောင်းသည် ဗျာဒိတ်မခံမီ ရှေး၌ကား ပကတိသာဝက ဗောဓိလောင်းသာဟု ယူရန်ရှိသည်၊ ထိုစကား မှန်၏၊ မဟာသာဝကဖြစ်သော အရှင်သုဘူတိထေရ်အလောင်း နန္ဒရသေ့ကဲ့သို့ ထို့အတူ အရှင် သာရိပုတ္တရာ၏ အလောင်း သရဒရသေ့၏လည်း အလိုရှိသည်ရှိသော် ထို ဗျာဒိတ်ခံရာ နေရာ၌ပင် ပကတိသာဝ က ကဗောဓိကို ရတော့ မည့် အခြင်းအရာ ထင်လျက်ရှိသည်။

ထို့ကြောင့် အဋ္ဌကထာများ၌-

> သရဒတာပသော ပန အဟောဝတာဟံပိ အယံ နိသဘထေရော
> ဝိယ အနာဂတေ ဧကဿ ဗုဒ္ဓဿ အဂ္ဂသာဝကော ဘဝေယျန္တိ
> သတ္ထု ဒေသနာကာလေ ဥပ္ပန္န ပရိဝိတက္ကတာယ အညဝိဟိတော
> ဟုတွာ မဂ္ဂဖလာနိ ပဋိဝိဇ္ဈိတုံ နာသက္ခိ။

ဟူ၍မိန့်ကုန်၏။

သရဒတာပတောပန၊ သရဒရသေ့ သည်ကား။ အဟံပိ၊ ငါသည်လည်း။ အယံနိသဘထေရောဝိယ၊ ဤနိသဘထေရ်ကဲ့သို့။ အနာဂတေ နောင်ကာလ၌။ ဧကဿဗုဒ္ဓဿ၊ တစ်ဆူသော ဘုရား၏။ အဂ္ဂသာဝကော၊ အဂ္ဂသာဝကသည်။ ဝတ၊ စင်စစ်။ အဟောဘဝေယျံ၊ ဩော်-ဖြစ်ချင်ပါဘိတော့၏။ က္ကတိ၊ ဤသို့။ သတ္ထု၊ အနောမဒဿီဘုရား၏။ ဒေသနာကာလေ၊ တရားဟောသောအခါ၌။ ဥပ္ပန္နပရိဝိ

www.dhammaransi.com



တက္ကတာယ၊ ဖြစ်သော အကြံအစည်ရှိသည်၏ အဖြစ်ဖြင့်။ အညဝိဟိတော၊ တစ်ပါး၌ စိတ်ထား နှလုံးသွားရှိသည်။ ဟုတွာ၊ ဖြစ်လေသောကြောင့်။ မဂ္ဂဖလာနိ၊ မဂ်ဖိုလ်တို့ကို။ ပဋိဝိဇ္ဈိတုံ။ ထိုးထွင်း၍သိခြင်းငှာ။ နာသက္ခိ၊ မတတ်နိုင်လေ။

ထိုကဲ့သို့ အကြံမနှောင့်မူ မဂ်ဖိုလ်ကို ရနိုင်မည်ပင် ဟူလိုသည်။ ။ ရသည်ရှိသော် ပကတိသာဝက အဖြစ်ဖြင့်သာ ရရာ၏။ ။ ဤသရဒဟူသော အမည်သည်ကား အဋ္ဌကထာများ၌လာသော အမည်သာတည်း။

**သာရိပုတ္တထေရ အပဒါန်ပါဠိ၌ကား-**

ပဉ္စတိဉာ ဗလပတ္တော၊ သုရုစိ နာမ တာပသော။

ဟူ၍ အရှင်သာရိပုတ္တရာ အလောင်းကို သုရုစိရသေ့ ဟူသောအမည်နှင့် လာ၏

ထို့အတူ အရှင်မောဂ္ဂလာန် အလောင်းကိုလည်း သိရိဝမ္ဓ သူကြွယ်ဟူ၍ အဋ္ဌကထာများ၌ လာ၏။

**မောဂ္ဂလာနထေရ အပဒါန်ပါဠိ၌ကား-**

အနောမဒဿိ ဘဂဝါ။ လောကဇေဋ္ဌော နရာသဘော။
ဝိဟာသိ ဟိမဝန္တမှိ၊ ဒေဝ သံဃ ပုရက္ခတော။

ဝရုဏော နာမ နာမေန၊ နာဂရာဇာ အဟံ တဒါ။
ကာမရူပံ ဝိကုဗ္ဗာမိ၊ မဟောဒဓိ နိဝါသယံ။

ဤသို့စသည်ဖြင့် သမုဒ္ဒရာ၌ အမြဲနေသော ဝရုဏအမည်ရှိသော နဂါးမင်း ဖြစ်၍ အနောမဒဿီဘုရား ဟိမဝန္တာသို့ ကြွလာရာ များစွာသော တူရိယာမျိုးတို့ဖြင့် ပူဇော်၍ ဗျာဒိတ်ခံကြောင်းကိုလာသည်။ ။အဋ္ဌကထာများ၌ သိရိဝမ္ဓ သူ၏ကြွယ် သေလျှင် နတ်ပြည်သို့ သွားသည်သာဟူ၏၊ နဂါးဖြစ်သည်မဆို။

အဋ္ဌကထာများ၌ အရှင်သုဘူတိ အလောင်းကို နန္ဒရသေ့ဟု လာ၏ တပည့်ပေါင်းလည်း လေးသောင်းလေးထောင် အခြံအရံရှိ၏ဟူ၏။

**သုဘူတိ ထေရအပဒါန်ပါဠိ၌ကား-**

ကောသိယော နာမ နာမေန။ ဇဋိလော ဥဂ္ဂ တာပသော။

ဧကီယော အဒုတိယော။ ဝသာမိ နိသဘေ တဒါ။

www.dhammaransi.com



ဟူ၍ ကောသိယဟူသော အမည်နှင့် အဖော်မရှိ တစ်ယောက်ထဲတည်းသာဟူ၏။

ဤသို့ အပဒါန်လာ အမည်နာမ အဖြစ်အပျက် ဝတ္ထု အကြောင်းအရာများနှင့် အဋ္ဌကထာများ၌ လာသော အမည်နာမ အဖြစ်အပျက် ဝတ္ထု အကြောင်းအရာများသည် မညီမညွတ်သည်လည်း စိုးစဉ်းရှိသည်။ ။ တစ်ပါးသော အဋ္ဌကထာများနှင့် မညီမညွတ်သည်ကို မဆိုထားဘိ၊ ထေရဂါထာ အဋ္ဌကထာ၌ပင် အရှင်မောဂ္ဂလန် အလောင်း သီရိဝဍ္ဎသူကြွယ်ဖြစ်၍ ဗျာဒိတ် ခံကြောင်းကို ဝတ္ထုအကျယ်နှင့် တကွ ဆိုပြီးသည့်အဆုံး၌ "တေန ဝုတ္တံ အပဒါနေ" ဟုခံ၍ ဝရုဏ နဂါးမင်း ဖြစ်၍ ဗျာဒိတ်ခံကြောင်းကို ဝတ္ထုအခြေစကားခံပြီးလျှင် ပါဠိရှိတိုင်းပင် ဖွင့်လေသည်၊ ဤသို့သောအရာများလည်းစိုးစဉ်းရှိသည်။ ။ထေရ အပဒါန် ပါဠိတော်လာ ထေရ်ပေါင်း ငါးရာ့ငါးကျိပ်, ထေရဂါထာ ပါဠိတော်လာ ထေရ်ပေါင်း နှစ်ရာ့ခြောက်ကျိပ်ခြောက်, ထိုနှစ်ရာ့ခြောက်ကျိပ်ခြောက်တို့တွင် နှစ်ရာ့ သုံးကျိပ် ငါးပါးသော ထေရ်တို့သည် အပါဒါန် ပါဠိတော်၌လည်း လာကုန်၏။ သုံးကျိပ်တစ်ပါးသော ထေရ်တို့သည်ကား အပါဒါန်ပါဠိတော်၌လည်း လာကုန်သော နှစ်ရာ့ သုံးကျိပ် ငါးပါးသော ထေရ်တို့တွင် ကိမိလထေရ်, ဝမ္မထေရ်, မဟာနာဂထေရ် သုံးပါးတို့၏ ဂါထာအဖွင့် အဋ္ဌကထာ၌ အပဒါနပါဠိကို ဆောင်ထားလျက်ပါသည်၊ ထိုအပဒါန်ပါဠိကို ယခုရှိသော ထေရ အပဆောင်ထားလျက်ပါသည်၊ ထိုအပဒါန်ပါဠိကို ယခုရှိသော ထေရ အပဒါန်ပါဠိတော်များ၌ ရှာသော်မတွေ့။ ။ ထေရီအပဒါန်ပါဠိတော်၌ ထေရီပေါင်း လေးကျိပ်လာသည်၊ ထေရီဂါထာ ပါဠိတော်၌ ထေရီပေါင်းခုနစ်ကျိပ် သုံးပါးလာသည်။ ထိုခုနစ်ကျိပ်သုံးပါးတွင် သုံးကျိပ်ငါးပါးသော အပဒါန်မှာဝင်သည်၊ ထိုသုံးကျိပ် ငါးပါးတွင်လည်း ပုဏ္ဏာထေရီ ရောဟိနီထေရီ နှစ်ပါးတို့၏။ ဂါထာအဖွင့် အဋ္ဌကထာ၌ အပဒါန်ပါဠိကို ဆောင်ထားလျက်ပါသည်၊ ထိုအပဒါန်ပါဠိကို ယခုရှိသော ထေရီအပါဒါန် ပါဠိတော်များ၌ ရှာတော်မတွေ့။ ။ဥပ္ပလဝဏ်ထေရီ ဂါထာအဖွင့်၌ အဋ္ဌကထာဆောင်ပြသော အပဒါန်ပါဠိများသည် ယခုရှိသော ဥပ္ပလဝဏ် ထေရီ အပဒါန်ပါဠိများနှင့် တိုက်ဆိုင်၍ မရ။ ။ဤကား ပညာရှိတို့ သတိမူရန် ထင်ထင် ရှားရှား မညီညွတ်သည့် အရာများကို ထုတ်ပြသော စကားအမြွက်တည်း။

(ဤသို့ မညီညွတ် ရှိကြသော်လည်း အပါဒါန်ပါဠိတော်၌ သော်လည်းကောင်း ထေရဂါထာ အဋ္ဌကထာ၌သော် လည်းကောင်း, ဝိစိကိစ္ဆာ ပသာဒညတတ္တကို မဖြစ်စေမူ၍ အကြောင်းကိုသာ ရှာအပ်၏။)

ဒသမပုစ္ဆာ အဖြေပြီး၏။

www.dhammaransi.com

# ၁၁။ ဧကာဒသမ ပုစ္ဆာအဖြေ

ပါရမီ ဥပပါရမီ ပရမတ္ထပါရမီတည်းဟူသော အပြား သုံးဆယ် တို့ကို ပါရမီ အဖြစ်ဖြင့် ယူတော်မူ၍-

> ဒသခေါ် သာရိပုတ္တ ဗုဒ္ဓကာရကာ ဓမ္မာ ကတမေ ဒသ။ ဒါနံ ခေါ်သာရိပုတ္တ ဗုဒ္ဓကာရကော ဓမ္မော။ သီလံ နေက္ခမ္မံ ပညာ ဝီရိယံ ခန္တိ သစ္စံ အဓိဋ္ဌာနံ မေတ္တာ ဥပေက္ခာ ဗုဒ္ဓကာရကော ဓမ္မော။ ဣမေခေါ် ဒသ သာရိပုတ္တ ဗုဒ္ဓကာရကာ ဓမ္မာ။

ဟူ၍ဟောတော်မူသော ပါရမီဆယ်ပါး အပြား သုံးဆယ်တို့ကို မြတ်စွာဘုရားတို့အားသာ ခပ်သိမ်းသောအခြင်းအရတို့နှင့် ပြည့်စုံစွာ နိပ္ပရိယာယ အားဖြင့် ရအပ်ကုန်၏။ပစ္စေကဗုဒ္ဓါ သာဝကတို့အား ထိုအခြင်းအရာ အားဖြင့် ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကိုမရအပ်ကုန်။ ။ထိုစကားမှန်၏။ သဗ္ဗညုတဉာဏ် ဒသဗလဉာဏ် အစရှိသော အလုံးစုံသော သဗ္ဗညုဂုဏ်ကျေးဇူးအပေါင်းတို့ကို ပေးတတ်သော အနုတ္တရသမ္မာသမ္ဗောဓိဟု ဆိုအပ်သော အရဟတ္တမဂ်ဉာဏ်၏ ဥနိဿယ ဖြစ်သော ပါရမီတို့ကိုသာ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော ပါရမီတို့ပေဟူ၍ ဆိုအပ်ကုန်၏။ ။ပစ္စေကဗောဓိ သာဝကဗောဓိတို့အား ထိုက်တန် သင့်လျော်သော ပါရမီ တို့၏ အစွမ်းအားဖြင့်ကား အပြည့်အစုံဖြစ်သော ဆယ်ပါးသော ပါရမီတို့ကိုသာ အလိုရှိအပ်ကုန်၏။ ယုတ်လျော့သော ပါရမီ တို့ကို အလိုမရှိအပ်ကုန်။

ထိုအကြောင်းကား

> ဣမေသံပိ ဟိ ယထာ မဟာဗောဓိသတ္တာနံ ဒါနာဒိပါရမိဟိ ပရိဗြူဟိတာ ပညာပါရမီ အနုက္ကမေန ဂဗ္ဘံ ဂဏှန္တီ ပရိပါကံ ဂစ္ဆန္တီ ဗုဒ္ဓဉာဏံ ပရိပူရေတိ။ ဒါနပရိစယေန ဟေတေ တတ္ထ တတ္ထ ဘဝေ အလောဘဇ္ဈာသယတာယ သဗ္ဗတ္ထအသင်္ဂမာနသာ အနပေက္ခစိတ္တာ ဟုတွာ

www.dhammaransi.com



သီလပရိစယေန သံဝုတကာယဝါစတာယ ပရိသုဒ္ဓ ကာယ ဝစီကမ္မန္တာ ပရိသုဒ္ဓါ ဇီဝါ ဣန္ဒြိယေသု ဂုတ္တဒွါရာ ဘောဇနေ မတ္တညုနော ဟုတွာ ဇာဂရိယာ နုယောဂေန သမာ ပဒဟန္တိ။ သွာယံ ထေသံ ဇာဂရိယာနုယောဂေါ ဂတ ပစ္စာဂတိက ဝတ္တဝသေန ဒီပေတဗ္ဗော။ ဧဝံ ပန ပဋိပဇ္ဇန္တာနံ အဓိကာရ သမ္ပတ္တိယာ အပ္ပ ကသိရေနေဝ အဋ္ဌ သမာပတ္တိယော, ပဉ္စ ဘိညာ, ဆဠဘိညာ, အဓိဋ္ဌာန ဘူတာ ပုဗ္ဗဘာဂ ဝိပဿနာမ, ဟတ္ထဂတာယေဝ ဟောန္တိ။ ဝိရိယာဒယော ပန တဒန္တာ ဂဓာဇဝ။ ယဥ္စိ ပစ္စေက ဗောဓိယာ သာဝကဗောဓိယာ ဝါ အတ္ထာယ ဒါနာဒိ ပုည သမ္ဘရဏေ အဗ္ဘုဿဟနံ၊ ဣဒံ ဝီရိယံ တံ တဒနု ပရောဓေဿ သဟနံ။ အယံ ခန္တိ ယံ ဒါန သီလာဒိ သမာဒါနာ ဝိသံ ဝါဒနံ၊ ဣဒံ သစ္စံ သဗ္ဗတ္ထကမေဝ အစလ သမာဒါန မိဋ္ဌာနံ။ ဣဒံ အဓိဋ္ဌာနံ။ ယာ ဒါန သီလာဒီနံ ပတိဋ္ဌာန ဘူတေသု သတ္တေသု ဟိတေသိတာ။ အယံ မေတ္တာ။ ယံ သတ္တာနံ ကတ ဝိကာရေသု အဇ္ဈုပေက္ခနံ။ အယံ ဥပေက္ခာတိ ဧဝံ ဒါန သီလ ဘာဝနာသု သမာဓိ ပညာသုစ သိဇ္ဈ မာနာသု ဝီရိယာဒယော သိဒ္ဓါ ဧဝဟောန္တိ။

ဟူသော ထေရဂါထာ အဋ္ဌကထာ များကို ထောက်၍ သိအပ်သတည်း။

ဟိ သစ္စံ၊ ထိုစကားမှန်၏။ ယထာမဟာဗောဓိသတ္တာနံ၊ သဗ္ဗညု ဘုရားလောင်းတို့၏သို့။ ဧဝမေဝံပိ၊ ဤပစ္စေကဗောဓိလောင်း သာဝက ဗောဓိလောင်း တို့၏လည်း။ ဒါနာဒိပွါရမီဟိ၊ ဒါနအစရှိသော ပါရမီတို့သည်။ ပရိဗြူဟိတာ၊ ထက်ဝန်းကျင်မှ ပွားစေအပ်သော။ ပညာပါရမီ၊ ပညာပါရမီသည်။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ဂဗ္ဘ၊ အခဲအစု ပေါင်းစုစည်းရုံးခြင်းတည်းဟူသော ခန်းတိုက်ကို။ ဂဏှန္တိ၊ ယူလျက်။ ပရိပါကံ၊ ရင့်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်လျက်။ ဗုဒ္ဓဉာဏံ၊ ပစ္စေကဗုဒ္ဓဉာဏ် သာဝကဗုဒ္ဓဉာဏ်ကို။ ပူရေတိ၊ ပြည့်စေ၏။ ဟိ၊ ထို စကားကို ချဲ့ဦးအံ့။ ဧတေ၊ ထိုပစေကေ ဗောဓိလောင်း သာဝက ဗောဓိလောင်းတို့သည်။ ဒါနပရိစယေန၊ ဒါန၌ လေ့ကျက်ခြင်း ဖြင့်။ တတ္ထ တတ္ထ ဘဝေ၊ ထိုဘဝ၌။ အလောဘ တည်းဟူသော သတ္တသန္တိရတို့၌။ အသင်္ဂမာနသာ၊ မကပ်မငြိသော စိတ်ရှိကြကုန်သည်။ အနပေက္ခစိတ္တာ၊ ငဲ့ကွက်ခြင်း ကင်းသော စိတ်ရှိကြကုန်၏။ ဟုတွာ၊ ဖြစ်ကုန်၍ လည်းကောင်း။ သီလပရိစယေန၊ သီလ၌ လေ့ကျင့်ခြင်းဖြင့်။ သံဝုတကာယ ဝါစတာယ၊ စောင့်စည်း အပ်သော ကာယ ဒွါရ ဝစီဒွါရ ရှိသည်၏ အဖြစ်ကြောင့်။ ပရိသုဒ္ဓကာယ ဝစီကမ္မန္တာ၊ စင်ကြယ်သော ကာယကံ ဝဇီကံရှိကုန်သည်။ ပရိသုဒ္ဓါဇီဝါ၊ စင်ကြယ်သော အာဇီဝရှိကြကုန်သည်၊ ဣန္ဒြိယေသု၊ ဣန္ဒြေ ခြောက်ပါး တို့၌။ ဂုတ္တဒွါရာ၊ စောင့်ရှောက်အပ်သော တံခါးရှိကြ ကုန်သည်။ ဘောဇနေ၊ ဘောဇဉ်၌။ မတ္တညုနော၊ အတိုင်းအရှည်ကို သိလေ့ရှိကြ

www.dhammaransi.com



ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍လည်းကောင်း။ ဇာဂရိယာနုယောဂေန၊ နိုးကြားခြင်းလုံ့လ၌ အားထုတ်ခြင်းနှင့် ယှဉ်သဖြင့်။ သမာပဒဟန္တိ၊ ကောင်းစွာအားထုတ်ကြကုန်၏။ တေသံ၊ ထိုပစ္စေက ဗုဒ္ဓါလောင်း သာဝကလောင်းတို့၏။ သွာယံဇာဂရိယာနုယောဂေါ။ ထိုဇာဂရိယာနုယောဂ အကျင့် ဝတ်ကို။ ဂတပစ္စာဂတိက ဝတ္တဝသေန၊ ဂတပစ္စာဂတိကဝတ်၏ အစွမ်းဖြင့်။ ဒီပေတဗ္ဗော၊ ပြအပ်၏။ ဇဝံ၊ ဤသို့။ ပဋိပဋိပဇ္ဇန္တာနံပန၊ ကျင့်ကုန်သော ပစ္စေက ဗောဓိလောင်း သဝက ဗောဓိလောင်းတို့အား။ အဓိကာရသမ္ပတ္တိယာ၊ အဓိကာရနှင့် ပြည့်စုံခြင်းကြောင့်။ အပ္ပကသိရေနေဝ၊ မငြိုငြင်သဖြင့်သာလျှင်။ အဓိဋ္ဌာနဘူတာ၊ ဝိပဿနာ၏ တည်ရာအခြေပါဒက ဖြစ်ကုန်သော။ အဋ္ဌသမာပတ္တိယော စ၊ ရှစ်ပါးသော သမာပတ်တို့သည် လည်းကောင်း။ ပဉ္စာဘိညာ ဆဠဘိညာစ၊ အဘိညာဏ်ငါးပါး, အဘိညာဏ်ခြောက်ပါးတို့သည် လည်းကောင်း။ ပုဗ္ဗဘာဂဝိပဿနာစ၊ မဂ်၏ ရှေး၌ ဖြစ်သော ပုဗ္ဗဘာဂ ဝိပဿနာတို့သည် လည်းကောင်း။ ဟတ္ထဂတာယေဝ၊ လက်တွင်းခောက်ပြီးဖြစ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝီရိယာဒယောပါန၊ ဝီရိယ ပါရမီ အစရှိသော ပါရမီရှစ်ပါးတို့သည်ကား။ တဒန္တောဂဓာဧဝ၊ ထိုဒါန သီလ ပါရမီ နှစ်ပါး၌ အတွင်း ဝင်ကုန်တော့သည်သာလျှင်တည်း။ ဟိ၊ အတွင်းဝင်ပုံကို ချဲ့၍ ပြဦးအံ့။ ပစ္စေကဗောဓိယာဝါ၊ ပစ္စေကဗောဓိယာဝါ၊ ပစ္စေကဗောဓိ၏ လည်းကောင်း။ သာဝကဗောဓိကဝါ၊ သာဝကဗောဓိ၏ လည်းကောင်း။ အတ္တာယ၊ အကျိုးငှာ။ ဒါနာဒိပုညသမ္ဘရဏော၊ ဒါနစသော ကုသိုလ်ကို ဆည်းပူးရာ၌၊ ယံအဗ္ဗုဿဟနံ၊ အကြင် အားထုတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏၊ တံ၊ ထိုအားထုတ်ခြင်းသည်။ ဝီရိယံ၊ ဝီရိယပါရမီပင်တည်း။ တဒနုပရောဓဿ၊ ထိဒါန စသော ကောင်းမှုကို ဆည်းပူးခြင်းအား မဆန့်ကျင်ခြင်းကို။ ယံသဟနံ၊ အကြင်သည်းခံခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသည်းခံခြင်းသည်။ ခန္တိ၊ ခန္တိပါရမီပင်တည်း။ ယံဒါနသီလာဒိ သမာဒါနာဝိသံဝါဒနံ၊ အကြင် ဒါနသီလ စသည်ကို ဆောက်တည်ခြင်း၌ မချွတ်ယွင်း စေခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤဒါန သီလ စသည်ကို ဆောက်တည်ခြင်း၌ မချွတ်ယွင်းစေခြင်းသည်။ သစ္စံ၊ သစ္စပါရမီ ပင်တည်း။ သဗ္ဗတ္ထကမေဝ၊ အလုံးစုံသော အရာတိုင်းနှင့် ဆက်ဆံသည် သာလျှင်ဖြစ်သော။ ယံအစလသမာဒါနာဓိဋ္ဌာနံ၊ အကြင် မတုန်မလှုပ်သေ ဆောက်တည်ခြင်း၌ ဓိဋ္ဌာန်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤဓိဋ္ဌာန် ခြင်းသည်။ အဓိဋ္ဌာနံ၊ အဓိဋ္ဌာန် ပါရမီ ပင်တည်း။ ဒါသီလာဒီန၊ ဒါန သီလ စသည်တို့၏။ ပတိဋ္ဌာနဘူတေသု၊ တည်ရာ ဖြစ်ကုန်သော။ သတ္တေသု၊ အလှူခံသူ စသော သတ္တဝါတို့၌။ ယာဟိတေသိတာ၊ အကြင် အစီးပွားကို တောင့်တသည်၏ အဖြစ်သည်။အတ္ထိ၊ ရှိ၏။ အယံ၊ ဤလှူခံပုဂ္ဂိုလ် စသည်တို့၌ အစီးအပွားကို တောင့်တခြင်းသည်။ မေတ္တာ၊ မေတ္တာပါရမီမည်၏။ သတ္တာနံ၊ တစ်ပါးသော သတ္တဝါ တို့၏။ တကစိကာရေသု၊ ပြုအပ်သော ဖောက်ပြန် ချော်ချွတ်

www.dhammaransi.com



သော အမှုတို့၌။ ယံအဖ္မပေက္ခန်၊ အကြင် လျစ်လျူရှုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤလျစ်လျူရှုခြင်း သည်။ ဥပေက္ခာ၊ ဥပေက္ခာ ပါရမီမည်၏။ ဣတိဧဝံ၊ ဤသို့ ဒါနသီလ ဘာဝနာသု၊ ဒါန သီလ ဘာဝနာတို့သည်။ သိဒ္ဓါမာနာသုစ၊ ပြီးစီးကုန်သည်ရှိသော် လည်းကောင်း။ သီလသမာဓိပညာသု၊ သီလ သမာဓိ ပညာတို့သည်။ သိဒ္ဓါမာနာသုစ၊ ပြီးစီးကုန်သည် ရှိသော် လည်းကောင်း။ ဝီရိယာဒယော၊ ဝီရိယပါရမီ စသည်တို့သည်။ သိဒ္ဓါဝ၊ ပြီးကုန်တော့ သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(အဋ္ဌကထာအနက်)

ဤအဋ္ဌကထာဖြင့် ပစ္စေကဗောဓိလောင်း သာဝကဗောဓိလောင်းတို့အား ဒါန, သီလ, ဘာဝနာ သုံးပါးနှင့် လည်းကောင်း၊ သီလ, သမာဓိ, ပညာသုံးပါးနှင့် လည်းကောင်းမကင်းသင့်ကုန်ရကား ထိုသုံးပါးတို့ပြီးကုန်သည်ရှိသော် ဝီရိယစသော ရှစ်ပါးသော ပါရမီတို့သည်လည်း ထိုသုံးပါးတွင်း၌ ဝင်လေသဖြင့် ပါရမီဆယ်ပါး ကိုကား ဧကန်စင်စစ် ရသင့်ပေပြီ၊ ဥပပါရမီဆယ်ပါး ပရမတ္ထပါရမီ ဆယ်ပါးတို့ကို အပြည့်အစုံ ရသင့် မရသင့်ကို မသိသာတတ်သေးပါ ဟူပြောအံ့။

လဇ္ဇာ သတိမနာပဿနာယံ လောကုတ္တရာပိ မာဓိပတီနံ သီလသမာဓိပညာကရုဏာနံ တာရိတတရိတုတာရယိတူနံ အနုဗုဒ္ဓ ပစ္စေက ဗုဒ္ဓ သမ္မာသမ္ဗုဒ္ဓါနံ ပါရမီ ဥပပါရမီ ပရမတ္ထပါရမီ တိဗောဓိသတ္တာသု ပတ္တိတော ဝုတ္တဝိဘာဂေါတိကေစိ။

ဟူ၍ စရိယပိဋကအဋ္ဌကထာ သီလက္ခန်ဋီကာတို့၌ လာသော ကေဟိဝါဒ အလိုအားဖြင့် ကူးမြောက်စေအပ်သော တာရိတပုဂ္ဂိုလ်ဟု ဆိုအပ်သော သာဝကတို့မှာ ပါရမီဆယ်ပါး, ကိုယ်တိုင်ကူးတတ်သော တရိတုပုဂ္ဂိုလ်ဟု ဆိုအပ်သော ပစ္စေကဗုဒ္ဓါတို့မှာ ဥပပါရမီဆယ်ပါး, သူတစ်ပါး တို့ကို ကယ်တင်တတ် ကူးမြောက်စေတတ်သော တာရယိတုပုဂ္ဂိုလ်ဟု ဆိုအပ်သော ဘုရားတို့မှာ ပရမတ္တပါရမီဆယ်ပါး, ဤသို့ ယူလိုသည်။ ။ ဤအလိုသာဝက ဗောဓိလောင်းတို့အား ပါရမီဆယ်ပါးကိုသာ ရအပ်၏၊ ဥပပါရမီ ပရမတ္ထ ပါရမီများကို မရအပ်၊ ပစ္စေက ဗုဒ္ဓါလောင်းတို့အား ဥပပါရမီ ဆယ်ပါးကိုသာ ရအပ်၏။ ပရမတ္တ ပါရမီများကို မရသင့်၊ သဗ္ဗညုလောင်း တို့အား ပရမတ္တ ပါရမီများကိုသာ ယူအပ်၏၊ ပါရမီ ဥပပါရမီများကို မယူ အပ်ဟု ဝေဖန်အပ်၏။

(တိံသပါရမီသမ္ဘာရ၊ ဓမ္မရာဇာ အသခ်ယာ ဟူသော ပါဠိတော်များနှင့်မညီလေ။)

www.dhammaransi.com



အညေ ပန ပရပုညာနုမောဒနဝသေန ပဝတ္တာ သမ္ဘာရာ ပါရမိယော၊ ပရေသံ ကာရာပနဝသေန ပဝတ္တာ ဥပပါရမိယော။ သယံ ကရဏဝသေန ပဝတ္တာ ပရမတ္ထပါမိယောတိ ဝဒန္တိ။

ဟူ၍ ထိုအဋ္ဌကထာ ဋီကာကျမ်းတို့၌လာသော အညေဝါဒအလိုအားဖြင့် သူတစ်ပါးပြုသော ဒါန စသည်ကို ဝမ်းမြောက်ခြင်း၊ သူတစ်ပါးကို ပြုစေခြင်း ကိုယ်တိုင်ပြုခြင်း သုံးပါးစုံကိုပင် သာဝကပစ္စေကဗုဒ္ဓါ တို့၌ ရသင့်လေရကား သာဝကဗောဓိလောင်း ပစ္စေကာဗောဓိလောင်းတို့၌လည်း ဥပပါရမီဆယ်ပါး ပရမတ္ထ ပါရမီ ဆယ်ပါးများကိုလည်း ရသင့်သည် ဟု ယူအပ်၏။

တထာ ဘဝသုခါဝဟော ပုညဉာဏသမ္ဘာရော ပါရမီ, အတ္တနော နိဗ္ဗာန သုခါဝဟော ဥပပါရမီ, ပရေသံ တဒုဘယသုခါဝဟော ပရမတ္ထပါရမီတိ ဧကေ။

ဤဧကေဝါဒအလို သာဝက ပစ္စေကဗုဒ္ဓါတို့၌ ပါရမီဆယ်ပါး ဥပပါရမီ ဆယ်ပါး ဤနှစ်ဆယ်ကိုသာ ရအပ်၏ ဘုရားတို့၌သာ သုံးဆယ်ကို ရအပ်၏ဟု မှတ်ဖွယ်ရှိ၏။

သကဝါဒ အားဖြင့်ကား သားမယား ဥစ္စာစသော ဗာဟိရဝတ္ထုကို စွန့်ခြင်း သည် ပါရမီ, အင်္ဂါကြီးငယ်ကို စွန့်ခြင်းသည် ဥပပါရမီ, အသက်ကိုစွန့်ခြင်းသည် ပရမတ္ထပါရမီ ဟူ၏။

**ထို့ကြောင့် စရိယပိဋက အဋ္ဌကထာ သီလက္ခန်ဋီကာများ၌-**

ပုတ္တဒါရဓနောဒိဉပကရဏ ပရိစ္စာဂေါ ပန ဒါနပါရမီ။ အတ္တနော အင်္ဂပရိစ္စာဂေါ ဒါနပရမတ္ထပါရမီတိ။

ဗုဒ္ဓဝင် အဋ္ဌကထာ၌ကား-

ဒါနပါရမိယံ တာဝအင်္ဂပရိစ္စဂေါ ဒါနပါရမီ နာမ၊ ဗာဟိရဘဏ္ဍ ပရိစ္စာဂေါ ဒါနဉပပါရမီ နာမ၊ ဇီဝိတပရိစ္စာဂေါ ဒါန ပရမတ္ထပါရမီ နာမ၊ ဧသေဝ နယော သေသပါရမီသုပိ။

ဟူ၍လာ၏။

ခြေ, လက်, မျက်စိ စသော အင်္ဂါကို စွန့်ခြင်းသည် ဒါနပါရမီ, ဗာဟိရ ဘဏ္ဍာကို စွန့်ခြင်းသည် ဒါနဉပပါရမီ, အသက်ကို စွန့်ခြင်းသည် ဒါနပရမတ္ထပါရမီ,

www.dhammaransi.com



ကြွင်းသောပါမီတို့၌လည်း နည်းတူဟူလိုသည်၊ အစီအစဉ်မသင့်လွန်း။

(ဤသကဝါဒအလိုအားဖြင့်ကား ဥပပါရမီဆယ်ပါး ပရမတ္ထပါရမီဆယ်ပါးတို့ကို ပစ္စေကဗုဒ္ဓါ သာဝကတို့အား တစ်စိတ်တဒေသအားဖြင့် ရသည်လည်း ရှိရာ၏။ မရသည်လည်း ရှိရာ၏။)

**ကောဒသမ ပုစ္ဆာအဖြေ ပြီး၏။**

www.dhammaransi.com

# ၁၂။ ဒွါဒသမ ပုစ္ဆာအဖြေ

အောက်ဖြစ်သော စတုတ္ထပုစ္ဆာ၌ ပကတိသာဝကတို့၏ ပါရမီကာလကို ကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင် ဟူ၍ ငါတို့ဆိုအပ်ကုန်ပြီ၊ ထိုသို့ဆိုခဲ့တိုင်း သော ကာလအတိုင်းသာ ကျွတ်သင့်ကုန်ရာသလော၊ အယုတ်အလွန် ရှိသင့် သေးသလော ဟူလိုသည်။ ။ ဤပုစ္ဆာ၌ ပကတိသာဝကတို့အား ကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင် ဟူသော ကလပရိစ္ဆေဒကို သန္နိဋ္ဌာန်ကျနိယမ ပြုတော်မူ၏။ အဘယ်ကိုထောက်မြော်၍ ပြုတော်မူလေသနည်းဟု မေးရန် ရှိ၏။

ဣမဉှိ ပုဗ္ဗေနိဝါသံ ဆဇနာ အနုဿရန္တိ။ တိတိယာ ပကတိသာဝကာ မဟာသာဝကာ အဂ္ဂသာဝကာ ပစ္စေကဗုဒ္ဓါဗုဒ္ဓါတိ။ တတ္ထတိတ္ထိယာ စတ္တာလီသံယေဝ ကပ္ပေ အနုဿရန္တိ။ န တတော ပရံ။ ကသ္မာ၊ ဒုဗ္ဗလပညတ္တာ။ တေသဉှိနာမရူပပရိ စ္ဆေဒဝိရဟိ တတ္တာဒုဗ္ဗလပညော ဟောတိ။ ပကတိသာဝကာ ကပ္ပသတမ္ပိ ကပ္ပသဟဿမ္ပိ အနုဿရန္တိ ယေဝ။ ဗလဝပညတ္တာ။ အသီတိ မဟာသာဝက သတသဟဿကပ္ပေ အနုဿရန္တိ။ ဒွေအဂ္ဂသာဝကာ ဧကံ အသင်္ချေယျံ သတသဟဿဉ္စ။ ပစ္စေကဗုဒ္ဓါ ဒွေအသင်္ချေယျာနိ သတသဟဿဉ္စ။ ဧတ္တကော ဟိ တေသံ အဘိနီဟာရော။ ဗုဒ္ဓါနံ ပန ပရိစ္ဆေဒေါ နာမ နတ္ထိ။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

ထိုနှင့် နည်းတူလာသော သုတ္တန် အဋ္ဌကထာ ဝိနည်း အဋ္ဌကထာများကို ထောက်မြော်၍ ပကတိသာဝကတို့အား ကမ္ဘာတစ်ရာ ကမ္ဘာ တစ်ထောင် ဟူသော ကာလနိယမကို ပြုတော်မူသည်။

**သုတ္တန်အဋ္ဌကထာများ၌ကား-**

တေသု ပန မန္ဒပညာ တိတ္ထိယာ အနေကဇာတိသဟဿမတ္တံ အနုဿရန္တိ။ မဇ္ဈိမပညာ ဒသသံဝဋ္ဋကပ္ပါနိ။ တိက္ခပညာ စတ္တာလီသံယေဝကပ္ပေ အနုဿရန္တိ။ န တတော ပရံ။

ဤမျှသောစကားသာ အထူးရှိ၏။

www.dhammaransi.com



ဟိ၊ ချဲ့၍ဆိုဦးအံ့။ ဣဓပုဗ္ဗေနိဝါသံ၊ ဤရှေး၌ နေဖူးသော ခန္ဓာအမည် အမျိုးစသည်ကို။ တိတ္ထိ၊ သာသနာပ၌ ဈာနလာဘီ အဘိညာလာဘီ ကမ္မကိရိယဝါဒီ ဖြစ်ကုန်သော လောကီရသေ့ ပရိဗိုဇ်တို့သည်လည်းကောင်း။ ပကတိသာဝကာ၊ ပကတိသာဝကတို့သည် လည်းကောင်း။ မဟာသာဝကာ၊ မဟာသာဝကတို့သည် လည်းကောင်း။ အဂ္ဂသာဝကတို့သည်လည်းကောင်း။ ပစ္စေကဗုဒ္ဓါတို့သည် လည်းကောင်း။ ဗုဒ္ဓါ၊ သဗ္ဗညုဗုဒ္ဓတို့သည်လည်းကောင်း။ဣတိဣမေ ဆဇနာ၊ ဤခြောက်ဦးသော သူတို့သည်။ အနုဿရန္တိ၊ အောက်မေ့ကုန်နိုင်၏။ တတ္ထ၊ ထိုခြောက်ဦးသော သူတို့တွင်။ တိတ္ထိယာ၊ သာသနာပဈာနလာဘီ အဘိညာလာဘီ ကမ္မကိရိယပါဒီဖြစ်ကုန်သော လောကီရသေ့ ပရိဗိုဇ်တို့သည်။ စတ္တာလီသံယေဝကပ္ပေ၊ ကမ္ဘာလေးဆယ်တိုင်ရုံသာ။ အနုဿရန္တိ၊ အောက်မေ့နိုင်ကုန်၏။ တတော၊ ထိုကမ္ဘာလေးဆယ်ထက်။ ပရံ လွန်၍။ နအနုဿရန္တိ၊ မအောက်မေ့နိုင်ကုန်။ ကသ္မာ၊ အဘယ့်ကြောင်းနည်း။ ဒုဗ္ဗလပညတ္တာ အားနည်းသော ပညာရှိကုန်သည်၏ အဖြစ် ကြောင့်တည်း။ ဟိသစ္စံ၊ ထိုစကားမှန်၏။ တေသံ၊ ထိုတိတ္ထိတို့အား။ နာမရူပပရိစ္ဆေဒ ဝိရဟိ တတ္တာ၊ နာမ်တရားတို့ကို ပိုင်းခြားနိုင်သော ပညာမှ ကင်းကုန်သည်၏ အဖြစ်ကြောင့်။ ဒုဗ္ဗလပညာ၊ အားနည်းသော ပညာသည်။ ဟောတိ၊ ဖြစ်၏။ (ဝါကျရှိမှုယုတ္တတရ)။ ပကတိသာဝကာ၊ ပကတိသာဝကတို့သည်။ ကပ္ပသတမ္ပိ၊ ကမ္ဘာတစ်ရာ တိုင်အောင် လည်းကောင်း။ ကပ္ပသဟဿမ္ပိ၊ ကမ္ဘာတစ်ထောင် တိုင်အောင်လည်းကောင်း။ အနုဿရန္တိယေဝ၊ အောက်မေ့နိုင်ကုန်သည်သာတည်း။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ ဗလဝပညတ္တာ၊ နာမရူပ ပရိစ္ဆေဒဉာဏ်ကိုရသဖြင့် အား,ကြီးသော ပညာရှိသည်၏ အဖြစ်ကြောင့်တည်း။ အသီတိမဟာသာဝကာ၊ ရှစ်ကျိပ်သော မဟာသာဝကတို့သည်။ သတသဟဿကပ္ပေ၊ ကမ္ဘာတစ်သိန်း တိုင်အောင်။ အနုဿရန္တိ၊ အောက်မေ့နိုင်ကုန်၏။ ဒွေအဂ္ဂသာဝကာ၊ နှစ်ဦးသော အဂ္ဂသာဝကတို့သည်။ ဧကံ အသင်္ချေယျဥ္စ၊ တစ်သင်္ချေ တိုင်အောင် လည်းကောင်း။ သတသဟဿဥ္စ၊ ကမ္ဘာတစ်သိန်း တိုင်အောင် လည်းကောင်း။ အနုဿရန္တိ၊ အောက်မေ့နိုင်ကုန်၏။ ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါတို့သည်။ ဒွေအသင်္ချေယျာနိ၊ နှစ်သင်္ချေတို့ တိုင်အောင် လည်းကောင်း။ သတသဟဿဥ္စ၊ ကမ္ဘာတစ်သိန်းတိုင်အောင် လည်းကောင်း။ ဟိယသ္မာ၊ အကြင်ကြောင့်။ တေသံ၊ ထိုရှစ်ကျိပ်သော နှစ်ဦးသော အဂ္ဂသာဝက ပစ္စေကဗုဒ္ဓါတို့၏။ အဘိနီဟာရာ၊ မဟာသာဝက ဗောဓိဉာဏ်, အဂ္ဂသာဝက ဗောဓိဉာဏ်, ပစ္စေကဗောဓိဉာဏ်သို့ စိတ်ကို ရှေးရှုတောင်းခြင်း တည်းဟူသော ဆုတောင်းခြင်းကို ပြုရာကာလသည်။ ဧတ္တကော၊ ဤကမ္ဘာတစ်သိန်း, တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း, နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း အတိုင်း အရှည်ရှိ၏။

www.dhammaransi.com



သတ္တာ၊ ထို့ကြောင့်တည်း။ ဗုဒ္ဓါနံပန၊ သဗ္ဗညုဘုရားတို့ အားကား၊ ပရိစ္ဆေဒေါနာမ၊ အပိုင်းအခြားမည်သည်။ နတ္ထိ၊ မရှိ။

(အဋ္ဌကထာအနက်)

ဤအဋ္ဌကထာစကား၌

"တေ့ကော ဟိ တေသံ အဘိနီဟာရော" ဟူသော ပါဌ်ဖြင့်အသီတိမဟာသာဝကတို့သည် အဘယ်ကြောင့် ကမ္ဘာတစ်သိန်း တိုင်ရှိသာ မြင်နိုင်ကုန်သနည်း၊ ပါရမီ ဖြည့်ရာ ကာလ၏ ကမ္ဘာတစ်သိန်းမျှသာ ဖြစ်လေသောကြောင့်တည်း။ အဂ္ဂသာဝကတို့သည် အဘယ်ကြောင့် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်ရှိသာ မြင်နိုင်ကုန်သနည်း၊ ပါရမီ ဖြည့်ရာ ကာလ၏ ကမ္ဘာတစ်သိန်းမျှသာ ဖြစ်လေသောကြောင့်တည်း။ ပစ္စေကဗုဒ္ဓါ တို့သည် အဘယ်ကြောင့် နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်ရှိသာ မြင်နိုင်ကုန်သနည်း။ ပါရမီဖြည့်ရာ ကာလ၏ နှစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်းမျှသာ ဖြစ်သော ကြောင့်တည်း။

(ဤသို့ ဆိုခဲ့သော ကာလ အပိုင်းအခြားကို လွန်၍ မမြင်နိုင် ခြင်း၏ အကြောင်းကို ပြတော်မူသည်။)

တိတ္ထိတို့၏ အရာဖြစ်သော ကမ္ဘာလေးဆယ်ထက် လွန်၍ မြင်နိုင်ခြင်း၏ အကြောင်းကိုကား ပကတိသာဝက ဝါကျ၌ ခတ်ခဲ့သော "ဗလဝပညတ္တာ" ဟူသော ဟိတ်ကို နောက်ဝါကျသို့ ဆောင်၍ အဘယ်ကြောင့် အသီတိမဟာသာဝကတို့သည် ကမ္ဘာလေးဆယ်ကိုလွန်၍ ကမ္ဘာတစ်သိန်းတိုင်အောင် မြင်နိုင်ကုန်သနည်း ဒိဋ္ဌိဝိယုဒ္ဓိ ဉာဏ်နှင့် ယှဉ်သဖြင့် ပညာအားကြီးသည်၏ အဖြစ်ကြောင့်တည်း၊ အဂ္ဂသာဝက ပစ္စေကဗုဒ္ဓါတို့၌ လည်းဆိုလေ၊ ဤသို့ သော အဓိပ္ပာယ်ကို ယူအပ်၏။

**ဤသို့မယူမူ၍-**

"တေ့ကော ဟိ တေသံ အဘိနီဟာရော" ဟူသော အကြောင်းသည်ပင် တိတ္ထိတို့၏ အရာ ကမ္ဘာလေးဆယ်ကို လွန်၍ ကမ္ဘာတစ်သိန်း စသည်တိုင်အောင် မြင်နိုင်ခြင်း၏ အကြောင်းတည်းဟု ယူခဲ့ငြားအံ့။ အလောင်းတော်သရဘင်္ဂရသေ့ စသည်တို့သည်လည်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင်ပင် မြင်နိုင်၏ ဟူသော အနက်သည်ရောက်ရာ၏၊ အဘယ်ကြောင့်နည်း၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးသော သူပင်ဖြစ်လေသောကြောင့်တည်း။ ထို့ကြောင့် "ဗလပညတ္တာ" ဟူသော ဟိတ်သည်သာ ကမ္ဘာလေးဆယ်ကိုလွန်၍ မြင်နိုင်ခြင်း၏ အကြောင်း "တေ့ကောဟိတေသံ အဘိနီဟာရော" ဟူသော ဟိတ်သည်ကား ကမ္ဘာတစ်သိန်း

www.dhammaransi.com



စသည်ကို လွန် မမြင်နိုင်ခြင်း၏ အကြောင်းဟု မှတ်အပ်၏။ ။ ထိုသို့ ရှေ့ဝါကျ၌ တည်သော ဟိတ်ကို နောက်ဝါကျသို့ လိုက်၍ ယူအပ်သည် ရှိသော် နောက်ဝါကျ၌ တည်သော ဟိတ်ကိုလည်း ရှေ့ဝါကျသို့ဆောင်၍ "ပကတိသာဝကာ ကပ္ပသတမ္ပိ ကပ္ပသဟဿမ္ပိ အနုဿရန္တိယေဝ၊ ဧတ္တကော ဟိ တေသံ အဘိနိဟာရော" ဟူ၍ ယှဉ်အပ်၏ ထိုသို့ ယှဉ်အပ်သည် ရှိသော် ပကတိသာဝက တို့အားလည်း များသော အားဖြင့် ကမ္ဘာတစ်ရာ, ကမ္ဘာတစ်ထောင် ဟူသော ပါရမီကာလ နိယမကို သိအပ်သတည်း။

(ထို့ကြောင့် စတုတ္ထပုစ္ဆာ၌ ပကတိ သာဝက တို့အား ကမ္ဘာတစ်ရာ, ကမ္ဘာတစ်ထောင်ဟူသော ကာလနိယမကို ပြတော်မူသတည်း။)

အချို့သော သူတိုကား-

"ဧတ္တကော ဟိ တေသံ" တသဒ္ဒါဖြင့် ပကတိ သာဝကပါ စွဲအံ့စိုးရကား "တေသန္တိ အသီတိ မဟာသာဝကာဒီနံ" ဟု ဋီကာမိန့်၏၊ ထို့ကြောင့် ဤအဋ္ဌကထာဖြင့် ပကတိ သာဝကတို့၏ ပါရမီကာလကို အထောက်မရဟု ဆိုကြကုန်၏၊ "ဗလဝပညာတ္တာ" ဟူသော ဟိတ်တစ်ပါးခြားလေပြီ ဖြစ်၍ ပကတိသာဝကကို စွဲခြင်း၌ ပသင်္ဂပင် မရှိသင့်၊ အနီးကပ်၍ တည်သော ပစ္စေကဗုဒ္ဓါမျှကိုသာ စွဲအံ့စိုး၍ ဋီကာဖွင့်ရသည်။ ထို့ကြောင့် ဋီကာဖြင့် ပကတိသာဝကကို မြစ်သည် ဟူ၍လည်း မဆိုသင့်။ ခွင့်ပြုသည် ဟူ၍လည်း မဆိုသင့်၊ လျစ်လျူသာ ဖြစ်သင့်သည်။ ။အဋ္ဌကထာ၌ အဘယ်ကြောင့်ရှေ့ဝါကျ၌ ဟိတ်အသီးအခြားခွဲ၍ ထားရသနည်း၊ ဆိုအပ်ပြီးသော အဓိပ္ပါယ်ဖြစ်သင့်သော် မဟာသာဝက စသည်တို့နှင့် တစ်ဝါကျတည်းသာ ထားသင့်သည် ဟူငြားအံ့။ ရှေ့တိတ္ထိဝါကျ၌ "ဒုဗ္ဗလပညတ္တာ" ဟူသော ဟိတ်မှ မရောင်သာ မလွှဲသာ ပြန်ဘက် အားဖြင့် ဆိုခွင့်ရောက်လျှင် ရှိချေ သောကြောင့် "ဗလဝပညတ္တာ" ဟူသော ဟိတ်ကို ဆိုရသည်။

(ဤကား ကမ္ဘာတစ်ရာ, ကမ္ဘာတစ်ထောင်ကို သန္နိဋ္ဌာန်ကျနိယာမ ပြတော်မူခြင်း၏ ယတ္တိအသင့်တည်း။)

ထိုကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင်ထက် လွန်ကောင်းသေးမည်, ယုတ်ကောင်း သေးမည်ဟူရာ၌ လွန်သည်လည်းရှိသေးကြောင်းကို ဓမ္မရစိထေရ အပဒါန်၌-

တဒါဒီပင်္ကရော ဗုဒ္ဓေါ၊ သုမေဓံ ဗျာကရိ ဇိနော။

စသည်ဖြင့် အလောင်းတော် သုမေဓာဗျာဒိတ်ပွဲ၌ အလုံးစုံသော ဖြစ်ပုံ အကြောင်းအရာကို ပစ္စက္ခဒိဋ္ဌတွေ့မြင်၍ ထိုအခြင်းအရာကို ကြည်ညို သဖြင့် သာသနာ၌ ရဟန်းပြုသည်၊ ထိုမှစ၍၊ ဝဋ္ဋနိဿိတ ကုသိုလ်ကို ဆည်းပူးလျက်

www.dhammaransi.com



လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်အောင်လာ၍ ငါတို့ ဘုရားလက်ထက်မှာမှ ဓမ္မရုစထေရ်ဟု ပကတိသာဝက အများတွင် ထင်ရှား ဖြစ်လေသည်၊ ထို့အတူ ကောဏ္ဍညဘုရားအား ထန်းကျင့် လှေကားလှူ၍ သုံးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်အောင် လာခဲ့သော နိသေဏိဒါယကထေရ်, ပဒုမမြတ်စွာဘုရား၏ တရားသံကို ကြည်ညိုရှိသေစွာ ခစားလုပ်ကျွေး၍ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်အောင် လာခဲ့သော သုပါရိစရိယထေရ်, အနောမ ဒဿီဘုရားလက်ထက်က ဗျာဒိတ် ရ၍လာခဲ့သော သုမနထေရ်, အဗ္ဘဥ္စနဒါယကထေရ်, ပါဏဓိဒါယကထေရ်, မင်္ဂလဒတ္တိယထေရ် စသည်, ကမ္ဘာတစ်သိန်းထက် ပဒုမုတ္တရဘုရားလက်ထက်မှ လာသော ဝိဓူပနဒါယကထေရ် စသော အရှာမကသော ထေရ်, ဤသို့စသည်ဖြင့် အပဒါန်ပါဠိ၌ လာသော ဝတ္ထုများကို ထောက်၍ ကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင်ထက် အလွန် ပါရမီ ဖြည့်ခဲ့ရသော ပကတိ သာဝကတည်း များစွာရှိကြောင်းကို သိအပ်သည်။

ကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင်အောက် ယုတ်သင့်ရာ၌ကား အဘယ်မျှ လောက်တိုင်အောင် ယုတ်သင့် သနည်း၊ အယုတ်ဆုံး အပိုင်းအခြားကား အဘယ်မျှ နည်းဟူ၍ မေးဖွယ်ရှိ၏။ ။ အပါဒါန်ပါဠိတော်၌ မိဂသီရထေရ်, သုဘူတထေရ်, လောမသကင်္ဂီယထေရ်, ဝနဝစ္ဆထေရ်, ဧကဝိဟာရိယထေရ် စသည်တို့သည် ကဿပ ဘုရားလက်ထက်၌ ပုညဝိသေသကိုပြု၍ လာကြကြောင်းကို တိုက်ရိုက်လာ၏။ ထိုသို့ လာငြားသော်လည်း-

**ထေရဂါထာ အဋ္ဌကထာများ၌-**

> အယံပိ ပုရိမဗုဒ္ဓေသု ကတာဓိကာရော၊ တတ္ထ တတ္ထ ဘဝေ ပုညာ
> နိဥပစိနန္တော ကဿပ ဒသဗလဿ ကာလေ။

စသည်ဖြင့် ထိုမထေရ်တို့သည် ကဿပဘုရားမှ ရှေးရှေးသော ဘုရား သာသနာကပင် အဓိကာရ ရှိဖူးကြောင်းကို လာလျက်ရှိပြန်သောကြောင့် ထိုမထေရ် တို့ကို ပမာဏပြု၍ အန္တိမ ပရိစ္ဆေဒကို ဆိုခြင်းငှာ မတတ်ကောင်း၊ ထို့အတူ ဓမ္မပဒအဋ္ဌကထာ စသည်တို့၌ ကဿပ ဘုရားနှင့် ငါတို့ဘုရား၏အကြား၌ ဖြစ်သော ပစ္စေကဗုဒ္ဓါ၊ ငါတို့ဘုရား မပွင့်မီ ဗုဒ္ဓကောလာဟလဖြစ်၍ အနှစ်တစ်ထောင့်ခန့်၌ ပုညဝိသေသကိုပြု၍ ငါတို့ဘုရားလက်ထက်၌ အကျွတ်တရား ရကြောင်းကို ဆိုသော ဝတ္ထုများကိုလည်း ပမာဏပြု၍ အန္တိမ ပရိစ္ဆေကို ဆိုခြင်းငှာ မတတ်ကောင်း၊ စင်စစ်ကား ထိုထေရဂါထာ အဋ္ဌကထာအလိုအားဖြင့် နှစ်ဆူ သုံးဆူသောဘုရားတို့၏ သာသနာ၌ အဓိကာရကို ပြုဘူးရုံမျှနှင့် ပကတိသာဝက ပါရမီဉာဏ်၏ ရင့်ခြင်းကို မဆိုအပ်ဟူသော အဓိပ္ပါယ်ကိုမှတ်လင့်။ ဆရာတို့ကား နှစ်ဘဝ သုံးဘဝ မျှပင် ပကတိ သာဝက

www.dhammaransi.com



ပါရမီဉာဏ်၏ ရင့်ခြင်းကို အလိုရှိကြကုန်၏၊ ထိုဆရာတို့၏ အဓိပ္ပာယ်ကား-

သမန္တ ပါသာဒိက အဋ္ဌကထာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ များ၌-

ဘဂဝါ ပန တိရစ္ဆာနဂတာနံပိ အနုသာသနိပ္ပဒါနေန သတ္ထာယေဝ၊ တေပိ ဟိ ဘဂဝတော ဓမ္မဿဝနေန ဥပနိဿယသမ္ပတ္တိံပတွာ တာယ စ ဥပနိဿယ သမ္ပတ္တိယ ဒုတိယေ တတိယေဝါ အတ္တဘာဝေ မဂ္ဂဖလဘာဂိနော ဟောန္တိ။ မဏ္ဍူကဒေဝပုတ္တာဒယောဟိ စေတ္ထနိဒဿနံ။

ဟူ၍လာသည်။

ဘဂဝါပန၊ မြတ်စွာဘုရားသည်ကား။ တိရစ္ဆာန ဂတာနံပိ၊ တိရစ္ဆာန်တို့၏ လည်း။ အနုသာသနိပ္ပဒါနေန၊ အနုသာသနကိုပေးသဖြင့်။ သတ္ထာယေဝ၊ ဆရာမည် သည်သာတည်း။ ဟိသစ္စံ၊ မှန်၏။ တေမိ၊ ထိုတိရစ္ဆာန်တို့သည်လည်း။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မဿဝနေန၊ တရားတော်ကို ကြားနာရသဖြင့်။ ဥပနိဿယသမ္ပတိံ၊ ဥပနိဿယ၏ ပြည့်စုံခြင်းသို့။ ပတွာ၊ ရောက်၍။ တယစဝဥပနိဿယသမ္ပတ္တိယာ၊ ထိုသို့ သဘောရှိသော ဥပနိဿယ၏ပြည့်စုံခြင်းဖြင့် သာလျှင်။ ဒုတိယ အတ္တဘာဝေဝါ၊ ဒုတိယဘဝ၌သော်လည်းကောင်း။ တတိယေ အတ္တဘာဝေဝါ၊ တတိယဘဝ၌သော် လည်းကောင်း။ မဂ္ဂဖလဘာဂိနော၊ မဂ်ဖိုလ်တည်းဟူသော အဖို့ ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိသစ္စံ၊ မှန်၏။ မဏ္ဍူကဒေဝပုတ္တာဒယော၊ မဏ္ဍူက အမည်ရှိသော နတ်သားစသည်တို့သည်။ စတ္ထ၊ ဤအရာ၌။ နိဒဿနံ၊ သက်သေသာဓက ညွှန်းပြရန်ပင်တည်း။

[အဋ္ဌကထာ အနက်]

ဤအဋ္ဌကထာ၌-

"တာယ စ ဥပနိဿယသမ္ပတ္တိယာ ဒုတိယေ တတိယေဝါ အတ္တဘာဝေ မဂ္ဂဖလ ဘာဂိနော ဟောန္တိ "။

ဟူ၍ စဝသဒ္ဒါနှင့်တစကွ ဆိုခြင်းကြောင့် ရှေးရှေးဘဝ၌ ဝိဝဋ္ဋနိဿိတ ကုသိုလ်အခံမရှိဘူးဘဲဖားသူငယ်ကဲ့သို့ ထိုဘဝမှသာ ဖြစ်လာသော ဓမ္မဿဝနကုသိုလ် သည်ပင်လျှင် ဒုတိယဘဝ တတိယဘဝ၌ မဂ်ဖိုလ်ကို ပေးနိုင်သည်ဟု မှတ်အပ်၏၊ ဤလည်းတစ်ကြောင်း။

**မူလ ပဏ္ဏာသ အဋ္ဌကထာ စူဠသစ္စကသုတ် အဖွင့်၌**

အထ ဘဂဝါ ယသ္မာလိစ္ဆဝီဟိ သစ္စကဿဒိန္နံ။ န ဘဂဝတော

www.dhammaransi.com



သစ္စကေန ပန ဘဂဝတော ဒိန္နံ။ တသ္မာ တမတ္ထံ ဒီပေန္တော ယံ ခေါ အဂ္ဂိဝေဿနာတိ အာဒိမာဟ။ တ္တဒါနိ ဘဂဝါနိဂဏ္ဌဿ မတေန ဝိနာယေဝ အတ္တနော ဒိန္နံ ဒက္ခိဏံ နိဂဏ္ဌဿ နိယျာတေတိ။ သာစဿ အနာဂတေ ဝါသနာယ ဘဝိဿတီတိ။

ဟူ၍လာ၏။

ဋီကာ မဟာသစ္စကသုတ် အဖွင့်၌လည်း-

ဘဂဝတော တ္တမဿ နိဂဏ္ဌ ဒွေသုတ္တာနိ ကထိတာနိ။ ပုရိမသုတ္တံ ဧကော ဘာဏဝါရော၊ တ္တဒံ ဒိယဍ္ဍော။ တ္တတိ အဍ္ဍတိယော ဘာဏဝါရေ သုတွာ အယနိဂဏ္ဌော နေဝအဘိသမယံ ပတ္တော နပဗ္ဗဇိတော။ န သရဏေသု ပတိဋ္ဌိတော။ ကသ္မာ ဏတဿ ဘဂဝါ ဓမ္မံ ဒေသေတီတိ။ အနာဂတေ ဝါသနတ္ထာယ။ ပဿတိ ဟိ ဘဂဝါတ္တမဿ တ္တဒါနိ ဥပနိဿယော နတ္ထိ။ မယှံ ပန ပရိနိဗ္ဗာနတော သမဓိကာနံ ဒွိန္နံ ဝဿသတာနံ အစ္စယေန တမ္ဗပဏ္ဏိဒီပေ သာသနံ ပတိဋ္ဌဟိဿတိ။ တတြာယံ ကုလဃရေ နိဗ္ဗတ္တိတွာ သမ္ပတ္တေ ကာလေပဗ္ဗဇိတွတီဏိ ပိဋကာနိ ဥဂ္ဂဟေတွာ ဝိပဿနံ ဝဍ္ဎေတွာ သဟပဋိသမ္ဘိဒါဟိ အရဟတ္တံ ပတွာ ကာလဗုဒ္ဓရက္ခိတော နာမ မဟာခီဏာသဝေါ ဘဝိဿတီတိ။ တ္တဒံ ဒိသွာ အနာဂတေ ဝါသနတ္ထာယ ဓမ္မံ ဒေသေတီတိ။

ဟူ၍လာ၏။

အထ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ယသ္မာ၊ အကြင်ကြောင့်။ လိစ္ဆဝီဟိ၊ လိစ္ဆဝီ မင်းတို့သည်။ သစ္စကဿ၊ သစ္စကအား။ ဒိန္နံ၊ ခဲဖွယ်ဘောဇဉ်များကို ပေးအပ်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ နဒိန္နံ၊ မပေးအပ်။ သစ္စကေနပန၊ သစ္စကသည်သာလျှင်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဒိန္နံ၊ ပေးအပ်၏။ 'တသ္မာ၊ ထို့ကြောင့်။ တမတ္ထံ၊ ထိုအကြောင်းကို။ ဒီပေန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ ယံခေါ အဂ္ဂိဝေဿနာတိအာဒိ၊ ယံခေါ အဂ္ဂိ ဝေဿန ဤသို့အစရှိသော စကားကို၊ အာဟ။ ဟောတော်မူ၏။ တ္တဒါနိ၊ ယခုအခါ၌။ ဘဂဝါ မြတ်စွာဘုရားသည်။ နိဂဏ္ဌဿ၊ နိဂဏ္ဌပရိဗိုဇ်ဖြစ်သော သစ္စက၏။ မတေန၊ အလိုဆန္ဒနှင့်။ ဝိနာယေဝ၊ ကင်း၍သာလျှင်။ အတ္တနော၊ ကိုယ်တော်အား။ ဒိန္နံ၊ လှူအပ်သော။ ဒက္ခိဏံ၊ အလှူကို။ နိဂဏ္ဌဿ၊ နိဂဏ္ဌပရိဗိုဇ်ဖြစ်သော သစ္စကအား၊ နိယျာတေတိ၊ ဆောင်နှင်းတော်မူ၏။ စ၊ ဆက်အံ့။ သာဒက္ခိဏာ၊ ထိုဆွမ်းလှူသော ဒါနကုသိုလ်သည်။ အဿ၊ ထိုသစ္စကအား။ အနာဂတေ၊ ဒုတိယ တတိယဘဝဟု ဆိုအပ်သော နောင်ကာလ၌။ ဝါသနာယ ထုံခြင်းငှာ။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။ တ္တတိ၊ ဤသို့မှတ်အပ်၏။

www.dhammaransi.com



[လစ္ဆဝီမင်းတို့က သစ္စကအား ခဲဖွယ်ဘောဇဉ်များကို ပေးကြသည်။ ထိုခဲဖွယ်ဘောဇဉ်ကို သစ္စက သံဃာတော်နှင့်တကွ ဘုရားအားလှူသည်၊ ဆွမ်းစားပြီးသောအခါ ဆွမ်းလှူရသော အကျိုးကို လိစ္ဆဝီမင်းတို့အား ညွတ်ပါစေဟု သစ္စကက လျှောက်သည်။ လှူသူ သင့်အားသာ ညွတ်စေအံ့ဟု မိန့်တော်မူသည်။ ထို့ကြောင့် သစ္စက၏ အလှူကုသိုလ်သည် မစင်ကြယ်သော ကုသိုလ်သာဖြစ်သည်၊ မစင်ကြယ်သော ကြောင့်ပင် ဝါသနာဘာဂိယမျှသာ ဖြစ်လေသည်။]

ဘဂဝတော၊ မြတ်စွာဘုရားသည်။ ဣမဿနိဂဏ္ဌအား။ ဒွေသုတ္တာနိ၊ နှစ်သူတ်တို့ကို။ ကထိတာနိ၊ ဟောအပ်ကုန်၏။ ပုရိမသုတ္တံ၊ ရှေ့သုတ်သည်။ ဧကောဘာဏဝါရော တစ်ဘာဏဝါရ ရှိ၏။ ဣဒံ၊ ဤနောက်သုတ်သည်။ ဒိယဍ္ဍော၊ တစ်ဘာဏဝါရခွဲရှိသော သုတ်တို့ကို။ သုတွာ၊ ကြားနာရပါလျက်။ အယံနိဂဏ္ဌော၊ ဤနိဂဏ္ဌသည်။ အဘိသမယံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့။ နေဝပတ္တော၊ မရောက်။ နပဗ္ဗဇိတော၊ ရှင်ရဟန်းမပြု။ သရဏေသု၊ သရဏဂုံသုံးပါးတို့၌။ နပတိဋ္ဌိတော၊ သရဏဂုံသို့ ကပ်သည်၏အဖြစ်ဖြင့်မတည်။ ကသ္မာ၊ အဘယ်ကြောင့်။ ဧတဿ၊ ဤသစ္စကအား။ ဘဂဝါ၊ မြတ်ဘုရားသည်။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟောပါလိမ့်မည်နည်း။ ဣတိ၊ ဤကား အမေး။ အနာဂတေ၊ နောင်ကာလ၌။ ဝါသနတ္ထာယ၊ အထုံဝါသနာ ပါခြင်းငှာ။ ဒေသေတိ၊ ဟောတော်မူသတည်း။ ဟိ၊ ထိုစကားကိုချဲ့အံ့။ ဘဂဝါ၊ ဘုရားသည်။ ဣမဿ၊ ဤသစ္စာစကားအား။ ဣဒါနိ ဤဘသ၌။ ဉပနိဿယော ဉပနိဿယသည်။ နတ္ထိ၊ မရှိ။ ပန၊ ထိုသို့ပင် ယခု ဉပနိဿယ မရှိသေးငြားသော်လည်း။ မယှံ၊ ငါဘုရား၏။ ပရိနိဗ္ဗာနတော။ ပရိနိဗ္ဗာန် စံတော်မူသော နှစ်မှ။ သမဓိကာနံ၊ အနည်းငယ် အလွန်ရှိန်သော။ ဒွိန္နံ ဝဿသတာနံ၊ အနှစ်နှစ်ရာတို့ကို။ အစ္စယေန၊ လွန်သောကာလ၌။ တမ္ဗပဏ္ဏိဒီပေ၊ သိန်းယိုကျွန်း၌။ သာသနံ၊ သာသနာတော်သည်။ ပတိဋ္ဌဟိဿတိ၊ တည်လတ္တံ့။ တတြ၊ ထိုသာသနာတည်သော အခါ၌။ အယံ၊ ဤသစ္စက အမည်ရှိသော နိဂဏ္ဌပရိဗိုဇ်သည်။ ကုလဃရေ၊ အမျိုးကောင်း အိမ်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ကာလေ၊ ရှင်ရဟန်းပြုလောက် သော အခါသည်။ သမ္ပတ္တေ၊ ရောက်လတ်သော်၊ ပဗ္ဗဇိတွာ၊ ရှင်ရဟန်းပြု၍။ တိဏိပိဋကာနိ၊ ပိဋကတ်သုံးပုံတို့ကို။ ဉဂ္ဂဟေတွာ၊ သင်ကြား၍။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ ပွားစေ၍။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါလေးပါးတို့နှင့် တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်၍။ ကာလဗုဒ္ဓရက္ခိတောနာမ၊ ကာလဗုဒ္ဓရက္ခိတမည်သော။ မဟာခီဏာသဝေါ၊ မြင်တော်မူ၏။ ဣဒံ၊ ဤအကြောင်းကို။ ဒိသွာ၊ မြင်သောကြောင့်၊ အနာဂတေ-နောင်ကာလ၌။ ဝါသနတ္ထာယ၊ အထုံ ဝါသနာပါခြင်းငှာ။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟောတော်မူ၏။ ဣတိ၊ ဤသို့မှတ်အပ်၏။

www.dhammaransi.com



[ဤအဌကထာ၌လည်း သရဏာဂုံမျှ၌ပင် မတည်သောကြောင့် သစ္စကဏ်ဓမ္မဿဝနကုသိုလ်သည် ဝါသနာဘာဂီယမျှသာ ဖြစ်သတည်း။]

ဤအဌကထာ၌-

" ဣဒါနိ ဥပနိဿယော နတ္ထိ "

ဟူသောကြောင့် ရှေးရှေး၌ ဖြည့်ဆည်းပူးအပ်သော ဝိဝဋ္ဋနိဿိတကုသိုလ်သည် ထိုအခါ၌ သစ္စကအား လုံးလုံးမရှိသေးသည်ကို တိုက်ရိုက်သိသာသည်၊ ထိုသို့ ဖြစ်လျက် ထိုအခါမှ ဖြစ်လာသော ဒါနကုသိုလ် ဓမ္မဿဝန ကုသိုလ်များသည် အဆက်ဆက်ပွားစီး၍ အနှစ် နှစ်ရာကျော်အတွင်း တတိယဘဝ၌ မဂ်ဖိုလ်ကို ပေးနိုင်သည်ဟု မှတ်အပ်၏။ ။သစ္စကသည် ထိုဘဝမှစုတေသော် နတ်ပြည်၌ နတ်ပြည်မှစုတေ၍ သိန်းယိုကျွန်းတွင် အမတ်မျိုး၌ဖြစ်ကြောင်းကို ကျမ်းတစ်ပါး၌သာလာသည်ပင်။ ။ ဤလည်းတစ်ကြောင်း။

မိလိန္ဒပဉှာ၌လည်း-

" န မဟာရာဇ ဓုတင်္ဂဂုဏေသု ပုဗ္ဗာသေဝနံ ဝိနာ ဧကိဿာယေဝ ဇာတိယာ အရဟတ္တာ သစ္ဆိကိရိယာ ဟောတိ "

ဟူ၍လာ၏။

မဟာရာဇ၊ မင်းကြီး။ ဓုတင်္ဂဂုဏေသု ဓုတင် ဂုဏ်ကျေးဇူးတို့၌။ ပုဗ္ဗာသေဝနံ၊ ရှေး၌ မှီဝဲခြင်းကို။ ဝိနာ။ ကင်း၍။ ဧကိဿာယေဝဇာတိယာတစ်ဘဝတည်း၌ သာလျှင်။ ဝါ။ တစ်ဘဝခြင်းဖြင့်သာလျှင်။ အရဟတ္တာသစ္ဆိကိရိယာ၊ အရဟတ္တဖိုလ်ကို မျက်မှောက် ပြုခြင်းသည်။ နဟောတိ၊ မဖြစ်နိုင်။

ဤ၌ တစ်ဘဝတည်းကိုသာ ဖြစ်လျက်ရှိသောကြောင့် ဓုတင်များကိုကျင့်၍ ပါရမီဖြည့်ကြမူ နှစ်ဘဝမျှနှင့်ပင် မဂ်ဖိုလ်ကို ရနိုင်၏ဟု မှတ်အပ်၏။ ဤလည်း တစ်ကြောင်း။

မဟာသတိပဋ္ဌာနသုတ် ဋီကာ၌လည်း-

ပစ္စေကဗောဓိယာ ဥပနိဿယသမ္ပဒါ ကပ္ပါနံ ဒွေ အသင်္ချေယျာနိ သတသဟဿဉ္စ တဇ္ဇာပုညဉာဏသမ္ဘာရသမ္ဘရဏံ။ သာဝက ဗောဓိယာ အဂ္ဂဝကာနံ ဧကံ အသင်္ချေယျံ ကပ္ပသတသဟဿဉ္စ၊ မဟာသာဝကာနံ ကပ္ပသတသဟဿမေဝ။ ဣတရေသံ အတီတာသုဇာတီသု ဝိဝဋ္ဋသန္နိဿယဝသေန နိဗ္ဗတ္တိတံ နိဗ္ဗေဓဘာဂီယံ ကုသလံ။

ဟူ၍လာသည်။

www.dhammaransi.com



ပစ္စေကဗောဓိယာ၊ ပစ္စေကဗောဓိ၏။ ဥပနိဿယယသမ္ပဒါ၊ ဥပနိဿယ၏ ပြည့်စုံခြင်းမည်သည်ကား။ ကပ္ပါနံ၊ မဟာကပ်တို့၏၊ ဒွေအသင်္ချေယျာနိစ၊ နှစ်သင်္ချေတို့ ပတ်လုံး လည်းကောင်း။ သတသဟဿဥ္စ၊ ကမ္ဘာတစ်သိန်း ပတ်လုံးလည်းကောင်း။ တဇ္ဈာပုညဉာဏသမ္ဘာရသမ္ဘာရဏံ၊ ထိုပစ္စေကဗောဓိအားလျော်သော ပုညသမ္ဘာရ ဉာဏသမ္ဘာရတို့ကို ဆည်းပူးခြင်းတည်း။ သာဝကဗောဓိယာ၊ သာဝကဗောဓိ၏။ ဥပနိဿယသမ္ပဒါ ဥပနိဿယ၏ ပြည့်စုံခြင်းမည်သည်ကား။ အဂ္ဂသာဝကာနံ၊ အဂ္ဂသာသကတို့အား။ ဧကံအသင်္ချေယျဥ္စ၊ တစ်သင်္ချေပတ်လုံး လည်းကောင်း။ ကပ္ပသတသဟဿဥ္စ၊ ကမ္ဘာတစ်သိန်းပတ်လုံးလည်းကောင်း။ တဇ္ဈာပုည ဉာဏသမ္ဘာရ သမ္ဘရဏံ၊ ထိုအဂ္ဂသာဝက ဗောဓိအားလျော်သော ပုညသမ္ဘာရတို့ကို ဆည်းပူးခြင်းတည်း။ မဟာသာဝကာနံ၊ မဟာသာဝကတို့အား။ ကပ္ပသတသဟဿမေဝ၊ ကမ္ဘာတစ်သိန်းပတ်လုံး သာလျှင်။ တဇ္ဈာပုည ဉာဏသမ္ဘာရ သမ္ဘရဏံ၊ ထိုမဟာသာဝက ဗောဓိအားလျော်သော ပုညသမ္ဘာရ ဉာဏသမ္ဘာရတို့ကို ဆည်းပူးခြင်းတည်း။ ဣတရေသံ၊ ဤမှ တစ်ပါးကုန်သော ပကတိသာဝက လူ, နတ်, ပြဟ္မာတို့အား။ အတီတာသုဇာတိသု၊ အတိတ်ဘဝတို့၌။ ဝိဋ္ဋသန္နိဿယ ဝသေန၊ ဝဋ်ကင်းရာ နိဗ္ဗာန်လျှင် မှီရာ ရှိသည်ဖြစ်၍ အစွမ်းဖြင့်။ နိဗ္ဗတ္တိတံ၊ ဖြစ်စေအပ်သော၊ နိဗ္ဗေဓဘာဂိယံ ကုသလံ၊ နိဗ္ဗေဓဘာဂိယ ကုသိုလ်တည်း။

(ဋီကာအနက်)

ဤဋီကာ၌·

"အတီတာသု ဇာတီသု" ဟုလာခြင်းကြောင့် နှစ်ဘဝ သုံးဘဝမျှ ဖြင့်ပင် ပကတိသာဝက ပါရမီရင့်နိုင်ကြောင်းကို တိုက်ရိုက်သိသာသည်။ ။ ဤလည်း တစ်ကြောင်း။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော အလုံးစုံသောအကြောင်းမျိုးကို ထောက်၍ ပကတိသာဝကတို့၏ ပါရမီကာလကို အယုတ်ဆုံး အပိုင်းအခြားဖြင့် နှစ်ဘဝသုံးဘဝ မျှဖြင့် ပိုင်းခြားအပ်၏။

[ဤကား ထိုဆရာတို့၏ အာဘော် အဓိပ္ပာယ်တည်း၊ ထိုအဓိပ္ပာယ်ကို ဤသို့ စိစစ်ကြကုန်၏။]

ပဌမအကြောင်း၌ "တာယဧဝ ဥပနိဿယ သမ္ပတ္တိယာ ဒုတိယေ တတိယေဝါ အတ္တဘာဝေ မဂ္ဂဖလဘာဂိနော ဟောန္တိ" ဟူ၍ ဧဝသဒ္ဒါနှင့်တကွ ဆိုငြားသော်လည်း ဖားသူငယ်ကို သက်သေသာဓက ပြလျက်ရှိသောကြောင့် ဖားသူငယ်ကဲ့သို့ ထိုတိရစ္ဆာန်ဘဝ၌ ဓမ္မဿဝန ကုသိုလ်မှ တစ်ပါး ဥပနိဿယ

www.dhammaransi.com



ဖြစ်မြောက်လောက်အောင် ကုသိုလ်မရှိသည်၏ အဖြစ်ကိုရည်၍ ဝေသဒ္ဒါကို ဆိုအပ်၏၊ ရှေးရှေးဘဝ၌ ဥပနိဿယ မရှိဘူးသည်ကိုရည်၍ ဆိုအပ်သည် မဟုတ်ဟု ယူအပ်၏၊ ထိုသို့ မယူချေသော် ဂဂ္ဂရရေကန်၏ အနီး၌ မြတ်စွာဘုရား တရားဟောတော်မူစဉ် အခါ ရေကန်မှ တက်၍ နာလာသော ထိုဖားသူငယ်သည် ထိုခဏ၌ပင် စုတေသည်၏ အခြားမဲ့၌ နတ်သားဖြစ်၍ ထိုနေရာမှ တရားဟောဘုရား တရားနာပရိသတ်တို့ မထကုန်မီ ဘုရားထံသို့လာ၍ အကြောင်းမျိုးစုံကို ပြန်ကြား၍ တရားနာပြန်လျှင် မဂ်ဖိုလ်ကို ရလေသည်။ ကာလကို ချင့်ချိန်သော် အလွန်အားဖြင့် ဆယ်နာရီ ကိုးနာရီ ခန့်သာ ကြာဖွယ်ရှိသည်၊ ထို့ကြောင့်ပကတိသာဝက ပါရမီသည် ဆယ်နာရီ ကိုးနာရီမျှဖြင့်ပင် ရင့်၏ ဟူသော အနိဋ္ဌပသင်္ဂသည် ဖြစ်ရာတော့သည်သာတည်း။ ထို့ကြောင့် ရှေးရှေးသောဘဝ၌ ဖြည့်အပ်ပြီးသော ပါရမီသမ္ဘာရ ရှိပြီးသော ထိုဖားသူငယ်အား တိရစ္ဆာန်၏ အဖြစ်တည်းဟူသော ဝိပါကန္တရာယ်နှင့် ယှဉ်ခြင်း ကြောင့် ထိုဘဝ၌ မဂ်ဖိုလ်ကို မရထိုက်ရှိသည်ကို ထိုဓမ္မဿဝန ကုသိုလ်သည်ပင်လျှင် သုဂတိဘဝသို့ရောက်ခြင်း, တိဟိတ်ပဋိသန္ဓေနှင့် ပြည့်စုံသော ဘဗ္ဗပုဂ္ဂိုလ်၏ အဖြစ်ကို ရခြင်း, ဘုရားတည်းဟူသော သပ္ပုရိသသို့ ဆည်းကပ်ခြင်း, သူတော်ကောင်းတရားကို နာရခြင်းတည်းဟူသော အာနိသံသ အကျိုးတို့ကို ဆောင်ရွက်သဖြင့် ရှေးရှေး၌ ဖြည့်ကျင့် ဆည်းပူးအပ်ပြီးသော ပါရမီတို့၏ အခွင့်ကို ပြုသော အားဖြင့် မဂ်ဖိုလ်၏ ဥပနဋ္ဌိဿယ ဖြစ်သည်ကိုရည်၍-

"တာယေဝ ဥပနိဿယ သမ္ပတ္တိယာ မဂ္ဂဖလဘာဂိနော ဟောန္တိ"

ဟုဆိုသည်၊ ရှေးရှေး၌ ဖြည့်အပ်ပြီးသော ပါရမီ လုံးလုံးမရှိမူ၍ ထိုဓမ္မဿဝန ကုသိုလ် တစ်ခုတည်းမျှနှင့်ပင် မဂ်ဖိုလ်ကို ရကောင်းသောကြောင့် ဆိုသည်မဟုတ်ဟု ယူအပ်၏။

ထိုကြောင့် ဋီကာ၌-

ဥပနိဿယသမ္ပတ္တိန္တိ တိဟေတုကပဋိသန္ဓိအာဒိကံ မဂ္ဂဖလာဓိဂ-နဿ ဗလဝကာရဏံ။

ဟု မိန့်အပ်၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း-

သရေ နိမိတ္တံ အဂ္ဂဟေသီတိ ပုဗ္ဗဒ္ဓုပ္ပဒေသု သဒ္ဓမ္မဿဝန-ပရိစယေန ဓမ္မော ဧသော ဝုစ္စတီတိ သရေ အာကာရံ ဂဏှိ။ ပုဗ္ဗာဘိယောဂ ဝသေနေဝ ဟိ ဤဒိသာနံ တိရစ္ဆာနာနံ ဓမ္မဿဝနာဒီသု ပသာဒေါ ဥပ္ပဇ္ဇတိ၊ ဝဂ္ဂုလိအာဒီနံ ဝိယ။

ဟူ၍မိန့်ပြီ။

www.dhammaransi.com



သရေ နိမိတ္တံ အဂ္ဂဟေသီတိ၊ သရေ နိမိတ္တံအဂ္ဂဟေသိ ဟူသည်ကား။ ပုဗ္ဗပုဒ္ဓုပ္ပါဒေသု၊ ရှေးရှေးသော ဘုရားတို့၏ဖြစ်ရာ သာသနာတို့၌။ သဒ္ဓမ္မသဝန ပိရိစယေန၊ သူတော်ကောင်းတားကို ကြားနာရခြင်း၌ အလေ့အကျက် များခြင်း ကြောင့်။ ဧသော၊ ဤအသံကို။ ဓမ္မော၊ တရားသံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ သရေ၊ တရားသံ၌။ အာကာရံ၊ တရား ဟူသော အခြင်းအရာကို။ ဂဏှိ၊ ယူ၏။ ဟိ၊ ထိုစကား မှန်၏။ ပုဗ္ဗာဘိယောဂဝေသေနေဝ၊ ရှေး၌ အားထုတ်ဖူးသော အဘိယောဂ၏ အစွမ်းဖြင့် သာလျှင်။ ဣဒိသာနံ၊ ဤသို့ သဘောရှိကုန်သော။ တိရစ္ဆာနနံ၊ တိရစ္ဆာန်တို့အား။ ဓမ္မသဝနာဒီသု၊ တရားနာခြင်း အစရှိသည်တို့၌။ ပသာဒေါ၊ ကြည်ညိုခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏ ကိံဝိယ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဝဂ္ဂုလိအာဒီနံ၊ လင်းနို့ငှက် စသည်တို့အား။ ဓမ္မသဝနာဒီသု၊ တရားနာခြင်း အစရှိသည်တို့၌။ ပသာဒေါ၊ ကြည်ညိုခြင်းသည်။ ဥပ္ပဇ္ဇတိဝိယ၊ ဖြစ်၏သို့တည်း။

"ဝဂ္ဂုလိအာဒီနံ" အရကို အဘိဓမ္မာတရားကို နာသော လင်းနို့ငှက်ငါးရာ, သဟဿဝတ္ထုကျမ်း၌လသော သတိဌာန်းတရားကိုနာ၍ ဒုတိယဘဝ၌ သတိဌာန် ဖြင့်ပင် မဂ်ဖိုလ်ရသော လင်းနို့ငှက်ငါးရာ, ဓမ္မယောသိတအသံကို နာ၍တည်စဉ် မုဆိုး လေးနှင့်ပစ်၍ သေသည်၏ သေသည်၏ အခြားမဲ့၌ လူ့ဘဝကိုရ၍ ခုနစ်နှစ်အရွယ်တွင် ဆံရိတ်သည်၏ အဆုံး၌ အဘိညာဏ်နှင့်တကွ အရဟတ္တဖိုလ်ကို ရသော သမင် စသည်ကို ယူလေ။ ။ ဤဝိမတိဝိနောဒနီဋီကာ ဆိုတိုင်းပင် ထိုဖားသူငယ်၏လည်း ရှေးရှေး၌ ပြုဖူးသော ပရိစယ ရှိသည်၏ အဖြစ်ကို-

> တသ္မိံခဏေ ဧကော မဏ္ဍူကော ပေါက္ခရဏိတော အာဂန္တွာဓမ္မော ဧသော ဝုစ္စတီတိ ဓမ္မသညာယ သရေ နိမိတ္တံ ဂဏှန္တော ပရိသပရိယန္တေ နိပ္ပဇ္ဇိ။

ဟူ၍ မဏ္ဍူက ဒေဝပုတ္တဝိမာန အဋ္ဌကထာ၌လသော ဖားသူငယ်၏ အမူအရာကို ထောက်၍လည်း သိသင့်၏။

တသ္မိံ ခဏေ၊ ထိုခဏ၌။ ဧကော၊ တစ်ကောင်သော။ မဏ္ဍူကော၊ ဖားသည်။ ပေါက္ခရဏိတော၊ ရေကန်မှ။ အာဂန္တွာ လာခဲ့၍။ ဧသော၊ ဤအသံကို။ ဓမ္မော၊ တရားသံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏ ဣတိ၊ ဤသို့၊ ဓမ္မသညာယ၊ တရားဟူသော အမှတ်ဖြင့်၊ သရေ၊ အသံတော်၌။ နိမိတ္တံ၊ အခြင်းအရာကို။ ဂဏှန္တော၊ ယူလျက်။ ။ ပရိသပရိယန္တေ၊ ပရိသတ် အစွန်အနား၌။ နိပ္ပဇ္ဇိ ဝပ်၏။

[အဋ္ဌကထာအနက်]

တရားသံကို နာခြင်းငှာ ရိုးရိုးကိုးကိုးပင်လာ၍ ဓမ္မသညာဖြင့် အသံတော်၌ အိမိတ်ကိုယူလျက် ပရိသတ်စွန်း၌ ဝပ်ကနေသော ဖားသူငယ်၏ သေးနုပ်ဖွဲနိစ်

www.dhammaransi.com



အဟိတ်တိရစ္ဆာန်အနေနှင့်မတန် ထက်သန်သော သဒ္ဓါပသန္နဗျာပါရ အမူအရာသည် ပုဗ္ဗယောဂ ပုဗ္ဗဝါသနာနှင့် ကင်း၍ ဖြစ်ခြင်းငှာ မတတ်ကောင်းရာဟူလိုသည်။ ။ အဋ္ဌကထာ၌ "ဒုတိယေ တတိယေဝါ အတ္တဘာဝေ" ဟူ**သော စကား**ဖြင့် ထိုသို့သဘောရှိသော ဥပနိဿယသမ္ပတ္တိသည်လည်း အဟိတ်တိ**ရစ္ဆာန်တို့အား** ဒုတိယဘဝ တတိယဘဝတို့၌သာ အာနိသံသ အကျိုးကို ရွက်ဆောင်ခွင့်**ရသည်၊ ထိုဘဝ**၌ ရွက်ဆောင်ခွင့်မရဟူသော အနက်ကိုပြတော်မူသည်။

ဒုတိယအကြောင်း၌- "ဣမဿ ဣဒါနိ ဥပနိဿယော နတ္ထိ" ဟူသော စကားကို ထိုသစ္စကဘဝ၌ မဂ်ဖိုလ်ကို မရထိုက်သေးသည်ကိုရည်၍ ဆိုသည်ဟူလျှင် တတ်ကောင်းရာပါ၏။ ထို့ကြောင့် ထိုသစ္စကအား **ရှေး၌** ဥပနိဿယ ရှိဖူးသည်ပင်၊ ထိုဘဝ၌ကား လောကာယတ ပညာလွန်သဖြင့် ကေရာဋိကအဖို့သို့**ကျ၍** ဘေသဇ္ဇသမုဒ္ဒိတရောဂါသည် ကုစားခြင်းငှာ ခဲယဉ်းသကဲ့သို့ စဉ်းလဲကောက်ကျစ်သော အတိဗာလ ပဏ္ဍိတမာနီ အဖြစ်သို့ ရောက်လေသောကြောင့် သရဏဂုံမျှ မတည်ရှိလေသည်၊ ထိုသို့ဖြစ်သော်လည်း မြတ်စွာဘုရား၏ တင့်တယ်ခြင်း၌ ရံခါကြည်သော **စိတ်နှလုံး**ရှိသဖြင့် ဆွမ်းလှူခြင်း, တရားနာခြင်းဟူသော ကုသိုလ်သည် အနုတ္တရအဂ္ဂ**ဒက္ခိဏေယျ** ဖြစ်သော ဘုရား၌ ခေတ္တဂ်တဖြစ်၍ ပဋိဂ္ဂါဟကတော ဒက္ခိဏာဝိသုဒ္ဓိ ဖြစ်သဖြင့် သေသည်၏ အခြားမဲ့၌ သုဂတိဘဝသို့ ရောက်စေခြင်းစသော မုချဖလ အာနိသံသဖလတို့ကို ရွက်ဆောင်နိုင်လေသည်၊ ဤသို့မှတ်အပ်၏။

(ရှေး၌ ဥပနိဿယရှိဖူးသောသူ ဖြစ်ပါလျှင် **အဘယ့်**ကြောင့် သရဏဂုံမျှပင် မတည်ဘဲရှိရသနည်း၊ သရဏဂုံမျှပင်မတည် **ကြည်ညို**သောစိတ် မရှိဘဲလျက် အဘယ်ကြောင့် အကျိုးပေးသနည်းဟူ၍ မစောဒနာ**အပ်**။)

ဆိုရန်အထူးကား-

ဖားသူငယ်သည် တရားဟူသော အမှတ်သညာမျှကိုယူ၍ ကြည်ညိုသည်၊ ထိုတရား၏ အနက်အဓိပ္ပါယ်ကိုသိမည်မဟုတ်၊ သစ္စကသည်လည်း အာဓာနဂ္ဂါဟီ ဒုပ္ပဋိနိဿဂ္ဂီဖြစ်၍ သရဏဂုံ၌ပင် မတည်၊ ထို့ကြောင့် ထိုသူတို့၏ ကုသိုလ်သည် နိဗ္ဗေဓဘာဂိယပင် မဖြစ်၊ နိဗ္ဗေဓဘာဂိယမဖြစ်သော် ပါရမီဟူ၍ မဆိုသင့်၊ ဤသို့လည်းဆိုရန် ရှိသည်ပင်။

တတိယ အကြောင်း၌ ဋီကာ၌ "အတီတာသု ဇာတီသု" ဟူခြင်းသည် နှစ်ဘဝ သုံးဘဝမျှကို ရည်၍မဆို၊ ဤတစ်ကမ္ဘာတွင်း၌ပင် ကကုသန်ဘုရား သာသနာ၌ ဝိဝဋ္ဋကုသိုလ်ကိုစ၍ ပြုသော သူသည် ကောဏာဂုံဘုရား, ကဿပဘုရား, သာသနာများ၌လည်းကောင်း, အကြားဖြစ်သော ကာလများ၌ လည်းကောင်း ပွားစီး

www.dhammaransi.com



ရင့်သန်အောင် အားထုတ်၍ ငါတို့ဘုရားလက်ထက်၌ပင် ကျွတ်ရာသည်၊ ထိုသို့ ကျွတ်သော သူများကိုကား တစ်ကမ္ဘာဖြင့် ပိုင်းခြားခြင်းငှာ မတတ်ကောင်း၊ တစ်ကမ္ဘာ တွင်း၌ ဖြစ်၍ ဘဝဖြင့်သာ ပိုင်းခြားခြင်းငှာ တတ်ကောင်းသတည်း၊ ဤသို့သောအနက် ကို ရည်တော်မူ၍ "အတီတာသု ဇာတီသု" ဟူသော စကားကို ဋီကာ အရှင်မိန့်တော်မူ သည်။ ။ ထိုစကားမှန်၏၊ ကဿပဘုရား သာသနာ၌ ပုညဝိသေသကိုပြု၍ ငါတို့ ဘုရားလက်ထက် အကျွတ်ရကြောင်းကို လာသော အပဒါန်ဝတ္ထုများ၌ "အယံပိ ပုရိမဗုဒ္ဓေသု ကတာဓိကာရော တတ္ထ တတ္ထ ဘဝေပုညာနိ ဥပစိနန္တော ကဿပ ဿဗလကာလေ ကုလဃရေ နိဗ္ဗတ္တော" စသည်ဖြင့် လာသော ထေရဂါထာ အဋ္ဌကထာ, အပဒါန် အဋ္ဌကထာနှစ်ကျမ်းလုံးသည် ဤအရာ၌ သက်သေ သာကေပင်တည်း။

စတုတ္ထအကြောင်း၌ "ဇေကိဿာယေဝ ဇာတိယာ" ဟူသော ကာလပရိစ္ဆေဒ စကားလည် ပဓာန မဟုတ်၊ ခုတင်နှင့် ကင်း၍ မဂ်ဖိုလ် မရခြင်းသည်သာ ပဓာန တည်း။ ထိုကြောင့် ရှေး၌ ခုတင်ကို မမှီဝဲဘူးသည်ရှိသော် တစ်ဘဝနှင့်လည်း မဂ်ဖိုလ် မရ။ သုံးဘဝ, လေးဘဝ, ငါးဘဝ, ဆယ်ဘဝ, ဘဝတစ်ရာ, ဘဝတစ်ထောင်, ဘဝတစ်သောင်း, ဘဝတစ်သိန်း, ဘဝတစ်သန်း, ဘဝတစ်ကုဋေ, ဘဝအသင်္ချေ တစ်ကမ္ဘာ, နှစ်ကမ္ဘာ, ဆယ်ကမ္ဘာ, ကမ္ဘာတစ်ရာ, ကမ္ဘာတစ်ထောင်, ကမ္ဘာ **တစ်သောင်း,** ကမ္ဘာတစ်သိန်း, ကမ္ဘာတစ်သန်း ထိုထက်လွန်သော ကမ္ဘာနှင့်လည်း **မဂ်ဖိုလ်မရ**။ ဤသို့သော အနက်ကိုပင် ယူသင့်သည်။ ။ ဤမိလိန္ဒပဥှာကို ထောက်သဖြင့်ပင် ဒုတိယဘဝ၌ နတ်ဖြစ်၍ မဂ်ဖိုလ်ရသော သစ္စကတို့အား အဘယ် အခါ၌ခုတင် ပုဗ္ဗာသေဝနတို့ကို ရအပ်လေသနည်းဟု ထိုဆရာတို့အား မေးအပ်၏။

(ဤသို့ ထိုဆရာတို့၏ စကားကို စီစစ်ကြကုန်၏။)

**ထိုစိစစ်သော ဆရာတို့၏ အလိုကား မဟာပဒါနသုတ် စသည်တို့၌**

ကိစ္ဆေန မေ အဓိကတံ။ ဟလံ ဒါနိ ပကာသိတုံ။
ရာဂဒေါသပရေတေဟိ။ နာယံ ဓမ္မောသုသမ္ဗုဓော။

**မဟာပဒါနသုတ် အဋ္ဌကထာစသည်၌**

အယဥ္စ ဓမ္မော ပထဝိသန္ဓာရကဥဒကက္ခန္ဓော ဝိယ ဂမ္ဘီရော၊ ပဗ္ဗတေန ပဋိစ္ဆာဒေတွာ ထပိတော သာသပေါဝိယ ဒုဒ္ဒသော။ သတဓာ ဘိန္နဿ ဝါလဿ ကောဋိယာ ကောဋိံ ပဋိပါဒနံ ဝိယဒုရနု ဗောဓော။ နနု မယာပိ ဣမံ ဓမ္မံ ပဋိဝိဇ္ဈိတုံ ဝါယမန္တေန အဒိန္နဒါနံ နာမ နတ္ထိ။ တဿမေ နိရဿဟံဝိယမာရဗလံဝိဓမန္တဿာပိ ပထဝီ န ကမ္ပိတ္ထ။ ပထမယာမေ

www.dhammaransi.com



ပုဗ္ဗေနိဝါသံ အနုဿရန္တဿာပိ န ကမ္ပိတ္ထ။ မဇ္ဈိမယာမေ ဒိဗ္ဗစက္ခုံဝိသောဓေန္တဿာပိ န ကမ္ပိတ္ထ။ ပစ္ဆိမယာမေ ပန ပဋိစ္စသမုပ္ပာဒံ အနုလောမပဋိလောမတော သမ္မသန္တဿ ဒသသဟဿိလောကဓာတု ကမ္ပိတ္ထ ဣတိမာဒိသေနာပိ တိက္ခဉာဏေန ကိလေသေ ဆေဒေတွာ ဝိဟရဏ္ဍိ။ တံ လောကိယမဟာဇနာ ကထံ ပဋိဝိဇ္ဈိဿန္တိ ဝိ စိတ္တံ ဓမ္မဂမ္ဘီရတာပစ္စဝေက္ခဏာနုဘာဝေနာပိ ဇဝံ စိတ္တံနမိတိ ဝေဒိတဗ္ဗံ။

မေ၊ ငါဘုရားသည်။ ကိလေသေ၊ ပြုပြင်သဖြင့်။ အဓိဂတံ၊ ရအပ်သော တရားကို။ ကိစ္ဆေန၊ ယခု။ ပကာသိတုံ၊ ပြခြင်းငှာ။ ဟလံ၊ မသင့်။ ရာဂဒေါသပရေတေဟိ၊ ရာဂဒေါသသည် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့သည်။ အယံဓမ္မော၊ ဤ သစ္စာလေးပါးတရားကို။ နသုသမ္ဗုဓော၊ သိခြင်းငှာ မလွယ်။

(ပါဠိတော် အနက်)

အယဉ္စ ဓမ္မော၊ ဤသစ္စာလေးပါးတရားသည်လည်း။ ပထဝိသန္ဓာရက ဥဒကက္ခန္ဓောဝိယ၊ ယူဇနာ နှစ်သိန်းလေးသောင်းအထုရှိသော မြေကိုခံသော ရေကဲ့သို့။ ဂမ္ဘီရော၊ နက်နဲ၏။ ပဗ္ဗတေန၊ မြင်းမိုရ်တောင်ဖြင့်။ ပဋိစ္ဆာဒေတွာ၊ ဖုံးအုပ်လွှမ်းဘိ၍။ ထပိတော၊ ထားအပ်သော။ သာသပေါဝိယ၊ မုန်းညင်းစေ့ ကဲ့တို့။ ဒုဒ္ဒသော၊ မြင်ရခြင်းငှာ ခဲယဉ်း၏။ သတဓာ၊ အစိတ်တစ်ရာ။ ဘိန္နဿ၊ ကွဲပြီးသော။ ဝါလဿ၊ သားမြီး၏။ ကောဋိယာ၊ အစွန်းတစ်ခုနှင့်။ ကောဋိံ၊ အစွန်းတစ်ခုကို။ ပဋိပါဒနံဝိယ၊ ယှဉ်စေခြင်းကဲ့သို့။ ဒုရနုဗောဓော၊ သိခြင်းငှာ ခဲယဉ်း၏။ ဣမံ ဓမ္မံ၊ ဤသစ္စာလေးပါး တရားကို။ ပဋိဝိဇ္ဈိတုံ၊ ထိုးထွင်း၍ သိခြင်းငှာ။ ဝါယမန္တေန၊ အားထုတ်သော။ မယာပိ၊ ငါဘုရားစင်လျက်လည်း။ အဒိန္နဒါနံနာမ၊ မလှူဘူးသော ဒါနဝတ္ထုနနု၊ မရှိလေတကား။ တဿမေ၊ ထို ငါဘုရားသည်။ မာရဗလံ၊ မာရ်စစ်သည်ဗိုလ်ပါကို။ ဝိဓမန္တဿ၊ ဖျက်ဆီးမှုတ်လွှင့်စဉ်အခါလည်း။ နိရုဿာဟံဝိယ၊ အားထုတ်ခြင်းကို မပြုလိုဘိ သကဲ့သို့။ ပထဝီ၊ ဤနှစ်သိန်းလေးသောင်းအထုရှိသော မြေကြီးသည်။ နကမ္ပိတ္ထ၊ မလှုပ်လေ။

(စကြဝဠာ တစ်သောင်းမှလာ၍ ဗောဓိမဏ္ဍိုင်ကို ပတ်လည် စိုင်းအုံ၍ နေကြကုန်သော အသိန်း, အသန်း မကသော နဂါး, အသိန်း အသန်းမက သော ဂဠုန်, အသိန်း အသန်း မကသော နတ်, အထောင်မကသော သိကြား, အသိန်းအသန်း မကသော ဗြဟ္မာမင်း တို့သည်ပင် ခုခံ ဆီးတားမတန့်စားနိုင် ကန်သည်ဖြစ်၍ မာရ်စစ်လာသော် ကိုင်မိကိုင်ရာ ဆွဲငင်ကာလျှင် မျက်နှာရှေးရှု မူရာ တည့်တည့် ပြန်မကြည့်ဘဲ သဲဆည် ပေါက်သို့ ရောက်မိရောက်ရာ ဘရမ်းဘတာ ပြေးကြကုန်သည်။ တစ်ကိုယ်တော်အား တန့်စားခုခံ သို့စင်ရန်ကို တွန်းလှန်ဖြောက်ဖြ အောင်မြင် ပေသည်ဟု ဤမြေဝသုံ ရိုက်ဟီးတုန်၍ အကုန်ချီကာ လှုပ်ကောင်းပါလျက်

www.dhammaransi.com



ခဲစွာဆေးလေးငါအရေးကို မလေးမစား အားပါးမကျ ကိစ္စတစ်ခုမမှုစလို မကြည်ညိုသို့ ထိုခါမလှုပ် နေလေ၏ ဟူလိုသည်။ ။နိရုဿဟံ ဝိယ အဓိပ္ပာယ်။ ။ တစ်နည်းလည်း "နိရုဿဟံဝိယ၊ အားပါးမထုတ် လှုပ်ကာယှက်ကာကဲ့သို့။ ဝိမေန္တဿပိ၊ အံ့ဖွယ်သရဲ ဖြိုခွဲမှုတ်လွှင့်ပါ သော်လည်း" ဟုပေး။ ရှေးအနက်ကား အဓိပ္ပာယ် ရ၍ သာပေးလိုက်သည်။ ဗျာကိဏ္ဏ ဒေါသ မလွတ်။)

ပဌမယာမေ၊ ပဌမယာမ်၌။ ပုဗ္ဗေနိဝါသံ၊ ရှေး၌ နေဘူးသော ခန္ဓာပညတ် နိဗ္ဗာန်ကို။ အနုဿရန္တဿပိ၊ အောက်မေ့စဉ် အခါလည်း။ နကမ္ပိတ္ထ၊ မလှုပ်လေ။ မဇ္ဈိမယာမေ၊ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုဉာဏ်ကို။ သိသောဓေန္တဿာပိ၊ သုတ်သင်စဉ်အခါ ကလည်း။ နကမ္ပိ၊ မလှုပ်လေ။ ပန၊ အထူးကား။ မေ၊ ငါဘုရားသည်။ ပစ္ဆိမကာမေ၊ ပစ္ဆိမယာမ်၌။ ပဋိစ္စသမုပ္ပါဒံ၊ ပဋိစ္စသမုပ္ပါဒ်ကို။ ပဋိဝိဇ္ဈန္တဿဝ၊ ထိုးထွင်း၍ သိစဉ် အခါသာလျှင်။ ဒသသဟဿိလောကဓာတု၊ တစ်သောင်းသော လောကဓာတ်သည်။ ကမ္ပိတ္ထ၊ လှုပ်လေသတည်း။ ဣတိ ဤသို့၊ တိက္ခဉာဏေန၊ ထက်ဉာဏ်ရှိသော။ မာဒိသေနာပိ၊ ငါဘုရား ကဲ့သို့သော သူမှာပင်သော်လည်း။ ကိစ္ဆေနေဝ၊ ငြိုညင် ခဲယဉ်းသဖြင့်သာလျှင်။ အယံ ဓမ္မော၊ ဤသစ္စာလေးပါးတရားကို။ ပဋိဝိဒ္ဓေါနနု၊ ထိုးထွင်း၍ သိအပ်သေးသည်တကား။ တံ၊ ထိုသဗ္ဗညုရှင် ငါသို့စင်လျက် ငြိုညင် ခဲယဉ်းသဖြင့် သိအပ်သော သစ္စာလေးပါးတရားကို၊ လောကိယမဟာဇနာ၊ လောကီဘုံသား လူအများတို့သည်။ ကထံပဋိဝိဇ္ဈိဿန္တိ၊ အဘယ်မှာလျှင် လွယ်ကာ သိနိုင် ကုန်တော့အံ့နည်း။ ဣတိ၊ ဤသို့။ ဓမ္မဂမ္ဘီရတာပစ္စဝေက္ခဏာနုဘာဝေနာပိ၊ သစ္စာလေးပါးတရား၏ နတ်နဲသည်၏ အဖြစ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၏ အာနုဘော်ကြောင့်လည်း။ ဧဝစိတ္တံ၊ ဤသို့ ဝေနေယျအား တရားဓမ္မမဝေဘဲ ကြောင့်ကြမဲ့ထွေ နေလိုသောစိတ်အကြံသည်။ နမိ၊ ညွတ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

(ဤကား အဋ္ဌကထာအနက်)

ဤသို့သော အရာများကို ထောက်သော် နှစ်ဘဝ သုံးဘဝမျှ ဖြင့်ပင် ပကတိသာဝက ပါရမီ ကာလကို ပိုင်းခြား ခြင်းသည် အဘိုး အဆုံးမရှိသော စကြာမင်း၏ ပတ္တမြားရတနာကို ဖွဲ့တဆုပ် ခန့်ဖြင့် ဝယ်ယူခြင်းဌာ အားထုတ်ခြင်း နှင့်သာ တူရာသည်။ ။ထိုသို့ဖြစ်ချေသော် အဘယ်မျှဖြင့် ပိုင်းခြားသင့်သနည်း ဟူမူ။ ။ ခပ်သိမ်းသော မြတ်စွာဘုရားတို့၏ ပုဗ္ဗကိစ္စ ငါးပါးကိုပြရာ အဋ္ဌကထာ များ၌-

> တတိယ ကောဋ္ဌာသေ ပစ္စုဋ္ဌာယ နိသီဒိတွာ ပုရိမဗုဒ္ဓါနံ သန္တိကေ ဒါနသီလာဒိဝသေန ကတာဓိကာပုဂ္ဂလသဒ္ဒဿနတ္ထံ ဗုဒ္ဓစက္ခု နာလောကံ ဝေါလောကေတိ။

ဟူ၍ လာသည်။

www.dhammaransi.com



**မဟာပဒါနသုတ် အဋ္ဌကထာ၌လည်း-**

* ဘဝိဿန္တီတိ ပုရိမဗုဒ္ဓသု ဒသပုညကိရိယဝတ္ထုသသေန ကတာဓိကာရာ ပရိပါကဂတပဒုာနိဝိယ သူရိယသ္မိ သံဖဿံ ဓမ္မဒေသနံယေဝ အာကင်္ခမာနာ စတုပ္ပဒိကဂါထာဝသာနေ အရိယဘူမိ ဩက္ကနောရဟာ နဧကော န ဒွေ အနေကသတသဟဿာ ဓမ္မဿ အညာတာရောဘဝိဿန္တီတိ ဒဿေတိ။

ဟူ၍လာသည်။

(ဥရုဝေလသုတ် အဋ္ဌကထာ, သာရတ္ထဒီပနီ ဋီကာတို့၌လည်း ထိုအတူ လာသည်။)

**ဇိနာလင်္ကာရ ဋီကာ၌လည်း-**

ကတသုဘဇနတဏ္ဍိ ပုဗ္ဗဗုဒ္ဓါနံ သန္တိကေကတပုညဇနသမောဟံ။

ဟူ၍လာသည်။

တတိယကောဌာသေ၊ ညဉ့်၏ တတိယအဖို့၌။ ပစ္စုဋ္ဌာယ၊ စောစောစီးစီး ထတော်မူ၍။ နိသီဒိတွာ၊ ထိုင်နေ၍။ ပုရိမဗုဒ္ဓါနံ၊ ရှေးရှေးသော ဘုရားတို့၏။ သန္တိကေ၊ အထံနီးကာ သာသနာ၌။ ဒါန သီလာဒိဝသေန၊ ဒါနသီလစသည်တို့၏ အစွမ်းဖြင့်။ ကတာဓိကာရ ပုဂ္ဂလဒဿနတ္ထံ၊ ပြုအပ်ပြီးသော အဓိကာရရှိသော ဗောဓနေယျ ပုဂ္ဂိုလ်များကိုမြင်တော်မူခြင်းငှာ။ ဗုဒ္ဓစက္ခုနာ၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်ဟု ဆိုအပ်သော ဗုဒ္ဓစက္ခုဖြင့်။ လောကံ၊ တစ်သောင်းသော လောကဓာတ်ကို။ ဝေါလောကေတိ၊ ရှုတော်မူမြဲတည်း။

[အဋ္ဌကထာအနက်]

ကတသုဘဇနတဏ္ဍိ၊ ကတသုဘဇနတံ ဟူသည်ကား။ ပုဗ္ဗဗုဒ္ဓါနံ၊ ရှေးရှေးသော ဘုရားတို့၏။ သန္တိကေ၊ အထံ၌။ ကတပုည ဇနသမောဟံ၊ ပြုပြီးစေ ကုသိုလ် သမ္ဘာရှိသော သတ္တဝါအပေါင်းကို။

[ဋီကာအနက်]

ဤအဋ္ဌကထာဋီကာများကို ထောက်သော် ရှေးရှေးသော သဗ္ဗညုဘုရားတို့၏ သာသနာ၌ အဓိကာရ ဖြစ်လောက်အောင် ဝိဝဋ္ဋနိဿိတ ကုသိုလ်သမ္ဘာရကို

* မဟာပဒါနသုတ် အဋ္ဌကထာအနက် မူရင်း၌ မပါ။

www.dhammaransi.com



ဖြည့်ဆည်းပူး၍ လာခဲ့သော သူသည်သာလျှင် နောက်နောက်သော သဗ္ဗညုဘုရားတို့၏ သာသနာ၌ ကျွတ်နိုင်သည်ဟူသော အနက်ကို သိအပ်လေရကား ပကတိသာဝကတို့၏ ပါရမီကာလကို ဗုဒ္ဓန္တရဖြင့်သာ ပိုင်းခြားအပ်၏။ ဗုဒ္ဓန္တရကိုလည်း အယုတ်ဆုံး အပိုင်းအခြားအားဖြင့် အန္တရကပ်တစ်ကပ်ဖြင့် ပိုင်းခြားအပ်၏။ ထို့ကြောင့် ပကတိ သာဝကတို့၏ ပါရမီကာလကို အယုတ်ဆုံး အပိုင်းအခြား အားဖြင့် အန္တရကပ် တစ်ကပ်ဖြင့် ပိုင်းခြားအပ်၏ဟု ယူရန်တစ်ချက်။

**သုတ္တနိပါတ် အဋ္ဌကထာ၌-**

ဗုဒ္ဓ ပစ္စေကဗုဒ္ဓသမ္ဘုခတော စတုပ္ပဒိကဂါထံ သုတွာ ဗုဒ္ဓါနံ ဗုဒ္ဓသာဝကာနံ ဝါ သမ္မုခါ သုတာယ စတုပ္ပဒိကာယပိ ဂါထာယ ပရိယောသာနေ အရဟတ္တံ ပါပေတိ။

ဟူ၍လာသည်။

**ထေရဂါထာ အဋ္ဌကထာ၌-**

ယေသံ ဟိ ပုရိမေသု သမ္မာသမ္ဗုဒ္ဓေသု ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝက-ကေသုပိ ပုညကိရိယဝသေန ပဝတ္တိတံ သာဝက ပါရမိတာသင်္ခါတံ-အတ္ထိအပဒါနံ၊ တေ သာပဒါနာ။

ဟူ၍လာသည်။

**ထေရီဂါထာအဋ္ဌကထာ၌လည်း-**

ယာသံ ဟိ ပုရိမေသု သမ္မာသမ္ဗုဒ္ဓေသု ပစ္စေကဗုဒ္ဓ သာဝက ဗုဒ္ဓေသု ဝါ ပုညကိရိယာ ဝသေန အဓိကာရတာသင်္ခါတံ အတ္ထိ အပဒါနံ။ တာ သာပဒါနာ။

ဟူ၍လာပြန်သည်။

[သုတ္တနိပါတ် အဋ္ဌကထာအနက်။]

ဗုဒ္ဓပစ္စေကဗုဒ္ဓ သမ္မုခတော၊ ဘုရား ပစ္စေကဗုဒ္ဓါတို့၏ မျက်မှောက်မှ။ စတုပ္ပဒိကဂါထံ။ လေးပါဒရှိသော ဂါထာကို၊ သုတွာ၊ ကြားနာခဲ့ပြီး၍။ ဗုဒ္ဓနံဝါ။ ဘုရားတို့၏ လည်းကောင်း။ ဗုဒ္ဓသာဝကာနံဝါ၊ ဘုရား၏ တပည့်တော် ဖြစ်ကုန်သော သာဝကတို့၏ လည်းကောင်း။ သမ္မုခါ၊ မျက်မှောက်မှ။ သုတာယ၊ ကြားနာအပ်သော။ စတုပ္ပဒိကာယပိ၊ လေးပါဒရှိသည်လည်း ဖြစ်သော။ ဂါထာယ၊ ဂါထာ၏။ ပရိယောသာနေ၊ အဆုံး၌။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပေတိ၊ ရောက်စေတတ်၏။

www.dhammaransi.com



## သုတ္တနိပါတ် အဋ္ဌကထာအနက်

ဟိ၊ ချဲ့၍ဆိုအံ့။ ယေသံ၊ အကြင်သူတို့အား။ ပုရိမေသု၊ ရှေး၌ဖြစ်ကုန်သော။ သမ္မာသမ္ဗုဒ္ဓေသုပိ၊ မြတ်စွာဘုရားတို့၌ လည်းကောင်း။ ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝကေသုပိ၊ ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝက၏၌ လည်းကောင်း။ ပုညကိရိယဝသေန၊ ပုညကိရိယာ၏ အစွမ်းဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ်ပြီးသော။ သာဝကပါရမိတာသင်္ခါတံ၊ သာဝက ပါရမီဟု ဆိုအပ်သော။ အပဒါနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ တေ၊ ထိုသာဝကတို့သည်။ သာပဒါနာ၊ အပဒါန်ရှိသော သာဝကတို့ မည်ကုန်၏။

[ထေရဂါထာ အဋ္ဌကထာအနက်။]

ဟိ၊ ချဲ့၍ဆိုအံ့။ ယာသံ၊ အကြင်ထေရီတို့အား။ ပုရိမေသု၊ ရှေး၌ဖြစ်ကုန်သော။ သမ္မာသမ္ဗုဒ္ဓေသုပိ၊ မြတ်စွာဘုရားတို့၌ လည်းကောင်း။ ပစ္စေကဗုဒ္ဓ သာဝကဗုဒ္ဓေ-သုပိ၊ ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝကတို့၌ လည်းကောင်း။ ပုညကိရိယဝသေန၊ ပုညကိရိယာ၏ အစွမ်းဖြင့်။ အဓိကာရတသင်္ခါတံ အဓိကကာရ၏ အဖြစ်ဟု ဆိုအပ်သော။ အပဒါနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ တာ၊ ထိုထေရီတို့သည်။ သာပဒါနာ၊ အပဒါန်ရှိသော ထေရီတို့ မည်ကုန်၏။

(ထေရီဂါထာ အဋ္ဌကထာအနက်)

ဤအဋ္ဌကထာများ၌ ပစ္စေကဗုဒ္ဓါများကိုလည်း ယူလျက်ရှိပြန်သည်။ ထို့ကြောင့် ရှေးရှေးသော ပစ္စေကဗုဒ္ဓါတို့၏ အထံ၌ အဓိကာရကို ပြု၍ လာသော သူသည်လည်း နောက်နောက်သော သဗ္ဗညုဘုရားတို့၏ သာသနာ၌ ကျွတ်နိုင်သေး၏ ဟူသော အနက်ကို သိအပ်လေရကား ပကတိသာဝကတို့၏ ပါရမီကာလကို ပစ္စေကဗုဒ္ဓါ ရှေးရှိသော ဗုဒ္ဓန္တရဖြင့်လည်း ပိုင်းခြားအပ်၏။ ဤဗုဒ္ဓန္တရတို့ကား ဗုဒ္ဓကောလဟာလ ဖြစ်ရာ အနှစ်တစ်ထောင်တွင်း၌ ပစ္စေကဗုဒ္ဓါတို့၏ ဖြစ်ခြင်းကို တားမြစ်အပ် သောကြောင့် အနှစ်တစ်ထောင်ဖြင့် ပိုင်းခြားအပ်၏။ ထို့ကြောင့် ပကတိသာဝကတို့၏ ပါရမီရင့်ရာ ကာလကို အယုတ်ဆုံးအားဖြင့် အနှစ်တစ်ထောင်ဖြင့် ပိုင်းခြားအပ်၏ဟု ယူရန်တစ်ချက်။

ဤသို့ ယူရန်ရှိငြားသော်လည်း သဗ္ဗညု ဗုဒ္ဓန္တရကိုသာ ပမာဏပြုအပ်၏။ ထိုသဗ္ဗညု ဗုဒ္ဓန္တရကိုလည်း နှစ်ခု သုံးခုသော ဗုဒ္ဓန္တရကိုသာ အလိုရှိအပ်၏။ အဘယ့်ကြောင့် ပစ္စေကဗုဒ္ဓါ ရှေးရှိသော ဗုဒ္ဓန္တရကိုမလိုအပ်သနည်း ဟူမူကား။ ။ ဝိဝဋ္ဋဟု ဆိုအပ်သော ဝဋ်ကင်းရာ နိဗ္ဗာန်ကိုမှီသော ကုသိုလ်၏ သာလျှင် ပါရမီသမ္ဘာရ ဖြစ်သင့်လေသောကြောင့် လည်းကောင်း, ထိုကဲ့သို့ သဘောရှိသော ကုသိုလ်၏

www.dhammaransi.com



သံသရာဝဋ်ဒုက္ခ၌ အပြစ်ကို မြင်ခြင်းလျှင် အရင်းရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း, ထိုသို့ဖြစ်ခြင်း၏လည်း တေဘူမကဝဋ်ဒုက္ခ၏ ခယ ဓမ္မိက ဝယဓမ္မိက သပ္ပဋိဘယ သာဒီနဝ တုစ္ဆ သုညအဖြစ်ကို ပြတတ်သော နိဗ္ဗေဓ ဘာဂိယဒေသနာကို ကြားနာရခြင်းလျှင် အရင်းရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း, ထိုကဲ့သို့ သဘောရှိသော ဒေသနာ၏လည်း ဘုရားပွင့်ရာ သာသနာတွင်း၌သာ ဖြစ်သင့် လေသောကြောင့် လည်းကောင်းတည်း။

ထို့ကြောင့် သုတ္တနိပါတ်အဋ္ဌကထာ၌-

ပစ္စေကဗုဒ္ဓါသယံ ဗုဇ္ဈန္တိ။ န ပရေ ဗောဓေန္တိ။ အတ္ထရသမေဝ ပဋိဝိဇ္ဈန္တိ။ န ဓမ္မရသံ။ န ဟိ တေ လောကုတ္တရ ဓမ္မ ပညတ္တႋအာရောပေတွာ ဒေသေတုံ သက္ကောန္တိ။ မူဂေန ဒိဋ္ဌသုပိနော ဝိယ ပနစရကေန နဂရေ သာယိတဗျဉ္ဇန ရသောဝိယစ နေသံ ဓမ္မာဘိသမယော ဟောတိ။

ဟုမိန့်ပြီ။

ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါတို့သည်။ သယံ၊ မိမိတို့သည်။ ဗုဇ္ဈန္တိ၊ သိကုန်၏။ ပရေ၊ သူတစ်ပါးတို့ကို။ နဗောဓေန္တိ၊ သိစေခြင်းငှာ မတတ်နိုင်ကုန်။ အတ္ထရမေဝ၊ သဘာဝတရား၏ ကိစ္စကိုသာလျှင်။ ဝါ၊ သဘာဝကိစ္စကို သာလျှင်။ ပဋိဝိဇ္ဈန္တိ၊ ထိုးထွင်း၍ သိကုန်၏။ ဓမ္မရသံ၊ ပါဠိဓမ္မဟု ဆိုအပ်သော ဒေသနာ၏ ကိစ္စကို။ နပဋိဇ္ဈန္တိ၊ ထိုးထွင်း၍ မသိကုန်။ ဟိ၊ ထိုစကားမှန်၏။ တေ၊ ထိုပစ္စေကဗုဒ္ဓါတို့သည်။ လောကုတ္တရဓမ္မံ၊ လောကုတ္တရာ တရားကို။ ပညတ္တႋ၊ ပညတ်သို့။ အာရောပေတွာ၊ တင်၍။ ဒေသေတုံ၊ ဟောခြင်းငှာ၊ နသက္ကောန္တိ၊ မတတ်နိုင်ကုန်။ မူဂေန၊ သုအ, သည်။ ဒိဋ္ဌသုပိနောဝိယစ၊ မြင်အပ်သော အိပ်မက်ကဲ့သို့ လည်းကောင်း။ ဝနစရကေန၊ တောနေမုဆိုးသည်။ နဂရေ၊ မင်းနေပြည်၌။ သာယိတဗျဉ္ဇ နရသောဝိယစ၊ လျက်အပ်သော ဟင်းလျာ၏ အရသာကဲ့သို့ လည်းကောင်း။ နေသံ၊ ထို ပစ္စေကဗုဒ္ဓါတို့၏။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးတရားကို သိခြင်းသည်။ ဟောတိ၊ ဖြစ်၏

(အဋ္ဌကထာ အနက်)

လောကုတ္တရာတရားတို့၏ ပညတ်သည် ဝဋ်တရားတို့၌ ထင်ရှားရှိသော အပြစ်ကို ရှေးဦးစွာ ယူပြီးမှ ထိုအပြစ်၏ ကင်းခြင်းကို ပြတတ်လေရကား လောကုတ္တရာကို ပညတ်တင်၍ မဟောနိုင် ဟူသောစကားဖြင့် ဝဋ္ဋဒုက္ခ၏ အပြစ်ကိုလည်း ထင်ရှားစွာ မပြနိုင်ဟူသော အနက်သည် ပြီးသံတည်း။

ဝဋ္ဋဒုက္ခ၏ သာဝသ သပစ္စယ သခ်တ အပြစ်ကို ဟောနိုင်မှ ဝဋ္ဋသုခ၏ အနာသဝ အပစ္စယ အသခ်တ အဖြစ်ကို ဟောနိုင်မည်၊ ဝဋ်ဒုက္ခ၏ သာသဝ သပစ္စယ

www.dhammaransi.com



သင်္ခတအဖြစ်ကို မဟောနိုင်သောကြောင့် ဝိဝဋ္ဋသုခ၏ အနာသဝ အပစ္စယ အသင်္ခတ အဖြစ်ကို မဟောနိုင်သည်။ ။ခိုးသူ၏ စောဟူသောပညတ်, ကျား၏ ဗျဂ္ဃကဝန ဟူသော ပညတ်ကို မသိ၍ ခိုးသူဘေး, ကျားဘေးရှိသော တော၏ သစောရကဝန သဗျဂ္ဃကဝန ဟူသော ဝေါဟာရကို မတပ်နိုင် မခေါ်ဝေါ်နိုင်သောသူသည် ခိုးသူဘေး, ကျားဘေးမှကင်းသော တော၏ နိစ္စောရကဝန နိဗျဂ္ဃကဝန ဟူသော ဝေါဟာရကို အဘယ့်ကြောင့်ခေါ်ဝေါ်တတ်တော့အံ့နည်း ဟူလိုသည်။ ။ထို့ကြောင့် သာသနာပ အခါ၌ ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း၊ သရဘင်ဆရာ စသော ဘုရားလောင်းတို့သည်လည်းကောင်း၊ ကာမသုခ၏ အပြစ် နေက္ခမ္မသုခ၏ အကျိုးကို ပြခြင်းကို အရင်းမူသဖြင့် အနိစ္စသဘော, ဒုက္ခသဘော အနိစ္စဟူသောဝေါဟာရ ဒုက္ခဟူသော ဝေါဟာရမျှကိုသာ ဟောနိုင်ကြကုန်သည်၊ အနတ္တသဘောအနတ္တဟူသော ဝေါဟာရ ကိုကား မဟောနိုင်ကြကုန်။ အနိစ္စကို ဟောနိုင်ကြကုန်၏ ဟူပြားသော်လည်း မရဏမွေဥာတိဗျာသန, ရောဂဗျာသနအပါယဒုက္ခ အစရှိသည်လျှင် အကြောင်းရင်း ရှိသော ရုန့်ရင်းပေါ်လွင် ထင်ရှားသော အနိစ္စဒုက္ခအစရှိသည်လျှင် အကြောင်းရင်း ရှိသော ရုန်းရင်းပေါ်လွင်ထင်ရှားသော အနိစ္စဒုက္ခကိုသာ ဟောနိုင်ကုန်သည်။ အဓွန့်သုံးပါး၌ ဖြစ်သော နာမ်ရုပ်တရားတို့၏ အဝိဇ္ဇာသင်္ခါရ စသော ပဋိစ္စသမုပ္ပါဒ် အကြောင်း, ကံအာဟာရဖဿ စသောအကြောင်း, ဟေတုအာရမ္မဏစသော ပဋ္ဌာန်း အကြောင်းကို အရင်းမူသဖြင့် ခဏိကအနိစ္စ ခဏိကဒုက္ခများကို မဟောနိုင်ကုန်။ အကယ်၍ ခဏိကနှင့် ယှဉ်သော အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ များကို ဟောနိုင်ကုန်သည်ဖြစ်အံ့။ ခဏိကအနိစ္စ ခဏိကဒုက္ခလက္ခဏာကို ထင်လျှင် ဧကန်စင်စစ် အနတ္တလက္ခဏာကို မြင်နိုင်တော့သည် ဖြစ်၍ထိုသူ တို့၏ တရားကို ကြားနာရသော သူတို့အား မိမိတို့ ဖြည့်ဆည်းပူးခဲ့ကြသော ပါရမီအားလျော်စွာ ထိုဘဝ၌ပင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရခြင်းသည် ဖြစ်ရာ သတည်း၊ ထိုသို့လည်း မရကြလေ။

(အကျယ်ကိုကား သမ္မော ဝိနောဒနီ အဌကထာဋီကာ မူလ အနုဋီကာ ဝိသုဒ္ဓိမဂ်အဌကထာ-ဋီကာတို့မှာ ယူလေ။)

ဤကား သာသနာပအခါ၌ အလုံးစုံသော တေဘူမက ဝဋ်ဒုက္ခ၏ သုညတအဖြစ်ကို ပြတတ်သော နိဗ္ဗေဓဘာဂိယဒေသနာကို မရအပ်သည်၏ အဖြစ်, ထိုဒေသနာကို မရသဖြင့် အလုံးစုံသော တေဘူမက ဝဋ်ဒုက္ခ၌ အပြစ်ကို မြင်ခြင်း ငြီးငွေ့ဆန့်ကျင်ခြင်း တည်းဟူသော နိဗ္ဗိဒါဉာဏ်ကို မရအပ်သည်၏ အဖြစ်, ထိုဉာဏ်ကို မရသဖြင့် ဝိဝဋ္ဋနိဿိတကုသိုလ်တရား၏လည်း ဖြစ်ခွင့်မရှိသည်၏အဖြစ်ကို နှိုင်းချိန်ရန်တည်း။

www.dhammaransi.com



ဤစကားကိုလည်း ရှေးရှေးသော ဘုရားတို့၏ သာသနာ၌ ဝိဝဋ္ဋ၏ဂုဏ်ဝဋ္ဋ၏ အပြစ်ကို မြင်ဖူး ရှုဖူးသော အဓိကာရနှင့် ပြည့်စုံပြီးသော ပုဂ္ဂိုလ်များကို ရည်၍မဆိုအပ်။ ထိုကဲ့သို့ ဝိဝဋ္ဋနိဿိတ ကုသိုလ် သမ္ဘာရအထုံ တည်မိစွဲမိသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ကုသိုလ် ဟူသမျှသည်ကား ထိုဝိဝဋ္ဋနိဿတ ဝါသနာမျိုးစေ့ကို စွဲမှီ၍ ဖြစ်ရလေသောကြောင့် အလွန်ချိုမြိန်သည်သော သရက်မျိုးစေ့ကိုမှီ၍ဖြစ်သော အလုံးစုံသော သရက်သီးဟူသမျှသည် ချိုမြိန်သော အရသာကို ဆောင်တတ်သကဲ့သို့ ဖြစ်ရာသည်။ ထို့ကြောင့် ဤစကားကို ရှေးရှေးသော မြတ်စွာဘုရားတို့၏ သာသနာ၌ရအပ်သောဝိဝဋ္ဋဝါသနာ မျိုးစေ့မှ အချင်းခပ်သိမ်း ကင်းသော ပုဂ္ဂိုလ်ကို ရည်၍ ဆိုအပ်၏ ထိုသို့သဘောရှိသော အန္ဓဗာလပုထုဇ္ဇဉ် ပုဂ္ဂိုလ်တို့အား ပစ္စေကဗုဒ္ဓါတို့၏ အထံ၌ ဝိဝဋ္ဋနိဿိတ ကုသိုလ်မျိုးစေ့ကို အစဦးစွာ စိုက်ပျိုး၍ နောက်အခြားမဲ့၌ ပွင့်သော ဘုရား၏သာသာနာ၌ အကျွတ်ရခြင်းငှာ မတတ်ကောင်းရာ။ ။ ပစ္စေကဗုဒ္ဓါတို့၏ အထံ၌ စ၍စိုက်ပျိုးအပ်သော ထိုကုသိုလ်သည်ကား ပုဂ္ဂိုလ်ကို နောက်နောက်သောအခါ ဘုရားပွင့်ရာ သာသနာ ထွန်းရာ အရပ်သို့ ရောက်စေခြင်း, ဘုရားစသော အရိယာပုဂ္ဂိုလ်တို့နှင့် ပေါင်းဆုံ တွေ့ကြုံစေခြင်း, တရားစကားကို နာစေခြင်း, ကြားနာရသော တရားကို ရိုသေစွာ ဆောက်တည်၍ ကျင့်စေခြင်း, ဤမျှသော အကျိုးကို ရွက်ဆောင်ခြင်း ဒုတိယပွင့်သော ဘုရားသာသနာ, တတိယပွင့်သော ဘုရားသာသနာများ၌ အကျွတ်တရားကို ရခြင်း၏ အခြေပါဒ ဥပနိဿယ အကြောင်းမျှသာ ဖြစ်နိုင်ရာသည်။

[ပဋ္ဌပဒေသေ၌' ဖြစ်စေခြင်းသော အကျိုးကိုဆောင်ရွက်ရာ၌ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ, ဓာတုသံယုတ် အဋ္ဌကထာများကို အောက်၌ ဖော်ပြအပ်ပြီ။]

ဤသို့ ဥပနိဿယ၏ ဥပနိဿယဖြစ်ကာမျှကို ရည်၍ သုတ္တနိပါတ် အဋ္ဌကထာ ထေရထေရီ အဋ္ဌကထာများ၌ ပစ္စေက ဗုဒ္ဓါများကိုလည်း ယူတော်မူကြကုန်သည်။ ။ ဤကား ပစ္စေကဗုဒ္ဓါ ရှေးရှိသော ဗုဒ္ဓန္တရကို ပမာဏမပြုသင့်ခြင်း၏ ယုတ္တအကြောင်းတည်း။

သဗ္ဗည ဗုဒ္ဓန္တရကို ယူရာ၌ နှစ်ခု သုံးခုသော ဗုဒ္ဓန္တရကိုသာ ယူအပ်သည် ဟူသော စကားကိုကား-

အပိပုရိမဗုဒ္ဓေသု ကတာဓိကာဝရာ တတ္ထ တတ္ထ ဘဝေ ပုညာနိ ဥပစိန္တော ကဿပ ဒသဗလဿ ကာလေ ကုလဃရေ နိဗ္ဗတ္တော။

စသည်ဖြင့် လာသော အဋ္ဌကထာများကို ထောက်၍ဆိုအပ်၏။

ကဿပဘုရားသာသနာမှ ပုညဝိသေသကို ပြုခဲ့၍ ငါတို့ဘုရားလက်ထက်

www.dhammaransi.com



အကျွတ်ရကြောင်းကို လာသော မိဂသီရထေရ်, သုဘူတထေရ်တို့၏ ဝတ္ထု၌ ထိုမထေရ်တို့သည် ကဿပဘုရားလက်ထက်မှ အစပြု၍ ပါရမီကို ပြည့်ကြကုန်သည် မဟုတ်ကုန်၊ ရှေးရှေးသော ကောဏာဂုမ် ကကုသန် စသော ဘုရားတို့၏ လက်ထက်ကပင် အဓိကာရကိုပြု၍ လာကြကုန်သည် ဟူသော အနက်ကို ထိုအဋ္ဌကထာပါဠ်ဖြင့် သိအပ်သတည်း။ ထိုမထေရ်တို့၏ ထိုကဲ့သို့ပြည့်ခဲ့ကြကုန်သည်၏ အဖြစ်ကြောင့်သာ အဋ္ဌကထာ၌ ထိုကဲ့သို့ ဆိုပါသည်။ ဤအဋ္ဌကထာပါဠ်ဖြင့် တစ်ပါးသော ကကတိ သာဝက များကို မနှိုင်းချိန်သင့် ဟူငြားအံ့။ ထိုက်တန်သော မျက်မြင်လက်ရှိ သက်သေကို လွှတ်၍ မျက်ကွယ် သက်သေကို ရှာသဖြင့်အဘယ်အကျိုး ရှိအံ့နည်း။ ။ဤကား နှစ်ခု သုံးခု သော သဗ္ဗညု ဗုဒ္ဓရကိုအန္တိမ ပရိစ္ဆေဒပြု ခြင်း၏ အဖြေ့တည်း။

ဤသို့လျှင် နှစ်ဆူသော သဗ္ဗညုဘုရားရှင်တို့၏ သာသနာ၌ အဓိကာရကို ရ၍ အကြားအကြား၌လည်း သပ္ပုရိသူပနိဿယကို ရသဖြင့် တစ်ဘဝထက်တစ်ဘဝ တစ်ကမ္ဘာထက် တစ်ကမ္ဘာ ပါရမီ သမ္ဘာရ အဆောက်အဦတိုးပွား၍ တစ်ဖြောင့်တည်း လာခဲ့သောသူဖြစ်ပေမူ တတိယ ဘရား, စတုတ္ထဘုရားတို့၏ သာသနာ၌ အကျွတ် ရခြင်းငှာ တတ်ကောင်းရာသည်ဟု မှတ်အပ်ယူအပ်၏။ ။ဤကား နှစ်ဘဝ သုံးဘဝ မျှဖြင့် ပိုင်းခြား လိုကုန်သော ဆရာတို့၏ အလိုအကြောင်းကို စီစစ်ကုန်ယော ဒုတိယ ဆရာတို့၏ အလိုအကြောင်းကို စီစစ်ကုန်ယော ဒုတိယ ဆရာတို့၏ အလိုတည်း။ ။ ဆင်ခြင်၍ ယူကြပါကုန်။

တေသံဟိ ဝိသယောသော၊ ပတိဋ္ဌကေ လတိဿရေ။

ဝိနာ ကမ္မသမာဒါန၊ ဉာဏသာမိမဟေသိနာ။

ကမ္မသမာဒါန ဉာဏသာမိမဟေဟိနာ။ ကမ္မသမာဒါနဉာဏ်ကို အစိုးရ တော်မူသော သဗ္ဗညု မြတ်စွာဘုရားကို။ ဝိနာ၊ ကြဉ်၍။ သေ၊ ဤပကတိသာဝကတို့၏ အန္တိမပရိစ္ဆေအားဖြင့် ပါရမီကာလကို ပိုင်းခြားခြင်းသည်။ ကေသံ၊ အဘယ်သူတို့၏။ ဝိသယော၊ အာဟုတ်ချေအံ့နည်း။ ဧတ္ထ၊ ဤအရာ၌။ ကော၊ အဘယ်သူတို့သည်။ ပတိဋ္ဌ၊ ထောက်ရာ တည်ရာကို။ လဘိဿရေ၊ ရနိုင်ကုန်အံ့နည်း။

**ဒွါဒသမပုစ္ဆာအဖြေပြီး၏**

www.dhammaransi.com

# ၁၃။ တေရသမပုစ္ဆာအဖြေ

သာဝကတို့ မည်သည် ပါရမီဖြည့်ပြီးနောက် ကမ္ဘာ အသင်္ချေကိုပင် လွန်သော်လည်း သုညကမ္ဘာဖြစ်၍ သဗ္ဗညုဘုရားတို့၏ တရားဒေသနာသံကို မကြားရလျှင် မကျွတ်နိုင်ကုန်၊ သဗ္ဗညုဘုရား ပွင့်ရာ ကမ္ဘာကို ငံ့လင့်၍ သဗ္ဗညုဘုရားတို့၏ ဒေသနာကို ကြားနာရမှသာလျှင် ကျွတ်နိုင်ကုန်သည် ဟူပေ။

**ထို့ကြောင့် ပေဋကောပဒေသ ပါဠိတော်၌-**

ဒုဝေ ဟေတူ ဒုဝေပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ။
ပရတောစ ဃောသော သစ္စာ နုသန္ဓိ အဇ္ဈတ္တဉ္စ ယောနိသော မနသိကာရော။

ဟူ၍လာသည်။

(ဝေရဉ္စသုတ်တော်၌လည်း ထို့အတူလာသည်။)

သာဝကဿ၊ သာဝက၏။ သမ္မာဒိဋ္ဌိယာ၊ ဝိပဿနာဉာဏ်မဂ်ဉာဏ်၏ဒ။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှာ။ ဟေတူ၊ အကြောင်းတို့ကား။ ဒုဝေ၊ နှစ်ပါးတို့တည်း။ ပစ္စယာ၊ အထော်အပံ့ တို့ကား။ ဒုဝေ၊ နှစ်ပါး တို့တည်း။ သစ္စာနုသန္ဓိ၊ သစ္စာလေးပါးနှင့် စပ်သော။ ပရတောစဃောသော၊ သူတစ်ပါးတို့၏တရားဒေသနာသံသည် လည်းကောင်း၊ အဇ္ဈတ္တဉ္စ၊ ကိုယ်တွင်း တန္တာန်၌လည်း။ ယောနိသောစ မနသိကာရော၊ ယောနိသော မိသိကာရ သည်လည်းကောင်းတည်း။

**မူလပဏ္ဏာသ အဋ္ဌကထာ ဝေရဉ္စကသုတ် အဖွင့်၌လည်း-**

သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယာတိ ဝိပဿနာသမ္မာဒိဋ္ဌိယာ စ မဂ္ဂသမ္မာဒိဋ္ဌိယာ စ။ ပရတောဃောသောတိ သပ္ပါယဓမ္မဿဝနံ။ ယောနိသောမနသိကာရောတိ အတ္တနော ဥပါယမန သိကာရော။ တတ္ထ သာဝကေသု ဓမ္မသေနာပတိ နောပိ ဒွေ ပစ္စယာလဒ္ဓုံဝဋ္ဋန္တိယေဝ။ ထေရော ဟိ ကပ္ပသတသဟဿဓိကံ အသင်္ချေယျံ ပါရမိယော ပူရေတွာပိ အတ္တနော

www.dhammaransi.com



ဓမ္မတာယ အဏုမတ္တမ္ပိ **ကိလေသံ** ပဇဟိတုံ နာသက္ခိ။ ယေ ဓမ္မာ ဟေတုပဘဝါတိ အဿဇိထေရတော **ဣမံ** ဂါထံ ဝဿပဋိဝေဓော ဇာတော။ ပစ္စေကဗုဒ္ဓါနဥ္စပရတောဃောသကမ္မံ နတ္ထိ။ ယောနိသော မနသိကာရဿိ ယော ဌတွာ **ပစ္စေက**ဗောဓိဥ္စ သဗ္ဗညုတဉာဏဥ္စ နိဗ္ဗတ္တေန္တိ။

ဟူ၍ လာသည်။

သမ္မာဒိဋ္ဌိယာဥပ္ပါ**ဒါယာတိ**၊ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါ**ယ ဟူသ**ည်ကား။ ဝိပဿနာ သမ္မာဒိဋ္ဌိယာ စ၊ ဝိပဿ**နာဉာဏ်၏ လည်းကောင်း။ မဂ္ဂသမ္မာ**ဒိဋ္ဌိယာစ၊ မဂ်ဉာဏ်**၏** လည်းကောင်း။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှာ။ **ပရတောဃောသောတိ**၊ ပရတောဃောသော ဟူသည်ကား။ သပ္ပါယ ဓမ္မဿဝနံ၊ လျှောက်ပတ်သော တရားကို ကြားနာခြင်းတည်း။ ယောနိသော မနသိကာရောတိ၊ ယောနိသော မိသိကာရော ဟူသည်ကား။ အတ္တနော။ **မိမိ၏**။ ဥပါယမနသိကာရော၊ သင့်မြတ်သော အကြောင်းအားဖြင့် စိတ်ကို အာရုံ၌ ထားခြင်းတည်း။ တတ္ထ၊ ထိုနှစ်ပါးသော အကြောင်းတို့တွင်။ သာဝကေသု၊ သာဝကတို့၌။ ဓမ္မသေနာပတိနော**ပိ**၊ အရှင်သာရိပုတ္တရာအားပင် သော်လည်း။ ဒွေပစ္စယာ၊ နှစ်ပါးသော အကြောင်းတို့သည်။ လဒ္ဓုံ၊ ရခြင်းငှာ။ ဝဋ္ဋန္တိယေဝ၊ သင့်ကုန်သည် သာလျှင်တည်း။ ဟိ၊ ထိုစကားမှန်၏။ ထေရော၊ အရှင်သာရိပုတ္တရာထေရ်သည်။ ကပ္ပသတ-သဟဿာဓိကံ၊ ကမ္ဘာတစ်သိန်းအလွန်ရှိသော။ အသင်္ချေယျံ၊ တစ်သင်္ချေ ပတ်လုံး၊ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာပိ၊ ဖြည့်ပြီးပင် ဖြစ်ပါသော်လည်း။ အတ္တနော၊ **မိမိ၏** ဓမ္မတာယ၊ သဘောအားဖြင့်။ အဏုမတ္တမ္ပိ၊ အဏုမြူအတိုင်းအရှည် ရှိသည်**လည်း** ဖြစ်သော။ ကိလေသံ၊ ကိလေသာကို။ ပဇဟိတုံ၊ ပယ်စွန့်ခြင်းငှာ။ နာ**သက္ခိ**၊ မတတ်နိုင်လေ။ အဿဇိထေရ်အထံမှ။ ယေဓမ္မာဟေတု ပဘဝါတိဣမံ**ဂါထံ**၊ ယေဓမ္မာဟေတု ပဘဝါအစရှိသော ဤဂါထာကို။ သုတွာဝ၊ ကြားနာမှသာလျှင်။ အဿ၊ ထိုအရှင်သာရိပုတ္တရာအား။ ပဋိဝေဓော၊ ပဋိဝေဓမည်သော မဂ်ဉာဏ်သည်။ ဇာတော၊ ဖြစ်လေသတည်း။ ပစ္စေကဗုဒ္ဓါနဥ္စ၊ ပစ္စေကဗုဒ္ဓါတို့အားလည်းကောင်း။ ဗုဒ္ဓါနဥ္စ၊ သဗ္ဗညုဗုဒ္ဓတို့အားလည်းကောင်း။ ပရတောဃောသကမ္မံ၊ ပရတောဃောသ ကိစ္စသည်။ နတ္ထိ၊ မရှိပြီ။ ယောနိသောမနသိကာရဿိ ယေဝ၊ ယောနိသော မနသိကာရ၌သာလျှင်။ ဌတွာ၊ တည်၍၊ ပစ္စေကဗောဓိဥ္စ၊ ပစ္စေကဗောဓိကို လည်းကောင်း။ သဗ္ဗညုတဉာဏဥ္စ၊ သဗ္ဗညုတဉာဏ်ကို လည်းကောင်း။ နိဗ္ဗတ္တေန္တိ၊ ဖြစ်စေကြကုန်၏။

ဤသို့သော အကြောင်းအရာ များကို ထောက်၍ အဂ္ဂသာဝက တို့၌ တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း, မဟာသာဝကတို့၌ ကမ္ဘာတစ်သိန်း ဟူသော အပိုင်းအခြားများသည် ငါတို့ဘုရားလက်ထက်၌ ဖြစ်သော သာဝကများကို အစွဲအမှတ်ပြု၍ အန္တိမပရိစ္ဆေဒအားဖြင့် ဆိုအပ်သော အပိုင်းအခြား သာတည်း။

www.dhammaransi.com



ဗျာဒိတ်ခံပြီးနောက် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပြည့်သော အခါ၌ ဘုရားမပွင့်သော သုညကမ္ဘာဆက်ကာ ဆက်ကာသွားချေမူ များစွာသော ကမ္ဘာကို လွန်၍ပင်လည်း ငံ့ရလတ္တံ့ဟု မှတ်အပ်၏။ ။ ဤပုစ္ဆာ၌ "သုညကပ္ပေ" ဟုဆိုလျှင် ပြီးကောင်းပြီးလျှက် "ဗုဒ္ဓ သုည ကပ္ပေ" ဟု မိန့်ဆိုတော်မူ သောစကားဖြင့်-

"သိဒ္ဓေ သတျာရမ္ဘော အတ္ထန္တရဿ ဉာပနာယ ဟောတိ"။

ဟူသော ဉာဉ်ကျမ်း ပရိဘာသာနှင့်အညီ သုညကမ္ဘာ အသုညကမ္ဘာဟူသော အမည်ကို သဗ္ဗညုဘုရား ဖြင့်သာ မှတ်အပ်၏။ ပစ္စေကဗုဒ္ဓါစကြာမင်းတို့ဖြင့် မမှတ်အပ်ဟူသောအနက်ထူးကို ပြတော်မူသည်။

[ပစ္စေကဗုဒ္ဓါ စကြာမင်းတို့ပင်ဖြစ်ခြင်း ရှိငြားသော်လည်း ဘုရားပွင့်ရာ မဟုတ်လျှင် သုညကမ္ဘာပင်မည်၏။ ထိုသုညကမ္ဘာ၌ ပစ္စေကဗုဒ္ဓါ စကြာမင်းတို့၏ ဖြစ်ခြင်းကိုကား မတားမြစ်အပ် ဟူလိုသည်။]

ထို့ကြောင့် အပဒါန် ပါဠိတော်၌-

ကပ္ပေ ဒုတိယကေ ကပ္ပေ။ လ။ ဒေဝလောနာမ သမ္ဗုဒ္ဓေါ။ အဂဏ္ဍုပုရတော မမ။

စသည်ဖြင့် ဗုဒ္ဓသုညကမ္ဘာ၌ ပစ္စေကဗုဒ္ဓါ ဖြစ်ကြောင်း,

အနန္တရေ ကပ္ပေ ကပ္ပေ၊ ရာဇာဟု ဝရဒဿနော၊

သတ္တရတနာသမ္ပန္နော၊ စက္ကဝတ္တိဝဟပ္ပလော။

စသည်ဖြင့် စကြာမင်းဖြစ်ကြောင်း များကို များစွာ လာသည်။ ။ ထိုထေရအပဒါန် ထေရီအပဒါန် လာတိုင်းပင် ထေရ ဂါထာ အဋ္ဌကထာထေရီဂါထာ အဋ္ဌကထာ အပဒါန် အဋ္ဌကထာများ၌လည်း ဖွင့်ဆိုကြ ကုန်သည်။ ။ထိုသို့ ဖြစ်ချေသော် ဒီဃနိကာယ် အဋ္ဌကထာ မဟာပဒါန သုတ်အဖွင့်၌ . . .

ယသ္မာ စ ပန ယသ္မိံ ကပ္ပေ ဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ။ တသ္မိံ ယေဝ စက္ကဝတ္တိနော ဥပ္ပဇ္ဇန္တိ၊ ဗုဒ္ဓါ စ ကဒါစိ ကရဟစိ ဥပ္ပဇ္ဇန္တိ။ တသ္မာ ဒုလ္လဘဒဿနဋ္ဌေနာပိ ရတနံ။

ဟူ၍ လာသည်။

စပန၊ အကြောင်း တစ်ပါးကား။ ယသ္မာ၊ အကြင်ကြောင့်။ ယသ္မိံကပ္ပေ၊ အကြင်ကပ်၌။ ဗုဒ္ဓါ၊ သဗ္ဗညုဘုရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ပွင့်ကုန်၏။ တသ္မိံယေဝ၊ ထိုကပ်၌

www.dhammaransi.com



သာလျှင်။ စက္ကဝတ္တိနော၊ စကြာမင်း တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဗုဒ္ဓါစ၊ သဗ္ဗညုဘုရားတို့သည်လည်း။ ကဒါစိကရဟာစိ၊ ရံခါ ကြိုးကြား။ ဥပ္ပဇ္ဇန္တိ၊ ပွင့်ကုန်၏ တသ္မာ၊ ထို့ကြောင့်။ ဒုလ္လဘ ဒဿနဒ္ဒေနာပိ၊ ရှုမြင်ခြင်းငှာ ရခဲသော သဘော ကြောင့်လည်း။ ရတနံ၊ ရတနမည်၏။

**ဗုဒ္ဓဝင်အဋ္ဌကထာ၌လည်း-**

> ဒုဝိဓော ကပ္ပေါ သုညကပ္ပေါ အသုညကပ္ပေါစာတိ။ တတ္ထ သုညကပ္ပေ ဗုဒ္ဓ ပစ္စေကဗုဒ္ဓါစ စက္ကဝတ္တိနောစန ဥပ္ပဇ္ဇန္တိ။ တသ္မာ ဂုဏဝန္တပုဂ္ဂလသုညတ္တာ သုညကပ္ပေါတိ ဝုစ္စတိ။

ဟူ၍ လာသည်။

ကပ္ပေါ၊ ကမ္ဘာသည်။ သုညကပ္ပေါစ၊ သုည ကမ္ဘာလည်းကောင်း။ အသုညကပ္ပေါစ၊ အသုညကမ္ဘာလည်းကောင်း။ ဣတိ၊ ဤသို့၊ ဒုဝိဓော၊ နှစ်ပါး အပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ သုညကပ္ပေ၊ သုညကမ္ဘာ၌။ ဗုဒ္ဓပစ္စေကဗုဒ္ဓါစ၊ ဘုရားပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း။ စက္ကဝတ္တိနောစ၊ စကြာမင်းတို့သည် လည်းကောင်း။ နဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ တသ္မာ၊ ထို့ကြောင့်။ ဂုဏဝန္တပုဂ္ဂလသုညတ္တာ၊ လွန်ကဲသော ဂုဏ်ရှိသော ပုဂ္ဂိုလ်တို့မှ ဆိတ်သည်၏ အဖြစ်ကြောင့်။ သုညကပ္ပေါတိ၊ သုညကမ္ဘာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**သုတ္တနိပါတ်အဋ္ဌ၌ထာ၌လည်း**

> ပစ္စေကဗုဒ္ဓါ အပတွာ ဗုဒ္ဓါနံ ဥပ္ပဇ္ဇနကာလေ ဟူ၍ လာသည်။

ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါတို့သည်။ ဗုဒ္ဓေ၊ ဘုရားတို့သို့။ အပတွာ၊ ဂုဏ်အားဖြင့် မမီမရောက်ကုန်မူ၍။ ဗုဒ္ဓါနံ၊ ဘုရားတို့၏။ ဥပ္ပဇ္ဇနကာလေယေဝ၊ ပွင့်ရာ ကာလ၌သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ပွင့်ကုန်၏။

**သေတတ္တကိကျမ်း၌လည်း**

> သုညာ အသုညာဒုဝိဓာ၊ အသင်္ချေယျာပကာသိတာ။
> အသုညာစ အသင်္ချေယျာ၊ ဗုဒ္ဓုပ္ပါဒေဟိ မဏ္ဍိတာ။
> ဗုဒ္ဓါ ပစေကဗုဒ္ဓါစ၊ သာဝကာ စက္ကဝတ္တိနော။
> သုညသ္မိံ အသင်္ချေယျ၊ နုပ္ပဇ္ဇန္တိ မဟိဒ္ဓိကာ။

ဟူ၍ လာသည်။

သုညာ၊ သုည အသင်္ချေတို့၌ လည်းကောင်း။ အသုညာ၊ အသုည အသင်္ချေ

www.dhammaransi.com



တို့၌လည်းကောင်း၊ ဣတိ၊ ဤသို့။ အသင်္ချေယျာ၊ အသင်္ချေတို့ကို။ ဒုဝိဓာ၊ နှစ်ပါး အပြားရှိကုန်၏ ဟူ၍။ ပကာသိတာ၊ ပြအပ်ကုန်၏။ စ၊ နှစ်ပါးတို့၏ အထူးကား။ ဗုဒ္ဓုပ္ပါဒေဟိ၊ ဘုရားပွင့်ခြင်းတို့ဖြင့်။ မဏ္ဍိတာ၊ တန်ဆာဆင်အပ်သော အသင်္ချေ တို့သည်။ အသုညာ အသင်္ချေယျာ၊ အသုည အသင်္ချေတို့ မည်ကုန်၏။

ဗုဒ္ဓါစ၊ ဘုရားတို့သည် လည်းကောင်း။ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါတို့သည် လည်းကောင်း။ သာဝကာစ၊ ဗုဒ္ဓသာဝကတို့သည် လည်းကောင်း။ စက္ကဝတ္တိနောစ၊ စကြာမင်းတို့သည်လည်းကောင်း၊ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော သူတို့သည်။ သုညသို့ အသင်္ချေယျေ၊ သုညအသင်္ချေယျ ကပ်၌။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။

ထိုစကားတို့၏ အဓိပ္ပာယ်ကား ဘုရားမပွင့်သော သုညကပ်၌ ပစ္စေကဗုဒ္ဓါ စကြာမင်းတို့လည်း ဖြစ်ရိုးမရှိကုန် ဟူလိုသည်။ ။ဤသို့လာသော အဋ္ဌကထာကျမ်း ဂန္ထန္တရကျမ်းများနှင့် ထိုပါဠိတော် အဋ္ဌကထာများသည် ဖြောင့်ဖြောင့် မဆန့်ကျင်ပြီလော မေးရန်ရှိ၏။ ။ ဤအရာ၌ ဗုဒ္ဓဝင် အဋ္ဌကထာသောတတ္တကီ ကျမ်းစကားများကို ပဠိတော်နှင့် မဆန့်ကျင်အောင် သမန္တစက္ခု ဒီပနီဆရာမြတ် ဤသို့ညှိတော်မူ၏။ အသုည ကမ္ဘာဟူသည်ကား ဘုရားပွင့်၏။ ဘုရားမပွင့်ရှိစေကာမူ ပစ္စေကဗုဒ္ဓါ မဖြစ် ရှိစေကာမူ စကြာမင်းဖြစ်သေး၏၊ ဤသုံးပါးတွင် တစ်ပါးပါးပင် ဖြစ်သော်လည်း အသုညကမ္ဘာသာလျှင် မည်သတည်း။ ။ဤသို့ ညှိတော်မူ၏။

သုတ္တနိပါတ် အဋ္ဌကထာစကားကို ပဠိတော်နှင့် မဆန့်ကျင်အောင် သာရတ္ထသင်္ဂဟကျမ်းဆရာ ဤသို့ညှိ၏။

> ပစ္စေကဗုဒ္ဓါဗုဒ္ဓအပတွာဗုဒ္ဓါနံဥပ္ပဇ္ဇနကာလေယေဝ ဥပဇ္ဇန္တီတိ ဣဒံ ဝဿသတသဟဿတော ဟေဋ္ဌိမံ ဝဿိသတတော ဥပရိမံ ဗုဒ္ဓါနံ ဥပ္ပဇ္ဇိတဗ္ဗကာလံ သန္ဓာယ ဝုတ္တံ။ န ကပ္ပံ၊ ကသ္မာ။ သပါလိထေရာပဒါနာဒီသု ဣတော ဒုတိယကပ္ပေပိ ပစေကဗုဒ္ဓါနီ ဥပ္ပတ္တိပညာယနတော။

ဟူ၍ ညှိတော်မူ၏။

ပစ္စေကဗုဒ္ဓါ ဗုဒ္ဓေ အပတွာဗုဒ္ဓါနံ ဥပ္ပဇ္ဇနကာလေယေဝ ဥပ္ပဇ္ဇန္တီတိ ဣဒံ၊ ပစ္စေကဗုဒ္ဓါ ဗုဒ္ဓေ အပတွာ ဗုဒ္ဓါနံဥပ္ပဇ္ဇန ကာလေယေဝဥပ္ပဇ္ဇန္တိ ဟူသော ဤစကားကို။ ဝဿသတ သဟဿတော၊ အနှစ်တစ်သိန်းတမ်းမှ။ ဟေဋ္ဌိမံ၊ အောက်ဖြစ်သော။ ဝဿသတတော၊ အနှစ်တစ်ရာတမ်းမှ။ ဥပရိမံ၊ အထက်ဖြစ်သော။ ဗုဒ္ဓါနံ၊ ဘုရားတို့၏။ ဥပ္ပဇ္ဇိတဗ္ဗကာလံ၊ ပွင့်ခြင်းငှာ ထိုက်သော ကာလကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်၏။ ကပ္ပံ၊ မဟာကပ်အသင်္ချေယျ ကပ်များကို။ သန္ဓာယ၊ ရည်၍၊နဝုတ္တံ၊ မဆိုအပ်။ ကသ္မာ၊

www.dhammaransi.com



အဘယ်ကြောင့်နည်းဟူမူကား။ ဥပါလိထေရာပဒါနာဒီသု၊ ဥပါလိထေရအပဒါနပါဠိ စသည်များ၌။ ဣတော၊ ဤဘဒ္ဒကပ်မှ။ ဒုတိယကပ္ပေပိ၊ လွန်ခဲ့ပြီးသော ဒုတိယကမ္ဘာ၌ လည်း။ ပစ္စေကဗုဒ္ဓါနံ၊ ပစ္စေကဗုဒ္ဓါတို့၏။ ဥပ္ပတ္တိပညာ-ယနတော၊ ဖြစ်ခြင်း၏ ထင်ခြင်းကြောင့်တည်း။

ဤသာရတ္ထသင်္ဂဟ ကျမ်းဆရာညှိသော သုတ္တနိပါတ် အဋ္ဌကထာ ပါဠ်၌ကား "သဗ္ဗဗုဒ္ဓါ သံဝဋ္ဋမာနေ ကပ္ပေ န ဥပ္ပဇ္ဇန္တိ။ ဝိဝဋ္ဋမာနေကပ္ပေဥပ္ပဇ္ဇန္တိ။ ပစ္စေကဗုဒ္ဓါ ဗုဒ္ဓါနံ အန္တရာ ဥပ္ပဇ္ဇနကာလေယေဝ" ဟူသောပင်္ဂြဖြင့်ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် ကိုသာယူ၍ညှိသင့်သည်။ ထိုသို့ညှိသင့်သော်လည်း ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် တွင်လည်း တစ်ရာတမ်းမှ ထက်တစ်သိန်းတမ်းမှ အောက်ဖြစ်သော ကာလ၌သာ ပစ္စေကဗုဒ္ဓါတို့ ဖြစ်သင့်လေသောကြောင့် ထိုကာလကိုယူ၍ ညှိတော်မူလေသည်ကား အသင့်ပင်ဖြစ်သည်။

"ယသ္မိံ ကပ္ပေဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ။ တသ္မိံယေဝ စက္ကဝတ္တိနော ဥပ္ပဇ္ဇန္တိ" ဟူသော မဟာပဒါနသုတ် အဋ္ဌကထာစကားကိုကား ပါဠိတော်နှင့် မဆန့်ကျင်အောင် တိုက်ရိုက် အညှိအဆိုမရှိ။ ။ထိုသို့ မရှိသော်လည်း ထိုသုတ်၏ အဖွင့်ဖြစ်သော ဋီကာကိုမှီ၍ ညှိအပ်၏။

> သတ္တာနံ ပါပဇိဂုစ္ဆနေန ဝိဂတကာဠကော ပုညပသုတတာယ မဏ္ဍဘူတော ယာဒိသော ကာလော ဗုဒ္ဓုပ္ပါဒရဟော။ တာဒိသောဧဝ စက္ကဝတ္တီနံ သမ္ဘဝေါတိ အာဟ ယသ္မာ ပနာတိအာဒိ၊ ဥပမာနဝသေန စေတံ ဝုတ္တံ။ ဥပမေယျောပမေယျာနဥဇ္ဇန အစ္စန္တမေဝသဒိသတာ။ တသ္မာ ယထာဗုဒ္ဓါကဒါစိ ကရဟာစိ ဥပ္ပဇ္ဇန္တိ။ န တထာ စက္ကဝတ္တိနော။ ဧဝံ သန္တေပိ စက္ကဝတ္တိဝတ္တပူရဏာဿပိ ဒုက္ကရဘာဝတော ဒုလ္လဘုပ္ပါဒါ ယေဝါတိ ဣမိနာ ဒုလ္လဘုပ္ပါဒတာသာမညေန တေသံ ဒုလ္လဘဒဿနတာ ဝုတ္တာတိ ဒေဝိတဗ္ဗံ။

[ရှင်းသုတ် အဖွင့်ဋီကာ]

သတ္တာနံ၊ သတ္တဝါတို့၏။ ပါပဇိဂုစ္ဆနေန၊ မကောင်းမှုမှ စက်ဆုပ်ခြင်းတည်း ဟူသော ဟိရီတရားကြောင့်။ ဝိဂတကာဠကော၊ မည်းညစ်သော ပါဏာတိပါတ စသော အကုသိုလ် ဓမ္မတို့မှ ကင်းရာလည်းဖြစ်ထသော။ ပုညာပသုတကာယ၊ သံဝေဂ ဝတ္တုလျှင် အရင်းအရှိသော ကုသိုလ်ကောင်းမှုတို့၌ အလေ့အကျက်များသည်၏ အဖြစ်ကြောင့်။ မဏ္ဍဘူတော။ ကြည်လင်သန့်ရှင်းသည်ဖြစ်ထသော။ ယာဒိသော၊ အကြင်တို့သဘော ရှိသော။ ကာလောတစ်ရာတမ်းမှ အထက် တစ်သိန်းတမ်းမှ အောက်ဖြစ်သော အာယုကပ်ကာလသည်။ ဗုဒ္ဓုပ္ပါဒါရဟော၊ ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၏ ဖြစ်ခြင်းငှာ

www.dhammaransi.com



ထိုက်၏။ တာဒိသောဧဝ၊ ထိုသို သဘောရှိသော အာယုကပ် ကာလသည်သာလျှင်။ စက္ကဝတ္တိနံပိ၊ စက္ကဝတ် မင်းတို့၏လည်း။ သမ္ဘဝေါ၊ ဖြစ်သင့်ရာကာလ မည်၏။ ဣတိ၊ ထိုကြောင့်။ ယသ္မာပနာတိအာဒိ၊ ယသ္မာ ပန အစရှိသော "ယသ္မိံ ကပ္ပေဗုဒ္ဓါဥပ္ပဇ္ဇန္တိ၊ တသ္မိံ ယေဝ စက္ကဝတ္တိနော ဥပ္ပဇ္ဇန္တိ" ဟူသော စကားကို။ အာဟ၊ မိန့်တော်မူ၏။ စ၊ ဆက်ဦးအံ့။ ဧတံ၊ ဤစကားကို။ ဥပမာ၏ အစွမ်းဖြင့်။ ဝုတ္တံ၊ မိန့်အပ်၏။ ဥပမောပမေယျာနဥ္စ၊ ဥပမာနဝတ္ထု ဥပမေယျ ဝတ္ထုတို့၏လည်း။ အစ္စန္တမေဝ။ ကေန်စင်စစ်သာလျှင်။ သဒိသတာ၊ တူသည်၏ အဖြစ်သည်၊ န၊ မဟုတ်။

[တစိတ်တဒေသမျှသာ တူနိုင်သည်ဟူလို။]

တသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓါ၊ ဘုရားတို့သည်။ ကဒါဒိကရဟာစိ၊ ရံခါကြိုးကြားသာ။ ဥပ္ပဇ္ဇန္တိယထာ၊ ဖြစ်ကြကုန်၏သို့။ တထာ၊ ထို့အတူ။ စက္ကဝတ္တနော စက္ကဝတ်မင်းတို့သည်။ ကဒါစိကရဟာစိ၊ ရံခါကြိုးကားသာ။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြကုန်သည်။ န၊ မဟုတ်ကုန်။

["အထခေါ တာဒိသေ ကပ္ပေ လဒ္ဓါကာသေ သတိ သဗ္ဗကာလံပိ ဥပ္ပဇ္ဇန္တိယော" ဟူလိုသည်။]

ဧဝံသန္တေပိ၊ ဤသို့ပင် ဖြစ်သော်လည်း။ စက္ကဝတ္တိ ဝတ္တပူရဏာဿပိ၊ စက္ကဝတ်မင်းတို့၏ ကျင့်ဝတ် ဆယ်ပါးကို ဖြည့်ခြင်း၏လည်း။ ဒုက္ကရဘာဝတော၊ ခဲယဉ်းသည်၏အဖြစ်ကြောင့်။ ဒုလ္လဘုပ္ပါဒါယေဝ၊ ရခဲသော ဖြစ်ခြင်းရှိကုန်သည် သာလျှင်တည်း။ ဣတိ၊ ထို့ကြောင့်။ ဣမိနာဒုလ္လဘုပ္ပါဒတာသာမဉ္ဉေန၊ ဤရခဲသော ဖြစ်ခြင်းရှိကုန်သည်၏ အဖြစ်ဖြင့်တူသည်၏ အဖြစ်ကြောင့်။ တေသံ၊ ထိုစက္ကဝတ် မင်းတို့၏။ ဝါ၊ ထိုရတနာခုနစ်ပါးတို့၏။ ဒုလ္လဘဒဿနတာ၊ ရှုမြင်ခြင်းငှာ ရခဲသည်၏ အဖြစ်ကို။ ဝုတ္တံ၊ မိန့်အပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤဋီကာဝါကျ နှစ်ဝါကျတွင် ရှေးဝါကျ၌ "ပါပဇိဂုစ္ဆနေန ဝိဂတကာဠကော" ဟူသော ဝိသေသန ပါဌ်ဖြင့် တစ်ရာတမ်းမှ အထက်ဖြစ်သော ကာလကို ပြသည်၊ "ပုညပသုတ တာယ မဏ္ဍဘူတော" ဟူသော ဝသေနာပါဌ်ဖြင့် တစ်သိန်းတမ်းမှ အောက်ဖြစ်သောကာလကို ပြတော်မူသည်၊ နှစ်ပါးစုံသော ပါဌ်ဖြင့် ဘုရားပစ္စေကဗုဒ္ဓါ သာဝကတို့ကဲ့သို့ပင် စက္ကဝတ် မင်းတို့သည်လည်း အနှစ်တစ်ရာတမ်းမှ အထက် တစ်သိန်းတမ်းမှ အောက်ဖြစ်သောကာလ၌သာ များသောအားဖြင့် ဖြစ်ကြကုန်၏။ မန္ဓာတုမဟာသုဒဿန စသော စက္ကဝတ်မင်းတို့ကဲ့သို တစ်သိန်းတမ်းမှ အထက် ဖြစ်ကြကုန်သည် ကား အပ္ပကသာ ဟူသော အဓိပ္ပာယ်ကို ပြတော်မူသည်။ ။ ဖြစ်သင့်သောအခါ၌လည်း စက္ကဝတ္တိသုတ်များ၌ ဆက်ကာဆက်ကာ များစွာပင်

www.dhammaransi.com



ဖြစ်ကြသော အာထင်လျက်ရှိပြန်သောကြောင့် "ဥပမာနဝသေန စေတံ ဝုတ္တံ" စသော နောက်စကားကို ဆက်ရပြန်သည်။ ။ထို့ကြောင့် "ယသ္မိံ ကပ္ပေဥပ္ပဇ္ဇန္တိ" ဟူသော အဋ္ဌကထာပါဌ်၌ ကပ္ပသဒ္ဒါဖြင့်-

သံယံ သမဂ္ဂံ ဘေတွာန၊ ကပ္ပံ နိရယမှိ ပစ္စတိ။
သံယံ သမဂ္ဂံ ကတွာန၊ ကပ္ပံ သဂ္ဂမှိ မောဒတိ။

ဟူသော သုတ်များ၌ကဲ့သို့ အာယုကပ်ကိုသာ ယူအပ်၏ "အနေကေပိ သံဝဋ္ဋကပ္ပေ အနေကေပိ ဝိဝဋ္ဋကပ္ပေ" ဟူသော သုတ်များ၌ကဲ့သို့မဟာ ကမ္ဘာ၏ လေးဖို့ တစ်ဖို့ဖြစ်သော အသင်္ချေယျကပ်များကို လည်းကောင်း, "စတ္တာရိမာနိ ဘိက္ခဝေ ကပ္ပဿ အသင်္ချေယျာနိ" ဟူသောသုတ်များ၌ ကဲ့သို့ မဟာကမ္ဘာကို လည်းကောင်း မယူအပ်။

အာယုကပ်ဟူသည်လည်း တစ်သိန်းတမ်းသည် တစ်ခုသော အာယုကပ် မည်၏၊ ကိုးသောင်းတမ်းသည် တစ်ခုသော အာယုကပ်, ရှစ်သောင်းတမ်းသည် တစ်ခုသော အာယုကပ်, တစ်ထောင်တမ်းသည် တစ်ခုသော အာယုကပ်သည်, တစ်ရာတမ်းသည် တစ်ခုသော အာယုကပ်ပင် မည်၏။ ဤ၌ကား ထိုအစိတ် အစိတ်သော အာယုကပ်တို့၏ အမည်ကို အပေါင်းဖြစ်သော ဘုရားပွင့်ထိုက်ရာ ကာလ၌ တင်စား၍ယူအပ်သော အာယုကပ်သာတည်း။ ။ဤဋီကာဆရာသည်လည်း ထိုအဋ္ဌကထာစကားကို အပဒါန် ပါဠိတော်များနှင့် မဆန့်ကျင်စေခြင်းငှာ ဤသို့ ကြံတော်မူသည်ဟု မှတ်အပ်၏။

[ဤကား ဋီကာဆရာမြတ်၏ အလိုအားဖြင့် ညှိနည်းတည်း။]

**တစ်နည်းကား-**

ကပ္ပသဒ္ဒါဖြင့် ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျ ကပ်ကို ယူလျှင်လည်း သင့်ရာပါ၏။ ဤသို့လျှင် ထိုဆရာသုံးပါးတို့ ညှိတိုင်းသော အဓိပ္ပာယ်ကို ယူ၍ ထေရအပဒါန် ထေရီအပဒါန် ပါဠိတော် ထေရဂါထာအဋ္ဌကထာ, ထေရီဂါထာ အဋ္ဌကထာ, အပဒါန်အဋ္ဌကထာ များနှင့် ထုတ်ပြအပ်ပြီးသော မဟာပဒါနသုတ် အဋ္ဌကထာ, သုတ္တနိပါတ် အဋ္ဌကထာ, သောတက္ကကီကျမ်း များသည် တဖြောင့်တပြေးတည်း ညီညွတ်သည်သာဟု မှတ်အပ်၏။ ။ ထို့ကြောင့်ပင်လျှင်-

အသင်္ချေယျေပိ ကပ္ပေဗုဒ္ဓသု အနုပ္ပဇ္ဇန္တေသု ဧကေသတ္တောပိ
ပရိနိဗ္ဗာတုံ နသက္ကောတိ။ တဒါပိ တုဏ္ဍာနိဗ္ဗာနဓာတူတိန သက္ကာဝတ္တုံ။

ဟူသော အင်္ဂုတ္တရအဋ္ဌကထာ သာရတ္ထဒီပနီဋီကာ စကားများ၌လည်း 'ဧကေသတ္တောပိ" ဟူသောစကားကို သာဝကသတ္တကိုသာ ရည်၍မိန့်အပ်၏။

www.dhammaransi.com



ပစ္စေကဗုဒ္ဓါ သာဝကနှစ်ပါးကို မရည်၍ မမိန့်အပ်ဟု ယူခြင်းသည်သာလျှင် သင့်မြတ်ရာသတည်း။

အသင်္ချေ ယျေပိ ကပ္ပေ၊ အသင်္ချေယျ ကပ်၌လည်း။ ဗုဒ္ဓေသု၊ ဘုရားတို့သည်။ အနုပ္ပဇ္ဇန္တေသု၊ မပွင့်ကြကုန်သည်ရှိသော်။ ဧကသတ္တောပိ၊ တစ်ဦးသော သတ္တဝါမျှ ပင်လျှင်။ ပရိနိဗ္ဗာတုံ။ ပရိနိဗ္ဗာန်ပြုခြင်းငှာ။ နသက္ကောတိ၊ မတတ်နိုင်။ တဒါပိ၊ ထိုဘုရားမပွင့်သော သုညကမ္ဘာများ၌လည်း။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်သည်။ တုစ္ဆာ၊ အချည်းနှီးဖြစ်ခဲ့၏။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်း။

## တေရသမပုစ္ဆာအဖြေပြီး၏။

www.dhammaransi.com

# ၁၄။ စုဒ္ဒသမပုစ္ဆာအဖြေ

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတုသတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာဂုဏသမ္ပတ္တိ၊ အဓိကာရောစဆန္ဒတာ။
အဋ္ဌဓမ္မသမောဓာနာ၊ အဘိနီဟာရောသမိဇ္ဈတိ။

ဟူ၍ ဘုရားလောင်းတို့၏ နိယတ ဗျာဒိတ်ရကြောင်း အင်္ဂါရှစ်ပါး,

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဝိဂတာသဝဒဿနံ။
အဓိကာရော စ ဆန္ဒတာ၊ ဧတေအဘိနီဟာရကာရဏာ။

ဟူ၍ ပစ္စေကဗုဒ္ဓါလောင်းတို့၏ နိယတဗျာဒိတ်ရကြောင်း အင်္ဂါငါးပါး,

"အဓိကာရောစဆန္ဒကတာ" ဟူ၍ သာဝကလောင်းတို့၏ နိယတဗျာဒိတ်ရကြောင်း အင်္ဂါနှစ်ပါး,

ဤသို့ အသီးအသီး အင်္ဂါကိုခွဲခြမ်းဝေဖန်၍ အဋ္ဌကထာများ၌လာခြင်းကြောင့် မတူသော အင်္ဂါရှိကုန်သည် ဖြစ်၍သာလျှင် ဗျာဒိတ်ရကြကုန်သည်ဟုမှတ်အပ်၏

မနုဿတ္တံ၊ လူဇာတ်ရှိသော သူ၏အဖြစ်၊ လိင်္ဂသမ္ပတ္တိ၊ ယောကျာ်း၏ သဏ္ဌာန် အသွင်အပြင် အမူအရာနှင့် ပြည့်စုံခြင်း။ ဟေတု၊ ထိုအခါ၌ပင် အလိုရှိလျှင် အရဟတ္တမဂ်ကို ရလောက်သောပါရမီသမ္ဘာရ ဥပနိဿယ အကြောင်းနှင့် ပြည့်စုံခြင်း။ (သမ္ပတ္တိသဒ္ဒါကြေ)။ ။သတ္ထာရဒဿနံ၊ သက်တော်ထင်ရှားရှိသော သဗ္ဗညုဘုရားကို ကိုယ်တိုင်ကိုယ်ကြပ် ဖူးတွေ့ရခြင်း။ ပဗ္ဗဇ္ဇာ၊ သာသနိကပဗ္ဗဇ္ဇက္လာသိပဗ္ဗဇ္ဇနှစ်ပါးတွင် တစ်ပါးပါးသော ပဗ္ဗဇ္ဇ၌ တည်ခြင်း။ ဂုဏသမ္ပတ္တိ၊ အဘိညာဏ်သမာပတ် တည်း ဟူသောဂုဏ်နှင့် ပြည့်စုံခြင်း။ အဓိကာရော၊ မိမိအသက်ကို မြတ်စွာဘုရားတို့၏ အကျိုးငှာ စွန့်ခြင်းတည်းဟူသော အလွန်အကဲပြုခြင်း။ ဆန္ဒတာ၊ စကြာဝဠာ အပြည့်တည်သောမီးကျီးလုံ့သွားဝါချဲ့ ရေထုကို နင်းနယ်ကူးတတ် တစ်ဖက်ကမ်းသို့

www.dhammaransi.com



သွား၍ပင် ဘုရားအဖြစ်ကို ယူလိုသောဆန္ဒရှိသည်၏ အဖြစ်။ ဣတိ၊ ဤသို့။ အဋ္ဌဓမ္မသမောဓာနာ၊ ရှစ်ပါးသော ဂုဏ်ကျေးဇူးတို့၏ တစ်ပြိုင်နက် ပေါင်းစုံမိခြင်းကြောင့်။ အဘိနီဟာရော၊ လွန်ကဲထူးမြတ်သော ဆုတောင်းခြင်းသည်။ သမိဇ္ဈတိ၊ ပြည့်စုံ၏။

အဘိနီဟာရောတိ မူလပဏိဓာနဿေတံ အဓိဝစနံ။
(သုတ္တနိပါတ် အဋ္ဌထကာ)

ဧဝံ အဋ္ဌင်္ဂသမနာဂတော ပနာယံ အဘိနီဟာရော အတ္ထတော တေသံ အဋ္ဌန္နံ အင်္ဂါနံ သမောဓာန ဝသမ္ပဝတ္တော စိတ္တုပ္ပါဒေါတိ ဝေဒိတဗ္ဗော။
(စရိယပိဋကအဋ္ဌကထာ)

အဘိနီဟာရောတိ အဘိနီဟာရော နာမ ဗုဒ္ဓဘာဝတ္ထံ မာနသံ ပဏ္ဍိတွာ ဗျာကရဏံ အလဒ္ဓါန ဥဋ္ဌဟိဿာမီတိ ဝီရိယံ အဓိဋ္ဌာယ နိပ္ပဇ္ဇနံ။
(ဗုဒ္ဓဝင် အဋ္ဌကယာ)

အဘိနီဟာရောတိ မူလပဏိဓိ ပရိဘာဝိတပုညပစ္စယော။
(ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်)

ဤသို့လာသော ကျမ်းဂန်များကို ထောက်၍ အဘိနီဟာရ အရကို သိအပ်၏။

မနုဿတ္တံ၊ လူဇာတ်ရှိသောသူ၏ အဖြစ်။ လိင်္ဂသမ္ပတ္တိ၊ ယောကျ်ား၏ သဏ္ဌာန် အသွင်အပြင် အမူအရ လက္ခဏာနှင့် ပြည့်စုံခြင်း။ ဝိတာသဝဒဿနံ၊ သဗ္ဗညုဘုရား ပစ္စေကဗုဒ္ဓါရဟန္တာတို့တွင် တစ်ပါးပါးကို ကိုယ်တိုင်ကိုယ်ကြပ် ဖူးမြင်ရခြင်း။ အဓိကာရော၊ ဒါန သီလစသော အမှု၌ အံ့ဖွယ်သရဲ ကဲကဲလွန်လွန်ပြုခြင်း။ ဆန္ဒတာ၊ ပစ္စေကဗောဓိကို လိုချင်တောင့်တခြင်း။ ဧတေ၊ ဤငါးပါးတို့သည်။ အဘိနီဟာရ ကာရဏာ၊ အဘိနီဟာရ ပြည့်စုံခြင်း၏ အကြောင်းအင်္ဂါတို့တည်း။

ဝိဂတာသဝဒဿနန္တိ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝကာနံ ယ ဿ - ကဿစိ ဒဿနန္တိ အတ္ထော။

(သုတ္တနိပါတ် အဋ္ဌကထာ။)

(သာဝကတို့၏ "အဓိကာရောစဆန္ဒတာ" ဟူသော အင်္ဂါနှစ်ပါး၌ အနက်မထူးပြီ။)

**စုဒ္ဒသမပုစ္ဆာအဖြေ ပြီး၏**

www.dhammaransi.com

# ၁၅။ ပန္နရသမပုစ္ဆာအဖြေ

ဘုရားတို့၏ နိယတဗျာဒိတ် ရကြောင်း အင်္ဂါရှစ်ပါး၌ "သတ္ထာရဒဿန်" ဟူသော စတုတ္ထအင်္ဂါ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် သဗ္ဗညု ဘုရားလောင်းတို့၏ အစဆုံးဖြစ်သော နိယတဗျာဒိတ်ကို သဗ္ဗညုဘုရားတို့သည်သာ ကြားကုန်မြဲ ဓမ္မတာဖြစ်သည်။

**ထို့ကြောင့်ပါဠိဇာတ် အဋ္ဌကထာစသည်၌**

ဟေတု သမ္ပန္နဿာပိ ဇီဝမာနက ဗုဒ္ဓဿေဝ သန္တိကေ ပတ္ထေန္တဿ ပတ္ထနာ သမိဇ္ဈတိ။ ပရိနိဗ္ဗုတေ ဗုဒ္ဓေ စေတိယသန္တိကေဝါ ဗောဓိမူလေဝါ ပတ္ထေန္တဿ န သမိဇ္ဈတိ။

ဟူ၍မိန့်ကုန်ပြီ။

ဟေတုသမ္ပန္နဿာပိ၊ ဟေတုဟူသော တတိယ အင်္ဂါနှင့် ပြည့်စုံပြီးပင် ဖြစ်ငြားသော်လည်း။ ဇီဝမာနကဗုဒ္ဓဿေဝ၊ သက်တော်ထင်ရှား ရှိသော မြတ်စွာဘုရား၏သာလျှင်။ သန္တိကေ၊ အထံနီးရောက် မျက်မှောက်တော်၌။ ပတ္ထေန္တဿ၊ ဆုတောင်းသော ဘုရားလောင်းအား။ ပတ္ထနာ၊ ဆုတောင်းခြင်းသည်။ သမိဇ္ဈတိ၊ ပြည့်စုံ၏။ ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန် စံပြီးသည် ရှိသော်။ စေတိသန္တိကေဝါ၊ စေတီတော်၏ အထံ၌လည်းကောင်း။ ဗောဓိမူလေဝါ၊ ဗောဓိပင်၏ အနီး၌ လည်းကောင်း။ ပတ္ထေန္တဿ၊ ဆုတောင်းသော ဘုရားလောင်းအား။ နသမိဇ္ဈတိ၊ မပြည့်စုံ။

**စရိယပိဋက အဋ္ဌကထာ၌လည်း**

သတ္ထာရဒဿန သတ္ထု သမ္မုခီဘာဝေါ၊ ဧဝမာနကဿေဝ ဟိဗုဒ္ဓဿ သန္တိကေ ပတ္ထေန္တဿ သမိဇ္ဈတိ၊ ပရိနိဗ္ဗုတေ ပန ဘဂဝတိစေတိယဿ

www.dhammaransi.com



သန္တိကေဝါ ဗောဓိမူလေဝါပတိမာယဝါပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝကာနံဝါ သန္တိကေ ပတ္ထနာ န သမိဇ္ဈတိ။ ကသ္မာ၊ အဓိကာရဿ ဗလဝဘာဝတော၊ ဗုဒ္ဓါနံဧဝ ပန သန္တိကေ ပတ္ထနာ သမိဇ္ဈတိ။၏

'ဟူ၍ မိန့်ပြီ။

သတ္ထာရဒဿနန္တိ၊ သတ္ထာရဒဿနံ ဟူသည်ကား။ သတ္ထု၊ ဘုရား၏ သမ္မုခီဘာဝေါ၊ မျက်မှောက်၏ အဖြစ်တည်း။ ဟိ၊ ထိုစကားမှန်၏။ ရေမာမနကဿေဝ၊ သက်တော်ထင်ရှားရှိသည် သာလျှင်ဖြစ်သော။ ဗုဒ္ဓဿ၊ ဘုရား၏။ သန္တိကေ၊ အထံနီးရောက် မျက်မှောက်တော်၌။ ပတ္တေန္တဿ၊ ဆုတောင်းသော ဘုရားလောင်း အား။ သမိဇ္ဈတိ၊ ပြည့်စုံ၏။ ဘဂဝတိ၊ ဘုရားသည်။ ပရိနိဗ္ဗုတေပန၊ ပရိနိဗ္ဗာန်စံပြီး သည်ရှိသော်ကား၊ စေတိယဿ၊ စေတီတော်၏ သန္တိကေဝါ၊ အထံ၌လည်းကောင်း။ ဗောဓိမူလေဝါ၊ ဗောဓိပင်၏ အနီး၌လည်းကောင်း။ ပတိမာယဝါ၊ ရုပ်ပွားဆင်းတုတော်၌ လည်းကောင်း။ ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝကာနံ၊ ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝကတို့၏။ သန္တိကေဝါ၊ အထံ၌ လည်းကောင်း။ ပတ္ထနာ၊ ဆုတောင်းခြင်းသည်။ နသမိဇ္ဈတိ၊ မပြည့်စုံ။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ အဓိကာရဿ၊ အဓိကာရ၏။ ဗလဝဘာဝတော၊ အားကြီးသည်၏ အဖြစ်ကြောင့်တည်း။ ပန၊ စင်စစ်ဧကန် အမှန်နေရာကျကား။ ဗုဒ္ဓါနံဧဝ၊ ဘုရားတို့၏သာလျှင်။ သန္တိကေ၊ အထံ၌။ပတ္ထနာ ဆုတောင်းခြင်းသည်။ သမိဇ္ဈတိ၊ ပြည့်စုံ၏။

## ဤအဋ္ဌကထာပါဌ်၌

"ဗုဒ္ဓါနံဧဝ ပန သန္တိကေ သမိဇ္ဈတိ" ဟူသော ပါဌ်လွန်ဖြင့် တစ်ပါးသော သူအားစကြာမင်း အဖြစ်ကို ပေးခြင်းအမှု၌ စကြာမင်းဖြစ်သော သူသည်သာ အစိုးရသည် ဟူသကဲ့သို့ ဘုရားဆုကို ဗျာဒိတ်ပေးခြင်း အမှု၌ သဗ္ဗညုဘုရား တို့သည်သာ အစိုးရကုန်သည်ဟူသော အနက်လွန်ကို သိအပ်သည်။ ပစ္စေကဗုဒ္ဓါ သာဝကတို့သည်အဘယ်ကြောင့် အစိုးမရကုန်သနည်းဟူမူ "ဘဗ္ဗာဘဗ္ဗကေ ဉတွာ ကမ္မဝိပါက ပရိစ္ဆေဒ ဉာဏေန ပရိစ္ဆိန္ဒိတွာ ဗျာကာတုံအသမတ္ထဘွာ" ဟူ၍ ဗုဒ္ဓဝင် အဋ္ဌကထာ၌ ဆိုခြင်းကြောင့် ပစ္စေကဗုဒ္ဓါသာဝကတို့သည် ဘုရားဖြစ်ထိုက် မဖြစ်ထိုက်ကို သိစွမ်းနိုင်သော ကမ္မဝိပါကပရိစ္ဆေဒဉာဏ်မှ ကင်းခြင်းကြောင့် သဗ္ဗညုဗျာဒိတ်ကို မပေးနိုင်ကြကုန်။ ထို့ကြောင့် သဗ္ဗညု ဗျာဒိတ်၌ အစိုးမရကုန်။

www.dhammaransi.com



"ဝိဂတာသဝဒဿနန္တိပုဒ္ဓ ပစ္စေကပုဒ္ဓ ဗုဒ္ဓသာဝကာနံ ယဿ ကဿစိ ဒဿနံ" ဟူသော အဋ္ဌကထာကို ထောက်၍ပစ္စေကဗုဒ္ဓါ သာဝကတို့ပင် သော်လည်း ဗျာဒိတ်ပေးနိုင် ကုန်၏ဟု ယူအပ်၏။

(သာဝကတို့အားကား ဆိုရန်မရှိ သိသာတော့သည်။)

ပန္နရသမပုစ္ဆာအဖြေ ပြီး၏

www.dhammaransi.com

# ၁၆။ သောဋ္ဌသမ ပုစ္ဆာအဖြေ

အရှင် သာရိပုတ္တရာ အရှင်မောဂ္ဂလန်ဟု ဆိုအပ်သော အဂ္ဂသာဝက ၂ပါး။

အရှင် အညာတကောဏ္ဍညထေရ်, ဝပ္ပထေရ်, ဘဒ္ဒိယထေရ်, မဟာနာမထေရ်, အဿဇိထေရ်, နာလကထေရ်, ယသထေရ်, ဝိမလထေရ်, သုဗာဟုထေရ်, ပုဏ္ဏဇိထေရ်, (၁၀ - ပါး)

ဂဝံပတိထေရ်, ဥရုဝေဠကဿပထေရ်, နဒီကဿပထေရ်, ဂယာကဿပ ထေရ်, မဟာကဿပထေရ်, မဟာကစ္စည်းထေရ်, မဟာကောဋ္ဌိ ထေရ်, မဟာကပ္ပိနထေရ်, မဟာစုန္ဒထေရ်, အနုရုဒ္ဓထေရ်, (၁၀-ပါး)

ကင်္ခါရေဝတထေရ်, အာနန္ဒထေရ်, နန္ဒကထေရ်, ဘဂုထေရ်, နန္ဒိယထေရ်, ကိမိလထေရ်, ဘဒ္ဒိယထေရ်, ရာဟုလာထေရ်, သီဝလိထေရ်, ဥပါလိထေရ်, (၁၀-ပါး)

ဒဗ္ဗထေရ်, ဥပသေနထေရ်, ခဒိရရေဝတထေရ်, မန္တာဏိ ပုဏ္ဏထေရ်, ယုနာပရန္တပုဏ္ဏထေရ်, ကုဋိကဏ္ဏသောဏထေရ်, ကောလိဝိသသောဏထေရ်, ရာဓထေရ်, သုဘူတိထေရ်, အင်္ဂုလိမာလထေရ်, (၁၀-ပါး)

ဝက္ကလထေရ်, ကာဠုဒါယီထေရ်, မဟာဥဒါယီထေရ်, ပိလိန္ဒဝစ္ဆထေရ်, သောဘိတထေရ်, ကုမာရကဿပထေရ်, ရဋ္ဌပါလထေရ်, ဝင်္ဂီသထေရ်, သဘိယထေရ်, သေလထေရ်, (၁၀-ပါး)

ဥပဝါနထေရ်, မေဃိယထေရ်, သာဂတထေရ်, နာဂိတထေရ်, လကုဏ္ဍကဘဒ္ဒိထေရ်, ပိဏ္ဍောလ ဘာရဒွါဇထေရ်, မဟာပန္ထကထေရ်, စူဠပန္ထကထေရ်, ဗာကုလထေရ်, ကောဏ္ဍဓာနထေရ်, (၁၀-ပါး)

ဒါရုစိရိယထေရ်, ယသောဇထေရ်, အဇိတထေရ်, တိဿမေတ္တေယျထေရ်,

www.dhammaransi.com



ပုဏ္ဏကထေရ်, မေတ္တဂူထေရ်, ဓောတကထေရ်, ဥပသိဝထေရ်, နန္ဒကထေရ်, ဟေမကထေရ်, (၁၀-ပါး)

တောဒေယျထေရ်, ကပ္ပထေရ်, ဇာတုကဏ္ဏိကထေရ်, ဘဒြာဝုဓထေရ်, ဥဒယထေရ်, မောသာလထေရ်, မောဃရာဇထေရ်, သိင်္ဂီယထေရ်, (၁၀-ပါး)

ဟူ၍ မဟာသာဝကပေါင်း ခုနစ်ကျိပ်ရှစ်ပါး။

မဟာသာဝကသည် ခုနစ်ကျိပ်ရှစ်ပါးသာ ဖြစ်လျက် "အသီတိ မဟာသာဝက" ဟူ၍ ထိုထိုအဋ္ဌကထာ ဋီကာကျမ်းတို့၌ ဆိုရိုး ပြုကြခြင်းကား ဇာတ်တော်သည် ငါးရာ့လေးဆယ်ခုနစ်ဇာတ်မျှသာ ရှိလျက် "အဍ္ဍဆက္ကာနိ ဇာတကသတာနိ-ငါးရာ့ငါးဆယ်ဇာတ်" ဟူသကဲ့သို့ အနည်းငယ်မျှ လျော့သည်ကို အရေအတွက် မပြုမူ၍ ခေါ်ရသောစကားမျိုးတည်း။ ကိလေသာသည် တစ်ထောင့်ငါးရာတစ်ဆယ် အရေအတွက်ရှိလျက် "ဒိယဍ္ဍကိလေသသဟဿ-တစ်ထောင့်ငါးရာကိလေသာ" ဟူရာ ခြောက်လနှင့် တစ်ဆယ့်ငါးရက်ကို "ဆမာသ-ခြောက်လ" ဟူရာ ခြောက်လနှင့် တစ်ဆယ့်ငါးရက်ကို "ဆမာသ-ခြောက်လ" ဟူရာများ၌ကား အနည်းငယ် လွန်သည်ကို အရေအတွက် မပြုမူ၍ ခေါ်သတည်း။

**တစ်နည်းကား**

> တထာပိ ဒွေ အဂ္ဂသာဝကာပိ မဟာသာဝကေသု အန္တော ဂဓာ။ ကေဟိ သာဝက ပါရမီ ဉာဏာဿ မတ္ထကပတ္တိယာ သာဝကေသု အဂ္ဂဓမ္မာဓိဂမေန အဂ္ဂဋ္ဌာနေ ဌိတာပိ အဘိနီဟာရမဟန္တတာ သာမညေန မဟာသာဝကာတိ ပိ ဝုစ္စန္တိ။

ဟူသောထေရဂါထာ အဋ္ဌကထာနှင့်အညီ "ဒွေ အဂ္ဂသာဝကာအသီတိ မဟာသာဝကာ" ဟူ၍ လာသော ပါဠ်များ၌ အဂ္ဂသာဝကနှစ်ပါး တို့ကို မဟာသာဝက စု၌ တစ်ဖန်ထည့်သွင်း၍ပင် ယူအပ်ကုန်၏။

(ဤမဟာသာဝကထေရ် အရေအတွက်များကို ထေရဂါထာ အဋ္ဌကထာတိက အင်္ဂုတ္တိုရ်ဋီကာ ဒွါဒသမနိပါတ် ဇာတ် ဋီကာများ၌ ဆိုသည်။ လက်ယာရံလေးကျိပ် လက်ဝဲရံလေးကျိပ်ဟူသော အပိုင်းအခြားကိုကား အဆိုမရှိ။)

ဤရှစ်ကျိပ်တို့တွင် လေးကျိပ်သုံးမျှသာ ဧကဂ္ဂုတ္တရပါဠိတော် ဧတဒဂ္ဂဝဂ်၌ ဧတဒဂ်ရအဖြစ်ဖြင့်လာသည်။ အပဒါန်အဋ္ဌကထာ၌ကား အရှင်ဥပါလိထေရ်၏ တူဖြစ်သော ဘာဂိနေယျ ဥပါလိထေရ်သည်လည်း ဝိနည်းဆောင်ဧတဒဂ်ရဟု လာ၏။ ပဒုမုတ္တရဘုရား လက်ထက်မှ လာသော ထေရ်ပေါင်း တရာ့နှစ်ကျိပ်ကျော်ရှိသည်တွင်

www.dhammaransi.com



မဟာသာဝက အချို့သာပါသည်။ ထေရဂါထာလာ ထေရ်ပေါင်းနှစ်ရာ့ခြောက်ကျိပ် ကျော် ရှိသည်တွင် မဟာသာဝကငါးကျိပ်မျှသာ ပါသည်။ အဓိမုတ္တစသော ထေရ်တို့သည်ပဒုမုတ္တရဘုရားလက်ထက် ဗျာဒိတ်ရ ဖြစ်ကုန်လျက် အသီတိသာဝကကြီး တို့၌ မဝင်ကုန်၊ ထို့ကြောင့် မဟာသာဝကအင်္ဂါကို ကမ္ဘာတစ်သိန်းထက်၌ရသော ဗျာဒိတ်ဖြင့်လည်း မှတ်ခြင်းငှာ မတတ်ကောင်း, ဧတဒဂ်ဖြင့်လည်း မှတ်ခြင်းငှာ မတတ်ကောင်းရကား အဋ္ဌကထာဆရာမြတ်တို့ကို ယုံကြည်သော အားဖြင့်သာ မှတ်အပ်ကုန်၏။ အသာဓာရဏဖြစ်သော အင်္ဂါလက္ခဏာကို မရှာအပ်ထိုစကားမှန်၏။

ထေရဂါထာအဋ္ဌကထာ၌

ဣတရေ ပန ပကတိသာဝကေဟိ သာတိသယံ မဟာတိနီဟာရာ တတာဟိတေ ပဒုမုတ္တရဿ ဘဂဝတော ကာလေ ကတမဏိဓာနာ၊ တတော ဧဝ သာတိသယံ အဘိညာသမာ ပတ္တိသု ဝသိနောပဘိန္နပဋိသမ္ဘိဒါစ။ အဘိနီဟာရ မဟန္တတာ ပုဗ္ဗယောဂမဟန္တတာ ဟိ အတ္တသန္တနေ သာတိသယဂုဏဝိသေသဿ နိပ္ဖါဒိတတ္တာ သီလာဒိဂုဏေဟိ မဟန္တာ သာဝကာတိ မဟာသာဝကာ။

စသည်ဖြင့် ပဒုမုတ္တရ ဘုရားလက်ထက်မှ အလိနိဟာရကိုပြု၍ လာကြ ကုန်သည်ဖြစ်၍ အဘိနီဟာရကြီးမြတ်သည်၏ အဖြစ်, ပုဗ္ဗယောဂကြီးမြတ်သည်၏ အဖြစ်တည်းဟူသော နှစ်ပါးသော ကြီးမြတ်ကြောင်း တို့ကြောင့် လွန်ကဲသော ပဋိသမ္ဘိဒါ အဘိညာဏ် သမာပတ် တည်းဟူသော ဂုဏ်ထူးဝိသေသကြောင့် မဟာသာဝက မည်ကြောင်း, ထိုအတူ ထိုမဟာသာဝကတို့ ထက်ပင် လွန်ကဲ၍ သာဝက ပါမီဉာဏ်၏ အထွဋ်သို့ရောက်ခြင်းကြောင့်အဂ္ဂသာဝကမည်ကြောင်းကိုလာသည်။

(ထိုသို့လာရာ၌လည်း အဓိကာရကို ပြုစဉ်အခါ ကာလကပင်အဆောက် အအုံသမ္ဘာရ ကြီးကျယ် ပြန့်ပြောသည်၏ အဖြစ်, ဤအဂ္ဂသာဝကမဟာသာဝက တို့၏ သရုပ်အရေအတွက်နှင့် တကွ ဂုဏ်သတ္တိအကြောင်း နိမိတ်များကို ထေရဂါထာ အဋ္ဌကထာ ပကိဏ္ဏကဝိနိစ္ဆယမှာယူလေ။)

ဤရှစ်ကျိပ်မှ ကြွင်းသော အလုံးစုံသော ရဟန်းယောကျ်ား သာမဏေ ယောကျ်ား ဟူသမျှကို ပကတိသာဝကဟု မှတ်အပ်၏။

ထေရီအပေါင်းတို့တွင် ပညာ ဧတဒဂ်ရသော ခေမာထေရီ, တန်ခိုး ဧတဒဂ်ရသော ဥပ္ပလဝဏ် ထေရီနှစ်ဦးသည် အဂ္ဂသာဝိကာ မည်၏။

ရတ္တညု ဧတဒဂ်ရသော မဟာပဇာပတိဂေါတမီထေရီ, မဟာဘိညပတ္တဧတဒဂ် ရသော ဘဒ္ဒကစ္စာန ဗိမ္ဗာယသောဓရာထေရီ, ဓမ္မကထိက ဧတဒဂ်ရသော ဓမ္မဒိန္နာထေရီ စသော ဧတဒဂ်ရ တစ်ကျိပ်ကျော်မျှသော ထေရီတို့ သည် မဟာသာဝိကာ မည်ကုန်၏။

www.dhammaransi.com



ထိုမှကြွင်းသော ဘိက္ခုနီ သာမဏေရီ သိက္ခမာန်တို့သည် ပကတိသာဝိကာ မည်ကုန်၏

ထေရီဂါထာ အဋ္ဌကထာ၌ပင် အဂ္ဂသာဝိကာ, မဟာသာဝိကာ, ပကတိ သာဝိကာ သုံးပါးရှိကြောင်းကို ဆိုပြီးလျှင် အဂ္ဂသာဝိကာထေရီနှစ်ဦးကိုသာ သရုပ်အားဖြင့် ဆိုသည်၊ မဟာသာဝိကာ, ပကတိသာဝိကာတို့ကို သရုပ်အရေအတွက် အပိုင်းအခြားနှင့် မြွက်၍မလာပြီ၊ ဤဆိုအပ်ခဲ့ပြီးသော အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက, အဂ္ဂသာဝိကာ, မဟာသာဝိကာ, ပကတိသာဝိကာဟု ဆိုအပ်ကုန် သော ခြောက်ဦးသော ဘိက္ခု ဘိက္ခုနီ သာမဏေရ သာမဏေရီ သိက္ခမာန်တို့ကို ချန်လှပ်၍ ကြွင်းသော အလွတ်ဖြစ်သော မဂ်ဖိုလ်ရကြကုန်သော လူနတ်ပြဟ္မာတို့တွင် မြတ်စွာဘုရားတို့၏ ခမည်းတော် မယ်တော်များသည် မဟာသာဝကတို့ကဲ့သို့ ကမ္ဘာတစ်သိန်းပင်လာသည်။

အလုံးစုံတို့၏ ရှေးဦးစွာ သရဏဂုမ်သည်ခြင်း၌ ဧတဒဂ် ရကုန်သော တပုဿ ဘလ္လိကညီနောင်, ပေးလှူခြင်း၌ ဧတဒဂ် ရကုန်သော အနာထပိဏ်သေဌေး, တရားဟောပြောခြင်း၌ ဧတဒဂ်ရသော စိတ္တသူကြွယ်, သင်္ဂဟ ဝတ္ထုလေးပါးတို့ဖြင့် ပရိသတ်ကို ချီးမြှောက်ခြင်း၌ ဧတဒဂ်ရသော ဟတ္ထာဠဝကသီတင်းသည်, မွန်မွန်မြတ်မြတ်ကို ပေးလှူခြင်း၌ ဧတဒဂ်ရသော မဟာနာမ် သာကီဝင်, နှစ်လိုဖွယ်ရှိသော ဝတ္ထုကို ပေးလှူခြင်း သံဃာကို လုပ်ကျွေးခြင်း၌ ဧတဒဂ်ရသော ဥဂ္ဂသူကြွယ်, မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၌ ဧတဒဂ်ရသော သူရဗန္ဓ, ပုဂ္ဂိုလ်ကို ကြည်ညိုခြင်း၌ ဧတဒဂ်ရသော ဆရာဇီဝက, ဘုရားနှင့် အကျွမ်းဝင်ခြင်း၌ ဧတဒဂ်ရသော နကုလပိတာ, (ဥပါသကာတစ်ကျိပ်)

ရှေးဦးစွာ သရဏဂုဏ် တည်ခြင်း၌ ဧတဒဂ်ရသော သေဌေးသမီး သုဇာတာ, ပေးလှူခြင်း၌ ဧတဒဂ်ရသော ဝိသာခါ, ဗဟုဿုတအရာ၌ ဧတဒဂ်ရသော ခုဇ္ဇုတ္တရာ, မေတ္တရာ, မေတ္တာစျာန်ဝင်စားခြင်း၌ ဧတဒဂ်ရသော သာမာဝတီ, ဈာန်ရှုခြင်း၌ ဧတဒဂ်ရသော ဥတ္တရာ, မွန်မွန်မြတ်မြတ်ပေးလှူခြင်း၌ ဧတဒဂ်ရသောသုပ္ပိယာ, မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၌ ဧတဒဂ်ရသော ကာတိယာနီ, ဘုရားနှင့် အကျွမ်းဝင်ခြင်း၌ ဧတဒဂ်ရသော နကုလမာတာ, အဆင့်ကြားရုံနှင့် မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၌ ဧတဒဂ်ရသော ကာဠီ, (ဥပါသိကာမတစ်ကျိပ်)

ဤဆိုအပ်ခဲ့ပြီးသော ဥပါသကာတစ်ကျိပ် ဥပါသိကာမတစ်ကျိပ်တို့သည် ကမ္ဘာတစ်သိန်းထက် ပွင့်သော ပဒုမုတ္တရ ဘုရားထံမှ ဆုတောင်းပတ္ထနာကို ပြု၍ လာကြကုန်သည်။ ။တပုဿဘလ္လိက ညီနောင်နှစ်ယောက်တွင် ဘလ္လိကသည်ကား ရဟန်းပြု၍ ပရိနိဗ္ဗာန်စံသည်၊ ရဟန်းမပြုမီ ဧတဒဂ်ရခြင်းကြောင့် ဥပါသကာ ဧတဒဂ်၌ သွင်း၍ ဟောတော်မူသည်ဟု ယူရန်ရှိ၏။ တပုဿကား ဂိဟိ သောတာပန်ပင်။

www.dhammaransi.com



[ထိုအကြောင်းကို ဘလ္လိကထေရဂါထာ အဋ္ဌကထာတွင်ယူ]

ထို့အတူ မဂ်ဖိုလ်ကိုရကြကုန်သော ဗိမ္ဗိသာရမင်း ဝိသာခါ သေဋ္ဌေးအစရှိသော အလုံးစုံသော လူ, သိကြား အစရှိသော အလုံးစုံသော နတ်, အလုံးစုံသော ဗြဟ္မာတို့သည်လည်း သာဝကတို့ကဲ့သို့ပင် ထိုက်သည်အားလျော်စွာ ပါရမီကာလကို ပြည့်စုံစေ၍သာ အကျွတ်ရကြကုန်သည်ဟု မှတ်အပ်၏။

**ထောက်ချင့်ရန်ကား အလောင်းတော် သုမေဓာ၏**
**ဗျာဒိတ်ခံရာ အခန်း၌**

ယဒိမဿလောကနာထဿ၊ ဝိရဇ္ဈိဿမသာသနံ။
အနာဂတမှိ အဒ္ဓါနေ၊ ဟေဿမ သမ္မုခါ ဣမံ။
ယထာမနုဿာနဒိံ တရန္တာ၊ ပဋိတိတ္ထံဝိရဇ္ဈိယ။
ဟေဋ္ဌာ တိတ္ထံ ဂဟေတွာန၊ ဥတ္တရန္တိ မဟာနဒိံ။
ဧဝမေဝ မယံ သဗ္ဗေ၊ ယဒိ မုဉ္စာမိမံ ဇိနံ။
အနာဂတမှိ အဒ္ဓါနေ၊ ဟေဿမ သမ္မုခါ ဣမံ။

ဟူ၍ ဗုဒ္ဓဝင်ပါဠိတော်၌ လာသည်။

မယံ၊ တစ်သောင်းသော စကြာဝဠာမှ စည်းဝေးလာကြကုန်သော နတ်လူဗြဟ္မာအပေါင်းတို့သည်။ ဣမဿလောကနာထဿ၊ ဤဒီပင်္ကရာ မြတ်စွာဘုရား၏။ သာသနံ၊ သာသနာတော်ကို။ ယဒိဝိရဇ္ဈိဿာမ၊ အကယ်၍ အခန့်မတော် ချော်ခဲ့ကြကုန်အံ့။ အနာဂတမှိအဒ္ဓါနေ၊ နောင်သောအခါ၌ ကမ္ဘာတစ်သိန်း အလွန်ရှိသော လေးအသင်္ချေတိုင် ရောက်ရာကာလ၌။ ဣမံ ဣမဿ၊ ဤအရှင်သုမေဓာဖြစ်သော ဂေါတမဘုရား၏။ သမ္မုခါ၊ မျက်မှောက်၌။ ဟေဿာမ၊ အကျွတ်ရထွေ ဖြစ်ကြရပေကုန်သောအံ့။

**[ဣမန္တိဣမဿ။ သာမိအတ္ထေ ပစ္စတ္တဝစနံ။ ဗုဒ္ဓဝင်အဋ္ဌကထာ]**

နဒိံ မြစ်ကြီးကို။ တရန္တာ၊ ဖီလာကူးကြကုန်သော။ မနုဿာ၊ လူတို့သည်။ ပဋိတိတ္ထံ၊ ရှေးရှုမျှော်တန်းမှန်းရာ ဖြစ်သော ဆိပ်ကမ်းကို။ ဝိရဇ္ဈိယ၊ ချော်ချွတ် တိမ်းလွဲကြကုန်သည်ရှိသော်။ ဟေဋ္ဌာတိတ္ထံ၊ အောက်ဆိပ်ကမ်းကို။ ဂဟေတွာန၊ ယူကုန်၍။ မဟာနဒိံ၊ မြစ်ကြီးကို။ ဥတ္တရန္တိယထာ၊ ကူးကြရကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ မယံ၊ ငါတို့သည်။ ဣမံဇိနံ၊ ဤဒီပင်္ကရာ ဘုရားကို။ ယဒိမုဉ္စာမ၊ အကယ်၍လွတ်ကြကုန်သည်ဖြစ်အံ့။ အနာဂတမှိအဒ္ဓါနေ၊ နောင်သောအခါ၊ ကမ္ဘာတစ်သိန်း အလွန်ရှိသော လေးသင်္ချေတိုင် ရောက်ရာကာလ၌။ ဣမံဣမဿ၊ ဤအရှင်သုမေဓာဖြစ်သော ဂေါတမဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်၌။ ဟေဿာမ၊ ဖြစ်ကြရပေကုန်တော့အံ့။

www.dhammaransi.com



(ပါဠိတော်အနက်)

## ပါဠိဇာတ် အဋ္ဌကထာ ဇာတတ္တကီ နိဒါန်းကျမ်း၌လည်း

မဟာဇနော ဒီပင်္ကရဒသဗလဿ ဝစနံ သုတွာ သုမေဓတာပသော ကိရ ဗုဒ္ဓင်္ကုရောတိ ဟဋ္ဌတုဋ္ဌော အဟောသိ။ ယထာနာမ ပုရိသော နဒိံ တရန္တော ဥဇုကေန ဥတ္တရိတုံ အသက္ကောန္တော ဟေဋ္ဌာတိတ္ထေ ဥတ္တရတိ။ ဧဝမေဝ မယံ ဒီပင်္ကရဒသဗလဿ သာသနေ မဂ္ဂဖလံ အလဘမာနာ အနာဂတေ ယဒါ တွံ ဗုဒ္ဓေါ ဘဝိဿသိ။ တဒါ တဝ သမ္မုခါ မဂ္ဂဖလံ သစ္ဆိကာတုံ သမတ္ထာ ဘဝေယျာမာတိ ပတ္ထနံ ပတ္ထယိံသု။

မဟာဇနော၊ လူနတ်ပြဟ္မာ များစွာသော သူအပေါင်းသည်။ ဒီပင်္ကရ ဒသဗလဿ၊ ဒီပင်္ကရာဘုရား၏။ ဝစနံ၊ ဗျာဒိတ်စကားကို။ သုတွာ၊ ကြားကြ၍။ သုမေဓတာပသော၊ သုမေဓာရသေ့သည်။ ဗုဒ္ဓဗီဇံကိရ၊ ဘုရားမျိုးစေ့ဖြစ်သတတ်။ ဣတိ၊ ဤသို့။ ဟဋ္ဌတုဋ္ဌော၊ ရွှင်လန်းနှစ်သက်သည်။ အဟောသိ၊ ဖြစ်ပြီ။ ပုရိသော၊ ယောကျ်ားသည်။ နဒိံ၊ မြစ်ကို။ တရန္တော၊ ကူးသည်ရှိသော်။ ဥဇုကေန၊ ဖြောင့်ဖြောင့်သော။ တိတ္ထေန၊ ဆိပ်ကမ်းဖြင့်။ ဥတ္တရိတုံ၊ ကမ်းသို့တက်ခြင်းငှာ။ အသက္ကောန္တော၊ မတတ်နိုင်သည်ရှိသော်။ ဟေဋ္ဌာတိတ္ထေန၊ အောက်ဆိပ်ဖြင့်။ ဥတ္တရတိယထာနာမ၊ ကူးတတ်ရသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ မယံ၊ ငါတို့သည်။ ဒီပင်္ကရ ဒသဗလဿ၊ ဒီပင်္ကရာဘုရား၏။ သာသနေ၊ သာသနာတော်တွင်း၌။ မဂ္ဂဖလံ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို။ အလဘမာနာ၊ မရလိုက်ကြကုန်သည်ရှိသော်။ အနာဂတေ၊ နောင်ကာလ၌။ ယဒါ၊ အကြင်အခါ၌။ တွံ၊ သင် အရှင်သုမေဓာသည်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်ပေလတ္တံ့။ တဒါ၊ ထိုအခါ၌။ တဝ၊ သင်၏။ သမ္မုခါ၊ မျက်မှောက်၌။ မဂ္ဂဖလံ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို။ သစ္ဆိကာတုံ၊ မျက်မှောက်ပြုခြင်းငှာ။ သမတ္ထာ၊ စွမ်းနိုင်ကုန်သည်။ ဘဝေယျမ ဖြစ်ကြရပေကုန်တော့အံ့။ ဝါ၊ ဖြစ်ကြရပါကုန်၏။ ဣတိ၊ ဤသို့။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ ပတ္ထယိံသု၊ တောင်းကြကုန်ပြီ။

[အဋ္ဌကထာအနက်]

ဤသို့ "ဟေဿမ သမ္မုခါ ဣမံ" ဟူ၍လည်းကောင်း, "တဒါတဝ သမ္မုခါမဂ္ဂဖလံ သစ္ဆိကာတုံ သမတ္ထာ ဘဝေယျာမ" ဟူ၍ လည်းကောင်း, ဆုတောင်း အာသာ ပတ္ထနာ ဝသေသကို ပြုကြကုန်သော လောကဓာတ်တစ်သောင်းနေ လူနတ် ပြဟ္မာတို့သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်အောင် လာကြ၍ ငါတို့ ဘုရားလက်ထက်၌ ပဗ္ဗဇိတ အဖြစ်ဖြင့် ကျွတ်ကြကုန်သည်လည်း များစွာပင် ရှိကုန်ရာသည်။ ပကတိသော လူနတ်ပြဟ္မာ အဖြစ်ဖြင့် ကျွတ်ကြကုန်သည်လည်း များစွာ ပင်ရှိကုန်ရာသည်။

www.dhammaransi.com



ထို့ကြောင့် ထေရဂါထာ အဋ္ဌကထာ၌-

> ဧဝံ ဝိဝဋ္ဋူ ဥဒ္ဒိဿ ဥပ္ပါဒိတကုသလစိတ္တံ သတသဟဿာဓိက စတုအသင်္ချေယျ ကာလန္တရေပိ ဝိမောက္ခာဓိဂမဿ ဥပနိဿယော န ဟောတီတိ န သက္ကာ ဝတ္တုံ။

ဟူ၍ မိန့်ပြီ။

ဧဝံ၊ ဤသို့ "အနာဂတမှိအဒ္ဓါနေ၊ ဟေဿာမ သမ္ဗုဒ္ဓါ ဣမံ" ဟူသော အခြင်းအရာအားဖြင့်။ ဝိဝဋ္ဋူ၊ ဝဋ်မှထွက်မြောက်ခြင်းကို။ ဥဒ္ဒိဿ၊ ရည်သန်၍။ ဥပ္ပါဒိတကုသလစိတ္တံ၊ ဖြစ်စေအပ်သော ကုသိုလ် စိတ်သည်။ သတသဟဿာဓိက စတုအသင်္ချေယျ ကာလန္တရေပိ၊ ကမ္ဘာတစ်သိန်းလွန်သော လေးသင်္ချေ အရေအတွက် ရှိသော နောက်ကာလ တစ်ပါး၌လည်း။ ဝိမောက္ခာဓိဂမဿ၊ မဂ်ဉာဏ်ကို ရခြင်း၏။ ဥပနိဿယော၊ ဥပနိဿယသည်။ နဟောတီတိ၊ မဖြစ်ဟူ၍၊ ဝတ္တုံ၊ ဆိုခြင်းငှာ၊ နသက္ကာ၊ မတတ်ကောင်းပေ။

မဟာပဒါနသုတ် ဋီကာ၌လည်း-

> ယသ္မာ စ ဗုဒ္ဓါနံ ဒေသနာ နာမ ဒေသနာယ ဘာဇနဘူတာနံ ပုဂ္ဂလာနံ ဉာဏဗလာနုရူပါ၊ န အတ္တနော ဉာဏဗလာနုရူပါ၊ တသ္မာ တတ္ထ အဂ္ဂသာဝကာနံ မဟာသာဝကာနံ တာဒိသာနဉ္စ ဒေဝဗြဟ္မာနံ ဝသေန ဒေသနာ ဝိတ္ထာရိတာ၊ ဣဓ ပန ပကတိသာဝကာနံ တာဒိသာနဉ္စ ဒေဝတာနံ ပုဗ္ဗေနိဝါသံ ကလေန္တော သတ္တန္နံဧဝ ဗုဒ္ဓါနံ ပုံဗ္ဗေနံဝါသံ ကထေသိ။

ဟူ၍လာသည်။

ယသ္မာစ၊ အကြင်ကြောင့်လည်း။ ဗုဒ္ဓါနံ၊ ဘုရားတို့၏။ ဒေသနာနာမ၊ ဒေသနာမည်သည်။ ဒေသနာယ၊ ဒေသနာ၏။ ဘာဇနဘူတာနံ၊ တည်ရာဖြစ်၍ ကုန်သော၊ ပုဂ္ဂလာနံ ပုဂ္ဂိုလ်တို့၏။ ဉာဏဗလာနုရူပါ၊ ဉာဏ်စွမ်းအားလျော်၏။ အတ္တနော၊ ကိုယ်တော်၏။ ဉာဏဗလာနုရူပါ၊ သဗ္ဗညုတဉာဏ်တော် စွမ်းအား လျော်သည်၊ နဟောတိ မဖြစ်။

(သုတ္တန် ဒေသနာကိုသာ ရည်သည်)

တသ္မာ၊ ထို့ကြောင့်။ တတ္ထ၊ ထိုဗုဒ္ဓဝင် ဒေသနာ၌။ အဂ္ဂသာဝကာနံ၊ အဂ္ဂသာဝက တို့၏ လည်းကောင်း။ မဟာသာဝကာနဉ္စ၊ မဟာသာဝက တို့၏ လည်းကောင်း။ တာဒိသာနံ၊ ထိုအဂ္ဂသာဝက မဟာသာဝက တို့နှင့်တူသော ပါရမီ

www.dhammaransi.com



သမ္ဘာရကာလရှိန်သော။ ဒေဝဗြဟ္မာနဉ္စ၊ နတ်ဗြဟ္မာတို့ဒလည်းကောင်း။ ဝသေန၊ အစွမ်းဖြင့်။ ဃောနာ၊ ဗုဒ္ဓဝံသဃောနာကို။ ဝိတ္ထာရိတာ၊ ဒီပင်္ကရာဘုရားမှစ၍ အကျယ် ဟောအပ်ဒ။ ဣဓပေန၊ ဤမဟာပဒါနသုတ်၌ကား။ ပကတိသာဝကာနဉ္စ၊ ပကတိသာဝက တို့၏လည်းကောင်း။ တာဒိသာနံ၊ ထိုပကတိသာဝကတို့နှင့် တူသော ပါရမီသမ္ဘာရကာလရှိကုန်သော။ ဒေဝတာနဉ္စ၊ နတ်ဗြဟ္မာတို့၏လည်းကောင်း။ ဝသေန၊ အစွမ်းဖြင့်။ ပုဗ္ဗေနိဝါသံ၊ ပုဗ္ဗေနိဝါသကို။ ကထေန္တော၊ ဟောတော်မူသည် ရှိသော်။ သတ္တန္နံ ဧဝ ဗုဒ္ဓါနံ၊ ဝိပဿီ စသော ခုနစ်ဆူသော ဘုရားတို့ဿသာလျှင်။ ပုဗ္ဗေနိဝါသံ၊ ပုဗ္ဗေနိဝါသကို။ ကထေသိ၊ ဟောတော်မူသတည်း။

ဗုဒ္ဓဝင်ပါဠိတော်၌ ဒီပင်္ကရာ ဘုရားမှစ၍ ဟောတော်မူသည် ဤသုတ်၌ ဝိပဿီဘုရားမှစ၍ဟောသည်၊ အကြောင်းကား ဗုဒ္ဓဝင်ကို နာခံသော ပရိသတ်တို့သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက် ဒီပင်္ကရာဘုရားသာသနာမှစ၍ ပါရမီဖြည့်၍ လာကြကုန်သော အဂ္ဂသာဝက မဟာသာဝက နတ်ဗြဟ္မာတို့သည်သာ များကုန်၏၊ ထို့ကြောင့်ထိုပုဂ္ဂိုလ်တို့ အားလျော်စွာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက် ပွင့်သော ဒီပင်္ကရာဘုရားမှစ၍ ကဿပဘုရားတိုင် နှစ်ကျိပ်ငါးဆူသော ဘုရားတို့၏ ဗုဒ္ဓဝံသကိုဟောတော်မူသည်၊ ဤမဟာပဒါနသုတ်ကို နာခံကုန်သော ပရိသတ်တို့သည် ကား ကိုးဆယ့်တစ်ကမ္ဘာထက် ဝိပဿီဘုရားသာသနာမှစ၍ ပါရမီဖြည့်၍ လာကြကုန် သော ပကတိသာဝက နတ်ဗြဟ္မာတို့သည်သာ များကုန်သည်၊ ထို့ကြောင့် ထိုပုဂ္ဂိုလ် တို့အားလျော်စွာ ကိုးဆယ့်တစ်ကမ္ဘာထက် ပွင့်သော ဝိပဿီဘုရားမှ စ၍ ကဿပဘုရားတိုင် ခုနစ်ဆူသော ဘုရားတို့ဒဗုဒ္ဓဝံသနှင့် စပ်သော ပုဗ္ဗေနိဝါသကို ဟောတော်မူသည်ဟူလို။

ဤသို့သော အရာများကို ထောက်၍ ဒီပင်္ကရာ ဘုရားသာသနာမှ ဆုတောင်း ပတ္ထနာကိုပြု၍ လာကုန်သော လူနတ်ဗြဟ္မာတို့သည်လည်းများစွာပင် ရှိကုန်ရာ၏။ ပကတိသော လူအဖြစ်, နတ်အဖြစ်, ဗြဟ္မာအဖြစ်ဖြင့် ကျွတ်ကြကုန်သည်လည်း များစွာပင် ရှိကြကုန်ရာသည်။ ။ ထိုကြောင့် ပစ္စေကဗုဒ္ဓဇိတသာဝကဒအဖြစ်ဖြင့် ကျွတ်လိုကုန်သော သူတို့အားလည်း ပါရမီကာလကို ပိုမို၍ ဖြည့်ရခြင်းမရှိ၊ ပကတိ သော လူ နတ် ဗြဟ္မာ၏ အဖြစ်ဖြင့် ကျွတ်လိုကုန်သော သူတို့အားလည်း ပါရမီကာလ ကို ယုတ်လျော့၍ ဖြည့်ရခြင်းမရှိ၊ ပစ္စေကဗုဒ္ဓဇိတ အပစ္စေကဗုဒ္ဓဇိတ နှစ်ဦးတို့အားပင် ဆိုအပ်ခဲ့ပြီး သော နှစ်ခု သုံးခုသော ဗုဒ္ဓန္တရ ကာလကိုသာ အယုတ်ဆုံးထား၍ ပါရမီကာလကို ပိုင်းခြားသင့်သည်ဟု မှတ်အပ်၏။ ။ အထူးကား ဗောဓိဘိက္ခု ပစ္စေကဗုဒ္ဓဇိတအဖြစ်ဖြင့် ကျွတ်လိုကုန်သော ယောကျ်ားတို့သည် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝက သီလဝန္တ ကလျာဏပုထုဇ္ဇဉ် စေတီပေမိတို့အား ပရိက္ခရာရှစ်ပါးကိုသော် လည်းကောင်း၊

www.dhammaransi.com



တိစိဝရိက် သင်္ကန်းမျှကိုသော် လည်းကောင်းလှူ၍ ငါ၏ ကုသိုလ်သည် နောင်အခါ ဗောဓိပက္ခ်ဖြစ်ခြင်း၏ အထောက်အပံ့ဖြစ်စေသောဟု ဆုတောင်း၍ လာကုန်သည် ရှိသော် ဗောဓိပက္ခ် ရဟန်း၏ အဖြစ်ကို ရတတ်ကုန်၏။

ထို့ကြောင့် သုတ်မဟာဝါ မဟာပဒါနသုတ်အဖွင့် အဋ္ဌကထာ၌-

ဘဂဝါ ကိရ တေသံ ဣဒ္ဓိမယပတ္တ စီဝရဿူပနိဿယံ ဩလော- ကေန္တော အနေကာသု ဇာတိသု စီဝရဒါနာဒီနိ ဒိသွာ ဧထ ဘိက္ခဝေ ဝါတိ အာဒိမာဟ။

ဟုမိန့်အပ်ပြီ။

ဎင်းအဖွင့်ဋီကာ၌လည်း-

စီဝရာဒီနိ တိစီဝရာဒီ အဋ္ဌပရိက္ခာဒါနံ သန္ဓာယာဟ၊ ယောဟိ စီဝရာဒိကေ အဋ္ဌပရိက္ခာရေ ပတ္တစီဝရမေဝ ဝါ သောတာ ပန္နာဒိ အရိယဿ ပုထုဇ္ဇနဿေဝ ဝါ သီလသမ္ပန္နဿ ဒတွာ ဣဒံ ပရိက္ခာရဒါနံ အနာဂတေ ဧဟိဘိက္ခုဘာဝါယ ပစ္စယော ဟောတူတိ ပတ္ထနံ ပတ္ထပေသိ၊ တဿစ သတိ အဓိကာရသမ္ပတ္တိယံ ဗုဒ္ဓါနံ သမ္မုခ် ဘာဝေ ဣဒ္ဓိမယပရိက္ခာလာဘာယ သံဝတ္တီတိ ဝေဒိတဗ္ဗံ။

ဟုမိန့်အပ်ပြီ။

မာတုဂါမတို့အား ဧဟိဘိက္ခု အဖြစ်ကို မရထိုက်ကြောင်းကိုကား ထေရီဂါထာ အဋ္ဌကထာ သာရတ္ထဒီပနီဋီကာများ၌ အကျယ်ပင်ဆိုပြီ။)

ထိုအဋ္ဌကထာဋီကာတို့၌ မာတုဂါမတို့အား ဧဟိဘိက္ခု ရဟန်းအဖြစ်ကို မရထိုက်ဟူပြောသော်လည်း အဆုံးဘဝတိုင်အောင် မာတုဂါမ အဖြစ်ဖြင့်သွား၍ မာတုဂါမအဖြစ်ဖြင့်သာ ပရိနိဗ္ဗာန်စံသော သူကိုသာ ဆိုရင်းမှတ်ရမည်၊ ထိုကဲ့သို့သွား၍ ပရိနိဗ္ဗာန်စံသော မာတုဂါမတို့အားကား သင်္ကန်းလှူရခြင်းကုသိုလ်သည် ဝိသာခါ မလ္လိကာတို့ကဲ့သို့ မဟာလတာ တန်ဆာကို ဝတ်ဆင်ရခြင်းလျှင် လွန်သော အကျိုးရှိ၏၊ ထိုထက် မလွန်နိုင်။ ။ အကြင် မာတုဂါမသည် မိန်းမ၏အဖြစ်၌ တပ်ခြင် နိကန္တိကို စွန့်၍ ယောကျ်ားအဖြစ်ကို နှစ်သက်မြတ်နိုး၍ ယောကျ်ားအဖြစ်နှင့်တကွ ဧဟိဘိက္ခုရဟန်းအဖြစ်ကို တောင့်တ၍ ပရိက္ခရာရှစ်ပါးကို လှူ၏၊ ထိုမာတုဂါမသည် ယောကျ်ားအဖြစ်ကို ရ၍ ဧဟိဘိက္ခုရဟန်းအဖြစ်ကို ရသင့်တော့သည်သာဟု မှတ်အပ်၏။

www.dhammaransi.com



အချို့သော သူတို့ကား-

နှ ဟိ တာသံ သဗ္ဗာသံ တသ္မိံ ဘဝေ ပဝတ္တေ ပုရိသိန္ဒြိယံ န ဥပ္ပဇ္ဇိဿတိ၊ လိင်္ဂပရိဝတ္တနသဗ္ဘာဝါ။

ဟူသော အာယတနယမိုက် မူလဋီကာ ဝါကျတစ်စိတ်၏ အဓိပ္ပါယတ္ထကို မသင့်သောအားဖြင့် ယူ၍ အဆုံးဘဝသို့ ရောက်ကုန်သော မာတုဂါမတို့သည် ဣတ္ထိဘာဝဖြင့် ပရိနိဗ္ဗာန်မယူကြကုန်၊ ပုရိသဘာဝသို့ ပြောင်းရွှေ့လဲလှယ်၍သာ ပရိနိဗ္ဗာန်စံကြကုန်၏၊ ထိုသို့ဖြစ်ခြင်းသည် ခပ်သိမ်းသော ပစ္ဆိမဘဝိက မာတုဂါမတို့အား အမြဲဓမ္မတာပေဟူ၍ မှတ်ယူ ပြောဆိုကြကုန်သတတ်။

ဟိ၊ ထိုစကားမှန်၏။ သဗ္ဗာသံ၊ အလုံးစုံကုန်သော။ တာသံ၊ ထိုပစ္ဆိမဘဝိက ဖြစ်သော မိန်းမတို့အား။ တသ္မိံဘဝေ၊ ထိုအဆုံးဘဝ၌။ ပဝတ္တေ၊ ပဝတ္တိကာလ၌။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေသည်။ နဥပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့သည်ကား။ နှ၊ မဟုတ်။ ဥပ္ပဇ္ဇိဿတိ ဧဝ၊ ဧကန်စင်စစ် ဖြစ်လတ္တံ့သည် သာတည်း။ ကသ္မာ၊ အဘယ်ကြောင့် နည်း ဟူမူကား။ လင်္ဂပရိဝတ္တနသဗ္ဘာဝါ၊ လိင်ပြန်ခြင်းသဘော၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်တည်း။

(ဋီကာအနက်။)

ထိုသူတို့၏ အယူသည် ထိုဝါကျ၏ ရှေး၌တည်သော-

ယာ စ ဣတ္ထိယော ဧတေနေဝ ဘာဝေန ကတိစိဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ၊ တာသံ ဥပပဇ္ဇန္တီနံ၊ တာသံ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ နော စ တာသံ ပုရိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ။

ဟူသော ဣန္ဒြိယ ယမိုက်ပါဠိတော်တစ်စိတ်။

ဘဝန္တရေဟိ တဿ တဿ အာယတနဿ ဥပ္ပတ္တိ ယော အာဒိဥပ္ပါဒေါ ပဋိသန္ဓိယံ ပဝတ္တေ စ ဘဝိဿတိ၊ သော အနာဂတုပ္ပါဒေါ တဗ္ဘာဝေ န ဝုစ္စတိ၊ အဒ္ဓါပစ္စုပ္ပန္နာနန္တောဂဓတ္တာ။

ဟူသော ဋီကာ ရှေ့ဝါကျစကားများကို နေရာတကျ မမြင်နိုင်သော သူတို့မိစ္ဆာအယူသာတည်း။

ထို့ကြောင့် ဋီကာပါဌ်၌ ထိုပစ္ဆိမဘဝိက ဖြစ်ကုန်သော မိန်းမတို့သည် ဣတ္ထိယဘာဝဖြင့်သာ ပရိနိဗ္ဗာန်စံခြင်း မမြဲကုန်၊ ပဝတ္တအခါ အားကြီးသော အကုသိုလ်ကံကြောင့် မိန်းမအဖြစ်မှ ယောကျ်ားအဖြစ်သို့ ရောက်ရခြင်း, အားကြီးသော

www.dhammaransi.com



ကုသိုလ်ကံကြောင့် မိန်းမအဖြစ်မှ ယောကျ်ားအဖြစ်သို့ ရောက်ရခြင်းလည်း ဟူသော လိင်ပြန်ခြင်း သဘော၏ လောကဓာတ်၌ ထင်ရှားရှိလေသောကြောင့် ပဝတ္တိအခါ ယောကျ်ားဖြစ်ထိုက်သော အားကြီးသော ကုသိုလ်ကံ ရှိသော တစ်စုံတစ်ယောက်သော ပစ္ဆိမဘဝိက မိန်းမအား လိင်ပြန်ခြင်းသည် ဧကန္တ ဖြစ်ရမည်ပင်။ ။ ဤသို့သော အဓိပ္ပါယ်ကိုသာ မှတ်ယူအပ်၏။

(အကျယ်ကို သမာသိအဖွင့် နိရုတ္တိမဉ္ဇူသာမျှမ်းမှာ ယူလေ။)

ဤပုစ္ဆာ၌ "ဗုဒ္ဓသာဝကာဝိယ ဒေဝ မနုဿဗြဟ္မာ" ဟူသော ပဌ်ဖြင့် အရိယာ ဖြစ်သော ဘိက္ခုနီ သိက္ခမာန် သာမဏေရ သာမဏေရီ ဟူသော သီတင်းသုံးဖော် ငါးဦးတို့သည်သာလျှင် မုချအားဖြင့် ဗုဒ္ဓသာဝက အရိယာသာဝက မည်ကုန်၏။ ပုထုဇ္ဇဉ်ဖြစ်သော ဘိက္ခု ဘိက္ခုနီ သိက္ခမာန် သာမဏေရ သာမဏေရီ ဂဟဋ္ဌဖြစ်သော လူ နတ် ဗြဟ္မာ အရိယာ ဖြစ်သော လူ နတ် ဗြဟ္မာ တို့သည်ကား ပရိယာယ် အားဖြင့်သာ ဗုဒ္ဓသာဝက အရိယာသာဝက မည်ကုန်၏ ဟူသော အနက်ကို ပြတော်မူသည်။

ထို့ကြောင့် အင်္ဂုတ္တရ်ဧကကနိပါတ် အဋ္ဌကထာ၌

> အရိယသာသကောတိ အတ္ထိ အရိယော န သာဝကော။ သေယျထာပိ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ။ အတ္ထိ သာဝကော န စ အရိယော။ သေယျထာပိ ဂိဟိ အနာဂတဖလော။ အတ္ထိ နေဝ အရိယော န သာဝကော။ သေယျထာပိ ပုထု တိတ္ထိယာ။ အတ္ထိ အရိယောစေဝ သာဝကောစ။ သေယျသာပိ သမဏော သကျ ပုတ္တိယော အာဂတဖလော ဝိညာတသာသနော။ ဣမေ ပန ဂိဟိဝါ ဟောတု ပဗ္ဗဇိတောဝါ။ ယော ဝကာစိ သုတဝါတိ ဇိတ္တ ဝုတ္တဿ အတ္ထဿ ဝသေန သုတသမ္ပန္နော။ အယံ အရိယသာဝကောတိ ဝေဒိတဗ္ဗော။

ဟုမိန့်အပ်ပြီ။

အရိယသာဝကောတိ ဧတ္ထ၊ အရိယသာဝကော ဟူသောပုဒ်၌။ အရိယော၊ အရိယာသာဖြစ်၍။ နသာဝကော၊ သာဝက မဟုတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ သေယျထာပိ၊ အဘယ်ပုဂ္ဂိုလ်တို့နည်းဟူမူ။ ဗုဒ္ဓါစ၊ သဗ္ဗညု ဘုရားတို့ လည်းကောင်း။ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓတို့လည်းကောင်းတည်း။ သာဝကော၊ သာဝကသာဖြစ်၍။ နစအရိယော၊ အရိယာမဟုတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ သေယျထာပိ၊ အဘယ်ပုဂ္ဂိုလ် နည်းဟူမူ။ အနာဂတဖလော၊ မလာသော ဖိုလ်ရှိသော။ ဂိဟိ၊ သရဏဂုဏ်တည်သော

www.dhammaransi.com



လူပေါင်းတည်း။ နေဝအရိယော၊ အရိယာလည်းမဟုတ်သော။ နသာဝကော သာဝကလည်း မဟုတ်သောသူသည်။ အတ္ထိ၊ ရှိ၏။ သေယျာပိ၊ အဘယ်ပုဂ္ဂိုလ်တို့နည်း ဟူမူ။ ပုထူ၊ များစွာကုန်သော။ တိတ္ထိယာ၊ တိတ္ထိတို့တည်း။ အရိယောစေဝ အရိယာလည်းဖြစ်သော။ သာဝကောစ၊ သာဝကလည်း ဖြစ်သောသူသည်၊ အတ္ထိ၊ ရှိ၏။ သေယျထာပိ၊ အဘယ်ပုဂ္ဂိုလ်တို့နည်းဟူမူ။ အာဂတဖလောလာပြီးသော ဖိုလ်ရှိသော။ ဝိညာတသာသနော၊ သိအပ်ပြီးသော သာသနာရှိသော။ သကျပုတ္တိယာ၊ သာကီဝင်မင်းသားဖြစ်တော်မူသော မြတ်စွာဘုရား၏ သားတော်စစ်ဖြစ်ပေသော၊ သမဏော၊ ရဟန်းတည်း။ ဣဓပန၊ ဤသုတ်၌ကား။ ဂိဟိဝါ၊ လူသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ပဗ္ဗဇိတောဝါ၊ ရဟန်းသည်မူတည်း။ ဟောတု ဖြစ်စေ၊ ကောစိ၊ တစ်စုံတစ်ယောက်သော။ ယော၊ အကြင်သူသည်။ သုတဝါတီဧတ္ထ၊ သုတဝါ ဟူသော ပုဒ်၌၊ ဝုတ္တသုာ၊ ဆိုအပ်ပြီးသော။ အတ္ထဿ၊ အနက်၏ ဝသေန၊ အစွမ်းဖြင့်။ သုတသမ္ပန္နော၊ သုတနှင့်ပြည့်စုံ၏။ အယံ၊ ဤသူကို။ အရိယာသာဝကောတိ၊ အရိယာသာဝကဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

[ဤအဋ္ဌကထာဝါကျ၌ "သမဏော သကျပုတ္တိယော အာဂတဖလော" ဟူသောပါဌ်ဖြင့် အရိယာဖြစ်သော ဘိက္ခု ဘိက္ခုနီ သိက္ခမာန်သာမဏေရ သာမဏေရီဟု ဆိုအပ်သော ပဗ္ဗဇိတပါးဦးတို့ကို ယူအပ်ကုန်၏။]

## ပရိယာယ်အားဖြင့် အရိယာဖြစ်သော လူတို့၏လည်း အရိယာသာဝက မည်ကြောင်းကိုကား

> နဂရေ မဟာရာဇ သာဝတ္ထိယာ ပဉ္စကောဋိမတ္တာ အရိယာသာဝကာ ဘဂဝတော ဥပါသကဥပါသိကာယော သတ္တပဏ္ဏာသသဟဿာနိ တီဏိစ သဟဿာနိ အနာဂါမိဖလေ ပတိဋ္ဌိတာ။ တေသဗ္ဗေပိ ဂိဟီယေဝ။ န ပဗ္ဗဇိတာ။ ။နဂရေ ရာဇဂဟေ ပညာသသဟဿာနိ တီဏိစ သတသဟဿာနိ အရိယာသာဝကာ ဘဂဝတော ဥပါသကဥပါသိကာယော။

ဟူသော မိလိန္ဒပဥှာကိုထောက်၍ သိအပ်၏။

မဟာရာဇ၊ မိလိန္ဒမင်းကြီး။ နဂရေသာဝတ္ထိယာ၊ သာဝတ္ထိမြို့တွင်း၌ အရိယာသာဝကာ၊ အရိယာသာဝက ဖြစ်ကုန်သော။ အနာဂါမိဖလေ၊ အနာဂါမိဖိုလ်၌။ ပတိဋ္ဌိတာ၊ တည်ကုန်သော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဥပသက ဥပါသိ

www.dhammaransi.com



ကာယော။ ဥပါသကာ ဥပါသိကာမတို့သည်။ ပဉ္စကောဋိမတ္တာ၊ ငါးကုဋေ အတိုင်းအရှည် တို့သည်လည်းကောင်း။ သတ္တပဏ္ဏာသသဟဿာနိ၊ ငါးသောင်း ခုနစ်ထောင်တို့သည် လည်းကောင်း။ တီဏိစ သဟဿာနိ၊ သုံးထောင်တို့သည် လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသဗ္ဗပိ၊ ထိုအလုံးစုံတို့သည်လည်း။ ဂိဟီယေဝ၊ လူတို့သာတည်း။ နပဗ္ဗဇိတာ၊ ပဗ္ဗဇိတမဟုတ်ကုန်။ ။နဂရေရာဇာဂဟေ၊ ရာဇဂြိုလ်မြို့တွင်း၌။ အရိယသာဝကာ၊ အရိယာသာဝက ဖြစ်ကုန်သော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဥပါသက ဥပါသိကာယော။ ဥပါသကာ ဥပါသိကာမတို့သည်။ ပညာသ သတ သဟဿာနိ၊ ငါးသန်းတို့သည်လည်းကောင်း။ တီဏိစ သတ သဟဿာနိ၊ သုံးသိန်းတို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

"ဗုဒ္ဓသာဝကာ ဝိယ ဒေဝမနုဿ ပြဟ္မာနေဝပိ" ဟူသော နှစ်ပါးစုံသော ပါဌ်ဖြင့် အဘယ်မျှလောက်သော ဗောဓနေယျ ဝေနေယျ တို့ကို သိမ်းကျုံး၍ ယူတော်မူ သနည်းဟူမူ။"

## သီလက္ခန္ဓဋီကာသောဏဒဏ္ဍသုတ်အဖွင့်

> ယသ္မာ စတုဝီသတိယာ ဌာနေသု အသင်္ချေယျာ အပရိမေယျာ ဒေဝမနုဿာ မဂ္ဂဖလာမတံ ပိဝိံ သု။ ကောဋိသတသဟဿ ပမာဏေနာပိ ဗဟူဧဝ။ တသ္မာ အနုတ္တ ရာစာရသိက္ခာပနဝသေန ဘဂဝါ ဗဟူနံ အာစရိယော။

ဟူ၍ လာသည်။

ယသ္မာ၊ အကြင်ကြောင့်။ စတုဝီသတိယာဌာနေသု၊ နှစ်ဆယ့်လေးဌာန တို့၌။ အပရိမေယျာ၊ ကုဋေတို့ဖြင့် ရေတွက်ခြင်းငှာ မတတ်ကောင်းကုန်သော။ အသင်္ချေယျာ၊ အသင်္ချေ အတိုင်းအရှည်ရှိကုန်သော။ ဒေဝမနုဿာ၊ နတ် လူ ပြဟ္မာ တို့သည်။ မဂ္ဂဖလာမတံ၊ မဂ်ဖိုလ်လည်းဟူသောအမြိုက်ရေကို။ ပိဝိံသု၊ သောက်ကြရကုန်၏ ကောဋိသတသဟဿ ပမာဏေနာပိ၊ ကုဋေတစ်သိန်းအရေအတွက် အတိုင်းအရှည် အားဖြင့်လည်း။ ဗဟူဧဝ၊ များစွာသော နတ်လူ ပြဟ္မာ တို့သည်သာလျှင်။ မဂ္ဂဖလာမတံ၊ မဂ်ဖိုလ်တည်းဟူသော အမြိုက်ရေကို။ ပိဝိံသု၊ သောက်ကြရကုန်၏။ တသ္မာ ထို့ကြောင့်။ အနုတ္တရာစာရ သိက္ခာပန ဝသေန၊ အတုမရှိ မြတ်သောအကျင့်ကို ကျင့်စေသည်၏ အစွမ်းဖြင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ၊ ဗဟူနံ၊ များစွာကုန်သော ဗောဓနေယျ ဝေနေယျတို့၏။ အာစိရိယော၊ ဆရာမည်၏။

www.dhammaransi.com



[အသင်္ချေ၌ဒါနကား နှစ်ဆယ့်လေး၌ဒါနသာ။ ကုဋေတစ်သိန်း၌ဒါနကား အလွန်များ၏ ဟူလိုသည်။]

ဤဋီကာဆရာ၏ အလိုတော်အားဖြင့် နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေ တစ်သိန်းပေါင်းများစွာသော ဗောဓနေယျ ဝေနေယျတို့ကို သိမ်းကျုံး၍ ယူတောမူသည် ဟူပေ။

"စတုဝီသတိ အသင်္ချေယျ သတ္တစတ္တာလီသကောဋိသတသဟဿ သင်္ခါ ပရိစ္ဆိန္နေ ဝေနေယျေပဿီ"

ဟူ၍ နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေလေးသန်း ခုနစ်သိန်းသော ဝေနေယျ တို့ ကျွတ်လတ္တံ့သည်ကို ရတနယရ သတ္တာဟ၌ နေတော်မူစဉ်ကပင် မြင်တော်မူသည်ဟု သမန္တဘဒ္ဒိကာမည်သော အနာဂတဝင် ကျမ်း၌လာသည်။

စတုဝီသတိ အသင်္ချေယျာ၊ သဋ္ဌိစေဝစ ကောဋိယော။
ပါဏာနိသတသဟဿာနိ၊ ဧကော ဗုဒ္ဓေါ ပမောစယိ။

ဟူ၍ တစ်ဆူ တစ်ဆူသော ဘုရားသာသနာတွင်း၌ နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း ကျွတ်ကြောင်းကို သောတ္တကီတထာဂတုပ္ပတ္တိ ကျမ်းများ၌ လာသည်။

စတုဝီသတိ အသင်္ချေယျပ္ပမာဏေ သတ္တေ မာရပဗန္ဓနတော မောစေ တွာ အနုပါဒိသေသနိဗ္ဗာနပတ္တာ ဗုဒ္ဓါယေဝ ဂဏနပထံ ဝီတီဝတ္တာ။

ဟူ၍ တစ်ဆူတစ်ဆူသော ဘုရားသာနာတွင်း၌ နှစ်ဆယ့်လေးသင်္ချေ ကျွတ်ကြောင်းကို ဇိနာလင်္ကာရ စာကိုယ်ဋီကာများ၌ လာသည်။

ထိုအလုံးစုံသည် "အပ္ပကမ္ပနမဓိကံဝါ ဂဏနုပဂံ န ဟောတိ" ဟူသော စကားနှင့်အညီ အနည်းငယ်ယုတ်သည် လွန်သည်ကို အရေအတွက်မပြုမူ၍ဆိုကြကုန် သည်ဟူ၍ ဆန့်ကျင်ရန်မရှိပြီ။ ။ ဤသို့လာသော " စတုဝီသတိအသင်္ချေယျာ" ဟူသော ပါဠိများ၌ အသင်္ချေယျသဒ္ဒါသည် ပါရမီကာလအပိုင်းအခြားကိုဆိုရာ အသင်္ချေယျ သဒ္ဒါနှင့် မထူးသင့်။ ။ သောတ္တတကီကျမ်း အပဒါန်အဋ္ဌကထာကျမ်း များ၌ ကာလဝါစီဖြစ်သေ အသင်္ချေယျသဒ္ဒါ၏ အနက်ကို ကစ္စည်းကျမ်း၌ လာသော အသင်္ချေယျသဒ္ဒါနှင့်အတူ ဒသ သဒ္ဒါမှစ၍ ဒသဂုဏ် တစ်နည်းအားဖြင့် မြှောက်ပွား၍ ရောက်စေအပ်သော အရေအတွက်ကို ပြကြကုန်၏။

www.dhammaransi.com



စရိယပိဋက အဋ္ဌကထာ၌ကား-

"အသင်္ချေယျေတိ ဧတ္ထ သင်္ခါတုံ န သက္ကာတိ အသင်္ချေယျာ။ ဂဏန် အတိက္ကန္တာတိ အတ္ထော။ အသင်္ချေယျန္တိ ဏကော ဂဏန ဝိသေသောတိ ဏကေ"

စသည်ဖြင့် ဆို၍ ဧကေဝါဒမသင့်ကြောင်းကို များစွာဆို၍ ဂဏန ပထဝီတိဝတ္တအသင်္ချေယျကိုသာ အသင့်ယူ၍ သမာနဝါဒပြုတော်မူ၏။

ဇိနာလင်္ကာရ ဋီကာ၌လည်း-

အသံခိယာနန္တိ ဂဏနပထံ အတီတာနံ။ ကူ၄ စချ်ာသဒ္ဒေါ အပရိမေယျ ဝတ္တတိ။

ဟူ၍ဆို၏။ ။ ထို့ကြောင့် ကျွတ်တမ်းဝင်ပုဂ္ဂိုလ် အရေအတွက်ကို ဟောသော အသင်္ချေယျ သဒ္ဒါသည်လည်း ဂဏနပထဝီတိ ဝတ္တ အနက်ကို ဟောသော သဒ္ဒါဟူ၍သာ မှတ်အပ်၏။

တဿ ဘဂဝတော ဟိ ဓမ္မစက္ကပ္ပဝတ္တန သုတ္တန္တဒေသနာယ အညာတကောဏ္ဍညမုခါ အဋ္ဌရသဗြဟ္မကောဋိယော ဓမ္မံပဋိဝိဇ္ဈိံသု၊ ဧဝံ ယာဝ သုဘဒ္ဒပရိဗ္ဗာဇကဝိနယနာ ဓမ္မပ္ပဋိဝိဒ္ဓသတ္တာနံ ဂဏနာနတ္ထိ။ မဟာသမယသုတ္တံ မင်္ဂလာသုတ္တံ စူဠရာဟုလောဝါဒသုတ္တံ သမစိတ္တသုတ္တန္တိ ဣမေသံ စတုန္နံ သုတ္တာနံ ဃောနာကာလေ အဘိသမယပတ္တသတ္တာနံ ပရိစ္ဆေဒေါနတ္ထိ။

ဟူ၍လာသော ဥဒါန်းအဋ္ဌကထာ စသည်များ၌ အလွန်ဆုံးအပိုင်းအခြားကို ပြရာ "ဂဏနာနတ္ထိ" ဟူ၍ လည်းကောင်း, "ဂဏနပရိစ္ဆေဒေါနတ္ထိ" ဟူ၍ လည်းကောင်း, "ဂဏနပထံ စီတိဝတ္တာ" ဟူ၍လည်းကောင်း, "ဂဏနပထံအတိက္ကန္တာ" ဟူ၍ လည်းကောင်း, အထူးထူး အထွေထွေလာသည်၊ မိလိန္ဒပဥ္စာ၌လည်း "ဂဏနပထမတီတာနံ ဒေဝတာနံ ဓမ္မာဘိသမယော" စသည်ဖြင့်လာသည်။

အင်္ဂုတ္တရ အဋ္ဌကထာ၌ကား အလွန်ဆုံး အပိုင်းအခြားကို ပြရာ၌-

"ဗုဒ္ဓကာလေစ ပန ဧကေကသ္မိံ အသင်္ချေယျာပိ သတ္တာ အမတံ အာရာ ဓေန္တိ"

ဟု အသင်္ချေယျသဒ္ဒါနှင့်လာသည်။ ။ထိုအတူ သုတ္တနိပါတ် အဋ္ဌကထာ, ခုဒ္ဒကပါဌအဋ္ဌကထာ, မင်္ဂလာသုတ်အဖွင့်များ၌-

www.dhammaransi.com



ဧတ္ထ ဘဂဝတော နိဗ္ဗာပိတာယ ဒေသနာယ ပိယာသာနေ အနေက
ကောဋိသတ သဟဿဒေဝတာယော အရဟတ္တံပါတုဏိ သု။ သောတာပတ္တိ
သကဒါဂါမိ အနာဂါမိ ဖလပတ္တာနံ ဂဏနာ အသင်္ချေယျာ အဟောသိ။

ဟူ၍လာသည်။ ။ ဤသို့လာသည်များကို ထောက်၍ "ဂဏန်းနပရိစ္ဆေ
ဒေါနတ္ထိ, ဂဏနပထံ ဝီတိဝတ္တာ, ဂဏနပထံ အတိက္ကန္တာ, ဂဏနပထမ တီတာနံ"
ဟူ၍ လာသော အရာများသည် အသင်္ချေယျ သဒ္ဒါ၏ ပရိယာယ်အဖြစ်ဖြင့်သာ
လာသည်ဟု ဧကန်စင်စစ်မှတ်အပ်၏။ ။ထိုသို့ မှတ်ရသော် တစ်ခုသော
ဂဏနပထဝီတိဝတ္တသည် တစ်သင်္ချေမည်၏။ နှစ်ခုသော ဂဏနပထဝီတိ ဝတ္တိသည်
နှစ်သင်္ချေ မည်၏။ ဤသို့ စသည်ဖြင့် ဂဏနပထဝီတိ ဝတ္တဋ္ဌာနကို မှတ်၍ သင်္ချေ
အရေအတွက်ကို ဆိုအပ်၏။ ။အဘယ်သို့ဆိုအပ်သနည်း၊ အဋ္ဌကထာ ဋီကာများ၌
လာသော အရာသည် များသော အားဖြင့် မိလိန္ဒပဉှာ၌ ဝင်လေရကား မိလိန္ဒပဉှာ၏
အစွမ်းအားဖြင့် ဆိုအံ့။

၁။ မဟာရာဟုလောဝါဒသုတ်၌ တစ်ဌာန,
၂။ မဟာမင်္ဂလာသုတ်၌ တစ်ဌာန,
၃။ သမစိတ္တသုတ်၌ တစ်ဌာန,
၄။ ပရာဘဝသုတ်၌ တစ်ဌာန,
၅။ ပုရာဘေဒသုတ်၌ တစ်ဌာန,
၆။ ကလဟဝိဝါဒသုတ်၌ တစ်ဌာန,
၇။ စူဠဗြူဟသုတ်၌ တစ်ဌာန,
၈။ တုဝဋ္ဋကသုတ်၌ တစ်ဌာန,
၉။ သာရိပုတ္တသုတ်၌ တစ်ဌာန,
၁၀။ ဓမ္မစကြာသုတ်၌ တစ်ဌာန,
၁၁။ ဗုဒ္ဓဝံသဒေသနာ၌ တစ်ဌာန,
၁၂။ မဟာသမယသုတ်၌ တစ်ဌာန,

ဤသို့ မိလန္ဒပဉှာ၌ ဂဏနပထဝီဝတ္တဋ္ဌာန တစ်ဆယ့်နှစ် ရပ်သာ လာသည်။

အဋ္ဌကထားများ၌. . .

၁၃။ စူဠရာဟုလောဝါဒသုတ်၌ တစ်ဌာန,
၁၄။ မဟာဗြူဟသုတ်၌ တစ်ဌာန,
၁၅။ သမ္မာပရိဗ္ဗာဇနိယသုတ်၌ တစ်ဌာန,

လာသည်။ နှစ်ရပ်ပေါင်း တစ်ဆယ့်ငါးဌာနဖြင့် တစ်ဆယ့် ငါးသင်္ချေ
အရေအတွက်ရ၏။

www.dhammaransi.com



ကောဋြို ဌာနကား

၁။ တန်ခိုးပြရာကဏ္ဍမ္ဗ အစည်းအဝေး၌ ကုဋေနှစ်ဆယ်,
၂။ ဓနပါလ ဆင်ကို ဆုံးမရာ၌ ကုဋေကိုးဆယ်,
၃။ ပါရာယန အစည်းအဝေး၌ တစ်ဆယ့်လေးကုဋေ,
၄။ ဣန္ဒသာဂူ၌ ကုဋေရှစ်ဆယ်,
၅။ အဘိဓမ္မာဟောရာ၌ ကုဋေရှစ်ဆယ်,
၆။ နတ်ပြည်မှ ဆင်းရာ၌ ကုဋေသုံးဆယ်,
လာ၏။

သောင်းဌာနကား

၁။ သုမနပန်းသည် အစည်းအဝေး၌,
၂။ ဂရဟာဒိန္န အစည်းအဝေး၌
၃။ အာနန္ဒသေဋ္ဌေး အစည်းအဝေး၌,
၄။ ဇမ္ဗုက အစည်းအဝေး၌,
၅။ မဏ္ဍူက နတ်သား အစည်းအဝေး၌,
၆။ မဋ္ဌကုဏ္ဍလီနတ်သား အစည်းအဝေး၌,
၇။ သုလသာ အစည်းအဝေး၌,
၈။ သိရိမာ အစည်းအဝေး၌,
၉။ ယက်ကန်းသည်သမီး အစည်းအဝေး၌,
၁၀။ စူဠသုဘဒ္ဒါအစည်းအဝေး၌,
၁၁။ သာကေတပုဏ္ဏား အစည်းအဝေး၌,
၁၂။ သုနာပရန္တ အစည်းအဝေး၌,
၁၃။ သက္ကပဉှာ အစည်းအဝေး၌,
၁၄။ တိရောကုဍ္ဍ အစည်းအဝေး၌,
၁၅။ ရတနသုတ် အစည်းအဝေး၌,

ရှစ်သောင်းလေးထောင်စီချည်း။

[ဤမိလိန္ဒပဉှာနှင့် ထိုထိုသုတ်ရင်း အဋ္ဌကထာ များသည် စိုးစဉ်း အရေအတွက် မညီကြ။]

ဤသို့လာသည်များကို စုဆောင်း၍ ရေတွက်သော်လည်း သိလက္ခန်

www.dhammaransi.com



ဋီကာဂန္ထန္တရလမ်းများ၌ လာသော နှစ်ဆယ့်လေးသင်္ချေ အရေအတွက်ကို ပြည့်မှီအောင်ပင် အလွန်ခဲယဉ်းသေး၏။ ။သို့ပါလျက်ကို သီလက္ခန် ဋီကာသစ်ကိုအမှီပြု၍ ထိုထိုကျမ်းခိုင်များ၌ "ဂဏနထံဝီတိဝတ္တာ" စသည်ဖြင့်လာသောကြောင့် ထိုထိုဂန္ထန္တရကျမ်း စကားများကို ပယ်အပ်စွန့်အပ်မည် အသံပြောဆို ကြကုန်သည်ကား မသင့်လွန်း။ ။ထိုစကားမှန်၏။ အဋ္ဌကထာ၌ ပင်အပိုင်းအခြား သင်္ချာ ပရိမာဏကို ရသင့်မည် အရိပ်အယောင်ထင်သည်ပင်။

ထို့ကြောင့် မဟာပဒါနသုတ် အဋ္ဌကထာ၌

ယထော ဟိ တာနိ စတုဗ္ဗိဓာနိ ပုပ္ဖါနိ။ ဧဝမေဝဉ္ဃဋိတညူ ဝိပဉ္စိ တညူ နေယျော ပ-ရမောတိစတ္တာရော ပုဂ္ဂလာ။ တတ္ထယဿ ပုဂ္ဂလဿ သဟာဉဒါဟ ဋ္ဌဝေလာယ ဓမ္မာဘိသမေ. ယ ဟောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော ဉဂ္ဃဋိတညူ။ ယဿ ပုဂ္ဂလဿ သံခိတ္တေနဘာသိတဿ ဝိတ္ထာရေန အတ္တေဝိဘဇိယမာနေ ဓမ္မာဘိသမ ယော ဟောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော ဝိပဉ္စိတညူ။ ယဿပုဂ္ဂလ ဉဒ္ဒေသတော ပရိပုစ္ဆတော ယောနိသော မနသိကရောတော ကလျာဏမိတ္တေ သေဝတော ဘဇတော နပယိရုပါသတော အနုပုဗ္ဗေန ဓမ္မာဘိသယော ဟောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော နေယျော။ ယဿ ပုဂ္ဂလဿ ဗဟုမ္ပိ သုဏတော ဗဟုမ္ပိ ဂဏှတော ဗဟုမ္ပိ ဓာရယတော ဗဟုမ္ပိ ဝါစယတော န တာယ ဇာတိယာ ဓမ္မာဘိသမယော ဟောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော ပဒ-ပရမော။ တတ္ထ ဘဂဝါ ဉပ္ပလဝနာဒိသဒိသံ ဒသသဟဿိ လောကဓာတုံ ဩလောကေန္တော အဇ္ဇပုပ္ဖနကနိ ဝိယ ဉဂ္ဃါဋိတညူ။ သွေပုပ္ဖနကာနိ ဝိယ ဝိပဉ္စိတညူ။ တတိယဒိဝသေ ပုပ္ဖနကာနိ ဝိယ နေယျော။ မစ္ဆကစ္ဆပဘက္ခာနိ ဝိယ ပဒမရမောတိအဒ္ဒသ။ ပဿန္တောစ ဧတ္တကာ အပ္ပရဇက္ခာ။ ဧတ္တကာမဟာရဇက္ခာ။ တတြာပိဧတ္တ ကာ ဉဂ္ဃါဋိတညူတိ ဧဝံ သဗ္ဗာကာရတော အဒ္ဒသ။ တတ္ထတိဏ္ဏံပုဂ္ဂလာနံ ဣမသ္မိံယေဝ အတ္တဘာဝေ ဘဂဝတော ဓမ္မဒေသနာ အတ္ထံ သာဓေတိ။ ပဒပရမာနံ အနာဂတေ ဝါသနတ္တာယ ဟောတိ။ အထ ဘဂဝါဣမေသံ စတုန္နံ ပုဂ္ဂလာနံ အတ္ထာဝဟံ ဓမ္မဒေသနံ ဒိ သွာ ဒေသေတုကာမတံ ဉပ္ပါဒေတွာ ပုန သဗ္ဗေသုပိတီသု ဘဝေသု သဗ္ဗေ သတ္တေဘဗ္ဗာဝသေန ဒွေ ကောဋ္ဌာသေအကာသိ။ တတ္ထ သဗ္ဗေပိ အဘဗ္ဗပုဂ္ဂလေပဟာယ ဘဗ္ဗပုဂ္ဂလေပဟာယ ဘဗ္ဗပုဂ္ဂလေဧဝဉာဏေန ပရိဂ္ဂဟေတွာ ဧတ္တကာ ရာဂစရိတာ ဧတ္တကာဒေါသမောဟဝိတက္ကသဒ္ဓါဗုဒ္ဓိစရိတာတိ ဆကောဋ္ဌာသေအကာသိ။ ဧဝံ ကတွာ ဓမ္မံ ဒေသေဿာမီတိ စိန္တေသိ။

ဟူ၍လာပြီ။

www.dhammaransi.com



စတပ္ပိတာနိ၊ လေးပါးအပြားရှိကုန်သော။ တာနိပုပ္ပါနိယထေဝ၊ ထိုကြာပန်းကဲ့သို့။ ဧဝမေဝ၊ ဤအဘူသာလျှင်။ ဥဃ္ဃဋိတညူ၊ ဥဃ္ဃဋိတညူဝေနေယျ လည်းကောင်း။ ဝိပဉ္စိတညူ၊ ဝိပဉ္စိတညူဝေနေယျလည်းကောင်း။ နေယျော၊ နေယျဝေနေယျ လည်းကောင်း။ ပဒပရမော၊ ပဒပရဝေနေယျလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးဦးကုန်သော။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တတ္ထ၊ ထိုလေးဦးတို့တွင်။ ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ သဟဉဒါဟဋ္ဌဝေ လာယ၊ ဥဒ္ဒေသပါဠိကို မြွက်ဆိုသောအား တရားမျိုးသည်နှင့် တစ်ပြိုင်နက် သာလျှင်။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးတရားကို သိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို၊ ဥဃ္ဃာဋိတညူ ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဘာသိတဿ၊ ဟောအပ်ပြီးသော ဥဒ္ဒေသပါဠိ၏။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ အတ္ထေ၊ အနက်ကို။ ဝိဘဇိယမာနေ ဝေဘန်အပ်သည်ရှိသော်။ ဓမ္မာတိသမယော၊ သစ္စာလေးပါးတရားကို သိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ဝိပဉ္စိတညူ၊ ဝိပဉ္စိတညူပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယဿပုဂ္ဂလဿ၊ အကြင် ပုဂ္ဂိုလ်အား။ ဥဒ္ဒေသတော ဥဒ္ဒေသန္တဿ၊ ပါဠိပို့ချ သင်ကြားခြင်းကိုပြု၍ လည်းကောင်း။ ပရိပုစ္ဆန္တဿ၊ အဋ္ဌကတထာပို့ချ သင်ကြားခြင်းကို ပြု၍လည်းကောင်း။ ပရိပုစ္ဆတော ပရိပုစ္ဆန္တဿ၊ အဋ္ဌကထာပို့ချ သင်ကြားခြင်းကို ပြု၍လည်းကောင်း။ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ မနသိကာရောတော မနသိ ကရောန္တဿ၊ နှစ်လုံးသွင်းခြင်းကိုပြု၍လည်းကောင်း။ ကလျာဏမိတ္တေ၊ ကမ္မဋ္ဌာန်းကို ဟောပြောပေတတ်သော ဆရာကောင်းသမားကောင်း တို့ကို။ သေဝတော သေဝန္တဿ၊ မှီဝဲခြင်းကိုပြု၍လည်းကောင်း။ ပဟိရုပါသတော ပယိရုပါသန္တဿ၊ အမြဲအပြတ်ချဉ်းကပ်ခြင်းကို ပြု၍လည်းကောင်း။ ပဟိရုပါသတောပယိရုပါသန္တဿ၊ နေ့ညဉ့်မပြတ်ဆည်းကပ်ခစားခြင်းကိုပြု၍ လည်းကောင်း။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ ဓမ္မာဘိသမယော၊ သစ္စာလေးပါး တရားကိုသိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်အား။ ဗဟုမ္ပိ၊ များစွာသော ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်ကိုလည်း။ ဘဏန္တဿ၊ ဟောပြောစေကာမူ။ ဗဟုမ္ပိ၊ များစွာသောပါဠိအဋ္ဌကထာဋီကာကျမ်းဂန်ကို လည်း။ ဘဏန္တ၊ ဟောပြောစေကာမူ၊ ဗဟုမ္ပိ၊ များစွာသော ပါဠိအဋ္ဌကထာဋီကာကျမ်းဂန် ကိုလည်း။ သုဏတောသုဏန္တဿ၊ နာစေကာမူ။ ဗဟုမ္ပိ၊ များစွာသော ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်ကိုလည်း။ ဝါစယ-တောဝါစယန္တဿ၊ ပို့ချစေကာမူ။ တာယဇာတိယာ၊ ထိုဘဝချင်းဖြင့်။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးတရားကို သိစေခြင်းသည်။ နဟောတိ၊ မဖြစ်။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ပဒပရမော၊ ပဒပရမပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တတ္ထ၊ ထိုလေးဦးသော ပုဂ္ဂိုလ်တို့တွင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဥပ္ပလဝနာဒီသဒိသံ၊ ကြာညိုတောစသည်နှင့်တူသော။ ဒသသဟဿီလောကဓာတုံ၊

www.dhammaransi.com



လောကဓါတ်တစ်သောင်းကို။ ကြလော-ကေန္တော၊ ရှုမြော်တော်မူသည်ရှိသော်။ အဇ္ဇ ပုပ္ပနကာနိဝိယ၊ ယနေ့ပင်ပွင့်အံ့သေ ကြာပန်းတို့ကဲ့သို့။ ဥဃ္ဃာဋိတညူ ဥဃ္ဃာဋိတညူ ပုဂ္ဂိုလ်သည်၊ ဟောတိ၊ ဖြစ်၏။ သွေ့ပုပ္ပနကာနိဝိယ၊ နက်ဖြန်၌ ပွင့်အံ့သောကြာပန်းတို့ ကဲ့သို့။ ဝိပဥ္စိတညူ ဝိပဥ္စိတညူ ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။ တတိယဒိဝေသေ၊ သံဘက်၌။ ပုပ္ပနကာနိဝိယ၊ ပွင့်အံသော ကြာပန်းတို့ကဲ့သို့။ နေယျော၊ နေယျပုဂ္ဂိုလ် သည်။ ဟောတိ၊ ဖြစ်၏။ မစ္ဆကစ္ဆပဘက္ခာ နိဝိယ၊ မပွင့်ဘဲ ရေထဲတွင်သာ ငါး, လိပ်တို့၏အစာဖြစ်သော ကြာပန်းတို့ကဲ့သို့။ ပဒပရမော၊ ပဒပရမပုဂ္ဂိုလ်သည်။ ဟောတိ ဖြစ်၏။ က္ကတိ၊ ဤသို့။ အဒ္ဒသ။ မြင်တော်မူပြီ။ ပဿန္တောစ၊ မြင်တော်မူစဉ်လည်း။ ဧတ္တကာ၊ ဤမျှလောက်သော သတ္တဝါတို့သည်။ အပရဇက္ခာ၊ ပညာမျက်စိ၌ ကိလေသာ တည်းဟူသော နည်းသောမြူရှိကုန်၏။ ဧတ္တကာ၊ ဤမျှလောက်သော သတ္တဝါတို့သည်။ မဟာရဇက္ခာ၊ ပညာမျက်စိဤ ကိလေသာတည်းဟူသော များသောမြူရှိကုန်၏။ တတြာပိ၊ ထိုပုဂ္ဂိုလ်တို့တွင်လည်း၊ ဧတ္တတာ၊ ဤမျှလောက်သတ္တဝါတို့သည်။ ဥဃ္ဃာဋိတညူ ဥဃ္ဃာဋိတညူ ပုဂ္ဂိုလ်တို့တည်း။ က္ကတိဧဝံ၊ ဤသို့။ သဗ္ဗာကာရတော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ အဒ္ဒသ၊ မြင်တော်မူပြီ။ တတ္ထ၊ ထိုပုဂ္ဂိုလ်တို့တွင်၊ တိဏ္ဏံပုဂ္ဂလာနံ၊ သုံးဦးကုန်သော ဥဃ္ဃာဋိတညူ ဝိပဥ္စိတညူ နေယျပုဂ္ဂိုလ်တို့အား။ က္ကမသ္မိံ ယေဝ အတ္တ ဘောဝ၊ ဤဘဝ၌သာလျှင်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မဒေသနာ၊ တရား ဒေသနာသည်၊ အတ္ထ၊ မဂ်ဖိုလ်တည်းဟူသော အကျိုးကို။ သာဓေတိ၊ ပြီးစေနိုင်၏။ ပဒရနမာနံ၊ ပဒရမပုဂ္ဂိုလ်တို့အား။ အာနဂတေ၊ နောင်လာလတ္တံ့သော ဒုတိယဘဂ တတိယဘဝ စသည်၌။ ဝါသနတ္ထာယ၊ အထုံဝါသနာဖြစ်စေခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ က္ကမေသံစတုန္နံပုဂ္ဂလာနံ၊ ဤပုဂ္ဂိုလ် လေးဦးတို့အား။ အတ္တာဝဟံ၊ အကျိုးစီးပွားကို ရွက်ဆောင်တက်သော။ ဓမ္မဒေသနံ၊ တရားဒေသနာကို။ ဒိသွာ၊ မြင်တော်မူ၍။ ဒေသေတုကာမတံ၊ ဟောလိုသော စိတ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ ပုန၊ တစ်ဖန်။ သဗ္ဗေသုပိတီသုဘဝေသု၊ အလုံးစုံဘုံသုံးပါးတို့၌။ သဗ္ဗေသတ္တေ၊ အလုံးစုံသော သတ္တဝါတို့ကို။ ဘဗ္ဗာဘဗ္ဗဝသေန၊ ဤဘဝတွင် ကျွတ်ထိုက် သော ပုဂ္ဂိုလ်, မကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့၏အစွမ်းဖြင့်။ ဒွေကောဋ္ဌာသေ၊ နှစ်ဖို့ နှစ်စုတို့ကို။ အကာသိ၊ ပြုတော်မသူ၏။ တတ္ထ၊ ထိုပုဂ္ဂိုလ်တို့တွင်။ သဗ္ဗေပိ၊ အလုံးစုံ လည်းဖြစ်ကုန်သော။ အဘဗ္ဗပုဂ္ဂလေ၊ ဤဘဝတွင် မကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့ကို။ ပဟာယ၊ ပယ်ထား၍။ ဘဗ္ဗပုဂ္ဂလေဧဝ၊ ဤဘဝတွင် ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့ကို သာလျှင်၊ ဉာဏေန၊ သဗ္ဗညုတဉာဏ်တော်ဖြင့်။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းတော်မူ၍။ ဧတ္တကာ၊ ဤမျှအတိုင်းအရှည် အရေအတွက် အပိုင်းအခြားရှိကုန်သော သတ္တဝါတို့ သည်ကား။ ရာဂစရိတာ၊ ရာဂစရိုက် ရှိကုန်၏။ ဧတ္တကာ၊ ဤမျှ အတိုင်းအရှည် အရေအတွက် အပိုင်းအခြားရှိကုန်သော သတ္တဝါတို့သည်ကား။ ဒေါသစရိတာ၊ ဒေါသ

www.dhammaransi.com



စရိုက် ရှိကုန်၏။ ဧတ္တကာ၊ ဤမျှအတိုင်းအရှည် အရေအတွက် အပိုင်းအခြားရှိကုန်သော သတ္တဝါတို့သည်ကား။ မောဟစရိတာ၊ မောဟစရိုက် ရှိကုန်၏။ ဧတ္တကာ၊ ဤမျှအတိုင်းအရှည်အရေအတွက် အပိုင်းအခြားရှိကုန်သော သတ္တဝါတို့သည်ကား။ ဝိတက္ကစရိတာ၊ ဝိဘက်စရိုက်ရှိကုန်၏။ ဧတ္တကာ၊ ဤမျှအတိုင်းအရှည်အရေအတွက်အပိုင်းအခြားရှိကုန်သော သတ္တဝါတို့သည်ကား။ သဒ္ဓါစရတိာ၊ သဒ္ဓါစရိုက်ရှိကုန်၏။ ဧတ္တကာ၊ ဤမျှအတိုင်းအရှည် အရေအတွက်အပိုင်းအခြားရှိကုန်သော သတ္တဝါတို့သည်ကား။ ဗုဒ္ဓိစရတာ၊ ဗုဒ္ဓိစရိုက် ရှိကုန်၏။ က္ကတိ၊ ဤသို့။ ဆကောဋ္ဌာသေ၊ ခြောက်ဖို့ခြောက်စုတို့ကို။ အကာသိ၊ ပြု၏။ ဧဝံကတွာ၊ ဤသို့ပြု၍။ ဓမ္မံ၊ တရားကို။ ဒေသေဿာမိ။ ဟောတော့အံ့၊ က္ကသဘိ၊ ဤသို့၊ စိန္တေသိ၊ ကြံ၏။-

(အဋ္ဌကထာအနက်)

ဤအဋ္ဌကထာပါဠ်၌

"ဧဟံ ပရိမာဏံ ဧတေသန္တိ ဧတ္တကာ" ဟူသော ဝစနတ်၏ အစွမ်းဖြင့်ဖြစ်သော "ဧတ္တကာ" ဟူသော ပုဒ်တို့၏ အစွမ်းအားဖြင့် အပိုင်းအခြားအရေအတွက်နှင့်တကွ မြင်တော်မူသည်။ အဖိုအစုကို ပြုတော်မူသည်ဟု သိအပ်၏။ ထိုအပိုင်းအခြားအရေအတွက်ကိုလည်း သီလက္ခန်ဋီကာ စသည်တို့၌ လာတိုင်းသာ အသင့်အားဖြင့် ယုံကြည်အပ်၏။ တစ်ပါးသော အခြင်းအရာအားဖြင့် လွှန်၍ မကြံအပ်၏။

**သောဋသမပုစ္ဆာအဖြေ ပြီး၏။**

www.dhammaransi.com

# ၁၇။ သတ္တရသမာဒိ ပုစ္ဆာအဖြေ

သတ္တရသမ, အဋ္ဌာသရမ, ဧကူနဝီသတိဝီသတိမ ဟူသော ပုစ္ဆာလေးရပ်ကို တစ်ပေါင်းတည်း ဖြေအပ်၏ ။ ။ ဘုရားပစ္စေကဗုဒ္ဓါသာဝကသုံးဦးတွင် နိယတဗျာဒိတ် ရပြီးသော ဘုရာလောင်းတို့သည်ကား နိယတဗျာဒိတ်ရသည်မှစ၍ တစ်ပါးသော စကြဝဠာ၌ ဖြင်ခြင်းမရှိကုန်။ ထို့ကြောင့် နိယတဗျာဒိတ်ရပြီးသော ဘုရာလောင်းတို့ အား ဖြစ်ခြင်းငှာမထိုက်သော အဘဗ္ဗဋ္ဌာန တစ်ဆယ့်ရှစ်ရပ်ကို ပြရာအဋ္ဌကထာများ၌-

"န အညံ့ စက္ကဝါဠံ သက်မန္တိ"

ဟူ၍လာပြီ။

အညံ့၊ ဤစကြဝဠာမှ တစ်ပါးသော စကြဝဠာသို့၊ နသက်မန္တိ၊ မပြောင်းရွှေ့ကုန်။

ထို့ကြောင့်ဘုရားလောင်းတို့သည် နိယတ ဗျာဒိတ်ရသည်မှစ၍ ပရိနိဗ္ဗာန်စံ သည့်တိုင်အောင် ပဋိသန္ဓေနေသော တစ်ပါးသော စကြဝဠာသို့ ပြောင်းခြင်းမရှိကုန်ဟု မှတ်အပ်၏။

(နိယတဗျာဒိတ်မရမီ ရှေးရှေးသော ကလာများ၌ကား စကြဝဠာတစ်ပါး၌ ဖြစ်ခြင်းကို အမြစ်အပယ်မရှိ ၏၊ အနုအန္တကို ထောင်ချင့်၍သာ ဝေဖန်ဖွယ်ရှိ၏)

ဗျာဒိတ်ရပြီးနောက် ပစ္ဆိမဘဝမတိုင်မီကာလ ဤစကြဝဠာတွင် အရှေ့ကျွန်း, အနောက်ကျွန်း, မြောက်ကျွန်းများ၌ ဖြစ်ခြင်းကိုလည်း အမြစ်အပယ် တိုက်ရိုက်မရှိ။ ထိုသို့ မရှိသော်ငြားလည်း အတုမရှိ ကြီးမြတ်သော မဟာဘိနီဟာရ ဟူသော ကုသိုလ် ၏အာနုဘော်ကြောင့်လည်းကောင်း၊ သမ္မာသမ္ဗောဓိအကျိုးငှာ ပါရမီဖြည့်ခြင်း၌ မြဲမြံ သော ဆန္ဒအာသီသ လုံ့လဥဿာဟရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ ပတိရူ ပဒေသ ဗုဒ္ဓဘူမိမဟုတ်သော တစ်ပါးသော ကျွန်းများ၌ဖြစ်ခြင်းကို အလိုမရှိအပ်။

www.dhammaransi.com



ဆန္ဒလုံ့လဥဿာဟ မြမြဲကြောင်းကိုကား -

အညဒါ ပန ဒီဃာယုကဒေဝလောကေ နိဗ္ဗတ္တာ နယာ၀တာယုကံ တိဋ္ဌန္တိ။ တတ္ထ ပါရမီနံ ဒုပ္ပူရဏီယတ္တာ။ တေ အဓိမုတ္တိကာလံ ကရိယံ မနုဿပထေယေ၀ နိဗ္ဗတ္တန္တိ။ ပါရမီနံ ပူရေန္တော ပန ယထာ ဣဒါနိ ဧကေန အတ္တဘာဝေန သဗ္ဗညုတံ ဥပနေတုံ သက္ကောန္တိ။ ဧဝံ သဗ္ဗသော ပူရိတတ္တာ တဒါပိ ဝိပဿီဗောဓိ သတ္တော တတ္ထ ယာ၀တာယုကံ အဋ္ဌာသိ။

ဟူသော မဟာပဒါနသုတ် အဋ္ဌကထာကို ထောက်၍ သိအပ်၏။

အညဒါပန၊ တုသိတာ မတ်ပြည်၌ ဖြစ်သောအခါမှ တစ်ပါးသော ရှေးရှေး သော အခါများ၌ကား။ ဒီဃာယုကဒေဝလောကေ၊ အလွန်အသက်ရှည်သော နတ်ပြည် ပြဟ္မာ့ပြည်များ၌။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်သော ဘုရားလောင်းတို့သည်။ ယာ၀တာယုကံ၊ အသက်ထက်ဆုံး၊ နတိဋ္ဌန္တိ၊ မတည်ကြကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။, တတ္ထ၊ ထိုနတ်ဘုံ ပြဟ္မာ့ဘုံ၌။ ပါရမီနံ၊ ပါရမီတို့၏ ဒုပ္ပူရဏီယတ္တာ၊ ဖြည့်ခြင်းငှာ အခွင့်ရခဲသည်၏အဖြစ်ကြောင့်ဟည်း။ တေ၊ ထိုဘုရားလောင်းတို့သည်။ အဓိမုတ္တိ ကာလံကရိယံ၊ သက်ဆုံးမနေ ယခုသေအံ့ ဟူသော နှလုံးသွင်း၍ သေခြင်းကိစ္စကို။ ကတွာ၊ ပြု၍၊ မနုဿပထေယေ၀၊ လူတို့ဖြစ်ရာ ဤလူ့ရွာ၌သာလျှင်။ နိဗ္ဗတ္တန္တိ၊ ဖြစ်လာ ကုန်ကြ၏။ ပန၊ ထိုသို့ပင် ဖြစ်ကြကုန်မြဲ မှန်ငြားသော်လည်း။ ပါရမီနံ၊ ပါရမီတို့ကို။ ပူရေန္တော၊ ဖြစ်ကြကုန်စဉ် အခါကပင်။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ပူရေ န္တော၊ ဖြည့်လိုက်ကုန်ရှိသော်။ ဣဒါနိ၊ ယခုဘဝ၌ပင်။ ဧကေနအတ္တဘာဝေန၊ တစ်ဘဝ ချင်းဖြင့်။ သဗ္ဗညု၏ညုတံ ဘုရားအဖြစ်သို့. ဥပနေတုံ၊ ရောက်ခြင်းငှာ။ သက္ကောန္တိ၊ တတ်နိုင်ကုန်၏။ ဧဝံ၊ ဤမျှလောက်သော အခြင်းအရာအားဖြင့်။ သဗ္ဗသော၊ အချင်း ခပ်သိမ်း။ ပူရိတတ္တာ၊ ဖြည့်ခြင်းကိစ္စ ပြီးပြတ်လေသောကြောင့်။ တဒါပိ၊ ထိုတုသိတာ နတ်ရွာ၌ တည်သောအခါ၌လည်း။ ဝိပဿီဗောဓိသတ္တော၊ ဝိပဿီဘုရားလောင်း သည်။ တတ္ထ၊ ထိုတုသိတာ၌။ ယာ၀တာယုကံ၊ အသက်ထက်ဆုံး။ အဋ္ဌာသိ၊ တည်လေ၏။

စရိယပိဋကအဋ္ဌကထာ၌လည်း -

> ယသ္မံ ဟိ ဇာတိယံ မဟာဗောဓိသတ္တေန နိဗ္ဗတ္တိတံ။ တတော ပဋ္ဌာယ ယာ၀စရိမတ္တဘာဝါန သာ နာမ ဇာတိဥပလဗ္ဘတိ။ ယာ သဗ္ဗေန သဗ္ဗံ ဗောဓိသမ္ဘာရ တာရဟိတာသိယာ အန္တမသော ဒါနပါရမိမတ္တံ ဥပါဒါယ။ အသဥ္ဉိ နိယတိပတိတာ နံဗောဓိသတ္တာနံ ဓမ္မတာ။ ယာယ၀စ တေ ကမ္မာရေသု ပယောဂမာပဇ္ဇန္တိ။ ယဒါ ပန သဗ္ဗသော ကမ္မာဒီသု ဝသီဘာ၀ပတ္တာ ဟောန္တိ။ အထ တတောပဋ္ဌာယ နိပ္ပဒေသ တောဧဝ ဗောဓိ သမ္ဘာရေသု သမီဟနသာတစ္စကိရိယာ သမ္ပဇ္ဇတိ။ သက္ကစ္စကာရိ တာပန သဗ္ဗကာလံ ဟောတိ။

ဟူ၍ လာ၏။

www.dhammaransi.com



ယသ္မံ ဇာတိယံ၊ အကြင်ဘဝ၌။ မဟာဗောဓိသတ္တေန၊ ဘုရားလောင်းသည်။ မဟာပဏိဓာနံ မြတ်သော ဆုတောင်းခြင်းကို။ နိဗ္ဗတ္တိတံ၊ ဖြစ်စေအပ်၏။ တတော၊ ထိုဘဝမှ။ ပဋ္ဌာယ၊ စ၍။ ယာဝစရိမတ္တဘာဝါ၊ အဆုံးဘဝတိုင်အောင်။ အန္တမသော၊ အယုတ်အားဖြင့်။ ဒါနပါရမိမတ္တံ၊ ဒါနပါရမီမျှကို။ ဉပါဒါယ၊ အစပြု၍။ ယာ၊ အကြင် ဘဝသည်။ သဗ္ဗေနသဗ္ဗနသဗ္ဗံ၊ အချင်းခပ်သိမ်း။ ဗောဓိသမ္ဘာရ သမ္ဘရတာရဟိတာ၊ ဗောဓိသမ္ဘာရကို ဆည်းပူးခြင်းမှ ကင်းသည်။ သိယာ၊ ဖြစ်ရာ၏။ သာနာမဇာတိ၊ ထိုဘဝကို၊ နဉပလဗ္ဘတိ၊ မရအပ်၊ ဟိ၊ ထိုစကားမှန်၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ နိယတိပတိတာနံ၊ မြဲသော သဘော၌ ကျကုန်ပြီးသော။ ဗောဓိသတ္တာနံ၊ ဘုရားလောင်း တို့၏၊ ဓမ္မတာ၊ သဘောတည်း။ စ၊ ဆက်ဦးအံ့။ ယာဝ၊ အကြင်မျှလောက်။ တေ၊ ထို ဘုရားလောင်းတို့သည်။ ကမ္မာဒီသု၊ ကံ စသည်တို့၌။ ဝသီဘာဝံ၊ လေ့လာသည်၏ အဖြစ်သို့။ နပါပူဏန္တိ၊ မရောက်ကုန်။ တာဝ၊ ထိုမျှလောက်။ သပ္ပဒေသံပိ၊ အစိတ် အကြွင်းရှိသည်ကို ပြု၍လည်း။ သမ္ဘာရေသု၊ သမ္ဘာရတို့၌။ ပယောဂံ၊ အားထုတ်ခြင်းသို့။ အာမဇ္ဇန္တိ၊ ရောက်ကြကုန်၏။ ယဒါပန၊ အကြင်အခါ၌ကား။ သဗ္ဗတေသာ အချင်းခပ် သိမ်း။ ကမ္မာဒီသု၊ ကံ စသည်တို့၌။ ဝသီဘာဝပတ္တာ၊ လေ့လာသည်၏အဖြစ်သို့ ရောက် ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အထ၊ ထိုအခါ၌။ တတော၊ ထိုအခါမှ၊ ပဋ္ဌာယ၊ စ၍။ နိပ္ပဒေသတောဧဝ၊ အကြွင်းမရှိသဖြင့်သာလျှင်။ ဗောဓိသမ္ဘာရေသု၊ ဗောဓိသမ္ဘာ ရတို့၌။ သမိစနသာတစ္စ ကိရိယာ၊ ကောင်းစွာအားထုတ်ခြင်း မပြတ်မလပ် ပြုခြင်း သည်။ သမ္ဘဇ္ဇတိ၊ ပြည့်စုံ၏။ သက္ကစ္စကာရိတာပန၊ အရိုအသေ ပြုလေ့ရှိသည်၏ အဖြစ်သည်ကား။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ဟောတိ၊ ဖြစ်၏။

(ဤသို့သော အကြောင်းအရာများကို ထောက်၍ ပတိရူပဒေသ အရိယဘူမိ ဗုဒ္ဓဘူမိ ပါရမီဘူမိမဟုတ်သော တစ်ပါးသော ကျွန်းများ၌ တစ်ရံတစ်ခါမျှ ဖြစ်ခြင်းကို အလိုမရှိအပ်။)

ဤကျွန်းတွင်ကား ငါတို့ဘုရားလောင်းသည် ဒုကနိပါတ်။ ဝလာဟကဇာတ်၌ သီဟိုဠ်ကျွန်းတွင်ဖြစ်ကြောင်းများကို လာသောကြောင့် တစ်ပါးသော ကျွန်းငယ် ဟိမဝန္တာတော စသည်တို့၌ ဖြစ်ခြင်းကို မတားမြစ်အပ်။ ။ ဗျာဒိတ်ရပြီးသော ပစ္စေ ကဗုဒ္ဓါလောင်း အဂ္ဂသာဝကလောင်း မဟာသာဝကလောင်း မဟာသာဝကလောင်းတို့ သည်လည်း နိယတဗျာဒိတ်၏ အစွမ်းကြောင့် ထိုဘုရားလောင်းအတူပင် ယူသင့်ရာ၏။

ထို့ကြောင့် မဟာပဒါနသုတ်ဋီကာ၌

ယသ္မာ ပုရိမဗုဒ္ဓါနံ မဟာဗောဓိသတ္တာနံ ပစ္စေကဗုဒ္ဓေါနဉ္စ နိဗ္ဗတ္တိယာ သာဝက ဗောဓိသတ္တာနံ သာဝကဗောဓိယာ အဘိနီဟာရော သာဝကပါရမိယာ သမ္ဘာရဏံ ပရိပါစနဉ္စ ဗုဒ္ဓက္ခေတ္တဘူတေ ဣမသ္မိံ စက္ကဝါဠေ ဇမ္ဗူဒီပေဧဝ ဣဇ္ဈတိ၊ န အညတ္ထ။

www.dhammaransi.com



ဝိနေယျာနံ ဝိနယသေသာပက္ကာယဇော်သို့ ဇမ္ဗုဒီပေဇဝ ဗုဒ္ဓါနိပ္ပတ္တန္တိ၊ န သေသဒီ သေသုံ။

ဟု မိန့်အပ်ပြီ။

ပကိတ်သာဝကအလောင်း အပေါင်းတို့တွင် တစ်ဦးသော ထေရ်အလောင်း သည် လမန်းစပါးဆန် တစ်ကွမ်းစာချက်သော ဆွမ်းကို ပစ္စေကဗုဒ္ဓါအရှင်အား လှူ၍ ထိုအရှင်၌ရှိသော လောကုတ္တရာတရား၌ သက်ဝင် ကြည်ညို၍ ဤကဲ့သို့သော အရှင်ကောင်းတို့နှင့် ပေါင်းဆုံမိလိုသော ဘဝသုံးပါး၌ တစ်ရံတစ်ဆစ်မျှ ငဲ့ကွက်ခြင်း မရှိသည် ဖြစ်ရလိုသောဟု သက်သက်သေ ဝိပင္ဍကို ဆုတောင်း၏။ ထိုကုသိုလ်ကြောင့် ဥတ္တကုရုမည်သော မြောက်ကျွန်း၌ ဘဝပေါင်း တစ်ထောင် တာဝတိံ သာ၌ ဘဝပေါင်း တစ်ထောင် ဖြစ်ပြီးလျှင် ငါတို့ ဘုရားလက်ထက်၌ အကျွတ်ရကြောင်းကို "သာမာက ပတ္တောနမတ္တမေဝ" အစရှိသော ခြောက်ဂါထာတို့ဖြင့် ပါဠိတော်၌ လာသည်များကို ထောက် ဖြစ်လိုသောဆန္ဒရှိလျှင် ကျွန်းတစ်ပါး၌လည်း ဖြစ်ကောင်းသေး၏ဟု မှတ် အပ်၏။ ။ ပါရမီ နုလှသေးသော အခါ၌ကား အလုံးစုံသော အလောင်းအလျာတို့၏ စကြဝဠာတစ်ပါးကျွန်းများ၌ ဖြစ်ခြင်းကို မတားမြစ်အပ်။

အဘိဇာနာမိ ခေါပနာဟံ အာနန္ဒ အနေကသတံ ခတ္တိယပရိသံ ဥပသံမတ္တာ တတ္ထ ယာဒိသကော တေသံ ဝဏ္ဏော ဟောတိ။ တာဒိသကော မယှံဝဏ္ဏော ဟောတိ။ ယာဒိသကော တေသံ သရောဟောတိ။ တာဒိသကော မယှံသရော ဟောတိ။ ဓမ္မိယာစ ကထာယ သန္ဒဿေမိ သမာဒပေမိ သမုတ္တေဇေမိ သမ္ပဟံသေမိ။ ဘာသမာနဥ္စမံ န ဇာနန္တိ။ ကော နုခေါ အယံ ဘာသတိ ဒေဝေါဝါ မနုဿောဝါတိ။ ဓမ္မိယာစ ကထာယ သန္ဒဿေတွာ သမာဒပေတွာ သမုတ္တေဇေတွာ သမ္ပဟံသေတွာ အန္တရဓာယာမိ။ အန္တရဓာယာမိ။ အန္တရဓာယန္တဥ္စ မံနဇာနန္တိ။ ကော နုခေါ အယံ အန္တရဟိတော ဒေဝေါဝါ မနုဿောဝါတိ။

ဟူ၍ စကြဝဠာမှ တစ်ပါးသော စကြဝဠာများသို့ ကြွတော်မူ၍ တရားဟော တော်မူကြောင်းကိုပြရာ ပါဠိတော်အဖွင့်ဖြစ်သော သုတ်မဟာဝါ အဋ္ဌကထာ, ပဏ္ဏာသ အဋ္ဌကထာ, အင်္ဂုတ္တိုရ် အဋ္ဌကထာများ၌ -

ကိမတ္ထမ္ပနေဝံ အဇာနန္တာနံ ဓမ္မံ ဒေသေတီတိ။ ဝါသနတ္တာယ။ ဧဝံ သုတောပိ ဟိ ဓမ္မော အနာဂတေ ပစ္စယော ဟောတိ ယေဝါတိ အနာဂတံ ပဋိစ္စ ဒေသေတီတိ။

ဟူ၍လာသည်။

ဧဝံ၊ ဤသို့. ငါတို့အား တရားဟောပေသောသူကား နတ်ပေတည်း လူပေတည်းဟူ၍။ အဇာနန္တာနံ၊ မသိကြွန်သော တစ်ပါး စကြဝဠာသူတစ်ပါး စကြဝဠာ

www.dhammaransi.com



သားတို့အား။ ကိမတ္ထံ၊ အဘယ်အကျိုးငှာ။ ဓမ္မံ၊ တရားကို။ ဒေသေတိပန၊ ဟောတော်မူရသနည်း။ ဣတိ၊ ဤကား အမေး။ ဝါသနတ္ထာယ၊ အထုံ ဝါသနာဖြစ်ရခြင်း အကျိုးငှာ။ ဒေသေတိ၊ ဟောတော်မူပေ၏။ ဟိ၊ ချဲ့၍ဆိုအံ့။ ဧဝံသုတောပိ၊ ဤသို့ တရားဟောဘုရားကို မသိဘဲ နာအပ်သော်လည်း။ ဓမ္မော မြတ်စွာဘုရား၏ တရားတော်သည်။ အနာဂတေ၊ နောင်ကာလ၌။ ပစ္စယော၊ ဝါသနာဖြစ်ခြင်း၏အကြောင်းသည်။ ဟောတိယေဝ၊ ဖြစ်သည်သာတည်း။ ဣတိ၊ ထို့ကြောင့်။ အနာဂတံ၊ နောင်ကာလကို။ ပဋိစ္စ၊ စွဲ၍။ ဒေသေတိ၊ ဟောတော်မူပေ၏။ ဣတိ၊ ဤကား အဖြေ။

ဤစကားရပ်ဖြင့် တရားကို နာကုန်သော ထိုသူတို့သည် ဝါသနာည် နှီးဆော်တိုက်တွန်းအပ်ကုန်သည်ဖြစ်၍ ထိုလူအဖြစ်မှ နတ်အဖြစ် နတ်အဖြစ်မှ ငါတို့စကြဝဠာအတွင်း ဇမ္ဗူဒိပ်ကျွန်းသို့ တရွေ့ရွေ့ရောက်လာကုန်ပြီးလျှင် သပ္ပုရိသူပနိဿယ စသောအကြောင်းကို ရကြကုန်သည်ဖြစ်၍ ပါရမီတရားတို့ကို ဖြည့်ကျင့်ကုန်ပြီးလျှင် ပါရမီအားလျော်စွာ သာဝကဗောဓိ, ပစ္စေကဗောဓိ, သမ္မာသမ္ဗောဓိ သုံးပါးတွင် တစ်ပါးပါးကိုရ၍ ပရိနိဗ္ဗာန်ယူကြကုန်သေး၏ ဟူသာ အဓိပ္ပါယ်ကို ပြတော်မူသည်။ ထိုစကားမှန်၏။ အစမထင်သော သံသရာကာလ၌ ဤမျှသော သတ္တဝါတို့ကား ဤမည်သောစကြဝဠာသားတို့သာတည်းဟု အမှတ်အစွဲ အမြဲ နိယမ မရှိကုန်၊ နိကန္တိအလျောက် ရောက်မိရောက်ရာ စကြဝဠာ၌ တာရှည်လေးမင့် အဆင့်ဆင့် အဆက်ဆက်အားဖြင့် ကျင်လည်ခိုက် ဖြစ်ခိုက်ကိုသာယူ၍ ဤစကြဝဠာသူ ထိုစကြဝဠာသူ ဤစကြဝဠာသား ထိုစကြဝဠာသားဟူ၍ ဆိုအပ်ကုန်၏။ ။ စကြဝဠာတို့၏အဆုံးကိုရောက်အောင် သွားအံ့ဟု အားထုတ်၍ တန်ခိုးအသိဉာဏ်ဖြင့်သွားလေရာ များစွာသော စကြဝဠာတို့ကို လွန်လျှင် အသက်တမ်းကုန်သဖြင့် စုတေ၍ ဤစကြဝဠာ၌ပင် နိကန္တိအလျောက် ဖြစ်လာသော လောဟိတသ ဝတ္ထုများကိုလည်းကောင်း-

> "ဣမမှာ စက္ကဝါဠာ သတ္တာ ပရစက္ကဝါဠံ ပရစက္ကဝါဠာစ ဣမံ စက္ကဝါဠံ သံသရန္တိ"။

ဟူသော အနမတဂ္ဂိယသုတ် အဋ္ဌကထာများကိုလည်းကောင်း ထောက်၍ ဆိုအပ်ခဲ့ပြီးသော စကာကို ယုံကြည်အပ်၏။

သတ္တာ၊ သတ္တဝါတို့သည်။ ဣမမှာ စတ္တဝါဠာစ၊ ဤစကြဝဠာမှလည်း၊ ပရစက္ကဝါဠံ၊ တစ်ပါးသော စကြဝဠာသို့။ သံသရန္တိ၊ ပြောင်းရွှေ့ကျင်လည်ကြကုန်သေး၏။ ပရစက္ကဝါဠာစ တစ်ပါးသော စကြဝဠာမှလည်း။ ဣမစက္ကဝါဠံ၊ ဤစကြဝဠာသို့။ သံသရန္တိ၊ ပြောင်းရွှေ့ကျင်လည်ကြကုန်သေး၏။

www.dhammaransi.com



(အဋ္ဌကထာအနက်)

(ဤကား၊ အဆုံးဘဝ ပစ္ဆိမသို့ မတိုင်အောင် ကာလများ၌ တစ်ပါးသော စကြဝဠာ တစ်ပါးကျွန်း မဇ္ဈိမဒေသ တစ်ပါးသောအရပ်များ၌ အလောင်းအလျာ သုံးပါးတို့ ဖြစ်သင့်မဖြစ်သင့်ကို စိစစ်သောစကားတည်း)

ပါရမီဖြည့်၍ အဆုံးဘဝ ပစ္ဆိမသို့ရောက်သော အခါ၌ကား

၁။ ဝိဘယခေတ်ဖြစ်သော စကြဝဠာအနန္တ။

၂။ အာဏာခေတ်ဖြစ်သော စကြဝဠာ ကုဋေတစ်သိန်း,

၃။ ဇာတိခေတ်ဖြစ်သော စကြဝဠာ တစ်သောင်း,

ဟူ၍ ခေတ်သုံးပါးရှိသည်တွင် ဇာတိခေတ်၌သာ, ဇာတိခေတ်ဖြစ်သော စကြဝဠာတစ်သောင်းတွင် ကျွန်းကြီးလေးကျွန်း ကျွန်းငယ်နှစ်ထောင်ဖြင့် ရေတွက်အပ်သော ဤစကြဝဠာတွင်သာ, ဤစကြဝဠာတွင် ဇမ္ဗူဒိပ်ကျွန်း၌သာ, ဤဇမ္ဗူဒိပ်ကျွန်းတွင် အဝန်း ကိုးယူဇနာရှိသော အရိယဘူမိဟုဆိုအပ်သောမဇ္ဈိမတိုက်၌သာ ဘုရားအပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက, အချို့သော ပကတိသာဝက စသည်တို့သည် ဖြစ်ကြကုန်။ ။ ထို့ကြောင့် -

**ဒီဃနိကာယ် မဇ္ဈိမနိကာယ် အင်္ဂုတ္တရနိကာယ် သံယုတ္တနိကာယ် အဋ္ဌကထာ စသည်များ၌-**

> မနုဿ လောကေပိ န အညသ္မိံ စက္ကဝါဠေ။ ဣမသ္မိံယေဝ စက္ကဝါဠေ ဥပ္ပဇ္ဇတိ။ တတြာပိ န သဗ္ဗဋ္ဌာနေသု။ ပုရတ္တိမာယ ဒိသာယ ဇင်္လံနာမ နိဂမော။ လ။ ဩရတော မဇ္ဈေ။ ဧဝံ ပရိစ္ဆိန္နေ အာယာမတော တိယောဇနသတေ ဝိတ္ထာရတော အမုတိယောဇနသတေ ပရိက္ခေပတော နဝယောဇနသတေ မဇ္ဈိမဒေသေ ဥပ္ပဇ္ဇတိ။ နကေဝလဥ္စ တထာဂတော။ ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝကာ အသီတိတဟာထေရာ အညေပိ ဂုဏဝန္တာ ဥပ္ပဇ္ဇန္တိ။ ဗုဒ္ဓမာတာ ဗုဒ္ဓပိတာ စက္ကဝတ္တိရာဇာအညေစ သာရပတ္တာ ဗြာဟ္မဏ ဂဟပတိကာ ဧတ္ထေဝ ဥပ္ပဇ္ဇန္တိ။

ဟူ၍ မိန့်ကုန်ပြီ။

အသီတိ မဟာသာဝက တို့တွင်လည်း သုနာပရန္တပုဏ္ဏထေရ် မဟာကပ္ပိန ထေရ် စသည်တို့သည် မဇ္ဈိမဒေသ၌လည်း ဖြစ်ကုန်သေး၏၊ ပကတိ သာဝကတို့မှာ ဆိုဖွယ်မရှိ။

www.dhammaransi.com



ဤစကားကိုလည်း မဟာဗောဓိပင်ကို အလယ်မဏ္ဍိုင်ပြု၍

၁။ အရှေ့ကိုလားသော် ဇင်္ဂလ နိဂုမ်း၏ ပြင်ဘက်အင်ကြင်းပင်ကြီး,

၂။ အရှေ့တောင်ကိုလားသော် သလ္လာဝတီမြစ်,

၃။ တောင်ကိုလားသော် သေတကဏ္ဏိကနိဂုမ်းရွာ,

၄။ အနောက်ကိုလားသော် ဓုနမည်သော ပုဏ္ဏားရွာ,

၅။ မြောက်ကိုလားသော် ဥသိရဒ္ဓဇတောင်,

ဤသို့ နယ်နိမိတ်ငါးရပ် သတ်မှတ်၍ လာသော ပါဠိတော်နည်းအား ဖြင့် ဆိုအပ်၏၊ အဋ္ဌကထာနည်း အားဖြင့်ကား သီဟိုဠ်ကျွန်းနှင့် တကွ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းသည် မဇ္ဈိမဒေသမည်၏။ ။ထိုကြောင့်-

အင်္ဂုတ္တိုရ်အဋ္ဌကထာ၌

အပိစ ဥပါဒါယ မဇ္ဈိမဒေသော လဗ္ဘတိ။ သကလောပိ ဟိ ဇမ္ဗူဒီပေါမဇ္ဈိမဒေသောနာမ။ သေသဒီပါ ပစ္စန္တိမဇနပဒါ။ တမ္ဗပဏ္ဏိဒီပေ အနုရာဓပုရံ မဇ္ဈိမဒေသောနာမ။ သေသော ပစ္စန္တောတိ ဝေဒိတဗ္ဗော။

ဟူ၍ မိန့်အပ်ပြီ။

ဋီကာ၌လည်း

ဥပါဒါယာပိ မဇ္ဈိမဒေသော လဗ္ဘတိ။ ယတ္ထိဂတိ ဘိက္ခူနံ ဘိက္ခုနီနံ ဥပသကာနံ ဥပါသိကာနံ အညေသံပိ ကမ္မဝါဒိကိရိယဝါဒီ ဝိညုဇာတိကာနံ။ သော ပတိရူပဒေသဝါသောတိ ဝုစ္စတိ။ တေနာဟ သကလောပီတိ အာဒိ။

ဟူ၍မိန့်အပ်ပြီ။

သုတ္တနိပါတ် အဋ္ဌကထာ, ခုဒ္ဒကပါဌအဋ္ဌကထာ မင်္ဂလသုတ်

အဖွင့်များ၌လည်း

ပတိရူပဒေသ-ါသောနာမ ယတ္ထ စတသော ပရိသာ ဝိစရန္တိ။ ဒါနာဒီနိ ပုညကိရိယ ဝတ္ထူနိစ ဝတ္တန္တိ။ နဝင်္ဂသတ္ထုသာသနံ ဒိပ္ပတိ။

ဟူ၍ လာကုန်ပြီ။

www.dhammaransi.com



ဤသို့လာသော အဋ္ဌကထာနည်းအားဖြင့်ကား အလုံးစုံသော ဘုရား ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝက ပကတိ သာဝကတို့ သည်ပင် မဖျိမဒေသ၌ သာဖြစ်ကြကုန်၏ဟု ဖြေအပ်ကုန်၏။ ။ဤအလုံးစုံကို လည်း မနုဿဘုံ၏ အစွမ်းဖြင့် သာဆိုအပ်၏။ နတ်ဘုံ ပြဟ္မာဘုံ၏ အစွမ်းဖြင့်ကား ဇာတိခေတ်ဖြစ်သော စကြာဝဠာ တစ်သောင်းကိုပင် မဖျိမဒေသ ဟူ၍ ဆိုထိုက်၏။ ။ဗျာဒိတ်ခံသော အခါ၌ တစ်သောင်းသော စကြာဝဠာနေ နတ်ပြဟ္မာတို့ စည်းဝေးလာကုန်ကြောင်း, ထိုအတူ ဘုရားအဖြစ်ကို တောင်းပန်ရာ ပဋိသန္ဓေယူတော်မူရာ ကာလများ၌ စည်းဝေးလာ ကုန်ကြောင်း, ပဋိသန္ဓေနေစဉ်အခါ စတုမဟာရာဇ် နတ်မင်းကြီးပေါင်း လေးသောင်းတို့ လက်နက်စွဲ၍ အမြဲစောင့်နေကြောင်း, ဖွားတော် မူစဉ်အခါ တောထွက်တော်မူစဉ် အခါ ဘုရားဖြစ်တော်မူစဉ်အခါ တို့၌ တစ်သောင်းသော စကြာဝဠာနေ နတ်ပြဟ္မာတို့ စည်းဝေးလာကုန်ကြောင်း, အဇပါလ၌ နေစဉ် တစ်သောင်းသော စကြာဝဠာနေ နတ် ပြဟ္မာ အပေါင်းတို့နှင့် တကွ သဟမ္ပတိပြဟ္မာမင်းလာ၍ တရားဟော တောင်းပါန်ကြောင်း, ဓမ္မစကြာကို ဟောသောအခါမှစ၍ သာသနာငါးထောင်ဆုံး၍ ဓာတု ပရိနိဗ္ဗာန်စံရာတိုင်အောင် တစ်သောင်းသော စကြာဝဠာနေ နတ်ပြဟ္မာတို့ စည်းဝေးလာကြောင်း, အကျွတ်ရကြောင်းကို ဆိုသော အဋ္ဌကထာ ဋီကာကျမ်းဂန်များ ကိုထောက်လေ။

**သတ္တုရသမပုစ္ဆာ အဋ္ဌာရသမပုစ္ဆာ ဧကူနဝီသတိမပုစ္ဆာ ဝီသတိမပုစ္ဆာ**
**လေးပါးအဖြေပြီး၏**

www.dhammaransi.com

# ပဏ္ဍိတ ဓမ္မတာ ဝါကျအဖွင့်

ဤသို့လျှင် အကြင်အကြင် မိန့်ဆို အပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ဂန္ထာရမ္ဘ ကျမ်းအစ၌ "ပုစ္ဆိဿံ" ဟူသော ပဋိညာဉ်နှင့်လျော်စွာ ပဋိညာတဗ္ဗဖြစ်သော နှစ်ဆယ် အရေအတွက်ရှိသော ပုစ္ဆာဝါရတို့ကို ဖြစ်စေတော်မူပြီး၍ ခုအခါ ဤပုစ္ဆာကိုဖြေရာ ဖြေကြောင်း ဖြစ်သော ပါဠိဂကထာဋီကာ အနုမဓု လက်သန်း ဂန္ထန္တရကျမ်းထိုမျှ၌ သာဓကစကား ထောက်ထားနိုင်းချိန်ရန် ထုံးစံ သက်သေ အထွေထွေ တို့ကို ဖွေရှာ မွှေနှောက်ရွေးကောက်ယူထားလျက် ပိုင်းခြား ပိုင်ပိုင် ဖြေစွမ်း နိုင်လောက်သော ပညာရှိ ကဝိသုခမိန်တို့အား ရေးရာတစ်ပါး ကိစ္စများကို ပယ်ရှား စွန့်ပစ်လျက် မနစ်မဆုတ် အားထုတ်စေကြောင်း ကောင်းမြတ်သော ပညာရှိဖွယ်ရာ မင်္ဂလာစကား တို့ဖြင့် မိုးဖျားထိလောက် ချီးမြှောက်တိုက်တွန်းတော်မူလိုသော ဆရာမြတ်သည် "မယံစောဒကာနာမ" အစရှိသော အဆုံးသတ်စကားကို အားထုတ်တော်မူပေ သတည်း။

[ဤဝါကျ၌ "စောဒေန္တိဝိဿဇ္ဇိတုံ သမတ္ထေ ဝိညူနော ဥဿျောဇေန္တိတိ စောဒကာ" ဟူသော အနက်သာ လိုအပ်၏ "ပရေသံ ဒေါသံ အာရောပေန္တိ" ဟူသောအနက်ကို မလိုအပ်။]

ဤအရာ၌ ဖြေစွမ်းနိုင်သော ပညာရှိတို့အား ပဏ္ဍိတာသာသနဓဇူပမာစသည် ဖြင့် အလွန်ချီးပခြင်း, မဖြေနိုင်ဘဲ ဖြေရဲလေဟန် အသံပေးလိုသသူ တို့အား ခါဏု ကာဝိယ စသည်ဖြင့် နှိပ်ဘိကွပ်ညှပ်ခြင်းများသည် "ဝဏ္ဏာရဟဿ ဝဏ္ဏာ ဘာသိတာ ဟောတိ။ အဝဏ္ဏာရဟဿ အဝဏ္ဏံ ဘာသိတာ" ဟူသော ပညာရှိတို့၏ သဘော ဖွယ်ရာပင်တည်း။

www.dhammaransi.com

# နိဂုံး

၁။ “သာသနေဒါနိ ယေနေကေ၊
ဓမ္မနယကောဝိဒါ။
ယဿ ပဘာဝနိဗ္ဗဒ္ဓါ၊
သဗ္ဗေ တေ ပါယသော ဇနာ။

၂။ တေသ ပညာတရေနေဿ၊
ဂဏ္ဍိပဒဝိသောဓိနော။
ပါဒမူလမှိ ထေရဿ၊
နိပ္ပစ္စ ဓမ္မဂါဟိနာ။

၃။ မယာ ဉာဏာဘိဝံသေန၊
တက္ကတာယတ္တနိဿယံ။
သင်္ချေပေန ယံ လဒ္ဓံ၊
ဝိပုလံ တဿ တေဇသာ။

၄။ ဓမ္မေန ရာဇာနော ဘူမိံ
ရက္ခန္တု ဟိတစေတသာ။
အပ္ပမတ္တာ ဇနာ ဟောန္တု၊
သမ္မောဓိတ္တယဘာဂိနော တိ။

၁။ စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော စကားစဉ်ဖြင့်။ (သင်္ချေပေန ၌စပ်ပါ)၊ ဒါနိက္ကဒါနိ၊ ယခုအခါ ကာလ၌။ သာသနေ၊ ဗုဒ္ဓမြတ်စွာ ဤသာသနာတော်တွင်း၌။ အနေကေ၊ များစွာကုန်သော။ ယေဇနာ၊ အကြင် နဝ မဇ္ဈိမထေရ ဖြစ်ကုန်သော ရဟန်းတို့သည်။ ဓမ္မဝိနယ ကောဝိဒါ၊ သုတ်နည်း၌ လိမ္မာကျွမ်းကျင်သိမြင် တတ်မြောက်ကြပေကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဇနာ၊ ထိုသုတ်အဘိဓမ္မာ ဝိနည်းကျမ်းဂန်၌ လိမ်မာကျွမ်းကျင် သိမြင်တတ်မြောက် ကြကုန်သောသူ ဟူသမျှတို့သည်။ ပါယသော ယေဘုယျေန၊ များသော အားဖြင့်။ ယဿ၊ အကြင် ငါတို့ ကျေးဇူးအရှင် **သုဒဿနဝရဓမ္မသာမိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်နာမံ ရှိတော်မူသော စံကျောင်းဆရာတော် ဘုရားကြီး၏**။ ပဘာဝနိဗ္ဗဒ္ဓါ၊ ဗျာတ္တိဗလ တည်းဟူသော အကြောင်းရင်းမူလ ရှိကြကုန်သည် သာလျှင်တည်း။

www.dhammaransi.com



၂။ တေသံတာဒိသာနံ၊ ထိုသို့ သဘောရှိကုန်သော နဝမဖြို့မထေရ အပေါင်းတို့တွင်။ အညတရေန၊ တစ်ပါးအပါအဝင်ဖြစ်သော။ (မယာ၌စပ်ပါ)။ ဂဏ္ဌိပဒိဝိသောဓိနော၊ ပါဠိအဋ္ဌကထာ ဋီကာအနု မဓု လက်သန်းဂဏ္ဌိရကျမ်းတို့၌ နက်နဲကျစ်လျစ် ခက်ဆစ်ခဲရပ်ဟူသမျှတို့ကို သုတ်သင်ရှင်းလင်းခြင်း အလေ့ရှိတော်မူ တသော။ ထေရဿ၊ လောကဓလေ့ မုန်တိုင်းဝေ့လည်းအရွှေ့မဆိုင်း မြဲမြံကြံ့ခိုင်သော စိတ်နှလုံးရှိတော်မူသော။ အဿ၊ ထိုကျေးဇူးအရှင် ဆရာတော်ဘုရားကြီး၏။ ပါဒမူလမှိ၊ ခြေတော်ရင်း၌။ နိပ္ပစ္စ၊ ရိုကျိုးညွတ်ပျက် တုံ့ဝပ်ခစားခြင်းကို ပြု၍။ ဓမ္မဂဟိနာ၊ ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန် နှုတ်သံပျောင်းပျ ဩဝါဒများကို ခံယူကာ နေလေ့ရှိသော။

၃။ ဉာဏာဘိဝံသေန၊ ဉာဏာဘိဝံသအမည်ရှိသော။ (ဤပုဒ်ကိုလည်း မယာ၌ စပ်ပါ။) တက္ကတာယ၊ ထိုဆရာတော်ဘုရားကြီးသည် စီရင်အပ်သော ဝိသတိပုစ္ဆာ ကျမ်း၏။ အတ္ထနိဿယံ၊ အနက်မှီရာ နိဿယကို။ သခ်ရောဇ္ဇေရာ၊ ကောဇာရာ သက္ကရာဇ် ၁၂၄၁ ခုတွင် ပြုစီရင်သော။ မယာ၊ ရဟန်းသိက္ခာ ဆယ့်လေးဝါရ ပထမစာချ ဆရာ ငါသည်။ ဝိပုလံ၊ ပြန့်ပြောစွာသော။ ယံ၊ အကြင်ကုသိုလ်ကို။ လဒ္ဓံ၊ ရအပ်ပြီ။ တဿ၊ ထိုကုသိုလ်၏။ တေဇသာ၊ အစွမ်းကြောင့်။

၄။ ရာဇာနော၊ မင်းတို့သည်။ ဟိတစေတသာ၊ တိုင်းသူပြည်သား လူ့ အများ၏ စီးပွားချမ်းသာကို တောင့်တသော မေတ္တာစိတ်ရှိကုန်သည်ဖြစ်၍။ ဓမ္မေန၊ တရားသဖြင့်။ ဘူမိံ၊ မြေအပြင်ကို။ ရက္ခန္တု၊ စောင့်ရှောက်အုပ်ထိန်း ပိုက်သိမ်းစိုးကွပ် ကြစေကုန်သတည်း။ ဇနာ၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည်။ အပ္ပမတ္တာ၊ ပုညကုသိုလ် ကိုယ်ကျင့်တရား၌ရုံခါတစ်စေ့ မမေ့မလျော့ ကြကုန်သည် ဖြစ်၍။ သမ္မောဓိတ္တာယ ဘာဂိနော၊ ထိုက်သင့်လျော်ကန် ရည်သန်ဆုတောင်းအပ်သော သမ္မောဓိ သုံးပါးတည်းဟူသော အဖို့ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန် သတည်း။ က္ကတိ၊ ဤတွင်နိဂုံးစကား ပြီး၏။

**ပါရမီဒီပနီ ပြီး၏။**

www.dhammaransi.com

# ကမ္မဋ္ဌာနဒီပနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

သက္ကရာဇ် ၁၂၆၅ ခု၊ ဝါဆိုလ အတွင်း ရန်ကုန်မြို့မှ မုံရွာမြို့သို့လာရောက်၍ မုံရွာမြို့အနောက်တောင် ခရီး မြန်မာ တစ်တိုင်ကျော်အကွာလက်ပံတောင်းတောင် ဝါဆိုစကြီ ကျောင်း၌ ဝါတွင်းသုံးလပတ်လုံး ဥပုသ်စောင့်ထိန်းလျက် သမထဝိပဿနာ တရားများကို ကြိုးစားအားထုတ်၍ နေသူ ရန်ကုန်မြို့ ပုဇွန်တောင် တောင်လုံးပျံရပ်နေ **မာတ်ဆရာကြီး** - ဆရာမြို့ သည် ရံခါရံခါ မိမိနာခံ မှတ်သားရသော တရားဓမ္မများကို မိမိကဲ့သို့ ပညာရှိသူတော်ကောင်း အများတို့လည်းကြားနာ သိမှတ်ကြစေရန် စာအုပ်ရေးတင် စီရင်ချီးမြှင့်ပါစေလိုကြောင်း နှင့် တောင်းပန် လျှောက်ထား အပ်သည်ဖြစ်၍၊ ဒုလ္လဘတရားငါးပါး ခန္ဓာငါးပါး၏ ဥပမာ အကျယ်၊ အတွင်း အာယတနငါးပါး၊ အပ အာယတနငါးပါး တို့၏ ဥပမာ အကျယ်စသည်ဖြင့် အထက် ရိုက်ထုတ်သော စာအုပ်များမှာ မပါ ကျန်ရှိသောတရား အချက်များကို ရေးသား ပြဆိုပေအံ့ပေသတည်း။

## ဒုလ္လဘ ဟူသော အက္ခရာ တံဆိပ်ကြီး

ဒုလ္လဘတရားငါးပါး ဆိုသည်ကား အကြင်မူလ တရားငါးပါးကိုတွေ့ကြုံ ရရှိခဲ့သည်ရှိသော် အလွန်မြင့်မြတ် ကြီးကျယ်သော အကျိုး အာနိသံသ အနန္တကို ရယူနိုင်၏။ ထိုမူလတရား ငါးပါးကို လောက၌ အများကြားသိသတိရရှိစေရန် ကမ္ဘာတန်ဆာ အက္ခရာတံဆိပ်ကြီးပြု၍ ဘုရားအစ ရှိသော ပညာရှိကြီးတို့ ဒုလ္လဘတရား ငါးပါးဟု နတ်လူအများ သိထင်ရှားအောင် ထုတ်ဖော် မြွတ်ကြား ထားတော်မူကြကုန်၏။

www.dhammaransi.com



ထိုမူလတရားကြီးငါးပါးကို ဒုလ္လဘတရား ငါးပါးဆိုသည်။

အကျိုးအာနိသံသ အနန္တကို အရယူနိုင်ကြရန် ထုတ်ဖော်မြွက်ကြားထားတော်မူခဲ့ရင်း ဖြစ်၍လည်း ထိုအကျိုးအာနိသံသ အနန္တကို ရယူနိုင်ကြသောသူတို့သည်သာလျှင် ထိုထိုဒုလ္လဘကို တွေ့ကြုံကြရသူမည်ကုန်၏။

အကျိုးအာနိသံသ အနန္တကို မရမယူနိုင်ကြသော သူတို့သည် ထိုထို ဒုလ္လဘကို တွေ့ကြုံ ကြရသူဟူ၍ မဆိုစလောက်ကုန်။

ဒုလ္လဘတရား ငါးပါးတို့တွင် မနုဿတ္တဒုလ္လဘကို ရှေးဦးစွာ ပြဆိုရာ၏။

လူ့အဖြစ် အဘယ်သို့ရခဲသနည်း၊ လူ့အဖြစ်ကို ရခဲ့သည်ရှိသော် အဘယ်သို့သော အကျိုးအာနိသံသ အနန္တကို ရယူနိုင်ကြလေသနည်း။ အမေးပုစ္ဆာ ၂ ချက်။

## မနုဿတ္တ ဒုလ္လဘ ကို ပြဆိုခြင်း

### နခသိခ သုတ္တန်

လူ့အဖြစ်ကို အဘယ်သို့ ရခဲသနည်း၏ အဖြေကား. . .

မြတ်စွာဘုရားသည် လက်သည်းတော်ပေါ်၌ မြေမှုန့်ငယ်တို့ကို တင်ထားတော်မူ၍၊ ရဟန်းတို့ မဟာပထဝီ မြေကြီးမှာရှိနေသော မြေမှုန့်စုနှင့် ငါ၏ လက်သည်းတော်ပေါ်တွင် တင်ရှိသော မြေမှုန့်စုသည် အဘယ်က များသနည်းဟု မေးတော်မူ၏၊ နှိုင်းယှဉ်ခြင်းငှါပင် မထိုက်၊ လက်သည်းတော်ပေါ်ရှိ မြေမှုန့်စုကား အလွန်နည်းပါးလှ၏။ မဟာပထဝီမှာ ရှိနေသော မြေမှုန့်စုကား အလွန်တရာ များလှပါ၏ဟု လျှောက်ကြကုန်၏။ ။

ထိုအခါ ရဟန်းတို့၊ ဤသုဂတိဘုံမှ စုတေကြသူအပေါင်းတို့တွင် သုဂတိဘုံသို့ ရောက်နိုင် သူတို့ကား လက်သည်းတော်ပေါ်တွင် တင်ရှိသော မြေမှုန့်အလားကဲ့သို့ အလွန်နည်းပါးလှ၏၊ အပါယ်ဘုံသို့ ရောက်ကြသူတို့ကား မဟာပထဝီရှိ မြေမှုန့်အလားကဲ့သို့ အလွန်တရာ များလှ၏ဟု ဟောတော်မူပေ၏။ ။

ဤသုတ္တန်ကို **နခသိခသုတ်** ဟုခေါ်တွင် ထင်ရှား၏၊ အလွန်တရာ များပြားလှသည့် အတွက်ကြောင့် မဟာပထဝီရှိ မြေမှုန့်ကို ဥပမာပြတော်မူ သည်ဟုသိရာ၏။

ဤသုတ်ကို မြော်ထောက်၍ တစ်ယောက် တစ်ယောက်သော သတ္တဝါ၏ အနမတဂ္ဂ အတိတ်သံသရာ၌ ကျင်လည်၍လာခဲ့ရာ သုဂတိ ဒုဂ္ဂတိ ဘဝအလားကိုလည်း သိမြင်နိုင်ရာ၏။

www.dhammaransi.com



အဘယ်ကဲ့သို့ သိမြင်နိုင်ရာသနည်း၊ သုဂတိဘုံ၌ ငါဖြစ်ခဲ့သော ဘဝစုကား လက်သည်း တော်ပေါ်ရှိ မြေမှုန့်အလားကဲ့သို့ အလွန်နည်းပါးလှ၏။

ဒုဂ္ဂတိဘုံ၌ ငါဖြစ်ခဲ့သော ဘဝတို့ကား မဟာပထဝီ မြေမှုန့်အလားကဲ့သို့ အလွန်များပြား လှကုန်၏ဟု သိမြင်နိုင်ရာ၏။ ။

ထိုစကားမှန်၏၊ အနမတဂ္ဂသံသရာ၌ ကျင်လည်၍လာခဲ့သော တစ်ယောက် တစ်ယောက်သော သတ္တဝါ၏ သုဂတိဘဝသည် ဤမျှလောက် နည်းပါးသည့် အတွက်ကြောင့်သာလျှင် သုဂတိဘုံရှိ သတ္တဝါခပ်သိမ်းကို အကုန်ပေါင်းစု၍ အချုပ်တရား ဟောကြားရာ၌ သုဂတိဘဝသို့ ရောက်နိုင်သူ ထိုမျှလောက် နည်းပါးခြင်း ဖြစ်နိုင်လေသတည်း။

အနာဂတ် သံသရာမှာ ကျင်လည်ကြရာ၌လည်း ဤနည်းအတူ သိကြလေ။ ။

ဤကား နခသိခ သုတ္တန် ဒေသနာတော်အရကို ဖော်ပြသော အချက်တည်း။

ထိုသုတ္တန် ဒေသနာတော်အတိုင်း သိမြင် ယုံကြည်နိုင်ရန် အချက်ကို ပြဆိုအံ့။ ။ စိတ္တက္ခဏ မည်သည် မျက်တောင် တစ်ခတ် လျှပ်တစ်ပြက်ခန့် ကာလ၌ ကုဋေ တစ်သိန်းမက အဖြစ်မြန်သည်ဟု ကျမ်းဂန်ဆိုရိုးရှိ၏။

သဗ္ဗံ အကုသလံ အဓောဂမနိယံ။
သဗ္ဗံ ကုသလံ ဥဒ္ဓင်္ဂမနိယံ။

(သလ္လေခသုတ်ပါဠိတော်)

သဗ္ဗံ၊ အလုံးစုံသော။ အကုသလံ၊ အကုသိုလ် ဟူသမျှသည်။ အဓောဂမနိရာ၊ အောက်သို့ စုန်ဖို့ချည်း ဖြစ်၏။ သဗ္ဗံ၊ အလုံးစုံသော။ ကုသလံ၊ ကုသိုလ်ဟူသမျှသည်။ ဥဒ္ဓင်္ဂမနိယံ၊ အထက်သို့ ဆန်ဖို့ချည်းဖြစ်၏။

ဇနက သတ္တိအားဖြင့် လည်းကောင်း, ဥပနိဿယ သတ္တိအားဖြင့် လည်းကောင်း အကုသိုလ်ဖြစ်အံ့၊ တစ်ခုတစ်ခုသော စိတ္တက္ခဏသည် တစ်ခုတစ်ခုသော ဒုဂ္ဂတိဘဝကို ဖြစ်စေနိုင်၏။ ။ ကုသိုလ်ဖြစ်အံ့၊ တစ်ခုတစ်ခုသော စိတ္တက္ခဏသည် တစ်ခုတစ်ခုသော သုဂတိဘဝကို ဖြစ်စေနိုင်၏၊ ဤကား အဘိဓမ္မာ အရိုးတည်း။ ။

သုဂတိဘုံ၌ ရှိကုန်သော လူနတ်သတ္တဝါအပေါင်းတို့၏ စိတ်ကို အမှန်းအဆ အားဖြင့် အကုန်ပေါင်းစု၍ ထောက်မြော်သည်ရှိသော် ကုသိုလ် စိတ္တက္ခဏသည် လက်သည်းတော်ပေါ်ရှိ မြေမှုန့်အစုအလား အလွန်နည်းပါးရာ၏။

www.dhammaransi.com



အကုသိုလ် စိတ္တက္ခဏသည် မဟာပထဝီမှာ ရှိနေသော မြေမှုန့် အစုအလား အလွန်များပြားရာ၏။ ။

အနမတဂ္ဂဘဝ သံသရာ တစ်ခုလုံးမှာ ဤနည်းတူချည်းမှတ်။

မိမိ မိမိတို့ကိုယ်မှာ တစ်နေ့တစ်နေ့ အဖို့တွင် ခြောက်ဒွါရတို့၌ အချည်းနှီးသော မြင်မှု, ကြားမှု စသည်နှင့် အကျိုးရှိသော မြင်မှု, ကြားမှု စသည်သည် အဘယ်က အလွန်များသနည်းဟု စေ့စေ့စပ်စပ် ရှုမြော်ချင့်ချိန်၍ စမ်းလျှင် သိသာ ထင်ရှားပါ၏။

(ဤကား ကုသိုလ်ဖြစ်မှု အကုသိုလ်ဖြစ်မှုနှင့် ထောက်မြော်၍ နခသိခသုတ္တန် ဒေသနာတော်အတိုင်း သိမြင်ယုံကြည်နိုင်ရန် အချက်တည်း။)

## သုဂတိဒုဂ္ဂတိနှစ်ရပ်

သုဂတိဘုံမှာ ရှိနေသော သတ္တဝါစုနှင့် ဒုဂ္ဂတိဘုံမှာ ရှိနေသော သတ္တဝါစုကို ထောက်မြော် ၍လည်း သိမြင် ယုံကြည်နိုင်ရာ၏။

သုဂတိဘုံ၌ နတ်ဗြဟ္မာတို့၏ ကိုယ်သဏ္ဌာန်သည် သုံးဂါဝုတ်မျှ ရှိ၏၊ မြန်မာတိုင်အားဖြင့် လေးတိုင်ခွဲကို သုံးဂါဝုတ်ဆိုသည်။

ဘုံဗိမာန်တို့အား ၁၂ ယူဇနာ၊ ၁၅ ယူဇနာ၊ ယူဇနာ ၂၀၊ ယူဇနာ ၃၀၊ ယူဇနာ ၆၀ စသည်တို့ရှိ၏။ တစ်ခုတစ်ခုသော ဘုံဗိမာန်သည် ငါတို့ မြန်မာနိုင်ငံ၌ အလုံမြို့ကြီး တစ်ခု, ဟစ်ခုမျှမက ကြီးကျယ်၏။ ။ နေဗိမာန်တစ်ခုသည်ပင်လျှင် ငါတို့မြန်မာနိုင်ငံမျှမက ကြီးကျယ်၏။

ထို့ကြောင့် သုဂတိဘုံသည် ဘုံနယ်သာ အလွန်ကျယ်၍ ဘုံနေသတ္တဝါ အရေအတွက်ကား အလွန်နည်းပါး၏။

ဒုဂ္ဂတိဘုံသည်ကား ဘုံနယ်လည်း အလွန်ကျယ်၏။ ။ဘုံနေသတ္တဝါ အရေအတွက်ကား အလွန်များပြား၏။

လူ့ဘုံနတ်ပြည် ၆ ထပ် နတ်ဘုံ ရူပဗြဟ္မာ ၁၆ ဘုံ အရူပဗြဟ္မာ ၄ ဘုံ အလုံးစုံကို ပေါင်းသော် သုဂတိ ၂၇ ဘုံဖြစ်၏။

ငါတို့စကြဝဠာတွင် သုဂတိ ၂၇ ဘုံရှိ သတ္တဝါတို့ကို တစ်ယောက်မကျန် အကုန်ရေတွက်သော်လည်း ငါတို့ မြန်မာနိုင်ငံတွင်းရှိ ပုရွက်ဆိတ်ခေါ်သော သတ္တဝါတစ်မျိုးကိုမျှ အရေအတွက် အားဖြင့် မမှီနိုင်ရာ။ ။

www.dhammaransi.com



ပုရွက်ဆိတ်သတ္တဝါမျိုးမှတစ်ပါး ငါတို့ မြန်မာနိုင်ငံတွင်း၌ အညာပြည် အောက်ပြည် ရေသတ္တဝါအမျိုး အနန္တ ကုန်းသတ္တဝါအမျိုး အနန္တ ကျန်ရှိသေး၏။

ငါတို့ မြန်မာနိုင်ငံမှ အလွတ် ငါတို့ စကြဝဠာတွင်းရှိ ကျွန်းကြီးလေး ကျွန်းငယ် နှစ်ထောင် တောင်ကြီး တောင်ငယ် အနန္တ တောကြီး တောငယ် အနန္တ မြို့နယ် ရွာနယ် အနန္တတို့၌ ရှိနေကြသော ကုန်းသတ္တဝါ တိရစ္ဆာန်အမျိုး အနန္တ အနန္တတို့သည်လည်းကောင်း။ ။ အိုင်ကြီး အိုင်ငယ် အနန္တမြစ်ကြီး မြစ်ငယ် ချောင်းကြီး ချောင်းငယ် မြောင်းကြီးငယ် တွင်းကြီး တွင်းငယ် အနန္တ မဟာသမုဒ္ဒရာကြီး လေးစင်း သီတာသမုဒ္ဒရာကြီး ခုနစ်စင်းတို့၌ ရှိနေကြကုန်သော ရေသတ္တဝါ တိရစ္ဆာန်အမျိုး အနန္တ အနန္တ တို့သည်လည်းကောင်း ကျန်ရှိကုန်သေး၏။

တိရစ္ဆာန် သတ္တဝါတို့နှင့် နှိုင်းစာ၍ ကြည့်ခဲ့လျှင် သုဂတိ ၂၇ ဘုံရှိ သတ္တဝါစုသည် လက်သည်းတော်ပေါ်တွင် တင်ရှိသော မြေမှုန့်စုအလား အလွန်နည်းပါးပုံ၊ တိရစ္ဆာန် သတ္တဝါတို့သည်မူကား မဟာပထဝီမှာ ရှိနေသော မြေမှုန့်အလား အလွန်တရာ များပြားပုံများကို ယုံကြည်နိုင်ရာ၏။

ထိုမှတစ်ပါး ဇမ္ဗူဒိပါ ကျွန်းကြီးကဲ့သို့ ယူဇနာ တစ်ထောင်တစ်သောင်းစီ အကျယ်ရှိ၍ အထက်အောက် ယူဇနာ တစ်သောင်း, ငါးထောင်စီ ကွာခြားလျက်တည်ရှိကြသော ငရဲကြီး ရှစ်ပြည်ထောင်တို့တွင် အောက်ဆုံးဖြစ်သော ငရဲကြီးကား မဟာအဝီစိ ငရဲကြီးတည်း။

အဘယ့်ကြောင့် မဟာအဝီစိ ခေါ်သနည်းဆိုသော် ဝါးကျည်ထောက်အတွင်း၌ သိပ်နှက်၍ ထားအပ်သော မုန်ညင်းစေ့တို့ကဲ့သို့ ငရဲသူ, ငရဲသား သတ္တဝါတို့၏ အခြားအကွက်လပ် မရှိ၊ ပြည့်နှက်၍ နေသောကြောင့် အဝီစိငရဲခေါ်သည်ဟု အဋ္ဌကထာကြီးတို့၌ ဖွင့်ကြကုန်၏။

ထိုအဝီစိ ငရဲကြီးကိုမူကား အကုသိုလ်ကံကြီးလှသော သူတို့မှသာ ကျရောက်ကြကုန်၏။

အကုသိုလ်ကံကြီးလှသောသူတို့မှ ကျရောက်ကြကုန်ရာ မဟာအဝီစိငရဲကြီး မှာပင် ငရဲသူသတ္တဝါတို့ ထိုမျှလောက်ပြည့်လေ၏။

ထိုအောက်ပေါ့လျော့သော အကုသိုလ်ကံ သာမန်တို့နှင့်ပင် ကျရောက်နိုင်ကြရာ ဖြစ်ကုန်သော အထက်ထက်သော ငရဲကြီး ခုနစ်ပြည်ထောင်တို့မူကား ငရဲသူသတ္တဝါတို့ အဘယ်မျှလောက် ပြည့်နှက်လျက် ရှိနေကြကုန်သနည်းဟု ဆင်ခြင်မိကုန်ရာ၏။

www.dhammaransi.com



ထိုမှတစ်ပါး ထိုထို တောအနန္တ တောင် အနန္တတို့၌ ရှိကြကုန်သော ငရဲဘုံစု၊ သမုဒ္ဒရာ အလယ်ကျွန်းငယ်တို့၌ ရှိကြကုန်သော ငရဲဘုံစု၊ စကြဝဠာသုံးခုတို့၏ဆိုင်ရာ အပေါက်အကြား၌ ရှိကြကုန်သော လောကန္တရိက်ငရဲဘုံစုကျန်ရှိကုန်သေး၏။

ထိုအတူ ပြိတ္တာဘုံအနန္တ, အသူရကာယ်ဘုံအနန္တ တို့သည် ကျန်ရှိကုန်သေး၏။

ဤသို့သော မျက်မြင်ဒိဋ္ဌ အလား ထင်ရှားသော အချက်ကြီးတွေကို တွေ့မြင်ကြားသိကြရ ကုန်သဖြင့် သုဂတိ ၂၇ ဘုံရှိ သတ္တဝါတို့ကား လက်သည်းတော်ပေါ်တွင် တင်ရှိသော မြေမှုန့်စု အလား အလွန်နည်းပါးလှကုန်၏။

အပါယ်ဒုဂ္ဂတိလေးဘုံရှိ သတ္တဝါတို့သည်မူကား မဟာပထဝီမြေကြီးမှာ ရှိနေသော မြေမှုန့်စုအလား အလွန်တရာ များပြားလှကုန်၏ဟု သိမြင်ယုံကြည်နိုင်ကုန်ရာသည်။

အနမတဂ္ဂသံသရာ ကမ္ဘာတိုင်း ကမ္ဘာတိုင်း တို့၌လည်း ဤနည်းတူပင်သိမြင်ယုံကြည် နိုင်ကုန်ရာသည်။

ထိုသို့ သိမြင် ယုံကြည် ကြကုန်သည်ရှိသော် အနမတဂ္ဂ သံသရာတွင် တစ်ယောက် တစ်ယောက်သော သတ္တဝါအားလည်း သုဂတိဘုံမှာဖြစ်ရသော ဘဝအရေအတွက်ကား လက်သည်းတော်ပေါ်တွင် တင်ရှိသော မြေမှုန့်စုအလား အလွန်နည်းပါးလှ၏။

ဒုဂ္ဂတိဘုံမှာဖြစ်ရသော ဘဝအရေအတွက် တို့သည်ကား မဟာပထဝီမှာ ရှိနေသော မြေမှုန့်တို့အလား အလွန်တရာ များပြားလှကုန်၏ဟု သိမြင်ယုံကြည်ကုန်ရာသည်။

(ဤကား-နခသိခသုတ္တန် ဒေသနာတော်ဖြင့် သိအပ်သော မနုဿတ္တဒုလ္လဘအရလှအဖြစ်ရခဲပုံကို ပြဆိုချက်တည်း။)

## ကာဏကစ္ဆပေါပမ သုတ္တန်

ယခုအခါ မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဗာလပဏ္ဍိတ သုတ္တန် ဒေသနာတော်၌ လိပ်ကန်း ထမ်းပိုးဥပမာဖြင့် ဟောတော်မူသော မနုဿတ္တဒုလ္လဘကို ပြဆိုပေအံ့။

အဘယ်သို့ ဟောတော်မူသနည်း ဟူမူကား. . . .

ရဟန်းတို့ ဥပမာ ဆိုသည်ရှိသော်ကား ကျွန်းကြီးလေးကျွန်း, ကျွန်းငယ်နှစ်ထောင်တို့၏ ပြင်ဘက်၌ တည်ရှိသော အနက်ယူဇနာ ရှစ်သောင်းနှစ်ထောင်

www.dhammaransi.com



အနံ့ယူဇနာ ရှစ်သောင်းနှစ်ထောင် အလျားယူဇနာ သုံးသန်း ခြောက်သိန်းကျော် ရှိသော မဟာသမုဒ္ဒရာကြီးသည် ရှိ၏။

ဇမ္ဗူဒီပါကျွန်း၏ တောင်ဘက်မျက်နှာ မဟာသမုဒ္ဒရာ၏ အလယ်၌ အပေါက်တစ်ခုသာရှိသော ရထား ထမ်းပိုးငယ်တစ်ခုသည် ရှိလေရာ၏။

ထိုထမ်းပိုးငယ်သည် အရပ်လေးမျက်နှာသို့ လေဆောင်ယူရာ မျှောပါ လွင့်ပါး၍ နေလေရာ၏။ ဥတ္တရကုရုကျွန်း၏ မြောက်ဘက်မျက်နှာ မဟာသမုဒ္ဒရာ၏ အလယ်၌ မျက်စိနှစ်ဘက် အစုံပျက်သော လိပ်ငယ်တစ်ခုသည် ရှိလေရာ၏။

သမုဒ္ဒရာ၏အတွင်း၌ ရောက်မိရောက်ရာ သွားလာ၍ နေလေရာ၏၊ အနှစ် တစ်ရာမှ တစ်ခါ အနှစ်တစ်ထောင်မှတစ်ခါ သမုဒ္ဒရာရေမျက်နှာသို့ ဦးခေါင်းပေါ် လေရာ၏။

ထိုသို့ လိပ်ကန်းငယ်၏ ဦးခေါင်းသည် ထိုထမ်းပိုးငယ်၏ အပေါက်မှာ စွပ်မိရာသော အခွင့်သည် ရှိ၏လောဟု ရဟန်းတို့ကို မေးတော်မူ၏။

စွပ်မိရာသော အခွင့်ပင် မရှိနိုင်ရာပါ၊ သို့သော်လည်း ကမ္ဘာမည်သည် အလွန်တရာ ရှည်ကြာလှသည် ဖြစ်ပါ၍ လိပ်ကန်းငယ်လည်း မသေမပျောက်ပါမူ ထမ်းပိုးငယ်လည်း မပုပ်မဆွေး တည်ရှိပါမူ နှစ်ပေါင်းအသင်္ချေကြာမြင့်လေရာ တစ်ရံတစ်ခါ၌ စွပ်မိသော် စွပ်မိရာပါသေး၏ ဘုရားဟု လျှောက်ထားကြကုန်၏။

ရဟန်းတို့၊ ဤအမှုထက်ခဲယဉ်းသော အမှုသည် ရှိလေ၏။

ဤလူ့ပြည်မှ စုတေသေလွန်၍ အပါယ်သို့ကျရောက်သောသူ၏ ဤလူ့ပြည်သို့ တစ်ဖန် ပြန်လာရန်အရေးသည် ထိုလိပ်ကန်းထမ်းပိုး စွပ်မိရာအရေးထက် အဆအရာ မက အဆ အထောင်မက ခဲယဉ်းလှချေ၏။

အဘယ်ကြောင့်နည်းဆိုသော် အပါယ်ဘုံတို့၌ ကုသိုလ်ကောင်းမှု ပြုခြင်း မည်သည်မရှိ၊ ကုသိုလ်, အကုသိုလ်ဟူ၍ပင် မသိကြကုန်၊ အချင်းချင်း နိုင်ရာနိုင်ရာ သတ်ဖြတ်ညှဉ်းပန်းမှု၊ နိုင်ရာနိုင်ရာ ဖမ်းယူကိုယ်စားမှုတို့သည်သာရှိကြကုန်ရာ၏ ဟူ၍ ဟောတော်မူသည်။

ဤဒေသနာတော်ဝယ် သိမြင်ယုံကြည်နိုင်ကြရန် ယုတ္တိကား လောက၌ အကြင်သတ္တဝါ တို့သည် ကုသိုလ်ကိုစော၍ သေကုန်၏။ ထိုသတ္တဝါတို့သည် သုဂတိဘုံသို့ လားကြကုန်၏၊ အကြင်သတ္တဝါတို့သည် အကုသိုလ်ကို စော၍သေကုန်၏၊ ထိုသတ္တဝါ တို့သည်ဒုဂ္ဂတိဘုံသို့ လားရကုန်၏။

ဤကားအဘိဓမ္မာ ရိုးရာတည်း။

www.dhammaransi.com



မသေမီ ရှေးအဖို့၌ ထိုထို ကုသိုလ်ကို လေ့ကျက်၍ နေကြကုန်သော သူတို့သည်ပင်လျှင် သေရန်ဒုက္ခနှင့် တွေ့ကြုံသော အခါ၌ ကုသိုလ်ကို စောနိုင်ကြရန် အလွန် ခဲယဉ်းကြကုန်သေး၏။

မသေမီ ရှေးအဖို့၌ ကုသိုလ်ဟူ၍ပင် မသိကြကုန်မူ၍ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ် တို့နှင့်သာ နေ့ ရက် နှစ် လ ကုန်ရှာကြကုန်သော အပါယ်ဘုံသားတို့အား ကုသိုလ် ကိုသာစော၍ သေနိုင်ရန်အခွင့်အဘယ်မှာ ရှိကုန်တော့အံ့နည်း။

ငါတို့ မြန်မာနိုင်ငံ အတွင်း၌ တစ်နေ့တစ်နေ့တွင် သေဆုံးကြကုန်သော ကုန်းတိရစ္ဆာန် သတ္တဝါတို့သည် အသင်္ချေများစွာ ရှိကုန်ရာ၏၊ ရေတိရစ္ဆာန်သတ္တဝါ တို့သည် အသင်္ချေများစွာ ရှိကုန်ရာ၏။

ထိုသတ္တဝါ အပေါင်းတို့၌ ကုသိုလ်ကိုစော၍ သေနိုင်ရာသော သတ္တဝါ မည်သည်ကား ရှာကြံ၍မရ ရှားပါးလှ၏။

အပါယ်ဘုံသို့ ရောက်ကြကုန်သော သူတို့မည်သည် ဒါန၊ သီလ၊ ဘာဝနာ ဟူသော ကုသိုလ်ဓမ္မတို့နှင့် တစ်ဘဝထက်တစ်ဘဝ ကွာဝေး၍သွားကြကုန်၏။

အကုသိုလ်ဓမ္မတို့သည် တစ်ဘဝထက်တစ်ဘဝ ဝန်လေး၍ သွားကြကုန်၏၊ တစ်ဘဝထက်တစ်ဘဝ မိုက်မဲ တွေဝေ၍သာ သွားကြကုန်၏၊ တစ်ဘဝထက်တစ်ဘဝ နစ်၍ နစ်၍သာ သွားကြကုန်၏၊ တစ်ဘဝထက်တစ်ဘဝ မြုပ်၍ မြုပ်၍ သွားကြလေကုန်ရာ၏။

ဥပမာဆိုသည် ရှိသော်ကား သိန်း သန်း ကုဋေ မျှသော ကျောက်တိုင် ကျောက်လုံးတွေကို မဟာသမုဒ္ဒရာ ရေအပြင်မှာ ပစ်ချအပ်ကုန်သည်ရှိသော် အစဉ်အတိုင်းသာ နစ်ကြလေကုန်ရာ၏၊ မြုပ်ကြလေကုန်ရာ၏။

တစ်ခုသော ကျောက်တိုင် ကျောက်လုံးမျှ ပေါ်တက်၍ လာသည်ဟု မရှိနိုင်လေရာ။

ဤသို့သော ဥပမာကို ပြဆိုရာ၏။

ပါရမီ သမ္ဘာရ ရင့်သန်တော်မူကြပေကုန်သော အလောင်းအလျာကြီးများကို ချန်ထား၍ တစ်ပါးသော သတ္တဝါတို့သည် အပါယ်သို့သာ ကျရောက်ကြကုန် သည်ရှိသော် ဘဝတစ်ထောင်နှင့်လည်း လူ့ဘုံသို့ ပြန်ခွင့်မရ၊ ဘဝတစ်သောင်း နှင့်လည်း ပြန်ခွင့်မရ၊ ဘဝတစ်သိန်းနှင့်လည်း ပြန်ခွင့်မရ၊ ဘဝ တစ်သန်းနှင့်လည်း

www.dhammaransi.com



ပြန်ခွင့်မရ၊ ဘဝအကုဋေ ဘဝအခေါ်မရေမတွက်နိုင် ကြာမြင့်လှမှ လူ့ဘုံလူ့ဘဝသို့ ပြန်ခွင့် ရနိုင်ကုန်သတည်း။

ဤသို့သော ယုတ္တိကို ထောက်ထားသဖြင့်လည်း အနမတဂ္ဂ သံသရာ၌ ကျင်လည်၍ လာခဲ့သော တစ်ယောက်တစ်ယောက်သော သတ္တဝါမှာ သုဂတိဘုံ၌ ကျင်လည်ခဲ့ရသော ဘဝအရေအတွက်ကား လက်သည်းတော်ပေါ်မှာ တင်ရှိသော မြေမှုန့်စုအလား အလွန်နည်းပါး လှချေ၏။

ဒုဂ္ဂတိဘုံ၌ ကျင်လည်ခဲ့ရသော ဘဝ အရေအတွက်တို့သည်ကား မဟာပထဝီမှာနေသော မြေမှုန့်တို့အလား အလွန်တရာ များပြားလှကုန်ရာ၏ ဟူသော အချက်ကိုလည်း ထင်မြင် ယုံကြည်နိုင်ကြကုန်ရာသတည်း။

**(ဤကား လိပ်ကန်း ဥပမာ ဒေသနာတော်ဖြင့် ပြဆိုအပ်သော မနုဿတ္တဒုလ္လဘ အချက်တည်း။)**

## အဘိဓမ္မာဉာဏဝိဘင်း အဋ္ဌကထာအရ ပြဆိုပုံ

ယခုအခါ အဘိဓမ္မာဉာဏဝိဘင်း အဋ္ဌကထာကြီး၌ ဖွင့်ပြသောအချက်ကို ပြဆိုဦးအံ့. . .

အနမတဂ္ဂ သံသရာ၌ ကျင်လည်၍ နေကြကုန်သော ပုထုဇဉ် သတ္တဝါတို့အား သူတော်ကောင်းတရားနှင့် ပြည့်ပြည့်စုံစုံ လုံခြုံချောမောသော ဘဝမည်သည် အလွန်နည်းပါး၏။

အပါယ်ဘဝ မိစ္ဆာဒိဋ္ဌိဘဝ ဒုစ္စရိုက်ဘဝတို့သည်ကား မဟာပထဝီမြေမှုန့်ပမာ အလွန်တရာ များပြားလှ၏။

အကုသိုလ်မှုမည်သည် တစ်နေ့တစ်နေ့ အဖို့မှာပင် ကာယကံ, ဝစီကံ, မနောကံ အားဖြင့် သိန်း သန်း ကုဋေမက ဖြစ်ပွားနိုင်၏။

တစ်လတစ်လအဖို့ တစ်နှစ်တစ်နှစ်အဖို့ တစ်သက်တစ်သက်အဖို့မှာ ဆိုဖွယ်မရှိ၊ စိတ္တက္ခဏ တစ်ခုတစ်ခုလျှင် တစ်ဘဝတစ်ဘဝ အပါယ်သို့ ပစ်ချသဖြင့် အပါယ်ဒုက္ခကိုခံရ၍ ပြေငြိမ်းပြီးသော ကံတို့လည်း တစ်ယောက်တစ်ယောက်မှာပင် အသင်္ချေ မရေမတွက်နိုင် များပြားလှလေကုန်ပြီ။

အပါယ်သို့ ပစ်ချရန် အလှည့်အခွင့်ကို မရသေးသဖြင့် သက္ကာယဒိဋ္ဌိ၌

www.dhammaransi.com



တွယ်တာလျက် သတ္တဝါတို့၏ ရင်တွင်း စိတ်နှလုံးတွင်း၌ အသိုက်အအုံ စုပုံဖွဲ့စည်း၍ ဖြစ်လေရာရာ အစဉ်တစိုက် လိုက်ကာ ပါ၍ နေကြကုန်သော ဒုစ္စရိုက် ကံတို့သည်လည်း တစ်ယောက် တစ်ယောက်သော သတ္တဝါမှာပင် အသင်္ချေ မရေတွက်နိုင် များပြားလှလေကုန်၏။

မဟာအဝီစိငရဲကြီးသို့ ပစ်ချရန် ကံပေါင်းပင် အသင်္ချေ တာပနငရဲကြီးသို့ ပစ်ချရန် ကံပေါင်းပင် အသင်္ချေ စသည်ဖြင့် အကျယ် ဝေဖန်၍ မြော်လေ။

ထို့ကြောင့် တစ်စုံတစ်ခုသော ကုသိုလ်ကံ အခွင့်သာသဖြင့် လူ့ရွာလူ့ပြည်၌ ကြုံကြိုက် ကြကုန်သော သူဋ္ဌေးသူကြွယ် ပဒေသရာဇ် ဧကရာဇ်မင်းစကြာမန္ဓာတ်မင်း နတ်ရွာ နတ်ပြည်၌ ကြုံကြိုက်ကြကုန်သော နတ်မင်း သိကြားမင်း ဗြဟ္မာရွာ ဗြဟ္မာပြည်၌ ကြုံကြိုက်ကုန်သော ဗြဟ္မာမင်းတို့ သည်ပင်သော်လည်း ရှေးရှေးဘဝတို့၌ ကမ္မပထ မြောက်ပြီး အဝီစိ အစရှိသော ထိုထို အပါယ်၌ စာရင်းပေါက်ပြီး ရှေ့သို့ အခွင့်ရရာ ဘဝ၌ ပစ်ချရန် ဆုံးဖြတ်ချက်ချပြီး အမှုကြီးပေါင်း ကြွေးဟောင်း အနန္တ မိမိတို့ အဇ္ဈတ္တ၌ ပါရှိနေသည်များကို အကုန်အစင် သိမြင်ကြပါမူကား တစ်ခါတစ်ရံမျှ ပြုံးနိုင်ကြဖွယ် ရွှင်နိုင်ကြဖွယ် မရှိလေကုန်။

အရှုံအရှိုက် အလှိုက်အလှဲ အသည်းအသံ ငိုပွဲခံ၍ အုံးအုံးည် နေကြကုန်ရာ သတည်း။

## ဒိဋ္ဌိကိုစွန့်ခွာရန်

ထို့ကြောင့် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌. . .

သတ္တိယာဝိယ ဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ။

သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

ဟူ၍ဟောတော်မူသည်။

သတ္တိယာ၊ လှံမကြီးသည်၊ ဩမဋ္ဌောဝိယ၊ ရင်ညွန့်ရင်ဝ၌ စူးစိုက်မြုပ်မြန်း တန်းလန်းရှိနေသော ယောကျာ်းကဲ့သို့လည်းကောင်း။

မတ္ထကေ၊ ဦးခေါင်းတစ်ခုလုံး၌၊ ဒယှမာနောဝ၊ လောင်မီးစက်ကွင်း အတင်းကျမှုန်း တဟုန်းဟုန်း လောင်၍နေသော ယောကျာ်းကဲ့သို့လည်းကောင်း။

ဘိက္ခု၊ သံသရာဘေး အပါယ်ရေးကို မြော်တွေးမြင်သူ ရှင်လူ ရဟန်းသည်။

www.dhammaransi.com



သတော၊ မမေ့မလျော့ မပေါ့သာဘဲ မြဲသော သတိရှိသည်ဖြစ်၍၊ သက္ကာယဒိဋ္ဌိပဟာနာယ၊ သက္ကာယဒိဋ္ဌိကို ပယ်ခြင်းငှာ။ ပရိဗ္ဗဇေ၊ သမထဝိပဿနာ ဘာဝနာများကို ခန္ဓာအသက် မငဲ့ကွက်ဘဲ ရက်ရက်ရဲရဲ တသွင်ထဲအားထုတ်ရာသတည်း။

ဤဥပမာ နှစ်ပါးသည် ဟိနူပမာသာတည်း။

ထိုသူနှစ်ဦး၌ လက်ငင်း တွေ့ရှိ၍နေသော လှံမဘေး မီးဘေးများသည် မသေမီကာလ တစ်ခဏသာ နှိပ်စက်နိုင်၏။

အကုသိုလ်ကံဟောင်း အနန္တတို့ကို လက်ကိုက်ပွေ့ပိုက် အုပ်ချုပ် ထိန်းသိမ်း၍ သတ္တဝါတို့၏ ရင်တွင်း နှလုံးတွင်း၌ တင်းလင်းရှိသော သက္ကာယဒိဋ္ဌိဘေးကြီးသည်သာ ကြီးကျယ်လှစွာသတည်း။

ထို့ကြောင့် ထိုနှစ်ဦးသောသူသည် တတ်စွမ်းခွင့်ရပါမူ မိမိ၌ စူးစိုက် လောင်မြိုက်၍ နေသော ထိုလှံမလောင်မီးများကိုပင် အလေးမပြု လျစ်လျူရှု၍ သက္ကာယဒိဋ္ဌိ ပယ်သတ်မှုကိုသာ အလျင်စလို အားထုတ်ရာ၏။

## ဉာဏ်ဆီမီး ရှာရန်

ဓမ္မပဒပါဠိတော်၌လည်း. . .

ကိန္နုဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။

အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ နဂဝေသထ။

ဟူ၍ဟောတော်မူ၏။

နိစ္စံ၊ ဖြစ်လေရာရာ အစဉ်တစိုက် အမြဲလိုက်သည်ဖြစ်၍၊ ပဇ္ဇလိတေ ပဇ္ဇလိတာန်၊ ရှေ့သို့ အပါယ်ကျရောက်ဖို့ အပြီးအမှုပူကြီးတွေ အနန္တ ရင်ထဲ နှလုံးထဲ၌ ရဲရဲတောက် ပါရှိလျက်နေကြ ကုန်သည်။

သတိ သတ်၊ ဖြစ်ကြကုန်သော၊ တုမှာကံ၊ သင်တို့အား၊ ဟာသော၊ ပြုံးဖွယ် ရွှင်ဖွယ်သည်။ ကိံ နုအတ္ထိ၊ အဘယ်မှာရှိအံ့နည်း၊ အာနန္ဒော၊ နှစ်သက်ပျော်မြူးဖွယ် သည်။ ကိံ နုအတ္ထိ၊ အဘယ်မှာ ရှိအံ့နည်း။

အန္ဓကာရေန၊ အဝိဇ္ဇာမှောင်တိုက် အမိုက်ထုကြီးသည်။ ဩနဒ္ဓါ၊ မိမိကိုယ်တွင် အစဉ်ပါ၍ ရှိနေသော ပူပန်ဖွယ်တွေ အနန္တကိုမျှ မသိရလေအောင် ပိတ်လှောင်

www.dhammaransi.com



မြေ့းယှက်အပ်ကုန်သော။ တုမ္ဗေ၊ သင်တို့သည်။ ပဒီပံ၊ ပညာတည်း ဟူသော ဆီမီးအလင်းကို။ ကိံ၊ အဘယ်ကြောင့်၊ နဂဝေသထ၊ မရှာကြကုန်သတည်း။

ထိုသူဌေးသူကြွယ် အစရှိသော လူနတ်ဖြဟ္မာ သတ္တဝါတို့အား အပါယ်ဘဝသို့ တစ်လှည့် တစ်ပတ်ကျရောက်ပြန်ကြသော အခါ၌ ထိုက်ဟောင်း အနန္တ တို့သည် အကုန်လုံး အခွင့်သာကြလေကုန်၏။

ကြီးစွာသော သစ်ပင်၏ အပေါ်မှ မြေသို့ကျ၍ ကြောင်တစ်ထောင် ကြောင်တစ်သောင်း အလယ်သို့ ပြေးဝင်မိသော ရှဉ့်သူငယ်ကို ကြောင်တို့လုယက် နှိပ်စက် ကိုက်စားခွင့် သာသကဲ့သို့တည်း။

အနည်းငယ်မျှ အကုသိုလ်ကြောင့် လူနှင့်နီးစပ်သော နွား, ကျွဲ, ခွေး, ဝက်, ကြောင်, ကြက် စသည်ဖြစ်လေရာ အခွင့်သာသော ထိုက်ဟောင်းတို့သည် တစ်ခုပြီးလျှင်တစ်ခု ဘဝအဆက်ဆက် နက်သည်ထက်နက်သော အပါယ်ဘဝသို့ ပစ်ချ၍ သွားကြသဖြင့် ပြိတ္တာငယ် ပြိတ္တာကြီး ငရဲငယ် ငရဲကြီး အဆင့်ဆင့် နစ်မြုပ်လေ၍ မဟာအဝီစိငရဲကြီးသို့ ဆိုက်၍ ကမ္ဘာပျက်သောအခါမှ ကျွတ်လွတ်ခွင့် ရလေ၏။

ဤကဲ့သို့သော သတ္တဝါတို့သည် ငရဲပြိတ္တာတို့၌ အသချေချေ မရေတွက် နိုင်ရှိကြကုန်၏ ဟူ၍ **အဘိဓမ္မာဉာဏ ဝိဘင်းအဋ္ဌကထာကြီး၌** ဖွင့်ဆိုပေသည်။

ယခုဘဝ၌များလှစွာသော အကုသိုလ်ကံသမားတို့၏ ၎င်း၊ ကြီးလှစွာသော အကုသိုလ် ကံသမားတို့၏ ၎င်းအပါယ်သို့ကျရောက်ကြရာ၌ ဆိုဖွယ်ပင်မရှိချေပြီ။

ဤအဋ္ဌကထာကြီးဖွင့်ဆိုသော စကားကို ထောက်ထားသဖြင့်လည်း အနမတဂ္ဂသံသရာ၌ ကျင်လည်သော တစ်ယောက်, တစ်ယောက်သော သတ္တဝါအား သုဂတိဘဝသည် လက်သည်းတော် ပေါ်တွင် တင်ရှိသော မြေမှုန့်အလား အလွန် နည်းပါးလှချေ၏။

ဒုဂ္ဂတိဘဝတို့သည်မူကား မဟာပထဝီမြေကြီးရှိ မြေမှုန့်အလား အလွန်တရာ များပြားလှ ချေ၏ဟု ထင်မြင်ယုံကြည်နိုင်ရာသတည်း။

(ဤကား အဋ္ဌကထာကြီးမှလာသော နည်းအားဖြင့် မနုဿတ္တ ဒုလ္လဘကို ပြချက်တည်း။)

အပါယ်သို့ တစ်လှည့်တစ်ပတ် ကျရောက်လေသော သူအား လိပ်ကန်း ထမ်းပိုးဥပမာ ဒေသနာတော်နည်းအားဖြင့် ကုသိုလ်အစအနနှင့် တစ်ဘဝထက်

www.dhammaransi.com



တစ်ဘဝ ဝေးကွာ၍ အသစ် အသစ်ဖြစ်ပွား၍ သွားသော အကုသိုလ်ဗရပွတို့၏ တစ်ဘဝထက်တစ်ဘဝ ဝန်လေး၍ သွားရသဖြင့် လူ့ဘဝကို တစ်ဖန်ပြန်နိုင်ရန် အရေး အလွန်ကွာဝေးမှုကို ပြဆိုတော်မူသည်။

အဋ္ဌကထာနည်းအားဖြင့် ကုသိုလ်အစအနနှင့် တစ်ဘဝထက် တစ်ဘဝ ဝေးကွာ၍ ရှေးသံသရာ ဘဝအဆက်ဆက်ထဲက အစဉ်ပါရှိ၍ နေသော အကုသိုလ် အနန္တတို့၏ အခွင့်ရ မှုကြောင့် လူ့ဘဝသို့ တစ်ဖန် ပြန်နိုင်ရန် အရေးအလွန်ကွာဝေးမှု ကို ပြဆိုတော်မူသည်။

## ရေ၌ချအပ်သော ကျောက်ကြီးဥပမာ

ပါဠိတော်နည်း အဋ္ဌကထာနည်း နှစ်ရပ်နှစ်ပါး အလိုအားဖြင့် သုဂတိဘုံမှ အပါယ်ဘုံသို့ ကျရောက်ကြလေကုန်သော သူတို့အား ယေဘုယျနည်းအားဖြင့် သမုဒ္ဒရာအပြင်၌ ပစ်ချအပ်သော ကျောက်တိုင် ကျောက်လုံးတို့ကဲ့သို့ တစ်ဘဝထက် တစ်ဘဝ နစ်၍နစ်၍သာ သွားကြကုန်မြဲ, တစ်ဘဝထက်တစ်ဘဝ မြုပ်၍မြုပ်၍သာ သွားကြကုန်မြဲ, အပါယ်သံသရာ၌သာ ဘဝအသင်္ချေချေမျှောပါ နစ်မွန်း၍ နေမြဲဟူသော ဓမ္မတာသဘောကို သိအပ်ကုန်သတည်း။ ။

ဤသို့ သိအပ်သဖြင့် လူ့ဘဝ၏ ရခဲပုံ အခွင့် အလမ်းကိုလည်းကောင်း၊ ဤသံသရာကြီး၏ အလွန်ကြောက်မက်ဖွယ် ကြီးကျယ်ပုံကိုလည်းကောင်း ထင်မြင် ယုံကြည်နိုင်ကြကုန်ရာသည်။

**ဤတွင် ရှေ့ကား လူ့အဖြစ်ကို အဘယ်သို့ ရခဲသနည်း၏ အဖြေပြီး၏။**

## လူ့ပြည်လူ့ရွာ ဘဝပဒေသာ

ယခုအခါ လူ့အဖြစ်ကို ရသည်ရှိသော် အဘယ်သို့သော အကျိုးအာနိသံသ အနန္တတို့ကို ရယူနိုင်ကြလေသနည်း၏ အဖြေကို ပြဆိုပေအံ့။

နတ်ပြည်ခြောက်ထပ်နတ်မင်း သိကြားမင်းတို့၏ အသက်ခန္ဓာစည်းစိမ် ချမ်းသာတို့သည် လူ့ပြည်မှာ အမြစ်စိုက်ကြကုန်၏။

လူဖြစ်စဉ်အခါ၌ မိမိတို့ စိတ်နှလုံးထဲဝယ် နတ်မျိုး သိကြားမျိုးကို စိုက်ပျိုး

www.dhammaransi.com



မွေးမြူမှ နောက်နောက်ဘဝတို့၌ နတ်ပြည်ခြောက်ထပ်မှာ နတ်အဖြစ်ကို သိကြားမင်း အဖြစ်ကို ရနိုင်ကြကုန်၏။

ဗြဟ္မာပြည်နှစ်ဆယ်၌ ဗြဟ္မာမင်းတို့၏ အသက်ခန္ဓာ ဘုန်းတန်ခိုးဣဒ္ဓိပါဒ် ချမ်းသာတို့သည်လည်း လူ့ပြည်မှာ အမြစ်စိုက်ကြကုန်၏။

လူဖြစ်စဉ်အခါ၌ မိမိတို့ စိတ်နှလုံးထဲမှာ ဗြဟ္မာမျိုးတို့ကို စိုက်ပျိုးမွေးမြူမှ နောက်ဘဝ၌ ထိုထိုဗြဟ္မာမင်း အဖြစ်ကို ရနိုင်ကြကုန်၏။

လူ့ပြည်၌ သူဌေးသူကြွယ်, ပဒေသရာဇ်, ဧကရာဇ်, စကြာမန္ဒာတ် အသက်ခန္ဓာ စည်းစိမ် ချမ်းသာတို့သည်လည်း လူ့ပြည်၌ အမြစ်စိုက်ကြကုန်၏။

လူဖြစ်စဉ်အခါ၌ မိမိတို့နှလုံးထဲ၌ သူဌေးမျိုး, သူကြွယ်မျိုး, ပဒေသရာဇ်မျိုး, ဧကရာဇ်မျိုး, စကြာမန္ဒာတ်မျိုးတို့ကို စိုက်ပျိုးမွေးမြူကြမှ နောက်နောက်ဘဝ၌ သူဌေးအဖြစ်, သူကြွယ်အဖြစ်, ပဒေသရာဇ်, ဧကရာဇ်, စကြာမန္ဒာတ် အဖြစ်ကို ရနိုင်ကြကုန်၏။

အနမတဂ္ဂသံသရာ၌ သံသရာဝဋ်မှ ကျွတ်လွတ်၍ သာဝကဗောဓိရှင် ပစ္စေကဗောဓိရှင် သဗ္ဗညုဗောဓိရှင် ဖြစ်ကြပေကုန်သော လူ, နတ်, ဗြဟ္မာ, အရိယာ သူမြတ် ပရမတ် ဝိဇ္ဇာမိုရ် ပုဂ္ဂိုလ်ကျော် အပေါင်းတို့သည်လည်း လူ့ပြည်၌ အမြစ်စိုက်ကြကုန်၏။

လူဖြစ်စဉ်အခါ မိမိတို့ စိတ်နှလုံးထဲ၌ ထိုထို ဗောဓိမျိုးတို့ကို စိုက်ပျိုးမွေးမြူကြမှ ထိုထို အရိယာသူမြတ် ပရမတ်ဝိဇ္ဇာမိုရ် ပုဂ္ဂိုလ်ကျော်အဖြစ်သို့ ရောက်နိုင်ကြကုန်၏။

ထို့ကြောင့် ဤလူ့ပြည်လူ့ရွာသည် ဘဝပဒေသာပင်ကြီး မည်၏။ လူနတ်ဗြဟ္မာ လောကီ လောကုတ္တရာ ချမ်းသာခပ်သိမ်းတို့သည် လူ့ပြည်လူ့ရွာ ဘဝပဒေသာပင်ကြီးမှ ထွက်သော အသီးအရွက် အကိုင်းအခက်တို့သာတည်း။

လူ့ဘဝ၌မူကား ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ နှစ်ပါးရှိ၏။

လူ့ရုပ် လူ့နာမ် လူ့ခန္ဓာစုသည် ဘဝ သမ္ပတ္တိမည်၏။

သားမယားနှင့် စီးပွားဥစ္စာ လယ်ယာမိုးမြေ ရွှေငွေ ရတနာ ပြည်ရွာ တိုင်းကား အစရှိသည်ဟု ဆိုအပ်သော သူဌေး, သူကြွယ်, ပဒေသရာဇ်, ဧကရာဇ်, စကြာမန္ဒာတ် စည်းစိမ်ချမ်းသာတို့သည် ဘောဂသမ္ပတ္တိမည်၏။

ထိုနှစ်ပါးတို့တွင် ဘဝသမ္ပတ္တိကို ခင်မင်ကြကုန်သော သူတို့သည် ဘောဂသမ္ပတ္တိ ကို အဆုံးခံကြရကုန်၏။

www.dhammaransi.com



ဘောဂသမ္ပတ္တိကို ခင်မင်သောသူတို့သည် ဘဝသမ္ပတ္တိကို အဆုံးအရှုံး ခံကြရကုန်၏။

အဘယ်သို့လျှင် ဘဝသမ္ပတ္တိကို ခင်မင်ကြကုန်သော သူတို့သည် ဘောဂသမ္ပတ္တိကို အဆုံးခံကြရကုန်သနည်း ဟူမူကား-

အကြင်ပညာရှိအပေါင်း သူတော်ကောင်းတို့သည် ပြဆိုခဲ့ပြီးသော နည်းအားဖြင့် လူ့အဖြစ်၏ ရခဲမှုကို သိမြင်ကုန်၏။

ဤသံသရာဝဋ်ကြီး၏ အလွန်ကြောက်မက်ဖွယ် ကြီးကျယ်မှုကို သိမြင်ကုန်၏။ လူ့ဘဝ၏ ပဒေသာပင်ကြီး ဖြစ်ကြောင်းကိုလည်း သိမြင်ကြကုန်၏။

ထိုပညာရှိအပေါင်း သူတော်ကောင်းတို့အား ငါတို့သည် ယခုရရှိ၍ နေသော သူဌေး, သူကြွယ်, ပဒေသရာဇ်, ဧကရာဇ်, စကြာမန္ဒာတ် စည်းစိမ်ချမ်းသာကို အထွတ်အမြတ်ထင်မြင် ခင်တွယ်မက်မော၍ နေ့ရက်နှစ်လ ကုန်လွန်ကြကုန် သည်ရှိသော် အလွန်ရခဲစွာလှ ရရှိ၍ နေကြသော ဤလူ့ဘဝလူ့ခန္ဓာ ပဒေသာပင်ကြီး သည် အညွန့်မပေါက် အခက်မပေါက် မတ်တတ်သေ မတ်တတ်ခြောက် ကွယ်ပျောက် ဆုံးရှုံး၍ သွားလေ၏။

ယခုရရှိသော ဘောဂသမ္ပတ္တိကို စွန့်လွှတ်၍ ယခုရရှိသော ဘဝပဒေသာ ပင်ကြီးကို တစ်နေ့တခြား ပွားစီးစည်ပင်လေအောင် မျိုးထောင်ပြုစုလျက် နေ့ရက် နှစ်လကုန်လွန်ကြကုန်သည် ရှိသော် ငါတို့ ယခုရရှိသော ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိမျိုး တို့ကို နောင်ဘဝတစ်ထောင်မက, ဘဝတစ်သောင်းမက ရကြကုန်လတ္တံ့။

ဤမျှမကသော နတ်မင်း စည်းစိမ် သိကြားမင်း စည်းစိမ်တို့ကို လည်း နောင် ဘဝတစ်ထောင်မက, ရကြကုန်လတ္တံ့။

ဤမျှမကသော မဟာကမ္ဘာ များစွာသက်ရှည် ချမ်းသာစည်ပင်လှသော ပြဟ္မာမင်း စည်းစိမ်ကိုလည်း ရကြကုန်လတ္တံ့။

ဤမျှမက မြင့်မြတ်လှသော သာဝက ဗောဓိဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိ ဉာဏ်ကိုလည်း ရကြကုန်လတ္တံ့ဟု မြော်မြင်မိကြကုန်၏။

ထိုပညာရှိ သူတော်ကောင်းအပေါင်းတို့သည် ထိုသို့ မြော်မြင်မိကြသော အခါမှစ၍ နေ့ရက် နှစ်လကို များစွာ အကုန်မခံကြကုန်မူ၍ အချို့သော သူတို့သည် မိမိလက်ရှိဖြစ်သော သူဌေး, သူကြွယ်, ပဒေသရာဇ်, ဧကရာဇ်, စကြာမန္ဒာတ် စည်းစိမ်ချမ်းသာတို့ကို တံတွေးပေါက် ကဲ့သို့ မငဲ့မကွက် ရက်ရက်စွန့်ပစ်၍ ရသေ့ရဟန်း အဖြစ်နှင့် တောထွက်ကြလေကုန်၏။

www.dhammaransi.com



အချို့သောသူတို့သည် ပကတိသော လူ့အဖြစ်၌ တည်ကြကုန်၍ နိစ္စအာဇီဝဋ္ဌမကသီလ, ဥပေါသထသီလတို့ကို ခိုင်မြဲစွာအားအားထုတ်၍ လက်ရှိစည်းစိမ် ချမ်းသာတို့ကို ခင်တွယ်မက်မောခြင်း မရှိကြကုန်ဘဲသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား တွင်တွင်ပေးကမ်း လှူဒါန်းစွန့်ကြဲ၍ နေ့ရက်နှစ်လကို ကုန်လွန်စေကြကုန်၏။

ဤသို့လျှင် ဘဝသမ္ပတ္တိကို ခင်မင်ကြကုန်သော သူတို့သည် ဘောဂသမ္ပတ္တိကို အဆုံးအရှုံးခံကြကုန်၏။

အဘယ်သို့လျှင် ဘောဂသမ္ပတ္တိကို ခင်မင်ကြကုန်သော သူတို့သည် ဘဝသမ္ပတ္တိကို အဆုံးအရှုံးခံကြရကုန်သနည်း ဟူမူကား အကြင်သူတို့အား လူ့အဖြစ် ရခဲမှုကို လည်းကောင်း, သံသရာဘေးဘယကို လည်းကောင်း, ဘဝပဒေသပင်ကြီး ၏ အခြင်းအရာကို လည်းကောင်း ကောင်းကောင်း မြော်မြင်နိုင်ဉာဏ်ပညာကားမရှိ၊ ဉာဏ်မျက်စိမပေါက်၊ ထိုသူတို့သည် ယခုဘဝရရှိ ကြသော ဘောဂသမ္ပတ္တိတို့ကို ထိန်းသိမ်းစောင့်ရှောက်မှုပွားမှု ပွားများအောင် ကြံဆောင်မှု ခံစားစံစားမှုတို့နှင့်သာ နေ့ရက်နှစ်လကို ကုန်လွန်စေရာ၏။ ထိုအမှုတွေ တန်းလန်းနှင့်ပင် သေဆုံးကြရကုန်၏။

ထိုသူတို့အား လူ့ဘဝ, လူ့ခန္ဓာပဒေသာပင်ကြီးသည် အညွန့်မပေါက်, အခက်မပေါက် မတ်တတ်ခြောက် မတ်တတ်သေ ဆုံးရှုံး၍ သွားလေကုန်၏။

ဤသို့လျှင် ဘောဂသမ္ပတ္တိကို ခင်မင်ကြကုန်သော သူတို့သည် ဘဝသမ္ပတ္တိကို ဆုံး အရှုံးခံကြရကုန်၏။

ဘဝကို အလေးပြုကြကုန်သောသူတို့သည် ဒါန, သီလ, ဗဟုသုတ ဓမ္မအစီးအပွားတို့ကို အလေးပြုကြကုန်၏။

ဘောဂကို အလေးပြုကြကုန်သော သူတို့သည် လောကီစီးပွားကို အလေးပြု ကြကုန်၏။

ဓမ္မစီးပွား၌ စိတ်များ၍ လောကီစီးပွား၌ စိတ်နည်းသောသူ, လောကီစီးပွား၌ စိတ်များ၍ ဓမ္မစီးပွား၌ စိတ်နည်းသောသူ, စီးပွားနှစ်ဘက်၌ စိတ်ထက်ဝက်စီရှိသောသူ, စီးပွားနှစ်ပါးမှ အလွတ်ဖြစ်၍ အကျိုးမရှိသော အလေ့အကျက်နှင့် နေ့ရက် နှစ်လကို ကုန်စေသောသူဟူ၍ လူလေးမျိုးရှိကြကုန်၏။ ·

ယခုအခါ၌မူကား စီးပွားနှစ်ဘက်၌ စိတ်ထက်ဝက်စီရှိပေလျှင်ပင် ချီးမွမ်း လောက် လှပေပြီ။

ဓမ္မစီးပွား၌ စိတ်များသူကိုကား ဆိုဖွယ်မရှိ၊ လောကီစီးပွား၌ စိတ်များသူသည် ကား မနုဿတ္တဒုလ္လဘကို အမြင်နည်းလှသေးသော သူပေတည်း။

www.dhammaransi.com



စီးပွားနှစ်ဘက်မှ အလွတ်ဖြစ်သော သူသည်ကားလောကကို မျက်စိမမြင်မျက်စိနှစ်ဘက် ကန်းမည်၏။

ဒုစ္စရိုက်၌ လေ့ကျက်ကန်သော သူတို့မူကား လူအရေအတွက်၌ မသွင်းရကုန်၊ ဤသို့လည်း သိကြကုန်ရာ၏။

ဘုရားလက်ထက်တော်၌လည်းကောင်း, ဇာတ်တော် နိပါတ်တော်တို့၌လည်းကောင်း သူဌေး, သူကြွယ်, ပဒေသရာဇ်, ဧကရာဇ် ထီးနန်းစည်းစိမ်တို့ကို တံတွေးပေါက်ကဲ့သို့ စွန့်ပစ်၍ တစ်အိမ်လုံး, တစ်ရွာလုံး, တစ်မြို့လုံး, တစ်ပြည်ထောင်လုံး တောထွက်ကြကုန်သော သူတို့သည် မနုဿတ္တဒုလ္လဘကို ကောင်းကောင်းသိကြကုန်သော သူတို့ပေတည်း။

ဤသို့လျှင် အလွန်တရာ ရခဲစွာသော မနုဿတ္တကို တစ်ရံတစ်ခါအခွင့်သာ၍ ကောင်းစွာရရှိကြကုန်သော အခါ၌ ဘောဂသမ္ပတ္တိကို အဆုံးခံ၍ ဘဝသမ္ပတ္တိကို ခင်မင်ကြ ကုန်လျက် ဘဝပဒေသာပင်ကြီးမှ ထွက်သော မြင့်မြတ်ကြီးကျယ်စွာသော အကျိုးအာနိသံသ အနန္တတို့ကို မိမိတို့ကာယဗလ, ဉာဏဗလ အခွင့်ရှိသမျှ အရအမိ ယူနိုင်ကြကုန်သော သူတို့သာလျှင် မနုဿတ္တဒုလ္လဘကို ရကြသော သူတို့ဟူ၍ ဆိုထိုက်ပေသည်။

အဘယ်ကြောင့်ဆိုသော် မနုဿတ္တဒုလ္လဘဟူသည် ထိုအကျိုးအာနိသံသ အနန္တတို့ အတွက် ထုတ်ဖော် ကြော်ငြာအပ်သော ကမ္ဘာ့တံဆိပ်တော်ကြီး ဖြစ်ပေတော့သောကြောင့်တည်း။

(ဤကား သာသနာပ၌ လူ့အဖြစ်ကို ရကြကုန်သော သူတို့နှင့်
လျော်စွာ ပြဆိုလိုက်သော မနုဿတတ္တဒုလ္လဘ အခိပ္ပာယ်တည်း။)

သာသနာတွင်း၌ ကြုံကြိုက်ကြကုန်သော သူတို့အား ရထိုက်ယူထိုက်သော အကျိုး အာနိသံသ အနန္တသည်မူကား ဗုဒ္ဓုပ္ပါဒဒုလ္လဘ၏ အကျိုးအာနိသံသအနန္တမှာ အတွင်းဝင်၍ ပါလတ္တံ့သတည်း။

www.dhammaransi.com



## ဗုဒ္ဓုပ္ပါဒဒုလ္လဘကို ပြဆိုခြင်း

## ဘုရားဖြစ်ရန်ခဲယဉ်းပုံ

ယခုအခါ ဗုဒ္ဓုပ္ပါဒဒုလ္လဘကို ပြဆိုပေအံ့။

ဘုရားအဖြစ်ကို ကြုံကြိုက်ခဲမှုသည် ကမ္ဘာ၌ ကြုံကြိုက်ခဲမှု, အသီးအသီးသော မိမိ မိမိတို့၏ ကြုံကြိုက်ခဲမှုဟူ၍ နှစ်ပါးအပြားရှိ၏။

အဘယ်သို့လျှင် ဘုရားအဖြစ်ကို ကမ္ဘာ၌ကြုံကြိုက်ခဲလေသနည်း၊ အဘယ်သို့လျှင် အသီးအသီးသော မိမိ မိမိတို့ ကြုံကြိုက်ခဲလေသနည်း၊ အမေးနှစ်ချက်။

ပထမအမေး၌ အဖြေကိုပြပေအံ့. . . .

တစ်ခုသော မဟာကမ္ဘာကြီး မည်သည် အဘယ်မျှ နှစ်ကာလရှည်လျားသနည်းဆိုသော် အလျားတစ်ယူဇနာ, အနံတစ်ယူဇနာ, အမြင့်တစ်ယူဇနာ, ရှိသော တစ်ခဲနက် ကျောက်အတိ ပြီးသော ကျောက်တောင်ကြီးသည်ရှိရာ၏။

ထိုကျောက်တောင်ကြီးကို နူးညံ့လှစွာသော လဲဝါဂွမ်းဖြင့် အနှစ်တစ်ရာမှ တစ်ခါ, အနှစ်တစ်ထောင်မှ တစ်ခါ ပွတ်တိုက်ရာ၊ ပွတ်တိုက်ဖန် များလတ်သော် ထိုကျောက်တောင်ကြီး သည် ကုန်ခြင်းသို့ ရောက်လေ၏။

တစ်ခုတစ်ခုသော မဟာကမ္ဘာကြီး၏ နှစ်ကာလသည် မကုန်လေရာ၊ တစ်ခုတစ်ခုသော မဟာကမ္ဘာကြီး၏ အသက်သည် ဤမျှလောက်ရှည်၏ ဟူ၍ ဟောတော်မူသည်။

လောက၌ ဘုရားပွင့်မှုမည်သည် ထိုမျှလောက်သော မဟာကမ္ဘာကြီးပေါင်း တစ်ရာလွန်မှ တစ်ခါသာ ကြုံကြိုက်၏။ တစ်ထောင်လွန်မှ တစ်ခါသာကြုံကြိုက်၏။ တစ်သောင်းလွန်မှ တစ်သိန်းလွန်မှ တစ်ခါသာ ကြုံကြိုက်၏၊ ရံခါရံခါ၌ ထိုမျှလောက်သော မဟာကမ္ဘာကြီးပေါင်း အသင်္ချေလွန်မှ ကြုံကြိုက်၏။

အသင်္ချေဆိုသည်ကား ကုဋေကို (၁) ဂဏန်းပြု၍ မဟာကမ္ဘာကြီးပေါင်း တစ်ကုဋေလျှင် (၁)၊ နှစ်ကုဋေလျှင်(၂) စသည်ဖြင့် ရေတွက်သော်လည်း ဂဏန်းပေါင်း ဝေါဟာရသည်သာ ကုန်လေရာ၏။

ဘုရားဖြစ်မှုမှ ဆိတ်ကင်းသော မဟာကမ္ဘာကြီး အစဉ်မူကား မကုန်လေရာ၊ ဤမျှလောက် ရှည်ကြာသော သုညကမ္ဘာကြီးတွေ အစဉ်တစ်ခုကို အသင်္ချေတစ်ခု ခေါ်သတည်း။

www.dhammaransi.com



ထိုမျှသော သုညကမ္ဘာတွေ အသင်္ချေ်လွန်မှ တစ်ခါသာ ကြုံကြိုက်၏၊ ကြုံကြိုက်သော ကမ္ဘာမှာလည်း ကမ္ဘာ၏နှစ်ကာလမည်သည် ပြဆိုခဲ့ပြီးသော ကျောက်တောင်ကြီး ဥပမာနှင့်အညီ အသင်္ချေ်တွေ အသင်္ချေ်တွေ အသင်္ချေ်အနန္တ ရှည်လျား၏။

ဘုရားပွင့်ရာ သာသနာတည်ရှိသော နှစ်ကာလမည်သည် အလွန်ဆုံးအားဖြင့် တစ်သိန်း တန်းတွင် ပွင့်ခဲ့လျှင် သာသနာနှစ်ပေါင်း နှစ်သိန်း, သုံးသိန်းမျှသာ တည်ရှိ၏။

ထိုကမ္ဘာ၌ ကျန်ရှိသော နှစ်အသင်္ချေ် အသင်္ချေ်တွေသည်ကား သုညနှစ်တွေ သာတည်း။

(ဤကား ဘုရားပွင့်မှု၏ ကမ္ဘာပေါ်၌ ကြုံကြိုက်ခဲမှုကို ပြဆိုချက်တည်း။)

## ဘုရားနှင့် သာသနာကို ကြုံတွေ့ခဲပုံ

ဒုတိယပုစ္ဆာ၏ အဖြေကို ပြဆိုပေအံ့။ ။ အဘယ်သို့လျှင် မိမိ မိမိဟု ဆိုအပ်သော တစ်ယောက်, တစ်ယောက်သော သတ္တဝါ၏ ကြုံကြိုက်ခဲမှုသည် ဖြစ်လေသနည်းဟူမူကား ဘုရားပွင့်ရာ စကြာဝဠာသည်ကား ဤစကြာဝဠာတစ်ခုသာ ရှိ၏။

စကြာဝဠာအနန္တ ကျန်ရှိ၏၊ သတ္တဝါတို့မည်သည် ဤသူ ဤသူတို့ကား ဤစကြာဝဠာ၌သာ အမြဲကျင်လည်ကုန်သည်ဟူ၍ မရှိကုန်။

ဤဇမ္ဗူဒီပါကျွန်းမှာ ဘဝများစွာ ကျင်လည်ကြသော သူတို့သည် ဤသူ ဤသူတို့ကား ဤမြို့ဤရွာတွင်သာ အမြဲကျင်လည်ကုန်သည် ဟူ၍ မရှိကုန် သကဲ့သို့တည်း။

မြင့်လှစွာသော ကောင်းကင်၌ ဝဲ၍နေကြကုန်သော လင်းတငှက်တို့သည် မိမိတို့၏ အောက်၌ အသောင်းသိန်းမကသော လယ်ကွက် ယာကွက်တွေကို မြင်ကြလေဘိသကဲ့သို့ အထက်ဗြဟ္မာပြည်၌ နေကြကုန်သော ဗြဟ္မာတို့သည် မိမိတို့၏အောက်၌ များစွာသော စကြာဝဠာတွေကို ပကတိမျက်စိနှင့်ပင် မြင်နိုင်ကြကုန် ၏။

ဗြဟ္မာပြည်တို့သည် စကြာဝဠာအနန္တပေါ်တွင် တစ်ပြင်တည်း တည်ရှိကုန်၏။

ထိုထိုဗြဟ္မာပြည်မှ စုတေကြကုန်သောအခါ မြင်ရှိ၍နေရာ စကြာဝဠာတို့တွင် ရောက်မိ ရောက်ရာ ရောက်ကြလေကုန်၏။

www.dhammaransi.com



ရောက်မိရောက်ရာ စကြဝဠာ၌ နိကန္တိအခြေစိုက်ကြသဖြင့် ထိုစကြဝဠာ၌ပင် ဘဝများစွာ ကမ္ဘာများစွာ ကျင်လည်ကြရပြန်၏။ ဤနည်းအတူ အဆင့်ဆင့် လွင့်ပါး၍ နေကြကုန်၏။

နိယတဗျာဒိတ်ရပြီးအလောင်းတော်ကြီးများသည်သာ ဤစကြဝဠာ၌ မြဲကြရ၏။

ဘုရားပွင့်ခိုက်ကြုံကြိုက်ကြမူကား ဤစကြဝဠာမှ ဝန်းကျင် စကြဝဠာပေါင်း တစ်သောင်း အတွင်း ရှိကြကုန်သော နတ်ဗြဟ္မာတို့သည် ကျွတ်နိုင်ကြကုန်၏။

ပြင်ပ စကြဝဠာရှိ နတ်ဗြဟ္မာတို့ကား ကျွတ်ခြင်းမရှိကုန်၊ လူဖြစ်ခဲ့မူကား ဇမ္ဗူဒီပါကျွန်း သူတို့သာ ကျွတ်ခွင့်ရကြကုန်၏၊ သုံးကျွန်းသူ, တစ်ပါးစကြဝဠာသူတို့ကား ကျွတ်ခွင့် မရကြကုန်။

ဤသို့သော အလားအများကို ထောက်ထား မြော်မြင်ကြသဖြင့် တစ်ယောက် တစ်ယောက် သော သတ္တဝါအား လူ့အဖြစ်ကို ရခဲမှုထက် ဘုရားပွင့်ရာ၊ သာသနာ၌ တွေ့ကြုံရန်အမှုသည် အသိန်းအသန်းမက သာလွန်၍ ခဲယဉ်းလှလေသည် ဟူ၍လည်းကောင်း၊ ကမ္ဘာပေါ်၌ ဘုရားပွင့်မှု ကြုံကြိုက်ခဲသည်ထက် တစ်ယောက် တစ်ယောက်သော သတ္တဝါ၏ ဘုရားသာသနာနှင့် ကြုံကြိုက်ရန် အမှုသည် အဆအသိန်းအသန်းမက သာလွန်၍ ခဲယဉ်းလှသည် ဟူ၍လည်းကောင်း မှတ်ယူ ယုံကြည်ကြကုန်ရာသည်။

ပွင့်ခဲလှစွာသော ဘုရားပေါင်း ဆူရေ အသိန်းအသန်းပင်ပွင့်သော်လည်း စကြဝဠာ တစ်ပါး၌ လွင့်ပါးကျင်လည်၍ နေခိုက် ကြုံချေက တွေ့ကြုံမည်ဝေးစွ သတင်းမှ မကြားရဟူလိုသည်။

ဤစကြဝဠာမှာ ကျင်လည်ခိုက် ကြုံကြိုက်သော်လည်း ဘုရားသာသနာနှင့် အလွန်တွေ့ ကြုံခဲလှ၏။

ဘုရားမပွင့်သော ကမ္ဘာတို့နှင့် ကြုံကြိုက်ပြန်လျှင်လည်း ဘုရားသာသနာနှင့် မတွေ့ရ၊ ဘုရားပွင့်သော ကမ္ဘာပင် ဖြစ်သော်လည်း ဘုရားသာသနာတည်ထွန်း ရာခဏသည် အလွန်တိုလှ၏

ကမ္ဘာအသက်ရှည်ပုံနှင့် ချင့်တွက်သော် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက် မျှကဲ့သို့ဖြစ်၏

ဘုရားသာသနာ တည်နေဆဲ အခါ၌ မိမိက တိရစ္ဆာန်ဘဝတို့၌ နစ်မျော၍

www.dhammaransi.com



နေ့ခိုက် ကြုံကြိုက် သဖြင့် တစ်သာသနာလွန်၍သွားပြန်၏၊ သာသနာကွယ်ပ၍ မှောင်အတိ ဖြစ်သောအခါမှ လူ့ဘဝသို့ရောက်လာ၏။

နောင်ကမ္ဘာကြီးများစွာလွန်၍ ဘုရားသာသနာ တစ်လှည့်ပေါ်ခိုက် ကြုံပြန်သော် မိမိက ငရဲဘဝတို့၌ နစ်မျော၍နေခိုက် ကြုံကြိုက်သဖြင့် တစ်သာသနာ လွန်၍ သွားပြန်၏။

ဤနည်းအတိုင်း ဘုရားသာသနာ ပေါ်ရှိခိုက် မိမိက ရပ်ပြစ်ရှစ်ဌာနန၌ ကြုံကြိုက်၍ နေသဖြင့် ဘုရားပေါင်း အသိန်းအသန်းပင် ပွင့်သော်လည်း တစ်လှည့် တစ်ကြိမ်မျှ တွေ့ကြုံခွင့်မရ အလွန်တရာ ခဲယဉ်းလှလေသတည်း။

အာဋ္ဌာရ ရသေ့သည် အသေစော၍ ၇-ရက်မျှကွာသည့်အတွက် တစ်သာသနာ ပြီးလေ၏၊ ဥဒက ရသေ့သည် ရှေ့သန်းခေါင် နောက်သန်းခေါင်မျှ ကွာသည့်အတွက် တစ်သာသနာ ပြီးလေ၏။

ထိုရသေ့တို့သည် အရူပဘုံ၌ ဖြစ်ကြလေကုန်၍ လူ့ဘုံတစ်ဖန် ရောက်ပြန် သောအခါ သုညကမ္ဘာကြီးတွေအတွင်း၌ ကျရောက်ကုန်လတ္တံ့၊ တစ်သန်းခေါင်မျှ ချော်သည့်အတွက် ဤမျှလောက်တာသွား၏။

ဤသို့လျှင် လွန်ခဲ့ပြီးသော အနမတဂ္ဂ သံသရာ၌ ဘုရားပေါင်း ဂင်္ဂါသဲလုံး မျှမက ပွင့်ကုန်ကြရာ ဘုရားအသိန်းအသန်းတွင် တစ်ဆူကျကိုမျှ လှလှ မတွေ့ဘူး ကြသည့်အတွက် ယနေ့ထက်တိုင် သံသရာ၌နစ်မွန်းလျက်ရှိနေကြကုန်သည်။

ဤစကား၌ လှလှမတွေ့ကြဆိုသည်ကား ကျွတ်လွတ်လောက်အောင်လည်း မတွေ့ဘူးကြ၊ နိယတ ဗျာဒိတ် ရလောက်အောင်မျှလည်း မတွေ့ဘူးကြသည်ကို ဆိုလိုသည်။

ဤသို့၌လှလှမတွေ့ကြကုန်မူ၍ ယောင်တီးယောင်တ အတုအပ တွေ့ကြုံကြ ကုန်သော သူတို့သည်ကား တွေ့ရှိသော ဘုရားသာသနာကို ကောင်းစွာမတွယ်နိုင် ကြသည့်အတွက် နောက်ဘုရားကို အားကိုးယောင်ယောင် နောက်ဘုရားမှာမှ နေရာကျလိမ့်ယောင်ယောင် ရှောင်သာ တိမ်းသာ နေသာ ထိုင်သာရှိကြရုံစိတ်ဖြစ်ကြ မြဲပေတည်း။

ထိုသို့ ဖြစ်ကြသော်လည်း ထိုနောက်ဘုရားနှင့် လွဲနိုင်ရန် တရားတို့သည် မိမိတို့ ကိုယ်တွင်း၌ အသင်္ချေ အနန္တ ပါရှိလျက် နေကြကုန်သောကြောင့် ထိုနောက် ဘုရားတစ်ဆူကို မဆိုထားဘိဦး၊ နောက်နောက် ဘုရားပေါင်း အသိန်းအသန်းကိုပင် လွဲကြပြန်ကုန်ရာ၏။

www.dhammaransi.com



ယခုအခါ၌လည်း တွေ့ရှိ၍နေသော ဤဘုရားသာသနာကို စွန့်စွန့်စားစား မတွယ်တာ နိုင်ကြသည့် အတွက် နောက် မေတ္တေယျဘုရားကို အားကိုးယောင်ယောင် နောက်မေတ္တေယျ ဘုရားမှာမှ နေရာကျလိမ့်မည်ယောင်ယောင် ရှောင်သာတိမ်းသာ နေထိုင်သော ဓမ္မတာ လမ်းရိုးကြီး အတိုင်း စိတ်ဖြစ်မြဲဖြစ်ကြကုန်၏။

နောက်မေတ္တေယျတစ်ဆူကို မဆိုထားဘိဦး၊ နောက်နောက် ဘုရားပေါင်း အသိန်းအသန်း ကိုပင် လွဲနိုင်ကြရန် အခွင့်အလမ်းကို မထင်မမြင်နိုင်ကြလေကုန်။

အခွင့်အလမ်းတွေ ဆိုသည်ကား. . . .

**နခသိခသုတ္တန် ဒေသနာတော်** နည်းအားဖြင့် လည်းကောင်း၊ အဘိဓမ္မာဉာဏဝိဘင်း အဋ္ဌကထာကြီး၌ ပြဆိုအပ်သော နည်းအားဖြင့် လည်းကောင်း သိအပ်သော အခွင့်အလမ်းစု ပေတည်း။ ။

ဤမှတစ်ပါးလည်း မိမိသန္တာန်၌ ယခုရှိနေကြသော သဒ္ဓါ, ပညာ အစ ရှိသော ကုသိုလ်တရားတို့၏ နုံ့နှေးမှု လောဘ, ဒေါသ, မောဟ, မာနဒိဋ္ဌိအစရှိသော အကုသိုလ်တရား တို့၏ ထက်သန်မှုအစရှိသည်ဖြင့် သိအပ်သော အခွင့်အလမ်း အလွန်များပြား၏။

ဤသည်ကား မနုဿတ္တဒုလ္လဘထက် လည်းကောင်း, ကမ္ဘာမြေပေါ်၌ ဘုရားပွင့်ခွင့် ကြုံကြိုက်ခဲမှုထက်လည်းကောင်း တစ်ယောက်, တစ်ယောက်သော သတ္တဝါ၏ ဘုရား သာသနာနှင့် တွေ့ကြုံခဲမှုသည် အသိန်းအသန်း မက သာလွန်၍ ခဲယဉ်းသည်ကို ပြဆိုသောအခန်းတည်း။

(ဘုရားအဖြစ်ကို အဘယ်သို့ကြုံကြိုက်ခဲပါသနည်းဟူသော ပုစ္ဆာ၏အဖြေ ပြီး၏။)

www.dhammaransi.com



## ဘုရားသာသနာနှင့် လွဲအဖြစ်

ဘုရားသာသနာနှင့် တွေ့ကြုံရသည်ရှိသော် အဘယ်သို့သော အကျိုးအာနိသံသ အနန္တတို့ကို ရနိုင်ပါသနည်းဟူသော ဒုတိယ ပုစ္ဆာ၏အဖြေကို ပြဆိုပေအံ့။

မနုဿတ္တဒုလ္လဘတွင် မဟာအဋ္ဌကထာကြီး နည်းအားဖြင့် ပြဆိုခဲ့သည့်အတိုင်း အကြင်သတ္တဝါတို့အား ရုပ်နာမ်တရားတို့ကို ငါ၏အတ္တဟု ထင်မြင်ခိုင်မြဲစွဲယူမှောက်မှားသော သက္ကာယဒိဋ္ဌိတရားသည် ရှိနေ၏။

ထိုသတ္တဝါတို့အား ရှေးရှေးသော အတိတ်ဘာ အတိတ်ကမ္ဘာ အတိတ်သံသရာတို့၌ မိုက်ခဲ့သမျှ မှားခဲ့သမျှသော ဒုစ္စရိုက်ကံပေါင်း အမှုဟောင်းအနန္တတို့သည် ရင်တွင်းစိတ်နှလုံးတွင်းမှာ အစဉ်အမြဲ တလုံးတခဲတည်းပါရှိ၍ နေကုန်၏။

ထိုဒုစ္စရိုက်ကံပေါင်း ကျွေးဟောင်း, မြီဟောင်း, အမှုဟောင်းကြီးတွေ အစဉ်အမြဲ ထလုံးတခဲတည်း ပါရှိ၍ နေကြသည့်အတွက် ဘဝဂ်ဘုံမှာ ဗြဟ္မာကြီးပင်ဖြစ်ကြကုန်သော်လည်း မိမိတို့၏ စိတ်နှလုံးမှာ ခိုင်မြဲ အကြပ်အတည်း ဖွဲ့ချည်တည်ရှိကုန်သော အပါယ်ကြိုး အပါယ်လွန် အဝီစိကြိုးအဝီစိလွန် တန်းလန်းတွေ အနန္တတို့နှင့်သာ နေကြကုန်၏။

ထိုအတူ ထိုသတ္တဝါတို့အား ထိုသက္ကာယဒိဋ္ဌိ ရှိနေသမျှကာလပတ်လုံး အနာဂတ်ကာလ ကျင်လည်ရာဘဝတို့၌ တွေ့ရှိသမျှသော အမိုက်မျိုး အနန္တတို့ကို မိုက်မဲကြရန် အမှားမျိုးအနန္တတို့ကို မှောက်မှားကြရန် ကိလေသာအညစ်အမြစ်ဗီဇ အနန္တတို့သည် ရင်တွင်း စိတ်နှလုံးတွင်းမှာ အစဉ်အမြဲတလုံးတခဲတည်း ပါရှိ၍ နေကြကုန်၏။

အကြင်အခါ၌ အနတ္တ လက္ခဏာရေးကို ကောင်းစွာ ထင်မြင်သဖြင့် သက္ကာယဒိဋ္ဌိသည် အပြီးတိုင် ချုပ်ငြိမ်းခြင်းသို့ ရောက်လေ၏။

ထိုအခါ ထိုအတိတ်ဒုစ္စရိုက်ကံပေါင်း အမှုဟောင်း အနန္တတို့သည် လည်းကောင်း၊ နောက်နောက် အနာဂတ်ကာလတို့၌ ပါပဒုစ္စရိုက် အမိုက်မျိုးဗီဇအနန္တ အမှောက်မှားမျိုး ဗီဇအနန္တတို့သည် လည်းကောင်း၊ တစ်ပြိုင်နက် တစ်ချက်တည်း အပြီးတိုင် ကွယ်ပကြလေကုန်၏။

ထိုသူမှာ အပါယ်သံသရာကြီးလည်း အနမတဂ္ဂဘဝ သံသရာကာလပတ်လုံး အပြီးတိုင် ကျွတ်လွတ်လေ၏၊ အပါယ်သံသရာသည်သာ မဟုတ်သေး၊ ရပ်ပြစ်ရှစ်ပါးလည်း အပြီးတိုင် ကျွတ်လွတ်လေ၏။

www.dhammaransi.com



ဘုန်းတန်ခိုးစည်းစိမ် အလိမ်အမာ ယုတ်ညံ့စွာသော လူ့ဇာတိမျိုး, နတ်ဇာတိမျိုး, ဗြဟ္မာ့ဇာတိမျိုးလည်း အပြီးတိုင် ကျွတ်လွတ်လေ၏။

ဘုန်းတန်ခိုးစည်းစိမ် အလိမ်အမာ ကြီးမြတ်စွာသော လူအရိယာဇာတိ နတ်အရိယဇာတိ, ဗြဟ္မာအရိယဇာတိတို့သာ ကျန်ရှိကုန်တော့သည်။

(ဤသည်ကား သက္ကာယဒိဋ္ဌိသည် ခပ်သိမ်းသော အတိတ်ဒုစရိုက်ကံအနန္တ, ပစ္စုပ္ပန် ဒုစရိုက်ကံ အနန္တ, အနာဂတ်ဒုစရိုက်ကံ အနန္တတို့၏ အချုပ်အခြာ ဖြစ်ပုံတည်း။)

သာသနာပ၌ ဖြစ်ကြကုန်သော ခပ်သိမ်းကုန်သော လူပညာရှိ, နတ်ပညာရှိ, ဗြဟ္မာပညာရှိ အပေါင်းတို့သည် ထိုဒုစရိုက်ကံတို့၏။ ရှေ့အလားနောက်အလားတို့ကို မိမိဉာဏ်စွမ်းရှိသမျှ မြော်မြင်နိုင်ကြကုန်၏။

အချုပ်အခြာဖြစ်သော အမှုသည်ရင်းကိုမူကား ပိတ်ပိတ်သား မသိနိုင်ကြ မမြင်နိုင်ကြ လေကုန်။

မြတ်စွာဘုရား အလောင်းတော်ကြီး များမှသော်လည်း မသိနိုင်ကြ မမြင်နိုင်ကြကုန်။ ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်သို့ ရောက်၍ ဘုရားဖြစ်ခါနီးမှပင် သိကြမြင်ကြကုန်သည်။

ထိုလူနတ်ဗြဟ္မာ ပညာရှိအပေါင်းတို့သည်မူကား သာသနာနှင့် တွေ့ကြုံကြမှ ထိုဒုက္ခ ဝဋ်ကြီး အပြီးတိုင် လွတ်ငြိမ်းနိုင်ကြမည်ဟု သိမြင်နိုင်ကြကုန်သည်ဖြစ်၍ သိနိုင်သမျှသော ဘဝတိုင်း ဘဝတိုင်း၌ ဘုရားကိုသာ မြော်ကြရကုန်၏။ ဘုရားတရားတော်ကိုသာ မြော်ကြရကုန်၏၊ ဘုရားသာသနာတော်ကို မြော်ကြရကုန်၏။

"ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော" ဟူသော အက္ခရာတံဆိပ်ကြီးကို ကမ္ဘာပေါ်၌ ထုတ်ဖော်ကြော်ငြာ ၍ ထားကြကုန်၏။

ဘုရားသာသနာနှင့် တွေ့ကြုံကြသော အခါ၌ ဇောတိကသူဌေး, ဇဋိလသူဌေး စသော သူတို့သည်ပင်လျှင် သူဌေးစည်းစိမ်ကို ပစ်၍ ဘုရားသာသနာကို အရအမိတွယ်ကြရကုန်၏။

ဘဒ္ဒိယမင်း, ပက္ကုသာတိမင်း, မဟာကပ္ပိနမင်း အစရှိသော သူတို့သည် ပင်လျှင် ထီးနန်း စည်းစိမ်ကို စွန့်ပစ်၍ ဘုရားသာသနာကို အရအမိ တွယ်ကြရကုန်၏။

လေးကျွန်းလုံးကို အစိုးရသော စကြာမင်းကြီးသည်လည်း လေးကျွန်းစည်းစိမ်ကို စွန့်ပစ်၍ ဘုရားသာသနာကို အရအမိ တွယ်ကြရကုန်၏။

www.dhammaransi.com



အဘယ်ကြောင့်နည်း ဆိုသော် ထိုသူဌေးစည်းစိမ်, မင်းစည်းစိမ်တို့သည် ပြဆိုခဲ့ပြီးသော သက္ကာယဒိဋ္ဌိ အမှုးရှိသော အတိတ် အနာဂတ် ဒုစ္စရိုက်ကံအနန္တတို့၏ အပင်းအသင်းတို့သာ ဖြစ်ကြကုန်၏။

ထိုသူဌေးစည်းစိမ် မင်းစည်းစိမ်တို့သည် မသေမီကာလ၌သာ မြင်တိုင်း မြင်တိုင်း ကြည်လင်ရွှင်လန်းဖွယ် ဖြစ်ကုန်၏။

သေမည်ပြုသောအခါ၌မူကား မမြင်ဝံ့မရှုဝံ့တို့သာတည်း၊ မြင်မိရှုမိမည်ကို အလွန် ကြောက်ကြရကုန်၏၊ မြင်၍ရှု၍သေလျှင် အပါယ်သို့ကျရကုန်၏။

ဘုရားသာသနာကို အရအမိ တွယ်နိုင်ကြကုန်သော သူတို့သည်မူကား အနမတဂ္ဂ သံသရာ၌ ဖြစ်လေရာရာ အစဉ်အမြဲ ပါရှိ၍ နေကြကုန်သော သက္ကာယဒိဋ္ဌိ အမှုးရှိသော ဒုစ္စရိုက်ကံ အနန္တတို့၏ အပြီးတိုင် ချုပ်ငြိမ်းခြင်းဟူသော အတုမရှိ ကြီးမြတ်လှသော ချမ်းသာ သုခကြီးကို ရကြလေကုန်၏။

ဤဘဝနောက်၌ အပါယ်သံသရာကြီးမှ လည်းကောင်း, မိစ္ဆာဒုစ္စရိုက် အမိုက်ခပ်သိမ်းတို့မှ လည်းကောင်း, အမျိုး၏ယုတ်ညံ့ခြင်း, အနွယ်၏ ယုတ်ညံ့ခြင်း, အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ၏ ယုတ်ညံ့ခြင်း, စည်းစိမ်ဥစ္စာ၏ ယုတ်ညံ့ခြင်း, အကျင့်အာစာရ၏ ယုတ်ညံ့ခြင်း, အသိအလိမ်မာ၏ ယုတ်ညံ့ခြင်း အစရှိသော ယုတ်ညံ့ခြင်း ခပ်သိမ်းတို့မှလည်းကောင်း အပြီးတိုင် လွတ်ငြိမ်းခွင့်ကို ရကြလေကုန်၏။

ဘုရားသာသနာကို အရအမိ တွယ်တာမှုဆိုသည်ကား လက္ခဏာရေးသုံးပါးကို ကြိုးစား အားခဲ မြဲစွဲအားထုတ်သဖြင့် ရုပ်နာမ်ခန္ဓာတရားတို့ကို ငါ၏ကိုယ်ငါ၏အတ္တဟု ထင်မြင်စွဲလမ်း၍ ရှိနေသော သက္ကာယဒိဋ္ဌိ၏ ချုပ်ငြိမ်းခြင်းသို့ ရောက်၍ မြတ်စွာဘုရား၏ သားတော်အစစ်, သမီးတော်အစစ်အရိယာဇာတိ အဖြစ်သို့ ရောက်သည်တိုင်အောင် တွယ်တာမှုကိုဆိုသတည်း။

ဤကဲ့သို့ မြတ်စွာဘုရား၏ သားတော်အစစ်, သမီးတော်အစစ် အရိယာ အဖြစ်သို့ ရောက်ကြကုန်သော သူတို့သည်ကား ယခုဘဝမှစ၍ ဖြစ်လေရာရာ ဘဝများစွာကမ္ဘာအဆက်ဆက် တို့၌ ဓမ္မစက္ခု အမြဲပါသဖြင့် သာသနာပသောဘဝ သာသနာပသော ကမ္ဘာ သာသနာပသောအခါ ဟူ၍ တစ်ရံတစ်ဆစ်မျှ မရှိကြကုန်ပြီ။

ထိုသူတို့အားလုံး အဆုံးစွန် နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ပရိယတ္တိ သာသနာတော်မြတ်ကြီးလည်း အစဉ်အမြဲ ပါရှိလေတော့သည်။ ပဋိပတ္တိ သာသနာတော်မြတ်ကြီးလည်း အစဉ်အမြဲ ပါရှိလေတော့သည်၊ ပဋိဝေဓသာ သနာတော်မြတ်ကြီးလည်း အစဉ်အမြဲပါရှိလေတော့သည်။

www.dhammaransi.com



မိမိတို့၏ အတွက်နှင့် မူကား နောက်နောက်ဘုရားကို မြော်ဘွယ်ကိစ္စမရှိကြကုန်ပြီ၊ နောက်နောက်သာသနာကို မြော်ဘွယ်ကိစ္စ မရှိကြကုန်ပြီ၊ ဘုရားကို မြော်ရသော ဒုက္ခ သာသနာတော်ကို မြော်ရသော ဒုက္ခမှ အရှင်း လွတ်ငြိမ်းကြလေကုန်၏။

ဤသို့လျှင် ဘုရားသာသနာနှင့် တွေ့ကြုံကြသည်ရှိသော်ဤကဲ့သို့ မြင့်မြတ်ကြီးကျယ် လှသော အကျိုးအာနိသံသ အနန္တကို ရနိုင်လေသတည်း။

ဤကဲ့သို့သော အကျိုးအာနိသံသ အနန္တကိုရကြကုန်သော သူတို့သည်သာလျှင် ဘုရားသာသနာတော်ကို တွေ့ကြုံကြရသော သူတို့မည်ကုန်၏။

အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓုပ္ပါဒဒုလ္လဘဟူသည် ထိုကဲ့သို့သော အကျိုးအာနိသံသ အနန္တတို့အတွက် ကမ္ဘာပေါ်၌ ထုတ်ဖော် ကြော်ငြာသော အက္ခရာ တံဆိပ်ကြီး ဖြစ်ပေသော ကြောင့်တည်း။

(ဗုဒ္ဓုပ္ပါဒဒုလ္လဘပြီး၏)

ကြွင်းသော ဒုလ္လဘသုံးပါး၏ အကျိုး အာနိသံသနှင့် တကွ အကျယ်ဝိတ္ထာရ အစီအရင်ကိုမူကား မန္တလေးမြို့ ဗုဒ္ဓဘာသာ သာသနာပြုအသင်း စက္ကရီတေရီ ပညာရုံး စာရေးကြီး မောင်သော်ဆိုသူမေးလျှောက်ချက် ပုစ္ဆာတို့ကို ငါတို့ဖြေဆိုရာဖြစ်သော ဥတ္တမပုရိသဒီပနီ မဓ္ဓပဒေသာ အမည်ရှိသော စာအုပ်အဆုံး ဩဝါဒကထာမှာ ကြည့်ရှု၍ ယူလေ။

## ခန္ဓာငါးပါးတို့ကို ပြဆိုခြင်း

ယခုအခါ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောတော်မူအပ်သော ခန္ဓာငါးပါးတို့၏ ဥပမာ အကျယ် အဓိပ္ပာယ်များကို ပြဆိုပေအံ့-

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုပ္ဖုဠူပမာ။

မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။

မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။

ရူပံ၊ ရူပက္ခန္ဓာကို။ ဖေဏပိဏ္ဍူပမံ၊ ရေမြှုပ်စိုင် ရေမြှုပ်ခဲနှင့်တူစွာ။ ဒေသိတံ၊ ဟောအပ်၏။

www.dhammaransi.com



ဝေဒနာ၊ ဝေဒနာက္ခန္ဓာကို။ ပုပ္ဖုဠုပမာ၊ ရေပွက်နှင့်တူစွာ။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

သညာ၊ သညာက္ခန္ဓာကို။ မရီစိကူပမာ၊ တံလှပ်နှင့် တူစွာ။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့ကို။ ကဒလူပမာ၊ ငှက်ပျောတုံး, လက်ပံ၏တုံးနှင့်တူစွာ၊ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။

ဝိညာဏံ၊ ဝိညာဏက္ခန္ဓာကို။ မာယူပမံ၊ မျက်လှည့်အမှုနှင့်တူစွာ၊ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ဣတိ၊ ဣသို့၊ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အနွယ်ဖြစ်တော်မူသောငါဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။

## ရူပက္ခန္ဓာ

ကိဉ္စ ဘိက္ခဝေ ရူပံ ဝဒေထ၊ ရုပ္ပတိရုပ္ပတီတိ ခေါ
ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။ ကေန ရုပ္ပတိ၊
သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ၊ ဇိဃစ္ဆာယပိ
ရုပ္ပတိ၊ ပိပါသာယပိ ရုပ္ပတိ၊ ဍံသ မကသ ဝါတာ
တပ သရီသပ သမ္ဖဿေနပိ ရုပ္ပတိ၊ ရုပ္ပတိ ရုပ္ပတီ
တိခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။

(ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်။)

ဘိက္ခဝေ၊ ရဟန်းတို့၊ ကိဉ္စ၊ အဘယ်ကြောင့်လျှင်၊ ရူပံ၊ ရုပ်ဟူ၍။ ဝဒေထ၊ ဆိုကြကုန် မည်နည်း။

ဘိက္ခဝေ၊ ရဟန်းတို့၊ ခေါ၊ စင်စစ်လျှင်၊ ရုပ္ပတိ၊ အတည်အမြဲ၊ အနဲနဲလျှင်၊ ဖောက်လဲ ဖောက်ပြန်ဖြစ်တတ်၏။

ရုပ္ပတိ၊ ခဏချင်းလျှင်၊ ယိုယွင်းယိုင်ရွေ့၊ မြည့်မြည့်ကြေမွ၊ ရွရွကြေကွဲ၊ အနဲနဲဖောက်ပြန်တတ်၏။

ဣတိတသ္မာ၊ ထိုကြောင့်။ ရူပန္တိ၊ ရုပ်ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

ကေန၊ အဘယ်ကြောင့်များကြောင့်၊ ရုပ္ပတိ၊ ဖောက်ပြန်တတ် သနည်းဟူမူကား၊ သီတေနပိ၊ သီတတေဇောနှင့် တွေ့ခြင်းကြောင့်လည်း၊ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။

www.dhammaransi.com



ဥဏှောနပိ၊ ဥဏှတေဇောနှင့် တွေ့ခြင်းကြောင့်လည်း၊ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။

ဇိဃစ္ဆာယပိ၊ ဆာလောင်ပူပန်သော တေဇော နှောင့်ယှက်ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ပိပါသာယပိ၊ မွတ်သိပ်ပူပန်သောတေဇော နှောင့်ယှက်ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။

ဍံသသမ္ဖဿေနပိ၊ ခြင်ဆိပ်တေဇောနှင့်တွေ့ခြင်းကြောင့်လည်း၊ ရုပ္ပတိ၊ ဖောက်ပြန် တတ်၏။ မကသသမ္ဖဿေနပိ၊ မှက် ဆိပ် တေဇောနှင့် တွေ့ခြင်းကြောင့်လည်း၊ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။

ဝါတသမ္ဖဿေနပိ၊ လေစိမ်းမှာပါသော သီတဥဏှ တေဇောအစိမ်းနှင့် တွေ့ခြင်းကြောင့်လည်း၊ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။

အာတပသမ္ဖဿေနပိ၊ နေပူတေဇောနှင့် တွေ့ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန် တတ်၏၊ သရီသပသမ္ဖဿေနပိ၊ မြွေဆိပ် ကင်းဆိပ် ဟူသော သီတဥဏှ တေဇောနှင့် တွေ့ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်ဖြစ်တတ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်လျှင်၊ ရုပ္ပတိ၊ ဖရိုဖရဲ ဖောက်လဲ ဖောက်ပြန်တတ်၏။ ရုပ္ပတိ၊ ဖရိုဖရဲ ပြိုကွဲ ပျက်ပြားတတ်၏။

တ္တတိတသ္မာ၊ ထိုကြောင့်။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## ဝေါဟာရမြေ

ဤပါဠိတော်မြွက်၌ သီတေနပိရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ အရကို သိသာရုံမျှ ပြဆိုဦးအံ့။

မြေ, ရေ, လေ, မီး ဟူသော ဓာတ်ကြီးလေးပါးတို့တွင် မြေဓာတ်သည် လောကဝေါဟာရ မြေနှင့် အဘိဓမ္မာ၌ ဟောတော်မူသော ပရမတ်မြေ ဟူ၍ မြေ ၂ မျိုးရှိ၏။

ထိုတွင် ဝေါဟာရမြေဆိုသည်ကား ပရမာဏုမြူ, အဏုမြူ, တဇ္ဇာရီမြူ, ရထရေဏုမြူ, ကညစ်စာ သန်းဥ သန်းဖြူ သန်းမ နှမ်းဆန် မုယော တို့မှ စ၍ မဟာပထဝီ မြင်းမိုရ်တောင် စသည်တိုင်အောင် အစိုင်အခဲ ရှိနေသော ဝတ္ထုမျိုးကို ဝေါဟာရမြေဆိုသည်။

www.dhammaransi.com



သတ္တဝါ၏ သဏ္ဌာန်၌လည်း ဆံပင်, မွေးညင်း အစရှိသော အထည်သဏ္ဌာန်နှင့် မျက်စိ မြင်ကောင်းသော ဝတ္ထုမျိုးသည် ဝေါဟာရမြေသာတည်း။

ဝေါဟာရမြေ ဟူသမျှသည် မြေဓာတ်အစစ် မဟုတ်သေး၊ မုချမြေမဟုတ်သေး၊ လက္ခဏာရေးသုံးပါး၏ သက်ဆိုင်ရာ မဟုတ်သေး။

ဝိပဿနာဉာဏ်မည်သည် ပရမတ္ထဓမ္မကို အာရုံပြု၍ ဖြစ်မြဲ၊ ထိုမြေစုကား ပရမတ်မြေ အစစ်မဟုတ်၊ ဝေါဟာရ ပညတ်မြေမျိုးသာတည်း။

ဝေါဟာရပညတ်ဆိုသည်ကား မုချစင်စစ် အမှန်ရှိရင်း တရားကို မထိ၊ အဟုတ်ရှိရင်း တရားကို မထိ၊ ဓာတ်ရှိရင်းသဘောသို့မဆိုက်၊ တကယ်ရှိရင်းဖြစ်သော ဓာတ်ရင်းသို့မရောက် ထို့ကြောင့် ဝိပဿနာဉာဏ်၏ အရာမဟုတ်။

ပရမတ်မြေ ဆိုသည်ကား ခက်မာခြင်း ကြိယာအမူအရာ သက်သက်သာတည်း။

ထိုဝတ္ထုကို ဆုပ်ကိုင် ဖိနှိပ် တီးခေါက်၍စမ်းကြရာ၌ နူးညံ့သည် ခက်မာသည် ဟု လူတိုင်းပင် သိကြကုန်၏။

ထိုသို့ သိကြကုန်ရာ၌ ပညတ်သိ, ပရမတ်သိ ၂ မျိုးရှိ၏။

နူးညံ့သော ဝတ္ထု၌ နူးညံ့မှု ကြိယာနှင့် ထိုဝတ္ထုတစ်ခုလုံးကို တပေါင်းတည်းပြု၍ တစ်ခုတည်းပြု၍ သိကြသည်ကား ပညတ်သိတည်း၊ ပရမတ်သိမဟုတ်၊ စိတ်သိ သညာသိတည်း၊ ဉာဏ်သိမဟုတ်။

ထိုဝတ္ထု၌ နူးညံ့မှု ကြိယာသက်သက်ကို သီးသန့်ကွက်ခြား၍ သိသည်ကား ပရမတသိတည်း၊ ပညတ်သိ မဟုတ်၊ ဉာဏ်သိတည်း၊ စိတ်သိ သညာသိမဟုတ်။

သီးသန့်ကွက်ခြား၍ သိမှုဆိုသည်ကား ထိုဝတ္ထု၍ မြေဓာတ်မှ တစ်ပါး ရေဓာတ်, မီးဓာတ်, လေဓာတ်, အဆင်းဓာတ်, အနံ့ဓာတ်, ရသဓာတ်, ဩဇာဓာတ်ဟူ၍ ဓာတ် ၇ မျိုး ရှိကြသေး၏။

ရော၍မပါရအောင် ဝတ္ထု တစ်လုံးကို အကုန်ခြုံ၍ ဤဝတ္ထုသည် နူးညံ့၏ဟု ဆိုသည်ရှိသော် ထိုဓာတ် ခုနှစ်မျိုးပါ အကုန် နူးညံ့ခြင်းဟူသော မြေဓာတ်တစ်ခုပြု၍ သိမှု ပြောမှုဖြစ်၏။

ဤဝတ္ထုသည်, ဤအဏုမြူသည်, ဤမွေးညင်းသည် အစရှိသည်ဖြင့် အထည်ဒြပ် ပညတ်သဏ္ဌာန်ကို စိတ်၌ ထင်မြင်၍ သိမှုပြောမှု ဖြစ်သည့်အတွက် ပညတ်သိသာဖြစ်၏။

www.dhammaransi.com



ခတ် ၇ ပါးကို အဟုတ်ထိသည်လည်း မဟုတ်၊ စမ်းသပ်လိုက်သောအခါ၌ ကာယဝိညာဏ်ကား မြေဓာတ် သက်သက်ကိုသာသိ၏၊ ပရမတ်မြေဓာတ် သက်သက်ကို သီးသန့် ကွက်ခြား၍ ယူသေး၏။

ထိုအခါ ခတ် ၇ ပါးတို့ မပါကုန်သေး၊ ပညတ်လည်း မဟုတ်သေး၊ နောက်လိုက် မနော ဝိညာဏ် တို့သည်ကား ကာယ ဝိညာဏ် သိသော မြေဓာတ်နူးညံ့မှု သက်သက်ကို ထိုဝတ္ထုဖြပ်ပညတ် အထည်နူးညံ့မှု ပြုလုပ်၍ သိကြကုန်၏။

ကာယဝိညာဏ်သိကား မပြဋ္ဌာန်းနိုင်၊ မနော ဝိညာဏ် သိတို့သည်သာ ပြဋ္ဌာန်း၍ နေကုန်၏။

မနောဝိညာဏ်သိအတိုင်းသာ လူတို့က အဟုတ်မှတ်ထင် အသိအမြင်ပြု၍ နေကြကုန်၏။

မီးရထားစီး၍ သွားကြရာ၌၊ လယ်ကွင်း, ယာကွင်း, သစ်ပင်, ချုံနွယ်, တော, တောင် တို့ကို မျှော်ရှုကြရာ၌ စက္ခုညာဏ်သည်ကား ထိုဝတ္ထုတို့တည်ရှိကြသည့် အတိုင်းသာ မြင်ပေ၏။

နောက်လိုက် မနော ဝိညာဏ်တို့ မဟုတ်မယမ်း ဆန်းပြားပွေလီမှုအတွက် ချာချာလည် ဝိုင်း ခုန်ဝိုင်းပြေးသွား အမှောက်အမှား ထင်မြင်ချက် ပြဋ္ဌာန်းလျက် ရှိကြသကဲ့သို့တည်း။

စက္ခုဒွါရ၌ လူတိုင်း ဒိဋ္ဌမျက်မြင်ဥပမာတည်း၊ မဟုတ်မှန်းသိလျက်နှင့် မနောဝိညာဏ်တို့ ပြဋ္ဌာန်းလှသည့်အတွက်ကြောင့် ချာချာလည်ဝိုင်း ခုန်ဝိုင်းပြေးသွား အမှောက်အမှား ထင်မြင်ချက်ကြီးကို ဖျက်သိမ်း၍ပင် မရကြလေ။

ရထားမစီးမီက သိရှိရင်းဖြစ်ကြ၍သာလျှင် ထိုဝတ္ထုတို့ကား မပြေးမသွား သည်အမှန်၊ ရထားသည်သာ ပြေးသွားသည်ဟု ဉာဏ်သိပေါ်နိုင်ကြသေး၏။

ခတ်သဘာဝအရာတို့၌ကား အနမတဂ္ဂသံသရာမှာ တစ်ခါမှ သိရှိရင်း မဟုတ်ကြ သောကြောင့် ဉာဏ်သိဟူ၍ မပေါ်နိုင်ကြပြီ။

ဤကား နူးညံ့သောဝတ္ထု၌ နူးညံ့ခြင်းကြိယာဟူသော ဆတ်ဆတ်သော ပရမတ် မြေဓာတ်ကို ဝတ္ထုဖြပ်တည်းဟူသော ပညတ်မှ ဉာဏ်ဖြင့် အသီးထုတ်၍ သီးသန့်ကွက်ခြား၍ သိမြင်ပုံတည်း။

ထိုဝတ္ထုမှာ နူးညံ့မှုကြိယာကို ပရမတ်မြေဓာတ်အစစ် ဆိုရာ၌လည်း ထိုဝတ္ထုတစ်ခုလုံး၌ နူးညံ့မှုအားလုံးကို တစ်ခုသော ပရမတ်မြေဓာတ်ဟု ဆိုသည် မဟုတ်။

www.dhammaransi.com



အကယ်၍ တစ်ခုသော မြေဓာတ် ဖြစ်ခဲ့ငြားအံ့၊ အစိတ်အစိတ် ခွဲခြမ်း စိတ်ဖြာခြင်းငှာ မတတ်ကောင်းသည်သာ ဖြစ်ရာ၏။

## ပရမတ်မြေ

တစ်ခုသော ပရမတ္ထတရားမည်သည် အပိုင်းပိုင်းဖြတ်၍ မရကောင်း၊ အစိတ်စိတ်ခွဲ၍ မရကောင်း၊ မျက်မြင်လက်စမ်း တွေ့ရှိအောင် လှုပ်ရှား၍ အမူအရာ ပြောင်းလဲသည်ဟူ၍ မရှိ။

ရှေးရှေး အမူဟောင်း ကွယ်ပျောက် နောက်နောက် အမူသစ် တစ်မျိုးတစ်မျိုး ဖြစ်ပေါ်သည်ကို လောက၌ လှုပ်သည်, ရှားသည်, ကြွသည်, ထသည်, ရွေ့ရှားသည်ဟု ခေါ်ဝေါ် ပြောဆိုကြသည်။

ပရမတ္ထတရားမည်သည် ကြိယာ အမူအရာ သက်သက်မျှဖြစ်၍ ရှေးရှေး အမူဟောင်း ကွယ်ပျောက်မှု ဆိုသည်ကား ရှေးရှေး ပရမတ်ဓာတ်ဟောင်းတို့ ချုပ်ပျက် သေဆုံးမှုပေတည်း။

နောက်နောက် အမူသစ် တစ်မျိုးတစ်မျိုး ဖြစ်ပေါ်မှု ဆိုသည်ကား နောက်နောက် ပရမတ်ဓာတ်သစ်တို့ တစ်မျိုးမျိုး ဖြစ်ပေါ်မှုပေတည်း။

ဓာတ်သစ်, ဓာတ်ဟောင်း, ပရမတ်သစ်, ပရမတ်ဟောင်း ပြောင်းလဲကြရာ၌ အပိုင်းအခြား အာကာသသည်ရှိ၏။

မျက်စိနှင့်ကား မမြင်ရ၊ ပရမတ်ကြိယာ သဘာဝကို မြင်တတ်သော ဉာဏ်နှင့်သာလျှင် ထိုအပိုင်းအခြားကို မြင်နိုင်၏။

အပိုင်းအခြားဆိုသည်ကား ရှေးရှေးတရား၏ ဘင်စွန်းနှင့် နောက်နောက် တရား၏ ဥပါဒ်စွန်း အကြားတည်း။

ကောင်းကောင်းမြင်အောင် ကြည့်ကြကုန်ရာ၏၊ နူးညံ့မှု ပထဝီမြေဓာတ် စစ်ခန်း ပြီး၏၊ ခက်မာမှု ပထဝီမြေဓာတ်မှာလည်း ဤနည်းကိုမှီ၍သိလေ။

**(ဝေါဟာရမြေ ပရမတ်မြေ ခွဲခန်း ပြီး၏၊)**

www.dhammaransi.com



## မာဆတ်သော ပရမတ်ကလက

အေးမြလှစွာသော သံတုံးသံခဲကို အားကြီးလှစွာသော ရှားမီးကြီးစုအတွင်း၌ ထည့်၍ ဖိုမှုတ်စွာဆိုင်၍ အပြိုင်အားတိုက်ထိုး၍ အရည်ကျိုရာ၌ သံတုံးသံခဲ၌ နဂိုပကတိ ရှိနေသော ခက်မာမှု အခြင်းအရာ အမူအရာသည် ဥဏှမီးပူ အပြင်းအထန် နှိပ်စက်ဖိစီးမှုကြောင့် ရှေးရှေး အမူအရာ ပျက်၍ပျက်၍ အမူအရာသစ် တစ်မျိုး တစ်မျိုး ဖြစ်ပေါ်၍ဖြစ်ပေါ်၍ အရည်ကြည်ကြည်ဖြစ်ရ၏။

ခက်မာမှု အမူအရာဟောင်း အဆင့်ဆင့် ချုပ်ပျက် ကွယ်ဆုံးပုံ နူးညံ့သော အမူအရာသစ် အဆင့်ဆင့် ဖြစ်ပေါ်ပုံကို မြင်အောင်ကြည့်လေ။

သံခဲ သံတုံး အတွင်းအပြင် တစ်ခုလုံး ပျက်မှု ဖြစ်မှု ရွရွ ရွရွ နေပုံကို မြင်လိမ့်မည်၊ ရေမြှုပ်ဆိုင် ရေမြှုပ်ခဲနှင့် အနှစ်မရှိခြင်း တူလှပုံကို မြင်လိမ့်မည်။

ဉာဏ်၌ အတုံးကြီး အခဲကြီး ဟူသော သဏ္ဌာန် ဒြပ် ပညတ်ကြီးပေါ်ရှိ ခုခံပိတ်ဆီး၍ မနေစေနှင့်၊ အတွင်း၌ ခက်မာမှုတွေ တရွရွနေသည်ကို ဉာဏ်နှင့် စူးစိုက်ထိုးထွင်း၍ မြင်အောင်ကြည့်လေ။

တစ်ဖန် ထိုသံရည်ကို ရေအေးသီတ ဥတုနှင့် လောင်း၍ အရည် ကြည်ကြည်မှ ပကတိ ခဲမြခဲ မာမြမာပြန်ရာ၌လည်း နူးညံ့သော ပထဝီတွေ အဆင့်ဆင့် ချုပ်ကွယ် သေဆုံး၍ ခက်မာသော ပထဝီတွေ အဆင့်ဆင့် ဖြစ်ပေါ်လာရာ၌လည်း နည်းတူ သိအပ်ကုန်ရာ၏။

ခက်မာမှုဟူသော ပရမတ်မြေဓာတ်လက္ခဏာ၌ အမာကြီး အဆင့်ဆင့် အမာနု အဆင့်ဆင့် ရှိပြန်၏၊ အမာနုကို နူးညံ့မှု ဆိုသည်။

မဟာပထဝီမြေကြီး, မြင့်မိုရ်တောင်, စကြဝဠာတောင်, သတ္တရဘန်တောင်ကြီး တွေကို ကမ္ဘာမီး အပြင်းအထန်နှိပ်စက်ဖိစီး၍ လောင်ရာ၌ အတွင်းပရမတ်ဓာတ် အမူအရာ ကြိယာစုကို စူးစိုက် ထိုးထွင်း၍ ကြည့်နိုင်ပါမူ ရေမြှုပ်ခဲကြီးတွေနှင့် တူပုံ ထင်ရှားပေါ်လိမ့်မည်။

ဤကား အနမတဂ္ဂသံသရာ၌ တစ်ခါမျှ မပေါ်ပေါက်ဘူးသေးသော ဓာတ်မျက်စိ ဓာတ်မျက်လုံး ပေါ်ပေါက်အောင် အစစွာ ထူးထောင်ပုံ စံနစ်တည်း။

ဤမျက်စိကို ပါဠိတော်တို့၌ ဓမ္မစက္ခုဥဒပါဒိ ဟူ၍ ဟောတော်မူသည်။ ဤမျက်စိပေါက်မှသာ ဘုရားကို မြင်နိုင်သူမည်သည်၊ တရားကို မြင်နိုင်သူ မည်သည်၊ သာသနာတော်ကို တွေ့ရသူမည်သည်။

www.dhammaransi.com



ထို့ကြောင့် . . . .

ယောဟိ ဝက္ကလိ ဓမ္မံ ပဿတိ၊ သောမံ ပဿတိ။

ယော ဓမ္မံ နပဿတိ၊ သော မံ နပဿတိ။

ဟူ၍ ဟောတော်မူ၏။

ဝက္ကလိ၊ ဝက္ကလိရဟန်း။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ သမ္မုတိပညတ် ဖြစ်သဏ္ဍာန် တွင်းမှ ဉာဏ်ဖြင့် သီးသန့်ကွက်ခြား၍ ထုတ်ဖော် ရှုမြင်အပ်သော ပရမတ္ထသဘောကို။ ပဿတိ၊ ဉာဏ်မျက်စိဖြင့် မြင်နိုင်၏။

သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ တွေ့မြင်ရသောသူ မည်၏။

ယော၊ အကြင်သူသည်။ ဓမ္မံ၊ သမ္မုတိပညတ် ဖြစ်သဏ္ဍာန်တွင်းမှ ဉာဏ်ဖြင့် သီးသန့်ကွက်ခြား၍ ထုတ်ဖော်ရှုမြင်အပ်သော ပရမတ္ထသဘောကို။ နပဿတိ၊ ဉာဏ်မျက်စိဖြင့် မမြင်နိုင်။

သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ နပဿတိ၊ တွေ့မြင်ရသော မမည်။

(ဤကား - အလွန်ဆုံးသော ခက်မာမှုကို ပြဆိုချက်တည်း။)

## အလွန်နူးညံ့သော မုဒုပရမတ်

ယခုအခါ၌ အလွန်နူးညံ့သိမ်မွေ့သော ပရမတ် ပထဝီကို ပြဆိုပေအံ့။

လဝန်းသဏ္ဍာန်မှ ထွက်၍ မြေပြင်သို့ရောက်အောင် သက်ဆင်း လွင့်ပါး ရွေ့ရှားပြေးသန်း၍ ကျရောက်လာသော လရောင်တို့၌ လည်းကောင်း၊ ရှိန်ရှိန် ရှိန်ရှိန် လူလူ လူလူ တောက်ထ၍နေသော မီးတောက် မီးလျှံတို့၌ လည်းကောင်း၊ ရွေ့ရွေ့ ရွေ့ရွေ့ စီးသွား၍နေသော မြစ်ရေအလျဉ်တို့၌ လည်းကောင်း၊ တစ်ခဏမျှ ရပ်တန့် တည်နေခွင့်မရဘဲ ရုပ်ကြိယာ ရုပ်အမူအရာ အပျက်အဖြစ် အရွေ့အပြောင်း လျင်မြန်မှုကို မြင်ကြသဖြင့် ထိုဝတ္ထုတို့၌ အလွန် နူးညံ့စွာ ပါရှိသော ပရမတ်မြေဓာတ်၏ အဖြစ်အပျက်ကို မြင်နိုင်ရာ၏။

ဤကား အလွန် သိမ်မွေ့နူးညံ့သော ပထဝီကို ပြဆိုချက်တည်း၊ အမာဆုံး အနုဆုံး နှစ်ချက်ကို ပြဆိုလိုက်သဖြင့် အလယ်အလတ်ဖြစ်သော ပထဝီ တို့ကိုမူကား သိမြင်နိုင်ကြကုန်ရာပြီ။

www.dhammaransi.com



## ဝိကာရရုပ်ပွနအပျက်

သတ္တဝါတို့၏ သန္တာန်၌မူကား သီတဥတု အတက် အသက် ခဏမစဲ ရှိနေ၏၊ ဥတု သုံးပါး အပွားအဆုတ်, ရတု ခြောက်ပါး အပွားအဆုတ်, ဆယ့်နှစ်ရာသီခေါ်သော ဓာတ်မီး ဆယ့်နှစ်ပါး အပွား အဆုတ်, လဆန်း လဆုတ် တနင်္ဂနွေ တနင်္လာ စသော ခုနစ်နေ့ဟု ဆိုအပ်သော ဓာတ်မီးခုနစ်ပါးတို့၏ အစဉ်အတိုင်း အတက် အဆုတ်, နေ့နာရီ ညနာရီခေါ်သော ဥတုသီတ ဓာတ်မီးတို့၏ အပွားအဆုတ်တို့ကို မျက်မြင်ရှိကြသည့်အတိုင်း မိမိ မိမိတို့၏ အဇ္ဈတ္တသန္တာန်မှာလည်း ရွရွရွရွ ခဏမစဲ မြစ်ရေအလျဉ်ကဲ့သို့ အစဉ်ထာဝရ အတက် အသက် ရုပ်ကြိယာ ရုပ်အမူအရာတွေ ရွေ့ရွေ့ ရွေ့ရွေ့ ပြောင်းလဲ၍ နေကြပုံကိုလည်း မြင်အောင်ရှုရာ၏။

ဣရိယာပုတ်ကြီးလေးပါး ခပ်သိမ်းသော ကိုယ်အင်္ဂါလှုပ်ရှားမှုတို့၌လည်းကောင်း, အာဟာရဓာတ်မီး အာဟာရဓာတ်ဆီတို့၏ အတက် အဆုတ်တို့၌လည်းကောင်း ထို့အတူမြင်အောင်ရှုရာ၏။

မိမိသန္တာန်မှာ တစ်ခုခုသောအင်္ဂါ၌ ထင်မြင်အောင် ထူထောင်၍ တစ်ကိုယ်လုံး ဓာတ်မျက်လုံးပေါက်အောင် စွဲမြဲကြလေ။

မိမိသန္တာန် တစ်ခု၌ ဓာတ်မျက်လုံး လှလှပေါက်လျှင် ခပ်သိမ်းသောသတ္တဝါတို့၏ သန္တာန်တို့၌ လည်းကောင်း, သစ်ပင်တောတောင် စသော ဗဟိဒ္ဓသန္တာန်တို့၌ လည်းကောင်း ဓာတ်မျက်လုံးပေါက်တော့သည်။

ခပ်သိမ်းသော ရုပ်ဟူသမျှသည် ပထဝီ၌ မှီတွယ်၍ ဖြစ်ကြရ၏၊ ခပ်သိမ်းသော ပဉ္စ ဝေါကာရ နာမ်ခန္ဓာဟူသမျှသည် ရုပ်၌မှီတွယ်၍ ဖြစ်ကြရ၏။

ပထဝီ၏ ဖြစ်မှု ပျက်မှု ဥဒယဗ္ဗယအချက်ကို ထင်မြင်နိုင်ပါလျှင် ကြွင်းသော ရုပ်နာမ်တို့၏ ဖြစ်မှု ပျက်မှု ဥဒယဗ္ဗယ အချက်စုကိုလည်း ထင်မြင်ခြင်းငှာ လွယ်လှ၏။

ဤကား ပရမတ်မြေဓာတ်၌ ဓာတ်မျက်လုံးတည်ထောင်ပုံတည်း။

ပရမတ်ရေဓာတ်၌လည်းကောင်း, ပရမတ်မီးဓာတ်၌လည်းကောင်း, ပရမတ်လေဓာတ်၌လည်းကောင်း ဓာတ်မျက်လုံးဖော်မှုကိုကား ငါတို့ရေးသားစီရင်သော ဝိဇ္ဇာမဂ္ဂဒီပနီ စာအုပ်မှာ ယူလေ။

ဓာတ်မျက်လုံးအမြင် စင်ကြယ်စွာ ပေါက်သော အခါ၌မူကား မိမိရူပကာယ ကိုယ်ခန္ဓာ, သူတစ်ပါးတို့၏ ရူပကာယ ကိုယ်ခန္ဓာ, ဗဟိဒ္ဓသန္တာန်ရုပ်ခန္ဓာတို့ကို ဓာတ်မျက်လုံးကျယ်သမျှ ချိန်ရွယ်စူးစိုက်၍ ရှုမြော်လိုက်သည့် အခါ ဖြစ်မှု ပျက်မှုတွေ

www.dhammaransi.com



တစ္ဆရှုနေသည်ကို မြင်ကြကုန်လတ္တံ့။

ရုပ်တုံးရုပ်ခဲဟူသမျှသည် အနှစ်သာရမရှိသော ရေမြှုပ်ခဲတွေနှင့် တူလှစွာ ၏ဟု မြွက်ဆိုကြရလတ္တံ့။

ထိုကြောင့် "ဖေဏပိဏ္ဍူပမံရူပံ" ဟူ၍ ဟောတော်မူပေသည်တကားဟု မြတ်စွာဘုရားကိုလည်း တွေ့မြင်ကြရလတ္တံ့။

## ဓာတ်မျက်လုံးမရှိသူ၏အပြစ်

ဓာတ်မျက်လုံးမပေါက်မူ၍ ခွေး, ဝက်, ကြက်, ငှက် တို့မှာပင် ရှိကြသော ပုဂ္ဂိုလ်သတ္တဝါ အင်္ဂါကြီးငယ် ဆံပင် မွေးညင်း ခြေသည်း, လက်သည်း စသည်ကိုသာ မြင်တတ်သော ပညတ်မျက်လုံးအတိုင်းနှင့် ရှိနေကြမူကား ဘုရားကို တွေ့မြင်သူ မဆိုရချေ။

အနှစ်သာရမရှိသည့်အတွက် ရေမြှုပ်နှင့်တူသည်ဟူ၍ ဟောတော်မူသဖြင့် ရူပက္ခန္ဓာ၏ ကြီးစွာသော အာဒီနဝ, ရူပက္ခန္ဓာ၏ အနိစ္စ ရူပက္ခန္ဓာ၏ ဒုက္ခ, ရူပက္ခန္ဓာ၏ အနတ္တကို ပြတော်မူလိုရင်း ဖြစ်ပေတည်း။

အနှစ်သာရ မရှိသည့်အတွက် ရေမြှုပ်နှင့် တူသည်ဟူ၍ ဟောတော်မူသဖြင့် အဘယ်သို့လျှင် ရူပက္ခန္ဓာ၏ ကြီးစွာသော အာဒီနဝကို ပြတော်မူသနည်း ဟူမူကား အနှစ်သာရရှိသည်ဟု ထင်မှတ်စွဲလမ်းသော သူတို့အား အနှစ်သာရ မရှိမူသည် ကြီးစွာသော အပြစ်ဒေါသ အာဒီနဝမှုကြီး ဖြစ်၏။

ရူပက္ခန္ဓာသည် ဓာတ်မျက်စိမရှိသော အန္ဓဗာလပုထုဇဉ် သတ္တဝါတို့အား အနှစ်သာရအနေနှင့် လှည့်ပတ်၍ ကြီးစွာသောအပြစ်ဒုက္ခကို ဖြစ်စေ၏။

အဘယ်သို့ အနှစ်သာရအနေနှင့် လှည့်ပတ်သနည်းဟူမူကား ပြဆိုခဲ့ပြီးသေ ခက်မာမှု ကြိယာ သက်သက်မျှသာ ဖြစ်သော မြေဓာတ်ဟူသော ရူပက္ခန္ဓာသည် အသေချိုးအနန္တ စုဆောင်းမှုဟူသော သမူဟသဏ္ဌာနပညတ်ကို ပြ၍လည်းကောင်း, မြစ်ရေအလျဉ်ကဲ့သို့ အစဉ်ဆက်စပ် မပြတ်ဖြစ်ပွားမှုဟူသော သန္တတိပညတ်ကို ပြ၍ လည်းကောင်း အနှစ်သာရမရှိသော မိမိ၏ သဘောကို ဖုံးဝှက်၏။

အနှစ်သာရ ရှိသည်ထင်မြင် စွဲလမ်းရအောင် ပြ၏၊ ပရမာဏုမြူမျှ အထည်ဒြပ် မရှိသော မြေဓာတ်ကိုပင် အထည်ဒြပ်ကြီး ထင်မြင်ရ၏။

ပုဂ္ဂိုလ်သတ္တဝါ ထင်မြင်ရ၏၊ မိန်းမ ယောကျ်ား နတ်သား နတ်သမီး

www.dhammaransi.com



ထင်မြင်ရ၏၊ ပထဝီသက်သက် မြေသက်သက်ကိုပင် ဆင် မြင်း ကျွဲ နွား ထင်မြင်ရ၏။

လူထင်ရ၏၊ နတ်ထင်ရ၏၊ သိကြားထင်ရ၏၊ ဗြဟ္မာထင်ရ၏၊ ဦးခေါင်းခြေလက် မျက်နှာ ခံတွင်း လည်ပင်း ရင်ဝ ထင်ရ၏၊ အိမ်ရာ ကျောင်း ကန် ဗိမာန် ဘုံနန်း ထင်ရ၏၊ ရွှေငွေရတနာ ထင်ရ၏။

အဝတ်ပုဆိုး အိုးအင်တင်းတောင်း ညောင်စောင်းခုတင် ထင်ရ၏၊ တောတောင် ထင်ရ၏၊ သစ်ပင် အမျိုးမျိုး ချုံနွယ်အမျိုးမျိုး ထင်ရ၏၊ ဤကား သမူဟ ပညတ်မှုတည်း။

မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်မရှည် အတည်မမြဲ ပြိုကွဲပျက်ပြား ဆုံးပါးချုပ်သေ၍ နေရသော မြေဓာတ်သည် မိမိကိုယ်ကို တစ်ရက် တစ်လ တစ်နှစ် စသည် အသက်ရှည်သမျှ ခိုင်မြဲသည်ဟု ပြ၏။

လူနတ်ဗြဟ္မာ သတ္တဝါတို့၌ တစ်ရက်တစ်လ တစ်နှစ်စသည် ရှည်နိုင်သော အသက်ကေန္တရှိသည်ဟု ထင်ရ၏။

ဤကား - သန္တတိပညတ်မှုတည်း၊ ပထဝီသည် အကယ်မဟုတ်သော ထိုပညတ် နှစ်ပါးကို မျက်လှည့်အယောင် ထူထောင်ဖန်ဆင်း၍ အမြဲထား၏။

အနမတဂ္ဂသံသရာ၌ တစ်ခါတစ်ရံမျှ ဓာတ်မျက်လုံး မပေါက်ဘူးကြကုန်သေးသော အန္ဓဗာလပုထုဇဉ် သတ္တဝါတို့သည် ရေမြှုပ်နှင့် တူလှသော သဘာဝဓာတ်ရင်းကို အိပ်မက်တွင်မျှ မမြင်ဘူးကြ၊ မသိဘူးကြ။

မဟုတ်တရုတ် လုပ်ကြံလှည့်ပတ် ပညတ်ကြီး နှစ်ပါးနယ်၌သာ အကယ်ထင်စွဲ အခဲအကြိတ် စိတ်အလိုက် မာန်အလိုက် အရိုးစိုက်၍ နေကြကုန်၏။

ခပ်သိမ်းသော မိစ္ဆာဒိဋ္ဌိ ဟူသမျှသည် ထိုနယ်ကြီးနှစ်ပါးမှ ဖြစ်ပွား၏။ ခပ်သိမ်းသော ဒုစ္စရိုက်ဟူသမျှသည် ထိုနယ်ကြီးနှစ်ပါးမှ ဖြစ်ပွား၏။

ခပ်သိမ်းသော အပါယ်ဘေးဟူသမျှသည် ထိုနယ်ကြီးနှစ်ပါးမှ ဖြစ်ပွား၏။

ထိုနယ်ကြီးသူ နယ်ကြီးသား ဖြစ်ကြကုန်သော သတ္တဝါတို့သည် မိစ္ဆာဒိဋ္ဌိ အစီးအပွားဒုစ္စရိုက်အစီးအပွား အပါယ်ဒုက္ခ အစီးအပွား တို့ကိုပင် ကိုယ်ကျိုး ကိုယ်စီးပွား ပြုလုပ်၍ ဗာလုဿုက္က အမှုတို့နှင့်သာ နေ့ရက်နှစ်လ ဘဝ သံသရာတွေ ကုန်ခဲ့ကြကုန်၏။

စိတ်တွေဉာဏ်တွေ ကုန်ခဲ့ကြကုန်၏၊ ခန္ဓာတွေ အသက်တွေ ကုန်ခဲ့ကြကုန်၏။

www.dhammaransi.com



ဂင်္ဂါသဲမျှ ပွင့်ကြကုန်သော ဘုရားသာသနာတော်တွေကို ကျောပေး၍ ကျောပေး၍ အလွတ်ရှောင်၍ ရှောင်၍ လာခဲ့ကြကုန်၏။

ယခုတွေ့ကြုံ၍ နေကြသော ဘုရားသာသနာတော်ကိုလည်း အရအမိ တွယ်တာမည်ဟု မကြံ၊ နောက်ဘုရားကို ကိုးစားလေဟန် ကျောပေးညာဏ်ကိုယ်စီနှင့် ရှိနေကြကုန်၏။

ဤကား ဓာတ်မျက်လုံးမရှိကြသော အန္ဓဗာလတို့၏ အပေါ်၌ ပထဝီ ဟူသော မြေဓာတ်လှည့်ပတ် တည်ထောင်၍ထားသော ကြီးကျယ်လှစွာသော အပြစ် ဒေါသ အာဒီနဝကြီးပေတည်း။

အာပေါ ဟူသော ရေဓာတ်, တေဇော ဟူသော မီးဓာတ်, ဝါယောဟူသော လေဓာတ်တို့ကိုလည်း ဤနည်းတူ သိမြင်လေ။

## ဝါယောဓာတ်၏ လှည့်ပတ်ပုံ

လောက၌ ဓာတ်မျက်လုံး မရှိကုန်သော သူတို့၏ အပေါ်၌ ဝါယော လေဓာတ်သည် အလွန်ဆန်းကြယ်စွာ ပြုလုပ်၍ လှည့်ပတ်နိုင်၏။

ပွဲဦးထွက် ကြိုးစုံရုပ်သေးရုပ်ကို ကြိုးစုံဆွဲကာ၍ ပြသကဲ့သို့ ရုပ်ခန္ဓာတွေကို သတ္တဝါအရှင်တွေ မှတ်ထင်စွဲလမ်းရအောင် လျှောင်း၍ ပြ၏၊ ထိုင်၍ ပြ၏၊ ထ၍ပြ၏၊ သွား၍ပြ၏၊ လာ၍ ပြ၏။

အင်္ဂါကြီးငယ်တို့မှ အမျိုးမျိုးသော လှုပ်ရှားမှုကြိယာတွေကို ကြိုးစုံဆွဲ၍ ပြ၏။

ကုန်းသတ္တဝါ ရေသတ္တဝါ ကောင်းကင်ပျံသတ္တဝါ ရုပ်ခန္ဓာတို့ကို ကမ္ဘာမြေပေါ်၌ နေ့နေ့ ညည တရုံးရုံး တသောသော နေကြအောင် လုပ်ဆောင်၍ ပြ၏။

ကာယကံ ဝစီကံ ဒုစ္စရိုက်မှုမျိုးတို့ကို စိတ်အလိုရှိတိုင်း ပြီးစီးအောင် လုပ်ဆောင်၍ ပေး၏။

ဤကား ဝါယောဓာတ်၏ အခွင့်အထူး အရာထူးတို့ကို အနည်းငယ်မျှ ဖော်ပြချက်တည်း။

စင်စစ် အမှန်အားဖြင့်မူကား ဓာတ်မျက်လုံးမရှိ၍ သန္တတိပညတ်ကိုသာ မြင်ကြသော အန္ဓဗာလတို့၏ သန္တတိပညတ်နိုင်ငံကြီးမှာသာလျှင် ထိုကဲ့သို့သော လှုပ်ရှားမှုရှိ၏၊ ပရမတ်နိုင်ငံ၌မရှိ။

www.dhammaransi.com



ပရမတ္ထ ဓမ္မတို့မည်သည် ကြိယာအမူအရာ သက်သက်မျှ ဖြစ်ကြ၍ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် ဖြစ်မှုပျက်မှု ရှေ့နောက် အကြိမ်ပေါင်း အထောင်မက ဆက်လက်ရအောင် အသက်တိုလှကုန်၏။

ဥပါဒ်နှင့် ဖြစ်ပေါ်ပြီးသော တစ်ခုသော ပရမတ်တရားသည် ချုပ်ကွယ်ခြင်းသို့ မရောက်မီအကြား၌ လောကလှုပ်ရှားမျိုးအားဖြင့် လှုပ်ရှားမှု အမူအရာပြောင်းလဲမှု ဟူ၍ မရှိ၊ အမူအရာပြောင်းလဲလျှင် တရားလည်းပြောင်းလဲတော့သည်။

ထိုကြောင့် ပရမတ်နိုင်ငံ၌ လောကလှုပ်ရှားမှုမျိုးဟူ၍ မရှိ၊ ဖြစ်ရာဌာနက ပြောင်းရွှေ့ခြင်းဟူ၍ မြူခြမ်းမျှ မရှိ။

အာကာသဓာတ်အခြား ဥပါဒ်အခြား, ဘင်အခြားတို့နှင့် အပေါင်းရှေ့နောက် အားဖြင့် သိန်းသန်းကုဋေ အသင်္ချေမျှသော တရားတွေကို ဘယ်ဝတ္ထုတစ်ခု, ဘယ်အမှု တစ်ခုဟု တစ်ခုတည်းထင်မြင်ကြသော သမူဟသန္တတိနိုင်ငံတို့၌သာ လှုပ်ရှားမှု ရွှေ့မှု ဟူ၍ ရှိလေသတည်း။

ဤကား ဝါယောဓာတ်မျက်လှည့်မှုကို ဓာတ်မျက်မှန်နှင့် ဖျက်ပုံတည်း။ ဓာတ်မှန်ကြည်လှမှ မြင်နိုင်မည်။

ထိုသို့ပင် အနုကြီး အစိတ်ကြီးအတိုင်း မမြင်နိုင်ကြသော်လည်း တစ်နာရီ တစ်နာရီအတွင်းမှာ တစ်ကိုယ်လုံး တစ်ကောင်လုံး အခါများစွာ ဓာတ်သေမှု ဓာတ်ချုပ်မှုကို ကောင်းကောင်း မြင်နိုင်ကြလျှင်ပင် အနိစ္စဓာတ်မျက်လုံး ပေါက် တော့သည်။

(ဤတွင်ရွှေ့ကား ရူပက္ခန္ဓာ၏ ကြီးစွာသော အာဒီနဝ ဒုက္ခကို ပြဆိုချက်တည်း။)

## ရေမြှုပ်ပမာ ရုပ်ခန္ဓာ၏ အပြစ်

အနှစ်မရှိသည်အတွက် ရေမြှုပ်နှင့် တူသည်ဟူ၍ ဟောတော်မူသဖြင့် ထိုရူပက္ခန္ဓာ၏ အနိစ္စအချက်ကို အဘယ်သို့ ပြတော်မူသနည်းဟူသောမေးခွန်း၌ ရှေး၌ ပထဝီ၏ အမာဆုံးဖြစ်သော သံတုံးသံခဲ ဥဒါဟရုဏ် ပထဝီ၏ အနူးညံ့ဆုံးဖြစ်သော လရောင်, မြစ်ရေ ဥဒါဟရုဏ်တို့နှင့် အနှစ်မရှိပုံ ရေမြှုပ်နှင့် တူပုံကို ကြံသာရုံမျှ ပြဆိုခဲ့သော အချက်စုသည် အနိစ္စလက္ခဏာကို ပြဆိုချက်ပင်ဖြစ်၏။

အဘယ်ကြောင့်နည်း ဆိုသော် အနှစ်မရှိမှုနှင့် အမြဲမရှိမှုသည် တစ်ထပ်တည်း ကျလေသောကြောင့်တည်း။

www.dhammaransi.com



ဤမှတစ်ပါးလည်း ရူပက္ခန္ဓာ၏ အနိစ္စလက္ခဏာမှုများကို ဝိဇ္ဇာမဂ္ဂဒီပနီ စာအုပ် အာဟာရဒီပနီစာအုပ်တို့မှာ အတန်ငယ် အကျယ်ပါရှိလေပြီ။

"အနတ္တာ အသာရကဋ္ဌေန" ဟူသော ပါဠိနှင့်အညီ "ဖေဏပိဏ္ဍူပမံရူပံ" ဟူသော ပါဠိတော်မြတ်နှင့် အနတ္တလက္ခဏာကို တိုက်ရိုက်ပြဆိုရင်းဖြစ်သတည်း။

ထို့ကြောင့်ရေမြှုပ်နှင့် တူသည်ဟု ဟောတော်မူမှုသည် အနှစ်မရှိ အနိစ္စအနတ္တ ဤသုံးရပ်ကို တစ်ချက်တည်း ပြတော်မူပေသတည်း။

အဘယ်သို့ ဤသုံးရပ်ကို တစ်ချက်တည်း ပြတော်မူသနည်း ဟူမူကား ရုပ်တရားတို့မည်သည် မျက်တောင် တစ်ခတ်မျှ မချုပ်မပျက်ဘဲ ခိုင်မြဲစွာ တည်နေနိုင်သော တရားမျိုးမဟုတ်။

မီးတောက်မီးလျှံ ရုပ်ကလာပ်တို့၌ ပါရှိသော ပထဝီစသော ရုပ်ခုနစ်ခုတို့သည် သဟဇာတ်မီးဓာတ် လောင်မြိုက်သဖြင့် ခဏချင်း ခဏချင်း ကုန်ဆုံးကြကုန်သကဲ့သို့ ခပ်သိမ်းသောရုပ်ကလာပ်တို့သည် သဟဇာတ် မီးလောင်မြိုက်သဖြင့် ခဏချင်း ခဏချင်း ကုန်ဆုံးကြရကုန်၏။

ခပ်သိမ်းသော ရုပ်ကလာပ်တို့၌ အမာခံအနေနှင့် ပါရှိသော ပထဝီသည် သဟဇာတ်တေဇော၏ မီးစာပေတည်း။

၁။ မီးစာရှိမှ မီးရှိမြဲ ဓမ္မတာတည်း။

၂။ မီးစာကိုလှုလှုစွဲမိမှ မီးပွားမြဲ ဓမ္မတာတည်း။

၃။ မီးစာကုန်လျှင် မီးသေမြဲ ဓမ္မတာတည်း။

(ဓမ္မတာသုံးချက်)

သဟဇာတ် တေဇောသည် သဟဇာတ် ပထဝီကို ငြိသို့ရောက်လျှင် လှုလှု စွဲလေ၏၊ ထိုအခါ မီးပွားလေ၏၊ မီးပွားမှုဆိုသည်ကား သားသမီးရုပ်ကလာပ် ပေါက်ဖွားမှုကို ဆိုသတည်း။

ထို့ကြောင့် ခပ်သိမ်းသော ရုပ်ကလာပ်တို့သည် သဟဇာတ်မီးဘေး အမြဲ သင့်ကြသဖြင့် သတ္တရသာယုကထက် ပိုမို၍ မျက်တောင်တစ်ခတ်မျှ တည်နေနိုင်သော အခိုင်အမာ အနှစ်သာရမျိုး မဟုတ်ကုန်။

အနှစ်သာရမျိုး မဟုတ်က နိစ္စမျိုး, ဓုဝမျိုး, ထာဝရမျိုး အမှန် ဟုတ်နိုင်တော့ အံ့နည်း၊ အနိစ္စမျိုးသာ အမှန်ဖြစ်ကြကုန်၏။

www.dhammaransi.com



အတ္တဆိုသည်ကား ပုဂ္ဂိုလ်၏ ရောတည် အထည်ခံ အမာခံကို လောက၌ အတ္တဆိုသည်။ သတ္တဝါ၏ ရောတည် အထည်ခံအမာခံကို လောက၌ အတ္တဆိုသည်။

အမာခံဆိုသည်ကား သူအသက်ရှည်၍ တည်နေသမျှ ကာလပတ်လုံး ပုဂ္ဂိုလ် သတ္တဝါ အသက်ရှည်၍ တည်နေရ၏၊ သူသေဆုံးမှ ပုဂ္ဂိုလ် သတ္တဝါ သေဆုံး၏၊ ပုဂ္ဂိုလ် သတ္တဝါသေဆုံးမှပင် သူသေဆုံး၏။

ပုဂ္ဂိုလ်သတ္တဝါ မသေဆုံးဘဲ အနှစ်တစ်ရာ အသက်ရှည်လျှင် သူလည်း အနှစ်တစ်ရာ အသက်ရှည်သည်ဟု သိရ၏၊ ဤကား အတ္တသာရအချက်တည်း။

ပြဆိုခဲ့ပြီးသော ခက်မာမှု အမူအရာမျှသာ ဖြစ်သော ပထဝီကို ပုဂ္ဂိုလ်၏ အတ္တ သတ္တဝါ၏ အတ္တဟု စွဲလမ်းကြ၏၊ ပုဂ္ဂိုလ်၏ အနှစ်သာရ သတ္တဝါ၏ အနှစ်သာရဟု စွဲလမ်းကြ၏။

စွဲလမ်းကြပုံကား ဘယ်ဟာကို ပုဂ္ဂိုလ်ဆိုသနည်း၊ သတ္တဝါ ဆိုသနည်း မေးခဲ့လျှင် သည်ဟာကို ဆိုသည်ဟု ရုပ်ခန္ဓာကို ပြကြကုန်လတ္တံ့။

ငါငါဟု သင်ဆို၏၊ ဘယ်ဟာကို ငါဆိုသနည်းဟု မေးလျှင် မိမိရုပ်ခန္ဓာကို ပြကြကုန်လတ္တံ့၊ သင်သည် ရုပ်ခန္ဓာကို ပုဂ္ဂိုလ်သတ္တဝါ ငါဟုပြ၏။

ရုပ်ခန္ဓာသည် ပုဂ္ဂိုလ်သတ္တဝါ ငါအသက်ရှည်သမျှ အသက်ရှည်နိုင်သော အနှစ်သာရမျိုး ဟုတ်ပါ၏လောဟုမေးရာ၏၊ ဟုတ်ပါ၏။

ရုပ်ခန္ဓာ အသက်ရှည်သမျှ ကာလပတ်လုံး ပုဂ္ဂိုလ်သတ္တဝါ ငါအသက်ရှည် သည်ကား မျက်မြင်ဒိဋ္ဌတည်း။

ပုဂ္ဂိုလ်သတ္တဝါသည် တစ်ဘဝတွင် အစ၌ တစ်ခါသာဖြစ်မှု ပဋိသန္ဓေ နေမှုရှိ၏၊ အဆုံး၌ တစ်ခါသာ ပျက်မှု သေမှုရှိ၏။

ရုပ်ခန္ဓာသည်လည်း တစ်ဘဝတွင် တစ်ခါသာဖြစ်မှု ပဋိသန္ဓေနေမှုရှိသလော၊ အဆုံး၌ တစ်ခါသာပျက်မှု သေမှုရှိသလော မေးရာ၏။

ရုပ်ခန္ဓာသည် တစ်ဘဝတွင် အစ၌ တစ်ခါသာ ဖြစ်မှုရှိ၏၊ အဆုံး၌တစ်ခါသာ ပျက်မှုရှိ၏ဟု ပြောပေလတ္တံ့။

ဤကား ဓာတ်မျက်စိ မရှိကြကုန်သော အန္ဓဗာလတို့အား ရုပ်ခန္ဓာကို အတ္တ သာရစွဲလမ်းကြပုံ အကြမ်းတည်း။

တစ်နှစ်တွင်း၌ ပုဂ္ဂိုလ်သည် တစ်နှစ်ပတ်လုံး တည်နေ၏၊ ရုပ်ခန္ဓာသည်

www.dhammaransi.com



တစ်နှစ်ပတ်လုံး တည်နေ၏လော စသည်ဖြင့် နာရီ, မိနစ် မျက်တောင်တစ်ခတ် တိုင်အောင် အမေးထုတ်လေ။

ခြေလှုပ်ခြင်း, လက်လှုပ်ခြင်း အစရှိသော တစ်ခုတစ်ခုသော လောဘမျက်မြင် ကြိယာစုတို့၌လည်း တစ်ခုတစ်ခုသော ကြိယာကို ပိုင်းခြား၍ အမေးထုတ်လေ။ မေးတိုင်း တည်နေပါ၏ဟု ပြောပေလတ္တံ့။

ဤကား စွဲလမ်းပုံ အလတ်တည်း။

ဓာတ်မျက်စိ ပေါက်သူကို မေးခဲ့လျှင် တစ်ခုတစ်ခုသော ရုပ်ခန္ဓာသည် တစ်နာရီ, တစ်မိနစ် လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက်မျှ အသက်ရှည်၍ တည်နေနိုင်သည်ကို ဉာဏ်၌ မမြင်။

တစ်ထိုင်တွင်းမှာပင် အခါများစွာဓာတ်၏ သေခြင်းဖြင့် သေဆုံးမှုဓာတ် အသစ် အသစ် ပဋိသန္ဓေ နေခြင်းဖြင့် ဖြစ်ပေါ်မှုတို့ကိုသာ ဉာဏ်၌ မြင်သဖြင့် ရုပ်နှင့်ပုဂ္ဂိုလ် ယှဉ်ဖက်၍ အကြမ်းမေးနည်း အလတ်မေးနည်း နှစ်မျိုးလုံး၌ပင် ပုဂ္ဂိုလ်တည်နေသကဲ့သို့ ရုပ်ခန္ဓာမတည်နိုင်ဟု ဖြေဆိုလတ္တံ့။

အဇ္ဈတ္တသန္တာန်တွင်း၌ ဉာဏ်စူးစိုက်သဖြင့် တကယ်မြင်၍ ဖြေဆိုမှုမှန်ခဲ့လျှင် အနတ္တဓာတ်မျက်လုံးပေါက်ပေပြီဟု သိရာ၏။

ဤသို့ မြင်သောအခါ၌ကား ရုပ်ခန္ဓာသည် ပုဂ္ဂိုလ်သတ္တဝါ၏ အထည်ခံ အမာခံ အနှစ်သာရ အတ္တဖြစ်နိုင်မည်ဝေးစွ၊ ပုဂ္ဂိုလ်သတ္တဝါကိုမျှ ရှာကြံမရရှိလတ္တံ့။

ဤကား ရူပက္ခန္ဓာသည် ရေမြှုပ်နှင့် တူသည်ဟု ဟောတော်မူသဖြင့် အသာရ အနိစ္စ အနတ္တ တစ်ချက်တည်းပြီးစီးပုံတည်း။

အနှစ်သာရမျိုး မဟုတ်သည့်အတွက် ရေမြှုပ်နှင့်တူသည်ဟု ဟောတော်မူ သဖြင့် ရုပ်ခန္ဓာဒုက္ခကို အဘယ်သို့ ပြတော်မူသနည်း မေးခွန်း၌ "ဘယဋ္ဌေနဒုက္ခံ" ဟူသည်နှင့်အညီ အကြင်တရားမျိုးသည် မိမိကို တွယ်တာသော သူတို့အား များစွာသော ဒုက္ခကို ဖြစ်စေတတ်၏။

ထိုတရားမျိုးသည် ကြောက်မက်ဖွယ် ကောင်းလှသော ဘေးဘယမျိုး စင်စစ်ဖြစ်၍ ဒုက္ခတရားမျိုးမည်၏၊ ရှေး၌ ပြဆိုခဲ့ပြီးသည့်အတိုင်း အသာရအနိစ္စ အနတ္တစင်စစ်ဖြစ်သော မြေဓာတ်ကို ဦးခေါင်းအင်္ဂါပြု၍ တွယ်တာမှု အတွက် မျက်စိအင်္ဂါ, နားအင်္ဂါ, နှာခေါင်းအင်္ဂါ, ခံတွင်းအင်္ဂါ, ဦးနှောက်အင်္ဂါ, လည်ပင်းအင်္ဂါ, အသည်း, အဆုတ်, နှလုံးသည်းပွတ်အင်္ဂါ စသည်ပြု၍ တွယ်တာမှုအတွက် အသက်မွေးမှု ဒုက္ခဘေးကြီးအမြဲကပ်သင့်၍ နေ၏။

www.dhammaransi.com



ကုန်းသတ္တဝါ, ရေသတ္တဝါ ကျေးငှက်ဟု ဆိုအပ်သော ကောင်းကင်ပျံသတ္တဝါ တို့၏ အသက်မွေးမှုဘေးကြီး အမြဲ ကပ်တိုက်၍ နေပုံကို အကုန်မြော်လေ။

အနမတဂ္ဂသံသရာ၌လည်း ဤနည်းအတိုင်းပင်၊ အသက်မွေးမှုကဲ့သို့ ကြီးကျယ်သော အပါယ်ဒုက္ခတောကြီးမည်သည် မရှိ။

ဤကား အနှစ်သာရမရှိသော ရေမြှုပ်နှင့်တူသော မြေဓာတ်ကို ကိုယ်ထည် ပြုလုပ်၍တွယ်တာမှုကြောင့် အနမတဂ္ဂ သံသရာနှင့်အမျှ အသင့်ခံ၍ နေကြရသော အထင်ရှားဆုံးသော ဒုက္ခဘေးကြီးစုကို ပြဆိုချက်တည်း။

ရှေး၌ ပြဆိုခဲ့ပြီးသော အာဒီနဝ အချက်စုသည်လည်း ပထဝီမြေဓာတ်၏ ဒုက္ခအချက်စုပင်တည်း။

ဤမှတပါးသော ဒုက္ခအချက်စုကား အာဟာရဒီပနီ အနတ္တဒီပနီ စတုသစ္စဒီပနီ စာအုပ်တို့၌ ပါရှိလေပြီ။

ရေဓာတ်, မီးဓာတ်, လေဓာတ်တို့၌လည်း ထိုနည်းတူ သိလေ။

## မဟာဘုတ်လေးပါးမြွေအလား

ဤအရာ၌ စတ္တာရော အာသိဝိသာ ဃောရဝိသာ ဥဂ္ဂတေဇာတိခေါ ဘိက္ခဝေ စတုန္နေတံ မဟာဘူတာနံ အဓိဝစနံ။ ။
ဟူသောပါဠိတော်ကို ပြဆိုရာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အာသိဝိသာ၊ လျင်သော အဆိပ်ရှိကုန်ထသော။ ဃောရဝိသာ၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်ထသော၊ ဥဂ္ဂတေဇာ၊ ထက်သန်သော တန်ခိုးရှိကုန်ထသော။ စတ္တာရော၊ မြွေနဂါးကြီး လေးမျိုးတို့ဟူသည်။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့၏၊ အဓိဝစနံ၊ အမည်တည်း။

မြွေနဂါးကြီးလေးခုတို့၏ အထူးကိုမူကား -

၁။ ပတ္ထဒ္ဓေါ ဘဝတိ ကာယော၊ ဒဋ္ဌော ကဋ္ဌမုခေနသော၊
ပထဝီဓာတု ပကောပေန၊ ဟောတိ ကဋ္ဌမုခေဝသော၊

၂။ ပူတိကော ဘဝတိ ကာယော၊ ဒဋ္ဌော ပူတိမုခေနသော၊
အာပေါဓါတု ပကောပေန၊ ဟောတိ ပူတိမုခေဝသော၊

၃။ သန္တတ္တော ဘဝတိကာယော၊ ဒဋ္ဌော အဂ္ဂိမုခေနသော၊
တေဇောဓာတု ပကောပေန်၊ ဟောတိအဂ္ဂိမုခေဝသော၊

www.dhammaransi.com



၄။ သဋ္ဌိန္နော ဘဝတိ ကာယော၊ ဥဒ္ဓေါသတ္တမုခေနသော၊
ဝါယောဓာတု ပကောပေန၊ ဟောတိသတ္တမုခေဝသော။

(အဋ္ဌကထာပါဠိ)

၁။ ယောကာယော၊ အကြင်ခန္ဓာကိုယ်ကို။ ကဋ္ဌမုခေန၊ ကဋ္ဌမုခမြွေမျိုးသည်။ ဍဋ္ဌော၊ ကိုက်အပ်၏။

သောကာယော၊ ထိုခန္ဓာကိုယ်သည်။ ပတ္ထဒ္ဓေါ၊ ထင်းချောင်းသဏ္ဍာန် ခက်ထန်တောင့်တင်း၍ သေရသည်။ ဘဝတိ၊ ဖြစ်၏။

သတ္တာနံ၊ သတ္တဝါတို့၏။ ကာယေ၊ ကိုယ်၌။ ပထဝီဓာတု ပကောပေန၊ မြေဓာတ် စောင်းမာန် ခက်ထန်အဝမ္မ ထကြွ သောင်းကျန်ခဲ့သည်ရှိသော်။ သောကာယော၊ ထိုခန္ဓာကိုယ်သည်။ ကဋ္ဌမုခေဝ၊ ကဋ္ဌမုခမြွေကိုက်သော ကိုယ်၌ကဲ့သို့။ ပတ္ထဒ္ဓေါ၊ ထင်းချောင်းသဏ္ဍာန် ခက်ထန်တောင့်တင်း၍ သေရသည်။ ဟောတိ၊ ဖြစ်၏။

၂။ ယောကာယော၊ အကြင်ခန္ဓာကိုယ်ကို။ ပူတိမုခေန၊ ပူတိမုခမြွေမျိုးသည်။ ဍဋ္ဌော၊ ကိုက်အပ်၏။

သောကာယော၊ ထိုခန္ဓာကိုယ်သည်။ ပူတိကော၊ ဒွါရထိုထို အရည်ယိုလျက် စိုစိုရွှဲရွှဲ ညှိမဲမည်းမှောင် ညှီဟောင်နံစော် အပုပ်ပျော်၍ သေရသည်။ ဘဝတိ။ ဖြစ်၏။

သတ္တာနံ၊ သတ္တဝါတို့၏။ ကာယေပိ၊ ကိုယ်၌လည်း။ အာပေါဓာတုပကောပေန၊ ရေဓာတ်စောင်းမာန် ခက်ထန်အဝမ္မ ထကြွသောင်းကျန်းခဲ့သည်ရှိသော်၊ သောကာယော၊ ထိုခန္ဓာကိုယ်သည်။ ပူတိမုခေဝ၊ ပူတိမုခမြွေကိုက်သော ကိုယ်၌ကဲ့သို့။ ပူတိကော၊ ဒွါရထိုထို အရည်ယိုလျက် စိုစိုရွှဲရွှဲ ညှိမဲမည်းမှောင် ညှီဟောင်နံစော် အပုပ်ပျော်၍ သေရသည်။ ဟောတိ၊ ဖြစ်၏။

၃။ ယောကာယော၊ အကြင်ခန္ဓာကိုယ်ကို။ အဂ္ဂိမုခေန၊ အဂ္ဂိမုခမြွေမျိုးသည်။ ဍဋ္ဌော၊ ကိုက်အပ်၏။

သောကာယော၊ ထိုခန္ဓာကိုယ်သည်။ သန္တတ္တော၊ အလူးအလဲ အသဲအထန်ပူပန် လောင်ကျွမ်း၍ သေရသည်။ ဘဝတိ၊ ဖြစ်၏။

သတ္တာနံ၊ သတ္တဝါတို့၏။ ကာယေပိ၊ ကိုယ်၌လည်း၊ တေဇောဓာတုပကောပေန၊ မီးဓာတ်စောင်းမာန် ခက်ထန်အဝမ္မ ထကြွသောင်းကျန်းခဲ့သည်ရှိသော်၊ သောကာယော၊ ထိုခန္ဓာကိုယ်သည်။ အဂ္ဂိမုခေဝ၊ အဂ္ဂိမုခမြွေကိုက်သော ကိုယ်၌သကဲ့သို့။ သန္တတ္တော၊ အလူးအလဲ အသဲအထန် ပူလောင်ကျွမ်း၍ သေရသည်။ ဟောတိ၊ ဖြစ်၏။

www.dhammaransi.com



၄။ ယောကာယော၊ အကြင်ခန္ဓာကိုယ်ကို။ သတ္ထမုခေန၊ ဓားလက်နက်နှင့်တူသော သတ္ထမုခမြွေမျိုးသည်။ ခုဋ္ဌော၊ ကိုက်အပ်၏။

သောကာယော၊ ထိုခန္ဓာကိုယ်သည်။ သဋ္ဌိန္နော၊ ရင်တွင်းဝမ်းတွင်းနှလုံးတွင်း၌ အရင်းအမြစ် အဆက်အစပ်သွေးကြောပြတ်၍ မတ်တတ် တိမ်းလဲ ရုတ်ခနဲချင်း သေတုံလျှင်းသည်။ ဘဝတိ၊ ဖြစ်၏။

သတ္တာနံ၊ သတ္တဝါတို့၏၊ ကာယေပိ၊ ကိုယ်၌လည်း၊ ဝါယောဓာတု ပကောပေန၊ လေဓာတ်စောင်းမာန် ခက်ထန်အဓမ္မ ထကြွသောင်းကျန်းခဲ့သည်ရှိသော်၊ သောကာယော၊ ထိုခန္ဓာကိုယ်သည်။ သတ္ထမုခေဝ၊ သတ္ထမုခမြွေကိုက်သော ကိုယ်၌ကဲ့သို့။ သဋ္ဌိန္နော၊ ရင်တွင်း ဝမ်းတွင်း နှလုံးတွင်း၌ အရင်းအမြစ် အဆစ်အစပ် သွေးကြောပြတ်၍ မတ်တတ် တိမ်းလဲ ရုတ်ခနဲချင်းသေတုံလျှင်သည်။ ဟောတိ၊ ဖြစ်၏။

(ထင်ရှားရာကို ထုတ်ဖော်၍ ပြလိုက်သော အနက်တည်း။)

သေသည်ဖြစ်စေ, မသေသည်ဖြစ်စေ, ကိုယ်တွင်း ကိုယ်ပ၊ အနာရောဂါ မအီမသာ ဖြစ်ကြသမျှသည် ထိုမြွေတို့၏ ကိုက်မှုချည်းပင်တည်း။

တစ်ကိုယ်လုံး၌ တည်ရှိကုန်သော မြွေကြီး လေးမျိုးတို့သည် မလျော်သော ဥတု အာဟာရသည် ထိခိုက်သဖြင့် အမျက်စောင်းမာန် အပြင်းအထန် ထကြွသောင်းကျန်း ကြကုန်သည်ရှိသော် တစ်ကိုယ်လုံး၌ အခိုးအလျှံ လွှတ်ခြင်း လေဆိုးမိုးဆိုး ကျစေခြင်း စသည်ကိုပြု၍ အဖျားအနာ ရောဂါဥပါဒ်တို့ကို ဖြစ်စေကြကုန်၏။

ရူပကာယတို့၌ ဖောဋ္ဌဗ္ဗ အစွယ်ချက် နာမကာယတို့၌ ဖဿအစွယ်ချက်ကို ပေး၍ ဒုက္ခဝေဒနာတို့ကို ဖြစ်စေကြကုန်၏။

ဦးခေါင်း၌ တည်ရှိကြကုန်သော မြွေကြီးလေးမျိုးတို့သည် ဦးခေါင်းကို ကိုက်၍ ဦးခေါင်းနာ အမျိုးမျိုးတို့ကို ဖြစ်စေကြကုန်၏။

ရင်၌ တည်ရှိကြကုန်သော မြွေကြီးလေးမျိုးတို့သည် ရင်တွင်းရှိ နှလုံးသည်းပွတ် တို့ကို ကိုက်၍ ရင်နာအမျိုးမျိုးတို့ကို ဖြစ်စေကြကုန်၏။

မျက်စိ၌ တည်ရှိကြကုန်သော မြွေကြီးလေးမျိုးတို့သည် မျက်လုံးကို ကိုက်၍ မျက်စိနာအမျိုးမျိုးတို့ကို ဖြစ်စေကြကုန်၏။

ထိုနည်းအတူ နား၌တည်ရှိကုန်သော ဓာတ်ကြီးတို့သည် နားနာအမျိုးမျိုးတို့ကို ဖြစ်စေကြကုန်၏။

နှာခေါင်း၌ တည်ရှိကြကုန်သော ဓာတ်ကြီးတို့သည် နှာခေါင်းနာအမျိုးမျိုးတို့ကို ဖြစ်စေကြကုန်၏။

www.dhammaransi.com



ခံတွင်း၌ တည်ရှိကြကုန်သော ဓာတ်ကြီးတို့သည် ခံတွင်းနာအမျိုးမျိုးတို့ကို ဖြစ်စေကြကုန်၏။

ဤသို့ အစရှိသည်ဖြင့် တစ်ကိုယ်လုံး အနှံ့အပြား မြင်လေ။

## သူသတ်ရိုးရာ ဘုတ်လေးဖြာ

လောက၌ အနာရောဂါ ဖြစ်မှုဟူသမျှ သေဆုံးမှုဟူသမျှသည် ဓာတ်ကြီး လေးပါး လှုပ်ရှားမှုနှင့် ကင်း၍ ဖြစ်သည်မရှိ။

အဇ္ဈတ္တ ဓာတ်ကြီးလေးပါး လှုပ်ရှား ဖောက်ပြန်ခြင်း မရှိခဲ့သည်ရှိသော် မိုးကြိုးပင် ပစ်သော်လည်း နာကျင်မှု သေဆုံးမှု မရှိလေရာ။

မိုးကြိုးပစ်၍ သေဆုံးမှု၊ ဗုံးဆန်, အမြောက်ဆန်, သေနတ်ဆန် ထိမှန်၍ သေဆုံးမှု၊ ဓားလှံထိ၍ သေဆုံးမှု၊ မြွေဆိုး ကင်းဆိုး ကိုက်၍ သေဆုံးမှုအလုံးစုံတို့၌ ပင်လျှင် အဇ္ဈတ္တ ဓာတ်ကြီးလေးပါး လှုပ်ရှားဖောက်ပြန်၍ သေဆုံးမှုကြီးသာတည်း။

အပအန္တရာယ်တို့သည်ကား ထိုအဇ္ဈတ္တ ဓာတ်ကြီးလေးပါးတို့ကို တို့မီးစရှို့မီးစတို့ သာတည်း။

သေကြသမျှ အလုံးအစုံတို့သည် အဇ္ဈတ္တ ဓာတ်ကြီးလေးပါး တို့သည်သာ ဧကန်မုချ အစဉ်ထာဝရ သူသတ်လက်သည် ရိုးရာကြီးတို့ပေတည်း။

ထိုကြောင့် သံယုတ်ပါဠိတော်၌. . .

၁။ ယောဘိက္ခဝေ ပထဝီဓာတုယာ ဥပ္ပါဒေါ ဌိတိ အဘိနိဗ္ဗတ္တိ ပါတုဘာဝေါ၊ ဒုက္ခဿေသော ဥပ္ပါဒေါ၊ ရောဂါနံ ဌိတိ၊ ဇရာမရဏဿ ပါတုဘာဝေါ၊ ယော ဘိက္ခဝေ အာပေါဓာတုယာ ဥပ္ပါဒေါ ဌိတိအဘိနိဗ္ဗတ္တိ ပါတုဘာဝေါ၊ ဒုက္ခဿေသော ဥပ္ပါဒေါ၊ ရောဂါနံဌိတိ၊ ဇရာမရဏဿ ပါတုဘာဝေါ၊ ယောဘိက္ခဝေ တေဇောဓာတုယာ ဥပ္ပါဒေါ ဌိတိ အဘိနိဗ္ဗတ္တိ ပါတုဘာဝေါ၊ ဒုက္ခဿေသော ဥပ္ပါဒေါ၊ ရောဂါနံ ဌိတိ၊ ဇရာမရဏဿ ပါတုဘာဝေါ၊ ယောဘိက္ခဝေ ဝါယောဓာတုယာ ဥပ္ပါဒေါ ဌိတိ အဘိနိဗ္ဗတ္တိ ပါတုဘာဝေါ၊ ဒုက္ခဿေသော ဥပ္ပါဒေါ၊ ရောဂါနံ ဌိတိ၊ ဇရာမရဏဿ ပါတုဘာဝေါ။

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ပထဝီဓာတုယာ၊ ခက်မာမှု သဘော၏ ယောဥပ္ပါဒေါ၊

www.dhammaransi.com



အကြောင် ပဋိသန္ဓေအခါ၌ ဖြစ်လေခြင်းသည်။ ယာ ဌိတိ၊ အကြောင်တည်ထောင်၍ နေခြင်းသည်။ ယာ အဘိနိဗ္ဗတ္တိ၊ အကြောင်လွန်စွာဖြစ်ပွားခြင်းသည်။ ယော ပါတုဘာဝေါ အကြောင်ထင်ရှားစွာ ဖြစ်ပွားခြင်းသည်။ အတ္ထိ ရှိ၏။

ဧသော၊ ထိုပဋိသန္ဓေအခါ၌ ပထဝီဓာတ်၏ ဖြစ်ပေါ်မှုသည်၊ ဒုက္ခဿ၊ ဒုက္ခခပ်သိမ်း၏ ဥပ္ပါဒေါ၊ ဖြစ်လာမှုပင်တည်း။

ယာ ဌိတိ၊ အကြောင်ပထဝီဓာတ်၏ တည်ထောင်၍ နေမှုသည်။ ရောဂါနံ၊ ရောဂါ အမျိုးမျိုးတို့၏။ ဌိတိ၊ ပဋိသန္ဓေတည်နေသည်မှစ၍ များသောအထုတည်ဆောက်မှု ပင်တည်း။

သော ပါတုဘာဝေါ၊ ထိုပထဝီဓာတ်၏ ထင်ရှားဖြစ်ပေါ်မှုသည်။ ဇရာမရဏဿ၊ အိုမှု, သေမှု၏။ ပါတုဘာဝေါ၊ ပဋိသန္ဓေတည်နေသည်မှစ၍ များလျား ထင်ရှား ဖြစ်ပေါ်မှုပင်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ အာပေါဓာတုယာ၊ ဖွဲ့စည်းမှု, ယိုစီးမှုသဘော၏။ ယော ဥပ္ပါဒေါ၊ အကြောင်ပဋိသန္ဓေအခါ၌ ဖြစ်လခြင်းသည်။ ယာ ဌိတိ၊ အကြောင် တည်ထောင်၍ နေခြင်းသည်။ ယာ အဘိနိဗ္ဗတ္တိ၊ အကြောင်လွန်စွာ ဖြစ်ပွားခြင်းသည်။ ယော ပါတုဘာဝေါ၊ အကြောင်ထင်ရှားစွာ ဖြစ်ပွားခြင်းသည် အတ္ထိ ရှိ၏။

ဧသော၊ ထိုပဋိသန္ဓေအခါ၌ အာပေါဓာတ်၏ ဖြစ်ပေါ်မှုသည်။ ဒုက္ခဿ၊ ဒုက္ခခပ်သိမ်း၏။ ဥပ္ပါဒေါ၊ ဖြစ်လာမှုပင်တည်း။

ယာ ဌိတိ၊ အကြောင်အာပေါဓာတ်၏ တည်ထောင်၍နေမှုသည် ရောဂါနံ ရောဂါအမျိုးမျိုးတို့၏။ ဌိတိ၊ ပဋိသန္ဓေတည်နေသည်မှစ၍ များသောအထု တည်ထောင်မှုပင်တည်း။

သော ပါတုဘာဝေါ၊ ထိုအာပေါဓာတ်၏ ထင်ရှားဖြစ်ပေါ်မှုသည်။ ဇရာ မရဏဿ၊ အိုမှု, သေမှု၏။ ပါတုဘာဝေါ၊ ပဋိသန္ဓေတည်နေသည်မှ စ၍ များလျား ထင်ရှား ဖြစ်ပေါ်မှုပင်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ တေဇောဓာတုယာ၊ ပူမှု, အေးမှု သဘော၏။ ယော ဥပ္ပါဒေါ၊ အကြောင်ပဋိသန္ဓေအခါ၌ ဖြစ်လခြင်းသည်။ ယာ ဌိတိ၊ အကြောင်တည်ထောင်၍ နေခြင်းသည်။ ယာ အဘိနိဗ္ဗတ္တိ၊ အကြောင်လွန်စွာ ဖြစ်ပွားခြင်းသည်။ ယော ပါတုဘာဝေါ၊ အကြောင်ထင်ရှာစွာ ဖြစ်ပွားခြင်းသည်။ အတ္ထိ၊ ရှိ၏။

ဧသော၊ ထိုပဋိသန္ဓေအခါ၌ တေဇောဓာတ်၏ ဖြစ်ပေါ်မှုသည်၊ ဒုက္ခဿ၊ ဒုက္ခခပ်သိမ်း၏။ ဥပ္ပါဒေါ၊ ဖြစ်လာမှုပင်တည်း။

www.dhammaransi.com



ယာဋ္ဌိတိ၊ အကြောင်တေဇောဓာတ်၏ တည်ထောင်၍နေမှုသည်။ ရောဂါနံ၊ ရောဂါအမျိုးမျိုးတို့၏။ ဋ္ဌိတိ ပဋိသန္ဓေတည်နေသည်မှစ၍ များသော အထု တည်ထောင်မှုပင်တည်း။

သောပါတုဘာဝေါ၊ ထိုတေဇောဓာတ်၏ ထင်ရှားဖြစ်ပေါ်မှုသည်။ ဇရာ မရဏဿ၊ အိုမှုသေမှု၏၊ ပါတုဘာဝေါ၊ ပဋိသန္ဓေ တည်နေသည်မှစ၍ များလျား ထင်ရှားဖြစ်ပေါ်မှုပင်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့၊ ဝါယောဓာတုယာ၊ လှုပ်ရှားမှု, ထောက်ပံ့မှု, ပို့ဆောင်မှု သဘော၏။ ယောဥပ္ပါဒေါ၊ အကြောင်ပဋိသန္ဓေအခါ၌ ဖြစ်လာခြင်းသည်။ ယာဋ္ဌိတိ၊ အကြောင်တည်ထောင်၍နေခြင်းသည်။ ယာအဘိနိဗ္ဗတ္တိ၊ အကြောင် လွန်စွာဖြစ်ပွား ခြင်းသည်။ ယောပါတုဘာဝေါ၊ အကြောင်ထင်ရှားစွာဖြစ်ပွားခြင်းသည်။ အတ္ထိ၊ ရှိ၏။

ဧသော၊ ထိုပဋိသန္ဓေအခါ၌ ဝါယောဓာတ်၏ ဖြစ်ပေါ်မှုသည်။ ဒုက္ခဿ၊ ဒုက္ခခပ်သိမ်း၏၊ ဥပ္ပါဒေါ၊ ဖြစ်လာမှုပင်တည်း။

ယာဋ္ဌိတိ၊ အကြောင်ဝါယောဓာတ်၏ တည်ထောင်၍နေမှုသည်။ ရောဂါနံ၊ ရောဂါအမျိုးမျိုးတို့၏၊ ဋ္ဌိတိ၊ ပဋိသန္ဓေတည်နေသည်မှစ၍ များသော အထုတည်ထောင် မှုပင်တည်း။

သောပါတုဘာဝေါ၊ ထိုဝါယောဓာတ်၏ ထင်ရှားဖြစ်ပေါ်မှုသည်။ ဇရာမရ ဏဿ၊ အိုမှုသေမှု၏၊ ပါတုဘာဝေါ၊ ပဋိသန္ဓေ တည်နေသည်မှစ၍ များလျား ထင်ရှား ဖြစ်ပေါ်မှုပင်တည်း။

ဤသတ္တဝါတို့၌ ပဋိသန္ဓေအခါ ဓာတ်ကြီးလေးပါး ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် ယခုဘဝ၌ ကြုံတွေ့ရလတ္တံ့သော ဒုက္ခခပ်သိမ်းတို့သည် ဖြစ်ပေါ်ပြီး မည်ကုန်၏။

ရောဂါကြီးငယ် ခပ်သိမ်းတို့သည် တည်ထောင်ပြီး မည်ကုန်၏။

အိုမှုသေမှု ခပ်သိမ်းတို့သည် ထင်ရှားဖြစ်ပေါ်ပြီး မည်ကုန်၏ ဟူလိုသည်။

ဤသို့သော အရာအချက်များကို မြော်မြင်မိကြကုန်သည်ရှိသော် လောက၌ ဝိရူပက္ခာ ရောပထ အစရှိကုန်သော မြွေနဂါးမျိုးတို့ကို အာသိဝိသ, ဃောရဝိသ, ဥဂ္ဂတေဇ ဟူ၍ မဆိုလောက်ကြလေကုန်။

ထိုမြွေမျိုးတို့ထက် တန်ခိုးရှိန်ဝါ ကြီးကျယ်စွာသော ဂဠုန်မင်း, နတ်မင်း, သိကြားမင်း, ဗြဟ္မာမင်းတို့ကိုမှ မလွတ်ရအောင် နှိပ်စက်ညှဉ်းဆဲအမြဲကိုက်သတ်၍

www.dhammaransi.com



နေသော အဇ္ဈတ္တ ဓာတ်ကြီးလေးပါးတို့ကိုသာလျှင် အာသိဝိသ, ဃောရဝိသ, ဥဂ္ဂတေဇ ဟူ၍ ခေါ်ဆိုလောက်ကြပေကုန်သတည်း။

ထိုကြောင့် "စတ္တာရောအာသိဝိသာ ဃောရဝိသာ ဥဂ္ဂတေဇာတိ ခေါ ဘိက္ခဝေ စတုန္နေတံ မဟာဘူတာနံ" အဓိဝစနံ ဟူ၍ ဟောတော်မူပေသည်။

ဤဒေသနာတော်ဖြင့် ဓာတ်ကြီးလေးပါးဟူသော ရူပက္ခန္ဓာ၏ ကြောက်မက်ဖွယ်သော ဒုက္ခ လက္ခဏာသည် အလွန်ထင်ရှားလှ၏။

ထိုကဲ့သို့ ဆန့်ကျင်ဘက်အကြောင်းနှင့် တိုက်ဆိုက်ခဲ့သည်ရှိသော် မိမိ ပကတိအနေကို ချက်ခြင်း စွန့်ကြကုန်၏။

ပထဝီ၏ ထင်းချောင်းသကဲ့သို့ ဖောက်ပြန်မှု၊ အာပေါ၏ အပုပ်ပျော်၍ စီးယိုမှု၊ တေဇော၏ လောင်ခြစ်မှု၊ ဝါယော၏ ဖြတ်သတ်မှုတို့သည် ရေမြှုပ်ကဲ့သို့ အနှစ်မရှိကြကုန်သည့်အတွက် သက်သက်တို့သာတည်း။

ထိုကြောင့် "ဖေဏပိဏ္ဍူပမံ ရူပံ" ဟူ၍ ဟောတော်မူပေသတည်း။

## လေးပါးသောဓာတုဘာဝနာပြီးမှု

ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ရူပက္ခန္ဓာတရား အများရှိပါလျက် ဓာတ် ၄ပါးကိုသာ ပြဆိုသည်မှာမူကား ဓာတ် ၄-ပါးနှင့်ပင် ဝိပဿနာကိစ္စပြီးစီးနိုင်ကြောင်းကို စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောတော်မူချက်ရှိသောကြောင့်တည်း။

၁။ အထခေါ အာယသ္မာ ရာဟုလော ယေနဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နံခေါ အာယသ္မန္တံရာဟုလံ ဘဂဝါ ဧတဒဝေါစ။ ယာစ ရာဟုလ အဇ္ဈတ္တိကာ ပထဝီဓာတု၊ ယာစဗာဟိရာ ပထဝီဓာတု။ ပထဝီယေဝေသာ၊ နေတံမမ၊ နေသော ဟမသ္မိ၊ နေသောမေ အတ္တာတိ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ ပထဝီဓာတုယာ နိဗ္ဗိန္ဒတိ၊ ပထဝီဓာတုယာစိတ္တံ ဝိရာဇေတိ။

၂။ ယာစ ရာဟုလ အဇ္ဈတ္တိကာ အာပေါဓာတု။ ယာစဗာဟိရာ အာပေါဓာတု၊ အာပေါယေဝေသာ၊ နေတံမမ၊ နေသော ဟမသ္မိ၊ နေသောမေ အတ္တာတိ ယထာဘူတံ သမ္မာပညာယ ဒဋ္ဌဗ္ဗံ၊ ဧကမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ အာပေါဓာတုယာ နိဗ္ဗိန္ဒတိ၊ အာပေါဓာတုယာ စိတ္တံ ဝိရာဇေတိ။

www.dhammaransi.com



၃။ ယာစ ရာဟုလ အဇ္ဈတ္တိကာ တေဇောဓာတု၊ ယာစဗာဟိရာ တေဇောဓာတု၊ တေဇောယေဝေသာ၊ နေတံမမ၊ နေသောဟမသ္မိ၊ နေသောမေ အတ္တာတိ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝမေတံယထာ ဘူတံ သမ္မပ္ပညာယ ဒိသွာ တေဇောဓာတုယာ နိဗ္ဗိန္ဒတိ၊ တေဇော ဓာတုယာ စိတ္တံ ဝိရာဇေတိ။

၄။ ယာစ ရာဟုလ အဇ္ဈတ္တိကာ တေဇောဓာတု၊ ယာစဗာဟိရာ ဝါယောဓာတု၊ ဝါယောယေဝေသာ၊ နေတံမမ၊ နေသောဟမသ္မိ၊ နေသောမေ အတ္တာတိ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝမေတံယထာ ဘူတံ သမ္မပ္ပညာယ ဒိသွာ တေဇောဓာတုယာ နိဗ္ဗိန္ဒတိ၊ တေဇော ဓာတုယာ စိတ္တံ ဝိရာဇေတိ။

ယတော ခေါ ရာဟုလ ဘိက္ခု ဣမာသုစတူသု ဓာတူသု နေဝတ္တာနံ နအတ္တနိယံ သမနုပဿတိ၊ အယံဝုစ္စတိ ရာဟုလသမ္မဒသော ဘိက္ခု၊ အစ္ဆေစ္ဆိ တဏှံ၊ ဝိဝတ္တယိ သံယောဇနံ၊ သမ္မာမာနာဘိသမယာ အန္တမကာသိ ဒုက္ခဿာတိ။

၁။ အထခေါ၊ ထိုအခါ၌၊ အာယသ္မာရာဟုလော၊ အရှင်ရာဟုလာသည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။

တေန၊ ထိုဘုရားရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဧကမန္တံ၊ သင့်တင့်သော အရပ်၌။ နိသီဒိ၊ နေ၏။

ဧကမန္တံ၊ သင့်တင့်သောအရပ်၌။ နိသိန္နံခေါ၊ နေပြီးသော။ အာယသ္မန္တံ-ရာဟုလံ၊ အရှင်ရာဟုလာကို၊ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတံ၊ ဤဆိုလတ္တံ့သော စကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။

ရာဟုလ၊ ရာဟုလာ။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ယာစပထဝီဓာတု၊ အကြင်ပထဝီဓာတ်သည်လည်း၊ အတ္ထိ၊ ရှိ၏။ ဗာဟိရာ၊ အပသန္တာန်၌ ဖြစ်သော။ ယာစပထဝီဓာတု၊ အကြင် ပထဝီဓာတ်သည်လည်း။ အတ္ထိ၊ ရှိ၏။

သော၊ ဤပထဝီဓာတ်နှစ်ပါးသည်။ ပထဝီယေဝ၊ မြေသဘော သက်သက် သာတည်း။

ဧတံ၊ ဤပထဝီနှစ်မျိုးလုံးသည်။ နမမ၊ ငါပိုင်ဥစ္စာမဟုတ်၊ ဧသော၊ ဤပထဝီနှစ်မျိုးလုံးသည်။ နအဟမသ္မိ၊ ငါမဟုတ်၊ ဧသော၊ ဤပထဝီနှစ်မျိုးလုံးသည်။ နမေအတ္တာ၊ ငါ၏အတ္တမဟုတ်။

www.dhammaransi.com



ဣတိဧဝံ၊ ဤသို့။ ဧတံ၊ ဤပထဝီနှစ်မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း။ သမ္မာ၊ ကောင်းစွာ၊ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ဧဝံ၊ ဤသို့၊ ဧတံ၊ ဤပထဝီဓာတ်ကို ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒိသွာ၊ မြင်၍။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။

ပထဝီဓာတုယာ၊ ပထဝီဓာတ်၌။ စိတ္တံ၊ စိတ်သည်။ ဝိရာဇေတိ၊ တပ်ခြင်းကင်း၏။

၂။ ရာဟုလ၊ ရာဟုလာ။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော။ ယာစအာပေါဓာတု၊ အကြင်အာပေါ ဓာတ်သည်လည်း၊ အတ္ထိ၊ ရှိ၏။ ဗာဟိရာ၊ အပသန္တာန်၌ဖြစ်သော။ ယာစအာပေါဓာတု၊ အကြင်အာပေါ ဓာတ်သည်လည်း၊ အတ္ထိ၊ ရှိ၏။

သော၊ ဤအာပေါဓာတ်နှစ်ပါးသည်။ အာပေါယေဝ၊ ရေသဘောသက်သက်သာတည်း။

ဧတံ၊ ဤအာပေါဓာတ်နှစ်မျိုးလုံးသည်။ နမမ၊ ငါ့ပိုင်ဥစ္စာမဟုတ်၊ ဧသော၊ ဤအာပေါဓာတ် နှစ်မျိုးလုံးသည်။ နအဟမသ္မိ၊ ငါမဟုတ်။ ဧသော၊ ဤအာပေါဓာတ်နှစ်မျိုးလုံးသည်။ နမေအတ္တာ၊ ငါ၏ အတ္တမဟုတ်။

ဣတိဧဝံ၊ ဤသို့။ ဧတိ၊ ဤအာပေါဓာတ်နှစ်မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း၊ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ဧဝံ၊ ဤသို့။ ဧတံ၊ ဤအာပေါဓာတ်နှစ်မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာ ပညာဖြင့်။ ဒိသွာ၊ မြင်၍။ အာပေါဓာတုယာ၊ အာပေါဓာတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။

အာပေါဓာတုယာ၊ အာပေါဓာတ်၌။ စိတ္တံ၊ စိတ်သည်။ ဝိရာဇာတိ၊ တပ်ခြင်းကင်း၏။

၃။ ရာဟုလ၊ ရာဟုလာ။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော။ ယာစတေဇောဓာတု၊ အကြင် တေဇောဓာတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ ဗာဟိရာ၊ အပသန္တာန်၌ဖြစ်သော။ ယာစတေဇောဓာတု၊ အကြင်တေဇောဓာတ်သည်လည်း။ အတ္ထိ၊ ရှိ၏။

www.dhammaransi.com



ဧသော၊ ဤတေဇောဓာတ် နှစ်ပါးသည်။ တေဇောယေဝ၊ မီးသဘော သက်သက်သာတည်း။

ဧတံ၊ ဤတေဇောနှစ်မျိုးလုံးသည်။ နမမ၊ ငါပိုင်ဥစ္စာမဟုတ်။ ဧသော၊ ဤတေဇောနှစ်မျိုးလုံးသည်။ နအဟမသ္မိ၊ ငါမဟုတ်၊ ဧသော၊ ဤတေဇောနှစ်မျိုးလုံး သည်။ နမေအတ္တာ၊ ငါ၏အတ္တမဟုတ်။

ဣတိဧဝံ၊ ဤသို့။ ဧတံ၊ ဤတေဇောဓာတ်နှစ်မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည် အတိုင်း၊ သမ္မာ၊ ကောင်းစွာ၊ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ဧဝံ၊ ဤသို့။ ဧတံ၊ ဤတေဇောဓာတ်နှစ်မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း၊ သမ္မာ၊ ကောင်းစွာ၊ ပညာယ၊ ဝိပဿနာပညာဖြင့်၊ ဒိသွာ၊ မြင်၍။ တေဇောဓာတုယာ၊ တေဇောဓာတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။

တေဇောဓာတုယာ၊ တေဇောဓာတ်၌။ စိတ္တံ၊ စိတ်သည်။ ဝိရာဇေတိ၊ တပ်ခြင်းကင်း၏။

၄။ ရာဟုလ၊ ရာဟုလာ၊ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော။ ယာစဝါယောဓာတု၊ အကြင်ဝါယောဓာတ်သည်လည်း၊ အတ္ထိ၊ ရှိ၏၊ ဗာဟိရာ၊ အပသန္တာန်၌ဖြစ်သော။ ယာစဝါယောဓာတု၊ အကြင်ဝါယောဓာတ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ဧသော၊ ဤ ဝါယောဓာတ်နှစ်ပါးသည်။ ဝါယောယေဝ၊ လေသဘော သက်သက်သာတည်း။

ဧတံ၊ ဤ ဝါယောဓာတ်နှစ်မျိုးလုံးသည်။ နမမ၊ ငါပိုင်ဥစ္စာ မဟုတ်။ ဧသော၊ ဤ ဝါယောဓာတ် နှစ်မျိုးလုံးသည်။ နအဟမသ္မိ၊ ငါမဟုတ်။ ဧသော၊ ဤဝါယော ဓာတ်နှစ်မျိုးလုံးသည်။ နမေအတ္တာ၊ ငါ၏အတ္တမဟုတ်။

ဣတိဧဝံ၊ ဤသို့။ ဧတံ၊ ဤဝါယောဓာတ်နှစ်မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း။ သမ္မာ၊ ကောင်းစွာ၊ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ဧဝံ၊ ဤသို့။ ဧတံ၊ ဤဝါယောဓာတ်နှစ်မျိုးလုံးကို။ ယထာဘူတံဟုတ်မှန်သည် အတိုင်း။ သမ္မာ၊ ကောင်းစွာ၊ ပညာယ၊ ဝိပဿနာပညာဖြင့်၊ ဒိသွာ၊ မြင်၍၊ ဝါယောဓာတုယာ၊ ဝါယောဓာတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။

www.dhammaransi.com



ဝါယောဓာတုယာ၊ ဝါယောဓာတ်၌၊ စိတ္တံ၊ စိတ်သည်၊ ဝိရာဇေတိ၊ တပ်ခြင်းကင်း၏။

ရာဟုလ၊ ရာဟုလာ၊ ယတော၊ အကြင်အခါ၌။ ဘိက္ခု၊ ရဟန်းသည်။ စတူသု၊ လေးပါးကုန်သော။ ဣမာသုဓာတူသု၊ ဤ ဓာတ်တို့၌။ နေဝတ္တာနံ၊ အနှစ်သာရ၊ အတ္တမဟုတ်သည်ကို။ နအတ္တနိယံ၊ ကိုယ်နှင့်မစပ်သည်ကို။ သမနုပဿတိ၊ ကောင်းစွာမြင်၏။

ရာဟုလ၊ ရာဟုလာ၊ အယံဘိက္ခု၊ ဤသို့မြင်သော ရဟန်းကို၊ သမ္မာဒသော၊ ကောင်းစွာမြင်သော ရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တဏှံ၊ တဏှာသည်။ အစ္ဆေဒ္ဒိ၊ ပြတ်ပြီ။ သံယောဇနံ၊ သံယောဇဉ်သည်။ ဝိဝတ္တယိ၊ ပြီးပြတ်ပြီ။ သမ္မာ၊ ကောင်းစွာ။ မာနာဘိသမယာ၊ မာနကို ပယ်နိုင်ခြင်းကြောင့် ဒုက္ခဿ၊ အမျိုးမျိုးသော ဝဋ်ဆင်းရဲ၏။ အန္တံ၊ အဆုံးကို။ အကာသိ၊ ပြုနိုင်ပြီ။

ပထဝီယောသာပါဠိ၌ အဓိပ္ပာယ်ကား - မြေကြီး တော တောင် စသည်တို့၌ရှိသော ဗာဟိရပထဝီသည်လည်း ငါပိုင်ဥစ္စာ မဟုတ်၊ ငါလည်း မဟုတ်၊ ငါ့အတ္တလည်း မဟုတ်ဟု ထင်ရှား၏သို့ ထိုအတူ မိမိတို့၏ အဇ္ဈတ္တသန္တာန်၌ရှိသော ခက်မာမှုကြီယာကိုလည်း ငါပိုင်ဥစ္စာမဟုတ်၊ ငါလည်း မဟုတ် ငါ၏ အတ္တလည်း မဟုတ်ဟု ဉာဏ်အမြင်၌ ထင်ရှားစေရမည်။

ပထဝီနှစ်မျိုး ထပ်တူကျစေရမည်၊ အဇ္ဈတ္တပထဝီကို ပုဂ္ဂိုလ်သတ္တဝါ ငါဖြစ်၍မနေစေနှင့်၊ ငါ၏ဥစ္စာဖြစ်၍မနေစေနှင့်။ ငါ၏အတ္တဖြစ်၍မနေစေနှင့်ဟု ဇဝကျောက်ကန်၊ လျှာလိပ်သံ ပြင်းပြင်းနှင့် ခပ်တင်းတင်း ဟောတော်မူပေသတည်း။

**(ဤတွင်ရွှေ့ကား ဖေဏပိဏ္ဍူပမံရှုပ် ဟူသော ဒေသနာတော်မြတ်အရ ဖော်ပြသောအခန်းပြီး၏။)**

www.dhammaransi.com



## ဝေဒနာကမ္မဋ္ဌာနသည်ကိုပြဆိုခြင်း

### တဏှာ၏ကုန်ရာနိဗ္ဗာန်သို့ရောက်ခြင်း

ဘန္တေဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှလောက်သော အကျင့်ဖြင့်။ တဏှာသင်္ခယဝိမုတ္တော၊ တဏှာ၏ကုန်ရာ နိဗ္ဗာန်သို့ ကျွတ်လွတ်၍ သွားသည်။ ဟောတိ၊ ဖြစ်ပါသနည်း။ (သိကြားမင်းက မေးလျှောက်ချက်)။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ ယံကိဉ္စိ၊ အလုံးစုံသော။ သုခံဝါ၊ သုခလည်းဖြစ်ထသော။ ဒုက္ခံဝါ၊ ဒုက္ခလည်းဖြစ်ထသော။ အဒုက္ခမသုခံဝါ၊ သုခဒုက္ခမှ အလွတ်ဥပေက္ခာလည်းဖြစ်ထသော။ ဝေဒယိတံ၊ ခံစားမှုသည်။ အတ္ထိ၊ ရှိ၏။

တာသုဝေဒနာသု၊ ထိုသုံးပါးသော ခံစားမှုတို့၌။ အနိစ္စနုပဿီ၊ အနိစ္စဟု အဖန်ဖန်ရှုလေ့ ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

တာသုဝေဒနာသု၊ ထိုသုံးပါးသော ဝေဒနာတို့၌။ အနိစ္စနုပဿီ၊ အနိစ္စဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရန္တော၊ နေသောသူသည်။ လောကေ၊ လောက၌ ကိဉ္စိ၊ တစ်စုံတစ်ခုသော အာရုံကို။ နဉပါဒိယတိ၊ မစွဲလမ်း။

အနုပါဒိယန္တော၊ မစွဲလမ်းသည်ရှိသော်။ နပရိတဿတိ၊ မတောင့်တ။ အပရိတဿန္တော၊ မတောင့်တသည်ရှိသော်။ ပစ္စတ္တညေဝ၊ မျက်မှောက်ဘဝ၌ပင်လျှင်။ ပရိနိဗ္ဗာယတော၊ ကိလေသာမီးငြိမ်းခြင်းသို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။

ဒေဝေါနမိန္ဒ၊ သိကြားမင်း။ ဧတ္တာဝတာ၊ ဤမျှလောက်သော အကျင့်ဖြင့်။ တဏှာသင်္ခယဝိမုတ္တော၊ တဏှာ၏ ကုန်ရာ နိဗ္ဗာန်သို့ ကျွတ်လွတ်၍သွားသည်။ ဟောတိ၊ ဖြစ်၏။ (မြတ်စွာဘုရားက ဖြေကြားတော်မူချက်)။

ဝေဒနာသုံးပါး၌ အနိစ္စကောင်းကောင်းထင်မြင်နိုင်ပါလျှင် ဤဘဝမှာပင် နိဗ္ဗာန်သို့ ပေါက်ရောက်နိုင်၏ ဟူလိုသည်။ (တဏှာသင်္ခယသုတ် ပါဠိတော်)

## ဝေဒနာသုံးဝ၌ အနိစ္စရှုပုံ

ဝေဒနာသုံးပါး၌ အနိစ္စအလုပ်ဖွင့်နည်းကို ပြဆိုလိုက်အံ့။

ဝေဒနာ သုံးပါးတို့တွင် ဒုက္ခဝေဒနာသည် အထင်ရှားဆုံး ဖြစ်၏။ ထို့ကြောင့် ဒုက္ခဝေဒနာ၌ အနိစ္စရှုနည်းကို ရှေးဦးစွာ ပြဆိုရာ၏။

www.dhammaransi.com



ဒုက္ခဝေဒနာသည် ကာယိက ဒုက္ခဝေဒနာ, စေတသိက ဒုက္ခဝေဒနာဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ယာယိက ဒုက္ခဝေဒနာသည် အတွင်းအပ တစ်ကိုယ်လုံး၌ အနှံ့အပြား ဖြစ်ပေါ်နိုင်၏။ စေတသိက ဒုက္ခဝေဒနာသည် စိတ်နှလုံးတွင်းမှာသာ ဖြစ်ပေါ်နိုင်၏။

ကာယိက ဒုက္ခဝေဒနာ ဆိုသည်ကား မခံသာသော ပူမှု, အိုက်မှု, အေးမှု, ချမ်းမှု, နာမှု, ကျင်မှု, ကိုက်မှု, ခဲမှု အစရှိသည်သည် ကာယိက ဒုက္ခဝေဒနာမည်၏။

စေတသိက ဒုက္ခဝေဒနာ ဆိုသည်ကား စိတ်နှလုံးမချမ်းသာမှု, စိတ်နှလုံး မသက်သာမှု, စိတ်နှလုံးပူပန်မှု, စိတ်နှလုံးပင်ပန်းမှု, စိတ်နှလုံးညှိုးနွမ်းမှု စုသည် စေတသိက ဒုက္ခဝေဒနာမည်၏။ ဒုက္ခဝေဒနာ နှစ်ပါးခွဲနည်းပြီး၏။

ဖဿပစ္စယာဝေဒနာ။ ။ ဖဿပစ္စယာ၊ ထိုထို ကိုယ်အင်္ဂါအစိတ်၌ သော်လည်းကောင်း၊ စိတ်နှလုံး၌ သော်လည်းကောင်း ထိုထိုအာရုံတို့၏ ထိခိုက်မှုကြောင့်။ ဝေဒနာ၊ ဝေဒနာ ဟူသော ဓာတ်ဝိသေသသည်။ သမ္ဘဝတိ၊ တဘွားဘွား ဖြစ်ပေါ်၏။

ဤပါဌ်၏ အဓိပ္ပာယ်ကိုမူကား ဓာတ်ရုပ်ကြီးဥပမာဖြင့် ထင်ရှားစေရာ၏။ ပြဒါး, စိန်, ဆေးဒါန်း အစရှိသော ဓာတ်သတ္တုမျိုးတို့၌ အလွန်လိမ္မာသော ဆရာသည် ထိုဓာတ်သတ္တုမျိုးတို့ဖြင့် အလွန်ဆန်းကြယ်စွာ ပြုလုပ်အပ်သော လူ့သဏ္ဌာန်ပမာဏ ရှိသော မီးဓာတ်ရုပ်ကြီးတစ်ခု ရှိသတတ်။

ထိုဓာတ်ရုပ်ကြီး၌ ဘယ်နေရာမှာမဆို တစ်စုံတစ်ခုသော ဝတ္ထုဖြင့် ထိခဲ့သည် ရှိသော် ထိရာတိုင်း ထိရာတိုင်းမှာ ရဲခနဲ ရဲခနဲ မီးပေါ်၏။ ထိမှုလွတ်ကွာပြန်လျှင် ထိုမီး သေပျောက်ပြန်၏။ ပြင်ပမှ မီးရှိန်ထိရာ, နေရှိန်ထိရာ, လေထိရာ, ရေထိရာ တို့၌လည်း ထိုအတူပင်။

လူတို့၌ ဥတုပြောင်း ဥတုလဲကြိမ်၍ ဓာတ်လေးပါးလှုပ်ရှားခြင်း ဖြစ်ကြလျှင်လည်း ထိုဓာတ်ရုပ်ကြီး၏ အတွင်းရှိဓာတ်သားတို့သည် လှုပ်ရှားကြွရွခြင်း ရှိကြကုန်၏။

အတွင်းရှိ ဓာတ်သားတို့ လှုပ်ရှားကြွရွရာဌာနတို့၌ ဓာတ်သားချင်းချင်း ခိုက်မှု တိုက်မှု တိုးဝှေ့မှု ရှိတိုင်း ရဲခနဲ ရဲခနဲ မီးပေါ်၏။

လူတို့ကဲ့သို့ ခြေအင်္ဂါ, လက်အင်္ဂါ, ဦးခေါင်းအင်္ဂါ, ကိုယ်အင်္ဂါလှုပ်ရှားမှု ထိုင်မှု

www.dhammaransi.com



ထမှ သွားမှုတို့ကို ထိုဓာတ်ရုပ်ကြီး ပြုလုပ်သောအခါ အတွင်းအပ လှုပ်ရှားရာဌာနတို့၌ မီးပေါ်၏။

ထိုဓာတ်ရုပ်ကြီး၏ ကျောက်ကုန်းသား တစ်ပြင်လုံး၌ မီးရှိန်နေရှိန်စသည် တစ်ပြိုင်နက် ထိခိုက်ရာ ကျောက်ကုန်းသား တစ်ပြင်လုံး တစ်ပြိုင်နက် မီးပေါ်၏။

ကြွင်းသော အတွင်းအပ ဓာတ်သားတို့၌လည်း ဤနည်းတူ သိလေ။

ထိုမီးသည် ဓာတ်ရုပ်ကြီး၏ ဓာတ်သားကို လောင်မှုမရှိ၊ ဓာတ်သားကို စွဲမှီရုံမျှသာ ဖြစ်၏။ မီးရှိန်နေရှိန် စသည်ထိခိုက်မှု စဲကင်းပြန်လျှင် ထိုမီးသည် ခဏချင်း သေဆုံးကွယ်ပျောက်၏။ ထိုနေရာမှာ ပကတိဓာတ်သားအတိုင်းသာ တည်ရှိ၏။

ထိုကြောင့် ထိုမီးသည် ဓာတ်ရုပ်ကြီး၏ အတွင်း၌ ဖြစ်ပေါ်သော်လည်း ဓာတ်ရုပ်ကြီး ဆိုင်ရာမဟုတ်၊ ခဏခဏဖြစ်ပေါ်၍ ခဏခဏ သေဆုံးသော အာဂန္တု မီးသက်သက်သာတည်းဟု ဉာဏ်တွင် ထင်မြင်ပိုင်းခြားနိုင်ရာ၏။

ဤကား - ဓာတ်ရုပ်ကြီး ဥပမာတည်း။

ဥပမေယျ၌ - သတ္တဝါ၏ ကိုယ်ခန္ဓာသည် ဓာတ်ရုပ်ကြီးနှင့် တူ၏။

သတ္တဝါ၏ ကိုယ်ခန္ဓာကြီးမှာ ခြေဖဝါး အပြင်မှ စ၍ ဆံပင်ဖျားတိုင် ကိုယ်ခန္ဓာ ကြီး၌ရှိသော ရုပ်ခန္ဓာစုသည် ထိုဓာတ်ရုပ်ကြီး တစ်ခုလုံးရှိ ဓာတ်သားစုနှင့်တူ၏။

ထိုဓာတ်ရုပ်ကြီး၌ ဘယ်နေရာမှာမဆို တစ်စုံတစ်ခုသော ဝတ္ထုနှင့် ထိခိုက်မှု တိုက်ခိုက်မှု ထိပါးမှုတို့နှင့် သတ္တဝါ၏ ကိုယ်ခန္ဓာ၌ဘယ်နေရာမှာမဆို မီးရှိန်နေရှိန် လေရေ အဝတ်အရုံ အခင်းအနှီး မြေကြီးကျောက်အုတ် တုတ်ဓားဆူးငြောင့်စသော တစ်စုံတစ်ခုသော ဝတ္ထုနှင့် ထိခိုက်ထိပါးမှုဟူသော ဖဿတရားနှင့် တူ၏။

ခြေဖဝါးတစ်ပြင်လုံး တစ်ပြိုင်နက် ထိပါးခဲ့ပါလျှင် ခြေဖဝါးတစ်ပြင်လုံး တစ်ပြိုင်နက်ကဲ့သို့ ဖဿဓာတ်တွေဖြစ်ပေါ်၏။

ဖဿပစ္စယာဝေဒနာဟူ၍ ဟောတော်မူသောကြောင့် ဖဿဓာတ်ဖြစ်ပေါ် သမျှ နေရာစုံ၌ ဒုက္ခဝေဒနာဓာတ်လည်း အပြည့်ဖြစ်ပေါ်၏။

တစ်ကိုယ်လုံးမှာ ဤနည်းအတိုင်းသိလေ။

တစ်ကိုယ်လုံးမှာ ထိုထိုနေရာ၌ ဝေဒနာဓာတ် ဖြစ်ပေါ်မှုသည် ဓာတ်ရုပ်ကြီး မှာ ထိုထိုနေရာ၌ မီးပေါ်မှုနှင့် တူ၏။

www.dhammaransi.com



ခေတ်ရုပ်ကြီးမှာ ကိုယ်တွင်းရှိ ခေတ်သားလှုပ်ရှား ထကြွရာဌာနတို့၌ ခေတ်သား ချင်းချင်း ခိုက်မှုတိုက်မှု တိုးဝှေ့မှုတို့ဖြစ်ကြသောအခါ ခိုက်ရာတိုက်ရာ တိုးဝှေ့ရာဌာန တို့၌ မီးဖြစ်ပေါ်ခြင်းကဲ့သို့ သတ္တဝါ၏ ကိုယ်ခန္ဓာမှာ ကိုယ်တွင်းရှိ ခေတ်လေးပါးတို့ လှုပ်ရှားထကြွရာဌာနတို့၌ အတွင်းခေတ်ချင်းချင်း တိုက်မှု ခိုက်မှု တိုးဝှေ့မှု ဖြစ်ကြသောအခါ ခိုက်ရာတိုက်ရာ တိုးဝှေ့ရာဌာနတို့၌ ဒုက္ခဝေဒနာခေတ် ဖြစ်ပေါ်၏။

တိုက်ခိုက် တိုးဝှေ့မှု ဒဏ်ဟုန်ပြေပျောက်လျှင် ထိုမီးသည် သေဆုံးကွယ် ပျောက်လေသကဲ့သို့ သတ္တဝါတို့၏ ကိုယ်ခန္ဓာမှာလည်း နေရှိန် မီးရှိန် စသည်ထိခိုက် ရာဌာနတို့၌ ဖြစ်ပေါ်သော ဒုက္ခဝေဒနာတို့သည် ထိခိုက်မှုဒဏ်ဟုန်ပြေပျောက်လျှင် အကုန်လုံး သေဆုံး ကွယ်ပျောက်ကြလေကုန်။

အထူးကား - ခေတ်ရုပ်ကြီးမှာ နှစ်နေရာ သုံးနေရာ လေးနေရာ စသည်တို့၌ မီးတို့သည်ပြိုင်၍ ပေါ်နိုင်ကုန်၏။

သတ္တဝါ၏ ကိုယ်ခန္ဓာ၌မူကား ထိုသို့ပြိုင်၍ ဝေဒနာဖြစ်ပေါ်ခြင်း မရှိ၊ တစ်ခုသော ကိုယ်အင်္ဂါမှာ ဝေဒနာခေတ် ဖြစ်ပေါ်ခိုက် ကြွင်းကျန်သောတစ်ကိုယ်လုံး မှာ ဖြစ်ပေါ်ခြင်းမရှိ၊ ဤကား အထူးတည်း။

ခေတ်ရုပ်ကြီး၌ ထိုမီး၏ ခဏခဏပျက်ဆုံးကွယ်ပျောက်မှုဟူသော အနိစ္စကို ဒိဋ္ဌမျက်မြင်ရအပ်သကဲ့သို့ သတ္တဝါ၏ ကိုယ်ခန္ဓာတစ်ခုလုံးမှာ ထိုထိုနေရာ၌ ထိုဒုက္ခဝေဒနာခေတ်၏ ခဏခဏ ဖြစ်ပေါ်၍ ခဏခဏ သေပျောက် ချုပ်ကွယ်မှု ဟူသော အနိစ္စအချက်ကိုလည်း ကိုယ်တွေ့ ဉာဏ်တွေ့ ဒိဋ္ဌမျက်မြင်ထင်နိုင်ရာ သတည်း။

**သိမှတ်ဖွယ်အထူးကား** - မိမိကိုယ်ခန္ဓာ၌ အနိဋ္ဌာရုံနှင့် တွေ့ကြုံလာမှ ဖြစ်ပေါ် လာသော ဒုက္ခဝေဒနာ ခေတ်ကြီးသည် ရံဖန်ရံခါသာ ဖြစ်၏။ အမြဲရှုကြည့်ရန် ကိုယ်ခန္ဓာမှာ မပြတ်မစဲ ဖြစ်ပေါ်၍ နေသည် မဟုတ်။

ထိုကြောင့်ဒုက္ခဝေဒနာ ကမ္မဋ္ဌာန်းအလုပ်ကို ပွပြ ပိုသော ပုဂ္ဂိုလ်သည် မိမိကိုယ် ခန္ဓာ ကိုယ်အင်္ဂါ၌ ဒုက္ခဝေဒနာခေတ်ကြီးကို ဉာဏ်နှင့်ဖော်၍ ကြည့်ရှုပွားများ ရာ၏။

အဘယ်သို့ ဉာဏ်နှင့်ဖော်ရသနည်းဟူမူ - မိမိ ကိုယ်အင်္ဂါ၌ မီးရှိန်ထိခဲ့လျှင် ဘယ်လိုပူသည်၊ နေရှိန်ထိခဲ့လျှင် ဘယ်လိုပူသည် တစ်စုံတစ်ခုသော အုတ်ကျောက် သစ် ဝါး တုတ်ဓား လှံတံတို့ဖြင့် အပြင်းအထန် ထိခိုက်ခဲ့လျှင် ဘယ်လိုကျင်နာသည်

www.dhammaransi.com



ဤသို့ အစရှိသည်ဖြင့် ကိုယ်တွင်း ကိုယ်ပ ဒုက္ခဝေဒနာ ဓာတ်ကြီးဖြစ်မှုအမျိုးမျိုးတွေကို အတိတ်၌လည်း တွေ့ဖူးကြုံဖူး ခံရဖူးလှကြပြီ၊ အနာဂတ်၌လည်း တွေ့ကြကြုံကြ ခံရကြလတ္တံ့။

ထိုသို့ တွေ့ဖူးကြုံဖူး တွေ့ရ ကြုံရလတ္တံ့သော နာမှု, ကျင်မှု, ပူမှု, အေးမှု အစရှိသော ဒုက္ခဝေဒနာဓာတ်ကြီးတွေကို ယခုကိုယ်အင်္ဂါတွင်းမှာ ဉာဏ်နှင့် ဖော်၍ ကြည့်ရမည်။

အဘယ်သို့ကြည့်ရမည်နည်းဟူမူ - ခြေဖဝါးအပြင်၌ အပြင်းအထန် တုတ်လှံတံ ထိခိုက်မိသည်ရှိသော် ထိုထိခိုက်ရာဌာနမှာ ဘယ်လိုနာလတ္တံ့ ဘယ်လိုအနာဖြစ်ပေါ်၍ လာလတ္တံ့ဟု ဉာဏ်နှင့် ကြံဖန်၍ ဖော်ရာ၏။

မထိခိုက်မီ ခြေဖဝါးအပြင်မှာ ထိုကျင်နာမှုမရှိ၊ ထိခိုက်သော အခါမှ ထိုကျင်နာမှု ဖြစ်ပေါ်၍ လာသည်ကိုကား လူတိုင်း သိကြ၏။

ခြေဖဝါးအပြင်သည်ကား ရူပက္ခန္ဓာကြီးတည်း။

ထိုခြေဖဝါးအပြင်မှာ ယခုဖြစ်ပေါ်၍လာသော ကျင်နာမှုကားဝေဒနာ-က္ခန္ဓာကြီးတည်းဟု ခြားနား၍မူကား မသိကြ၊ ထိုကျင်နာမှုကား ဝေဒနာက္ခန္ဓာကြီး တည်း။

သညာက္ခန္ဓာကြီး, သင်္ခါရက္ခန္ဓာကြီး, ဝိညာဏက္ခန္ဓာကြီး သုံးပါးတို့သည်လည်း ထိုဝေဒနာက္ခန္ဓာကြီးနှင့် ဖြစ်အတူ ပျက်အတူ မကွေမကွာ အတူပါမြဲ ဓမ္မတာဖြစ်ရကား ထိုကျင်နာမှုမှာ နာမက္ခန္ဓာကြီးလေးပါး ဖြစ်ပေါ်မှုပင်ဖြစ်၏။

ခြေဖဝါးအပြင်ဟူသော ရူပက္ခန္ဓာကြီးနှင့် ပေါင်းသည်ရှိသော် ထိုကျင်နာရာ ဌာနမှာ ခန္ဓာကြီးငါးပါး ပေါင်းဆုံမိကြ၏။

ထိုအခိုက်အတန့်၌ ထိုကျင်နာရာဌာနမှ ကြွင်းကျန်သမျှ တစ်ကိုယ်လုံးမှာ ရူပက္ခန္ဓာကြီးတစ်ခု ရှိမြဲဓမ္မတာတည်း။

နာမက္ခန္ဓာကြီးလေးပါး အတူတကွ ပေါ်ရှိကြသော်လည်း ဝေဒနာက္ခန္ဓာ သည်သာ အထင်ရှားဆုံးဖြစ်၏။

ယခုပြဆိုခဲ့ပြီးသော အလုပ်ကလည်းဝေဒနာက္ခန္ဓာ အလုပ်ဖြစ်၏။ ထိုကြောင့် ကျင်နာမှုဟူသော ဝေဒနာက္ခန္ဓာကြီး တစ်ခုကိုသာ လိုရင်းပြု၍ ပြဆိုခဲ့ပေသတည်း။

ကျင်နာမှုဟူသော ဝေဒနာက္ခန္ဓာကြီးကို မျက်စိနှင့် မြင်သကဲ့သို့ ဉာဏ်နှင့် ပြက်ပြက်ထင်ထင် မြင်အောင်ရှု၊ ခြေဖဝါးအပြင်ဟူသော ရူပက္ခန္ဓာကြီးနှင့် ထွေး၍ မနေစေလင့်။

www.dhammaransi.com



လောကဥ္စမူကား ခြေဖဝါးနာသည်ဟူ၍ ခြေဖဝါးနှင့်နာမှု တစ်ခုတည်းပြု၍ ထားကြ၏။

ခြေဖဝါးကား ရူပက္ခန္ဓာကြီးတည်း၊ နာမှုကား ဝေဒနာက္ခန္ဓာကြီးတည်းဟု ခန္ဓာကြီးနှစ်ပါး ခွဲခြမ်း၍ မသိကြ။

ခြေဖဝါးအပြင်ကား ရုပ်တရားတည်း၊ နာမှုကား နာမ်တရားတည်း။

ကြည်လှစွာသော ရေရှိသောရေအိုင်ထဲမှာ ရေပိုး ရေမွှား ပြေးသွား၍ နေကြသည်ကို ကြည့်ရှုကြရာ၌ ရေတခြား ပိုးမွှားတခြား ခြားနား၍ မြင်ကြသကဲ့သို့ ခြေဖဝါးအပြင်ဟူသော ရုပ်ခန္ဓာကြီးကားတခြား၊ ကျင်နာမှုဟူသော နာမ်ခန္ဓာကြီးကား တခြား ခြားနား၍ ထင်မြင်အောင်ရှု။

(ဤကားဝေဒနာက္ခန္ဓာကြီးကို ဉာဏ်နှင့်မိအောင်ဖမ်းယူသော အခန်းတည်း။)

ဝေဒနာက္ခန္ဓာကြီးကို ဉာဏ်၌ လှလှဖမ်းမိ၍ ကောင်းကောင်းကြီး ထင်မြင်နိုင်သောအခါ-

(၁) ထိုဝေဒနာက္ခန္ဓာကြီး၏ ဥဒယမှုကို ဒိဋ္ဌမြင်အောင် ရှုရာ၏။

(၂) ထိုဝေဒနာက္ခန္ဓာကြီး၏ ဝယမှုကို မြင်အောင် ရှုရာ၏။

ထိုဝေဒနာက္ခန္ဓာကြီး၏ ဥဒယမှုဆိုသည်ကား. . . အပြင်းအထန် တုတ်လှံတံ ထိခိုက်မှုကြောင့် ထိုကျင်နာမှု ဝေဒနာက္ခန္ဓာကြီး တဘွားဘွား ဖြစ်ပေါ်မှုသည် ဥဒယမှု မည်၏။

ထိုနေရာ၌ ထိခိုက်မှုဒဏ်ဟုန် ပြေပျောက်သောအခါ ထိုနာမှု ဟူသော ဝေဒနာ က္ခန္ဓာကြီး၏ ချုပ်ပျောက်ပျက်ဆုံးမှုသည် ဝယမှုမည်၏။

ဥဒယမှုကား. . . ထိုဝေဒနာက္ခန္ဓာကြီး၏ ရှေ့အစွန်းတည်း။

ဝယမှုကား. . . ထိုဝေဒနာက္ခန္ဓကြီး နောက်အစွန်းတည်း။

ဤကား - ခြေဖဝါးအပြင်၌ ဒုက္ခဝေဒနာက္ခန္ဓာကြီးဖြစ်ပေါ်ရာ၌ ဥဒယဗ္ဗယ ဉာဏ်ဖြစ်ပုံ အစီအရင်တည်း။

ဤခြေဖဝါးမှာ ဖြစ်ပေါ်သော ဒုက္ခဝေဒနာက္ခန္ဓာကြီး၌ ဥဒယဗ္ဗယဉာဏ်လှလှ တည်ထောင်မိသောအခါ၊ တစ်ကိုယ်လုံးမှာ ထိုနည်းတူ ဒုက္ခဝေဒနာကြီးကို ဉာဏ်နှင့်

www.dhammaransi.com



လုပ်ကြံထုတ်ဖော်၍ ကြည့်ရှုတိုင်း ကြည့်ရှုတိုင်း ဥဒယဗ္ဗယ ဉာဏ်ကို ရနိုင်လတ္တံ့။

ဤဒုက္ခဝေဒနာက္ခန္ဓာကြီးကို တစ်ကိုယ်လုံးမှာ အတွင်းအပ အပ်သွားရာမျှ မလပ်ရအောင် အထပ်ထပ် ဖော်၍ရှုလေ။

(ဒုက္ခဝေဒနာ၌ ဥဒယဗ္ဗယဉာဏ် အလုပ်ဖွင့်နည်းပြီး၏။)

ယခုအခါ သုခဝေဒနာ၌ ဥဒယဗ္ဗယဉာဏ် အလုပ်ဖွင့်နည်းကို ပြဆိုပေအံ့။

သုခဝေဒနာ ဆိုသည်ကား. . . ခံ၍ကောင်းသောအမှုတည်း၊ ဤခံ၍ ကောင်းသောအမှုကို ချမ်းသာမှုဆိုသည်။

ပူအိုက်သောအခါ ထိုခြေဖဝါးအပြင်မှ အေးမြစွာသောရေကို သွန်းလောင်း ခဲ့အံ့၊ ခြေဖဝါးအပြင်မှာ အေးမြစွာသော ရေ၏ တွေ့ခြင်း ထိခြင်းဟူသော ဖဿတရား ဖြစ်ပေါ်ခြင်းကြောင့် ခံ၍ကောင်းခြင်းဟူသော သုခ ဝေဒနာက္ခန္ဓာကြီးသည် တဘွားဘွားဖြစ်ရာ၏။

ထိုအေးမြစွာသောရေ၏ တွေ့ခြင်း ထိခြင်းဟူသော ဖဿတရားကုန်ခန်း ကွယ်ပျောက်၍ သွားသောအခါ ထိုခံ၍ ကောင်းခြင်း ဟူသော သုခဝေဒနာက္ခန္ဓာ ကြီးသည် ချုပ်ပျောက် ကွယ်ဆုံးလေ၏။

(၁) ခြေဖဝါးအပြင်ဟူသော ရူပက္ခန္ဓာကြီးနှင့် တစ်ခုတည်း ထင်မြင်မှု ကွယ်ပျောက်ရန် သုခဝေဒနာက္ခန္ဓာကြီးကို သီးသန့်ခြားနားစွာ ဉာဏ်၌ ထင်မြင်အောင် ရှုမှု။

(၂) ထိုသုခဝေဒနာက္ခန္ဓာကြီး၏ ဥဒယစွန်းကို ဉာဏ်၌ ထင်မြင်အောင် ရှုမှု။

(၃) ထိုသုခဝေဒနာက္ခန္ဓာကြီး၏ ဝယစွန်းကို ဉာဏ်၌ ထင်မြင်အောင် ရှုမှု။

ဤသုံးချက်ကို လှလှမိအောင် အားထုတ်လေ။

ဤနည်းအတိုင်း တစ်ကိုယ်လုံးမှာ အတွင်းအပ အပ်သွားရာမျှ မကျန် ရအောင် တွေ့ဖူးသမျှ ကြုံဖူးသမျှ သုခဝေဒနာက္ခန္ဓာကြီးတွေကို ဉာဏ်နှင့် ထုတ်ဖော်၍ ကြည့်ရှုလေ။

www.dhammaransi.com



ဓာတ်ရုပ်ကြီးဥပမာနှင့်တကွ ဒုက္ခဝေဒနာက္ခန္ဓာကြီးမှာ ပြဆိုခဲ့သမျှ အလုံးစုံကိုလည်း ဤသုခဝေဒနာ၌ ယူဆောင်၍ သိလေ။

(သုခဝေဒနာ၌ ဥဒယဗ္ဗယဉာဏ် အလုပ်ဖွင့်နည်းကို ပြဆိုခန်းပြီး၏။)

## စေတသိက်ဝေဒနာတို့၌ ဥဒဗ္ဗယဉာဏ် အလုပ်ဖွင့်ပုံ

ယခုအခါ စေတသိကဒုက္ခဝေဒနာ, စေတသိက သုခဝေဒနာတို့၌ ဥဒယဗ္ဗယဉာဏ် အလုပ်ဖွင့်နည်းကို ပြဆိုပေအံ့။

အနိဋ္ဌာရုံ အနိဋ္ဌမှု အနိဋ္ဌဝတ္ထုတို့နှင့် တွေ့ကြုံ၍ စိတ်မသာခြင်း စိတ်ပင်ပန်းခြင်းမှုသည် စေတသိကဒုက္ခမည်၏။

ထိုဒုက္ခဝေဒနာသည် ရင်ချိုင့်အတွင်းမှာ တည်ရှိသော နှလုံးအိမ်တွင်းရှိ နှလုံးသွေးအတွင်းမှာ တဘွားဘွားဖြစ်ပေါ်၏။

ဤနှလုံးသွေး၏ အတွင်း၌လည်း ထိုဝေဒနာသည် ရံခါရှေ့အဖို့၌ တဘွားဘွား ဖြစ်ပေါ်၍ ထိုဖြစ်ပေါ်ရာဌာန၌ပင် ချုပ်ပျောက်ကွယ်ဆုံး၏။

ရံခါနောက်အဖို့၌ တဘွားဘွား ဖြစ်ပေါ်၍ ထိုဖြစ်ပေါ်ရာဌာန၌ပင် ချုပ်ပျောက်ကွယ်ဆုံး၏။

ရံခါလက်ယာအဖို့၌ ဖြစ်ပေါ်၍ ထိုဖြစ်ပေါ်ရာဌာန၌ပင် ချုပ်ပျောက်ကွယ်ဆုံး၏။

ရံခါလက်ဝဲအဖို့၌ ဖြစ်ပေါ်၍ ထိုဖြစ်ပေါ်ရာဌာန၌ပင် ချုပ်ပျောက်ကွယ်ဆုံး၏။

ရံခါ အလယ်တည့်တည့်အဖို့၌ တဘွားဘွား ဖြစ်ပေါ်၍ ထိုဖြစ်ပေါ်ရာဌာန၌ပင် ချုပ်ပျောက်ကွယ်ဆုံး၏။

ဤသို့ အစရှိသည်ဖြင့် ဖြစ်ပေါ်ရာဌာနအများပင်ရှိ၏။

နှလုံးသွေးသည် ရူပက္ခန္ဓာကြီးတည်း၊ နှလုံးမသာမှု စိတ်မချမ်းသာမှု သည် ဝေဒနာက္ခန္ဓာကြီးတည်း။

(ဤကား ခန္ဓာခွဲခန်းတည်း)

www.dhammaransi.com



ထိုဝေဒနာက္ခန္ဓာကြီး၏ အနိဋ္ဌာရုံ ထိခိုက်မှုကြောင့် တဘွားဘွား ဖြစ်ပေါ်၍ နေမှုသည် ဥဒယမှုတည်း။

အနိဋ္ဌာရုံ ထိခိုက်မှု ပျောက်ကင်းပြန်လျှင် ထိုနေရာ၌ပင်လျှင် ထိုနေရာ၌ ပင်လျှင်အကုန်ပျောက်ကွယ် သေဆုံးမှုသည် ဝယမှုတည်း။

ထိုနှလုံးမသာမှု စိတ်မချမ်းသာမှု ဟူသော ဝေဒနာက္ခန္ဓာကြီးနှင့်တကွ ထိုခန္ဓာကြီး၏ ဖြစ်ပေါ်မှု ပျက်ဆုံးမှုကို မျက်စိနှင့်မြင်ရသကဲ့သို့ ဉာဏ်၌ ဒိဋ္ဌ ထင်မြင်အောင် ရှုရာ၏။

**(ဤကား စေတသိကဒုက္ခဝေဒနာ၌ ဥဒယဗ္ဗယဉာဏ် အလုပ်ဖွင့်ပုံ နည်းလမ်းကို ပြဆိုခန်းတည်း။)**

မိမိအလိုရှိအပ် ချစ်မြတ်နိုးအပ်သော ဣဋ္ဌာရုံ ဣဋ္ဌာဝတ္ထု ဣဋ္ဌအမှုတို့နှင့် တွေ့ကြုံဆဲအခါ၌ စိတ်နှလုံးရွှင်လန်းမှု စိတ်နှလုံးချမ်းသာမှုသည် စေတသိကသုခ ဝေဒနာမည်၏။

အကြွင်းမှာ စေတသိကဒုက္ခဝေဒနာ၌ ပြဆိုခဲ့ပြီးသော နည်းလမ်းအတိုင်း အကုန်ချဲ့၍ သိလေ။

**(ဤကား စေတသိကသုခဝေဒနာ၌ ဥဒယဗ္ဗယဉာဏ် အလုပ်ဖွင့်ပုံ နည်းလမ်းကို ပြဆိုခန်းတည်း။)**

ထင်ပေါ်ထိခိုက်လာသော ဣဋ္ဌမဇ္ဈတ္တာရုံကို အာရုံပြု၍ လျစ်လျူရှုခြင်း ဟူသော ဥပေက္ခာ ဝေဒနာ သည်ကား စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ မနောဒွါရဟူသော ငါးဒွါရတို့၌ ဖြစ်၏။

မျက်စိနှင့် ထိုထိုဝတ္ထုကို မြင်ဆဲအခါ၌ မျက်စိထဲမှာ တဘွားဘွား ဖြစ်ပေါ်၏။ နားနှင့် ထိုထိုအသံကို ကြားဆဲအခါ၌ နားတွင်းမှာ တဘွားဘွား ဖြစ်ပေါ်၏။ နှာခေါင်းနှင့် ထိုထိုအနံ့ကို နံဆဲအခါ၌ နှာခေါင်းတွင်းမှာ တဘွားဘွား ဖြစ်ပေါ်၏။

လျှာနှင့်ထိုရသာရုံကိုသိသောအခါ၌ လျှာပေါ်မှာ တဘွားဘွားဖြစ်ပေါ်၏။

စိတ်နှင့် ထိုထိုအာရုံကို ကြံသိသောအခါ၌ နှလုံးသွေးအတွင်းမှာတဘွားဘွား ဖြစ်ပေါ်၏ ဤဥပေက္ခာ ဝေဒနာ၌လည်းတဘွားဘွား ဖြစ်ပေါ်၏။

တဘွားဘွားဖြစ်ပေါ်၏ဟူသော စကားကို စိတ်နှလုံး၌ အမြဲအစွဲထား၍ မျက်စိအစရှိသော ငါးဒွါရ ငါးဌာနတို့၌ အလှည့်အလည်အားဖြင့် တဘွားဘွား ဖြစ်ပေါ်မှု ရဲရဲငြိသော သံတွေခဲအပေါ်၌ တဘွားဘွားကျသော နှင်းပေါက်ငယ်တို့၏

www.dhammaransi.com



ခဏချင်း ခဏချင်း ကုန်ခန်းကွယ်ပျောက်ခြင်းကဲ့သို့ ထို့အတူထိုထိုနေရာ၌ တဘွားဘွားဖြစ်ပေါ် သော ဝေဒနာစေတ်ကြီးတို့၏ ခဏချင်းခဏချင်း ကုန်ခန်းသေဆုံးမှုတို့ကို ထင်မြင် အောင် ရှုလေ။

ဥပေက္ခာဝေဒနာမည်သည် သုခဝေဒနာ ဒုက္ခဝေဒနာတို့ကဲ့သို့ ထင်ရှား လှသော ဝေဒနာမဟုတ်၊ ခန္ဓာခွဲမှုမှာပင် ဉာဏ်၌ ဥပေက္ခာဝေဒနာကို မိမိရရ ထင်မြင်ခဲ၏။

ဖြစ်မှုပျက်မှုတို့၌ကား သာ၍ထင်မြင်ခဲတော့သည်။

ထို့ကြောင့်ဥပေက္ခာဝေဒနာကို ရှုသောပုဂ္ဂိုလ်သည် မျက်စိ၌ အမြင်စိတ် ပေါ်မှု ချုပ်မှု၊ နား၌အကြားစိတ်ပေါ်မှုချုပ်မှု၊ နှာခေါင်း၌ အနံ့စိတ်ပေါ်မှု ချုပ်မှု၊ လျှာ၌ ရသစိတ်ပေါ်မှုချုပ်မှု၊ မနော၌ ထိုထိုအာရုံကို အကြံစိတ် အသိစိတ် ပေါ်မှုချုပ်မှု တို့နှင့် ဖက်တွဲ၍ ဥပေက္ခာဝေဒနာက္ခန္ဓာကြီး၏ ဖြစ်ပေါ်မှု ချုပ်မှု ပျက်မှုကို ထင်မြင် အောင်ရှုလေ။

အဋ္ဌကထာတို့၌ကား ဥပေက္ခာ ဝေဒနာ မည်သည် မထင်ရှားလှသော ဝေ ဒနာဖြစ်၏

ထိုထိုဝေဒနာကို ဉာဏ်နှင့် ဦးတိုက် ဖမ်းယူခြင်းငှာ မတတ်ကောင်း၊ မိဂပဒဝဠဉ္ဇန နည်းအားဖြင့်သာ ဖမ်းယူရာ၏ဟု မိန့်ဆိုကြပေကုန်၏။

မိဂပဒဝဠဉ္ဇန နည်းအားဖြင့် ဖမ်းယူပုံကား မျက်စိနှင့် တစ်စုံတစ်ခုသော ဝတ္ထုကို ကြည့်ရှုထင်မြင်၍ နေဆဲအခါ၌ ကိုယ်အင်္ဂါမှာ လည်းကောင်း, စိတ်နှလုံးမှာ လည်းကောင်း သုခဝေဒနာ ဒုက္ခဝေဒနာ ဖြစ်ပေါ်၍လာသည်ဖြစ်၏။

သုခဒုက္ခဖြစ်ပေါ်ဆဲအခါ မျက်စိရှိဝေဒနာ ချုပ်ကွယ်ရာ၏။ မျက်စိမှာ ဥပေက္ခာဝေဒနာ ဖြစ်ပေါ်ဆဲအခါ ထိုသုခ ဒုက္ခ ချုပ်ကွယ်ရာ၏၊ ဤကဲ့သို့ အလှည့် အလည်အားဖြင့် ဖြစ်မြဲဓမ္မတာပေတည်း။

ထိုသို့ဖြစ်ရာ၌ ကာယ ဟဒယတို့၌ သုခဒုက္ခဖြစ်ပေါ်မှုကား ထင်ရှား၏။

အကြိမ်ကြိမ်ဖြစ်ပေါ်သော သုခဒုက္ခတို့၏ အကြားအကြား ခဏတို့၌ မျက်စိမှာ ဥပေက္ခာဝေဒနာ၏ ဖြစ်ပေါ်မှု၊ ချုပ်ကွယ်မှု၊ သဘာဝမှုတို့ကို ဉာဏ်နှင့်ဆ၍ သိရာ၏။

မျက်စိနှင့်ကြည့်မြင်၍နေဆဲမှာပင် ခြေဖဝါး၌ သုခ ဒုက္ခ ဝေဒနာဖြစ်ပေါ်မှု ထင်ရှားသိသာနိုင်လာခဲ့လျှင် မျက်စိရှိဥပေက္ခာဝေဒနာ ချုပ်ကွယ်မှုကို ဉာဏ်နှင့်ဆ၍ သိရာ၏။

www.dhammaransi.com



မျက်စိနှင့် ကြည့်မြင်၍နေဆဲအခါ ထိုထိုအင်္ဂါတို့၌ သုခဒုက္ခဖြစ်ပေါ်လာရာတို့၌လည်း ထိုနည်းအတူမှတ်။

ထိုထိုအသံကို ကြား၍နေဆဲအခါ ထိုထိုအနံ့ကို နံ၍နေဆဲအခါ ထိုထိုအရသာကို ခံစား၍ နေဆဲအခါ ထိုထိုကိုယ်အင်္ဂါ၌ သုခဝေဒနာ ဒုက္ခဝေဒနာ ကြားချပ်၍ ဖြစ်ပေါ်ရာတို့၌လည်း ထိုနည်းတူမှတ်လေ။

ဤကား မိဂပဒဝဠဉ္ဇန နည်းအားဖြင့် ဥပေက္ခာဝေဒနာ၌ ဥဒယဗ္ဗယ ဉာဏ်အလုပ်ဖွင့်ပုံ နည်းလမ်းကို ပြဆိုချက်တည်း။

ဝေဒနာသုံးပါးတို့၌ ဥဒယဗ္ဗယဉာဏ် ဟူသော အနိစ္စဉာဏ်အလုပ်ဖွင့်ပုံ နည်းလမ်းကို ပြဆိုချက် အမြွက်စကားပြီး၏။

**(အစ၌ထုတ်ပြခဲ့သော တဏှာသခ်ယသုတ် အလုပ်ဖွင့်နည်းဤတွင်ပြီး၏။)**

## ဝေဒနာသုံးချက်နှင့်ရေပွက်ဥပမာ

ဝေဒနာပုပ္ဖုဠူပမာ ဟူသော ဒေသနာတော်မြတ်၌ ရေပွက်ဥပမာကို ရှေးဦးစွာ ပြဆိုပေအံ့။

ရေတို့ဖြင့်ပြည့်သော အင်းအပြင် အိုင်အပြင် ရေကန်အပြင်တို့၌ လေငြိမ်လျက်သာ ကြီးစွာသော မိုးပေါက်တို့ဖြင့် မိုးကြီးသည်းထန်စွာ ရွာသော အခါ အင်းအပြင် အိုင်အပြင် ကန်အပြင် တို့မှာ ငွေကြယ်ပွင့်တွေ စီခြယ်၍ ထားဘိသကဲ့သို့ ဖွေးဖွေးဖြူသော ရေပွက်ကြီးငယ်တို့သည် အပြည့်ဖြစ်ပေကုန်၏။

မိုးစဲသောအခါ၌ တစ်ခုမကျန် ကွယ်ပျောက်ကုန်၏။ ရေအပြင်သာ ကျန်ရှိကုန်၏။ မိုးရွာဆဲအခါ၌လည်း ဖြစ်ပျက်မစဲ ရှိကုန်၏။

ထိုရေပွက်ဖြစ်ပုံကား အဟုန်နှင့်တကွ ကျလာသော မိုးပေါက်ကြီးသည် အောက်ခံရေထဲသို့ စူးမြုပ်၍သွားပြီးလျှင် ရေချင်းချင်းဖြစ်၍ အောက်ရေနှင့် ရောမိကြ၏။

မိုးပေါက်နှင့်အတူပါသောလေသည်ကား ရေထဲမှာ ကျန်ရှိလေ၏။ လေမည်သည် အာကာသရှိ နေ၏၊ ရေမည်သည် ယိုစီးမှုရှိ၏၊ အာကာသကို ဖျက်၏၊ ထိုလေသည် နေရာမရှိ၊ မိုးပေါက်ကျရာလမ်းသို့ မီးခိုးလျှောက်တက်လာ၏။

ဖွဲ့စည်းခြင်း လက္ခဏာရှိသော အာပေါသည် ထိုလေကို အုပ်ဆောင်းနှင့်

www.dhammaransi.com



အုပ်သကဲ့သို့ အုပ်၏။ အုပ်သော်လည်း အောက်ရေ ဖိညှပ်သည့်အတွက် အတင်းတိုးတက်၍လာ၏။

ရေအပြင်ပေါ်သို့ရောက်၍ အောက်ရေဖိညှပ်မှုမရှိသောအခါမှ အကာသအတည်ရသဖြင့် ရေလွှာအုပ်နိုင်လေ၏၊ ရေပွက်ဖြစ်လေ၏၊ အနှစ်အမာမရှိသည့်အတွက်ကြောင့် ခဏချင်း ခဏချင်း ပျက်လေ၏။

စိတ်ပညာမပြည့်ဝသော သူရူးသူနှမ်းတစ်ယောက်သည် ရှိလေရာ၏၊ ရေပွက်ကို ငွေကြယ်ပွင့်ထင်မှတ်၍ အလွန်သာယာစွဲလမ်းမှုရှိ၏၊ ရေပွက်ကိုကြည့်၍ မြင်၍ ကိုယ်တွယ်ထိပါး၍ နေရမှ နေနိုင်၏။

ရေပွက်နှင့်ကင်းကွာလျှင် မနေတတ် မထိုင်တတ် စိတ်ငြီးငွေ့ခြောက်ကပ်ပူပန်ခြင်းဖြစ်၏၊ မိုးရွာသောအခါ အင်းအိုင် ရေကန်သို့သွား၍ ရေပွက်တို့ကို ကြည့်ရှုကိုင်တွယ် ထိပါး စုဆောင်း၍နေ၏။

တစ်နေ့လုံးမိုးရွာ၍ တစ်နေ့လုံးမနေမနား စုဆောင်းသော်လည်း တစ်ပဲတစ်ရွေးမှ အသားမရ လူသာလွန်စွာ ပင်ပန်းရလေ၏၊ သူနှမ်းဖြစ်၍ ယူကောင်းရကောင်းသော အနှစ်သားမရှိဟု မသိ။

မိုးမရွာသောအခါ ရေရှိရာသို့သွား၍ ရေချင်းချင်းလောင်း၍ စုဆောင်းမြင်ရရုံ အတန်ငယ်မျှ ကိုင်ရရုံသာရှိ၏။

အသားတင်ကားမရ၊ မြင်ရလျက် အတန်ငယ် ထိရ ကိုင်ရလျက်ရှိသည့်အတွက်ကြောင့် အလွန်စွဲလမ်းချက် ရှိနေ၏။

မိမိနေအိမ်၌ ရေတို့ကို အိုးတို့ဖြင့် များစွာထမ်းထောင်၍ ထားရ၏၊ နေ့မဆို ညမဆို ထိုထိုစွဲလမ်းမှု လှုံ့ဆော်ပူပန်၍လာလျှင် ရေရှိရာသို့ ချဉ်းကပ်၍ ရေပွက်ဖြစ်ရန် ပယောဂနှင့် နေရ၏။

အနှစ်တစ်ရာနေ၍ ထိုစွဲလမ်းမှု တန်းလန်းနှင့်ပင် သေလွန်လေ၏။

မိုးကြီးစွာရွာဆဲအခါ၌ တစ်ကြိမ် တစ်ခါ များစွာစုဆောင်း ယူဆောင်၍ ထားလိုက်လျှင် အနှစ်တစ်ရာပတ်လုံး ရေနှင့်စပ်သော ဒုက္ခမျိုးတို့မှ ငြိမ်းလေရာ၏။

အနှစ်သာရမျိုးမဟုတ် ခဏချင်းခဏချင်း ချုပ်ပျက်မျိုး ဖြစ်သည့်အတွက် ထိုရေပွက်ကို တွယ်တာစွဲလမ်းမိသော သူနှမ်းသည် ရေကို ဘယ်အခါမှ မလွှတ်သာပြီ။

ရေနှင့်စပ်သော ဒုက္ခမျိုး ရေပွက်ပေါ်အောင် စေ့ဆော်ရသောပယောဂ

www.dhammaransi.com



ဒုက္ခမျိုးတို့သည် အသက်ရှည်သမျှကာလပတ်လုံး ထိုသူနှမ်းကို နေ့စဉ်နှိပ်စက်ညှဉ်းပန်းကုန်၏။

ထိုသူနှမ်းအား အကြင်အခါ၌ အနှမ်းပျောက်ပြေသဖြင့် ရေပွတ်၌ တွယ်တာစွဲလမ်းမှုသည် ပျောက်ကင်းလေရာ၏။

ထိုအခါမှစ၍ ထိုဒုက္ခမျိုးစုသည် အကုန်ကျွတ်လွတ်လေရာ၏။

ဤကား ရေပွတ်ဥပမာတည်း။

## ပုထုဇဉ်တို့၏ သူနှမ်းနှင့် တူပုံ

လူနတ်ဗြဟ္မာ ပုထုဇဉ်သတ္တဝါစုသည် ထိုသူနှမ်းနှင့်တူ၏။

လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာဟု ဆိုအပ်သော ပီတိသောမနဿသုခဝေဒနာစုသည် အနှစ်သာရမရှိသော ထိုရေပွက်တွေနှင့် တူ၏။

စက္ခုဒွါရ ခေါ်သော မျက်လုံး, သောတဒွါရခေါ်သောနား, ဃာနဒွါရခေါ်သော နှာခေါင်း, ဇိဝှါ ဒွါရခေါ်သော လျှာ, ကာယဒွါရခေါ်သော အတွင်းအပတစ်ကိုယ်လုံး, မနောဒွါရခေါ်သော စိတ်နှလုံး ဤဒွါရခြောက်ပါးစုသည် အင်းအပြင်၊ အိုင်အပြင်၊ ရေကန်အပြင်၊ ရေအင် ရေအိုး အခံရေစုနှင့် တူ၏။

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ ဟူသော အာရုံခြောက်ပါးစုသည် အိုင်အပြင် စသည်တို့၌ ကျရောက်သော ရေပေါက်တို့နှင့် တူ၏။

မျက်စိဥပစာ၌ ရှိကြကုန်သော အဆင်းသဏ္ဌာန် ဟူသမျှတို့သည် မျက်စိအပြင်၌ တိုက်ဆိုက် ကျရောက်ကုန်၏၊ နားဥပစာ၌ ဖြစ်လာကုန်သော အသံဟူသမျှတို့သည် နားအပြင်၌ တိုက်ဆိုက်ကျရောက်ကုန်၏။

နှာခေါင်း ဥပစာ၌ ရှိကြကုန်သော အနံ့ဟူသမျှတို့သည် နှာခေါင်းအပြင်၌ တိုက်ဆိုက် ကျရောက်ကုန်၏၊ လျှာပေါ်၌ ရောက်လာကုန်သော အရသာဟူသမျှတို့သည် လျှာအပြင်၌ တိုက်ဆိုက်ကျရောက်ကုန်၏။

ကိုယ်နှင့်ထိပါးကြသော ဖောဋ္ဌဗ္ဗာရုံ ဟူသမျှတို့သည် အတွင်းအပကိုယ်အင်္ဂါအပြင်၌ တိုက်ဆိုက်ကျရောက်ကုန်၏။

မိုက်ဂုဏ် လိမ္မာဂုဏ် အစရှိသော ဓမ္မာရုံဟူသမျှတို့သည် နှလုံးအပြင်၌ တိုက်ဆိုက် ကျရောက်ကုန်၏။

www.dhammaransi.com



ရေပွက်တို့မည်သည် မိုးသီး မိုးပေါက်ထိမှန်၍ နေဆဲအခါ၌သာ အိုင်အပြင်၌ တဘွားဘွား ဖြစ်ပေါ်၍ နေကုန်၏။

မိုးပေါက်ပြတ်စဲ၍ သွားခဲ့လျှင် ရေပွတ်တို့သည် တစ်ခုမကျန် ချုပ်ပျက် ကွယ်ပျောက်ကုန်၏။

ထိုအတူ ထိုထိုအာရုံတို့သည် ထိုဒွါရအပြင်၌ တိုက်ခိုက်ထိမှန်၍ နေဆဲအခါ၌ သာလျှင် ထိုထိုဒွါရအပြင်မှာ ခံစားမှု စံစားမှု ဟူသော ဝေဒနာတို့သည် တဘွားဘွား ဖြစ်ပေါ်၍ နေကုန်၏။

ထိုထို အာရုံနှင့် ကင်းကွာပြန်လျှင် ထိုဝေဒနာတို့သည် တစ်ခုမကျန် ချုပ်ပျက်ကွယ်ပျောက်ကုန်၏။

သူနှမ်းသည် ရေပွတ်အကုန် ကွယ်ပျောက်လျှင် မနေတတ် မထိုင်တတ် ခြောက်ထပ် ငြီးငွေ့ခြင်းသို့ ရောက်ပြန်သဖြင့် ရေရှိရာသို့ ကိုယ်တကြွကြွခေါင်း တမော့မော့ စိတ်တမော့မော့ ကြည့်မျှော်တသ ပူပန်ရသကဲ့သို့၊ ပုထုဇဉ်သတ္တဝါတို့သည်၊ စိတ်ပျော်စရာ အာရုံကင်းဆိတ်သဖြင့် ၆-ဒွါရမှာသုခဝေဒနာ အကုန်ကင်းကွာပြန်လျှင် မနေတတ် မထိုင်တတ် ခြောက်ထပ်ငြီးငွေ့ခြင်းသို့ ရောက်ကြသဖြင့် မိမိတို့ စိတ်ပျော်ရာ အာရုံရှိရာသို့ ကိုယ်တကြွကြွ ခေါင်းတမော့မော့ စိတ်တမော့မော့ ကြည့်မျှော်တ, သ ပူပန်ကြရကုန်၏။

ပူပန်မှု လှုံ့ဆော်ဖန်များသော် သူနှမ်းသည် နေ့မဆို ညဉ့်မဆို ရေရှိရာသို့ သွားရောက်ချဉ်းကပ်၍ ရေပွက်ဖြစ်ပေါ်ရန် ပယောဂနှင့် နေရသကဲ့သို့ သတ္တဝါတို့ သည် ပူပန်မှု လှုံ့ဆော်ဖန်များလတ်သော် အာရုံနှင့် ပေါင်းဆုံမှုထိုထိုဒွါရမှာ ဝေဒနာ ဖြစ်ပေါ်ရန် ပယောဂနှင့် နေကြကုန်၏။

ရေပွက်၌ သာယာတွယ်တာသော သူနှမ်းသည် ရေပွက်ကြီးကြီးမားမား များသည်ထက် များသည်ကိုသာ အလိုရှိ၏။

မိုးမည်သည် မိုးအခါတွင် ရံဖန်ရံခါ၌သာ ရွာ၏။

သူနှမ်းသည် ပူပန်မှု လှုံ့ဆော်ရာ ဘယ်အခါမဆို ရေပွက်ကို ရနိုင်ရန် ရေကန်, ရေတွင်း, အိုင်, အင်း, အိုး, အင်း ရေအများတို့ကို အမြဲထူထောင်ဝန်းရံ၍ ထားသကဲ့သို့ သတ္တဝါတို့သည် လိုသောအခါ ဝေဒနာကို ရနိုင်ကြရန် လူ မိန်းမ, လူမိဖုရား, နတ်မိန်းမ, နတ်မိဖုရား ဝတ်စားတန်ဆာ ရတနာ ရွှေငွေအစရှိသော အာရုံဝတ္ထုတို့ကို စုဆောင်းထူထောင် သိမ်းပိုက်မွေးမြူ၍ ထားကြရကုန်၏။

www.dhammaransi.com



ဝေဒနာကို သာယာတွယ်တာကြကုန်သော သတ္တဝါတို့မည်သည် သုခဝေဒနာ အလုံးအခဲ ကြီးသည်ထက်ကြီးမှု, များသည်ထက်များမှုများကို အလိုရှိမြဲဖြစ်ကုန်၏။

လူ့နတ်ပြဟ္မာချမ်းသာ စည်းစိမ်ဟူသော စကား၌ ၆-ဒွါရမှ ဖြစ်ပွားသော ဝေဒနာသည် လူ့ချမ်းသာ, နတ်ချမ်းသာ, ပြဟ္မာချမ်းသာ မည်၏။

လူမိန်းမ, လူမိဖုရား, နတ်မိန်းမ, နတ်မိဖုရား ဝတ်စားတန်ဆာ ရွှေငွေ ရတနာ အိမ်ရာဝင်းခြံ ဘုံဗိမာန် အစရှိသော မိမိ, မိမိတို့ ဆိုင်ပိုင်ရာ သက်ရှိ သက်မဲ့ အလုံးစုံသည် စည်းစိမ်မည်၏။

ရေသတ္တဝါ, ကုန်းသတ္တဝါ, ကောင်းကင်သတ္တဝါအများတို့၌ တရားသဖြင့် အသက်မွေးမှု, မတရားသဖြင့် အသက်မွေးမှု, စည်းစိမ်ဥစ္စာ ရှာကြံစုဆောင်း, စောင့်ရှောက်ထိန်းသိမ်းမှုတို့သည် သင်္ခါရ ဒုက္ခ မည်၏။

ဝေဒနာချမ်းသာကို ငါထင်၍ သာယာမှောက်မှား ရှိကြသည့်အတွက် စည်းစိမ်ဥစ္စာတို့ကို ငါ၏ဥစ္စာထင်၍ သာယာမှောက်မှား ရှိနေကြကုန်၏။

စည်းစိမ်ဥစ္စာတို့ကို ငါ၏ဥစ္စာထင်၍ သာယာမှောက်မှားမှု ရှိနေကြသည့် အတွက် ဆင်းရဲသားအလုပ်, သူကြွယ်အလုပ်, သူဌေးအလုပ်, မင်းစိုးရာဇာ တို့အလုပ်ဟု ဆိုအပ်သော သင်္ခါရ ဒုက္ခမှုတို့ကိုလည်း ကိုယ့်အလုပ် ကိုယ့်အကိုင် ကိုယ့်အရာ ကိုယ့်အကျိုး ကိုယ့်စီးပွား ထင်၍ သာယာ မှောက်မှားမှု ရှိနေကြကုန်၏။

လောက၌ ခပ်သိမ်းသော ဒုစ္စရိုက်မှု, ခပ်သိမ်းသော အပါယဒုက္ခမှု, ခပ်သိမ်းသော ဝဋ္ဋဒုက္ခမှုတို့သည် ထိုမှောက်မှားခြင်း ၃-ချက်တို့မှ ဖြစ်ပွားကြကုန်၏။

သူနှမ်းသည် အနှစ်သာရမရှိသော ရေပွတ်၌ သာယာတွယ်တာခြင်းလျှင် အရင်းရှိသော ရေနှင့်စပ်ဆိုင်သော ဒုက္ခတွေတန်းလန်းနှင့် သေဆုံးရလေသကဲ့သို့ ဤသတ္တဝါအပေါင်းတို့သည်လည်း အနှစ်သာရမရှိသော ဝေဒနာချမ်းသာကို သာယာ တွယ်တာခြင်း ရှိနေကြသည့်အတွက် အနမတဂ္ဂသံသရာ၌မှောက်မှားခြင်းသုံးပါး တန်းလမ်းနှင့်ပင် ဘဝတိုင်း ဘဝတိုင်း သေဆုံးခဲ့ကြရကုန်၏။

ဤကား ရေပွတ်ကဲ့သို့ အနှစ်သာရ မရှိသော အနိစ္စဓမ္မ အနတ္တဓမ္မကို သာယာ တွယ်တာကြကုန်သော သတ္တဝါတို့၏ ဓမ္မတာထုံးတမ်းသွားမြဲ လမ်းပေတည်း။

## ဝေဒနာသုံးပါး သင်တုံးသွားနှင့်တရားဆင်ပုံ

အလွန်တွေ့ကြုံခဲလှစွာသော ဗုဒ္ဓုပ္ပါဒဒုလ္လဘကို ရံဖန်ရံခါ တွေ့ကြုံကြကုန် သော်လည်း ဝေဒနာကို သာယာခြင်းလျှင် အရင်းရှိသော မှောက်မှားခြင်း ၃-ချက်

www.dhammaransi.com



သင်တုံးစက်ကြီး မိ၍နေကြသည့်အတွက် မြတ်စွာဘုရား၏ သားတော်အစစ် သမီးတော်အစစ် ဖြစ်ကြရန် အရေးကို ကျောပေး၍ ပေး၍ချည်း လာခဲ့ကြကုန်၏။

ဤကား ရေပွက်ကဲ့သို့ အနှစ်သာရ မရှိသော အနိစ္စဓမ္မ အနတ္တဓမ္မကို သာယာ တွယ်တာကြကုန်သော သတ္တဝါတို့၏ ဓမ္မတာထုံးတမ်း သွားမြဲလမ်းပေတည်း။

အကြင်ပညာရှိတို့သည် ဤကဲ့သို့သော ဝေဒနာ၏ အာဒီနဝဒုက္ခစက်ကြီးကို မြော်မြင်မိကြကုန်၏။

ထိုပညာရှိတို့သည် အဝတ်ကောင်း ဝတ်ခြင်း, အစားကောင်းစားခြင်း, ကျောင်းကောင်း, အိမ်ကောင်း, တိုက်ကောင်း, တာကောင်း, အိပ်ရာကောင်း, နေရာကောင်း၌ မွေ့လျော်ခြင်း၊ လူအလယ်, ရှင်အလယ်၌ တင့်တယ်သော ကျက်သရေကို ခံစားခြင်း အစရှိသော ဝေဒနာ အစီးအပွားတို့ကို တတ်အားသမျှ ဖြိုးခြံ၍ ယခုတွေ့ရှိကြသော ဘုရားသာသနာ၌ တရား ဘုရားသားတော်အစစ်, သမီးတော်အစစ် ဖြစ်နိုင်ကြရန် အရေးကိုသာ အလေးဂရု ကိုယ့်စီးပွားပြုကြလေကုန်၏။

ထိုပညာရှိသူ ရှင်လူများ ယောကျ်ားမိန်းမ အပေါင်းတို့သည်သာလျှင် ပြဆိုခဲ့ပြီးသော သတ္တဝါတို့၏ ဓမ္မတာထုံးတမ်း သွားမြဲလမ်းမှ ဆန်တက်ကြ၍ တွေ့ရှိသော သာသနာ၌ ဘုရားသားတော်အစစ်, သမီးတော်အစစ် ဖြစ်နိုင်ကြကုန်သဖြင့် အပါယဒုက္ခ, သံသရာဒုက္ခမှ ကျွတ်လွတ်ကြလေကုန်၏။

ဤကား ဝေဒနာက္ခန္ဓာ၏ ရေမြှုပ်နှင့်တူပုံကို အပြစ်ဒေါသ အာဒီနဝနှင့်တကွ အကြမ်းအားဖြင့် ပြဆိုချက်တည်း။

အနုအစိတ်အားဖြင့် ပြဆိုမှုကိုမူကား အနတ္တဒီပနီ စာအုပ်မှာ ဝေဒနာ၏ အာဒီနဝခန်း, အနိစ္စခန်း, ဒုက္ခခန်းတို့၌ ပြဆိုပါရှိလေပြီ။

ဝေဒနာက္ခန္ဓာသည် အနှစ် မရှိသည့်အတွက် ရေပွက်နှင့်တူသည် ဟူ၍ ဟောတော်မူသဖြင့် သိအပ်သော ဝေဒနာက္ခန္ဓာ၏ အနိစ္စ, ဝေဒနာက္ခန္ဓာ၏ ဒုက္ခ, ဝေဒနာက္ခန္ဓာ၏ အနတ္တများကိုလည်း အနတ္တဒီပနီ စာအုပ်မှာ ပြည့်စုံစွာ ပြဆိုလျက်ပါရှိလေပြီ။

(ဝေဒနာ ပုပ္ဖုဠူပမာ ဟူသော ဒေသနာတော်အရ

ဖော်ပြချက်ကား ဤတွင်ပြီး၏။)

www.dhammaransi.com



## သညာကန္ဒာကို ပြဆိုခြင်း
# သညာ၏ ဧမ္မတာလက္ခဏာ

မရီစိကူပမာသညာ ဟူသောဒေသနာတော်၌ သညာဆိုသည်ကား အမှတ်ပြု၍ သိမှုတည်း၊ မှတ်မိ သားမိမှုတည်း၊ မိမိ မိမိ တို့၏ ဖြစ်ရာဘုံဝလေ့ အမျိုးဝလေ့၊ အရပ်ဝလေ့ မိရိုးဖလာဝလေ့ အလုံးစုံ၌ အကုန်ကျွမ်းကျင်မှုတည်း၊ တတ်သိလိမ္မာမှုတည်း၊ ဤကား သညာစာတ်လက္ခဏာတည်း။

ဓာတ်နိုင်ငံကြီး တစ်ပါး၊ ပညတ်နိုင်ငံကြီး တစ်ပါးဟူ၍ နိုင်ငံကြီးနှစ်ပါး ရှိကြ၏။

ဓာတ်နိုင်ငံကြီးဆိုသည်ကား - နူးညံ့ခက်မာသော အမူအရာ ကြိယာမှုသည် ပထဝီဓာတ်မည်၏၊ ဖွဲ့တွယ်စေးကပ်မှု ပျောင်းအိယိုစီးမှုသည် အာပေါဓာတ်မည်၏၊ အေးချမ်းမှု ပူလောင်မှုသည် တေဇောဓာတ်မည်၏၊ ထောက်ကန်မှု လှုပ်ရှားမှုသည် ဝါယောဓာတ်မည်၏။

မျက်လုံး၌ တည်သော အကြည်အလင်မှုသည် စက္ခုဓာတ်မည်၏၊ နား၌ တည်သော အကြည်အလင်မှုသည် သောတဓာတ် မည်၏၊ နှာခေါင်း၌တည်သော အကြည်အလင်မှုသည် ဃာနဓာတ်မည်၏၊ လျှာ၌ တည်သော အကြည်အလင်မှုသည် ဇိဝှါဓာတ်မည်၏။

အတွင်းအပ တစ်ကိုယ်လုံး၌ တည်သော အကြည်အလင်မှုသည် ကာယဓာတ်မည်၏၊ အဆင်းသည် ရူပဓာတ်မည်၏၊ အသံသည် သဒ္ဒဓာတ်မည်၏၊ အနံ့သည် ဂန္ဓဓာတ်မည်၏၊ အရသာသည် ရသဓာတ်မည်၏၊ အတွေ့အထိသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။

ဤသို့အစရှိသော ရုပ်ဓာတ် အသိုက်အအုံစုသည် လည်းကောင်း ကြံမှု သိမှုသည် စိတ်ဓာတ်မည်၏။

အာရုံ၌ ခိုက်တိုက်မှုသည် ဖဿဓာတ်မည်၏၊ ခံစားမှုသည် ဝေဒနာဓာတ်မည်၏၊ မှတ်မှုသားမှုသည် သညာဓာတ်မည်၏၊ စေ့ဆော်မှုသည် စေတနာဓာတ်မည်၏၊ ကြံဖန်မှုသည် ဝိတက်ဓာတ်မည်၏၊ အာရုံ၌ တရစ်ဝဲဝဲနေမှုသည် ဝိစာရဓာတ်မည်၏။

ဤသို့ အစရှိသော နာမ်ဓာတ်အသိုက် အအုံစုသည်လည်းကောင်း ဓာတ်နိုင်ငံကြီးမည်၏။

www.dhammaransi.com



## ပညတ်သဘာဝ သဏ္ဌာနသန္တတိ

သဏ္ဌာနပညတ်, သန္တတိပညတ် နှစ်ပါးသည် ပညတ်နိုင်ငံကြီးမည်၏။

သဏ္ဌာနပညတ်ဆိုသည်ကား ဓာတ်တို့၏ ပေါင်းဖွဲ့တည်ထောင်မှုကို အစွဲပြု၍ ဤကား အဏုမြူတစ်ခုတည်း၊ ဤကား ပရမာဏုမြူ တစ်ခုတည်းအစရှိသည်ဖြင့် အကြီး အငယ် အရှည် အတို ဒြပ်သဏ္ဌာန် ထင်မြင် ပြောဆိုကြသမျှ အလုံးစုံသည် သဏ္ဌာန ပညတ် မည်၏။

အမှုအရာ ကြိယာမှု သက်သက်မျှသာ ဖြစ်ကြသော ဓာတ်နိုင်ငံကြီး၌ကား ထိုကဲ့သို့ ပရမာဏုမြူမျှ အကြီးအငယ် အရှည်အတို ဒြပ်သဏ္ဌာန်ရကောင်းသော တရားဟူ၍ တစ်စုံတစ်ခုမျှ မရှိ။

သန္တတိပညတ်ဆိုသည်ကား - ဓာတ်တို့၏ ရှေ့ဖြစ် နောက်ဖြစ် အစဉ်အဆက် များစွာကို တစ်ခုတည်းပြု၍ ဤဝတ္ထုသည် ခဏများစွာ တည်ရှိ၏။

ဤဝတ္ထုသည် ရှေ့ခဏမှ နောက်ခဏသို့ ရောက်လာ၏၊ ဤဝတ္ထုသည် ငြိမ်ရာမှ လှုပ်၏၊ လှုပ်ရာမှငြိမ်၏။

ဤမီးတောက်သည် လှုပ်၏, ထ၏, ကြွ၏, ဆုတ်၏, ကျ၏၊ ဤရေသည် လှုပ်၏, ရှား၏, စီးသွား၏၊ ဤလေသည် ထိုနေရာမှ ဤနေရာသို့ ရောက်လာ၏။

ဤသို့အစရှိသည်ဖြင့် ထင်မြင် ပြောဆိုကြသမျှ အလုံးစုံသည် သန္တတိပညတ် မည်၏။

မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ခန့် ကာလအတွင်းမှာပင် ဓာတ်အမှု အရာ ကြိယာပေါင်း အကြိမ်တစ်ထောင် တစ်သောင်းမက ချုပ်ပျက်သဖြင့် အလွန်အသက်တို လှသော ဓာတ်နိုင်ငံကြီး၌ကား လောက မျက်မြင်မှတ်ထင် ပြောဆိုကြသော တည်ရှိမှု, ထကြွမှု, လှုပ်ရှားမှု, ရွေ့ရှားမှုဟူ၍ တစ်စုံတစ်ခုမျှမရှိ။

ဉာဏ်ဖြင့် ဓာတ်နိုင်ငံကြီးကို အလင်းဖွင့်ခဲ့လျှင် ပညတ်နိုင်ငံနှင့်စပ်သော ဝေါဟာရစု အကုန်ကွယ်ပျောက်၏၊ မရှိ မဟုတ်ဖြစ်၍ ကုန်၏၊ ဤသို့မရှိမဟုတ်၍ ကုန်သည်ကို တုစ္ဆသုညဆိုသတည်း။

ပညတ် နိုင်ငံကြီးကို ဖွင့်ခဲ့လျှင် ဓာတ်နိုင်ငံနှင့်စပ်သော အမှုဟုတ် အမှုမှန်စု အကုန်ဖုံးကွယ်၏၊ မိစ္ဆာဒိဋ္ဌိနှင့် မရှိ မဟုတ်ဟု ငြင်းပယ်ဖွယ်တွေသာများ၏။

အမှတ်သညာ ရှိကြသည့်အလျောက် ပထဝီ, အာပေါ, စိတ်, ဝေဒနာ, ခက်မာမှု, ဖွဲ့စည်းမှု, ကြံဖန်မှု, ခံစားမှု စသည်ဖြင့် ပရမတ်စကား, ဓာတ်စကား

www.dhammaransi.com



ပြောဆို ကြရာအစ၌ ပရမတ်ကို ဦးတည်၍ စမိသောအခါ၌ မိမိတို့ စိတ်ကျင်လည် နေကြပြီ ဖြစ်သော ပရမတ်နိုင်ငံကြီးသို့ ပေါ်လော ပေါ်လော ဉာဏ်မျော၍ ပါကြလေကုန်၏။

ဦးတည်ရာနိုင်ငံ၌ စူးစိုက်တန့်စား ရပ်နားတည်ထောင်၍ မနေနိုင်ကြကုန်၊ ဓာတ်နိုင်ငံကြီး၌ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ခန့်မျှ အသက်ရှည်၍ တည်နေနိုင်သော နိစ္စတရားဟူ၍၊ သုခတရားဟူ၍၊ အတ္တတရားဟူ၍၊ တစ်စုံတစ်ခုမျှ မရှိ၊ ပညတ်နိုင်ငံကြီး၌သာ နိစ္စ သုခ အတ္တ ပါရှိ၍ နေ၏။

ဤကား နိုင်ငံကြီးနှစ်ပါး ခြားနားချက်တည်း။

ပကတိသောလူတို့၏ အသိအမှတ် အတတ်အလိမ္မာခေါ်ကြသော သညာတရား၏ အနမတဂ္ဂသံသရာကာလ၌ ထာဝရ ကျင်လည်ရာဌာနများမူကား ပညတ်နိုင်ငံကြီးပေတည်း။

## တံလျှပ်နှင့် သမင်ဥပမာ

ယခုအခါ တံလျှပ် ဥပမာကို ပြဆိုပေအံ့။

တံလျှပ်ဆိုသည်ကား အတွင်း၌ ရေဓာတ် အားကြီးစွာရှိနေသော အင်းအပြင်၊ အိုင်အပြင်၊ သဲသောင်အပြင်တို့မှ ကောင်းကင်၌ မိုးရေ မိုးပေါက်ဖြစ်ခြင်းငှာ သိမ်မွေ့စွာသော ရေအခိုးတို့သည် နေပြင်းထန်စွာ ပူသောအခါ၌ ထကြကုန်၏။

အထက်မှ ကျရောက်သော နေရောင်နှင့် ပေါင်းဆုံ ရောနှောမိကြရာအဝေးမှ ကြည့်မျှော်ကြကုန်သော သူတို့အား ရေအပြင်၊ လှိုင်းအပြင်၊ ဂယက်အပြင်ကဲ့သို့ ဖွေးဖွေးဖြူ ထင်မြင်ကြရကုန်၏၊ ထိုနေရာသို့ ရောက်ကြလျှင် မမြင်ကြကုန်ပြီ။

တောကြီး မြိုင်ကြီး အနီးအပါး၌ အင်းပြင်ကြီးတို့သည် ရှိကြကုန်၏။

နွေလအခါ၌ ရေကုန်ခန်း၏၊ တောကြီး မြိုင်ကြီးအတွင်းရှိကြသော ထုံးအိုင်ကြီးငယ်တို့၌ ရေကုန်ခန်း သဖြင့် အထောင်အသောင်း သားသမင်အပေါင်းတို့သည် ရေငတ်ခြင်း ပြင်းထန်စွာ နှိပ်စက်သည်နှင့် ထိုအင်းပြင်ကြီးရှိရာသို့ ရေရှာ ပြေးလာကြကုန်၏။

ပူလှတုန်း ထည်းထည်း မွန်းတိမ်းကြီးအခါ၌ အင်းကမ်းပါးသို့ ဆိုက်ကြကုန်၍ အင်းအပြင်ကို ကြည့်မျှော်ကြကုန်သည်ရှိသော် အလယ်၌ ထ၍နေသောတံလျှပ်တို့ကို မြင်ကြကုန်၍လှိုင်းဂယက်တဖွေးဖွေးနေသော ရေအပြင်ကြီးဟု မှတ်ထင်ကြကုန်သဖြင့်

www.dhammaransi.com



ကိုယ်၌ အပူအအိုက် ဝမ်း၌ အမွတ်အသိပ်တို့ကို ပျောက်ငြိမ်းကြစေရန် အလျှင်အမြန် ပြေးကြကုန်ရာ အလယ်သို့ ရောက်ကြလျှင် ကွယ်ပျောက်၍ ကုန်လေ၏။

တစ်ဖန် ကြည့်မျှော်ကြကုန်ပြန်သော် တစ်ခုသောကမ်းအနီးမှာ မြင်ကြကုန်ပြန်၏၊ ပြေးကြကုန်ပြန်၏၊ ထိုနေရာသို့ရောက်ကြလျှင် ကွယ်ပျောက်ပြန်လေ၏။

တစ်ဖန် ကြည့်မျှော်ကြပြန်ရာ တစ်ပါးသောနေရာမှာ မြင်ကြကုန်ပြန်၏။ ပြေးကြကုန်ပြန်၏၊ ထိုနေရာသို့ ရောက်ကြလျှင် ကွယ်ပျောက်ပြန်လေ၏။

ပြေးဖန်များလေလေ ပူဆာငတ်မွတ် ပင်ပန်းခြင်း ပြင်းထန်လေလေ ဖြစ်ကုန်ကြ၍ အပူကြီးအငတ်ကြီး တင်းလင်းနှင့်ပင် အင်းပြင်မှာ မတ်တတ်လဲ၍ သေဆုံးကြလေကုန်၏။

ဤကား တံလှပ်ဥပမာတည်း။

## လူနတ်ပြဟ္မာ ဘုံသုံးရွာနှင့် နှိုင်းယှဉ်ပုံ

ဤဥပမာ၌ ဘုံသုံးပါးသည် အင်းပြင်ကြီးနှင့် တူ၏။

ဤသတ္တဝါတို့သည် ရေငတ်သော တောသမင်တွေနှင့် တူ၏၊ တဏှာသည် အပြင်းထန်ပူပန်သော ငတ်မွတ်မှုနှင့် တူ၏။

ခေတ်နိုင်ငံကြီးသည် ချိုး၍သောက်၍ အပူအငတ်ပြေပျောက်ရန် အနှစ်သာရ မရှိသော ပကတိ တံလှပ်အစုနှင့် တူ၏။

ပညတ်နိုင်ငံကြီးသည် အခိုက်အတန့်အားဖြင့် ချိုး၍သောက်၍ အပူအငတ်ပြေပျောက်ရန် အနှစ်သာရရှိသည်ဟု ထင်မြင်ကြသော လှိုင်းကြီး, လှိုင်းငယ်, ဂယက်ကြီး, ဂယက်ငယ်တို့ဖြင့် ခြယ်လှယ်သော ရေပြင်ကြီးတွေနှင့် တူ၏။

မိမိ မိမိတို့၏ ကိုယ်ခန္ဓာမှ စ၍ တစ်သက်လုံး တွေ့ရှိ မှတ်မိသမျှတို့ကိုစိတ်နှင့်လည်းကောင်း, မျက်စိနှင့်လည်းကောင်း ကြည့်မျှော်ကြသည်ရှိသော် တောတစ်ခွင် တောင်တစ်ခွင် မြေပြင် လယ်ပြင် ယာပြင် သစ်ပင် တောချုံမြို့ရွာနိဂုံး ကျောင်းအိမ် ဈေးလမ်း အိမ်တန်း ဝင်းခြံ အစရှိသည်တို့ကိုလည်းကောင်း, ကုန်းသတ္တဝါ ရေသတ္တဝါ မည်ဝါမည်သူ လူရှင်အများ ယောကျ်ား မိန်းမ အစရှိသည်တို့ကို လည်းကောင်း ထင်မြင်ကြကုန်လတ္တံ့။

မိမိ မိမိတို့ ကိုယ်ခန္ဓာမှာလည်း ဦးခေါင်း, ခြေလက်, မျက်စိ, နား, နှာ အစ

www.dhammaransi.com



ရှိသည်ကိုလည်းကောင်း, ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, အရေ, အသား အစရှိသည်ကိုလည်းကောင်း ထင်မြင်ကုန်လတ္တံ့။

ဤအလုံးစုံကို ပညတ်နိုင်ငံကြီး ဆိုသတည်း။

ထိုသမင်တို့သည် တံလှပ်တွေကို ရေထင်လျက် အင်းအပြင်၌ တရှုန်းရှုန်း တအုန်းအုန်း လိုက်ကြကုန်သကဲ့သို့ ထိုအတူ ဤသတ္တဝါတို့သည်လည်း စားမှု ဝတ်မှု ဝတ္ထု အာရုံ ကာမဂုဏ် ဟူသော အကြောင်းကြောင့် လုပ်မှု, ကိုင်မှု, သွားမှု, လာမှု, ရှာကြံမှု တို့ဖြင့် ကာယကံ တရှုန်းရှုန်း, ဝစီကံ တရှုန်းရှုန်း, မနောကံ တရှုန်းရှုန်းနှင့် နေကြကုန်၏။

ထိုသမင်တို့သည် အပူအငတ် တင်းလင်းနှင့်ပင် အင်းအပြင်မှာ မတ်တတ်လဲ၍ သေဆုံးကြကုန်သကဲ့သို့ ထိုအတူ ဤသတ္တဝါအပေါင်းတို့သည်လည်း အနမတဂ္ဂသံသရာ ဖြစ်လေရာ ဘဝတို့၌ ပစ္စုပ္ပန်စီးပွား သံသရာစီးပွားလိုက်စားမှု တင်းလင်း ရလို, ယူလို, ခံစားလို, စံစားလိုသော တဏှာအငတ် တင်းလင်းနှင့်ပင် မတ်တတ်လဲ၍ သေဆုံးကြကုန်၏။

## ရုပ်နာမ် ဟူသရွေ့ ဘုံဓလေ့ကိုငြီးငွေ့ရန်

ထိုသမင်တို့သည် ဉာဏ်နှင့် ကြည့်မြော်တတ်ကြ ပါကုန်မူကား တံလှပ် ပကတိကို သိကြကုန်သဖြင့် ငါတို့၏ ပူမှု, အိုက်မှု, ငတ်မှု, မွတ်မှု, ပင်ပန်းမှုကို ပျောက်ငြိမ်းစေနိုင်သော ဝတ္ထုမျိုးမဟုတ်။

စင်စစ်မူကား ပူမှု, အိုက်မှု, ငတ်မှု, ပင်ပန်းမှုကို အဆင့်ဆင့် ပွားစီးစေလျက် အသေသတ်မည့် ဝတ္ထုမျိုးသာ ဖြစ်ချေသည်ဟု သိကြကုန်၍၊ ထိုတံလှပ်ကို ရှောင်ကွင်းလျက် မြစ်တစ်ပါး ချောင်းတစ်ပါးသို့ သွားရောက်ချိုးသောက်ကြကုန်ရာ၏။

ထိုအတူ ဤလောက၌ ပညာရှိတို့သည် ဉာဏ်ပညာနှင့် ရှုမြော်တတ်ကြပါကုန်မူကား ဓာတ်နိုင်ငံကြီးပကတိကို သိမြင်ကြကုန်သဖြင့် ဤအနှစ်မရှိအနိစ္စဖြစ်သော ဓာတ်သဘာဝဓမ္မ အသိုက်အအုံစုသည် သင်္ခါရဒုက္ခ ဟူသော ပူမှု, အိုက်မှု, တဏှာသုံးပါး တည်းဟူသော ငတ်မှု, မွတ်မှု, သောက ပရိဒေဝစသော ပင်ပန်းမှုတို့ကို ပျောက်ငြိမ်းစေ နိုင်သော ဝတ္ထုမျိုးမဟုတ်။

စင်စစ်အားဖြင့်မူကား ထိုပူမှု, အိုက်မှု, ငတ်မှု, မွတ်မှု, ပင်ပန်းမှု တို့ကို အဆုံးမရှိ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် အဆင့်ဆင့် ပွားစီးစေလျက် သေ၍ မဆုံးနိုင်သော စခန်း၊ အပါယ် ဒုက္ခ စခန်းသို့ သွေးဆောင် ဆွဲငင်၍ တွင်တွင်သတ်မည့်

www.dhammaransi.com



ဝဋ္ဋမျိုးသာ ဖြစ်ချေသည်ဟု သိကြကုန်၍ အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ် တို့ဖြင့် ထိုမွတို့၌ တွယ်တာသော တဏှာဒိဋ္ဌိတို့ကို ဖြတ်တောက် ရှောင်ကွင်းလျက် မြတ်စွာဘုရား သာသနာ တည်းဟူသော အေးမြကြည်လင်သော ရေယာဉ်မြစ်ချောင်း သို့ သွားရောက် ချိုးသောက်ကြကုန်ရာသတည်း။

သညာက္ခန္ဓာ၏ အနှစ်မရှိသည့်အတွက် တံလှပ်နှင့် တူပုံကို အကျဉ်းအားဖြင့် ပြဆိုချက် ပြီး၏။

သညာက္ခန္ဓာသည် အနှစ်သာရ မရှိသည့်အတွက် တံလှပ်နှင့်တူသည်ဟူ၍ ဟောတော်မူသဖြင့် သညာက္ခန္ဓာ၏ ကြီးစွာသော အာဒီနဝ၊ သညာက္ခန္ဓာ၏ အနိစ္စ, ဒုက္ခ, အနတ္တကို ပြတော်မူသည် ဟူသော အချက်၌ အာဒီနဝကို ပြဆိုမှုမှာ တောသမင် ဥပမာနှင့်ပင် ထင်ရှားလေပြီ။

အနိစ္စ, ဒုက္ခ, အနတ္တ အစီအရင်မှာ အာဟာရဒီပနီ နောက်ပိုင်းမှာ ပါရှိလေပြီ။

**(ဤတွင်ရွေ့ကား - မရီစိကူပမာ သညာ ဟူသော ဒေသနာတော် အရကို ဖော်ပြခန်း ပြီး၏။)**

## သင်္ခါရက္ခန္ဓာကိုပြဆိုခြင်း

## သင်္ခါရသဘာဝ အမျိုးမျိုး

" သင်္ခါရာ ကဒလူပမာ" ဟူသော ဒေသနာတော်မြတ်၌ သင်္ခါရဆိုသည်ကား အကျဉ်းအားဖြင့် ဣရိယာပုတ်လေးဖြာ ကိုယ်အင်္ဂါ ပြုပြင်လှုပ်ရှား လုပ်ဆောင်မှုဟူသော ကာယကံ သင်္ခါရတစ်ပါး, နှုတ်လျှာအင်္ဂါ ပြုပြင်လှုပ်ရှားပြောဆို လုပ်ဆောင်မှု ဟူသော ဝစီကံသင်္ခါရတစ်ပါး, စိတ်အင်္ဂါ, ပြုပြင်လှုပ်ရှား ကြံဖန်သိမြင် လုပ်ဆောင်မှုဟူသော မနောကံ သင်္ခါရတစ်ပါး ဟူ၍ သုံးပါးရှိ၏။

"စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ" ဟူသော ပါဠိတော်နှင့် အညီ ပဓာနတရား ကိုယ်အားဖြင့် စေတနာ စေတသိက်သာတည်း။

လျောင်းမှု, ထိုင်မှု, ရပ်မှု, သွားလာမှု, ဦးခေါင်း, လက်, ခြေ အစရှိသော ထိုထိုကိုယ်အင်္ဂါ ပြုပြင်လှုပ်ရှား လုပ်ဆောင်မှု အမျိုးမျိုးတို့နှင့် ခွဲခြားစိတ်ဖြာ၍ ဆိုသည် ရှိသော် ကာယကံမှုသည် အလွန်များပြားကြီးကျယ်၏။

www.dhammaransi.com



ထိုအတူနှုတ်အင်္ဂါမှု, စိတ်အင်္ဂါမှုတို့သည်လည်း အသီးအသီး များပြား ကြီးကျယ် ကြကုန်၏။

အဘိဓမ္မာနည်းအားဖြင့် မူကား **သင်္ခါရတရားကိုယ်** ငါးဆယ်အပြားရှိ၏။

ထိုငါးဆယ်တို့တွင် စေတနာကို **ပြဆိုခဲ့ပြီ**၊ ကြွင်းသော ၄၉-ပါးတို့ကိုလည်း စေတနာကဲ့သို့ ကာယကံအဖို့ ဝစီကံအဖို့ မနောကံအဖို့အားဖြင့် သုံးပါး သုံးပါးစီ ခွဲခြမ်း စိတ်ဖြာရာ၏။

ထင်ရှားရာကို ရွေးကောက်၍ ဆိုမူကား-လောကဉ္စလောဘ၏ အချက်အရာ ဖြစ်သော ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့သည် အလွန်ထင်ရှားများပြားကြီး ကျယ်ကုန်၏။

ပါဏာတိပါတ အစရှိသော ဒေါသ၏ အချက်အရာ, မာန၏အချက်အရာ, ဒိဋ္ဌိ၏ အချက်အရာ စသည်တို့သည်လည်း အလွန်ထင်ရှား များပြားကြီးကျယ်ကုန်၏။

လုံးလဝီရိယ၏ အချက်အရာတို့သည် တစ်လောကလုံး၌ အလွန်ထင်ရှား များပြား ကြီးကျယ်လှကုန်၏။

သင်မှု, ကြားမှု, လောကရေး, ဓမ္မရေးတို့၌ တတ်သိလိမ္မာလုပ်ဆောင်မှုတို့ သည်လည်း အလွန်ထင်ရှား များပြား ကြီးကျယ်ကြကုန်၏။

ဤကား - **ထင်ရှားသော သင်္ခါရတို့ကို ပြဆိုချက်တည်း**။

## ဂါဟနှင့်စပ်ဖက်၍ မာန်တက်ပုံ

ဤသင်္ခါရဓာတ်မျိုးတို့သည် သတ္တဝါတို့အား တဏှာ, မာန, ဒိဋ္ဌိဟူသော အပြင်း အထန် စွဲလမ်းဖမ်းတွယ်မှုဟု ဆိုအပ်သော ဂါဟတရားသုံးပါးကို အလွန်ပွားစီး ကြီးမား မောက်မာစေတတ်ကုန်၏။

လုပ်အား, ကိုင်အား, ပြောအား, ဆိုအား, ကြံအား, စည်အား **တတ်သိ** လိမ္မာအားတို့ကို အမှီပြု၍ သတ္တဝါတို့၏စိတ်သည် သံတိုင်သံခဲ ကျောက်တိုင် ကျောက်ခဲ ကဲ့သို့ ခက်ထန်မောက်မာ၍နေ၏။

နေ့မဆို, ညဉ့်မဆို သေလွယ် ပျောက်လွယ်လှသော မရဏဘေး **အစိစိ အစ** ရှိသော အပါယ်ဘေး သံသရာဘေးတို့နှင့် ခြိမ်းခြောက်သော်လည်း မနှံမနာနိုင်ကြ သံဝေဂ မကပ်နိုင်ကြ ရှိနေ၏။

www.dhammaransi.com



သတ္တဝါတို့ကို ထိုသင်္ခါရ ခတ်တို့၏ မြောက်စားချက်သည် အလွန်ကြောက် မက်ဖွယ် ကောင်းလှ၏။

လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံတို့၌ ရှိနေကုန်သော ဆွေဂုဏ်, မျိုးဂုဏ်, ဥစ္စာဂုဏ်, မနေဂုဏ်, သူရဂုဏ်, ကာယဗလဂုဏ်, ဉာဏဗလဂုဏ်, သီလဂုဏ်, ဗဟုသုတဂုဏ်, ပရိယတ္တိဂုဏ်, ပဋိပတ္တိဂုဏ်, ဣဿရိယဂုဏ်, မဟိဒ္ဓိကဂုဏ်, မဟာနု ဘာဝဂုဏ် အစရှိကုန်သော ဂုဏ်တို့သည်ကား မိုးဖျားစွင့်စွင့် မြင့်စွာဆောက်လုပ်၍ ထားအပ်သော ပြမ်းကြီးတို့ မည်ကုန်၏။

သင်္ခါရခတ်တို့သည်ကား ထိုပြမ်းကြီးတို့ အပေါ်၌တည်၍ သတ္တဝါတို့၏ စိတ်ကို အမြဲလျှင် လွှင့်တင် မြောက်စားကုန်၏။

သံသရာ၌ ထိုသင်္ခါရခတ်တို့၏ မြောက်စားချက်ကြောင့် ဘုရားကိုလည်း ခုခံတိုက်ခိုက်ခဲ့ကြလှလေပြီ၊ တရားတော်ကိုလည်း ခုခံတိုက်ခိုက်ခဲ့ကြလှလေပြီ၊ သံဃာကိုလည်း ခုခံတိုက်ခိုက်ခဲ့ကြလှလေပြီ။

သာသနာတော်ကြီးကိုလည်း ခုခံတိုက်ခိုက်ခဲ့ကြလှလေပြီ၊ ရသေ့သူတော် ကောင်း, ရဟန်းသူတော်ကောင်း တို့ကိုလည်း နှိပ်စက် ညှဉ်းပန်းခဲ့ကြလှလေပြီ။

လောက၌ ရှိနေကြသော ဒုစ္စရိုက်အနန္တ အမိုက်အမဲ အနန္တ အမှောက်အမှား အနန္တတို့သည် သင်္ခါရခတ်တို့၏ အမှုချည်းသာတည်း။

အပါယသံသရာကြီးသည် ဒိဋ္ဌိအမျိုးရှိသော သင်္ခါရခတ်တို့၏ အစီးအပွား ကြီးသာတည်း။

ဤအရာ၌ နိုင်ငံကြီးနှစ်ပါးကိုလည်း ခွဲခြမ်း၍ ထားလေ။

## ငှက်ပျောတောဥပမာ

ငှက်ပျောဥပမာကို ပြဆိုပေအံ့။

တစ်ခုသောတောကြီး၌ ကြီးစွာသော ငှက်ပျောတောဥယျာဉ်သည် ရှိရာ၏။

ငှက်ပျောပင်၏ အခြင်းအရာကို အနည်းငယ်မျှ မသိတတ်သော သူနှမ်း အများသည် ငှက်ပျောတောဥယျာဉ်ကြီးကို တွေ့မြင်ကြလေရာ အပင်သဏ္ဌာန် အရွက်သဏ္ဌာန် စေ့စပ်ချောမွေ့ လှသည်အတွက်ကြောင့် အခေါက်အခွံမရှိဘဲ သံတိုင်သံခဲကဲ့သို့ တစ်ခဲနက် အနှစ်အတိဖြစ်သော အလွန်ခက်မာ ခိုင်ခံ့လှစွာသော သစ်မျိုးဟု မှတ်ထင်ကြလေ၏။

www.dhammaransi.com



ဤတောအတွင်း၌ ရှိနေကြကုန်သည်ရှိသော် တိုင်းရှင် ပြည်ရှင် မင်းကိုပင် ထီမထင် ခုခံပုန်စားနိုင်၏။

တောဆင်ရိုင်းပေါင်း တစ်ထောင်ပင်လာသော်လည်း မတိုးမဝှေ့နိုင်။

မြင်းမိုရ်တောင်ထိပ်၌ ရန်သူတစ်ပါးတို့သည် အောင်ခြင်းငှာ မတတ်ကောင်းသော အယုဇ္ဈမြို့ကြီးနှင့် အလားတူ၏ဟု မှတ်ထင်ကြကုန်၏။

ငှက်ပျောပင်၏ အနှစ်ကိုဝေးစွ အကာမျှမရှိ အလွန်ပြေ့ညံ့စွာသော အဖတ်အအူမျှ ရှိသည်ကို မသိကြ။

မောက်မာသော စိတ်ထား မောက်မာသော စကားဖြင့် ငှက်ပျောပင်တွေကို သစ်တပ်မြို့ပြု၍ တည်ကြကုန်၏။

ပြည့်ရှင်မင်းကြီး ကြားသိလတ်သော် ရဲမက်တော်များကို စေလွှတ်၍ ပစ်ခတ်စေသော် ခဏချင်း အကုန်လုံး ပျက်ပြုန်း၍ သေဆုံးကြလေကုန်ရာ၏။

ဤကား - ငှက်ပျောတော ဥပမာတည်း။

## သတ္တဝါပုထုဇဉ်နှင့် ဆက်ဆံသော ဥပမေယျ

သတ္တဝါတွေသည် သူနှမ်းတွေနှင့်တူ၏၊ ကိုယ်ခန္ဓာတွေသည် ငှက်ပျောဥယျာဉ်တွေနှင့် တူ၏၊ သင်္ခါရ ဓာတ်တွေသည် ငှက်ပျောပင်တွေနှင့် တူ၏။ သေမင်းသည် ပြည့်ရှင်မင်းနှင့်တူ၏။

လောက၌ရှိသော အနာရောဂါစသော အဇ္ဈတ္တဘေးမျိုး ဘီလူး, သဘက်, မြွေ, ကင်း, သန်း, ဥတု, ငှက်, ခွေး စသော ဗဟိဒ္ဓဘေးမျိုးသည် ရဲမက် တော်သားစုနှင့် တူ၏။

ထိုသူနှမ်းတို့သည် ငှက်ပျောသစ်တပ်ကို သိကြားမြို့ကဲ့သို့ ထင်မှတ်၍ ပြည့်ရှင်မင်းကိုမျှ ထီမထင်နေကြသကဲ့သို့ ဤသတ္တဝါတို့သည် အလိုရှိတိုင်းပြုနိုင်သော ကာယကံမှု, ဝစီကံမှုဟူသော မနောကံမှုဟူသော သင်္ခါရဓာတ်တို့၏ မြောက်စားမှု အတွက်နှင့် ဘဝ အဆက်ဆက်တို့၌ သေမင်းကိုမျှ ထီမထင် နေကြကုန်၏။

ထီမထင်ဆိုသည်ကား - အရွယ်မရောက်သေးက မိမိကိုယ်ကို သေနိုင်လိမ့်မည် မထင်ကြ၊ အရွယ်ရောက်၍ သေရမည်ကိုလည်း မစက်ဆုပ်ကြမူ၍ အများဓမ္မတာပေဟု အဖြေနှင့် ကျေအေး၍ နေကြသည်ကို ထီမထင် ဆိုသတည်း။

www.dhammaransi.com



ရဲမက်တော်တို့ ပစ်ခတ်လာလျှင် ငှက်ပျောသစ်တပ်၏ ခုခံမှုမရှိခြင်းကြောင့် ဘယ်အခါမဆို သေဆုံးကြကုန်ရာသကဲ့သို့ ပြဆိုခဲ့ပြီးသော သေမင်း၏ ရမက်တို့ ဆိုက်ရောက် ဖျက်ဆီးခဲ့လျှင် အနှစ်သာရမရှိသော သင်္ခါရ ဓာတ်တို့က အနည်းငယ်မျှ ခုခံမှုမရှိခြင်းကြောင့် တစ်ယောက် တစ်ယောက်သော သတ္တဝါအား ကာလလရှေကြည် အခါ၌ သေခဲ့ရသော ဘဝပေါင်းလည်း မရေမတွက်နိုင်ရာပြီ။

အမြုပ်အခါ၌ သေခဲ့ရသော ဘဝပေါင်းလည်း မရေမတွက်နိုင်ရာပြီ။

ပဋိသန္ဓေနေပြီးနောက် တွေ့ရှိကြသော ညစဉ်, နေ့စဉ်, နာရီစဉ်, ခဏစဉ် ပေါင်းတို့တွင် မသေဘူးသေးသောည မသေဘူးသေးသောည မသေဘူးသေးသောနေ့ မသေဘူးသေးသောနာရီ မသေဘူးသေးသောခဏဟူ၍ တစ်ခုမျှမရှိရာပြီ။

တစ်စုံတစ်ခုသော ခဏ၌ပင် အခါပေါင်းအနန္တ သေခဲ့လှလေရာပြီ။

ဤကား - သေမင်းကို ထိမထင်ပြုကြသည့်အတွက်တည်း။

## အဝိဇ္ဇာကို မကြောက်၍ ဘေးရောက်ရပုံ

တစ်နည်းကား အဝိဇ္ဇာသည် ပြည့်ရှင်မင်းနှင့်တူ၏။

ဇာတိဘေး, ဇရာဘေး, မရဏဘေး, သောကဘေး, ပရိဒေဝဘေး, ဒုက္ခဘေး, ဒေါမနဿဘေး, ဥပါယာသဘေးသည် ရဲမက်တော်နှင့် တူ၏။

သင်္ခါရဓာတ်တို့၏ မြောက်စားမှု အတွက်နှင့် ဘဝ အဆက်ဆက်တို့၌ အဝိဇ္ဇာကိုပင် ထိမထင် နေခဲ့ကြကုန်၏။

အဝိဇ္ဇာကို ထိမထင် နေကြမှုဆိုသည်ကား. . . ယခုဘုရားသာသနာတွင်းမှာ တရားကျမ်းဂန် မတတ်မှု, မသိမှု, မလိမ္မာမှု, အနိစ္စ, ဒုက္ခ, အနတ္တ မထင်နိုင်မှု, မမြင်နိုင်မှု သည် မိမိတို့၌ ငုတ်တုတ် ရှိနေကြသည်ကို သိကြလျက်ပင်လျှင်မပူမပင် ရွှင်ရွှင်ပျပျ နေနိုင်ကြမှုကို ဆိုသတည်း။

ဇာတိဘေး ဆိုသည်ကား. . . ကိလေသာ ဇာတိဘေး, ကမ္မဇာတိဘေး, ဝိပါက ဇာတိဘေး ဟူ၍ သုံးမျိုးရှိ၏။

ဖြစ်ခွင့် ဆိုက်သည်ရှိသော် လောဘ, ဒေါသ, မာန, ဒိဋ္ဌိ အစရှိသော ကိလေသာ အညစ်အညမ်းတို့၏ ဘယ်အခါမဆို ဖြစ်ပေါ်မှုသည် ကိလေသာ ဇာတိဘေး မည်၏။

www.dhammaransi.com



ကိလေသာဖြစ်မှု ရှိပြန်က ဒုစရိုက်ကံတို့၏လည်း ဘယ်အခါမဆို ဖြစ်နိုင်သော အမှုသည် ကမ္မဇာတိဘေး မည်၏၊ ဖြစ်ခွင့် ဆိုက်သည်ရှိသော် ကိုယ်ခန္ဓာ၌ စက္ခုရောဂါ စသော ရောဂါဘေး အနာဘေး ဖြစ်မှု၊ ဘယ်အခါမဆို သေခဲ့လျှင် အပါယဇာတိ စသည်ဖြစ်မှုသည် ဝိပါကဇာတိဘေး မည်၏။

ဇရာဘေး ဆိုသည်ကား ကြည်လင် ရွှင်လန်း ရှိနေသော ရုပ်နာမ် ခန္ဓာတို့၏ ညှိုးနွမ်း လျော့ပါးခွင့် ဆိုက်ခဲ့လျှင် ဘယ်အခါမဆို ခဏချင်း ညှိုးနွမ်းလျော့ပါးမှုကို လည်း ဇရာဘေးဆိုလေ။

မရဏဘေးကိုပြဆိုခဲ့ပြီ။

သောကဘေး စသည်ကိုလည်း ထိုနည်းတူသိလေ။

ထိုဘေးတို့သည် ဆိုက်ရောက်ခဲ့လျှင် သခင်္ါရစာတ်တို့၏ ရေမြှုပ်ရေပွက်မျှ အနှစ်သာရမရှိမှု အခုအခံမရှိမှုကြောင့် စင်း၍ ခံနေကြရတော့သည်။

ဤကား အနမတဂ္ဂ သံသရာကာလ၌ အဝိဇ္ဇာကို ထိမထင် ပြုကြသည့် အတွက်တည်း။

## သက္ကာယဒိဋ္ဌိကိုချစ်၍ ဘေးဖြစ်ရပုံ

တစ်နည်းကား - ယခုကာလ အားလျော်စွာ ဆိုသည်ရှိသော် သက္ကာယ ဒိဋ္ဌိသည် ပြည့်ရှင်မင်းနှင့် တူ၏။

ခပ်သိမ်းသော မိစ္ဆာဒိဋ္ဌိမှု, ခပ်သိမ်းသော ဒုစရိုက်မှုတို့သည် ပြည့်ရှင်မင်း၏ ရဲမက်တော်သားနှင့် တူ၏။

ခပ်သိမ်းသော ဒုစရိုက်မှုဆိုသည်ကား မနုဿတ္တဒုလ္လဘ ဗုဒ္ဓုပ္ပါဒဒုလ္လဘ အခန်းတို့၌ ပြဆိုခဲ့ပြီးသော ရှေးရှေးသော ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်တို့က မိုက်ခဲ့သမျှ, မဲခဲ့သမျှ, မှောက်ခဲ့သမျှ, မှားခဲ့သမျှ, အသိုက်မပျက်, အအုံမပျက် သတ္တဝါ တို့၏ စိတ်နှလုံးထဲမှာ အစဉ်ပါရှိ၍နေသော ဒုစရိုက်ကံဟောင်းအနန္တ ရှေ့သို့ဖြစ်လတ္တံ့. သော ဒုစရိုက်ကံသစ်အနန္တတို့ကို ခပ်သိမ်းသော ဒုစရိုက်မှုဆိုသတည်း။

သင်္ခါရစာတ်တို့၏ ဖြောက်စားမှုအတွက်ကြောင့် ဘဝအဆက်ဆက်တို့ကို မဆိုထားဘိဦး။

ယခုအခါ ဘုရားသာသနာအတွင်း၌ပင်လျှင် အပါယ်အိုးကြီး ငရဲအိုးကြီး ဖြစ်သော သက္ကာယဒိဋ္ဌိကိုပင် ထိမထင်ပြု၍ နေကြကုန်၏။

www.dhammaransi.com



သက္ကာယဒိဋ္ဌိဆိုသည်ကား အကြင်သူတို့သည် ဓာတ်နိုင်ငံကြီးသို့ တစ်ခါ တစ်ခေါက်မျှ မရောက်ဘူးမပေါက်ဘူးကြကုန်။

ထိုသူတို့သည် ခပ်သိမ်းသော ရုပ်ဓာတ်နာမ်ဓာတ်တို့ကို ပုဂ္ဂိုလ်ပြု၍ စွဲလမ်းကြကုန်၏။

သတ္တဝါပြု၍ စွဲလမ်းကြကုန်၏၊ ငါပြု၍ စွဲလမ်းကြကုန်၏။

စက္ခုဝိညာဏဓာတ်မြင်မှုကို ငါမြင်မှုပြု၍ စွဲလမ်းကြကုန်၏၊ သောတဝိညာဏဓာတ် ကြားမှုကို ငါကြားမှုပြု၍ စွဲလမ်းကြကုန်၏။ မနောဝိညာဏဓာတ် ထွေထွေလာလာ ကြံမှုသိမှုကို ငါကြံမှု ငါသိမှုပြု၍ စွဲလမ်းကြကုန်၏။

လောဘစိတ် ချစ်မှု, ခင်မှု, လိုချင်မှု, သာယာမှုကို ငါချစ်မှု, ငါခင်မှု, ငါလိုချင်မှု, ငါသာယာမှုကို ပြု၍ စွဲလမ်းကြကုန်၏။

သက္ကာယဒိဋ္ဌိစွဲလမ်းမှု အကျယ်ကိုမူကား ငါတို့စီရင်သော ပဋိစ္စသမုပ္ပါဒ် အဓိပ္ပာယ်အကျယ် ပဋိစ္စသမုပ္ပါဒ်ဒီပနီ စာအုပ်မှာ ယူလေ။

ဤသို့လျှင် ဓာတ်နိုင်ငံမှုတို့ကို ပညတ်နိုင်ငံ၏ အစွမ်းသတ္တိ ပြုလုပ်စွဲလမ်း မှောက်မှားခြင်းသည် သက္ကာယဒိဋ္ဌိ မည်၏။

ပညတ်နိုင်ငံ ပြုလုပ်သည့်အတွက် ဓာတ်အမှုစုသည် နိစ္စသုခ အတ္တသာရတွေ ဖြစ်၍ကုန်၏။

ခပ်သိမ်းသော ဒိဋ္ဌိ, ခပ်သိမ်းသော ကိလေသာ, ခပ်သိမ်းသော ဒုစ္စရိုက် ဟူသမျှသည် ထိုနိစ္စဒိဋ္ဌိ, သုခဒိဋ္ဌိ, အတ္တဒိဋ္ဌိဟု ဆိုအပ်သော သက္ကာယဒိဋ္ဌိမှ ပေါက်ဖွားကြကုန်၏။

သက္ကာယဒိဋ္ဌိသည် အပါယ်မျိုး အပါယ်မြစ် ငရဲမျိုး ငရဲမြစ် အဝီစိမျိုးအဝီစိ မြစ်ကြီး စင်စစ်ဖြစ်၏။

ထိုသက္ကာယဒိဋ္ဌိကိုပင် ထီမထင်ပြု၍ နေကြပုံကား အလွန်အဆိပ် ထန်လှစွာသော မြွေနဂါးကို ပွေ့ပိုက်ချီငင် အကျွမ်းဝင်ဘိသကဲ့သို့ ငါမြင်သည်ငါကြားသည် အစရှိသော အဝီစိမြစ်ကြီး စင်စစ်ဖြစ်သော သက္ကာယဒိဋ္ဌိကို အဟုတ်ပြင်ပြင် အကယ် ထင်လျက် အစဉ်ခြိုက်ခြိုက် အရိုးစိုက်၍ နေကြသည်ကို ဆိုသတည်း။

ရဲမက်တော်ဖြစ်ကုန်သော ဒုစ္စရိုက်ကံဟောင်းတို့သည် သတ္တဝါ အပေါင်းတို့ကို အပါယ်ငရဲသို့ နေ့မစဲ အမြဲအစဉ်တွင်တွင်ကြီး ပစ်ချကုန်၏။

www.dhammaransi.com



တွင်တွင်ကြီး ပစ်ချမှုကိုမူကား မနုဿဗတ္တဒုလ္လဘ၌ ပြဆိုခဲ့ပြီးသော နခသိခသုတ် ဒေသနာတော်ကို လည်းကောင်း၊ အပါယ်လေးဘုံ၌ သတ္တဝါ အနန္တ များပြားလှပုံများကိုလည်းကောင်း ထောက်မြော်၍ သိအပ်၏။

အလွန်ကြီးကျယ်စွာသော လေပွေကြီးသည် အနှစ်မရှိသော သစ်ရွက်ခြောက်, မြက်ခြောက်တို့ကို ကောင်းကင်၌ မြှောက်တင်လွင့်ထွေ ဝဲ၍နေစေဘိသကဲ့သို့ ပုထုဇဉ် သတ္တဝါတို့၏ စိတ်ကို တလူလူ တကြွားကြွား ငါတကားသူတကား ထောင်လွှား မြောက်မြင့်အောင် မြှောက်မြင့်လွင့်တင် အစဉ်မြှောက်စား၍ နေကြကုန်သော သင်္ခါရဓာတ် အပေါင်းတို့သည် အပါယ်ကျမှုကို ခုခံဖော်မရ ဝိုင်းညာ၍သာ ချလိုက် ကြကုန်၏။

ဤကား သက္ကာယဒိဋ္ဌိကို ထိမထင်ပြုကြသည့် အတွက်တည်း။

လိုရင်းအချုပ်ကားလောက၌ လျှောင်းခြင်း, ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်း, လာခြင်း, အင်္ဂါကြီးငယ်တို့ကို လှုပ်ရှားခြင်းဟူသော ကာယကံမှုသည် ငှက်ပျောတော ကြီးကဲ့သို့ အလွန်ထင်ရှားသော အမှုကြီးဖြစ်၏။

ထိုအမှုကြီးသည် အမှန်ဖြစ်သော ဓာတ်နိုင်ငံကို ဖွင့်၍ ကြည့်သည်ရှိသော် စေတနာပြဋ္ဌာန်းသော သင်္ခါရဓာတ်တို့၏ အမှုသာ ဖြစ်၏။

ထိုသင်္ခါရဓာတ်တို့သည် အဏုမြူမျှ အနှစ်အမာ မရှိကြကုန်။

## ပရိယတ္တိဉာဏ် ဘေးမကယ်နိုင်ပုံ

အလွန်ကြီးကျယ်သော ပရိယတ္တိဉာဏ် တည်းဟူသော သင်္ခါရဓာတ်ကြီးနှင့် ပြည့်စုံသောသူပင် ဖြစ်ခဲ့သော်လည်း နာခွင့်ဆိုက်လျှင် ခဏချင်း နာ၏။

ကျင်ခွင့်ဆိုက်ခဲ့လျှင် ခဏချင်း ကျင်၏။ ပူခွင့်ဆိုက်လျှင် ခဏချင်း ပူမှု ဒုက္ခရောက်၏၊ အေးခွင့်ဆိုက်လျှင် ခဏချင်း အေးမှုဒုက္ခရောက်၏၊ မူးခွင့်ဆိုက်လျှင် ခဏချင်း မူးမှုဒုက္ခရောက်၏၊ ဝေခွင့်ဆိုက်လျှင် ခဏချင်း ဝေမှု ဒုက္ခရောက်၏၊ သေခွင့်ဆိုက်လျှင် ခဏချင်း သေ၏။

သောကဖြစ်ခွင့်, ပရိဒေဝဖြစ်ခွင့်, ကာယိကဒုက္ခ စေတသိကဒုက္ခဖြစ်ခွင့်, ဒေါမနဿဖြစ်ခွင့်, ဥပါယာသဖြစ်ခွင့် ဆိုက်လျှင် ခဏချင်း ဥပါယာသဒုက္ခ ရောက်၏။

ထိုဉာဏ်ပညာ တည်းဟူသော သင်္ခါရဓာတ်ကြီးသည် ထိုဒုက္ခတို့ ကိုယ်ခန္ဓာသို့

www.dhammaransi.com



မကပ်နိုင်ကြအောင် ကိုယ်ခန္ဓာတွင်းမှ မျက်တောင် တစ်ခတ်မျှ တင်းတင်းကြံ့ခိုင် ခုခံ စောင့်ရှောက်၍ နေနိုင်သော အနှစ်အမာမျိုး မဟုတ်။

ထိုဉာဏ်ပညာ တည်းဟူသော သင်္ခါရဓာတ်ကြီးကို ကြံဖန် ဝင်စား၍ နေဆဲအခါ ထိုဒုက္ခတို့ဆိုက်ရောက်လာလျှင် ထိုသင်္ခါရဓာတ်ကြီးသည် ခဏချင်း ချုပ်ပျက် ကွယ်ပျောက်လေ၏။

ကိုယ်သန္တာန်မှာ ဒုက္ခဓာတ်တွေ တဘွားဘွား ဖြစ်ပေါ်၍နေ၏။

နာလေခြင်း, ကျင်လေခြင်း, ပူလေခြင်း, အေးလေခြင်း, အစရှိသည်ဖြင့် စိတ်နောက် စိတ်ညစ်တွေ ပေါ်၍နေ၏။

သင်ကြားလေ့လာ ကောင်းစွာ တတ်မြောက်ပြီးသော ထိုပညာကြီးကို ကြံစည် ဝင်စား၍ နေလိုပါသော်လည်း ဘယ်ဒုက္ခရှိနေ၍ မတတ်နိုင်၊ ဘယ်သောကရှိနေ၍ မတတ်နိုင်ဟု ပြောဆိုကြရ၏။

ဇလောဘဖြစ်ခွင့်ဆိုက်လျှင် ထိုပညာဓာတ် ချုပ်ပျောက်၍ ခဏချင်း လောဘဓာတ်ကပ်ရောက်၏၊ ဒေါသ, မာန စသည်တို့လည်း နည်းတူ။

ဤသို့ ငှက်ပျောတုံးကြီး ငှက်ပျောတောကြီးကဲ့သို့ လောကအချက် ပညတ်နိုင်ငံ ဘက်၌ အလွန်ထင်ရှားလှသော ဉာဏ်ပညာခေါ်သော သင်္ခါရဓာတ်ကြီးသည်ပင်လျှင် အမှန်ရှိရင်းဖြစ်သော ဓာတ်သဘောအားဖြင့် အဏုမြူမျှအခိုင်မာ အနှစ်သာရ မရှိချေ။

ထိုမှကြွင်းသော သင်္ခါရဓာတ်နုပ် ဓာတ်ဖွဲ့တို့မှာ ပြောဖွယ်ရာ မရှိပြီ။

## သင်္ခါရဓမ္မ ပျက်လွယ်ပုံ

စိတ်သန္တာန်၌ ဝင်စား၍နေသော ထိုထိုကုသိုလ် သင်္ခါရဓာတ်တို့သည် ထိုကုသိုလ် ဝင်လာလျှင် ခဏချင်းပျောက်ပျက်ကုန်၏။

လှူအဲ့, ဒါန်းအဲ့, ပေးအဲ့, ကမ်းအဲ့ဟု ဖြစ်၍နေသော ဒါနကုသိုလ်မျိုးသည် မစ္ဆေရလောဘဝင်လာလျှင် ခဏချင်း ပျောက်ပျက်ကုန်၏။

သီလကုသိုလ်မျိုးသည် ဒုဿီလ အကုသိုလ်ဝင်လာလျှင် ခဏချင်းပျောက် ပျက်၏။

သမထဘာဝနာ ဝိပဿနာဘာဝနာမှုကို အာရုံပြု၍နေရာ ထိုဝိတက်, ဝိစာရ, ဥဒ္ဓစ္စဝင်လာလျှင် ဘာဝနာသင်္ခါရ ခဏချင်းကွယ်ပျောက်၍ စိတ်ရောက်မိရောက်ရာ ရောက်သွား၏။

www.dhammaransi.com



ဤသို့ အစရှိသည်ဖြင့် အလုံးစုံသော သင်္ခါရတရားတို့၏ အနှစ်သာရမရှိကြသည့်အတွက် လျှပ်အချက်ကဲ့သို့ ပျက်လွယ် ပျောက်လွယ်ဖြစ်၍ နေကြပုံကို မိမိသန္တာန်၌ လည်းကောင်း, လောက၌ လည်းကောင်း ကိုယ်တွေ့မျက်မြင် အထင်အရှားဖြစ်၏၊ အနှံ့အပြား ထင်မြင်အောင်သာ ကြည့်ရှုကြလေ။

အလွန်ထက်သန်ကြီးမြတ်သော တန်ခိုးအဘိဉာဉ်တည်းဟူသော သင်္ခါရတရားကြီးကို ဝင်စား၍ ကောင်းကင်၌ ပျံသွား၍ နေစဉ်အခါ မာတုဂါမအဆင်း မာတုဂါမ အသံတို့နှင့် တွေ့ကြသဖြင့် ခဏချင်း ကွယ်ပျောက်၍ ကောင်းကင်မှ မြေသို့ကျ၍ မာတုဂါမနှင့် အရှက်တကွဲ အကျိုးနည်းဖြစ်ရသော ဝတ္ထုများကို လည်း မြော်လေ။

ဒါန, သီလ, ဘာဝနာ, သဒ္ဓါ, ပညာ အစရှိသော သင်္ခါရတရားတို့၏ အနှစ်သာရ မရှိဘဲ တရားနုပ် တရားဖွဲ့တွေ ဖြစ်ကြသည့်အတွက်ကြောင့် အနမတဂ္ဂ သံသရာ၌ အခါခါ ရရှိသော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတို့လည်း ခဏမကြာ ရေမြှုပ်ရေပွက်ကဲ့သို့ ကြေပျက် သေဆုံး၍ အပါယ်ငရဲသို့ တလဲလဲ ကျရောက်ခဲ နေကြကုန်သည်။

တစ်ယောက်, တစ်ယောက်သော သူမှာပင် အနမတဂ္ဂ သံသရာ၌ ဒါနသင်္ခါရ တရားမျိုးလည်း အနမတဂ္ဂ ဖြစ်ခဲ့လှလေပြီ။

ယခု တစ်တိုတစ်စမျှ အဖတ်ရှာ၍မရ၊ လောကီဘာဝနာ သင်္ခါရ တရားမျိုးလည်းအနမတဂ္ဂ ဖြစ်ခဲ့လှလေပြီ။

စျာန်အဘိညာဉ် သမာပတ်တည်းဟူသော လောကီဘာဝနာ သင်္ခါရ တရားမျိုးလည်း အနမတဂ္ဂ ဖြစ်ခဲ့လှပေပြီ။

ယခု တစ်တိုတစ်စမျှ ရှာ၍မရ၊ ဒါနလည်း မွဲလျက်ပင်ဖြစ်၏။ သီလလည်း မွဲလျက်ပင် ဖြစ်၏၊ ဘာဝနာလည်း မွဲလျက်ပင်ဖြစ်၏၊ အတတ်အသိ အလိမ္မာ ဉာဏ်ပညာလည်း မွဲလျက်ပင် ဖြစ်၏။

နောက်နောက် သံသရာ၌လည်း ဤနည်းအတိုင်း မြင်လေ။

ဤကား-အနမတဂ္ဂသံသရာ၌ ဒါနငှက်ပျောတောကြီး သီလငှက်ပျော တောကြီး ဘာဝနာ ငှက်ပျောတောကြီး အသိ အလိမ္မာ ပညာ ငှက်ပျောတောကြီးကို ပြဆိုလိုက်သော အချက်တည်း။

ထိုကြောင့် "သင်္ခါရာ ကဒလူပမာ" ဟူ၍ ဟောတော်မူပေသည်။

www.dhammaransi.com



သညီရက္ခန္ဓာသည် ငှက်ပျောတုံးနှင့် တူသည်ဟူ၍ ဟောတော်မူသဖြင့် သညီရက္ခန္ဓာကြီး၏ ကြီးကျယ်စွာသော အာဒီနဝသညီရက္ခန္ဓာ၏ အနိစ္စ ဒုက္ခအနတ္တကို အဘယ်သို့ ပြတော်မူသနည်း ဟူသောအမေး၌ အဖြေကို မူကား အာဟာရဒီပနီ စာအုပ် မနောသဉ္စေတနာ အာဟာရ၏ အာဒီနဝခန်း အနိစ္စ ဒုက္ခ အနတ္တ ခန်းမှာ အကျယ်ပြဆိုလျက် ရှိလေပြီ။

(ဤတွင်ရွှေ့ကား - "သညီရာကဒလူပမာ" ဟူသော ဒေသနာတော်ကို ထုတ်ဖော်ပြဆိုခန်းပြီး၏။)

## ဝိညာဏက္ခန္ဓာကိုပြဆိုခြင်း
## ဝိညာဏ်ခြောက်ပါးတို့၏ မှောက်မှားပုံ

"မာယူပမဉ္စ ဝိညာဏံ" ဟူသော ဒေသနာတော်မြတ်၌ စက္ခု၌ အဆင်းသဏ္ဍာန် အရိပ်အသွင်မျိုး ခိုက်တိုက်၍ နေဆဲအခါမှာ စက္ခု၌ တဘွားဘွား ဖြစ်ပေါ်သော မြင်မှုသည် စက္ခုဝိညာဏ မာတ်မည်၏။

နား၌ အသံအမျိုးမျိုး ခိုက်တိုက်၍ နေဆဲအခါမှာ သောတ၌ တဘွားဘွား ဖြစ်ပေါ်သော ကြားမှုသည် သောတဝိညာဏဓာတ်မည်၏။

နှာခေါင်း၌ အနံ့အမျိုးမျိုး ခိုက်တိုက်၍ နေဆဲအခါမှာ ယာန၌ တဘွားဘွား ဖြစ်ပေါ်သော လျက်မှုအရသာကို သိမှုသည် ဇိဝှါဝိညာဏဓာတ်မည်၏။

လျှာ၌ အရသာအမျိုးမျိုး ခိုက်တိုက်၍နေဆဲအခါမှာ ယာန၌ တဘွားဘွား ဖြစ်ပေါ်သော နံ့မှုသည် ယာနဝိညာဏဓာတ်မည်၏။

ဦးထိပ်အပြင်မှအောက်ခြေဖဝါးအပြင်တိုင်အောင် အတွင်းအပ တစ်ကိုယ်လုံး၌ ထိတွေ့ရန် အမျိုးမျိုးခိုက်တိုက်၍ နေဆဲအခါမှာ ထိုထို ကိုယ်အင်္ဂါအရပ်၌ တဘွားဘွားဖြစ်ပေါ်သော ထိမှုသိမှုသည် ကာယဝိညာဏဓာတ်မည်၏။

စိတ်နှလုံး၌သိရှိသမျှသော ကုသိုလ် အကုသိုလ် ထိုထိုအာရုံတို့ ခိုက်တိုက်၍ နေဆဲအခါမှာ စိတ်နှလုံး၌ တဘွားဘွားဖြစ်ပေါ်သော ကြံမှု သိမှု အလုံးစုံသည် မနော ဝိညာဏဓာတ်မည်၏။

ဤခြောက်ပါးသော ဝိညာဏ်တို့သည် ဓမ္မစက္ခုမရှိကြကုန်သော အန္ဓဗာလ

www.dhammaransi.com



သတ္တဝါ အပေါင်းတို့ကို အနမတဂ္ဂသံသရာ၌ တစ်ရံတစ်ခါမျှ အဟုတ်အမှန်ကို မသိစေ မမြင်စေမူ၍ မဟုတ်မမှန်သော ပညတ်နိုင်ငံကို လုပ်ကြံဖန်တီးအကြီးအကျယ် မွေ့လျော်ဖွယ် ထင်ရဲအောင် ဖော်ပြသမားတို့ပေတည်း။

## ဝိညာဏ်ခြောက်ရပ်နှင့် မျက်လှည့်တတ်ဥပမာ

ထိုဝိညာဏ်ခေတ်ခြောက်ပါးသည် အဘယ်သို့ မျက်လှည့်အမူနှင့် တူလေသနည်းဟူမူကား၊ တစ်ခုသော အရပ်၌ ရှားစောင်းတောကြီး တစ်ခုသည်ရှိ၏။ တစ်ယောက်သောသူသည် မျက်လှည့်အတတ်ဖြင့် ထိုရှားစောင်းတောကြီးကို ရွှေပဒေသာပင်တွေ ပြုလုပ်၍ ပြလေ၏။

တစ်ယောက်သောသူသည် အဟုတ်ရွှေပဒေသာပင်တွေ မှတ်ထင်၏၊ ပင်စည်တို့ကိုလည်း ရွှေတုံးတွေထင်၏၊ အကိုင်းကြီး, အကိုင်းငယ်, အခက်ကြီး အခက်ငယ်တို့ကိုလည်း ရွှေသားအတိ ထင်၏၊ အပွင့်အသီးတို့ကိုလည်း ရွှေပွင့်ရွှေသီး ထင်၏။

ငါ၏ ရေစက်ဘုန်း ရေးကံကြောင့် ငါ့အားနတ်သိကြား ဖန်ဆင်း၍ ပေးသည်ဟု အလွန်ဝမ်းမြောက်၏။

ဤရွှေတို့ကို ယူ၍ ပန်းတိမ်ဖိုမှာ ရွှေအိုး, ရွှေခွက်, ရွှေဖလား, ရွှေနားတောင်း, ရွှေလည်ကပ်, ရွှေလက်စွပ်, ရွှေပုတီး စသည် ပြုလုပ်စေ၍ ရောင်းချသည်ရှိသော် အကုဋေ များစွာသော အသပြာတို့ကို ရယူ၍ သူဌေးကြီး ဖြစ်ရပေတော့အံ့ဟု အကြံပြု၍ ရွှေပန်းတိမ်ဖို၌ ချလေသော် ရွှေသားမဟုတ်ရှားစောင်းကြီးသားသာ အစစ်အမှန်ဖြစ်၍ ရွှေရည်မဖြစ်၊ အသုံးမကျသော ပြာသက်သက်သာ ဖြစ်လေ၏။

ထိုသို့ဖြစ်ပါလျက် အပင်၌မျက်မြင် ကြောင်တောင်ရွှေရောင်ရွှေရည် ရှိနေသည့်အတွက် ရွှေဇာတိပင် မှတ်ထင်ရင်းအတိုင်းကို မစွန့်နိုင်ဘဲ သာယာ စောင့်ရှောက်ဆဲမှာပင် အသက်ဝိညာဏ် ဆုံးရလေ၏။

ဥပမာ၊ ဘုံသုံးပါးသည် ရှားစောင်းတောကြီးနှင့်တူ၏၊ ဝိညာဏ်ခြောက်ပါးသည် မျက်လှည့်ဆရာနှင့်တူ၏၊ အဇ္ဈတ္တဗဟိဒ္ဓ ခန္ဓငါးပါးသည် ရှားစောင်းပင် ပကတိနှင့်တူ၏။

ဓာတ်နိုင်ငံကြီးသည် ရှားစောင်းပင် ပကတိနှင့်တူ၏ သော်လည်းဆိုလေ၊ ပညတ်နိုင်ငံကြီးသည် မျက်လှည့်အတတ်နှင့် ထင်မြင်စေအပ်သော ရွှေပဒေသာပင် ကြီးနှင့် တူ၏။

ကိုယ်အင်္ဂါ, ဦးခေါင်း, ခြေလက်အင်္ဂါ, မျက်စိ, နား, နှာခေါင်း အစရှိသော

www.dhammaransi.com



အင်္ဂါ, ဆံပင်, မွေးညင်း အစရှိသော အင်္ဂါတို့သည် ရွှေပဒေသာပင်ကြီး၏ ပင်စည် ကိုင်းခက် အရွက်အပွင့် အသီးတို့နှင့် တူကုန်၏။

ထိုသူ့အား ရွှေပဒေသာပင်ကြီးကို တွေ့မြင်လေရာ ဝမ်းမြောက်ဝမ်းသာ ကြီးကျယ်စွာသော အကြံအစည်တွေ ဖြစ်ပွားသကဲ့သို့ ထိုအတူ ဤသတ္တဝါတို့အား ပြဆိုခဲ့ပြီးသော ပညတ်နိုင်ငံကြီးကို ထင်မြင်၍ နေကြသည့်အတွက် ယရာဝါသ လောကတန္တီ လောကီစီးပွားတို့၌ စိတ်အား ကိုယ်အားရှိသမျှ ဘဝတိုင်း ဘဝတိုင်း လုပ်ကြံလိုက်စား၍ နေကြကုန်၏။

မီးသို့ချလျှင် အသုံးမကျသော ပြာမှုန့်သက်သက်ဖြစ်သည်ကို မြင်ပါလျက် အပင်၌ မျက်မြင်ကြောင်တောင် ရွှေရောင်, ရွှေရည်ရှိနေသည့်အတွက် ရွှေဇာတိပင် မှတ်ထင်ရင်းအတိုင်းကို မစွန့်နိုင်ဘဲ သာယာ စောင့်ရှောက်ဆဲမှာပင် အသက်ဝိညာဏ် ဆုံးလေဘိသကဲ့သို့၊ ထိုအတူကြီးကြီးငယ်ငယ် သေဆုံးကြ၍အသုံးမကျ အချည်းအနှီး မြေကြီး၏ အစီးအပွားဖြစ်၍ သွားကြသည်ကို တစ်သက်လုံး ကိုယ်တွေ့ဒိဋ္ဌဖြစ်ကြပါ ကုန်လျက် အသက်ဝိညာဏ်ရှိစဉ် အခါ၌ သူသူငါငါ သတ္တဝါပုဂ္ဂိုလ် ထိုထိုဘဝ ထိုထိုဘဝသို့ ကျင်လည်ပြောင်းသွားနိုင်သူ လူပဲ နတ်ပဲ အထင်လွဲမှုကို မစွန့်နိုင်ကြကုန် မူ၍ သာယာစောင့်ရှောက်ဆဲမှာပင် အသိဝိညာဏ်ဆုံးခြင်းသို့ ရောက်ကြလေကုန်၏။

ထိုရှားစောင်းတောကြီးသည် အသုံးမကျသော တုစ္ဆသုညမျိုးသာ အမှန်ဖြစ်၍ ဖိုမှာချသော အခါ၌လည်း အသုံးမကျသော တုစ္ဆသုည အဖြစ်သို့ ရောက်လေသကဲ့သို့၊ ဤအဇ္ဈတ္တ ဗဟိဒ္ဓခန္ဓာစုသည် အသုံးမကျသော တုစ္ဆမျိုး, သုညမျိုး, အသာရကမျိုး, အစစ်အမှန်ဖြစ်၍ အဆုံးအဆုံး၌လည်း အသုံးမကျသော တုစ္ဆသုည မြေကြီးအစီး အပွားသာ ဖြစ်လေကုန်၏။

ခန္ဓာငါးပါးကို အသုံးမကျသော တုစ္ဆမျိုး သုညမျိုးဆိုသည်မှာမူကား ဓာတ်နိုင်ငံကြီးကို ဖွင့်၍ ကြည့်သည်ရှိသော် လောက၌ အဟုတ်ရှိ တကယ်ရှိထင်မြင် မှတ်ယူ သာယာစွဲလမ်း၍နေကြသော ပုဂ္ဂိုလ်သတ္တဝါဟူ၍ အင်္ဂါကြီးငယ်ဟူ၍ မျက်တောင် တစ်ခတ်မျှ အသက်ရှည်၍ တည်နေနိုင်သော ဝတ္ထု ဟူ၍ တစ်စုံတစ်ခုမျှ မရှိသည်ကို တုစ္ဆသုညဆိုသတည်း။

ပကတိအခါကပင် ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ အင်္ဂါကြီးငယ်မဟုတ်၊ တုစ္ဆမျိုး သုညမျိုး အစစ်အမှန်ဖြစ်သည့် အတွက်ကြောင့် အသုံးမကျ နိရတ္ထက တုစ္ဆသုည ဖြစ်သော အိုမှု သေမှု မြေကြီး အစီးအပွား ဖြစ်မှုသို့ ရောက်လေမြဲ ဓမ္မတာ ဖြစ်လေသတည်း။

ဖြစ်လေရာဘဝတိုင်းတို့၌ ခန္ဓာတွေကို သာယာမှုနှင့် ပြုစုမွေးမြူ အရေးယူမှု,

www.dhammaransi.com



အတင့်အတယ် အဖွယ်အရာကို လိုက်စားမှု, ခံစားမှု, စံစားမှု, အလုံးစုံတို့သည် သေနေ့ သေရက်သို့ ဆိုက်ရောက်သည်နှင့် တစ်ပြိုင်နက် သဲထဲရေသွန် အဖတ်မရ အသုံးမကျ တုစ္ဆသုညအဖြစ်သို့ ရောက်လေကုန်၏။

ရှားစောင်းပင်ကို ရွှေထင်၍ စောင့်ရှောက်ရာ၌ ထင်သလိုမဟုတ်သည်နှင့် အားထုတ်သမျှ အလုံးစုံသည် အကုန်တုစ္ဆဖြစ်လေသကဲ့သို့၊ ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါ မဟုတ်၊ တုစ္ဆသုညဖြစ်သော ဓာတ်နိုင်ငံကြီးကို ပုဂ္ဂိုလ်သတ္တဝါ အတ္တသာရထင်၍ ခင်မင်သာယာ တွယ်တာစောင့်ရှောက်ကြရာ၌ ထင်သလို မဟုတ်သည်နှင့် အားထုတ် သမျှ အားကျသမျှ အလုံးစုံသည် အကုန်တုစ္ဆသုည ဖြစ်ရလေ၏ဟု ဆိုလိုသည်။

ဗုဒ္ဓုပ္ပါဒဒုလ္လဘ၌ ပြဆိုခဲ့ပြီးသည့် အတိုင်း သူသူငါငါ သတ္တဝါတို့၏ ရင်တွင်း နှလုံးတွင်း၌ ဒုစ္စရိုက်ကံဟောင်းတွေအနန္တအပါယ်ကြွေးဟောင်းတွေ အနန္တနောက်ဘဝ အဆက်ဆက် မိုက်မဲမှောက်မှားရန် ဓာတ်ဆိုး, ဓာတ်ဝါး ကြီးတွေ အနန္တရှိနေကြ၏။

ဘဝတွေ အနမတဂ္ဂ, ကမ္ဘာတွေ အနမတဂ္ဂ, သံသရာတွေ အနမတဂ္ဂ ကြာညောင်းကြသော်လည်း ကိုးကွယ်ရာတစ်ခုမျှ ယခုတိုင် မရှိကြဘဲ ဒိဋ္ဌိကြီး တန်းလန်းနှင့် အပါယ်နှုတ်ခမ်းမှာ တူလျှူတူလျှူ ပင့်သက်ရှူလျက် နေကြရမှုသည် တုစ္ဆသုည၏ ဒိဋ္ဌသက်သေပေတည်း။

## ပုထုဇဉ်များ မျက်လှည့်ဆရာနှင့် ပေါင်းပုံ

ယခုအခါ မျက်လှည့်သည် အသွင်ကဲ့သို့ ဝိညာဏ် ခြောက်ပါး အမှောက်အမှား လှည့်စား၍ နေပုံကို ပြဆိုပေအံ့။

အဟုတ်ရှိ တကယ်ရှိဖြစ်၍ အဟုတ်ဇာနေ် တကယ်မှန်သော ဓာတ်နိုင်ငံကြီး ကိုမူကား ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်တို့၌ အိပ်မက်တွင်မျှ မမြင်ဘူးကြ မသိဘူးကြကုန်မူ၍ မဟုတ်မမှန်သော သဏ္ဌာန်ဒြပ် ပညတ်ကြီးငယ်တို့ကိုသာလျှင် သိမြင်တွေ့ကြုံ၍ လာခဲ့ကြရကုန်၏။

မျက်စိဥပစာရှိသမျှသော ဝတ္ထုဒြပ်တို့ကို မျက်စိဖြင့် မြင်ကြရာ၌ အဟုတ်ရှိ တကယ်ရှိဖြစ်သော ဓာတ်သဘာဝကို မြင်ကြသည်မဟုတ်။

ဝိညာဏ်သည် မဟုတ်မမှန် လုပ်ကြံဖန်ဆင်း ခင်းကျင်း ဖော်ပြသော ပုဂ္ဂိုလ် သတ္တဝါ မိန်းမ ယောကျ်ား ဝတ်စားတန်ဆာ အိမ်ရာကျောင်းကန် ဝင်းခြံ တုံးတိုင် ဖျာရိုင် အိုးအင် သစ်ပင်ချုံနွယ် အစရှိသော အထည်ဒြပ်ပညတ်နိုင်ငံ၏ အဆောက် အဦတွေကိုသာ မြင်ကြကုန်၏။

www.dhammaransi.com



ဤအရာ၌ အဆင်းတည်းဟူသော ရူပဓာတ်ကို မြင်ကြသည်မဟုတ်လော၊ ရူပဓာတ်သည် ပရမတ္ထတရား အစစ်မဟုတ်လော။

အဘယ်ကြောင့် မဟုတ်မမှန်ကို မြင်ကြကုန်၏ဟု ဆိုဘိသနည်း ဟူငြားအံ့။

ရူပဓာတ်ကို မြင်ကြသည်မှန်ငြားသော်လည်း ရူပဓာတ် တစ်ခုတစ်ခုစီကို အသီးအသီးခြားနား၍ မြင်ကြသည်မဟုတ်။ ရူပဓာတ်၏ ဥပါဒ်ဇာတိမှုကို မြင်ကြသည် မဟုတ်၊ ရူပဓာတ်၏ ဇရာမှုကို မြင်ကြသည်မဟုတ်။

ရူပဓာတ်၏ ခယမှု, ဝယမှု, မရဏမှုကို မြင်ကြသည်မဟုတ်၊ ရူပဓာတ်၏ အနိစ္စအချက်ကို မြင်ကြသည်မဟုတ်၊ ရူပဓာတ်၏ ဒုက္ခအချက်ကို မြင်ကြသည်မဟုတ်။

ရူပဓာတ်၏ အနတ္တအနက် အသာရအချက်ကို မြင်ကြရသည်မဟုတ်၊ ရူပဓာတ်၏ သဟဇာတ် ဓာတ်အသိုက်အအုံကို မြင်ကြသည်မဟုတ်။

စင်စစ်မူကား အဆင်းဟူသော ရူပဓာတ်ကို မြင်ကြရာ၌ မျက်လှည့်သည် ဝိညာဏ်သည် ပြဆိုခဲ့ပြီးသော ဥပါဒ် ဇာတိမှု အစရှိသော ဓာတ်နိုင်ငံလမ်းကိုမဖွင့်၊ သဏ္ဌာန်ဒြပ်ပညတ်နိုင်ငံလမ်းကိုသာ ဖွင့်၏။

ထို့ကြောင့် သတ္တဝါတို့သည် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ တစ်စုံတစ်ခုသော ဝတ္ထု အထည်မဟုတ်၊ တုစ္ဆာသုည အဘာဝမျိုးဖြစ်သော ရူပဓာတ်ကို ငါမြင်သည်ဟု မဖြစ်ကြကုန်။

မည်သည့်ပုဂ္ဂိုလ်ကို မြင်သည်၊ မည်သည့်သတ္တဝါကို မြင်သည်၊ မည်သည့် အထည် ဝတ္ထုကို ငါမြင်သည်ဟု ဖြစ်ကြကုန်၏။

ဤသို့သော မြင်မှုကို စတုသစ္စအရာ ဝိပဿနာအရာတို့၌ မဟုတ်မမှန်ကို မြင်ကြကုန်၏ဟု ဆိုသတည်း။

နားဥပစာ၌ ဖြစ်လာသမျှသော အသံစကားကို ကြားကြရာ၌လည်းကောင်း၊ နှာခေါင်းဥပစာ၌ ရှိနေသမျှသော အနံ့ကို နံကြရာ၌လည်းကောင်း၊ လျှာပေါ်သို့ရောက် သမျှသော အရသာကို သိကြရာ၌လည်းကောင်း၊ ကိုယ်အင်္ဂါ၌ ထိမှု, ခိုက်မှု, ပူမှု, အေးမှု စသည်ကို သိကြရာ၌ လည်းကောင်း၊ စိတ်ထဲ၌ ထွေထွေလာလာ ကြံကြ သိကြရာ၌ လည်းကောင်း စက္ခုဒွါရအတိုင်း အမေးအဖြေကို ထုတ်ဆိုလေ။

**ဤကား - မျက်လှည့်သည် အသွင်ကဲ့သို့ ဝိညာဏ်ခြောက်ပါး အမှောက်အမှား လှည့်စား၍ နေပုံကို သိသာရုံမျှ ပြဆိုလိုက်သော အချက်တည်း။**

www.dhammaransi.com



## ဓာတ်မျက်မှန်ဖြင့် ရုပ်နာမ်ကိုကြည့်ရှုရန်

ရှားစောင်းတော ဥပမာ၌ တစ်ယောက်သောသူသည် လူတို့၏မျက်လှည့် အတတ် နတ်ဘီလူးတို့၏ မျက်လှည့်အတတ်တို့ကို အဖြောင့်အမှန် ပေါ်စေနိုင်သော နတ်ဆေး နတ်ဝါးဖြင့်ပြီးသော ဓာတ်မှန်ကိုရရှိ၏။

ထိုသူသည် ထိုရှားစောင်းတောကို ပကတိသောမျက်စိဖြင့် ကြည့်သောအခါ ရွှေပဒေသာပင်တွေပင် ထင်မြင်၏။

တစ်ဖန် မျက်စိ၌ ဓာတ်မှန်ကို တပ်၍ ကြည့်သောအခါ ဆူးအပြည့်ရှိနေသော အလွန်ပူလောင်သော အစေးတို့ဖြင့် ပြည့်သော အနံ့အရသာ ဆိုးဝါးလှသော အနည်းငယ်မျှ အနှစ်သာရဟူ၍ မရှိသည့်အတွက် သက်သက် အသုံးမကျသော ရှားစောင်းတော ပကတိကို ထင်လျှားစွာမြင်လေ၏။

ထိုသူအား နောက်အခါ၌ ပကတိမျက်စိတွင် ရွှေဟု ထင်ငြားသော်လည်း ဓာတ်မှန်နှင့် ရှင်းလင်းပြီးဖြစ်၍ သတ္တဝါအများတို့အား မှောက်မှားကြစေဖို့ ဥပါဒ်ကြီးစွာ ဖြစ်ကြစေဖို့ ဖြစ်လာသော အမှုကြီး ဖြစ်ချေသည်ဟု သိပြီးမြင်ပြီး ဖြစ်သည်နှင့် မိမိမှာ ရွှေထင်သည့်အတွက် တစ်စုံတစ်ခုမျှ စွန်းငြိခြင်းမရှိမူ၍ မဟုတ်တရုတ်မှုကြီးကို မမြင်လို မကြားလိုသဖြင့် လွတ်အောင်ရှောင်ရှားကာ နေလေတော့သည်။

ထိုဥပမာ အတူ အသီးအသီးသော ရုပ်ဓာတ် နာမ်ဓာတ်တို့ကိုလည်းကောင်း၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတို့ကိုလည်းကောင်း အလင်းထင်မြင်စေနိုင်သော ဓမ္မစက္ခုကို ရရှိသောသူတို့အား ပကတိသောမျက်စိတွင် ပုဂ္ဂိုလ်သတ္တဝါ ထင်မြင်ကြ ငြားသော်လည်း ဓမ္မစက္ခုနှင့် ရှင်းလင်းပြီး ဖြစ်၍ သတ္တဝါအများတို့အား မှောက်မှား ကြစေဖို့ ဒုစ္စရိုက်တရား ပွားများကြစေဖို့ အသုံးမကျသော တုစ္ဆသုညပမာဒ တရား ပွားများကြစေဖို့ ဖြစ်နေသော အမှုကြီးဖြစ်ချေသည်ဟု သိပြီး မြင်ပြီး ဖြစ်ကြသည်နှင့် မိမိတို့မှာ ပကတိ မျက်မြင်တွင် ပုဂ္ဂိုလ်သတ္တဝါ ထင်ကြသည့်အတွက် မှောက်မှု မှားမှု စွန်းငြိခြင်း မရှိကြကုန်ပြီ။

ထိုသို့သော ဓမ္မစက္ခုကို ရရှိကြစေခြင်းငှာ "မာယူပမဥ္စဝိညာဏံ" ဟူ၍ ဟောတော်မူသည်။

ဝိညာဏက္ခန္ဓာသည် အမှောက်အမှား လှည့်စားတတ်သော မျက်လှည့် သည်နှင့် တူသည်ဟူ၍ ဟောတော်မူသဖြင့် မိမိဟု ဆိုအပ်သော ဝိညာဏ်ခြောက်ပါး၌ နိစ္စ, သုခ, အတ္တအနေနှင့် ထင်မြင်၍ နေကြသည်လည်း မိမိ လှည့်စားမှုပင် ဖြစ်၏။

ထင်မြင်၍ နေကြသော ဝိညာဏ်၏ နိစ္စမှုသည် ထင်မြင်တိုင်း အခိုင်အမာ

www.dhammaransi.com



အမှန်ရသော အနှစ်သာရမျိုးမဟုတ်ဟု ပြတော်မူသည်ဖြစ်၍ ဝိညာဏက္ခန္ဓာ၏ ကြီးစွာသော အာဒီနဝဝိညာဏက္ခန္ဓာ၏ အနိစ္စ, ဒုက္ခ, အနတ္တတို့ကို ပြတော်မူလိုရင်း ဖြစ်၏။

အာဟာရဒီပနီ စာအုပ်တွင် ဝိညာဏာဟာရ ကမ္မဋ္ဌာန်း အစီအရင်မှာ အတန်ငယ် အကျယ်ပါရှိလေပြီ။

(ဤတွင်ရွေ့ကား "မာယူပမဥ္စဝိညာဏံ" ဟူသော ဒေသနာတော် အရကို ဖော်ပြခန်းပြီး၏။)

ဖေဏ ပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုပ္ဖုဠူပမာ။

မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။

မာယူပမဥ္စ ဝိညာဏံ၊ ဒေသိတာ ဒိစ္စဗန္ဓုနာ။

ဟူသော ဒေသနာဂါထာ၏ အနက် အဓိပ္ပာယ်ကို ပြဆိုခဲ့န်းပြီး၏။

## အတွင်း အာယတန ခြောက်ပါး

## အဇ္ဈတ္တိကာယတနတို့၏ သဘာဝ

သုညောဂါမောတိခေါ ဘိက္ခဝေ ဆန္နေတံအဇ္ဈတ္တိ

ကာနံအာယတနာနံ အဓိဝစနံ ၊ ။ (သံယုတ်ပါဠိတော်။)

ဘိက္ခဝေ၊ ရဟန်းတို့။ သုညောဂါမောတိဧတံ၊ ရွာပျက်ကုန်းကြီး ရွာဆိုးကုန်းကြီး ဟူသော ဤအမည်သည်။ ဆန္နံ၊ ခြောက်ပါးကုန်သော၊ အဇ္ဈတ္တိကာနံ အာယတနာနံ၊ အတွင်းအာယတနတို့၏။ အဓိဝစနံ၊ အမည်တည်း။

မျက်လုံးအိမ်တွင်း၌ ခဏမစဲ တဘွားဘွား ဖြစ်ပေါ်၍နေသော ကမ္မဇ မဟာဘုတ်တို့၏ ကြည်လင်မှု ဖြစ်သော စက္ခုဓာတ်သည် စက္ခာယတနမည်၏။

www.dhammaransi.com



ရေကြည် မှန်ကြည်မှာ မျက်နှာရိပ် ထင်ရသကဲ့သို့၊ ဤစက္ခုအကြည်မှာ အဆင်းသဏ္ဌာန် အရိပ်အသွင် ဟူသမျှ ထင်ရ၏။

စက္ခုအကြည်မှာ အဆင်းသဏ္ဌာန် အရိပ်အသွင် ထင်ပေါ် ခိုက်တိုက်၍ နေဆဲအခါ ထိုစက္ခုအကြည်ထဲမှာ တဘွားဘွား ဖြစ်ပေါ်၍နေသော မြင်မှုသည် မနာယတန မည်၏။

ဤ၌ စက္ခုဝိညာဏ်စာတ်ကို မနာယန ဆိုသတည်း။

နားအိမ်တွင်း၌ ခဏမစဲ တဘွားဘွား ဖြစ်ပေါ်၍နေသော ကမ္မဇ မဟာဘုတ်တို့၏ ကြည်လင်မှုဖြစ်သော သောတဓာတ်သည် သောတာယတနမည်၏။

ဤသောတာယတန၌ အသံဟူသမျှတို့သည် အရိပ်အသွင် ထင်ကြကုန်၏။

အသံအရိပ်အသွင် ထင်ပေါ်တိုက်ခိုက်၍နေဆဲအခါ ထိုသောတအကြည် ထဲမှာ တဘွားဘွား ဖြစ်ပေါ်၍နေသော ကြားမှုသည် မနာယတန မည်၏။

ဤ၌ သောတဝိညာဏဓာတ်ကို မနာယတနဆိုသည်။

နှာခေါင်းအိမ်တွင်း၌ ခဏမစဲ တဘွားဘွား ဖြစ်ပေါ်၍နေသော ကမ္မဇ မဟာဘုတ်တို့၏ ကြည်လင်မှုဖြစ်သော ဃာနဓာတ်သည် ဃာနာယတန မည်၏။

အနံ့ဟူသမျှတို့သည် ဤဃာနာယတန၌ ထိခိုက်ကြကုန်၏၊ ထိခိုက်၍နေဆဲ အခါ ဤဃာနအကြည်ထဲမှာ တဘွားဘွား ဖြစ်ပေါ်၍နေသော နံမှုသည် မနာယတန မည်၏။

ဤ၌ ဃာနဝိညာဏ. ဓာတ်ကို မနာယတနဆိုသည်။

လျှာပေါ်၌ ခဏမစဲ တဘွားဘွား ဖြစ်ပေါ်၍နေသော ကမ္မဇ မဟာဘုတ်တို့၏ ကြည်လင်မှုဖြစ်သော ဇိဝှါဓာတ်သည် ဇိဝှါယတနမည်၏၊ အရသာမျိုးတို့သည် ဤဇိဝှါအကြည်၌ ထိခိုက်ကြကုန်၏။

ထိခိုက်ဆဲအခါ ဤဇိဝှါအကြည်ထဲမှာ တဘွားဘွား ဖြစ်ပေါ်၍ နေသော လျက်မှုသည် မနာယတနမည်၏။

ဤ၌ဇိဝှါဝိညာဏဓာတ်ကို မနာယတနဟုဆိုသည်။

အတွင်းအပဖြစ်သော တစ်ကိုယ်လုံး၌ ခဏမစဲ တဘွားဘွား ဖြစ်ပေါ်၍ နေသောကမ္မဇ မဟာဘုတ်တို့၏ ကြည်လင်မှုဟူသော ကာယဓာတ်သည် ကာယာ ယတနမည်၏။

ပူမှု အေးမှု အစရှိသော ဖောဋ္ဌဗ္ဗဓာတ်တို့သည် ဤကာယအကြည်၌ ထိခိုက် ကြကုန်၏။

www.dhammaransi.com



ထိခိုက်ဆဲအခါ ဤကာယအကြည်ထဲမှာ တဘွားဘွား ဖြစ်ပေါ်သော နာမ်၏ တွေ့ထိမှုသည် မနာယတနမည်၏။

ဤ၌ ကာယဝိညာဏဓာတ်ကို မနာယတနဆိုသည်။

ဤကာယဝိညာဏဓာတ်ခေါ်သော စိတ်သည်ကား အတွင်းအပတစ်ကိုယ်လုံးမှာ ဖောဋ္ဌဗ္ဗဓာတ် ထိခိုက်ရာဌာနတို့၌ ဖြစ်ပေါ်၏။

ခြေဖဝါးအပြင်မှာ ဆူးပြောင့်, ခလုတ်, အုတ်, ကျောက်မီး, ရေအစရှိသော ဖောဋ္ဌဗ္ဗဓာတ် ထိခိုက်လျှင် ထိခိုက်ရာ ခြေဖဝါးအပြင်မှာ ဤဝိညာဏ်စိတ် ဖြစ်ပေါ်၏။

တစ်ကိုယ်လုံးမှာ ဘယ်နေရာ၌မဆို ပူသည်, အေးသည်, ယားသည်, ယံသည်, ညောင်းသည်, ညာသည်, နာသည်, ကျင်သည်, ကိုက်သည်, ခဲသည်, လှုပ်သည်, ရှားသည် အစရှိသည်တို့ကို သိကြသမျှသည် ကာယဝိညာဏ်စိတ်ပေါ်ရာ ဌာနမှာမှသာ သိနိုင်ကြ၏။

ခြေဖဝါး၌ ကာယဝိညာဏ်စိတ် ဖြစ်ပေါ်မှ ခြေဖဝါး ပူသည်အေးသည် အစရှိသည်ဖြင့် သိရသည်။

အအူတွင်း, အသည်းတွင်း, အဆုတ်တွင်းတို့၌ ကာယဝိညာဏ်စိတ် ဖြစ်ပေါ်မှ ဝမ်းထဲကပူသည်, နာသည်, ရင်ထဲကပူသည်, နာသည် အစရှိသည်ဖြင့် သိကြရသည်။

ကျောက်ကုန်း တစ်ပြင်လုံး၌ နေပူဟူသော ဖောဋ္ဌဗ္ဗ ထိခိုက်လျှင် ကျောက်ကုန်း တစ်ပြင်လုံးမှာ ဤဝိညာဏ်စိတ် ဖြစ်ပေါ်၏၊ ဤဝိညာဏ်စိတ် ဖြစ်ပေါ်ရာ ကျောက်ကုန်း အပြင်စုံမှာ ဤနေရာ၌ပူသည် ထိုနေရာ၌ပူသည်ဟု သိကြရ၏။

ဤနည်းအတိုင်း အတွင်းအပ တစ်ကိုယ်လုံး အနှံ့ သိအပ်ကုန်၏။

နှလုံးအိမ်တွင်း၌ ခဏမစဲ တဘွားဘွား ဖြစ်ပေါ်၍နေသော အကြံအမျိုးမျိုး, အသိအမျိုးမျိုးသည် သုဒ္ဓမနာယတန မည်၏။

ထို မနာယတနသည်. . . (၁) ဘဝင်မနော၊ (၂) ဇောမနော ဟူ၍ နှစ်မျိုးရှိ၏။

(၁) ခန္ဓာကိုယ်ကို မသေမပျောက်ရုံမျှ စောင့်ရှောက် ချုပ်ထိန်းသော စိတ်မျိုးသည် ဘဝင်မနော မည်၏။

(၂) ကိုယ်အင်္ဂါ လှုပ်ရှားခြင်း, နှုတ်အင်္ဂါ လှုပ်ရှားခြင်း, စိတ်အင်္ဂါလှုပ်ရှား ကြံဖန်ခြင်းကို ပြုနိုင်သော စိတ်မျိုးသည် ဇောမနော မည်၏။

(အတွင်း အာယတန ခြောက်ပါး ခွဲဝေခန်းပြီး၏။)

www.dhammaransi.com



## ဘီလူးရှိသည့် ရွာဆိုးကုန်း ဥပမာ

ရွာဆိုးကုန်းဥပမာကို ပြဆိုသောအချက် ကာလအရှည်စည်ကား၍ လာခဲ့သော မြို့ရွာနိဂုံးကြီးသည် ရှိရာ၏။

ထိုမြို့ရွာနိဂုံးကြီးသည် နောက်အခါ၌ တစ်စုံတစ်ခုသော ဘေးကြီးကြောင့် ပျက်စီးလေ၏။

လူသူတစ်ဦးတစ်ယောက်မျှမရှိ၊ အစိမ်းသူရဲ, ဘီလူး, သဘက်တို့သာ ကျန်ရှိကုန်၍ ရွာဆိုးကုန်းကြီး ဖြစ်လေ၏။

အဝေးကမြင်လျှင် အလွန်စည်ပင်သော မင်းနေပြည်ကြီး ထင်ရ၏။

အရပ်ကြီး ဒေသကြီးမှာ နေထိုင်လို၍ အရပ်ကြီး ဒေသကြီးကို ရှာကြံကြကုန်သော အဝေးနိုင်ငံသား ခရီးသည်တို့သည် နွေလအခါ၌ အလွန်ပင်ပန်းစွာ ကန္တာရခရီးဖြင့် လာခဲ့ရာ ထိုမြို့ရွာနိဂုံးအနီးသို့ရောက်၍ ညို့ညို့ မှိုင်းမှိုင်းကြီး မြင်ကြရာ အလွန်ပင်စည်ပင်သာယာသော မြို့ကြီးသို့ ငါတို့ရောက်ကြပေကုန်တော့မည်။

ဤမြို့ကြီးသို့ ရောက်ကြကုန်မှ ကောင်းမွန်စွာ စားသောက် ဝတ်ဆင်၍ ချမ်းသာစွာ နေထိုင် ကြရပေကုန်တော့မည်ဟု အလွန် အားတက်သရော ရှိကြကုန်၏။

မြို့တွင်း ရွာတွင်းသို့ ဝင်ရောက်ကြသောအခါ တစ်စုံတစ်ယောက်သောလူကိုမှ မတွေ့မမြင်ကြကုန်မူ၍ အိမ်ပျက်, ရာပျက်, ဝင်းပျက်, ခြံပျက် တို့ကို သာတွေ့မြင်ကြလေ ကုန်၏။

ဆာလောင်မွတ်သိပ် ရှိကြ၍ အိပ်ရာတိုက်ခန်းသို့ ဝင်၍ဖွင့်လှစ်ရှာကြံ စမ်းသပ်ကြကုန်ရာ တစ်စုံတစ်ခုသော စားရန်, သောက်ရန်ကိုမျှ မတွေ့။

အသုံးသက်သက် မကျသော အိုးကွဲ, အင်ကွဲ, ဖျာစုတ်, တောင်းစုတ် အစရှိသော အမှိုက်အစုတို့ကိုသာ တွေ့ရှိကြကုန်၍ အဆာမပြေ, အမွတ်မပြေ ရှိနေကြရာ အချို့သော သူတို့သည် သင်းချိုင်းပြင်ကြီးကဲ့သို့ ထင်ကြကုန်၏။

အိမ်ပေါ် တိုက်ပေါ်မှာ နေကြပြန်လျှင် အိမ်တွင်း, တိုက်တွင်း, အိမ်ကြို, အိမ်ကြား, တိုက်ကြို, တိုက်ကြားတို့မှ အစိမ်း, သူရဲ, ဘီလူး, သဘက်တို့သည် ယခုပင် ထွက်၍ ဖမ်းယူအံ့ဟု ထင်ကြကုန်၏။

သစ်ပင်ကြီး, ဝါးပင်ကြီး အရိပ်၌ နေကြပြန်လျှင် သစ်ပင်ကြီး, ဝါးပင်ကြီးတို့ အထက်မှ အစိမ်းကြီး, သရဲကြီး, ဘီလူးကြီး, သဘက်ကြီးတို့သည် ယခုပင်ဆင်း၍ ဖမ်းယူအံ့ ထင်ကြကုန်၏။

www.dhammaransi.com



ညဥ့်အိပ်၍ မနေကြကုန်ဘဲ အလျင်အမြန် ထွက်၍ ပြေးကြလေကုန်၏။

အချို့သောသူတို့သည် အမှတ်မထင်ရှိကြ၍ မောပန်းလှသေးသည်ဟု အိပ်၍ နေကြကုန်ရာ ညဥ့်အခါသို့ ရောက်သဖြင့် ထိုရွာတွင် အစာတော်မွတ်လျက်ရှိနေကြကုန်သော အစိမ်း, သူရဲ, ဘီလူး, သဘက်တို့ အစာဖြစ်ကြလေကုန်၏။

ဤဥပမာ၌ သတ္တဝါတို့၏ ကိုယ်ခန္ဓာမှာ မျက်စိမြင်မှုသည် ရွာဆိုးကုန်းကြီး တစ်ခု, နားကြားမှုသည် ရွာဆိုးကုန်းကြီးတစ်ခု, နှာခေါင်းနံမှုသည် ရွာဆိုးကုန်းကြီး တစ်ခု, လျှာလျက်မှုသည် ရွာဆိုးကုန်းကြီးတစ်ခု, ကိုယ်တွေ့ထိမှုသည် ရွာဆိုးကုန်းကြီး တစ်ခု, မနော ကြံမှု သိမှုသည် ရွာဆိုးကုန်းကြီးတစ်ခုဟူ၍ ရွာဆိုးကုန်းကြီး ခြောက်ဌာနရှိကြ၏။

မျက်စိမြင်မှုသည် အဘယ်သို့ ရွာဆိုးကုန်းကြီးနှင့် တူသနည်းဟူမူကား. . .

မျက်စိဥပစာမည်သည် ကျယ်ဝန်း၏၊ အရပ်ဆယ်မျက်နှာ၌ တော,တောင်, ရေ,မြေ, နေ,နက္ခတ် အလုံးစုံတို့နှင့်တကွ မျက်စိဦးတည်ရာ မျက်စိဥပစာထင်နိုင် မြင်နိုင်သော နယ်ပယ်သည် ကျယ်ဝန်းလှ၏။

ထိုမြင်မှုကြီးကို သတ္တဝါတို့သည် အလွန်ကြီး အားပြုကြကုန်၏၊ ထိုမြင်မှု ကြီးသည် သတ္တဝါတို့၏ စိတ်ကို အလွန်မြောက်စားနိုင်၏၊ ထိုမြင်မှုကြီးမြောက်စားသည့် အတွက် သတ္တဝါတို့သည် သေမင်း၏မျက်မှောက်၌ ဓားအောက်လည်ခံ ဖြစ်နေကြ ပါကုန်လျက် သေမင်းကိုပင် ထိမထင် ရှိနေကြကုန်၏။

အဝိဇ္ဇာ မှောင်ကြီးကိုပင် ထိမထင်, သက္ကာယဒိဋ္ဌိကြီးကိုပင် ထိမထင်, ရင်တွင်း နှလုံးတွင်း၌ ယခုငုတ်တုတ်ရှိလျက်နေကြသော အပါယ်ကြွေးဟောင်းအနန္တ တို့ကိုပင် ထိမထင်, ရှေ့သို့ မိုက်မဲလတ္တံ့သော ဒုစ္စရိုက်အနန္တတို့ကိုပင် ထိမထင်, အပါယ် သံသရာကြီးကိုပင် ထိမထင်ရှိနေကြကုန်၏။

ထိုရွာဆိုးကုန်းကြီးကို အဝေးကမြင်ကြရာ၌ကဲ့သို့တည်း။

ထိုသို့ ထိမထင် ရှိနေကြကုန်သော်လည်း အဆက်ဆက် သေမှုအနန္တ ထင်လင်းရှိ နေကြသောအပူကြီးကို အေးငြိမ်းကြစေရန် တစ်စုံတစ်ခုကိုမျှ ထိုမြင်မှုကြီး ထဲမှာ ရှာကြံစမ်းသပ်၍ မရကြကုန်။

အဝိဇ္ဇာမှောင်ကြီး ပျောက်ကင်း၍ အလင်းသို့မြင်ကြရန် တစ်စုံတစ်ခုကိုမျှ ရှာကြံစမ်းသပ်၍ မရကြကုန်၊ သက္ကာယဒိဋ္ဌိ အပါယ်မြစ်ကြီး ကျွတ်လွတ်ရန် တစ်စုံတစ်ခုကိုမျှ ရှာကြံစမ်းသပ်၍ မရကြကုန်။

www.dhammaransi.com



အပါယ်ကြွေးဟောင်းတွေ အနန္တကို ပြေငြိမ်းကြစေရန် တစ်စုံတစ်ခုကိုမျှ ရှာကြံစမ်းသပ်၍ မရကြကုန်။

ရှေ့သို့ ဒုစ္စရိုက် အနန္တဖြစ်မှုတွေ လွတ်ငြိမ်းရန် တစ်စုံတစ်ခုကိုမျှ ရှာကြံစမ်းသပ်၍ မရကြကုန်။ ရှေ့သို့ကျရောက်လတ္တံ့သော အပါယ်သံသရာကြီး ကျွတ်လွတ်ရန် ထိုတစ်သက်လုံးမြင်မှု ဘဝအဆက်ဆက် မြင်မှုတို့မှ တစ်စုံတစ်ခုကိုမျှ ရှာကြံစမ်းသပ်၍ မရကြကုန်။

ထိုခရီးသည်တို့၏ ထိုရွာကြီးတွင်းသို့ ရောက်ကြ၍ တစ်စုံတစ်ခုသော အကောင်း အမွန်ဝတ္ထုကို ရှာကြံစမ်းသပ်၍ မရကြသကဲ့သို့တည်း။

## ဣန္ဒြေမစောင့်၍ မှောက်မှားရပုံ

လောဘ, ဒေါသ, မောဟ, အဝိဇ္ဇာ, တဏှာ, မာန, ဒိဋ္ဌိ, ဣဿာ, မစ္ဆေရ အစရှိကုန်သော ကိလေသာ အညစ်အညမ်း အကြမ်းအကြုတ် အယုတ်အမာကြီး တို့သည် ထိုမြင်မှုကြီးထဲမှာ ကြီးပွားစည်ကား၍ ရှိနေကြကုန်၏။

မျက်စိကို ဖွင့်၍ ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း ထိုအကြမ်းအကြုတ် အယုတ်အမာတို့သည် ကပ်ရောက်ဝင်ပူး၍ အရူးတိုက်လိုတိုက် အနှမ်းတိုက်လိုတိုက် အမိုက်မျိုး အနန္တ, အမဲမျိုးအနန္တ, အမှောက်အမှားမျိုး အနန္တတို့ကို တိုက်တွန်း၍ ကိလေသာကျွန်, ကိလေသာစားဖတ်, ဝါးဖတ် သုံးသပ်နင်းနယ် ရာအဖြစ်သို့ ရောက်ကြစေကုန်၏။

မျက်စိမြင်သူတို့ဖြစ်နိုင်ကြသော ကိလေသာမှု ဒုစ္စရိုက်မှုတွေကို ရေသတ္တဝါ, ကုန်းသတ္တဝါတို့၌ မြင်အောင် ကြည့်အပ်ကုန်၏။

ထိုရွာဆိုးကုန်းကြီး၌ ညဉ့်အိပ်၍နေသူတို့ ဘီလူးအစာ ဖြစ်ကြလေကုန်သကဲ့သို့တည်း။

စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို၊ အသံဝုတံ၊ မပိတ်မဆို့မူ၍။ ဝိဟရန္တံ၊ နေသော သူကို။ အဘိဇ္ဈာဒေါမနဿ၊ အဘိဇ္ဈာဒေါမနဿ တို့သည်လည်းကောင်း။ ပါပကာ၊ အကြမ်းအကြုတ် အယုတ်အမာ ဖြစ်ကုန်သော။ အကုသလာဓမ္မာ၊ မကောင်းဆိုဝါး တရားအမိုက် တို့သည်လမ်းကောင်း။ အနုအာသဝေယျုံ၊ မီးခိုးလျှောက်လျှင် ကပ်ရောက်ဝင်ပူး အရူးတိုက်ခြင်း စသည်ကို ပြုကြကုန်ရာ၏။ ။(ပါဠိတော်။)

ခတ်နိုင်ငံသို့ အမြန်ကူးရောက် အမြင်ပေါက်ကုန်သော သူတို့သည် ထိုရွာတွင်း၌ ညဉ့်မအိပ်ဘဲ လွတ်ရာ အရပ်သို့ ထွက်ပြေးသော သူတို့နှင့် တူကုန်၏။

www.dhammaransi.com



ပညတ်နိုင်ငံ၌ စိတ်အလိုလိုက်၍ နေကြကုန်သော သူတို့သည် ထိုရွာဆိုးကုန်းကြီး၌ ညဥ့်အိပ်၍ နေကြသူတို့နှင့် တူကုန်၏။

ဤကား စက္ခုဒွါရ၏ ရွာဆိုးကုန်းကြီးနှင့် တူပုံကို ပြဆိုချက်တည်း။

ထိုနည်းအတူ အသံအမျိုးမျိုးကို ကြားမှုဟူသော သောတဒွါရနယ်ကြီး၏ ရွာဆိုးကုန်းနှင့်တူပုံ။

အနံ့အမျိုးမျိုးကို နံမှုဟူသော ဃာနဒွါရနယ်ကြီး၏ ရွာဆိုးကုန်းကြီးနှင့် တူပုံ။

အချိုအချဉ်အစရှိသော အရသာအမျိုးမျိုးကို ခံစားမှုဟူသော ဇိဝှါဒွါရနယ်ကြီး၏ ရွာဆိုးကုန်းကြီးနှင့်တူပုံ။

အဝတ်အရုံ မေထုန်ကာမ အစရှိသော ဖောဋ္ဌဗ္ဗကို ခံစားမှုဟူသော ကာယဒွါရနယ်ကြီး၏ ရွာဆိုးကုန်းကြီးနှင့်တူပုံ။

မနားမနေ အထွေထွေ အလာလာ ကြံမှု သိမှုဟူသော မနောဒွါရအနန္တ၏ ကြီးကျယ်လှစွာသော ရွာဆိုးကုန်းကြီးနှင့် တူပုံများကိုလည်း စက္ခုမှာကဲ့သို့ အသီးအသီး အကျယ်နှင့်တကွ သိအပ်ကြကုန်၏။

> သောတိန္ဒြိယံ အသံဝုတံ ဝိဟာနန္တံ အဘိဇ္ဈာဒေါမနဿာပါပကာ အကုသလာဓမ္မာ အန္ဓာဘဝေယျုံ။ ဃာနိန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာဓမ္မာ အန္ဓာဘဝေယျုံ။ ဇိဝိန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာဓမ္မာ အန္ဓာသဝေယျုံ။ ကာယိန္ဒြိယံ အသံဝုတံ ဝိဟရန္တံအဘိဇ္ဈာဒေါနဿာ ပါပကာ အကုသလာဓမ္မာ အန္ဓာသဝေယျုံ။ မနိန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿ ပါပကာ အကုသလာဓမ္မာ အန္ဓာသဝေယျုံ။ ။( ပါဠိတော် ငါးချက်။)

သောတိန္ဒြိယံ၊ သောတိန္ဒြေကို။ အသံဝုတံ၊ မပိတ်မဆို့မူ၍။ ဝိဟရန္တံ၊ နေသောသူကို။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာဒေါမနဿ တို့သည်လည်းကောင်း။ ပါပကာ၊ အကြမ်းအကြုတ် အယုတ်အမာ ဖြစ်ကုန်သော။ အကုသလာဓမ္မာ၊ မကောင်းဆိုးဝါး တရားအမိုက်တို့သည် လည်းကောင်း။ အနုအာသဝေယျုံ၊ မီးခိုးလျှောက်လျှင် ကပ်ရောက်ဝင်ပူး အရှုံးတိုက်ခြင်း စသည်ကို ပြုကြကုန်ရာ၏။

ဃာနိန္ဒြိယံ၊ ဃာနိန္ဒြေကို။ အသံဝုတံ၊ မပိတ်မဆို့မူ၍။ ဝိဟရန္တံ၊ နေသောသူကို။ အဘိဇ္ဈာဒေါမနဿ၊ အဘိဇ္ဈာဒေါမနဿတို့သည် လည်းကောင်း။ ပါပကာ၊ အကြမ်းအကြုတ် အယုတ်အမာ ဖြစ်ကုန်သော။ အကုသလာဓမ္မာ၊ မကောင်းဆိုးဝါး

www.dhammaransi.com



တရားအမိုက်တို့သည် လည်းကောင်း။ အနုအာသဝေယျာ၊ မီးခိုးလျှောက်လျှင် ကပ်ရောက်ဝင်ပူး အရှုးတိုက်ခြင်းစသည်ကိုပြုကြကုန်ရာ၏။

ဇိဝှိန္ဒြိယ၊ ဇိဝှိန္ဒြေကို။ အသံဝုတ်၊ မပိတ်မဆို့မူ၍။ ဝိဟရန္တိ၊ နေသော သူကို။ အဘိဇ္ဈာဒေါမနဿ၊ အဘိဇ္ဈာဒေါမနဿတို့သည် လည်းကောင်း။ ပါပကာ၊ အကြမ်းအကြုတ် အယုတ်အမာ ဖြစ်ကုန်သော။ အကုသလာဓမ္မာ၊ မကောင်းဆိုးဝါး တရားအမိုက်တို့သည် လည်းကောင်း။ အနုအာသဝေယျာ၊ မီးခိုးလျှောက်လျှင် ကပ်ရောက်ဝင်ပူး အရှုးတိုက်ခြင်း စသည်ကို ပြုကြကုန်ရာ၏။

ကာယိန္ဒြိယ၊ ကာယိန္ဒြေကို။ အသံဝုတ်၊ မပိတ်မဆို့မူ၍။ ဝိဟရန္တိ၊ နေသော သူကို။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာဒေါမနဿာတို့သည် လည်းကောင်း။ ပါပကာ၊ အကြမ်းအကြုတ် အယုတ်အမာ ဖြစ်ကုန်သော။ အကုသလာဓမ္မာ၊ မကောင်းဆိုးဝါး တရားအမိုက်တို့သည် လည်းကောင်း။ အနုအာသဝေယျာ၊ မီးခိုးလျှောက်လျှင် ကပ်ရောက်ဝင်ပူး အရှုးတိုက်ခြင်း စသည်ကို ပြုကြကုန်ရာ၏။

မနိန္ဒြိယ၊ မနိန္ဒြေကို။ အသံဝုတ်၊ မပိတ်မဆို့မူ၍။ ဝိဟရန္တိ၊ နေသောသူကို။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာဒေါမနဿာတို့သည်လည်းကောင်း။ ပါပကာ၊ အကြမ်းအကြုတ် အယုတ်အမာ ဖြစ်ကုန်သော။ အကုသလာဓမ္မာ၊ မကောင်းဆိုးဝါး တရားအမိုက်တို့သည် လည်းကောင်း။ အနုအာသဝေယျာ၊ မီးခိုးလျှောက်လျှင် ကပ်ရောက်ဝင်ပူး အရှုးတိုက်ခြင်း စသည်ကို ပြုကြကုန်ရာ၏။

ငရဲဘုံ၌ ရှိနေကြသော သတ္တဝါအနန္တ, တိရစ္ဆာန်ဘုံ၌ ရှိနေကြသော သတ္တဝါ အနန္တ, ပြိတ္တာဘုံ၌ ရှိနေကြသော သတ္တဝါအနန္တ, အသုရကာယ်ဘုံ၌ ရှိနေကြသော သတ္တဝါ အနန္တတို့ကို ခြောက်ပုံ, ခြောက်စု ပြုသည်ရှိသော် တစ်ပုံတစ်စုသည် စက္ခုနယ်ကြီးမှ ဖြစ်သော ဥပါဒ်နှင့် ကျရောက်သူတို့တည်း၊ တစ်ပုံတစ်စုသည် သောတနယ်ကြီးမှ ဃာန-ဇိဝှါ-ကာယ-မနောနယ်ကြီးမှ ဖြစ်သောဥပါဒ်နှင့် ကျရောက်သူတို့တည်း။

ထိုခြောက်ဌာနမှ အလွတ်ဟူ၍ မရှိပြီ။

**(ဤတွင်ရွှေ့ကား "သုညော ဂါမောတိ ခေါ်ဘိက္ခဝေ ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ" ဟူသော ပါဠိတော်၏ အနက် အဓိပ္ပာယ်ကို အကျယ်ဖော်ပြခန်း ပြီး၏။)**

www.dhammaransi.com



## အပြင်အာယတန ခြောက်ပါးတို့ကို ပြဆိုခန်း

### ဗာဟိရာယတန သဘာဝ

ဂါမဃာတကာ စောရာတိ ခေါ ဘိက္ခဝေ ဆန္နေတံ ဗာဟိရာနံ အာယတနာနံ အဓိဝစနံ။

ဟူသော ပါဠိတော်မြတ်၌-

ဘိက္ခဝေ၊ ရဟန်းတို့။ ဂါမဃာတကာ၊ ရွာကိုတိုက်ဖျက်တတ်ကုန်သော၊ စောရာ၊ ဓားပြတို့ဟူသည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ ဗာတိရာနံ၊ အာယတနာနံ၊ အပအာယတနတို့၏။ ဧတံ အဓိဝစနံ၊ ဤအမည်တည်း။

၁-အဆင်း အမျိုးမျိုး ဟူသော ရူပါယတန၊ ၂-အသံ အမျိုးမျိုး ဟူသော သဒ္ဒါယတန၊ ၃-အနံ့ အမျိုးမျိုးဟူသော ဂန္ဓာယတန၊ ၄- အရသာ အမျိုးမျိုး ဟူသော ရသာယတန၊ ၅ ပထဝီတေဇော ဝါယောဟု ဆိုအပ်သော အတွေ့အထိ အမျိုးမျိုး ဟူသော ဖောဋ္ဌဗ္ဗာယတန၊ ၆-ပြဆိုခဲ့ပြီးသော ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ အတွင်း အာယတနခြောက်ပါးနှင့် တကွ လောကဂုဏ်၊ ဓမ္မဂုဏ်၊ အမိုက်ဂုဏ်၊ အလိမ္မာဂုဏ်ဟူသော ဓမ္မာယတန၊ ဤခြောက်ပါးသည် အတွင်း အာယတန ခြောက်ပါးတို့မှ အပဖြစ်သော ဗာဟိရာယတန ခြောက်ပါးမည်ကုန်၏။

### ရွာဖျက်ဓားပြ ဥပမာ

ထိုဗာဟိရာယတန ခြောက်ပါးတို့သည် မြို့ရွာတို့ကို တိုက်ခိုက်လုယက် နှောင့်ယှက်ဖျက်ဆီး စားသောက်ပြီးလျှင် နေကြကုန်သော တောအုပ်ဓားပြ တပ်ကြီး တွေနှင့် တူကုန်၏။

အဘယ်သို့ တူကုန်သနည်းဟူမူကား - ထိုထို တောအုပ်တို့၏ အနီး၌ မြို့ရိုး၊ ကျုံးမြောင်း၊ သူရဲ၊ သူခက် လက်နက်ကိရိယာ၊ ဆူးစည်း၊ တံခါး အစောင့်အရှောက် တို့မှ ကင်းကြကုန်သော မြို့ရွာကြီးငယ်တို့သည် ရှိကြကုန်ရာ၏။

ထိုထိုတောအုပ်တို့၌လည်း မြို့ရွာကို တိုက်ဖျက်လုယက်၍ အသက်မွေးကြ အသောက်အစားနှင့် လောင်းကစား ကြူးကြကုန်သော ငါးရာအစုတစ်ထောင်အစု ရှိကြကုန်သော ဓားပြတို့သည် ရှိကြကုန်ရာ၏။

ထိုဓားပြတို့သည် နေ့မဆို ညဥ့်မဆို တိုက်ခိုက်လိုသောအခါ နီးရာ နီးရာ

www.dhammaransi.com



မြို့ရွာနိဂုံးတို့ကို ဝန်းဝိုင်းတိုက်ခိုက်၍ အလိုရှိရာ သက်ရှိသက်မဲ့ ဥစ္စာတို့ကို ယူဆောင်ကြလေကုန်၏။

ရွာနေလူတို့ကို ခေါ်ငင်၍ ချောပို့ဝန်ထမ်းခိုင်းစေကြကုန်၏။

ထိုထိုမြို့ရွာသူတို့သည် လက်နက်ကိရိယာ မြို့ရိုး၊ ကျုံးမြောင်း၊ ဆူးဝင်း၊ စည်းတပ်၊ တံခါး၊ အစောင့်အကြပ် မရှိကြကုန်သည်ဖြစ်၍ ဓားပြတို့အနှိပ်အစက်ကို အမြဲခံကြရကုန်၏။

ပစ္စည်းဥစ္စာ ရှာကြံလုပ်ဆောင် စုဆောင်း၍ ထားကြကုန်သော်လည်း အထုပ်အထည် အကြွယ်အဝ မဖြစ်နိုင်ကြ၊ အမွဲအတီးဖြစ်၍ နေကြကုန်၏။

အချို့အချို့သောသူတို့သည် ပစ္စည်းဥစ္စာ စားရာမဲ့ ဝတ်ရာမဲ့ဖြစ်သဖြင့် ဓားပြတို့၏ အစီးအပွားကိုပင် အားရှိသမျှ သည်ပိုးရွက်ဆောင်၍ စားသောက်ခိုနေကြရကုန်၏။

## ဗောဓိပက္ခိယကို ဓားပြဖျက်ပုံ

ဤဥပမာ၏ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ တည်းဟူသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးသည် သံသရာ၌ ကျင်လည်ကြသူ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဥစ္စာမည်ကုန်၏။

သာသနာတော်တွင်း၌ကား ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို အတွင်းဥစ္စာ ဆိုပေ။

အတွင်းအာယတန ခြောက်ပါးတို့၏ အပေါင်းအစုံဖြစ်ကြသော ဤကိုယ်ခန္ဓာစုသည် ထိုမြို့ထိုရွာစုနှင့်တူကုန်၏။

သက်ရှိ၊ သက်မဲ့၊ အဆင်း၊ သဏ္ဌာန်၊ အသံ၊ အနံ့၊ အရသာ အစရှိသော ဗာဟိရာယတနခြောက်ပါးသည် ဓားပြတပ်တွေနှင့် တူကုန်၏။

အာဇီဝဋ္ဌမကသီလ၊ ဣန္ဒြိယသံဝရသီလ၊ကာယဂတာသတိ အစရှိသည် တို့မှ ကင်းလွတ်ကြကုန်သော ဗာလပုထုဇဉ် သတ္တဝါတို့သည် လက်နက် ကိရိယာ မြို့ရိုးကျုံးမြောင်း၊ ဆူးစည်း၊ တံခါးတို့မှ ကင်းကုန်ကြသော ထိုမြို့ရွာသူတို့နှင့် တူကုန်၏။

ခြောက်ဒွါရဥပစာ၌ ရှိနေကြကုန်သော အာရုံ ခြောက်ပါးတို့သည် အမြဲအကြပ် စောင့်ထိန်းအပ်သော သီလသံဝရ ဆူးစည်းတံခါးလည်း မရှိကြကုန်သော အသုဘ၊ ဘာဝနာ၊ ကာယဂတာသတိအစရှိသော လက်နက်ကိရိယာတို့မှလည်း

www.dhammaransi.com



ကင်းရှင်းကြကုန်သော ထိုထိုခန္ဓာ မြို့ရွာနိဂုံးတို့ကို ဒွါရခြောက်သင်းဟာလာဟင်းတို့မှ တစ်ထိုင်တွင်းမှ တစ်ထိုင်တွင်းမှာပင် အကြိမ်တစ်ရာမက အတင်းဝင်ရောက်ကြကုန်၍ ထိုထို ကုသိုလ်စိတ် ကုသိုလ်မနော ကောင်းသော အကြံအဖန်တည်းဟူသော ပစ္စည်းဥစ္စာတို့ကို အတင်းတိုက်ဖျက်လုယက်ဆုံးရှုံးစေကြကုန်၏။

ကောင်းသောမနောကို ဝင်စား၍ နေစဉ်အခါ၌ ခြောက်ဒွါရတွင် ခိုက်တိုက်လာသော ထိုထိုအာရုံသည် ထို ကုသိုလ်မနောကို အသေသတ်၍ ထိုပုဂ္ဂိုလ်ကို မိမိအထံသို့ တကြံကြံ တမော့မော့ နေအောင် ပြု၏။

ထိုပုဂ္ဂိုလ်သည် ထိုကုသိုလ်အကြံကို လွှတ်၍ ထိုအာရုံထံသို့ရောက်ရ၏။

ထိုအာရုံ ဓားပြနောက်သို့ ပါရလေ၏။

ထို ကုသိုလ်မနောသည် ဘယ်အခါမှ အားအင်ရှိစွာ ဘာဝနာ အစစ် အထုပ် အထည် အဖြစ်သို့ ရောက်အောင် တည်ထောင် စုဆောင်းမိသည်ဟု မရှိကြရကုန်။

ယခုဘုရားသာသနာတော်တွင်းမှာ ကြုံကြိုက်ကြ၍ ဘုရားဒါယကာ ကျောင်းဒါယကာခံကြလျက် အသက်ခြောက်ဆယ်, အသက်ခုနစ်ဆယ်, အသက်ရှစ်ဆယ်ရှိသည်တိုင်အောင် အပ အာရုံဓားပြတို့က ဥဒ္ဒစ္စ, ဝိတက်, လက်နက်ခပင်းနှင့် တဒိုင်းဒိုင်း ပစ်ခွင်းမှုမစဲ ရှိနေသောကြောင့် အာနာပါနဿတိ အစရှိသော ဘာဝနာ အထုပ်အထည် လက်ကိုင်မရှိနိုင်ကြကုန်ဘဲ မွဲလျက် တီးလျက်နှင့်ပင် နေကြသေကြရကုန်၏။

အနမတဂ္ဂ ဘဝသံသရာ ကြာညောင်းကြကုန်သော်လည်း အပါယ်ဒုက္ခစသည်တို့မှ အစဉ်ထာဝရ လွတ်ငြိမ်းစေနိုင်သော ဘာဝနာဓမ္မ ဓနဥစ္စာတို့နှင့် ကင်းကွာတုံလစ် လက်မဲ့ဖြစ်၍သာ လာခဲ့ကြသည့်အတွက်ကြောင့် ယခုထက်တိုင် အဝိဇ္ဇာမှောင်ကြီး တန်းလန်း, သက္ကာယဒိဋ္ဌိ အမှောက်အမှားကြီးတန်းလန်း, ဒုစ္စရိုက်ကံဟောင်း အနန္တတန်းလန်း, ဒုစ္စရိုက်ကံသစ် ဖြစ်ခွင့် တန်းလန်း, အပါယ်ဘေးကြီး တန်းလန်းရှိနေကြကုန်၏။

ဘဝတိုင်း ဘဝတိုင်း၌ ဘာဝနာတရား စားရာမဲ့ ဝတ်ရာမဲ့ ဖြစ်ကြကုန်၍-

မျက်စိအာရုံဟူသော ဓားပြတပ်ကြီး၏ အစီးအပွား။

နားအာရုံဟူသော ဓားပြတပ်ကြီး၏ အစီးအပွား။

နှာခေါင်းအာရုံဟူသော ဓားပြတပ်ကြီး၏ အစီးအပွား။

လျှာအာရုံဟူသော ဓားပြတပ်ကြီး၏ အစီးအပွား။

www.dhammaransi.com



ကိုယ်ခန္ဓာအာရုံဟူသော ဓားပြတပ်ကြီး၏ အစီးအပွား။

မနောအာရုံဟူသော ဓားပြတပ်ကြီး၏ အစီးအပွားတို့ကို အင်အားရှိသမျှ အားထုတ်လုပ်ဆောင်ခါ လာကြရကုန်၏။

အာရုံခြောက်ပါး ဓားပြတို့၏ လက်နက်ကိရိယာတို့ကား တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော မီးထုပ်လက်နက်စုပေတည်း။

အာရုံခြောက်ပါးတည်းဟူသော ဓားပြတို့သည် ထိုထိုသတ္တဝါ ကိုယ်ခန္ဓာ ဟူသော မြို့ရွာကို တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော ဓာတ်မီးထုပ်တို့နှင့် မပြတ်မစဲ တိုက်ရှို့ကြကုန်၏။

ထိုခန္ဓာတည်းဟူသော မြို့ရွာ၌ သတိပဋ္ဌာန်စသော အနှစ်ဥစ္စာ ရတနာတို့သည် အဘယ်မှာ တည်ရှိနိုင်ကြကုန်အံ့နည်း။

ဤသို့သော အနက်ကို ပြခြင်းငှာ - ဂါမဃာတကာ စောရာတိခေါ ဘိက္ခဝေဆန္နေတံ ဗာဟိရာ အာယတနာနံ အဓိဝစနံ - ဟူ၍ ဟောတော်မူပေသည်။

(ဤတွင်ရွေ့ကား ဗာဟိရာယတန ခြောက်ပါးကို
ပြဆိုခန်းပြီး၏။)

## ဓာတ် ၁၈ - ပါးတို့ကိုပြဆိုခြင်း
## ဓာတ်တစ်ဆယ့်ရှစ်ပါး

ယခုအခါဓာတ် ၁၈-ပါးကိုပြဆိုပေအံ့။

သေယျထာပိ ဘိက္ခဝေ ကဋ္ဌဥ္စ ပဋိစ္စ အဂ္ဂိ ဇလတိ ကဋ္ဌဂ္ဂိ တွေဝ သင်္ချံ ဂစ္ဆတိ။

သကလိကဥ္စ ပဋိစ္စ အဂ္ဂိ ဇလတိ သကလိကဂ္ဂိ တွေဝ သင်္ချံ ဂစ္ဆတိ။

တိဏဥ္စ ပဋိစ္စ အဂ္ဂိ ဇလတိ တိဏဂ္ဂိတွေဝ သင်္ချံ ဂစ္ဆတိ။

ဂေါမယဥ္စ ပဋိစ္စ အဂ္ဂိ ဇလတိ ဂေါမယဂ္ဂိ တွေဝသင်္ချံ ဂစ္ဆတိ။

ထုသဥ္စ ပဋိစ္စ အဂ္ဂိဇလတိ ထုသဂ္ဂိတွေဝ သင်္ချံ ဂစ္ဆတိ။

www.dhammaransi.com



သက္ကာရဉ္စ ပဋိစ္စ အဂ္ဂိ ဇလတိ သက္ကာရဂ္ဂိတွေဝ သင်္ချံ ဂစ္ဆတိ။ ။

ဧဝမေဝခေါ ဘိက္ခဝေ စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ ဝိညာဏံ စက္ခုဝိညာဏ န္တွေဝ သင်္ချံ ဂစ္ဆတိ။

သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ ဝိညာဏံ သောတဝိညာဏန္တွေ-ဝသင်္ချံဂစ္ဆတိ။

ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဝိညာဏံ ဃာနဝိညာဏန္တွေဝသင်္ချံ ဂစ္ဆတိ။

ဇိဝှဉ္စ ပဋိစ္စရသေစ ဥပ္ပဇ္ဇတိ ဝိညာဏံ ဇိဝှါဝိညာဏန္တွေဝသင်္ချံ ဂစ္ဆတိ။

ကာယဉ္စ ပဋိစ္စဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ဝိညာဏံ ဇိဝှါဝိညာဏန္တွေဝသင်္ချံ ဂစ္ဆတိ။

မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ ဝိညာဏံ ဇိဝှါဝိညာဏန္တွေဝသင်္ချံ ဂစ္ဆတိ။ ( မဟာတဏှာသင်္ခယသုတ်ပါဠိတော်)

၁။ ဘက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာဆိုသည်ရှိသော်ကား။ ကဋ္ဌဉ္စ၊ ထင်းသစ်သားကိုလည်းကောင်း။ ပဋိစ္စ၊ စွဲမှီ၍။ ယောအဂ္ဂိ၊ အကြင်မီးသည်။ ဇလတိ၊ တောက်၏။ သောအဂ္ဂိ၊ ထိုမီးသည်။ ကဋ္ဌဂ္ဂိတွေဝ၊ ထင်းမီးဟူ၍ သာလျှင်။ သင်္ချံ၊ ခေါ်ဆိုရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

၂။ သကလိကဉ္စ၊ ထင်းပေါက်ကိုလည်း။ ပဋိစ္စ၊ စွဲမှီ၍။ ယောအဂ္ဂိ၊ အကြင်မီးသည်။ ဇလတိ၊ တောက်၏။ သောအဂ္ဂိ၊ ထိုမီးသည်။ ကဋ္ဌဂ္ဂိတွေဝ၊ ထင်းမီးဟူ၍ သာလျှင်။ သင်္ချံ၊ ခေါ်ဆိုရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

၃။ တိဏဉ္စ၊ မြက်ကိုလည်း။ ပဋိစ္စ၊ စွဲမှီ၍။ ယောအဂ္ဂိ၊ အကြင်မီးသည်။ ဇလတိ၊ တောက်၏။ သောအဂ္ဂိ၊ ထိုမီးသည်။ တိဏာဂ္ဂိတွေဝ၊ မြက်မီးဟူ၍ သာလျှင်။ သင်္ချံ၊ ခေါ်ဆိုရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

၄။ ဂေါမယဉ္စ၊ နွားချေးကိုလည်း။ ပဋိစ္စ၊ စွဲမှီ၍။ ယောအဂ္ဂိ၊ အကြင်မီးသည်။ ဇလတိ၊ တောက်၏။ သောအဂ္ဂိ၊ ထိုမီးသည်။ ဂေါမဂ္ဂိတွေဝ၊ နွားချေးမီးဟူ၍ သာလျှင်။ သင်္ချံ၊ ခေါ်ဆိုရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

၅။ ထုသဉ္စ၊ ဖွဲကိုလည်း။ ပဋိစ္စ၊ စွဲမှီ၍။ ယောအဂ္ဂိ၊ အကြင်မီးသည်။ ဇလတိ၊ တောက်၏၊ သောအဂ္ဂိ၊ ထိုမီးသည်။ ထုသဂ္ဂိတွေဝ၊ ဖွဲ့မီးဟူ၍ သာလျှင်။ သင်္ချံ၊ ခေါ်ဆိုရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

၆။ သက္ကာရဉ္စ၊ အမှိုက်စုကိုလည်း။ ပဋိစ္စ၊ စွဲမှီ၍။ ယောအဂ္ဂိ၊ အကြင်မီးသည်။

www.dhammaransi.com



ဇလတိ၊ တောက်၏၊ သောအဂ္ဂိ၊ ထိုမီးသည်။ သက်ာရဂ္ဂိတွေ၀၊ အမှိုက်မီးဟူ၍ သာလျှင်။ သင်္ချံ၊ ခေါ်ဆိုရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ စက္ခုဉ္စ၊ စက္ခုဓာတ်ကို လည်းကောင်း။ ရူပေစ၊ အဆင်းအမျိုးမျိုးဟူသော ရူပဓာတ်တို့ကို လည်းကောင်း၊ ပဋိစ္စ၊ အစွဲပြု၍။ ယံဝိညာဏံ၊ အကြင်ဝိညာဏဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တံဝိညာဏံ၊ ထိုဝိညာဏဓာတ်သည်။ စက္ခုဝိညာဏန္တေ၀၊ စက္ခုဝိညာဏဓာတ်ဟူ၍ သာလျှင်။ သင်္ချံ၊ ခေါ်ဆိုရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

သောတဉ္စ၊ သောတဓာတ်ကိုလည်းကောင်း။ သဒ္ဒေစ၊ အသံအမျိုးမျိုးဟူသော သဒ္ဒဓာတ်တို့ကိုလည်းကောင်း။ ပဋိစ္စ၊ အစွဲပြု၍။ ယံဝိညာဏံ၊ အကြင်ဝိညာဏဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တံဝိညာဏံ၊ ထိုဝိညာဏဓာတ်သည်။ သောတဝိညာဏန္တေ၀၊ သောတဝိညာဏဓာတ်ဟူ၍သာလျှင်။ သင်္ချံ၊ ခေါ်ဆိုရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ဃာနဉ္စ၊ ဃာနဓာတ်ကိုလည်းကောင်း။ ဂန္ဓေစ၊ အနံ့အမျိုးမျိုးဟူသော ဂန္ဓာဓာတ်တို့ကိုလည်းကောင်း။ ပဋိစ္စ၊ အစွဲပြု၍။ ယံဝိညာဏံ၊ အကြင်ဝိညာဏဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တံဝိညာဏံ၊ ထိုဝိညာဏဓာတ်သည်။ ဃာနဝိညာဏန္တေ၀၊ ဃာနဝိညာဏဓာတ်ဟူ၍သာလျှင်။ သင်္ချံ၊ ခေါ်ဆိုရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ဇိဝှဉ္စ၊ ဇိဝှါဓာတ်ကိုလည်းကောင်း။ ရသေစ၊ ဖန်, ခါး, ချို, ငန်, ချဉ်, ပြန် အစပ် ရသဓာတ်မျိုးတို့ကိုလည်းကောင်း။ ပဋိစ္စ၊ အစွဲပြု၍။ ယံဝိညာဏံ၊ အကြင် ဝိညာဏဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တံဝိညာဏံ၊ ထိုဝိညာဏဓာတ်သည်။ ဇိဝှါဝိညာဏန္တေ၀၊ ဇိဝှါဝိညာဏဓာတ်ဟူ၍သာလျှင်။ သင်္ချံ၊ ခေါ်ဆိုရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ကာယဉ္စ၊ ကာယဓာတ်ကိုလည်းကောင်း။ ဖောဋ္ဌဗ္ဗေစ၊ အတွေ့အထိအမျိုးမျိုး ဟူသော ဖောဋ္ဌဗ္ဗဓာတ်ကိုလည်းကောင်း။ ပဋိစ္စ၊ အစွဲပြု၍။ ယံဝိညာဏံ၊ အကြင် ဝိညာဏဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တံဝိညာဏံ၊ ထိုဝိညာဏဓာတ်သည်။ ကာယဝိညာဏန္တေ၀၊ ကာယဝိညာဏဓာတ်ဟူ၍သာလျှင်။ သင်္ချံ၊ ခေါ်ဆိုရေတွက် ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

မနဉ္စ၊ မနောဓာတ် မနောဝိညာဏဓာတ်ကိုလည်းကောင်း။ ဓမ္မေစ၊ ၆၉ ပါး ဓမ္မဓာတ်များတို့ကိုလည်းကောင်း။ ပဋိစ္စ၊ အစွဲပြု၍၊ ယံဝိညာဏံ၊ အကြင်

www.dhammaransi.com



ဝိညာဏဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တံဝိညာဏံ၊ ထိုဝိညာဏဓာတ်သည်။ မနောဝိညာဏန္တေ၀၊ မနောဝိညာဏဓာတ်ဟူ၍သာလျှင်။ သင်္ချံ၊ ခေါ်ဆိုရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

စက္ခုဓာတ်-၁၊ ရူပဓာတ်-၁၊ စက္ခုဝိညာဏဓာတ်-၁၊ ဤဓာတ်သုံးပါး တစ်စုံ။

သောတဓာတ်-၁၊ သဒ္ဒဓာတ်-၁၊ သောတဝိညာဏဓာတ်-၁၊ ဤဓာတ်သုံးပါး တစ်စုံ။

ဃာနဓာတ်-၁၊ ဂန္ဓဓာတ်-၁၊ ဃာနဝိညာဏဓာတ်-၁၊ ဤဓာတ်သုံးပါး တစ်စုံ။

ဇိဝှါဓာတ်-၁၊ ရသဓာတ်-၁၊ ဇိဝှါဝိညာဏဓာတ်-၁၊ ဤဓာတ်သုံးပါး တစ်စုံ။

ကာယဓာတ်-၁၊ ဖောဋ္ဌဗ္ဗဓာတ်-၁၊ ကာယဝိညာဏဓာတ်-၁၊ ဤဓာတ်သုံးပါး တစ်စုံ။

ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းဒွေး၊ ဟု ဆိုအပ်သော မနောဓာတ်-၁ အာရုံငါးပါး တို့မှ ကြွင်းသော ခပ်သိမ်းသော ကုသိုလ်, အကုသိုလ်, အဗျာကတ ဓမ္မဓာတ်-၁၊ မနောဝိညာဏဓာတ်-၁၊ ဤဓာတ်သုံးပါးတစ်စုံ။

(ဓာတ်ဘက် ၃ ပါး, အစုံပေါင်း ၆ စုံ ဖြစ်၏။)

## တဏှာသင်္ခယသုတ္တန်

ဤသုတ္တန်ဒေသနာကို ဥပမာများစွာနှင့် ဟောတော်မူရခြင်း၏ အကြောင်းကား. . . ဘုရားရှေ့လက်ထက်တော်၌ "သာတိ" အမည်ရှိသော ရဟန်းအား "တဒေဝိဒံ ဝိညာဏံ သန္ဓာဝတိ သံသရတိ နအညံ" ဟူသော မိစ္ဆာဒိဋ္ဌိ အယူသည် ဖြစ်၏။ နိစ္စဒိဋ္ဌိတည်း။

တဒေဝိဒံဝိညာဏံ၊ ထိုဝိညာဏ် တစ်ခုသည်ပင်လျှင်။ သန္ဓာဝတိ၊ ပြေးသွား၏။ သံသရတိ၊ ပြောင်းရွှေ့၏။ အညံ၊ အသစ်အသစ် တစ်ပါးတစ်ပါး ဖြစ်၍။ နသန္ဓာဝတိ၊ ပြေးသွားသည်မဟုတ်။ နသံသရတိ၊ ပြောင်းရွှေ့သည်မဟုတ်။

အဓိပ္ပာယ်ကား . . . ဝိညာဏ်သည် သတ္တဝါတစ်ယောက်မှာ တစ်ခုသာ ရှိ၏။ ရင်တွင်းမှာ အမြဲတည်၏၊ မျက်စိမှာ ရူပါရုံ ထင်လာသောအခါ၌ ထိုဝိညာဏ်သည် ပင်လျှင် ရင်တွင်းမှ မျက်စိပေါက်သို့ ပြောင်းရွှေ့၍ ရူပါရုံကို ကြည့်ရှု၏။

နားမှာ အသံထင်ထာလာပြန်လျှင် နားသို့ပြောင်းရွှေ့၍သဒ္ဒါရုံကို ကြားရ၏။

www.dhammaransi.com



ဤနည်းအတူ ခြောက်ဒွါရတို့၌ အာရုံဆိုက်တိုက်လာရာ ပြောင်းရွှေ့ပြေးသွား၍ ထိုထိုအာရုံကိုယူ၏ ခံစား၏။

တစ်ဘဝလုံး တစ်ခုတည်းဖြစ်၍ အမြဲတည်၏၊ ဘဝပြောင်းပြန်လျှင် ထိုဝိညာဏ်တစ်ခုတည်းသည်ပင်လျှင် ထိုထိုဘဝသို့ ပြောင်းသွားလေ၏။

ချုပ်သည်, ပျက်သည်, သေသည် ဟူ၍မရှိ၊ ကမ္ဘာအဆက်ဆက် အမြဲတည်၏ ဟူလိုသည်၊ သဿတဒိဋ္ဌိမျိုးတည်း။

ထိုအယူကို ပယ်ဖျောက်၍ ဝိညာဏ်၏ အနိစ္စဓမ္မမျိုး, အနတ္တဓမ္မမျိုး စင်စစ်ဖြစ်ကြောင်းကို ပြတော်မူခြင်းငှာ ဤဒေသနာတော်ကို ဟောတော်မူပေသတည်း။

ဤဒေသနာတော်၌ ဝိညာဏ် ၆ ပါးကိုသာ ဟောတော်မူလိုရင်း ဖြစ်ငြားသော်လည်း ဓာတ် ၁၈ ပါးလည်းပါဝင်သည်။

ဥပမာ ဥပမေယျနှင့်လည်း ပြည့်စုံလှသည်။

ဓာတ် ၁၈-ပါးတို့တွင်လည်း ဝိညာဏဓာတ် ၇-ပါး၌ နိစ္စအယူ, အတ္တအယူ အလွန်ခိုင်မြဲကြလှသည်ဖြစ်၍ ဤစာအုပ်မှာ ဓာတ် ၁၈-ပါးအရာ၌ ဤဒေသနာတော်မြတ်ကို ထုတ်ပြပေသတည်း။

## ဓာတ် ၁၈ - ပါး ခွဲနည်း

ဓာတ် ၁၈ ပါးအစဉ် ခွဲနည်းကား. . . ဓာတ်ဘက် ၃ ပါး ၆ စုံတို့တွင် ရှေ့ငါးစုံမှာ ရှေ့၌ပြဆိုခဲ့ပြီးသော အတိုင်းပင်၊ နောက်ဆုံး ၃ ပါး တစ်စုံ၌မူကား. . . မနောဓာတ် ၁၊ မနောဝိညာဏ်ဓာတ် ၁၊ ဓမ္မဓာတ် ၁၊ ဟူ၍ဆိုလေ။

မနောဓာတ်မှာလည်း ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းဒွေး ဤစိတ်သုံးခုကို ယူလေ။

မနောဝိညာဏဓာတ်မှာလည်း ပဉ္စဝိညာဏဓာတ် ၁၀၊ မနောဓာတ် ၃ ခုမှ ကြွင်းသော စိတ်ပေါင်း ၇၆ ခုကို ယူလေ၊ ဓမ္မဓာတ်မှာလည်းစေတသိက် ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်တို့ကို ယူလေ၊ ထုတ်ပြခဲ့ပြီးသော ဒေသနာတော်၌ကား ဒွါရ ၆ ပါး၊ အာရုံ ၆ ပါး၊ ဝိညာဏ် ၆ ပါးကို ပဓာနပြု၍ ဟောတော်မူသည်၊ ဓာတ် ၁၈ ပါး သက်သက်ကို ပဓာနပြု၍ ဟောတော်မူရင်းမဟုတ်။

ဤစာအုပ်၌ ထင်လွယ်မြင်လွယ်ကြစေခြင်း အကျိုးငှာ ထိုဒေသနာတော်နည်းကို အစဉ်မှီး၍ ဓာတ်ကမ္မဋ္ဌာန်းကို ပြဆိုပေအံ့။

www.dhammaransi.com



ရှေးဦးစွာထုတ်ပြသော ဥပမာ၌ (၁) ထင်းမီးတောက်၊ (၂) ထင်းပေါက်မီးတောက်၊ (၃) မြက်မီးတောက်၊ (၄) နွားချေးမီးတောက်၊ (၅) ဖွဲမီးတောက်၊ (၆) အမှိုက်မီးတောက်၊ မီးတောက် ၆ မျိုး။

မီးကို တောက်စေနိုင်သော ယောက်ျား၏ ပယောဂကြောင့် ထင်းချောင်းကို စွဲမှီ၍ တောက်သောမီးသည် ထင်းမီးတောက်မည်၏။

ကြွင်းသော မီးတောက်ငါးမျိုးတို့၌လည်း ထိုအတူတည်း။
ထိုမီးတောက် ၆ ပါးတို့သည် အသီးအခြားစီ ဖြစ်ကြကုန်၏။

ထင်းမီးတောက်သည် ထင်း၌သာဖြစ်၏။ ထင်း၌သာတည်၏၊ ထင်း၌သာ ပျက်၏၊ သေ၏။

ထင်းပေါက်မီးတောက် စသည်တို့သည်လည်း ထင်းပေါက် စသည်တို့၌သာ ဖြစ်ကုန်၏၊ တည်ကုန်၏၊ ပျက်ကုန်၏၊ သေကုန်၏။

ထင်းမီးတောက်သည် ထင်း၌ဖြစ်၍ ထင်းပေါက်သို့ ကူးပြောင်းသည်မရှိ၊ ထင်းပေါက်မီးတောက် စသည်တို့သည်လည်း တစ်ခုသည် တစ်ခုသို့ ကူးပြောင်းသည် မရှိကြကုန်။

စောဒနာရန် ရှိသည်ကား-အဘယ်ကြောင့်တစ်ခုသည် တစ်ခုသို့ ကူးပြောင်းခြင်း မရှိကုန်သနည်း။

လောကကမျက်မြင်၌ မီးတစ်ခုသည် မီးစာတစ်ခုသို့ ကူးပြောင်းမှု ရှိသည် မဟုတ်လောဟု စောဒနာရန်ရှိ၏၊ ကူးပြောင်းမှု မဟုတ်။

မီးစာတစ်ခု၌ မီးတောက်စေလိုသည်ရှိသော် တစ်ပါးသော မီးတောက်၌ ထိုမီးစာကို ထိ၍ထား၏၊ တစ်ပါးသော မီးတည်း။

ထိုမီးစာကို မြိုက်၍ ထိုမီးစာ၌ရှိရင်းဖြစ်သော တေဇောကိုလှုံ့ဆော်၏၊ နှိုး၏၊ အားပေး၏၊ ထိုတေဇောသည် တောက်၍ထ၏၊ ထိုမီးစာ၌ မီးတောက်ရ၏။

တစ်ပါးသောမီးတောက်သည် ထိုမီးစာသို့ ကူးကောင်းသည်မဟုတ်၊ တစ်ခုသော အိမ်ကို မီးလောင်၍ တစ်ခုသော အိမ်သို့ မီးကူးရာ၌လည်း ဤနည်းတူ။

မီးသည် မီးစာတစ်ခုမှ မီးစာတစ်ခုသို့ ကူးပြောင်းငြားအံ့၊ ပထမမီးစာကို လွတ်၍ ဒုတိယမီးစာ၌ စွဲရလိမ့်မည်။

မီးမည်သည် မီးစာမှလွတ်လျှင် သေမြဲဓမ္မတာဖြစ်၍ ပထမမီးမှ အလွတ်တွင် သေ၏။

www.dhammaransi.com



စောဒနာရန် ရှိပြန်သည်ကား - မီးတောက်မည်သည် လေ၏အဟုန်အားဖြင့် တစ်ခုသောဌာနမှ ပြတ်လွင့်လေ၍ တစ်ခုသောဌာနမှာ စွဲနိုင်သည်ကား မျက်မြင် မဟုတ် ပါလောဟု စောဒနာရန် ရှိပြန်၏။

ပြတ်၍လွင့်လေသော မီးတောက်၌ တေဇော၏အစွမ်းဖြင့် ပထမမီးစာမှ ဖြစ်ပွား၍သွားသော ပထဝီမီးစာသည် ပါရှိသည်သာဖြစ်၏။

ထိုသဟဇာတ် ပထဝီမီးစာကို စွဲ၍ လွင့်လေ၏။ မီးစာနှင့်ကင်း၍ လွင့်လေ သည်မဟုတ်၊ ထိုမီးစာအကုန်တွင် သေရ၏။ ထိုမီးစာသည် မျက်စိနှင့် မြင်ကောင်းသည် မဟုတ်။

ထို့ကြောင့် မျက်စိနှင့် မြင်ကောင်းရာမျှကို အစွဲပြု၍ မီးကူးသည်ဟု ဝေါဟာရ ဖြစ်သတည်း။

ဤကား မီးကူးမှု၌ လောက ဓမ္မ နှစ်ပါး ရှင်းလင်းချက်တည်း။

တစ်ခုသော မီးစာမှ တစ်ခုသော မီးစာသို့သာ မကူးသည် မဟုတ်သေး၊ ထင်းမီးစ တစ်ခု၌ တောက်သော မီးသည်လည်း ထိုထင်းမီးစ၌ တစ်ခုသော အဋ္ဌကလာပ်မှ တစ်ခုသော အဋ္ဌကလာပ်သို့ ပြောင်းကူးသည်ဟူ၍ မရှိ၊ သူ့ကလာပ်နှင့် သူ့မီးတောက်သာ ဖြစ်၏။

သူ့မီးလောင်၍ သူ့ကလာပ်ကုန်ဆုံးလျှင် သူ့မီးလည်း ကုန်ဆုံးမြဲဓမ္မတာဖြစ်၏။

အပြိုင်ဖြစ်သော ကလာပ်တစ်ပါးသို့လည်း ပြောင်းကူးခြင်းမရှိ၊ ရှေ့နောက် အစဉ်ဖြစ်သော ကလာပ်တစ်ပါးသို့လည်း ပြောင်းကူးခြင်းမရှိ။

မီးကိုလည်းကောင်း မီးတောက်ကိုလည်းကောင်း စေ့စေ့ ကြည့်ရှု၍နေလျှင် လှုပ်လှုပ်ရွရွမြင်ကြရ၏။ ထိုလှုပ်မှုရွမှုဟူသမျှသည် အသီးသီး သူ့ကလာပ်နှင့် သူ့မီး ဖြစ်ပေါ်မှု ပျက်ဆုံးမှုပေတည်း။

**(ဤကား လောက ဓမ္မ နှစ်ပါးတွင် မုချအမှန်ဖြစ်သော ဓမ္မအလိုကို ပြဆိုချက်တည်း။)**

**(ဤတွင် ရွှေကား ဥပမာ ၆ ချက်၌ ရှင်းလင်းချက်ပြီး၏။)**

www.dhammaransi.com



## ဓာတ်အိမ် ဓာတ်အိုး

တစ်ယောက် တစ်ယောက်သော သတ္တဝါသန္တာန်၌ ဓာတ်အိမ် ၆ မျိုး၊ ဓာတ်အိုး ၆ မျိုး၊ ဓာတ်မီးစာ ၆ မျိုး၊ ဓာတ်မီးတောက် ၆ မျိုး၊ ဓာတ်မီးကိုညှိထွန်းသူ ၆ မျိုး၊ ဓာတ်နန်းကြိုး အထောင်မက ရှိကြ၏။

မျက်လုံးအိမ် ၁၊ နားအိမ် ၁၊ နှာခေါင်းအိမ် ၁၊ ခံတွင်းအိမ် ၁၊ အတွင်းအပ တစ်ကိုယ်လုံး ၁၊ နှလုံးအိမ် ၁၊ ဤကား ဓာတ်အိမ် ၆ မျိုးတည်း။

မျက်လုံး ၁၊ နား ၁၊ နှာခေါင်း ၁၊ လျှာ ၁၊ အလုံးစုံသော အရေထူ, အရေပါး, အသားစိုင်, အသားခဲ, အသည်း, အဆုတ်, အူမ, အူသိမ်, နှလုံး, ကျောက်ကပ်, အကြောကြီး, အကြောငယ်, ခြင်ဆီ, ဦးနှောက် အစရှိသော အဇ္ဈတ္တသန္တာန်တစ်ခုလုံး ၁၊ နှလုံးသွေး ၁၊ ဤကား ဓာတ်အိုး ၆ မျိုးတည်း။

စက္ခုဝတ္ထုရုပ် ၁၊ သောတဝတ္ထုရုပ် ၁၊ ဃာနဝတ္ထုရုပ် ၁၊ ဇိဝှါဝတ္ထုရုပ် ၁၊ ကာယဝတ္ထုရုပ် ၁၊ ဟဒယဝတ္ထုရုပ် ၁၊ ဤကား ထိုဓာတ်အိုး ၆ မျိုးတို့၌ တည်ရှိသော ဓာတ်မီးစာ ၆ မျိုးတည်း။

စက္ခုဝိညာဏ် ၁၊ သောတဝိညာဏ် ၁၊ ဃာနဝိညာဏ် ၁၊ ဇိဝှါဝိညာဏ် ၁၊ ကာယဝိညာဏ် ၁၊ မနောဝိညာဏ် ၁၊ ဤကား ထိုဓာတ်မီးစာ ၆ မျိုးတို့၌ မှီ၍ဖြစ်သော ဓာတ်မီးတောက် ဓာတ်မီးအလင်း ၆ မျိုးတည်း။

မှီရာကိစ္စကို အစွဲပြု၍ ဝတ္ထုရုပ် ၆ မျိုးကို မီးစာဆိုပေသည်၊ လောင်စာ ဖြစ်၍ ဆိုသည်မဟုတ်။

အာရုံကိုအလင်းပြုမှုကြောင့် ဝိညာဏ် ၆ ပါးကို ဓာတ်မီးတောက် ဆိုပေသည်၊ ပူလောင်မှုကြောင့် ဆိုသည်မဟုတ်။

အဆင်းအမျိုးမျိုး ၁၊ အသံအမျိုးမျိုး ၁၊ အနံ့မျိုးမျိုး ၁ ၊ အရသာအမျိုးမျိုး ၁၊ အတွေ့အထိအမျိုးမျိုး ၁၊ ကုသိုလ် အဗျာကတဓမ္မအမျိုးမျိုး ၁၊ မိမိတို့ဆိုင်ရာ ဓာတ်မီးတောက်ကို ထအောင် ညှိထွန်းကြသူ ၆ မျိုး။

ရင်းတွင်းရှိ နှလုံးသားဟူသော အချုပ်အခြာဖြစ်သော ဟဒယဓာတ်အိမ်မှ တစ်ကိုယ်လုံးအနှံ့ သွယ်တန်းလျက်ရှိသော သွေးကြော ကြီးငယ်အပေါင်းကို ဓာတ်နန်းကြိုး အထောင်မက ဆိုသည်။

အဆင်းအမျိုးမျိုး အစရှိသော အာရုံ ၆ ပါးကိုမူကား ရေနံဆီအလားကဲ့သို့ ဓာတ်မီးကို အလွန်တောက်စေနိုင် ပွားစေနိုင်သော ဓာတ်မီးစာ ၆ မျိုးဟူ၍လည်း ဆိုအပ်၏။

www.dhammaransi.com



ဤကား ခန္ဓာပုရ ဟူသော ဓာတ်မြို့ကြီး၏ ဓာတ်ကိရိယာစုကို အကျဉ်းပြဆိုချက်တည်း။

ဟဒယဓာတ်အိမ် အချုပ်အခြာဖြစ်ပုံကား- ပဋိသန္ဓေ အခါမှစ၍ ဖြစ်ပေါ်၍လာခဲ့သော ဘဝင့်ခေါ်သော မနောဝိညာဏ ဓာတ်မီးတောက်သည် ဟဒယ ဓာတ်အိမ်တွင်းရှိ နှလုံးသွေးနှင့် အပြည့်ရှိနေသော ဟဒယဝတ္ထုရုပ်ကို စွဲမှီ၍ခဏမစဲ တဘွားဘွား တလက်လက် ဖြစ်ပေါ်၍နေ၏။

အလွန်မှိန်မှေးသော ဓာတ်မီးတောက်မျိုးသာတည်း။

အာရုံမှာလည်း ရှေးဘဝ၌ မရဏာသန္နတွင် ထင်မြင်ခဲ့ဖူးသော အာရုံဟောင်းတစ်ခုခုကိုသာ အမြဲအာရုံပြု၏။ ယခုဘဝတွင် ထင်မြင်တွေ့ရှိသော အာရုံသစ်ကို အာရုံမပြု။

ထိုကြောင့် ထိုဘဝင်၏အာရုံကို ထိုပုဂ္ဂိုလ်သည် မသိနိုင်၊ ထိုဟဒယဓာတ်အိမ်တွင်း၌ တခြားတစ်ပါးသော ဝိညာဏဓာတ်တို့ ဖြစ်ပေါ်ခိုက် ကြုံကြိုက်သောအခါ၌သာ ထိုဘဝင်စိတ်သည် ပြတ်စဲ၏။

ထိုအတူ စက္ခုဓာတ်အိမ် အစရှိသော ဓာတ်အိမ်တစ်ပါးတို့၌ ပဉ္စဝိညာဏဓာတ်တို့ ဖြစ်ပေါ်ခိုက် ကြုံကြိုက်သော အခါတို့၌လည်း ထိုဘဝင်စိတ်သည် ပြတ်စဲ၏၊ ထိုစကား မှန်၏။

စိတ်သည် တစ်ကိုယ်လုံးမှာ ထိုထိုနေရာ၌ တစ်ခုတစ်ခုသာ ဖြစ်ပေါ်မြဲဓမ္မတာတည်း၊ တစ်ကိုယ်လုံးမှာ ဤနေရာ ထိုနေရာ၌ ပြိုင်၍ဖြစ်ပေါ်သည်မရှိ။

စက္ခုဓာတ်အိမ်မှာ ဖြစ်ပေါ်ဆဲအခါ တစ်ကိုယ်လုံးမှာ စက္ခုတွင်သာ စိတ်ရှိ၏၊ ကြွင်းသော တစ်ကိုယ်လုံးမှာ စိတ်မရှိ။

သောတဓာတ်အိမ် စသည်တို့မှာ ဖြစ်ပေါ်ဆဲ အခါတို့၌လည်း ဤနည်းတူသိလေ၊ ဤကား ဓမ္မတာတည်း။

သို့သော်လည်း စိတ်၏ဖြစ်မှု ပျက်မှု မည်သည် မျက်တောင် တစ်ခတ်ခန့်ခဏ၌ပင် ကုဋေတစ်သိန်းမက လျင်မြန်လှသည်ဖြစ်၍ ထိုထို အဆင်းကို မြင်မှုထိုထိုအသံကို ကြားမှု စသည်တို့သည် အပြိုင်ပင် ဖြစ်သကဲ့သို့သာ ထင်ကြရကုန်၏။

**(ဤသည်လည်း ဓမ္မတာ အခန်းတည်း။)**

www.dhammaransi.com



## စက္ခုဝိညာဏစာတ်ကိုသိရန်

စက္ခုဝိညာဏဓာတ် ဆိုသည်ကား အဆင်းအမျိုးမျိုးကို မြင်မှုသက်သက်သာတည်း၊ ထွေထွေလာလာ ကြံမှု သိမှု မဟုတ်။

မျက်စိဖြင့် မြင်ပြီးနောက် ထွေထွေလာလာ ကြံမှုသိမှုတို့သည်ကား ဟဒယဓာတ်အိမ်မှာ ဖြစ်ပေါ်သော မနောဝိညာဏ ဓာတ်တို့အမှုသာတည်း။

ထိုကြောင့် မြင်ဆဲခဏ၌ ထိုပုဂ္ဂိုလ်သည် ငါမြင်သည်ဟူ၍ပင် မသိသေး၊ နောက်လိုက် မနောဝိညာဏဓာတ်တို့ ဖြစ်ပေါ်သောအခါမှ ငါမြင်သည်ဟုသိ၏။

မြင်အပ်သော ဝတ္ထု၏ အဖြူ အနီစသော အဆင်းအဝန်း အလျားစသော သဏ္ဌာန်အမည် ပညတ်တို့ကိုလည်း နောက်လိုက် မနောဝိညာဏဓာတ်တို့ဖြစ်ပေါ်သောအခါမှ သိနိုင်၏။

မြင်မှုကား စက္ခုဓာတ်အိမ်မှ ဖြစ်၏၊ မြင်ပြီးနောက် သိမှုကား ဟဒယဓာတ်အိမ်မှ ဖြစ်၏။

ဤသို့ တုံးကိုမြင်၍ တုံးမှန်းသိရာ တိုင်ကို မြင်၍ တိုင်မှန်းသိရာ၌ ဓမ္မအလိုအားဖြင့် မြင်မှု သိမှု နှစ်ပါး တခြားစီသာ ဖြစ်၏၊ မြင်မှု တစ်လှည့် သိမှုတစ်လှည့် အစဉ်အတိုင်းသွား၏။

လောက အလိုအားဖြင့်မူကား စိတ်၏ ပြောင်းလဲမှု အလွန်မြန်လှသောကြောင့် မြင်မှု သိမှု တစ်ခုတည်း တစ်ပြိုင်တည်း ထင်ရ၏။

ထိုထိုအသံကို ကြားမှု သိမှု တစ်စုံ, ထိုထိုအနံ့ကို နံမှု သိမှု တစ်စုံ, ထိုထိုအရသာကို လျက်မှု သိမှု တစ်စုံ, ထိုထိုအပူအချမ်း အကြမ်းအနု စသည်ကို ထိမှု သိမှု တစ်စုံ၊ ဤလေးစုံတို့၌လည်း ထိုနည်းတူသိလေ။

အကြံအသိဟူသမျှသည် ဟဒယဓာတ်အိမ်မှ ချည်းဖြစ်၏။

(ဤသည်လည်း ဓမ္မတာ တစ်ခန်းတည်း။)

## စက္ခုနှင့် ဟဒယဓာတ်

စက္ခုဓာတ်အိမ်ကို ဖွင့်လှစ်၍ လဗိမာန်ကို ကြည့်ရာ၌ လဝန်း အဆင်းသဏ္ဌာန်သည် စက္ခု ဓာတ်အိမ်တွင်းရှိ စက္ခု အကြည်ဓာတ်၌လည်းကောင်း, ဟဒယ ဓာတ်အိမ်တွင်းရှိ ဘဝင် ဟူသော မနောအကြည်ဓာတ်၌လည်းကောင်း ဤဓာတ်အိမ်နှစ်ခုမှာ ရှိသော အကြည်ဓာတ်နှစ်ခု၌ တစ်ပြိုင်နက် တစ်ချက်တည်း ခိုက်၏။

www.dhammaransi.com



စက္ခုဓာတ်အိမ်တွင်းမှာ လဝန်းသဏ္ဌာန်တစ်ခု ဟဒယဓာတ်အိမ်တွင်းမှာ လဝန်းသဏ္ဌာန်တစ်ခုတစ်ပြိုင်နက် အရိပ်ပေါ်၏။

ထိုအရိပ်ပေါ်မှုသည် ဓမ္မတာသဘာဝ အလိုအားဖြင့် မိုးကြိုးမှန်သကဲ့သို့ ပြင်းထန်၏။ ထိုအခါ ဟဒယဓာတ်အိုးမှာ ဘဝင်စိတ်လှုပ်ရှား၍ အစဉ်ပြတ်၏။

ထိုလဝန်းသဏ္ဌာန်ကို ဆင်ခြင်သော အာဝဇ္ဇန်းစိတ်သည် ဟဒယဓာတ်အိမ်တွင်းမှာ ရှေးဦးစွာ ဖြစ်ပေါ်၏။ ဘာလဲဟု ဆင်ခြင်မှုပေတည်း။

ထိုဆင်ခြင်မှု ချုပ်သည့်နောက်၌ စက္ခုဓာတ်အိမ်တွင်းမှာ စက္ခုဝိညာဏဓာတ်တစ်ကြိမ် ဖြစ်ပေါ်၏။ မြင်မှု ဖြစ်ပေါ်ခြင်းတည်း။

ထိုမြင်မှု ချုပ်သည့်နောက်၌ ဟဒယ ဓာတ်အိမ်တွင်းမှာ သိမှု ကြံမှုတွေ ဖြစ်ပေါ်၏။

ထိုနောက် မြင်မှုတစ်လှည့် သိမှုကြံမှုတွေတစ်လှည့် ဤသို့ အလှည့်အလည် အားဖြင့် အကြိမ်ပေါင်း အသိန်းအသန်းများစွာဖြစ်၍ နေကြ၏။

ထိုသို့ဖြစ်၍နေသမျှ ကာလပတ်လုံး ဘယ်ဟာကို ငါမြင်သည်၊ ငါကြည့်သည်။ ငါရှုသည် အစရှိသည်ဖြင့် ထင်မှတ် စွဲလမ်းကြရကုန်၏။

မြင်မှုသိမှု၌ ဝိညာဏ်တည်းဟူသော ဓာတ်မီး အလင်းကို တောက်စေခြင်းငှာ လဝန်းဗိမာန်တည်း ဟူသော သော့ကိုင် ယောက်ျားသည် မိမိမှ ထွက်သော အဆင်း အရောင် ဟူသော ရူပဓာတ် သော့တံဖြင့် စက္ခုဟဒယဟူသော ဓာတ်မီးအိမ်နှစ်ခု၌ တစ်ပြိုင်နက် သော့ပေး၏။

ထင်ခြင်း ထိခိုက်ခြင်းသို့ ရောက်စေ၏ဟု ဆိုလိုသည်။

ထိုအခါ ဟဒယဓာတ်အိမ်၌ ဘဝင်စက်နှစ်ကြိမ်လည်၍ ချုပ်ပြီးမှ ဆင်ခြင်မှု, မြင်မှု, သိမှု, ကြံမှု ဟူသော ဝိညာဏဓာတ်မီးတောက်တို့သည် အစဉ်အတိုင်း တောက်ကြကုန်၏။

ဖော်ခဲ့သော ဝိညာဏဓာတ်မီးသည် အလွန်ကြီးသော အဟုန် ရှိ၏၊ ဝိတက်, ဝိစာရ, လောဘ, ဒေါသ, မောဟ, သဒ္ဓါ, ပညာ, သတိ, ဝီရိယ အစရှိသော ပြင်းထန်သော အခိုးအရှိန်ရှိ၏။

သော့ပေးသော သက်ရှိသက်မဲ့ ဝတ္ထုအားလျော်စွာ ဥဿုဟဗျာပါရ အထွေထွေကို ဖြစ်စေနိုင်၏။

ချဲ့၍ပြဦးအံ့၊ သော့ပေးသော ဝတ္ထုသည် လောဘ၏ အစာဖြစ်ခဲ့အံ့။

www.dhammaransi.com



ဟဒယဓာတ်အိမ်၌ လောဘမှု ဓာတ်မီးသည် ဝတ္ထု၊ အားလျော်စွာ အဟုန်နှင့် တကွ တဟုန်းဟုန်း တောက်ထ၏။

ထိုလောဘမှု ဓာတ်မီးတောက်မှ ဖြစ်ပွားကုန်သော စိတ္တဇရုပ်ကလာပ်တို့သည် တစ်ကိုယ်လုံး၌ တစ်ပြိုင်နက် အပြည့်အနှံ့ဖြစ်ပွားကုန်၏။

ညအခါ၌ တိုက်ခန်းလယ်မှာ မီးထွန်းကြရာ မီးတောက်သည်နှင့် တစ်ပြိုင်နက် ထိုမီးတောက်မှ ဖြစ်ပွားသော မီးရောင်တို့သည် တိုက်ခန်းတစ်ခုလုံး၌ တစ်ပြိုင်နက် အပြည့် ပြန်နှံ့ ဖြစ်ပွားကုန်သကဲ့သို့တည်း။

သော့ပေးသော ဝတ္ထုသည် ဒေါသမီးကို ပွားစီးစေနိုင်သော ဒေါသမီးစာဖြစ်၍ ဒေါသမှု ဓာတ်မီး တဟုန်းဟုန်း တောက်ထမှု, ဒေါသမှုစိတ္တဇရုပ် တစ်ကိုယ်လုံး ခဏချင်း ပြည့်မှု စသည်တို့ကိုလည်း အသီးအသီး ပြည့်စုံစွာဆိုလေ။

မျက်စိမျက်နှာ၌ ပေါ်လာသောရုပ်ကို မြင်ကြသဖြင့် ထိုသူ၌သာယာသော စိတ်ဖြစ်သည်, မသာယာသော စိတ်ဖြစ်သည်, လျစ်လျူရှုသော စိတ်ဖြစ်သည်ကို သိနိုင်ကြကုန်၏။

ဤကား ဟဒယဓာတ်အိမ်မှ မနောကံအနေမှ တောက်ထသော ဇောဓာတ်မီး တို့၏ အခြင်းအရာတည်း။

ပြောခြင်း ဆိုခြင်း အစရှိသော စကားသံ အမျိုးအမျိုးကို ဖြစ်စေရာ၌ ဥပမာကား- မီးသဘော်၌ ဥသြသံလွှတ်သော ခေါင်းတိုင်ငယ်သည်ရှိ၏။

ရေနွေးအိုးကြီးမှ ယင်းခေါင်းတိုင်ငယ်သို့သွားသော အခိုးလေလမ်းသည်ရှိ၏။

ယင်းခေါင်းတိုင်ငယ်၏ အတွင်း၌ အသံပြင်းထန်စွာ ဖြစ်ဖို့ရန် စီမံ၍ ထားသော အခင်ကိရိယာသည် ရှိ၏၊ ဥသြသံ လွှတ်လိုလတ်သော် အခိုးလေလမ်းကို ဖွင့်၍ပေး၏။

အခိုးလေသည် ပြင်းထန်သော အဟုန်နှင့် တက်လေ၍ အခင်ကိရိယာကို ပြင်းထန်စွာ တိုးဝှေ့လေ၏၊ ထိုအခင်ကိရိယာမှ လိုရာဥသြသံဖြစ်၍ ထွက်လေ၏။

ဤဥပမာအတူ-လူသံစသည် ဖြစ်မှုကိုလည်း သိရာ၏

လည်ချောင်းပေါက် ခံတွင်းပေါက်သည် ခေါင်းတိုင်ငယ် အပေါက်နှင့်တူ၏၊ ဟဒယဓာတ်အိမ်မှ ယင်းအပေါက်သို့သွားသော လေလမ်းသည်ရှိ၏။

အသံကိုပြုအံ့ဟူသော စေတနာ ဥဿုဟ ဇောဓာတ်မီးသည် ဟဒယဓာတ်

www.dhammaransi.com



အိမ်မှ တောက်ထလတ်သော် ထိုအပေါက်၌ စိတ္တဇဝါယောလေတို့သည် ဖြစ်ပေါ် လျှောက်သွားကုန်၏။

လည်ချောင်းအတွင်း၌ အခင်တစ်ဌာနရှိ၏ အာစောက်, အာခေါင်, ခံတွင်း, လျှာရင်း, လျှာလယ်, လျှာဖျား, သွား, နှုတ်ခမ်းတို့၌ အခင် တစ်ဌာနစီ များစွာ ရှိကြကုန်၏။

ထိုထိုအက္ခရာသံတို့သည် ထိုထိုအခင်ဌာနမှ အခင်ပြုပြင်ချက်အားလျော်စွာ ဖြစ်၍ ထွက်ကြရကုန်၏။

အခင်ပြုပြင်မှုဆိုသည်လည်း အင်္ဂမင်္ဂါနုသာရီခေါ်သော စိတ္တဇဝါယော မှုပင်တည်း။

ဟဒယဓာတ်အိမ်မှ တောက်သော ဇောဓာတ်မီးသည် လောဘဇောဖြစ်ခဲ့အံ့၊ တဏှာသံ, ရာဂသံ,လောဘသံတို့သည် ဖြစ်၍ ထွက်ကုန်၏။

ဒေါသဇောဖြစ်ခဲ့အံ့၊ ဒေါသသံ ဒေါမနဿသံတို့သည် ဖြစ်၍ ထွက်ကုန်၏။

ကြွင်းသော ဇောအမျိုးမျိုးတို့၌လည်း ထိုနည်းအတူသိလေ၊ အသံကို ကြားကြသဖြင့် ထိုသူ၌ လောဘဇောဖြစ်၍နေသည်၊ ဒေါသဇောဖြစ်၍နေသည် အစရှိသည်ဖြင့် သိကြကုန်၏။

ဤကား ဟဒယ ဓာတ်အိမ်မှ ဝစီကံ ကိစ္စနှင့် တောက်ထသော ဇောဓာတ်မီး တို့၏ အခြင်းအရာတည်း။

ကိုယ်အင်္ဂါကြီးငယ်တို့၏ လှုပ်ရှား, ချိုကြွ, ထိုင်ထ, သွား, ပြေး, ကွေးမှု, ဆန့်မှုအစရှိသော ကာယကံ ကိရိယာ အမျိုးမျိုးကို ပြုကြရာ၌ ဥပမာကား - မီးသင်္ဘော၌ ရေနွေးအိုး, စရဏာအိုး, စက်ကိရိယာ ကြီးငယ်အမျိုးမျိုး အဆင့်ဆင့်ရှိကြ ကုန်၏။

ထိုအတူ- ဤခန္ဓာပုံရ ဓာတ်သင်္ဘော၌လည်း များစွာသော အရိုးဆက်တို့သည် ခြေဖျား ခေါင်းဖျားတိုင်အောင် အတွင်းအပ အနှံ့အပြားလျှောက်သွား ကူးယှက်ကာ ရှိနေကြကုန်သော များစွာသော အကြောကြီး အကြောငယ်တို့သည်လည်းကောင်း ရှိကြကုန်၏။

အိပ်နေရာမှ ထိုင်လိုက်အံ့ဟူသော စေတနာ ဥဿဟဇောဓာတ်မီးတို့သည် ဟဒယဓာတ်အိမ်မှ တောက်ထလတ်သော် ထိုဇောဓာတ်မီးတောက်တို့မှ ဖြစ်ပွား ကုန်သော အင်္ဂမင်္ဂါနုသာရီခေါ်သော စိတ္တဇဓာတ်လေတို့သည် တစ်ကိုယ်လုံးရှိ

www.dhammaransi.com



အကြောကြီး အကြောငယ်တို့၌ အပြည့်အတင်းဖြစ်ပေါ် လျှောက်သွားကြကုန်၏။

နဂါးတွေ ကကြကုန်သကဲ့သို့ ထိုအကြောကြီး အကြောငယ်တို့သည် စိတ်အလို ရှိရာသို့ ထိုဓာတ်လေတို့၏ သည်ပိုးမှုနှင့် လှုပ်ရှားထကြွခြင်း စသည်ကို ပြုကြကုန်၏။

ထိုထိုအကြောနှင့်စပ်သော ကိုယ်အင်္ဂါတို့သည်လည်း အကြောဓာတ်လေတို့ သည်ပိုးရာ ပါကြရလေကုန်၏။

ထိုအခါ၌ လှုပ်ရှား, ချီကြွ, ထိုင်, ထ, သွား, ပြေး, ကွေးမှု, ဆန့်မှု စသည်တို့သည် ဖြစ်လေကုန်၏။

ဤကား တစ်ကိုယ်လုံး လှုပ်ရှားမှုကို ပြဆိုချက်တည်း။

ဦးခေါင်းလှုပ်မှု, မျက်လွှာ, မျက်လုံးလှုပ်မှု, လျှာဖျား, လျှာရင်း ခံတွင်း မေးပါး နှုတ်ခမ်းသားလှုပ်မှု, ခြေလက်စသည် လှုပ်ရှားမှု ဟူသော ထိုထို အင်္ဂါကြီးငယ် တစ်စိတ် တစ်ဒေသ လှုပ်ရှားမှုတို့၌မူကား ထိုထို လှုပ်ရှားရာ အင်္ဂါ၏ ဆိုင်ရာ အကြောကြီး အကြောငယ်တို့ကို ကွက်ခြား၍ ဆိုလေ။

ဤကိုယ်ခန္ဓာသည် ရုပ်သေးရုပ်နှင့် တူ၏။

အကြောလျှောက် လေဓာတ်တို့သည် ရုပ်သေးကြိုးစုံနှင့် တူ၏။

ဟဒယ ဓာတ်အိမ်ဖြစ်သော ဇောစိတ်သည် ရုပ်သေးကြိုးစုံ ဆွဲကသူယောက်ျား နှင့်တူ၏။

ဤတွင်ရှေ့ကား အဆင်းအမျိုးမျိုးဟူသော ရူပဓာတ်၏ စက္ခုဓာတ်အိမ်ဟဒယ ဓာတ်အိမ်နှစ်ပါးတို့၌ ခိုက်မှုကို အစွဲပြု၍ ဟဒယဓာတ်အိမ်မှ ထသော ဝိညာဏ ဓာတ်တို့၏ အစွမ်းအားဖြင့် အမှုအားလျော်စွာ ကာယကံ, ဝစီကံ, မနောကံသုံးပါး ဖြစ်ပွား၍ သွားပုံကို ပြဆိုသော အခန်းတည်း။

အသံအမျိုးမျိုးဟူသော သဒ္ဒဓာတ်၏ သောတဓာတ်အိမ် ဟဒယဓာတ် အိမ်နှစ်ပါးတို့၌ ခိုက်မှု။

အနံ့အမျိုးမျိုးဟူသော ဂန္ဓဓာတ်၏ ဃာနဓာတ်အိမ်ဟဒယ ဓာတ်အိမ် နှစ်ပါးတို့၌ ခိုက်မှု။

အရသာအမျိုးမျိုးဟူသော ရသဓာတ်၏ ဇိဝှါဓာတ်အိမ် ဟဒယဓာတ်အိမ် နှစ်ပါးတို့၌ ခိုက်မှု။

အပူ အချမ်း အကြမ်း အနု အစရှိသော ဖောဋ္ဌဗ္ဗဓာတ်၏ ကာယဓာတ်အိမ်

www.dhammaransi.com



ဟဒယဓာတ်အိမ်နှစ်ပါးတို့၌ ခိုက်မှုတို့ကို အစွဲပြု၍ အသီးအသီး ဟဒယဓာတ်အိမ်မှ ထသော ဝိညာဏဓာတ်တို့၏ အစွမ်းဖြင့် အမူအားလျော်စွာ ကာယကံ, ဝစီကံ, မနောကံ သုံးပါးတို့ ဖြစ်ပွား၍ သွားပုံတို့ကိုလည်း ထိုနည်းကို အမှီပြု၍ အကျယ်သိလေ မြင်လေ။

## ဓာတ်တို့၏ ဆန်းကြယ်ပုံ

ဓမ္မာရုံမည်သည် လောက ဓမ္မအားဖြင့် အလွန်များပြား၏။

ထိုဓမ္မာရုံမျိုးနှင့်တကွ ပြဆိုခဲ့ပြီးသော ရူပဓာတ်, သဒ္ဒဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖောဋ္ဌဗ္ဗဓာတ်တို့၏ ပဉ္စဒွါရဓာတ်အိမ်နှင့် မဖက် သက်သက်သော ဟဒယဓာတ်အိမ် ဘဝင်မနောမှာ ခိုက်ရှသည်လည်း အလွန်များပြား၏။

ယခုမျက်စိမြင်မှု စသည် ငါးချက်နှင့် ကင်း၍ စိတ်သက်သက်မှာ ဖြစ်သမျှသော အကြံအသိတွေကို ယူလေ။

ဤဟဒယဓာတ်အိမ် သက်သက်၌ ကံသုံးပါးဖြစ်ပုံလည်း အလွန်များပြား၏၊ ဖြစ်ပုံအခြင်းအရာမှာမူကား မထူးကြလှပြီ။

ဥပမာ ပြဆိုဦးအံ့ သံပတ်ဖြင့် စက်ကြီး စက်ငယ် အမျိုးမျိုးသော့အိမ်, သော့ပေါက် အမျိုးမျိုးတို့နှင့် စီရင်အပ်သော စက်သူယောင်ရုပ်ကြီးသည် ရှိရာ၏။

စက္ခုသော့အိမ် သော့ပေါက်မှ တစ်ကြိမ်သော့ပေး၍ စက်တို့ကို နှိုးလိုက်သည် ရှိသော်တစ်မုဟုတ်, နှစ်မုဟုတ်, တစ်နာရီ, နှစ်နာရီ အစရှိသည်ဖြင့် သံပတ်လှုပ်ရှားသမျှ ကာလပတ်လုံး စက်ကိရိယာတို့သည် လည်ကြကုန်၏။

စက်ကိရိယာတို့ လည်ကြသမျှ ကာလပတ်လုံး ခံတွင်းမှ ထွေထွေလာလာ အသံတို့သည် ထွက်ကုန်၏။

ထိုင်ခြင်း, ထခြင်း, ရပ်ခြင်း, သွားခြင်း, အင်္ဂါကြီးငယ် လှုပ်ရှားခြင်းတို့သည် ဖြစ်ကုန်၏။

တစ်စိတ်တစ်ဒေသသော စက်တို့ကိုနှိုးခဲ့လျှင် တစ်စိတ်တစ်ဒေသသော အမူအရာကိုသာပြု၏။

ဤစက်သူယောင်ဥပမာကဲ့သို့ သတ္တဝါတို့၏ခန္ဓာ၌ ထင်မြင်ရာ၏။

အပ၌ အာရုံခြောက်မျိုးသည် သော့တံ ၆ မျိုးတည်း။

www.dhammaransi.com



လောက၌ အာရုံ ၆ မျိုး၏ တည်ရာ သက်ရှိသက်မဲ့ ဝတ္ထုမျိုးသည် သော့ကိုင်သူ, သော့ပေးသူ, စက်နှိုးသူ ခြောက်မျိုးတည်း။

ဘဝင်တည်းဟူသော သံပတ်ရှိ၏။ ဇောဝီထိစိတ္တုပ္ပါဒ်တည်းဟူသော စက်ကြီး စက်ငယ် အမျိုးမျိုး ရှိ၏၊ အကြောကြီးငယ်ဟူသော စက်ကြိုး စက်လွန်အမျိုးမျိုးရှိ၏။

မျက်စိဥပစာ၌ရှိသော သက်ရှိသက်မဲ့ ဝတ္ထုတို့က အဆင်းအရောင်တည်းဟူသော သော့တံဖြင့် စက္ခုဒွါရ သော့အိမ်၌ တစ်ကြိမ်သော့ပေး၍ စက်တို့ကိုနှိုးလိုက်သည်ရှိသော် ဘဝင်ဟူသောသံပတ် မသေသမျှကာလပတ်လုံး ဇောဝီထိ စိတ္တုပ္ပါဒ်တည်းဟူသော စက်တို့သည် အဟုန်နှင့်တကွ လည်ကြကုန်၍ ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့ကို ဖြစ်စေကြကုန်၏။

နားဥပစာစသည်တို့၌ ရှိကုန်သော သက်ရှိသက်မဲ့ သတ္တဝါတို့က အသံစကား အမျိုးမျိုးစသော သော့တံတို့ဖြင့် မိမိ မိမိတို့ဆိုင်ရာ ဆိုင်ရာ သောတဒွါရစသော သော့အိမ်တို့၌ တစ်ကြိမ်တစ်ကြိမ် သော့ပေးရာတို့၌လည်း အသီးအသီး ကာယကံမှု, ဝစီကံမှု, မနောကံမှု ဖြစ်ပွား၍ သွားပုံကို ထိုနည်းတူသိလေ။

အိပ်ပျော်၍ နေမှုကား သံပတ်သေမှုတည်း၊ အိပ်ရာက နိုးတော့မည်ရှိရာ ရှေးဦးစွာ နှိုးလိုက်သော သော့ချက်မှစ၍ တစ်နေ့ပတ်လုံး ကာယကံမှု တလှုပ်လှုပ်, ဝစီကံမှု တဘွားဘွား, မနောကံမှု တရှုရှု နေလေ၏။

ထိုသို့ ကံသုံးပါး တရှုရှုနေခြင်းသည် ပုဂ္ဂိုလ်၏ အမှုမဟုတ်၊ သတ္တဝါ၏အမှုမဟုတ် ဓာတ်တို့၏ အမှုသက်သက်သာတည်း။

**(ဤကား ဓာတ်တို့အမှုဆန်းကြယ်ပုံကို ပြဆိုလိုက်သော ဓာတ်သူယောင်ဥပမာတည်း။)**

## ရုပ်အကြည်ငါးရုပ်နှင့် ဝိညာဏဓာတ်

ယခုအခါ အထက်ဒေသနာတော်၌ ဥပမာဆောင်၍ ပြအပ်သော မီးတောက် ၆ မျိုးတို့ကဲ့သို့ စက္ခုစသော စွဲမှီရာ အဇ္ဈတ္တဝတ္ထု ၆ မျိုးတို့၌ အဆင်းဓာတ် အစရှိသော အစာအာရုံဓာတ် ၆ မျိုးတို့၏ ခိုက်တိုက်မှု ဒဏ်ချက် အဟုန်ကြောင့် သူ့ဝတ္ထု၌ သူဖြစ်ပေါ် ကြကုန်သော ဝိညာဏဓာတ်တို့၏ တစ်ဌာနမှ တစ်ဌာနသို့ အဏုမြူ ခန့်မျှ ပြောင်းရွှေ့ခြင်း မရှိကြပုံကို ပြဆိုပေအံ့။

စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဟူသော ရုပ်ကြည်ငါးပါးတို့သည် တစ်ပါးနှင့် တစ်ပါး ကြည်ပုံခြင်း မတူကြကုန်။

www.dhammaransi.com



ထိုကြောင့် အဆင်းဟူသော ရူပဓာတ်သည် စက္ခုဓာတ်နှင့်သာ ခိုက်ဖော်ခိုက်ဖက် ဖြစ်နိုင်၏။ သောတဓာတ် စသည်တို့နှင့် ခိုက်ဖော်ခိုက်ဖက်မဖြစ်နိုင်။

မီးရောင်တည်းဟူသော အဆင်းဓာတ်တို့ စက္ခုဓာတ်၌ ပြခဲ့လျှင် ခဏချင်း ခိုက်ကြ၏၊ ရူပဓာတ်စက္ခုဓာတ်နှစ်ပါး ခဏချင်း လုံးထွေးမိကြ၏၊ သံနှင့် သံလိုက်ကဲ့သို့တည်း။

မီးခတ်နှင့်ကျောက်သား နှစ်ပါးစုံ ခိုက်ကြရာ၌ မီးပွင့် ဖြစ်ပေါ်သကဲ့သို့ ထိုဓာတ်နှစ်ပါး ခိုက်မှုဒဏ်ချက်ကို စွဲ၍ အမြင်ဓာတ် ဖြစ်ပေါ်၏၊ စက္ခုဝိညာဏဓာတ်ကို အမြင်ဓာတ် ဆိုသည်။

ထိုမီးရောင် တည်းဟူသော အဆင်းဓာတ်ကို နား၀ နှာခေါင်း၀ လျှာပေါ် ကိုယ်အင်္ဂါစု၌ တစ်ကမ္ဘာလုံးပြသော်လည်း ခိုက်ခြင်းမရှိကြ၊ အဆင်းနှင့် လုံးထွေးမှု မရှိကြ၊ ကျောက်ခဲနှင့် သံလိုက်ကဲ့သို့တည်း။

ခိုက်ခြင်းမရှိကြသောကြောင့် အမြင်ဓာတ်ဖြစ်ပေါ်မှုမရှိ၊ မီးရောင်အဆင်းကို နားနှင့်မြင်ရိုးမရှိ၊ နှာခေါင်းနှင့် မြင်ရိုးမရှိ၊ လျှာအင်္ဂါ ကိုယ်အင်္ဂါတို့နှင့် မြင်ရိုးမရှိ၊ မျက်စိနှင့်သာ မြင်ရိုးရှိသည်ဟူလို။

ထိုကြောင့် အဆင်းကို မြင်မှုမည်သည် စက္ခုဓာတ်မှသာ ဖြစ်ပေါ်နိုင်၏၊ သောတဓာတ် စသည်တို့မှ မဖြစ်ပေါ်နိုင်။

မြင်မှုကိုပင် စက္ခုဝိညာဏ်စိတ်ခေါ်သတည်း၊ မာဂဓဘာသာ၌ ဒဿနဟူ၍လည်းကောင်း၊ စက္ခုဝိညာဏဟူ၍လည်းကောင်း ခေါ်သည်။

မြန်မာတို့၌ မြင်မှု ခေါ်သည်၊ ထိုမြင်မှုကိုပင် စက္ခုဝိညာဏဓာတ်ခေါ်သည်၊ မြင်မှုမှ တစ်ပါး စက္ခုဝိညာဏစိတ် စက္ခုဝိညာဏဓာတ်ဟူ၍ အသီးအခြား မရှိပြီ။

သတ္တဝါတို့၏စိတ်သည် အဇ္ဈတ္တသန္တာန်၌ တစ်ခုတည်း အမြဲတည်နေ၍ မျက်စိ၌ အဆင်းထင်လာခိုက် ထိုစိတ်သည် ပင်လျှင် မျက်စိသို့ရောက်လာ၍ မြင်မှုကို ဆောင်ရွက်၏။

နား၌ အသံထင်လာခိုက် ထိုစိတ်သည်ပင်လျှင် နားသို့ရောက်လာ၍ ကြားမှုကို ဆောင်ရွက်၏။

နှာခေါင်း၌ အနံ့ထင်လာခိုက် ထိုစိတ်သည်ပင်လျှင် နှာခေါင်းသို့ ရောက်လာ၍ နံမှုကို ဆောင်ရွက်၏။

လျှာ၌ အရသာထင်လာခိုက် ထိုစိတ်သည်ပင်လျှင် လျှာပေါ်သို့ ရောက်လာ၍ လျက်မှုကို ဆောင်ရွက်၏။

www.dhammaransi.com



ထိုစိတ်သည်ပင်လျှင် ရင်တွင်းမှာနေ၍ အထွေထွေသော ကြံမှု သိမှုတို့ကို ဆောင်ရွက်၏ဟု ယူသော သာတိ မည်သော ရဟန်း၏ မိစ္ဆာဒိဋ္ဌိ အယူ၌မူကား မြင်မှုကားတခြား၊ ထိုမြင်မှုကို ဆောင်ရွက်သော အမှုဆောင်စိတ်ကား တခြား-ဤသို့ အမှုနှင့် အမှုဆောင် နှစ်ပါးခြားနား၍ ယူ၏။

ထိုသို့ ခြားနား၍ယူသောကြောင့် စက္ခု၌ မြင်မှုပြီးစီးကွယ်ပျောက်သော်လည်း မြင်မှုကို ဆောင်ရွက်သော ထိုစိတ်မှုကား ကွယ်ပျောက်သည် မရှိဟု ယူ၏။

ယခုလောကအများ၌လည်း ဤအထင်အမှတ်အယူမိစ္ဆာ တင်းလင်းရှိနေကြလျက်ပင်တည်း။

ဤအယူသည် နိစ္စဒိဋ္ဌိလည်း မည်၏၊ သဿတဒိဋ္ဌိလည်း မည်၏၊ အတ္တဒိဋ္ဌိလည်း မည်၏၊ သက္ကာယဒိဋ္ဌိလည်း မည်၏။

ဤဒိဋ္ဌိကို ပယ်ဖျောက်စေခြင်း အကျိုးငှာ "ကဋ္ဌဉ္စ ပဋိစ္စ အဂ္ဂိ ဇလတိ ကဋ္ဌဂ္ဂိတွေဝ သင်္ချံ ဂစ္ဆတိ" အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူ၏။

ဤမျှသော စကားရပ်တို့ဖြင့် စက္ခုဓာတ်အိမ်မှာ ဖြစ်ပေါ်သော မြင်မှုသက်သက်ဟူသော စက္ခုဝိညာဏဓာတ်သည် သောတဓာတ်အိမ် စသည်တို့သို့ ပြောင်းရွှေ့ခြင်းမရှိ။

စက္ခုဓာတ်ကြည် အပြင်၌သော အဆင်းကို ထိခိုက်ရာ ပသာဒဝတ္ထု၌ ဖြစ်ပေါ်၍ ထိုဖြစ်ပေါ်ရာ၌သာ ချုပ်ပျက်၏ဟူသော အဓိပ္ပါယ်ကိုပြသတည်း။

သောတဓာတ်အိမ် စသည်တို့သာ မပြောင်းမရွှေ့သည် မဟုတ်သေး။

ထိုစက္ခုဓာတ်အိမ်မှာ ထင်လာသော အဖြူအညိုစသော အဆင်းသဏ္ဌာန်အမျိုးမျိုးတို့တွင်လည်းကောင်း, ဖြူသော ဝတ္ထုသဏ္ဌာန် အမျိုးမျိုးတို့တွင်လည်းကောင်း, မှီရာဝတ္ထု အမျိုးမျိုးတို့တွင်လည်းကောင်း တစ်ပါးမှ တစ်ပါးသို့ ပြောင်းရွှေ့ခြင်းမရှိ။

အဖြူထိခိုက်မှုနှင့် ဖြစ်ပေါ်သော မြင်မှုသည် အဖြူကိုသာ မြင်၍ ချုပ်၏၊ အညိုစသည်သို့ ပြောင်းရွှေ့ခြင်းမရှိ။

အဖြူတွင်လည်း တစ်ခုသော အဖြူထိခိုက်မှုနှင့် ဖြစ်ပေါ်သောမြင်မှုသည် ထိုအဖြူကိုသာမြင်၍ ချုပ်၏၊ အဖြူတစ်ပါးသို့ ပြောင်းရွှေ့ခြင်းမရှိ။

စက္ခုဓာတ်အိမ်တွင်း၌ စက္ခုဝတ္ထုရုပ်တွေ အများရှိကြသည်တွင် တစ်ခုသော ဝတ္ထုရုပ်၌ ဖြစ်ပေါ်သော မြင်မှုသည် ထိုဝတ္ထုရုပ်၌သာ ချုပ်၏၊ တစ်ပါးသော စက္ခုဝတ္ထုသို့ပြောင်းရွှေ့ခြင်းမရှိ။

www.dhammaransi.com



တစ်ပါးသော စက္ခုဝတ္ထုရုပ်တို့မှာ အာရုံထင်မှု ဒဏ်ချက်ရှိလာလျှင် အသစ် အသစ်သာ ဖြစ်ပေါ်၏။ ပြောင်းရွှေ့မှုလည်းမရှိ။ မြင်မှု ၂ ခု ၃ ခုစသည် အပြိုင်ဖြစ်ပေါ် သည်ဟူ၍လည်း မရှိ။

လောကီလူတို့ အထင်အမြင် မိစ္ဆာ၌မူကား ဤဝိညာဏ်ကို မဆိုထားဘိဦး၊ မီးတောက်၌ပင် မီးစာတစ်ခုမှသည် မီးစာတစ်ခုသို့ မီးတောက်ကူးပြောင်းသည်ဟု ထင်မြင်မှတ်လျက်ရှိကြ၏။

သောတဓာတ်, သဒ္ဒဓာတ်, သောတဝိညာဏဓာတ်အစရှိသော အစုံဓာတ် လေးမျိုးတို့၌လည်း အသီးအသီး ဤနည်းအတိုင်း အကျယ်သိလေ။

(ရုပ်ကြည်ငါးရပ် ဝိညာဏဓာတ် ငါးပါးစစ်တမ်းပြီး၏။)

## ဟဒယဝတ္ထု၌ ထိသိမှု အထွေထွေ

တစ်ယောက် တစ်ယောက်သော သတ္တဝါ သန္တာန်၌ မတည်, မူတည်, ရောတည်ဖြစ်သော ဟဒယဓာတ်အိမ်၌မူကား အထွေထွေ အပြားပြား အလွန်များ၏၊ ကြံမှုအထွေထွေ, သိမှုအထွေထွေ များပြား၏။

မြင်မှု, ကြားမှု, နံမှု, လျက်မှု, ထိမှုတို့၌ အသီးအသီးလိုက်ရသော ကြံမှု သိမှုတို့ သည်လည်း ဤဟဒယ ဓာတ်အိမ်မှ ဖြစ်ပေါ်၍ လိုက်ရကုန်၏၊ လိုက်ပုံမှာ ရှေး၌ ပြဆိုခဲ့ပြီ။

မြင်မှုစသည်ငါးချက်တို့မှ အလွတ်ဖြစ်သော ကြံမှုသိမှုတို့သည်လည်း ဤဟဒယ ဓာတ်အိမ်မှ ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်၍ ကာယကံ, ဝစီကံ, မနောကံ သုံးပါး ဖြစ်ပွားပုံကို လည်း ရှေး၌ ပြဆိုခဲ့ပြီ။

တစ်ခုတစ်ခုသော ဝတ္ထုကို ကြည့်ရှု၍နေဆဲအခါ၌၊ မျက်တောင်တစ်ခတ်ခန့် ကာလအတွင်း၌ပင်လျှင် မြင်မှု သိမှု အလှည့်အလည် အပြန်ပေါင်းအထောင်မက များပြား၏။

လူတို့အထင်အမှတ်၌ကား ထိုအလုံးစုံကို အကုန်ပေါင်း၍ မြင်မှုတစ်ခုတည်း ထင်မှတ်ကြရ၏။

ထိုသို့ အထောင်မက များပြားကြရာ၌ မြင်မှုသည် စက္ခုဝတ္ထုမှသာ ဖြစ်ပေါ် နိုင်၏။ သိမှုသည် ဟဒယဝတ္ထုမှသာ ဖြစ်ပေါ်နိုင်၏။

www.dhammaransi.com



ထိုကြောင့် တစ်ပါးနှင့် တစ်ပါး ဓာတ်အိမ်ကူးပြောင်းခြင်းမရှိကြ။ တစ်ခုချုပ်သေမှ တစ်ခုဖြစ်ပေါ်ကြရ၏။

ကြားမှုသိမှု, နံမှုသိမှု, လျက်မှုသိမှု တို့၌လည်း ဤနည်းအတူသိကြလေ။

ယခုအခါ ထိမှု သိမှု နှစ်ပါးကို ထင်ရှားအောင် ပြဆိုပေအံ့။

လူတို့ အမှတ်အထင်အတိုင်း အထောင်မကသော ထိမှု သိမှုတို့ကို တစ်ခုတည်းပြု၍ ဆိုမည်၊ သွားခြင်းအမှု၌ ခြေတစ်လှမ်း ခြေတလှမ်းတွင် မြေအပြင်နှင့် ခြေဖဝါး အပြင် ထိခိုက်မှု တို့၌ အောက်မြေအပြင်ကား ပထဝီဖောဋ္ဌဗ္ဗဓာတ်တည်း။

ခြေဖဝါးအပြင်ဟူသော ကာယဓာတ်အိမ် အစိတ်မှာ ရှိနေသော ကာယဝတ္ထုရုပ်အကြည်တို့နှင့် ထိုဖောဋ္ဌဗ္ဗဓာတ်တို့ကို ထိခိုက်ကြရာတွင် ထိခိုက်မှု ဒဏ်ချက်ကို စွဲ၍ ထိုကာယဝတ္ထုရုပ် အကြည်တပြင်လုံးမှာ ကာယဝိညာဏဓာတ်တွေ တဘွားဘွား ဖြစ်ပေါ်ကြကုန်၏။

ဤအရာ၌ ပထဝီဖောဋ္ဌဗ္ဗဓာတ်တို့၏ ခြေဖဝါးအပြင်၌ ထိမှုသည် နှစ်ပါးရှိ၏။

နှစ်ပါးဆိုသည်ကား ခြေဖဝါးအပြင်ရှိရူပက္ခန္ဓာ၌ထိမှုတစ်ပါး, ထိုရူပက္ခန္ဓာအပြင်မှာ ယခုပေါ်ရှိဆဲဖြစ်သော နာမက္ခန္ဓာလေးပါးတို့၏ ထိုပထဝီ ဖောဋ္ဌဗ္ဗဓာတ်၌ ထိမှုတစ်ပါး ဤ ၂ ပါးတည်း။

ထိုနာမက္ခန္ဓာလေးပါးတို့၏ ဖောဋ္ဌဗ္ဗဓာတ်၌ ထိမှုဆိုသည်ကား ထိုဖောဋ္ဌဗ္ဗဒဏ်ချက်ကို အာရုံပြုသောအားဖြင့် ထိမှုကို ဆိုသတည်း၊ သိခြင်း အထူးတစ်မျိုးကိုပင် ထိမှုဆိုသည်၊ ဤထိမှုကို ဤအရာ၌ ပြဆို လိုရင်းပေတည်း။

အောက်မြေအပြင်ဟူသော ပထဝီဖောဋ္ဌဗ္ဗဓာတ် ထိခိုက်မှု ဒဏ်ချက် အဟုန်ကြောင့် ခြေဖဝါးအပြင် ဟူသော ရူပက္ခန္ဓာ၌ ဖြစ်ပေါ်ကြကုန်သော ထိုနာမက္ခန္ဓာလေးပါးတို့သည် ထိုဖောဋ္ဌဗ္ဗဒဏ်ချက်ကို ထိကြကုန်၏၊ ထိသော အနေအားဖြင့် အာရုံပြုကြကုန်၏ဟု ဆိုလိုသည်။

ဤကား ထိမှု သိမှုနှစ်ပါးတွင် ထိမှုကို ပြဆိုချက်တည်း။

မြေကြီးကို နင်းမိသည်ဟု ပုဂ္ဂိုလ်၏ သိမှုကား ဟဒယဓာတ်အိမ်ဆိုင်ရာသာတည်း၊ ဟဒယဝတ္ထုရုပ်တွင် သိမှုဟူသော မနောဝိညာဏဓာတ်တို့ ဖြစ်ပေါ်၍ ထိမှု၏နောက်လိုက် ဖြစ်ကြကုန်၏။

မျက်တောင်တစ်ခတ်ခန့် ကာလအတွင်းမှာပင် ထိမှုတသုတ်, သိမှုတသုတ် အလှည့်အလည် အပြန်ပေါင်း အထောင်မက များပြား၏၊ လူတို့ အထင်အားဖြင့် ကိရိယာ တစ်ခုသာဟုထင်ကြရ၏။

www.dhammaransi.com



ခြေဖဝါးအပြင်၌ ထိမှုတသုတ် ချုပ်သေမှ ဟဒယဓာတ်အိမ်၌ သိမှုတသုတ် ဖြစ်ပေါ်ရ၏။

ဟဒယဓာတ်အိမ်၌ သိမှုတသုတ် ချုပ်သေမှ ခြေဖဝါးအပြင်ဟူသော ကာယဓာတ်အိမ်၌ ထိမှုတသုတ် ဖြစ်ပေါ်ရ၏၊ ဤသို့ အလှည့်အလည် အပြန်အလှန်ကို သိလေ။

ဤ၌လည်း ကာယဓာတ်အိမ်၌ ဖြစ်ပေါ်သောထိမှု နာမက္ခန္ဓာ လေးပါး သည် ဟဒယဓာတ်အိမ်သို့ ကူးပြောင်းခြင်းမရှိ၊ ကာယဓာတ်အိမ်၌သာ ချုပ်ပျက် သေဆုံးကြလေကုန်၏။

ဟဒယဓာတ်အိမ်၌ ဖြစ်ပေါ်သော သိမှုနာမက္ခန္ဓာ လေးပါးတို့သည် ကာယဓာတ်အိမ်သို့ ကူးပြောင်းခြင်းမရှိ၊ ဟဒယဓာတ်အိမ်၌သာ ချုပ်ပျက်သေဆုံးလေကုန်၏။

လူတို့အထင်၌မူကား ထိုထိမှု သိမှု နှစ်ပါး အပြန်ပေါင်း အထောင်မက များပြားသည်ကို သိမှုကိရိယာ တစ်ခုတည်းဟု ထင်ကြရကုန်၏။

ထိမှု သိမှုနှစ်ပါးတို့၏ အကူးအကူး၌ လှုပ်မှု ပျက်မှု အပိုင်းအပိုင်း ခြား၍ ခြား၍ နေသည်ကို မသိမမြင်နိုင်ကြကုန်၍ တစ်ခုတည်းဟု ထင်ကြရကုန်သည်။

ခြေဖဝါးအပြင်မှာ ထိမှုဟူသော နာမက္ခန္ဓာလေးပါး တဘွားဘွား ဖြစ်ပေါ်ဆဲ အခါ၌ ခြေဖဝါးအပြင်မှာသာ ခန္ဓာငါးပါးရှိ၏။

ခြေဖဝါးအပြင်မှ ကြွင်းကျန်သော တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ ရူပက္ခန္ဓာ ချည်းသက်သက်ရှိ၏။

ဟဒယဓာတ်အိမ်အပြင်မှာ သိမှုဟူသော နာမက္ခန္ဓာလေးပါး တဘွားဘွား ဖြစ်ပေါ်ဆဲအခါ၌ ထိုဟဒယ ဓာတ်အိမ်မှာသာ ခန္ဓာငါးပါးရှိ၏။

ထိုမှ ကြွင်းကျန်သော တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ ရူပက္ခန္ဓာချည်း သက်သက်ရှိ၏။

ရှေး၌ ပြဆိုခဲ့ပြီးသော မြင်မှု ကြားမှု စသည်တို့၌လည်း ဤနည်းတူသိကြလေ။

## ရုပ်ဓာတ် နာမ်ဓာတ် နှစ်ရပ်

ခြေချီမှု, ကြွမှု, လှမ်းမှု, ချမှု အစရှိသော တစ်လှမ်းတစ်လှမ်း အတွင်း၌ ဖြစ်သော ကာယကံမှုတို့ကိုမူကား ဟဒယဓာတ်အိမ်မှ ပြုပြင်ကြပေကုန်၏၊ ပြုပြင်ပုံကို ရှေး၌ပြဆိုခဲ့ပြီ။

www.dhammaransi.com



ဤခြေတစ်လှမ်း အတွင်းမှာပင် မြင့်မှုလည်း မစဲသကဲ့သို့, ကြားမှုလည်းမစဲသကဲ့သို့, ထွေထွေလာလာ ကြံမှုလည်း မစဲသကဲ့သို့ ဖြစ်နိုင်လျက် ရှိကြသည်ကား မျက်တောင် တစ်ခတ်၌ ကုဋေ တစ်သိန်းမကဟု ပြဆိုခဲ့သော စိတ်၏ အဖြစ်အပျက် အပြောင်းအလဲ မြန်လှသည့်အတွက်ပေတည်း။

ဤကား ပထမခြေလှမ်း ပထမ ဖဝါး၌ ခန္ဓာငါးပါး ဟူသော ဓာတ်တို့၏ အစုအစု အပိုင်းအပိုင်း ဖြစ်နေပုံကို ပြဆိုချက်တည်း။

ဒုတိယခြေလှမ်း ဒုတိယ ဖဝါး စသည်တို့၌လည်း ဤနည်းအတိုင်း အကုန်သိကြလေ မြင်ကြလေ။

မြေအပြင် ဟူသော ပထဝီဖောဋ္ဌဗ္ဗဓာတ် ထိခိုက်မှု ဒဏ်ချက်ကြောင့် ခြေဖဝါး အရေအပြင်၌ ဖြစ်ပေါ်သော နာမက္ခန္ဓာ လေးပါးတို့တွင် ထိမှုခေါ်သော သိမှုအထူးကား ဝိညာဏက္ခန္ဓာတည်း။

ထိုသိမှုအထူးမှာပါရှိသော ဝေဒနာကားဝေဒနာက္ခန္ဓာတည်း၊ သညာကား သညာက္ခန္ဓာတည်း၊ ဖဿ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတ, မနသိကာရဤငါးခုတို့ကား သင်္ခါရက္ခန္ဓာတည်း၊ ခြေဖဝါးအပြင်ကား ရူပက္ခန္ဓာတည်း။

ခြေကိုချီကြွ၍ မြေမှလွတ်သောအခါ နာမက္ခန္ဓာလေးပါးသည် ထိုနေရာမှာ အကုန်ချုပ်ဆုံးကွယ်ပျောက်လေ၏။ အနိစ္စရောက်လေ၏။

အစ၌ ဖောဋ္ဌဗ္ဗဓာတ် အခိုက်တွင် ဖြစ်ပေါ်မှုကား နာမ်၏ ဇာတိတည်း၊ ချုပ်ကွယ်မည်ရှိသောအခါ ဆုတ်ယုတ် လျော့ပါး၍ သွားမှုကား နာမ်၏ သန္တတိဇရာတည်း။

ထိုတွင် ခြေဖဝါးအပြင်ရှိ ကာယပသာဒရုပ်ကား ကာယဓာတ်မည်၏။ အောက်မြေအပြင်ရှိ ပထဝီဓာတ်ကားဖောဋ္ဌဗ္ဗဓာတ်မည်၏။

ထိုဓာတ် ၂ ပါးထိခိုက်မှုကြောင့် ဖြစ်ပေါ်သော သိမှုအထူးကား ကာယဝိညာဏ ဓာတ်တည်း။ နာမ်၏ ဇာတိ, နာမ်၏ဇရာ, နာမ်၏ မရဏတို့နှင့် စေတသိက်ခန္ဓာ ၃ ပါး တို့ကား ဓမ္မဓာတ်တည်း။

ဤမြေ၌ ခြေဖဝါးနင်း၍ ထိမှန်းသိ၍ နေကြဆဲအခိုက်၌ ခြေဖဝါးရေမှာ ခန္ဓာငါးပါး ဓာတ်လေးပါး ခွဲခြမ်းနည်းတည်း။

အကျဉ်းချုံးပြန်လိုသော် ရုပ်ခန္ဓာ နာမ်ခန္ဓာဟူ၍ လည်းကောင်း၊ ရုပ်ဓာတ် နာမ်ဓာတ်ဟူ၍လည်းကောင်း ၂ ပုံပြု၍ ရှုရာ၏။

www.dhammaransi.com



ခြေဖဝါးရေမှာ ရှိနေသော ကာယဝတ္ထုရုပ် မြေအပြင်ဟူသော ဖောဋ္ဌဗ္ဗရုပ် တို့ကား ရုပ်ခန္ဓာ ရုပ်ဓာတ်တည်း၊ နာမက္ခန္ဓာလေးပါးတို့ကား နာမ်ခန္ဓာ နာမ်ဓာတ် တည်း။

ရုပ်ခန္ဓာ၏ ဇာတိ, ဇရာ, မရဏ တို့သည် ရုပ်ခန္ဓာ၌ ဝင်ကုန်၏၊ နာမ် ခန္ဓာ၏ ဇာတိ, ဇရာ, မရဏ တို့သည် နာမ်ခန္ဓာ၌ဝင်ကုန်၏။

ထိုနေရာ၌ အသီးအခြား ထင်ရှားရှိနေခိုက်ဖြစ်သော ထိမှု သိမှု ဟူသော နာမ်ခန္ဓာကို ဉာဏ်ထဲတွင် အသီးအခြား ထင်ရှားစွာ မြင်နိုင်ထင်နိုင်စေရာ၏၊ ရုပ်ခန္ဓာနှင့်ရောထွေး၍ မနေစေနှင့်။

(ဤကားရုပ်ဓာတ် နာမ်ဓာတ်ခွဲနည်းတည်း။)

## ဓာတ်ကမ္မဋ္ဌာန်း ရှုရန်

ဤသို့ ထိုခြေဖဝါးရေ၌ ရုပ်ဓာတ် နာမ်ဓာတ် ၂ ပါးကို ဉာဏ်၌ အသီးအသီး ခြားနား၍ ထင်မြင်ပြီးမှ ရုပ်ဓာတ်၏ အနိစ္စအချက်, နာမ်ဓာတ်၏ အနိစ္စအချက်ကို ရှုရာ၏။

နာမ်ဓာတ်၏ အနိစ္စအချက်ဆိုသည်ကား "အနိစ္စံ ခယဋ္ဌေန" ဟူသည်နှင့် အညီ ထိုနေရာမှာ ထိမှု သိမှု၏ ချုပ်ဆုံးပျောက်ပျက်မှုသည် နာမ်ဓာတ်၏ အနိစ္စအချက်ပင်တည်း။

ရုပ်ဓာတ်၏ အနိစ္စအချက်ကိုမူကား အာဟာရဒီပနီမှာ ရူပက္ခန္ဓာ အနိစ္စခန်း၌ ကြည့်ကြလေ။

ဤကား သွားခြင်း ဣရိယာပုတ်၌ ခြေတစ်လှမ်းတစ်လှမ်းတွင် မြေသို့ ခြေတစ်ဖဝါး တစ်ခါတစ်ခါ အချတွင် ခြေဖဝါးရေအပြင်မှာ နာမက္ခန္ဓာလေးပါး ဖြစ်ပေါ်ခိုက် ထိုနေရာ၌ ခန္ဓာငါးပါး စုံလင်ခိုက်အခါဖြစ်၍ ထိုနေရာ၌ ဉာဏ်မှာ ခန္ဓာငါးပါး ကွဲအောင်ရှုနည်း ရုပ်ဓာတ် နာမ်ဓာတ် ၂ ပါး ကွဲအောင် ရှုနည်း အစီအရင်တည်း။

ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာသည်ကား တစ်ကိုယ်လုံးမှာ ဘယ်နေရာတွင် ဘယ်အခါ၌ မရှိဟု ဆိုဖွယ်မရှိ။

နာမက္ခန္ဓာလေးပါးတို့သည်မူကား ခြေဖဝါးအပြင်မှာ ဖြစ်ပေါ်၍နေခိုက် ခြေဖဝါးအပြင်တွင်သာ ရှိနေကြကုန်၏၊ ခြေဖဝါးအပြင်မှ ကြွင်းသော တစ်ကိုယ်လုံးမှာ ရူပက္ခန္ဓာသာရှိ၏။

www.dhammaransi.com



ဤနည်းအတိုင်း တစ်ကိုယ်လုံးရှိ အရေပေါ်မှာ အကြင်အကြင် နေရာ၌ ထိမှု ခိုက်မှု ရှိဆဲဖြစ်၍ ဤနာမက္ခန္ဓာလေးပါး ဖြစ်ပေါ်ဆဲဖြစ်၏၊ ထိုထိုနေရာ၌သာ ခန္ဓာငါးပါး ပေါင်းဆုံမိကြ၏။

ခြေမထိပ်၌ ထိခိုက်၍ နာမှု - ဟူသော နာမက္ခန္ဓာတို့ ဖြစ်ပေါ်ခိုက် ခြေမထိပ်၌သာ ခန္ဓာငါးပါး ရှိ၏။

လက်မထိပ်၌ ထိခိုက်၍ နာမှုဟူသော နာမက္ခန္ဓာတို့ဖြစ်ပေါ်ခိုက် လက်မထိပ်၌သာ ခန္ဓာငါးပါးရှိ၏။

ဤသို့ အစရှိသည်ဖြင့် နာမ်ခန္ဓာလေးပါးတို့၏ ဖြစ်ပေါ်ခိုက် ကျရာကျရာ ဌာန၌သာ ခန္ဓာငါးပါးရပုံကို သိကြလေ။

(ဤကား ခြေဖဝါးမှစ၍ ငယ်ထိပ်တိုင်အောင် တစ်ကိုယ်လုံးကို ဖုံးအုပ်၍ နေသော အရေပါးပေါ်မှာ ခန္ဓာငါးပါး ရှုနည်းကို ပြဆိုခန်းတည်း။)

အတွင်းရေအတွင်းသား ဦးနှောက်ခဲ၊ မျက်လုံးခဲ၊ အသည်းခဲ၊ အဆုတ်ခဲ အစရှိသော အတွင်းကောဋ္ဌာသ ရှိသမျှတို့သည်လည်း ကာယဓာတ်အိမ်ချည်းဖြစ်ကြကုန်၏။

အတွင်းကာယဓာတ် အပြည့်ရှိကြကုန်၏၊ ပထဝီ၊ တေဇော၊ ဝါယောဟူသော အတွင်းဖောဋ္ဌဗ္ဗဓာတ် အပြည့်ရှိကြကုန်၏။

ကိုယ်အင်္ဂါ လှုပ်ရှားမှုကို ပြုခဲ့သော်လည်းကောင်း၊ ဓာတ်လေးပါးဖောက်ပြန် လှုပ်ရှားခဲ့သော်လည်းကောင်း၊ ထိုထိုဦးခေါင်းတွင်း ရင်တွင်း ဝမ်းတွင်း အစရှိသော အတွင်း အရပ်တို့၌ အတွင်းကာယဓာတ်နှင့် အတွင်းဖောဋ္ဌဗ္ဗဓာတ်တို့၏ ထိခိုက်မှုတို့သည် ဘယ်အခါမှမစဲ ရှိနေကြကုန်၏။

နာမက္ခန္ဓာလေးပါးတို့သည် ထိခိုက်ရာဌာနတို့၌ အလှည့်အလည်အားဖြင့် တဘွားဘွား ဖြစ်ပေါ်ကြကုန်၏။

နာမက္ခန္ဓာတို့၏ ဖြစ်ပေါ်၍ နေဆဲဖြစ်သော ထိုထို အတွင်းအရပ်တို့ကို သာလျှင် ငါကိုယ်တွင်းမှာ ဘယ်နေရာက လှုပ်ရှားသည်ဟု သိကြကုန်၏။

ဘယ်နေရာက ပူသည်၊ အေးသည်၊ ညောင်းသည်၊ ညာသည်၊ နာသည်၊ ကျင်သည်၊ ယားသည်၊ ယံသည်၊ အောင့်သည်၊ အင့်သည် အစရှိသည်ဖြင့် သိကြကုန်၏။

www.dhammaransi.com



မီးနှင့်ပင် မြိုက်သော်လည်း မြိုက်သည့်နေရာမှာ နာမက္ခန္ဓာလေးပါးတို့မပေါ်ကြသည်ရှိသော် ပူသည်ဟူ၍ မသိကြကုန်။

တစ်ကိုယ်လုံး လှုပ်ရှားသွားလာဆဲ အခါတို့၌လည်းကောင်း, အဖျားရောဂါ, ကျောက်ရောဂါ, ကာလရောဂါ စသည်တို့ဖြစ်၍ နေဆဲအခါတို့၌ လည်းကောင်း, တစ်ကိုယ်လုံးရှိကာယဓာတ်ဖောဋ္ဌဗ္ဗဓာတ်တို့သည် အချင်းချင်း အုန်းအုန်းဆူ ထိခိုက်ကြကုန်သောအခါ တစ်ကိုယ်လုံး၌ လျှပ်ကြီးတထိန်ထိန် ပြက်ဘိသကဲ့သို့ နာမက္ခန္ဓာလေးပါးတို့သည် အတွင်းအပ တစ်ကိုယ်လုံး တစ်ကောင်လုံး အပြည့်ထင်ရအောင် တလက်လက် တလျှမ်းလျှမ်း ဖြစ်ပေါ်ကြကုန်၏။

ဘာဂျာဆိုသော တူရိယာကဏ္ဍာကို မြိုင်လှစွာတီးသောအခါ၌ အတွင်းမှာရှိနေကြကုန်သော ကိရိယာတို့သည် အချင်းချင်း အလျှင်အမြန်ထိခိုက်ကြကုန်၏။

ထိခိုက်ရာ ထိခိုက်ရာတို့မှ အသံအထူးထူးအထွေထွေတို့သည် အလျှင်အမြန်ဖြစ်ပေါ်ကြကုန်၏။

ဘာဂျာတစ်ခုလုံးသည် အသံဖြင့်ပြည့်သကဲ့သို့ ထင်ရ၏၊ ဘာဂျာခေါ်သော တူရိယာဘဏ္ဍာအထည်ကြီးနှင့် ဤကိုယ်ခန္ဓာကြီးသည်တူ၏။

အတွင်းကိရိယာတို့နှင့် အတွင်းကာယဓာတ် ဖောဋ္ဌဗ္ဗဓာတ်တို့သည် တူကုန်၏။

အသံအထွေထွေအလာအလာတို့နှင့် ထိုထိုထိခိုက်ရာဌာန အကွက်အကွက်မှာ ဖြစ်ပေါ်နေကြသော နာမက္ခန္ဓာလေးပါးတို့သည် တူကြကုန်၏။

ဘာဂျာသံတို့၌လည်း တစ်ခုတစ်ခုသော ထိခိုက်မှုတို့မှ ဖြစ်ပေါ်သော တစ်မျိုးတစ်မျိုးသောအသံတို့၏ အဆုံးအဆုံးဟူသော အနိစ္စကြီး, မရဏ ဓာတ်ကြီး, ခယဝယဓာတ်ကြီး, အပိုင်းပြတ် အပိုင်းပြတ် ဓာတ်ကြီးအသီးအသီး ပါရှိသကဲ့သို့ ကိုယ်ခန္ဓာတွင်း၌ ထိခိုက်မှုရှိရာ ထိုထိုနေရာတို့မှာ တလက်လက်ဖြစ်ပေါ် ကြကုန်သော နာမက္ခန္ဓာတသုတ်တသုတ်တို့၌လည်း အဆုံးအဆုံးဟူသော အနိစ္စဓာတ်ကြီး, မရဏဓာတ်ကြီး, ခယဝယဓာတ်ကြီး, အပိုင်းအပြတ်အပိုင်းအပြတ် ဓာတ်ကြီးအသီးအသီး ပါရှိကြကုန်၏။

တစ်ကိုယ်လုံးရွလို့နေအောင် မြင်ကြစေ၊ ဝိညာဏ် အပိုင်းအပိုင်းပြတ်တွေကို မြင်ကြစေ၊ နာမက္ခန္ဓာလေးပါးတို့ အပိုင်းအပိုင်း ပြတ်တွေကို မြင်ကြစေ။

www.dhammaransi.com



ဤအပိုင်းအပိုင်း ပြတ်တွေကို အနိစ္စဓာတ် မရဏဓာတ်ဆိုသတည်း။

ညောင်းမှု, ညာမှု, နာမှု, ကျင်မှု, ခံသာမှု, မခံသာမှု အလုံးစုံသည် နာမ်ဓာတ်ချည်းသာတည်း။

ဤကား ဓာတ်ကမ္မဋ္ဌာန်း ရှုခန်း အမြွက်တည်း။

အကျယ်ကိုမူကား ဝိဇ္ဇာမဂ္ဂဒီပနီ အာဟာရဒီပနီ အနတ္တဒီပနီတို့မှာ ယူလေ၊ ဤတွင် တစ်ခန်းပြီး၏။

## စက္ခုဝိညာဏဓာတ်၏သဘော

လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ ကိုယ်ခန္ဓာတွေသည် တစ်စုံတစ်ခုနှင့် မရောမဖက် သက်သက်သော ဓာတ်စု, ဓာတ်ပုံ, ဓာတ်တုံး, ဓာတ်ခဲတွေသာ ဖြစ်၏။

အဘယ်ကြောင့် ဓာတ်မည်သနည်း ဆိုသော် သတ္တဿ၊ သတ္တဝါ၏။ ဝသံ၊ အလိုသို့။ အဝတ္တိတွာ၊ မလိုက်ကြကုန်မူ၍။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ ဘာဝောကိုသာလျှင်။ ဓာရေန္တိ၊ တဖြောင့်တည်း တစင်းတည်း ဆောင်တတ်ကြကုန်၏၊ ဣတိ၊ ဤသို့သောအကြောင်းကြောင့်၊ ဓာတုယော၊ ဓာတ်တို့ မည်ကုန်၏။ ဟူ၍လည်းကောင်း-

နိသတ္တ နိဇ္ဇီဝဋ္ဌေန၊ သတ္တဝါလည်း မဟုတ်, သတ္တဝါ၏ အသက်လည်း မဟုတ်သောကြောင့်၊ ဓာတုယော၊ ဓာတ်တို့မည်ကုန်၏ ဟူ၍လည်းကောင်း, ဓာတ်မည်ကြောင်းကို မှတ်ရာ၏။

အနမတဂ္ဂသံသရာ၌ စကြဝဠာအနန္တ, ကမ္ဘာအနန္တ, သတ္တဝါ အနန္တ, မြေရေတောတောင် အစရှိသော သင်္ခါရ အနန္တတို့ကို ဉာဏ်နှင့် အကုန်ပေါင်း စု၍ သေတ္တာ ထုတ်ယူသည်ရှိသော် ရှေး၌ ပြဆိုခဲ့ပြီးသော ဓာတ်သား, ဓာတ်နှစ် တစ်ဆယ့်ရှစ်ခုသာ အသားတင်ရ၏။

စကြဝဠာကမ္ဘာသတ္တဝါသင်္ခါရတွေ မြူမျှမကျန် ကွယ်ပျောက်လေ၏။

ထိုဓာတ်သား, ဓာတ်နှစ် တစ်ဆယ့်ရှစ်ကို ဓမ္မအားဖြင့် ဝေဖန်သော် စိတ် ၁၊ စေတသိက် ၅၂၊ နိဗ္ဗာန် ၁၊ ဟူ၍ နာမ်ဓာတ် ၅၄ ငါး၊ ပထဝီ ဓာတ်, အာပေါဓာတ် အစရှိသော ရုပ်ဓာတ် ၂၈ ပါး ဟူ၍ ၈၂ ဖြစ်၏။

ထို ၈၂ တို့တွင် စိတ်ဟူသော ဝိညာဏဓာတ်သည် ပုဂ္ဂိုလ်၏ အလိုသို့ မလိုက်မူ၍ မိမိသဘောကိုသာ တဖြောင့်တစင်းတည်း အဘယ်သို့ ဆောင်လေသနည်း

www.dhammaransi.com



ဟူမူကား ခပ်သိမ်းသော သတ္တဝါတို့၏ ပကတိ သဘောသည် မိမိ၏ ကိုယ်စိတ်နှစ်ဖြာ အမြဲချမ်းသာခြင်းကိုသာ အလိုရှိ၏။

ကိုယ်စိတ်နှစ်ဖြာ မချမ်းသာခြင်းကို စက်ဆုပ်၏၊ မိမိ၏ ကောင်းမြတ်သည်ကိုသာ အမြဲလျှင် အလိုရှိ၏၊ မကောင်းသည် မမြတ်သည်ကို အလိုမရှိ။

ဤကား ပကတိအလိုတည်း။

ဝိညာဏ်အစရှိသော ဝိပလ္လာသဓာတ်တို့၏ နှောင့်ယှက်ခြင်းကြောင့် ဖောက်ပြန်၍ ဥမ္မတ္တက အနေသို့ ရောက်၍ နေကြသောအခါ၌ ထိုပကတိ အလိုနှင့် ဆန့်ကျင်ဘက် ဖြစ်ကုန်သော ဖောက်ပြန်သော အထင်အမှတ် အစွဲအလမ်းတို့သည် ဖြစ်ကုန်၏။

ဓာတ်တို့သည်ကား အနမတဂ္ဂ သံသရာ၌ အခါခပ်သိမ်း ပုဂ္ဂိုလ်၏ ပကတိ အလိုသို့ လိုက်ခြင်း မရှိကြကုန်၊ ပုဂ္ဂိုလ်တို့ကသာ ဓာတ်တို့၏ အလိုသို့ လိုက်ပါ၍ နေကြကုန်၏

မျက်စိ၌ ဆိုက်တိုက်လာသော အဆင်းသဏ္ဌာန်ကို မြင်မှုသည် စက္ခုဝိညာဏ ဓာတ်၏ သဘောတည်း။

ထိုအဆင်းသဏ္ဌာန်မျိုးသည်လည်း ထိုပုဂ္ဂိုလ်ကို ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်းသို့ရောက်အောင် နှစ်သက်မည့် အဆင်းသဏ္ဌာန်မျိုးလည်း ရှိ၏။

ထိုပုဂ္ဂိုလ်ကို ဆိုးဝါး ညစ်ညမ်းခြင်းသို့ ရောက်အောင် နှစ်သက်မည့် အဆင်းသဏ္ဌာန်မျိုးလည်း ရှိ၏။

ထိုပုဂ္ဂိုလ်ကို မှောက်မှားခြင်းသို့ ရောက်အောင်, မိုက်မဲခြင်းသို့ရောက်အောင်, အပါယ်ငရဲတို့၌ နစ်မြုပ်၍ သွားလေအောင်, သံသရာဝဋ်၌ နစ်မြုပ်၍ နေရလေအောင် နှစ်သက်မည့် အဆင်းသဏ္ဌာန်မျိုးလည်းရှိ၏။

စက္ခုဝိညာဏ ဓာတ်သည်ကား မျက်စိနှင့် ဆိုင်မိသမျှသော အဆင်းသဏ္ဌာန်တို့၌ မြင်မှုကိုသာ အတွင်ဆောင်၏၊ ပုဂ္ဂိုလ်၏ ပကတိအလိုနှင့်ဖက်စပ်၍မရအပ်၊ ပုဂ္ဂိုလ်တို့ကသာ ဖောက်ပြန်၍ ထိုစိတ်အလိုသို့လိုက်ကြရကုန်၏။

ထို့ကြောင့်-

> စိတ္တေန နိယျတိ လောကော၊ စိတ္တေန ပရိကဿတိ။
>
> စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသ မန္ဝဂူ။ ။

ဟူ၍ ဟောတော်မူပေ၏။

www.dhammaransi.com



လောကော၊ ပုဂ္ဂိုလ်သတ္တဝါကို။ စိတ္တေန၊ ဝိညာဏဓာတ်ဟု ဆိုအပ်သော မိမိစိတ်သည်။ နိယျတိ၊ မိမိအလိုသို့သာ အပါသွေးဆောင်၏။ လောကော၊ ပုဂ္ဂိုလ်သတ္တဝါကို။ စိတ္တေန၊ ဝိညာဏဓာတ်ဟု ဆိုအပ်သော မိမိစိတ်သည်။ ပရိကဿတိ၊ မိမိအလိုသို့သာ အတင်းဆွဲငင်၍ သွား၏။

တသ္မာ၊ ထိုကြောင့်။ သဗ္ဗေ၀၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော ပုထုဇဉ် သတ္တဝါတို့သည်။ စိတ္တဿ၊ မိမိစိတ်ဟု ဆိုအပ်သော။ ဧကဓမ္မဿ၊ တစ်ခုသော တရား၏။ ဝသံ၊ အလိုနိုင်ငံသို့။ အန္ဝဂူ၊ အနမတဂ္ဂသံသရာ၌ အစဉ် တစိုက် အမြဲလိုက်၍ နေကြကုန်၏။

စိတ်၏ အလိုနိုင်ငံ ဆိုသည်ကား "ပါပသ္မိံ ရမတေ မနော" ဟူသော ပါဠိတော်နှင့် အညီ မကောင်းသော အမှု မကောင်းသော အာရုံတို့၌သာ မွေ့လျော်မှုသည် စိတ်၏ အလိုပေတည်း။

သတ္တဝါတို့သည် စိတ်၏အလိုကို အဘယ်မျှလောက် လိုက်ကြကုန်သနည်း ဟူမူကား စိတ်ကိုပင် မိမိကိုယ် ပြုလုပ်စွဲလမ်း၍ စိတ်၏အလိုကို မိမိတို့အလိုဟု ထင်မှတ်စွဲလမ်း၍ ထားကြကုန်၏။

မိမိတို့၏ ပကတိ အလိုကား တစ်လမ်း, ဝိပလ္လာသ စိတ်၏ အလိုကား တစ်လမ်းဟု နှစ်ထွေ မရှိကြကုန်မူ၍ ဝိပလ္လာသ စိတ်၏ အလိုတစ်ခုသာ ထားကြကုန်၏၊ ဤမျှလောက် စိတ်၏အလိုကို လိုက်စားကြကုန်၏။

ထိုသို့ လိုက်စားကြလေလေ, စိတ်၏အလိုနိုင်ငံသို့ ပါရာနစ်မျော၍ သွားကြလေလေ, ဖြစ်သဖြင့် မိမိတို့၏ ပကတိ အလိုနှင့် ကွာလှမ်း၍ သွားကြလေလေသာ ဖြစ်၍ နေကြကုန်၏။

ကမ္ဘာပေါ်၌ ရေသတ္တဝါ, ကုန်းသတ္တဝါ, ကောင်းကင်ပျံသတ္တဝါတို့ နေကြပုံကို မြော်လိုက်သော် မိမိတို့၏ ပကတိအလိုကို ဉာဏ်ဖြင့် သိ၍ ပကတိ အလိုဘက်သို့ အဖြောင့်သွားနိုင်လေအောင် စိတ်ကို သံဝေဂမွေဖြင့် နာနာ နှိပ်ကွပ်၍ ပကတိအလိုသို့ လိုက်ပါအောင်ပြု၍ ပကတိ အလိုနှင့် ညီညွတ်စွာ နေနိုင်သော သတ္တဝါကား အလွန်နည်းပါးလှ၏။

စိတ်အလိုရှိတိုင်းကို မိမိတို့အလိုပြု၍ လိုက်စားခွင့်သာသမျှ ကံသုံးပါးတို့ဖြင့် လိုက်စား၍ နေကြသော သတ္တဝါတို့သည်သာ အလွန်များကုန်၏။

ကာမဂုဏ်မှု၌ လိုက်စားကြသူ, လောကီစီးပွား၌ လိုက်စားကြသူ, ဒုစရိုက် စီးပွား၌ လိုက်စားကြသူ, မိစ္ဆာဒိဋ္ဌိစီးပွား၌ လိုက်စားကြသူ အလုံးစုံတို့သည် စိတ်နိုင်ငံသားတို့ချည်းသာတည်း။

www.dhammaransi.com



အပါယ်လေးဘုံမှာ သတ္တဝါ အဘယ်မျှလောက် များပြားသည်ဟု မြော်နိုင်ကြပါလျှင် စိတ်၏အလိုနိုင်ငံသည် အဘယ်မျှလောက်ကြီးကျယ်စည်ကားပွားစီးသည်ဟု မြော်နိုင်ကြကုန်ရာ၏။

ဤကား စက္ခုဝိညာဏဓာတ်၏ မိမိသဘောကိုသာ တွင်ကျယ်စွာ ဆောင်မှုကိုလည်းကောင်း၊ ထိုသို့ ဆောင်မှုကြောင့် ဓာတ်မည်ကြောင်းကို လည်းကောင်း ပြဆိုချက်တည်း။

ကြွင်းသော ဝိညာဏဓာတ် ၆ ပါးတို့ကိုလည်း အသီးအသီး ဤနည်းချည်း သိကြလေ၊ စိတ်ဓာတ်ပြီး၏။

ကြွင်းသော ဖဿဝေဒနာ အစရှိသောနာမ်ဓာတ်, ပထဝီ အာပေါ အစရှိသော ရုပ်ဓာတ်တို့ကို လည်း ပုဂ္ဂိုလ်၏ ပကတိအလိုသို့ မလိုက်မူ၍ သူ့ သဘောကို သူအသီးအသီး အကြီးအကျယ် ဆောင်ကြပုံနှင့်တကွ အကျယ် ဝိတ္ထာရ သိကြမြင်ကြလေ။

## သဒ္ဓါစသော ဓာတ်အများ

ဒါန, သီလ, ဘာဝနာ, သဒ္ဓါ, ပညာ အစရှိသော ဓာတ်ကောင်းမျိုးတို့သည် ပုဂ္ဂိုလ်၏ ပကတိ အလိုသို့ လိုက်ကြပေကုန်သည် မဟုတ်သော ဟူပြောအံ့၊ လူတို့ အသုံးပြုကြသော မီးဥပမာဖြင့် ဖြေရာ၏။

မိမိတို့အိမ်၌ မိမိတို့ညှိထွန်း၍ထားသော မီးတောက်ကို မိမိတို့အစိုးရသည်ဟု လောကပညတ်ရှိ၏။

အလိုလိုက်မှု အစိုးရမှုအတူတူ၊ အလိုလိုက်လျှင် အစိုးရတော့သည်၊ အစိုးရလျှင် အလိုလိုက်ရတော့သည်။

မုချ စင်စစ်အားဖြင့်မူကား ထိုမီးတောက်သည် မီး၏အကြောင်းစုနှင့်သာ အလိုတူ အလိုပါကဲ့သို့ ဖက်စပ်၍ရ၏၊ မီးရှင်ဆိုသူ ပုဂ္ဂိုလ်၏ အလိုနှင့်ကား ဖက်စပ်၍ မရအပ်။

မီးခွက်, မီးစာ, ဆီ, ပုဂ္ဂိုလ်၏ ညှိထွန်းမှု ပယောဂဟူသော အကြောင်းစုံနှင့် ကင်း၍ ပုဂ္ဂိုလ်၏ အလိုသက်သက်အားဖြင့် တောက်အောင်လည်း မတတ်နိုင်၊ တစ်ညဥ့်လုံး တည်နေအောင်လည်း မတတ်နိုင်။

အကယ်၍ စင်စစ်အားဖြင့် အစိုးရသည် ဖြစ်ခဲ့ငြားအံ့၊ ထိုအကြောင်းစု သည် အသုံးမကျရာပြီ။

www.dhammaransi.com



ထိုပုဂ္ဂိုလ်၏ စိတ်က တောက်စေလိုလျှင် ကောင်းကင် သက်သက်မှာပင် တောက်ရလတ္တံ့၊ စိတ်က တည်နေစေလိုလျှင် နေ့ရက်များစွာ ကောင်းကင်မှာပင် မီးတောက် တည်နေရလတ္တံ့၊ မပူစေလိုလျှင် မပူရလတ္တံ့၊ မလောင်စေလိုလျှင် မလောင်ရလတ္တံ့၊ ထိုသို့ကား မဟုတ်။

အကြောင်းစုနှင့်ကင်း၍ အလိုသက်သက်နှင့် တောက်မှုတည်မှုတို့၌ အစိုးမရ၊ ထိပါး ပြန်လျှင် ထိုပုဂ္ဂိုလ်ကိုပင် လောင်လတ္တံ့၊ ထိုပုဂ္ဂိုလ်၏ ပစ္စည်းဘဏ္ဍာ အိမ်ရာ ဝင်းခြံကိုပင် ခဏချင်း ပြာဖြစ်အောင် လောင်လတ္တံ့။

ဤသို့ ထိုမီးသည် အကြောင်းစုနှင့် ဖက်စပ်၍ မိမိ၏ သဘောကိုသာ ဆောင်၏၊ ပုဂ္ဂိုလ်၏ အလိုသက်သက်နှင့် ဖက်စပ်၍ မရအပ်။

အကြောင်းစုကို စုံလင်အောင်ပြု၍ တောက်မှု၊ မီးစာ၊ ဆီရှိနေသမျှသာ တည်နေမှုတို့မှာမူကား မီး၌ ထိုပုဂ္ဂိုလ် အစိုးရမှုမဟုတ်၊ မီး၏ကျွန်ခံမှု သက်သက် သာတည်း။

လောက၌ ဥစ္စာကျွန်၊ လူကျွန်နှစ်ပါးရှိ၏။

သူဌေးတစ်ဦးက တစ်ယောက်သောသူအား အသပြာငါးရာ ချေး၏၊ နောက် ကာလ၌ မဆပ်မပေးနိုင်ရှိ၍ ထိုသူဌေးအိမ်မှာ ကျွန်ခံရ၏၊ သူဌေးကားထိုသူ၏ ဥစ္စာတည်း၊ ထိုသူကား သူဌေး၏ လူကျွန်တည်း။

ထိုပုဂ္ဂိုလ်သည်ကား မီး၏ဥစ္စာကျွန်၊ လူကျွန်နှစ်ပါးဖြစ်၏၊ မီးခွက်၊ မီးစာ၊ ဆီစိုက်ရမှုအတွက် ဥစ္စာကျွန်၊ လူပယောဂစိုက်မှုအတွက် လူကျွန်ဖြစ်သတည်း။

ထိုသို့သော မီး၏ကျွန်ခံမှုနှင့် သက်သက်ကင်း၍ မီးတောက်၌ ထိုပုဂ္ဂိုလ်၏ အလိုသို့လိုက်မှု ထိုပုဂ္ဂိုလ်အစိုးရမှုဟူ၍ မရှိ။

မီး၏ ဆိုင်ရာအကြောင်း အဆောက်အဦးတို့ကို ပေးနိုင်ပါမူကား ပေးနိုင် သမျှသာ အနည်းငယ် အလိုသို့ လိုက်ပါယောင်ထင်ရ၏။

ဥပမာအတိုင်း ဒါန၊ သီလ၊ ဘာဝနာ၊ သဒ္ဓါ၊ ပညာ စသည်တို့၌လည်း ပုဂ္ဂိုလ်၏ အလိုသို့လိုက်မှု မရှိပုံကို သိလေ။

မီးတောက်သည် မီးခွက်၊ မီးစာ၊ ဆီ၊ ညှိထွန်းမှု ပယောဂ ဟူသော အကြောင်း လေးပါးကို စွဲ၍သာ ဖြစ်၏၊ ပုဂ္ဂိုလ်၏ ပကတိအလိုကို စွဲ၍ ဖြစ်သည်မဟုတ်။

ထိုအတူဒါနစေတနာ ဟူသော ဓမ္မဓာတ်သည်လည်း အလှူဝတ္ထု၊ အလှူခံ၊

www.dhammaransi.com



ပုဂ္ဂိုလ်, သဒ္ဓါတရား, လှူဒါန်းမှု ပယောဂဟူသော အကြောင်းလေးပါးကို စွဲ၍သာ ဖြစ်၏၊ ပုဂ္ဂိုလ်၏ အလိုသက်သက်ကို စွဲ၍ဖြစ်သည် မဟုတ်။

အကြောင်းလေးပါးမရှိခဲ့လျှင် ဘဝတစ်ရာ, ဘဝတစ်ထောင်မှာပင် ဒါနကုသိုလ်တစ်ခုဖြစ်ခွင့်မရ၊ အကြောင်းလေးပါး စုံညီစွာ ရှိနေဆဲ အခါ၌သာလျှင် ဒါနကုသိုလ်သည်ဖြစ်၍ နေ၏။

အကြောင်းလေးပါးကင်းခဲ့လျှင် ကင်းသည်နှင့် တစ်ပြိုင်နက် ချုပ်ကွယ်၏၊ ထိုပုဂ္ဂိုလ်သည် အကုသိုလ် မှောင်တွင်းသို့ ရောက်ရပြန်၏၊ မချုပ်မကွယ်ရအောင် အစိုးမရလေ။

မီးသည် အကိုင်, အတွယ်, အထား, အသို လိမ္မာလှပါမှ ချက်မှု, ပြုတ်မှုစသော အနည်းငယ်မျှသော အလိုသို့ လိုက်ပါယောင်ရှိ၏။

မလိမ္မာပါမူကားထိုသူ့ အိမ်ရာ ထိုသူ့ခန္ဓာနှင့် တကွ ထိုရပ် ထိုရွာ သက်ရှိသက်မဲ့အားလုံးကို နေ့ခြင်း ညခြင်း ပြာဖြစ်အောင် လောင်တတ်သော ကြီးကျယ်လှသော ရန်သူကြီးရိုးရာမျိုး စင်စစ်ဖြစ်၏။

ထိုအတူ ဒါနကုသိုလ်သည်လည်း လိမ္မာသူတို့မှာ သံသရာကြီးအတွင်း၌ လျှပ်တစ်ပြက်စာမျှ ကဲ့သို့သော လူ့ချမ်းသာ နတ်ချမ်းသာကို ပေး၏။

မလိမ္မာပါမူကား ဒါနကုသိုလ်မှ တဏှာ, မာန, ဒိဋ္ဌိ စသော ကိလေသာမီးတို့ တောက်ထကုန်၍ အမျိုးအဆွေ အပေါင်းအသင်းတို့နှင့်တကွ ကြီးစွာသော အပါယဒုက္ခ ဝဋ္ဋဒုက္ခသို့ ပစ်ချတတ်၏။

ဤသို့လျှင် ဒါနစာတ်မျိုး၏ ပုဂ္ဂိုလ်အလိုနှင့် ဆန့်ကျင်ဘက်စခန်းကြီးကျယ်ပုံကို သိအပ်၏။

လောကီသီလ, လောကီဘာဝနာ, လောကီသဒ္ဓါ, လောကီပညာ အစရှိသော ဓာတ်တို့ကိုလည်း ဒါနဓာတ်ကဲ့သို့သိလေ။

ထိုကြောင့် အဘိဓမ္မာ ပဋ္ဌာန်းပါဠိတော်ကြီး၌-

သဒ္ဓါသီလံ သုတံ စာဂေါ ပညာ ရာဂဿ ဒေါသဿ

မောဟဿ မာနဿ ဒိဋ္ဌိယာ ပတ္ထနာယ ဥပနိဿယ

ပစ္စယေန ပစ္စယော။

ဟူ၍ ဟောတော်မူပေသည်။

www.dhammaransi.com



သဒ္ဓါ၊ လောကီသဒ္ဓါကုသိုလ်မျိုးသည်လည်းကောင်း။ သီလံ၊ လောကီသီလကုသိုလ်မျိုးသည်လည်းကောင်း။ သုတံ၊ လောကဓမ္မ ဗဟုသုတပညာ မျိုးသည်လည်းကောင်း။ စာဂေါ၊ ဒါနကုသိုလ်မျိုးသည် လည်းကောင်း။ ပညာ၊ လောကီအသိအလိမ္မာ ဉာဏ်ပညာမျိုးသည်လည်းကောင်း။

ဣမေ၊ ဤလောကီ ကုသိုလ်မျိုးတို့သည်။ ရာဂဿ၊ ရာဂမီးအားလည်းကောင်း။ ဒေါသဿ၊ ဒေါသမီးအားလည်းကောင်း။ မောဟဿ၊ မောဟမီးအားလည်းကောင်း။ မာနဿ၊ မာနမီးအားလည်းကောင်း။ ဒိဋ္ဌိယာ၊ မိစ္ဆာဒိဋ္ဌိမီးအားလည်းကောင်း။

ပတ္ထနာယ၊ ဘဝတောင့်တခြင်းဟူသော ဘဝတဏှာမီးအားလည်းကောင်း။ ဥပနိဿယပစ္စယေန၊ အားကြီးစွာ မှီရာပွားစီးရာဟူသော ဥပနိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ချီးမြှောက်သမှုကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မလိမ္မာသူတို့အား လောကီသဒ္ဓါ ကုသိုလ်မျိုးသည် ရာဂမီးကို အားကြီးစွာ တောက်စေတတ်၏။ ဒေါသမီးကို အားကြီးစွာ တောက်စေတတ်၏၊ မောဟမီးကို အားကြီးစွာ တောက်စေတတ်၏၊ မာနမီးကို အားကြီးစွာ တောက်စေတတ်၏၊ မိစ္ဆာဒိဋ္ဌိမီးကို အားကြီးစွာ တောက်စေတတ်၏၊ ဘဝတဏှာမီးကို အားကြီးစွာ တောက်စေတတ်၏။

လောကီဖြစ်သော ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ ရဟန်းတော်တို့၏ စတုပါရိသုဒ္ဓိသီလမျိုးသည် ရာဂမီးကို အားကြီးစွာ တောက်စေတတ်၏၊ ဒေါသမီးကို အားကြီးစွာ တောက်စေတတ်၏၊ မောဟမီးကို အားကြီးစွာ တောက်စေတတ်၏၊ မာနမီးကို အားကြီးစွာ တောက်စေတတ်၏၊ မိစ္ဆာဒိဋ္ဌိမီးကို အားကြီးစွာ တောက်စေတတ်၏၊ ဘဝတဏှာမီးကို အားကြီးစွာတောက်စေတတ်၏

လောကဓမ္မ ဗဟုသုတ ပညာမျိုးသည် ရာဂမီးကို အားကြီးစွာ တောက်စေတတ်၏။ ဒေါသမီးကို အားကြီးစွာတောက်စေတတ်၏။ မောဟမီးကို အားကြီးစွာ တောက်စေတတ်၏၊ မာနမီးကို အားကြီးစွာ တောက်စေတတ်၏၊ မိစ္ဆာဒိဋ္ဌိမီးကို အားကြီးစွာ တောက်စေတတ်၏၊ ဘဝတဏှာမီးကို အားကြီးစွာ တောက်စေ၏။

ဒါနကုသိုလ်မျိုးသည် ရာဂမီးကို အားကြီးစွာ တောက်စေတတ်၏၊ ဒေါသမီးကို အားကြီးစွာ တောက်စေတတ်၏၊ မောဟမီးကို အားကြီးစွာ တောက်စေတတ်၏၊ မာနမီးကို အားကြီးစွာ တောက်စေတတ်၏၊ မိစ္ဆာဒိဋ္ဌိမီးကို အားကြီးစွာ တောက်စေတတ်၏၊ ဘဝတဏှာမီးကို အားကြီးစွာ တောက်စေ၏။

www.dhammaransi.com



လောကီဖြစ်သော အသိအလိမ္မာ ဉာဏ်ပညာမျိုးသည် ရာဂမီးကို အားကြီးစွာ တောက်စေတတ်၏၊ ဒေါသမီးကို အားကြီးစွာ တောက်စေတတ်၏၊ မောဟမီးကို အားကြီးစွာ တောက်စေတတ်၏၊ မာနမီးကို အားကြီးစွာ တောက်စေတတ်၏၊ မိစ္ဆာဒိဋ္ဌိမီးကို အားကြီးစွာ တောက်စေတတ်၏၊ ဘဝတဏှာမီးကို အားကြီးစွာ တောက်စေ၏ဟု ဆိုလိုသည်။

သဒ္ဓါသီလ အစရှိသော လောကီကုသိုလ်တို့သည် အလိမ္မာ မစေ့စုံသူတို့အား ရာဂ ဒေါသစသော မီးကြီး ၆ မျိုးတို့ကို တောက်လောင် စည်ကားပွားစီးတတ်ကုန်သည်ဟူ၍ ဟောတော်မူသဖြင့် ထိုကုသိုလ်စာတ်တို့၏ သတ္တဝါတို့ကို နှစ်သက်မှုသည် အဘယ်မျှ ကြီးကျယ်ရာသည်ဟု မြော်နိုင်လေရာ၏။

ထိုကြောင့် ထိုလောကီကုသိုလ်တို့ကို သူသတ်ယောက်ျား မာရ်ငါးပါးတို့တွင် အဘိသင်္ခါရမာရ်ဟူ၍ သူသတ်ယောက်ျား မာရ်မျိုးတစ်ပါး အဖြစ်ဖြင့် ဟောတော်မူပေသည်။

ရှေး၌ထုတ်ပြခဲ့သော မီးဉပမာနှင့် အလွန်တူလှ၏။

လောကီကုသိုလ်တို့သည် ပုဂ္ဂိုလ်၏ ပကတိအလိုသို့ မလိုက်မူ၊ မိမိတို့ သဘောကိုသာ ဆောင်မှုသည် အလွန်ထင်ရှားလှ၏။

ဤတွင် "အတ္တနောသတဘာဝံ ဓာရေန္တီတိ ဓာတုယော" ဟူသော ဝိဂ္ဂြိုဟ် အရကို အမြွက်မျှ ပြဆိုခန်း ပြီး၏။

"နိဿတ္တနိဇ္ဇီဝဋ္ဌေန ဓာတုယော" ဟူသော ပါဠ်၏အရကိုမူကား အာဟာရ ဒီပနီတွင် ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ စစ်ခန်းမှာ ပြဆိုလျက်ရှိပြီ။

**(ဓာတ်ကမ္မဋ္ဌာန်း အစီအရင် အမြွက်ပြီး၏။)**

## ဝိပဿနာအားထုတ်ခြင်း၏အကျိုး

ယခုအခါ ခန္ဓာ, အာယတန, ဓာတ်တို့၌ ဝိပဿနာမှုကို အားထုတ်ရခြင်း၏ အရင်းမူလဖြစ်သော အကျိုးကို ဆိုပေအံ့။

သတ္တဝါတို့၏သန္တာန်တွင် အစဉ်ဖြစ်ပွား၍ နေကုန်သော လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ အစရှိကုန်သော ကိလေသာတရားကိုကို ပယ်ရှားမှုသည် ခပ်သိမ်း

www.dhammaransi.com



သော ကုသိုလ်တရားတို့ကို အားထုတ်မှု၌ အရင်းမူလဖြစ်သော အကျိုးပေတည်း။

ကိလေသာတရားတို့တွင် တစ်ခုတစ်ခုသော ကိလေသာတရား၏ အခိုက်အတန့်တို့သည် ဝီတိက္ကမအခိုက်အတန့် ပရိယုဋ္ဌာနအခိုက်အတန့်, အနုသယ အခိုက်အတန့်ဟူ၍ ၃ ပါး, ၃ ပါးစီ ရှိကြကုန်၏။

ကိလေသာတရားတို့ကို ပယ်ရှားမှုတို့သည်လည်း တဒင်္ဂပဟာန်မှု, ဝိက္ခမ္ဘန ပဟာန်မှု, သမုစ္ဆေဒပဟာန်မှုဟူ၍ ၃ ပါးရှိ၏။

ပယ်တတ်သော သာသနပြဟ္မစရိယတရားသည်လည်း သီလ, သမာဓိ, ပညာ ဟူ၍ ၃ ပါးရှိ၏။

ချဲ့၍ ပြဆိုအံ့၊ လောဘကိလေသာတစ်ခုသည် ဝီတိက္ကမမှု, ပရိယုဋ္ဌာနမှု, အနုသယမှုဟူ၍ အခိုက်အတန့်မှု သုံးပါးရှိ၏။

ထိုသုံးပါးတို့တွင်-

လောဘ၏ ဝီတိက္ကမမှုဆိုသည်ကား- ဝစီဒွါရမှ လောဘစကားမျိုး ထွက်၍ လာအောင် လွန်စွာ သောင်းကျန်းမှု တစ်ပါး, ကိုယ်အင်္ဂါ ကြီးငယ်ဟူသော ကာယဒွါရမှ လောဘ အမူအရာမျိုး ဖြစ်ပွား၍လာအောင် လွန်စွာသောင်းကျန်းမှုတစ်ပါး, ဤသို့ နှုတ်အင်္ဂါ, ကိုယ်အင်္ဂါ ၂ ပါး လှုပ်ရှားလေအောင် ထမ်းဆောင် ချီကြွ တံခွန်ပြ၍ လာသော သာယာမှု, ချစ်ခင်မှု, ရချင်မှုများသည် ဝီတိက္ကမမှုမည်၏။

ဤဝီတိက္ကမမှုကို မြင်ကြလျှင် ဤသူမှာ သာယာသော တဏှာရာဂ လောဘ ဖြစ်သည်ဟု ပကတိ လူတို့ချင်းချင်းပင် သိကြကုန်၏။

ပရိယုဋ္ဌာနမှု ဆိုသည်ကား - ကိုယ်အင်္ဂါ, နှုတ်အင်္ဂါ လှုပ်ရှားသည်တိုင် အောင် မသောင်းကျန်းမူ၍ စိတ်နှလုံးတွင်း၌သာလျှင် ဇောကိစ္စနှင့် ပွက်ပွက်ဆူထ၍ နေသော လောဘမှုပေတည်း။

ဤပရိယုဋ္ဌာနလောဘကိုကား ပကတိလူတို့မသိနိုင်ကြကုန်၊ မိမိစိတ်ကို မိမိသာ သိနိုင်၏၊ သူ့တစ်ပါး၏ စိတ်ကို သိနိုင်ကြကုန်သော အဘိညာဉ်ရပုဂ္ဂိုလ်တို့သည် လည်းကောင်း, ကိုယ်စောင့်နတ် အစရှိသော နတ်တို့သည်လည်းကောင်း သိနိုင် ကြကုန်၏။

အနုသယမှုဆိုသည်ကား - မနောဒွါရ၌ ဇောကိစ္စနှင့်အမျှ ထကြွခြင်းမရှိမူ၍ အနမတဂ္ဂသံသရာနှင့် အမျှ စိတ်သန္တာန်ထဲဝယ် အမြဲထာဝရ ကိန်းဝပ်ငုပ်အောင်း၍ နေသော လောဘမှုပေတည်း။

www.dhammaransi.com



ဤလောဘမှုကိုကား သဗ္ဗညုဘုရားတို့သာ သိမြင်နိုင်ကုန်၏၊ သာသနာပ အခါ၌ကား တခြားတစ်ပါးသော လူ, နတ်, သိကြား, ဗြဟ္မာတို့ကို မဆို ထားဘိ၊ သရဘင်္ဂရသေ့ အစရှိသော အဘိညာဉ်ရ ဘုရားအလောင်းတော်ကြီးများသော်မှလည်း ဤအနုသယလောဘကို မသိနိုင်ကြ မမြင်နိုင်ကြကုန်။

## လောဘမှု၏ဥပမာ

ဤအရာ၌ ဥပမာကား စိတ်သန္တာန်သည် မီးခြစ်တံနှင့် တူ၏။

စိတ်သန္တာန်၌ အစဉ်အမြဲ ကိန်းဝပ်၍ ငုတ်နေသော လောဘမှုသည် မီးခြစ်တံ၌ရှိနေသော မီးဓာတ်နှင့်တူ၏။

ပိယရုပ်, သာတရုပ်ဟု ဆိုအပ်သော မာတုဂါမ အဆင်းအသံ အစရှိသော အာရုံ ၆ ပါးသည် ကော်ပတ်နှင့် တူ၏။

ကော်ပတ်နှင့် မထိခိုက်သေးသမျှ ကာလပတ်လုံး ထိုမီးခြစ်သည် ပိုက်ပွေ့၍ပင် နေသော်လည်း ပူမှုလောင်မှုမရှိသေး၊ အေးမြစွာနေသည်သာ ဖြစ်၏။

ထိုအတူ ထိုအနုသယဟူသော ကိန်းဓာတ်, ဝပ်ဓာတ်, ငုပ်ဓာတ်မျိုးသည် မိမိကို ထစေတတ်သော အာရုံမျိုးတစ်ခုခုသောဒွါရတွင် မထိမခိုက် လာသေးသမျှ ကာလ ပတ်လုံး မထမကြွ ငြိမ်ဝပ်စွာနေ၏။

ကိလေသာ မရှိသကဲ့သို့ ထင်ရ၏။

**(ဤကား အနုသယ ဟူသော ငုပ်ဓာတ်ဝပ်ဓာတ်၏ အခြင်းအရာပေတည်း။)**

## မီးခြစ်နှင့်မီးခြစ်တံဥပမာ

မီးခြစ်၌ ဝပ်၍ ငုပ်၍နေသော မီးဓာတ်သည် ကော်ပတ်နှင့် တိုက်ခိုက်သောအခါ ထကြွ၍ မီးခြစ်တံ၌ တောက်၍ မီးခြစ်တံကို လောင်၏။

ထိုအတူ အကြင်အခါ၌ ထိုလောဘ ငုပ်ဓာတ်ကို ထကြွအောင် နှိုးနိုင် လှုံ့ဆော်နိုင်သော အာရုံသည် စက္ခုစသော ဒွါရ၌ ခိုက်တိုက်ဆုံစည်းလာ၏။

ထိုအခါ၌ ထိုလောဘငုပ်ဓာတ်သည် ခဏချင်း၊ ထကြွ၍ ဧောကိစ္စနှင့် မနောဒွါရ အစဉ်မှာ ပွက်ပွက်ဆူလောင်စွာ ဖြစ်ပေါ်၏။

ဤကား ပရိယုဋ္ဌာန ဟူသော ထဓာတ်ကြွဓာတ်၏ အခြင်းအရာပေတည်း။

www.dhammaransi.com



မီးခြစ်တံ၌ တောက်လောင်၍ နေသော မီးတောက်သည် မီးစာတစ်ပါး မရှိခဲ့လျှင် မီးခြစ်တံတွင်ပင် သေငြိမ်းလေ၏။

မီးစာတစ်ပါးရှိခဲ့မူ ခဏချင်းပင်လျှင် အားကြီးစွာ ပွားစီး၍ တစ်မြို့လုံး တစ်ရွာလုံး ပြာဖြစ်သည်တိုင်အောင်ပင် သောင်းကျန်းနိုင်၏။

ထိုအတူ မနောဒွါရ၌ ထကြွ၍နေသော ထိုလောဘမီးသည် သတိပညာနှင့် အုပ်ချုပ်သဖြင့် ပိယဝတ္ထု မီးစာနှင့် တာရှည်ပွားစီးခွင့် မရခဲ့သည်ရှိသော် မနောဒွါရ၌ပင် ရုပ်သိမ်း၍ အိပ်မြဲအိပ် ဝပ်မြဲဝပ် ငုပ်မြဲငုပ်ပြန်လေ၏။

အကြင်အခါ၌ သတိ ပညာ အချုပ်အထိန်း မရှိမူ၍ ပိယဝတ္ထု ဟူသော မီးစာတစ်ပါးသို့ အကူးခံ၏၊ အာရုံသို့ လွှတ်၍ ပေး၏။

ထိုအခါမ်ေနောဒွါရတွင်မက ဝစီဒွါရ, ကာယဒွါရတို့ ထကြွသောင်းကျန်း၍ လာ၏၊ ပိယဝတ္ထု၌ တဏှာရာဂစကားမျိုး ထွက်၍လာ၏။

ပိယဝတ္ထုနှင့် ပေါင်းဖက်ရန် ကိုယ်အင်္ဂါ လှုပ်ရှားမှု, သွားလာမှု စသည်တွေ ဖြစ်၍ လာ၏။

ဤကား ဝီတိက္ကမ ဟူသော လွန်ကျူးမှု, သောင်းကျန်းမှု ပေတည်း၊ အကြမ်း, အလတ်, အနု ဟူသော လောဘ ၃ မျိုးပြီး၏။

## ကံသုံးလီ၏ အဓိပ္ပာယ်

ဒေါသ, မောဟ, မာန, ဒိဋ္ဌိ အစရှိသည်တို့၌လည်း ဤနည်းအတူ အကြမ်း, အလတ်, အနု ၃ မျိုး ၃ မျိုး ခွဲ၍သိလေ။

ထို ၃ပါးတို့တွင် ကာယကံ, ဝစီကံဟု ဆိုအပ်သော အကြမ်းမျိုးဖြစ်သော ဝီတိက္ကမကိလေသာမှုသည် သီလသာသနာ၏ ဆိုင်ရာပေတည်း။

ထို့ကြောင့် သီလသည် ထိုဝီတိက္ကမမှုမျိုးကိုသာ တဒင်္ဂပဟာန်အားဖြင့် ပယ်နိုင်၏။

ပရိယုဋ္ဌာန ကိလေသာမှုမျိုး အနုသယကိလေသာမှုမျိုးတို့ကို မပယ်နိုင်။

မနောကံဟု ဆိုအပ်သော အလတ်မျိုးဖြစ်သော ပရိယုဋ္ဌာနကိလေသာမှု မျိုးသည် ဥပစာရဈာန်နှင့်တကွသော သမာပတ်ရှစ်ပါးဟူသော သမာဓိ၏ ဆိုရာ ပေတည်း။

ထို့ကြောင့် သမာဓိသည် ထိုပရိယုဋ္ဌာနမှုမျိုးကိုသာ ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်နိုင်၏။

www.dhammaransi.com



အရင်းလဲလျှင် အဖျားထင်းဖြစ်မြဲ ဆိုသကဲ့သို့ ပရိယုဋ္ဌာနမှုကို ပယ်လျှင် ဝီတိက္ကမမှုသည် ဝိက္ခမ္ဘနအနေအားဖြင့် ပယ်ခြင်းကိစ္စ ပြီးစီးလေ၏။

## မိန်းမ၏ အဆင်းဓာတ်လက်နက်စူးဝင်ပုံ

အနုသယဟု ဆိုအပ်သော ငုတ်ဓာတ်တို့ကိုမူကား မပယ်နိုင်သည်သာ ဖြစ်၏။

ထို့ကြောင့် ဘုရားအလောင်းတော်ကြီးဖြစ်သော ဟရိတစ ရှင်ရသေ့မမ္မဇ ရှင်ရသေ့တို့သည် နှစ်ရှည်များစွာ ဈာန်အဘိဉာဉ် သမာပတ်တို့ဖြင့် ဟိမဝန္တာ၌နေ၍ ဗာရာဏသီပြည်သို့ ရောက်လာကြရာ မင်း၏ ဥယျာဉ်၌ နေကြကုန်၍ နေ့စဉ် ကောင်းကင်ခရီးဖြင့် မင်း၏နန်းတော်သို့ ဆွမ်းစားကြွကြကုန်၏။

ထိုသို့ကြွကြရာ တစ်ရံရောအခါ ကောင်းကင်မှ မိဖုရားကြီး၏ အသွင်အပြင်ကို မြင်ကြကုန်ရာ မိဖုရားကြီး၏ အသွင်အပြင်ဟူသော ရူပဓာတ်သည် ရှင်ရသေ့တို့၏ စက္ခုဓာတ် ဘဝင်ဓာတ်တို့၌ ခိုက်လေ၏။

မီး၏ကော်ပတ်နှင့် တိုက်ခိုက်ရာ ခဏချင်း မီးတောက်၍ ထသကဲ့သို့ ကာမစ္ဆန္ဒခေါ်သော လောဘတဏှာ ရာဂမီးသည် အနုသယငုပ်ဓာတ်မှ ခဏချင်း တောက်ထ၍ ပရိယုဋ္ဌာနကိစ္စနှင့် နှလုံးအပြင်မှာ ပွက်ပွက်ဆူဖြစ်ပေါ်လေ၏။

ကောင်းကင်သို့ပျံသွားသော ရွှေဟသ်ာကို သေနတ်နှင့်ပစ်ရာ အသဲကို ကြည်ဆန်မှန်၍ ကျလာသကဲ့သို့ ရှင်ရသေ့တို့သည် မိဖုရား၏ အဆင်းတည်းဟူသော ရူပဓာတ်လက်နက်၏ ဘဝင်၌ထိခြင်းကြောင့် ခဏချင်း ကောင်းကင်မှ လျှောကြ၍ မိဖုရားအထံသို့ ရောက်ကြကုန်၏။

ဤကား မိန်းမ၏ အဆင်းဟူသော ရူပဓာတ်လက်နက် စူးဝင်ပုံ ဝတ္ထုတည်း။

သီဟိုဠ်၌ ဈာန်အဘိဉာဉ်နှင့် ကောင်းကင်သို့ ပျံသွားသော ရှင်သာမဏေသည် မိန်းမငယ်တစ်ယောက်၏ သီချင်းသံကို ကြားလေရာ ထိုအသံဓာတ် ခိုက်မှုကြောင့် ဈာန်လျှော၍ ကောင်းကင်မှ ကျရလေ၏။

ဤကား မိန်းမ၏အသံဟူသော သဒ္ဒဓာတ် လက်နက်စူးဝင်ပုံဝတ္ထုတည်း။

ထိုရှင်ရသေ့ ရှင်သာမဏေ တို့အား လောဘငုတ်ဓာတ် လှုပ်ကြွ၍ပရိယုဋ္ဌာန အဖြစ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် အနှစ်ရှည်ကြာစွာ အားထုတ်၍ ထားအပ်သော ဈာန် အဘိဉာဉ် သမာပတ်တို့သည် ခဏချင်း အကုန်ကွယ်ပျောက်လေကုန်၏။

ကောင်းကင်မှ လျှောကျ၍ ထိုမိန်းမတို့နှင့် တွေ့ကြသောအခါ ပရိယုဋ္ဌာန

www.dhammaransi.com



တွင် မရပ် ဝီတိက္ကမအဖြစ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် အနှစ်ရှည်ကြာစွာ စောင့်ထိန်း၍ ရထားအပ်သော ရသေ့ ရဟန်းသီလသည် ခဏချင်း ကွယ်ပျောက်လေ၏။

ဤသို့လျှင် သမထ မည်သည် အနုသယဓာတ်ကို မပယ်နိုင်။

အနုသယ ဟူသော ငုတ်ဓာတ် အမြစ်ကို မဖြုတ်နိုင်သမျှ ကာပတ်လုံး ဘဝဂ်ဘုံမှာ ဗြဟ္မာကြီး အဖြစ်သို့ ရောက်သော်လည်း အပါယ်မှ လွတ်ခွင့်မရှိသေး။

ခေတ္တသီလဝန္တ, ခေတ္တ ဈာနလာဘီ, ခေတ္တဗြဟ္မာမင်းသာ ဖြစ်နိုင်ကြလေသတည်း။

## ကံသုံးပါးတို့၏ ဗီဇမူလကို ဖြုတ်ရန်

ကာယကံ, ဝစီကံ, မနောကံ တို့မှ အလွတ်ဖြစ်၍ ထိုကံသုံးပါးတို့ ဖြစ်ပွားရန် အမြစ်မူလ ဗီဇမျိုးစေ့ အနေနှင့် စိတ်သန္တာန်ထဲမှာ အစဉ်အမြဲ ကိန်းဝပ်၍ ရှိနေသော အနုသယ ကိလေသာမှုသည် ပညာ၏ ဆိုင်ရာပေတည်း။

ပညာသည်သာလျှင် သမုစ္ဆေဒပဟာန်ဖြင့် ထိုအနုသယ ကိလေသာမှုကို ဖြုတ်တောက် ပယ်ရှားနိုင်၏၊ သီလ, သမာဓိတို့၏ ဆိုင်ရာမဟုတ်၊ သီလ, သမာဓိတို့သည် မပယ်ရှားနိုင်ကုန်။

လောဘ၏ အမြစ်အရင်းကို ဖြုတ်တောက် ပယ်ရှားလျှင်လည်း လောဘ၏ ပရိယုဋ္ဌာနမှု, ဝီတိက္ကမမှုတို့ကိုလည်း သမုစ္ဆေဒပဟာန်အားဖြင့် ဖြုတ်တောက်ပယ်ရှားခြင်း ကိစ္စ ပြီးစီးလေ၏။

ထိုပုဂ္ဂိုလ်၏ သန္တာန်မှာ လောဘမျိုး ပြတ်လေ၏။

ဝသဝတ္တီနတ်ပြည်မှ ဝသဝတ္တီ နတ်မင်းကြီး၏ သမီးတော် နတ်သမီးပေါင်း တစ်ထောင်လာ၍ အဆင်းသဏ္ဌာန်, အသံ, အတွေ့ စသည်တို့ဖြင့် တစ်သက်လုံး ထိပါးဖြားယောင်းသော်လည်း သာယာသော တဏှာရာဂ လောဘဟူ၍ အဏုမြူမျှ မလာပြီ။

ရေမိုးကောင်းစွာ စွတ်ပြီးသော မီးခြစ်ကို ကော်ပတ်နှင့် အကြိမ်တစ်ရာပင် ခြစ်ခြတ်ပွတ်တိုက်သော်လည်း မီးမျိုးစေ့ ပျက်ဆုံးပြီးဖြစ်၍ မီးတောက်ခြင်း မရှိနိုင်သကဲ့သို့တည်း။

အနုသယဟု ဆိုအပ်သော ကိလေသာအမြစ်တို့သည် အဘယ်၌ စူးစိုက်

www.dhammaransi.com



စည်ကား ပွားစီး၍ နေကြကုန်သနည်းဟူမူကား - ခန္ဓာငါးပါး, အာယတန တစ်ဆယ့်နှစ်ပါး, ဓာတ်တစ်ဆယ့်ရှစ်ပါးတို့၌ စူးစိုက်စည်ကား ပွားစီး၍ နေကြကုန်၏။

ဒိဋ္ဌိကိလေသာ၏ အမြစ်ဖြတ်နည်း မျိုးဖြတ်နည်းကို ဥပမာနှင့်တကွ ပြဆိုအံ့။

ပျင်းရိသော သဘောရှိသော ယာလုပ်ယောက်ျားသည် တစ်ခုသောတောချုံအရပ်ကို ယခုနှစ် ထွန်သာယက်သာရှိရုံ အပေါ်တွင် ခုတ်ထွင်ရှင်းလင်း၍ကြီးမားသော အငုတ်အရင်းတို့ကို ရှောင်ကွင်း၍ ထွန်ယက်မျိုးကြဲလေ၏။

မိုးလေဖြောင့်မှန်လျှင် တစ်နှစ်စာ စားရသောက်ရရုံမျှရ၏။

မိုးဦးကျပြန်လျှင် ယာပြင်တစ်ခုလုံး၌ ချုံနွယ်သစ်ပင်ပြည့်ပြန်၏၊ ခုတ်ထွင်မြဲ ခုတ်ထွင်၍ မျိုးကြဲမြဲ မျိုးကြဲ၍ ရမြဲရပြန်၏။

ယာကောင်း ဖြစ်သည်ဟူ၍ မရှိ၊ နှစ်စဉ်အတိုင်း ခုတ်မှု, ထွင်မှု, မငြိမ်းရှိနေ၏။

မိုးခေါင်၍ သော်လည်းကောင်း, မိမိက အရပ်တစ်ပါး၌ နေရခိုက်ကြုံ၍ လည်းကောင်း မခုတ်မလုပ်ရဘဲ ၃ နှစ် ၄ နှစ် ၅ နှစ် စသည် ကြာညောင်းခဲ့လျှင် တောကြီးမျက်မည်း ဖြစ်ပြန်လေ၏။

ဝီရိယကောင်းသော ယာလုပ်ယောက်ျားသည်မူကား ပေါက်တူး, ပုဆိန်, ဓား, တူရွင်း စုံလင်စွာတို့နှင့်တကွ အစမှစ၍ ရှိသမျှသော ချုံနွယ်သစ်ပင်တို့ကို ရှေးဦးစွာ အကိုင်းအခက်တို့ကို ခုတ်ထွင်ရှင်းလင်း၍ အငုတ်အရင်းမျှသာ ကျန်စေ၏။

နှစ်ကြိမ်မြောက်၌ အငုတ်အရင်းတို့ကို ဖြတ်တောက်ရှင်းလင်း၍ မြေတွင်းရှိ အမြစ်ကြီး, အမြစ်ငယ်မျှသာ ကျန်စေ၏။

သုံးကြိမ်မြောက်၌ အမြစ်ကြီးငယ်တို့၏ စူးစိုက်စည်ကား ပွားစီး၍နေရာ မြေအဖို့တို့ကို အခြေအနေအကုန်ပျက်စီး၍ ပေါက်တူးစာချည်းဖြစ်အောင် တူးဆွ၏။

အမြစ်ကြီးငယ်တို့သည် တွယ်တာရာမရှိ အကုန်လုံး ပေါ်ကုန်၏။

ကုန်းပေါ်သို့ အကုန်တင်ထား၍ အမြစ်ကြီးများကို ဓားမဖြင့် အပိုင်းပိုင်း ဖြတ်တောက်၍ ပုဆိန်ဖြင့် ၃ စိတ် ၄ စိတ် စသည် ပေါက်ခွဲ၍ မြေတလင်းရှိရာ၌ နေသွေ့စွာ ဖြန့်လျှန်းပြီးလျှင် စုပုံ၍ မီးတိုက်လေ၏၊ ပြာအဖြစ်သို့ ရောက်လေကုန်၏။

ယာပြင်ကြီးတစ်ခု ဖြစ်လေ၏၊ အနှစ်တစ်ရာတစ်ထောင်ပင် မလုပ်ဘဲ ပစ်ထားသော်လည်း ထိုအပင်တို့ကား တစ်ဖန် ပေါက်ရောက်ခြင်း မရှိကြကုန်ပြီ။

ပါဠိတော်၌ကား အဆိပ်ပင်ကို သတ်မှုဥပမာပြ၍ ပြာတို့ကိုပင် မြစ်ရေ၌ မျောမှုလာသေး၏။

www.dhammaransi.com



တွင် မရပ် ဝီတိက္ကမအဖြစ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် အနှစ်ရှည်ကြာစွာ စောင့်ထိန်း၍ ရထားအပ်သော ရသေ့ ရဟန်းသီလသည် ခဏချင်း ကွယ်ပျောက်လေ၏။

ဤသို့လျှင် သမထ မည်သည် အနုသယဓာတ်ကို မပယ်နိုင်။

အနုသယ ဟူသော ငုတ်ဓာတ် အမြစ်ကို မဖြတ်နိုင်သမျှ ကာပတ်လုံး ဘဝဂ်ဘုံမှာ ဗြဟ္မာကြီး အဖြစ်သို့ ရောက်သော်လည်း အပါယ်မှ လွတ်ခွင့်မရှိသေး။

ခေတ္တသီလဝန္တ, ခေတ္တ ဈာနလာဘီ, ခေတ္တဗြဟ္မာမင်းသာ ဖြစ်နိုင်ကြလေသတည်း။

## ကံသုံးပါးတို့၏ ဗီဇမူလကို ဖြတ်ရန်

ကာယကံ, ဝစီကံ, မနောကံ တို့မှ အလွတ်ဖြစ်၍ ထိုကံသုံးပါးတို့ ဖြစ်ပွားရန် အမြစ်မူလ ဗီဇမျိုးစေ့ အနေနှင့် စိတ်သန္တာန်ထဲမှာ အစဉ်အမြဲ ကိန်းဝပ်၍ ရှိနေသော အနုသယ ကိလေသာမှုသည် ပညာ၏ ဆိုင်ရာပေတည်း။

ပညာသည်သာလျှင် သမုစ္ဆေဒပဟာန်ဖြင့် ထိုအနုသယ ကိလေသာမှုကို ဖြတ်တောက် ပယ်ရှားနိုင်၏၊ သီလ, သမာဓိတို့၏ ဆိုင်ရာမဟုတ်၊ သီလ, သမာဓိတို့သည် မပယ်ရှားနိုင်ကုန်။

လောဘ၏ အမြစ်အရင်းကို ဖြတ်တောက် ပယ်ရှားလျှင်လည်း လောဘ၏ ပရိယုဋ္ဌာနမှု, ဝီတိက္ကမမှုတို့ကိုလည်း သမုစ္ဆေဒပဟာန်အားဖြင့် ဖြတ်တောက်ပယ်ရှားခြင်း ကိစ္စ ပြီးစီးလေ၏။

ထိုပုဂ္ဂိုလ်၏ သန္တာန်မှာ လောဘမျိုး ပြတ်လေ၏။

ဝသဝတ္တီနတ်ပြည်မှ ဝသဝတ္တီ နတ်မင်းကြီး၏ သမီးတော် နတ်သမီးပေါင်း တစ်ထောင်လာ၍ အဆင်းသဏ္ဌာန်, အသံ, အတွေ့ စသည်တို့ဖြင့် တစ်သက်လုံး ထိပါးဖြားယောင်းသော်လည်း သာယာသော တဏှာရာဂ လောဘဟူ၍ အဏုမြူမျှ မလာပြီ။

ရေမိုးကောင်းစွာ စွတ်ပြီးသော မီးခြစ်ကို ကော်ပတ်နှင့် အကြိမ်တစ်ရာပင် ခြစ်ခြုတ်ပွတ်တိုက်သော်လည်း မီးမျိုးစေ့ ပျက်ဆုံးပြီးဖြစ်၍ မီးတောက်ခြင်း မရှိနိုင်သကဲ့သို့တည်း။

အနုသယဟု ဆိုအပ်သော ကိလေသာအမြစ်တို့သည် အဘယ်၌ စူးစိုက်

www.dhammaransi.com



စည်ကား ပွားစီး၍ နေကြကုန်သနည်းဟူမူကား - ခန္ဓာငါးပါး, အာယတန တစ်ဆယ့်နှစ်ပါး, ဓာတ်တစ်ဆယ့်ရှစ်ပါးတို့၌ စူးစိုက်စည်ကား ပွားစီး၍ နေကြကုန်၏။

ဒိဋ္ဌိကိလေသာ၏ အမြစ်ဖြတ်နည်း မျိုးဖြတ်နည်းကို ဥပမာနှင့်တကွ ပြဆိုအံ့။

ပျင်းရိသော သဘောရှိသော ယာလုပ်ယောက်ျားသည် တစ်ခုသောတောချုံအရပ်ကို ယခုနှစ် ထွန်သာယက်သာရှိရုံ အပေါ်တွင် ခုတ်ထွင်ရှင်းလင်း၍ကြီးမားသော အငုတ်အရင်းတို့ကို ရှောင်ကွင်း၍ ထွန်ယက်မျိုးကြဲလေ၏။

မိုးလေဖြောင့်မှန်လျှင် တစ်နှစ်စာ စားရသောက်ရရုံမျှရ၏။

မိုးဦးကျပြန်လျှင် ယာပြင်တစ်ခုလုံး၌ ချုံနွယ်သစ်ပင်ပြည့်ပြန်၏၊ ခုတ်ထွင်မြဲ ခုတ်ထွင်၍ မျိုးကြဲမြဲ မျိုးကြဲ၍ ရမြဲရပြန်၏။

ယာကောင်း ဖြစ်သည်ဟူ၍ မရှိ နှစ်စဉ်အတိုင်း ခုတ်မှု, ထွင်မှု, မငြိမ်းရှိနေ၏။

မိုးခေါင်၍ သော်လည်းကောင်း, မိမိက အရပ်တစ်ပါး၌ နေရခိုက်ကြုံ၍ လည်းကောင်း မခုတ်မလုပ်ရဘဲ ၃ နှစ် ၄ နှစ် ၅ နှစ် စသည် ကြာညောင်းခဲ့လျှင် တောကြီးမျက်မည်း ဖြစ်ပြန်လေ၏။

ဝီရိယကောင်းသော ယာလုပ်ယောက်ျားသည်မူကား ပေါက်တူး, ပုဆိန်, ဓား, တူရွင်း စုံလင်စွာတို့နှင့်တကွ အစမှစ၍ ရှိသမျှသော ချုံနွယ်သစ်ပင်တို့ကို ရှေးဦးစွာ အကိုင်းအခက်တို့ကို ခုတ်ထွင်ရှင်းလင်း၍ အငုတ်အရင်းမျှသာ ကျန်စေ၏။

နှစ်ကြိမ်မြောက်၌ အငုတ်အရင်းတို့ကို ဖြတ်တောက်ရှင်းလင်း၍ မြေတွင်းရှိ အမြစ်ကြီး, အမြစ်ငယ်မျှသာ ကျန်စေ၏။

သုံးကြိမ်မြောက်၌ အမြစ်ကြီးငယ်တို့၏ စူးစိုက်စည်ကား ပွားစီး၍နေရာ မြေအဖို့တို့ကို အခြေအနေအကုန်ပျက်စီး၍ ပေါက်တူးစာချည်းဖြစ်အောင် တူးဆွ၏။

အမြစ်ကြီးငယ်တို့သည် တွယ်တာရာမရှိ အကုန်လုံး ပေါ်ကုန်၏။

ကုန်းပေါ်သို့ အကုန်တင်ထား၍ အမြစ်ကြီးများကို ဓားမဖြင့် အပိုင်းပိုင်းဖြတ်တောက်၍ ပုဆိန်ဖြင့် ၃ စိတ် ၄ စိတ် စသည် ပေါက်ခွဲ၍ မြေတလင်းရှိရာ၌ နေသွေ့စွာ ဖြန့်လျှန်းပြီးလျှင် စုပုံ၍ မီးတိုက်လေ၏၊ ပြာအဖြစ်သို့ ရောက်လေကုန်၏။

ယာပြင်ကြီးတစ်ခု ဖြစ်လေ၏၊ အနှစ်တစ်ရာတစ်ထောင်ပင် မလုပ်ဘဲ ပစ်ထားသော်လည်း ထိုအပင်တို့ကား တစ်ဖန် ပေါက်ရောက်ခြင်း မရှိကြကုန်ပြီ။

ပါဠိတော်၌ကား အဆိပ်ပင်ကို သတ်မှုဥပမာပြ၍ ပြာတို့ကိုပင် မြစ်ရေ၌ မျောမှုလာသေး၏။

www.dhammaransi.com



ဤဥပမာ၌ အကိုင်းအခက်မျှကို ရှင်းလင်းမှုနှင့် သီလဝိသုဒ္ဓိမှုတူ၏။

မြေပေါ်၌ပေါ်ရှိသော အငုတ်အရင်းတို့ကို ရှင်းလင်းမှုနှင့် သမာဓိဟု ဆိုအပ်သော စိတ္တဝိသုဒ္ဓိမှုတူ၏။

မြေတွင်းရှိ အမြစ်ကြီး, အမြစ်ငယ်တို့၏ မှီတွယ်ရာ မြေအဖို့တို့ကို အခြေအနေ အကုန်ပျက်၍ ပေါက်တူးစာချည်းဖြစ်အောင် ပြုမှုနှင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ဝိပဿနာရှုမှုတူ၏။

တူပုံကား ထိုမြေကြီးသည် အခြေမပျက် အနေမပျက် ပကတိအတိုင်းတည်၍ ထိုသစ်မြစ်ကြီးငယ်တို့ကို အစဉ်ထာဝရ ပိုက်ထုပ်ချီပွေ့၍ မြေအခိုး, ရေအခိုးဟူသော အစာရေစာတို့ကို ဝစွာကျွေး၍ မွေးမြူ၏။

သစ်မြစ်ကြီးငယ်တို့သည် အခြေအနေကောင်းသောမြေမှ ကျေးဇူးတွေကို ရ၍ ကြီးပွားစည်ကားကြကုန်၏။

ထိုအတူ မိမိကိုယ်ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောက်ျား, ဦးခေါင်း, ခြေလက် အစရှိသော သဏ္ဌာနပညတ် သန္တတိပညတ်တည်း ဟူသော ပညတ်နိုင်ငံကြီး အခြေအနေနှင့် ထိုကိလေသာ တို့ကို ပိုက်ထုပ်ချည်ပွေ့၍ ပိယရုပ်, သာတရုပ်တည်းဟူသော အစာရေစာတို့ကို ဝစွာကျွေး၍ မွေးမြူလျက် ရှိနေကြကုန်၏။

ကိလေသာတို့သည် မိမိကိုယ်ခန္ဓာငါးပါးတို့မှ ကျေးဇူးတွေကိုရ၍ အနမတဂ္ဂ သံသရာ၌ ကြီးပွား စည်ကား၍နေကြကုန်၏။

ထိုမြေအဖို့ကို အခြေအနေအကုန်ပျက်၍ ပေါက်တူးစာချည်းဖြစ်အောင် ပြုလိုက်သည်ရှိသော် ထိုသစ်မြစ်တို့သည် မြစ်သေး, မြစ်မွှားမကျန် အကုန်ပေါ်၍ တွယ်ရာ မှီရာမှ ကျွတ်လွတ်၍ ကုန်လေ၏သို့။

ထိုအတူ မိမိကိုယ်ခန္ဓာ တစ်ခုလုံးကို ဓာတ်နိုင်ငံကြီး လုံးလုံးပေါ်အောင် ဝိပဿနာဉာဏ် တည်းဟူသော ပေါက်တူးဖြင့် သဏ္ဌာနပညတ်, သန္တတိပညတ် ဒြပ်အထည်ဟူ၍ အဏုမြူမျှမကျန်ရအောင် တူးဆွ ပေါက်ခွဲ၍ ပေါက်တူးစာချည်း ဖြစ်အောင် ပြုလိုက်သည်ရှိသော် ထိုကိလေသာ အမြစ်ကြီးငယ်တို့သည် တွယ်ရာမှီရာမှ ကျွတ်လွတ်၍ ကုန်ကြကုန်၏။

ထိုသစ်မြစ်ကြီးငယ်တို့သည် ထိုနေရာတွင် မွရွသောမြေ၌ ထိုအတိုင်းထား ပြန်လျှင် မကြာမီ ရောနှောမိကြ၍ ခဏချင်း အညွန့်အညှောက်ပေါက်ရောက်

www.dhammaransi.com



ကုန်ရာသောကြောင့် ထိုနေရာမှ ထုတ်တင်၍ မြေတလင်းမာမာ၌ ဖြတ်တောက် စိတ်ဖြာကာ နေသွေ့စွာလှန်း၍ မီးတိုက်လေ၏သို့။

ဝိပဿနာဉာဏ်ဖြင့် ခန္ဓာတစ်ကောင်လုံးကို ပေါက်တူးစာချည်းဖြစ်အောင် တူးဆွပေါက်ခွဲ၍ ပညတ်နိုင်ငံကြီးငယ် ကွယ်ပျောက်၍ ကိလေသာမြစ်တို့ တွယ်ရာမှီရာမှ ကျွတ်လွတ်ကုန်ပြားသော်လည်း ထိုအတိုင်းထားခဲ့လျှင် ခဏချင်း ရောနှောမိကြပြန်၍ ကြီးပွားစည်ကားမြဲစည်ကားရန် ရှိနေသောကြောင့် မဂ်ဉာဏ်တည်းဟူသော မီးဖြင့် အကျွမ်း ဖုတ်မြိုက်ရကုန်သတည်း။

ဤဉပမာ၌ သစ်မြစ်တို့၏ မှီတွယ်ရာ မြေအဖို့ကို ပေါက်တူးစာချည်း ဖြစ်အောင် ပြုမှုသည် ကြီးကျယ်၏။

မီးတိုက်မှုသည် ခဏနှင့်ပင် ပြီးစီး၏သို့။

ထိုအတူ သဏ္ဌာနပညတ်, သန္တတိပညတ် အခုအခံမရှိရအောင် ကိုယ်ခန္ဓာ ကြီးကို ဝိပဿနာပေါက်တူးစာ ပြုမှုသည် ကြီးကျယ်၏။

မဂ်ဉာဏ် မီးတိုက်မှုကား ခဏနှင့်ပြီး၏။

ဤကိလေသာအမြစ်ဖြတ်မှုကိုကား ဘုရားသာသနာ၌ လည်းကောင်း၊ ပစ္စေကဗုဒ္ဓါတို့၌လည်းကောင်း ရအပ်၏။

ထိုမှတစ်ပါးသော သာသနာပအခါတို့၌ မရအပ်။

အဘယ့်ကြောင့်နည်းဟူမူ ထိုကဲ့သို့သော ပညာသာသနာ၏ ထိုအခါတို့၌ မရှိခြင်းကြောင့်တည်း။

သီလ, သမာဓိနှစ်ပါးတို့ကိုမူကား သာသနာတွင်း၌ လည်းကောင်း, သာသနာပ၌လည်းကောင်း ခပ်သိမ်းသော ကမ္ဘာ, ခပ်သိမ်းသော အနန္တစကြဝဠာ တို့၌ပင် ရအပ်ကုန်၏။

သီလတရား ရှိကြသောကြောင့် ခပ်သိမ်းသော ကမ္ဘာ, ခပ်သိမ်းသော စကြဝဠာတို့၌ လူသတ္တဝါ, နတ်သတ္တဝါ အပြည့်ရှိကြကုန်၏။

သမာဓိတရား ရှိကြသောကြောင့် ခပ်သိမ်းသော ကမ္ဘာ, ခပ်သိမ်းသော စကြဝဠာတို့၌ ဗြဟ္မာပြည် ဗြဟ္မာသတ္တဝါဟူ၍ ရှိကြကုန်၏။

ကိလေသာအပေါင်းတို့တွင် ဒိဋ္ဌိဟူသော ကိလေသာသည် အဆိုးအဝါးဆုံး ဖြစ်၏။

www.dhammaransi.com



ခပ်သိမ်းသော ဒုစရိုက်အမိုက်ကြီး အမှားကြီး ဟူသမျှတို့သည် ထိုဒိဋ္ဌိမှ ဖြစ်ပွားကြကုန်၏။

ဒိဋ္ဌိကိလေသာအမြစ်ပြတ်လျှင် ခပ်သိမ်းသော ဒုစရိုက်အမိုက် အမှားကြီး တို့သည် အမြစ်ပြတ်ကြလေကုန်၏။

ထိုသူမှာ အပါယ်သံသရာကြီးအပြီး ချုပ်ငြိမ်း၏။

အနတ္တ ဝိပဿနာမှုသည် ဒိဋ္ဌိကိလေသာအမြစ်ဖြတ်မှု သက်သက်ပေတည်း။

ပြဆိုခဲ့ပြီးသော ဓာတုကမ္မဋ္ဌာန်းမှုသည် အထူးအားဖြင့် အနတ္တ ဝိပဿနာမှု ပင်တည်း။

ထိုကြောင့် ဒိဋ္ဌိအမြစ်ပြတ်ခြင်းကို အလိုရှိသော အမျိုးသားသည် ဘုရား သာသနာ၌ ကြုံကြိုက်ဆဲအခါတွင် ဓာတု ကမ္မဋ္ဌာန်းများကို ကြိုးစားအားထုတ် ရာသတည်း။

(ဤတွင်ရွေ့ကား။ ။" ကဋ္ဌေ ပဋိစ္စ အဂ္ဂိ ဇလတိ ကဋ္ဌဂ္ဂိတွေဝ သင်္ချံ ဂစ္ဆတိ" အစရှိသော မဟာတဏှာသင်္ခယသုတ်ကို အမှီပြု၍ ပြဆို အပ်သော ဓာတ်ကမ္မဋ္ဌာန်း အမွက်ပြီး၏။)

## လက္ခဏာရေးသုံးပါး ဝိမောက္ခမုခဉာဏ်သုံးပါး

# လက္ခဏာဝိမောက္ခ ရောပြွမ်းပုံ

ယခုအခါ၌ လက္ခဏာရေး သုံးပါးကို စွဲမြဲ ကြည့်ရှု ကြကုန်သော သူတို့အား မိမိတို့ ရှုမြင်ကြသော အနိစ္စ, ဒုက္ခ, အနတ္တ၏ အနိစ္စမှန်, ဒုက္ခမှန်, အနတ္တမှန် ဟုတ်မည်, မဟုတ်မည်, အချက်ကျမည်, မကျမည်ကို ဆင်ခြင်နိုင်ကြရန် အနုပဿနာဉာဏ် သုံးပါး, ဝိမောက္ခမုခဉာဏ် သုံးပါးတို့၏ ရောနှောခန်းကို ပြဆိုဦးအံ့။

အနိစ္စာနုပဿနာဉာဏ်, ဒုက္ခာနုပဿနာဉာဏ်, အနတ္တာနုပဿနဉာဏ် ဟူ၍ အနုပဿနာဉာဏ်သုံးပါး။

အနိမိတ္တာနုပဿနာ, အပဏိဟိတာနုပဿနာ, သုညတာနုပဿနာ ဟူ၍ ဝိမောက္ခမုခဉာဏ်သုံးပါး။

ဝိမောက္ခကား - ကျွတ်လွတ်မှုတည်း၊ မဂ်ဖိုလ်နိဗ္ဗာန်တည်း။

www.dhammaransi.com



မုခကား - တံခါးဝတည်း၊ တံခါးပေါက်တည်း။

မဂ် ဖိုလ် နိဗ္ဗာန်၏ တံခါးဝကို တံခါးပေါက်ကို ဝိမောက္ခမုခ ဆိုသတည်း။

(၁) အချက်လှလှ ကောင်းကောင်းကျသော အနိစ္စ နုပဿနာနာဉာဏ်ကို အနိမိတ္တာနုပဿနာဉာဏ် ဆိုသည်။

(၂) အချက်လှလှ ကောင်းကောင်းကျသော ဒုက္ခာနုပဿနာဉာဏ်ကို အပဏိဟိတာနုပဿနာဉာဏ် ဆိုသည်။

(၃) အချက်လှလှ ကောင်းကောင်းကျသော အနတ္တာနုပဿနာဉာဏ်ကို သုညတာနုပဿနာဉာဏ် ဆိုသည်။

## ဝိမောက္ခသုံးဖြာနှင့် လက္ခဏာသုံးသွယ်

အနိစ္စာနုပဿနာဉာဏ်ကို အနိမိတ္တာနုပဿနာဉာဏ် ဆိုရာ၌ ဓာတ်တို့၏ ချုပ်ပျက်ကွယ်ပျောက်မှုသည် အနိစ္စမည်၏။

သတ္တဝါတို့၏ ပကတိစိတ်တွင် ထင်မြင်ပေါ်ရှိ၍နေသော သဏ္ဌာနပညတ်, သန္တတိပညတ်, အရိပ်နိမိတ် ကြီးငယ်စုံသည် နိမိတ္တ မည်၏။

ဓာတ်နိုင်ငံကြီး၏ ခဏမစဲ ချုပ်ပျက်ကွယ်ပျောက်မှုကို ဉာဏ်၌ ကောင်းကောင်း ထင်မြင်သည်ရှိသော် ပကတိစိတ်တွင် ထင်မြင်ပေါ်ရှိ၍နေသော ထိုအရိပ်နိမိတ် ကြီးငယ်စုသည် ဉာဏ်၌ အလိုလို ကွယ်ပ၏။

ဤသို့ ပကတိစိတ်တွင် ထင်မြင်ပေါ်ရှိ၍နေသော ပုဂ္ဂိုလ်, သတ္တဝါ, အင်္ဂါကြီးငယ်, ဆံပင်, မွေးညှင်း အစရှိသော အရိပ်နိမိတ်ကြီးငယ်တို့ကို ဉာဏ်အမြင်၌ ကွယ်ပစေနိုင်သော အမှုဖြစ်၍ အနိစ္စ နုပဿနာကို အနိမိတ္တာ နုပဿနာဆိုသတည်း။

ဒုက္ခာနုပဿနာဉာဏ်ကို အပဏိဟိတာ နုပဿနာဉာဏ်ဆိုရာ၌ တေဘူမက ဓမ္မအသိုက်အအုံဖြစ်သော ဓာတ်နိုင်ငံကြီးသည် ဒုက္ခသစ္စာဖြစ်၏။

“ဘယဋ္ဌေနဒုက္ခံ” ဟူသည်နှင့်အညီ ကြောက်မက်ဖွယ်သော အန္တရာယ်အစု, ဘေးအစုသာ အမှန်ဖြစ်၏။

စင်စစ်အားဖြင့် သာယာဖွယ်ဟူ၍ တစ်စုံတစ်ခုမျှ မရှိ။

အနိစ္စဟု ဆိုအပ်သော မရဏဘေးကြီး ခဏမစဲ အမြဲ ကပ်ကြီးတိုက်၍ နေသော ဓမ္မတို့သာ အမှန်ဖြစ်၏။

www.dhammaransi.com



မရဏဘေးကြီး ခဏမစဲ အမြဲကပ်ကြီး ပွက်ပွက်ဆူတိုက်၍နေသော ခတ်နိုင်ငံကြီးကို မိမိ၏ ကိုယ်တွင်းအင်္ဂါ မိမိ၏ ကိုယ်ပိုင်ဥစ္စာ ပြုလုပ်သိမ်းပိုက်၍ နေကြမှု၏ အလွန်ဘေးဘယ ကြီးကျယ်များပြားလှသော အပြစ်ကို ရှုမြင်မှုသည် ဒုက္ခာနုပဿနာ ဉာဏ်မည်၏။

လူ့လောက, နတ်လောကတို့၌ ချစ်ဖွယ်, ခင်ဖွယ်, လိုချင်ဖွယ်, ရချင်ဖွယ် အတင့်အတယ် အကောင်းအမြတ် ထင်မြင်ပေါ်ရှိ၍ နေသော သုတ သုခ အခြင်းအရာမျိုးစုသည် ပဏိဟိတမျိုးမည်၏။

သက်ရှိသက်မဲ့ဖြစ်သော ခတ်နိုင်ငံကြီး၏ ဒုက္ခအချက်တွေကို ကောင်းကောင်း ထင်မြင်သည်ရှိသော် ထိုသုတ သုခ အခြင်းအရာမျိုးစုသည် ဉာဏ်၌ ကွယ်ပျောက်၏။

ကြောက်မက်ဖွယ်တွေအတိ ထင်မြင်၏။

ဤသို့လောက၌ ပကတိစိတ်သညာတွင် ထင်မြင်၍ နေကြသော သုတ သုခ အခြင်းအရာတို့ကို ဉာဏ်အမြင်၌ ကွယ်ပစေနိုင်သော အမှုဖြစ်၍ ဒုက္ခာနုပဿနာကို အပဏိဟိတာနုပဿနာဆိုသတည်း။

ခတ်နိုင်ငံကြီးကို ဉာဏ်မပေါက်သည့်အတွက် သဏ္ဍာနပညတ်, သန္တတိပညတ် တို့မှာထင်မြင်ပေါ်ရှိ၍နေသော ပုဂ္ဂိုလ်, သတ္တဝါ, အတ္တဇီဝ တို့ကို ပျောက်ကွယ်စေခြင်းငှာ ခန္ဓာ ငါးပါးတို့ကို အနှစ်သာရ မရှိသည့်အတွက် ရေမြှုပ်, ရေပွက်, တံလှပ်, ငှက်ပျောတုံး, မျက်လှည့်အသွင် ထင်မြင်အောင် ရှုမှုသည် အနတ္တာနုပဿနာဉာဏ် မည်၏။

ရေမြှုပ် ရေပွက် အစရှိသော အခြင်းအရာအားဖြင့် ထင်မြင်သည်ရှိသော် ထိုပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝသည် ဉာဏ်အမြင်၌ ကွယ်ပလေ၏။

ခန္ဓာငါးပါးသည် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ မဟုတ်၊ တုစ္ဆသုညအတိ ထင်မြင်လေ၏။

ဤသို့ ပကတိစိတ်တွင် အဟုတ်ရှိ ထင်မြင်၍နေကြသော ပုဂ္ဂိုလ်သတ္တဝါ, အတ္တ, ဇီဝ တို့ကို ဉာဏ်အမြင်၌ ကွယ်ပစေနိုင်သော အမှုဖြစ်၍ အနတ္တာနုပဿနာကို သုညတာနုပဿနာ ဆိုသတည်း။

## ဝိပဿနာသုံးပါး၌ အချက် ကျ မကျ

အလိုရှိရာ ခန္ဓာအစိတ်ကို အနိစ္စဉာဏ် ချိန်ရွယ် ရှုကြည့်လိုက်သည်ရှိသော် စက္ကူပုံ, စက္ကူပြာသာဒ်ကို ဗုံးအမြောက်ဖြင့် ပစ်ခွင်းလိုက်ဘိသကဲ့သို့ သဏ္ဍာနပညတ်,

www.dhammaransi.com



သန္တတိပညတ် တည်းဟူသော အရိပ်နိမိတ်ကြီးငယ် ပြိုကွဲပျောက်ကွယ်၍ ဓာတ်တို့၏ ချုပ်ပျက်ခြင်း ဟူသော အနိစ္စအချက် ထင်မြင်လာသောအခါ အနိမိတ္တဉာဏ် ဖြစ်၏၊ အနိစ္စဉာဏ် အချက်ကျ၏ဟု သိအပ်၏။

အရိပ်နိမိတ်ကြီးငယ် ခုခံ၍နေလျှင် အနိမိတ္တဉာဏ် မဖြစ်၊ အနိစ္စဉာဏ် အချက်မကျဟု သိအပ်၏။

ဒုက္ခဉာဏ် ချိန်ရွယ်ရှုကြည့်လိုက်သည်ရှိသော် အကြင်အာရုံဝတ္ထု၌ သာယာသိမ်းပိုက်ချင်ဖွယ်သော ပဏိဟိတ အခြင်းအရာ ကွယ်ပျောက်၏။

ကြောက်ဖွယ်, ရှောင်ကြည်ဖွယ်, စွန့်ပစ်ဖွယ်သော ဘယအာဒီနဝပေါ် ရှိ၏။

ထိုအာရုံဝတ္ထုတို့၌ အပဏိဟိတဉာဏ်ဖြစ်၏၊ ဒုက္ခဉာဏ် အချက်ကျ၏။

ပဏိဟိတအခြင်းအရာ မပျောက်လျှင် ဒုက္ခဉာဏ် အချက်မကျဟု သိအပ်၏။

အနတ္တဉာဏ် ချိန်ရွယ် ရှုကြည့်လိုက်သည်ရှိသော် အတ္တသာရ, ဇီဝသာရ အခြင်းအရာ ကွယ်ပျောက်၏။

အသာရ, အဇီဝ, တုစ္ဆာ, သုည, ဓာတ်အစု, ဓာတ်ခဲ, ဓမ္မအစု, ဓမ္မအခဲ သက်သက်မျှ ထင်မြင်၏။ ထိုအခါ သုညတဉာဏ်ဖြစ်၏။ အနတ္တဉာဏ် အချက်ကျ၏။

ပုဂ္ဂိုလ်, သတ္တဝါ, အတ္တသာရ, ဇီဝသာရ ထင်မြင်၍နေသည်ရှိသော် အနတ္တဒီပနီစာအုပ်တို့မှာ ပါရှိလေပြီ။

ဤသည်ကား-အကျဉ်းအားဖြင့် အနုပဿနာဉာဏ် သုံးပါးနှင့် ဝိမောက္ခမုခဉာဏ်သုံးပါး ရောနှောပုံတည်း။

## ကိလေသာ၏ နိုင်ငံကြီးသုံးရပ်

ကိလေသာတို့၏ မှီရာ, တည်ရာ, စည်ကားရာ ဖြစ်ကုန်သော နိုင်ငံကြီးတို့သည် နိမိတ္တ နိုင်ငံကြီး တစ်ပါး, ပဏိဟိတ နိုင်ငံကြီး တစ်ပါး, အတ္တဇီဝ နိုင်ငံကြီး တစ်ပါးဟူ၍ သုံးပါးရှိကုန်၏။

ထိုတွင် ပရမာဏုမြူ, အဏုမြူ တို့မှစ၍ ပကတိစိတ်တွင် ထင်မြင်ပေါ်ရှိ၍ နေကုန်သော သဏ္ဌာနပညတ်, သန္တတိပညတ်, ဒြပ်ကြီးငယ်, အထည်ဝတ္ထု ဟူသမျှသည် နိမိတ္တနိုင်ငံကြီး မည်၏။

လောက၌ တဏှာဖြင့် သာယာအပ်ကုန်သော အကောင်း, အမြတ်,

www.dhammaransi.com



အတင့်အတယ်, အဖွယ်အရာ, ချမ်းသာသုခ, သုတ, ကျက်သရေ, ဟူသမျှသည် ပဏိဟိတနိုင်ငံကြီး မည်၏။

ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ, အတ္တသာရ, ဇီဝသာရ, ကာရက, ဝေဒက အစရှိသော အခြင်းအရာမျိုးစုံသည် အတ္တဇီဝနိုင်ငံကြီးမည်၏။

ကာရက ဆိုသည်ကား. . . ဤသတ္တဝါတို့သည် အလုံးစုံသော ကာယကံမှု, ဝစီကံမှု, မနောကံမှု တို့ကို မိမိတို့ အစွမ်းအားလျော်စွာ အစိုးတရ ပြုနိုင်ကြ ကုန်၏ ဟူသော အတ္တဒိဋ္ဌိမျိုးတည်း။

ဝေဒက ဆိုသည်ကား. . . ထိုသို့ ပြုလုပ်ပြီးစီး၍ ရရှိသော ပစ္စုပ္ပန်အကျိုး, သံသရာအကျိုးတို့ကို ခံစားတတ်ကြကုန်၏၊ စံစားတတ်ကြကုန်၏ဟူ၍ ဖြစ်သော အတ္တဒိဋ္ဌိ မျိုးတည်း။

ဤကား နိုင်ငံကြီးသုံးပါး အမြွက်အားဖြင့် ပိုင်းခြားချက်တည်း၊ အကျယ်ဝေဖန်မှုကား အသီးသီးပင် အလွန်ကြီးကျယ်ကြ၏။

## အုပ်စိုးသော ဓမ္မ

ထိုနိုင်ငံကြီး သုံးရပ်တို့တွင် နိမိတ္တနိုင်ငံကြီး၌ မာနအုပ်စိုး၏၊ ပဏိဟိတ နိုင်ငံကြီး၌ တဏှာ အုပ်စိုး၏၊ အတ္တဇီဝနိုင်ငံကြီး၌ ဒိဋ္ဌိအုပ်စိုး၏

## နိမိတ္တမြို့ကြီး၌ အုပ်စိုးသော မာနကိုပယ်ရန်

နိမိတ္တနိုင်ငံကြီး၌ အဘယ်သို့ မာန အုပ်စိုးသနည်းဟူမူကား၊ မာနဆိုသည် "မညနၤ အထင်မှားခြင်း၊ မာနော၊ အထင်မှားခြင်း" ဟူသည်နှင့်အညီ ဒုက္ခသစ္စာဖြစ်၍ စင်စစ်ဆိုးဝါးသော လောကီ ရုပ်နာမ် ခန္ဓာတရားတို့၏ အတွင်းမှာပင် ဤကား အယုတ်, ဤကား အမြတ်, ဤကား အကောင်း, ဤကားမကောင်းဟု အယုတ်အမြတ် အထွေအပြား အထင်မှားခြင်းသည် မာနမည်၏။

ဥပမာကား။ ။ မြေစိုင်ခဲနှင့် ရွှေခဲသည် လောကအလိုအားဖြင့် အယုတ်အမြတ်ကွဲကြ၏။ မြေစိုင်ခဲသည်ကား ယုတ်ညံ့၏၊ ရွှေခဲသည်ကား ကောင်းမြတ်၏၊

သစ္စဒေသနာတော် အလိုအားဖြင့် ပထဝီဓာတ်ချင်း အတူတူပင်ဖြစ်၏။

အာဒီနဝ အရာ၌ကား မြေစိုင်ခဲမှာ တဏှာ, မာန, ဣဿာ, မစ္ဆေရ စသော

www.dhammaransi.com



ကိလေသာပွားများရန် အခွင့်မရှိ၊ စောင့်ရှောက်မှုလျှင် အရင်းရှိသော ဒုက္ခတရား ပွားများရန် အခွင့်မရှိ၊ အပါယ်လားကြောင်း မကောင်းမှု ပွားများရန် အခွင့်မရှိ။

ရွှေခဲမှာမူကား - ထိုအလုံးစုံသော အပြစ်ဒေါသ အာဒီနဝ တို့သည် ထင်ရှား ရှိကုန်၏။

ထိုကြောင့် ဒုက္ခသစ္စာချင်း တူသည် ဆိုငြားသော်လည်း မြေစိုင်ခဲသည် ဒုက္ခသာမညသာဖြစ်၏။

ရွှေခဲသည်ကား အလွန်ကြီးမား များပြားသော အပြစ်ဒေါသ ဒုက္ခဘေးမျိုး ရှိ၏။

ရသေ့ သူတော်ကောင်း, ရဟန်းသူတော်ကောင်း တို့သည်လည်းကောင်း, ကာမရာဂမှ ထွက်မြောက်ကြကုန်ပြီးသော လူနတ်ဗြဟ္မာ အနာဂါမ် ရဟန္တာပုဂ္ဂိုလ် တို့သည် လည်းကောင်း မြေစိုင်ခဲကို အကောင်းအမြတ် ပြု၍ အသုံးပြုသော် ပြုကြကုန်ရာ၏။

ရွှေခဲကိုမူကား ဝေးစွာ ကြဉ်ရှောင်ကြကုန်၏။

ဤဥပမာ သစ္စဒေသနာတော် အလိုအတိုင်း ရွှေခဲ၏ အပြစ်ဒေါသ အာဒီနဝ ဒုက္ခဘေးကြီးတွေကို ကောင်းစွာ သိမြင်ကြ၍ ရွှေခဲ၌သာယာသော တဏှာမှ ကင်းစင် ကြကုန်ပြီးသော ပုဂ္ဂိုလ်တို့အား လောက ဝေါဟာရမျှကို ရွှေခဲပြု၍ ရွှေခဲကို အကောင်း အမြတ် အဖိုးထိုက် အဖိုးတန် အမြတ် ဥစ္စာ ရတနာပြု၍ ပြောဟော ကြကုန်သော် လည်း အထင်မှားသော မာနတရားမဆိုရ။

အပြစ်ဒေါသ အာဒီနဝ ဒုက္ခဘေးကြီးကို မမြင်ကြကုန်မူ၍ မြေစိုင်ခဲကား အယုတ်အညံ့, ရွှေခဲကား အကောင်းအမြတ်ဟု ထင်မှတ်စွဲလမ်းကြကုန်သော သူတို့၏ အထင်အမှတ်သည်ကား အထင်မှားမှု စင်စစ်ဖြစ်သတည်း။

ဤဥပမာအတိုင်း လူ့လောက, နတ်လောက, ဗြဟ္မာလောကတို့၌ သက်ရှိ သက်မဲ့ ဝတ္ထုအာရုံကို အလုံးစုံကို အကုန်သိမြင်ကြလေကုန်။

ဤကဲ့သို့သော အထင်မှားခြင်း မည်သည် ဓာတ်နိုင်ငံ၌ ဉာဏ်အမြင် စင်ကြယ် ပြီးသော ပုဂ္ဂိုလ်တို့အားမရှိ၊ နိမိတ္တနိုင်ငံတို့အားသာရှိ၏။

ထိုကြောင့် နိမိတ္တနိုင်ငံကြီး၌ မာနအုပ်စိုးသည်ဟု ဆိုသတည်း။

အနိစ္စာနုပဿနာ ဉာဏ်သည်ကား ထိုနိမိတ္တ နိုင်ငံကြီးကို မှုန့်မှုန့်ညက်ညက် ထုံးလိုကြေကာ ပြာလိုလွင့်ပျောက်အောင် ပစ်ခတ်ဖျက်ဆီးသော ဝရဇိန်လက်နက်ကြီး ပေတည်း။

www.dhammaransi.com



ထိုနိမိတ္တနိုင်ငံကြီး ပျက်စီးခဲ့လျှင် ထိုနိုင်ငံကြီးကို အုပ်စိုးနေသော မာန ဘုရင်မင်းလည်း အသင်းဗိုလ်ပါနှင့်တကွ ပျက်ဆုံးကြလေကုန်၏။

ထိုကြောင့်-

အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယ မုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တောစရိဿတိ။

ဟူ၍ စူဠရာဟုလောဝါဒသုတ် ၌ဟောတော်မူပေသည်။

ဤနိမိတ္တ နိုင်ငံကြီးမှ ဖြစ်ပွားသော နိမိတ်အများတို့တွင် သောတာပတ္တိမဂ် နိစ္စနိမိတ်, အတ္တနိမိတ် နှစ်မျိုးကိုသာ အကုန်အစင် ဖျက်ဆီးနိုင်၏၊ သုခနိမိတ် သုဘနိမိတ် တို့ကိုမူကား အရဟတ္တမဂ်သို့ ဆိုက်မှ အကုန်အစင် ဖျက်ဆီးနိုင်၏။

ထိုကြောင့် ထိုမာနသည်လည်း အရဟတ္တမဂ်သို့ကျမှပင် အကုန်အစင် ကျွတ်ငြိမ်းလေသတည်း။

(နိမိတ္တနိုင်ငံကြီး ဖြိုဖျက်ခန်းပြီး၏။)

## ပဏိဟိတမြို့၌တဏှာ

ယခုအခါ ပဏိဟိတနိုင်ငံကြီး ဖြိုဖျက်ခန်းကို ပြဆိုအံ့။

ရှာမီးကျီးအစုထဲမှ အေးမြသော မီးခဲဟူ၍ ထွက်ခြင်းမရှိသကဲ့သို့ သစ္စာ ဒေသနာတော်အလိုအားဖြင့် အလွန်ဆိုးဝါးသော ဒုက္ခသစ္စာ တရားမျိုးထဲမှ သုခ, သုဘ, ဣဋ္ဌသမ္ပတ္တိသီရိမင်္ဂလာ ချမ်းသာကောင်းမြတ်သော တရားမျိုး, ဝတ္ထု အာရုံမျိုးဟူ၍ ထွက်ခြင်းမရှိ။

ထိုသို့ဖြစ်ပါလျှက် လူ့လောက၌ အကောင်းအမွန်တွေ တွေ့ရှိ၍နေကြမှု၊ နတ်လောက, ဗြဟ္မာလောက၌ အကောင်းအမွန်တွေ တွေ့ရှိ၍ နေကြမှုတို့သည်ကား ပဏိဟိတ နိုင်ငံကြီးကို အုပ်စိုးသော ပဏိဓိ တဏှာ၏အမှုပေတည်း။

ပဏိဓိဆိုသည်ကား တောင့်တမှုတည်း၊ လောက၌ ပုထုဇဉ်တို့၏ ပကတိ စိတ်တွေ ကောင်းသည်ဟု တွေ့ရှိကြသော ဣဋ္ဌအာရုံမျိုးကို ကြည့်ချင်မြင်ချင်မှု, ကြားချင်မှု, နံချင်မှု, စားချင်, သောက်ချင်မှု, လိုချင်, ရချင်မှု, ခံစားစံစားချင်မှု ပေတည်း။

www.dhammaransi.com



ဒုက္ခာ နုပဿနာဉာဏ်သည် ထိုပဏိတနိုင်ငံကြီးကို ထုံးလိုကြေကာ ပြာလို လွင့်ပျောက် ကြောက်ဖွယ်, လန့်ဖွယ်, စက်ဆုတ်ဖွယ်တွေဖြစ်၍ ကုန်အောင် ပစ်ခွင်း ဖျက်ဆီးသော ဝရဇိန်လက်နက်ကြီးပေတည်း။

မြေစိုင်ခဲ, ရွှေခဲဥပမာကို ဤအရာ၌လည်း ထုတ်ဆိုရာ၏။

မာနအမှုနှင့် တဏှာအမှုနှစ်ပါးတို့၏ အထူးကား မြေစိုင်ခဲကို အယုတ်အညံ့ ထင်မှု, ရွှေခဲကို အထွတ်အမြတ်ထင်မှုသည် မာနတရားရွှေခဲကို သာယာခင်မက် နှစ်သက်တွယ်တာမှုသည် တဏှာသည် မာနဆိုသော်လည်း အနုသယမာနမျိုးတည်း။

ကုသိုလ်စိတ်ထဲမှာပင် အထင်ပါရှိ၍နေသော မာနမျိုးဟူလိုသည်၊ တဏှာ သည်လည်း အနုသယတဏှာမျိုးတည်း၊ ကုသိုလ်စိတ်ထဲမှာပင် သာယာသော အခြင်းအရာ ပါရှိ၍နေသော တဏှာမျိုး ဟူလိုသည်။

ပဏိဟိတနိုင်ငံကြီး ပျက်စီးကွယ်ပျောက်သည်ရှိသော် ထိုနိုင်ငံကြီးကို အုပ်စိုး ၍နေသော တဏှာသည်လည်း အသင်းဗိုလ်ပါတို့နှင့်တကွ ချုပ်ဆုံးကွယ်ပျောက်ကြ လေကုန်၏။

ဤပဏိဟိတနိုင်ငံကြီးသည်ကား အရဟတ္တမဂ်သို့ဆိုက်မှ အကုန်ပျက်စီး သည်၊ တဏှာသည်လည်း အရဟတ္တမဂ်သို့ဆိုက်မှ အကုန် ချုပ်ဆုံးသည်။

(ပဏိဟိတနိုင်ငံကြီး ဖြိုဖျက်ပုံကို ပြဆိုခန်းပြီး၏။)

## အတ္တဇီဝဒိဋ္ဌိကိုပယ်ရန်

အနိစ္စာ နုပဿနာ လက်နက်နှင့် အဖန်ဖန် အထပ်ထပ် ပစ်ခွင်းသဖြင့် နိစ္စ နိမိတ္တ နိုင်ငံကြီး ပျက်စီးကွယ်ပျောက်သည်ရှိသော် အတ္တသာရ, ဇီဝသာရ နိုင်ငံကြီး သည်လည်း ပျက်စီးကွယ်ပျောက်တော့သည်သာဖြစ်၏။

အဘယ်သို့ ပျက်စီးကွယ်ပျောက်လေသနည်း ဟူမူကား-

တစ်ကိုယ်လုံး၌ ဓာတ်တို့၏ သေဆုံးခြင်း, ဓမ္မတို့၏ သေဆုံးခြင်းတို့ဖြင့် မျက်တောင်တစ်ခတ်မျှ မပြတ်မစဲ တစ်ကိုယ်လုံး, တစ်ကောင်လုံး အမြဲသေဆုံး၍ နေသည်ကိုထင်မြင်နိုင်သည်ရှိသော ရုပ်ဓာတ် နာမ်ဓာတ်တို့သည် ပုဂ္ဂိုလ်သတ္တဝါ၏ အာမခံ အတ္တသာရမျိုး မဟုတ်ရန်။

www.dhammaransi.com



ပုဂ္ဂိုလ်သတ္တဝါကို ကာလရှည် တည်နေနိုင်အောင်စောင့်ရှောက်နိုင်ကြသော ဇီဝသာရမျိုး မဟုတ်ကုန်ဟု အတ္တမဟုတ် ဇီဝမဟုတ်သည်ကိုလည်း ထင်မြင်တော့မည်သာ ဖြစ်၏။

ယုတ်စွာ့အဆုံး မျက်တောင်တစ်ခတ်အတွင်း၌ပင်လျှင် ရှေ့နောက်အဆက်ဆက်အားဖြင့် များစွာသော ရုပ်ဓာတ် နာမ်ဓာတ်တို့သည် ချုပ်ဆုံးကုန်၏။

ထိုကြောင့် လောကမျက်မြင်ဖြစ်သော ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့တွင် ဘယ်ကိရိယာ တစ်ခုကိုမှ တစ်ပါးတည်းနှင့် ပြီးစေနိုင်သော ဓာတ်ဟူ၍ မရှိလေသောကြောင့် ကာရကသတ္တ မရှိမှုကိုလည်း ထင်မြင်တော့မည်သာဖြစ်၏။

ခံစားစံစားမှု၌လည်း ထိုအတူပင်တည်း။

တစ်နည်းကား - ပြုပြင်မှု, ခံစားစံစားမှုဟူသော ကိရိယာသည်ပင်လျှင် ဓာတ်သား ဓာတ်စစ် အမှန်ဖြစ်လေသောကြောင့် ထိုကိရိယာကို ပြုတတ်သော ကာရကဓာတ်, ဝေဒကဓာတ်ဟူ၍ အသီးအခြားမရှိ။

ဓာတ်ကိုလွတ်၍ ကာရကပုဂ္ဂိုလ်, ဝေဒကပုဂ္ဂိုလ်ဟူ၍လည်း မရှိဟု ထင်မြင်တော့မည်သာ ဖြစ်၏။

ဤသို့လျှင် နိစ္စနိမိတ္တနိုင်ငံကြီး ပျက်စီးကွယ်ပျောက်ခဲ့သည်ရှိသော် အတ္တဇီဝနိုင်ငံကြီးသည်လည်း ပျက်စီးကွယ်ပျောက်တော့သည်သာ ဖြစ်သတည်း။

ထိုကြောင့် အတ္တဇီဝနိုင်ငံကြီး ဖြိုဖျက်ခန်းကို အသီးအခြားမဆိုပြီ။

## နိုင်ငံကြီးသုံးချက်ဖြိုဖျက်ရန်

ဉာဏ်အမြင်၌ ဤနိုင်ငံကြီးသုံးရပ် ပြိုပျက်ပျောက်ကွယ်သည်ရှိသော် ဓမ္မစက္ခု, ပညာစက္ခုတို့သည် ပေါ်ပေါက်ကုန်၏။

အဝိဇ္ဇာနှင့်တကွသော တဏှာ, မာန, ဒိဋ္ဌိသုံးပါးတို့သည် ချုပ်ဆုံးကုန်၏။

မြတ်စွာဘုရား သာသနာအလုပ်သည် ထမြောက်ပြီးစီး၏၊ နောင်သာသာနာတော်တစ်ပါးကို မြော်ဖွယ်ကိစ္စမရှိ။

ယခုအခါ၌မူကား နိစ္စနိမိတ္တ, အတ္တဇီဝ နိုင်ငံကြီးနှစ်ရပ် ဖြိုဖျက်ရန်ခွင့်သည်သာ အလွန်လျှင်လိုလှ၏၊ ထို နိုင်ငံကြီးနှစ်ရပ် ပြိုပျက်လျှင်ပင် ခပ်သိမ်းသော မိစ္ဆာဒိဋ္ဌိမျိုး, ခပ်သိမ်းသော ဒုစ္စရိုက်မျိုး အပါယ်သံသရာကြီးတို့မှ အပြီးတိုင် လွတ်ငြိမ်းလေပြီ။

www.dhammaransi.com



ဘဝများစွာ ကမ္ဘာများစွာ သံသရာ၌ ကျင်လည်၍ သွားသော်လည်း၊ သံသရာ၌ နစ်မွန်းမျောပါးသော သံသရာဝဋ်သမား မဟုတ်ပေပြီ၊ တဖြည်းဖြည်း နိဗ္ဗာန်သို့ ဆန်တက်ရင်းနှင့် ဘုံစဉ်စံစား၍ သွားသူသာဖြစ်ပေ၏။

ဤအနက်များကို ငါတို့စီရင်သော စတုသစ္စဒီပနီစာအုပ်မှာ အကျယ်ပါရှိလေ၏။

ဤတွင်ရွေ့ကား နိုင်ငံကြီးသုံးပါး, ဘုရင်ကြီးသုံးပါး, ထိုနိုင်ငံကြီးသုံးရပ်ကို မှုန့်မှုန့်ညက်ညက်ကြေပျက်လေအောင် ပစ်ခွင်းရာသော လက်နက်ကြီးသုံးပါးကို ပြဆိုခန်းပြီး၏။

## နိဂုံး

တေတ္တိံသကူဋမဏ္ဍိတေ၊ လက်ပံတောင်းနာမ ပဗ္ဗတေ။

ဝသတာ မဟာထေရေန၊ ကတာ ကမ္ဗောဇနဒီပနီ။

တေတ္တိံ သကူဋမဏ္ဍိတေ၊ သုံးကျိပ်သုံးပါး၊ နတ်သိကြားတို့၊ ပျော်ပါး စံရာ၊ မြို့ပမာဖြင့်၊ ရံခါညွတ်ရုံး၊ သုံးဆယ့်သုံးလုံးသော တောင်ထွတ်တို့ဖြင့် တန်ဆာဆင်အပ်ထသော။ လက်ပံတောင်းနာမပဗ္ဗတေ၊ သလ္လာဝတီ၊ နောက်ကမ်းဆီမှ၊ သုံးလီမိုင်ခန့်၊ ခရီးစန့်လျက်၊ ကြီးခဲ့မြင့်ပြောင်း၊ လက်ပံတောင်း၊ အမည်ရှိသော တောင်စောင်းဝယ်၊ မုံရွာမြို့ အမိန့်တော်ရ မောင်ကြော့၊ မောင်စံလင်းတို့ ဆောက်လုပ်လှူဒါန်းအပ်သော စကြံကျောင်း၌။ ဝသတာ၊ ၁၂၆၅ ခုနှစ်၌၊ ဒါသစ်တည်လတ်၊ ဝါကပ်သီတင်းသုံး နေသော။ မဟာထေရေန၊ မဟာထေရ်မြတ်ဖြစ်သော။ မယာ၊ လယ်တီတောကျောင်းဆရာ ငါသည်။ ကမ္ဗောဇနဒီပနီ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်၊ တောင်လုံးပျံ၊ ဓာတ်ဆရာကြီး ဆရာမြို့ လျှောက်ထားအပ်သည်ဖြစ်၍ ရေးသားအပ်သော ကမ္ဗောဇနဒီပနီ ဤစာကျမ်း သစ်သည်။ ကတာ၊ ၁၂၆၅ ခု၊ သီတင်းကျွတ်လဆုတ် ၅ ရက်နေ့၌ ပြုစီရင်အပ် အပြီးသတ်သတည်း။

www.dhammaransi.com

# နိဗ္ဗာနဒီပနီ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## အဘိယာစကနှင့် ပိဋိညာဉ်

သက္ကရာဇ် ၁၂၆၁ ခု၊ တော်သလင်း လဆန်း ၆ ရက်နေ့တွင် ပုသိမ်မြို့ ရုံးအင်စပက်တော် မောင်ကျော်စံ ကိုယ်တိုင် လာရောက် လျှောက်ထား တောင်းပန်သည် တတန်-

ရင်းတော်သလင်း လပြည့်ကျော် ၆-ရက်နေ့တွင် မုံရွာမြို့ အခွန်ဝန် မောင်လူကလေး, မုံရွာမြို့အုပ် မောင်ထွေး, မုံရွာမြို့ အမိန့်တော်ရရွှေနေ မောင်ကြော့တို့ လျှောက်လွှာစေလွှတ် လျှောက်ထား တောင်းပန်ကြသည် တတန်-

ရင်း တော်သလင်းလပြည့်ကျော် ၁၂-ရက်နေ့တွင် ရင်းအခွန်ဝန်, မြို့အုပ် အမိန့်တော်ရတို့နှင့်တကွ ဘုတလင်ဝန်ထောက် မောင်ရွှေ, ပန်းချီတိုက် ပုလဲဝန်ထောက် မောင်ဘေ, ဆားလင်းကြီးမြို့အုပ်တို့ လျှောက်လွှာစေလွှတ် လျှောက်ထား တောင်းပန်ကြသည် တတန်-

သို့လျှင် နိဗ္ဗာနဒီပနီကို စီရင်ရေးသား သနား ချီးမြှင့် ပါမည့်အကြောင်းနှင့် ၃ ကြိမ် ၃ တန် တောင်းပန်တိုက်တွန်းအပ်သည် ဖြစ်၍ ၁၂၆၁-ခုနှစ်အတွင်း

www.dhammaransi.com



မုံရွာမြို့အနီး လယ်စည်ရွာ တိုက်သူကြီး တည်ထောင်ဆောက်လုပ် တင်လှူ အပ်သော ရင်းလယ်စည်ရွာ ဓမ္မိကာရာမတိုက် ဓမ္မနန္ဒ ကျောင်းတွင် စာသင်သံဃာ ပရိသတ် အများနှင့်တကွ သီတင်းဝါ ကပ်ဆိုနေထိုင်ခိုက်ဖြစ်သော မုံရွာမြို့ **လယ်တီတောရ ကျောင်းဆရာ** ငါသည် ပါဠိ, အဋ္ဌကထာ, ဋီကာ-ကျမ်းဂန်တို့မှ **အနုမာန** မှန်းဆ၍ ရအပ်, သိအပ်သော သဘောယုတ္တိကို ထင်စွာပြလျက် **နိဗ္ဗာနဒီပနီ** ကိုစီရင်ရေးသား ပေအံ့သတည်း။

၁။ သင်္ခေပကဏ္ဍ။

၂။ ဝိတ္ထာရကဏ္ဍ

၃။ နာနာဂန္ထ နာနာဝါဒဝိသောဓနကဏ္ဍ။

ဤသို့ ၃ ကဏ္ဍ လာလတ္တံ့၊ ထို ၃ ကဏ္ဍတွင်-

၁။ သင်္ခေပကဏ္ဍမှာ ပါဠိပါဌ်သား အကိုးအကား မပါစေဘဲ သင်္ဂြိုလ် ကျမ်းမှာ လာရှိသည့်အတိုင်း မြန်မာသက်သက်နှင့် ကွက်ကွက် ကွင်းကွင်း ရှင်းလင်းစွာ သိသာထင်ရှားရုံမျှ ပြဆိုမည်။

၂။ ဝိတ္ထာရကဏ္ဍ-မှာ ပါဠိတော်ရင်း သက်သက်ကို အနက်အဓိပ္ပာယ်နှင့် တကွ ပြဆိုမည်။

၃။ တတိယကဏ္ဍ-မှာ ကျမ်းဂန်ဝါဒ အထူးထူး, ယခု နောက်ဖြစ်အာစရိယ ဝါဒ အထူးထူးတို့ကို ပြဆိုရှင်းလင်းမည်။

**အဘိယာစကာနှင့် ပဋိညာဉ်ပြီး၏။**

* * * * *

## သင်္ခေပကဏ္ဍ

### ၃ ပုဒ်ထွက်အနက်အဓိပ္ပာယ်

သင်္ခေပကဏ္ဍ၌ သင်္ဂြိုလ်ကျမ်းမှာ-

၁။ လောကုတ္တရသင်္ခါတံ လောကုတ္တရာ ဟူ၍ ဟောတော်မူအပ် ထသော၊

၂။ စတုမဂ္ဂဉာဏေန၊ ၄ ပါးသောမဂ်ဉာဏ်ဖြင့်။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက် ပြုအပ်ထသော။

www.dhammaransi.com



၃။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏၊ အာလမ္ဗနဘူတံ၊ မှီရာ, တွယ်ရာ အာရုံဖြစ်၍ ဖြစ်အပ်ထသော။

နိဗ္ဗာနံပန၊ နိဗ္ဗာန်ကိုကား။ ဝါနသင်္ခါတာယ၊ ဝါန ဟုဆိုအပ်သော။ တဏှာယ၊ တဏှာ ၃ ပါး၏ နယ်မှ။ နိက္ခန္တတ္တာ၊ ထွက်မြောက် ကျွတ်လွတ်ပေသည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ ဤ၌-

၁။ "လောကုတ္တရသင်္ခါတံ" ဟူသော ပါဌ်ဖြင့် နိဗ္ဗာန်သည် ပညတ်မဟုတ်၊ ပရမတ် အစစ်အမှတ် ဖြစ်ကြောင်းကို ပြဆိုတော်မူပေသည်။

ပြဆိုပုံကား. . . လောကုတ္တရ၊ လောကကို လွန်သော နိဗာန်ဆိုလိုသည်၊ ပညတ်မည်သည် လူတို့၏ ခေါ်ဝေါ်သမုတ်မှုနှင့် ဖြစ်ရသောကြောင့် လောကကို လွန်ခြင်းငှာ မထိုက်လေ။ ထိုကြောင့် လောကုတ္တရာဆိုလျှင် ပညတ်မဟုတ်၊ ပရမတ်သာဖြစ်သည်ဟု သိအပ်ပေသတည်း။ ။ ပရမတ် အစစ်အမှန် ဖြစ်ပုံကား နောက်၌ ထင်ရှားလတ္တံ့။

(ဤကား ပဌမပါဌ်ဖြင့် ပြဆိုချက်တည်း။)

၂။ "စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ' ဟူသော ပါဌ်ဖြင့် နိဗ္ဗာန်သည် မဂ်ဉာဏ်နှင့် ကွာလှသော ဗာလပုထုဇဉ် သတ္တဝါတို့၏ အရာပင် မဟုတ်၊ မဂ်ဉာဏ်ကို ရသော ပုဂ္ဂိုလ်တို့၏သာ အရာဖြစ်ကြောင်းကို ပြဆိုသော် မူပေသည်။ ။ဗာလပုထုဇဉ် သတ္တဝါတို့၏ အရာမဟုတ်ပုံကား လောက၌ နေ, လ, နက္ခတ် တာရာတို့၏ ရှိ, မရှိကို ပြောဆိုရာ ဆိုစကားသည် သူကန်းတို့၏ အရာမဟုတ်၊ သူကန်းတို့ မမြင်အပ်သည့်အတွက်နှင့် နေ, လ, နက္ခတ်, တာရာ တို့ကို မရှိ ဟူ၍ မယူအပ်ကုန်။

နေ၏ သဏ္ဌာန်ကား- ဤသို့တည်း။

လ၏ သဏ္ဌာန်ကား- ဤသို့တည်း။

နေ၏အရောင်အဝါကား- ဤသို့တည်း။

လ၏အရောင်အဝါကား- ဤသို့တည်း။

ဟု သူကန်းတို့က ပြောဆိုကြသော်လည်း ထိုစကားသည် ရယ်ဘွယ်သာ ဖြစ်၏။ ထို့အတူ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စ သမုပ္ပါဒ် တို့၌ဉာဏ်အမြင်မရှိသော ပုထုဇဉ်သည် ဗလာပုထုဇဉ် မည်၏။ ။နိဗ္ဗာန်သည် ဗာလပုထုဇဉ်တို့၏ အရာမဟုတ်။

(အထက် ဥပမာအတိုင်း အကျယ် ဆိုလေ)

www.dhammaransi.com



[ဤကား နိဗ္ဗာန်၏ ဗာလာပုထုဇဉ်တို့၏ အရာမဟုတ်ပုံတည်း။ ထိုသို့ အရာမဟုတ်သည်ကို “စတုမဂ္ဂဉာဏေန” ဟူသောပါဠိဖြင့် ပြဆိုတော်မူပေသည်။]

“သစ္ဆိကာတဗ္ဗံ” ဟူသောပါဠိဖြင့် ကလျာဏပုထုဇဉ်တို့အား အနုမာန အားဖြင့် နိဗ္ဗာန်တရား ထင်ရှားရှိကြောင်းကို ပြဆိုတော်မူပေသည်။

ပြဆိုပုံကား- ဤသို့သော တရားသည် ဧကန္တရှိ၏ဟု ရှေးအဖို့၌ အနုမာန အားဖြင့် သိရမှသာ ထိုတရားကို မျက်မှောက်ပြုခြင်းငှာ အားထုတ်ကြကုန်သည်၊ အားထုတ်ကြကုန်မှာသာ မျက်မှောက်ပြုကြရကုန်သည်။ ။ ထို့ကြောင့် အရိယာ မဖြစ်မီ ရှေးအဖို့၌ နိဗ္ဗာန်၏ အခြင်းအရာကို အနုမာနအားဖြင့် သိခြင်းအမှုရှိပြီဟု သိအပ်လေသတည်း။ ။ ရှေးအဖို့၌ အနုမာနမျှသော်မှ မသိရသည့်ရှိသော် မျက်မှောက်ပြုခြင်းငှာ အဘယ်သူ အားထုတ်ချိမ့်နည်း၊ အားမထုတ်ခဲ့လျှင် မျက်မှောက်ပြုမှု ဟူ၍ အဘယ်မှာ ရှိချိမ့်နည်း၊ မျက်မှောက်ပြုမှုရှိခဲ့လျှင် ရှေးအဖို့၌ အနုမာန အားဖြင့် ထိုတရားကို သိမှုဧကန်ရှိတော့သည်သာတည်း ဟူလိုသည်။

(ဤကား ဒုတိယပါဠိဖြင့် ပြဆိုချက်တည်း။)

၃။ “မဂ္ဂဖလာန မာလမ္ဗန ဘူတံ” ဟူသော ပါဠိဖြင့် နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိကာမျှမဟုတ်၊ အတုမရှိသော တန်ခိုးအာနုဘော် ရှိကြောင်းကို ပြဆိုတော်မူပေသည်။

ပြဆိုပုံကား- အလွန် တန်ခိုးအာနုဘော် ကြီးလှသော နိဗ္ဗာန်ကို အာရုံပြုရ၊ မှီတွယ်ရသောကြောင့်သာ မဂ်တို့သည် မဂ်ကိစ္စကို ပြီးစေနိုင်ကုန်သည်၊ ဖိုလ်တို့သည် ဖိုလ်ကိစ္စကို ပြီးစေနိုင်ကုန်သည်။

ဥပမာကား. . . တစ်ခုသောရွာ၌ ရွာသူကြီးသည် ရှိ၏၊ ခိုးမျိုးကြီးတစ်ယောက် လည်းရှိ၏။ ထိုခိုးမျိုးကြီးသည် ခိုးသားအများနှင့်တကွ ထိုရွာနေ လူတို့ကို အနိုင်အထက် လုယက်ဖျက်ဆီး၏၊ ရွာလူကြီးလည်း မိမိ အသက်ကိုပင် ကြောင့်ကြလျက် နေရ၏၊ တစ်ရံရောအခါ ရွာသူကြီးသည် ပြည့်ရှင်မင်းကြီးအား ခစားလေ၏၊ မကြာမီ မြို့ဝန်အရာကို ရလေ၏၊ ခိုးသားအများနှင့် တကွ ခိုးမျိုးကြီးကို အဆုံးစီရင်လေ၏။

ရွာနှင့်တစ်ယောက်သောသူ၏ ခန္ဓာကိုယ်တူ၏၊ ရွာသူကြီးနှင့် ပညာစေတသိက် တူ၏၊ ခိုးမျိုးကြီးနှင့် ဝိဇ္ဇာ-မောဟ တူ၏။ ခိုးသားအများနှင့် တစ်ထောင့်ငါးရာ ကိလေသာစုတူ၏။ ပြည့်ရှင်မင်းကြီးနှင့် အသင်္ခတ မဟာနိဗ္ဗာန် တူ၏၊ ပြည့်ရှင်မင်းကြီးထံ မရောက်သေးသော ရွာသူကြီးနှင့် ပုထုဇဉ်သန္တာန်မှာရှိသော ပညာစေတသိက် တူ၏၊ ပြည့်ရှင်မင်းကြီးထံသို့ရောက်၍ ခစား၍ မြို့ဝန်အရာကို ရသော

www.dhammaransi.com



ရှာသူကြီးနှင့် လောကုတ္တရာ မဂ်ပညာ တူ၏၊ ခိုးသားအများနှင့်တကွ ခိုးမှူးကြီးကို အဆုံးတိုင် သတ်လေသည်နှင့် မဂ်ဉာဏ်၏ အဝိဇ္ဇာနှင့်တကွသော ကိလေသာတို့ကို ပယ်ရှားမှုတူ၏။

(ဤကား တတိယပါဌ်ဖြင့် ပြဆိုချက်တည်း။)

၁။ လောကုတ္တရသဒ်ိတံ။ ၂။ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ။

၃။ မဂ္ဂဖလာနမာလမ္ဗဘူတံ - ဤ ၃ ပုဒ်မှ ထွက်သော

အနက်အဓိပ္ပာယ်ကို ပြဆိုချက် ပြီး၏။

*****

## သဥပါဒိသေသ, အနုပါဒိသေသ နိဗ္ဗာန်

သဂြိုလ်ကျမ်းမှာ-

တဒေဝ၊ ထိုနိဗ္ဗာန်သည်ပင်လျှင်။ သဘာဝတော၊ သန္တိလက္ခဏာ ဟုဆိုအပ်သော သဘောအားဖြင့်။ ဧကဝိဓမ္ပိ၊ တစ်ပါးအဖို့ ရှိငြားသော်လည်း။ ကာရဏပရိယာယေန၊ ၂ ပါးဆိုရန် အကြောင်းအမြွက်အားဖြင့်၊ သဥပါဒိသေသနိဗ္ဗာနဓာတုစ၊ သဥပါဒိသေသ နိဗ္ဗာနဓာတ်လည်းကောင်း။ အနုပါဒိသေသနိဗ္ဗာနဓာတုစ၊ အနုပါဒိသေသ နိဗ္ဗာနဓာတ် လည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ ၂ ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဟူသောစကား၌-

သန္တိလက္ခဏာ ဟုဆိုအပ်သော သဘောအားဖြင့် တစ်ပါးသော ဟူရာ၌ ကိလေသာတို့၏ လည်းကောင်း, ခန္ဓာတို့၏ လည်းကောင်း နောင်တစ်ဖန်ဖြစ်ပေါ်ခြင်း မရှိသောအားဖြင့် အကြွင်းအကျန်မရှိ ပျောက်ကွယ်ချုပ်ငြိမ်းခြင်း သဘောသည် သန္တိလက္ခဏာလည်း မည်၏၊ သန္တိသဘောလည်း မည်၏။

ဤစကား၌ အကြွင်းအကျန်ရှိ ဆိုသည်ကား သောတာပတ္တိ မဂ်မှာ ချုပ်သော သက္ကာယဒိဋ္ဌိသည် အကြွင်း အကျန်မရှိ ချုပ်၏ ထိုစိတ်သန္တာန်ဝယ် သက္ကာယဒိဋ္ဌိ ဆို၍ နောင်ဖြစ်ပေါ်လာရန် အကြွင်းအကျန် မရှိပြီ ဆိုလိုသည်။ ။[ဝိစိကိစ္ဆာ ချုပ်မှုမှာလည်း ဤနည်းတူ။]

ဤသို့လျှင် နောင်ဖြစ်ပေါ်လာရန် အကြွင်းအကျန် မရှိသောအားဖြင့် တစ်ခုတစ်ခုသော တရား၏ ချုပ်ငြိမ်းမှုကို အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်း ဆိုသည်။

ချုပ်ဆိုသည်မှာလည်း ဘင်ချုပ်, မရဏချုပ်, အနိစ္စချုပ် တို့ကို ဆိုသည်မဟုတ်၊

www.dhammaransi.com



ဖြစ်ပေါ်မှုတူသော "ဥပါဒ်ဇာတိ" ကင်းလွတ်၍ သွားသည်ကိုဆိုသတည်း။ ။ ဘင်ချုပ်, မရဏချုပ်, အနိစ္စချုပ်တို့နှင့် နိဗ္ဗာန်ချုပ်ကို ခြားနား၍ထား။ ။ ချုပ်ဆိုသည်နှင့် ငြိမ်းဆိုသည်ကား- အတူတူ။ ။ ထိုအသင်္ခတဓာတ်မြတ်သော "သန္တိလက္ခဏာ" မဟာနိဗ္ဗာန်ကြီး တစ်ခု တည်းကိုပင်လျှင်-

၁။ သဉပါဒိသေသ - ဟူသောအမည်,

၂။ အနုပါဒိသေသ - ဟူသောအမည်-

၂ ပါးနှင့် ခေါ်ဝေါ်ရသည်။

မေး။ ။ အဘယ့်ကြောင့် ထိုအသင်္ခတဓာတ် မြတ်သော သန္တိလက္ခဏာ မဟာနိဗ္ဗာန်ကြီးကို သဉပါဒိသေသ အမည်နှင့် ခေါ်ဝေါ်ရလေသနည်း ဆိုပြားအံ့။

ဖြေ။ ။ ဤလောက၌ တစ်ယောက်သော သူ၏ ကိုယ်မှာ အမြစ်နာပေါင်း လုံးရေ တစ်ထောင့်ငါးရာ တစ်ပြိုင်နက် ပေါက်လေ၏၊ ဝိဇ္ဇာမယဓာတ်ဆေးနှင့် တစ်ကြိမ် သုတ်လိမ်းလေရာ ၄ စု ၁ စု မျှသော အနာတို့ သည် အမြစ်နှင့် တကွ ပျောက်ငြိမ်းလေကုန်၏။ ဒုတိယ တစ်ကြိမ် သုတ်လိမ်းပြန်ရာ ထို့အတူ တစ်စု တစ်ပုံသော အနာတို့သည် ပျောက်ငြိမ်းကုန်၏။ တတိယ တစ်ကြိမ် သုတ်လိမ်းပြန်ရာ ထို့အတူ တစ်စုတစ်ပုံသော အနာတို့သည် ပျောက်ငြိမ်းကုန်၏၊ စတုတ္ထအကြိမ် သုတ်လိမ်းပြန်ရာ အကုန်အစင်ပျောက်ငြိမ်းလေကုန်၏၊ အမာရွတ်တစ်ခုမျှမရှိ၊ မိမွေးတိုင်း, ဘမွေးတိုင်း တည်လေ၏။ ။ (ဥပမာ)

ဤဉပမာ၌-

အနာမှာ ဤကား တစ်လုံး, ဤကား တစ်လုံးဆိုရန် ဒြပ်သဏ္ဌာန် အသီးအသီး ခြားနားလျက် ရှိကြသည်ဖြစ်၍ အနာလုံးရေပေါင်း တစ်ထောင့်ငါးရာ အရေအတွက် အများအပြား ဆိုရသည်။

အနာပျောက်ငြိမ်းမှုမှာ ဤကား. . . တစ်ခု, ဤကား. . . တစ်ခုဆိုရန် ဒြပ်သဏ္ဌာန်မရှိပြီ၊ ထို့ကြောင့် ဒြပ်သဏ္ဌာန်ရှိသော အနာလုံးသာ ၁ ခု၊ ၂ ခု၊ ၃ ခု စသည်ဖြင့် တစ်ထောင့်ငါးရာတိုင်အောင် အရေအတွက် အများအပြားရှိလေသည်။

ဒြပ်သဏ္ဌာန်မရှိသော ပျောက်ငြိမ်းမှုမှာ အနာလုံး တစ်ထောင့်ငါးရာတို့၏ ပျောက်ငြိမ်းမှုသည် တစ်ခုသာ ဖြစ်၏။

မေး။ ။ အနာဒြပ် အသီးသီးများပြားလျက်ရှိသောကြောင့် ပျောက်ငြိမ်းမှု

www.dhammaransi.com



သည် တစ်ခုသာ ဖြစ်၏။

ဖြေ။ ။ အနာမှ တစ်လုံးတစ်လုံးခြားနားရန် အနာစွန်း, အနာစ အသီးအသီး တင်းလင်းရှိသည်ဖြစ်၍ ၁ လုံး၊ ၂ လုံး၊ ၃ လုံး စသည် များပြား ရန်သကဲ့သို့ ပျောက်ငြိမ်းမှုမှာ အစွန်း, အစ, တင်းလင်းရှိပါသလော၊ ပျောက်ငြိမ်းမှု အများအပြား ဖြစ်ရလေအောင် အသီးအသီးသော ပျောက်ငြိမ်းမှု, အမြိတ်, တင်းလင်းကို ပြဆိုနိုင်မည်လော။ ။ အနာလုံးတို့၏ အစွန်း, အမြိတ်တို့သည် ပျောက်ငြိမ်းမှု၏ အစွန်း အမြိတ်မဟုတ်ကြပေကုန်၊ အနာနှင့် အနာပျောက်ငြိမ်းမှုသည် စကားမှုသာ ရောနှော၍ ပြောကြရသည်၊ သဘောမှာ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ကြီး ဖြစ်ကြ၏။

စကား အပြောမှာ ရောနှော ဖက်စပ်၍ နေသည့် အတွက် ဉာဏ်ယောင်၍ နေတတ်၏၊ ထိုအနာရှိနေသမျှကို ထိုအနာပျောက်ငြိမ်းမှု မရှိနိုင်၊ ထိုအနာ ပျောက်ငြိမ်းမှုပေါ်ရောက်လျှင် ထိုအနာမရှိနိုင်။ သဘောချင်းကွာလှမ်းကြပုံ ခြားနား၍ မြင်နိုင်ခဲ့စွ။

အနာကား "သနိမိတ္တ" တရားပေတည်း။ (သဏ္ဌာန်, နိမိတ်, အစွန်းရှိသော တရားဆိုလိုသည်။)

အနာပျောက်ငြိမ်းမှုကား "အနိမိတ္တ" တရားပေတည်း။ (သဏ္ဌာန်, နိမိတ်, အမြိတ်, အစွန်းမရှိသေညာ တရားဆိုလိုသည်။)

ထို့ကြောင့် အနာလုံးမှာ သာအရေအတွက် များပြားသည်၊ ပျောက်ငြိမ်းမှုမှာ တစ်ခုသာဟု မှတ်ရမည်။

ထိုသူ၏ကိုယ်မှာ ထိုအခါ တစ်ပြိုင်နက် ပေါက်ကြသော အနာတို့၏ ပျောက်ငြိမ်းမှုသည်သာ တစ်ခုသက်သက် မဟုတ်သေး၊ ထိုသူ၏ ကိုယ်မှာ ယခုဘဝတွင် ပေါက်ပြီးသောအနာ, ပေါက်လတ္တံ့သောအနာတို့၏ ပျောက်ငြိမ်းမှုသည်လည်း တစ်ခုတည်းသာတည်း၊ ထိုသူအား အနမတဂ္ဂ ဘဝအဆက်ဆက်တို့၌ ပေါက်ပြီး, ပေါက်ဆဲ, ပေါက်လတ္တံ့ သော အနာတို့၏ အဆက်ဆက်တို့၌ ပေါက်ပြီး, ပေါက်ဆဲ, ပေါက်လတ္တံ့သော အနာတို့၏ ပျောက်ငြိမ်းမှုသည်လည်း တစ်ခုတည်းသည်တည်း၊ ထိုသူ၌ ပေါက်သော အနာတို့၏ ပျောက်ငြိမ်းမှုသည်သာ တစ်ခုတည်းမဟုတ်သေး၊ တစ်ရာသော သူတို့၌ တစ်ထောင်သောသူတို့၌, တစ်သောင်း, တစ်သိန်း, တစ်ကုဋေ အသချေသော သူတို့၌ ပေါက်သော အနာတို့၏ ပျောက်ငြိမ်းမှုသည်လည်း တစ်ခုတည်းသာတည်း။

လူဖြစ် သဏ္ဌာန်, အနာဖြစ် သဏ္ဌာန်တို့ကား "သနိမိတ္တ" တရား

www.dhammaransi.com



တို့ပေတည်း။ (၂ ခု၊ ၃ ခု၊ ၄ ခု စသည် အရေအတွက်များပြားရန် သဏ္ဌာန်, နိမိတ်, အမြိတ်, အစွန်းရှိသောတရားတို့ ဆိုလိုသည်။)

ပျောက်ငြိမ်းမှုမူကား "အနိမိတ္တ" တရားပေတည်း။ (၂ ခု၊ ၃ ခု စသည် ဆိုရန်၊ သဏ္ဌာန်, နိမိတ်, အစွန်းရှိသော တရားမဟုတ် ဆိုလိုသည်။)

လောက၌ အနာတို့၏ ပျောက်ငြိမ်းမှု ဟူသော သက်သာရာကြီး တစ်ခုသည် ဧကန္တရှိ၏။ ။ လောက၌ အနာပေါက်၍ ဆင်းရဲဒုက္ခ ရောက်ကြကုန်သောသူတို့သည် ထိုသက်သာရာကြီးကို အားကိုး၍ ထိုသက်သာရာကြီးသို့ ရောက်တည့်ပါစေခြင်းငှာ ဆေးဝါးကို မှီဝဲကြကုန်၏၊ ပျောက်ချိန်ကျလျှင် ထိုသက်သာရာကြီးသို့ရောက်ကြကုန်၏၊ ပျောက်ငြိမ်းကြကုန်၏၊ ထို့ကြောင့်လောက၌ အနာတို့၏ ပျောက်ငြိမ်းမှု ဟူသော ခိုရာ, ကိုးရာ သက်သာရာကြီးတစ်ခုသည် ဧကန္တရှိ၏ ဟူ၍သာ မှတ်ရမည်၊ "အနိမိတ္တဓမ္မ" ဖြစ်ပေ၍ ထိုအနာပျောက်ငြိမ်းမှုကို ၂ ခု၊ ၃ ခု စသည် အများအပြား မမှတ်အပ်၊ အနာရှိသူ လူဒြပ်များပြားတိုင်း၊ အနာဒြပ်များပြားတိုင်း ပျောက်ငြိမ်းမှုကိုလည်း အများအပြား ထင်မိတတ်သည်၊ အနာဒြပ်နှင့် အနာပျောက်ငြိမ်းမှုသည် အလွန်ဆန့်ကျင်ဘက်ကြီးဖြစ်ကြ၏၊ ရောနှော၍ ရကောင်းသော တရားချင်း မဟုတ်ကြ၊ စကားမှာသာ ရောနှောဖက်စပ်၍ ပြောကြရသည်။

မီးဘေးနှင့် မီးဘေး၏ငြိမ်းမှု ရေဘေးနှင့် ရေဘေး၏ငြိမ်းမှု အစရှိသည်တို့၌လည်း ဤနည်းအတိုင်း ရှင်းလင်းကြလေ။ ။ အနာရောဂါနှင့် အနာရောဂါ၏ ပျောက်ငြိမ်းမှုကိုမှ ခြားနား၍ မမြင်နိုင်သောသူသည် နိဗ္ဗာန်စကားမှာ ဝေးကွာလှ၏။

[ဤကား "သဉပါဒိသေသနိဗ္ဗာန်" ကို ပြဆိုလို၍ ထုတ်လိုက်သော ဥပမာစကားတည်း။]

(၁) သောတာပတ္တိမဂ်သို့ အဆိုက်တွင် ၂၀ သော သက္ကာယဒိဋ္ဌိ၊ ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိ၊ ၁၀ ပါးသော အန္တဂ္ဂါဟိကဒိဋ္ဌိ၊ ၃ ပါးသောနိယတမိစ္ဆာဒိဋ္ဌိကြီး၊ ၈ ပါးသော ဝိစိကိစ္ဆာ၊ ၁၆ ပါးသော ဝိစိကိစ္ဆာတို့သည် တစ်ပြိုင်နက် တစ်ချက်တည်း အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြလေကုန်၏။

(၂) သကဒါဂါမိမဂ်သို့ အဆိုက်တွင် ရုန့်ရင်းသော ကာမရာဂ, ဗျာပါဒ တရားတို့သည် တစ်ပြိုက်နက် တစ်ချက်တည်း အကြွင်းမဲ့ ချုပ်ငြိမ်းကြလေကုန်၏။

(၃) အနာဂါမိမဂ်သို့ အဆိုက်တွင် သိမ်မွေ့သော ကာမရာဂ, ဗျာပါဒ တရားတို့သည် တစ်ပြိုင်နက် တစ်ချက်တည်း အကြွင်းမဲ့ ချုပ်ငြိမ်းကြလေကုန်၏။

www.dhammaransi.com



(၄) အရဟတ္တမဂ်သို့ အဆိုက်တွင် ရူပရာဂ, အရူပရာဂ, မာန, အဝိဇ္ဇာ အစရှိသော အလုံးစုံသော ကိလေသာတို့သည် တစ်ပြိုင်နက် တစ်ချက်တည်း အကြွင်းအကျန် မရှိ ချုပ်ငြိမ်းကြလေကုန်၏။

**(ဤကား ကိလေသာတို့၏ ချုပ်ငြိမ်းပုံတည်း။)**

(၁) သောတာပတ္တိမဂ်သို့ အဆိုက်တွင် နောင်ဖြစ်လတ္တံ့သော အပါယ်ဇာတိမျိုး အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ၏၊ ကာမသုဂတိ ၇ ဘုံမှာလည်း ၇ ဘဝမှ နောက်ဖြစ်လတ္တံ့သော ကာမဇာတိမျိုး အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ၏။

(၂) သကဒါဂါမိမဂ်သို့ အဆိုက်တွင် ကာမသုဂတိ ၇ ဘုံမှာ ၂ ဘဝမှ နောက်ဖြစ်လတ္တံ့သော ကာမဇာတိမျိုး အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ၏။

(၃) အနာဂါမိမဂ်သို့ အဆိုက်တွင် ကာမဇာတိ အကုန်ချုပ်ငြိမ်းလေ၏။

(၄) အရဟတ္တမဂ်သို့ အဆိုက်တွင် ယခုဘဝ ခန္ဓာသာ ကျန်ရှိလေ၏၊ ရူပဇာတိ, အရူပဇာတိအကုန် ချုပ်ငြိမ်းလေ၏။

**(ဤကား မဂ် ၄ ကြိမ်အဆိုက်တွင် ကိလေသာတို့၏ ၄ ကြိမ် ၄ ခါ ချုပ်ငြိမ်းပုံ, ဇာတိခန္ဓာတို့၏ ၄ ကြိမ် ၄ ခါ ချုပ်ငြိမ်းပုံကို ပြဆိုသော အခန်းတည်း။)**

အထက်၌ ထုတ်ပြခဲ့ပြီးသော အမြစ်နာလုံးရေ တစ်ထောင့်ငါးရာတို့ကို ၄ ပုံ ၄ စုပြု၍ ၄ ကြိမ် ၄ ခါ အနာပျောက်ငြိမ်းမှုနှင့် မဂ် ၄ ကြိမ် အဆိုက်မှာ တစ်ထောင့်ငါးရာ ကိလေသာတို့ကို ၄ ပုံ ၄ စု ပြု၍ ၄ ကြိမ် ၄ ခါ ကိလေသာချုပ်ငြိမ်းပုံများကို စေ့စုံစွာ စပ်ဟပ်နှိုးနှော၍ သိလေ။

၁။ ပထမအကြိမ်တွင် ကိလေသာတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှု။

၂။ ဒုတိယအကြိမ်တွင်. . . ချုပ်ငြိမ်းမှု။

၃။ တတိယအကြိမ်တွင်. . . ချုပ်ငြိမ်းမှု။

၄။ စတုတ္ထအကြိမ်တွင်. . . . အချုပ်ငြိမ်းမှု။

၅။ ထို့အတူ ဇာတိခန္ဓာတို့၏ ၄ ကြိမ် ၄ ခါ ချုပ်ငြိမ်းမှု။

ဤချုပ်ငြိမ်းမှု အလုံးစုံသည် တစ်ခုသော "အသင်္ခတ မဟာနိဗ္ဗာန်ကြီး" တစ်ပါးတည်းသာတည်း၊ ကိလေသာ, ခန္ဓာတို့ကား အများအပြား တို့ပေတည်း၊ ကိလေသာ, ခန္ဓာတို့မှာ သဏ္ဌာန်, နိမိတ်, အမြိတ်, အစွန်း အသီးအသီး ရှိကြကုန်သော

www.dhammaransi.com



"နိမိတ္တ" တရားတို့ ဖြစ်ကြကုန်၍ ၁ ခု, ၂ ခု, ၃ ခု, ၄ ခု, ၅ ခု စသည် အရေအတွက် များပြားကြကုန်၏။ ထိုတရားတို့၏ ချုပ်ငြိမ်းမှုမှာ သဏ္ဌာန်, နိမိတ်, အမြိတ်,အစွန်း မရှိသော "အနိမိတ္တ" တရားမျိုးဖြစ်ပေ၍ ၂ ခု ၃ ခု ပြားမှု မရှိပေ၊ ထိုကိလေသာ, ခန္ဓာတို့နှင့် ထိုကိလေသာ, ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည် ဆန့်ကျင်ဘက်ကြီးဖြစ်ကြသည်။

မီးနှင့်ရေသည် ရောနှောနိုင်ရာသေး၏၊ ကိလေသာ, ခန္ဓာတို့နှင့် ချုပ်ငြိမ်းမှုသည် ရောနှောနိုင်သော အခွင့်မရှိ၊ ကိလေသာ, ခန္ဓာ တင်းလင်းရှိလျှင် ထိုကိလေသာ, ခန္ဓာတို့၏ ချုပ်ငြိမ်းမှု မရှိနိုင်၊ ထိုကိလေသာ,ခန္ဓာတို့ မလာနိုင်ကြကုန်ပြီ။

ဤသို့ အနာတို့နှင့် အနာပျောက်ငြိမ်းမှုသကဲ့သို့ ကိလေသာ ခန္ဓာ
တို့နှင့် ကိလေသာ, ခန္ဓာ ချုပ်ငြိမ်းမှုကို ကွဲပြား ခြားနားအောင် ကြံကြလေ။

အနမတဂ္ဂ သံသရာနှင့်အမျှ ထိုကိလေသာ, ခန္ဓာတို့၏ ချုပ်ငြိမ်းမှု ဟု ဆိုအပ်သော ခိုရာ, ကိုးရာ, သက်သာရာ စခန်းကြီးတစ်ပါးသည် ဧကန္တ ရှိ၏၊ သောတာပန္နာမဂ်သို့ ဆိုက်လျှင် အချို့သောကိလေသာ, အချို့သောခန္ဓာတို့၏ ချုပ်ငြိမ်းမှုသို့ ဧကန္တဆိုက်ရောက်လေ၏၊ ဒိဋ္ဌိ, ဝိကိစ္ဆာတို့၏ ချုပ်ငြိမ်းမှု, အပါယ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုကို ဧကန္တရလေ၏၊ တစ်ကြိမ် ရောက်ပြီး, ရပြီးသော ထို ဒိဋ္ဌိ ဝိစိကိစ္ဆာတို့၏ ချုပ်ငြိမ်းမှု, အပါယ်ဇာတိတို့၏ ချုပ်ငြိမ်းမှုသည် နောင်တစ်ဖန် သွေလှန်ဖောက်ပြန်ခြင်းမရှိပြီ၊ ချုပ်ငြိမ်းမြဲအတိုင်း နိစ္စ ဓုဝ ထာဝရ တည်လေတော့သည်။ နောက်နောက်မဂ်တို့မှာ ချုပ်ငြိမ်းရာ တို့၌လည်း ဤနည်းအတိုင်း သိလေ။

ကိလေသာ, ခန္ဓာတို့၏ ချုပ်ငြိမ်းမှု ဟူသော စကားတွင် ပါဝင်သော ကိလေသာ, ခန္ဓာတို့သည်ကား နောင်ဖြစ်ပေါ်ခြင်းမရှိကြ၊ ဖြစ်ပေါ်လာကြတော့မည် မဟုတ်သော အနာဂတ် ကိလေသာ, ခန္ဓာတို့ပေတည်း၊ ဥပါဒ် ဇာတိနှင့် ပေါ်ရှိကြလတ္တံ့သော ကိလေသာ, ခန္ဓာစု မဟုတ်ပေကုန်၊ မဂ် ၄ ကြိမ် ပယ်မှု, ၄ ကြိမ်ချုပ်မှု ၄ ကြိမ်ရှိသည် အားလျော်စွာ စကားကြိယာ၌သာ ကိလေသာ အထွေထွေ အလာလာ, ခန္ဓာ အထွေထွေ အလာလာ ဖန်တီး၍ ပြောကြရသည်၊ နောင်မဖြစ်လတ္တံ့သော ကိလေသာ, နောင်မဖြစ်လတ္တံ့သော ခန္ဓာတို့ကို ပြောဆိုသော အရာဖြစ်၍ သဏ္ဌာန်, နိမိတ်, အမြိတ်, အစွန်းနှင့်ဧ ကွ ဧကန္တရှိကြသော ကိလေသာ, ခန္ဓာစု မဟုတ်ကြလေပြီ။ ။ မြင်နိုင်ခဲစွ။

ဤမျှသော စကားရပ်တို့ဖြင့် မဂ် ၄ ကြိမ်အဆိုက်တွင် ၄ ကြိမ်ဆိုက်ရောက်ရသော ချုပ်ငြိမ်းမှု ဟူသော နိဗ္ဗာန်သည် ဧကန္တအားဖြင့် တစ်ပါးတည်းသာတည်း၊ ပရိနိဗ္ဗာနစုတိ ကမ္မဇရုပ် ချုပ်လေပြီးနောက် ဆိုက်ရောက်သော နိဗ္ဗာန်နှင့်လည်း တစ်ခုတည်း တစ်သားတည်း တစ်ပါးတည်းသာတည်း ဟူသော အနက်သွားကို

www.dhammaransi.com



ထင်ရှာအောင် ပြလိုရင်းတည်း။

သဥပါဒိသေသ။ ။ ဤသို့လျှင် ခန္ဓာပရိနိဗ္ဗာန်နှင့်တကွ ၅ ထွေ, ၅ လီ ခွဲ၍ ၅ ကြိမ်, ၅ ခါ ချုပ်ငြိမ်းမှုအပြား ထင်ရှားနေသည်တွင် ရှေ့ ၃ ကြိမ်မှာ ကိလေသာ အချို့, ခန္ဓာအချို့ အကြွင်းအကျန်ရှိ၏။ စတုတ္ထအကြိမ်မှာ ကိလေသာ အကျန်မရှိ၊ ယခု ပစ္စုပ္ပန်ခန္ဓာ အကျန်ရှိ၏၊ ပဥ္စမအကြိမ်မှာ ယခုပစ္စုပ္ပန်ခန္ဓာပင် အကျန်မရှိပြီ၊ အရှေ့ ၄ ကြိမ် မှာ ထိုပုဂ္ဂိုလ်၏ သန္တာန်ဝယ်ကိလေသာအကျန်, ခန္ဓာအကျန်ရှိသေးသည်ကို အစွဲပြု၍ ထိုအခါကိလေသာတို့၏ ချုပ်ငြိမ်းမှု, အနာဂတ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုဟု ဆိုအပ်သော အသင်္ခတ မဟာနိဗ္ဗာန်ကြီးကို "သဥပါဒိသေသ" ဟုခေါ်ဆိုရလေသည်။

အနုပါဒိသေသ။ ။ ပဥ္စမအကြိမ်မှာ ထိုပုဂ္ဂိုလ်၏ သန္တာန် အကျန်အကြွင်း မရှိသည်ကို အစွဲပြု၍ ထိုအခါ အနာဂတ် ခန္ဓာတို့၏ ချုပ်ငြိမ်းမှု ဟု ဆိုအပ်သော ထိုအသင်္ခတမဟာနိဗ္ဗာန်ကြီးကိုပင်လျှင် "အနုပါဒိသေသ" ဟု ခေါ်ဆိုရလေသည်။

ဥပမာကား- တစ်ယောက်သောသူသည် တစ်ခုသော ဝင့်ဝိုပါက်ကြောင့် မြေကြီး၏ အတွင်းမှာ ဖြစ်ရလေ၏၊ ဝင့်ဝိုပါက် ကျွတ်လွတ်လိုလတ်သော် ရှေးဦးစွာ လည်ပင်းမှ အထက် ဦးခေါင်းလုံးလုံး မြေတွင်းမှ ပေါ်၍ကောင်းကင်အလင်းမှာ တည်လေ၏၊ ဒုတိယအကြိမ်မှာ ခါးမှ အထက်ပိုင်းလုံးလုံးပေါ်၍ ကောင်းကင် အလင်းမှာ တည်လေ၏၊ တတိယအကြိမ်မှာ ပူဆစ်ဒူးဝန်းမှ အထက်ပိုင်းလုံးလုံးပေါ်၍ ကောင်းကင်အလင်းမှာ တည်လေ၏၊ စတုတ္ထ အကြိမ်မှာ ခြေချင်းဝတ်မှ အထက်ပိုင်း လုံးလုံးပေါ်၍ ကောင်းကင်အလင်းမှာ တည်လေ၏၊ ပဥ္စမ အကြိမ်မှာ ခြေဖဝါးမှ စ၍ လုံးလုံး ကျွတ်လွတ်၍ မြေမျက်နှာအပြင် ကောင်းကင်ဟင်းလင်းမှာ တည်လေ၏။

ဤဥပမာ၌ ကောင်းကင်အလင်းသည် စကားကြိယာ၌ ၅ ကြိမ်, ၅ ခါ ပါရှိသော်လည်း တစ်ခုတည်းသာတည်း။

ဤအတူ သောတာပတ္တိမဂ်ခဏ၌ အချို့သော ကိလေသာ, အချို့သော အနာဂတ် ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသို့ ပေါက်ရောက်မှုသည် ထိုအခါမှ စ၍ နိဗ္ဗာန်သို့ ရောက်မှုပင်တည်း၊ ထိုအခါမှစ၍ နိဗ္ဗာန်ထဲသို့ တစ်ပိုင်း တစ်စိတ် အားဖြင့် ဝင်ပြီး, ပေါက်ပြီး, ရောက်ပြီး ဖြစ်သတည်း။

သောတာပတ္တိမဂ်ခဏ၌ ထိုပုဂ္ဂိုလ်သည် မိမိသန္တာန်မှာ ကိလေသာတို့၏ ချုပ်ငြိမ်းမှု, ခန္ဓာတို့၏ ချုပ်ငြိမ်းမှုကို ဧကန္တ ရ၏၊ ဧကန္တ ရောက်၏၊ ထိုကိလေသာ, ထိုခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည် ထိုပုဂ္ဂိုလ်၏ သန္တာန်မှာ ဧကန္တ ရှိ၏ ဟု မှတ်အပ်၏။

www.dhammaransi.com



ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကိလေသာ ၂ ခုတို့၏ ချုပ်ငြိမ်းခြင်းမျှကို နိဗ္ဗာန် မဆိုရသေး၊ အပါယ်ဇာတိ၏ ချုပ်ငြိမ်းခြင်းမျှကို နိဗ္ဗာန် မဆိုရသေး၊ ရ ဘဝမှ အထက်၌ အနာဂတ်ဇာတိတို့၏ ချုပ်ငြိမ်းခြင်းမျှကို နိဗ္ဗာန်မဆိုရသေး၊ ကိလေသာ အကုန်, ခန္ဓာအကုန် ချုပ်ငြိမ်းမှသာ နိဗ္ဗာန် ဆိုရသည် ဟု မှတ်ထင်၍ နေတတ်ကြ၏၊မဟုတ်။

ထို ၂ ပါးသော ကိလေသာ, ထိုအနာဂတ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည် ပရိနိဗ္ဗာန် စံသည်တိုင်အောင် ထိုပုဂ္ဂိုလ်၏ သန္တာန်မှာ အမြဲရရှိ၍ နေ၏၊ ချုပ်ငြိမ်းမှု ကွယ်ပျောက်ပြန်၍ ထိုပုဂ္ဂိုလ်သန္တာန်မှာ ဒိဋ္ဌိပေါ်လာပြန်သည်။ ဝိစိကိစ္ဆာ ပေါ်လာပြန်သည်၊ အပါယ်သို့ကျမည်ကို ကြောက်ရပြန်သည် ဟုမရှိပြီ။

သောတာပတ္တိမဂ် ခဏမှစ၍ ပယ်ပြီး, ချုပ်ငြိမ်းပြီးသော ကိလေသာ, ခန္ဓာတို့သည် တစ်ဖန်ပြန်ခြင်း မရှိကြကုန်ပြီ၊ ထိုချုပ်ငြိမ်းမှုသည် အမြဲ နိစ္စထာဝရ တည်လေတော့သည်၊ နောက်နောက်မဂ်တို့၌ ချုပ်ငြိမ်းမှု, ခန္ဓပရိ နိဗ္ဗာန်စံရာ၌ ချုပ်ငြိမ်းမှုတို့နှင့် တစ်ဆက်တည်း တစ်စပ်တည်း တစ်ပြင်တည်း တစ်ခုတည်းသာ ဖြစ်လေသည်၊ အနမတဂ္ဂသံသရာ၌ မဂ်,ဖိုလ် သို့ရောက်၍ ချုပ်ငြိမ်းကြကုန်သော ကိလေသာ, ခန္ဓာတို့၏ ချုပ်ငြိမ်းမှုတို့နှင့်လည်း တစ်ခုတည်းသာတည်း၊ အသီးအသီး ဆိုခဲ့ပါလျှင် အမြိတ်, အစွန်း ကိုယ်စီနှင့် ခြားနား၍ ပြပါလေ။

ဒီပင်္ကရာ ဘုရားသာသနာ၌ မဂ်, ဖိုလ် ကို ရကြကုန်သော သူတို့၏ကိလေသာ, ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည် ချုပ်ငြိမ်းမှုအနေအတိုင်း အစဉ်ထာဝရမြဲ၍ နေသော ကြောင့် နောက်အမြိတ်, အစွန်းသာ မရှိပါ၊ ရှေ့အမြိတ်, အစွန်းမှာမူကား ရှိပါ၏၊ ဒီပင်္ကရာ ဘုရားသာသာနာတွင် ထိုကိလေသာ, ခန္ဓာတို့၏ ချုပ်ငြိမ်းရာ ကာလမှအစ ဖြစ်ပါသည် ဆိုခဲ့အံ့။ ။ရောက်သောသူ, ရသောသူတို့၏ ရောက်မှု, ရမှုမှာသာအစ အစွန်းရှိသည်၊ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်မှာ အစအစွန်း ဟူ၍ မရှိ။

မရှိပုံကား. . . တစ်ခုသော အရပ်၌ အဆိပ်ပင်တစ်မျိုးသည် ရှိ၏၊ တစ်ပင် တစ်ပင်လျှင် အနှစ်တစ်ရာ တစ်ရာသာ အသက်ရှည်၏၊ တစ်ပင်သေမှ တစ်ပင်ပေါက်၏၊ အတိတ်ကာလ၌ နှစ်ပေါင်းလည်း မရေတွက်နိုင်ပြီ၊ အပင်အဆက်ဆက်ပေါင်းလည်း မရေတွက်နိုင်ပြီ၊ အနောက်အနာဂတ်ကာလ၌လည်း နှစ်ပေါင်း, အပင်အဆက်ဆက်ပေါင်း မရေတွက်နိုင်အောင် သွားလတ္တံ့သော အခွင့်၌ တည်လေ၏၊ တစ်ဦးသော ယောက်ျားသည် အဆိပ်ပင်၏ ဘေးအန္တရာယ်ကိုမြင်၍ အဆိပ်ပင်မျိုး ပြတ်စေခြင်းငှာ ထိုအခါ အနှစ် ၅၀ ရှိသော အဆိပ်ပင်မှာ တစ်ခုသော အဆိပ်စွယ်ကို ရိုက်နှက်လေ၏၊ ထိုနှစ်ဖြစ်လတ္တံ့သော အပွင့်အသီးတို့သည် မဖြစ်ကြကုန်ပြီ၊ ပွင့်မှု, သီးမှု ချုပ်ငြိမ်းလေ၏၊ အပွင့်, အသီး ချုပ်ငြိမ်းလေ၏၊

www.dhammaransi.com



အသီးမျိုးပြတ်လေ၏၊ ပွင့်မှု, သီးမှု မရှိ၍ အနှစ် ၅၀ နေ၍ သေဆုံးလေရာ ထိုအရပ်တွင် ထိုအဆိပ်ပင်မျိုး ပြတ်လေ၏၊ နောက် အဆက်ဆက် မရေတွက်နိုင် ဖြစ်လတ္တံ့သော အဆိပ်ပင်တို့သည် မဖြစ်လတ္တံ့သော အခွင့်သို့ ရောက်ကြလေကုန်၏၊ အဖြစ်ငြိမ်းကြလေကုန်၏။

ဤဥပမာ၌ ထိုနှစ်တွင် ဖြစ်လတ္တံ့သော အပွင့်, အသီးတို့၏ အဖြစ်ငြိမ်းခြင်း, နောင်အဆက်ဆက် မရေတွက်နိုင် ဖြစ်လတ္တံ့သော အပင်တို့၏ အဖြစ်ငြိမ်းခြင်း တို့သည်ကား အပွင့်သစ်, အသီးသစ်, အပင်သစ် အဆက်ဆက်တို့၏ ဖြစ်ပေါ်လာခြင်း မရှိသည်ကို ဆိုသတည်း၊ ဖြစ်ပေါ်လာခြင်းမရှိကလည်း ထိုအပွင့် ထိုအသီး ထိုအပင် တို့သည် အကယ်၍ ရှိကြသော အပွင့်, အသီး, အပင်တို့ မဟုတ်ကြကုန်ပြီ၊ စကား[၁] ကြိယာ၌ အသံမျှသာ ပါရှိကြလေကုန်သည်။

အဆိပ်စွယ် ရိုက်နှက်သောအခါ အပွင့်, အသီးကို ဖြစ်စေနိုင်သော အစေး အဆီ ခန်းခြောက်ကုန်ဆုံးရာတွင် ထိုအပွင့်သစ်, အသီးသစ်, အပင်သစ် အဆက်ဆက် တို့လည်း တစ်ချက်တည်း တစ်လုံးတည်း ကုန်ဆုံး ချုပ်ငြိမ်းကြလေကုန်၏၊ ထိုအပွင့်, ထိုအသီး, ထိုအပင် အဆက်ဆက်တို့နှင့် စပ်သော အပွင့်, အသီး, အပင် ဟူသော[၂] ဝေါဟာရပညတ်တို့သည်လည်း ထိုအပွင့်, အသီး, အပင်တို့ ကုန်ဆုံးချုပ်ငြိမ်းရာတွင် တစ်ချက်တည်း, တစ်လုံးတည်း ကွယ်ပျောက်ကြလေကုန်၏၊ ချုပ်ငြိမ်း ကွယ်လွန်ပြီးကို အစွဲပြု၍ အတိတ်သံနှင့် ပြောဆိုခွင့်ရှိကုန်၏။

ထို့အတူ ဒီပင်္ကရာ ဘုရားသာသနာ၌ မဂ်, ဖိုလ်ကို မရခဲ့လျှင် နောက်၌ ဖြစ်လတ္တံ့ ဟုဆိုအပ်သော ထိုကိလေသာ ထိုခန္ဓာ အဆက်ဆက်တို့သည်လည်း မဂ်ကိုရသည်နှင့် တစ်ပြိုင်နက် တစ်ချက်တည်း တစ်လုံးတည်း ချုပ်ဆုံး ကွယ်ပျောက်ကြ လေကုန်၏၊ ဖြစ်ပေါ်မှုငြိမ်းကြလေကုန်၏၊ ထိုကိလေသာထိုခန္ဓာတို့ကို အစွဲပြု၍ ဖြစ်ကြကုန်သော ပုဂ္ဂိုလ် ဟူသော ပညတ်, သတ္တဝါ ဟူသော ပညတ်, ကိလေသာ ဟူသော ပညတ်, ခန္ဓာ ဟူသော ပညတ် တို့သည်လည်း ထိုကိလေသာ, ထိုခန္ဓာတို့ ချုပ်ဆုံးရာတွင် တစ်လုံးတည်း ကွယ်ပျောက်ကြလေကုန်၏။

ချုပ်ငြိမ်း ကွယ်ပျောက်ပြီးကို အစွဲပြု၍ အတိတ်သံနှင့်သာ ပြောဆိုခွင့် ရှိကြကုန်၏၊ ထိုကလေသာ ထိုခန္ဓာတို့ကား ဓာတ်တစ်မျိုး၊ အဖြစ်ငြိမ်း၍ ချုပ်ငြိမ်းမှုကား ဓာတ်တစ်မျိုး၊ ပူလောင်မှု ဟူသော မီးဓာတ်နှင့်ချုပ်မှု ဟူသော အငြိမ်းဓာတ်သည်

---

၁၊ ကြိယာ - အပြုအမူ, အမူအရာ၊

၂၊ ဝေါဟာရပညတ် - အပြောအားဖြင့် သိအပ်သောခေါ်ဝေါ်မှု၊

www.dhammaransi.com



အလွန်ဆန့်ကျင်ဘက် ဖြစ်ကြသကဲ့သို့ ကိလေသာဓာတ်, ခန္ဓာဓာတ်တို့နှင့် အဖြစ်ရုပ်သိမ်းမှု ဟူသော အငြိမ်းဓာတ်သည် အလွန်လျှင် ဆန့်ကျင်ဘက်ကြီး ဖြစ်ကြ၏၊ ဓာတ်ချင်းချင်း ရောနှော၍မရ၊ နယ်ချင်းချင်း ရောနှော၍မရ၊ ကိလေသာနယ်, ခန္ဓာနယ်မှာ အငြိမ်းဓာတ်မရှိ၊ အငြိမ်းဓာတ်နယ်မှာ ကိလေသာ, ခန္ဓာမရှိ၊ ကိလေသာ, ခန္ဓာနှင့်စပ်သော ပညတ်တို့သည်လည်း အငြိမ်းဓာတ်သို့ မကူးကုန်။

အနမတဂ္ဂသံသရာဝယ် တစ်ဆူတစ်ဆူသော ဘုရားလက်ထက်၌ ၂၄ သင်္ချေနှင့် ဗိုလ်ခြေတစ်သိန်းမျှ အကျွတ်ရကြကုန်၏၊ တစ်သုတ်တစ်သုတ်လျှင် ၂၄ သင်္ချေနှင့် ကုဋေ ၆၀ ဗိုလ်ခြေတစ်သိန်းမျှ ချုပ်ငြိမ်းကြကုန်၏၊ ကာမ, ရူပ, အရူပ ဟူသော လောက ၃ ပါးမှ အမည်ပညတ်နှင့်တကွ ကျွတ်လွတ် ကွယ်ဆုံးကြလေကုန်၏။ အနမတဂ္ဂသံသရာ၌ တစ်သုတ်တစ်သုတ်လျှင် ၂၄ သင်္ချေနှင့် ကုဋေ ၆၀ ဗိုလ်ခြေတစ်သိန်းမျှ ချုပ်ငြိမ်းကြကုန်သော အသုတ်ပေါင်း, အကြိမ်ပေါင်း အသင်္ချေယျအနန္တရှိလေပြီ၊ ဤအနမတဂ္ဂ သံသရာ၌ ကျွတ်လွတ်ကြသူ အနန္တတို့၏ ဘဝဇတိချုပ်ငြိမ်းမှု, သင်္ခတဓာတ် ရုပ်သိမ်းမှုသည် တစ်ခုသော အသင်္ခတဓမ္မနယ်ကြီး, အသီးအခြားသော ပရမတ္ထ မဟာနိဗ္ဗာန ဓာတ်ကြီးပေတည်း။

တေဘုမ္မက ဘဝခန္ဓာတို့၌ အဝိဇ္ဇာ မောဟမှောင် ကြီးလှ၍ ဘဝရာဂ, ဘဝတဏှာ အားကြီးစွာသော သတ္တဝါတို့သည် ထိုအသင်္ခတ ဓမ္မနယ်ကြီးကို ကြားနာရသည်ရှိသော်[၁] အသူတရာ နက်လှစွာသော ချောက်ကြီး၌ ကျအံ့သော အခါကဲ့သို့ ထိတ်လန့်ဖွယ်ကြီး ထင်တတ်သည် ဟု ဟောတော်မူသော ဒေသနာရှိသည်။

သီဟိုဠ်ကျွန်းမှာ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားတစ်ယောက်သည် ရဟန်းတော် တစ်ပါး ဟော၍နေသော သုညတဓမ္မဒေသနာကို နားထောင်၍နေလေရာ ထောက်ရာ, တည်ရာ မရှိသော အနန္တချောက်ကြီး၌ ကျ၍ သွားအံ့သော အလား ထင်မြင်၍ ရုတ်တရက်ထ၍ ပြေးလေ၏၊ မိမိ အိမ်တိုက်ခန်းသို့ ဝင်၍ မျက်နှာကို လက်နှစ်ဘက်နှင့် ဖုံးအုပ်၍ တုန်တုန်ခိုက်ခိုက်နေလေ၏၊ ထိုအခါသားဖြစ်သူ ပုဏ္ဏားငယ်က မေးမြန်းလေရာ အလုံးစုံကို ပြန်ပြော၍ ငါ့မှာ ပြေးနိုင်၍ အနိုင်လွတ်သည် ဟုဆိုပေ၏။

အဝိဇ္ဇာ မောဟနည်းပါး၍ သံသရာရေး အပါယ်ဘေးတို့ကို ကောင်းစွာ ထင်မြင်၍ ဘဝရာဂ, ဘဝတဏှာ နည်းပါးသောသူတို့မှာ ထိုအသင်္ခတဓမ္မနယ်ကြီးသည် ကိုးကွယ်ရာစင်စစ် ဖြစ်၏၊ ဤ အသင်္ခတ ဓမ္မဓာတ်ကြီးသည် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်, သတ္တဝါ, ခန္ဓာဓမ္မနှင့် ထိခြင်း, ငြိခြင်း စပ်ယှက်ခြင်းမရှိ၊ ဘုရား, ပစ္စေကဗုဒ္ဓ,

---

၁။ အသူတစ်ရာ - လက်ခုပ်တစ်ဖောင် အတိုင်းအရှည်သည် တသူ၊ ထိုတသူ ပေါင်းတစ်ရာ။

www.dhammaransi.com



ရဟန္တာတို့ ခန္ဓာဓမ္မချုပ်စဲလျှင် ထိုအသင်္ခတဓမ္မနယ်ကြီးသို့ ဆိုက်သည် ဟူ၍သာ ဆိုရသည်၊ ထိုအသင်္ခတဓမ္မဓာတ်ကြီးသည် "အနိမိတ္တဓမ္မ" ကြီးဖြစ်ခဲ့၍ ဘယ်မှုစသည် ဟု ညွှန်ပြရာ ညွှန်ပြရန် ဘင် ဟူသော နောက်အစွန်းလည်း မရှိ၊ အရပ် ၁၀ မျက်နှာတွင် ဘယ်မှာသာရှိသည်၊ ဘယ်မှာမရှိ ဟု ညွှန်ပြရန်အမြိတ်, အစွန်းလည်း မရှိ၊ အနမတဂ္ဂသံသရာကာလ၌ ဘယ်ဘုရားလက်ထက်ဖြစ်တစ်ပါး, ဘယ်ဘုရား လက်ထက်ဖြစ် တစ်ပါး ဟုခြားနား၍ ပြောဆိုရန် ရှေ့အစ နောက်အစွန်း ဟူ၍ မရှိ၊ အနမတဂ္ဂသံသရာနှင့်အမျှ တစ်ပါးတည်း, တစ်ခုတည်း အမြဲတည်၍နေသော အသင်္ခတဓမ္မနယ်ပယ်ကြီးပေတည်း။

ဒီပင်္ကရာ ဘုရားသာသနာ၌ ချုပ်ငြိမ်းကြသော နိဗ္ဗာန်နှင့် ငါတို့ဘုရား သာသနာ၌ ချုပ်ငြိမ်းကြသော နိဗ္ဗာန်သည် ၂ ထွေ ၂ ပါးအခြားမရှိ၊ ငါတို့ ဘုရားသာသနာ၌ ၂၃ သင်္ချေနှင့် ကုဋေ ၆၈ ဗိုလ်ခြေတစ်သိန်း ငြိမ်းသည့်အတွက်နှင့် အစွန်းအစ တိုးပွားခြင်းမရှိ။

ဤကား ပရိနိဗ္ဗာန်စံကြသူ အသီးသီးရှိနေကြသည့်အတွက် နိဗ္ဗာန်လည်း အသီးသီး ဖြစ်ရာသည် ဟု မှတ်တင်ယောင်မှားဖွယ်ရှိသော အရာဌာနဖြစ်ခဲ့၍ ယုတ္တိအားဖြင့် ထင်ရှားအောင် ပြဆိုလိုက်သော အချက်ပေတည်း။

**ဤတွင်ရွေ့ကား**
**သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန် ၂ ပါးကို**
**ထင်ရှားစွာပြဆိုသော အခန်းပြီး၏။**

* * * * *

## သုညတ, အနိမိတ္တ, အပ္ပဏိဟိတနိဗ္ဗာန်

သုညတဥ္စ၊ ပလိဗောဓ ခပ်သိမ်းတို့မှ ကင်းငြိမ်း, ဆိတ်ငြိမ်သော သုညတ နိဗ္ဗာန်လည်းကောင်း၊ အနိမိတ္တဥ္စ၊ သဏ္ဌာန်, နိမိတ်, အရိပ်, အသွင် ထင်မှုခပင်းမှ ကင်းရှင်းသော အနိမိတ္တနိဗ္ဗာန်လည်းကောင်း၊ အပ္ပဏိဟိတဥ္စ၊ တောင့်တခြင်း ခပ်သိမ်းမှ ကင်းငြိမ်းရာ ဖြစ်သော အပ္ပဏိဟိတ နိဗ္ဗာန်လည်းကောင်း၊ ဣတိ၊ ဤသို့။ အာကာရဘေဒေန၊ ဆိတ်ငြိမ်ခြင်း အစရှိသော အခြင်းအရာ အပြားအားဖြင့်။ တိဝိဓံ၊ ၃ ပါးအပြား ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဟူသော သင်္ဂြိုလ်ကျမ်းစကား၌-

www.dhammaransi.com



သုညတနိဗ္ဗာန်။ ။ ငြိမ်သက်ချမ်းသာသော သန္တိသုခကို နှောင့်ယှက်ဖျက်စီးမှုသည် “ပလိဗောဓိ” မည်၏၊ သင်္ခတတရားဟူသမျှသည် အရဟတ္တဖိုလ်တရားပင် ဖြစ်သော်လည်း “ပလိဗောဓ” မှု ထင်ရှားရှိသည်သာ ဖြစ်၏။

ရှိပုံကား. . . မိမိသန္တာန်မှာ အရဟတ္တဖိုလ်ဇော ဖြစ်ပေါ်စေလိုသည်ရှိသော် ထိုအားလျော်သော ခဏ၊ ထိုအားလျော်သော သမယ၊ ထိုအားလျော်သော မနသိကာရကို ကြောင့်ကြစိုက်မှ ဖြစ်ပေါ်သည်၊ ဖြစ်ပေါ်ပြီးနောက်လည်း အနိစ္စဓမ္မ, ဝိပရိဏာမဓမ္မဖြစ်သည်နှင့် ခဏချင်း, ခဏချင်း ကုန်ဆုံးကွယ်ပျောက်ပြန်၏၊ အလိုရှိပြန်သော် ခဏစသည်ကို ကြောင့်ကြစိုက်ရပြန်၏၊ တစ်နေ့တစ်နေ့ကို အကြိမ်တစ်ရာ ဝင်စားလိုလျှင် အကြိမ်တစ်ရာပင် ကြောင့်ကြစိုက်ရသည်၊ အကြိမ်တစ်ရာပင် ကြောင့်ကြစိုက်၍ ဖြစ်ပေါ်သော်လည်း အဆုံးကျလျှင် ကွယ်ပျောက်ပျက်ဆုံးသည်သာတည်း၊ အလိုဆန္ဒရှိတိုင်း အမြဲတည်၍ နေနိုင်သော တရားမဟုတ်။

ထိုကြောင့် အရဟတ္တဖိုလ်သည် မိမိသန္တာန်မှာ ဖြစ်ပေါ်လာစေခြင်းငှာ အဖန်ဖန် ကြောင့်ကြစိုက်မှု ဟူသော “ပလိဗောဓဒုက္ခ” အနှောင့်အယှက်ကို ဖြစ်စေတတ်သော တရားမျိုးပေတည်း၊ ထိုမှ ကြွင်းသော သင်္ခတတရားတို့၌ကား ဆိုဖွယ်ပင်မရှိ။

နိဗ္ဗာန်သည်မူကား ဖြစ်ပေါ်ခြင်းရှိသော တရား မဟုတ်သောကြောင့်အစဉ်ဖြစ်ပေါ်စေခြင်းငှာ ကြောင့်ကြစိုက်ရသော “ပလိဗောဓဒုက္ခ” အနှောင့်အယှက်လည်းမရှိပေ၊ မမြဲသော အနိစ္စတရားမျိုး မဟုတ်သော ကြောင့် အဖန်ဖန် ထပ်မံ၍ ထူထောင်မှုဟူသော “ပလိဗောဓဒုက္ခ” အနှောင့်အယှက်လည်း မရှိပေ။

၁။ ထိုနိဗ္ဗာန်သို့ ရောက်ရလေအောင် ဒါန, သီလ အစရှိသော ပါရမီတရားတို့ကို ဘဝများစွာ ဖြည့်ကျင့်မှု ဟူသော “ပလိဗောဓဒုက္ခ” အနှောင့်အယှက်ကြီး ၁ ပါး။

၂။ အဆုံးဘဝ၌ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ အစရှိသော ဝိသုဒ္ဓိတရား ၇ ပါးတို့ကို ပွားများ အားထုတ်ရခြင်း ဟူသော “ပလိဗောဓဒုက္ခ” အနှောင့်ယှက်ကြီး ၁ ပါး။

ဤ ၂ ပါးသော ပလိဗောဓဒုက္ခမှုများသည် နိဗ္ဗာန်၏ပလိဗောဓမှု မဟုတ်ပေ၊ နိဗ္ဗာန်သို့ ရောက်လိုသောသူ၏ သန္တာန်၌ ခုခံနှောင့်ယှက်၍ နေသော ကိလေသာတို့ကို တွန်းလှန် ပယ်ရှားခြင်းငှာ ကြောင့်ကြစိုက်ရသော ပလိဗောဓဒုက္ခမှုများသာတည်း။

www.dhammaransi.com



မျက်စိမှာ တိမ်သလာ ထူထပ်စွာ စွဲကပ်၍နေသော သူကန်းသည် နေ, လ ကို မြင်လို၍ ဆေးဝါးမှီဝဲမှု ဟူသော "ပလိဗောဓဒုက္ခ" ကို ကြောင့်ကြစိုက်ရ လေ၏၊ ထို "ပလိဗောဓဒုက္ခ" မှုသည် နေ, လ တို့က ပြုသော "ပလိဗောဓဒုက္ခ" မှုမဟုတ်ပေ၊ တိမ်သလာ တို့က ပြုသော "ပလိဗောဓဒုက္ခ" မှုပေတည်း။ ။ ဤနည်းတူသိလေ။

[ဤကား သုညတနိဗ္ဗာန်တည်း]

**အနိမိတ္တနိဗ္ဗာန်။** ။ အနိမိတ္တနိဗ္ဗာန်၌ သင်္ခတတရားတို့မှာ သဏ္ဍာန်, နိမိတ်အရိပ်, အသွင် ထင်ရှားရှိကြကုန်၏၊ ထိုသို့ ရှိကြခြင်းကြောင့် အရဟတ္တဖိုလ်စိတ် တစ်ခုသည်ပင်လျှင် ချုပ်လေပြီးသော အတိတ်တခြား၊ ခဏတ္တယသို့ရောက်ဆဲသော ပစ္စုပ္ပန် တခြား၊ ဥပါဒ်မှု မရှိသေးသော အနာဂတ်တခြား၊ ဤပုဂ္ဂိုလ်သန္တာန်မှာ တခြား၊ ထို ပုဂ္ဂိုလ်သန္တာန်မှာ တခြား၊ အလွန်ကြီးမြတ်သော အရဟတ္တဖိုလ်၊ အလယ်အလတ် သော အရဟတ္တဖိုလ်၊ ယုတ်ညံ့သော အရဟတ္တဖိုလ် စသည်ဖြင့် ၂ ခု, ၃ ခု, အသိန်း, အသန်း အသင်္ချေယျ, အနန္တများပြားလေ၏၊ ထိုမှ ကြွင်းသော သင်္ခတတရားတို့မှာ ဆိုဖွယ်မရှိ။

နိဗ္ဗာန်သည်မူကား သဏ္ဍာန်, နိမိတ်, အရိပ် အသွင်ရှိသော တရားမဟုတ် ပေသောကြောင့် အနမတဂ္ဂ သံသရာ၌ ဤနိဗ္ဗာန်ကား အဟောင်းတည်း၊ ဤ နိဗ္ဗာန်ကား အသစ်တည်း ဟု ၂ ခု ခြားနားဖွယ်မရှိ၊ ပရိနိဗ္ဗာန်စံ ပုဂ္ဂိုလ်ခန္ဓာ အသီးသီးတို့ လိုက်၍လည်း ၂ ခု, ၃ ခု စသည် ခြားနားဖွယ်မရှိ၊ အရှေ့အရပ်မှာ ပရိနိဗ္ဗာန်စံလွန်ကြသော ပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ကားအရှေ့အရပ်မှာ ရှိနေသည်၊ အနောက်အရပ်မှာ ပရိနိဗ္ဗာန် စံလွန်ကြသော ပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ကား အနောက် အရပ်မှာ ရှိနေသည်၊ ဤသို့ စသည်ဖြင့် အရပ်ဒေသအပြားသို့ လိုက်၍ ခြားနားဖွယ်မရှိ၊ သဗ္ဗညုဘုရားတို့၏ နိဗ္ဗာန်ကားမြတ်သည်၊ အိမ်ကျွန်မ ရသော နိဗ္ဗာန်ကား ယုတ်ညံ့ သည် ဟူ၍လည်း ခြားနားဖွယ်မရှိ၊ လောကဓာတ် အလယ်မှာ သံသရာ ရုပ်သိမ်းမှု, ချုပ်ငြိမ်းမှု, ဇာတိ ချုပ်ငြိမ်းမှု, ခန္ဓာ ဇာတ် သိမ်းမှု ဟု ဆိုအပ်သော အသင်္ခတ ဓမ္မဓာတ်ကြီး တစ်ခုရှိ၏ ဟူ၍သာ သိခွင့်, ဆိုခွင့်ရှိသတည်း။

**ယခင် သဥပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသ နိဗ္ဗာန် အခန်းမှာ**
**ဤအနိမိတ္တ၏ အခြင်းအရာကို အကျယ်ကြီး ပြဆိုခဲ့ပြီ။**
**(ဤကား အနိမိတ္တနိဗ္ဗာန်တည်း။)**

**အပ္ပဏိဟိတနိဗ္ဗာန်။** ။ အပ္ပဏိဟိတနိဗ္ဗာန်၌ သင်္ခတ တရားတို့သည်

www.dhammaransi.com



တောင့်တ မြော်တမ်းခြင်းနှင့် တကွသာ ဖြစ်ကြကုန်၏။ ။ ဖြစ်ပုံကား လူ့ချမ်းသာသည် အယုတ်, အလတ်, အမြတ်, အမြတ်ထက်အမြတ် အဆင့်ဆင့်ရှိ၏၊ ထို့အတူ နတ်ချမ်းသာ, ပြဟ္မာ့ချမ်းသာတို့သည်လည်း အယုတ်, အလတ်, အမြတ်, အမြတ်ထက် အမြတ် အဆင့်ဆင့် ရှိကုန်၏၊ အယုတ်အညံ့ကို ရရှိလျှင် အလတ်, အမြတ်ကို ရလို, ယူလို, ရောက်လိုသော အာသာဆန္ဒ, တဏှာဆန္ဒ တင်းလင်းရှိ၏၊ အလတ်ကိုရရှိလျှင် အမြတ်ကို တောင့်တ၏၊ အမြတ်ကိုရရှိလျှင် အမြတ်အဆင့်ဆင့်ကို တောင့်တ၏၊ အမြတ်ဆုံးကို ရသော်လည်း အနိစ္စဓမ္မချည်း ဖြစ်ခဲ့၍ မကြာမကြာ ဟောင်းနွမ်းခြင်းသို့ ရောက်သည်၊ ကုန်ခန်း ကွယ်ပျောက်ခြင်းသို့ ရောက်သည်ဖြစ်၍ အသစ်သစ်ကို တစ်ဖန် တောင့်တရ၏။

လူမှာ စကြာမန္ဓာတ်မင်း စည်းစိမ်၊ နတ်မှာ စတုမဟာရာဇ်နတ်မင်း၊ သိကြားမင်း၊ သုယာမနတ်မင်း၊ သန္တုသိတနတ်မင်း၊ သုနိမ္မိတနတ်မင်း၊ ဝသဝတ္တီနတ်မင်း၊ ပြဟ္မာမှာ ပဌမဈာန် ပြဟ္မာမင်းစည်းစိမ်, ဘုန်းတန်ခိုး တို့သည် အနိစ္စဓမ္မ, ဘိဋ္ဌနဓမ္မ, ဝိပရိဏာမဓမ္မ တွေသာ ဖြစ်ကြကုန်၏၊ ကံအခွင့်သာသမျှ တစ်သုတ်သာ ခံစားကုန်၏။ ကုန်ချိန်တိုင်ရောက်လျှင် အသက်ခန္ဓာနှင့်တကွ ကုန်ဆုံး ကွယ်ပျောက်လေကုန်၏

တစ်ယောက်သောသူသည် အနမတဂ္ဂဘဝတို့၌ စကြာမင်း အဖြစ်ပေါင်း အနန္တ, သိကြားမင်း အဖြစ်ပေါင်း အနန္တ ဖြစ်ခဲ့လှလေပြီ၊ ထိုအဖြစ်တို့သည် ယခုအခါ အိပ်မက်တွင်မျှ မထင်လာကုန်ပြီ၊ ယခုလည်း စကြာမင်းဖြစ်လိုသော ဆန္ဒ တဏှာ အာသာ အပူအလောင် တန်းလန်းပင် ရှိနေကြကုန်သည်၊ ထိုလူမင်း, နတ်မင်း, ပြဟ္မာမင်း တို့၏ စည်းစိမ် ချမ်းသာတို့ မည်သည် အလွန် ငန်လှစွာသော သမုဒ္ဒရာရေနှင့် တူကုန်၏။

တစ်ယောက်သောသူသည် သမုဒ္ဒရာရေ၌ လျှာအရသာ ပေါက်လေ၍ နေ့ရှိသမျှ သောက်လေ၏၊ သောက်လေလေ ငတ်လေလေ, အသည်းနှလုံး ပူဆာလေလေသာ ဖြစ်၏၊ ဝမ်းထဲသို့ သောက်မျိုသမျှသော ရေတို့သည် ဝမ်းထဲတွင်သာ ခဏခဏ ကုန်ခန်း ကွယ်ပျောက်လေ၏၊ သမုဒ္ဒရာ ၄ စင်းရေသည် ကုန်ခြင်းသို့သာ ရောက်လေရာ၏၊ အငတ်အဆာ သည်းထန်စွာနှင့်သာ ထိုသူ သေဆုံးလေရာ၏။

ဤအတူတေဘုမ္မက သုခချမ်းသာတို့မှာလည်း ကြပ်ကြပ်ခံစားလေလေ၊ တဏှာအငတ် အာသာဓာတ် ပွားလေလေ, ငတ်မွတ်ဆာလောင်ခြင်း ပြင်းထန် လေလေသာ ဖြစ်၏၊ ခံစားတွင်း ခံစားတွင်း ပျောက်ကွယ်ကုန်ခန်း၍ သွားကုန်၏၊ အငတ်အာသာ ဟူသော အပူဓာတ်, အလောင်ဓာတ် တင်းလင်းနှင့်သာသေဆုံးကြရ

www.dhammaransi.com



ကုန်၏၊ အရဟတ္တဖိုလ်ချမ်းသာပင် ဖြစ်သော်လည်း ခံစားတွင်းခံစားတွင်းမှာ ပျောက်ကွယ် ချုပ်ဆုံး၍ သွားတတ်သော အနိစ္စတရား ဖြစ်ချေ၍ အသစ်အသစ် ထူထောင်ပြုပြင်၍ ခံစားလိုသော ဆန္ဒ အာသာ အပူအဆာသည် ရှိသည် သာလျှင်တည်း။

အာသာဆန္ဒ တောင့်တ တမ်းယမ်းခြင်း မည်သည် အကုသိုလ် အရာမှာပင်ဖြစ်စေ, ကုသိုလ် အရာမှာပင်ဖြစ်စေ ဇော်မွတ် ဆာလောင်ခြင်း ဒုက္ခမှုချည်းသာတည်း။

တစ်နည်းကား - လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ ဟူသော လောကီ ချမ်းသာစုသည် အလွန်ပျစ်ချွဲသော ပျားရည်, တင်လဲရည်နှင့် တူပေ၏၊ ပုထုဇဉ် ဖြစ်သော လူ, နတ် ဗြဟ္မာ စုသည် ချိုသော အရသာကို ခင်တွယ်သော ပိုး, ပရွက်တို့နှင့်တူကုန်၏၊ ပျားရည်, တည်လဲရည်ကို တွေ့ကြသော ထိုပိုး, ပရွက်တို့သည် ပျားရည်, တင်လဲရည်မှာ နစ်လျက်အသက်ဆုံးရှုံးကြကုန်၏။

ဤအတူ အနမတဂ္ဂသံသရာ၌ လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်မှာ နစ်လျက် ဘဝ အဆက်ဆက် အသက် ဆုံးရှုံးကြကုန်၏၊ အဆာ အငတ် အာသာဇာတ် တင်းလင်းနှင့်သာ သေဆုံးကြရကုန်၏၊ အလုံးစုံသော တောင့်တခြင်း ခပ်သိမ်းတို့သည် ပရိနိဗ္ဗာန်အစ်တွင် အကြွင်းအကျန်မရှိ ချုပ်ငြိမ်း ကြလေကုန်၏၊ အရဟတ္တမဂ်သို့ အဆိုက်တွင် တဏှာပဏိဓိတရား အကြွင်းမဲ့ ချုပ်ငြိမ်းသည်၊ ထိုအခါမှ စ၍ တဏှာနှင့်စပ်သော တောဘုမ္မကသုခ၌ တောင့်တခြင်း ခပ်သိမ်းတို့သည် ချုပ်ငြိမ်းကုန်၏၊ ပရိနိဗ္ဗာနစုတိသို့ အဆိုက်တွင် ဆန္ဒပဏိဓိတရား အကြွင်းမဲ့ ချုပ်ငြိမ်းသည်၊ ထိုအခါမှစ၍ အာသာဆန္ဒ တောင့်တခြင်းခပ်သိမ်း အကုန်ငြိမ်း၏၊ ထို့ကြောင့် အသင်္ခတမဟာနိဗ္ဗာန်ကြီးကို "အပ္ပဏိဟိတနိဗ္ဗာန်" ဆိုရသတည်း။

[ဤကား အပ္ပဏိဟိတနိဗ္ဗာန်တည်း။]

ဤ သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပဏိဟိတနိဗ္ဗာန် ဟူသော အမည် ၃ ပါး သည်လည်း "အာကာရဘေဒေန" တူသော ပါဠ်နှင့်အညီ-

၁။ ပလိဗောဓ ခပ်သိမ်းမှ ကင်းငြိမ်းသော ဂုဏ် ၁ ပါး။

၂။ သဏ္ဌာန်, နိမိတ်, အရိပ်, အသွင်ခပ်သိမ်းမှကင်းရှင်းသော ဂုဏ် ၁ ပါး။

၃။ တောင့်တခြင်း ခပ်သိမ်းမှ ကင်းငြိမ်းခြင်း ဂုဏ် ၁ ပါး။

www.dhammaransi.com



ဤဂုဏ် ၃ ပါးကို အစွဲပြု၍ နိဗ္ဗာန် ၃ ပါးဆိုသည်၊ စင်စစ်အားဖြင့် မူကား အသင်္ခတ မဟာနိဗ္ဗာန် တစ်ခုတည်းကို ၃ ပါး ပြု၍ ဆိုခြင်းသည် သာတည်း။

ထို ၃ ပါးသော ဂုဏ်တို့တွင် အကြင်သူတို့သည် တေဘူမကဓမ္မတို့၏ အလယ်၌ ကြောင့်ကြစိုက်ဖွယ် ခပ်သိမ်းတို့ကို ဒုက္ခမှန်းသိကြကုန်၏၊ စက်ဆုပ်ကြကုန်၏၊ ထိုသူတို့အား နိဗ္ဗာန် သုညတဂုဏ်သည် အလွန်ကောင်းမြတ်သော ဂုဏ်ဖြစ်၏၊ အဘယ့်ကြောင့်နည်းဟူမူ နိစ္စ ထာဝရ အမြဲတည်သော နိဗ္ဗာန်တစ်ခုသည်သာလျှင် ကြောက်ကြစိုက်ဖွယ် ခပ်သိမ်းတို့မှ ကင်းငြိမ်းသော "သုခအစစ်" ဖြစ်ပေသော ကြောင့်တည်း။

အကြင်သူတို့သည် တေဘူမကဓမ္မ အလယ်၌ ဘေးအမျိုးမျိုး၊ ရန်အမျိုးမျိုး၊ အန္တရာယ် အမျိုးမျိုး၊ ဇရာ မရဏ ဒုက္ခ အမျိုးမျိုးတို့၏ တိုးဝှေ့တိုက်ခိုက် နှိပ်စက် ညှဉ်းပန်းမှုတို့ကို ဒုက္ခမှန်း သိကြကုန်၏၊ စက်ဆုပ်ကြကုန်၏၊ ထိုသူတို့အား နိဗ္ဗာန်၏ "အနိမိတ္တ" ဂုဏ်သည် အလွန်ကောင်းမြတ်သော ဂုဏ်ဖြစ်၏၊ ထိုဘေးအပေါင်းတို့သည် သဏ္ဌာန် ကြီး, ငယ်အထည်ဝတ္ထုရှိသော "နိမိတ္တဓမ္မ" တို့၌သာ ထိခိုက်နိုင်ကြကုန်သည်၊ အဇ္ဈာကာသကောင်းကင်သည် တစ်စုံတစ်ခုသောဘေး ထိခိုက်ခြင်း မရှိ၊ မိုးကြိုးလောင်မီးဘေးလည်း မထိနိုင်၊ မီးဘေး, ရေဘေး, လေဘေး, လက်နက်ဘေး, ဇရာဘေး, မရဏဘေး, တို့လည်း မထိနိုင်၊ ဤအတူ နိဗ္ဗာန်သည်လည်း သဏ္ဌာန်, နိမိတ်, အရိပ်, အသွင် မထင်သော "အနိမိတ္တ" တရား ဖြစ်ပေ၍ ဇရာဘေး, မရဏဘေးတို့သော်မှလည်း မထိနိုင်။

အကြင်သူတို့သည် တေဘူမက ဓမ္မအလယ်၌ သမုဒ္ဒရာ ဆားငန်ရေကို သောက်သော ယောကျ်ားကဲ့သို့ ကာမကို တောင့်တမြော်တမ်းသော ကာမတဏှာ၊ ဘဝကောင်းကို တောင့်တမြော်တမ်းသော ဘဝတဏှာ၊ အာသာတင်းလင်း ဆာလောင်ခြင်း ဒုက္ခနှင့် တရံမျှမစဲဘဲ နေရသည်ကို ဒုက္ခမှန်း သိကြကုန်၏၊ အလွန်စက်ဆုပ်ကြကုန်၏၊ ထိုသူတို့အား နိဗ္ဗာန်၏ "အပ္ပဏိဟိတဂုဏ်" သည် အလွန်ကောင်းမြတ်သော ဂုဏ်ဖြစ်၏။

ဆိုခဲ့ပြီးသော တစ်ယောက်တစ်ယောက်သော ပုဂ္ဂိုလ်, သတ္တဝါ, ခန္ဓာဓမ္မတို့၏ အဖြစ်ငြိမ်းမှု၊ ဇာတ်သိမ်းမှု ဟူသော အသင်္ခတနိဗ္ဗာန်၏ ပြဆိုခဲ့ပြီးသော "သုညတဂုဏ်, အနိမိတ္တဂုဏ်" ၂ ပါးသည် ဘဝတဏှာအားကြီးသော သူတို့အား အချည်းနှီး[၁] အဘာဝ[၂]

---

၁။ အဘာဝ - မဖြစ်၊ မရှိ။

၂။ တုစ္ဆ - အချည်းနှီး။

www.dhammaransi.com



တုစ္ဆ အနေ ထင်တတ်၏၊ "အပ္ပဏိဟိတ" ဂုဏ်သည် ကာမတဏှာ အားကြီးသော သူတို့အား အချည်းနှီးအဘာဝတုစ္ဆအနေထင်တတ်၏၊ ဂုဏ် ၃ပါးကို နေရာတကျ မသိကြကုန်သော သူတို့သည် ပြဆိုခဲ့ပြီးသော အဖြစ်ငြိမ်းမှု၊ ဇာတ်သိမ်းမှုကိုမျှ အဘာဝ တုစ္ဆ အချည်းနှီးမျှ ထင်ကြကုန်၏။

ဤတွင်ရွေ့ကား
သုညတ, အနိမိတ္တ, အပ္ပဏိဟိတ- နိဗ္ဗာန် ၃ ပါးကို
ပြဆိုသော ဒုတိယအခန်း ပြီး၏

* * * * *

## ပဌမပုစ္ဆာ ဖြေဆိုချက်

ပြဆိုခဲ့ပြီးသော ကိလေသာဝဋ္ဋ, ခန္ဓာဝဋ္ဋတို့၏ အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု, ချုပ်ငြိမ်းမှုကို နိဗ္ဗာန်ဆိုခဲ့သော်-

၁။ ထိုနိဗ္ဗာန်သည် အဘယ်သို့လျှင် ပရမတ္ထအားဖြင့် ထင်ရှားရှိပါသနည်း။
၂။ အဘယ်သို့လျှင် အတုမရှိ မြင့်မြတ်သော ပရမသုခ ဖြစ်ပါသနည်း။
၃။ အဘယ်သို့လျှင် ဂမ္ဘီရ[၁], ဒုဒ္ဒသ[၂], သဏှ[၃], သုခုမ[၄], စသော အနန္တဂုဏ်နှင့် ပြည့်စုံပါသနည်း။[အမေးပုစ္ဆာ ၃ ချက်]

**အဖြေကား**- ထိုကိလေသာဝဋ္ဋ, ခန္ဓာဝဋ္ဋတို့အား အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု ဟူ၍မရှိခဲ့ငြားအံ့၊ ထိုကိလေသာ ထိုခန္ဓာသည် အနမတဂ္ဂ သံသရာမှာ ရံခါမစဲ တစ်ဖြစ်တည်းသာ ဖြစ်၍နေကုန်ရာ၏၊ ထိုကိလေသာ ထိုခန္ဓာတို့ကို အဖြစ်ငြိမ်းခြင်းငှာ, ဇာတ်သိမ်းခြင်းငှာ အားထုတ်ကြကုန်သော ဘုရားပါရမီ, ပစ္စေကဗုဒ္ဓပါရမီ, သာဝက ပါရမီတို့သည် အချည်းနှီး သက်သက်သာ ဖြစ်ကုန်ရာ၏။

ထိုသို့ကား - မဟုတ်၊ မိမိတို့ ဗောဓိအားလျော်စွာ ပါရမီတရားကို ဖြည့်ဆည်း ပူးကြကုန်သော အလောင်းအလျာတို့သည် မိမိတို့ ဗောဓိအားလျော်စွာ ပါရမီကာလ ပြည့်စုံကြသော အခါ၌ ကိလေသာဝဋ္ဋ, ခန္ဓာဝဋ္ဋတို့၏ အဖြစ်ငြိမ်းခြင်း, ဇာတ်သိမ်း ခြင်းသို့ ဧကန္တ ဆိုက်ရောက်ကြကုန်၏၊ ထိုကိလေသာ ထိုခန္ဓာတို့၏ အဖြစ်ငြိမ်းခြင်း, ဇာတ်သိမ်းခြင်း အမှုမည်သည် ဧကန်ရှိသော အမှုမဟုတ်၊ လူတို့၏ ပါးစပ်ကသာ ပြောဆိုကြသော ပညတ်မျှသာ ဖြစ်ခဲ့အံ့၊ ကိလေသာချုပ်ငြိမ်းသော အဟုတ်တရား,

---

၁၊ ဂမ္ဘီရ - နက်နဲသော၊ ၂၊ ဒုဒ္ဒသ - မြင်နိုင်ခဲသော၊
၃၊ သဏှ - သိမ်မွေ့သော၊ ၄၊ သုခုမ - နူးညံ့သော၊

www.dhammaransi.com



အဟုတ်ရဟန္တာ ဟူ၍ လောကမှာ မရှိလေရာ၊ ထိုအဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှုသည် ဧကန္တရှိ၏၊ ထို့ကြောင့် ကိလေသာကုန်ပြီးသော အဟုတ်တရား, အဟုတ်ရဟန္တာတို့သည် ရှိကြကုန်၏။

လောက၌ ရောဂါဖြစ်မှုလည်း ဧကန္တရှိ၏၊ ရောဂါပျောက်ငြိမ်းမှုလည်း ဧကန္တရှိ၏၊ ပျောက်ငြိမ်းမှု ဟူ၍ မရှိခဲ့အံ့၊ ကပ်ရောက်သော ရောဂါသည် ပျောက်ငြိမ်းသည်- ဟူ၍ မရှိရာ၊ ရောဂါကပ်ရောက်သော သူတို့သည် ရောဂါမှ ထသည်ဟူ၍ မရှိကုန်ရာ။

ထိုသို့ကား - မဟုတ်၊ ရောဂါပျောက်ငြိမ်းမှုသည်လည်း ဧကန္တရှိ၏၊ ကပ်ရောက်သောရောဂါမှ ထမြောက် လွတ်ငြိမ်းသော သူတို့လည်း ဧကန္တရှိကြကုန်၏၊ ထို့ကြောင့် လောက၌ ရောဂါပျောက်ငြိမ်းမှုမည်သည် ဧကန္တရှိ၏ ဟု သိအပ်လေသတည်း၊ ဤအတူ ကိလေသာချုပ်ငြိမ်းမှု,ခန္ဓာချုပ်ငြိမ်းမှု သည်လည်း အဟုတ်ဧကန် အမှန်စင်စစ်ရှိ၏ ဟု မှတ်အပ်၏။

ချုပ်ငြိမ်းမှုမှာ မရှိဘူး မဆိုပါ၊ ရှိရိုးမှန်ပါ၏၊ ရှိသော်လည်း ပရမတ်သဘောအားဖြင့် ရှိသည် မဟုတ်၊ ဘယ်ဟာတစ်ခု စမ်းတမ်းရှာဖွေမရသော အဘာဝပညတ် အနေအားဖြင့်သာ ရှိပါသည်ဆိုငြားအံ့၊ အဘယ် အနေရှိမှ ပရမတ်ရှိ၊ အဘယ်အနေရှိသော် ပရမတ်ရှိမဟုတ်၊ ပညတ်ရှိသာဖြစ်သည် ဟု သိစွမ်းနိုင်၍ ဆိုသလော ဟုမေးလျှင် ပညတ်နှင့် ပရမတ်ခွဲနည်း, နိမိတ္တ ပရမတ်နှင့် အနိမိတ္တ ပရမတ်ခွဲနည်းတို့ကို ပြဆိုရာ၏။

ပရမတ္ထတို့၌သာ ရထိုက်သော သာသနာ့ကိစ္စကြီး ၄ ပါးရှိ၏။

၁။ ပရိညာကိစ္စ,

၂။ ဘာဝနာကိစ္စ,

၃။ ပဟာနကိစ္စ,

၄။ သစ္ဆိကရဏကိစ္စ-

ဤကိစ္စကြီး ၄ ပါး ကို ပညတ်တရားတို့၌ မရအပ်။

**ပရိညာကိစ္စ။** ။ ပရိညာကိစ္စ ဆိုသည်ကား တစ်ခုတစ်သော တရားကို သဘာဝအားဖြင့် ပိုင်းခြား၍သိခြင်း၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာအားဖြင့် ပိုင်းခြား၍ သိခြင်း ဟူသော ပိုင်ပိုင်နိုင်နိုင် သိခြင်းကိစ္စ ၂ပါးသည် “ပရိညာကိစ္စ” မည်၏၊ ထိုပရိညာဉာဏ်ဖြင့် သဘာဝတ္ထကို အရအမိ ဖမ်းယူခဲ့သည် ရှိသော် အကြင်တရား၌ သဘာဝတ္ထ အမှန်ရ၏၊ ထိုတရားသည် ပရမတ်စစ် အမှန်ဖြစ်၏၊

www.dhammaransi.com



အကြင်တရား၌ သဘာဝတ္တမရ၊ ထိုတရားသည် ပညတ်မည်၏။

**ဥပမာကား. . .** မျက်လှည့်အတတ်ဖြင့် မြေစိုင်ခဲကို ရွှေခဲလုပ်၍ ပြရာ၌ မြေစိုင်ခဲအနေမြင်လျှင် သဘာဝတ္တ အဟုတ်အမှန်ရ၏၊ ရွှေခဲအနေမြင်လျှင် အမှန်မရ၊ မြေခဲသာ အမှန်ဖြစ်၍ မြေကိစ္စ၌သာ သုံး၍ရသည်၊ ရွှေကိစ္စ၌ သုံး၍မရ၊ ဤအတူ ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏၊ ယောကျ်ားရှိ၏၊ မိန်းမရှိ၏ဟု ထင်မြင်အပ်သော ပညတ်မည်သည် ပရိညာဉာဏ်နှင့် ကြိတ်နယ်၍ ရှာခဲ့လျှင် ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ ယောကျ်ား, မိန်းမ မရှိ ဟု ဖြစ်လေ၏၊ ထိုပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ သန္တာန် တို့၌ ခက်မာသော အခြင်းအရာသည်ရှိ၏၊ ဖွဲ့စည်းသော အခြင်းအရာသည် ရှိ၏၊ ပူသောအခြင်းအရာ, အေးသော အခြင်းအရာသည် ရှိ၏ ဟု ပရိညာဉာဏ်ဖြင့် ရှုခဲ့သည်ရှိသော် ပရိညာဉာဏ်အမြင် သန့်လေလေ ခက်မာခြင်း၊ ဖွဲ့စည်းခြင်း စသော သဘောတရား ထင်ရှားပေါ်ရှိလေလေဖြစ်၏။ ခက်မာခြင်း, ဖွဲ့စည်းခြင်း စသော သဘော တရား ထင်ရှားပေါ်ရှိလေလေ ဣတ္ထိ, ပုရိသ၊ မိန်းမ, ယောကျ်ား မရှိကြောင်း ထင်ရှားလေလေဖြစ်၏။

[ဤကား - ပရိညာကိစ္စ၌ချ၍ ပရမတ်, ပညတ် ၂ ပါးခွဲခြမ်းပုံတည်း]

**ဘာဝနာကိစ္စ။** ။ ဘာဝနာကိစ္စ ဆိုသည်ကား အဆင့်ဆင့် အားခွန်ဗလ တိုးတက်၍ ထက်မြက်ကြီးပွားအောင် ပွားများမှုပေတည်း၊ ဧကဂ္ဂတာသမာဓိတရားကို အဆင့်ဆင့် ထက်သန်ကြီးပွားအောင် ပွားများပါလျှင် အဘိညာ ၆ ပါးတိုင်အောင် ကြီးပွား၏၊ ပညာတရားကို အဆင့်ဆင့် ထက်သန်ကြီးပွားအောင် ပွားများပါလျှင် အရဟတ္တမဂ်ဉာဏ် တိုင်အောင် ကြီးပွား၏။

ပရိညာဉာဏ်နှင့် ရှာကြံ၍မှ မရသော ပညတ်တရားသည် အဆင့်ဆင့် အားခွန်ဗလ တိုးပွားအောင် တန်ခိုးဣဒ္ဓိ ထက်သန်အောင် အဘယ်မှာ ပွားများခြင်းငှာ ရအပ်ပါအံ့နည်း၊ သက်သက်သော ကောင်းကင်ပညတ်ကို အရည်အရောင် တင်ခြင်းငှာ, မြမြထက်အောင် သွေးခြင်းငှာ, တန်ခိုးဣဒ္ဓိပါဒ်ကြီးမားအောင် ပွားများ ခြင်းငှာ မရအပ်သကဲ့သို့တည်း။

[ဤကား - ဘာဝနာကိစ္စ၌ချ၍ ပရမတ်, ပညတ် ၂ ပါး ခွဲခြမ်းပုံတည်း]

**ပဟာနကိစ္စ။** ။ ပဟာနကိစ္စ ဆိုသည်ကား - မကောင်းသော အညစ် တရားကို ပယ်ရှား ဖြုတ်တောက်မှုပေတည်း၊ စိတ်သန္တာန်ဝယ် လွှမ်းစွာဖြစ်ပွားသော လောဘ, ဒေါသ, မောဟ - တရားတို့သည် သတ္တဝါကို အပါယ်ငရဲ၌ ချကုန်၏၊ ထိုတရားတို့ကို တဒင်္ဂ အားဖြင့် ပယ်ရှားလျှင် လူ့ချမ်းသာ , နတ်ချမ်းသာကို ရ၏၊

www.dhammaransi.com



ဝိက္ခမ္ဘန အားဖြင့် ပယ်ရှားလျှင် ရူပ, အရူပ ဖြဟ္မာ့ချမ်းသာကို ရ၏၊ သမုစ္ဆေဒအားဖြင့် ပယ်ရှားလျှင် လောကုတ္တရာ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာကို ရ၏။

ပရိညာဏ်နှင့်ရှာကြံ၍မှ မရကောင်းသော ပညတ်တရားမှာ အဘယ်ပညတ် လွန်စွာပွား၍ အပါယ် ၄ ပါးသို့ ကျရောက်သည်၊ အဘယ်ပညတ်ကို ပယ်ရှား၍ နတ်ရွာနိဗ္ဗာန်ကို ရသည် ဟုမရှိ၊ ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ား ဟု ထင်မှတ်သော ပညတ်တရားသည် ဧကန်ရှိသော တရားမဟုတ်၍ မပယ်ရှားသော်လည်း အပါယ်သို့ မချနိုင်၊ လူ ဟူသော ပညတ်ကို ပယ်ရှား၍ နတ်ဟူသော ပညတ်,ဗြဟ္မာ ဟူသော ပညတ်ကို ထင်မှတ်သော်လည်း နတ်, ဗြဟ္မာ ဖြစ်၍မသွား။

**[ဤကား - ပဟာနကိစ္စ၌ချ၍ ပရမတ်, ပညတ် ၂ပါး ခွဲခြမ်းပုံတည်း]**

**သစ္ဆိကရဏကိစ္စ။** ။ သစ္ဆိကရဏကိစ္စ ဆိုသည်ကား ကိုယ်တွေ့ ဉာဏ်မြင် ၂ ပါးကို ဆိုသတည်း။

ကာယေန အမတံ ဓာတုံ ဖုသိတွာ နိရူပဓိံ။ ။[ဣတိဝုတ်ပါဠိတော်]

နိရူပဓိံ၊ ဥပဓိ ၄ ပါးမှ ကင်းလွတ်သော။ အမတံဓာတုံ၊ အမြိုက်နိဗ္ဗာန် ဓာတ်ကို။ ကာယေန၊ ကိုယ်ဖြင့်။ ဖုသိတွာ၊ ဆိုက်တွေ့၍။ ။[အနက်]

ပဟိတတ္တော သမာနော ကာယေန စေဝ ပရမံ သစ္စံ သစ္ဆိကရောတိ၊
ပညာယ စ တံ ပဋိဝိဇ္ဈ ပဿတိ။ ။[မဇ္ဈိမ ပဏ္ဏာသ စင်္ကီသုတ်။]

ပဟိတတ္တော၊ စွန့်လွှတ်အပ်သော ကိုယ်စိတ်ရှိသည်။ သမာနော၊ ဖြစ်သည် ရှိသော်။ ကာယေနစေဝ၊ ခန္ဓာပဉ္စကကာယဖြင့်လည်း။ ဝါ၊ နာမကာယဖြင့်လည်း။ ပရမံသစ္စံ၊ အမြတ်ဆုံးဖြစ်သော နိရောဓသစ္စာကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုရ၏၊ ပညာယစ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်ဖြင့်လည်း။ တံ၊ ထိုနိရောဓ သစ္စာကို။ ပဋိဝိဇ္ဈ၊ ထိုးထွင်း၍။ ပဿတိ၊ မြင်ရ၏။ ။[အနက်]

ဤပါဠိတော်တို့ကို ထောက်၍ ကိုယ်တွေ့ဟူသော သစ္ဆိကရဏကို သိရမည်၊ အမြိုက်နိဗ္ဗာန်ကို အဘယ်သို့ ကိုယ်ဖြင့် တွေ့လေသနည်းဟူမူကား ဦးခေါင်း၌ လောင်မီးကျ၍ တောက်လောင်၍ ထိုလောင်မီးငြိမ်းရာ၌ လောင်မီး လောင်မှုသည် လည်း ကိုယ်အင်္ဂါ၌ဖြစ်၍ ကိုယ်တွေ့ပင် ဖြစ်၏၊ မီးငြိမ်းမှုသည်လည်း ကိုယ်အင်္ဂါ၌ဖြစ်၍ ကိုယ်တွေ့ပင်ဖြစ်၏၊ ကိုယ်အင်္ဂါ၌ ကြီးစွာသော မြားကြီး, ဗြောင့်ကြီးစူးရာ၌ မြားကြီး, ဗြောင့်ကြီး၏ စူးမှုသည်လည်း ကိုယ်တွေ့ပင်ဖြစ်၏၊ မြားကြီး, ဗြောင့်ကြီး, ကျွတ်မှု မြားနာ, ဗြောင့်နာငြိမ်းမှုသည်လည်း ကိုယ်အင်္ဂါမှာဖြစ်၍ ကိုယ်တွေ့ပင် ဖြစ်၏၊ ကိုယ်မှာ

www.dhammaransi.com



ကျောက်နာရောဂါ ဖြစ်၍ ပျောက်ငြိမ်းရာ၌ ကျောက်နာရောဂါ ပေါ်ပေါက်မှု သည်လည်း ကိုယ်တွေ့ပင်ဖြစ်၏၊ ထိုကျောက်နာ ရောဂါ၏ ပျောက်ငြိမ်းမှုသည်လည်း ကိုယ်တွေ့ပင်ဖြစ်၏၊ ဝမ်းတွင်းရင်တွင်းမှာ လေနာရောဂါရောက်၍ ပျောက်ငြိမ်းရာ၌ လေနာရောဂါရောက်မှု၊ ပျောက်ငြိမ်းမှု ၂ ပါးသည် ကိုယ်တွေ့ချည်းတည်း။

အနာဂတ်မှုမျိုး၌လည်း တစ်ယောက်သောသူသည် တစ်ခုသော အပြစ်ဒဏ် ကြောင့် ယခုနေ့မှ ၁၀ ရက်တိုင်လျှင် ကြိုးဒဏ်ပေးစေ ဟု အမိန့်ကျလေ၏၊ ကြိုးဒဏ်မှုကြီး ရောက်လေ၏၊ ငါသည် ၁၀ ရက်တိုင်လျှင် သေရတော့မည်ဟု အလွန် ပူပန်ခြင်း ဖြစ်လေ၏။ ၅ ရက်မြောက်တွင် လွှန်ငြိမ်းစေ ဟူသော အမိန့်ကို ရပြန် လေ၏။ ကြိုးဒဏ်မှလွတ်၍ အလွန်ချမ်းမြေ့ခြင်း ဖြစ်ရလေ၏၊ ကြိုးဒဏ်သည် မိမိကိုယ်၌ ဆိုက်တိုက်သော ဘေးကြီးပေတည်း၊ ကြိုးဒဏ်ကြောင့် ပူပန်ရမှု, ကြိုးဒဏ် ငြိမ်း၍ အေးချမ်းရမှုတို့သည် မိမိ စိတ်ထဲမှာ ထင်ရှားစွာ တွေ့ရသော ကိုယ်တွေ့ အမှုတို့ချည်းပေတည်း။

> ရှေ့သို့ ရောက်လတ္တံ့သော အနေနှင့် ပူပန်ခြင်း ဖြစ်ရသော အနာဂတ် ဘေးတို့၏ ပျောက်ငြိမ်းမှု ငြိမ်းပေပြီဟု အေးချမ်းမှု အလုံးစုံတို့မှာ ဤနည်းချည်းသိလေ။

(ဤကား လောက၌ရှိကြသော ဘေးတို့၏ ဖြစ်မှု, ငြိမ်းမှု

ကိုယ်တွေ့စုတည်း။)

ဤအတူသက္ကာယဒိဋ္ဌိသည် နှလုံးသား၌ စူးမြုပ်၍ နေသော ငြောင့်ကြီး တစ်စင်းပေတည်း၊ ဝိစိကိစ္ဆာသည် နှလုံးသား၌ စူးမြုပ်၍ နေသော ငြောင့်ကြီး တစ်စင်းပေတည်း၊ ၁၅၀၀ ကိလေသာတို့သည် နှလုံးသား၌ စူးမြုပ်၍နေကုန်သော ငြောင့်ကြီးပေါင်း ၁၅၀၀ တို့တည်း၊ ခပ်သိမ်းသော သတ္တဝါတို့အား ဖြစ်လေရာရာ နှလုံးတွင်းမှာ အစဉ်ပါ၍ နေကုန်သော ငရဲမျိုးစေ့တို့ပေတည်း၊ ငရဲအိုးတို့ပေတည်း၊ ငရဲမီးတို့ပေတည်း၊ ထို ၁၅၀၀ ကိလေသာတို့မှ ကျွတ်လွတ်ကြကုန်သော သူတို့သည် ဘဝများစွာ ပါရမီတရားတို့ကို ဖြည့်ကျင့်ကြရကုန်၏၊ အဆုံးဘဝ၌လည်း သီလဝိသုဒ္ဓိ အစရှိသော ဝိသုဒ္ဓိတရားတို့ကို ဖြည့်ကျင့်ကြရကုန်၏။

သောတာပတ္တိမဂ်သို့ ဆိုက်ရောက်သောအခါ အလွန်ပူလောင် ကြပ်တည်း လှစွာသော သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ ဟူသော သံငြောင့်ကြီး ၂ စင်းတို့သည် နှလုံးအိမ်တွင်းမှ ကျွတ်လွတ်ကြလေကုန်၏။ ဒိဋ္ဌိ, ဝိစိကိစ္ဆာ တည်းဟူသော ငရဲမျိုးစေ့ကြီး နှစ်ပါးတို့သည်။ ငရဲအိုးကြီး ၂ လုံးတို့သည် ငရဲမီးကြီး ၂ ပါးတို့သည် နှလုံးအိမ်တွင်းမှ ကွယ်ပျောက် ချုပ်ငြိမ်းကြလေကုန်၏၊ ဘဝအဆက်ဆက်တို့၌

www.dhammaransi.com



ပြုခဲ့သော အပါယ် ပဋိသန္ဓေကို ဖြစ်စေနိုင်သော အကုသိုလ်ကံ ဒုစရိုက်ကံတို့သည် အကုန်ကွယ်ပျောက် ချုပ်ငြိမ်းကြလေကုန်၏။ ဖြစ်လေရာဘဝတို့၌ ကြောင့်ကြဖွယ် တစ်ခုဖြစ်သော အပါယ်ဒုက္ခသည် အပြီးကင်းလွတ်လေ၏၊ သံပြောင်ကြီးပြောင်ကြီး ၂ စင်း ကျွတ်မှုသည်လည်း ထိုပုဂ္ဂိုလ်၏ နှလုံးအိမ်တွင်းမှာ ကျွတ်မှု ဖြစ်ပေ၍ ကိုယ်တွင်းမှာ တွေ့ရသော ကိုယ်တွေ့ပေတည်း။

ထိုသို့ တွေ့သော ကိုယ်တွေ့မှုကို "ကာယသက္ခိကရဏ" ဆိုသတည်း၊ "ကာယေနအမတံ ဓာတုံ ဖုသိတွာ နိရူပဓိံ" ဟူသော ပါဠိတော်အတိုင်း ကိုယ်တွေ့ ဟူ၍ ဆိုပေသည်၊ ထိုပုဂ္ဂိုလ်သည် ငါ့အား ပြောင်ကြီး ၂ စင်း ကျွတ်လွတ်ပေပြီဟု ရှုမြင်သောအခါ ဉာဏ်တွေ့ဖြစ်ကြပြန်၏။

(ကိုယ်တွေ့က ဉာဏ်တွေ့ ၂ ပါး)

အထက်ဥပမာ၌ မြားကြီး, ပြောင်ကြီးစူးသောသူမှာ ထိုမြားထိုပြောင်တို့၏ စူးမှု, နာကျင်မှုတို့သည်လည်း ကိုယ်အင်္ဂါမှာ တွေ့ရသော ကိုယ်တွေ့ပင်ဖြစ်ကုန်၏။ ထိုမြားထိုပြောင်တို့၏ ကျွတ်မှု, အနာအကျင်ပျောက်ငြိမ်းမှု တို့သည်လည်း ကိုယ်အင်္ဂါမှာ တွေ့ရသော ကိုယ်တွေ့ပင်ဖြစ်ကုန်၏၊ ဤဥပမာ၌ ငါ၏ ကိုယ်အင်္ဂါမှာ စူးသော မြားကြီး, ပြောင်ကြီး ကျွတ်လေပြီ။ ငါ၏ကိုယ်မှာ မြားနာ, ပြောင်နာ ပျောက်ငြိမ်းပေပြီ- ဟု ရှုမြင်သောအခါ စိတ်တွေ့, ဉာဏ်တွေ့ ဖြစ်ပြန်သကဲ့သို့ မှတ်လေ။

နှလုံးတွင်းမှာ အစဉ်ပါ၍နေသော ငရဲမျိုးစေ့တို့၏ ပျက်ဆုံးမှု၊ ငရဲအိုးကြီးတို့၏ ပျောက်ကွယ်မှု၊ ငရဲမီးကြီးတို့၏ သေငြိမ်းမှု၊ အပါယ်၌ ပစ်ချနိုင်ကုန်သော ဒုစရိုက်ကံတို့၏ ချုပ်ငြိမ်းမှု နောင်ဖြစ်လတ္တံ့သော အပါယ်ဘဝတို့၏ ချုပ်ငြိမ်းမှုတို့ သည်လည်း ထိုသက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ - အချုပ်တွင် တစ်ချက်တည်း ငြိမ်းကြ လေကုန်၏။

(အထက်ကပြဆိုခဲ့သော ဥပမာစုနှင့်တိုက်၍ သိလေ။)

နောင်ပါယ်ငရဲ၌ ဖြစ်ပေါ်လတ္တံ့သော ခန္ဓာအဆက်ဆက်တို့၏ ချုပ်ငြိမ်းမှု ကိုလည်း သောတာပတ္တိမဂ်အဆိုက်မှာ အပြီးအပိုင် ရလေ၏၊ ရောက်လေ၏၊ ငါ့အား အပါယ်ခန္ဓာစု အကုန်ချုပ်ငြိမ်းပေပြီ၊ အပါယ်ဘေးမှ လွတ်ငြိမ်းပေပြီဟု အပြီးစိတ်ချ ရလေ၏၊ ပီတိ သောမနဿအနပ္ပကန်း[၁] ဖြစ်ရလေ၏၊ နောင်အပါယ်ငရဲ၌ ဖြစ်ပေါ် လတ္တံ့ ဟူသော အသံကို နားယောင်၍ အပါယ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုကိုလည်း နောင်သော အခါမှ ရလတ္တံ့,ရောက်လတ္တံ့ ဟု အထင်ကပ်၍ နေတတ်၏။

---

၁။ အနပ္ပကန်း၊ အနပ္ပက(ပါဠိ)အနည်းငယ်မဟုတ် - အလွန်များစွာ၊

www.dhammaransi.com



သောတာပတ္တိမဂ်ဉာဏ်ဖြင့် ထိုဒိဋ္ဌိ, ဝိစိကိစ္ဆာ - စသည်တို့၏ ချုပ်ငြိမ်းမှုသည် "အသင်္ခတမဟာနိဗ္ဗာန်ကြီး" ပင်တည်း၊ ထိုပုဂ္ဂိုလ်၏ သန္တာန်၌ အချို့သော ကိလေသာ, အချို့သောခန္ဓာ အကြွင်းအကျန်ရှိသေးသည်ကို အကြောင်းပြု၍ ထိုအသင်္ခတ မဟာနိဗ္ဗာန်ကြီးကို "သဉပါဒိသေသနိဗ္ဗာန်" ဟုခေါ်ဆိုရလေသတည်း။

သောတာပတ္တိမဂ်ဉာဏ်ဖြင့် ထိုဒိဋ္ဌိ, ဝိစိကိစ္ဆာ - စသည်တို့၏ချုပ်ငြိမ်းမှုသည် အစဉ်ထာဝရ အမြဲတည်သော အမှုပေတည်း၊ အနုပါဒိသေသ နိဗ္ဗာန်နှင့် တစ်ပြင်တည်း တစ်ဆက်တည်း တစ်ခုတည်း ပေတည်း၊ မြားကြီး, ငြောင့်ကြီးတို့၏ ကျွတ်မှု, မြားနာ, ငြောင့်နာတို့၏ ပျောက်ငြိမ်းမှု သည် ကိုယ်တွင်းမှာ တွေ့ရ၍ ကာယသက္ခိကရဏ ဖြစ်ရသကဲ့သို့ ပညတ်တရားတို့မှာ ကိုယ်တွင်းမှာ တွေ့ရသော "ကာယသက္ခိကရဏ ပညတ်" ဟူ၍ တစ်စုံတစ်ခုမျှမရှိ။

ပရမတ္ထအားဖြင့်[၁] က္လတ္ထိဘာဝရှိသောသူကို ယောကျ်ား -ဟူသော သမ္မုတိပညတ်စွဲမှတ်တင်စား၍ ယောကျ်ားဖြစ်လာသည် ဟူ၍ မရှိ၊[၂] ပုရိသဘာဝရှိ နေသောသူကို မိန်းမ ဟူသော သမ္မုတိပညတ် စွဲမှတ်တင်စား၍ မိန်းမဖြစ်လာသည် ဟူ၍မရှိ၊ ရှေးကုသိုလ်ကံနည်း၍ ဆင်းရဲဒုက္ခိတဖြစ်နေသော သူကို မောင်ချမ်းသာ, မောင်ကြွယ်ဝ, မောင်သုခ, မောင်သူဌေး ဟူသော သမ္မုတိပညတ်စွဲမှတ်တင်စား၍ လူချမ်းသာ ဖြစ်လာသည်၊ လူကြွယ်ဝဖြစ်လာသည် ဟူ၍မရှိ၊ အနာရောဂါနှိပ်စက်၍ နေသောသူကို "မောင်မာကျန်း" ဟူသော ပညတ်စွဲမှတ်ခေါ်ဝေါ်၍ အနာရောဂါ ကင်းရှင်းသည် ဟူ၍မရှိ၊ ဤသို့လျှင် ပညတ်တရားမည်သည် ကိုယ်သန္တာန်မှာ ကိုယ်တွေ့ဒိဋ္ဌတွေ့ကြုံရသော "ကာယသက္ခိကရဏ ပညတ်" ဟူ၍ တစ်စုံတစ်ခုမျှမရှိ။ အမြိုက်နိဗ္ဗာန်မှာမူကား "ကာယသက္ခိကရဏ" ဧကန္တရှိ၏။ အမြိုက်နိဗ္ဗာန်ကြီးကို မဆိုထားဘိဦး၊ လောက၌ တစုံတယောက်သောသူမှာ အဖျားရောဂါကပ်ရောက်၍ တစ်ကိုယ်လုံးပွပ်ပွက်ဆူ ပူလောင်လှ၍ ရပ်တည်မရ လူးလဲ၍နေလေရာ အဖျားရောဂါ ကို နိုင်နင်းလှသော ဝိဇ္ဇာမယ ဓာတ်ဆေးကို သောက်မျိုရ၍ ခဏချင်း ပျောက်ငြိမ်း လေရာ ထိုအဖျားရောဂါ၏ ပျောက်ငြိမ်းအေးချမ်းမှုသည် ထိုသူမှာ ကိုယ်တွေ့ ဒိဋ္ဌဧကန္တဖြစ်၏၊ ချမ်းသာပေပြီ၊ ငြိမ်းပေပြီ၊ အေးပေပြီ ဟုပြော၍ မဆုံးနိုင်၊ ဝမ်းမြောက်ဝမ်းသာ၍ မဆုံးနိုင်ရှိ၏၊

၁။ ခေါင်းခဲနာ, ခေါင်းကိုက်နာတို့၏ ခေါင်းမှာဖြစ်ပွားမှု၊ ခေါင်းမှာ ပျောက်ငြိမ်းမှု။

---

၁၊ က္လတ္ထိဘာဝ - မိန်းမ၏အဖြစ်၊
၂၊ ပုရိသဘာဝ - ယောကျ်ား၏အဖြစ်၊

www.dhammaransi.com



၂။ မျက်စိနာတို့၏ မျက်စိမှာဖြစ်ပွားမှု၊ မျက်စိမှာပျောက်ငြိမ်းမှု။

၃။ နားကိုက်နာတို့၏ နားမှာဖြစ်ပွားမှု၊ နားမှာ ပျောက်ငြိမ်းမှု။

၄။ နှာခေါင်းနာတို့၏ နှာခေါင်းမှာ ဖြစ်ပွားမှု၊ နှာခေါင်းမှာ ပျောက်ငြိမ်းမှု။

၅။ ခံတွင်းနာ, သွားနာ, လျှာနာတို့၏ ခံတွင်း, သွား, လျှာတို့မှာ ဖြစ်ပွားမှု၊ ခံတွင်း, သွား, လျှာ တို့မှာ ပျောက်ငြိမ်းမှု။

၆။ အဆုတ်မှာ ဖြစ်သော အနာတို့၏ အဆုတ်မှာ ပျောက်ငြိမ်းမှု။

၇။ အသည်းမှာ ဖြစ်သော အနာတို့၏ အသည်းမှာပျောက်ငြိမ်းမှု။

ဤသို့ အစရှိသည်ဖြင့် ထိုထို ကိုယ်တွင်းအင်္ဂါမှာ ဖြစ်ပွားကုန်၍ ထိုထို ကိုယ်တွင်းအင်္ဂါမှာ ပျောက်ငြိမ်းမှုတို့သည် ထိုသူမှာ ကိုယ်တွေ့ ဒိဋ္ဌေကေန္တဖြစ်၏၊ ချမ်းသာပေပြီ၊ ငြိမ်းပေပြီ၊ အေးပေပြီ ဟု ပြောမဆုံးနိုင်၊ ဝမ်းမြောက် ဝမ်းသာ၍ မဆုံးနိုင်ရှိကြရကုန်၏။

(ဤကား - ရူပကာယ၌ ဖြစ်သော အနာရောဂါတို့၏ ရူပကာယ၌ ပျောက်ငြိမ်းမှုကို ရူပကာယ တည်းဟူသော ကိုယ်ဖြင့် ကိုယ်တွေ့ ဒိဋ္ဌဖြစ်ကြပုံတည်း။)

အလွန်ချစ်ခင်လှစွာသော သား, မယားတို့၏ သေဆုံးမှုကြောင့် အပြင်းအထန် ပူပန် ပင်ပန်း၍နေသောသူတို့အား ပညာရှိတို့၏ တရားစကားကို ကြားနာရ၍ ခဏချင်း အေးငြိမ်းကြရာ၌ စိတ်သန္တာန်ဟု ဆိုအပ်သော နာမကာယ၌ ဖြစ်ပွားသော သောက, ဒုက္ခ နာတို့၏ နာမကာယ၌ ပြေပျောက်အေးငြိမ်းမှုကို နာမကာယ တည်းဟူသော ကိုယ်တွေ့ဒိဋ္ဌဖြစ်ကြကုန်၏။

ဣဋ္ဌဝတ္ထု[၁] ပိယဝတ္ထု[၂] တို့၏ ပျောက်ပျက် ဆုံးပါးမှုကြောင့် ခပ်သိမ်းသော စိတ်၏ ပူပန်ပင်ပန်းမှု ခဏချင်း အေးငြိမ်းရာ ဟူသမျှတို့မှာ ဤနည်းတူသိလေ။

မင်းဘေးသင့်၍ယနေ့မှ နောက် ၃ ရက်မြောက်၌ အသက်ခန္ဓာ အဆုံးစီရင်စေဟု မင်းမိန့်အာဏာကျပြီးသောသူအား အသက်ခန္ဓာကို ချွေတတ်သော လက်နက်ဒဏ်ချက်ကို ၃ ရက်မြောက်သောနေ့မှာ ရူပကာယ၌ ဆိုက်ရောက်လတ္တံ့၊ ရူပကာယဖြင့်

၁၊ ဣဋ္ဌဝတ္ထု - အလိုရှိအပ်သောအရာ၊
၂၊ ပိယဝတ္ထု - ချစ်နှစ်လိုအပ်သောအရာ၊

www.dhammaransi.com



ကိုယ်တွေ့ဒိဋ္ဌဖြစ်ရလတ္တံ့၊ ငါသည် သေရတော့မည်ဟု စိတ်နှလုံး ပူဆွေးမှုမှာမူကား အမိန့် အာဏာစကားကို ကြားရသည်နှင့် တစ်ပြိုင်နက် စိတ်သန္တာန် ဟူသော နာမကာယ၌ ဆိုက်ရောက်လေ၏၊ နာမကာယဖြင့် ကိုယ်တွေ့ဒိဋ္ဌ ဖြစ်ရလေ၏။

ထိုသူသည် အလွန်ပူဆွေး၍ နေစဉ် ကယ်ဆယ်သူရှိ၍ ဒုတိယနေ့မှာ လွတ်ငြိမ်းစေ ဟူသော အမိန့်ကိုရလေ၏၊ တတိယနေ့သို့ဆိုက်လျှင် ရူပကာယ၌ ဆိုက်ရောက်လတ္တံ့သော သေဘေးသည် လွတ်ငြိမ်းစေ ဟူသော အမိန့်ထုတ်ပြန်သည်နှင့် တစ်ပြိုင်နက် ရူပကာယ၌ လွတ်ငြိမ်းလေ၏၊ စိတ်နှလုံး၌ ဆိုက်တိုက်၍ နေသော ပူဆွေးမှု - ဟူသည်ကား လွတ်ငြိမ်းစေဟူသော အမိန့်ကို မိမိ နား၌ ကြားသောအခါမှ နာမကာယ၌ လွတ်ငြိမ်းလေ၏၊ စိတ်နှလုံး၏ အေးငြိမ်းမှုသည် စိတ်နှလုံးတွင် အထင်အရှား ကိုယ်တွေ့ ဒိဋ္ဌ ဖြစ်ရလေ၏။

ရူပကာယ၌ ဆိုက်တွေ့သော လွတ်ငြိမ်းမှုတစ်ပါး, နာမကာယ၌ ဆိုက်တွေ့သော လွတ်ငြိမ်းမှုတစ်ပါး ဤသို့လျှင် လောက၌ ရှိကြသော တဒင်္ဂ ငြိမ်းမှုစုမှာပင် "ကာယသစ္ဆိကရဏ" ဧကန္တရှိသေး၏။

အနမတဂ္ဂသံသရာ၌ မိမိ၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်၍လာခဲ့သော သက္ကာယ ဒိဋ္ဌိ,ဝိစိကိစ္ဆာ - အစရှိသော အပူအလောင် တရားတို့၏ အကြွင်းမဲ့ ကွယ်ပျောက် ချုပ်ငြိမ်းခြင်း ဟူသော အမြိုက်နိဗ္ဗာန်ကြီးမှာ မူကား အဘယ်မှာ "ကာယသစ္ဆိကရဏ" ဧကန္တ မရှိဘဲ နေပါအံ့နည်း၊ ရှိသည် မှန်၏။ သောတာပန်ပုဂ္ဂိုလ်အားငါ၏ စိတ်သန္တာန်မှာ အစဉ်ပါ၍နေသော ဒိဋ္ဌိ, ဝိစိကိစ္ဆာသည် ယခုပျောက်ငြိမ်းပေပြီ၊ ချုပ်ငြိမ်းပေပြီ၊ ကျွတ်လွတ်ပေပြီ၊ ငါ၏ကိုယ်မှာ အစဉ်ပါ၍နေသော အကုသလ ကမ္မပထ[၁] တရားတို့သည် ယခုပျောက်ငြိမ်းပေကုန်ပြီ၊ ချုပ်ငြိမ်းပေကုန်ပြီ၊ ကျွတ်လွတ် ပေကုန်ပြီ၊ ရှေ့က ဆီး၍နေသော အပါယ်ဘေးတို့သည်လည်း ယခု ပျောက်ငြိမ်း ပေကုန်ပြီ၊ ချုပ်ငြိမ်းပေကုန်ပြီ၊ ကျွတ်လွတ်ပေကုန်ပြီ ဟု အသက်ထက်ဆုံး ဝမ်းမြောက်၍ မဆုံးနိုင်ရှိလေ၏။

ဤမျှလောက်ကာယသစ္ဆိကရဏ, ဉာဏသစ္ဆိကရဏ ကိစ္စ ၂ ပါးတို့ဖြင့် ကိုယ်မှာ ဒိဋ္ဌတွေ့ကြုံရသော နိဗ္ဗာန်သည် အဘယ်မှာ ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားမဟုတ်ဘဲ ရှိချေအံ့နည်း။

ဤတွင်ရှေ့ကား ကိလေသာဝဋ္ဋ, ခန္ဓာဝဋ္ဋ တို့၏
အဖြစ်ငြိမ်းမှု,ဇာတ်သိမ်းမှု, ချုပ်ငြိမ်းမှုကို နိဗ္ဗာန်ဆိုခဲ့သော် ထိုနိဗ္ဗာန်သည်

---

၁၊ အကုသလကမ္မပထ - အပြုအမူပြီးမြောက်သော မကောင်းမှုသဘော၊

www.dhammaransi.com



အဘယ်သို့လျှင် ပရမတ်အားဖြင့် ထင်ရှားရှိပါသနည်း ဟူသော

ပထမပုစ္ဆာ ဖြေဆိုချက်ပြီး၏

*******

## ဒုတိယပုစ္ဆာဖြေဆိုချက်

အဘယ်သို့လျှင် အတုမရှိ မြင့်မြတ်သော ပရမသုခ ဖြစ်ပါသနည်း ဟူသော ဒုတိယ ပုစ္ဆာ၌-

သုခသည်-

၁။ သန္တိသုခ,

၂။ ဝေဒယိတသုခ-

ဟူ၍ လောက၌ သုခ ၂ မျိုး ထင်ရှားရှိကြသည်။

**သန္တိသုခ။** ။ သန္တိသုခ, ဆိုသည်ကား ဖြစ်ပွားနှိပ်စက်၍နေသော အနိဋ္ဌဓမ္မ, ဝိပတ္တိဓမ္မတို့၏ ပျောက်ငြိမ်းမှု လွတ်ငြိမ်းမှု ဟူသော သန္တိ သုခမျိုး။

မကြာမီ ဧကန္တ တွေ့ကြုံရတော့မည် ဟု နှလုံးပူဆွေး၍ နေရသော အနိဋ္ဌဓမ္မ, ဝိပတ္တိဓမ္မတို့၏ ပျောက်ငြိမ်းမှု,လွတ်ငြိမ်းမှု ဟူသော သန္တိ သုခတစ်မျိုး။

တွေ့ချိမ့်မည်လား၊ တွေ့၍ထားလျှင် ပြီးပါပြီ၊ ခက်ပါပြီ ဟု ကြံ၍ ပူဆွေး ရသော အနိဋ္ဌဓမ္မ, ဝိပတ္တိဓမ္မ တို့၏ ပျောက်ငြိမ်းမှု,လွတ်ငြိမ်းမှု ဟူသော သန္တိ သုခတစ်မျိုး။

ဤ ၃ မျိုးသော သုခတို့သည် ခံစား စံစားရာ တစ်စုံတစ်ခုသော ဝတ္ထုကိုရ၍ ခံစား စံစားရသော သုခမျိုး မဟုတ်ကုန်၊ စင်စစ်သော်ကား ဆိုက်တိုက်၍နေသော အနိဋ္ဌဓမ္မ, ဝိပတ္တိဓမ္မတို့မှ လွတ်ငြိမ်းသော သန္တိသုခမျိုးတို့သာတည်း။ ဤ သန္တိသုခမျိုးတို့မှာ တစ်စုံတစ်ခုသော ဝတ္ထုတို့ကိုမရသည့်ပြင် မိမိတို့ကပင် ဆိုက်ရောက်သော ဥပဒ်ဘေးရန် အားလျော်စွာ ရွှေ, ငွေ, အသပြာ, ဥစ္စာ ပစ္စည်း အကုန်ခံ၍ လွတ်ငြိမ်းမှုကို ရအောင် အားထုတ်ကြရကုန်၏။

တစ်မူးတန် အကုန်ခံမှ ရသော လွတ်ငြိမ်းမှု။
တစ်မတ်တန် အကုန်ခံမှ ရသောလွတ်ငြိမ်းမှု။
ငါးမူးတန်, တစ်ကျပ်တန် အကုန်ခံမှ ရသော လွတ်ငြိမ်းမှု။

www.dhammaransi.com



တစ်ဆယ်တန် အကုန်ခံမှ ရသော လွတ်ငြိမ်းမှု။

နှစ်ဆယ်တန်, သုံးဆယ်တန်, လေးဆယ်တန် ငါးဆယ်တန်, တစ်ရာတန်, နှစ်ရာတန်, သုံးရာတန်, လေးရာတန်, ငါးရာတန်, တစ်ထောင်တန် အကုန်ခံမှ ရသော လွတ်ငြိမ်းမှု။

နှစ်ထောင်တန်, သုံးထောင်တန်, လေးထောင်တန်, ငါးထောင်တန်, တစ်သောင်းတန်, တစ်သိန်းတန်, တစ်သန်းတန် အကုန်ခံမှရသော လွတ်ငြိမ်းမှု။

မိမိ ပိုင်ထိုက်သော သက်ရှိ, သက်မဲ့ကို အကုန်စွန့်မှ ရသော လွတ်ငြိမ်းမှု။

မြို့ရွာ တိုင်းပြည်ကို စွန့်မှ ရသော လွတ်ငြိမ်းမှု။

အပါယ်ဘေး ဆိုက်ရောက်သည်ဖြစ်၍ မိမိအသက်ကိုစွန့်မှ ရသော လွတ်ငြိမ်းမှု။

ဤသို့လျှင် ဆိုက်ရောက်သော ဘေးဥပဒ်အားလျော်စွာ မိမိလက်ရှိ စည်းစိမ်တို့ကို စွန့်လွှတ်မှ အကုန်ခံမှရသော သုခမျိုးသည် သန္တိသုခမျိုး မည်၏။

ဇီဝက ဝတ္ထု၌ သာကေတမြို့နေ သူဌေးကတော်သည် ဦးယည်း ခေါင်းခဲနာ နှစ်ရှည်လများ စွဲကပ်လေရာ ဇီဝက ဆရာအား ၄ သိန်းသော အသပြာကိုပေး၍ လွတ်ငြိမ်းမှုကို ရလေ၏။

ရာဇဂြိုလ်သူဌေးသည် ဦးယည်းခေါင်းခဲနာ လွတ်ငြိမ်းမှုတစ်ခုကို ရပါမည့်အတွက်နှင့်သက်ရှိ, သက်မဲ့ အကုန် ပေးပါမည်ဟု ဆိုရလေ၏။

တစ်ပါးသော မင်းသည် တစ်ယောက်သော မင်း၏ ထီးနန်းကို လုယက်သောအခါ ထီးနန်း တိုင်းပြည်နှင့်တကွ မင်း၏စည်းစိမ်ကို အကုန်ပေးမှ အသက်ဘေး လွတ်ငြိမ်းမှုတစ်ခုကို ရလေ၏။

ဤသို့လျှင် တစ်စုံတစ်ခုသော ဝတ္ထုကိုမရမူ၍ မိမိလက်ရှိ ဝတ္ထုတို့ကိုပင် ပေးစွန့်၍ယူရသော အနိဋ္ဌဘေး, ဝိပတ္တိဘေး တို့၏ လွတ်ငြိမ်းချမ်းသာမှု သည် သန္တိသုခမျိုးမည်၏။

ဝေဒယိတသုခ။ ။ မိမိ၌ ရရှိသော လူ့စည်းစိမ်, နတ်စည်းစိမ် တို့ကို ခံစားမှု, စံစားမှုသည် ဝေဒယိတသုခမျိုး မည်၏။ ဤသို့လျှင် သုခသည် သန္တိသုခ,

www.dhammaransi.com



ဝေဒယိတသုခ ဟူ၍ လောက၌ သုခမျိုး ၂ ပါး ထင်ရှားကြလေသတည်း။

ထိုသုခမျိုး ၂ ပါးတို့တွင် သန္တိသုခမျိုးသည်သာ အကြီးအကဲ အထွတ်အမြတ် ဖြစ်ပေ၏။ ဝေဒယိတသုခမျိုးသည်ကား အယုတ်အညံ့သာ ဖြစ်၏။

ပြဆိုခဲ့ပြီးသော ဇီဝကဝတ္ထု၌ အကုဋေများစွာ ချမ်းသာသော ဝေဒယိတ သုခကိုစွန့်၍ ဦးယဉ်းခေါင်းခဲနာ ပျောက်ငြိမ်းခြင်း ဟူသော သန္တိသုခ တစ်ခုကို ယူရ၏။

တိုင်းပြည်ထီးနန်းနှင့်တကွ အလုံးစုံသော မင်း၏စည်းစိမ် ဟုဆိုအပ်သော ဝေဒယိတသုခကို စွန့်၍ အသက်ဘေး၏ လွတ်ငြိမ်းခြင်းဟူသော သန္တိသုခတစ်ခုကို ယူရ၏။

အဇ္ဈတ္တဘေးရန်, ဗဟိဒ္ဓဘေးရန် တို့ဖြင့် ပူပန်ပင်ပန်း၍ သန္တိသုခကို မရသော သူအား မိမိ လက်ရှိဖြစ်သော စကြာမန္ဓာတ် မင်းစည်းစိမ်သော်မှလည်း အကျိုးမရှိ၊ အချည်းနှီးသာဖြစ်၏။ ဤသို့သော ယုတ္တိကြောင့် ဝေဒယိတ သုခမျိုးတို့ထက် သန္တိသုခမျိုးတို့သာလျှင် သာလွန်မြင့်မြတ်ကြောင်းကို သိရာ၏။

ထိုသန္တိသုခမျိုးသည် လောက၌ ထိုထိုဒုက္ခဓမ္မတို့နှင့် တွေ့ကြုံရသော သူတို့၏ ကိုးကွယ်ရာဖြစ်၏။ ရှေ့သို့တွေ့ကြုံရလတ္တံ့သည်ကို မြော်မြင်၍စိုးရိမ်တတ်သော သူတို့၏ ကိုးကွယ်ရာဖြစ်၏၊ အနာရောဂါနှိပ်စက်သော သူတို့အား ထိုအနာရောဂါ၏ ချုပ်ငြိမ်းမှု ဟူသော ဓမ္မဓာတ်တစ်ခုသည်သာ ကိုးကွယ်ရာအစစ်ဖြစ်၏။ အနာရောဂါ၏ ချုပ်ငြိမ်းမှု ဟူသော ဓမ္မဓာတ်တစ်ခုသည်သာ အနာရောဂါကို နိုင်သော ဓာတ်ရှိ၏၊ ထို ဓာတ်မှတစ်ပါး အနာရောဂါကိုနိုင်သော ဓာတ်ဟူ၍ တစ်စုံတစ်ခုမျှမရှိ၊ ထိုဓာတ်ကိုရခြင်းငှာ ဆေးဝါးဓာတ်စာကို မှီဝဲရသည်၊ ဆေးဝါးဓာတ်စာသည် အနာ ရောဂါကို နိုင်ရင်း ဓာတ်စစ်မဟုတ်။

ဤနည်းအတိုင်း ခပ်သိမ်းသော ဒုက္ခမျိုးတို့မှာလည်း ချုပ်ငြိမ်းမှု ဟူသော ငယ်နိုင်ဓာတ် အသီးသီး ရှိကြသည်ကို သိလေ။

အကြင်သတ္တဝါတို့အား မိမိတို့၏ စိတ်သန္တာန်မှာ သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ တစ်ရာပါရှိ၍နေ၏၊ ထိုသတ္တဝါတို့အား ငရဲကြီး ၈ ထပ်သို့ကျရောက်မှု တန်းလန်းရှိနေ၏၊ ဘဝဂ်ဘုံ၌ ဖြစ်သော်လည်း ထိုအမှုတန်းလန်းပင်တည်း၊ ထို့အတူ ဥဿဒငရဲ ၁၂၈ ထပ်သို့ ကျရောက်မှုတန်းလန်းရှိနေ၏၊ ခပ်သိမ်းသော ပြိတ္တာမျိုး, ခပ်သိမ်းသော အသုရကာယ်မျိုး, ခပ်သိမ်းသော တိရစ္ဆာန် မျိုးသို့ ကျရောက်မှု တန်းလန်းရှိနေ၏။

www.dhammaransi.com



ထို့အတူ ခပ်သိမ်းသော အနာဆိုး, ရောဂါဆိုးတို့နှင့် တွေ့ကြုံရန်အမှု တန်းလန်းရှိနေ၏၊ ခပ်သိမ်းသော လက်နက်မျိုး, ခပ်သိမ်းသော မီးဘေးမျိုး, ခပ်သိမ်းသော ရေဘေးမျိုး, ခပ်သိမ်းသော မင်းဘေးမျိုး၊ ခပ်သိမ်းသောဓားပြ ခိုးသူ ရန်သူဘေးမျိုးတို့နှင့် တွေ့ကြုံရန် အမှုတန်းလန်းရှိနေ၏။

ထို့အတူ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ ရှိနေသော သူတို့အား ဘဝင်ဘုံမှာ ဖြစ်၍ပင် နေသော်လည်း မုဆိုးဖြစ်ရန် အမှုတန်းလန်းနှင့်သာနေရ၏၊ တံငါဖြစ်ရန် အမှုတန်းလန်းနှင့်သာ နေရ၏၊ သူခိုးဖြစ်ရန်, ဓားပြဖြစ်ရန်, အမိသတ်ယောကျ်ားဖြစ်ရန်, အဘသတ် ယောကျ်ားဖြစ်ရန်, ရဟန္တာသတ်ယောကျ်ားဖြစ်ရန်, ဘုရားကို သွေးစိမ်းတည်အောင်ပြုရန်, သံဃာကို အသင်းခွဲရန် အမှု တန်းလန်းနှင့်သာ ဘဝင်ဘုံမှာ ဖြစ်နေရ၏။

ထို့အတူ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိဆရာကြီးဖြစ်ရန်, ကမ္ဘာပျက်၍မှ အဝီစိငရဲက မလွတ်ရသော နိယတမိစ္ဆာဒိဋ္ဌိဆရာကြီးဖြစ်ရန် အမှုတန်းလန်းနှင်သာ ဘဝင်ဘုံမှာ ဖြစ်နေရ၏၊ လူ့ဘုံ,နတ်ဘုံ အောက်အောက်သော ဗြဟ္မာ့ဘုံတို့မှာ ဆိုဖွယ် ရာမရှိပြီ။

ရှေ့သို့ကိုယ်တွေ့ကြုံရန်, ကျရောက်ရန် ဆိုခဲ့ပြီးသော အမှုတန်းလန်းပေါင်း ကိုယ်တွင်းမှာ အနန္တနှင့် ခံစား, ခံစားရသော လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ ချမ်းသာစုသည် ထိုတန်းလန်းမှုတို့၏ အသင်းအပင်းစုသာတည်း၊ သောတာပတ္တိမဂ်ကို ရသောအခါမှ ထိုတန်းလန်းမှု အလုံးစုံတို့သည် အကုန်ကျွတ်လွတ် ချုပ်ငြိမ်းလေကုန်၏။

ထို့ကြောင့်-

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံဝရံ။

ဟူ၍ ဓမ္မပဒ၌ ဟောတော်မူလေ၏။

ပထဗျာ၊ လေးကျွန်းတစ်ခွင် မြေအပြင်၌။ ဧကရဇ္ဇေန ဝါ၊ တစ်ယောက်တည်းသော စကြာမင်း၏ စည်းစိမ်ထက်လည်းကောင်း။ သဂ္ဂဿ၊ နတ်ပြည် ၆ ထပ်သို့။ ဂမနေန ဝါ၊ ရောက်၍ ခံစံရသော နတ်စည်းစိမ်ထက်လည်းကောင်း။ သဗ္ဗလောကာဓိပစ္စေနဝါ၊ အလုံးစုံသော လောကတို့၏ အကြီးအကဲ ဖြစ်သော ဗြဟ္မာမင်းကြီး၏ စည်းစိမ်ထက်လည်းကောင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သည်။ ဝရံ၊ သာလွန်ထွတ်မြတ်၏။ ။[အနက်။]

www.dhammaransi.com



သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို ရသောအခါ ထိုပြဆိုခဲ့ပြီးသော အမှုတန်းလန်းစုတို့၏ အကုန်အစင် လွတ်ငြိမ်းခြင်း ဟူသော "သန္တိသုခ အသင်္ခတ ဓာတ်ကြီး" ကို ရလေ၏။ ထို့ကြောင့် သောတာပတ္တိဖိုလ်ကို စကြာမင်းစည်းစိမ်, နတ်မင်းစည်းစိမ်, ဗြဟ္မာမင်းစည်းစိမ်တို့ထက် မြတ်သည် ဟု ဟောတော်မူပေသတည်း၊ များစွာသော အနာကြီးရောဂါကြီးတို့၏ ချုပ်ငြိမ်းမှုဟူသော သန္တိသုခကို ပေးပေနိုင်သောကြောင့် ဆေးကို အထွက်အမြတ် ချီးမွမ်းအပ်သကဲ့သို့မှတ်။

ဆိုအပ်ခဲ့ပြီးသော အမှုတန်းလန်းနှင့်ခံစား စံစားရသော စကြာမင်း, နတ်မင်း, ဗြဟ္မာမင်း တို့၏ အဖြစ်ထက် သောတာပန် အဖြစ်ကို ရသော "သုပ္ပဗုဒ္ဓ" အမည်ရသော လူနူကြီး၏အဖြစ်သည် အဆများစွာ သာလွန်မြင့်မြတ်လေ၏။

ဤတွင်ရွေ့ကား - ကိလေသာဝဋ္ဋ, ခန္ဓာဝဋ္ဋတို့၏
အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု, ငြိမ်းမှု ကိုနိဗ္ဗာန်ဆိုခဲ့သော် ထိုနိဗ္ဗာန်သည်
အဘယ်သို့လျှင် လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာတို့ထက်
အဆများစွာ သာလွန်မြင့်မြတ်သော "ပရမသုခ" ဖြစ်နိုင်ပါအံ့နည်း ဟူသော
ဒုတိယပုစ္ဆာ ဖြေဆိုချက်ပြီး၏

********

## တတိယပုစ္ဆာဖြေဆိုချက်

ကိလေသာဝဋ္ဋ, ခန္ဓာဝဋ္ဋတို့၏ အဖြစ်ငြိမ်းမှု,ဇာတ်သိမ်းမှု, ချုပ်ငြိမ်းမှုကို နိဗ္ဗာန်ဆိုခဲ့သော် ထိုနိဗ္ဗာန်သည် အဘယ်သို့လျှင် ဂမ္ဘီရ, ဒုဒ္ဒသ,သဏှ,သုခုမ စသော အနန္တဂုဏ်နှင့် ပြည့်စုံပါသနည်း ဟူသော တတိယ ပုစ္ဆာ၌

နိဗ္ဗာန်သို့ မဆိုက်ဘဲ သံသရာ၌ တသွားတည်းသွား၍ နေခဲ့သော် သံသရာ ဘဝဒုက္ခနယ်ကြီးသည် အဘယ်မျှလောက် ကြီးကျယ် ရှည်လျားလိမ့်မည်ဟု အနမတဂ္ဂ ကြီးကျယ်ရှည်လျားပုံကို မြော်လေ။

ထိုအနမတဂ္ဂ ကြီးကျယ်ရှည်လျားသော သံသရာဘဝဒုက္ခဝဋ်ကြီး၏ ချုပ်ငြိမ်းမှုသည် နိဗ္ဗာန်ဖြစ်ပေသောကြောင့် ထိုဒုက္ခဝဋ်နယ်၏ ကြီးကျယ်သမျှ,ရှည်လျားသမျှသည် နိဗ္ဗာန်၏ အတိဂမ္ဘီရဂုဏ်[၁] ပေတည်း။

ထိုအနမတဂ္ဂ ဒုက္ခဝဋ်ခင်းကြီးမှာ ဒုက္ခပေါင်း အပ္ပမေယျ အနန္တ များပြား

၁၊ အတိဂမ္ဘီရဂုဏ် - အလွန်နက်နဲသော ထူးခြားချက်၊

www.dhammaransi.com



မှုသည် နိဗ္ဗာန်မှာ သန္တဂုဏ်ပေါင်း အနန္တ, ပဏီတဂုဏ်ပေါင်း အနန္တ, သုခ ဂုဏ်ပေါင်း အနန္တ ဖြစ်လေသတည်း။

အဝိဇ္ဇာ မောဟ ဟူသော ဓာတ်တစ်ခု၏ မကောင်း ဆိုးရွားသော အလားသည် အဘယ်မျှ ကြီးကျယ် ရှည်လျားသနည်း-ဟု မြော်မိလျှင် ထိုအဝိဇ္ဇာ မောဟ ဟူသောဓာတ်တစ်ခု၏ ချုပ်ငြိမ်းမှုမှာ ဂုဏ်ကျက်သရေအနန္တ ရှိကြောင်းကို မြင်လိမ့်မည်၊ ၁၅၀၀ ကိလေသာတို့၏ အသီးအသီး ချုပ်ငြိမ်းမှုတို့၌ ဤနည်းအတိုင်း သိလေ။

ဤသတ္တဝါတို့အား အနမတဂ္ဂသံသရာမှာ မိမိတို့၏ ကိုယ်ခန္ဓာ အတ္တဘော ဖြစ်ပုံကိုပင်လျှင် အမှန်အကန်အားဖြင့် သိနိုင်ရန်, မြင်နိုင်ရန် အလွန်ခက်ခဲနက်နဲ၏ ဘယ်ပုံဖြစ်သည် ဟူ၍ အမှန်အကန် မသိနိုင်ကြ၊ ထိုကိုယ်ခန္ဓာအတ္တဘော၏ ချုပ်ငြိမ်းမှု, ဇာတ်သိမ်းမှုသည်မူကား သိနိုင်ရန်အရေး အလွန်ဝေး၏၊ ချုပ်ငြိမ်းမှု, ဇာတ်သိမ်းမှု ဟူသော ဓာတ်တစ်ခု ရှိသည် ဟူ၍ အိပ်မက်တွင်မျှ မမြင်ဘူးကြလေ။

ဘုရားတရားတော်ကို ကြားနာ၍ ထိုဓာတ်တစ်ခု ရှိကြောင်းကို သိကြသူတို့ မှာလည်း ထိုဓာတ်သို့ဆိုက်ရောက်အောင် လုပ်ကြံရန်အရေး အလွန်ခက်ခဲ၏၊ ဘဝများစွာ, ကမ္ဘာများစွာ ပါရမီဓမ္မတို့ကို ဖြည့်ကျင့်နိုင်မှ ဆိုက်ရောက်ရ၏။

မိမိတို့၏ ကိုယ်ခန္ဓာ ဖြစ်၍နေသော ပထဝီဓာတ်, အာပေါဓာတ် အစရှိသော ပရမတ်ကြမ်းကြီးကိုပင် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် အားဖြင့်လည်းကောင်း၊ အနိစ္စ, ဒုက္ခ,အနတ္တ လက္ခဏာ အားဖြင့် လည်းကောင်း၊ အဟုတ်အမှန် မြင်နိုင်ရန်, ထင်နိုင်ရန်အရေး အလွန် ခက်ခဲနက်နဲ သေး၏၊ မိမိတို့၏ ကိုယ်ခန္ဓာရှိ ဓာတ်စုကို အနတ္တ ပိုင်ပိုင် ထင်မြင်နိုင်မှ တွေ့မြင်ရသော နိဗ္ဗာန်သည် အတိဂမ္ဘီရ, အတိဒုဒ္ဒသ သာဖြစ်လေတော့ သတည်း။

ဤတွင် တတိယပုစ္ဆာ ဖြေဆိုချက် ပြီး၏။
ဤတွင်ရွေ့ကား သဂြိုလ်ကျမ်းမှလာသော နိဗ္ဗာန်၏အပြားနှင့်
ပုစ္ဆာ ၃ ပါးကို ဖြေဆိုသော သခ်ေပကဏ္ဍသည် ပြီး၏

*******

www.dhammaransi.com



# ဝိတ္ထာရကဏ္ဍ

## နိဗ္ဗာန်အပြား ၇ ပါး

ယခုအခါ ဝိတ္ထာရကဏ္ဍ ဖြစ်သော ဒုတိယ ကဏ္ဍကို ပြဆိုအံ့။ ။ ထိုထို ပါဠိတော်တို့၌-

နိဗ္ဗုတာ, ပရိနိဗ္ဗုတာ,
နိဗ္ဗုတော, ပရိနိဗ္ဗုတော,
နိဗ္ဗုတိ, ပရိနိဗ္ဗုတိ,
နိဗ္ဗာယိ, ပရိနိဗ္ဗာယိ,
နိဗ္ဗာတိ, နိဗ္ဗာယတိ,
နိဗ္ဗန္တိ, နိဗ္ဗာယန္တိ,-

စသည်ဖြင့် လာသော အရာတို့၌ ထိုပုဒ်တို့၏ အနက္ထသည် ငြိမ်းခြင်း ဟူသော နိဗ္ဗာန်ပင်တည်း။ ထို့ကြောင့် ထိုပုဒ်တို့နှင့် လာသော နိဗ္ဗာန်၊ နိဗ္ဗာနသဒ္ဒါ, ပရိနိဗ္ဗာန သဒ္ဒါတို့နှင့် လာသော နိဗ္ဗာန်၊ အရပ်ရပ်သော နိဗ္ဗာန် တို့ကို ပေါင်းစု၍ ဝိတ္ထာရကဏ္ဍ ဖြစ်သော ဤဒုတိယကဏ္ဍ၌ ပြလတ္တံ့။

နိဗ္ဗာန်သည်-

၁။ မိစ္ဆာဒိဋ္ဌိနိဗ္ဗာန်,

၂။ သမ္မုတိနိဗ္ဗာန်,

၃။ တဒင်္ဂနိဗ္ဗာန်,

၄။ ဝိက္ခမ္ဘနနိဗ္ဗာန်,

၅။ သမုစ္ဆေဒနိဗ္ဗာန်,

၆။ ပဋိပဿဒ္ဓိနိဗ္ဗာန်,

၇။ နိဿရဏနိဗ္ဗာန် ဟူ ၍ အကျဉ်းအားဖြင့် ၇ ပါး အပြားရှိ၏။

ထိုတွင်

မိစ္ဆာဒိဋ္ဌိနိဗ္ဗာန်။ ။ မိစ္ဆာဒိဋ္ဌိ နိဗ္ဗာန်ဆိုသည်ကား သာသနာတော်မှ အပ ဖြစ်ကုန်သော မိစ္ဆာဒိဋ္ဌိ အယူရှိကုန်သော တိတ္ထိဆရာတို့ ကြံဆ စွဲလမ်းအပ်သော နိဗ္ဗာန်ကို "မိစ္ဆာဒိဋ္ဌိနိဗ္ဗာန်" ဆိုသတည်း၊ ထိုမိစ္ဆာဒိဋ္ဌိနိဗ္ဗာန်သည် "ပဉ္စဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါ" ဟူသော ပါဠိတော်ပုဒ်တို့၌ လည်းကောင်း၊ "နိဗ္ဗာနံ နိဗ္ဗာနတော သဉ္ဇာတိ" အစရှိသော

www.dhammaransi.com



မူလပရိယာယ သုတ် ပုဒ် တို့၌လည်းကောင်း လာပေသည်။ ။ ပါဠိတော် ၂ ရပ်တွင်-

ဣဓ ဘိက္ခဝေ ဧကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ ဧဝံ ဝါဒီ ဟောတိ ဧဝံ ဒိဋ္ဌိ၊ ယတော ခေါ ဘော အယံအတ္တာ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေတိ၊ ဧတ္တာဝတာ ခေါ ဘော အယံ အတ္တာပရမဒိဋ္ဌဓမ္မနိဗ္ဗာနံ ပတ္တော ဟောတီတိ။

အစရှိသဖြင့် ပါဠိတော်တို့၌ တိတ္ထိဆရာတို့ ကြံဆ စွဲလမ်းအပ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန် ၅ ပါး လာရှိသည်။

၅ ပါးကား ၁။ အကြင်သူသည် လူ့ပြည်နတ်ပြည် တို့၌ ကာမဂုဏ် ၅ ပါး ကို အလိုရှိတိုင်း ခံစားစံစားရ၏၊ ထိုသူ၏ အတ္တသည် အလွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ရောက်သော အတ္တမည်၏၊ ထို့ထက်လွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟူ၍ မရှိ။ (ပထမနိဗ္ဗာန် ပထမဝါဒ။)

၂။ အကြင်သူသည် ကာမတရားတို့၏ ဆိတ်ကင်းရာဖြစ်သော ပထမဈာန်ကိုရ၏၊ ပထမဈာန်ကို ဝင်စား၍နေ၏၊ ပထမဈာန်ဘုံသို့ ရောက်၏၊ ထိုသူ၏ အတ္တသည် အလွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်သော အတ္တမည်၏၊ ထို့ထက်မြတ်သော နိဗ္ဗာန်ဟူ၍မရှိ။ (ဒုတိယ နိဗ္ဗာန်, ဒုတိယဝါဒ။)

၃။ ဤနည်းအတူ ဒုတိယဈာန်သို့ ရောက်သည်ကိုသာ ပရမဒိဋ္ဌ ဓမ္မနိဗ္ဗာန်သို့ ရောက်သည် ဟုယူသောဝါဒ။ (တတိယနိဗ္ဗာန်, တတိယ ဝါဒ။)

၄။ တတိယဈာန်သို့ ရောက်သည်ကိုသာ ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာန်သို့ ရောက်သည် ဟု ယူသော ဝါဒ။ (စတုတ္ထနိဗ္ဗာန်, စတုတ္ထဝါဒ။)

၅။ စတုတ္ထဓမ္မနိဗ္ဗာန်သို့ ရောက်သည်ဟု ယူသော ဝါဒ။ (ပဉ္စမနိဗ္ဗာန်, ပဉ္စမဝါဒ။)

(ဤကား မိစ္ဆာဒိဋ္ဌိနိဗ္ဗာန် ၅ ပါး, မိစ္ဆာဝါဒ ၅ ပါးတည်း။)

နိဗ္ဗာနံ နိဗ္ဗုနတော သဥ္ဇာနာတိ၊ နိဗ္ဗာနံ နိဗ္ဗာနတော သညတွာ နိဗ္ဗာနံ

www.dhammaransi.com



ပညတိ၊ နိဗ္ဗာနတော ပညတိ၊ နိဗ္ဗာနသ္မိံ မညတိ၊ နိဗ္ဗာနံ မေတိ မညတိ၊ နိဗ္ဗာနံ အဘိနန္ဒတိ၊ တံ ကိဿဟေတု၊ အပရိညာတံ တဿာတိ ဝဒါမိ။

(မူလပရိယာယသုတ်ပါဠိတော်။)

ဤပါဠိတော်မှာလည်း ဒိဋ္ဌဓမ္မနိဗ္ဗာန် ၅ ပါး ကိုယူ။

(ဤကား မိစ္ဆာဒိဋ္ဌိ နိဗ္ဗာန်တည်း။)

**သမ္မုတိနိဗ္ဗာန်**။ ။ သမ္မုတိနိဗ္ဗာန် ဆိုသည်ကား လောက၌ ဖြစ်ပွားသော မီးဘေး၏ ငြိမ်းခြင်း၊ ဖြစ်ပွားသော ရေဘေး၏ ငြိမ်းခြင်း၊ ဖြစ်ပွားသော မင်းဘေး၏ ငြိမ်းခြင်း၊ ဖြစ်ပွားသော ရန်သူဘေး၏ ငြိမ်းခြင်း၊ ဖြစ်ပွားသော ဓားပြခိုးသူဘေး၏ ငြိမ်းခြင်း၊ ဖြစ်ပွားသော သတ္ထန္တရ ကပ်ဘေး၏ ငြိမ်းခြင်း၊ ဖြစ်ပွားသော ဒုဗ္ဘိက္ခန္တရ ကပ်ဘေး၏ ငြိမ်းခြင်း၊ ဖြစ်ပွားသော ရောဂန္တရကပ်ဘေး၏ ငြိမ်းခြင်း - ဤသို့ အစရှိသည်ဖြင့် ဤလောက၌ ဖြစ်ပွားတွေ့ကြုံရသော ဘေးအပေါင်း, ရန်အပေါင်း, ဒဏ်အပေါင်း, အန္တရာယ်အပေါင်း, အပြစ်အပေါင်း, ဥပဒ်အပေါင်းတို့၏ ငြိမ်းခြင်း ဟူသမျှ သည် "သမ္မုတိနိဗ္ဗာန်" မည်၏။

ထိုသမ္မုတိနိဗ္ဗာန်သည်-

"မနော နိဗ္ဗုတိ တာဝဒေ၊ ရောဂါ ဝူပသမ္မတိ၊ အန္တရာယော ဝူပသမ္မတိ"

အစရှိသည်ဖြင့် လာသည်။

အလောင်းတော် သိဒ္ဓတ်မင်း၏ တင့်တယ်ခြင်း ကျက်သရေကို မြင်၍ ကိသဂေါတမီ ရွတ်ဆို ကျူးရင့်သော "နိဗ္ဗုတာနူန သာ နာရီ" အစရှိသော ၃ ဂါထာ တို့၌ နိဗ္ဗုတာ ပုဒ်တို့ဖြင့် လာသော နိဗ္ဗာန်သည်လည်း သမ္မုတိ နိဗ္ဗာန်ပင်တည်း။

အမျိုးအနွယ်, အရွယ်, အဆင်း ဘုန်းလက်ရုံးပညာနှင့် ပြည့်စုံသော ယောက်ျား,ယောက်ျားမြတ်၏ ချစ်မယား ဖြစ်ရသော မိန်းမ၊ ထိုကဲ့သို့သော သားကောင်း, သားမြတ်၏ အမိဖြစ်ရသော မိန်းမ၊ မိန်းမတို့၏ဘဝ၌ ဤကဲ့သို့သော မိန်းမဖြစ်ရ၍ အသက်ထက်ဆုံး စိတ်နှလုံးတွင်ကြည်လင် ရွှင်လန်းငြိမ်းချမ်းသာယာ ခြင်းကို ရသဖြင့် ကာယိကဒုက္ခ, စေတသိကဒုက္ခတို့၏ ကင်းငြိမ်းခြင်းကို "နိဗ္ဗုတာ" ဆိုသတည်း။

ချစ်ခင်လှစွာသော မိဘ, ဘိုးဘွား, သား, လင်, ခင်ပွန်း စသည်တို့၏ သေဆုံးခြင်းကြောင့် အလွန် ပူပန်ပင်ပန်းမှု ဒုက္ခနှိပ်စက်၍ နေကုန်သော သူတို့အား

www.dhammaransi.com



တစ်စုံတစ်ယောက်သော သူ၏ တရားစကားကို ကြားနာရ၍ ထိုဒုက္ခသည် ခဏချင်း ငြိမ်းလေ၏၊ ထိုအငြိမ်းသည်လည်း "သမ္မုတိနိဗ္ဗာန်" မည်၏။

ထိုနိဗ္ဗာန်သည်-

သုတွာန အဇ္ဈုဋ္ဌသလ္လောသ္မိ၊ သီတိဘူတောသ္မိ နိဗ္ဗုတော။

န သောစာမိ န ရောဒါမိ၊ တဝ သုတွာန မာဏဝ။ ။

အစရှိသော ပါဠိတော်တို့မှာ လာသည်။

ထိုသမ္မုတိနိဗ္ဗာန်သည် ငြိမ်းခြင်းဟူသော သန္တိလက္ခဏာအားဖြင့် တစ်ပါးသာ ဖြစ်သော်လည်း သမ္ဗန္ဓီ ဖြစ်သော ဒုက္ခဓမ္မတို့၏ အပြားအားဖြင့် အလွန်များပြား၏။

အကျဉ်းကား။ ။ ကပ်၃ ပါးကို အစွဲပြု၍ ထိုကပ် ၃ ပါး၏ ငြိမ်းမှု ဟူသော သမ္မုတိနိဗ္ဗာန် ၃ ပါး။

ဝိပတ္တိ ၄ ပါးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် ၄ ပါး။

အပါယ် ၄ ပါးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် ၄ ပါး။

ရန်သူမျိုး ၅ ပါးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် ၅ ပါး။

အရပ်ပြစ် ၈ ပါးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် ၈ ပါး။

အပြစ် ၈ ပါးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် ၈ ပါး။

ဒဏ် ၁၀ ပါးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် ၁၀ ပါး။

၁၆ ပါးသော ဥပဒ္ဒဝေါတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် ၁၆ ပါး။

၂၅ ပါးသော ဘေးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် ၂၅ ပါး။

၃၂ ပါးသော ကံကြမ္မာတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် ၃၂ ပါး။

အနာအမျိုး ၉၆ ပါးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် ၉၆ ပါး အပြားရှိ၏။

အကျယ်ကား။ ။ စကြဝဠာအနန္တ, ကမ္ဘာအနန္တ, သတ္တဝါ အနန္တတို့နှင့်အမျှ ကျယ်ပြန့်များပြား၏၊ ထိုသမ္မုတိနိဗ္ဗာန်သည် အသင်္ခတ မဟာနိဗ္ဗာန်ကြီးသို့ မရောက်မီ ကာလအတွင်းမှာ ခပ်သိမ်းသော သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်ပေ၏၊ ပုန်းအောင်းရာဖြစ်ပေ၏၊ လဲလျောင်းရာဖြစ်၏။

ပထမကဏ္ဍ၌ ဝေဒယိတသုခမျိုးတို့ထက် သန္တိသုခမျိုးက ကြီးကျယ်ပုံ, မြင့်မြတ်ပုံ အလုံးစုံကို ဤသမ္မုတိနိဗ္ဗာန်၌ ဆိုခွင့်ဆိုက်ပြန်၏၊ ဆရာဇီဝကဝတ္ထု၊ ၂

www.dhammaransi.com



ခုကိုလည်း ဤသမ္မုတိနိဗ္ဗာန်အရာ၌ ပြအပ်၏။

သာကေတ သူဌေးကတော်မှာ ဦးယဉ်းခေါင်းခဲနာ၏ ငြိမ်းမှု ဟူသော သမ္မုတိနိဗ္ဗာန်တစ်ခုကို အသပြာ ၄ သိန်းပေး၍ ယူရ၏၊ ကုဋေများစွာ ကြွယ်ဝသော ရာဇဂြိုလ်သူဌေးမှာလည်း ဦးယဉ်းခေါင်းခဲနာငြိမ်းမှု ဟူသော သမ္မုတိနိဗ္ဗာန်တစ်ခုကို သက်ရှိ, သက်မဲ့ အကုန်ပေးပါမည် ချုပ်ဆို၍ ယူရ၏၊ ထိုသူဌေးသည် ပဒေသရာဇ် မင်းဖြစ်ခဲ့အံ့၊ ပဒေသရာဇ်မင်း၏ စည်းစိမ်ကို အကုန်ပေးလတ္တံ့၊ ဧကရာဇ်မင်းဖြစ်ခဲ့အံ့၊ ဧကရာဇ်မင်း စည်းစိမ်ကို အကုန်ပေးလတ္တံ့၊ ၄ ကျွန်းလုံးကို အစိုးရသော စကြာမင်းကြီး ဖြစ်ခဲ့အံ့၊ ၄ ကျွန်းစည်းစိမ်ကို အကုန်ပေးလတ္တံ့၊ ဦးယဉ်းခေါင်းခဲနာ တစ်ခုသည် သို့စဉ်မျှလောက် အဖိုးထိုက်တန်လေ၏။

မျက်တောင်တစ်ခတ်မျှ သက်သာရာမရအောင် နှစ်ရှည်လများ နှိပ်စက်သောအနာမျိုး, အသက်ခန္ဓာကို ချွေတတ်သော အနာမျိုးတို့၏ ငြိမ်းမှု၊ ဗဟိဒ္ဓဖြစ်သော ကြီးမားစွာသော ဘေးအန္တရာယ်တို့၏ ငြိမ်းမှုတို့၌လည်း ထိုနည်းတူ အဖိုးထိုက်တန်ကြောင်း အလွန်မြတ်ကြောင်းကို သိလေ။

ထင်ရှားရှိပုံ။ ။ သမ္မုတိနိဗ္ဗာန်ဆိုသည်ကား ပရမတ္ထအားဖြင့် ထင်ရှားသည်မဟုတ်၊ သမ္မုတိပညတ်မျှသာဖြစ်ခဲ့၍ သမ္မုတိဆိုသည် မဟုတ်၊ အစဉ်ထာဝရ အားဖြင့် အပြီးငြိမ်း၍ သွားသော မဟာအသင်္ခတ နိဗ္ဗာန်ကြီးကို ထောက်စာသည် ရှိသော် နိဗ္ဗာန် ဟူ၍ မဆိုလောက်ပါဘဲလျက် နိဗ္ဗုတ သဒ္ဒါ, ဝူပသန္တ သဒ္ဒါ တို့ဖြင့် လောကီ လူအပေါင်းတို့သည် ငြိမ်းမှု ဟူ၍ သမုတ် ခေါ်ဝေါ်မှုရှိလေသောကြောင့် "သမ္မုတိနိဗ္ဗာန်" ဆိုပေသတည်း၊ ထိုသမ္မုတိနိဗ္ဗာန်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိပုံမှာ တခြားတစ်ပါးသော ပရမတ္ထ တရားတို့ကဲ့သို့ ဝတ္ထုဒြပ်အားဖြင့် ရှိသည်မဟုတ်၊ ငြိမ်းမှု ဟူသော သန္တိသဘော အားဖြင့်သာ ထင်ရှားရှိလေသတည်း။

ငြိမ်းမှုဟူသော သန္တိ အခြင်းအရာအားဖြင့် ထင်ရှားရှိသော ပရမတ္ထတရား မဟုတ်ငြားအံ့၊ ထိုငြိမ်းမှုသည် မိမိကိုယ်တွင်းမှာ ကိုယ်တွေ့ဒိဋ္ဌ "ကာယသက္ခိကရဏ" ကိစ္စအနေအားဖြင့် ဧကန်တွေ့ရသော တရားမဟုတ်လေရာ၊ ထိုသို့ မဟုတ်ကလည်း ထိုသူဌေးတို့သည် ထိုမျှလောက်သော ဥစ္စာဘဏ္ဍာတို့ကိုပေး၍ ထိုငြိမ်းမှုကို မယူလေရာ၊ ပေး၍ပင်ယူသော်လည်း ထိုငြိမ်းမှုသည် ပညတ်မျှ ဖြစ်ခဲ့အံ့၊ မိမိတို့ကိုယ်မှာ ထိုရောဂါမှ ထမြောက်ချမ်းသာမှုဟူ၍ ကိုယ်တွေ့ဒိဋ္ဌမရှိကြလေရာ၊ မိမိတို့၏ ကိုယ်တွင်းမှာ ထိုခေါင်းခဲရောဂါ၏ ပျောက်ငြိမ်းမှုသည် ကိုယ်တွေ့ဒိဋ္ဌ ဧကန္တဖြစ်၏၊ ထို့ကြောင့် ထိုသမ္မုတိနိဗ္ဗာန်သည်လည်း လူတို့ သမုတ်ခေါ်ဝေါ်ရုံမျှဖြစ်သော ပညတ်သဘောမျိုး မဟုတ်၊ ပရမတ်သဘောမျိုးပင်ဖြစ်သည် ဟုမှတ်ယူအပ်လေသတည်း။

www.dhammaransi.com



[ဤကား - သမ္မုတိနိဗ္ဗာန်တည်း။]

တဒင်္ဂနိဗ္ဗာန်။ ။ တဒင်္ဂနိဗ္ဗာန် ဆိုသည်ကား လောက၌ ဤမည်သော ဆေးမြစ်သည် ဤမည်သော အနာကို ပယ်ဖျောက်နိုင်၏ ဟု သူ့ဆေးမြစ်နှင့် သူ့အနာ အသီးသီး ရှိကြသကဲ့သို့၊ ဤမည်သော ကုသိုလ်ဓမ္မသည် ဤမည်သော အကုသိုလ် ဓမ္မကို ပယ်ဖျောက်နိုင်၏၊ ဟု သူ့ကုသိုလ်ဓမ္မနှင့် သူ့အကုသိုလ်ဓမ္မ အသီးအသီး ရှိကြ၏၊ ထိုသို့ ရှိကြရာ၌ သူ့ကုသိုလ်ဓမ္မ၏ သူ့အကုသိုလ်ဓမ္မကို ပယ်ခြင်းသည် "တဒင်္ဂပဟာန်" မည်၏၊ ထိုသို့ပယ်ခြင်းကြောင့် ထိုထို အကုသိုလ်ဓမ္မ၏ တစ်ခဏအားဖြင့် အဖြစ် ငြိမ်းခြင်းသည် "တဒင်္ဂနိဗ္ဗာန်" မည်သတည်း၊ ဤတဒင်္ဂနိဗ္ဗာန်ကို မဇ္ဈိမနိကာယ် မူလပဏ္ဏာသ သလ္လေခသုတ် ပါဠိတော်ကို အစဉ်လျှောက်သဖြင့် သိအပ်၏။

ဝိဟိံသကဿ ပုရိသပုဂ္ဂလဿ အဝိဟိံသာ ဟောတိ ပရိနိဗ္ဗာနာယ။

၁။ ဝိဟိံသကဿ၊ သူတစ်ပါးကို ကိုယ်ဖြင့်လည်းကောင်း, နှုတ်ဖြင့် လည်းကောင်း ညှဉ်းပန်းနှိပ်စက်ခြင်း အလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ား ပုဂ္ဂိုလ်အား။ အဝိဟိံသာ၊ သူတစ်ပါးကို ကိုယ်, နှုတ် ၂ ပါးတို့ဖြင့် မညှဉ်းဆဲလိုသော ကုသိုလ်တရားသည်။ ပရိနိဗ္ဗာနာယ၊ ထိုပုဂ္ဂိုလ်မှာ ထိုအကုသိုလ်အပူလောင်၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

မိမိ၏ စိတ်သန္တာန်၌ ဝိဟိံသာ ဟူသော အပူအလောင်ကုသိုလ် နှိပ်စက် ညှဉ်းပန်း၍နေသော ပုဂ္ဂိုလ်သည် အဝိဟိံသာ ဟူသော ကုသိုလ်တရားကို ပွားများ၍ ထိုဝိဟိံသာ ဟူသော အကုသိုလ်တရားကို ပယ်ရှားသည်ရှိသော် ထိုဝိဟိံသာ ဟူသော အပူအလောင် အကုသိုလ်တရားသည် အဝိဟိံသာ ကုသိုလ်ရှိနေသမျှကာလပတ်လုံး ထိုစိတ် သန္တာန်ဝယ်အဖြစ် ငြိမ်းလေ၏၊ ဤသို့ ဝိဟိံသာအကုသိုလ်ဓမ္မ၏ အဖြစ် ငြိမ်းမှုသည် တဒင်္ဂနိဗ္ဗာန်တစ်ပါး ဖြစ်၏။

[နောက်နောက်၌လည်း ဤနည်းတူ သိလေ။]

ပါဏာတိပါတိဿ ပုရိသပုဂ္ဂလဿ ပါဏာတိပါတာ ဝေရမဏီ ဟောတိ ပရိနိဗ္ဗာနာယ။

[ပါဠိတော်]

၂။ စိတ်သန္တာန်ဝယ် သူ့အသက်ကို သတ်ခြင်းအလေ့ ဟူသော အပူအလောင် အကုသိုလ်ဓမ္မ နှိပ်စက်၍နေသော သူတို့အား ပါဏာတိ ပါတဝိရတိ

www.dhammaransi.com



သီလသည် ထိုအကုသိုလ် အပူလောင်၏ ငြိမ်းခြင်းငှာဖြစ်။

၃။ အဒိန္နာဒါယိဿ၊ သူ့ဥစ္စာကို ခိုးယူခြင်းအလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အဒိန္နာဒါနာ၊ အဒိန္နာဒါန်မှုမှ။ ဝေရမဏီ၊ ကြဉ်ရှောင်မှု ကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ ထိုအဒိန္နာဒါန် အကုသိုလ်၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၄။ အဗြဟ္မစာရိဿ၊ မေထုန်မှု - ဟူသော အယုတ်မှုကို ပြုကျင့်ခြင်းအလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အဗြဟ္မစရိယ၊ ယုတ်ညံ့သော အကျင့်မှ။ ဝေရမဏီ၊ ကြဉ်ရှောင်မှုကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ ထိုအဗြဟ္မစရိယ အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၅။ မုသာဝါဒိဿ၊ မုသားဆိုခြင်း အလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ မုသာဝါဒါ၊ မုသားဆိုခြင်း အမှုမှ။ ဝေရမဏီ၊ ကြဉ်ရှောင်မှု ကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ မုသား ဟူသော အကုသိုလ် ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၆။ ပိသုဏဝါစဿ၊ ချောပစ်ကုန်းတိုက်သော စကားကို ဆိုလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ပိသုဏာယဝါစာယ၊ ချောပစ် ကုန်းတိုက်သော စကားမှ။ ဝေရမဏီ၊ ကြဉ်ရှောင်မှုကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ ပိသုဏဝါစာ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၇။ ဖရုသဝါစဿ၊ အကြမ်းအတမ်း ဆဲရေးသော စကားမျိုးကို ဆိုလေ့ထွက်လေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ဖရုသာယ၊ ကြမ်းတမ်းသော။ ဝါစာယ၊ စကားမျိုးမှ။ ဝေရမဏီ၊ ကြဉ်ရှောင်မှု ကုသိုလ်သည်။ ဖရုသဝါစ ဟူသော ထိုအဗြဟ္မစရိယ အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၈။ သမ္ဖပ္ပလာပဿ၊ အကျိုးမရှိသော အပြိန်အဖျင်း စကားကို ပြောဆိုလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ား ပုဂ္ဂိုလ်အား။ သမ္ဖပ္ပလာပါ၊ အပြိန် အဖျင်း ပြောဆိုခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင်မှုကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ သမ္ဖပလာပ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

www.dhammaransi.com



၉။ အဘိဇ္ဈာလုသ္မိ၊ အဘိဇ္ဈာ အားကြီးသော။ ပုရိသပုဂ္ဂလသ္မိ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အနဘိဇ္ဈာလုတာ၊ အဘိဇ္ဈာများခြင်းမှ ကင်းလွတ်သောအဖြစ်သည်။ ပရိနိဗ္ဗာနာယ၊ အဘိဇ္ဈာ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၀။ ဗျာပန္နစိတ္တသ္မိ၊ ဗျာပါဒများသောစိတ်ရှိသော။ ပုရိသပုဂ္ဂလသ္မိ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အဗျာပါဒေါ၊ ဗျာပါဒကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ ဗျာပါဒဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ ဖြစ်၏။

၁၁။ မိစ္ဆာဒိဋ္ဌိသ္မိ၊ မိစ္ဆာဒိဋ္ဌိအယူရှိသော။ ပုရိသပုဂ္ဂလသ္မိ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာဒိဋ္ဌိ၊ အဟုတ်အမှန်အမြင်သန်သော ဉာဏ်သည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာဒိဋ္ဌိ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၂။ မိစ္ဆာသင်္ကပ္ပသ္မိ၊ မကောင်းသော အကြံကို ကြံဖန်ခြင်းရှိသော။ ပုရိသပုဂ္ဂလသ္မိ၊ ယောကျ်ား ပုဂ္ဂိုလ်အား။ သမ္မာသင်္ကပ္ပေါ၊ ကောင်းမြတ်သော အကြံသည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာသင်္ကပ္ပဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၃။ မိစ္ဆာဝါစသ္မိ၊ မကောင်းသောစကားကို ပြောဆိုလေ့ရှိသော။ ပုရိသပုဂ္ဂလသ္မိ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာဝါစာ၊ ကောင်းသောစကားကို ပြောဆိုကြောင်းဖြစ်သော သမ္မာဝါစာကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာဝါစာ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ ဟောတိ ဖြစ်၏။

၁၄။ မိစ္ဆာကမ္မန္တသ္မိ၊ မကောင်းသော အမှုကို ပြုလေ့ရှိသော။ ပုရိသပုဂ္ဂလသ္မိ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာကမ္မန္တော၊ ကောင်းသောအမှုကို ပြုကြောင်းဖြစ်သော သမ္မာကမ္မန္တ ကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာကမ္မန္တဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၅။ မိစ္ဆာအာဇီဝသ္မိ၊ မကောင်းသော အသက်မွေးခြင်း ရှိသော။ ပုရိသပုဂ္ဂလသ္မိ၊ ယောကျ်ား ပုဂ္ဂိုလ်အား။ သမ္မာအာဇီဝေါ၊ ကောင်းသော အသက်မွေးကျောင်းဖြစ်သော သမ္မာအာဇီဝကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာအာဇီဝ ဟူသော အကုသိုလ်ဓမ္မ၏

www.dhammaransi.com



ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၆။ မိစ္ဆာဝါယာမသော၊ မကောင်းသော လုံ့လမှုရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်မှုသည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာဝါယာမ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ ဟောတိ ဖြစ်၏။

၁၇။ မိစ္ဆာသတိဿ၊ မကောင်းသည်ကို အဖန်ဖန် အမှတ်စွဲမြဲသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ား ပုဂ္ဂိုလ်အား။ သမ္မာသတိ၊ ကောင်းသည်ကို မှတ်စွဲသော သမ္မာသတိသည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာသတိ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၈။ မိစ္ဆာသမာဓိဿ၊ မှောက်မှားသောအာရုံ၌ တည်တံ့ခိုင်မြဲသော စိတ်ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာသမာဓိ၊ အမှန်အာရုံ၌ တည်တံ့ခိုင်မြဲသော သမာဓိသည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာသမာဓိ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၉။ မိစ္ဆာဉာဏဿ၊ မကောင်းသောအမှု၌ အဆန်းတကြယ် ကြံဖန်တတ်သော မိစ္ဆာဉာဏ်ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာဉာဏံ၊ ကောင်းသောအမှု၌ အဆန်းတကြယ် ကြံဖန်တတ်သော သမ္မာဉာဏ်သည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာဉာဏ် ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၀။ မိစ္ဆာဝိမုတ္တိဿ၊ မှောက်မှားသော အယူ၌ ကျွတ်ကျွတ်လွတ်လွတ် သက်ဝင်ခြင်းရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာဝိမုတ္တိ၊ မှန်သောအယူ၌ သက်ဝင်ခြင်းရှိသောသမ္မာဝိမုတ္တိသည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာဝိမုတ္တိ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၁။ ထိနမိဒ္ဓပရိယုဋ္ဌိတဿ၊ ထိန, မိဒ္ဓ ထကြွသောင်းကျန်း၍နေသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ား ပုဂ္ဂိုလ်အား။ ဝိဂတထိနမိဒ္ဓတာ၊ ထိန,မိဒ္ဓ ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ ထိန, မိဒ္ဓ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၂။ ဥဒ္ဓစ္စဿ၊ ပျံ့လွင့်သောစိတ်ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ား ပုဂ္ဂိုလ်အား။ အနုဒ္ဓစ္စံ၊ ဥဒ္ဓစ္စ ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ ဥဒ္ဓစ္စ

www.dhammaransi.com



ဟူသော အကုသိုလ်စေ့မှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၃။ ဝိစိကိစ္ဆဿ၊ ယုံမှားခြင်းရှိနေသော။ ပုရိသပုဂ္ဂလဿ၊ ယောကျာ်းပုဂ္ဂိုလ်အား။ တိဏ္ဏဝိစိကိစ္ဆတာ၊ ဝိစိကိစ္ဆာကို လွန်မြောက်မှုသည်။ ပရိနိဗ္ဗာနာယ၊ ဝိစိကိစ္ဆာ ဟူသော အကုသိုလ်စေ့မှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၄။ ကောဓနဿ၊ အမျက်ထွက်ခြင်း အလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျာ်းပုဂ္ဂိုလ်အား။ အကောဓော၊ အမျက်ဒေါသ ကင်းရှင်း မှုသည်။ ပရိနိဗ္ဗာနာယ၊ ကောဓ ဟူသော အကုသိုလ်စေ့မှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၅။ ဥပနာဟိဿ၊ ရန်ငြိုးဖွဲ့ခြင်း အလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျာ်း ပုဂ္ဂိုလ်အား။ အနုပနာဟိတာ၊ ရန်ငြိုးဖွဲ့ခြင်း အလေ့ကင်းရှင်း မှုသည်။ ပရိနိဗ္ဗာနာယ၊ ဥပနာဟ ဟူသော အကုသိုလ် စေ့မှ၏ ငြိမ်းမှုခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၆။ မက္ခိဿ၊ ကျေးဇူးကိုချေဖျက်ခြင်းအလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျာ်း ပုဂ္ဂိုလ်အား။ အမက္ခော၊ ကျေးဇူးချေဖျက်ခြင်း အလေ့ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ မက္ခ ဟူသော အကုသိုလ်စေ့မှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၇။ ပလာသိဿ၊ သူတစ်ပါး၏ ကောင်းသောဂုဏ်ကို မကောင်းဖြစ်လာအောင် အဖျင်းမှုခြင်း အလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျာ်း ပုဂ္ဂိုလ်အား။ အပလာသော၊ အဖျင်းမှုခြင်း အလေ့ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ ပလာသ ဟူသော အကုသိုလ်စေ့မှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၈။ ဣဿုကိဿ၊ သူတစ်ပါး၏ ဂုဏ်ကျက်သရေကိုငြူစူခြင်း အလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျာ်း ပုဂ္ဂိုလ်အား။ အနိဿုကိတာ၊ ငြူစူခြင်း အလေ့ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ ဣဿုက ဟူသော အကုသိုလ် စေ့မှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၉။ မစ္ဆရိဿ၊ ဝန်တိုခြင်း အလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျာ်း ပုဂ္ဂိုလ်အား။ အမစ္ဆရိယံ၊ ဝန်တိုခြင်းအလေ့ ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ မစ္ဆရိယ ဟူသော အကုသိုလ်စေ့မှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊

www.dhammaransi.com



ဖြစ်၏။

၃၀။ သဌသ်၊ စဉ်းလဲသော။ ပုရိသပုဂ္ဂလသ်၊ ယောကျ်ားပုဂ္ဂိုလ်အား။ အသာဌေယျံ၊ စဉ်းလဲခြင်းကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ သာဌေယျ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၁။ မာယာဝိသ်၊ လှည့်ပတ်ခြင်း အလေ့ရှိသော။ ပုရိသပုဂ္ဂလသ်၊ ယောကျ်ားပုဂ္ဂိုလ်အား။ အမာယာဝိတာ၊ လှည့်ပတ်ခြင်းမှကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ မာယာ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၂။ ထဒ္ဓသ်၊ အမျက်စောင်းမာန် ခက်ထန်သော။ ပုရိသပုဂ္ဂလသ်၊ ယောကျ်ား ပုဂ္ဂိုလ်အား။ အထဒ္ဓိယံ၊ အမျက်စောင်းမာန် ခက်ထန်ခြင်းမှ ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ ထဒ္ဓ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၃။ အတိမာနိသ်၊ အလွန်သော မာနကြီးသော။ ပုရိသပုဂ္ဂလသ်၊ ယောကျ်ား ပုဂ္ဂိုလ်အား။ အနတိမာနော၊ အလွန်သော မာနမှ ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ အတိမာန ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၄။ ဒုဗ္ဗစသ်၊ ပြောဆိုဆုံးမခြင်းငှာ မကောင်းသော စကားရှိသော။ ပုရိသပုဂ္ဂလသ်၊ ယောကျ်ား ပုဂ္ဂိုလ်အား။ သောဝစဿတာ၊ ပြောဆို ဆုံးမ လွယ်သော စကား ရှိသည်၏ အဖြစ်သည်။ ပရိနိဗ္ဗာနာယ၊ ဒေါဝစဿတာ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၅။ ပါပမိတ္တသ်၊ မကောင်းသော အဆွေခင်ပွန်းရှိသော။ ပုရိသပုဂ္ဂလသ်၊ ယောကျ်ားပုဂ္ဂိုလ်အား။ ကလျာဏမိတ္တတာ၊ အဆွေခင်ပွန်းကောင်းရှိသည်၏ အဖြစ်သည်။ ပရိနိဗ္ဗာနာယ၊ ပါပမိတ္တတာ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၆။ ပမတ္တသ်၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့တတ်သော။ ပုရိသပုဂ္ဂလသ်၊ ယောကျ်ားပုဂ္ဂိုလ်အား။ အပ္ပမာဒေါ၊ ကုသိုလ်ကောင်းမှု၌ မမေ့ မလျော့ခြင်းသည်။ ပရိနိဗ္ဗာနာယ၊ ပမာဒဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

www.dhammaransi.com



၃၇။ အသဒ္ဓဿ၊ သဒ္ဓါတရားမရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သဒ္ဓါ၊ သဒ္ဓါတရားသည်။ ပရိနိဗ္ဗာနာယ၊ အသဒ္ဓိယ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၈။ အဟိရိကဿ၊ အရှက်မရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ဟိရီ၊ အကုသိုလ်မှ ရှက်ခြင်းသည်။ ပရိနိဗ္ဗာနာယ၊ အဟိရိက ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၉။ အနောတ္တပ္ပိဿ၊ အပါယ်ဘေး, သံသရာဘေးတို့၌ အကြောက်အလန့် မရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ား ပုဂ္ဂိုလ်အား။ ဩတ္တပ္ပံ၊ အပါယ်ဘေး, သံသရာဘေးတို့၌ ကြောက်လန့်တတ်သောဩတ္တပ္ပသည်။ ပရိနိဗ္ဗာနာယ၊ အနောတ္တပ္ပ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၄၀။ အပ္ပဿုတဿ၊ တရားကျမ်းဂန်အကြားအမြင် နည်းပါးလှသော၊ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ဗာဟုသစ္စံ၊ တရားကျမ်းဂန် အကြားအမြင်များသည်၏ အဖြစ်သည်။ ပရိနိဗ္ဗာနာယ၊ အပ္ပဿုတ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၄၁။ ကုသိတဿ၊ ပျင်းရိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ဝီရိယာရမ္ဘော၊ ဝီရိယကိုအားထုတ်မှုသည်။ ပရိနိဗ္ဗာနာယ၊ ကောသဇ္ဇ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၄၂။ မုဋ္ဌဿတိဿ၊ သတိလွတ်ကင်းသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ား ပုဂ္ဂိုလ်အား။ ဥပဋ္ဌိတဿတိတာ၊ ထင်သောသတိရှိသည်၏ အဖြစ်သည်။ ပရိနိဗ္ဗာနာယ၊ မုဋ္ဌဿတိ ဟူသော အကုသိုလ် ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၄၃။ ဒုပ္ပညဿ၊ ပညာမရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ပညာသမ္ပဒါ၊ ပညာ၏ ပြည့်စုံခြင်းသည်။ ပရိနိဗ္ဗာနာယ၊ ဒုပ္ပညဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၄၄။ သန္ဒိဋ္ဌိပရာမာသီ အာဓါနဂါဟီ ဒုပ္ပဋိနိဿဂ္ဂိဿ၊ မိမိ မြင်မိမြင်ရာ မိစ္ဆာအယူကိုသာ မှားသောအားဖြင့် သုံးသပ်လေ့ရှိသော, မိမိမြင်မိ မြင်ရာ မိစ္ဆာအယူကိုသာ မြဲမြံစွာ ယူလေ့ရှိသော, မိမိ မြင်မိမြင်ရာ မိစ္ဆာအယူကို စွန့်လွှတ်ခြင်းငှာ အလွန်ခဲယဉ်းသော အလေ့ရှိသော။

www.dhammaransi.com



ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အသန္တိဋ္ဌိ ပရာမာသိအနာဒါနဂါဟိ သုပ္ပဋိနိဿဂ္ဂိတာ၊ မိမိမြင်မိမြင်ရာ မိစ္ဆာအယူကို မှားသောအားဖြင့် သုံးသပ်ခြင်းမရှိမှု, မိမိမြင်မိမြင်ရာ မိစ္ဆာအယူကို မြဲမြံစွာ ယူလေ့မရှိမှု, မိမိ မြင်မိမြင်ရာ မိစ္ဆာအယူကို စွန့်လွှတ်လွယ်မှုသည်။ ပရိနိဗ္ဗာနာယ၊ ထိုထိုအကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

[ဤကား - သလ္လေခသုတ် ပါဠိတော်မှာ လာသော တဒင်္ဂပရိနိဗ္ဗာန် ၄၄ တည်း၊ ဤ ၄၄ သည်လည်း ဥပလက္ခဏာမျှသာတည်း။]

ဤလောက၌ အကုသိုလ် ဓမ္မတို့၏ ဖြစ်ပွားမှုတို့မည်သည် အသင်္ချေ, အသင်္ချေ မရေတွက်နိုင် များပြားကုန်၏၊ ထိုအကုသိုလ်ဓမ္မတို့ကို အသီးသီး ပယ်ရှားရန် ကုသိုလ်ဓမ္မတို့၏ ဖြစ်ပွားမှုတို့သည်လည်း အသင်္ချေ, အသင်္ချေ မရေတွက်နိုင် များပြားကုန်၏။

ပယ်ရှားနိုင်သဖြင့် ထိုအကုသိုလ်ဓမ္မတို့၏ ဖြစ်ပွားမှု၏ တဒင်္ဂအားဖြင့် အဖြစ်ငြိမ်းမှု ဟူသော တဒင်္ဂပရိနိဗ္ဗာန်သည်လည်း အသင်္ချေ့ အသင်္ချေ မရေမတွက်နိုင် များပြား၏။

တစ်ခုတစ်ခုသော ကုသိုလ်ဓမ္မ ဆောက်တည်သဖြင့် တစ်ခုတစ်ခုသော အကုသိုလ်ဓမ္မ၏ ငြိမ်းမှုဟူသော တစ်ခုတစ်ခုသော တဒင်္ဂနိဗ္ဗာန်သည် အသေချာယျ, အပ္ပမေယျ အဖိုးထိုက်တန်၏။

ထိုတဒင်္ဂနိဗ္ဗာန်သည်လည်း ဘယ်ကုသိုလ်တရားကို ဆောက်တည်၍ ငါ၏ စိတ်သန္တာန်ဝယ် ဘယ်အကုသိုလ် အပူအလောင်တရားငြိမ်းပေသည် ဟု ကိုယ်တွေ့ဒိဋ္ဌ တွေ့ကြုံရသော ပရမတ္ထဓမ္မ တစ်မျိုးပင်တည်း။

ပြဆိုခဲ့ပြီးသော သမ္မုတိနိဗ္ဗာန်ထက် ဤတဒင်္ဂနိဗ္ဗာန်သည် အဆကုဋေမက သာလွန် မြင့်မြတ်၏။ ဘုရားအစရှိသော လောကီ, လောကုတ္တရာ ပညာရှိအပေါင်း သူတော်ကောင်းတို့သည် အလွန်ချီးမွမ်းအပ်၏။ ဤတဒင်္ဂနိဗ္ဗာန်သည် မဟာနိဗ္ဗာန် ကြီး၏ အပင်းအသင်းကဲ့သို့ ဖြစ်၏။

(ဤကား - တဒင်္ဂနိဗ္ဗာန်တည်း။)

ဝိက္ခမ္ဘနနိဗ္ဗာန်။ ။ ဝိက္ခမ္ဘနနိဗ္ဗာန် ဆိုသည်ကား မဟဂ္ဂုတ်ဈာန် တရားတို့သည် အကြင်တရားတို့ကို ဝေးစွာ ကွာသည်ကို ပြု၍ ပယ်ရှားအပ်ကုန်၏။ ထိုတရားတို့၏ အရှည်အကြာ အားဖြင့် အဖြစ်ငြိမ်းမှုကို "ဝိက္ခမ္ဘနနိဗ္ဗာန်" ဆိုသတည်း၊ ဤဝိက္ခမ္ဘနနိဗ္ဗာန်၏ အပြားကို နဝနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်ကို အစဉ်လျှောက်ပတ်

www.dhammaransi.com



သဖြင့် သိအပ်၏။

> သန္ဒိဋ္ဌိကံ နိဗ္ဗာနံ သန္ဒိဋ္ဌိကံ နိဗ္ဗာနန္တိ အာဝုသော ဝုစ္စတိ၊ ကိတ္တာဝတာ နုခေါ အာဝုသော သန္ဒိဋ္ဌိကံ နိဗ္ဗာနံ ဝုတ္တံ ဘဂဝတာ တိ။
>
> ဣဓာဝုသော ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိ သုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဧတ္တာဝတာ ပိ ခေါ အာဝုသော သန္ဒိဋ္ဌိကံ နိဗ္ဗာနံ ဝုတ္တံ ဘဂဝတာ ပရိယာယေနာတိ။

အာဝုသော၊ ငါ့အရှင်။ သန္ဒိဋ္ဌိကံ နိဗ္ဗာနံ သန္ဒိဋ္ဌကံ နိဗ္ဗာနန္တိ၊ သန္ဒိဋ္ဌိက နိဗ္ဗာန် သန္ဒိဋ္ဌိကနိဗ္ဗာန်ဟူ၍။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ ဝုစ္စတိ၊ အများ ပြောဆို အပ်၏။ အာဝုသော၊ ငါ့ရှင်။ ကိတ္တာဝတာ၊ အဘယ်မျှ လောက်သော ငြိမ်းခြင်း ဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ **သန္ဒိဋ္ဌိကံနိဗ္ဗာနံ**၊ သန္ဒိဋ္ဌိက နိဗ္ဗာန်ကို။ ဝုတ္တံ နုခေါ၊ ဟောတော်မူအပ်**သနည်း**။ **ဣတိ**၊ ဤသို့။ ပုစ္ဆိ၊ အရှင်အာနန္ဒာ မထေရ်အား အရှင်မဟာ**ကောဋ္ဌိက မထေရ်**က မေးလေ၏။

အာဝုသော၊ ငါ့ရှင်။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ကာမေဟိ၊ ဝတ္ထုကာမ, ကိလေသကာမတို့မှ။ ဝိဝိစ္စေဝ၊ ဆိတ်ကင်း၍သာလျှင်။ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်ဓမ္မတို့မှ။ ဝိဝိစ္စဧဝ၊ ဆိတ်ကင်း၍သာလျှင်။ သဝိတက္ကံ၊ ဝိတက်နှင့်တကွသော။ သဝိစာရံ၊ ဝိစာရနှင့်တကွသော။ ဝိဝေကဇံ ပီတိသုခံ၊ ဝိဝေကကြောင့်ဖြစ်သော ပီတိ, သုခရှိသော။ ပဌမံဈာနံ၊ ပထမဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေပေ၏။ အာဝုသော၊ ငါ့ရှင်။ ခေါ၊ စင်စစ်။ ဧတ္တာဝတာပိ၊ ဤမျှလောက်သော ဝတ္ထုကာမ, ကိလေသကာမ အကုသိုလ်ဓမ္မ တို့၏ ချုပ်ငြိမ်းခြင်း ဖြင့်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပရိယာယေန၊ ပရိယာယ် အားဖြင့်။ သန္ဒိဋ္ဌိကံ နိဗ္ဗာနံ၊ သန္ဒိဋ္ဌိက နိဗ္ဗာန်ကို။ ဝုတ္တံ၊ ဟောတော်မူပေ၏။ ဣတိ၊ ဤသို့ ဖြေလေ၏။

၁။ ပရိနိဗ္ဗာန်မစံမီ မိမိကိုယ်ခန္ဓာတွင် ကိုယ်တွေ့ဒိဋ္ဌ တွေ့ကြုံရသော နိဗ္ဗာန်ကို “သန္ဒိဋ္ဌိကနိဗ္ဗာန်” ဆိုသည်။ ။နောက် နောက် ဈာန်တို့၌ အဓိပ္ပာယ် မျှကိုသာ ထုတ်ပြအံ့။

၂။ ဒုတိယဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား ဝိတက်, ဝိစာရတို့၏ ချုပ်ငြိမ်းမှုသည် “သန္ဒိဋ္ဌိကနိဗ္ဗာန်” မည်၏။

၃။ တတိယဈာန်ကို ဝင်စားသောပုဂ္ဂိုလ်အား ပီတိ၏ ချုပ်ငြိမ်းမှုသည်

www.dhammaransi.com



"သန္တိဋ္ဌိက နိဗ္ဗာန်" မည်၏။

၄။ စတုတ္ထဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား သုခဝေဒနာ၏ ချုပ်ငြိမ်းမှုသည် "သန္တိဋ္ဌိက နိဗ္ဗာန်" မည်၏။

၅။ အာကာသာနဉ္စာယတနဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား ပဋိဃသညာတို့၏ ချုပ်ငြိမ်းမှု, နာနတ္တသညာတို့၏ ကင်းကွာမှုသည် "သန္တိဋ္ဌိကနိဗ္ဗာန်" မည်၏။

၆။ ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား အာကာသာနဉ္စာယတနသညာ၏ ချုပ်ငြိမ်းမှုသည် "သန္တိဋ္ဌိကနိဗ္ဗာန်" မည်၏။

၇။ အာကိဉ္စညာယတနဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အားဝိညာဏဉ္စာယတနသညာ၏ ချုပ်ငြိမ်းမှုသည် "သန္တိဋ္ဌိကနိဗ္ဗာန်" မည်၏။

၈။ နေဝသညာ နာသညာယတနဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား အာကိဉ္စညာယတနသညာ၏ ချုပ်ငြိမ်းမှုသည် "သန္တိဋ္ဌိကနိဗ္ဗာန်" မည်၏။

ဤ မဟဂ္ဂုတ်သမာပတ် ၈ ပါး ဖြင့် ငြိမ်းသော နိဗ္ဗာန် ၈ ပါးမှာ အငြိမ်း ချုပ်ငြိမ်းသော မဟာနိဗ္ဗာန်ကြီးမဟုတ်၊ ကာလရှည်ကြာ ကင်းကွာရုံမျှသာ ချုပ်ငြိမ်းမှု ဖြစ်ပေ၍ ပရိယာယ်နိဗ္ဗာန်ဆိုသတည်း။

> ပုန စ ပရံ အာဝုသော ဘိက္ခု နေဝသညာနာသညာယတနံ သမတိက္ကမ္မ သညာဝေဒယိတ နိရောဓံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ပညာယာဿ ဒိသွာ အာသဝါ ပရိက္ခီဏာ ဟောန္တိ၊ ဧတ္တာဝတာ ခေါ အာဝုသော သန္တိဋ္ဌိကံ နိဗ္ဗာနံ ဝုတ္တံ ဘဂဝတာ နိပ္ပရိယာယေနာတိ။ ။[အဆုံးဝါကျ။]

အာဝုသော၊ ငါ့ရှင်။ ပုနစရံ၊ ထိုမှတစ်ပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ နေဝသညာနာသညာယတနံ၊ နေဝသညာနာသညာယတနဈာန်ကို။ သမတိက္ကမ္မ၊ ကောင်းစွာလွန်၍။ သညာဝေဒယိတနိရောဓံ၊ သညာ, ဝေဒနာ တို့၏ချုပ်ငြိမ်းခြင်းကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေပေ၏။ အဿ၊ ထိုပုဂ္ဂိုလ်အား။ ပညာယစ၊ ပညာဖြင့်လည်း။ ဒိသွာ၊ အလင်းကိုသိမြင်၍။ အာသဝါ၊ အာသဝေါတရားတို့သည်။ ပရိက္ခီဏာ၊ အကြွင်းအကျန်မရှိ ကုန်ခန်းချုပ်ငြိမ်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အာဝုသော၊ ငါ့ရှင်။ ခေါ၊ စင်စစ်။ ဧတ္တာဝတာ၊ ဤမျှလောက်သော ချုပ်ငြိမ်းခြင်း အားဖြင့်။ သန္တိဋ္ဌိကံနိဗ္ဗာနံ၊ သန္တိဋ္ဌိကနိဗ္ဗာန်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ ဣတိ၊ ဤသို့ဖြေပေ၏။ ။[အနက်။]

www.dhammaransi.com



ဤအဆုံးဝါကျ၌ နိရောဓသေမာပတ် သည်လည်း မုချ သန္နိဋ္ဌိကနိဗ္ဗာန်တစ်ပါး၊ အရဟတ္တမဂ်သို့ ရောက်သောအခါ ကိလေသာ အာသဝေါတို့၏ အကြွင်းအကျန်မရှိ ကုန်ခန်းချုပ်ငြိမ်းခြင်း သည်လည်း မုချ သန္နိဋ္ဌိက နိဗ္ဗာန်တစ်ပါး၊ ဤသို့ နိဗ္ဗာန် ၂ ပါး ဖြစ်ပါပြားသော်လည်း သဥပါဒိသေသ မုချနိဗ္ဗာန် အနေအားဖြင့် တစ်ခုတည်း ဖြစ်သည်နှင့် သန္နိဋ္ဌိကနိဗ္ဗာန်တစ်ပါးထား၍ နိဗ္ဗာန်အပြား ၉ ပါးလာပေသည်။

ဒုတိယသုတ်။ ။ ဒုတိယသုတ်၌ သန္နိဋ္ဌိကသဒ္ဒါမပါဘဲ "နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ အာဝုသော နိဗ္ဗာနံ ဝုတ္တံ ဘဂဝတာ တိ၊ ဣဓာဝုသော ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စအကုသလေဟိ ဓမ္မေဟိ" အစရှိသည် ဖြင့် ပထမသုတ်အတိုင်း နိဗ္ဗာန် ၉ ပါး လာ၏။

တတိယသုတ်။ ။ ထို့အတူ တတိယသုတ်၌လည်း "တဒင်္ဂနိဗ္ဗာနံ တဒင်္ဂနိဗ္ဗာနန္တိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် တဒင်္ဂနိဗ္ဗာန် ဟူသော အမည်နှင့် နိဗ္ဗာန် ၉ ပါး လာ၏။

စတုတ္ထသုတ်။ ။ စတုတ္ထသုတ်၌ "ဒိဋ္ဌဓမ္မနိဗ္ဗာနံ ဒိဋ္ဌဓမ္မနိဗ္ဗာနန္တိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် ဒိဋ္ဌဓမ္မနိဗ္ဗာန် ဟူသော အမည်နှင့် နိဗ္ဗာန် ၉ပါး လာ၏။

ပဉ္စမသုတ်။ ။ ပဉ္စမသုတ်၌ "ခေမပ္ပတ္တော ခေမပ္ပတ္တောတိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် ခေမ ဟူသော အမည်နှင့် နိဗ္ဗာန် ၉ ပါးလာ၏။

ဆဋ္ဌသုတ်။ ။ ဆဋ္ဌသုတ်၌ "ခေမပ္ပတ္တောတိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် နိဗ္ဗာန်သို့ ရောက်သော ပုဂ္ဂိုလ်ကို ပဓာနပြု၍ နိဗ္ဗာန် ၉ ပါး လာ၏။

သတ္တမသုတ်။ ။ သတ္တမသုတ်၌ "အမတန္တိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် အမတ ဟူသော အမည်နှင့် နိဗ္ဗာန် ၉ ပါးလာ၏။

အဋ္ဌမသုတ်။ ။ အဋ္ဌမသုတ်၌ "အမတံ ပတ္တော အမတံ ပတ္တောတိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် နိဗ္ဗာန်သို့ရောက်သော ပုဂ္ဂိုလ်ကို ပဓာန ပြု၍ နိဗ္ဗာန် ၉ ပါးလာ၏။

နဝမသုတ်။ ။ နဝမသုတ်၌ "အဘယံ အဘယန္တိ အာဝုသော ဝုစ္စတိ" အစရှိဖြင့် အဘယ ဟူသောအမည်နှင့် နိဗ္ဗာန် ၉ ပါးလာ၏။

ဒသမသုတ်။ ။ ဒသမသုတ်၌ "အဘယံ ပတ္တော အဘယံ ပတ္တောတိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် နိဗ္ဗာန်သို့ရောက်ကုန်သော ပုဂ္ဂိုလ်ကို ပဓာနပြု၍

www.dhammaransi.com



နိဗ္ဗာန် ၉ ပါးလာ၏။

ကောဒသမသုတ်။ ။ ကောဒသမသုတ်၌ "ပဿဒ္ဓိတိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် ပဿဒ္ဓိ ဟူသောအမည်ဖြင့် နိဗ္ဗာန် ၉ ပါး လာ၏။

ဒွါဒသမသုတ်။ ။ ဒွါဒသမသုတ်၌ "နိရောဓော နိရောဓောတိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် နိရောဓ ဟူသောအမည်ဖြင့် နိဗ္ဗာန် ၉ ပါးလာ၏။

တေရသမသုတ်။ ။ တေရသမသုတ်၌ "အနုပုဗ္ဗနိရောဓော အနုပုဗ္ဗနိရောဓောတိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် အနုပုဗ္ဗနိရောဓ ဟူသော အမည်ဖြင့် နိဗ္ဗာန် ၉ ပါးလာ၏။

သုတ်ပေါင်း ၁၃၊ နိဗ္ဗာန်ပေါင်း ၁၁၇၊ ထို ၁၁၇ ပါးသော နိဗ္ဗာန်တို့၌ ဝိက္ခမ္ဘနနိဗ္ဗာန် ၁၀၄ ၊ သမုစ္ဆေဒနိဗ္ဗာန် ၁၃။

ဝိက္ခမ္ဘန နိဗ္ဗာန် ၁၀၄ သည် ဗြဟ္မာ့ပြည်မှာ ထာဝရရှိ၏၊ လူ့ပြည်, နတ်ပြည်မှာ ဈာနဘာဘီ ပုဂ္ဂိုလ်တို့၌သာရှိ၏။

[ဤကား ဝိက္ခမ္ဘနနိဗ္ဗာန်တည်း။]

သမုစ္ဆေဒနိဗ္ဗာန်။ ။ သမုစ္ဆေဒနိဗ္ဗာန်သည် လူအနာဂါမ်, ရဟန္တာ၊ နတ်အနာဂါမ်, ရဟန္တာ၊ ဗြဟ္မာ အနာဂါမ်, ရဟန္တာ တို့၌သာ ရှိ၏။ သမုစ္ဆေဒနိဗ္ဗာန် ဆိုသည်လည်း သဉပါဒိသေသ နိဗ္ဗာန်ကိုဆိုသတည်း။

မဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်းသည် သမုစ္ဆေဒကိစ္စမည်၏၊ ပယ်ဖြတ်ပြီးသော ကိလေသာတို့၏ တစ်ဖန် အဖြစ်ငြိမ်းခြင်းသည် သမုစ္ဆေဒနိဗ္ဗာန် မည်၏။

ဤပါဠိတော်၌ ဝိက္ခမ္ဘန ကိစ္စအရာဌာန ဖြစ်ပါလျက် "တဒင်္ဂနိဗ္ဗာနံ တဒင်္ဂနိဗ္ဗာနန္တိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် တဒင်္ဂနိဗ္ဗာန် ဟူ၍ လာသည်မှာ ပထမဈာန် ကုသိုလ်ဖြင့် နီဝရဏ အကုသိုလ်စုကို ပယ်သည်၊ ဒုတိယဈာန်ကုသိုလ်ဖြင့် ဝိတက်, ဝိစာရ တို့ကို ပယ်သည်၊ ဤသို့ စသည်ဖြင့် ပယ်တတ်, ပယ်အပ် အသီးသီး ဖြစ်ကြသည်ကို အစွဲပြု၍ ဝိက္ခမ္ဘန ကိစ္စကို လည်း တဒင် ဆိုသင့်ပြန်၏၊ ဤဝိက္ခမ္ဘန နိဗ္ဗာန်သည် ရှေး၌ ပြဆိုခဲ့ပြီးသော တဒင်္ဂနိဗ္ဗာန်မျိုးတို့ထက် အဆကုဋေမက သာလွန်မြင့်မြတ်၏။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာသော ၁၈ ရပ်သော မဟာဝိပဿနာ ဉာဏ်တို့ဖြင့်

www.dhammaransi.com



ပြီးသော 'ဝိပဿနာသိဒ္ဓ' တဒင်္ဂ နိဗ္ဗာန်ပေါင်း ၁၈ ပါး တို့ထက် မူကား သာလွန်မြင့်မြတ်သည် ဟူ၍ မဆိုသာပေ၊ သမုစ္ဆေဒနိဗ္ဗာန်သည်သာ လျှင် ထိုဝိပဿနာသိဒ္ဓ တဒင်္ဂနိဗ္ဗာန်ထက် သာလွန်မြင့်မြတ်လေသည်။

ဂုဏ်အပြား ၇ ပါး။ ။ သမုစ္ဆေဒနိဗ္ဗာန်ဆိုသည်ကား သင်္ဂြိုလ်ကျမ်းမှာ လာသော သဥပါဒိသေသနိဗ္ဗာန်ကို ဆိုသတည်း၊ ကိလေသနိဗ္ဗာန် ဟူ၍ လည်းဆို၏၊ ထိုသမုစ္ဆေဒနိဗ္ဗာန်၏ အပြားကို သတ္တနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ အရှင်မောဂ္ဂလာန်မေး၍ တိဿဗြဟ္မာ၏အဖြေ, မြတ်စွာဘုရား၏ အဖြေဆို့ကို အစဉ်လျှောက်၍ သိအပ်၏။ ။လိုရင်းအဓိပ္ပာယ်ကိုသာ ထုတ်ပြပေအံ့။

သဥပါဒိသေသ - ဟူသောပုဒ်၌ ဥပါဒိသေသ တရားသည်-

၁။ ကိလေသုပါဒိသေသ ၁ ပါး,

၂။ ခန္ဓုပါဒိသေသ ၁ ပါး,

ဟူ၍ ၂ ပါး အပြားရှိ၏၊ ထို ၂ ပါးတို့တွင်-

ကိလေသာ အကြွင်းအကျန်ရှိသေးသော သေက္ခပုဂ္ဂိုလ်စုသည် ကိလေသုပါဒိသေသ၏ အစွမ်းဖြင့် "သဥပါဒိသေသပုဂ္ဂိုလ်" မည်၏၊ ထိုပုဂ္ဂိုလ် ဆိုက်ရောက်သော နိဗ္ဗာန်သည်လည်း "သဥပါဒိသေသနိဗ္ဗာန်" မည်၏။

ကိလေသာ အကြွင်းအကျန် မရှိသော ရဟန္တာပုဂ္ဂိုလ်သည် "အနုပါဒိသေသပုဂ္ဂိုလ်" မည်၏၊ ထိုပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို ရသည်နှင့် တစ်ပြိုင်နက် ဆိုက်ရောက်သော နိဗ္ဗာန်သည်လည်း "အနုပါဒိသေသနိဗ္ဗာန်" မည်၏။

အရိယာပုဂ္ဂိုလ် အဖြစ်သို့ ရောက်ပြီးသည့်နောက် ခန္ဓပရိနိဗ္ဗာန် မစံမီအတွင်း ခန္ဓာ ၅ ပါး အကြွင်းအကျန် ရှိသေးသော အရိယာပုဂ္ဂိုလ် ၈ ယောက် သည် ခန္ဓုပါဒိသေသ၏ အစွမ်းဖြင့် "သဥပါဒိသေသပုဂ္ဂိုလ်" မည်၏၊ ထိုအရိယာ ၈ ယောက်တို့ ဆိုက်ရောက်သော နိဗ္ဗာန်သည် "သဥပါဒိသေသနိဗ္ဗာန်" မည်၏။

ခန္ဓပရိနိဗ္ဗာန် စံပြီး၍ ထိုပုဂ္ဂိုလ်မရှိပြီးနောက် ကွယ်လွန်လေပြီးသောထိုပုဂ္ဂိုလ်သည် "အနုပါဒိသေသပုဂ္ဂိုလ်" မည်၏၊ ထိုပုဂ္ဂိုလ်ဆိုက်ရောက်သော နိဗ္ဗာန်သည် "အနုပါဒိသေသနိဗ္ဗာန်" မည်၏။

ဤသို့လျှင် သဥပါဒိသေသပုဂ္ဂိုလ်, အနုပါဒိသေသပုဂ္ဂိုလ် ဟူ၍ ပုဂ္ဂိုလ် ၂ မျိုး၊ သဥပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန် ဟူ၍ နိဗ္ဗာန်

www.dhammaransi.com



၂ မျိုးကို ကိလေသုပါဒိသေသနှင့် ခွဲခြမ်းနည်း တစ်မျိုး၊ ခန္ဓုပါဒိသေသနှင့် ခွဲခြမ်းနည်း တစ်မျိုး ဟူ၍ အဌကထာ၌ ၂ မျိုးလာ၏။

ဥဘတော ဘာဂ ဝိမုတ္တရဟန္တာပုဂ္ဂိုလ်၏ နိဗ္ဗာန်, ပညာဝိမုတ္တရဟန္တာပုဂ္ဂိုလ်၏ နိဗ္ဗာန်သည် ခန္ဓုပါဒိသေသ၏ အစွမ်းဖြင့် သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသ နိဗ္ဗာန် ဟူ၍ ၂ ပါး အပြားရှိ၏။

ကာယသက္ခိသေက္ခပုဂ္ဂိုလ်၏ နိဗ္ဗာန်, ဒိဋ္ဌိပ္ပတ္တသေက္ခပုဂ္ဂိုလ်၏ နိဗ္ဗာန်, သဒ္ဓါဝိမုတ္တသေက္ခပုဂ္ဂိုလ်၏ နိဗ္ဗာန်, သဒ္ဓါနုသာရီသေက္ခပုဂ္ဂိုလ်၏ နိဗ္ဗာန်, ဓမ္မာနုသာရီ သေက္ခပုဂ္ဂိုလ်၏ နိဗ္ဗာန်စုသည် ကိလေသုပါဒိသေသ၏ အစွမ်းဖြင့် သဉပါဒိသေသ နိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန် ဟူ၍ ၂ ပါးစီ အပြားရှိ၏။

(ရဟန္တာ အဖြစ်သို့ မရောက်မီ သဉပါဒိသေသနိဗ္ဗာန်၊ ရဟန္တာ အဖြစ်သို့ ရောက်သောအခါ အနုပါဒိသေသနိဗ္ဗာန် ဟုခွဲလေ။)

ဤသို့လျှင် တိဿပြဟ္မာ၏ အဖြေ၌ ပုဂ္ဂိုလ် ၆ ပါး၊ သဉပါဒိသေသ နိဗ္ဗာန် ၆ ပါး၊ အနုပါဒိသေသနိဗ္ဗာန် ၆ ပါး ရ၏၊ မဂ်, ဖိုလ်ကို ယခုဘဝ ရလတ္တံ့သော ဝိပဿနာ ယောဂီပုဂ္ဂိုလ်၏ နိဗ္ဗာန် သည်လည်း ရဟန္တာအဖြစ်သို့ မရောက်မီ သဉပါဒိသေသပုဂ္ဂိုလ်, သဉပါဒိသေသ နိဗ္ဗာန်မည်၏၊ ရဟန္တာအဖြစ်သို့ ရောက်သော အခါ အနုပါဒိသေသ ပုဂ္ဂိုလ်, အနုပါဒိသေသ နိဗ္ဗာန်မည်၏။

ဤသို့လျှင် မြတ်စွာဘုရား၏ အဖြေ၌ ပုဂ္ဂိုလ် ၂ ပါး၊ နိဗ္ဗာန် ၂ ပါးဖြစ်၏၊ ဤ၌ သဉပါဒိသေသ နိဗ္ဗာန်ဆိုသည်ကား ၁၈ ရပ်သော မဟာဝိပဿနာဉာဏ်၏ အစွမ်းဖြင့်ပြီးသော တဒင်္ဂနိဗ္ဗာန် ၁၈ ပါး ယူလေ၊ တဒင်္ဂနိဗ္ဗာန်ပင် ဖြစ်သော်လည်း အထက်ဖြစ်သော သမုစ္ဆေဒနိဗ္ဗာန်နှင့်ဧကန် ဆက်မိလတ္တံ့သော နိဗ္ဗာန်ဖြစ်ပေ၍ သဉပဒိသေသ နိဗ္ဗာန် ဆိုရသတည်း။

ဤသို့လျှင် ဤပါဠိတော်၌ သဉပါဒိသေသနိဗ္ဗာန် ၇ ပါး၊ အနုပါဒိသေသ နိဗ္ဗာန် ၇ ပါးအားဖြင့် ၁၄ ပါးသော နိဗ္ဗာန်တို့သည် လာကုန်၏၊ ထို ၁၄ ပါးတွင် သဉပါဒိသေသနိဗ္ဗာန် ၇ ပါးသည် သမုစ္ဆေဒနိဗ္ဗာန် ၇ ပါးမည်၏။

(ဤကား သမုစ္ဆေဒနိဗ္ဗာန်အပြားတည်း။)

ပဋိပဿဒ္ဓိနိဗ္ဗာန်။ ။ ပဋိပဿနိဗ္ဗာန် ဆိုသည်ကား အရဟတ္တဖိုလ်ကို ဆိုသတည်း၊ ထိုအရဟတ္တဖိုလ် ဟု ဆိုအပ်သော ပဋိပဿဒ္ဓိနိဗ္ဗာန်ကို "သဉပါဒိသေသ နိဗ္ဗာန်နဓာတုဝဏ္ဏာ" ဟူသော နေတ္တိပါဠိတော်၊ "နိဗ္ဗာနသစ္ဆိ ကိရိယာစ"

www.dhammaransi.com



ဟူသောမင်္ဂလသုတ်ပါဠိတော်တို့၌ သိအပ်၏။

(ဤကား ပဋိပဿဒ္ဓိနိဗ္ဗာန်တည်း။)

နိဿရဏနိဗ္ဗာန်။ ။ နိဿရဏနိဗ္ဗာန်ဆိုသည်ကား သဥပါဒိသေသ အမည်,အနုပါဒိသေသအမည် ၂ ပါးရသော ပရမတ္ထအသင်္ခတ မဟာနိဗ္ဗာန်ကြီးကို ဆိုသတည်း။

ထိုနိဿရဏနိဗ္ဗာန်ကိုကား-

ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော၊ ကတမာဒွေ၊ သဥပါဒိသေသာ စ နိဗ္ဗာနဓာတု၊ အနုပါဒိသေသာ စ နိဗ္ဗာန ဓာတု။

ဟူသော ဣတိဝုတ်ပါဠိတော် အစရှိသည်တို့၌ သိအပ်၏။

ဤဣတိဝုတ်ပါဠိတော်၌-

ဧကာ ဟိ ဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ၊ သဥပါဒိသေသာ ဘဝနေတ္တိသင်္ခယာ၊ အနုပါဒိသေသာ သမ္ပရာယိကာ၊ ယမှိ နိရုဇ္ဈန္တိဘဝါနိ သဗ္ဗသော။

ဟု သဥပါဒိသေသနိဗ္ဗာန်ကို ဒိဋ္ဌဓမ္မိကနိဗ္ဗာန် ဟူ၍ လာပြန်၏။ အနုပါဒိသေသနိနိဗ္ဗာန်ကို သမ္ပရာယိကနိဗ္ဗာန် ဟူ၍လာပြန်၏။

အဋ္ဌကထာ၌လည်း-

ဒိဋ္ဌဓမ္မိကာတိ ဣမသ္မိံ အတ္တဘာဝေ ဘာဝါ ဝတ္တမာနာ။

သမ္ပရာယိကာတိ၊ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေဘဝါ ဝတ္တမာနာ ဟုဖွင့်၏။

ဒိဋ္ဌဓမ္မိကာတိ၊ ဒိဋ္ဌဓမ္မိက ဟူသည်ကား။ ဣမသ္မိံအတ္တဘာဝေ၊ ဤပစ္စုပ္ပန် အတ္တဘော၌။ ဘဝါ၊ ဖြစ်သည်တည်း၊ ဝတ္တမာနာ၊ ဖြစ်သည်တည်း။ ။ သမ္ပရာယိကာတိ၊ သမ္ပရာယိက ဟူသည်ကား။ သမ္ပရာယေခန္ဓဘေဒတော ပရဘာဂေ၊ ပစ္စုပ္ပန်ခန္ဓာ ပျက်ဆုံးသည်မှ နောက်အဖို့၌။ ဘဝါ၊ ဖြစ်သည်တည်း။ ဝတ္တမာနာ၊ ဖြစ်သည်တည်း။

ဘဝါ ၂ ပုဒ်၊ ဝတ္တမာနာ ၂ ပုဒ်။ ။ ဘဝါ၌ ဘူသတ္တါသည် သတ္တာ၊ အနက်ကိုဟော၏၊ သတ္တာ အနက်ဆိုသည်ကား "သန္တဿ ဘာဝေါ သတ္တာ" ဟူသော

www.dhammaransi.com



ဝစနတ္ထနှင့်အညီ သင်္ခတပရမတ် တရားတို့မှာ သင်္ခတပရမတ် အနေ အားဖြင့် ရှိခြင်း၊ အသင်္ခတ ပရမတ် မှာလည်း အသင်္ခတ ပရမတ် အနေအားဖြင့် ရှိခြင်း၊ ပညတ်တရားတို့မှာလည်း ပညတ်အနေအားဖြင့်ရှိခြင်း အမှုကို "သတ္တာ" ဆိုသည်။ အသစ်ဖြစ်ပေါ်သည်ကိုဆိုသည်မဟုတ်။

ဟောတိ၊ ဖြစ်၏။ ဘဝတိ၊ ဖြစ်၏။ ။ဤဖြစ် ၂ လုံးကား ပြဆိုခဲ့ပြီးသော ရှိခြင်း ၃ မျိုးကိုဆိုသော ဖြစ် ၂ လုံးတည်း။ ဥပါဒ် ဇာတိနှင့် ဖြစ်ပေါ်သည်ကို ဆိုသော ဖြစ် ၂ လုံးမဟုတ်။

ဝတ္တတိ၊ ဖြစ်၏။ ပဝတ္တတိ၊ ဖြစ်၏။ ဝတ္တမာနံ၊ ဖြစ်သည်။ ပဝတ္တမာနံ၊ ဖြစ်သည်။ ဤဖြစ် လုံးစုကား အစဉ်အားဖြင့် တည်မှုကို ဆိုသော ဖြစ်လုံးစုတည်း။ ဥပဒါ ဇာတိနှင့် ဖြစ်ပေါ်သည်ကို ဆိုသော ဖြစ်လုံးစုမဟုတ်။

ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ဇာယတိ၊ ဖြစ်၏၊ ဥပ္ပန္နော၊ ဖြစ်သည်၊ နိဗ္ဗတ္တော၊ ဖြစ်သည်။ ဇာတော၊ ဖြစ်သည်။ ။ဤဖြစ်လုံးစုကား ဥပါဒ် ဇာတိနှင့် အသစ်ဖြစ်ပေါ်မှုကို ဆိုသော ဖြစ်လုံးစုပေတည်း။

ဤသို့လျှင် ကျမ်းဂန်တို့၌ လည်းကောင်း၊ ငါတို့ မြန်မာစကား၌လည်းကောင်း ၃ မျိုးရှိသတည်း၊ ထို ၃ မျိုးတို့တွင် ဣတိဝုတ် အဋ္ဌကထာ၌ ရှိခြင်း, အစဉ်တည်ခြင်း ဟူသော ဖြစ် ၂ မျိုးကိုသာ ယူအပ်၏၊ ဖြစ်ပေါ်ခြင်း ဟူသော ဖြစ်မျိုးကို မယူအပ်။ ထို့ကြောင့် ဘဝိ, ဝတ္တမာနာ ဟု ဆိုလေသည်၊ ဥပ္ပန္နာ, နိဗ္ဗတ္တာ, ဇာတာ ဟူ၍ မဆိုလေ။

နိဗ္ဗာန်သည် နိဗ္ဗာန်အနေအားဖြင့် ထင်ရှားရှိသောကြောင့် "ဘဝိ" ဟု ဆိုသင့်၏၊ အနမတဂ္ဂသံသရာ၌ အစဉ်အမြဲတည်သောကြောင့် "ဝတ္တမာနာ" ဟု ဆိုသင့်၏၊ ဥပါဒ် ဇာတိနှင့် ဖြစ်ပေါ်မှု ဟူ၍ လုံးလုံး မရှိသောကြောင့် "ဇာတိ" ဟူ၍လည်းကောင်း၊ "ဥပ္ပန္န" ဟူ၍လည်းကောင်း၊ "နိဗ္ဗတ္တာ" ဟူ၍ လည်းကောင်း မဆိုသင့်။

အကြင်သူတို့သည် ဖြစ်လုံး ၃ မျိုး ခြားနားမှုကို နှလုံးမထားမိကြကုန်၊ ထိုသူတို့သည် ဤဣတိဝုတ် အဋ္ဌကထာ၌ ဘဝိ, ဝတ္တမာနာ ဟုလာသည်ကို ထောက်၍ နိဗ္ဗာန်မှ တခြားတစ်ပါးသော သင်္ခတတရားတို့ကဲ့သို့ ရုန်းရင်းကြမ်းတမ်းသော ဇာတိနှင့် ဖြစ်ပေါ်မှုသာ မရှိသည်၊ အလွန်သိမ်မွေ့လှသော ဇာတိနှင့် ဖြစ်ပေါ်မှုကား ရှိ၏၊ သဉပါဒိသေသ နိဗ္ဗာန်သည် မဂ်,ဖိုလ် ဖြစ်ပေါ်ရာမှုစ၍ ဖြစ်ပေါ်၏၊ အနုပါဒိသေသ နိဗ္ဗာန်သည် ပရိနိဗ္ဗာန စုတိကမ္မဇရုပ်ချုပ်သည်၏ အခြားမဲ့မှစ၍ ဖြစ်ပေါ်၏ ဟု ယူကြကုန်၏၊ အချို့ကဆရာတို့လည်း နိဗ္ဗာန်၏ အသစ် ဖြစ်ပေါ်ခြင်းကို အလိုမရှိ

www.dhammaransi.com



ကြကုန်၊ အဋ္ဌကထာပါဠိ၌လည်း ဘဝါ, -ဝတ္တမာနာ ဟု လာရှိပြန်၏။

ထို့ကြောင့် "ဒွေမာ ဘိက္ခဝေ" ဟူသော ဣတိဝုတ် ပါဠိတော်မှာ လာသော သဉပါဒိသေသ နိဗ္ဗာန်, အနုပါဒိသေသ နိဗ္ဗာန်သည် ပရမတ္ထ အသင်္ခတမဟာ နိဗ္ဗာန်ကြီး မဟုတ်၊ ဤပါဠိတော်မှာ ကိလေသာတို့၏ မရှိခြင်း အဘာဝမတ္တ ဟု ဆိုအပ်သော အသင်္ခတ ပညတ်ကို သဉပါဒိသေသ နိဗ္ဗာန်ဆိုသည်၊ ပရိနိဗ္ဗာန်စံ၍ စုတိကမ္မဇရုပ် ချုပ်ပြီးနောက် ပဋိသန္ဓေခန္ဓာ အသစ်ဖြစ်ပေါ်ခြင်း မရှိသော အဘာဝပညတ် မျှကို အနုပါဒိသေသ နိဗ္ဗာန်ဆိုသည် ဟု ယူကြကုန်၏။

ဤပါဠိတော်မှာ ပရမတ္ထတရား ၄ ပါးတွင် အကျုံးဝင်သော အရိယ သစ္စာ ထိုက်သော အသင်္ခတ မဟာနိဗ္ဗာန်ကြီး ၂ ပါးကို မဟောပါဘဲ၊ ပရမတ် မဟုတ် အဘာဝပညတ် မျှသာဖြစ်သော နိဗ္ဗာန် ၂ ပါးကိုသာ ဟောတော်မူသည် ဟု ယူကြခြင်း သည် သဘောယုတ္တိ မရှိလေ။

သဂြိုလ်ကျမ်း၌ သဉပါဒိသေသ, အနုပါဒိသေသ ဟူသော အမည် ၂ ပါး သုညတ, အနိမိတ္တ, အပ္ပဏိဟိတ ဟူသော အမည် ၃ ပါးတို့နှင့် လာသော ဤပရမတ္ထ အသင်္ခတမဟာနိဗ္ဗာန်ကြီး၏ အပြားကိုကား အဘိဓမ္မာသစ္စဝိဘင်း ပါဠိတော်ကို အစဉ် လျှောက်၍ သိအပ်၏။

တဏှာ၏ အကြွင်းမဲ့ချုပ်ခြင်းသည် နိရောဓသစ္စာ ဟု ဆိုအပ်သော နိဗ္ဗာန်မည်။ ။ တဏှာ၏ အကြွင်းမဲ့ချုပ်ခြင်းသည်လည်း-

၁။ စက္ခု၌စွဲလမ်းသော တဏှာ၏ စက္ခု၌ချုပ်ခြင်း နိဗ္ဗာန် ၁ပါး။

၂။ သောတ၌ စွဲလမ်းသော တဏှာ၏ သောတ၌ချုပ်ခြင်း နိဗ္ဗာန် ၁ ပါး

၃။ ဃာန၌ စွဲလမ်းသော တဏှာ၏ ဃာန၌ချုပ်ခြင်း နိဗ္ဗာန် ၁ ပါး။

၄။ ဇိဝှာ၌ စွဲလမ်းသော တဏှာ၏ ဇိဝှာ၌ချုပ်ခြင်း နိဗ္ဗာန် ၁ ပါး။

၅။ ကာယ၌ စွဲလမ်းသော တဏှာ၏ ကာယ၌ချုပ်ခြင်း နိဗ္ဗာန် ၁ ပါး။

၆။ မနော၌ စွဲလမ်းသော တဏှာ၏ မနော၌ချုပ်ခြင်း နိဗ္ဗာန် ၁ ပါး။

[ဤသို့လျှင် အဇ္ဈတ္တိကာယတန ၆ ပါး၌ နိဗ္ဗာန် ၆ ပါး ရ၏။]

ဟူနည်းအတူ-

ရူပါရုံ, သဒ္ဒါရုံ အစရှိသော ဗာဟိရာယတန ၆ ပါး၌ နိဗ္ဗာန် ၆ ပါး။

www.dhammaransi.com



စက္ခုဝိညာဉ် စသော ဝိညာဉ် ၆ ပါး၌ နိဗ္ဗာန် ၆ ပါး။

စက္ခုသမ္ဖဿ စသော ဖဿ ၆ ပါး၌ နိဗ္ဗာန် ၆ ပါး။

စက္ခုသမ္ဖဿဇာဝေဒနာ စသော ဝေဒနာ ၆ ပါး၌ နိဗ္ဗာန် ၆ ပါး။

ရူပသညာ, သဒ္ဒသညာ စသော သညာ ၆ ပါး၌ နိဗ္ဗာန် ၆ ပါး။

ရူပသဉ္စေတနာ, သဒ္ဒသဉ္စေတနာ စသော စေတနာ ၆ ပါး၌ နိဗ္ဗာန် ၆ ပါး။

ရူပတဏှာ, သဒ္ဒတဏှာ စသော တဏှာ ၆ ပါး၌ နိဗ္ဗာန် ၆ ပါး။

ရူပဝိတက်, သဒ္ဒဝိတက် စသော ဝိတက် ၆ ပါး၌ နိဗ္ဗာန် ၆ ပါး။

ရူပဝိစာရ, သဒ္ဒဝိစာရ စသော ဝိစာရ ၆ ပါး၌ နိဗ္ဗာန် ၆ ပါး။

(ဤသို့လျှင် အဘိဓမ္မာ၌လည်းကောင်း၊ မဟာသတိပဋ္ဌာနသုတ်၌လည်းကောင်း တဏှာ၏ ချုပ်ငြိမ်းရာ ဌာနပေါင်း ၆၀ ကို အစွဲပြု၍ နိရောဓသစ္စာ ဟုဆိုအပ်သော နိဗ္ဗာန်ပေါင်း ၆၀ လာ၏။)

သဥပါဒိသေသ အသင်္ချေယျ။ ။ တစ်ဦးသော ရဟန္တာ ပုဂ္ဂိုလ်၏ သန္တာန် မှာပင် တဏှာ၏ ချုပ်ငြိမ်းရာဌာန အပြားအားဖြင့် နိဗ္ဗာန်ပေါင်း ၆၀ ဖြစ်လေရကား ရဟန္တာပုဂ္ဂိုလ် သန္တာန် အများနှင့် ဝေဖန်သော် နိဗ္ဗာန်ပေါင်း အသင်္ချေယျ, အပ္ပမေယျ ဖြစ်လေရာ၏၊ ထိုသို့ များပြားမှုသည်လည်း ချုပ်ဆုံးသော တဏှာ၏ သင်္ချိုင်းကျရာ ဌာန၏ အပြားသို့လိုက်၍ ဆိုအပ်သော များပြားမှုသာတည်း။ အနိမိတ္တသဘောရှိသော နိဗ္ဗာန်သည်မူကား ၂ ခု, ၃ ခု များပြားရန် သဏ္ဌာန်, နိမိတ်, အမြိတ် အစွန်း မရှိလေရကား သန္တိလက္ခဏာ အားဖြင့် ၁ ပါးတည်းသာတည်း၊ ချုပ်သောတရားတို့၏ အပြားကို အစွဲပြု၍ ဆိုသော်လည်း လောဘ၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှု ၁ ပါး, ဒေါသ၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှု ၁ ပါး၊ အစရှိသည်ဖြင့် တဒင်္ဂနိဗ္ဗာန် မှာကဲ့သို့ အသင်္ချေယျ, အပ္ပမေယျပင် ဖြစ်ရာ၏။

(ဤကား ကိလေသနိဗ္ဗာန်ဟု ဆိုအပ်သော သဥပါဒိသေသ နိဗ္ဗာန်၏ အပြားတည်း။)

အနုပါဒိသေသ အသင်္ချေယျ။ ။ ဝိတင်း ပါဠိတော်၌ တိုက်ရိုက်မလာငြားသော်လည်း ဒုက္ခနိရောဓပုဒ်၏ အစွမ်းအားဖြင့် စက္ခု၏ အကြွင်းမဲ့ချုပ်ငြိမ်းခြင်း ဟူသော နိဗ္ဗာန် ၁ ပါး၊ သောတ၏ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်း ဟူသော နိဗ္ဗာန် ၁ ပါး၊ ဤသို့စသည်ဖြင့် ခန္ဓပရိနိဗ္ဗာန်ဟု ဆိုအပ်သော အနုပါဒိသေသနိဗ္ဗာန် အပြားသည်လည်း အသင်္ချေယျ, အပ္ပမေယျပင် ဖြစ်ရာ၏၊ ဤသို့ဖြစ်ခြင်းသည်လည်း

www.dhammaransi.com



ချုပ်ငြိမ်းသောတရားတို့၏ အပြားသို့လိုက်၍ ဆိုအပ်သော ဖြစ်ခြင်းပေတည်း။

နိဗ္ဗာန်မှာမူကား အနိမိတ္တဓမ္မ ဖြစ်ပေ၍ ၁ ပါးတည်းသာလျှင်တည်း။ ။ "အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော" အစရှိသည်ဖြင့် လာသော ပဋိစ္စသမုပ္ပါဒ်ချုပ်ပုံကို အစဉ်လျှောက်၍ဆိုခဲ့သော် သဥပါဒိသေသ ၂ ပါး အရေအားဖြင့် နိဗ္ဗာန်ပေါင်း ၁၂ ဖြစ်၏၊ ထို ၁၂ သည်လည်း စင်စစ်အားဖြင့် ၁ ပါးတည်းသာတည်း။

နိဿရဏနိဗ္ဗာန်အပြားပြီး၏။

ဤတွင်ရွေ့ကား နိဗ္ဗာန်အပြား ၇ ပါးပြီး၏။

********

## နိဿရဏနိဗ္ဗာန်သို့ ဆိုက်ရောက်ပုံ

ထိုနိဿရဏနိဗ္ဗာန် ဟုဆိုအပ်သော ပရမတ္ထ အသင်္ခတနိဗ္ဗာန်သို့ ဆိုက်ရောက်ပုံ အခြင်းအရာကို ဥပမာ အမျိုးမျိုးနှင့် ပြ၍ ဟောတော်မူသော ပါဠိတော်များကို အစဉ်လျှောက်၍ သိအပ်၏။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ရုက္ခဝဂ်၌ ဝဋ္ဋဒုက္ခပွားများမှု၊ ဝဋ္ဋဒုက္ခချုပ်ငြိမ်းမှု ဥပမာ[၁] ဥပမေယျ[၂] အစုံအစုံနှင့်တကွ သုတ်ပေါင်း ၁၀ လာ၏၊ ထိုသုတ်ပေါင်း ၁၀ တို့၏ အဓိပ္ပာယ်လိုရင်းကို အစဉ်အတိုင်းပြဆိုပေအံ့။

ပထမသုတ်။ ။ ၁။ ပထမသုတ်၌ အိုးလုပ်သော ယောက်ျားသည် များစွာသော အိုးတို့ကို အိုးဖိုပြုလုပ်၍ မီးဖုတ်လေရာ အလွန်ပူလှစွာသော တစ်ခုသော အိုးကို ထုတ်ယူ၍ မီးနှင့် ဝေးရာ ညီမျှသော မြေအပြင်၌ ထားလာ၏၊ ထိုအိုး၌ ထိုအပူသည် အစဉ်အတိုင်း ချုပ်ငြိမ်းကွယ်ပျောက်လေ၏၊ အိုးသား, အိုးကင်းမျှ တို့သာ ကျန်ရှိ လေ၏။ စက္ခု, သောတအစရှိသော မိမိအဇ္ဈတ္တတရားတို့၌ ငါ၏ ဥစ္စာ, ငါ၏မျက်စိ အစရှိသည်ဖြင့် အကြင်မျှလောက်သော ဘဝသံသရာကာလပတ်လုံး သာယာသော တဏှာ သည် ပွားစီး၏။ ထိုမျှလောက်သော

---

၁၊ ဥပမာ - နှိုင်းယှဉ်ကြောင်းဝတ္ထု, နှိုင်းယှဉ်ခံဝတ္ထု ၂ ခုတို့၏ တူညီခြင်း၊
၂၊ ဥပမေယျ - နှိုင်းယှဉ်ခံဝတ္ထု၊

www.dhammaransi.com



ဘဝသံသရာ ကာလပတ်လုံး ဝဋ္ဋဒုက္ခတရားသည် တိုးပွား ရှည်လျား လေ၏။

၂။ ထိုမီးပုံကြီး၌ အကြင်အခါ အသစ်ဖြစ်သော မီးစာ ထင်းတို့ကို လည်း မထည့်ပြီ၊ ရှိရင်း မီးစာဟောင်းတို့ကိုလည်း ရေနှင့်ဆွတ် ဖျန်းလေ၏၊ ထိုအခါမှစ၍ထိုမီးပုံကြီးသည် အစဉ်အတိုင်းသေ ငြိမ်းပျောက်ကွယ်လေ၏၊ ထို့အတူ အကြင်အခါ၌ ထို ဗာဟိရ တရား, အဇ္ဈတ္တတရားတို့၌ အသစ်အသစ် ထပ်မံ သာယာသော တဏှာအယှဉ်ကိုဖြတ်၏၊ ရှေးရှေးက အစဉ်သာယာခဲ့၍ လာခဲ့ သောတဏှာနုသယဟောင်း တို့ကိုလည်း ပယ်နုတ်၍ ပစ်၏၊ ထိုအခါမှစ၍ဝဋ္ဋဒုက္ခတရားသည် အစဉ်အတိုင်း ချုပ်ငြိမ်း လေ၏။

ဤသုတ်၌ မီးငြိမ်းမှုမှာ မီးကြွင်းမီးကျန်မရှိ၊ အကုန်လုံး အဆုံးတိုင် ငြိမ်းလေ ၏၊ အကြွင်းအကျန်မရှိ ကွယ်လေ၏၊ ပြာ, မီးသွေးမျှသာ ကျန်ရှိလေရာ၏၊ ထိုပြာ, မီးသွေးများသည်လည်း အတန်ငယ်ကြာလျှင် အကြွင်းအကျန်မရှိ ကုန်ဆုံးကွယ် ပျောက်လတ္တံ့၊ ထို့အတူ ရဟန္တာဖြစ်၍ ခန္ဓပရိနိဗ္ဗာန်စံသောအခါ အဇ္ဈတ္တခန္ဓာ ၅-ပါး ရုပ်, နာမ် တရားစုသည် အကြွင်းအကျန်မရှိ အကုန်လုံး ကွယ်ဆုံးချုပ်ငြိမ်းလေ ၏၊ သတ္တဝါသန္တာန် မဟုတ်၊ ငှက်ပျောတုံး, လက်ပံတုံးနှင့် တူသော ဗဟိဒ္ဓသန္တာန်ဖြစ်သော ဥတုဇအဋ္ဌကလာပ် ရုပ်ပေါင်း အလောင်းခန္ဓာနှင့် ဓာတ်တော်တို့သည် ကြွင်းကျန်ရစ်ကုန်၏၊ ထိုခန္ဓာ တော်, ဓာတ်တော်တို့သည် ကြွင်းကျန်ရစ်ကုန်၏၊ ထိုခန္ဓာတော်, ဓာတ်တော်တို့ လည်း မကြာမြင့်မီ ပျောက်ပျက်ကွယ်ဆုံးလတ္တံ့။

ကာယဿ ဘေဒါ ဥဒ္ဒံ ဇီဝိတပရိယာဒါနာ ဣဓေဝ သဗ္ဗဝေဒယိ တာနိအနဘိနန္ဒိတာနိသီတီဘဝိဿန္တိ၊ သရီရာနိ အဝသိဿန္တိ။ ။ (ပါဠိတော်။)

ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ ဇီဝိတပရိယာဒါနာ၊ အသက်ကုန်သည်မှ။ ဥဒ္ဒံ၊ အထက်၌။ ဣဓေဝ၊ ဤဘဝ၌သာလျှင်။ သဗ္ဗဝေဒယိတာ နိ၊ အလုံးစုံသော ကောင်းသော ခံစားခြင်း, မကောင်းသော ခံစားခြင်းဟု ဆိုအပ်ကုန်သော အပူအလောင်မှုတို့သည်။ အနဘိနန္ဒိတာနိ၊ တဏှာဖြင့်

www.dhammaransi.com



သာယာနှစ်သက်ခြင်း မှ ကင်းကုန်သည်ဖြစ်၍။ သီတိ၊ ချုပ်ပျောက်အေးငြိမ်းကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ သရီရာနိ၊ အလောင်းတော် အရိုးဓာတ်တော် တို့သည်သာလျှင်။ အဝသိဿန္တိ၊ ကြွင်းကျန်ကုန်လတ္တံ့။ ။ ( ပါဠိတော်အနက်။ )

ဤသို့ ဟောတော်မူသော ဥပမာ, ဥပမေယျများကို ထောက်ထား၍ ရဟန္တာပုဂ္ဂိုလ်တို့အား စုတိကမ္မဇရုပ် ချုပ်သည်မှ နောက်၌ လူ ရဟန္တာ ဖြစ်ခဲ့လျှင် ဥတုဇအဋ္ဌ ကလာပ် ဓာတ်တော်စုမျှသာ အကြွင်းအကျန် ရှိတော့သည်။ ထိုဥတုဇအဋ္ဌကလာပ် ဓာတ်တော်စုမှတစ်ပါး ထိုရဟန္တာတို့၏ သန္တာန်မှ နိဗ္ဗာန်သို့ ကူးတက်ဆက်နွယ်၍ သွားသော တရား - ဟူ၍ တစ်စုံတစ်ခု အမြွက် လေသံမျှ မရှိပြီဟု သိအပ်၏၊ နတ် ရဟန္တာ, ဗြဟ္မာ ရဟန္တာ ဖြစ်ခဲ့အံ့၊ ဥတုဇအဋ္ဌကလာပ် ဓာတ်တော်စုမျှပင် အကြွင်း အကျန်မရှိပြီ၊ စုတိကမ္မဇရုပ် ချုပ်ရာတွင် အကုန်ချုပ်ဆုံး ကွယ်ပျောက်လေ၏ - ဟု သိအပ်၏။

ဒုတိယသုတ်။ ။ ဒုတိယသုတ်၌ များစွာသော ထင်းတို့ကို စုပုံ၍ မီးပုံကြီး ကိုပြုရာ၏၊ ထိုမီးပုံကြီး၌ အကြင်မျှလောက်သော ကာလပတ်လုံး ထင်း မီးစာတို့ကို မပြတ်မလပ် ထည့်ရာ၏၊ ထိုမျှလောက်သော ကာလပတ်လုံး မီးသည် အရှည်ဖြစ်ပွား ၍သာ နေရာ၏၊ ထို့အတူ အကြင် သတ္တဝါအား ဥပါဒါန်၏ အစီးအပွားဖြစ်ကုန်သော၊ မိမိ၏ကိုယ် အင်္ဂါ ဖြစ်၍နေကုန်သော၊ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မန - ဟူသော အတွင်းအာယတန ၆-ပါး၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ - ဟူ သော ပဉ္စာရုံနှင့်တကွ ကုသိုလ်ဓမ္မ, အကုသိုလ်ဓမ္မ, အဗျာကတဓမ္မ - ဟူသော အပ-အာယတန ၆-ပါး၊ ဤ ၁၂ - ပါးသော မိမိကိုယ်ခန္ဓာတရားတို့၌ ငါ၏ကိုယ် - ဟူ ၍ လည်းကောင်း, ငါ၏ အင်္ဂါ - ဟူ၍ လည်းကောင်း, ငါ - ငါ ဟူ၍ လည်းကောင်း သာယာသော တဏှာသည် အကြင်မျှလောက်သော ဘဝသံသရာ ကာလပတ်လုံး ထင်ရှားရှိ၏၊ ထိုသတ္တဝါအား ထိုမျှလောက်သော ဘဝသံသရာ ကာလပတ်လုံး ပဋိ သန္ဓေ အဆက်ဆက်ဟု ဆိုအပ်သော ဝဋ္ဋဒုက္ခတရားသည် ဖြစ်ပွား၍သာ နေရာ၏။

အကြင်အခါ ထိုမီးပုံကြီး၌ အသစ်သော ထင်း မီးစာ တို့ကိုလည်း မထည့်ပြီ၊ မီးပုံတွင်းရှိ ထင်း မီးစာဟောင်းတို့ကိုလည်း နုတ်ပယ်၍ ပစ်၏၊ ထိုအခါမှစ၍ ထိုမီးပုံကြီးသည် အစဉ်အတိုင်း ကုန်ဆုံး ကွယ်ပျောက်လေရာ၏၊ ပြာ, မီးသွေး စုမျှသာ ကြွင်းကျန်လေရာ၏၊ ထို ပြာ, မီးသွေးစုသည် မကြာမီ ကုန်ဆုံး

www.dhammaransi.com



ကွယ်ပျောက်လေရာ ၏၊ ထို့အတူ မိမိ၏ သန္တာန်၌ ဖြစ်၍နေကုန်သော ထို အာယတန တရား ၁၂-ပါး တို့ကို အနိစ္စဟု မြင်သောဉာဏ်၊ ဒုက္ခ ဟု မြင်သောဉာဏ်၊ အနတ္တ ဟု မြင်သော ဉာဏ်ကို ပွားများ အားထုတ်သဖြင့် အကြင်အခါ ထို မိမိကိုယ်ခန္ဓာဖြစ်နေသော အာယတနတရား ၁၂-ပါး တို့၌ အသစ်အသစ် သာယာသော တဏှာကိုလည်း ပြတ် ကင်းစေ၏။ ရှေးရှေးက သာယာ၍ လာခဲ့သော တဏှာနုသယ ကိုလည်း နုတ်ပယ် ၍ ပစ်လေ၏၊ ထိုအခါမှစ၍ အစဉ်အတိုင်း ကုန်ဆုံး ကွယ်ပျောက်လေ၏၊ စုတိကမ္မ ဇရုပ် ချုပ်သည်နှင့် တစ်ပြိုင်နက် အဇ္ဈတ္တ ရုပ်, နာမ်စု အကြွင်းအကျန်မရှိ ချုပ်ငြိမ်း ကွယ်ပျောက်လေ၏၊ ဗဟိဒ္ဓဖြစ်သော သရီရဓာတ်စုမျှသာ ကြွင်းကျန်လေ၏၊ ထိုဗဟိဒ္ဓဖြစ်သော သရီရဓာတ်စုသည်လည်း မကြာမီ ကုန်ဆုံး ကွယ်ပျောက်လတ္တံ့။

**တတိယသုတ်။** ။ တတိယသုတ်၌ ဆီမီးဥပမာလာ၏။ ။ ဆီနှင့်မီးစာ ကို မပြတ်မလပ် ထည့်၍နေသမျှ ကာလပတ်လုံးလည်း ဆီမီးတောက်သည် မငြိမ်းလေ ရာ၊ မီးနှင့် ဆီမီးစာတို့ကို မထည့်ဘဲ ပြတ်သောအခါ အစဉ်အတိုင်း ချုပ်ငြိမ်း ကွယ် ပလေ၏ - ဟု ဥပမာကိုဆိုလေ၊ ခန္ဓာ ချုပ်ငြိမ်းမှုမှာလည်း ဒုတိယသုတ်အတိုင်းဆို ၍ ထိုဆီမီးအလားတူ သိလေ။

**စတုတ္ထသုတ်။** ။ စတုတ္ထသုတ်၌လည်း ဥပမေယျဘက်၌ တတိယသုတ် မှာ ဥပါဒါန်၏ အစီးအပွား - ဟု လာ၏၊ စတုတ္ထသုတ်မှာ သံယောဇဉ်အစီးအပွား -ဟု လာ၏၊ ဤမျှသာထူးကြသည်၊ နောက်နောက်သုတ်တို့၌လည်း ဤနည်းတူသိလေ၊ တတိယသုတ်အတိုင်း ဆီမီးဥပမာပင်တည်း။

**ပဉ္စမသုတ်။** ။ ပဉ္စမသုတ်၌ သစ်ပင်ကြီး ဥပမာလာ၏၊ သစ်ပင်ကြီး၌ အမြစ်ကြီး အမြစ်ငယ်တို့သည် အကြင်မျှလောက်သော ကာလပတ်လုံး အနာဥပဒ်ကင်းရှင်းကြကုန်သည်ဖြစ်၍ မြေသြဇာ ရေသြဇာတို့ကို သစ်ပင်အဖျားတိုင်အောင် တင်ဆောင်ဖြန့်ဖြူး၍ တည်နေကြကုန်၏၊ ထိုမျှလောက်သော ကာလပတ်လုံး ထိုသစ်ပင်ကြီးသည် ကာလအရှည် ဖြစ်ပွားစည်ကား၍သာ နေ၏၊ အကြင်အခါ အလုံးစုံသော အမြစ်ကြီး အမြစ်ငယ်တို့ကို အကုန်အစင် တူးဖြတ်၍ ခြောက်သွေ့သောအခါ မီးရှို့ ၍ ပစ်၏၊ ထိုအခါ ထိုသစ်ပင်သည် အစဉ်အတိုင်း ခြောက်သွေ့ ဆွေးမြေ့ကုန်ဆုံး ကွယ်ပလေ၏။

www.dhammaransi.com



ဤဥပမာ၌ အနမတဂ္ဂ ဘဝအဆက်အဆက် ဖြစ်ပွားစည်ကား၍ လာခဲ့သော မိမိကိုယ်ခန္ဓာ အာယတနတရား ၁၂-ပါးသည် သစ်ပင်ကြီးနှင့် တူ၏၊ အဝိဇ္ဇာ, တဏှာ - သည် ရေသောက်မြစ်ကြီးနှင့် တူ၏၊ ကြွင်းသော ကိလေသာစုသည် အမြစ်ငယ် စုနှင့်တူ၏။

တစ်နည်းကား . . . ကိလေသာစုသည် ရေသောက်မြစ်ကြီးစုနှင့် တူ၏၊ ကုသိုလ်ကံ, အကုသိုလ်ကံစုသည် အမြစ်ငယ်စုနှင့် တူ၏၊ မိမိ၏ကိုယ်ခန္ဓာ အာယတနတရား ၁၂-ပါးတို့ကို အနိစ္စ - ဟု မြင်သောဉာဏ်, ဒုက္ခ - ဟု မြင်သောဉာဏ်, အနတ္တ - ဟု မြင်သောဉာဏ်သည် အမြစ်တို့ကို တူးဖြတ်သော ပေါက်တူး, ဓားမနှင့် တူ၏၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည် ခြောက်သွေ့သော အမြစ်တို့ကို ရှို့၍ အကျွမ်းလောင် သော မီးနှင့်တူ၏။

ဆဋ္ဌမသုတ်။ ။ ဆဋ္ဌမသုတ်၌လည်း ပဉ္စမသုတ်အတိုင်း သစ်ပင်ကြီး ဥပမာပင်တည်း။

သတ္တမသုတ်။ ။ သတ္တမသုတ်၌ သစ်ပင်ငယ် ဥပမာလာ၏၊ သစ်ပင်ငယ်သည် အမြစ်ကို ကောင်းစွာတည်စေ၍ မြေတောင်မြှောက်၍ ရေမပြတ်လောင်း၍ ပေးခဲ့သော် ကြီးပွားစည်ကား၍ သွားလေရာ၏၊ အမြစ်တို့ကို တူးဖြတ်၍ မီးတိုက်ပစ်ခဲ့သော် ခြောက်သွေ့ သေဆုံးကွယ်ပျောက်လေရာ၏ ဟု ဆိုလေ။

အဋ္ဌမသုတ်။ ။ အဋ္ဌမသုတ်၌လည်း သစ်ပင်ငယ် ဥပမာပင်။

နဝမသုတ်။ ။ နဝမသုတ်, ဒသမသုတ်တို့၌လည်း သစ်ပင်ကြီး ဥပမာပင်လာ၏၊ ဥပမေယျဘက်တို့၌ကား - ဥပါဒါန်၏ အစီးအပွား ဖြစ်ကုန်သော မိမိကိုယ်ခန္ဓာတို့ကို သာယာဖွယ် - ဟု ရှုခြင်းမကင်းသော ပုဂ္ဂိုလ်အား စုတိမှနောက်၌ ဝိညာဉ်ဖြစ်ပေါ်စေ၏၊ ဝိညာဉ်ဖြစ်ပေါ်လျှင် နာမ်, ရုပ်စသည် အဆက်ဆက်ဖြစ်ပေါ်လာလေ၏၊ မိမိကိုယ်ခန္ဓာတို့ကို သာယာဖွယ် - ဟု ရှုခြင်း ပြတ်ကင်းပြီးသော ပုဂ္ဂိုလ် အား စုတိနောက်၌ ဝိညာဉ်စသည် ဖြစ်ပေါ်လာခြင်း မရှိပြီ။

ဒသမသုတ်။ ။ ဒသမသုတ်မှာ သံယောဇဉ်၏အစီးအပွား ဖြစ်ကုန်သော မိမိကိုယ်ခန္ဓာတို့ကို - ဆိုရုံမျှသာ ထူးသည်။

www.dhammaransi.com



ဤသို့ ဟောတော်မူသော ဥပမာ, ဥပမေယျများကို ထောက်ထား၍ ရဟန္တာပုဂ္ဂိုလ်တို့အား စုတိကမ္မဇရုပ် ချုပ်သည်မှနောက်၌ လူရဟန္တာဖြစ်ခဲ့လျှင် ဥတုဇရုပ်ကလာပ် သရီရဓာတ်စုမျှသာ ကြွင်းကျန်ရစ်၏၊ ထိုသရီရဓာတ်စုမှ တစ်ပါး နိဗ္ဗာန်သို့ကူးတက် ဆက်နွယ်၍ သွားသော တရားထူးဟူ၍ တစ်စုံတစ်ခု အမြွက်လေသမျှ မရှိပြီ၊ နတ်ရဟန္တာ, ဗြဟ္မာရဟန္တာ ဖြစ်ခဲ့သော် သရီရဓာတ်စုမျှပင် အကြွင်းအကျန် မရှိပြီ - ဟု သိအပ်၏။

( ဤကား - နိဒါနသံယုတ်ပေါင်း ၁၀ - တို့၏ အဓိပ္ပာယ်လိုရင်းကို အကျဉ်း ပြထုတ်ချက်တည်း။ )

ဝစ္ဆသုတ်။ ။ ယခုအခါ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၌လာသော ဝစ္ဆသုတ်ကို ထုတ်ပြပေအံ့။ ။ ရဟန္တာပုဂ္ဂိုလ်၏ စုတိကမ္မဇရုပ် ချုပ်ပြီးသည့် နောက်အလားကို ဝစ္ဆပရိဗိုဇ်က မြတ်စွာဘုရားအား မေးလျှောက်သည်၊ မြတ်စွာဘုရားက ဖြေတော်မူသည်။

အမေး။ ။ ရဟန္တာပုဂ္ဂိုလ်သည် စုတိကမ္မဇရုပ်ချုပ်ပြီးနောက်တစ်စုံတစ်ရာသို့ ကပ်လေ, ရောက်လေသလော - ဟုမေး၏။

အဖြေ။ ။ တစ်စုံတစ်ရာသို့ ကပ်လေ, ရောက်လေ၏ - ဟူသော အရေအတွက်သို့ မရောက်လေ - ဟု ဖြေတော်မူ၏။

အမေး။ ။ တစ်စုံတစ်ရာသို့ မကပ်လေ, မရောက်လေ - သလော ဟု မေး၏။

အဖြေ။ ။ မကပ်လေ, မရောက်လေ - ဟူသောအရေအတွက်သို့လည်း မရောက်လေ - ဟု ဖြေတော်မူ၏။

အမေး။ ။ တစ်စုံတစ်ရာသို့ ကပ်လေသည်လည်းရှိ၏၊မကပ်သည်လည်းရှိ၏၊ နှစ်ထွေလော - ဟု မေး၏။

အဖြေ။ ။ တစ်စုံတစ်ရာသို့ ကပ်လေ၏ - ဟူ၍လည်း အရေအ

www.dhammaransi.com



တွက်သို့ မရောက်၊ မကပ်-ဟူ၍လည်း အရေအတွက်
သို့မရောက် ဟု ဖြေတော်မူ၏။

အမေး။ ။ တစ်စုံတစ်ရာသို့ ကပ်လေသည်လည်းမဟုတ်၊ မကပ်
သည်လည်း မဟုတ်လော - ဟု မေး၏။

အဖြေ။ ။ တစ်စုံတစ်ရာသို့ ကပ်သည်လည်း မဟုတ်၊မကပ်သည်
လည်း မဟုတ် - ဟူသော အရေအတွက်သို့လည်းမ
ရောက် ဟု ဖြေတော်မူ၏၊ ဝစ္ဆပရိဗိုဇ်သည် ဤအဖြေ
မျှနှင့် မကျေချမ်းနိုင်၍ လျှောက်ထားပြန်ရာ မီးပုံကြီး
ဥပမာဖြင့် ကောင်းစွာ ကျေချမ်းစေခြင်းငှာဝစ္ဆပရိဗိုဇ်
ကို မေးတော်မူ၏။

အမေး။ ။ ဝစ္ဆပရိဗိုဇ် - သင်၏ရှေ့မှာကြီးစွာသောမီးပုံကြီးသည်
ရှိလေရာ၏၊ သင်သည် ငါ့ရှေ့မှာ ကြီးစွာသောမီးပုံကြီး
မီးတောက်ကြီး ရှိချေသည် - ဟု သိမည်လော - ဟု
မေးတော်မူ၏။

အဖြေ။ ။ သိပါလိမ့်မည် - ဟု ဖြေလေ၏။

အမေး။ ။ထိုမီးပုံကြီးမီးတောက်ကြီးသည်မီးစာကုန်သဖြင့်သင်၏
ရှေ့မှာပင် သေငြိမ်းပျောက်ကွယ်၍ သွားလေရာငါ၏
ရှေ့မှာ မီးပုံကြီးမီးတောက်ကြီးသေငြိမ်းကွယ်ပျောက်၍
သွားလေပြီ - ဟု သင်သိမည်လော - ဟု မေးတော်မူ
၏။

အဖြေ။ ။ သိပါလိမ့်မည် - ဟု ဖြေ၏။

အမေး။ ။ ထိုအခါ ထိုသေငြိမ်းလေပြီးသော ထိုမီးသည် အဘယ်
အရပ်သို့ ကပ်လေ ရောက်လေသနည်း -ဟုမေးခဲ့သော်

www.dhammaransi.com



အဘယ်သို့ ဖြေမည်နည်း - ဟု မေးတော်မူ၏။

အဖြေ။ ။ အဘယ်အရပ်သို့မှ ကပ်လေ ရောက်လေတော့သည်မဟုတ်၊ မီးစာသစ်လည်း မလောင်း၊ မီးစာဟောင်းလည်း ကုန်လေသဖြင့် ထိုနေရာတွင်သာ ချုပ်ငြိမ်းခြင်းသို့ ရောက်သည် - ဟု ဖြေပါမည် လျှောက်လေ၏။

"အနာဟာရော အနုပါဒါနော နိဗ္ဗုတောတွေဝ သင်္ချံ ဂစ္ဆတိ"။

အနာဟာရော၊ အစာမရှိသည်ဖြစ်၍။ အနုပါဒါနော၊ စွဲစရာမရှိသည်ဖြစ်၍။ နိဗ္ဗုတောတွေဝ၊ ငြိမ်းလေပြီ - ဟူ၍သာလျှင်။ သင်္ချံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။ ။ ( ဤကားအနက်။ )

ခီဏော၊ ကုန်လေပြီ။ နိရောဓော၊ ချုပ်လေပြီ။ နိဗ္ဗုတော၊ ငြိမ်းလေပြီ။ - ဟူသော အတိတ်စကားနှင့်သာ ပြောခွင့်ရှိတော့သည်။ ယခုမရှိပြီဖြစ်၍ ဥပပဇ္ဇတိ နုပပဇ္ဇတိ - ဟူသော ပစ္စုပ္ပန်စကား၏ အရာမဟုတ်ပြီ - ဟု ဟူလိုသည်။ ။ ထိုအခါမှ -

ဧဝမေဝ ခေါ ဝစ္ဆ ယေန ရူပေန တထာဂတံ ပညာပယမာနော ပညာပေယျ တံ ရူပံ တထာဂတဿ ပဟီနံ ဥစ္ဆိန္နမူလံ တာလာဝတ္ထုကတံ အနဘာဝံ ကတံ အာယတိံ အနုပ္ပါဒဓမ္မံ၊ ရူပသင်္ခါဝိမုတ္တော ခေါ ဝစ္ဆတထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဠှော၊ သေယျထာပိမဟာ သမုဒ္ဒေါ ဥပပဇ္ဇတီတိ န ဥပေတိ၊ နုပပဇ္ဇတီတိ န ဥပေတိ၊ ဥပပဇ္ဇတိ စ နစ ဥပပဇ္ဇတီတိ န ဥပေတိ၊ နေဝဥပပဇ္ဇတိ န န ဥပပဇ္ဇတီတိ နဥပေတိ။

ဟူ၍ ပထမဖြေဆိုသော စကား ၄-ချက်ကို အကြောင်း ယုတ္တိနှင့်တကွ ပြဆိုတော်မူပြန်သည်။

အကြွင်ခန္ဓာ ၅-ပါး ရုပ် နာမ်တရားတို့ကို စွဲမှီ၍ ရဟန္တာပုဂ္ဂိုလ် ဟူသော ပညတ်သည် ဖြစ်၏၊ စုတိကမ္မဇရုပ် ချုပ်ပြီးသောအခါ ထိုခန္ဓာ ၅-ပါး ရုပ် နာမ်တရားတို့သည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြကုန်သဖြင့် ထိုရဟန္တာပုဂ္ဂိုလ်ဟူသော ပုဂ္ဂိုလ်၏ ပညတ်သည်လည်း ပျောက်ကွယ်လေ၏။

www.dhammaransi.com



၁။ ရူပက္ခန္ဓာအစဉ်ကို မှီ၍ဖြစ်ရသော ပညတ်မျိုးသည် ရူပက္ခန္ဓာအစဉ်ချုပ်ငြိမ်းလျှင်ကွယ်ပျောက်လေတော့သည်။

၂။ ဝေဒနာက္ခန္ဓာအစဉ်ကို မှီ၍ဖြစ်ရသော ပညတ်မျိုးသည် ဝေဒနာက္ခန္ဓာအစဉ်ချုပ်ငြိမ်းလျှင် ကွယ်ပျောက်လေတော့သည်။

၃။ သညာက္ခန္ဓာအစဉ်ကို မှီ၍ဖြစ်ရသော ပညတ်မျိုးသည် သညာက္ခန္ဓာအစဉ် ချုပ်ငြိမ်းလျှင် ကွယ်ပျောက်လေတော့သည်။

၄။ သင်္ခါရက္ခန္ဓာ အစဉ်ကိုမှီ၍ ဖြစ်ရသော ပညတ်မျိုးသည်သင်္ခါရက္ခန္ဓာအစဉ် ချုပ်ငြိမ်းလျှင် ကွယ်ပျောက်လေတော့သည်။

၅။ ဝိညာဏက္ခန္ဓာအစဉ်ကို မှီ၍ဖြစ်ရသောပညတ်မျိုးသည်ဝိညာဏက္ခန္ဓာအစဉ် ချုပ်ငြိမ်းလျှင် ကွယ်ပျောက်လေတော့သည်။ ။

မီးစာကိုစွဲမှီ၍ ဖြစ်ရသော မီးသည် မီးစာကုန်ဆုံးလျှင် ကုန်ဆုံးလေသကဲ့သို့တည်း။

ထိုသို့ စုတိကမ္ဘဇရုပ်အချုပ်တွင် ခန္ဓာ ၅-ပါး ကုန်ဆုံးသဖြင့် ခန္ဓာ ၅-ပါး မှုလည်းကောင်း၊ ထိုခန္ဓာ ၅-ပါးကိုစွဲမှီသော ဘုရားဟူသော ပညတ်, ရဟန္တာဟူသော ပညတ်, သတ္တဝါဟူသော ပညတ်မှုလည်းကောင်း၊ ကျွတ်လွတ်လေပြီးသော ရဟန္တာ ပုဂ္ဂိုလ်သည် မဟာသမုဒ္ဒရာကဲ့သို့ အလွန်နက်နဲ၏၊ နှိုင်းယှဉ်စရာ ဥပမာပင်မရှိ၊ ဉာဏ်ဖြင့် သက်ဝင်၍ သိမြင်စေခြင်းငှာ အလွန် ခဲယဉ်းလှ၏၊ လောကီလူတို့ ပြော ဆိုကြသော ဥပပဇ္ဇတိ, နုပပဇ္ဇတိ - အစရှိသော ဝေါဟာရမျိုး၏ အရာ မဟုတ်ပြီ ဆိုလိုသည်။

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အတွင်းမှာ ပွင့်တော်မူကြကုန်သော ဘုရားတို့၏ တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ, ဒီပင်္ကရာ - အစရှိသော အမည် ပညတ်မျှတို့သည်သာ ယခု ရှိကြကုန်တော့သည်၊ ထိုမှ ရှေး - အနမတဂ္ဂ သံသရာ၌ ပွင့်တော်မူကြကုန်သော ဘုရားတို့၏ ခန္ဓာအစဉ်ကို မှီ၍ဖြစ်သော ပညတ်တို့သည်ကား မရှိကြကုန်ပြီ၊ လူလောက, နတ်လောက, ဗြဟ္မာ့လောက အလယ်မှာ မပေါ်လာ ကြကုန်ပြီ၊ အတိတ်ဝတ္ထုအနေနှင့်မျှ ပြောဆိုစရာ မရှိကြကုန်ပြီ။

www.dhammaransi.com



ထိုဘုရားတို့၏ တစ်ဆူတစ်ဆူ လက်ထက်တွင် ၂၄ - သင်္ချေနှင့် ကုဋေ - ၆၀ ဗိုလ်ခြေတစ်သိန်း တစ်သိန်းစီ ပရိနိဗ္ဗာန် စံလွန်တော် မူကြကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့၏ အသီးအသီးသော ခန္ဓာအစဉ်တို့သည် လည်းကောင်း၊ အသီးအသီးသော ပညတ်တို့သည် လည်းကောင်း၊ အကုန်လုံး ကွယ်ဆုံးကြလေကုန်၏၊ လူ့လောက, နတ် လောက, ဗြဟ္မာ့လောက အလယ်မှာ မပေါ်လာကြကုန်ပြီ။

အနမတဂ္ဂ သံသရာမှာ ပုထုဇဉ်အဖြစ်နှင့် ကျင်လည်ကြကုန်သော သတ္တဝါတို့၏ အသီးအသီးသော ခန္ဓာအစဉ်, အသီး**အသီးသော** ပညတ်အစဉ်တို့သည်မူကား ယနေ့ထက်တိုင် လူ့အလယ်မှာ တဘွားဘွား၊ နတ်အလယ်မှာ တဘွားဘွား၊ ဗြဟ္မာ့ အလယ်မှာ တဘွားဘွား၊ ငရဲဘုံမှာ တဘွားဘွား၊ တိရစ္ဆာန်ဘုံမှာ တဘွားဘွား၊ ပြိတ္တာ ဘုံမှာ တဘွားဘွား၊ အသုရကာယ်ဘုံမှာ တဘွားဘွား - ဖြစ်ပေါ်၍ နေကြကုန်၏၊ ထိုသို့ တဘွားဘွား ဖြစ်ပေါ်၍ နေကြကုန်သော သတ္တဝါတို့၏ ခန္ဓာအစဉ်, ပညတ် အစဉ်များနှင့် နှိုင်းယှဉ်ကြည့်မှသာလျှင် လွန်လေပြီးသော အနမတဂ္ဂ သံသရာ၌ ဂင်္ဂါသဲလုံးမက ပွင့်တော်မူကြ, ကျွတ်တော်မူကြ, ပရိနိဗ္ဗာန်စံတော်မူကြ, ကုန်ပြီးသော သူတို့၏ ဂမ္ဘီရဖြစ်ပုံ, အပ္ပမေယျဖြစ်ပုံ, ဒုပ္ပရိယောဂါဠှ[၁] ဖြစ်ပုံကို မြင်နိုင်ရာသည်။

သဗ္ဗညု ဘုရားရှင်တို့သည်သာလျှင် ထို လွန်လေပြီးသော အနမတဂ္ဂသံသရာ၌ ပရိနိဗ္ဗာန်စံလွန် ကွယ်ဆုံးကြလေကုန်ပြီးသော ပုဂ္ဂိုလ်တို့၏ အသီးအသီးသော ခန္ဓာ, အသီးအသီးသော အမည်ပညတ်တို့ကို သိနိုင်ကုန်တော့ သည်၊ ဘုရားရှင်တို့မှ တစ်ပါး တစ်စုံတစ်ယောက်သော ပစ္စေကဗုဒ္ဓါ, ရဟန္တာ, ဗြဟ္မာ, နတ်, လူ - သိနိုင်သူဟူ၍ မရှိပြီ။

( ဤကား - ဂမ္ဘီရ, အပ္ပမေယျ, ဒုပ္ပရိယောဂါဠှ ဖြစ်ပုံတည်း။ )

ဤဝစ္ဆသုတ် ဒေသနာတော်၌ မီးဥပမာနှင့်တကွ ရဟန္တာတို့၏ အသီးအသီးသော ရုပ်, ဝေဒနာ - အစရှိသော ပရမတ္ထဓမ္မအစဉ်, ပညတ္တိဓမ္မအစဉ်တို့၏ အကြွင်းအကျန်မရှိ ကွယ်လွန်ပုံကို ပြတော်မူသောကြောင့် ပရိနိဗ္ဗာနစုတိ ကမ္မဇရုပ် ချုပ်ပြီးသော နောက်၌ ထိုရဟန္တာတို့၏ ခန္ဓာမှ နိဗ္ဗာန်သို့ ကူးတက် ဆက်နွယ်၍သွားသော ပရမတ္ထတရားဟူ၍ အမြွက်လေသမျှ မရှိပြီ၊ ပညတ်တရားဟူ၍ အမြွက်လေ

၁။ ဒုပ္ပရိယောဂါဠှ - သက်ဝင်နိုင်ခဲသည်၊

www.dhammaransi.com



သ-မျှ မရှိပြီဟု သိအပ်လေသည်။

အဘယ်ကြောင့် ထိုရဟန္တာ ပုဂ္ဂိုလ်တို့၏ ခန္ဓာမှ နိဗ္ဗာန်သို့ ကူးတက်ဆက်နွယ် ၍ သွားသော တရားဟူ၍ တစ်စုံတစ်ရာ အမြွက်လေသ-မျှ မရှိလေသနည်းဟူမူကား -

ထိုရဟန္တာအဖြစ်သို့ ရောက်ကြကုန်သော ပုဂ္ဂိုလ် သတ္တဝါ ခန္ဓအစဉ်, ပရမတ္ထ ဓမ္မအစဉ်တို့၏ အသစ်ဖြစ်ပေါ်ခြင်းဟူသော ဇာတိမှု၏ အကုန်အစင် ရုပ်သိမ်းချုပ် ငြိမ်း ကုန်ဆုံးခြင်းကိုပင် နိဗ္ဗာန်ဆိုပေသည်၊ ပရမတ္ထဓမ္မအစဉ်တို့၏ အသစ်တစ်ဖန် ဖြစ်ပေါ်ခြင်းဟူသော ဇာတိမှု၏ အကုန်အစင်ရုပ်သိမ်းခြင်း၊ ချုပ်ငြိမ်းခြင်း၊ ကုန်ဆုံး ခြင်းအမှုသို့ ဆိုက်ရောက်သည်ကိုပင် နိဗ္ဗာန်သို့ ရောက်သည်ဟု ဆိုပေသည်၊ ထို့ကြောင့် ပရိနိဗ္ဗာန်စံတော်မူသည်၊ နိဗ္ဗာန်သို့ရောက်တော်မူသည်၊ နိဗ္ဗာန်သို့ ကြွသွားတော်မူသည် - ဟူသော စကားတို့မှာပင် နိဗ္ဗာန်ဘက်သို့ ကူးတက်ဆက်နွယ်၍ သွားသောတရား - ဟူ၍ တစ်စုံတစ်ရာမျှ မရှိပြီ - ဟူသော အနက်သည် တစ်ချက်တည်းပါလေသည် - ဟု သိအပ်၏။

မဇ္ဈိမပဏ္ဏာသ၌လည်းကောင်း၊ ဒိဋ္ဌိသံယုတ်၌ လည်းကောင်း "ဟောတိ တထာဂတော ပရံ မရဏာ" ဟူ၍လာသော ကောသလမင်းကြီး အမေး, ခေမာဘိက္ခုနီအဖြေ၊ မြတ်စွာဘုရားတို့မှ ဤဝစ္ဆသုတ်နှင့် အတူတူပင်။

ဟောတိနှင့် ဥပေတိ - အတူတူ။

နဟောတိနှင့် န ဥပေတိ - အတူတူ။

ဟောတိ စ, န စ ဟောတိနှင့် ဥပေတိ စ, န စ ဥပေတိ - အတူတူ။

နေဝ ဟောတိ, န န ဟောတိနှင့် နေဝ ဥပေတိ-န န ဥပေတိ အတူတူ။

သုတ္တန်နိပါတ်ပါဠိတော် ပါရာယနသုတ် ဥပသိဝပုစ္ဆာ ဂါထာတို့၏ အနက် အဓိပ္ပာယ် လိုရင်းကို အကျဉ်းမျှထုတ်ပြပေအံ့-

ဥပသိဝပြဿနာ။ ။ ဥပသိဝ အမည်ရှိသော ရသေ့ပုဏ္ဏားကား

www.dhammaransi.com



အာကိဉ္စညာယတနစျာန်ကို ရသော စျာနလာဘီ ပုဏ္ဏားပေတည်း၊ သို့ကြောင့် အာကိဉ္စ ညာယတနစျာန်ကို အရင်းပြု၍ ဝဋ္ဋဒုက္ခမှ ကျွတ်လွတ်ခွင့်ကို မြတ်စွာဘုရားအား မေးလျှောက်လေ၏၊ မြတ်စွာဘုရားလည်း ဖြေတော်မူ၏။

မေးပုံ၊ ဖြေပုံ - အမေး ၄-ဂါထာ, အဖြေ ၄-ဂါထာ လာ၏၊ ထိုအနက် နောက်အမေး ၂-ဂါထာ, အဖြေ ၂-ဂါထာကို ပြဆိုအံ့-

တိဋ္ဌေ စေ သော တတ္ထ အာနာနုဝါယီ၊
ပူဂံပိ ဝဿာနိ သမန္တစက္ခု။
တတ္ထေဝ သော သီတိ သိယာ ဝိမုတ္တော၊
စဝေ-ထ ဝိညာဏံ တထာဝိဒဿ။ ။ ( အမေး။ )

သမန္တစက္ခု၊ မျက်စိအမြင် ထက်ဝန်းကျင်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ သော၊ ထိုအာကိဉ္စညာယတနဘုံသို့ ရောက်လေသောသူသည်။ တတ္ထ၊ ထိုဘုံ၌။ အနာနုဝါယီ၊ အစဉ်မပြတ်သည်ဖြစ်၍။ ပူဂံပိဝဿာနိ၊ များစွာသော နှစ်အစုတို့ ပတ်လုံး။ စေတိဋ္ဌေ၊ အကယ်၍ တည်ငြားအံ့။ သော၊ ထိုပုဂ္ဂိုလ်သည်။ တတ္ထေဝ၊ ထိုဘုံ၌သာလျှင်။ ဝိမုတ္တော၊ တစ်ဖန်ပြောင်းရွှေ့ခြင်းဟူသော စုတိမရဏဒုက္ခမှ လွတ်သည်ဖြစ်၍။ သီတိ၊ အစဉ်အမြဲ အေးငြိမ်းခြင်းသို့ ရောက်သည်။ သိယာ၊ ဖြစ်ပါသ လော။ အထ၊ ထိုသို့မဟုတ်။ တထာဝိဒဿ၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ စဝေ၊ ရွှေ့လျောပြောင်းသွား ဘုံတစ်ပါးသို့ ကျင်လည်မြဲ ကျင်လည် ရသေးသလော။ ။ ( ဤကားအနက်။ )

အစ္စိ ယထာ ဝါတဝေဂေန ခိတ္တာ၊
အတ္ထံ ပလေတိ န ဥပေတိ သင်္ချံ။
ဧဝံ မုနိ နာမကာယာ ဝိမုတ္တော၊
အတ္ထံ ပလေတိ န ဥပေတိ သင်္ချံ။ ။ ( အဖြေ။ )

ဝါတဝေဂေန၊ လေဟုန်သည်။ ခိတ္တာ၊ မြှောက်လွှင့်အပ်သော။ အစ္စိ၊ မီးတောက်မီးလျှံသည်။ အတ္ထံ၊ ကွယ်ဓပျောက်ခြင်းသို့။ ပလေတိယထာ၊ ရောက် လေသကဲ့သို့။ သင်္ချံ၊ အဘယ်အရပ်သို့ သွားလေ၏ - ဟူသော အရေအတွက်သို့။ န ဥပေတိယထာ၊ မရောက်လေသကဲ့သို့။ ဧဝံ၊ ဤအတူ။ နာမကာယာ၊ နာမ်တရား

www.dhammaransi.com



အပေါင်းမှ။ ဝိမုတ္တော၊ ကျွတ်လွတ်ပြီးသော။ မုနိ၊ ရဟန်းသည်။ အတ္ထံ၊ ကွယ်ပျောက်ချုပ်ငြိမ်းခြင်းသို့။ ပလေတိ၊ ရောက်လေ၏။ သင်္ချံ၊ ပညတ်တင်၍ ခေါ်ဝေါ်စရာတစ်စုံတစ်ရာအဖြစ်သို့။ န ဥပေတိ၊ မရောက်လေ။ ။
( ဤကားအနက်။ )

ဥပသိဝပုဏ္ဏားသည်သာ အာကိဉ္စညာယတနစျာန်ဖြင့် ရူပကာယမှ ကျွတ်လွတ်ပြီးသောသူ ဖြစ်ပေ၏၊ မဂ်ဉာဏ်ဖြင့် နာမကာယမှ ကျွတ်လွတ်ရန် လိုသေး၏၊ ထို့ကြောင့် နာမကာယ၌ သာယာသော အရူပတဏှာမှ ကျွတ်လွတ်မှုကို နည်းပေးလို၍ "နာမကာယာ ဝိမုတ္တော"ဟု ဟောတော်မူသည်၊ အရူပတဏှာကို မစွန့်နိုင်၍ နာမကာယမှ မလွတ်ခဲ့လျှင် ထိုဘုံ၌ တည်နေပြီးနောက် ထိုဘုံ မှ စုတေ၍ သံသရာမှာ ကျင်လည်မြဲ ကျင်လည်ရလိမ့်ဦးမည်၊ အရူပတဏှာကုန် ၍ နာမကာယမှ ကျွတ်လွတ်ပေမူကား လေအဟုန်ဖြင့် လွင့်၍ ပါလေသော မီးတောက်သည် မကြာမီ ကွယ်ပျောက်ခြင်းသို့ ရောက်လေသကဲ့သို့ ထိုဘုံမှာပင် စိတ်အစဉ်ချုပ်ငြိမ်း ကွယ်ပျောက်ခြင်းသို့ ရောက်လေ၏၊ ဘဝ တစ်ပါးပြောင်းလဲ၍ ပညတ်တစ်ပါးနှင့် ခေါ်ဝေါ်ရန် တစ်စုံတစ်ရာသို့ မရောက်လေပြီ - ဟူလို သည်။

ဤဂါထာမှာ "အတ္ထံ ပလေတိ" ပုဒ်၌ အတ္ထံ၊ နိဗ္ဗာန်သို့။ ပလေတိ၊ ရောက်လေ၏။ ဟူသော အနက်မှာ လူ့ပြည်မှ ကွယ်လွန်၍ နတ်ပြည်သို့ ရောက်လေ၏ ဟူရာ၌ . . .

၁။ ရောက်အပ်သော နတ်ပြည်။

၂။ ရောက်တတ်သော ပုဂ္ဂိုလ်။

၃။ လူ့ပြည်မှ ကွယ်ပျောက်၍ နတ်ပြည်မှာ ဖြစ်ပေါ်ခြင်းတည်း ဟူသော ရောက်ခြင်းကြိယာ။

ဤသို့ ၃-ထွေ, ၃-ပါး ထင်ရှား သိမြင်ရသကဲ့သို့၊ ထို့အတူ -

၁။ ရောက်အပ်သော နိဗ္ဗာန်ဌာန။

၂။ ရောက်တတ်သော ပရိနိဗ္ဗုတပုဂ္ဂိုလ်။

www.dhammaransi.com



၃။ ခန္ဓာ ၅-ပါး အဖြစ်မှ ကွယ်ပျောက်၍ နိဗ္ဗာန် တည်းဟူသော လောကုတ္တရာ ဘုံဌာနမှာ ထိုပုဂ္ဂိုလ်၏ ဖြစ်ပေါ်လာခြင်း ကြိယာ။

ဤသို့ ၃-ထွေ, ၃-ပါး ထင်ရှားသိမြင်ရန် ကြံယူကြကုန်၏၊ ဎင်းပုဒ်ကို ဖွင့်ပြသော နိဒ္ဒေသပါဠိတော်၌ကား -

အတ္ထံ ပလေတီတိ အတ္ထံ ပလေတိ၊ အတ္ထံ ဂမေတိ၊ အတ္ထံ ဂစ္ဆတိ၊ နိရုဇ္ဈိတိ၊ ဝူပသမ္မတိ၊ ပဋိပဿမ္ဘတိ။ -

ဟူ၍ ဖွင့်ပြတော်မူ၏။

အတ္ထံ ပလေသီတိ၊ အတ္ထံပလေတိ - ဟူသည်ကား။ အတ္ထံ၊ နိဗ္ဗာန်သို့။ ဝါ၊ ကွယ်ပခြင်းသို့။ ပလေတိ၊ ရောက်လေ၏။ အတ္ထံ၊ နိဗ္ဗာန်သို့။ ဂမေတိ၊ ရောက်လေ၏။ အတ္ထံ၊ နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ ရောက်လေ၏။ နိရုဇ္ဈတိ၊ ချုပ်လေ၏။ ဝူပသမ္မတိ၊ ငြိမ်းလေ၏။ ပဋိပဿမ္ဘတိ၊ ငြိမ်းလေ၏။ ( ဤကားအနက်။ )

ဤအဖွင့် ၆-ပုဒ်တို့တွင် -

ရှေ့ ၃-ပုဒ်ဖြင့် အနက်သက်သက်ကို ဖွင့်ပြတော်မူသည်၊ နိရုဇ္ဈတိ - အစရှိသော နောက် ၃-ပုဒ်ဖြင့် အတ္ထံ ပလေတိ - ဟူသော စကား၏ အဓိပ္ပာယ် လိုရင်းကို အကျဉ်းချုပ် အုပ်၍ ပြတော်မူသည်။

အတ္ထံ ပလေတိ - ဟု ပုဒ် ၂-ခု, အသံ ၂-ခု ဆိုသော်လည်း လိုရင်း အဓိပ္ပာယ်မှာ ခန္ဓာချုပ်မှု တစ်ခုပင်တည်း - ဟု ပြခြင်းငှာ နိရုဇ္ဈတိ - ဟု တစ်ပုဒ်တည်းနှင့် ဖွင့်ပြတော်မူသည်။

ခန္ဓာဟူသည် ပူလောင်သော ဒုက္ခတရားသာ ဖြစ်၏၊ ပူလောင်သော တရား၏ ချုပ်ခြင်းမည်သည် ငြိမ်းမှုစင်စစ် ဖြစ်၏ - ဟု ပြခြင်းငှာ နိရုဇ္ဈတိပုဒ်ကို ဝူပသမ္မတိ, ပဋိဿမ္ဘတိ ဟု ဆင့်ပြန်သည်၊ ထို့ကြောင့် ကိလေသာခန္ဓာတို့ ၏ ချုပ်ငြိမ်းမှု တစ်ခုတည်းကိုပင် "အတ္ထံ ပလေတိ" ဆိုသည်ဟု မှတ်ရမည်။

အတ္ထံ၊ နိဗ္ဗာန်သို့။ ပလေတိ၊ ရောက်လေ၏ - ဟူသော အနက်မှာလည်း နိဗ္ဗာန်ဆိုသည်ကား - အပူ အလောင် တရားတို့၏ ချုပ်ငြိမ်းခြင်းအမှုကိုပင် ဆိုသည်၊ ထို့ကြောင့် အတ္ထံ၊ နိဗ္ဗာန်သို့ - ဟု ဆိုသည်နှင့် အတ္ထံ၊ ကွယ်ပခြင်း, ချုပ်

www.dhammaransi.com



ငြိမ်းခြင်းသို့ - ဟု ဆိုသော စကားသည် အတူတူပင် ဖြစ်သည်။

လောက၌ မရဏံ၊ သေခြင်းသို့။ နိဂစ္ဆတိ၊ ရောက်လေ၏ - ဟူသည်နှင့် မရတိ၊ သေ၏ - ဟူသည် အတူတူပင် ဖြစ်သကဲ့သို့တည်း။

ဘေဒံ၊ ပျက်စီးခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။ ဘိဇ္ဇတိ၊ ပျက်စီးလေ၏။ ဇရံ၊ အိုခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။ ဇီယျတိ၊ အိုလေ၏။ ပါကံ၊ ကျက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။ ပစ္စတိ၊ ကျက်လေ၏ - ဟူသော စကားမျိုးတို့၌ ၂-ခွန်း နှင့် ၁-ခွန်း အဓိပ္ပာယ် တူကြသကဲ့သို့တည်း။

အတ္ထင်္ဂတော သော ဥဒ ဝါ သော နတ္ထိ၊
ဥဒါဟု ဝေ သဿတိယာ အရောဂေါ။

တံ မေ မုနိ သာဒု ဝိယာကရောဟိ၊
တထာ ဟိ တေ ဝိဒိတော ဧသ ဓမ္မော။ ။ ( အမေး။ )

သော၊ ထိုပုဂ္ဂိုလ်သည်။ အတ္ထင်္ဂတော၊ ခန္ဓာကွယ်ပခြင်းသို့ ရောက်၏ဆို သော်။ သော၊ ထိုခန္ဓာ ကွယ်ပခြင်းသို့ ရောက်သော ပုဂ္ဂိုလ်သည်။ ဥဒ၊ စင်စစ်။ နတ္ထိဝါ၊ မရှိခြင်းပင် ဖြစ်လေသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဝေ၊ စင်စစ်။ သဿတိယာ၊ အမြဲနိစ္စအားဖြင့်။ အရောဂေါ၊ ပျက်စီးခြင်းမရှိ တည်လေသလော။ မုနိ၊ မြတ်စွာဘုရား။ တံ၊ ထိုအကြောင်းကို။ မေ၊ ကျွန်ုပ်အား။ သာဒု၊ ကောင်းစွာ။ ဝိယာကရောဟိ၊ ဖြေကြားပါလော့။ ဟိ၊ လျှောက်သင့်စွ။ တေ၊ အရှင်ဘုရားသည်။ ဧသဓမ္မော၊ ဤတရားကို။ တထာ၊ ဟုတ်မှန်သောအတိုင်း။ ဝိဒိတာ၊ သိတော်မူ အပ်၏။ ( ဤကားအနက်။ )

လောက၌ ထင်ရှား၍နေသော အယူမှာ ခန္ဓာလည်းတခြား၊ ခန္ဓာ၏အရှင် ဖြစ်သော အတ္တလည်း တခြား၊ ပုဂ္ဂိုလ်, သတ္တဝါဟူသည် ထိုအတ္တကို ဆိုလိုရင်းတည်း။

ပရိနိဗ္ဗာန်အစ ခန္ဓာချုပ်ဆုံးရာတွင် ထိုခန္ဓာ၏ အရှင်ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါတွင်လည်း ပြတ်တောက် လေတော့သည် - ဟူသော အယူကား "နတ္ထိ" အယူတည်း။ ( ဥစ္ဆေဒ - ဆိုလိုသည်။ )

ဘုရားလက်ထက်တော်မှာ ယမက အမည်ရှိသော ရဟန်း၏ အယူမျိုး

www.dhammaransi.com



တည်း၊ "န ဟောတိ တထာဂတော ပရံမရဏာ" ဟူသော အယူလည်း ဤ နတ္ထိ အယူပင်တည်း။

ခန္ဓာသည်သာ ချုပ်ဆုံးသည်၊ ပုဂ္ဂိုလ်, သတ္တဝါ - ဟူသော အတ္တသည်မူ ကား ချုပ်ဆုံးသည် မရှိ - ဟူသော အယူကား "အတ္ထိ" အယူတည်း၊ ( သက္ကာယ ဒိဋ္ဌိ - ဆိုလိုသည်။ ) "ဟောတိ တထာဂတော ပရံမရဏာ" ဟူသော အယူပင် တည်း။

ဥပသိဝ ပုဏ္ဏားသည်ကား - ရှေ့ဂါထာမှာ "အတ္ထံ ပလေတိ" ဟူသော ပါဠ်ဖြင့် ခန္ဓာ၏ ချုပ်ဆုံးခြင်းကို ဖြေကြားတော်မူသည်။ ။ ခန္ဓာ၏ အရှင် ဖြစ်သော ပုဂ္ဂိုလ်သည်ကား ထိုခန္ဓာ ချုပ်ဆုံးရာမှာပင် ပြတ်တောက်ကွယ်ပ၍ သွားလေသလော၊ သို့မဟုတ် - ခန္ဓာမှ ကျွတ်လွတ်၍ တစ်ပုံတစ်မျိုးဖြစ်၍ အမြဲ တည်နေလေသလော - ဟု ယုံမှားရှိ၍ ဤနောက်အမေးကို မေးပြန်သည်။ ။ မြတ်စွာဘုရားသည်ကား ဤ "အတ္ထိ, နတ္ထိ" ဟူသော အယူနှစ်ပါးကို ပယ်တော် မူ၏။

အတ္ထီတိ ခေါ ကစ္စာန အယံ ဧကော အန္တော၊ နတ္ထီတိ ခေါ ကစ္စာန ဒုတိယော အန္တော။ ။ ( ကစ္စာနဂေါတ္တသုတ်။ )

အတ္ထိ - ဟူသော အယူလည်း အယုတ်တရား ၁-ပါး။ နတ္ထိ - ဟူသော အယူလည်း အယုတ်တရား ၁-ပါး - ဟူလိုသည်။

ဘုရားဒေသနာတော်၌မူကား - ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ - ဟူ၍ မုချအားဖြင့်မရှိ၊ ရုပ်, နာမ်တရားသည်သာ မုချအားဖြင့် ရှိသည်၊ ထိုရုပ်, နာမ် တရားသည်လည်း အဝိဇ္ဇာ, တဏှာ - အစရှိသော အကြောင်းတရား ထင်ရှား ရှိနေသမျှ ကာလပတ်လုံး နတ္ထိသဘော, ဥစ္ဆေဒသဘောသို့ ရောက်သည် - ဟူ ၍ မရှိ၊ အကြောင်းတရားကို ပယ်ရှားလျှင် ချုပ်ငြိမ်းခြင်းသို့ ရောက်မြဲဖြစ်၍ သံ သရာ၌ အမြဲရှိ၍နေသော အတ္ထိသဘောလည်းမရှိ၊ ထို့ကြောင့် ထိုသို့သော အတ္ထိ သဘော, နတ္ထိသဘောနှင့် ဥပသိဝပုဏ္ဏား မေးလျှောက်သည်ကို အတ္ထိ, နတ္ထိ - မှ အလွတ်ဖြစ်သော တစ်ပါးသော ပရိယာယ်ဖြင့် ဖြေတော်မူပေ၏။

အတ္ထင်္ဂတဿ န ပမာဏမ-တ္ထိ၊

www.dhammaransi.com



ယေန နံ ဝဇ္ဇုံ တံ တဿ နတ္ထိ။

သဗ္ဗေသု ဓမ္မေသု သမူဟတေသု၊
သမူဟတာ ဝါဒပထာပိ သဗ္ဗေ။ ။ ( အဖြေ။ )

အတ္ထင်္ဂတဿ၊ ရုပ်, နာမ်ခန္ဓာ ကွယ်ပခြင်းသို့ ရောက်လေသော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်အား။ ပမာဏံ၊ ရှိသည်, မရှိသည် - ဟူ၍ ဆိုနိုင်ရန် ပမာဏသည်။ နအတ္ထိ၊ မရှိ။ ယေန၊ အကြောင်းတစ်စုံတစ်ခုသော ပရမတ္ထဓမ္မဖြင့်။ နံ၊ ထိုပုဂ္ဂိုလ်ကို။ ဝဇ္ဇုံ၊ ပညတ်တင်၍ ခေါ်ဝေါ်ပြောဆိုကြကုန်ရာ၏၊ တဿ၊ ထိုပုဂ္ဂိုလ်အား။ တံ၊ တစ်စုံတစ်ခုသော တရားသည်။ နတ္ထိ၊ မရှိ။ သဗ္ဗေသု၊ အလုံးစုံကုန်သော။ ဓမ္မေသု၊ ပရမတ္ထဓမ္မတို့သည်။ သမူဟတေသု၊ ပယ်နုတ် ချုပ်ငြိမ်းကုန်ပြီးသည်ရှိသော်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဝါဒပထာပိ၊ ခေါ်ဝေါ်ပြောဆိုစရာ နည်းလမ်းတို့သည် လည်း။ သမူဟတာ၊ ပယ်နုတ်ချုပ်ငြိမ်းကြလေကုန်ပြီ။ ( ဤကားအနက်။ )

ဤဂါထာ၌ ပထမပါဒ၏ အဓိပ္ပာယ်ကို ဒုတိယပါဒနှင့် ဖွင့်ပြတော်မူ သည်။ ဒုတိယပါဒ၏ အဓိပ္ပာယ်ကိုလည်း "သဗ္ဗေသု ဓမ္မေသု သမူဟတေသု၊ သမူဟတာ ဝါဒပထာပိ သဗ္ဗေ" ဟူသော တတိယ, စတုတ္ထဝါဒတို့နှင့် ဖွင့်ပြတော် မူသည်။

( အဓိပ္ပာယ်အကျယ်မှာ ပစ္စပရိဗိုဇ်ကို ဖြေတော်မူသော နည်း လမ်းအတိုင်းပင်။ )

**အကျဉ်းမှာမူကား။** ။ ခန္ဓာ ၅-ပါး ပရမတ္ထတရားမျိုး ရှိမှသာလျှင် သတ္တဝါနှင့်စပ်သော ပညတ်ဝေါဟာရမျိုး ရှိနိုင်သည်၊ ခန္ဓာ ၅-ပါး ပရမတ္ထတရား မျိုး မရှိရာမှာ သတ္တဝါနှင့် စပ်သော ပညတ်ဝေါဟာရမျိုး မရှိနိုင်၊ ပရိနိဗ္ဗာန်စံကြ သောအခါ၌ ထိုခန္ဓာ ၅-ပါး ပရမတ္ထတရားမျိုးတို့သည် အကြွင်းအကျန်မရှိ အကုန် အစင် ကွယ်ပျောက်ချုပ်ငြိမ်း ကြလေကုန်၏၊ ထိုတရားတို့ ချုပ်ငြိမ်းကြကုန်လျှင် လည်း ထိုပုဂ္ဂိုလ်တို့၏ သန္တာန်နှင့်စပ်သော ပညတ်တရားတို့သည်လည်း ကွယ် ပျောက် ကြလေကုန်၏၊ ပရိနိဗ္ဗာစုတိ ကမ္မဇရုပ် ချုပ်သည်မှ နောက်ကာလ၌ နိစ္စ ထာဝရဖြစ်သော အသခ်တနိဗ္ဗာန်ကြီးသို့ ရောက်၍နေသော တစ်စုံတစ်ခု သော ပရမတ်တရား, ပညတ်တရား - ဟူ၍ အမြွက်လေသံမျှ မရှိပြီ ဆိုလိုသည်။

ဤဂါထာ၌ "သဗ္ဗေသု ဓမ္မေသု သမူဟတေသု၊ သမူဟတာ ဝါဒပထာပိ

www.dhammaransi.com



သဗ္ဗေ" ဟူသော ၂-ပါဒတို့၌ -

"သဗ္ဗေသု ဓမ္မေသု သမူဟတေသူတိ သဗ္ဗေသု ခန္ဓေသု၊ သဗ္ဗေသု အာယတနေသု၊ သဗ္ဗာသု ဓာတူသု" ။

ဟူ၍ အရှင်သာရိပုတ္တရာ ဖွင့်တော်မူသောကြောင့် ပရိနိဗ္ဗာန စုတိကမ္မဇရုပ် အချုပ်တွင် ထိုပုဂ္ဂိုလ် သန္တာန်၌ ခန္ဓာ - ဟူသမျှ, အာယတန - ဟူသမျှ ဓာတ်ဟူသမျှ အကုန်ချုပ်ငြိမ်း ကုန်ဆုံးလေကုန်၏၊ တစ်စုံတစ်ရာ အမြွက်လေသံမျှ အကြွင်းအကျန် မရှိပြီ - ဟူသော အနက်သည် ထင်ရှားပေ၏။

သမူဟတာ ဝါဒပထာပိ သဗ္ဗေတိ ဝါဒပထာ ဝုစ္စန္တိ ကိလေသာ စခန္ဓာ စ အဘိသင်္ခါရာ စ၊ တဿ ဝါဒ၊ ဝါဒပထာ စ၊ အဓိဝစနာ စ၊ အဓိဝစနပထာ စ၊ နိရုတ္တိ စ၊ နိရုတ္တိပထာ စ၊ ပညတ္တိ စ၊ ပညတ္တိပထာ စ၊ ဥဟတာ၊ သမူဟတာ၊ ဥဒ္ဓဋ္ဌာ၊ သမုဒ္ဓဋ္ဌာ၊ ဥပ္ပါဋိတာ၊ သမုပ္ပါဋိတာ၊ ပဟီနာ၊ သမုစ္ဆိန္နာ၊ ဝူပသန္တာ၊ ပဋိပဿဒ္ဓါ၊ အဘဗ္ဗုပ္ပတ္တိကာ၊ ဉာဏဂ္ဂိနာ၊ ဒမှာတိ သမူဟတာ ဝါဒပထာပိ သဗ္ဗေ၊ -

ဟူ၍ အရှင်သာရိပုတ္တရာ ဖွင့်ပြတော်မူသောကြောင့် ပရိနိဗ္ဗာန စုတိကမ္မဇရုပ် ချုပ်ပြီးသည်မှ နောက်ကာလ၌ ထိုပုဂ္ဂိုလ်နှင့်စပ်သော တစ်စုံတစ်ခုသော ပရမတ်တရား, တစ်စုံတစ်ခုသော ပညတ်တရား - ဟူ၍ အမြွက်လေသံမျှ မရှိပြီဟု သိသာပေ၏၊ "ပရိနိဗ္ဗုတပုဂ္ဂိုလ်၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်" ဟူ၍ ပြောဆို ခေါ်ဝေါ်ကြသည်မှာ ပရိနိဗ္ဗာန စုတိကမ္မဇရုပ် မချုပ်မီ ရှေးအဖို့၌ ထင်ရှားရှိသော ခန္ဓာ ၅-ပါး ရုပ်, နာမ် တရားတို့ကို အတိတ်စကားဖြင့် ပြောဆိုခေါ်ဝေါ်ကြသော အရာသာတည်း။

နိဗ္ဗာန်၌ ထိုပုဂ္ဂိုလ်သန္တာန်နှင့်စပ်သော ပရမတ် အခက် အနက်, ပညတ် အခက် အနက် အမြွက်လေသံ ရှိနေ၍ ထိုပရမတ်, ထိုပညတ်ကို ခေါ်ဆိုကြသော အရာမဟုတ်၊ ထို့ကြောင့် "သင်္ချံ နောပေတိ" ဟူ၍ လည်းကောင်း၊ "အတ္ထံ ပလေတိ၊ န ဥပေတိ သင်္ချံ" ဟူ၍လည်းကောင်း၊ "သမူဟတာ ဝါဒ ပထာပိ သဗ္ဗေ" ဟူ၍ လည်းကောင်း - ဟောတော်မူသည်။

၁။ ဤသို့လျှင် ဤဥပသိဝပြဿနာ၌ လေထဲသို့ပြတ်၍ ပါလေသော မီးတောက်၏ ပျောက်ပျက်ကွယ်ဆုံးပုံကို ဥပမာ ပြတော်မူသည် တစ်ရပ်။

www.dhammaransi.com



၂။ "သမူဟတာ ဝါဒပထာပိ သဗ္ဗေ" ဟု ဟောတော်မူသည်တစ်ရပ်။

ဤသို့သော အချက်များကို ထောက်ထား၍ ပရိနိဗ္ဗာန စုတိကမ္မဇရုပ် ချုပ်ရာ၌ ထိုပုဂ္ဂိုလ်သန္တာန်နှင့်စပ်သော ပရမတ်, ပညတ် အကုန်အစင် ချုပ်ငြိမ်း ကွယ်ပျောက်လေကြောင်း၊ လူ ရဟန္တာ ဖြစ်ခဲ့လျှင် သရီရဓာတ်တော်မျှသာ အကျန် ရှိကြောင်း၊ နတ်ရဟန္တာ, ဗြဟ္မာရဟန္တာ - ဖြစ်ခဲ့လျှင် သရီရဓာတ်တော်မျှမှ အကျန် မရှိကြောင်းကို သိအပ်၏။

ဤဥပသိဝပြဿနာ၌ အာကိဉ္စညာယတန အရူပဘုံမှ ပရိနိဗ္ဗာန်စံမှုကို ဟောတော်မူသောကြောင့် ထိုအမှုအားလျော်စွာ လေထဲသို့ပြတ်၍ ပါလေသော မီးတောက်ကို ဥပမာပြုတော်မူလေသည်။

( ဤကား - ဥပသိဝ ပြဿနာတည်း။ )

**ဝေဒနာသံယုတ်လာအဓိပ္ပာယ်။** ။ သဠာယတန သံယုတ်ပါဠိတော် ဝေဒနာသံယုတ်၌ လာသော-

သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေဓမ္မေ အနာသဝေါ။
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ။ ။

ဟူသော ဂါထာ၌လည်း "သင်္ချံ နောပေတိ" ပုဒ်အရကို "အတ္ထံပလေတိ န ဥပေတိ သင်္ချံ" ပုဒ်အတိုင်းသိလေ။ ။ ထိုဂါထာ၌ -

သော၊ ထိုဝေဒနာ ကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်သည်။ ဝေဒနာ၊ ၃-ပါးသော ဝေဒနာတို့ကို။ ပရိညာယ၊ အပိုင်အနိုင်သိ၍။ ဒိဋ္ဌေဓမ္မေ၊ မျက်မှောက် ဘဝ၌။ အနာသဝေါ၊ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်နိုင် ၏။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ စုတိကမ္မဇရုပ် ချုပ်သည်မှ။ ပရံ၊ နောက် ၌။ ဓမ္မဋ္ဌော၊ နိဗ္ဗာန်၌ တည်သော။ သော ဝေဒဂူ၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ သင်္ချံ၊ ခေါ်ဝေါ်စရာ တစ်စုံတစ်ရာ အဖြစ်သို့။ နောပေတိ၊ မရောက်။
(ဤကား - အနက်။ )

"ဓမ္မဋ္ဌောတိ အသေက္ခဓမ္မေသု၊ နိဗ္ဗာနေ ဧဝ ဝါဋ္ဌိတော" ဟု အဋ္ဌကထာ ဖွင့်၏။ ။ ဓမ္မဋ္ဌော၊ အသေက္ခတရားတို့၌တည်သော။ ဝါ၊ နိဗ္ဗာန်၌တည် သော။ ။ ( ၂-နက်။ )

www.dhammaransi.com



**အသေက္ခဓမ္မ။** ။ အသေက္ခဓမ္မ ဆိုသည်ကား - အရဟတ္တဖိုလ် ပေတည်း၊ အရဟတ္တဖိုလ်၌ တည်သော ဟု ဆိုလိုသည်၊ အရဟတ္တဖိုလ်၌ တည်မှုသည် ကိုယ်ခန္ဓာပျက်သည်မှ နောက်၌ တည်သည်မဟုတ်၊ မပျက်မီကပင် တည်ပေသည်။ ထို့ကြောင့် "ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ စုတိကမ္မဇရုပ်ချုပ်သည်မှ။ ပရံ၊ နောက်၌။ သဥ္စ်၊ ခေါ်ဝေါ်စရာ တစ်စုံတစ်ရာအဖြစ်သို့။ နောပေတိ၊ မရောက်" ဟု စပ်၍ယူရမည်။

ဓမ္မဋ္ဌော - ပုဒ်, ဝေဒဂူ - ပုဒ်တို့ကား ပရိနိဗ္ဗာန်မစံမီရှိသော ဂုဏ်တို့ဖြင့် ချီးမွမ်းသော ပုဒ်တို့သာတည်း၊ ဓမ္မဋ္ဌော၊ နိဗ္ဗာန်၌ တည်သော - ဟူသော အနက်မှာမူကား "ကာယဿ၊ ကိုယ်ခန္ဓာ၏၊ ဘေဒါ၊ စုတိကမ္မဇရုပ်ချုပ်သည်မှ။ ပရံ၊ နောက်၌။ ဓမ္မဋ္ဌော၊ အနုပါဒိသေသ နိဗ္ဗာန်၌တည်နေသော" ဟူ၍လည်း စပ်နိုင်ပါ၏။

နိဗ္ဗာန်၌တည်သော - ဟူရာမှာလည်း ခန္ဓာချုပ်ငြိမ်းခြင်းအမှု၌ တည် သော - ဟု ဆိုသည်နှင့် အတူတူပင်၊ ခန္ဓာချုပ်ငြိမ်းခြင်း အမှု၌ တည်သည်ဆို သည်ကား - ပျောက်ငြိမ်းပြီးသော အချို့သော အနာရောဂါသည် တစ်ဖန်လှန် ၍ တစ်ဖန်မြုံ၍ ပေါ်လာပြန်သကဲ့သို့ နိဗ္ဗာန် အနေအားဖြင့် ချုပ်ငြိမ်းပြီးသော ခန္ဓာသုခ, ခန္ဓာအနာ, ခန္ဓာရောဂါတို့သည် တစ်ဖန်လှန်၍ တစ်ဖန်မြုံ၍ပေါ်လာ ပြန်သည် - ဟု မရှိကြကုန်ပြီ၊ အမြဲထာဝရ နိစ္စဓုဝအားဖြင့် ချုပ်ငြိမ်းမှုအတိုင်း ကုန်ဆုံးမှု အတိုင်းသာ တည်လေကုန်တော့သည်၊ ထိုပုဂ္ဂိုလ်သည်လည်း ခန္ဓာတို့ ၏ ချုပ်ငြိမ်းကုန်ဆုံးမှု၌ ဆိုက်တည်လေတော့သည်၊ ထိုချုပ်ငြိမ်း ကုန်ဆုံးမှုမှ တစ်ဖန် ပြန်၍လာသည်ဟု မရှိပြီ - ဆိုလိုသည်။

( ဤကား ဝေဒနာသံယုတ်လာ အဓိပ္ပာယ်တည်း။ )

ဤတွင်ရွေ့ကား နိဿရဏနိဗ္ဗာန်သို့ ဆိုက်ရောက်ပုံ ပြီး၏။

**နိဗ္ဗာန်၏ချမ်းသာပုံ**

ယခုအခါ နိဗ္ဗာန်၏ ချမ်းသာပုံကို ဟောတော်မူသော ပါဠိများများ၏ အဓိပ္ပာယ်ကို အတန်ငယ် ပြလိုက်ဦးအံ့ -

"ပဋ္ဌမေ အာနန္ဒ ကာမဂုဏာ၊ ကတမေ ပဉ္စ၊ စက္ခုဝိညေယျာ ရူပါ"

www.dhammaransi.com



အစရှိသည်ဖြင့် ဝေဒနာသံယုတ် ပါဠိတော် - ရဟောဂတဝဂ် - နဝမ သုတ်၌လာ၏။

ချမ်းသာ ၁၀-ပါး။ ။ ၁။ ကာမဂုဏ် ချမ်းသာ ၁-ပါး။
၂။ ပထမစျာန် ချမ်းသာ ၁-ပါး။
၃။ ဒုတိယစျာန် ချမ်းသာ ၁-ပါး။
၄။ တတိယစျာန် ချမ်းသာ ၁-ပါး။
၅။ စတုတ္ထစျာန် ချမ်းသာ ၁-ပါး။
၆။ အာကာသာနဉ္စာ ယတန စျာန် ချမ်းသာ ၁-ပါး။
၇။ ဝိညာဏဉ္စာယတနစျာန် ချမ်းသာ ၁-ပါး။
၈။ အာကိဉ္စညာယတနစျာန် ချမ်းသာ ၁-ပါး။
၉။ နေဝသညာနာသညာတနစျာန် ချမ်းသာ ၁-ပါး။
၁၀။ နိရောဓသမာပတ် ချမ်းသာ ၁-ပါး။

**ကာမဂုဏ်ချမ်းသာ။** ။ ကာမဂုဏ် ချမ်းသာ ဆိုသည်ကား - လူ့ပြည်၌ သူဌေး, သူကြွယ်, ပဒေသရာဇ်မင်း, ဧကရာဇ်မင်း, စကြာမင်္ဒတ်မင်း၊ နတ်ပြည်ခြောက်ထပ်၌ နတ်မင်း, သိကြားမင်းတို့၏ ချမ်းသာကို ဆိုသတည်း၊ ဤကာမဂုဏ် ချမ်းသာသည် အယုတ်ညံ့ဆုံးပေတည်း၊ ထို ကာမဂုဏ် ချမ်းသာထက် တောချို အတွင်း၌ ပထမ စျာန်ကို ဝင်စား၍ နေသော ရဟန်း၏ ချမ်းသာသည် အဘိက္ကန္တတရ ဖြစ်၏၊ ပဏီတတရ ဖြစ်၏၊ ( အဘိက္ကန္တတရ၊ အလွန်နှစ်သက်ဖွယ်ရှိ၏၊ ပဏီတတရ၊ အလွန်မွန်မြတ်၏ ဟု အနက်ပေး။ )။ ။ (အထက်ကိုလည်း ဤနည်းနှင့် အစဉ်အတိုင်းဆိုလေ။ )

**ပရမဒိဋ္ဌဓမ္မနိဗ္ဗာန်။** ။ စိတ်, စေတသိက်, စိတ္တဇရုပ် အကုန်ချုပ်၍ ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ် သက်သက်နှင့် နေသည်ကို နိရောဓသ မာပတ္တိ ချမ်းသာ ဆိုသည်၊ ထို နိရောဓသမာပတ္တိ ချမ်းသာသည် "ပရမဒိဋ္ဌဓမ္မ နိဗ္ဗာန်" မည်၏၊

ဤနိရောဓသမာပတ္တိ ချမ်းသာကို ဟောတော်မူသည်၏ အဆုံး၌ -

www.dhammaransi.com



ဌာနံ ခေါ ပနေတံ အာနန္ဒ ဝိဇ္ဇတိ၊ ယံ အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဧဝံ ဝဒေယျုံ၊ သညာဝေဒယိတ နိရောဓံ သမဏော ဂေါတမော အာဟ၊ တဉ္စ သုခသ္မိံ ပညပေတိ ပဏီတတရံ၊ တယိဒံ ကထံသု တယိဒံ ကထံသူတိ၊ ဧဝံဝါဒိနော အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဧဝံမဿုဝစနီယာ 'နခေါအာဝုသော ဘဂဝါ သုခညေဝ ဝေဒနံ သန္ဓာယ သုခသ္မိံ ပညပေတိ၊ ယတ္ထ ယတ္ထ အာဝုသော သုခံ ဥပလဗ္ဘတိ၊ ယဟိံ ယဟိံ သုခံ၊ တံ တံ တထာဂတော သုခသ္မိံ ပညပေတီ' တိ။

ဤသို့ ဟောတော်မူ၏။

အဓိပ္ပာယ်ကား။ ။ စိတ်, စေတသိက်တို့၏ ချုပ်ခြင်းတည်းဟူသော နိရောဓသမာပတ်ကို ရှင်ဂေါတမသည် ဟော၏၊ ထို နိရောဓသမာပတ်ကိုလည်း အလွန်မွန်မြတ်သော ချမ်းသာ၌ ပညတ်၏၊ ထိုအမှုသည် အဘယ်သို့နည်း၊ စိတ်, စေတသိက် မရှိက မခံစားနိုင်၊ မခံစားနိုင်က အဘယ်မှာ ချမ်းသာဟုတ်တော့အံ့နည်း - ဟု သာသနာမှ အပဖြစ်သော တိတ္ထိပရိဗိုဇ်တို့သည် ဆိုကြကုန်ရာ၏၊ ထို တိတ္ထိပရိဗိုဇ်တို့ကို ဤသို့ ဆိုအပ်ကုန်၏၊ ငါတို့ မြတ်စွာဘုရားသည် ခံစားခြင်းရှိသော သုခဝေဒနာကိုသာ ချမ်းသာ - ဟူ၍ပညတ်သည်မဟုတ်၊ အကြင် အကြင် တရား၌ ချမ်းသာကိုရ၏၊ ထိုထိုတရားကိုလည်း ချမ်းသာသုခ ဟူ၍ ပညတ်တော်မူ၏၊ ဤသို့ ဆိုအပ်ကုန်၏ - ဟူလိုသည်။

ဤပါဠိတော်ဖြင့် ခံစားမှု, စံစားမှုသည် ယုတ်ညံ့သော ချမ်းသာဖြစ်၏၊ မွန်မြတ်သော ချမ်းသာမဟုတ်၊ အဇ္ဈတ္တသန္တာန်၌ မငြိမ်သက်သော တရား, မသိမ်မွေ့သော တရား, လှုပ်ရှားသောတရား, ရုန့်ရင်းသော တရားတို့၏ ကင်းငြိမ်းခြင်းသည်သာ အထွတ်အမြတ် ချမ်းသာအစစ်ဖြစ်၏ - ဟု ပြတော်မူသည်။

နဝနိပါတ်အင်္ဂုတ္တိုရ်လာ အဓိပ္ပာယ်။ ။ နဝနိပါတ်အင်္ဂုတ္တိုရ် ပါဠိတော်၌လည်း ဤသို့ လာ၏၊ တစ်ရံရောအခါ အရှင် သာရိပုတ္တရာသည် ရဟန်းတို့အား -

သုခမိဒံ အာဝုသော နိဗ္ဗာနံ။

သုခမိဒံ အာဝုသော နိဗ္ဗာနံ။ -

www.dhammaransi.com



ဟူသော စကားကို ဆိုပေ၏။

အာဝုသော၊ ငါ့ရှင်တို့။ ဣဒံနိဗ္ဗာနံ၊ ဤနိဗ္ဗာန်သည်။ သုခံ၊ ချမ်းသာပေစွတကား။ ။ ( နောက်ဝါကျ၌လည်း ဤနည်းတူ ပေးလေ။ )

ထိုအခါ အရှင်မဟာကောဋ္ဌိက မထေရ်သည် အရှင်သာရိပုတ္တရာအား-

ကိံပနေတ္ထ အာဝုသော သာရိပုတ္တ သုခံ၊ ယဒေတ္ထ ဝေဒယိတံ နတ္ထိ။

ဟူသော စကားကို ဆိုလေ၏။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ။ ယဒေတ္ထ-ယသ္မိံ ဧတ္ထ နိဗ္ဗာနေ၊ အကြင်နိဗ္ဗာန်၌။ ဝေဒယိတံ၊ ခံစားမှု, စံစားမှုသည်။ နတ္ထိ၊ မရှိ။ ဧတ္ထ၊ ဤခံစားမှု, စံစားမှုမရှိသော နိဗ္ဗာန်၌။ သုခံ၊ ချမ်းသာမည်သည်။ ကိံပန၊ အဘယ်မှာရှိ အံ့နည်း။ ။ ( ဤကား အနက်။ )

ထိုအခါ အရှင်သာရိပုတ္တရာသည် -

ဧတဒေဝေတ္ထာဝုသော သုခံ၊ ယဒေတ္ထ နိတ္ထိ ဝေဒယိတံ-
ဟူ၍ ဟောတော်မူ၏။

အာဝုသော ကောဋ္ဌိက၊ ငါ့ရှင်ကောဋ္ဌိက။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ဝေဒယိတံ၊ ခံစားမှု, စံစားမှုမည်သည်။ ယံ နတ္ထိ၊ အကြင်မရှိ။ ဧတဒေဝ၊ ထို ခံစားမှု, စံစား မှု မရှိခြင်းသည်သာလျှင်။ ဧတ္ထံ၊ ဤနိဗ္ဗာန်၌။ သုခံ၊ ချမ်းသာမှုပေတည်း။ ။ ( ဤကား အနက်။ )

ချမ်းသာပုံယုတ္တိ။ ။ ထိုနောက်မှ ချမ်းသာပုံယုတ္တိကို ဤသို့ ဟောတော်မူ၏၊ လောဘနှင့်တကွ ခံစား, စံစားအပ်သော ကာမဂုဏ်ချမ်းသာသည် ရှိ၏၊ ထိုကာမဂုဏ်ချမ်းသာသည် ပထမစျာန်ကို ပွားများသော ပုဂ္ဂိုလ်မှာ အနာ ဆိုး, ရောဂါဆိုးကြီး မည်၏၊ ထိုပထမစျာန်ကို ပွားများသော ပုဂ္ဂိုလ်ကို ဆင်းရဲဒုက္ခရောက်လေအောင် လွှန်စွာနှိပ်စက်နိုင်၏ - ဟူလိုသည်။

ဥပမာကား။ ။ အလွန်ယားယံသော နူနာမျိုး စွဲကပ် ထကြွ၍နေသော

www.dhammaransi.com



ပုဂ္ဂိုလ်သည် အလွန်ပူလှ, အိုက်လှသော နွေရာသီမှာပင် ရဲရဲညီသော တစ်ကိုယ်လုံး ရွဲရွဲစို ရှားမီးခဲတို့ကို ကြီးစွာသော မီးအိုးခင်း၌ ထည့်၍ ကိုယ်အင်္ဂါတို့ကို မီးကင်ရသည်ရှိသော် အယား အယံ ပြေပျောက်၍ အလွန်ကောင်းသော ဖောဋ္ဌဗ္ဗသုခကို ရလေ၏၊ မီးနှင့် ကင်းကွာခဲ့သည်ရှိသော် ယားယံခြင်း ပြင်းစွာ နှိပ်စက်၍ ရပ်တည်မရ ဖြစ်ရလေ၏၊ ထိုကဲ့သို့သော အနာရောဂါ မရှိသောသူတို့မှာ ထိုကဲ့သို့ ပူလှ, အိုက်လှသောအခါ၌ မီးကို မြင်ရလျှင်ပင် ဆင်းရဲဒုက္ခ ရောက်ကြကုန်၏၊ မြင်ခြင်းကိုမျှ အလိုမရှိကြကုန်။

ဤဥပမာ၌ ထိုရာသီမှာ အနိဋ္ဌစင်စစ်, ဒုက္ခစင်စစ် ဖြစ်ကုန်သော ရှားမီးခဲတို့သည် ထိုကဲ့သို့သော နူနာကြီးရှင်မှာ အနာခင်းမန်းထ၍ ရပ်တည်မရ ယားယံလှသော အတွက်ကြောင့် အလွန်ကောင်းသော ဣဋ္ဌဓမ္မ ဖောဋ္ဌဗ္ဗ ဖြစ်ရကုန်၏။

ထို့အတူ ပူပန်မှုအမျိုးမျိုးနှင့်တကွ ဖြစ်ကုန်သော လူ့ချမ်းသာ လူ့ကာမဂုဏ်, နတ်ပြည် ၆-ထပ် နတ်ချမ်းသာ နတ်ကာမဂုဏ် တို့သည် ကာမတဏှာတည်းဟူသော နူနာကြီးစွဲကပ်သဖြင့် ရွဲရွဲစို ကျိုက်ကျိုက်ဆူ စိတ်နူနာကြီး ရှိကြကုန် သောသတ္တဝါတို့အား ကာမတဏှာ အနာခင်းမန်းထ၍ ရပ်တည်မရ ယားယံလှသည့်အတွက်ကြောင့် အကောင်းအမွန် အထွတ်အမြတ်တွေ ဖြစ်ရလေကုန်၏။

ထိုရှားမီးကျီးတို့သည် ထိုကဲ့သို့သော နူနာကြီးမျိုး ကင်းရှင်းကုန်သော သူတို့အား အနိဋ္ဌစင်စစ်, ဒုက္ခစင်စစ် ဖြစ်ကြကုန်သကဲ့သို့၊ ပထမစျာန်ကို ရ၍ ကာမတဏှာ စိတ်နူနာကြီး ကင်းရှင်းပြီးဖြစ်သော သူတို့အား ထိုလူ့ကာမဂုဏ်, နတ်ကာမဂုဏ်တို့သည် ရွံဖွယ်, ကြောက်ဖွယ်, စက်ဆုပ်ဖွယ်သော အနိဋ္ဌဓမ္မ, ဒုက္ခဓမ္မတို့သာ ဖြစ်ကြကုန်၏၊ ဤနူနာကြီး ဥပမာကို "မဇ္ဈိမပဏ္ဏာသ မာဂဏ္ဍိယသုတ်" ၌ ဟောတော်မူသည်။

ဤသို့လျှင် ထိုလူ့ကာမဂုဏ်, နတ်ကာမဂုဏ် တို့သည် ကာမတဏှာ နူနာကြီး စွဲကပ်၍ ရွဲရွဲစို ကျိုက်ကျိုက်ဆူ စိတ်နူနာကြီး အကြိုက်အားဖြင့်သာ ဣဋ္ဌသုခ ထင်မှတ်ရကုန်သည်၊ စင်စစ် အမှန်အားဖြင့်မူကား ပူပန်စေတတ်, နှိပ်စက်တတ်ကုန်သော ဒုက္ခဓမ္မတို့သာတည်း။

ပထမစျာန်ကိုရ၍ ထိုကာမတဏှာ, ကာမသညာ၊ အနာဆိုး, ရောဂါဆိုးတို့၏ ကင်းငြိမ်းခြင်းသည် အလွန်အေးမြ ငြိမ်းချမ်းသော သန္ဒိဋ္ဌိက နိဗ္ဗာန် ၁-ပါး

www.dhammaransi.com



မည်၏။

( ဤကား နဝကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်လာ ပထမဝါရ အဓိပ္ပာယ်တည်း။ )

ဒုတိယဝါရအဓိပ္ပာယ်။ ။ ဝိတက်, ဝိစာရနှင့်တကွဖြစ်သော ပထမ ဈာန် ချမ်းသာသည်ရှိ၏၊ ထိုပထမဈာန်၌ရှိသော ဝိတက်, ဝိစာရတို့သည် ဒုတိယ ဈာန်ကို ပွားများသောသူမှာ အနာဆိုး, ရောဂါဆိုးကြီး မည်ကုန်၏၊ ဒုတိယဈာန် ကို ပွားများသောသူကို ဆင်းရဲဒုက္ခ ဖြစ်လေအောင် လွန်စွာ နှိပ်စက်နိုင်ကုန်၏။

ဥပမာ နူနာကြီးနှင့် ဝိတက်, ဝိစာရရှိသော ပထမဈာန်သုခကို သာယာ သော ဈာနနိကန္တိတဏှာသည် တူ၏၊ ရှားမီးကျီးခဲနှင့် ပထမဈာန် သုခသည် တူ၏၊ နူနာကြီးကင်းရှင်းသော သူနှင့် ပထမဈာန နိကန္တိတဏှာ ကင်းရှင်းပြီးသော ယောဂီပုဂ္ဂိုလ်သည် တူ၏၊ ထိုပုဂ္ဂိုလ်မှာ ပထမဈာန်သုခ၌ သာယာသော ဈာနနိ ကန္တိတဏှာ ကင်းငြိမ်းခြင်းသည် အလွန်အေးမြ ငြိမ်းချမ်းသော သန္တိ၌က နိဗ္ဗာန် ၁-ပါး မည်၏။

( ဤကား ဒုတိယဝါရ အဓိပ္ပာယ်တည်း။ )

ဤနည်းအတိုင်း နူနာကြီးဥပမာနှင့်တကွ နေဝသညာနာသညာယတန ဈာန်တိုင်အောင် အဆင့်ဆင့်ဆိုလေ၊ နိရောဓသမာပတ်သည်ကား နှိပ်စက်ညှဉ်း ပန်းမှုကို ပြုတတ်သောတရား မဟုတ်ပေ၍ ဧကန္တသုခ ဒိဋ္ဌဓမ္မ နိဗ္ဗာန်မည်၏။

အဓိပ္ပာယ်ချုပ်။ ။ ဤပါဠိတော်ဝယ် အဓိပ္ပာယ်အချုပ်ကား - ဆိုခဲ့ပြီး သော ကာမဂုဏ်ချမ်းသာ, ပထမဈာန်ချမ်းသာ အစရှိသည်တို့သည် အသီးအသီး သူတို့ကို သာယာသော တဏှာရောဂါ ရှိခိုက်၌သာ ဧကန္တ သုခထင်ရကုန်၏၊ အထက်အထက် တရားကို ရောက်လိုသော သူတို့မှာမူကား - ဘောက်သောက်တ ရား ဖြစ်ပေါ်၍ နေသည်ရှိသော် ဧကန္တ ဒုက္ခဖြစ်၏၊ ဘောက်သောက်တရား၏ ကင်းပြတ်ချုပ်ငြိမ်းခြင်းသည်သာလျှင် ဧကန္တသုခဖြစ်၏။

ဘောက်သောက်တရား၏ ချုပ်ငြိမ်းခြင်းမည်သည်လည်း ထိုတရားတည်း ဟူသော ခံစားဖွယ်, စံစားဖွယ်၏ ကင်းရှင်းခြင်း၊ ထိုတရားကို ခံစား, စံစားသော ပီတိသောမနဿ သုခဝေဒနာတို့၏ ကင်းရှင်းခြင်းပင် ဖြစ်ခဲ့၍ ခံစားဖွယ်, စံစား

www.dhammaransi.com



ဖွယ် ချုပ်ကွယ်ကင်းငြိမ်းမှု - ဟူသော သန္တိသဘောမျိုးသည်လည်း ကောန်ချမ်းသာသော သဘောမျိုး ဖြစ်ပေသတည်းဟု သိသာထင်ရှားလေသောကြောင့် ခံစား, စံစားမှု မရှိသော နိဗ္ဗာန်၏လည်း ဧကန္တသုခမျိုးမှန်ကြောင်းကို ယုံကြည် လေးမြတ်မှတ်သားအပ်သည် - ငါ့ရှင် မဟာကောဋ္ဌိက - ဟူလိုသည်။

( ဤကား နဝက အင်္ဂုတ္တိုရ်လာ အဓိပ္ပာယ်တည်း။ )

ဝေဒနာသံယုတ်လာအဓိပ္ပာယ်။ ။ ဝေဒနာသံယုတ် ပါဠိတော်၌ ရဟန်း ၁-ပါးသည် အကြံဖြစ်၏၊ မြတ်စွာဘုရားသည် သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာ - ဟူ၍ ဝေဒနာ ၃-ပါးကိုလည်း ဟောတော်မူသည်။

ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိံ။

ဟူ၍လည်း ဟောတော်မူသည်။

ယံကိဉ္စိ၊ အလုံးစုံသော။ ဝေဒယိတံ၊ ခံစားခြင်း, စံစားခြင်းအမှုသည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုခံစားခြင်း, စံစားခြင်း - ဟူသမျှသည်။ ဒုက္ခသ္မိံ၊ ဒုက္ခချည်းသာတည်း။ ။ ( ဤကား အနက်။ )

အဘယ်ကိုရည်၍ ဤ "ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိံ" ဟူသော စကားကို ဟောတော်မူလေသနည်း - ဟု အကြံဖြစ်၏။ ။ မြတ်စွာဘုရားကို လျှောက်ထားလေရာ -

သာဓု သာဓု ဘိက္ခု တိဿော ဣမာ ဘိက္ခဝေ ဝေဒနာ ဝုတ္တာ မယာ သုခါ ဝေဒနာ, ဒုက္ခာ ဝေဒနာ, အဒုက္ခမသုခါ ဝေဒနာ၊ ဣမာ တိဿော ဝေဒနာ ဝုတ္တာ မယာ၊ ဝုတ္တံ ခေါ ပနေ တံ ဘိက္ခု မယာ ယံ ကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိန္တိ။

တံ ခေါပနေတံ ဘိက္ခုမယာ သင်္ခါရာနံယေဝ အနိစ္စတံ သန္ဓာယ ဘာသိတံ ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိန္တိ။

တံ ခေါ ပနေတံ ဘိက္ခု မယာ သင်္ခါရာနံ ခယဓမ္မတံ, ဝယဓမ္မတံ,

www.dhammaransi.com



ဝိရာဂဓမ္မတံ, နိရောဓဓမ္မတံ, ဝိပရိဏာမဓမ္မတံ သန္ဓာယ ဘာသိတံ ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိန္တိ။

ဟူ၍ ဟောတော်မူသည်။

**အဓိပ္ပာယ်ကား။** ။ ချစ်သားရဟန်း . . . . ကောင်းစွ၊ ကောင်းစွ၊ ငါဘုရားသည် ဝေဒနာ ၃-ပါးကို ဟောသည်လည်းမှန်၏၊ "ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိံ" ဟူသော စကားကို ဟောသည်လည်း မှန်၏၊ ထို ၂-ပါးတို့တွင် ဝေဒနာကို ၃-ပါး ဟူ၍ ဟောသည်မှာ ခံစားခြင်း, အနုဘဝန အပြားမျှကို ရည်၍ ငါဟောသည်၊ အလုံးစုံသော ခံစားခြင်း, စံစားခြင်း ဟူသမျှသည် ဒုက္ခချည်း ဟူ၍ ဟောသည်မှာ သင်္ခါရတရားတို့၏ အနိစ္စသဘော, ခယသဘော, ဝယ သဘော, ဝိရာဂသဘော, နိရောဓသဘော, ဝိပရိဏာမသဘောကို ရည်၍ ငါဟော သည် - ဟူလိုသတည်း။

**လိုရင်းအချုပ်။** ။ လိုရင်းအချုပ်ကား - သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ - ဟူရာ၌ ဒုက္ခချည်း မဟောမူ၍ သုခ, ဥပေက္ခာ - ပါရှိသည် မှာ ခံစားမှု အထူးအပြားကိုရည်၍ ဟောတော်မူသည်။ ။ "ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိံ" ဟူ၍ သုခ, ဥပေက္ခာ - တို့ကိုလည်း ဒုက္ခ - ဟု ဟောတော်မူသည်မှာ ထိုသုခ, ဥပေက္ခာ - တို့သည် သင်္ခါရဓမ္မမျိုး ဖြစ်ကြကုန်၍ အနိစ္စ သဘော ရှိကြကုန်၏၊ အနိစ္စသဘော ဟူသည်လည်း သုခမဟုတ်၊ ဒုက္ခဖြစ်ခဲ့၏၊ ဤသို့သော ဒုက္ခသဘောကိုရည်၍ ခံစားမှု, စံစားမှု - ဟူသည် သုခ - ဟူ၍ တစ်စုံတစ်ခုမျှ မရှိ၊ ဒုက္ခချည်းသာ ဖြစ်သည် - ဟု ဟောတော်မူလေသည်။

မုချ ဧကန် တကယ်မှန်ကို ပြဆိုတော်မူသော သစ္စာ ၄-ပါး အရာ၌ကား- သုခဝေဒနာ, ဥပေက္ခာဝေဒနာ - ဟူ၍မရှိ၊ ဝေဒနာ - ဟူသမျှသည် ဒုက္ခသာ အမှန်စင်စစ် ဖြစ်သတည်း၊ ဒုက္ခသစ္စာ အမှန်အစစ် ဧကန်ဖြစ်သော ခံစားမှု, စံစားမှု - ဟူသော ဝေဒယိတသဘော, ဝေဒနာသဘော - ဟူ၍ အမြွက်လေသ မျှ မရှိသော အတွက်ကြောင့် အသင်္ခတ မဟာနိဗ္ဗာန်ကြီးကို "ပရမသုခ" ဟူ၍ ဆိုရသည်၊ ချမ်းသာသော ခံစားမှု, စံစားမှု - ဟူသော ဝေဒယိတ သဘောရှိခဲ့ သည် ဖြစ်အံ့၊ ထို အသင်္ခတမဟာနိဗ္ဗာန်ကြီးသည် ပရမသုခမျိုးမဟုတ်၊ ဒုက္ခမျိုး သာ ဖြစ်လတ္တံ့။

နိဗ္ဗာန် စကားကို ပြောဆိုကြရာ၌ ခံစား, စံစား - ဟူသော အသံကိုထည့်

www.dhammaransi.com



၍ ပြောဆိုကြသောသူတို့သည် နိဗ္ဗာန်ကို ကဲ့ရဲ့ရှုံ့ချသည် မည်ကုန်၏၊ နိဗ္ဗာန် - ဟူသည် သုခမဟုတ်၊ ဒုက္ခသာ အမှန်ဖြစ်၏ - ဟု ဆိုရာရောက်ကြလေကုန်၏၊ အရှင် သာရိပုတ္တရာ ဟောတော်မူသော ဒေသနာစုနှင့်တကွ ဤ "ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိံ" ဟူ၍ ဟောတော်မူသော ဒေသနာတော်ကို မြင်ကြသဖြင့် ပထမကဏ္ဍ၌ ပြဆိုခဲ့သော ဝေဒယိတသုခ, သန္တိသုခ ၂-မျိုးတွင် ဝေဒယိတသုခမျိုး - ဟူသမျှသည် ဧကန်စင်စစ်အားဖြင့် သုခပင်မဟုတ်၊ ဒုက္ခချည်းသာ ဖြစ်သတည်း၊ သန္တိသုခမျိုးသာလျှင် ဧကန်စင်စစ်အားဖြင့် သုခမျိုးအမှန်ဖြစ်သတည်း - ဟု ယုံကြည်လေးမြတ် မှတ်သားအပ်၏။

( ဤကား ဝေဒနာသံယုတ်လာ အဓိပ္ပာယ်တည်း။ )
ဤတွင်ရွေ့ကား နိဗ္ဗာန်၏ ချမ်းသာပုံ ပြီး၏။

## ပရမသုခသဘော

ဘာဝနာ-၄၀။ ။ ယခုအခါ ခံစား, စံစားမှု မရှိသော နိဗ္ဗာန်၏ ပရမသုခသဘော ထင်ရှားစေခြင်းငှာ ဘာဝနာ ၄၀ ၏ အနက်အဓိပ္ပာယ်ကို အမြွက်မျှ ပြဆိုလိုက်အံ့။

ပဉ္စက္ခန္ဓာ အနိစ္စာ ဒုက္ခာ ရောဂါ ဂဏ္ဍာ သလ္လာ အဃာ အာဗာဓာပရေ ပလောကာ ဣတီ။ ။ ( ၁၀ )

ဥပဒ္ဒဝါ ဘယာ ဥပသဂ္ဂါ စလာ ပဘင်္ဂ အဒုဝါ အတာဏာ အလေဏာ အသရဏာ ရိတ္တာ။ ။ ( ၂၀ )

တုစ္ဆာ သုညာ အနတ္တာ အာဒီနဝါ ဝိပရိဏာမဓမ္မာ အသာရကာ အဃမူလာ ဝဓကာ ဝိဘဝါ သာသဝါ။ ။ ( ၃၀ )

သင်္ခတာ မာရာမိသာ ဇာတိဓမ္မာ ဇရာဓမ္မာ ဗျာဓိဓမ္မာ မရဏဓမ္မာ သောကဓမ္မာ ပရိဝေဒဓမ္မာ ဥပါယာသဓမ္မာ သံကိလေသိကဓမ္မာ။ ။ ( ၄၀ )

ပဉ္စက္ခန္ဓာ၊ ခန္ဓာ ၅-ပါးတို့သည်။ အနိစ္စာ၊ အနိစ္စတရားတို့သာတည်း။ ဒု

www.dhammaransi.com



က္ခာ၊ ဒုက္ခတရားတို့သာတည်း။ ရောဂါ၊ ရောဂါတို့သာတည်း။ ဂဏ္ဍာ၊ အိုင်းအနာ တို့သာတည်း။ သလ္လာ၊ ငြောင့်တို့သာတည်း။ အဃာ၊ အကျိုးမဲ့တို့သာတည်း။ အာဗာဓာ၊ အနာတို့သာတည်း။ ပရေ၊ အစိမ်းပြင်ပတို့သာတည်း။ ပလောကာ၊ ဖရိုဖရဲ ပြိုကွဲပျက်ပြား မျိုးတို့သာတည်း။ ဣတီ၊ ဘေးရန်တို့သာတည်း။ ။ ( ၁၀ )

ဥပဒ္ဒဝါ၊ အပြင်းအထန် နှိပ်စက်တတ်သော ဥပဒ္ဒဝေါတို့ သာတည်း။ ဘယာ၊ ကြောက်လန့်ဖွယ်သော ဘေးတို့သာတည်း။ ဥပသဂ္ဂါ၊ တွယ်တာကပ်ငြိ တတ်သော အန္တရာယ်တို့သာတည်း။ စလာ၊ လှုပ်ရှားတတ်သော တရားတို့သာ တည်း။ ပဘင်္ဂူ၊ ပျက်စီးခြင်း အလေ့ရှိသော တရားတို့သာတည်း။ အဒုဝါ၊ မခိုင် မမြဲသော တရားတို့သာတည်း။ အတာဏာ၊ ခိုကိုးရာ မဟုတ်သော တရားတို့သာ တည်း။ အလေဏာ၊ ပုန်းအောင်းရာမဟုတ်သော တရားတို့သာတည်း။ အသရဏာ၊ ကိုးကွယ်ရာမဟုတ်သော တရားတို့သာတည်း။ ရိတ္တာ၊ အနှစ်သာရမှ ဆိတ်သော တရားတို့တည်း။ ။ ( ၂၀ )

တုစ္ဆာ၊ အချည်းနှီးသာတည်း။ သုညာ၊ အသုဉ်းအသွန်, အခွံ, အကာ တို့ သာတည်း။ အနတ္တာ၊ ငါ၏ကိုယ် - ဟု အတွင်းမပြုထိုက်သော တရားတို့သာ တည်း။ အာဒီနဝါ၊ ကိုးကွယ်ရာမရှိသော တရားတို့သာတည်း။ ဝိပရိဏာမဓမ္မာ၊ ဖောက်လဲ ဖောက်ပြန်ဖြစ်ခြင်း သဘောရှိသော တရားတို့သာတည်း။ အသာရကာ၊ အနှစ်မရှိသော တရားတို့သာတည်း။ အဃမူလာ၊ မကောင်းမှုဖြစ်ပွားရန် အကြောင်းရင်းတို့သာတည်း။ ဝဓကာ၊ သူသတ်ယောကျ်ား အာဃာတသားတို့သာ တည်း။ ဝိဘဝါ၊ ပျက်ပြုန်းဆုံးပါးတတ်သော တရားတို့သာတည်း။ အာသဝါ၊ အာသဝတရား ၄-ပါးနှင့်တကွ ဖြစ်သော တရားတို့သာတည်း။

သင်္ခတာ၊ ပြုစုပျိုးထောင်မှ ဖြစ်နိုင်, တည်နိုင်သော တရားတို့သာတည်း။ မာရာမိသာ၊ သူသတ်ယောကျ်ား မာရ် ၅-ပါးတို့၏ စားဖတ်, ဝါးဖတ် သုံးသပ် နင်းနယ်ရာတို့သာတည်း။ ဇာတိဓမ္မာ၊ ခဏချင်းမှာပင် အကောင်းအဆိုး အမျိုး မျိုးဖြစ်ပေါ်ခြင်း သဘောရှိသော တရားတို့သာတည်း။ ဇရာဓမ္မာ၊ ဟောင်းနွမ်း ရင့်ဆွေးခြင်း သဘောရှိသော တရားတို့သာတည်း။ ဗျာဓိဓမ္မာ၊ ဖျားခြင်း နာခြင်း သဘောရှိသော တရားတို့သာတည်း။ မရဏဓမ္မာ၊ သေဆုံးခြင်းသဘောရှိသော တရားတို့သာတည်း။ သောကဓမ္မာ၊ စိုးရိမ်ပူဆွေးမှုကို ဖြစ်စေခြင်း သဘောရှိ သော တရားတို့သာတည်း။ ပရိဒေဝဓမ္မာ၊ ငိုကြွေးခြင်းဒုက္ခကို ဖြစ်စေခြင်း သဘော ရှိသော

www.dhammaransi.com



တရားတို့သာတည်း။ ဥပါယာသဓမ္မာ၊ သက်ကြီးရှုရှိုက် အလှိုက်အလှဲ ပင်ပန်းခြင်း, ဒုက္ခကိုဖြစ်စေခြင်း သဘောရှိသော တရားတို့သာတည်း။ သံကိလေ သိကဓမ္မာ၊ ညစ်နွမ်းသော အကုသိုလ်တရားတို့ကို ဖြစ်ပွားစေခြင်း သဘောရှိသော တရားတို့သာတည်း။ ။ ( ၄၀ ) ( ဤကား အနက်။ )

ခန္ဓာ ၅-ပါး။ ။ ပဉ္စက္ခန္ဓာ ဟူသော ပါဠ်၌ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် - ဤ ၅-ပါးသည် ပဉ္စက္ခန္ဓာ မည်၏။ ။ ထိုတွင် -

၁။ ရုပ်ဆိုသည်ကား .... အဝီစိငရဲမှ စ၍ အကနိဋ္ဌ ဗြဟ္မာ့ဘုံ တိုင်အောင် ဤအတွင်းဝယ် ကြီးကြီး, ငယ်ငယ် ကိုယ်ထည် သဏ္ဍာန်ဖြစ်၍ နေကုန်သော မြေ, ရေ, လေ, မီး - ဓါတ်ကြီး ၄-ခု၊ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ - အစရှိသော ရုပ်ငယ်, ရုပ်သေးတို့ကို ရူပက္ခန္ဓာ ဆိုသည်။

၂။ ဝေဒနာဆိုသည်ကား .. အကောင်း, အဆိုး, အမျိုးမျိုးသော ခံစားမှု, စံစားမှုကို ဆိုသည်။

၃။ သညာဆိုသည်ကား ... မွေးဖွားစ ကာလမှစ၍ ဤကား အမိ, ဤကား အဘ - အစရှိသည်ဖြင့် အမှတ်သညာထားမှုကိုဆိုသည်။

၄။ သင်္ခါရ ဆိုသည်ကား .. ကြံစည်မှု, ပြောဆိုမှု, လုပ်ဆောင်မှု အလုံးစုံကို ဆိုသည်။

၅။ ဝိညာဉ်ဆိုသည်ကား ... စိတ်ကို ဆိုသည်။

( ဤကား ခန္ဓာ ၅-ပါး အကြမ်းအားဖြင့် ပိုင်းခြားချက်တည်း။)

( နောက် ခန္ဓာ ၄-ပါးတို့မှာ အဝီစိငရဲမှစ၍ နေဝသညာနာသညာဘုံတိုင်အောင်ယူလေ။ )

အနိစ္စအတွက်ကြောက်မက်ဖွယ်။ ။ ထို ခန္ဓာ ၅-ပါးတို့သည် သေဆုံးခြင်း ဟူသော အနိစ္စဘေး၊ ထက်ကြပ်မကွာ အမြဲပါ၍ နေကုန်သောကြောင့်

www.dhammaransi.com



လူ့ခန္ဓာစုလည်း အနိစ္စသာတည်း၊ နတ်ခန္ဓာစုလည်း အနိစ္စသာတည်း၊ ဗြဟ္မာ့ခန္ဓာစုလည်း အနိစ္စသာတည်း၊ လူဖြစ်လျှင်လည်း တစ်ခဏသာ၊ နတ်ဖြစ်လျှင်လည်း တခဏသာ၊ ဗြဟ္မာဖြစ်လျှင်လည်း တခဏသာ၊ သံသရာရှည်လျားပုံနှင့် နှိုင်းယှဉ်သည်ရှိသော် ကမ္ဘာ ၈-သောင်း ၄-ထောင် အသက်ရှည်သော နေဝသညာနာသညာယတနဘုံရှိ ခန္ဓာစုသည်လည်း တစ်ခဏမျှသာတည်း။

လူ့ဘဝမှာတစ်လှည့်၊ အပါယ်မှာ ဘဝအရာ, **အထောင်၊ နတ်ဘဝမှာ** တစ်လှည့်၊ အပါယ်မှာ ဘဝအသောင်း, အသိန်း၊ ဗြဟ္မာ့ပြည်မှာ တစ်လှည့်၊ အပါယ်မှာ ဘဝ အသိန်း, အသန်း၊ အမြဲမဟုတ်သည့် အတွက်ကြောင့် ကြောက်မက်ဖွယ် တရကြမ်း အထက်, အောက် လွင့်ပါး၍ နေကြရပုံတည်း၊ အမြဲမဟုတ်သည့်အတွက်ကြောင့် လူဖြစ်၍နေသော်လည်း အပါယ်ငရဲသို့ ရှေးရှုလျက်ပင်၊ နတ်ဖြစ်၍နေသော်လည်း အပါယ်ငရဲသို့ ရှေးရှုလျက်ပင်၊ ရူပဗြဟ္မာ, အရူပဗြဟ္မာဖြစ်၍နေသော်လည်း အပါယ်ငရဲကို ရှေးရှုလျက်ပင်၊ လူဖြစ်၍နေသော်လည်း အပါယ်ငရဲကို ကြောက်ရလျက်ပင်၊ ဗြဟ္မာဖြစ်၍ နေသော်လည်း အပါယ်ငရဲဘေးကို ကြောက်ရလျက်ပင်။

( ဤကား အနိစ္စအတွက်ကြောင့် ဖြစ်ရသော
ကြောက်မက်ဖွယ်မှုကြီးပေတည်း။ )

ဤသို့သော အနိစ္စဘေးကြီးကို ဆင်ခြင်နိုင်ကြပါလျှင် လူ့ခန္ဓာ, လူ့ဘဝ, နတ်ခန္ဓာ, နတ်ဘဝ, ဗြဟ္မာ့ခန္ဓာ, ဗြဟ္မာ့ဘဝတို့၌ ခံစား, စံစားရသော ဝေဒယိတသုခမျိုးစုသည် ကြောက်ဖွယ်, လန့်ဖွယ်, ငြီးငွေ့ဖွယ်သော ဒုက္ခမျိုး အစစ်အမှန်ဖြစ်ကြောင်းကို သိမြင်နိုင်ကြရာသည်။

လူ့ဘဝကို သာယာသောတဏှာနှင့် လူ့ခန္ဓာမျိုး အဖြစ်ငြိမ်းမှ အပါယ်ငရဲဘေး ငြိမ်းသည်။ နတ်ဘဝကို သာယာသောတဏှာနှင့် နတ်ခန္ဓာမျိုး အဖြစ်ငြိမ်းမှ အပါယ်ငရဲဘေး ငြိမ်းသည်။ သက္ကာယဒိဋ္ဌိနှင့် ဗြဟ္မာ့ခန္ဓာမျိုး အဖြစ်ငြိမ်းမှ အပါယ်ငရဲဘေး ငြိမ်းသည်။

ထို့ကြောင့် ထိုတဏှာ, ဒိဋ္ဌိတို့နှင့်တကွ လူ့ခန္ဓာ ၅-ပါး၊ နတ်ခန္ဓာ ၅-ပါး၊ ဗြဟ္မာ့ခန္ဓာ ၅-ပါး၊ ၄-ပါး၊ ၁-ပါး အကုန်လုံး အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု ဟူသော မဟာအသင်္ခတဓာတ် နိဗ္ဗာန်ကြီးသည် အလွန်တရာ ကြီးမြတ်လှစွာသော "ပရမသုခကြီး" ဖြစ်ပေသည်ဟု ထင်နိုင်ရာသည်။ အဝီစိ ငရဲဘေးကြီးကို

www.dhammaransi.com



ကြောက်သောသူသည် အဝီစိငရဲဘေးကြီးမှ လွတ်ကင်းရန် ထိုအဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု တစ်ခုသည်သာ ကိုးကွယ်ရာ ရှိတော့သည်။

**ငရဲ၏အပင်းအသင်း။** ။ ထိုလူ့ခန္ဓာ, လူ့ချမ်းသာ၊ နတ်ခန္ဓာ, နတ်ချမ်းသာ၊ ဗြဟ္မာ့ခန္ဓာ ဗြဟ္မာချမ်းသာစုသည်ကား အဝီစိငရဲကြီး၏ အပင်းအသင်း တစ်ခုသာလျှင်တည်း။

**ဖြစ်ပုံကား။** ။ ၁။ လူဖြစ်သောသူသည် မိမိကိုယ်ခန္ဓာ ဖြစ်၍နေသော စက္ခုကို ငါ၏စက္ခု ဟူ၍ လည်းကောင်း၊ စက္ခုသည်ပင် ငါ-ဟူ၍ လည်းကောင်း၊ ငါမြင်သည် ဟူ၍လည်းကောင်း၊ တဏှာ, ဒိဋ္ဌိနှင့် သာယာခဲ့အံ့၊ ထိုသာယာမှုထဲမှာ အဝီစိငရဲအတွင်းသို့ ဝင်လေ၏။

၂။ ထို့အတူ ငါ၏သောတ ဟူ၍လည်းကောင်း၊ ငါကြားသည် ဟူ၍ လည်းကောင်း။

၃။ ငါ၏ဃာန ဟူ၍လည်းကောင်း၊ ငါနံသည် ဟူ၍လည်းကောင်း။

၄။ ငါ၏ဇိဝှါ ဟူ၍လည်းကောင်း၊ ချိုသည်, ချဉ်သည်ကို ငါသိသည် ဟူ၍လည်းကောင်း။

၅။ ငါ၏ကိုယ်၊ ငါ၏အင်္ဂါ ဟူ၍ လည်းကောင်း၊ အပူ, အချမ်း, အကြမ်း အနု စသည်ကို တွေ့ထိ၍ သိသောအခါ ငါသိသည် ဟူ၍ လည်းကောင်း။

ဤသို့ အစရှိသည်ဖြင့် ရူပက္ခန္ဓာကို တဏှာ, ဒိဋ္ဌိနှင့် သာယာခဲ့အံ့၊ ထိုသာယာမှုထဲမှာ ငရဲဘေးအပြီးပါဝင်လေ၏၊ အဘယ်ကြောင့်နည်းဟူမူ - မိမိကိုယ်ခန္ဓာကို သာယာသော တဏှာ, ဒိဋ္ဌိရှိနေခဲ့လျှင် အပါယ်ဘေးမှ မလွတ်ရသောကြောင့်တည်း။

ဝေဒနာက္ခန္ဓာမှာ မျက်စိအာရုံကို ခံစားမှု၌ ကောင်းသည်, မကောင်းသည် ဟု ရှိကြရာ၌ ငါကောင်းသည်, ငါဝမ်းမြောက်သည် ဟု သာယာမှုကား စက္ခုသမ္ဖဿဇာဝေဒနာကို သာယာစွဲလမ်းမှုတည်း။ ထိုသာယာစွဲလမ်းမှုထဲမှာ ငရဲဘေးကြီး

www.dhammaransi.com



အပြီးပါဝင်လေ၏။ ။ ( နားအာရုံ စသည်တို့၌လည်း ဤနည်းတူသိလေ။ )

သညာက္ခန္ဓာမှာ ဘယ်သင်း, ဘယ်ဟာကို ငါသိ၏၊ ငါမှတ်မိ၏၊ ငါမမေ့ ဟု သာယာစွဲလမ်းမှုသည် သညာက္ခန္ဓာ၌ သာယာစွဲလမ်းမှုတည်း။ သင်္ခါရက္ခန္ဓာကား အလွန်များပြား၏၊ ထင်ရှားရာမျှကို ဆိုပေအံ့။ -

၁။ ငါ့စိတ်မှာတွေ့သည်။ ။ ( ဖဿ၌သာယာမှု )
၂။ ငါစေ့ဆော်သည်, ငါ စေတနာရှိသည်, ငါ စေတနာမရှိ။ ။ (စေတနာ၌သာယာမှု )
၃။ ငါ့စိတ်ငြိမ်သက်သည်။ ။ ( ဧကဂ္ဂတာ၌သာယာမှု )
၄။ ငါနှလုံးသွင်းသည်။ ။ ( မနသိကာရ၌ သာယာမှု )
၅။ ငါကြံဖန်သည်, ငါဝိတက်များသည်။ ။ ( ဝိတက်၌သာယာမှု )
၆။ မည်သည့် အာရုံ၌ ငါ၏စိတ် တရစ်ဝဲဝဲ နေသည်။ ။ ( ဝိစာရ၌ သာယာမှု )
၇။ ငါနှစ်သက်သည်, ငါအားရသည်။ ။ ( ပီတိ၌သာယာမှု )
၈။ ငါ အားထုတ်သည်, ငါကြောင့်ကြစိုက်သည်။ ။ ( ဝီရိယ၌သာယာမှု )
၉။ ဘယ်သင်း, ဘယ်ဟာကို ငါအလိုရှိသည်, ငါပြုလိုသည်, ငါပြောလိုဆိုလိုသည်, ငါမြင်လိုသည်, ငါကြားလိုသည်, ငါသွားလိုသည် စသည်ကား - ( ဆန္ဒ၌သာယာမှု )
၁၀။ ငါလိုချင်သည်, ငါခင်မင်သည်, ငါတောင့်တသည်, စသည်ကား ( လောဘ၌သာယာမှု )
၁၁။ ငါစိတ်ဆိုးသည်။ ။ ( ဒေါသ၌သာယာမှု )

၁၂။ ငါမသိနိုင်, ငါမထင်နိုင် မမြင်နိုင်သည်။ ။ ( မောဟ၌သာယာမှု )
၁၃။ ငါကြည်ညိုသည်။ ။ ( သဒ္ဓါ၌သာယာမှု )
၁၄။ ငါအောက်မေ့သည်။ ။ ( သတိ၌သာယာမှု )
၁၅။ မကောင်းမှု၌ ငါရှက်သည်, ငါစက်ဆုပ်သည်, ငါရွံသည်။ ။ ( ဟိရီ၌သာယာမှု )
၁၆။ ငါကြောက်သည်, ငါထိတ်လန့်သည်။ ။ ( ဩတ္တပ္ပ၌သာယာမှု )
၁၇။ ငါလှူသည်, ငါပေးကမ်းစွန့်ကြဲသည်။ ။ ( ဒါန၌စွဲလမ်းမှု )

www.dhammaransi.com



၁၈။ ငါစောင့်ထိန်းသည်, ငါစောင့်စည်းသည်။ ။
( သီလဒ္ဓိစွဲလမ်းမှု )
၁၉။ ငါသိသည်, ငါတတ်သည်, ငါလိမ္မာသည်, ငါမြော်မြင်နိုင်သည်။
(ပညာဒ္ဓိစွဲလမ်းမှု)။ ။ ဤစွဲလမ်းမှု အလုံးစုံသည် အပါယ်ဘေး
ငရဲဘေး အပြီးပါဝင်လေ၏။

ဝိညာဏက္ခန္ဓာမှာ-(ငါကြံသည်, ငါသိသည်, ငါ၏စိတ်, ငါ့မနော-
ဟု စွဲလမ်းသည်။)။ ။ ဤစွဲလမ်းမှု အလုံးစုံသည် အပါယ်ဘေး
အတွင်းဝင်လျက် ပါလေသည်ချည်း။

နတ်ဖြစ်သောသူတို့ မိမိကိုယ်ခန္ဓာကို တဏှာ, ဒိဋ္ဌိဖြင့် စွဲလမ်းမှု၊ ဗြဟ္မာဖြစ်သောသူတို့ မိမိကိုယ်ခန္ဓာကို တဏှာ, ဒိဋ္ဌိဖြင့် စွဲလမ်းမှုတို့၌လည်း အပါယ်ဘေး, သံသရာဘေး အပြီးပါဝင်မှုကို သိလေ။

( ဤကား လူ့ခန္ဓာ လူ့ချမ်းသာ, နတ်ခန္ဓာ နတ်ချမ်းသာ, ဗြဟ္မာ့ခန္ဓာ ဗြဟ္မာချမ်းသာ စုသည် ငရဲ၏ အပင်းအသင်းသာ ဖြစ်သည် - ဟူသော စကား ၌ အကျယ်ယုတ္တိတည်း။ )

ဤသို့လျှင် အပါယ်ဘေး, သံသရာဘေးကို ကြောက်သောသူသည် လူအဖြစ်, နတ်အဖြစ်, ဗြဟ္မာအဖြစ်ထဲမှာ ကိုးကွယ်ရာကို ရှာ၍၊ ထို လူ့ခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာ့ခန္ဓာတို့ အကုန်အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု တစ်ခုသည်သာလျှင် ကိုးကွယ်ရာအစစ် ဖြစ်လေသတည်း။

( ဤကား ခံစား, စံစားမှု သုခ, သောမနဿ ဝေဒနာမရှိသော သန္တိသုခမျိုးသည်သာ ဧကန္တသုခမျိုးမှန်ကြောင်းကို အနိစ္စပုဒ်နှင့် စပ်၍ ပြဆိုသောအခန်းတည်း။ )

"ပဉ္စက္ခန္ဓာဒုက္ခာ" ပုဒ်၌ နှိပ်စက်ခြင်း, ညှဉ်းပန်းခြင်း အမှုကို ဒုက္ခကို ဆိုသည်၊ ထိုခန္ဓာ ၅-ပါးသည် သတ္တဝါကို ဒုက္ခ ဒုက္ခဒဏ်ချက်နှင့် နှိပ်စက်ညှဉ်းပန်း၏၊ သင်္ခါရဒုက္ခ ဒဏ်ချက်နှင့် နှိပ်စက်ညှဉ်းပန်း၏၊ ဝိပရိဏာမအတွက်နှင့် နှိပ်စက်ညှဉ်းပန်း၏၊

ဥပမာ။ ။ ဥပမာကား - ယခုနှစ် စပါး အသီးအဆန်, ပြောင်းအသီးအဆန်, ပဲအသီးအဆန်, နှမ်းအသီးအဆန် တို့ကို ရလိုသောသူသည် ယမန်နှစ်ကပင် မျိုးထားမှုနှင့်စပ်သော လုပ်မှု, ဆောင်မှုတွေကို များစွာ ဒုက္ခစိုက်ရ၏။

www.dhammaransi.com



နောက်နှစ်၌ ထွန်ရန်, ယက်ရန် ကျွဲ, နွားနှင့်စပ်သော ဒုက္ခမှု၊ မိုးကျသောအခါ လယ်ယာလုပ်ခင်း ရှင်းလင်းသုတ်သင်မှု, ထွန်မှု, ယက်မှု, စိုက်မှု, ကြဲမှုနှင့် စပ်သော ဒုက္ခမှုစု၊ စောင့်ရှောက်ခြင်းနှင့်စပ်သော ဒုက္ခမှု၊ မိုးရေ ချောမော၍ အသီးအနှံမှည့်သောအခါ ရိတ်မှု, ကောက်မှုနှင့်စပ်သော ဒုက္ခမှုစု၊ နယ်မှု, နင်းမှု, လှေ့မှု, တိုက်သွင်းကျီတွင်းသွင်းမှုနှင့်စပ်သော ဒုက္ခမှုစုကို များစွာ ဒုက္ခ စိုက်ရ၏။

ယမန်နှစ်က မျိုးထားမှုနှင့် စပ်သော ဒုက္ခမှုတို့မှစ၍၊ တိုက်သွင်း ကျီတွင်းသို့ သွင်းထားမှုနှင့်စပ်သော ဒုက္ခမှုတို့တိုင်အောင် အလုံးစုံသော ဒုက္ခစိုက်ရမှုတို့သည် တိုက်တွင်း, ကျီတွင်းသို့ ရောက်ပြီးသော စပါး, ပြောင်း, ပဲ, နှမ်းတို့၏ သံသရာမှုတို့ချည်းပင်တည်း။

တစ်ဖန် တိုက်ထဲ, ကျီထဲမှထုတ်၍ နေလှန်းမှု, ထောင်းမှု, ဖွပ်မှု, ချက်ရေး, ပြုတ်ရေးနှင့်စပ်သော ဒုက္ခမှုစု၊ ခံတွင်းထဲ, လည်ချောင်းထဲ, ဝမ်းထဲသို့ ရောက်သည့်တိုင်အောင် ဒုက္ခစိုက်ရသော အမှုစုသည်လည်း ထမင်း၏ သံသရာဒုက္ခမှုတို့သာတည်း။

ခံတွင်းသို့ ရောက်သော ထမင်းတို့၌ တစ်ခုတစ်ခုသော ထမင်းလုံးသည် မျိုးထားမှုမှစ၍ အထောင်, အသောင်းမကသော သံသရာဒုက္ခမှုတို့ကို လုပ်ဆောင်မှုမှ ထမင်းလုံးအဖြစ်သို့ ရောက်သည်၊ ထို့ကြောင့် ထိုတစ်ခုတစ်ခုသော ထမင်းလုံးသည် ထမင်းနှင့်မကင်းနိုင်သော သတ္တဝါကို အထောင်, အသောင်းမကသော သံသရာဒုက္ခ ဒဏ်ချက်တို့နှင့် နှိပ်စက် ညှဉ်းပန်းလေ၏။

( ဤကား ထမင်း၌ သံသရာဒုက္ခတည်း။ )

ယမန်နှစ်၌ ထားသော မျိုးမှစ၍ စပါးသီး စပါးဆန်, ပြောင်းသီး ပြောင်းဆန်, ပဲသီး ပဲဆန် ဖြစ်လာရန် အလုံးစုံသော ကြိယာစု, အဆောက်အဦစုသည် ပျက်ခွင့်ဆိုက်လျှင် ပျက်စီးတတ်သော ကြိယာစု, အဆောက်အဦစုချည်းသာတည်း။

ခံတွင်းသို့ မရောက်မီ ရှေးအဖို့၌ ပျက်စီး၍သွားရန် အချက်စုသည် အထောင်, အသောင်းမက များပြား၏၊ တစ်ခုခုသော အချက်၌ မီးဘေး, ရေဘေး, ခိုးသူဘေး စသည်နှင့် တွေ့ကြုံခဲ့၍ သော်လည်းကောင်း၊ မိုးရေး လေရေး မချောမွေ့ခဲ့၍သော်လည်းကောင်း တစ်ခုခုသော အချက်၌ ပျက်ကွက်၍ သွားသည်ရှိသော် များစွာသော ကာယိကဒုက္ခ, စေတသိကဒုက္ခသည် ဖြစ်ရ၏၊

www.dhammaransi.com



( ဤသည်လည်း ထမင်းအတွက်နှင့် ခံရသော ဝိပရိဏာမ ဒုက္ခ တွေတည်း။ )

မျိုးစပါး စသည်တို့၏ ပျက်စီးခွင့်ဆိုက်လျှင် ပျက်စီးတတ်သော သဘောကိုလည်းကောင်း၊ ပျက်စီးရန် အခွင့်အလမ်းစု, ပျက်စီးရန် အချက်စုကိုလည်းကောင်း သိရင်း မြင်ရင်းရှိသောကြောင့် မပျက်မစီးပါစေခြင်း အကျိုးငှာ သိမ်းဆည်းမှုနှင့်စပ်သော ဒုက္ခစိုက်ရမှု၊ စောင့်ရှောက် ထိန်းကျောင်းခြင်းနှင့် စပ်သော ဒုက္ခစိုက်ရမှု, ပျက်စီးခွင့်ဆိုက်လာအံ့ထင်၍ ပူပင်ကြောင့်ကြ စိုးရိမ်ရသော ဒုက္ခမှု။

( ဤသည်လည်း ထမင်းအတွက်နှင့် တွေ့ကြုံရသော ဝိပရိဏာမ ဒုက္ခချည်းတည်း။ )

ထိုထမင်းသည် ဝါးလိုက်သည်မှစ၍ မလှမပ ဖောက်ပြန်ပျက်ပြားလေ ၏၊ ဝမ်းထဲသို့ ရောက်၍ အစာမကြေ ရှိခဲ့လျှင် အနာရောဂါနှင့် စပ်သော ဒုက္ခအမျိုးမျိုးကို ဖြစ်စေ၏၊ အစာကြေ ကျက်ခဲ့လျှင် ကျင်ကြီး, ကျင်ငယ်နှင့်စပ်သော ဒုက္ခအမျိုးအမျိုး, ချွဲခန်းသလိပ်, တံတွေးစသည်နှင့် စပ်သော ဒုက္ခအမျိုးမျိုး။

( ဤသည်ကား အဆုံးသတ်ဖြစ်သော ထမင်း၏ ဝိပရိဏာမ ဒုက္ခချည်းတည်း။ )

ဒုက္ခဒုက္ခသည်မူကား မျိုးထားမှုမှစ၍ ခံတွင်း၌ ထမင်းလုတ် ရောက်သည်တိုင်အောင် ထိုထမင်း၏ သင်္ခါရဒုက္ခမှုတို့နှင့် လည်းကောင်း, ဆိုခဲ့အပ်ပြီးသော ဝိပရိဏာမ ဒုက္ခ ၃-မျိုးတို့နှင့် လည်းကောင်း ရောနှောလျက် ပါလေ၏။

ဤသို့လျှင် ထိုထမင်းနှင့် မကင်းနိုင်သော သတ္တဝါကို ထိုထမင်းသည် ဒုက္ခဒုက္ခ ဒဏ်ချက်နှင့်လည်း နှိပ်စက် ညှဉ်းပန်းလေ၏၊ သင်္ခါရ ဒုက္ခ ဒဏ်ချက်နှင့်လည်း နှိပ်စက် ညှဉ်းပန်းလေ၏၊ ဝိပရိဏာမ ဒုက္ခဒဏ်ချက်နှင့်လည်း နှိပ်စက် ညှဉ်းပန်းလေ၏၊ ထမင်းနှင့် မကင်းနိုင်သမျှ ဘဝအဆက်ဆက်၌ ထိုဒုက္ခဒဏ်ချက် ၃-မျိုး အပြီးစွပ်လျက် ပါလေ၏၊ ထမင်းမှုကင်းပြတ်သည်နှင့် တပြိုင်နက် ထိုဒုက္ခဒဏ်ချက် ၃-မျိုး ကျွတ်လွတ်လေ၏၊

( ဤကား ဥပမာတည်း၊ ဥပမာဆိုသော်လည်း ရူပက္ခန္ဓာမှာ အပါအဝင်ပင် ဖြစ်သတည်း။ )

www.dhammaransi.com



(က) ဥပမေယျမှာ သံသရာ၌ ကျင်လည်သော ပုထုဇဉ်သတ္တဝါနှင့် တောင်သူယောက်ျား။

(ခ) တစ်ခုတစ်ခုသော ဘဝခန္ဓာနှင့် တစ်နှစ်တစ်နှစ် လုပ်စာ စပါး, ပြောင်း, ပဲ, ထမင်း။

(ဂ) နောက်နောက်ဘဝ၌ အသစ်အသစ်သော ခန္ဓာကို အလိုရှိ၍ ရှေးရှေးသော ဘဝ၌ ဒါန, သီလ, ဘာဝနာ ကုသိုလ်မှုမျိုးနှင့် စပ်သော လုပ်ဆောင်မှု, ပွားများမှု - ဟူသော သဓ္ခါရဒုက္ခမှုမျိုးနှင့် ရှေးရှေးနှစ်က မျိုးထားမှုနှင့်စပ်သော ဒုက္ခမှုမျိုး။

(ဃ) နောက်နောက် ဖြစ်ရာဘဝ၌ အသက်မွေးမှု ဒုက္ခမျိုး။

၁။ အနမတဂ္ဂသံသရာတွင် တစ်ကြိမ်တစ်ကြိမ်သော လူ့ခန္ဓာ လူ့ဘဝ, တစ်ကြိမ် တစ်ကြိမ်သော နတ်ခန္ဓာ နတ်ဘဝ, တစ်ကြိမ် တစ်ကြိမ်သော ဗြဟ္မာ့ခန္ဓာ ဗြဟ္မာ့ဘဝနှင့် တစ်နှစ်တစ်ကြိမ်, တစ်နှစ်တစ်ကြိမ် ဖြစ်ပွားသော ကောက်ပင်, ပြောင်းပင်, ပဲပင် တူသည်။

၂။ နောက်နောက်ဘဝ၌ ထိုခန္ဓာအသစ်ကို ရလို၍ ရှေးရှေးဘဝ၌ ဒါနကုသိုလ်ကို အားထုတ်ရမှု ဟူသော သင်္ခါရဒုက္ခ, သီလကုသိုလ်ကို အားထုတ်ရမှုဟူသော သင်္ခါရဒုက္ခ, ဈာန်သမာပတ်ကို ပွားများအားထုတ်ရမှုဟူသော သင်္ခါရဒုက္ခစုနှင့် ရှေးရှေးနှစ်၌ စပါးမျိုး, ပြောင်းမျိုး, ပဲမျိုးကို ပြုပြင်ရာမှ စ၍ ထွန်မှု, ယက်မှု, မျိုးကြဲမှု တူသည်။

၃။ နောက်နောက်ဘဝ၌ လူ့ပဋိသန္ဓေ, နတ်ပဋိသန္ဓေ, ဗြဟ္မာ့ပဋိသန္ဓေ ဖြစ်ပေါ်သည်နှင့် ကောက်ပင်, ပြောင်းပင်, ပဲပင် အညှောက်ပေါ်ပေါက်မှု တူသည်။

၄။ နောက်နောက်ဘဝ၌ ပဋိသန္ဓေခန္ဓာ ဖြစ်ပေါ်ပြီးနောက် အသက်တမ်းစေ့နေရရန် အသက်မွေးမှု - ဟူသော သင်္ခါရ

www.dhammaransi.com



ဒုက္ခကြီးနှင့် ကောက်ခင်း၊ ပြောင်းခင်း၊ ပဲခင်းမှာ ရေဥတု အပြတ်အလပ် မရှိရအောင် ကြောင့်ကြစိုက်မှု တူသည်။

၅။ ပဝတ္တိအခါ၌ ရရှိသော စည်းစိမ်စုနှင့် ကောက်၊ ပြောင်း၊ ပဲ၊ အသီးအနှံ တူသည်။

၆။ ထိုဘဝ၌ ခံစား၊ စံစားရသော ပီတိ သောမနဿ သုခဝေဒနာ စုနှင့် ထမင်း၊ ဘောဇဉ် အမြိန် အရသာစု တူသည်။

၇။ ထိုဘဝ၌ ထိုထမင်းမှု ဟူသော ဝိပရိဏာမ ဒုက္ခနှင့်ခံတွင်းမှာ ဝါး၍ အဆင်း၊ အနံ့၊ အရသာ ပျက်ပြီးသော ထမင်း၊ ဟင်းစု တူသည်။

၈။ သေဆုံးမှုနှင့် ကျင်ကြီး၊ ကျင်ငယ်မှု တူသည်။

ပဋိသန္ဓေခန္ဓာ တည်ပြီးနောက် ပျက်ဆုံးရန် အခွင့်ဆိုက်ခဲ့လျှင် ဘယ်အခါ ဘယ်ခဏမဆို ပျက်ဆုံးတတ်သော ဝိပရိဏာမ သဘော အမြဲမကွာ အစဉ်ပါ၍ နေ၏။

ထို့ကြောင့် ပျက်ဆုံးရန် အခွင့်ဆိုက်၍ ပျက်ဆုံးမှုနှင့် အနာရောဂါဖြစ်ပွားမှု ဟူသော ဝိပရိဏာမဒုက္ခ၊ ပျက်ဆုံးအံ့သော အရေးအခွင့်မှု ကင်းလွတ်ပါရခြင်းငှာ ကြောင့်ကြစိုက်ကြရသော ဝိပရိဏာမဒုက္ခ၊ ဤသို့စသော ဝိပရိဏာမဒုက္ခတို့ကိုလည်း ဥပမာနှင့် အလားတူ သိလေ။

ယခါရဒုက္ခတို့မှာ ထပ်ကြပ်ပါသော ဒုက္ခဒုက္ခ၊ ဝိပရိဏာမဒုက္ခ မှုတို့မှာ ထပ်ကြပ်ပါသော ဒုက္ခဒုက္ခ၊ ဤဒုက္ခဒုက္ခကိုလည်း သိလေ။

ထမင်းကို သာယာသောသူကို ထိုထမင်းသည် ဒုက္ခ ၃-မျိုးတို့နှင့် နှိပ်စက် ညှဉ်းပန်းသကဲ့သို့၊ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာကို သာယာသော သူကို ထိုခန္ဓာ ၅-ပါးစုသည် ဒုက္ခ ၃-မျိုးနှင့် ဘဝတိုင်း ဘဝတိုင်း နှိပ်စက်ညှဉ်းပန်း၏။

ကောက်၊ ပဲ၊ ပြောင်း၊ နှမ်းကို သာယာခြင်း မကင်းသောသူကို အနှစ် အသချေ်ပင် တိုင်သော်လည်း သာယာခြင်းမကင်းသမျှ ကာလပတ်လုံး ထို ကောက်၊ ပဲ၊ ပြောင်း၊ နှမ်းသည် ဒုက္ခ ၃-မျိုးတို့ဖြင့် နှစ်စဉ်ထာဝရ နှိပ်စက်ညှဉ်း ပန်း၍

www.dhammaransi.com



သွားလေသကဲ့သို့၊ ထိုခန္ဓာစုကို သာယာသော ပုထုဇဉ်သတ္တဝါကို ကမ္ဘာဘဝ အနန္တ အနမတဂ္ဂတိုင်အောင်ပင် ထိုခန္ဓာစုသည် ဒုက္ခ ၃-မျိုးတို့ဖြင့် ဘဝတိုင်း ဘဝတိုင်း နှိပ်စက်ညှဉ်းပန်းလေ၏၊ ခန္ဓာကို သာယာခြင်း ပြတ်ကင်းသောအခါမှ ထိုဒုက္ခ ၃-မျိုး ကျွတ်လွတ်လေ၏။

ထို့ကြောင့် ထိုဒုက္ခ ၃-မျိုးကို ကြောက်သောသူအား ထိုဒုက္ခ ၃-မျိုးမှ လွတ်ကင်းစေခြင်းငှာ လူ့ဘဝ, လူ့ခန္ဓာစုထဲမှလည်း ခိုကိုးရာမရှိ၊ နတ်ဘဝ, နတ်ခန္ဓာစုထဲမှာလည်း ခိုကိုးရာမရှိ၊ ဗြဟ္မာ့ဘဝ ဗြဟ္မာ့ခန္ဓာစုထဲမှာလည်း ခိုကိုးရာမရှိ၊ ထိုလူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ တို့၏ ချုပ်ငြိမ်းမှု, ဇာတ်သိမ်းမှု ဟူသော အသင်္ခတ နိဗ္ဗာန်တစ်ခုသည်သာလျှင် ထိုဒုက္ခ ၃-မျိုးတို့မှ လွတ်လိုသောသူ၏ ခို ကိုးရာအစစ် ဖြစ်ပေသတည်း။

( ဤကား ခံစားမှု, စံစားမှု ပီတိ သောမနဿ သုခဝေဒနာ မရှိသော သန္တိသုခမျိုးသည်သာလျှင် ဧကန္တသုခမှန်ကြောင်းကို ပဉ္စက္ခန္ဓာ ဒုက္ခာ ဟူသော ပုဒ်နှင့် စပ်၍ ပြချက်တည်း။ )

နောက်နောက်ပုဒ်တို့၌လည်း ဤနည်းနှင်နှင် အကျယ်ကိုသိလေ။

ပဉ္စက္ခန္ဓာရောဂါ။ ။ လူ, နတ်, ဗြဟ္မာ ခန္ဓာ ၅-ပါးတို့သည် ဇရာ, မရဏတည်းဟူသော ကျင်နာကိုက်ခဲမှု တစ်ရံမစဲ အမြဲရှိနေသောကြောင့် ရောဂါ သည် ရောဂါဆိုးတို့သာတည်း၊ ထို့ကြောင့် ထိုခန္ဓာတို့၏ ချုပ်ငြိမ်းမှု, ဇာတ်သိမ်း မှုသည် ဧကန္တသုခမှန်ပေသတည်း။

ဇီဝကဝတ္ထုတွင် ရာဇဂြိုဟ်သူဌေး အတ္ထုပ္ပတ္တိကဲ့သို့ ရောဂါဆိုး ကပ်ရောက် သောသူသည် မိမိလက်ရှိဖြစ်သော သူဌေး သူကြွယ် စည်းစိမ်, ပဒေသရာဇ် ဧကရာဇ် စကြာမန္ဓာတ်မင်းစည်းစိမ် ဟူသော ဝေဒယိတ သုခမျိုးကို စွန့်လွှတ်၍ ထိုရောဂါဆိုးပျောက်ငြိမ်းမှု ဟူသော သန္တိသုခတစ်ခုကို အရယူရသော ယုတ္တိကို ထောက်လေ။ ။ ထို့ကြောင့် -

ယံကဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိံ။

ဟူ၍ ဟောတော်မူပေသည်။

www.dhammaransi.com



ယံကိဉ္စိ၊ အလုံးစုံသော။ ဝေဒယိတ၊ ခံစားမှု, စံစားမှုသည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုခံစားမှု, စံစားမှုဟူသမျှသည်။ ဒုက္ခသ္မိံ၊ ဒုက္ခထဲကချည်း ပေတည်း။ ။ ( ဤကား အနက်။ )

ခံစားဖွယ် စံစားဖွယ်, ခံစားမှု စံစားမှု ဟူသော ဝေဒယိတသဘော အမြွက်လေမျှ မရှိခြင်းသည်သာ သုခအမှန် ဖြစ်သည် ဟူလိုသည်။ ။ ( နောက် ၃၇-ပုဒ်တို့၌လည်း ဤနည်းနှင့်နှင့်သိလေ။ နိဗ္ဗာနကထာ စကားကျယ်ပွားလွန်းမည်ကြောင့် နောက်ပုဒ်တို့ကို မဆိုလိုက်ပြီ။ )

လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝ ဟူသော ခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့၏ ချုပ်ငြိမ်းမှု, ဇာတ်သိမ်းမှု ဟူသော နိဗ္ဗာန်၏ အနန္တဂုဏ်ကို ရိပ်မိလိုကြလျှင် ဤ ၄၀-သော ဘာဝနာပုဒ်တို့၏ အနက်အဓိပ္ပာယ် အကျယ်ကို ထင်နိုင်, မြင်နိုင်အောင် အားထုတ်ကြရမည်။

လောက၌ ဣဋ္ဌသမ္ဘတ္တိဓမ္မတစ်မျိုး, အနိဋ္ဌဝိပတ္တိဓမ္မတစ်မျိုး ဟူ၍ ၂-မျိုး ရှိကြသည်တွင် ဣဋ္ဌဓမ္မ[၁] သမ္ဘတ္တိဓမ္မ[၂] မျိုးတို့မှာ ဖြစ်ထွန်းပွားများမှုသည် အမြတ်သုခဖြစ်၏၊ ဆုတ်ယုတ်ကွယ်ပမှုသည် အယုတ်ဒုက္ခ ဖြစ်၏၊ အနိဋ္ဌဓမ္မ[၃] ဝိပတ္တိဓမ္မ[၄] မျိုးတို့မှာ ဆုတ်ယုတ်ကွယ်ပမှုသည် အမြတ်သုခဖြစ်၏၊ ဖြစ်ထွန်းပွားများမှုသည် အယုတ်ဒုက္ခဖြစ်၏။

လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝ ဟူသော ခန္ဓ ၅-ပါးတို့သည် ဤဘာဝနာပုဒ် ၄၀-အရ အပြစ်ဒေါသ အာဒီနဝပေါင်း အကျဉ်းချုပ်အားဖြင့် ၄၀၊ အကျယ်အားဖြင့် အနန္တအပ္ပမေယျ ရှိကုန်ကြသည်ဖြစ်၍ ဧကန္တ အနိဋ္ဌဓမ္မ, ဧကန္တ ဝိပတ္တိဓမ္မတို့သည်သာ အမှန်ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့၏ ရှိခြင်းသည်သာလျှင် အယုတ်ဒုက္ခဖြစ်၏၊ မရှိခြင်းသည်သာလျှင် အမြတ်သုခဖြစ်၏၊ မရှိခြင်းထက် ပိုမို၍ အားထုတ်ဖွယ်ကိစ္စမရှိ။

ဥပမာ။ ။ ဥပမာကား - တစ်ယောက်သောသူသည် အနမတဂ္ဂသံသရာ

---

၁၊ ဣဋ္ဌဓမ္မ - အလိုရှိအပ်သော သဘောမျိုး၊ ၂၊ သမ္ဘတ္တိဓမ္မ - ပြည့်စုံမှုသဘောမျိုး၊
၃၊ အနိဋ္ဌဓမ္မ - အလိုမရှိအပ်သော သဘောမျိုး၊ ၄၊ ဝိပတ္တိဓမ္မ - မပြည့်မစုံ ပျက်စီးမှု သဘောမျိုး၊

www.dhammaransi.com



တွင် တစ်နာရီ, တစ်ခဏမျှ သက်သာရာမရသော နူနာကြီး, ပန်းနာကြီး စွဲ၍ အနမတဂ္ဂ ဘဝကမ္ဘာပတ်လုံး တလူးလဲလဲ တညည်း ညူညူနှင့်သာ နေရရာ၏၊ ထိုနူနာကြီး, ပန်းနာကြီး အကုန်အစင် ပျောက်ငြိမ်းလျှင်လည်း ခန္ဓာကိုယ်လည်း အပြီးကွယ်ပျောက်တော့မည်။ နောက်ကို တစ်စုံတစ်ရာမျှ ဖြစ်ရတော့မည်မဟုတ်၊ ဧကန္တဥစ္ဆိန္နဖြစ်၍ ကွယ်ဆုံးလေတော့မည် ဟူရာ၏။

၁။ ဤသူမှာ နူနာကြီး, ပန်းနာကြီး မပြတ်မစဲ အမြဲနှိပ်စက်မှုနှင့် ရက်ရှည်, လရှည်, နှစ်ရှည်, ဘဝရှည်, ကမ္ဘာရှည် တည်၍နေမှု ၁-ပါး။

၂။ နူနာကြီး, ပန်းနာကြီး ချုပ်ငြိမ်းလျှင် ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် အပြီးပြတ်တောက် ကွယ်ပျောက်၍ ဥစ္ဆိန္န ဖြစ်၍ သွားမှု ၁-ပါး။

မေး။ ဤ ၂-ပါးတွင် ထိုသူမှာ အဘယ်အမှုသည် သုခဖြစ်မည်နည်း။ အဘယ်အမှုသည် ဒုက္ခဖြစ်မည်နည်း၊ ထိုသူသည် အဘယ်အမှုကို ရလိုလိမ့်မည်နည်း၊ အဘယ်အမှုကို စွန့်လိုလိမ့်မည်နည်း၊ အဘယ်အမှုကို အထွတ်အမြတ်ပြု၍ ချီးမွမ်းအပ်သနည်း။

ဖြေ။ ဥစ္ဆိန္နဖြစ်၍ တစ်စုံတစ်ခုသော ဒုက္ခမည်သည် အမြွက်လေသံ မျှ မရှိ၊ ခံစားမှု, စံစားမှု ဟူ၍လည်း အမြွက်လေသံမျှ မရှိ၊ ပူပန်ပင်ပန်းမှု ခပ်သိမ်းလည်းမရှိ၊ ခံစားမှု, စံစားမှု ခပ်သိမ်းလည်းမရှိ၊ ထို့ကြောင့် ထိုရောဂါကြီး သည် ဥစ္ဆိန္နအဖြစ်ကိုသာ အထွတ်အမြတ် ချီးမွမ်းအပ်သတည်း။ ( ဥပမာ )

ပဋိသမ္ဘိဒါမဂ်။ ။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ "ပဉ္စက္ခန္ဓေအနိစ္စတော၊ ဒုက္ခတော။ လ။ သံကိလေသိကဓမ္မတော" ဟူ၍လည်း ဟောတော်မူအပ်သော ၄၀-အတိုင်းအရှည်ရှိသော အကြီးအကျယ် ကြောက်ဖွယ်, လန့်ဖွယ်ဖြစ်သော အပြစ်ဒေါသ အာဒီနဝ တို့သည် ရှိကုန်၏၊ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝ - ဟု ဆိုအပ်သော ထိုခန္ဓာ ၅-ပါးတို့သည် ထိုအပြစ်ဒေါသ အာဒီနဝ ံတို့နှင့် ပြည့်စုံကုန်၏၊ ထိုနူနာကြီး, ပန်းနာကြီးနှင့် နေရသောသူမှာ အနာရောဂါ ဒုက္ခတစ်မျိုးမျှသာ ခံစားရသည်၊ သံသရာ၌ ကျင်လည်မျောပါး၍ နေကြရသော ခန္ဓာ ၅-ပါး တရားရှင် တို့မှာမူကား အနိစ္စမှုကြောင့် လူ့ဘဝတွင် အမြဲနေခွင့်မရ၊ နတ်ဘဝတွင် အမြဲ နေခွင့်မရ၊ ဗြဟ္မာ့ဘဝတွင် အမြဲနေခွင့်မရ၊ အပါယ်ငရဲသို့ အဖန် တလဲလဲ ကျရောက်

www.dhammaransi.com



ရလေ၏၊ အသက်တစ်ရှူမျှ သက်သာရာမရဘဲ မီးငရဲ၌ အနှစ်တစ်သိန်း စသည် အဖန်ဖန် ခံစားရလေ၏၊ မီးငရဲမှာ တစ်နာရီနေရသည် ထက် နူနာကြီးနှင့် လှူဘောင်မှာ အနှစ်တစ်ရာနေရခြင်းသည် ကောင်းမြတ်သေး ၏။

တေမိဇာတ်၌ ငါတို့ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်မှာ အနှစ် ၂၀ မျှ မင်းလုပ်ခဲ့သည့်အတွက် ဥဿဒငရဲမှာ အနှစ် ၈ သောင်း ခံရသည် ဟုလာ၏၊ သူသူ, ငါငါ သတ္တဝါတို့မှာ ဆိုဖွယ်ရာမရှိ၊ ဤသို့ ဖြစ်ရခြင်းသည် အနိစ္စအတွက်ပေတည်း။

ဤသို့လျှင် ထို ၄၀ သော အပြစ်ဒေါသ အာဒီဝနတို့တွင် အနိစ္စအတွက် တစ်ခုနှင့်ပင် ထိုလူ, နတ်, ဗြဟ္မာ ခန္ဓာ ၅ ပါးသည် အလွန်ကြောက်မက်ဖွယ် ကောင်းလေစွ၊ ထိုသို့ အကြီးအကျယ် ကြောက်မက်ဖွယ်ဖြစ်သော ထိုခန္ဓာ ၅ ပါး တို့၏ ချုပ်ငြိမ်းခြင်း, ဇာတ်သိမ်းခြင်းအမှု ဟူသော မဟာအသခ်တနိဗ္ဗာန်ကြီး မည်သည် ဘယ်ဟာတစ်ခုမျှ ချီးမွမ်းစရာမရှိသော အဘာဝမတ္တာ[၂] မျှသာဖြစ်သည် ဟု မရှုံ့ချထိုက်၊ အချည်းနှီးသာဖြစ်သည်ဟု မရှုံ့ချထိုက်၊ ထိုချုပ်ငြိမ်းမှု ဇာတ်သိမ်း မှုသည် ကျမ်းဂန်တို့၌လာသော ဂမ္ဘီရ, ဒုဒ္ဒသ, ဒူရနုဗောဓ[၃], သန္တ[၄], ပဏီတ[၅], ပရမသုခ အစရှိသော နိဗ္ဗာန်၏ဂုဏ်ကျေးဇူးတို့နှင့် မထိုက်မတန်ဟု မရှုံ့ချထိုက်။

အနမတဂ္ဂသံသရာဝယ် အကြင်မျှလောက် ခန္ဓ ၅ ပါး၏ အပြစ်ဒေါသ အာဒီနဝတို့သည် ကြီးကျယ်ကုန်၏၊ ထိုမျှလောက် ချုပ်ငြိမ်းမှု၏ ဂုဏ်ကျက်သရေ တို့သည် ကြီးကျယ်ကုန်၏၊ အကြင်မျှလောက် ခန္ဓာ ၅ ပါးတို့၏ ဒုက္ခနယ်သည် ကြီးကျယ်၏၊ ထိုမျှလောက် ထိုချုပ်ငြိမ်းမှု၏ သုခနယ်သည် ကြီးကျယ်၏။

( ဤကား ခံစားမှု, စံစားမှု မရှိသော သန္တိသဘော၏ ပရမသုခ အမှန်ဖြစ်ကြောင်းကို ထင်ရှားသိသာစေခြင်းငှာ ဘာဝနာ ၄၀ နှင့် စပ်ဖက်၍ ပြဆိုလိုက်သော အခန်းတည်း။ )

ဤတွင်ရွှေ့ကား ပရမသုခသဘော ပြီး၏။
ဤတွင် ဝိတ္ထာရကဏ္ဍပြီး၏။

---

၁၊ အာဒီနဝ - အပြစ်၊
၂၊ အဘာဝမတ္တ - မရှိခြင်းမျှ၊
၃၊ ဒူရနုဗောဓ - သိနိုင်ခဲသည်၊
၄၊ သန္တ - ငြိမ်သက်သည်၊
၅၊ ပဏီတ - မြတ်သည်၊

www.dhammaransi.com



## နာနာဂန္တ နာနာဝါဒဝိသောဓနကထာ
## က္လတိဝုတ်ပါဠိတော်အရ - နာနာဝါဒပြဆိုပုံ

ယခုအခါ နာနာဂန္တ နာနာဝါဒ ဝိသောဓန ကထာ ဟူသော တတိယ ကထာကို ပြဆိုအံ့။ ။ အကြင် ပါဠိတော်တို့၌ ဆရာတို့သည် အထူးထူး အထွေထွေ ယူကြ ပြောဆို ရေးသားကြကုန်၏၊ ထို ပါဠိတော်တို့ကို ထုတ်ပြ၍ ဆရာတို့ ယူကြပုံကိုလည်း ပြဆိုအံ့၊ ငါတို့ ယူပုံကိုလည်း ပြဆိုအံ့၊ နှစ်သက်ရာ ယူကြလေ ကုန်။

ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော၊ ကတမာ ဒွေ၊ သဉပါဒိသေသာ စ နိဗ္ဗာနဓာတု, အနုပါဒိသေသာ စ နိဗ္ဗာနဓာတု။

က္လဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ၊ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ၊ ယေသံ အဝိဃာတတ္တာ မနာပမ္ပိ ပစ္စနုဘောတိ၊ အမနာပမ္ပိ ပစ္စနုဘောတိ၊ မနာပါမနာပမ္ပိ ပစ္စနုဘောတိ၊ တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု။

ကတမာစ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု။

က္လဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ၊ တဿ က္လဓေဝ သဗ္ဗဝေဒယိတာနိ သီတိ ဘဝိဿန္တိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု။

ဒွေ က္လမာ စက္ခုမတာ ပကာသိတာ နိဗ္ဗာနဓာတု-အနိဿိတေန တာဒိနာ၊ ဧကာ ဟိ ဓာတု က္လဓ ဒိဋ္ဌဓမ္မိကာ သဉပါဒိသေသာ ဘဝနေတ္တိ သင်္ခယာ၊ အနုပါဒိသေသာ သမ္ပရာယိကာ ယမှိ နိရုဇ္ဈန္တိ ဘဝါနိ သဗ္ဗသော။

( လိုရင်းမဟုတ်သော ပုဒ်ကိုချ၍ ထုတ်ပြအပ်သော က္လတိဝုတ်

www.dhammaransi.com



ပါဠိတော်။ )

(က) ယော ရာဂက္ခယောတိ ရာဂဿ ခယော၊ ခီဏာကာရော၊ အဘာဝေါ၊ အစ္စန္တမနုပ္ပါဒေါ။

(ခ) သီတိ ဘဝိဿန္တီတိ အစ္စန္တဝူပသမေန သင်္ခါရ ဒရထ ပဋိပဿဒ္ဓိယာ သီတလီ ဘဝိဿန္တိ၊ အပ္ပဋိသန္ဓိကနိရောဓေန နိရုဇ္ဈိဿန္တီတိ အတ္ထော။

(ဂ) ဒိဋ္ဌဓမ္မိကာတိ ဣမသ္မိံ အတ္တဘာဝေ ဘဝါ ဝတ္တမာနာ။

(ဃ) သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ ဝတ္တမာနာ။

( ၎င်းအဋ္ဌကထာ လိုရင်းပါဠ်စု။ )

**အချို့ဆရာတို့အယူ။** ။ ဤပါဠိတော်၌ အချို့သောဆရာတို့သည် "ဧကာ ဟိ ဓာတု ဣဓဒိဋ္ဌဓမ္မိကာ သဥပါဒိသေသာ၊ အနုပါဒိသေသာ သမ္ပရာယိကာ" ဟူသော ပါဠိတော်ပုဒ်များကို ထောက်၍လည်းကောင်း။

"ယော ရာဂက္ခယောတိ ရာဂဿ ခယော၊ ခီဏာကာရော၊ အဘာဝေါ၊ အစ္စန္တမနုပ္ပါဒေါ။ ။ ဒိဋ္ဌဓမ္မိကာတိ ဣမသ္မိံ အတ္တဘာဝေ ဘဝါ ဝတ္တမာနာ။ ။ သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ ဝတ္တမာနာ" ဟူသော အဋ္ဌကထာပါဠ်များကို ထောက်၍လည်းကောင်း။

ဤပါဠိတော်မှာ လာသော နိဗ္ဗာန် ၂ ပါးကား အသင်္ခတ ဖြစ်သော အဘာဝပညတ် ၂ ပါးသာတည်း၊ ကိလေသာတို့၏ တစ်ဖန် မဖြစ်ခြင်းဟူသော အဘာဝပညတ်ကို သဥပါဒိသေသနိဗ္ဗာန်ဆိုသည်၊ ခန္ဓာတို့၏ တစ်ဖန် မဖြစ်ခြင်းဟူသော အဘာဝပညတ်ကို အနုပါဒိသေသ နိဗ္ဗာန်ဆိုသည်။

သဂြိုဟ်ကျမ်းမှာကဲ့သို့ ပရမတ် အစစ်အမှန်ဖြစ်သော နိရောဓသစ္စာ ဟုဆိုအပ်သော အသင်္ခတနိဗ္ဗာန် ၂ ပါးကို ဆိုသည်မဟုတ်၊ ထိုပရမတ် အစစ်

www.dhammaransi.com



အမှန်ဖြစ်သော နိရောဓသစ္စာ ဟု ဆိုအပ်သော အသင်္ခတနိဗ္ဗာန်သည်ကား - အစဉ်ထာဝရ တစ်ပါးတည်း အမြဲတည်နေသော တရားဖြစ်ပေ၍ "ဒိဋ္ဌဓမ္မိကာ" ဟူ၍လည်းကောင်း, "သမ္ပရာယိကာ" ဟူ၍လည်းကောင်း ဆိုထိုက်သော အခွင့် မရှိ၊ ပရမတ္ထဓမ္မ အနေအားဖြင့် ထင်ရှားရှိနေသော ဘာဝတရားဖြစ်ပေ၍ "ရာဂဿ ခယော ဒီဃာကာရော အဘာဝေါ" ဟူ၍လည်း ဆိုထိုက်သော အခွင့် မရှိ။

( ဤကား ဤပါဠိတော်၌အချို့သောဆရာတို့၏ အယူပေတည်း။ )

**အချို့ဆရာတို့အယူတစ်မျိုး။** ။ အချို့သော ဆရာတို့ကား ဤပါဠိတော်မှာ လာသော နိဗ္ဗာန် ၂ ပါးတွင် သဉပါဒိသေသ နိဗ္ဗာန် ဆိုသည်ကား - ကိလေသာတို့၏ ကုန်ခန်းခြင်း တည်းဟူသော ဒီဃာကာရပညတ်မျှကို လည်းကောင်း ကိလေသာတို့၏ မရှိခြင်းတည်းဟူသော အဘာဝပညတ်မျှကို လည်းကောင်း သဉ ပါဒိသေသ နိဗ္ဗာန် ဆိုသည်၊ ထို့ကြောင့် အဋ္ဌကထာ၌ "ရာဂဿ ခယော ဒီဃာ ကာရော အဘာဝေါ" ဟူ၍ ဖွင့်တော်မူသည်။

အနုပါဒိသေသ နိဗ္ဗာန် သည်မူကား - ပရမတ္ထ အစစ်အမှန်ဖြစ်သော အသင်္ခတ နိဗ္ဗာန်ကြီးပင်တည်း၊ ထိုနိဗ္ဗာန်ကြီးကို "သမ္ပရာယိကာ" ဟူ၍ဟော တော်မူသည်။ ။ အဋ္ဌကထာ၌လည်း -

"သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါဝတ္တ- မာနာ"ဟု ဖွင့်သည်။

သမ္ပရာယိကာတိ၊ သမ္ပရာယိကာ ဟူသည်ကား။ ခန္ဓဘေဒတော၊ ခန္ဓာ ချုပ်ပျက်သည်မှ။ သမ္ပရာယေ ပရဘာဂေ၊ နောက်အဖို့၌။ ဘဝါဝတ္တမာနာ၊ ဖြစ်သောနိဗ္ဗာန်တည်း။ ( ဤကားအနက်။ )

ဤ ပါဠိ အဋ္ဌကထာတို့ကို ထောက်၍ ပရမတ္ထ အစစ်အမှန်ဖြစ်သော နိဗ္ဗာန်သည် ရှေးရှေး သံသရာ ကမ္ဘာ ကမ္ဘေက တစ်ခုတည်း တစ်ပါးတည်းဖြစ်၍ အစဉ်ထာဝရ ရှိနေသည်မဟုတ်၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာပုဂ္ဂိုလ်တို့ တစ်ပါး တစ်ပါး ပရိနိဗ္ဗာန်စံရာတွင်မှ သူ့နိဗ္ဗာန်နှင့်သူ အသီးအသီး စုတိစိတ် ချုပ်သည်မှ နောက်၌ အလွန်သိမ်မွေ့သော အခြင်းအရာအားဖြင့် ဖြစ်ပေါ်၍လာသော အသင်္ခတဓာတ်ကြီးပေတည်း၊ ဖြစ်ပေါ်သည်မှ နောက်၌အစဉ်ထာဝရမြဲ၍ နေသော ကြောင့် နိစ္စဓုဝ သဿသဟူ၍ ဆိုအပ်သတည်း။

www.dhammaransi.com



( ဤကား ပါဠိတော်၌အချို့သော ဆရာတို့၏ အယူပေတည်း။ )

ငါတို့အယူ။ ။ ငါတို့အယူကား ဤပါဠိတော်မှာ သဥပါဒိသေသ နိဗ္ဗာန်မှာလည်း "တဿယောရာဂက္ခယော" ဟူ၍လာသည်၊ အနုပါဒိသေသနိဗ္ဗာန် မှာလည်း "တဿယောရာဂက္ခယော" ဟူ၍ လာသည်၊ ထိုသို့ သာသည်တွင် အဋ္ဌကထာ၌ ရှေ့ပုဒ်ကိုသာ "ယော ရာဂက္ခယောတိ ရာဂဿ ခယော၊ ခီဏာကာရော၊ အဘာဝေါ၊ အစ္စန္တမနုပ္ပါဒေါ" ဟူ၍ ဖွင့်သည်၊ နောက်ပုဒ်ကို မဖွင့်ပြီ။

၁။ ရှေ့ပုဒ်, နောက်ပုဒ် အထူးရှိခဲ့လျှင် အသီးအသီး ခြားနားစွာ ဖွင့်ရာသည်၊ မဖွင့်ခဲ့ပါ၊ ဤလည်းတစ်ကြောင်း။

၂။ "ရာဂဿ ခယော၊ ခီဏာကာရော၊ အဘာဝေါ၊ အစ္စန္တမနုပ္ပါဒေါ" ဟူရာ၌ "အစ္စန္တမနုပ္ပါဒေါ" ဟူသော နောက်ဆုံးပုဒ်သည် ပရမတ္ထ အသင်္ခတ နိဗ္ဗာန်ကြီး၏ အမည်ဖြစ်ပေသည်တစ်ကြောင်း။

၃။ ထိုနိဗ္ဗာန်ကြီးသည် ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာ ၅ ပါး ထင်ရှားရှိစဉ် လည်း ရှိလျက် တည်လျက်ပင် ရှိလေသည်၊ ခန္ဓာပျက်ဆုံးသည်မှ နောက်၌လည်း ရှိလျက် တည်လျက်ပင်ရှိလေသည်၊ ထို့ကြောင့် "ဒိဋ္ဌဓမ္မိကာ သမ္ပရာယိကာ" ဟူ ၍ ဆိုထိုက်ပေသည် တစ်ကြောင်း။

၄။ အဋ္ဌကထာမှာလည်း ရှိခြင်းအနက် တည်ခြင်းအနက်တို့နှင့် ဆက် ဆံသော ဘဝသဒ္ဒါ ဝတ္တမာနာသဒ္ဒါတို့နှင့်သာ ဖွင့်ဆိုသည်၊ ဥပ္ပန္နသဒ္ဒါ ဇာတသဒ္ဒါ တို့နှင့် မဖွင့်လေသည် တစ်ကြောင်း။

ဤသို့သော အကြောင်းများကြောင့် ဤပါဠိတော်မှာ လာသော နိဗ္ဗာန် ၂ ပါးသည်လည်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ သင်္ဂြိုလ် ကျမ်းတို့မှာလာသော နိဗ္ဗာန် ၂ ပါးနှင့် ထပ်တူ ထပ်မျှ ပရမတ္ထ အသင်္ခတ နိဗ္ဗာန် ကြီးပင် ဖြစ်သည် ဟု ငါတို့ယူပေသည်။

ဆရာတို့အယူ။ ။ အကြင် ဆရာတို့သည် ထိုထိုရဟန္တာ ပုဂ္ဂိုလ်တို့ ခန္ဓာ ကမ္ဘဇရုပ် ချုပ်ပြီးသော နောက်မှသာ ပရမတ္ထအသင်္ခတ နိဗ္ဗာန်ကြီး၏ ဖြစ်ပေါ်

www.dhammaransi.com



ခြင်းကို အလိုရှိကြကုန်၏၊ ထိုဆရာတို့၏ အယူ၌ ရဟန္တာ အဖြစ်သို့ပင် ရောက်သော်လည်း စုတိကမ္မဇရုပ် မချုပ်မီအတွင်း နိဗ္ဗာန်မရှိသေး၍ နိဗ္ဗာန်သို့ရောက်သည် ဟူ၍ မဆိုရသေး၊ နိဗ္ဗာန်သို့ ဆိုက်သည်ဟူ၍ မဆိုရသေး၊ နိဗ္ဗာန်ကို ရသောသူ ဟူ၍ မဆိုရသေး၊ စုတိကမ္မဇရုပ် ချုပ်သည်၏ အခြားမဲ့မှာ ဖြစ်ပေါ်လာလတ္တံ့သော အနာဂတ်ကို လှမ်း၍ မြင်ရရုံမျှသာ ရှိသေးသည် ဟု ဆိုလို၏။

ကိလေသာတို့၏ ချုပ်ငြိမ်းမှု, ခန္ဓာတို့၏ ချုပ်ငြိမ်းမှု ၂ ပါး ရှိသည်တွင် မဂ်ခဏ, ဖိုလ်ခဏတို့၌ ကိလေသာတို့သည် ချုပ်ငြိမ်းလေကုန်၏၊ ထိုအခါ ပရမတ္ထအသင်္ခတ နိဗ္ဗာန်ကြီးရှိပင် မရှိသေး၊ ထိုရဟန္တာပုဂ္ဂိုလ်သည် မိမိကိုယ်ခန္ဓာမှာ ရောဂါတို့၏ ဖြစ်ပေါ်လာခြင်း, အနာတို့၏ ဖြစ်ပေါ်လာခြင်း, အထူးထူးသော အနိဋ္ဌရုပ် ဒုက္ခဝေဒနာတရားတို့၏ ဖြစ်ပေါ်ခြင်း ဟူသော ဇာတိဒုက္ခမှလည်း မလွတ်သေး၊ အိုရခြင်းတည်းဟူသော ဇရာဒုက္ခမှလည်း မလွတ်သေး၊ သေရခြင်းတည်းဟူသော မရဏဒုက္ခမှလည်း မငြိမ်းသေး၊ ခန္ဓာကိုယ်ကြီးကို မွေးမြူမှုဒုက္ခ, ဆောင်ရွက်မှုဒုက္ခတို့မှလည်း မလွတ်သေး၊ မီးဘေး, ရေဘေး, မင်းဘေး, သူခိုးဓားပြဘေး အစရှိသော ဘေးတို့မှလည်း မလွတ်သေး။

ပရမတ္ထ အသင်္ခတနိဗ္ဗာန်ကြီးမည်သည် တစ်စုံတစ်ခုသော ဒုက္ခဘယမရှိပြီ၊ ရဟန္တာပုဂ္ဂိုလ်မှာ ဆိုခဲ့ပြီးသော ဒုက္ခဘယအနန္တတင်းလင်း၌နေ၏၊ စုတိကမ္မဇရုပ်ချုပ်၍ ထိုခန္ဓာကြီး ကွယ်ပျောက်မှ ထိုဒုက္ခဘယခပ်သိမ်း ကင်းငြိမ်းလေ၏၊ ထိုအခါမှ နိဗ္ဗာန်ကြီးပေါ်လာ၍ နိဗ္ဗာန်သို့ရောက်သည်၊ နိဗ္ဗာန်ကို ရသည်ဟု ဆိုအပ်ပေသတည်း။

( ဤကား ဆရာတို့၏ အယူတည်း။ )

ဤတွင်ရွေ့ကား ဣတိဝုတ်ပါဠိတော်အရ နာနာဝါဒ ပြဆိုပုံ ပြီး၏။

**ကိလေသာချုပ်ငြိမ်းမှုသာ ပဓာနဖြစ်ပုံ။**

ကိလေသာတို့၏ ချုပ်ငြိမ်းမှု, ခန္ဓာတို့၏ ချုပ်ငြိမ်းမှု ၂-ပါးရှိသည်တွင် ကိလေသာတို့၏ ချုပ်ငြိမ်းမှုသည်သာလျှင် မုချပဓာနပေတည်း၊ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုမှာကား ကိလေသာချုပ်ငြိမ်းမှု၏ အမြဲတစိုက် နောက်လိုက်နောက်ပါသာလျှင်တည်း။

အဆိပ်ပင်ကို သတ်သောသူသည် အမြစ်ကို မတူးမဖြတ်မူ၍ အပင်, အကိုင်းအခက်ကိုသာ ဖြတ်ခဲ့အံ့၊ အဆိပ်ပင်ကို သတ်သောသူဟူ၍ မဆိုလောက်၊ အပင်, အကိုင်းအခက်တို့ကိုမူကား မထိပါးမူ၍ အမြစ်ဟူသမျှတို့ကို တူးဖော်ဖြတ်

www.dhammaransi.com



တောက် မီးရှိ, ပြာပြု၍ ပစ်သောသူသည်သာ အဆိပ်ပင်ကို သတ်သောသူ စင်စစ်ဖြစ်သည်၊ အမြစ်တို့၏ ပျက်ဆုံးမှုသည်သာ ပဓာနဖြစ်၏၊ အပင်, အကိုင်း အခက်တို့၏ ပျက်ဆုံးမှုသည် အမြစ်ပျက်ဆုံးမှု၏ အမြဲတစိုက် နောက်လိုက် နောက်ပါသည်သာ ဖြစ်၏။

ဒုတိယကဏ္ဍာ၌ နိဒါနဝဂ္ဂသံယုတ် သုတ်ပေါင်း ၁၀ တို့၌ ကိလေသာဟူသော အမြစ်အရင်း ပြတ်ခြင်းသည်သာ မုချ ပဓာနဖြစ်ကြောင်းကို သစ်ပင်ဥပမာအမျိုးမျိုး, မီးပုံကြီးဥပမာ, ဆီမီးဥပမာတို့ဖြင့် ဟောတော်မူသော အရာကို ထင်ရှားစွာ ပြဆိုခဲ့ပြီ။

ထိုမှတစ်ပါး အဘိဓမ္မာသစ္စဝိဘင်းပါဠိတော် နိရောဓသစ္စာ၏ ဝိဘင်း၌လည်း-

စက္ခုံ လောကေ ပိယရူပံ၊ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

အစရှိသည်ဖြင့် ဝါကျ ဝါရပေါင်း ၆၀ မျှ နိရောဓသစ္စဝိဘင်းလာသည် မှာလည်း ကိလေသာတို့၏ ချုပ်ငြိမ်းမှုကိုသာ ပဓာနပြု၍ လာသည်။

ထို့အတူ ဓိယနိကာယ် မဟာသတိပဋ္ဌာနသုတ်, မဇ္ဈိမနိကာယ် မဟာသတိပဋ္ဌာနသုတ်, သတိပဋ္ဌာနသံယုတ် အစရှိသည်တို့ မှာလည်း ထို့အတူ ကိလေသာတို့၏ ချုပ်ငြိမ်းမှုကိုသာ ပဓာနပြု၍ လာသည်၊ ထိုမှတစ်ပါး ဓမ္မစကြာသုတ် နိရောဓသစ္စာ၏ နိဒ္ဒေသတို့မှာလည်း -

(က) တတ္ထ ကတမံ ဒုက္ခနိရောဓော အရိယသစ္စံ။

(ခ) ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော၊ စာဂေါ၊ ပဋိနိဿဂ္ဂေါ၊ မုတ္တိ၊ အနာလယော။

ဟူ၍ ကိလေသာတို့၏ ချုပ်ငြိမ်းမှုကိုသာ ပဓာနပြု၍လာသည်၊ ထိုထို သုတ္တန်တစ်လျှောက်တို့မှာလည်း -

(က) နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော ဝုစ္စတိ၊ ကတမံ တံ နိဗ္ဗာနန္တိ။

(ခ) ယော ခေါ အာဝုသောရာဂက္ခယော, ဒေါသက္ခယော, မောဟ-

www.dhammaransi.com



က္ခယော၊ က္လဒံ ဝုစ္စတိ အာဝုသော နိဗ္ဗာနံ။

အစရှိသည်ဖြင့် နိဗ္ဗာန်ကို ဟောတော်မူရာ၌ ကိလေသာတို့၏ ချုပ်ငြိမ်းမှုကို ပဓာနပြု၍ လာသောအရာ အလွန်ပေါ်များလှ၏။

ထို့ကြောင့် ရဟန္တာတို့၏ စုတိခန္ဓာချုပ်ငြိမ်းမှုမှာသာ ပရမတ္ထအသင်္ခတ နိရောဓသစ္စာ မဟာနိဗ္ဗာန်ကြီးကို ဧကန်စင်စစ် ရထိုက်သည်သာလျှင်တည်း။

၁၅၀၀-ကိလေသာတို့၏ တစ်ခုမကျန် အကုန်ချုပ်ငြိမ်းမှုမှာသာ ရထိုက်သည် မဟုတ်သေး၊ သောတာပတ္တိမဂ်ကိုရ၍ သက္ကာယဒိဋ္ဌိအစရှိသော အချို့သော ကိလေသာတို့၏ နောက်တစ်ဖန် ဖြစ်ပေါ်ခြင်းမရှိ၊ အကြွင်းမဲ့ ချုပ်ငြိမ်းမှုသည် လည်း ပရမတ္ထအသင်္ခတနိရောဓသစ္စာ မဟာနိဗ္ဗာန်ကြီး အဝင်အပါပင်တည်း။

သောတာပန်ပုဂ္ဂိုလ်အား အပါယ်ခန္ဓာစုနှင့်တကွ ၇-ဘဝမှ အထက်၌ အနမတဂ္ဂ ဘဝခန္ဓာ သံသရာဝဋ်ကြီး၏ အပြီးချုပ်ငြိမ်းမှုသည်လည်း ထိုသက္ကာယ ဒိဋ္ဌိ အစရှိသော အချို့သော ကိလေသာတို့၏ ချုပ်ငြိမ်းမှုတွင် တစ်ချက်တည်း တစ်လုံးတည်း ပါလေ၏။ ထိုအနမတဂ္ဂ ဘဝခန္ဓာ သံသရာဝဋ်ကြီး၏ အပြီးချုပ်ငြိမ်းမှုသည်လည်း ပရမတ္ထအသင်္ခတနိရောဓသစ္စာ မဟာနိဗ္ဗာန်ကြီးပင်တည်း။

အမေး ။ ။ ထို တစ်ချက်တည်း တစ်ကြိမ်တည်း ပြီးစီးကြသော ချုပ်ငြိမ်းမှု ၂-ပါးသည် အဘယ်ပုဂ္ဂိုလ်သန္တာန်မှာ ရောက်လေသနည်း။

အဖြေ။ ။ သောတာပန် ပုဂ္ဂိုလ်သန္တာန်မှာ ရောက်လေသည်။

အမေး။ ။ ထိုချုပ်ငြိမ်းမှု ၂-ပါးကို အဘယ်သူသည် ရလေသနည်း။

အဖြေ။ ။ သောတာပန် ပုဂ္ဂိုလ်သည် ရလေသည်။

အမေး။ ။ ထိုချုပ်ငြိမ်းမှု ၂-ပါး ဟူသော အလွန် ခက်ခဲနက်နဲလှစွာသော စခန်းသို့ အဘယ်သူသည် ဆိုက်ရောက်လေသနည်း။

အဖြေ။ ။ သောတာပန် ပုဂ္ဂိုလ်သည် ဆိုက်ရောက်လေသည်။

www.dhammaransi.com



## ကြွင်းကျန်သော ဒုက္ခနှင့် ချုပ်ပြီး ဒုက္ခနှိုင်းယှဉ်ပုံ

သောတာပန်အဖြစ်သို့ ရောက်သောအခါ တွေ့ရန်, ကြုံရန် ကြွင်းကျန်သေးသော ဝဋ်ဒုက္ခနှင့် တွေ့ကြုံဖွယ်ကိစ္စမရှိ၊ ချုပ်ငြိမ်းလေပြီးသော ဝဋ်ဒုက္ခ၏ အနည်း, အများ နှိုင်းယှဉ်ပုံကို ဤပြဆိုလတ္တံ့သော သုတ္တန်တို့ကို ထောက်၍ သိအပ်၏။ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် အဘိသမယဝဂ်၌ သုတ်ပေါင်း ၁၀-လာ၏။ ။ လာပုံကား-

ပထမသုတ် - အမေး ။ ။ မြတ်စွာဘုရားသည် တစ်ခုသော လက်သည်း ပေါ်၌ မြေမှုန့်ကို တင်ထားပြီးလျှင် ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏၊ ချစ်သားရဟန်းတို့ . . ငါ၏ လက်သည်းပေါ်၌ ရှိ သော မြေမှုန့်နှင့် ဤမဟာပထဝီမြေကြီး အားလုံး၌ ရှိသော မြေမှုန့်တို့သည် အဘယ်ကသာ၍ များကြကုန်သနည်း-ဟု မိန့်တော်မူ၏။

အဖြေ ။ ။ ဤမဟာပထဝီမြေကြီး၌ရှိသော မြေမှုန့်တို့ကို နှိုင်းယှဉ်သည်ရှိသော် လက်သည်းပေါ်မှာရှိသော မြေမှုန့်စုသည် အလွန်ပင် နည်းပါးလှပါ၏၊ နှိုင်းယှဉ်ခြင်းငှာ မထိုက်တန်ပါ ဟု လျှောက်ထားကြလေ၏။

ချစ်သားရဟန်းတို့ . . ဤအတူပင် သတ္တက္ခတ္တုပရမ သောတာပန် ပုဂ္ဂိုလ်အား ကျန်ရှိသေးသော ၇-ဘဝ ဝဋ်ဒုက္ခနှင့် ကုန်ငြိမ်းပြီးသော အနမတဂ္ဂ အနာဂတ် ဝဋ်ဒုက္ခတို့ကို နှိုင်းယှဉ်သည်ရှိသော် ကျန်ရှိသေးသော ၇-ဘဝ ဝဋ်ဒုက္ခသည် အလွန်နည်းပါး၏၊ နှိုင်းယှဉ်ခြင်းငှာပင် မထိုက်တန်လေ ဟူ၍ ဟောတော်မူသည်။

ဧဝံ မဟတ္ထိကော ခေါ ဘိက္ခဝေ ဓမ္မာဘိသမယော ဧဝံ မဟတ္ထိကော ဓမ္မစက္ခု ပဋိလာဘော။ ။ ( ပထမသုတ် အချုပ်ပါဠိတော်။ )

ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မာဘိသမယော၊ သစ္စာ ၄ ပါး ထိုးထွင်း၍သိခြင်း အမှုသည်။ ဧဝံမဟတ္ထိကော၊ သို့စဉ်မျှလောက် တန်ခိုးကြီးလှ၏၊ ဓမ္မစက္ခု ပဋိလာဘော၊ သောတာပတ္တိမဂ်ဉာဏ်ဟူသော ဓမ္မစက္ခုကို ရခြင်းအမှုသည်။ ဧဝံ မဟတ္ထိကော၊ သို့စဉ်မျှလောက် တန်ခိုးကြီးလှ၏၊ ( ဤကားအနက်။ )

ဤသို့လျှင် သောတာပန် ဖြစ်သည်နှင့် တစ်ပြိုင်နက် သောတာပန် ပုဂ္ဂိုလ်သည် ရအပ်သော ရောက်အပ်သော အနမတဂ္ဂ အနာဂတ်ဝဋ်ဒုက္ခ ငြိမ်းခြင်း

www.dhammaransi.com



ဟူသော အကျိုးကို ဟောတော်မူ၏၊ ထိုငြိမ်းခြင်း အကျိုးသည် ပရမတ္ထ အသင်္ခတ နိရောဓသစ္စာ မဟာနိဗ္ဗာန်ကြီးပင်တည်း၊ ထိုအနမတဂ္ဂ အနာဂတ် ဝဋ္ဋဒုက္ခ ငြိမ်းခြင်းသည် ထိုပုဂ္ဂိုလ်မှာ ဆိုက်ရောက်လာသော ငြိမ်းခြင်းပင် ဖြစ်၏။

ဘဝများစွာ, ကမ္ဘာများစွာ ပါရမီတို့ကို ဖြည့်ကျင့်၍လာခဲ့သော သူသည် ထိုအခါမှ မိမိစိတ်သန္တာန်မှ သက္ကာယဒိဋ္ဌိ အစရှိသော ကိလေသာအချို့တို့၏ ချုပ်ငြိမ်းခြင်းကို ရလေ၏၊ ရောက်လေ၏၊ အနမတဂ္ဂ အနာဂတ် ဝဋ္ဋဒုက္ခ၏ ချုပ်ငြိမ်းခြင်းကို ရပေပြီ၊ ရောက်ပေပြီ၊ ဤမျှလောက်သော ဝဋ္ဋဒုက္ခတို့၏ ချုပ်ငြိမ်းခြင်းကို ရပေပြီ၊ ရောက်ပေပြီ ဟု အတုမရှိ ကြီးမြတ်သော ပီတိသောမနဿကို ဖြစ်စေ၍ နေရလေ၏။

ဥပမာ။ ။ ဥပမာကား - အစိုးရက တစ်ယောက်သောသူအား ထောင်တစ်သက် လွတ်ရက်မရှိ ထောင်ဒဏ်ပေးလေ၏၊ ၄-ရက်, ၅-ရက် နေမိသော် ယခုနေ့ နေထွက်မှ ၇-ရက်မျှသာ ထောင်မှာနေစေ၊ ၇-ရက်ပြည့်လျှင် လွတ်စေ ဟူသော အမိန့်ကို ရပြန်၏၊ ၇-ရက်မှအထက် အသက်ထက်ဆုံး ခံရလတ္တံ့သော ထောင်ဒဏ်သည် ထိုအမိန့်ထုတ်သည်နှင့် တစ်ပြိုင်နက် တစ်ချက်တည်း ငြိမ်းလေ၏၊ ထိုသူသည် ထိုငြိမ်းချက်ကို ရလေ၏၊ ရောက်လေ၏၊ ၇-ရက်မှအထက် ငြိမ်းချက်ကို ၇-ရက်စေ့မှရသည်မဟုတ်၊ ငါ့မှာ ၇-ရက် ဒုက္ခသာ ရှိတော့သည်၊ ၇-ရက်မှအထက် ဒုက္ခငြိမ်းပေပြီဟု အလွန်ဝမ်းမြောက်ရ၏။

( ဤဥပမာအတိုင်းမှတ်လေ။ )

ဥပမာတစ်နည်း။ ။ တစ်နည်း - လူတစ်ယောက်မှာ တစ်ကျပ်ဘန်မှုပြစ်အတွက် ၇-ရက် ထောင်ဒဏ်ပေးလေ၏၊ တစ်ဖန် ထိုနေ့မှာပင် တစ်ယောက်သောသူ၏ စွဲဆိုချက် တစ်ရာတန်ပြစ်မှုအတွက်နှင့် ၇-လ ထောင်ဒဏ်ပေးပြန်လေ၏၊ တစ်ဖန် တစ်ယောက်သောသူ၏စွဲဆိုချက် တစ်ထောင်တန်မှုပြစ်အတွက် ၇-နှစ် ထောင်ဒဏ်ပေးရပြန်လေ၏၊ ထိုနေ့မှာပင် ထောင်သို့ချ လေ၏၊ ထိုနေ့မှာပင် တစ်ရာတန်မှု, တစ်ထောင်တန်မှု, လွတ်ငြိမ်းစေဟူသော စီရင်ချက်ကို ရပြန်လေ၏၊ ရသည်နှင့်တစ်ပြိုင်နက် ၇-လ, ၇-နှစ် ထောင်ဒဏ် မှု ငြိမ်းလေ၏၊ ၇-ရက် ထောင်ဒဏ်မှုသာ မငြိမ်းဘဲ ကျန်ရှိလေ၏၊

ဤဥပမာ၌လည်း ထို ၇-လ, ၇-နှစ် ထောင်ဒဏ်ဒုက္ခသည် လွတ်စေအမိန့်

www.dhammaransi.com



ရသည်နှင့် တစ်ပြိုင်နက် ငြိမ်းလေ၏၊ ငြိမ်းခြင်းကို ထိုသူရလေ၏၊ ရောက်လေ၏။

ဥပမာတစ်နည်း။ ။ တစ်နည်း - တစ်ယောက်သောသူမှာ ကြေးငွေ တစ်သိန်း ကြွေးတင်လေ၏၊ ကြံဖန်၍ ဆပ်ပေးလေသော် ၇-ကျပ်မျှ ကျန်ရှိလေ၏၊ ၇-ကျပ်တွက်သာ ပူပန်ရတော့သည်၊ ( ၉၉၉၉၃ ) ကိုးသောင်းကိုးထောင်ကိုးရာကိုးဆယ့်သုံးကျပ်တွက် အေးပြီး, ငြိမ်းပြီး ဖြစ်လေ၏၊ ထိုအေးမှု, ငြိမ်းမှုကို ရလေ၏၊ ရောက်လေ၏၊ တစ်ယောက်သောသူမှာ အနာအပေါင်းတစ်ထောင်, တစ်ကိုယ်လုံးပေါက်၍ အလူးအလဲခံနေရ၏၊ ဆေးတွေ့၍ အနာပေါင်း ( ၉၉၃ ) ကိုးရာကိုးဆယ့်သုံးလုံး ပျောက်ငြိမ်းလေ၏၊ ခြေမှာ ကျန်ရှိသော အနာငယ်ပေါင်း ၇-လုံး အတွက်သာ ခံရတော့သည်။

ဤသို့သော ဥပမာများကဲ့သို့ သောတာပန်ပုဂ္ဂိုလ်သည်လည်း အပါယ်မှ ,ကွ၍ အပြီးငြိမ်းခြင်း, ၇-ဘဝမှ အထက် အနမတဂ္ဂ ဝဋ်ဒုက္ခ၏ အပြီးငြိမ်းခြင်း ဟူသော အကျိုးထူး, အခွင့်ထူးကို အပြီးရလေ၏၊ အလွန်ဝမ်းမြောက်ဝမ်းသာခြင်း သောမနဿနှင့် ခံစားရလေ၏၊ စံစားရလေ၏။

ဒုတိယသုတ်။ ။ ဒုတိယသုတ်၌ အလျား, အနံ, အစောက် ယူဇနာ ၅၀ ရှိသော အကုန်ပြည့်သော ရေရှိသော ရေအိုင်ကြီးမှာ သမန်းမြက်ဖျားဖြင့် ထုတ်ယူသော ရေပေါက်ငယ် တစ်ခုနှင့် တစ်အိုင်လုံးရှိ ရေကို နှိုင်းယှဉ်သော ဥပမာ လာ၏။

တတိယသုတ်။ ။ တတိယသုတ်မှာ မြစ်ကြီး ၅ သွယ်ရှိရေနှင့် ထိုမြစ်ကြီး ၅ သွယ်မှ ထုတ်ယူအပ်သော ၂-ခု, ၃-ခုသော ရေပေါက်ငယ် ဥပမာ လာ၏။

စတုတ္ထသုတ်။ ။ စတုတ္ထသုတ်မှာ ၂-ခု, ၃-ခုသော ရေပေါက်ငယ်ကို ချန်လှပ်၍ မြစ်ကြီး ၅ သွယ်ရှိ အကုန် ခမ်းခြောက်လေရာ ကျန်သော ရေပေါက်ငယ် ၂-ခု, ၃-ခုနှင့် ကုန်ခန်းလေသော ရေစု ဥပမာ လာ၏။

ပဉ္စမသုတ်။ ။ ပဉ္စမသုတ်မှာ ဆီးစေ့ခန့်ရှိသော မြေလုံးငယ် ၇-ခု နှင့် မဟာပထဝီမြေကြီး ဥပမာ လာ၏။

ဆဋ္ဌမသုတ်။ ။ ဆဋ္ဌမသုတ်မှာ ဆီးစေ့ခန့်ရှိသော မြေလုံးငယ် ၇-ခု

www.dhammaransi.com



ကို ချန်လှပ်၍ မဟာပထဝီမြေကြီးကုန်လေရာ ကျန်သော မြေနှင့် ကုန်သောမြေ ဥပမာလာ၏။

သတ္တမသုတ်။ ။ သတ္တမသုတ်မှာ မဟာသမုဒ္ဒရာ ၄ စင်းရေနှင့် ထိုမှ ထုတ်ယူအပ်သော ရေပေါက်ငယ် ၂ ခု, ၃ ခု ဥပမာ လာ၏။

အဋ္ဌမသုတ်။ ။ အဋ္ဌမသုတ်မှာ ၂-ခု, ၃-ခုသော ရေပေါက်ငယ်ကို ချန်လှပ်၍ သမ္ဘရာ ၄-စင်းရေ ကုန်ခန်းလေသော ဥပမာ လာ၏။

နဝမသုတ်။ ။ နဝမသုတ်မှာ မုန်ညင်းစေ့ခန့်ရှိသော ကျောက်သား ငယ် ၇-ခုနှင့် ယူဇနာ ၃၀၀၀ ရှိသော ဟိမဝန္တာတောင် ဥပမာ လာ၏။

ဒသမသုတ်။ ။ ဒသမသုတ်မှာ ထိုကျောက်သားငယ် ၇-ခုကို ချန်လှပ်၍ ဟိမဝန္တာတောင် ကုန်ခြင်းရောက်လေရာ ထိုကျန်သော ကျောက်သားငယ် ၇-ခုနှင့် ကုန်ခြင်းရောက်လေရာ ဟိမဝန္တာရှိ ကျောက်စု ဥပမာ လာ၏။

ဤဒေသနာတော်စုကား - သောတာပတ္တိမဂ်သို့ အဆိုက်တွင် အနာဂတ် သံသရာ ခန္ဓာဒုက္ခ အနမတဂ္ဂတို့၏ ချုပ်ငြိမ်းမှုကို ပဓာနပြု၍ ဟောတော်မူသော သုတ္တန်ဒေသနာ စုပေတည်း။

ဤတွင်ရှေ့ကား ကြွင်းသောဒုက္ခနှင့် ချုပ်ပြီးဒုက္ခ နှိုင်းယှဉ်ပုံပြီး၏။

## ခန္ဓာချုပ်ငြိမ်းမှုမှာ အပဓာနဖြစ်ပုံ

ရှေး၌ပြဆိုခဲ့သော နိရောဓသစ္စာ၏ နိဒ္ဒေသတို့၌ ကိလေသာတို့၏ ချုပ်ငြိမ်းခြင်း ဟူသော သဉပါဒိသေသနိဗ္ဗာန်ကို ပဓာနပြု၍ ဟောတော်မူသည်၊ ဤ နိဒါနဝဂ္ဂသံယုတ် သုတ်ပေါင်း ၁၀ တို့၌ကား အကျိုးဖြစ်သော ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်း ဟူသော အနုပါဒိသေသ နိဗ္ဗာန်ကို ပဓာနပြု၍ ဟောတော်မူသည်။

ထို ၂ ပါးတို့တွင် နိရောဓသစ္စာ၏ နိဒ္ဒေသတို့၌လာသော ကိလေသာတို့၏ ချုပ်ငြိမ်းမှုသည်သာ ပဓာနဖြစ်သည်၊ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည်ကား ကိလေသာတို့၏ ချုပ်ငြိမ်းမှုမှာ တစ်ချက်တည်း တစ်လုံးတည်း ပါလေတော့သည်၊ ထို့

www.dhammaransi.com



ကြောင့် အဘိဓမ္မာ ပါဠိတော်တို့၌ ကိလေသာတို့ကိုသာ မဂ်ဖြင့် ပယ်ခြင်းငှာထိုက်သော "ပဟာတဗ္ဗဓမ္မ"တို့ ဟူ၍ ဟောတော်မူသည်၊ အကျိုးခန္ဓာတို့ကိုမူကား မဂ်ဖြင့်ပယ်ခြင်းငှာ မထိုက်သော "အပဟာတဗ္ဗဓမ္မ" တို့ဟူ၍ ဟောတော်မူသည်။

ထို့ကြောင့် စတုသစ္စဒေသနာတို့၌ နိရောဓ အရိယသစ္စာ၏ နိဒ္ဒေသတွင် ပဓာနပြု၍ ဟောတော်မူသော ကိလေသာတို့၏ ချုပ်ငြိမ်းမှုဟူသော ကိလေသနိဗ္ဗာန်ဟု ဆိုအပ်သော သဉပါဒိသေသနိဗ္ဗာန်ကို နိရောဓ အရိယသစ္စာထိုက်သော အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်ကြီး မဟုတ်ဟု မဆိုထိုက်။

သောတာပတ္တိမဂ်ခဏ၌ ချုပ်ငြိမ်းကြကုန်သော ကိလေသာတို့သည်လည်း ဘယ်အခါမှာ မြုံ၍လာလိမ့်ဦးမည်။ တစ်ဖန် ဖြစ်ပေါ် လာလိမ့်ဦးမည် ဟု မရှိ ပြီ၊ အပြီးအဆုံး ချုပ်ငြိမ်းကြ လေကုန်၏၊ အနုပါဒိသေသနိဗ္ဗာန်နှင့် တစ်ဆက် တည်း တစ်ပြင်တည်း တပေါင်းတည်း တစ်ခုတည်း ဆက်လေတော့သည်၊ ချုပ်ငြိမ်းမှုအတိုင်း အနမတဂ္ဂ သံသရာနှင့်အမျှ အမြဲတည်လေတော့သည်၊ ဘယ်အခါမှ ချုပ်ငြိမ်းမှု မြုံပြန်၍ သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်လာပြန်သည်၊ ဝိစိကိစ္ဆာဖြစ်ပေါ်လာပြန်သည် ဟု မရှိပြီ၊ ထို့အတူ သောတာပတ္တိမဂ်ခဏ၌ ချုပ်ငြိမ်းကြလေကုန်သော အပါယဒုက္ခ ဝဋ်ဒုက္ခတို့သည်လည်း နောင်တစ်ဖန် ချုပ်ငြိမ်းမှု ပျက်ပြန်၍ ပေါ်လာပြန်သည်ဟု မရှိကုန်ပြီ။

ဤသို့သော ချုပ်ငြိမ်းခြင်းအခွင့်ကို ရခြင်းငှာ ရောက်ခြင်းငှာ ဘဝများစွာ, ကမ္ဘာများစွာ ပါရမီတရားတို့ကို ဖြည့်ကျင့်၍လာရသည်၊ တစ်ဘဝနှင့် လည်း မရနိုင်သေး၊ မရောက်မပေါက်နိုင်သေး၊ ၂-ဘဝနှင့်လည်း မရနိုင်, မရောက် နိုင်သေး၊ ဘဝများစွာကြာလှ၍ သောတာပတ္တိမဂ်ကိုရမှ ရနိုင်လေသည်၊ သောတာ ပတ္တိမဂ်သို့ ရောက်မှ ရောက်နိုင်လေသည်။ ထို့ကြောင့် သောတာပန်အဖြစ်သို့ ရောက်သောအခါ အချို့သောကိလေသာတို့၏ အပြီးချုပ်ငြိမ်းမှုဟူသော သဉပါဒိသေသ အမည်ရသော အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်ကြီးသို့ တစ်စိတ် တစ်ဒေသအားဖြင့် ဧကန္တရောက်သည်သာ ဖြစ်သတည်း။

တစ်ကိုယ်လုံးမှာ မီးလောင်၍ အလွန်အေးမြသော ရေရှိသော မြစ်ကြီး တွင်း, အိုင်ကြီးတွင်းသို့ ဆင်းသောသူသည် ကမ်းနားအစ လက်တစ်သစ်ခန့်ရှိ ရေသို့ ရောက်သည်မှစ၍ ကိုယ်လုံးမြုပ်အောင် ဆင်းလေ, ငုပ်လေ၍ မီးပူ အကုန်လုံး ငြိမ်းလေရာ၌ ကိုယ်မှာ လက်တစ်သစ်ခန့်ကစ၍ မီးပူငြိမ်းလေ၏။

www.dhammaransi.com



တစ်ကိုယ်လုံးငြိမ်းသည်နှင့် တစ်ဆက်တည်း ဆက်မိ၍ အငြိမ်းတစ်ခုတည်း ဖြစ်လေသကဲ့သို့ မှတ်လေ။

(ဤကား-သဉပါဒိသေသ နိဗ္ဗာန်သည်လည်း အသင်္ခတဓာတ် ပရမတ် အစစ်အမှန်ဖြစ်၏၊ ထိုနိဗ္ဗာန်သို့လည်း သောတာပန်အဖြစ်မှစ၍ရ၏။ ရောက်၏-ဟု ဆိုလိုက်သော ငါတို့၏ အယူပေတည်း၊ နှစ်ခြိုက်ရာယူလေ။)

ခန္ဓာချုပ်ငြိမ်းမှုမှာ အပဓာနဖြစ်ပုံပြီး၏။

## "ဒွေမာ" စသောပါဠိတော်အရ စိစစ်ပုံ"

ပရိနိဗ္ဗုတ ပုဂ္ဂိုလ်အပြား။ ။ ဤအရာ၌ ပရိနိဗ္ဗာန်စံပြီး, ငြိမ်းပြီး-ဟု ဆိုအပ်သော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်အပြားကို ပြဆိုဦးအံ့ -

၁။ ကိလေသာတို့၏ အကုန်ချုပ်ငြိမ်းခြင်း-ဟူသော သဉပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံပြီးသော ပရိနိဗ္ဗုတ ၁-ပါး။

၂။ ခန္ဓာတို့၏ အကုန်ချုပ်ငြိမ်းခြင်း-ဟူသော အနုပါဒိသေသ နိဗ္ဗာန ဓာတ်ဖြင့် ပရိနိဗ္ဗာန်စံပြီးသော ပရိနိဗ္ဗုတ ၁-ပါး၊ ဤသို့အားဖြင့် ၂-ပါးရှိ၏။

ထို ၂-ပါးတို့တွင် အရဟတ္တမဂ်ကိုရ၍ သဉပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ကိလေသပရိနိဗ္ဗာန်စံပြီးသော ရဟန္တာပုဂ္ဂိုလ်ကိုလည်း ကျမ်းဂန်တို့၌ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်-ဟူ၍ လာ၏၊ အရိယာပုဂ္ဂိုလ်အဖြစ်သို့ရောက်လျှင်ပင် နိဗ္ဗာန်ကိုရသည်၊ နိဗ္ဗာန်သို့ရောက်ပြီ၊ ရဟန္တာအဖြစ်သို့ ရောက်လျှင်ပင် နိဗ္ဗာန်၌ တည်နေပြီ။

(ဤကား-အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်လျှင်ပင် နိဗ္ဗာန်ကိုရသောသူ၊ နိဗ္ဗာန်သို့ ရောက်သောသူ ဆိုရကြောင်းကို ယုတ္တိဥပမာတို့ဖြင့် ပြဆိုချက်တည်း။)

ကျမ်းဂန်တို့၌ဆိုရိုး။ ။ ကျမ်းဂန်တို့၌ပင် ဆိုရိုးဆိုစဉ် ထင်ရှားစွာ လာရှိသည်ကို အမြွက်မျှ ပြဆိုဦးအံ့

အနုကမ္ပကာ ကုသလာ၊ ဩဝါဒမှိ အဟံ ဌိတာ။

အဇ္ဈဂါ အမတံ သန္တိံ၊ နိဗ္ဗာနံ ပဒမစ္စုတံ။ ။

www.dhammaransi.com



(ဝိမာနဝတ္ထု ပါဠိတော်။)

အဠ္ဌဂါအမိဂတ္ထိ။ ။ ၎င်းအဋ္ဌကထာ။

အဟံ။ ငါသည်။ အနုကမ္ပကဿ၊ လူ ၃-ပါးကို သနားတော်မူပေသော။ ကသလဿ၊ အရာခပ်သိမ်း၌ အတုမရှိ လိမ္မာတော်မူသော မြတ်စွာဘုရား၏။ ဩဝါဒမှိ၊ ဩဝါဒ၌။ ဋ္ဌိတာ-ပတိဋ္ဌိတာ၊ တည်ရသည်ဖြစ်၍။ အစ္စုတံ၊ ရွေ့ခြင်းမရှိသော။ အမတံ၊ သေခြင်းကင်းသော။ သန္တိံ၊ ငြိမ်းသော။ ပဒံ၊ ရောက်အပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အဋ္ဌဂါ၊ ရပြီ, ရောက်ပြီ။ ။ (ဤကား - အနက်။)

(ဤကား-သောတာပန် နတ်သမီး၏ မိမိကိုယ်ကို နိဗ္ဗာန်သို့ ရောက်ကြောင်း, နိဗ္ဗာန်ကိုရကြောင်းကို အရှင်မောဂ္ဂလာန်အား လျှောက်ထားသော ဂါထာပေတည်း။)

အဘယ်နိဗ္ဗာန်ကို ရသနည်း-ဟူငြားအံ့၊ မိမိသန္တာန်၌ ရှိ၍နေသော သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာတို့၏ မိမိသန္တာန်၌ ချုပ်ငြိမ်းခြင်းကို ကိုယ်တွေ့ ဉာဏ်တွေ့-အတွေ့ ၂-မျိုး ထင်ရှားရှိပေသောကြောင့် သဉပါဒိသေသနိဗ္ဗာန်-ဟု ဆိုအပ်သော ကိလေသနိဗ္ဗာန်ကိုလည်း ရ၏၊ ရောက်၏၊ အပါယ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှု, ၇-ဘဝမှအထက် အနမတဂ္ဂ ဘဝခန္ဓာတို့၏ ချုပ်ငြိမ်းမှု၊ ဤခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည် ကိလေသာချုပ်ငြိမ်းမှုနှင့် ၂-ထွေမပြား တစ်ပါးတည်း တစ်ခုတည်းပင် ဖြစ်လေရကား ထိုခန္ဓာတို့၏ ချုပ်ငြိမ်းမှုအတွက်နှင့် ခန္ဓနိဗ္ဗာန်ကိုလည်း ရ၏၊ ရောက်၏။

(ဤကား-သောတာပန်အဖြစ်သို့ ရောက်လျှင်ပင် နိဗ္ဗာန်ရ၊ နိဗ္ဗာန်ရောက် ဆိုရသော သာဓက ပါဠိတည်း။)

သကဒါဂါမိ, အနာဂါမိတို့၌ ဆိုဖွယ်မရှိ၊ ရဟန္တာအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်ကိုမူကား အရဟတ္တမဂ်ခဏ၌ ပရိနိဗ္ဗာန်စံဆဲ ပုဂ္ဂိုလ်-ဟူ၍ ဆိုရိုးဆိုစဉ်လာ၏။ အရဟတ္တဖိုလ်သို့ ရောက်သောအခါ၌ ပရိနိဗ္ဗာန်စံပြီး-ပရိနိဗ္ဗုတပုဂ္ဂိုလ်-ဟူ၍ ဆိုရိုး ဆိုစဉ်လာ၏။

သန္တိံ ခေါ ဒေဝါနမိန္ဒ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသညှိတာ ရဇနိယာ၊ တဉ္စေ ဘိက္ခု န အဘိနန္ဒတိ၊ န အဘိဝဒေတိ၊ န အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ တံ န အဘိနန္ဒတော န အဘိဝဒတော န အဇ္ဈောသာယ တိဋ္ဌတော နတံ နိဿိတံ ဝိညာဏံ

www.dhammaransi.com



ဟောတိ၊ တဒုပါဒါနံ အနုပါဒါနော ဒေဝါနမိန္ဒ ဘိက္ခု ပရိနိဗ္ဗာယတိ။

ဣဓ္ဌ ဖြစ်သော အဆင်း-ဟူသော ရူပါရုံကို သာယာခြင်း, စွဲလမ်းခြင်း ရှိသောသူသည် ပရိနိဗ္ဗာန်မစံ၊ ဣဓ္ဌ ဖြစ်သော အဆင်း-ဟူသော ရူပါရုံကို သာယာခြင်း, စွဲလမ်းခြင်း ပြတ်ကင်းသောသူသည် ဤ မျက်မှောက်ဘဝ၌ပင် ပရိနိဗ္ဗာန်စံ၏။ ရူပါရုံ၌ အပြန်အလှန် ၂-ဝါရ၊ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ-တို့၌လည်း ၂-ဝါရစီ၊ ပေါင်း ၁၂-ဝါရ။

ဤလောက၌ အချို့သော ဆရာတို့သည် မျက်မှောက်၌ပင် ငြိမ်းကြကုန်၏။ အချို့သော ဆရာတို့သည် မငြိမ်းကြကုန်။ အကြောင်း အဘယ်သို့နည်း-ဟု သိကြားမင်း လျှောက်ထားချက်, ပဉ္စသိခ နတ်သား လျှောက်ထားချက်အရ ဟောတော်မူသော သဠာယတန သံယုတ်ပါဠိတော်၊ (အင်္ဂုတ္တိုရ် ပါဠိတော်၌ကား-အရှင်အာနန္ဒာ ဟောသောအရာ လာ၏။) ဤ ပါဠိတော်မှာ အရဟတ္တမဂ်သို့ ရောက်သော် ဥပါဒန် ပြတ်ကင်းသော ပုဂ္ဂိုလ်ကို ပရိနိဗ္ဗာယတိ-ဆိုသည်။ ။ (ပရိနိဗ္ဗာယတိ၊ ကိလေသာမီးငြိမ်း၏။ ဝါ၊ ကိလေသာ ပရိနိဗ္ဗာန်စံ၏။) (ဤကား-အနက်။)

(ဤကား-အရဟတ္တမဂ္ဂဋ္ဌာန်ကို ပရိနိဗ္ဗာန်စံ ပုဂ္ဂိုလ်ဆိုရသော သာဓကပါဠိတော်တည်း။)

**နိဗ္ဗာန်၌ တည်နေသော ပုဂ္ဂိုလ်** ။ ။ ရဟန္တာ ပုဂ္ဂိုလ်ကိုကား နိဗ္ဗာန်၌ တည်နေသော ပုဂ္ဂိုလ်-ဟူ၍လည်းကောင်း, ကိလေသနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်စံပြီးသော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်-ဟူ၍လည်းကောင်း၊ များစွာလာရှိ၏။

> ကထဉ္စ ပုဂ္ဂလော ဥမ္မုဇ္ဇိတွာ တိဏ္ဏော ဟောတိ ပါရင်္ဂတော ထလေ ,တိဋ္ဌတိ ဗြာဟ္မဏော။
>
> သော အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဧဝံ ပုဂ္ဂလော ဥမ္မုဇ္ဇိတွာ တိဏ္ဏော ဟောတိ ပါရင်္ဂတော၊ ထလေ တိဋ္ဌတိ ဗြာဟ္မဏော။

ကထဉ္စ၊ အဘယ်သို့လျှင်။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥမ္မုဇ္ဇိတွာ၊ ဝဋ်မှပေါ်၍။ တိဏ္ဏော၊ ကူးမြောက်ပြီးမည်သည်။ ပါရင်္ဂတော၊ နိဗ္ဗာန် တည်းဟူသော ကမ်းတစ်ဖက်သို့ ပေါက်ရောက်ပြီး မည်သည်။ ထလေ၊ နိဗ္ဗာန် တည်းဟူသော ကြည်း

www.dhammaransi.com



သောင်ထက်၌။ တိဋ္ဌတိ၊ တည်နေသော။ ဗြာဟ္မဏော၊ သူမြတ်မည်သည်။ ဟောတိ၊ ဖြစ်သနည်း။

သော၊ ထိုပုဂ္ဂိုလ်သည်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။ အနာသဝံ၊ အာသဝေါ ကင်းရှင်းသော။ စေတောဝိမုတ္တိံ၊ စိတ်၏ ကျွတ်လွတ်ခြင်းကိုလည်းကောင်း။ ပညာဝိမုတ္တိံ၊ ပညာဖြင့် ကျွတ်လွတ်ခြင်းကို လည်းကောင်း။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သော ဘဝ၌သာလျှင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ဆိုက်ရောက်၍။ ဝိဟရတိ၊ နေ၏။ ဧဝံ၊ ဤသို့။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥမ္မုဇ္ဇိတွာ၊ ဝန်မှပေါ်၍။ တိဏ္ဏော၊ ကူးမြောက်ပြီးမည်သည်။ ပါရင်္ဂတော၊ နိဗ္ဗာန် တည်းဟူသော ကမ်းတစ်ဖက်သို့ ပေါက်ရောက်ပြီးမည်သည်။ ထလေ၊ နိဗ္ဗာန် တည်းဟူသော ကြည်းသောင်ထက်၌။ တိဋ္ဌတိ၊ တည်နေသော။ ဗြာဏဟ္မဏော၊ သူမြတ်မည်သည်၊ ဟောတိ၊ ဖြစ်၏။

ထလေ တိဋ္ဌတိ ဗြာဟ္မဏောတိ ဗြာဟ္မဏော ထလေ တိဋ္ဌတိ၊ ဒီပေ တိဋ္ဌတိ၊ တာဏေ တိဋ္ဌတိ၊ လေဏေ တိဋ္ဌတိ၊ ပရာယနေ တိဋ္ဌတိ၊ သရဏေ တိဋ္ဌတိ နိဗ္ဗာနေ တိဋ္ဌတိ။

(မဟာနိဒ္ဒေသပါဠိတော်။)

ဤသို့လာသော အင်္ဂုတ္တိုရ် ပါဠိတော်, ပုဂ္ဂလပညတ် ပါဠိတော်, မဟာ-နိဒ္ဒေသ ပါဠိတော် များကို ထောက်၍ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်ကို နိဗ္ဗာန်-ဟူသော တစ်ဖက်ကမ်းသို့ ရောက်ပြီးသော ပုဂ္ဂိုလ်, သဉပါဒိ သေသ၌ နိဗ္ဗာန်စံနေသော ပုဂ္ဂိုလ်-ဟူ၍ ကျမ်းဂန်ဆိုရိုးအစဉ်ရှိကြောင်းကို သိ အပ်သည်။

ရဟန္တာပရိနိဗ္ဗုတပုဂ္ဂိုလ်။ ။ ထိုရဟန္တာပုဂ္ဂိုလ်ကိုပင်လျှင် သဉပါဒိ သေသ နိဗ္ဗာနဓာတ်ဖြင့် ကိလေသ ပရိနိဗ္ဗာန်စံပြီး ဖြစ်သည်ကို အစွဲပြု၍ "ပရိနိဗ္ဗုတပုဂ္ဂိုလ်"ခေါ်ဆိုသော အရိုးအစဉ်သည်ကား-ကျမ်းဂန်တို့၌ အလွန် များစွာလာ၏။

ဒဗ္ဗော သော ပရိနိဗ္ဗုတော ဌိတတ္တော။

ဒဗ္ဗော၊ ဒဗ္ဗ အမည်ရှိသော။ ဝါ၊ ပညာနှင့် ပြည့်စုံသော။ သော အဟံ၊ ထိုငါသည်။ ပရိနိဗ္ဗုတော၊ ကိလေသာမီး ငြိမ်းပေပြီ။ ဝါ၊ ပရိနိဗ္ဗာန်စံရပေပြီ။

www.dhammaransi.com



ဋ္ဌိတတ္တော၊ မရွေ့ မယိုင် ခိုင်ခံ့တည်တံ့သော သဘောသို့ ရောက်ပေပြီ။ (ဒဗ္ဗမထေရ် မိမိကိုယ်ကို မိမိဆိုသော ပါဠိ,အနက်။) ဤ ဒဗ္ဗထေရ ဂါထာ၌ ရဟန္တာပုဂ္ဂိုလ်ကို ပရိနိဗ္ဗုတပုဂ္ဂိုလ် ဆိုသည်။

ဒန္တော သော ပရိနိဗ္ဗုတော ဋ္ဌိတတ္တော။

(အလ္လိယထေရ ဂါထာ ပါဠိတော်။)

ဝီရော သော ပရိနိဗ္ဗုတော ဋ္ဌိတတ္တော။

(ဝီရထေရ ဂါထာ ပါဠိတော်။)

သီတိ ဘူတောသ္မိ နိဗ္ဗုတော။

(ရက္ခိတထေရဂါထာပါဠိတော်။)

သေသကေနမှိ နိဗ္ဗုတော။

(ဒဏ္ဍသုမနထေရဂါထာ ပါဠိတော်။)

ဤသို့ အစရှိသည်ဖြင့် ရဟန္တာအဖြစ်သို့ ရောက်ပြီးသောပုဂ္ဂိုလ်ကို သဉပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ကိလေသ ပရိနိဗ္ဗာန်စံပြီးဖြစ်ပေသည်နှင့် ပရိ နိဗ္ဗုတ ပုဂ္ဂိုလ်ခေါ်ဆိုသော အရိုးအစဉ်သည် ကျမ်းဂန်တွင် အထင်အရှား အများ အပြားလာရှိပါ၏၊ ထိုမှတစ်ပါးလည်း နဝနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်၌-

ခေမပ္ပတ္တော ခေမပ္ပတ္တောတိ အာဝုသော ဝုစ္စတိ၊ ကိတ္တာဝတာ နုခေါ အာဝုသော ခေမပ္ပတ္တော ဝုတ္တော ဘဂဝတာတိ။

ဣဓာဝုသော ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေ-ဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဉပသမ္ပဇ္ဇ ဝိဟရတိ၊ ဧတ္တာဝတာ ခေါ အာဝုသော ခေမပ္ပတ္တော ဝုတ္တော ဘဂဝတာ ပရိယာယေနာတိ။

အစရှိသည်ဖြင့် ပဌမဈာန်ကိုရသော ပုဂ္ဂိုလ်မှစ၍ နိရောဓသမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်, ရဟန္တာအဖြစ်သို့ရောက်သော ပုဂ္ဂိုလ်တိုင်အောင် ဝါရ ပေါင်း ၉-ဝါရ၊ ခေမပ္ပတ္တပုဂ္ဂိုလ်ပေါင်း တစ်ကျိပ်လာ၏။ ။ (ခေမပ္ပတ္တော၊ ဘေးကင်းရာ နိဗ္ဗာန်သို့ ရောက်ပေါက်ပြီးသော ပုဂ္ဂိုလ်ဆိုလိုသည်။)

ထိုခေမပ္ပတ္တပုဂ္ဂိုလ် တစ်ကျိပ်တွင် ရှေ့ ၇-ယောက်ကား ဝိက္ခမ္ဘနနိဗ္ဗာန်

www.dhammaransi.com



သို့ ရောက်သည်၊ ထို့ကြောင့် 'ပရိယာယေန'ဟု ဟောတော်မူသည်၊ နောက် ၂-ယောက်ကား အနာဂါမ်ပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်ပေတည်း၊ နိရောဓ သမာပတ်နှင့် သဥပါဒိသေသ နိဗ္ဗာန်သို့ ရောက်သည်ကို "ခေမပ္ပတ္တ"ဆိုပေသည်၊ ထို့ကြောင့် နောက်ဝါရ၌ "နိပ္ပရိယာယေန" ဟု ဟောတော်မူသည်။

ထို့အတူ "အမတပ္ပတ္တော အမတပ္ပတ္တောတိ အာဝုသော ဝုစ္စတိ" ချီ၍ ဝါရပေါင်း ၉၊ အမတပ္ပတ္တပုဂ္ဂိုလ်ပေါင်း တစ်ကျိပ်လာ၏။ ။ (အမတပ္ပတ္တော၊ အမြိုက်နိဗ္ဗာန်သို့ ရောက်သောပုဂ္ဂိုလ် ဆိုလိုသည်။)

ထို့နောက် "အဘယပ္ပတ္တော အဘယပ္ပတ္တောတိ အာဝုသော ဝုစ္စတိ" ချီ၍ ဝါရပေါင်း-၉၊ အဘယပ္ပတ္တပုဂ္ဂိုလ်ပေါင်း တစ်ကျိပ်လာ၏။ ။ (အဘယပ္ပတ္တော၊ ဘေးကင်းရာနိဗ္ဗာန်သို့ရောက်သော ပုဂ္ဂိုလ် ဆိုလိုသည်။)

ဤသို့လျှင် ပါဠိတော်၌ နိဗ္ဗာန်ရောက် ပုဂ္ဂိုလ်ပေါင်း ၃ ကျိပ်လာ၏၊ ထို ၃ ကျိပ်တွင်လည်း ၂ ကျိပ် ၄ ယောက်မှာ ဝိက္ခမ္ဘနနိဗ္ဗာန်သို့ ရောက်သည်ကို ဆိုသည်၊ ၆ ယောက်မှာ နိရောဓသမာပတ် တည်းဟူသော မုချနိဗ္ဗာန်, သဥပါဒိ သေသ နိဗ္ဗာနဓာတ် တည်းဟူသော မုချနိဗ္ဗာန်သို့ ရောက်သည်ကို ဆိုသည်။

ဝိက္ခမ္ဘနနိဗ္ဗာန်သို့ရောက်သည်ကိုပင် နိဗ္ဗာန်ရောက် ပုဂ္ဂိုလ်ဟု ဆိုရိုး ဆိုစဉ် ရှိပေတပြီးကား သမုစ္ဆေဒနိဗ္ဗာန်သို့ရောက်သော သောတာပန်ပုဂ္ဂိုလ်, သကဒါဂါမ် ပုဂ္ဂိုလ်တို့ကို နိဗ္ဗာန်ရောက်ပုဂ္ဂိုလ်ဟု မဆိုသင့်ဘဲ ရှိပါချေအံ့နည်း။

[ဤသည်ကား သဥပါဒိသေသ နိဗ္ဗာန်သည်လည်း အသင်္ခတ ဓာတ် ပရမတ် အစစ်အမှန်ဖြစ်၏ ဟူ၍ လည်းကောင်း၊ ထို သဥပါဒိသေသ နိဗ္ဗာန်သို့ရောက်သော, ရသောအရိယာပုဂ္ဂိုလ်စုကိုလည်း နိဗ္ဗာန်ရ ပုဂ္ဂိုလ်, နိဗ္ဗာန်ရောက်ပုဂ္ဂိုလ်ဟူ၍ လည်းကောင်း၊ ဆိုသင့်ဆိုထိုက်ကြောင်း ကျမ်းဂန်ဆိုရိုး အများအပြား ထင်ရှားရှိကြောင်းကို ပြဆိုလိုက်သော ဝါတို့အယူပေတည်း။ ။ နှစ်ခြိုက်ရာယူကြလေ။]

ဤတွင်ရွေ့ကား "ဒွေမာ" စသော ပါဠိတော်အရ စိစစ်ပုံ ပြီး၏။

## ဥဒါန်းပါဠိတော်အရ နာနာဝါဒ ပြဆိုပုံ

ယခုအခါ ဥဒါန်းပါဠိတော်တို့ကို ထုတ်ပြပေအံ့။

www.dhammaransi.com



(က) အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ။

(ခ) နော စေတံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ န ယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ။

(ဂ) ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ တသ္မာ ဇာတဿ ဘူတဿ သင်္ခတဿ နိဿရဏံ ပညာယတီတိ။

(က) ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ မဖြစ်ခြင်းသည်လည်း။ ဝါ၊ ဇာတိ၏ချုပ်ငြိမ်းခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏ အဘူတံ၊ မဖြစ်ပေါ်ခြင်းသည်လည်း။ ဝါ၊ ဖြစ်ပေါ်မှုချုပ်ငြိမ်းခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ အကတံ၊ မပြုရခြင်းသည်လည်း။ ဝါ၊ ပြုမှု လုပ်မှု၏ ကင်းငြိမ်းခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ အသင်္ခတံ၊ အဖန်ဖန် မပြုရခြင်းသည်လည်း။ ဝါ၊ အဖန်ဖန်ပြုပြင်မှု ဟူသော သင်္ခါရဒုက္ခမှ ကင်းခြင်းသည်လည်း အတ္ထိ၊ ရှိ၏။

(ခ) ဘိက္ခဝေ၊ ရဟန်းတို့။ ဧတံ အဇာတံ၊ ဤမဖြစ်ခြင်းသည်။ ဧတံ အဘူတံ၊ ဤမဖြစ်ပေါ်ခြင်းသည်။ ဧတံ အကတံ၊ ဤမပြုရခြင်းသည်။ ဧတံ အသင်္ခတံ၊ ဤအဖန်ဖန် မပြုပြင်ရခြင်းသည်။ နော စေအဘဝိဿ၊ အကယ်၍ မရှိငြားအံ့။ ဧဝံ၊ ဤသို့မရှိခဲ့သည် ရှိသော်။ ဣဓ၊ ဤလောက၌။ ဇာတဿ၊ ဖြစ်မှု၏။ ဘူတဿ၊ ပွားမှု၏။ ကတဿ၊ ပြုမှု၏။ သင်္ခတဿ၊ ပြုပြင်မှု၏။ နိဿရဏံ၊ ကျွတ်လွတ်ခြင်းမည်သည်။ နပညာယေထ၊ မထင်လေရာ။

(ဂ) ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာစခေါ၊ အကြင်ကြောင့်လျှင်။ အဇာတံ၊ မဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အဘူတံ၊ မဖြစ်ပေါ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အကတံ၊ မပြုရခြင်းသည်။ အတ္ထိ၊ ရှိ၏။ အသင်္ခတံ၊ အဖန်ဖန် မပြုပြင်ရခြင်းသည်။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထို့ကြောင့်။ ဇာတဿ၊ ဖြစ်ခြင်း၏။ ဘူတဿ၊ ဖြစ်ပေါ်ခြင်း၏။ ကတဿ၊ ပြုရခြင်း၏။ သင်္ခတဿ၊ အဖန်ဖန်ပြုပြင်ရခြင်း၏။ နိဿရဏံ၊ ကျွတ်လွတ်ခြင်းသည်။ ပညာယတိ၊ ထင်၏။ (ဤကား

www.dhammaransi.com



အနက်။)

**ငါတို့အယူ။** ။ ဤပါဠိတော်၌ ငါတို့၏အယူကို ရှေးဦးစွာ ပြဆိုအံ့- "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ" အစရှိသော အနုလောမ ပဋိစ္စသမုပါဒ်ဒေသနာတော်နှင့်အညီ အဝိဇ္ဇာ ဟူသော အကြောင်းတရား ထင်ရှားရှိခဲ့သည်ရှိသော် သင်္ခါရတို့သည် ဧကန္တဖြစ်ကုန်၏၊ သင်္ခါရတို့သည် ထင်ရှားရှိခဲ့သည် ရှိသော် ဝိညာဉ်သည် ဧကန္တ ဖြစ်၏၊ ဝိညာဉ်သည် ထင်ရှားရှိခဲ့သည်ရှိသော် နာမ်, ရုပ်သည် ဧကန္တဖြစ်၏၊ ဤသို့ အစရှိသည်ဖြင့် အလုံးစုံသော တေဘုမ္မက ဝဋ္ဋတရားတို့သည် မိမိတို့ကို ဖြစ်ပေါ်အောင် ကျေးဇူးပြုနိုင်သော အကြောင်းတရား ထင်ရှားရှိနေသမျှ ကာလပတ်လုံး အနမတဂ္ဂ ဘဝသံသရာ၌ ဖြစ်ပေါ်၍သာ နေကုန်၏။

( ဤကား ဇာတ[၁], ဘူတ[၂], ကတ[၃], သင်္ခတ[၄] လမ်းပေတည်း။ )

**အသင်္ခတလမ်း။** ။ "အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော" အစရှိသော ပဋိလောမ ပဋိစ္စသမုပါဒ် ဒေသနာတော်နှင့်အညီ အကြင်အခါ၌ ဝိဇ္ဇာဉာဏ်ကိုရအောင် အားထုတ်၍ ဝိဇ္ဇာဉာဏ်ကိုရ၏၊ ထိုအခါ၌ အဝိဇ္ဇာသည် အကြွင်းမရှိ ကုန်ဆုံး ချုပ်ငြိမ်း၏၊ အဝိဇ္ဇာမရှိသည်ရှိသော် သင်္ခါရတို့သည် မဖြစ်ကုန်ပြီ၊ သင်္ခါရ မရှိသောကြောင့် ဝိညာဉ် မဖြစ်ပြီ၊ ဝိညာဉ်မရှိသောကြောင့် နာမ်, ရုပ် မဖြစ်ပြီ၊ ဤသို့ အစရှိသည်ဖြင့် အလုံးစုံသော တေဘုမ္မက ဝဋ္ဋတရားတို့သည် မိမိတို့ကို ဖြစ်ပေါ်အောင် ကျေးဇူး ပြုနိုင်သော အကြောင်းတရား အကြွင်းအကျန်မရှိ ချုပ်ပျောက်ကွယ်ဆုံးခဲ့သည် ရှိသော် မဖြစ်ကြကုန်ပြီ။

( ဤကား အဇာတ, အဘူတ, အကတ, အသင်္ခတ လမ်းပေတည်း။ )

ဇာတ, **အဇာတသဘော။** ။ ဤသို့လျှင် တေဘုမ္မက ဝဋ္ဋတရားတို့အား မိမိကို ဖြစ်ပေါ်အောင် ထူထောင်၍ ပေးနိုင်သော အကြောင်းတရားရှိနေခဲ့လျှင် ဧကန္တ ဖြစ်ပေါ်ခြင်းတည်းဟူသော ဇာတသဘောလည်းရှိ၏၊ မိမိကို

---

၁၊ ဇာတ-ဖြစ်ပေါ်ခြင်း၊ ၂၊ ဘူတ-ဖြစ်ပေါ်ခြင်း၊
၃၊ ကတ-ပြုခြင်း၊ ၄၊ သင်္ခတ-ပြုပြင်ခြင်း၊

www.dhammaransi.com



ဖြစ်ပေါ်အောင် ထူထောင်၍ ပေးနိုင်သော အကြောင်းတရား မရှိခဲ့လျှင် ဧကန္တ မဖြစ်ဘဲ နေခြင်းဟူသော အဇာတ သဘောလည်းရှိ၏။

ဤသို့လျှင် တေဘုမ္မက ဝဋ္ဋတရားတို့အား ဇာတ သဘော တစ်ခုသာရှိသည်မဟုတ်၊ အဇာတ သဘောလည်း ဧကန်ရှိ၏ဟု ပြတော်မူခြင်းငှာ -

အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ။

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မာနံ၊ တေဘုမ္မက ဝဋ္ဋတရားတို့အား။ အဇာတံ၊ အဖြစ်ငြိမ်းခြင်း, ဇာတ်သိမ်းခြင်းမည်သည်။ အတ္ထိ၊ ရှိသည်သာလျှင်တည်း။ ။ ( နောက်ပုဒ်တို့၌ ရှေးအတိုင်း အနက်ပေးလေ။ )

မဖြစ် ဟူသော အဇာတ သဘောကား မရှိ၊ ဖြစ် ဟူသော ဇာတသဘော တစ်ခုသည်သာ ရှိခဲ့ငြားအံ့၊ သတ္တဝါတို့၏ သန္တာန်၌ လောဘသည် အမြဲဖြစ်၍သာ နေရာ၏၊ မဖြစ်သောအခါ မဖြစ်သောအခိုက်ဟူ၍ မရှိရာ၊ ဒေါသသည် အမြဲဖြစ်၍သာ နေရာ၏၊ မဖြစ်သောအခါ မဖြစ်သောအခိုက်ဟူ၍ မရှိရာ၊ မောဟသည် အမြဲဖြစ်၍သာ နေရာ၏၊ မဖြစ်သောအခါ မဖြစ်သောအခိုက်ဟူ၍ မရှိရာ။

အကယ်၍ မဖြစ်ဟူသော အဇာတသဘောမရှိ၊ ဖြစ်-ဟူသော ဇာတ သဘော တစ်ခုသာ ရှိခဲ့ငြားအံ့၊ အဝိဇ္ဇာသည် အနမတဂ္ဂ သံသရာနှင့်အမျှ သတ္တဝါတို့သန္တာန်၌ တစ်ရံမစဲ အမြဲဖြစ်၍သာ နေလေရာ၏၊ မဖြစ်သောအခါ မဖြစ်သောအခိုက်ဟူ၍ မရှိလေရာ၊ အဝိဇ္ဇာသည် တစ်ရံမစဲ အမြဲဖြစ်၍သာ နေခဲ့သော် ကုသိုလ်, အကုသိုလ် စေတနာတည်းဟူသော သင်္ခါရတို့သည်လည်း သံသရာနှင့်အမျှ တစ်ရံမစဲ အမြဲဖြစ်၍သာ နေကုန်ရာ၏၊ သင်္ခါရဖြစ်လျှင်လည်း ဝိညာဉ်သည် သံသရာ၌ အမြဲဖြစ်၍သာ နေလေရာ၏၊ ထိုသို့ ဖြစ်၍နေခဲ့သည်ရှိသော် တေဘုမ္မက ဝဋ္ဋတရားတို့၏ ချုပ်ငြိမ်းခြင်း ကျွတ်လွတ်ခြင်း မည်သည် တစ်ရံတစ်ဆစ်မျှ မရှိလေရာ။

**တစ်နည်း။** ။ တေဘုမ္မက တရားတို့အား မဖြစ်ခြင်းဟူသော အဇာတ သဘောမရှိ၊ ဖြစ်ခြင်းဟူသော ဇာတသဘော တစ်ခုတည်းသာ ရှိခဲ့ငြားအံ့၊

www.dhammaransi.com



အကုသိုလ် ဒုစ္စရိုက်တရားတို့သည် ခပ်သိမ်းသော သတ္တဝါတို့၏ သန္တာန်၌ တစ်ရံမစဲ အမြဲဖြစ်၍သာ နေကုန်ရာ၏၊ ဤ သတ္တဝါတို့သည် အပါယ် ၄ ပါး၌သာ အမြဲနေကြကုန်ရာ၏၊ အကုသိုလ် တရားတို့၏ ပြတ်စဲမှု, ဒုစ္စရိုက် တရားတို့၏ ကင်းရှင်းမှု, အပါယ်ဒုက္ခမှ လွတ်ငြိမ်းမှု ဟူ၍ တစ်ရံတစ်ဆစ်မျှ မရှိလေရာ။ ။ ဤသို့သော အနက်ကို ပြဆိုခြင်းငှာ

နော စေတံ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ။

ဟူ၍ ဟောတော်မူသည်။

တေဘုမ္မက ဝဋ္ဋတရားတို့အားမူကား ဖြစ်ခြင်း ဟူသော ဇာတသဘော တစ်ခုသာ ရှိသည်မဟုတ်၊ မဖြစ်ခြင်း ဟူသော အဇာတသဘောလည်း ဧကန်စင်စစ် ရှိသည်သာလျှင် ဖြစ်၏၊ သတ္တဝါ၏ သန္တာန်၌ အဝိဇ္ဇာသည် အစဉ်ဖြစ်ပွား၍ နေ၏၊ အကြင်အခါ၌ ဝိဇ္ဇာဉာဏ်ကို ရ၏၊ ထိုအခါ၌ အဝိဇ္ဇာသည် မဖြစ်ခြင်း ဟူသော အဇာတသဘောသို့ ရောက်လေ၏၊ ချုပ်ငြိမ်းလေ၏၊ သင်္ခါရအစရှိသော သံသရာဝဋ္ဋတရားတို့သည် မဖြစ်ခြင်း ဟူသော အဇာတသဘောသို့ ရောက်ကြလေကုန်၏၊ ချုပ်ငြိမ်း ကြလေကုန်၏၊ ကျွတ်လွတ်ကြလေကုန်၏။ ။ ဤသို့သောအနက်ကို ပြခြင်းငှာ

ယသ္မာ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ တသ္မာ ဇာတဿ ဘူတဿ ကတဿ အသင်္ခတဿ နိဿရဏံ ပညာယတိ။

ဟူ၍ ဟောတော်မူသည်။

အဇာတံ၊ အဖြစ်ငြိမ်းခြင်း, ဇာတ်သိမ်းခြင်း ဆိုသည်ကား ပရမတ္ထ အသင်္ခတ မဟာနိဗ္ဗာန်ကြီးပင်တည်း။ ။ ( အဘူတံ-ပုဒ်လည်း အဇာတံပုဒ်နှင့် အနက်တူ၏။) ။ ။ အကတံ၊ တေဘုမ္မက ဝဋ္ဋဒုက္ခတို့ကို ပြုခြင်းမှ ကင်းငြိမ်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ အသင်္ခတံ၊ တေဘုမ္မက ဝဋ္ဋဒုက္ခတို့ကို အဖန်ဖန် ပြုပြင်ရခြင်း ဟူသော သင်္ခါရဒုက္ခမှ ကင်းလွတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ။ ( မဟာနိဗ္ဗာန်ကြီးဆိုသော စကားချည်းပင်။ )

( ဤကား အတ္ထိ ဘိက္ခဝေ အဇာတံ ဟူသော သုတ္တန်ပါဠိတော်၌ ငါတို့၏အကြိုက်ဖြစ်သော အနက်အဓိပ္ပာယ်ပေတည်း။ )

www.dhammaransi.com



ဆရာတို့အယူ။ ။ အလွန်သိမ်မွေ့သော ဇာတိဖြင့် နိဗ္ဗာန်၏ ဖြစ်ပေါ်ခြင်းကို အလိုရှိကြကုန်သော ဆရာတို့သည်ကား ထိုပါဠိတော်မှာ ထိုအနက်အဓိပ္ပာယ်မျိုးကို မယူကြကုန်၊ နိဗ္ဗာန်မှာ တေဘုမ္မက သင်္ခတ တရားတို့မှာကဲ့သို့ ရုန့်ရင်းကြမ်းတမ်းသော ဇာတိ မရှိသည်ကို ရည်သန်တော်မူ၍ "အဇာတံ, အဘူတံ" ဟူ၍ ဟောတော်မူကြသည်ဟု ယူကြကုန်၏။

၁။ ဝေဒနာတော ဝိယ ဟေတု ပစ္စယ သမဝါယသင်္ခါတာယ ကာရဏသာမဂ္ဂိယာ န ဇာတံ နိဗ္ဗတ္တန္တိ အဇာတံ။

၂။ ကာရဏေန ဝိနာ သယမေဝ န ဘူတံ န ပါတုဘူတံ န ဥပ္ပန္နန္တိ အဘူတံ။

ဟူသော အဋ္ဌကထာပါဌ်၌လည်း

၁။ အကြောင်းတရားတို့၏ ညီညွတ်မှုကြောင့် ဖြစ်သော တရားမဟုတ်၍ အဇာတ။

၂။ အကြောင်းနှင့်ကင်း၍ မိမိအလိုအလျောက်ဖြစ်သော တရားမဟုတ်၍ အဘူတ။

ဤ ၂ ရပ်တွင် အကြောင်းနှင့်ကင်း၍ဖြစ်သော တရားမဟုတ်ဟု ဖွင့်ဆိုသဖြင့် အကြောင်းနှင့်မကင်းမူ၍ဖြစ်သော တရားသာတည်း ဟူသော အနက်ကို ယူကြကုန်၏။

ငါတို့အယူ။ ။ မြတ်စွာဘုရား အလိုတော်အားဖြင့် ဖြစ်ခြင်း ဟူသမျှသည် အကြောင်းနှင့် မကင်းရကား အကြောင်းတရားကြောင့် ဖြစ်သည်ဟူ သော ဖြစ်တစ်မျိုး။

အဟေတုကဒိဋ္ဌိ, အဓိစ္စသမုပ္ပန္နိကဒိဋ္ဌိ တို့ အလိုအားဖြင့် ခပ်သိမ်းသော တရားတို့၏ ဖြစ်ခြင်းမှာ အကြောင်းဟူ၍ မရှိရကား အကြောင်းနှင့်ကင်း၍ ဖြစ်ခြင်းဟူသော ဖြစ်တစ်မျိုး၊ ဤသို့ လောက၌ ဖြစ် ၂ မျိုးရှိသည်။

ထို ၂ မျိုးတွင် နိဗ္ဗာန်မှာ အကြောင်းတရားတို့၏ ပေါင်းဆုံ ညီညွတ်ခြင်းကြောင့် ဖြစ်သော ဖြစ်မျိုးလည်း မရှိ၊ အကြောင်းတရားနှင့်ကင်း၍ အလိုအ

www.dhammaransi.com



လျောက်ဖြစ်သော ဖြစ်မျိုးလည်းမရှိ၊ ဤသို့ဖြစ် ဟူသမျှကို ပယ်ခြင်းငှာ "အဇာတံ, အဘူတံ" ဟု ဟောတော်မူသည်။

( ဤကား ထုတ်ပြအပ်သော အဋ္ဌကထာပါဠိလာ အဓိပ္ပာယ်တည်း။ )

ဤအဋ္ဌကထာပါဠိဖြင့်ပင်လျှင် နိဗ္ဗာန်သည် ဖြစ် ဟူ၍ ဆိုဖွယ် အချင်းခပ်သိမ်းမှ ကင်းလွတ်၏၊ ရုန့်ရင်းသော ဖြစ်ခြင်း ဟူ၍လည်း မရှိ၊ အလွန်သိမ်မွေ့သော ဖြစ်ခြင်း ဟူ၍လည်း မရှိ ဟူသော အနက်ကို အဋ္ဌကထာ ဆရာပြဆိုတော်မူသည်။

( ဤကား ငါတို့အယူတည်း၊ နှစ်ခြိုက်ရာယူလေ။ )

ဥဒါန်းပါဠိတော် "အတ္ထိ ဘိက္ခဝေ တဒါယတနံ" ချီသော သုတ်၌ "တဒါယတနန္တိ တံ ကာရဏံ" ဟု ဖွင့်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ် တို့၏ အာရုံအကြောင်း ဖြစ်သည်ကို "တဒါယတန" ဆိုသည် ဟု အဋ္ဌကထာ ဆရာပြပေ၏။

**ဆရာတို့အယူ။** ။ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ အမြဲထာဝရ တည်နေရာ လောကုတ္တရာ ဘုံဌာနအသီးကို "တဒါယတန" ဆိုသည်ဟု ယူကြကုန်၏၊ ဆရာတို့ ယူသောအတိုင်း အာယတန-သဒ္ဒါသည် တည်ရာဌာန ဟူသော အနက်ကို ဟောသည်ဟု ယူသော်လည်း သင့်မြတ်ပါ၏။

**တည်ရာဌာနဖြစ်ပုံ။** ။ အပတိဋ္ဌေ အနာလမ္ဗေ၊ ကော ဂမ္ဘီရေ နသီဒတိ။ ( သံယုတ်ပါဠိတော် အမေးဂါထာ။ )

အပတိဋ္ဌေ၊ တောက်ရာ, တည်ရာလည်း မရှိထသော။ အနာလမ္ဗေ၊ ဆွဲကိုင်တွယ်တာစရာလည်း မရှိထသော။ ဂမ္ဘီရေ၊ ဘဝဂ်မှ အဝီစိကျအောင် နက်လှစွာသော သံသရာသမုဒ္ဒရာကြီး၌။ ကော၊ အဘယ်သို့သော သူများသည်။ နသီဒတိ၊ မနစ်လေသနည်း။

အပတိဋ္ဌေ အနာလမ္ဗေ၊ သေက္ခော ဂမ္ဘီရေ နသီဒတိ။ ။ သေက္ခပုဂ္ဂိုလ်များသည်သာ မနစ်လေသည်။ ( အဖြေဂါထာ။ )

www.dhammaransi.com



တိဏ္ဏော ပါရင်္ဂတော၊ ထလေ တိဋ္ဌတိ ဗြာဟ္မဏော။ (ပါဠိတော်)
ဤပါဠိတော်များကို ထောက်၍ တည်ရာဌာန ဖြစ်ပုံကို သိအပ်၏။

**ငါတို့အယူ။** ။ သက္ကာယဒိဋ္ဌိ၏ ချုပ်ငြိမ်းခြင်းသို့ မရောက်သေးသော သူသည် အထက်ကို ဘဝဂ်, အောက်ကို မဟာအဝီစိ၊ ဤမျှလောက် နက်နဲသော ချောက်ကြီး၌ အောက်သို့ မကျလေအောင် ထောက်တည်ရာလည်းမရှိ၊ ဆွဲကိုင်တွယ်တာစရာလည်းမရှိ၊ စုတိမှ ပဋိသန္ဓေ အကူးတွင် ဝသဝတ္တီနတ်ပြည်မှ မဟာအဝီစိငရဲကြီးသို့ မျက်တောင်တစ်ခတ်အတွင်း ကျရောက်နိုင်လေ၏၊ ဘယ်နေရာ, ဘယ်ဌာနပေါ်မှာနေ၍ သေလျှင် အောက်မဟာအဝီစိသို့ ပဋိသန္ဓေ ကျရောက်၍ မသွားနိုင်ဟု ထောက်ရာ, တည်ရာဌာနလည်းမရှိ။

ဘယ်ဟာကို ကိုင်ဆွဲဖက်၍ သေလျှင် အောက်မဟာအဝီစိသို့ ပဋိသန္ဓေ ကျရောက်၍ မသွားနိုင်ဟု ဆွဲကိုင်တွယ်တာစရာလည်း မရှိ။

တစ်ခုတစ်ခုသော ခန္ဓာ ပျက်ဆုံး၍ ပဋိသန္ဓေ လှမ်းကမ်းရာအခွင့်မှာ ဘဝဂ်မှ မဟာအဝီစိတိုင်အောင် ကောင်းကင်ဟင်းလင်း ချောက်တွင်း နက်ကြီး အလား ထောက်ရာ, တည်ရာ, ကိုင်ဆွဲရာမရှိ။

ဤကဲ့သို့သော ပုထုဇဉ်အလားကို ကောင်းကောင်းကြီး မြင်၍ လွန်စွာ ကြောက်လန့်ခြင်း ဖြစ်ကြကုန်သော သူတို့မှာ အောက်သို့ ကျ၍ မသွားဘဲ အမြဲ ထာဝရ စိတ်ချရသော ထောက်ရာ, တည်ရာ, ဌာနသည်ကား ဘဝဂတိ[၁] အားဖြင့် တစ်စုံတစ်ခုမျှမရှိ။

**'ဓမ္မဂတိအားဖြင့်ကား။** ။ ကိလေသာ၏ ချုပ်ငြိမ်းမှု တစ်ခုသာရှိ၏၊ မိမိတို့ သန္တာန်၌ အစဉ်ပါရှိနေသော ကိလေသာတို့၏ ချုပ်ငြိမ်းမှု ဟူသော အခွင့်ထူး, စခန်းထူးသို့ ဆိုက်ရောက်ကြကုန်မှသာ အောက်သို့မကျဘဲ အမြဲထာဝရ စိတ်ချရသော အခွင့်ကို ရကြလေကုန်၏၊ ကိလေသာတို့၏ ချုပ်ငြိမ်းခြင်း, ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်း ဟူသော အခွင့်ထူးမှ တစ်ပါး ထိုကျမှုမှ လွတ်ငြိမ်းရန် ထောက်ရာ, တည်ရာ, ကိုးကွယ်ရာဌာန ဟူ၍ တစ်စုံတစ်ခုမျှ မရှိပြီ။

ကိလေသာတို့၏ ချုပ်ငြိမ်းမှု, ခန္ဓာတို့၏ ချုပ်ငြိမ်းမှု ဟူသော သဘောတရား ၁ ပါးသည်သာ အောက်သို့ကျခြင်းကို ပယ်ရှား ပြတ်ကင်းစေနိုင်သော သဘောအမှန်ဖြစ်၏၊ ဤသို့သော ထောက်ရာ, တည်ရာ ဓမ္မဂတိ[၁] ထင်ရှားရှိသည်

၁၊ ဘဝဂတိ-ဘဝ အလားအလာ၊

www.dhammaransi.com



ကို "အတ္ထိ ဘိက္ခဝေ တဒါယတနံ" ဟူ၍ ဟောတော်မူသည်။

( ဤကား ငါတို့အယူပေတည်း၊ နှစ်ခြိုက်ရာယူလေ။ )

ဤတွင်ရွေ့ကား ဥဒါန်းပါဠိတော်အရ နာနာဝါဒပြဆိုပုံပြီး၏။

**ကထာဝတ္ထုပါဠိတော်အရ-နာနာဝါဒပြဆိုပုံ**

ယခုအခါ အဘိဓမ္မ ကထာဝတ္ထု ပါဠိတော်ကို ပြဆိုအံ့ -

၁။ သမ္မာဝါဒီဆရာ အမေး, မိစ္ဆာဝါဒီဆရာ အဖြေ။

၂။ မိစ္ဆာဝါဒီဆရာ အမေး, သမ္မာဝါဒီဆရာ အဖြေ - ဤသို့ သမ္မာ, မိစ္ဆာ၊ အမေး, အဖြေ အပြန်အလှန်လာသည်။

ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္တမှိတိ၊ အာမန္တာ။

ပရိနိဗ္ဗုတော ပုဂ္ဂလော သဿတောတိ၊ န ဟေဝံ ဝတ္တဗ္ဗေ။

( အမေး-သမ္မာ၊ အဖြေ-မိစ္ဆာ။ )

ပရိနိဗ္ဗုတော၊ ကိလေသာမီး, ခန္ဓာမီးချုပ်ငြိမ်းပြီးဟူသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အတ္တမှိ၊ နိဗ္ဗာန်၌။ ဝါ၊ ရုပ်, နာမ်ခန္ဓာကွယ်ပျောက်ရာ၌။ အတ္ထိ၊ ကျန်ရှိ၍နေရစ်သလော။ ဣတိ၊ ဤကားအမေး။ အာမန္တာ၊ ကျန်ရှိ၍နေရစ်သည် မှန်ပါ၏။ ။ ( ဤကားအဖြေ။ )

**မိစ္ဆာဆရာကား** - ပုဂ္ဂိုလ်မည်သည် ပရိနိဗ္ဗာန်မစံမီကပင် အစဉ်ရှိခဲ့၍ လာခဲ့သည်၊ ပရိနိဗ္ဗာန်စံသောအခါ၌လည်း ခန္ဓာ, နာမ်, ရုပ်စုသာ ချုပ်ကွယ်လေသည်၊ ပုဂ္ဂိုလ်မူကား ချုပ်ကွယ်သည် ဟူ၍မရှိ၊ နာမ်, ရုပ်တို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်မှာ တည်ရှိ၍ နေသည် ဟု မိစ္ဆာဆရာအယူရှိသောကြောင့် "အာမန္တာ"ဟု ဖြေဆိုသည်။

ပရိနိဗ္ဗုတော၊ ကိလေသာမီး, ခန္ဓာမီး ချုပ်ငြိမ်းပြီးဟူသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သဿတော၊ မြဲ၍နေသလော။ ဣတိ၊ ဤကား - အမေး။ ဧဝံ၊ ဤ

---

၁။ ဓမ္မဂတိ-သဘာဝ အလားအလာ။

www.dhammaransi.com



သို့ မြဲ၍နေသည် ဟူ၍ကား။ နဝတ္တဗ္ဗေ၊ မဆိုအပ်။ ။ ( ဤကားအဖြေ။ )

မိစ္ဆာဆရာသည် မိမိ၏အလိုအားဖြင့် ပရိနိဗ္ဗုတပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ မြဲ၍နေသည်ဟု ဖြေဆိုခွင့်ဆိုက်ပါလျက် သဿတဒိဋ္ဌိနှင့် ငြိသွားမည်ကိုစိုး၍ "နဟေဝံ ဝတ္တဗ္ဗေ" ဟု ဖြေလေ၏။

ရှေ့အဖြေနှင့် နောက်အဖြေ မညီသောကြောင့် "အာဇာနာဟိ နိဂ္ဂဟံ" အစရှိသည်ဖြင့် သမ္မာဆရာက ကြိတ်နှိပ်သော စကားတို့သည် များစွာလာရှိကုန်၏။ ။ အဓိပ္ပာယ်မှာ အထူးမဟုတ်ပြီ။

ပရိနိဗ္ဗုတော ပုဂ္ဂလော နတ္ထတ္တ မှိ တိ၊ အာမန္တာ။

ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ၊ နဟေဝံ ဝတ္တဗ္ဗေ။

( အမေး - မိစ္ဆာ၊ အဖြေ - သမ္မာ။ )

ပရိနိဗ္ဗုတော၊ ကိလေသာမီး, ခန္ဓာမီး ချုပ်ငြိမ်းပြီ ဟူသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အတ္တမှိ၊ နိဗ္ဗာန်၌။ ဝါ၊ ရုပ်, နာမ်ခန္ဓာချုပ်ငြိမ်းရာ၌။ နတ္ထိ၊ မရှိ သလော။ ဣတိ၊ ဤကား - အမေး။ အာမန္တာ၊ မရှိပေ။
( ဤကားအဖြေ။ )

သမ္မာဆရာကား။ ။ ပုဂ္ဂိုလ်မည်သည် ပရိနိဗ္ဗာန် မစံမီကပင် ရှိသည်မဟုတ်၊ ပရိနိဗ္ဗာန်စံပြီးသောအခါ နိဗ္ဗာန်၌ ရှိနေသည်ဟု ယူခွင့်မရှိလေသောကြောင့် "အာမန္တာ" ဟု ဖြေပေ၏။

ပရိနိဗ္ဗုတော၊ ကိလေသာမီး, ခန္ဓာမီး ချုပ်ငြိမ်းပြီး ဟူသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥစ္ဆိန္နော၊ နာမ်, ရုပ်ချုပ်ရာတွင် ပြတ်တောက်ကွယ်ပျောက်၍ သွားလေသလော။ ဣတိ၊ ဤကားအမေး။ ဧဝံ၊ ဤသို့။ ပြတ်တောက်ကွယ်ပျောက်သွား၍ဟူ၍။ နဝတ္တဗ္ဗေ၊ မဆိုသင့်။ ။ ( ဤကားအဖြေ။ )

နဂိုကမှ မရှိသော ပုဂ္ဂိုလ်သည် ပြတ်သည်ဟူ၍ ဆိုဖွယ်မရှိသောကြောင့် "နဟေဝံ ဝတ္တဗ္ဗေ" ဟု ဖြေပေ၏၊ ပရိနိဗ္ဗာန်အစံတွင် ပြတ်၍သွားပါသည် ဆိုခဲ့လျှင် ပရိနိဗ္ဗာန်မစံမီကား ပုဂ္ဂိုလ်ရှိ၏ ဟု ယူရာရောက်သည်။

www.dhammaransi.com



ရှေ့ပုစ္ဆာ၌ နိဗ္ဗာန်၌ ထိုပုဂ္ဂိုလ်မရှိဟု ဖြေသည်မှာ ပရိနိဗ္ဗာန်မစံမီလည်း မရှိ၊ ပရိနိဗ္ဗာန်စံပြီးသောအခါ၌လည်း မရှိသောကြောင့် "အာမန္တာ" ဟု ဖြေသတည်း၊ ဤသမ္မာဆရာအယူကား - နေရာကျအယူပေတည်း။

မိစ္ဆာဆရာကား။ ။ ပရိနိဗ္ဗုတပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ မရှိဘူးလောဟု မေးသော ပုစ္ဆာ၌ မရှိဘူးဟု ဖြေပြီးလျက် မရှိလျှင် ပရိနိဗ္ဗာန် စံရာတွင် ထိုပုဂ္ဂိုလ်လည်း ပြတ်၍သွားသလော - ဟု မေးပြန်ရာ ပြတ်၍သွားသည်ဟု မဆိုအပ် - ဟု သမ္မာဆရာ ဖြေပြန်၏။

နိဗ္ဗာန်၌ မရှိလျှင်လည်း ပြတ်ရမည်၊ မပြတ်လျှင်လည်း နိဗ္ဗာန်၌ ရှိရ မည်၊ သမ္မာဆရာ အဖြေသည် ရှေ့, နောက်မညီ - ဟု သမ္မာဆရာကို ကြိတ်နှိပ် သောစကားတို့သည် များစွာ လာရှိကုန်သေး၏။ ။ အဓိပ္ပာယ်မှာ အထူးမဟုတ် ပြီ။

ငါတို့အယူ။ ။ ဤပါဠိတော်ကို ထောက်သော် ပရိနိဗ္ဗုတပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန် စံပြီးနောက် နိဗ္ဗာန်မှာ အမြဲတည်၍ နေသည်ဟု ယူခဲ့သော် သဿတဒိဋ္ဌိ၌ သက်ဝင်သည်ဟု သိအပ်၏။

"ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ၊ နဟေဝံ ဝတ္တဗ္ဗေ" ဟု သမ္မာဆရာ ဖြေချက်လာသောကြောင့် ပရိနိဗ္ဗာန်အစံတွင် ပြတ်၍သွားသည် - ဟု ယူခဲ့သော် ဥစ္ဆေဒိဋ္ဌိ၌ သက်ဝင်သည် မဟုတ်လော - ဟူငြားအံ့။

ပကတိပင် ပုဂ္ဂိုလ်, သတ္တဝါ ရှိ၏ - ဟု ယူသော သူတို့မှာသာ နိဗ္ဗာန်အစံတွင် ပြတ်၍သွားသည်ဟု ယူလျှင် ဥစ္ဆေဒိဋ္ဌိ ဖြစ်သည်၊ ပြတ်၍မသွား နိဗ္ဗာန်၌ အမြဲတည်ရှိ၍ နေသည်ဟုယူလျှင် သဿတဒိဋ္ဌိ ဖြစ်သည်။

ပကတိကပင် ပုဂ္ဂိုလ်, သတ္တဝါ ဟူ၍မရှိ၊ ရုပ်, နာမ် သက်သက်သာ ရှိသည် - ဟု ယူသော သူတို့မှာ သံသရာစက်ပြတ်လေ၏၊ ရုပ်, နာမ် အဆက်ပြတ် လေ၏ - ဟု ယူ၍ ဥစ္ဆေဒိဋ္ဌိ မဖြစ်၊ သမ္မာဒိဋ္ဌိသာ ဖြစ်သတည်း။

( ဤကား - ငါတို့၏အယူပေတည်း။ )

www.dhammaransi.com



ဆရာတို့ကား။ ။ ဤပါဠိတော်ကို ထောက်လျှင်ပင် ပရိနိဗ္ဗာန်စံရာတွင် အကြွင်းအကျန် အဆက်အလက်မရှိ၊ အကုန်ပြတ်တောက် တုစ္ဆ, အဘာဝသို့ ရောက်၍သွားသည်ဆိုခဲ့လျှင် ဥစ္ဆေဒိဋ္ဌိ ဖြစ်သည်ဟု ယူကုန်၏၊ သင့်မြတ်ရာ ယူကြလေကုန်။

ပရိနိဗ္ဗုတပုဂ္ဂိုလ် မရှိပုံ။ ။ နိဗ္ဗာန်၌ နိဗ္ဗာန် သက်သက်သာ ရှိသည်၊ နိဗ္ဗာန်ချမ်းသာ ခံစား, စံစား၍နေရသော ပရိနိဗ္ဗုတ ပုဂ္ဂိုလ် ဟူ၍ နိဗ္ဗာန်၌ မရှိကြောင်းကိုကား - ကထာဝတ္ထု ပါဠိတော်မှာပင် အထပ်ထပ် လာပါ ၏၊ လာပုံကား -

ကလျာဏပါပကာနံ ကမ္မာနံ ဝိပါကော ဥပလဗ္ဘတီတိ ကလျာဏ ပါပကာနံ ကမ္မာနံ ဝိပါကဿ ပဋိသံဝေဒီ ဥပလဗ္ဘတီတိ၊ အာမန္တာ။

နိဗ္ဗာနံ ဥပလဗ္ဘတီတိ နိဗ္ဗာနဿ ပဋိသံဝေဒီ ဥပလဗ္ဘတီနဟေဝံ ဝတ္တဗ္ဗေ။

အာပါယိကံ ဒုက္ခံ ဥပလဗ္ဘတီတိ အာပါယိကဿ ဒုက္ခဿ ပဋိ သံဝေဒီ ဥပလဗ္ဘတီတိ၊ အာမန္တာ။

နိဗ္ဗာနံ ဥပလဗ္ဘတီတိ နိဗ္ဗာနဿ ပဋိသံဝေဒီ ဥပလဗ္ဘတီတိ၊ နဟေဝံ ဝတ္တဗ္ဗေ။

နေရယိကံ ဒုက္ခံ ဥပလဗ္ဘတီတိ နေရယိကဿ ဒုက္ခဿ ပဋိသံ ဝေဒီ ဥပလဗ္ဘတီတိ၊ အာမန္တာ။

နိဗ္ဗာနံ ဥပလဗ္ဘတီတိ နိဗ္ဗာနဿ ပဋိသံဝေဒီ ဥပလဗ္ဘတီတိ၊ နဟေဝံ ဝတ္တဗ္ဗေ။

ဝိပါကော အတ္ထီတိ ဝိပါကဿ ပဋိသံဝေဒီ အတ္ထီတိ၊ အာမန္တာ။

နိဗ္ဗာနံ အတ္ထီတိ နိဗ္ဗာနဿ ပဋိသံဝေဒီ အတ္ထီတိ၊ နဟေဝံ ဝတ္တဗ္ဗေ။

www.dhammaransi.com



မိစ္ဆာဆရာကား။ ။ ကုသိုလ်ကံ, အကုသိုလ်ကံ - ဟူ၍ ရှိသော ကြောင့် ထိုကံတို့၏ အကျိုးကို ခံစား, စံစားသော ပုဂ္ဂိုလ်သည်ရှိ၏ - ဟု ယူသည်။

သမ္မာဆရာကား။ ။ နိဗ္ဗာန်သည်သာ ရှိ၍ နိဗ္ဗာန်ချမ်းသာကို ခံစာ, စံစား၍နေသော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်မရှိသည်ကို ထုတ်ပြ၍ ထိုမိစ္ဆာဝါဒကို ပယ်တော်မူသည်။

ကလျာဏပါပကာနံ ကမ္မာနံ၊ ကောင်းမှုကံ, မကောင်းမှုကံတို့၏။ ဝိပါကော၊ အကျိုးကို။ ဥပလဗ္ဘတိ၊ ရအပ်၏။ က္ကတိ၊ ထို့ကြောင့်။ ကလျာဏ ပါပ ကာနံ ကမ္မာနံ၊ ကောင်းမှုကံ, မကောင်းမှုကံတို့၏။ ဝိပါကဿ၊ အကျိုးကို။ ပဋိသံဝေဒိ၊ ခံစား, စံစားသော ပုဂ္ဂိုလ်ကိုလည်း။ ဥပလဗ္ဘတိ၊ ရအပ်သလော။ က္ကတိ၊ ( ဤကား - သမ္မာအမေး )။

အာမန္တာ၊ ရအပ်၏။ က္ကတိ၊ ( ဤကား - မိစ္ဆာအဖြေ။ )

နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဥပလဗ္ဘတိ၊ ရအပ်၏။ က္ကတိ၊ ထို့ကြောင့်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ ပဋိသံဝေဒီ၊ ခံစား, စံစားသော ပရိနိဗ္ဗုတပုဂ္ဂိုလ်ကိုလည်း။ ဥပလဗ္ဘတိ၊ ရအပ်သလော။ က္ကတိ၊ ( ဤကား - သမ္မာအမေး။ )

ဧဝံ၊ ဤသို့ ရအပ်၏ - ဟူ၍။ န ဝတ္တဗ္ဗေ၊ မဆိုအပ်။ က္ကတိ၊ ( ဤကား - မိစ္ဆာအဖြေ။ )

နိဗ္ဗာန်ချမ်းသာကို ခံစား, စံစား၍နေသော ပရိနိဗ္ဗုတပုဂ္ဂိုလ် - ဟူ၍ နိဗ္ဗာန်၌မရှိ - ဟူသော အယူကိုကား - ဤမိစ္ဆာဆရာသည် သမ္မာဆရာနှင့်ထပ်တူ ယူ၏။ ( နောက်ပါဠိတို့၌လည်း ဤနည်းတူ သိလေ။ )

ဤတွင်ရွေ့ကား - ကထာဝတ္ထု ပါဠိတော်အရ - နာနာဝါဒပြဆိုပုံပြီး၏။

## ခန္ဓသံယုတ် ပါဠိတော်အရ - နာနာဝါဒပြဆိုပုံ

ဤကား - ကထာဝတ္ထု ပါဠိတော်၌လာသော "ဥစ္ဆိန္နော" ဟူသော ပုဒ်နှင့် စပ်လျဉ်း၍ ခန္ဓသံယုတ် ပါဠိတော်မှာ လာသော ယမကသုတ်၏ အဓိပ္ပာယ်ကို

www.dhammaransi.com



ပြဆိုပေအံ့

ဒီဃာသဝေါ ဘိက္ခု ကာယဿ ဘေဒါ ဉစ္ဆိဇ္ဇတိ၊ ဝိနဿတိ၊ န ဟောတိ ပရံ မရဏာ။ ။ ( ယမက ရဟန်း၏ မိစ္ဆာအယူ။ )

ဒီဃာသဝေါ၊ ကုန်ခန်းပြီးဖြစ်သော အာသဝေါရှိသော။ ဘိက္ခု၊ ရဟန္တာသည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏၊ ဘေဒါ၊ ပျက်စီးချုပ်ဆုံးသည်မှ။ ပရံ၊ နောက်၌။ ဉစ္ဆိဇ္ဇတိ၊ ပြတ်လေ၏။ ဝိနဿတိ၊ ကွယ်ပျောက်လေ၏။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ နဟောတိ၊ မဖြစ်ပြီ။ ( ဤကား - အနက်။ )

ဤရဟန်းသည် ပုဂ္ဂိုလ် - ဟူ၍ အဟုတ်ရှိ၏၊ သတ္တဝါ - ဟူ၍ အဟုတ်ရှိ၏၊ ရဟန္တာပုဂ္ဂိုလ် - ဟူ၍ အဟုတ်ရှိ၏ - ဟု ယူသောကြောင့် မသေမီ ထင်ရှားရှိ၍နေသော ရဟန္တာပုဂ္ဂိုလ်သည် ခန္ဓပရိနိဗ္ဗာန်စံသောအခါ ဉစ္ဆိန္နဖြစ်၍ သွား၏ - ဟု မိစ္ဆာအယူဖြစ်လေ၏၊ ထိုအယူကို ကျွတ်လွတ်စေခြင်းငှာ အရှင်သာရိပုတ္တရာ စစ်ဆေးတော်မူသော တရားအချက်ကို ကြပ်ကြပ် စဉ်းစားကြပါလျှင် ယမကရဟန်းယူပုံ အခြင်းအရာလည်း ထင်ရှားလိမ့်မည်၊ ကျွတ်လွတ်ပုံလည်း ထင်ရှားလိမ့်မည်။

**အမေး။** ။ ငါ့ရှင် ယမကရဟန်း၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဟူသော ခန္ဓာ ၅-ပါးသည် နိစ္စ-လော၊ အနိစ္စ-လော၊ မေးတော်မူ၏။

**အဖြေ။** ။ အနိစ္စ-ပါဟု လျှောက်၏။

**အမေး။** ။ အနိစ္စ-မျိုး စင်စစ်ဖြစ်သော ခန္ဓာ ၅-ပါးသည် သုခ-မျိုးလော၊ ဒုက္ခ-မျိုးလော။

**အဖြေ။** ။ ဒုက္ခ-မျိုးပါဟု လျှောက်၏။

**အမေး။** ။ ဒုက္ခ-မျိုး စင်စစ်ဖြစ်သော ခန္ဓာ-၅ပါးသည် ငါ၏ ကိုယ်-ဟု သိမ်းပိုက်ခြင်းငှာ ထိုက်သော၊ အတ္တ-မျိုး ဟုတ်၏လော။

**အဖြေ။** ။ မယူထိုက်ပါ-ဟု လျှောက်၏။

www.dhammaransi.com



အမေး။ ။ ဒုက္ခ မျိုး စင်စစ်မှန်သည်အတွက် ငါ၏ကိုယ်ဟု သိမ်းပိုက်လိုက်သော အတ္တ မျိုး မဟုတ်သော ထိုခန္ဓာ ၅ ပါးကို ပုဂ္ဂိုလ်, သတ္တဝါ ဟု ယူထိုက်မည်လော။

အဖြေ။ ။ မယူထိုက်ပါ ဟု လျှောက်၏။

အမေး။ ။ ခန္ဓာ ၅ ပါးသည် ပုဂ္ဂိုလ်, သတ္တဝါမဟုတ်၊ ပုဂ္ဂိုလ်, သတ္တဝါ တခြား၊ ခန္ဓာ ၅ ပါး တခြား၊ ထိုခန္ဓာ ၅ ပါး၌ ပုဂ္ဂိုလ်, သတ္တဝါတည်၍ နေသည်ဟူ၍လည်းကောင်း၊ ခန္ဓာ ၅ ပါးမှ အလွတ်၌ တည်၍နေသည် ဟူ၍ လည်းကောင်း ယူထိုက်မည်လော။

အဖြေ။ ။ မယူထိုက်ပါ ဟု လျှောက်၏။

အမေး။ ။ ခန္ဓာ ၅ ပါးသည် လည်း ပုဂ္ဂိုလ်,သတ္တဝါမဟုတ်၊ ခန္ဓာ ၅ ပါးမှ အလွတ်ပုဂ္ဂိုလ်, သတ္တဝါဟူ၍လည်း မရှိ၊ ထိုသို့ ပုဂ္ဂိုလ်, သတ္တဝါ ဟူ၍ အမှန်အားဖြင့် မရှိသည်သာ စင်စစ်ဖြစ်ပါလျှင် ရဟန္တာ ပုဂ္ဂိုလ်သေလျှင် ပြတ်၏ ဟု သင်ယူခြင်းသည် သင့်လျော်ပါမည်လော မေးတော်မူရာ-

အဖြေ။ ။ မလိမ္မာ၍ ယူမိပါသည်၊ ယခုမှာ အရှင်ဟောသော တရားကို ကြားနာရ၍ ထိုမိစ္ဆာအယူလည်း ပျောက်ကင်းပါပြီ၊ သစ္စာ ၄ ပါး တရားကိုလည်း သိပါပြီ ဟု လျှောက်လေ၏။

အမေး။ ။ တစ်ဖန် ရဟန္တာ ပုဂ္ဂိုလ်သေလျှင် အသို့ဖြစ်သနည်း ဟု သူတစ်ပါးတို့က သင့်အားမေးခဲ့သော် အသို့ပြောမည်နည်း ဟုမေးတော်မူ ပြန်၏။

အဖြေ။ ။ ခန္ဓာ ၅ ပါးသည် အနိစ္စမျိုးသာ အမှန်ဖြစ်၏။ အနိစ္စ-မျိုးဟူသမျှသည် ဒုက္ခမျိုး အမှတ်ဖြစ်၏၊ ရဟန္တာပုဂ္ဂိုလ်ဟူ၍ပင် မရှိလေရကား ရဟန္တာပုဂ္ဂိုလ် သေသည် ဟူ၍လည်း မရှိ၊ သေသည်မှ နောက်၌ ပြတ်သည် ဟူ၍လည်းကောင်း၊ မပြတ် ဟူ၍လည်းကောင်း ဆိုခွင့်မရှိ၊ ဒုက္ခမျိုးအမှန် ဖြစ်သော ခန္ဓာ ၅ ပါးသည်သာ ချုပ်လေ၏၊ ကွယ်ပျောက်ခြင်းသို့ ရောက်လေ၏ ဟူ၍ ဖြေပါမည် ဟု လျှောက်လေ၏။

အရှင်သာရိပုတ္တရာကား သာဓု, သာဓု ခေါ်တော်မူ၏။

www.dhammaransi.com



လိုရင်းအဓိပ္ပာယ်။ ။ ဤသို့စစ်တမ်းထုတ်တော်မူချက်ကို မြင်သဖြင့် ခန္ဓာ ၅ ပါး၌ အနိစ္စ အချက်ကို မမြင်၍ ပုဂ္ဂိုလ်, သတ္တဝါ ဟူသော အတ္တဒိဋ္ဌိဖြစ်ရသည်၊ အတ္တိဒိဋ္ဌိဖြစ်ရင်းရှိသောကြောင့် ရဟန္တာပုဂ္ဂိုလ်သည် သေလျှင် ပြတ်၏ ဟူသော ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ရသည်။

အနိစ္စ အချက်ကို မြင်လျှင် ဒုက္ခအချက်ကို မြင်၏၊ ဒုက္ခ အချက်ကို မြင်လျှင် အနတ္တအဖြစ်ကို မြင်၏၊ အနတ္တအဖြစ်ကို မြင်လျှင် အတ္တဒိဋ္ဌိ, ပုဂ္ဂလဒိဋ္ဌိ ပျောက်ကင်း၏၊ အတ္တဒိဋ္ဌိ ပျောက်ကင်းလျှင် ရဟန္တာပုဂ္ဂိုလ်ဟူ၍ အဟုတ်အားဖြင့် မရှိကြောင်းကို မြင်၏၊ ရဟန္တာပုဂ္ဂိုလ်ဟူ၍ အဟုတ်မရှိကြောင်းကို မြင်လျှင် သေသည်မှ နောက်၌ ပြတ်၏ ဟူသော ဒိဋ္ဌိသည် ပျောက်ကင်းလေ၏၊ နဂိုကပင် ရဟန္တာပုဂ္ဂိုလ်ဟူ၍ အဟုတ်ရှိမှသာ သေလျှင်ပြတ်သည်, မပြတ်သည်ဟု ဖြစ်ခွင့်ရှိသည်၊ အဟုတ်မရှိပါဘဲကို အဟုတ်ရှိပြု၍ သေလျှင်ပြတ်သည်ဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိ၊ မပြတ်ဟုယူလျှင် သဿတဒိဋ္ဌိ ဖြစ်လေသည်၊ ပုဂ္ဂိုလ်, သတ္တဝါဟူသည် တစ်ဘဝလုံးမှ တစ်ယောက်သာ ဟု ယူသည် ဘဝအဆက်ဆက်ကိုပင် တစ်ယောက်တည်းသာ ဟုယူသည်။

ခန္ဓာ ၅ ပါးသည်မူကား မျက်တောင်တစ်ခတ် အတွင်းမှာပင် အကြိမ်တစ်ရာမက အသစ်, အဟောင်း ပြောင်းလဲ၏၊ ထို့ကြောင့် ခန္ဓာ ၅ ပါးသည် လူတို့မှတ်ယူသော ပုဂ္ဂိုလ်သတ္တဝါ ဟူသော နိစ္စ အလားမဟုတ်၊ မျက်တောင်တစ်ခတ်အတွင်းမှာပင် အကြိမ်တစ်ရာမက ပျောက်ဆုံး၍နေသော အနိစ္စ တရားသာ ဖြစ်၏။ ခန္ဓာ ၅ ပါးအပြင် တစ်စုံတစ်ခုမျှမရှိ၊ ထိုကဲ့သို့ အပျောက်အပျက် အပြောင်းအလဲမြန်လှသော ခန္ဓာ ၅ ပါးသည် မွေးမြူဆောင်ရွက်သော သူအား မျာစွာသော ဒုက္ခကို ပေးနိုင်၏။ များစွာသော ဒုက္ခကို ပေးသော တရားစုကို ငါ၏အတ္တ ဟု မသိမ်းပိုက် ထိုက်။

အတ္တဟူသည်ကား။ ။ စွဲလမ်းသော မိစ္ဆာစိတ်ရှိမှ အတ္တဟု ရှိသည်၊ စွဲလမ်းသော မိစ္ဆာစိတ်မရှိလျှင် အတ္တ ဟူ၍မရှိ၊ အတ္တ မရှိလျှင်လည်း ပုဂ္ဂိုလ်, သတ္တဝါ ဟူ၍ ထင်မှတ်ဖွယ်မရှိ၊ ပုဂ္ဂိုလ်,သတ္တဝါ ဟူ၍ မရှိလျှင် ပုဂ္ဂိုလ်သေသည်, ရှင်သည်၊ သတ္တဝါသည်, ရှင်သည် ဟူ၍ပင်မရှိ၊ သေသည်, ရှင်သည် ဟူ၍ မရှိလျှင် သေလျှင်ပြတ်သည်, မပြတ်သည်ဟုမရှိ၊ ထိုသို့ မရှိ ဘဲလျက် အရှိပြု၍ ယူခဲ့လျှင် ဥစ္ဆေဒိဒိဋ္ဌိ,သဿတဒိဋ္ဌိဖြစ်၏၊ မဂ်လမ်းဖိုလမ်းမှ ဖီလာဖြစ်၏၊ ထိုအယူရှိ၍နေလျှင်

www.dhammaransi.com



မဂ်, ဖိုလ်ကို မဆိုထားဘိ၊ ဝိပဿနာဉာဏ်မျှပင် မသိနိုင်ပြီ၊ ဘုရားနှင့် တွေ့ရသော သူ၊ တရားနှင့် တွေ့ရသော သူ, သာသနာနှင့် တွေ့ရသောသူ ဟူ၍ မဆိုထိုက်ပြီ။ [သတိရှိကြလေကုန်။]

[ဤကား - ယမကသုတ် ပါဠိတော်အရ ငါတို့၏ အယူပေတည်း။]

**ဆရာတို့ကား။** ။ ဤ ယမကသုတ်ကို ထောက်၍ပင်လျှင် ရဟန္တာ ပုဂ္ဂိုလ်သေလျှင် ပြတ်၏ ဟု ယူသောသူတို့အား ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ရာ၏၊ မပြတ်ဟု ယူမှ ဥစ္ဆေဒဒိဋ္ဌိ လွတ်ကင်းရာသည် ဟု အယူရှိကြကုန်၏။ ။ သင့်မြတ်ရာကို ယူကြလေကုန်။

ဤမျှလောက်သော သုတ္တန်, အဘိဓမ္မာ ပါဠိတော်ကြီးတို့ကို ထုတ်ပြ၍ အာစရိယဝါဒနှင့်တကွ နေရာတကျရှင်းလင်း၍ ပြလိုက်သဖြင့် ကြွင်းကျန် သမျှသော ပါဠိတော်အရပ်ရပ်တို့မှာလည်း နေရာတကျ သိနိုင်ကြကုန်ရာပြီ ဖြစ်၍ ရဟန္တာပုဂ္ဂိုလ်တို့၏ ခန္ဓာချုပ်ငြိမ်းမှုနှင့် စပ်လျဉ်းသော ကြွင်းကျန်သော သုတ္တန် ပါဠိတော်, အဘိဓမ္မာပါဠိတော်တို့ကို မပြမဟိုပြီ။

အဖွင့်သံဝဏ္ဏနာကို စီရင်ကြကုန်သော အဋ္ဌကထာဆရာ, အထက်ဋီကာ ဆရာတို့ကား အလွန်ဆန်းကြယ်သော သဘောဉာဏ် ရှိတော်မူကြကုန်သည်ဖြစ်၍ အလွန်ဆန်းကြယ်စွာ ဖန်တီး၍ ဖွင့်တော်မူကြကုန်၏၊ ယခုကာလ၌အဓိပ္ပာယ် လိုရင်း အကျဉ်းချုပ်အချက်ကို သိနိုင်ရန် ဉာဏ်အနက်အနဲလိုကြ၍ ထိုအဋ္ဌ ကထာ,ဋီကာတို့စကား၌ အယူဝါဒအထွေအပြား များကြလေကုန်၏၊ နောက်ဖြစ် ဋီကာကျမ်း, ဂန္ထန္တရကျမ်းတို့မှာလည်း သင့်, မသင့်ကို ချင့်ချိန် စဉ်းစားဖွယ် အလွန် များပြား၏၊ ဘုရားဟော ပါဠိတော်ရင်းများကို အနှံ့အပြား အားထုတ် ကြံဖန်၍ ဘုရား အလိုတော်ကို အတော်အလျော် ကြံမိ, သိမိ ရှိသောသူတို့မှသာ အထက်ကျမ်းတို့၌ အဆန်းတကြယ် ဖွင့်ဆိုကြရာမှာလည်း ပဓာနအကျဉ်း လိုရင်း အအနက်ကို အချက်ကျ ယူနိုင်ကုန်ရာသည်၊ နောက်ဖြစ်ကျမ်းဂန်တို့မှာ ယုတ္တာယုတ္တိ ရှိ, မရှိကို ရွေးကောက်နိုင်ကုန်ရာသည်။

ထို့ကြောင့် ဤနိဗ္ဗာနကထာဝယ် အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရ စကားတို့ကို များစွာမပြုမူ၍ ဘုရားမုခပါဌ်, ရဟန္တာတို့၏ မုခပါဌ်ပါဠိတော်ရင်းတို့ကိုသာ ထုတ်ဆောင်ရှင်းလင်း၍ နိဗ္ဗာန်၏ အခြင်းအရာကို ထင်လင်းစွာ ပြဆိုလိုက် ပေသည်။

ဤတွင်ရွေ့ကား
ခန္ဓသံဟုတ်ပါဠိတော်အရ နာနာ ဝါဒပြဆိုပုံပြီး၏။

www.dhammaransi.com



********

## အချို့ကျမ်းအလို ထုတ်ဆိုရှင်းလင်းချက်

ယခုအခါ ထိုထို ပါဠိတော်အစိတ်၊ အဋ္ဌကထာ, ဋီကာအစိတ်၊ ဂန္ထန္တရ အစိတ် တို့ကို အနည်းငယ်မျှ ထုတ်ပြ ရှင်းလင်းဦးအံ့။

ယထာပစ္စယံ ဟိ ပဝတ္တိမတ္တမေဝ ယဒိဒံ သဘာဝ ဓမ္မာ နာမ။ ။ (ဋီကာကျော်။)

ယဒိဒံ-ယောအယံ သဘာဝဓမ္မာ နာမ၊ အကြင် ပရမတ္ထ သဘောတရား မည်သည်။ အတ္ထိ၊ ရှိ၏၊ သော၊ ထိုပရမတ္ထသဘောတရားမည်သည်၊ ယထာ-ပစ္စယံ၊ အကြောင်းအားလျော်စွာ။ ပဝတ္တိမတ္တမေဝ၊ ဖြစ်ခြင်းအမူအရာမျှသာ လျှင်တည်း။ (ဤကား အနက်။)

သဗ္ဗေပိ ဟိဓမ္မာ တံ တံ ကြိယာမတ္တာဝ ဟောန္တိ၊ န တေသု ဒဗ္ဗံ ဝါ သဏ္ဌာနံ ဝါ ဝိဂ္ဂဟော ဝါ ဥပလဗ္ဘတိ။

(သင်္ဂြိုလ်အဖွင့် ပရမတ္ထဒီပနီဋီကာသစ်။)

ဟိ သစ္စံ၊ မှန်၏။ သဗ္ဗေပိ၊ အလုံးစုံသည် ဖြစ်ကုန်သော။ ဓမ္မာ၊ ပရမတ္ထ သဘောတရားတို့သည်။ တံ တံ ကြိယာမတ္တာဝ၊ ထိုထို ကြံခြင်း, သိခြင်း, တွေ့ထိခြင်း အစရှိသော အမူအရာ မျှတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထိုပရမတ္ထ တရားတို့၌။ ဒဗ္ဗံဝါ၊ အထည်ဒြပ်ကို လည်းကောင်း။ သဏ္ဌာနံဝါ၊ သဏ္ဌာန်ကို လည်းကောင်း။ ဝိဂ္ဂဟောဝါ၊ အကောင်အထည်ကို လည်းကောင်း။ နဥပလဗ္ဘတိ၊ မရပ်အပ်။ ။(ဤကား-အနက်။)

**အစိပ္ပာယ်ကား။** ။ မှန်ထဲမှာနေသော လူရိပ်, မျက်နှာရိပ်များသည် မျက်မြင်အားဖြင့် လူပကတိ, မျက်နှာ ပကတိ ထင်ရ၏၊ အသာထုတ်၍ ယူခြင်းငှာ မူကား အနုမြူ မျှ ယူစရာ, ရစရာမရှိ၊ အလွန် ကြည်လှစွာသော ရေထဲမှာထင်သော လူရိပ်, နေရိပ်, လရိပ်, တိမ်ရိပ်, သစ်ရိပ် တို့သည် မျက်မြင်အားဖြင့် လူပကတိ စသည်ထင်ရကုန်၏၊ အသာထုတ်၍ ယူခြင်းငှာ မူကား အနုမြူမျှ ယူစရာ, ရစရာ မရှိ။

**သဒ်တပရမတ်။** ။ ဤအတူ စိတ်ဟူသော ပရမတ္ထ တရား သည်လည်း ကြံမှု, သိမှု, ကြိယာ အမူအရာမျှသာတည်း၊ သတ္တဝါ အနန္တတို့၏ စိတ်ကို အကန်လုံးကို ပေါင်းစုသော်လည်း အနုမြူမျှ အကြိတ်အခဲ ရစရာမရှိ။ (စေတသိက် ဒွေပညာသတို့ကို ဤနည်းအတိုင်းသိလေ။)

ရုပ် ၂၈ ခုတို့၌ ပထဝီ ဟူသော မြေဓာတ်သည်လည်း ပရမတ်သဘော

www.dhammaransi.com



အားဖြင့် ခက်မာမှု, နူးညံ့မှု၊ ခက်မာခြင်း ကြိယာ, နူးညံ့ခြင်း ကြိယာ၊ ခက်မာသော အမူအရာ၊ နူးညံ့သောအမူအရာ မျှသာတည်း၊ အနုမြူမျှ ယူစရာ, ရစရာ မရှိ၊ သို့သော်လည်း ရုပ်တရား ဖြစ်ပေ၍ အကုဋေမက စုပေါင်းမိကြလျှင် အနုမြူမျှ စသည် ဖြစ်လာ၏၊ ကြွင်းသော ရေဓာတ်, မီးဓာတ်, လေဓာတ် တို့ကိုလည်း ဤနည်းအတိုင်း သိလေ၊ ကြွင်းသောဥပါဒါရုပ် ၂၄ ခုတို့သည်ကား ဘယ်မျှ လောက်ပင် ပေါင်းစုသော်လည်း အထည် ဝတ္ထု၊ အဏုမြူမျှ ရကောင်းသော ရုပ်မဟုတ်ကြကုန်။

ဤသို့လျှင် စိတ်, စေတသိက် ဟူသော နာမ်တရား ၂ မျိုးသည် အကုဋေ မကပင် ပေါင်းစုသော်လည်း အထည်ဝတ္ထု ဟူ၍ အဏုမြူမျှ မရထိုက်၊ ရေ, မြေ, မီး, လေ ဟူသော ရုပ်ဓာတ်ကြီး ၄ ပါးတို့တွင် တစ်ပါးပါး သည်လည်း ပရမတ္ထသဘာဝ သက်သက်အားဖြင့် အထည် ဝတ္ထု ဟူ၍ အဏုမြူမျှမရထိုက်၊ ဥပါဒါ ခေါ်သော ရုပ်သေးတို့မှာ ဆိုဖွယ်ရာမရှိ။

နိဗ္ဗာန်ခေါ်သော ချုပ်ငြိမ်းမှု, ချုပ်ငြိမ်းခြင်း ကြိယာ,[၂] ချုပ်ငြိမ်းခြင်း အမူအရာသည်မူကား ဖြစ်ပေါ်သော အမူအရာမျိုးပင် မဟုတ်၊ အစဉ်ဖြစ်ပေါ်၍ နေသော စိတ်, စေတသိက်, ရုပ် တရားတို့၏ အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု, ပျောက်ကွယ်မှု,ချုပ်ဆုံးမှုသာ ဖြစ်ပေ၍ တလူလူ ဖြစ်ပေါ်သော စိတ်, စေတသိက် နာမ်တရားတို့ထက် အဆ အသိန်း, အသိန်းမက သိမ်မွေ့လှ၏၊ စိတ်, စေတသိက်, ရုပ် ဟူသော သင်္ခတ ပရမတ်မျိုးတို့မှာ တလူလူ တဖွားဖွား ဖြစ်ပေါ်သော အနေအားဖြင့် ထင်ရှားရှိကြကုန်၏။

**အသင်္ခတပရမတ်။** ။ နိဗ္ဗာန်ဟူသော အသင်္ခတပရမတ်မျိုးမှာ ထိုသင်္ခတ ပရမတ်မျိုးတို့၏ အဖြစ်ငြိမ်းခြင်း, ဇာတ်သိမ်းခြင်း ဟူသော သန္တိ အနေအားဖြင့် ထင်ရှားရှိပေ၏၊ ထိုအဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှုကို မရှိဟူ၍ ဆိုခဲ့ငြားအံ့၊ လောက ၃ ပါး၌ကိလေသာတို့၏ အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု ဟူ၍ မရှိလေရာ၊ ကိလေသာတို့၏ အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှုဟူ၍ မရှိကလည်း ဘုရား ဟူ၍ မရှိရာ၊ ပစ္စေကဗုဒ္ဓါ ဟူ၍ မရှိရာ၊ ရဟန္တာ ဟူ၍မရှိရာ၊ အရိယာ ဟူ၍ မရှိရာ။

**သင်္ခတပရမတ်ကြိယာ။** ။ ဤမျှသော စကားရပ်တို့ဖြင့် အလုံးစုံသော ပရမတ္ထ ဓမ္မမျိုး ဟူသမျှသည် အဟုတ် အမှန်အားဖြင့် အထည်ဝတ္ထု ဟူ၍ အဏုမြူမျှ မရှိကြ၊ အမူမျှ သက်သက်, ကြိယာမျှ သက်သက်,အခြင်း အရာမျှ သက်သက်သာ ဖြစ်ကြ၏။ ထိုသို့ ကြိယာမျှသက်သက် ဖြစ်ကြသော်လည်း

၁။ အနုမြူ နံရံပေါက်စသည်၌ နေရောင်တွင် မြင်ရသောမြူ၊
၂။ ကြိယာ - ဖြစ်ခြင်းစသော အမှု, အမူအရာ၊

www.dhammaransi.com



သင်္ခတပရမတ် ကြိယာမျိုးတို့မှာ ဖြစ်ပေါ်သော ကြိတယာမျိုးပေတည်း။

**အသင်္ခတပရမတ်ကြိယာ။** ။ အသင်္ခတ ပရမတ်ကြိယာမှာ ထိုသင်္ခတ ကြိယာတို့၏ ချုပ်ငြိမ်းမှု, ပျောက်ကွယ်မှုကို ကြိယာဆိုပေသည်၊ ထို့ကြောင့် နိဗ္ဗာန်ဟူသော အသင်္ခတ ကြိယာမျိုးသည် ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိ၏လော၊ မရှိလောဟု ရှာကြံလိုလျှင် သင်္ခတ ကြိယာမျိုးအနေနှင့်မရှာကြံအပ်၊ ကိလေသာ အဖြစ်ငြိမ်းမှု ဟူ၍ ဧကန္တရှိ၏လော၊ ခန္ဓာအဖြစ် ငြိမ်းမှု ဟူ၍ ဧကန္တရှိ၏လော ဟုရှာကြံရမည်။

လောက ၌ပါး၌ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ ဟူ၍ ရှိမှုကို ယုံကြည်ခဲ့လျှင် ကိလေသာတို့၏ အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှုလည်း ဧကန္တ ရှိသင့်ပေသည်၊ ရှိထိုက်ပေသည် ဟု ယုံကြည်လေးမြတ် သိမြင်အပ်၏၊ ထိုသို့ သိမြင်မှု သည်ကား ပစ္စက္ခသိ[၁] ဒိဋ္ဌသိ[၂]မျိုးမဟုတ်၊ အနုမာန သိမျှသာတည်း။ မိမိသန္တာန်မှာ ရှိ၍နေသော ကိလေသာတို့၏ မိမိသန္တာန်မှာ ချုပ်ငြိမ်း၍သွားသည်ကို ကိုယ်တွေ့ဒိဋ္ဌ သိမြင်ရသော သူတို့မှာသာ ပစ္စက္ခသိ, ဒိဋ္ဌသိ မျိုးနှင့် သိနိုင်, မြင်နိုင်ကြကုန်သည်။

အချို့သော သူတို့သည်ကား ကိလေသာတို့၏ အဖြစ်ငြိမ်းမှု ဟူသည် ကိလေသာတို့၏ မရှိခြင်း အဘာဝမျှသာတည်း၊ ခန္ဓာတို့၏ အဖြစ်ငြိမ်းမှု ဟူသည် ခန္ဓာတို့၏ မရှိခြင်း အဘာဝမျှသာတည်း၊ အဘာဝ ဟူသည်လည်း မရှိခြင်းမျှသာ ဖြစ်၍ အချည်းနှီးမျိုးသာသာဖြစ်၏၊ နက်နဲသော သဘောမျိုးမဟုတ်၊ သိနိုင်ခဲ, မြင်နိုင်ခဲသော သဘောမျိုးမဟုတ်၊ ဂုဏ်ကျက်သရေ ရှိသော သဘောမျိုးမဟုတ်၊ တစ်စုံတစ်ရာမျှ မရှိသော အဘာဝတုစ္ဆသည် အဘယ်သူ၏ ထောက်ရာ, တည်ရာ မှီခိုရာ,ပုန်းအောင်းရာ, လဲလျောင်းရာ ဖြစ်နိုင်ပေချေအံ့နည်း ဟုဆိုကြကုန်၏။ [ဤအဆိုမျိုးကို ရှေး၌ရှင်းလင်းခဲ့ပြီ။]

အချို့သော ဋီကာဆရာတို့လည်း ထိုသို့သော ကိလေသာတို့၏ အဖြစ်ငြိမ်းမှု, ခန္ဓာတို့၏ အဖြစ်ငြိမ်းမှုကို နိဗ္ဗာန်ဟူ၍ မဆိုလိုကြကုန်။

ထိုအဖြစ်ငြိမ်းမှုအား ကျေးဇူးပြု၍ တည်နေသော တစ်မျိုးသောဓာတ် သဘာဝကြီးသည် အသီးအခြားရှိ၏၊ ထိုဓာတ်သဘာဝကြီးသည်သာ ဂမ္ဘီရ, ဒုဒ္ဒသအစရှိသော အနန္တဂုဏ်နှင့်ပြည့်စုံသော နိဗ္ဗာန်ကြီးအစစ်ပေတည်း၊ ပြဆိုခဲ့ပြီးသော အဖြစ်ငြိမ်းမှုသည်ကား ထိုနိဗ္ဗာန်ကြီး၏ အကျိုးဆက်မျှသာတည်း

---

၁၊ ပစ္စက္ခ သိ - မျက်မှောက်သိ၊
၂၊ ဒိဋ္ဌ သိ - မျက်မြင်သိ၊

www.dhammaransi.com



ဟုအယူရှိကြကုန်၏။

ဆရာတို့၏အယူသည် ဒုတိယ ကဏ္ဍ၌ ထုတ်ပြခဲ့ပြီးသော ပါဠိတော်လာ ဥပမာအရပ်ရပ်နှင့် မညီလေ၊ ကိလေသာတရား, ခန္ဓာတရားတို့မည်သည် အတုမရှိ၊ အလွန်ကြီးကျယ်လှသော ဒုက္ခအစု, ဘေးအစုတို့သာတည်း၊ ကိလေသဒုက္ခ, ခန္ဓ ဒုက္ခကြီးကျယ်သမျှသည် ထိုကိလေသာ, ခန္ဓာတို့၏ အဖြစ်ငြိမ်းမှု၌ ဂုဏ်ကျက်သရေ ကြီးကျယ်ဖို့ချည်းသာတည်း။

ဤသတ္တဝါတို့၏ သန္တာန်မှာ ရှိနေသော လောဘ ၁ ခု၏ အကျိုးမဲ့, အကျိုးယုတ် ဒုက္ခနယ်ကြီးသည် အဘယ်မျှလောက် ကြီးကျယ်သည် ဟု မြော်နိုင် ပါလျှင် ထိုလောဘ ၁ ခု၏ ကျွတ်လွတ်မှု, ချုပ်ငြိမ်းမှုသည် အဘယ်မျှလောက် အကျိုးကြီးမြတ်သည်ဟု မြော်နိုင်ရာသည်၊ ဒေါသ ၁ ခု၏ အကျိုးမဲ့, အကျိုးယုတ် ဒုက္ခနယ်ကြီး၊ မောဟ ၁ ခု၏ အကျိုးမဲ့, အကျိုးယုတ် ဒုက္ခနယ်ကြီး၊ ဒိဋ္ဌိ ၁ ခု၏ အကျိုးမဲ့, အကျိုးယုတ် ဒုက္ခနယ်ကြီး စသည်ဖြင့် ၁၅၀၀ ကိလေသာတို့ကို အသီးအသီး တစ်ခုစီ, တစ်ခုစီ ထုတ်၍ မြော်လေ။

ထင်းမီးစာသည် မီး၏ပွားစီးရာ အစာအာဟာရဖြစ်၏သို့၊ အလုံးစုံသော တေဘုမ္မက ရုပ်, နာမ်ခန္ဓာ - ဟူသမျှတို့သည် ထို ၁၅၀၀ ကိလေသာမီးတို့၏ ပွားစီးရာ အစာအာဟာရတွေသာ ဖြစ်ကုန်၏။

လတ်တလော သေစေတတ်သော အဆိပ်စေးတို့နှင့် ကိလေသာတို့ သည် တူကုန်၏၊ အဆိပ် ပင်ကြီးတို့နှင့် ထိုတေဘုမ္မကခန္ဓာတို့သည် တူကုန်၏၊ အဆိပ်ပင် ကြီးတို့သည် အဆိပ်စေးတို့၏ ပွားစီးရာ ဖြစ်ကုန်သကဲ့သို့၊ ထိုတေဘုမ္မက ခန္ဓာ တို့သည် ကိလေသာတို့၏ ပွားစီးရာ ဖြစ်ကုန်၏၊ ခပ်သိမ်းသော ဘေးဘယတို့၏ ပွားစီးရာဖြစ်ကုန်၏၊ ထို့ကြောင့်လောကီစိတ် ၈၁ ခုတို့တွင် တစ်ခုတစ်ခုသော စိတ်မှာ ပွားစီးသောကိလေသာပေါင်း, အကျိုးမဲ့ အကျိုးယုတ် ဒုက္ခပေါင်း အဘယ်မျှ ကြီးကျယ်ရှည်လျားသည်ဟု မြော်နိုင်ပါလျှင် ထိုတစ်ခုတစ်ခုသော စိတ်၏ ကျွတ်လွတ်ချုပ်ငြိမ်းမှုသည် အဘယ်မျှလောက် ကောင်းကျိုးချမ်းသာ ကြီးမြတ်သည်ဟုမြော်နိုင်ရာသည်။

(ကြွင်းသော ရုပ်နာမ်တရားတို့၌လည်း ဤနည်းတူသိလေ။)

ဘာဝ, အဘာဝ။ ။ သင်္ခတတရားတို့၏ ဖြစ်မှု, ရှိမှုကား ဘာဝ တည်း၊ မဖြစ်မှု, မရှိမှုကား အဘာဝတည်း၊ ၁၅၀၀ ကိလေသာ တရားတို့မှာ ဖြစ်မှု, ရှိမှု ဟူသော ဘာဝပက္ခ^ သည် အကျိုးမဲ့ အကျိုးယုတ် ဒုက္ခနယ်ကြီးဖြစ်၏၊ မဖြစ်မှု,

www.dhammaransi.com



မရှိမှု ဟူသော အဘာဝပက္ခ[၂] သည် ကျက်သရေမင်္ဂလာ ကြီးလှစွာသော သုခနယ်ကြီးဖြစ်၏၊ အဘာဝ ဟူ၍မထိမဲ့မြင်မမှတ်အပ်၊ ကြီးကျယ်လှစွာသော ဘေးကြီး, ရန်ကြီး, အန္တရာယ်ကြီးတို့၏ လွတ်ကင်းခြင်း အဘာဝမည်သည် ကြီးကျယ်လှစွာသော သုခမင်္ဂလာကြီး ဖြစ်၏။

**ဘာဝ, ပင်။** ။ အဘာဝဆိုသော်လည်း ကိလေသာ, ခန္ဓာတို့၏ မရှိမှုကိုရည်၍ အဘာဝ ဆိုရသည်၊ ရှေး၌ ပြဆိုခဲ့ပြီးသောအတိုင်း အသင်္ခတ ပရမတ္ထဓမ္မ အနေအားဖြင့်မူကား ထင်ရှားစကန် ရှိရိုးမှန်သော ဘာဝပင်တည်း။

အကယ်၍ ထိုဘာဝသည် မရှိခဲ့သည့်ဖြစ်အံ့၊ လောက ၃ ပါး၌ ဘုရားပစ္စေကဗုဒ္ဓါ, အရိယာဟူ၍ မရှိရာပြီ၊ လူ့ချမ်းသာ, နတ်ချမ်းသာ,ဗြဟ္မာ့ချမ်းသာမည်သည် ကိလေသာတင်းလင်း၊ ဇရာဘေးတင်းလင်း၊ မရဏဘေးတင်းလင်း၊ အပါယ်ဘေးတင်းလင်း ထက်ကြပ်ပါရှိ၍နေ၏၊ ရရှိ၍နေသော လူ့ချမ်းသာသည် မကြာမီကွယ်ပ အဘာဝသို့ရောက်၍အပါယ်ငရဲမှာ ဆင်းရဲကြီး ပင်လယ်ဝေနှင့် ခံနေရလေ၏။

ထို့အတူ ရရှိ၍နေသော နတ်ချမ်းသာသည် မကြာမီ ကွယ်ပ အဘာဝသို့ရောက်၍ အပါယ်ငရဲမှာ ဆင်းရဲကြီး ပင်လယ်ဝေနှင့် ခံနေရ လေ၏။ ရရှိ၍နေသော ဗြဟ္မာ့ချမ်းသာသည် မကြာမီ ကွယ်ပ အဘာဝသို့ရောက်၍ အပါယ်ငရဲမှာ ဆင်းရဲကြီး ပင်လယ်ဝေနှင့်ခံနေရ၏၊ ဤသို့လျှင် တေဘုမ္မက သုခသည် ဘာဝသုခ ဟုဆိုရသော်လည်း အနိစ္စဓမ္မဖြစ်၍ ခဏချင်း, ခဏချင်း ကွယ်ပသော အဘာဝ ပြဋ္ဌာန်းလျက် မျက်လှည့်သည်ပြသော ဝတ္ထုကဲ့သို့သာဖြစ်၏။

**ဘာဝအမှန်။** ။ သန္တိဘာဝတစ်ပါးသည်သာလျှင် နိစ္စထာဝရဖြစ်သော ဘာဝမှန်ဖြစ်၏၊ သန္တိဘာဝသည် ဘယ်အခါ ဖောက်ပြန်၍ ချုပ်ငြိမ်းမှု ကွယ်ပသော အဘာဝသို့ ရောက်ပြန်သဖြင့် ကိလေသဒုက္ခဖြစ်ပေါ်၍လာပြန်ပြီ၊ ခန္ဓဒုက္ခ ဖြစ်ပေါ်၍ လာပြန်ပြီဟု မရှိပြီ။

ဤမျှသော စကားရပ်တို့ဖြင့် ဒုတိယကဏ္ဍာ၌ ထုတ်ပြခဲ့သော ပါဠိတော်အရပ်ရပ်အတိုင်း ကိလေသာခန္ဓာတို့၏ အဖြစ်ငြိမ်းမှုသည်ပင် နိဗ္ဗာန်ဖြစ်၏၊ ထိုအဖြစ်ငြိမ်းမှုမျှကိုလွန်၍ အသားထုတ်ဖွယ်, အစွန်း

---

၁။ ဘာဝပက္ခ - အဖြစ်ဖက်၊

၂။ အဘာဝပက္ခ - မဖြစ်ဖက်၊

www.dhammaransi.com



ထုတ်ဖွယ်မရှိပြီ၊ ထုတ်သော်လည်း အနမတဂ္ဂ ကြီးကျယ်လှသော ဝဋ်ဒုက္ခ ချုပ်ငြိမ်းမှု ဟူသော သန္တိသုခကြီးထက် ပိုမိုလွန်ကဲသော သုခဟူ၍ မရှိပြီ၊ ဝဋ် ဒုက္ခတို့၏ ချုပ်ငြိမ်းမှု ဟူသော အေးငြိမ်းခြင်း,အေးချမ်းခြင်း, အေးမြခြင်းထက် ပိုမိုလွန်ကဲသော သန္တိသုခ, သီတလ သုခ ဟူ၍ မရှိပြီ ဟူသော အနက်ကို ပြဆိုသည်။

ဥပမာ။ ။ တစ်ကိုယ်လုံး၌ ကျောက်ဆိုးရောဂါ ဖြစ်ပွားနှိပ်စက်၍ နေသောသူတို့သည် ထိုရောဂါ ဟူသော မိမိကိုယ်ခန္ဓာတစ်စိတ် ချုပ်ငြိမ်း ကွယ်ပျောက်မှုသို့ ရောက်ကုန်မှသာလျှင် ထိုရောဂါဒုက္ခမှ လွတ်နိုင်ကုန်၏၊ ထို့ကြောင့် ထိုသူတို့၏ ကိုးကွယ်ရာကား ရောဂါဟူသော မိမိကိုယ်ခန္ဓာတစ်စိတ်၏ ချုပ်ငြိမ်းမှုသည်သာလျှင်တည်း၊ သည်မှတစ်ပါး ကိုးကွယ်ရာ မရှိပြီ။

ထိုသူတို့ကို ထိုဒုက္ခမှ ကယ်ဆယ်နိုင်သော တရားအစစ်ကား ထိုရောဂါ၏ ချုပ်ငြိမ်းခြင်း ၁ ခုသာတည်း၊ ထိုမှတစ်ပါး ကယ်ဆယ်နိုင်သော တရားအစစ်မရှိ၊ ထို့ကြောင့် ထိုသူတို့၏ ကိုးကွယ်ရာအစစ်ကား ထိုရောဂါ၏ ချုပ်ငြိမ်းခြင်း သာတည်း၊ သည်မှတစ်ပါး ကိုးကွယ်ရာမရှိ။

ထိုသူတို့၏ ထိုဒုက္ခဘေးမှ လွတ်ကင်းရာ တရားကားထိုရောဂါ၏ ချုပ်ငြိမ်းမှု ၁ ခုသည်သာတည်း၊ ထို့ကြောင့် ထိုသူတို့၏ ပုန်းအောင်းရာ, လဲလျောင်းရာ, အားထားရာ, မှီခိုရာတရားကား ထိုရောဂါ၏ ပျောက်ငြိမ်းမှု သာတည်း။

ဤသို့လျှင် ရောဂါ၏ ချုပ်ငြိမ်းမှု ဟူသော အဘာဝသည် ရောဂါဘေး သင့်သောသူတို့၏။ ဒီပံ၊ မှီခိုရာကျွန်းကြီးသဖွယ်ဖြစ်ပေ၏၊ နာထော၊ ကိုးကွယ်ရာ ဖြစ်ပေ၏။ ပတိဋ္ဌော၊ အားထားရာဖြစ်ပေ၏၊ တာဏံ၊ ကယ်တင်ရာ ဖြစ်ပေ၏၊ လေဏံ၊ ပုန်းအောင်းရာဖြစ်ပေ၏၊ ဂတိ၊ ထောက်ရာ, တည်ရာ ဖြစ်ပေ၏။ ပရာယနံ၊ လဲလျောင်းရာ ဖြစ်ပေ၏။

အဘာဝသာ အားထားရာ။ ။ ထို့အတူ မိမိသန္တာန်၌ ဖြစ်၍နေသော ခန္ဓာ ၅ ပါး ရုပ်, နာမ်တရားစုသည် "ပဉ္စက္ခန္ဓေ အနိစ္စတော, ဒုက္ခတော, ရောဂတော, ဂဏ္ဍတော, သလ္လတော, အဃတော, အာဗာဓတော" ဟူ၍ ဟောတော်မူသည်နှင့်အညီ အနာဆိုး, ရောဂါဆိုးမည်၏၊ ကိလေသာ ဟူသော ငန်းမန်းထန်လှစွာသော ခန္ဓာ ၅ ပါး ဟူသော ရောဂါဘေး, အနာဘေးသင့်၍ နေကုန်သော သူတို့အား မိမိသန္တာန်၌ ဖြစ်၍ နေကုန်သော ထိုကိလေသာ ခန္ဓာ တို့၏ ချုပ်ငြိမ်းမှု ဟူသော အဘာဝသည် အားကိုးအားထားပြုသော အားဖြင့်

www.dhammaransi.com



ထောက်ရာ, တည်ရာ, မှီခိုရာ, ပုန်းအောင်းရာ, လဲလျောင်းရာ, စင်စစ် ဖြစ်ပေသတည်း။

(ဤကား - ကိလေသာခန္ဓာတည်း ဟူသော ကြီးကျယ်လှစွာသော ဒုက္ခဘေးကြီး၏ အပြစ်ငြိမ်းခြင်း ဟူသော အဘာဝကိုပင် သန္တိအနေအားဖြင့် ဧကန္တဘာဝ, နိစ္စဘာဝ, ဓုဝဘာဝ, ထာဝရဘာဝ, သစ္စဘာဝ နိဗ္ဗာန်အစစ်ဖြစ်၏ ဟု ယူသော ငါတို့အလိုကို ပြဆိုချက်တည်း။)

**မဏိဒီပကျမ်းဆရာကား။** ။ ရဟန္တာ ပုဂ္ဂိုလ်သည် ခန္ဓပရိနိဗ္ဗာန် မစံမီ ကာလ၌လည်း ခန္ဓ ဒုက္ခတရား ထင်ရှားရှိနေသောကြောင့် နိဗ္ဗာန်သို့ ရောက်သည်, နိဗ္ဗာန်ကို ရသည် ဟု မဆိုနိုင်သေး၊ ခန္ဓာ ချုပ်ပြီးသော နောက်၌လည်း အကြွင်းအကျန်မရှိ ချုပ်လေ၍ နိဗ္ဗာန်သို့ရောက်သည်၊ နိဗ္ဗာန်ကို ရသည်ဟု ပြောဆိုရန် အခွင့်မရှိပြီ၊ ထို့ကြောင့် နိဗ္ဗာန်သို့ ရောက်သည် ဟူသော စကား၌ ဉာဏ်ဖြင့် အာရုံပြုသည်ကိုပင် အရောက်ဆိုရသည်၊ အာရုံပြုမှုမှတစ်ပါး အရောက်ဟူ၍ မရှိပြီ ဟု ဆိုတော်မူသည်။ (မသင့်။)

ခန္ဓပရိနိဗ္ဗာန်သည် မစံမီကာလ၌လည်း မိမိသန္တာန်မှာ အစဉ်ပါရှိ၍ နေသော ကိလေသာတို့၏ မိမိသန္တာန်မှာပင် ချုပ်ငြိမ်းမှု ဟူသော ကိလေသနိဗ္ဗာန်သို့ ကာယသက္ခိကိရိယကိစ္စအားဖြင့် ဧကန္တရောက်၏၊ ရ၏၊ ခန္ဓပရိနိဗ္ဗာန် စံသော အခါ၌လည်း ခန္ဓာ ၅ ပါးတို့၏ ချုပ်ငြိမ်းမှု ဟူသော ခန္ဓပရိနိဗ္ဗာန်သို့ ဧကန် ဆိုက်၏၊ ရောက်၏၊ ရ၏ မှတ်၊ ရှေး၌လည်း ပြဆိုခဲ့လေပြီ။

မိလိန္ဒပဥှာ၌ နိဗ္ဗာန်နှင့်စပ်သော ကထာပေါင်း ၇ လာ၏၊ အဆုံးကထာ၌

**အမေး။** ။ နိဗ္ဗာန်၏ တည်ရာအရပ်သည် ရှိပါသလော ဟု မိလိန္ဒ မင်းက မေး၏။

**အဖြေ။** ။ နိဗ္ဗာန်၏ တည်ရာအရပ်မည်သည် မရှိဟု ဖြေ၏။

**အမေး။** ။ တည်ရာအရပ် မရှိခဲ့သော် နိဗ္ဗာန်လည်းမရှိ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်ဟူသော စကားသည်လည်း အမှားသာ ဖြစ်၏ ဟု မင်းကြီးက ဆိုလေ၏။

**အဖြေ။** ။ တည်ရာအရပ် မရှိသော်လည်း နိဗ္ဗာန်သည် ရှိ၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသည် ဟူသော စကားသည်လည်း အမှန်ပင်ဖြစ်၏။

www.dhammaransi.com



ဥပမာ။ ။ ဥပမာကား မီးပွတ်သော ယောက်ျားသည် ၂ ခုသော သစ်သားကို ပွတ်သည်ရှိသော် မီးကိုရ၏၊ ထိုမီး၏ တည်ရှိ၍နေနှင့်သော တည်ရာ အရပ်ဟူ၍ မရှိ၊စကြာမင်း၏ အကျင့်ဝတ်တို့ကို ကျင့်သော စကြာမင်းလောင်းအား စကြာရတနာသည် ဆိုက်ရောက်လာ၏၊ စကြာရတနာတည်ရှိ၍ နေနှင့်သော တည်ရာ အရပ် ဟူ၍မရှိ၊ ဤအတူတည်ရာအရပ် မရှိသော်လည်း နိဗ္ဗာန်သည် ရှိ၏။ ဝိပဿနာတရားကို အားထုတ်သောသူသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရသည် အမှန်ပင်ဖြစ်၏ ဟုဖြေပေ၏။

ဤစကား၌ စကြာမင်းလောင်း၏ စက္ကဝတ္တိ အကျင့်ဝတ်ကို ကျင့်သော အခါ စကြာရတနာသည် ဖြစ်ပေါ် ဆိုက်လာသည် ဟူသော ဥပမာ, မီးပွတ်သော ဥပမာများကို ထောက်၍ နိဗ္ဗာန်သည်လည်း ရဟန္တာ ပုဂ္ဂိုလ် ပရိနိဗ္ဗာန်မစံမီက အမြဲထာဝရ ရှိ၍နေနှင့်သည်မဟုတ်၊ ထိုပုဂ္ဂိုလ် စံနေရန် နိဗ္ဗာန်သည် ထိုပုဂ္ဂိုလ် ပရိနိဗ္ဗာန စုတိ ချုပ်သည်၏ အခြားမဲ့၌ ဖြစ်ပေါ်၍ လာသည်ဟု ယူကြကုန်၏။

မိလိန္ဒပဉှာ ပါဠိတော်၌ကား မီးဥပမာ,စကြာရတနာဥပမာ တို့၌သာ ယခုမှ ဖြစ်ပေါ်လာသော အခြင်းအရာကို ဆိုပေသည်၊ နိဗ္ဗာန် ဟူသော ဥပမေယျ ဘက်၌ကား ဖြစ်ပေါ်လာသော အခြင်းအရာကို မဆိုပေ၊ "သမ္မာ ပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတိ" ဟူ၍ မျက်မှောက်ပြုရကြောင်း ကိုသာဆိုပေသည်၊ ထို့ကြောင့် ဤမိလိန္ဒပဉှာ၌ နိဗ္ဗာန်၏ တည်ရာ ဒိသာ[၁] ဒေသ[၂] မရှိငြားသော်လည်း နိဗ္ဗာန်သည် ဧကန်ရှိ၏၊ ကောင်းစွာကျင့်နိုင်ပါလျှင် နိဗ္ဗာန်ကို ဧကန် မျက်မှောက်ပြုရ၏၊ ဤမျှသော အနက်ကိုသာ သိရ၏။

ဤနိဗ္ဗာန်နှင့် စပ်လျဉ်းသော အရာဌာနတို့၌ ပဋိဝေဓဉာဏ်[၃]ဖြင့် နိဗ္ဗာန်ကို ပစ္စက္ခဒိဋ္ဌ မြင်တော်မူကြကုန်ပြီးသော အရိယာတို့၏ နှုတ်ထွက်စကားတော်များ သည်သာ ပမာဏဖြစ်သည်၊ နိဗ္ဗာန်ကို ပစ္စက္ခဒိဋ္ဌ မမြင်ဘူးကြကုန်သော ပုဂ္ဂိုလ် တို့၏ စကားဖြစ်ခဲ့လျှင် ကျမ်းရေးဆရာတို့၏ ကျမ်းဂန်စကားပင် ဖြစ်သော်လည်း စိတ်ချသာသည် မဟုတ်သေး၊ သို့သော်လည်း နိဗ္ဗာန်စကားမှာ မှားမည်, တိမ်မည် ကို အလွန်ကြီး ကြောင့်ကြ စိုးရိမ်ဖွယ်မရှိ။

---

၁။ ဒိသာ - အရပ်မျက်နှာ၊ ၂။ ဒေသ - အရပ်ဌာန၊

၃။ ပဋိဝေဓဉာဏ် - ထိုးထွင်း၍သိသောဉာဏ်၊

www.dhammaransi.com



ဗောဓိပက္ခိယတရား ၃၇ ပါးတို့မှာသာ မှားမည်, တိမ်းမည်ကို အလွန်ကြောင့်ကြ စိုးရိမ်ခွင့်ရှိသည်၊ ဗောဓိပက္ခိယတရား ၃၇ ပါးတို့ကို အားထုတ်ခြင်းမှ ကင်းလွတ်သော သူတို့သည် နိဗ္ဗာန်စကား၌ ဘယ်လို အမှန်ကိုပင် ပြောဆို၍ နေကြကုန်သော်လည်း ထိုနိဗ္ဗာန်နှင့် အလွန်ဝေးကွာကြကုန်၏။

ဥပမာအား။ ။ ခိုင်မြဲစွာသော ကြိုးလွန်တို့ဖြင့် ခြေ, လက်တို့ကို အကြပ်အတည်း တုပ်ချည်၍ သစ်ဖေါင်ကြီးပေါ်တင်၍ မြစ်ပြင်၌ မျှောအပ်ကုန်သောသူတို့သည် မျက်တောင်တစ်ခတ်မျှ မရပ်မနားကြကုန်မူ၍ အောက်တစ်ခွင် ပင်လယ်ရှိရာ ရေကြောင်းအလိုက်သာ မျှောကြလေကုန်ရာ၏၊ ထိုသူတို့သည် အညာစကားကို အမှန်အကန် ပြောဆိုကြကုန်သော်လည်း သူတို့ပြောဆိုရာ အညာအရပ်နှင့်မူကား ကွာလေဝေးလေသာ ဖြစ်ကြကုန်၏။

ဤအတူ၊ ဗောဓိပက္ခိယတရား ၃၇ ပါးတို့ကို အားမထုတ်ကြကုန်မူ၍ အစားကာမဂုဏ်၊ အဝတ်အရုံ ကာမဂုဏ်၊ နေရာ, ထိုင်ရာ, အိမ်ရာ, ကျောင်း, ကန်, အရိပ်အာဝါသ ကာမဂုဏ် ကြိုးလွန်တို့ဖြင့် အကြပ်အတည်း တုပ်ချည်၍ အဝိဇ္ဇာတရား၏ ပွားများရာ, ပွားများကြောင်း ပုညာဘိသင်္ခါရ[၁] အပုညာဘိသင်္ခါရ[၂] တရားတို့ကိုသာ နေ့စဉ်လိုက်စား အားထုတ်ကြကုန်သဖြင့် အပါယ် ၄ ပါးတည်းဟူသော အောက်တစ်ခွင် ဝဋ် ၃ ပါးတည်းဟူသော ပင်လယ်ရှိရာသို့သာ ရေကြောင်းလိုက် နေ့စဉ်မျှောပါး၍ နေကြကုန်သော သူတို့သည် နိဗ္ဗာန်စကားကို အမှန်အကန် ရံဖန်ရံခါ ပြောဆိုကုန်ငြားသော်လည်း သူတို့ပြောဆိုရာ အညာနိဗ္ဗာန်နှင့်မူကား ကွာလေဝေးလေသာ ဖြစ်ကြကုန်သည်။

နိဗ္ဗာန်စကားကို အမှားအတိမ်း ပြောဆိုကြကုန်ငြားသော်လည်း ဗောဓိပက္ခိယတရားတို့ကို အမှန်အကန်သိ၍ နေရာတကျ အားထုတ်ကြကုန်၍ မိမိကိုယ်ခန္ဓာ၌ ကြီးကျယ်စွာ ဖုံးလွှမ်းမိုက်မဲ၍ နေသော အဝိဇ္ဇာ မှောင်တိုက်ကြီး၏ ပြယ်ပျောက်ရာ, ပြယ်ပျောက်ကြောင်း အပါယ် ဗီဇ[၃] ဝဋ္ဋဗီဇ, ဒုက္ခဗီဇ, ဘဝဗီဇ, သံသရာဗီဇ ဖြစ်ကြကုန်သော ကုသိုလ်, အကုသိုလ် ကံဟောင်း, ကံသစ်တို့၏ ဆုတ်နစ်ရာ, ဆုတ်နစ်ကြောင်းကိုသာ နေ့စဉ်လိုက်စား အားထုတ်ကြကုန်သဖြင့် ဝိသုဒ္ဓိ ၇ ပါး တည်းဟူသော အထက်တစ်ခွင် နိဗ္ဗာန်တည်းဟူသော ဝိဝဋ္ဋမြေရှိရာသို့သာ ပဋိပတ္တိအစဉ်လိုက် လှော်ခတ် ဆန်တက်၍ နေကြကုန်သောသူတို့သည်

---

၁။ ပုညာဘိသင်္ခါရ - ပြုပြင်စီရင်တတ်သော ကောင်းမှု၊
၂။ အပုညာဘိသင်္ခါရ - ပြုပြင်စီရင်တတ်သော မကောင်းမှု၊
၃။ ဗီဇ - မျိုးစေ့၊

www.dhammaransi.com



နိဗ္ဗာန်စကားကို အတိမ်းအမှား ပြောဆိုမိကြကုန်ငြားသော်လည်း စင်စစ်ဧကန် တကယ်မှန်သော နိဗ္ဗာန်သို့သာ ရောက်ကြပေကုန်လတ္တံ့။

သံသရာတည်းဟူသော အနမတဂ္ဂ မဟာသြဃ[၁]ကြီးသည်ရှိ၏၊ ထိုသံသရာ မဟာသြဃကြီး၌ ကမ်းရှိရာသို့ ဆန်တက်သော လမ်းလည်း ရှိ၏ ကမ်းမရှိရာ မဟာသြဃအလယ်သို့စုန်မျောသော လမ်းလည်းရှိ၏။

သြဃ ၆ ပါး။ ။ မိမိယခုရှိနေသော ကိုယ်ခန္ဓာ၌ စက္ခုသည် အနမတဂ္ဂ သံသရာ မဟာသြဃကြီး ၁ ပါး၊ သောတ, ဃာန, ဇိဝှါ, ကာယ, မနော တို့သည်လည်း အနမတဂ္ဂ သံသရာ မဟာသြဃကြီး ၁ ပါး, ၁ပါးစီ၊ ဤသို့လျှင် အဇ္ဈတ္တိကာယတနတရား ၆ ပါးသည် အနမတဂ္ဂသံသရာ မဟာ သြဃကြီး ၆ ပါးဖြစ်၏။

ထို ၆-ပါးတို့တွင် မိမိ၏ အဇ္ဈတ္တသန္တာန်၌ စက္ခုသည် အနမတဂ္ဂသံသရာ တွင် အဘယ်အခါက စ၍ဖြစ်သည်-ဟု အစဖြစ်ရာကာလပင်မရှိ၊ အလွန်ရှည်လျား ၏၊ နက်အားဖြင့် စက္ခု၏ ဖြစ်ရာနယ်သည် မဟာ အဝီစိသို့ ဆိုက်လေ၏၊ အကျယ် အားဖြင့် ဤစက္ခု၏ ဖြစ်ရာနယ်သည် အရှေ့, အနောက်, တောင်, မြောက် အဆုံး မရှိ၊ စကြဝဠာအနန္တ နှံ့ပြားနိုင်၏။

မိမိ၏ အဇ္ဈတ္တဖြစ်သော စက္ခု၌ ငါ၏စက္ခု-ဟု ထင်မှတ်စွဲလမ်းမှု, ငါမြင် သည်ဟု ထင်မှတ်စွဲလမ်းမှု, ငါ၏ကိုယ်-ဟုထင်မှတ်စွဲလမ်းမှုသည်စက္ခုသံသရာ မဟာသြဃကြီး၌ နစ်မှုမြုပ်မှုပေတည်း။ မိမိ၏ အဇ္ဈတ္တစက္ခုဖြင့် မြင်ရသော အာရုံ ဝတ္ထုတို့ကို သာယာမှု, လိုက်စားမှုတို့သည် ကမ်းမရှိရာ မဟာသြဃကြီး အလယ်၌ စုန်မျောနေခြင်းပေတည်း။

ဤသတ္တဝါအပေါင်းတို့သည် အသီးအသီး မိမိ မိမိတို့၏ စက္ခုသံသရာ မဟာသြဃကြီး၌ အနမတဂ္ဂ သံသရာ ကာလပတ်လုံး နစ်မြုပ်၍ ကမ်းမရှိရာ မဟာသြဃကြီး၏ အလယ်၌သာ ယနေ့ထက်တိုင် အတွင်စုန်မျော၍ နေကြကုန်၏။

ယခုမိမိ၏ အဇ္ဈတ္တအင်္ဂါဖြစ်၍နေသော စက္ခု၌ ငါ၏စက္ခု-ဟု ထင်မှတ် စွဲလမ်းမှု, ငါမြင်သည်ဟု ထင်မှတ်စွဲလမ်းမှု, ငါ၏ကိုယ်ဟု ထင်မှတ်စွဲလမ်းမှုသည် ရှိ၏၊ ထို စွဲလမ်းမှု၏ ပျောက်ကင်း ချုပ်ငြိမ်းခြင်းသည် စက္ခုသံသရာ မဟာ သြဃကြီး၏ တစ်ဘက်ကမ်းပေတည်း။

---

၁၊ မဟာသြဃ - ကြီးစွာသောရေယဉ်၊

www.dhammaransi.com



မိမိ၏ကိုယ်အင်္ဂါဖြစ်သော စက္ခုသမုဒ္ဒရာ၌ နစ်မြုပ်မျောပါ၍ နေရသော သူသည် မိမိ၏စက္ခု၌ မိမိ၏စွဲလမ်းခြင်း ပြတ်ကင်းသောအခါ စက္ခုသံသရာ မဟာ သြဃကြီး၏ကမ်းသို့ ဆိုက်လေ၏။

မျက်စိဖြင့်မြင်ရသော အာရုံဝတ္ထုသာယာမှု, လိုက်စားမှုတို့ကို ရုပ်သိမ်း ပယ်ရှား၍ ယခုရှိနေသော မိမိစက္ခု၌ တွယ်တာစွဲလမ်းခြင်းကို ပြတ်ကင်းစေခြင်း ငှာ ထိုစက္ခုမှာ ဖုံးလွှမ်း၍နေသော အဝိဇ္ဇာမှောင်လုံးကြီး, မှောင်ခဲကြီး, မှောင်တိုက် ကြီးကို ပယ်ရှား မှုတ်လွှင့်ခြင်း ပယောဂကို ပြုကြကုန်ရာ၏၊ ထိုပယောဂမှုသည် မိမိစက္ခုသံသရာ မဟာသြဃကြီး၏ တစ်ဘက်ကမ်းရှိရာ အညာသို့ ဆန်တက် လှော်ခတ်သော အမှုစုပေတည်း။

(ဤကား-ဘာဝ, အဘာဝနှင့်စပ်သော စကားစုတည်း။)

ပယောဂသမ္ပတ္တိ။ ။ မိမိ၏ စက္ခု၌ ရှိနေသော အဝိဇ္ဇာ မှောင်တိုက် ကြီးကို ပယ်ရှား မှုတ်လွှင့်ခြင်း ပယောဂမှု ဆိုသည်ကား- မိမိစက္ခု၏ အနိစ္စအဖြစ်, ဒုက္ခအဖြစ်, ရောဂအဖြစ်, ဂဏ္ဍအဖြစ်- အစရှိသော၊ ဘာဝနာ ၄၀-မှာ လာသော အပြစ်ဒေါသ အာဒီနဝတို့ကို အတပ်မြင်နိုင်, ထင်နိုင်အောင် ကြည့်ရှုပွားများခြင်း ပယောဂမှုကို ဆိုသတည်း၊ စက္ခု၌ အနိစ္စဝိဇ္ဇာဉာဏ်, ဒုက္ခဝိဇ္ဇာဉာဏ်, အနတ္တဝိဇ္ဇာ ဉာဏ်-ကိုရအောင် အားထုတ်မှုပေတည်း။

ဥပမာ။ ။ ဥပမာကား-မိမိ၏ကိုယ်အင်္ဂါမှာ အနာတစ်ခုသည် ရှိရာ၏၊ ထိုအနာမှာ အလွန် သိမ်မွေ့ သေးငယ်လှစွာသော သံသေဒဇ ပိုးလောက် ငယ်တို့သည် ကျ၍ တရွရွ နေကုန်၏၊ ထိုသူသည်မူကား မျက်စိမှာ ပါဒရက် အခိုးကြီးလှ၍ ပကတိမျက်စိနှင့် ကြည့်ရှုလေရာ ထိုပိုးလောက်ငယ်တို့ကို မိမိ ကိုယ် အသားကောင်းပင် ထင်လေ၍ ထိုအသား၏ ပွားများ ပြည့်ဖြိုးခြင်းကိုသာ အလိုရှိ၏၊ အသားနု တက်ပေပြီ-ဟု ဝမ်းမြောက် ဝမ်းသာ ရှိ၏၊ ပိုးလောက်ငယ်တို့ ကိုက်၍ ယားယံသည်ကို အသားနုတက်၍ ယားယံသည်-ဟု ထင်လေ၏။

တစ်ရံသောအခါ ကြည်လှစွာသော မှန်ဘီလူးနှင့်ကြည့်လေရာ ပိုးလောက် တို့ကို အကုန်မြင်လေ၏၊ ထိုအခါမှ သဲတုန်, အူတုန် ကြောက်ရွံ့ခြင်းပြင်းစွာ ဖြစ်လေ၏၊ စိတ်ချ၍ မအိပ်နိုင်, မစားနိုင် ရှိလေ၏၊ ထို ပိုးလောက်တို့ မပျောက် ဘဲ တာရှည်နေခဲ့လျှင် အတွင်းရေ အတွင်းသားတို့ကို အတွင်စား၍ အထဲသို့ အသည်းနှလုံးတိုင် မကြာမီပေါ်၍ သွားအံ့သောအခွင့်ကို မြော်မြင်၍ အလွန်လျှင် စိုးရိမ်ခြင်းဖြစ်လေ၏။

www.dhammaransi.com



ဤဥပမာ၌-

၁။ အနာနှင့် ဤကိုယ်ခန္ဓာတူ၏။

၂။ ပိုးလောက်ငယ်တို့နှင့် စက္ခုပသာဒရုပ်စုတူ၏။

၃။ ပါဒရက်မျက်စိနှင့် ပကတိသော ပုထုဇဉ်၏ ဉာဏ်မျက်စိတူ၏။

၄။ အဝိဇ္ဇာနှင့် ပါဒရက်ခိုးစုတူ၏။

၅။ မှန်ဘီးလူးကို စီရင်သောဆရာနှင့် ဘာဝနာ ၄၀-ကို ဟောတော်မူသော အရှင်သာရိပုတ္တရာမဟာထေရ်ကြီး တူ၏။

၆။ မှန်ဘီလူးကြီးနှင့် အနိစ္စဝိဇ္ဇာဉာဏ်, ဒုက္ခဝိဇ္ဇာဉာဏ်, အနတ္တဝိဇ္ဇာဉာဏ် တူ၏။

၇။ ပိုးလောက်တို့ကို မိမိ၏ကိုယ်သွေး, ကိုယ်သားကောင်း ထင်မှတ်သည်နှင့် မိမိကိုယ်အင်္ဂါ ဖြစ်၍နေသော စက္ခုကို ငါ၏စက္ခု-ဟု ထင်မှတ်စွဲလမ်းမှု, ထိုထို ဝတ္ထုကို မြင်သောအခါ ငါမြင်သည်ဟု ထင်မှတ်စွဲလမ်းမှု, စက္ခုကိုပင် အသက်ရှင်သော အတ္တဇီဝဟု စွဲလမ်းမှုတူ၏။

၈။ မှန်ဘီလူးနှင့် ကြည့်သောအခါမှ မိမိ၏ အသားမဟုတ်၊ အသက်၏ အန္တရာယ်ကို ပြုနိုင်သော ပိုးလောက်တွေ တရွရွ မြင်ရလေသည်နှင့် ခဏချင်း ခဏချင်း ဖြစ်မှု, ချုပ်မှု တရွရွ,နေသော ဗောဓိပက္ခိယ တရားကို ပွားများသဖြင့် အနိစ္စဝိဇ္ဇာဉာဏ်, ဒုက္ခဝိဇ္ဇာဉာဏ်, အနတ္တဝိဇ္ဇာဉာဏ်နှင့် မိမိ၏စက္ခုကို ကြည့်ရှုသောအခါမှ ခဏချင်း, ခဏချင်း ဖြစ်မှု, ပျက်မှု တရွရွနေသော စက္ခုဓာတ်ငယ်မှုတို့ကို မြင်ရမှု တူ၏။

၉။ ပိုးလောက်တို့ကို မြင်ရ၍ ပိုးလောက်မှန်း သိသည်နှင့် တစ်ပြိုင်နက် ထိုပိုးလောက်တို့အတွက် ဖြစ်ပွား၍သွားရန် အမျိုးမျိုးသော ဒုက္ခကြီး,ငယ် ကြောက်မက်ဖွယ်တွေကို မြင်၍ သွားသည်နှင့် ထိုစက္ခု၌ ရှိသော ၄၀-သော ကြောက်မက်ဖွယ်တွေကို မြင်၍ သွားမှု တူ၏။

အလွန်သိမ်မွေ့သော ပိုးလောက်ငယ်တို့မှာလည်း ရွရွရွရွ လှုပ်ရှားမှုကို မြင်မှပင် မိမိကိုယ်က အင်္ဂါမဟုတ်၊ ပိုးလောက်တွေဖြစ်ကြောင်းကို ထင်ရှားလေသကဲ့သို့၊ မိမိ၏မျက်စိ ၂-လုံးမှာရှိသော စက္ခုဓာတ်ငယ်တို့မှာလည်း ရွရွရွရွ

www.dhammaransi.com



ခဏချင်း ခဏချင်း ဖြစ်မှု, ပျက်မှုဟူသော ဥဒယဗ္ဗယမှုတို့ကို မြင်မှသာ စက္ခု သည် ပုဂ္ဂိုလ် မဟုတ်၊ စက္ခုသည် သတ္တဝါ မဟုတ်၊ စက္ခုသည် ငါ မဟုတ်၊ ဒုက္ခ အစုမျှသာ ဖြစ်သည်-ဟု ထင်ရှားလေသည်။

(ဤကား-အနာမတဂ္ဂ သံသရာနှင့်အမျှ အနိစ္စဝိဇ္ဇာဉာဏ်, ဒုက္ခ ဝိဇ္ဇာဉာဏ်, အနတ္တဝိဇ္ဇာဉာဏ်-ဟူသော မှန်ဘီလူးကို မရသည့်အတွက် ယနေ့ ထက်တိုင် မိမိ နစ်မွန်းမျောပါ၍ လာခဲ့သော မိမိ၏ စက္ခုသံသရာ မဟာသြဃကြီး၏ ကမ်းတစ်ဘက်သို့ မိမိဆန်တက်ရာသော ပယောဂ-သမ္ပတ္တိကို ပြဆိုသော စကားရပ်တည်း။)

မိမိ၏ အဇ္ဈတ္တအင်္ဂါဖြစ်၍နေသော သောတသံသရာ မဟာသြဃ, ဃာန သံသရာ မဟာသြဃ, ဇိဝှာသံသရာ မဟာသြဃ, ကာယသံသရာ မဟာသြဃ, မနသံသရာ မဟာသြဃ-တို့၌လည်း စက္ခုသံသရာ မဟာသြဃ၌ကဲ့သို့ ရှည်လျား ပုံ, နက်ရှိုင်းပုံ, ကျယ်ဝှမ်းပုံ စသည်များကို စေ့စုံစွာ ဝေဖန်၍ သိလေ။

**အထူးကား**-၁။ မိမိ၏ သောတ၌ ငါ၏ နားဟူ၍ လည်းကောင်း၊ တစ်စုံတစ်ခု သော အသံကိုကြားသောအခါ ငါကြားသည်ဟူ၍ လည်းကောင်း၊ ငါ၏ နားသည် ကြားတတ်သော ငါ့ အတ္တပေတည်း၊ အရှင်ဖြစ် သော ဇီဝပေတည်းဟူ၍လည်းကောင်း၊ တွယ်တာစွဲလမ်းခြင်း သည် မိမိ၏ သောတသံသရာ မဟာသြဃ၌ မိမိ နစ်မွန်းမျော ပါခြင်းမည်၏၊ ထို တွယ်တာ စွဲလမ်းခြင်း၏ ပြတ်ကင်းချုပ်ငြိမ်း ခြင်းသည် ထိုသောတ သံသရာ မဟာသမုဒ္ဒရာကြီး၏ တစ်ဘက် ကမ်းပေတည်း။

၂။ မိမိ၏ဃာန၌ ငါ၏ နှာခေါင်းဟူ၍လည်းကောင်း၊ တစ်စုံတစ်ခု သော အနံ့ကို နံသောအခါ ငါနံသည်ဟူ၍လည်းကောင်း၊ ငါ၏ ဃာနသည် နံတတ်သော ငါ့အတ္တပေတည်း၊ အရှင်ဖြစ်သော ဇီဝပေတည်း-ဟူ၍လည်းကောင်း၊ တွယ်တာစွဲလမ်းခြင်းသည် မိမိ၏ဃာနသံသရာ မဟာသြဃ၌ မိမိနစ်မွန်းမျောပါခြင်း မည်၏၊ ထို တွယ်တာစွဲလမ်းခြင်း၏ ပြတ်ကင်းချုပ်ငြိမ်းခြင်းသည် ထိုဃာနသံသရာ မဟာသမုဒ္ဒရာကြီး၏ တစ်ဘက်ကမ်းပေ တည်း။

၃။ မိမိ၏ဇိဝှါ၌ ငါ၏လျှာဟူ၍လည်းကောင်း၊ တစ်စုံတစ်ခုသော ရသာရုံကို သုံးဆောင်၍ အချို, အချဉ်စသည်ကို သိသောအခါ

www.dhammaransi.com



ငါသိသည်ဟူ၍လည်းကောင်း၊ ငါ၏ လျှာသည် အရသာကို သိတတ်သော ငါ့အတ္တပေတည်း၊ အရှင်ဖြစ်သော ဇီဝပေတည်း ဟူ၍ လည်းကောင်း၊ တွယ်တာစွဲလမ်းခြင်းသည် မိမိ၏ ဇိဝှါ သံသရာ မဟာသြဃ၌ မိမိနစ်မွန်းမျောပါခြင်းမည်၏၊ ထို တွယ်တာစွဲလမ်းခြင်း၏ ပြတ်ကင်းချုပ်ငြိမ်းခြင်းသည် ထို ဇိဝှါ သံသရာ မဟာသမုဒ္ဒရာကြီး၏ တစ်ဘက်ကမ်းပေတည်း။

၄။ မိမိ၏ ကိုယ်အင်္ဂါကာယ၌ ငါ၏ ကိုယ်အင်္ဂါဟူ၍ လည်းကောင်း၊ တစ်စုံတစ်ခုသော ဝတ္ထုအာရုံကိုထိ၍ သိသောအခါ ငါ ထိသည်, ငါသိသည်ဟူ၍လည်းကောင်း၊ ငါ၏ ကိုယ်အင်္ဂါကြီး,ငယ်သည် ထိ၍ သိတတ်သော ငါ့အတ္တပေတည်း၊ အရှင်ဖြစ်သော ဇီဝ ပေတည်း ဟူ၍ လည်းကောင်း၊ တွယ်တာစွဲလမ်းခြင်းသည် မိမိ၏ ကာယသံသရာ မဟာသြဃ၌ မိမိနစ်မွန်းမျောပါခြင်းမည်၏၊ ထို တွယ်တာစွဲလမ်းခြင်း၏ ပြတ်ကင်းချုပ်ငြိမ်းခြင်းသည် ထို ကာယသံသရာ မဟာသမုဒ္ဒရာကြီး၏ တစ်ဘက်ကမ်းပေတည်း

၅။ မိမိ၏မနော၌ ငါ၏စိတ် ငါ၏မနောဟူ၍လည်းကောင်း၊ မိမိ ကြံသမျှ, သိသမျှကို ငါကြံသည်, ငါသိသည်ဟူ၍လည်းကောင်း၊ ငါ၏စိတ်, ငါ၏မနောသည် ကြံတတ်, သိတတ်သော ငါ့အတ္တ ပေတည်း၊ အရှင်ဖြစ်သော ဇီဝပေတည်း ဟူ၍ လည်းကောင်း၊ တွယ်တာစွဲလမ်းခြင်းသည် မိမိ၏စိတ်-ဟူသော မန-ဟူသော အနမတဂ္ဂသံသရာ မဟာသြဃ၌ မိမိနစ်မွန်းမျောပါခြင်း မည်၏၊ ထို တွယ်တာစွဲလမ်းခြင်း၏ ပြတ်ကင်းချုပ်ငြိမ်းခြင်းသည် ထို မနသံသရာ မဟာသမုဒ္ဒရာကြီး၏ တစ်ဘက်ကမ်းပေတည်း။

ဤသို့ သံသရာ ဝဲသြဃကိုလည်းကောင်း၊ သံသရာဝဲသြဃ၏ တစ်ဘက် ကမ်းဖြစ်သော နိဗ္ဗာန်ကိုလည်းကောင်း၊ မိမိ၏ ဝဲသြဃ၏ တစ်ဘက်ကမ်းဖြစ် သော နိဗ္ဗာန်ကိုလည်းကောင်း၊ မိမိ၏ ဝဲသြဃ၌ မိမိနစ်မွန်း၍ နေကြပုံကို လည်းကောင်း၊ မိမိ၏ဝဲသြဃမှ ကျွတ်လွတ်၍ ကမ်းတစ်ဘက်သို့ ရောက်ကြပုံကို လည်းကောင်း၊ အသေအချာ နေရာတကျ သိမှတ်အပ်၏။ ။ (ကြွင်းသော အချက်စုကိုကား စက္ခု၌ ဆိုခဲ့ပြီးသောအတိုင်း စေ့စုံစွာသိလေ။)

(က) သမုဒ္ဒေါ, သမုဒ္ဒေါတိ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော ဘာသတိ၊ နေသော ဘိက္ခဝေ အရိယဿ ဝိနယေ သမုဒ္ဒေါ၊ မဟာ ဧသော

www.dhammaransi.com



ဘိက္ခဝေ ဥဒကရာသိ မဟာ ဥဒကက္ခန္ဓောဝေါ။

(ခ) စက္ခု ဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊ တဿ ရူပမယော ဝေဂေါ၊ ယော တံ ရူပမယံ ဝေဂံ သဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အတ္တာနိ စက္ခုသမုဒ္ဒံ သဉမိ သာဝဋ္ဋံ သဂါဟံ သရက္ခသံ တိဏ္ဏော ပါရင်-တော ထလေ တိဋ္ဌတိ ဗြာဟ္မဏော။

(ဂ) သောတံ ဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊ တဿ သဒ္ဒမယော ဝေဂေါ။ ယော တံ သဒ္ဒမယံ ဝေဂံ သဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အတ္တာနိ သောတသမုဒ္ဒံ သဉမိ သာဝဋ္ဋံ သဂါဟံ သရက္ခသံ တိဏ္ဏော ပါရင်-တော ထလေ တိဋ္ဌတိ ဗြာဟ္မဏော။

(ဃ) ဃာနံ ဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊ တဿ ဂန္ဓမယော ဝေဂေါ၊ ယော တံ ဂန္ဓမယံ ဝေဂံ သဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အတ္တာနိ ဃာနသမုဒ္ဒံ သဉမိ သာဝဋ္ဋံ သဂါဟံ သရက္ခသံ တိဏ္ဏော ပါရင်-တော ထလေ တိဋ္ဌတိ ဗြာဟ္မဏော။

(င) ဇိဝှါ ဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊ တဿ ရသမယော ဝေဂေါ၊ ယော တံ ရသမယံ ဝေဂံ သဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အတ္တာနိ ဇိဝှါသမုဒ္ဒံ သဉမိ သာဝဋ္ဋံ သဂါဟံ သရက္ခသံ တိဏ္ဏော ပါရင်-တော ထလေ တိဋ္ဌတိ ဗြာဟ္မဏော။

(စ) ကာယော ဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊ တဿ ဖောဋ္ဌဗ္ဗမယော ဝေဂေါ၊ ယော တံ ဖောဋ္ဌဗ္ဗမယံ ဝေဂံ သဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အတ္တာနိ ကာယသမုဒ္ဒံ သဉမိ သာဝဋ္ဋံ သဂါဟံ သရက္ခသံ တိဏ္ဏော ပါရင်- တော ထလေ တိဋ္ဌတိ ဗြာဟ္မဏော။

(ဆ) မနော ဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊ တဿ ဓမ္မမယော ဝေဂေါ၊ ယော တံ ဓမ္မမယံ ဝေဂံ သဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အတ္တာနိ မနောသမုဒ္ဒံ သဉမိ သာဝဋ္ဋံ သဂါဟံ သရက္ခသံ တိဏ္ဏော ပါရင်-တော ထလေ တိဋ္ဌတိ ဗြာဟ္မဏော။

(သဠာယတနသံယုတ် ပါဠိတော်။)

(က) ဘိက္ခဝေ၊ ရဟန်းတို့။ အဿုတဝါ၊ ငါဘုရား၏ တရားကို မကြားဘူးသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်အပေါင်းသည်။ သမုဒ္ဒေါ, သမုဒ္ဒေါတိ၊

www.dhammaransi.com



သမုဒ္ဒရာ, သမုဒ္ဒရာ-ဟူ၍။ ဘာသတိ၊ ပြောဆိုကြ၏၊ ဘိက္ခဝေ၊ ရဟန်းတို့။ အရိယဿ၊ မြတ်သောအကျင့်ရှိသော ငါဘုရား၏။ ဝိနယေ၊ အဆုံးအမဖြစ်သော သာသနာ၌။ ဧသော၊ ဤပုထုဇဉ်တို့ ခေါ်ဝေါ်ကြသော သမုဒ္ဒရာသည်။ နသမုဒ္ဒေါ၊ သမုဒ္ဒရာ အစစ် မဟုတ်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧသော၊ ဤပုထုဇဉ်တို့ ခေါ်ဝေါ် ကြသော သမုဒ္ဒရာသည်။ မဟာဥဒကရာသိ၊ များစွာသော ရေအစုသာတည်း။ မဟာဥဒကဏ္ဏဝေါ၊ များစွာသော ရေအဏ္ဏဝါ သာတည်း။

(ခ) ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိသဿ၊ တစ်ယောက် တစ်ယောက်သော သတ္တဝါ၏။ စက္ခု၊ မျက်စိ-ဟူသော စက္ခုဓာတ် ၁-ခုသည်။ သမုဒ္ဒေါ။ သမုဒ္ဒရာ အစစ်ပေတည်း။ တဿ၊ ထိုစက္ခုသမုဒ္ဒရာအား။ ရူပမယော၊ ရူပါရုံ၏ထင်ခြင်းကြောင့်ဖြစ်သော။ ဝေဂေါ၊ လှိုင်းဟုန် သည်။ အတ္ထိ၊ ရှိ၏။ ယော၊ အကြင်သူသည်။ ရူပမယံ၊ ရူပါရုံ၏ ထင်ခြင်းကြောင့်ဖြစ်သော။ တံဝေဂံ၊ ထိုလှိုင်းဟုန်ကို။ သဟတိ၊ နှိပ်နင်းပယ်ရှားနိုင်၏။ အယံ၊ ဤသူကို။ သဥမိံ၊ လှိုင်းတံပိုးနှင့် တကွသော။ သာဝဋ္ဋံ၊ ဗလဝဲမုခ ဝဲကြီးနှင့်တကွသော။ သဂါဟံ။ အတင်းဖမ်းတတ်သော ငါးမန်း, ငါးဆင်နှင့် တကွသော။ သရက္ခသံ။ ရေဘီးလူးနှင့်တကွသော။ အတ္တနိ၊ မိမိကိုယ်၌။ စက္ခုသမုဒ္ဒံ၊ စက္ခု သံသရာ မဟာသမုဒ္ဒရာကြီးကို။ တိဏ္ဏော၊ ကူးမြောက်ပြီးသော သူ- ဟူ၍။ ပါရင်္ဂတော၊ နိဗ္ဗာန်တည်း ဟူသော ကမ်းတစ်ဘက်သို့ ရောက် ပြီးသောသူ-ဟူ၍။ ထလေ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက် ၌။ တိဋ္ဌတိ၊ တည်ပေသော။ ဗြာဟ္မဏော၊ သူမြတ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ဂ) ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိသဿ၊ တစ်ယောက်သော သတ္တဝါ၏။ သောတံ၊ နားဟူသော သောတဓာတ် ၁-ခုသည်။ သမုဒ္ဒေါ၊ သမုဒ္ဒရာ အစစ်ပေတည်း။ တဿ၊ ထိုသောတ သမုဒ္ဒရာအား။ သဒ္ဒမယော။ သဒ္ဒါရုံ၏ ထင်ခြင်းကြောင့်ဖြစ်သော။ ဝေဂေါ၊ လှိုင်းဟုန်သည်။ အတ္ထိ၊ ရှိ၏။ ယော၊ အကြင်သူသည်။ သဒ္ဒမယံ၊ သဒ္ဒါရုံ၏ ထင်ခြင်းကြောင့် ဖြစ်သော။ တံဝေဂံ၊ ထိုလှိုင်းဟုန်ကို။ သဟတိ။ နှိပ်နင်းပယ်ရှားနိုင်၏။ အယံ၊ ဤသူကို။ သဥမိံ၊ လှိုင်းတံပိုးနှင့်တကွ သော။ သာဝဋ္ဋံ၊ ဗလဝဲမုခဝဲကြီးနှင့်တကွသော။ သဂါဟံ၊ အတင်း

www.dhammaransi.com



ဖမ်းတတ်သော ငါးမန်း, ငါးဆင်နှင့်တကွသော။ သရက္ခသံ၊ ရေဘီလူးနှင့်တကွသော။ အတ္တနိ၊ မိမိကိုယ်၌။ သောတသမုဒ္ဒံ၊ သောတသံသရာ မဟာသမုဒ္ဒရာကြီးကို။ တိဏ္ဏော၊ ကူးမြောက်ပြီးသောသူ-ဟူ၍။ ပါရင်္ဂတော၊ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်သို့ ရောက်ပြီးသောသူ-ဟူ၍။ ထလေ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌။ တိဋ္ဌတိ၊ တည်ပေသော။ ဗြာဟ္မဏော၊ သူမြတ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ဃ) ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိသဿ၊ တစ်ယောက်သော သတ္တဝါ၏။ ဃာနံ၊ နှာခေါင်း-ဟူသော ဃာနဓာတ် ၁-ခုသည်။ သမုဒ္ဒေါ၊ သမုဒ္ဒရာ အစစ်ပေတည်း။ တဿ၊ ထိုဃာန သမုဒ္ဒရာအား။ ဂန္ဓမယော၊ ဂန္ဓာရုံ၏ ထင်ခြင်းကြောင့်ဖြစ်သော။ ဝေဂေါ၊ လှိုင်းဟုန်သည်။ အတ္ထိ၊ ရှိ၏။ ယော၊ အကြင်သူသည်။ ဂန္ဓမယံ၊ ဂန္ဓာရုံ၏ ထင်ခြင်းကြောင့် ဖြစ်သော။ တံဝေဂံ၊ ထိုလှိုင်းဟုန်ကို။ သဟတိ။ နှိမ်နှင်းပယ်ရှားနိုင်၏။ အယံ၊ ဤသူကို။ သဥမိံ၊ လှိုင်းတံပိုးနှင့် တကွသော။ သာဝဋ္ဋံ၊ ဗလဝါမုခဝဲကြီးနှင့်တကွသော။ သဂါဟံ။ အတင်းဖမ်းတတ်သော ငါးမန်း, ငါးဆင်နှင့်တကွသော။ သရက္ခသံ။ ရေဘီလူးနှင့်တကွသော။ အတ္တနိ၊ မိမိကိုယ်၌။ ဃာနသမုဒ္ဒံ၊ ဃာန-သံသရာ မဟာသမုဒ္ဒရာကြီးကို။ တိဏ္ဏော၊ ကူးမြောက်ပြီးသောသူ-ဟူ၍။ ပါရင်္ဂတော၊ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်သို့ ရောက်ပြီးသောသူ-ဟူ၍။ ထလေ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌။ တိဋ္ဌတိ၊ တည်ပေသော။ ဗြာဟ္မဏော၊ သူမြတ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(င) ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိသဿ၊ တစ်ယောက်သော သတ္တဝါ၏။ ဇိဝှါ၊ လျှာ-ဟူသော ဇိဝှါဓာတ် ၁-ခုသည်။ သမုဒ္ဒေါ၊ သမုဒ္ဒရာ အစစ်ပေတည်း။ တဿ၊ ထိုဇိဝှါ သမုဒ္ဒရာအား။ ရသမယော။ ရသာရုံ၏ ထင်ခြင်းကြောင့်ဖြစ်သော။ ဝေဂေါ၊ လှိုင်းဟုန်သည်။ အတ္ထိ၊ ရှိ၏။ ယော၊ အကြင်သူသည်။ ရသမယံ၊ ရသာရုံ၏ ထင်ခြင်းကြောင့် ဖြစ်သော။ တံဝေဂံ၊ ထိုလှိုင်းဟုန်ကို။ သဟတိ။ နှိမ်နှင်းပယ်ရှားနိုင်၏။ အယံ၊ ဤသူကို။ သဥမိံ၊ လှိုင်းတံပိုးနှင့် တကွသော။ သာဝဋ္ဋံ၊ ဗလဝါမုခဝဲကြီးနှင့်တကွသော။ သဂါဟံ။ အတင်းဖမ်းတတ်သော ငါးမန်း, ငါးဆင်နှင့်တကွသော။ သရက္ခသံ။

www.dhammaransi.com



ရေဘီလူးနှင့်တကွသော။ အတ္တနိ၊ မိမိကိုယ်၌။ ဇိဝှါသမုဒ္ဒံ၊ ဇိဝှာ-သံသရာ မဟာသမုဒ္ဒရာကြီးကို။ တိဏ္ဏော၊ ကူးမြောက်ပြီးသောသူ-ဟူ၍။ ပါရင်္ဂတော၊ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်သို့ ရောက်ပြီးသောသူ-ဟူ၍။ ထလေ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌။ တိဋ္ဌတိ၊ တည်ပေသော။ ဗြာဟ္မဏော၊ သူမြတ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(စ) ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိသဿ၊ တစ်ယောက်သော သတ္တဝါ၏။ ကာယော၊ ကိုယ်-ဟူသော ကာယဓာတ် ၁-ခုသည်။ သမုဒ္ဒေါ၊ သမုဒ္ဒရာ အစစ်ပေတည်း။ တဿ၊ ထိုကာယ သမုဒ္ဒရာအား။ ဖောဋ္ဌဗ္ဗမယော၊ ဖောဋ္ဌဗ္ဗာရုံ၏ ထင်ခြင်းကြောင့်ဖြစ်သော။ ဝေဂေါ၊ လှိုင်းဟုန်သည်။ အတ္ထိ၊ ရှိ၏။ ယော၊ အကြင်သူသည်။ ဖောဋ္ဌဗ္ဗမယံ၊ ဖောဋ္ဌဗ္ဗာရုံ၏ ထင်ခြင်းကြောင့် ဖြစ်သော။ တံဝေဂံ၊ ထို လှိုင်းဟုန်ကို။ သဟတိ၊ နှိမ်နင်းပယ်ရှားနိုင်၏။ အယံ၊ ဤသူကို။ သဦမိံ၊ လှိုင်းတံပိုးနှင့် တကွသော။ သာဝဋ္ဋံ၊ ဗလဝါမုခဝဲကြီးနှင့်တကွသော။ သဂါဟံ၊ အတင်းဖမ်းတတ်သော ငါးမန်း, ငါးဆင်နှင့်တကွသော။ သရက္ခသံ၊ ရေဘီလူးနှင့်တကွသော။ အတ္တနိ၊ မိမိကိုယ်၌။ ကာယ-သမုဒ္ဒံ၊ ကာယသံသရာ မဟာသမုဒ္ဒရာကြီးကို။ တိဏ္ဏော၊ ကူးမြောက်ပြီးသောသူ-ဟူ၍။ ပါရင်္ဂတော၊ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်သို့ ရောက်ပြီးသောသူ-ဟူ၍။ ထလေ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌။ တိဋ္ဌတိ၊ တည်ပေသော။ ဗြာဟ္မဏော၊ သူမြတ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ဆ) ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိသဿ၊ တစ်ယောက်သော သတ္တဝါ၏။ မနော၊ စိတ်ဟူသော မနောဓာတ် ၁-ခုသည်။ သမုဒ္ဒေါ၊ သမုဒ္ဒရာ အစစ်ပေတည်း။ တဿ၊ ထိုမနော သမုဒ္ဒရာအား။ ဓမ္မမယော၊ ဓမ္မာရုံ၏ ထင်ခြင်းကြောင့်ဖြစ်သော။ ဝေဂေါ၊ လှိုင်းဟုန်သည်။ အတ္ထိ၊ ရှိ၏။ ယော၊ အကြင်သူသည်။ ဓမ္မမယံ၊ ဓမ္မာရုံ၏ ထင်ခြင်းကြောင့်ဖြစ်သော။ တံဝေဂံ၊ ထိုလှိုင်းဟုန်ကို။ သဟတိ၊ နှိမ်နင်းပယ်ရှားနိုင်၏။ အယံ၊ ဤသူကို။ သဦမိံ၊ လှိုင်းတံပိုးနှင့် တကွသော။ သာဝဋ္ဋံ၊ ဗလဝါမုခဝဲကြီးနှင့်တကွသော။ သဂါဟံ၊ အတင်းဖမ်းတတ်သော ငါးမန်း, ငါးဆင်နှင့်တကွသော။ သရက္ခသံ၊ ရေဘီလူးနှင့်တကွ

www.dhammaransi.com



သော။ အတ္တနိ၊ မိမိကိုယ်၌။ မနောသမုဒ္ဒံ၊ မနောသံသရာ မဟာသမုဒ္ဒရာကြီးကို။ တိဏ္ဏော၊ ကူးမြောက်ပြီးသောသူ-ဟူ၍။ ပါရင်္ဂတော၊ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်သို့ ရောက်ပြီးသောသူ-ဟူ၍။ ထလေ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌။ တိဋ္ဌတိ။ တည်ပေသော။ ဗြာဟ္မဏော၊ သူမြတ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ဤကား-အနက်)။

**အဓိပ္ပာယ်။** ။ အဓိပ္ပာယ်ကား-အကြီးအကျယ်ဆုံးဖြစ်သော ရေအစုံကို လောက၌ သမုဒ္ဒရာဟူ၍ ခေါ်ဆိုကြ၏၊ ထိုသမုဒ္ဒရာသည် အကျယ်အနက် ယူဇနာ ၈-သောင်း, ၄-ထောင်မျှသာရှိ၏၊ အလျားမှာလည်း စကြာဝဠာအဝန်း ယူဇနာမျှသာရှိ၏၊ စက္ခု၏ အနက်ကား အောက်ကို မဟာအဝီစိ၊ အထက်ကို အကနိဋ္ဌတိုင်အောင် နက်၏၊ အနံမှာ စကြာဝဠာအနန္တ၊ အလျားမှာ အနမတဂ္ဂ-သံသရာ။

ကောဓ, ဥပနာဟ-တည်းဟူသော လှိုင်းတံပိုး၊ ရူပတဏှာတည်းဟူသော ဗလဝါမုခဝဲကြီး၊ ဥပါဒန်တရား ၄-ပါးတည်းဟူသော ဂါဟ၊ ဇရာ, မရဏ တည်းဟူသော ရက္ခိုသ်ဘီလူး၊ ဤမျှသော ဘေးရန်တို့သည် စက္ခုသမုဒ္ဒရာ၌ တည်ရှိကုန်၏။

အကြင်မျှလောက်သော ဘဝသံသရာကာလပတ်လုံး ငါ၏စက္ခု-ဟု စွဲလမ်းခြင်းရှိ၏၊ ထိုမျှလောက်သော ဘဝသံသရာ ကာလပတ်လုံး ထိုစက္ခုသမုဒ္ဒရာ၌ နစ်လေ၏၊ စက္ခု-ဟု စွဲလမ်းခြင်း ပြတ်ကင်းသောအခါ စက္ခုသမုဒ္ဒရာမှ ကူးတတ်၍ ဤနိဗ္ဗာန်တည်းဟူသော ကမ်းပေါ်၌ တည်လေ၏။ ။

(သောတသမုဒ္ဒရာ စသည်တို့၌လည်း ဤနည်းတူ သိလေ။)

ဤသို့လျှင် "စက္ခု လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာပဟီယမာနာ ပဟီယတိ နိရုဇ္ဈမာနာ နိရုဇ္ဈတိ" အစရှိသော နိရောဓသစ္စဝိဘင်းပါဠိတော်နှင့် အညီ "မိမိ၏ အဇ္ဈတ္တအင်္ဂါဖြစ်၍နေသော စက္ခုမှာ တွယ်တာသောတဏှာ၏ ပြတ်ကင်းခြင်းသည် မိမိ၏စက္ခု၌ရအပ်သော နိဗ္ဗာန်မည်၏။"

"မိမိ၏ အဇ္ဈတ္တအင်္ဂါဖြစ်၍နေသော မနောမှာ တွယ်တာသော တဏှာ၏ ပြတ်ကင်းခြင်းသည် မိမိ၏မနော၌ ရအပ်သောနိဗ္ဗာန်မည်၏"၊ ဤသို့သော အဓိပ္ပာယ်ကို ရည်တော်မူ၍-

www.dhammaransi.com



ဣမသ္မိံ ဗျာမမတ္တေ မဠေဝရေ သသညမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ-

ဟူ၍ ဟောတော်မူသည်။

ဗျာမမတ္တေ၊ တစ်လံမျှလောက်သော။ သသညမှိ၊ သညာရှိသော။ သမနကေ၊ စိတ်နှင့်တကွသော။ ဣမသ္မိံကဠေဝရေ၊ ဤအကောင်ပုပ်၌။ လောကဉ္စ၊ ဒုက္ခသစ္စာ-ဟူသော လောကကိုလည်း။ ပညပေမိ၊ ငါဘုရားပညတ်တော်မူ၏။ လောကသမုဒ္ဒယဉ္စ၊ ဒုက္ခသစ္စာ-ဟု ဆိုအပ်သော လောက၏ ဖြစ်ပွားကြောင်းကို လည်း။ ပညပေမိ၊ ငါဘုရားပညတ်တော်မူ၏။ လောကနိရောဓဉ္စ၊ ဒုက္ခသစ္စာ-ဟု ဆိုအပ်သော လောက၏ချုပ်ဆုံးရာ နိဗ္ဗာန်ကိုလည်း။ ပညပေမိ၊ ငါဘုရားပညတ် တော်မူ၏။ လောကနိရောဓဂါမိနိဉ္စ ပဋိမဒံ၊ ဒုက္ခသစ္စာ-ဟု ဆိုအပ်သော လောက ၏ချုပ်ဆုံးရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကိုလည်း။ ပညပေမိ၊ ငါဘုရား ပညတ်တော်မူ၏။ ။ (ဤကား-အနက်။)

အဓိပ္ပာယ်။ ။ ဒုက္ခသစ္စာကိုလည်း ဤ ကိုယ်ခန္ဓာမှာပင် ငါဘုရားပညတ် တော်မူ၏၊ သမုဒယသစ္စာကိုလည်း ဤကိုယ်ခန္ဓာမှာပင်၊ နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာကိုလည်း ဤကိုယ်ခန္ဓာမှာပင်၊ မဂ္ဂသစ္စာကိုလည်း ဤကိုယ်ခန္ဓာမှာ ပင် ငါဘုရား ပညတ်တော်မူ၏-ဟူလိုသည်။

ဒုက္ခသစ္စာ-ဟူသည် ပြဆိုခဲ့ပြီးသော စက္ခုစသော ကိုယ်အင်္ဂါစုပင်တည်း။

သမုဒယသစ္စာ-ဟူသည် ကိုယ်အင်္ဂါတွင် ပါဝင်သော တဏှာပင်တည်း။

မဂ္ဂသစ္စာ-ဟူသည်လည်း ကိုယ်အင်္ဂါတွင် ပါဝင်သော သမ္မာဒိဋ္ဌိ အစ ရှိသော မဂ္ဂင် ၈-ပါးပင်တည်း၊ ထို့ကြောင့် ဤကိုယ်ခန္ဓာမှာပင် ထိုသစ္စာ ၃-ပါး ကို မုချအားဖြင့်ရ၏။

နိရောဓသစ္စာ-သည်ကား ချုပ်ငြိမ်းမှုဖြစ်၍ ကိုယ်အင်္ဂါမှာ ပါဝင်သော အားဖြင့် ကိုယ်ခန္ဓာ၌ ရထိုက်သည်မဟုတ်၊ ကိုယ်အင်္ဂါနှင့် စပ်နွယ်၍ သိအပ်သည် ကို အကြောင်းပြု၍သာ ကိုယ်အင်္ဂါ၌ ပညတ်တော်မူသည်ဟု ဟောတော်မူသည်။

ဆရာတို့ကား။ ။ ဤပါဠိတော်ကို ထောက်၍ နိဗ္ဗာန်သည် ပရိနိဗ္ဗာန် စံသော ပုဂ္ဂိုလ်၏ခန္ဓာအသီးသီးကိုအစွဲပြု၍ နိဗ္ဗာန်အသီးအသီးဖြစ်ကြောင်းကို အယူရှိကြကုန်၏။

www.dhammaransi.com



ဤမျှသော စကားရပ်တို့ဖြင့် စက္ခုစသော မိမိကိုယ်အင်္ဂါ၌ သာယာစွဲလမ်းမှုကို သံသရာ၌ နစ်မွန်းမှုဆိုသည်၊ ထိုစွဲလမ်းမှု ပြတ်ကင်းသည်ကို သံသရာ၏ ကမ်းတစ်ဘက်သို့ ကူးမြောက်သည်-ဟု ဆိုသည်၊ စက္ခုစသည်တို့၏ အလိုသို့ လိုက်စား၍နေသောသူကို ထိုကမ်းတစ်ဘက်နှင့် ဝေးကွာသောသူ-ဟု ဆိုသည်၊ စက္ခုစသည်တို့၌ သာယာစွဲလမ်းမှုကို ပြတ်ကင်းရန် အလုပ်ကို အားထုတ်ကြိုးစား၍ နေသောသူကိုသာ ထိုကမ်းတစ်ဘက်နှင့် နီးသောသူ-ဟု ဆိုသည်။

**နိဗ္ဗာန်နှင့်နီးသူ။** ။ နိဗ္ဗာန်စကားကို ပြောဆိုကြသောအခါ၌ အမှန်ကို ပြောဆိုမိကြသည်ဖြစ်စေ၊ မမှန်ကို ပြောဆိုမိကြသည်ဖြစ်စေ၊ ထိုအလုပ်ကို အားထုတ်ကြိုးစားသောသူဖြစ်ပေလျှင် ဟုတ်မှန်သော နိဗ္ဗာန်နှင့် တစ်နေ့တခြား နီး၍ သွားသောသူ မည်၏၊ သာသနာတော်တွင်း၌ လူ့အဖြစ်ကိုရနေသော ယခုဘဝသည် နိဗ္ဗာန်၏ အနီးအပါးသို့ ဆိုက်၍နေသော ဘဝပေတည်း။

**နိဗ္ဗာန်နှင့်ဝေးသူ။** ။ သေလွန်၍ သာသနာမရှိသော လူမျိုး၌ ဖြစ်ခဲ့သော်လည်းကောင်း၊ အပါယ်၌ ဖြစ်ခဲ့သော်လည်းကောင်း ယခုဆိုက်တိုက်နီးပါး၍ နေသော နိဗ္ဗာန်နှင့် ကြာလေ,ကြာလေ ကွာလှမ်း၍ သွားပြန်လေ၏။ ထို့ကြောင့် မိမိ၏ကိုယ်အင်္ဂါ ဖြစ်၍နေသော စက္ခုစသည်တို့၌ သာယာစွဲလမ်းမြဲအတိုင်းနှင့်နေ၍ သေကြလတ္တံ့သော သူတို့သည် ယခုအခါ အမှန်နိဗ္ဗာန်ကိုပင် ပြောဆို၍နေကြသော်လည်း နိဗ္ဗာန်နှင့် တစ်နေ့တခြား ကွာဝေး၍ သွားသော သူတို့ မည်ကုန်၏-ဟူသော အဓိပ္ပာယ်ကို ပြဆိုလိုက်သည်။

(ဤကား-ပယောဂ သမ္ပတ္တိနှင့် စပ်နွယ်၍ ပြချက်တည်း။)

ဤတွင် ရှေ့ကား-အချို့ကျမ်းအလို ထုတ်ဆိုရှင်းလင်းချက်ပြီး၏။

ဤတွင် နာနာဂန္ထန ဝါဒ ဝိသောဓနကဏ္ဍ ပြီး၏၊

## နိဂုံး

ဇတ္တာဝတာ စ

(က) ခေတ္တပါဠိဂါမေ သန္ဒေ၊ ကာရိတေ ဂါမဘောဇိနာ။
သုဝိဘတ္တေ သုဝိသာလေ၊ ဓမ္မိကာရာမနာမကေ။ ။

(ခ) ဓမ္မနန္ဒေ ဝိဟာရမှိ၊ သုဝိစိတ္တေ မနောရမေ။
ဝသတာ မဟာတော ဘိက္ခု၊ ဂဏာဿ ဓမ္မဝါဝိနာ။ ။

www.dhammaransi.com



(ဂ) ဓမ္မစ္ဆန္ဒေဟိ သာဓူဟိ၊ ယာစိတေန မယာ ကတာ။
နိဗ္ဗာနဒီပနီ ဧသာ၊ နေကသုတ္တသမောသဋာ။ ။

(ဃ) ပုညေနေ တေန နိဗ္ဗာနံ၊ လဒ္ဓါ သန္တိဋ္ဌိကံ ဣဓ။
ပရမတ္ထံ အာရာဓေန္တု၊ ဇနာ သဗ္ဗေပိ သုဗ္ဗတာ-တိ။ ။

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္တဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်-

(က) ခေတ္တပါဋ္ဌိဂါမေ၊ မုံရွာမြို့နယ် "လယ်စဉ်" အမည်ရှိသော ရွာ၌။ ဧသန္ဓေ၊ အရှေ့မြောက်စပ် ထောင့်အရပ်၌။ ဂါမဘောဇိနာ၊ လယ်စဉ် ရွာစား တရားပျော်မှီး တိုက်သူကြီးသည်။ ကာရိတေ၊ ၁၂၆၀-ပြည့်နှစ် သက္ကရာဇ်တွင် အသစ်တည်ထောင်အပ်သော။ သုဝိဘတ္တေ၊ ပရိဝုဏ်မျဉ်းတား ဘုရားသိမ်ကျောင်း အပေါင်းသစ်ပင် ဥယျာဉ်ရေတွင်း နတ်ဖန်ဆင်းသကဲ့သို့ ခင်းကျင်းဖွယ်ရာ ကောင်းစွာ ဝေဖန်အပ်သော။ သုဝိသာလေ၊ ကျယ်ဝန်းပျံ့ပျူးစွာထသော။ ဓမ္မိကာရာမနေ့ာမကေ၊ ဓမ္မိကာရုံအမည်ရှိသော ကျောင်းတိုက်၌။

(ခ) သုဝိစိတ္တေ၊ စမွယ်ယွန်းထပ် ခြယ်မွမ်းလတ်၍ နတ်ဝိသုကံ စီမံခံ့ယမ်း ပျံ့ဘနန်းလျှင် ဆန်းကြယ် ထူးမြတ်သော အပြောက်အပြိုန်းလည်း ရှိထသော။ မနောရမေ၊ ရှုသူ မြင်သူ အများလူတို့ ကြည်ဖြူရွှင်ပြုံး နှလုံးမွေ့လျော်ရာလည်း ဖြစ်ထသော။ ဓမ္မနန္ဒေ ဝိဟာရမှိ၊ "ဓမ္မနန္ဒ"အမည်ရှိသော ကျောင်းကြီး၌။ ဝသတာ၊ သီတင်းသုံးနေထသော။ မဟတော၊ များစွာသော။ ဘိက္ခုဂဏဿ၊ ရဟန်းသံဃာ အပေါင်းအား၊-

(ဂ) ဓမ္မဝါစိနာ၊ ကျမ်းဂန်ဓမ္မ ပို့ချသင်ကြားကာနေသော။ မယာ၊ မုံရွာမြို့ "လယ်တီတောကျောင်းဆရာ" ငါသည်။ ဓမ္မစ္ဆန္ဒေဟိ၊ နိဗ္ဗာန်စကား မြတ်တရားကို ကြားနာလိုလှ လွန်တောင့်တသော ဓမ္မဆန္ဒနှင့် ပြည့်စုံကြပေကုန်သော။ သာဓူဟိ၊ သူတော်ကောင်းတို့သည်။ ယာစိတေန၊ ချေချေငံငံ အတန်တန်လျှင် တောင်းပန်လျှောက်ထားအပ်သည်ဖြစ်၍။ နေကသုတ္တသမောသဋာ၊ များစွာသော သုတ္တန်ပါဋ္ဌိတော်အပေါင်းတို့၏ စုဆောင်းသက်ဝင်ရာဖြစ်သော။ ဧသာ နိဗ္ဗာနဒီပနီ၊ "နိဗ္ဗာနဒီပနီ" အမည်ရှိသော ဤကျမ်းကို။ ကတာ၊ ရေးသားစီရင်အပ်သတည်း။

www.dhammaransi.com



(ဃ) ဧတေန ပုညေန၊ နိဗ္ဗာန်ကျမ်းပြု ဤကောင်းမှုကြောင့်။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဇနာ၊ သတ္တဝါ အပေါင်းတို့သည်။ သုဗ္ဗတာ၊ ကောင်းသောအကျင့် ရှိကုန်သည်ဖြစ်၍။ ဣဓ၊ ယခုဘဝ ပစ္စက္ခ၌။ သန္ဒိဋ္ဌိကံ၊ မျက်မှောက်ဒိဋ္ဌ တွေ့ကြုံရသော။ နိဗ္ဗာနံ၊ သမ္မု- တိ နိဗ္ဗာန်, တဒင်္ဂ နိဗ္ဗာန်ကို။ လဒ္ဓါ၊ ရကြကုန်သည်ဖြစ်၍။ ပရမတ္ထံ၊ အတုမရှိ ကြီးမြတ်လှသော ပရမတ္ထနိဗ္ဗာန်ကို။ အာရာမေန္တု၊ ဆောလျင်ထုတ်ခြောက် ရောက်ပေါက် ပြီးစီးကြပါစေ ကုန်သတည်း။ ဣတိ၊ ဤတွင်ရွေ့ နိဗ္ဗာနဒီပနီ စကားရပ် အပြီးသတ်၏။

နိဂုံး ပြီး၏။

ဤတွင်ရွေ့-နဗ္ဗာနဒီပနီ ပြီး၏။

www.dhammaransi.com

# နိဗ္ဗာနပဋိသံယုတ္တနာကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

နိုင်ငံခြား- ဗုဒ္ဓဘာသာ သာသနာပြု အသင်းကြီးတွင် အကြီးအချုပ် ဖြစ်တော်မူသော လယ်တီဆရာတော်ထံမှ ပေးစာ။

၁၂၇၉-ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့။

မောင်ရွှေစံအောင် လျှောက်လွှာပါ တေနာဟဇကေဥ္စသစ္စံ န ဒုတိယမတ္ထီတိ ဟူသော ဝိသုဒ္ဓိမဂ်ဋီကာ၊ ဥပသမာ နုဿတိ အဖွင့် စာမျက်နှာနံပါတ် ၂၉၂၊ စာကြောင်းရေ ၂၃ ၌ အဓိပ္ပာယ်ကား တဏှာ၏ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်း တစ်ခုသည်သာလျှင် ဒုက္ခ၏ ချုပ်ငြိမ်းခြင်း အမှန်အစစ် ဖြစ်၏၊ ဤမှတစ်ပါး တိတ္ထိဆရာတို့ ဟောအပ်သော ၂ ခုမြောက်ဖြစ်သော ဒုက္ခချုပ်ငြိမ်းခြင်း အမှန်အစစ် မည်သည် မရှိဟု ဆိုလိုသည်။

ပြင်သိ, အတွင်းသိ ဟူသော သိခြင်းနှစ်ပါး၌ ပြင်သိ ဆိုသည်ကား ပုထုဇဉ် အဖို့၌ တည်ရှိကြကုန်သော ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့၏ အနုဗောဓဉာဏ်ကို ဆိုသတည်း။ ။ အနုဗောဓဉာဏ်ဆိုသည်ကား မဂ်ဉာဏ်၏ ကိစ္စဖြစ်သော ပဋိဝေဓ ခေါ်သော ထိုးထွင်းခြင်းသို့မရောက်မီ ရှေးအဖို့၌ လက္ခဏာရေးသုံးပါးကို အာရုံပြု၍ ဖြစ်သော ဝိပဿနာဉာဏ် သုံးပါးကို အနုဗောဓခေါ်သည်။

အတွင်းဆိုသည်ကား။ ။ မဂ်ဉာဏ်၏ ကိစ္စဖြစ်သော ထိုးထွင်း၍ သိခြင်းသို့ရောက်သော အရိယာပုဂ္ဂိုလ်တို့၏ ပဋိဝေဓဉာဏ်ကို ဆိုသတည်း။

အရိယာ ပုဂ္ဂိုလ်တို့သည် အရိယာ မဂ်ဉာဏ်၏ ခဏ၌ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းတည်းဟူသော ပဋိဝေဓဉာဏ်သို့ ရောက်ကြလေကုန်၏

ထိုတွင် ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်း ဆိုသည်ကား ဒုက္ခသစ္စာကို ဖုံးလွှမ်းလျက် ရှိနေသော မောဟတရားကို ပယ်သတ်ခြင်းတည်း။

သမုဒယသစ္စာကို ထိုးထွင်း၍ သိခြင်း ဆိုသည်ကား- တဏှာကို ပယ်ခြင်း တည်း။

www.dhammaransi.com



နိရောဓသစ္စာကို ထိုးထွင်း၍ သိခြင်း ဆိုသည်ကား - ထိုတဏှာ၏ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်ကို အာရုံပြုခြင်းတည်း။

မဂ္ဂသစ္စာကို ထိုးထွင်း၍ သိခြင်းဆိုသည်ကား - မဂ္ဂင်ရှစ်ပါးတို့ကို တလုံးတစည်းတည်း ဖြစ်ပေါ်စေခြင်းတည်း။ ။ ဤသို့ ကိစ္စလေးပါးသည် မဂ်ခဏာ၌ တစ်ပြိုင်နက် တစ်ချက်တည်း ပြီးစီး၍ သွားသည်ရှိသော် ထိုပုဂ္ဂိုလ်သန္တာန်မှာ ထိုခဏမှစ၍ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော အမိုက်တရားသည် ပျောက်ကင်း၍ ထိုပုဂ္ဂိုလ်မှာ သစ္စာလေးပါး တရားတို့သည် အခါခပ်သိမ်း အထင်အလင်းဖြစ်၍ တည်လေကုန်၏၊ ထိုပုဂ္ဂိုလ်သည် ဘယ်အခါမဆို အလိုရှိသောအခါ အလိုရှိသော သစ္စာကို လွယ်ကူစွာ အာရုံပြု၍ ကြည့်ရှုနိုင်၏။ ။ ဤသို့ ဖြစ်သည်ကို သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းဟု ဆိုသတည်း။

ဥပမာကား - တစ်ယောက်သော သူမှာ မျက်စိ နှစ်ဘက်တို့၌ တိမ် သလာတွေ ထူထပ်စွာ ဖုံးလွှမ်း၍ နေ၏၊ တစ်ခုသော အဆင်းကိုမျှ မမြင်ရ ရှိနေ၏၊ တစ်ရံသောအခါ ထိုသူမှာ ဝိဇ္ဇာမယ ပညာလမ်းမှ ဖြစ်သော အလွန် ကောင်းမြတ်သော မျက်စဉ်းဆေး တစ်ခုကို ရလေ၏၊ ထိုသူသည် အိပ်ရာ၌ လျောင်း၍ ထိုမျက်စဉ်းကို မျက်စိနှစ်ဘက်၌ ခတ်၍အိပ်လေ၏၊ ထိုသူသည် မျက်စိနာဒုက္ခဖြင့် နေ့ရက်များစွာ မအိပ်ရရှိသည်နှင့် ထိုမျက်စဉ်းအတွက် ချမ်းသာသုခရသဖြင့် အိပ်စက်၍ အပျော်ကြီး ပျော်လေ၏၊ ထိုမျက်စဉ်း၏ အာနိသင်ကြောင့် တိမ်သလာတို့သည် ခဏချင်း အကုန်ကင်းပျောက်၍ မျက်စိတို့သည် မိမွေးတိုင်း ဘမွေးတိုင်း အလင်းရကုန်၏၊ ထိုသူသည် မူကား အိပ်ပျော်ကြူးသည်ဖြစ်၍ နံနက်မိုးသောက်မှ နိုးလေ၏၊ မျက်လုံးတို့သည်မူကား ထိုညဉ့်သန်းခေါင် မတိုင်မီကပင် အလင်းရကြကုန်၏၊ အလင်းရသည်နှင့် တစ်ပြိုင်နက် ထိုသူသည် သူအများကဲ့သို့ အဆင်းတို့ကို မြင်စွမ်းနိုင်သောအဖြစ်သို့ ရောက်လေ၏၊ ထိုသူမျက်စိမြင်ပြီဟူ၍ ဆိုထိုက်လေ၏၊ အိပ်ပျော်၍နေသည့် အတွက်ကြောင့်မူကား ဘယ်အဆင်းကိုမျှ အာရုံမပြုရသေး၊ ဤဥပမာအတိုင်း မှတ်လေ။

ထိုအတွင်းသိ၊ အပြင်သိနှစ်ပါးတို့တွင် အပြင်သိခေါ်သော အနုဗောဓဉာဏ်၏ သိခြင်းသည် ခန္ဓာတို့၏ ဖြစ်မှု, ရင့်မှု, ပျက်မှု တို့ကို ပဋိဝေဓဉာဏ်ပေါက်ရောက်နိုင်ရန် လျော်ကံစွာမျှသာ သိနိုင်လေ၏၊ ဟုတ်မှန်သည့်အတိုင်း အလင်းပေါက်အောင် ထိုးထွင်း၍ သိနိုင်သည်မဟုတ်သေး။ အတွင်းသိခေါ်သော ပဋိဝေဓဉာဏ်၏ သိခြင်းသည်ကား ခန္ဓာတို့၏ ဖြစ်မှု, ရင့်မှု, ပျက်မှု တို့ကို ဟုတ်မှန်သလောက် အလင်းပေါက်အောင် ထိုးထွင်း၍ သိနိုင်လေ၏။

www.dhammaransi.com



ထိုကြောင့် မြစ်ရေအယာဉ်ကဲ့သို့ တသွင်တည်းစီးလျက်နေသော ရဟန္တာ၏ ပရမတ္ထ ခန္ဓာအစဉ်တစ်ခုကို အပြင်ကနေ၍ ရှုသောပုထုဇဉ်ဉာဏ်အား၊ ၎င်းခန္ဓာသည် ခဏတ္တယသို့ ရောက်တတ်သောတရားဟု လျော်ကဲ်စွာ ထင်မြင်လေ၏။

အတွင်းကနေ၍ ရှုသော အရိယာဉာဏ်အား၊ ထိုခန္ဓာသည် ခဏတ္တယသို့ ရောက်မှုနှင့် တကွအလင်းပေါက်အောင် ထိုးထွင်း၍ သိမြင်လေ၏။

ထိုအတူ မြစ်ရေ၌ စီးသွားသော ရေပေါက် ဥပမာကဲ့သို့ ထိုခန္ဓာ အစဉ်၌လည်း ပရမတ္ထ တရားတို့ အစဉ် မပြတ် ပြောင်းလဲ ရွေ့သွားနေသည်တွင်၊ ရှေးခဏ၌ဖြစ်သော ပရမတ္ထ တရားတို့သည် ချုပ်ပြီးမှ နောက်ခဏ၌ တရားသစ်ဥပါဒ်သည်ဟု ဝိပဿနာ ယောဂီပုထုဇဉ်တို့၏ ဉာဏ်၌သာလျှင် ရှေးခဏ၌ဖြစ်သော ပရမတ္ထ တရားတို့ ချုပ်ငြိမ်း သည်မှ နောက်ခဏ၌ တရားသစ် ဥပါဒ်သည်ဟု ဟုတ်မှန်သည့်အတိုင်း အလင်းပေါက် အောင် ထိုးထွင်း ထင်မြင်နိုင် လေ၏။

၎င်းနောက် "ဤအရာ-ဥပါဒ်, ဌီ, ဘင် ဟူသော အခိုက်အတန့် ခဏငယ်တို့ သည်လည်း၊ မဟာကာလကြီးကို စိတ်ဖြင့် ခွဲစိတ်၍ ရအပ်သော ကာလပညတ်ပင် ဖြစ်ကြောင်းကို သိရလတ္တံ့." ဟူသော စကား၌၊ ဥပါဒ်, ဌီ, ဘင် ဟူသော အခိုက်အတန့် ခဏငယ်တို့သည် အသီးအသီး ပရမတ္ထတရားအထူးကို အစွဲပြု၍ ခေါ်ဝေါ်ရသော ကာလပညတ် တရားတို့ပေတည်း။

ထိုတွင် ပရမတ္ထ တရားအထူးဆိုသည်ကား စ၍ ဖြစ်ပေါ်မှုကို ဇာတိဟု ခေါ်၏၊ စ၍ဖြစ်ပေါ်မှုသည်ကား ပရမတ္ထတရား အထူးပေတည်း၊ ဇာတိဆိုသည်ကား နာမပညတ် အထူးပေတည်း၊ ဖြစ်ပေါ်ပြီးလျှင် ချုပ်ခြင်းသို့မရောက်မီ တည်နေမှုကို ဌီ ဟုခေါ်၏၊ တည်နေမှုသည်ကား ပရမတ္ထတရား အထူးပေတည်း၊ ဌီ ဆိုသည်ကား နာမပညတ် အထူးပေတည်း၊ ဤတည်နေမှု၌ ရင့်ခြင်းတည်းဟူသော ဇရာတရားကို ပရမတ္ထတရား အထူးဟုယူလေ၊ တည်နေမှု အဆုံး၌ ချုပ်ပျက် ကွယ်ပျောက်ခြင်းသို့ ရောက်သည်ကို ဘင် ဟုခေါ်၏၊ ချုပ်ပျက် ကွယ်ပျောက် ခြင်းသည်ကား ပရမတ္ထတရားအထူးပေတည်း၊ ဘင် ဆိုသည်ကား နာမပညတ် အထူးပေတည်း။

ဤသို့လျှင် ဥပါဒ်, ဌီ, ဘင် ဟူသော နာမ ပညတ်၊ ခဏငယ် ဟူသော ကာလပညတ် တို့သည် ဇာတိ, ဇရာ, မရဏ ဟူသော ပရမတ္ထတရား အထူးတို့ကို အစွဲပြု၍ ခေါ်ဝေါ် ပိုင်းခြား ကြရကုန်၏၊ ဤအရာ၌လည်း ပုထုဇဉ်တို့သည် ထို ဇာတိ, ဇရာ, မရဏ တို့ကို အကြမ်းအား ဖြင့်သာ မြင်နိုင်ကြကုန်ပြီ၊ အရိယာပုဂ္ဂိုလ်တို့

www.dhammaransi.com



သည်သာလျှင် ထိုဇာတိ, ဇရာ, မရဏ တို့ကို မျက်တောင်တစ်ခတ် လျှပ်တစ်ပြက် အတွင်းမှာပင် များစွာ မြင်နိုင်ကြကုန်၏။

ငင်းနောက် "ပညတ်ဖြင့် တင်၍ ဥပါဒ်သည်ဟု ဆိုရသောကြောင့်၊ ခန္ဓာအစဉ်ကို ဇာတိဓမ္မဟူ၍လည်းကောင်း၊ ဌီဘင်တို့ဖြင့် ရင့်ရော်ပျက်စီးသည်ဟု ဆိုရသောကြောင့်၊ ဝိပရိဏာမဓမ္မဟူ၍ လည်းကောင်း ခေါ်ဝေါ်ရပြန်၏။ ထိုခန္ဓာအစဉ်သည် အကြောင်းနှင့်စပ်၍ ဖြစ်သည်ဟု ထင်မြင်ရသောကြောင့် သင်္ခတဓမ္မဟူ၍ လည်းကောင်း၊ ပစ္စည်းတို့နှင့် စပ်လျက်ဖြစ် သည်ဟု ထင်မြင်ရသောကြောင့် သပစ္စယ ဓမ္မဟူ၍လည်းကောင်း၊ ခေါ်ဝေါ်ပြောဆိုရပြန်၏" ဟူသောစကား၌၊ ခန္ဓာအစဉ်၌ အသစ်အသစ် ဖြစ်ပေါ်ခြင်းတည်းဟူသော ပရမတ္ထသဘောသည် ဧကန္တ ရှိသည်ဖြစ်၍၊ ထိုသဘောအားလျော်သော ဥပါဒ်ဟူသော ပညတ်၊ ဇာတိဓမ္မ ဟူသော ပညတ်တို့သည် ဉာဏ်၌ပေါ်လာရကုန်၏။

ထိုအတူ ထိုခန္ဓာအစဉ်၌ ရင့်ရော်ပျက်စီးခြင်းဟူသော ပရမတ္ထသဘောသည် ဧကန္တ ရှိသည်ဖြစ်၍ ထိုသဘောအားလျော်စွာ၊ ဝိပရိဏာမ ဓမ္မ ဟူသော ပညတ်သည် ဧကန္တဉာဏ်၌ ပေါ်လာရ၏၊ ထိုခန္ဓာအစဉ်သည်၊ အကြောင်းစပ်၍ ဧကန္တစင်စစ် ဖြစ်သည်ဖြစ်၍၊ ထိုသဘောအားလျော်စွာ သင်္ခတဓမ္မ ဟူ၍လည်းကောင်း၊ သပစ္စယ ဓမ္မ ဟူ၍လည်းကောင်း ခေါ်ဆိုရပြန်၏။

ငင်းနောက် "ပရမတ္ထခန္ဓာသည်၊ သံဝိဇ္ဇမာနတရားဖြစ်သောကြောင့်၊ ကောင်းစွာဖြစ်ဆဲ ဖြစ်သော ပစ္စုပ္ပန္နဓမ္မဟု ထင်ရမည်" ဟူသောစကား၌၊ သံဝိဇ္ဇမာန- ဟူသော ဝေါဟာရသည် ကောင်းစွာ ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန္နဓမ္မကိုသာ ဆိုလိုရင်း မဟုတ်၊ အတိတ်အနာဂတ်ဖြစ်သော ကာလသုံးပါး၌ပင် ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိသည်ကိုဆိုသော ဝေါဟာရဖြစ်သည်။

ငင်းနောက် "ထိုခန္ဓာအစဉ်ကိုပင် အတွင်းကနေ၍၊ ဝါ၊ ထိုးထွင်း၍ သိသော ပဋိဝေဓဉာဏ်အား အဇာတ၊ အဝိပရိဏာမ၊ အသင်္ခတ၊ အပစ္စယ၊ ကာလ ဝိမုတ် ဟု ထင်လိမ့်မည်" ဟူသော စကား၌၊ ဗာလပုထုဇဉ်တို့၏ စိတ်မှာသာ သန္တတိပညတ် ဖုံးလွှမ်းမှုကြောင့် အဇာတ၊ အဝိပရိဏာမ၊ အသင်္ခတ၊ အပစ္စယ ဟု ထင်ရ၏၊ အရိယာ တို့၏ ဉာဏ်၌မူကား ထိုသန္တတိပညတ်ကို ဖောက်ထွင်းနိုင်သော ပဋိဝေဓသို့ရောက်သည် ဖြစ်၍ ထိုခန္ဓာအစဉ်သည် အမြဲလျှင် ဇာတိဓမ္မ, ဝိပရိဏာမဓမ္မ, သင်္ခတဓမ္မ, သပစ္စယဓမ္မ ဟု ဟုတ်မှန်တိုင်းထင်ရ၏။

www.dhammaransi.com



ဤ၌ ငြင်းနောက် "အဘယ်ကြောင့်ဆိုသော်၊ ရဟန္တာတစ်ပါးသည် ဖိုလ်ဝင်၍ နိဗ္ဗာန်ဟု ဆိုအပ်သော အရဟတ္တဖိုလ်ကို အာရုံပြုခိုက်ကာလပညတ်, အာကာသပညတ်စသော ပညတ် ဟူသမျှကို လွှတ်၍။ ဝါ၊ လွန်၍ အတွင်းကနေ၍ သိလိမ့်မည်၊ ဤသို့ မိမိအာသဝေါ ကုန်ပြီးသော ခန္ဓာကို မိမိအတွင်းဝင်၍။ ဝါ၊ ထိုးထွင်း၍ သိသည်အခိုက် သင်္ခါရ၏ အကြောင်းနိမိတ်တစ်စုံ တစ်ရာကို အာရုံမပြုပေပြီ" ဟူသောစကား၌ ဖိုလ်ဝင်သော ရဟန္တာသည် ဖိုလ်ဝင်စားဆဲခဏ၌ နိဗ္ဗာန်ကိုသာ အာရုံပြု၏၊ အရဟတ္တဖိုလ်ကို အာရုံမပြု။ နိဗ္ဗာန်သည်ကား အသင်္ခတတရားသည်။ အရဟတ္တဖိုလ်သည်ကား၊ စိတ်စေတသိက်တရားအစုဖြစ်သော သင်္ခတတရားပေတည်း။

ထိုပုဂ္ဂိုလ်သည် ထိုခဏ၌ ကာလပညတ်, အာသာသပညတ် စသော ပညတ် ဟူသရွေ့ တို့ကိုလည်းကောင်း၊ အရဟတ္တဖိုလ် စသော ခန္ဓာဟူသော သင်္ခတပရမတ်တရား တို့ကိုလည်းကောင်း လွှတ်၍၊ ဝါ၊ လွန်၍ ပဋိဝေဓဉာဏ်ဖြင့် နိဗ္ဗာန်ကိုသာ အာရုံပြု လေ၏၊ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ဖိုလ်ဝင်စားဆဲခဏ၌၊ မိမိခန္ဓာမှ အလွတ်ဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြု၏၊ မိမိခန္ဓာကို အာရုံမပြု။

ငြင်းနောက် "အပြင်က သိမှု၊ အတွင်းက သိမှုဟု ဆိုအပ်သော သိပုံနှစ်မျိုးကို လိုက်၍ ပရမတ္ထတရားတစ်ခုတည်းပင် သင်္ခတ၊ အသင်္ခတဟု ပရိယာယ်နှစ်မျိုးကို ရသည်" ဟူသောစကား၌ အပြင်သိမှု အတွင်းသိမှု နှစ်ပါးကို ရှေး၌ ထင်ရှားစွာ ပြဆိုခဲ့ပြီ၊ ထိုသိမှုနှစ်ပါးသည် သင်္ခတ, တရားတို့ကို လျော်ကံစွာသိမှု၊ ထိုးထွင်း၍ သိမှု၊ ဤမျှသာ ခြားနားကြကုန်သည်။

ထို့ကြောင့် ပရမတ္ထတရားတစ်ခုသည်၊ သိပုံနှစ်မျိုးကိုလိုက်၍ သင်္ခတတရား၊ အသင်္ခတ တရားဟု ပရိယာယ်နှစ်မျိုးမရှိ၊ သင်္ခတတရားမျိုးသည်၊ ဘယ်အခါမှာမှ အသင်္ခတဟူသော ပရိယာယ်ကို မရနိုင်၊ အသင်္ခတတရားမျိုးသည်လည်း ဘယ်အခါမှာမှ သင်္ခတဟူသော ပရိယာယ်ကို မရနိုင်လေ၊ အဘယ်ကြောင့်ဤသို့ဆိုနိုင်ပါသနည်းဟူမူ၊ ဓမ္မသင်္ဂဏီ၊ ဒုကမာတိကာ၌၊ သပစ္စယာ ဓမ္မာ၊ အပစ္စယာ ဓမ္မာ ဟူ၍လည်းကောင်း၊ သင်္ခတာဓမ္မာ၊ အသင်္ခတာဓမ္မာ ဟူ၍လည်းကောင်း၊ နှစ်ဖို့ နှစ်စုသာ လာရှိချေသည်၊ သင်္ခတ အသင်္ခတ နှစ်မည်ရသော တတိယ အဖို့အစု မလာချေ။ အဘိဓမ္မေ အဘာဝေါပိ၊ နိသေဓောယေဝ သဗ္ဗထာ၊ ဟူသော ဋီကာကျော် စကားနှင့်အညီ၊ အဘိဓမ္မာတွင် တစ်စုံတစ်ခုသော နေရာမှာမှ မဟောသည်ရှိသော် ထိုတရားသည် မရှိပြီဟု မြစ်ပယ်ခြင်း ဖြစ်လေသောကြောင့် သင်္ခတ အသင်္ခတ နှစ်မည်ရသော တစ်ခုသော တရားမျှမရှိဟု မြစ်ပယ်အပ်ပေသည်။

www.dhammaransi.com



သုတ္တန်၌လည်း။ ။ ဒွေမာဘိက္ခဝေ ဓာတုယော သင်္ခတာစဓာတု အသင်္ခတာစ ဓာတု၊ ဣမာခေါ်ဘိက္ခဝေ ဒွေဓာတုယော။ ။ ဟူ၍ နှစ်ဖို့နှစ်စုသာ လာရှိချေသည်၊ သင်္ခတ အသင်္ခတ နှစ်မည်ရသော တတိယ အဖို့ဟူ၍ မလာချေ။ ။ ဤအရာ၌ ကထာဝတ္ထု ပါဠိတော်ပုဂ္ဂလကထာကြီး ရှိလေပြီ။

ငင်းနောက် "ပရိယာယ်ဝေဝုစ်ကို လွှတ်၍ ပရမတ်ဆတ်ဆတ်ကို ပြောဆိုရမည်ဆိုလျှင်၊ ရဟန္တာ၏ ခန္ဓာသည်ပင် နိဗ္ဗာန်၊ နိဗ္ဗာန်သည်ပင် ခန္ဓာဖြစ်တော့သည်" ဟူသော စကား၌၊ ပရိယာယ်ဝေဝုစ် ဆိုသည်ကား၊ အပြင်သိတွင် ပြဆိုခဲ့သော ဥပါဒ်၊ ဋ္ဌီ၊ ဘင်၊ ခဏာငယ်အစဉ်၊ ဇာတိမွေ့၊ ဝိပရိဏာမမွေ့၊ သင်္ခတမွေ့၊ သပစ္စယမွေ့တို့ကို ဆိုလိုသည်။

ပရမတ်ဆတ်ဆတ် ဆိုသည်ကား အတွင်းသိတွင် ပြဆိုခဲ့သော အဇာတ၊ အဝိပရိဏာမ၊ အသင်္ခတ၊ အပစ္စယ၊ ကာလဝိမုတ် တို့ကို ဆိုလို၏၊ ဤအဖြေတွင် ရှေ့၌ ရှင်းလင်းခဲ့ပြီးဖြစ်၍၊ ရဟန္တာ၏ ခန္ဓာသည်၊ နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်သည် ရဟန္တာ၏ ခန္ဓာမဟုတ်ဟု ထင်ရှားလေပြီ။

ငင်းနောက် "ဤသို့ယူမှုသာလျှင်၊ နိဗ္ဗာနမ္ပိခန္ဓ ပဋိဗဒ္ဓမေဝ၊ ဟူ၍ ဝိသုဒ္ဓိမဂ်ဋီကာ၌ လာသော စကားရပ်။ ။ နိဗ္ဗာနမ္ပိဟိခန္ဓေ ပဋိစ္စပညာပနတော သရီရသို ယေဝ ပညပေသိ၊ ဟူ၍ သာရတ္ထဒီပနီ၌လာသော စကားရပ်။ ။ အညေခန္ဓာ။ အညံနိဗ္ဗာနံ၊ အညောပုဂ္ဂလောတိ။ နဟေဝံဝတ္တဗ္ဗေ။ ဟူ၍ ကထာ ဝတ္ထု၌ လာသော စကားရပ်။ ။ ဣမသ္မိံ ယေဝ ကဠေဝ ရေဗျာမမတ္တေ သမနကေသ ဝိညာဏကေ လောကဥ္စပညာပေမိ လောက သမုဒယဥ္စ လောက နိရောဓဥ္စ လောက နိရောဓဂါမိနိပဒဥ္စ။ ဟူ၍ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌ လာသော စကားရပ်တို့နှင့် ညီညွတ်မည်" ဟူသော စကား၌၊ ခန္ဓာသည်ပင်လျှင် နိဗ္ဗာန်၊ နိဗ္ဗာန်သည်ပင်လျှင် ခန္ဓာဟု ယူခဲ့သည်ရှိသော်၊ နိဗ္ဗာနမ္ပိခန္ဓပဋိဗဒ္ဓမေဝ၊ ဟူသော မိမိကိုးကားရင်း ဝိသုဒ္ဓိမဂ်ဋီကာနှင့်ပင် မညီညွတ်လေ။

မညီညွတ်ပုံကား၊ ကာယပဋိဗဒ္ဓဟူသော စကားမျိုး၌၊ ကာယဟူသော စကားဖြင့် ခြေလက်စသော ကိုယ်အင်္ဂါကို ယူရမည်၊ ကာယပဋိဗဒ္ဓဟူသော စကားဖြင့် ကိုယ်အင်္ဂါ မဟုတ်သော၊ ကိုယ်အင်္ဂါနှင့် စပ်သော အဝတ်သက်န်းစသည်ကို ယူရမည်၊ ထိုအတူ ဤ၌လည်း၊ ခန္ဓပဋိဗဒ္ဓမေဝ ဟူသော စကားဖြင့်၊ ခန္ဓာမဟုတ်သော ခန္ဓာနှင့်စပ်သော တရားကို နိဗ္ဗာန်ဟု ယူရသည်။

ခန္ဓာနှင့် စပ်သောတရားဆိုသည်ကား၊ အဝိဇ္ဇာ၏ ချုပ်ငြိမ်းခြင်း တဏှာ၏ ချုပ်ငြိမ်းခြင်း၊ ကိလေသာတို့၏ ချုပ်ငြိမ်းခြင်း၊ နာမ်ရုပ်တရားတို့၏ ချုပ်ငြိမ်းခြင်း

www.dhammaransi.com



ဟူသော စကားမျိုး၌၊ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်ကို၊ အဝိဇ္ဇာ၊ တဏှာ၊ ကိလေသာ၊ နာမ်ရုပ်ဟူသော ခန္ဓာတို့နှင့် ဖက်စပ်၍ သိရ ပြောဟောရသောကြောင့်၊ နိဗ္ဗာနမ္ပိ ပဋိဗဒ္ဓမေဝ ဟူသော စကားကို ဆိုပေသတည်း။

ထိုစကားဖြင့်ပင်လျှင်၊ ခန္ဓာသည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်သည် ခန္ဓာမဟုတ်ဟု ထင်ရှားလေ သတည်း။ ။ နိဗ္ဗာနမ္ပိဟိခန္ဓေ ပဋိစ္စပညာပနတော သရီရသ္မိံ ယေဝ ပညပေသိ၊ ဟူသော ဒုတိယ စကားသည် ခန္ဓပဋိဗဒ္ဓမေဝ ဟူသော ပထမစကားနှင့် တထပ်တည်းပင်တည်း။

အညေခန္ဓာ၊ အညံနိဗ္ဗာနံ၊ အညော ပုဂ္ဂလောတိ၊ နဟေဝံဝတ္တဗ္ဗေ ဟူသော တတိယစကားမှာလည်း၊ အညေခန္ဓာ၊ အညံနိဗ္ဗာနံ ဟူသောစကားနှစ်ရပ်ကား အမှန်ပင်ဖြစ်၏၊ အညောပုဂ္ဂလော ဟူသော စကားသည်ကား အမှန်မဟုတ်၊ ထို့ကြောင့် နဟေဝံဝတ္တဗ္ဗေဟု ပယ်ချက်ထွက်ရလေသတည်း။ ထိုကြောင့် ရဟန္တာ၏ ခန္ဓာသည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်သည် ရဟန္တာ၏ ခန္ဓာမဟုတ်ဟု ယူသော်လည်း ဤပါဠိနှင့် မဆန့်ကျင်လေ။

ဣမသ္မိံ ယေဝ ကဠေဝရေ ဗျာမမတ္တေ သမနကေ သဝညာဏကေ လောက-ဉ္စေဝပညာ ပေမိ လောက သမုသဉ္စေဝ လောက နိရောဓဉ္စ လောကနိရောဓဂါမိနိပဒဥ္စ၊ ဟူသော စတုတ္ထ စကားမှာလည်း၊ ဣမသ္မိံယေဝကဠေဝရေ ဟူသော အာဓာရပုဒ်နှင့် လောကဉ္စေဝ ဟူသောပုဒ်၊ လောက သမုယဉ္စ ဟူသောပုဒ်၊ လောကနိရောဓ ဂါမိနိပဒဥ္စ ဟူသော ပုဒ်တို့သည် အပေါင်းအစိတ် အာဓာရအာဓာရ် ဖြစ်ကြကုန်၏။

လောကနိရောဓဉ္စ ပုဒ်သည်ကား၊ ခန္ဓပဋိဗဒ္ဓမေဝ ဟူသော ပုဒ်၌ ပြဆိုခဲ့သည့် အတိုင်း အဝိဇ္ဇာ၏ ချုပ်ငြိမ်းခြင်း၊ တဏှာ၏ ချုပ်ငြိမ်းခြင်းစသည်ဖြင့် ခန္ဓာနှင့် စပ်လျက် ရှိသောကြောင့် ဣမသ္မိံ ယေဝကဠေဝရေ လောက နိရောဓဉ္စ ပညပေမိ၊ ဟူ၍ ဟောတော်မူပေ၏။

ထို့ကြောင့် ခန္ဓာသည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်သည် ခန္ဓာမဟုတ်ဟု ယူသော်လည်း ဤပါဠိနှင့် မဆန့်ကျင်လေ။

ငင်းနောက် "ငင်းစကားတို့၌ သဉပဒိသေသ နိဗ္ဗာန်ဟူ၍ မဆိုဘဲ နိဗ္ဗာန် ဟူ၍သာ ဆိုသည်၊ ထို့ကြောင့် ပရိယာယ်နိဗ္ဗာန် တစ်စိတ်တစ်ဒေသကိုသာ မမှတ်သင့်" ဟူသော စကား၌ ပရိယာယ်နိဗ္ဗာန် တစ်စိတ်တစ်ဒေသဆိုသည်ကား၊ သဉပါဒိ သေသနိဗ္ဗာန်ကို ဆိုလို၏၊ ထိုသဉပါဒိသေသ နိဗ္ဗာန်သည် ပရိယာယ်နိဗ္ဗာန် မဟုတ်၊ မုချဆတ်ဆတ် ပရမတ်နိဗ္ဗာန်ပင် ဖြစ်သတည်း။

www.dhammaransi.com



ဖြစ်ပုံကား အရဟတ္တမဂ်ခဏ၌ အဝိဇ္ဇာစသော ကိလေသာတို့၏ ချုပ်ငြိမ်းခြင်းသည် ပရိယာယ် ချုပ်မဟုတ်၊ တစ်ဖန်ဖြစ်ပေါ်ခြင်း အကြွင်းအကျန်မရှိသော ပရမတ္ထ ချုပ်ကြီးပင် ဖြစ်ပေသတည်း၊ ထိုနိဗ္ဗာန် တစ်စိတ်တစ်ဒေသကို မမှတ်သင့်၊ အနုပါဒိသေသ နိဗ္ဗာန်နှင့် တကွ အကုန်လုံးကို နိဗ္ဗာန် ဆိုသည်ဟု မှတ်သင့်သည်ဟု ဆိုလို၏။

ထိုစကား မှန်လှပေ၏၊ ရဟန္တာ၏ ခန္ဓပရိနိဗ္ဗာန် စံပြီးသည်မှနောက်၌၊ အနန္တရဘဝမှစ၍ နောင် အနမတဂ္ဂ သံသရာ၌ အနာဂတ် ခန္ဓာတို့၏ ချုပ်ငြိမ်းမှု သည်လည်း ထိုရဟန္တာ၏ သန္တာန်တွင် အဝိဇ္ဇာချုပ်ငြိမ်းမှုနှင့် တစ်ခုတည်းပင် ဖြစ်လေ သောကြောင့် ထိုအနုပါဒိသေသနိဗ္ဗာန်ကို ပြောဆိုရာ၌လည်း အဝိဇ္ဇာ၊ တဏှာ၊ ကိလေသာ၊ နာမ်ရုပ်ဟူသော ခန္ဓာတို့နှင့် ဖက်စပ်၍ပင် ပြောဆိုရလေသတည်း။

နောင်အနာဂတ်ကိုမြော်၍ ပြောရာ၌လည်း အနန္တရဘဝမှစ၍ နောင်ဘဝ အဆက်ဆက် တို့သည် ထိုရဟန္တာပုဂ္ဂိုလ်၏ သန္တာန်မှာ အကြွင်း အကျန်မရှိ ချုပ်ငြိမ်းလေကုန်၏ ဟု။ ဘဝအဆက်ဆက်ဟူသော ခန္ဓာနှင့် စပ်လျဉ်း၍ ပြောဆိုရလေသတည်း။

ဤသို့ ပြောဆိုမှု၌ ခန္ဓာနှင့် အမြဲစပ်လျဉ်းလျက်ရှိသောကြောင့် နိဗ္ဗာနမ္ပိ ခန္ဓပဋိဗဒ္ဓမေဝ ဟူသောစကား၊ နိဗ္ဗာနမ္ပိ ဟိခန္ဓေပဋိစ္စ ပညာပနတော ဟူသော စကားတို့ကို ဆိုကြပေကုန်၏။

ခန္ဓပရိနိဗ္ဗာန်စံပြီးသည်မှ နောက်၌၊ ကိလေသာ အာသဝေါကုန်ပြီးသော ထိုရဟန္တာ၏ အလွန်သိမ်မွေ့သော ခန္ဓာအစဉ်သည် နောင်အနမတဂ္ဂ သံသရာနှင့်အမျှ အနုပါဒိသေသနိဗ္ဗာန်နှင့်တူတကွ နိစ္စဓုဝအဖြစ်ဖြင့် ပါရှိ၍နေသောကြောင့် ဆိုသည်မဟုတ်ပေ။

ဤမျှသော စကားရပ်တို့ဖြင့် "ဤသို့ယူသည်ရှိသော် အနုပါဒိသေသ နိဗ္ဗာန် ခန္ဓာရှိရာ ရောက်သောကြောင့် ခန္ဓပရိနိဗ္ဗာန် ဟူသော စကားနှင့် မဆန့်ကျင်ပြီလော ဟူငြားအံ့၊ ဆန့်ကျင်မည်မထင်။

အဘယ်ကြောင့်ဆိုသော် ခန္ဓပရိနိဗ္ဗာန်ဟူသော စကားသည်၊ အပြင်ဘက်က သိကြ ရှုကြသောသူ အပေါင်းအတွက် ပြောဆိုသောစကားဟု မှတ်ရန်ရှိ၏။

အပြင်ဘက်က သိရှိရကြပြီးသော ဥပစာဟု ဆိုအပ်သော ခန္ဓာကြမ်းကြီးသည်

www.dhammaransi.com



ချုပ်ငြိမ်းလေပြေးသော်လည်း အလွန်သိမ်မွေ့ နက်နဲလှ၍ အတွင်းကသာ သိအပ် သိထိုက်သော သန္တိဝန္တခန္ဓာနု၏ အစဉ်သည်ကား ထင်ရှား ရှိသည်သာ ဟု ယူရန် သင့်၏" ဟူသော စကားတို့ကို ဖြေဆိုခြင်းကိစ္စပြီးလေ၏။

၎င်းနောက်၌။ ရူပသင်္ခါဝိမုတ္တောခေါ် မဟာရာဇတထာဂတော အပ္ပမေယျော ဂမ္ဘီရော၊ သေယျထာပိ မဟာသမုဒ္ဒေါ၊ ဝေဒနာသင်္ခါဝိမုတ္တော။ လ။ သညာသင်္ခါ ဝိမုတ္တော။ လ။ သင်္ခါရသင်္ခါဝိမုတ္တော။ လ။ ဝိညာဏသင်္ခါဝိမုတ္တော။ လ။ သေယျထာပိ မဟာသမုဒ္ဒေါ ဟူသော ကောသလသံယုတ်ပါဠိတော်၌ အဓိပ္ပာယ်ကား၊ ရဟန္တာ ပုဂ္ဂိုလ်၏ သန္တာန်၌ သတ္တဝါဟူသော ပညတ်သည် သဘောအားဖြင့် ရှိသည်မဟုတ်။ သဘောအားဖြင့် ရှိသော ပရမတ္ထတရားကို အမှီပြု၍ သိအပ်ခေါ်ဝေါ်အပ်သော ပညတ်တရားမျှသာ ဖြစ်၏။

ထိုပညတ်လည်း ခန္ဓပရိနိဗ္ဗာန်မစံမီ ရှေးအဖို့၌ သင်္ခတဖြစ်သော ရုပ်နာမ်, ခန္ဓာတို့၏ အပေါ်၌သာလျှင် ထင်မြင်နိုင်၏၊ ပညတ်နိုင်၏၊ ခန္ဓပရိနိဗ္ဗာန် စံပြီးသည်နောက် အသင်္ခတဖြစ်သော နိဗ္ဗာန်ဟူသော ပရမတ္ထတရားသည်ကား အလွန်သိမ်မွေ့သော တရားဖြစ်ချေ၍၊ ထိုတရား၏ အပေါ်၌ မထင်မြင်နိုင်၊ မပညတ် နိုင်၊ မဟာသမုဒ္ဒရာတွင်းသို့ သက်ဆင်းသော သူသည် ထောက်ရာ, တည်ရာဟူ၍ တစ်စုံတစ်ခုမျှ မရနိုင်သကဲ့သို့၊ ထိုနိဗ္ဗာန်သို့ ဆိုက်ရောက်သော သတ္တဝါသည်၊ ထိုနိဗ္ဗာန်၌ ပုဂ္ဂိုလ်သတ္တဝါဟူသော ပညတ်၏ တည်ရာ, မှီရာ တစ်စုံတစ်ခုသော ထောက်ရာ, တည်ရာကို မရလေပြီ။

နိဗ္ဗာန်သည် မဟာသမုဒ္ဒရာသဖွယ် နက်နဲသကဲ့သို့၊ ထိုပညတ်သည်လည်း၊ မဟာသမုဒ္ဒရာ သဖွယ် နက်နဲလေ၏။ ထို့ကြောင့် အပ္ပမေယျောဂမ္ဘီရောသေယျထာပိ၊ ဟူ၍ ဟောတော်မူသည်ဟု မှတ်ရမည်။ ပြင်ဘက်သိသော သူတို့အဖို့ဟု မမှတ် ရာ။ ။

နိဗ္ဗာနသုခမ ရူပဂတိကန္တိ ဝိညာယတိ၊ ဟူသော အနုဋီကာပါဌ်မှာလည်း၊ နိဗ္ဗာန်ကို သုခုမရုပ် ၁၆-ခုနှင့် ဓမ္မာယတန၊ ဓမ္မဓာတ်၌ အကျုံးဝင်ခြင်းတူသောကြောင့် သုခုမရူပဂတိကံဟု ဆိုလိုသည်၊ နိဗ္ဗာန်သည် အလွန်သိမ်မွေ့သော ရုပ်နှင့် အလားတူ သောကြောင့် ဆိုသည် မဟုတ်။

နိဗ္ဗာန်ကို နာမ်ဟုခေါ်ရသည်မှာလည်း စိတ်နာမ်၊ စေတသိက်နာမ်မျိုးဖြစ်၍ ခေါ်ရသည် မဟုတ်၊ ရုပ်တရားကဲ့သို့ စမ်းသပ်တွေ့ထိ၍ သိနိုင်သော တရားမျိုးမဟုတ်။

www.dhammaransi.com



အမည်နာမကို အစဉ်မှီးလျက် အနက်သဘောကို ဆင်ခြင်၍ သိရသောကြောင့် နာမ်ဟူ၍ ခေါ်လေသည်။

ငင်းနောက် "ထိုကြောင့်၊ ရုပ်နာမ်ကြမ်း မဟုတ်သော်လည်း၊ ရုပ်နာမ်အလားရှိသော၊ ဝါ၊ ခန္ဓာဟု မခေါ်ဆိုအပ်သော်လည်း၊ ခန္ဓာအလားရှိသော အသခ်တဓာတ် ပရမတ္ထတရားကို နိဗ္ဗာန်ဟူ၍ ငင်းနိဗ္ဗာန်၏ ပရိယာယ်အသွယ်သွယ်တို့ဖြင့် တန်းဆာဆင်၍ အပြင်က သိကြသော ပုထုဇဉ်လောကီသားတို့အဖို့ ဟောရပေသည်" ဟူသောစကား၌ နိဗ္ဗာန်သည် ရုပ်နာမ်ကြမ်းတည်း မဟုတ်၊ ရုပ်နာမ်အလားလည်းမရှိ၊ ရုပ်နာမ်ကြမ်းတို့နှင့် အလွန်ဝေးကွာသော သဘောရှိ၏။

ခန္ဓ ဟူ၍လည်းမဆိုအပ်။ ခန္ဓာအလားလည်း မရှိ၊ ခန္ဓာအလားနှင့် အလွန်ဝေးကွာသော သဘောရှိ၏၊ ရုပ်နာမ်အလားရှိသော၊ ခန္ဓာအလားရှိသော အသခ်တဓာတ် ပရမတ်ဟူ၍လည်း မရှိ၊ ငင်းနိဗ္ဗာန်ကို ပရိယာယ်အသွယ်သွယ်တို့ဖြင့် တန်ဆာဆင်၍ ဟောတော်မူခြင်းသည်၊ အပြင်ဘက်က သိကြသော ပုထုဇဉ်လောကီသားတို့ အဖို့ ဟောရသည် မဟုတ်။

ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ ဟူသော တရား ဂုဏ်တော်ပုဒ်နှင့်အညီ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့နှင့်တကွ။ ပဋိဝေဓဉာဏ်သို့ ပေါက်ရောက်ပြီးသော အရိယာပုဂ္ဂိုလ်တို့၏ အဖို့ဟောရ ပေသည်။

ငင်းနောက် "ဤသို့ဆိုအပ်ပြီးသော သန္တိဝန္တခန္ဓာအစဉ်သည်၊ သဿတလည်း မဟုတ်၊ ဥစ္ဆေဒလည်း မဟုတ် ဖြစ်ပါလျက်၊ အဘယ်ကြောင့် သဿတ၊ ဓုဝ ဟု ဆရာတို့ ဆိုကြပြန်သနည်း ဟူမူ၊ အတွင်းကဝင်၍ သိသောသူ၏ အသိဉာဏ်မှာ ဥပါဒ်, ဌီ, ဘင်, ဟူသော ပညတ်မထင်သော်လည်း အစဉ်ဖြစ်နေသောကြောင့် ဓုဝန္တိနိဗ္ဗာနသဿဝ အမိဝစနံ ဘဝိတုံအရဟတိ ဟူသော သဒ္ဒနီတိဆရာစကားအရ၊ ဓုဝ ဟုခေါ်ထိုက်သည်" ဟူသော စကား၌ ၊ သန္တိဝန္တခန္ဓာအစဉ်ဆို သည်ကား မိမိ၏ အလိုအားဖြင့် အနုပါဒိသေသနိဗ္ဗာန်၌ တည်ရှိသော၊ အလွန်သိမ်မွေ့သော ရုပ်ဝိသေသ၊ နာမ်ဝိသေသ ဟူသော ခန္ဓာအစဉ်ကို ဆိုလို၏။

ထိုခန္ဓာအစဉ်သည် ဝဋ် ဒုက္ခဘေးတို့မှ ငြိမ်းအေးခြင်း ဟူသော သန္တိဂုဏ်နှင့် ပြည့်စုံသော ကြောင့် သန္တိဝန္တခန္ဓာ မည်၏၊ ထိုခန္ဓာသည် ပင်လျှင် နိဗ္ဗာန် ဖြစ်၏၊ ထိုခန္ဓာသည်ပင်လျှင် ပရိနိဗ္ဗုတ ပုဂ္ဂိုလ်လည်းဖြစ်၏ဟု ဆိုလိုသည်။

ဤစကား၌ အမှန်အားဖြင့် ဝဋ်ဒုက္ခဘေးတို့မှ ငြိမ်းအေးခြင်း တည်းဟူသော

www.dhammaransi.com



သန္တိသဘော သည်သာလျှင် အသင်္ခတ နိဗ္ဗာန်အမှန်ဖြစ်၏၊ ထိုနိဗ္ဗာန်မှာ တည်ရာမှီရာ ခန္ဓာဟူ၍ တစ်စုံတစ်ခု မျှမရှိပြီ။ ခန္ဓာမရှိသည့် အတွက်ကြောင့် ပရိနိဗ္ဗုတ ဟူ၍လည်း ခေါ်စရာ ပညတ်မရှိပြီ။ အကယ်၍ ထိုနိဗ္ဗာန်မှာ ထိုခန္ဓာသည် လည်းကောင်း၊ ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်သည်လည်းကောင်း ဧကန်ရှိသည် ဆိုငြားအံ့၊ သဿတဒိဋ္ဌိ အမှန်ဖြစ်၏။

သဿတဒိဋ္ဌိဆိုသည်ကား ထိုခန္ဓာကိုပင် ထိုပုဂ္ဂိုလ်၏ အတ္တပြု၍ ထိုအတ္တနှင့် ထိုပုဂ္ဂိုလ် သည် ခန္ဓပရိနိဗ္ဗာန်စံရာ၌ ချုပ်ဆုံးခြင်းမရှိမူ၍ အနုပါဒိသေသ နိဗ္ဗာန် ဘက်သို့ ကူးပြောင်း တည်နေသည်ဟု ယူခြင်းသည် သဿတ ဒိဋ္ဌိမည်၏။

ဤလျှောက်လွှာ၌ "အတွင်းက ဝင်၍ သိသောသူ၏ အသိဉာဏ်တွင် ထင်မြင် ချက်, ဆိုသမျှသည် သဿတဒိဋ္ဌိ အခြင်းအရာချည်းပေတည်း။ ။ ဥစ္ဆေဒဒိဋ္ဌိ ဆိုသည်ကား ခန္ဓပရိနိဗ္ဗာန် မစံမီ ရှေးအဖို့၌ ထိုခန္ဓာကိုပင် ထိုပုဂ္ဂိုလ်၏ အတ္တဟူ၍ စွဲယူခဲ့ပြီးလျှင် ထိုအတ္တနှင့် ထိုပုဂ္ဂိုလ်သည် ခန္ဓပရိနိဗ္ဗာန် စံရာတွင် အကုန်ချုပ်ဆုံး လေ၏ဟု ယူခြင်းသည် ဥစ္ဆေဒဒိဋ္ဌိ မည်၏။

ဤအရာ၌ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဟူသော အယုတ်တရား နှစ်ပါးနှင့် သမ္မာဒိဋ္ဌိဟူသော မဇ္ဈိမပဋိပဒါတို့၏ အထူးကို ပြဆိုရာ၏။

အထူးဆိုသည်ကား ခန္ဓပရိနိဗ္ဗာန်စံခြင်းသို့ မရောက်မီ ရှေးကာလ၌ ခန္ဓာကိုပင် ပုဂ္ဂိုလ် သတ္တဝါပြု၍ ပုဂ္ဂိုလ်သည် အမှန်ရှိ၏၊ သတ္တဝါသည် အမှန်ရှိ၏၊ အတ္တသည် အမှန်ရှိ၏ဟု ခိုင်မြဲစွာ ယူကြသောသူတို့၏ အယူမှာ၊ ခန္ဓပရိနိဗ္ဗာန်နှင့် စပ်လျှင် သဿတဒိဋ္ဌိသော်လည်း ဖြစ်ရမည်၊ သို့မဟုတ် ဥစ္ဆေဒဒိဋ္ဌိသော်လည်း ဖြစ်ရမည်၊ ထိုအယုတ်တရား နှစ်ပါးဟူသော လမ်းလွှဲ လမ်းမှားကို ဘယ်လိုနည်းနှင့်မှ မရှောင်သာပြီ၊

အဘယ်ကြောင့်နည်းဆိုသော်။ ခန္ဓပရိနိဗ္ဗာန်မစံမီ ရှေးကာလကပင် ခန္ဓာကိုယ်ကို ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တပြု၍၊ ပုဂ္ဂိုလ်သည် အမှန်ရှိ၏ သတ္တဝါ သည်အမှန်ရှိ၏၊ အတ္တသည် အမှန်ရှိ၏ ဟု ခိုင်မြဲစွာ ယူခြင်းဟူသော အတ္တဒိဋ္ဌိကြီး အရင်းခံရှိနေသောကြောင့်တည်း။

ထိုအတ္တဒိဋ္ဌိအရင်းရှိနေသောသူတို့မှာ သေသောအခါနှင့် စပ်လျှင်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးတွင် တစ်ပါးပါးသို့ ရောက်လေတော့သည်။

ထိုကြောင့် ကထာဝတ္ထုပါဠိတော်၌။ ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္ထမှီတိ။

www.dhammaransi.com



အာမန္တာ၊ ပရိနိဗ္ဗုတော ပုဂ္ဂလောသဿတတောတိ။ နဟေဝံဝတ္တဗ္ဗေဟူ၍ လည်းကောင်း။ ။ နတ္ထတ္ထမ္ဘီတိ၊ အာမန္တာ၊ ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ၊ နဟေဝံသတ္တဗ္ဗေ ဟူ၍လည်းကောင်း၊ အစွန်းနှစ်ဘက် မလွတ်နိုင်ချက်ကို ဟောတော်မူပေ၏။

ခန္ဓာပရိနိဗ္ဗာန်မစံမီ ရှေးကာလကပင် ထိုခန္ဓာသည် ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါ၏ အတ္တလည်း မဟုတ်၊ သဘာဝဓမ္မ သက်သက်သာဖြစ်၏။

ထိုခန္ဓာမှ အလွတ်ပုဂ္ဂိုလ်ဟူ၍၊ သတ္တဝါဟူ၍၊ အတ္တဟူ၍ သဘောအားဖြင့် မရှိပြီဟု သိမြင်သော ဉာဏ်သည် သမ္မာဒိဋ္ဌိမည်၏။

ထိုသမ္မာဒိဋ္ဌိ ဉာဏ်အမြင်ရှိသော သူတို့မှာ၊ အတ္တဒိဋ္ဌိအရင်းခံမရှိသည် အတွက်ကြောင့်၊ ခန္ဓပရိနိဗ္ဗာန်နှင့်စပ်၍ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိသို့ ရောက်ဖွယ်မရှိပြီ၊ မဇ္ဈိမပဋိပဒါ၌ တည်လေ၏။

မဇ္ဈိမ ပဋိပဒါဆိုသည်ကား၊ အဝိဇ္ဇာရှိသည်ရှိသော်၊ သင်္ခါရစသော ဝဋ်တရားတို့သည် ဘဝအဆက်ဆက် ဆက်လက်ဖြစ်ပွား၍သာ နေကုန်၏၊ ဥစ္ဆေဒသို့ရောက်သည် မရှိ၊ အရဟတ္တမဂ် သို့ရောက်၍ အဝိဇ္ဇာအကုန်ချုပ်ငြိမ်းလျှင်၊ သင်္ခါရစသော ဝဋ်တရားတို့သည် ထိုဘဝမှ နောက်၌ ဖြစ်ပေါ်ခြင်းမရှိကြကုန်ပြီ၊ ဤကား၊ မဇ္ဈိမ ပဋိပဒါလမ်းပေတည်း။

ဤမဇ္ဈိမပဋိပဒါလမ်း၌၊ အတ္တဒိဋ္ဌိ ဟူသော အရင်းခံမရှိသည်အတွက်ကြောင့် သေကြ သောအခါနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ခန္ဓာပရိနိဗ္ဗာန်စံမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဟူသော အကိုင်းအခက်ဒိဋ္ဌိနှစ်မျိုး ဖြစ်ပွားဖွယ်မရှိပြီ။ ။ဤအချက်၌ ကြွင်းကျန်သော စကားရပ်မှာ အထူးဖြေဆိုဖွယ်မရှိလှပြီ။

"ဤသို့အတွင်း အပြင်သိခြင်းဖြင့် ပရမတ် တစ်ခုတည်းသည် သင်္ခတ၊ အသင်္ခတ ဟု နှစ်မျိုးကွဲနေပုံကို ယူလျှင် သင့်မည်၊ မသင့်မည်" ဟူသော နောက်ဆုံး စကား၌ ပရမတ္ထ ဓမ္မ -တစ်ခုတည်းသည်ပင်လျှင် အပြင်သိအစွမ်းဖြင့် သင်္ခတဖြစ်၏၊ အတွင်းသိအစွမ်းဖြင့် အသင်္ခတ ဖြစ်၏ဟု ဆိုလို၏။

အမှန်မူကား ခန္ဓာတရားတို့တွင် တစ်ခုခုသော တရားသည် အပြင်မှ သိကြသော လောကီဘုံသားတို့၏ ဘက်၌သာ ဥပါဒ်, ဋ္ဌီ, ဘင် ကိုမမြင်နိုင်ကြသည်

www.dhammaransi.com



ဖြစ်၍ နိစ္စသညာ စသော ဝိပလ္လာသ တရားတို့၏ ဖုံးလွှမ်းမှုကြောင့် အသင်္ခတ အရိပ် အသွင် ထင်မြင်ကြလျက်ရှိ၏

နိစ္စသညာ ဆိုသည်ကား ဤသတ္တဝါတို့မှာ မွေးတစ်နေ့ သေတစ်နေ့ ဟု အဆိုရှိကြ၏။

မွေးတစ်နေ့ ဆိုသည်ကား တစ်သက်လုံးတွင် အစအဆုံးနေ့၌ ဖြစ်ပေါ် ပေါက်ပွားမှု တစ်ကြိမ်သာရှိ၏။

သေတစ်နေ့ ဆိုသည်ကား ထိုဘဝတွင် နောက်ဆုံးနေ့တစ်နေ့၌ သေဆုံးမှု တစ်ကြိမ်သာ ရှိ၏။

ထိုမွေးနေ့သေနေ့ နှစ်ပါးတို့၏ အကြား၌ နှစ်အသင်္ချေပင် ရှည်သော်လည်း အသစ်သစ် ဖြစ်ပေါ်ပေါက်ပွားမှု ဟူ၍လည်း မရှိပြီ၊ သေဆုံးမှုဟူ၍လည်း မရှိလေ ပြီဟူ၍ ယခုလောကတွင် ဗဟုသုတ မရှိသောသူအများတို့မှတ်ထင်သိမြင်၍ နေကြ သော အရာသည် နိစ္စသညာ, နိစ္စစိတ္တ, နိစ္စဒိဋ္ဌိ မှုပေတည်း၊ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ များသည် ပညတ်မျိုးဖြစ်၍ အသင်္ခတမျိုးပေတည်း။

ခန္ဓာကို ပုဂ္ဂိုလ်ဟူ၍ စွဲလမ်းခြင်းသည် သင်္ခတ ဖြစ်သော ခန္ဓာကို အသင်္ခတ ဖြစ်သော ပုဂ္ဂိုလ်ပြုလုပ်၍ ယူခြင်းဖြစ်၏။

ထို့အတူ ခန္ဓာကို သတ္တဝါ ဟူ၍, အတ္တဟူ၍, ဇီဝဟူ၍ စွဲလမ်းခြင်းသည် သင်္ခတဖြစ်သော ခန္ဓာကို အသင်္ခတ ဖြစ်သော သတ္တဝါ, အတ္တ, ဇီဝ ဟု စွဲလမ်းခြင်း ဖြစ်၏။

ခန္ဓာတရားတို့တွင် တစ်ခုခုသော တရားသည် အတွင်းမှ သိကြသော ဝိပဿနာယောဂီ ဖြစ်သော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တို့ဘက်၌ မူကား ဥပါဒ်, ဌီ, ဘင်တို့ကို အလင်းမြင်နိုင်ကြကုန်သည်ဖြစ်၍ နိစ္စသညာစသော ဝိပလ္လာသတရားတို့ကို တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန် အားဖြင့် ပယ်ရှားနိုင်သောကြောင့် သင်္ခတအသွင် အလင်း ထင်မြင်ကြလျက်ရှိ၏။

ဤသို့လျှင် ဥပါဒ်, ဌီ, ဘင် တို့နှင့် အစဉ်အဆက် ဖြစ်တုံပျက်တုံနေကြသော ခန္ဓာတရားတို့သည် ဝိပလ္လာသ အပြည့်အစုံ ရှိနေသော ပုထုဇဉ်တို့၏ ထင်မြင်ချက်၌သာ အသင်္ခတ အရိပ်အသွင် ရှိနေကြကုန်၏။

www.dhammaransi.com



မိမိတို့၏ သဘာဝအားဖြင့်မူကား ဘယ်အခါမှ အသင်္ခတ မဖြစ်နိုင်ကြကုန်၏။

အနုဗောဓဉာဏ်, ပဋိဝေဓဉာဏ် နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ ဉာဏ်၌မူကား ပုဂ္ဂိုလ် သတ္တဝါ စသော အသင်္ခတ အရိပ်အသွင်ထင်ချက် မရှိကြကုန်ပြီ၊ အခါခပ်သိမ်း ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ဆုံးခြင်း ဟူသော ဇာတိမီး, ဇရာမီး, မရဏမီး အမြဲ တောက်လောင်၍နေသော သင်္ခတ အရိပ်အသွင်ထင်ရှားလျှက်ရှိနေကြကုန်၏။

ထိုကြောင့် အတွင်း, အပြင် သိခြင်းဖြင့် ပရမတ် တစ်ခုတည်းသည် သင်္ခတ, အသင်္ခတ နှစ်မျိုး ကွဲရိုးမရှိ၊ မိမိတို့၏ သဘာဝအားဖြင့် သာလျှင် ခန္ဓာတရားတို့သည် သင်္ခတသာ အမှန်ဖြစ်ကုန်၏။ ဘယ်အခါမှ အသင်္ခတ အဖြစ်သို့မရောက်ကြကုန်။

ခန္ဓာတရားတို့နှင့် သဘောအားဖြင့် အလွန် ဝေးကွာလျက်ရှိသော ဝဋ္ဋဒုက္ခ တို့၏ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်တရားသည်မူကား နိစ္စဓုဝအားဖြင့် အသင်္ခတ အဖြစ်၌သာ အမြဲတည်၏။ ဘယ်အခါမှ သင်္ခတ အဖြစ်သို့မရောက်လေပြီ။

ဤအရာ၌ ဝဋ္ဋဒုက္ခတို့၏ ချုပ်ငြိမ်းခြင်း ဟူသော နိဗ္ဗာန်ဘက်၌ ခန္ဓာဟူသော ရုပ်တရား, နာမ်တရား မရှိကြောင်းကို ဤပါဠိတော်တို့ဖြင့် ပြဆိုရာ၏။

ဧဝဉ္စခေါ ဧသော ဘိက္ခု ပဥှော ပုစ္ဆိတဗ္ဗော၊
ကတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
ကတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။ ။
ကတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတီတိ။
တတြ ဝေယျာကရဏံ ဘဝတိ၊
ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ၊
ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။ ။
ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ ဘာသုဘံ၊
ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။ ။
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတီတိ။

ဟူသော ဒီဃနိကာယ်၊ သုတ်သီလက္ခန်ပါဠိတော်၊ ကေဝဋ္ဋသုတ်၊ စာမျက်နှာ နံပါတ်-၁၈၁။

www.dhammaransi.com



အတ္ထိ ဘိက္ခဝေ တဒါယတနံ၊ ယတ္ထနေဝ ပထဝီ၊ နအာပေါ၊ နတေဇော၊ နဝါယော၊ နအာကာသာနဉ္စာယတနံ။ နဝိညာဏဉ္စာယတနံ။ နအာကိဉ္စညာယတနံ၊ နနေဝသညာ နာသညာယတနံ၊ နာယံလောကော၊ နပရလောကော၊ နဥဘောစန္ဒိမသူရိယာ၊ တတြာ ပါဟံဘိက္ခဝေနေဝ အာဂတိံ ဝဒါမိ။ နဂတိံ၊ နဋ္ဌိတိံ၊ နစုတိံ၊ နဥပပတ္တိံ ။ အပတိဋ္ဌံ အပ္ပဝတ္တံ အနာရမ္မဏ မေဝတံ။ ဧသေဝန္တော ဒုက္ခဿတိ။ ။

ဟူသောဥဒါန်းပါဠိတော်၊ ပါဋ္ဌလိဂါမဝဂ်၊ တဒါယတနသုတ်၊ စာမျက်နှာ နံပါတ်-၁၁၇၊ ဟံသာဝတီတိုက်ထွက် စာအုပ်နံပါတ်ဖြစ်သည်။

ဤပါဠိတော်များကို ထောက်၍၊ နိဗ္ဗာန်၌ အလွန်သိမ်မွေ့သော ခန္ဓာအလား ရှိသော တစ်စုံတစ်ခုသော တရားမရှိဟု သိအပ်၏။

ကေဝဋ္ဋသုတ်ပါဠိ၌အနက်ကား။ ။ ဘိက္ခု၊ ရဟန်း။ ဧသောပဥှော၊ ဤပြဿနာကို။ ဝေဥ္စခေါ၊ ဤသို့လျှင်။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။ ။

ကတ္ထ၊ အဘယ်၌။ အာပေါစ၊ ရေဓာတ်သည်လည်းကောင်း။ ပထဝီစ၊ မြေဓာတ်သည် လည်းကောင်း။ တေဇောစ၊ မီးဓာတ်သည် လည်းကောင်း။ ဝါယောစ၊ လေဓာတ်သည် လည်းကောင်း။ နဂါဓတိ၊ ထောက်ရာတည်ရာမရနိုင်သနည်း။

ကတ္ထ၊ အဘယ်၌။ ဒီဃဥ္စ၊ အရှည်သည်လည်းကောင်း။ ရဿဥ္စ၊ အတိုသည် လည်းကောင်း။ အဏုံစ၊ အသေးသည်လည်းကောင်း။ ထူလဥ္စ၊ အကြီးသည် လည်းကောင်း။ သုဘဥ္စ၊ တင့်တယ်သော ဝတ္ထုသည် လည်းကောင်း။ အသုဘဥ္စ၊ မတင့်တယ်သော ဝတ္ထုသည်လည်းကောင်း။ နဂါဓတိ၊ ထောက်ရာတည်ရာ မရနိုင်သနည်း။

ကတ္ထု၊ အဘယ်၌။ နာမဥ္စ၊ နာမ်ခန္ဓာသည်လည်းကောင်း၊ ရူပဥ္စ၊ ရုပ်ခန္ဓာသည် လည်းကောင်း၊ အသေသံ၊ အကြွင်းမရှိ။ ဥပရုဇ္ဈတိ၊ ချုပ်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။

တကြံ၊ ထိုအမေး၌။ ဝေယျာကရဏံ၊ အဖြေသည်။ ဘဝတိ၊ ဖြစ်၏။

ယံဓမ္မဇာတံ၊ အကြင် တရားသဘောသည်။ ဝိညာဏံ၊ အရိယာတို့၏ ဉာဏ်ဖြင့်သာ အထူးသိအပ်၏။ အနိဒဿနံ၊ ဤကဲ့သို့ဟု ညွှန်းပြစရာ ဥပမာလည်းမရှိ။ အနန္တံ၊ ဖြစ်ခြင်း, ပျက်ခြင်း မရှိသည်ဖြစ်၍ ရှေ့အစွန်းနောက်အစွန်းလည်းမရှိ။ သဗ္ဗတောပဘံ၊ ခပ်သိမ်းသော အရပ်တို့၌ ထွန်းတောက်ပလျက်ရှိ၏။

www.dhammaransi.com



ဇတ္ထ၊ ဤတရားသဘော၌။ အာပေါစ၊ ရေဓာတ်သည်လည်းကောင်း။ တေဇောစ၊ မီးဓာတ်သည်လည်းကောင်း။ ဝါယောစ၊ လေဓာတ်သည်လည်းကောင်း။ နဂါဓတိ၊ ထောက်ရာတည်ရာ မရနိုင်။ ဇတ္ထ၊ ဤတရား၌။ ဒီဃဥ္စ၊ အရှည်သည် လည်းကောင်း။ ရဿဥ္စ၊ အတိုသည် လည်းကောင်း။ အဏုံစ၊ အသေးသည် လည်းကောင်း။ ထူလဥ္စ၊ အကြီးသည် လည်းကောင်း။ သုဘဥ္စ၊ တင့်တယ်သော ဝတ္ထု သည်လည်းကောင်း။ အသုဘဥ္စ၊ မတင့်တယ်သော ဝတ္ထုသည်လည်းကောင်း၊ နဂါဓတိ၊ ထောက်ရာ, တည်ရာ မရနိုင်။

ဇတ္ထ၊ ဤတရား၌။ နာမဥ္စ၊ နာမ်သည်လည်းကောင်း။ ရူပဥ္စ၊ ရုပ်သည် လည်းကောင်း။ အသေသံ၊ အကြွင်းမရှိ။ ဥပရုဇ္ဈတိ၊ ချုပ်၏။ သိညာဏဿ၊ ပဋိသန္ဓေဝိညာဏ်၏။ နိရောဓေန၊ ဖြစ်ပေါ်ခြင်း, မရှိချုပ်ခြင်းဟူသော နိဗ္ဗာန်၌။ ဇတံ၊ ဤရေဓာတ် မြေဓာတ်အစရှိသော အလုံးစုံသည်။ ဥပရုဇ္ဈတိ၊ ချုပ်ငြိမ်းလေ၏။

ဣတိ၊ ဤသို့။ ဝေယျာကရဏံ၊ အဖြေသည်။ ဘဝတိ၊ ဖြစ်၏။

ဤပါဠိတော်၌ နိဗ္ဗာန်မှာ ရေဓာတ်, မြေဓာတ်, မီးဓာတ်, လေဓာတ်များသည် ထောက်ရာ, တည်ရာမရဆိုသောကြောင့်၊ အလုံးစုံသောရုပ်ဟူသမျှသည်၊ နိဗ္ဗာန်မှာ မရှိဟု သိအပ်၏။

နိဗ္ဗာန်မှာ အရှည်, အတို, အကြီး, အငယ်၊ တင့်တယ်သော ဝတ္ထု၊ မတင့်တယ် သော ဝတ္ထုများသည် ထောက်ရာ တည်ရာမရ ဆိုသောကြောင့်၊ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, စသော ပညတ်များသည်လည်း နိဗ္ဗာန်မှာ မရှိဟု သိအပ်၏။

နိဗ္ဗာန်မှာ နာမ်ခန္ဓာ, ရုပ်ခန္ဓာများသည် အကြွင်းမရှိ ချုပ်ငြိမ်းသည်ဟု ဆိုခြင်းကြောင့် ရုပ်ကြမ်း, နာမ်ကြမ်း မဟုတ်သော်လည်း ရုပ်နာမ် အလားရှိသော အလွန်သိမ်မွေ့သောတရား အကြွင်းအကျန်ဟူ၍လည်း နိဗ္ဗာန်မှာမရှိ။

ခန္ဓာဟု မခေါ်ဆိုအပ်သော်လည်း ခန္ဓာအလား ရှိသော အလွန်သိမ်မွေ့သော တရား အကြွင်းအကျန်ဟူ၍လည်း နိဗ္ဗာန်မှာ မရှိဟု ဆိုအပ်၏။

ချုပ်ခြင်းဟူသော နိရောဓသည် နှစ်မျိုးရှိ၏၊ အကြောင်းတို့၏ ညီညွတ်ခြင်းကို စွဲ၍ ဖြစ်ပေါ်ပြီးသော တရား၏ ပျက်ဆုံးခြင်းဟူသော ဘင်္ဂနိရောဓလည်း တစ်ပါး၊ အကြောင်းတို့၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်ပေါ်ခြင်းဟူ၍ပင် မရှိခြင်း တည်းဟူသော အနုပ္ပါဒနိရောဓလည်း တစ်ပါး။

www.dhammaransi.com



ထိုတွင် ဝိညာဏသဿနိရောဓေန ဟူသောပါဠိ၌၊ ဘင်္ဂနိရောဓကို မလိုအပ်၊ အနုပ္ပါဒ နိရောဓကိုသာ လိုအပ်၏။

ဤပါဠိတော်၌ ဝိညာဏသဒ္ဒါ နှစ်ချက်ပါသည်တွင် ရှေ့ဝိညာဏ သဒ္ဒါ၌ အာရုံကို သိခြင်းဟူသော အနက်ကို မယူအပ်၊ အရိယာတို့၏ ဉာဏ်ဖြင့် အထူး သိအပ်၏ ဟူသော အနက်ကို သာယူအပ်၏။

ဥဒါန်းပါဠိတော်၌အနက်ကား ဘိက္ခဝေ၊ ရဟန်းတို့။ တဒါယတနံ၊ ထိုသို့ သဘောရှိသော မှီခိုရာ, ခိုကိုးရာ တရားအထူးသည်။ အတ္ထိ၊ ရှိ၏။

ယတ္ထ၊ အကြင်တရား၌။ ပထဝီ၊ မြေဓာတ်သည်လည်း။ နေဝအတ္ထိ၊ မရှိ။ အာပေါ၊ ရေဓာတ်သည်လည်း။ နအတ္ထိ၊ မရှိ။ တေဇော၊ မီးဓာတ်သည်လည်း။ နအတ္ထိ၊ မရှိ။ ဝါယော၊ လေဓာတ်သည်လည်း။ နအတ္ထိ၊ မရှိ။

အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတနနာမက္ခန္ဓာလေးပါး သည်လည်း။ နအတ္ထိ၊ မရှိ။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာ ယတန နာမက္ခန္ဓာလေးပါး သည်လည်း။ နအတ္ထိ၊ မရှိ။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတနနာမက္ခန္ဓာလေးပါး သည်လည်း။ နအတ္ထိ၊ မရှိ။ နေဝသညာနာသညာယတနံ၊ နေဝသညာ နာသညာ ယတန နာမက္ခန္ဓာ လေးပါးသည်လည်း၊ နအတ္ထိ၊ မရှိ။

အယံ လောကော၊ ဤပစ္စုပ္ပန် လောကမည်သည်လည်း။ နအတ္ထိ၊ မရှိ။ ပရလောကော၊ တမလွန်လောက မည်သည်လည်း။ နအတ္ထိ၊ မရှိ။ ဥဘော၊ နှစ်ပါး ကုန်သော။ စန္ဒိမ သူရိယာ၊ လ, နေတို့ သည်လည်း။ နသန္တိ၊ မရှိကုန်။

ဘိက္ခဝေ၊ ရဟန်းတို့။ အပိ၊ စင်စစ်။ တတြ၊ ထိုတရားအထူး၌။ အာဂတိံ၊ တခြားတစ်ပါးမှ လာရောက်ခြင်းကိုလည်း။ အဟံ၊ ငါဘုရားသည်။ နေဝဝဒါမိ၊ မဟော။ ဂတိံ၊ ထိုမှဘဝတစ်ပါးသို့ လားခြင်းကိုလည်း။ နဝဒါမိ၊ ငါမဟော။

တံ၊ ထိုတရားအထူးသည်။ အပတိဋ္ဌံ၊ မဟာသမုဒ္ဒရာကဲ့သို့ ထောက်တည်ရာ သည်လည်း၊ နအတ္ထိ၊ မရှိ။ အပ္ပဝတ္တံ၊ အစဉ်မပြတ် ဖြစ်, ဖြစ်နေခြင်းသည်လည်း။ နအတ္ထိ၊ မရှိ။

အနာရမ္မဏမေဝ၊ စိတ်စေတသိက်တရားတို့ကဲ့သို့ တခြား တစ်ပါးသော တရားကို အာရုံပြုခြင်း မရှိသည်သာလျှင်တည်း။ ဧသေဝဧသောဧဝ၊ ဤတရား

www.dhammaransi.com



အထူးသည်သာလျှင်။ ဒုက္ခဿ၊ သံသရာဝဋ်ဒုက္ခ၏။ အန္တော၊ အဆုံးတရား ပေတည်း။ ။ အဓိပ္ပာယ်သိသာပြီ။

လျှောက်လွှာ၌ “ရုပ်နာမ်ကြမ်း မဟုတ်သော်လည်း ရုပ်နာမ်အလားရှိသော။ ဝါ၊ ခန္ဓာဟု မဆိုအပ်သော်လည်း ခန္ဓာအလားရှိသော အသင်္ခတ ဓာတ် ပရမတ်ကို နိဗ္ဗာန်ဟူ၍ ဟောရ ပေသည်” ဟူသော စကားသည် “အဘိဓမ္မာကို နိဗ္ဗာန်ဟူ၍ ဟောရပေသည်” ဟူသော စကားသည် အဘိဓမ္မာနှင့် ဆန့်ကျင်၏။

ဆန့်ကျင်ပုံကား အဘိဓမ္မာ၌ ရူပိနော ဓမ္မာ၊ အရူပိနော ဓမ္မာ ဟူ၍ ရုပ်ဟုတ်, မဟုတ် နှစ်ဖို့ နှစ်စုလာသောကြောင့် ရုပ်ကြမ်းမဟုတ်သော်လည်း ရုပ်ကြမ်းအလား ရှိသော နေဝရူပီ နာရူပီ ဟူသော တတိယ ကောဋ္ဌမရှိကြောင်း ကိုသိအပ်၏။

စိတ္တာဓမ္မာ၊ နောစိတ္တာ ဟူ၍ လည်းကောင်း။ စေတသိကာဓမ္မာ၊ နောစေတ သိကာဓမ္မာ ဟူ၍ လည်းကောင်း၊ စိတ်ခန္ဓာ ဟုတ်မဟုတ်။ စေတသိက်ခန္ဓာ ဟုတ် မဟုတ် နှစ်ဖို့ နှစ်စုသာ လာသောကြောင့် နာမ်ခန္ဓာကြမ်း မဟုတ်သော်လည်း နာမ်ခန္ဓာ အလားရှိသော နေဝစိတ္တနာစိတ္တ၊ နေဝစေတသိကနာစေတသိက ဟူသော တတိယ ကောဋ္ဌ မရှိကြောင်းကို သိအပ်၏။

ဤတွင်ရွေ့ကား - မောင်ရွှေစံအောင်၏ လျှောက်လွှာကို
ဖြေဆိုချက် ပြီး၏။

ဤဖြေဆိုချက်နှင့် မကျေမလည် ရှိသေးလျှင် ထပ်မံ၍လျှောက်။
သတိပေးချက်။

ဤကဲ့သို့ နက်နဲသော တရားချုပ်ကြီးများကို ဆုံးဖြတ်ရာ၌ အစွန်အဖျား ဖြစ်သော ဋီကာ စကား အတိုအနှောင်းများကို အားကိုးအားထား မပြုရာ၊ ပါဠိတော်ကြီး များကိုသာ အားကိုးအားထားပြုရာ၏။

www.dhammaransi.com



အနိစ္စာဝတ, သင်္ခါရာ,၊

ဥပ္ပါဒဝယ, ဓမ္မိနော,၊

ဥပ္ပဇ္ဇိတွာ, နိရုဇ္ဈန္တိ,၊

တေသံ, ဝူပသမော, သုခေါ။ ။

သုတ်မဟာဝါ ပါဠိတော်။

သင်္ခါရာ၊ ကောင်းမှုဆိုးမှု ဝိညာဉ်စုနှင့် ဥတုပူအေး ကျွေးမွေးအစာ လေးဖြာကြောင်းအင် ပြုပြင်နိုင်မှ ဖြစ်ပေါ်ကြသော သင်္ခါရတရား တို့သည်။ အနိစ္စာဝတ၊ ဖြစ်ပြီးသည့်နောင် တည်ထောင်ခိုင်စွဲ မရှိဘဲကြောင့် မမြဲလုံးလုံး အသုံး မကြ အနိစ္စတို့ ချည်းပါတကား။

ဝါ၊ ပျက်ပြားချုပ်ဆုံး ဖြုန်းဖြုန်းပြိုကွဲ ကုန်သည့်နဲကြောင့် မမြဲလုံးလုံး အသုံး မကျ အနိစ္စတို့ ချည်းပါတကား။

ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ဖို့အကြောင်း ပျက်ဖို့အကြောင်း စုပေါင်းမိခါ သူ့သူ့ငါကို မညှာမငဲ့ အရွဲ့အစောင်း မကောင်းဆိုးညစ် ဖြစ်ချင်တတ်တိုင်း ပျက်ချင်တတ်တိုင်း မဆိုင်းမရပ် ဒီလှိုင်းခတ်သို့ ဖြစ်တတ် ပျက်တတ်သော သဘောရှိကုန်၏။

ဥပ္ပဇ္ဇိတွာ၊ အကြောင်းလေးအင် ပြုစီရင်သော် သင်နေပါဦး ဆိုင်းပါဦးဟု ညွတ်နူး သွယ်သွယ် ဘယ်ဘယ်သူမှ တားမရဘဲ အဓမ္မအတင်း မငြင်းဆန်သာ ဖြုန်းခနဲ ဖြစ်ပေါ်လာကြကုန်၍။ နိရုဇ္ဈန္တိ၊ တည်တံ့မြဲခိုင်မပျက်နိုင်အောင် စိုးပိုင်မရ ပျက်စီးချိန် ကာလ၌ ချုပ်ဆုံးကွယ်ပျောက်ပျက်စီးကြ လေကုန်၏။

တေသံ၊ အလိုသို့မလိုက် စရိုက်သို့မပါ ဖြစ်ချင်ရာရာဖြစ် ပျက်ချင်ရာရာပျက် ကြကုန်သော တေဘုမ္မက သင်္ခါရတရား ဟူသမျှတို့၏။ ဝူပသမော၊ ကြွင်းမဲ့ရုပ်သိမ်း အကုန်ငြိမ်းရာ။ ခေမာအမတ အဘယပူရီ၊ နိဗ္ဗာန် ဆိုတဲ့ဘေးမဲ့ပြည်ကြီးသည်သာ။ သုခေါ၊ နှိပ်စက်ပူပန် ဖောက်ပြန်ပျက်စီး ကြောက်လန့်ဖွယ် စနက်မီးတွေနှင့် အပြီး ထက်ချပ် စွဲကပ်ယှဉ်မှီ ခြောက်လီဖသ ကြိတ်နယ်သမှာ ဖြစ်ပေါ်လာသည့် ဝေဒနာ သုခ ဟူသမျှထက် အစအသချော်ရေတွက်၍ မဆုံး ဆင်းရဲတွေ လမ်းစတွင်၍ အချမ်း မြဆုံး အအေးဆုံးကြီးပါပေတည်း။ ။

နိဗ္ဗာနဝိသဇ္ဇနာ ကျမ်း ပြီး၏

ဘာသာရေးစာပေထုတ်ဝေခွင့်ပြုရ...
အမှတ် ၂/၇၃၃၁
ရက်စွဲ......
သုတေသနစာပြည့်တိုက်

www.dhammaransi.com

လွန်ခဲ့သော နှစ်ပေါင်း(၈၀)မှ စတင်၍ ပေါက်ဖွားခဲ့သော

ရတနာ့ဝါဒီသည် ရဟန်းရှင်လူ ပြည်သူများ၏

အသိဉာဏ်မျက်စိများ ပွင့်လင်းထွန်းတောက်ရန် အလို့ငှာ

အမြဲထာဝစဉ် ဦးထိပ်ပန်ဆင်လျက်

ယနေ့တိုင် ဆက်လက်ရှင်သန်ရပ်တည်နေဆဲ ...

ဦးတည်ချက်ကင်းမဲ့သော ဘဝကိုလျှောက်လှမ်းခြင်းသည်

လူ့ဘဝ၏တန်ဖိုးရှိလှသော အချိန်ကို အဓိပ္ပာယ်မဲ့ ဖြုန်းတီးခြင်းပင်ဖြစ်သည်။

ဘဝ၏ ဦးတည်ရာကို ကောင်းစွာ ညွှန်ပြလျက်

အသိဉာဏ်ပညာ တိုးပွားလာစေမည့် စာဖတ်ခြင်း အလေ့အထကို

ကောင်းစွာ လေ့ကျင့်ပျိုးထောင်ယူပါ။ ။